http://www.dhammadownload.com

ဠ၀၀၀

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မာစရိယ ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်

# အရှင်ကုမာရာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် ( ၄ )

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဝဏ္ဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်။

သာသနာ-၂၅၃၁ ကောဇာ-၁၃၆၉ ခရစ်နှစ်-၂၀၀၈

http://www.dhammadownload.com

သားကောင်းတစ်ယောက်၊ ထွန်းပေါ်ပေါက်က၊
သူ့နောက်ဆွယ်ကျူး၊ တစ်နယ်လုံးလည်း၊
ကံဘုန်းဆင့်လောက်၊ အမြင့်ရောက်၏။
သို့လောက်နောက်ဖွား၊ ကျေးဇူးများမည့်၊
ထိုသားကိုသာ၊ ဖွားမြင်လာဟု၊
ကောင်းစွာကြိုဆီး၊ မြှောက်ပင့်ချီးလော့။
သေပြီးတစ်ဖန်၊ မွေးဖွားရန်ကား၊
ဉာဏ်သံသရာ၊ ဓမ္မတာမို့၊
လူ့သာမည၊ မွေးရုံမျှဖြင့်၊
အားရချီးမြှင့်၊ မမြှောက်သင့်သည်၊
သူနှင့် ငါနှင့် တူရုံကိုး........။

http://www.dhammadownload.com

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်

# အရှင်ဇနကာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

## အမှတ် ( ၄ )

အရှင်စန္ဒိမာ
(သာသနဓဇဓမ္မာစရိယ-ဝဏ္ဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်။

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်နှစ်-၂၀၀၈

http://www.dhammadownload.com

http://www.dhammadownload.com

# အရှင်ကုဏ္ဍလာဘိဝံသ တရားပေါင်းချုပ်
# ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်

အမှတ် (၃၂၀၁၂၉၀၂၀၈)

စာအုပ်စာတမ်း၊ စာနယ်ဇင်း မျက်နှာဖုံး

ပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ် (၃၂၀၃၀၀၀၄၀၀)


| | | |
|---|---|---|
| ခုနှစ် | - | ၂၀၀၀ |
| အုပ်ရေ | - | ( ၁၀၀၀) |
| အကြိမ် | - | ပထမအကြိမ် |
| တန်ဖိုး | - | |
| တွန်းပျူတာစာစီ | - | ဇော်တွန်းပျူတာ |
| ထုတ်ဝေသူ | - | ဦးမောင်မောင် (မြ-၀၃၂၇၁) |
| ပုံနှိပ်သူ | - | ဦးတင်မြင့် (၀၅၀၃၇) |

နယူးဘားမားအော့ဖ်ဆက် ပိဋကတပုံနှိပ်တိုက်

မြင်းမူကျောင်း၊ မဟာဂန္ဓာရုံကျောင်း၊အမရပူရမြို့

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

**သ ဇာတော ယေန ဇာတေန,**
**ယာတိ ဝံသော သမုန္နတိံ၊**
**ပရိဝတ္တိနိ သံသာရေ,**
**မတော ကော ဝါ န ဇာယတေ။**

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စဉ်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးသို့, တိုင်းလုံးထင်ရှား, အကြင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမျှ, မကသယ်ကျုံး, တစ်နွယ်လုံးသည်၊ သမုန္နတိံ-အောက်တန်းမှမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်နိုင်ပေ၏။ သော ပုတ္တော-တစ်နွယ်လုံးပင်, စုံအလင်ဖြင့်, ဂုဏ်အင်ပွားကြောင်း, ထိုသားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဖို့ရာ, မွေးဖွားသည်ဟု, ဆိုထိုက်ပါပေ၏၊ ပရိဝတ္တိနိ သံသာရေ-တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွဲ, သံသရာထဲ၌၊ မတော-တစ်ဘဝဇာတ်, အဆုံးသတ်၍, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကော ဝါ-ဘယ်နတ်, ဘယ်လူ, အဘယ်သူသည်မူလည်း၊ န ဇာယတေ-ရုပ်သစ် နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲကာ, မဖြစ်ဘဲရှိပါအံ့နည်း။

**(ဟိတောပဒေသ ကထာမုခ-၁၅)**

http://www.dhammadownload.com

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နေ့နေ့ ညည ကုသိုလ်ရ တရားတော် | ..... | ၁ |
| ၂။ | လရောင်ကွန့်မြူးရဟန္တာထူး တရားတော် | .... | ၁၈ |
| ၃။ | သံယိက ပုဂ္ဂလိကအလှူ တရားတော် | ..... | ၄၃ |
| ၄။ | ဈေးသည်ကြီး တရားတော် | ..... | ၆၇ |
| ၅။ | လမ်းသုံးသွယ် တရားတော် | ..... | ၈၅ |
| ၆။ | မသေရည်သောက် တရားတော် | ..... | ၁၁၄ |
| ၇။ | ဝိပဿနာအားထုတ်နည်း တရားတော် | ..... | ၁၃၁ |
| ၈။ | အပါယ်ကင်းခန္ဓာ ဖြစ်စေပါ တရားတော် | ..... | ၁၅၅ |
| ၉။ | အရောင်လင်းပစ္စည်းဖြစ်စေပါ တရားတော် | ..... | ၁၆၅ |
| ၁၀။ | ခြေတစ်လှမ်း ကုဋေတစ်သန်း တရားတော် | ..... | ၁၈၃ |
| ၁၁။ | ကုန်ခြင်းငါးမျိုး တရားတော် | ..... | ၂၀၈ |
| ၁၂။ | သံသရာထပ် ကျွမ်းပတ် တရားတော် | ..... | ၂၂၂ |
| ၁၃။ | ဘဒ္ဒဇိမထေရ် တရားတော် | ..... | ၂၄၁ |
| ၁၄။ | ထိုက်နေနေသူ တရားတော် | ..... | ၂၆၅ |
| ၁၅။ | ဘူးတောင်းပမာ ကျင့်စေရာ တရားတော် | ..... | ၂၇၂ |
| ၁၆။ | လယ်ကောင်းပမာ သာသနာ တရားတော် | ..... | ၂၈၁ |
| ၁၇။ | မိတ်ကောင်းဆွေကောင်း တရားတော် | ..... | ၂၉၀ |
| ၁၈။ | လက်ခုပ်တီး၍ ငါးဟင်းစား တရားတော် | ..... | ၃၀၀ |
| ၁၉။ | ကမ်းကိုရည်စူး ရေကူးတရားတော် | ..... | ၃၁၂ |
| ၂၀။ | ဒုလ္လဘငါးပါး တရားတော် | ..... | ၃၂၀ |
| ၂၁။ | လူသုံးမျိုး တရားတော် | ..... | ၃၃၂ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁။ | လူသုံးမျိုး တရားတော် | ..... | ၃၃၂ |
| ၂၂။ | ဆေးတော်ကြီး တရားတော် | ..... | ၃၆၂ |
| ၂၃။ | ဒုက္ခတွေသိမ်း အပူငြိမ်း တရားတော် | ..... | ၃၈၂ |
| ၂၄။ | အလှူတတ်လျှင်နိဗ္ဗာန်ဝင် တရားတော် | ..... | ၃၉၀ |
| ၂၅။ | ကျေးဇူးရှင်လေးမျိုး တရားတော် | ..... | ၄၁၃ |
| ၂၆။ | ဘိက္ခုခေါ်ပုံ တရားတော် | ..... | ၄၃၇ |
| ၂၇။ | စက်လေးပါး တရားတော် | ..... | ၄၅၉ |
| ၂၈။ | လူလေးမျိုး တရားတော် (ဇမ္ဗုလသေဠ) | ..... | ၄၈၅ |
| ၂၉။ | ရတနာ့ကျောက်ကောက်ထိုက်သူ တရားတော် | ..... | ၅၂၄ |
| ၃၀။ | နှောင်ကြိုးဖြုတ် တရားတော် | ..... | ၅၇၅ |
| ၃၁။ | ချမ်းသာရှာ၍ ဒုက္ခတွေ့ တရားတော် | ..... | ၆၁၆ |
| ၃၂။ | ဗုဒ္ဓလမ်းစဉ် တရားတော် | ..... | ၆၆၆ |
| ၃၃။ | ဆရာ့ကျေးဇူး တရားတော် | ..... | ၇၁၃ |
| ၃၄။ | အစားတတ်လျှင်နိဗ္ဗာန်ဝင် တရားတော် | ..... | ၇၄၈ |

http://www.dhammadownload.com



# အမှာစာ

အနု-အဖန်ဖန် အထပ်ထပ်၊ မောဒနာ-ဝမ်းမြောက်ကြောင်းစကား။ အထပ်ထပ် ဝမ်းမြောက်ကြောင်းစကား၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို အနုမောဒနာဟု ခေါ်ပါသည်။ ဆရာတော်သည် ကုသိုလ်ရှင်တရားနာသူများကို ကုသိုလ်နှင့်စပ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် စကားပရိယာယ်ကြွယ်ဝစွာဖြင့် စိတ်ဝင်စားဖွယ် ဟောပြောနိုင်သော စွမ်းရည်အထူး ရှိတော်မူပေသည်။

ဆရာတော်တွင် ဤစွမ်းရည်ရှိသည်မှာ ယခုမှ မဟုတ်ပါ။ ငယ်စဉ်ကပင် ရှိခဲ့ကြောင်း သိရသည်။ တစ်ခါက ဆားလင်းကြီးဆရာတော် အရှင်အာဒိစ္စ (အဂ္ဂမဟာပဏ္ဍိတ-ကလောင်နာမည် ဆားလင်းကြီး ဒွေးလွင်)က မိမိအား အမိန့်ရှိခဲ့ဖူးသည်မှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ (ရွှေကျင်ဗဟိုဌာန)မှာ လပြည့်လကွယ် ဥပုသ်နေ့တိုင်း တရားပွဲကျင်းပလေ့ရှိတယ်၊ ဟောလိုသော အရှင်မြတ်များသည် ကြိုတင်၍ စာရင်းပေးသွင်းထားရတယ်၊ ဆရာတော်သည် ရဟန်းငယ်ဘဝက မန္တလေးတွင် ကျင်းပသည့် နာမည်ကြီး ရဟန်းသကျသီဟ ဖြေဆိုရန်အတွက် မဟာဝိသုဒ္ဓါရုံတိုက်မှာနေ၍ စာလိုက်နေစဉ် စာအထူးကြိုးစားနေသည့် ကြားမှပင် စာရင်းပေး၍ ဟောတော်မူခဲ့သည်။

ထိုစဉ်က ဆရာတော်ဟောသော တရားမှာ မှတ်မှတ်ရရ သေရိဝဇာတ် (ရွှံကုန်သည်ဝတ္ထု) ဖြစ်တယ်၊ "ငါလည်း ဥုးကုဏ္ဍလ ဒီ ရိုးနေပြီဖြစ်တဲ့ဝတ္ထုကို ဘယ်လိုများ ဟောမှာလဲဆိုပြီး သိလိုစိတ်နှင့် သွားရောက်နားထောင်ခဲ့တယ်၊ အောင်မာ-သူက ဇာတ်လမ်းရိုးရိုးသက်သက်ကြီး တုံးတိတိကြီး မဟောဘူး၊ အကွက်ဆိုက် ဆိုက်သလို အပြင်ဗဟုသုတလေးတွေ ထည့်ပြီးဟောသွားတယ်။ အထူးသဖြင့် ရွှံကုန်သည်က သူ့ရွှံကို လက်ပေါ်တင်ပြီး လှည့်ကာ လှည့်ကာ ကစားပြနေပုံကို ဟောတာ အထူးစိတ်ဝင်စားစရာကောင်းတယ်၊ ဒီကတည်းက-ငါလည်း ဒီကိုယ်တော်တော့ နောင်တစ်ချိန် ဓမ္မကထိက အကျော်အမော်ဖြစ်မှာ သေချာတယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်ခဲ့တယ်" စသည်ဖြင့် ဆားလင်းကြီးနယ်တွင် တွေ့ဆုံစဉ် မိမိအား အမိန့်ရှိတော်မူဖူးပါသည်။

ဆရာတော်သည် ရဟန်းသကျသီဟ (အဘိဓံသ) စာမေးပွဲကြီး အောင်မြင်တော်မူပြီးနောက် ပင်ပန်းနွမ်းနယ်နေတဲ့ ခန္ဓာကိုယ်ကို အနားယူအားဖြည့်ရင်း

http://www.dhammadownload.com



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ "ဆေးဆိုတာ အမည်စုံမှ ပိုပြီး ဆေးစွမ်းထက်တယ်၊ ဒါကြောင့် လောကီ, လောကုတ္တရာပညာ စုံအောင်လုပ်သင့်တယ်" ဆိုတဲ့ ဩဝါဒတော်ကိုလည်း အကောင်အထည်ဖော်ရင်း၊ ရေဦးမြို့နယ် မရကန်အင်ကြင်းပင်ကျောင်းတွင် အနားယူနေထိုင်ရင်း အင်္ဂလိပ်စာပေများကို လေ့လာနေစဉ်မှာပင် "တတ်သည့်ပညာ မနေသာ"ဆိုသည့်အတိုင်း ဒကာ ဒကာမများက တန်းတန်းစွဲပူစာသဖြင့် ရေဦး-ခင်ဦးနယ်အတွင်းရှိ အလှူအတန်းကြီးငယ်များတွင် မပါလျှင်မပြီး တရားပွဲကြီးငယ်ဖြင့် ချီးမြှင့်ရပြန်သည်။

ဤပဋ္ဌာန်းဆက်ကြောင့် နောင်တွင် ခင်ဦး-ရေဦးနယ်နှင့် ရွှေဘိုမြို့နယ်တို့မှ မဟာဂန္ဓာရုံသံဃာတော်များအတွက် ဆွမ်းဆန်စိမ်းအလှူခံရန် ပင့်ပြန်သောအခါ တာဝန်ခံ ဒကာများက ဆရာတော်ကို မပါ, ပါအောင် ပင့်ကြ၊ နယ်ဒကာ-ဒကာမများက ယခင်တရားသံမျိုး နာယူလိုလှကြောင်း ပွဲတောင်းလာကြပြန်သည်။ ထို့ကြောင့် သံဃာတော်အရေးမို့ ထိုနယ်များသို့ သံဃာတော်များနှင့်အတူ၊ အပင်ပန်းခံကာ ကြွတော်မူရသည်။ ညဉ့်ခံစကားပြောရတာက တစ်ဘက်၊ အများသံဃာနည်းတူ တစ်ရွာနှင့်တစ်ရွာကြား ဝေးကွာလှတဲ့ခရီးကို ခြေလျင်ကြွပြီး ဆွမ်းဆန်စိမ်းခံရတာက တစ်ဖြာ၊ ရောက်ရာအရပ်မှာ ဟောပြောရတာက တစ်မျိုးဖြင့် အမျိုးမျိုးသော ပင်ပန်းမှုကို သည်းခံတော်မူရသည်။

အနားယူပြီး မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြန်ရောက်သောအခါ၌လည်း သိကြတဲ့အတိုင်းပဲ၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် စာရေးဘက်တွင်သာ အားသန်တော်မူသည်၊ အဟောအပြောဘက်ကို ပဓာနမထားပါ။ တပည့်များကိုလည်း အားပေးတော်မမူ၊ သို့သော်လည်း ရှောင်လွှဲလို့မရတဲ့ ဟောရေး ပြောရေးကိစ္စ ကြုံလာသည့်အခါ၌ကား-ဆရာတော့်အား လွှဲတော်မူသည်၊ ဤသို့ဖြင့် ဆရာတော် ဓမ္မကထိက ဖြစ်မှန်းမသိ ဖြစ်လာရလေသည်။ ဆရာတော်သည် အဟောအပြောဘက်တွင်သာ ထူးချွန်သည် မဟုတ်၊ စာချရာတွင်လည်း အထူးကျွမ်းကျင်တော်မူသည်၊ အဓိပ္ပါယ်ကိုလည်း ရှင်းလင်းသွားအောင် ပိုင်နိုင်ကျွမ်းကျင်စွာ, လောကဥပမာ ပုံပြင်သာဓကေ, ဥပမာအမျိုးမျိုး ထိုးပြကာ စာချလေ့ရှိသည်။ စာလိုက်တပည့်များ မပျင်းရိရလေအောင် ဟာသနှော၍ အသောကလေးဖြင့်လည်း စာချတတ်သည်။

မဟာဂန္ဓာရုံ ဒုတိယမြောက်ဆရာတော်လက်ထက်တွင် ဆရာတော်သည် ပထမဆရာတော် လက်ထက်ကထက် ထမ်းဆောင်ရတဲ့ သာသနာရေးတာဝန်များ

http://www.dhammadownload.com



ပိုမို များပြားလာသည်။ ထို့ကြောင့် မိမိ မအားလပ်သည့်အခါ မိမိကိုယ်စား ကက်စက်တိပ်ခွေမှတစ်ဆင့် စာဝါပို့ချသောအားဖြင့်၊ စာဝါမပျက်ရအောင်-ဟူသော ရည်ရွယ်ချက်ဖြင့် စာချတန်း စာသင်သားများအတွက် ပါရာဇိကဏ် ပို့ချချက်ကို ကက်စက်တိပ်ခွေဖြင့် အသံသွင်းထားရသည်။ မန္တလေးမြို့ ဦးကာက-လဘက် ခြောက်ပွဲရုံပိုင်ရှင် ဒေါ်ကြင်သန်းနှင့် ညီအမတစ်စုက တာဝန်ယူ၍ ကုသိုလ်ပြု သည်။ ထို့ကြောင့် ယခုအခါတွင် ဒေသအသီးသီးမှ သံဃာတော်များ, သီလရှင် ဆရာလေးများသည် ထိုတိပ်ခွေများကို ကူးယူကာ-ပါရာဇိကဏ်ဘာသာကို ဆရာ မပါဘဲ စိတ်တိုင်းကျ လေ့လာနိုင်ကြပေသည်။ ဆရာ့အခက်အခဲကို ဤတိပ်ခွေက ဖြေရှင်းပေးသည်။

ဆရာတော်၏ ဟောပြောဟန်မှာ ရှေးဦးစွာ ရက်စွဲတပ်၍ ကုသိုလ်ရှင် နာမည်စာရင်း အပြည့်အစုံနှင့် ကုသိုလ်လုပ်ငန်းတို့ကို ကြားကြားသမျှ လူ,နတ်, ဗြဟ္မာ, သတ္တဝါတွေ အနုမောဒနာ သာဓုခေါ်ရလေအောင် ကြေငြာပေးသည်။ ၎င်းနောက် မိမိဟောမည့်တရားကို ခြုံငုံ၍ တရားပန္နက်ရိုက်သည်။ ထိုတရားပန္နက် ပေါ်တွင် မူတည်၍ တဖြေးဖြေးချင်း သက်ဆိုင်ရာဝတ္ထုကြောင်းကို ဆက်စပ်၍ ဟောတော်မူသည်။ ထိုသို့ဟောရာတွင်လည်း သက်ဆိုင်ရာနေရာများတွင် ပရိ သတ် သဘောပေါက်အောင် လောကဥပမာများနှင့် နှိုင်းယှဉ်၍ပြသည်။ ပရိသတ် ၏ နှလုံးသားတွင် တရားစကားကျန်ရစ်အောင် တရား၏အနှစ်ချုပ်ကိုလည်း ဆောင်ပုဒ်များလုပ်၍ တိုင်ပေးလေ့ရှိသည်။ ဇာတ်ဝတ္ထုထဲမှ ကုသိုလ်ရုပ်နှင့်-ယခု ကုသိုလ်ရှင်ကိုလည်း ဝမ်းမြောက်ဖွယ်ဖြစ်အောင် နှိုင်းယှဉ်၍ ပြတတ်သည်။ ဝိပဿနာအဆုံးတွင် အချိန်ရလျှင်ရသလို ဝိပဿနာတင်၍ အဘိဓမ္မာသတ်သည်။ ဝိပဿနာတင်ရာ၌လည်း ပရိသတ်မပျင်းရလေအောင် အလွယ်ကူဆုံး အရှင်း လင်းဆုံးနည်းဖြင့် ဝိပဿနာ၏အဓိပ္ပါယ်ကို နားလည်သဘောပေါက်အောင် ဟောတော်မူသည်။ နောက်ဆုံးတွင် မိမိရိုက်နှက်ခဲ့သော တရားပန္နက်ကို ပြန် ကောက်၍ ဆက်စပ်ပြကာ နိဂုံးကမ္ပတ် အဆုံးသတ်တော်မူသည်။

ဤကဲ့သို့သော အကြောင်းများကြောင့် အမြို့မြို့အနယ်နယ်မှ ရဟန်း, ရှင်,လူများက တရားတိပ်ခွေဖြန့်ရန် လျှောက်ထားအကြံပေးလာကြသည်။ ဌာန အသီးသီးတွင် ဓမ္မကထိကတာဝန် ထမ်းဆောင်နေကြရသော ဓမ္မကထိက ဆရာတော်ကလေးများကလည်း မဟာဂန္ဓာရုံတိုက်အတွင်း သီတင်းသုံးနေထိုင်ကြ သော မိမိတို့ သူငယ်ချင်း ရဟန်းသာမဏေများထံ တရားတိပ်ခွေများ တစ်ကပ်, နှစ်ကပ်စသည်ဖြင့် အဝေးမှနေ၍ မှာယူကြသည်။ မိမိနှင့် တွေ့ဆုံကြသော အခါ၌

http://www.dhammadownload.com



လည်း ဒီတစ်ခါ ဥပုသ်-တပည့်တော်တာဝန်ကျသည်၊ တပည့်တော် ဘုန်းကြီးကုဏ်ရဲ့ ဘယ်တရားကို ဟောမှာ၊ အရင့်အရင်တုန်းကလည်း ဘယ်တရားကို ဟောခဲ့ရတယ်၊ ဘုန်းကြီးကုဏ်ရဲ့တရားတွေက ချို့ချင်ရင်လည်းရတယ်၊ ချဲ့ချင်ရင်လည်း ရတယ်။ ဒါကြောင့် တပည့်တော်တို့အတွက် အဆင်ပြေတယ် စသည်ဖြင့် အားပါး တရ ပွင့်ပွင့်လင်းလင်း ပြောလာကြသည်။

ဒီအကြောင်းအရာများကို ဆရာတော်အား လျှောက်ထားလာကြသော အခါ ဆရာတော်က "ကဲကဲ-အများဆန္ဒကို ဖြည့်တဲ့အနေနဲ့ တရားတိပ်ခွေများ လည်း သင့်လျော်တဲ့ဈေးနှုန်းနဲ့ ဖြန့်ကြ၊ စာအုပ်အဖြစ်လည်း ထုတ်ဝေကြ"လို့ ခွင့်ပြုတော်မူခဲ့သည်။ ထိုအခါ ဆရာတော်၏ ဟောနည်း ဟောဟန်, ပြောနည်း ပြောဟန်, တရားပန္နက်မှစပြီး စကားချီ စကားလှည့်, စကားစဉ် စကားဆက်, တရားချီ တရားလှည့်, တရားစဉ် တရားဆက်, လေယူလေသိမ်း, ပရိယာယ် အမျိုးမျိုး, ဟန်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင် နာယူချင်ဖွယ် ဟောပြောအပ်သော ဟောနည်း ဟောဟန်, ပြောနည်းပြောဟန်ကို နည်းယူလိုသူ၊ ရပ်ဝေး ရပ်နီးမှ ဓမ္မကထိကလျောင်းလျာ တပည့်ရဟန်းတော်များအတွက်ပါ စာအုပ်ဖတ်ရင်းဖြင့် နည်းနာနိဿျကိုလည်း အရယူနိုင်၊ ဒကာ-ဒကာမတွေလည်းပဲ ဆရာတော် ဟောပြောနေစဉ် ထိုင်နာယူနေရသကဲ့သို့ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေဆိုတဲ့- စေတနာဆန္ဒများ အရင်းခံပြီး ဟောစဉ်တရားတိပ်ခွေမှ အတတ်နိုင်ဆုံး တူညီမှု ရလေအောင် မိမိတို့ တပည့်များသည် စုပေါင်းအားဖြင့် ဝိုင်းဝန်း ကြိုးစားကြ ရလေသည်။

ကြိုးစားခြင်း၏ အသီးအပွင့်များအဖြစ် တရားတိပ်ခွေများ၊ စာအုပ်များကို ရဟန်း, ရှင်, လူ, ပရိသတ်၏ထံမှောက် အရောက်ပို့နိုင်ခဲ့လေပြီ။ ထို့ကြောင့် ရဟန်း ရှင်, လူ, ပရိသတ်၏ တရားတော်ကို နာယူ, ဖတ်ကြား, နည်းယူလိုသော သမ္မာဆန္ဒ ပြည့်ဝလိမ့်မည်ဟု ယုံကြည်မိပါသည်။ သမ္မာဆန္ဒ ပြည့်ဝကြပါစေရန်လည်း ဆန္ဒ ပြုလိုက်ရပါသတည်း။

အရှင်ဝိဇေယ BA [M.A (Q)], HGP
ပရိယတ္တိသာသနာ့လင်္ကာရသာမဏေကျော်
သာသနဓဇဓမ္မာစရိယ
မဟာဝနန္တာရုံကျောင်းတိုက်၊ အမရပူရမြို့၊
၁၃၆၅-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂) ရက်၊

http://www.dhammadownload.com



## ရည်ရွယ်ချက်

မန္တလေးတိုင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် (မဟာနာယက) နာယကချုပ်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ, ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အရှင်မြတ်သည် ရဟန်းဝယ်ဘဝမှ စ၍ အမြို့မြို့ အနယ်နယ်, အသွယ်သွယ်သော အရပ်ဒေသ အသီးသီး၌ ဟောကြားတော်မူခဲ့ သော တရားများစွာတို့ကို တိပ်ရီကော်ဒါများမှလည်းကောင်း၊ ကက်စက်တိပ်ခွေ များမှလည်းကောင်း၊ လက်လှမ်းမီရာ ဒေသအသီးသီးမှ စုဆောင်းသိမ်းဆည်း ခဲ့ပါသည်။

ထိုကဲ့သို့ စုဆောင်းသိမ်းဆည်းခြင်းသည် ဆရာတော်၏ ဟောစဉ်တရား များသည် မဟာဂန္ဓာရုံကျောင်းတိုက် သမိုင်းတစ်ခေတ်၏ သာသနာ့မှတ်တိုင်တစ်ခု သဖွယ် ခန့်ထည် ဖြစ်တည် ကျန်ရစ်စေပြီး၊ တပည့်သံဃာ, ဒါယကာ, ဒါယိကာမ အများ အသိပညာ သဒ္ဓါတရား တိုးပွားရရှိစေရန် ရည်ရွယ်၍ တရားတိပ်ခွေများ ကို စုဆောင်းသိမ်းဆည်းခဲ့ပါသည်။ ထို့အပြင် တရားတော်များကို ကက်စက် တိပ်ခွေမှတစ်ဆင့် စီဒီ,အဖြစ်သို့လည်းကောင်း။ ဟောစဉ်တရားပေါင်းချုပ် အဖြစ်သို့လည်းကောင်း ဖြစ်မြောက်စေရန် ရှေးဦးကပင် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ဖော်ပြပါ ရည်ရွယ်ချက်များမှ တစ်ခုဖြစ်သော ဤ "ဆရာတော်၏ ဟောစဉ် တရားပေါင်းချုပ်"စာအုပ်ကို စုစည်း ပူဇော်၍ မှတ်တမ်းတင်အပ်ပါသည်။

## ဝန်ခံချက်

ဤ " ဟောစဉ် တရားပေါင်းချုပ်" စာအုပ်တွင် ဆရာတော် စနစ်တကျ ဟောတော်မူသည့်အတိုင်း ပါဠိတော်, အဋ္ဌကထာ, ဋီကာ, မြန်မာပြန်, လင်္ကာ ဆောင်ပုဒ်များ, အဖြတ်အတောက်နှင့် ကျမ်းညွှန်းများကို အတတ်နိုင်ဆုံး ကြိုးစား ၍ မှန်ကန်အောင် ကက်စက်တိပ်ခွေမှ ရေးကူးထားပါသည်။ သို့ပါ၍ ဤစာအုပ် ၌ တစ်စုံတစ်ရာ အမှားများပါရှိပါက မှတ်တမ်းပြု တင်ပြသူ၏ မေ့လျော့မှု ချွတ် ယွင်းမှုသာ ဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။

http://www.dhammadownload.com



# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကက်စက်တိပ်ခွေမှ တစ်ဆင့် အားသွန်ခွန်စိုက်, ကြိုးကြိုးစားစား ရေးကူးပေးကြသော ရွှေမင်းဟန် စာချကျောင်းမှ-

(၁) ဦးနန္ဒဝံသ (မြေနီရှိ)

(၂) ရှင်ဇောတိက (အောင်သာ)

(၃) ရှင်ဝိသုဒ္ဓ (ရသစ်)

(၄) ရှင်စန္ဒာဝရ (လတ်ပန်တုန်း)

(၅) ရှင်ဣန္ဒာစရိယ (တန်သာ)

(၆) ရှင်တေသရ (ဒီပဲယင်းမြို့) တို့အားလည်းကောင်း၊ ကျမ်းစာများ ကူညီရှာပေးကြသော ပုဂ္ဂိုလ်များ၊ အဘက်ဘက်မှ အကြံဉာဏ်ပေးကြသော ပုဂ္ဂိုလ်များနှင့် ကွန်ပျူတာစာစီပေးသော ပုဂ္ဂိုလ်များအားလည်းကောင်း အထူးကျေးဇူးတင် မှတ်တမ်းပြုအပ်ပါသည်။

အရှင်စန္ဒိမာ

(သာသနဓဇဓမ္မာစရိယ-ဂဏဝါစက)

ရွှေမင်းတန်စာချတျောင်း

မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့။

http://www.dhammadownload.com



# ကျမ်းညွှန်းသင်္ကေတ

| သင်္ကေတ | ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ |
|---|---|
| ဝိ-၁၊ | ပါရာဇိကပါဠိ |
| ဝိ-၃၊ | မဟာဝဂ္ဂပါဠိ (ဝိနယပိဋက) |
| ဝိ-၄၊ | စူဠဝဂ္ဂပါဠိ |
| ဝိ-၅၊ | ပရိဝါပါဠိ |
| ဝိ-ဋ္ဌ-၁၊ | ပါရာဇိကကဏ္ဍ-အဋ္ဌကထာ-၁ |
| သာရတ္ထ-ဋီ-၁၊ | သာရတ္ထဒီပနီ-ဋီကာ-၁ |
| ဝိမတိ-၂၊ | ဝိမတိဝိနောဒနီ-ဋီကာ-၂ |
| ဒီ-ဋ္ဌ-၂၊ | မဟာဝဂ္ဂ-အဋ္ဌကထာ (ဒီဃနိကာယ) |
| မ-၂၊ | မဇ္ဈိမပဏ္ဏာသပါဠိ |
| မ-၃၊ | ဥပရိပဏ္ဏာသပါဠိ |
| မ-ဋ္ဌ-၃၊ | မဇ္ဈိမပဏ္ဏာသ-အဋ္ဌကထာ |
| မ-ဋ္ဌ-၄၊ | ဥပရိပဏ္ဏာသ-အဋ္ဌကထာ |
| သံ-၁၊ | သဂါထာဝဂ္ဂ-နိဒါနဝဂ္ဂသံယုတ္တပါဠိ |
| သံ-၂၊ | ခန္ဓဝဂ္ဂ-သဠာယတနဝဂ္ဂသံယုတ္တပါဠိ |
| သံ-၃၊ | မဟာဝဂ္ဂသံယုတ္တပါဠိ |
| သံ-ဋ္ဌ-၁၊ | သဂါထာဝဂ္ဂ-သံယုတ္တအဋ္ဌကထာ |
| အံ-၁၊ | အင်္ဂုတ္တရပါဠိ-၁ (ဧကက-စတုက္က) |
| အံ-၂၊ | အင်္ဂုတ္တရပါဠိ-၂ (ပဉ္စက-သတ္တက) |
| အံ-၃၊ | အင်္ဂုတ္တရပါဠိ-၃ (အဋ္ဌက-ဧကာဒသက) |
| အံ-ဋ္ဌ-၁။ | အင်္ဂုတ္တရအဋ္ဌကထာ-၁ |
| အံ-ဋ္ဌ-၂၊ | အင်္ဂုတ္တရအဋ္ဌကထာ-၂ |
| အံ-ဋီ-၂၊ | အင်္ဂုတ္တရ-ဋီကာ-၂ |
| အဘိ-ပု၊ | ပုဂ္ဂလပညတ္တိပါဠိ |
| အဘိ-က၊ | ကထာဝတ္ထုပါဠိ |
| အဘိ-ဋ္ဌ-၃၊ | ပဉ္စပ္ပကရဏ-အဋ္ဌကထာ |
| ပဋိသံ-ဋ္ဌ-၂။ | ပဋိသမ္ဘိဒါမဂ္ဂ-အဋ္ဌကထာ-၂ |
| ခုဒ္ဒက-ဋ္ဌ၊ | ခုဒ္ဒကပါဌ-အဋ္ဌကထာ |

http://www.dhammadownload.com



| သင်္ကေတ | ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ |
|---|---|
| ဓမ္မ-ဋ္ဌ-၁၊ | ဓမ္မပဒ-အဋ္ဌကထာ-၁ |
| ဓမ္မ-ဋ္ဌ-၂၊ | ဓမ္မပဒ-အဋ္ဌကထာ-၂ |
| ဣတိဝုတ်-ဋ္ဌ၊ | ဣတိဝုတ္တက-အဋ္ဌကထာ |
| သုတ္တနိ-ဋ္ဌ-၁၊ | သုတ္တနိပါတ-အဋ္ဌကထာ-၁ |
| သုတ္တနိ-ဋ္ဌ-၂၊ | သုတ္တနိပါတ-အဋ္ဌကထာ-၂ |
| ဝိမာန၊ | ဝိမာနဝတ္ထုပါဠိ |
| ဝိမာန-ဋ္ဌ၊ | ဝိမာနဝတ္ထု-အဋ္ဌကထာ |
| ပေတ၊ | ပေတဝတ္ထုပါဠိ |
| ပေတ-ဋ္ဌ၊ | ပေတဝတ္ထု-အဋ္ဌကထာ |
| ထေရ-ဋ္ဌ-၁၊ | ထေရဂါထာ-အဋ္ဌကထာ-၁ |
| အပ-၁၊ | အပဒါနပါဠိ-၁ |
| အပ-ဋ္ဌ-၂၊ | အပဒါန-အဋ္ဌကထာ-၂ |
| ဗုဒ္ဓဝံ၊ | ဗုဒ္ဓဝံသပါဠိ |
| ဗုဒ္ဓဝံ-ဋ္ဌ၊ | ဗုဒ္ဓဝံသ-အဋ္ဌကထာ |
| စရိယာ၊ | စရိယာပိဋကပါဠိ |
| စရိယာ-ဋ္ဌ၊ | စရိယာပိဋက-အဋ္ဌကထာ |
| မဟာနိ၊ | မဟာနိဒ္ဒေသပါဠိ |
| မဟာနိ-ဋ္ဌ။ | မဟာနိဒ္ဒေသ-အဋ္ဌကထာ |
| ဇာ-ဋ္ဌ-၁၊ | ဇာတက-အဋ္ဌကထာ-၁ |
| ဇာ-ဋ္ဌ-၂၊ | ဇာတက-အဋ္ဌကထာ-၂ |
| ဇာ-ဋ္ဌ-၃၊ | ဇာတက-အဋ္ဌကထာ-၃ |
| ဇာ-ဋ္ဌ-၄၊ | ဇာတက-အဋ္ဌကထာ-၄ |
| ဇာ-ဋ္ဌ-၆၊ | ဇာတက-အဋ္ဌကထာ-၆ |
| ဇာ-ဋ္ဌ-၇၊ | ဇာတက-အဋ္ဌကထာ-၇ |
| ဝိသုဒ္ဓိ-၁၊ | ဝိသုဒ္ဓိမဂ္ဂ-၁ |
| သီမဝိ၊ | သီမဝိသောဓနီ |
| နီတိ-၁၊ | လောကနီတိ |
| နီတိ-၆၊ | ကဝိဒပ္ပဏာနီတိ |
| ဘာဋီ-၁၊ | သဗ္ဗြိဟ်ဘာသာဋီကာ |

http://www.dhammadownload.com



## မန္တလေးတိုင်း၊ အမရပူရမြို့
## မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်၊ အဂ္ဂမဟာပဏ္ဍိတ
## မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
## ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ
## အတ္ထုပ္ပတ္တိအကျဉ်း

■ ■ ■ ■

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် အရှင်မြတ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆီသည်ရွာ၌ မြေရှင်လယ်ရှင်များဖြစ်ကြသော ခမည်းတော် ဦးဖေဘာ+မယ်တော် ဒေါ်မယ်မတို့မှ ၁၂၉၂-ခုနှစ်၊ ပြာသိုလ်လဆန်း (၁၄)ရက်၊ ၁၉၃၀-ခု၊ ဇန်နဝါရီလ (၉)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ ဆရာတော်ကြီးသည် မွေးချင်း (၇)ဦးတို့အနက် ပဉ္စမမြောက် သားရတနာဖြစ်၏။ မွေးချင်းတို့မှာ ဒေါ်လှမြိုင်, ဒေါ်တင်ဆိုင်, ဦးသိန်းမောင်, ဒေါ်မြသင်း, ဦးညွန့်တင်နှင့် ဒေါ်နှင်းမြိုင်တို့ဖြစ်၏။

ဆရာတော်၏ ငယ်နာမည်မှာ "မောင်ခင်မောင်"ဖြစ်သည်။ သို့သော် အဖွားဖြစ်သူက သူ့မြေး၏ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိမှုကို အကြောင်းပြုကာ မောင်ခင်မောင်သည် ကြည်လင်သော ရုပ်လက္ခဏာရှိ၍ 'မောင်ခင်မောင်ကြည်'ဟု (ကြည်) တစ်လုံးတိုး၍ခေါ်ရာမှ မောင်ခင်မောင်ကြည်ဟု အမည်တွင်ခဲ့၏။ ဆရာတော်လောင်းလျာသည် အသက် (၅)နှစ်သားအရွယ်၌ ဆီသည်ရွာ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရီးတော် ဘုန်းတော်ကြီး အရှင်အာစိဏ္ဏထံတွင် သင်ပုန်းကြီးမှအစ၊ အခြေခံပညာကို စတင်သင်ကြားသည်။ ဆရာတော်လောင်းလျာသည် ငယ်စဉ်က ရုပ်ရည်ကြည်လင်မှုရှိသည်သာမက ဉာဏ်ပညာအရာတွင် သင်ကြားမှတ်ယူလွယ်သော ပါရမီပြည့်ဝသူ တစ်ယောက်ဖြစ်သောကြောင့် ဦးရီးတော်သူ ဆရာတော်က "ဤကလေးနှင့် ပတ်သက်သော မောင်ဖေဘာ+မမယ်မတို့သည် အမွေးတော်လေစွ"ဟု ချီးကျူးပြောဆိုခဲ့၏။ ဆရာတော်လောင်းလျာသည် သင်ကြားတတ်မြောက်လွယ်သည်သာမက ထိုးထွင်းဉာဏ်ရှိသော ကလေးတစ်ဦး

http://www.dhammadownload.com



လည်း ဖြစ်သည်။ ဆရာတော်လောင်းလျာသည် ဦးရီးတော်ဘုန်းတော်ကြီးထံတွင် ဂဏန်းသင်္ချာ။ မြန်မာစာနှင့် မြန်မာမှုပညာရပ် အစုံအစုံ သင်ကြားခဲ့၏။

## ရှင်သာမဏေ

ဆရာတော်လောင်းလျာသည် အသက် (၇)နှစ်အရွယ်သို့ ရောက်သော အခါ မိဘနှစ်ပါးဖြစ်သော ဦးဖေဘ+ဒေါ်မယ်မတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရီးတော် ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်။

## ပိဋကတ်အခြေခံကို စတင်သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ဦးရီးတော်သူ ဘုန်းတော်ကြီးထံတွင်ပင် (၂)နှစ်တိုင်တိုင် ပိဋကတ်အခြေခံဖြစ်သော သဒ္ဒါရှစ်စောင်နှင့် ပုဒ်စစ်ရှစ်ကျမ်း စသော ကျမ်းစာများကို အပတ်တကုတ် ကြိုးစား၍ သင်ကြားနာယူခဲ့သည်။ ၁၃၀၉-ခုနှစ်သို့ ရောက်သောအခါ ဦးရီးတော်ဘုန်းကြီးက ဆရာတော်လောင်းလျာ သည် သင်ကြားသမျှကို နာယူနိုင်စွမ်းရှိသည်။ ထက်မြက်သော ပညာပါရမီလည်း ရှိသည်။ ပညာဉာဏ် တိုးတက်ပွင့်လင်းစေရန် ရေခံမြေခံကောင်းရာအရပ်သို့ ပို့၍ ပညာဆက်လက်ဆည်းပူးစေသော် ကောင်း၏-ဟု အမိန့်ရှိရာ ခမည်းတော် မယ်တော်တို့နှင့် တိုင်ပင်ခဲ့၏။ ခမည်းတော် မယ်တော်နှစ်ပါးတို့ကလည်း ဦးရီးတော် ဘုန်းကြီး သင့်သလိုစီမံတော်မူပါဟု လျှောက်ထားလေလျှင် ဦးရီးတော် ဘုန်းတော် ကြီးသည် ပွင့်ဖူးရင့်သန်လာမည့် ဤသာသနာတော်မျိုးစေ့ကို အဘယ်မည်သော ရေခံမြေခံသည် အကောင်းဆုံးဖြစ်မည်ကို သေချာစွာလေ့လာခဲ့၏။

အထပ်ထပ်သော နေရာ, အစုစုသော အခြေခံတို့ကို စိစစ်ပြီး ဦးရီးတော် ဘုန်းတော်ကြီးက အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသသူမြတ်သည် အရှေ့ အနောက် တောင် မြောက် အရပ်မျက်နှာတို့တွင် ပညာအရာ၌ ကျော်စော၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ဝိနည်းသိက္ခာတွင် စံနမူနာဖြစ်၏။ မဟာဂန္ဓာရုံအခြေခံတွင် မိမိ၏ တူတော်သူ ဆရာတော်လောင်းလျာအား ပျိုးထောင်ပါက ပျိုးထောင်သော သာမဏေနှင့် ပျိုးထောင်ရာဌာန နှစ်ဦးနှစ်ဝ အကျိုးထူးရှိစေနိုင်မည်ဟု ယူဆကာ ဆရာတော်လောင်းလျာအား မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပို့ဆောင်၍ ပိဋကတ် အခြေခံများကို သင်ကြားလေ့လာစေပါ၏။ ဆရာတော်လောင်းလျာသည် ပိဋကတ် အခြေခံများနှင့်တကွ အထက်တန်းကျမ်းစာများကို ဆရာတော် အရှင်ဇနကာ

http://www.dhammadownload.com



ဘိဝံသထံတွင် ဆက်လက်လေ့လာခဲ့၏။ ပညာပါရမီရင့်သန်သူဖြစ်သည့်အား လျော်စွာ ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော သာမဏေကျော် စာမေးပွဲကို အဆင့်သုံးဆင့်လုံး အောင်မြင်၍ "သာသနာလင်္ကာရ သာမဏေကျော်"ဘွဲ့ လျှာဒါန်းပူဇော် ဆက်ကပ်ခြင်းကို ခံယူရရှိခဲ့၏။ ရှင်သာမဏေဘဝဖြင့်ပင် နိုင်ငံတော် အစိုးရ၏ ပထမငယ်, ပထမလတ် စာမေးပွဲများကို အောင်မြင်တော်မူခဲ့၏။

## ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် ပိဋကတ်ကျမ်းစာများကို လေ့လာရင်း ၁၃၁၄-ခု၊ တန်ခူးလဆန်း (၁၅)ရက်နေ့သို့ ရောက်သောအခါ မန္တလေးမြို့ ပွဲကုန်းရပ်နေ နန္ဒဝံသစ်စက်ပိုင်ရှင် ဦးဘတင်+ဒေါ်မိမိလေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ကောဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်၊ စစ်ကိုင်းတောင်ရိုး ချမ်းအေးချောင်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ပဌာန်းသိပ္ပံ ဆရာတော်၊ ကျွန်းကုန်းမြို့ ကျွန်းကုန်းဆရာတော်၊ လပွတ္တာမြို့ လေးထပ် ဆရာတော် စသော အကျော်အမော် အဓိကရ ဆရာတော်ကြီးများက ကမ္မဝါ ဆရာတော်များအဖြစ် ချီးမြှောက်ပေးမှုဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

ဤကဲ့သို့သော ဆရာတော်ကြီးများက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက်၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ခြင်းသည်ပင်လျှင် ဆရာတော်၏ ထူးခြားမှုတစ်ရပ်ပင် ဖြစ်၏။ ထိုသို့သော အခွင့်အလမ်းသည် ရခဲသော အခွင့်အလမ်းဖြစ်၏။ ဆရာတော်၏ ပါရမီကြောင့်သာလျှင် ထိုအခွင့်အရေးသည် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ မြင့်မြတ်သော ရဟန်းဘဝတွင် ဉူးပဋ္ဌင်း ဉူးကုဏ္ဍလသည် စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူး လေ့လာ၍ အကျင့်သိက္ခာတော်ကို သိပ်သည်းစွာ လိုက်နာရင်း ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်ကြားဆိုဆုံးမမှုများကို နာယူမှတ်သားကာ ပါရမီကို ပိုမိုရင့်သန်အောင် အားထုတ်ခဲ့၏။

ဆရာတော်သည် ထိုကဲ့သို့သော ပညာရပ်များကို သင်ကြားရင်း သိမ်ထပ် မင်္ဂလာများကို ပြုရာတွင် ဆီသည်ရွာမှ မယ်တော် ခမည်းတော်များကိုယ်တိုင်က ဒုတိယအကြိမ် သိက္ခာထပ်၏။ တစ်ဖန် အမရပူရမြို့ အိုးတော်ကုန်းရပ် လေယာဉ်ပျံပိုးထည်တိုက်ပိုင်ရှင် ဦးမောင်ကို+ဒေါ်အုန်းခင် မိသားစု၊ ရေဦးမြို့

http://www.dhammadownload.com



ဒိပဲယင်းလမ်း ကုန်သည်နှင့် တွင်ခုံလုပ်ငန်းပိုင်ရှင် ဦးချစ်မောင်+ဒေါ်ငွေး မိသားစု၊ တောင်ငူမြို့နေ ဒေါ်ခင်ထွေးမြင့်၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း လပြည့်ဝန်း ကုမ္ပဏီပိုင်ရှင် ဦးစိုးဝင်း+ဒေါ်စန္ဒာမောင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ထပ်မံ၍ သိမ်ထပ်ရဟန်းခံတော်မူခဲ့၏။

## အထက်တန်းစာမေးပွဲများ အောင်မြင်ခြင်း

ဆရာတော်သည် ပါရမီရင့်သန်သော ဆရာတော်တစ်ပါးဖြစ်သည့်အား လျော်စွာ ပိဋကတ်အထက်တန်း စာမေးပွဲများကို ထိပ်တန်းမှ အောင်မြင်ခဲ့၏။ ဆရာတော်သည် (၁၃၁၅-ခု နယုန်လ) ရဟန်းတစ်ဝါရချိန်ဝယ် ပထမကြီးတန်းကို အောင်မြင်သည်။ ထိုနှစ် တပေါင်းလတွင် အစိုးရဓမ္မာစရိယတန်းကို ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးသုံးကျမ်းပါတွဲ၍ အောင်မြင်သဖြင့် ဆရာတော်သည် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ထူးကို ဆက်ကပ်ခြင်း ခံတော်မူခဲ့၏။ ထို့နောက် ဆရာတော်သည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရဟန်းတော်များ စာမေးပွဲ၌ စာသင်တန်းနှင့် စာချတန်း နှစ်တန်းလုံး ပေါက်ရောက်အောင်မြင်၍ "အဘိဝံသ"ဘွဲ့တော်နှင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူခဲ့ရ၏။

ဆရာတော်သည် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အမျှော်အမြင်ကြီးစွာဖြင့် စီစဉ်ပေးချက်အရ အစိုးရဓမ္မာစရိယတန်း အောင်မြင်ပြီးသည့်အချိန်မှ စ၍ အင်္ဂလိပ်စာနည်းပြဆရာတစ်ယောက်ကို ငှားရမ်း၍ အင်္ဂလိပ်ဘာသာကို သင်ကြားစေခဲ့ရာ ဥပစာ-ဝိဇ္ဇာတန်းနှင့် ညီမျှသော အဆင့်ထိ သင်ကြားတတ်မြောက်ခဲ့၏။ ဆရာတော်သည် သက္ကတဘာသာကို မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံတွင် သင်ကြားခဲ့၏။ ဆရာတော်သည် တိုင်းရင်းမြန်မာ ဆေးပညာတို့ကိုလည်း လိုက်စား၍ တိုင်းရင်းဆေးစာပေများကို ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ သုံးကျမ်းလုံး ဖြေဆိုအောင်မြင်ခဲ့၏။

## မဟာဂန္ဓာရုံဆရာတော်ကြီး၏ လက်ရုံးသဖွယ်ဆောင်ရွက်ခြင်း

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသသည် မဟာဂန္ဓာရုံစာသင်တိုက်ကို ဖွင့်လှစ်တည်ထောင်ရာတွင် (၁) စာသင်တိုက်ကြီး အောင်မြင်စွာ တည်ထောင်ရေးကိစ္စ၊ (၂) မိမိသက်ရှိထင်ရှား ရှိစဉ်ကာလအတွင်း သင်ကြားမှုများကို နည်းစနစ်ပြည့်စုံစွာဖြင့် သင်ကြားရေးကိစ္စနှင့် (၃) ကျောင်းတိုက်ကြီး အခွန့်ရှည်တည်တန့်ရေးအတွက် အမွေခံကောင်းများ တည်ဆောက်ရေးကိစ္စကြီး

http://www.dhammadownload.com



သုံးရပ်ကို အလေးအနက်ထား ဆောက်ရွက်ခဲ့၏။ ယင်းကိစ္စသုံးရပ်တွင်-ပထမကိစ္စနှင့် ဒုတိယကိစ္စတို့ကို မိမိအသက်ထင်ရှားရှိစဉ် ဖန်တီးဆောင်ရွက်ခဲ့သော်လည်း တတိယကိစ္စကိုကား အမွေခံမည့်သူများကို ပြုစု ပျိုးထောင်ရုံသာ ပြုစုခဲ့၍ လက်ခံနိုင်စွမ်းရှိ-မရှိကို မျက်ဝါးထင်ထင် မမြင်နိုင်ခဲ့ရှာပေ။ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ရှိစဉ်ကပင် အခြားသော တပည့်သာဝကတို့နှင့်အတူ ကျောင်းတိုက်အတွင်း စီမံအုပ်ချုပ်မှု တာဝန်များကို ယူခဲ့ရ၏။

ဆရာတော်သည် ရဟန်းတစ်ဝါရစဉ်ကပင် စာချကိုယ်တော်အဖြစ် ခန့်ထားခြင်းခံရ၏။ စာချတာဝန်အဖြစ် စည်းကမ်းထိန်းသိမ်းရေးတာဝန်နှင့် ဆရာတော်ကြီး ကျမ်းစာအုပ်များကို ပြုစုရာတွင် ပြုစုလုပ်ငန်း၊ စာကူးလုပ်ငန်း၊ စာပြင်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများကို စာမူပြုစုသည်မှ စာအုပ်ထွက်သည်အထိ တာဝန်ယူခဲ့ရသည်။ ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီးရှိစဉ်ကပင် ဆရာတော်ကြီး မလိုက်နိုင်သော တရားဓမ္မဟောကြားသော တာဝန်များကိုလည်း ယူခဲ့ရ၍ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီး အသက်ထင်ရှားရှိစဉ်ကပင် နောက်ပိုင်းလုံအောင် ပြုစုထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်ခဲ့ရ၏။ ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီး မရှိသည့်နောက်ပိုင်းတွင် ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ အားကိုးအားထားရသော အခြားသော နာယကဆရာတော်ကြီးများနှင့်အတူ မဟာဂန္ဓာရုံ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်ကာ ကြီးလေးသော မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကချုပ်တာဝန်ကိုပါ တာဝန်ယူလာခဲ့ရခြင်းဖြစ်၏။

## ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် သာသနာနှစ် ၂၅၃၅-ခု၊ ကောဇာသက္ကရာဇ်-၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ-၂၁-ရက်)ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

သာသနာတော်နှစ် ၂၅၃၉-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ ပြာသိုလပြည့် (၁၉၉၆-ခု၊ ဇန်နဝါရီလ ၄-ရက်) ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ

http://www.dhammadownload.com



ကျောင်း၏ တာဝန်အပြင်၊ ရွှေကျင်နိကာယဂိုဏ်းကြီး၏ တာဝန်ပေးချက်အရ ရွှေကျင်ဂိုဏ်းဝင် သံဃာတစ်သောင်းကျော်တို့၏ ရေးရာကိစ္စများကို တာဝန်ယူရသော "ဂိုဏ်းလုံးဝန်ဆောင်"အပါး (၁၀၀)တွင် တစ်ပါးအပါအဝင် ဆောင်ရွက်ရသော ရွှေကျင်ဂိုဏ်းကြီး၏ ဝန်ဆောင်လုပ်ငန်းများကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၃၄၂-ခုနှစ်မှစ၍ ပေါ်ပေါက်လာသော နိုင်ငံတော် သံဃအဖွဲ့အစည်းတွင် ဆရာတော်သည် ရွှေကျင်ဂိုဏ်း မန္တလေးတိုင်းဝန်ဆောင်တာဝန်ကိုလည်းကောင်း၊ မန္တလေးတိုင်း ရွှေကျင်သံဃနာယကအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း (၁၀)နှစ်တိုင် ထမ်းဆောင်တော်မူခဲ့၏။

၁၃၄၉-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၈၇-ခုနှစ်၊ အောက်တိုဘာလ)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တစ်နိုင်ငံလုံးရှိ စာသင်တိုက်ကြီး (၁၃) တိုက်မှ ကိုယ်စားလှယ် သံဃာ (၁၃)ပါးကို ရွေးချယ်ကာ ပရိယတ္တိပညာရေး စီမံကိန်း ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဆရာတော်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၏။ ယင်းအဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ စာသင်တိုက်များအတွက် ပရိယတ္တိပညာရေးစီမံကိန်းကို ပြင်ဆင်ရေးဆွဲခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် ရွှေကျင်ဂိုဏ်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့၏ တာဝန်ပေးချက်အရ ၁၃၅၃-ခုနှစ်တွင် သံဃသမ္မုတိရ တာဝန်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့၏။ ထို့ပြင် နိုင်ငံတော်အဆင့်ထိ တက်ရောက်လာသော သာသနာရေးဆိုင်ရာမှုခင်းများကို စိစစ်ရသော နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ၏ ကြီးမားသောကျောင်းတိုက်တာဝန်၊ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှပေးအပ်သော တာဝန်များအပြင် တပည့် ဒကာ ဒကာမတို့အား တရားဓမ္မတိုက်ကျွေးသောတာဝန်တို့ကိုပါ ထမ်းဆောင်ရင်း ဘုရားသာသနာတော်ကြီးအတွက် အသက်ခန္ဓာကိုပေးအပ်ကာ သာသနာ့တာဝန်ကို ဘက်ပေါင်းစုံမှ ဉာဏ်လည်မသုန် ဆောင်ရွက်နေသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတစ်ပါးအဖြစ်ဖြင့် သာသနာတော်၏ တာဝန်များကို ထမ်းဆောင်နေတော်မူပါသည်။

http://www.dhammadownload.com





"နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## နေ့ဇနေ့ ညည ကူသိုလ်ရ တရားတော်

ကိုင်း-ရေစက်မချခင် အနုမောဒနာတရား-မိမိတို့ပြုလုပ်အားထုတ်တဲ့ အလုပ် ရှေးသူတော်ကောင်းကြီးတွေ လုပ်သွားတဲ့အလုပ်နဲ့ဘယ်လိုညီနေသလဲ၊ ဘယ်လိုဒေသနာတော်နည်းနဲ့ တိုက်ဆိုင်နေသလဲလို့ဆိုတာလေးတွေကို အလှူ့ ဒကာကိုစန်းမောင်တို့ အလှူ့အမ မဦးတို့မိသားစု အာရုံယူပြီးတော့ စေတနာအား၊ သဒ္ဓါအားတွေတိုးလာအောင်-နာတာကိုအနုမောဒနာတရားနာတယ်လို့ခေါ်ရ တယ်၊ ဒီတော့-အဲဒီအနုမောဒနာတရားအတွက်အနည်းငယ်နာကြားရအောင်လို့ ဆိုတော့၊

*** တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ, သမေ စိတ္တေ သမံ ဖလံ၊**
**စေတော ပဏိဓိ ဟေတုဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

တိဋ္ဌန္တေစာပိ- သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်ဘုရား၌လည်းကောင်း၊နိဗ္ဗုတေစာပိ-ရှေ့ပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူ့ထွတ်ထား, မြတ်ဘုရား၌လည်းကောင်း၊စိတ္တေ-ဘုရားအာရုံ, ကောင်းစွာထုံ၍, တလုံလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးသည်၊သမေ-သဒ္ဓါ,ပညာ, အရာရာက, မကွာတန်းတူ, ညီမျှပါမူ ကား၊သမံဖလံ-အကျိုးပေးဟန်,အတန်တန်သည်, ဧကန်ညီမျှ, တန်းတူရလေတော့ ၏၊ဟိယုတ္တံ-ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ-ယုတ်မြတ် မဆူ,သူငါကစ, သတ္တဝါဟူသမျှတို့သည်၊ စေတောပဏိဓိဟေတု-စိတ်နေစိတ်ထား, ကြီးမားဖြူစင်,ကြည်လင်သန့်ရှင်း,အကြောင်းရင်းကြောင့်၊ သုဂ္ဂတိံ -လူ့ရွာနတ်ထံ, ချမ်းသာစံလျှက်, နိဗ္ဗာန်တိုင်ထိ, အကောင်းဆုံးဂတိသို့၊ဂစ္ဆန္တိ-ပါရမီစွမ်းသလောက်, စခန်းထောက်၍, လှမ်းရောက်တော်မူနိုင်ကြ ပေကုန်သတည်း. . .။

**သာဓု. . . သာဓု. . . သာဓုပါဘုရား။**

---

* ဝိမာန-၆၆။-၄- ၁၈၆။ ဓမ္မ-၄-၂၊၁၆၄။ ဇာ၄-၃ ၊၃၈၇။

http://www.dhammadownload.com



ယနေ့ -မြန်မာကောဇာသက္ကရာဇ် ၁၃၄၉-ခုနှစ်၊တန်ခူးလဆန်း(၁၅)ရက်၊ တန်ခူးလပြည့်နေ့၊ခရစ်နှစ် (၁၉၈၈)-ခုဧပြီလ(၁)ရက်၊သောကြာနေ့မှာ၊ အမရပူရမြို့နယ်,နတ်ရေကန်ရွာ,ရွာဦးရွာထိပ်၌၊တည်ထားကိုးကွယ်အပ်သော ဤရွှေမုဋ္ဌောစေတီတော်ပရိဝုဏ်အတွင်း၌, ကျင်းပပြုလုပ်အပ်သော ယနေ့ကုသိုလ် ကောင်းမှုပွဲကြီးသည်ကား၊အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ နတ်ရေကန်ကြီးရဲ့ကန်ဦးကန်ထိပ်၊နတ်ရေကန်ရွာကြီးရဲ့ ရွာဦးရွာထိပ်၊နတ်ရေကန်ကျောင်းကြီးရဲ့,ကျောင်းဦးကျောင်းထိပ်၊ အားလုံးသော လူ,နတ်,ရှင်,လူသတ္တဝါအပေါင်းသူတော်ကောင်းတို့ ကိုးကွယ်ရာ,အားထားရာ,အဖြစ်ဖြင့်တည်ထားအပ်တဲ့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအတွင်း၌-

အမရပူရမြို့နယ် နန်းမတော်ရပ်၌ နေထိုင်ကြကုန်သော အလှူ့ဒကာဒကာ ဦးစန်းမောင်၊ အလှူ့ဒကာမ ဒကာမ ဒေါ်ဦးနဲ့ သား မောင်ထင်လင်းနိုင်သမီး မမင်းမင်းဦး၊မြိုင်ဌက်စက်ရုံမိသားစုတို့ကာ၊မိမိတို့ရဲ့ မိဘဘိုးဘွား မိခင်ဖခင်ကျေးဇူးရှင်များ တည်ထားကိုးကွယ်အပ်ခဲ့သော ဤရွှေမုဋ္ဌောစေတီတော်မြတ်ရဲ့ရှေ့၌ အာရုံခံတန်ဆောင်းလိုဓါ် ဆိုရတဲ့ ကျောင်းအဆောက်အဦးကို လှူဒါန်းပူဇော်ကြတဲ့ပွဲ. . . တဲ့။

ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးက သမိုင်းဝင်, ပွဲတော်ရ, သိရိဓမ္မာသောကမင်းကြီးတည်ထားကိုးကွယ်အပ်ခဲ့တဲ့ စေတီတော်မြတ်ကြီး။ ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ရေကန်ပေါင်း ရှစ်သောင်းလေးထောင် အစရှိသည်ဖြင့် သာသနာတော်မှာ ကုဋေပေါင်းတစ်ရာအကုန်အကျခံပြီးတော့ ပူဇော်သွားခဲ့တဲ့ သာသနာပြု သိရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်အပ်ခဲ့တဲ့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး။ ရွှေမုဋ္ဌောဆိုတဲ့နာမည်ကိုက မုဋ္ဌ-ဆိုတာ လွတ်မြောက်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဘုရားတည်ပြီဆိုရင်လည်းပဲ လွတ်မြောက်တဲ့အချိန်တည်တာမို့လို့ သူ့ကိုမုဋ္ဌ။ မုတ္တ-ဆိုတာ လွတ်မြောက်တယ်၊ ထွက်မြောက်တယ်၊ ကျွတ်လွတ်တယ်၊ ဒီအဓိပ္ပါယ်မျိုး သက်ရောက်တယ်။

ဒီတော့-ဒီဘုရားကိုတည်တဲ့အချိန်မှာ အထူးသဖြင့် လ,ငပုပ်ဖမ်းနေလို့၊ အဲဒီလ,ငပုပ်ဖမ်းရာက လွတ်မြောက်တဲ့အချိန်မှာ ဖမ်းပြီးတော့ ပန္နက်ရိုက်တည်ရတာမို့လို့ မုဋ္ဌောစေတီတော်။မြန်မာနိုင်ငံအနှံ့ မုဋ္ဌောစေတီတော်တွေဆိုတာ ရှိကြတယ်၊ အဲဒါ သိရိဓမ္မာသောကမင်းကြီးရဲ့ကောင်းမှုတော်တွေပဲ၊သိရိဓမ္မာသောကမင်းကြီးက သူကိုယ်တိုင်မလာသော်လည်းပဲ မဇ္ဈိမဒေသကနေပြီးတော့

http://www.dhammadownload.com



ဒီက မဟာမိတ်မင်းတွေ ရှိကြတယ်၊ဟိုက-သိရီဓမ္မာသောကမင်းကြီးက နန်းတက်နေတဲ့အဲချိန်မှာ မြန်မာနိုင်ငံမှာလည်းပဲ မြန်မာနိုင်ငံအရပ်ရပ် မင်းအသီးသီး ထီးနဲ့နန်းနဲ့ရှိကြတယ်။အထူးသဖြင့် ဘုန်းကြီးတို့သရေခေတ္တရာခေါ်တဲ့ ပြည်မြို့မှာ ဒွတ္တဘောင်မင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်နေတဲ့အချိန်။

အဲဒီလိုအားဖြင့်ပေါ့လေ-မြန်မာနိုင်ငံမှာ မင်းတွေအသီးသီး တန်ခိုးကြီးတဲ့ မင်းတွေ၊ နာမည်ထင်ရှားကျော်ဇောကြတဲ့ စော်ဘွားတွေ့မြို့စားတွေနဲ့ အသီးသီး ရှိကြတာဖြစ်တော့ အဲဒီမဟာမိတ်မင်းတွေထံ ရွှေဆင်းတုတော်တို့, မြတ်စွာဘုရားဓာတ်တော်မွေတော်တို့ပို့ပြီးတော့ ဒီစေတီတော်တည်ထားမှုအတွက် အကုန်အကျတွေမှန်သမျှ သူကတာဝန်ယူပါ့မယ်၊စေတီတော်တည်ပြီးကိုးကွယ်ပေးပါ၊ ပူဇော်ပေးပါလို့ ရှစ်သောင်းလေးထောင် စေတီတော်တွေတည်ရတာဖြစ်တော့၊အိန္ဒိယဒေသ မဇ္ဈိမတင်မကဘူး သာသနာတော်ထွန်းကားတဲ့နေရာဒေသ မဟာမိတ်မင်းတွေနဲ့ဆက်သွယ်ပြီးတော့ သိရီဓမ္မာသောကမင်းကြီးကတည်သွားတာ။

ဒီတော့-ဘာဘဲပြောပြော သိရီဓမ္မာသောကမင်းကြီးရဲ့ ကောင်းမှုတော်၊ အထူးသဖြင့်လည်းပဲ မုဋ္ဌောလို့နာမည်ပေးတာက လွတ်မြောက်တဲ့အချိန်မှာ တည်ရတဲ့စေတီတော်မို့လို့ မုဋ္ဌစေတီတော်၊မုဋ္ဌောစေတီတော်။ဘာလွတ်တာတုန်းလို့ဆိုတော့ လ,ငပုပ်ဖမ်းတာကို ရာဟုဖမ်းတယ်လို့ဆိုတာ၊ဘုန်းကြီးတို့ သိပ္ပံနည်းဆရာတွေကလည်း တွက်လို့ရတာပဲ၊ ဘုန်းကြီးတို့ မြန်မာ့ဗေဒင်,နက္ခတ်ကျမ်းတွေနဲ့တွက်လို့ရှိရင်လည်း ရတာပဲ၊သူ့နှစ်နဲ့ သူ့အချိန် ဒါ-လ,ငပုပ်ဖမ်းတယ်ဆိုတာ ရက်နဲ့တွက်ကြည့် ရှိတာပဲ,ရတာပဲ။

အဲဒီလိုတွက်လိုက်ချက်လိုက်လို့ လ,ငပုပ်ဖမ်း၊ရာဟုကိုအသူရိန်ဖမ်းထားလို့ ပြန်လွတ်တဲ့အချိန်မှာ ဘုန်းကြီးတို့ ပညတ်သွားရာ ဓာတ်သက်ပါဆိုတာလိုပေါ့ လ,ငပုပ်ဖမ်းတဲ့အချိန်မှာ ဆွဲနှုတ်လိုက်တဲ့ သစ်ပင်,သစ်သီး,သစ်မြစ်သစ်ခေါက်ဟာ ရောဂါအမျိုးမျိုးက လွတ်စေတတ်တယ်၊အန္တရာယ်အမျိုးမျိုးကလွတ်စေတတ်တယ်လို့ ဒီလိုရှေးလူကြီးသူမတွေ အဆိုအမိန့်ရှိကြတာပဲ။

ဒီတော့-အဲဒီလိုအချိန်မှာတည်ထားရတဲ့ ဘုရားရှင်ကိုယ်တော်မြတ်, စေတီတော်မြတ်အား ပူဇော်လှူဒါန်းကိုးကွယ်ရသော အမျိုးကောင်းသား,အမျိုးကောင်းသမီး,လူ,နတ်,ဗြဟ္မာ,သတ္တဝါဟူသမျှတို့သည် သံသရာဝဋ် ဘဝဩတ်ကြီးမှ လွတ်ကြ

http://www.dhammadownload.com



သမီး,လူ,နတ်,ပြဟ္မာ,သတ္တဝါဟူသမျှတို့သည် သံသရာဝဋ် ဘဝဆင်းရဲမှ လွတ်ကြ ပါစေ၊ လွတ်အားကြီးတွေကောင်းကြပါစေ၊ လွတ်ဓာတ်အားကြီးတွေကောင်းကြပါ စေ၊ ကျွတ်ဓာတ်အားကြီးတွေကောင်းကြပါစေလို့ဆိုပြီးတော့ တည်ထားခဲ့တဲ့ ဘုရား စေတီတော်တွေကို မုဋ္ဌောစေတီတော်။

အခု-အဲဒီပွဲတော်ရှသမိုင်းဝင်ဖြစ်တဲ့ မုဋ္ဌောစေတီတော်မြတ်ကြီးကို အခု ဦးစန်းမောင်တို့ ဒေါ်ဦးတို့မိသားစုက နှစ်ဘက်သော မိခင်ဖခင်ကျေးဇူးရှင်တို့ကို၊ အသက်ထင်ရှားရှိတဲ့ မိဘတွေကိုအမှူးတင်၊ အသက်ထင်ရှားမရှိတဲ့ မိဘဘိုးဘွား တွေကိုလည်းပဲ ရည်စူးမှန်းထားပြီးသကာလ၊ ထီးတော်များကိုလည်း ရွှေသင်္ကန်းများ ထပ်မံပြီးတော့ ကပ်လှူကြခြင်းဆိုတဲ့အမှုတွေကိုပြုကြတဲ့အပြင်၊ ထိုရွှေမုဋ္ဌောစေတီ တော်ရဲ့ မျက်နှာစာ၌ ဘုရားအာရုံယူလိုကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးတွေ, ဘုရားအာရုံခံယူနိုင်ဖို့, တရားအာရုံခံယူနိုင်ဖို့, သံဃာ့အာရုံခံယူနိုင်ဖို့၊ အဲဒီလို အာရုံခံယူနိုင်ဖို့ရာ၊ သမာဓိရရ, နေပူမိုးရွာကင်း, စိတ်တည်ငြိမ်စွာနဲ့ အာရုံ ခံယူနိုင်ဖို့ရာ အုတ်သမံတလင်းပတ်လည်ပတ်ပြီးသကာလ၊ နှစ်ခန်းပတ်လည် အ ဆောက်အဦးအာရုံခံတန်ဆောင်းကို ဆောက်လုပ်ပြီးတော့ လှူဒါန်းကြတယ်. . . တဲ့။

အဲဒီလို အာရုံခံတန်ဆောင်းဆောက်လုပ်လှူဒါန်းပူဇော်တဲ့ပွဲမှာပဲ သံဃာ တော်အရှင်မြတ်တွေကိုလည်း တတ်စွမ်းသမျှ ပင့်ဖိတ်ပြီးသကာလ, ဤအာရုံခံ တန်ဆောင်းထဲမှာ မွန်မြတ်သော ဆွမ်း,ခဲဘွယ်,ဘောဇဉ်,ချိုချဉ်အရသာအဖြာဖြာ တို့ဖြင့်, သဒ္ဓါပြဓာန်း ဆက်ကပ်လှူဒါန်းသမှုပြုကြခြင်း၊ တဘက်,ဆပ်ပြာ,သွားတိုက် ဆေးစသော လှူဖွယ်တန်းဖွယ် တစ်ဆယ့်ငါးစုံတို့ဖြင့်လည်းပဲ ဤနတ်ရေကန် ကျောင်းတိုက်ဆရာတော်ကို အမှူးပြုပြီးသကာလ မိမိတို့နေထိုင်ရာ အမရပူရမြို့, မဟာဂန္ဓာရုံကျောင်းတိုက် တောင်လေးလုံးကျောင်းတိုက်အစရှိသော မိမိတို့ရဲ့ကျေး ဇူးရှင် ဆရာသမားတွေကိုလည်းပဲ လှူဒါန်းပူဇော်သမှုပြုကြခြင်း၊ ဖိတ်မန္တကပြုထား တဲ့ ပရိသတ်အပေါင်းသူတော်ကောင်းတွေကိုလည်းပဲ သဒ္ဓါဖြူဖွေး ကျွေးမွေးဧည့်ခံ သမှုကိုပြုကြခြင်း. . . လို့။

ဒီနေ့ ဒကာကိုစန်းမောင်တို့, ဒကာမ မဦးတို့က အထူးအားဖြင့်ကတော့ ဘုရားပူဇော်တာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မှန်သင်္ကန်းတွေနဲ့ပူဇော်၊ ရွှေထီး တွေတင်လှူပြီးတော့ပူဇော်၊ အာရုံခံတန်ဆောင်းကြီးဆောက်ပြီးတော့ပူဇော်၊ ဒီ တော့-အာရုံခံတန်ဆောင်းကြီးဆောက်လိုက်တော့ ဒါ-ဘုရားကျောင်းဖြစ်သွား

http://www.dhammadownload.com



ဗုဒ္ဓသပူဇာ မဟာတေဇဝန္တော-တဲ့ကျမ်းဂန်က၊ ဗုဒ္ဓသ-ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား၊ ပူဇာ-အမျိုးမျိုးသော ပူဇော်ဖွယ်တို့ဖြင့်, ပူဇော်လေ့ရှိတဲ့, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းသည်၊ မဟာ တေဇဝန္တော-ကြီးကျယ်မြင့်မားတဲ့,တန်ခိုးများနဲ့ ပြည့်စုံနိုင်တတ်တယ်. . ၊ ဘုရား ရှင်ကိုပူဇော်တဲ့အတွက်က တန်ခိုးကြီးလာစေတတ်တယ်၊ တန်ခိုးဆိုတာ အရှိန်, သတ္တိ, အဟုန်, ဒါတွေကို တန်ခိုးလို့ခေါ်တယ်၊အဲဒီ တန်ခိုးတွေ, အရှိန်တွေ, သတ္တိ တွေ, အဟုန်တွေကြီးလာတတ်တယ်။ ဘုရားနဲ့စပ်တဲ့ တန်ခိုးတွေတိုး, ဘုရားနဲ့စပ်တဲ့ သတ္တိတွေတိုး, ဘုရား နဲ့စပ်တဲ့ အဟုန်တွေတိုးတော့ ဘာပြုတုန်းလို့ ဆိုတော့ အပါယ်လေးပါးမကျဘူး။ ဘုရားရဲ့အရှိန်, ဘုရားရဲ့တန်ခိုး, ဘုရားရဲ့သတ္တိက အပါယ်လေးပါးကိုပိတ်ပေးတယ်၊ သောတာပန်တည်သကဲ့သို့ အပါယ်လေးပါး မကျအောင် တားထားနိုင်တဲ့သတ္တိ ရှိတယ်. . ။

ဒါ-ဘုရားကိုပူဇော်, ဘုရားကိုဖက်တော့ တန်ခိုးကြီးတယ်ဆိုတာ- ဘုရားအရှိန်တွေ ဒကာဦးစန်းမောင်ရဲ့ဝမ်းထဲရောက်တယ်၊ ဘုရားရဲ့သတ္တိတွေ ဒကာမ,မဦးရဲ့ဝမ်းထဲရောက်တယ်၊ဘုရားအရှိန်တွေ, သတ္တိတွေ, အဟုန်တွေ မိဘ တွေ ဆွေမျိုးတွေ သား,သမီးတွေဝမ်းထဲရောက်တယ်။ ရောက်တယ်ဆိုတာ ဘုရား သတိရလို့ ဘုရားပူဇော်ရတဲ့ကောင်းမှုလေး ထပ်တလဲလဲသတိရအာရုံပြု၊ ဒီတော့- အဲဒီသတိ အဲဒီအာရုံနဲ့သာ နေ့,နေလို့ရှိရင် အာစိဏ္ဏကံဖြစ်ပြီး သူကရင့်သန်ပြီး ဓာတ်ရနေတယ်၊ဒါကို တန်ခိုးကြီးတယ်လို့ခေါ်တယ်၊ ဒါ့ကြောင့်-

❖ ဘုရားကိုးကွယ်,တန်ခိုးကြွယ်,အပါယ်မကျ,နိဗ္ဗာန်ရ။

ရှေးသူတော်ကောင်းကြီးတွေက ဒီပါဠိကိုကြည့်ပြီးတော့ ဆိုထားခဲ့ကြတာ။ ဘုရားကိုကိုးကွယ်, ဘုရားပူဇော်လေ့ရှိတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သ မီးများ တန်ခိုးကြွယ်တယ်. . . တဲ့၊တန်ခိုးကြီးတယ်။ တန်ခိုးကြီးတယ်ဆိုတာ သူ သွားလိုက်လို့ရှိရင် အောက်ထစ်ဆုံး နာနာဘာဝ, ဝိနာဘာဝတွေ ရှောင်သွားရ တယ်၊ ကွင်းသွားရတယ်၊ မကောင်းတဲ့ဘေးရန်အန္တရာယ်တွေက အလိုလိုငြိမ်းသွား ရတယ်၊ပျောက်သွားရတယ်၊ ဒါကို-တန်ခိုးကြီးတယ်လို့ပြောတာ။

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက လူတစ်ယောက်တန်ခိုးကြီးတယ်၊ဘုန်း ကြီးတစ်ပါး တန်ခိုးကြီးတယ်ဆိုရင် ဟာ-ဒီဘုန်းကြီးဆီသွားလိုက်ရင်၊ လှူလိုက်ရင် အန္တရာယ်တွေ ဘယ်လိုပျောက်သွားတာ။ ဆိုပါတော့ အနော်ရထာဘုရင်လာလိုက် လို့ရှိရင် တကတည်း ဘယ်လိုနတ်ဆိုး,နတ်ဝါးတွေကိုက ဘယ်လိုတိမ်းပေးရတယ်၊

http://www.dhammadownload.com



ဘယ်လိုရှောင်ပေးရတယ် ဒါတန်ခိုးကြီးတယ်၊ ဒါတော့ သိကြသားပဲ၊ အဲဒါပြောတာပဲ တန်ခိုးဆိုတာ၊ ရွှေ့တွေ့မယ့်ဘေးတွေဝေးတယ်၊ ထိမယ့်ခလုတ်တွေဆုတ်သွားတယ်၊ ကြုံဖန်ပြီးတော့ကို သူ့ဘာသာသူဒီက-ကမ္ဗဇိဒ္ဓိတန်ခိုး၊ ဘုရားရဲ့တန်ခိုးနဲ့ကိုပူးထားတာ၊ ဒါကြောင့်"ဘုရားကိုးကွယ်, တန်ခိုးကြွယ်" တန်ခိုးတွေကြွယ်လာတတ်တယ်, ပေါလာတတ်တယ်, များလာတတ်တယ်။

ဒါတင်ပဲလား လို့ဆိုတော့၊ မကသေးဘူး၊ "ဘုရားကိုးကွယ်, တန်ခိုးကြွယ် အပါယ်မကျ"... တဲ့ ဆိုးကျိုးဆိုးပြစ်ကြီးဖြစ်တဲ့ အပါယ်ကိုမကျဘူးတဲ့၊ ဒီတော့ ဆိုးကျိုးဆိုးပြစ်ကြီး ကာကွယ်တာတော့ဟုတ်ပြီ၊ ရမယ့်ကောင်းကျိုးက ဘာများတုန်းဆိုတော့ နိဗ္ဗာန်တိုင်အောင်ရောက်တယ်, နိဗ္ဗာန်ရတယ်၊ ဟောဒါ- ဘုရားပူဇော်တဲ့ တန်ခိုးသတ္တိ။ ဒီတော့- တရားကိုးကွယ် ပူဇော်တော့ကောလို့ဆိုတော့-

❖ တရားကိုးကွယ်, ပညာကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။

ကျမ်းဂန်ဒေသနာဘုရားဟောတဲ့အတိုင်းကတော့-**ဓမ္မသံ ပူဇာ မဟာပညဝန္တော** -တရားကိုပူဇော်လေ့ရှိသော အမျိုးကောင်းသားအမျိုးကောင်းသမီးသည်၊ တရားကို ကိုယ်တိုင်ကျင့်ခြင်းဖြင့်လည်းကောင်း၊ တရားကိုအရိုအသေပေးခြင်းဖြင့်လည်းကောင်း၊ ပူဇော်လေ့ရှိသော အမျိုးကောင်းသား,အမျိုးကောင်းသမီးသည် ပညာကြီးလာတတ်တယ်၊ အသိဉာဏ်တွေထွားလာတတ်တယ်၊ ပညာတွေရင့်လာတတ်တယ်၊ အသိဉာဏ်ဗဟုသုတတွေ ကြီးထွားရင့်သန်ကြွယ်ဝလာတတ်တယ်။

ဒီတော့-လောကမှာ ပညာဟာ အရေးအကြီးဆုံးကိစ္စပဲ၊ ရတနာတွေထဲမှာ ပညာရတနာရှိတာဟာ အမြတ်ဆုံး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို "ဘုရား, ဘုရား"လို့ လူသုံးပါး, နတ်သုံးပါ, ပြဟ္မာသုံးပါးအစရှိတဲ့ လူနတ်,ပြဟ္မာ သတ္တဝါတွေကိုးကွယ်ရတာ ဦးညွှတ်ရတာ ပညာရဲ့သတ္တိ၊ ဥစ္စာပေါလို့မဟုတ်ဘူး၊ ဒါကြောင့် ပညာကြွယ်ဖို့ကလည်း လိုအပ်တယ်၊ ဘယ်လောက်ထိတက်ရမှာတုန်းလို့ဆိုတော့ ဘုန်းကြီးတို့တစ်တွေ အရဟတ္တမဂ်,အရဟတ္တဖိုလ်ထိတက်ရမှာ ပညာက၊ ဒီတော့ တရားကိုကိုးကွယ်ရင်လည်း ပညာကြွယ်တယ်။

**သံဃာကိုးကွယ်, စည်းစိမ်ကြွယ်,အပါယ်မကျ,နိဗ္ဗာန်ရ...တဲ့။**
**သံဃသံ ပူဇာ မဟာဘောဂဝန္တော၊** သံဃသံပူဇာ-သံဃာတော်တို့ကို ပူဇော်ခြင်း, ပူဇော်လေ့ရှိတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးသည်၊ မဟာ

http://www.dhammadownload.com



ဘောဂဝဍ္ဎော-စည်းစိမ်ဥစ္စာ, အဖြာဖြာတို့, ပေါများကြွယ်ဝလာခြင်းဆိုတဲ့ အကျိုးကိုရနိုင်တယ်။ ဟော-သံဃာကိုပူဇော်လေ့ရှိ, လှူဒါန်းလေ့ရှိ, လောင်းလှူလေ့ရှိပြီဆိုရင် အဲဒီအမျိုးကောင်းသား, အမျိုးကောင်းသမီး ဘယ်တော့မှ စည်းစိမ်ဥစ္စာ မရှားဘူး၊ ဘယ်တော့မှ စည်းစိမ်မဆုတ်ယုတ်ဘူး၊ အကြောင်းအားလျော်စွာ ဆုတ်ယုတ်သွား ခဏပဲ။ ဘာပြုလို့တုန်းဆိုတော့ သူက သံဃာတော်တွေလှူဒါန်းပူဇော် ခြင်း၊ သံဃာတော်တွေကို ပြည့်စုံအောင် လုပ်နေတာဖြစ်တော့၊ သူ့ဒီအကျိုးက တိုက်ရိုက်ပြန်လာတာပဲ ပြည့်စုံအောင်၊ ဒါကြောင့် သံဃာကိုပူဇော်လှူဒါန်းရင် စည်းစိမ်ဥစ္စာ ကြွယ်ဝစေတတ်တယ်၊ ဒါ တိုက်ရိုက်အကျိုး၊ ပစ္စုပ္ပန်မှာရတဲ့အကျိုး၊ နောက်-သံသရာ, သေတဲ့အခါကျတော့ အပါယ်မကျ၊ နောက်ဆုံးပန်းတိုင် နိဗ္ဗာန်ရ" လို့။

ဒီတော့-ဒီနေ့ ဒကာဦးစန်းမောင်တို့-ဒကာမဒေါ်ဦးတို့ မိသားစုက မိဘနှစ်ပါးနှင့်တကွ ကွယ်လွန်ခဲ့ကြတဲ့ မိဘနှစ်ပါး ဘိုးဘွားမိဘတွေရည်စူးပြီးတော့ ဒီနေ့ပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုကဘုရားပူဇော်တာလည်းပါတယ်၊ သံဃာပူဇော်တာလည်းပါတယ်၊ ဘုရားပူဇော်သံဃာပူဇော်တော့ တရားတော်ပူဇော်ပြီးသားဖြစ်သွားတယ်. . တဲ့၊ ဘုရားပူဇော်ရင် တရားပါသွားတယ်၊ ဘုရားဆိုတာ တရားပိုင်ရှင်ကြီး၊ သံဃာပူဇော်ရင်လည်း တရားကပါသွားတယ်၊သံဃာတော်တွေဆိုတာ အဲဒီတရားတော်တွေကိုဆောင်နေတာ၊ ပို့ချနေတာ၊ရွတ်အံနေတာ၊ အဲဒီသံဃာတော်တွေရဲ့ဝမ်းထဲမှာ တရားတော်တွေရှိတယ်၊ ဒါ့ကြောင့်-ဒီနေ့ ဒီ-ဘုရား,တရား,သံဃာ, ရတနာသုံးပါးပူဇော်နိုင်တဲ့နေ့. . . ၊ အဓိကအားဖြင့်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်တဲ့နေ့။

ဒီတော့-အဲဒီပူဇော်, ပူဇော်သလို သူ့အကျိုးလေးတွေ, သူ့အကြောင်းလေးတွေက လိုက်လာတာပဲ၊ ဒါ့ကြောင့်-စာကဆိုတဲ့အတိုင်း ခုနကဒေသနာပါဠိကတော့ "ဗုဒ္ဓဿ ပူဇာ မဟာတေဇဝဍ္ဎော"- ဘုရားပူဇော်ရင် တန်ခိုးကြီးထွားလာစေတတ်တယ်၊ တန်ခိုးကြီးချင်ရင် ဘုရားနာနာကပ်၊ နာနာပူဇော်။ "ဓမ္မဿ ပူဇာ မဟာပညဝဍ္ဎော"- တရားတော်ကို ပူဇော်ရင် ပညာကြီးထွားလာစေတတ်တယ်, အသိဉာဏ်တွေ တိုးလာစေတတ်တယ်၊ မမြင်ဖူးသေးတဲ့ဓာတ်တွေ မြင်လာစေတတ်တယ်၊ ပညာကြီးချင်ရင် တရားတော်ကိုဖက်။

"သံဃဿ ပူဇာ မဟာဘောဂဝဍ္ဎော"-သံဃာကိုပူဇော်ရင် စည်းစိမ်ဥစ္စာကြီးထွားလာစေတတ်တယ်၊ တိုးလာစေတတ်တယ်၊ဖွံ့ဖြိုးလာစေတတ်တယ်။

http://www.dhammadownload.com



ဒါဖြင့် စည်းစိမ်ဥစ္စာဖွံ့ဖြိုးတိုးတက်ချင်ရင် သံဃာကိုဖက်။ အဲဒီလောက်တင် အကျိုးရှိတာလားလို့ဆိုတော့ မကသေးဘူး၊ "အပါယ်မကျ၊ နိဗ္ဗာန်ရ". . တဲ့၊ ဒါ့ကြောင့် ဘုန်းကြီးတို့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေကို ဘုန်းကြီးက နှုတ်ထဲထည့်ပေးခဲ့ချင်တယ် ဒီသုံးချက်ကို၊ ကိုင်း-အားလုံးလိုက်ဆိုလိုက်စမ်းပါ. .

❖ ဘုရားကိုကွယ်, တန်ခိုးကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။
တရားကိုးကွယ်, ပညာကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။
သံဃာကိုးကွယ်, စည်းစိမ်ကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။

အဲဒီလိုအားဖြင့် ဘုရား, တရား, သံဃာ, ရတနာသုံးပါး ပါဝင်သွားအောင် ဒီနေ့ပူဇော်တဲ့နေ့. . . လို့၊ အထူးသဖြင့်ကတော့ ဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်တာပေါ့၊ မှန်သက်န်းတွေ ဆက်ကပ်ပြီးတော့ လှူဒါန်းပူဇော်၊ ရွှေထီးတော်တင်ပြီးတော့ပူဇော်၊ ရွှေထီးတွေရွှေချပြီးတော့ပူဇော်၊ အာရုံခံတန်ဆောင်းကြီး ဆောက်ပြီးတော့ လှူဒါန်းပူဇော်၊ ဒါ-ဘုရားကျောင်းဆောင်ကြီးဖြစ်သွား။ ဒီတော့-ဒီဘုရားကျောင်းဆောင်ကို ပူဇော်လိုက်ခြင်းဖြင့် ဘုရားကျောင်းဆောင်ထဲ ရောက်လာပြီးတော့၊ ဘုရားအာရုံခံကြမယ့် လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေကိုလည်း ပူဇော်ပြီးသားဖြစ်သွားတယ်၊ အထူးသဖြင့် လူတွေ, နတ်တွေ။

ဒီတော့-ဒကာဦးစန်းမောင်တို့ ဒေါ်ဦးတို့ဆောက်ထားတဲ့ ဒီအာရုံခံထဲ ရောက်လာတဲ့သူတွေက ဘုရားအာရုံထဲရောက်တာများလိမ့်မယ်၊ မုဆိုးတံငါလုပ်မယ့်သူက ဒီအာရုံခံထဲမလာဘူး၊ ဒီအာရုံခံထဲလာပြီးတော့လည်း မုဆိုးတံငါလုပ်လို့ ဘာမှရမှာမဟုတ်ဘူး၊ ဒီတော့-သူကဘာလာလုပ်မှာတုန်း၊ ဒီထဲလာတဲ့သူက လှူဖို့ တန်းဖို့ဖြစ်လိမ့်မယ်၊ ဘုရားကိုပန်းလှူဖို့လာတဲ့သူဖြစ်လိမ့်မယ်၊ ဘုရားကိုရေချမ်းတော်ကပ်ဖို့လာတဲ့သူဖြစ်လိမ့်မယ်၊ ဘုရားကို ဆီမီး, အမွှေးတိုင်လှူဖို့လာတဲ့သူဖြစ်လိမ့်မယ်၊ သို့မဟုတ် တရားထိုင်ဖို့လာတဲ့သူဖြစ်လိမ့်မယ်၊ သို့မဟုတ် ဥပုသ်စောင့်ဖို့လာတဲ့သူဖြစ်လိမ့်မယ်။

ပွဲတော်ရဘုရားဖြစ်လေတော့ ပွဲတော်ချိန်တိုင်း, ပွဲတော်ချိန်တိုင်း, ဒီဘုရားအာရုံခံထဲမှာဝင်ပြီးတော့ ဘုရားဆွမ်းတော်တွေကပ်ကြ, ပန်းတော်တွေကပ်ကြ, ရေချမ်းတော်တွေကပ်ကြ, တရားထိုင်ကြ, မေတ္တာပို့ကြ, ပုတီးစိပ်ကြ, ဘုရားအာရုံတွေယူကြလို့ဆိုတော့၊ အဲဒီကောင်းမှုတွေဟာ ကိုယ့်ကောင်းမှုချည်းဖြစ်ကုန်၊ ဆိုပါတော့-ဒီအာရုံခံတန်ဆောင်းကြီးမရှိဘူး ဒီနေရာမှာ၊ အဲဒီလိုဆိုရင်စေတီတော်ရှေ့မှာ ကိုးကွယ်ချင်ပေမယ့်လို့,ဘုရားအာရုံပြုချင်ပေမယ့်လို့၊ အထက်ကနေပူလို့

http://www.dhammadownload.com



ဟာ-မိုးကျလာတော့ မိုးရွာလို့ လေတိုက်လာတော့ လေတိုက်ခံရလို့ အမှိုက်သရိုက်တွေကျလာတော့ အမှိုက်သရိုက်တွေကြောင့်ဆိုပြီးတော့ စိတ်မငြိမ်ဘူး၊ သမာဓိမရဘူး။

အဲအခု-အာရုံခံတန်ဆောင်းဆောက်လုပ်လှူဒါန်းထားလိုက်တော့ အဲဒီသူတော်ကောင်းတွေစိတ်ငြိမ်ငြိမ်သမာဓိရရနဲ့ ဘုရားအာရုံတွေယူနိုင်ကြတယ်၊ ဘုရားအာရုံတွေခံယူပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမှုတွေကို ပွားနိုင်ကြတယ်၊ သူတို့တင်လားလို့ဆိုတော့ ဘယ်ကလိမ့်မတုန်း ကိုယ့်လည်းပဲ-အဲဒီလိုမြိုင်ငှက်မိသားစုတွေ မိမိတို့စက်ရုံအိမ်ကနေပြီးတော့ လှမ်းပြီးတော့ အာရုံပြုလိုက်တိုင်း ပြုလိုက်တိုင်း ဒီကောင်းမှုကြီးက တဖျတ်ဖျတ် ကိုယ့်လာလာပြီးတော့ အရှိန်ရိုက်ခတ်တယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက နေ့ရောညရော ကုသိုလ်တိုးစေတတ်တဲ့အလှူထုပ်ကြီးတဲ့. . . ဒီအလှူထုပ်မျိုးကို။ ပြတာကတော့ တစ်ခါပြတာပဲ၊ ရနေတဲ့ကုသိုလ်က အမြဲတမ်း နေ့ရော ညရောတိုးနေစေတတ်တဲ့ ကောင်းမှုကုသိုလ်။

ဒီတော့-လောကမှာ ပြုနေတဲ့ ကုသိုလ်ကောင်းမှုတွေ အထူးသဖြင့် လှူတဲ့တန်းတဲ့ ကုသိုလ်ကောင်းမှုကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **ဇင်္ဂမကုသိုလ်**-တစ်ခါပြု တစ်ကြိမ်ကုသိုလ်ရ၊ ပြီးတော့ပျောက်သွား အဲဒီကောင်းမှုကတစ်မျိုး၊ **ထာဝရကုသိုလ်**-တစ်ခါပြု အကြိမ်ပေါင်းများစွာကုသိုလ်ရပြီးတော့ နေ့ရော ညရော ကုသိုလ်တိုးနေစေတတ်တဲ့ကောင်းမှုမျိုး . . . လို့ ဟော အလှူထုပ်ကို နှစ်မျိုးခွဲပြတယ် ဘုရားက။

ဒီတော့-ဇင်္ဂမကုသိုလ် အခုပြုအခုကုသိုလ်ရ၊ ပြီးတော့ပျောက်သွား။ ပြီးတော့ပျောက်သွားတယ်ဆိုတာ ခုနကဆွမ်းကပ်တဲ့ကုသိုလ်မျိုးတွေ၊ လူတွေထမင်းကျွေးတဲ့ကုသိုလ်မျိုးတွေ၊ ထမင်းကျွေးတုန်းကုသိုလ်ဖြစ်တယ်လေ၊ စားကြတယ်သောက်ကြတယ်၊ သံဃာတော်တွေဆွမ်းကပ်တယ်၊ ပြီးသွားပြီ၊ တစ်ရက်နှစ်ရက်,တစ်လနှစ်လ,တစ်နှစ်နှစ်နှစ်တော့ သတိရသေးရဲ့ နောက်တော့ ပျောက်သွား၊ အမြဲကျေးဇူးပြုနေတာမဟုတ်ဘဲကိုးသူက၊ အလှူဝတ္ထု ပစ္စည်းကအခုတစ်ကြိမ်ပြု အခုတစ်ကြိမ်ကျေးဇူးပြုလိုက်တာ၊ အခု-တဘက်တွေသွားတိုက်ဆေးတွေဆပ်ပြာတွေ လှူလိုက်တယ်၊ အဲဒီဆပ်ပြာတွေ သွားတိုက်ဆေးတွေမကုန်ခင်ဒီအလှူခံပုဂ္ဂိုလ်ကို ကျေးဇူးပြုနေတယ်၊ ဘယ်လောက်ကြာမတုန်း တစ်နှစ်,နှစ်နှစ်, သုံးနှစ်လေးနှစ်, ဆယ်နှစ်,အနှစ်နှစ်ဆယ် အလွန်ဆုံး။

http://www.dhammadownload.com



လေးနှစ်, ဆယ်နှစ်,အနှစ်နှစ်ဆယ် အလွန်ဆုံး။

ဒီအဆောက်အဦးက ဒီလိုမဟုတ်ဘူး၊ ဒီရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို မှန်သက်န်းကပ်ထားတဲ့ကုသိုလ်က ဒီလိုမဟုတ်ဘူး၊ ဒီရွှေမုဋ္ဌောစေတီတော်ကြီးရဲ့ ထီးတော်ကိုရွှေချပြီးတော့ လှူဒါန်းထားတဲ့ ကုသိုလ်ကောင်းမှုက ဒီလိုမဟုတ်ဘူး နှစ်ပေါင်းများစွာ, လပေါင်းများစွာ, ရက်ပေါင်းများစွာ, အလှူခံပုဂ္ဂိုလ်တွေကိုလည်း ကျေးဇူးပြုနေမယ်၊ ဒီအာရုံခံတန်ဆောင်းကြီးက၊ ဆိုပါတော့- အခုဆောက်လုပ် လှူဒါန်းတဲ့ အာရုံခံတန်ဆောင်းက ဒီအာရုံခံတန်ဆောင်းထဲဝင်ဝင်ပြီးတော့ အရိပ် ခိုပြီးတော့ သမာဓိရရနဲ့ ကုသိုလ်ကောင်းမှုပြုနေတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးအပေါင်းသူတော်ကောင်းတွေကို ကျေးဇူးပြုနေမှာက ဆယ်နှစ်လည်း မကဘူး၊ အနှစ်နှစ်ဆယ်လည်းမကဘူး, သုံးဆယ်,လေးဆယ်,ငါးဆယ်ကြာမယ်။

ကြာရုံတင်မကဘူး အလှူခံပုဂ္ဂိုလ်အရေအတွက် တစ်ယောက်လို့လဲပြော လို့မရဘူး၊ ဆယ်ယောက်လည်းမကဘူး၊ ဆယ့်ငါးယောက် အယောက်နှစ်ဆယ်, တစ်ရာ, တစ်ထောင်မကဘူး၊ ဒီအဆောက်အဦးမပျက်သမျှ၊ ဒီထဲဝင်ပြီးတော့ ဘုရားပွဲရှိတိုင်းဝင်ပြီးတော့ ဒီထဲကုသိုလ်ပြုတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီး တစ်သုတ်တစ်သုတ် ငါးဆယ်ဝင်လာတယ်ထား၊ ငါးဆယ်ဝင်လိုက် သူကဝင် လိုက် ကိုယ်ကထွက်လိုက်, ဝင်လိုက်ထွက်လိုက်, ဝင်လိုက်ထွက်လိုက်နဲ့၊ ဝင်သမျှ ထွက်သမျှ ကိုယ်ကကျေးဇူးပြုနေ၊ ဒကာဦးစန်းမောင်က လှူနေရာရောက်တယ်၊ ဒကာမ, မဦးက လှူနေရာရောက်တယ်၊ ဒါ့ကြောင့်-နေ့ရောညရော ကုသိုလ်တိုးစေ တတ်တဲ့ အလှူထုပ်ကြီးခြောက်မျိုးဆိုပြီးတော့ ဘုရားရှင်ကိုယ်တော် မြတ်က ပါဠိလို တော့-

* အာရာမရောပါ ဝနရောပါ, ယေ ဇနာ သေတုကာရကာ၊
ပပဉ္စ ဥဒပါနဉ္စ, ယေ ဒဒန္တိ ဥပဿယံ။

ယေဇနာ-ကြောင်းကျိုးမျှော်မြင်, သမ္မာဒိဋ္ဌိဖြင့်, ဉာဏ်ယှဉ်လေတောင်း, နေ့ရောညရော, ကုသိုလ်ကောင်းမှုကြီးကိုရလိုကြတဲ့, အမျိုးကောင်းသား, အမျိုး ကောင်းသမီးအပေါင်း သူတော်ကောင်းသည်။ အာရာမရောပါ- စိမ်းမြညို့လွင်, ဥယျာဉ်ပန်းခြံ, သစ်သီးခြံအမျိုးမျိုးကိုလည်း, စိုက်ပျိုး၍, လှူဒါန်းထားတတ်ကြ ကုန်၏. . . တစ်ချို့က ဥယျာဉ်ပန်းခြံကြီးတွေစိုက်ပျိုးပြီးတော့ လှူဒါန်းထား တယ်. . တဲ့။

* သံ-၁၊၃၀။ အဘိ-က-၂၅၈။

http://www.dhammadownload.com



ဝနရောပါ- ခရီးသွားသူ, များရှင်လူတို့, ကြည်ဖြူမထောင့်, တစ်အောင့်တစ်လျား, နားနေဖို့လျှင်, တောသစ်ပင်ကိုလည်း, စီစဉ်တစ်ကျ, စိုက်ပျိုး၍လှူဒါန်းထားကြကုန်၏. . . တစ်ချို့က အရိပ်ကောင်းသစ်ပင်ကြီးတွေစိုက်ပြီးတော့ လှူဒါန်းထားတယ်၊ ဘုန်းကြီးတို့ အမရပူရ မယ်ဇယ်ပင်တန်းကြီးစိုက်သွားတဲ့ ကုသိုလ်ရှင်ကြီးတွေ၊ လူကသာသေသွားတယ်၊ သူ့အလှူထုပ်ကြီးကမသေရစ်ဘူး၊ ဒီနေ့အထိကျေးဇူးပြုနေလိုက်တာ သူက၊ သူ့သစ်ပင်ကြီးတွေက ကျေးဇူးပြုနေလိုက်တာ၊ အရိပ်ခိုကြရ, ခရီးသွားတွေနားကြရ, အဲဒီလိုပေါ့ လေ. . သစ်ပင်စိုက်ပြီးတော့လှူတဲ့သူတွေ။

သေတုကာရကာ-ရွံ့ညွန်ရေဗွက်, သွားလာခက်၍, စိတ်စက်ချမ်းသာ, လွယ်စွာကူးမြောက်ဖို့, တံတားဆောက်၍လည်း လှူဒါန်းကြကုန်၏။ တစ်ချို့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေက တံတားဆောက်လှူကြတယ်၊ သစ်သားတံတား, အုတ်တံတား, မြေတံတား, ဘာတံတားဆောက်လှူလှူ အဲဒီတံတားပေါ် မှာဖြတ်သန်းပြီးတော့ အလှူခံပုဂ္ဂိုလ်တွေသွားပြီးတော့ နေကြတိုင်း နေကြတိုင်း, ကိုယ့် အလှူထုပ်ကြီး ကိုယ်ကလှူနေရာရောက်တယ်၊ ကိုယ်က အိမ်မှာထိုင်နေပေမဲ့လို့ ကိုယ်ဆောက်ထားတဲ့တံတားပေါ် အလှူခံပုဂ္ဂိုလ်တွေ လျှောက်နေလို့ရှိရင် ဒီကိုယ့်ကုသိုလ်လာရတယ်၊ ကုသိုလ်အရှိန်လာဟပ်တယ်။

ပပဥ္စ-အေးမြကြည်လင်,သောက်ရေအိုးစင်ကိုလည်းကောင်း. . . ဟောလေးနံပါတ်က တစ်ချို့ သောက်ရေအိုးစဉ်တည်ပြီးတော့ လှူကြတယ်၊ ဒီတော့သောက်ရေအိုးစဉ်မှာ, ရဟန်းရှင်လူ, ပြည်သူခပ်သိမ်းဝင်ပြီးတော့ ရေသောက်ကြလေတိုင်း သောက်ကြလေတိုင်း, နေ့သောက်နေ့ပေါ့၊ ညသောက်ညပေါ့ ကိုယ့်မှာကုသိုလ်လာရတယ်၊ ဥဒပါနဥ္စ-သောက်သုံးချိုးရန်, ရေတွင်းရေကန်ကိုလည်းကောင်း. . . တဲ့ ဟော-ငါးနံပါတ်က ရေတွင်းရေကန်တူးလှူထား။

ရေတွင်းတူးလှူ,ရေကန်တူးလှူထားတော့ အဲဒီရေတွင်းရေကန်က အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတွေ သောက်ရေတွေခပ်ကြလေတိုင်း, ချိုးဖို့ရေတွေယူပြီးတော့ချိုးကြလေတိုင်း, ဖွတ်ကြလျှော်ကြလေတိုင်း, ချက်ဖို့ပြုတ်ဖို့ယူကြလေတိုင်း, မိမိကအဲဒီရေတွေလှူနေရာရောက်တယ်၊ တူးတာကတော့ တစ်ခါတူးတာပဲ၊ ပြုတာကတော့ တစ်ခါပြုလိုက်တာပဲ၊ ဒါပေမဲ့လို့ အလှူထုပ်ကြီးကမပြတ်ဘူး၊ ဆယ်နှစ်နေလည်းမကုန်ဘူး၊ အနှစ်နှစ်ဆယ်,သုံးဆယ်, လေးဆယ်မကုန်ဘူး၊ နောက်ဆုံး လူသာသေသွားမယ်၊ အလှူထုပ်ကြီးက မသေ

http://www.dhammadownload.com



ရစ်ဘူး၊ လူသာဘဝကူးသွားမယ် အလျှုထုပ်ကြီးက မကူးရစ်ဘူး။

ခြောက်နံ့ပါတ်က ဥပဿယံစ-နေစရာထိုင်စရာ, အိမ်ကျောင်း, ဇရပ် တန်ဆောင်းဆိုတဲ့ အဆောက်အဦးမျိုးကိုလည်းကောင်း၊ ဒဒန္တိ-စေတနာသုံးရပ်, ပြတ်ကြီးပြတ်၍,လေးမြတ်ကြည်ဖြူ, ပေးလှူတတ်ကြလေကုန်၏၊ တေသံ-ထိုကဲ့သို့သောအမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ၊ ဒိဝါစ-သူရိန်ရောင်ဝင်း, ပြောင်လင်းဖြာဖြာ, နေ့အခါ၌လည်းကောင်း၊ ရတ္တောစ-သူရိန်ရောင်းကင်းပ, ညဥ့်ကာလ၌လည်းကောင်း၊ သဒါ-နေ့ရောညဉ့်ပါ, အခါခပ်သိမ်း၊ ပုညံ-ကုသိုလ်ကောင်းမှု, စေတနာထုအားကြီးသည်၊ ပုညံ-လှူရွာနတ်ထံ, ချမ်းသာစံပြီးတော့, နိဗ္ဗာန်အထိ တွန်းပို့နေမယ့်, ကုသိုလ်အင်အားကြီးသည်၊ ပဝဍ္ဎတိ-တွေးမိလေတိုင်း, ပီတိလှိုင်းဖြင့်၊ မဆိုင်းမသွေ့, တိုးပွား၍,တိုးပွား၍, နေရပါပေသတည်း. . . .

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့ မြတ်စွာဘုရားက အဲဒီလိုကောင်းမှုမျိုးကို လုပ်စွမ်းနိုင်လို့ရှိရင်လည်း အားထုတ်ရတယ်. . . . တဲ့။

❖ အာရာမ်သစ်ပင်, ရေအိုးစဉ်, တစ်ခွင်တံတားပေ၊
ရေကန်ဆောက်ဦ, ဤခြောက်ဆူ, ထောက်ကူပံ့ကြလေ။

တစ်ကြိမ်လုပ်လိုက်ပြီးရင် အမြဲတမ်းကုသိုလ်တိုးနေစေတတ်တဲ့ ကောင်းမှုကြီး။ ကုသိုလ်တိုးနေစေတယ်ဆိုတာ-မိမိကိုမင်္ဂဖိုလ်, နိဗ္ဗာန်ဘက်ကို တွန်းပို့နေတဲ့အားကြီးကိုပြောတာ၊ အကုသိုလ်အားကြီးက ကိုယ့်ကိုအပါယ်လေးပါးဘက် ဆွဲဆွဲချနေတတ်တယ်၊ အို, နာ, သေ,ဘေးကြီးသုံးပါးဘက်ကို ပို့နေတတ်တယ် အကုသိုလ်ရဲ့သတ္တိက။ ကုသိုလ်ရဲ့သတ္တိက ဒီလိုမဟုတ်ဘူး အပါယ်လေးပါးလွတ်ရာကို တွန်းပို့တတ်တဲ့သတ္တိရှိတယ်၊ အို, နာ, သေမှု, ဘေးထုကြီးတွေလွတ်ရာဌာနဘက်ကို တွန်းပို့တဲ့သတ္တိရှိတယ်။ ဒီတော့-အဲဒီသတ္တိကြီး ကိုယ့်ထဲမွေးထားဖို့လိုတယ်၊ ကိုယ်က အဲဒီသတ္တိမျိုး ထူထောင်ထားပြီဆိုတော့ ကိုယ့်ကိုသူက တွန်းအားပေးနေတော့တာပဲ။

တွန်းအားပေးနေတော့တာပဲဆိုတာ အခု ဒကာကိုစန်းမောင်တို့ ဒကာမမဦးတို့က အိမ်ကထိုင်နေတယ်၊ အမရပူရမြို့က ညထိုင်ပြီးတော့ အာရုံပြုလိုက်

http://www.dhammadownload.com



သတိရလိုက်၊ ဩော်--ဗိုလ်ချုပ်ထားခဲ့တဲ့ ရွှေမုဋ္ဌောစေတီတော်အရှင်မြတ်ကြီးရှေ့က အာရုံခံတန်ဆောင်းထဲမှာ အခုလိုပွဲတော်ရက်ကြီးအတွင်း တန်ဆောင်မုန်းလ နှစ်တိုင်း ပွဲတော်ရက်ရတာဖြစ်တော့ ဒီပွဲတော်ရက်မျိုးဆိုရင် ကုသိုလ်ကောင်းမှုတွေ ပြုနေကြလိမ့်မယ်. . ဒို့ အာရုံခံတန်ဆောင်းထဲကနေပြီးတော့ ဘုရားအာရုံပြုနေတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေ ပြုနေကြပေလိမ့်မယ်၊ ပန်းတော်တွေ ကပ်နေကြပေလိမ့်မယ်၊ ရေချမ်းတော်တွေကပ်နေကြပေလိမ့်မယ်. . လို့ သတိရတိုင်း, သတိရတိုင်း, အာရုံပြုတိုင်း, ပြုတိုင်း မျက်လုံးထဲမြင်. . . ပြီးလာပြီးတော့ ကုသိုလ်အရှိန်က တိုးတာ။

နောက်-ဒီပြင် အကြောင်းအားလျော်စွာလည်း ပြုနေတဲ့ ဒီပွဲတော်ရက် မဟုတ်လည်းပဲ၊ အခါအားလျော်စွာ၊ သတိရလိုက်တဲ့အချိန်တိုင်း ကုသိုလ်ဖြစ်ပြီး တော့နေတယ်၊ အနည်းဆုံး ဒီနားမှာ မော်တော်ကားတွေ ဖြတ်သန်းသွားလာနေ ကြတာ၊ ရန်ကုန်, မန္တလေး အမြို့မြို့သွားတဲ့သူတွေ ဒီနားရောက်လာလို့ လက်အုပ် ချီသွားကြတိုင်း, ချီသွားကြတိုင်း၊ သူတော်ကောင်း အမျိုးကောင်းသား, အမျိုး ကောင်းသမီးတွေက မော်တော်ကားပေါ်ကလည်း လက်အုပ်ချီသွားတတ်တယ်၊ ရထားပေါ်ကသွားရင်းလည်း လက်အုပ်ချီသွားတတ်တယ်။

လက်အုပ်ချီလိုက်တိုင်း, ချီလိုက်တိုင်း မိမိတို့ရဲ့ရွှေထီးတော်နဲ့ မှန်သက်န်း တော်တွေ အာရုံပြုပြီးတော့ သူတို့ချီသွားကြတာဖြစ်တော့ အဲဒီကောင်းမှုက မိမိ တို့လာပြီးဆက်တယ်၊ အဲဒါကို တွန်းအားကြီး, ပါရမီအားကြီးလို့ခေါ်ထားတယ်၊ ဒါ့ကြောင့် ဘုရားရှင်က အဲဒီလိုကောင်းမှုမျိုးကို ပြုစွမ်းနိုင်လို့ရှိရင်လည်း ပြုရတယ်, ပြုရတယ်လို့ သိစေချင်လို့ ခုနက **အာရာမရောပါ ဝနရောပါ** -ပါဠိလို, ဂါထာလို တော့ ဒီလိုပေါ့ ခြောက်မျိုး၊ မြန်မာလိုစီလိုက်တော့ "**အာရာမ်-သစ်ပင်, ရေအိုး စဉ်, တစ်ခွင်တံတားပေ**"-တဲ့၊ ပန်းဥယျာဉ်, အာရာမ်သစ်ပင်ကြီးတွေစိုက်လှူခြင်း သစ်ပင်ဆိုတဲ့ ခုနကတောတန်း အရိပ်ခိုဖို့ရာမယ်ဇယ်တန်းကြီးတို့လို၊ သို့မဟုတ် တစ်ပင်တည်း အရိပ်ကောင်းသစ်ပင်ကြီးတွေစိုက်လှူခြင်း။

"**နေ့ညမညှိုး, ကုသိုလ်တိုး, အကျိုးကြီးလှပေ**"-တဲ့နေ့ရောညရော ကုသိုလ်တိုးတဲ့ကောင်းမှုကြီး၊ခုနကဆွမ်းကျွေးတာက နေ့သာကုသိုလ်ရတာ၊ ညကျွေးလို့လည်းမဖြစ်ဘူး၊ ညလည်းကုသိုလ်ရတာမဟုတ်ဘူး၊ အဲဒီလိုအားဖြင့်-

❖ **နေ့ညမညှိုး, ကုသိုလ်တိုး, အကျိုးကြီးလှပေ၊**
**သံယုတ်ဒေသနာ, ရွှေကျမ်းစာ, မိန့်မှာဟောခဲ့ပေ။**

http://www.dhammadownload.com



သံယုတ်ပါဠိတော်မှာ ဘုရားကဟောထားခဲ့တယ်၊ ဒီတော့-အဲဒီကုသိုလ်ကောင်းမှုကြီး ဘုရားဟောတော်မူတဲ့ အလှူထုပ်ကြီး ခြောက်ထုပ်ထဲက တို့ဒီနေ့ နေစရာထိုင်စရာ အိမ်ကျောင်းဇရပ်တန်ဆောင်းဆိုတဲ့ အဆောက်အဦးကို ဆောက်လုပ်ပြီးတော့ ဘုရားရှင်ကို ဒို့ပူဇော်နိုင်တဲ့နေ့ . . လို့ အလှူဒကာအလှူ့အမနှင့်တကွ မိဘဘိုးဘွားဆရာသမားတွေက သိလိုက်ဖို့၊ သဘောပေါက်လိုက်ဖို့။

ဒီတော့-ကွယ်လွန်သွားခဲ့တဲ့ မိဘဘိုးဘွားဆရာသမားတွေကလည်းပဲ ဝမ်းသာကြလိမ့်မယ်၊ မိမိတို့ပြုလုပ်ထားခဲ့တဲ့ ကုသိုလ်ကောင်းမှုအဆက်ကို, ဆက်လက်ပြီးတော့ အမွေခံကောင်းပီပီ, ဆက်ပြီးတော့လုပ်တဲ့သူတွေကိုကြည့်ပြီးတော ဝမ်းသာကြပေလိမ့်မယ်၊ ဝမ်းမြောက်ကြပေလိမ့်မယ်၊ အဲ-ဒီတော့ ကိုယ်ပြုတဲ့ကုသိုလ်ကောင်းမှုက သူတို့ပါဆက်ပြီးတော့သွားပြန်တယ်၊ အဲဒီလိုအားဖြင့် ဘုရားကိုပူဇော်ခြင်း, တရားကိုပူဇော်ခြင်း၊ သံဃာကိုပူဇော်ခြင်း။

ဒီပြုလုပ်ပွဲနဲ့ ရှင်တွဲပြီးသကာလ အခု ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်သောဆွမ်းခဲဖွယ်ဘောဇဉ်ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဋ္ဌာန်းဆက်ကပ်လှူဒါန်းကြပါကုန်၏၊ တဘက်,ဆပ်ပြာ,သွားတိုက်ဆေးစသောလှူဖွယ်တစ်ဆယ့်ငါးစုံတို့ကိုလည်းပဲ ပင့်သံဃာတော်အရှင်မြတ်တဆယ့်ငါးပါးတို့အား အသီးသီး နိဗ္ဗာန်ရည်မှန်းဆက်ကပ်လှူဒါန်းကြပါကုန်၏၊ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်းသူတော်ကောင်းတွေကိုလည်းပဲ တတ်စွမ်းသမျှကျွေးမွေးဧည့်ခံသမှု ပြုကြပါကုန်၏။

ဤကဲ့သို့ ဇင်္ဂမ-အခိုက်အတန့်ဖြစ်ရတဲ့ ကုသိုလ်ကောင်းမှုသည်လည်းကောင်း၊ ယခု မှန်သက်န်းကပ်ခြင်း၊ ရွှေထီးတော်ရွှေချခြင်းမှစ၍ ဤအုတ်ခုံပလ္လင်နှင့်တကွ ဤအာရုံခံတန်ဆောင်းတို့ကိုဆောက်လုပ်လှူဒါန်းရတဲ့ ထာဝရကုသိုလ်ကောင်းမှု စေတနာစုအားကြီးသည်လည်းကောင်း၊ တပည့်တော်တို့အား အို,နာ,သေရေး,ဒုက္ခဘေးကြီးတွေက, ကင်းဝေးလွတ်မြောက်ရာ, သန္တိသုခ နိဗ္ဗာနဓာတ်ကြီးကို လျင်မြန်ဆောစွာရဖို့ရာ ရောက်ဖို့ရာအတွက်ဖြစ်ပါစေသား. ... လို့ လွတ်မြောက်ရေးအတွက် ပန်းတိုင်လှည့်ပေးထားရတယ်။

ကုသိုလ်အားကြီးတွေကတော့ တွန်းပို့နေမှာတော့ အမှန်ပဲ၊ တွန်းပို့နေပေမဲ့လို့ ကိုယ်ကလွတ်မြောက်ရာဘက်ကို မျက်နှာလှည့်မထားလို့ရှိရင် လွတ်မြောက်ရာမရောက်ဘူး၊ မုဋ္ဌောဆိုတဲ့ လွှတ်မြောက် စေတတ်တဲ့ စေတီတော်ကြီးပူဇော်ပြီးတော့

http://www.dhammadownload.com



မှ ကိုယ်ကမလွတ်မြောက်ချင်လို့တော့ မတော်ဘူး၊ မလွတ်မြောက်ချင်ဘူးဆိုတာ ဘာပြောတာတုန်းဆိုတော့ ပါးစပ်ကမလွတ်ချင်ဘူးလို့တော မပြောဘူး၊ စိတ်ထဲကလုပ်နေရင် နှုတ်အမူရာ ကိုယ်အမူရာပါသွားတတ်တယ်။

စိတ်ထဲကလုပ်နေတယ်ဆိုတာ ဟာ-ဒို့ဒီနေ့လှူလိုက်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဒို့ နောက်ဘဝဒီထက်ကြီးကျယ်တဲ့ စည်းစိမ်ရှင်ဖြစ်အုန်းမှာပဲ၊ ဖြစ်ချင်စမ်းပါဘိ. . . လို့ အလှူဒကာ အလှူ့အမနှစ်ယောက်ရဲ့ဝမ်းထဲမှာ ဒီထက်ကြီးကျယ်တဲ့ လူ့စည်းစိမ်ကြီး ရချင်တယ်ဆိုရင်၊ ဒီထက်ကြီးကျယ်တဲ့ရှင်ဘုရင်ကြီးစည်းစိမ်၊ မိဖုရားကြီးစည်းစိမ်မျိုးရချင်တယ်ဆိုရင်၊ ဒီထက်ကြီးကျယ်တဲ့ စကြာမင်းစည်းစိမ် စကြာမင်းမိဖုရားကြီးစည်းစိမ် ရချင်တယ်ဆိုရင် လွတ်မြောက်စေတတ်တဲ့ မုဋ္ဌောစေတီပူဇော်ပြီးမှ၊ ကိုယ်ကနှောင်ကြိုးထဲပြန်တိုးတာနဲ့တူတတ်တယ်၊ လှောင်အိမ်ထဲပြန်ဝင်တာနဲ့တူတတ်တယ်၊ စကြာမင်းကြီး,စကြာမင်းမိဖုရားကြီးဆိုတာ (၃၁)ဘုံထဲပြန်ဖြစ်တာ၊ (၃၁)ဘုံဆိုတာ လှောင်အိမ်ကြီးပဲ၊ နှောင်အိမ်ကြီးပဲ၊ မြတ်စွာဘုရားက-.

**တယော ဘဝေ အန္ဒုယရံဝိယ ဒဋ္ဌဗ္ဗာ။**

တယောဘဝေ-ကာမ,ရူပ,အရူပဟု, ဘဝသုံးစုံ, ဘုံသုံးဘုံလို့ခေါ်တဲ့ (၃၁)ဘုံနယ်ကြီးကို၊ အန္ဒုယရံဝိယ-နှောင်အိမ်ကြီးကဲ့သို့ လှောင်အိမ်ကြီးကဲ့သို့၊ ဒဋ္ဌဗ္ဗာ-မှတ်ထိုက်ကုန်၏. . ဟော-မြတ်စွာဘုရားက။ (၃၁)ဘုံကို မင်းတို့လွတ်မြောက်ရာဘုံကြီးများ မထင်နဲ့. . . တဲ့၊ လှောင်အိမ်ကြီး,လှောင်အိမ်ကြီး၊ နှောင်အိမ်ကြီး ထောင်ကြီး။

ဒီတော့-ထောင်ကြီးဆိုတာ လောကထောင်ထဲနေရ အချုပ်ခန်းထဲနေရတဲ့ လူဆိုတာ ကိုယ့်အလိုကျ ဘာတစ်ခုမှ မဖြစ်ဘူး၊ ကိုယ်ဖြစ်ချင်သလို တစ်ခုမှမဖြစ်ဘူး၊ အချုပ်ခန်းထဲနေရတဲ့လူတွေ,ထောင်ထဲနေရတဲ့လူတွေသွားကြည့်စမ်း၊ ကိုယ်ကစားချင်တာက ဝက်သားကြက်သားလေးနဲ့စားချင်၊ ကျွေးတာက ထမင်းလေးမှ အတိုင်းအတာလေးနဲ့၊ ဘာမှမဟုတ်တဲ့ဟင်းလေးနဲ့ စားရ၊ ကိုယ်ကနေချင်တာက ကောင်းကောင်းမွန်မွန်လေးဝတ်စားနေချင်တယ်၊ ဟောင်းနွမ်းစုတ်ပြတ်လို့မှ လဲစရာမပေးဘူး၊ ကိုယ်ကနေချင်တာက လွတ်လွတ်,လပ်လပ်,သွားလာနေချင်တယ်၊ သူတို့က ဒီအခန်းလေးတစ်ခုထဲမှာ ဆယ့်ငါးယောက်,အယောက်နှစ်ဆယ်လှောင်ပြီး တော့ထားတယ်၊ ဒီတော့ ကိုယ်ဖြစ်ချင်တာတစ်ခုမှ မဖြစ်ရတာဟာ အချုပ်ရဲ့သဘော။

အဲဒီလိုပဲ ဒီ(၃၁)ဘုံဆိုတဲ့ နှောင်အိမ်ကြီးထဲမှာ ယနေ့ဒကာဒကာမတွေ

http://www.dhammadownload.com



ကိုယ်ဖြစ်ချင်တာတွေမဖြစ်ရပါ၊ ကိုယ်ကဆံမဖြူချင်ဘူး၊ သူကဖြူတယ်၊ ဒါ-ကိုယ်မဖြစ်ချင်တာဖြစ်ရတာပဲ၊ ကိုယ်ကသွားမကျိုးချင်ဘူး သူကကျိုးတယ်၊ ဒါ-ကိုယ်မဖြစ်ချင်တာဖြစ်ရတော့တာပဲ၊ ကိုယ်ကပါးရေမတွန့်ချင်ဘူး၊ မျက်စိမမွဲချင်ဘူး၊ ခါးမကိုင်းချင်ဘူး၊ နားမထိုင်းချင်ဘူး၊ သူ့ထဲနေတော့ သူ့အမိန့်လိုက်နာရတယ်၊ ရုပ်နာမ်ခန္ဓာ ထောင့်ငါးရာကိုလေသာမင်းကနှိပ်စက်နေတော့ မအိုချင်ဘဲနဲ့ အိုရတယ်၊ မနာချင်ဘဲနာရတယ်၊ မသေချင်ဘဲသေရတယ်၊ အဲဒါကိုယ့်အလိုကျ တစ်ခုမှမဖြစ်တာ, ထောင်ပဲ။ ဒါ့ကြောင့်. .

**တယော ဘဝေ အန္ဓုယရံဝိယ ဒဋ္ဌဗ္ဗာ။**

တယော ဘဝေ-ကာမ,ရူပ,အရူပဟု,ဘဝသုံးစုံ,ဘုံသုံးဘုံလို့ခေါ်တဲ့, ဒီ(၃၁) ဘုံနယ်ကြီးကို၊ အန္ဓုယရံဝိယ-ထောင်အိမ်ကြီးကဲ့သို့,လှောင်အိမ်ကြီးကဲ့သို့၊ ဒဋ္ဌဗ္ဗာ-ရှုပါ. . တဲ့ သိလိုက်ပါ။ ဒါ့ကြောင့် ဒီနေ့ အလှူဒကာအလှူ့အမတန်ဆောင်းဒကာ, တန်ဆောင်းအမ၊ ဘုရားဒကာ,ဘုရားအမဖြစ်ကြတဲ့,ဒကာဦးစန်းမောင်တို့,ဒကာမ မဦးတို့မိသားစုက လွတ်မြောက်စေတတ်တဲ့,ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကိုတပည့်တော်တို့လှူဒါန်းပူဇော်ရတဲ့ ကုသိုလ်ကောင်းမှု စေတနာထုအားကြီးသည်၊ တပည့်တော်တို့အား လွတ်မြောက်ရာဌာနရောက်ဖို့ရာ အားကောင်းသောအထောက်အပံ့ ဖြစ်ပါစေသား. . . .

လွတ်မြောက်ရာဌာနဆိုတာ ဝိမုတ္တိရသ-လွတ်မြောက်တဲ့ ဌာနဆိုတာ နိဗ္ဗာန်ပဲရှိတယ်၊ အအိုလွတ်သွား,အနာလွတ်သွား,အသေလွတ်သွားလို့နိဗ္ဗာန်ကို-ဝိမုတ္တိလို့ခေါ်တယ်၊ အဲဒီဝိမုတ္တိခေါ်တဲ့ နိဗ္ဗာနဓာတ် လွတ်မြောက်ရာအရပ်ကို တပည့်တော်တို့ ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေက တွန်းအားပေးပါစေသား၊ ပို့အားဖြစ်ပါစေသား၊ ဆောင်အားဖြစ်ပါစေသား၊ တပည့်တော်တို့ ဒီနေ့ပြုလိုက်တဲ့ ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂကို အမျှဝေလိုက်လို့ရမယ့် ကွယ်လွန်သွားခဲ့တဲ့ မိဘဘိုးဘွား ဆရာသမားစတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ လွတ်မြောက်ရာဌာနရောက်ကြပါစေသား။

အသက်ထင်ရှားရှိတဲ့ မိဘနှစ်ပါးနှင့်တကွ ယခုတရားနာကြွရောက်လာတဲ့ ဆွေသားမျိုးသား ပရိသတ်အပေါင်းသူတော်ကောင်းတို့သည်လည်း၊ တပည့်တော်တို့ရဲ့ ဒီကုသိုလ်ကောင်းမှု အရှိန်အဟုန်သတ္တိကြောင့် ယခုန ပြဆိုအပ်ခဲ့တဲ့ အိုဘေး,နာဘေး,သေခြင်းဘေးကြီးဆိုတဲ့ ဘေးကြီးသုံးတန်တို့မှ လွတ်လပ်ရာဌာန ရောက်ဖို့ရာ အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသား၊ တပည့်တော်တို့လည်း လျင်မြန်ဆောစွာ လွတ်မြောက်ရာဌာနကြီးကို မြင်ရပါစေသား, မြင်ရပါလိုကုန်၏၊ အဲဒီလိုမြင်ရအောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်ကဲ့သို့ မှန်းပြီးတော့ အာရုံပြုလှူဒါန်းကြပါကုန်၏။

http://www.dhammadownload.com



ရှားရှိစဉ်က ဘုရားရှင်ကဲ့သို့ မှန်းပြီးတော့ အာရုံပြုလျှုဒါန်းကြပါကုန်၏။

အခုမြတ်စွာဘုရားကတော့ မရှိဘူး၊ မရှိပေမဲ့လို့ စိတ်ကဘုရားရှိသလို အာရုံပြုရင် ဘုရားရှင်သက်တော်ထင်ရှားရှိတုန်း ပူဇော်တာနဲ့အတူတူပဲ. . တဲ့၊ စိတ်ကအဓိက၊ စေတနာကအဓိက၊ ဘုရားကအဓိကမဟုတ်ဘူး၊ ဆိုပါတော့-အမျိုးကောင်းသားတစ်ယောက်က ဘုရားသက်တော်ထင်ရှားကိုတွေ့တယ်၊ လှူတဲ့တန်းတဲ့ အခါကျတော့ စေတနာကပေ့ါပေါ့ပဲ၊ သူများလှူတာနဲ့ ဝင်လှူလိုက်တာ၊ သူများပြုတာဝင်ကုသိုလ်ပြုလိုက်တာ၊ စေတနာကဘာမှမထက်သန်ဘူး၊ ဘုရားတော့ တိုက်ရိုက်ကြီးကို တွေ့နေတာ။

တစ်ယောက်ကတော့ ဘုရားမမီလိုက်ဘူး၊ ဘုရားပရိနိဗ္ဗာန်စံသွားမှ၊ သို့မဟုတ် ဘုရားကိုမမြင်ရဘူး၊ သို့သော်-လှူဒါန်းမှုက ဘုရားကို အာရုံပြုထားတယ်၊ ဘုရားကိုစိတ်ထဲမှာထင်ရှားရှိနေသလိုမြင်ထားတယ်၊ အဲဒီလိုအာရုံပြုနိုင်လို့ရှိရင် စိတ်ကသာအဓိက,စေတနာကသာအဓိကမို့လို့ ဘုရားရှိမရှိကအဓိကမဟုတ်ဘူး. . တဲ့ စိတ်စေတနာကအဓိကမို့လို့၊ အဲဒီစိတ်စေတနာဇောထက်သန်စွာနဲ့ ပြုလုပ်နိုင်ခဲ့ရင် နိဗ္ဗာန်ဓာတ် သန္တိသုခဓာတ်ကြီးကို ရောက်မှုဆိုတဲ့အကျိုး အတူရနိုင်တယ်လို့။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ, သမေစိတ္တေ သမံ ဖလံ၊
စေတော ပဏိဓိ ဟေတုဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစာပိ-သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်ဘုရား၌လည်းကောင်း၊ နိဗ္ဗုတေစာပိ-ရွှေပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူ့ထွတ်ထား, မြတ်ဘုရား၌လည်းကောင်း၊ စိတ္တေ-ဘုရားအာရုံ, ကောင်းစွာထုံ၍, တလုံလုံလဲ, မှိုဝဲစွဲသုံး, စိတ်နှလုံးသည်၊ သမေ-သဒ္ဓါ-ပညာ, အရာရာက, မကွာတန်းတူ, ညီမျှပါမူကား၊ သမံဖလံ-အကျိုးပေးဟန်, အတန်တန်သည်, ဧကန်ညီမျှ, တန်းတူရလေတော့၏။ ဟိယုတ္တံ-ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ-ယုတ်မြတ်မဆူ, သူငါကစ, သတ္တဝါဟူသမျှတို့သည်၊ စေတောပဏိဓိဟေတု-စိတ်နေစိတ်ထား, ကြီးမားဖြူစင်, ကြည်လင်သန့်ရှင်း, အကြောင်းရင်းကြောင့်၊သုဂ္ဂတိံ -လူ့ရွာနတ်ထံ,ချမ်းသာစံလျက်, နိဗ္ဗာန်တိုင်ထိ,အကောင်းဆုံးဂတိသို့, ဂစ္ဆန္တိ-ပါရမီစွမ်းသလောက်, စခန်းထောက်၍, လှမ်းရောက်တော်မူနိုင်ကြ ပေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

http://www.dhammadownload.com

# "စန္ဒာဘာမထေရ်ဝတ္ထု"
# လစရောင်ကွန့်မြူးရဟန္တာထူး တရားတော်

တရားပွဲကြီးများ(၂)ညတိုင်တိုင် ဆင်ယင်ကျင်းပပူဇော်ပြီးတော့ မနေ့ညက လည်း တရားပွဲကြီး ဆင်နွှဲကျင်းပ ပူဇော်ခဲ့တဲ့အပြင်၊ ဒီနေ့လည်းပဲ တရားပွဲဆင် ယင်ကျင်းပပြီးတော့ ဓမ္မပူဇာအဖြစ်နဲ့ ပူဇော်ကြပါတယ်၊ အဲဒီလိုအားဖြင့် တရားနဲ့ ပူဇော်ကြ၊ ဘုရားပူဇော်ကြ၊ မနက်ဖြန်ခါကျတော့ သံဃာတော်ငါးရာကျော်တို့ကို မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတွေနဲ့ လောင်းလှူကြ အုန်းမယ်၊ သပိတ်တစ်လုံး-ငါးဆယ် ,သပိတ်တစ်လုံး-ငါးဆယ်နဲ့ သံဃာငါးရာအ တွက်ဆိုပြီးတော့အလှူခံလိုက်တာ ငါးရာမကဘဲနဲ့ ရှစ်ရာကိုးရာ သပိတ်တွေ၊ အား လုံးသော ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကထွက်ပေါ်လာပြီးတော့ လှူဒါန်းပူဇော်ကြတော့ ဒါသံဃာပူဇော်တဲ့ကောင်းမှု၊ အဲဒီလိုအားဖြင့် ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ကုသိုလ်ကောင်းမှုပွဲကြီး၊ မမျှော်လင့်တဲ့ ဤနေရာ, ဤဒေသ,ဤဌာနမှာ ပေါ်ပေါက်ပြီးတော့လာခဲ့ပါတယ်၊ ဘုရားမရှိတဲ့နေရာမှာ ဘုရားပေါ်လာခဲ့ပါတယ်၊ တရားမရှိတဲ့နေရာ, တရားဆိတ်သုဉ်းနေတဲ့နေရာ, တရား ပေါ်လာခဲ့ပါတယ်၊ သံဃာတွေပြတ်လပ်နေတဲ့ နေရာကြီးမှာ သံဃာတွေ ပေါ်လာ ခဲ့ပါတယ်။

အဲဒီလိုအားဖြင့် ဒီနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေဟာဖြင့် ဘုရားမရှိတဲ့နေရာ ဘုရားရှိအောင်ပြုလုပ်ရခြင်းကြောင့်၊ တရားဆိတ်သုဉ်းနေတဲ့ နေရာ တရားပေါ်လာအောင် ကြိုးစားရခြင်းကြောင့်၊ သံဃာတွေပြတ်လပ်နေတဲ့ နေရာ သံဃာရှိလာအောင် ပြုလုပ်ရခြင်းကြောင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အနှစ်ခြိုက်ဆုံးဖြစ်တဲ့အလုပ်ကို ဒို့-ဒီနေ့ကြိုးပန်းအားထုတ် ပြုလုပ်နိုင်ကြတဲ့နေ့လို့၊ ဒီနေ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ လုပ်နေတဲ့အလုပ်ကို သဘော ပေါက်လိုက်ကြဖို့၊ ဘုရားမရှိတဲ့နေရာကို ဘုရားရှိအောင်လုပ်တဲ့အလုပ်ဟာ ဘုရား လုပ်တဲ့အလုပ်ဖြစ်ပါတယ်၊ တရားမရှိတဲ့နေရာ တရားရှိလာအောင်လုပ်တဲ့အလုပ် ဟာ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် လုပ်သွားတဲ့အလုပ်ဖြစ်ပါတယ်၊ သံဃာမရှိတဲ့နေရာ သံဃာပြတ်နေတဲ့ဒေသ သံဃာရှိလာအောင်လုပ်တဲ့အလုပ်

http://www.dhammadownload.com



ဘုရားကိုယ်တော်မြတ်ကြီး လုပ်တဲ့အလုပ်ကို လုပ်ရာရောက်ပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးလုပ်တဲ့အလုပ်ကိုလုပ်မှတော့ မြတ်သောအလုပ်ကို လုပ်ရာရောက်ပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးတို့သည်-

* အနဝဇ္ဇသံဟိတေ သေတုယာတော တထာဂတာနံ။

တထာဂတာနံ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ အနဝဇ္ဇသံဟိတေ-အကျိုးစီးပွါးနဲ့မစပ်ယှဉ်သော၊ ယုတ်ညံ့သောအလုပ်မှန်သမျှ၌၊ သေတုယာတော-အရဟတ္တမဂ်နဲ့ အမြစ်ပြတ် သတ်တော်မူပြီးပြီ. . . တဲ့။ ဘုရားကိုယ်တော်မြတ်ကြီးများလုပ်တဲ့အလုပ်ဟာ ယုတ်ညံ့တဲ့အလုပ် တစ်ခုမှမလုပ်ဘူး၊ အကျိုးမဲ့တဲ့အလုပ် တစ်ခုမှမလုပ်ဘူး၊ မြတ်တဲ့အလုပ်ကိုသာ အားထုတ်တော်မူကြတယ်၊ ဒါကြောင့် ဒီနေ့ ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတွေ ဘုရားမရှိတဲ့နေရာ ဘုရားရှိအောင် ကြိုးစားကြခြင်းကြောင့်၊ တရားသံဆိတ်သုဉ်းနေတဲ့နေရာ တရားသံတွေပေါ်လာအောင် ကြိုးစားကြခြင်းကြောင့်၊ သံဃာတော်တွေ မရှိတဲ့နေရာ သံဃာတော်တွေရှိလာအောင် ကြိုးစားကြခြင်းကြောင့် ယနေ့ ပရိသတ်ကြီးက မြတ်သောအလုပ်,လုပ်နေတာလား၊ ယုတ်သောအလုပ်,လုပ်နေတာလား? (မြတ်သောအလုပ်,လုပ်နေတာပါဘုရား)။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တော်မူခါစ၊ အားလုံးဒကာဒကာတွေသိတဲ့အတိုင်း ပထမဝါ ဣသိပတနမိဂဒါဝုန်တောမှာ ဝါကပ်တော်မူတယ်၊ ပဉ္စဝဂ္ဂီငါးဦးတရားဦးဟောတော်မူရင်းနဲ့ဝါကပ်တော်မူတယ်၊ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောရင်းနဲ့ ဝါကပ်ပြီးတော့ သာသနာ့တပ်သားတွေ ရှာလိုက်တာဘုရားက။ ငါဘုရားဖြစ်တာတော့မှန်တယ်၊ လောကကြီးထဲမှာ သတ္တဝါတွေကလည်းအများကြီး၊ နှမ်းတစ်လုံးနဲ့ဆီမဖြစ်ဆိုတာလို ငါဘုရားတစ်ပါးတည်း သာသနာပြုနေရုံနဲ့တော့ ကမ္ဘာလောကသားတွေ များစွာကျွတ်တမ်းဝင်နိုင်ကြမှာမဟုတ်ဘူး. . . တဲ့၊ ဒီတော့- ငါ့သာသနာတော်ကို ကူညီပြီးတော့ ဖြန့်ကြ မယ့်(ဝါ) ရတနာသုံးပါးကို ဖြန့်ပေးကြမယ့် ရဟန်းတော်တွေတော့စုရမှာပဲ. . . ဆိုပြီးတော့၊ အဲဒီဝါတွင်းမှာ သာသနာ့တပ်သားတွေစုလိုက်တာ ခြောက်ကျိပ်ရတယ်၊ ခြောက်ဆယ်ရတယ်ရဟန်းပေါင်း၊ ပဉ္စဝဂ္ဂီကငါးဦး၊ ယသသူဌေးသား အမှူး ပြုတဲ့ သူငယ်ချင်းက ငါးဆယ်နဲ့ငါးယောက်၊ အားလုံးပေါင်းလိုက်တော့ ခြောက်ဆယ်။ အဲလိုဒီရဟန်း

---

* ဝိ-၁၇။ ဝိ-၃။၇၄။

http://www.dhammadownload.com



ခြောက်ဆယ်ရတဲ့အခါ၊ ဝါကျွတ်တဲ့ အချိန်ကျတော့ ဘုရားကိုယ်တော်မြတ်ကြီးက အဲဒီရဟန်းတော်ခြောက်ဆယ်ကို ဘာပြောတုန်းဆိုတော့-

* စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ။

ဘိက္ခဝေ-ငါ၏ဆိုင်ရာ,သာသနာဝယ်, ဝန်တာကိုထမ်း, အိုရဟန်းတော် အပေါင်းတို့၊ စာရိကံ-ဘုရားမရှိသေးတဲ့အရပ်မှာ, ဘုရားရှိလာအောင်, ထိုထို အရပ်ဆီသို့ စာရိကံ-တရားသံတွေမရှိသေးတဲ့နေရာမှာ တရားသံတွေရှိလာအောင် ထိုထိုအရပ်ဆီသို့ စာရိကံ- သံဃာတော်တွေမရှိသေးတဲ့နေရာမှာ သံဃာတော်တွေ ရှိလာအောင် ထိုထိုအရပ်ဆီသို့၊ စာရိကံ- ဘုရားရတနာ, တရားရတနာ, သံဃာ ရတနာ မရှိသေးတဲ့ အရပ်တွေမှာ, ဘုရားရတနာပေါ်လာအောင်, တရားရတနာ ပေါ်လာအောင်, သံဃာရတနာပေါ်လာအောင် ထိုထိုအရပ်ဆီသို့၊ စရထ-လှည့် လည်ချေကြကုန်။ ဓမ္မံ-ငါဘုရားရှင် သင်တို့ကိုဟောကြားတဲ့ သစ္စာလေးပါးဆိုတဲ့ တရားမြတ်ကို၊ ဓမ္မံ-ဘုရားရတနာပေါ်ကြောင်း, တရားရတနာပေါ်ကြောင်း, သံဃာရတနာပေါ်ကြောင်းဖြစ်တဲ့ သစ္စာလေးရပ်တရားမြတ်ကို၊ ဒေသေထ- ဟောချေကြကုန်. . .။

ချစ်သားတို့ . . ခုဝါကျွတ်သွားပြီ သင်တို့ကိုငါဘုရားတိုက်တွန်းပါရစေ. . တဲ့၊ လောကကြီးထဲမှာ ဘုရားမရောက်သေးတဲ့အရပ်တွေ အပြည့်ရှိတယ်၊ တရား မရောက်သေးတဲ့အရပ်တွေ အပြည့်ရှိနေတယ်၊ သံဃာမရောက်သေးတဲ့အရပ်တွေ အပြည့်ရှိနေတယ်၊ အဲဒီဘုရားမရှိသေးတဲ့အရပ် ဘုရားပေါ်လာအောင်၊ တရားမရှိ သေးတဲ့အရပ် တရားရှိလာအောင်၊ သံဃာမရှိသေးတဲ့အရပ် သံဃာရှိလာအောင် ထိုထို ဤဤ လှည့်လည်ပြီးတော့သွားချေကြ. . .၊ ဘုရားပေါ်အောင်ပြုချေကြ၊ တရားပေါ်အောင်ပြုချေကြ၊ သံဃာပေါ်အောင်ပြုချေကြ. . . .။

## မာ ဧကေန ဒွေ အဂမိတ္ထ

အဲဒီလိုသွားတဲ့အခါမှာ နည်းနည်းနဲ့ကျဲကျဲဝိုင်းရမှာမို့လို့၊ ဧကေန-တစ် ကြောင်းတည်းသောခရီးဖြင့်၊ ဒွေ-နှစ်ပါးပေါင်းပြီးတော့၊ မာအဂမိတ္ထ- မသွားလိုက် ကြ ပါကုန်နဲ့. . .။ မြတ်စွာဘုရားသာသနာတော်က စ,စအချိန်မှာဆိုတော့ ရဟန္တာ ကခြောက်ကျိပ်ရှိသေးတာဆိုတော့ နည်းနည်းလေးရှိသေး၊ ကမ္ဘာလောကကြီးနဲ့စာ

* ဝိ-၃၊၂၇။

http://www.dhammadownload.com



မယ်ဆိုရင် ရဟန္တာခြောက်ကျိပ်ဆိုတာ ဆင့်ပါးစပ်နှမ်းပက်သလောက်ပဲရှိတော့၊ခရီး တစ်ကြောင်းတည်းကို နှစ်ပါးပေါင်းပြီးတော့မသွားကြနဲ့. . .၊

တစ်နေရာတစ်ဌာန နှစ်ပါးသွားပြီးမစုကြနဲ့၊ သာသနာမပြုကြနဲ့၊ တစ်နေ ရာတစ်ဌာနမှာ တစ်ပါးစီတစ်ပါးစီသွားပြီးတော့ ဘုရား, တရား, သံဃာ,ရတနာ သုံးပါးပေါ်အောင် ပြုချေကြလို့ ဘုရားကိုယ်တော်မြတ်ကြီးက တိုက်တွန်းတော် မူတယ်၊ နှိုးဆော်တော်မူတယ်၊ အဲဒီလိုတိုက်တွန်းနှိုးဆော်တော်မူတဲ့အတိုင်း သံဃာ တော်ခြောက်ကျိပ်ဟာ အသီးသီးသပိတ်သက်န်းတွေကိုယူပြီးတော့ အရပ်မျက်နှာ ပေါင်း ခြောက်ဆယ်ဆီသို့ ကြွချီတော်မူပြီးသကာလ ဘုရားမရှိတဲ့နေရာ ဘုရားရှိ အောင်၊ တရားမရှိတဲ့နေရာ တရားရှိအောင်၊ သံဃာမရှိတဲ့နေရာ သံဃာရှိအောင် ပြုခဲ့လို့ ဒီနေ့- မြန်မာနိုင်ငံအပါအဝင် ကမ္ဘာလောကတစ်လွှားမှာ ဘုရား, တရား, သံဃာ,ရတနာသုံးပါး ပေါ်ပေါက်ပြီးတော့လာခဲ့တယ်။

ယနေ့ ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေ ဟောဒီလိုတရားပွဲ ကြီးတွေ ဆင်နွှဲကျင်းပပြီးတော့ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရားရယ်လို့ နိုင်ငံတော်အစိုးရမင်းများကရော၊ အားလုံးရဟန်းရှင်လူ,ပြည်သူအားလုံးကရော ဒီနေရာမှာ ဖူးမြော်ကြည်ညိုပူဇော်နိုင်တဲ့ ကကုသန်, ကောဏာဂုံ,ကဿပ,ဂေါတမ, ဘုရားလေးဆူတို့ရဲ့ ရုပ်ပွားတော်ကြီးလေးဆူ သီတင်းသုံးရာဖြစ်တဲ့ ဤရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရား ဒီနေရာ ဒီဒေသမှာ ယခုလိုပေါ်ပေါက်မလာခင် က အားလုံးဒကာဒကာမတွေသိတဲ့အတိုင်း တောချုံအုန်ကြားကျင်ကြီးကျင်ငယ် တွေကြားမှာ ဂူပျက်ကြီးတစ်လုံးမျှသာရှိတဲ့ဘုရားနီကြီး ဘုရားနီကြီးဆိုတဲ့ဂူပျက် ကြီးတစ်လုံးရှိခဲ့တယ်၊

အားလုံးဒကာဒကာမတွေသိတဲ့အတိုင်းဘုရားနီကြီး ဘုရားနီကြီးလို့ အုတ် တွေကနီနီကြီးမို့လို့ ဘုရားနီကြီးလို့ခေါ်နေကြတဲ့ မပြီးမပြတ် အပြီးမသတ်တဲ့ ဘုရား မဟုတ်တဲ့စေတီပျက်ကြီးတစ်ဆူဒီနေရာမှာ သီတင်းသုံးပြီးတော့ နေခဲ့ရတယ်၊ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးပျက်စီးယိုယွင်းနေတာကို ဒီနေ့အားလုံးသော ရဟန်း ရှင်လူ ပြည်သူခပ်သိမ်းတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် မတ်မတ် မားမား တင့် တင့်တယ်တယ် ထည်ထည်ဝါဝါ သပ္ပါယ်ကြည်ညိုဖွယ်ရာအဖြစ်နဲ့မြင် လိုက်တိုင်း မြင်လိုက်တိုင်း မျက်လုံးထဲမှာ ဘုရားကိုသတိရ, တရားကိုသတိရ,သံဃာ ကိုသတိရ

http://www.dhammadownload.com



စေတဲ့ စေတီတော်မြတ်ကြီးနဲ့ ရုပ်ပွားဆင်းတုတော်လေးဆူပေါ်ပေါက်ပြီးတော့ လာခဲ့တယ် . . . တဲ့။

ဘုရားမရှိတဲ့နေရာဘုရားပေါ်လာတယ်၊ ဘုရားမရှိတဲ့နေရာ ဘုရားကြီး ကြွလာတယ်၊ ဘုရားမရောက်သေးတဲ့နေရာ ဘုရားရောက်လာတယ်၊ ပရိသတ်ကြီးဘုရားမရှိတဲ့နေရာ ဘုရားရောက်လာတာလား၊ မရောက်လာသေးတာလား? (ရောက်လာတာပါဘုရား)၊ ဘုရားမရှိသေးတဲ့နေရာ ဘုရားရှိလာတာလား၊ မရှိတာလား?(ရှိလာတာပါဘုရား)၊ အဲဒီလို ဒီစေတီတော်မြတ်ကြီးထည်ထည်ဝါဝါ ခန့်ခန့်ညားညား ထွန်းထွန်းပပပေါ်လာအောင်တစ်ကျပ်တစ်ပြားကစပြီးတော့ ကုသိုလ်ပါဝင်တဲ့သူတွေ၊ ကာယအား၊ဉာဏအားနဲ့ သန့်ရှင်းရေးအားတွေ, ဝေယျာဝစ္စအားတွေ ဝိုင်းပြီးတော့ ဆောင်ရွက်ကြတဲ့သူတွေကစပြီးတော့ ကောင်းမှုရှင်တွေအားကြောင့် စေတီတော်ကြီး မားမားမတ်မတ် ရုပ်ပွားတော်ကြီးလေးဆူ မားမား မတ်မတ်နဲ့ ပေါ်လာတယ်ဆိုတာ ပရိသတ်ကြီးမသေချာဘူးလား? (သေချာပါ ဘုရား) ဒါဖြင့် ဒီနေ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေလုပ်တဲ့အလုပ်ဟာ ဘုရားမရှိတဲ့နေရာဘုရား ရှိအောင်လုပ်တာလား၊ ဘုရားပျောက်သွားအောင် လုပ်တာလား?၊(ဘုရားရှိအောင်လုပ်တာပါဘုရား)၊ အဲဒီလိုဘုရားမရှိတဲ့နေရာ ဘုရားရှိအောင်လုပ်တဲ့အလုပ်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နှစ်သက်တော်မူတာလား၊ မနှစ်သက်တော်မူတာလား?(နှစ်သက်တော်မူတာပါဘုရား)။

ဘုရားကိုယ်တော်မြတ်ကြီး ပထမဆုံးဝါ ဣသိပတနမိဂဒါဝုန် တောမှာ ဝါကပ်တော်မူစဉ်က သူ့ရဲ့တပည့်သားတွေကို၊ ချစ်သားတို့ . . . အေးမနေကြနဲ့ ငါ့ရဟန္တာဖြစ်ပြီ, ငါရဟန္တာဖြစ်ပြီ, ငါ့အတွက် ဘဝဇာတ်သိမ်းပြီ အေးပြီဆိုပြီးတော့၊ အေးအေးကလေး ကိုယ့်စားဖွယ်ရာလေးစားပြီးတော့ အေးအေးဆေးဆေး မနေလိုက်ကြပါနဲ့အုန်း၊ လောကကြီးထဲမှာ ဘုရားမရောက်တဲ့အရပ်တွေဘုရားမရှိသေးတဲ့ အရပ်တွေရှိကြပါတယ်၊ အဲဒီအရပ်တွေသွားပြီးတော့၊ ငါဘုရားရဲ့ကိုယ်စား ဘုရားပေါ်အောင် ကြိုးစားကြပါအုန်းလို့ ဘုရားကိုယ်တော်မြတ်က တိုက်တွန်းတော်မူခဲ့တာဖြစ်တော့ ဘုရားမရှိတဲ့အရပ် ဘုရားရှိအောင်လုပ်တဲ့အလုပ်ကို ဘုရားက ကြိုက်တော်မူတာလား၊ မကြိုက်တော်မူတာလား?(ကြိုက်တော်မူတာပါဘုရား) ဘုရားလုပ်ချင်တဲ့အလုပ်လား၊ မလုပ်ချင်တဲ့လုပ်လား?၊(လုပ်ချင်တဲ့အလုပ်ပါဘုရား) ဒီနေ့ဘုန်းကြီးတို့ ဒကာဒကာမတွေက ဘုရားလုပ်ချင်တဲ့အလုပ်ကို လုပ်ကြတာလား၊ မလုပ်ကြတာလား?(လုပ်ကြတာပါဘုရား) ဘုရားလုပ်တဲ့အလုပ်ကိုလုပ်ခြင်း

http://www.dhammadownload.com



ကြောင့် မြတ်သောအလုပ်ကိုလုပ်တာလား၊ ယုတ်သောအလုပ်ကိုလုပ်တာလား? (မြတ်သောလုပ်ကို လုပ်တာပါဘုရား)၊

ဩော်-ဘုန်းကြီးတို့ဘုရားစေတီတော်မြတ်ကြီး တစ်သိန်းခြောက်သောင်း တန်ဆောင်းထီးတော်ကြီးနဲ့ စိန်ဖူးတော်ကြီးတွေနဲ့ ငှက်မြတ်နားကြီးတွေနဲ့ပေါ်လာ၊ ရုပ်ပွါးဆင်းတုတော်မြတ်ကြီးလေးဆူနှင့်တကွ ဘုရားရတနာတော်ကြီး ဒီနား ရောက်လာတယ် . . . တဲ့၊ အဲဒီလို ရောက်လာလိုက်သည်နဲ့တစ်ပြိုင်နက်၊ ဟော- ဘုရားရတနာတွေကပေါ်လာတယ်၊ အခုဘုရားကိုရှုတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြတဲ့ အမျိုးသမီးအဖွဲ့တွေရဲ့ တရားသံတွေ ဒီပတ်ဝန်းကျင်လေထဲ လွင့်ပြီးတော့ ပေါ်မလာဘူးလား?(ပေါ်လာပါဘုရား)။ သံဃာတော်အရှင်မြတ်တွေက တစ်ရာ့ ရှစ်ပါး, တစ်ရာ့ရှစ်ပါးအားဖြင့်သော်လည်းကောင်း၊ လေးငါးခြောက်ပါးသော်လည်း ကောင်း၊ သံဃာတော်အရှင်မြတ်တွေကသော်လည်းကောင်း၊ သူတော်ကောင်းဖြစ် ကြတဲ့ ကုသိုလ်လိုလားကြတဲ့, မင်္ဂလာဖိုလ်လိုလားကြတဲ့ အမျိုးကောင်းသား, အမျိုး ကောင်းသမီးတွေက တစ်ဦးတည်းသော်လည်းကောင်း၊ အများစုပေါင်း၍သော် လည်းကောင်း၊ ဘုရားဝတ်တက်သံတွေ၊ ဘုရားရှိခိုးသံတွေ, ပဋ္ဌာန်းရွတ်သံတွေ, မေတ္တာပို့သံတွေဆိုတဲ့တရားသံတွေ ဒီပတ်ဝန်းကျင်မှာ ပေါ်လာတာလား, မပေါ် လာသေးတာလား?(ပေါ်လာတာပါဘုရား)။

အဲဒီလိုပေါ်လာခြင်းဖြင့် တရားမရှိသေးတဲ့နေရာ တရားရှိလာတာလား မရှိလာတာလား?(ရှိလာတာပါဘုရား) တရားမထွန်းသေးတဲ့နေရာ ထွန်းလာတာ လား၊ မထွန်းလာတာလား?(ထွန်းလာတာပါဘုရား) အဲဒီလို တရားမရှိတဲ့နေရာ တရားရှိလာအောင် ဘုရားကိုယ်တော်မြတ်ကြီးကလိုလားတာလား, မလိုလားတာ လား?(လိုလားတာပါဘုရား)၊ ဟာ- တရားသံတွေနဲ့ အနန္တဇိနအဘိမ္မော်အဖွဲ့က ရွတ်လိုက်ကြ၊ မြင်းမူအဖွဲ့ကရွတ်လိုက်ကြ၊ မြင်းမွေးရွာအဖွဲ့ကရွတ်လိုက်ကြ၊ အခု ရှမ်းပြည် ရွှေရွက်ဝါရွှေရွက်နီအဖွဲ့ကရွတ်လိုက်ကြ၊ ဟုတ်လား၊ ရွှေရွက်ဝါတင်မက ဘူး၊ ရွှေရွက်နီပါပေါင်းခေါ်မှဖြစ်မှာ၊ သူတို့က နီတီတီလေးတွေ နော်၊ အဲဒီလိုအား ဖြင့် ရွှေရွက်ဝါအသင်း ရွှေရွက်နီအသင်းကစပြီးသကာလ တစ်ဦးတည်း တစ်ဦး တည်းလည်းပဲ၊ ဘုရားဝတ်တက်တဲ့အသံတွေကိုကြားရခြင်းကြောင့် တရားသံတွေ ပေါ်လာတာလား၊ ပျောက်သွားတာလား?(ပေါ်လာပါဘုရား)၊ ဒါဖြင့် ဘုန်းကြီး တို့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက ဘုရားမရှိတဲ့နေရာ ဘုရားရတ

http://www.dhammadownload.com



နာကြီးပေါ်အောင် ပြုရာလည်းမရောက်ဘူးလား?(ရောက်ပါဘုရား)၊

အားလုံး-ဘုန်းကြီးတို့ အမရပူရက ဒကာ, ဒကာမတွေက ပိုသိကြပါတယ်၊ ဟိုတုန်းက ဒီနေရာမှာဆိုရင် ဖုတ်နဲ့ကြည်းကြည်း၊ တစ္ဆေခြောက်မှာလား၊ သရဲခြောက်မှာလားဟဲ့၊ သဘက်ဆွဲမှာလားဟဲ့လို့ထင်ရလောက်အောင် တောကြို အုံကြားထဲမှာ တရားသံတွေဆိတ်သုဉ်းပြီးတော့နေခဲ့ရာက အခုတရားသံတွေပေါ် လာခဲ့တယ်၊ ဟော-ဘုရားရှိလာပြီဆိုတော့ ဘုရားသား တပည့်သားသံဃာတော် တွေ ပတ်ဝန်းကျင်ရောက်မလာဘူးလား?(ရောက်လာပါဘုရား)၊ ဒါဖြင့် သံဃာ နဂိုတုန်းကဆိတ်သုဉ်းနေတဲ့အရပ် သံဃာတော်တွေ ရောက်လာမှာလား၊ မရောက် လာမှာလား?(ရောက်လာမှာပါဘုရား)၊ အဲဒီလို သံဃာတော်တွေ ရောက်လာတဲ့ အမှုကို ဘုရားကိုယ်တော်မြတ်ကြီးက ကြိုက်တော်မူတာလား၊ မကြိုက်တော်မူတာ လား?(ကြိုက်တော်မူတာပါဘုရား)၊ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် တိုက်တွန်းပြီးတော့ထားခဲ့တဲ့အလုပ်ကြီးကို ဒို့တစ်တွေကြိုးပမ်း အားထုတ် ပြုလုပ်သောအားဖြင့် ဒီနေရာ ဒီဒေသပတ်ဝန်းကျင်မှာ နက်ဖြန်ခါ သံဃာတော်ငါး ရာကျော် အမရပူရတစ်မြို့လုံးက နယ်အနှံ့သံဃာတော်အရှင်မြတ်တွေ ဆွမ်းဘော ဇဉ်တွေ အလှူခံဖို့ရာ ကြွလာတော်မူကြမယ်။

အဲဒီလိုအားဖြင့် ဘုရား, တရား, သံဃာ, ရတနာသုံးပါးကို ပူဇော်လိုက်တဲ့ အတွက်၊ ဘုရားစေတီတော်ပျက်ကြီးက အရောင်လင်းပြီးတော့ တဝင်းဝင်းထွက် လာအောင် ဒို့ပြုလိုက်တဲ့အတွက်၊ ဘုရား, တရား, သံဃာ, ရတနာသုံးပါးကို ပူ ဇော်ရာရောက်ကြတယ်. . .၊ အဲဒီလို အရောင်မရှိတဲ့နေရာ အရောင်ရှိအောင် လုပ်လိုက်တဲ့အတွက်၊ အရောင်တွေထွက်ပြီးတော့ ကျွတ်တမ်းဝင်သွားတဲ့ဇာတ် ကြောင်းဝတ္ထုလေးများပြောရရင်ဘုန်းကြီးတို့ ဘုရားလက်ထက်က“စန္ဒာဘမ ထေရ်” တဲ့။ ⁕ စန္ဒာဘမထေရ်ဝတ္ထုလေးပြောရမယ်။ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော် မြတ်ကြီး သာဝတ္ထိမြို့ဇေတဝန်ကျောင်း သီတင်းသုံးပြီးနေတော့၊ ရာဇဂြိုဟ်ဆို တဲ့မြို့က ပုဏ္ဏားဇနီးမောင်နှံမှာ သားလေးတစ်ယောက်မွေးလာတယ်၊ အဲဒီသား လေးက မွေးလာကတည်းက သူ့ရဲ့ချက်ပတ်ဝန်းကျင်က အရောင် တဝင်းဝင်းနဲ့လ ရောင်လိုလင်းပြီးနေတယ်၊ချက်ရဲ့ပတ်ဝန်းကျင်က အရောင်လင်းနေလိုက်တာ လရောင်လိုပဲ၊ အဲ-ဒီကလေးလေးနဲ့သာ ပွေ့ချီပြီးတော့ ဟိုနားဒီနားသွားလို့ရှိရင်

---

⁕ ဓမ္မ-၄-၂၄၂၃။ သုတ္တနိ-၄-၂၂၃၉။

http://www.dhammadownload.com



မီးမလိုဘူးတဲ့။ မီးရောင်ထိုးထားသလို လရောင်လင်းနေသလိုပဲ ချက်ပတ်ဝန်းကျင်က အရောင်လင်းနေလိုက်တာ၊ ဘယ်နားသွားသွား ဒီကလေးလေးသာပွေ့ခေါ်သွား၊ ဟော-ရှေ့မှာရှိတာတွေ မှောင်ထဲမဲထဲ အရောင်တွေလင်းလို့. . . တဲ့၊ လျှပ်စစ်မီးပျက်မှာလည်း မကြောက်ရဘူးတဲ့။

ဘယ်တော့မှသူ့အရောင်ကမပျောက်ဘူး လင်းနေလို့ သူ့ကိုစန္ဒာဘ လို့ နာမည်ပေးထားတယ်၊ စန္ဒဆိုတာ-လ၊ အာဘာ ဆိုတာ-အရောင်၊ စန္ဒာဘ။ အဲလို နာမည်ပေးထားပြီး ဒီကလေးလေးထူးတယ်, ဒီကလေးလေးထူးတယ်နဲ့ ဆိုပြီးတော့ ပုဏ္ဏား ဇနီးမောင်နှံကလည်းပဲ အမြတ်တနိုးနဲ့မွေးထား၊ နောက်ပုဏ္ဏားဆရာကြီးတွေက တော်တော်လေးကြီးလာတော့ ဒီကလေးဟာ ဒို့အတွက်အကွက်ပဲလို့ ပုဏ္ဏားတွေကလာဘ်မြင်ပြီးတော့ ဒီကလေးလေးကို ဟိုဟိုဒီဒီ၊ လူမမြင် သူမမြင်စေရဘူးဆိုပြီးတော့ လုံခြုံတဲ့ရထားပေါ်တင်ပြီးတော့ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ လှည့်ပတ်ပြီးတော့ ပုဏ္ဏားဆရာကြီးတွေသွားကြတယ်၊

အဲဒီလိုသွားပြီးတော့သူတို့က ကြေငြာတယ်၊ "လူထူးလူဆန်းပါတယ်၊ လူထူးလူဆန်းပါတယ်၊ ကြည့်ချင်ရင်တစ်ဆယ်၊ 'တို့' ချင်ရင်တစ်ရာ၊ 'ထိ' ချင်ရင် တစ်ထောင်၊ အံမယ်သူကဈေးကလည်းအတက်ကြီးသူကလည်းနော်၊ အဲဒီလိုနဲ့ဒီကလေးလေးကို ကြည့်ချင်လို့ရှိရင် အရောင်အလင်းထွက်နေတဲ့ ကလေးကို ကြည့်ရုံနဲ့တစ်ဆယ်၊ တို့ ရုံထိရုံဆိုရင် တစ်ရာတဲ့၊ ပွေ့ချင်ဖက်ချင်လို့ရှိရင် တစ်ထောင်တဲ့၊ အဲ-သူ့ကိုပွေ့ရင်ဖက်ရင်ဘေးကင်းတယ်ရန်ကင်းတယ် အန္တရာယ်ကင်းတယ်နဲ့ကြေငြာတော့၊ ရလိုက်တဲ့လာဘ်တွေ။ ဒီကလေးလေးရထားနဲ့တင်ပြီးတော့ လှည့်ပတ်သွား၊ ကလေးလေးကချက်က အရောင်ထွက်နေတာ လရောင်ထွက်နေလို့ စန္ဒာဘ,စန္ဒာဘနဲ့ ကောင်းကောင်းမွန်မွန် ဝတ်ဆင်ပေးပြီးတော့ နိုင်ငံတစ်လွှားကမ္ဘာတစ်လွှားလှည့်ပတ်သွားပြီးတော့ ယခုနကလို ကြေငြာလိုက်တာ ဝင်လိုက်တဲ့ လာဘ်လာဘတွေ ရွှေ,ငွေ,ကျောက်သံ,ပတ္တမြားတွေ။

အဲဒီလိုနဲ့သူတို့ တစ်ခါတော့ သာဝတ္ထိမြို့ရောက်လာကြရော၊ သာဝတ္ထိမြို့ရောက်လာတော့၊ သာဝတ္ထိမြို့ဘုရားသီတင်းသုံးတဲ့ဇေတဝန်ကျောင်းနဲ့မြို့နဲ့ကြားမှာသူတို့စခန်းချပြီးတော့ မဏ္ဍပ်ကနားထိုးပြီးတော့၊ ခုနကလို ကြေငြာတယ်ပေါ့ "လူထူးလူဆန်းပါတယ်၊ ဒီကလေးကိုမြင်ရုံနဲ့ဘယ်လိုအန္တရာယ်ကင်းတယ်၊ ဘယ်

http://www.dhammadownload.com



လိုရန်စွယ်ရှင်းတယ်ပေါ့၊ အကြံအစီကိစ္စသိဒ္ဓိမြောက်တယ်၊ သိဒ္ဓိပေါက်တယ်"နဲ့ ကြေငြာပြီးတော့ ငွေယူနေကြတယ်၊ အဲဒီအချိန်မှာဘုရားကိုယ်တော်မြတ်ရဲ့တရား ကိုနာကြားကြမယ်ဆိုပြီးတော့သာဝတ္ထိမြို့ထဲက အမျိုးကောင်းသား အမျိုးကောင်း သမီးတွေက ထွက်လာကြပြီးတော့၊ လောကီလူသားတို့ထုံးစံအတိုင်းပေါ့၊ "မင်းတို့ ကလေးဘယ်လောက်အရောင်ထွက်တယ်ပြောပြော ဒို့ဘုရားကိုယ်တော်မြတ် အရောင်ကိုမမီပါဘူး" ဒီလိုကိုး ဘုရားရဲ့တပည့်တွေက၊

ဟာ-ဟိုပုဏ္ဏားတွေကလည်း မခံနိုင်ဘူး "မင်းတို့ဂေါတမဘုရားထက် ဒို့ကလေးကသာတာပေါ့"၊"ဟာ-ဒို့ဘုရား ကသာတာပေါ့"နဲ့၊ အငြင်းအခုံဖြစ်ကြ ပြီးတော့ "ကိုင်း-ဒီလိုဆိုရင်သတ္တိရှိ ဘုရားရှေ့ခေါ်ခဲ့၊ မင်းတို့ကလေး ဘုရားနဲ့ ပြိုင်မယ်"၊ "ကောင်းပြီ" ဆိုပြီးတော့ ပုဏ္ဏားတွေက သူတို့ကလေး သူတို့စိတ် ချပြီးသားဆိုတော့ ဘုရားနဲ့ပြိုင်မယ်ဆိုပြီးတော့ ကလေးလေးကို ကျောင်းထဲခေါ် လာ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ဇေတဝန်ကျောင်းထဲ ဝင်လိုက်သည်နဲ့ တစ်ပြိုင်နက် စန္ဒာဘဆိုတဲ့ ကလေးလေးရဲ့ချက်က လရောင်တွေပျောက် အမှောင် တွေရောက်ခဲ့တယ်. . . တဲ့၊ လရောင်ပျောက်သွားပြီးတော့ အမှောင်ရောက်သွား တယ်။

အဲဒီတင် ပုဏ္ဏားတွေလန့်သွားတယ်၊ "ဟာ ဒို့ကလေးက အရောင်တွေ ဘယ်ရောက်သွားတုန်း အရောင်တွေပျောက်သွားပြီ,အရောင်တွေပျောက်သွားပြီ" ဆိုပြီးတော့၊ ဟိုလိုပွတ်ကြည့် ဒီလိုပွတ်ကြည့်ကလေးလေး၊ မတ်တတ်ရပ်ခိုင်းကြည့်၊ လမ်းလျှောက်ခိုင်းကြည့်နဲ့ပေါလေ လုပ်ပြီးတော့ သူတို့အရောင်ရှာကြတာ၊ ဘယ် လိုမှလုပ်လို့လည်းမရဘူး၊ ဒါနဲ့ပုဏ္ဏားတွေက"ဟော့ နေကြအုန်းစို့၊ နေကြအုန်းစို့ ပြင်ဘက်ပြန်ထွက်လိုက်ကြအုန်း" ဆိုပြီး ဇေတဝန်ကျောင်းအပြင်ဘက်ပြန်ထွက်, ထွက်လိုက်ရင် အရောင်ကပြန်လင်းလာပြန်ရော၊ "ဟော-လင်းလာပြီ-လင်းလာပြီ လင်းလာပြီ၊ ပြန်ဝင်ပြန်ဝင်" ဆို ဝင်လိုက်ပြန် မိုက်သွားပြန်၊ ဟာ-ပြန်ထွက်လိုက် ပြန်လင်းလာပြန်၊ ပြန်ဝင်လိုက်ပြန် မိုက်သွားပြန်၊

ဒီတော့ သူတို့သိပြီ၊ စန္ဒာဘကိုယ်တိုင်ကလည်းသိပြီ၊"ဧကန္တ ရဟန်း ဂေါတ မမှာ ဒီအရောင်မျိုးကိုပျောက်စေတဲ့ မန္တာန်တော့ရှိပြီနဲ့တူတယ်၊ ဧကန္တ ရဟန်း ဂေါတမစုန်းပြုစားပြီ၊ ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်ထဲကနေပြီးတော့ မန္တာန်စုပ်

http://www.dhammadownload.com



ပြီးတော့ ငါ့ကိုအရောင်မထွက်အောင်လုပ်နေပြီ. . . ဆိုပြီးတော့ စွပ်စွဲတယ်၊ စွပ်စွဲမေး,မေးတယ်ပေါ့လေ၊ ဘုရားနား‌သွားပြီးတော့ "အရှင်ဘုရား အရှင်ဘုရားက ဘုရားတစ်ဆူလုပ်ပြီးတော့ လောကထဲလှည့်ပြီးတော့ ဘုရားတစ်ဆူလုပ်နေလိုက်တာ အရှင်ဘုရား. . . တပည့်တော်ရဲ့ အရောင်တွေပျောက်အောင် မန္တာန်နဲ့မှုတ်တယ် မဟုတ်လား"?၊ မြတ်စွာဘုရားက "ဟုတ်သားပဲတဲ့ ငါမန္တာန်နဲ့မှုတ်လိုက်တာ" တဲ့ ဝန်ခံတယ်၊ "အံမယ်-အဲလိုဆိုရင်ကိုယ်တော်၊ အရှင်ဘုရား အဲဒီမန္တာန်လေးများ တပည့်တော်မရနိုင်ဘူးလား"၊"လိုချင်ရင်ပေးပါတယ်ဗျာ" ဘုရားက‌ပြောရော၊ "အံမယ်ဒီလိုဆိုရင် တပည့်တော်ယူစမ်းပါရစေဘုရား၊ အဲဒီမန္တာန် ဘယ်လောက် ပေးရမတုန်း၊ တန်းဖိုးပြောပါ၊ ပြောချင်သလောက်ပြောပါ ထပည့်တော် ပေးပါမယ်"။

သူကငွေဝင်ကအင်မတန်ကောင်းနေတာကိုး ဘယ်အရပ်သွားသွား ဒီစန္ဒာဘ ပြပြီးတော့ရလိုက်တာကနည်းတာမှ မဟုတ်ဘဲနဲ့၊ တို့ ရုံလေးနဲ့ တစ်ရာလေ၊ အဲဒါ ဝိုင်းတို့နေကြတာပဲ၊ ဒီပရိသတ်ကြားထဲလာချ တစ်ရာ, တစ်ရာနဲ့ တို့လိုက်ကြမယ့် ဖြစ်ခြင်းနေဘ်၊ အဲဒီလိုနဲ့ဈေးကောင်းနေတာဖြစ်တော့ "အရှင်ဘုရား မန္တာန် ဘယ်လောက်ပေးရမတုန်းပြောပါ" ဆိုတော့ ဘုရားကိုယ်တော်မြတ်က "အေး-ငါ့မန္တာန်ပေးရမယ်ဆိုရင် ငွေကြေးတော့မလိုဘူးတဲ့၊ ငါဝတ်တဲ့အဝတ်မျိုးကို ဝတ်ပြီးတော့ ငါခေါင်းကဆံကို ပယ်သလိုပယ်၊ ငါဝတ်တဲ့အဝတ်ကိုဝတ်ရင် ရနိုင်တယ်၊" မြတ်စွာဘုရားကမြင်တယ်၊ စန္ဒာဘရဲ့ဝမ်းထဲမှာကောင်းမှုတွေရှိတယ်ဆိုတာ ဘုရားကမြင်တယ်၊ ရဟန္တာဖြစ်မယ့်ကလေးဆိုတာ ဘုရားမြင်တယ်။

ဒါ့ကြောင့် မို့လို့မြတ်စွာဘုရားက "ငါ့လိုသင်္ကန်းဝတ်ရင်ပေးမယ်"၊ဒီတော့ ပုဏ္ဏားတွေက ကန့်ကွက်ကြတယ် "ဟာ-အဲလိုတော့ဝတ်လို့မဖြစ်ဘူးတဲ့၊ ဒီလိုဆိုရင်ရဟန်းဖြစ်သွားမှာပေ့ါတဲ့၊ ဂေါတမဇာတ်ဝင်သွားမှာပေ့ါတဲ့၊ ဒို့ကဗြဟ္မဏဇာတ်တဲ့၊ ရဟန်းဇာတ်ဆိုတာ ပုဏ္ဏားဇာတ်လို မြတ်တာမဟုတ်ဘူးတဲ့၊ ပုဏ္ဏားတွေဆိုတာ ဗြဟ္မာမင်းကြီးရဲ့ ချက်ကနေမွေးလာတာတဲ့၊ ရဟန်းတွေဆိုတာဗြဟ္မာမင်းကြီးရဲ့ ခြေ ဖမိုးကမွေးတာ၊ ဗြဟ္မာမင်းကြီးရဲ့ခြေဖမိုးကမွေးလာလို့သူတို့က ခွက်ကြီးတစ်လုံးနဲ့ လှည့်တောင်းစားနေတာတဲ့ရဟန်းတွေဆိုတာ၊ ဒီတော့ ဒို့ရဟန်းတွေရဲ့ဇာတ်တော့ မသွင်းနိုင်ဘူး"လို့ ပုဏ္ဏားတွေကငြင်းကြရော၊ ဒီတော့မြတ်စွာဘုရားက"အေး အဲဒီလိုဆိုလည်းနေကြလေတဲ့ မန္တာန်မပေးရုံဘဲ" ဆိုတော့ စန္ဒာဘကမခံနိုင်ဘူး။

http://www.dhammadownload.com



သူ့ပုဏ္ဏားဆရာကြီးတွေလက်သိပ်ထိုးပြီးတော့ "ဆရာကြီးတို့ ဒီလိုမပြောကြနဲ့၊ ဒီမန္တာန်ဟာ အင်မတန်အရေးကြီးတဲ့မန္တာန်၊ ဒီမန္တာန်ရလိုက်လို့ရှိရင် ကျုပ်တို့အတွက်ဘယ်သွားသွား ကျုပ်တို့ရဲ့ ပြိုင်ဘက်တွေလို့ရှိရင်၊ ဒီမန္တာန်နဲ့မန်းမှုတ်ပြီးတော့ တစ်ဘက်သားကို အလင်းကနေအမှောင်ဖြစ်အောင်လုပ်ပြီး ကျုပ်တို့နိုင်ပေါက်ချည့်ပဲ၊ ကျုပ်တို့ ဒီထက်တိုးတက်နိုင်တာပေါ့၊ ဒီတော့ မန္တာန်ရရုံလေး အတွက် ကျုပ်ရဟန်းပြုတာကိုခင်ဗျားတို့မကန့်ကွက်ကြနဲ့၊ မန္တာန်ရပြီဆိုတော့ကျုပ် ပြန်လာမှာပေါ့၊ ရဟန်းဂေါ်တမကိုတစ်ပတ်ရိုက်ပြီးတော့ ထွက်ပြေးလာခဲ့မှာပေါ့၊ အသာလေး ငြိမ်ငြိမ်နေကြ၊ သဘောတူတယ်လို့ပြောကြ" ဆိုပြီးတော့ သူ့ဆရာ ကြီးတွေ သူလက်သိပ်ထိုးပြီးတော့ သူကမန္တာန်ရအောင်ဆိုပြီးတော့"အရှင်ဘုရား ဒီလိုဆိုရင် တပည့်တော်မန္တာန်ရအောင်ဝတ်ပါ့မယ်"၊

ဒီတော့ မြတ်စွာဘုရားက ရဟန်းတစ်ပါးခေါ်ပြီးတော့ ခေါင်းရိတ်ခိုင်း သင်္ကန်းလေးကိုဝတ်ခိုင်း၊ ခါးပန်းလေးကိုပတ်ခိုင်း၊ ကေသီလေးကို ရမ်းခိုင်းပြီးတော့၊ ကဲ-လိုက်ဆို "ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ" စသည်ဖြင့် ကိုရင်ဝတ်ပေး၊ ကိုရင်ဝတ်ပေးတော့လည်း စန္ဒာဘက ကိုရင်ဝတ်ပေးတာ ဒီမန္တာန်ကို ရချင်လို့ဆိုတော့ သူကတော့ရဟန္တာဖြစ်တာတွေဘာတွေ နားမလည်ဘူး၊ မန္တာန်ရချင်တဲ့ အရေးက အရေးကြီးနေလို့ ကိုရင်ဝတ်၊ ကိုရင်ဝတ်ပြီးတော့မှ ကိုင်း- ဒီလိုဆိုရင် ဟောဒီဟာလေးဆိုလိုက်အုန်း ဆိုပြီးတော့. . .

အတ္ထိ ဣမသ္မိံကာယေ ကေသာ, လောမာ, နခါ, ဒန္တာ, တစော, မံသံ, နှာရူ. . စသည်ဖြင့်(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းစီးဖြန်းဖို့ချပေး၊ "ဟာ-ဒါကဘယ့်နှယ့်လုပ်တာတုန်း၊ မန္တာန်ပေးမယ်ဆိုပြီးတော့ ဘယ့်နှယ် ခန္ဓာကိုယ်မှာ တကထဲ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, ရွံစရာတွေရှိတာ ဘယ့်နှယ့် ရှောက်သင်ပေးတာတုန်း"၊ "ဒါကမန္တာန်ရဲ့ပရိကမ်လေ၊ မန္တာန်မသင်ခင် ဒါလေးရွတ်ရသေးတယ် ပရိကမ်၊ ဒါမှမဆိုရင် မန္တာန်မရဘူး၊ ဒါမှ မရွတ်ချင်လဲနေ မန္တာန်မပေးရုံဘဲ"၊ "အာ-ဒီလိုတော့လည်းမလုပ်ပါနဲ့ ရွတ်ပါ့မယ်, ရွတ်ပါ့မယ်" ဆိုပြီးတော့-ကေသာ, လောမာ, နခါ, ဒန္တာ, တစော,၊ ကေသာ, လောမာ, နခါ, ဒန္တာ,တစော နဲ့ သူ့ခမျာရွတ်ရှာတယ်၊ ရွတ်ရင်းရွတ်ရင်းနဲ့ ကမ္မဋ္ဌာန်းစီးဖြန်းပြီးတော့ ပွါးများလိုက်တာ စန္ဒာဘ ကမ္မဋ္ဌာန်းအရှိန်တက်ပြီးတော့ ဒီခန္ဓာကိုယ်ထဲမှာ ရုပ်စု နာမ်စု၊ ရုပ်ပုံ, နာမ်ပုံ၊ရုပ်တုံး, နာမ်တုံးသာလျှင်ရှိပြီးတော့ (၃၂)ကောဋ္ဌာသ အစု

http://www.dhammadownload.com



အဝေးမျှသာရှိတဲ့ ဒီခန္ဓာကိုယ် ရုပ်နာမ်နှစ်ဝ ကောဋ္ဌာသအစုအဝေးပါပဲလား လို့ ဝိပဿနာဉာဏ်ရှိန်တက်ပြီးသကာလ အာသဝေါကင်းကွာ ရဟန္တာတစ်ပါးဖြစ်တော်မူခဲ့တယ်. . . တဲ့။

စန္ဒာဘထေရ် ရဟန္တာဖြစ်သွားပြီ။ ပရိသတ် စန္ဒာဘထေရ် ဘာဖြစ်သွားတုန်း ?(ရဟန္တာဖြစ်သွားပါဘုရား) အဲ-ရဟန္တာဖြစ်သွားတော့မှ ပုဏ္ဏားတွေ လာခေါ်တဲ့ အချိန်ကျတော့၊ ပြန်ကြတော့. . . တဲ့၊ ငါကသင်တို့ဘက်ကို မလာ တော့ဘဲနဲ့ နောက်ဆုံးမလာတော့ခြင်းဖြင့် ပြန်မလာနိုင်တော့တဲ့ဘဝ ငါရပြီ. . . လို့ ဆိုပြီးတော့ ရဟန္တာဖြစ်သွားတယ်။

အဲဒီလို ရဟန္တာဖြစ်တော်မူပြီးတော့ ချက်ဝန်းကနေပြီးတော့ လရောင်ကဲ့သို့ မီးရောင်တွေထွက်နေတဲ့အကြောင်းအတ္ထုပ္ပတ်ကို ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ကြတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အေး- ဒီစန္ဒာဘအမျိုးသားသည်၊ ဟိုး-လွန်ခဲ့သော(၉၁)ကမ္ဘာထက်ဆီတုန်းက မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်, မွေတော်တွေကို ဌာပနာပြီးတော့တည်ထားတဲ့ စေတီတော်ဟောင်းကြီးတစ်ဆူကို၊ စေတီတော်ပျက်ကြီးတစ်ဆူကို ဝိုင်းဝန်းပြီးတော့ ပြင်ဆင်ကြစဉ်တုန်းက၊ သူက အရောင်မတောက်တဲ့နေရာ အရောင်တောက်အောင်၊ အရောင်မရှိတဲ့နေရာ အရောင်ရှိအောင်၊ အရောင်မထွက်တဲ့နေရာ အရောင်ထွက်အောင်ဆိုပြီးတော့ စေတီတော်ကအရောင်တွေထွက်လာအောင်၊ အဟောင်းတွေအသစ်ဖြစ်လာအောင်, အဆွေးတွေအကောင်းဖြစ်လာအောင်၊ ကြိုးစားပမ်းစားနဲ့ အားထုတ်ခဲ့တယ်. . . တဲ့။

အဲဒီလို မလင်းတဲ့နေရာက အလင်းတွေထွက်လာအောင်၊ မှောင်နေတဲ့နေရာက အလင်းတွေတောက်လာအောင်၊ ကျိုးပဲ့နေတဲ့နေရာတွေက အကောင်းတွေဖြစ်လာအောင်၊ ဆွေးမြည့်နေတဲ့နေရာတွေက အသစ်တွေဖြစ်လာအောင်၊ ကြိုးစားခဲ့တဲ့အတွက်၊ အထူးသဖြင့် စေတီတော်မြတ်ကြီး မှောင်နေတဲ့နေရာက အလင်းတွေထွက်လာအောင် မှိန်နေတဲ့နေရာက အရောင်တွေတောက်လာအောင်ကြိုးပမ်းအားထုတ်ပြုလုပ်ခဲ့တဲ့ကောင်းမှုကြောင့် အခုလိုချက်ဝန်းကနေပြီးတော့ လရောင်ကဲ့သို့ အရောင်တွေထွက်ပြီးတော့ နောက်ဆုံး ဒီကုသိုလ်ကောင်းမှုတွေ အခြေခံပြီးတော့-

http://www.dhammadownload.com



သော စေတိယံ ပုညကမ္မေဟိ အရဟတ္တံ ပါပုဏိ။

သော-ထိုအမျိုးကောင်းသားသည်၊ သော-ထိုစေတီဟောင်းမှာ အရောင်တွေမထွက်တာကို အရောင်တွေထွက်အောင်၊ အဟောင်းတွေကို သစ်လာအောင်၊ ညစ်နွမ်းနေတာတွေကို အရောင်တွေလက်လာအောင်ပြုခဲ့တဲ့ ထိုအမျိုးကောင်းသားသည်၊ စေတိယံ ပုညကမ္မေဟိ-ထိုကောင်းမှုတို့ကြောင့်၊ အရဟတ္တံ- လူ့ရွာနတ်ထံ, ချမ်းသာစံပြီးတော့ နောက်ဆုံး အိုနာသေလွတ်ရာ, ရဟန္တာကြီးတစ်ပါးအဖြစ်သို့၊ အပါပုဏိ- ကောင်းစွာမသွေ, ဆိုက်ရောက်တော်မူခဲ့ ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့ ဘုန်းကြီးတို့တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေနဲ့တကွ ဤရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရားကိုသော်လည်းကောင်း၊ ဤအမရပူရမြို့ရှိ ဘုရားအဆူဆူ ဘုရားဟောင်းတို့ကိုသော်လည်းကောင်း၊ သို့မဟုတ်မိမိတို့ စပ်ရာစပ်ရာ နယ်ပယ်အသီးသီးမှာ ဘုရားဟောင်းဘုရားပျက်တို့ကို မွမ်းမံပြင်ဆင်ပြီးသကာလ ကြိုးပမ်းအားထုတ် ပြုလုပ်နေကြတဲ့ ဒကာဒကာမတွေ အထူးသဖြင့် ယခုအနီးကပ်အားဖြင့်ပြောရရင်ဖြင့် ဤရွှေမုဋ္ဌောမဟာသိမ်တော်ကြီး မြတ်စွာဘုရားကို တစ်ကျပ်တစ်ပြားကစ ကုသိုလ်ပါဝင်ပြီးသကာလ ကာယအား, ဉာဏအား,တွေနဲ့ပြုလုပ်နေတဲ့ ဒကာဒကာမတွေက ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရား အရောင်လင်းလာအောင် ပြုနေတာလား၊ အရောင်မှိုက်အောင် ပြုနေတာလား?၊(အရောင်လင်းအောင်ပြုနေတာပါဘုရား)

အဟောင်းတွေကိုသစ်လာအောင်ပြုနေတာလား၊ ဟောင်းသွားအောင်ပြုနေတာလား?၊(သစ်လာအောင်ပြုတာပါဘုရား) မှိုက်မှောင်တဲ့နေရာကဝင်းလာအောင်ပြုနေတာလား၊ မှိုက်သွားအောင်ပြုနေတာလား?၊(ဝင်းလာအောင်ပြုတာပါဘုရား)၊ အခုရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရားက ဝင်းမနေဘူးလား?၊ (ဝင်းနေပါဘုရား) အရောင်တွေလက်မနေဘူးလား?၊(လက်နေပါဘုရား)၊ အဟောင်းတွေကသစ်မသွားဘူးလား?၊(သစ်သွားပါဘုရား)။

http://www.dhammadownload.com



နဂိုတုန်းကဘုရားနီကြီးဘုရားနီကြီးလို့ ရေညှိတွေတက်ပြီးတော့အုတ်ကြို အုတ်ကြားက မြက်တွေပေါက် ချုံတွေထွက်ပြီးတော့ သရဲခြောက်တယ်ပြောလို့ပြော၊ သဘက်ခြောက်တယ်ပြောလို့ပြော၊ လူနီထွက်တယ်ပြောလို့ပြောနဲ့ အမျိုးမျိုးပြော နေရတဲ့ဒီဒေသကြီးက အခုသာယာသန့်ရှင်းပြီးတော့ အရောင်တွေဝင်းမလာဘူး လား?၊(ဝင်းလာပါဘုရား)၊ အဲဒီလိုအရောင်တွေဝင်းလာအောင် ဒီနေ့ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေရဲ့ကာယအား, ဉာဏအား,ငွေအားတွေမပါဘူး လား?(ပါပါဘုရား) ဒါဖြင့် ဒီနေ့ဒကာဒကာမတွေလည်းပဲ စန္ဒာဘရဟန္တာ အရှင် မြတ် သူတော်ကောင်းကြီးကဲ့သို့အလင်းရောင်တောက်တဲ့ ကောင်းမှုကြီးကို ဒို့ကြိုး ပမ်းပြုလုပ်နေရပြီ. . . လို့ မဆိုနိုင်ဘူးလား?၊(ဆိုနိုင်ပါဘုရား)။

ဟော-နောက်ထပ်ဝတ္ထုတစ်ခုရှိသေးတယ်၊အနာရောဂါကင်းသက်ရှည် ခြင်းရှိပြီးတော့ ခန္ဓာကိုယ်အရောင်အလင်းထွက်ပြီးတော့ ရဟန္တာဖြစ်သွားတော်မူတဲ့ အရှင်မြတ်ကြီးတစ်ပါး၊ အနာရောဂါတွေကင်းပြီးတော့ ကျန်းမာခြင်းပကတိနဲ့ ရုပ် ဆင်းအင်္ဂါတောက်ပပြီးတော့ ရဟန္တာဖြစ်သွားတဲ့အရှင်မြတ်ကြီးတစ်ပါး ဘုရား လက်ထက်က။ သူ့အကြောင်းအဲဒီဝတ္ထုပွတ္တိကို ဘုရားကိုယ်တော်မြတ်က ဇာတ် ကြောင်းပြန်ပြီးတော့ ဟောပြန်တော့၊ ဘာဟောလိုက်တုန်းဆိုတော့-

* စတုန္နဝုတိတော ကပ္ပေ, ယံ ကမ္မမကရိံ တဒါ၊
ဒုဂ္ဂတိံ * နာဘိဇာနာမိ, ပဋိသင်္ခါရဿိဒံ ဖလံ။

ပဋိသင်္ခါရဿ-ဘုရားအို, ဘုရားဟောင်းကိုပြုပြင်ခဲ့ရတဲ့၊ ဣဒံ ဖလံ-ဤ ကဲ့သို့, ငါအနာရောဂါကင်းပြီးတော့,ကျန်းမာခြင်းရှိပြီးတော့, ရုပ်ဥပမိအဆင်းနဲ့ ပြည့်စုံပြီးတော့,အာသဝေါကင်းကွာ,ရဟန္တာကြီးတစ်ပါးဖြစ်ရတဲ့ဒီအကျိုးထူးသည်၊ ပဋိသင်္ခါရဿ-စေတီဟောင်း,စေတီပျက်ကြီးကို မွမ်းမံ,ပြင်ဆင်,ပြုပြင်ခဲ့ရခြင်း၏၊ ဖလံ-အကြောင်းရင်း,အကျိုးဆက်သည်၊ ဟောတိ-မုချမသွေ,ဖြစ်ရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ရှင်ဗာကုလမထေရ်ကြီးလိုပဲ. . တဲ့ အနာရောဂါတွေကင်းပြီးတော့ ရုပ်ဆင်းဥပမိနဲ့ ပြည့်စုံတဲ့ ရဟန္တာတစ်ပါးအဖြစ်နဲ့ ငါအခုလိုကျွတ်တမ်းဝင်နိုင်ခဲ့

* အပ-၁၁၄၇၊ သုဓာပိဏ္ဍိယမထေရ်။

http://www.dhammadownload.com



တာဟာဖြင့်၊ ရှေးတုန်းကစေတီဟောင်းတစ်ဆူကို မွမ်းမံပြင်ဆင်ခဲ့တဲ့ကုသိုလ်ကောင်းမှုအခြေခံပါပဲ. . . လို့ သုစာပိဋကအံ့ဘွယ်မထေရ်က အပဒါန်ပါဠိတော်မှာ ပြောခဲ့ပါတယ်၊ အပဒါန်ပါဠိတော်ဆိုတာ ရဟန္တာအရှင်မြတ်ကြီးတွေ, ရဟန္တာမအရှင်မြတ်ကြီးတွေက သူတို့ဇာတ်ကြောင်းသူတို့ပြန်ပြောင်း,ပြန်ပြောင်းပြီးတော့ ပြောကြတာကို အပဒါန်လို့ခေါ်တယ်၊ သူတို့အတ္ထုပ္ပတ် သူတို့ပြန်ပြောတာ၊ခုကာလလိုပြောရင် ကိုယ့်အတ္ထုပ္ပတ်ကိုယ်ပြန်ရေးတဲ့,ကိုယ်ရေးရာဇဝင်၊ ကိုယ်ရေးအတ္ထုပ္ပတ်ပေါ့။

အဲ-ရဟန္တာအရှင်မြတ်ကြီးက ငါ့မှာလေ. . တဲ့ အခုဘဝရဟန္တာဖြစ်ရတဲ့ ဒီဘဝမှာလည်းပဲ မွေးလာတဲ့ အချိန်ကစပြီးတော့၊ အနာရောဂါကင်းကျန်းမာခြင်းနဲ့အထူးတလည်ပြည့်စုံခဲ့ပါတယ်၊ အဲဒါဘာပြုလို့တုန်းဆိုတော့၊ ဟို-လွန်ခဲ့တဲ့(၉၁) ကမ္ဘာထက်တုန်းကငါတို့ရဲ့ ရပ်ရွာအနီးချုံပိတ်ပေါင်းတွေပိတ်ဖုံးပြီးတော့ပျက်စီးနေတဲ့ စေတီတော်ပျက်ကြီးတစ်ဆူကို ငါကဦးဆောင်ပြီးသကာလပြုပြင်မွမ်းမံခဲ့တယ် . . တဲ့၊ အဲဒီပြုပြင်မွမ်းမံခဲ့တဲ့အတွက် ငါ့မှာဖြစ်လေရာဘဝအနာရောဂါတွေဖြစ်ခြင်း၊ ကျန်းမာရေးတွေပျက်ခြင်းဆိုတဲ့ဘေးဆိုး ရန်ဆိုးအန္တရာယ်ဆိုးတွေမှကင်းခဲ့ရတယ်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး စေတီတော်ပျက်ကြီးဆိုပြီးတော့ ကျိုးပဲ့ပျက်စီးနေတာက ရောဂါရနေတာနဲ့မတူဘူးလား?၊(တူပါဘုရား) အဲဒီပျက်စီးကျိုးပဲ့နေတာတွေကိုပြုပြင်လိုက်, ဖာလိုက်ထေးလိုက်,စပ်လိုက်ပိတ်လိုက် အထွတ်တင်လိုက်,မွမ်းမံပြင်ဆင်လိုက်တော့ကျန်းမာရေးတွေကောင်းသွားအောင်ပြုတာနဲ့မတူဘူးလား?၊ (တူပါဘုရား) အဲ-အဲဒီလိုအားဖြင့်စေတီပျက်,စေတီဟောင်း,စေတီဆွေးကြီးကို အသစ်ဖြစ်သွားအောင်,ကောင်းသွားအောင်,ပြတ်နေတာတွေ ဆက်သွားအောင်, ဟောက်နေတာတွေပြည့်သွားအောင်ပြုလုပ်ရတဲ့ကုသိုလ် ကောင်းမှုကြောင့်၊ ငါ့မှာဖြစ်ပွားနေတဲ့ ရောဂါဆိုးရောဂါဟောင်းတွေလည်း ပျောက်ရတဲ့အပြင် နောက်ထပ် အဲဒီရောဂါဆိုးတွေမကျရောက်လာဘဲနဲ့ ကျန်းမာပကတိချမ်းသာခြင်းရှိပြီးတော့၊ ဒုတိယအကျိုးက ဉပမိရုပ်အဆင်းနဲ့ပြည့်စုံခြင်းဆိုတဲ့ အကျိုးကိုရပြီးတော့,ရဟန္တာဖြစ်ခဲ့ရပါတယ်. . . တဲ့။

အခုရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရား နဂိုတုန်းကဘုရားနီကြီး, ဘုရားနီကြီးလို့ ကျိုးပဲ့ယိုယွင်းပျက်စီးနေတာကအနာရောဂါတွေရနေတဲ့ ရောဂါ

http://www.dhammadownload.com



သည်ကြီးနဲ့ မတူဘူးလား?၊(တူပါဘုရား)၊ ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ကုသိုလ်အားကြောင့် ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာ ဘုရားဟာ၊ လန်းလန်းဆန်းဆန်း,မွဲမွဲမတ်မတ်,တင့်တင့်တယ်တယ်, တောက်တောက်ပပကြီးဖြစ်လာတော့ အနာရောဂါတွေကင်းပြီးတော့နေတဲ့သူနဲ့ မတူဘူးလား?၊(တူပါဘုရား) အနာရောဂါတွေကင်းနေရုံမျှမက နဂိုတုန်းက ကျက်သ ရေမရှိတဲ့နေရာမှာ ဒီနေ့ကျက်သရေတွေရှိမလာဘူးလား?၊ (ရှိပါဘုရား) နဂိုတုန်းက မတင့်တယ်တဲ့နေရာတွေမှာ ဒီနေ့ တင့်တယ်ပြီးတော့မလာဘူးလား?၊(လာပါဘုရား)။

ဒါဖြင့် ဒီနေ့ဘုရားဟောင်းကို ပြုပြင်ကြတဲ့ဒကာဒကာမတွေ၊ တတ်စွမ်းသမျှ နဝကမ္မတွေကုသိုလ်ပါဝင်ကြ,နဝကမ္မသာမက၊ကာယအား, ဉာဏအား, လုပ်အားတွေနဲ့ ကုသိုလ်ပါဝင်ကြ၊ ဟိုနည်းနဲ့ဒီနည်းနဲ အမျိုးမျိုးနည်းနဲ့ကုသိုလ်ပါဝင်ကြတဲ့ ဒကာဒကာမတွေက ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရား၊ ဘုရားနီကြီးအဖြစ်နဲ့၊ အရောင်အဆင်းတွေညစ်နွမ်းနေတာတွေ ကျိုးပြတ်နေတာတွေ စပ်မိသွားအောင် ဟောက်နေတာတွေပြည့်သွားအောင် ပြုရာမရောက်ဘူးလား?၊ (ရောက်ပါဘုရား) ဒါ ဖြင့် အဲဒီ သုတပိဋ္ကယမထေရ်ပြောခဲ့တဲ့အတိုင်း၊ မိမိတို့က အဲဒီ အကျိုးတွေကို အထူးတလည်မရည်စူးငြားသော်လည်းပဲ ဘုန်းကြီးတို့ ဒကာဒကာမတွေကတော့ ဘုရားဟောင်းပြုပြင်တော့ နိဗ္ဗာန်ရချင်လို့ နိဗ္ဗာန်မဂ်ဖိုလ်လျင်မြန်စွာရအောင်လို့၊ နိဗ္ဗာန်သာရည်စူးကြသော်လည်းပဲ၊ ယခုနပြောခဲ့သလိုပြတ်တဲ့ နေရာတွေဆက်မိ၊ ကျိုးတဲ့နေရာတွေဆက်မိ, ပေါက်နေတဲ့နေရာတွေပြည့်၊ ဟောက်တဲ့နေရာတွေ ပြည့်ပြီးတော့ မလှတဲ့နေရာတွေကလှ၊ အရောင်အဆင်း ညှိုးမှိန်နေတာတွေက တောက်ပတဲ့ဘုရားကိုယ်တော်မြတ်ကြီး ကျက်သရေရှိလာသလို. . . တဲ့။

သုံးဆယ့်တစ်ဘုံ သံသရာခရီးလမ်း နိဗ္ဗာန်သွားရာလမ်းကြီးမှာလည်း ယနေ့ဒကာဒကာမတွေ၊ ယခုနပြဆိုအပ်ခဲ့တဲ့အတိုင်းအနာရောဂါကင်း ကျန်းမာခြင်းရှိပြီးတော့ တောက်ပသန့်ရှင်းကြည်လင်ခြင်းနဲ့မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေကို ဒီနေ့ပြုရာရောက်နေတာမို့လို့ ဒီနေ့ဒကာဒကာမတွေ အားထုတ်တဲ့အလုပ်သည်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးပေးအပ်ချင်တဲ့အို, နာ,သေရေး, ဒုက္ခဘေးကြီးကင်းဝေးငြိမ်းပြတ်တဲ့ သန္တိသုခနိဗ္ဗာနစာတ်ကြီးနဲ့ ထိုက်အောင်တန်အောင် နေကြတဲ့သူတွေ. . . တဲ့၊ ဟော-နောက်ဆုံးတရားနိဂုံးချုပ်တော့မယ်၊ လော

http://www.dhammadownload.com



ကကြီးထဲမှာ လူတွေဘယ်လောက်ပဲများများ သတ္တဝါတွေဘယ်လောက်များများ . . တဲ့ ဘုရားက၊ အမျိုးအစားခွဲလိုက်လို့ရှိရင် ထိုက်အောင်နေတဲ့လူကတစ်မျိုး၊ ထိုက်အောင်မနေတဲ့လူကတမျိုးလို့. . . လူနှစ်မျိုးရှိတယ်လို့ အဲဒါလေးသိရအောင် ပရိသတ် လိုက်ဆိုစမ်းပါ့-

❖ ထိုက်နေ့,နေသူ, မနေသူ, နှစ်လူရှိကြတယ်၊
ထိုက်နေ'နေလား, မနေလား, စဉ်းစားပါရတယ်။

ဟော-မြတ်စွာဘုရားက လူရယ်လို့ဖြစ်လာလို့ရှိရင် ထိုက်အောင်နေတဲ့ လူကတစ်မျိုး၊ ထိုက်အောင်မနေတဲ့လူကတစ်မျိုးလို့ လူနှစ်မျိုးရှိတယ်လို့ဘုရားက ခွဲပြီးတော့ ဟောလိုက်ပြီ၊ ယနေ့ ဒကာဒကာမတွေကလည်း လူဖြစ်မနေကြဘူး လား?၊ (ဖြစ်နေပါဘုရား) အဲ-ငါတို့ကလည်း လူကမွေးဖွားတဲ့လူဖြစ်နေပြီ၊ ဘုရား ကလည်းလူနှစ်မျိုးရှိတယ်၊ (၁)ထိုက်အောင်နေတဲ့လူကတစ်မျိုး၊ (၂)ထိုက်အောင် မနေတဲ့လူကတစ်မျိုးလို့ နှစ်မျိုးရှိတယ်ဆိုတော့ ငါကထိုက်အောင်နေတဲ့ လူထဲက လား၊ ထိုက်အောင်မနေတဲ့လူထဲကလားလို့ မစဉ်းစားရဘူးလား?၊(စဉ်းစားရပါ ဘုရား)၊ ဆိုစမ်းပါ့-

❖ ထိုက်နေ'နေအောင်,သတိမြှောင်,ကျင့်ဆောင်ကြိုးစားကွယ်။

မြတ်စွာဘုရားကတိုက်တွန်းခဲ့တယ်၊ အေး-လူနှစ်မျိုးရှိတယ်၊ ထိုက်နေ နေတဲ့လူ, ထိုက်နေမနေတဲ့လူလို့ လူနှစ်မျိုးရှိတယ်၊ အဲဒီထဲမှာကိုယ့်ကိုယ်ကိုစဉ်းစား၊ ငါကထိုက်နေနေတဲ့လူထဲကလား၊ ထိုက်နေမနေတဲ့လူထဲကလားလို့ စဉ်းစားပြီး တော့ ကိုယ့်ကိုယ်ကိုထိုက်နေနေတဲ့လူဖြစ်အောင် ကြိုးစားလို့မမှာခဲ့ဘူးလား?(မှာခဲ့ ပါဘုရား) ဒါဖြင့်ထိုက်နေနေတဲ့သူဆိုတာ ဘာပြောတာတုန်းဆိုတော့၊ ဆိုလိုက် စမ်းပါ့-

❖ ' ဒါနထွေထွေ, ပြုရှိနေ, ထိုက်နေ'နေတဲ့သူ၊

မြတ်စွာဘုရားက ထိုက်နေနေတဲ့သူဆိုတာ နိဗ္ဗာန်ရည်မှန်းပြီးတော့ ဒါန ကောင်းမှု, အထွေထွေပြုနေတဲ့လူဟာ အဲဒါ ထိုက်နေနေတဲ့သူပဲ. . တဲ့၊ ထိုက် နေ,ထိုက်မနေဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးဥပမာလေးပေးတယ်၊ ဥပမာတစ်ခုနဲ့ ငါ ပြောမယ်. . တဲ့၊ ရတနာသူဌေးကြီးတစ်ယောက်ရှိတယ်၊ သူ့မှာရတနာတွေက မြောက်များစွာရှိတော့ ရတနာတွေကို အမျိုးမျိုးလက်ဝတ်တန်ဆာ လက်စွပ်တွေ

http://www.dhammadownload.com



လုပ်၊ နားဝတ်တန်ဆာနားကပ်,နားပန် နားဆွဲတွေလုပ်၊ခြေဝတ်တန်ဆာ ခြေခြင်း ခြေကြုပ်တွေလုပ်၊ ခေါင်းဝတ်တန်ဆာ ခေါင်းပေါ်မှာတင်တဲ့ စိန်ဆံထိုး, ရွှေဆံထိုး ကစ အမျိုးမျိုးသောအဆင်တန်ဆာတွေ လုပ်ပြီးတော့၊ လာသမျှပုဂ္ဂိုလ်တွေကို ရတနာအဆင်တန်ဆာတွေနဲ့ ဆင်မယ်လို့ဆိုပြီးတော့ လမ်းဆုံလမ်းမ လမ်းလေး ခွကနေပြီးတော့ မဏ္ဍပ်ကနားကြီးထိုးပြီးတော့ ရတနာသူဌေးကြီးစောင့်နေတယ်။

ရတနာသူဌေးကြီးကမဏ္ဍပ်ကြီးထိုးပြီးတော့ ထိုက်အောင်လာတဲ့သူတွေ ကို ငါကရတနာတွေဆင်မယ်လို့ဆိုပြီးတော့စောင့်နေတော့၊ အဲဒီလာတဲ့သူတွေထဲ မှာ ခြေထောက်မှာလည်းနွံ့တွေနဲ့၊ တစ်ကိုယ်လုံးလည်းချေးတွေ သံတွေနဲ့၊ အဝတ် တွေကလည်းစုတ်စုတ်ပြတ်ပြတ်တွေဝတ်လာ၊ ရေမိုးလည်း မချိုးခဲ့၊ ချေးတွေပေ လို့ နွံ့တွေပေလို့ မျက်နှာလည်းဆီချေးတွေနဲ့၊ အဝတ်တွေကလည်းစုတ်စုတ် ပြတ် ပြတ်တွေဝတ်လာ ခေါင်းကလည်းပဲစုတ်ဖွား ဖြီးလာခဲ့တာမဟုတ်တဲ့သူ၊ အဲဒီလို ပုဂ္ဂိုလ်ကျတော့ ရတနာသူဌေးကြီးက ရတနာတွေဆီးပြီးတော့မဆင်ဘူးတဲ့၊ ဘာပြု လို့တုန်းဆိုတော့ ထိုက်အောင်မလာလို့၊ သူဆင်မယ့်ရတနာတွေနဲ့ ထိုက်အောင် တန်အောင်မလာလို့တဲ့၊ အဲ-ရေမိုးချိုးပြီးတော့ ခန္ဓာကိုယ်သန့်သန့်ရှင်းရှင်းပြုလာ တဲ့သူ ဝတ်ကောင်းစားကောင်းဝတ်လာတဲ့သူ၊ ခေါင်းဖြီးလာတဲ့သူကျတော့ ရတနာ တွေဆီးပြီးတော့ဆင်တယ်၊ ရတနာတစ်ဆင်စာဆင်လိုက်လို့ရှိရင် တစ်သက်တာ လုံးချမ်းသာသွားလောက်တဲ့ ရတနာတွေကိုဆီးပြီးတော့ဆင်တယ်. . . တဲ့၊ အဲဒါ ဘာပြုလို့တုန်းဆိုတော့ ထိုက်အောင်လာလို့ ။

အဲဒါလိုပဲ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းပဲ ဒါနကောင်းမှု,သီ လကောင်းမှု,ဘာဝနာကောင်းမှုဆိုတဲ့ကောင်းမှုသုံးမျိုးတို့တွင်၊ ဒါနကောင်းမှုရေ တွေကိုချိုး၊ သီလကောင်းမှုတွေနဲ့အဝတ်အစားတန်ဆာကောင်းတွေကိုဆင်၊ ဘာ ဝနာကောင်းမှုတွေပွါးပြီးတော့ ခေါင်းဖြီးပြီးတော့လာတဲ့သူများကို မဂ်လေးတန်ဖိုလ် လေးတန်နိဗ္ဗာန်ဆိုတဲ့အဆင်တန်ဆာ ရတနာတွေနဲ့ငါဘုရားရှင်ကိုယ်တော်မြတ် ကြီးတည်းဟူသော လောကုတ္တရာရတနာပိုင်ရှင်ကြီးက ဆီးပြီးတော့ဆင်ပါတယ်. . တဲ့၊ ဘုရားကိုယ်တော်မြတ်ကြီးဆင်မယ့်အဆင်က လောကုတ္တရာရတနာ၊ ပရိ သတ် ဘာရတနာတဲ့တုန်း?၊ (လောကုတ္တရာရတနာပါဘုရား)၊ မဂ်လေးတန်ဖိုလ် လေးတန် နိဗ္ဗာန်ဆိုတဲ့အဆင်တန်ဆာတစ်ခုကိုရလိုက်ရင် အို,နာ,သေရေး ဒုက္ခ ဘေးကြီးတွေ မငြိမ်းဘူးလား?(ငြိမ်းပါဘုရား)။ အပါယ်လေးပါးဘေးကြီးတွေမ

http://www.dhammadownload.com



လွတ်ဘူးလား?၊(လွတ်ပါဘုရား)။

ဒါဖြင့်ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာဒကာမတွေကိုဆင်ချင်တာ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့နဝရတ်ကိုးဖြာ ရတနာအဆင်တန်ဆာကြီးတွေကိုဆင်ချင်တော်မူတယ်၊ ဆင်ပေးချင်ပေမဲ့လို့ မိမိတို့က ထိုက်အောင်တန်အောင်မလာတဲ့သူကိုဆင်နိုင်ပါ့မလား?(မဆင်နိုင်ပါဘုရား) ဒါနကောင်းမှုတွေမပြု, နှမြောစေးကပ်ပြီးတော့ ဟိုမှာနှမြော ဒီမှာနှမြော၊ ကိုယ်မစားရက်, သူများမပေးရက်နဲ့ရွံ့တွေပေပြီးတော့နေတဲ့သူ ဘုရားကဆင်ပါ့မလား?၊ (မဆင်ပါဘုရား) ငါးပါးသီလလေးမှ ခါးဝတ်ပုဆိုးကဲ့သို့ ငါးပါးသီလလုံလုံ ခြုံခြုံဝတ်ကောင်းစားကောင်းလေးမှ ဝတ်မလာရင်ဆင်ပါ့မလား?၊(မဆင်ပါဘုရား)၊ ဘုရားရှိခိုးခြင်း,မေတ္တာပို့ခြင်းဆိုတဲ့ သမထဘာဝနာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ရဲ့ဖြစ်ပျက်ကိုရှုပွားတဲ့ဝိပဿနာဘာဝနာ ဘီးနဲ့ခေါင်းမှမဖြီးခဲ့ရင်လည်း ဆင်ပါ့မလား?၊ (မဆင်ပါဘုရား)။

ဒီနေ့-အားလုံးသောဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရား ယခုလိုအောင်အောင်မြင်မြင်ရွှေထီးတော်ကြီးတင်လှူပူဇော်နိုင်သည့်အထိ၊ မိမိတို့တတ်စွမ်းသမျှ အလှူဝတ္ထုတွေနဲ့လှူဒါန်းနေကြတဲ့အချိန်သည် ထိုက်နေနေတဲ့သူတွေလား၊ ထိုက်နေမနေတဲ့သူတွေလား?၊ (ထိုက်နေနေတဲ့သူပါဘုရား) ဘုရားကိုယ်တော်မြတ်ပေးချင်တဲ့ မဂ်လေးတန် ဖိုလ်လေးတန်,နိဗ္ဗာန်,လောကုတ္တရာရတနာအဆင်တန်ဆာတွေနဲ့ ထိုက်တန်တဲ့သူတွေလား၊ မထိုက်တန်တဲ့သူတွေလား?၊ (ထိုက်တန်တဲ့သူတွေပါဘုရား) မနက်စောစောစားဦးစားဖျား ဘုရားဆွမ်းတော်,ပန်းတော်,ရေချမ်းတော်ကပ်နေတဲ့အမျိုးကောင်းသား,အမျိုးကောင်းသမီးဟာ ဘုရားကိုယ်တော်မြတ်ပေးချင်တဲ့လောကုတ္တရာရတနာတွေနဲ့ ထိုက်အောင်နေတဲ့သူလား၊ ထိုက်အောင်မနေတဲ့သူလား?၊ (ထိုက်အောင်နေတဲ့သူပါဘုရား)။

ဟာ-မနက်လင်းလာ ကိုယ်စားဖို့သောက်ဖို့ပဲ သတိရတယ်၊ ကိုယ့်သားကိုယ့်သမီးကျွေးဖို့ပဲ သတိရတယ်၊ လောဘဇောတိုက်ပြီးတော့၊စားလိုက် သောက်လိုက်၊ဘုရားသတိမရ၊ အမေအဖေသတိမရ၊ ဆရာသမားသတိမရ၊ ဘုရား, တရား, သံဃာ, ရတနာသုံးပါး လှူဖို့တန်းဖို့သတိမရဘဲနဲ့၊ လောဘဇောတိုက်ပြီးတော့

http://www.dhammadownload.com



ကိုယ့်ချည်းစားသောက်ပြီးတော့ ဒါနမပါတဲ့သူက ထိုက်နေ့,နေတဲ့သူလား၊ ထိုက်နေ့, မနေတဲ့သူလား?(ထိုက်နေ့,မနေတဲ့သူပါဘုရား)။ အဲဒီရက် ထိုက်နေ့, မနေတဲ့ ရက်ဖြစ်သလို၊ အဲဒီလ, အဲဒီနှစ်မှာလည်း ထိုက်နေ့,မနေတဲ့လ၊ ထိုက်နေ့, မနေတဲ့နှစ်လို့ မဆိုနိုင်ဘူးလား?၊(ဆိုနိုင်ပါဘုရား)။

ဟာ-ဒီလိုမဟုတ်ဘဲနဲ့ နေ့စဉ်နေ့စဉ် ကိုယ့်စားဦးစားဖျားထဲက ဆွမ်းတော်, ပန်းတော်, ရေချမ်းတော်ကပ်လို့၊ ရောက်လာတဲ့သံဃာရဟန်း လှူဒါန်းလို့၊ ကျွေးမွေးထိုက်, ကျွေးမွေးသင့်တဲ့ ဧည့်သည်တွေကျွေးမွေးလို့၊ အတောင်းရမ်းတွေရောက်လာရင်ပေးကမ်းလို့၊ ကိုယ်တတ်နိုင်သမျှ၊ လက်လှမ်းမီသမျှ၊ လှူဒါန်းပေးကမ်းစွန့်ကြဲမှုကိုနေ့စဉ်, လစဉ်, နှစ်စဉ်ပြုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ထိုက်နေ့,နေတဲ့သူတွေလား၊ ထိုက်နေ့,မနေတဲ့သူတွေလား?၊(ထိုက်နေ့,နေတဲ့သူတွေပါဘုရား)။ ဆိုလိုက်စမ်းပါ-

❖ ဒါနထွေထွေ, ပြု၍နေ, ထိုက်နေ့နေတဲ့သူ၊
သီလထွေထွေ, ထိန်း၍နေ, ထိုက်နေ့နေတဲ့သူ၊

❁

ငါးပါးသီလတော့ နေ့စဉ်လုံအောင်နေမယ်ဆိုပြီးတော့၊ ကိုယ့်သားကျွေးမှု မယားကျွေးမှုကြားထဲကပင် ငါးပါးသီလမပျက်အောင် နေ့စဉ်ထိန်းပြီးတော့နေတဲ့သူ၊ ဥပုသ်သီတင်းတွေ တတ်စွမ်းသမျှရှစ်ပါး, ကိုးပါး, ဆယ်ပါး စတဲ့သီလတွေကို ဥပုသ်စောင့်သုံးပြီးတော့ထိန်းကြတဲ့သူတွေ၊ ဒီထက်တတ်နိုင်သေးရင်ဒုလ္လဘ သီလရှင်တွေဝတ်ပြီးတော့ နိယတ-ရှစ်ပါးသီလ-အမြဲရှစ်ပါးသီလထိန်း၊ သာမဏေဒုလ္လဘ, ရဟန်းဒုလ္လဘဝတ်ပြီးတော့ ရဟန်းသီလ, သာမဏေသီလတွေထိန်းသိမ်းပြီးတော့နေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ထိုက်နေ့နေတဲ့သူတွေလား၊ ထိုက်နေ့မနေတဲ့သူတွေလား?၊(ထိုက်နေ့နေတဲ့သူတွေပါဘုရား)။

ဟာ-ငါးပါးသီလတွေဘာတွေ နားမလည်ပါဘူး၊ ကိုယ်စားရပြီးတာပဲ၊ ကိုယ်သောက်ရပြီးတာပဲ၊ ကိုယ့်သားကျွေးရပြီးတာပဲ၊ ကိုယ့်သမီးစားရပြီးတာပဲ၊ သတ်စရာရှိသတ်ရမှာပဲ၊ ခိုးစရာရှိခိုးရမှာပဲဆိုတဲ့ သီလမလုံမခြုံတဲ့သူတွေက ထိုက်နေ့နေတဲ့သူတွေလား၊ ထိုက်နေ့မနေတဲ့သူတွေလား?၊ (ထိုက်နေ့မနေတဲ့သူတွေပါဘုရား)၊ သူတစ်ပါးသားမယားတွေကျူးလွန်၊ လိမ်ဟာ,ညာဟာဆိုတဲ့သူတွေက

http://www.dhammadownload.com



ထိုက်နေ့နေတဲ့သူတွေလား၊ ထိုက်နေ့မနေတဲ့သူတွေလား?၊ (ထိုက်နေ့မနေတဲ့သူတွေပါဘုရား)။ မှိုးမှိုးမှောင်မှောင်ဆိုရင် ညနေပုလင်းထောင်နေတဲ့ကောင်တွေက ထိုက်နေ့နေတဲ့ကောင်တွေလား၊ ထိုက်နေ့မနေတဲ့ကောင်တွေလား?၊(ထိုက်နေ့မနေတဲ့ကောင်တွေပါဘုရား)၊ အမယ်-တရားကလည်း၊ လူတောင် မဟုတ်တော့ဘူး အကောင်ဖြစ်သွားပြီ နော်၊ မှိုးမှိုးမှောင်မှောင် ပုလင်းထောင်ဆိုတော့ "အကောင်"နဲ့က ကာရံလိုက်တာကိုး၊ ဒါ့ကြောင့်မို့လို့ အကောင်လို့ဆိုလိုက်ရတာ၊ ထိုက်နေ့နေတဲ့သူတွေလား ထိုက်နေ့မနေတဲ့သူတွေလား?၊(ထိုက်နေ့မနေတဲ့ သူတွေပါဘုရား)။ ဒါဖြင့်ဆိုလိုက်စမ်းပါ-

❖ **သီလထွေထွေ, ထိန်း၍နေ, ထိုက်နေ့နေတဲ့သူ၊**
**ဘာဝနာထွေထွေ, ပွါး၍နေ, ထိုက်နေ့နေတဲ့သူ၊**

ဘာဝနာဆိုတာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ(၂)မျိုးရှိတယ်၊ ဗုဒ္ဓါနုဿတိ-ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီးတော့၊ အခု ရွှေရွက်ဝါအဖွဲ့တို့လို အဖွဲ့တွေက ဂုဏ်တော်တွေအာရုံပြုပြီးတော့ မဟာသမယတို့လိုသုတ္တန်တွေ, ဓမ္မစကြာတွေ၊ အနတ္တလက္ခဏာသုတ်တွေ စသည်တွေကို ရွတ်ဖတ်ပြီးတော့နေတဲ့အချိန်ဟာ ထိုက်နေ့နေတဲ့သူတွေလား, ထိုက်နေ့မနေတဲ့သူတွေလား?၊ (ထိုက်နေ့နေတဲ့သူတွေပါဘုရား)၊ သံဃာတော်တွေ(၁၀၈)ပါး၊ (၁၀၈)ပါး စု၍သော်လည်းကောင်း၊ တစ်ပါး, နှစ်ပါး, သုံးလေးပါးအားဖြင့်သော်လည်းကောင်း၊ ဘုရားဝတ်တက်ကြ၊ ပဋ္ဌာန်းတရားတော်တွေ ရွတ်ပွားသရဇ္ဈာယ်ကြတဲ့အချိန် ထိုက်နေ့နေတဲ့သူတွေလားထိုက်နေ့မနေတဲ့သူတွေလား?၊(ထိုက်နေ့နေတဲ့သူတွေပါဘုရား)။

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေအနေနဲ့လည်း ကိုယ်တတ်စွမ်းသမျှ ဘုရားအာရုံတွေ အာရုံပြုပြီးတော့ တစ်ယောက်တည်းသော်လည်းကောင်း၊ အများစုပေါင်း၍သော်လည်းကောင်း၊ ရွတ်ပွါးသရဇ္ဈာယ်ပြီးတော့ ဘုရားဂုဏ်တွေအာရုံပြုပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ်၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပွါးများနေတဲ့အချိန် ထိုက်နေ့နေတဲ့သူလား ထိုက်နေ့မနေတဲသူလား?၊(ထိုက်နေ့နေတဲ့သူပါဘုရား)၊

သတ္တဝါတွေ ကျန်းမာစေကြောင်း, ချမ်းသာစေကြောင်း, တစ်ယောက်တည်းသော်လည်းကောင်း, အများစုပေါင်း၍သော်လည်းကောင်း,မေတ္တာရေ

http://www.dhammadownload.com



လောင်း၊ မေတ္တာပွါးပြီးတော့နေတဲ့အချိန် ထိုက်နေ့'နေတဲ့အချိန်လား၊ ထိုက်နေ့'မနေတဲ့အချိန်လား?၊ (ထိုက်နေ့'နေတဲ့အချိန်ပါဘုရား)၊ ဝိပဿနာတရား ရုပ်,နာမ် ခန္ဓ သင်္ခါရတွေရဲ့ ဖြစ်ပျက်မှုန်ကိုရှုပွါးပြီးတော့ နေတဲ့အချိန် ထိုက်နေ့'နေတဲ့အချိန်လား၊ ထိုက်နေ့'မနေတဲ့အချိန်လား?၊(ထိုက်နေ့'နေတဲ့အချိန်ပါဘုရား)၊ ညအိပ်ရာဝင်လို့မှ ဘုရားရှင်ကိုသတိမရ၊ ဘုရားလက်အုပ်ချီရမှန်းမသိ၊ တရားကိုအရိုအသေပေးပြီးတော့ ဦးညွှတ်ပြီးတော့ အိပ်ရမှန်းမသိ၊ သံဃာကိုလက်အုပ်ချီမိုးရှိခိုးကန်တော့ အိပ်ရမှန်းမသိ၊ မိဘဘိုးဘွား ဆရာသမားတွေရဲ့ ကျေးဇူးဂုဏ်ကို အာရုံပြုပြီးတော့ လက်အုပ်ချီမိုးရှိခိုးရမှန်းမသိဘဲနဲ့ ဝူးတူးဝါးတား နမူးနထူးနဲ့ နေ့စဉ်အိပ်ကြတဲ့ အမျိုးသား, အမျိုးသမီးတွေက ထိုက်နေ့'နေတဲ့သူတွေလား, ထိုက်နေ့'မနေတဲ့သူတွေလား?၊(ထိုက်နေ့'မနေတဲ့သူတွေပါဘုရား)၊ ဝိပဿနာတရားဆိုတာနားမလည်၊ ဝိပဿနာဆိုတာ ငါတို့နဲ့မဆိုင်သလို ဝိပဿနာကျောခိုင်းပြီးတော့နေကြတဲ့သူတွေက ထိုက်နေ့'နေတဲ့သူတွေလား ထိုက်နေ့'မနေတဲ့သူတွေလား?၊(ထိုက်နေ့မနေတဲ့သူတွေပါဘုရား)၊ ကိုင်း-အစကပြန်စလိုက်မယ်-

❖ ထိုက်နေ့'နေသူ, မနေသူ, နှစ်လူရှိကြတယ်။
ထိုက်နေ့'နေလား, မနေလား, စဉ်းစားပါရတယ်။
ထိုက်နေ့'နေအောင်, သတိမြှောင်, ကျင့်ဆောင်ကြိုးစားကွယ်။
❖ ဒါနထွေထွေ, ပြုရှိနေ, ထိုက်နေ့'နေတဲ့သူ။
သီလထွေထွေ, ထိန်းရှိနေ, ထိုက်နေ့'နေတဲ့သူ။
ဘာဝနာထွေထွေ, ပွါးရှိနေ, ထိုက်နေ့'နေတဲ့သူ။

အဲဒီလိုအားဖြင့် ဒါနကောင်းမှုတွေကို ကြိုးပမ်းအားထုတ်ပြုလုပ်နေကြတဲ့အချိန်၊ အခုဒီနေ့ ဘုရားကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီးတော့ ဆွမ်းတော်ပွဲတွေ အသီးသီးနဲ့ လာရောက်ပြီးတော့ ပို့ကြလှူကြနဲ့ ဆွမ်းတော်ကြီးပွဲတွေ ကပ်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ထိုက်နေ့'နေတဲ့သူတွေလား ထိုက်နေ့' မနေတဲ့သူတွေလား?၊(ထိုက်နေ့'နေတဲ့သူပါဘုရား)၊ အဲဒီ ဆွမ်းတော်ကြီးပွဲလာပို့ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေကို ပန်းရုံဆရာကြီး ဦးဝင်းနဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ထမနဲဘောဇဉ်တွေဖြင့်၊ ဟောဇီးဖြူသီးတို့ငါးပိကြော်တို့နဲ့တဲ့၊ ပြီးတော့ ဘာတဲ့တစ်မယ်က၊ လေးမယ်တောင်ကြားလိုက်တာ၊ အဲဒီကျွေးမွေးစရာတွေနဲ့ကျွေးမွေးဧည့်ခံနေတဲ့ ကုသိုလ်ကောင်းမှုရှင်

http://www.dhammadownload.com



တွေကထိုက်နေနေတဲ့သူတွေလား၊ ထိုက်နေမနေတဲ့သူတွေလား?၊(ထိုက်နေနေတဲ့သူတွေပါဘုရား)။

ဟာ-နက်ဖြန်ခါကျတော့လည်းပဲ သံဃာတော် ငါးရာကျော်တို့ကို ဆွမ်းဘောဇဉ်တွေ လောင်းလှူဆက်ကပ်ပြီးတော့ နေကြတဲ့အချိန်, ထိုက်နေ'နေတဲ့သူတွေလား ထိုက်နေ'မနေတဲ့သူတွေလား?၊ (ထိုက်နေ'နေတဲ့သူတွေပါဘုရား)၊ မနက်စောစော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီးတော့ ဆွမ်း,ခဲဘွယ်ဘောဇဉ်, မုန့်ပဲသွားရေစာ စသည်တို့ဖြင့် ဆက်ကပ်လှူဒါန်းပြီးတော့ နေတဲ့အချိန်ထိုက်နေ'နေတဲ့အချိန်လား ထိုက်နေ'မနေတဲ့အချိန်လား?၊(ထိုက်နေ'နေတဲ့အချိန်ပါဘုရား)၊ အဲဒီ-မနက်ဖြန်ခါကြွရောက်လာမယ့် ပရိသတ်တွေကို တတ်စွမ်းသမျှစတုဒိသာ ထမနဲ(၁၁)တင်းထိုးပြီးတော့ ကျွေးမွေးဧည့်ခံ၊ လိမ္မော်သီးတွေဝေငှကမ်းလှမ်း၊ ဇီးသီးတွေ ဝေငှကမ်းလှမ်း၊ အုတ်သူကြီးဦးမြအောင်တို့မိသားစုကလည်းပဲကြာဆံဘောဇဉ်တွေနဲ့ စတုဒိသာကျွေးမွေးဧည့်ခံခြင်း အစရှိတဲ့ ကျွေးမွေးလှူဒါန်းဖွယ်တွေနဲ့ ကျွေးမွေးဧည့်ခံနေကြတဲ့ အလှူ့ရှင်တွေက ထိုက်နေ'နေတဲ့သူတွေလား, ထိုက်နေ'မနေတဲ့သူတွေလား?၊(ထိုက်နေ'နေတဲ့သူတွေပါဘုရား)။

အဲဒီလိုအားဖြင့် ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေကလည်း၊ မိမိတို့တတ်စွမ်းသမျှ လှူဖွယ်တန်းဖွယ်တွေနဲ့ ဘုရားကိုလည်းကောင်း, တရားကိုလည်းကောင်း, သံဃာတော်အရှင်မြတ်တွေကိုလည်းကောင်း သပိတ်တွေ, ဆွမ်းဘောဇဉ်တွေနဲ့ လှူဒါန်းပြီးတော့နေကြတဲ့အချိန် ထိုက်နေ'နေတဲ့အချိန်လား ထိုက်နေ'မနေတဲ့အချိန်လား?၊(ထိုက်နေ'နေတဲ့အချိန်ပါဘုရား)။ အဲဒီသူတစ်ပါးတွေအလှူဝတ္ထုတွေကို အထမြောက်အောင်ဆိုပြီးတော့ ပုဂံခွက်ယောက်ဆေးကြောခြင်းကစ နေရာထိုင်ခင်း ခင်းကျင်းခြင်းကအစ၊ ဝေယျာဝစ္စကုသိုလ်တွေကို ဝိုင်းပြီးတော့ပြုလုပ်တဲ့ စာရိတ္တသီလလို့ခေါ်တဲ့ ဝေယျာဝစ္စသီလတွေပြုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ထိုက်နေ'နေတဲ့သူတွေလား ထိုက်နေ'မနေတဲ့ သူတွေလား?၊(ထိုက်နေ'နေတဲ့သူတွေပါဘုရား)။

မိမိတို့အလှူဝတ္ထုပစ္စည်းတွေကို သုံးဆောင်မယ့် အလှူခံပုဂ္ဂိုလ် သံဃာတော်ငါးရာကိုသော်လည်းကောင်း၊ ကြွလာမယ့်ပရိသတ်တွေကိုသော်လည်းကောင်း ထမနဲစားကြမယ့်, လိမ္မော်သီးစားကြမယ့်, ဇီးသီးစားကြမယ့်, ကြာဆံသောက်ကြ

http://www.dhammadownload.com



မယ့် ပရိသတ်တွေကို အလှူ့ရှင်တွေက ချမ်းသာစေချင်တာလား ဆင်းရဲစေချင်တာလား?၊(ချမ်းသာစေချင်တာပါဘုရား)၊ အဲဒီချမ်းသာစေချင်တဲ့တရားကို မေတ္တာလို့ခေါ်တာဖြစ်တော့၊ မေတ္တာသမထဘာဝနာကြီး ပါမသွားဘူးလား?၊(ပါသွားပါဘုရား) အဲဒီစားသောက်တဲ့သူတွေ ပြည့်ဖြိုးသွားစေချင်တာလား မပြည့်ဖြိုးသွားစေချင်တာလား?၊(ပြည့်ဖြိုးသွားစေချင်တာပါဘုရား)၊ အဲဒီပြည့်ဖြိုးသွားစေချင်တာကို မေတ္တာလို့ခေါ်တာဖြစ်တော့ သမထဘာဝနာပွဲးရာမရောက်ဘူးလား?၊(ရောက်ပါဘုရား)၊ ဒါ့ဖြင့်-အဲဒီလိုချမ်းသာစေချင်တဲ့စိတ်တွေ, ဝစေချင်တဲ့စိတ်တွေ, တင်းတိမ်စေချင်တဲ့စိတ်တွေ, အားရစေချင်တဲ့စိတ်တွေဖြစ်နေတဲ့အချိန် ထိုက်နေ'နေတဲ့အချိန်လား ထိုက်နေ'မနေတဲ့အချိန်လား?၊(ထိုက်နေ'နေတဲ့အချိန်ပါဘုရား)။

အဲဒီလိုအားဖြင့် ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီးမရှိသော်ငြားလည်း၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ကြီးကဲ့သို့၊ သူ့ရဲ့ရှေ့မှာ ဘုရား, တရား, သံဃာ, ရတနာသုံးပါးပေါ်လာအောင်ပြုရာရောက်တဲ့အပြင် ထိုက်နေ' နေအောင်ကြိုးပမ်းအားထုတ် ပြုလုပ်နေတဲ့ ဒီနေ့ဒကာ, ဒကာမတွေဟာ အို,နာ,သေရေး ဒုက္ခဘေးကြီး ကင်းဝေးငြိမ်းပြတ် သန္တိသုခနိဗ္ဗာနဓာတ်ကြီးကို ပရိသတ်ကြီး ရမယ့်သူတွေလား မရမယ့်သူတွေလား?၊(ရမယ့်သူတွေပါဘုရား)၊ ဒါဖြင့်-သက်တော်ထင်ရှားဘုရားရှိရှိ သက်တော်ထင်ရှားဘုရားမရှိမရှိ မိမိကိုယ်မိမိ ထိုက်အောင်နေတဲ့သူတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ဖို့က လိုရင်းပဲလို့ ပေါ်မလာဘူးလား?(ပေါ်လာပါဘုရား)။

ဘုရားကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိနေလင့်ကစား၊ ဘုရားနားကပ်ပြီးတော့ မဟုတ်က, ဟုတ်က, အယုတ္တ, အနတ္တတွေလုပ်နေတဲ့ အရှင်ဒေဝဒတ်ဟာ မဂ်လေးတန်ဖိုလ်လေးတန်ရရဲ့လား?(မရပါဘုရား)။ ဘုရားနားကပ်ပြီးတော့တောင်လုပ်မြောက်လုပ်လုပ်ပြီးနေတဲ့ စိဉ္စမာနတို့အဝီစိမကျဘူးလား?(ကျပါဘုရား) ဘုရားနားကပ်ပြီးတော့တောင်လုပ်မြောက်လုပ် လုပ်နေတဲ့တိတ္ထိတွေ အပါယ်လေးပါးမကျဘူးလား?(ကျပါဘုရား)။ဘုရားပေးချင်တဲ့ မဂ်လေးတန်ဖိုလ်လေးတန်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးပါး အဆင်တန်ဆာများရရဲ့လား?၊(မရပါ ဘုရား)၊ ဒါဖြင့်-ဘုရားသက်တော်ထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးနဲ့စပ်ပြီးတော့ မိမိတို့ကထိုက်အောင်နေတဲ့သူတွေ ဖြစ်အောင်ကျင့်ဆောင်

http://www.dhammadownload.com



ကြိုးကုတ် အားထုတ်ဖို့ မလိုဘူးလား?၊(လိုပါဘုရား)၊ အဲ-အဲဒီဂါထာလေးကိုရွတ်ပြီး တော့ တရားနိဂုံးသတ် သာဓုခေါ်ပြီးတော့သိမ်းရအောင်-

* တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ, သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိ ဟေတူ ဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစာပိ-သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား, မြတ်ဘုရား၌လည်းကောင်း၊ နိဗ္ဗုတေစာပိ-ရှေးပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူထွဋ်ထား, မြတ်ဘုရား၌လည်းကောင်း၊ စိတ္တေ-ဘုရားအာရုံ, ကောင်းစွာထုံ၍, တလုံလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးသည်၊ သမေ-သဒ္ဓါပညာ, အရာရာက, မကွာတန်းတူ, ညီမျှပါမူကား၊ သမံ ဖလံ-အကျိုးပေးဟန်, အတန်တန်သည်, ဧကန်ညီမျှ, တန်းတူရလေတော့၏၊ ဟိယုတ္တံ-ထိုစကားလျှင်, မမှားဧကန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ-ယုတ်မြတ်မဆူ, သူငါကစ, သတ္တဝါဟူသမျှတို့သည်၊ စေတောပဏိဓိဟေတု-စိတ်နေစိတ်ထား, ကြီးမားဖြူစင်, ကြည်လင်သန့်ရှင်း, အကြောင်းရင်းကြောင့်၊ သုဂ္ဂတိံ-လူ့ရွာနတ်ထံ, ချမ်းသာစံလျှက်, နိဗ္ဗာန်တိုင်ထိ, အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ-ပါရမီစွမ်းသလောက်, စခန်းထောက်၍, လှမ်းရောက်တော်မူကြ ပါပေကုန်သတည်း . . ။

သာဓု. . . . သာဓု. . . . သာဓုဘုရား။

* ဝိမာန-၆၆။ ဋ္ဌ-၁၈၆။ ဓမ္မ-ဋ္ဌ-၂၁၆၄။ ဇာ-ဋ္ဌ-၃၊၁၈၇။

http://www.dhammadownload.com

# * သုဘဒ္ဒါ–မိန်းကလေး သံဃိက,ပုဂ္ဂလိကအလှူ တရားတော်

၁၃၄၂-ခုနှစ်-ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိသံဃာတော်ငါးရာကျော်တို့အား မွန်မြတ်သောဆွမ်း ခဲဘွယ်ဘောဇဉ်ချိုချဉ်အရသာအဖြာဖြာတို့ဖြင့် နံနက်ဆွမ်း, နေ့ဆွမ်းလာရောက်ပြီးတော့ ဆက်ကပ်လှူဒါန်းကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ မန္တလေးမြို့(၂၆) ဘီလမ်း ပွဲကုန်းလမ်းမတန်းမှာနေထိုင်ကြသော ညီအမများဖြစ်ကြတဲ့ အမကြီးဒေါ်ဘီမိသားစု၊ ညီမလတ်ဖြစ်သော ဦးခင်မောင်+ဒေါ်ဒီမိသားစု၊ ညီမအငယ်ဖြစ်သော ဒေါ်ချစ်တင်မိသားစုတို့ ဖြစ်ကြပါတယ်. . တဲ့။

ဒီတော့-ယနေ့ ဆွမ်းအမညီအမသုံးယောက်မိသားစုနဲ့, အခု ဆွေသားမျိုးသားတစ်သိုက်က ဒီ-ဂန္ဓာရုံတိုက်သံဃာတော်(၅၀၀)ကျော်တို့ကို ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့ တစ်နေ့စာအတွက် အရုဏ်ဆွမ်း နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းဖြင့်၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို၊ ဂန္ဓာရုံတိုက်မှထမ်းရွက်နေတဲ့ကိစ္စမှာ၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အသက်တစ်ရက်တိုးရှည်အောင်၊ ထောက်ပံ့လိုက်ရခြင်းပဲ၊ ဂန္ဓာရုံတိုက်သာသနာတော်အသက် တစ်ရက်တိုးရှည်အောင်၊ အထောက်အပံ့ပေးလိုက်ရခြင်းပဲ. . လို့။ အထောက်အပံ့ပေးလိုက်ရင်းနဲ့ သံဃိကကုသိုလ်ထုပ်ကြီးကို ထုပ်ရခြင်းပဲ. . လို့ ဒီလိုအထိအာရုံယူထားပါ။

ဘုန်းကြီးတို့ ဒီဂန္ဓာရုံတိုက်သံဃာတော်တွေ၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ထမ်းကြတာ မြန်မာတစ်နိုင်ငံလုံး ဟိုနေရာဒီနေရာ သူ့နေရာနဲ့သူထမ်းနေကြတာ၊ ကျောင်းတိုက်ကြီးတွေ ရိပ်သာတွေအသီးသီး ပဋိပတ္တိဌာန,ပရိယတ္တိဌာန အသီးသီးက ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး ပျောက်ပျက်မသွားအောင်၊ ကမ္ဘာသူကမ္ဘာသား သတ္တဝါများရဲ့ ချမ်းသာကိုသယ်ပိုးဆောင်ရွက်နိုင်တဲ့ စွမ်းရည်ရှိတဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး ပရိယတ်,ပဋိပတ်ပျောက်ကွယ်မသွားအောင်ထမ်းရွက်ပြီးတော့ အသီးသီးအားထုတ်နေကြတဲ့အနက်က ဂန္ဓာရုံတိုက်ဟာနေရာဌာနတစ်ခုပါ။

---

* ဒုဋ္ဌလ္လဝိမာနဝတ္ထု-ဝိမာန-၄၈။ ၄-၁၃၆။

http://www.dhammadownload.com



မြတ်စွာဘုရားသာသနာတော်ကြီးကို ထမ်းရွက်နေတဲ့ဌာနလေးတစ်ခုပါ။ အဲဒီဌာနမှာ ဘုန်းကြီးတို့ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက အများစုနဲ့မတူ တမူထူးခြားနေတာက ရောက်လာတဲ့မြန်မာနိုင်ငံအရပ်ရပ်က စာသင်သားသံဃာတော်တွေ ပဲတစ်စေ့ ဆန်တစ်မှုံ ဆီတစ်စက်မပါချင်နေပါ၊ မြတ်စွာဘုရားသာသနာတော်ကိုသာ ပီပီပြင်ပြင် အသရေရှိအောင်ထမ်းပါ ငါတတ်နိုင်သမျှ ကျွေးမွေးပြီးတော့ မင်းတို့ကိုပြုစုမယ်ဆိုပြီးတော့ ဆရာတော်ဘုရားကြီးက. ဒီသံဃာတော်တွေကို မနက်အရုဏ်ဆွမ်းကျွေးပြီးတော့ထောက်ပံ့၊ နေ့လယ်ဆွမ်းခံသွားလို့ရလာတဲ့ဆွမ်းနဲ့ မျှတအောင် တင်းတိမ်အားရအောင် ဟင်းနှစ်ခွက်ချက်ပြီးတော့ ထောက်ပံ့၊ ညနေကျတော့ ဆာနေမှာစိုးလို့ဆိုပြီးတော့ အဖျော်ယမကာတိုက်ကျွေး၊ ဒီသုံးခုသော ဝန်ထုပ်ဝန်ပိုးကိုထမ်းပြီးတော့ သာသနာတော်ကြီးကို ပြုစုစောင့်ရှောက်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလိုပြုစုစောင့်ရှောက်လာရာက ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူပြီးတဲ့ အခါမှာ၊ ယနေ့လက်ရှိ နာယကဆရာတော်တွေနှင့် ဝန်ဆောင်တွေကလည်း ဒီတာဝန်ကြီးကို ဆက်လက်ပြီးတော့ ဘုန်းကြီးတို့ထမ်းကြပါတယ်။

ထမ်းနေနိုင်သမျှ ထမ်းကြရအုန်းမယ်ဆိုပြီးတော့ ထမ်းနေကြရပါတယ်၊ ထမ်းနေကြတော့ ဘုန်းကြီးတို့မှာတစ်နှစ်စာအတွက်ရှာရတယ်. . .။ဒီသံဃာတော်တွေကို ဆရာတော်ဘုရားကြီးထောက်ပံ့သွားသလို၊ မနက်စောစော အဆာပြေတစ်ထပ်ကျွေးနိုင်အောင်၊ နေ့လယ်ဟင်းနှစ်ခွက်ချက်နိုင်အောင်ရှာရတယ်၊ ထန်းလျက်တွေပြည့်စုံအောင်ရှာရတယ်၊ အဲဒါကို ဒီနေ့အလှူရှင်များက ကောင်းမှုပြုကြခြင်းဖြင့်၊ဂန္ထာရုံသက်တစ်ရက်တိုးသွားအောင် ထောက်ပံ့လိုက်ကြခြင်းပဲ. . . တဲ့၊ ဒီလိုထောက်ပံ့လိုက်ရုံသာမကဘူး၊ ဒီနေ့လှူရတဲ့အလှူက သံဃိကအလှူ၊ သံဃိကအလှူဆိုတာ-ရှေးကစကားပုံတစ်ခုရှိတယ်--"ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်အကျိုးရတယ်"။ ညောင်ပင်ကြီးလောက်လှူပေမဲ့လို့ ညောင်စေ့လောက်အကျိုးရတတ်တယ်။ လူကြီးသူမစကားပုံတစ်ခုရှိတယ်။

အဲဒီထဲမှာ ညောင်စေ့လောက်လှူလို့ ညောင်ပင်ကြီးလောက် အကျိုးရနိုင်တယ်ဆိုတာ-ဒီလိုသံဃိကအလှူမျိုးကို ရည်ရွယ်ပြီးတော့ဆိုထားတဲ့စကား။ ဘာပြုလို့တုန်းဆိုတော့-ဒီနေ့ ဒေါ်ဘီတို့ ဒေါ်ချစ်တင်တို့မိသားစုပဲ စဉ်းစားကြည့်စမ်းပါလား။ သံဃိက-ဂန္ထာရုံတိုက်သံဃာတော်ငါးရာကျော် ဖိုးသူတော်တွေနဲ့ပါဆို

http://www.dhammadownload.com



ခြောက်ရာနီးပါးဆက်ကပ်ရမယ်,ကျွေးရမယ်,မွေးရမယ်၊ လှူဒါန်းရမယ်လို့ဆိုတော့ စိတ်ကဘယ်လိုဖြစ်နေသလဲ။ စေတနာတွေကပြန့်. . လို့၊ သံဃာတော်ငါးရာကျော် အာရုံကရောက်နေတာ။ ကပ်မယ်,ဆွမ်းတွေလောင်းမယ်, စောစောထဲက-သံဃာ တော်ငါးရာကျော်, သံဃာတော်ငါးရာကျော်နဲ့ စေတနာထုထည်ကလေ. . . တစ်ပါးတစ်ပါးဆီပေါ် မှာရောက်နေတော့ စေတနာထုထည်ကြီးက ကြီးသွားလိုက် တာ၊ ဒီထဲမှာ ချစ်ခင်တွယ်တာသံယောဇဉ်ဖြစ်စရာဆိုလို့မပါဘူး။ ဗိုသားဉူးဇင်း, ဗိုတူကိုရင်, ဗို့ရဲ့ဦးကြီး ဦးလေးစသည်ဖြင့် နွယ်စရာမပါဘူး။

မြတ်စွာဘုရားသာသနာတော်ကြီးထမ်းရွက်တော်မူနေကြတဲ့ အရှင် ကောင်းအရှင်မြတ်တွေ. . . လို့။ ဒီလိုအာရုံပြုပြီးတော့ သံဃာတော်တွေအပေါ် ရောက်နေတဲ့စေတနာကကြီးကျယ်လိုက်တာ။ စေတနာတင်မကဘူး မေတ္တာက လည်းကြီးကျယ်လိုက်တာ၊ သံဃာတော်တွေ မိမိတို့လှူတဲ့ဆွမ်းတွေ ချမ်းချမ်း သာသာဘုဉ်းပေးစေလိုတယ်၊ ဘုဉ်းပေးစေချင်တယ်။ ဘယ်လောက်သံဃာတော် တွေတုန်း ငါးရာကျော်. . . လို့ဆိုတော့ မေတ္တာဓာတ်ကလည်း ငါးရာကျော်အထိ ဖြန့်ဆင်းသွားတယ်။ အလှူခံပုဂ္ဂိုလ်ငါးရာကျော် ခြောက်ရာနီးပါးဆိုတော့ မေတ္တာ ဓာတ်တွေက တစ်ပါးတစ်ပါးတိုင်းအပေါ် မှာပြန့်နေတယ်၊ ခုနက သံဃာတော်တွေ ကို ဆွမ်းလောင်းနေတယ် တစ်ပါးကြွလာတိုင်း, တစ်ပါးကြွလာတိုင်း စေတနာတွေ, မေတ္တာတွေ, သဒ္ဓါတွေ,ဓာတ်တွေက တစ်ပါးတစ်ပါးတိုင်းအပေါ် မှာပြန့်နေတာ။

သံဃာတော်တွေ ဆွမ်းဘုဉ်းပေးနေတဲ့အချိန်မှာ လှည့်ပတ်ပြီးတော့ ကြည်ညိုတော့ သံဃာတော်တွေအကုန်လုံး သိမ်းကြုံးပြီးတော့အာရုံပြုနေတော့ မုဒိတာတွေဖြစ်နေတယ်။ ဝမ်းသာလိုက်တာ ကိုယ်လှူတဲ့ဆွမ်းတွေ, ဟင်းတွေ, ဘောဇဉ်တွေကို သာသနာတော်အကျိုးသယ်ပိုးနိုင်အောင် ဘုဉ်းပေးနေတော်မူကြ တာတွေမြင်တော့၊ ဝမ်းသာ. . . လို့ ဝမ်းသာလို့၊ ပြဟ္မစိုရ်တရားခေါ် တဲ့ မေတ္တာ ဂိုဏ်းဝင် မုဒိတာဖြစ်နေတာ၊ အဲဒီမုဒိတာလည်း အတိုင်းအတာပမာဏပြစမ်းပါဆို တော့. . . ဒီနေ့- ဆွမ်းဒကာ, ဆွမ်းအမညီအမတစ်တွေ မိသားစုတွေရဲ့ သန္တာန်မှာ တိုင်းလို့မရဘူး. . တာလို့မရဘူး. . မေတ္တာသဘော။

ဒါ့ကြောင့် စာက-အပ္ပမည-လို့ခေါ် တယ်သူတို့ကို၊ အပ္ပမညဆိုတာ- "ဤ၍ဤမျှ,ပမာဏတိုင်း, ပိုင်းခြားကန့်သတ်,မထားအပ်သည့်, သတ္တဝါ

http://www.dhammadownload.com



ခေါ်, ပည့တ်ပေါ်တွင်, အာရုံထင်, အပွမညာခေါ်"။ ဘယ်လောက်ရယ်လို့ကို တိုင်းတာလို့မရဘူး၊ ဒီသံဃာတော်တွေအပေါ်မှာအာရုံပြု. . . ပြီးတော့ ဖြစ်နေတဲ့ စေတနာတွေ လှူလိုတန်းလိုတဲ့ ကုသိုလ်စေတနာတွေ၊ ဒီသံဃာတော်တွေ ချမ်းသာစေလိုတဲ့ မေတ္တာတွေ၊ ဒီသံဃာတော်တွေ ဘုဉ်းပေးနေတာကို စိတ်ထဲ ဝမ်းသာနေတဲ့ မုဒိတာတွေ။ ဒီသံဃာတော်တွေကိုလှူလိုက်ရလို့ရှိရင် တို့မှာဘယ်လိုဘယ်လိုမဂ်ဖိုလ်နိဗ္ဗာန်ထိအကျိုးဆောင်လိမ့်မယ်. . လို့ ယုံကြည်နေတဲ့သဒ္ဓါတွေ၊ ဒီထုထည်တွေကတိုင်းလို့မရဘူး၊ ဒါကြောင့် သံဃိကအလှူကပိုပြီးတော့ အကျိုးကြီးတယ်. . . လို့ဆိုရတာ။

ရှေးတုန်းကမြတ်စွာဘုရားလက်ထက်က-နာလကဆိုတဲ့ရွာမှာ သူဌေးသမီးနှစ်ယောက်ရှိတယ်၊ အမကြီးကဘဒ္ဒါ-တဲ့၊ ညီမကသုဘဒ္ဒါ။ အဲဒါ အမကလှူလေ့ တန်းလေ့ ပေးလေ့ကမ်းလေ့ရှိပါတယ်၊ သံဃာတော်တွေကိုကိုးကွယ်တယ်၊ ဒါပေမဲ့လို့ သူကပုဂ္ဂလိကအလှူများတယ်၊ သူကြည်ညိုတဲ့သံဃာပင့်ထားတယ်၊ ပင့်ပြီးတော့ ဆွမ်းကျွေးတဲ့အခါကျွေးတယ်၊ သင်္ကန်းလှူတဲ့အခါလှူတယ် အမကြီးဘဒ္ဒါက၊ ညီမသုဘဒ္ဒါကတော့ကုသိုလ်ကောင်းမှုလုပ်ရမှန်းမသိဘူး၊ သူကတော့ ဒီလိုပဲ ခပ်ပေါ့ပေါ့နေတယ်။

ဒါနဲ့အမကြီးကဆုံးမတယ်၊ ညီမ. . လူ့ဘဝလေးခဏတစ်ရှူတစ်ရှိုက်ရောက်လာတဲ့အခိုက်မှာ ကိုယ့်အတွက်မဂ်ဖိုလ်နိဗ္ဗာန်အတွက် ရိက္ခာထုပ်ပါသွားအောင်လှူရတယ်,တန်းရတယ်၊ သီလများထိန်းရတယ် ဆောက်တည်ရတယ်လို့ အမကဆုံးမတာနဲ့၊ ညီမက-အေးလေ. . ဟုတ်ပ ငါ့တစ်သက်နဲ့တစ်ကိုယ်တစ်ခါမှလည်းသံဃာရဟန်းများ ဆွမ်းအလှူလေးဘာလေးမလှူဖူးဘူး၊ ဒီတော့ငါ ဆွမ်းကျွေးအုန်းမှပဲလို့စိတ်ကူးပေါက်ပြီးတော့ အရှင်ရေဝတဆိုတဲ့ရဟန္တာအရှင်မြတ်တစ်ပါးဆွမ်းခံကြွလာတာမြင်တာနဲ့ သူကဆီးပြီးတော့ ကန်တော့ပြီးတော့ "အရှင်ဘုရား. . . တပည့်တော်ဆွမ်းကျွေးချင်ပါတယ်ဘုရား၊ ဒီတော့ အရှင်ဘုရားကြည့်ပြီးတော့စီစဉ်တော်မူပါ၊ တပည့်တော်ဆွမ်းကျွေးဖို့ကိစ္စအတွက်တပည့်တော် တစ်ခါမှလည်းဆွမ်းအလှူမပြုဖူးပါဘူး၊ ဒီဟာပထမဆုံးပြုရမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်မ အကျိုးရှိရာရှိကြောင်းအတွက် အရှင်ဘုရားညွှန်ကြားပြီးတော့ပြုပေးတော်မူပါ. . . "လို့ အရှင်ရေဝတရဟန္တာအရှင်မြတ်ကိုလျှောက်တယ်။

ဒီတော့-ရဟန္တာအရှင်မြတ်က အင်း. . . ကုသိုလ်ကောင်းမှုလည်းတစ်ခါမှ

http://www.dhammadownload.com



မပြုဖူးရှာဘူး၊ ပြုမှာကလည်းဒီတစ်ကြိမ်ပြုမှာနောင်ဆိုတာလည်းသခါရသဘော အတိုင်းပြုနိုင်မယ်မပြုနိုင်ဘူးလို့ မသိရဘူး၊ ဒီတော့အကျိုးရှိအောင် "တပည့်မ-သံဃာကိုရည်စူး သံဃာကိုရည်စူး။ ပုဂ္ဂိုလ်ကိုမရည်စူးနဲ့ ကျောင်းမှာသံဃာတော် တွေရှိတယ်၊ အဲဒီသံဃာတော်တွေရည်စူးပြီးတော့ သံဃိကအလှူ လှူ. . "တဲ့၊ "မှန်လှပါဘုရား. . . အရှင်ဘုရားများရှိတဲ့ သံဃာတော်ငါးရာကျော် တပည့်တော် အကုန်မတတ်နိုင်ပါဘုရား"၊ "အေး-မတတ်နိုင်ပေမဲ့လို့ကိစ္စမရှိဘူး၊ မှန်းတာတော့ သံဃာသာမှန်းထား၊ သို့သော် တပည့်မတတ်နိုင်သလောက်ပြော။

"အဲ-တပည့်တော်မရှစ်ပါးလောက်တော့ကျွေးနိုင်ပါတယ်ဘုရား၊ သံဃာတော်ရှစ်ပါးလောက်တော့ဆွမ်းကပ်နိုင်ပါတယ်" "အေး-ကောင်းပြီ-ကောင်းပြီ၊ ဒို့-သံဃိကဆိုတာ ဥဒ္ဒေသဆွမ်းဆိုတာရှိတယ်၊ မှန်းတော့အလှူရှင်က သံဃာမှန်း လိုက်ရတာပဲ၊ သံဃာငါးရာရှိ ငါးရာလုံးမှန်းလိုက်၊ ဘယ်သံဃာကျလာမယ်မသိဘူး၊ အဲဒီငါးရာထဲကနေပြီးတော့၊ ဆွမ်းညွှန်တဲ့ရဟန်းကနေပြီး ဘယ်သံဃာ, ဘယ်သံဃာ,ဘယ်ရဟန်း ဆွမ်းစားလိုက်သွားပါ သံဃာ့ကိုယ်စားဆိုပြီးတော့ ဥဒ္ဒေသသံဃိကဆွမ်းဆိုတာရှိတယ်၊ ညွှန်ချတဲ့ သံဃိကဆွမ်း၊အလှည့်ကျလိုက်ရတဲ့သံဃိကဆွမ်း။ အေး-အဲဒီတော့ သံဃာရှစ်ပါး တပည့်မအတွက်ပင့်ခဲ့မယ်. . . လို့"။ရှင်ရေဝတက သူခေါင်းဆောင်ပြီးတော့ သံဃာတော်ရှစ်ပါးကြွလာပြီးတော့ အလှူခံ၊ ဝမ်းသာလိုက်တာလေ. . ဒါ- သံဃာငါးရာရဲ့ကိုယ်စား ကျွေးရတာ. . . ဟဲ့၊ သံဃာရှစ်ပါးဆိုပေမဲ့လို့ သံဃာငါးရာကို ငါကျွေးရတာဟဲ့" သူ့စိတ်ထဲ သံဃာငါးရာဆီချည့် စိတ်ကရောက်နေတယ်။

လောလောဆယ် ဆွမ်းကပ်နေတာကတော့ ရှစ်ပါးထဲ၊ သူတတ်နိုင်တာက လည်းရှစ်ပါးပဲမို့လို့၊ ဒါပေမဲ့လို့ စိတ်တွေစေတနာတွေက သံဃာငါးရာဆီမှာရောက် နေတယ်၊ သံဃာငါးရာပေါ်မှာပြန့်နေတယ်၊ ငါးရာပေါ်မှာလွှမ်းနေတယ် မေတ္တာ တွေ၊ သူလှူတဲ့ဆွမ်းကို ချမ်းချမ်းသာသာဘုဉ်းပေးစေချင်တဲ့စိတ်တွေက၊ ချမ်းသာ စေချင်တဲ့စိတ်တွေက ငါးရာပေါ်မှာရောက်နေတယ်။ ဒီတော့ စေတနာ, မေတ္တာ, သဒ္ဓါတွေကပြန့်. . . ပြီးနေတယ်၊ ဒါပဲ-သူဒီတစ်ကြိမ်ပဲလှူဖူးတယ်၊ နောက်လည်း မလှူဖြစ်ရှာဘူး အကြောင်းမညီညွတ်လို့နေမှာပေါ့။

ဒီလိုနဲ့ အသက်အတိုင်းနေသွားကြပြီးတော့ ညီအမနှစ်ယောက် အချိန်

http://www.dhammadownload.com



တန်တော့ကွယ်လွန်သွားကြပြီးတော့ အမကြီးကဘယ်ရောက်နေတုန်းဆိုတော့ တာဝတိံသာမှာ သိကြားရဲ့အလုပ်အကျွေးထဲမှာ နတ်သမီးသွားဖြစ်တယ်။ ခုနက တစ်ကြိမ်တစ်ခါလေးသံဃိကလျှူလိုက်ဖူးတဲ့ညီမက သူလျှူလိုက်တုန်းကလည်းဝမ်းမြောက်ဝမ်းသာ၊ အာရုံကလည်းသံဃိကပေါ်မှာရောက်။ နောက်ထပ်လည်းပဲ သူလျှူရတာလေးတွေ ထပ်တလဲလဲ, သူ့ခမျာသတိရပြီးဝမ်းသာနေတာဖြစ်တော့ ဒီစိတ်တွေ, ဒီစေတနာတွေနဲ့သူက ဘယ်ရောက်သွားတုန်းဆိုတော့ နိမ္မာနရတိ. . . လို့ ခေါ်တဲ့တာဝတိံသာရဲ့အထက်က ယာမာ, တုသိတာ,နိမ္မာနရတိဆိုတော့ ကြားထဲမှာ နတ်ပြည်နှစ်ဌာနခြားတဲ့နိမ္မာနရတိရောက်သွား၊ ဒီတော့သူက နိမ္မာနတိ ရောက်လာတော့ သူပြန်. . . ပြီးတော့ကြည့်တယ်၊ ငါဘယ်လိုကုသိုလ်နဲ့ ရောက်လာတာတုန်း. . . လို့စဉ်းစားကြည့်တော့ လူ့ပြည်တုန်းက သံဃိက သံဃာငါးရာရဲ့ ကိုယ်စား သံဃာရှစ်ပါးလှူခဲ့တန်းခဲ့ရတဲ့ကုသိုလ်. . . ဒီကုသိုလ်ကြောင့် ရောက်လာတယ်ဆိုတာသိတဲ့အပြင် သူ့ကိုဒီလိုကုသိုလ်ရအောင်ပြုဖို့ ဆုံးမသွန်သင်ဩဝါဒပေးတဲ့ အမကြီးလည်းသတိရ၊ အမကြီးလည်းကျေးဇူးတင်လို့။

ကျေးဇူးတင်ပြီးတော့အမကြီးဘယ်များရောက်ပါလိမ့်မတုန်း. . . . လို့ ကြည့်လိုက်တော့၊ အထက်နတ်တွေကအောက်နတ်တွေကိုကြည့်လို့မြင်တယ်၊ ဒီတော့ အမကြီးကသိကြားမင်းရဲ့အလုပ်အကျွေးတာဝတိံသာမှာ သူ့အောက်သုံးဆင့်လောက်မှာရောက်နေတာသူတွေ၊ နတ်ပြည်တစ်ထပ်နဲ့တစ်ထပ်ဆိုတာ စည်းစိမ်ချင်း ရုပ်ရည်ချင်းတူကြတာမဟုတ်ဘူး၊ နိမ္မာနရတိဆိုတဲ့နတ်တွေကျတော့ ချမ်းသာသုခပိုပြီးတော့ကြီးကျယ်သွားတယ်၊ နတ်ပြည်လောကဆိုတာ လူတွေ အနေနဲ့ပြောလို့ရှိရင် တစ်နေရာရာသွားပြီးတော့ အေးအေးလူလူအနားယူ စည်းစိမ်ခံစားတဲ့ဌာနကြီးတွေနဲ့တူတယ်။

ပုညဖလူပဇီဝီ-တဲ့သူတို့က၊ ကောင်းမှုရဲ့အကျိုးထိုင်ပြီးတော့ ခံစားနေတာပဲ၊ နောက်ထပ်အကျိုးတယ်မရှိဘူး။ ဒီတော့- နိမ္မာနရတိနတ်တွေကျတော့ ဘာဖြစ်ဖြစ်ကိုယ်ကိုယ်တိုင်လုပ်တာမရှိဘူး၊ ပါဠိကိုက-နိမ္မာနရတိ-တဲ့၊ နိမ္မာနဆိုတာ-သူများဖန်ဆင်းပေးတာနဲ့၊ ရတိ-မွေ့လျော်တဲ့နတ်တွေကို နိမ္မာနရတိ နတ်လို့ခေါ်တယ်၊ ကိုယ်ကိုယ်တိုင်ဘာမှမလုပ်ဘူး၊ အစားအသောက်လည်းကိုယ်တိုင်စီမံချက်ပြုတ် လုပ်ကိုင်စားတာမဟုတ်ဘူး၊ သူများဖန်တီးပေးတာလေးမှ အဆင်သင့်စား၊ သူများကအဝတ်တန်ဆာတွေဝတ်ဆင်ပေးရတယ်၊ ဟို-တာဝတိံသာတို့ စတု

http://www.dhammadownload.com



မဟာရာဇ်တို့က ဒီလိုမဟုတ်တတ်ဘူး၊ ကိုယ့်ဘာသာကိုယ်ဝတ်ရတယ်၊ ကိုယ့်ဘာကိုယ်ဆင်ရတယ် ကိုယ့်အဆင်တန်ဆာ၊ ကိုယ့်ဘာကိုယ်စီမံစားရတယ်၊ သွားစရာရှိကိုယ့်ဘာကိုယ်ယာဉ်ရထားပြင်သွားရတယ်။

ဟို-နိမ္မာနရတိက-ဒီလိုမဟုတ်ဘူး၊ ဘာမဆို အစေခံတွေကအကုန်လုံး သူ့အလိုကျ သူ့မျက်နှာညှိုးမှာကိုမခံရဲဘူး၊ အစေခံတွေက အကုန်ဝိုင်းပြီးလုပ်ပေးနေရတဲ့ ဌာနမျိုး။ ဒီတော့ သူ့အဲဒီရောက်နေတော့ သူ့အမကြီးတာဝတိံ သာမှာရောက်နေတာမြင်လို့ "အင်း အမ,တာဝတိံ သာရောက်နေတယ်၊ အမလည်းသတိပေးရင်း အမလည်းပဲတွေ့ရအောင် သွားဦးမှပဲ"လို့ တစ်နေ့မှာတာဝတိံ သာနတ်ပြည်ဆင်းလာပြီးတော့ အမကြီးရှိတဲ့ဘုံဗိမာန်ရောက်လာ၊ ရောက်လာတော့ သူကနိမ္မာနရတိကနတ်ဖြစ်နေတော့ အရောင်အဆင်းချင်းကတာဝတိံသာနတ်တွေနဲ့မတူဘူး၊ အရောင်တောက်ပတာချင်းမတူဘူး၊ ရုပ်ရည်ချင်းမတူဘူး၊ ဝတ်စားတန်ဆာချင်းမတူဘူး၊ အကုန်လုံးကွာခြားနေတော့၊ အမကြီးဖြစ်တဲ့ဘဒ္ဒါကမေးတယ်--

ဒဒ္ဒလ္လမာနာ ဝဏ္ဏေန, ယသသာ စ ယသသိနီ။
သဗ္ဗေ ဒေဝေ တာဝတိံသေ, ဝဏ္ဏေန အတိရောစသိ။

အရောင်အဆင်း,ပြောင်ပြောင်ဝင်းဝင်း,လင်းလင်းလက်လက်နဲ့တာဝတိံသာနတ်တွေထဲမှာရှိနေတဲ့ အရောင်အဆင်းတွေထက်, တောက်ပလင်းလက်တဲ့ ကိုယ်အရေအဆင်းရှိတဲ့ အိုနတ်သမီး. . . တဲ့ သင်ဘယ်ကတုန်း. . . ။

ဒဿနံ နာဘိဇာနာမိ, ဣဒံ ပဌမဒဿနံ၊
ကသ္မာ ကာယာ နု အာဂမ္မ, နာမေန ဘာသသေ မမံ။

သင့်ကိုကျွန်ုပ်တစ်ခါမှမမြင်ဖူးပါလား၊ ဒဿနံနာဘိဇာနာမိ-တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဣဒံပဌမ ဒဿနံ-အခုတွေ့ရတာပထဆုံးတွေ့ရတာပဲ. . . တဲ့၊ ဒီတော့"ဘယ်ကနေလာခဲ့ပြီးတော့ ကျွန်ုပ်ကိုလာပြီးတော့-ဘာ့ကြောင့်နှုတ်ဆက်ခေါ်ငင်ပြီးတော့ နေရသလဲ. . "၊ ဟို-ညီမဖြစ်တဲ့ နတ်သမီးက ရောက်တယ်ဆိုခေါ်ခေါ်ငင်ငင်နဲ့ နှုတ်ဆက်တာ၊ အမကြီးကမေးတော့၊ ဘယ်ကလာခဲ့တုန်း ဘာပြုလို့ကျွန်ုပ်ကိုနှုတ်ဆက်ခေါ်ငင်နေတာတုန်း၊ သင့်ကိုကျွန်ုပ်မသိပါလား လို့မေးတော့။ ဒီတော့ညီမဖြစ်တဲ့ သုဘဒ္ဒါကပြန်ဖြေတယ်။

အဟံ ဘဒ္ဒေသုဘဒ္ဒါသိံ, ပုဗ္ဗေ မာနုသကေ ဘဝေ။

http://www.dhammadownload.com



အမကြီး. . . တဲ့ဟို-လူ့ပြည်လောကတုန်းက အမကြီးကဘဒ္ဒါ၊ ကျွန်မကသုဘဒ္ဒါ၊ အဲဒါလူ့ပြည်တုန်းက သုဘဒ္ဒါဆိုတာဖြစ်ခဲ့ဖူးတယ်လေ. . . တဲ့၊ နာလကရွာသူ ဌေးသမီး။

သဟာဘရိယာ စ တေ အာသိံ, ဘဂိနီ စ ကနိဋ္ဌိကာ။

ကျမကအမကြီးရဲ့ ညီမပဲ. . . မမှတ်မိတော့ဘူးလား. . . ညီမလေ။

သာ အဟံ ကာယဿဘေဒါ, ဝိပ္ပမုတ္တာ တတော စုတာ၊
နိမ္မာနရတီနံ ဒေဝါနံ, ဥပပန္နာ သဟဗျတံ။

အဲဒီကနေပြီးတော့လေ. . တဲ့ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ နေကြရင်းနဲ့ အသက်အတိုင်းနေကြလို့ နောက်ဆုံးကွယ်လွန်ကြတဲ့အခါ ကျမက တာဝတိံသာနတ်ပြည် တုသိတာနတ်ပြည်တွေကျော်လွှားပြီးတော့ နိမ္မာနရတိဆိုတဲ့နတ်ဘုံကို ကျမရောက်သွားတယ်။ ရောက်သွားတယ်ဆိုတော့-အမကြီးက အံ့သြသွား "သြော် . . ငါ့ညီမသုဘဒ္ဒါပဟုတ်သားပဲ၊ သူကနိမ္မာနရတိရောက်သွားတယ်ဆိုတော့ နေစမ်းပါအုန်း သူလူ့ပြည်တုန်းက ငါ့လိုလည်းအမြဲနိစ္စဘတ် ကောင်းမှုတွေပြုတာတို့ ရှိတာမဟုတ်ပါဘူး၊ ဘယ်ကုသိုလ်နဲ့များ ရောက်သွားတာပါလိမ့်မတုန်း. . လို့ သူစဉ်းစားတယ်၊ ဒါနဲ့သူကမေးတယ်-

ပဟူတ ကတ ကလျာဏာ, တေ ဒေဝေ ယန္တိ ပါဏိနော၊
ယေသံ တွံ ကိတ္တယိဿသိ, သုဘဒ္ဒေ ဇာတိမတ္တနော။
အထ တွံ ကေန ဝဏ္ဏေန, ကေန ဝါ အနုသာသိတာ၊
ကီဒိသေနေဝ ဒါနေန, သုဗ္ဗတေန ယသဿိနီ။

ညီမရယ်. . တဲ့မေးစမ်းပါရစေအုန်း၊ ညီမကနိမ္မာနရတိရောက်သွားတယ်ဆိုတော့၊ အဲဒီနိမ္မာနရတိဆိုတဲ့ဘုံကို ရောက်ကြတဲ့လူတွေနတ်တွေဆိုတာ၊

ပဟူတကတ ကလျာဏာ, တေ ဒေဝေ ယန္တိ ပါဏိနော၊

ကုသိုလ်ကောင်းမှုတွေအများကြီးပြုမှ, ထုထည်များစွာနဲ့ပြုမှ ရောက်ကြတာမဟုတ်လား. . . အဲဒီ နိမ္မာနရတိနတ်ပြည်ဆိုတာ၊ အဲဒီအထက်နတ်ပြည်ဆိုတာအေ. . . ကုသိုလ်ကောင်းမှုတွေတော်တော်ကို အများကြီးပြုသူတွေမှ ရောက်ရိုးထုံးစံပါ. . . တဲ့၊ အခုညီးက လူ့ပြည်တုန်းကဘာကုသိုလ်ရယ်လို့

http://www.dhammadownload.com



ဟုတ်ဟုတ်ဟတ်ဟတ်မပြုလိုက်ရပါဘူးတဲ့။ ငါကနေ့စဉ်နဲ့အမြဲ ငါ့အိမ်မှာ ဆွမ်းခံကိုယ်တော်ရှိတယ်၊ မကြာမကြာငါဆွမ်းလုပ်ကျွေးတယ်၊ သင်္ကန်းလှူတယ်၊ ငါအမြဲလိုလိုကုသိုလ်ကောင်းမှုတွေပြုခဲ့တာ၊ ငါကခုအောက်ရောက်နေပြီး ညီးဘာပြုလို့အထက်ရောက်သွားတာတုန်း. . . တဲ့ အထက်ရောက်သွားတုန်း မေးလိုက်တယ်။ မေးလိုက်တော့ ညီမကပြန်ဖြေတယ်-

အဒ္ဓေဝ ဝိဏ္ဍပါတာနိ, ယံ ဒါနံ အဒဒံ ပုရေ၊
ဒက္ခိဏေယျေသု သံဃေသု, ပသန္နာ သေဟိ ပါဏိဘိ။

အမရေ . . . တဲ့၊ ကုသိုလ်ကောင်းမှုတွေများများမပြုဖူးတာတော့မှန်တယ် . . . တဲ့၊ သို့သော်-ကျမက အမကြီးရဲ့အဆုံးအမဩဝါဒကြောင့် တစ်ကြိမ်တခါ ကျမကုသိုလ်ပြုဖူးပါတယ်. . . တဲ့ ပြုဖူးပါတယ်။ ဘာပြုဖူးတာတုန်းဆိုတော့-

အဒ္ဓေဝ ဝိဏ္ဍပါတာနိ, ယံဒါနံ အဒဒံပုရေ။

ပုရေ-ရှေးရှေးသောကာလ,လူဖြစ်စဉ်ဘဝတုန်းက၊ အဒ္ဓေဝပိဏ္ဍပါတာနိ-ရှင်ရေဝတကိုယ်တော်မြတ်နှင့်တကွ ရှစ်ပါးသောရဟန်းတော်တို့ကို၊ ယံဒါနံ-အကြင်အလှူကို။ အဒဒံ-ပေးလှူခဲ့ဖူးပါပြီ. . .၊ သံဃာတော်ငါးရာကျော်ရဲ့ကိုယ်စားလေ . . . တဲ့၊ သံဃာတော်တွေက အလှည့်ချလိုက်လို့ကျလာတဲ့ သံဃာတော်ရှစ်ပါးကို ငါးရာကိုအာရုံပြုပြီးတော့ ဂျမဆွမ်းလှူခဲ့ဖူးတယ်. . . တဲ့၊ ဆွမ်းလှူခဲ့ဖူးတယ်၊ အဲဒီသံဃိကဒါန

ဒက္ခိဏေယျေသု သံဃေသု, ပသန္နာ သေဟိ ပါဏိဘိ။

မိမိလက်နဲ့ မိမိ ချက်ပြုတ်လုပ်ကိုင်ကျွေးပြီးတော့၊ အဲဒီဒက္ခိဏေယျသံဃာကို အာရုံပြုပြီးတော့, ရည်မှန်းပြီးတော့ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု ကျမပြုခဲ့ဖူးပါတယ်. . .။

တေနမေ'တာဒိသော ဝဏ္ဏော, တေန မေ ဣဓမိဇ္ဈတိ၊
ဥပ္ပဇ္ဇတိစ မေ ဘောဂါ, ယေ ကေစိ မနသောပိယာ။

မှတ်မှတ်ရရဆိုရင် ကျမအဲဒါပဲပြုခဲ့ဖူးတာပဲ. . တဲ့၊ အဲဒီကုသိုလ်ကောင်းမှုအရှိန်အဟုန်သတ္တိနဲ့ပဲ ကျမတော့ နိမ္မာနရတိနတ်ပြည်မှာသွားပြီးတော့ ဖြစ်ရပါတယ်. . လို့၊ ဘဒ္ဒါနဲ့ သုဘဒ္ဒါတို့ညီအမပုဂ္ဂလိကနဲ့ သံဃိကကွာခြားပုံသက်သေထုတ်ဖို့ရာဘုရားရှင်ဟောတော်မူထားတဲ့ ဒဒ္ဒလ္လဝိမာနသုတ်တော်၊ ဒီတော့ သံဃိ ကနဲ့ ပုဂ္ဂလိကက အဲဒီလိုကွာခြားတယ်၊ ကွာခြားခြင်းရဲ့အကြောင်းကလည်း

http://www.dhammadownload.com



ခုနက ဘုန်းကြီးပြောခဲ့သလိုပဲ၊ စေတနာ,မေတ္တာတွေက မတူကြဘူးလေ၊ ပုဂ္ဂိုလ်တစ်ပါးလှူတာကျတော့၊ ပုဂ္ဂိုလ်တစ်ပါးပေါ်ပဲအာရုံကရောက်တယ်၊ ဒီပေါ်ပဲမေတ္တာစိတ်ပြန့်တယ်၊ ဒီပေါ်ပဲသဒ္ဓါစိတ်ရှိတယ်။

သံဃာအများ--လို့ဆိုလိုက်တော့ သံဃာတော်တွေအပေါ်မှာ ပြန့်ပြီးတော့နေတဲ့ မေတ္တာစိတ်တွေ,စေတနာစိတ်တွေ,သဒ္ဓါစိတ်တွေ,မျိုးစေ့တွေပေါ့၊ ဒါတွေက။ လယ်တစ်ကေထဲမှာ ပျိုးလိုက်,ကြဲလိုက်,စိုက်လိုက်လို့ရမယ့်အသီးအနှံအပွင့် အရွက်နဲ့ လယ်ကေတစ်ရာလောက် လယ်ကေထောင်လောက်ထဲ့မှာ စိုက်လို့ရမယ့်အသီး အပွင့်အရွက်တွေဟာ ဘယ်တူလိမ့်မတုန်း၊ ဒါ-လောကတံထွာ ဓမ္မတာထုံးစံအတိုင်း မတူတာအမှန်ပဲ။ အဲဒီလိုပဲ ပုဂ္ဂိုလ်တစ်ပါးကိုလှူရတုန်းရတာက ထိုပုဂ္ဂိုလ်တစ်ပါးရဲ့ သီလအား,သမာဓိအား-ပညာအားဆိုတဲ့ လယ်တစ်ကွက်ထဲမှာ စိုက်ရပျိုးရတာနဲ့တူတယ်။

သံဃာတော်ငါးရာကျော်ဆိုတဲ့မြောက်များစွာသော သံဃာတော်အရှင်မြတ်တွေကိုလှူလိုက်တယ် တန်းလိုက်တယ်၊ သံဃိကရည်မှန်းပြီးတော့ လှူဒါန်းတယ်ဆိုတော့ လယ်ကေပေါင်းမြောက်များစွာထဲမှာ စိုက်လိုက်ပျိုးလိုက်ရတဲ့ မျိုးစေ့တွေနဲ့တူတယ်. . . တဲ့။ ဒီသံဃာတင်လားဆိုတော့၊ မှန်းနိုင်သေးရင် ဒကာမကြီးတွေ ဘုရားလက်ထက်သံဃာတွေအထိအာရုံယူလိုက်အုန်း၊ အခုဂန္ဓာရုံတိုက်သံဃာတော် ငါးရာကျော်ဒို့ဆက်ကပ်နေရတယ်၊ ခုနကသုဘဒ္ဒါဟာ သူ့ရှစ်ပါးကပ်ပေမယ်လို့ ဘုရားအမှူးရှိတဲ့သံဃာငါးရာဆီကို စိတ်ရောက်နေသလိုပဲ။ အခုလည်းပဲ သံဃာငါးရာကျော်ဆက် ကပ်ပေမဲ့လို့ ဒီသံဃာငါးရာ ဘယ်ကလာခဲ့သလဲ၊ သံဃာ့ရေစီးကြောင်းကြီး ပြန်ပြောင်းပြီးတော့ နောက်ဆုတ်ပြန်ပြီးတော့ တက်သွားကြည့်စမ်းပါလား၊ ဒီသံဃာတော်ငါးရာကျော် ဘယ်ကဆင်းသက်လာခဲ့တုန်း အသီးသီး သူတို့ရဲ့ဆိုင်ရာဆရာသမားတွေ သံဃာတော်အရှင်မြတ်တွေ ရှိကြတယ်။

ဒီကျောင်းတိုက်အနေနဲ့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၊ သူကမွေးထုတ်သွားတာ၊ သူစောင့်ရှောက်သွားတာ၊ သူထိန်းသိမ်းသွားတဲ့ သံဃာ၊ အဲဒီကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနောက်ဆုတ်ပြန်ကြည့်လိုက်တော့-မြောင်းမြဆရာတော်ကြီးတို့၊ ပခုက္ကူဆရာတော်ကြီးတို့၊ အဘယာရာမဆရာတော်ကြီးတို့သံဃာတော်ကြီးတွေ။အဲဒီကနေပြီးနောက်ဆုတ်နောက်ဆုတ်တက်သွားမယ်ဆိုရင်

http://www.dhammadownload.com



ဝိသုဒ္ဓါရုံဆရာတော်ကြီးတို့,ရွှေကျင်ဆရာတော်ကြီးတို့ကစပြီးတော့ နောက်ဆုတ် နောက်ဆုတ်သံဃာတော်တွေဆက်ပြီးတော့ သံဃာ့ရေးစီးကြောင်းကြီး နောက်ဆုတ်လိုက်သွားမယ်ဆိုရင် ဘုရားလက်ထက်ကသံဃာတော်အရှင်မြတ်တွေ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်အနုရုဒ္ဓါ၊ရှင်အာနန္ဒာ၊ ရှင်မဟာကဿပအစရှိတဲ့ အရိယာသံဃာတော်အရှင်မြတ်ကြီးတွေကဆက်ပြီးတော့စီးဆင်းလာတဲ့ သံဃာ့ရေစီးကြောင်းကြီး။

အဲဒီလိုအာရုံပြုနိုင်ပြီဆိုတော့လေ စေတနာတွေကဒီသံဃာငါးရာတင်တောင်မကဘူး, ပြန့်သွားလိုက်တာ ပြန့်သွားလိုက်တာ၊ဘုရားလက်ထက်က သံဃာတော်တွေ ဘုရားရှင်ရဲ့သာသနာ့အဆုံးအမ ပရိယတ်,ပဋိပတ်,သာသနာ့ဝန်ထုပ်ကြီးတွေပျောက်ပျက်မသွားအောင် ပခုံးပြောင်းပြီးတော့ ထမ်းဆောင်လာခဲ့ကြတဲ့ သံဃာတော်တွေ၊ ပခုံးပြောင်းပြောင်းပြီးသကာလ ဆက်လက်ဆောင်ရွက်တော်မူလာကြတဲ့ သံဃာတော်အရှင်မြတ်တွေကို ငါတို့ဒီနေ့ ထောက်ပံ့ရတယ်၊ လှူဒါန်းရတယ်၊ ကူညီရတယ်လို့ဆိုတော့ အာရုံကရောက်သွားလိုက်တာလေ-ဘုရားလက်ထက် သံဃာတော်အထိရောက်သွား၊ အဲဒီလိုဘုရားလက်ထက်သံဃာတွေအထိရောက်သွားလေလေ၊ စေတနာစိတ်ကပြန့်သွားလေလေပဲ၊ မေတ္တာစိတ်ကပြန့်သွားလေလေပဲ၊ သဒ္ဓါစိတ်ကပြန့်သွား။ ပြန့်သွားလေလေ အကျိုးကြီးလေပဲ။

ဒီတော့-ကောင်းပြီ သံဃိက-အခုဂန္ဓာရုံသံဃာငါးရာအာရုံပြုရတာလည်းပဲ ပြန့်ကျယ်သလောက်ပြန့်ကျယ်၊ ဒီငါးရာကနေပြီးတော့ဘုရားလက်ထက်ထိအောင် သံဃရေစီးကြောင်းကြီး ဆက်လက်ပြီးတော့ အာရုံပြုလိုက်လို့ ပိုပြီးတော့ ပြန့်ကျယ်သွားပြီ၊ အဲဒီသံဃာတော်တွေကို လှူဒါန်းရ ပြုစုရတဲ့ ဒီနေ့ ကုသိုလ်စေတနာတွေဟာ အတိုင်းအတာမရှိ ပမာဏမရှိ။ ဒီတော့-အတိုင်းအတာမရှိ ပမာဏမရှိတော့ အတိုင်းအတာ ပမာဏမရှိတဲ့အကျိုး ရကြတော့မှာပေါ့၊ ရတော့ ဘယ်အကျိုးလိုချင်တုန်း-ဘယ်အကျိုးမျှော်ကြရမတုန်း. . . လို့ဆိုတော့၊ ဘုရားရှင်ရဲ့ အလိုတော်ကျဖြစ်အောင် အကျိုးမျှော်ရလိမ့်မယ်။ အကြောင်းကတော့ကောင်းလှပြီ၊ အကြောင်းကတော့ တော်တော်ကြီးကျယ်နေပြီ။

ဒီတော့- အကျိုးမျှော်ကြစို့။ ဘုရားရှင်က ဘယ်ကုသိုလ်ကိုပဲ လုပ်လုပ်, သာသနာတော်ကို မှီခိုပြီးတော့ ကြည်ညိုလို့ သူ့သာသနာတော်ကို ကြည်ညိုမှီခို

http://www.dhammadownload.com



ပြီးတော့ ဆည်းကပ်ကိုးကွယ်အားထုတ်ပြီဆိုရင် ဝဋ်ဆင်းရဲမှလွတ်မြောက်ရာ နိဗ္ဗာန်ကိုဦးတန်းပြီးတော့ ပြုတာဖြစ်စေချင်တယ်၊ ဝဋ်ဘဝ,ဝဋ်ဒုက္ခကြီးတွေရဲ့ လွတ်ရာငြိမ်းရာကိုရည်မှန်းပြီးတော့ ပြုတာဖြစ်စေချင်တယ်၊ ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေလောက်တင် မက်မောတွယ်တာပြီးတော့ ပြုနေမှာကိုစိုးတော်မူတယ်၊ ဘဝစည်းစိမ်,ရိပ်ငြိမ်ချမ်းသာတွေလောက်ရပ်ပြီးတော့ ဒီအကျိုးလောက်တင်မျှော်ကိုးပြီးတော့ ပြုမှာကို အင်မတန်စိုးတော်မူရှာတယ်၊ ဒါ့ကြောင့် ဝိဝဋ္ဋနိဿိတဖြစ်အောင် ဝဋ်ဆင်းရဲမှလွတ်မြောက်ကြောင်းကုသိုလ်ဖြစ်အောင်လို့ဆိုပြီးတော့ အမျိုးမျိုးသောနည်းတွေနဲ့ ဘုရားရှင်လှည့်ဟောပါတယ်။

အဲဒီလှည့်ဟောတဲ့အနက်က ဒီနေ့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာလာတဲ့ သမ္မသသုတ်တော် နဲ့ပြောကြစို့။ ဘုရားရှင်ကိုယ်တော်မြတ် တစ်ခါတော့ နောက်ပါသံဃာတွေနဲ့အတူ ကုရုတိုင်း ကမ္မာသဓမ္မဆိုတဲ့ နိဂုံးကိုရောက်လာတော်မူတယ်။ အဲဒီရောက်လာပြီးတော့-တရားပွဲကြီးတစ်ပွဲမှာ ဘုရားရှင်က ရဟန်းတော်တွေအမှူးထားတဲ့ ဒကာ,ဒကာမပရိသတ်ကြီးကို ဘာတရားဟောလိုက်တုန်း--ဘာမိန့်လိုက်တုန်းဆိုတော့။

"သမ္မသထ နော တုမှေ ဘိက္ခဝေ အန္တရံသမ္မသံ"၊ တရားနာပရိသတ်အပေါင်း အို-သူတော်ကောင်းတို့. .၊တုမှေ-သင်တို့သည်၊ အန္တရံသမ္မသံ-မိမိအတွင်း အဇ္ဈတ္တခန္ဓာကိုယ်ကို၊ သမ္မသထနော- သုံးသပ်ကြကုန်၏လော၊ စီစစ်ကြကုန်၏လော၊ ဝေဖန်ကြကုန်၏လော။ တရားနာပရိသတ်ကြီးတို့. . တဲ့ ရဟန်းတော်များဦးစီးတဲ့ တရားနာပရိသတ်ကြီးတို့၊ သင်တို့သည် ကိုယ့်ကိုယ်ကိုများ စိစစ်သုံးသပ်ကြ, ဝေဖန်ကြရဲ့လား. . လို့ မေးလိုက်တယ်။

မေးလိုက်တော့-ရဟန်းတော်လေးတစ်ပါးကဖြေတယ်၊ "အဟံခေါ ဘန္တေ သမ္မသာမိ အန္တရံ သမ္မသံ"- တပည့်တော်သုံးသပ်ပါတယ်ဘုရား-တဲ့၊ သုံးသပ်ပါတယ်၊ မပြတ်မပြတ်ကိုယ့်ကိုယ်ကို ဝေဖန်စစ်ဆေးပါတယ်။ ဒီတော့မြတ်စွာဘုရားက-"ယထာကထံ ပန တွံ ဘိက္ခု သမ္မသသိ အန္တရံသမ္မသန္တိ"- ရဟန်း--သင့်ကိုယ်သင်စစ်ဆေးတယ်ဆိုတာ ဘယ်လိုစစ်ဆေးတာတုန်း-တဲ့၊ စစ်ဆေးပုံလေးပြောပါအုံးလို့ဆိုတော့၊ "ဒွတ္တိံသာကာရေန အဟံ ဘန္တေ သမ္မသာမိ အန္တရံ သမ္မသန္တိ"-တပည့်တော်ဘုရား မပြတ်မပြတ်ငါ့ရဲ့ကိုယ်မှာ, ဆံပင်, မွေးညင်း,

* သံ-၁-၃၂၉။

http://www.dhammadownload.com



ခြေသည်း, လက်သည်း, သွား, အရေတွေသာရှိပါတကား-လို့ သုံးဆယ့်နှစ်ကောဋ္ဌာသနဲ့ တပည့်တော်ကိုယ်တပည့်တော် အမြဲစစ်ဆေးပါတယ်ဘုရား. . . တဲ့၊ စစ်ဆေးပါ တယ်ဘုရား. . . လို့လျှောက်တော့၊ မြတ်စွာဘုရားက ကြိုက်သလောက်ကြိုက်တယ်၊ ဝမ်းသာသလောက် ဝမ်းသာပါတယ်၊ သုံးဆယ့်နှစ်ကောဋ္ဌာသနဲ့ ကိုယ့်ကိုယ်ကို သုံးသပ်နေတာကိုး။

ဒါပေမဲ့လို့-"န သောဘိက္ခု ဘဂဝတော စိတ္တံ အာရာဓေသိ"-အဲဒီရဟန်းဟာ မြတ်စွာဘုရား စိတ်ကျေနပ်သည်အထိ၊ မြတ်စွာဘုရားအခုမေးတဲ့မေးခွန်း။ ကိုယ့်ကိုယ်ကိုစစ်ဆေးကြရဲ့လား-လို့ အခုဟောမယ့်တရား ရည်ရွယ်ထားတဲ့အထိရောက်မသွားလို့ ဘုရားက သိပ်ပြီးတော့စိတ်မကျေနပ်ဘူးတဲ့။ မြတ်စွာဘုရားအလိုတော်မပြည့်ဘူးတဲ့၊ အဲဒီရဟန်းဖြေလိုက်တဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသနဲ့ ဝေဖန်သုံးသပ်မှုကို။ ကောင်းသလောက်တော့ကောင်းပါရဲ့၊ သစ္စာမထိုက်သေးဘူးလို့ဆိုလိုတယ်။ အဲဒါကိုမြတ်စွာဘုရားက ထုတ်မပြောသော်လည်းဘဲ မျက်နှာရိပ်မျက်နှာကဲနဲ့ပဲ၊ အရှင်အာနန္ဒာကသိတယ်၊ အနားမှာအရှင်အာနန္ဒာကရှိတာကိုး၊ ဒီတော့ အရှင်အာနန္ဒာကရိပ်မိတယ်၊ ပါးလည်းပါးတယ်၊ သူကအကဲခပ်နေတာဆိုတော့ မြတ်စွာဘုရားက ရဟန်းလေးဖြေလိုက်တာ မကျေနပ်ဘူး. . လို့သိတာနဲ့ လက်အုပ်ချီပြီးတော့ အရှင်အာနန္ဒာကလျှောက်တယ်-

"တေဿ ဘဂဝါ ကာလော, တေဿ သုဂတ ကာလော,
ယံ ဘဂဝါ အန္တရံ သမ္မသံ ဘာသေယျ"။

ရှင်တော်ဘုရား. . တဲ့၊ တပည့်တော်တို့ တပည့်သာဝကတွေဆိုတာကိုယ်ဉာဏ်မီသလောက် ကိုယ်သုံးသပ်ကြပါတယ်ဘုရား၊ ရှင်တော်ဘုရား ယခုမိမိကိုယ်မိမိသုံးသပ်နည်း, စစ်ဆေးနည်း, ဝေဖန်နည်း, ဆိုတဲ့တရားတော်ကို ရှင်တော်ဘုရား ဒီအချိန်ဟောသင့်ဟောထိုက်တဲ့ကာလ ဖြစ်ပါတယ်ဘုရား. .။"ဘဂဝတော သုတွာ ဘိက္ခူ ဓာရေဿန္တိ"။ ရှင်တော်ဘုရားဟောလိုက်မှသာလျှင် တပည့်တော်တို့သိရမယ်၊ နာရမယ့် သာဝကတွေဖြစ်ကြပါတယ်၊ ရှင်တော်ဘုရားအလိုကျ ခန္ဓာကိုယ်စိစစ်ဝေဖန်နည်း ဟောတော်မူလိုက်တဲ့တရားကိုလည်း ရှင်တော်ဘုရားထံက တပည့်တော်တို့ တစ်ဆင့်ကြားပြီးတော့ မှတ်သားကြရပါမယ်။ တစ်ဆင့်တစ်ဆင့်ဆောင်ရွက်ပြီးတော့ဟောပြောပို့ချရမှာပါဘုရား. . လို့လျှောက်တယ်။

http://www.dhammadownload.com



လျှောက်တော့မှ မြတ်စွာဘုရားက-"တေနဟိ အာနန္ဒ သုဏာထ သာဓုကံ မနသိကရောထ"။ ဒီလိုဆိုရင် နားထောင်ကြ၊ အေး- လောကမှာ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ စစ်ဆေးရတယ်. . . တဲ့, စစ်ဆေးရတယ်, သုံးသပ်ရတယ်။ ငါ့ခန္ဓာကိုယ်ထဲ ဘာတွေရှိပါလိမ့်မတုန်းလို့ စစ်ဆေးရတယ်. . တဲ့၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးက။ စစ်ဆေးလိုက်တော့ ဘာတွေတွေ့တုန်းဆိုတော့. .

"ဣဓ အနေကဝိဓံ နာနပ္ပကာရကံ ဒုက္ခံ
လောကေ ဥပ္ပဇ္ဇတိ ဇရာမရဏံ"။

ဉာဏ်ဦးစီးတဲ့စိတ်နဲ့လေ. . တဲ့၊ ကိုယ့်ခန္ဓာကိုယ်ထဲ ကိုယ်ပြန်ပြီးတော့ စစ်ဆေးလိုက်တဲ့အခါကျတော့၊ ဘာတွေတွေ့တုန်းဆိုတော့- သေတတ်တဲ့တရားတွေ အများကြီးတွေ့တယ်တဲ့၊ အိုတတ်တဲ့တရားတွေ အများကြီးတွေ့တယ်၊ "အနေကဝိဓံ နာနပ္ပကာရကံ ဇရာမရဏံ"။ ဟော-ခန္ဓာကိုယ်ထဲ လှည့်ရှာလိုက်တော့လေ. . . တဲ့ အနေကဝိဓံ-တစ်ပါးမက များလှစွာသော၊ နာနပ္ပကာရကံ-အထူးထူး အပြားပြား များလှစွာသော၊ ဇရာမရဏံ-အိုတတ်တဲ့တရားတွေ, သေတတ်တဲ့ တရားတွေတွေ့တယ်. .၊ဒကာ,ဒကာမတို့-တဲ့၊ ခန္ဓာကိုယ်ထဲရှာလိုက်။ ဉာဏ်ဦးစီးတဲ့ စိတ်နဲ့ လှည့်ရှာလိုက်တော့လေ. . တဲ့၊ ဒီခန္ဓာကိုယ်ကြီးထဲ သေတတ်တဲ့တရားတွေ အများကြီး၊ အိုတတ်တဲ့တရားတွေ အများကြီးတွေ့မယ်. . တဲ့၊ အများကြီးတွေ့မယ်။

ဒီနေ့ဆွမ်းဒကာ ဆွမ်းအမကြီးတွေ. . သံဃိကဒါနကုသိုလ်ကြီးပြုရတာ အကျိုးက အများကြီး,အကြီးကြီးရမှာပါ၊ လူ့ဘဝ လူ့စည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေ ကြီးကျယ်တာလောက်တင်စိတ်ရပ်မသွားအောင်သစ္စာမြင်. . . ပြီးတော့လှူရတယ်၊ သစ္စာမြင်ပြီးတော့လှူမှ နိဗ္ဗာန်မဂ်ဖိုလ်နဲ့ ဖြောင့်တန်းတဲ့ကုသိုလ်ဖြစ်ပါတယ်။ ဒီနေ့အရှိန်အဟုန်ကုသိုလ်အားကြီးက နည်းတဲ့အားကြီးမဟုတ်ဘူး၊ အဲဒီအားကြီးကို နိဗ္ဗာန်ဘက်ကိုတည့်သွားအောင်လို့ဘုရားက သမ္မသသုတ်တော်နဲ့ သတိပေးနေတယ်။

ဒီတော့ဒကာမကြီးဒေါ်ဘီကကိုယ့်ခန္ဓာထဲကို ဘုရားကရှာနည်းနဲ့ စစ်ကြည့်စမ်းပါမယ်ဘီ. . . လို့များပြောရင် စစ်ကြည့်စမ်း၊ဘာတွေတွေ့တုန်း-ဩ. . . ငါ့ခန္ဓာကိုယ်ထဲရှာလိုက်တာ အိုတတ်တဲ့တရားတွေ အများကြီးတဲ. . . ဘုရားကဟောတယ်၊ ဒကာမကြီးဒေါ်ဘီ, ဒကာမကြီးဒေါ်ချစ်တင် ကိုယ့်ခန္ဓာကိုယ်ပဲ

http://www.dhammadownload.com



ဉာဏ်ဦးစီးတဲ့စိတ်ကလေးနဲ့ လှည့်ရှာလိုက်တာ၊ လှည့်ရှာလိုက်တာ၊ ဘာတွေမ တုန်း-သေတတ်တဲ့တရားတွေအများကြီးတွေ့မယ်၊ အိုတတ်တဲ့တရားတွေအများ ကြီးတွေ့မယ်။

သေတတ်တဲ့တရားတွေဆိုတာ-ရုပ်တွေ ပြောတာ,နာမ်တွေပြောတာ၊ ဒီ ခန္ဓာကိုယ်မှာ ရုပ်(၂၈) ပါးဆိုတာရှိတယ်၊ ရုပ်(၂၈)ပါး။ယောကျ်ားသန္တာန်မှာ (၂၇) ပါး၊ မိန်းမသန္တာန်မှာ(၂၇)ပါး။ ဣတ္ထိဘော,ပုံဘော-မိန်းမဖြစ်ကြောင်းရုပ် ယောကျ်ားဖြစ်ကြောင်းရုပ်ကလေးကကွာသွားကြလို့၊ အဲဒါ တစ်ယောက်တစ် ခုစီပဲရတယ်၊ နှစ်ခုလုံးပြုမရဘူး။ ဒီတော့ ရုပ်(၂၈)ပါးဆိုကြစို့ သတ္တဝါတိုင်း သတ္တဝါ တိုင်းနဲ့ပြောရင်၊ ဒီတော့ မိမိခန္ဓာကိုယ်ထဲမှာလှည့်ပြီးတော့ရှာလိုက်တော့ရုပ်(၂၈) ပါး။ အဲဒီ ရုပ်နှစ်ဆယ်နဲ့ရှစ်ပါးဆိုတာ ရုပ်(၂၈)မျိုးပြောတာပါ၊ အမျိုးအစား (၂၈) မျိုးပြောတာ။

ဆိုပါတော့-ပထဝီဓာတ်ဆိုတဲ့ရုပ်ဆိုရင်(၂၈)မျိုးထဲကတစ်မျိုးကိုပြောတာ။ ဒါပေမဲ့လို့ အဲဒီတစ်မျိုးဆိုတဲ့ပထဝီဓာတ်ကခန္ဓာကိုယ်ထဲဘယ်လောက်ရှိတုန်းဆိုရင် ရေတွက်လို့ကိုမရဘူး၊ မရေတွက်နိုင်ဘူး၊ သိန်းသန်းကုဋေအများကြီးစုနေတာ၊ ဒီခန္ဓာကိုယ်မှာ ရုပ်မှုံရုပ်မွှားတွေ။ အာပေါဓာတ်ဆိုတာအမျိုးအစားတစ်မျိုးကိုပြော တာ၊ အဲဒီအာပေါဓာတ်ရုပ်မျိုးတွေ ဘယ်လောက်များတုန်း၊ မရေတွက်နိုင်ဘူး ဒီခန္ဓာကိုယ်ထဲမှာ၊ ဒါဖြင့်အမျိုးအစားနဲ့တင်ပြောရင်ပဲ ရုပ်(၂၈)မျိုးရှစ်စား၊ အဲဒီ(၂၈) မျိုးရှစ်စားလုံးဟာ သေမျိုးချည်းပဲတဲ့၊ အိုမျိုးချည်းပဲ၊ အိုတတ်တဲ့တရားတွေ သေတတ်တဲ့တရားတွေတဲ့ဘုရားက၊ တစ်ခုတစ်ခုက ပထဝီဓာတ်နာမည်တစ်မျိုးက ပဲ ရုပ်အမှုံအမွှားအများကြီးပဲ။ အများကြီးပဲဆို- အဲဒါ အအိုတွေအများကြီးစုနေ တာ၊ အသေတွေအများကြီးစုနေတာ၊ ဒီခန္ဓာကိုယ်ထဲဉာဏ်နဲ့သုံးသပ်လိုက်တော့ လေတဲ့-အနေကဝီခံ-နာနပ္ပကာရကံ ဇရာမရဏံ-အများကြီးတဲ့၊ အိုတတ်တာတွေ အများကြီး၊ သေတတ်တာတွေအများကြီးပဲတွေ့မယ်. . . တဲ့ တွေ့မယ်။

ရုပ်ဘက်ကတင်လားဆိုတော့ နာမ်ဘက်က ကြည့်လိုက်အုန်းတဲ့၊ နာမ်တေ ပညာသ-လို့ခေါ်တယ်၊စိတ်ကတစ်ခု၊ စေတသိက်က(၅၂)လုံး။ ဒီခန္ဓာကိုယ်ကြီး ထဲလှည့်ပတ်ပြီးတော့ ဖြစ်နေတဲ့နာမ်ဓာတ်ကိုပြောရင် (၅၂)လုံးရှိပါတယ်။ ဒါ- အမျိုးအစားပြောတာ၊ အဲဒီအမျိုးအစားကရော သေမျိုးချည်းပဲ, အိုမျိုးချည်းပဲတဲ့၊

http://www.dhammadownload.com



သေတတ်တဲ့တရားနဲ့ အိုတတ်တဲ့တရားချည်းပဲတဲ့ အဲဒါတွေ။ ဒါ စိတ်ဆိုတာ နာမည်အမျိုးအစားနဲ့ပြောတာ၊ အဲဒီလိုစိတ်ပေါင်း ဘယ်လောက်ဖြစ်တုန်းဆိုတော့ မနည်းဘူး. . မနည်းဘူး။

ဆိုပါတော့- လောဘစိတ်ကလေး-လိုချင်တပ်မက်တဲ့ စိတ်ကလေးဆိုတာ လောဘလို့ခေါ်တယ်။ အမျိုးအစားအနေနဲ့ပြောရတော့ တစ်မျိုးပြောရတာ။ ဖြစ်တဲ့အချိန်က ဘယ်လောက်များတုန်းဆိုတော့-ပြည့်လို့ ပြည့်လို့။ တော်ကြာ-မြင်တဲ့ရူပါရုံလေးချစ်ခင်လိုက်- ဟာ-သဒ္ဒါရုံလေး နားထောင်ကောင်းလိုက်၊ မွှေးမွှေးကြိုင်ကြိုင်လေး သာယာလိုက်နဲ့ဆိုတော့ လောဘတွေက ဒင်းကြမ်း, မရေတွက်နိုင်ဘူး၊ မရေတွက်နိုင်ဘူး သတ္တဝါတစ်ယောက်သန္တာန်။ ခန္ဓာတွင်းလှည့်ရှာလိုက်တော့ မြောက်များစွာသော အိုတတ်တဲ့တရားတွေတွေ့မယ်။ သေတတ်တဲ့ တရားတွေကို တွေ့မယ်။ ဉာဏ်နဲ့လှည့်ရှာပါ. . . တဲ့၊ ဒါတွေ တွေ့ပါ့မယ်။

ဒါပေမဲ့လို့ ယနေ့မြောက်များစွာသော သတ္တဝါတွေက ကိုယ့်ခန္ဓာကိုယ်ထဲကို လှည့်ရှာလိုက်တော့ ဘာတွေ့တုန်း-- ပိယရူပ သာတရူပ်ကို မြင်ကြတယ်။ ပိယရူပ်ဆိုတာ-ချစ်ခင်စရာ။သာတရူပ်ဆိုတာ-သာယာစရာ။ သတ္တဝါတွေကမြင်ကြတာက ခန္ဓာကိုယ်ထဲလှည့်ရှာပြီဆိုရင် လိုချင်စရာနဲ့ မက်မောစရာပဲမြင်နေကြတယ်. . တဲ့။ အမြင်မှားနေကြတာ. . တဲ့ ဘုရားက၊ ကိုယ့်ကိုယ်ကို စစ်ဆေးတာကွယ်. . တဲ့, အမှားတွေ့နေကြတယ်ဟ. . . ,အမှားတွေ့နေကြတယ်ဟ။ ဘာတွေတုန်း-ပိယရူပ် သာတရူပ်တွေ တွေ့နေကြတာ။ ခေါင်းကဆံပင်ပြောတာကြည့်လေ၊ ဆံပင်လေးမှန်ထဲကြည့်ပြီးတော့ မနက်ဆိုရင် ကိုယ့်ဆံပင်ကိုယ် အမယ်-ပိတုန်းရောင်ကေသာတဲ့ ပြောကြသေး။ ဆံပင်ကနက်မှောင်နေတော့ အရောင်လေးတောက်နေတာ ဆီလေးလိမ်းထားလို့တောက်တာ၊ ပကတိကတော့ မွဲခြောက်ခြောက်၊ ဆီလေးလိမ်းထား ခေါင်းလိမ်းဆီလေးလိမ်းထားပြီးတော့ ဘယ့်နှယ့်ပြောကြတုန်း ပိတုန်းရောင်ကေသာဆံပင်တဲ့. . အမွှန်းတင်လိုက်တာ၊ အဲဒါ-ပိယရူပ် သာတရူပ်-သာယာစရာအဖြစ်နဲ့မြင်သွားတာ။ ဟိုကဆံပင်က အိုတတ်တဲ့တရားသေတတ်တဲ့တရား၊ သေတယ်ဆိုတာ ဒီရုပ်တွေ ဒီနာမ်တွေသေတာပဲ။

❖ ပိတုန်းရောင်ကေသာ, ဒို့ဆို့ရှာ, ဒို့မှာအိုရမြဲ။
သဘာဝအလျှောက်, ဒို့ကပေါက်, ဒို့မြောက်တာကကဲ။

http://www.dhammadownload.com



ဆံပင်ကများစကားပြောတတ်ရင်-ပြောလိမ့်မယ်တဲ့သူက-အမလေး လူတွေကနော် ဒို့များ. . ပိတုန်းရောင်ကေသာလို့ဆိုပြီးတော့ မြှောက်နေလိုက်ကြတာ. . တဲ့။ ဒို့များ ချီးမွမ်းပြီးတော့ ဒို့ကိုသာယာနေလိုက်ကြတာ။ ဒို့ကဖြင့်-တစ်နာရီ, တစ်မိနစ်, တစ်စက္ကန့်, တစ်ဗီဇနာလေးမှမဆိုင်း တစ်ဟောဟော တစ်ဒိုင်းဒိုင်း ဥပါဒ်, ဌီ, ဘင်,မပြတ်နှင်ပြီးတော့ အိုနေတာ. . တဲ့၊ နာနေတာ၊ သေမင်းဆီအပြေးသွားနေတာဒို့က။ အဲဒါ ဒို့လာပြီးတော့ သူတို့က ပိတုန်းရောင်ကေသာဆိုပြီးတော့ တဏှာဝင်ပြီးတော့ အခင်လာပြီးတော့ သံယောဇဉ်ဖြစ်နေကြတယ်. . တဲ့။ ဒို့ကတော့ အိုနေစမြဲ-အိုနေစမြဲ။ ဒို့ကဖြင့် သူတို့ခေါင်းပေါ် ပေါက်တာက သဘာဝအလျောက်မတတ်သာလို့ပေါက်တာ. . တဲ့။ သူတို့နေပူထဲသွားတဲ့အခါ ဦးရေနေပူသက်သာပါစေတော့လို့ ခေါင်းဦးခွံရေ နေအကာအကွယ်ပေးချင်လို့ ဒို့ကလာပေါက်တာ။ မိုးရွာထဲထွက်တဲ့အခါမှာ အအေးဒဏ်နည်းနည်းကာကွယ်ပါစေတော့, သက်သာပါစေတော့လို့ ဒို့က-ခေါင်းပေါ် လာပြီးပေါက်တာ. . တဲ့။ သဘာဝအလျောက် ဒို့ကပေါက်တာ၊ ဒါ-ဒို့ကိုမြှောက်လိုက်တာ. . တဲ့။ ပိတုန်းရောင်ကေသာတွေ,ဘာတွေနဲ့ သယာပြီးတော့နေကြတယ်. . . တဲ့ သာယာပြီးတော့နေကြတယ်။

မျက်ခုံးကျတော့ ဘယ့်နှယ့်ပြောကြတုန်း"ခုံးမျက်စ,သုံးရက်လ"တဲ့၊ သာယာစရာ ပိယရုပ် သာတရုပ်ဆိုတာ အသုဘကိုသုဘထင်ပြီးတော့၊ မတင့်တယ်တာ တင့်တယ်တယ်ထင်ပြီးတော့ ခင်မင်တာတွေမှန်သမျှကို ခန္ဓာကိုယ်ထဲလှည့်ရှာလိုက်ရင်-အဲဒီလို မြှောက်များစွာသော ပုထုဇဉ်သတ္တဝါတွေက၊ ဒီလိုပဲ အခင်နဲ့ထင်ကြတယ်။ ခုံးမျက်စ, သုံးရက်လလို့ထင်နေကြတယ်။ မျက်ခုံးကိုပဲ အလှအပတန်ဆာတင်စားပြီးတော့ ပိယရုပ် သာတရုပ်-ချစ်ခင်စရာရုပ်, သာယာစရာရုပ်နဲ့ထင်တယ်။

❖ သုံးရက်လသွင်, ဗို့ကိုထင်, အစဉ်ဒို့အိုမြဲ။

အဲဒီမျက်ခုံးလေးတွေကများ စကားပြောတတ်ရင်ပြောလိမ့်မယ်။ "အမယ်လေး. . . ဒို့များသုံးရက်လအသွင်လေးဘာလေးနဲ့ဆိုပြီးတော့ ဒို့များသူတို့က ခင်မင်နေလိုက်ကြတာ. . တဲ့။ ဒို့ကဖြင့် အိုတာ. . ။ တော်ကြာတော့ မျက်ခုံးမွေးတွေဖြူ. . လို့ အိုရမှာ။ ခေါင်းပေါ် ကဆံပင်ကြီးတွေကလည်း ကွက်ကျားဖြူ, အကုန်ဖြူ-အိုပြကြတာသူတို့က၊ အိုပြကြပေမဲ့လို့ သတ္တဝါတွေက ပိယရုပ်သာတရုပ်နဲ့-ပဲခင်ပြီးတော့ ခန္ဓာကိုယ်ထဲ စိစစ်ဥာဘန်ရင် အခင်ဓာတ်နဲ့ချည်း စိစစ်နေကြတာ၊ ဉာဏ်ဓာတ်ဦးစီးပြီးတော့ "ဩော်. . အိုတတ်တဲ့တရားတွေပါလား၊ သေတတ်တဲ့

http://www.dhammadownload.com



တရားတွေပါလားလို့ ဒီလိုမမြင်ကြဘူး. . . တဲ့၊ အဲဒီလိုမြင်ရင်သစ္စာ မြင်တာခေါ်တယ်၊ ဘုရားက အဲဒီလိုသုံးသပ်တာ သစ္စာနဲ့သုံးသပ်တာခေါ်တယ်ကွယ်. . တဲ့၊ သစ္စာမြင်တာပေါ့တဲ့။ ဘာပြုလို့တုန်းဆိုတော့အိုတတ်တဲ့တရား "ဇရာပိ ဒုက္ခ" ဓမ္မစကြာတရားမှာ ဇရာကိုဒုက္ခသစ္စာထဲ ထည့်ဟောထားတာဘုရားက။ "မရဏမ္ပိ ဒုက္ခ" သေခြင်းကိုလည်းဒုက္ခထဲထည့်ဟောထားတာဆိုတော့ ဒုက္ခ,ဒုက္ခအတိုင်း မြင်တာအမှန်မြင်။ အမှန်မြင်ကို သစ္စာမြင်တယ်လို့ခေါ်ပါတယ်။

ဒီနေ့-ဒကာမကြီးဒေါ်ဘီတို့, ဒေါ်ဒီတို့, ဒေါ်ချစ်တင်တို့ညီမတစ်တွေ. . အဲဒီအမှန်မြင်,မြင်ပြီးတော့ ဒီအမှန်မြင်မှ ငြီးငွေ့ပြီးတော့ ဒါတွေရဲ့လွတ်မြောက်ရာဘက်ကို စိတ်ညွတ်သွားမယ်။ ဒီနေ့ ကုသိုလ်ကောင်းမှုတွေက-အဲဒီ သစ္စာမြင်ပြီးတော့ လျူလိုက်မှ နိဗ္ဗာန်မဂ်ဖိုလ်နဲ့ ဖြောင့်တန်းတဲ အကျိုးရမှာမို့လို့ ဘုရားက-သမ္မသသုတ်တော်နဲ့ သတိပေးနေပါတယ်။ ဘုရားရှင်ရဲ့ကိုယ်စား-ဘုန်းကြီးတို့က သုတ်တော်ကိုယူပြီးတော့ တဆင့်ပြောနေပါတယ်။ တင်ပြနေပါတယ်။ ဉာဏ်လေးကလေ. . . စိတ်ထင်ရာလွှတ်မထားပါနဲ့ ဘုရားစကားနားထောင်တဲ့အနေနဲ့, ဘုရားစကားရဲ့နောက်က ကပ်ပြီးတော့ ဉာဏ်လေးလိုက်နေစမ်းပါ၊ ခန္ဓာကိုယ်ထဲလှည့်ပြီးတော့ သုံးသပ်ကြကွယ်. . တဲ့၊ စီစစ်ကြဟဲ့. . တဲဘုရားက၊ စီစစ်တော့ ဘာတွေတွေ့တုန်း အိုတတ်တဲ့တရားနဲ့, သေတတ်တဲ့တရားပဲတွေ့တာပဲ. . တဲ့၊ ရှိတာကတော့ ဒါရှိတာပဲတဲ့။

ဒါပေမဲ့လို့ ယနေ့-မြောက်များစွာသောသတ္တဝါတွေက ခုနကပြောသလို ပိယရုပ်,သာတရုပ်အနေနဲ့ခင်တယ်၊ ခေါင်းပေါ်ကဆံပင် သူ့သဘာဝအလျှောက်နေပူကာကွယ်နိုင်အောင်၊ အအေးကာကွယ်နိုင်အောင် လာပေါက်တာ၊ ဒါ-ပိတုန်းရောင်ကေသာတွေဘာတွေနဲ့ ခင်မင်ပြီးတော့ တွယ်တာစရာထင်သွား၊ ဟော-သမုဒယတဏှာဝင်လာ၊ အကောင်းထင်ရင် အခင်လာတယ်၊ အခင်လာရင် သမုဒယတဏှာဖြစ်တာပဲ။ သမုဒယသစ္စာတဏှာဖြစ်လို့ရှိရင် နောက်ဘဝသံသရာသွားလေရောပဲ။ သံယောဇဉ်ကြိုးပဲသူက၊ သုံးဆယ်တစ်ဘုံက မလွတ်အောင်တုပ်ထားတဲ့ ကြိုးကြီးတစ်ချောင်းပဲ။

အဲ-မျက်ခုံးမွေးကလည်းပြောရှာတယ်၊ သဘာဝအလျှောက် ဒို့ကပေါက်လာတာတဲ့။ ခေါင်းပေါ်ကချွေးတွေဘာတွေ စီးကျလာလို့ရှိရင် မျက်စိထဲဝင်သွားမှာစိုးလို့ ဒို့က-တားဆီးတဲ့အနေနဲ့ မျက်လုံးအထက်ကနေပြီး ဒို့က-ကန်သင်းဆယ်သလို တားဆီးဖို့ ဒို့ကနေတာ. . တဲ့။ အဲဒါ-ဒို့ကို "သုံးရက်လအသွင်, ဒို့ကိုထင်"

http://www.dhammadownload.com



ဒို့သုံးရက်လအသွင်ထင်ပြီးတော့များ သာယာနေလိုက်ကြတာ. . တဲ့။ ဒီမျက်ခုံးမွေးပဲ အလှပြင်လို့ မပြီးနိုင်ဘူး၊ တန်ဆာဆင်လို့မပြီးနိုင်ကြဘူး၊ ဘယ်လောက်ကြာတုန်း တစ်သက်လုံး, တစ်သက်လုံး။ ဒါတင်ပဲလားဆိုလို့တော့-သွားတွေကျပြောကြသေးတယ်၊ "သန္တာ အသွင်, ပုလဲအသွင်၊ အမလေး. . . သွားလေးတွေက ပုလဲလေးတွေလိုပဲ, ပုလဲလေးတွေစီထားသလိုပဲ။

❖ ပုလဲအသွင်, ဒို့ကိုထင်, အစဉ်ဒို့အိုမြဲ၊
သဘာဝအလျှောက်, ဒို့ကပေါက်, ဒို့မြောက်တာကကဲ။

သွားတွေကများစကားပြောတတ်လို့ရှိရင်, ဒုက္ခသစ္စာသွားတွေက ပြောလိမ့်မယ်. . တဲ့။ "လူတွေနော်-တော်တော်ကဲတယ်၊ တော်တော်ကဲတယ်၊ ဒို့များ-တကထဲ၊ ပုလဲအသွင်တွေ ဘာတွေနဲ့ ပြောနေလိုက်တာ၊ ဒို့ကဖြင့်-အညီအဟောက်တွေစုနေတဲ့ သွားဖုံးကြားထဲကနေ တိုးထွက်ပြီးတော့ ပေါက်နေရတာ. . တဲ့၊ ပေါက်နေရတာ၊ ပေါက်နေပြီးတော့ ဒို့ကလည်း တစ်နာရီမဆိုင်း, တစ်မိနစ်မဆိုင်း, တစ်စက္ကန့်မဆိုင်း,တစ်ဇီဇနာမဆိုင်း တစ်ဟောဟော တစ်ဒိုင်းဒိုင်းနဲ့, ဒို့ရုပ်ဓမ္မသဘာဝအတိုင်း ဥပါဒ်, ဌီ, ဘင်၊ မပြတ်နှင်ပြီးတော့ အိုနေတာ. . တဲ့ အိုနေတာ၊ သေမင်းဆီသို့အရောက်ပြေးနေတာ၊ တစ်နေ့ကျ ဒို့-သေပစ်လိုက်မှာတဲ့၊ ဒီသွားတွေ သေအုန်းမှာ။

ဒီတော့-ဒို့ကအစဉ်အိုနေတဲ့ဥစ္စာ, ဒို့လာပြီးတော့"ပုလဲအသွင် ဒို့ကိုထင်နေတယ်၊ ဒို့ကသဘာဝအလျှောက်ပေါက်တာ-တဲ့။ သူတို့ဝါးနိုင်ပါစေတော့-အစာလေးတွေ ဖြတ်နိုင်ပါစေတော့ အစားအသောက်ကလေးတွေကို ညက်ပြီးတော့သွားအောင် ဝါးနိုင် ထောင်းနိုင်ပါစေတော့လို့ဆိုပြီးတော့ ဒို့ကလာပေါက်တာ-တဲ့၊ ကံကဖန်တီးပေးလိုက်လို့ဒို့က လာပေါက်တာ၊ အဲဒါ ဒို့ကိုလာပြီး, ဒို့အသုဘကောင်တွေ ဒို့သုဘထင်ပြီးတော့ သူတို့က ပိယရုပ်,သာတရုပ်ထင်နေတယ်တဲ့၊ ချစ်ခင်စရာအဖြစ်, သာယာစရာအဖြစ်နဲ့ထင်နေတယ်၊ သတ္တဝါမြောက်များစွာ ဒီအတိုင်းချည်းဖြစ်နေပါတယ်။

အတူတူပဲပေါ့လေ. . . လက်တွေခြေတွေကျတော့"သွယ်ဖယောင်းခက်ဆယ်ချောင်းလက်"တဲ့၊လက်ချောင်းလေးတွေ သွယ်ပြီးနေတော့ ဖရောင်းလေးလိုပဲ တဲ့ ပျော့ပြောင်းပြီးသွယ်နေတယ်၊ ဟော-ပိယရုပ် သာတရုပ်။တဏှာဝင်ဝင်လာတာ၊

http://www.dhammadownload.com



ဟိုကရှိတာကဒုက္ခသစ္စာ-အိုတတ်တာနဲ့ သေတတ်တာရှိတာ။ ကိုယ်ကထင်တာက ခင်မင်စရာနဲ့သာယာစရာနဲ့သွားလုပ်နေတော့ နိဗ္ဗာန်နဲ့ဝေးကုန်၊ အဲဒီလိုသာယာ စရာ ခင်မင်စရာထင်အောင်ဘယ်သူကကွယ်ကာပေးတုန်းဆိုတော့-အဝိဇ္ဇာက အမြဲပါတယ်။ လက်တွေလည်းကြည့်အုန်းလေ၊ လက်ချောင်းလေးတွေ သွယ်ဖ ရောင်းခက်,ဆယ်ချောင်းလက်တဲ့၊ အမလေး- ဖရောင်းလေးလိုသွယ်သွယ် ပြောင်း ပြောင်းလေးဆိုတော့ ချစ်စရာ ခင်စရာထင်လာတယ်၊ အမှန်စင်စစ်က အိုတတ် တဲ့တရား, လက်ဟာလည်းအိုတတ်တဲ့တရားကြီးပဲ၊ အဲဒီအိုတတ်တဲ့တရားလို့ မသိလိုက်တာကို အဝိဇ္ဇာလို့ခေါ်တယ်၊ အဲဒီအဝိဇ္ဇာကွယ်ထားတော့ တဏှာဝင် လာရော။ အမလေး. . ဖရောင်းလေးလိုပဲ ပျော့ပြောင်းလိုက်တာတဲ့ လက်ကလေး၊ "သွယ်ဖရောင်းခက်,ဆယ်ချောင်းလက်" အဖြစ်နဲ့စာဖွဲ့. . . ပြီးတော့ပြောကြတယ်, ဆိုကြတယ်၊ လက်ကများပြောတတ်ရင်-

❖ ဖရောင်းအသွင်, ဒို့ကိုထင်, အစဉ်ဒို့အိုမြဲ၊
သဘာဝအလျောက်,ဒို့ကပေါက်,ဒို့မြောက်တာကကဲ။

ပြောလိမ့်မယ်-တဲ့ လက်တွေက၊ ဒို့များ သွယ်ဖရောင်းတွေ, ဘာတွေနဲ့ ပြောနေလိုက်တာ-ဒို့ကအိုနေတာ သေမှာတစ်နေ့ ဒို့က၊ ရုပ်နာမ်ဓမ္မသဘာဝ အသေက အခုလည်းသေနေဆဲ၊ သေမှာဆိုတာက-သမ္မုတိမရဏခေါ်တဲ့ လူသိသူ သိ သင်္ချိုင်းပို့ရတဲ့ အသေပြောတာ၊ ရုပ်တွေနာမ်တွေ သဘာဝအတိုင်းဖြစ်ပျက်, ဖြစ်ပျက်ဆိုတာက သေနေတာပဲ၊ ဒီတော့ ဒီလက်ဟာ သွယ်ဖရောင်းခက်, ဆယ် ချောင်းလက်ဆိုပြီးတော့ ဒကာဒကာမတွေသာယာနေတဲ့ ပိယရုပ်, သာတရုပ်ထင် နေတဲ့အချိန်,သူကသေနေဆဲပဲ၊ မျက်စိရှေ့အောက်တင်သေနေဆဲ၊ မျက်စိရှေ့ အောက် တင်အိုနေဆဲ၊ မြင်သလားဆိုတော့မမြင်ဘူး အဲဒါအဝိဇ္ဇာ။ အဝိဇ္ဇာက ကွယ်ထားတော့မမြင်ဘူး။ မြင်လာပြီဆိုတော့ "ဩ. . . ဟုတ်ပါလား. . . ဘုရားပြောလိုက်တဲ့အတိုင်း အိုတတ်တဲ့တရားပါလား။

ဒီလက်တွေကလည်းအိုတတ်တဲ့ လက်တွေပါလား၊ နာတတ်တဲ့လက်တွေ ပါလား၊သေတတ်တဲ့လက်တွေ ပါလားလို့ မြင်တဲ့ အခိုက်အဝိဇ္ဇာ ပျောက်သွားတယ်၊ ဝိဇ္ဇာရောက်လာတယ်၊ ဉာဏ် အလင်းဓာတ်ရောက်လာတယ်၊ဉာဏ်အလင်းဓာတ် ရောက်လာသည်နဲ့တပြိုင်နက် ဒုက္ခကိုဒုက္ခအတိုင်း မြင်သွားတယ် သစ္စာတဲ့၊ သစ္စာ မြင်တာ။ အဲဒီလိုသစ္စာမြင်လိုက်တော့မှ ဒီအိုတတ်တဲ့တရား, နာတတ်တဲ့တရား၊ သေတတ်တဲ့တရားတွေမရှိရာ,ကင်းရာ,ကုန်ရာ, ရောက်ချင်လို့ တပည့်တော်တို့ ဂန္ဓာရုံတိုက်သံဃာတော်ငါးရာကျော်တို့အား ဒီနေ့ မနက်ဆွမ်း နေ့ဆွမ်းတွေဖြင့်

http://www.dhammadownload.com



ဆက်ကပ်ကြ လောင်းလှူကြပါတယ်။

ဒီကုသိုလ်စေတနာအရှိန်အဟုန်သတ္တိတွေဟာ အဲဒီအိုတတ်တဲ့တရားတွေ နာတတ်တဲ့တရားတွေ သေတတ်တဲ့တရားတွေမရှိရာကိုရောက်ဖို့ရာအတွက် အား ကောင်းသော အထောက်အပံ့ဖြစ်ပါစေ. . . လို့ဆိုတော့ဖြောင့်ပြီ. . . ဖြောင့်ပြီ။ မြတ်စွာဘုရားကအဲဒီလိုဖြောင့်စေချင်လို့-သမ္မသသုတ်ဟောနေတာ၊ ဒီလိုသာ သစ္စာမမြင်လို့ရှိရင် ဘယ့်နဲ့ဖြစ်မတုန်း။ ခုနကလိုပေါ့-သံယိကအလှူဆိုတာတယ် အကျိုးကြီးတယ်ပြောတယ်၊ နောက်ဘဝများတော့ဖို့ဒီထက်ရုပ်ချော၊ ဒီထက် ဥစ္စာ ပေါ၊ ဒီထက်ကားတွေတိုက်တွေပေါများတဲ့ လူ့ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာကြီး တွေဆိုတော့-ဟော ပိယ ရုပ်သာတရုပ်တွေနဲ့ဒုက္ခတွေသုခထင်ပြီးတော့။ ဒုက္ခကို သုခထင်ရင်တဏှာဝင်လာ အခင်ကလာတာပဲ သမုဒယသစ္စာနဲ့ သာယာကုန်ရော။

သာယာကုန်တော့ အဲဒီအတိုင်းပဲ၊ ကံတွေပြုတဏှာဦးစီးတဲ့ကံတွေဖြစ် ကုန်ပြီးတော့ ဒီကံတွေက အခုလည်းသေအုန်းမှာ၊ နောက်ထပ်လည်းသေပါရစေ အုန်းလို့ ဆုတောင်းတာနဲ့အတူတူသွားကျမယ်၊ အခုလည်းအိုနေဆဲနောက်လည်း ဘဝမဆုံးသချေမဆုံးအောင် အိုစမ်းပါရစေအုန်း၊ အခုလည်းသေမှာ နောက်လည်း သေစမ်းပါရစေအုန်းဆိုတာနဲ့အတူတူကျတတ်တယ်၊ ဒါ့ကြောင့် ဘုရားကမကြိုက် ဘူး၊ ကြိုက်သလောက်ကြိုက်တယ်,တိရစ္ဆာန်တွေဘဝကနေပြီးတော့ ကုသိုလ် ကောင်းမှုပြုတော့ ဒီလောက်ဝဋ္ဋနိဿိတနဲ့ပြုတာကြိုက်တယ်၊ သူတို့ကမဂ်ဖိုလ် နိဗ္ဗာန်ထိမလုပ်တတ်ရှာကြလို့မို့၊ အဖျင်းတွေ အ,ဟိတ်တွေကျတော့ ကုသိုလ် လေးပြုဖော်ရတော်ပြီတဲ့။ အခုဒကာမကြီး ဒေါ်ဘီတို့ ဒေါ်ဒီတို့ ဒေါ်ချစ်တင်တို့လို လူသားတွေ၊ ပြောရင် နားပေါက်နိုင်တဲ့လူသားတွေ၊ ဉာဏ်ဖွင့်ပေးလိုက်လို့ရှိရင် သိနိုင်တဲ့ဉာဏ်ဓာတ်ရှိတဲ့ လူသားတွေကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က နိဗ္ဗာန် ထိအာရုံပြုစေချင်တယ်၊ အာရုံပြုစေလိုတယ်၊ ပြုစေလိုလို့လေးဆယ့် ငါးဝါအပင် ပန်းခံပြီးတော့ အမျိုးအမျိုးသောသုတ်တော်တွေနဲ့ လှည့်ပြီးတော့ ဟောတော်မူခဲ့ တယ်။ အဲဒီထဲက ဒီနေ့-သမ္မသသုတ်တော်နဲ့ပြောနေပါတယ်။

ကြည့်ပါအုန်း ခုနက-လက်ကို သွယ်ဖရောင်းခက်-တဲ့၊ ဒို့ကဖြင့်သဘာဝ အလျှောက်,သူတို့ယူစရာရှိတာယူနိုင်အောင်၊သယ်စရာရှိတာသယ်နိုင်အောင်၊ ပိုး စရာရှိတာပိုးနိုင်အောင်,ဒို့ကသူတို့ခန္ဓာကိုယ်ကို ပခုံးနှစ်ဘက်ကနေ လာပေါက်ပေး တာတဲ့၊ "သဘာဝအလျှောက်,ဒို့ကပေါက်၊ ဒို့မြောက်တာကကဲ"၊ ဒို့ကိုမြောက်လိုက် တာ . . . တဲ့ သွယ်ဖရောင်းခက်ဆယ်ချောင်းလက်တွေဘာတွေ။ ခြေထောက်ကျ

http://www.dhammadownload.com



တော့ ပြောကြတယ်၊ ဆင်မယဉ်သာရဲ့ နှာမောင်းလိုပဲတဲ့၊ အရင်းတုပ်,အဖျားသေး။ ဒါ-ပိယရုပ်သာတရုပ်ကိုသာယာပြောနေကြတာ၊ ဒီတော့-ခြေထောက်ကလဲပြောမယ်-တဲ့ ပြောတတ်ရင်-

❖ နှာမောင်းအသွင်, ဒို့ကိုထင်, အစဉ်ဒို့အိုမြဲ၊
သဘာဝအလျှောက်, ဒို့ကပေါက်, ဒို့မြှောက်တာကကဲ။

ဒို့ကသဘာဝအလျှောက်-သူတို့သွားစရာရှိသွားနိုင်အောင်၊ လာစရာရှိလာနိုင်အောင်ဆိုပြီးတော့ ဒို့ကလာပေါက်တာကို ဒို့ကို ဆင်မယဉ်သာရဲ့နှာမောင်းနဲ့တူတယ်၊ မွန်မြတ်တယ်၊ ကျော့ရှင်းတယ်၊ သာယာစရာကောင်းတယ် နဲ့သာယာနေလိုက်ကြတာ. . လို့ ခြေထောက်တွေကပြောလိမ့်မယ်တဲ့ သူတို့က။ အမှန်ကတော့ အိုတတ်တဲ့တရား,နာတတ်တဲ့တရား,သေတတ်တဲ့တရား၊ ဒီတော့-မြတ်စွာဘုရားက **ဣဒံ အနေကပိစံ နာနပ္ပကာရကံ ဥပ္ပဇ္ဇတိ လောကေ ဇရာမရဏံ-** ဒီခန္ဓာကိုယ်ထဲရှာလိုက်တော့ ဟော့-တဲ့ အိုတတ်တာနဲ့ နာတတ်တာကလွဲလို့ဘာမှမရှိဘူးတဲ့၊ မင်းတို့ ဉာဏ်နဲ့သာသုံးသပ်ရှာတဲ့၊ တဏှာနဲ့တော့သွားမရှာနဲ့၊ တဏှာနဲ့သွားရှာရင်တော့-အလွဲချည်း-တွေ့မယ်တဲ့၊ အလွဲတွေအောင်လည်း အဝိဇ္ဇာကကာပေးထားလိမ့်မယ်တဲ့၊ ဒီတော့ အဝိဇ္ဇာနဲ့ မလျှုပါနဲ့။ ဒီနေ့ ဒကာမကြီးတွေ အဝိဇ္ဇာနဲ့လျှုမိမှာစိုးလို့ ဝိဇ္ဇာနဲ့လျှုမိအောင်ဘုရား ဟောတော်မူနေပါတယ်။

ဘုရားရှင်ဟောတော်မူတဲ့သုတ်တော်ကို ကိုယ်စား-ဘုန်းကြီးတို့ကတင်ပြနေပါတယ်၊ ဉာဏ်လေးနဲ့သုံးသပ်လိုက်တော့"ဟုတ်သားပဲ ဒီခန္ဓာကိုယ်ထဲ အိုတတ်တာနဲ့, သေတတ်တာတွေချည်းပဲလို့"သဘောပေါက်လာတော့ တော်ပြီနောက်လူ့ဘဝစည်းစိမ်ကြီးဘယ်လောက်ကြီးကျယ်တယ်ပြောပြော-တော်ပြီ၊ ဘာလို့တုန်းဆိုတော့-အိုတတ်တာနဲ့ သေတတ်တာဖြင့်ဘာထူးတုန်း၊ ခုလဲခန္ဓာကိုယ်ကြီးကအိုတတ်တာနဲ့သေတတ်တာရှိတာဒီထဲ၊ နောက်ထပ်လိုချင်တဲ့ သူဌေးကြီး,သူဌေးကတော်ကြီး,စကြာမင်းကြီး,စကြာမင်းမိဖုရားကြီးလို့ ဆိုင်းဘုတ်ကြီးသာကြီးတာ၊ အထဲနှစ်ကြည့်တော့ အိုတတ်တာနဲ့ သေတတ်တာချည်းဆိုတော့-မလိုချင်တော့ဘူး မလိုချင်တော့ဘူး၊ အမှန်မြင်သွားရင်မလိုချင်တော့ဘူး။

အဲဒီမလိုချင်တဲ့စိတ်နဲ့သာဒီကုသိုလ်ပြုရင် နိဗ္ဗာန်နဲ့ဖြောင့်သွားပြီ. . . တဲ့၊ နိဗ္ဗာန်နဲ့ တည့်သွားပြီ၊ အဲဒီအအိုနဲ့အသေလွတ်တယ်ဆိုတာ နိဗ္ဗာန်ပဲရှိတော့တယ်၊ သုံးဆဲ့တစ်ဘုံထဲဖြင့်ဘယ်နားမှမရှိဘူး၊ ဒကာမကြီး ဒေါ်ဘီတတ်နိုင်လို့ ပြေးရှာ

http://www.dhammadownload.com



သုံးဆယ်တစ်ဘုံထဲ၊ အအိုနဲ့အသေလွတ်တဲ့ဟာရှာကြည့်စမ်း၊ ဘယ်နားမှာမှမရှိဘူးသုံးဆယ့် တစ်ဘုံထဲ၊ ပြဟ္မာကြီးတွေလည်းမလွတ်ဘူး အအိုအသေ။ လူတွေလို ထင်ထင်ရှားရှားဆံပင်ဖြူ ပါးရေတွန့်သာမရှိတာ နတ်တွေပြဟ္မာတွေက၊ အိုတာကတော့ ဇရာဓမ္မသဘာဝအတိုင်း ဖွဲ့မီးလို တစ်ငွေ့ငွေ့တစ်ရွေ့ရွေ့ ရင့်ရော်ဟောင်းမြင်းအိုမင်းနေတဲ့ ဇရာတော့ရှိတာပဲသူတို့လည်း၊ ဒီတော့ ရုပ်နာမ်ဓမ္မသဘာဝတွေရှိသမျှအအိုမလွတ်ပါ၊ အသေမလွတ်ပါ၊ ဒီခန္ဓာကိုယ်ထဲမှာအိုတတ်တဲ့တရားနဲ့ သေတတ်တဲ့တရားတွေချည်းပဲရှိတယ်။

ဆွမ်းဒကာဆွမ်းအမဖြစ်တဲ့ ငါတို့တတွေရဲ့ခန္ဓာကိုယ်ထဲမှာလည်း အိုတတ်တဲ့တရား သေတတ်တဲ့တရားတွေပဲရှိတယ်၊ အဲဒီအိုတတ်တဲ့တရား သေတတ်တဲ့တရား အခြေခံပြီးတော့ ငါတို့ ဒီနေ့သံယိကဒါနကုသိုလ်ကိုပြုရတယ်၊ ဒီကုသိုလ် ဒီစေတနာ,ဒီအရှိန်, ဒီအဟုန်သတ္တိတွေဟာ,တပည့်တော်တို့အတွက် အဲဒီအအိုမရှိရာ,အသေမရှိရာ ၊အအိုလွတ်ရာ,အသေလွတ်ရာကိုရဖို့ရာ အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသား. . . လို့ ဟောဒီလိုစိတ်ကို အခုအခိုက်အတန့် လေးပဲဖြစ်ဖြစ် မှန်းနိုင်ရင်မြတ်ပြီ. . .၊ သံယိကအလှူ အကျိုးကြီးမယ့်အလှူ ဗြောင်ပင်ကြီးလောက် ရမယ့်အလှူကြီး၊ နိဗ္ဗာန်နဲ့တည့်သွားပြီ၊ ဒိပြင်ကုသိုလ်ကံတွေက ဝဋ်ဆင်းရဲထဲ လည်ဖို့ဖြစ်ချင်ဖြစ်ခဲ့မယ်၊ ဒီကုသိုလ်ကတော့ မဖြစ်တော့ဘူး။

အခု-ဒီနေ့ပြုတဲ့ကုသိုလ်ကောင်းမှုတွေကတော့-နိဗ္ဗာန်နဲ့ဖြောင့်သွားပြီ။ နိဗ္ဗာန်နဲ့တည့်သွားပြီ။ ဝဋ္ဋနိဿိတဖြစ်သွားပြီ၊ တရားနဲ့လည်းကိုက်သွားပြီ၊သံယာလည်းနှစ်ခြိုက်တယ်။ ဒါ့ကြောင့်-ဝဋ္ဋနိဿိတကုသိုလ်ဖြစ်သွားအောင် ဘုန်းကြီးပြောနေပါတယ်။ ဒကာမကြီးများ ဉာဏ်ဦးစီးပြီးတော့ အဲဒီလို အိုတတ်, သေတတ်တဲ့ ဒုက္ခသစ္စာခန္ဓာမျိုးတွေရဲ့လွတ်ရာ, အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို လျင်မြန်စွာမျက်မှောက်ပြုဖို့ရာ၊ တပည့်တော်တို့ရဲ့ ဒီနေ့-သံယိကကုသိုလ် အရှိန်အဟုန်သတ္တိတွေသည် အမှန်ဖြစ်ပါစေသတည်း။ အဲဒီလိုဖြစ်အောင်လည်းပဲ ဒီနေ့ကစပြီးတော့ ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကောင်းမှုတွေကို ကြိုးပမ်းအားထုတ်နိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။

ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းသစ္စာကိုမြင်ပြီးတော့ လှူတဲ့, တန်းတဲ့, သီလဆောက်တည်တဲ့, ဘာဝနာပွါးများတဲ့အမျိုးကောင်းသားအမျိုးကောင်းသမီး

http://www.dhammadownload.com



တွေဖြစ်အောင်, အသိဉာဏ်ဦးစီးပြီးတော့ပြုလုပ်နိုင်တဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးဖြစ်ကြပါစေကုန်သတည်း၊ အမျိုးကောင်းသားအမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျှက်၊ ထိုကဲ့သို့ဝိဇ္ဇာဉာဏ်ဦးစီးပြီးတော့ သစ္စာကိုမြင်ပြီးတော့လျှုတတ်တဲ့ သီလဆောက်တည်တတ်တဲ့,ဘာဝနာပွားများတတ်တဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတို့နောက်ဆုံးပန်းတိုင်လှမ်းကိုင်တက်ရောက်အပ်သောနိဗ္ဗာနဓာတ် တရားတော်မြတ်ကိုလျှင်မြန်ဆောစွာရောက်ကြရ ရကြရ မျက်မှောက်ပြုကြရပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။—။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com

# *ပါပဏိကသုတ်
# ဈေးသည်ကြီးအရေးတော်

ယနေ့မြန်ကောဇာသက္ကရာဇ် ၁၃၄၈-ခုနှစ် တန်ခူးလဆန်း(၁၂)ရက်နေ့ ခရစ်နှစ် ၁၉၈၇-ခုမတ်လ(၃၁)ရက် အင်္ဂါနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်,ပဋိပတ်-သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၈၀၀)ကျော်တို့အား နံနက်ဆွမ်း,နေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းများ အသီးသီး ဆက်ကပ်လောင်းလှူပူဇော်ကြတဲ့ ကောင်းမှုရှင်များက နှစ်မြို့, နှစ်ဒေသ, နှစ်ဌာနကကောင်းမှုရှင်တွေဖြစ်ကြပါတယ်. . .။ အခု နံနက်စောစော အရုဏ်ဆွမ်းအဖြစ်နဲ့ သုံးကြိမ်မြောက်, သုံးနှစ်မြောက် လာရောက်ပြီးတော့ ကပ်လှူကြတဲ့ကောင်းမှုရှင်များကတော့ မော်လမြိုင်မြို့ ဆွမ်းအမကြီးဒေါ်ကြင်မွှားခေါင်းဆောင်သော ဒိုင်းဝန်ကွင်း ဈေးသူဈေးသား အဖွဲ့သားများဖြစ်ကြပါတယ်။

မနက်အရုဏ်ဆွမ်းက မော်လမြိုင်မြို့က ဒိုင်းဝန်ကွင်း ဈေးသူဈေးသားများ။နေ့ဆွမ်းက အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်, ဗာကီလီးမြို့က တာတန်တာကူတို့ မိသားစု။ ဒီတော့-အခုဈေးသူဈေးသားတွေ ဦးဆောင်ပြီးတော့ ကပ်တာဖြစ်တော့ တို့မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက နွားသမားလာရင် နွားစကားပြောပြီးတော့ နိဗ္ဗာန်ပို့တယ်၊ မြင်းသမားလာတော့လည်း မြင်းစကားပြောပြီးတော့ နိဗ္ဗာန်ပို့တယ်၊ ဒါ့ကြောင့် ဒီနေ့ မော်လမြိုင်က ဈေးသူဈေးသား ဒကာဒကာမတွေရော,အမေရိကန်ပြည်ထောင်စုကမစ္စတာတာတန်တာကူတို့မိသားစုတွေရော ဘုရားရှင်ဟောတော်မူတဲ့ ဈေးသည်ကြီးသုတ်တော်နဲ့ နိဗ္ဗာန်သွားကြရအောင်။ ဒီတော့ ဈေးသည်ကြီးသုတ်တော်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က ပါပဏိကသုတ်တော် အင်္ဂုတ္တရနိကာယ် တိကနိပါတ်မှာ ဈေးသည်ကြီးများဟာ အရည်ချင်းသုံးမျိုးနဲ့ပြည့်စုံရင် လျင်မြန်စွာကြီးပွားတယ်. . . လို့ ဆိုပြီးတော့-

တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ပါပဏိကော
န စိရဿေဝ မဟတ္တံ ဝေပုလ္လတ္တံ ပါပုဏာတိ ဘောဂေသု။

---

* အံ-၁၊၁၄၄။ ၌-၂၈၆။

http://www.dhammadownload.com



ဈေးသည်ဟာ. . . တဲ့ ယခုပြောဆိုမယ့် ဂုဏ်အရည်အချင်းသုံးချက်နဲ့ ပြည့်စုံရင် အဲဒါမကြာခင် သူကြီးပွားတိုးတက်ပါတယ်. . . တဲ့၊ ကြီးပွားချမ်းသာပါတယ်။ အဲဒီ ဈေးသည်ရဲ့ပြည့်စုံရမယ့် အရည်အချင်းကြီးသုံးချက်က ဘာတုန်းဆိုတော့-စက္ခုမာစ-ပညာစက္ခုဖြင့် ကျွမ်းကျင်လိမ္မာသည်လည်းကောင်း။ ဝိဓုရောစ-ထထကြွကြွ,ဝီရိယရှိသည်လည်းကောင်း။ နိဿယသမ္ပန္နောစ-မှီခိုအားထားရာနှင့် ပြည့်စုံသည်လည်းကောင်း. . . ။ ဟော-ဈေးသည်ကြီးများကြီး ပွားတိုးတက်ချင်ရင်,ဒီအရည်အချင်းသုံးချက်နဲ့ပြည့်စုံရတယ်. . . တဲ့။ (၁) စက္ခုမာ-တဲ့ ပညာမျှော်မြင်, ကျွမ်းကျင်လိမ္မာတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့၊ မိမိရောင်းဝယ်မယ့် ကုန်ပစ္စည်းရဲ့အပေါ်မှာ ဌာနအားဖြင့်လည်းကောင်း, ကာလအားဖြင့်လည်းကောင်း, တန်ဖိုးအားဖြင့်လည်းကောင်း၊ ဒါကိုကျွမ်းကျင်ရတယ်။

ဌာနအားဖြင့်ဆိုတာ ဒီကုန်ပစ္စည်းက ဒီဒေသမျိုးကထွက်တယ်၊ ဘယ်ဒေသမျိုးကျတော့ရှားတယ်၊ ဟောဒါ-ဌာနနဲ့နားလည်ရတယ်၊ ဘယ်ကုန်ပစ္စည်းမျိုးက မြန်မာပြည်ဖြင့်လည်း မြန်မာပြည်ပေါ့၊ ကမ္ဘာဖြင့်လည်း ကမ္ဘာ့ဘယ်အရပ်ကထွက်တယ်၊ ဘယ်အရပ်မျိုးကျတော့ရှားတယ်၊ ဒီလိုနားလည်ရတယ်၊ မဟုသုတလေ့လာထားရတယ်၊ ကုန်ပစ္စည်းထွက်တဲ့ အရပ်မှာသွားဝယ်ရင် ဈေးချိုချိုနဲ့ရတယ်၊ ကုန်ပစ္စည်းရှားပါးတဲ့အရပ်ကို သွားရောင်းလို့ရှိရင် အမြတ်များများရတယ်၊ ဒါ့ကြောင့် ကုန်ရဲ့ထွက်ရာဌာနကိုလည်း ဘယ်အရပ်ကထွက်တယ်, ဘယ်နေရာမှာထွက်တယ်၊ ဘယ်နေရာကျတော့ ဒီကုန်ပစ္စည်းမျိုးသုံးတယ်, ပြီးတော့ရှားလည်းရှားတယ်၊ ဟော- ဒါကိုလည်းသိရတယ်။

ကာလကိုလည်းနားလည်ရခြင်း-ကာလကိုကျွမ်းကျင်တယ်ဆိုတာကတော့ ဘယ်ကုန်ပစ္စည်းမျိုးက ဘယ်အချိန်မှာသုံးတယ်, လူတွေအသုံးများတာဘယ်အချိန်ဆိုရင် ဒီပစ္စည်းမျိုးသုံးတယ်၊ ဘယ်အချိန်ဆိုရင်မသုံးဘူး၊ ဘယ်ဥတုမျိုးဆိုရင် ဒီပစ္စည်းမျိုးကအရောင်းသွက်တယ်၊ ဘယ်ဥတုမျိုးဆိုရင်မသွက်ဘူးဒီလို၊ မိမိရောင်းမယ့် ဝယ်မယ့်ကုန်ပစ္စည်းရဲ့ကာလကိုလည်းပဲ နားလည်ရတယ် အချိန်,အခါချိန်။ ပထမဟာက ဌာနနားလည်ရတယ်၊ ထွက်ရာဌာနတို့,ရောင်းရာဌာနတို့နားလည်ရတယ်။ မိမိကုန်ပစ္စည်းရဲ့ ဌာနကိုလည်း ကျွမ်းကျင်လိမ္မာရတယ်။ ကာလကိုလည်း ကျွမ်းကျင်လိမ္မာရတယ်။

http://www.dhammadownload.com



**(၃)နံပါတ်ကျတော့-ကုန်ရဲ့အရည်အချင်း။** ဒီကုန်ပစ္စည်းမျိုးက ဒီလိုအရည်အသွေးရှိတယ်၊ ဒီကုန်ပစ္စည်းမျိုးက ဟိုလိုအရည်အသွေးရှိတယ် ဒီလို ပေါ့။ ဒီကုန်ပစ္စည်းမျိုးဝယ်ရင် အရင်းကဘယ်လောက်ကျမယ်၊ အမြတ်ကဘယ် လောက်ရနိုင်တယ် ဒီလို။ ကုန်ပစ္စည်းရဲ့ ကြာကြာခံမယ်, ကြာကြာမခံဘူးတို့ အရည်အချင်း အရည်အသွေးက ဘယ်လောက်ပဲရှိတယ်၊ ဘယ်လောက်ပဲ ထိုက် တယ်ဆိုတာတို့ ဒါကိုလည်း ကျွမ်းကျင်ရတယ်။ ဒါ-ကုန်သည်ကြီးရဲ့ နံပါတ် တစ် အရည်အချင်းဟာ **"စက္ခုမာစ"**-ပညာစက္ခုဖြင့် ကျွမ်းကျင်လိမ္မာသည်လည်း ကောင်း. . ၊ ဒါ-နံပါတ်တစ် အရည်အချင်းပဲ။

ဒီတော့-နံပါတ်နှစ်က **"ဝိဓူရောစ"**- ထထကြွကြွ, လုံ့လဝီရိယရှိသည် လည်းကောင်း. . ၊ ထထကြွကြွ လုံ့လဝီရိယရှိတယ်ဆိုတာ အရောင်းအဝယ်လုပ် တဲ့နေရာမှာ မနက်စောစော ဈေးထွက်နိုင်ရတယ် သူများထက်ဦးပြီးတော့၊ သို့ မဟုတ် အလွတ်ကိုယ့်ဘာကိုယ် ဈေးကြီးထဲဖွင့်တာမဟုတ်ဘဲနဲ့ ကိုယ့်ဘာကိုယ် အလွတ်ဆိုင်ဆိုရင်လည်း၊ စောစောထပြီးတော့ဖွင့်၊ ပြီးတော့ နောက်ကျပြီးမှဆိုင် ပိတ်၊ ဟောဒီလို ထထကြွကြွ တက်တက်ကြွကြွ လုံ့လဝီရိယနဲ့ရောင်းဝယ်။ ဒီတော့- မနက်စောစောဆိုင်ဖွင့်ထားတော့ မနက်စောစော သွားစရာ လာစရာရှိတဲ့သူတွေ က ဒီဆိုင်ဝယ်ကြတာပေါ့၊ တစ်ချို့က အကြောင်းအားလျော်စွာ မနက်စောစော သွားကြ,လာကြရမှာတွေရှိတယ်၊ ဒါ မနက်စောစောဖွင့်တဲ့ဆိုင် လာဝယ်တော့တာပဲ၊ ညမိုးချုပ်မှပိတ်တော့ တောကပြန်လာတဲ့သူတွေ ခရီးဝေးကပြန်လာတဲ့သူတွေ ညမိုးချုပ်မှ ဟိုကဒီက ရောက်လာတဲ့သူတွေက ဒီဆိုင်လာပြီးတော့ ဝယ်ကြ, ခြမ်း ကြ, စားကြ, သောက်ကြ။

တစ်ခါတစ်ခါမှာတဲ့ အဲဒီလို မိုးချုပ်မှရောက်၊ မနက်စောစောကြီးဆိုတော့ တစ်ချို့ ခရီးဝေးသွားရမယ့်သူတွေက သူတို့လက်ရှိနေတဲ့ပစ္စည်း ငွေတို့ဘာတို့က မရှိတော့ ဟာ-ဟဲ-ရတာနဲ့ရောင်းထားခဲ့မယ်ဆိုပြီးတော့ လွယ်လွယ်နဲ့ရောင်းထား ခဲ့ရော၊ ကိုယ့်မှာကဒီမှာ အမြတ်အစွန်းများများကြီးရ တစ်ဆင့်ကိုယ်ကရောင်း၊ ဒီလိုအားဖြင့်ပေါ့လေ. . . ၊ တက်တက်ကြွကြွ လုံ့လဝီရိယရှိရမယ်ဆိုတာ၊ ကိုယ့် ဘာကို ကိုယ့်ဆိုင်အလွတ်ဖွင့်တာဖြစ်လည်း ညမိုးချုပ်အောင်ရောင်း၊ မနက်စော စောထဖွင့်။ အဲ-သူများလိုဈေးကြီးထဲရောင်းရတာဖြစ်လည်း ဈေးဖွင့်ဖွင့်ခြင်း ကိုယ် ကဦးအောင်ဖွင့်နိုင်အောင် တက်တက်ကြွကြွ,လုံ့လဝီရိယ၊ ဒါ-နံပါတ်နှစ်အရည် အချင်း။

http://www.dhammadownload.com



နံပါတ်သုံးအရည်အချင်းကျတော့-နိဿယမ္ဗန္ဓောစ-မှီခိုအားထားရာနဲ့ ပြည့်စုံရသည်လည်းကောင်း. . . မှီခိုအားထားရာဆိုတာ ကိုယ့်ကို အရင်းအနှီး ထုတ်ပေးနိုင်တဲ့ သူဌေးတို့ သူကြွယ်တို့ ဒီလိုပုဂ္ဂိုလ်တွေပဲ။ ပြီးတော့ အာဏာရှိတဲ့ မင်းစိုးရာဇာတွေရယ် ဒါမှီထားရတယ်၊ သူတို့ကို ပေါင်းထားရတယ်၊ သူတို့ကိုခိုကပ်ထားရတယ်၊ ဒီတော့-အဲဒီသူဌေးတို့ ,အရင်းအနှီးထုတ်ပေးနိုင်တဲ့သူတွေက သူတို့ကလည်းကြည့်နေတာပဲ၊ အရောင်းအဝယ်သမားတစ်ယောက် ဘယ်သူကဖြင့် သွက်သွက်လက်လက် ချက်ချက်ချာချာရှိတယ်ဆိုရင် သူတို့က "ဟာ-ဒီလူတော့ တော်တယ် ဒီကလေးမတော့တော်တယ် ရောင်းပုံချပုံ သွက်တယ်ချက်တယ် "ဆိုရင်သူတို့က ကိုယ့်ရောင်းတယ်ဝယ်တယ်ဆိုတာလည်းတစ်ကြိမ်တစ်ခါ အရင်းအနှီးစိုက်ရောင်းလိုက်လို့ တစ်ခါတည်း မြတ်ချင်မှမြတ်တာကိုး၊ တစ်ခါတစ်ခါချော်ပြီးတော့ တစ်ခါတည်း ရှုံးသွားတတ်သေး၊ အဲလိုရှုံးသွားလို့ ဖင်ထိုင်ကျသွားပြီး ဘာမှမလုပ်တော့ဘူးဆိုလည်းပြီးရော , မတက်တော့ဘူး။

ဒီတော့-ဒီလိုမဟုတ်ရဘူး နောက်တစ်ခါအရင်းအနှီးနဲ့ ရှေ့တက်ရတယ်၊ တစ်ခါပြန်ထူထောင်ပြီးတက်ရတယ်, "ကြက်-ပြောတာလိုပဲ "ကောက်တိုင်းတော့ ဘယ်အစာရမှာတုန်း" ဒီတော့ အရောင်းအဝယ်သမားဆိုတာ ဒီလိုပဲ တစ်ခါတစ်ခါ ချော်သွားတိမ်းသွား၊ အဲဒီတင် နောက်ထပ် အရင်းအနှီးထပ်ထူထောင်ပြီးတော့၊ အဲဒီအရင်းအနှီး ထပ်ထူထောင်တော့ ခုနကလိုအရင်းအနှီးထုပ်ပေးနိုင်တဲ့သူကို ကိုယ်က ယုံကြည်လောက်အောင် ပေါင်းထား၊ ပေါင်းထာတော့ အဲဒီလူတွေကပေးတာပဲ။

တစ်ချို့များ ကိုယ်ကတောင် သွားမယူရဘူး သူတို့ကိုက "မင်းလာပါ၊ငါတို့ဆီက အရင်းအနှီးထုတ်ယူ , မင်းလုံ့လဝီရိယရှိသားပဲ ၊ လုပ်ပုံကိုင်ပုံ မင်းသွက်သားပဲ၊ ဉာဏ်မြင်သားပဲ၊ ဒီတော့ မင်း-တို့ဆီက ယူပြီးတော့ ထူထောင်လုပ်ပြီးတော့ တို့လည်းပဲ အချိန်မှန်ပြန်ဆပ် ဒီလို။ မင်းအတွက်လည်းပဲ မင့်သားမင့်သမီး ကျွေးရမွေးရတာပေါ့၊ မင်း-အရောင်းအဝယ်ဖြစ်တာပေါ့" ဆိုပြီးသူတို့ကတောင် ခေါ်ထုတ်ပေးတယ်၊ ကိုယ်က အဲဒီလိုထိအောင် ပေါင်းထားရတယ်။ ဒီတော့ အဲလို နိဿယသမ္ပန္န-မှီရာနဲ့ပြည့်စုံတယ်ဆိုရင် ဒါ-ကြီးပွားတာပဲ. . . တဲ့၊ ဈေးသည်ကြီးပွားတာပဲ။ မြတ်စွာဘုရားက လောကီဈေးသည်အတွက် အရည်အချင်း(၃)ချက်။ နံပါတ်(၁) စက္ခုမာ-အမျှော်အမြင်, ဉာဏ်မျက်စိအရာ ကျွမ်းကျင်လိမ္မာရတယ်။

http://www.dhammadownload.com



(၂) ဝိစ္စရော-ထထကြွကြွလုံ့လဝီရိယရှိရတယ်။(၃) နိဿယသမ္ပန္နော-မှီခိုအားထားရာနဲ့ ပြည့်စုံရတယ်။ မှီခိုအားထားရာဆိုတာ ခုနကအရင်းအနှီးထုတ်မယ့်သူတွေရော၊ ပြီးတော့ အုပ်စိုးနေတဲ့ အာဏာပါဝါရှိတဲ့သူတွေရော မှီခိုအားထားရတယ် ကိုယ်က ၊ ဒါ-ကြီးပွားတာပဲ. . . တဲ့ ဒီပုဂ္ဂိုလ်။

အဲဒီလိုပါပဲ. . . တဲ့ မြတ်စွာဘုရားက။ ဘုရားက လောကီ ဈေးသည်ကို ပထမဆုံးပြလိုက်ပြီးတော့မှ အဲဒီလောကီဈေးသည်,သည်. . . အဲဒီအရည်အချင်း သုံးချက်နှင့်ပြည့်စုံရင် ကြီးပွားချမ်းသာသလိုပဲ. . . တဲ့။ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီး ထူထောင်တော်မူတဲ့ သာသနာ့ဈေးရုံကြီးအတွင်းမှာ ရောက်လာတဲ့ လောကုတ္တရာဈေးဝယ်သမား အမျိုးကောင်းသား,အမျိုးကောင်းသမီးများဟာလည်းပဲ ဒီအရည်အချင်းသုံးချက်နှင့်ပြည့်စုံရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်တိုင်အောင် လောကုတ္တရာစီးပွားနဲ့ ကြီးပွားတိုးတက်နိုင်တယ်. . . ။ ဟော-ဘုရားက လောကုတ္တရာဘက်လှည့်သွားပြီ။ ဟောချင်တာက လောကုတ္တရာဟောချင်တာ၊ သို့သော် လောကီသားတွေဆိုတော့ လောကီကိစ္စနဲ့လည်းမကင်းနိုင်လို့၊ လောကီကြီးပွားရေးလည်း ဟောလိုက်သေးတယ်။

ဒါ့ကြောင့်-ဒီ့ဘုရားတရားက , လောကီလောကုတ္တရာ နှစ်ဘက်ရတရားပါ။ ဘုရားက လောကီချည့် သို့မဟုတ်လောကုတ္တရာချည့် ဒီလိုဟောတာမဟုတ်ဘူး နှစ်ဘက်ရဟောတာ။ ကိုယ်လိုက်နာနိုင်သမျှ အကျိုးရှိအောင်ဟောပေးတာ, ဈေးသူဈေးသားဟာ ကြီးပွားချမ်းသာနည်း အင်္ဂါအရည်အချင်း သုံးချက်ပြည့်စုံရသလို၊ လောကုတ္တရာစီးပွား ရောင်းဝယ်ဖောက်ကားတဲ့ အမျိုးသားအမျိုးသမီးဟာလည်းပဲ အရည်အချင်းသုံးချက်နဲ့ပြည့်စုံရတယ်. . . တဲ့။ ဒီတော့-အရည် အချင်းသုံးချက်က ဘာတုန်းဆိုတော့ အတူတူပဲ ခုနကလို-စက္ခုမာ-ဉာဏ်ပညာအရာ ကျွမ်းကျင်လိမ္မာရခြင်း။ ဝိစ္စရော-ထထကြွကြွ လုံ့လဝီရိယရှိရခြင်း။ နိဿယသမ္ပန္နော-မှီခိုအားထားရာနှင့် ပြည့်စုံရခြင်း. . . . ။

ဒီတော့-အဲဒီမှာ မှီခိုအားထားရာနဲ့ ပြည့်စုံရတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့ ဒီအမျိုးသား အမျိုးသမီးက ပရိယတ်, ပဋိပတ်-နှစ်ရပ်စွယ်စုံ ကျွမ်းကျင်တော်မူတဲ့ဆရာတော်ကို ကိုးကွယ်တယ်သူက မှီခိုတယ်၊ ပရိယတ် ပဋိပတ်နှစ်ဖြာနဲ့ပြည့်စုံတဲ့ သံဃာတွေ ကိုးကွယ်အားထားတယ်၊ မှီခိုတယ်, ပရိယတ် ပဋိပတ်နှင့်

http://www.dhammadownload.com



တကွ ဗဟုသုတပြည့်စုံတဲ့ သူတော်ကောင်းဖြစ်တဲ့ မိဘဆရာသမား မိတ်ဆွေကောင်းတွေကို မှီခိုတယ်. . . . တဲ့၊ ဟော-နိဿယသမ္ပန္န-ဆိုတာ ဘုရားကိုမှီတယ်, သံဃာကိုမှီတယ်, မိတ်ကောင်းဆွေကောင်း, ဆရာကောင်းသမားကောင်း သူတော်ကောင်းကိုမှီတယ် ဒါပြောတာ။ အမှီကောင်းရှိရတယ်ဆိုတာ အဲဒါပြောတာ။

ဝီရိယရောဲ-တက်တက်ကြွကြွလုံ့လဝီရိယရှိရတယ်ဆိုတာကျတော့-ကောင်းမှုပြုတဲ့နေရာမှာ တက်တက်ကြွကြွလုံ့လဝီရိယရှိတယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်, ဖြစ်ပြီးသားကုသိုလ်တွေလဲထပ်ထပ်တိုးအောင်, သမ္မပ္ပဓာန်လုံ့လဝီရိယပြောတာ။ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော ။ အနုပ္ပန္နာနံ**-မဖြစ်ဖူးသေးသော၊ ကုသလာနံ-ကုသိုလ်ကောင်းမှုတို့ကို၊ ဥပ္ပါဒါယ-ဖြစ်ပေါ်စေခြင်းငှာ၊ ဝါယာမော-ကြောင့်ကြဗျာပါဒစိုက်ခြင်း၊ **ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။** ဥပ္ပန္နာနံ-ဖြစ်ပြီးကုန်သော၊ ကုသလာနံ-ကုသိုလ်တရားတို့ကို၊ဘိယျောဘာဝါယ-တိုးပြီးတော့ဖြစ်ဖို့ရာ၊ ဝါယာမော-ကြောင့်ကြစိုက်ခြင်း။

ဒီတော့-တက်တက်ကြွကြွ လုံ့လဝီရိယရှိတယ်ဆိုတာ ဘာတုန်းဆိုတော့ မဖြစ်ဖူးသေးတဲ့ ကုသိုလ်ဖြစ်အောင်၊ ဖြစ်ဖူးပြီးတဲ့ကုသိုလ်လည်းထပ်ဖြစ်အောင် ဒါပြောတာတဲ့၊ အခု-မော်လမြိုင်က ဒေါ်ကြင်မွှား ဦးဆောင်တဲ့ ဈေးသူဈေးသား၊ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက "ဟာ-ဒို့ သံဃာတော်ငါးရာခြောက်ရာ ခုနစ်ရာတစ်ပြိုင်နက်ဆွမ်းလောင်းတဲ့ကောင်းမှု ဒို့မဖြစ်ဖူးသေးဘူးဟေ့ ဖြစ်အောင် လုပ်ရအောင်" ဟော-ဒါ မဖြစ်ဖူးသေးတဲ့ ကုသိုလ်ဖြစ်အောင်ဆိုပြီးတော့ ကြိုးစားတာပဲ။

"ကဲ-စုကြမလား, ထည့်ကြမလား-ပါကြမလား"၊"ဟာ-ပါမယ်,ကျွန်မကပါမယ်, ကျွန်တော်ကပါမယ်, ကိုင်း-ဟုတ်တယ်၊ ကျုပ်တို့သံဃာလေးငါးဆယ်ပါးတော့ ဆွမ်းလောင်းဖူးတယ်၊ ဆွမ်းကပ်ဖူးတယ်,သံဃာငါးဆယ်ခြောက်ဆယ်ကပ်ဖူးတယ်၊လောင်းဖူးတယ်၊ သံဃာတော်တစ်ရာနှစ်ရာ လောင်းဖူးပါရဲ့ ကပ်ဖူးပါရဲ့ အဲ-သံဃာ ခုနစ်ရာရှစ်ရာတော့ ဆွမ်းမလောင်းဖူးဘူး တစ်ပြိုင်နက်,တပြိုင်နက် တစ်ကြိမ်ထဲ။ ဒီတော့ သံဃာရှစ်ရာကျော် ဆွမ်းကပ်ရတဲ့ကောင်းမှု ကျုပ်မဖြစ်သေးဖူးဗျာ၊အဲဒါဖြစ်အောင် ထည့်မယ်,ပါမယ်ဝင်မယ်, ဟော-ဒါကြီးပွားမယ့် အင်္ဂါအရည်အချင်းကြီးပဲ၊မဖြစ်သေးတဲ့ကုသိုလ်ဖြစ်အောင်ဒါနနဲ့ပတ်သက်ပြီးတော့ပြောတာ။

http://www.dhammadownload.com



ထို့အတူပဲပေါ့၊ သီလနဲ့ပတ်သက်ပြီးတော့လည်းပဲ၊ ကျုပ်ငါးပါးသီလတော့ နေ့တိုင်းလုံတယ်၊ ရှစ်ပါးဥပုသ်မစောင့်ဖူးသေးဘူး၊ ရှစ်ပါးထိန်းတဲ့ကုသိုလ်မဖြစ်သေးဘူး ထိန်းလိုက်အုန်းမယ်၊ ဟာ-ကိုးပါးသီလ စောင့်လိုက်အုံးမယ်" ဒါမဖြစ်ဖူးသေးတဲ့ ကုသိုလ်ဖြစ်အောင် ကြိုးစားတာခေါ်တယ်၊ ဟာ-ဒီကတစ်ဆင့်တက်ပြီးတော့ သာမဏေများကျင့်တဲ့ (၁၂၀)သိက္ခာသီလ ဖြည့်ဖူးအောင် ဝတ်လိုက်အုံးမယ်၊ ကုဋေကိုးထောင်ကျော် သီလဖြည့်ဖူးအောင် ရဟန်းခံလိုက်အုံးမယ်၊ ဒုလ္လဘရဟန်း ဝတ်လိုက်အုံးမယ် ဒီလိုပေါ့။

အမျိုးသမီးများ အနေနဲ့လည်း သီလရှင်ဝတ်ပြီးတော့ ဥပုသ်ရက်ရှည်စောင့်ပြီးတော့ ရှစ်ပါးသီလကြာရှည်ထိန်းလိုက်အုန်းမယ် ဒီလိုပေါ့။ ဘိက္ခုနီသာသနာက ကွယ်သွားတော့ သူတို့က ဘိက္ခုနီဝတ်ခွင့်မရှိရှာကြဘူး၊ အမှန်ကတော့ ဘိက္ခုနီသာသနာသာမကွယ်ရင် အမျိုးသမီးတွေကလည်း အမျိုးသားတွေလိုပဲ ဒုလ္လဘရဟန်းမ, ဝတ်လိုက်အုံးမယ် ရတာပဲ သူကလည်း။ ဒုလ္လဘရဟန်းမ ဝတ်ပြီးတော့ မဖြစ်ဖူးသေးတဲ့ ကုဋေကိုးထောင်ကျော်သိက္ခာသီလ ကြိုးထိန်းလိုက်အုံးမယ်၊ ငါးပါးသီလကုသိုလ်ကတော့ နေ့တိုင်းထိန်းနေတာကိုး၊ နေ့တိုင်းဖြစ်တဲ့ကုသိုလ်၊ ဒီတော့ မဖြစ်ဖူးသေးတဲ့ကုသိုလ်ဖြစ်အောင်ဟ-ဆိုပြီးတော့ ထိန်းလိုက်အုန်းမယ်၊ ဟော-ဒါ ဝိစ္စူရ၊ ဒါ သီလနဲ့ပတ်သက်ပြောတာ။

သမထဘာဝနာနဲ့ပတ်သက်တော့လည်း ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏာဿတိစတဲ့ကောင်းမှုတွေ မဖြစ်ဖူးသေးဘူးဆို ဖြစ်ဖူးအောင်။ မေတ္တာပွားတာ အစက ကိုယ့်ပတ်ဝန်းကျင်းလေးကိုယ်ပွားနေတာ၊ အခုတော့ တစ်မြို့လုံး, တစ်နယ်လုံး, တစ်နိုင်ငံလုံး စကြာဝဠာတစ်ခုလုံး စကြာဝဠာအနန္တ အကုန်ခြုံပြီးပွားနည်းနဲ့ ပွားလိုက်အုံးမယ်၊ ဟော-မေတ္တာကျယ်ပြန့်. . . လို့။ အစကတော့ မေတ္တာကုသိုလ်က ကိုယ့်ပတ်ဝန်းကျင်လေးကိုယ်ပို့နေတာ၊ ကိုယ့်ပတ်ဝန်းကျင်,ကိုယ့်မြို့ရွာ၊ ကိုယ့်နယ်ပယ်၊ နောက်တော့ တိုးချဲ့ပြီးတော့ ကိုယ့်တိုင်းပြည်, တိုင်းပြည်ပေါင်းစုံရှိနေတဲ့ ကိုယ့်ကမ္ဘာ၊ အဲဒီကမ္ဘာတွေစုနေတဲ့ စကြာဝဠာကြီးတစ်ခု။ အရှေ့ကျွန်း, အနောက်ကျွန်း,တောင်ကျွန်း,မြောက်ကျွန်းစုနေတဲ့စကြာဝဠာကြီးတစ်ခု။ ဟာ-အဲဒီလို စကြာဝဠာတွေကို အနန္တဆိုတော့ အဲဒီ စကြာဝဠာအနန္တနေတဲ့သတ္တဝါတွေ ကျန်းမာကြပါစေ ချမ်းသာကြပါစေ. . . ဟော-မေတ္တာ၊ မဖြစ်ဖူးသေးတဲ့မေတ္တာတွေဖြစ်. . . လို့။ အပ္ပမာဏမေတ္တာ, အပ္ပမညမေတ္တာခေါ်တယ်၊ အတိုင်းအဆမရှိ တဲ့မေတ္တာတွေဖြန့်

http://www.dhammadownload.com



လို့၊ ဒါ-ဘာဝနာနဲ့ပတ်သက်ပြောတာ။

ထို့အတူပဲပေါ့ ဗုဒ္ဓါနုဿတိလည်းပဲ၊ ခါတိုင်းအာရုံပြုတာ အရဟံနဲ့တင် အာရုံပြုနေတာ-သမ္မာသမ္ဗုဒ္ဓနဲ့တိုးချဲ့ပြီးတော့ ဉာဏ်တော်ကြီး-ကြီးပုံ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီး ကြီးကျယ်ပုံ သိစရာရှိသမျှကို အကုန်သိမ်းကျုံးသိပုံ၊ ဒါ-သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နဲ့၊ ဟာ-ဝိဇ္ဇာစရဏနဲ့ အကျင့်ရော့အသိရော ပြည့်စုံပုံ၊ ခရီးသွားတဲ့နေရာ ခြေထောက်ရော၊ မျက်စိရောနှစ်ခုပါသလို၊ ဝိဇ္ဇာ,စရဏသမ္ပန္နနဲ့ပြည့်စုံပုံ၊ အဲဒီလိုအားဖြင့် ဂုဏ်တော်တွေပေါ့လေ. . . ကိုယ်အာရုံမပြုဖူးသေးတဲ့ဂုဏ်တော်တွေ, ဆရာတော်တွေဟောထားတာတွေ, ရေးသားထားတာတွေကြည့်ပြီးတော့ ဒီလိုလှည့်ပြီးတော့ အာရုံပြု ဒါ-မဖြစ်ဖူးသေးတဲ့ကုသိုလ်တွေ ဖြစ်အောင်ကြိုးစားတာ။

ဟာ-ဝိပဿနာကုသိုလ် ရုပ်နာမ်နှစ်တန်ကို အဖြစ်အပျက် အမှန်ကိုမြင်အောင်ကြည့်တဲ့ ဝိပဿနာကုသိုလ် ငါ့မဖြစ်ဖူးသေးဘူးဟ၊ ဖြစ်အောင်ကြိုးစားအုံးမယ်ဟ၊ ဒါ-မဖြစ်ဖူးသေးတဲ့ကုသိုလ် ဖြစ်အောင်လုပ်တာ၊ ဆယ်ရက်စခန်းသွားဝင်လိုက်အုံးမယ်၊ တစ်လစခန်းဝင်လိုက်အုံးမယ်၊ ရိပ်သာဝင်လိုက်အုံးမယ်၊ သို့မဟုတ်-ဥပုသ်စောင့်ရင်းနဲ့ ဘယ်သွားပြီးတော့ နည်းခံပြီးတော့ အားထုတ်လိုက်အုံးမယ်၊ ဒါ-ပြီးတာပဲ၊ နည်းရထားလို့ရှိရင်လည်း ကိုယ့်အိမ်မှာ နေ့တိုင်းဝိပဿနာကုသိုလ်ပါသွားအောင် လုပ်အုံးမယ်၊ ငါ-ဒါနတော့ နေ့တိုင်းဖြစ်နေတယ်၊ သီလလည်းထိန်းနေတယ်၊ ဘာဝနာ-ဗုဒ္ဓါနုဿတိ မေတ္တာကလည်း ဘုရားရှိခိုး မေတ္တာနေ့တိုင်းပါတယ်၊ ဝိပဿနာကမပါသေးဘူး အဲဒီကုသိုလ်နေ့တိုင်းမဖြစ်သေးဘူး၊ ဖြစ်အောင် ကြိုးစားလိုက်အုံးမယ်ဟ-ဒါ-ဝိစူရောပဲ။ မဖြစ်သေးတဲ့ကုသိုလ် ဖြစ်အောင်ကြိုးစားတာ။

**ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ** ဝါယာမော-ဖြစ်ပြီးသားကုသိုလ်တွေလည်းတိုးအောင်၊ ဟော-အခု ဒေါ်ကြင်မွှားတို့ မော်လမြိုင်ဈေးသူဈေးသား ဒကာဒကာမတွေကဆိုပါတော့ "ငါ သံဃာ ငါးရာ,ခြောက်ရာ,ခုနစ်ရာ, ရှစ်ရာ ဆွမ်းလောင်းတာ ဟိုတစ်နှစ်ကလည်းလောင်းခဲ့ပြီ၊ ဟော-ဒုတိယအကြိမ်လည်းဒို့အောင်ခဲ့ပြီ၊ တတိယအကြိမ်သွားပြီးတော့ လောင်းကြဦးစို့" ဖြစ်ပြီးသားကုသိုလ်တွေတိုးအောင်၊ ရှေးကဖြစ်ခဲ့ဖူးတဲ့ သံဃာခုနစ်ရာရှစ်ရာ ဆွမ်းလောင်း

http://www.dhammadownload.com



တဲ့ကုသိုလ်မျိုးထပ်တိုးအောင် ပြုလိုက်ကြဦးစို့" ဒါ-ဖြစ်ပြီးသားကုသိုလ်တိုးအောင် ကြိုးစားတာပဲ၊ ဟိုကနေပြီးတော့ စုဆောင်းပြီးတော့ တစ်ခါတည်းဒီထိအောင်လာ၊ ဒီကျတော့ လှူကြတန်းကြ။

ဒီသံဃာခုနစ်ရာ ရှစ်ရာဆွမ်းလောင်းဖို့ဆိုတော့ ပိုက်ဆံလေးလက်ထဲ တစ်ဆယ်ငါးကျပ်ရှိရုံလေးနဲ့လွယ်တာမှမဟုတ်ဘဲနဲ့၊ ကိုယ်တစ်ယောက်ထဲနဲ့လည်း လွယ်တာမှမဟုတ်ဘဲနဲ့၊ ဒီတော့- စုကြဟေ့-ဆောင်းကြဟေ့၊ ပါကြမလား-လာ" လက်ညီတက်ညီနဲ့ သမာဆန္ဒတူမျှ နေ့တိုင်းဈေးဝယ်ရင်း ဈေးရောင်းရင်းနဲ့စုဆောင်းပြီးတော့ ဟော-ဒီလို။ လေးငါးခြောက်ထောင်ခုနှစ်ထောင်ကုန်တာ၊မနက်ဆွမ်းတင်ပဲလေးထောင်ငါးထောင်ကုန်နေတာ၊ အဲလိုအားဖြင့် မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင် ဒါ-ကြိုးစားတာ ဒါ-ဈေးဝယ်လာတာပဲ၊ အခုဒေါ်ကြင်မွှားတို့မိသားစုက မော်လမြိုင်ကနေပြီးတော့ အမရပူရမြို့ ဂန္ဓာရုံဘာလုပ်လာကြတာတုန်း. . . ဈေးဝယ်လာကြတာ. . တဲ့၊ ဈေးဝယ်လာတာ။

အခုအမေရိကန်ပြည်-ကာလီဖိုးနီးယားပြည်နယ် ဗာကီလီးမြို့က မစ္စတာတာတန်တာကူတို့ မိသားစုကလည်းပဲ ဟိုကနေလှမ်းပြီးဘာလုပ်တာတုန်း၊ လှမ်းဈေးဝယ်တာ။ဘုရားရှင်ကိုယ်တော်မြတ်ကြီးထူထောင်တဲ့ သာသနာ့ဈေးရုံကြီးထဲမှာ ဈေးဝယ်တာ. . . တဲ့၊ ဈေးဝယ်တာ။ ဒီတော့မဖြစ်ဖူးသေးတဲ့ ကုသိုလ်ဖြစ်တာပေါ့၊ မစ္စတာတာတန်တာကူတို့ မိသားစုအနေနဲ့ သည့်ပြင်လူတွေလှူဖူးတာလှူချင်လှူဖူးလိမ့်မယ်။

ဆိုပါတော့-ဟိုနားဒီနား ပရိသတ်တွေကျွေးတာမွေးတာ၊ ညစာစားပွဲကျွေးမနက်စာစားပွဲတွေကျွေး နေ့လယ်စာစားပွဲတွေကျွေးမွေးဧည့်ခံတဲ့ ဒါနတွေပြုဖူးချင်ပြုဖူးလိမ့်မယ်၊ သို့သော်-သံဃာရှစ်ရာကျော်ဆွမ်းလောင်းတဲ့ကောင်းမှုက မဖြစ်ဖူးသေးတော့၊ ဟော-အခုဖြစ်ပြီ၊ ဒါ-မဖြစ်သေးတဲ့ကုသိုလ်ဖြစ်အောင်ကြိုးစားတာပဲ။ ဒီတော့အဲဒါကို မြတ်စွာဘုရားက "ဝိဓူရ"တဲ့ ဒါ-လောကုတ္တရာဈေးဝယ်သမားရဲ့အရည်အချင်း. . . တဲ့ ဒါပြည့်စုံရမှာတဲ့။ မှီရာနဲ့ပြည့်စုံရမယ်ဆိုတာ ဘုရားကိုမှီတယ်, သံဃာတော်တွေကိုမှီတယ်, ဆရာကောင်းသမားကောင်းမိတ်ကောင်းဆွေကောင်းကို မှီခိုတယ်၊ ဒါ-မှီရာနဲ့ပြည့်စုံတာ၊ အခုလိုမဖြစ်သေးတဲ့ကုသိုလ်တွေဖြစ်အောင်ကြိုးစားတာက "ဝိဓူရ" ဂုဏ်လို့ခေါ်တယ်။

http://www.dhammadownload.com



ပေါ-(၃)စက္ခုမာစ-ဉာဏ်မျက်စိအရာ, ကျွမ်းကျင်လိမ္မာသည်လည်းကောင်း. . . ကျွမ်းကျင်လိမ္မာတယ်ဆိုတာ ခုနက လောကီဈေးရောင်းသမားက ကုန်ပစ္စည်း ကျွမ်းကျင်တယ်၊ အဲသလိုပဲ လောကုတ္တရာဈေးဝယ်သမားကလည်းပဲ ကုန်ပစ္စည်းကိုကျွမ်းကျင်နားလည်ရတယ် . . တဲ့၊ ဒီနေ့ မော်လမြိုင်ကဒေါ်ကြင်မွှား ဦးဆောင်တဲ့ ဈေးသူဈေးသားဒကာဒကမတွေက ဒီနေ့သာသနာ့ဈေးရုံကြီးထဲ ဈေးလာဝယ်တာဖြစ်တော့ တန်ဖိုးပေးလိုက်ပြီ။ ခုနကဆွမ်းတွေဟင်းတွေလောင်းကြလှူကြတာ ဒါတန်ဖိုးပေးတာ။ ဈေးဝယ်တယ်ဆိုတာ တန်ဖိုးငွေပေးပြီးတော့ ဒီကဟာ ယူရတာကိုး။ အခု-အမေရိကန်ကာလီဖိုးနီးယားပြည်နယ်က မစ္စတာ တာတမ်တာကူတို့မိသားစုကလည်း၊ အမေရိကန်ကနေ လှမ်းပြီးတော့ဈေးဝယ်တာ၊ ဒေါ်လာတစ်ထောင်ပို့ပြီးတော့ တန်ဖိုးပေးလိုက်တာ၊ ပေးလိုက်ပြီးတော့ ဒီက ကုန်ပစ္စည်းယူမှာ။

ဒီတော့-ဘာယူမှာတုန်း၊ ကိုယ်ဝယ်မယ့် ကုန်ပစ္စည်းရဲ့ အရည်အချင်းသိရတယ်. . တဲ့ ကျွမ်းကျင်ရတယ်၊ ဒီကုန်ပစ္စည်းက ပုပ်တတ်တဲ့ပစ္စည်း မကြာခင် ပုပ်မယ့်ပစ္စည်း,မကြာခင်ဆွေးမယ့်ပစ္စည်း, မကြာခင်ကွဲမယ့်အက်မယ့်ပစ္စည်း, မကြာခင်ကုန်မယ့်ပျောက်မယ့်ပစ္စည်းဆိုရင် အဲဒါကြီး ကိုယ်က ဝယ်သွားလို့ရှိရင်မှားလိမ့်မယ်၊ ဈေးဝယ်သမားဆိုတာ ပါးရတယ်လေ၊ အတုကိုမဝယ်မိစေရဘူး၊ ကိုယ်က ပိုက်ဆံပေးရတော့ ပေးရတာက အတူတူပဲ၊ အတုကြီးဝယ်သွားမိရင် ကိုယ်နာလိမ့်မယ်၊ သို့မဟုတ်-မကြာခင် ကွဲမယ့်ပစ္စည်းကြီးဝယ်မိရင် မှားလိမ့်မယ်၊ ကိုယ်နာလိမ့်မယ်၊ ဒီတော့-အခုသာသနာ့ဈေးရုံကြီးထဲကနေပြီးတော့ ဝယ်လိုက်တဲ့ပစ္စည်းသည်၊ လူ့ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ပစ္စည်းတွေရှိတယ်၊ နတ်ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာဆိုတဲ့ပစ္စည်းတွေလည်းရှိတယ်၊ ဗြဟ္မာဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ပစ္စည်းတွေလည်းရှိတယ်၊ မဂ်လေးတန်,ဖိုလ်လေးတန်, နိဗ္ဗာန်ဆိုတဲ့ပစ္စည်းတွေလည်းရှိတယ်။

ဒီတော့-အဲဒီပစ္စည်းတွေထဲက လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ၊ နတ်ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ၊ ဗြဟ္မာဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ပစ္စည်းကိုများ အကောင်းထင်ပြီးတော့ ဝယ်မိရင်တော့ အဲဒါ ပုပ်လွယ်တဲ့ပစ္စည်းဝယ်မိပြီ၊ ဆွေးလွယ်တဲ့ပစ္စည်း ဝယ်မိပြီ၊ ဟောင်းလွယ်တဲ့ပစ္စည်းဝယ်မိပြီ၊ ကွဲမယ့်ပစ္စည်းကြီး ဝယ်မိရက်ဖြစ်နေပြီ။ ဘာပြုလို့တုန်းဆိုတော့ လူ့ဘဝ လူ့ခန္ဓာ လူ့စည်းစိမ်တွေဆိုတာ

http://www.dhammadownload.com



အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောမကင်းဘူး၊ အိုခြင်းသဘောမကင်းဘူး၊ နာခြင်းသဘောမကင်းဘူး၊ သေခြင်းသဘောမကင်းဘူး၊ ဒါကြီးအကောင်းထင်ပြီးတော့ ဝယ်မိရင်တော့ အဲဒါ မကြာခင်ဆွေးမယ့်၊ပုပ်မယ့်ပစ္စည်းကြီးဝယ်မိရက်ဖြစ်တာပဲ ။

နိဗ္ဗာန်ဆိုတဲ့-ဘယ်တော့မှ မဆွေးတဲ့ပစ္စည်း၊ ဘယ်တော့မှမပုပ်တဲ့ပစ္စည်း၊ ဘယ်တော့မှမသိုးတဲ့ပစ္စည်း၊ ဘယ်တော့မှမကွဲ မအက်တဲ့ပစ္စည်း၊ နိစ္စဓုဝ,သုညတ-အမြဲတည်ပြီးတော့ သန္တိသုခသဘောနဲ့ အေးငြိမ်းနေတဲ့ဓာတ်ကြီးရှိတယ် ဘုရားရှင်ရဲ့သာသနာ့ဈေးရုံကြီးအတွင်း။ ဘုရားသာသနာ့ဈေးရုံကြီးအတွင်းမှာ ကုန်ပစ္စည်းတွေအမျိုးမျိုးတော့ဖြန့်ထားတာပဲ၊အဲဒီထဲက နိဗ္ဗာန်ဆိုတဲ့ သန္တိသုခဓာတ်ကြီး အသခ်တပစ္စည်းကြီးရှိတယ်၊ အေးငြိမ်းတဲ့ဓာတ်ကြီးရှိတယ်၊ အဲဒီ-အေးငြိမ်းတဲ့ပစ္စည်းကြီးကိုရအောင်ဝယ်. . . တဲ့၊ ရအောင်ဝယ်။ ဒီတော့-အဲဒီအေးငြိမ်းတဲ့သန္တိသုခ ပစ္စည်းကြီးကို ရအောင်ဝယ်ချင်ရင် ဘယ့်နှယ့်လုပ်ဝယ်ရမှာတုန်းဆိုတော့ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာစတဲ့ ပစ္စည်းကြီးတွေရဲ့အပြစ်တွေမြင်လိုက်ရတယ်။

ဘုန်းကြီးတို့ဒကာ ဒကာမတွေ ဈေးထဲသွားပြီး ဈေးဝယ်တဲ့အခါကျတော့ ကုန်ပစ္စည်းတစ်ခုကိုကောက်ကိုင်လိုက်၊ ကြည့်လိုက်၊ ဟာ ဒီပစ္စည်းကတော့ အတုကြီးပဲ၊ ကိုယ်ကလိမ္မာကျွမ်းကျင်နေတာဆိုတော့ ဒါ-အတုပဲ-ဒါ အအက်ကြီးပဲ၊ ဒါ အပဲ့ကြီးနဲ့ပဲ ဒီလိုမြင်တယ်ဆိုရင် အဲဒီပစ္စည်းကို လက်ကပြန်ချပြီးတော့ အဲဒီထက်သာတဲ့ပစ္စည်းကို လက်ကရွေးယူလိုက်တယ်။ အဲဒီလိုပဲ အခုလည်း ဉာဏ်နဲ့ရွေးတတ်ရတယ်၊ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ပစ္စည်းကြီး၊ ရုတ်ကနဲ့ဆိုတော့သူကကောင်းသလိုလိုပဲ၊ လူ့စည်းစိမ်ကြီးဆိုတော့ ကောင်းသလိုလိုကိုး၊ စကြာမင်းကြီးများ စကြာမင်းမိဖုရားကြီးများဆို အို. . ကောင်းကင်ကပျံသွားရ တခါတည်းစည်းစိမ်ချမ်းသာနဲ့ပြည့်စုံ ကိုယ်လိုချင်တာမှန်သမျှအကုန်ဖြစ်။

သူဌေးသူကြွယ်ကြီးများဆို ကိုယ်လိုချင်သမျှ အကုန်ဖြစ်ဆိုတော့ လူ့စည်းစိမ်ကြီးက ဟန်သလိုလို ဟုတ်သလိုလိုတော့ရှိတယ်၊ အဲဒါ-ကိုယ်က "ဟာ-လူ့စည်းစိမ်ကြီးကောင်းသား၊ သူဌေးကြီးသူကြွယ်ကြီးဖြစ်ပြီးတော့ နောက်ဘဝ ဒီထက်ပေါ ဒီထက်ရှပ်တွေချော၊ ဒီထက်စည်းစိမ် ဥစ္စာတွေပေါ၊ စိန်တွေ ရွှေတွေနဲ့ဆို ကောင်းသားဆိုတာ ဒါလက်နဲ့ကောက်ကိုင်လိုက်တာပဲ၊ လက်နဲ့ကောက်ကိုင်ပြီးတော့

http://www.dhammadownload.com



ဝိပဿနာဉာဏ် သံဝေဂဉာဏ်နဲ့ ကြိတ်ချေပြီးတော့ကြည့်လိုက်၊ တီးခေါက်ကြည့်လိုက်၊ ပုဂံတို့အိုးတို့များ ဈေးထဲဝယ်တော့ ဒေါင်ဒေါင်,ဒေါင်ဒေါင် ခေါက်ကြည့်သလိုပဲ၊ လက်ကလေးနဲ့ ခေါက်ကြည့်သလို, အက်တဲ့အိုးလား, ကောင်းတဲ့အိုးလား၊ ပုဂံလေးဖြင့်လည်း အက်တဲ့ပုဂံလား, ကောင်းတဲ့ပုဂံလားဆိုတာသိရအောင် တကတည်း လက်ကလေးနဲ့ခေါက်ကြည့်၊ ခဲတံလေးနဲ့ တုတ်ချောင်းလေးနဲ့ ခေါက်ကြည့်တော့ တိန်တိန်,တိန်တိန်နဲ့ မြည်လာမှကောင်းတာကိုး၊ ဂတ်ဂတ်,ဂတ်ဂတ်ဆိုရင်ဒါ ကွဲမယ့်ပုဂံပဲ၊

လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတာ သံဝေဂဉာဏ်,ဝိပဿနာဉာဏ်နဲ့ ခေါက်ကြည့်လိုက်တော့ အလိုလေး ... ကွဲမယ့်ဟာပါလား .. ရှမယ့်ဟာပါလား၊ အက်မယ့်ဟာပါလား၊ ဂတ်ဂတ်,ဂတ်ဂတ်မြည်နေပါလား၊ အနိစ္စသဘောတရားကြီး။ ရုပ်နာမ်ခန္ဓာသင်္ခါရမှန်သမျှ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်တဲ့ အနိစ္စသဘောတရားကြီးပါလား ...၊ အနိစ္စသဘောတရားကြီးဆိုတာ အက်ကြောင်းကြီးပါလာတာကိုး၊ အဲလို ဉာဏ်လက်ကလေးနဲ့ ခေါက်ကြည့်ရသေးတယ်၊ ကိုယ်ဝယ်မယ့်ပစ္စည်း ဉာဏ်လက်နဲ့ ခေါက်ကြည့်လိုက်တော့ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ပစ္စည်းတွေဟာ ပုပ်လွယ်တဲ့ပစ္စည်းတွေ, ဆွေးလွယ်တဲ့ပစ္စည်းတွေ, အက်ကြောင်းပါနေတဲ့ ပစ္စည်းတွေ, ပွဲနေတဲ့ပစ္စည်းတွေ, ကွဲမယ့်ပစ္စည်းတွေ။

နတ်ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ပစ္စည်းတွေ, ဗြဟ္မာဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ပစ္စည်းတွေမှန်သမျှလည်း ဆွေးမယ့်ပစ္စည်း, ပုပ်မယ့်ပစ္စည်း, ရင့်ရော်မယ့်ပစ္စည်း, အက်ကြောင်းပါနေတဲ့ပစ္စည်း, ပွဲနေတဲ့ပစ္စည်းတွေချည်းပဲ၊ တစ်နေ့ ကုန်ပျောက်ပြုန်းတီးပျက်စီးလွယ်တဲ့ပစ္စည်းတွေပဲ. . . လို့ နောက်ဆုံးတော့ သင်္ခါရဝတ္ထုပစ္စည်းမှန်သမျှ ကောင်းတာတစ်ခုမှ မရှိပါလား. . လို့ ဟောဒီလို ဉာဏ်နဲ့မြင်လိုက်ရတယ်၊ အဲဒါကို **စက္ခုမာ** လို့ပြောတာ။ **စက္ခုမာ** -မိမိဝယ်မယ့် ကုန်ပစ္စည်းရဲ့အပေါ်မှာ အရည်အချင်းကိုသိပြီးတော့, ကျွမ်းကျင်လိမ္မာသည်၊ ဟောတိ- ဖြစ်၏။

ဒီတော့-သံဝေဂဉာဏ်, နိဗ္ဗိန္ဒဉာဏ်, ဝိပဿနာဉာဏ်နဲ့ သုံးသပ်ကြည့်လိုက်တော့ လောကီသင်္ခါရနယ်ကပစ္စည်းတွေမှန်သမျှ တစ်ခုမှကောင်းတာမရှိဘူး၊ နောက်ဆုံး ဘယ်ရောက်ကုန်တုန်းဆိုတော့ မြေကြီးထဲပြန်ရောက်ကုန်တာ၊ မြေကြီး

http://www.dhammadownload.com



ပေါ် ရှိနေတဲ့ အရာဝတ္ထုတွေမှန်သမျှ မြေကြီးထဲကထွက်လာပြီးတော့ မြေပေါ် တက်ပြီးတော့ လိမ်နေကြတာ၊ လိမ်လုံးတွေချည်းပဲ၊ အိမ်တွေ,တိုက်တွေဆိုတာ မြေကြီးထဲကထွက်လာတာတွေချည်းပဲ၊ သစ်သားတွေဘာတွေ ဘယ်ကထွက်တာတုန်း၊ မြေထဲကပေါက်ထွက်လာတာ၊ သစ်ပင်တွေကနေပြီးတော့ တိုင်တွေ,ထုတ်တွေ, ယက်တွေ ဝါးတွေဖြစ်ကြ၊ နောက်အရာဝတ္ထုတွေ ကုဋင်တွေဘာတွေလုပ်ထားကြတဲ့ဟာတွေလည်း မြေကြီးထဲကထွက်လာတာ၊ နောက် အုတ်တွေနဲ့လုပ်ထား၊ အုတ်လည်းမြေကြီးထဲကထွက်တာ၊ ထုံးလည်းမြေကြီးထဲက၊ သဲလည်းမြေကြီးထဲက ကျောက်လည်းမြေကြီးထဲကထွက်လာတာတွေချည်းပဲ။

မြေကြီးထဲကထွက်လာပြီးတော့ အရာဝတ္ထုတွေအဖြစ်နဲ့ အိမ်တွေ,တိုက်တာတွေ,ဗိမာန်တွေ,ပြာသာဒ်တွေ အဆောက်အဦးတွေအဖြစ်နဲ့ သူတို့ကလိမ်လုံးညာလုံးကြီးတွေ၊ မြေကြီးပေါ်,ပေါ် လာပြီး လိမ်နေကြတာ ညာနေကြတာ၊ ပြီးတော့ ပြားပြားဝပ်ပြီးတော့ မြေကြီးထဲပြန်ပြီးရောက်သွားကြတာသူတို့။ နောက်စားဘွယ်သောက်ဘွယ်တွေကြည့်လိုက်ပါအုံး၊ ဆန်တွေဘယ်ကထွက်တုန်း မြေကြီးထဲက၊ ပဲတွေဘယ်ကထွက်လာ မြေကြီးထဲက၊ နောက်-အသီးအနှံတွေ သစ်ရွက်တွေ အပွင့်တွေ လျှောက်ကြည့်ပါလား၊ မြေကြီးထဲကထွက်လာတာချည့်ပဲ၊ လိမ်နေကြတာ၊ မြေပေါ်,ပေါ်ပြီးတော့ ထိုးထိုးထောင်ထောင်လုပ် ပြီးတော့ အမလေး. . . လိမ်ကြညာကြ၊ ဒီက အဟုတ်မှတ်ပြီးတော့ တဟတ်ဟတ် နဲ့ တမော့မော့ဖြစ်နေကြ။ ပြီးတော့ သူတို့ဘယ်ရောက်သွားတုန်း မြေကြီးထဲ ပြန်ရောက်ပြီး ပြားပြားဝပ်သွားကြတယ်။

ဒါဖြင့်-သက်ရှိရော-သက်ရှိတွေလည်း မြေကြီးထဲကဖြစ်လာတာချည်းပဲ၊ ပထဝီဓာတ်ခေါ်တဲ့ မြေကလာတာ၊ ပထဝီ, အာပေါ, တေဇော,ဝါယောဆိုတဲ့ ဓာတ်ကြီးတွေမှာ မြေဓာတ်ကအခြေခံ၊ ဒီတော့-ဒီသက်ရှိဆိုတဲ့ သတ္တဝါတွေလည်း မြေကနေဖြစ်လာပြီးတော့၊ မြေကဖြစ်တာတွေစားသောက်၊ မြေကဖြစ်တာတွေပေါ် နေ, ထိုင်၊ မြေကဖြစ်တာတွေလျှောက်သုံးစွဲ။ သုံးစွဲဆိုတာ ရွှေခွက်တွေ,ငွေခွက်တွေလို့ ဆိုသော်လည်း မြေကဖြစ်တာ၊ ကြေးဖလားတို့, ဒန်ဖလားတို့ အကုန်မြေကဖြစ်တာတွေနဲ့ စားသုံး၊ ပုဂံတွေလည်း မြေကဖြစ်တာ၊ ဇွန်းတွေ ကြေးတွေလည်း မြေကဖြစ်တာ၊ အဲဒီ-မြေထဲကထွက်လာတာတွေသုံးစွဲပြီးတော့ ငါ့ဟာ, သူ့ဟာနဲ့ ရိုက်ကြနှက်ကြ, ထိုးကြ, ခုတ်ကြ,လုယက်ကြ။ ပြီးတော့ နောက်ဆုံး ပြားပြားဝပ်ပြီးတော့

http://www.dhammadownload.com



မြေကြီးထဲပြန်ရောက်သွားကြရော။

ဒါ့ကြောင့် မြေကြီးက ရယ်တယ်လို့ဆိုတာ ဒါပြောတာ၊ မြေကြီးကရယ်တယ်-ယုန်ကလေးကမြေကြီးပေါ် ကျင်ငယ်စွန့် ချေးယိုလိုက်တော့ မြေကြီးက ပြောသတဲ့ အောက်က-"ကိုရွှေယုန် ခင်ဗျားကျုပ်အပေါ်မှာ ချေးယိုလိုက်ရ၊ သေးပေါက်လိုက်ရတာ ခဏခဏဗျာလို့" မြေကြီးကပြောတော့ ယုန်ကလေးက စိတ်ဆိုးတယ် "အံမယ်. . ငါ့မှ သူကတကတည်း ငါ့ချေးကလေးက စိတ်ပုတီးစေ့လောက်ရှိတာ၊ ငါ့သေးကလေးကလည်း တစ်ခါပေါက်မှ တကတည်း လက်ဖက်ရည်ပုဂံတစ်ဝက်တောင်မရှိဘူး၊ ဟို-ဆင်ကြီးတွေ တစ်ခါပေါက်လိုက်ရင် ရေတစ်အိုး နှစ်အိုးလောက် သွန်ချလိုက်တာ သေးတွေကို။ တစ်ခါယိုချလိုက်လို့ရှိရင်လည်းပဲ ချေးပုံကြီးမှ တကတည်း လက်တစ်ပွေ့စာလောက်ယိုချတာ၊ အဲဒါတော့ မပြောဘူး ခင်ဗျား ကိုမြေကြီး၊ ခင်ဗျား အင်မတန်မတရားတဲ့မြေကြီး-

ကျုပ်က တကတည်း ချေးတုံးလေး သေးသေးလေးယိုချတာ၊ သေးလေးတစ်စက်နှစ်စက်ပေါက်တာတော့ ခင်ဗျားစကားပြောတယ်၊ ခင်ဗျားအပေါ်တော့ မနေဘူးဗျာ သွားမယ်" ဆိုပြီးတော့ တစ်ခါတည်း ယုန်ကလေးက ခုန်ခုန်-ခုန်ခုန်၊ ခုန်ခုန်-ခုန်ခုန်ပြီးတော့ ခင်ဗျားအပေါ် ဘယ်တော့မှမနေဘူး၊ ခင်ဗျားကိုအမြင်ကတ်တယ်ဆိုပြီးတော့ ခင်ဗျားမရှိတဲ့နေရာ ပြေးမယ်ဆိုပြီးတော့ ပြေးလိုက်တာတဲ့ ယုန်ကလေးက၊ ဟာ-ဟိုပြေး၊ အရှေ့ပြေး၊ မြေကြီးနဲ့မလွတ်သေးဘူးဟ ဆိုပြီးတော့ ဆက်ပြေး,ပြေးရင်းပြေးရင်း မလွတ်ရင်းနဲ့ ဟာ-တောင်လှည့်ပြေး တောင်လှည့်ပြေးပြီး၊ အနောက်လှည့်ပြေး မလွတ်တိုင်းလှည့်ပြေးတာ ဘယ်ပြေးလို့မှမလွတ်ဘူး။ ခုန်လိုက်တာလည်း တခါတည်ကောင်းကင်တက်တက်ပြီးတော့ခုန်တာ ရမလားလို့ ပြီးတော့ မြေကြီးပေါ်ပြန်ပြန်ကျတော့ မြေကြီးကရယ်တယ်တဲ့၊ မြေကြီးကြီးကရယ်တယ်၊"ကိုရွှေယုန်-တဲ့ ဘယ်လောက်ခုန်ခုန်၊ ဘယ်လောက်ပြေးပြေး ခင်ဗျားကျုပ်ကမလွတ်ဘူး . . တဲ့၊ ကျုပ်အပေါ်ခင်ဗျားနေ၊ ကျုပ်ပေါ်သေနေတာများလှပြီ၊ ခင်ဗျား ဘယ်ပြေးလို့လွတ်မှာတုန်း ကိုရွှေယုန်"လို့ ပြောပြီးရယ်သတဲ့ မြေကြီးက။

အဲသလိုပဲ-ယနေ့ သတ္တဝါတွေမှန်သမျှ မြေကြီးထဲကထွက်လာကြတယ်၊ ပထဝီဓာတ်ကဖြစ်လာကြတယ်၊ ဒီတော့-စားစရာသောက်စရာတွေကြည့်ကြည့်၊ ဝတ်စရာ ဆင်စရာတွေ ဝတ်ထည်ဖျင်စင်းတွေကလည်း ဘယ်ကထွက်လာတုန်း

http://www.dhammadownload.com



ဝါပင်တွေက မြေထဲကထွက်လာတာ၊ စားရေး,ဝတ်ရေး,နေရေး, ဆေး,အကုန် ကြည့်,ကြည့်၊ ပြီးတော့ ဘယ်ပြန်ရောက်တုန်း၊ သက်ရှိတွေကလည်း မြေကြီးထဲ ရောက်ပြီးတော့ မြေဖြစ်၊ ဒါကြောင့် မြတ်စွာဘုရားက

**ဝမ္မေန္တိ ကတ္တသိ ယောရံ**-တဲ့ သတ္တဝါတွေဟာ ကတ္တသိ ယောရံ- ကြမ်းတမ်းလှစွာသော သုသာန်မြေကို၊ ဝမ္မေန္တိ-တိုးပွားနေစေကြကုန်၏၊ မဂ်ဖိုလ် မရတဲ့ သတ္တဝါတွေကတော့ သင်္ချိုင်းမြေတိုးအောင်လုပ်နေကြတာပဲ၊ မြေတိုးအောင် လုပ်နေတဲ့ သူတွေပဲ. . တဲ့၊ မြေတိုးသမားတွေပဲ၊ ဒီတော့ ကိုယ့်ကိုယ်ကိုမြေတိုး သမားမဖြစ်စေနဲ့၊ ရဟန္တာယောက်ျား ရဟန္တာမ, ဖြစ်တော့ မတိုးတော့ဘူး။ ဒီတော့ ကမ္ဘာလောကကြီးတစ်ခုတွင်းရှိသမျှ လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်တွေ မှန်သမျှ မြေတိုးမယ့်လူတွေချည်းပဲ၊ မြေကြီးဖြစ်မယ့်ဟာတွေချည်းပဲ။

ဒီတော့ ဘာတန်ဖိုးရှိတုန်း အနိစ္စသဘော,ဒုက္ခသဘော အနတ္တသဘောနဲ့ ကြည့်လိုက်တော့ ကုန်ပစ္စည်းတွေဘာမှမကောင်းဘူး၊ အဲဒီလို သင်္ခါရဝတ္ထုပစ္စည်း တွေ မှန်သမျှ ကုန်မယ့်ပစ္စည်း,ပျောက်မယ့်ပစ္စည်း, ကွဲမယ့်ပစ္စည်း,ရှမယ့်ပစ္စည်း မုပ်လွယ် သိုးလွယ်တဲ့ပစ္စည်းတွေချည်းပဲ. . . လို့ ဒီနေ့ ဒေါ်ကြင်မွှားတို့ ဈေးသူဈေး သားတွေက သတိရလိုက်ကြ၊ အာရုံပြုလိုက်ကြ၊ လောကကြီးတစ်ခုလုံးရှိရှိသမျှ ရုပ်နာမ် ဓမ္မသင်္ခါရစု မှန်သမျှ နောက်ဆုံးပြုတ်ပြုတ်ပြုန်းကုန်ဆုံးပြီးတော့ မြေပေါ် မှာပြန်ရောက်ပြီးတော့ မြေဖြစ်ပြီးတော့ ပျောက်ကြမယ့် အရာဝတ္ထုတွေချည်းပဲ . . လို့ ဉာဏ်နဲ့ အဲဒီလိုမြင်လိုက်။

နေ့ဆွမ်းဒကာဖြစ်ကြတဲ့ အမေရိကန်ပြည် ကာလီဖိုးနီးယားပြည့်နယ်က ဟာကီလီးမြို့က မစ္စတာတာတမ်တာကူတို့ မိသားစုကလည်းပဲ အဲဒီလို လောကကြီး တစ်ခုလုံးကိုအဲဒီလို ဉာဏ်နဲ့သုံးသပ်လိုက်စမ်းပါ၊ အာရုံပြုလိုက်စမ်းပါ၊ အဲဒါ ဈေး ဝယ်ရင်းနဲ့ ပုဂံလေးကောင်းမကောင်းခေါက်ကြည့်နေတာနဲ့တူတယ်၊ ဝိပဿနာ ဉာဏ်နဲ့ ခေါက်ကြည့်နေတာ, သံဝေဂဉာဏ်နဲ့ခေါက်ကြည့်နေတာ, နိဗ္ဗိန္ဒဉာဏ် ခေါ်တဲ့ငြီးငွေ့တဲ့ဉာဏ်နဲ့ခေါက်ကြည့်နေတော့ ကောင်းတာတစ်ခုမှ မတွေ့ဘူး၊ အက် သံပါနေတာချည်းပဲအကုန်လုံး၊ ဒီတော့-အဲဒီအက်သံပါနေတဲ့ ပစ္စည်းကိုရှောင်လိုက်၊ အက်သံပါတယ်ဆိုကတည်းကိုက စိတ်ကပြီးသွားပါတယ်၊ မလိုချင်တော့ပါဘူး သူ့အပေါ်။

http://www.dhammadownload.com



မလိုချင်ဘူးဆိုတာက သမုဒယသစ္စာတဏှာချုပ်တာ၊ အက်သံပါတာကို အက်သံပါတယ်လို့ သိသွားတာက ဒုက္ခသစ္စာပိုင်းခြားသိတာခေါ်တယ်၊ သင်္ခါရဝတ္ထုပစ္စည်းမှန်သမျှ မကောင်းဘူးလို့ သိသွားတာ ဒါ-ဒုက္ခကိုသိသွားတာ၊ ကွဲမယ့် အက်မယ့်ပစ္စည်းတွေပဲလို့ သိသွားတာ၊ ဒါအနိစ္စကိုသိသွားတာ၊ ကိုယ်ကကောင်းချင်ပေမယ့်လို့ သူတို့က ကောင်းကောင်းနေမှာမဟုတ်ဘူး၊ ကိုယ်ကအကောင်းအဖြစ်နဲ့ ကြာရှည်ခံချင်ပေမယ့်လို့ သူကခံမှာမဟုတ်ဘူး၊ ကိုယ့်အလိုလိုက်မှာ မဟုတ်ဘူး. . . . လို့သိသွားတာ အနတ္တသိသွားတာ၊ ပြောနေတာက ကြာသေးတယ်၊ သဘောသိသွားတာက လက္ခဏာရေးသုံးချက် တစ်ချက်တည်းပိုင်သွားတာသူက၊ တစ်ချက်ဉာဏ်ကစားလိုက်ရင် ပွင့်သွားတာ တခါတည်းသုံးချက်။

ဒီတော့-အဲဒီလိုသိသွားတာက ဒုက္ခကိုပိုင်ခြားသိခြင်း,အနိစ္စ ဒုက္ခ အနတ္တကိုသိခြင်း။ ဒါ-ဒုက္ခသစ္စာသိတာခေါ်တယ်၊ အဲလိုသိလိုက်သည်နဲ့တပြိုင်နက် မလိုချင်တော့ဘူး၊ လိုချင်စိတ်ပျောက်သွား၊ လိုချင်စိတ်ပျောက်သွားတာ သမုဒယသစ္စာတဏှာပယ်တာခေါ်တယ်၊ ဒါက-ကွဲပါတယ်,အက်ပါတယ်ဆိုမှတော့ မကွဲတာ မအက်တာဘက်စိတ်ညွတ်သွားတယ်၊ အဲဒါ နိရောဓသစ္စာဘက်ကို ညွတ်သွားတယ် ခေါ်တယ်၊ နိဗ္ဗာန်ဘက်ကိုညွတ်တာ၊ မကွဲမရှတဲ့ပစ္စည်းဘက်ပဲစိတ်ကရောက်သွားတော့တယ်၊ ဒီပစ္စည်းတွေက မကောင်းဘူးဆိုရင် ဟို-ကောင်းတဲ့ပစ္စည်းဘက်စိတ်ကအလိုလိုညွတ်သွားတယ်၊ ဒါကိုဝိသုဒ္ဓိမဂ်မဟာဋီကာက-နိန္နပ္ပောဏသယ ဉာဏ်-တဲ့ ညွတ်ပြီးတော့သိသွားတာ. . တဲ့၊ ဒါမကောင်းဘူးဆိုရင် လူ့ရဲ့စိတ်ဟာ ထုံးစံပဲတဲ့၊ ဒါမကောင်းဘူးဆိုရင် ကောင်းတဲ့ဘက်သူ့ဟာသူအလိုလိုညွတ်သွားတယ်၊ ကောင်းတဲ့ပစ္စည်းဘက်ကို ညွတ်ညွတ်သွားတယ်။

အဲဒီလိုပဲ ဒီသင်္ခါရဝတ္ထုပစ္စည်းစုတွေ လူ့ဘဝစည်းစိမ် နတ်ဘဝ, ဗြဟ္မာဘဝထိအောင် (၃၁)ဘုံထဲရှိတာတွေမှန်သမျှ နောက်ဆုံးမြေစာချည်းပဲ မြေပေါ်,ပေါ်ပြီးတော့ လိမ်လုံးတွေပဲ၊ ဘာမှမဟုတ်တာ မဟုတ်ဘူးလို့သိသည်နဲ့ တပြိုင်နက် ဒီလိုမဟုတ်တဲ့ပစ္စည်းဘက်ကိုညွတ်သွားတယ်၊ အဲဒါ-နိရောဓသစ္စာ နိဗ္ဗာန်ဘက်ကို အာရုံပြုတယ်လို့ခေါ်တယ်၊ ဒီတော့-နိရောဓသစ္စာနိဗ္ဗာန်က အာရုံပြုခံတရားက နိရောဓသစ္စာနိဗ္ဗာန်၊ ညွတ်တဲ့တရားက မဂ္ဂသစ္စာပဲ၊ ဟော-သစ္စာလေးပါး တစ်ပြိုင်နက်ပေါ်သွားတယ်။

http://www.dhammadownload.com



ဒီတော့-အဲဒီလိုအားဖြင့် ဈေးဝယ်တတ်လို့ရှိရင် ရုပ်နာမ်ဓမ္မသင်္ခါရကုန် ပစ္စည်းတွေမှန်သမျှ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်ကြတယ်လို့ သိလိုက်သည်နဲ့ တပြိုင်နက် နိရောဓသစ္စာ နိဗ္ဗာန်တရားရဲ့ ကောင်းပုံ၊ မြင့်မြတ်ပုံ အေးချမ်းပုံ မပျက်စီးပုံကို အာရုံယူပြီးသားဖြစ်သွား၊ ဒါ-မကောင်းဘူးသိရင် ဟိုဟာကောင်းတယ်ဆိုတာ တခါတည်း သိပြီးသားဖြစ်တယ်၊ အဲဒါကြောင့် သစ္စာလေးပါးဆိုက်တဲ့ နည်းနဲ့ ဈေးဝယ်တတ်ကြအောင်၊ ကုန်သည်ကြီးရဲ့ အရည်အချင်းသုံးချက်တို့တွင် စက္ခုမာ-ခေါ်တဲ့ ပညာအမြော်အမြင် ကျွမ်းကျင်တဲ့ ကုန်သည်ကြီးမျိုးဖြစ်အောင် မိမိတို့ကိုယ်မိမိတို့ လောကီပစ္စည်းအရောင်းအဝယ်ပြုတဲ့နေရာမှာလည်းပဲ အရည်အချင်းသုံးချက်နဲ့ ပြည့်စုံအောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း။

လောကုတ္တရာကုန်ပစ္စည်းတွေကို ဝယ်ကြတဲ့နေရာမှာလည်းပဲ ယခုပြဆိုအပ်ခဲ့တဲ့အတိုင်း မှီရာနဲ့ပြည့်စုံခြင်း၊ တက်တက်ကြွကြွ လုံ့လဝီရိယရှိခြင်း,မဖြစ်သေးတဲ့ကုသိုလ်ဖြစ်အောင်, ဖြစ်ပြီးသားတွေထပ်ဖြစ်အောင်ဆိုတဲ့ လုံ့လဝီရိယတွေ သမ္မပ္ပဓာန်လုံ့လဝီရိယတွေနဲ့ပြည့်စုံခြင်း၊ စက္ခုမာ-ဆိုတဲ့ ဉာဏ်အမြော်အမြင် ကျွမ်းကျင်မှုမှာလည်းပဲ၊ သံဝေဂဉာဏ်နဲ့လောကကြီးထိပ်လန့်ဖွယ်ရာအဖြစ်နဲ့မြင်၊ နိဗ္ဗိန္ဒဉာဏ်နဲ့လောကကြီးတခုလုံးငြီးငွေ့ဖွယ်ရာအဖြစ်နဲ့မြင်။

ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်ဓမ္မသင်္ခါရ ဝဋ္ဋပစ္စည်းစုတွေဟာ ကုန်မယ့်ပစ္စည်း ပျောက်မယ့်ပစ္စည်း ပျက်စီးမယ့်ပစ္စည်း ကွဲလွယ်တဲ့ပစ္စည်း အက်လွယ်တဲ့ပစ္စည်းတွေပဲလို့မြင်ပြီးတော့ အသခ်ံတနိဗ္ဗာနဓာတ်တရားမြတ်ကြီးကို လောကုတ္တရာပစ္စည်းဖြစ်တဲ့ ဒါန,သီလ,ဘာဝနာတန်ဖိုးတွေပေးပြီးတော့ ဝယ်ယူနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်ခင်းရောင်းချတဲ့ ဈေးရုံကြီးအတွင်းမှာရောက်လာကြပြီးတော့ နိဗ္ဗာန်ဆိုတဲ့ ကုန်ပစ္စည်းကြီးကို ဝယ်ယူစွမ်းနိုင်တဲ့ အမျိုးကောင်းသားအမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေ. . . လို့--

**ဗျာမိတံ ဇနတံ ဒိသွာ, အမတာပဏံ ပသာရယိ၊**
**ကမ္မေန တံ ကိဏိတွာန၊ အမတံ အာဒေထ ဘိက္ခဝေါ။**

http://www.dhammadownload.com



ဘိက္ခုဝေါ-မင်္ဂဖိုလ်နိဗ္ဗာန်, ကုန်ပစ္စည်းကိုလိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းတို့၊ အဟံ-သင်တို့ကိုးစား, ငါဘုရားသည်၊ ဗျာမိတံ-တစ်ထောင့်ငါးရာ, ကိလေသာဟု, ရောဂါပြင်းပြ, ခံစား၍နေရသော၊ ဇနတံ-လူနတ်ပြဟ္မာ, သတ္တဝါအပေါင်းကို၊ ဒိသွာ-ဉာဏ်အားထင်ထင်, တွေ့မြင်တော်မူရသည်ဖြစ်၍၊ အမတာပဏံ-ဗိုနာသေရေး, ဒုက္ခဘေးတို့, ကင်းဝေးစေရန်, စိတ်အကြံဖြင့်, မိဋ္ဌာန်အေးအေး, နိဗ္ဗာန်ဈေးကို၊ ပသာရယိံ -စွမ်းနိုင်သူများ, ဝယ်ယူစားဖို့, ခန္ဓာသန္ဓ်ရှင်း, ဖြန့်ခင်းတော်မူလိုက်လေပြီ၊ တံ အမတာပဏံ-အမြိုက်ခေါ်ရေး, ထိုနိဗ္ဗာန်ဈေးကို၊ ကမ္မေန-ဒါန,သီလာ, ဘာဝနာကို, လွန်စာကြိုးကုတ်, အလုပ်လုပ်နေ, အဖိုးငွေဖြင့်၊ ကီဏိတွာန-ဈေးလည်းမဆစ်, ငွေမထစ်ဘဲ, စနစ်မပယ်, ကောင်းစွာဝယ်၍၊ အမတံ-ဗိုနာသေမှု, ဘေးထုကင်းကွာ, အမြိုက်သုခါကို၊ အာဒေထ-အခွင့်သာတောင်း, အခါကောင်း၌, အကြောင်းတိုက်ဆုံ, ကြိုးစား၍, ဝယ်ယူလိုက်ကြကုန်ရာ သတည်း. . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com



# လမ်းသုံးသွယ်တရားတော်

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လမ်းသုံးသွယ် ဒေသနာတော်နဲ့ ကြည့်ရင် ဒီနေ့-လမ်းကြီးသုံးသွယ်မှာ အလယ်လမ်းပေါ် လျှောက်လှမ်းနိုင်တဲ့ နေ့. . လို့ခေါ်တယ်၊ မြတ်စွာဘုရားဟောတော်မူတဲ့ လမ်းကြီးသုံးသွယ်ထဲက ဒီနေ့ အလယ်လမ်းပေါ် ကနေခရီးနှင်တဲ့နေ့ပဲ၊ (၃၁) ဘုံထဲမှာရှိနေသမျှ သတ္တဝါတွေဟာ ခရီးသွားတွေချည်းပဲ၊ ရပ်နေတာတစ်ယောက်မှ မရှိဘူး၊ ဒီကမ္ဘာလောကကြီး ရှိနေတဲ့ အင်မတန်မြောက်များစွာသော သတ္တဝါတွေကိုခွဲခြမ်း စိတ်ဖြာပြီး ကြည့်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခွဲခြမ်းစိတ်ဖြာကြည့်တော့ နှစ်အုပ်စုပဲတွေ့တယ်၊ ခရီးသွားဆဲအုပ်စုကြီးနဲ့ ခရီးနားသွားတဲ့ အုပ်စုကြီး. . လို့ ဒီနှစ်စုပဲတွေ့တယ်. . တဲ့၊ ဘုရားက။

အဲ-ဒီ့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ပြောရင်တော့ အများကြီးပေါ့၊ လူတွေက လည်း ဒီနေ့သန်းပေါင်းလေးထောင်ကျော် ငါးထောင်လောက်ရှိတယ်၊ အခု ရေ တွက်လို့ရတာ မြင်တာထင်တာ ရေတွက်ရတာ၊ မမြင်ရတဲ့လူတွေ ဘယ်လောက် ရှိအုံးမလဲ မသိသေးဘူး၊ စကြာဝဠာအနန္တဆိုတော့၊ အဲ-အပါယ်လေးဘုံသားတွေ, ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသူရကာယ်အပါယ်လေးဘုံသားတွေ မရေမတွက်နိုင်ဘူး၊ သို့သော်လည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ ပိုင်းဖြတ်ကြည့် လိုက်တော့ လူသတ္တဝါနှစ်အုပ်စုပဲ တွေ့တယ်၊ တစ်အုပ်စုက ခရီးသွားဆဲအုပ်စု ကြီး၊ တစ်အုပ်စုက ခရီးနားသွားတဲ့ အုပ်စုကြီးတဲ့၊ ဒီတော့ ခရီးသွားဆဲက ဘယ်သူ တွေတုန်း၊ ခရီးနားသွားတာက ဘယ်သူတွေတုန်း. . လို့ ဆိုတော့-

အဒ္ဓိကာ ပုထုဇ္ဇနာ သေက္ခာ, ခီဏာသဝါ ဂတဒ္ဓိနော၊

ခီဏာသဝါ-အာသဝေါကုန်ခန်း,ရဟန္တာအရှင်မြတ်ကြီးတို့သည်၊ ဂတဒ္ဓိ နော-ခရီးခဲလွန်မြောက်, လမ်းဆုံးသို့ရောက်သဖြင့်, ခရီးပေါက်ပြီးသကာလ, ခရီး နားတို့ မည်ကြပေကုန်၏. . ရဟန္တာအရှင်မြတ်ကြီးတို့ဆိုတာ ဘုရားလည်းပါတယ်၊ ပစ္စေကဗုဒ္ဓါ အဆူဆူပါတယ်၊ ဂေါ်ဝါလုသဲစုမက ပွင့်သွားတဲ့ ဘုရားတွေ ပစ္စေကာ ဗုဒ္ဓါတွေ ရဟန္တာယောက်ျား ရဟန္တာမတွေ. . အကုန်၊ အဲဒါတွေက ခရီးနားတွေ၊ သူတို့ ရှေ့ဆက်ပြီးတော့ သွားမယ့်ခရီးရပ်သွားပြီ၊ ပုထုဇ္ဇနာသေက္ခာ-ကိလေ

http://www.dhammadownload.com



များဖြင့်, ပုထုဇဉ်နှင့်, သုံးအင်မေ့, လက်ကိုင်ရသည့်, သေက္ခပုဂ္ဂိုလ်တို့သည်ကား၊ အဒ္ဓိကာ-ကရွတ်ကင်းလျှောက်, ထပ်ပြန်ရောက်သို့ ခေါက်တံ့လူးလား, ခရီးသွားတို့ မည်ကြပေကုန်၏။

ပုထုဇဉ်တွေနဲ့ သေက္ခတွေ။ သေက္ခဆိုတာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, တရားထူး အဲဒီသုံးဆင့်လောက်ရထားတဲ့ ပုဂ္ဂိုလ်တွေနှင့်တကွ ပုထုဇဉ်တွေ. . . တဲ့။ ပုထုဇဉ်တွေဆိုတော့ အခု-ဘုန်းကြီးတို့တတွေပေါ့ အကုန်လုံး၊ အနည်းဆုံး သောတာပန်လောက်မှ မဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေကို ပုထုဇဉ်တွေလို့ ခေါ်တာ၊ ဒီတော့-အဲဒီပုထုဇဉ်တွေရယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက ခရီးသွားတွေ၊ ခရီးသွားအုပ်စုကြီး။

ဒီတော့- ဒီနေ့ ဘုန်းကြီးတို့ ဆွမ်းဒကာ ဆွမ်းအမတွေနဲ့ တရားနာပရိသတ်တွေ သိလိုက်ဖို့ရာက ဩော်-ဒို့က ခရီးသွားဆဲ ပုဂ္ဂိုလ်တွေပါလား. . . ခရီးသွားဆဲဆိုကတည်းကိုက ရပ်မနေဘူး။ ထင်ကြတာက အခုတရားထိုင်ပြီးတော့ နာနေတော့ ထိုင်နေတယ် ရပ်နေတယ်ထင်တာ၊ ဝညတ်ကသာရပ်နေတာ ပရမတ်ကမရပ်ဘူး၊ သမုတိသစ္စာ ပညတ်နယ်ကပြောတော့ ဟုတ်တယ်၊ ဟိုနားအိပ်နေတယ် . . တဲ့၊ သူတို့နားနေတယ်၊ ဟိုနားထိုင်နေတယ် ရပ်နေတယ်. . . တဲ့၊ ဘယ်မှမသွားဘူး . . . တဲ့၊ ဒီလိုထင်တာ။ ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်နဲ့ပြောရင် ရပ်နေတဲ့အချိန် တစ်ချိန်မှမရှိဘူး ဒီရုပ်နာမ်ဓမ္မက၊ အခုထိုင်နေတုံးလည်းပဲ ဥပါဒ်, ဌီ, ဘင် မပြတ်နှင်ပြီးတော့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်၊ ပေါ်ပျောက် ပေါ်ပျောက် ပေါ်ပျောက်နဲ့ သွားနေတာ ရုပ်တွေ နာမ်တွေက။ ဘာနဲ့ဥပမာတူတုန်းဆိုတော့-

"နဒီသောတောဝိယ အဂ္ဂိဇာလာဝိယ". . တဲ့ စာက

မြစ်ရေအလျှင်လိုပဲ၊ ဧရာဝတီထဲကရေ သတိထားပြီးတော့ ကြည့်စမ်း၊ ရပ်နေတဲ့ အချိန်တစ်ချိန်မှ မရှိဘူး၊ တစ်ခါတည်း တသွင်သွင် တဒီးဒီး စီးပြီးတော့ သွားနေတာပဲ၊ ရေမှုံရေမွှား ရေလုံးရေပေါက်ကလေးတွေ တစ်ခုနဲ့တစ်ခု ဆက် ဆက် ဆက်ဆက်ပြီးတော့ ရှေ့က ရေမှုံရေမွှား ရေလုံးရေပေါက်ကလေးတွေက ရှေ့ရောက် နောက်ကရေကလိုက်လာနဲ့၊ ဒါကြောင့်မို့ အဆက်မပြတ်ဘဲနဲ့ ရေတွေ အမြဲရှိနေသလိုထင်တာ။ အမှန်ကတော့ ရပ်နေတဲ့ရေလုံးရေပေါက် မရှိဘူး၊ သွားနေ

http://www.dhammadownload.com



တာ။ အဲသလိုပဲ ဘုန်းကြီးတို့တစ်တွေသန္တာန်မှာ ရှိနေတဲ့ ရုပ်တွေ နာမ်တွေ သွားနေတာ။

ဒီတော့-ဒီနေ့ ဒကာ,ဒကာမတွေက ဒို့ကခရီးသွားပါလား. . လို့ သိလိုက်၊ တစ်ဘုံကတစ်ဘုံ တစ်ဘဝကတစ်ဘဝ ကူးပြီးတော့လာနေတာ၊ အဲဒါ သွားနေတာပဲ၊ တစ်ဘုံကတစ်ဘုံ တစ်ဘဝကတစ်ဘဝ သွားတာအသာထားပါအုံး၊ ဒီဘဝတင်ပဲ ပထမအရွယ်က ဒုတိယအရွယ်။ ပထမအရွယ်ဆိုတဲ့ အသက်နှစ်ဆယ်, အစိတ် အရွယ်ကနေပြီးတော့ တစ်ခါ ဒုတိယအရွယ်ထိရောက်သွား။ ဒါ သွားနေလို့ ရောက်တာပေ့ါ၊ ပြောင်းနေလို့ရောက်တာပေ့ါ၊ ရပ်နေလို့ရှိရင် ဘယ်-ပထမ အရွယ်လေးရှိနေမှာပေ့ါ၊ ပျိုပျို ရွယ်ရွယ်၊ အသက်နှစ်ဆယ်အရွယ်လေးချည်း တစ်သက်လုံးနေသွားမှာပေ့ါ။ မဟုတ်ဘူးခု အသက်နှစ်ဆယ်, အစိတ်အရွယ်ကနေပြီးတော့၊ လေးဆယ်,ငါးဆယ်အရွယ်ပြောင်း၊ ဟာ-အဲဒီအလယ် အရွယ်ကနေပြီးတော့၊ ပစ္ဆိမ အရွယ်ခေါ်တဲ့ အိုကြီးချက်မ ခါးကိုင်း,နားထိုင်း,ဆံပင်တွေဖြူ, သွားကျိုး, ပါးရေတွန့်၊ နားထင်ချိုင့်, ပါးချိုင့်, မျက်ခွက်ဟောက် ဒီရောက်သွားပြန်၊ ဒါပြောင်းနေတာပေ့ါ။

ဒီတော့-တစ်ဘဝကတစ်ဘဝ ကူးနေတာလည်း ခရီးသွားတာပဲ၊ တစ်ရွယ်ကတစ်ရွယ် ပြောင်းနေတာလည်း ခရီးသွားပဲ၊ အဲဒီ တစ်ရွယ်က တစ်ရွယ်အသာထားပါအုံး၊ တစ်လနဲ့တစ်လ၊ တစ်နှစ်နဲ့တစ်နှစ်လည်း ပြောင်းနေတာပဲ၊ ဒီတစ်နှစ်ကရုပ်နာမ် နောက်တစ်နှစ်မရောက်ဘူး၊ အခုဒီနှစ်-ခန္ဓာကိုယ် ရုပ်နာမ် အနေအထားနဲ့ နောက်နှစ်ရုပ်နာမ်အနေအထား မတူဘူး ပြောင်းသွားတယ်၊ တစ်လနဲ့ တစ်လလည်းပြောင်းနေတာပဲ၊ တစ်ရက်နဲ့တစ်ရက်လည်း ပြောင်းနေတာပဲ၊ တစ်နာရီနဲ့ တစ်နာရီ ပြောင်းနေတယ်၊ တစ်မိနစ်နဲ့ တစ်မိနစ် ပြောင်းနေတယ်၊ တစ်စက္ကန့်နဲ့ တစ်စက္ကန့်ပြောင်းနေတယ်၊ အဲဒါ- သွားနေတာခေါ်တယ်၊ ဒါခရီးသွား၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကပုထုဇဉ်နဲ့ သေက္ခတွေမှန်သမျှ ခရီးသွားသမားတွေ. . တဲ့၊ သွားနေရတာ။

ဒီတော့-ယနေ့ ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေက-ဒို့က ခရီးသွားတွေပါလား၊ ခရီးသွားဆဲပါလား။ ဒီတော့-ခရီးသွားဆဲဆိုတော့ ခရီးသွားတယ်ဆိုကတည်းကိုက လမ်းရှိတယ်၊ လမ်းပေါ်သွားရတာ၊ ဒီတော့-လမ်းပေါ်သွား

http://www.dhammadownload.com



တော့ အဲဒီလမ်းကြီးက သုံးသွယ်ရှိတယ်. . . တဲ့ မြတ်စွာဘုရားက၊ ဒါ- ဘုရားဖြစ်ဖြစ်ခြင်း ဓမ္မစကြာမှာ. . ဘုရားကိုယ်တိုင်ဟောတဲ့ လမ်းကြီးသုံးသွယ်ပဲ။ ဒီတော့-လမ်းကြီးသုံးသွယ်က ဘာတွေတုန်းဆိုတော့ **လက်ယာလမ်းရယ်, လက်ဝဲလမ်းရယ်,အလယ်လမ်းရယ်** လို့ ဒါမြန်မာလိုလွယ်လွယ်ပြောလိုက်ရင် ဒါပါပဲ။ လက်ယာလမ်းဆိုတာ **"ကာမသုခလ္လိကာနုယောဂ"** လမ်း၊ ငါးဖြာအာရုံ ကာမဂုဏ်နဲ့ပျော်ပြီးတော့နေတဲ့ လမ်း။ လက်ဝဲလမ်းဆိုတာက **"အတ္တကိလမထာ နုယောဂ"** လမ်း၊ ကိုယ့်ကိုယ်ကို နှိပ်စက်ညှင်းပမ်းပြီးတော့နေရတဲ့လမ်း။ ဒီတော့-အဲဒါကိုတရားကိုယ်နဲ့တင်ပြောလို့ရှိရင် လက်ယာလမ်းဆိုတာ လောဘလမ်း၊ လောဘနဲ့ပျော်ပြီးတော့ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ပျော်၊ သားနဲ့ပျော် သမီးနဲ့ပျော် စီးပွါးနဲ့ပျော်။

လက်ဝဲလမ်းဆိုတဲ့ "အတ္တကိလမထာနုယောဂ"လမ်းဆိုတာဒေါသလမ်း၊ သူက တစ်ခါတည်း မခံနိုင်ခံနိုင်အောင့်အီးခံပြီးတော့ ဒေါသတွေဖြစ်နေရတဲ့လမ်း။ အတ္တကိလမထ ကိုယ့်ခန္ဓာကိုယ်ကိုပင်ပန်းညှင်းဆဲနေတယ်ဆိုတာ၊ တစ်ခါတည်း နေပူပြီဆိုမှ မီးပုံကြီးကြားဝင်ပြီးတော့ မီးပူခံ၊ အေးပေ့ဆိုတဲ့ရာသီကျမှ ရေထဲဆင်းပြီးစိမ်။ ဒီတော့-ဒီရုပ်ဓာတ် နာမ်ဓာတ်ရဲ့သဘောက ဖောဋ္ဌဗ္ဗာရုံ အကြမ်းနဲ့တွေ့ရင် ဒေါသဖြစ်တာပဲ။ ဒါကိုတင်းပြီးတော့ အံကြိတ်ပြီးတော့ ခံနေရတာ။ သူကတော့ သူ့ရည်ရွယ်ချက်နဲ့သူပေါ့လေ ဒီလိုလုပ်မှသူက ကျွတ်မယ် လွတ်မယ်ထင်နေတာကိုး၊ ဆူးပေါ်အိပ်,မီးကြားထဲဝင်နေ,အပူခံ၊ အပူခံရင် အနိဋ္ဌာရုံ ဖောဋ္ဌာဗ္ဗာရုံနဲ့တွေ့ရင်ဒေါသဖြစ်တာပဲ၊ စိတ်ထဲမှာ မခံနိုင် မရပ်နိုင်ဖြစ်၊ တစ်ခါတည်းအောင့်နေရတာဖြစ်၊ ဒါတွေက ဒေါသ။

ဒီတော့-အကျဉ်းချုပ်ဘုန်းကြီးတို့တရားနဲ့ပြောလို့ရှိရင်လောဘလမ်းဟာ လက်ယာလမ်း၊ ဒေါသလမ်းဟာ လက်ဝဲလမ်း၊ ကိုယ့်သန္တာန် လောဘတွေဖြစ်နေပြီဆိုရင် ဒါ-လက်ယာလမ်းရောက်နေ၊ ကိုယ်သန္တာန်ဒေါသတွေဖြစ်နေပြီ မကျေနပ်တာတွေဖြစ်နေပြီ, ဟိုစိုးရိမ်ရ-ဒီစိုးရိမ်ရဖြစ်နေပြီဆိုရင် လက်ဝဲလမ်း။ အဲဒီလက်ယာလမ်း လက်ဝဲလမ်းတို့ရဲ့ကြားကလမ်းက မဇ္ဈိမာဋိပဒါခေါ်တဲ့ ဘုရားရဲ့အလယ်လမ်း။

ဒီတော့-ဒီနေ့ခရီးသွား ပုဂ္ဂိုလ်တွေ ကမ္ဘာလောကကြီးရှိနေတဲ့ သတ္တဝါတွေ

http://www.dhammadownload.com



ခရီးသွားတွေ. . . . ချည့်ပဲလို့မြင်လိုက်ပြီးတော့ ဒီနေ့ ဆွမ်းဒကာ ဆွမ်းအမတွေက ငါတို့သည်. . . အဲဒီခရီးသွားတွေသွားမြဲဖြစ်တဲ့ လက်ယာလမ်း,လက်ဝဲလမ်း နှစ်သွယ်နှင့်တကွ မဇ္ဈိမာပဋိပဒါလို့ ခေါ်တဲ့ အလယ်လမ်းကြီး လမ်းသုံးသွယ်ထဲက ဒီနေ့-ဒို့ဘုရားသာသနာတော်ကြီးကိုပူဇော်ကြရင်း, ဆွမ်းဘောဇဉ်တွေဆက်ကပ်လှူဒါန်းကြရင်းနဲ့ ဒို့-အလယ်လမ်းကနေပြီးတော့ကြိုးပမ်းချီတက်နိုင်တဲ့နေ့. . .။ မြတ်စွာဘုရားက အဲဒီအလယ်လမ်းလိုက်ကြ. . . ငါဘုရားလည်း အဲဒီ အလယ်လမ်းက လျှောက်ခဲ့တာပဲ၊ မမွစကြာမှာဟောတယ်လေ။

*ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

ဒွေ-နှစ်ခုကုန်သော၊ အန္တာ-လက်ယာလမ်း, လက်ဝဲလမ်း, အစွန်းလမ်းနှစ်ခုတို့ကို၊ ပဗ္ဗဇိတေန-မင်ဖိုလ်နိဗ္ဗာန်လိုလားတဲ့ အမျိုးသား အမျိုးသမီးသည် ၊ နသေဝိတဗ္ဗာ-မလျှောက်ထိုက်ပါ. . .။ လက်ယာလမ်း လက်ဝဲလမ်း နှစ်လမ်းက မလျှောက်ကြနဲ့. . .၊အဲဒီလမ်းကလျှောက်လို့ကတော့ နိဗ္ဗာန်မရောက်ဘူး၊ လမ်းဆုံးမပေါက်ဘူးတဲ့၊ ငါ-ဘုရားရှင်ကိုယ်တော်မြတ် ဘယ်လိုလျှောက်ခဲ့တုန်း ဆိုတော့-

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ၊

ဧတေ ဥဘောအန္တေ-အဲဒီလက်ယာလမ်း, လက်ဝဲလမ်း နှစ်စွန်းတို့ကို နှစ်ခုတို့ကို၊ အနုပဂမ္မ-ငါမလျှောက်ဘဲနဲ့ ငါပယ်စွန့်ခဲ့ပြီးတော့-

မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ။

မဇ္ဈိမာပဋိပဒါ-အလယ်လမ်းလို့ခေါ်တဲ့ မဇ္ဈိမာပဋိပဒါလမ်းကို၊တထာဂတေန-ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ-လျှောက်ခဲ့ပြီ. . .၊ ငါဘုရားဖြစ်ခဲ့တာ အဲဒီအလယ်လမ်းလျှောက်ခဲ့တာ၊ ငါ-အခုဆက်လျှောက်နေတာလည်း အလယ်လမ်းပဲ. . . တဲ့၊ ဒီတော့-အလယ်လမ်းလျှောက်ကြ၊ ဟောဒါ-ဘုရားတိုင်းပြောသွားတဲ့ စကား။

ဒီတော့-ဒီနေ့ ဆွမ်းဒကာ, ဆွမ်းအမမိသားစုတွေက ငါတို့ အလယ်လမ်းပေါ်ရောက်တဲ့နေ့၊ ဘုရားလမ်းပေါ်ရောက်မှ အလယ်လမ်းရောက်တာခေါ်တယ်၊ ဒီတော့-လမ်းပေါ်လျှောက်တာကိုခုနကလိုတရားနဲ့ပြောရင်ပရမတ်နဲ့ပြောတော့-

---

* သံ-၃-၃၆၈။

http://www.dhammadownload.com



လောဘဖြစ်နေတဲ့အချိန်၊ လက်ယာလမ်းရောက်နေတယ်၊ ဒေါသတွေဖြစ်နေတဲ့အချိန် လက်ဝဲလမ်းရောက်နေတယ်၊ အဲဒီ လောဘ, ဒေါသနှစ်ခုကို ထိန်းချုပ်သိမ်းဆည်းပြီးတော၊ လောဘစွန့် ဒေါသပယ်ပြီးတော့ ဘုရားသွားတဲ့လမ်း၊ ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတွေသွားရာလမ်းပေါ် ရောက်နေတဲ့အချိန်၊ ကုသိုလ်ကောင်းမှုတွေ ဒါနကုသိုလ်ကောင်းမှု, သီလကုသိုလ်ကောင်းမှု, ဘာဝနာကုသိုလ်ကောင်းမှု တစ်ခုခုပြုနေတဲ့အချိန်ဟာ အဲဒါ အလယ်လမ်းပေါ် ရောက်နေတဲ့အချိန်။

ဒီတော့-ဆွမ်းဒကာ,ဆွမ်းအမတွေက အခုပြုနေတာ ဘာပြုနေတာတုန်း၊ သတိထားကြည့်လေ၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှုတွေ ပြုပြီးတော့နေတယ်၊ ဒါ-အလယ်လမ်းပေါ် ရောက်နေတာ။ စွန့်ကြဲပေးကမ်းလှူဒါန်းနေတဲ့အချိန် လောဘမဟုတ်ဘူး၊ လိုချင်နှစ်သက်စုံမက်မှုတွေကိုစွန့်ပယ်ထားတာ၊ အခု-ဆိုပါတော့ မနက်မွန်မွန်မြတ်မြတ် ထောပတ်ဆွမ်းတွေ၊ လှူဖွယ်တန်းဖွယ်တွေလှူကြ၊ နေ့လည်းပဲခုန ရပ်စောက်မြို့နယ် ဒကာ,ဒကာမတွေက လှူကြတော့ ဒီနေ့လှူလိုက်တဲ့ ပစ္စည်းဝတ္ထုတွေပေါ်မှာ တွယ်တာမှုဖြတ်တောက်လိုက်တာ၊ ရုပ်သိမ်းလိုက်တာ၊ ပယ်ချလိုက်တာ။

အခု-ဒီလှူလိုက်တဲ့ကုန်ကျသွားတဲ့ပစ္စည်းတွေ, ကိုယ်ကိုယ်တိုင်ခံစားမယ်ဆိုရင် ဒါမနည်းဘူးစားရတာပေါ့၊ တစ်နေ့တည်းနဲ့ သံဃာ(၆၀၀)ကျော်အတွက် မနက်ဆွမ်းဆို(၁၀၀၀၀)လောက်ကုန်တာ၊ အဲဒါတွေကို မိမိတို့ခံစားမယ်ဆိုရင် မိမိတို့တိုးပြီးတော့ ဝတ်လို့ရတယ်၊ မိမိတို့တိုးပြီးစားလို့ရတယ်၊ တိုးပြီးဆင်လို့ရတယ်၊ ကိုယ့်သားကိုယ်ကျွေးမလား, ဆင်မလား၊ အဲဒီ-ဆင်ချင်ကျွေးချင်၊ ကိုယ့်ဘာကိုယ်ခံစားချင်ဆိုတဲ့ လောဘကိုပယ်လိုက်တာ၊ ဒါလက်ယာလမ်းပေါ်ကနေ အလယ်လမ်းပေါ်တက်လာတာခေါ်တယ်။

ဒီတော့ လှူဒါန်းပေးကမ်းစွန့်ကြဲနေတဲ့ အချိန်မှာ. ဒေါသခေါ်တဲ့တရားလည်း သိမ်းထားတယ်၊ ဒေါသရဲ့ဆန့်ကျင့်ဘက်မေတ္တာ. . တဲ့၊ ဒေါသဆိုတာတစ်ဘက်သားသေစေချင်တာ၊ တစ်ဘက်သားဒုက္ခရောက်စေချင်တာ၊ တစ်ဘက်သားကိုရန်လုပ်ချင်တာ တစ်ဘက်သားကို ထိုးလိုက်ကြိတ်လိုက်သတ်လိုက် ပုတ်လိုက်လုပ်ချင်တာ၊ တစ်ဘက်သားအပေါ်မကျေနပ်နေတာ ဒါ-ဒေါသ၊ အခုဟာ သံဃာ

http://www.dhammadownload.com



(၆၀၀)ကျော်ပေါ် မေတ္တာတွေရောက်လို့ ချမ်းသာတော်မူကြပါစေ. . . ဘုဉ်းပေးတော်မူကြပါစေ ကောင်းကောင်းမွန်မွန်ဘုဉ်းပေးတော်မူကြပါစေလို့ . . စိတ်ကလည်းကူး စိတ်ကလည်းကြံ၊ ဒါ-အလယ်လမ်းပေါ် ရောက်တာ။

ဒီတော့-ဒါန,သီလ,ဘာဝနာကုသိုလ်ကောင်းမှုတစ်ခုခုပြုနေရင် ဒါအလယ်လမ်းပေါ် ရောက်တဲ့လူလို့ခေါ် တယ်၊ ဘုရားလူခေါ် တယ်၊ ဘုရားလူ၊ ဘုရားလမ်းပေါ် ရောက်တဲ့သူမို့လို့ဘုရားလူလို့ခေါ် တယ်။ လူဖြစ်လာရုံနဲ့ ဘုရားလူ,လူတိုင်းဖြစ်တာမဟုတ်ဘူး၊ လူက-အလကားလူက ရှိသေးတယ်၊ ပြီးတော့ မယားလူ-လင့်လူအခိုက်ကရှိသေးတယ်၊ အများလူအခိုက်ကရှိသေးတယ်၊ ဘုရားလူအခိုက်ကရှိသေးတယ်။ လူရယ်လို့ဖြစ်လာပေမဲ့လို့ လူ့အခိုက်လေးမျိုးရှိတယ်၊ အလကားလူတဲ့,လင်မယားလူတဲ့,အများလူတဲ့,ဘုရားလူတဲ့ ဟော-လူလေးမျိုး။ အဲဒီအလကားလူ, လင်မယားလူ, အများလူဖြစ်နေတဲ့အခိုက်ကတော့ လက်ယာလမ်းလက်ဝဲလမ်းတစ်လမ်းလမ်းက သွားနေကြတဲ့လူချည်းပဲ အဲဒီလူသုံးမျိုးက၊ ဘုရားလူဖြစ်ပြီဆိုမှ အလယ်လမ်းပေါ် ရောက်လာတာ။

ဒီတော့ အလကားလူဆိုတာ ဘာတုန်းလို့ဆိုတော့ "နေ့စဉ်ပျော်ပါး,မော်ကြွားချိန်ကုန်,စားလားသောက်လား,အလကားလူနံ့" တဲ့ အလကားလူအခိုက်ဆိုတာ မွေးဖွားနေချိန်ကစပြီးတော့ အသက်(၂၀)အတွင်းဟာ များသောအားဖြင့် မောဃမနုဿလို့ ခေါ် တယ်၊ ကုသိုလ်ကောင်းမှုဘာတစ်ခုမှမပြုဖြစ်သေးဘူး၊ စားလို့, သောက်လို့, မော်လို့, ကြွားလို့, ပျော်လို့, ပါးလို့ကိုး အဲဒီအချိန်အရွယ်က။ ဝတ်ချင်, စားချင်, မော်ချင်, ကြွားချင် ဒီလိုနေတဲ့အရွယ်မို့လို့ "နေ့စဉ်ပျော်ပါး, မော်ကြွားချိန်ကုန်, စားလားသောက်လား, အလကားလူနံ့" အလကားလူ အခိုက်ရှိသေးတယ် အဲဒီအခိုက်က။ အင်မတန် မိကောင်းဖကောင်း ဆရာကောင်းတွေနဲ့တွေ့တဲ့အမျိုးသား, အမျိုးသမီးလောက်ပဲ ငယ်ငယ်ကတည်းကစပြီးတော့ ကုသိုလ်ကောင်းမှုတွေ ဘာတွေနဲ့ပြုတတ်လာတာ။

များသောအားဖြင့် ဘုန်းကြီးတို့တစ်တွေ၊ အဲဒီအသက်နှစ်ဆယ်အရွယ်တွင်းဆိုတာ အသွေးအသားကလည်းပဲ အင်မတန်တက်ကြွတဲ့အရွယ်ဖြစ်နေတော့ ငါးဖြာအာရုံ ကာမဂုဏ်ဘက်ပဲပျော်ပါးပြီးတော့နေတတ်တယ်၊ ဒါ့ကြောင့် အဲဒီအခိုက်အတန့်ဟာ အလကားလူတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတစ်ခုမှ

http://www.dhammadownload.com



မရှိသေးလို့ သူ့ကိုအလကားလူ, အချည်းနှီးလူ။ နောက်တော့ အိမ်ရာတည်ထောင် လင်ရယ်မယားရယ်ဖြစ်သွားတော့ မယားလူဖြစ်သွားတယ်။ လင့်လူ မယားလူပေါင်း ခေါ်တာ လင်မယားလူ၊ ဘာပြုလို့တုန်းဆိုတော့ လင်လုပ်တဲ့သူက မယားစားဖို့ ရှာလိုက်ရ ဖွေလိုက်ရ၊ မယားဝတ်ဖို့ မယားစိန်ရွှေကျောက်သံဆင်နိုင်ဖို့ သူများ နည်းတူဆင်နိုင်ဝတ်နိုင်ဖို့ နေနိုင်ဖို့နဲ့ ဒီလိုလုပ်နေရလို့ သူကမယားရဲ့လူ၊ လူက တော့လူပဲ၊ သို့သော် မယားရဲ့လူပဲဖြစ်သေးတယ်၊ ဘုရားရဲ့လူမဟုတ်သေးဘူး။

အဲ-မယားလုပ်တဲ့သူကလည်း လင့်ရဲ့စားရေး,သောက်ရေးအတွက် ချက်ရ ပြုတ်ရ၊ လင့်ရဲ့ဝတ်စားတန်ဆာတွေ-လျှော်ပေးရ လင်စိတ်ချမ်းသာအောင် ကျေနပ် အောင်ပြုပေးရဆိုတော့ သူကလင့်လူပဲရှိသေးတယ် အဲဒီအခိုက်။ ဒါ့ကြောင့် လင် မယားလူတဲ့၊ ဘုရားလူမဟုတ်သေးဘူး။ နောက်တော့-သားတွေ,သမီးတွေ, မြေး တွေ,မြစ်တွေနဲ့ဖြစ်လာတော့ အများလူတဲ့ အများကျွန်၊ သူက သားစာ, သမီးစာရှာ ရ မြေးစာ, မြစ်စာရှာရ၊ သားစားဖို့ သမီးစားဖို့ မြေးစားဖို့ မြစ်စားဖို့ သားပညာရေး, သမီးပညာရေး၊ ဟာ-ဟိုဘက်ဒီဘက် ကိုယ့်ခင်ပွန်းသည် ဇနီးသည် အချင်းချင်း ဟိုဘက်ဒီဘက် ဆွေတွေမျိုးတွေက ဝတ္တရားမကင်းတော့ သွားရလာရ၊ မျက်နှာပြရ ရှာရဖွေရ, ကူရပံ့ရ, ထောက်ရပင့်ရ၊ မင်းစိုးရာဇာက အခွန်ဘဏ္ဍာပေးဦးဆိုတော့ ပေးရကမ်းရ၊ ဟော-ဘုံကျွန် အများလူ၊ အများရဲ့ဘုံကျွန်ခံနေရတဲ့လူမို့လို့ အများ လူ၊ အဲဒါလည်းဘုရားလူမဟုတ်သေးဘူး။

အဲဒီ-အလကားလူရယ်,လင်မယားလူရယ်,အများလူရယ်ဆိုတဲ့ အခိုက် အတန့်အပြင်၊ လက်ယာလမ်း, လက်ဝဲလမ်း ဒီနှစ်လမ်းနဲ့သွားနေတာပဲ။ ဘာပြုလို့ တုန်းဆိုတော့ သူကလောဘနဲ့ သားစားရအောင်, သမီးစားရအောင်ဟ,သားဝတ်ရ အောင်,သမီးဝတ်ရအောင်ဟ-နဲ့ဆိုတော့ ဒါ-လောဘ၊ လက်ယာလမ်း။ ဟာ-ဒီထဲ ကနေပြီးတော့ သားမကျေနပ်,သမီးမကျေနပ်,သားကအချိုးမကျလို့,သမီးကအချိုး မကျလို့ မကောင်းသတင်းတွေထွက်လို့စိတ်ပျက်ရ, ဒုက္ခဖြစ်ရ, စိတ်မချမ်းသာရ, မျက်ရည်ကြီးငယ်ကျရ, ငိုရကြွေးရ, ဟောဒါ-လက်ဝဲလမ်းရောက်သွားပြီ။

❖ နေ့စဉ်ပျော်ပါး, မော်ကြွားချိန်ကုန်, စားလားသောက်လား
အလကားလူနုံ၊ ဃရာဝါသ, ကိစ္စထုပုံ, လင်မယား,
အများလူတို့ဘုံ။

http://www.dhammadownload.com



ဒါ-အိမ်ရာတည်ထောင်လိုက်ရင် လင့်လူ, မယားလူ, အများလူဖြစ်သွားတော့တာပဲ၊ အဲဒီအခိုက်ကတော့ လက်ယာလမ်း, လက်ဝဲလမ်း ဒီနှစ်လမ်းလှည့်လျှောက်နေတာပဲ၊ မဇ္ဈိမပဋိပဒါလမ်းရောက်ခဲတယ်။ အင်မတန်များ မိကောင်း ဖကောင်း ဆရာကောင်း သမားကောင်းတွေတဲ့ သူတော်ကောင်း အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေလောက်ပဲ ကိုယ့်ကိုယ်ကို အလယ်လမ်း, ဘုရားလမ်းပေါ်ရောက်တာ၊ ဘုရားလမ်းပေါ်ရောက်တဲ့လူဆိုတာ ဘယ်လိုလူတုန်းဆိုတော့ ဘုရားလူဖြစ်တဲ့လူပေါ့၊ ဒီတော့ ဘုရားလူဆိုတာ ဘယ်လိုလူတုန်းဆိုတော့။

## “စွန့်ကြဲပေးကမ်း, လှူဒါန်းရွှင်ပျော် . . . တဲ့”

စွန့်ကြဲပေးကမ်း လှူဒါန်းမှုမှာ သူကပျော်တယ် ၊ မနက်အိပ်ရာကနိုးလာရင် ဘုရားပန်းတော်ဆွမ်းတော် ရေချမ်းတော်ကပ်လို့ ဘုရားလှူလို့ ၊ အတောင်းရှမ်းရောက်လာတဲ့သူတွေကျွေးမွေးလို့ပေးလို့ နောက်ဆုံးလေ. . . . ဘုရားက ဒီပေးကန်းလှူဒါန်းတဲ့ ဒါနကို ဘယ်လောက်ထိအသေးစိတ်ဟောတုန်းဆိုတော့၊ ဒို့ အင်္ဂုတ္တိုရ် မှာ-ပိုးမွှားလေးတွေ မီးဖိုချောင်ထဲက အိမ့်ရှင်မ-အိုးဆေးရေ ခွက်ဆေးရေလေးတွေ ပုဂံဆေးရေလေးတွေသွန်ရင်းနဲ့ပဲ-အဲဒီထဲက ထမင်းလုံးပေါက်ဟင်းလုံးပေါက်လေးတွေနဲ့ ပိုးကောင်မွှားကောင်လေးတွေမျှတပါစေ. . . . လို့ဆိုပြီးတော့ စိတ်ထားပြီးသွန်တဲ့ အဲဒါ နေ့တိုင်းဒါနဖြစ်တယ်၊ မီးဖိုချောင်ထဲက ထမင်းချက်ရင်း ဘုရားလူဖြစ်တယ်။ လင်စားဖို့ သားစားဖို့တင်တွက်နေလို့ရှိရင်တော့ အဲဒါလင့်လူ အများလူပဲ၊ ခုနကလို ဘုရားရှင်ကိုယ်တော်မြတ်ကြီး နှစ်ခြိုက်တဲ့ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုပြုတဲ့အနေနဲ့ အတောင်းအရမ်းရောက်လာရင် ပေးလို့ကမ်းလို့ ကိုယ့်ပိုတဲ့လျှံတဲ့ ပစ္စည်းလေးပေးလို့ ကမ်းလို့။ အဲခုနကပြောသလို-အိုးဆေးရေ ခွက်ဆေးရေထဲကပင်လျှင် ဒါနဖြစ်အောင်ယူတတ်ရင် ဒါ-ဘုရားလူဖြစ်လာတာပဲ။

ဒီတော့-အဲဒီလိုအားဖြင့်အသေးစိတ်ကစပြီးသကာလ “စွန့်ကြဲပေးကမ်း, လှူဒါန်းရွှင်ပျော်,ကိုယ်ကျင့်သီလ,ထိန်းကြ၍နော်”. . . တဲ့၊ ငါးပါးသီလလုံအောင်ထိန်းထားပြီ၊ တတ်နိုင်ရင် ရှစ်ပါး, ကိုးပါးဥပုသ်တွေများစောင့်၊ “ကိုယ်ကျင့်သီလ,ထိန်းကြ၍နော်၊ ဘာဝနာမှု,အားပြုဘိသော်,ထိုလူများ, ဘုရားလူဟုခေါ်” တဲ့၊ အဲဒီ-ဒါန,သီလ,ဘာဝနာသုံးလုပ်တစ်လုပ်လုပ် လုပ်နေတဲ့ အချိန်၊ အဲဒီအခိုက်လူကမှ ဘုရားလူ. . တဲ့၊ ဘုရားလူ။ ဒါ-မဇ္ဈိမပဋိပဒါလမ်းပေါ်ရောက်လာတာ။ ဒီတော့-အဲဒီ ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုသုံးခု တစ်ခုခုပြုနေတော့ အလယ်လမ်းပေါ်ရောက်တာ၊ အလယ်လမ်းဆိုတာ ဘာတုန်းလို့ဆိုတော

http://www.dhammadownload.com



မဇ္ဈိမာပဋိပဒါလေ၊ မြတ်စွာဘုရား ဓမ္မစကြာမှာဟောတယ်၊ မဇ္ဈိမာပဋိပဒါ- အလယ်ဖြစ်တဲ့လမ်း၊ အဲဒီအလယ်လမ်းဆိုတာ ဘာတုန်းလို့ဆိုတော့

* အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

ဒီမဂ္ဂင်ရှစ်ပါးပါပဲတဲ့၊ သမ္မာဒိဋ္ဌိ- မှန်သောအသိ, မှန်သောအမြင်။ သမ္မာသင်္ကပ္ပ-မှန်သောအကြံ,ကောင်းသောအကြံ။ သမ္မာဝါစာ-မှန်တာကို ပြောဆိုခြင်း၊ ကောင်းတာကိုပြောဆိုခြင်း။ သမ္မာကမ္မန္တ-မှန်ကန်တဲ့အလုပ်, ကောင်းတဲ့အလုပ်။ သမ္မာအာဇီဝ-အသက်မွေးမှုကောင်းခြင်း။ သမ္မာဝါယာမ-ကောင်းတဲ့အလုပ်တွေကို အားထုတ်နေခြင်း။ သမ္မာသတိ-ကောင်းတဲ့ အလုပ်တွေကိုသတိရနေခြင်း။ သမ္မာသမာဓိ- ကောင်းတဲ့အလုပ်တွေထဲမှာ ကိုယ်နဲ့စိတ်ကိုထားခြင်း။ အဲဒါတွေ မဂ္ဂင်ရှစ်ပါးပဲ။ ဒီတော့-သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ၊ ကောင်းတဲ့ဘက်ကို အာရုံစိုက်ထားပြီး သတိကပ်ထားရင် ဒါ-မဂ္ဂင်ရှစ်ပါး။

ဒီတော့-အဲဒီမဂ္ဂင်ရှစ်ပါး၊ အခုဖြစ်နေသလား, မဖြစ်ဘူးလားဆိုတာ၊ ဒါ-ဆွမ်းဒကာ, ဆွမ်းအမတွေကြည့်ကြည့်၊ မဂ္ဂင်ရှစ်ပါးက လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင်ရှစ်ပါးလို့ ဒီလိုတော့ နှစ်မျိုးရှိတယ်၊ အဲ-လောကီမဂ္ဂင်ရှစ်ပါးကလည်းပဲ၊ ကမ္မသတာ သမ္မာဒိဋ္ဌိနယ်က မဂ္ဂင်ရှစ်ပါး၊ ဝိပဿနာနယ်က မဂ္ဂင်ရှစ်ပါး။ ဟိုး. . မဂ်ဖိုလ်နယ်က မဂ္ဂင်ရှစ်ပါးလို့ ဒီလိုသုံးဆင့်ရှိတယ်။ ဒီတော့-ဒီနေ့ အခုဖြစ်နေတာ သမ္မာဒိဋ္ဌိဆိုတာ ကံ, ကံအကျိုး ယုံတယ်လေ၊ ဒီလို ဗုဒ္ဓသံဃာတော်တွေကို ဆွမ်း, ဘောဇဉ်တွေကပ်လို့ရှိရင် မဂ်ဖိုလ်နိဗ္ဗာန်ထိရောက်နိုင်တယ်. . လို့ ယုံနေတယ်၊ ဒီနေ့-ဆွမ်းဒကာ, ဆွမ်းအမတွေစိတ်ထဲမှာ၊ ပါးစပ်ကထုတ်မပြောပေမယ့်လို့ အဲဒီ စိတ်ကလေးပါတယ်၊ အဲဒါ အမြင်မှန်ပဲ၊ ဒါ အမှန်မြင် အမြင်မှန်ခေါ်တယ်၊ မှန်တာကိုသိတာခေါ်တယ်၊ အဲဒါပါဠိလို သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ အဲဒီ သမ္မာဒိဋ္ဌိရှိလို့ ဒီလာလှူဖြစ်တာ။

အဲဒီလိုမဟုတ်လို့ရှိရင် ဘယ်လာလှူဖြစ်လိမ့်မှာတုန်း၊ ကိုယ့်ဘာကို စားသုံးပစ်ရင် ဒါမနည်းဘူး၊ နေ့ဆွမ်းဆိုလည်း လေးငါးခြောက်ထောင် ခုနှစ်ထောင်။ မနက်ဆွမ်းလည်း သုံးထောင်,လေးထောင်ကုန်တာ၊ အဲဒါ ကိုယ့်ဘာကိုယ်စားပစ်မယ် ကိုယ့်ဘာကိုယ်တိုးပြီးခံစားမယ်ဆို ရတာပဲ၊ ကိုယ့်ပစ္စည်းပဲ၊ သို့သော် သံဃာတော်အရှင်မြတ်တွေကို လှူဒါန်းဆက်ကပ်ပူဇော်ခြင်းဖြင့် ငါတို့မဂ်ဖိုလ်နိဗ္ဗာန်စခန်း

* ဝိ-၃၊ ၆။ သံ-၃၊ ၄၈၄။

http://www.dhammadownload.com



ပေါက်အောင်ရောက်နိုင်တယ်၊ အဲဒီမဂ်ဖိုလ်နိဗ္ဗာန်စခန်း သွားရင်းဟာန်လွဲနဲ့ပဲ၊ လူ့စည်းစိမ်,နတ်စည်းစိမ်အစရှိတဲ့ စည်းစိမ်ချမ်းသာတွေကို ရသွားနိုင်တယ်လို့ယုံကြည်နေတယ်၊ အဲဒါအမြင်မှန်,အမှန်သိ၊ အမှန်သိရှိတော့ အမှန်ကြံလိုက်လာတာပဲနောက်က-

❖ မှန်တာသိတော့, မှန်ကြံကြံ၊ မှန်ကြံကြံတော့, မှန်သံထွက်၊ မှန်သံထွက်တော့, မှန်ဘတ်ပါ။ မှန်ဘက်ပါတော့, မှန်တာလုပ်၊ သေတော့ဝင့်တွေပြုတ်။

မှန်တာသိတယ်ဆိုတာ-သမ္မာဒိဋ္ဌိပဲ၊ အခု ဒီကုသိုလ်ကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်တယ်လို့ သိနေတဲ့အသိကို သမ္မာဒိဋ္ဌိခေါ်တယ်၊ အဲဒီသမ္မာဒိဋ္ဌိ အသိကမှန်တော့ နောက်က အကြံမှန်တွေ အကုန်လိုက်လာတာပဲ၊ အကြံမှန်ဆိုတာကောင်းတာတွေကြံတာလေ၊ ငါန်းဒွန်က ဒကာ,ဒကာမတွေလည်း၊ ငါန်းဒွန်ကဒီမလာခင်ကတည်းက ဒို့-သံဃာတော်တွေကို ထောပတ်ဆွမ်းကပ်မယ့်စသည်ဖြင့် စိတ်ကူးတယ်၊ ဒီနေ့ မွန်မွန်မြတ်မြတ်ကပ်ဦးမယ်၊ သွားလှူဦးမယ် စိတ်ကူးကုန်ပြီ ကြံကုန်ပြီ၊ အဲဒါ သမ္မာသင်္ကပ္ပ-အကြံကောင်းပဲ၊ သူများချမ်းသာအောင် ကြံနေတဲ့အကြံကိုး။

ဒီကနေ ပြောင်းပြန်ပြန်လိုက်တော့ မိစ္ဆာသင်္ကပ္ပခေါ်တယ်၊ ဘယ်သူ့ ဘယ်ကောင့်ကို ဘယ်လိုသတ်ရပ့်၊ဘယ်ကောင့်ဘယ်လို အသရေပျက်အောင်လုပ်ရပ့်၊ ဘယ်သူ့စီးပွါးတွေတက်နေတာ ဘယ်လိုပျက်သွားအောင်လုပ်ရပ့်မတုန်း ဒါ-မိစ္ဆာသင်္ကပ္ပ၊ အဲဒါ-လက်ဝဲလမ်းရောက်သွားတာ။ အခုတော့ သမ္မာသင်္ကပ္ပနဲ့ မှန်တာသိတော့ မှန်ကြံကြံ. . တဲ့၊ ပါဠိလို သမ္မာသင်္ကပ္ပ။ သင်္ကပ္ပဆိုတာ-ကြံတာ အကောင်းကြံတာ၊ မှန်ကြံ,ကြံတော့ မှန်သံထွက်တဲ့၊ ဟော-နှုတ်က သမ္မာဝါစာ၊ ဝါစာဆိုတာနှုတ်ကထွက်လာတာ၊ လှူပါဟာ၊ လောင်းပါဟာ၊ ထောပတ်ဆွမ်းချက်ပါ ဟာ၊ နေ့ဆွမ်းတွေမွန်မြတ်အောင်လုပ်ပါဟာ၊ ကုန်ပါစေကျုပ်တို့၊ လှူပါလောင်းပါ, ဝယ်ပါ ခြမ်းပါ၊ ပေးပါ ကမ်းပါ၊ ဟော-သံဃဿဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ နှုတ်ကဆိုနေတာ အဲဒါ-မှန်သံတွေထွက်နေတာ၊ သူများချမ်းသာဖို့ထွက်နေတာလေနှုတ်က။

မှန်သံထွက်တော့ မှန်ဘက်ပါ. . တဲ့၊ ခန္ဓာကိုယ်ကြီးကလည်း မှန်တဲ့အလုပ်ဘက်ပါနေတယ်၊ ဆွမ်းလောင်းနေတယ်၊ ဆွမ်းတွေချက်နေတယ်၊ ဆွမ်းတွေပြင်နေတယ်၊လှူဖွယ်တန်းဖွယ်တွေပြင်ဆင်နေတယ်၊ လက်အုပ်ချီနေတယ်၊ ဒူးတုပ်နေ

http://www.dhammadownload.com



တယ်၊ ဟော-ခန္ဓာကိုယ်ကြီးရဲ့ အမူရာတွေလည်းပဲ သမ္မာကမ္မန္တ-မင်္ဂဖိုလ်နိဗ္ဗာန်ရ ကြောင်း ကောင်းမြတ်တဲ့ အလယ်လမ်းဘုရားလမ်းပေါ်မှာ အလုပ်လုပ်နေပြီ၊ ဒီ တော့-အသက်ရှူမှုလေးကလည်းမှန်လို့ သမ္မာအာဇီဝ-အသက်ကလေးရှူရှိုက်နေမှု မှန်ကန်နေတာ၊ သူများသတ်မလို့လူကလည်း ဒီအသက်ရှူနေတာပဲ၊ သူများပေး မယ့်ကမ်းမယ့်လူ,သူများချမ်းသာအောင်လုပ်နေတဲ့သူကလည်း အသက်ရှူနေတာပဲ၊ အဲဒီအသက်ကလေးကို သမ္မာအာဇီဝလို့ ခေါ်တယ်၊ ဒါအသက်မွေးမှုခေါ်တာပဲ၊ ဒီတော့-အသက်မွေးမှုလည်း မှန်ကန်လို့ပေါ့၊ ဒီတော့ မဂ္ဂင်ရှစ်ပါးအကုန်ဝင်လာတာ ပဲ၊ ဒါဘုရားလမ်း။ အဲ-လက်ဝဲလမ်းကျတော့-

❖ မှားတာသိတော့ မှားကြံ့ကြံ၊ မှားကြံ့ကြံတော့, မှားသံထွက်၊ မှားသံထွက်တော့, မှားဘက်ပါ၊ မှားဘက်ပါတော့, မှားတာ တွေလုပ်, သေတော့အပါယ်မြုပ်၊

သူကလည်းသူ့လမ်းနဲ့သူပဲ၊ ဒီတော့-ဒီနေ့သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပစတဲ့ မဂ္ဂင်တရားရှစ်ပါး မိမိသန္တာန် ဖြစ်ပွားပြီးတော့နေတဲ့ အချိန်သည် ငါတို့ဘုရားရဲ့လူ၊ ဟော ဘုရားလူဖြစ်နေတယ်၊ ဘုရားလူဖြစ်ရင် ဘုရားလမ်းပေါ် ရောက်နေပြီ၊ အဲ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ လက်ယာ လမ်း လက်ဝဲလမ်းကို တတ်စွမ်းသမျှစွန့်ပယ်ပြီးသကာလ, ဘုရားလမ်းခေါ်တဲ့ အ လယ်လမ်းက လျှောက်တတ်ရတယ်. . တဲ့၊ အလယ်လမ်းက သွားတတ်ရတယ်၊ အလယ်လမ်းက ကြိုးပမ်းချီတက်ရတယ်။

အဲဒီစကားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒ အပ္ပမာဒဝဂ်မှာ ဟောသွားတဲ့ အားလုံးဒကာဒကာမတွေကြားဖူးတဲ့ သီရိဓမ္မာသောကမင်း ကြီးလမ်းပြောင်းသွားတာ၊ အစတုန်းက လက်ယာလမ်း,လက်ဝဲလမ်း၊ နဲ့သွားနေ တာ၊ နောက်ဟောဒီ အလယ်လမ်း,လမ်းပြောင်းသွားတာ၊ သူ့တူမှန်းမသိတဲ့ ကိုရင် လေးကတရားဟောလို့ လမ်းပြောင်းသွားခဲ့တာ၊ ဒါဘုန်းကြီးတို့ သာသနာသမိုင်း ကြောင်းမှာ ပြန်ပြောင်းပြီးတော့ကြည့်ရင် သီရိဓမ္မာသောကမင်းကြီးဆိုတာ အားလုံး သိကြတယ်၊ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေး ထောင်၊ စေတီပေါင်းရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေး ထောင်, သာသနာတော် လှူဒါန်းပူဇော်သွားတာ၊ ကုဋေပေါင်းကိုးဆယ်နဲ့ခြောက် ကုဋေအကုန်ကျခံပူဇော်သွားတဲ့မင်းကြီး။

---

* ဝိ-၅-၁-၃၄၊ သာရတ္ထ-ဋီ-၁-၁၂၆။

http://www.dhammadownload.com



ဒီတော့-အဲဒီသီရိခေမ္မာသော်ကမင်းကြီးဟာသူ့ဇာတ်ကြောင်းလေးအကျဉ်းချုပ်ပြောရရင် သူရဲ့ခမည်းတော်က ဗိန္ဒုသာရမင်း၊ အဲဒီဗိန္ဒုသာရ မင်းကြီးလက်ထက်တုန်းကတော့ သာသနာပရသေ့ပရဗိုဇ်တွေကို ပူဇော်တာ၊ နန်းတော်မှာရသေ့ပရဗိုဇ်ပေါင်း(၆၀၀၀၀)နေ့စဉ်ဆွမ်းကျွေးတယ်၊ ဒီတော့ ဗိန္ဒုသာရမင်းကြီးနတ်ရွာစံကံတော်ကုန်တော့ သီရိဓမ္မာသောကမင်း,အသောကမင်းပေါ့၊ သူက ဗိန္ဒုသာရမင်းကြီးလက်ထက်တုန်းကတော့ ဥဇ္ဇေနီပြည်မှာ မြို့စားအဖြစ်နဲ့ သူကနေရတာ၊ အဲဒီလိုနဲ့ ဥဇ္ဇေနီပြည်ကနေသူရောက်လာပြီး ခမည်းတော်ကြီး နတ်ရွာစံတော့ သူထီးနန်းရ၊ ထီးနန်းရတော့ သူလေးနှစ်လောက်အဘိသိက် မခံသေးဘဲနဲ့သတ်တန်တာတွေသတ်ပြီးတော့မှ သူတက်လာရတာ။

ဘုန်းကြီးတို့မြန်မာနိုင်ငံသမိုင်းကြောင်းဆိုရင် သီပေါ,မင်းတုန်းနန်းတက်သလိုပဲ၊ အဲဒီလိုနဲ့ သူကနန်းတက်ပြီးတော့လာခဲ့ရတော့ ဒီလှုပ်ရှားပုန်ကန်ထကြွတာတွေ လိုက်ပြီးနှိမ်နင်းဖမ်းဆီးတိုက်ခိုက်, သတ်ဖြတ်လုပ်နေရသေးတာ၊ ဒီတော့-သူအဘိသိက် အတော်နဲ့မခံရသေးဘူး၊ နောက်လေးနှစ်လောက်နေမှ အဘိသိက်ခံ၊ အဘိသိက်ခံပြီးတော့ သူ့ခမည်းတော်ကြီးလက်ထက်တုန်းက ဒီပရဗိုဇ်တွေသာသနာပရသေ့ပရဗိုဇ်တွေ (၆၀၀၀၀)လောက် နေ့စဉ်ဆွမ်းဝတ်ပြုတာဖြစ်တော့သူ့လက်ထက်ကျတော့ ဒါတွေက ဖြတ်လို့မဖြစ်ဘူးလေ၊ ဒီတော့ ဆက်ပြီးတော့ပဲသူကျွေးမွေးနေရတာ။

ကျွေးမွေးနေရပေမယ့်လို့ သူ့စိတ်ထဲမကြေနပ်ဘူး၊ စားကြ, သောက်ကြတာတွေက ရသေ့ပရဗိုဇ်တွေဆိုတော့ ထိန်းသိမ်းတဲ့ဣန္ဒြေလည်းမရှိဘူး၊ စားတာကလည်း ဒူးထောင်ပေါင်ကားနဲ့စားတဲ့သူကစား၊ မတ်တတ်ကြီးစားတဲ့သူကစား၊ စကားတပြောပြောနဲ့ တသောသောနဲ့၊ ရယ်လိုက်မောလိုက် ဟားလိုက် ဝါးလိုက်နဲ့ဒီလိုစားနေကြတော့ သူ့စိတ်ထဲမှာ ကျွေးလို့သာကျွေးနေရတယ်၊ "ဪ ဒီလောက်အကုန်အကျတွေခံပြီးတော့ နေ့စဉ်ကျွေးနေရတာ နော်. . . မှန်မြတ်တဲ့နေရာကျွေးရရင်ကောင်းမှာ". . .။ပါရမီကပါလာတယ် သူကဓာတ်ခံက၊ သူ့စိတ်ထဲကျွေးလို့သာကျွေးနေရတယ် မကျေနပ်ဘူး၊ သို့သော် မင်းကျင့်တရား(၁၀)ပါးထဲမှာ အများနဲ့မဆန့်ကျင်ရဘူးဆိုတဲ့ အဝိရောဓန-မင်းကျင့်တရားကလည်းရှိတော့တိုင်းသားပြည်သူတွေက ဒီရသေ့ပရဗိုဇ်တွေပဲ အမွန်အမြတ်ထားနေတာဖြစ်တော့သူတို့ပဲ ကိုယ်ကဆက်ပြီးတော့ ကိုးကွယ်ကျွေးမွေးနေရ။

ဒီလိုနဲ့ နေရင်းနဲ့ တစ်နေ့တော့ သူ-နန်းတော်ပေါ်ကနေပြီးတော့ အရှေ့

http://www.dhammadownload.com



ဘက်လေသာတံခါးပေါက်တွေဖွင့်ပြီးတော့ လမ်းလျှောက်နေတဲ့အခိုက် အဲဒီ နန်းရင်ပြင်မလှမ်းမကမ်းကနေပြီးတော့ ကိုရင်လေးတစ်ပါး ဖြတ်ပြီးတော့ ဆွမ်းခံကြွလာ၊ အဲဒီနန်းရင်ပြင် တောင်ကနေပြီးတော့ နန်းရင်ပြင်ဖြတ်ပြီးတော့ အရှေ့ဆီဆက်ကြွသွားတာ၊ ကြည့်လိုက်တော့ ငြိမ်သက်လိုက်တာ၊ ဣန္ဒြေသိက္ခာရှိလိုက်တာ သူ့စိတ်ထဲ "ဩော်-ဒီကိုရင်လေးတော့ အတွင်းမှာအနှစ်ရှိပြီ. . ၊ ကြည့်ပါအုံး သွားပုံလာပုံကလည်း ဣန္ဒြေရလိုက်တာ" ဆိုပြီးတော့ သူ့စိတ်ထဲသိပ်ပြီးတော့ကြည်ညိုတာပဲ၊ သိပ်ပြီးတော့ ချစ်သွားတာပဲ၊ စောစောတုန်းကရသေ့ ပရိုဗိုဇ်တွေနဲ့ ကွာချင်တိုင်းကွာနေ။

အဲဒီ ခုနကရသေ့ပရိုဗိုဇ်တွေ၊ ဟို-စောစောတုန်းက သူကသူ့နန်းတော်စစခြင်းပင့်တုန်းက သူကရသေ့ပရိုဗိုဇ်တွေကြွလာတော့၊"အရှင်ဘုရားတို့ သင့်လျှော်တဲ့နေရာထိုင်ကြပါ. . "ဆိုပြီးတော့ နေရာတွေ အမျိုးမျိုးခင်းပေးထားတာ၊ အနိမ့်အမြင့် အမျိုးမျိုးခင်းပေးထားတာ၊ ခင်းပေးထားပြီးတော့ ဒီရသေ့ပရိုဗိုဇ်တွေကို သူကအကဲခပ်တာ"အရှင်ဘုရားတို့ သင့်လျှော်တဲ့နေရာ ကြည့်ထိုင်ကြပါဘုရား" ဆိုပြီးတော့ ရသေ့ပရိုဗိုဇ်တွေက သီရိဓမ္မာသောကမင်းကြီး သူ့နန်းတက်ခါစ စကျွေးတဲ့ဆွမ်းဆိုတော့ ကြောက်ကြတော့ သူတို့က ဟိုချောင်ကပ်ထိုင်, ဟိုအစွန်ကပ်ထိုင်နဲ့-ဆိုကတည်းက သူကကြည့်လိုက်တယ်၊ နေရာထိုင်ခင်းထိုင်ပုံကြည့်တာနဲ့ပဲ ဒီကိုယ်တော်တွေ အတွင်းဘာအနှစ်မှမရှိဘူး. . လို့သူသိတယ်၊ သိလို့ထိုက်သလောက်တော့ သူကျွေးမွေးပြီးသာခဲ့တယ်လေ။

အခု ကိုရင်လေး သွားတာလာတာမြင်လိုက်တယ်ဆိုရင်ပဲ-"ဩော် ဒီကိုရင်လေးတော့ အတွင်းကအနှစ်ရှိပြီ". . ၊ ဟောလို သူကမြင်လိုက်တယ်။ မြင်လိုက်တော့ သူမနေနိုင်ဘူး၊ ဒီကိုရင်လေးလိုက်ပြီးတော့ အပင့်ခိုင်းတယ်၊ အပင့်ခိုင်းတော့ မြင်မြင်ချင်း သူ့လှမ်းမြင်ကတည်းက သူ့စိတ်ထဲကြည်ညိုစိတ် ချစ်စိတ်ဖြစ်တာက ဘာပြုလို့တုန်းဆိုတော့ ဒီကိုရင်လေးက တစ်ခြားမဟုတ်ဘူး၊ သူ့တူပဲ၊ သူကတော့ တူမှန်းမသိဘူး၊ သူထီးနန်းတက်မယ့်လုပ်တော့ မင်းသားတွေ များစွာဖမ်းဆီးတော့ သူ့ရဲ့အဖေတော့ အဖေတူပေါ့ အမေကွဲပေါ့၊ မိဘုရားကြီးတွေက အမေကွဲ၊ ဗိန္ဒုသာရမင်းကြီးတည်းဟူသော အဖေကတော့ အတူတူပဲ။

အဲဒီ သူ့ရဲ့အကိုကြီး သုမနဆိုတဲ့ မင်းသားရဲ့သား၊ အခုကိုရင်လေးက။ ဒီကိုရင်လေးက သူ့အဖေ သုမနမင်းသားကြီး အဖမ်းခံရတော့ သူကကိုယ်ဝန်အရင့်အမာနဲ့ သူ့အမေဗိုက်ထဲမှာ ကိုယ်ဝန်အရင့်အမာနဲ့ သုမနမင်းသားကြီးရဲ့ မင်းသမီး

http://www.dhammadownload.com



က အသတ်ခံရမှာစိုးလို့ ထွက်ပြေးရတာ။ ထွက်ပြေးတော့ ဒီကိုရင်လေးရဲ့ ကမ္ဗ ဇိဒ္ဓိ-တန်ခိုးပေါ့၊ ဒီကိုရင်လေးက ဒီဘဝရဟန္တာဖြစ်မယ့် ကိုရင်လေးဆိုတော့ သူ့ရဲ့ ကမ္မဇိဒ္ဓိတန်ခိုးကြောင့် နတ်ကနေပြီးတော့ခေါ်သွားတာ၊ "နှမ ဒီလိုက်ခဲ့ ဒီလိုက်ခဲ့" ဆိုပြီးတော့ ဟိုး. . . ပါဋလိပုတ်နေပြည်တော်ကြီးရဲ့ အရှေ့ဒွန်းစဏ္ဍားရွာရှိတယ်၊ အဲဒီ ဒွန်းစဏ္ဍားရွာမှာ မထင်မရှားသွားပြီးတော့ နေရအောင်ဆိုပြီးတော့ သွား ပို့တာ။

သွားပို့တော့ အဲဒီ ဒွန်းစဏ္ဍာရွာအကြီးအကဲရဲ့အိမ်အနီးမှာ ညောင်ပင်ကြီး ရှိတယ်၊ ပင်ညောင်ပင်ကြီး၊ အဲဒီပင်ညောင်ပင်ကြီးအောက်ရောက်တော့၊ ခုနက ကိုယ်ဝန်က နေ့စေ့လစေ့, အချိန်စေ့တော့ ဖွားတာ၊ ဒါနဲ့-ဒွန်စဏ္ဍာအကြီးအကဲက လည်းပဲ သားလိုပဲချစ်ခင်ပြီးတော့ စောင့်ရှောက်ထားပါတယ်၊ ဒါ့ကြောင့်-ဒီကိုရင် လေးကို ပင်ညောင်ပင်ကြီးကိုအစွဲပြုပြီးတော့ "နိဂြောဓ" ။ နိဂြောဓ-ဆိုတာ ညောင် ပင်ကြီးလို ဝိုင်းဝန်းနေတဲ့အရာဝတ္ထုကို နိဂြောဓခေါ်တယ်၊ ဒီကိုရင်လေးကိုလည်း နိဂြောဓ ကိုရင်လို့ခေါ်တာ၊ အဲဒီကလေးလေးကနေ (၇)နှစ်သားအရွယ်ရောက်လာ တော့ အရှင်မဟာဝရုဏ-ဆိုတဲ့ အရှင်မြတ်ကြီးက ဒီကလေးဟာ တစ်ချိန် သာ သနာမှာ ကျေးဇူးများမယ့်ပုဂ္ဂိုလ်၊ ပြီးတော့ ရဟန္တာဖြစ်မယ့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဓာတ်ခံပါတဲ့ကလေး ဆိုပြီးတော့ အရှင်မဟာဝရုဏဆိုတဲ့ ရဟန္တာကြီးကခေါ်ပြီး တော့မွေးကျွေးသုတ်သင်ပြီးတော့ သာမဏေပြုပေးထားလို့ အဲဒီကလေး အခုဖြတ် သွားတာ၊ ရဟန္တာလေသူက၊ အရှင်မဟာဝရုဏရှင်ပြုပေးတော့ ဆံချတဲ့အချိန် ခေါင်းရိတ်ပေးလို့ အဆုံးမှာ သူကရဟန္တာဖြစ်သွားတာ။

ဒီတော့-ဒီကလေးက သူ့တူ၊ သီရိဓမ္မာသောကမင်းကြီးရဲ့တူအမှန်က၊ ဒါ ကြောင့် တူမို့လို့လည်း သွေးကစကားပြောပြီးတော့ သူကမပင့်ရ မနေနိုင်ဖြစ်ပြီး တော့ ကိုရင်လေးလိုက်ပင့်ခိုင်းတယ်၊ လိုက်ပင့်ခိုင်းတော့ မှူးတော်မတ်တော်တစ် ယောက်ကသွားပင့်၊ သွားပင့်တော့ သီရိဓမ္မာသောကမင်းကြီးက စုံစမ်းချင်လို့သူက နောက်တစ်ယောက်လွှတ်လိုက်ပြီးတော့"မြန်မြန်ကြွလာပါ-ကိုရင်လေးရော မြန်မြန် အပြေးလာပါ၊ သုတ်သုတ်လာခဲ့ပါ" ဆိုပြီးတော့ နောက်ထပ်လွှတ်လိုက်တယ်။ ကိုရင်လေးကမသုတ်ဘူး၊ သူ့ဏ္ဍြေလေးနဲ့သူ မှန်မှန်ပဲလာတယ်၊ သီရိဓမ္မာသောက မင်းကြီးသိပြီ၊ "အင်း-ကိုရင်လေး အတွင်းကအနှစ်ရှိပြီ. .၊ ငါရှင်ဘုရင်ကနေပြီး တော့ မြန်မြန်လာပါဆိုတာတောင် သူက သူ့ဣန္ဒြေနဲ့ သူလာတယ်၊ ဧကန္တ ဒီထဲမှာ အတွင်းသတ္တိအနှစ်ရှိပြီ". .၊ ဆုံးဖြတ်လိုက်ပြီသူက။

http://www.dhammadownload.com



ပြီးတော့မှသူက သူ့နန်းတော်ထဲမှာ ရာဇပလ္လင်လည်းရှိတယ်၊ ဟိုနားဒီနားလည်း အခင်းတွေမြန်မြန်ခင်းခိုင်းလိုက်တယ်၊ ပြီးတော့မှ ကိုရင်လေးကြွလာတော့ "အရှင်ဘုရား သင့်လျော်တဲ့နေရာမှာ ကြည့်ထိုင်ပါဘုရား" စမ်းတာ၊ စမ်းတာ၊ ခုနတိတ္ထိတွေတုန်းက စမ်းသလိုပဲစမ်းတာ။ စမ်းတော့ ကိုရင်လေးက-ဟိုဟိုဒီဒီ လှည့်ပတ်ပြီးကြည့်လိုက်တယ်၊ သူ့ထက်ကြီးတဲ့ရဟန်းတော် သာမဏေများရှိသေးသလားလို့ ကြည့်ပြီးတော့ ဘယ်သူမှမရှိတာမြင်တော့မှ ရှင်ဘုရင်ထိုင်တဲ့ ရာဇပလ္လင်ပေါ်တက်ထိုင်လိုက်တယ်၊ ကျေနပ်လိုက်တာလေ. . . သိရီဓမ္မာသောကမင်းကြီး၊ အနှစ်ရှိပြီ. . သေချာပြီ၊ အနှစ်ရှိပြီ။ ကိုရင်လေးဝမ်းထဲ အနှစ်ရှိပြီဆိုပြီးတော့ "အရှင်ဘုရား အရှင်ဘုရားဟဲ့ ဘယ်သူပါတုန်း"၊ "နိဂြောဓ သာမဏေခေါ်ပါတယ်" "အဘယ် အရပ်မှာသီတင်းသုံးပါသလဲ" "ဘယ်အရပ်မှာသီတင်းသုံးပါတယ်" "အရှင်ဘုရား တပည့်တော်ဆွမ်းခံကြွလာတာကြည်ညိုလို့ တပည့်တော်ဘုရား အရှင်ဘုရားကို နေ့စဉ်တပည့်တော် ဆွမ်းရှစ်အုပ်,ရှစ်အုပ်လှူပါ့မယ်၊ အရှင်ဘုရားဒီမှာဘဲ ဆွမ်းဘုဉ်းပေးတော်မူပါ" ဆိုတော့။

**တောနိ အဟံ ဥပဇ္ဈာယဿ ဒမ္မိ မဟာရာဇ။**

အဲဒီ-ဒကာကြီးလှူတဲ့ ဆွမ်းရှစ်အုပ်၊ ရှစ်ပါးစာဆွမ်းရှစ်အုပ်ကို ဥပဇ္ဈာယ် ဆရာတော်အား လှူဒါန်းပါ၏. . ၊ ဟော-သူက ဥပဇ္ဈာယ်ဆရာ လှူပါတယ်ဆိုပြီး တော့ လက်အုပ်ကလေးချီပြီးတော့ ဥပဇ္ဈာယ်ဆရာရှိတဲ့ဘက်စိတ်ညွတ်ပြီးတော့ လှူလိုက်တယ်။

**ကော အဟံ ဘန္တေ (တာတ) ဥပဇ္ဈာယော နာမ။**

အရှင်ဘုရား ဥပဇ္ဈာယ်ဆိုတာဘာတုန်း၊ ရှေးကတော့ သာသနာတော်နဲ့ တွေ့မှမတွေ့သေးဘဲကိုး၊ သိရီဓမ္မာသောကမင်း ဗုဒ္ဓဘာသာကို မဖြစ်သေးဘူး၊ ဒီတော့ "ဥပဇ္ဈာယ်ဆိုတာ ဘာတုန်းဘုရား"။

**ဝဇ္ဇာဝဇ္ဇံ ဒိသွာ စောဒေတာ သာရေတာစ မဟာရာဇ။**

"အပြစ်ကြီး အပြစ်ငယ်ကို မိဘသဖွယ် ကြည့်ရှုပြီးတော့ ဆုံးမတတ်တဲ့ သူကို ဥပဇ္ဈာယ်လို့ ခေါ်တယ်ဒကာကြီး". . ။ ဒကာကြီး. . ကိုရင်တို့တစ်တွေလေ အိမ်မှာနေတော့ အမေအဖေကပြောတယ်ပေါ့၊ ဒီအချိန်ထဟဲ့ ဒီအချိန်သွားဟဲ့ ဒီအချိန်အိပ်ဟဲ့ ဒီအချိန်စားဟဲ့" လို့၊ အိမ်မှာနေတော့ အမေအဖေကပြောတယ်၊ အဲ-အခု သာသနာဘောင်ရောက်လာတော့၊ အမေအဖေနဲ့ဝေးလာတော့ အဲဒီ အမေအဖေလိုဘဲ အနီးကပ်ပြောဆိုဆုံးမတဲ့သူကို ဥပဇ္ဈာယ်လို့ခေါ်တယ် ဒကာကြီး"

http://www.dhammadownload.com



"အဲဒီ ဆွမ်းရှစ်အုပ်ကို အရှင်ဘုရားက ဥပဇ္ဈာယ်ကိုလှူတယ်ဆိုရင်-တပည့်တော်က နောက်ထပ် ဆွမ်းရှစ်အုပ်လှူပါတယ်ဘုရား" ထပ်လှူပြန်တယ်။

## တောနိ အာစရိယဿ ဒမ္မိ မဟာရာဇ။

အဲဒီ ဆွမ်းရှစ်အုပ်ကိုလည်းပဲ ဆရာသမားတို့အား လှူပါ၏၊ "ဟင်-အရှင်ဘုရား ဆရာသမားဆိုတာဘာတုန်း"၊ "ဩော်-ဒကာကြီး ဆရာသမားဆိုတာ အတတ်ပညာတွေသင်ပေးတာ၊ ကိုရင်မသိသေးတဲ့ စာတွေတတ်အောင်၊ အသိတွေသိအောင်၊ ကျင့်တာတွေ ကျင့်တတ်အောင်ဆိုပြီးတော့ စာပေပို့ချ သင်ပြဆုံးမတဲ့သူကို အာစရိယ ဆရာလို့ခေါ်တယ် ဒကာကြီး"၊ "အမယ်လေး ကျေနပ်လိုက်တာဘုရား၊ ကိုင်း ဒီလိုဆိုရင် အဲဒီဆွမ်းရှစ်အုပ် အရှင်ဘုရားက ဆရာသမားတွေကိုလှူတယ်ဆိုရင် နောက်ထပ်ရှစ်အုပ် အလှူခံတော်မူပါဘုရား၊ တပည့်တော်ဆွမ်းရှစ်အုပ် လှူပါတယ်ဘုရား"။

## တောနိ ဘိက္ခုသံဃဿ ဒမ္မိ မဟာရာဇ။

အဲဒီ ဆွမ်းရှစ်အုပ်ကိုလည်းပဲ သံဃာတော်အပေါင်းအား လှူပါ၏. . ။ သံဃာတော်တွေလှူလိုက်ပြန်တယ်။ သူကလက်အုပ်ကလေးချီပြီးတော့ ရာဇပလ္လင်ပေါ်က ကိုရင်လေးက။ "အရှင်ဘုရား သံဃာတော်ဆိုတာ ဘာတုန်း" "ဩော်-ဒကာကြီး သံဃာတော်ဆိုတာလေ ဉာဏ်ဇင်းတို့ ကိုရင်တို့ ကိုရင်ဝတ်တဲ့ကိစ္စမှာဝိုင်းပြီးတော့ကူတယ်၊ ဟိုကိစ္စ ဒီကိစ္စမှာ ဝိုင်းဝန်းပြီးတော့ အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ရဟန်းခံတယ်ဆိုရင် သိမ်ထဲဝင်ပြီးတော့ လိုက်ပြီးတော့ သူတို့ပါမှဖြစ်တယ်၊ ဥပဇ္ဈာယ်နဲ့ ဆရာရှိရုံနဲ့မဖြစ်သေးဘူး၊ သံဃာတော်တွေဝိုင်းပြီးတော့ အလုပ်လုပ်မှဖြစ်တယ်၊ အဲဒီ ပုဂ္ဂိုလ်တွေကို သံဃာလို့ခေါ်တယ်၊ အဖွဲ့အစည်းကြီး၊ ဘုရားသားအဖွဲ့အစည်းကြီးကို သံဃာလို့ခေါ်တယ် ဒကာကြီး. . အဲဒီ သံဃာတော်တွေလှူပါတယ်"။ "အမယ်လေး. . . ကျေနပ်လိုက်တာဘုရား၊ ကျေနပ်လိုက်တာ၊ အရှင်ဘုရားလည်း ကုသိုလ်ဖြစ် တပည့်တော်လည်း ကုသိုလ်ဖြစ်၊ ဒီလိုဆိုရင် နောက်ထပ် ဆွမ်းရှစ်အုပ် အရှင်ဘုရားအား တပည့်တော်လှူပါတယ်ဘုရား" ဆိုတော့မှ၊ ကိုရင်လေးက ငြိမ်ပြီးတော့လက်ခံတယ်။

ဒီတော့-အားလုံးဆွမ်းသုံးဆယ်နဲ့ နှစ်အုပ်ဖြစ်သွားတယ်။ "ဒီတော့ အရှင်ဘုရား အဲဒီဆွမ်း သုံးဆယ်နှစ်အုပ်ကို နေ့စဉ် နေ့စဉ် အရှင်ဘုရား အဲဒီသံဃာတော်တွေ, ဥပဇ္ဈာယ်တွေ, ဆရာတွေ, သံဃာတော်တွေ အရှင်ဘုရားကြွပြီးတော့ ဆွမ်းဘုဉ်းပေးတော်မူပါ နေ့စဉ်တပည့်တော်ရဲ့နန်းတော်ကိုဆွမ်းဘုဉ်းပေးကြွတော်မူပါ"

http://www.dhammadownload.com



လို့ပင့်တော့မှ ကိုရင်လေးက အဲဒီနေ့ကစပြီးတော့ ဆွမ်းသုံးဆယ်နဲ့နှစ်အုပ်၊ သုံးဆယ်နှစ်ပါး ပင့်လာခဲ့တယ်၊ ကျောင်းကနောက်တစ်ရက်က စပြီးတော့၊ ဒီနေ့ဟာတွေတော့ ကျောင်းအပိုင်ခိုင်းတယ်၊ အဲ-နောက်တစ်ရက်ကစပြီးတော့ သုံးဆယ့်နှစ်ပါး သုံးဆယ့်နှစ်ပါး ဆွမ်းဘုဉ်းပေးတော့ သိရီဓမ္မာသောကမင်းက အကဲခပ်တယ် ဆွမ်းဘုဉ်းပေးပုံက ငြိမ်ငြိမ်သက်သက်၊ သပိတ်တွေနဲ့တန်းလို့ ထိုင်ပြီးတော့ မျက်လွှာချပြီး ဆွမ်းလုပ်ပြင်ပြီးတော့ ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ တရားနဲ့ဆင်ခြင်ဘုဉ်းပေးနေတာကြည့်၊ ပီတိဖြစ်လိုက်တာလေ. . သိရီဓမ္မာသောကမင်းကြီး ကျောထဲမျှား စိမ့်လာအောင်ပီတိဖြစ်တယ်။

သန္တိန္ဒြိယ သန္တမန- ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်သက်သောစိတ်နဲ့ငြိမ်သက်သောကိုယ်နဲ့၊ စိတ်ကငြိမ်တော့ ကိုယ်လည်းငြိမ် နှုတ်လည်းငြိမ်သွားတာပေါ့၊ ငြိမ်သွားတယ်ဆိုရင်ပဲ မျက်စိထဲမှာ ကြည်ညိုလို့မဆုံးဖြစ်သွားတယ်၊ အဲဒါနဲ့ "အရှင်ဘုရား တပည့်တော် နောက်ရက်နောက်ရက်ဆိုရင်ဖြင့် သုံးဆယ့်နှစ်အုပ်ရဲ့ဆတိုးခြောက်ဆယ်လေးအုပ် လှူပါတယ်ဘုရား"၊ နောက်ရက်ကျ ခြောက်ဆယ့်လေးပါး ပင့်လာပါ၊ အဲဒီနောက်ကျတော့ တစ်ဆတိုး၊ အဲဒီနောက်တစ်ဆတိုး၊ အဲဒီနောက် တစ်ဆတိုးနဲ့ လှူလိုက်တာ နောက်ဆုံး သိရီဓမ္မာသောကမင်းကြီးဟာ သူ့နန်းတော်မှာ ရသေ့ပရိဗိုဇ် ခြောက်သောင်း ကျွေးမွေးညှော်ခံနေတဲ့ ဆွမ်းဝတ်တွေကိုဖြတ်ပြီးတော့ အရှင်နိဂြောဓသာမဏေကလေးရဲ့ကောင်းမှုနဲ့ ဘုရားသားတော် သံဃာတော်ပေါင်း မြောက်များစွာတို့ကို နန်းတော်မှာ နေ့စဉ်ဆွမ်းလုပ်ကျွေးတဲ့ကုသိုလ်ကြီးဖြစ်သွားခဲ့တယ်။

အဲဒီလိုဖြစ်ရုံတင်မကဘူး၊ နောက်ကျတော့ ဒီကိုရင်လေးအကြောင်းပြုပြီး သာသနာတော် ကြည်ညိုရာကနေပြီးတော့ "အရှင်ဘုရား အရှင်ဘုရားတို့သာသနာတော်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတဲ့တရားတွေ ဘယ်လောက်ရှိပါတုန်း" လို့ မေးလို့၊ "ဒကာကြီး ပိဋကတ်အားဖြင့်တော့ သုံးသွယ်ပဲရှိတယ်၊ နိကာယ်နဲ့ပြောရင် ငါးပါးရှိတယ်၊ အင်္ဂါနဲ့ပြောရင် ကိုးတန်ရှိတယ်၊ တရားပုဒ်ပေါင်း တရားပုဒ်ပေါင်း တစ်ပုဒ်တစ်ပုဒ်စီနဲ့ပြောရင် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိပါတယ်" လို့ ပြောလို့၊ "အဲ-အဲဒီဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို တပည့်တော် ပူဇော် စမ်းပါရစေဘုရား. . လို့ဆိုပြီးတော့၊ ဓမ္မက္ခန္ဓာ တစ်ပုဒ်တစ်ပုဒ်ကို စေတီတစ်ဆူ၊ ဓမ္မက္ခန္ဓာတစ်ပုဒ်ကို ကျောင်းတစ်ကျောင်း၊ ဓမ္မက္ခန္ဓာတစ်ပုဒ်ကို ရေတွင်း တစ်တွင်း၊ ဓမ္မက္ခန္ဓာတစ်ပုဒ်ကို ရေကန်တစ်ကန်နှုန်းနဲ့ ရေတွင်းပေါင်း ရှစ်သောင်း လေးထောင် ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်း

http://www.dhammadownload.com



လေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ တစ်ခါတည်း သူ့ရဲ့အမတ်တွေအကုန် အသီးသီးစေလွှတ်ပြီးတော့ နိုင်ငံရပ်ခြား ဗုဒ္ဓဘာသာနိုင်ငံတွေမှန်သမျှလည်း တမန်တော်တွေလွှတ်ပြီးတော့ အဲဒီလိုတည်ပြီးတော့ လှူဒါန်းပူဇော်သွားတယ်။

အဲဒါ-ဘုန်းကြီးတို့မြန်မာနိုင်ငံမှာ ဟိုအရပ် ဒီအရပ်မှာ ရွှေမုဋ္ဌော ရွှေမုဋ္ဌော ဆိုရင် အဲဒါ သိရီဓမ္မာသောကမင်းကြီးရဲ့ကောင်းမှုများတတ်တယ်၊ ဒါ-သတိထားကြည့်ကြပေါ့။ သိရီဓမ္မာသောကမင်းကြီး ဟိုမှာ ထီးနန်းအုပ်ချုပ်တဲ့အချိန်မှာ မြန်မာနိုင်ငံက သရေခေတ္တရာခေတ်ရောက်နေတယ်၊ မြန်မာပြည်ရဲ့ ခေတ်ကြီး(၇)ခေတ်ထဲမှာ တကောင်းခေတ်ပြီးတော့ သရေခေတ္တရာဆိုတဲ့ခေတ်၊ အဲဒီသရေခေတ္တရာပြည်မှာ "ဇမ္ဗူ-အဇဗ, ကာလာ-ဒွတ္တပေါင်, ရန်ပေါင်- အသောက"တဲ့၊ ဟိုက အသောကမင်းအုပ်ချုပ်တဲ့အချိန်မှာ ဒီမှာ ရန်ပေါင်မင်းအုပ်ချုပ်နေတယ်။

❖ တကောင်း-သရေ, ပုဂံ,ရွှေ၊ မှတ်လေ ပင်းယခေတ်၊
စစ်ကိုင်း အင်းဝ, မှတ်ပါကြ, သတ္တကုန်းဘောင်ခေတ်။

ဆိုတဲ့ မြန်မာပြည်ခေတ်ကြီး(၇)ခေတ်ထဲမှာ၊ မင်းဆက်ကြီး(၇)ဆက်ထဲမှာ၊ အဲဒီ သရေခေတ္တရာခေတ်က ရန်ပေါင်မင်း အုပ်ချုပ်နေတဲ့အချိန်နဲ့၊ ဟိုက သိရီဓမ္မာသောကမင်းကြီး ထီးနန်းအုပ်ချုပ်တဲ့အချိန်ဟာ အပြိုင်ပဲ၊ ဗုဒ္ဓဘာသာက မြန်မာနိုင်ငံရောက်နေပြီ အဲဒီအချိန်၊ သိရီဓမ္မာသောကမင်းကြီး ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်လို့ရောက်လာတာက အရှင်သောဏနဲ့ အရှင်ဥတ္တရ သထုံကိုရောက်တာ။ နောက်မှရောက်တာ၊ ဟိုး. . . ဝိဋ္ဋုမ္ဗာ သာကီဝင်မင်းတွေသတ်လို့ ထွက်ပြေးလာရတဲ့ တကောင်းရောက်လာကြတာတွေကစတာ၊ ဒါ့ကြောင့် ဒီမှာ သာသနာက ရောက်နေပြီ။

ဒီတော့-မြန်မာနိုင်ငံကိုလည်းပဲ၊ တမန်တော်တွေလွှတ်ပြီးတော့ ဒီကမိတ်ဆွေဘုရင် မဟာမိတ်ဘုရင်ဖြစ်တဲ့ ရန်ပေါင်မင်းထံ ဓာတ်တော်တွေပို့ပြီးတော့ စေတီတော်တွေတည်စေလို့မို့ မြန်မာနိုင်ငံမှာလည်းပဲ ရွှေမုဋ္ဌော, ရွှေမုဋ္ဌာဆိုတဲ့ နာမည်နဲ့ တည်ထားသလိုပဲ၊ ဟိုနိုင်ငံ ဒီနိုင်ငံနဲ့ အိန္ဒိယတစ်နိုင်ငံလုံးမှာလည်းပဲ ရှစ်သောင်းလေးထောင်, ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင် ပူဇော်လှူဒါန်းပြီးတော့ သာသနာပြုသွားတဲ့ သိရီဓမ္မာသောကမင်း. . .။ အဲဒီ သိရီဓမ္မာသောကမင်းကြီးက ခုန ကိုရင်နိဂြောဓနဲ့စတွေ့တုန်းက ဗုဒ္ဓဘာသာဖြစ်ဖို့ရာ အကြောင်းပေါ်လာတော့၊ အခုလို ကိုရင်နိဂြောဓလေးနဲ့စပြီးတော့တွေ့

http://www.dhammadownload.com



တော့ "ကိုရင့်ဆရာမျှး ဟောတဲ့တရား ကိုရင့်ဆရာဘုရားဟောတဲ့ တရားလေးများ တပည့်တော်မကြားရဘူးလား မနာရဘူးလား" လို့ဆိုတော့၊ "ကြားရပါတယ် ဒကာကြီး၊ ကြားရပါတယ်" "နည်းနည်းလောက်များသိရင် ပြောပါကိုရင် . ." လို့ဆိုတော့မှ-

* အပ္ပမာဒေါ အမတံ ပဒံ, ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ, ယေ ပမတ္တာ ယထာ မတာ။

ဟောဒီဂါထာလေးဟောတာပဲ၊ အဲဒီဂါထာရဲ့ လိုရင်းချုပ်ကဘာတုန်းလို့ဆိုတော့ အပ္ပမာဒေါ-ကုသိုလ်ကိစ္စ, ဟူသမျှ၌, နေ့ညပုံသေ, မမေ့မလျော့ဘဲ, ကျိုးပမ်းအားထုတ်, ပြုလုပ်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းသည်၊ အမတံ ပဒံ-လမ်းကြီးသုံးသွယ်, မဂ္ဂိမာပဋိပဒါခေါ်တဲ့ အလယ်လမ်းက ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့ လျှောက်လှမ်းတဲ့ အလယ်လမ်းကသွားနေတဲ့သူပါပေတည်း။

ကုသိုလ်ကောင်းမှုကိစ္စ ပြုလုပ်အားထုတ်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်ရင် အသေလွတ်လမ်းခေါ်တဲ့ အလယ်လမ်းလျှောက်နေတဲ့သူခေါ်တယ် ဒကာကြီး. . ။ ပမာဒေါ မစ္စုနောပဒံ-ကုသိုလ်ကိစ္စ, ဟူသမျှ၌, စိတ်ကသုန်မှုန်, မေ့လျော့နေကုန်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းသည်၊ မစ္စု နောပဒံ-ထပ်တလဲလဲ, သေပွဲကြီးတွေနဲ့ ကြုံရတဲ့လက်ယာလမ်း၊ လက်ဝဲလမ်း အစွန်းနှစ်ပါးက သွားနေတဲ့သူပါပေတည်း. . . ။ ကုသိုလ်ကိစ္စဟူသမျှ မေ့လျော့ပေါ့ဆ နေတဲ့သူများကတော့-ဟော-ထပ်တလဲလဲ အနာပေါင်းစုံနဲ့တိုး ထပ်တလဲလဲ အသေပေါင်းစုံနဲ့တိုးတဲ့, အိုလမ်း, နာလမ်း,သေလမ်းဆီ သွားနေတဲ့ လက်ယာလမ်း လက်ဝဲလမ်းကလူပဲ. . . တဲ့။

ဒီတော့-ဒကာကြီး. . . အိုနာသေရေး ဒုက္ခဘေး၊ အသေလွတ်လမ်း, အသေလွတ်စခန်းကိုရောက်ချင်ရင် အလယ်လမ်းကိုကြိုးပမ်းချီတက်ရတယ်. . လို့ ကျွန်ုပ်ရဲ့ဆရာ ဘုရားကဟောတော်မူတဲ့တရားတပုဒ်ကို ကျွန်ုပ်သိပြီးတော့ ကျင့်ခဲ့ပါတယ်. . လို့ ဒီစကား လေးပြောတာ၊ အဲဒီတင်သီရိဓမ္မာသောကမင်းကြီး သဘောကျလွန်းလို့ "အမလေး ဒီတရားတပုဒ်သည်ပင်လျှင် တန်ဖိုးရှိလှပါပြီဘုရား၊ ဒီတရားတစ်ပုဒ်သည်ပင်လျှင် တပည့်တော် လိုက်နာကျင့်ကြံကျိုးကုတ်အားထုတ်လို့မဆုံးတော့ပါဘူးဘုရား" ဆို ပြီးတော့၊ ဒီတရားတစ်ပုဒ်ကြည်ညိုတာနဲ့၊

http://www.dhammadownload.com



အဲဒီလိုတရားပုဒ်ပေါင်းဘယ်လောက် ဟောသွားတုန်းလို့ မေးတာ၊ အဲဒီတင်မှ အဲဒီလို နိဗ္ဗာန်ရောက်ကြောင်းတရား ပုဒ်ပေါင်းရှစ်သောင်းလေးထောင် ဟောသွားတယ်ဆိုတော့ ဒီတရားတစ်ပုဒ်ကို သူကကြည်ညိုပီတိဖြစ်ပြီးတော့ ဝမ်းသာလွန်းလို့ ဖြစ်နေတော့၊ ကျန်တဲ့ တရားပုဒ်တွေမသိပေမယ့်လို့ အဲဒီတင်ပူဇော်တော့တာပဲ၊ (၈၆)ကုဋေအကုန်ကျခံပြီးတော့ သာသနာပူဇော်သွားလိုက်တာ။

ဒီတော့ အဲဒီလက်ယာလမ်း,လက်ဝဲလမ်းဆိုတာ ဘာတုန်းဆိုရင် ဓမ္မစကြာ ပြောနဲ့ပြောတော့ "ကာမသုခလ္လိကာနုယောဂ" ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ပျော်ပါး နေတာ လောဘလမ်း၊ "အတ္တကိလမထာနုယောဂ"ဆိုတာကဒေါသလမ်း၊ ဟော လောဘလမ်း,ဒေါသလမ်း၊ ဒါကိုလည်းပဲ လက်ယာလမ်း,လက်ဝဲလမ်းခေါ်တယ်၊ ဒီတော့ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့မော်ကြွားသောက်စားပျော်ပါးမူးရစ်ပြီး နေရင် လက်ယာလမ်းကသွားနေတဲ့သူ၊ ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ က ခရီးသွားတွေနော်၊ ဒီတော့ ကိုယ့်ခန္ဓာကိုယ်လေးက ဘယ်လမ်းပေါ်ရောက်နေ တုန်း. . . လို့ ကိုယ့်ကိုယ်ကိုမေး၊ ကိုယ့်ကိုယ်ကိုတွေးကြည့်။

တစ်နေ့ကုန်သွားရင်မေးကြည့်လိုက်စမ်း၊ ငါဘယ်လိုတုန်း, ငါလက်ယာ လမ်းပေါ်ကလား၊ စားလို့,သောက်လို့, မော်လို့, ကြွားလို့, ပျော်လို့, ပါးလို့, လောဘ တွေနဲ့ တစ်နေ့ကုန်သွားရင်၊ "ဩော်-ဒီနေ့တစ်နေ့ဖြင့် လက်ယာလမ်းကလျှောက်နေ တာပါလား. . ။ ဟာ-ဒီလိုမဟုတ်ဘဲနဲ့၊ သားအတွက်မကျေနပ်ရ၊ သမီးအတွက် မကျေနပ် ရ၊ သူ့အတွက် မကျေနပ်ရ၊ ငါ့အတွက် မကျေနပ်ရ၊ စီးပွါးရေးအတွက် မကျေနပ်ရ၊ ဟိုစိတ်ဆင်းရဲရ၊ ဒီစိတ်ဆင်းရဲရ၊ မျက်ရည်ကျရ၊ ငိုရ, ရင်ထုမနာဖြစ်ရ၊ မြေလူးရနဲ့ ဖြစ်နေပြီဆိုရင် လက်ဝဲလမ်း။

ဒီတော့-ကိုယ့်ကိုယ်ကိုတွေးကြည့်ရင် သိပါတယ်၊" ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ, ဝဲလား,ယာလား, ငါကားဘယ်ဟာ"၊ တစ်နေ့ကုန်သွားရင်မေး ကြည့် ကိုယ့်ကိုယ်ကို၊ ငါလက်ယာလမ်းကလျှောက်နေတာများသလား၊ လက်ဝဲလမ်း ကလျှောက်နေတာများသလား၊ ခန္ဓာကိုယ်ကြီးကတော့ မရပ်ဘူးနော်၊ သူကတော့ နှင်နေတာ၊ ရုပ် နာမ်ဓမ္မသဘာဝအတိုင်း၊ တစ်ဖျတ်ဖျတ်နဲ့ ဖြစ်ရေစီးသလိုပဲ၊ ရပ်တဲ့ အချိန် တစ်ချိန်မှမရှိဘူး၊ သွားနေတာသူက။ သွားနေတော့ ဘယ်ခရီးနဲ့ ငါသွားခဲ့ တာတုန်း ဒီနေ့၊ အသေလမ်းသွားသလား၊ အသေလွတ်လမ်းသွားသလား၊ အသေ လမ်းဆိုတာ လက်ယာလမ်း လက်ဝဲလမ်းကသွားနေရင် အသေလမ်း၊ ထပ် တစ်လဲလဲအသေလမ်း၊ ထပ်တလဲလဲ အအိုလမ်း၊ ထပ်တလဲလဲ အနာလမ်းခေါ်

http://www.dhammadownload.com



တယ်၊ အလယ်လမ်းကသွားရင် အဲဒါ အသေလွှတ်လမ်းသွားတယ်ခေါ်တယ်၊ အသေလွှတ်တဲ့ဆီသွားနေလို့ အသေလွှတ်လမ်း၊ အအိုလွှတ်တဲ့ဆီသွားနေလို့ အအိုလွှတ်လမ်း၊ အနာလွှတ်တဲ့ဆီသွားနေလို့ အနာလွှတ်လမ်းခေါ်တယ်၊ အသေလွှတ်၊ အအိုလွှတ်၊ အနာလွှတ်ဆိုတာ နိဗ္ဗာန်ပြောတာ ဒီတော့-

❖ ကိုယ့်ကိုယ်ကိုတွေး၊ ကိုယ်မေးလေပါ၊
ဝဲလား ယာလား၊ ငါကားဘယ်ဟာ၊
စွန့်ကြဲပေးကမ်း၊ လှူဒါန်း၍သာ၊
အလယ်လမ်း၊ ကြိုးပမ်း ချီတက်ရာ "တဲ့။

စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုနေရင် အလယ်လမ်းပေါ်ရောက်နေပြီ။ ဒီနေ့-ငါ မနက်ကစ ညအိပ်ယာဝင်သည်အထိ အလှူထုပ်များ ငါဘာပြုခဲ့တုန်း။ ဪ- မနက်စောစော ငါဘုရား ပန်းတော် ဆွမ်းတော် ရေချမ်းတော်တွေ ကပ်ခဲ့ပါလား၊ ဟုတ်ပြီ. . . အဲဒီချိန်ငါ-အလယ်လမ်းလျှောက်နေတာ၊ အဲနေ့လယ်ကျတော့လည်း အတောင်းအရမ်းရောက်လာတဲ့သူတွေ ပေးကမ်းစွန့်ကြဲနိုင်ခဲ့တယ်၊ အလယ်လမ်းရောက်နေပြီ၊ ရောက်လာတဲ့ဧည့်သည်တွေကို စေတနာပြဓာန်းပြီးတော့ ကျွေးမွေးဧည့်ခံသမှုပြုခဲ့တယ်၊ အလယ်လမ်းရောက်နေတာ၊ ညအိပ်ယာဝင်တော့ ဘုရားရှိခိုးလို့ ၊မေတ္တာပို့လို့ ၊ ပုတီးစိတ်လို့ပြုခဲ့တယ်၊ အလယ်လမ်းရောက်နေတာ၊ အသေလွှတ်လမ်းသွားနေတာပဲ။

သွားတာကတော့ သွားနေတာပဲ ဘယ်သူမဆိုရပ်နေတာ မရှိဘူးလို့ပြောထားပြီ၊ မြစ်ရေစီးသလိုပဲ ရပ်တဲ့အချိန်မရှိဘူး။ ဒီတော့. . . သွားနေတယ်ဆိုမှတော့ ရှေ့တိုးနေတာ။ ရှေ့တိုးနေတော့ အကောင်းဘက်တိုးတာနဲ့ အဆိုးဘက်တိုးတာ နှစ်လမ်းရှိတာ၊အိုမယ့် သေမယ့် နာမယ့် စခန်းဆီတိုးနေရင် အဆိုးလမ်းသွားနေတာ။ အအိုလွှတ် အနာလွှတ် အသေလွှတ်မယ့်ဆီ တဖြည်းဖြည်း နီးနီးလာတယ်ဆိုတာ အကောင်းလမ်းသွားတာ၊

❖ ကိုယ့်ကိုယ်ကိုတွေး၊ကိုယ်မေးလေပါ။
ဝဲလား၊ယာလား၊ ငါကားဘယ်ဟာ၊
ကိုယ်ကျင့်သီလ၊ ထိမ်းကြ၍သာ၊
အလယ်လမ်း၊ ကြိုးပမ်းချီတက်ရာ။

ငါးပါးသီလ ထိန်းလို့ ၊ရှစ်ပါးကိုးပါးဥပုသ်တွေများစောင့်လို့၊ သီလကိုလုံအောင်ထိန်းပြီးသွားနေ၊ ဒီနေ့ငါ-မနက်အိပ်ယာကထ၊ ညအိပ်ယာဝင်ထိနေ၁်-

http://www.dhammadownload.com



ဘယ်သူ့မှ ငါမသတ်ခဲ့ဘူး, ဘယ်သူ့မှ လိမ်မပြောခဲ့ဘူး၊ ဘယ်သူ့သားမယားမှ မပြစ်မှားခဲ့ဘူး၊ အသောက်အစားတွေကင်းခဲ့တယ်၊ သူများပစ္စည်းခိုးမှု မရှိခဲ့ဘူး ဆိုရင်-ဒါ ဘုရားလမ်းပေါ် ကသွားတာပဲ။ ဩော်-ခြင်ကလေးရိုက်မိတယ် ပုတ်မိတယ်၊ ကြမ်းပိုးလေး သတ်မိတယ်ဆိုရင် လက်ဝဲစွန်းရောက်သွားပြီ။ ဒီတော့ကိုယ့်ကိုယ်ကိုမေးရင်သိပါတယ်၊ လမ်းပြောင်းပေးကြ၊ သိပြီးတော့ ပြောင်းပေးဖို့အရေးကြီးတာ၊ သိပြီးရင်ကျင့်တတ်တယ်၊ မသိဘဲနဲ့ နမူး,နထူးကတော့ ဒီလိုနဲ့ အချိန်ကုန်သွားလိမ့်မယ်၊

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ၊
ဝဲလား,ယာလား, ငါကားဘယ်ဟာ၊
ဘာဝနာမှု, အားပြုရှိသာ၊
အလယ်လမ်း, ကြိုးပမ်းချီတက်ရာ။

ဒါန, သီလ,ဘာဝနာမှုတစ်ခုခုနဲ့ ပြုပြီး ၊ အဲဒီနေ့ပါသွားပြီဆိုတဲ့ နေ့ဟာ အဲဒီနေ့အလယ်လမ်းသွားတဲ့နေ့ပဲ။ ဒီတော့-အဲဒီအလယ်လမ်းသွားတာက အခုလိုကမ္မသကတာ သမ္မာဒိဋ္ဌိနယ်ကသွားတဲ့ အသွားလည်းပဲ ဒါ-အလယ်လမ်းသွား။ လက်ယာစွန်းလက်ဝဲစွန်းဆိုတဲ့ နေရာမှာ- ကမ္မသကတာ သမ္မဒိဋ္ဌိနယ်ကလည်း ပြောလို့ရတယ်၊ ပြီးတော့ ဘုန်းကြီးတို့ ပဋိသန္ဓေနေတဲ့ အခန်းနဲ့ပြောရင် သဿတဒိဋ္ဌိ, ဥစ္ဆေဒ-ဒိဋ္ဌိလို့ခေါ်တယ်။ သဿတဒိဋ္ဌိနဲ့, ဥစ္ဆေဒဒိဋ္ဌိဟာ လက်ယာစွန်း, လက်ဝဲစွန်းပဲ။ သဿတဒိဋ္ဌိက-လက်ယာစွန်း။ ဥစ္ဆေဒဒိဋ္ဌိက-လက်ဝဲစွန်း။

ဥစ္ဆေဒ ဒိဋ္ဌိဆိုတာ သေရင်ပြတ်တယ်လို့ယူတာ၊ တချို့အမျိုးသားအမျိုးသမီးတွေက -ဒီခန္ဓာကိုယ်ကြီးသင်္ချိုင်းကျတော့ မြေကြီးထဲမြုပ်သွားပြီးရော-ပြတ်ပြီ။ ဟိုဘက် ဘာမှမသွားဘူး၊ ပြီးတာပဲပြတ်သွားတာပဲ ဆုံးတာပဲ၊ ဒီတော့ အခုအသက်ရှင်တုန်းလုပ်ချင်ရာသာလုပ်၊ ကိုယ်ချမ်းသာပြီးရောကွာ၊ အမေသတ်မှရရင် သတ်သာသတ်၊ အဖေသတ်မှဖြစ်တယ်ဆို သတ်သာသတ်၊ အမေ အဖေသတ်ပြီးမှကိုယ်ချမ်းသာမယ်ဆို သတ်သာသတ်၊ ဘယ်သူ့မှ ညှင်းပန်းနှိပ်စက်လို့ ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုတာမရှိဘူး၊ သေပြီးသင်္ချိုင်းရောက်ရင်ပျောက် ဟိုဘက်ဘာမှ မကူးဘူး၊ ပြီးရော၊ ဒါ-ဥစ္ဆေဒဒိဋ္ဌိလမ်း။

သဿတဒိဋ္ဌိလမ်းဆိုတာကျတော့ ဒီလို မဟုတ်ဘူးသူကဆက်သွားတယ်၊ ဒီကနေရုပ်တွေနာမ်တွေ ဟိုဘက်ဆက်သွားတယ် ဒီလိုယူတဲ့လမ်း။ ဥစ္ဆေဒဒိဋ္ဌိသမားကတော့ပြတ်သွားတယ်လို့ ယူတာဆိုတော့ ပြီးသွားတယ်။ သဿတဒိဋ္ဌိ

http://www.dhammadownload.com



သမားက မပြီးဘူး ဒီကနေပြီးဟိုဆက်သွားတယ်၊ ဆက်သွားတယ်၊ ဟိုရောက်သွားတယ်၊ ဒီရောက်သွားတယ်လို့ယူတာ၊ ဒီတော့-အဲဒီသဿတဒိဋ္ဌိကျတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေအများစုက သဿတဒိဋ္ဌိနယ်ထဲရောက်တတ်တယ်။ ဉစ္ဆေဒဒိဋ္ဌိတော့ ဖြစ်ခဲပါတယ်၊ ဖြစ်တဲ့သူနည်းပါတယ်။ အဲ-သဿတဒိဋ္ဌိကျတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေကို မကင်းဘူး။

ဒီတော့-အဲဒီသဿတဒိဋ္ဌိက ဘယ်မှာလာပြီးတော့ အားကြီးစွဲတုန်းဆိုတော့ ပဋိသန္ဓေနေခန်းမှာစွဲတယ်။ ပဋိသန္ဓေနေခန်းဆိုတာ ဒီဘဝကသေတဲ့သူတစ်ယောက် နတ်ပြည်ရောက်သွားတယ်၊ နောက်ဘဝ လူပြန်ဖြစ်တယ်ဆိုတော့ ဒီကလူ ဟိုရောက်တယ်လို့ယူတာ၊ အဲဒါ-သဿတဒိဋ္ဌိခေါ်တယ်၊ ဒါဖြင့် မရောက်ဘူးလားဆိုတော့ ရောက်တယ်၊ ဒါဖြင့် ဆက်နေတာမဟုတ်ဘူးလား၊ မဟုတ်ဘူး၊ ဒီကလူ ဟိုရောက်တာမဟုတ်ဘူးလား၊ မဟုတ်ဘူး၊ မရောက်ဘူးလား၊ ရောက်တယ်၊ ဘယ်လိုရောက်တာတုန်း၊ ဒီကလူ ဒီကရုပ်နာမ် တစ်ခုမှ ဟိုမရောက်ဘူး၊ ဟိုမှာ အသစ်ဖြစ်တဲ့ ရုပ်နာမ်။ ဒါကို ဘုန်းကြီးတို့ ကြောင်းကျိုးဆက်နဲ့ယူတတ်ရတယ်။ ဒါပဋိစ္စသမုပ္ပါဒ်နဲ့ပြောရတယ် ဒါကျတော့။ ကြောင်းကျိုးဆက်နဲ့ယူတတ်မှ။

ဉပမာလေးနဲ့ပြောရင်၊ ဖရောင်းမီးကူး ဉပမာတို့၊ တံဆိပ်ရိုက် ဉပမာတို့ ပြောရတယ်၊ ဖရောင်းမီးကူးဆိုတာ ဖရောင်းတိုင်လေးတစ်တိုင် မီးထွန်းထားတယ် ဒီက။ ဒီ့ပြင် လူတစ်ယောက်က“ ကျုပ်-တို့ပြီးယူမယ်နော် ဒီမီးလေး,တို့ပါရစေဗျာ” “တို့ပါတို့ပါ ရော့” ဆိုပြီးတော့ နောက်တစ်ယောက်က ဖရောင်းတိုင်အသစ်ကလေးတစ်ခုနဲ့ မီးမပါသေးတဲ့ ဖရောင်းတိုင်နဲ့ ဒီကမီးကူးယူသွားတယ်၊ တို့ယူသွားတယ်၊ ဟော- သူ့ဖရောင်းတိုင်မီးလေးပါသွား၊ အဲဒီ-နောက်လူရဲ့ဖရောင်းတိုင်ကမီးဟာ ဒီကမီးလား၊ မဟုတ်ဘူး၊ ဒီကမီးနဲ့အကြောင်းကင်းသလား၊ မကင်းဘူး ဒီလို။

ဒီကမီး ဟိုပါသွားရင် ဒီကမီးငြိမ်းကျန်ရစ်ခဲ့ရမှာ၊ ဒီမီး ဟိုပါသွားရင် ဒီကမီးငြိမ်းကိုကျန်ရစ်ရမှာ၊ မရှိရဘူး၊ အခုဒီလိုမဟုတ်ဘူး၊ ဒီမှာလည်း တောက်လျှက်တောက်လျှက်ပဲ။ ဟိုမှာလည်း တောက်ပါသွားတယ်၊ ဘယ်နဲ့တုန်း၊ အဲဒါ-သူ့အကြောင်းနဲ့သူ့အကျိုး အောက်ကဖရောင်းသားနဲ့ မီးစာအကြောင်းကြောင့် မီးတောက်ကလေးပေါ်နေတာ၊ အဲ-ဟို နောက်ထပ်ဖရောင်းတိုင်ကလည်း သူ့ဖရောင်းသားနဲ့ သူ့မီးစာကြောင့် ဒီမီးတောက်ကလေး တောက်နေတာ၊ ဒီကမီးကိုအကြောင်း ခံပြီး တို့ယူလို့ ဟိုမှာ မီးကူးပြီးတော့ အကြောင်းအကျိုးဆက်သွားတာ၊ ဒီလိုယူရတာ။

http://www.dhammadownload.com



အဲဒီလိုပဲ သတ္တဝါတစ်ယောက် ဒီကနေသေတယ်၊ ဒီမှာရှိတဲ့ ရုပ်,နာမ်၊ ဒီမှာချုပ်တာပဲ၊ အကြောင်းကံဖန်တီးလိုက်တော့၊ အကြောင်းကံက ပြလိုက်တော့ ဟိုမှာသွားပြီးတော့ပေါ်တယ်၊ ရုပ်သစ်,နာမ်သစ်ထပ်ပေါ်တယ်၊ အဲဒီမှာလည်း ရုပ်သစ်,နာမ်သစ်ပေါ်ပြီးတော့ ဖြစ်ပျက် ဖြစ်ပျက်၊ ဖြစ်ပျက် ဖြစ်ပျက်နဲ့ သူ့ဟာနဲ့သူ သူသွားနေတာ၊ ဒါ-ဖရောင်းမီးကူး ဥပမာခေါ်တယ်၊ အဲသလိုယူမှ ပဋိ ာန္တေနေ ခန်းမှာ သဿတဒိဋ္ဌိပြုတ်တယ်၊ သဿတဒိဋ္ဌိသမားက ဒီလိုမဟုတ်ဘူး၊ ဒီက ် ာမ်တွေ ဟိုရောက်သွားတာ၊ ဒီကအသက်ခေါ်တဲ့ စိတ်ကလေးကလည်း ရွှတ်ဆို ပြီးဟိုတက်သွားတာ ဒီလိုကိုးသူက။ ဒီကရုပ်, ဒီကနာမ် နှစ်ခု ဟိုကိုပြေးသွားတာ၊ ဒီလိုထင်နေတာ၊ အဲဒါ သဿတခေါ်တယ် ဆက်တယ်လို့ယူတာ။

အဲဒါ-ဗုဒ္ဓဘာသာတွေအများစုက အဲဒီအယူရှိတယ်၊ ဘုန်းကြီးတို့လည်း ငယ်ငယ်ကဒီလိုစွဲတာ ် ာ အဲဒီလိုမဟုတ်ဘူး၊ သူ့အကြောင်းနဲ့သူ့အကျိုး၊ ဒီကလူဟာ ဟိုလူမဟုတ် ဟိုကလူကလည်း ဒီလူမဟုတ်ဘူးဘဲ၊ သို့သော် အကြောင်းက ကောင်းသလား၊ အကြောင်းတော့ မကောင်း ား၊ တံဆိပ်ရိုက်တဲ့ဥပမာနဲ့ လည်းကြည့်၊ တံဆိပ်တုန်း မင်ကလေးနဲ့တို့ပြီး ပ်ကို စာရွက်ပေါ် ရိုက်လိုက် တော့ တံဆိပ်ကလေး ထင်တယ်၊ အဲဒီ ာ၊ တံဆိပ်တုန်း ရာဘာလား၊ မဟုတ်ဘူး၊ ရာဘာတုံးနဲ့အကြောင်းကောင်း း၊ မကောင်းဘူး၊ ဟော-ဒီလို။

မှန်ထဲ အရုပ်ထင်၊ မှန်ရှေ့လသွားရုပ်တော့ မှန်ထဲအရုပ်ပေါ်လာတယ်၊ အဲဒီမှန်ထဲကအရုပ်ဟာ ဒီလူလား ူး၊ ဒီလူနဲ့အကြောင်းကောင်းသလား၊ မကောင်းဘူး။ မဟုတ်တဲ့အကြောင်းသိချင်ရင်၊ မှန်ထဲကလူကို အပ်နဲ့ထိုးကြည့်၊ ဒီလူနာသလား၊ အပြင်ဘက်ကလူနာသလား၊ မနာဘူး၊ တခြားဆီမို့မနာတာပေါ့၊ အတူတူပဲဆိုနာရတယ်၊ မှန်ထဲကလူ လက်သီးနဲ့ခေါင်းထိုးရင် အပြင်ဘက် ကရုပ်နေတဲ့လူလည်း ခေါင်းအထိုးခံရမှာပဲ၊ အခုမနာဘူး၊ အဲဒီလို အကြောင်း အကျိုးဆက်ပြီးတော့ ယူတတ်မှ သဿတဒိဋ္ဌိကပြုတ်တယ်၊ ဒါကပဋိသန္ဓေခန်းနဲ့ ပြောတာ။

အဲ-ဝိပဿနာခန်းနဲ့ပြောတဲ့အခါကျတော့ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ် ပျက် ပေါ်သမျှ။ ဟော-ဒီရှေ့နားထိုင်နေတဲ့ ကိုယ်တော်တွေ, သံဃာတော်တွေ ဒါပညတ်၊ "အလျှုခံဆိုတာ, ပညတ်သာ, နှစ်ဖြာနာမ်နဲ့ရုပ်" အမှန်စင်စစ် ကတော့ရုပ်နာမ်၊ မိမိတို့ အလှူပေးဆိုတာကကော "အလှူပေးဆိုတာ, ပညတ်သာ, နှစ်ဖြာနာမ်နဲ့ရုပ်" အလှူပေးဆိုတဲ့ မိမိတို့လည်းပဲပညတ်၊ အမှန်ကတော့ လှူချင်တဲ့

http://www.dhammadownload.com



နာမ်၊ လှုပ်ပြုတဲ့ရုပ် ဒီနှစ်ခုပဲရှိတာ၊ "အလှူပေးဆိုတာ, ပညတ်သာ နှစ်ဖြာနာမ်နဲ့ရုပ်"၊ အဲဒီ နာမ်ရုပ်ခုဖြစ်ပျက်မှုကို သတိပြုပြီးတော့ ကြည့်ရှုလိုက်လို့ရှိရင်၊ သူက ပေါ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်, ဖြစ်လိုက် ပျက်လိုက်၊ ခုန ရေစီးနေသလိုပဲ၊ ဒါပဲရှိတယ်၊ ပညတ်တင်ထားတာ။

တကယ်တော့ လှူချင်တဲ့စေတနာ နာမ်အုပ်စု၊ စေတနာပြဓာန်းရှေ့ရှုနေတဲ့နာမ်အုပ်စုကြီး၊ လှူချင်တန်းချင် ပေးချင်ကမ်းချင် ကျွေးချင်မွေးချင်၊ ဒီစိတ်အုပ်စုကြီးနဲ့ အဲဒီစိတ်အုပ်စုရဲ့အလိုကျ၊ လှုပ်ရှားရုန်းကန်နေတဲ့ရုပ်အုပ်စုကြီး၊ ရုပ်နာမ်ကို ရုပ်နာမ်လို့သိရင် သက္ကာယဒိဋ္ဌိကပြုတ်ပြီ၊ အဲဒီရုပ်နာမ်ရဲ့အဖြစ်နဲ့အပျက်ကိုမြင်ရင် သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်၊ ဒါက ဝိပဿနာနဲ့ဖြုတ်တာ၊ ခုနဟာက ပဋိသန္ဓေခန်း သမ္မုတိနဲ့ဖြုတ်တာ၊ ပဋိသန္ဓေခန်းကို နားလည်တဲ့ဉာဏ်, လောကီဉာဏ်နဲ့ဖြုတ်တာ၊ အခုဟာက ဝိပဿနာဉာဏ်နဲ့ဖြုတ်တာ။

ဒီတော့-ဝိပဿနာဉာဏ်နဲ့ဖြုတ်လိုက်တော့ ရုပ်တွေနာမ်တွေမှန်သမျှဟာ ပေါ်ပြီးရင် ပျောက်တာချည်းပဲ၊ ဖြစ်ပြီးပျက်သွားတာ၊ ပြီးတော့နောက်ထပ်ဖြစ်လာတယ် တစ်ခု၊ အခုရှေ့က ရုပ် နာမ်ကပျောက်၊ နောက်ကဖြစ်။ ခုနက ဆီမီး, ဖယောင်းတိုင်မီးလေးလိုပဲ၊ ဖယောင်း ဆီအသစ်နဲ့ မီးဇာအသစ်ကြောင့် မီးတောက်ကလေးအသစ်ပေါ် ပျောက်။ ပြီးတော့ နောက်ထပ်မီးဇာနဲ့ နောက်ထပ်ဆီကြောင့် နောက်ထပ်မီးလေးတောက်၊ ပြီးတော့ပျောက်၊ နောက်ထပ်ဖြစ်, ပြီးတော့ပျောက်၊ နောက်ထပ်ဖြစ်, ပြီးတော့ပျောက်။ ပျောက်သွားရုံနဲ့ မပြီးသေးဘူး၊ နောက်ထပ်ဖြစ်နေသေးတယ်၊ အဲဒီနောက်ထပ်ဖြစ်လာတာက အသစ်ဖြစ်လာပြီးပျောက်။

ဒီတော့-ရုပ်တွေ, နာမ်တွေလည်း အဲဒီအတိုင်းပဲ၊ အခု ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ အစားအသောက်ကလေး တစ်ခုစားတော့မယ်၊ ထမင်းစားပွဲထိုင်ပြီးတော့စားတော့မယ်လို့ဆိုတော့ ပထမထိုင်ထိုင်ချင်း စားချင်စိတ်ကလေးပေါ် လာ၊ နှိုက်တဲ့အချိန်ကျတော့ အဲဒီနှိုက်ချင်စိတ် မရှိတော့ဘူး ပျောက်သွား၊ တစ်ခါ လုမ်းပြီးတော့နှိုက်လိုက်တော့ အဲဒီနှိုက်တဲ့အချိန် နှိုက်စိတ်ကလေးပေါ် နေ၊ အဲဒီ ဟင်းကို ဇလုံ ထဲချတဲ့အချိန်ကျတော့ အဲဒီစိတ်မရှိတော့ဘူး၊ ပျောက်သွား၊ ဒါ သတိထားကြည့်ရင်သိတယ်။

"သတိပြု၍,ကြည့်ရှုပါလျှင်,ခိုင်မာတာလည်း,ကိုယ်ထဲမမြင်"

သတိပြုပြီးတော့သာကြည့်၊ အဲဒါဝိပဿနာနဲ့ကြည့်ပြောတာ၊ ခိုင်နေ,မြဲမနေ

http://www.dhammadownload.com



ပြီးတော့ အမြဲတည်တဲ့နေတာ တစ်ခုမှမရှိဘူး ရုပ်တွေ နာမ်တွေ၊ အခုစကား ပြောချင်တယ်ဆိုရင် ပြောတော့မယ်ဆိုတဲ့ စိတ်ကလေးပေါ် နောက်ပြောတဲ့အချိန် သူမရှိတော့ဘူး၊ ပျောက်သွား၊ ရှေ့စကားတစ်လုံးပြောပြီးလို့ နောက်စကားတစ် လုံးပြောတော့မယ်ဆိုတော့ ရှေ့စကားတစ်လုံးပြောချင်တဲ့စိတ်ရော, ပြောတဲ့ရုပ် ရောပျောက်သွား၊ နောက်ပြောနေတဲ့အချိန် သူမရှိတော့ဘူး၊ အဲဒီလိုချည်းပဲ သွား နေတာ၊ သို့သော် သတိထားပြီးတော့ မကြည့်တော့ ဖြစ်ပျက်နေမှန်း မသိဘူး သတ္တဝါတွေက။

❖ **သတိပြု၍, ကြည့်ရှုပါလျှင်,ခိုင်မာတာလည်း,**
**ကိုယ်ထဲမမြင်၊ ပေါ်ပျောက်,ပေါ်ပျောက်,**
**ပေါ်ပျောက်အစဉ်၊ အနိစ္စ, ဒိဋ္ဌတွေ့မည်ပင်။**

သတိပြုပြီးတော့သာကြည့်ပါတဲ့၊ ပေါ်လိုက် ပျောက်လိုက်၊ အပျက်ကိုမြင် ရင် သဿတဒိဋ္ဌိပယ်တယ်၊ ဟော-ဝိပဿနာ သမ္မသနဉာဏ်၊ နာမရူပ ပရိစ္ဆေဒ- နာမ်,ရုပ်ပိုင်းခြားသိတဲ့ဉာဏ်ပေါ်ရင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊ ဥဒယဗ္ဗယဉာဏ် ခေါ်တဲ့ အဖြစ်နဲ့ အပျက်မြင်ရင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိပြုတ်တယ်၊ ဒီ ဒိဋ္ဌိကြီး သုံးပါးဆိုးနေတာပဲ၊ သတ္တဝါတွေ နှိပ်စက်နေတာ၊ နာမ်, ရုပ်ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ပေါ်ရင်၊ ဒါ-နာမ်ပဲ ဒါရုပ်ပဲ ရုပ်နာမ်ပဲရှိတာပဲလို့သိရင်၊ ရုပ်နာမ်ကို ငါကောင် သူကောင်ထင်တဲ့ သက္ကာယဒိဋ္ဌိပြုတ်တယ်၊ ဥဒယဗ္ဗယဉာဏ်နဲ့ အဖြစ်နဲ့ အပျက်ကိုမြင်ရင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်၊ အဖြစ်မြင်ရင် ဥစ္ဆေဒ ဒိဋ္ဌိပြုတ်တယ်။

ရုပ်ကလေးတွေ ချုပ်သွားပြီးတဲ့နောက်၊ နောက် ထပ်ထပ်ဖြစ်လာတာကို မြင်တာကိုးသူက၊ ဩော်-ထပ်ဖြစ်တာပါလားဆိုတော့ ပြတ်သွားတယ်ဆိုတာ မယူ တော့ဘူး၊ ပျောက်သွားတယ်။ အစကတော့ အဲဒီလိုမဟုတ်ဘူး၊ သေရင်ပြတ် ပြီး ရော၊ သင်္ချိုင်းဟိုဘက်ဘယ်မှမသွားဘူး၊ ရုပ်တွေနာမ်တွေ ဒီနားပြတ်ပြီးရော၊ ဒီလို မြင်နေတော့ သူက နောက်ကအဖြစ်ကိုမမြင်ဘူး၊ ဒီတော့-အဲဒီ အဖြစ်မြင်တာက ပဋိသန္ဓေခန်းနဲ့ မြင်တဲ့အမြင်၊ ဝိပဿနာခန်းနဲ့ မြင်တဲ့အမြင်လို့ နှစ်မြင်ရှိတယ်။ ပဋိသန္ဓေခန်းနဲ့ မြင်တဲ့အမြင်ဆိုတာ ဒီဘဝကကုသိုလ်ကောင်းမှုကြောင့် နောက် ဘဝအကြောင်းကြောင့် အကျိုးပေါ်တယ်၊ အဲဒီလို နောက်-ထပ်ထပ်ဖြစ်တယ်လို့ မြင်ရင် သူကဥစ္ဆေဒဒိဋ္ဌိ ပြုတ်ထွက်သွားတာပဲ။ ဩော်-ပြတ်တာမဟုတ်ပါလား [illegible]တာပါလားလို့။

http://www.dhammadownload.com



အဲ-အပျက်ကိုမြင်ရင် သဿတဒိဋ္ဌိပြုတ်တယ်၊ အပျက်မြင်လိုက်တော့ "ဩော်-ရုပ်တွေနာမ်တွေ တစ်ဆက်ထဲလို့ထင်တာ မဟုတ်ပါလား၊ ဒီနားကဟာ ဒီနားပျောက်သွားပြီးတော့မှ ဒီအကြောင်းခံလို့ ဟိုဘက်မှာ ဖျတ်ခနဲ အကျိုးပေါ်တာ ပါလား၊ သူ့အကြောင်းနဲ့ သူ့အကျိုး ထပ်ပေါ် ထပ်ပေါ် ပျောက်၊ ထပ်ပေါ် ထပ်ပေါ် ပျောက်ပါလား"လို့ ပျောက်တာမြင်၊ ပျောက်တာမြင်ရင် ဆက်တယ်လို့ယူတဲ့အယူ လွင့်သွားတယ်၊ ဒါ-သဿတဒိဋ္ဌိပြုတ်တာပဲ။

ဒီတော့-ကိုယ်က ဒါပြောနေတာ ကြာပါသေးတယ်၊ အမှန်က ဝိပဿနာ နဲ့ ဒီရုပ်တွေ နာမ်တွေကပေါ် လိုက် ပျောက်လိုက်၊ ပေါ် လိုက်ပျောက်လိုက်၊ ပေါ် လိုက်ပျောက်လိုက်၊ အဲဒီအစဉ်အတန်းကြီးပဲရှိတယ်၊ အဲဒီအစဉ်အတန်းကြီး ငြိမ်း သွားပြီ လုံးလုံးကို၊ အကြောင်းရော အကျိုးရောချုပ်ဆုံးသွားပြီဆိုတော့၊ ဒါ-နိရောဓ သစ္စာ နိဗ္ဗာန်ဆိုက်တယ်။ အဲဒီ အနိစ္စမြင်အောင်ရှုပေးတဲ့၊ အဲဒီလိုရှုပေးရင် နောက် ဆုံး အို,နာ,သေရေး ဒုက္ခဘေးကြီးကင်းဝေးလွတ်မြောက်တဲ့ နိဗ္ဗာနဓာတ် တရား တော်မြတ်ကြီးကိုရနိုင်တယ် ဒကာကြီး". . . လို့ နိဂြောဓကိုရင်လေးက သီရိဓမ္မာ သောက မင်းကြီးကို ဟောခဲ့တဲ့တရား။

အပ္ပမာဒေါ အမတံ ပဒံ, ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ, ယေ ပမတ္တာ ယထာ မတာ။

အပ္ပမာဒေါ-ကုသိုလ်ကိစ္စ,ဟူသမျှ၌,နေ့ညပုံသေ,မမေ့မလျော့ဘဲ,ကြိုးပမ်း အားထုတ်,ပြုလုပ်နေတဲ့,အမျိုးကောင်းသား,အမျိုးကောင်းသမီးအပေါင်း,သူတော် ကောင်းသည်၊ အမတံ ပဒံ-အသေလွတ်လမ်း, ကြိုးပမ်းချီတက်ပြီးတော့ နေရာ ရောက်ပါပေ၏၊ ပမာဒေါ-ကုသိုလ်ကိစ္စ,ဟူသမျှ၌, စိတ်ကသုန်မှုန်, မေ့လျော့နေ သောအမျိုးကောင်းသား,အမျိုးကောင်းသမီးတို့သည်ကား၊ ပစ္စုနောပဒံ-ထပ်တ လဲလဲ, သေပွဲကြီးနဲ့ကြုံတဲ့, အသေစခန်းကို, ကြိုးပမ်းအားထုတ်နေသူတို့မည်ကြ ပေကုန်၏၊ အပ္ပမတ္တာ-မမေ့မလျော့, မပေါ့ဆငြား အမျိုးကောင်းသား,အမျိုး ကောင်းသမီးတို့သည်၊ နမီယန္တိ-မကြာခင်ကာလ,မဂ်ဖိုလ်ရသဖြင့်,မသေကြရသော သူတို့မည်ကြပါပေကုန်၏၊ ယေ-အကြင်သူတို့သည်၊ ပမတ္တာ-ကုသိုလ်ကိစ္စ,ဟူသမျှ ၌,နေ့ညပုံ သေ,မေ့လျော့နေကြကုန်၏၊ တေ-ထိုသူတို့သည်ကား၊ မတာယထာ- ထပ်တလဲလဲ, သေပွဲဝင်ကြရတဲ့ သူတွေနှင့်,မုချမသွေ,တူကြပါပေကုန်သတည်း. . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား ။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့လမ်းကြီးသုံးသွယ်တို့တွင် ငါသည်. . . ဒီနေ့ ဘယ်ခရီးနဲ့လျှောက်နေမိသလဲ၊ အလယ်လမ်းကလျှောက်မိသလား၊ လက်ယာလမ်းနဲ့ပဲအချိန်ကုန်သွားသလား၊ လက်ဝဲလမ်းနဲ့ပဲအချိန်ကုန်သွားသလားလို့ စဉ်းစားတွေးတောကြံစီပြီးသကာလ မိမိတို့ကိုယ် မိမိတို့ လက်ယာလမ်း, လက်ဝဲလမ်းတွေကို,တတ်စွမ်းသမျှ, စွန့်ပယ်ပြီးသကာလ, ဘုရားလမ်းဖြစ်တဲ့ မဇ္ဈိမပဋိပဒါ-အလယ်လမ်းက, ဒါနတွေပြု,သီလတွေထိန်း ဘာဝနာတွေပွားပြီးတော့ လျှောက်သွားနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေ ကုန်သတည်း။

မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းက လျှောက်လှမ်းနိုင်ကြတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျှက်, ဤကဲ့သို့ မဇ္ဈိမပဋိပဒါ အလယ်လမ်းကို လျှောက်လှမ်းသွားကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာ အပေါင်း သူတော်ကောင်းကြီးတို့ ရအပ်,ရောက်အပ်သိမြင်အပ်တဲ့ နိဗ္ဗာနဓာတ် အသေလွတ်, အအိုလွတ် အနာလွတ်စခန်းကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလို့ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# * တေမိယဇာတ်

၁-၇၄၁

# မသေရည်သောက် တရားတော်

အနုမောဒနာတရားဟောခြင်း, အမျှဝေခြင်းပြုရအောင်။ ယနေ့ မြန်မာ ကောဇာသက္ကရာဇ် ၁၃၅၅-ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်နေ့၊ ခရစ်နှစ် ၁၉၉၃ ခု၊ ဩဂုတ်လ(၂၇)ရက်နေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော်သံဃာတော် (၁၂၀၀)ကျော်တို့အား၊ အရုဏ်ဆွမ်း, နေ့ဆွမ်း၊ နှစ်ထပ်သောဘောဇဉ်ဆွမ်းတို့ဖြင့် သုံးကြိမ်မြောက်၊ သုံးနှစ်မြောက် လာရောက်ပြီးတော့လောင်းလှူဆက်ကပ်၊ သင်္ကန်း စတဲ့ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များက၊ မန္တလေး တိုင်း၊ မိုးကုတ်မြို့ အနောက်ပိုင်း ပန်းမရပ်မှာနေထိုင်ကြတဲ့ ဆွမ်းဒါယကာကြီး၊ အလှူ့ဒါယကာကြီး၊ ရဟန်းဒါယကာကြီး ဦးတုတ်လှ+ဆွမ်းဒါယိကာမကြီး၊ အလှူ့ ဒါယိကာမကြီး၊ ရဟန်းဒါယိကာမကြီး ဒေါ်တင်ရွှေနဲ့ သား,သမီး,မြေး မိသားစုတို့ ဖြစ်ကြပါတယ်။

ဒီနေ့-ဘုရားကိုယ်တော်မြတ်ကြီးကိုးဆူ ဟောဒီမှာ ဘုရားအနေကဇာတင် ပြီးတော့ မင်္ဂလာယူတဲ့အခန်းနားကြီးလည်းပဲပါတယ်။ ဒါကြောင့် ဒီနေ့ ဘုရားပူဇော် တဲ့ သံဃာတစ်ထောင်ကျော်အနေကဇာတင်တဲ့ကောင်းမှုမင်္ဂလာကြီးနဲ့ ဦးထိပ်ထား တဲ့ အလှူမင်္ဂလာပွဲကြီးကို ဒို့ပြုလုပ်ရတယ်. . . လို့ ဒီနေ့ကုသိုလ်ရှင်တွေက ခါတိုင်း ထက်, သူများထက်ထူးပြီးတော့ ဒီနေ့ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်၊ ချိန်းမ ထားဘဲနဲ့ ဘုရားကိုးဆူကို၊ ကိုးဂုဏ်သခင်, ဘုရားရှင်ကိုးဆူကို ဗုဒ္ဓါဘိသေက အနေ ကဇာတင်၊ သံဃာတစ်ထောင်ကျော်ကတင်တဲ့ကောင်းမှုကြီးနဲ့၊ ဒို့ပြုရတဲ့ ကုသိုလ် ထူးကြီးမှာ အထွဋ်တပ်ပြီးတော့၊ အထွဋ်တင်ပြီးတော့၊ အမှုံးတင်ပြီးတော့ ပြုရပေ တယ် . . လို့ ကုသိုလ်ဆိုတာ ချဲ့နိုင်သမျှချဲ့ရတယ်၊ ဖြန့်နိုင်သမျှဖြန့်ရတယ်၊ အကု သိုလ်ကျတော့ ချုံးနိုင်သမျှချုံးရတယ်။ လုပ်ပြီးသားတွေ သတိမေ့ပြစ်ရတယ်၊ အကု သိုလ်ကျတော့။

---

* ဇာ-၄-၆-၁။ မူဂပက္ခ ဇာတက

http://www.dhammadownload.com



အဲ- ကုသိုလ်ကျတော့ မဖြစ်သေးတာတွေ တိုးဖြစ်အောင်၊ ဖြစ်ပြီးသားတွေလည်း ထပ်တလဲလဲပြန်သတိရအောင်လုပ်ရတယ်။ ဒါ-ဗောဓိပက္ခိယ(၃၇)ပါးထဲမှာ သမ္မပ္ပဓာန်ဝီရိယဆိုတာ သူပြောတာ။ **"အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော"**-မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ်အောင်၊ **"ဥပ္ပန္နာနံ အကုသလာနံ အနုပ္ပါဒါယ ဝါယာမော"**-ဖြစ်ပြီးသား အကုသိုလ်တွေလည်းမဖြစ်အောင်။ ဖြစ်ပြီးသားအကုသိုလ်တွေ မဖြစ်အောင်ဆိုတာ-ထပ်ထပ်မတွေးနဲ့၊ ကိုယ်လုပ်ထားတဲ့ အကုသိုလ်တွေထပ်ထပ်မစဉ်းစားနဲ့ မေ့ပစ်လိုက်၊ ဟော-ကုသိုလ်ဘက်ကျတော့ ဒီလိုမဟုတ်ဘူး။ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော**-မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်၊ **ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယာမော** ဖြစ်ပြီးသားကုသိုလ်တွေကျတော့တိုးအောင်, ပွားအောင်,ပြန့်အောင်,ကျယ်အောင် ဒါ-ဓာတ်ဓာတ်ချင်းဘုရားကတိုက်ပေးတာ၊ ဒါ-သမ္မပ္ပဓာန်လို့လဝီရိယလို့ခေါ်တယ်၊ ဗောဓိပက္ခိယတရား(၃၇)ပါးထဲမှာပါတယ်၊ ဗောဓိပက္ခိယတရား(၃၇)ပါးဆိုတာ သစ္စာလေးပါးကိုသိမယ့်၊ သစ္စာလေးပါးကိုသိတဲ့ဉာဏ်ထူးဉာဏ်မြတ်ရကြောင်း ဖြစ်တဲ့အလုပ်ကောင်း တွေ. . . လို့ဒီလိုအဓိပ္ပါယ်ထွက်တယ်။ အဲဒါကို ဗောဓိပက္ခိယတရား(၃၇)ပါးလို့ခေါ်တယ်။ အဲဒီ(၃၇)ပါးထဲမှာ-သမ္မပ္ပဓာန်လို့လဝီရိယလေးပါးပါတယ်။

ကိုင်း-အဲဒီနည်းအားဖြင့်ကောင်းမှုကုသိုလ်တွေကို၊ ပြုတဲ့နေရာမှာကျတော့ထပ်တလဲလဲပွားအောင်ကျိုးစားရတာဖြစ်တော့၊ အခုမိုးကုတ်မြို့ကဒကာကြီးဦးတုတ်လှ-ဒေါ်တင်ရွှေတို့မိသားစုက ဆွမ်းတွေ,ဟင်းတွေ စမူဆာဆွမ်းတွေကော်ဖီဆွမ်းတွေ ကိုယ်တိုင်ကပ်ရပြီ၊ ကိုယ်တိုင်မလောင်းရပြီ၊ အဲဒီသက်န်းဒွိစုံ(၁၀)စုံကမကပ်ရသေးဘူး။ ဒီတိုင်းစားပွဲပေါ်တင်ထားတာရှိသေးတယ်။ ကိုယ်ထိလက်ရောက်,ကိုယ်တိုင်ကိုင်ပြီးတော့သံဃာကို ရည်မှန်းပြီးတော့ ကပ်ရသေးတယ်။ အလှူတော်အသီးသီး ကိုယ်ထိလက်ရောက် သာဟတ္ထိကမြောက်လှူလိုက်တဲ့ အတွက် ဒီအတိုင်းစားပွဲပေါ်တင်ထားပြီး,ဒီတိုင်းလှူတာထက် ကိုယ်ထိလက်ရောက်ကပ်လိုက်တော့သက္ကစ္စဂါရဝ-ဂါရဝ နိဝါတ မင်္ဂလာတွေတိုးသွားတယ်၊ အလှူခံပုဂ္ဂိုလ်များကို လှူဖွယ်ဝတ္ထုလေးကို လက်နဲ့ကိုင်ပြီးတော့ ရိုရိုသေသေ ဒူးကလေးတုပ်ပြီးတော့ ကပ်တဲ့သက္ကစ္စဂါရဝကုသိုလ်မင်္ဂလာတွေ၊ သီလကုသိုလ်ကြီးတွေခြံရံပြီးတော့ အလှူထုပ်ကြီးအောင်မြင်သွားတယ်။

http://www.dhammadownload.com



အဲဒီလိုလှူတဲ့အတွက် ကိုယ့်ပစ္စည်းဥစ္စာပြန်ရတဲ့အခါကျတော့ ဒီဒါနရဲ့ အကျိုးပြန်ပေးတဲ့အခါကျတော့လည်း ကိုယ့်ဆီရောက်လာတဲ့ ပစ္စည်းဟာ ကိုယ့်ဆီကိုရိုရိုသေသေ,လေးလေးစားစားဝင်လာတတ်တယ်၊ ကိုယ့်ကို သူများက ပစ္စည်းပေးတဲ့အခါလည်း လေးလေးစားစား အရေးတယူ ခံယူတတ်တယ်၊ အဲဒီကောင်းမှုကြီးဖြစ်အောင်လို့ အဲဒီအကျိုးရအောင်လို့ အခုလိုသက္ကစ္စဂါရဝမြောက် ကိုယ်တိုင်ကိုယ်ကျ ကပ်ရတယ်ဆိုတာ။ ပေးတာတော့ ပေးတာချည့်ပါပဲ၊ ဒီအတိုင်းအဲဒီအပေါ်တင်ထားလိုက်တယ်၊ ကိုယ်တော်တို့ကြည့်ပြီးယူကြတော့ဆိုပြီးတော့ ဒီအတိုင်းထားလိုက်လည်း ဒါအပေးပါပဲ၊ ဒါ-ဒါနမြောက်တာပါပဲ၊ သို့သော် သက္ကစ္စဂါရဝမင်္ဂလာတွေချို့တယ်၊ ပစ္စည်းဝတ္ထု ကိုယ့်ပြန်ရတဲ့အခါကျတော့လည်းပဲ၊ ဒီလိုမလေးမစားကြီး ပေါ့တီးပေါ့ဆကြီးဝင်လာတတ်တယ်။ အဲသူတော်ကောင်းတွေက ဒါ့ကြောင့်မို့သက္ကစ္စဂါရဝမြောက်အောင် "သာဟတ္ထိကအလှူ, သာဟတ္ထိကအလှူ"ဆိုတာ ဒါပြောတာ၊ ကိုယ်တိုင်ကိုယ်ကျ။

ကိုင်း-အဲဒီလိုအားဖြင့် ကိုယ်တိုင်ကိုယ်ကျ အခုမိုးကုတ်မြို့က,ရန်ကုန်ဒေါပုံမြို့က,တော်ငူမြို့က အလှူရှင်တွေအသီးအသီး၊ ပန်းမရပ်က အလှူရှင်တွေအသီးအသီး၊ဒီနေ့ အဲဒီလိုဘုရားပူဇော်,တရားပူဇော်,သံဃာပူဇော်, မိမိတို့တတ်စွမ်းသမျှအလှူထုပ် ကောင်းမှုတွေကိုကြိုးပန်းအားထုတ်ပြုလုပ်နေတဲ့အချိန်ကို မြတ်စွာဘုရားက မသေရည်သောက်တဲ့အချိန်. . . တဲ့ မြတ်စွာဘုရားက မသေရည်သောက်တဲ့ လူစာရင်းဝင်အောင်ကျင့်ဆောင်နေတဲ့ အချိန်. . . တဲ့ မသေရည်သောက်တဲ့လူစာရင်း ဝင်အောင်ကျင့်ဆောင်နေတာတဲ့၊ လူတွေ ကမ္ဘာလောကမှာအများကြီးရှိပေမဲ့လို့ အမျိုးအစားခွဲလိုက်ရင်၊ မသေရည်သောက်တဲ့ လူအုပ်စုကြီးကတစ်စု၊ သေရည်သောက်တဲ့ လူအုပ်စုကြီးကတစ်စု. . လို့ နှစ်စုပဲရှိတယ်တဲ့။ မသေရည်ကို သောက်နေတဲ့ လူအုပ်စုကြီးကတစ်စု၊ သေရည်သောက်နေတဲ့ လူအုပ်စုကြီးက တစ်စုလို့ နှစ်စုပဲရှိတယ်လို့၊ တေမိယဇာတ်တော်မှာ ဘုရားဟောခဲ့တယ်။ တေမိယဇာတ်တော်ဆိုတာ အားလုံးကြားဖူးနေကျအတိုင်းပဲ ဘုရားအလောင်းတော်လေး စကားမပြော တုဏှီဘောနဲ့(၁၆)နှစ်သားအရွယ်ရောက်အောင်လေ၊ ပေတေပြီးတော့နေတဲ့ တေမိယမင်းသားပေါ့။

ဗာရာဏသီပြည်ကြီး စည်ထီးခရိုင်နိုင်ငံအုပ်ချုပ်တဲ့ဘုရင်မှာ သားတော်လေးတစ်ပါးဖွား၊ မိဖုရားခေါင်ကြီးက သားတော်လေးတစ်ပါးဖွားတယ်၊ ဖွားတော့ အဲဒီ

http://www.dhammadownload.com



သားတော်လေးဖွားတဲ့နေ့မှာ တိုင်းပြည်ကြီးတစ်ခုလုံး၊ နေပြည်တော်ကြီးတစ်ခုလုံး၊ မရွာစဖူး မိုးတွေလည်းအထူးတလည်ရွာပြီးတော့၊ မိုးတွေမရွာလို့ တော်တော်မိုးမျှော်နေကြရတဲ့အချိန်မှာ သားတော်လေးဖွားတဲ့အချိန်၊ ဖွားခါနီးကစပြီးတော့ ရွာလိုက်တာမိုးကြီး၊ အုန်းအုန်းကျက်ကျက်နဲ့ အရပ်လေးမျက်နှာ စိုစိမ်းသွားတယ်။ တလောကလုံးစိုသွားတယ်။ သစ်ပင်တွေလည်းပဲ စိုပြီးတော့စိမ်းသွားကြတယ်၊ သစ်ပင်တွေပေါ် မှာတင်နေတဲ့ဖုန်တွေ, အမှိုက်တွေ,သရိုက်တွေလည်း လျှောကျသွားပြီးတော့ သစ်ပင်တွေလည်း ဘယ်ကြည့်လိုက်ကြည့်လိုက် စိမ်းစိုပြီးတော့ တစ်လောကလုံး စိမ်းစိုသွားစေတယ်။ အဲဒီလိုလောကကြီးတစ်ခုလုံး စိုသွားစေလို့မို့ သားတော်လေးကို အတိတ်နိမိတ်ယူပြီးတော့၊ ဧတေမိယ လို့ နာမည်ပေးလိုက်တာ၊ တေမိယဆိုတာ စိုစေတယ်၊ စိုစေတယ်,စိမ်းစေတယ်,လန်းစေတယ်,ရွှင်စေတယ်, သန့်စေတယ်,ရှင်းစေတယ်ဆိုတဲ့ အဓိပ္ပါယ်ထွက်တယ်။ တေမိယဆိုတာ စိုစို ဖတ်ဖတ်ဖြစ်စေတယ်လို့ အဓိပ္ပါယ်ထွက်တယ်။

သားတော်လေးကို အဲဒီအတိတ်နိမိတ်ယူပြီးတော့ တေမိယမင်းသား, တေမိယမင်းသားတဲ့ နာမည်ပေးသွား။ ငါ့သားတော်က သူ့နာမည်နဲ့ သူ့ပညတ်၊ သူ့ဓာတ်,သူ့ပရမတ်သူယူပြီးတော့လာတယ် ဆိုပြီးတော့၊ လောကကြီးတစ်ခုလုံးကို စိုစေလို့မို့ တေမိယမင်းသား၊ အဲနောက်တော့ သားတော်လေးမွေးဖွားပြီးသွားလို့ ခုနှစ်ရက်လောက်ရတော့၊ ထီးဖြူကြီးအောက်သိပ်ထားတာ၊ ထီးဖြူကြီးအောက် သိပ်ထားတော့ သားတော်လေးက ထီးဖြူကြီးအောက်မှာအိပ်ပျော်နေတာ။ ပလ္လင်ထက်မှာ ထီးဖြူကြီးမိုးပြီးတော့သိပ်ထားတာ၊ သားတော်လေးဘိသိက်ယူတဲ့ အတိတ်နိမိတ်ယူတဲ့အနေနဲ့၊ နိုးလာတော့ မျက်စိနှစ်လုံးဖွင့်လိုက်တော့ ထီးဖြူကြီးမြင်တယ်၊ မင်းသားလေးက ခုနှစ်ရက်သားလေး၊ ထီးဖြူကြီးမြင်တယ်ဆိုရင်ပဲ၊ ဖျတ်ကနဲဆို ဇာတိဿရဉာဏ်ပေါ် လာတယ်။

လွန်ခဲ့တဲ့ အတိတ်ဘဝနှစ်ဘဝ, သုံးဘဝ, လေးဘဝကိုပြန်ပြီးတော့သိတဲ့ အခုကာလ လူဝင်စားတွေပြန်ပြီးတော့သိသလို, ပြောနိုင်သလို၊ သိတဲ့အသိဉာဏ် ဖျတ်ကနဲပေါ် လာတယ်။ "အင်း-ငါထီးဖြူကြီးအထက်ကမိုးလို့ ဗာရာဏသီပြည်ကြီး စည်ထီးခရိုင်နိုင်ငံအုပ်ချုပ်တဲ့ကာသိမင်းရဲ့သားတော်လာပြီးတော့ဖြစ်နေပါလား၊ အင်း-ဟိုဘက်လွန်ခဲ့တဲ့ဘဝက. . အမလေး အဝီစိငရဲကတက်ခဲ့ရတာပါလား၊ အင်း-ငရဲခံရတာ ကြည့်ပါအုံး၊ ကြောက်စရာလန့်စရာတွေ၊ ထိုးလိုက်ခုတ်လိုက်

http://www.dhammadownload.com



သတ်လိုက်၊ ပုတ်လိုက်ဆိုတာတွေခံခဲ့ရပါလား။ အင်း-နှစ်တွေကလည်း အနှစ်နှစ် သောင်းတောင်ကြာပါလား၊ ခံခဲ့ရတာ။" သူ့ဘဝသူပြန်ပြီးတော့မြင်နေတယ်။ ဗွီဒီယိုလိုကားတွေပြန်ကြည့်ရသလို၊ ရုပ်ရှင်ကားတွေ ပြန်နောက်ကြောင်းပြန်ကြည့်ရသလို၊ တရိပ်ရိပ်နဲ့ သူ့ပုံရိပ်တွေ၊ သူနဲ့စပ်တဲ့အဖြစ်အပျက်တွေ၊ တစ်ခုပြီးတစ်ခု, တစ်ခုပြီးတစ်ခု မြင်လာတယ်။ ဒီဘဝမရောက်ခင် ဟိုဘက်ဘဝတုန်းကငရဲမှာခံခဲ့ရတယ်၊ အနှစ်နှစ်သောင်းကြာအောင် ခံခဲ့ရတယ်။ ငရဲထိန်းတွေရဲ့ ထိုးတာ, ခုတ်တာ, သတ်တာ,ပုတ်တာတွေ၊ ပြေးလိုက်, လွှားလိုက်၊ အော်လိုက်, ဟစ်လိုက်နဲ့ခံခဲ့ရပါလားလို့ မြင်ပြီးတော့ ကြောက်လိုက်တာ၊ လန့်လိုက်တာ၊ သူ့ဘဝသူထိတ်လိုက်တာ။

အဲဒီ ငရဲခံခဲ့ရတဲ့ဘဝရဲ့ရှေ့ဘဝလှမ်းပြီးကြည့်လိုက်ပြန်တော့၊ အခုသူရောက်နေတဲ့ ဗာရာဏသီကြီးမှာပဲ ဘုရင်လုပ်ခဲ့ရတာမြင့်ပြန်၊ အင်း-ဟိုစတုတ္ထဘဝက ငါရှင်ဘုရင်ပါလား၊ ငါဒီထီးနန်းကြီးပါပဲလား။ အင်း-ဒီထဲမှုးကြီးမတ်ရာသေနာပတိတွေ၊ မိဖုရားတွေနဲ့၊ အဲဒီတုန်းကမှူးကြီးမတ်ရာသေနာပတိတွေနဲ့ ထီးနန်းအုပ်ချုပ်မင်းလုပ်ခဲ့ရပါလား။ အနှစ်နှစ်ဆယ်ကြာပါလား၊ ထီးနန်းအုပ်ချုပ်လာခဲ့တာ၊ အမလေး အနှစ်နှစ်ဆယ်အတွင်း ရှင်ဘုရင်ဖြစ်တဲ့အခိုက် သူခိုးတွေသတ်မိန့်ချရ ဓားပြတွေသတ်မိန့်ပေးရ။ ဟိုလူကြိမ်ဒဏ်ပေးလိုက်၊ ဒီလူကိုသတ်ဒဏ်ပေးလိုက်၊ သုသာန်ထုတ် ဓားခုတ်သတ်စေလို့နဲ့ အမိန့်တွေချလိုက်နဲ့၊ ရှင်ဘုရင်ဖြစ်တဲ့အတိုင်း ရှင်ဘုရင့်စည်းစိမ်ကို ကာကွယ်တဲ့အနေနဲ့၊ မိမိရဲ့အာဏာတန်ခိုးမညှိုးရအောင်ဆိုပြီးတော့၊ သူ့သတ်စေ ငါ့သတ်စေနဲ့၊ သူ့ခြေဖြတ်လက်ဖြတ်လုပ်၊ ငါ့ခြေဖြတ်လက်ဖြတ်လုပ်ဆိုတဲ့ အမိန့်တွေထုတ်ပြီးတော့ ငါအုပ်ချုပ်ခဲ့ရပါလား. . . ။

အဲဒီပြစ်ဒဏ်တွေကြောင့် အဲဒီတိုင်းပြည်ကြီးကို အနှစ်နှစ်ဆယ်အုပ်ချုပ်ရင်းနဲ့၊ တစ်ဘက်ကကုသိုလ်ကောင်းမှုတွေပြုသော်ငြားလည်းပဲ၊ တစ်ဘက်ကသတ်ဟယ်၊ ဖြတ်ဟယ်, ထိုးဟယ်, ခုတ်ဟယ်, ရိုက်ဟယ်, နှက်ဟယ်ဆိုတဲ့ ဒဏ်တွေချဟယ်ဆိုတဲ့ အမှုတွေပြုခဲ့မိလို့၊ အဝီစိငရဲမှာ အနှစ်နှစ်သောင်းခံခဲ့ရပါလား၊ အခုဒီနေရာကြီး ငါပြန်ရောက်လာပြန်ပါပေါ့လား. . . လို့ဆိုပြီးတော့၊ ကြောက်လိုက်တာလေ စိတ်ထဲမှာ, လန့်လိုက်တာ, ထိတ်လိုက်တာ၊ အမလေး ငရဲပြန်ကျမယ့်နေရာကြီး ရောက်လာပြန်ပြီ၊ ငရဲ အနှစ်နှစ်သောင်းခံရမယ့်နေရာကြီးရောက်လာပြန်ပြီနဲ့ဆိုပြီးတော့ ထီးဖြူကြီးလည်း မကြည့်ချင်ဘူး၊ နန်းစည်းစိမ်တွေလည်း မမြင်ချင်ဘူး၊ ချွေးတွေပြန်ပြီး ကြက်သီးတွေထပြီးတော့ လန့်လိုက်တာ,ထိတ်လိုက်တာ၊

http://www.dhammadownload.com



တကယ့်နေရာကြီးရောက်လာပြန်ပြီ။ မိဖုရားခေါင်ကြီးရဲ့သားတော်ကြီးဖြစ်ပြီး တော့၊ ထီးနန်းစည်းစိမ်ကြီး ကေနိမုချလက်ခံရမယ့်ဘဝရောက်နေပြန်ပါပေါ့လားလို့ ဆိုပြီးတော့၊ မထွေးနိုင် မမျိုနိုင်ဖြစ်ပြီးတော့ သူ့ဘဝသူကြောက်လွန်းလို့ ချွေးတွေ ပြန်ပြီးတော့ မျက်နှာတွေညှိုးသွားတယ်၊ ရှင်ဘုရင့်သားတော်လေးကို မျက်နှာလေး ညှိုးပြီးတော့ မှိန်သွားတယ်။

အဲဒါကို ထီးချက်စောင့်နတ်သမီးကမြင်တယ်။ ထီးချက်စောင့်နတ်သမီးက လွန်ခဲ့တဲ့ သုံးလေးဘဝက အခုတေမိယမင်းသားလေးရဲ့ မယ်တော်ဖြစ်ခဲ့ဖူးတယ်၊ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ ထီးချက်စောင့်နတ်သမီးကမြင်တယ်၊ မင်းသားလေးညှိုးသွား တာ၊ "အလို. . . သားကလေးဘာလို့ညှိုးသွားပါလိမ့်မတုန်းလို့ သူ့စိတ်အစဉ်လှမ်း ပြီးတော့ နတ်တန်ခိုးနဲ့ကြည့်လိုက်တော့၊ သြော်-သူထီးနန်းစည်းစိမ်ကြီးလန့်နေတာ ပါလား၊ ထီးနန်းစည်းစိမ်ကြီးကြောင့် အပါယ်ကျခဲ့ရတာ။ ငရဲခံခဲ့ရတာတွေမြင်ပြီး တော့ ဒီထီးနန်းစည်းစိမ်ကြီးမလိုချင်၊ ထီးနန်းစည်းစိမ်ကြီးအပ်မှာကြောက်၊ အပ်မှာ သာကြောက်တယ်၊ ရမှာကလည်းသေချာပေါက်ကြီး၊ အခုမိဖုရားခေါင်ကြီးရဲ့ သားတော်လေး သူကဖြစ်နေတာ။ သူမှတစ်ပါး ဒီပြင်သည့်ပြင်ထီးနန်းဆက်ခံမယ့် သူ မရှိဘူး၊ လက်ခံထိုက်တဲ့သူမရှိဘူး နည်းလမ်းဥပဒေအရ။

အဲဒီတင်ပဲ ထီးချက်စောင့်နတ်သမီးက "သားတော်. . ထီးနန်းစည်းစိမ်ကြီး မလိုချင်လို့စိတ်ညစ်သွားသလား။ အေး-ထီးနန်းစည်းစိမ်ကြီးကို မလိုချင်ရင်၊ မအ ပေမဲ့ အ,ချင်ယောင်ဆောင်၊ မဆွံ့ပေမဲ့ ဆွံ့ချင်ယောင်ဆောင်၊ မထိုင်းပေမဲ့ ထိုင်းချင် ယောင်ဆောင်၊ အဲဒါ မင်းထီးနန်းစည်းစိမ်မလိုချင်ရင် မအ,ပေမဲ့လို့ အချင်ယောင် ဆောင်နေလိုက်၊ စကားမပြောတတ်ယောင်ဆောင်နေလိုက်၊ မဆွံ့ပေမဲ့လို့ ဆွံ့ချင် ဟန်ဆောင်နေလိုက်၊ လက်တွေခြေတွေ လှုပ်နိုင်ပါရဲ့သားနဲ့ မလှုပ်နိုင်ချင်ယောင် ဆောင်ထား၊ မပင်းပေမဲ့လို့ ပင်းချင်ယောင်ဆောင်ထား၊ နားကမပင်းပေမဲ့လို့ မကြားချင်ဟန်ဆောင်ပြီးတော့ပင်းနေ၊ နားပင်းနေတဲ့သဘောနေလိုက်။ အဲဒီလို ဆိုရင် ငါ့သားလေးမဖြစ်ချင်တဲ့ မလိုချင်တဲ့ ထီးနန်းစည်းစိမ်ကြီးနဲ့လွဲလိမ့်မယ်။ အဆွံ့အ,အ, အထိုင်းကလေးဆိုပြီးတော့ ငါ့သားတော်ကိုစွန့်ပစ်ကြလိမ့်မယ်။ ဒီ တော့ ငါ့သားတော် အဲဒီလိုပါရမီဖြည့်တဲ့အနေနဲ့၊ အဆွံ့ အ,အ၊ အထိုင်းယောင် ဆောင်တဲ့နေရာမှာ အမေတတ်စွမ်းသမျှစောင့်ရှောက်မှာပေါ့" လို့ ဆိုပြီးတော့ပြော တော့၊ ဘုရားအလောင်းတော်လေးက သဘောကျပြီး၊ အဲဒီအချိန်ကစပြီး တစ်ခါ

http://www.dhammadownload.com



တည်း အဆွံ့,အအ, အထိုင်းလေးယောင်ဆောင်လိုက်တော့တာပဲ။

မပြောတော့ဘူး၊ စကားတို့ဘာတို့ပြောတတ်တဲ့အရွယ်ရောက်လာတဲ့အချိန်လည်းမပြောဘူး။ ကလေးမြူတဲ့သူကမြူပေမယ့်လို့ သူကမလိုက်ဘူး၊ သိတဲ့လက္ခဏာမျိုးမပြဘူး၊ အဆွံ့ယောင်လေး၊ အအယောင်လေး၊ အထိုင်းယောင်လေးဆောင်တာ၊ အပါယ်ကြောက်လွန်းလို့၊ ငရဲကျမှာကြောက်လွန်းလို့၊ ဒီထီးနန်းကြီးရရင် ဒီထီးနန်းကြီးရသည်နှင့်တစ်ပြိုင်နက် သူခိုးတွေ ဓားပြတွေ သတ်ဟာ,ဖြတ်ဟာ,ရိုက်ဟာ,နှက်ဟာနဲ့ ဒီလိုဟာတွေကလုပ်ရအုန်းမှာကိုး၊ကိုယ့်မင်းစည်းစိမ်ကြီးကာကွယ်တဲ့အနေနဲ့၊ ကိုယ့်မင်းစည်းစိမ်အနှောက်အယှက်လုပ်တဲ့သူတွေမှန်သမျှသတ်တန်သတ်,ဖြတ်တန်ဖြတ်,ထောင်ချတန်ချ,ကြိမ်ဒဏ်ပေးတန်ပေး လုပ်ရတာကိုး။ အဲဒါ ကြောက်လွန်းလို့သူ့ခမျာ အဆွံ့,အ,အယောင်ဆောင်နေလိုက်တာ။ နောက်စကားပြောချိန်တန်ရက်နဲ့မပြော၊ ဆော့ချိန်တန်ရက်နဲ့မဆော့၊ ကလေးကဘယ်လိုဖြစ်တာမှန်းမသိဘူးနဲ့၊ ဘယ်လိုဖြစ်တာမှန်းမသိဘူးနဲ့၊ မယ်တော်ကြီးရော ရှင်ဘုရင်ကြီးရော, ပုဏ္ဏားတော်တွေရော, ဝိုင်းပြီးတော့ အမျိုးမျိုး ဓာတ်တွေ၊ ယံတြာတွေ, ဗေဒင်တွေ, နက္ခတ်တွေနဲ့ဆင်ကြပြင်ကြ လုပ်ကြတယ်လေ အမျိုးမျိုးဘာလုပ်လို့မှ မရဘူး။

နောက်ဆုံး အားလုံးသိကြတဲ့အတိုင်းပဲ၊ အမျိုးမျိုးနဲ့ အလိုတွေစမ်း၊ ကလေးလည်းကလေးအလျှောက်မို့လို့၊ ကလေးအဖော်တွေခေါ်၊ ကစားတတ်တဲ့အရွယ်ကစားချင်အောင်ဆိုပြီးတော့ ဘေးကကလေးတွေက ကစားပြ၊ သူကတော့မကစားပါဘူး၊ မကစားလည်း မကစားဘူး၊ သိတဲ့အဓိပ္ပါယ်တောင်မပြဘူး၊ အထိုင်းလေး၊ အအလေး၊ အဆွံ့လေးယောင်ဆောင်နေလိုက်တာ။ တစ်ခါတစ်ခါများ တကတည်းလိမ္မာတဲ့ ဆင်ကြီးတွေ သင်ပေးထားပြီးတော့ ကလေးတွေကစားတဲ့ဆီ ဆင်ကြီးကလာနင်းတော့မလို၊ သတ်တော့မလိုနဲ့ ရှူးရှဲနဲ့ဆိုပြီးတော့ဆင်ကြီးက၊ ဟာ-သည့်ပြင်ကလေးတွေက လန့်ပြီးအော်ဟစ်ပြေးကြ၊ ဘုရားအလောင်းတော်ကတော့မပြေးပါဘူး၊ သူကဘယ့်နယ့်စဉ်းစားတုန်း၊“ မောင်တေမိ . . . ဒီဆင်ကြီးနင်းလိုက်လို့သေရင်တစ်ဘဝပဲ သေမယ်၊ တစ်ကြိမ်ပဲသေမယ်။ မင်းရှင်ဘုရင်ကြီးဖြစ်လို့အပါယ်လေးပါးကျသွားလို့ရှိရင် ဒီဆင်ကြီးနင်းသတ်တာထက် ကြီးကျယ်တဲ့ ဒုက္ခတွေမင်းခံရလိမ့်မယ်. . လို့သူ့စိတ်သူ အဲဒီလိုဆုံးမပြီးတော့ ကြောက်တော့ ကြောက်သားပဲ၊ ဆင်ကြီးလာတာ မပြေးဘူး။

http://www.dhammadownload.com



တစ်ခါမျှားကျတော့ ထန်းလက်တဲကြီးထဲ ကလေးတွေကစားကြဆိုပြီးတော့ ထန်းလက်တဲကြီးထဲ ကစားခိုင်းထားတာ၊ ဘုရားအလောင်းတော်လေးက ပက်လက်ကလေးနေတာ၊ ပက်လက်ထားပက်လက်နေတာသူက၊ သည့်ပြင်ကလေးတွေက ဘေးကဝိုင်းအော်ဟစ်ဆူပွက်ပြီးတော့ ကစားနေကြတာ။ အဲ ရှင်ဘုရင်နဲ့ အမတ်ကြီးတွေက ချိန်းထားတဲ့အတိုင်းပဲ ထန်းလက်တဲကြီးကိုမီးနဲ့ရှို့တယ်၊ ဟာ-မီးတွေအုန်းအုန်း အုန်းအုန်းနဲ့ထလောင်တာ၊ သည့်ပြင်ကလေးတွေက အကုန်အော်ဟစ်ပြီးထွက်ပြေးကုန်ကြ၊ ဘုရားအလောင်းက မပြေးဘူး၊ “မောင်တေမိ. . အခုမင်းထန်းလက်တဲမီးလောင်တာထက် အဝီစိငရဲမီးက ပိုပြီးတော့ပြင်းတယ်။ ဒီထန်းလက်တဲမီးလောင်လို့သေတာက သာမန်အပူနဲ့သေရမှာ၊ ဟိုအဝီစိငရဲ အပူကြီးက အင်မတန်ပြင်းထန်တဲ့အပူကြီး မင်းခံရလိမ့်မယ်”. . ဆိုပြီးတော့ မပြေးဘူး၊ အချိန်ကျတော့ ဝိုင်းငြိမ်းသတ်လိုက်ကြရတာပဲ။ သူတို့ကတမင်ဆင်လုပ်တာဆိုတော့။

အဲသလိုပေါ့လေ. . တစ်ခါတစ်ခါမြွေကြီးတွေနဲ့ခြောက်၊ နောက်အရွယ်လေးရောက်လာတော့ လူပျိုအရွယ်လေးရောက်လာတော့၊ အပျိုရွယ်လေးတွေနဲ့ ဖြားယောင်း မရဘူး။ဒီလိုနဲ့ နောက်ဆုံးတော့ စကားမပြော ဘာမပြော၊ အဆွံ့အအ၊ ရှင်ဘုရင်ကြီး ကလည်းစိတ်ညစ်လှပြီ၊ တိုင်းတစ်ပါးကကြားတာလည်း မင်္ဂလာမရှိတဲ့ သတင်းတွေဖြစ်နေတော့၊ အမင်္ဂလာသတင်းတွေချည်းဖြစ်နေတော့ တိုင်းတစ်ပါးတွေနဲ့လည်း ပြောရတာရှက်၊ ကိုင်း- ဒီတော့ မဖြစ်ပါဘူး၊ ထီးနဲ့နန်းနဲ့မတန်တဲ့သား၊ သုသာန်ထုတ်ပြီးတော့၊ မြေမြှုပ်သတ်တာပဲကောင်းတယ်ဆိုပြီးတော့၊ အနောက်စမုခ်က၊ အနောက်တံခါးက မင်္ဂလာမရှိတဲ့ အမင်္ဂလာတံခါးက ထုတ်ပြီးတော့, မြေမြှုပ်ပြီးတော့ သတ်ချေတော့လို့ အမိန့်ချ၊ မိဖုရားခေါင်ကြီးကတော့ ဘယ်သတ်ရက်လိမ့်မတုန်း၊ အမေကတော့။ အမေဆိုတာ ကိုယ့်ရင်ထဲ ကိုးလလွယ်ပြီးတော့ မွေးထားရတဲ့သားဆိုတော့၊ တောင်းဆိုးပလုံးဆိုးသာပစ်ရိုးထုံးစံရှိတယ်၊ သားဆိုးသမီးဆိုး ပစ်ရိုးမရှိဘူးဆိုတဲ့အတိုင်း၊ အဆွံ့ကလေးဖြစ်လည်း အဆွံ့ကလေးမို့လို့ချစ်ရ၊ အ,အလေးလည်း အ,အ လေးမို့လို့ပိုချစ်ရ။ အထိုင်းလေးလည်း အထိုင်းလေးမို့လို့ ပိုပြီးတော့ချစ်ရ မပစ်နိုင်ဘူး။

အဲဒါနဲ့-မိဖုရားခေါင်ကြီးက ရှင်ဘုရင်ကြီးထံဝင်ပြီးတော့၊ “မောင်တော်. . . သားလေးကိုဒီလိုတော့ ရက်ရက်စက်စက်မြေမြှုပ်ပြီးတော့ မသတ်ပါနဲ့၊

http://www.dhammadownload.com



သူ့ဘာသူ လွတ်ရာကျွတ်ရာတောရှာ ဇနပုဒ်တွေဆီပို့ထားပြီးတော့၊ ချမ်းချမ်းသာသာ မွေးမြူတော်မူပါ"။ "ဟာ-ဘယ်ဟုတ်ရမှာတုန်း ဒီသားအကြောင်းပြုပြီးတော့၊ ငါ့နှာမည်ပျက်တာကြာလှပြီ၊ တိုင်းပြည်ကြီးလည်းပဲ ကျက်သရေမရှိတော့ဘူး။ ဒီသားရှိနေသမျှ ငါနဲ့သူနဲ့အဆက်အသွယ်ဖြစ်နေမှာ၊ ဒီတော့ အမိန့်ပြန်မရုပ်သိမ်းဘူး"။ အဲဒါနဲ့ မိဖုရားကြီးကတောင်းပန်တယ်။ "ဒီလိုဆိုရင် သားတော်လေးဖွားတုန်းက၊ မောင်တော်ကနှမတော်ကို ဆုပေးမယ်ပြောပါတယ်၊ အဲဒီဆုနှမတော်မယူသေးပါဘူး၊ အခုယူပါရစေ"၊ "ကိုင်း-ဘာလိုချင်တာတုန်းပြော"၊ "သားတော်လေးကို မင်းမြောက်တန်ဆာဆင်ယင်ပြီးတော့ ရှင်ဘုရင်အဖြစ်နဲ့ ထီးနန်းအပ်တော်မူပါ"။ "ဟာ-မဖြစ်နိုင်တာကြီး မိဖုရားလာတောင်းနေလို့၊ တကတည်း မင်္ဂလာမရှိတဲ့ကောင် ဘယ်ပေးလို့ဖြစ်လိမ့်မတုန်း"။ "ကိုင်း-တစ်သက်လုံး မပေးနိုင်လို့ရှိရင်တော့၊ ခုနှစ်နှစ်တော့ပေးတော်မူပါ"၊ "အာ-ခုနှနှစ်မပေးနိုင်ဘူး မင်္ဂလာမရှိတဲ့ကောင် နန်းတော်မှာမထားနိုင်ဘူး" "ခုနှစ်လပေးတော်မူပါ"၊ မရဘူး။ "ခုနှစ်ရက်ပေးတော်မူပါ" ဆိုမှ "ကိုင်း-ခုနှစ်ရက်တော့ မင်းသဘောအတိုင်း မင့်သားထီးနန်းအပ်ပေတော့" လို့ဆိုပြီးတော့၊ ခုနှစ်ရက်ထီးနန်းအပ်တယ်။

ခုနှစ်ရက်ထီးနန်းအပ်တယ်ဆိုရင်ပဲ၊ မယ်တော်ကြီးကသူ့သားရေမိုးချိုး၊ ဖြီးလိမ်း ပြင်ဆင်၊ မင်းမြောက်တန်ဆာတွေဆင်ပြီးတော့ တိုင်းပြည်ကြီး တေမိယမင်းသားရဲ့ တိုင်းပြည်ဖြစ်ပြီ၊ တေမိယမင်းသားဘုရင်ဖြစ်ပြီဆိုပြီးတော့၊ အဘိသိက်တွေမြှောက်၊ မင်္ဂလာအခန်းအနားတွေနဲ့လုပ်ပြီးတော့ ထီးနန်းကြီးအပ်၊ ထီးနန်းအပ်ပေမဲ့ ဘုရားအလောင်းကတော့ ပလ္လင်ပေါ်ပက်လက်ထား ပက်လက်ပဲသူက ဒီလိုနေလိုက်တာပဲ။ ရှင်ဘုရင်ကြီးက ပက်လက်စံနေတာ။ ဘာမှလည်းမလှုပ်ဘူး၊ ဘယ်လှုပ်မတုန်းသူက ကြောက်တာက ဟိုး-အဝီစိငရဲကျမယ့်ဟာ ကြောက်နေတာဖြစ်တော့ အခုဆင်းရဲတာ ဘာဆင်းရဲဆင်းရဲ အဝီစိလောက်မဆင်းရဲဘူး၊

အဝီစိငရဲလောက် မဆင်းရဲဘူးနဲ့ တာထိုးတွက်နေတာ၊ သူကလက်တွေခံစားခဲ့ရတာဖြစ်တော့ ကြောက်လို့၊ လန့်လို့၊ အဲဒီလိုလက်တွေကမခံစားရတဲ့သူတွေကျတော့ စိတ်အမှန်းနဲ့ကျတော့၊ စိတ်ကူးနဲ့ကျတော့မကြောက်ဘူးပေါ့၊ လက်တွေခံစားရတဲ့သူကတော့ကြောက်တယ်။ ဒါ့ကြောင့်-သူက ဒီလိုပဲ ရှင်ဘုရင်အဖြစ်နဲ့ ခုနှစ်ရက်ထားလည်း ခုနှစ်ရက်ဒီလိုပက်လက်ထား မင်းမြောက်တန်ဆာတွေဆင်ထားလည်း၊ ဆင်ထားတဲ့အတိုင်းနေလိုက်တာပဲ။

http://www.dhammadownload.com



ခုနှစ်ရက်စေ့တော့ မယ်တော်ကြီးကတော့ပေါ့လေ သားလေးစကားပြော နိုးနိုး၊ စကားပြောနိုးနိုး၊ ငါ့သားပြောလိုက်စမ်းပါစကား၊ ဒီနှုတ်ခမ်းလေးတွေက အဲ့တဲ့နှုတ်ခမ်းလေးတွေမဟုတ်ပါဘူး၊ ဒီနားကထိုင်းတဲ့နားမဟုတ်ပါဘူးသားရယ် စကားပြောလိုက်စမ်းပါ၊ ခုနှစ်ရက်စေ့တော့မယ်၊ မနက်ဖြန်ခါဆို ခုနှစ်ရက်စေ့ တော့မယ်၊ သားတော်ကိုသုသာန်ထုတ်ပြီးတော့ မြေမြှုပ်သတ်တော့မယ်၊ မယ်တော် နဲ့ခွဲရတော့မယ်နဲ့ငိုတယ် မယ်တော်ကြီးက။ ဘုရားအလောင်းကသနားတယ် သူ့ မယ်တော်ကြီးကို၊ သြော်-မယ်တော်ကြီး သောက,ပရိဒေဝ,ဒုက္ခတွေရောက်ရှာတာ၊ ငါ့အကြောင်းပြုပြီးတော့များ ရင်ကွဲနာကျပြီးတော့များသေရှာမလား၊ နည်းနည်း စောင်းစောင်းကြည့်တယ်၊ မသိမသာမယ်တော်ကြီးဟိုဘက်လှည့်နေတဲ့အချိန် တိတ်တိတ်ခိုးပြီးတော့ မယ်တော်ကြီးစောင်းကြည့်တယ်။ အင်း-ရင်ကွဲနာကျသေ လောက်အောင်တော့မဖြစ်သေးပါဘူး၊ ငါဆက်လက်ပြီးတော့ ငါ့အမိဌာန်ပါရမီ မြောက်အောင် အောင်မြင်အောင် နေအုန်းမှပဲဆိုပြီး။

တစ်ခါတစ်ခါ လျှော့တော့မလို့မယ်တော်ကြီးကိုသနားတာနဲ့ စကားပြော လိုက်တော့မယ်လို့ကြံတယ်။ နောက်တော့ ခုနက အစီစိငရဲကမီးတွေဒုက္ခတွေက မြင်မြင်လာပြန်တော့၊ ပြန်ပြီးထိန်းထားတယ်၊ ဒီလိုနဲ့သာနောက်ဆုံးတော့လေ၊ ခုနှစ် ရက်စေ့သွားတော့၊ အဲဒီတင် သုနန္ဒရထားထိန်းနဲ့ မင်္ဂလာမရှိတဲ့အနောက်တံခါးက မင်္ဂလာမရှိတဲ့ရထားနဲ့တင်ပြီးတော့ထုတ်လို့ အမိန့်တော်ကတော့မှတ်ထားတာ၊ သို့သော်-နတ်တွေရဲ့ဖန်ဆင်းချက်၊ ခုနကမယ်တော်ထီးချက်စောင့်နတ်သမီး နတ် တွေရဲ့ လှည့်စားချက်အရ တကယ့်မင်္ဂလာရှိတဲ့ရထားပေါ် မင်္ဂလာရှိတဲ့မြင်းနဲ့ က ပြီးတော့ မင်္ဂလာရှိတဲ့အပေါက်ကထုတ်သွားလေ. . . ။

အဲ-ထုတ်သွားပြီးတော့ တောထဲရောက်သွားတော့ အားလုံးသိကြတဲ့ အတိုင်းပေါ့ တောထဲရောက်သွားတော့ ရထားပေါ်မှာဘုရားအလောင်းလေးထား ပြီးတော့ သုနန္ဒရထားထိန်းက တွင်းတွေတူးပြီးနေတာ၊ အဲဒီမှာတင် ဘုရားအ လောင်းတော်က၊ "သုနန္ဒရထားထိန်းတော့ တွင်းတူးနေပြီ ငါ့သတ်ဖို့ တွင်းတူးနေ တာ၊ ငါတောထဲရောက်လာပြီ ငါ့အကြံလည်းအထမြောက်ပြီ၊ ဒီတော့ မယ်တော် ကြီးကဆင်ပေးလိုက်တဲ့ မင်းမြောက်တန်ဆာတွေဆင်ပြီးတော့ ငါ့အားလေးအင် လေးများရှိသေးရဲ့လား၊ စမ်းကြည့်ဦးမှ၊ သုနန္ဒရထားထိန်းက အဟုတ်ဆွဲပြီးတော့ မြေထဲမြှုပ်သတ်မယ်ဆိုရင် ပြန်ခုခံနိုင်လောက်တဲ့အားများရှိသေးရဲ့လားဆိုပြီး

http://www.dhammadownload.com



တော့၊ မြင်းတွေချွတ်ထားတဲ့ ရထားကိုကိုင်ပြီးတော့ ဟိုလိုမ့်ဒီလိုမ့်၊ ဟိုတွန်းထိုး ဒီတွန်းထိုးနဲ့ ဆွဲရမ်းကြည့်၊ အားတွေအင်တွေအပြည့်ရှိသေးတယ်။

သုနန္ဒရထားထိန်း အတင်းကြိုတောင်မှ ငါခုခံနိုင်တဲ့အားရှိသေးတယ်ဆို ပြီးတော့မှ၊ သုနန္ဒရထားထိန်း မြေတူးတဲ့အနားသွားပြီးတော့၊ "အမောင် ဘာတွေ များလုပ်နေတုန်း"၊ သုနန္ဒရထားထိန်းက တစ်ချက်ပဲလှည့်ကြည့်ပြီးတော့ ခရီးသွား ယောကျ်ားထင်လို့မို့ သူကကောင်းကောင်းတောင်စကားမပြောဘူး၊ "လာမေးမ နေစမ်းပါနဲ့ကွာ ဟိုရှင်ဘုရင်ကြီးရဲ့သား အ,အလေ, အဆွံ့၊ အဲဒီကောင် မြှုပ်သတ်မ လို့"၊ လှည့်မကြည့်ဘူးသူက၊ "မဟုတ်ပါဘူး အဲဒီအဆွံ့, အ,အဆိုတာ ဘယ်မတုန်း ဒီလှည့် ကြည့်စမ်းပါအုန်း သုနန္ဒရထားထိန်းရဲ့" ဆိုတော့မှ သေချာကြည့်တော့၊ "ဟင်-မင်းသားပါလား၊ ဟင်-အခုလိုတော့လည်း ဘယ့်နှယ် ဒီနားထလာသလား" ဆိုပြီးတော့၊ ရထားဆီပြေးပြီးတော့သေချာအောင် မင်းသား ရှိမရှိသွားကြည့်တော့ မရှိဘူး၊ သူ့နားရောက်နေတာဖြစ်တော့၊ "အမလေး ဒီလို သန်သန်မာမာ ထွားထွား ကြိုင်းကြိုင်း စကားတွေပီပီသသပြောနိုင်ရဲ့သားနဲ့၊ ဘာပြုလို့ ဆွံ့,ယောင်,ဆောင် နေရတာတုန်း၊ အ,ယောင်ဆောင်ရတာတုန်းမင်းသား. . . ကဲ-ပြန်ကြစို့ ပြန်ကြစို့ ကဲ-ရထားပေါ်တက်၊ အမလေး ရှင်ဘုရင်ဖြစ်တော့မှာ၊ ရှင်ဘုရင်ဖြစ်တော့မှာ၊ ပြန်ကြစို့"၊ အတင်းပြန်ခေါ်တယ်။

မရဘူး ဘုရားအလောင်းက၊ "သုနန္ဒ. . ငါမလိုက်တော့ဘူး၊ ဒီလို တောထွက်ချင်လို့ ဒီလိုရဟန်းပြုချင်လို့ ဒီလိုရသေ့ရဟန်းပြုချင်လို့ ဆယ့်ခြောက်နှစ် လုံးလုံး. . ငါမအ,ပါဘဲနဲ့ အ,ချင်ယောင်ဆောင်ခဲ့ရတယ်၊ မထိုင်းပါဘဲနဲ့ ထိုင်းချင် ယောင်ဆောင်ခဲ့ရတယ်၊ မဆွံ့ပါဘဲနဲ့ ဆွံ့ချင်ယောင်ဆောင်ခဲ့ရတယ် သုနန္ဒ. . ။ ငါ့အဓိဋ္ဌာန်ပါရမီအောင်ပြီကွ၊ အောင်ပြီ၊ ဒီတော့ ငါပြန်မလိုက်ဘူး၊ ငါရသေ့ရဟန်း ပြုပြီးတော့ တောထဲမှာပဲနေရစ်မယ်"။ "ဟာ-ဒီလိုဆိုလို့ရှိရင် အရှင်မင်းသား ဒီတော ကနေတခြား ဝေးဝေးမသွားနဲ့ဦးနော်၊ မယ်တော်တို့ ခမည်းတော်တို့ကို ကျုပ်ပြန်ပြီး ပြောအုန်းမယ်။ ပြန်ခေါ်အုန်းမယ်ဆိုပြီးတော့၊ ဘုရားအလောင်းတားထားခဲ့ပြီး တော့ သူကတော့ ပြန်သွား၊ ဟိုကျတော့ တစ်ခါတည်း မယ်တော်ကြီး ကတော့ပေါ့ လေ. . . ရထားထွက်သွားကတည်းက ငိုပြီးတော့နန်းတော်ပေါ် ကနေကြည့်နေ ရစ်တာ။ မေ့မျောတက်တဲ့အခါတက်၊ အပျိုတော်တွေကနှာနှပ်ကြလို့ သတိပြန်ရတဲ့ အခါ သတိရဆိုငို၊ သားတမ်းတပြီးတော့ငို။

http://www.dhammadownload.com



ဒီအချိန်ဆို မြေထဲမြှုပ်နေရော့မယ်ထင်တယ်။ မြေထဲမြှုပ်နေလို့ ယက်ကန်ယက်ကန်များဖြစ်နေမလား။ သုနန္ဒက အတင်းများမြေတွေဖို့လို့ အော်တစ်တဲ့အသံလေးများထွက်လာမလားနဲ့ သူ့အမျိုးမျိုးနန်းတော်ကနေကြံစည်စိတ်ကူးနေတုန်း ဟိုကရထားနဲ့ ဖြုန်းဖြုန်းဒိုင်းဒိုင်းလာတာမြင်တော့၊ "အမလေး ပြန်လာပြီ ပြန်လာပြီ၊ "ရထားပေါ် ပါသေးလား ကြည့်ကြပါအုန်းဟဲ့၊ ကြည့်ကြပါအုန်းဟဲ့"ဆိုတော့၊ "မပါဘူးမယ်တော်ကြီးရဲ့၊ မပါဘူးမယ်တော်ကြီးရဲ့"ဆိုတော့"အမလေး သေရစ်ပါပြီ၊ သူ့သားသေရစ်ပါပြီ"ဆိုပြီးတော့ မေ့သွား,မူးသွား, မယ်တော်ဆိုတော့ပေါ့လေ၊ သံယောဇဉ်တွေနဲ့သောကမီးတွေတောက်ရှာတာ၊ အဲဒီလိုနဲ့ နောက်ဆုံးနန်းတော်ထဲ သုနန္ဒရထားထိန်း ရထားဝင်လာတော့၊ မယ်တော်ကြီးနားအပြေးအလွှား ပြေးလာပြီးတော့၊ မယ်တော်ကြီး သံတော်ဦးတင်"စကားပြောတယ်၊ဟိုမှာတောထဲကျတော့ အင်မတန်သန်မာလှပတဲ့ယောကျ်ားလိုပဲ လှလှပပကြီးဖြစ်နေတယ်၊ စကားပြောတယ်၊ ရသေ့ရဟန်းပြုမယ်လို့ ပြန်ခေါ် လို့မရဘူး၊ ရသေ့ရဟန်းပြုတော့မယ်လို့ပြောတယ်"ဆိုတော့မှ မယ်တော်ကြီးလည်း ဝမ်းသာအားရ ရှင်ဘုရင်ကြီးဆီပြေး။

ဟာ-တစ်နန်းတော်လုံး အုံးအုံးကျက်ကျက်နဲ့၊ "တောထဲမှာကျတော့မှတေမိမင်းသား စကားပြောသတဲ့၊ သွားသတဲ့ လာသတဲ့၊ မအဘူးတဲ့၊ မဆွံ့ဘူးတဲ့၊ မထိုင်းဘူးတဲ့၊ မနဘူးတဲ့"၊ဆိုတော့ ရှင်ဘုရင်ကြီးကလည်းကြား၊ "ဟုတ်ရဲ့လား၊ ငါ့သားဒီလိုလား"။ "ဟုတ်ပါတယ်"၊ "အမလေး ဒီလိုဆိုရင် ငါ့သားမှငါ့သားဟ" ဆိုပြီးတော့၊ တစ်ခါတည်းသွားကြမယ်ဟေ့၊ သွားကြမယ်ဟေ့၊ လိုက်ကြမယ်ဟေ့၊ လိုက်မယ်ဟေ့နဲ့ဆိုတော့၊ ပြောရင်းဆိုရင်းနဲ့ မိုးကချုပ်သွားတော့၊ ရှင်ဘုရင်ဆိုတာ တောထဲတောင်ထဲ အချိန်မရွေးသွားလို့ကလည်းမတော်တော့၊ တစ်ညဆိုင်းကြရတာ။ တစ်ညဆိုင်းပြီးတော့မှ သားတော်ဆီလိုက်မယ်၊ သားတော်ဆီလိုက်မယ်၊ သွားကြမယ်၊ သွားကြမယ်နဲ့ဆိုပြီးတော့၊ အဲဒါနောက်ရက်ကျတော့ ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်ပေါ့၊ ထုံးစံအတိုင်းပေါ့ ဖြုန်းဒိုင်းဆို၊ ဒို့ဆင်းရဲသားတွေလိုခဏလေး ဟိုနား ရှတ်ကနဲဆိုသွားလို့ရတာမဟုတ်ဘူး၊ အစောင့်တွေအထပ်ထပ်ချ၊ အစောင့်တော်တွေ၊ အခင်းအကျင်းတွေနဲ့ထွက်ပြီးတော့လာတော့ နောက်တစ်ရက် နေ့လယ်အချိန်လောက်မှ ဘုရားအလောင်းနား ရောက်လာတာ။

ဘုရားအလောင်းကလည်း ဟိုမှာသိကြားမင်းဖန်တီးပေးတဲ့၊ သက်န်း,

http://www.dhammadownload.com



သပိတ်,ပရိက္ခရာ၊ ရသေ့ပရိက္ခရာတွေနဲ့ ကျောင်းသင်္ကန်းနဲ့ ဘာနဲ့ရသေ့ဖြစ်နေပြီ။ အဲဒီတင် ခမည်းတော်နဲ့မယ်တော်တို့ အနားရောက်လာပြီးတော့၊ အားရပါးရ စကားပြောကြမေးကြမြန်းကြ၊ ပြောကြဆိုကြနဲ့ပြောတော့၊ ဘုရားအလောင်းတော်က ပြန်ပြီးတော့ မယ်တော်ခမည်းတော်တို့နှင့်တကွ နန်းတော်သူ,နန်းတော်သားတွေ ပြန်တရားဟောဆုံးမတဲ့ အထဲမှာ၊ ဆုံးမစကားတွေကတော့ အများကြီးပဲ၊ အဲဒီအထဲက-

**ကစ္စိ အမဇ္ဇပေါ တာတ, ကစ္စိ တေ သုရမပ္ပိယံ၊**
**ကစ္စိ သစ္စေ စ ဓမ္မေ စ, ဒါနေ တေ ရမတေ မနော။ လို့။**

ဟောဒီဂါထာပိုဒ်လေးပါလာတယ်၊ အဲဒီဂါထာက ဘာပြောတာတုန်းလို့ဆိုတော့၊ အမဇ္ဇ ပေါ တာဝ၊ တာတ-ခမည်းတော်မြတ်, သောင်းလုံးနတ်၊ တေ-အရှင်ခမည်းတော်နဲ့ မယ်တော်တို့နှင့်တကွ နန်းတော်သူ, နန်းတော်သားအားလုံးတို့သည်၊ အမဇ္ဇပေါ-မသေရည်သောက်ကြသူတို့သည်၊ ဟောထ-ဖြစ်ကြပါကုန်၏လော၊ တေ (တုမှာကံ)-သင်တို့သည်၊ ခမည်းတော် မယ်တော်နှင့်တကွ တစ်နန်းတော်လုံးရှိတဲ့ ဆွေတော်မျိုးတော်, အမတော်, ညီတော်အစရှိသော တစ်နန်းတော်လုံး ရှိကြတဲ့သူတို့သည်။ သုရံအပ္ပိယံ-သေရည်ကိုသောက်နေတဲ့သူတို့သည်၊ မာဟောထ-မဖြစ်ဘဲရှိကြပါကုန်၏လော၊ မသေရည်သောက်တဲ့သူတွေဖြစ်ကြရဲ့လား. . . တဲ့။ သေရည်သောက်နေတဲ့သူတွေများဖြစ်နေကြသလား။

**ကစ္စိ သစ္စေ စ ဓမ္မေ စ, ဒါနေ တေ ရမတေ မနော။**

တေ(တုမှာကံ)-ခမည်းတော်၊ မယ်တော်နှင့်တကွ တစ်နန်းတော်လုံးရှိကြတဲ့ ဆွေတော်မျိုးတော်နှင့်တကွ အားလုံးသောသင်တို့၏၊ မနော-စိတ်သည်၊ မနော-အတွင်းသန္တာန်မှာ တစ်ဖျတ်ဖျတ်ဖြစ်နေတဲ့စိတ်နှလုံးသည်။ ဒါနေ့စ-စွန့်ကြပေးကမ်း,လှူဒါန်းပူဇော်ခြင်းဆိုတဲ့ ဒါနကောင်းမှု၌။ သစ္စေစ(သီလေစ)-ငါးပါး, ရှစ်ပါး,ကိုးပါးစတဲ့ သီလတွေကို ထိန်းသိမ်းစောင့်ရှောက်မှု၌လည်းကောင်း။ ဓမ္မေစ-သမထဘာဝနာ, ဝိပဿနာ ဘာဝနာတရား, ပွါးများမယုတ်, အားထုတ်မှု၌လည်းကောင်း၊ ရမတိ-မွေ့လျော်ပျော်ပိုက်, နှစ်ခြိုက်ကြပါကုန်၏လော၊ ဣတိ-ဤအကြောင်းကို။ ပုစ္ဆာ-မေးအပ်ကုန်သည်ရှိသော်၊ တေ(တုမှေ)-သင်တို့သည်။ ဝိယာဂံ သု-ကောင်းစွာမသွေ, ဖြေဆိုလိုက်ကြလေကုန်ရာသတည်း။. . .

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



ခမည်းတော် မယ်တော်နှင့်တကွ,အစ်ကိုတော်,အမတော်,ညီတော်, နှမတော်တို့အမှူးပြုကြတဲ့ နန်းတော်သူ, နန်းတော်သားသင်တို့တစ်တွေအားလုံး မသေရည်သောက်တဲ့သူတွေဖြစ်ကြပါရဲ့လား. . . တဲ့။ နေ့တိုင်းသေရည်သောက်တဲ့သူတွေချည်းများ ဖြစ်နေကြပါသလား. . . လို့ ဘုရားအလောင်းတော်က မေးလိုက်တာ။ အဲဒီ ဘုရားအလောင်းတော်ကမေးလိုက်တဲ့စကားကိုပဲ၊ ဘုရားကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော့ ဒီတေမိယဇာတ်တော်ကြီးပြန်ဟောရင်းနဲ့ ဒီဂါထာပြန်ဟောတာ။ ဘုရားအလောင်းတော်ပြောတဲ့စကားကတော့ ဘုရားအလောင်းတော်ဖြစ်တုန်းက အဖြစ်အပျက်ပေါ့။ ဒို့ဘုရားကသာ တေမိယဇာတ်ကြီးပြန်မဟောလို့ရှိရင် ဒို့ဘယ်သိလိမ့်မှာတုန်း။ အခုဘုရားကပြန်ဟောတယ်၊ ပြန်ဟောလို့ တေမိယဇာတ်ဆိုပြီးတော့ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာပါပြီးတော့သိကြရတာ။ အဲဒီသိတဲ့အထဲမှာ ဘုရားကိုယ်တော်မြတ်ကြီးက သည့်ပြင်တရားတွေလည်း သည့်ပြင်တရားတွေအလျှောက်ဟောတဲ့အပြင်။ ဒီ "ကစ္စိ အမဇ္ဇပေါ တာတ, ကစ္စိ တေ သုရမပ္ပိယံ" ဆိုတဲ့ ဒီဂါထာ ဘုရားကိုယ်တော်မြတ်ကထပ်ဟောပြီးတော့ ဘုန်းကြီးတို့တစ်တွေကို အသိပေးခဲ့တာ။

မသေရည်သောက်တဲ့သူကတစ်မျိုး၊ သေရည်သောက်နေတဲ့သူကတစ်မျိုးလို့ လူနှစ်မျိုးရှိတယ်။ အဲဒီလူနှစ်မျိုးထဲမှာ ခမည်းတော် မယ်တော်တို့ဟာ မသေရည်သောက်တဲ့သူများဖြစ်အောင် ကြိုးစားကြ. . . လို့ ဘုရားအလောင်းတော်က မယ်တော် ခမည်းတော်တွေဆုံးမတဲ့စကားကို ဘုရားကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော်မူမှ တစ်ခါပြန်ပြီးတော့ တေမိယမင်းသားက ခမည်းတော် မယ်တော်တွေဆုံးမတဲ့အနေအားဖြင့် ဒို့သတ္တဝါတွေကို တစ်ဆင့်ဖောက်သည်ချပြီးတော့ ဟောခဲ့တဲ့တရား။

ဒီတော့-မသေရည်သောက်တယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့၊ မသေရာနိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ဒါနကောင်းမှုပြုရင်းနဲ့ သောက်တဲ့အရည်မှန်သမျှ မသေရည်သောက်တယ်လို့ခေါ်တယ်။ ဒီနေ့ မိုးကုတ်မြို့က ဒကာကြီးဦးတုတ်လှ ဒကာမကြီး ဒေါ်တင်ရွှေတို့မိသားစု ဂန္ဓာရုံကျောင်းတိုက်သွားပြီးတော့ သံဃာတော် (၁၂၀၀)ကျော်ကို သုံးကြိမ်မြောက်၊ သုံးနှစ်မြောက်၊ ဆွမ်းဘောဇဉ်တွေကပ်မယ်၊ လှူမယ်၊ လောင်းမယ်လို့ မိုးကုတ်မြို့ ပန်းမရပ်ကထွက်လာတဲ့အချိန်ကစပြီးတော့ ဒါနကောင်းမှုထဲမှာ စိတ်ကမွေ့လျော်နေပြီ၊ လှူဒါန်းပေးကမ်းတဲ့ ဒါနကောင်းမှုကို

http://www.dhammadownload.com



ပြုမယ့်ပြုမယ့်ပြုမယ့်. . ဆိုပြီးတော့ မိုးကုတ်မြို့ကထွက်လာခဲ့ပြီ။ အဲဒီထွက်လာတဲ့ အချိန်ကစပြီးတော့၊ ဒီဒါနက ဘာအတွက်ပြုမှာတုန်း၊ မသေရာနိဗ္ဗာန်ကိုရည်မှန်း ပြီးတော့ပြုမှာ၊ နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ပြုမှာ၊ နိဗ္ဗာန်က ဘယ်လိုအရပ်တုန်း၊ မသေတတ်တဲ့အရပ်၊ မသေရာအရပ်ခေါ်တယ်။

အမထတဲ့ပါဠိလို့မတ-ဆိုတာသေတာ၊ အမတ-ဆိုတာမသေတတ်တဲ့အရပ် မသေရာအရပ်၊အဲဒီမသေရာအရပ်ဖြစ်တဲ့နိဗ္ဗာန်ကိုမှန်းပြီးတော့ မိုးကုတ်မြို့က နေပြီးတော့၊ ဂန္ဓာရုံထိအောင်လာခဲ့တော့ လမ်းမှာသောက်စရာရှိတဲ့ ရေလေးများ သောက်ခဲ့ရသေးသကိုး. ဖျော်ရည်လေးများရှိလည်း ဖျော်ရည်သောက်ခဲ့တယ်၊ ရေရိုးရိုးလည်းသောက်ခဲ့တယ်။ အဲဒီသောက်သမျှဟာ မသေရာနိဗ္ဗာန်ကိုသွားရင်း၊ မသေရာနိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ဒါနပြုဖို့ ကြံရွယ်လာရင်းနဲ့သောက်တဲ့ အရည် မို့လို့ မသေရည်တဲ့။ ဟော-မသေရည်ဆိုတာ၊ မသေရာနိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ဒါနကောင်းမှုပြုရင်းနဲ့ သောက်တဲ့အရည်၊ မသေရည်။ မသေရာနိဗ္ဗာန်ကိုရည် မှန်းပြီးတော့ဆောက်တည်တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဥပုသ်သီလဆောက်တည် ရင်းနဲ့သောက်တဲ့အရည် မသေရည်။ သမထ,ဝိပဿနာ ဘာဝနာတရားပွါးများ မယုတ်အားထုတ်ရင်းနဲ့ သောက်တဲ့အရည် မသေရည်။ မသေရည်ဆိုတာ မှတ်ပြော တာ၊ စားသမျှအစာဟာလည်း မသေစာခေါ်တယ်၊ ဝတ်သမျှအဝတ်ဟာလည်း မသေဝတ်ခေါ်တယ်၊ နေသမျှနေရာထိုင်ခင်းလည်း၊ မသေနေခေါ်တယ်။ ဒီတော့- ဘုရားအလောင်း တိုက်ရိုက်စကားနဲ့ပြောရင် အားလုံးပရိသတ် လိုက်ဆိုစမ်းပါ့. .

## ❖ မသေရည်သောက်,သေရည်သောက်,နှစ်ယောက်ရှိကြတယ်။

လူ့လောကကြီးထဲမှာ လူတွေဘယ်လောက်ပဲ သိန်းသန်းကုဋေများများ၊ ခွဲခြားကြည့်ရင်၊ မသေရည်သောက်နေတဲ့လူအုပ်စုကြီးကတစ်စု၊ သေရည်သောက် နေတဲ့လူအုပ်စုကြီးကတစ်စု။ သေရည်သောက်တဲ့လူဆိုတာ သေတတ်တဲ့ လူ့ရွာ, နတ်ရွာ,ဗြဟ္မာရွာ, အပါယ်လေးပါးရောက်စေတတ်တဲ့အလုပ်တွေ လုပ်နေတဲ့သူကို သေရည်သောက်တဲ့လူလို့ခေါ်တယ်၊ ဆိုပါတော့-လူပြည်ပြန်ရောက်မည့်သူ လူ့ပြည်ရောက်ကြောင်းဖြစ်တဲ့ အလုပ်လုပ်နေတယ်၊ ငါးဖြာအာရုံကာမဂုဏ်နဲ့တင် မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆနေတယ်ဆိုရင် အပါယ်လေးပါးရောက်သွားနိုင် တယ်၊ အပါယ်လေးပါးရောက်၊ အပါယ်လေးပါးကသေတတ်တဲ့နေရာကြီးပဲ။ နွား ဖြစ်သွား နွားသေသေမယ်၊ခွေးဖြစ် ခွေးသေသေမယ်၊ ကျွဲဖြစ် ကျွဲသေသေမယ်လေ၊

http://www.dhammadownload.com



ဘာဘုံရောက်ရောက်၊ အပါယ်လေးပါးရောက်ရင် ရောက်တဲ့နေရာ သေမှာချည်းပဲ၊ ဒါကြောင့် သေရာဌာနကြီး၊ အပါယ်လေးဘုံကလည်း သေရာဘုံဌာနကြီး၊ လူ့ဘုံရောက်ရင်လည်း လူ့ဘုံဌာနသေတာပဲ လူသေ၊ ဒါကြောင့် လူ့ဘုံကလည်းသေရာဌာန၊ နတ်ပြည်ခြောက်ထပ်ကလည်း သေရာဌာနခြောက်ထပ်၊ ပြဟ္မာနှစ်ဆယ်ကလည်း သေရာဌာနပြဟ္မာနှစ်ဆယ်။ ဒီတော့ သုံးဆယ့်တစ်ဘုံထဲ ရောက်မယ့် နေရာတွေမှန်သမျှ သေရာဌာနရောက်မှာတွေချည်းပဲ။ အဲလို သေရာဌာနရောက်မယ့် အလုပ် တွေကိုလုပ်ကိုင်နေတဲ့သူတွေသောက်တဲ့အရည်ကို သေရည်သောက်တယ် . . . လို့ခေါ် လိုက်တာ။

ဒီတော့-ငါးဖြာအာရုံကာမဂုဏ်နဲ့ သားရေး, သမီးရေး, စီးပွါးရေးတွေနဲ့ မေ့လျော့ပြီးတော့ ကုသိုလ်ကောင်းမှု နိဗ္ဗာန်ရည်မှန်းပြီးတော့မပြုနိုင်သူတွေကတော့ သုံးဆယ့်တစ်ဘုံထဲ ဟိုဘုံရောက်လိုက်၊ ဒီဘုံရောက်လိုက်၊အပါယ်လေးပါးကျလိုက်၊ လူ့ပြည်တက်လိုက်၊ နတ်ပြည်တက်လိုက်၊ စုံလိုက်,ဆန်လိုက်နဲ့နေတယ်၊ သေမယ့်နေရာက သေမယ့်နေရာတွေချည့် လျှောက်ရောက်နေတာမို့လို့ သူတို့ကို အဲဒီအတွင်း သောက်တဲ့အရည်မှန်သမျှ သေရည်သောက်တယ်လို့ခေါ် တယ်။ အဲဒီအတွင်း စားတဲ့အစားမှန်သမျှ သေစားစားတယ်လို့ခေါ် တယ်၊ အဲဒီအတွင်းဝတ်တာ၊ဆင်တာမှန်သမျှ သေဝတ်, သေဆင်လို့ခေါ် တယ်၊ အဲဒီအတွင်းနေရာထိုင်ခင်းတွေ နေတာမှန်သမျှ၊ သေနေ,နေတယ်လို့ခေါ် တယ်။

ဒီတော့-လောကမှာ မသေရာနိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ကောင်းမှုတွေကိုပြုမယ်လို့ကြတယ်။ ပြုနေတယ်၊ ပြုပြီးတော့ ဝမ်းသာနေတဲ့သူတွေမှန်သမျှက မသေရည်သောက်တဲ့သူ။ မသေစားစားတဲ့သူ၊ မသေဝတ် မသေဆင်ကို ဝတ်ဆင်တဲ့သူ၊ မသေရာနေရာဌာနနေတဲ့သူတဲ့။ အဲ-ကျန်တဲ့သူတွေ ကုသိုလ်ကောင်းမှု မေ့လျော့ ပေါ့ဆနေတဲ့သူတွေကတော့ သေရည်သောက်တဲ့သူ၊ သေစားစားတဲ့သူ၊ သေဝတ်ဆင်တဲ့သူ၊ သေနေနေတဲ့သူ။ မသေရည်သောက်, သေရည် သောက်လို့ လောကကြီး လူနှစ်အုပ်စုပဲရှိတယ်. . လို့ ဘုရားကဟောပြီ။ ငါက ဘယ်ထဲကတုန်း၊ ငါနေ့တိုင်းနေ့တိုင်း မသေရည်သောက်တဲ့ထဲပါသလား၊ သေရည်သောက်ထဲပါသလားလို့ဆိုတာ စဉ်းစား . တဲ့၊ စဉ်းစားလို့-

❖ မသေရည်သောက်,သေရည်သောက်, နှစ်ယောက်ရှိကြတယ်၊
မသေသောက်လား,သေသောက်လား, စဉ်းစားပါရတယ်။
မသေသောက်ဖြစ်အောင်,သတိမြှောင်, ကျင့်ဆောင်ကြိုးစားကွယ်၊

http://www.dhammadownload.com



❖ မသေအစား, သေအစား, နှစ်ပါးရှိကြတယ်၊
မသေစားလား, သေစားလား, စဉ်းစားပါးရတယ်၊
မသေစားဖြစ်အောင်, သတိမြှောင်, ကျင့်ဆောင်ကြိုးစားကွယ်၊

❖ မသေဝတ်ဆင်,သေဝတ်ဆင်, နှစ်ခွင်ရှိကြတယ်၊
မသေဝတ်လား, သေဝတ်လား, စဉ်းစားပါရတယ်၊
မသေဝတ်ဖြစ်အောင်, သတိမြှောင်, ကျင့်ဆောင်ကြိုးစားကွယ်၊

❖ မသေအနေ, သေအနေ, နှစ်ထွေရှိကြတယ်၊
မသေနေလား, သေနေလား, စဉ်းစားပါရတယ်၊
မသေနေဖြစ်အောင်, သတိမြှောင်, ကျင့်ဆောင်ကြိုးစားကွယ်။

ဟော-မသေရာနိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ဒါနကောင်းမှုပြုနေဆဲအချိန်၊ ပြုမယ်လို့ကြံနေတဲ့အချိန်၊ ပြုပြီးတော့ဝမ်းသာနေတဲ့အချိန်၊ အဲဒီအတွင်း သောက်သမျှအရည်ဟာ မသေရည်သောက်တယ်လို့ခေါ်တယ်၊ အဲဒီအတွင်းစားသမျှအစာ မသေစာစားတယ်လို့ခေါ်တယ်၊ အဲဒီအတွင်း ဝတ်သမျှ၊ ဆင်သမျှအဝတ်အထည်, လက်စွပ်,လက်ကောက်,ပတီး,နားဆွဲဆင်သမျှ မသေဝတ်မသေဆင် ဝတ်ဆင်တယ်လို့ခေါ်တယ်၊ အဲဒီအတွင်း နေရာထိုင်ခင်းနေတာမှန်သမျှ မသေနေတယ်လို့ခေါ်တယ်၊ အဲဒီအထဲမှာ မသေရည်သောက်တဲ့သူဖြစ်အောင်၊ မသေစာစားတဲ့သူဖြစ်အောင်၊ မသေဝတ်, မသေဆင်ကိုဝတ်ဆင်တဲ့သူဖြစ်အောင်၊ မသေနေနေတဲ့သူဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်. . တဲ့၊ ဒါဖြင့်-မသေရည်သောက်နေတဲ့သူဆိုတာ ဘယ်လိုလူတုန်း. . ဆို-

❖ ဒါနတရား, ကြိုးစားနေသူ,
ကုသိုလ်ကိစ္စနေ့ည မဟူ၊
မသေရာမှန်း,ကြိုးပမ်းနေသူ,
မသေသောက်,တစ်ယောက်ဆိုရသူ။

အဲ-နိဗ္ဗာန်ရည်မှန်းပြီးတော့ လှူဒါန်းပေးကမ်းစွန့်ကြဲတဲ့ ဒါနတရား၊ ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ကောင်းမှုတွေ ပြုမယ်လို့ကြံနေတယ်၊ ပြုနေတယ်၊ ပြုပြီးတော့ဝမ်းသာနေတယ်ဆိုတဲ့ မသေရာ နိဗ္ဗာန်ကိုမှန်းပြီးတော့ အဲဒီဒါနကောင်းမှုကိုကြိုးပမ်းနေတဲ့သူဟာ မသေသောက်တစ်ယောက်ဆိုရသူ၊ မသေသောက်ဆိုတဲ့လူ၊ လူတစ်ယောက်ဖြစ်တော့တာပဲတဲ့ အဲဒါ၊ အတူတူပဲပေါ့ မသေရာ

http://www.dhammadownload.com



မှန်းကြိုးပမ်းနေသူ မသေစားဆိုရတဲ့သူပေါ့၊ မသေဝတ်ဆိုရတဲ့သူပေါ့၊ မသေနေဆိုရတဲ့သူပေါ့။ အဲကိုယ့်ကိုယ်ကိုမသေရည်သောက်တဲ့သူဖြစ်အောင်၊ မသေစားစားတဲ့သူဖြစ်အောင်၊ မသေဆင်ကိုဝတ်ဆင်တဲ့သူဖြစ်အောင်၊ မသေနေနေတဲ့သူတွေဖြစ်အောင် နေ့စဉ်နေ့စဉ် ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြပါစေကုန်သတည်း။

ဤတေမိယဇာတ်တော်၌ ဘုရားကိုယ်တော်မြတ်ကြီးဆုံးမတော်မူခဲ့တဲ့ လူမျိုးနှစ်စားထဲမှာ မိမိတို့ကိုယ်မိမိတို့ဒီနေ့မိုးကုတ်မြို့ ပန်းမရပ်ကလာရောက်ကြတဲ့ ဒကာကြီး,ဒကာမကြီးများနှင့်တကွ၊ ရန်ကုန်ဒေါ်မုံမြို့က, တောင်ငူမြို့ကအသီးသီး လာရောက်ကြတဲ့ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့သည်၊ ယနေ့မသေရည်သောက်တဲ့သူဖြစ်အောင်၊ မသေစားစားတဲ့သူဖြစ်အောင်၊ မသေဝတ် ဝတ်ဆင်တဲ့သူဖြစ်အောင်၊ မသေနေနေတဲ့သူဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်တတ်ကြသလို၊ နေ့စဉ်နေ့စဉ်လည်းပဲမသေရည်သောက်တဲ့သူတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

မသေရည်သောက်တဲ့သူတွေဖြစ်အောင်၊ မသေစားစားတဲ့သူတွေဖြစ်အောင် မသေဝတ်, မသေဆင် ဝတ်ဆင်တဲ့သူတွေဖြစ်အောင်၊ မသေနေတဲ့သူတွေဖြစ်အောင်ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ကျင့်ဆောင်ကြိုးကုတ်အားထုတ်တော်မူသွားတတ်ကြတဲ့ ဘုရား ပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း,သူတော်ကောင်းမကြီးတို့ ရောက်အပ်ရအပ်သိမြင်အပ်သော နိဗ္ဗာနတတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ, ရောက်ကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com

# ဝိပဿနာအားထုတ်နည်း တရားတော်



ယနေ့-မြန်မာကောဇာသက္ကရာဇ် ၁၃၄၉-ခုနှစ် တန်ခူးလပြည့်ကျော်(၁) ရက်၊ ခရစ်နှစ် ၁၉၈၇-ခု ဧပြီလ(၁၄) ရက်၊ သင်္ကြန်အကျနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော၊ ဘုရားသားတော် သံဃာတော် (၇၀၀)ကျော်တို့အား၊ (၅)ကြိမ်မြောက် (၅) နှစ်မြောက်၊ နံနက်ဆွမ်း, နေ့ဆွမ်းများ လာရောက်ပြီးတော့ လောင်းလှူဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ မန္တလေးမြို့ လမ်း(၃၀)ယွန်းတန်း အမှတ်(၂၄၂)မှာနေထိုင်ကြတဲ့ ကျောင်းအမကြီး၊ ဆွမ်းအမကြီး ဒေါ်တုတ်တုတ်နဲ့ သား, သမီး ဆွမ်းဒကာ,ဆွမ်းဒကာမများဖြစ် ကြတဲ့၊ ဒကာကိုကံတင်တို့+ဒကာမ,မဌေးတို့ မိသားစုဖြစ်ကြပါတယ်။

ဒီတော့-ကျောင်းအမကြီးများလည်းဖြစ်နေတယ်၊ ကျောင်းဒကာကျောင်းအမအဆက်တွေလည်းဖြစ်နေတယ်၊ ဟိုဟိုဒီဒီမှာလည်း ကောင်းမှုတွေအများကြီး ပြုပြီးတော့နေတယ်၊ အခုဒီမှာလည်းပဲ ကုသိုလ်လာပြီးတော့ပြုတယ်၊ ဒီတော့-ပြုနေတဲ့ကုသိုလ်ကောင်းမှုတွေအတွက် ဘုန်းကြီးတို့က အထူးတလည် ပြုပါလို့ ပြောဖို့ မလိုတော့ဘူး။ ပြုတိုင်းပြုတိုင်း ပိုပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်နဲ့နီးစပ်သွားအောင်၊ လိုနေတဲ့အကွက်လေးကို ဘုန်းကြီးတို့ကဖြည့်ပေးရမယ်။ ရှိပြီးသားဖြစ်ရင်လည်းပဲ "ခိုင်ရာသံစွဲ, မြဲရာသံပတ်, မြတ်ရာအထွဋ်တင်"ဆိုတာလိုပဲ နဂိုကရှိထားလို့ရှိရင် လည်းပဲ အဲဒီပြည့်ပြီးသား၊ ရှိပြီးသားကို ပိုပြီးတော့ခိုင်အောင်, ပိုပြီးတော့မြဲအောင်, ပိုပြီးတော့အမွမ်းတင်ပြီးသားဖြစ်အောင်၊ ဒါ-ဘုန်းကြီးတို့ကပြောပေးရမယ်။

ပြောပေးရမယ်ဆိုတာ- အခုဆွမ်းဒကာ, ဆွမ်းအမကြီးတွေကို ဦးတည်ပြီးတော့ ဒီနေ့သူတို့ကုသိုလ်ကောင်းမှုပြုလို သူတို့ကိုပြောတာ၊ အခုပါလာကြတဲ့ပရိသတ်တွေ, တရားနာနေကြတဲ့ ပရိသတ်တွေလည်းဆိုင်တယ်၊ အခုဒုလ္လဘဝတ်ပြီးတော့လာကြတဲ့ ရဟန်းတော်တွေလည်းဆိုင်တယ်၊ ကျောင်းရှိတဲ့ကိုယ်တော်တွေနဲ့လည်းပဲဆိုင်တယ်။ ဒီတော့-ဒုလ္လဘတွေအနေနဲ့လည်းပဲ တပည့်တော်တို့နေ့လယ်သုံးနာရီဒုလ္လဘသင်တန်းဆိုပြီးတော့ ဟိုမှာခေါ်သင်ပေးတယ်၊ အဲဒါက

http://www.dhammadownload.com



အခြေခံဝတ်ပုံစားပုံ, ထိခြင်းငါးပါးနဲ့ဝတ်ချပုံ, သင်္ကန်းရန်းပုံ, ပြီးတော့ ဗုဒ္ဓဘာသာရဲ့ အခြေခံဖြစ်တဲ့ သရဏဂုံနဲ့ ငါးပါးသီလ၊ ဒီအခြေခံတွေကို သင်တန်းပေးတာ။

အခု-ဒီသြဝါဒကနေပြောနေတာကတော့ နေ့တရားဟောရင်းနဲ့ ဒုလ္လဘတွေရယ်လို့ မဟုတ်ပေမယ်လို့ ဖော်မပြောပေမယ့်လို့ ဒုလ္လဘဝတ်တဲ့ကိုယ်တော်တွေရော၊ လာတဲ့တရားနာပရိသတ်တွေရော၊ အထူးသဖြင့်ကတော့ ကုသိုလ်ကောင်း မှုပြုတဲ့သူ ဦးတည်ပြီးတော့ပြောရတာ။ ပြောပေမယ့်လို့ အားလုံးဆိုင်တာပဲ၊ အားလုံး ဒို့လည်းပါတာပဲ. . လို့ ဒုလ္လဘဝတ်တဲ့ကိုယ်တော်တွေ၊ ရဟန်းတော်တွေ, သာမဏေတွေကသိကြ။ သိပြီးတော့မှတ်ကြ, နာယူကြ, ကျင့်ကြ, လိုက်နာကြ, မိမိတို့ ဒီဒုလ္လဘရဟန်းလေးဝတ်ဖို့(၇)ရက်၊ ရှန်းကန်ဖို့ရာအတွက်ကို မနည်းရှုန်းကန်ထွက်လာရတယ်ဆိုတာကို ငါ့ရှင်တို့သိပြီးသား၊ ဒီတော့ နေတဲ့အခိုက်လေး အကျိုးရှိသွားအောင် အားထုတ်ကြ။

အဲသလိုပဲပေါ့-ဟိုက,ဒီက ဥပုသ်စောင့်လာကြရင်း၊ ကောင်းမှုပြုလာရင်းနဲ့ လာတဲ့သူတွေကလည်း ဒီလိုအခါကြီးရက်ကြီး အချိန်လေးမှာ မိမိတို့ရှုန်းကန်ပြီးတော့ ထွက်လာရတာ၊ ဃရာဝါသ ကိစ္စများမြောင်, လူ့ဘောင်ကြီးထဲရုန်းထွက်လာရတဲ့အခိုက်အတန့်လေးမှာ ထွက်ရကျိုးနပ်အောင်လုပ်ကြ၊ ဒွာလုပ်လုပ်ကြ၊ သီလရယ်,သမာဓိရယ်, ပညာရယ်နဲ့ နေဖြစ်အောင်နေကြ၊ ဒိပြင်အချိန်တွေက ဒိပြင်ဟာတွေနဲ့နေတာ၊ အာရုံငါးပါးနဲ့နေတာ၊ ဒီတော့ ဒီနေ့ဆွမ်းအမကြီး ဒကာမကြီး ဒေါ်တုတ်တုတ်နဲ့ ဆွမ်းဒကာ ဆွမ်းအမ သား,သမီးများဖြစ်ကြတဲ့ ကိုကံတင်+မဒွေးတို့ကို ဦးတည်ပြီးတော့ပြောရမယ်ဆိုရင် မိမိတို့ ဘာကောင်းမှုပြုပြု ကုသိုလ်ကောင်းမှုပြုတိုင်း ပြုတိုင်း၊ မြတ်စွာဘုရားက မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရှုစ်တန်ကို ပေါ်အောင် ကျေးဇူးပြုတဲ့ ကုသိုလ်ကောင်းမှုဖြစ်စေချင်တယ်။

တစ်နည်းပြောရင် နိဗ္ဗာန်ကိုမြန်မြန်ရတဲ့ကုသိုလ်၊ နိဗ္ဗာန်ကိုအားကောင်းကောင်းနဲ့တွန်းအားပေးတဲ ကုသိုလ်ကိုဖြစ်စေချင်တယ်၊ ဒါကို စာလိုပြောတော့ ဝိဝဋ္ဋနိဿိတကုသိုလ်ခေါ်တယ်၊ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းကုသိုလ်၊ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဆိုတာ ဝဋ်ဆင်းရဲကြီးဆိုတာဘာတုန်းလို့ဆိုတော့၊ မြင်လွယ်အောင်ပြောရရင်၊(၃၁)ဘုံကြီးကို ဝဋ်ဆင်းရဲကြီးလို့ခေါ်တာပေါ့၊ ဝဋ်ဘုံကြီးလို့ခေါ်တာပေါ့၊ ဝဋ်ဆိုတာဘာတုန်းလို့ဆိုတော့ ထပ်ခါတလဲလဲဖြစ်နေတာကို ဝဋ်လို့ခေါ်တာ။ ပါဠိလို ဝဋ္ဋ၊ မြန်မာက အဲဒါအသတ်ကလေးသတ်ပြီးတော့ ဝဋ်လို့ခေါ်ထားတာ၊ "ဝ"ကို "ဋ" သလ္လင်ချိတ်လေးသတ်ပြီးတော့ "ဝဋ်"၊ ပါဠိလိုက

http://www.dhammadownload.com



တော့ "ဝဋ္ဋ"၊ ဝဋ္ဋဆိုတဲ့စကားက၊ ဝါ -ဝဋ်ဆိုတဲ့စကားက ဘာတုန်းဆိုတော့ ထပ်ခါ ထပ်ခါဖြစ်နေတာ၊ တစ်ပတ်ပတ်ဖြစ်နေရတာကို ဝဋ် လို့ခေါ်တာပေါ့။

ဒီတော့-အဲဒီတပတ်ပတ်ဖြစ်နေရတာ ဘာတွေတုန်းလို့မေးလိုက်တော့၊ သံသရာရဲ့ဘယ်သူမှမကင်းနိုင်တဲ့ ဘုရားရဟန္တာတွေတောင်မကင်းနိုင်တဲ့၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဒီသုံးပါးကိုပြောတာ၊ အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဒီသုံးပါးဟာ ဘယ်သူမှမကင်းနိုင်ဘူး၊ ထပ်တစ်လဲလဲဖြစ်ရတာ၊ ဘယ်ဘုံ ဘယ်ဘဝ ရောက်သွားသွား၊ သူတို့သုံးခုနဲ့တွေ့တဲ့သူချည်း၊ မတွေ့တဲ့သူရယ်လို့မရှိဘူး။ ဒါဖြင့် ကိုယ့်သန္တာန်ထပ်တလဲလဲဖြစ်တာသေချာပြီ၊ အဲဒါကို ဝဋ် ခေါ်တယ်။ ဒီတော့- အဲဒီထပ်တလဲလဲဖြစ်တဲ့ အဲဒီသုံးပါးမှတပါး၊ ဒိပြင်ထပ်တလဲလဲဖြစ်တာတွေ အများကြီးရှိသေးတယ်၊ အပါယ်လေးဘုံကျရတာတွေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်တာတွေ၊ ချစ်တဲ့သူတွေနဲ့ကွဲလို့၊ မုန်းတဲ့သူတွေနဲ့တွဲရလို့၊ လိုချင်တာမရလို့နဲ့ ဒါတွေက အများကြီးရှိသေး။ သို့သော်လည်းပဲ အဲဒါက လူတိုင်းဖြစ်တာမဟုတ်ဘူး၊ သေသေချာချာခွဲခြမ်းစိတ်ဖြာပြောမယ်ဆိုရင်။ခုနက-အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဒီဘေးကြီးသုံးပါးက သဘာဝဒုက္ခကြီး ခေါ်တယ်။

(၁၁)ဘုံထဲရောက်လာရင် ရုပ်နာမ်ရလာတဲ့သူတိုင်းဘယ်သူမှမကင်းတာ၊ ဘုရားတောင်မလွတ်ဘူး၊ ရဟန္တာအရှင်မြတ်ကြီးတွေ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတွေလည်း မလွတ်ဘူး၊ ချမ်းသာမပေးဘူး၊ ဒါကြောင့် သူ့ကိုသဘာဝဒုက္ခကြီးသုံးလုံးခေါ်တယ်၊ ဇရာဘေးခေါ်တဲ့ အိုခြင်း၊ ဗျာဓိဘေးခေါ်တဲ့နာခြင်း၊ မရဏဘေးဆိုတဲ့သေခြင်း၊ အဲဒါသဘာဝဒုက္ခကြီး၊ အဲခုနက ဓမ္မစကြာမှာဟောတဲ့ ဒုက္ခခုနှစ်လုံးမှာ-ဒုက္ခအပိုင်းကြီးခုနှစ်ပိုင်းမှာ" ဇာတိ ပိဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိဒုက္ခံ"နဲ့ အဲဒီဟောတဲ့ထဲက ဇရာ ရယ်၊ ဗျာဓိရယ်၊ မရဏ၊ရယ်က ရှိသမျှသတ္တဝါကို အကုန်ညှင်းပန်းနှိပ်စက်တဲ့ ဒုက္ခကြီးမို့လို့ သဘာဝဒုက္ခကြီး။

ကျန်တဲ့ ဒုက္ခလေးမျိုးခေါ်တဲ့ ဇာတိဒုက္ခ-ပဋိသန္ဓေပြန်နေရတဲ့ဒုက္ခတို့ပြီးတော့ ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးတဲ့သူတွေနဲ့ ကွဲရတဲ့ဒုက္ခ၊ မချစ်ခင် မနှစ်သက်တဲ့သူတွေနဲ့တွဲနေရတဲ့ဖြစ်တဲ့ဒုက္ခ၊ အလိုရှိတာမရလို့ ဖြစ် တဲ့ဒုက္ခ၊ အဲဒီဒုက္ခလေးမျိုးကတော့ သရာဂဒုက္ခလို့ခေါ်တယ်၊ ရာဂမကင်းသေးတဲ့ သူတွေဖြစ်တဲ့ ဒုက္ခ၊ ရာဂမကင်းသေးဘူးဆိုတာရဟန္တာမဖြစ်သေးတဲ့သူပြောတာ၊ ရဟန္တာ မဖြစ်သေးတဲ့ ရဟန္တာမ,မဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေ၊ အနည်းဆုံး အနာဂါမ်လောက်မှ မဖြစ်သေးဘူးဆိုရင် ဒါပြောတာ၊ ဒီတော့ အကျဉ်းချုပ်ကတော့ အထွတ် အထိပ်နဲ့ပြောရင်၊

http://www.dhammadownload.com



ရဟန္တာမဖြစ်သေးရင်, ကြုံရတဲ့ဒုက္ခ၊ ဒါကို ပါဠိလိုတော့ "သရာဂ ဒုက္ခ" ရာဂမကင်းသေးလို့ဖြစ်ရတဲ့ ဒုက္ခ၊ တဏှာလောဘမကင်းသေးလို့ဖြစ်တဲ့ ဒုက္ခ။

ဒီတော့-တဏှာ လောဘမကင်းသေးရင် ဇာတိခေါ်တဲ့ ပဋိသန္ဓေတည်တဲ့ဒုက္ခက တွေ့ရတယ်လေ၊ ပြီးတော့ ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးအပ်တဲ့ သက်ရှိသက် မဲ့တွေနဲ့ကွဲရလို့ စိတ်တွေပူဆွေးပြီးတော့ ဖြစ်တဲ့ဒုက္ခဆိုတာ ရဟန္တာတွေမှာ မဖြစ်ဘူး၊အဲဒါ ရဟန္တာ-ယောကျ်ား၊ ရဟန္တာမတွေမှာ မရှိဘူး၊ မချစ်ခင်မနှစ်သက်တဲ့သူတွေနဲ့ တွဲနေရလို့ကိုယ်ဆင်းရဲ့ စိတ်ဆင်းရဲဖြစ်နေတဲ့ဒုက္ခလည်း ဘုရား ရဟန္တာတွေမှာ မရှိဘူး၊ လိုချင်တာမရလို့ ဖြစ်တယ်ဆိုတဲ့ဒုက္ခလည်း ဘုရားရဟန္တာတွေမှာ မရှိဘူး၊ ဟော-ဒီတော့ အဲဒီဒုက္ခတွေက သရာဂဒုက္ခလို့ခေါ်တယ်၊ အကျဉ်းချုပ်လိုက်တော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ဒီခန္ဓာငါးပါး ဥပါဒါနက္ခန္ဓာ" ရနေတာ ဒုက္ခပဲ၊ ဟောဒါကနောက်ဆုံးချုပ်လိုက်တာ၊ ဝိပဿနာ ရှုကွက်ဒုက္ခ၊ ဒီတော့ ဓမ္မစကြာမှာ ဘုရားဟောတဲ့ဒုက္ခကိုခုနှစ်မျိုးရှေ့ကဟောတယ်၊ နောက်ကဝိပဿနာတင်, ဆင်ခြင်ဖို့ရာ ဥပါဒါနက္ခန္ဓာဒုက္ခကိုဟောတယ်။

ဒီတော့-အဲဒီထဲမှာသဘာဝ ဒုက္ခကြီးတွေဆိုတာ ခုနက ဇရာဒုက္ခ ဗျာဓိဒုက္ခ, မရဏဒုက္ခ (၃၁)ဘုံထဲ ရုပ်နာမ်မရလိုက်နဲ့ ရလိုက်ရင်ဒီသုံးလုံးကတော့ သေချာပေါက်ပဲ၊ ဒီတော့ အဲဒီလိုသုံးခုနှင့်တကွ ခုနကဒုက္ခတွေက သူ့သူ့ငါငါ ထပ်တလဲလဲ ဖြစ်နေရလို့ ဝဋ္ဋတဲ့ ပါဠိလို၊ ထပ်ခါထပ်ခါတွေနေရတာ၊ ထပ်ခါထပ်ခါတွေနေရတယ်ဆိုတာတစ်ဘဝမှ တစ်ခါတွေ့တာ၊ တစ်ကြိမ်ကြုံတာဆိုတာ ခုနက ဇရာ, ဗျာဓိ, မရဏ,ထင်ရှားတဲ့ ဇရာ ဗျာဓိမရဏ ပြောတာ၊ မထင်ရှားတဲ့ ဇရာ,ဗျာဓိ, မရဏကခုတွေ့နေကြတာပဲ၊ဘုန်းကြီးတို့ခန္ဓာကိုယ်မှာ ဇရာခေါ်တဲ့အိုခြင်းတရားက-ထင်ထင်ရှားရှားအိုတာကတော့ ဆံပင်တွေဖြူကုန်ပြီ ဘေးကမြင်တယ်၊ သွားတွေကျိုးကုန်ပြီ, နဲ့ကုန်ပြီ, ပါးရေတွေတွန့်ကုန်ပြီ၊ ဒါဘေးကမြင်တာ။

အဲဒီလိုမျက်စိနဲ့မမြင်ရဘဲနဲ့အိုနေတဲ့အအိုက အခုထိုင်ပြီးဘုန်းကြီးတရားဟောနေရင်းလည်းအိုရက် ဘုန်းကြီးခန္ဓာကိုယ်က၊ ရင့်ရော်,ရင့်ရော်, ဟောင်းမြင်း, ဟောင်းမြင်း,ဟောင်းမြင်း, ဒါသွားနေတာ၊ တဖြေးဖြေး ရင့်ရော်ဟောင်းမြင်းမှုကြီးက အမြဲရှိနေတာ၊ အခုဒကာ ဒကာမတွေရဲ့ခန္ဓာလည်းဒီတိုင်းရှိနေတာပဲ။ ဒီတော့ အဲဒီရင့်ရော်ဟောင်းမြင်းမှုကြီးလည်း ထပ်တလဲလဲပဲ။ စက္ကန့်မလပ်,မိနစ်မသိ နာရီမဆိုင်း,တဒိုင်းဒိုင်း တဟောဟောအိုနေတာ ရင့်ရော်နေတာချည့်ပဲ။ အဲဒါဝိပဿ

http://www.dhammadownload.com



နာနဲ့မြင်ရမဲ့ဇရာ၊ ခုနက ဆံပင်ဖြူကုန်ပြီ. . ပါးရေတွေတွန့်ဟ-ဆိုတာကပကတိမျက်စိနဲ့ကို မြင်စကောင်းတယ်။ ပကတိမျက်စိနဲ့မြင်စကောင်းတယ်ဆိုတာဇရာကိုတော့ ပကတိမျက်စိနဲ့မြင်လို့တော့မရဘူး၊ ဉာဏ်နဲ့မှကြည့်လို့ရတယ်၊ ခုနလိုဆံပင်တွေဖြူနေတာ,သွားတွေကျိုးနေတာ ဒါ-ဇရာမဟုတ်လားဆိုတော့ မဟုတ်ဘူး၊ အဲဒါဇရာရဲ့လက်ရာခြေရာတွေတဲ့၊ ဇရာဆိုတာကရင့်ရော် ဟောင်းမြင်းမှုကြီးကိုခေါ်တာ၊ ဆံပင်ဖြူ,သွားကျိုးနေတာက အဲဒီရင့်ရော်ဟောင်းမြင်းမှုကြီး ဖြတ်သန်းသွားလို့ ကျန်နေရစ်တဲ့ ဒဏ်ရာဒဏ်ချက်ကို တွေတာ၊ ဒါကိုဘုန်းကြီးတို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက နဇရာ စက္ခု ဝိညေယျ မနောဝိညေယျ ဧဝ-ဇရာတရားဆိုတာမျက်စိနဲ့မြင်လို့ရတာ မဟုတ်ဘူး၊ မနောနဲ့မှသိနိုင်တယ်ဉာဏ်နဲ့မှသိလို့ရတာ။

ဥပမာ ဘာနဲ့တူတုန်းဆိုတော့ မီးလောင်သွားတဲ့ မီးလောင်ပြင်ကိုမြင်သလိုပဲတဲ့၊ ဒို့-တစ်နေရာမှာ တောမီးလောင်သွားတယ်ဆိုပါတော့၊ တောမီးကြီးလောင်ပြီးတော့ ကျန်နေရစ်တာ မည်း. . . လို့ မီးလောင်တဲ့လမ်းကြောင်းကြီးက၊ ပြီးတော့သစ်ငုတ်တိုတွေလည်း ကျန်ရစ်တယ်၊ သစ်ပင်တွေဘာတွေလည်း၊ ငုတ်တိုကြီးတွေကျန်ရစ်တာ၊ မည်းနေတာပဲ လမ်းကြောင်းကြီး၊ အဲဒီမည်းနေတဲ့ လမ်းကြောင်းကြီးဟာ မီးလားဆိုတော့ဘယ်ဟုတ်မှာတုန်း မီးလောင်သွားတဲ့နေရာကြီး။ ဇရာဆိုတာ မီးတစ်မျိုးလို့ဘုရားက ဟောထားတာကိုး၊ မီးတစ်ဆယ့်တစ်ပါးထဲမှာ ဇရာမီးဆိုတာပါတယ်၊ ဒီတော့ အဲဒီဇရာမီးက မျက်စိနဲ့ မမြင်စကောင်းဘူး၊ သူဖြတ်သန်းသွားလို့ ဆံပင်တွေဖြူကျန်ရစ်တယ်၊ ဟော-မီးလောင်သွားလို့ မီးလောင်ကြောင်းကြီး မည်းကျန်ရစ်သလိုပေါ့၊ သစ်ပင်တွေကျိုးပဲပြီးငုတ်တိုတွေကျန်ရစ်သလိုပေါ့ အဲဒီလို။ ဒါ့ကြောင့် အဲဒီဇရာတရားက ခုနပြောသလို ထင်ထင်ရှားရှားမြင်ရတဲ့ဇရာ၊ မထင်မရှားရှိတဲ့ဇရာလို့ နှစ်မျိုးရှိတာ။

ဗျာဓိလည်း ထို့အတူပဲ၊ ထင်ရှားတဲ့ဗျာဓိ-ဒါကအိပ်ယာပေါ် ပက်လက်ဖြစ်ပြီးတော့ ဆရာဝန်ခေါ်ပါဟ, ဆရာမ,ခေါ်ပါဟနဲ့ ဒါ ကုကြသကြရတာ၊ ဒါ-ထင်ရှားတဲ့ ဗျာဓိခေါ်တယ်။ မထင်ရှားတဲ့ဗျာဓိဆိုတာ ဒီခန္ဓာကိုယ်မှာ အမြဲနှိပ်စက်နေတာ ကပ်ပြီးတော့၊ ပူတာရယ်,အေးတာရယ်,ကျင်ကြီးအမှု, ကျင်ငယ်အမှုဆာမှု,ရေငတ်မှု,အဲဒါတွေ ဗျာဓိဒုက္ခတွေ၊ ပူတာအေးတာဆိုတာ ဒီခန္ဓာကိုယ်မှာပူမှုအေးမှု လွတ်နေတဲ့အချိန်တစ်ချိန်မှမရှိဘူး၊ ပူရင်လည်းနေရမယ်၊ မပူရင်အေးနေရမယ်၊ ထင်ထင်ရှားရှားသိသာအောင် ပူတာကျတော့ နွေရာသီပူလွန်းလို့ဆိုပြီးတော့ ယပ်ခတ်ရ,ရေချိုးရ, သနပ်ခါးလူးရ, ဒါ-ဆေးကုရတာပဲ၊ ဒါ-ဗျာဓိဒုက္ခကြီး၊ အဲဒီဗျာဓိဒုက္ခက လူမမြင်သူမမြင် ဗျာဓိဒုက္ခ၊ ဆရာဝန် မခေါ်ရတဲ့ ဗျာဓိဒုက္ခ

http://www.dhammadownload.com



ခေါ်တယ်၊ ခန္ဓာကိုယ်ထဲခေါင်းမြီးခြုံဝင်နေတဲ့ဗျာမိဒုက္ခ၊ ဉာဏ်နဲ့ကြည့်မှမြင်တယ်။

ဒီတော့ ပူတယ်, အေးတယ်၊ အေးတော့လဲ ဆောင်းခါအေးလို့. . ဆိုပြီးတော့ အနွေးထည်တွေဝတ်လိုက်ရတာ ဒါဗျာမိဒုက္ခသင့်တာ၊ ဘေးသင့်နေတာ၊ ဒီတော့ ဘေးသင့်လို့သင့်မှန်းမသိဘူး သတ္တဝါတွေက။ အတူတူပဲပေါ့ ဆာမှု,ရေငတ်မှု, ထမင်းဆာတယ်,မုန့်ဆာတယ်,ဆာမှုကြီးဟာ ဗျာမိဒုက္ခကြီး၊ ဝမ်းထဲကဆာပြီးတော့ မစားရဘူးဆိုတစ်ခါထဲခေါင်းတွေမူးနောက်လာအောင် ဗျာမိကထင်ရှားလာတော့တာ၊ ဒီတော့ ဆာမှုဟာ ဗျာမိဒုက္ခ၊ အဲဒီဆာမှုဟာလည်း နေ့တိုင်းရှိတာပဲ သတ္တဝါတိုင်းသန္တာန်။ မနက်အိပ်ရာကနိုးလာရင် ဗျာမိဒုက္ခကြီးနဲ့နိုးလာခဲ့ရတာ၊ ဒီတော့-မနက်ဆာလို့ ကျွေးလိုက်ရ၊ နေ့လယ်ဆာလို့ကျွေးလိုက်ရ, ညနေဆာလို့ ကျွေးလိုက်ရ၊ ဒါ-ကျွေးနေရတာပဲ၊ အနာဆေးကုနေရတာ ဗျာမိဒုက္ခကြီး။ ခုနက ဗျာမိဒုက္ခကလေ-ဆာတယ်,ရေငတ်တယ်,ကျင်ကြီးအမှုပြုချင်တယ်, ပြုပေးနေရတယ်, ကျင်ငယ်အမှုပြုပေးနေရတယ်,ပြုချင်နေတယ်၊ ဒါဗျာမိတွေပဲ။

မရဏဒုက္ခကလည်း ထင်ရှားတဲ့ မရဏ, မထင်ရှားတဲ့ မရဏလို့ နှစ်မျိုးရှိတယ်၊ ထင်ရှားတဲ့မရဏဆိုတာကတော့ သုသာန်ထမ်းပို့ရတာ၊ ဒါထင်ရှားတဲ့ လူသိတဲ့ မရဏ။ လူမသိတဲ့ မရဏကရုပ်သေနာမ်သေ၊ ရုပ်တွေနာမ်တွေဖြစ်လိုက်ပျက်လိုက်,ဖြစ်လိုက်ပျက်လိုက်,ပျက်ဆိုတာ သေတာပဲ၊ ဒီတော့ အဲဒီအသေဟာ အခုဘုန်းကြီးတရားဟောနေရင်းလည်းရှိရက်၊ အခုဘုန်းကြီး တရားဟောနေတဲ့ ခန္ဓာကိုယ်မှာလည်း ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်, ရုပ်တွေနာမ်တွေက။ ဒီပြင်ဟာမကြည့်နဲ့ အခုဟောနေတဲ့ အသံကြည့်၊ ပြောချင်စိတ်ကလေးပေါ် အသံလွှတ်လိုက်၊ ထွက်သွားလိုက်၊ နောက်ပျောက်သွား အဲဒီအသံ၊ ဒါအသံသေတာပဲ။ ဒကာ,ဒကာမတွေ နားထဲလာပြီးတော့ ဆတ်ကနဲ့ကြား, ပြီးတော့ပျောက်သွား၊ ဒါ-သေတာပဲ၊ ဒီတော့ ရုပ်တွေနာမ်တွေအဲဒီလိုသေနေတာ ဒါခဏိက မရဏ၊ အဲဒါ ဝိပဿနာဉာဏ်နဲ့မှ မြင်တယ်။

ဒီတော့ အဲဒီလိုအားဖြင့် အိုတယ်,နာတယ်,သေတယ်,ဆိုတဲ့ ဒီဝဋ္ဋ-ထပ်တလဲလဲဖြစ်မှုကြီးဟာ ဒီ(၃၁)ဘုံထဲ ရှိနေရင် အဲဒါအမြဲရှိနေတာမို့လို့ (၃၁)ဘုံ ဝဋ္ဋဘုံကြီး. . . တဲ့၊ အဲဒီ(၃၁)ဘုံ ဝဋ္ဋဘုံကြီးထဲမှာ နေချင်စိတ်မပါဘဲနဲ့ ပြုမှ(၃၁)ဘုံဝဋ္ဋဘုံကြီးထဲ ပြန်ရောက်မယ့်ကုသိုလ်မဖြစ်အောင်ပြုမှ၊ ဝိဝဋ္ဋနိဿိတ-ဝဋ္ဋဆင်းရဲမှထွက်မြောက်ကြောင်းကုသိုလ်၊ ဟော-ဒီတော့ဝဋ္ဋဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ဖြစ်အောင် ဒီနေ့ ကျောင်းအမကြီးခေါ်တုတ်တုတ်နဲ့ မိသားစုရော

http://www.dhammadownload.com



တရားနာနေတဲ့ ပရိသတ်အပေါင်းသူတော်ကောင်းတွေလည်း အသီးသီး သီလ ဆောက်တည်ကြ၊ ဒါနတွေပြုကြ၊ ကုသိုလ်တွေပြုနေကြတာ။

အခု ဒုလ္လဘကိုယ်တော်တွေလည်း ဒုလ္လဘဝတ်ကြတယ်ဆိုတော့ ကုဋေကိုးထောင်ကျော်သီလ ကုသိုလ်ကြီး ဝင်ပြီးတော့ဖြည့်ကြတာ၊ ထမ်းကြတာ၊ ငါးပါးသီလလေးလောက် ဖြည့်နေရတဲ့ အနိမ့်ပိုင်းကနေတစ်ခါတည်း ကုဋေကိုးထောင်ကျော်သီလကြီးထိအောင် ထိပ်တက်ပြီးတော့ထမ်းတာ၊ အမြင့်ကြီးကိုတက်ပြီးတော့ ထမ်းတာ သီလကုသိုလ်။ သာမဏေလေးတွေကလည်းပဲ အလယ်အလတ်ဖြစ်တဲ့ လူလောက်,ငါးပါးသီလလောက်လည်း မနိမ့်ဘူး၊ လူတွေက ငါးပါး,ရှစ်ပါး,ကိုးပါး ဒါပဲ သူတို့က။ ဖြည့်နိုင်လှမှ ဆယ်ပါး ဒါပဲ။

သာမဏေတွေက (၁၂၀)သိက္ခာသီလ တက်ဖြည့်တော့ ဒါတော်တော်မြင့်မြင့် တက်လာတာ၊ ရဟန်းတွေလောက်ကုဋေကိုးထောင်ကျော်မဟုတ်လို့ အမြင့်ဆုံးမရောက်တာဘဲရှိတယ်၊ တောင်ပေါ်တက်တာနဲ့ပြောရင် တောင်အလယ်လောက်ရောက်လာတာ၊ ရဟန်းတော်တွေက တောင်ထိပ်ရောက်နေတာ၊ သီလကုသိုလ်နဲ့ပြောရင်။ လူဝတ်ကြောင်တွေဆိုတာက တောင်ခြေလောက်ပဲရှိတယ်၊ ဒီတော့ အဲလိုသီလကုသိုလ်ကြီးဖြစ်နေကြတော့လည်းပဲခုနကလို ဝဋ်ထဲပြန်လည်ကြမယ့် ကုသိုလ်မျိုးမဖြစ်စေကြစေနဲ့။

ဒါဖြင့်ဝဋ်ထဲပြန်လည်တဲ့ ကုသိုလ်မဖြစ်အောင်တပည့်တော်တို့ဘယ်လို လုပ်ရမှာတုန်းဆိုတော့ ကိုယ့်ကိုယ်ကို ဗုဒ္ဓဘာသာဆိုပြီးတော့ ကုသိုလ်တွေပြုနေတာဖြစ်တော့ အဲဒီဗုဒ္ဓဘာသာအဆင့် သုံးဆင့်ရှိတယ်၊ မူလတန်းဗုဒ္ဓဘာသာလို့ ခေါ်တဲ့အောက်တန်း ဗုဒ္ဓဘာသာရယ်, အလယ်တန်းဗုဒ္ဓဘာသာခေါ်တဲ့ အလတ်တန်းဗုဒ္ဓဘာသာရယ်, အထက်တန်းဗုဒ္ဓဘာသာလို့ခေါ်တဲ့ အမြင့်ဆုံးဗုဒ္ဓဘာသာရယ် အဲဒီဗုဒ္ဓဘာသာအဆင့် သုံးဆင့်ရှိတယ်။ အဲဒီအဆင့်သုံးဆင့်မှာ အနည်းဆုံး အလတ်တန်းစား ဗုဒ္ဓဘာသာဖြစ်ပြီးတော့ပြု. . . တဲ့ ကောင်းမှုပြုတဲ့နေရာမှာ၊ ကိုယ့်ကိုယ်ကိုကောင်းမှုပြုတဲ့နေရာမှာ အလတ်တန်းစားဗုဒ္ဓဘာသာအဖြစ်မျိုးနဲ့ပြု။ ဒီတော့ အောက်တန်းဗုဒ္ဓဘာသာ,အလတ်တန်းစားဗုဒ္ဓဘာသာ, အထက်တန်းဗုဒ္ဓဘာသာ သုံးမျိုးဆိုတာ ဘာတုန်းလို့ဆိုတော့-

❖ အောက်တန်းမူလ, ဗုဒ္ဓဘာသာ, ကံကိုယ်ပိုင်ရှိ မြင်သိပေရှာ"တဲ့ ဗုဒ္ဓဘာသာထဲမှာ အောက်တန်းစားအနိမ့်ဆုံးမူလတန်းဗုဒ္ဓဘာသာဆိုတာ

http://www.dhammadownload.com



ဘာတုန်းဆိုရင် ကံကိုယ်ပိုင်ရှိမြင်သိပေရှာတဲ့ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်ရှိပြီဆိုရင် အဲဒါ-ဗုဒ္ဓဘာသာတော့ဖြစ်ပြီ၊ မူလတန်းလောက်ပဲရှိသေးတယ်၊ ကံကံအကျိုးယုံကြည်တာပြောတာ၊ ကောင်းတာလုပ်ရင်ကောင်းကျိုးဖြစ်မယ်၊ မကောင်းတာတွေလုပ်ရင် မကောင်းကျိုးတွေလာလိမ့်မယ်၊ ဟောဒါ-ယုံနေတာ၊ ကမ္မသကတာ သမ္မာဒိဋ္ဌိလို့ခေါ်တယ် ပါဠိလိုတော့၊ ကမ္မ-မိမိလုပ်တဲ့အလုပ်သည်ပင်၊ သကတာ-ကိုယ်ပိုင်ပဲလို့၊ ဒိဋ္ဌိ-သိတဲ့ဉာဏ်။ ဒါ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်။

ဒီတော့ ဘုန်းကြီးတို့ဗုဒ္ဓဘာသာတွေဟာ-အနည်းဆုံးအဲဒီဉာဏ်တော့ရှိလို့ လှူကြတန်းကြ၊ ပေးကြကမ်းကြ၊ လုပ်နေကြတာပဲ၊ သီလဆောက်တည်ကြ၊ သီလတွေထိမ်းလို့ရှိရင်ဖြစ်လေရာသံသရာမှာ ရုပ်ဆင်းဥပမိန့်ပြည့်စုံနိုင်တယ်၊ အင်္ဂါခြေလက် မပျက်မစီးပြည့်စုံနိုင်တယ်၊ မင်္ဂဖိုလ်နိဗ္ဗာန်ရနိုင်တယ်လို့ ယုံနေတယ်၊ ဒါ-ကမ္မသကတာသမ္မာဒိဋ္ဌိ။ လှူရင်တန်းရင် ပေးရင်ကမ်းရင် ဘဝသံသရာမှာ စည်းစိမ်ဥစ္စာပေါ်နိုင်တယ်လို့ ယုံနေတယ်, သိနေတယ်၊ ဒါကမ္မသကတာသမ္မာဒိဋ္ဌိ။ လှူရင်တန်းရင် စည်းစိမ်ဥစ္စာပေါမယ်၊ သီလထိမ်းရင် သီလကုသိုလ်တွေကြောင့်ဖြစ်လေရာဘဝအမျိုးမြတ်မယ်၊ ရုပ်ဆင်းဥပမိန့်ပြည့်စုံမယ် အင်္ဂါခြေလက်ပြည့်စုံမယ်၊ အသက်ရှည်မယ် ကျန်းမာမယ်၊ ဒါယုံနေတယ်၊ သိနေတယ်။ ဟုတ်လဲဟုတ်တယ်၊ ပေးလည်းပေးတယ်၊ ဒါ ကမ္မကတာသမ္မာဒိဋ္ဌိခေါ်တယ်-ကံ,ကံအကျိုးယုံတာကောင်းတာလုပ် တောင်းကျိုးရမယ်လို့ ယုံတာ၊ ဘာဝနာကုသိုလ်ပွားလို့ရှိရင် အသိဉာဏ်ထက်တယ်၊ စိတ်အေးချမ်းတယ်လို့ ယုံနေတယ်၊ ဟော-ဒါကမ္မသကတာသမ္မာဒိဋ္ဌိ။

ဒီတော့-အဲဒီကမ္မသကတာ သမ္မာဒိဋ္ဌိ-ကံ,ကံအကျိုးယုံတဲ့ နယ်ကိုရောက်လာရင်ပဲ အဆင့်ကမသေးတော့ဘူး၊ လူဖြစ်နေပြီးတော့ အဲဒီအဆင့်မရောက်တဲ့သူတွေ အများကြီးရှိတယ်လောကကြီးထဲ။ ကောင်းတာလုပ်ရင်ကောင်းကျိုးရတယ်လို့မယုံဘူး၊ မကောင်းတာလုပ်ရင် မကောင်းကျိုးတွေလာလိမ့်မယ်လို့မယုံဘူး။ မယုံတော့လုပ်မိလုပ်ရာလုပ်နေကြတာ။ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်မရင့်သန်ပြန်တော့ လူ့ရှေ့သူ့ရှေ့ဟန်လုပ်ပြီးတော့ သူများချီးမွမ်းခံချင်လို့ ကုသိုလ်လုပ်တယ် တကယ်အစစ်ကိုယ်ယုံတာမဟုတ်တော့ ကွယ်ရာရောက်ပြီဆိုတော့မကောင်းမှုလုပ်ကရော။ တိတ်တိတ်လူမမြင် သူမမြင်ပြီဆိုတော့ မတော်ရာတွေရှောက်လုပ်ကုန်ရော၊ ဒါ ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ် မပိုင်လို့။

http://www.dhammadownload.com



ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်ပိုင်နေတဲ့သူက ငါလုပ်ရင် ငါခံရမှာ၊ လူ့ရွှေ့ ဖြစ်ဖြစ် ကွယ်ရာဖြစ်ဖြစ် ငါမဟုတ်တာလုပ်ရင် ဒီမကောင်းကျိုးကြီးက ငါ့ဆီလာမှာပဲ အရိပ်လိုပဲကိုယ့်နောက်ကပ်ပါနေတာ၊ ကံနဲ့ ကံအကျိုးဆိုတာ လူသွားရာအရိပ်ပါ သလိုပဲ၊ ကံအကျိုးကနောက်ကကပ်ပါနေတာ၊ ဒီတော့-ပဲ့တင်သံလိုပဲ၊ ကိုယ်က လျှိုင်ခေါင်းကြီးထဲ ဟေး. . . လို့အော်ရင်၊ ဟိုက ဟေး. . . ဆိုတဲ့အသံ ပြန်လာတာ ပဲ၊ အဲဒီလိုပဲ ကိုယ်လုပ်လိုက်တဲ့အမှုဟာ ကိုယ့်ဆီပြန်ပြန်လာတာချည်းပဲ၊ ဒါထုံးစံ၊ ကိုယ်ကကောင်းတာအော်လိုက်ရင် ကောင်းတဲ့အသံလာတာပေါ့၊ ကိုယ်ကသူတော် ကောင်းကြီးရေ. . လို့အော်ရင်၊ ဟိုကလည်း သူတော်ကောင်းကြီးရေ. . . လို့ ပြန် လာတာပဲ၊ ကိုယ်က ဟေး. . . သူယုတ်မာကြီးဆို၊ ဟိုကလည်း ဟေး. . လူယုတ် မာကြီးလို့ ပြန်ခေါ်မှာပဲ၊ ဒါ-ကောင်းတာနဲ့ ကောင်းကျိုး၊ မကောင်းတာနဲ့ မကောင်း ကျိုးက ဒီသဘော။

ဒီတော့-လောကကြီးထဲမှာ အဲဒီဟာကို ယုံကြည်နေပြီဆိုရင်၊ ဒီဉာဏ် ပေါက်ရင်ကိုပဲ ဗုဒ္ဓဘာသာစစ်စစ်ကြီးဖြစ်ပြီ၊ မိရိုးဖလာဗုဒ္ဓဘာသာထက်သာတာ တော့သာပြီ၊ သို့ သော်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရရေးကျတော့ အဲဒါအခြေခံလေးပဲ ရှိသေးတယ်၊ မူလတန်းပဲရှိသေးတယ်၊ ဒါကြောင့် **"အောက်တန်းမူလ, ဗုဒ္ဓဘာ သာ,ကံကိုယ်ပိုင်ရှို, မြင်သိပေရှာ,အလယ်ထင်လင်း,မြင်ရှင်းလက္ခဏာ".** . တဲ့။ အလယ်တန်းဗုဒ္ဓဘာသာ၊ မူလတန်းထက်အဆင့်မြင့်တဲ့ ဗုဒ္ဓဘာသာ ဖြစ်အောင် ဘယ်လိုလုပ်ရမှာတုန်းဆိုတော့ **"အလယ်ထင်လင်း, မြင်ရှင်းလက္ခ ဏာ"** တဲ့၊ လက္ခဏာရေးသုံးပါးမြင်မှ အလယ်တန်းစားဗုဒ္ဓဘာသာဖြစ်တယ်၊ မူလတန်းတစ်ဆင့်တက်ပြီးတော့ အလယ်တန်းဗုဒ္ဓဘာသာဖြစ်တယ်တဲ့။ လက္ခဏာ ရေးသုံးပါးဆိုတာ **အနိစ္စ** လက္ခဏာတာ-ပျက်သွားတဲ့သဘော၊ **ဒုက္ခ**လက္ခဏာတာ- ဆင်းရဲတဲ့သဘော၊ **အနတ္တ**လက္ခဏာတာ-ကိုယ်စိုးကိုယ်ပိုင်မဟုတ်တဲ့သဘော၊ အမာခံမရှိတဲ့သဘောကိုမြင်တာ။

ဒီတော့-အဲဒီလက္ခဏာရေးသုံးချက်ကိုမြင်၊ အဲဒီလက္ခဏာရေးသုံးချက်က ဘယ်သူ့ရဲ့လက္ခဏာရေးသုံးချက်တုန်းဆိုတော့ ရုပ်နာမ်ရဲ့လက္ခဏာရေးသုံးချက်၊ ဒီတော့-ရှိတဲ့တရားဖြစ်တဲ့ ရုပ်နာမ်၊ အဲဒီရုပ်နာမ်ရဲ့ ပျက်တဲ့သဘော,ဆင်းရဲတဲ့သ ဘော,ကိုယ်စိုးကိုယ်ပိုင်မဟုတ်တဲ့သဘောကိုမြင်ရမှာ၊ မြင်တော့ အဲဒီလက္ခဏာရေး သုံးချက်ကလည်း တစ်ခုမြင်ရင် သုံးခုလုံးမြင်ပြီးသားဖြစ်တယ်၊ ဒါ-ဘုရားကိုယ်တိုင် သံယုတ်မှာ-

http://www.dhammadownload.com



**ယော အနိစ္စံ ပရိဇာနာတိ၊ သော ဒုက္ခမ္ပိ ပရိဇာနာတိ၊ အနတ္တမ္ပိ ပရိဇာနာတိ။**

ဟော-သံယုတ်မှာ, အနိစ္စမြင်ရင်တဲ့ ဒုက္ခမြင်ပြီးသားဖြစ်တယ်၊ အနတ္တလည်း မြင်ပြီးသားဖြစ်တယ်၊ ဘာပြုလို့တုန်းဆိုတော့၊ အနိစ္စဆိုတာလည်း ဒီရုပ်နာမ်ပဲ၊ ဒုက္ခဆိုတာလည်း ဒီရုပ်နာမ်ပဲ၊ အနတ္တဆိုတာလည်း ဒီရုပ်နာမ်ပဲ၊ ဒီရုပ်နာမ်ကနေပြီးတော့ အနိစ္စသဘောဆောင်လိုက်၊ ဒုက္ခသဘောဆောင်လိုက်၊ အနတ္တသဘောဆောင်လိုက်၊ ဆောင်နေတာပါတဲ့။

ဥပမာ ဘာနဲ့တူတုန်းဆိုတော့ လူတစ်ယောက်ထည်းကနေပြီးတော့ ဟိုအသင်းကြီးကျတော့ဥက္ကဋ္ဌ၊ ဒီအသင်းကျတော့ အတွင်းရေးမှူး၊ ဒီအသင်းကျတော့ အမှုဆောင် ဒီလိုဖြစ်နေသလိုပဲ။ ဆိုပါတော့-ဦးဖြူဆိုတဲ့လူက ဟာ-ဟိုအသင်းကြီးကျတော့ ဥက္ကဋ္ဌသူက၊ ဒီဘက်နားအသင်းကျတော့ အတွင်းရေးမှူး၊ ဟိုဘက်အသင်းကြီးကျတော့ အမှုဆောင်လူကြီး၊ ဒီတော့ ဦးဖြူတစ်ယောက်ထည်းကနေပြီးတော့ သူ့အဆင့်သုံးဆင့်ကွာပြီးတော့နေတာပဲ၊ ဦးဖြူတွေ့ရင် ခုနကဥက္ကဋ္ဌတွေ့တယ်လို့လည်းပြောနိုင်တယ်၊ အတွင်းရေးမှူးတွေ့ပြီလို့လည်းပြောနိုင်တယ်၊ အမှုဆောင်လူကြီးနဲ့တွေ့တယ်လို့လည်း တစ်ခါတည်းပြောပြီးသားဖြစ်တယ်. . တဲ့။ ဒါ ဘုရားဟောထားတဲ့ တိုက်ရိုက်စကား။

ဒါ့ကြောင့်-အရေးကြီးဆုံးကတော့ အနိစ္စလက္ခဏာဖြစ်ဖြစ်, ဒုက္ခလက္ခဏာဖြစ်ဖြစ် မြင်အောင်ကြည့်ရမှာ။ ဒီတော့-ဘယ်သူ့ရဲ့ အနိစ္စ, ဒုက္ခတုန်းဆိုတော့ ရုပ်နာမ်ရဲ့ အနိစ္စ, ဒုက္ခ၊ ရုပ်နာမ်ရဲ့ အနိစ္စ, ဒုက္ခကိုမြင်ပြီဆိုရင် အဲဒါ-အလတ်တန်းစား ဗုဒ္ဓဘာသာဖြစ်ပြီ။ နောက် "အထက်တန်း, လေးခန်းမြင်သစ္စာ. . တဲ့။ အထက်တန်းစား ဗုဒ္ဓဘာသာဖြစ်ပြီဆိုတာ ဘာတုန်းဆိုတော့ သောတာပန်ဖြစ်သွားပြီ၊ အောက်ထစ်ဆုံး၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ-အရိယာဖြစ်သွားပြီ၊ အနည်းဆုံး သောတာပန်ဖြစ်သွားပြီဆိုတော့ ဒါ-သစ္စာလေးပါးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မြင်သွားတော့ အထက်တန်းစားဗုဒ္ဓဘာသာခေါ်တယ်။

ဒီတော့-အဲဒီဗုဒ္ဓဘာသာသုံးဆင့်မှာ ဘုန်းကြီးတို့ ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေက အောက်တန်းကနှစ်ဆင့် ကိုယ်ကကျိုးစားဖို့ပဲ၊ အဲဒီ မူလ

http://www.dhammadownload.com



တန်းနဲ့ အလယ်တန်း ဗုဒ္ဓဘာသာအဆင့်ဟာ အကြောင်းဗုဒ္ဓဘာသာပဲ၊ အထက်တန်းဗုဒ္ဓဘာသာဆိုတာက သူ့ဘာသူ မူလတန်းနဲ့ အလယ်တန်းအောင်သွားရင်၊ အထက်တန်းက သူ့ဘာသူရောက်သွားမှာ၊ မူလတန်းနဲ့ အလယ်တန်းကျိုးစားဖို့ပဲ လိုတယ်၊ ဒီတော့-မူလတန်းဗုဒ္ဓဘာသာဖြစ်နေပြီဆိုတာတော့ ဒီနေ့ကျောင်းအမကြီး ဒေါ်တုတ်တုတ်တို့က ငါးကြိမ်မြောက်ရောက်သည်အထိ၊ မိမိတို့ရှာဖွေစုဆောင်းထားတဲ့ စည်းစိမ်ဥစ္စာတွေကို ဒီမှာသံဃာ(၇၀၀)ကျော်ကို မနက်ဆွမ်း, နေ့ဆွမ်းတွေကပ်ပြီးတော့၊ တစ်သောင်းကျော်အကုန်ကျခံပြီးတော့ စွန့်နိုင်တယ်လို့ဆိုတာမြင်ကတည်းကိုက ကမ္မသကတာ သမ္မာဒိဋ္ဌိ ရှိနေပြီဆိုတာသိတာပေါ့၊ ကျောင်းတွေဆောက်နိုင်တယ်၊ ဟိုမှာဒီမှာ ဆရာတော်တွေလိုက်လှူဒါန်းပူဇော်နေတယ် ဒါသိနေပြီ။

ဒီလိုပဲပေါ့-အခုဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေလည်း၊ ဒါကမ္မသကတာ သမ္မာဒိဋ္ဌိရှိလို့-သီလတွေလာထိန်းကြ, ဥပုသ်စောင့်ကြ, ဒုလ္လဘရဟန်းတွေဝတ်ကြ၊ သာမဏေတွေဝတ်ကြ၊ ဒီတော့ ကမ္မသကတာ သမ္မာဒိဋ္ဌိနယ်ကဖြစ်နေပြီဆိုတာတော့ သေချာပြီ ။ ဒါဖြင့်အလယ်တန်း ဗုဒ္ဓဘာသာလေးဖြစ်အောင်တက်ကြအုန်း၊ လူ့ရဲ့အဆင့်ဆိုတာ-ဉာဏ်ပေါ်မှာမူတည်ပြောင်းတာ၊ အသိဉာဏ်ပေါ်မူတည်ပြီးတော့ လူ့အဆင့်ပြောင်းတာပဲ၊ ဟို-လောကကျောင်းသားလေးတွေအနေနဲ့ မူလတန်းကျောင်းသားဆိုတာလည်းလူပဲ၊ အလယ်တန်းကျောင်းသားဆိုတာလည်း လူပဲ၊ အထက်တန်းကျောင်းသားဆိုတာလည်း လူပဲ၊ တက္ကသိုလ်ရောက်ဘွဲ့ရသွားတဲ့သူလည်းလူပဲ၊ လူကတော့လူပဲ၊ တက္ကသိုလ်ဘွဲ့ရသွားလို့လူအဖြစ်က နတ်ဖြစ်မသွားပါဘူး၊ သို့သော်အထဲကပညာအဆင့်လိုက်ပြီးတော့ အဆင့်ပြောင်းသွားတယ်၊ အသိဉာဏ်ဓာတ်တွေကိုလိုက်ပြီးတော့အဆင့်ပြောင်းသွားတယ်။ ဒါကြောင့်-

❖ အောက်တန်းမူလ, ဗုဒ္ဓဘာသာ,
ကံကိုယ်ပိုင်ရှိ, မြင်သိပေရှာ၊
အလယ်ထင်လင်း, မြင်ရှင်းလက္ခဏာ,
အထက်တန်း, လေးခန်းမြင်သစ္စာ။

အထက်တန်း ဗုဒ္ဓဘာသာရောက်အောင် သစ္စာလေးပါးကို မင်္ဂဉာဏ်နဲ့မြင်ရတယ်။ အဲဒီသစ္စာလေးပါးမဂ်ဉာဏ်နဲ့ မြင်ချင်ရင် အလယ်တန်း ဗုဒ္ဓဘာသာ

http://www.dhammadownload.com



ဖြစ်အောင်ကြိုးစား၊ အောက်တန်းမူလ ဗုဒ္ဓဘာသာကတော့ ဒီနေ့ဒကာဒကာမ တွေဖြစ်နေပြီ၊ သေချာပြီ။ဒီတော့-အလယ်တန်းဗုဒ္ဓဘာသာဖြစ်အောင် ဘာလုပ်ရမှာတုန်းဆိုတော့ လက္ခဏာရေးသုံးပါးမြင်ရမယ်၊ ဘာရဲ့လက္ခဏာရေးသုံးပါးတုန်း ဆိုတော့ ရုပ်နာမ်ရဲ့လက္ခဏာရေးသုံးပါး၊ အရှိမှန်တရားရဲ့ လက္ခဏာရေးသုံးပါး၊ အရှိမှန်တရားဆိုတာ ရုပ်နာမ်ပြောတာ၊ ဒီအရှိမှန်တရားနဲ့ အဖြစ်မှန်တရားမြင်အောင်ကြည့်တတ်ရင် အဲဒါအလယ်တန်းစားဗုဒ္ဓဘာသာပဲ၊ အရှိမှန်တရားနဲ့ အဖြစ်မှန်တရားကိုမြင်အောင်ကြည့် ၊အရှိမှန်တရားဆိုတာကရုပ်နာမ်၊အဖြစ်မှန်တရားဆိုတာက အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေးသုံးချက်ပြောတာ၊

ဒါဖြင့်-အဲဒါမြင်အောင်ကြည့်ရအောင် ဘယ်လိုကြည့်ရမှာတုန်း၊ တပည့်တော်တို့ ဘယ်လိုလုပ်ရမှာတုန်းဆိုတော့-အဲဒီမှာ ရုပ်နာမ်ရဲ့သဘာဝကို မြင်အောင်ကြည့်နည်းဆိုပြီးတော့ ဒါ-ဝိပဿနာကမ္မဋ္ဌာန်း တရားဘာဝနာနှလုံးသွင်းမှုဆိုတာ ဟောဒီမှာ ပေါ်လာတော့တာပဲ၊ ဒီတော့ အဲဒီတရားဘာဝနာနှလုံးသွင်းမှုပြုတော့ မယ်ဆိုတော့ အခုမဟာသတိပဋ္ဌာနသုတ်တော်ကြီးဆိုတာ မြတ်စွာဘုရားဟောထားခဲ့တာ နည်းမျိုးစုံနဲ့ ရှုနည်း ရှုကွက်တွေပေးပြီးတော့ သတ္တဝါအဇ္ဈာသယအလိုက် ကိုယ်ကြိုက်တဲ့ နည်းတွေနဲ့ ရှုရအောင်ပေးထားခဲ့တာ အများကြီးပဲ။

ဒီတော့ အဲဒီ နည်းတွေယူပြီးတော့ပဲ မဟာစည်ဆရာတော်ဘုရားကြီးကလည်း သူ့နည်းနဲ့သူ့နဲ့၊ ဝေဘူဆရာတော်ကြီးကလည်း သူ့နည်းနဲ့သူ့နဲ့၊ မိုးကုတ်ဆရာတော်ကြီးကလည်း သူ့နည်းနဲ့သူ့နဲ့၊ တောင်ပုလုဆရာတော်ကြီးကရော၊ ဟိုး-မင်းကွန်းဇေတဝန်ဆရာတော်ကြီးကရော၊ ဟိုး. . . ဥဒေါင်းတောင်ဆရာတော်ကြီးတို့ ဂူတစ်လုံးဆရာတော်ကြီးတို့စသည် ကိုယ့်အားထုတ်နည်းတွေနဲ့ကိုယ် ပေးသွားကြတာ။ ကိုယ့်စပ်ရာစပ်ရာနည်းနဲ့ အားထုတ်၊ရုပ်နာမ်မြင်တဲ့သဘောမိရင် ဒါ-မှန်တာချည်းပဲ၊ ဒို့ ဒီဂန္ဓာရုံဆရာတော်ဘုရားကြီးများ အဆက်ဆက်ကလည်းပဲ၊ ဒို့ စစ်ကိုင်းဂူအောင်း အားထုတ်တော်မူတဲ့ ဂန္ဓာရုံဆရာတော်ဘုရားကြီးက နွေကျတော့ ဒီမှာလာလာပြီးတော့ အားထုတ်ရင်းနဲ့ ဒီကျောင်းတိုက်ကြီးကပေါ်လာတာ။

ဒီတော့ အဲဒီစစ်ကိုင်း အရှေ့ဝိသုဒ္ဓါရုံကနေတောထွက်သွားပြီးတော့ စစ်ကိုင်းမှာအားထုတ်တော်မူတဲ့ ဂန္ဓာရုံဆရာတော်ဘုရားကြီးများအဆက်ဆက် ပေးလာခဲ့တဲ့ အားထုတ်လာခဲ့တဲ့နည်းနဲ့ ဒီကနေပြီးတော့ ပြောရမယ်ဆိုရင်၊ ဟော-

http://www.dhammadownload.com



အဲဒီ ဝိပဿနာ အရှိမှန်တရားမြင်အောင် ရှုတဲ့နည်းနဲ့အားထုတ်တော့မယ် ဆိုရင်တဲ့

**"အနန္တငါးအင်,ကျေးဇူးရှင်, ဦးတင်ဝန်ချပါ. . .** တဲ့ ပထမဆုံးအရှိတရားကို မြင်အောင်လုပ်မယ့် လေ့ကျင့်ခန်းလေးလုပ်တော့မယ်ဆိုရင်တဲ့ ပရိကမ်ဒီအလုပ်ကလေး လုပ်လိုက်ရတယ်၊ အနန္တငါးအင်ဆိုတာ ဘုရား,တရား, သံဃာ,မိဘ,ဆရာ၊အဲဒီကျေးဇူးရှင်ငါးပါးကို ဦးတင်ရှိခိုးလိုက်အုံး၊ ရှိခိုးဦးတင်ပြီးတော့ ဝန်ချလိုက်အုံးတဲ့၊ ဝန်ချလိုက်ဆိုတာ ကိုယ်ကပုထုဇဉ်ဆိုတော့ လောဘ, ဒေါသ,မကင်းတဲ့ သတ္တဝါဖြစ်တော့စိတ်နဲ့ပြစ်မှားမိနေတတ်တယ်၊ အမေ,အဖေ ပေမဲ့လို့ စိတ်နဲ့ပြစ်မှားမိနေတတ်တယ်၊ ဆရာသမားပေမဲ့လို့ စိတ်နဲ့ပြစ်မှား မိနေတတ်တယ်။

ဘုရား,တရား,သံဃာပေမဲ့လို့ မတော်လော်မာပြောတတ်တယ်၊ အမှတ်တမဲ့နဲ့ ရယ်ရွှန်းပတ်ရွှန်းနဲ့ ဟာသလုပ်ပြီးတော့ ပြောမိတတ်တယ်၊ ဒါကျူးလွန်ထားတာပဲ၊ အဲလိုကျူးလွန်ထားမိလို့ရှိရင် အားထုတ်တဲ့တရား မပေါက်ရောက်တတ်ဘူး၊ အဟန့်အတား ဖြစ်နေတတ်တယ်၊ ဒါကြောင့် တရားဘာဝနာနှလုံးသွင်းတော့မယ်ဆိုရင် အနန္တော အနန္တငါးပါးရှိခိုးကန့်တော့ပြီးတော့ ကာယကံ ဝစီကံ မနောကံ ပြစ်မှားမိရင်ခွင့်လွှတ်တော်မူပါ. . ကျေအေးတော်မူပါလို့ ဒီလို တောင်းပန်ဝန်ချလိုက်။

အဲဒီလိုတောင်းပန်ဝန်ချပြီးမှ **"ဆိတ်-တင်-ဖြောင့်-ငါး, ရှုမြင်-ပွား, ကြိုးစားဘာဝနာ--"** ပထမဆုံး -ဆိတ်-တဲ့၊ ဆိတ်ငြိမ်တဲ့နေရာ, ဆိတ်ငြိမ်တဲ့အချိန်, အသံဘလံတွေ,တော်တော်လေးဆိတ်ငြိမ်မယ်လို့ထင်တဲ့ ကျောင်းတို့, ရိပ်သာတို့, သို့ မဟုတ်-ကိုယ့်အိမ်ဖြစ်လည်းပဲ ဆိတ်ငြိမ်မယ့်အချိန်, ည-(၁၂)နာရီ, နာရီပြန်တစ်ချက်,နှစ်ချက်, ပတ်ဝန်းကျင်ဆိုတာ အားလုံး အိပ်မောကျပြီးတော့ ဆိတ်ငြိမ်သွားတတ်တာပဲ၊ တော်တော်ကြီးဆိတ်ငြိမ်သွားတာ၊ အဲဒီအချိန်မျိုးကိုရွေး. . . တဲ့။ ဒါပြောတာ၊ အရပ်အနေနဲ့ ဖြစ်ဖြစ်၊ အချိန်အနေနဲ့ ဖြစ်ဖြစ်ရွေးပေါ့၊ ဒါကို ဂန္ဓာရုံဆရာတော်ဘုရားကြီးများအဆက်ဆက်က ဆိတ်။

တင်-တဲ့၊ဟော-တင်ပလ္လင်ခွေထိုင်လိုက်တဲ့၊ တင်ပလ္လင်ခွေထိုင်ဆိုတာ တင်ပလ္လင်ကသုံးမျိုးရှိတယ်၊ဗောဓိတင်ပလ္လင်,မဟာတင်ပလ္လင်,အဒ္ဓတင်ပလ္လင် လို့

http://www.dhammadownload.com



တင်ပလ္လင်ခွေသုံးမျိုးရှိတယ်။ ဗောဓိတင်ပလ္လင်ဆိုတာ ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များ ထိုင်နေတဲ့ခွေထားတဲ့တင်ပလ္လင်မျိုး၊ ခြေဖဝါးနှစ်ဘက်လုံးအပေါ် ဖေါ်ပြီးတော့နေတာ၊ အဲဒါဗောဓိတင်ပလ္လင်လို့ခေါ်တယ်၊ ဘုရားရှင်ကိုယ်တော်များရဲ့ ထိုင်နည်း။ မဟာတင်ပလ္လင်ဆိုတာ-အခု ယောကျ်ားသားတွေထိုင်ကြတယ်၊ ခြေဖဝါးတစ်ဘက်ကတော့ အပေါ် ပေါ်တယ်၊ ခြေဖဝါးတစ်ဘက်က အောက်မှာမြုပ်နေတယ်၊ အခု ယောကျ်ားတွေအများစုထိုင်ကြတဲ့ နည်းပါပဲ။

အဒ္ဓတင်ပလ္လင်ဆိုတာက ထက်ဝက်တင်ပလ္လင်ပါပဲ၊အဒ္ဓဆိုတာ ထက်ဝက်၊ ပလ္လင်္က ပလ္လင်ဆိုတာ-ခွေတာ၊ခြေထောက်ကို ဖွဲ့ခွေတာ၊ ထက်ဝက်ကဖွဲ့ခွေတယ်၊ ထက်ဝက်ကဒီတိုင်းဒူးလေးထုပ်ထားတာ၊ ဒါအမျိုးသမီးများအတွက်အဲဒါ၊ အမျိုးသမီးများတရားထိုင်ပြီဆိုရင်-ခြေထောက်ကလေးတစ်ဘက်ကဒူးတုပ်၊ ခြေထောက်ကလေးတစ်ဘက်ကတင်ပလ္လင်ခွေတဲ့သဘောမျိုးနဲ့ ရှေ့ကခွေ၊ ဒူးချည့်တုပ်ထိုင်တော့လည်း ပိပြီးတော့ခြေကျင်တတ်လို့ တင်ပလ္လင်ခွေထိုင်တာဟာ-ခန္ဓာကိုယ်မှာ ခံနိုင်ရည် အရှိဆုံးဣရိယာပုထ်မို့လို့-ဒါ ဘုရားရှင်ကိုယ်တော်မြတ်ကဒါကိုရွေးထားတာ။

ဒါ့ကြောင့် ဆိတ်,တင်-တဲ့-ဟော။ဆိတ်-ဆိတ်ငြိမ်ရာကို ချဉ်းကပ်၊ ဝါ-ဆိတ်ငြိမ်တဲ့အချိန်ကိုရွေးပြီးတော့ ကိုယ့်အိမ်မှာပဲဖြစ်ဖြစ် ဘုရားခန်းထဲမှာဆိတ်ငြိမ်တဲ့အချိန်မှာ သွားပြီးတော့နေရာယူ၊ တင်-တင်ပလ္လင်ခွေသုံးမျိုးကြိုက်တဲ့ တင်ပလ္လင်နဲ့ ခွေ၊ ကိုယ့်သပ္ပါယဖြစ်တာနဲ့ အားထုတ်လို့ရတယ် ဒါကျတော့၊ အမျိုးသမီးများခွေတဲ့တင်ပလ္လင်,ယောကျ်ားမခွေကောင်းဘူး ဒီလိုလည်းမရှိပါဘူး၊ ယောကျ်ားတွေခွေတဲ့တင်ပလ္လင် အမျိုးသမီးတွေမခွေရဘူး ဒီလိုလည်းမရှိပါဘူး။

သမဏော ဓမ္မံနာမ သပ္ပါယ ဣရိယာ ပထေန ကာတုံ ဝတ္တတိ" ဓမ္မပဒအဋ္ဌကထာက၊ သမဏဓမ္မံနာမ-ရဟန်းတရားကြိုးစားတယ်ဆိုတာ၊ သပ္ပါယဣရိယာပထေန-မိမိလျှောက်ပတ်တဲ့, ဣရိယာပုထ်နဲ့၊ ကာတုံ ဝတ္တတိ-ပြုကောင်းပါတယ်. . တဲ့။

တင်ပလ္လင်ခွေရမယ်ဆိုလို့ အမျိုးသမီးထက်ဝက်တင်ပလ္လင်သာ ခွေရမယ်ဆို သူကသူ့ကျန်းမာရေးကထက်ဝက်ခွေရင် ခြေကျင်တတ်တယ်၊ အကြောအနေ

http://www.dhammadownload.com



အထားမကောင်းလို့ အသားအနေအထားမကောင်းလို့ ကျင်တတ်တယ်၊ ကိုက်တတ်တယ်ဆိုရင် ခွေလေ ဖြစ်တဲ့ဣရိယာပုထ်နဲ့ ချမ်းသာမယ့် ဣရိယာပုထ်နဲ့ ခန္ဓာကိုယ်ကို တင်ပလ္လင်ခွေကြီးနဲ့ ခွေထားပြီး တခါတည်း နာကျင်နေတာတွေ အောင့်အီးပြီးတော့ နှိပ်စက်ပြီးတော့ ဒီလိုတော့ မလုပ်ရဘူး၊ ဒါက အတ္တကိလမထ ဘက်ရောက်သွားတတ်တယ်၊ သမာဓိကို မပွားစေဘူး၊ ကိုယ့်ကိုယ်ကိုနှိပ်စက်နေသလိုဖြစ်ပြီးတော့ ရမယ့်တရားတောင် မရတော့ဘူး၊ ဉာဏ်တောင်မပေါ်တော့ဘူး၊ ဒီလိုလည်း မလုပ်ရဘူး၊ စာကလျောက်ပတ်တဲ့ဣရိယာပုထ်နဲ့လုပ်ပါတဲ့။

ဒီတော့ ဆိတ်,တင်,ဖြောင့်-" ဟော-အထက်ပိုင်းကိုယ်ကိုဖြောင့်ဖြောင့်ထား၊ ဥဇုံ ကာယံ ပဏိဓာယ- ဘုရားဟောတဲ့ ပါဠိတိုက်ရိုက်က-အထက်ပိုင်းကိုယ်လေးဖြောင့်ဖြောင့်ထားတဲ့ ခါးလေးစန့်စန့်ထား၊ ဒီတော့ခါးလေးစန့်စန့်ထားတော့ တစ်ဆယ့်ရှစ်မျိုး ကျောက်ဆူးရိုးတို့ အချင်းချင်း ထိပ်ချင်းတည့်ပြီးတော့ ထားပေး၊ ဒါမှ လေသွားလေလာဖြောင့်, အကြောအခြင်တွေဖြောင့်ပြီးတော့ မညောင်းလွယ်ဘူး၊ ကြာရှည်တရားအားထုတ်နိုင်တယ်၊ သမာဓိရတယ်၊ ကျန်းမာရေးမပျက်ဘူး၊ ဒါ့ကြောင့်ခါးကို ဖြောင့်ဖြောင့်ထား။

ဆိတ်,တင်,ဖြောင့်,ငါး-"တဲ့ ငါး-ဆိုတာ အာရုံငါးပါးကိုရုပ်သိမ်းလိုက်၊ ရူပါရုံ, သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံငါးပါးအပေါ်မှာ စိတ်ကိုသိမ်းလိုက်၊ အဲဒီပေါ်ချည့်လိုက်ပြီးတော့ မကျက်စားနဲ့တော့။ ဒီတော့ ခန္ဓာကိုယ်လေး အထက်ပိုင်းဖြောင့်ဖြောင့်ထားပြီးတော့ လက်ကလေးနှစ်ဘက်ကတော့ပေါ့ဘယ်ဘက်လက်ကလေးပက်လက်လှန်၊ ညာဘက်လက်ကလေးအပေါ်ကထပ်၊ လက်မထိပ်ချင်းထိ ဒီလို၊ ဒီလိုမဟုတ်လို့ဒီလို မထားချင်လို့ရှိရင် လက်ချထားမှချမ်းသာလည်းထား ကိစ္စမရှိဘူး၊ ဒူးနှစ်ဘက်ပေါ်မှာ လက်တင်ထားချင်လည်းရ၊ တစ်ချို့လက်တံခြေတံရှည်တဲ့သူကျတော့ ကြမ်းပြင်ထိအောင်လက်ကလေးထောက်ထား, ထားလေ ရပါတယ် ။မထားရဘူးလို့ မဆိုပါဘူး စာက။

ဆိတ်,တင်,ဖြောင့်,ငါး-" အာရုံငါးပါးကိုသိမ်းလိုက်၊ အာရုံငါးပါးသိမ်းလိုက်ဆိုတာ ကြားရာတွေ,မြင်ရာတွေ,အသာကလေး အာရုံမပြုဘဲနဲ့ထားလိုက်ပြောတာ၊ သူ့ဘာသူကြားတာကို၊ မကြားနဲ့ဟ, မကြားနဲ့ဟလို့ ဒီလိုအတင်းတော့ လုပ်လို့မရဘူး၊ အဲဒီလိုလုပ်ရင်ဒေါသဝင်လာတတ်တယ်၊ နာမ်ရုပ်နှစ်တန်,ပျက်အောင်ကြံ,

http://www.dhammadownload.com



အမှန်ဒေါသသာတဲ့၊ ဟော-မင်းကွန်းဇေတဝန်ဆရာတော်ကြီးက၊ နာမ်-ရုပ် နှစ်တန်,ဖြစ်အောင်ကြံ,အမှန်လောဘသာ” ရုပ်နာမ်နှစ်တန်ကိုဖြစ်အောင် လည်းမကြံနဲ့၊ ပျက်အောင်လည်းမကြံနဲ့ သူ့သဘာဝအတိုင်းဖြစ်နေတာကို ကိုယ် ကအသာပုံချထား ကြိုးစားမင်းစားကြီးနဲ့တစ်ခါထဲ ရူပါရုံကို အတင်းလိုက်ကြည့် မနေနဲ့၊ သဒ္ဒါရုံလည်းနားထောင်မနေနဲ့ ဒါပြောတာ၊ သူ့ဘာသာသူဖြစ်တဲ့သဘောတော့ မတတ်နိုင်ဘူး။

အသံလာလို့ရှိရင် နားပေါက်ကရှိတော့- ဓာတ်ခွက်, ဓာတ်ခွက်ချင်းတိုက် ပြီးတော့ ကြားမှာပဲ၊ ကြားတာ မကြားပါနဲ့, မကြားပါနဲ့လို့ ဒီလိုလုပ်လို့မရဘူး၊ မြင်ဖို့မျက်စိရှေ့ရောက်လာတာ မြင်မှာပဲ၊ မမြင်နဲ့,မမြင်နဲ့လို့လုပ်လို့မရဘူး၊ ဒါ့ ကြောင့် နာမ်ရုပ်နှစ်တန်ဖြစ်အောင်လည်းမကြံနဲ့၊ ပျက်အောင်လည်းမကြံနဲ့၊ ဖြစ် အောင်ကြံရင် လောဘဓာတ်ဝင်လာတတ်တယ်၊ ပျက်အောင်ကြံရင် ဒေါသဓာတ် ဝင်လာတတ်တယ်၊ တရားအားထုတ်တဲ့အချိန်ကျတော့ လောဘ,ဒေါသက သိမ်မွေ့ လာပြီ၊ ဒီတော့ဘယ်လောက်သိမ်မွေ့သိမ်မွေ့ အဲဒီလောဘ,ဒေါသ လက်ခံလို့မ ရဘူး၊ လောဘလေးသိမ်မွေ့တယ်ဆိုပြီးတော့ ကိစ္စမရှိပါဘူး မလုပ်နဲ့။

ပင်လယ်သင်္ဘောကြီး ဘယ်လောက်ကြီးကြီး ကျောက်ဆူးလေးချလိုက်လို့ ရှိရင် မသွားနိုင်တော့ဘူး၊ ကျောက်ဆူးရှိရင်မသွားနိုင်ဘူး၊ ကျောက်ဆူးဆိုတာ ပင်လယ်ကူးသင်္ဘောကြီးနဲ့စာရင် အဆပေါင်းအပုံတစ်ရာလောက်မှ တစ်ပုံ လောက်ရှိတာ၊ ပင်လယ်ကူးသင်္ဘောကြီးရဲ့ ကိုယ်ထည်ကြီးအလေးချိန်ကြီးနဲ့ကြည့် ရင် အပုံတစ်ထောင်မှတစ်ပုံလောက်ရှိတာ၊ ဒါပေမဲ့လို့ သူချထားလို့ ရှိရင် ပင်လယ် ကူးသင်္ဘောကြီးဟိုဘက်ကမ်းမရောက်တော့ဘူး၊ အဲဒီလိုလောဘ ဒေါသ ဆိုတဲ့ ကိလေသာက သေးတယ်လို့များ ဆိုပြီး အထင်မသေးလိုက်နဲ့။ ဒါ့ကြောင့်-နာမ်ရုပ် နှစ်တန် ဖြစ်အောင်လည်း မကြံနဲ့ ပျက်အောင်လည်းမကြံနဲ့ သူ့သဘာဝ အတိုင်း သူဖြစ်နေတာကို ပုံချာထားလိုက် စိတ်လျှော့ထားလိုက်၊ လျှော့ပြီးတော့မှ- ဆိပ်,တင်, ဖြောင့်,ငါး,ရှိ မြင်ပွားတဲ့ ရှိတာကိုမြင်အောင်ကြည့်ပြီးပွားတဲ့ ကြိုးစား ဘာဝနာ။ဒါ လုပ်နည်း လုပ်ဟန်လေးပဲ,လုပ်နည်းလုပ်ဟန်လေးပဲ။

ဒီတော့ ပထမဆုံးဘာလုပ်ရမတုန်း “အနန္တငါးအင်,ကျေးဇူးရှင်,ဦးတင် ဝန်ချပါ။ ဆိတ်, တင်, ဖြောင့်, ငါး, ရှိမြင်,ပွား ကြိုးစားဘာဝနာ ” အဲဒါဒို့

http://www.dhammadownload.com



ဂန္ဓာရုံဆရာ တော်ဘုရားကြီးတွေ အဆက်ဆက် ပေးသွားတဲ့ နည်းပဲ၊ ကောင်းပြီ ဒါဖြင့်- ကဲ- ဒီနေ့ ဘုန်းကြီးတို့ တရားရှုမှတ်နည်းလေးတစ်ခု ပထမဆုံးစပြောရ အောင် နောက်ရက်တွေလည်းဆက်ပြောမယ်၊ အာနာပါနနဲ့ ပြောကြစို့ဒီနေ့။ မဟာ သတိပဋ္ဌာနသုတ်တော်မှာလည်း မြတ်စွာဘုရားက အာနာပါနက စပြောတယ်၊ ဘာပြုလို့အာနာပါနက စပြောရတုန်းဆိုတော့ ဘုန်းကြီးတို့ ဉာဏ်နုနေသေးတဲ့ ပုဂ္ဂိုလ်တွေ ရုပ်-နာမ်ကို ဖမ်းတဲ့နေရာမှာ ဆရာကပြောတော့ လွယ်တာပေါ့လေ "ဟဲ့-ခန္ဓာကိုယ်ထဲ စိုက်ရှုလိုက်၊ ခန္ဓာကိုယ်ထဲ စိုက်ရှုလိုက်,ခန္ဓာဉာဏ်ရောက်ပါစေ၊ ခန္ဓာဉာဏ်ရောက်ပါစေ"ပြောတော့၊ ပြောနေကျလူ, ဉာဏ်ရင့်နေတဲ့သူက ကိစ္စမရှိဘူး၊ စပြီးတော့လုပ်တဲ့သူက ဘာလုပ်ရမှန်းမသိဘူး၊ ဘာဖမ်းရမှန်းမသိဘူး၊ လေထဲ လိုက်ဖမ်းနေသလိုဖြစ်ပြီး ဘာမှမဖမ်းမိ မစမ်းမိ ဖြစ်နေတတ်တယ်။

ဒီတော့-ရုပ်-နာမ်ကို ရှုလိုက်, ရုပ်နာမ် ရှုလိုက်ဆိုတော့လည်း ဘယ်ဟာကရုပ် ဘယ်ဟာကနာမ်မှန်းမသိ၊ ဘယ်နားဖမ်းရမှန်းမသိ၊ ဒီလိုဖြစ်နေတတ်တယ်၊ ဖြစ်နေတော့ ဝိပဿနာ ပါကဋာဘိမုခါ ဟောတိ။ ဝိပဿနာ-ဝိပဿနာဆိုတာ၊ ပကဋ္ဌာဘိမုခါ ဟောတိ-ထင်ရှားရာကစရာ၏၊ ထင်ရှားရာကစပြီးတော့လုပ်ရတယ် မိအောင်၊ ဒီတော့ထင်ရှားနေတာတွေက ဘာတုန်းဆိုတော့ ဒီခန္ဓာကိုယ်ကြီးထဲမှာ အားလုံးယောဂီသူတော်စင်အပေါင်းတို့ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ အမြဲတမ်း လှုပ်ရှားပြီးတော့ပြနေတဲ့ ရုပ်ဓာတ်တစ်မျိုးရှိတယ်၊ အဲဒါဘယ်သူတုန်းဆိုတော့ ထွက်လေဝင်လေပဲ၊ ကိုယ်ကငြိမ်ပြီးတော့ အိပ်နေတောင်မှ သူကမငြိမ်ဘူး ထွက်လိုက်ဝင်လိုက်, ထွက်လိုက်ဝင်လိုက်, ထွက်လိုက်ဝင်လိုက်၊ အမြဲလှုပ်ရှားနေတယ်။

ဒကာ,ဒကာမတွေရဲ့ သန္တာန်မှာ ကိုယ်ကဘယ်လောက်ပဲ ငြိမ်ပြီးတော့ နေနေ၊ နောက်ဆုံးအိပ်ပျော်ပြီးတော့ငြိမ်ထားလည်း လက်တွေ ခြေတွေမလှုပ်ဘဲနဲ့ ငြိမ်ထားလည်းပဲ မငြိမ်တဲ့ဓာတ်ကလေးတစ်မျိုးရှိတယ်၊ အဲဒါ-ထွက်လေဝင်လေပဲ ဒါ့ကြောင့်အဲဒီထွက်လေဝင်လေလေးဟာ လှုပ်ရှားနေတဲ့ ရုပ်တရားလေးမို့လို့ သူ့ကိုအရင်ဖမ်းရှုတဲ့ ဘုရားက၊ အဲဒီက စရှုရင်မြင်လွယ်တယ်။

ဒီတော့-ခုနက ပြောသလို ဆိတ်-ဆိတ်ငြိမ်တဲ့နေရာမှာချဉ်းကပ်၊တင်-တင်ပလ္လင်သုံးမျိုးတစ်မျိုးမျိုးနဲ့ခွေ၊ ဖြောင့်-ခန္ဓာကိုယ်လေးကို အထက်ပိုင်းဖြောင့် ဖြောင့်ထားပြီးတော့ ဘယ်ဘက်လက်ကလေးက ပက်လက်လှန်၊ ညာဘက်လက်

http://www.dhammadownload.com



ကလေးကပက်လက်လှန်တင် လက်မထိပ်ချင်းထိထား၊ ဟာ ဒီလိုမှ မဟုတ်ဘူးဆိုရင် လက်နှစ်ဘက်ကိုဒူးပေါ်မှာတင်ပြီးတော့ ကြိုက်သလိုထား၊ ပြီးတော့မှ ငါး-ငါးပါးအာရုံတွေကို တစ်ခါတည်းအတင်းအဓမ္မလိုက်ပြီးတော့ အာရုံပြုမနေတော့ဘဲနဲ့ စိတ်ကိုပုံချထားပြီးတော့မှ ရှိမြင်-ရှိတဲ့တရားမြင်အောင်ကြည့်ဆိုတော့ ရှိတာက ရုပ်နာမ်၊ အရှိအမှန်ကရုပ်နာမ်ပဲ၊ ဒီတော့ အဲဒီအရှိမှန်ရုပ်နာမ်မှာ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ရုပ်နာမ်ချည်းပဲ၊ ရုပ်နဲ့နာမ်နဲ့ ချည်းပဲ။

ဒီတော့- အဲဒီရုပ်နာမ်မှာ ထွက်လေဝင်လေလေးဆိုတဲ့ ရုပ်နာမ်ကို မြင်အောင်ကြည့်။ ဒီတော့ ထွက်လေဝင်လေဆိုတဲ့ ရုပ်နာမ်လေးမြင်အောင်ကြည့်ချင်တော့ ထွက်လေဝင်လေကလေးကနှာခေါင်းကနေ ထွက်နေတာ, ထွက်လိုက်ဝင်လိုက်,ထွက်လိုက်ဝင်လိုက်, ဒီတော့ အဲဒီထွက်လေဝင်လေလေးကို၊ ထွက်သွားတဲ့လေကို ရှုတဲ့အခါကျတော့ ခေါ်ပြီးတော့ ရှုနည်းလေးရှိတယ်၊ "ရုပ်နာမ် ဖြစ်ပျက်လို့" ဒီလို ဖမ်းရှုလိုက်၊ သို့မဟုတ် "ထွက်တယ်" ဒီလိုရင်လည်းရှုလိုက်၊ သို့မဟုတ် ထိ,သိ,ပျက် ဒီလိုရင်လည်းရှုလိုက်၊ဘယ်နည်းနဲ့ရှုရှု အဲဒါ ရုပ်နာမ် မိတာချည်းပဲ၊ ရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တာနဲ့ ဟိုကထွက်တဲ့ဟာနဲ့ ဘယ်နဲ့ရုပ်နာမ်မိတာတုန်းဆိုတော့ ထွက်လာတဲ့လေဟာဝါယောရုပ်ပဲ၊ ဝါယောရုပ်ကလေးက တွန်းထွက်လာတာ၊ ထိုးထွက်လာတာ။

အဲဒီထွက်တာကိုလည်းပဲ ဒီကသိတဲ့စိတ်ကရှိတယ်၊ ထွက်နေတယ်လို့ သိတယ် စိတ်က၊ အဲဒီထွက်လေလေးရဲ့ရှေ့မှာလည်းရှိတယ်၊ နောက်မှာလည်းရှိတယ်၊ ရှေ့မှာရှိတယ်ဆိုတာ ဒီထွက်လေလေးကစိတ်ကြောင့်ဖြစ်တာ၊ စိတ်ရှိနေလို့ ထွက်လေလေးဖြစ်တာ၊ သေသွားပြီ စိတ်မရှိဘူးဆိုတဲ့လူ ထွက်လေဝင်လေကို မရှူတော့ဘူး၊ ဒါ့ကြောင့် ဒီထွက်လေလေး ဘယ်သူ့ကြောင့်ဖြစ်နေတုန်းဆို စိတ် ကြောင့်ဖြစ်နေတာ။ စိတ်ကရှေ့ရှိနေလို့ စိတ်ကြောင့်ထွက်လေ ဝင်လေလေးဖြစ်တာ၊ ဒါ-ထွက်လေဝင်လေရဲ့ ရှေ့ကစိတ်ခေါ်တယ် ဒီစိတ်က။

ထွက်လေဝင်လေရဲ့နောက်ကစိတ်ဆိုတာကျတော့ ထွက်လေလေး ထွက်လာတာကို ထွက်တယ်လို့သိတဲ့ အသိလေးစိတ်ကလေးက ဖျတ်ကနဲ့ဆိုပေါ်လာတာ၊ ကိုယ်ကတောင်ကြောင့်ကြမစိုက်ရဘူး၊ သူ့ဘာသူသိတာ၊ ကိုယ့်ဘာကိုယ်စဉ်းစားကြည့်လိုက်ရင် ငါအသက်ရှူနေတယ်လို့သိတာပေါ့ အဲဒီအသိပြောတာ၊

http://www.dhammadownload.com



ဒီတော့ ထွက်လေဝင်လေ့လေးရဲ့ ရှေ့မှာလည်း စိတ်ရှိတယ်၊ နာမ်ရှိတယ်၊ နောက်မှာလည်း စိတ်ရှိတယ်၊ ကပ်ပြီးတော့ ရှိနေတယ်၊ အဲဒီ ရှိနေတဲ့စိတ်ကို နာမ်လို့ခေါ်တယ်၊ ရှေ့ရှိတာမိမိ၊ နောက်ရှိတာမိမိ။ ဘာမိမိ၊ နာမ်တရားပဲသူက၊ ထွက်လေဝင်လေလေးက ရုပ်တရားပဲ၊ ဒီတော့- ရုပ်နာမ်ပဲ။

ဒီထွက်လေလေးလျောကနဲ့ထွက်တဲ့အခိုက်မှာ ရှိတာ,ဘာရှိတုန်း ရုပ်နာမ်ရှိတာပဲ၊ အဲဒီရုပ်နာမ်ကို ရုပ်နာမ်လို့ ရှုလိုက်တာ တည့်သွားတာပဲ၊ ပထမဆုံးတော့ ဖြစ်ပျက်တွေဘာတွေ အနိစ္စလက္ခဏာတွေ မဖြစ်ချင်နေအုန်း ရုပ်နာမ် ရုပ်နာမ်လို့သိရင် ဒါ အရှိမှန်သိလို့ခေါ်တယ်၊ အမြင်မှန်ခေါ်တယ်၊ ရှိတာရှိတဲ့အတိုင်းသိတာခေါ်တယ်၊ ဒါဖြင့်တပည့်တော်တို့ နဂိုတုန်းကတော့ဘာတွေများသိနေလို့တုန်းဘုရားလို့ မေးစရာရှိတယ်၊ ဘာတွေသိရလိမ့်မှာတုန်း မရှိတာတွေလျှောက်သိနေတာသူက၊ ငါရှုတာ၊ ဟောဒီလိုလည်းသိတယ်၊ ငါရှိုက်တာ၊ ငါရှုတာ၊ ငါသွားတာ၊ ငါစားတာနဲ့ သူက တငါငါ နဲ့လာတာ၊ ထွက်လေဝင်လေလည်း ငါရှုတာတဲ့ ငါ့ထွက်လေတဲ့ ဟော-ဒီလို။

ငါရှုတာဆိုတော့ သက္ကာယဒိဋ္ဌိ။ ငါ့ထွက်လေဆိုတော့ တဏှာ၊ အံမယ် ငါမို့လို့ဒီလိုရှုနိုင်တာ၊ ရှုကောင်း ရှိုက်ကောင်းနေသေးတာဆိုတော့ မာန။ ဟော- တဏှာ မာန ဒိဋ္ဌိ- ငါသုံးငါက လာတာချည်းပဲ၊ အဲဒီတဏှာ, မာန ဒိဋ္ဌိ-ငါသုံးငါ ကလာလွန်းလို့ ဘုရားရှင်အဆူဆူက အနတ္တလက္ခဏာ သုတ်ကနေပြီးတော့ ကြေငြာပြီးတိုက်တွန်းသွားကြတာ-

* **(သဗ္ဗံ ရူပံ) နေတံ မမ နေသောဟမသ္မိ န မေသော အတ္တာတိ၊ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။**

နေတံ မမ-ဒါ ငါ့ဥစ္စာမဟုတ်ဘူး၊ နေသော ဟမသ္မိ-ဒါငါမဟုတ်ဘူး၊ နမေသောအတ္တာ-ငါ့ရဲ့ကိုယ်လေးမဟုတ်ဘူးလို့ တဏှာ,မာန,ဒိဋ္ဌိသုံးချက်ပယ်ဖို့ရာ၊နေတံ မမက တဏှာပယ်ခိုင်းတာ၊ နေသောဟမသ္မိ-က မာနပယ်ခိုင်းတာ၊ နမေသော အတ္တာက သက္ကာယဒိဋ္ဌိပယ်ခိုင်းတာ၊ ဒီတော့ ငါကသုံးမျိုးရှိတာ တဏှာငါ,မာနငါ, ဒိဋ္ဌိငါ၊ အဲဒီ ငါသုံးလုံးကဝင်ဝင်နေတာ၊ ထွက်လေဝင်လေမှာလည်း ဝင်တယ်၊ နောက်ဆုံးလေ ကုန်ကုန်ပြောလိုက်မယ် ဒကာ,ဒကာမတွေ ကိုယ့်လက်သည်း ခြေ

---

* သံ-၁၂၄၅၊ သံ-၂၄၁။

http://www.dhammadownload.com



သည်းလေးတစ်ခုတောင်မှ မချန်ဘူး၊ ဆံမျှင်လေး တစ်မျှင်တောင်မှမချန်ဘူး၊ ဒီငါသုံးငါဝင်နေတာ၊ ငါ့ဆံပင်တဲ့ ဟော- ဆံပင်လေးတမျှင်ထိအောင်ငါ့ဆံပင် ငါ့လက်သည်း တဏှာဒါ၊ ဆံပင် ငါထင်နေပြီဆိုတော့ ဒိဋ္ဌိ၊ ငါ့ဆံပင်မို့ဒီလိုကောင်းတာ၊ ငါ့ဆံပင်မို့ဒီလိုနက်နေတာ ဟော-မာန။

ဒီတော့ ဒီခန္ဓာကိုယ်တစ်ခုလုံးမှာ တဏှာ,မာန,ဒိဋ္ဌိတို့ ပပဉ္စတရား သံသရာနယ်ချဲ့သမားကြီးသုံးယောက်က လွှမ်းမိုးလာခဲ့တာကြာလှပြီ သူ့ဖြုတ်ရမှာ။ အထူးသဖြင့် အဲဒီထဲကငါဝင်နေတဲ့ သက္ကာယဒိဋ္ဌိဖြုတ်ရမှာ။ ဒီတော့ ထွက်လေလေးထွက်လာ ရုပ်နာမ်,ဖြစ်ပျက်၊ ဝင်ရင် ရုပ်နာမ်,ဖြစ်ပျက်၊ ဒို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးတွေ အဆက်ဆက် ရုပ်ဖြစ်ပျက်၊နာမ်ဖြစ်ပျက် ရုပ်ဖြစ်ပျက်၊ နာမ်ဖြစ်ပျက်၊ဒီလိုရှုခိုင်းတာ၊ ရုပ်နာမ်,ဖြစ်ပျက်ပေါင်းရှုလိုက်ရတယ်၊ ဒီတော့ အဲဒီလိုအားဖြင့် ထွက်လာဝင်လာတာ ရုပ်နာမ်,ဖြစ်ပျက်၊ ရုပ်နာမ်,ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊

ဟော-မဟာစည်ဆရာတော်ဘုရားကြီးကတော့ ဝင်တယ်,ထွက်တယ်၊ ဝင်တယ်,ထွက်တယ်၊ဝင်တယ်,ထွက်တယ် လို့ရှုတဲ့၊ ဝင်တာထွက်တာရှုတော့ ဝင်တဲ့အမူရာ ထွက်တဲ့အမူရာက ရုပ်နာမ်အမူရာကိုး၊ အဲဒီရုပ်နာမ်အမူရာလေးကို ရုပ်နာမ်အမူရာအတိုင်းသိနေတဲ့ အချိန် ငါပျောက်နေတယ်။ ဝေဘူဆရာတော်ကြီးကတော့ ထိ,သိ,ပျက်၊ထိသိပျက်၊ ထိသိပျက်တဲ့၊ နှာခေါင်းက ထွက်လေကလေးထွက်လာတော့ ထိခနဲ့ဆိုနှာသီးဖျားမှာ ထိသွားတာကိုး၊ အဲဒီ ထိတာလေးကိုသိလိုက်တယ်နောက်က၊ သိပြီးတော့ ဒါလေးကပျက်သွားလို့ ထိ,သိပျက်၊ ထိ,သိပျက်၊ ထိ,သိပျက်။

အခု တောင်ပုလုဆရာတော်ဘုရားကြီးကလည်း ဒီအတိုင်းပါပဲ၊ အင်း ထိပျက်,သိပျက်၊ ထိပျက်,သိပျက်၊ ဒီလိုရှုခိုင်းတာ၊ ဒီတော့ အဲဒီလိုရှုနေပြီဆို ငါပျောက်နေပြီ၊ ငါပျောက်နေပြီးတော့ဘာမြင်နေတုန်းဆိုတော့၊ ဟော-ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမြင်တဲ့ဉာဏ်ပေါ် နေပြီ အဲဒီအချိန်။ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မြင်တဲ့ဉာဏ်ပေါ် နေလို့ရှိရင် အမှန်မြင်နေတာပဲ၊ အမှန်မြင်နေလို့ရှိရင် အဲဒီ ရုပ်နာမ် အတိုင်းမြင်လို့ရှိရင်၊ ခုနကပြောတဲ့ ရုပ်နာမ်ရဲ့ပျောက်သွားပုံလေးတွေ,ပျက်သွားပုံလေးတွေ, ပေါ်ပြီးပျောက်သွားပုံလေးတွေဟာ ကိုယ်တမင်ကြောင့်ကြ မစိုက်ရဘူး၊ သူ့ဘာသူ ဉာဏ်အားကောင်းလာတော့ လင်းခနဲ့ ဝင်းခနဲ့ ဖျတ်ကနဲ့ သွားတာ

http://www.dhammadownload.com



လေးတွေ့,ပျောက်ကနဲ့သွားတာလေးတွေ့,ထင်းကနဲ့သွားတာလေးတွေ့,အကုန်မြင်လာတော့တာပဲ၊ အဲဒါလက္ခဏာရေးမြင်ပြီ၊ အနိစ္စမြင်ရင် ဒုက္ခ အနတ္တ တစ်ခါတည်းပါပြီ၊ ဟော-အဲဒါအလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်တယ်ဆိုတာ အဲဒါပြောတာ။

အလယ်တန်းစားဗုဒ္ဓဘာသာအဆင့်ရောက်သွားပြီတဲ့၊ ရှိတာရှိတဲ့အတိုင်းမြင်သွားတာပဲ၊ ရှိတာရှိတဲ့အတိုင်းမြင်သည်နှင့် တပြိုင်နက် မရှိတာတွေကို အရှိလုပ်ပြီးသိနေတဲ့အသိပျောက်တယ်၊ အဲဒါအဝိဇ္ဇာပျောက်တာခေါ်တယ်၊ သက္ကာယဒိဋ္ဌိပျောက်တယ်ခေါ်တယ်၊ တရားဆိုတာ ပွားလိုက်လို့သိတဲ့အသိက အင်မတန်တန်ဖိုးရှိတယ်၊ အခုဘုန်းကြီးပြောနေတာက ဒကာ,ဒကာမတွေကို ပွားသိ,သိဖို့ရာအတွက်အခြေခံပြီးတော့ သုတမယဉာဏ်နဲ့ လုပ်နည်းပြောနေတာ၊ ကိုယ်ကိုယ်တိုင်ပွားကြည့်တော့မှသိတဲ့ဉာဏ်ပေါ်လိမ့်မယ်၊ အဲဒါကမှ ပွားသိ။

အခုဘုန်းကြီးပြောလို့ နားထောင်သိနေတဲ့အသိက ပွါးသိမဟုတ်ဘူး၊ သုတမယဉာဏ်သိ, စိန္တာမယဉာဏ်သိအဆင့်ခေါ်တယ်၊ သုတမယဉာဏ်သိဆိုတာ ပြောလို့,ဟောလို့, နားထောင်လို့ နားလည်သိ၊ ဒါသုတမယဉာဏဉာဏ်သိ၊ စဉ်းစားလိုက်တော့လည်း၊ အင်း-ဟုတ်တယ်နော် ဟုတ်တယ်၊ စိတ်ရှိတုန်း ထွက်လေဝင်လေဖြစ်တာ၊ ဟုတ်သားနော်၊ ဟုတ်တယ် ဟုတ်တယ်၊ ဒါ -စိန္တာမယဉာဏ်သိ-စဉ်းစားပြီးတော့လက်ခံသိ။ အဲဒီလောက်အသိနဲ့ တရားမပေါက်သေးဘူး၊ သက္ကာယဒိဋ္ဌိမပယ်နိုင်သေးဘူး၊ ပယ်သလောက်တော့ပယ်ပြီလေ၊ ဘာဝနာသိနဲ့ပယ်တာမဟုတ်သေးဘူး။

ဒီတော့ ပွားသိဆိုတာက ဘုန်းကြီးပြောလို့မရဘူး၊ ဘုရားကလာပြောလို့လည်း မရဘူး၊ ကိုယ့်ဘာကိုယ် ပွားလို့သိတဲ့အသိကို ပွားသိ၊ ကိုယ့်ဘာကိုယ်လုပ်မှ သိတဲ့အသိကို ပွားသိ၊ ဘာဝနာမယဉာဏ်သိလို့ခေါ်တယ်၊ ဒီတော့-အဲဒီဘာဝနာမယဉာဏ်သိ, သိအောင် ဘုန်းကြီးတို့ကပြောပေးရုံပဲ ပြောနိုင်တယ်၊ ကိုယ်စားပွားပေးလို့မရဘူး၊ ပိုက်ဆံပေးဝယ်လို့လည်းမရဘူး၊ ဒီ-ဒါန, သီလ, ဘာဝနာသုံးမျိုးထဲမှာ၊ ဒါနကောင်းမှုက ပိုက်ဆံပေးလုပ်လို့ရသေးတယ်၊ ပိုက်ဆံပေးဝယ်လို့ရသေးတယ်၊ "ငါပိုက်ဆံပေးပါ့မယ်ကွာ ငါ့ကိုစားလှူပေးစမ်းပါ" ရတယ်။

သီလနဲ့ ဘာဝနာက ပိုက်ဆံပေးပြီးတော့လုပ်လို့မရဘူး၊"ဟေ့-ငါ့ကိုယ်စား

http://www.dhammadownload.com



ကွာ. . . မင်းကပါဏာတိပါတ ရှောင်စမ်းပါ ရှောင်ပိုက်ဆံငါးကျပ်”ဆိုပြီးတော့ပေးလို့ သူ့ပဲ သီလကုသိုလ်ဖြစ်တယ်၊ ကိုယ့်ဖြစ်မလာဘူး၊ ကိုယ်ကသတ်နေလို့ရှိရင် သာ တောင်ဆိုးသေး၊ သူ့ပိုက်ဆံပေးပြီးတော့ ငါ့အစားဥပုသ်စောင့်စမ်းပါကွာ ငါကဒီမှာ သောက်လိုက်,စားလိုက်ဦးမယ်ဆိုရင် ဘယ်ကုသိုလ်ရလိမ့်မှာတုန်း၊ သီလကုသိုလ် တို့, ဘာဝနာကုသိုလ်တို့က ပိုက်ဆံပေးပြီး ကိုယ်စားပြုလို့မရဘူး၊ ဒါနကပြုလို့ရသေး တယ်။ ဒါ့ကြောင့် အဲဒီထဲမှာ ဘာဝနာမယဉာဏ်နဲ့ပွားတဲ့အပွားဟာ ပိုပြီးတော့ အရေးကြီးတယ်။

ဒီတော့-ရုပ်နာမ်ကို ရုပ်နာမ်လို့သိဖို့ သုတမယဉာဏ်နဲ့သိရအောင် ဘုန်း ကြီးက ရုပ်နာမ်လို့ပြောပြနေတာ၊ ထွက်လေဝင်လေလေးကရုပ်၊ အဲဒီ ထွက်လေ ဝင်လေလေးဖြစ်နေအောင်လုပ်နေတာကစိတ်-နာမ်၊ ရှေ့မှာလည်းစိတ်ရှိတယ်၊ အဲဒီထွက်လေလေးထွက်လာတော့လည်း ထွက်တယ်လို့သိသိသွားတဲ့ အသိက လေးပေါ်တတ်တယ် အဲဒါလည်းနာမ်ပဲ။ ဘယ်နာမ်မိမိ,ဘယ်ရုပ်မိမိ ရုပ်နာမ်လို့ ရှု. . . တဲ့ဟော- ဒါဘုန်းကြီးတို့သုတမယဉာဏ်နဲ့ကျတော့, စာတွေလျှောက်သင်ကြ တော့ ရုပ်က(၂၈)ပါး၊ စေတသိတ်က (၅၂) လုံး၊ စိတ်ကတစ်ခုယုတ်ကိုးဆယ်၊ ဒါ က ပရိယတ်နယ်ကနေပြီးတော့ အခြေခံသင်ရတာ။

ဒကာဒကာမတွေရှုတဲ့အချိန်ကျတော့ အဲသလောက် မသိလည်းကိစ္စမရှိ ဘူး၊ ဒို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း နိဗ္ဗာနမဂ္ဂဒီပနီမှာဆုံးမထားတယ်၊ ရုပ်တွေနာမ်တွေသိတယ်ဆိုတာ သဘာဝရုပ်နာမ်သိခြင်း, သာမညရုပ်နာမ်သိ ခြင်း, ဝိသေသရုပ်နာမ်သိခြင်းလို့ရှိပါတယ်၊ ဝိသေသရုပ်နာမ်သိတယ်ဆိုတာ ခုနက လို ရုပ်က (၂၈)ပါး၊ မဟာဘုတ်ဓာတ်ကြီးက(၄)ပါး၊ အာယတန(၁၂)ပါး၊ ခန္ဓာက(၅) ပါး၊ ဒါကဝိသေသသိတဲ့ဟာခေါ်တယ်၊ သိနိုင်ရင်ကောင်းပါတယ်တဲ့၊ သိရင်တော့ ကောင်းတယ်တဲ့၊ သို့သော်မသိဘူးဆိုရင် တရားရှုမယ့်သူအတွက်ကတော့ သဘာဝရုပ် နာမ်သိရင်တော်ပြီ၊ သာမညရုပ်နာမ်သိရင်တော်ပြီ။ သာမညရုပ်နာမ် ဆိုတာ ပျက်တတ်တာမှန်သမျှ ဖောက်ပြန်တတ်တာ-ရုပ်၊ ညွတ်တတ်တာ-နာမ်၊ သိတတ်တဲ့တရားက-နာမ်၊ ဒီလောက်သိရင် တော်ပြီတဲ့၊ အဲဒါ ရုပ်,နာမ်သိတာပဲတဲ့၊ ဒီတော့ အဲဒီလောက်သိရင်ပြီးတာပဲ။

ဒီတော့-အဲဒီလိုသိတဲ့အသိမျိုးနဲ့-ခုနကလိုဆိတ်ငြိမ်ရာကိုချဉ်းကပ်၊ ခန္ဓာ

http://www.dhammadownload.com



ကိုယ်လေးကို ဖြောင့်ဖြောင့်ထား၊ တင်ပလ္လင်သုံးမျိုး တစ်မျိုးမျိုးကြိုက်တာနဲ့ခွေ၊ အဲဒီလိုမလုပ်ခင်တော့၊ အနန္တောအနန္တငါးပါးရှိခိုးဦးချတောင်းပန်လိုက်ဦး ကျူး လွန်မိတာလေးတွေ။ ပြီးတော့မှ ခုနကလို ရုပ်, နာမ်ဖြစ်ပျက်၊ ရုပ်, နာမ်ဖြစ်ပျက်၊ ရုပ်, နာမ်ဖြစ်ပျက်ရှုပေး။ ရှုပေးတော့ ဉာဏ်ဓာတ်ပေါ်လာလိမ့်မယ်၊ ဉာဏ်ဓာတ် ပေါ်သလောက် ဉာဏ်နဲ့အသိကပ်သလောက်၊ ဝင်းကနဲ,လင်းကနဲ,ထင်းကနဲ, ရှင်းကနဲဉာဏ်တွေပေါ်လာလိမ့်မယ်၊ အဲဒီဉာဏ်ဓာတ်ပေါ်သလောက်၊ အမိုက်က ပျောက်ပျောက်,ပျောက်ပျောက်,ပျောက်ပျောက်သွားလိမ့်မယ်။

ဒကာ,ဒကာမတွေရဲ့သန္တာန်မှာ အမိုက်ဓာတ်ကြီးက သံသရာနဲ့ ချည်ပြီး တော့ဖုံးလာတာ ကြာလှပြီ. . .၊ အဲဒီအမိုက်မှောင်ဓာတ်ကြီးကို ဒီနေ့ အဝင်းဓာတ် နဲ့တိုက်၊ အလင်းဓာတ်နဲ့တိုက်၊ ဘုရားရဲ့စစ်ကူယူပြီးတော့တိုက်၊ ဘုရားရှင်ကိုယ် တော်မြတ်ကြီး သာသနာ့ကတုတ်ကျင်းကြီးမှာ ခိုမိတဲ့အချိန်တိုက်၊ တိုက်နိုင်တဲ့ လူ့ခန္ဓာရလာတဲ့အချိန်တိုက်ကြ. . .၊ အဲဒီလို အလယ်တန်းစား ဗုဒ္ဓဘာသာ ဖြစ်ပြီး တော့ လှူရင် ဟော-ဒီနေ့ကုသိုလ်ကောင်းမှုက နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ကျေးဇူးပြုတဲ့ကုသိုလ်ဖြစ်လိမ့်မယ်. . တဲ့၊ ကိုင်း-ဒီတော့ ဒီနေ့ဒီလောက်နဲ့ရပ် ထားပြီးတော့ နက်ဖြန်ခါကျမှ ရှုနည်းလေးတွေ ဆက်ပြီးတော့ပြောမယ်၊ ဒီတော့- ဗုဒ္ဓဘာသာအဆင့် သုံးဆင့်နှင့် လုပ်ရမယ့်အလုပ်သိသွားအောင် အားလုံးလိုက် ဆိုစမ်းပါ-

❖ **အောက်တန်းမူလ, ဗုဒ္ဓဘာသာ,တံကိုယ်ပိုင်ရှိ,မြင်သိပေရှာ၊**
**အလယ်ထင်လင်း, မြင်းရှင်းလက္ခဏာ၊ အထက်တန်း,**
**လေးခန်းမြင်သစ္စာ။**

အဲဒါဗုဒ္ဓဘာသာသုံးဆင့်ရဲ့သဘော၊ ဒီတော့-ပထမဆုံး ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်နဲ့ပြည့်စုံနေတော့ အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်အောင် တရား ထိုင်တော့ ဘာလုပ်ရမတုန်းလို့ဆိုတော့၊ ပရိက်ရွေးဦးစွာလုပ်ရတာဆိုလိုက်-

❖ **အနန္တငါးအင်, ကျေးဇူးရှင်, ဦးတင်ဝန်ချပါ။**
**ဆိတ်,တင်,ဖြောင့်,ငါး၊ ရှိမြင်ပွား၊ ကြိုးစားဘာဝနာ၊**

ရှိမြင်ဆိုတာ-ရှိတာကိုမြင်အောင်ပွားတဲ့ ဒါပြောတာနော်၊ ရှိတာက-ရုပ် နာမ်၊ မြင်တာကသမ္မာဒိဋ္ဌိပေါ်အောင်၊ ပွား-ဆိုတာက အလုပ်လုပ်၊ ဒါပြောတာ။ အဲဒီလိုအားဖြင့် မိမိတို့ကိုယ်မိမိတို့၊ အောက်တန်းဗုဒ္ဓဘာသာ အဆင့်ကနေပြီး တော့၊ အလယ်တန်းဗုဒ္ဓဘာသာဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်

http://www.dhammadownload.com



ကြပါစေ ကုန်သတည်း၊ အလယ်တန်းဗုဒ္ဓဘာသာဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရင်းနဲ့ သူ့အလိုလိုရောက်လာမယ့်၊ အထက် တန်းစားဗုဒ္ဓဘာသာစခန်း ပေါက်အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ယနေ့-ငါးကြိမ်မြောက်၊ ငါးနှစ်မြောက် ကျောင်းအမကြီး ဒေါ်တုတ်တုတ်တို့-လာရောက်ပြီးသကာလ သံဃာတော်(၇၀၀)ကျော်တို့ကို ဆွမ်းဘောဇဉ်ဆက်ကပ်လောင်းလှူရတဲ့ ကုသိုလ်ကောင်းမှု စေတနာအစုသည်လည်းကောင်း၊ ပရိသတ်အပေါင်းသူတော်ကောင်းတွေကို ကျွေးမွေးဧည့်ခံရတဲ့ ကုသိုလ်ကောင်းမှုစေတနာအစုသည်လည်းကောင်း၊ ထိုကဲ့သို့ မိမိကိုယ်မိမိ အလယ်တန်းဗုဒ္ဓဘာသာအဆင့်ရောက်အောင် ပို့တဲ့,တွန်းတဲ့အားကြီးဖြစ်ပါစေသတည်း. . လို့ ကိုယ်စီကိုယ်ငှရည်မှန်းချက်ချပြီးတော့ ပြုစွမ်းနိုင်ကြပါစေကုန်သတည်း။

အလယ်တန်းဗုဒ္ဓဘာသာအဆင့်မှ အထက်တန်းဗုဒ္ဓဘာသာစခန်းပေါက်အောင် ဒီနေ့-ငါးကြိမ်မြောက်၊ ငါးနှစ်မြောက် တပည့်တော်တို့ သံဃာတော်(၇၀၀)ကျော်တို့ကို လောင်းလှူရတဲ့ ကုသိုလ်ကောင်းမှုကြီးက၊ ဆက်ကပ်ရတဲ့ ကုသိုလ်ကောင်းမှုကြီးက အားကောင်းသောအထောက်အပံ့ဖြစ်ပါစေသား၊ ပို့အားကြီးဖြစ်ပါစေသား၊ ဆောင်အားကြီးဖြစ်ပါစေသား၊ ကိုယ်စီကိုယ်ငှ နည်းများမဟူ ကုသိုလ်ကောင်းမှုတွေပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ မိမိကိုယ်ကိုမိမိ ဉာဏ်အဆင့်မြင့်သတဲ့မြင့်ပြီးတော့၊ လူ့အဆင့်မြင့်သထက်မြင့်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်သွားတတ်ကြကုန်သော ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတို့ ရအပ်,ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို လျင်မြန်သောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍၊ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း. . . . . ။ ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "အာဠာဝကသုတ္တန်"
# အပါယ်ကင်းစခန်း ဖြစ်စေပါ တရားတော်

ယနေ့-အခုအနုမောဒနာပြုရမှာမို့လို့လိုက်ဆိုစမ်းပါ-

❖ ဖန်ဘူးပုလင်း, နို့ချိုရည်သွင်း, ပုလင်းနို့ချိုဖြစ်သည့်နှယ်၊

ဖန်ဘူးကြီးထဲ, သို့မဟုတ်,ပုလင်းကြီးထဲ နဂိုဘာမှမရှိဘူး၊ အဲဒီဘာမှမရှိတဲ့ ဖန်ဘူးထဲကို ပုလင်းထဲကို နို့ချိုရည်တွေလောင်းထည့်သွင်းလိုက်ရင် ဒီပုလင်းကြီးကို နို့ရည်ပုလင်းကြီးလို့ခေါ်ကြတာ၊ နို့ချိုရည်ပုလင်းကြီးဖြစ်သွားတာ၊ နို့ချိုရည်ဖန်ဘူးကြီးဖြစ်သွားတာ၊ နို့ချိုရည်ဆိုတော့ သောက်ရတဲ့သူမှာ အားရှိတယ်၊ ချိုမြိန်တဲ့ အရသာခံစားရတယ်၊ အားအင်ဗလတွေဖြစ်၊ အသက်တွေရှည်၊ ကျန်းမာရေးတွေကောင်း အကုန်လုံးချမ်းသာတယ်၊ ဒီလိုမဟုတ်ဘဲနဲ့ ဒီဖန်ဘူး,ပုလင်းကြီးထဲ အဆိပ်ရည်တွေလောင်းထည့်လိုက်မယ်ဆိုရင်တော့ အဆိပ်ပုလင်းကြီးဖြစ်သွားပြီ၊ အဆိပ်ဖန်ဘူးကြီးဖြစ်သွားပြီ၊ အဆိပ်ပုလင်းကြီးဖြစ်သွားရင် ဒီအဆိပ်ကိုသောက်သုံးတဲ့သူ အူတွေအသည်းတွေပြတ် သေလုမတ်တတ် ဒုက္ခခံရ၊ သို့မဟုတ်သေတဲ့ဒုက္ခကိုခံရ ဒုက္ခမျိုးစုံကြုံရတယ်။

အဲသလိုပဲဒီနေ့ မောင်မြင့်ဆွေတို့ မခင်မာလွင်တို့ရဲ့ခန္ဓာကိုယ် ဖန်ဘူးပုလင်း၊ သားကြီးရတနာမောင်မျိုးမင်းဆွေရဲ့ ခန္ဓာကိုယ်ဖန်ဘူးပုလင်း၊ ထို့အတူပဲပေါ့ တောင်ပုလင်းဝင်းကလာကြတဲ့ ဦးအေးမောင်+ဒေါ်ဂျမ်းမိသားစုတွေရဲ့ ခန္ဓာကိုယ်တွေက ဖန်ဘူးပုလင်းတွေနဲ့တူကြတယ်၊ ဖန်ဘူးတွေနဲ့တူကြတယ်၊ ပုလင်းတွေနဲ့တူကြတယ်၊ အဲဒီထဲမှာဒီနေ့နို့ချိုရည်တွေလောင်းထည့်တာလား၊ အဆိပ်ရည်တွေလောင်းထည့်တာလားလို့ဒီနေ့စဉ်းစားကြ၊ ကောင်းမှုကုသိုလ်တွေပြုလုပ်နေတဲ့အချိန်ဟာ နို့ချိုရည်တွေသွင်းနေတာနဲ့တူတယ်၊ ကောင်းမှုကုသိုလ်ဆိုတဲ့ နို့ချိုရည်က အစားချမ်းသာစေမယ်၊ အဝတ်ချမ်းသာစေမယ်၊ အနေချမ်းသာစေမယ်၊ လူချမ်းသာ,နတ်ချမ်းသာကစ နိဗ္ဗာန်ချမ်းသာအထိ ကောင်းကျိုးချမ်းသာတွေကိုပေးမယ်။

http://www.dhammadownload.com



ဒီတော့ အလှူဒကာ အလှူအမဖြစ်ကြတဲ့မောင်မြင့်ဆွေ+မခင်မာလွင်တို့က သားကြီးရတနာရဲ့ ခန္ဓာကိုယ်ထဲမှာ ဒီနေ့လောင်းထည့်လိုက်တဲ့ နို့ချိုရည်တွေက ကုဋေကိုးထောင်ကျော်သိက္ခာသီလ နို့ချိုရည်တွေ၊ အခုသာမဏေဘဝနဲ့ဆိုရင်လည်း(၁၂၀)သိက္ခာသီလနို့ချိုရည်တွေ၊ ရဟန်းပြုလိုက်တော့ ဝမ်းထဲမှာသီလသိက္ခာထိန်းသိမ်းမှုကြီး၊ သာမဏေဘဝနဲ့ဆို (၁၂၀)ရဟန်းဘဝနဲ့ကျတော့ ကုဋေကိုးထောင်ကျော်၊ အဲဒီထိန်းသိမ်းတဲ့ကုသိုလ်ကောင်းမှုအားကြီးဟာ နည်းတဲ့အားကြီးမဟုတ်ဘူး၊ လောကမှာထိန်းသိမ်းတယ်,ထိန်းသိမ်းတယ်ဆိုတာ၊ လူတိုင်းလုပ်နိုင်တဲ့ အလုပ်မဟုတ်ဘူး။

အရက်မသောက်နဲ့ ခင်ဗျားအရက်သောက်လို့ရှိရင်အသည်းတွေခြောက်ပြီးတော့ မကြာခင်သေမှာ၊ အသက်တိုမှာလို့ဆရာဝန်ကပြောတယ်၊ အဲ-အရက်သောက်နေကျလူက မထိန်းနိုင်ဘူး၊ သောက်မြဲသောက်ချင်တာပဲ၊ သောက်မိတာပဲ၊ ဒါမထိန်းနိုင်တာခေါ်တယ်၊ အဲ-မသောက်ဘူးကွာ. . ဆိုပြီးတော့ထိန်းထားတယ်၊ အရက်ကို ပြတ်သွားအောင်ဖြတ်ပြစ်လိုက်တယ်၊ ဒါထိန်းနိုင်တာခေါ်တယ်၊ ထို့အတူပဲပေါ့ ကွမ်းစားနေကျလူကကွမ်းစားနေတာပဲ မစားနဲ့ပါးစပ်လျှာကင်ဆာတွေ သွားကင်ဆာတွေဖြစ်လိမ့်မယ်လို့ ဆရာဝန်ကအပြစ်တွေပြပြော မနေနိုင်ဘူးသူက စားချိန်ကျ စားလိုက်ချင်၊ ခံတွင်းချဉ်တယ်တဲ့ ထမင်းစားပြီးကွမ်းလေးမှမဝါးရ၊ ဆေးလိပ်သောက်တဲ့သူလည်းထိုနည်းလည်းကောင်းပဲပေါ့ ခံတွင်းချဉ်တယ်တဲ့ သောက်ချင်တယ်။

ဒီတော့ အဲဒီလိုအားဖြင့် သောက်ချင်စားချင်,ကြည့်ချင်,နားထောင်ချင်,နမ်းချင် ရှူချင်,ထိချင်တွေချင်၊ အဲဒီချင်,ချင်,ချင်ဆိုတဲ့ ဟာတွေမှန်သမျှကိုထိန်းနိုင်တာ သီလပဲ၊ ဒါနလိုသူကမျက်စိနဲ့ အကောင်အထည်မမြင်ရပေမယ့်လို့၊ နည်းတဲ့အားကြီးမဟုတ်ဘူး၊ ထိန်းရတဲ့အားကြီးက၊ ဒါနကတော့ လူတိုင်းမြင်တယ်ကိုး၊ လှူတယ်တန်းတယ်ဆိုရင် ဟာ-လှူလိုက်တာဟမနည်းပေါင် ငွေပင်တွေသုံးသောင်းကျော်ဗျာ စိုက်လှူတာ၊ ဆွမ်းကပ်လိုက်တာကလည်း ရေခဲမုန့်ဆွမ်း ကိတ်မုန့်ဆွမ်းတွေနဲ့အမလေးကုန်လိုက်တာနည်းတာမဟုတ်ဘူး၊ အမလေး တံကဲပလ္လင်ကြီးတွေလှူတာတဲ့ သုံးသောင်းကျော်တဲ့ ဒါမြင်ရတယ်၊ ငွေထုပ်ကြီးကလည်းမြင်ရတယ်၊ သီလကျတော့ အဲဒီလိုမမြင်ရဘူး၊ မမြင်ရပေမဲ့လို့ သူကစိတ်ထိန်းသိမ်းစောင့်စည်းရတာဆိုတော့ စောင့်စည်းနိုင်တယ်အောင့်အည်းနိုင်တယ်ဆိုတဲ့အားကြီးကနည်းတဲ့ အားကြီးမဟုတ်ဘူး။

http://www.dhammadownload.com



ဒီတော့ အခုသားကြီးရတနာရဲ့ ဝမ်းထဲမှာ အဲဒီထိန်းသိမ်းတဲ့အားတစ်ပါး မကဘူး၊ ရဟန်းသီလ(၂၂၇)သွယ် အကျဉ်းအားဖြင့်၊ အကျယ်အားဖြင့်ကုဋေကိုး ထောင်ကျော် ထိန်းသိမ်းထားမှာသူ၊ အဲဒီထိန်းသိမ်းတဲ့ကုသိုလ်အားကြီးတည်းဟူ သောနှိချိုရည်တွေ သားရဲ့ခန္ဓာကိုယ်ထဲလောင်းထည့်လိုက်တာပဲဒီနေ့၊ သူ့လောင်း ထည့်ရင်းနဲ့ မိမိတို့ခန္ဓာကိုယ်ထဲလည်းပဲ၊ အခုသံဃာတော်(၆၀၀)ကျော်ကိုမနက် (၆၀၀)ကျော်ဆွမ်းလောင်းရ ဆွမ်းကပ်ရတဲ့ကောင်းမှုဆိုတဲ့ ဒါနကောင်းမှုတွေ၊ နေ့ လယ်လောင်းလှူရတဲ့ဒါနကောင်းမှုတွေ၊ ရေခဲမုန့်ဆွမ်း ကိတ်မုန့်ဆွမ်းလောင်းလှူ ရတဲ့ကောင်းမှုတွေ မိမိတို့နှင့်တကွ မိဘဆွေမျိုးတွေပါ ငွေကျပ်သုံးသောင်းနှစ် ထောင်ငါးရာကျော်ငွေပင်စိုက်ထူပြီးတော့ ရာသက်ပန်ပစ္စည်းလေးပါးလှူဒါန်းရတဲ့ ကောင်းမှုကြီးတွေဆိုတဲ့ ဒီကောင်းမှုတွေ ကုသိုလ်တွေ ဖြစ်ပွားသွားလိုက်တာ ဒါနို့ ချိုရည်တွေပဲ။

အဲဒီနို့ချိုရည်တွေ လောင်းထည့်လိုက်တဲ့အတွက် မိမိတို့ခန္ဓာကိုယ်ကြီးဟာ ဘာဖြစ်သွားတုန်းဆိုတော့ အပါယ်ကင်းမယ့် ခန္ဓာကိုယ်ကြီးဖြစ်သွားတယ်၊ သားကြီး ရတနာရဲ့ ခန္ဓာကိုယ်ကလည်း အပါယ်ကင်းတဲ့ခန္ဓာကိုယ်၊ ငရဲမကျမယ့်ခန္ဓာကိုယ် တိရစ္ဆာန်ကောင်ကြီး မဖြစ်မယ့်ခန္ဓာကိုယ်၊ အသုရကာယ်ကောင်ကြီး မဖြစ်မယ့် ခန္ဓာကိုယ်၊ ပြိတ္တာကောင်ကြီးမဖြစ်မယ့်ခန္ဓာကိုယ်ဖြစ်သွားတယ်၊ အပါယ်ကင်းတဲ့ ခန္ဓာကိုယ်ဖြစ်သွားတယ်။

အဲဒီလိုမဟုတ်ဘဲနဲ့ ခုနကလို အဆိပ်ရည်တွေလောင်းထည့်တဲ့အနေနဲ့ အကုသိုလ်ဒုစရိုက်တွေနေ့တိုင်းကျူးလွန် သတ်ဟာဖြတ်ဟာ သူများပစ္စည်းခိုးဟာ လုဟာ ဓားပြလုပ်တိုက်ဟာ၊ သူများသားမယားတွေဖျက်ဆီးဟာ၊ လိမ်ဟာညာဟာ သောက်ဟာ စားဟာ မူးဟာ ရူးဟာ သူများတွေညီညွတ်နေတာတွေ ကွဲပြားအောင် ‌လျှောက်ကုန်းတိုက်ဟာနဲ့ ဒီလိုလျှောက်လုပ်နေတဲ့သူကတော့ ဒုစရိုက်ဆိုတဲ့ အဆိပ် ရည်တွေနေ့ တိုင်းခန္ဓာကိုယ်ဖန်ဘူးပုလင်းကြီးထဲထည့်နေတော့တာပဲသူက၊ အဲ- ထည့်နေရင်လာမယ် ဆိုးကျိုးဆိုးပြစ်တွေ။

အဆိပ်ကိုအကြောင်းပြုပြီးတော့ အူပြတ်သည်းပြတ် သေလုမတတ်ဒုက္ခ တွေကြုံရသလို သူ့လည်းဒုက္ခမျိုးစုံကြုံလိမ့်မယ်၊ အဲလိုဒုက္ခမျိုးစုံကြုံပြီး နောက်ဆုံး ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါးထိုးဆင်းသွားမယ့်ခန္ဓာကိုယ် ကြီးမို့လို့၊ အပါယ်တွင်းကခန္ဓာကိုယ်ကြီး. . . တဲ့ သူ့ခန္ဓာကိုယ်ကြီးက၊ အခုလူ့ပြည် မှာ ခဏနေပေမယ့်လို့ သူ့ခန္ဓာကိုယ်ကြီးက အပါယ်တွင်းကခန္ဓာကိုယ်ကြီး၊ အပါယ်

http://www.dhammadownload.com



သွားမယ့်ခန္ဓာကိုယ်ကြီး၊ အဲ-ဒီလိုမဟုတ်ဘဲနဲ့ ခုနကလို နို့ချိုရည်တွေလောင်းထည့်ရင်တော့၊ နို့ချိုရည်ပုလင်းကြီးဖြစ်သလိုပဲ၊ အပါယ်ကင်းတဲ့ခန္ဓာကြီးဖြစ်မယ်၊ ကဲ-လိုက်ဆိုစမ်းပါ-

❖ ဖန်ဘူးပုလင်း၊ ဆိပ်ရည်သွင်း၊ ပုလင်းအဆိပ်ဖြစ်သည့်နှယ်၊
ခန္ဓာကိုယ်တွင်း၊ အကုသွင်း၊ ပါယ်တွင်းခန္ဓာဖြစ်ရတယ်။
ဖန်ဘူးပုလင်း၊ နို့ရည်သွင်း၊ ပုလင်းနို့ချိုဖြစ်သည့်နှယ်၊
ခန္ဓာကိုယ်တွင်း၊ ကုသိုလ်သွင်း၊ ပါယ်ကင်းခန္ဓာဖြစ်ရတယ်။

အဲဒီတော့-ဒီနေ့မောင်မြင့်ဆွေတို့+မခင်မာလွင်တို့ကသားကြီးရတနာရဲ့ခန္ဓာကိုယ်ကို အပါယ်ကင်းတဲ့ခန္ဓာကိုယ်ဖြစ်အောင်၊ မိမိတို့ခန္ဓာကိုယ်တွေကိုလည်း အပါယ်ကင်းတဲ့ခန္ဓာကိုယ်တွေဖြစ်အောင်၊ ထို့အတူပဲ တောင်ပုလင်းဝင်းကလာကြတဲ့ ဦးအေးမောင်+ဒေါ်ဂျမ်းမိသားစုတွေက အပါယ်ကင်းတဲ့ခန္ဓာကိုယ်တွေဖြစ်အောင် အပါယ်မကျမယ့်ခန္ဓာကိုယ်တွေဖြစ်အောင် ကျင့်ဆောင်လိုက်တော့ လှူရှာနတ်ထံ ချမ်းသာစံပြီးတော့၊ အထက်တန်းကနိဗ္ဗာန်ဝင်သွားသည့်အထိ တစ်လျှောက်လုံး၊ နိဗ္ဗာန်ရောက်ပြီး ရဟန္တာမဖြစ်သည့်အထိ အပါယ်ကင်းတဲ့ခန္ဓာကိုယ်ကြီးတွေဖြစ်အောင် ဒီနေ့ကျင့်ဆောင်နေတာပဲ။

အဲဒီလို တစ်ဘဝသာမက ဘဝပေါင်းများစွာရှေ့ဆက်ပြီးတော့ ကုသိုလ်ပါရမီတွေနဲ့ဆက်ပြီးတော့ အားတက်ပြီးတော့ အပါယ်ကင်းတဲ့ခန္ဓာကိုယ်တွေဖြစ်သွားပြီးတော့ နိဗ္ဗာန်ဝင်သွားနိုင်တယ်၊ အဲလို နိဗ္ဗာန်ကိုဝင်သွားနိုင်တဲ့အကြောင်းကို ဘုန်းကြီးတို့ဘုရားလက်ထက်က ✱ သိဟာသန ဒါယကထေရ်-ဆိုတဲ့ မထေရ်တစ်ပါးပြောခဲ့တဲ့စကားလေးနဲ့ပြောရရင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလက်ထက်မှာ ရဟန္တာအရှင်မြတ်ကြီးတွေ၊ ရဟန္တာမအရှင်မြတ်ကြီးတွေ နိဗ္ဗာန်ဝင်ကြတယ်၊ ရဟန္တာအဖြစ်နဲ့ နောက်ဆုံးဘဝအဖြစ်နဲ့ကျွတ်တန်းဝင်ကြတယ်၊ အဲလိုကျွတ်တန်းဝင်ပြီးရင် သူတို့ကသူတို့ဇာတ်ကြောင်းတွေပြန်ပြောင်းပြီးတော့ပြောထားခဲ့ကြတယ်။

ငါဟာ-ဟောဒီလို ဂေါတမဘုရားလက်ထက်မှာ ရဟန္တာကြီးတစ်ပါးဖြစ်၊ ရဟန္တာမကြီးတစ်ပါးဖြစ်ပြီးတော့ ကျွတ်တန်းဝင်နိုင်အောင် ဘယ်ကောင်းမှုတွေကို ပြုခဲ့တယ်၊ ဘယ်ကုသိုလ်တွေပြုခဲ့လို့ အဲဒီအချိန်ကစပြီးတော့ ငါတို့ဒီနေ့ထိအောင် အပါယ်လေးပါးကျမသွားဘဲနဲ့ ဟောဒီလိုရဟန္တာကြီးဖြစ်ပြီး ကျွတ်တန်းဝင်ရပါတယ်

✱ အပ-၁၊၆၀။

http://www.dhammadownload.com



ဆိုတာကို နောင်လာနောက်သားတွေအားကျအောင်၊ အတုယူရအောင်ပြောပြော ထားခဲ့ကြတယ်။ အဲဒါကို ထေရာအပဒါန်ပါဠိတော်၊ထေရီပဒါန်ပါဠိတော်လို့ခေါ်တယ် ပိဋကတ်သုံးပုံမှာ။ ကိုယ်ရေးရာဇဝင် ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်ပြောသွားကြတာ၊ အခုကာလပြောလို့ရှိရင် ကိုယ်ရေးရာဇဝင်ရေးတယ်လို့ခေါ်မှာပေါ့၊ ကိုယ့်အတ္ထုပ္ပတ္တိ ကိုယ်ရေးတဲ့စာရေးဆရာတွေနဲ့တူတာပေါ့၊ အဲဒါ အတုယူရအောင်လို့၊ နောင်လာ နောင်သား သူတော်ကောင်းတွေ အတုလိုက်အောင်၊ မကောင်းတဲ့ဟာတွေရှောင် ကောင်းတာတွေဆောင်ဖြစ်အောင်လို့ပြောခဲ့တာ၊ အဲလိုပြောခဲ့တဲ့အနက်က သီဟာ သနဒါယကမထေရ်ဆိုတဲ့ မထေရ်တစ်ပါး ပြောသွားတဲ့စကားက-

**နိဗ္ဗုတော လောကနာထမှိ၊ သိဒ္ဓတ္ထေ ဒွိပဒုတ္တမေ၊**
**ပသန္နစိတ္တော သုမနော၊ သီဟာသန မကာသဟံ။. . . တဲ့။**

ငါအခုလိုရဟန္တာကြီးတစ်ပါးအဖြစ်နဲ့ ကျွတ်တန်းဝင်ရတဲ့ကိစ္စကို အခြေခံ ကစပြီးတော့ ငါပြောရမယ်ဆိုရင်၊ ဒီကမ္ဘာကနေပြီးတော့ ကိုးဆယ်နဲ့လေးကမ္ဘာ နောက်ဆုတ်ပြန်ရေတွက်ရင်၊ ကိုးဆယ့်လေးကမ္ဘာတုန်းက လောကကြီးထဲမှာ သိဒ္ဓတ္ထအမည်ရှိတဲ့ဘုရားပွင့်တော်မူတယ်. . . တဲ့၊ အဲဒီဘုရားပွင့်ပြီးတော့ ဘုရား ကပရိနိဗ္ဗာန်စံသွားတယ်၊ အဲဒီပရိနိဗ္ဗာန်စံသွားပြီးမှ ငါကလူဖြစ်လာတာဖြစ်တော့ ငါကစဉ်းစားတယ်။

## အဟော မမ ပရိဟာနိ။

ငါလူတော့ဖြစ်ရဲ့၊ သိဒ္ဓတ္ထဘုရားကိုယ်တော်မြတ်ကြီးကလည်းပဲ ပွင့်ပြီးလို့ ပရိနိဗ္ဗာန်စံသွားပြီးစဖြစ်နေ၊ သက်တော်ထင်ရှားဘုရားမမီလိုက်ဘူးသူက၊ သူလူ လားမြောက်တဲ့အချိန်ကျတော့ ဘုရားကမရှိတော့ဘူး၊ ဒီတော့-ငါလူ့ဘဝတော့ရပါ ရဲ့၊ ဘုရားသာသနာတော်ကြီးလည်းကြုံရပါရဲ့၊ သို့သော် သက်တော်ထင်ရှားဘုရား ကိုယ်တော်မြတ်ကြီးကို ငါမမီလိုက်တာဟာဖြင့်-

**အဟော မမ ပရိဟာနိ**-ငါ့ရဲ့ဆုတ်ယုတ်မှုကြီး၊ ရှုံးမှုကြီး၊ ကြီးလှပါ လား. . .၊ ဘုရားသက်တော်ထင်ရှား မမီလိုက်ဘူးဆိုကတည်းကိုက ရှုံးတော့တာပဲ၊ သက်တော်ထင်ရှားမီလိုက်တဲ့သူတွေက မျက်စိနဲ့ဒိဋ္ဌဖူးရတယ်၊ ဘုရားဟောတဲ့ တရားသံကို နားနဲ့ဆတ်ဆတ်ကြားရတယ်၊ ဘုရားဟောတဲ့တရားကြားပြီးတော့

http://www.dhammadownload.com



သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်ကြတယ်၊ ဒီတော့ နည်းတဲ့ဆု လာဘ်ကြီးတွေမဟုတ်ဘူး၊ ငါ့မှာတော့ အဲဒီလိုဘုရားကိုယ်တော်မြတ်ကြီးကို ဒိဋ္ဌ ထင်ထင်မမြင်လိုက်ရ, မဖူးလိုက်ရ၊ ဘုရားဟောတော်မူတဲ့ တရားသံကို နားနဲ့ ဆတ်ဆတ်မကြားလိုက်ရ၊ ဘုရားဟောတော်မူတဲ့ တရားကိုမသိလိုက်ရသဖြင့် ငါ့မှာ ရှုံးလှပါလား. . . လို့ စဉ်းစားပြီးတော့၊ ကိုင်း- ရှုံးတဲ့ဘက်ကရှုံးတာ ရှုံးပါစေတော့-

မမဇာတိ သဖလံ ကရိဿာမိ၊

ငါရ,ထားတဲ့ လူ့ဘဝလေးကိုတော့ အကျိုးရှိအောင်ပြုရမှာပဲ၊ ရှုံးတဲ့ဘက်က ရှုံးပေမယ့်လို့ ဖြစ်တဲ့ဘက်ကမြတ်အောင်ငါလုပ်မှပဲလို့ဆိုပြီးတော့တဲ့၊ အဲဒီသိဒ္ဓတ္ထ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်မွေတော်တွေကို စေတီလုပ်ပြီးတော့တည် ကြ၊ ကိုယ်စားတော်အဖြစ်နဲ့ရုပ်ပွားတော်တွေထုပြီးတော့ ကိုးကွယ်ကြတဲ့အခါမှာ ငါကပလ္လင်လုပ်ပြီးတော့လှူခဲ့တယ်. . . တဲ့ အဲဒီဘုရားကို။ ပလ္လင်လုပ်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်စားလှယ်တော်ကြီးဖြစ်တဲ့ ရုပ်ပွားတော်ကြီးသီတင်း သုံးဖို့ ပလ္လင်တံကဲများလုပ်ပြီးတော့လှူခဲ့တယ်၊ အဲဒီလိုလှူခဲ့တဲ့ ကောင်းမှုလေး အခြေခံပြီးတော့၊ ငါ့တစ်လမ်းလုံး သံသရာစခန်း ကိုးဆယ်နဲ့လေးကမ္ဘာလုံးလုံး ခံစားခဲ့ရတဲ့ ထူးခြားတဲ့အကျိုးပြောရမယ်ဆိုရင်-

ဥစ္စာကုလီနတံ အာသိ, ဘဝေ သံသရတော မမ၊

နံပါတ်(၁) အဲဒီလိုပလ္လင်လှူပြီးတော့ ကောင်းမှုပြုခဲ့တဲ့အတွက် ငါ့ခံစားရတဲ့ အကျိုးပြောရရင်တော့၊ ဘဝသံသရာတစ်ခွင် နိဗ္ဗာန်ဒီနေ့ရောက်သည်အထိ ကျင် လည်ခဲ့ရတဲ့အတွင်းမှာ မျိုးကြီးဆွေကြီးတွေထဲမှာချည်း မွေးဖွားခဲ့တယ်. . . တဲ့။ မင်းမျိုးစိုးမျိုးထဲမှာမွေးခဲ့တယ်၊ သူဌေးမျိုး သူကြွယ်မျိုးထဲမွေးခဲ့တယ်၊ ကုန်သည် လယ်လုပ်အထက်တန်းစားအမျိုးထဲမွေးခဲ့တယ်၊ ဒွန်းစဏ္ဍာမျိုးထဲဘယ်တော့မှ မရောက်ခဲ့ဘူး၊ အောက်တန်းစားမျိုးတွေ, ကျေးမျိုး, ကျွန်မျိုးတွေထဲမှာ ဘယ်တော့ မှရောက်မသွားဘူး၊ ပန်းမှိုက်သွန်မျိုး, မစင်ကျုံး, ဘင်ပုပ်ကျုံးရတဲ့အမျိုးထဲရောက် မသွားဘူးတဲ့၊ မြင့်မြတ်တဲ့အမျိုးတွေချည်းရောက်ခဲ့တယ်။ ရောက်မှာပေါ့သူက ဘုရားကိုယ်တော်မြတ်ကြီးကိုပလ္လင်လှူတယ်ဆိုကတည်းကိုက ဘုရားကိုယ်တော် မြတ်ကြီးကို မြင့်မြတ်တဲ့နေရာကြီးပေးတာကိုး သူက၊ ပလ္လင်ဆိုတာ မြင့်မြတ်တဲ့နေ ရာကြီးပဲ၊ ပလ္လင်ပေါ် ဓမ္မကထိကတွေတက်ထိုင်တယ်ဆို ဒီပလ္လင်အင်မတန်မြင့်မြတ်

http://www.dhammadownload.com



တဲ့နေရာပဲ၊ အဲလိုပေါ့ ဘုရားကိုယ်တော်မြတ်ကြီးကို သူကမြင့်မြတ်တဲ့နေရာလှူခဲ့တဲ့အတွက်-

ဥစ္စာကုလီနတာ အာသိံ, ဘဝေ သံသရတော မမ၊

သံသရာထဲကျင်လည်ပြီးတော့ လာခဲ့ရတိုင်း ငါ့မှာမျိုးကြီးဆွေကြီးတွေထဲချည်း ပေါက်ဖွားခဲ့ရတယ်. . တဲ့၊ ကိုယ့်ဘာကို ငါသူဌေးမျိုးဖြစ်စေသား၊ သူဌေးမျိုးဖြစ်စေသားလို့ မန်းလို့မှုတ်လို့ရတာမဟုတ်ဘူး၊ အာဏာတန်ခိုးမင်းစိုးရာဇာမျိုးထဲဖြစ်စေသားလို့ မန်းလို့မှုတ်လို့ရတာမဟုတ်ဘူး၊ ကိုယ့်ရဲ့အကြောင်းကုသိုလ်အားလျော်စွာ သတ္တဝါတွေဖြစ်ကြရတာ။ ဒီတော့-သံသရာတစ်ခွင်ကျင်လည်စဉ်တုန်းက ငါ့မှာခံစားရတဲ့ တစ်နံပါတ်အကျိုးကတော့ အမျိုးမြတ်ခြင်းဆိုတဲ့ အကျိုးကြီးပါပဲတဲ့၊ နောက်ဘာတွေဆက်ထူးထူးခြားခြား ခံစားရတုန်းဆိုတော့-

* ဟတ္ထိယာနံ အဿယာနံ, ဒိဗ္ဗယာနံ ဥပဋ္ဌိတံ. . . တဲ့။

ဖြစ်လေရာဘဝမှာ ငါ့မှာစီးစရာ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်ဆိုတဲ့ယာဉ်တွေ ပေါလိုက်တာ. . . တဲ့ ရလိုက်တာ၊ အခုကာလလိုပြောရင် မော်တော်ကားကောင်းတွေ စီးလိုက်ရတာ၊ မော်တော်ကားကောင်းကောင်းတွေ ပေါ်လာတိုင်း ပေါ်လာတိုင်း စီးလိုက်ရတာပေါ့။ နောက်ဆုံးပေါ်ကားတွေ၊ ဟာ-ဆယ့်ခုနှစ်သိန်းတန်, သိန်းနှစ်ဆယ်တန်, သိန်းသုံးဆယ်တန်ဆိုတဲ့ကားတွေ စီးလိုက်ရတာ၊ အခုကာလပြော,ပြောရင် ဒီလိုပြောရမှာပေါ့၊ ဟိုတုန်းကတော့-

ဟတ္ထိယာနံ အဿယာနံ ဒိဗ္ဗာယာနံ ဥပဋ္ဌိတံ။

ယာဉ်အမျိုးမျိုးတွေစီးခဲ့ရတယ်၊ စီးရမှာပေါ့ဘုရားကိုယ်တော်မြတ်ကြီးကို သူကပလ္လင်တံကဲလှူတာ ယာဉ်လှူသလိုဖြစ်နေတာ၊ နေရထိုင်ရချမ်းသာအောင် ယာဉ်ဆိုတဲ့အရာဝတ္ထုကိုလှူဒါန်းပြီးသားဖြစ်၊ ဒါတင်မကသေးဘူး-

ပါသာဒါ သိဝိကာ စေဝ, နိဗ္ဗတ္တန္တိယဒိစ္ဆကံ၊
မဏိမယာ စ ပလ္လင်္ကာ, အညေ သာရမယာ ဗဟူ။ တဲ့

ဒါတင်မကသေးဘူးတဲ့ နေရာထိုင်ခင်းတွေ နေစရာထိုင်စရာတွေပြည့်စုံ

---

* ထေရ-၄-၁၂၃။ အပ-၁၆၀။

http://www.dhammadownload.com



လိုက်တာတဲ့ ဖြစ်လေရာဘဝ၊ အဆောက်အဦးတွေပြည့်စုံလိုက်တာ၊ အိမ်ရာတိုက်တာတွေ ပြည့်စုံလိုက်တာ၊ ဒါတင်မကသေးဘူးတဲ့၊

သောဝဏ္ဏမယာ ရူပိယာ, ဖလိကာဝေဠုရိယာ မယာ၊
ပါဒုကာ အဘိရူဟာမိ, ပါဒပီဠသိဒံ ဖလံ. . တဲ့။

ရွှေခြေနင်း ငွေခြေနင်း ပတ္တမြားခြေနင်း၊ စိန်စီခြယ်တဲ့ စိန်ခြေနင်း ခြေနင်းအမျိုးမျိုးတွေစီးရတယ်. . တဲ့၊ စီးခဲ့ရတယ်၊ ပါဒုကလို့ခေါ်တဲ့ဖိနပ်ပေါ့၊ အခုကာလလိုပြောရင်ဖိနပ်အမျိုးမျိုးခေတ်သစ်ပေါ်လာတဲ့ ဖိနပ်အမျိုးမျိုးတွေ စီးခဲ့ရတယ်၊ ပလ္လင်တော်ကြီးကို လှူဒါန်းလိုက်ခြင်းဖြင့် ပလ္လင်တော်က ဘုရားကိုယ်တော်မြတ်ကြီးရဲ့အောက်ခံ အခြေခံလှူရတာဖြစ်တော့ ပါဒုကလို့ခေါ်တဲ့ အောက်အခြေခံပစ္စည်းတွေပေါလိုက်တာတဲ့ ဖြစ်လေရာဘဝ၊ ဒါတင်မကသေးဘူး-

စတုန္နဝုတိတော ကပ္ပေ, ယံ ကမ္မမကရိံ တဒါ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ, ပူညကမ္မဿိဒံ ဖလံ။

စတုန္နဝုတိတော ကပ္ပေ, ယံ ကမ္မမကရိံ တဒါ-တဲ့ ကိုးဆယ်နဲ့လေးကမ္ဘာထက်ကအဲဒီပြုခဲ့တဲ့ကောင်းမှုအခြေခံပြီးတော့ ငါ့ရဲ့ခန္ဓာကိုယ်ကြီးဟာ အပါယ်ကင်းတဲ့ခန္ဓာကိုယ်ကြီးဖြစ်ခဲ့တယ်. . . တဲ့၊ ကိုးဆယ့်လေးကမ္ဘာလုံးလုံးအပါယ်မကျခဲ့ဘူး၊ အဲဒီကောင်းမှုကိုအခြေခံပြီးတော့ လူ့ရွာနတ်ပြည်ဗြဟ္မာ့ပြည်ပါကျင်လည်ပြီးဖြစ်ရတော့ အဲဒီမှာဖြစ်တိုင်းဖြစ်တိုင်း ကုသိုလ်တွေကထပ်ထပ်တိုးတာကိုး၊ ဆိုပါတော့-လူ့ပြည်မှာလာဖြစ်တယ်ဆိုရင်ပဲ မိကောင်းဖကောင်းဆရာကောင်းသမားကောင်း, မျိုးကြီးဆွေကြီး, ပေးနိုင်ကမ်းနိုင်, ကျွေးနိုင်မွေးနိုင်တဲ့ အမျိုးထဲဖြစ်တော့ အဲဒီဖြစ်သည့်အားလျော်စွာထပ်ပြီးတော့ ဒါနကောင်းမှုတွေပြုဖြစ်,သီလကောင်းမှုတွေပြုဖြစ်, ဘာဝနာကောင်းမှုတွေပြုဖြစ်, ပြုဖြစ်ရာကနေ နောက်တစ်ဘဝရောက်သွားပြန်တော့ ကောင်းတဲ့နေရာရောက်ပြန်၊ ကောင်းတဲ့နေရာရောက်တော့ ကောင်းတဲ့အလုပ်တွေလုပ်ဖြစ်ပြန်နဲ့, ဒီလိုနဲ့ ကျင်လည်ပြီးတော့လာလိုက်တာ ကိုးဆယ်နဲ့လေးကမ္ဘာလုံးလုံး ငါ့ခန္ဓာကိုယ်ကြီး အပါယ်ကင်းတဲ့ခန္ဓာကိုယ်ကြီး ဖြစ်ခဲ့ရတယ်တဲ့။

အဲဒါ-ကိုးဆယ့်လေးကမ္ဘာဆိုတာနည်းတာမဟုတ်ဘူး။ တစ်ကမ္ဘာ, တစ်ကမ္ဘာဆိုတာ ဘယ်လောက်ကြာတုန်းဆိုရင် ဥပမာနဲ့ပြောရင်တဲ့ တစ်ယူဇနာ ပတ်ဝန်းကျင်လည်းရှိ အစောက်အားဖြစ်လည်းတစ်ယူဇနာရှိတဲ့ ဂိုဒေါင်ကြီး၊ ဥပ မာဆို

http://www.dhammadownload.com



ပါတော့- အလျားကလည်းတစ်ယူဇနာ၊ တစ်ယူဇနာဆိုတာ ဆယ့်သုံးမိုင် လောက်ရှိတာပဲ၊ စစ်ကိုင်းနဲ့ မန္တလေးလောက်ရှည်တယ်၊ အလျားကလည်းတစ်ယူဇနာလောက်ရှိ၊ အနံကလည်း တစ်ယူဇနာလောက်ရှိတဲ့ ဂိုဒေါင်ကြီး၊ အမြင့် အမောက်အစောက်ကလည်းတစ်ယူဇနာလောက်ရှိတဲ့ဂိုဒေါင်ကြီးထဲ မုန့်ညှင်းစေ့တွေ အပြည့်ထည့်ထား၊ အနှစ်တစ်ရာကြာမှ မုန့်ညှင်းစေ့ တစ်လုံးတစ်လုံးထုတ်ယူ၊ အဲဒီတစ်ယူဇနာ ပတ်ဝန်းကျင်,တစ်ယူဇနာအစောက်ရှိတဲ့ ဂိုဒေါင်ကြီး အပြည့်ထည့်ထားတဲ့ မုန့်ညှင်းစေ့ကို အနှစ်တစ်ရာကြာမှ တစ်လုံးထုတ်ယူတာ မုန့်ညှင်းစေ့တွေအဲဒီထဲက ကုန်သာသွားမယ် တစ်ကမ္ဘာမကုန်သေးဘူး၊ တစ်ကမ္ဘာဟာ အဲလောက်ကြာတယ်၊ အဲဒီကမ္ဘာမျိုး ကိုးဆယ့်နဲ့လေးကမ္ဘာ ငါအပါယ်မကျခဲ့ဘူးတဲ့၊ ဒါ-ဟုတ်တာပေါ့၊ ကောင်းတဲ့နေရာရောက်တော့ ကောင်းတဲ့အလုပ်တွေထပ်ထပ်လုပ်ပြီးတော့ ကောင်းတဲ့ဘုံတွေချည်းဆင့်ဆင့် တက်သွားတာပဲ၊ တက်တဲ့သူကလည်းအဲဒီလို တက်သွားတာပဲ။

ကျတဲ့သူလည်းအဲဒီလိုအဆင့်ဆင့်ထိုးကျသွားတတ်တာပဲ၊ မကောင်းတဲ့အလုပ်တွေလုပ်တော့ မကောင်းတဲ့နေရာရောက်၊ သွားမွေးကထဲကတကတည်းဓားပြသူခိုးဝမ်းထဲရောက်,မုဆိုးတံငါဝမ်းထဲသွားရောက်၊ ရောက်တော့ မုဆိုးတံငါလုပ်တဲ့အမေတွေဖေတွေလုပ်တာကြည့်ပြီးတော့ ကိုယ်ကလည်း ငါးတွေသတ် ဖားတွေသတ် သားကောင်တွေသတ်၊ ညှင်းဆဲဆိုတဲ့အမှုတွေနေ့တိုင်းပြု၊ နေ့တိုင်းပြုတော့အကုသိုလ်တွေကြောင့် မကောင်းတဲ့နေရာရောက်၊ မကောင်းတဲ့နေရာရောက်တော့ မကောင်းတာတွေထပ်လုပ်နဲ့ အဲဒီတင် ပဋိစ္စသမုပ္ပါဒ်ကြီးလည်ပြီးတော့ သူကလည်း ကျွမ်းထိုးကျသွားတာပဲ။

အဲ-ကောင်းတဲ့အလုပ်ကိုလုပ်တတ်တဲ့သူကလည်း ကောင်းတဲ့နေရာကနေပြီးတော့ ကောင်းတဲ့အမှုတွေကြောင့် ကောင်းတဲ့နေရာရောက်၊ ကောင်းတဲ့သူတွေနဲ့တွေ့ ကောင်းတဲ့အလုပ်တွေလုပ် ကောင်းကျိုးတွေတိုး၊ အဲဒီလိုနဲ့ ဆင့်ဆင့်,ဆင့်ဆင့်ပြီးတော့အပါယ်ကင်းတဲ့ခန္ဓာကိုယ်ကြီးဖြစ်ရတယ်၊ ဒါကြောင့် ဒီနေ့မောင်မြင့်ဆွေတို့မခင်မာလွင်တို့က သားကြီးရတနာကို ခန္ဓာကိုယ်ဖန်ဘူးပုလင်းထဲ နို့ချိုရည်တွေသွင်းပြီးတော့ အပါယ်ကင်းတဲ့ခန္ဓာကိုယ်ဖြစ်အောင်ပြုပေးတာ၊ မိမိတို့ကိုယ်မိမိတို့လည်း အပါယ်ကင်းတဲ့ခန္ဓာကိုယ်ဖြစ်အောင်ပြုတာ၊ ထို့အတူနောက်ကပါလာကြတဲ့

http://www.dhammadownload.com



မိဘ ဆွေမျိုးညာတကာတွေလည်း အပါယ်ကင်းတဲ့ခန္ဓာကိုယ်ဖြစ်ကြရတယ်၊ တောင်ပုလင်းဝင်းကလာကြတဲ့ဦးအေးမောင်+ဒေါ်ဂျမ်းမိသားစုတွေကလည်းပဲ မိမိတို့ခန္ဓာကိုယ်တွေကို အပါယ်ကင်းတဲ့ခန္ဓာကိုယ်ဖြစ်အောင်ကျင့်ဆောင်နေကြတယ်လို့ သဘောပေါက်ပြီးတော့ ဆိုလိုက်စမ်းပါ-

❖ ဖန်ဘူးပုလင်း,နို့ချိုရည်သွင်း,ပုလင်းနို့ချိုဖြစ်သည့်နှယ်၊
ခန္ဓာကိုယ်တွင်း,ကုသိုလ်သွင်း,ပါယ်ကင်းခန္ဓာဖြစ်ရတယ်၊
ဖန်ဘူးပုလင်း,အဆိပ်ရည်သွင်း,ပုလင်းအဆိပ်ဖြစ်သည့်နှယ်၊
ခန္ဓာကိုယ်တွင်း,အကုသိုလ်သွင်း,ပါယ်တွင်းခန္ဓာဖြစ်ရတယ်။

အဲဒီလိုအားဖြင့် ဘုရားကိုယ်တော်မြတ်ကြီးအာဠာဝကသုတ္တန်ဒေသနာတော်၌ အာဠာဝကဘီးလူးကိုဟောကြားတော်မူတဲ့ဒေသနာတော်ကို နှလုံးသွင်းထားကြပြီးသကာလ၊ မိမိတို့ရဲ့ခန္ဓာကိုယ်ဖန်ဘူး ပုလင်းကြီးထဲမှာနို့ချိုရည်နဲ့တူတဲ့ ကုသိုလ်တွေသွင်းနိုင်ကြတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။ကောင်းမှုပါရမီဆိုတဲ့ နို့ချိုရည်တွေသွင်းနိုင်ကြကုန်လျက် မိမိတို့ခန္ဓာကိုယ်ကိုအပါယ်ကင်းတဲ့ ခန္ဓာကိုယ်ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။ အပါယ်ကင်းတဲ့ခန္ဓာကိုယ်ဖြစ်ပြီးတော့ ကလျာဏပုထုဇဉ်အဖြစ်နဲ့ကင်းရာက သောတာပန်ဖြစ်ပြီးတော့ သကဒါဂါမ်,အနာဂါမ် ရဟန္တာဖြစ်ပြီးတော့ အပါယ်လေးပါး လုံးဝတံခါးပိတ်ပြီးတော့ ကင်းတဲ့သူတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြသည်ဖြစ်၍, ဤကဲ့သို့ အပါယ်ကင်းတဲ့ ခန္ဓာကိုယ်တွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်သွားတော်မူတတ်ကြတဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်းသူတော်ကောင်းမကြီးတို့ ရောက်အပ် ရအပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. , . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား

http://www.dhammadownload.com



# အရောင်လင်းပစ္စည်းဖြစ်စေပါ တရားတော်

ယနေ့မြန်မာကောဇာသက္ကရာဇ်(၁၃၅၁)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆)ရက်။ ခရစ်နှစ် (၁၉၈၉) ခု နိုဝင်ဘာလ (၁၈)ရက် စနေနေ့မှာ အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၇၀၀)ကျော်တို့အား နံနက်အချိန် မွန်မြတ်သော အရုဏ်ဆွမ်းများဖြင့် (၁၅)ကြိမ်မြောက် (၁၅)နှစ်မြောက် လာရောက်ပြီးတော့ လောင်းလှူဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးမြို့ (၂၆)လမ်း(၈၇)လမ်း မှာနေထိုင်ကြတဲ့ မြတ်ရွှေစင်မုန့်တိုက်ပိုင်ရှင်များဖြစ်ကြသော ဒကာကြီး ဦးမော်-ဒကာမကြီးဒေါ်စုစုတို့နဲ့ နှမဖြစ်သူ ဒကာမကြီးဒေါ်ရှမ်း သားသမီးများ,မြေးများ မိသားစုတို့ဖြစ်ကြပါတယ်။

ဘုရားကောင်းမှုသုံးခု၊ သံဃာနဲ့စပ်တဲ့ ကောင်းမှုကြီးသုံးခု၊ "ပူဇာစ ပူဇနီယာနံ ဧတံ မင်္ဂလမုတ္တမံ" အရဘုရားပူဇော် သံဃာပူဇော်ရင်တရားကပါသွားပြီ၊ ဘာပြုလို့တုန်းဆိုတော့ ဘုရားဆိုတာတရားပိုင်ရှင် ဓမ္မသာမိတဲ့ ဘုရားဆိုတာဘွဲ့က ဓမ္မ-တရားရဲ့၊ သာမိ-ပိုင်ရှင်ကြီး၊ ဘုရားပူဇော်ရင် တရားပူဇော်ပြီးသားဖြစ်တယ်၊ သံဃာပူဇော်ရင်လည်း တရားပူဇော်ပြီးသားဖြစ်တယ်၊ ဘာပြုလို့တုန်း သံဃာက တရားဆောင်ထားတာ၊ ဓမ္မဓရ-တဲ့ သံဃာများက၊ ဓမ္မ-တရားတွေကို၊ ဓရ-ဆောင်ထားတာ၊ ဒီသံဃာတော်တွေရဲ့ဝမ်းထဲမှာ တရားတွေရှိတယ်၊ သင်-အံ-ပို့-ချ, ကျင့်-ကြံ-လေ့-လာ-အားထုတ်။

ဒီတော့ သံဃာပူဇော်ရင် တရားလည်းပူဇော်ပြီးသားဖြစ်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပုဏ္ဏားတစ်ယောက်ကို ပြောခဲ့ဖူးတယ် ဒီစကား၊ ပုဏ္ဏားက ရတနာသုံးပါးပူဇော်တဲ့နေရာ သူ့စိတ်ထဲမှာ မရှင်းဘဲကိုး၊ ဘုရားပူဇော်လိုက်ရတာလည်း ဘုရားမြင်ရတယ်၊ သွားပြီးဆွမ်းကပ်ချင်ရင်ကပ်၊ ပန်းလှူချင်ရင်လှူ၊ သံဃာပူဇော်ရတာလည်း စိတ်ရှင်းတယ်၊ တရားပူဇော်ရတာကျတော့ တရားက ဘယ်နားနေမှန်းလဲမသိဘူး၊ ဘယ်မလဲငုတ်တုတ်ထိုင်နေတာလည်း မတွေ့ဘူး၊ ဘယ့်နှယ့်ဟာပါလိမ့်မတုန်းလို့ သူ-အဲဒီတင် ဘုရားကိုသွားလျှောက်တာကိုးသူက

http://www.dhammadownload.com



"အရှင်ဘုရား, . . ဘုရား,တရား,သံဃာ,ရတနာသုံးပါးပူဇော်ရတာ ဘုရားပူဇော်ရတာလည်း တပည့်တော်ရှင်းပါတယ်၊ သံဃာပူဇော်ရတာလဲရှင်းပါတယ်၊ တရားပူဇော်ရတာဘယ်နဲ့လုပ်ပူဇော်ရမှာတုန်းဘုရား၊ တရားကမြင်လည်းမမြင်ရ၊ တွေ့လည်းမတွေ့ရဘဲနဲ့"ဆိုတော့ မြတ်စွာဘုရားကဘာပြောလိုက်တုန်း-

ဓမ္မစရံ ဖြဟ္မဏာ ဘိက္ခုံ ပူဇေဟိ။

ဖြဟ္မဏ-တရားတော်ကိုမှပူဇော်ချင်ပါတယ်ဆိုတဲ့ အိုပုဏ္ဏား၊ ဓမ္မစရံ-တရားကိုဆောင်ရွက်,သင်အံ, ပို့ချ, လေ့လာ, ကျင့်ကြံကြိုးကုတ်, အားထုတ်ဆောင်ရွက်၍နေသော၊ ဘိက္ခုံ-ရဟန်းအပေါင်းကို၊ ပူဇေဟိ-ပူဇော်လိုက်ပေတော့-

ဓမ္မစရံ ဘိက္ခုံ ပူဇေန္တော ဓမ္မံ ပူဇေတိနာမ။

ဓမ္မစရံ ဘိက္ခုံ- တရားကိုဆောင်ရွက်ပို့ချ,သင်အံ,လေ့လာ,နေတဲ့ရဟန်းတော်အပေါင်း သံဃာတော်အပေါင်းကို၊ ပူဇေန္တော-ပူဇော်လိုက်သည်ရှိသော်၊ ဓမ္မံ ပူဇေတိ နာမ-တရားတော်ကို ပူဇော်ပြီးသားဖြစ်တယ်. . .

ဟော-တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ ဒါဘုရားရှင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်နဲ့ပြောသွားတဲ့စကား၊ ဒါ့ကြောင့်-ဒီနေ့မိသားစုတွေက ဘုရားပူဇော် တရားပူဇော် သံဃာပူဇော်တဲ့ကောင်းမှုကြီးခြောက်မျိုး၊ ဉာတကာနဥ္စသင်္ဂဟ မင်္ဂလာ" အရ ဆွေမျိုးမိတ်တွေသင်္ဂဟအပေါင်းတွေကို, မန္တလေးဘိုးဘွားရိပ်သာမှာကျွေးမွေး, ဒီမှာလည်းပဲ ကျွေးမွေးဧည့်ခံတဲ့ကောင်းမှုကြီး ရှစ်မျိုးပေါ့အားလုံး၊ အဲ-ဉာတကာနဥ္စသင်္ဂဟ မင်္ဂလာကောင်းမှု ၂-မျိုး၊ ဒီတော့ အဲဒီလို ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိတို့လက်ထဲမှာရှိတဲ့ ပစ္စည်းတွေကို "အရောင်လင်းတဲ့ ပစ္စည်းဖြစ်အောင် ကျင့်ဆောင်ကြိုးတုတ်အားထုတ်နေကြခြင်း"တဲ့ သံယုတ်ပါဠိတော် အပုတ္တက သုတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်က အခုလို ကိုယ့်လက်ထဲရှိတဲ့ ပစ္စည်းနဲ့ သူများအကျိုးတွေ သူများချမ်းသာအောင် သူများကြီးပွားအောင် သူများကောင်းစားအောင်၊ ပြုပြီးတော့နေခြင်းကို အရောင်လင်းတဲ့ ပစ္စည်းဖြစ်အောင် ကျင့်ဆောင်ခြင်း. . . ။

ကိုယ့်လက်ထဲရှိတဲ့ပစ္စည်းက အမှောင်တွင်းပစ္စည်း, အရောင်လင်းပစ္စည်းလို့ နှစ်မျိုးရှိတယ်၊ အမှောင်တွင်းပစ္စည်းဆိုတာ သူများအကျိုးမဆောင်၊ အရောင်လင်းပစ္စည်းဆိုတာ သူများအကျိုးဆောင်၊ ဒီတော့ သူတော်ကောင်းများက သူ့လက်

http://www.dhammadownload.com



ထဲရှိတဲ့ပစ္စည်းကို သူများအကျိုးဆောင်ပြီး သူများချမ်းသာအောင်သည်ပိုး ရွက်ဆောင်ပြီးတော့ အရောင်လင်းတဲ့ပစ္စည်းဖြစ်အောင် ကြိုးစားတတ်ရတယ်၊ အရောင်လင်းဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အလင်းကြီးရှစ်တန်နိဗ္ဗာန်ဆိုတဲ့ အလင်းကြီးနဲ့ပေါင်းတော့ အလင်းကြီးကိုးတန်၊ အဲဒီမဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာအလင်းဓာတ်ကြီးကိုးတန်ရအောင် သည်ပိုးမယ့်ပစ္စည်းကို အရောင်လင်းပစ္စည်းလို့ခေါ်တယ်။

ဒီနေ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ မြတ်ရွှေစင်မိသားစု ဒီနေ့စွန့်လိုက်ကြလိုက် လှူလိုက်တန်းလိုက် ပေးလိုက်ကမ်းလိုက်တဲ့ပစ္စည်းတွေက အခု-ပစ္စည်းတွေက ကုန်သွားတာ မနည်းဘူး၊ ရှစ်ဌာန ရှစ်ထုပ်၊ ဘုရားအတွက် ပူဇော်တာသုံးမျိုး၊ သံဃာအတွက် ပူဇော်တာသုံးမျိုး၊ မိတ်ဆွေသင်္ဂဟတွေအတွက် ပရိသတ်တွေ ဘိုးဘွားတွေအတွက်ကနှစ်မျိုးနဲ့ အားလုံးရှစ်မျိုးဆိုပါတော့၊ အဲဒီကုန်သွားတဲ့ပစ္စည်းတွေက အရောင်တွေဝင်းလို့ လင်းလို့ ဒီက။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အလင်းဓာတ်ကြီးကိုးမျိုးကို စွမ်းဆောင်လာမယ့်ပစ္စည်း ဥပနိဿယပစ္စည်းနဲ့ ပို့မယ့်ပစ္စည်း၊ ပေးမယ့်ပစ္စည်း ဒါကြောင့် အရောင်ဝင်းပစ္စည်းလို့ခေါ်တယ် သူ့ကို၊ သူများအကျိုးဆောင်နေတာမို့လို့၊ ကိုယ့်ပစ္စည်းတွေနဲ့သူများချမ်းသာအောင်ပြုနေတာ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလှူတယ်ဆိုတော့လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးပြုပြင်မွမ်းမံခြင်းဖြင့် အဲဒီဘုရားရှင်ကိုယ်တော်မြတ်ကြီး ပူဇော်ကြမယ့်သူတွေ လှူတန်းကြမယ့်သူတွေ ကြည်ညိုကြမယ့်သူတွေအတွက် အကျိုးဆောင်နေတာ၊ အဲ-သံဃာတော်တွေလှူဒါန်းတော့ ပြောစရာမရှိဘူးပေါ့၊ မိတ်ဆွေတွေသင်္ဂဟတွေ ကျွေးမွေးတာ ဒါ-အများအကျိုးဆောင်၊ ဒီတော့ ကိုယ့်လက်ထဲရှိတဲ့ပစ္စည်းကို အဲလိုသူများအကျိုးဆောင်ပြီးတော့ အရောင်လင်းပစ္စည်းဖြစ်စေရတယ်. . တဲ့၊ သူတော်ကောင်းများက ဒီလိုပဲ ဘုရားအလောင်းကြီးတွေ, ပစ္စေကဗုဒ္ဓါအလောင်းကြီးတွေ အဂ္ဂသာဝက မဟာသာဝကအလောင်း သူတော်ကောင်းကြီးတွေ, ရှာထားတာ။ ကိုယ်ရှာထားတာ ရှာတော့၊ ကိုယ်ရှာထားတဲ့ပစ္စည်း ကိုယ့်ထံရောက်လာတဲ့ပစ္စည်းကို ကိုယ့်ချည်းမသုံးဘူး၊ အဲဒီလို သူများအကျိုးဆောင် ပြီးတော့ အရောင်လင်းပစ္စည်းဖြစ်အောင် ကျင့်ဆောင်သွားတတ်ကြတယ်၊ ဥပမာ ဘာနဲ့တူတုန်းဆိုတော့-

http://www.dhammadownload.com



* နဇ္ဇော ပိဝန္တိ နော အာပံ, ရုက္ခာ ခါဒန္တိ နော ဖလံ။
မေဃော ကွစိပိ နော သဿံ, ပရတ္ထာယ သတံ ဓနံ။

နဇ္ဇော-မြစ်ငယ်မြစ်ကြီး, အသီးသီးတို့သည်၊ အာပံ-မိမိတို့ စီးပေးလိုက်တဲ့, ရေအပေါင်းကို၊ နော ပိဝန္တိ-သူတို့သောက်ဖို့ချည်းသာ မဟုတ်ကြပါလေကုန်. . .၊ မြစ်ကြီးတွေမြစ်ငယ်တွေက ခုစီးနေကြတာ၊ ဧရာဝတီ ချင်းတွင်း ဒုဋ္ဌဝတီအစရှိသဖြင့် မြစ်ငယ်မြစ်ကြီး အသီးသီးက ရေတွေစီးနေကြတယ်၊ ဂင်္ဂါ,ယမုနာ, အစရှိတဲ့မြစ်ငယ်မြစ်ကြီး အသီးသီးတွေက ရေတွေစီးပေးနေရှာကြတယ်၊ အဲဒီမြစ်ကြီးတွေက ဒီရေ သူတို့သောက်ဖို့လားဆိုတော့ မဟုတ်ပါဘူး . . . တဲ့၊အများ သောက်ကြရအောင် အများချိုးကြရအောင် အများဖွတ်ကြလျှော်ကြရအောင်၊ အများချက်ကြပြုတ်ကြရအောင်၊ အများလယ်ယာကိုင်းကျွန်းတွေ လုပ်ကြရအောင် ဒီလို။

နဇ္ဇော ပိဝန္တိ နောအာပံ။နဇ္ဇော-မြစ်ငယ်မြစ်ကြီး အသီးသီးတို့သည်၊ အာပံ-မိမိတို့ စီးပေးလိုက်တဲ့ ရေအပေါင်းကို၊ နော ပိဝန္တိ-သူတို့သောက်ဖို့ မဟုတ်ကြပါလေကုန်။ ရုက္ခာခါဒန္တိ နောဖလံ။ ရုက္ခာ-သစ်ပင်ငယ်ကြီး, အသီးသီးတို့သည်လည်း၊ ဖလံ-မိမိတို့သီးပေးလိုက်တဲ့အသီးအပေါင်းကို၊ နောခါဒန္တိ-သူတို့စားဖို့မဟုတ်ကြပါလေကုန်. . .။သစ်ပင်ငယ်ကြီး အသီးတွေကလည်း အသီးတွေသီးပြီးပေးကြတယ်၊ တစ်နှစ်တစ်ကြိမ်အနည်းဆုံး၊ အဲဒါသူတို့စားဖို့လားလို့ဆိုတော့ မဟုတ်ပါဘူးတဲ့၊ အများချမ်းသာအောင်လို့ အများစားကြရအောင်လို့၊ အများသုံးကြရအောင်လို့-

မေဃော ကွစိပိ နော သဿံ၊

မေဃော-တအုန်းအုန်း,တဖြုန်းဖြုန်း, ရွာသွန်းဖြိုးကြတဲ့ မိုးကြီးတို့သည်၊ သဿံ-သူတို့ကြောင့် ရှင်လန်း,စည်ပင်လာတဲ့ ကောက်စပါးအပေါင်းကို၊ နောခါဒန္တိ-သူတို့စားဖို့ မဟုတ်ကြပါလေကုန်. . .။ မိုးမင်းကြီးတွေကလည်း တအုန်းအုန်း တဖြုန်းဖြုန်း ရွာသွန်းဖြိုးပြီးတော့ ပေးကြတယ်၊ ကောက်ပင်တွေရှင်အောင် သန်အောင်၊ သီးအောင် ထွက်အောင်၊ ဒါ-ကောက်ပင်ဆိုတာ မှတ်ပြောတာပေါ့၊ ပဲတွေ နှမ်းတွေ ပြောင်းတွေ၊ အဲဒီကသီးလာတဲ့ကောက်သီးတွေ၊ စပါးတွေ ပဲတွေ၊ ပြောင်း

---

* နဇ္ဇော ပိဝန္တိ နော အာပံ, ရုက္ခာ ခါရန္တိ နော ဖလံ၊
ဝဿန္တိ ကွစိ နော မေဃာ, ပရတ္ထာယ သတံ ဓနံ။
(နီတိ- ၁၊၁၄။ပုဒ်-၆၄။သုဝဏ္ဏကဏ္ဍ)

အမ္ဗုံ ပိဝန္တိ နော နဇ္ဇော, ရုက္ခော ခါဒတိ နော ဖလံ။
မေဃော ကွစိပိ နော သဿံ, ပရတ္ထာယ သတံ ဓနံ။
(နီတိ-၆။၁၄။ပိုဒ်-၅၅။ပဏ္ဍိတကဏ္ဍ။)

http://www.dhammadownload.com



တွေကို မိုးမင်းကြီးတွေက သူတို့စားဖို့လား မဟုတ်ပါဘူး. . တဲ့၊ အောက်မှာရှိတဲ့ အများချမ်းသာအောင်လို့ လူတွေ တိရစ္ဆာန်တွေ သတ္တဝါတွေ ချမ်းသာအောင်လို့ စားကြရအောင်လို့ သူကရွာပေးတာ၊ အဲဒီလိုပါပဲတဲ့-

ပရတ္ထာယ သတံ ဓနံ။

သတံ-သူတော်ကောင်းတို့၏၊ ဓနံ-ရှာမှီးထားတဲ့ဉစ္စာပစ္စည်းမှန်သမျှတို့ သည်၊ ပရတ္ထာယ-သူတစ်ပါးတို့စားဖို့သောက်ဖို့သုံးဖို့ သူတစ်ပါးတို့ကိုဆောင်ဖို့ အတွက်သာလျှင်၊ ဟောန္တိ-မုချမသွေ ဖြစ်ကြလေကုန်၏။ အဲဒီလိုပဲ. . တဲ့ သူတော် ကောင်းတွေဆိုတာ ကိုယ်ရှာထားတဲ့ပစ္စည်းကိုယ့်ဖို့ချည်းမဟုတ်ဘူး၊ ကိုယ့်ဖို့ချည်း မသုံးဘူး, သူများသုံးဖို့, သူများစားဖို့, သူများချမ်းသာဖို့ ဒီလို။ သူချည်းမစားဘူး၊ ဒါကြောင့်၊ ကဲ တို့သံဃာတော်တွေခုနက နဒ္ဓော ပိဝန္တိ နော အာပံ" ရဲ့ အသွားလေး လင်္ကာလိုက်ဆိုရအောင် ဆို-

❖ မြစ်ငယ် မြစ်ကြီး, ရေတွေစီး, သူချည်းသောက်ဖို့ မဟုတ်ပါ။
သစ်ပင်ငယ်ကြီး, အသီးတွေသီး, သူချည်းစားဖို့ မဟုတ်ပါ။
မိုးကြောင့်စည်ပင်, ကောက်ညှန့်ရှင်, သူလျှင်သုံးဖို့ မဟုတ်ပါ။
သူတော်ထံမှီး, ရှိပစ္စည်း, သူချည်းစားဖို့ မဟုတ်ပါ။

အေး. . သူတော်ကောင်းထံရှိနေတဲ့ ပစ္စည်းက သူချည်းစားနေတာ မ ဟုတ်ဘူး. . တဲ့၊ အများအကျိုးဆောင်တယ်၊ အဲဒီလို အများအကျိုးဆောင်ပြီးတော့ သူ့လက်ထဲရှိတဲ့ပစ္စည်းကို အရောင်လင်းတဲ့ပစ္စည်းဖြစ်အောင် ကျင့်ဆောင်တတ် တယ်၊ အမှောင်တွင်း ပစ္စည်းအဖြစ်နဲ့မပြီးစေဘူး၊ အမှောင်တွင်းပစ္စည်းဆိုတာ ကိုယ့်ချည်းသုံးနေတာ၊ အမှောင်တွင်းပဲရှိသေးတယ်၊ ဒါကို တို့ရွှေကျင်ဆရာတော် ဘုရားကြီးက လင်္ကာလေးနဲ့ဆုံးမသွားတယ် *သံယုတ် အပုတ္တကသုတ်တော် လာတဲ့စကားယူဆုံးမတာ။

❖ သူမြတ်လူသား, ဉစ္စာကား, အများကောင်းကျိုးဆင့်၊
ရွက်ဆောင်ခြင်းသာ, တင့်တယ်ပါ, ရောင်ဝါတဝင့်ဝင့်၊
ခန္ဓာကိုယ်တွင်း, မစင်ကျင်း, ချသွင်းရုံမျှ မဖြစ်စေသင့်။ တဲ့။

ဟောဒီမှာ သူတော်ကောင်းဖြစ်တဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီး က ကိုယ့်ရှိထားတဲ့ပစ္စည်းကို အနည်းဆုံး ကိုယ့်ကိုယ်ကိုတော့ စားတာကိုး၊ ကိုယ့် ခန္ဓာကိုယ်လေးတော့ စားမယ်, ဝတ်မယ်, သုံးမယ်ကိုး၊ ဒါကြောင့် ကိုယ့်ခန္ဓာကိုယ်

* သံ-၁၊ ၉၀-၉၂။

http://www.dhammadownload.com



လေးစားနိုင်ရုံ၊ ဝတ်နိုင်ရုံ၊ သုံးနိုင်ရုံလေးနဲ့တတော့- "ခန္ဓာကိုယ်တွင်း၊ မစင်ကျင်း၊ ချသွင်းရုံမျှ မဖြစ်စေသင့်" . . . အဲဒီလောကနဲ့မျှားတော့ အရောင်လင်းတဲ့ပစ္စည်းမ ဖြစ်သေးဘူးနော်. . ..တဲ့၊ ကိုယ့်ခန္ဓာကိုယ်တွင်း စား,သွင်းလိုက်တော့ ဘာဖြစ် သွားတုန်း၊ အမှောင်တွင်းပစ္စည်းဖြစ်သွားတယ်၊ သူကမစင်ကျင်းထဲချလိုက်တာကိုး၊ ဒီခန္ဓာ ကိုယ်ကြီးစားလိုက်သမျှ ဒို့စားလိုက်သမျှ မစင်ကျင်းထဲ သွန်သလိုဖြစ်သွား၊ ဒီခန္ဓာကိုယ်ကြီးက မစင်ကျင်းကြီးပဲသူက၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသအရိအရွဲတွေ တွဲစပ်နေတဲ့ခန္ဓာကိုယ်ကြီး။

❖ **သုံးဆယ့်နှစ်တွဲ, အရိရွဲ, အမြဲစက်ဆုပ်ဖွယ်ပါတကား. . .**

ဆိုတဲ့အတိုင်းပဲ၊ သုံးဆယ့်နှစ်တွဲ ဆံပင်,မွေးညှင်း, ခြေသည်း, လက်သည်း အစရှိတဲ့ သုံးဆယ်နှစ်တွဲလုံးဟာ အရိအရွဲချည်းပဲ၊ အညှီအဟောက်ချည်းပဲ၊ အသိုး အပုပ်တွေချည်းပဲ၊ အဲဒါတွေပေါင်းစပ်ထားတဲ့ ဒီခန္ဓာကိုယ်ကြီးထဲ စားလိုက်သမျှ ဘာလာဖြစ်တုန်း မစင်ဖြစ်တယ်၊ ကျင်ကြီးဖြစ်တယ်၊ ကျင်ငယ်ဖြစ်တယ် မစင်ပဲဒါ။ သွေးတွေဖြစ်တယ်, ချွေးတွေဖြစ်တယ် ဒါမစင်ပဲ၊ တံတွေးတွေဖြစ်တယ်, နှပ်တွေ ဖြစ်တယ် ဒါမစင်တွေပဲ။ အသားတွေဖြစ်တယ်, အရိုးတွေဖြစ်တယ် ဒါမစင်ပဲ၊ဆံပင် တွေဖြစ်တယ်, မွေးညှင်းတွေဖြစ်တယ် ဒါမစင်တွေပဲ။ ထမင်းစားနေတဲ့သူက ဟင်းထဲ ဆံပင်လေးတစ်မျှင်ပါလာရင် တကတည်းအော့လို့ အန်လို့၊ ဖယ်ပစ်၊ နှာခေါင်းရှုံ့ ဒါမစင်မို့ပေါ့၊ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကြီးထဲ သွင်းလိုက်သမျှအစာတွေ မစင်ကျင်းကြီးထဲသွန်တာပဲ. . တဲ့ စားလိုက်သမျှ။

ဒါဖြင့်-ဝတ်လိုက်သမျှဟာလည်း အတူတူပေါ့၊ ဝတ်ကောင်းစားကောင်း လေးတွေ ဒီခန္ဓာကိုယ်ဝတ်ပေးလိုက် ဆင်ပေးလိုက်၊ ကြာတော့ချွေးတွေပေ၊ အဆီတွေပေ, ညှီစော်နံ, ဟောင်စော်နံ, နောက်ဆုံးကျတော့ ဒီအဝတ်ဟာလက်နှီး စုတ်ဖြစ်သွားပြီးတော့ စုတ်ပြတ်၊ ဒါမစင်ကျင်းရောက်သွားတာ၊ ဒီခန္ဓာကိုယ်ကြီး နဲ့ ထိတွေ့ရင် ဘယ်လောက်ကောင်းတဲ့အဝတ်တွေဖြစ်ဖြစ်၊ ရိရော်ညှိုးနွမ်း၊ ဟောင်း မြင်းစုတ် ပြတ်သွားတာပဲ၊ ဒီတော့-နေစရာ ထိုင်စရာကြည့်ပါအုံး အဆောက်အဦး ကုလားထိုင် စားပွဲ ဘီရို ဒီခန္ဓာကိုယ်နဲ့ထိပါများရင် ချေးတွေပေ, ညှီစော်နံ,ဟောင် စော်နံ, ဒါမစင်ပဲ၊ မစင်ကျင်းဆင်းတာချည်းပဲ။

ဒါ့ကြောင့်-ကိုယ့်ရှိနေတဲ့ပစ္စည်းကို စားပါလေ စားထိုက်တာစားပါတော့၊

http://www.dhammadownload.com



ဝတ်ထိုက်တာ ဝတ်ပါတော့ နေထိုက်တာနေပါတော့ . . တဲ့၊ သို့သော် အဲဒီလောက်နဲ့ မပြီးစေနဲ့ ဒါအမှောင်တွင်းပစ္စည်းဖြစ်သေးတယ်၊ အရောင်လင်းတဲ့ ပစ္စည်းမဟုတ်သေးဘူး . . တဲ့၊ ဒီတော့-အရောင်လင်းအောင်ဘယ့်နှယ့်လုပ်ရမတုန်းဆိုတော့-

❖ သူမြတ်လူသား, ဥစ္စာတား, အများကောင်းကျိုးဆောင်၊
ရွက်ဆောင်ခြင်းသာ, တင့်တယ်ဝါရောင်ဝါတဝင့်ဝင့်၊

ဟော-သူများကောင်းကျိုးဆောင်တဲ့အနေနဲ့ သူများကျွေး, သူများပေး, သူများလှူ,သူများထောက်ပံ့, သူများကူညီ,ဟော-အဲဒီမှ ဒီပစ္စည်းက အရောင်လင်းပစ္စည်း၊ မဂ်ဖိုလ် နိဗ္ဗာန်ကျေးဇူးပြုမယ့် ပစ္စည်းဖြစ်လာတော့ ကုသိုလ်ကောင်းမှုကို ဆောင်တဲ့ပစ္စည်းဖြစ်လာ အရောင်လင်း . . လို့၊ ခုန ဒကာ ဒကာမတွေ သံဃာတော်တွေ ဆွမ်းလောင်းနေတော့ အဲဒီလောင်းလိုက် လှူလိုက်တဲ့ပစ္စည်းတွေ၊ လောင်းနေတဲ့အချိန်မှာ ကိုယ့်ဝမ်းထဲမှာ လင်းလို့ ဝင်းလို့၊ ကုသိုလ်ကို အလင်းဓာတ်လို့ခေါ်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်အလင်းကြီးကို ဆောင်မယ့်အပြင်၊ အခု လှူနေလောင်းနေဆဲမှာလည်း စိတ်ထဲက ဝင်းလို့လင်းလို့၊ ကုသိုလ်ဓာတ်ဖြစ်နေတာကိုး၊ သံဃာတော်တွေဘုဉ်းပေးပြီးတော့ ချမ်းသာကြပါစေ၊ ဒို့လှူလိုက်တဲ့အလှူဝတ္ထုတွေဘုဉ်းပေးပြီးတော့ ချမ်းသာကြပါစေနဲ့ ဖြစ်နေတာဆိုတော့ ဒါ-ကုသိုလ်ဓာတ်တွေ မေတ္တာဦးစီးတဲ့ သဒ္ဓါ ဦးစီးတဲ့ စေတနာဦးစီးတဲ့ ကုသိုလ်ဓာတ်တွေက အလင်းဓာတ်, အဝင်းဓာတ်ခေါ်တယ်။

ကုသိုလ်ကောင်းမှုကို ဘုရားရှင်အဆူဆူက "သုက္ကဓမ္မ"လို့ဟောတယ်၊ အဖြူဓာတ်တဲ့ ၊ အဝင်းဓာတ်အလင်းဓာတ်။ အကုသိုလ်တရားတွေကို "ကဏှဓမ္မ" လို့ဟောတယ်၊ အမည်းဓာတ်,အညစ်ဓာတ်,အပေဓာတ်တွေ၊ ဒီတော့-ကုသိုလ်ဖြစ်နေတာ အဝင်းဓာတ်,အလင်းဓာတ်ပဲ၊ အဲဒီကုသိုလ်စိတ်ဓာတ်က ရောင်ပြန်ဟတ်လိုက်တော့ ပစ္စည်းတွေလည်းဝင်းလို့၊ ဒါ့ကြောင့်-သူတော်ကောင်းများက ကိုယ့်လက်ထဲရှိတဲ့ ပစ္စည်းကို အမှောင်တွင်းပစ္စည်းနဲ့တင် အဆုံးမသတ်ရဘူး၊ အရောင်လင်းပစ္စည်းဖြစ်အောင်ကျိုးစား. . . တဲ့။

❖ လက်ကိုဆိုက, အသုံးချ, ဒါနပြုသဖြင့်၊
လက်စွပ်မျှဆင်, ဘယ်မယဉ်, ရောင်ရှင်လင်းမပွင့်။

ရွှေကျင်ဆရာတော်ဘုရားကြီးက ဆက်ဆုံးမတယ်၊ သူတော်ကောင်းများ

http://www.dhammadownload.com



ရဲ့သန္တာန်ပေါက်လာတဲ့လက်၊ အဲဒီလက်ကို အများစုက ထင်တာကလက်မှာစိန်လက်စွပ်ကြီးများဝတ်ထားနိုင်လို့ရှိရင် အမလေး ငါ့လက်ကဝင်းလို့လင်းလို့ လို့ထင်ကြသကိုး . . တဲ့၊ ထင်ကြသကိုး။ အဲဒါဝင်းတာမဟုတ်ဘူး၊ လင်းတာမဟုတ်ဘူး။ မိုက်တုန်းရှိသေးတယ်၊ ငါစိန်လက်စွပ်ကြီးဝတ်နိုင်တယ်၊ ငါ့လက်က စိန်လက်ကောက်ကြီးဝတ်နိုင်တယ်၊ ရွှေလက်ကောက်ကြီးဝတ်နိုင်တယ်ဆိုပြီးတော့ သူ့လက်ဝင်းနေတယ်ထင်တာတဲ့၊ သူ့လက်လင်းနေတယ်ထင်တာ အမှန်ကမိုက်နေတာ၊ ဘယ်နှယ့်မိုက်တုန်း ဟော-ငါ့လက်စွပ် ငါ့လက်စွပ် ဒါတဏှာပဲ၊ တဏှာဆိုတာအကုသိုလ်၊ အကုသိုလ်ဆိုတာ၊ အမိုက်တတ်ပဲ၊ ဟော -ငါ့ရွှေလက်စွပ် ငါ့ပတ္တမြားလက်စွပ်၊ ငါ့စိန်လက်ကောက်၊ ငါ့ရွှေလက်ကောက် ငါ့ငွေလက်ကောက်၊ ငါ့ရွှေခြေကျင်း၊ ဒီလိုလျှောက်ပြီးတော့၊ လက်မှာဆင်တာ မှန်သမျှ လင်းတယ်လို့ မထင်နဲ့အုံး . . တဲ့၊ မိုက်နေတာ မိုက်နေတာ။ ဒါကြောင့် . . .

❖ လက်စွပ်မျှဆင့် ဘယ်မယဉ့် ရောင်ရှင်လင်းမပွင့်၊
လက်ကောက်မျှဆင့်, ဘယ်မယဉ့်,ရောင်ရှင်လင်းမပွင့်။

ဒါဖြင့်လက်က အလင်းရောင်ထွက်အောင် ဘယ်နှယ့်လုပ်ရမတုန်း "လက်ကိုဆိုက, အသုံးချ, ဒါနပြုသဖြင့်၊" ဒီလက်ကလေးကို ဒါနပြုပြုပြီးတော့ အသုံးချ၊ ဒါနပြုဆိုတာ အခုလိုသံဃာတော်တွေလှူတာတန်းတာလည်း ဒါနပဲ၊ အနည်းဆုံးကိုယ့်အိမ်ရှိတဲ့ , ကိုယ့်ပတ်ဝန်းကျင်ရှိတဲ့ ခွေးလေး ထမင်းရည်တိုက်နေ, ထမင်းလေးကျွေးနေ ဒါလည်းဒါနပဲ၊ ပိုးကောင် မွှားကောင်လေးတွေ ကိုယ့်ထမင်းလုံးပေါက်ဟင်းလုံးပေါက် ကျန်တာလေးတွေစွန့်ကြဲနေ ဒါလည်းဒါနပဲ၊ ငှက်ကလေးတွေ, ခွေးကလေးတွေကျွေးနေ, အိမ်ရောက်လာတဲ့ သူတောင်းစားတွေ, ခိုကိုးရာမဲ့တွေ ငါးပြားဆယ်ပြားတစ်ကျပ်ကစ ကျွေးနေပေးနေ ဒါလည်းဒါနပဲ။

ဒါနဆိုတာ ပေးကမ်းလှူဒါန်းရင်ဒါနချည့်ပဲ၊ သို့သော် အကျိုးရ, မရတော့ ကွာသွားမယ့်ပေါ့။ လယ်ယာမြေကောင်းစိုက်ရတာနဲ့ ကျတ်တီးကုန်း စိုက်ရတာလို ဒါတော့ ကွာသွားမှာပေါ့၊ ကျတ်တီးကုန်းစိုက်ရတော့ "နွားခွါလည်းတုံး, မျိုးလည်းဆုံး, သုံးတင်းကြဲမှ, တစ်တင်းရ" ဆိုသလိုပဲ အကျိုးရနည်းတာပေါ့၊ အသီးအနှံ့ထွက်နည်းတာပေါ့၊ လယ်ယာမြေကောင်းထဲစိုက်လိုက်ရတော့ တခါတည်း တစ်ဆုပ်ကြဲက ဆယ်လှည်းတိုက်, ဆယ်ငါးလှည်းတိုက် ဝင်လာမှာပေါ့၊ ဒါတော့ကွာမှာပေါ့၊ ဒါကြောင့် အလှူခံပုဂ္ဂိုလ်ကျတော့ ရွေးရတယ်ဆိုတာ ဒါပြောတာ၊ ဒါနဖြစ်ရုံက

http://www.dhammadownload.com



တော့ ဘယ်လှူ့လှူပါ ရပါတယ်။

ဒါပေ့ါ- ဘုရား လက်ထက်တုန်းက ကောသလမင်းကြီးက ဘုရားလာမေး၊ ရွာထဲရပ်ထဲပြောကြသကိုး၊ ဂေါတမမြတ်စွာဘုရားက သူ့လှူမှဒါနဖြစ်တယ်၊ သူ့တပည့်တွေလှူမှဒါနဖြစ်တယ်လို့ ပြောဆိုပဲလို့ တိတ္ထိတွေက သတင်းလွှင့်ကြတယ်၊ အဲဒီတင် ကောသလမင်းကြီးက ဘုရားကတော့ ဒီလိုမပြောတန်ရာပါဘူး. . . ဆိုပြီးတော့၊ သို့သော် သူကလည်းပဲ မငြင်းနိုင်ဘူး၊ အများပြောနေတာဆိုတော့ တိတ္ထိတွေကပြောနေတာဆိုတော့ အများအတွက် ကောလာဟာလဖြစ်နေတော့- သူက တစ်ခါတော့ ပရိသတ်ကလည်းစုံ တိတ္ထိအမတ်တွေရော ဗုဒ္ဓဘာသာမဟုတ်တဲ့အမတ်တွေရောစုံလို့ အဲဒီအချိန်ဘုရားနဲ့တွေ့တော့ ကောသလမင်းကြီးက ဘုရားတော့ လျှောက်အုံးမှပဲ၊ "အရှင်ဘုရားဒါနဆိုတာ ဘယ်ပုဂ္ဂိုလ်များ လှူမှ ဒါနဖြစ်ပါသလဲဘုရား" ဒီတော့- မြတ်စွာဘုရားက-

ယတ္ထ ခေါ မဟာရာဇ စိတ္တံ ပသီဒတိ။

မဟာရာဇ-ဒါနဖြစ်တယ် ဒါနဖြစ်တယ်ဆိုတာ ကိုယ့်စိတ်ထဲကြည်ညိုတဲ့ ပုဂ္ဂိုလ်ကိုပေးလိုက် အဲဒါ-ဒါနဖြစ်တာပဲ၊ ဘယ်သူ့ရှယ်လို့ မဟုတ်ဘူး၊ ကိုယ့်စိတ်ထဲက ခွေးလေးကျွေးရမှကျေနပ်တယ်ဆို ကျွေးလိုက်အဲဒါ ဒါနပဲ-

ယတ္ထ ခေါ မဟာရာဇ စိတ္တံ ပသီဒတိ၊ တဲ့

ယတ္ထ- အကြင်ပုဂ္ဂိုလ်၏သန္တာန်၌၊ စိတ္တံ-စိတ်သည်၊ ပသီဒတိ-ကြည်ညို၏ ကြည်လင်၏၊ တတ္ထ-ထိုပုဂ္ဂိုလ်ကို ပေးလှူရာ၌၊ ဒါနံ-ဒါနသည်၊ ဟောတိ-ဖြစ်၏. . . ဘယ်ပုဂ္ဂိုလ်ကိုလှူလှူ့ ကိုယ့်စိတ်ထဲက သူတောင်းစား ကိုယ်ကပေးချင်တယ်ဆို ပေး၊ အဲဒါ ဒါနဖြစ်တာပဲ၊ ကိုယ့်စိတ်ထဲကြည်ညိုရာကိုပေး၊ လှူလိုတာကိုလှူ အဲဒါ ဒါန ဖြစ်တာချည်းပဲ. . လို့ ဟောလိုက်တော့ နဂိုစွပ်စွဲနေတဲ့သူတွေနည်းနည်းတွန့်သွားတယ်၊ ကောသလမင်းကြီးကလည်းသဘောကျ၊ နောက် ကောသလမင်းကြီးက ဆက်မေးတယ်၊

ကတ္ထ ခေါ ပန ဘန္တေ ဒိန္နံ မဟပ္ဖလတရံ

ကဲ- ဘုရား. . . တပည့်တော်ဆက်မေးပါရစေဦး ဒါနဖြစ်တာတော့ ဘယ်သူပေးပေး ဒါနဖြစ်တာတော့ဟုတ်ပါပြီ၊ ဘယ်လိုပုဂ္ဂိုလ်ကိုပေးမှ,လှူမှပိုပြီးတော့အကျိုးကြီးကြီး၊ဒါနရဲ့အကျိုးကြီးကြီးများ ရပါတုန်း. . . လို့ဆက်မေးမှ မြတ်စွာဘုရားက-

http://www.dhammadownload.com



**သီလဝန္တေသု ဒေါ ပန မဟာရာဇ ဒိန္နံ မဟပ္ဖလတရံ ။**

အေး-အဲလိုဆိုရင်တော့ သီလရှိတဲ့ပုဂ္ဂိုလ်ကိုလှူတာက ပိုအကျိုးကြီးတယ် . . ၊ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာကြီးမားတဲ့ပုဂ္ဂိုလ်တွေကို ပေးရ, လှူရတာက လယ်ယာမြေကောင်းထဲမှာ စိုက်ရတာနဲ့တူတယ်၊ သီလမရှိတဲ့ တိရစ္ဆာန်တို့ ဒုဿီလတို့ ပုဂ္ဂိုလ်တွေလှူရ, တန်းရတာက ကျတ်တီးကုန်း ကြဲရ စိုက်ရတာနဲ့တူတယ် . ၊ ဟော-ဘုရားကရှင်းပြလိုက်တယ်။ အဲဒါကို ဒီနေ့ဘုန်းကြီးတို့ ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေ ဘုရား, တရား, သံဃာ၊ ဒါတွေဟာ သီလဝန္တ တကယ့်ဒိတ်ဒိတ်ကြဲ အလှူခံမြေကောင်းတွေ၊ အဲဒီထဲမှာအခု လှူကြတယ်ဆိုတော့ ဒီလက်တွေဟာ ဝင်းနေတဲ့လက်ခေါ်တယ်။ အခု ဆွမ်းလောင်းနေတဲ့အခိုက်, ဘုရားပူဇော်တဲ့အခိုက်, သံဃာပူဇော်တဲ့အခိုက်, ဝင်းနေတဲ့လက်ခေါ်တယ် ဒီလက်က။

အဲ-လက်စွပ်ကလေးဝတ်ထားတတ်ရုံ, လက်ကောက်ကလေးဝတ်ထားတတ်ရုံနဲ့ လင်းနေပြီမထင်နဲ့အုံးတဲ့၊ ဒီလက်မိုက်တုန်းရှိသေးတယ်၊ ဒီထက်မိုက်တာကျတော့ ဒီလက်နဲ့သူများသတ်ပြီဆိုတော့ ပိုမိုက်တယ်၊ ဒီလက်နဲ့ သူများပစ္စည်းခိုးပြီ, နှိုက်ပြီ, ခါးပိုက်နှိုက်ပြီ, အလစ်သုတ်ပြီလို့ဆို ပိုမိုက်သေးတယ် ဒီလက်ပဲ။ မိုက်ချင်လည်းဒီလက်ပဲ၊ လင်းချင်လည်းဒီလက်ပဲ၊ ဒါ့ကြောင့် ကိုယ့်လက်ကလေးကို အလင်းဘက်ကို အသုံးချ။

❖ လက်ကိုဆိုတ, အသုံးချ, ဒါနပြုသဖြင့်၊
နားကိုဆိုလျှင်, တန်ဆာဆင်, ကြားမြင်သုတဖြင့်။

ဒီခန္ဓာကိုယ်မှာ နားဆိုတဲ့နားကိုလည်း အားလုံးအများစုက နား,စိန်နားကပ်ကြီးများ ဝတ်ထားရရင် သူကဟုတ်လှပြီထင်တာကိုး၊ ဟန်လှပြီထင်တာ။ ငွေနားကပ်က ဝင်းဝင်း, ဝင်းဝင်းနဲ့၊ ငွေနားက လင်းလင်း, လင်းလင်းနဲ့၊ စိန်နားကပ်ကြီးနဲ့၊ ရွှေနားကပ်ကြီးနဲ့၊ ကျောက်စီနားကပ်ကြီးနဲ့၊ နားဆွဲကြီးနဲ့ နားဆင်ထားကြတာ အမျိုးမျိုးကိုး၊ ဒို့-မြန်မာတွေက နားပေါက်က နားဆွဲလေး, နားကပ်လေးတင်ဝတ်တာ၊ တစ်ချို့နိုင်ငံ ခြားသားတွေ၊ အိန္ဒိယတို့၊ အာဖရိကတို့ ဆိုသူတွေက နားကို အောက်ကတင်မကဘူး၊ နားအထက်ပါ နားဖေါက်ပြီးတော့ အထက်နခမ်းမှာလည်း ဖေါက်ပြီးတော့၊ အဲဒီ ရတနာအမျိုးမျိုးဆင်ကြ။ တစ်ချို့က နားတစ်ခုလုံးကို တစ်ခါ

http://www.dhammadownload.com



တည်း၊ ကျောက်တွေစီထားသလိုဝတ်ကြတာ၊ ဒါ့ကြောင့် နားကိုအဲဒီလိုဆင်လို့ရှိရင်၊ ဝင်းပြီလို့ထင်နေတာ. . တဲ့ ဆိုတော့၊ အဲဒါကိုဆုံးမတာ ရွှေကျင်ဆရာတော်ကြီးက၊ မြတ်စွာဘုရားရဲ့ ဒီအပုတ္တကသုတ်တော်ယူပြီးတော့ ဆုံးမတာက-

❖ နားကပ်မျှဆင်, ဘယ်မယဉ်, ရောင်ရှင်လင်းမပွင့်၊
နားဆွဲမျှဆင်, ဘယ်မယဉ်, ရောင်ရှင်လင်းမပွင့်။

နားကပ်ဆင်နိုင်ရုံနဲ့, နားဆွဲဆင်နိုင်ရုံနဲ့, ဒီနား, လင်းပြီလို့မထင်လိုက်နဲ့. . တဲ့၊ မိုက်တုန်းရှိသေးတယ်၊ ဘယ်လိုမှလင်းတုန်း။

❖ နားကိုဆိုလျှင်, တန်ဆာဆင်, ကြားမြင်သူတဖြင့် ၊

အကြားအမြင်ဗဟုသုတ၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့တရားတော်တွေ၊ အထူးသဖြင့် လောကုတ္တရာရေးကျွတ်လမ်း, လွတ်လမ်းနဲ့ဆိုင်တဲ့ ဘုရားအကြောင်း တရားအကြောင်း, သံဃာအကြောင်းတွေနားထောင်၊ နာယူမှတ်သားပြီးနေတဲ့ အချိန်၊ နားတွင်းမှာလင်းနေတာ၊ အခု ဒကာ,ဒကာမတွေ တရားနာနေတဲ့အခိုက်၊ နားတွင်းမှာလင်းလို့ ဝင်းလို့၊ အသိဉာဏ်တွေလင်းလို့ ဝင်းလို့၊ ဘုရားအကြောင်းသိ, တရားအကြောင်းသိ, သံဃာအကြောင်းသိ, ကောင်းမှုအကြောင်းသိ, ကောင်းမှုရဲ့ အကြောင်းသိ, မဂ်အကြောင်း,ဖိုလ်အကြောင်း, နိဗ္ဗာန်အကြောင်းတွေသိ, ဒါနားကို ဝင်းလို့။

အဲဒါ-ပြောင်းပြန်ပြန်လိုက်တော့ ကိုယ့်နားမှာ ရွှေနားကပ်,စိန်နားကပ် ဝတ်ထား၊ ဒါက ငါ့ရွှေနားကပ်, ငါ့စိန်နားကပ်ဆိုတော့ လောဘဝင်လာ၊ ဒါ-မိုက်သွားတာ၊ ငါ့စိန်နားကပ်မထိနဲ့ မကိုင်နဲ့ဆိုတော ဒေါသခေါ်တယ်။ ငါ့စိန်နားကပ်ကြီးများ လူဆွဲသွားမှာလား, ငါ့စိန်နားကပ်ကြီးများလူခိုးသွားမှာလား၊ ဟောသောက- အကုသိုလ်တွေ။ ငါမို့လို့ဝတ်နိုင်တာ၊ ငါတို့မို့လို့ဝတ်နိုင်တာဟဲ့ ဆိုတော့ မာန-အကုသိုလ်တွေ အမိုက်တတ်တွေ။ ဒါကြောင့် အဲလောက်နဲ့များ လင်းပြီ, ဝင်းပြီလို့မထင်နဲ့အုံး. . တဲ့၊ ကိုယ့်ရှိတဲ့ပစ္စည်းတဲ့။ လက်ရယ်, နားရယ်, နောက်ဆုံး အသက်ကလေး ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ အသက်ကလေး၊ အဲဒီအသက် ကလေးကိုလည်း။

❖ အသက်၏ဂုဏ်, ရှုရှိုက်ရုံ, ရောင်ဟုန်လင်းမပွင့်. . တဲ့။

http://www.dhammadownload.com



စိတ်လို့လည်းခေါ်တယ်၊ အသက်လို့လည်းခေါ်တယ်၊ ခန္ဓာကိုယ်တွင်းမှာရှိနေတဲ့ နာမ်ဓာတ်၊ အဲဒီနာမ်ဓာတ်ခေါ်တဲ့ စိတ်ကလေးရှူရှိုက်တတ်ရုံလေးနဲ့များ ဟုတ်လှပြီ ဟန်လှပြီလို့မထင်နဲ့အုံး. . . တဲ့။ ဒီနားခေါင်းနဲ့ ရှူးရှဲ ရှူးရှဲ ရှူရှိုက်နေတာ အသက်ရှိ လို့ကိုး၊ ဝမ်းထဲကစိတ်ရှိမှ အသက်ရှိမှ ရှူးရှဲ ရှူးရှဲ ရှူရှိုက်မှုလေးဖြစ်တာ၊ အသက်မရှိတော့ရင် သေတဲ့သူတွေ ဒီရှူးရှဲ ရပ်သွားတာကြည့်ပါလား၊ ဒါ့ကြောင့်- ရှူတတ် ရှိုက်တတ်ရုံနဲ့ ဒီအသက်ကလေးဝင်းပြီ, လင်းပြီ မထင်နဲ့အုံး. . . တဲ့။

❖ ဝိပဿနာဉာဏ်လျှင်,တန်ဆာဆင်,ရောင်ရှင်လင်း၍ပွင့်။
ဘာဝနာဉာဏ်လျှင်,တန်ဆာဆင်,ရောင်ရှင်လင်း၍ပွင့်၊

ဒီစိတ်ကလေးထဲမှာ သမထဘာဝနာ, ဝိပဿနာဘာဝနာဆိုတဲ့ ဘာဝနာနှစ်မျိုးနဲ့အရောင်လင်းအောင်ပြုပေးရတယ်။ သမထဘာဝနာဆိုတာ ဘုရားရှစ်ခိုးတာ၊ ညအိပ်ရာဝင်ရင် သူက ဘုရားနဲ့ ဘုရားဂုဏ်တွေအာရုံပြုပြီးရှိခိုးတော့ စိတ်ကလေးနဲ့ဘုရားနဲ့တွေ့၊ စိတ်ကလေးနဲ့ ဘုရားနဲ့ယှဉ်၊ စိတ်ကလေးနဲ့ ဘုရားနဲ့ကပ်လို့၊ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့အာရုံက လင်းနေတာ, ဝင်းနေတာ၊ တစ်ထောင့်ငါးရာ,ကိလေသာတို့,ဝါသနာနှင့်တကွ,ကင်းကွာတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးဖြစ်နေတော့၊ သူကဝင်းလို့,လင်းလို့ ဒီထဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်ဓာတ်ကြီးတွေနဲ့ လင်းနေတာ ဘုရားက၊ အဲဒီအလင်းဓာတ်ကိုယ့်ဆီကူးလာပြီးတော့၊ ရွှေပင်နားတော့ ရွှေကျေးပေါ့၊ စိတ်ကလေးက လင်းနေတာပဲ, ဝင်းနေတာပဲ။

ဟော-ညအိပ်ယာဝင်စိတ်ကလေး ဝင်းနေအောင်, လင်းနေအောင်၊ အမိုက်တွေရှင်းပြီးတော့အိပ်၊ ရေဆေးပြီးတော့အိပ်၊ စိတ်ကလေးကိုရေဆေးလိုက်သလိုဖြစ်သွားတာပေ့ါ၊ ဝင်း,လင်းသွားတာ၊ အမိုက်ဓာတ်တွေ, အမှောင်ဓာတ်တွေ ကင်းအောင်ပြုပြီးတော့အိပ်၊ မနက်အိပ်ရာကနိုးလာလို့ရှိရင် ဘုရားရှင်ကိုယ်တော်မြတ် လက်အုပ်ချီမိုးရှိခိုးပြီးတော့၊ "အိပ်ရာနိုးလျှင်,ဘုရားရှင်,ဦးတင်လက်အုပ်ချီရတယ်။" ဆိုတဲ့အတိုင်း၊ မနက်အိပ်ယာကနိုးလာရင် ဘုရားရှင်လက်အုပ်ကလေးချီပြီးတော့ နိုးလာ၊ ဟော-စိတ်ကလေးနဲ့ ဘုရားနဲ့ကပ်ပြီးတော့ ဝင်းလို့ အဲဒီစိတ်ကလေးက၊ ဒါသမထပိုင်း။

http://www.dhammadownload.com



ဟာ-ဒီကတစ်ဆင့်တက်,ဒီထက်တတ်နိုင်ရင်ဘုရားရှေ့ရောက်အောင်သွား ဘုရားဆွမ်းတော်ပန်းတော်,ရေချမ်းတော်ကပ်လို့,မေတ္တာပို့လို့,ပုတီးစိတ်လို့, ဒါဝင်းလို့,လင်းလို့ပဲစိတ်ကလေး။ သမထဘာဝနာနဲ့လင်းနေတာမေတ္တာနဲ့လင်းနေတာ၊ ဗုဒ္ဓါနုဿတိနဲ့လင်းနေတာ။ အဲဒီလိုပေါ့လေ ကိုယ့်ကမ္မဋ္ဌာန်းတမျိုးမျိုးပေါ့ သမထဘာဝနာ။ အဲ-ဝိပဿနာဘာဝနာနဲ့ရုပ်နာမ်ရဲ့အဖြစ်အပျက်မြင်အောင်ရှုပွါးပြီးတော့နေပြီဆိုရင် ဝိပဿနာဘာဝနာဝင်လာတယ်။ ဝိပဿနာဘာဝနာဝင်လာရင် ဝိပဿနာပညာအလင်းဓာတ်ကစိတ်ကလေးပေါ်မှာ အရောင်ဟတ်လိုက်တော့ လင်းလို့ ဒီစိတ်ကလေးက။ ဒီတော့အခု- ဒီလိုလှူတဲ့တန်းတဲ့နေရာလည်း အဲဒီဝိပဿနာပါသွားအောင် လှူနိုင်ရတယ်။ ဒီတော့-ဝိပဿနာဉာဏ်ပါသွားအောင်ဆိုတာ ဘာပြောတာတုန်းဆိုတော့ ဝိပဿနာဉာဏ်ဆိုတာ သူ့ရှိနေတာရှိတဲ့အတိုင်းသိတာ ဝိပဿနာပါပဲ။ ဝိပဿနာ, ဝိပဿနာဆိုတာဘာတုန်းဆိုရင်၊ ဝိ-ထူးထူးခြားခြား၊ ပဿနာ-မြင်အောင်ကြည့်တာ။

ထူးထူးခြားခြားမြင်အောင်ကြည့်တယ်ဆိုတော့၊ မထူးတဲ့အမြင်က ဘာတုန်းဆိုတော့၊ မထူးတဲ့အမြင်က မြင်နေကျအမြင်ပေါ့၊ ဘာတုန်းဘုရား မြင်နေကျက၊ အခု ယောကျ်ားကြီးလာရင် ယောကျ်ားကြီးလို့မြင်တာ ဒါမထူးတဲ့ အမြင်ပေါ့၊ မိန်းမကြီးလာ မိန်းမကြီးလို့မြင်၊ လူတစ်ယောက်ယောက်လာရင် ယောကျ်ားကြီးလို့မြင်,မိန်းမကြီးလို့မြင်,သူလို့မြင်,ငါလို့မြင်,ခွေးလို့မြင်,နွားလို့မြင်,ဒါမထူးတဲ့အမြင်ပေါ့။ လောက သတ္တဝါတွေ ဒီလိုမြင်နေကြတာ၊ အဲ-ထူးတဲ့အမြင်ဆိုတာ၊ အဲဒီယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါပေါ် ထွင်းဖောက်ပြီးတော့ အရှိမှန်ဆိုက်အောင်မြင်သွားတာ၊ အဲဒါထူးတဲ့အမြင်ပဲ၊ ဘုရားသာသနာနဲ့ကြုံတဲ့အချိန်မှမြင်တဲ့ အမြင်ဟာ ထူးတဲ့အမြင်ပဲ၊ တစ်ခါတစ်ရံမှမြင်တဲ့အမြင်ဟာ ထူးတဲ့အမြင် အဲဒါဝိပဿနာပဲ၊ ဒါဖြင့်ဘယ်လိုမြင်ရမှာတုန်း-

❖ ခန္ဓာကာယ,တစ်လံမျှဌ်,နှစ်ဝနာမ်ရုပ်,ဖြစ်၍ချုပ်ဏ်။

အခုပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား,မိန်းမပြောနေကြတဲ့ ဒီခန္ဓာကာယတစ်လံမျှလောက်ရှိတဲ့၊ အလျားတစ်လံ, အနံတစ်ထွာမျှရှိတဲ့ ဒီခန္ဓာကာယမှာတကယ်ရှိ အဟုတ်ရှိ ရှာစမ်းဆိုတော့"ခန္ဓာကာယ,တလံမျှဌ်, နှစ်ဝနာမ်ရုပ်"၊ ဟော-ရှိနေတာ နာမ်ရုပ်,ရုပ်နာမ် ဒီနှစ်ခုရှိတယ်၊ အတွင်းကသွားချင်လာချင်,စားချင်သောက်ချင်, ကိုင်ချင်ထိချင်ဆိုတဲ့နာမ်၊ အဲဒီနာမ်ရဲ့အလိုကျ အပြင်ဘက်က လှုပ်ရှား

http://www.dhammadownload.com



ပေးနေရတဲ့ လက်ဟန်,ခြေဟန်,ခေါင်းဟန်တွေနဲ့ သဏ္ဌာန်တွေနဲ့ တွဲပြီးတော့ထားတဲ့ ရုပ်စုရုပ်ပုံ, ရုပ်တုံးရုပ်ခဲကြီး၊ ဒါပဲ-ဒီနှစ်ခုပဲ အခြေခံ။ အဲဒီ-နှစ်ဝနာမ်ရုပ်ကဘာယ်လို လက္ခဏာရှိတုန်း၊ ဘယ်လိုဖြစ်နေတဲ့သဘောရှိတုန်း။"နှစ်ဝနာမ်ရုပ်,ဖြစ်၍ချုပ်၏. . . " ဖြစ်လိုက်ချုပ်လိုက်, ဖြစ်လိုက်ချုပ်လိုက်, ဖြစ်လိုက်ချုပ်လိုက်, ဖြစ်လိုက်ချုပ်လိုက်, ဖြစ်လိုက်ချုပ်လိုက်"ဒါလှူလက္ခဏာ အရှိမှန်ကနာမ်ရုပ်, အဖြစ်မှန်က ဖြစ်ပျက်၊ ဒါပဲ-သူ့သဘောက၊ အဲဒါတွေမြင်အောင်ဖမ်းကြည့်တာကို ဝိပဿနာခေါ်တယ်။

❖ခန္ဓာကာယ,တစ်လံမျှ၌, နှစ်ဝနာမ်ရုပ်, ဖြစ်၍ချုပ်၏,
ရုပ်နာမ် နှစ်ပါး, အလွတ်ထား၍, ဤကားငါပင်, ဤလျှင်ဇီဝ,
ဤအတ္တဟု,ညွှန်ပြဖွယ်ရာ,မရှိပါသည်,ခန္ဓာနာမ်ရုပ်မျှသာတည်း. . . ။

ဒီခန္ဓာကိုယ်ထဲရှိတာ၊ဒါက-ငါ, ဒါက-သူ, ဒါက-ဇီဝ, ဒီကအတ္တ, ဒီက ပုဂ္ဂိုလ် သတ္တဝါကောင်ပဲလို့ဆိုတာ ပြစရာမရှိဘူး. . . တဲ့ တကယ်ကတော့၊ အခြေခံက, ရုပ်နာမ်ပဲ။ လူကောင်, နတ်ကောင်ထင်နေရင် ဖျက်ကြည့်လိုက်တဲ့ ဂဏဝိနိဗ္ဘောဂ ဉာဏ်ခေါ်တဲ့ ဉာဏ်နဲ့ဖျက်ကြည့်လိုက်တဲ့၊ တစ်ပုံစီ ပုံပစ်လိုက်တဲ့၊ လူကောင်ကြီးကိုလူလို့ ထင်နေတာကိုတစ်ခါတည်း ဆံပင်တစ်ခြား, မွေးညှင်းတခြား, လက်သည်းခြေသည်းတခြား,သွားတခြား,အရိုးတခြား (၃၂)ပုံ ခုနက အရိအရွဲပုံတွေကို၊ ခွဲပုံပစ်လိုက်၊ လူပျောက်သွားတယ်၊ ယောကျ်ားပျောက်သွားတယ်၊ မိန်းမပျောက်သွားတယ်၊ ဘာရှိတုန်း-ရုပ်ရယ်,နာမ်ရယ် ဒါပဲရှိတယ်။

အိမ်ကြီးတစ်အိမ်၊ အသားအိမ်ကြီးဆိုပါတော့ သွပ်မိုး ပျဉ်ထောင်ကာ အိမ်ကြီး၊ "အိမ်ကြီး, အိမ်ကြီး" လို့ပြောတယ်၊ မူရင်းရှိတာက အိမ်မရှိဘူး၊ အိမ်ဆိုတာ ပါးစပ်ဖျားတင်ရှိတာ၊ တကယ်ရှိတာကအသားနဲ့သံပဲရှိတယ်။ တိုင်တွေထုပ်တွေ ယောက်တွေ ခင်းထားတဲ့ပျဉ်တွေ,ထောင်ကာထားတဲ့ပျဉ်တွေဆိုတဲ့ အသားတွေ, မိုးထားတဲ့သွပ်တွေနဲ့တကွ ရိုက်ထားတဲ့သံတွေ၊ ပြူတင်းပေါက်တွေတပ်ထားတဲ့ သံချိတ် သံလုံး သံတိုင်ဆိုတဲ့သံတွေ ဒါပဲရှိတယ် အခြေခံက၊ သံနဲ့အသားပဲရှိတယ်၊ အခြေခံက၊ အိမ်ကြီးဖျက်ပုံကြည့်လိုက်-သွပ်တစ်ခြား သံလုံးတစ်ခြား၊ သံကောက်တခြားရိုက်တဲ့သံတွေတစ်ခြား အသားပုံတွေတစ်ခြားပုံကြည့်တော့ အိမ်ပျောက်သွား။ ဒါ့ကြောင့်-

http://www.dhammadownload.com



## ယသ္မိံ ဘေဒေ ဂဏ္ဍဝိနိဗ္ဘောဂေ ဝိမလီကရေ။

အကြင်အရာဝတ္ထုတစ်ခု ပျက်စီးသွားပြီဆိုရင်၊ သို့မဟုတ် ဂဏ္ဍဝိနိဗ္ဘော ဂဉာဏ်နဲ့ ဖျက်ကြည့်လိုက်ပြီဆိုရင်"န တဒ်သမညာ ဟောတိ "နဂိုတုန်းက အိမ် အိမ်လို့ ခေါ်နေတဲ့အခေါ်ကြီးပျောက်သွားတယ်. . . . တဲ့။ အဲဒါ-မရှိလို့ပျောက် တာ၊ မရှိတဲ့ဟာကြီးကို သတ္တဝါတွေကရှိတယ်ထင်ပြီးတော့"အိမ်ကြီး, အိမ်ကြီး" ဒီလို၊ လူကြီး, ယောက်ျားကြီး, မိန်းမကြီးဒီလို အစွဲစွဲတာ၊ အဲဒီလိုအစွဲစွဲတော့ သဏ္ဌာန်နိမိတ် အရိပ်တွေ ထင်လာပြီးတော့ အဲဒီတင် သက္ကာယဒိဋ္ဌိဝင်ပြီး တော့ ငါ့ဟာ ငါ့ဉစ္စာ, ငါ့ပစ္စည်း၊ ငါ့လူ, ငါ့ယောက်ျား, ငါ့မိန်းမ, ငါ့သား, ငါ့သမီး ဒီမှာဝင်စွဲပြီးတော့ မရှိတာကိုလျှောက်ပြီးတော့ ရှိတဲ့အထင်စွဲပြီးတော့နေ၊ နောက် တော့ သူ့သဘော သူဆောင်ပြီးတော့ သူကအဟုတ်မရှိတာမို့လို့၊ မရှိချိန်ရောက် လာတော့ သူကပျက်စီးပြီးတော့ မြေထဲရောက်သွားပြီးတော့ ပျောက်သွားတာ၊ အဲဒီတင် အမလေး အလိုလေးနဲ့ ငိုပြီးကျန်ရစ်တယ်ကိုး။

နဂိုကတည်းက မရှိတာ မရှိဘူးလို့သိနေတဲ့ ရဟန္တာအရှင်သူမြတ်ကြီး တွေကျတော့၊ မရှိတာမရှိဘူးလို့သိနေတော့ သူ့ဘာသူ မရှိတဲ့အချိန် မရှိဘဲနဲ့ပျက် စီးသွားတော့ သူကမပူပါဘူး၊ ဘာမှမရှိရစ်ဘူး၊ ဒါ-ပုထုဇဉ်တွေနဲ့ အရိယာတွေ နဲ့ကွာတာ အဲဒါတွေကွာတာ၊ ရုပ်တွေ,နာမ်တွေကို ဒုက္ခတွေ,ကိုယ့်ဟာမဟုတ်ဘူးလို့ ဘုရားကဟောတယ်၊ ဒီ့ပုထုဇဉ်တွေက ရုပ်တွေ,နာမ်တွေ ကိုယ့်ဟာ, ငါ့ဟာကြီး၊ သူ့ဟာကြီးလို့စွဲတယ်၊ "ရုပ်ကိုဒုက္ခ, ဗုဒ္ဓဟောမှာ, ရုပ်ကိုသာပဲ, ငါစွဲနေတာ, ရုပ်ပြိုကွဲတော့, ခပဲသူငါ, ငိုမည်ကြွေး, ပူဆွေးသောကဖြာ၊". . တဲ့။ ဘုရား ရှင်အဆူဆူက ရုပ်တွေကိုဒုက္ခဟော့,ဒုက္ခဟော့၊ အနတ္တဟော့, မင်းတို့ဟာမဟုတ်ဘူး၊ ဆင်းရဲဒုက္ခစုတွေဟော့လို့ ဘုရားရှင်အဆူဆူက ဟောကြတယ်၊

❖ ရုပ်ကိုဒုက္ခ, ဗုဒ္ဓဟောမှာ၊ ရုပ်ကိုအနိစ္စ, ဗုဒ္ဓဟောမှာ၊
ရုပ်ကိုအနတ္တ, ဗုဒ္ဓဟောမှာ၊

ဘုရားတွေကဟောခဲ့ကြ, မှာခဲ့ကြတယ်၊ ဒီ့သတ္တဝါတွေက ဘယ့်နှယ်နေ တုန်း၊ ရုပ်ကိုသာပဲ, ငါစွဲနေတာ, နာမ်ကိုသာပဲ, ငါစွဲနေတာ။ ရုပ်ကိုငါစွဲ၊ နာမ်ကိုငါစွဲ, သူစွဲ,သားစွဲ, သမီးစွဲ အဲလိုစွဲတော့ ဘာဖြစ်တုန်း "ရုပ်ပြိုကွဲတော့, ခပဲသူငါ" တဲ့၊ ကိုယ်က ရုပ်ခန္ဓာကြီး ငါလို့ထင်ထားတာကိုး၊ ငါ့ဉစ္စာ ထင်ထား. တာ

http://www.dhammadownload.com



ဆိုတော့ အဲဒီရုပ်ခန္ဓာကိုယ်ကြီးက သူ့သဘောသူဆောင်ပြီးတော့ ပျက်ချိန်ကျတော့ သူ့ဘာသူပျက်တော့, ပြိုကွဲပြီးတော့, ရောဂါတွေစွဲပြီးတော့, အိုမင်းပြီးတော့, သေပွဲဝင်ပြီးတော့, ပျက်တော့ သူ့သဘောသူဆောင် သူဖြစ်မယ့်သဘောအတိုင်း ပျက်တာ၊ အဲဒါ ကိုယ်ကသွားပြီးတော့ အလွဲ ငါ့ဟာ,ငါ့ဟာ,ငါ့ရုပ်,ငါ့ခန္ဓာကိုယ်နဲ့ သွားလုပ်ထားတာဖြစ်တော့ အဲဒီတင်-

❖ ရုပ်ပြိုကွဲတော့, ခပဲသူငါ, ငိုမည်ကြွေး, ပူဆွေးသောကဖြာ" . . တဲ့ ပရိဒေဝငိုရ၊ အမလေး. . . ငါ့မှဖြစ်ရလေခြင်း,ငါ့သားဖြစ်ရလေခြင်း, ငါ့သမီးဖြစ်ရလေခြင်းနဲ့ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ-ရင်ထုငို, မြေလူးငို, ဒီဒုက္ခတွေနဲ့လည်ပြီးနေတာ၊ မသိတတ်တဲ့ကလေးလိုပေါ့၊ အရုပ်ကလေးက မြေညက်အရုပ်ကလေး ကွဲမှာ၊ အခုကာလ ပြောပြောရင် ပူစီဖောင်းလေးပေါ့ လေလုံးလေးပေါ့ "ဖောင်း"ခနဲ ဆို တစ်ချိန်ပေါက်ကွဲမှာ၊ လူကြီးကသိတယ်၊ ကလေးကမသိဘူးသူက၊ ဒီပူစီဖောင်းလေး သူ့ဆီအမြဲရှိမှာ ဒီပူစီဖောင်းလေးသူ့ဟာ၊ ဒီပူစီဖောင်းလေးက သူ့အမြဲကိုင်နေရမယ့်ဟာလို့ထင်နေတာ၊ ကစားနေရမှာ၊ နေ့တိုင်း ဒါနဲ့ကစားရမှာလို့ ထင်နေတာ၊ ပူစီဖောင်းကလေးကသူ့အချိန်ကျတော့ "ဖောင်း" ခနဲ့ပေါက်သွား၊ ငိုတယ် . . ကလေးက မြေလူးငို,ခြေဆောင့်ပြီးငို, တွန်းငို, တခါတည်း ချော့လို့ကိုမရအောင် ငိုတယ်။

လူကြီးကသိတယ်၊ သြော်. . ဒီကလေးဖြစ်မှဖြစ်ရလေဒီဟာကဒီလိုပဲဥစ္စာ၊ တစ်ချိန်ကျပေါက်မယ့်ကွဲမယ့်ဟာဥစ္စာပဲ ဟော-လူကြီးကမငိုဘူး၊ အသိဉာဏ်ဦးစီးနေတယ်၊ ကလေးကမသိဘူး၊ ငါ့ဟာလို့ထင်, ငါ့ဟာခိုင်ရမယ်,မြဲရမယ်လို့ထင်တော့ "ဖောင်းကနဲ့" ပေါက်သွားတော့ ငိုတယ်။ အဲလိုပဲ သတ္တဝါတွေ အခုဖြစ်နေတာ၊ ဒါ့ကြောင့် အဲဒီနာမ်ဓာတ်ခေါ်တဲ့ စိတ်ဓာတ်ကို အဲဒီဝိပဿနာအလင်းရှိတာ ရှိတဲ့အတိုင်းသိ၊ ဟုတ်တာဟုတ်တဲ့အတိုင်းသိတဲ့ဉာဏ်လေး ထည့်ပေးရတယ်၊ ဒါဝိပဿနာခေါ်တယ်၊ အဲဒီ ဝိပဿနာ ဉာဏ်အလင်းဓာတ်နဲ့ အရောင်ဟတ်ပေးနိုင်မှ ဒီစိတ်က မြတ်တယ်. . . တဲ့၊ ဒီလို မဟုတ်ရင် ရှုရှိုက်ရုံလေးလောက်အသုံးချနေလို့ကတော့ ရှုရှိုက်ရုံကတော့ ဟို-နား-ခွေးတွေနွားတွေလည်း ဒီစိတ်ရှိလို့ ရှုးရှဲ, ရှုးရှဲနဲ့ပဲ သူတို့လည်း၊ ဟို သူခိုးကြီးတွေ ဓားပြကြီးတွေ ဒုစရိုက်သမားကြီးတွေကလည်း ရှုးရှဲ ရှုးရှဲနဲ့ပဲ၊ ဒီစိတ်ပဲ၊ ဒီစိတ်ကြောင့် ရှုရှိုက်နေတာ၊ ဒါ့ကြောင့်-

http://www.dhammadownload.com



❖ အသက်၏ဂုဏ်, ရှုရှိုက်ရုံ, ရောင်ဟုန်လင်းမပွင့်၊
ဝိပဿနာဉာဏ်လျှင်, တန်ဆာဆင်, ရောင်ရှင်လင်း၍ပွင့်၊
ဘာဝနာဉာဏ်လျှင်, တန်ဆာဆင်, ရောင်ရှင်လင်း၍ပွင့်။

ကဲ-အဲဒါ ရွှေကျင်ဆရာတော်ဘုရားကြီးက ဆုံးမသွားတာ၊ ဒီတော့ မြတ်စွာဘုရားရဲ့ဒေသနာတော်ကို မှီပြီးတော့ ဆုံးမတာပါပဲ၊ သံယုတ်ပါဠိတော် အပုတ္တက သုတ်တော်မှီဆုံးမတာ၊ အပုတ္တကသုတ်မှာ သူဌေးကြီး ကုဋေ(၈၇)ကုဋေ ကြွယ်ဝတဲ့ ပုဏ္ဏားသူဌေးကြီး ဇနီးလည်းမရှိဘူး၊ သားသမီးလည်းမရှိဘူး၊ သေရော၊ သေတော့ သူ့ပစ္စည်းတွေ ကောသလမင်းက လာသိမ်းရတယ်၊ မင်းဘဏ္ဍာအဖြစ်နဲ့၊ အဲဒါကောသလမင်းကြီးက အဲဒီပစ္စည်းတွေသိမ်းရင်းနဲ့ ဘုရားကျောင်းရောက်လာပြီးတော့ လာလျှောက်တာ၊ "တပည့်တော်ဘုရား ပုဏ္ဏားသူဌေးကြီးတစ်ယောက်သေလို့ အဲဒီပစ္စည်းတွေ အမွေစားအမွေခံ ဘယ်သူမှမရှိလို့ တပည့်တော် မင်းဘဏ္ဍာအဖြစ်နဲ့ သိမ်းခဲ့တာပါဘုရား၊ သိမ်းပြီးတော့ ရှင်တော်ဘုရားရဲ့ထံ ခဏဝင်တာပါဘုရား. . "လို့လျှောက်။

လျှောက်တဲ့အပြင် သူကဆက်လျှောက်တာ၊"အဲဒီသူဌေးကြီးဘုရား ဒီလောက်ပစ္စည်းတွေပေါ်ပြီးတော့ သူ့စားမကုန်သောက်မခမ်းဖြစ်ရက်သားနဲ့နေ့တိုင်းစားနေတာ ဆန်ကွဲထမင်း ပုန်းရည်ဟင်းလေးစားသတဲ့ဘုရား၊ ပြီးတော့ ဝတ်တော့လည်း အဝတ်ကြမ်းကြီးတွေ ဖာထေးဝတ်တာတဲ့ဘုရား၊ ဆောင်းစရာထီးလေးကျတော့ သစ်ရွက်ကလေးဆောင်းသတဲ့ဘုရား၊ သွားစရာရှိတော့လည်း ရထားအိုလေးနဲ့သွားတယ်လို့ သိရပါတယ်ဘုရား"နဲ့ ဘုရားလျှောက်တော့ အဲဒီတင်မြတ်စွာဘုရားက "အေး အဲဒါမသူတော်လက်ထဲရောက်တဲ့ပစ္စည်းဟာ အရောင်မလင်းတဲ့ ပစ္စည်းတွေဖြစ်ကုန်တာ အဲဒါပေါ့. . . တဲ့ အမှောင်တွင်းပစ္စည်းဖြစ်ကုန်တာ။ အဲ-သူတော်ကောင်းများက အဲလိုမလုပ်ရဘူး၊ ကိုယ့်လက်ထဲရှိလာတဲ့ ပစ္စည်းကို အရောင်လင်းတဲ့ပစ္စည်းဖြစ်အောင်ကျင့်ဆောင်တတ်ရတယ်. . "လို့။

ဘုရားဆုံးမတော်မူသွားတဲ့ အရောင်လင်းပစ္စည်းဖြစ်အောင်ဆိုတာ ခုနလိုသူများအကျိုးဆောင်တာ၊ ဒါကြောင့်ဒီနေ့ မန္တလေးမြို့မြတ်ရွှေစင်မိသားစုတို့က ဘုရားပူဇော်တဲ့ ကုသိုလ်ကောင်းမှုကြီးသုံးမျိုး၊ သံဃာပူဇော်တဲ့ကုသိုလ်ကောင်း

http://www.dhammadownload.com



မှုကြီးသုံးမျိုး၊ ဉာတကာနဥ္စသင်္ဂဟမင်္ဂလာ" အရ ဘိုးဘွားရိပ်သာ ကျွေးမွေးခြင်း၊ ဒီနေ့ပရိသတ်တွေကျွေးမွေးခြင်းဖြင့် တပည့်တော်တို့လက်ထဲရှိတဲ့ပစ္စည်းကို မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ အလင်းဓာတ်ကိုဆောင်တဲ့ အရောင်လင်းတဲ့ပစ္စည်းဖြစ်အောင်ကျင့်ဆောင်ကျိုးကုတ် အားထုတ်ကြပါကုန်၏. . . လို့၊ သိကြပြီး သကာလ ကိုယ့်လက်ထဲရှိတဲ့ပစ္စည်းကို အရောင်လင်းတဲ့ ပစ္စည်းတွေဖြစ်အောင်၊ ကိုယ့်ရထားတဲ့လက်ကလေးလည်း အရောင်လင်းတဲ့လက်ဖြစ်အောင်၊ ကိုယ့်ခန္ဓာပေါက်နေတဲ့နားကိုလည်း အရောင်လင်းနေတဲ့ နားဖြစ်အောင်၊ ကိုယ့်ခန္ဓာကိုယ်တွင်းမှာရှိတဲ့ အသက်လို့ခေါ်တဲ့,စိတ်လို့ခေါ်တဲ့ နာမ်ဓာတ်ကိုလည်း၊ အရောင်လင်းတဲ့ စိတ်ဖြစ်အောင်, နာမ်ဓာတ်ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ကျင့်ဆောင်ကြိုးကုတ် အားထုတ်သွားတတ်ကြတဲ့ ရှေးရှေးသောဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်းကြီးများ ရအပ်,ရောက်အပ်,သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ ရောက်ကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# ခြေတစ်လှမ်း ကုဋေတစ်သန်း တရားတော်

သာသနံ ပုညဝန္တာသ, ပုညဝန္တာဝ လာဘိနော၊

သမ္ပသိတွာ ပဂ္ဂဏှိတုံ, အပ္ပပုညာ အလာဘိနော။

ပုညဝန္တာသ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုံညီ, ပါရမီဘုန်းဟုန်, တန်ခိုးဂုဏ်တို့နှင့်, ပြည့်စုံတော်မူသော, ဘုရားရှင်ကိုယ်တော်မြတ်၏၊ သာသနံ-အံ့ဖွယ်ရှစ်ဖြာ, သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ-ရှေးရှေးဘဝ, သံသာရက, ဘုန်းစက်ဟုန်, ရှိခဲ့ကုန်သောသူတို့သာလျှင်၊ သမ္ပသိတွာ-ရှေးကံကောင်းနှင့်, အကြောင်းသင့်လှ, တွေ့မြင်ရသည်ဖြစ်၍၊ ပဂ္ဂဏှိတုံ-ပစ္စယမ္ဟာ, နုဂ္ဂဟာဟု, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ လာဘိနော-အကြောင်းလည်းတိုက်, အကျိုးဆိုက်သဖြင့်, သိုက်မြိုက်ပိုင်ပိုင်, ရရှိနိုင်ကြလေကုန်၏၊ အပ္ပပုညာ-ရှေးရှေးဘဝ,သံသာရက, ဘုန်းစက်ဟုန်, နည်းခဲ့ကုန်သောသူတို့သည်ကား၊ ပဂ္ဂဏှိတုံ-ပစ္စယမ္ဟာ, နုဂ္ဂဟာဟု, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ အလာဘိနော-အကြောင်းမသင့်, ကျိုးမသင့်သဖြင့်, အခွင့်ပိုင်ပိုင်, မရရှိနိုင်ကြလေကုန်သတည်း. . . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့- အလှူ့ဒါယကာ ကိုပွတ်စူး အလှူ့ဒါယိကာမ မနှင်းတို့ကို အမှူးထား၍၊ ယခုတရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့အပါအဝင်၊ ဗုဒ္ဓဘုရားရှင်ရဲ့သာသနာတော်ကြီးကို ကြည်ညိုလို့, သဒ္ဓါပိုမိုလွန်ကြည်ညိုသဖြင့် မှီခိုဆည်းကပ်နေကြတဲ့ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့၏ ယနေ့တွေ့ကြုံဆုံဆည်းနေရတဲ့ သာသနာတော်မြတ်ကြီးကို ဥးဇင်းတို့ရဲ့ဘုရားရှင်ကိုယ်တော်မြတ်သည်. . . ခပ်လွယ်လွယ်၊ ခပ်ချောင်ချောင်ကလေးဖြင့်တည်ထောင်တော်မူခဲ့ရတာမဟုတ်ပါ။ ဘုရားရှင်ကိုယ်တော်မြတ် ဒီသာသနာတော်မြတ်ကြီးတည်ထောင်နိုင်ဖို့အတွက် မထမဆုံး ဘုရားဖြစ်အောင် ကျင့်တော်မူရ၊ ကမ္ဘာသူ, ကမ္ဘာသား အများကောင်းကျိုး သည်ပိုးရွက်ဆောင်နေတဲ့ လူ့ရွာနတ်ထံချမ်းသာစံပြီးသကာလ နောက်ဆုံးသန္တိသုခနိဗ္ဗာန်ဆိုတဲ့ ချမ်းသာကိုဆိုက်စေနိုင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံးအမတော် ဩဝါဒတော်ဖြစ်တဲ့ ပါဠိလို ဝေါဟာရအခေါ် အားဖြင့် သာသနာ,

http://www.dhammadownload.com



သာသ နာလို့ခေါ် နေကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံးအမတော် ဩဝါဒ တော်တွေ အစုအဝေးဖြစ်တဲ့ ယနေ့သာသနာတော်ကြီးကို ဘုရားရှင်ကိုယ်တော် မြတ် ကမ္ဘာသူ့,ကမ္ဘာသားအများကောင်းကျိုးသည်ပိုးရွက်ဆောင်နိုင်အောင် ဒီသာ သနာတော်ကြီးကို တည်ထောင်နိုင်ဖို့အတွက် လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကြာ မြင့်စွာသောကာလပတ်လုံး ပါရမီဖြည့်တော်မူခဲ့ရ၊ အချိန်ကာလအားဖြင့်ဆိုလျှင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတဲ့။ တစ်သင်္ချေ, တစ်သင်္ချေဆိုတာ- **စတ္တာလီသ သတံ သုညံ အသင်္ချေယံ**-ဆိုတဲ့အတိုင်း၊ တစ်နောက်မှာသုညပေါင်း လေးရာပြ၊ အဲဒါ တစ်သင်္ချေလို့ခေါ် တယ်၊ တစ်နောက်မှာသုညတစ်လုံးပြတော့ တစ်ဆယ်လို့ ခေါ်ကြတယ်၊ သုညနှစ်လုံးပြလိုက်တော့ တစ်ရာလို့ခေါ် ကြတယ်၊ သုညသုံးလုံး ပြလိုက်တော့ တစ်ထောင်လို့ခေါ်တယ်၊ အဲဒီနောက်သုညတစ်လုံးတိုးပြီးတော့ ငါးလုံးပြတော့တစ်သောင်းလို့ခေါ်ကြတယ်၊ အဲဒီနည်းနဲ့သုညတစ်လုံးတိုးတိုး, တိုးတိုးပြီး တက်သွား၊ တစ်နောက်မှာ သုညပေါင်းလေးရာပြတဲ့အချိန်မှာ အဲဒါ- တစ်အသင်္ချေလို့ခေါ်တယ်။

**စတ္တာလီသ သတံ သုညံ အသင်္ချေယံ**- သုညပေါင်းလေးရာနဲ့ တစ် တစ်လုံးကို အသင်္ချေ၍ခေါ်သည်၊ အဲဒီအသင်္ချေမျိုး ကမ္ဘာပေါင်း လေးအသင်္ချေ။ ကမ္ဘာတစ်သိန်းစွန်းလိုက်သေးတယ်၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတွက်ကိန်း အညီ,ကြာရှည်လှစွာ,ပါရမီဆယ်ပါး,အပြားသုံးဆယ်,သုံးသွယ်သောစရိယ, စွန့်ခြင်း ကြီး ငါးဝတို့ကို ဖြည့်ကျင့်တော်မူပြီးနောက်မှ ဤသာသနာတော်မြတ်ကြီးကို တည် ထောင်တော်မူခဲ့ရသည့် ဘုရားရှင်။ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတွေ ဖြည့်ပြီးတော့ အနစ်နာခံပြီးတော့တည်ထောင်ခဲ့ရတဲ့ သာသနာတော် ကြီး။ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းဆိုတာ ကိုယ်ရောနှုတ်ပါ နှစ်ဖြာစုံညီ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူတဲ့အချိန်ကာလကိုပြောတာ၊ အမှန်စင်စစ် ရှေ့နား လှမ်းကြည့်ဦးမယ်ဆိုရင်။

### * စိန္တိတံ သတ္တသင်္ချေယျံ, နဝသင်္ချေယျ ဝါစကံ၊

နှုတ်လည်းမရွတ်,ကိုယ်လည်းမပါ,စိတ်သက်သက်အဓိဋ္ဌာန်ချက်ဖြင့် ဘုရား ဖြစ်ရပါလို၏၊ ဘုရားဖြစ်ရန်ရည်သန်ပါ၏လို့ စိတ်သက်သက်နဲ့ အဓိဋ္ဌာန်ချက်ဖြင့် ပါရမီဖြည့်ခဲ့တော်မူခဲ့သည်ကား၊ **စန္တိတံ သတ္တသင်္ချေယျံ**-(၇) သင်္ချေ တွက်ရေ များစွာ ကြာခဲ့ပါသည်၊ စိတ်တော်သက်သက်နဲ့။ **နဝသင်္ချေယျ ဝါစကံ**- စိတ်ထဲက

* သီမဝိ-၇။

http://www.dhammadownload.com



လည်းပါတယ်၊ နှုတ်ကလေးကလည်းမြွက်မြွက်ပြီးတော့ ဘုရားဖြစ်ရပါလို၏၊ ဗုဒ္ဓစင်စစ်နကန်ဖြစ်ရပါလို၏၊ ဝစီနှုတ်မြွက်လျက် ပါရမီတော်တွေကိုဖြည့်တော်မူခဲ့ရတဲ့အချိန်ပေါင်းက၊ နဝသင်္ချေယျ ဝါစိကာ ကိုးအသင်္ချေ၊ တွက်ရေမျှားနွှာကြခဲ့ပါတယ်။ အဲဒီလို စိတ်တော်သက်သက်နဲ့ ခုနစ်သင်္ချေ၊ နှုတ်တော်မြွက်မြွက်ပြီးတော့ဆုတောင်းဆုတောင်းပြီးတော့ ပါရမီဖြည့်လာခဲ့တဲ့ ကိုးအသင်္ချေ၊ ပေါင်းလိုက်တော့တစ်ဆယ့်ခြောက်အသင်္ချေ၊ စိတ်တော်သက်သက်နဲ့ ခုနစ်သင်္ချေ၊ နှုတ်တော်သက်သက်နဲ့ ကိုးအသင်္ချေ၊ ပေါင်းလိုက်တော့ တစ်ဆယ့်ခြောက်အသင်္ချေ။

ပြီးတော့မှ အားလုံးဒကာ၊ ဒကာမတွေနားလည်နေကြတဲ့ ကိုယ်ကာယဖြင့်အဲလို့ဆိုရင် ကိုယ်ထိလက်ရောက်လုပ်လိုက်၊ သိလည်းသိတယ်ဆိုရင် ကိုယ်ထိလက်ရောက်လုပ်လိုက်၊ ဘာပဲဖြစ်ဖြစ်ကိုယ်ထိလက်ရောက်လုပ်ပြီးတော့၊ နှုတ်ကလည်းမြွက်၊ စိတ်ကလည်းပါပြီးတော့၊ ကိုယ်ရော်နှုတ်ပါ နှစ်ဖြာစုံညီ၊ ပါရမီတော်ဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့ရသည်ကား။ ကာယဒွါရ စတဲ့ချာတုံကာယပါစုံ-လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အများနားလည်နေကြတဲ့လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုတာ၊ ကိုယ်ရောနှုတ်ရော နှစ်ပါးစုံညီဖြည့်တော်မူတဲ့အချိန်ကာလပြောတာ၊ ဒီတော့-အားလုံးပေါင်းလိုက်တော့ ခုနက(၁၆)သင်္ချေ၊ အခု(၄)သင်္ချေနဲ့ -သင်္ချေ(၂၀) ဒါကြောင့် ဘုရားရှင်အဆူဆူတို့ဟာ အသင်္ချေ(၂၀)စီ ညီကြတယ်။ တဲ့ ပါရမီဖြည့်တာ။ အဲဒီ ကိုယ်ရောနှုတ်ပါ နှစ်ဖြာစုံညီပါရမီ ဖြည့်တဲ့နေရာမှာသာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနဲ့ကမ္ဘာတစ်သိန်း စသည်ကွဲသွားကြ။

အဲဒီလိုနည်းနဲ့ ဉာဏ်တို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်သည် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊တွက်ကိန်းအညီ၊ကြာရှည်လှစွာ၊ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်နှင့် သုံးသွယ်သောစရိယ စွန့်ခြင်းကြီးငါးဝတို့ကို၊ ဖြည့်ကျင့်တော်မူပြီးနောက်မှ တည်ထောင်တော်မူခဲ့ရတဲ့ ယနေ့သာသနာ၊ ဒီသာသနာတော်ကြီးတည်ထောင်နိုင်ဖို့၊ ပထမ ဘုရားဖြစ်အောင်၊ အဲဒီလိုဘုရားဖြစ်ဖို့ ဒီသာသနာတော်ကြီးတည်ထောင်နိုင်ဖို့အတွက် သာမညဖြစ်တဲ့ ပစ္စည်းဥစ္စာရတနာတွေကို စွန့်လွှတ်လှူဒါန်းတယ်ဆိုတာ ထားလိုက်တော့၊ ပဒေသရာဇ် ဧကရာဇ်တို့၏ စကြာမင်းတို့၏ စည်းစိမ်ဥစ္စာရတနာတို့ကဲ့သို့သော မြောက်များလှစွာသော စည်းစိမ်ဥစ္စာရတနာတို့ကိုလည်း စွန့်လွှတ်တော်မူနိုင်ခဲ့သည်၊ ထို့အပြင် အသက်တမျှချစ်ခင်လှတဲ့ သားလှရတနာ သမီး

http://www.dhammadownload.com



လှရတနာလေးတွေကိုလည်း သူတစ်ပါးတို့၏လက်ဝယ် ကျွန်အဖြစ်ဖြင့် ရက်ရက် ရောရောနှစ်မြောမတွန့် ပေးစွန့်လှူတော်မူနိုင်ခဲ့သည်။

ဒါတင်မကသေးဘူး၊ ဒီသာသနာတော်ကြီးတည်ထောင်ဖို့ ဒီသဗ္ဗညုတ ဉာဏ်ကြီးရပြီးတော့ ဒီကမ္ဘာသူ ကမ္ဘာသားအများကောင်းကျိုးသည်ပိုးမည့် သာသ နာတော်ကြီးတည်ထောင်နိုင်ဖို့အတွက် အသက်နှင့်ထပ်တူ ချစ်ကြည်ဖြူလှတဲ့ အိမ်သူသက်ထား ဇနီးမယားတို့ကိုသော်လည်း၊ သူတစ်ပါးတို့ရဲ့လက် ဝကွက်၍ လှူဒါန်းတော်မူနိုင်ခဲ့သည်၊ နောက်ပိတ်ဆုံး မျက်စိ,နား,နှာ,အင်္ဂါခြေလက်, ကိုယ် တော်၏အသက်ကိုပင် မငဲ့မကွက် ရက်ရက်ရောရော နှမြောမတွန့် ပေးစွန့်လှူဒါန်း တော်မူနိုင်ခဲ့သည်။ အဲဒီလို အမျိုးမျိုး အနှစ်နာခံ, အဆင်းရဲခံ,အပင်ပန်းခံပြီးသကာ လ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေဖြည့်တော်မူခဲ့ခြင်းသည် ဘယ် သူ့အတွက်ပါလိမ့်။

ယနေ့-တရားနာနေကြတဲ့ဒကာ,ဒကာမတွေအပါအဝင် သာသနာတော် ကိုသဒ္ဓါပိုမိုကြည်ညိုသဖြင့်မှီခိုဆည်းကပ်နေကြတဲ့ဒကာ,ဒကာမအပေါင်းသူတော် ကောင်တို့ရဲ့အတွက်။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ သူ့ကိုယ်ရေးကိုယ်တာသက် သက်အတွက်ဆိုလို့ရှိရင် ဒီပင်္ကရာ ဘုရားရှင်လက်ထက် သုမေဓာရသေ့ဘဝတုန်း ကတစ်ခါတည်းနိဗ္ဗာန်မင်ဖိုလ်ကျွတ်တန်းခိုနိုင်တဲ့စွမ်းရည်သတ္တိရှိခဲ့ပါတယ်၊ အဲဒီ အချိန်လေးနည်းနည်းလေးပြန်ကြည့်လိုက်မယ်ဆိုရင် သူတွေ့ရတဲ့ပုဂ္ဂိုလ်က ဒီပင်္ က ရာဘုရားရှင်,သူ့ကိုယ်တရားဟောမည့်ပုဂ္ဂိုလ်က,သူ့ကိုယ်တရားပြမည့်ပုဂ္ဂိုလ်,တရား တွေဟောမည့်ပုဂ္ဂိုလ်,ကမ္မဋ္ဌာန်းပေးမည့်ပုဂ္ဂိုလ်က ဘုံသုံးပါးတို့၏မကိုဋ်, သုံးတိုက် တို့၏သရဖူ, သုံးလူတို့၏သင်းကျစ်,ဓမ္မရာဇ်ထွတ်ထား ဒီပင်္ကရာ သဗ္ဗညူမြတ်စွာ ဘုရား. . .။ တွေ့တဲ့ပုဂ္ဂိုလ်က တကဲ့ ဒိတ်ဒိတ်ကြဲဘုရား။

သူ့ရဲ့အဖြစ်က သူ့ရဲ့ထက်ရှိ...ပအခြေအနေပြန်ကြည့်လိုက်အုန်း ငယ် ငယ်လေးကမိခင်ဖခင်တွေ ပျက်စီးသွားလို့ ပစ္စည်းဥစ္စာရတနာတွေကိုစွန့်လွှတ် လှူဒါန်းပြီးသကာလ ဟိမဝန္တာ ဟေမဝါမြိုင်တောသို့ ထွက်ခွါပြီးလျှင်ရသေ့ကလေး အသွင်နဲ့ ငယ်ငယ်လေးရှိသေးတယ်၊ ကျင့်ကြံကြိုးကုတ်အားထုတ်လိုက်တာ လော ကီစျာန် အဘိညာဉ်တန်ခိုးအမျိုးမျိုးတွေရလို့ ကောင်းကင်တလွှားဝယ် ဂဠုန်ငှက် အလားကဲ့သို့ ပျံသွားနိုင်တဲ့ လောကီစျာန်အဘိညာဉ်တန်ခိုးအမျိုးမျိုးနဲ့ ပြည့်စုံနေတဲ့ သုမေဓာရသေ့ကလေးရဲ့ဘဝ၊ ဒီတော့-ဘဝအဆင့်အတန်းတွေနေရတဲ့ ပုဂ္ဂိုလ်နဲ့ ချိန်ထိုးကြည့်လိုက်ကြစမ်းပါလား၊ ဘယ်လောက်များပြည့်စုံနေလဲ၊ ပုဂ္ဂိုလ်လေးရဲ့

http://www.dhammadownload.com



အဖြစ်ကလည်း သုမေဓာရသေ့ရဲ့အဖြစ်၊ အင်မတန် လောကီဈာန် အဘိညာဉ်တွေနဲ့ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်လေး၊ ဟိုကဟောမည့်ပုဂ္ဂိုလ်, ပြမည့်ပုဂ္ဂိုလ်ကလည်း ဒီပင်္ကရာဘုရားရှင်။

ပေါက်လုခါနီးဖြစ်နေတဲ့အိုင်းအမာလေးဟာ အင်မတန်ထက်မြက်တဲ့ ဖောက်ပေးမည့် ဆူးလေးအပ်ကလေးမျှော်နေသလိုပဲ တို့လိုက်တယ်ဆိုပဲ တစ်ခါတည်းတရားထူးရတော့မည့်အခြေအနေမျိုး။ အဲဒီအခြေအနေမျိုးရောက်နေတာကိုလည်း သူကိုယ်သူသိတယ်၊"အင်း-ငါအခုနေမှာ ဒီပင်္ကရာဘုရားရှင်ရဲ့ထံတော်မှောက်မှာသာဝကပါးအဖြစ်နဲ့ နိဗ္ဗာန်မင်္ဂဖိုလ်ကျွတ်တန်းခိုချင်လို့ရှိရင်ဖြင့် ငါဧကန်မုချနိဗ္ဗာန်ကိုရနိုင်တဲ့စွမ်းရည်သတ္တိငါ့မှာရှိတယ်"၊သေသေချာချာသိတယ် ဘုရားအလောင်းတော်လေး။ သိပင်သိငြားသော်လည်း သူဘယ်လိုစိတ်ကူးဝင်လာတုန်း-

* ကိံ မေ ဧကေန တိဏ္ဏေန, ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာ, သန္တာရေဿံ သဒေဝကံ။

မဟာသမုဒ္ဒရာရေယာဉ်ကြောဝယ်၊ လှေဖောင်သင်္ဘောပျက်စီးလေသောကြောင့် ကယ်ပါယူပါတဆာဆာအော်ဟစ်ကာ မျောနေကြတဲ့ခရီးသွား ဒုက္ခသည်အများတို့ရဲ့အနီးနားဝယ်၊ ကိုယ်ပိုင်သင်္ဘောတစ်စီး စီးနင်းမောင်းနှင်လာတဲ့ ယောက်ျားတစ်ယောက်ဟာ၊ ဒီဒုက္ခသည်တွေကိုဆယ်နိုင်တဲ့စွမ်းရည်သတ္တိမျိုး မိမိမှာရှိပါလျက်၊ မဆယ်မယူမကူညီတော့ဘဲ အလွတ်ရုန်းပြီးသကာလသွားမယ်ဆိုရင် ထိုသူ ယောက်ျားပီသရာရောက်ပါ့မလား၊ ထိုသူတာဝန်ကျေရာရောက်ပါ့မလား။ ထိုသူသည်ယောက်ျားပီသရာ မရောက်လေသကဲ့သို့ ထိုသူသည်တာဝန်ကျေပွန်ရာမရောက်လေသကဲ့သို့။

ငါကဲ့သို့ သံသရာတည်းဟူသောရေယာဉ်ကြော နစ်မွန်းမျောပါနေကြတဲ့ ဒုက္ခိတသတ္တဝါအများတို့ကို ဤဒီပင်္ကရာဘုရားရှင်ကဲ့သို့ ပါရမီဆယ်ပါး, အပြားသုံးဆယ်တို့ကို ယောက်ျားတို့ဇွဲမလျှော့ဘဲနဲ့ ကျင့်ကြံကျိုးကုတ် အားထုတ်ပြီးလျှင် ဤဒီပင်္ကရာဘုရားရှင်ကိုယ်တော်မြတ်ကဲ့သို့ ဘုရားတစ်ဆူဖြစ်တော်မူပြီးလျှင် လူ,နတ်, ဗြဟ္မာ,သတ္တဝါခပင်းတို့ကို ကယ်တင်နိုင်တဲ့ စွမ်းရည်သတ္တိငါ့မှာရှိပါလျှက်၊ ငါတစ်ကိုယ်တည်း ကူးမြောက်၍သွားခြင်းဖြင့် ငါယောက်ျားမပီသရာ ရောက်တော့မှာပေါ့။ ငါတာဝန်မကျေရာရောက်တော့မှာပေါ့။ ဘာပဲဖြစ်ဖြစ် ကြွင်းမဲ့ဉသုံ အလုံးစုံကို အကုန်အစဉ်သိမြင်နိုင်သော သဗ္ဗညုတဉ္ဉာဏ်သခင် ဘုရားရှင်အဖြစ်သို့ မ

* ဗုဒ္ဓဝံ- ၃၁၀။ ၄-၁၁၄

http://www.dhammadownload.com



ရှောဇာ်ရှောက်အောင်ကျင့်ဆောင်ကြိုးစား အားထုတ်ပြီးယခုကာလ လူ့နတ်၊ ပြဟ္မာ၊ သတ္တဝါခပင်း ဒုက္ခသည်တစ်သင်းတို့ကို ငါကယ်တော့မယ်. . . ကယ်တော့မယ်လို့ အဲဒီလိုအဓိဋ္ဌာန်တော်မူခဲ့တယ်။

ဒီတော့ ဉူးဇင်းတို့ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အလောင်းတော်လေးဟာ လက်တွေ့အနီးရလုနီးနီးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီး၊ ဒီနိဗ္ဗာန်ချမ်းသာကြီးကိုစွန့်တော်မူပြီးတော့ ကိုယ်ရေးကိုယ်တာအတွက်နဲ့ သူတစ်ပါးငဲ့ကွက်မှု မရှိတော့ဘူးဆိုရင်အဲဒီနေ့မှာ ဒီပင်္ကရာဘုရားရှင်ရဲ့ လက်ထက်မှာပဲ နိဗ္ဗာန်မဂ်ဖိုလ်ကျွတ်တန်းခိုဖို့ရာ လွယ်လွယ်ကလေးပဲရှိတော့တယ်သူ့အဖို့၊ အဲဒီအခြေအနေမျိုးကို ကိုယ်ကိုယ်တိုင်သိတော်မူပါလျက်၊ ယနေ့တွေကြုံကြရတဲ့ သာသနာတော်ကြီးကိုတည်ထောင်နိုင်အောင် လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလပတ်လုံးပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့တယ်၊ အဆင်းရဲခံတော်မူခဲ့တယ်၊ အနစ်နာခံတော်မူခဲ့တယ်၊ အပင်ပန်းခံတော်မူခဲ့တယ်၊ အဆင်းရဲအနစ်နာ အပင်ပန်းခံတော်မူပြီးသကာလ တည်ထောင်တော်မူခဲ့တဲ့ယနေ့သာသနာဟာဒို့ဖို့ပါလား. . . ဒို့ဖို့ပါလားလို့ နှလုံးသွင်းလိုက်ကြစမ်းပါ။

ခုနကပြောခဲ့တဲ့အတိုင်းလေ သူ့ရဲ့အဖို့ဆိုလို့ရှိရင်ခုနကအတိုင်း ပြန်ကြည့်ပါ၊ သူ့ရဲ့တစ်ကိုယ်ရေတစ်ကာယအတွက်ဆိုရင် သုမေဓာရသေ့ကလေးဘဝ၊ ဒီပင်္ကရာဘုရားရှင်နဲ့တွေ့တုန်းက ကျွတ်တန်းဝင်နိုင်ပါလျက်နဲ့၊ ဒီသာသနာကြီးဒီလိုအပင်ပန်းခံပြီးတည်ထောင်တာဖြင့် တို့ဖို့ပဲ. . . တို့တစ်တွေဖို့ပဲ။ ကောင်းပြီ. . . ဒါဖြင့်ဘုရား ရှင်ကိုယ်တော်မြတ်သည် ကမ္ဘာသူကမ္ဘာသား များစွာသောသတ္တဝါတွေကို ကယ်တင်မယ်၊ သုံးဆယ့်တစ်ဘုံတည်းဟူသော သံသရာရေအယဉ်ကြောမျောနေကြတဲ့ ဒုက္ခိတသတ္တဝါခပင်းတို့ကို ငါကယ်တင်ခြင်းအလို့ငှါ ဒီသာသနာတော်ကြီးတည်ထောင်ခဲ့တယ်၊ ဒီသာသနာတော်ကြီးတည်ထောင်နိုင်အောင် ဘုရားအဖြစ်နဲ့ကျင့်ဆောင်တော်မူခဲ့ရတယ်၊ ငါဘုရားအဖြစ်ကျင့်ဆောင်ပြီးသကာလသည်မြောက်များစွာသော ကမ္ဘာသူကမ္ဘာသားတို့ အများကောင်းကျိုးသည်ပိုးရွက်ဆောင်နေပါလား. . . ဒါလေးလည်းစဉ်းစားရမယ်။

ပုညဝန္တသူ-လေးသင်္ချေကိန်း၊ ကပ်တစ်သိန်းက၊ ထိန်းသိမ်းစုံညီ၊ ပါရမီဘုန်းဟုန်၊ တန်ခိုးဂုဏ်တို့နှင့်၊ ပြည့်စုံတော်မူသော၊ ဘုရားရှင်ကိုယ်တော်မြတ်၏၊

http://www.dhammadownload.com



သာသနာ့အနှံ့ပျံ့နှံ့ဖြစ်ပွား၊ သာသနာတော်မြတ်ကြီးကို မြင်ရ ... သိသိသာသာ ရှိစေ၊ ဘုန်းစက်ပွား၊ ... ကံကောင်းနိုင်၊ အကြောင်းညီညွတ်၊ ... ဖြစ်ရမည် ... နှစ်ဖြာပွားလင့်၊ ဂုဏ်တော်ကျော်မံ့ မြှောက်ခွင်းကို၊ လူသားနတ်ပြည် အကြောင်းလှည့် ... တိုက်တွန်းအကျိုးဆက်ကာ ဖြင့်သိုက်မြိုက်ပိုမိုပင် ရရှိနိုင်ကြစေလိုဟန်သည်တည်း။

ဘုရားရှင်ကိုယ်တော်မြတ် ရည်ရွယ်တော်မူခဲ့တာတွေ ငါ့ရဲ့ သာသနာတော်ကြီး၊ ငါ့မှာ သူကမ္ဘာသားအများ ကောင်းကျိုးသည့်ပိုးရွက်ဆောင်ဖို့ ငါ့သာသနာတော်ကြီး၊ ငါ့အဆုံးမတော်ကြီးအတိုင်း မြောက်များစွာသောကမ္ဘာသူကမ္ဘာသားတွေတွေ့ကြပါစေ. . .၊တွေ့ပြီးသာကာလ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြပါစေ၊ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးသာကာလ တစ်မဂ်တစ်ဖိုလ်ကျွတ်တန်းခိုလို့မို့ သံသရာဒုက္ခစခန်းမှ ရုန်းကန်ရုန်းနိုင်ကြပါစေ. . . လို့ ရည်ရွယ်တော်မူခဲ့ရှင်းအမှန်၊ သို့သော်ယနေ့အဲဒီရည်ရွယ်တော်မူခဲ့တဲ့အတိုင်း ကမ္ဘာသူကမ္ဘာသားမြောက်များစွာ တို့တွေ့ကြုံနေရသလားလို့ဆိုတော့၊ ခုနကပြောခဲ့တဲ့အတိုင်း ဘုန်းတော်ရှင် ထံတော်ရှင်၊ ဉာဏ်တော်ရှင်ဖြစ်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်က ညွှန်ကြားတော်မူခဲ့တဲ့ သာသနာတော်မြတ်ကြီးကို ဘုန်းရှင်၊ကံရှင်၊ပါရမီရှင်၊ထူးသူ၊ ပါရမီထူးသူတို့သည်သာလျှင် တွေ့ကြုံဆုံဆည်းခွင့်ရနိုင်ကြတာယ်။

တွေ့ကြုံဆုံဆည်းရုံမျှမက ထိုဘုရားရှင်ရဲ့သာသနာတော်မြတ်ကြီးကို ပစ္စယဒါယကာအဖြစ်နဲ့ ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး၊လေးရပ်သော ပစ္စည်းတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်းဆိုတဲ့ပစ္စယာနုဂ္ဂဟ၊ မိမိတို့ရင်နှစ်သီးခြာ သားသမီးရတနာတို့ကိုပဲဖြစ်ဖြစ်၊သူတစ်ပါးတို့ရဲ့ရင်နှစ်သီးခြာ သားသမီးရတနာတို့ကိုပဲဖြစ်ဖြစ်၊ရှစ်ပါး ပရိက္ခရာတို့ဆင်မြန်း၍ ရှင်ရဟန်းအဖြစ်သွတ်သွင်းချီးမြှောက်ခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟတစ်မျိုး။ မိမိကိုယ်တိုင် ထိုဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံးအမတော်ကို တစ်လုံးတစ်ပါဒပင်ဖြစ်စေ၊ လိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟ၊ ထိုကဲ့သို့သော ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟနှစ်ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခွင့်၊ဘုန်းရှင်၊ကံရှင်ဖြစ်တဲ့ သူတွေသာရနိုင်ကြတယ်. . .၊ ပါရမီထူးတဲ့ သူတွေသာ တွေ့နိုင်ကြတယ်လို့ သံသယမရှိမှတ်လိုက်ကြစမ်းပါ. . .။

http://www.dhammadownload.com



ဘုရားရှင်ရဲ့လက်ထက်တော်ပြန်ပြီးတော့ လှမ်းမျှော်ကြည့်လိုက်။ ဒီသာသနာတော်တည်ထောင်တော်မူတဲ့ဘုရားရှင် ဘယ်လောက်များပါရမီတွေထူးအောင်ဖြည့်ရသလဲ ဘယ်လောက်များ ကံတွေထူးအောင်ဖြည့်ရသလဲ၊ ကံဆိုတာကုသိုလ်ကောင်းမှုတွေ အမျိုးမျိုးဖြည့်ရတယ်၊ အဲဒီပါရမီတော်ရှင်ဘုန်းတော်ရှင် ကံတော်ရှင်ဖြစ်တဲ့ ဘုရားရှင်ရဲ့ သာသနာတော်ကြီးကို တွေ့သွားကြတဲ့ပုဂ္ဂိုလ်တွေ ဘုရားရှင်လက်ထက်တော်လှမ်းမျှော်ပြီးကြည့်လိုက်မယ်ဆိုရင် အရှင်ကောဏ္ဍညတို့၊ အရှင်မဟာကဿပတို့ အရှင်မောဂ္ဂလာန်တို့ အရှင်သာရိပုတ္တရာတို့အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာ, ပါရမီရှင်တွေရဟန်းတော်တွေဘက်က။ မိဖုရားတော်ဂေါတမီ, ခေမာထေရီ, ဥပလ္လဝဏ်အစရှိတဲ့ ပါရမီရှင်တွေ ကမ္ဘာတစ်သိန်း၊ ပါရမီဖြည့်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ. . . ကမ္ဘာတစ်သိန်းပါရမီဖြည့်တဲ့ပုဂ္ဂိုလ်တွေ၊ ပါရမီအချိန်ယူပြီး ဖြည့်လာကြတဲ့ ပါရမီရှင်, ဘုန်းရှင်, ကံရှင်တွေ, ဘုရားရှင်သာသနာတော်ကြီးနဲ့ တွေ့သွားလိုက်ကြ။

ဒကာဒကာမတွေဘက်က အနာထပိဏ်,ဝိသာခါ,အစလာတဲ့ကျောင်း ဒကာကျောင်းအမတွေ။ ဘုရားရှင်ရဲ့သာသနာတော်ကြီးတွေ့ခွင့်ရကြ၊ တွေ့ရုံမျှမက ပစ္စယာနုဂ္ဂဟခေါ်တဲ့ ပစ္စည်းထောက်ပံ့လှူဒါန်းခြင်း, ဓမ္မာနုဂ္ဂဟခေါ်တဲ့ သာသနာဘောင်သွတ်သွင်းခြင်း,ကိုယ်ကိုယ်တိုင် ထိုဘုရားရှင်ရဲ့အဆုံးအမတော်တွေကို လိုက်နာကျင့်ကြံကြပြီးတော့ တစ်မဂ်တစ်ဖိုလ်ကျွတ်တန်းခိုပြီးတော့ သွားလိုက်ကြတာ၊ ဘုန်းရှင်တွေကံရှင်တွေ,ပါရမီရှင်တွေ,ဘုရားရှင်လက်ထက်ကြည့်လိုက်၊ အနာထပိဏ်သူဌေးတို့ဆိုရင် ကမ္ဘာတစ်သိန်းလောက်ကနေပြီးတော့ ဒီဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ကျောင်းဒကာဖြစ်ရပါလို၏၊ ဂေါတမဗုဒ္ဓရဲ့ ကျောင်းဒကာ ဖြစ်ပြီးသကာလ၊ သာသနာတော်ကိုတွေ့ရပါလို၏လို့ ကမ္ဘာတစ်သိန်းလောက်ပါရမီ ဖြည့်ခဲ့ကြ။

ဒီလိုပါရမီဖြည့်လာတာတောင် ရုတ်ခနဲ့ဘုရားပွင့်ပွင့်ချင်း တွေ့လိုက်သေးတာမဟုတ်ဘူး၊ အနာထပိဏ်သူဌေးတို့များဆိုလို့ရှိရင် ဘုရားရှင်ကိုယ်တော်မြတ်က ပထမဆုံးဝါမှာ မိဂဒါဝုန်တောမှာ ဓမ္မစကြာဟောဘော်မူရင်းဆိုတော်မူတယ်၊ အဲဒီနောက် ဒုတိယဝါကျတော့ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရကို ဟို-တောထွက်စဉ်အခါတုန်းကထဲက အာမခံချက်ရှိတဲ့အတိုင်း ဒုတိယဝါ ရာဇဂြိုဟ်ပြည်မှာကပ်တော်မူတယ်၊ အဲဒီလိုကပ်တဲ့အချိန်ကျတော့ သာဝတ္ထိမြို့သားသူဌေးကြီးအနာ

http://www.dhammadownload.com



ထပိဏ်ဟာ အဲဒီတုန်းက နောက်ပါလှည်းပေါင်းငါးရာ မြောက်များစွာခေါ်ပြီးတော့ ကုန်ရောင်း ကုန်ဝယ်နဲ့ဟိုမြို့ကဒီမြို့ကုန်တွေပို့ပြီးတော့ ဖလှယ်ပြီးတော့ ကုန်ရောင်း ကုန်ဝယ်လုပ်နေတာ။ သူ့ရဲ့ကုန်သည်ကြီး မိတ်ဆွေကဘယ်သူတုန်းဆိုတော့ ရာဇဂြိုဟ်ပြည်က ရာဇဂြိုလ်သူဌေးကြီး၊ အဲဒီလိုနဲ့ သူတို့သာဝတ္ထိနဲ့ရာဇဂြိုဟ်ဟာ အပြန်အလှန် ကုန်တွေပို့ပြီးတော့ ရောင်းဝယ်ဖောက်ကားနေကြတယ်။

အဲဒီတစ်ခါတော့ အနာထပိဏ်သူဌေးဟာနောက်ပါလှည်းငါးရာနဲ့ရာဇဂြိုလ်ပြည်ဆီ ဦးတည်ပြီးသကာလထွက်လာခဲ့, ကုန်တွေထင်ပြီးတော့၊ အဲဒီလို ထွက်လာလို့ရာဇဂြိုလ်ပြည်သူဌေးအိမ်ပေါက်ရောက်တယ်ဆိုရင်ပဲ၊ ရာဇဂြိုလ်သူဌေးဟာသူရဲ့ အခြွေအရံအသင်းအပင်းလုပ်သားတွေရဲ့ ချက်လားပြုတ်လား အလုပ်များပြီးတော့နေတာ သူတွေရဲ ဒီတော့ အဲ-သူ့မှာအလုပ်တွေများနေလို့ ထင်ရဲ့ ငါလာတာတောင်မှ ထွက်ပြီးတော့မကြိုအားရှာဘူး။ ခါတိုင်းဆိုလို့ရှင်တော့ သူလာတယ်ဆိုရင် ဟာသူဌေးမင်းလာသလား၊ ဒီမှာလှည်းချွတ်ပါ၊ ဒီမှာနွားတွေထားပါ၊ ဒီမှာစားပါသောက်ပါ စသည်ဖြင့်ခေါ်ဝေါ်ပြောဆိုနေကျ။

ဒီတစ်ခါတော့ သူ့အမှုအရာထူးပြီးတော့ သူ့အလုပ်သမားတွေနဲ့ချက်လားပြုတ်လားအလုပ်များနေတာမြင်တော့၊ "အင်း-သူ့မှာ သမီးမင်္ဂလာဆောင်ကိစ္စပဲရှိသလား၊ သားမင်္ဂလာဆောင်ကိစ္စပဲရှိသလား၊ သို့မဟုတ် သူ့ရဲ့ကိုးကွယ်ထားတဲ့ ပုဏ္ဏားတွေဆွမ်းကျွေးဖို့ပဲလုံးပန်းနေဟန်တူပါရဲ့လေ. . .၊ ဒို့လည်းပဲတစ်နေရာသင့်တော်ရာနေပြီးတော့၊ သူဌေးမင်းအားမှသွားစကားပြောရတော့မှာပဲ" လို့ဆိုပြီးတော့ ရာဇဂြိုဟ်သူဌေးရဲ့ ခြံဝင်းကြီးကလည်း အကျယ်ကြီးကိုး၊ အဲဒီခြံဝင်းထဲ လှည်းတွေများသင့်လျော်ရာကပ်ပြီးတော့ ချွတ်ကြ, ပြုကြ၊ ချွတ်ပြုပြီးတော့ သူတို့လည်းတစ်နေရာအရိပ်ခိုရင်းနဲ့ ခဏစောင့်နေကြ။

ဟို-ရာဇဂြိုဟ်သူဌေးကလည်းသူ့အလုပ်တွေနဲ့သူများပြီးတော့နေလိုက်တာ၊ လာပြီးတော့တောင်နှုတ်မဆက်အားဘူး၊ နောက်-ညနေပိုင်းအချိန်ရောက်သွားလို့ အားတော့မှသူက၊ အလုပ်ကလေးဘာလေးများပြီးတော့မှ၊ အနာထပိဏ်သူဌေးဆီ ရောက်လာပြီးတော့ "ဩော်--မိတ်ဆွေရောက်လာ၊ကျုပ်မအားလို့ နှုတ်များတောင် မဆက်အားဘူး မိတ်ဆွေရယ်၊ ကိုင်း-လာလာ ဟောဒီလာ ကျုပ်တို့အိမ်ပေါ်လာပါအုန်း"၊ လိုက်သွား "နေပါအုန်းမိတ်ဆွေကျုပ်မေးစမ်းပါရစေအုန်း၊ အခုမိတ်ဆွေ ခါတိုင်းကျုပ်လာတဲ့အချိန်နဲ့မတူပါဘူး ဒီတစ်ခါအလုပ်တွေအရှမ်းများလို့ မိတ်

http://www.dhammadownload.com



ဆွေ့ရဲ့ အိမ်ကိုသွားတော့ အိမ်သူအိမ်သားတွေ ချက်ပြုတ်လုပ်ကိုင်ရင်း အလုပ်များနေကြလို့ ဘာတွေလဲ အကောင်းစားတွေ များများ အထူးချက်ပြုတ်နေကြတာလဲ ဘယ်သူ့ကို မေးတော့ မိတ်ဆွေ ကြွေးမှာမို့ ပြင်ဆင်နေကြတာပါ ဆိုတယ်။ အဲဒီ ချက်ပြုတ်မှုကို ရာဇဂြိုဟ်ပြည်မှာရှိတဲ့ ကြွယ်ဝချမ်းသာသူ သူဌေးအကျော်အမော် မြင့်တော်မူ တဲ့ သင်္ဃာ တို့ ဘုရားရှင် ဗုဒ္ဓ ကြွရောက်လာ နေပြီ” ဆိုတော့ အနာထပိဏ်သူဌေး မိတ်ဆွေရဲ့ ကမ္ဘာ တစ်သိန်း လောက်ကာဒီဗုဒ္ဓကိုတွေ့ဖို့ရာ ဒီဗုဒ္ဓရဲ့ ကျောင်းဒကာကြီးအဖြစ်နဲ့သာသနာပြုဖို့ရာ ပါရမီဖြည့်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ဗုဒ္ဓဆိုတဲ့ အသံလေးကြားလိုက်တယ် ဆိုရင်ပဲ ပီတိဓာတ်တွေ ပြန့်နှံ့သွားတော့ ကြက်သီးဖြန်းဖြန်းထသွားတယ်။

ပီတိဖြစ်ပြီး “ဗုဒ္ဓ” ဆိုတာ ကြားလိုက်ရတော့ မကြားလိုက်ရတာ သံသယ ဖြစ်သွား။ “ဘာလဲ ဟင် ဗုဒ္ဓလို့ ပြောလိုက်တာလား” “ဟုတ်တယ် ဗုဒ္ဓ အခု လောကကြီးထဲမှာ ကျွန်ုပ်တို့ ဗုဒ္ဓ အစစ်ပွင့်နေပြီ ပွင့်နေလို့ ကျွန်ုပ်တို့ ရာဇဂြိုဟ်မြို့ကို ဒုတိယအကြိမ် ကြွရောက်တော်မူလို့ ဒီမှာ ရောက်နေတယ် မိတ်ဆွေရဲ့။ မိတ်ဆွေ မသိသေးဘူး ကိုး. . .” အဲဒီ လိုပြောလိုက်တော့ ဗုဒ္ဓဆိုတဲ့အသံလေး ကြားလိုက်ရတာနဲ့ မေ့ကာနဲ့ ဖြစ်သွား။ ဒကာ ဒကာမတွေ အင်မတန်တွေချင်နေကြတဲ့သူ ရောက်လာပြီ ဟိုရှာ ဒီရှာ ရှာနေရတဲ့ ဆိုတဲ့ အသံလေး ကြားတော့ အင်မတန် ဆွေ့ဆွေ့ ခုန်ပြီး သွားကြတဲ့ သူလည်းပဲ ကမ္ဘာ တစ်သိန်း လောက်က အထုံတွေနဲ့ ဒီဗုဒ္ဓတွေ ချစ်လွန်းလို့ ဖြစ်ရတာ အဲဒီ အထုံတွေကြောင့် ပီတိ ပေါ်ဖြစ်ပြီး မေ့မေ့သွားလိုက်တာ တဲ့ ဒေါနမကဒီဗုဒ္ဓဘုရားသံ ကြားလို့။

အဲဒီလိုနဲ့ နောက်ဆုံးတော့ သူ ဗုဒ္ဓအကြောင်းတွေ လျှောက်ပြောပြီးတော့ ဒီမြင်ရတာ ကိုမြင်ခွင့်မရသေးဘူး၊ “အမလေး ဗုဒ္ဓ ဒီရောက်နေပြီ၊ အမလေး ကျုပ်တွေ့ချင်လိုက်တာ ဒီဗုဒ္ဓ၊ ဘယ်လောက်ကြာပြီ တုန်း ဒီရောက်နေတာ၊ ရုပ်ရည်ကဘယ်လိုနေတုန်း၊ဘယ်လိုအဆင်းတုန်း၊ဘယ်လိုအသံတုန်း”နဲ့ သူဗုဒ္ဓရဲ့အကြောင်းတွေ လျှောက်ပြီးတော့ စိတ်ပါဝင်စားစွာနဲ့ လျှောက်မေး၊ ရာဇဂြိုဟ်သူဌေး ကလည်း ဒီလိုပဲ လျှောက်ပြီးတော့ အကြောင်းအကျိုးပြော၊ ရုပ်ရည်ရူပကာယ တော်ကလည်း သပ္ပါယ်ပုံတွေ ဘာတွေ အစရှိသည် လျှောက်ပြော၊ နောက်တော့ “မိတ်ဆွေရဲ့ ဒီလိုဆိုရင်ကျုပ်အခုသွားချင်လိုက်တာ အဲဒီဗုဒ္ဓရှိတဲ့ဆီ ကျုပ်ပို့ပေးစမ်းပါ”၊ “မိတ်ဆွေရယ် ကျုပ်မနက်ဖြန်ခါမနက် အရုဏ်တက်လို့ ရှိရင်ဖြင့်နောက် ပါရမှာနီး ကောင်းလှနဲ့ အရှုံးတွေ အဲဒီ ဗုဒ္ဓကို ကျုပ်အိမ်မှာ ဆွမ်းစားပင့်ထားပါတယ်၊ ခုအချိန်လည်း မရှိတော့ပါဘူး မိုးလည်းချုပ်သွားပါပြီ” “မိတ်ဆွေ . . . မနက်ဖြန် ကျမှပဲ အဲဒီဗုဒ္ဓကိုဖူးတာပေါ့”၊ ရာဇဂြိုဟ်သူဌေးက ပြောလိုက်တယ်။

http://www.dhammadownload.com



ဒါနဲ့သူစိတ်ကိုချုပ်တည်းပြီး"အင်းဒီလိုဆိုရင်လည်း ဟုတ်ပါတယ်လေ၊ အချိန်လည်းမရှိဘူး မနက်ဖြန်ခါကျမှပဲ ကျုပ်အဲဒီဗုဒ္ဓကိုဖူးတော့မယ်" ဆိုပြီးတော့ ဒီလိုပဲ အလ္လာပသလ္လာပထွေရာလေးပါး စကားများလျှောက်ပြောကြပြီးတော့ ညကျတော့ ကိုယ့်အိပ်ခန်း ကိုယ်ဝင်ခဲ့ကြ၊"မနက်ကျရင်တော့ ဘုရားရှင်ကြွလာရင်တော့ ကျုပ်ကိုမမေ့နဲ့နော်၊ ကျုပ်ကိုလည်း ပြောဖြစ်အောင်ပြောပါ" ဆိုပြီးတော့ ကိုယ့်အိပ်ခန်းကိုယ်ဝင်လာခဲ့ကြတော့ တစ်ညလုံးအိပ်ယာဝင်တဲ့ အချိန်မှာ ဒီဗုဒ္ဓကိုပဲ စိတ်ထဲမှာစွဲပြီးတော့၊ ဩော်. . . ဗုဒ္ဓ-ဗုဒ္ဓ ငါအင်မတန်တွေ့ချင်တဲ့ဗုဒ္ဓ အဆင်းတော်ကဒီလိုတဲ့၊ အသံတော်ကဒီလိုတဲ့၊ ရုပ်ရည်တော်ကဒီလိုတဲ့၊ အရေအဆင်းတော်ကဒီလိုတဲ့နဲ့ မမြင်ရသေးဘူးတွေး. . . ပြီးတော့၊ ဒီဗုဒ္ဓအကြောင်းပဲ သူတစ်ညလုံးတွေးနေတယ်၊ အတော်နဲ့ အိပ်မရဘူး။

အဲဒီလိုနဲ့ ဘုရားအာရုံစိတ်ထဲမှာထုံပြီးတော့ နေလိုက်တော့၊ တော်တော်လေးသန်းခေါင်ယံလောက်ကျတော့မှေးကနဲဖြစ်သွားသလိုလိုဖြစ်ပြီးတော့ သူလန့်နိုးလာတော့ ဘယ့်နှယ့်ဖြစ်နေတုန်းဆိုတော့ သူ့ရဲ့စိတ်ထဲမှာ ဘုရားအာရုံနဲ့ထုံထားတဲ့စိတ်ဖြစ်နေတော့ ဗုဒ္ဓါရမ္မဏာပီတိခေါ်တဲ့ဘုရားအပေါ် အာရုံပြုနှစ်သက်တဲ့၊ သဘောကျကြည်ညိုတဲ့ သဒ္ဓါဓာတ်အရင်းခံပြီးတော့၊ ပီတိတွေကြောင့် ပီတိရောင်တွေထွက်ပြီးတော့ သူ့တိုက်ခန်းထဲမှာလင်းပြီးတော့နေတယ်၊ အဲဒီလိုလင်းနေတော့ သူက ကမ္ဗလာကယာနဲ့မျက်စိဖွင့်ကြည့်လိုက်တော့"အိုး. . . လင်းတောင်နေပါလား၊ ကြည့်ပါအုန်း၊ ငါ့လည်းမပြောမပြုကြဘူး၊ မနက်တောင်လင်းနေပြီ၊ ဘုရားရှင်ကိုယ်တော်မြတ်ဆွမ်းတွေဘာတွေ ကပ်ကုန်ကြပြီထင်တယ်၊ ငါသွားမှပဲ"ဆိုပြီးတော့၊ ကဗ္ဗာကယာနဲ့သူအိပ်ယာထဲကနေထပြီးတော့ ပြင်ဘက်ထွက်လာ၊ စိတ်ကလည်းပဲ ဒီဘုရားရှင်ကိုယ်တော်မြတ်သီတင်းသုံးတော်မူတဲ့ ရာဇဂြိုဟ်ပြည်ရဲ့ အစွန်အဖျား၊ မနီးမဝေးမှာရှိတဲ့ ဝေဠုဝန်ကျောင်းတော်ဆီချည့်ပဲ ညကလည်းစိတ်ကရောက်နေတော့၊ တခါတည်းသူ့ပီတိအလင်းရောင်နဲ့ထလာခဲ့တယ်။

ထပြီးတော့ ထွက်လာလိုက်တာ စိုက်စိုက်,စိုက်စိုက်နဲ့မြို့ပေါက်ထွက်၊ ထွက်လာတော့ရာဇဂြိုဟ်ပြည်နဲ့အဲဒီဘုရားရှင်ကိုယ်တော်မြတ်သီတင်းသုံးတော်မူတဲ့ ဝေဠုဝန်ကျောင်းရဲ့ကြားမှာက သုသာန်ကြီးတခုရှိတယ်၊ ရာဇဂြိုဟ်မြို့ကြီးကဆိုတာတော့ အင်မတန်ကျယ်တာဖြစ်တော့ သုသာန်မှာလာပြီးတော့ သုဘရာဇာတွေလက်အပ်ပြီးတော့ ထားပစ်ခဲ့ကြတဲ့ အလောင်းတွေဆိုတာက တစ်ချို့ကမီးသဂြိုဟ်

http://www.dhammadownload.com



ပြီးပြီ၊ တစ်ချို့ကလည်း မြှုပ်ပြီးပြီ၊ တချို့ကလည်း မမြှုပ်ရသေးတာ၊ မြို့ဆိုတော့ အများကြီးဆိုတော့၊ တစ်ချို့အလောင်းတွေက မမြှုပ်ရသေးဘူး သုသာန်မှာ ဒီတိုင်း ပစ်ထားခဲ့ရတယ်၊ သုဘရာဇတွေကလည်း မနိုင်တော့ မနက်မှလုပ်တော့မယ်ဆို ပြီး ဒီတိုင်းထားကြ။

အဲဒီလိုနဲ့အနာထပိဏ်သူဌေးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးမျှော်လို တဲ့ စိတ်ဓာတ်နဲ့ သူ့ရဲ့အလင်းရောင်လေးအားကိုးပြုပြီးတော့ ထွက်လာလိုက်တာ သုသာန်ပေါ် ကျတော့ဆတ်ကနဲဆိုလူသေအလောင်း တစ်လောင်းတက်နင်းမိ ဖျတ်ခနဲလန့်သွား၊ လန့်သွားသည်နဲ့တပြိုင်နက် သူ့ရဲ့အရောင်တွေပျောက်ထွက် သွားတယ်၊ ပျောက်ထွက်သွားတော့ "အလို. . ငါထွက်လာတာအစောကြီးပါလား၊ ကြည့်ပါအုန်း၊လူတွေလည်းဘယ်သူမှ မထကြသေးဘူး၊ ကြက်တွန်သံတွေလည်း မကြားသေးဘူး၊ အင်မတန်မှောင်မည်းနေတဲ့အချိန်ကြီး ငါထွက်လာမိရက် ဖြစ်နေ ပါလား. . .၊ ကြည့်ပါအုန်း ငါဘယ်လိုများဖြစ်ပြီးတော့ ဒီရောက်လာပါ့၊ အလို- သုသာန်ထဲရောက်လာပါလားလို့ဆိုပြီး၊ အင်း. . မဖြစ်ဖူးငါပြန်မှပဲလို့ဆိုပြီး နောက် တစ်လှမ်းဆုတ်ပစ်လိုက်၊ အဲဒီအချိန်ကျတော့မှ သုသာန်မှာစောင့်နေတဲ့နတ်က-

* **သတံ ဟတ္ထီ သတံ အဿာ, သတံ အဿတရီ ရထာ၊**
**သတံ ကညာသဟဿာနိ, အာမုက္တမဏိကုဏ္ဍလာ၊**
**ဧကဿ ပဒဝီတိဟာရဿ, ကလံ နာဂ္ဃန္တိ သောဠသိံ။**

သတိပေးလိုက်တယ်၊"သူဌေးမင်း. . တဲ့၊ သက်တော်ထင်ထင် ဘုရား ရှင်ကိုယ်တော်မြတ်ကို၊ ဖူးမျှော်မယ်ဆိုတဲ့ စိတ်ထားနဲ့၊ ထွက်ပြီးတော့လာတဲ့သူရဲ့ ခြေတစ်လှမ်းတစ်လှမ်းဟာ ရွှေတသန်းမကလည်းတန်ပါတယ်၊ ပြန်ဆုတ်မယ် မ ကြံလိုက်ပါနဲ့ ရှေ့သို့သာတိုးမြဲတိုးပါ၊ အသင်သူဌေးမင်းအတွက် ရှေ့သို့တိုးခြင်း သည်သာလျှင်ကောင်းမြတ်သောအကျိုးကို ရွက်ဆောင်ရာရောက်ပါလိမ့်မယ်၊ နောက်သို့ပြန်ဆုတ်မယ့်မကြံပါနဲ့၊ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးမျှော်လိုတဲ့စိတ် ဓာတ်နဲ့ ထွက်လာသောသူတို့ရဲ့ ခြေတစ်လှမ်းတိုင်း တစ်လှမ်းတိုင်းသည်၊ ရွှေတစ် သန်းတစ်သန်းမကသာပါတယ်. . ပြန်မဆုတ်ပါနဲ့"လို့ သတိပေးလိုက်တယ်။

ဒီတော့ သူ့နားထဲဒီအသံလေးကြားသွားတယ်၊ ကြားသွားတယ်ဆိုရင်ပဲ၊ "ဪ-ဘုရားဆိုပါလား" ဆိုပြီးတော့ ဗုဒ္ဓပြန်သတိရလိုက်ပြန်တော့ တစ်ခါခုနက

* ဝိ-၄၊ ၃၀၃။ သံ-၁၊၂၁၃။ ဣတိဝုတ်-၅-၂၇၁။

http://www.dhammadownload.com



အလင်းရောင်တွေပြန်ထွက်လာပြန်တယ်၊ ဟာ-ဒါနဲ့တခါအလင်းရောင်တွေထွက်လာတော့ "အင်းသွားမှပဲ"ဆိုပြီးတော့ ရှေ့တိုးသွားလိုက်ပြန်၊ အလောင်းကောင်တစ်ကောင်တက်နင်းမိလိုက်ပြန်၊ ဖျတ်ကနဲ့လန့်သွားပြန် မှောင်သွားပြန်၊ ပြန်ဆုတ်မယ့်ကြံလိုက်ပြန်၊ နတ်ကသတိပေးလိုက်ပြန်၊ ဒီတော့-ခြေတစ်လှမ်းခြေတစ်လှမ်း ရွှေတစ်သန်း တစ်သန်းတန်တယ်ဆိုတာ နတ်ကပိုပြောတာမဟုတ်ဘူး၊ ဒကာဒကာမတွေ အဘိဓမ္မာသဘောလေးနဲ့နည်းနည်းစဉ်းစားကြည့်၊

အဲဒီအချိန်မှာ ဆိုပါတော့ အနာထပိဏ်သူဌေးဟာ ဘုရားကိုတကယ်စိတ်ထဲမှာ စွဲစွဲ မြဲမြဲနဲ့အာရုံပြုပြီးတော့ ထွက်လာတဲ့အချိန် အင်မတန်ကိုဘုရားတွေလိုတဲ့အချိန်ဖြစ်လေတော့၊ သဒ္ဓါရသဘောတရားအားလျော်စွာကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက်မကွေးခင်သေနိုင်တယ်ဆိုတဲ့ သဒ္ဓါရသဘောအားလျော်စွာ ဖျတ်ကနဲအဲဒီအချိန်သေကြည့်စမ်းပါ၊ အနာထပိဏ်သူဌေး ဘယ်ရောက်သွားမလဲ၊ ဒီစိတ်ကလေးနဲ့သေသွားရင် ဘယ်ရောက်မတုန်း၊ အောက်ထစ်ဆုံးလူ့ပြည်, စတုမဟာ,တာဝတိံ သာ, ယာမာ,တုသိတာ, နိမ္မာနရတီ, ပရနိမ္မိတ ဝသဝတ္တီစသော နတ်ပြည်ခြောက်ထပ် တစ်ထပ်ထပ်သေချာတယ်။ နတ်ပြည်ထဲက အောက်ထစ်ဆုံးဖြစ်တဲ့ စတုမဟာရာဇ်နတ်ပြည်ရောက်သွားတယ်ထားအုန်း၊ အဲဒီနတ်ပြည်ရဲ့ စည်းစိမ်ချမ်းအဖြာဖြာတို့သည်၊ ရွှေတစ်သန်းမကတန်ကြသည်-လွဲမလား။ သဘာဝနဲ့စစ်ကြည့်လိုက် တော့မှန်နေတယ်။

ဒါ့ကြောင့်"သက်တော်ထင်ထင်ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးမျှော်ချင်တယ်ဆိုတဲ့ စိတ်ထားနဲ့ ထွက်လာတဲ့သူရဲ့ခြေတစ်လှမ်းခြေတစ်လှမ်းသည်၊ ရွှေတစ်သန်းမကတန်တယ် သူဌေးမင်း နောက်ဆုတ်မယ်မကြံပါနဲ့လို့၊ အဲဒီလိုသုသာန်စောင့်နတ်သတိပေးလိုက်တယ်၊ ဘုရားဖူးတဲ့လူရဲ့ခြေတစ်လှမ်းခြေတစ်လှမ်း ရွှေတစ်သန်းတန်တယ်ဟာဆိုပြီးလည်းပဲ ဥးကုဏ္ဍလဟောသွားတယ်၊ ဒို့တော့ ဘုရားဖူးထွက်အုန်းမှပဲ ပြီးတော့မန္တလေးရန်ကုန်,သံထုံပဲခူး, အတင်းချည့်လည်း ဘုရားဖူးထွက်မသွားကြနဲ့အုန်း။ ဒါကတစ်ကယ့်သက်တော်ထင်ရှား ဘုရားရှင် ကိုအာရုံပြုပြီးတော့ ဖူးတဲ့သူရဲ့စိတ်ထားပြောတာ-နော်။ ခုကာလများသောအားဖြင့် ဘုရားဖူးထွက်ကြတာတွေကတော့ ကုသိုလ်ကတမတ်၊ ဘုရားဖူးရင်းလိပ်ဥတူးရင်း ဆိုသလိုပဲ၊ ကုသိုလ်ရတာက တစ်မတ်သားလောက်၊ ဟိုဘက်ကအကုသိုလ်များလာတာကခုနစ်ဆယ့်ငါးကျပ်သားလောက်ဖြစ်နေ။

http://www.dhammadownload.com



ဒီလိုမဟုတ်ဘဲနဲ့ ဘုရားရဲ့အပေါ်မှာ သက်တော်ထင်ထင်ဘုရားရှင်ကိုအာရုံပြုပြီးတော့တကယ့်ဘုရားရှင်ကိုယ်တော်မြတ်သက်တော်ထင်ထင်ရှိစဉ်တုန်းကလုပ်ပုံကိုင်ပုံ,သွားပုံလာပုံ, ဟောပုံ ပြောပုံတွေကိုအာရုံထင်ထင်မြင်နိုင်အောင်၊ အာရုံပြုနိုင်ကြမယ်ဆိုရင်တော့ ခုနကစကားဟာမမှားပါဘူး၊ ဒီတော့ အကယ်၍ဘုရားအာရုံပြုတဲ့နေရာမှာ စကားစပ်လို့ ပြောလိုက်ရအုန်းမယ်၊ ဦးဇင်းတို့ဒကာ, ဒကာမတွေ အိမ်မှာပဲဖြစ်ဖြစ်, ဘုရားပွဲကျောင်းပွဲရှိတဲ့အခါမှာပဲဖြစ်ဖြစ်၊ ငယ်ငယ်ကြီးကြီးမဟူဆွမ်းတော်ကပ်ကြတယ်၊ ဘုရားအာရုံပြုကြတယ်၊ ညဘုရားဝတ်တက်ကြတယ်ဆိုတာရှိကြတယ်၊ အဲဒီလိုဘုရားကို အာရုံပြုကြ၊ ဆွမ်းတော်ကပ်ကြ ရှိခိုးကြတဲ့နေရာမှာ၊ သက်တော်ထင်ထင်ဘုရားရှင်ကိုယ်တော်မြတ်ကို စိတ်ထဲမှာပေါ်ပြီးတော့လာအောင် အာရုံပြုနိုင်မှသာလျှင် ဆထက်တန်ဖိုးအကျိုးကြီးတယ်. . လို့မှတ်ရမယ်။

ဥပမာတစ်ခုနဲ့ ပြောရမယ်ဆိုရင် ဒကာဒကာမတွေရဲ့ ကွယ်လွန်သွားခဲ့တဲ့မိဘဘိုးဘွားတွေရှိကြ၊ အဲဒီမိဘဘိုးဘွားတွေရှိစဉ်က ရိုက်ယူထားလိုက်တဲ့ ဓာတ်ပုံဆိုပါတော့၊ အဲဒီဓာတ်ပုံလေးမြင်တယ်ဆိုရင်ပဲ "ဩ. . . ငါတို့အဖေရှိစဉ်တုန်းကဒီနားမှာနေတယ် ဒီနားမှာထိုင်တယ်၊ အဲငါတို့အမေရှိစဉ်တုန်းက ဒီနားမှာစားတယ်၊ ဒီနားမှာသောက်တယ်၊ ဒို့ကိုဒီအချိန်ဆိုလို့ရှိရင် ဒီလိုဩဝါဒပေး၊ ဒီလိုနေရာများဆိုရင် ဒို့အဖေဒို့အမေဒို့ဘိုး၊ ဒို့ဘွားတို့ကဒီလိုဆုံးမလေ့ရှိတယ်ဆိုတဲ့ အမေအဖေဘိုးဘွားတွေ အသက်ထင်ရှိစဉ်တုန်းက လှုပ်လှုပ်ရှားရှားသွားလာ ပြောဆိုဩဝါဒပေးနေပုံကလေးတွေ မျက်လုံးထဲတရေးရေးပေါ်လာ၊သို့မဟုတ်-အမေအဖေ မိဘဘိုးဘွားတို့ ထားခဲ့တဲ့အဝတ်အစားလေးတွေ ဒီအဝတ်စားလေးတွေ အခါကြီးရက်ကြီးတွေကျတော့ တစ်ချို့ရပ်ရွာတွေကျတော့ ကိုယ့်ရဲ့မိဘဘိုးဘွားဆရာသမားတွေရဲ့အဝတ်အစားတွေ ရွှေ့ထုတ်ပြီးတော့ ကန်တော့ကြတယ်၊ အဲဒီလိုမိဘဘိုးဘွားတွေထားခဲ့တဲ့ ပုဆိုးအင်္ကျီအစရှိတဲ့ 'သူတို့ရဲ့အသုံးအဆောင်ဖြစ်တဲ့ ပစ္စည်းတွေမြင်လိုက်တယ်ဆိုရင်ပဲ "ဩော်ဒို့အဘိုး၊ ဒို့အဘွားတို့များ ဒီအဝတ်အစားတွေဝတ်ပြီးတော့၊ ဟိုတုန်းက ဒို့ကို ဒီလိုဆုံးမခဲ့တယ်ဟဲ့၊ တရားများဆိုလို့ ရှိရင် ဒီလိုပြောတယ်ဟဲ့၊ ဒီလိုနေရာများဆိုလို့ရှိရင် ဒီလိုဆုံးမသဟဲ့"ဆိုတဲ့။ ဒို့ဘိုးဘွားအမေအဖေတွေရှိစဉ်တုန်းက လှုပ်လှုပ်ရှားရှားပြောဆိုတဲ့အမူအရာလေးတွေဟာ မျက်လုံးထဲတစ်ရေးရေးပေါ်လာတယ်။

အဲဒီအတိုင်းပါပဲ. . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကိုအာရုံပြုတဲ့နေရာမှာ

http://www.dhammadownload.com



သက်တော်ထင်ထင်ဘုရားရှင်ကိုယ်တော်မြတ်၊ ငါတို့ရဲ့ဘုရားရှင်ကိုယ်တော်မြတ် ရှိစဉ်တုန်းကဆိုရင် အိမ်ရှေ့ဘုရားကားရှေ့မှာ၊ ကိုယ့်အိမ်ရှေ့ဘုရားစဉ်ရှေ့မှာ အာရုံပြုရင်းလှမ်း-မိအောင်အာရုံပြုလိုက်ရမှာက၊ "သြ. . တို့ရဲ့ သဗ္ဗညုတရွှေဉာဏ် သခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးအသက်ထင်ထင်ရှိစဉ်တုန်းက၊ ရွှေတောင်ကြီး အလားကဲ့သို့ မားမားမတ်မတ်ဆွမ်းခံကြွတော်မူရင်း၊ ယခုလိုမနက်များဆိုရင်ဆွမ်းခံ ကြွလာတော်မူတယ်၊ ဒို့အိမ်ပေါက်များရောက်လာလို့ဆွမ်းများထွက်လောင်းရ ဘယ်လောက်များကောင်းလိုက်မတုန်း-

ယခုလိုရွှေတောင်ကြီးအလားမားမားမတ်မတ်ဆွမ်းခံကြွတော်မူရင်း ကျွတ်ထိုက်တဲ့သတ္တဝါများကို ကရုဏာတော်ငှတ်မင်း,ကြိုးကြာမင်း, ဖြဟ္မာမင်းတို့ရဲ့အသံထက် ကဲတက်လွန်ကြူး အထူးသာယာနှစ်သက်ဖွယ်ကောင်းလှစွာသော အသံတော်ဖြင့် တရားရေအေးအမြိုက်ဆေး,တိုက်ကျွေးတော်မူပုံတွေ မျက်လုံးထဲမြင်လာအောင်၊ ဇေတဝန်ကျောင်းတော်ပေါ်မှာ လျောင်းတော်မူပြီးသကာလ၊ ရဟန်းတော်တွေ တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူပုံတွေ၊ ပရိသတ်တွေရောက်လာလို့ ပြဿနာဖြေဆိုပုံတွေ၊ တရားဟောတော်မူပုံတွေ၊ ဘုရားရှင်ကိုယ်တော်မြတ် လှုပ်လှုပ်ရှားရှား သွားလာနေတော်မူပုံတွေ၊ သတ္တဝါတွေအကျိုးသည်ပိုး ရွက်ဆောင်တော်မူပုံတွေ၊ သတ္တဝါတစ်ယောက်ကျွတ်မည်ကိုမြင်ရင် ယူဇနာမြောက်များစွာပင် ဝေးလင့်ကစား ပရိက္ခရာ(၈)ပါးကိုလွယ်ပြီးသကာလ တောတန်းဆီက ကြွလာတော်မူပုံတွေ မျက်လုံးထဲမြင်လာအောင် အာရုံပြုနိုင်လို့ရှိရင်ဖြင့်၊ ယနေ့ဒကာ ဒကာမတွေ ဆွမ်းလှူရခြင်း၊ ဘုရားရှင်ကိုအာရုံပြုပြီးတော့ ရှိခိုးရခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှုတို့ရဲ့ အကျိုးတရားတို့သည် ဆထက်တန်ဖိုး ပွားလာလိမ့်မယ်. . လို့။

ယနေ့-အာရုံပြုနေကြတဲ့ဟာတွေအကျိုးမများလို့မဟုတ်ပါဘူး အကျိုးများပါတယ်, အကျိုးများပါတယ်၊ ယနေ့ဘုရားဆွမ်းတော်တင်ကြတယ်၊ ဘုရားပုံကို ကြည့်ပြီးတော့ အာရုံပြုကြတယ်၊ စိတ်ထဲမှာမဟာမြတ်မုနိဖူးတဲ့သူကမဟာမြတ်မုနိ ပေါ်လာသတဲ့။ ရွှေတိဂုံဘုရားဖူးတဲ့သူက ရွှေတိဂုံဘုရားပေါ်လာသတဲ့၊ အကျိုးမ များလို့ မဟုတ်ဘူး, များပါတယ်၊ ရွှေတိဂုံဘုရားလည်း ဒီဂေါတမဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်ကိန်းအောင်းတဲ့, ပရိက္ခရာတော်ကိန်းအောင်းတဲ့ မဟာမြတ်မုနိ ဘုရားရှင်ကိုယ်တော်မြတ်၊ ဒီဂေါတမဘုရားရှင်ရဲ့ အတွက်ရည်ရွယ်ပြီးတော့ ရည်စူး ပြီးတော့ လုပ်ထားတာ၊ ဒီတော့ခုနကဓာတ်ပုံလေးတွေ၊ အမေအဖေရဲ့ပစ္စည်း တွေကိုမြင်တော့ မိခင်ဖခင်ကျေးဇူးရှင်ကြီးများနဲ့တကွ ဘိုးဘွားတွေရဲ့ လှုပ်ရှား

http://www.dhammadownload.com



သွားလာဆုံးမသြဝါဒပေးပုံတွေကို မြင်အောင်ထင်အောင်၊ ဖြစ်လာလေသကဲ့သို့။

ဉဇင်းတို့ရဲ့ သဗ္ဗညုတဉ္ဆောဏ်သခင်ဘုရားရှင်ကိုယ်တော်မြတ်ကိုလည်း ကိုယ့်အိမ်ရှေ့မှာရှိတဲ့ ဘုရားဓာတ်ပုံပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်မှာကိုးကွယ်ထားတဲ့ ဆင်းတုတော်ကိုပဲဖြစ်ဖြစ်၊ မဟာမြတ်မုနိကိုပဲဖြစ်ဖြစ်၊ ရွှေတိဂုံကိုပဲဖြစ်ဖြစ် သွားပြီးတော့ ဖူးသည့်အခါ၊ သွားပြီးတော့ရှိခိုးသည့်အခါ၊ ရွာဦးမှာရှိတဲ့ဘုရားကိုပဲဖြစ်ဖြစ် အာရုံပြုတဲ့အခါ သဗ္ဗညုတဉ္ဆောဏ်သခင်ဘုရားရှင်ကိုယ်တော်မြတ်၊ ဒီတစ်ဆူတည်းသောဘုရားရှင်ရဲ့ သက်န်းသပိတ်ပရိက္ခရာတွေကို အထဲမှာဌာပနာထားပြီးတော့၊ ပူဇော်ဖို့ရာ, ကိုးကွယ်ဖို့ရာ ကိုယ်စားထားခဲ့တာကျတော့ ပရိဘောဂစေတီ၊ မထူးဘူး ဒီဂေါတမဘုရားရဲ့ပရိက္ခရာပဲ၊ ဂေါတမဘုရားရဲ့ဓာတ်တော်တွေကို ဌာပနာထားပြီးတော့ ပူဇော်ကိုးကွယ်ထားတာကျတော့ ဓာတုစေတီ၊ ဒီဘုရားရှင်ကိုယ်တော်မြတ်ကိုအာရုံပြုနိုင်ဖို့ရာ ဒီဆင်းတုတော်တွေကိုကြည့်ပြီးသကာလ၊ ဒီ ဆင်းတုတော်မှာနေပြီးလျှင်၊ သဗ္ဗညုတဉ္ဆောဏ်သခင်အသက်ထင်ထင်ရှိစဉ် ဘုရားရှင်ကိုယ်တော်မြတ်ကို မျက်လုံးထဲမြင်လာအောင်အာရုံပြုနိုင်ဖို့ရာ ကိုယ်စားထားအပ်ခဲ့တဲ့ ရုပ်ပွားတော်တွေ စေတီတော်တွေကျတော ဥဒ္ဒိဿစေတီ။

ဥဒ္ဒိဿဆိုတာရည်ရွယ် ရည်စူးချက်၊ ရည်စူးထားတယ်ဆိုကတည်းက၊ ဒီကို မြင်လိုက်တယ်ဆိုရင် သက်တော်ထင်ထင်ဘုရားရှင်ကို ရောက်အောင်အာရုံပြုနိုင်ရမယ်၊ အဲဒီလိုသက်တော်ထင်ထင်ဘုရားရှင်ကိုယ်တော်မြတ် သတ္တဝါအကျိုးသည်ပိုး ရွက်ဆောင်တော်မူပုံတွေကိုမျက်ဝါးထင်ထင်၊ မျက်လုံးထဲထင်လာအောင်၊ စိတ်ထဲထင်လာအောင်အာရုံပြုပြီးတော့ ဝတ်ချလိုက်ရမှ၊ အာရုံပြုပြီးတော့ ဆွမ်းတော် ကပ်လိုက်ရမှ၊ ဆထက်တန်ဖိုးအကျိုးကြီးနိုင်တယ်. . လို့၊ သတိထားကြစမ်းပါနော်၊ ဒီကရှေ့ဆိုလို့ရှိရင် အဲဒီလိုသိတယ်ဆိုရင်၊ အဲဒီလိုဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အာရုံကိုထင်လာအောင်,အသက်ထင်ထင်ရှိစဉ်တုန်းက ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရုပ်ပုံကိုပေါ်လာအောင် အာရုံပြုလိုက်ကြစမ်းပါ။

အဲဒီလိုသာ အသက်ထင်ထင် ဘုရားရှင်ကိုယ်တော်မြတ်ကို ရုပ်ပုံပေါ်လာအောင်အာရုံပြုနိုင်ကြမယ်ဆိုရင်၊ ယနေ့ မန္တလေး,ရန်ကုန်, သထုံ, ပဲခူး, ဖြူး, တောင်ငူ, ဆိုတဲ့မြို့ကြီးတွေ ဘုရားဖူးမှာမဟုတ်ပါ၊ ကိုယ့်အိမ်မှာရှိတဲ့ဘုရားကား၊ ကိုယ့်ရွာဦးမှာရှိတဲ့ဘုရားကိုအာရုံတည့်ရုံမျှနဲ့ပင်၊ ရှိခိုးရုံမျှနှင့်ပင်၊ ဆထက်တန်ဖိုးအကျိုးကြီးနိုင်ပါတယ်လို့နော်၊ ဘုရားဖူးသွားကြရအောင်၊ ဘုရားဖူးသွားကြရအောင်နဲ့ဆိုကြတော့၊

http://www.dhammadownload.com



ဒီနားက ဘုရားတွေကျတော့ ဖူးစရာမကောင်းတဲ့ဘုရားလိုလို ဖြစ်နေကြတယ်။

ရှေးတုန်းက-တောရွာတစ်ခု ဒကာဒကာမတစ်စု ဘုရားဖူးထွက်ကြမယ် လုပ်တော့, တစ်ယောက်တစ်ယောက်ခင်ကြမင်ကြသကိုး၊ အိမ်နီးနားချင်း။ "လာကြပေါ့မိအဝ့ါ တို့ဘုရားဖူးလိုက်ကြအုန်းမလား၊ မန္တလေးဘုရားဖူးသွားကြရအောင်အေ့, ရန်ကုန်ကို အေ့, ဘယ်အေ့ညာအေ့"နဲ့ပြောကြတော့ ၊ရှေ့မီနောက်မီ အဘိုးကြီးတစ်ယောက်ကပြောသတဲ့၊ "ဟေ့ နင်တို့ဘုရားဖူးသွားချင်တာတိုးတိုးလုပ်ကြစမ်းပါဟာ ရွာဦးကဘုရားတွေကြားရင်၊အားနာစရာကြီး" လို့ဆိုသတဲ့၊ တစ်ချို့က ရွာဦးကဘုရားကျတော့ ဖူးစရာမကောင်းတဲ့ဘုရားလားကျနေတာပဲ၊ ဟိုမှာသွားဖူးရမယ်၊ဒေသန္တရဗဟုသုတမြို့ရွာလည်းရောက်ရအောင်၊ဘုရားအထူးအဆန်းလည်းဖူးရအောင်၊ မဟာမုနိဘုရားကိုယ်တော်ကြီးရဲ့သပ္ပါယ်ပုံတင့်တယ်ပုံတွေလည်းဖူးရအောင်၊ မြို့ရွာဒေသလည်းပဲဒေသန္တရ, ဗဟုသုတရအောင့်ဆိုတဲ့အနေမျိုးနဲ့ဆိုရင်တော့သွားကြရတာပေါ့၊သူတို့တောရွာကအားတဲ့အခါဒီလိုပဲဘုရားဖူးတို့ ဘာတို့ဆိုတာသွားရင်းလာရင်း၊ဒေသန္တရ ဗဟုသုတဖြစ်အောင်၊ အရပ်ကြီး, မျက်စိကြီး, နားကြီးဆိုတဲ့အရပ်တွေသွားကြရ၊ ဒီလိုမဟုတ်ဘဲနဲ့ ဘုရားအာရုံကောင်းစွာထင်အောင် ပြုနိုင်ကြမယ်ဆိုရင်ဖြင့် ရွာဦးကဘုရားတွေ အဲဒီရှေ့မှာတင်ပဲ နိဗ္ဗာန်ရောက်ကြောင်းကုသိုလ်ဆထက်တန်ဖိုး တိုးပွားနိုင်တဲ့အကျိုးတရားများရနိုင်ပါတယ်။

အဲဒီလိုမဟုတ်ဘဲနဲ့ခုနကပြောသလိုဘုရားဖူးသွားကြမယ်ဆိုရင်ဖြင့် ဒေသန္တရဗဟုသုတအလို့ငှါ ထိုထိုမြို့ရွာတွေကိုဘုရားဖူးရင်းရောက်ဖူးကြအောင် သွားကြတယ်ဆိုရင်ဖြင့် ဒါအပြစ်မဆိုသာဘူးပေါ့နော်၊ ဘုရားဖူးသွားကြတယ်ဆိုတော့ ဘုရားဖူးသွားကြတဲ့အခါကျတော့၊ တစ်ချို့ကရှိသေး၊ဒကာမကြီးတွေတစ်တွေ မြို့ဘုရားဖူးရောက်ကြတော့၊ ဘုရားဖူးပြီးတော့ ပြင်ဘက်နားထွက် လာတော့၊ ပြင်ဘက်နားဖျော်ရည်ဆိုင်ကရှိ ရှိတော့ဖျော်ရည်ဆိုင်မှာ၊ ဟိုကလူက ဘုရားဖူးတွေထွက်လာတော့, မောလာမှန်းသိတော့ "သံပရာရည်တို့, ရှလပတ်ရည်တို့ မျိုးစုံရတယ်ခင်ဗျ၊ ရေခဲသုတ်လည်းရတယ်ဘာစားကြမတုန်း ကြီးတော်တို့, အဒေါ်တို့" ဆိုတော့၊ အသီးသီးကိုယ်စားချင်တာမှာလိုက်ကြတယ်၊ ဒီတော့အဒေါ်ကြီးတစ်ယောက်က ရေခဲသုတ်ကသူကမစားဖူးဘူး၊ ဒီတော့ "ရေခဲသုတ်မောင်ရေ့၊ ကျုပ်တော့ ရေခဲသုတ်ကလေးပေးပါ"။

http://www.dhammadownload.com



ဒါနဲ့ ဟိုကလူက သွားပြင်နေတယ်၊ လိမ္မော်ရည်မှာတဲ့လူ လိမ္မော်ရည်၊ ဘိလပ်ရည်မှာတဲ့လူကဘိလပ်ရည်၊ ရေခဲသုတ်မှာတဲ့သူအတွက် ရေခဲသုတ်၊ ဒီတော့ဟိုက ရေခဲသုတ်သွားပြင်နေတုန်းရှိသေး၊ သူက-ခပ်လှမ်းလှမ်းက ထိုင်နေရာကလှမ်းတဲ့ပြီးတော့ ထိုင်နေရာကလှမ်းတဲ့ပြီးသူသတိရသွားထင်ပါရဲ့၊သူကအိမ်မှာသတ်သတ်လွတ်အမြဲစားတာကိုး၊ ဒါလေးလည်းသူက လူထဲသရုပ်ကပေါ် စေချင်သေးတာ၊ သူသတ်သတ်လွတ်စားတာလေး၊ "ဟေ့-မောင်ရေ အဒေါ်က အိမ်မှာ-အမြဲ သတ်သတ်လွတ်စားတာမို့ဟေ့၊ ဒါကြောင့်ရေခဲသုတ်ကလေးကို ငံပြာရည် မဆမ်းခဲ့ပါနဲ့နော်၊ ဆားကလေးဖြူးခဲ့ပါ,ဆားလေးဖြူးခဲ့ပါ"လို့ ရေခဲသုတ် ဆားဖြူးရတယ်လို့ ကြားမကြားဖူးဘူး-နော်၊ သူကသတ်သတ်လွတ်စားတာလေးလည်း ပေါ် စေချင်သေးတာကိုး၊ ဒီတော့-ကျုပ်တို့ ဒကာ ဒကာမတွေဘုရားဖူးသွားရင်များ ရေခဲသုတ် ဆားဖြူးတော့ခိုင်းမနေကြနဲ့နော် အသာသာကျိတ်စားခဲ့။ဘာမှန်းမ သိညာမှန်းမသိ။

ရှိသေးတယ်-လင်မယားနှစ်ယောက်ကတော့၊ လင်ကပစ္စည်းလေး ဘာလေးချောင်လည်တော့၊ "ကိုင်းဒီနှစ် ငါဘုရားဖူးလိုက်ချေအုန်းမယ်ဟာ" မယားက "ကိုင်းတော်လိုက်တာပေါ်တော်၊ တော်ဒီနှစ်လိုက်သွား၊ နောက်နှစ်ကျမှ ကျုပ်လိုက်မယ်၊ တစ်လှည့်ဆီလိုက်ကြတာပါ"၊ ဒါနဲ့ ယောကျ်ားလုပ် တဲ့သူကဘုရားဖူးလိုက်သွားတော့၊ မိန်းမက "ကိုင်း-ဒီနှစ်တော့ တော်လိုက်တော့သွားပါ၊ ဒါပေမဲ့လို့ အဆင်များပြေလို့ရှိရင်ကျုပ်ဖို့အဆင်ကောင်းကောင်းလုံချည်လေးတစ်ထည် တော့ဝယ်ခဲ့ပါ" "အေး,အေး-ဝယ်ခဲ့မယ်မမေ့ဘူး၊ မမေ့ဘူး"၊လိုက်သွား မန္တလေးရောက်ကြ၊ မဟာမြတ်မုနိဘုရားဖူးပြီးတော့ စောင်းတန်းထဲဈေးသည်တွေ ရောင်းတာတွေလှည့်ပတ်ပြီးလျှောက်ကြည့်ကြတော့ ဒကာမကြီးတယောက်က ဆင်းတုတော်လေးတွေ ကျောက်ဆင်းတုတော်လေးတွေ၊ ဘုရားရှင်ရဲ့ဆင်းဟုတော်လေးတွေ၊ ဉာဏ်တော်တစ်မိုက်တစ်ထွာရှိတဲ့ဆင်းတုတော်လေးတွေ ရောင်းနေတဲ့ဆိုင်။

ဒီတော့-သူကလျှောက်ကြည့်ရင်း ဟာ-ဆင်းတုတော်လေးတွေသပ္ပါယ်တာဟာ၊ "ဗျို့ အဒေါ်ကြီး ဒီကိုယ်တော်လေးတွေခင်ဗျားဘယ်ဈေးရောင်းတာတုန်း" သွားမေး၊ ဒီတော့အဖွားကြီးက"အမလေးမောင်ရဲ့ ဒီလိုမပြောရဘူး၊ ဘုရားဆိုတာ ဒီလိုမပြောရဘူး၊ ဘယ်လောက်ပူဇော်ရတုန်းလို့မေးရတယ်မောင်ရဲ့" "ဩော် မသိလို့ခင်ဗျာ--ကျွန်တော်ကတော့ တောကလာတာမို့ မသိလို့မို့ဟုတ်ကဲ့၊ ဘယ်လောက်ပူဇော်ရတုန်း" "ဩော် ဒါကတော့ဘယ်လောက်ပူဇော်ရတယ်မောင်ရဲ့၊ ဒါက ဘယ်

http://www.dhammadownload.com



လောက်ပဲ ဒါကဘယ်လောက်ပဲ"သူမှတ်လာခဲ့၊ ဒီလိုနဲ့ဈေးချိုရောက်လာခဲ့ကြ၊ ဈေးချိုရောက်တော့ သူဆိုင်တွေလျှောက်ပြီးတော့ ဟိုကြည့်ဒီကြည့်နဲ့၊ ပြုန်းဆို သူ့မိန်းမမှာလိုက်တဲ့ထဘီသွားသတိရတယ်၊ လုံချည်သွားသတိရ "ဟာလုံချည် တစ်ထည်တော့ဝယ်အုန်းမှ" ဆိုင်ထဲဝင်သွားပြီး "ဗျို့အဒေါ်ကြီး ဒီလုံချည် ဘယ် လောက်ပူဇော်ရမတုန်းခင်ဗျ" အဲဒီတော့ ကျုပ်တို့ဒကာတွေ ဘုရားဖူးသွားရင်လည်း လုံချည်တော့ပူဇော်မနေကြနဲ့အုန်းနော်။

အဲဒီလိုဒေသန္တရ ဗဟုသုတဖြစ်အောင်သွားကြမယ်ဆိုရင်ဖြင့် သွားကြရ တာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ သဗ္ဗညုတ ရွှေဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ် ကို အာရုံထင်ထင်မြင်နိုင်အောင် အာရုံပြုနိုင်ကြမယ်ဆိုရင်ဖြင့် ငွေကုန်ခံ လူပန်းလုပ် ပြီးတော့ မြို့ရွာဒေသသွားနေစရာမလိုပါ၊ ကိုယ့်နေရာကိုယ့်ဒေသမှာပင်လျှင် အိမ် ဦးဘုရား အိမ်မှာချိတ်ထားတဲ့ဘုရားကား, အိမ်မှာရှိတဲ့ဘုရားခန်း, ရွာဦးမှာရှိတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တို့ရဲ့ထံမှောက်တွင်ပင် သက်တော်ထင်ထင်ဘုရားရှင်ကို အာရုံပြုနိုင်ကြရင်ဖြင့် အကျိုးဟာ ဆထက်တန်ဖိုးတိုးတက်ရနိုင်တယ်။

ဒါ့ကြောင့်-ခုနက အနာထပိဏ်သူဌေးကို ခြေတစ်လှမ်း, ခြေတစ်လှမ်းတိုင်း သည့်ရွှေတစ်သန်းမကတန်ပါတယ်သူဌေးမင်း. . . ရှေ့သို့သာတိုးပါ၊ နောက်ဆုတ် မယ် မကြံပါနဲ့လို့၊ သုသာန်စောင့်နတ်ကသတိပေးလိုက်တော့မှ သူဟာတစ်ခါ တည်း"အင်း-ဟုတ်ပေသားပဲ" ဆိုပြီးတော့ ရှေ့တိုးသွား၊ အဲဒီလိုသုံးကြိမ်သုံးခါ လောက် အလောင်းကောင်နင်းမိလိုက် လန့်ပြီးတော့ပျောက်သွားလိုက် မှောင်သွား လိုက်၊ ရှေ့တိုးလိုက်, နောက်ဆုတ်လိုက်နဲ့ နတ်ကသတိပေးလိုက်နဲ့ဖြစ်နေရင်းနဲ့ပဲ၊ နံနက် အရုဏ်ကျင်းပြီးတော့အလင်းရောက်သွား၊ ဒီတော့သူ့အလင်းရောင်ကလည်း ရသွားတော့ သူ့ရဲ့အလင်းရောင်နောက်ထပ်မပေါ်လာသော်လည်းသူ့စိတ်ထဲမှာ သဒ္ဓါတက်သွားပြီးတော့ရဲသွားတော့၊ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူ တဲ့ဝေဠုဝန်ကျောင်းဆီဦးတည်ပြီးတော့ရောက်သွားခဲ့။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က နံနက်စောစောစင်္ကြံကြွတော်မူပြီး တော့နေတော်မူတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကမြင်တော်မူတယ်၊ ငါ့ရဲ့သာ သနာမှာအကျိုးများမယ့်, သာသနာ့ဒါယကာ ကျောင်းဒကာဖြစ်မည့်အနာထပိဏ် သူဌေးရဲ့ အလောင်းလျာလာ ပါပကော၊ ယနေ့ငါသူ့ကိုတွေ့ရတော့မှာပဲလို့ဘုရား

http://www.dhammadownload.com



ရှင်ကိုယ်တော်မြတ်ကမြင်တော်မူလို့ ဝေဠုဝန်ကျောင်းတော်ရဲ့ အောက်ဘက်နားမှာစကြံကြွပြီးတော့ စောင့်ဆိုင်းတော်မူနေတယ်။

အဲဒီလိုအချိန်မှာပဲ အနာထပိဏ်သူဌေးကအနားရောက်သွား၊ ရောက်သွားတော့ဘုရားရှင်ကိုယ်တော်မြတ်က “ဒကာသုဒတ္တစောလှပါလား၊ ဘာကိစ္စနဲ့များ ရောက်လာတုန်း” ဆီးနှုတ်ဆက်လိုက်တယ်၊ အနာထပိဏ်သူဌေးကို သုဒတ္တလို့ဆိုတာဟာလူတိုင်းမသိဘူး၊ သူ့ရဲ့ငယ်နာမည်က သုဒတ္တတဲ့၊ နောက်မှဆင်းရဲသူဆင်းရဲသားတွေကို ပစ္စည်းဉစ္စာတွေ အင်မတန်ပေးကမ်းတတ်လွန်းလို့၊ သဒ္ဓါတရားကောင်းလွန်းလို့၊ ကိုးကွယ်ရာမဲ့တဲ့သူတွေကို ထမင်း,ဟင်း,အဖျော်,အဝတ်အစားတွေပေးကမ်းတတ်လွန်းလို့ သူ့ကိုအနာထပိဏ္ဍိက၊ အနာထ-ကိုးကွယ်ရာမဲ့တွေကို၊ ပိဏ္ဍိက-အစား အသောက်,အဝတ်အစားတွေ ပေးတတ်တဲ့သူဌေးကြီး. . လို့ဆိုပြီးတော့ဘွဲ့ထူးပေးထားတာ၊ အဲဒီလိုအနေမှာ ဘုရားရှင်ကိုယ်တော်မြတ်က “ဒကာသုဒတ္တစောလှပါလား၊ ဘာကိစ္စနဲ့များလာတုန်း”လို့ ဆိုလိုက်တော့ သူ့ငယ်နာမည်ကိုထုတ်ဖော်ပြီးခေါ်လိုက်တာဖြစ်တော့ တစ်ခါတည်းလေ တစ်ကိုယ်လုံးပီတိတွေလွှမ်းသွားလိုက်တာတဲ့၊“အမလေး. . . ငါ့ကိုသိတယ်,ငါ့ငယ်နာမည်ကို သိတော်မူတယ်၊ ဧကန်မုချဘုရားဆိုတာဟုတ်ရမယ်၊ ဗုဒ္ဓစင်စစ် ဧကန်ဖြစ်လိမ့်မယ်” လို့ တစ်ခါတည်းဘုရားအပေါ် ပုံပြီးတော့ ယုံသွားလိုက်တယ် ဒီကထဲက၊ ဘုရားအပေါ် ပုံယုံသွားတာဖြစ်တော့ ဘုရားဟောသမျှတရား သူတရားထူးရတော့မယ်ဆိုတာ ယုံမှားစရာမရှိတော့ဘူး။

အဲဒီလိုနဲ့ ဘုရားရှင်နားရောက်သွားပြီးတော့ အကျိုးအကြောင်းလျှောက်ထားတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က တရားမွေများဟောပြ၊ အဲဒီနေရာကစပြီးတော့ “တပည့်တော်တို့ရဲ့သာဝတ္ထိမြို့ကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြွချီပြီးသီတင်းသုံးတော်မူပါ၊ သာသနာပြုတော်မူပါ၊ တပည့်တော်အနာထပိဏ်သူဌေးကကျောင်းတစ်ဆောင်ဆောက်ကိုလုပ်လှူဒါန်းပြီးသကာလ သာသနာပြုပါမယ်၊ ချီးမြင့်သောအားဖြင့်ကြွတော်မူပါ၊ တပည့်တော်တို့သာဝတ္ထိမြို့နယ်ဆီမှာရှိတဲ့ဝေနေယျသတ္တဝါအများတို့ကိုလည်း ကယ်ဆယ်တော်မူပါ. . .၊ချွေချွတ်တော်မူပါ” လို့ ဘုရားရှင်ကိုယ်တော်မြတ်ထံမှာ ခွင့်ပန်တောင်းယူခဲ့တယ်။

အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ခွင့်ပေးလိုက်တယ်။ အဲဒီလိုအခွင့်ပေးလိုက်တဲ့အချိန်ကစပြီး ရာဇဂြိုဟ်ပြည်မှာ တစ်ဝါဆိုပြီးနောက် ကပိလ

http://www.dhammadownload.com



ဝတ်နေပြည်တော်တို့ဆီ ကြွချီရင်း နောက်ဆုံးသာဝတ္ထိမြို့တော်ရောက်လာလို့ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတော်မူသွားခဲ့တဲ့ (၄၅)ဝါအတွင်းဝယ် သာဝတ္ထိမြို့မှာ(၂၉)ဝါတိတိ သီတင်းသုံးတော်မူတယ်။ ဒါ့ကြောင့် အဲဒီမှာ အများဆုံးသီးတင်းသုံးသွားလို့ ပါဠိတော် အဋ္ဌကထာလာလိုက်လို့ အတ္ထုပ္ပတ်တစ်ခု ပြန်းကနဲပေါ်ရင် သာဝတ္ထိယံ, သာဝတ္ထိယံ ချည်းလာတယ်၊ ခုခေတ်လူတွေကျတော့ မယုံတော့ဘူး၊ ထစ်ကနဲရှိ သာဝတ္ထိ၊ ထစ်ကနဲရှိသာဝတ္ထိ၊ ဒီပါဠိတော်တွေတယ်မယုံကြတော့ဘူး။ သူတို့က ဇစ်မြစ်လည်း မသိဘူးနော်။

အဲဒီတော့ သာဝတ္ထိယံ-သာဝတ္ထိမြို့မှာဖြစ်သမျှအကြောင်းတွေဟာ ဘုရားရှင်ကိုယ်တော်မြတ်(၄၅)ဝါရှိတော်မူတဲ့အနက်က (၂၉)ဝါပတ်လုံး သီတင်းသုံးတော်မူခဲ့တဲ့သာဝတ္ထိမြို့၊ ယနေ့အထိ သာသနာတော်ကို သဒ္ဓါပိုမိုကြည်ညိုမှီခိုဆည်းကပ်နေကြတဲ့ ဗုဒ္ဓဘာသာဝင် ရှင်, လူအပေါင်းတို့ရဲ့ နှုတ်ဖျားဝယ် အနာထပိဏ်သူဌေး, အနာထပိဏ်သူဌေးဟူ၍ နှုတ်တက်နေကြတဲ့၊ သိနေကြတဲ့အဖြစ်ဟာဖြင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဒီဘုရားရှင်ကိုယ်တော်မြတ်နဲ့ ကျောင်းဒကာကြီးအဖြစ်နဲ့တွေ့ဖို့ရာ ပါရမီဖြည့်ပြီးတော့လာခဲ့တဲ့ ဘုန်းရှင်, ကံရှင်, ပါရမီရှင်မို့လို့သာ တွေ့ကြတယ်၊ ဝိသာခါ ထိုနည်းလည်းကောင်းပဲ။ ဒီတော့ ဘုန်းတော်ရှင်, ကံတော်ရှင်, ဉာဏ်တော်ရှင်ဖြစ်တဲ့၊ သဗ္ဗညုတရွှေဉာဏ်ဆော်ရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကြီးကို၊ ဘုန်းရှင်, ကံရှင်, ပါရမီရှင်ဖြစ်တဲ့သူတို့သာလျှင် တွေ့ကြုံဆုံဆည်းခွင့်ကိုရကြ၍၊ တွေ့ကြုံဆုံဆည်းယုံမျှမက ထိုဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကြီးကို ဆွမ်း,သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်းအစရှိတဲ့ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခွင့်ရကြတယ် . : လို့။

ပုညဝန္တသာ-လေးသင်္ချေကိန်း, ကပ်တစ်သိန်းက, ထိန်းသိမ်းစုံညီ, ပါရမီဘုန်းဟုန်, တန်ခိုးဂုဏ်တို့နှင့်, ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ သာသန်-အံ့ဖွယ်ရှစ်ဖြာ, သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ-ရှေးရှေးဘဝ, သံသာရက, ဘုန်းစက်ဟုန်, ရှိခဲ့ကုန်သောသူတို့သည်သာလျှင်၊ ပဋိဏ်တို-ပစ္စယ, ဓမ္မာ, နှစ်ဖြာပွားလင့်, ထောက်ပံ့ချီးမြှောက်ခွင့်ကို၊ လာဘီနော-အကြောင်းလည်းတိုက်, အကျိုးဆိုက်သဖြင့်, သိုက်မြိုက်ပိုင်ပိုင်, ရရှိနိုင်ကြလေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com



ဒါကြောင့်ဘုန်းတော်ရှင် ကံတော်ရှင်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ် အချိန်ပေါင်း မြောက်များစွာယူပြီးတော့ အနစ်နာအပင်ပန်းအမျိုးမျိုးခံပြီးတော့ တည်ထောင်တော် မူခဲ့တဲ့ယနေ့ သာသနာတော်ကြီးကိုဖြင့် ဘုန်းရှင်, ကံရှင်ဖြစ်တဲ့ သူတို့သည်သာလျှင် ရှေးလည်းတွေ့ကြုံခဲ့ကြပါတယ်၊ ယခုလည်းယနေ့ အလျူဒါယကာကိုပွတ်စူးတို့ ဒကာမ,မနှင်းတို့ကံကောင်းလိုက်တာ ဒီသာသနာတော်ကြီးနဲ့ လာပြီးတော့တွေ့ ကြ၊ ယနေ့တရားနာနေကြတဲ့ ဒကာဒကာမတွေ ပါရမီထူးလိုက်တာ၊ ပါရမီထူးကြလို့ ကံထူးခဲ့ကြလို့ ကိုယ့်ကိုယ်ကိုများကျတော့ လက်ရှိရနေတဲ့ဘဝ အခြေအနေလေးများတော့ အထင်မသေးလိုက်ကြနဲ့နော်၊ ဘုရားရှင်ကိုယ်တော်မြတ် သာသနာတော်ကြီးတည်ထောင်စဉ်တုန်းက ရည်ရွယ်ချက်ပြန်ကြည့်၊ ကမ္ဘာသူကမ္ဘာသားတွေ ငါ့ သာသနာတော်ကြီးနဲ့တွေ့ကြပါစေ. . ကံရှိသူတွေတွေ့ကြပါစေ၊ ဘုန်းကံရှိသူတွေ တွေ့ကြပါစေ၊ ပါရမီထူးသူတွေတွေ့ကြပါစေ၊ ရည်ရွယ်တော်မူတယ်၊ မြန်မာလူမျိုးတွေသာတွေ့ကြပါစေ၊ တရုပ်လူမျိုးတွေမတွေ့ကြပါစေနဲ့၊ ဂျပန်တွေ,အင်္ဂလိပ်တွေ,အမေရိကန်တွေ,ငါ့သာသနာတော်ကြီးနဲ့မတွေ့ကြပါစေနဲ့၊ မြန်မာလူမျိုးတွေကုလားလူမျိုးတွေသာတွေ့ကြပါစေလို့ ဆိုတဲ့ရည်ရွယ်ချက်လုံးဝ ရှိတော်မမူပါဘူး၊ ကံထူးတဲ့သူတွေတွေ့ကြပါစေ၊ ဒီလိုပဲရည်ရွယ်ချက်ရှိတယ်။

အဲဒီတော့ယနေ့သာသနာတော်ကြီး လာခဲ့တဲ့အစဉ်အဆက်ကလေးပြန်ကြည့်မယ်ဆိုရင်၊ မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယနယ်ပယ်ဘုရားရှင်ကိုယ်တော်မြတ်စတင်ပွင့်တော်မူ၊ အဲဒီမှာသာသနာထွန်းပြီးတော့နေလိုက်တာ သာသနာတော်အနှစ်တစ်ထောင်ပတ်လည်လောက်မှာခရစ္စယန်သာသနာတွေ မဟာမေဒင်သာသနာတွေလွှမ်းပြီးတော့သွားလိုက်လို့ မှိုခိုရာ,ဆည်းကပ်ရာကိုသာ, သာသနာရောက်တယ်လို့ဆိုတဲ့အတိုင်း အိန္ဒိယဒေသက သီဟိုဠ်ရောက်သွားခဲ့။

အဲဒီသီဟိုဠ် ကနေတစ်ဆင့် ယနေ့မြန်မာနိုင်ငံ သုဝဏ္ဏဘုမ္မိသထုံပြည်က အစပြုပြီးသကာလ ရောက်လာလိုက်တာ၊ သာသနာတော်ကြီးယနေ့မြန်မာနိုင်ငံရောက်၊ တိုင်းပြည် ထဲမှာဆိုရင်ယနေ့ သင်္ဂါယနာတင်သွားခဲ့ကြတဲ့ထေရဝါဒနိုင်ငံလို့ခေါ်တဲ့ ဉူးဇင်းတို့အနောက်နားမှာရှိတဲ့ သီဟိုဠ်နိုင်ငံတို့ ဒီမြန်မာနိုင်ငံတို့၊ ဒီရဲ့အရှေ့ဘက်နားကပ်နေတဲ့ ယိုးဒယား၊ အဲဒီအရှေ့ဘက်နားက ကမ္ဘောဒီယားတို့၊ လာအိုတို့ဆိုတဲ့ ထေရဝါဒ ဗုဒ္ဓသာသနာအလွန်ထွန်းလင်းပါတယ်ဆိုတဲ့ ထေရဝါဒငါးနိုင်ငံထဲမှာဖြင့် ဟောဒီဉူးဇင်းတို့မြန်မာနိုင်ငံသည်ထိပ်တန်းအကျဆုံး၊ သာသနာ

http://www.dhammadownload.com



အထွန်းလင်းဆုံး၊ အဘိ ဓမ္မာတရား အပြန့်ပွားဆုံး၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အလိုတော်အကျဆုံး ဖြစ်တဲ့ဝိပဿနာ လုပ်ငန်းကြိုးပမ်းအားထုတ်တဲ့နေရာမှာဖြင့် အပွင့်လင်းဆုံးနေရာလို့မှတ်ရမယ်။

ဒီတော့ မြန်မာနိုင်ငံတင်ပဲပြန်ကြည့်လိုက်အုန်း၊ တောင်တန်းဒေသတွေ ဖြစ်နေတဲ့ အနောက်ဘက်ဆီကတောင်တန်းတွေ၊ မြောက်ဘက်တောင်တန်းတွေ, အရှေ့ဘက်ဆီ, တောင်ဘက်ဆီ ပတ်ပတ်လည်တောင်တန်းဒေသတွေ သာသနာ ဒီလောက်မထွန်းကားသေးဘူး။ သာသနာထွန်းကားနေပါတယ်ဆိုတဲ့ ဒေသဟာ ယနေ့ မြေပြန့်ဒေသ သာဖြစ်တဲ့ ဒီနားပတ်လည်ကလေးပဲ. . .၊ဘုရားရှင်ရဲ့ သာသ နာတော်ထွန်းလင်းနေတဲ့ တကယ်စစ်စစ်မှန်မှန်,သဘာဝကျကျ ထွန်းလင်း တောက်ပြောင်နေတယ်၊ အရောင်ထွက်လာအောင် ထွန်းလင်းတောက်ပြောင်နေ တယ်ဆိုတဲ့ ဒေသဟာ နည်းနည်းကလေးပဲရှိတယ်။

ဒီတော့ ဗုဒ္ဓသာသနာထွန်းလင်းနေတဲ့နေရာဟာ နဂိုကမှ ဒိပြင်ဘာသာ တွေနဲ့ထွန်းကားနေတဲ့ဟာတွေနဲ့နိုင်းစာမယ်၊ ကမ္ဘာကြီးတစ်ခုလုံး လွှမ်းခြုံပြီးကြည့် မယ်ဆိုရင် ဗန်းကြီးရဲ့အလယ် ဆီးရွက်ငယ်ရဲ့ ပမာဏပါပဲ သာသနာထွန်းကားတဲ့ နေရာဟာ ဗန်းကြီးထဲက ဇီးရွက်လောက်ကလေးရှိပါတယ်။ အဲဒီဇီးရွက်လောက် ကလေးထဲမှာမှ မြန်မာနိုင်ငံသည် ထိပ်တန်းအကျဆုံး၊ ထိပ်တန်းအကျဆုံးထဲဝယ် သာသနာအထွန်းကားဆုံးဖြစ်တဲ့ဒီလိုနေရာဒေသမှာဟောပြောပြသမယ့် ဆရာ သမားတွေရှိတဲ့ ဒီလိုနေရာဒေသမှာ လာပြီးတော့ ဖြစ်ကြရတဲ့၊ သာသနာတော်ကြီးနဲ့ လာပြီးတော့ ဆုံးဆည်းကြရတဲ့ ယနေ့အလှူ့ဒကာအလှူ့အမအမှူးထား၍တရား နာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဒကာဒကာမတို့သည် မည်မျှလောက် ကံထူးလို့တွေ့ကြရတယ်၊ မည်မျှလောက်ပါရမီထူးလို့တွေ့ရတယ်ဆိုတာဖြင့် မြှောက် ပြောနေစရာလည်းမလိုပါဘူးလို့-နော်၊ မြှောက်ပြောနေတာမဟုတ်ပါဘူး၊ ကိုယ့် ကိုယ်ကိုအဖြစ်၊ ကိုယ့်ကံရဲ့အဖြစ် ကိုယ့်လက်ရှိ ရတဲ့အဖြစ်ကလေးကို နက်နက် နဲနဲ သဘောပါပါတွေးဆလိုက်ကြစမ်းပါ၊ အင်မတန်ကံကောင်းတဲ့အဖြစ်။

အဲဒီလိုကံကောင်းလို့ပဲ ယနေ့သာသနာထွန်းကားတဲ့နေရာဒေသလာဖြစ် ရုံမျှမက၊ သာသနာတော်ကြီးနဲ့ကြုံရုံမျှမက, ကြိုက်လည်းကြိုက်ကြလို့ယနေ့ တရားပွဲ ကြီးဆင်ယင်ကြတယ်၊ သာသနာတော်ကြီးကိုတတ်အားသမျှပစ္စည်းလေးပါးနဲ့

http://www.dhammadownload.com



ထောက်ပံ့ကြတယ်၊ သာသနာဆိုတာဘုရားရှင်ရဲ့အဆုံးအမ၊ အဲဒီအဆုံးအမတော်ကို တစ်လုံးတပါဒပဲဖြစ်ဖြစ် လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်နေကြတယ်ဆိုတာ ကြုံရုံမျှမက ကြိုက်ကြလို့ လောကကြုံရုံကြုံပြီးတော့ မကြိုက်တာကရှိသေးတာကိုး၊ အခု-သာသနာတော်ကြီးနဲ့တွေ့နေကြတဲ့ ဒကာဒကာမတွေထဲကပဲ သာသနာတော်ကြီးကို တွေ့လို့တွေ့ရမှန်းမသိ၊ တန်းဖိုးရှိတဲ့ သာသနာတော်ကြီးနဲ့ကြုံလို့ကြုံမှန်းမသိဘဲနဲ့ မကြိုက်ကြသေးတဲ့သူတွေ အမျှားကြီးရှိသေး၊ အဲဒီလူတွေအဖို့တော့ ဘုရားရှင်ကိုယ်တော်မြတ်တည်ထောင်ခဲ့တဲ့ သာသနာတော်မြတ်ကြီးဟာ ခုနက စကားနဲ့ပြောတော့ ဘုန်းမဲ့သူတွေ, ကံမဲ့သူတွေပေါ့-နော်။

ဘုန်းရှင်ကံရှင်ဖြစ်တဲ့ဘုရားရှင်ရဲ့ သာသနာတော်ကိုဘုန်းရှိကံရှိတဲ့သူတွေသာတွေနိုင်တယ်ဆိုတဲ့စကားအရ လောကမှာတန်ဖိုးရှိတဲ့ ပစ္စည်းဝတ္ထုကို တန်ဖိုးရှိတဲ့ လူတွေလက်သာရောက်သလို၊ တန်ဖိုးရှိတဲ့ ပစ္စည်းဥစ္စာဟာတန်ဖိုးရှိတဲ့ လူတွေလက်မှာသာတည်သလို။ ဘုန်းရှင်ကံရှင်ဖြစ်တဲ့ဒကာဒကာမတွေဟာ ယနေ့သာသနာတော်ကြီးနဲ့ကြုံရုံမျှမကကြိုက်နေကြလို့ မနက်ဖြန်ခါဆိုရင် အလှူ့ဒကာကိုပွတ်စူးနဲ့ အလှူ့အမ မနှင်းတို့က သာသနာတော်ကြီးကိုချီးမြှောက်တဲ့အနေနဲ့ သာသနာနုဂ္ဂဟကုသိုလ်ထုပ်ကြီးဆင်နွှဲကြမယ်၊ သာသနာတော်ကြီးနဲ့ တွေ့ရကျိုးနပ်အောင်၊ သာသနာတော်ကြီးကို ကြုံရုံမျှမကကြိုက်ပါတယ်ဆိုတဲ့အဖြစ်ထိသက်သေပြတဲ့အနေနဲ့ မနက်ဖြန်ခါဆိုလို့ရှိရင်ဖြင့် သာသနာနုဂ္ဂဟကုသိုလ်ပွဲကြီးအားခဲပြီးတော့လုပ်ကြလိမ့်အုန်းမယ်။

ကဲ-ဒီတော့ တစ်နာရီစေ့သွားပြီ၊ ယနေ့အချုပ်ရှေ့ပိုင်းမှာ ပြောလိုရင်းက ဘုန်းတော်ရှင်, ကံတော်ရှင်, ပါရမီတော်ရှင်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ခက်ခက်ခဲခဲ ကြာမြင့်စွာသောကာလပတ်လုံး ပါရမီတော်တွေကိုဖြည့်ပြီးတော့ တည်ထောင်တော်မူခဲ့ရတဲ့ယနေ့သာသနာတော်ကြီးကို ဘုန်းရှင်,ကံရှင်,ပါရမီရှင်ဖြစ်တဲ့ ဘုရားရှင်ရွှေလက်ထက်တော်အခါဆီက ပုဂ္ဂိုလ်ထူးတွေသာသနာတော်ကြီးနဲ့တွေပြီးတော့ သာသနာတော်ကြီးနဲ့တွေ့ရုံမျှမက သာသနာတော်ကြီးကို ချီးမြှောက်ထောက်ပံ့နိုင်ကြကုန်သည်ဖြစ်၍ တစ်မဂ်,တစ်ဖိုလ်ကျွတ်တန်းခိုပြီးသကာလ လူ့ရွာနတ်ထံ ချမ်းသာစံလျှက် နိဗ္ဗာန်တိုင်အထိ အကောင်းဆုံးဂတိသို့ရောက်ကြ လေသကဲ့သို့၊

ယနေ့ကံထူးကြတဲ့ပါရမီထူးကြတဲ့ပုဂ္ဂိုလ်တွေမို့ တန်ဖိုးရှိတဲ့သာသနာတော်ကြီးကို တန်ဖိုးရှိမှန်းသိသိ ပြုစုလိုကြ, ကြုံကြကြိုက်ကြလို့ယနေ့ သာသ

http://www.dhammadownload.com



နာတော်ကြီးနဲ့ ဆုံဆည်းကြရတဲ့ အကြောင်းကိုဖြင့် ကိုယ့်ကိုကိုအထင်မသေးဖို့ ရှေ့ပိုင်းသတိပေးလိုက် ပါတယ်. ..လို့ သာသနာတော်ကြီးနဲ့ဆုံရကြိုးနပ်အောင် လုပ်ဖို့အတွက်နောက်ပိုင်းပြောမယ်။ ဒါ့ကြောင့် တစ်နာရီလည်းစေ့သွားပြီ၊ တစ်နာရီ ရှေ့ပိုင်းဟောမယ်ဆို တဲ့ ပဋိညာဉ်လည်း မပျက်အောင် ကိုင်း-ခဏလေး နားကြ အုန်းစို့. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "ကုန်ခြင်းငါးမျိုး တရားတော်"

အချည်အတုတ်တွေကိုဖြေဖြုတ်ပြီးတော့ ကြီးရှုန်းတာ၊ ဒီနေ့လုပ်တဲ့အလုပ်ကို ဘုရားဒေသနာနည်းနဲ့ ဒေသနာတင်ပြီးတော့ ဒေသနာစကားနဲ့ပြောကြမယ်ဆိုရင် အချည်အတုတ်တွေကို ဖြေဖြုတ်ကြတာ၊ အချည်အတုတ်တွေကို ဖြေဖြုတ်ပြီးတော့ ရှုန်းကြတာ. . . ရှုန်းကြတာ။

အဲလိုရှုန်းကန်ရင်းနဲ့ မနက်ဆွမ်းကပ်တဲ့သူကလည်း ငါးသောင်းကျော်အကုန်အကျခံပြီးတော့၊ နေ့ဆွမ်းကပ်တဲ့ မြင်းခြံမြို့နယ် တံတိုင်းရွာက ကုသိုလ်ရှင်တွေကလည်း နေ့ဆွမ်းကပ်တဲ့ပွဲကိုက တစ်သိန်းကျော်၊ ရဟန်းခံတဲ့ကောင်းမှုတွေရောဆိုရင် နှစ်သိန်းကျော်သုံးသိန်း အကုန်အကျခံလိုက်တာ၊ ဝက်လက်မြို့နယ် သမန်သာရွာက ကိုသိုလ်ရှင်များကလည်း ထိုနည်းလည်းကောင်းပေါ့၊ တက်ထရွှန်သက်န်း ဒွိစုံနှင့်တကွ သင်းပိုင်(၁၅)ထည် မဟာဂံထိန်တော်အလှူ နဝကမ္မ (၁၀၀၀)ကျပ်၊ အလှူတော်ပူဇော်ပြီးတော့ အကုန်ခံလိုက်တာ၊ ရှုန်းကုန်ကုန်တာခေါ်တယ် ဒါမျိုးကို မြတ်သောအကုန်။

ကိုယ့်လက်ထဲရောက်လာတဲ့ ပစ္စည်းဟာ ကုန်နည်းငါးမျိုးနဲ့ကုန်တယ်၊ အဲဒီကုန်နည်းငါးမျိုးထဲမှာ ဒီနေ့အလှူ့ဒကာ, အလှူ့အမမိသားစု သုံးစုက မြတ်သောကုန်ခြင်းနဲ့ ဒီနေ့ကုန်ကြတာ၊ ကိုယ့်လက်ထဲရောက်လာတဲ့ပစ္စည်း ကုန်နည်းငါးမျိုးနဲ့ကုန်တယ်. . တဲ့၊ ဘယ်လိုကုန်တုန်း "သုံးလို့ကုန်ခြင်း". . တဲ့ နံပါတ်တစ်က၊ ကိုယ်စုဆောင်းထားတဲ့ပစ္စည်း၊ ကိုယ့်လက်ထဲရောက်လာတဲ့ပစ္စည်း၊ ကိုယ်နဲ့ပတ်သက်ပြီးဖြစ်လာတဲ့ပစ္စည်းတွေမှန်သမျှ နောက်ဆုံးတော့ကုန်တာပဲ၊ ကုန်နည်းကသုံးလို့ကုန်ခြင်းတဲ့၊ ကိုယ်ကိုယ်တိုင်စားသုံးလို့, ဝတ်ဆင်သောအားဖြင့်သုံးလို့, နေရာထိုင်ခင်းအတွက်ပြုလုပ်ပြီးတော့သုံးလို့ စသည်ဖြင့် သုံးရင်လည်းကုန်တာပဲ၊ မသုံးဘဲနဲ့လည်း ကိုယ်ကနေလို့ရတာမဟုတ်တော့ နေ့တိုင်းသုံးနေရတာပဲ၊ ဒါသုံးကုန်, ကုန်တယ်လို့ခေါ်တယ်။

နှစ်နံပါတ်က "ဖြုန်းလို့ကုန်ခြင်း" တဲ့။ ဖြုန်းလို့ကုန်တယ်ဆိုတာကျတော့ သုံးသင့်တာထက်ပိုပြီးတော့ အပိုအလျှံတွေသုံးစွဲပစ်တာ၊ ဒါဖြုန်းတယ်ခေါ်တာပေါ့၊ တစ်ဆယ်နဲ့ပြီးရမယ့်ကိစ္စ သူကတစ်ရာလောက်သုံးပစ်လိုက်တာ၊ ဒါ-ဖြုန်းတာ။

http://www.dhammadownload.com



ဖြုန်းလည်းကုန်တာပဲ ကုန်တာကတော့ကိုယ့်ရှိတဲ့ပစ္စည်း။ ဒါ့ကြောင့်သုံးလို့ကုန်ခြင်း, ဖြုန်းလို့ကုန်ခြင်း။ ရှုံးလို့ကုန်ခြင်း. . . တဲ့ သုံးနံပါတ်က။ အလုပ်အကိုင်တစ်ခု ကိုယ်နားမလည် မလုပ်တတ်ဘဲနဲ့သွားလုပ်တော့ရှုံး၊ အရောင်းအဝယ်နားမလည်ဘဲနဲ့ သွားအရောင်းအဝယ်လုပ်တော့၊ နားပင်လည်သော်လည်းပဲ အကြောင်းမညီညွှန်တော့ရှုံး၊ ဟိုကိစ္စ, ဒီကိစ္စ ကိုယ်မကျွမ်းကျင်ဘဲနဲ့ သွားလုပ်တော့ရှုံး၊ ဒါရှုံးကုန်ခေါ်တယ်၊ ဒါလည်းကုန်တာပဲ ကိုယ့်ရှိတဲ့ပစ္စည်း။

လေးနံပါတ်ကျတော့ ဆုံးလို့ကုန်ခြင်း. . တဲ့။ ဆုံး-ဆိုတာ ရန်သူမျိုးငါးပါးကဖျက်ဆီးလို့ဆုံးခြင်း၊ မိမိကိုယ်တိုင်က အသက်ခန္ဓာသေဆုံးလို့ ဆုံးခြင်းဆိုတဲ့ ဆုံးခြင်းနှစ်မျိုး၊ ဘယ်ဆုံးဖြစ်ဖြစ်ကုန်တာပဲ။ ကိုယ့်လက်ထဲရှိတဲ့ပစ္စည်းတွေမီးကဖျက်ဆီးလိုက်တော့ ပျက်စီးပြီးတော့ဆုံးသွား၊ ရေကမျှောသွားတော့ မျောပါသွားလို့ဆုံး၊ သူခိုးဓားပြတွေ လုယူသွားတာခံလိုက်ရလို့ဆုံး၊ မင်းစိုးရာဇာတွေ အာဏာနဲ့သိမ်းလို့ဆုံး၊ အမွေခံသားဆိုး, သမီးဆိုးတွေက နှောက်ယှက်ဖျက်ဆီးလို့ဆုံး၊ ဒါဆုံးကုန်။ ရန်သူမျိုးငါးပါးဖျက်ဆီးလို့ကုန်တဲ့အကုန်ဟာ ဆုံးကုန်ခေါ်တယ်။

သို့မဟုတ်-ရန်သူမျိုးငါးပါးပင် အဖျက်အဆီးမရှိသော်လည်းပဲ၊ မိမိကိုယ်တိုင်က တစ်ချိန်ကျတော့ ကွယ်လွန်အနိစ္စရောက်ရတယ်၊ အသက်ဇီဝိန်ဆုံးရတယ်ဆိုတာရှိသေး၊ အဲဒီအဆုံး, ဆုံးတော့လည်း ကုန်တာပဲ ကိုယ့်လက်ထဲရှိတဲ့ပစ္စည်း။ တတ်နိုင်လို့ မြေကြီးကနေ မိုးထိအောင် ရွှေပုံ ငွေပုံကြီးတွေ ရှာထားလို့ ပစ္စည်းတွေပိုင်နေပေမဲ့လို့ ကိုယ်သေပြီ၊ ကိုယ်ဆုံးပြီဆိုသည်နှင့်တပြိုင်နက် ဆုံးကုန်ကုန်တော့တာပဲ၊ ဒီပစ္စည်းတွေ ကိုယ့်ဟာမှမဟုတ်တော့ပဲ၊ ကျန်ရစ်တဲ့သူတွေရဲ့ပစ္စည်းဖြစ်သွားတယ်၊ ဒါ့ကြောင့် သုံးလို့ကုန်ခြင်း, ဖြုန်းလို့ကုန်ခြင်း, ရှုံးလို့ကုန်ခြင်း, ဆုံးလို့ကုန်ခြင်း. . လေးမျိုး။ အဲဒီလေးမျိုးသောအကုန်က အစားလည်းပြန်ပြီးတော့တက်မလာဘူး၊ မြတ်သောအကုန်လို့လည်း မခေါ်နိုင်ဘူး. . တဲ့၊ မြတ်သောအကုန်မဟုတ်ဘူး၊ အစားလည်းပြန်မရဘူး၊ မိမိလိုချင်တဲ့ပန်းတိုင်လည်းမရောက်ဘူး၊ ဒါ့ကြောင့်-

သုံးကုန်-ဖြုန်းကုန်, ရှုံး-ဆုံးကုန် အကုန်မမြတ်ပေ"တဲ့၊

မြတ်တဲ့အကုန်မဟုတ်ဘူး . . တဲ့ ဒီအကုန်တွေက၊ သုံးလိုက်စွဲလိုက်တာကလည်း မစင်မှာလမ်းဆုံးသွားတာချည်း၊ စားသမျှ မစင် မစင်၊ ဝတ်သမျှ ဆင်သမျှမစင်မစင်၊ နေသမျှ မစင်မစင် ဆိုတဲ့အတိုင်း၊ သုံးလို့ကုန်တာတွေကလည်း မစင်လမ်းဆုံးကုန်,ကုန်တာ၊ ခန္ဓာကိုယ်ထဲစားလိုက်သောက်လိုက် ထည့်လိုက်သမျှတွေကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ဆီဦး, ထောပတ်, ပျားသကာတွေ ဘယ်လောက်စားထား

http://www.dhammadownload.com



ထား နောက်ဆုံး မံစင်ဖြစ်ပြီးလမ်းဆုံးသွားကြတာ။

ဝတ်ကောင်းစားကောင်းတွေ ခေါက်ရိုးမကျိုးဘယ်လောက်ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အဖိုးတန်တွေဘယ်လောက်ဝတ်ထား,ထားဒီခန္ဓာကိုယ်နဲ့ထိပါများ တော့ ရိအိ,နံစော်လာပြီးတော့ နောက်ဆုံးလက်နှီးစုတ်ဖြစ်ပြီးဆုံးသွားတာ။ နေရာ ထိုင်ခင်းတွေဘယ်လောက်ပဲ တောက်တောက်လွင်လွင် တောက်တောက်ပပတွေ ဖြစ်နေနေ၊ အိမ်,တိုက်တာတွေဘယ်လောက်သစ်လွင်အောင်လုပ်ထားထား၊ ဒီခန္ဓာ ကိုယ်နဲ့ထိပါများတော့ ကြာတောချေးပေ,ရိ,အိပြီးတော့ နောက်ဆုံးဆွေးပြီးတော့ ထင်းဖြစ်ပြီးတော့၊ အဲဒီလိုနည်းအားဖြင့်အားလုံးပရိသတ်လိုက်ဆိုလိုက်စမ်းပါ. . .

❖ သုံးကုန်-ဖြုန်းကုန်, ရှုံး-ဆုံးကုန်,အကုန်မမြတ်ပေ၊
ရှုန်းကုန်ကုန်မှ, မြတ်ပါလှ, ဗုဒ္ဓဟောခဲ့ပေ၊
အနှောင်ဟူသမျှ, ဖြတ်ပယ်ကြ, ရှုန်းကြကန်ကြလေ။

အဲ-ရှုန်းကုန်ကုန်တာကအမြတ်ဆုံးပဲ. . တဲ့၊ ရှုန်းကုန်ဆိုတာ သံသရာဝဋ် ဘဝညွှတ်ကြီးကဒီနေ့လွတ်ချင်လို့ မန္တလေးစိန်ပန်းက ကုသိုလ်ရှင်တွေကဆွမ်း ကပ်တာ၊ သံသရာဝဋ်ဘဝညွှတ်ကြီးက ဘဝနှောင်အိမ်ကြီးကလွတ်ချင်ကျွတ်ချင်လို့ မြင်းခြံ တံတိုင်းက ကုသိုလ်ရှင်တွေကရဟန်းခံမင်္ဂလာကစပြီးတော့ နေ့ဆွမ်းကပ်, လှူဖွယ်တွေလှူ ပရိသတ်တွေကျွေးနဲ့လုပ်ကြတာ၊ သမန်သာကလာတဲ့ ကုသိုလ် ရှင်တွေကလည်း ဒီလိုမင်္ဂဖိုလ်နိဗ္ဗာန်ရချင်လို့ သံသရာဝဋ်ဘဝညွှတ်ကလွတ်ချင်လို့ ရှုန်းထွက်ချင်လို့ ကထိန်လျာသင်္ကန်းတွေလှူဒါန်းကြတာ၊ ကထိန်အတွက် နဝကမ္မ တွေလှူကြတာ ဒါကုန်သွား၊ လှူတယ်ဆိုတာကုန်သွားတာပဲ၊ ကိုယ့်လက်ထဲရှိတဲ့ ပစ္စည်းတစ်သိန်းကျော် နှစ်သိန်းကုန်ရော၊ အဲကုန်သွားပေမဲ့လို့ ဒီအကုန်က မြတ် သောအကုန်. . . တဲ့၊ အစားပြန်ပြီးတော့ရမယ့်အကုန်။

ဒီနေ့-လှူလိုက်တန်းလိုက်တဲ့ ပေးလိုက်ကမ်းလိုက်တဲ့အတွက်ဒါနစေတနာ ကောင်းမှု အခြေခံပြီးတော့ သံသရာစခန်း, နိဗ္ဗာန်သွားလမ်းကြီးမှာ အစားတွေပြန် လာအုန်းမှာ၊ ကိုယ်ကအစာတွေလှူရင်အစာတွေပြည့်စုံအုန်းမှာ၊ အဝတ်အဆင် တွေလှူရင် အဝတ်အဆင်တွေလာအုန်းမှာ၊ နေရာထိုင်ခင်းတွေလှူရင်နေရာ ထိုင်ခင်းတွေ အစားပြန်ဝင်အုန်းမှာ၊ အစားပြန်ဝင်ရုံတင်မကဘူးလွတ်လမ်း ကျွတ် လမ်း လွတ်ပွဲ ကျွတ်ပွဲကြီးရှုန်းတာကို ရှုန်းကုန်ကုန်တာ. . တဲ့၊ အခုရဟန်းလောင်း

http://www.dhammadownload.com



ကို ရဟန်းဘောင်ရောက်အောင်ပို့လိုက်တယ်ဆိုတာအချည်အတုပ်တွေ ဖြေဖြုတ်ပြီးတော့ သူ့ရှုန်းစေတာပဲ။

ရဟန်းမဟုတ်ဘဲနဲ့အိမ်ရာတည်ထောင်လူ့ဘောင်နေမယ်ဆိုရင် ချည်ထားလိုက်တဲ့အချည်တွေပြည့်လို့ ဒကာဒကာမတွေကိုယ့်ဘာကိုယ်အသိဆုံး၊ ကိုယ့်ကိုယ်ကိုချည်တုပ်ထားလိုက်တဲ့အချည်အတုပ်တွေ၊ ကိုယ့်ခန္ဓာကိုယ်လေးကိုပထမဆုံးခင်တွယ်တယ်၊ ငါ့ကိုယ်,ငါ့ခန္ဓာ,ငါ့အသက် ဒါ-ကိုယ်ကိုယ်ကိုခင်တွယ်တဲ့ သံယောဇဉ်၊ ကာမရာဂသံယောဇဉ်နဲ့ချည်ထား၊ ချည်ထားတော့ကိုယ့်ခန္ဓာကိုယ်နဲ့စပ်ပြီးတော့ အချည်အတုပ်တွေတိုးလာတယ်၊ ငါ့စားဖို့အစားအစာဒါက၊ ဟောအစားအစာနဲ့ ပတ်သက်ပြီးတော့ကြိုးတိုးလာ၊ ဒါကငါ၀တ်ဖို့ဆင်ဖို့အ၀တ်အဆင်၊ ဒါငါ့ရဲ့လုံချည်အကျႌ ငါ့ထဘီ၊ ဒါကငါဆင်မယ့်လက်စွပ်၊ငါ့ပုတီးငါ့လက်စွပ်ငါ့ဘီး၊ကိုယ့်ရတနာနဲ့ အ၀တ်အဆင်တွေပေါ် လည်းပဲ စွဲလို့ချည်တုပ်ထားလိုက်တာ။

ဒါ-ငါနေဖို့နေရာ၊ ငါ့အိမ်,ငါ့တိုက်တာ, ငါအိမ်ရာ,ငါ့မြေ, ငါ့ခြံ,ငါ့ဝင်း။ ချည်တုပ်ထားလိုက်တာနေရာထိုင်ခင်းနဲ့ပတ်သက်ပြီး၊ အဲဒီလိုကစပြီးတော့ ကိုယ့်ခန္ဓာတစ်ခုလုံးရှိတဲ့ ခန္ဓာကိုယ်တစ်ခုလုံးရှိတဲ့ ဆံပင်လေးတစ်မျှင်ကအစ, လက်သည်းလေးတစ်ခုကအစ၊ ငါ့ဆံပင်,ငါ့လက်သည်း, ငါ့သွား,ငါ့မျက်စိ, ငါ့နားနဲ့ တစ်ကိုယ်လုံး ချည်တုပ်ထားလိုက်တဲ့ကြိုးတွေ၊ မျက်စေ့နဲ့မမြင်စကောင်းလို့ ဉာဏ်မျက်စေ့နဲ့ ကြည့်လို့ရှိရင် ချည်တုပ်ထားလိုက်တာမှ ပြည့်နေတာပဲ၊ ခုနကပြောတဲ့ အပြင်ဘက်ထွက်လာတော့ ငါ့အစားအစာ, ငါ့အ၀တ်အဆင်,ငါ့နေရာထိုင်ခင်းနဲ့ ကြိုးတွေ၊ ဒါကိုယ့်ကိုယ်ကိုရှိသေးတယ်။

ကိုယ့်ကိုယ်ပြီးတော့ တစ်ခါတစ်ဆင့်တိုးလာပြန်တယ်တုပ်ထာက၊ သမီးခင်ပွန်းအချင်းချင်း၊ ဇနီးမောင်နှံအချင်းချင်းဖြစ်လာကြပြီဆိုတော့ ကြိုးတုပ်တစ်မျိုးတိုးလာပြန်တယ်၊ အနှောင်အဖွဲ့တစ်မျိုးတိုးလာပြန်တယ်၊ အဲဒီအနှောင်အဖွဲ့နှစ်မျိုးကနေပြီးတော့ တစ်ခါသားလေး,သမီးလေးတွေဖြစ်လာပြန်တော့ သားအနှောင်အဖွဲ့,သမီးအနှောင်အဖွဲ့တိုးလာပြန်တယ်၊ ဉာဏ်မျက်စိနဲ့ကြည့်လိုက်လို့ရှိရင် ကိုယ်တစ်ယောက်ထဲတင်ကိုပဲ ကြိုးတွေကပြည့်နေတာပဲ တုပ်ထားလိုက်တာ၊ အဲဒါနောက်ထပ်အိုးအိမ်ထူထောင်လိုက်တယ်ဆိုတော့ ခင်ပွန်းသည်ရယ် ဇနီးသည်ရယ်ဆိုပြီးတော့ကြိုးတစ်မျိုးတိုးလာ၊ အတုပ်အနှောင်တွေတိုးလာတဲ့

http://www.dhammadownload.com



အပြင် သား,သမီး,မြေး,မြစ်,တူ,တူမ,ဆွေမျိုး၊ ဟိုဘက်ဒီဘက် သူ့ဘက်ကိုယ့်ဘက် ဆိုပြီးတော့ တိုးသွားလိုက်တဲ့ကြိုးတွေ. . .။

အဲဒါပေါ့-ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား၊ တောထွက်သွားတာ ဒီကြိုးတွေမြင်ပြီးတော့၊ နဂိုတည်းကမှသူက စိတ်ထဲမှာဒီလိုကြိုးတွေနဲ့ အနှောင်အဖွဲ့တွေနဲ့နေရတာ. . . လို့ အိမ်ရာတည်ထောင်လူ့ဘောင်ဘဝကြီး ကိုယ့်ကြိုးနဲ့ကိုယ်တုပ်ပြီး ကိုယ်ရှုပ်နေရတဲ့ဇာတ်ကြီးလို့မြင်နေရတဲ့အထဲမှာ သားတော်လေး ရာဟုလာဖွားမြင်ပါတယ်. . လို့ လာပြီးတော့သံတော်ဦးတင်လိုက်တော့ ဖြုန်းကနဲဆို သူ့စိတ်ထဲမှာ "အလိုလေး. . . ရာဟုဇာတော" ဆိုပြီးတော့ ပါးစပ်က အော်လိုက်တာ၊ ရာဟု-ရာဟုဆိုတဲ့ အနှောင်အဖွဲ့ကြိုးသည်၊ ဇာတော-ဖြစ်ပေါ်လာပြန်ပေါ့တကား . . .။

မိမိကိုယ်တစ်ယောက်ထဲ မိမိကိုယ်ပဲ တုပ်ထားလိုက်တာတဲ့ ကြိုးတွေကပြည့်နေရတဲ့အထဲ၊ ဆံပင်လေးတစ်မျှင်, လက်သည်းလေးတစ်ချောင်းထိအောင်မလွတ်အောင်တုပ်ထားရတဲ့အထဲ၊ ယသောဓရာဒေဝီနှင့်တကွ ထီးနန်းစည်းစိမ်ရိပ်ငြိမ်ချမ်းသာကြီးတွေ ကြိုးတွေနဲ့တုပ်ထားရလို့ ရုန်းရခက်နေတဲ့အထဲ၊ အခုသားတော်လေးဆိုတဲ့ အင်မတန်ခိုင်မြဲတဲ့ကြိုးကြီးတစ်ချောင်း တိုးလာပြန်ပါပေါ့လား . . ၊ ငါတော့လွတ်အောင်ရုန်းမှပဲဆိုပြီးတော့ အဲဒါ ဒီလိုနည်းနဲ့သာဖြင့် ငါဘယ်နည်းနဲ့မှထွက်လို့ရမှာမဟုတ်ဘူးဆိုပြီးတော့ ရုန်းထွက်သွားတာ၊ အဲဒါ ဘုရားအလောင်း ကြိုးရုန်းသွားတာ။

ဒီနေ့ အလှူ့ဒကာ အလှူ့အမတွေလည်းရုန်းကြတာ၊ ဒါ ရုန်းတာခေါ်တယ်၊ ဘယ်လိုရုန်းတုန်း၊ ကိုယ့်ရှိနေတဲ့ပစ္စည်းကို သူများလှူနိုင်တယ်ဆိုတာ အဲဒါကြိုးဖြတ်ချလိုက်တာပဲ။ ဆိုပါတော့ အခုဆွမ်းကပ်လို့ကုန်သွားတဲ့ မနက်ဆွမ်းကပ်တော့ ငါးသောင်းကျော်လောက်ကုန်၊ နေ့ဆွမ်းကပ်တော့ တစ်သိန်းကျော်လောက်ကုန်၊ အဲဒီရဟန်းခံပွဲအကြောင်းပြုပြီးတော့ လှူတာတန်းတာတွေရော နှစ်သိန်း သုံးသိန်းကုန်ဆိုတဲ့ ဒီပစ္စည်းတွေ ဒီလိုမလှူသေးခင်ဆိုရင် ငါ့ပစ္စည်း,ငါ့ဥစ္စာ, ငါ့ဟာ, ဟော-ကြိုးက ကြိုးက၊ ငါစားဖို့, ငါဆင်ဖို့, ငါဝတ်ဖို့, ဟောကြိုးကတုပ်နေတာ။

သူတို့နဲ့ဝေးဝေးကိုတောင်မသွားနိုင်ဘူး၊ ပစ္စည်းဥစ္စာအဆီအနှစ်လေးများ

http://www.dhammadownload.com



တော်တော်တန်ဖိုးကြီးတဲ့ပစ္စည်း၊ အိမ်မှာရှိပြီဆို ဝေးဝေးကိုမသွားနိုင်ဘူး၊ ခွဲကိုမသွားနိုင်ဘူး၊ သွားမိတောင်မှ မြန်မြန်ပြန်လာရတယ်၊ သူခိုးခိုးမှာစိုးလို့တဲ့၊ မီးနောက်ပါသွားမှာစိုးလို့၊ ရေနောက်ပါသွားမှာစိုးလို့၊ သူယူသွားမှာစိုးလို့၊ ငါယူသွားမှာစိုးလို့နဲ့ စိတ်မချဘူး၊ ပြန်လည်လာတယ်၊ ကြိုးနဲ့ချည်ထားတာဖြစ်တော့ ဝေးဝေးသွားလို့ကို မရဘူး၊ သတ္တဝါတစ်ကောင်ကို ခါးဖြစ်ဖြစ်၊ လက်ခြေတွေဖြစ်ဖြစ် ကြိုးနဲ့ချည်ထားပြီဆိုရင် သူဝေးဝေးသွားလို့မှမရဘဲ၊ ဒီကြိုးတစ်ဆုံးလေးပဲသွားပြီးတော့ ပြန်ပြီးတော့ ဖင်ထိုင်ရတယ် ဒီနား။

အဲသလိုပဲ ကြိုးနဲ့တုပ်ထားတာ၊ ကြိုးမှသူများတကာချည်တဲ့ကြိုးမဟုတ်ဘူး၊ ကိုယ့်ကြိုးနဲ့ကိုချည်ထားကြတာ၊ လောကမှာအနှောင်အဖွဲ့ဆိုတာ နှစ်မျိုးရှိတယ်၊ သူများကနှောင်ဖွဲ့တဲ့အနှောင်အဖွဲ့ကတစ်မျိုး၊ သူများကကြိုးနဲ့တုပ်ထားလို့ သူများကချည်ထားလို့၊ သူများကအချုပ်ထဲချထားလို့၊ သူများကထောင်ထဲ ချထားလို့ဆိုတဲ့ အနှောင်အဖွဲ့က အဲဒါ သူများအနှောင်အဖွဲ့လို့ခေါ်တယ်။ ကိုယ့်ဘာကိုယ် ပြန်ပြီးတော့ချည်တုပ်ထားတဲ့ အနှောင်အဖွဲ့က "ကိုယ့်ကြိုးကိုယ်တုပ်, ကိုယ်ရှုတ်သည်ပင်". . ဆိုတဲ့အတိုင်းပဲ၊ ကိုယ့်အနှောင်အဖွဲ့နဲ့ ကိုယ်ပြန်မိနေကြတာ၊ အဲဒီအနှောင်အဖွဲ့နှစ်မျိုးမှာ၊ သူများတုပ်တဲ့အနှောင်အဖွဲ့ထက်၊ ကိုယ့်ဘာကိုယ်တုပ်တဲ့အနှောင်အဖွဲ့က အဆိုးဆုံးပဲ၊ အခိုင်မာဆုံးပဲ၊ကြောက်စရာအကောင်းဆုံးပဲ။

❖ **"ငါ့သမီး,ငါ့သား, ငါ့မယား, ငါ့လင်၊ ကိုယ့်ကြိုးကိုယ်တုပ် ကိုယ်ရှုတ်မည်ပင်။**

ဒါငါ့ဟာလေး, ငါ့ခန္ဓာလေး, ငါစားစရာလေး, ငါဝတ်စရာလေး, ငါဆင်စရာလေး, ငါနေစရာလေး, ဒါ ကိုယ့်ဘာသာ ကိုယ်ပြန်ကြိုးတုပ်နေတာ ကိုယ့်ကိုကို၊ ကိုယ့်ကြိုးကိုယ်တုပ်ပြီးတော့ ကိုယ့်ဘာကိုယ်ရှုပ်နေတာ ဇာတ်က၊ အဲဒါတွေပြုတ်ချင်လို့ရှိရင်၊

❖ **စွန့်ကြဲပေးကမ်း, လှူဒါန်း၍ပင်, ကြိုးတွေပြုတ်, ဝဋ်ပြုတ် နိဗ္ဗာန်ဝင်. . . တဲ့။**

အဲဒီကြိုးတွေကို စွန့်ကြဲပေးကမ်း လှူဒါန်းမှု ဒါနနဲ့ဖြတ်၊ သီလနဲ့ဖြတ်၊ ဘာဝနာနဲ့ဖြတ်၊ ဖြတ်ရတယ်။ စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုလိုက်တော့ ဘယ့်နှယ် ပြတ်သွားတုန်း၊ အခုကြည့်လေ မနက်ဆွမ်းငါးသောင်းကျော်လောက်ကုန်တယ်၊

http://www.dhammadownload.com



နေ့ဆွမ်းတစ်သိန်းကျော်လောက်ကုန်တယ်၊ အဲဒီငွေအပေါ်မှာ ငါ့ဟာ, ငါ့ဥစ္စာနဲ့, ငါစားအုန်းမှာ, ငါဆင်အုန်းမှာနဲ့ဆိုရင် ပေးကိုမပေးနိုင်ဘူး၊ ဒီမှာဆွမ်းလာကျွေးတာဖြစ်ကိုမဖြစ်နိုင်သေးဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ သူက,သူ့ကိုယ်သူ၊ သူစားအုန်းမှာ, သူဝတ်အုန်းမှာ, သူ့သားဆင်အုန်းမှာ, သူ့သမီးဆင်အုန်းမှာနဲ့ သံယောဇဉ်ကြိုးနဲ့ တုပ်နှောင်ထားသမျှ သူများပေးတယ် လှူတယ်ဆိုတာ မဖြစ်နိုင်ဘူး။

ဟော-အခုတော့ သံဃာတော်တွေချမ်းသာရင်ပြီးရော၊ သံဃာတော်တွေလှူပါ၏၊ သံဃာတော်တွေစားရရင်ကျေနပ်ပါ၏၊ သံဃာတော်တွေကျွေးပါ၏၊ တစ်သိန်းကုန်,ကုန်ပါစေ၊ တစ်သောင်းကုန်,ကုန်ပါစေဆိုပြီးတော့ ဒီအပေါ်မှာမတွယ်တာတော့ဘူး၊ ငါ့ဟာ, ငါ့ဟာဆိုတာ လုပ်မနေတော့ဘူး၊ ငါ့ပစ္စည်း, ငါ့ပစ္စည်းလို့လုပ်မနေတော့ဘဲနဲ့ သူ့ပစ္စည်း သံဃာတော်တွေပစ္စည်းဖြစ်အောင် ကိုယ်ရှာထားတဲ့ပစ္စည်းကို သံဃာတော်တွေပေးလိုက်တာ၊ သံဃာတော်တွေရဲ့ပစ္စည်းဖြစ်အောင်လုပ်လိုက်တော့ ကြိုးကပြုတ်သွားတယ်၊ ကြိုးတွေအများကြီးပဲ ပြုတ်ထွက်သွားတယ်၊ သံယောဇဉ်ကြိုးခေါ်တယ်၊ ကာမရာဂသံယောဇဉ်ကြိုးတွေ၊ အဲဒါ ကိုယ့်ဘာကိုယ်ချည်တုပ်ထားတဲ့အနှောင်အဖွဲ့ကို, ကိုယ့်ဘာကိုပဲ ဖြတ်ရတာ။ သူများဖြတ်လို့မရဘူး၊ ကိုယ့်ဘာကိုယ်ဖြတ်မှရတာ။

အဲဒီအနှောင်အဖွဲ့ကိုဖြတ်နိုင်လို့ လှူတော့မယ်ဆိုတဲ့စိတ်ပိုင်းဖြတ်လိုက်သည်နဲ့တစ်ပြိုင်နက် အဲဒီကြိုးပြတ်သွားလို့ ဒီမှာအလှူပွဲကြီးလာဖြစ်တာ၊ လှူတယ်ပေးတယ်, ကမ်းတယ်, ပူဇော်တယ်ဆိုတာတွေလာဖြစ်တာ၊ အချည်အတုပ်တွေကိုဖြေဖြုတ်လိုက်တာ၊ အချည်အတုပ်မှာမှ သူများချည်တဲ့ အနှောင်အဖွဲ့ထက်ဆိုးတဲ့ကိုယ့်ကိုယ်ကိုချည်တဲ့အနှောင်အဖွဲ့ကို ပြန်ဖြုတ်တာ။

အဲဒါပေါ့-မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်တွေကဆွမ်းခံပြန်လာကြတော့ မြတ်စွာဘုရားနားရောက်လာပြီးတော့၊ "မြတ်စွာဘုရားကောသလမင်းကြီးရဲ့ နန်းတော်ထဲမှာ အုတ်အုတ်ကျက်ကျက်နဲ့ဘုရား၊ အကုန်လုံးဒုက္ခတွေရောက်ပြီးတော့ တစ်ချို့လည်းအဖမ်းခံရတယ်ဘုရား၊ တစ်ချို့လည်းကြိုးနဲ့တုတ်ခံရတယ်၊ တစ်ချို့လည်းလက်ထိပ်ခတ်ခံရ၊ တစ်ချို့လည်းခြေတောက်မှာ ထိပ်တုန်းအခတ်ခံရ၊ တစ်ချို့လည်းထောင်အချခံရ၊ တစ်ချို့လည်း အချုပ်ထဲအချခံရနဲ့ အုတ်အုတ်ကျက်ကျက်ဖြစ်ပါတယ်ဘုရား"... လို့ လျှောက်ကြ၊ "ဘာအ

http://www.dhammadownload.com



ကြောင်းပြုဖြစ်တာတုန်းချစ်သားတို့” “မှန်ပါ ကောသလမင်းကြီးရဲ့ နန်းစဉ်ပတ္တမြားကြီး ပျောက်သွားတယ်လို့ကြားရပါတယ်ဘုရား”၊ ကောသလမင်းကြီးရဲ့ နန်းစဉ်ပတ္တမြားကြီး ရှေးရှေးသောဘိုးတော်, ဘွားတော်တွေလက်ထက်ကဆောင်လာတဲ့ နန်းစဉ်ပတ္တမြားကြီး အင်မတန် တန်ဖိုးကြီးတဲ့နန်းစဉ်ပတ္တမြားကြီး ပျောက်သွားတာ။

နန်းစဉ်ပတ္တမြားကြီးနန်းတော်အတွင်းပျောက်သွားတယ်ဆိုတော့ ဒီနန်းတော်တွင်းသားတွေခိုးရမှာပဲ၊ အပြင်ဘက်ကလူဝင်ဖို့ဆိုတာ မလွယ်ဘူး၊ ဒီတော့ နန်းတွင်းသားတွေကို အကုန်လုံးဖမ်းချုပ်ပြီးတော့ နန်းတော်တွင်းအလုပ်,လုပ်နေတဲ့သူတွေမှန်သမျှ အပြင်မထွက်ရဆိုပြီးတော့ ဖမ်းချုပ်ပြီးတော့ အကုန်လုံး တစ်ချို့လက်ထိပ်ခတ်ခံရ၊ တစ်ချို့ခြေထိပ်ခတ်ခံရ၊ တစ်ချို့အချုပ်ထဲ၊ တစ်ချို့ထောင်ထဲပေါ့၊ အဲလိုဖြစ်ကုန်တာ။

အဲဒီတော့-အရှင်အာနန္ဒာက နန်းတော်တွင်းကို မကြာမကြာဝင်ထွက်ပြီးတော့သွားလာနေတာဖြစ်တော့၊ “အင်း-ဒီပတ္တမြားကြီးယူတာကတော့လည်း ဒီနန်းတော်တွင်းကလူတွေယူတာပဲဖြစ်မှာပဲ. .၊ တစ်စုံတစ်ယောက်ယူထားတာတော့ မှန်လိမ့်မယ်၊ သို့သော် ပေါ်မှာလည်းမဟုတ်ဘူး၊ ဒီပတ္တမြားကြီးယူတဲ့သူကလည်း လောဘဇောတပ်ပြီးတော့ ယူတုန်းကသာယူလိုက်တာ၊ ပြီးတော့သူပြန်ပြီးတော့ ရောင်းချဖို့ကလည်းမလွယ်ဘူး၊ ရောင်းရင်လည်းမိမှာပဲ၊ ပေါ်မှာပဲ၊ အသတ်ခံရမှာ၊ ဒီတော့ သူရောင်းမှာမဟုတ်ဘူး၊ သူဖျောက်ဖျက်ပစ်မှာပဲ တစ်နည်းနည်းနဲ့၊ အဲဒီလိုစဉ်းစားပြီး၊ အရှင်အာနန္ဒာရဲ့ အစီအစဉ်နဲ့ တင်းတိမ်ကန့်လန့်ကာ သုံးလေးငါးထပ်ကာပေါ့ လုံခြုံအောင်၊ နန်းရင်ပြင်မှာ၊ ကန့်လန့်ကာတွေကာပြီးတော့ အခန်းဖွဲ့၊ အခန်းဖွဲ့ပြီးတော့ အဲဒီအတွင်းမှာ ရာဝင်အိုးကြီးတစ်လုံးတည်၊ အဲဒီထဲရေတွေအပြည့်ထည့်ပြီးတော့ နန်းတော်တွင်းကလူတွေမှန်သမျှ တစ်ယောက်ပြီးတစ်ယောက် တစ်ယောက်ပြီးတစ်ယောက်၊ ဒီအထဲထဲဝင်ရမယ်၊ ဝင်ပြီးတော့ လက်မောင်းတိုင်အောင်ရေစိုပြီးတော့ ပြန်ထွက်လာရမယ်၊ စဉ့်အိုးထဲလက်နှိုက်ရမယ်ပေါ့၊ လက်မောင်းတိုင်အောင်၊ တံတောင်ဆစ်တိုင်အောင်ရေစိုပြီးတော့ ထွက်လာရမယ်၊ အဲ-အရှင်အာနန္ဒာက ဉာဏ်နဲ့ဆင်လိုက်တာ။

ပတ္တမြားကြီးယူထားတဲ့သူဟာ ပတ္တမြားကြီးကို ဒီထဲမှာ စဉ့်အိုးထဲချပစ်

http://www.dhammadownload.com



ထားခဲ့အောင်လို့ သူလည်းသက်သာ ဒီကလည်းပြန်ရ၊ ပတ္တမြားမဆုံး၊ ဒီလိုနည်းနဲ့ ဖြစ်အောင်ဆိုပြီးတော့ အရှင်အာနန္ဒာကဉာဏ်ဆင်ပြီးတော့လုပ်တာ၊ အဲဒါ-လုပ်တဲ့ အတိုင်းပတ္တမြားကြီးကပြန်ပြီးတော့ရတာပါပဲ၊ အဲဒီလို တစ်ယောက်ချင်း တစ်ယောက်ချင်းဝင်ရတာဆိုတော့ ပတ္တမြားကြီးခိုးထားမိတဲ့သူကလည်း၊ လောဘဇော တပ်ပြီးတော့ ယူမိယူရာ ယူသာထားတယ် ပြန်ပြီးထုခွဲရောင်းချဖို့မလွယ်ဘူးဆိုတာ သိတော့၊ သူလည်းစိတ်တွေပူ့၊ ကိုယ်တွေပူပြီးတော့၊ "ငါတော့သေတော့မှာပဲ ဒီပတ္တမြားကြီးငါ့လက်ထဲရှိနေ သေတော့မှာပဲ၊ ငါဘယ်နှယ့်လုပ်ရပါ့မတုန်း၊ ဘယ်လို ဖျောက်ဖျက်ပစ်ရပါ့မတုန်းလို့ ကြံနေတုန်း ခုနကလို အရှင်အာနန္ဒာက အစီအစဉ်နဲ့ စီစဉ်လိုက်တော့ သူသက်သာသွား၊ ဟန်ကျသွား။

သူဝှက်ပြီးတော့ယူလာပြီးတော့ ဒီအခန်းထဲ ကန့်လန့်ကာထဲဝင်တဲ့အခါ တစ်ယောက်ထည်းဝင်ရတာကိုး၊ ဘယ်သူမှပါရတာမဟုတ်တော့ သူတစ်ယောက် ထည်းဝင်လာပြီးတော့၊ သူ့ခါးပုံကြားက ဝှက်လာတဲ့ပတ္တမြားကြီးကို ထုတ်ပြီးတော့ စဥ့်အိုးထဲပစ်ချထားခဲ့၊ စဥ့်အိုးထဲလက်နှိုက်ရတာတော့ လူတိုင်းနှိုက်ရတာဆိုတော့၊ ဘယ်သူလို့မသိနိုင်တော့ဘူးပေါ့၊ အဲဒီလိုနဲ့ ပတ္တမြားကြီးပြန်ရသွားတာ။ အဲဒါ မရခင် တုန်းကတော့ ခုနကလိုဖမ်းဟာဆီးဟာ၊ ထိပ်တုံးခတ်ဟာ အချုပ်တွေနဲ့ချုပ် ဟာနဲ့လုပ်တာ။ ရဟန်းတော်တွေကကြားလာတော့ ဘုရားလျှောက်ကြတာကိုး။

"မြတ်စွာဘုရား. . . တစ်နန်းတော်လုံး နန်းတွင်းသူ နန်းတွင်းသားတွေ တစ်ချို့ကလက်ထိပ်ခတ်ခံရတယ်ဘုရား၊ တစ်ချို့ကထိပ်တုံးခတ်ခံရတယ်ဘုရား၊ တစ်ချို့က ထောင်ထဲအသွင်းခံရတယ်ဘုရား၊ ကြိုးအမျိုးမျိုးနဲ့၊ ထိပ်တုံးအမျိုးမျိုးနဲ့၊ လက်ထိပ်အမျိုးမျိုးနဲ့ တုတ်နှောင်ချည်ဖွဲ့တာတွေ အများကြီးတွေရပါတယ်ဘုရား"၊ လို့ ဆိုတော့ မြတ်စွာဘုရားက-

* နတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ, ယဒါယသံ ဒါရုဇံ ပဗ္ဗဇဉ္စ၊
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု, ပုတ္တေသု ဒါရေသုစ ယာ အပေက္ခာ။

တေံဒဠှံ ဗန္ဓနမာဟု ဓီရာ, ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ၊
တေမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ, အနပေက္ခိနော ကာမသုခံ ပဟာယ။ လို့၊

* သံ-၁၊ ၇၆။ (ဗန္ဓနသုတ်)

http://www.dhammadownload.com



တရားတစ်ပုဒ် မြတ်စွာဘုရားကလုပ်ပြီးတော့၊ လုပ်ထုံးတစ်ခုလုပ်ပြီးဟော ပြီးတော့ ဆုံးမတော်မူသွားတယ်၊ ဆေးစက်ကျရာအရုပ်ထင်အောင်ရေးနိုင်တဲ့ ပန်းချီဆရာ စွမ်းကြီးလိုပဲ. . . တဲ့။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးများကျ တော့ ဖြစ်ပေါ်လာတဲ့ အတ္ထုပ္ပတ္တိ ပြောလိုက်တဲ့စကားကိုမှီပြီးတော့ တရားတစ်ထုံး ဖြစ်အောင်ဟောနိုင်တယ်၊ ဒါ့ကြောင့် အခုရဟန်းတော်တွေက အချည်အတုတ် ခံရတယ်ဘုရား၊ ကြိုးတွေနဲ့အတုတ်ခံရတယ်ဘုရား၊ တစ်ချို့လက်ထိပ် ခတ်ခံရ တယ်ဘုရား၊ တစ်ချို့ ခြေထောက်ကိုချုပ်တာကျတော့ ထိပ်တုံးလို့ခေါ်တယ်၊ ထိပ် တုံးခတ်ခံရတယ်ဘုရား၊ အချုပ်ထဲအချခံရတယ်ဘုရား၊ ထောင်ထဲအချခံရတယ် ဘုရား၊ နဲ့လျှောက်ကြတော့၊ "ချစ်သားတို့. . . အခုသင်တို့ပြောတဲ့ အနှောင်အဖွဲ့ တွေ နှောင်ဖွဲ့တယ်ဆိုတာ ဟုတ်ပါတယ်. . . နှောင်ဖွဲ့ခံရတဲ့သူ မသက်သာဘူးဆို တာမှန်ပါတယ် သို့သော်. . . အဲဒီအနှောင်အဖွဲ့တွေထဲမှာ အဆိုးဆုံးဖြစ်တဲ့ အနှောင်အဖွဲ့ ငါဘုရားပြောမယ်. . . တဲ့။

ယံ အယသသံ-သံကြေးသတ္တု,အစုစုဖြင့်,ပြုစုကျစ်လိပ်,လက်ထိပ်သံ ခြေကျင်းဆိုတဲ့ အကြင်အနှောင်အဖွဲ့မျိုးသည်လည်းကောင်း၊ ယံ ဒါရုဇံ-တုံးတိုင် သစ်ဝါး,အစားစားဖြင့်,များပြားပြုလုပ်,အချုပ်ထောင်, ထိပ်တုန်းစတဲ့, အသားဖြင့် ပြုလုပ်အပ်တဲ့အနှောင်ဖွဲ့မျိုးသည်လည်းကောင်း၊ ယံ ပဗ္ဗဇ-မြက်လျှော်အုန်းဆံ, အတန်တန်ဖြင့်,ဖန်ဖန်စစ်စစ်,ကျစ်ထားရရိုး,ကြိုးစတဲ့,အကြင်အနှောင်အဖွဲ့မျိုး သည်လည်းကောင်း၊ အတ္ထိ-လောကလုံးတွင်,အသုံးဝင်၍,ထုံးစဉ်အနေရှိမဲ့ပါပေ၏၊ တေံ ဗန္ဓနံ-ဤဆိုအပ်ကုန်တဲ့,ထိုအလုံးစုံသောအနှောင်အဖွဲ့ကို၊ ဒဠှံ-မဖြုတ်ဖျက် နိုင်, မြဲခိုင်တဲ့ အနှောင်အဖွဲ့ဟူ၍၊ ဓီရာ-ဤလောကကို, လွှမ်းခြုံသိမြင်, ပညာ ရှင်တို့က၊ နအာဟု-ခွန်းဟနှုတ်ချို, မိန့်ဆိုတော် မမူကြကုန်။

အခု-ချစ်သားတို့ပြောတဲ့ကြိုးနဲ့တုတ်တယ်ဘုရား၊ လက်ထိပ်တွေ,ခြေထိပ် တွေဆိုတဲ့အနှောင်အဖွဲ့တွေရှိပါတယ်. . . တဲ့ ဟုတ်ပါပေတယ်။ နှောင်ဖွဲ့ကြတယ် ဆိုတာမှန်ပါပေတယ်။ သံနဲ့သတ္တုတို့ကြေးတို့ပြုလုပ်ထားတဲ့အဲဒီလက်ထိပ်တို့, ခြေ ထိပ်တို့ဆိုတဲ့အနှောင်အဖွဲ့တွေ။ အသားနဲ့ပြုလုပ်ထားတဲ့ထိပ်တုံးတွေတို့,အချုပ်ခန်း ကြီးတို့,ထောင်ကြီးတို့ဆိုတဲ့အနှောင်အဖွဲ့တွေ၊ ဒါအသားနဲ့ပြုလုပ်ထားတာကိုးသူတို့ ကတော့၊ သံနဲ့ပြုထားတာကခုန လက်ထိပ်တွေပေါ့၊ ကြေး,သတ္တုတွေနဲ့ပြုလုပ်ထား တာ၊ နောက်-ကြိုးနဲ့ပြုလုပ်ထားတဲ့အခုကာလနိုင်လွန်ကြိုးတွေပေါ့။ အုန်းဆံ,

http://www.dhammadownload.com



မြက်လျှော်ဆံတွေခိုင်အောင်ကျစ်ထားတဲ့ကြိုးတွေဆိုတဲ့အနှောင်အဖွဲ့တွေရှိပါပေတယ်. . . တဲ့၊ အဲဒီအနှောင်အဖွဲ့တွေမှန်သမျှ သူများကလာပြီးတော့နှောင်ဖွဲ့တဲ့အနှောင်အဖွဲ့၊ မဖြုတ်ဖျက်နိုင်, မြဲခိုင်တဲ့အနှောင်အဖွဲ့လို့ မဆိုရဘူး. . . မဆိုနိုင်သေးဘူးတဲ့။

ဘယ်လောက်ခိုင်တယ်ပြောပြော ပကတိဓားနဲ့ဖြတ်,ပြတ်တယ်၊ ဘယ်လောက်ခိုင်တယ်ပြောပြော အဲဒီသံကြိုး,သတ္တုနဲ့ပြုလုပ်ထားတဲ့လက်ထိပ်တွေလည်း ခုနကပြောတဲ့သံတူစွင်းတို့ စိုတို့ပေါက်တူးတို့နဲ့ဖြတ်ရင်ပြတ်တယ်။ ထောင်ကြီးတွေ အချုပ်ခန်းကြီးတွေဘယ်လောက်လုံတယ်ပြောပြော ဖျက်ဆီးရင် ပျက်တယ်။ ရုန်းထွက်ရင်လွတ်တယ်။ နောက်ဆုံးကဲ-မရုန်းနိုင်ဘူးထား၊ အဲဒီကြိုးတို့လက်ထိပ်တို့နဲ့ခတ် လို့နှောင်ဖွဲ့ထားတဲ့အနှောင်ဖွဲ့ မိထားတာတွေဟာ တစ်ဘဝပဲနှောင်ဖွဲ့နိုင်တယ်. . . တဲ့၊ နောက်ဘဝတွေဆက်ပြီး တော့လိုက်ပြီးတော့ မနှောင်ဖွဲ့နိုင်ဘူး၊ သေရင်ပြီးတာပဲ၊ ကိုယ့်တစ်သက်လုံးနှောင်ဖွဲ့ထား သေပြီးရင်လွတ်သွားတာပဲ၊ ဟိုဘက်ဘဝ လိုက်ပြီးတော့သူမတုပ်နိုင်ပါဘူးတဲ့, သူများအနှောင်အဖွဲ့က။

မဏိကုဏ္ဍလေသု-ပတ္တမြားနားဒောင်း, ရောင်ပေါင်းဖြာဖြာ, အကြင်အတွင်းဥစ္စာပစ္စည်းတို့၌လည်းကောင်း၊ ပုတ္တေသု-အသက်တစ်မျှ,ချစ်မဝတဲ့,သားလှရတနာ, သမီးလှရတနာလေးတို့၌လည်းကောင်း၊ ဒါရေသု-ဘဝကြင်ဖော်, ခေါ်ဝေါ်ကြလျှင်း, သမီးခင်ပွန်း, အချင်းချင်းတို့၌လည်းကောင်း၊ သာရတ္တရတ္တာ-မခွါနိုင်စွဲ,မခွဲနိုင်ချစ်, မပစ်ရက်နိုင်ခြင်းဟူသော၊ ယာ အပေက္ခာ-ငဲ့ကွက်တွယ်တာ, အကြင်ကာမတဏှာစတဲ့, သံယောဇဉ်ကြိုးသည်။ အတ္ထိ-လောကလုံးတွင်, အသုံးဝင်လို့မို့,ထုံးစဉ်အနေ, ရှိနေခဲ့ပါပေ၏၊ ဓီရာ-ဗန္ဓနံ-ဤဆိုအပ်ခဲ့တဲ့ အနှောင်ဖွဲ့မျိုးကိုသာလျှင်။ ဓီရာ-ဗန္ဓနံ-ကိုယ့်ကိုယ်ကိုချည်တုပ်နေတဲ့,ဤ အနှောင်အဖွဲ့မျိုးကိုသာလျှင်၊ ဒဠှံ- မဖြုတ်ဖျက်နိုင်,မြဲခိုင်သောအနှောင်အဖွဲ့ဟူ၍၊ သိထိလံ ဒုပ္ပမုဉ္စံ-ချည်တုပ်ပုံ လျော့ရဲရဲနဲ့, ဖြုတ်နိုင်ခက်တဲ့ အနှောင်အဖွဲ့ဟူ၍၊ ဩဟာရိနံ-အပါယ်ငရဲ, နရက်ထဲသို့, ချဆွဲပို့ဆောင်တတ်တဲ့, အနှောင်အဖွဲ့ဟူ၍၊ ဓီရာ-ဤလောကဘုံ, လွှမ်းခြုံသိမြင်, ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့က။ အာဟု-ခွန်းဟနှုတ်ချို, မိန့်ဆိုတော်မူကြ ပေကုန်သတည်း. . .။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com



အေး-ခုနကပြောဆိုခဲ့တဲ့ ကိုယ့်ကိုယ်ကို ချည်တုပ်ခြင်းလို့ဆိုတဲ့၊ မဏိကုဏ္ဍလေသု-ပတ္တမြားနားဒောင်း,ရောင်ပေါင်းဖြာဖြာ, အကြင်အတွင်း ဥစ္စာပစ္စည်းတို့၌ လည်းကောင်း. .၊ အတွင်းဥစ္စာပစ္စည်းလို့ဆိုတဲ့ခုငွေတွေပေါ့၊ အခုဒကာဒကာမတွေ ဆွမ်းကပ်လိုက်လို့ကုန်သွားတဲ့ ငွေတွေ,ရွှေတွေ, ကျောက်သံပတ္တမြားတွေကစပြီးတော့ အတွင်းဥစ္စာပစ္စည်းလို့ခေါ်တဲ့ပစ္စည်းတွေအပေါ်မှာ, တွယ်တာနေတဲ့, မက်မောနေတဲ့ ငါ့ပစ္စည်းငါ့ဥစ္စာ,ငါ့ဟာလို့ခင်မင်တွယ်တာနေတဲ့ကြိုး,အနှောင်အဖွဲ့, အချည်အတုပ်။

ပြီးတော့သားလေးတွေ,သမီးလေးတွေ,မြေးလေးတွေ,မြစ်ကလေးတွေစတဲ့ပုဂ္ဂိုလ်တွေပေါ်မှာ,ချည်တုပ်နေတဲ့ ငါ့သား,ငါ့သမီး,ငါ့မြေး,ငါ့မြစ်ရယ်လို့ချည်တုပ်ထားတဲ့ကြိုး၊ ချည်တုတ်ထားတဲ့အနှောင်အဖွဲ့၊ မိမိတို့သမီးခင်ပွန်းအချင်းချင်းဘဝကြင်ဖော်ခေါ်ဝေါ်ကြလျှင်း၊ သမီးခင်ပွန်းအချင်းချင်းတို့အပေါ်၌ချည်တုပ်ထားတဲ့အနှောင်အဖွဲ့ကစပြီးတော့ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ချည်တုပ်တဲ့ သံယောဇဉ်ကြိုးဆိုတဲ့ အနှောင်အဖွဲ့တွေကမှ၊ ဒဠှံ-မဖြုတ်ဖျက်နိုင်,မြဲခိုင်သောအနှောင်အဖွဲ့ဟူ၍. . ဖြုတ်ဖို့မလွယ်တဲ့အနှောင်အဖွဲ့တဲ့၊ ပကတိဓားနဲ့ဖြတ် မပြတ်ဘူး၊ ပကတိ ပေါက်ဆိန်ကြီးနဲ့ပေါက်ဖြတ် မပြတ်ဘူးသူက။ ဒါတင်မကသေးဘူးတဲ့၊ **သိထိလံ ဒုပ္ပမုဉ္စံ**-ချည်တုပ်ပုံ,လျော့ရဲ့ရဲ့နဲ့, ဖြုတ်နိုင်ခက်တဲ့ကြိုးဟူ၍. . .။

ချည်ထားတာကတော့လျော့လျော့လေးရယ်. . တဲ့၊ ချည်ထားလို့တောင်ချည်ထားမှန်းမသိဘူး၊ ကိုယ့်ကြိုးတွေနဲ့တုပ်ထားလို့တောင်တုတ်ထားမှန်းမသိဘူး၊ လျော့လျော့လေးလို့ထင်ရတယ်၊ သို့သော်-ရှုန်းကြည့်မှတင်းမှန်းသိတယ်၊ ရှုန်းကြည့်ပြီဆို တင်းမှန်းသိ၊ မြင်းခြံကနေပြီးတော့ဒီကိုသွားဖို့ဆွမ်းကပ်ဖို့သွားမယ်လာမယ်ဆိုလိုက်ရင်လည်းပဲ အိမ်စိတ်မချရတာနဲ့၊ ဒီအတွင်းမီးဘေးများသင့်နေမှာလား၊ ရေဘေးများသင့်နေမှာလား၊ဟိုကိစ္စဒီကိစ္စတွေကများလာနေမှာလားနဲ့၊ အတွင်းပစ္စည်းဥစ္စာရတနာလေးတွေရှိ သာဆိုးသေး,မထွက်နိုင်ဘူး၊ ဝေးဝေးမခွာနိုင်ဘူး၊ အဲဒီပစ္စည်းလေးပျောက်သွားမှာ ပျက်သွားမှာစိုးတယ်၊ တခါတည်းမြင်းခြံကနေပြီးတော့ ခွါပြီးတော့ ရောက်ရာပေါက်ရာ ပျော်ရာနေတော့မယ်ဆိုတဲ့အနေမျိုးနဲ့များ ပိုဝေးသေးတယ် မသွားနိုင်ဘူး၊ ငါ့အိမ် ငါ့ယာ ငါ့လယ်ယာ,ငါ့ကိုင်းကျွန်းရှိသေးတယ်ကိုးကြိုးတွေနဲ့တုပ်ထားတာ။

အဲဒီလိုနည်းအားဖြင့် ပစ္စည်းဥစ္စာရတနာတွေအပေါ်မှာတွယ်တာတဲ့ကြိုး. . တဲ့၊ ချည်တုပ်ပုံလျော့ရဲ့ရဲ့နဲ့ဖြုတ်နိုင်ခက်တဲ့ကြိုး၊ သားသမီးသံယောဇဉ်အဖြစ်

http://www.dhammadownload.com



နဲ့ ချည်တုပ်ထားတဲ့ကြိုး၊ ချည်တုပ်ပုံလျော့ရဲ့ရဲ့နဲ့ ဖြုတ်နိုင်ခက်တဲ့ကြိုး၊ ဒါတင်မကသေးဘူးပိုဆိုးတာက ဩဟာရိနံ-အပါယ်ငရဲ့နရက်ထဲသို့ ချဲ့ဆွဲပို့ဆောင်တတ်တဲ့ကြိုးဟူ၍. . . ပကတိလောကမှာကြိုးနဲ့အတုပ်ခံရတာတို့၊ အချုပ်ထဲအချခံရတာတို့၊ ထောင်ထဲအချခံရတာတို့က အပါယ်လေးပါးထိ ဆွဲချတဲ့ကြိုးမဟုတ်ဘူး. . တဲ့ အဲဒီကြိုးက၊ ထောင်ထဲရောက်နေလည်း ထောင်ထဲကိုယ်က တရားနှလုံးသွင်းပြီးတော့ကောင်းကောင်းနေ အပါယ်မကျနိုင်ဘူး၊ ကြိုးတွေနဲ့လက်ဘယ်လောက်တုတ်ထားထား၊ အဲဒီကြိုးတွေက ကိုယ့်အပါယ်လေးပါးကျအောင်မဆွဲနိုင်ဘူး ပကတိကြိုးတွေက။

ခုနကသားသံယောဇဉ်၊သမီးသံယောဇဉ်၊ဥစ္စာပစ္စည်းသံယောဇဉ်၊ တွယ်ပြီးတော့သေခါနီးသားစွဲ သမီးစွဲ ရွှေစွဲ ငွေစွဲနဲ့သေသွားရင်တော့ အပါယ်လေးပါးကျွမ်းထိုးကျမယ်၊ ဥစ္စာပစ္စည်းကနေဆွဲဆောင့်ချလိုက်တာပြိတ္တာဘောင်ရောက်သွား၊ ဥစ္စာစောင့်ကြီးဖြစ်သွား၊မြေဘုတ်ဘီးလူးကြီးဖြစ်သွား စသည်ဖြင့်နောက်ဆုံးအိမ်မှာခိုကပ်နေရတဲ့ အိမ်မြှောင်တောက်တဲ့ ခွေး,ဝက်,ကြွက်,လာပြီးတော့ ဖြစ်တတ်တယ်၊ အဲဒါအပါယ်လေးပါးဆွဲချလိုက်တာပဲ ဒီကြိုးက၊ ဒါ့ကြောင့်- ဩဟာရိနံ-အပါယ်ငရဲ့နရက်ထဲသို့,ချဲ့ဆွဲပို့ဆောင်တတ်တဲ့ကြိုးဟူ၍၊ ဖြုတ်လို့ကလည်းမလွယ်ဘူး၊ အဖြုတ်ကလည်းခက်လိုက်တာ၊ ချည်းထားပုံလျော့ရဲ့ရဲ့နဲ့ ရှုန်းကြည့်မှတင်းမှန်းသိတဲ့ကြိုး၊ အပါယ်လေးပါးနရက်ထဲသို့ချဲ့ဆွဲပို့ဆောင်တတ်တဲ့ကြိုး၊ အဲဒီကြိုးမျိုးကိုသာလျှင်၊ဒဠှံ-မဖြုတ်ဖျက်နိုင်, မြဲခိုင်တဲ့ကြိုးဟူ၍၊ သိထိလံ ဒုပ္ပမုဉ္စံ-ချည်တုပ်ပုံလျော့ရဲရဲနဲ့, ဖြုတ်နိုင်ခက်တဲ့ ကြိုးဟူ၍၊ မီရာ-ဤလောကဘုံ,လွှမ်းခြုံသိမြင်, ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူတို့က၊ အာဟု-ခွန်းဟန္ဒုတ်ချီ, မိန့်ဆိုတော်မူကြပေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့-ဒီနေ့မန္တလေးမြို့ စိန်ပန်းရပ်ကလာတဲ့ မနက်ဆွမ်းကုသိုလ်ရှင်တွေ, မြင်းခြံမြို့နယ် တံတိုင်းရွာကလာတဲ့ နေ့ဆွမ်းကုသိုလ်ရှင်၊ ရဟန်းခံမင်္ဂလာပြုကြတဲ့ ကုသိုလ်ရှင်တွေ၊ ဝက်လက်မြို့နယ် သမန်သာရွာကလာကြတဲ့ ကထိန်အလှူရှင် ကုသိုလ်ရှင်တွေ ဒီနေ့ကြိုးရှုန်းကြတယ်. . . တဲ့၊ ဖြုတ်နိုင်ခက်တဲ့ကြိုးရှုန်းကြတာ။ အဖြေခက်တဲ့ကြိုးကိုရှုန်းကြတာ၊ အဲဒီလိုရှုန်းရင်းနဲ့ အကုန်ခံတာမို့လို့ ရှုန်းကုန်, ကုန်တဲ့နေ့. . . ၊ ဆိုလိုက်စမ်းပါ့အုန်း-

http://www.dhammadownload.com



❖ သုံးကုန်-ဖြုန်းကုန်, ရှုံး-ဆုံးတုန်, အကုန်မမြတ်ပေ၊
ရှုန်းကုန်-ကုန်မှ, မြတ်ပါလှ, ဗုဒ္ဓဟောခဲ့ပေ၊
အနှောင်ဟူသမျှ, ဖြတ်ပယ်ကြ, ရှုန်းကြ ကန်ကြလေ။

အဲဒီလိုနည်းနဲ့ ဒါရှုန်းကုန်,ကုန်တဲ့နေ့၊ ရှုန်းရင်းကန်ရင်းနဲ့ အကုန်ခံတဲ့နေ့ မို့လို့ မြတ်သောအကုန်ခံတဲ့နေ့၊ ကိုယ့်လက်ထဲရှိတဲ့ပစ္စည်း၊ မြတ်သောကုန်ခြင်းကြီးနဲ့ ကုန်အောင်ပြုရင်းနဲ့ တပည့်တော်တို့ အချည်အတုပ်တွေကို ဖြေဖြုတ်ပြီးတော့ ရှုန်းကန်ကြပါကုန်၏။ ဤကဲ့သို့ အချည်အတုပ်တွေကို ဖြေဖြုတ်ရှုန်းကန်သော အားဖြင့် ကြိုးပမ်းအားထုတ်ပြုလုပ်ရတဲ့ **အရုဏ်**ဆွမ်းကပ်ခြင်း, နေ့ဆွမ်းကပ်ခြင်း၊ ရဟန်းခံမင်္ဂလာဆင်ယင်ကျင်းပ၍၊ ရဟန်းလောင်းအား စုံလင်စွာသော ပစ္စည်း တို့ဖြင့် ဆက်ကပ်လှူဒါန်းရခြင်း၊ သိမ်ဝင်သံဃာတော် အပါး(၃၀)တို့အား၊ ငွေကျပ် သုံးသောင်း၊ နဝကမ္မအလှူတော်နှင့်တကွ၊ ဓမ္မပူဇာသက်န်းဒွိစုံ၊ နဝကမ္မ အလှူတော် တို့ဖြင့် လှူဒါန်းပူဇော်ရကြောင်း မဟာဘုံကထိန်တော်ကြီးအတွက် သက်န်းများ နဝကမ္မများလှူဒါန်းရကြောင်း ကောင်းမှုစေတနာအဖြာဖြာတို့ကြောင့်။

ဤကဲ့သို့ အချည်အတုပ်တွေကို ဖြေဖြုတ်ရင်း မြတ်သောအကုန်နဲ့, ကုန်သွားတော်မူတတ်ကြတဲ့ ရှေးရှေးသော ဘုရား, ပစ္စေကာ, အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက်အပ်, ရအပ်, သိမြင်အပ်သော နိဗ္ဗာနစာတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ဆိုက်ရောက်ကြ ရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# * "ဥဂ္ဂသေနဝတ္ထု" ၂၂

# "သံသရာထပ် ကျွမ်းပတ် တရားတော်"

ဒီနေ့-ကုသိုလ်တွေက မဟာဂန္ဓာရုံကျောင်းတိုက်သို့ ခုနစ်ကြိမ်မြောက် (၇)နှစ်မြောက်လာပြီးတော့ ပြုကြတာ၊ ဒီတော့-အဲ ဒီလိုပြုခြင်းဖြင့် ဂန္ဓာရုံကျောင်းတိုက် သာသနာတော်ကို အခု ဦးယုရင်+ဒေါ်ကြင်လှိုင်တို့ ဦးဆောင်တဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေက ဆရာတော်ဘုရားကြီးရဲ့ သာသနာရှည်သထက်ရှည်အောင် တည်သထက်တည်အောင် ဒါထောက်ပံ့ရာရောက်တယ်။

အဲဒီလိုထောက်ပံ့နိုင်အောင်လည်း ဒီကနေပြီးတော့ တံတားဦးက ဓမ္မမိတ်ဆွေတွေဖြစ်တဲ့ ဒကာမ,ကြီးကြီးမေတို့ မသိန်းတို့ ဒေါ်စက်တို့ ဒေါ်လှတို့ကလည်း ဒီကနေ ပါရမီကူညီဖြည့်ကြတာပေါ့လေ၊ သူတို့ရဲ့အကူအညီနဲ့ သူတို့ရဲ့ အစီအမံနဲ့ မိမိတို့ခုနှစ်ကြိမ်ရှိပြီလို့ ဂန္ဓာရုံသာသနာတော်သက်ကြီးရှည်အောင် တစ်နေ့တာ, တစ်နေ့တာတာဝန်ယူပြီးတော့ ကြာရှည်လေးမြင့်စွာတည်ဖို့ အတွက်လည်း ထောက်ပံ့ပြီးလာခဲ့ကြတာ၊ အဲဒီလိုသာသနာတော်ကိုတာရှည်အောင် တစ်ထောင့်တစ်ကွေးက မိမိတို့ တတ်စွမ်းသမျှထောက်ပံ့ရင်းနဲ့ "တာရှည်အောင်ပြုရင်းနဲ့ တာရှည်အောင်ပြုတဲ့သူမဖြစ်စေနဲ့" တာရှည်အောင်ပြုရင်းနဲ့ တိုအောင်ပြုတဲ့သူဖြစ်ပါစေ-ဟောဒါ မန္တလေး မဟာဝိသုဒ္ဓါရုံ ရွှေကျင်ဒုတိယ သာသနာပိုင် စည်ရှင်ဆရာတော်ဘုရားကြီးက ဆုံးမသွားတဲ့စကား ပညာရှိစကားဆိုတာ အင်မတန်မှတ်သားစရာကောင်းတယ်။

အခုဦးယုရင် ဒေါ်ကြင်လှိုင်တို့နဲ့တကွ အားလုံးဓမ္မမိတ်ဆွေတွေက ဒီကျောင်းတိုက်သာသနာတော်ကို အခုလိုအဝေးကြီးကနေပြီး လာပြီးထောက်ပံ့လှူဒါန်းနေကြတာ ခုနှစ်ကြိမ်ရှိသွားပြီဆိုတော့ ဒါ-ဒီကျောင်းတိုက်သာသနာလို့သာ ပြောတာပါ ဘုရားသာသနာပါပဲ၊ ဒီတော့ ဘုရားသာသနာတော်ကြီးကို မကွယ်မပျောက် တာရှည်တည်အောင်ပြုရင်းနဲ့ မိမိတို့အတွက်က တာရှည်အောင် မပြုမိစေရဘူး၊ တိုအောင်ပြုမိစေရဟ ်၊ အဲဒါကို ဆရာတော်ကြီးကဆုံးမတာ "တာရှည်

*ဓမ္မ-၄-၂၊ ၃၄၀

http://www.dhammadownload.com



အောင်ပြုရင်းနဲ့ တာရှည်အောင် မပြုမိစေနဲ့၊ တာရှည်အောင်ပြုရင်းနဲ့ တိုအောင်ပြုမိကြပါစေ” တာရှည်အောင်ပြုရင်းနဲ့ တာရှည်အောင် ပြုမိတယ်ဆိုတာ သာသနာတော်ကိုတော့ အခုလိုထောက်ပံ့ လှူဒါန်းကော်ရော်ပူဇော်တော့ သာသနာတော် တာရှည်အောင်ပြုရာရောက်သွားတယ် ပစ္စည်းလေးပါးနဲ့ ထောက်ပံ့တာ။

အဲဒီလိုထောက်ပံ့ရတဲ့ ကောင်းမှုကြောင့် တပည့်တော်တို့ လူ့ဘဝအကြိမ်ကြိမ်,သူဌေးကြီးအကြိမ်ကြိမ်,သူဌေးကတော်ကြီးအကြိမ်ကြိမ်,နတ်ဘဝစည်းစိမ် အကြိမ်ကြိမ်ဖြစ်ရပါလို၏လို့များ ဆုတောင်းရင်၊ သို့မဟုတ်စိတ်က အဲဒီဘက်ညွတ်နေရင်၊ ကိုယ့်ရဲ့ဘဝအို,နာ,သေဆိုတဲ့ ဝဋ်ဒုက္ခကြီးရှည်အောင် ပြုရာရောက်သွားတယ်. .၊ ဟော-ဒါ့ကြောင့် ကောင်းသင့်သလောက် မကောင်းဘူး၊ သာသနာတော်တာရှည်အောင်ပြုတာတော့ကောင်းတယ်၊ ကိုယ့်ရဲ့ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာတွေ တောင့်တပြီးတော့ပြုနေမိရင် ကိုယ့်ရဲ့ဝဋ်ဒုက္ခကြီးလည်း ရှည်အောင်ပြုနေရာရောက်လို့ “ရှည်အောင်ပြုရင်းနဲ့ ရှည်အောင်ပြုရာမရောက်စေနဲ့”. . . ဒါဆုံးမတာ ဆရာတော်ကြီးက။

ဒီတော့-ရှည်အောင်မပြုနဲ့ဆိုတော့ တိုအောင်ပြုပေါ့၊ သာသနာတော်ကို ရှည်အောင်လို့၊ သာသနာတော်ကြီး ကြာရှည်လေးမြင့်စွာရှည်အောင်လို့ ပစ္စည်းလေးပါးနဲ့ထောက်ပံ့ရင်းနဲ့ တပည့်တော်တို့ ဒီလိုထောက်ပံ့လိုက်ရတဲ့ ကုသိုလ်ကောင်းမှု စေတနာစုကြောင့် အို,နာ,သေရေး, ဒုက္ခဘေးကြီးတွေနဲ့ ထွေးနေတဲ့ သံသရာဝဋ်ဇာတ်ကြီး တိုပါရစေ. . . လွတ်ပါရစေ မြန်မြန်။ အဲဒီလိုနိဗ္ဗာန်ကိုရည်မှန်းပြီး စိတ်ညွတ်လိုက်ရင်, သံသရာရဲ့အပြစ်ကိုမြင်လိုက်ရင်၊ ဒီကုသိုလ်ကောင်းမှုတွေဟာ နိဗ္ဗာန်ဘက်ကို တွန်းအားပေးသွားတဲ့ကုသိုလ်ဖြစ်တယ်။ နိဗ္ဗာန်ဘက်ပို့တဲ့ ကုသိုလ်တွေဖြစ်သွားတယ်၊ ဒီလိုမဟုတ်ဘဲနဲ့ နတ်ဘဝစည်းစိမ်တို့, လူ့ဘဝစည်းစိမ်တို့, အဲဒါတွေခံစားချင်,စံစားချင်တဲ့စိတ်တွေက အဲဒီဘက်ညွတ်နေတယ်ဆိုရင် ဒီကုသိုလ်တွေက အဲဒီပို့တော့တာပဲ၊ ဒါကိုစာလိုပြောတော့-ဝဋ္ဋနိဿိတကုသိုလ်ဖြစ်ကုန်ပြီ။ ဘုရားက ဝဋ္ဋနိဿိတကုသိုလ်ဖြစ်ကုန်တယ်ဟဲ့ တဲ့။ အဲဒါ ဝဋ်ထဲလည်းမယ့်ကုသိုလ်တွေဖြစ်ကုန်ရော။

လူ့ဘဝ,နတ်ဘဝ, ဗြဟ္မာဘဝ,မို့လို့တော်တော့တော်ပါရဲ့,ပေါ့လေ-အပါယ်

http://www.dhammadownload.com



ဝေးဘုံနဲ့စာရင်၊ သို့သော်-အိုမှု၊ နာမှု၊ သေမှုကြီးကမလွတ်ဘူး၊ ဒါကြောင့်သူက လည်းပဲမကောင်းသေးဘူး၊ မကောင်းလှသေးဘူး၊ ဒါကြောင့်-ဝဋ်သံသရာကြီးတို အောင်ပြုတတ်ရတယ်၊ ဝဋ်သံသရာကြီးတိုအောင်ပြုတတ်တော့ ဒီဝဋ်သံသရာကြီး ပေါ်မှာညီးငွေ့တဲ့ဉာဏ်ဝင်ရတယ်၊ အဲဒီဝဋ်သံသရာလို့ခေါ်တဲ့သုံးဆဲ့တစ်ဘုံနဲ့ သုံးဆဲ့တစ်ဘုံတွင်းရှိနေတဲ့သတ္တဝါတွေလို့ခေါ်ရတဲ့ရုပ်နာမ်ခန္ဓာပေါ်မှာ အပြစ်မြင် ရတယ်၊ ငြီးငွေ့ရတယ်, ထိတ်လန့်ရတယ်, အဲဒီလိုအပြစ်မြင်ပြီးပြုတော့မှ လွတ်ချင် စိတ်ပေါ်လာတယ်။

ဒီတော့ သုံးဆဲ့တစ်ဘုံကိုအပြစ်မြင်ဖို့, သုံးဆဲ့တစ်ဘုံတွင်းနေရတဲ့ရုပ်နာမ် ခန္ဓာတွေကို အပြစ်မြင်ဖို့၊ ဘုရားရှင်နည်းမျိုးစုံနဲ့ ဟောတော်မူတဲ့အနက်က- တပည့်တော်တို့ ဒီနေ့-ကြုံးပမ်းအားထုတ်ပြုလုပ်ရတဲ့ စေတနာစုအားကြီးသည့် . . တပည့်တော်တို့အား အမျိုးမျိုးကျွမ်းထိုးပြီးကျွမ်းပတ်နေရတဲ့ အဖြစ်ဇာတ်ကြီးမှ လွတ်လတ်ဖို့ရာ ဖြစ်ပါစေသား. . . ရာဝင်စဥ့်အိုးကြီးထဲက၊ ကျွမ်းထိုးကောင်တွေ လို ကျွမ်းအမျိုးမျိုးထိုးပြီးတော့ နိမ့်လိုက်, မြင့်လိုက်ဖြစ်နေရတဲ့ ကျွမ်းပတ်နေရတဲ့ အဖြစ်ဇာတ်ကြီးမှ လွတ်လတ်ဖို့ရာ ဖြစ်ပါစေသား. . . လို့ ဟောဒီလိုစိတ်ညွတ်ကြ။

ရာဝင်စဥ့်အိုးကြီး-ရေတွေလှောင်ထားတာ၊ ရေတွေကလည်းပုပ်သိုးနေပြီ အဲဒီထဲကျွမ်းထိုးကောင်တွေ- ဒကာ ဒကာမတွေ စဥ့်အိုးကြီးသွားပြီးငုံ့ကြည့်လိုက် ရင် တခါထဲ-ကျွမ်းထိုးကောင်တွေ ကျွမ်းပတ်,ကျွမ်းပတ်, ကျွမ်းပတ်,ကျွမ်းပတ်ပြီး တော့ အထက်တက်လာတဲ့အကောင်ကတက်၊ အောက်မြုပ်သွားတဲ့ကောင်ကမြုပ်၊ ဟိုတစ်သိုက်က အောက်မြုပ်သွား၊ ဒီတစ်သိုက်က အပေါ်တက်လာ၊ ဟိုတစ်သိုက် ကဘေးဆီကျွမ်းထိုးသွားနဲ့ မြင်လိမ့်မယ်။

အဲဒီလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကသုံးဆယ့်တစ်ဘုံဆိုတဲ့ ရာဝင်စဥ့် အိုးကြီး၊ ဘုန်းကြီးတို့နေထိုင်တဲ့သုံးဆဲ့တစ်ဘုံကြီးက ရေပုပ်ရေသိုးတွေလှောင်ထား တဲ့ ရာဝင်စဥ့်အိုးကြီးနဲ့တူတယ်၊ ယနေ့ဆွမ်းဒကာ ဆွမ်းအမတွေအပါအဝင် သုံး ဆယ့်တစ်ဘုံနယ်တခွင်မှာ ကျင်လည်နေကြတဲ့ ရုပ်နာမ်ခန္ဓာရနေကြတဲ့ သတ္တဝါ တွေက ကျွမ်းထိုးကောင်တွေနဲ့တူကြတယ်၊ ကျွမ်းပတ်နေကြတာ၊ ကျွမ်းထိုးနေကြ တာ၊ ကျွမ်းထိုးရင်းနဲ့မြုပ်သွားလိုက်၊ တစ်ချိုကပေါ်လာလိုက်။

ဘုန်းကြီးတို့ ရေအိုးကြီးအပေါ်ကစီးပြီးတော့ ကြည့်တဲ့အခါ၊ ကျွမ်းထိုး

http://www.dhammadownload.com



ကောင်တွေကိုမြင်ရသလိုပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူကလည်း သုံးဆယ့်တစ်ဘုံ ရာဝင်စဉ့်အိုးကြီးထဲမှာ သတ္တဝါတွေကိုမြင်တော်မူကြတယ်. . . တဲ့၊ မြင်တော်မူကြတယ်၊ ကျွမ်းပတ်နေကြရတယ်၊ ကျွမ်းပတ်နေတယ်ဆိုတာ ဘာပြောတာတုန်းလို့ဆိုတော့-ကျွမ်းထိုးတယ်, ကျွမ်းပတ်တယ်ဆိုတဲ့ လူတွေ ကြည့်ပဲ့လား၊ ပထမ-မြေပေါ်မှာ မတ်မတ်ရပ်တဲ့ပြီးတော့၊ တခါထဲ-ရှေ့ကျွမ်းပစ်မှာ ဖြင့် ရှေ့ကျွမ်း-လေထဲခုန်တဲ့ပြီးတော့ ရှေ့ကျွမ်းပစ်လိုက်တာ၊ ခေါင်းကအောက် ရောက်၊ ခြေထောက်ကအပေါ်ရောက် နောက်တခါ ခြေထောက်ကပြန်လည်လာ ပြီးတော့ ဖျတ်ဆိုမြေပေါ်ပြန်ကျ၊ ဒါကျွမ်းတစ်ပတ်ရသွားတာပဲ။

နောက်ကျွမ်းပစ်မှာဖြင့်လည်း တခါထဲလေထဲခုန်တဲ့ပြီးတော့ နောက်ကျွမ်း ပစ်လိုက်တာ၊ ခြေထောက်ကအပေါ်ရောက်,ခေါင်းကအောက်ရောက်လာပြီးတော့ မှ တစ်ပတ်ပတ်ပြီးတော့ ဒီနေရာမြေပေါ်ပြန်ကျ ဖျတ်ကနဲ့၊ ဒါကျွမ်းတပတ်လည် တယ်ခေါ်တာ၊ အဲလိုပေါ့-အဲဒီလူက ကျွမ်းအပတ်ပေါင်းများစွာ သူကပစ်တတ် လို့ရှိရင်လည်း တခါထဲ အထက်ကောင်းကင်ထဲမှာ တစ်ချီကျတော့ တစ်ပတ်မက ဘူး၊ နှစ်ပတ်သုံးပတ်၊ ဒီလို-အားနဲ့တခါထဲခုန်တဲ့ပြီးတော့ ကျွမ်းနှစ်ပတ်သုံးပတ် လည်တဲ့ပြီးမှပြန်ကျ၊ ဒါကျွမ်းတစ်ပတ်လည်တယ်၊ ကျွမ်းနှစ်ပတ်လည်တယ်၊ ကျွမ်း သုံးပတ်လည်တယ်ခေါ်တာပေါ့။

အဲဒီလိုပဲ ယနေ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ၊ အခုဇာတိလို့ ခေါ်တဲ့ အမိဝမ်းခေါင်းပဋိသန္ဓေတည်နေကိန်းအောင်းတဲ့အဖြစ်ကနေပြီးတော့ အခု ထွက်လာခဲ့ကြတာ၊ ထွက်လာပြီးတော့ အိုခြင်း-လည်သွားပြီ။ နာခြင်း-လည်နေပြီ၊ သေခြင်း,နောက်ဆုံးလည်တဲ့ပြီးတော့ဖျတ်ဆိုဘယ်ပြန်ကျတုန်း ဇာတိ. . .၊ဇာတိ မြေပေါ်ကနေပြီးတော့အထက် ခုန်ပြီးတော့ ကျွမ်းတစ်ပတ်ပစ်လိုက်တာ ဇရာခေါ် တဲ့ အိုခြင်း အမျိုးမျိုးနဲ့ကြုံ၊ ဗျာဓိခေါ်တဲ့ နာခြင်းအဖုံဖုံနဲ့တိုး၊ နောက်ဆုံး-မရဏခေါ် တဲ့ သေခြင်းအမျိုးမျိုးနဲ့ကြုံပြီးတော့ ဖျတ်ကနဲ့ဆို အမိဝမ်းခေါင်းထဲပြန်ရောက်သွား ပြန်ရော၊ ခုနကျွမ်းတစ်ပတ်လည်တဲ့လူ၊ မတ်တတ်ရပ်ရက်ကနေပြီးတော့ လေထဲခုန် တဲ့ပြီးတော့ ပတ်လိုက်တာ တစ်ပတ်လည်ပြီးတော့ ဒီပေါ်ပြန်ကျတယ်။

အဲဒါလိုပဲ-ဖြစ်,အို,နာ,သေ, လေးတွေရစ်ပတ် ကျွမ်းအထပ်ထပ်ထိုးပြီး တော့နေကြတဲ့သတ္တဝါတွေ. . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ အားလုံး

http://www.dhammadownload.com



သောသတ္တဝါတွေကျွမ်းပတ်နေကြရတယ်၊ ဇာတိခေါ် တဲ့ပဋိသန္ဓေတည်နေကိန်း အောင်းမှု ဝါ-ရုပ်သစ်နာမ်သစ်ဖြစ်ပေါ် မှုကနေတဲ့ပြီးတော့၊ ခုန်ပြီးတော့ ဇရာ,ဗျာဓိ, မရဏ-အို ခြင်း, နာခြင်း သေခြင်းတွေ လည်ပြီးတော့၊ နောက်တခါဘယ်ပြန်ရောက် လာတုန်းဆိုတော့ ရဟန္တာမဖြစ်သေးသမျှ, ရဟန္တာမ,မဖြစ်သေးသမျှ ဇာတိပြန် ကျလာတာပဲ၊ဌာနပြောင်းတာပြောင်းချင်ပြောင်းသွားမယ်၊ဇာတ်ပြောင်းချင် ပြောင်း သွားမယ်၊ ဘဝပြောင်းချင်ပြောင်းသွားမယ်။

ဌာနပြောင်းတယ်ဆိုတာ၊ လူ့ဘုံကနတ်ဘုံဖြစ်ချင်ဖြစ်မယ်၊ နတ်ဘုံကတိ ရစ္ဆာန်ဘုံရောက်သွားတာ ဖြစ်ချင်ဖြစ်မယ်၊ ဇာတ်ပြောင်းတယ်ဆိုတာက ပုံသဏ္ဍာန် တွေပြောင်းသွားတာ၊ ခွေးကနေနွားဖြစ်၊ နွားကနေကျွဲဖြစ်၊ လူကနေနွားဖြစ် စသည် ဖြင့် ပုံပြောင်းချင်ပြောင်းသွားမယ် ကျွမ်းပတ်တာကတော့ ကျွမ်းပတ်တာချည့်ပဲ၊ ရာဝင်စဉ့်အိုးကြီးထဲငုံ့ကြည့်တော့ ကျွမ်းထိုးကောင်တွေ ကျွမ်းထိုးနေကြတာဒါပဲ၊ ကျွမ်းပတ်နေကြတာ၊ အဲဒီတော့-အဲဒီကျွမ်းထိုးကောင်တွေ၊ ကျွမ်းထိုးရင်းနဲ့ တစ်ချို့ ကျွမ်းထိုးကောင်တစ်သင်းက အောက်မြုပ်မြုပ်,မြုပ်မြုပ်,မြုပ်မြုပ်ကျသွားတယ်။

အဲဒါလိုပဲ သုံးဆယ့်တစ်ဘုံတွင်းမှာရှိနေကြတဲ့သတ္တဝါတွေ ဖြစ်,အို, နာ, သေ,ဆိုတဲ့လေးထွေ ကျွမ်းပတ်ရင်းနဲ့၊ လူ့ဘုံကနေတိရစ္ဆာန်ဘုံရောက်၊ တိရစ္ဆာန် ကနေပြိတ္တာဖြစ်၊ ပြိတ္တာကအသူရကာယ်ဖြစ်၊ နောက်ငရဲထိရောက်သွား၊ မြုပ်မြုပ် သွားလိုက်တာ၊ ဟို. . . နတ်ပြည်ခြောက်ထပ်ကနေပြီးတော့ အပါယ်လေးဘုံ ထိထိုးကျတာ၊ ကျွမ်းထိုးရင်းထိုးကျလာတာပဲသူလည်း၊ အဲ-တချို့ကျတော့-လူ့ပြည်, နတ်ပြည်,တိရစ္ဆာန်ဘုံ,လူ့ဘုံတွေကနေ နတ်ပြည်, ဗြဟ္မာပြည်တက်သွားတာ ကျွမ်းပတ် ရင်းတက်သွားတာပဲသူလည်း၊ ဖြစ်,အို,နာ,သေ၊ ဖြစ်,အို,နာ,သေ၊ ဖြစ်,အို,နာ,သေနဲ့ ဒီလိုပတ်တက်သွားတာ အဲဒါကျွမ်းပတ်နေတာ။

ဒီတော့-ရာဝင်စဉ့်အိုးကြီးထဲကကျွမ်းထိုးကောင်တွေသာကြည့်တော့၊ ဘုန်း ကြီးတို့ ဒကာဒကာမတွေကျွမ်းထိုးကောင်တွေကြည့်လိုက်တော့ တချို့ကမြုပ်သွား တချို့ကအောက်နိမ့်ဆင်းသွား၊ တစ်ချို့ကအပေါ် တက်လာ၊ တစ်ချို့ကျွမ်းထိုး ကောင်းတစ်သင်းက-ကျွမ်းထိုးရင်းနဲ့ စဉ့်အိုးဘေးဆီပြေးကပ်။ ဘေးကပ်တယ် ဆိုတာ၊ အဲဒါကလူ့ဘုံက လူ့ဘုံပြောင်းတာ၊ နတ်ဘုံကနတ်ဘုံပြောင်း၊ တိရစ္ဆာန်ဘုံ ကတိရစ္ဆာန်ဘုံပြောင်း၊ ခွေးသေပြီးတော့နွားဖြစ်၊ နွားသေပြီးတော့ကျွဲဖြစ်၊ ဒီလို ပြောင်းနေတာ၊ ဒါဘေးပြေးတာ-ကျွမ်းထိုးရင်းပြေးတာပဲသူလည်းဖြစ်လိုက်, အို

http://www.dhammadownload.com



လိုက်,နာလိုက်,သေလိုက်,နောက်ပြန်ဖြစ်လိုက်၊ အဲဒီကနေအိုလိုက်,နာလိုက်, သေလိုက်,ပြန်ဖြစ်လိုက်, ကျွမ်းပတ်နေတာ။

အဲဒီလိုကျွမ်းပတ်နေတဲ့အဖြစ်ဆိုးမျိုးက လွတ်ဖို့ရာအတွက် တပည့်တော်တို့ဒီနေ့-(၇)ကြိမ်မြောက်(၇)နှစ်မြောက်ဆွမ်းကပ်ရတဲ့ကောင်းမှုကြီးက လွတ်မြောက်ရာပို့တဲ့ကောင်းမှုကြီးဖြစ်ပါစေသား. . . အထပ်ထပ်ကျွမ်းပတ်နေရတဲ့အဖြစ်ဆိုးကြီးမှလွတ်ဖို့ရာဖြစ်ပါစေသား--လို့။ သုံးဆယ့်တစ်ဘုံကို ရေပုပ်ရေသိုးတွေ လှောင်ထားတဲ့ရာဝင်စဥ့်အိုးကြီးလို့မြင်လိုက်ကြ၊ အဲဒီထဲမှာရှိနေတဲ့သုံးဆယ့်တစ်ဘုံထဲမှာ မိမိတို့နေရတဲ့အဖြစ်ကိုကျွမ်းထိုးကောင်တွေသဘောမျိုးမြင်လိုက်ကြ၊ အဲဒီကနေလွတ်မြောက်ချင်လို့-ဒီကောင်းမှုကြီးပြုပါတယ်. . . လို့ဆိုရင် အဲဒါ သာသနာတော်ကြီးကို ရှည်အောင်ပြုပြီးတော့ မိမိတို့အတွက်တော့ တိုအောင်ပြုတဲ့ အမျိုးကောင်းသားတွေ. . . တဲ့၊ အမျိုးကောင်းသမီးတွေ။

အဒီလိုကျွမ်းပတ်နေရတဲ့အဖြစ်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒမှာ-ဥဂ္ဂသေနအကြောင်းပြုဟောတော်မူတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်မြို့ဝေဠုဝန်ကျောင်းသီတင်းသုံးနေတော်မူတော့-ရာဇဂြိုဟ်မြို့ထဲမှာ ကျွမ်းဘားအဖွဲ့ဆပ်ကပ်အဖွဲ့ကြီးတစ်ဖွဲ့ရောက်လာပြီးတော့ကပြ။ ကပြတော့အဲဒီဆပ်ကပ်အဖွဲ့ကြီးထဲမှာ ကျွမ်းအင်မတန်ပစ်တတ်တဲ့ ကလေးမလေးတယောက်က အရွယ်ကလည်းကောင်းကောင်း (၁၆)နှစ်အရွယ် ချောမောလှပ၊ အင်မတန်လည်း ကျွမ်းကျင်တယ်၊ သူကဇာတ်လိုက်ပဲ ဇာတ်ဆောင်ပဲ၊ ဒီကျွမ်းဘားအဖွဲ့ကြီးမှာသူက ပဓာနပဲ၊ သူ့အဖေကြီးကဇာတ်အုပ်။

အဲဒီလိုနဲ့ ကပြကြတော့လာပြီးကြည့်ကြတယ်ပေါ့လေ--ကြည့်ကြတော့ ဥဂ္ဂသေနဆိုတဲ့သူဌေးသားတစ်ယောက်ကဝင်ကြည့်ရင်းနဲ့ သူဒီကလေးမလေးကို စိတ်ထဲအင်မတန်စွဲလမ်း ၊ ကပုံဆိုပုံ, လာက်ဟန်ခြေဟန် အကုန်လုံးသူ့စိတ်ထဲစွဲလမ်းအားကြီးပြီးတော့ တခါထဲ မရမနေနိုင်အောင်ကိုဖြစ်ပြီးတော့ မရရင်သေရတော့မှာပဲဆိုတဲ့အဖြစ်မျိုးထိရောက်၊ ဒါနဲ့ မနက်ကျတော့သူ့အဖေတွေ အမေတွေပြော၊ ပြောတော့-အဖေတွေအမေတွေက "ငါ့သားရယ်မလုပ်ပါနဲ့ ဒို့ ပစ္စည်းတူဂုဏ်ရည်တူ သက်တူရွယ်တူအဆင့်တူတွေရှိပါတယ်၊ ရှာပြီးပေးစားပါ့မယ်" "အာ-မဟုတ်ဘူး-ကျွန်တော်တော့သူ့မှမရရင်သေရတော့မှာဘဲ"ဆိုပြီး အိပ်ယာထဲ အစာမစားတော့ဘူး အိပ်နေတယ်။

http://www.dhammadownload.com



ဒါနဲ့အဖေလုပ်တဲ့သူကမဖြစ်ခြေဘူးဆိုပြီး သူဌေးကြီးကသူ့သားရဲ့ သူငယ်ချင်းတွေခေါ်ပြီး“မောင်တို့ရယ် ဟိုဆပ်ကပ်ရုံကကျွမ်းဘားအဖွဲ့ခေါင်းဆောင်ကြီးထံသွားပြီးတော့ပြောစမ်းပါအုန်း ခင်ဗျားသမီးကိုကျွန်တော့သူငယ်ချင်းသူဌေးသားတစ်ယောက်ကရချင်ပါတယ်တဲ့ ငွေတစ်ထောင်တင်ပို့မယ် ပေးစားခဲ့ပါ”လို့ သွားပြော၊ သွားပြောတော့ ဟိုက“ငွေတွေဘာတွေကျုပ်တို့မလိုပါဘူး၊ ကျုပ်သမီးကိုလိုချင်ရင်တော့ ကျုပ်တို့နဲ့အတူတူ အဖွဲ့ကြီးနဲ့လိုက်နေရမယ်၊ ကျုပ်တို့ကဒီအက ပညာနဲ့ ရှာစားနေရတာ၊ ကျုပ်သမီးတစ်ယောက်ထဲငွေတစ်ထောင်ရပြီးတော့ ဒီလိုနဲ့ပြီးလို့မဖြစ်ဘူး၊ သူကကျုပ်တို့အဖွဲ့မှာခေါင်းဆောင် သူကအရေးကြီးတာ၊ ဒါ့ကြောင့်လိုက်နိုင်လို့ရှိရင်တော့လိုက်ခဲ့ ငွေတစ်ထောင်တွေဘာတွေမလိုဘူး” ဒီလိုပြန်လိုက်တော့ဟော-ဥဂ္ဂသေနက လိုက်မယ်လို့ဆိုပြီးတော့၊ အဖေတွေအမေတွေကတော့ပေါ့လေဖြစ်မှဖြစ်ရလေခြင်းလို့ဆိုပြီးတော့ ထည့်လိုက်ရတယ်။

ဒါနဲ့သူဌေးသား ဥဂ္ဂသေနဇာတ်အဖွဲ့ကြီးနဲ့အတူလိုက်သွား၊ ဟိုမြို့ဒီမြို့ဟိုရွာဒီရွာဟိုရောက်ဒီရောက်နဲ့ လှည့်ပတ်ကပြ၊ တစ်နှစ်လောက်ကြာတော့ ဒီကလေးမမှာသားလေး တစ်ယောက်ဖွား၊ သားလေးရတော့ကချေသည်မက ဒီသူဌေးသားကိုသူ့အပေါ် စွဲလမ်းပြီးတော့ လိုက်လာတယ်ဆိုတာသိတော့ သူကအထင်က သေးနေတာကိုး. . .ဒီတော့ကလေးလေးချော့တော့သူက ဘယ့်နဲ့ချော့တုန်းဆိုတော့“အိုအို-အထုပ်ထမ်းသမားကြီးရဲ့သား အိပ်ပါတော့လား. . ဘာမှမလုပ်တတ်ဘူးသူဌေးသားက နောက်ကလိုက်လာသွားတာ ဘာကျွမ်းဘားမှလည်း မထိုးတတ်ဘူး၊ သူတို့ အဖွဲ့ကြီးသွားကြရတာလှည်းနဲ့သွားကြရတာကိုး၊ လှည်းတွေဆယ်စီး,ဆယ့်ငါးစီးနဲ့၊ ခုကာလ ကားတွေလိုပေါ့လှည်းတွေနဲ့ပြောင်းရတော့ သူကဘာလုပ်ရတုန်းဆိုတော့ အဲဒီအထုပ်တွေ အပိုးတွေထမ်းပိုးပြီးတော့ တင်ရချရ ဒါပဲသူ့အလုပ်ကို၊ ပြီးတော့ ဇာတ်ကနေပြီဆိုရင် သူကလှည်းတွေနွားတွေ စောင့်ရတာ၊ ဒီတော့သူ့ကိုစောင်းပြီးတော့ ဟိုက “အိုအို-လှည်းစောင့်သမားကြီးရဲ့သား အိပ်ပါတော့လား” နဲ့ကလေးချော့။

သူကလှည်းစောင့်သမားကြီးလောက်ပဲရှိတယ်ဆိုတဲ့ သူဌေးသားက ဘာမှမလုပ်တတ်ဘူး၊ လှည်းစောင့်ရတယ်,အထုပ်တွေထမ်းမို့ရတယ်၊ ဒါနဲ့ အထုပ်ထမ်းသမားရဲ့သား,လှည်းစောင့်သမားကြီးရဲ့သားဆိုတော့သူ့စိတ်ထဲမှာနာတယ်ကိုး၊ ဒါငါ့စောင်းပြောတာပဲ၊ ဒီတော့-သူ့ဇနီးကိုသူက မင်းကလွှဲဒါသူ့ဖို့ညည်းမှာနန်ကြောင့်

http://www.dhammadownload.com



ငါ့ကိုဘာမှမလုပ်တတ်လို့ လှည်းစောင့်သမား၊အထုပ်ထမ်းသမားပြော တာပဲ. . . ငါကလည်းဘာမှမလုပ်တတ်တော့ ခံရတော့တာပဲဆိုပြီး အောင့်သက်သက်နဲ့ရင်ထဲ ခံရတာ၊ ဒါနဲ့သူရှင်းရှင်း လင်းလင်းသိအောင်လို့ "နေစမ်းပါအုန်းမင်းကလေးချော တဲ့အခါ ရိုးရိုးမချော့ဘဲနဲ့ လှည်းစောင့်သမားကြီးရဲ့သား အထုပ်ထန်းသမားကြီးရဲ့ သားဆိုတာ ဘယ့်သူ့ရည်ရွယ်ပြောတာတုန်း" "ရှင့်ရည်ရွယ်ပြောတာပဲ ရှင်ကဘာ လုပ်တတ်လို့တုန်း လှည်းစောင့်သမားပဲ၊ အထုပ်ထမ်းသမားပဲ"ဆိုတော့၊ ဒီတော့ သူ့စိတ်ထဲ-အင်း-ဒါပညာမာန်ပဲ၊ သူတတ်တဲ့ ပညာကြောင့်သူမာန်တက်တာ၊ ကိုင်းသိစေရမယ် လှေမျှောလှေချင်းလိုက်ပေါ့ သူ့မာန်ကို ငါပညာနဲ့ချိုးမယ်လို့ဆိုပြီး တော့ တခါထဲ သူကလည်း သူ့ယောက္ခမကြီးဆီ ကျွမ်းဘားအတတ်တွေသင်တော့ တာပဲ။ အဲဒီနေ့ကစပြီးတော့။

သင်တာမှ-ယောကျ်ားသားဆိုတော့ပေါ့လေ-ပိုပြီးတော့တတ်လွယ်, မာန ကလည်းဝမ်းထဲက မခံချင်တဲ့စိတ်ကလည်းရှိ သင်လိုက်တာတော့ ခဏနဲ့တတ်သွား တယ်၊ ခုနကမိန်းကလေးက အတောင် နှစ်ဆယ် အစိတ် ဝါးရဲ့ထိပ်မှာသာသူက ကျွမ်းပစ်ပြတတ်တယ်၊ ဥဂ္ဂသေနက အတောင်ခြောက်ဆယ်လောက်မြင့်တဲ့ ဝါးရဲ့ ထိပ်မှာကို ကျွမ်းထိုးပြနိုင်တဲ့အထိရောက်လာတော့ သာသွားတယ်၊ သာသွားတော့ ဟိုမြို့ ဒီမြို့တွေမှာကပြတဲ့အပြင် နောက်ဆုံးရာဇဂြိုဟ်တစ်ပတ် ပြန်ရောက်လာကြ ပြန်ရောသူတို့။ ရောက်လာတော့ ဥဂ္ဂသေနကဟာ-ငါ့မြို့ငါပြန်ရောက်လာရင် တော့ကြွားလိုက်ရအုန်းမယ်"ဆိုပြီးတော့ တခါထဲ-ကြေငြာတယ်-ဥဂ္ဂသေနသူဌေး သားကကျွမ်းဘားများပြပါလိမ့်မယ်--အတောင်ခြောက်ဆယ်ဝါးထိပ်ဖျားမှာကျွမ်း အပတ်ပေါင်းနှစ်ဆယ်,သုံးဆယ်လေထဲမှာပတ်ပြီးတော့ ဝါးထိပ်ပေါ်ပြန်ကျအောင် ကပြပါလိမ့်မယ်. . . "လို့ကြေငြာထားတော့ ပရိသတ်တွေက "ဟ-ဒို့ရာဇဂြိုဟ်က သူဌေးသားတဲ့ဟ၊ ဒို့ရာဇဂြိုဟ်သူဌေးသားတဲ့ဟ"ဆိုပြီးတော့ တခါထဲ ရှုကြီးကို ပြည့်နေအောင်လာတာပဲ။

အဲဒီလိုနဲ့-ညဆယ်နာရီလောက်မှကျွမ်းဘားကြီးကလည်းစပြီးကပြတော့ ဥဂ္ဂသေနက သူကပရိသတ်တွေစွဲကျန်ရစ်အောင်လို့သူကလင်းအားကြီးအချိန်ကျ မှသူကထွက်မှာကိုး၊ ဒီပြင်တော့တခြားသူတွေပဲထွက်ကြတာ၊ ပရိသတ်ကလည်း ဥဂ္ဂသေနထွက်ခဲ့, ထွက်ခဲ့နဲ့ပေါ့လေ၊ တကယ့် ကြေငြာထားတဲ့သူက မပေါ်သေး တော့ ပရိသတ်တွေကမပြန်နိုင်ဘူးဖြစ်နေကြတယ်၊ မနက်လင်းအားကြီးအချိန်

http://www.dhammadownload.com

ဗုဒ္ဓလာဘိဝံသ တရားပေါင်းချုပ်

ာကွက်ပေါ်လာပြီ။

ရားကလည်းမနက်စောစောကျွတ်ထိုက်တဲ့သတ္တဝါ
ဒသေနရဟန္တာဖြစ်မှာပါလား--အရဟတ္တမဂ် အရ
အင်း. . တည်မှာကလည်းပဲဇာတ်ရုံကြီးထဲမှာ
ကြည့်တော့ အင်း. . ဇာတ်ရုံကြီးထဲ ငါသွားရမှာပါ
” ဆိုပြီးတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက
၊ ဒါနဲ့-ဥဂ္ဂသေနကလည်း သူကဖွဲ့အချိန်က အခုလို
ကြီးအချိန်လောက်မှ သူကသိမ်းရမှာကိုး။ ဘုရားရှင်
ဒီအချိန် တစ်ခါတည်းဆွမ်းခံဝင်လာ၊ နောက်က
တော့ သံဃာတော်တွေဆွမ်းခံဝင်လာတော့၊ ဥဂ္ဂသေ
ယ်ဝါးထိပ်ဖျားမှာတက်ထဲ့ပြီးတော့ ကျွမ်းပတ်ပြ
သူကလည်းထွက်လာပြီ၊ ဝါးလုံး ဖျားထိပ်တက်သွား
ချိန် ရုံနားရောက်လာပြီ ဆွမ်းခံတန်းဝင်လာတာ။

အမိဋ္ဌာန်လိုက်တယ်၊“အားလုံးပရိသတ်တွေ ငါ့ကို
းကြစေသား၊ ဥဂ္ဂသေနကိုဂရုမစိုက်တဲ့အနေမျိုးဖြစ်
က်တော့၊ ဥဂ္ဂသေနက အစမ်းအနေနဲ့ ပထမတစ်ချီ
ာ့ ကျွမ်းတစ်ပတ်လေထဲပတ်ထဲ့ပြီးတော့၊ ဒါအစမ်း
ပြလိုက်သေးတယ်၊ သူကထင်တာကတော့ ကျွမ်း
ါတည်း လက်ခုပ်တစ်ဖြောင်းဖြောင်းနဲ့ လေချွန်တဲ့
တွေမြှောက်တဲ့သူကမြှောက်နဲ့ ပွဲရုံကြီးတစ်ခုလုံး
ဒိမ့်မယ်လို့ထင်ထားတာ၊ ပရိသတ်ကငြိမ်. . . လို့။

တယ်၊ ဘယ့်နှယ့်ဖြစ်ပါလိမ့်မတုန်း၊ပရိသတ်တွေ
က်ဆီကြည့်နေကြတာတွေ့တော့ ဘာပါလိမ့်မတုန်း
ားမြင်လိုက်တော့-“အလို ဘုရားပါလား-ဘယ့်နှယ်
ကြီး ဒီကြွလာပါလိမ့်မတုန်း၊ဒုက္ခပဲ၊ငါ့တကယ့်သည်း
ာ်မှ ဘုရားကကြွလာ၊ သူစိတ်ပျက်သွားတယ်။ အဲဒီ
ဂ္ဂလာန်လှမ်းပြီး “မောဂ္ဂလာန် ဝါးလုံးတိုင် ခြေနား

http://www.dhammadownload.com 



သွားပြီးတော့ ဥဂ္ဂသေနကိုသွားပြောလိုက် ကျွမ်း
ပြောစမ်း" ဆိုတော့ ရှင်မောဂ္ဂလာန်ကထွက်လာပြီ
မင်းအစီအစဉ်အတိုင်းကပါတဲ့ ဘုရားရှင်ကိုယ်တေ
. သူကဝမ်းသာသွားတယ်၊ "ဘုရားရှင်ကိုယ်တော်
တာထင်တယ်,ကြည့်ချင်တာထင်တယ်,ဘုရားရှင်
တယ်, ပွဲကြည့်လာတယ်ဆိုပြီးတော့ သူကဝမ်းသား

ဒါနဲ့ သီချင်းတွေဘာတွေဆိုတဲ့ပြီးတော့ တ
ဝါးပေါ် ကနေပြီးတော့ ကျွမ်းအပတ်နှစ်ဆယ်လော
ဆို ဝါးလုံးထိပ်ပေါ်ပြန်ကျ၊ အာ-ပရိသတ်တွေက
ဘုရားရှင်ကလည်းအားပေးနေပြီဆိုတော့ပေါ့လေ
ဖြောင်းနဲ့ဖြစ်သွား၊ သူလဲစိတ်အတော်ကျေနပ်သွ
ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရောင်ခြည်တော်
ခုလုံး ရောင်ခြည်တော်တွေလွှတ်ပြီး-ဥဂ္ဂသေနဆီလွှ
ထိပ်ကနေပြီးတော့ ဘုရားရှင်ဆီလှမ်းကြည့်နေတဲ့

မုဉ္စပုရေ မုဉ္စပစ္ဆာ, မဇ္ဈေမုဉ္စ သုန
သဗ္ဗတ္ထဝိမုတ္တော ပေါသော, နပုန
အင်မတန်ကြည်လင်ပြတ်သားတဲ့ ဘုရား
လှမ်းသွားတယ်၊ ဥဂ္ဂသေနလည်းကျက်သီးတွေမျာ

သုနာရက-အတောင်ခြောက်ဆယ်ဝါး, ပ
တစ်ပတ်ပတ်, မရပ်မနား, ကပြနေငြား, အို-ဥဂ္ဂသေ
လ,အတိတ်ဘဝတွေဆီက၊ အာလယ်-ဘဝအထပ်
အမျိုးမျိုး, အခြေတွေဆိုးပြီး, ကျွမ်းထိုးခဲ့ရကြောင်း,
မုဉ္စ-ပဟာန်သုံးတန်, ပယ်ခွင်းလှန်လို့မို့, အမှန်မ
လော့၊ ပစ္ဆာ-နောက်နောက်ဘဝ,နောက်ကာလ
ဇာတ်အထွေထွေ,အနေအမျိုးမျိုး,အခြေတွေဆိုးဆို
မကောင်းတဲ့ အာလယတရားအပေါင်းကိုလည်းပဲ
လှန်လို့မို့,အမှန်မသွေ, လွတ်မြောက်စေလိုက်ပါ

http://www.dhammadownload.com



ပင်းတွေကြုံ့,ပစ္စုပ္ပန်ဆိုတဲ့ကာလ, ယခုဘဝ၌လည်းပဲ၊ အာလယံ-ဘဝအထပ်ထပ်, ဇာတ်အထွေထွေ,အနေအမျိုးမျိုး, အခြေတွေဆိုးဆိုးပြီးတော့, ကျွမ်းထိုးခဲ့ရကြောင်း, မကောင်းတဲ့အာလယတရားကို၊ မုစ္စ-ပဟာန်သုံးတန်, ပယ်ခွင်းလှန်လို့မို့,အမှန်မသွေ,လွတ်မြောက်စေလိုက်ပါလော၊

သုနာရက-အတောင်ခြောက်ဆယ်ဝါး,ဟိုထိပ်ဖျားဆီ၌,ကျွမ်းဘားတွေကစားနေတဲ့,အို. . . ဥဂ္ဂသေနချစ်သား၊ သဗ္ဗတ္ထမုဝိတ္တော ပေါသော-အတိတ်ကိုလည်းမပြန်, အနာဂတ်ကိုလည်းမကြံ, ပစ္စုပ္ပန်မှာလည်းပဲ မငြိမတွယ်တဲ့, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း,သူတော်ကောင်းသည်၊ အပရာပရံ-ဖြစ်,အို,နာ,သေ,လေးထွေရစ်ပတ်, အထပ်ထပ်ကျွမ်းပတ်ရတဲ့ အဖြစ်မျိုးသို့၊ နပုရေတိ-မုချကိန်းသေ, မဖြစ်ရတော့ဘဲနဲ့, လွတ်မြောက်ရလေတော့သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ချစ်သားဥဂ္ဂသေန. . . အတောင်ခြောက်ဆယ်ဝါး ဟိုထိပ်ဖျားမှာ မင်းကကျွမ်းတွေပတ်ပြီးတော့ပြလို့, ကျွမ်းအတတ်တွေအင်မတန်ကျွမ်းကျင်နေတဲ့ ဥဂ္ဂသေနချစ်သား. . . ယခုသင်အတောင်ခြောက်ဆယ်ဝါး ဟိုထိပ်ဖျားဆီမှာပတ်နေတဲ့ ကျွမ်းပတ်က ယခုပစ္စုပ္ပန်ဘဝမှာ သူတစ်ပါးတွေကျေနပ်အောင် ကပြနေရတဲ့ကျွမ်းပတ်. . . ချစ်သား။ ချစ်သားရှေးအတိတ်ကာလ ဘဝတွေတုန်းက ဒီလိုကျွမ်းအတတ်တွေတတ်အောင်သင်ပြီးသကာလ ပတ်ပြီးတော့လာခဲ့တဲ့ကျွမ်းပတ်တွေကမရေနိုင်ဘူးချစ်သား. . .၊ အခု ချစ်သားက ဒီဝါးထိပ်ပေါ်မှာ လေထဲကျွမ်းပတ်နှစ်ဆယ်,သုံးဆယ်ပတ်နိုင်တယ်ဆိုတာက ဘာမှမဟုတ်သေးတဲ့ကျွမ်းပတ်ချစ်သား။ ချစ်သားကိုယ်တိုင်ကိုပတ်ခဲ့ရတဲ့ ကျွမ်းပတ်ပေါင်းတွေ. . . မရေနိုင်ဘူး,မရေနိုင်ဘူး၊ ချစ်သားလာခဲ့ရတဲ့ သံသရာဘဝခရီးကြီးက ဘယ်ကစဘယ်ဆုံးတယ်လို့မပြောနိုင်လောက်အောင်ရှည်လှမြို. . .၊ အဲဒီဘဝတွေမှာချစ်သားပတ်ခဲ့ရတဲ့ကျွမ်းပတ်တွေကလည်းပဲ မနည်းတော့ဘူး. . . တဲ့ မနည်းတော့ဘူး။

ဘဝများစွာ ဘုန်းကြီးတို့ဖြစ်လိုက်, နာလိုက်, သေလိုက်, ပြန်ဖြစ်လိုက်၊ နောက်တစ်ခါအိုလိုက်, နာလိုက်, သေလိုက်, ပြန်ဖြစ်လိုက်၊ ဒါ-ကျွမ်းပတ်နေတာ၊ ဒီတော့ ဘုန်းကြီးတို့ဘဝတွေက ဘယ်လောက်ရယ်လို့မပြောနိုင်ဘူး၊ ဒီနေ့ ဒကာ, ဒကာမအပေါင်းသူတော်ကောင်းတွေ ကျွမ်းပတ်လာခဲ့တာ,ကျွမ်းပတ်ပေါင်း ဘယ်

http://www.dhammadownload.com



လောက်ရယ်လို့ မပြောနိုင်တော့ဘူး မရေနိုင်တော့ဘူး၊ ကျွမ်းပတ်လာခဲ့ရတာ။ ကျွမ်းပတ်တယ်ဆိုတာ-ဖြစ်,အို,နာ,သေဆိုတာက တစ်ဘဝအနေနဲ့ခြုံပြောတာ။အခု ဒကာ ဦးယုရင်တို့ဒေါ်ကြင်လှိုင်တို့ တစ်ဘဝအနေနဲ့ခြုံပြောလိုက်တာ၊ ဖြစ်,အို, နာ, သေဆိုတာ၊ ဒီတစ်ဘဝထဲတင်ပဲ ဆိုပါတော့-မနေ့ညတုန်းက ဒကာဦးယုရင်တို့ ဒေါ်ကြင်လှိုင်တို့ အိပ်ရာပေါ် အိပ်၊ မနေ့ကလည်း ဒီလိုအိပ်ခဲ့တာပဲ၊ ဟိုနေ့ကလည်း ဒီလိုအိပ်ခဲ့တာပဲ၊ အိပ်ရာပေါ်ကနေထပြီးတော့ စားလိုက်,သောက်လိုက်, သွားလိုက် လာလိုက်ညနေကျ အိပ်ရာထဲပြန်ရောက်၊ ဒါ-ကျွမ်းတစ်ပတ်လည်တာပဲ၊ နောက် တစ်ရက် မနက်ကျတော့ ထပြီးတော့သွားလိုက်,လာလိုက်,စားလိုက်, သောက်လိုက်, စီးပွားရှာလိုက်,လုပ်လိုက်ကိုင်လိုက်၊ ပြီးတော့ အိပ်ရာထဲပြန်ရောက်၊ ဒါ-ကျွမ်းတစ် ပတ်လည်တာပဲ။ အိပ်ရာထဲကနေပြီးတော့ ထသွား, လုပ်ကိုင်ပြီးတော့ အိပ်ရာထဲ ပြန်ရောက်၊ ဒါ-အိပ်မှုကျွမ်းတစ်ပတ်လည်တာခေါ်တာ။

ထို့အတူပဲ စားမှုကြီးက ဒကာဦးယုရင်တို့ဒေါ်ကြင်လှိုင်တို့ မိမိတို့ဖြူးမြို့ မှာနေရင်း ဒီနေရာ, ဒီစားပွဲထိုင်ပြီးတော့ထမင်းစားခဲ့တဲ့အကြိမ်၊ ရေသောက်ခဲ့တဲ့ အကြိမ်၊ ကော်ဖီစသည်သောက်ခဲ့တဲ့အကြိမ် မရေနိုင်ဘူး၊ ဒီနေရာပဲထိုင်ပြီး ဒီနေ့လည်း စားပြန်သောက်ပြန်၊ မနေ့ကလည်း ဒီနေရာထိုင်ပြီးတော့စားခဲ့ သောက် ခဲ့၊ ဟိုနေ့ကလည်း, ဟိုနှစ်ကလည်း, တစ်သက်လုံး၊ နောင်ကော--နောက်လည်းဒီလို နေမှာပဲ၊ ဒါ-ကျွမ်း တစ်ပတ်လည်တာခေါ်တယ်။ ကျွမ်းပစ်တဲ့သူများ မတ်တတ်ရပ် ရက်ကပစ်ပြီးတော့ဒီနေရာပြန်ကျတာ၊ ဒါ-ကျွမ်းတစ်ပတ်လည်တာခေါ်တယ်လေ၊ အဲဒီလိုပဲ ဒီနေ့စားမှုကြီးကအထပ်ထပ်-

❖ **စားမှုအထပ်ထပ်, ဘဝဇာတ်, ကျွမ်းပတ်ရခြင်းပါ၊**
**အိပ်မှုအထပ်ထပ်, ဘဝဇာတ်, ကျွမ်းပတ်ရခြင်းပါ။**

နာမှုအထပ်ထပ်, ဖျားမှုအထပ်ထပ်, ဒါကျွမ်းပတ်နေရတာ။ ဒီတော့- အဲဒီလိုကြည့်လိုက်ရင် မနေ့ကလည်းရေသောက်ခဲ့၊ ဟိုနေ့ကလည်းသောက် ခဲ့၊ဟိုဘက်နေ့,ဟိုဘက်လ,ဟိုဘက်နှစ်,နောက်လည်းသောက်နေရအုန်းမှာ။ ကျင်ကြီး,ကျင်ငယ်အမှုတွေကြည့် ဒီနေ့လည်းပြုရ၊ ဟိုနေ့လည်းပြုရ,ဟိုလက, ဟိုနှစ်က၊ နောင်ကော-နောက်ရက်, ဟိုးနောက်လ, ဟိုးနောက်နှစ်,တစ်သက်လုံး။ တစ်သက်လုံးပြီးတော့, ဟိုဘက်ဘဝကူးသွားတော့ကောဆိုတော့၊ ဟိုဘက်ဘဝ ကူးသွားတော့လည်း ဒီလိုပဲ၊ စားလိုက်, သောက်လိုက်, အိပ်လိုက်, ကျင်ကြီး ကျင်

http://www.dhammadownload.com



ငယ်ပြုလိုက်, ရေချိုးလိုက်, ဒီအမှုတွေဟာ ကျွမ်းပတ်ပြီးနေရတာ ကျွမ်းပတ်ပေါင်းမရေနိုင်ဘူး။ ဒီတော့-သံသရာဝဋ်ဒုက္ခကြီး ရုပ်,နာမ်ခန္ဓာရနေရင် ကျွမ်းပတ်မရေနိုင်ဘူး။

ဒီထက်အသေးစိတ်လိုက်တော့-ဝိပဿနာနဲ့ကြည့်လိုက်တော့ ဖြစ်ပျက်, ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပြီးတော့ပျက်။ ပျက်ပြီးတော့ ပြီးသွားရင်အကောင်းသား၊ မပြီးသေးဘူး ပြန်ဖြစ်၊ ဒါကျွမ်းတစ်ပတ်ပတ်တာ ဖြစ်လိုက်,ပျက်လိုက် ကျွမ်းပတ်နေတာ။ သမုတိသစ္စာ သုတ္တန်နည်းက ခုနကလို ဖြစ်,အို,နာ,သေ၊တစ်ဘဝလုံးခြုံကြည့်၊ နောက်ဒီကြားထဲမှာ အိပ်ရတာ, စားရတာ, ရပ်ရတာ, သွားရတာ ခန္ဓာကိုယ်ကြီးဆောင်ပိုးနေတာမှန်သမျှ ကျွမ်းပစ်နေရတာပဲ။ နောက်ဆုံး ဝိပဿနာဉာဏ်မျက်လုံး သုံးကြည့်လိုက်ပြန်တော့ ရုပ်,နာမ်တွေဖြစ်ပျက်, ဖြစ်ပျက်,ဖြစ်ပျက်, ဘုရားကဒီထိအောင်ရည်ရွယ်တာ၊ ထင်လွယ် မြင်လွယ်အောင်လို့ ခုနက ဇာတိ, ဇရာ, ဗျာဓိ, မရဏလို့ သိမ်းပြောတာ။

အဲဒီ-ဇာတိ, ဇရာ, ဗျာဓိ, မရဏက ရုပ်,နာမ်ဖြစ်ပျက်တွေကြည့်ရမှာ။ ရုပ်ဖြစ်လာ ဇာတိ၊ ခဏလေးတည်နေတာက ဇရာနဲ့ဗျာဓိ၊ ပျက်သွားတာက မရဏ၊ ပြီးတော့ ပြန်ဖြစ်(ဥပါဒ်)ဇာတိ-ဟောပေါ် လာပြန်ရော၊ ဒီဖြစ်,အို,နာ,သေဝိပဿနာဉာဏ် နဲ့ကြည့်လိုက်ရင်လည်းပဲမြင်တဲ့-ဖြစ်,အို,နာ,သေကျွမ်းပတ်နေရတာ၊ ဒီတော့-ဥဂ္ဂသေန ချစ်သား. . . တဲ့၊ သင်အတိတ်ဘဝတွေတုန်းက ကျွမ်းပတ်လာခဲ့ရတာမရေနိုင်တော့ဘူး ချစ်သား. . .၊ အခုဘဝ အတောင်ခြောက်ဆယ်ဝါးထိပ်ဖျားမှာ ကျွမ်းပတ်ကလေး အပတ်နှစ်ဆယ်သုံးဆယ် ပတ်နိုင်တယ်ဆိုတာက ဘာမှမဟုတ်သေးတဲ့ကျွမ်းပတ်ပဲ ချစ်သား. . . တဲ့။ သင်အတိတ်ကာလက ကျွမ်းပတ်ခဲ့ရတာမနည်းတော့ဘူး. . . နောင်လည်းပဲဒီလိုသာသွားအုန်းမယ်ဆိုရင်ဖြင့် ကျွမ်းပတ်ရလိမ့်အုန်းမယ်၊ အခု ပစ္စုပ္ပန်ဘဝမှာလည်းပဲ ကျွမ်းပတ်နေရတယ်။

အခု ရုပ်,နာမ်ခန္ဓာကြီးကလည်း ကျွမ်းပတ်နေရတာလေဘုန်းကြီးတို့။ ဇာတိ, ဇရာ, ဗျာဓိ, မရဏကပတ်ရတာတစ်မျိုး။ ခုန စားလိုက်သောက်လိုက်တွေကအထပ်ထပ်၊ ကျင်ကြီး ကျင်ငယ်အမှုတွေကအထပ်ထပ်၊ အိပ်ပေးရတာအထပ်ထပ်၊ လမ်းလျှောက်ပေးရတာအထပ်ထပ်၊ ဣရိယာပုတ်လေးပါးနဲ့လှည့်ပတ်ပြီးတော့ ကျွမ်းပစ်နေရတာ။ ဒီတော့-အဲဒီရုပ်,နာမ်ခန္ဓာတွေရဲ့ ဖြစ်ပျက်သဘော သိ

http://www.dhammadownload.com



အောင် ကျွမ်းပတ်နေတဲ့အနေထိအောင်မြင်အောင် ဘုရားကိုယ်တော်မြတ်ကြီးက ပြပေးပြီးတော့-

**မုဉ္စပုရေ မုဉ္စပစ္ဆာ, မဇ္ဈေမုဉ္စ သုနာရကာ၊**
**သဗ္ဗတ္ထ ဝိမုတ္တော ပေါသော, နပုရေတိ ပရာပရံ။**

သုနာရက-အတောင်ခြောက်ဆယ်ဝါး, ဟိုထိပ်ဖျားဆီ၌, ကျွမ်းဘားတွေ တစ်ပတ်ပတ်, မရပ်မနား, ကပြနေငြား, အို-ဥဂ္ဂသေနချစ်သား၊ ပုရေ-ရှေးရှေးကာလ, အတိတ်ဘဝတွေဆီက၊ အာလယံ-ဘဝအထပ်ထပ်, ဇာတ်အထွေထွေ, အနေအမျိုးမျိုး, အခြေတွေဆိုးပြီးသကာလ, ကျွမ်းထိုးခဲ့ရကြောင်း, မကောင်းတဲ့အာလယ တရားကို။ မုဉ္စ-ပဟာန်သုံးတန်, ပယ်ခွင်းလှန်လို့မှ, အမှန်မသွေ, လွတ်မြောက်စေ လိုက်ပါလော. . . ။

ချစ်သား. . . တဲ့အဲဒီလိုမင်းကျွမ်းပတ်ခဲ့ရတာဘာ့ကြောင့်ပတ်ရတာ တုန်းဆိုတာသိလား-တဲ့၊ အဲဒီကျွမ်းပတ်ရတယ်ဆိုတာက-ဒုက္ခသစ္စာခေါ်တယ်၊ ရုပ်နာမ်ခန္ဓာကြီး ရ-ဒုက္ခသစ္စာလေ၊ အဲရေမသောက်ဘဲနေလို့ကမရတော့ သောက်ပေးရ၊ မအိပ်ဘဲနေလို့မရတော့ အိပ်ပေးရ၊ မစားဘဲနေလို့မရတော့ စားပေးရ ဒါကျွမ်းပတ်နေရတာ၊ ဒါဒုက္ခပဲ။ အဲဒီဒုက္ခ ဘယ်သူ့ကြောင့်ဖြစ်တာတုန်းဆိုတာသိရဲ့လား-တဲ့၊ အဲဒါ အာလယခေါ်တယ်၊ အာလယဆိုတာ-ရုပ်နာမ်ခန္ဓာတွယ်တာတဲ့သမုဒယ သစ္စာတဏှာဦးစီးတဲ့လောဘ ဒေါသစတဲ့ကိလေသာအပေါင်းကို အာလယလို့ ခေါ်တယ်။

ဒီတော့-အဲဒီအာလယတွေကိုပဟာန်သုံးတန်နဲ့ဖြတ်ချလိုက်ချစ်သား၊ ဖြတ်လိုက်,ဖြတ်လိုက်၊ ပုရေ-ရှေးရှေးကာလ,အတိတ်ဘဝတွေဆီက၊ အာလယံ-ဘဝအထပ်ထပ်,ဇာတ်အထွေထွေ,အနေအမျိုးမျိုး,အခြေတွေဆိုးပြီးသကာလ,ကျွမ်းထိုးခဲ့ရကြောင်း, မကောင်းတဲ့အာလယတရားကို. . . ကျွမ်းထိုးကျွမ်းပတ်ကြောင်း တရားက-အာလယတရား၊ သမုဒယသစ္စာတဏှာဦးစီးတဲ့ ဘဝကိုလိုချင်တဲ့ဘဝခင်မင်တဲ့ တဏှာဥပါဒါန်ဦးစီးတဲ့တရား၊ အဲဒီတရားအပေါင်းကို၊ မုဉ္စ-ပဟာန်သုံးတန်, ပယ်ခွင်းလှန်လို့မှ, အမှန်မသွေ,လွတ်မြောက်စေလိုက်ပါလော. . . ပယ်လိုက်. . . တဲ့ ပယ်လိုက်။ ပယ်တော့ ပဟာန်သုံးတန်နဲ့ပယ်ရတယ်။

http://www.dhammadownload.com



ပဟာန်သုံးတန်ဆိုတာ- တဒင်္ဂပဟာန်-အခိုက်အတန့်ပယ်တာ၊ ဝိက္ခမ္ဘနပဟာန်-တော်တော်ကြာကြာပယ်တာ၊ သမုစ္ဆေဒပဟာန်-အမြစ်ပြတ်ပယ်တာ၊ အခုဒီနေ့-တကာဦးယုရင်+ဒေါ်ကြင်လှိုင်တို့ ဒါနတွေပြုပြီးတော့ မိမိတို့ပစ္စည်းတွေ ငွေတစ်သောင်းကျော်လှူလိုက်တယ်ဆိုတာ ဒါ-တဒင်္ဂပဟာန်နဲ့ ပယ်ချလိုက်တာ၊ ဒီပေါ်မှာ တွယ်တာနေတဲ့အာလယဓာတ်တွေကိုဖြတ်ချလိုက်တာ၊ ဒါတဒင်္ဂ-အခိုက်အတန့် ကာမာဝစရကုသိုလ်ဖြစ်တဲ့အခါကိုတဒင်္ဂလို့ခေါ်တယ်၊ ခဏပယ်လိုက်တာ၊ခဏပယ်, ပယ်တာသည်ပင်စွမ်းလှပြီ။ ဝိက္ခမ္ဘနပဟာန်ဆိုတာ-ဈာန်တွေရပြီးတော့ပယ်တဲ့အပယ်၊ ဖြဟ္မာကြီးတွေလိုဈာန်ရပြီးတော့ကျတော့ တစ်ဘဝလုံးလုံးသူက လောဘ,ဒေါသတွေသူ နောက်ထပ်မဖြစ်ရအောင် ပယ်နိုင်တယ်၊ သို့သော်-အမြစ်မပြတ်ဘူး၊ သစ်ပင်များအကိုင်း ချိုင်ထားသလိုပဲ အောက်က အငုတ်ကပြန်ပေါက်တယ်၊ အနုသယမသေဘူး။ အဲ-ဝိပဿ နာမဂ်တို့ လောကုတ္တရာမဂ်တို့နဲ့သတ်လိုက်တော့ သမုစ္ဆေဒပဟာန်နဲ့သတ်တာ၊ သမုစ္ဆေဒပဟာန်နဲ့ကျတော့ အမြစ်ပြတ်ပယ်တယ်၊ ရေသောက်မြစ်ကနေအပင်ကြီး တူးပစ်လိုက်သလိုပဲ၊ နောက်ထပ်မပေါက်တော့ဘူး၊ မလာတော့ဘူး။

အဲဒီလို ပဟာန်သုံးတန်,ပယ်ခွင်းလှန်လို့မို့,အမှန်မသွေ,လွတ်မြောက်စေလိုက်ပါလော့. . . ပဟာန်သုံးတန်နဲ့ပယ်ခွင်းလွတ်မြောက်စေဆိုတာ-ဒါနမှု,သီလမှု,သမထ,ဝိပဿနာမှုပြုလို့ ဒါပြောတာပဲ။ အထူးသဖြင့်ဝိပဿနာရှုလိုက်၊ ဝိပဿနာရှုလိုက်တော့ သစ်ပင်ရေသောက်မြစ်ကနေ တူးပစ်လိုက်သလိုဖြစ်သွား၊ အဲဒီလိုပဲ နောင်အခါကာလမှာလည်းပဲ ကျွမ်းထိုးရမယ့် မကောင်းတဲ့အာလယတရားတွေကိုဖြတ်ပယ်. . . ပစ္စုပ္ပန်မှာလည်းပဲရှု အဲဒီလို-သဗ္ဗတ္ထဝိမုတ္တောပေါသော-အတိတ်ကိုလည်းမပြန်,မပြန်, အနာဂတ်ကိုလည်းမကြံ,မကြံ။ အတိတ်ကိုလည်းမပြန်နဲ့ အနာဂတ်ကိုလည်းမကြံနဲ့ ပစ္စုပ္ပန်မှာမငြိမတွယ် တည့်တည့်ထားရှု-ဆိုပြီးတော့-ဘုရားကရှုကွက်ပေးတာ။

ဥဂ္ဂသေနက ဝါးလုံးထိပ်ဖျားကနေပြီးတော့လက်အုပ်ချီပြီးတော့တခါထဲအာရုံပြု၊ ပရိသတ်တွေကလည်းငြိမ်လို့၊ ဘုရားကရောင်ခြည်တော်ခြောက်သွယ်လွှတ်ထားပြီးတော့ တရားဟောနေတာ၊ ဇာတ်ရုံပေါက်ကြီးကနေ ဟောနေတာဘုရားက၊သဗ္ဗတ္ထဝိမုတ္တောပေါသော-အတိတ်ကိုလည်းမပြန်,အနာဂတ်ကိုလည်းမကြံ,ပစ္စုပ္ပန်မှာလည်းပဲ,မငြိမတွယ်တဲ့,အမျိုးကောင်းသား, အမျိုးကောင်းသမီးအ

http://www.dhammadownload.com



ပေါင်း,သူတော်ကောင်းသည်၊ အပရာပရံ-ဖြစ်,အို,နာ,သေ,လေးထွေရစ်ပတ်, အထပ်ထပ်ကျွမ်းပတ်နေရတဲ့,အဖြစ်ဆိုးကြီးသို့ နပုရေတိ-မုချမသွေ,လွတ်မြောက်၍သွားသဖြင့်,မကပ်ရောက်ရပဲ,ရှိပါပေတော့ သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒီလိုပဟာန်သုံးတန်နဲ့ပယ်နိုင်လို့ရှိရင်၊ နောက်ဆုံးအရဟတ္တမဂ် အရဟတ္တဖိုလ်တည်ပြီးတော့ကျွမ်းပတ်ရတဲ့အဖြစ်ဆိုးကလွတ်တယ်ချစ်သား. လို့ ရဟန္တာဖြစ်သွားတော့ ဒီဘဝ ဖြစ်,အို,နာ, သေလည်းပြီးရော၊ နောက်ဆုံးရုပ်နာမ်ခန္ဓာတွေ အသစ်ဖြစ်တာမရှိဘူး၊ ကျွမ်းပတ်လွတ်သွားပြီ၊ ရဟန္တာယောက်ျား,ရဟန္တာမ,ဖြစ်တော့လွတ်သွားပြီ၊ အဲဒါဘုရားရှင်ကိုယ်တော်မြတ်က ပြပေးလိုက်တော့ ဥဂ္ဂသေနသူဌေးသားက ဘုရားဟောတဲ့တရားကို နားကနာတယ်၊ ဉာဏ်ကခန္ဓာဘက်လှည့်ရှုတယ်၊ နားကတရားကိုနားထောင်တယ်၊ ဉာဏ်ကခန္ဓာဘက်လှည့်ရှုတယ်၊ လှည့်ရှုရင်း,ရှုရင်း၊ ဘုရားဟောတဲ့တရားရှုရင်း,လိုက်ရင်းနဲ့, နာရင်း,ရှုရင်းနဲ့ဉာဏ်စဉ်တက်ပြီးတော့ အဲဒီအတောင်ခြောက်ဆယ်ဝါးလုံးထိပ်ဖျားမှာပင်လျှင်-

သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ အပါပုဏိ။

သဟ ပဋိသမ္ဘိဒါဟိ-ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ၊ အရဟတ္တံ-ရဟန္တာယောက်ျားကြီး,တစ်ပါးအဖြစ်သို့၊ အပါပုဏိ-ကောင်းစွာမသွေ,လွတ်မြောက်၍,ရောက်တော်မူခဲ့ပါပေ သတည်း. . .။

သာဓု. . . သာဓု. . . . သာဓုပါဘုရား။

ဟော-ဥဂ္ဂသေနသူဌေးသား ရဟန္တာဖြစ်သွားပြီ၊ ပွဲကြည့်ပရိသတ်တွေလည်း-တစ် ချို့သောတာပန်,သကဒါဂါမ်,အနာဂါမ်၊ ဗဟူနံ ဓမ္မာဘိသမယော-တဲ့-များစွာသောပုဂ္ဂိုလ်တွေ တရားထူးရကြတယ်။ အဲဒီမှ-သူတစ်ခါတည်း၊ ဝါးလုံးထိပ်ဖျားကနေဆင်းလာပြီးတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကိုရှိခိုးပြီးတော့၊ လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒံ-တပည့်တော် ရဟန်းပြုပါရစေဘုရား. . . ရဟန်းပြုခွင့်တောင်းလို့ ရဟန်းဖြစ်သွား။ ရဟန်းဖြစ်သွားပြီးတော့ ရဟန္တာဖြစ်သွား။ နောက် ကချေသည်မလေးလည်း၊ ဩ. . . ငါ့အားကိုးစရာက သူပဲရှိတာ၊ သူကအခုရဟန်းပြုသွားတော့ ငါလည်းရဟန်းပြု

http://www.dhammadownload.com



မှပဲ မနေတော့ဘူးဆိုပြီး သူလည်းဘိက္ခုနီမကျောင်းသွားပြီးတော့ ရဟန်းမပြု၊ ရဟန္တာမဖြစ်။ သားလေးကလည်းနောက်ကျတော့၊ "ဩ. . ငါ့အားကိုးစရာလည်း အမေလည်းမရှိဘူး၊ အဖေလည်းမရှိဘူး၊ရဟန်းပြုကုန်ပြီ၊ ဒီတော့ငါလည်း သာသနာဘောင်ဝင်မှပဲ" ဆိုပြီးတော့ သားလေးကကြီးလာတဲ့အခါကျတော့ ရဟန်းပြုတာ၊ သူလည်းရဟန္တာဖြစ်တယ်။ သုံးယောက်လုံးရဟန္တာဖြစ်သွား။

ဒီတော့-ရဟန်းတွေကပြောကြတယ်၊ "ဟာ-ဥဂ္ဂသေနတို့ ကချေမ မိသားစု ဆန်းလိုက်တာ။ ကချေသည်တွေလုပ်နေပြီးတော့၊ ပြီးတော့ ရဟန္တာဖြစ်ကုန်ကြတယ်၊ ဆန်းလိုက်တာ ဘယ်လိုများပါလိမ့်၊ ရဟန္တာဖြစ်မှာဖြင့် ဘာလို့များ ဒီ-ကချေသည်လုပ်နေရပါလိမ့်။ ဘယ်လိုများပါလိမ့် ဆန်းလိုက်တာ"နဲ့ ပြောကြတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ချစ်သားတို့. . . သူတို့အကြောင်းနဲ့သူတို့ဖြစ်ကြတာ၊ သူတို့သုံးယောက်ဟာလေ. . . တဲ့၊ဟိုး. . ကဿပဘုရားရှင်လက်ထက်က ကပဿပဘုရားရှင်ပရိနိဗ္ဗာန်စံသွားတော့၊ ဓာတ်တော်တွေစုပေါင်းပြီးတော့ စေတီတည်ကြတာ၊ အဲဒီစေတီတည်တဲ့ပွဲကြီးမှာ ဒီမိသားစုသုံးယောက်ကလည်း သူတို့လည်းကုသိုလ်ပြုမယ် ဆွမ်းတွေ, ဟင်းတွေနဲ့ပူဇော်မယ်၊ သံဃာတော်တွေ လောင်းလှူမယ်ဆိုပြီးတော့၊ ဘုရားပွဲကိုလှည်းနဲ့လာခဲ့ကြတာတဲ့။

လာရင်းနဲ့ သူတို့လှည်းနား ရဟန္တာတစ်ပါး ဆွမ်းလာရပ်တယ်၊ဆွမ်းရပ်တော့ ဇနီးလုပ်တဲ့သူက " မောင်ရေ ဟိုမှာအရှင်မြတ်တစ်ပါး ဆွမ်းရပ်နေတယ်၊ သွား,သွား သပိတ်ယူခဲ့ပါ,သပိတ်ယူခဲ့ပါ ဆွမ်းလောင်းရအောင်" ဆိုပြီးတော့၊ ရဟန္တာ အရှင်မြတ်လက်ထဲက သပိတ်ယူပြီးတော့ ယောက်ျားလုပ်တဲ့သူက ကျကျနန သပိတ်ရေပါဆေးပြီးတော့၊ ဇနီးသည်လုပ်တဲ့သူက ပါလာတဲ့ စားဦးစားဖျားဆွမ်းတွေ,ဟင်းတွေလောင်းထည့်၊ မုန့်တွေပါလောင်းထည့်ပြီးတော့ ရဟန္တာအရှင်မြတ်ကြီးထံ သူတို့နှစ်ယောက်လုံးသွားပြီးတော့ ကလေးလေးဘေးချပြီးတော့ ကပ်ကြတာ၊ ကပ်ပြီးတော့-

တုမှာကံ ဒိဋ္ဌဓမ္မဿေဝ ဘာဂီအဿ၊

အရှင်မြတ်တို့မြင်တဲ့တရား မြင်ရပါလို၏ဘုရား. . . လို့၊ ကလေးလေးကတော့ ရင်ခွင်ထဲကပေါ့၊ မသိတတ်ရှာပါဘူး၊ သို့သော် အမေအဖေအရှိန်ဟပ်ပြီးတော့နေတာ၊ ဒီကနေ့ဆွမ်းလောင်းရတဲ့ ကောင်းမှုသည်-အရှင်မြတ်များသိတော်

http://www.dhammadownload.com



မူတဲ့တရား ကိုသိပါရစေ၊ အရှင်မြတ်များမြင်တော်မူတဲ့တရားကို မြင်ပါရစေဘုရား။ သူတော်ကောင်းတွေဆုတောင်းနော်၊ အတုခိုးစရာ,အတုခိုးစရာ။ လူ့ဘဝစည်းစိမ်, နတ်ဘဝစည်းစိမ် မပါဘူး၊ အရှင်ဘုရားများသိတဲ့တရားကိုသိပါရစေ. . ဆိုပြီးတော့ ဆွမ်းသပိတ်ကပ်တယ်၊ ရဟန္တာအရှင်မြတ်က အဘိညာဉ်ရဆိုတော့ အနာဂတံသ ဉာဏ်နဲ့ ကြည့်လိုက်တော့-ဒီဇနီးမောင်နှံ တောင်းတဲ့ဆုနဲ့ပြည့်မလား, မပြည့်ဘူး လား ဘယ်လိုများနေမတုန်းလို့ ကြည့်လိုက်တော့ မြင်တယ်ရဟန္တာအရှင်မြတ် က"သြော်- ဂေါတမဘုရားလက်ထက်မှာ သူတို့ကျွတ်ကြမှာပါလား. . . ကျွတ်ကြမှာ ပါလား" ဆိုပြီးတော့ မြင်တော်မူလို့ အရှင်မြတ်ကပြုံးသွားတယ်၊ သူတို့ရဲ့ဘဝဇာတ် လှမ်းမြင်လို့ အရှင်မြတ်ကပြုံးသွားတယ်၊ ဘာမှလည်းမပြောဘူး၊ ပြည့်စေလို့လည်း မပြောဘူး၊ ပြုံးပြီးတော့ပြန်လှည့်ကြွသွားတယ်။

ဒီတော့-ဆွမ်းအမက "ဒို့အရှင်မြတ်ကလည်း ဘာဆုမှလည်းမပေးဘူးနော် ပြုံးပြီးတော့ပြန်လှည့်သွားတယ်၊ ကြည့်ရတာတော့ ကချေသည်နဲ့တူပါတယ်၊ မင်းသားလုပ်လာတယ်နဲ့တူပါတယ်" ရဟန္တာအရှင်မြတ်ကို သူကသွားပြီးတော့ မင်းသားလုပ်လာတယ်၊ ကချေသည်နဲ့တူပါတယ်လို့ သူကပြောလိုက်မိတယ်၊ ဝစီ ကံနဲ့ပြစ်မှားလိုက်မိတယ်၊ သူ့ယောကျ်ားကလည်း "ဟုတ်ဟန်တူပါရဲ့ကွာ မင်းသားနဲ့ တူပါတယ်၊ သွားပုံကိုကကြည့်ပါလား၊ ကျော့ကျော့,ကျော့ကျော့နဲ့"ဆိုပြီးတော့ နောက်ကနေကြည့်ပြောပြီး။ ကုသိုလ်ကတော့ကုသိုလ်ပဲ၊ ရဟန္တာအရှင်မြတ် ကြီးသွားပြီးတော့ "ကချေသည်ထင်ပါရဲ့" လို့ ဇနီးကပြော၊ ယောကျ်ားလုပ်တဲ့သူက "ဟုတ်ဟန်တူပါရဲ့ကွာ သွားပုံကိုကလည်းမင်းသားဟန်လေးနဲ့ နွဲ့တဲ့နွဲ့တဲ့နဲ့" ဆို တော့ အဲဒီစကားလေးပြောမိတဲ့အတွက် ဆွမ်းလှူတဲ့ ကုသိုလ်ကောင်းမှုကိုအခြေခံ ပြီးတော့ ရဟန္တာဖြစ်ကြတယ်၊ ကချေသည်နဲ့တူပါရဲ့၊ ကချေသည်ဖြစ်ဟန်တူရဲ့လို့ ပြောမိခဲ့တဲ့ ရဟန္တာအရှင်မြတ်ကြီးထိန်းသိမ်းတဲ့ ကုဋေကိုးထောင်ကျော်သိက္ခာ သီလတော်တွေ, သမာဓိတော်တွေ, ပညာတော်တွေဆိုတဲ့ တရားထူးတရားမြတ် တွေကို နှုတ်ဝစီမြွက်ပြီးတော့ စော်ကားမိလေသောကြောင့်၊ ကချေသည်ဖြစ် ရတယ်. . . လို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြန်ရှင်းဟောတယ်။

ဒါ့ကြောင့်-ဒီနေ့ဒကာဦးယုရင်တို့ဒေါ်ကြင်လှိုင်တို့ကလည်း တပည့်တော် တို့သံဃာတော်အရှင်မြတ်တွေကိုအခုလို(၇)ကြိမ်မြောက် (၇)နှစ်မြောက်ဓမ္မမိတ် ဆွေအပေါင်း သူတော်ကောင်းတို့နှင့်တကွ လာရောက်ပြီးတော့ကပ်ရတဲ့ ကုသိုလ်

http://www.dhammadownload.com



ကောင်း မှုစေတနာစုသည်. . တပည့်တော်တပည့်တော်မတို့အား ကျွမ်းအမျိုးမျိုး ပတ်နေရတဲ့ ဖြစ်,အို,နာ,သေလေးထွေရစ်ပတ်,အထပ်ထပ် ကျွမ်းပတ်နေရတဲ့ အဖြစ်ဆိုးကြီးမှလွတ်မြောက်ဖို့ရာအတွက်ဖြစ်ပါစေသား. . . လို့ဆိုရင် အဲဒါသာ သနာတော် ရှည်အောင်ပြုရင်းနဲ့ မိမိတို့အတွက်တိုအောင်ပြုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးဖြစ်ပြီ၊ ဒါ့ကြောင့်မိမိတို့အတွက်သာသနာတော် မြတ်ကြီးကို ကြာရှည်အောင်ထောက်ပံ့ကြရင်းနဲ့ ဝဋ်ဘဝတိုအောင်ပြုနိုင်ကြတဲ့ အမျိုးကောင်း သား,အမျိုးကောင်းသမီးတွေ ဖြစ်ပါစေကုန်သတည်း။

ဤကဲ့သို့ ဝဋ်ဘဝတိုအောင်ပြုနိုင် ကြတဲ့အမျိုးကောင်းသား အမျိုးကောင်း သမီး ဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ ဝဋ်ဘဝတိုအောင်ပြုသွားတတ်ကြတဲ့ ရှေးရှေး သော သူတော်ကောင်းသူမြတ်လောင်းကြီးတို့ရောက်အပ်,ရအပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ,ရောက်ကြရ, မြင်ကြ ရပါလိုကုန်သောဟူ၍၊ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# “ဘဒ္ဒဇိမထေရ် တရားတော်”

ဒီနေ့-အနုမောဒနာပြုပေးရမှာက အမရပူရမြို့ ဒီမဟာဂန္ဓာရုံကျောင်းတိုက်ထဲမှာသံဃာ(၁၀၀၀)ကျော်လောက်သီတင်းသုံးနိုင်တဲ့အကြောင်း ကြီးငယ် ကိစ္စတွေရှိလာတဲ့အခါ တိုင်ပင်ဖို့ဆွေးနွေးဖို့စုပေါင်းပြီးတော့ဘုရား အာရုံပြုဖို့ အထူးသဖြင့်-နေ့စဉ်နေ့စဉ်အဆုံးအမ,ဩဝါဒပေးဖို့, သံဃာတော်တို့ရဲ့ ကံကြီး ကံငယ် ကိစ္စဆောင်ရွက်လို့ရတဲ့ ခဏ္ဍာသိမ်လည်းဖြစ်တဲ့ ပွဲကုန်းသိမ်ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းကြတဲ့ ကျောင်းဒကာ,ကျောင်းအမ,ဒကာဦးသောင်းညဏ်တို့+ဒကာမ ဒေါ်ခင်လှတို့၊ မောင်မြင့်ဇော်တို့မိသားစုများရဲ့ သာသနာတော်ကိုကျောင်းဖြင့်လှူဒါန်းကြတဲ့ ကျောင်းလွှတ်ပူဇော်ပွဲ။

ကျောင်းဆောင်ကြီးဆောက်လုပ်လှူဒါန်းရုံသာမက ဝစ္စကုဋိခေါ်တဲ့ (၁၀) ခန်းတွဲကုဋိလည်းဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းအလှူပါထပ်ပိုးပြီးတော့ ပါလာတာဖြစ်တော့ ဒကာဦးသောင်းညဏ်တို့,ကျောင်းအမဒေါ်ခင်လှတို့, မောင်မြင့်ဇော်တို့မိသားစုက “ဩော်-ဒို့အထူးတလည်အားဖြင့် ဂန္ဓာရုံတိုက်ထဲမှာ ဒို့ဆောက်လုပ်လှူဒါန်းထားတဲ့ သံဃာတစ်ထောင်လောက်ဆန့်တဲ့ ပွဲကုန်သိမ်ကျောင်းတော်ကြီးက ပင်မအလှူကြီး၊ အဲဒီအလှူကြီးရဲ့ အခြံ အရံအဖြစ်နဲ့ ဝစ္စကုဋိခေါ်တဲ့ သံဃာတော်တွေ. . ချမ်းချမ်းသာသာ ကျင်ကြီးအမှု ပြုနိုင်စိမ့်သောင့်။ ကျင်ငယ်အမှုပြုနိုင်စိမ့်သောင့်။ ဝစ္စကုဋိခေါ်တဲ့(၁၀)ခန်းကုဋိကြီးကိုဆောက်လုပ်ပြီးတော့ အခြံအရံအဖြစ်နဲ့ လှူဒါန်းရတယ်။

ဒီတော့-ပင်မကျောင်းဆောင်ကြီးသာမက ဝစ္စကုဋိခေါ်တဲ့ (၁၀)ခန်း ကုဋိကြီးပါဆောက်လုပ်လှူဒါန်းခြင်းဖြင့် ဒီနေ့လှူတဲ့အလှူက အခြံ အရံနှင့်တစ်ကွလှူတဲ့ သပရိဝါရကအလှူ။ ဒီလို သပရိဝါရကဒါန-အခြံအရံနဲ့လှူတဲ့ အလှူကိုလှူဒါန်းခြင်းကြောင့် အကျိုးပြန်ပေးတော့လည်း ဒီလိုအခြံအရံတွေနဲ့ချည့်လာလာပြီးတော့ အကျိုးပေးတယ်၊ သူ့ကအကျိုးပေးတာမှ အတွင်းအဇ္ဈတ္တအကျိုးရော, အပြင်ဗဟိဒ္ဓအကျိုးပါပေးတာ။ ဒီအကျိုးတွေသိရအောင်လို့ မြတ်စွာဘုရားက သူ့ဖြစ်ခဲ့ရတဲ့, ဘဝတွေ,တွေ့ကြုံခဲ့ရတဲ့အဖြစ်အပျက်တွေပြန်,ပြန်ပြောပြတာ။

---

* ထေရ-၅-၁၊ ၃၀၃၊ အပ-၅-၂၂၉၄၊ ဒါ-၅၂၂၉၉

http://www.dhammadownload.com



ပုရေဘဝေ-ရှေးရှေးသောဘဝ,ပါရမီဖြည့်တော်မူစဉ်,ကာလတုန်းက၊ သပရိဝါရကဒါနေန-ဆိုင်ရာဆိုင်ရာ,အခြံအရံနှင့်တကွ,လှူဒါန်းတော်မူခဲ့တဲ့ဒါန ပါရမီရဲ့အစွမ်းသတ္တိကြောင့်၊ စတ္တေန-တစ်ရာ့ရှစ်ကွက်, စက်လက္ခဏာနှင့်၊ အင်္ဂီတ ပါဒေါ စ-အမှတ်တံဆိပ်,ခက်နှိပ်အပ်သော,ခြေတော်ရှိတော်မူသည်လည်းကောင်း၊ ပရိဝါရောစ -ဖြဟ္မာ,လူ,နတ်,ပရိသတ်တို့,မပြတ်မှန်မှန်,အခြံအရံရှိတော် မူသည် လည်းကောင်း၊ ဟောတိ-အကြောင်းအလိုက်,အကျိုးဆိုက်အောင်,သိုက်မြိုက်ထင် ပေါ်,ဖြစ်ထွန်းတော်မူ၏။

ကိုယ့်အကြောင်းကြောင့်ကိုယ့်အကျိုးရတာ။ မြတ်စွာဘုရား ပါရမီဖြည့် တော်မူစဉ်က ဖြည့်ခဲ့တဲ့လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပြုခဲ့တဲ့အတွင်း ပရိဝါရ ကဒါနတွေ ကြိမ်ဖန်များစွာ,ပြုခဲ့တဲ့အဲဒီကုသိုလ်တွေကြောင့် ဒီဘက်ဘဝမှာ ခုနက တစ်ရာ့ ရှစ်ကွက် စက်လက္ခဏာတွေ, ခြေတော်မှာပေါ် ရတယ်၊ အတွင်းအဖွဲ့တ္တက။

အပြင်ဗဟိဒ္ဓကလည်းခုနက ပြောခဲ့တဲ့ရဟန်းပရိသတ်၊ ရဟန္တာပရိသတ် အခြံအရံတွေ ထိတ်ထိတ်ကြဲတွေ။လူဝတ်ကြောင်ဥပါသကာ,ဥပါသိကာမတွေထဲက လည်းပဲ ကျောင်းဒကာ,ကျောင်းအမ,သူဌေးသူကြွယ်,ကုန်သည်လယ်လုပ်,သာသ နာတော်ကို အထောက်အပံ့များစွာပေးနိုင်တဲ့ အားကိုးအားထားပြုရတဲ့ ဒကာ,ဒကာ မတွေပေါ် လာတယ်၊ ဒီပြင်လည်း ဗြဟ္မာ,လူ,နတ်,ပရိသတ်တွေ. . လာရောက်ပြီး တော့ ဝိုင်းရံကြ, ခစားကြ, အဲဒါ ပရိဝါရကဒါန-ရဲ့ အကျိုးပါပဲ. . တဲ့၊ အခြံအရံနဲ့ တကွလှူခဲ့တဲ့အကျိုး ဒါမြတ်စွာဘုရားမှာ။

သာမာန်ရဟန်းတော်တွေထဲကရောဆိုတော့ ဘုန်းကြီးတို့ မြတ်စွာဘုရား လက်ထက်က ဘဒ္ဒဇိဆိုတဲ့ မထေရ်၊ ဘဒ္ဒိယမြို့မှာ မြတ်စွာဘုရားသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်၊ နောက်ပါသံဃာတော်ရဟန်းမြောက်များစွာနဲ့တကွ ဘဒ္ဒိ ယမြို့ ဇာတိယာဝန-လို့ခေါ်တဲ့ မြတ်လေးတောမှာ၊ အဲဒီမြတ်လေးတောမှာသီး တင်းသုံးပြီးတော့ နေတော်မူတဲ့အချိန်၊ အဲဒီ ဘဒ္ဒိယမြို့ထဲမှာ ကုဋေရှစ်ဆယ် လောက်ကြွယ်ဝတဲ့ သူဌေးသားဘဒ္ဒဇိ. . ဆိုတဲ့အမျိုးကောင်းသား တစ်ယောက် ရှိတယ်၊သူ့မှာပြည့် စုံလိုက်တာ ဆောင်း,ဆောင်းမို့လို့ နေဖို့ရာဘုံနန်းပြာသာဒ်နဲ့၊ နွေ,နွေအလျှောက် နေဖို့ရာဘုံနန်းပြာသာဒ်နဲ့၊ မိုး,မိုးအလျှောက်နေဖို့ရာ ဘုံနန်း ပြာသာဒ်နဲ့၊ ဒါသူ့နေရာ နဲ့သူ၊

http://www.dhammadownload.com



အဲဒီဘဒ္ဒိယမြို့ကြီးထဲမှာပဲ တစ်ခုနဲ့တစ်ခု တစ်နေရာနဲ့တစ်နေရာသူ့ရာသီဥတုနဲ့သင့်လျော်လျောက်ပတ်အောင်တစ်နေရာနဲ့ တစ်နေရာ ခြားကွာပြီးတော့ ဘုံနန်းပြာသာဒ်တွေဆောက်ထားတာ၊ ဆောင်းမှာနေတဲ့ဘုံနန်းပြာသာဒ်ကျတော့ ကိုးဆင့်ရှိတယ်၊ နေနွေးနီးပြီးတော့နေအောင်၊ အဲဒီတော့ ဆောင်းခါနဲ့လိုက်အောင်ပေါ့ လေ. . . အဲဒီမှာအခြံအရံ သစ်ပင်ပန်းမလ် အစရှိသည်တွေကဆောင်းခါနဲ့လိုက် အောင်၊ အခင်းအကျင်းတွေက အနွေးထည်တွေခင်းလို့၊ အခင်းအကျင်းတွေရော နေရာထိုင်ခင်းတွေရော၊ပတ်ဝန်းကျင်ကဆောင်းရာသီနဲ့လိုက်အောင် ဘုံကကိုးဆင့် မြင့်တယ်။ အဲမိုးရာသီနေတဲ့ပြာသာဒ်ကျတော့ ခုနှစ်ဆင့်မြင့်တယ်၊ မိုးရာသီနဲ့ လိုက်အောင်သူ့ကလည်းပဲ သစ်ပင်ပန်းမလ်အခင်းအကျင်းအလုပ်အကျွေးအပြုအစု။

နွေခါနေတဲ့တိုက်နန်းကျတော့ ငါးဆင့်ရှိတယ်၊ ဘုံနန်းပြာသာဒ်က နွေ ခါနဲ့လိုက်အောင်ပေါ့၊ တစ်ခါတည်းသစ်ပင်ပန်းမလ်စိမ်းစိမ်းစိုစို,အုပ်အုပ်စိုင်းစိုင်း တွေနဲ့ သစ်ပင်ကြီးတွေ,ဝါးပင်ကြီးတွေနဲ့ ပြည့်လို့ခြံထဲမှာ၊ ဘုံဗိမာန်ရဲ့ပတ်ဝန်းကျင် မှာ၊ နွေရာသီများရောက်ပြီဆိုတော့ နွေရာသီအားလျော်စွာတဲ့ အဲဒီသစ်ပင်တွေ ပေါ်မှာ သားရေတွေ အထက်ကမိုးထားပြီးတော့များ သူ့အခြွေအရံတွေကရေတွေ များ ဖြန်းကြရတယ်၊ သားရေတွေမိုးထားတဲ့အပေါ် ရေတွေဖျောင်းဖျောင်းဖျောင်းနဲ့ ရေပန်းတွေနဲ့ကျအောင်လုပ်တော့ မိုးရွာသလိုပေါ့လေ၊ စို. . လို့ ပတ်ဝန်းကျင်။ ဒါဘဒ္ဒဇိ ဆိုတဲ့ အမျိုးသား အခြံအရံတွေနဲ့ ပြည့်စုံလိုက်ပုံ ရာသီဥတု(၃)ဥတုနဲ့လိုက် အောင် ဘုံနန်းပြာသာဒ်သုံးဆောင် သူ့အဖေအမေက ဆောက်လုပ်ပေးထား။

အဲဒီရာသီဥတုနဲ့လိုက်လျောညီထွေ ဆောင်းရယ်,နွေရယ်,မိုးရယ်,နေထိုက် တဲ့ ဘုံနန်းပြာသာဒ်သုံးဆောင်မှာ တစ်ဆောင်,တစ်ဆောင်မှာ လေးလ,လေးလ သူကနေတယ်၊ တစ်ဆောင်လေးလ၊ တစ်ဆောင်လေးလ သူ့ရာသီနဲ့သူပေါ့လေ၊ မိုးရာသီလေးလ၊ဆောင်းရာသီလေးလ၊ နွေရာသီလေးလနေပြီးတော့၊ ချမ်းချမ်း သာသာနေရပြီးတော့ အဲဒီတစ်ဆောင်ကတစ်ဆောင်ကူးပြီဆိုရင်၊ ဆိုပါတော့- နွေရာသီစံနန်းကနေပြီးတော့ မိုးရာသီစံနန်းကူးပြီဆိုရင် အခြံအရံတွေနဲ့၊ အတီး အမှုတ်တွေနဲ့အကအခုန်တွေနဲ့ သူ့ရွှေသားကိုပို့ကြရတယ် ဝေါတွေဘာတွေထမ်း ပြီးတော့။

အဲဒီလိုပို့ပြီဆိုရင် သကလ နဂရံ သန့်ဘိ-တဲ့ တစ်မြို့လုံးအုပ်အုပ်

http://www.dhammadownload.com



ကျက်ကျက်ထွက်ပြီးတော့ ကြည့်ကြ၊ သူဌေးသားက သူ့အိမ်နဲ့ သူ့ဘုံဗိမာန်မှာနေတာဆိုတော့ ဘယ်သူမှမြင်ချင်တိုင်းမြင်ရတာ မဟုတ်တော့၊ အဲဒီလိုသူ့ဘုံဗိမာန်တစ်ခုက ဘုံဗိမာန်တစ်ခုကူးတဲ့အခါမှ မြင်ကြရတာဆိုတော့ တမြို့လုံးထွက်ထွက်ကြည့်ကြတယ်၊ ကြည့်တာမှဘယ်လိုထိကြည့်တုန်းဆိုတော့စာကဆိုတယ်. . . .

**စက္ခုာတိစက္ခုာနိ မဉ္စာတိ မဉ္စာနိ ဇန္တတ္ထိ၊**

လမ်းဘေးကနေပြီးတော့၊ စဉ်တွေလေ. . တဲ့၊ အနိမ့်အမြင့်ဆောက်ထားကြ၊ လှည်းတွေများထိုးထားကြရသတဲ့၊ ဘေးကနေပြီးတော့၊ အဲဒီလိုသူဌေးသားတစ်အိမ်ကတစ်အိမ်,တစ်ဘုံဗိမာန်ကနေ,တစ်ဘုံဗိမာန် သူ့ရဲ့ဆောင်း,နွေ,မိုးသုံးဥတုနေတဲ့ဌာနတစ်ခု တစ်ခုပြောင်းပြီဆိုရင် အဲဒီလိုများဝိုင်းပြီးတော့အကြည့်ခံရတယ်၊ အဲဒီလို. . နဲ့နေလာလိုက်တာ၊ မြတ်စွာဘုရားက အဲဒီဘဒ္ဒိယမြို့ မြတ်လေးရုံတောမှာ သီးတင်းသုံးပြီးတော့ နေပေမဲ့လို့ သူကလည်းသူ့စည်းစိမ်နဲ့သူကြီးကျယ်နေတာ၊ ဘုရားရှိမှန်းမသိပါဘူး၊ ဘုရားဆီချဉ်းကပ်ရမှန်းလည်းမသိပါဘူး။

ဒါပေမဲ့လို့ ဘုရားရှင်ကသူ့ကြောင့်လာတာ ဒီမြို့ကြွလာတာ၊ ကြွ လာပေမဲ့လို့သူကဉာဏ်မရင့်သေးလို့. . တဲ့ မြတ်စွာဘုရားသုံးလလောက်စောင့်နေတော်မူရှာတယ်၊ သုံးလလောက်စောင့်ပြီးတော့ဒီလိုပဲ ဆွမ်းခံဘုန်းပေးပြီးတော့ ရောက်လာတဲ့ပရိသတ်တရားဟောရင်းနဲ့၊ အဲဒီလို သုံးလပြည့်လို့ သူဉာဏ်ရင့်တဲ့အချိန်ကျတော့ မြတ်စွာဘုရားက မြို့သူမြို့သားတွေကို နှုတ်ဆက်တယ်ပေါ့၊ ဘဒ္ဒိယမြို့ကနေပြီးတော့ ပြန်ကြွတော့မယ်လို့ဆိုတော့မြို့သူမြို့သားတွေစုပေါင်းပြီးတော့ဘုရားရှင်ကိုနှုတ်ဆက်ပွဲအနေနဲ့ဆွမ်းကပ်ကြ၊ တရားနာကြတယ်၊ အဲဒီမြတ်စွာဘုရားနောက်ဆုံးပြန်တော့မယ်လို့ တစ်မြို့လုံးအုပ်အုပ်ကျက်ကျက်နှုတ်ဆက်ပွဲ အနေနဲ့ဆွမ်းကပ်ကြ တရားနာကြတဲ့နေ့မှာလည်း ခုနက ဘဒ္ဒဇိသူဌေးသား စံနန်းတစ်ခုက စံနန်းတစ်ခုပြောင်းတဲ့နေနဲ့လာကြုံနေ။ ဆိုပါတော့-ဆောင်းရာသီကနေပြီးတော့ နွေရာသီစံနန်းပြောင်းတဲ့နေ့နဲ့လာပြီးတော့တိုက်ဆိုင်နေတယ်၊ တိုင်ဆိုင်နေတော့ အဲဒီနေ့မှာ သူဌေးသားပြောင်းတဲ့ခရီးမှာ လူသူလေးပါးပရိသတ်အကြည့်နည်းနေတယ်၊ ကျဲနေတယ်၊ မရှိဘူး,ပရိသတ်၊ ဒါနဲ့သူဌေးသားကမေးတယ် "ခါတိုင်း ဒို့သွားလို့ရှိရင် ပရိသတ်တွေအင်မတန်စီကားပြီးတော့ကြည့်ကြပါတယ် . . ဒီနေ့လူတွေကျဲတောက်တောက်ဖြစ်နေတယ် ဘာပြုတာတုန်း"။

"အရှင်သူဌေးသား. . ဘုရားသခင်ကိုယ်တော်မြတ်ဒီဘဒ္ဒိယမြို့ကိုရောက်

http://www.dhammadownload.com



နေတော်မူတာ အခုဒေသစာရီဆက်လက်ပြီးတော့ ကြွချီတော်မူတော့မယ်၊ အဲဒီ ဘုရားရှင်ကို မြို့သူမြို့သားတွေဆွမ်းကပ်ပြီးသကာလ၊ ဘုရားရှင်ဟောတော်မူတဲ့ တရားကိုနာကြားကြဖို့ရာ သွားရောက်ပြီးတော့နေကြပါတယ်၊ ဒါ့ကြောင့် ပရိသတ် တွေကျဲနေပါတယ်"ဆိုမှ "ဩော် ဘုရားရှင်ရောက်နေသလား. . ကြည့်ပါအုန်း ကိုယ့်စည်းစိမ်နဲ့ကိုမေ့နေလိုက်တာ ကိုယ့်စည်းစိမ်နဲ့ကိုယ် ရစ်မူးပြီးတော့ နေလိုက် တာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရောက်နေတာတောင်မှ ငါမသိပါ လား. . . လို့ သံဝေဂထိတ်ခနဲ့ဖြစ်ပြီးတော့ "ကိုင်း. . မဖြစ်ဘူး, မဖြစ်ဘူး,ဒို့သွားမယ့် ခရီးရှုပ် ကြစမ်း၊ ဘုရားရှိတော်မူရာ,ဘုရားရှင်ဟောတော်မူတဲ့တရားနာရအောင်"ဆို ပြီးတော့ အဲဒီတန်ဆာဆင်ထားမြဲ၊ ဝတ်စားတန်ဆာတွေ ဝတ်ဆင်ထားမြဲ သူ့အ ခြွေအရံတွေနဲ့ပဲ တစ်ခါတည်းဘုရားထံရောက်လာ။

ရောက်လာတော့မြတ်စွာဘုရားကလည်း ဒါစောင့်နေတော်မူရှာတာ၊ သူ့ ချွတ်ချင်လို့ကိုမြတ်စွာဘုရားကလာခဲ့ရတာဖြစ်တော့၊ "ဒါနကထံ, သီလကထံ, သဂ္ဂ ကထံ, ကာမာနံ အာဒီနဝံ" သူရောက်လာတယ်ဆိုရင်ပဲဘုရားရှင်က တရားစဉ် ဟောတော်မူတာ၊ အထူးသဖြင့်ကာမာနံ အာဒီနဝ ကထာလို့ခေါ်တဲ့ ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ်တွေနဲ့ ရစ်မူးပျော်ပါးပြီးတော့ နေရခြင်းကြောင့်ဖြစ်ပေါ်လာ နိုင်တဲ့ အပြစ်တွေ. . . အထူးတလည်ဟောတယ်၊ ငါးဖြာအာရုံကာမဂုဏ်တွေဆို တာ၊ *သုပိနကူပမာ ကာမာ-ငါးဖြာအာရုံကာမဂုဏ်တွေဆိုတာ၊ အိပ်မက်ထဲက ခဏာတွေ့ရတာလိုပါပဲ. . လို့၊ အိပ်မက်ထဲမက်သလိုပဲ၊ အဟုတ်ရှိတာမဟုတ်ဘူး၊ အဟုတ်ဖမ်းရတာမဟုတ်ဘူး၊ အဟုတ်အနှစ်သားရှိတာမဟုတ်ဘူး၊တော်တော်ကြာ တော့ ပြီးပြီးပျောက်ပျောက်။

ယခုခံစားနေဆဲ စံစားနေဆဲလည်းပဲ ဖြစ်ပြီးတောပျက်နေတဲ့ ဓမ္မသဘာဝ တွေ. . . ငါးဖြာအာရုံကာမဂုဏ်တွေဆိုတာ အိပ်မက်ထဲတွေ့ရတဲ့ဟာတွေလိုပဲ၊ အနှစ်သာရရှာကြည့်လို့ရတာမဟုတ်ဘူးနဲ့. . . ဘုရားကဟောတာ၊ သူကကျေနပ် လိုက်တာလေ သူ့စိတ်ထဲသူ၊ သူကငါးဖြာအာရုံကာမဂုဏ်စည်းစိမ် အင်မတန်ကြီး ကြီး ကျယ်ကျယ်နဲ့ နေတဲ့လူဖြစ်နေတော့ ဒီစည်းစိမ်တွေဟာ ဘာမှမဟုတ်ဘူးဆို တာ သဘောပေါက်သလောက်ပေါက်နေတာ။

ယာစိတကူပမာ ကာမ ဝုတ္တာ ဘဂဝတာ-မြတ်စွာဘုရားက ငါးဖြာ အာရုံကာမဂုဏ် စည်းစိမ်တွေဆိုတာ. . ခဏငှားရမ်းအပ်တဲ့ပစ္စည်းနဲ့ အတူ တူပဲ.

* မ-၂၂၇၄၅-၃၀၊ မဟာနိ-၅၄၅-၂၆

http://www.dhammadownload.com



. တဲ့၊ ငှားရမ်းထားတဲ့ပစ္စည်းတွေလိုပဲ၊ ခဏလေးသာယာလိုက်ရတာ၊ ခဏလေးမက်မောလိုက်ရတာ၊တော်တော်ကြာတော့ပြီးပြီးပျောက်ပျောက်ဖြစ်သွားတာ။ အဋ္ဌိကင်္ကလူပမာ ကာမာ ဝုတ္တာ ဘဂဝတာ-အရိုးစုလိုပါပဲ. . တဲ့ ခွေးဝတ်ကလေးမလွှတ်နိုင်တဲ့ အရိုးစုလိုပဲ၊ အမဲရိုးကလေးခွေးဝတ်ကတွေ့တော့ ဒီအမဲရိုးသေးအသားလည်းမရှိဘူး၊ အညှီနံ့လေးပဲ နံနံရှိတယ်၊ ဒါလေးခွေးဝတ်ကလေးက မလွှတ်ရက်နိုင်ဘူး. . မလွှတ်ရက်နိုင်ဘူး၊ နည်းနည်း ဆာတယ်ဆိုရင် ဒီအမဲရိုးလေးလာပြီးတော့ကိုက်လိုက်၊ ပါးစောင်လေးနဲ့လှည့်လှည့်ပြီးတော့ ကိုက်လိုက်၊ ဟိုလိုကိုက်လိုက် ဒီလိုကိုက်လိုက်နဲ့ တော်ကြာတော့ပါးညောင်းပြီးတော့ ပြီးပြန်၊ ဘာအသားဘာအဆီအနှစ်သာရမှ မရှိဘူး။ ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ-ဆိုတဲ့ ငါးဖြာအာရုံကာမဂုဏ်တွေဆိုတာ ဒီအတိုင်းပဲ. . . လို့ ဟောလိုက်၊ သူကခေါင်း တစ်ဆတ်ဆတ်နဲ့ဖြစ်နေ သူဌေးသား။

**မံသပေသူပမာ ကာမာ ဝုတ္တာ ဘဂဝတာ။**

**ကာမာ**-ငါးဖြာအာရုံကာမဂုဏ်တို့သည်၊ **မံသပေသူပမာ**-ကျီးများဘောင်တွင်,တစ်ကောင်ရလစ်,ဝိုင်းအော်ဟစ်သည့်, အသားတစ်နှင့်တူကုန်၏ဟူ၍. . . ဘုရားရှင်ကပရိသတ်ကြီး ချည်ဟောတာပေါ့လေ. . ဟောတာတော့၊ ပရိသတ်ကြီးတို့. . တဲ့ ငါးဖြာအာရုံ ကာမဂုဏ်တွေဆိုတာ သူကလည်းလိုချင်, ငါကလည်းလိုချင်၊ သူ့ရရင်ငါကမနာလို, ငါ့ရရင်သူကမျက်စောင်းထိုး၊ လုနေကြတာ. . တဲ့ လုနေကြတာ၊ ဘာနဲ့တူတုန်းဆိုတော့- ကျီးများဘောင်တွင်, တစ်ကောင်ရလစ်,ဝိုင်းအော်ဟစ်သည့်, အသားတစ်နှင့် တူကုန်၏ဟူ၍. . . ။

အသားတစ်လေးတစ်ခုကျီးတစ်ကောင်က ရပြီဆိုမှဖြင့် ကျန်တဲ့ ကျီးတွေက တစ်ခါတည်းဝိုင်းလိုက်ပြီးတော့ ဝိုင်းထိုးကြတာပဲ၊ ဆိတ်ကြတာ, လုကြတာ၊ အသားတစ်ရတဲ့ကျီးက ပြေးရတော့တာပဲ၊ ငါးဖြာအာရုံကာမဂုဏ်တွေဆိုတာ အသားတစ်တွေ နဲ့တူတယ်၊ အမဲသားတစ်နဲ့တူတယ်၊ အဲဒီငါးဖြာအာရုံကာမဂုဏ်တွေကို လက်ကိုင်ပြုနေတဲ့ ပုဂ္ဂိုလ်တွေဆိုတာ အသားတစ်ရတဲ့ကျီးနဲ့တူတယ်. . . တဲ့ ကျီးနဲ့တူတယ်။ အဲဒီအသားတစ်ရတဲ့ကျီးကိုဘေးကကျီးတွေက ဝိုင်းပြီးတော့ဆိတ်ကြ, ထိုးကြ,လုကြ, ယက်ကြသလိုပဲ။

ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ကို ဘေးကလုမယ့်လူတွေ

http://www.dhammadownload.com



က တချောင်းချောင်း၊ ခိုးမယ့်လူတွေက တစ်ချောင်းချောင်း၊ တိုက်မယ့်လူတွေက တဝိုင်းဝိုင်း၊ ဖျက်ဆီးမယ့်လူတွေက တစ်ကြုံကြုံ. . တဲ့၊ လုချင်ယက်ချင်ကြ၊တိုက်ချင်ကြ ခိုက်ချင်ကြ၊ သိမ်းလိုက်ရတာ၊ ထုပ်လိုက်ရတာ ပိုးလိုက်ရတာ၊ဟိုနားလုံနိုးနိုး ဒီနာလုံနိုးနိုး၊ ပစ္စည်းတွေများလေလေ ဒုက္ခရောက်လေလေ၊ တိုက်တာအိမ်ယာ အဆောက်ဦးခြံမြေတွေ ပေါလေလေ ဒုက္ခတွေတိုးလာလေလေ။

ဧကံ ပိယံ ဧကံ ဒုက္ခံ-တဲ့ ဧကံ ပိယံ-ချစ်စရာတစ်ခု, နှစ်သက်စရာ တစ်ခုတိုးလာသည်ရှိသော်၊ ဧကံ ဒုက္ခံ-ဒုက္ခတစ်လုံးတိုးလာခြင်းပါပဲ. . ၊ အများစု သတ္တဝါတွေကတော့. . တဲ့၊ ချစ်ခင်စရာ နှစ်သက်စရာတွေတိုးလာရင် သာယာပြီး တော့ ပျော်ရွှင်စရာလို့ထင်သွားတယ်. . တဲ့၊ သူတော်ကောင်းတွေဘက်ကနေပြီး တော့ကြည့်လာတော့ အဲဒီချစ်ခင်နှစ်သက်စုံမက်စရာတစ်ခုရှိလာရင် ဒုက္ခတစ် လုံးတိုးလာတာပါပဲ. . တဲ့၊ ဒုက္ခတိုးလာတာပါ။ ဒွေ ပိယာနိ ဒွေဒုက္ခာနိ-ချစ်စရာ, နှစ်သက်စရာ,ခင်မင်စရာ,မြတ်နိုးစရာဖြစ်တဲ့ သက်ရှိသက်မဲ့တို့နှစ်ခုရှိလာသည်ရှိ သော်၊ ဒွေဒုက္ခာနိ- ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲဖြစ်ဖို့ရာ,နှစ်လုံးတိုးလာတာပါပဲ။

ဗဟုပိယာနိ ဗဟုဒုက္ခာနိ-ချစ်ခင်နှစ်သက်,စုံမက်မြတ်နိုးစရာတွေ,အ များကြီးရှိလာပြီဆိုရင်၊ ဗဟုဒုက္ခာနိ-တဲ့၊ ဒုက္ခတွေတိုးလာတာပါပဲ ပရိသတ်ကြီး တို့. . ဒုက္ခတွေတိုးလာတာပဲ၊ ဘုရားကပရိသတ်ကြီးဟော၊ ဘဒ္ဒဇိသူဌေးသားက သဘောကျလိုက်တာ၊ ဟုတ်တာပဲ. . ဟုတ်တာပဲ. . ငါ့-ငါးဖြာအာရုံကာမဂုဏ်တွေ ပြည့်ပြီးတော့ နေလို့ ငါ့ကိုဟိုကစောင်းကြ၊ ဒီကချိတ်ကြ၊ ဟိုက-လုမှာယက်မှာတွေ ကြောက်ရ၊ လမ်းဘယ်သူကဖမ်းပြီးတော့ ဆီးနောက်ယှက်မှာတွေစိုးရ၊ အခြံအရံ တွေကစားတွေတုတ်တွေနဲ့ အကာအကွယ်တွေပေးရ၊ ဘုံနန်းသုံးဆောင်နှင့်တကွ ရွှေငွေတိုက်တာ ဆန်ရေစပါးလယ်ယာမြေ၊ ခြံဥယျာဉ်ဗိမာန်တွေကို အစောင့် အရှောက်တွေချရဆိုတာ၊ လုံခြုံအောင်ထိန်းသိမ်းရစောင့်ရှောက်ရဆိုတာ၊ ခုနက အသားတစ်ရတဲ့ ကျီး၊ အသားတစ်ကလေးရလို့ပြေးရလွှားရတာနဲ့ အတူတူပါပဲ လား. . အတူတူပါပဲလား။

တော်တော်ကြာကျတော့ ဒီပစ္စည်း အကြောင်းပြုပြီးတော့ ဟိုက စွဲကြဆို ကြ, ပြောကြ, ဆိုကြတာခံရ, ကဲ့ရဲ့တာတွေခံရ၊ တိုက်တာခိုက်တာတွေခံရ၊ နှိပ်စက် တာတွေခံရ၊ သေကြောင်းကြံတာတွေခံရဆိုတာ "ဩော်-ခုနကကျီး,ဝိုင်းပြီးတော့

http://www.dhammadownload.com



အဆိတ်ခံရ အထိုးခံရတာနဲ့အတူတူပါပဲလား. . အတူတူပါပဲလား၊ သဘောပေါက်. . . လို့သူဌေးသားက၊ သူသဘောအပေါက်ဆုံးပဲ၊ သူကစည်းစိမ်က အကြီးကျယ်ဆုံးဖြစ်ပြီးတော့နေတာ၊အဲဒီလိုနဲ့မြတ်စွာဘုရားက ငါးဖြာအာရုံကာမဂုဏ်တွေရဲ့အပြစ်တွေ-

အပ္ပဿာဒဒ္ဒေန ဗဟုဒုက္ခာ ဗဟုပါယာသာ။

ပရိသတ်ကြီးတို့. . တဲ့၊ ငါးဖြာအာရုံကာမဂုဏ်တွေဆိုတာ သာယာစရာလေးက နည်းနည်းပါ. . တဲ့၊ ဆင်းရဲဒုက္ခရောက်ရတာတွေကများပါတယ်၊ ဗဟုဒုက္ခာ ဗဟုပါယာသာ-ဆင်းရဲစရာတွေကများပြီးတော့ သာယာစရာတွေနည်းနည်းလေး၊ အဲဒီသာယာစရာနည်းနည်းလေးတွေကိုမက်မောတွယ်တာပြီး မစွန့်လွှတ် နိုင်သမျှ ခုနက အသားတစ်ရတဲ့ကျီးကန်း၊ ဒီအသားတစ်ကို မလွှတ်နိုင်သမျှ ဝိုင်းပြီးတော့ လိုက်တာခံရမယ်၊ ထိုးတာခံရမယ်,ဆိတ်တာခံရမယ်၊ နှိပ်စက်တာခံရမယ်၊ ငါးဖြာအာရုံကာမဂုဏ်တွေကို စွန့်လွှတ်လိုက်နိုင်သည်နဲ့တစ်ပြိုင်နက်၊ တစ်ပိဿာစွန့်လွှတ်နိုင်ရင် တစ်ပိဿာချမ်းသာမယ်၊ ဆယ်ပိဿာစွန့်လွှတ်လိုက်နိုင်ရင် ဆယ်ပိဿာချမ်းသာမယ်၊ အကုန်လုံးစွန့်လွှတ်နိုင်ရင် အကုန်လုံးချမ်းသာမယ်. . လို့ နိဗ္ဗာန်ရဲ့ သုခနဲ့ ဘုရားကယှဉ်ပြီးတော့ ဟောတာ။

ဧကံ ဇဟန္တော ဧကံ သုခံ သံဝိန္ဒတိ-တစ်ခုစွန့်လွှတ်နိုင်ရင်အဲဒီတစ်ခုအတွက်ချမ်းသာတစ်ခုတင်လာတာပဲ၊ လွတ်မြောက်သွားတဲ့ချမ်းသာချမ်းသာက၊ ဘာချမ်းသာတုန်းဆိုတော့ ဝိမုတ္တိသုခ-ခေါ်တဲ့လွတ်မြောက်တဲ့ချမ်းသာ၊ ဒီပစ္စည်းတစ်ခုကို ကိုယ်ကစွန့်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ဒီပစ္စည်းနဲ့ပတ်သက်ပြီးတော့စိုးရိမ်ရမှာတွေ,ကြောင့်ကြရမှာတွေ,ထိန်းသိမ်းရမှာတွေ, ငါ့ပစ္စည်း မထိနဲ့,မကြည့်နဲ့ဆိုတဲ့ ဒေါသတွေ အကုန်ငြိမ်သွားတယ်၊ အဲဒီလိုပဲ ပစ္စည်းတစ်ခုကိုစွန့်လွှတ်နိုင်ရင် ချမ်းသာတစ်ခုပြည့်စုံလာမယ်။ပစ္စည်းနှစ်ခုကို စွန့်လွှတ်နိုင်ရင် စွန့်လွှတ်နိုင်တဲ့ ပစ္စည်းနှစ်ခုအတွက် ချမ်းသာနှစ်ခုတိုးတက်လာမယ်၊ အကုန်လုံးကိုစွန့်လွှတ်နိုင်ရင် အကုန်လုံးငြိမ်းမယ်. . ချမ်းသာမယ်လို့ဘုရားရှင်က ကာမဂုဏ်ရဲ့အပြစ်တွေနဲ့ နိဗ္ဗာန်ရဲ့ချမ်းသာယှဉ်တွဲပြီးတော့ ဟောလိုက်တာ၊ ဘဒ္ဒိယအမျိုးသား အဲဒီနေရာမှပင် ဉာဏ်စဉ်တက်ပြီးသကာလ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူ။လူဝတ်ကြောင်ဘဝနဲ့ပဲ ရဟန္တာဖြစ်သွား။

လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာဖြစ်သွားတော့ မြတ်စွာဘုရားကသိတော်

http://www.dhammadownload.com



မူတယ်၊ ရဟန္တာဖြစ်သွားပြီဆိုတာသိလို့ အဲဒီဘဒ္ဒဇိသတို့သားရဲ့ ဖခင်ကြီးကိုခေါ်ပြီးပြောတယ်၊ သင့်သားရဟန်းရင်လည်းပြုမှဖြစ်မယ်၊ ရဟန်းမပြုရင် ပရိနိဗ္ဗာန်စံလိမ့်မယ်၊ လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာဖြစ်သွားလို့ရှိရင် သက်န်းပြောင်းပြီးတော့ဝတ်ရတယ်၊ ရဟန်းပြုရတယ်၊ မပြုလို့ရှိရင် ပရိနိဗ္ဗာန်ပြုတယ်၊ သေတယ်ခေါ်တာပေါ့။ ဘာပြုလို့တုန်းဆိုတော့ အပြင်ဘက်ကလူဝတ်ကြောင့်ရဲ့အဝတ်အစားတန်ခိုးသတ္တိက. . . တဲ့၊ အတွင်းကမိမိနှလုံးထဲမှာ ဖြစ်ပေါ်တဲ့ အရဟတ္တမဂ်,အရဟတ္တဖိုလ်ဓာတ်ကြီးရဲ့ သတ္တိကိုမခံနိုင်လို့၊ သတ္တိချင်းကွားခြားနေလို့၊ လူဝတ်ကြောင်တွေရဲ့ အဝတ်ကတန်ခိုးသေးနေပြီးတော့ နုံနေသေးတော့၊ အတွင်းကရတဲ့အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြီးက အားကောင်းအားကြီးနေတော့ အဲဒါ-ကြာကြာနေလို့မရဘူး လူဝတ်ကြောင်ဘဝနဲ့။

ဒါ့ကြောင့်ဘုန်းကြီးတို့ဘုရားရှင်ရဲ့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထီးဖြူအောက်မှာပဲ ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံသွားတယ် လူဝတ်ကြောင်ဘဝနဲ့။ အားလုံးကြားဖူးကြတဲ့ သန္တတိအမတ်ကြီး လူဝတ်ကြောင်အဖြစ်နဲ့ပဲ ပရိနိဗ္ဗာန်စံသွားကြရတယ်၊ အခုလည်းပဲ ဘဒ္ဒိဇိသူဌေးသား အခုဘုံနန်းတစ်ခုက, ဘုံနန်းတစ်ခုပြောင်းရင်းနဲ့ တရားဝင့်နခရင်းနဲ့တရားထူးရ, ရဟန္တာဖြစ်သွား၊ ဒီတော့-သူပရိနိဗ္ဗာန်စံရင်လည်းစံရမယ်၊ ရဟန်းရင်လည်းပြုရမယ်။ ဒီတော့-သူကရဟန်းပြုနိုင်တဲ့အခြေအနေရှိတော့ ဖခင်ကြီးနဲ့တိုင်ပင်ပြီးတော့ရဟန်းပြု၊ ဇနီးမယားတွေနဲ့တိုင်ပင်ပြီးတော့ရဟန်းပြု။

ရဟန်းပြုပြီးတော့ အဲဒီတင် ဘဒ္ဒဇိ ဖခင်ကြီး သူဌေးကြီးက၊ ဘုရားနှင့်တကွ သံဃာတော်တွေကို(၇)ရက်လုံးလုံး ဆွမ်းပြုစုလုပ်ကျွေး၊ လုပ်ကျွေးပြီးတော့မှ၊ ဘုရားရှင်ကိုယ်တော်မြတ် ဒေသစာရီဆက်ပြီးတော့ကြွတော့၊ အဲဒီ ဘဒ္ဒဇိရဟန်းတော်လည်းနောက်ကပါတယ်။ ပါလာပြီးတော့ ဘယ်ရောက်လာတုန်းဆိုတော့၊ အဲဒီ ဘဒ္ဒိယမြို့ကနေပြီးတော့ တောင်ဘက်ကြွလာလိုက်တာ၊ ကောဋိရွာဆိုတာရောက်လာ ဂင်္ဂါမြစ်ကမ်းနဖူး၊ ကောဋိရွာရောက်လာတော့ မြတ်စွာဘုရားကအဲဒီကောဋိ ရွာမှာ၊ ကောဋိရွာသူ,ရွာသားတွေကဆွမ်းကပ်ကြ, တရားနာကြ၊ အဲဒီအရှင်ဘဒ္ဒဇိလည်းအပါအဝင်ပေါ့လေ၊ ဆွမ်းကပ်ပြီးတော့ အဲဒီဂင်္ဂါမြစ်ကြီးဖြတ်ပြီးတော့ကူးဖို့ရာ တောင်ဘက်နခမ်းဖြတ်ပြီးတော့ သာဝတ္ထိတို့ဆီ ပြန်ဖို့ရာအတွက်လှေတွေကို ဖောင်ဖွဲ့ပြီးတော့ မြတ်စွာဘုရားနဲ့သံဃာတော်တွေကိုပို့ကြတယ်။

http://www.dhammadownload.com



အဲဒီလိုပို့ကြတော့ မြတ်စွာဘုရားက "ဘဒ္ဒဇိ . . တဲ့ ငါ့အနားလာပြီးတော့ ထိုင်" လို့ခေါ်တယ်၊ ဒီတော့ ဘေးကရဟန်းတွေက ရှင်ဘဒ္ဒဇိ-ဒီလူဝတ်ကြောင် ဘဝနဲ့ ရဟန္တာဖြစ်သွားတယ်ဆိုတာ တစ်ချို့ပုထုဇဉ်ရဟန်းတွေက မယုံကြဘူး၊ မြတ်စွာဘုရားက အရေးပေးနေတာလည်း တယ်ပြီးတော့မကြိုက်ချင်ကြဘူး၊ ဒီလို နဲ့ လှေဖောင်ကြီးနဲ့ ဂင်္ဂါမြစ်ထဲကူးကြရင်းနဲ့ မြတ်စွာဘုရားကလည်းသိတယ်၊ တစ်ချို့ရဟန်းတော်တွေ ရှင်ဘဒ္ဒဇိရဟန္တာဖြစ်တာကိုမယုံကြသေးဘူးဆိုတာ သိတော်မူလို့ တိုက်ရိုက်တော့မပြောဘူး၊ ရှင်ဘဒ္ဒဇိကို ဂင်္ဂါမြစ်လယ်ကျတော့ မေးတယ်၊ "ဘဒ္ဒဇိ တဲ့ သင်မဟာပနာဒမင်းဖြစ်စဉ်တုန်းက သင်နေခဲ့တဲ့ဘုံဗိမာန်ပြာသာဒ် တွေ ဘယ်ရောက်ကုန်ကြသလဲဘဒ္ဒဇိ. . . "လို့ မေးတယ်။

အဲဒီဘုံဗိမာန်ပြာသာဒ်တွေက ဂင်္ဂါမြစ်လယ်ခေါင်လောက်ရောက်ပြီးတော့ ရေထဲမှာမြုပ်နေတယ်. . . တဲ့၊ ဟိုတုန်းက ဒီဘဒ္ဒဇိသတို့သား လွန်ခဲ့တဲ့ဘဝက မဟာပနာဒမင်းဆိုပြီးတော့ဖြစ်ခဲ့ဘူးတယ်။အဲဒီမဟာပနာဒမင်းဖြစ်ခဲ့စဉ်တုန်းက စံစားနေထိုင်ခဲ့တဲ့သူ့ရဲ့နန်းတော်ဘုံဗိမာန်တွေက-အခုတော့ တဖြည်းဖြည်းနဲ့မြေထဲ မြုပ်မြုပ်, မြုပ်မြုပ်သွားရာက မြေတွေဖို့ပြီးတော့ အခုကာလရှေးဟောင်းသုတေသ န မြေထဲကတူးဖေါ်ကြတယ် ဆိုတာသာကြည့်တော့ပေါ့လေ. . . အဲဒီလိုပဲ မြို့ရိုး တွေရော တံတိုင်းတွေရောဘုံဗိမာန်တွေရောအကုန်လုံးမြေထဲမြုပ်သွားပြီးတော့၊ မြေထဲမြုပ်ရာကနေ နောက်ဂင်္ဂါမြစ်က အဲဒီမြေတွေစားလာတော့ ဂင်္ဂါမြစ်လယ် ခေါင်မှာ မြုပ်ပြီးတော့နေတယ်. . . တဲ့၊ မြေထဲတစ်ချို့မြုပ်ပြီးတော့ ဂင်္ဂါမြစ်ထဲရေ ကဖုံးပြီးတော့နေတယ်၊ အဲဒါ ဘုရားရှင်က မြင်တော်မူလို့, ရှင်ဘဒ္ဒဇိကလည်းသိ တော်မူတယ်။

အဲဒါနဲ့ ဘုရားရှင်ကိုယ်တော် မြတ်က "ဘဒ္ဒဇိ. . . သင်မဟာပနာဒမင်း ဖြစ်စဉ်တုန်းက စံစားနေထိုင်ခဲတဲ့ ဘုံဗိမာန်တွေအခုဘယ်ရောက်ကုန်ပြီလဲ" မေး တယ်။ဒီတော့-ရဟန်းပရိသတ်ကြီးက စကားထူးစကားဆန်းဆိုတော့နားစိုက်နေ တာပေါ့ ဘုရားကမေးတော့။ "မှန်လှပါဘုရား. . . ဒီဂင်္ဂါမြစ်ရဲ့အလယ်ခေါင် ဟော ဒီဂင်္ဂါမြစ်အောက်ထဲမှာ ရှိနေကြပါတယ်ဘုရား"၊ "ဒီလိုဆိုလို့ရှိရင် ဘဒ္ဒဇိ. . . တဲ့ အဲဒီသင်ရဲ့ဘုံဗိမာန်ပြာသာဒ်တွေကို ပေါ်လာအောင်လုပ်ပြီးတော့ပြလိုက်အုံး". တဲ့။

ဘဒ္ဒဇိ သဗြဟ္မစာရီနံ ကခ်ံ ဆိန္ဒ။

ဘဒ္ဒဇိ-ချစ်သား ဘဒ္ဒဇိ၊ သဗြဟ္မစာရီနံ-ပုထုဇဉ်ဖြစ်ကြတဲ့, သီတင်းသုံးဖေါ်

http://www.dhammadownload.com



ရဟန်းတော်ရဲ့ကစ်ိ-တွေးတောကြံဆ, ယုံမှားသံသယကို၊ ဆိန္ဒ-ပယ်ရှင်းဖြတ်တောက်လိုက်ပါလော့. . .။ ပုထုဇဉ်ဖြစ်ကြတဲ့ရဟန်းတွေက သင့်အပေါ်မှာတွေးတောယုံမှားနေကြတယ်. . . .။ ရဟန္တာဖြစ်တယ်ဆိုတာပုထုဇဉ်တွေက သင့်ကိုမယုံကြဘူး. . တဲ့ အဲဒီတော့-သင် ဒါကို သံသယရှင်းသွားအောင်၊ ငါရဟန္တာဖြစ်ပြီလို့တိုက်ရိုက်တော့မပြောဘူး၊ သို့သော် အလုပ်နဲ့ပြမလို့ဘုရားက အလုပ်နဲ့ပြခိုင်း။ အဲဒီတော့မှ ရှင်ဘဒ္ဒဇိက ဈာန်အဘိညာဉ်တန်ခိုးတွေဝင်စားပြီးတော့ ဂင်္ဂါမြစ်အလယ်ခေါင်မှာ မြုပ်နေတဲ့ သူနေခဲ့ဖူးတဲ့ အခြံအရံဘုံဗိမာန်တွေနှင့်တကွဖြစ်တဲ့ ဘုံဗိမာန်နန်းပြာသာဒ်တွေကို ခြေမနဲ့ညှပ်ပြီးတော့ဖေါ်ယူလာတယ်. . တဲ့စာကဆိုတယ်။

ဖေါ်ပြီးတော့ယူလာလိုက်တာ အထက်တဖြည်းဖြည်းနဲ့ပေါ်ပေါ် ပေါ်ပေါ်လာတော့၊ ဒီမှာတင် တအံ့တသြနဲ့ ဘေးကရဟန်းတော်တွေကြည့်ကြ၊ မြင်ကြ၊ တအံ့ တသြဖြစ်ကြ၊ အဲဒီထဲမှာ ထူးထူးဆန်းဆန်းက အဲဒီရှင်ဘဒ္ဒဇိနေခဲ့တဲ့ ရေထဲမှာရောက်နေတဲ့ ဘုံဗိမာန်ကြီးတွေ အပေါ် ပေါ်လာတော့ ဘုံဗိမာန်ရဲ့အောက်ပိုင်းအခြေမှာနေကြတဲ့ ငါးတွေတဲ့,လိပ်တွေတဲ့,နဂါးတွေတဲ့,ဖားတွေ၊ ရေထဲပြုတ်, ပြုတ်ကျကုန်ကြတယ်၊ အဲဒီတော့ မြတ်စွာဘုရားက ဘယ်နဲ့ပြောလိုက်တုန်း-

ဉာတကာ တေ ဘဒ္ဒဇိ ကိလမန္တိ။

ဘဒ္ဒဇိ. . . တဲ့ သင့်ဆွေမျိုးတွေပင်ပန်းကုန်ပြီ. . ၊ သင့်ဆွေမျိုးတွေပင်ပန်းကုန်ပြီ၊ ပြန်ပြီးတော့ နေမြဲတိုင်းနေရာပြန်ထားလိုက်တော့. . လို့အမိန့်ရှိသတဲ့၊ အဲဒီမှာ သင့်ဆွေမျိုးတွေဆိုတာ ဘယ်သူတွေတုန်းဆိုတော့၊ ရှင်ဘဒ္ဒဇိ-ဟိုး. . မဟာပနာဒမင်းဖြစ်စဉ်တုန်းက ဘုံဗိမာန်အသီးသီးနဲ့နေပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုစဉ်တုန်းက တစ်ချို့ဆွေမျိုးတွေက ကုသိုလ်ကောင်းမှုပြုတာကို လိုက်လိုက်လျောလျောမလုပ်နိုင်ဘဲနဲ့၊ မဟာပနာဒမင်း ကုသိုလ်ကောင်းမှုပြုတာကို သာဓုမခေါ်နိုင်ဘဲနဲ့ ဝမ်းမြောက်ဝမ်းသာကူညီဝိုင်းဝန်းပြီး လုပ်ဖေါ်မရကြဘဲနဲ့ မကြိုက်ခဲ့ကြ၊ ကန့်ကွက်ခဲ့ကြ။

ကုသိုလ်ကောင်းမှုပြုရင်လည်း ချောင်ခိုပြီးတော့နေကြတဲ့ဆွေမျိုးတွေတဲ့၊ အခု အဲဒီဘုံဗိမာန်စွဲပြီးတော့ ဖားပြိတ္တာတွေ, ငါးပြိတ္တာတွေ, နဂါးပြိတ္တာတွေဖြစ်ပြီးတော့နေကြတယ်။ အဲဒီပြိတ္တာတွေ ဘုံဗိမာန်ခြေမှာ ပေါ်လာ၊ ဒါ့ကြောင့် မြတ်စွာ

http://www.dhammadownload.com



ဘုရားက- ဉာတကာ တေ ဘဒ္ဒဇိ ကိလမန္တိ -ဘဒ္ဒဇိ သင့်ဆွေမျိုးတွေ ပင်ပန်းကုန်ပြီ. . တဲ့၊ ပြန်ချလိုက်တော့, ပြန်ချလိုက်တော့ဆိုတော့မှ ရှင်ဘဒ္ဒဇိကပြန်ချ။

အဲဒီတင်မှ အားလုံးသောရဟန်းတော်တွေက ရှင်ဘဒ္ဒဇိရဟန္တာဖြစ်တာကိုယုံ သွားကြတယ်၊ ယုံသွားပြီးတော့ အခုနက မဟာပနာဒမင်းဖြစ်စဉ်တုန်းက ဒီကုသိုလ်ကောင်းမှုအခြေအနေကိုလည်း ဘုရားကပြန်ပြောပြလို့သိကြ၊ သိကြတော့မှ ပြန်ပြီးတော့ပြောတယ်၊ ဘဒ္ဒဇိဟာ မဟာပနာဒဖြစ်စဉ်တုန်းကလည်းပဲ အခြံအရံ,ဘုံဗိမာန်,ပရိသတ်တွေနှင့်တကွ စည်စည်ကားကားနေခဲ့ရ,ထိုင်ခဲ့ရတယ်. . . တဲ့ ငါ့သားတော်ကြီး၊ အခုလည်းပဲ ဒီဘက်ဘဝမှာလည်းပဲ အခြံအရံတွေ ပြည့်ပြည့်စုံစုံနဲ့ နေရထိုင်ရပြီးတော့ အခုအာသဝေါကင်းကွာ ရဟန္တာကြီးဖြစ်ပြီးတော့ ကျွတ်တန်းခိုရပြီ. . . တဲ့။

အဲဒီလိုအခြံအရံနှင့်တကွ ကြီးပွားတိုးတက်လာခဲ့ခြင်းရဲ့ အရှိန်အဟုန်ကုသိုလ်ကံအခြေခံကို ပြန်ပြီးတော့ကြည့်မယ်ဆိုရင်၊ အဲဒီအရှင်ဘဒ္ဒဇိဘဝ မရောက်ခင်ကမဟာပနာဒမင်း၊ အဲဒီမဟာပနာဒမင်းဘဝမရောက်ခင် ဟိုဘက်တုန်းက တစ်ခုသောဘဝမှာ-တောင်သူပါပဲ၊ တစ်နည်းတော့လည်းပဲ ဝါးတွေ, ကျူတွေ အရောင်းအဝယ်လုပ်တဲ့သူလို့ဆိုတယ်စာက။ ဒီတော့-ဝါးတွေ ကျူတွေ အရောင်းအဝယ်လုပ်တဲ့သူဆိုတာက သဘာဝပိုကျတယ်၊ ဘာပြုလို့တုန်းဆိုတော့ သူလုပ်တဲ့လုပ်ငန်းလေးစောင့်ကြည့်ပေါ့၊ ဝါးတွေ, ကျူထရံတွေရက်ပြီးတော့ ရောင်းတဲ့သူ၊ ဝါးထရံတွေ ရက်ပြီးတော့ရောင်းတဲ့ အမျိုးသားမိသားစုဖြစ်နေကြတယ် တစ်ခါတော့။

တစ်နေ့တော့ သူဟာဝါးတွေဘာတွေခုတ်ရင်းဆိုပြီးတော့ တောထဲသွားရင်းနဲ့ အရှင်ပစ္စေကာဗုဒ္ဓါကိုတွေ့လို့၊ အရှင်ပစ္စေကာဗုဒ္ဓါအရှင်မြတ် ဝါဝင်ခါ နီးမှာ ဝါဆိုဖို့ရာ မိုးရာသီဟိမဝန္တာမှာမိုးများလို့ ရွာအနီး,မြို့အနီးချဉ်းကပ်လာတယ်ဆိုတာ သူကရိပ်မိလို့ အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုပင့်ပြီးတော့လာ၊ ပင့်လာပြီးတော့ သူတို့ရွာရဲ့အနီးမှာ အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်အတွက် ဝါးထရံ,ဝါးတိုင်နဲ့,ဝါးကျောင်းကလေးဆောက်ပြီးတော့ ပဏ္ဏသာလာလို့ခေါ်တဲ့ သစ်ရွက်မိုးကျောင်းပါပဲ၊ သစ်ရွက်မိုးကျောင်း, သူ့မှာရှိနေတဲ့ဝါးတွေ တိုင်လုပ်၊ ဝါးထရံတွေရက်၊ ကျူထရံတွေနဲ့ကာ၊ အဲဒီလိုကျောင်းဆောက်ပြီးတော့ လှူဒါန်းတယ်. . . တဲ့၊ ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို။

http://www.dhammadownload.com



အဲဒီလိုကျောင်းဆောက်ပြီးတော့လှူဒါန်းတဲ့နေရာမှာ သပရိဝါရကဒါန-အခြံအရံနှင့်တကွ သူကလှူဒါန်းလိုတဲ့ဝါသနာရှိတဲ့အတိုင်း၊ အတောင်ခြောက်ဆယ်လောက်ရှိတဲ့စကြံနဲ့၊ အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ် စကြံလျှောက်ဖို့၊ ပဿာဝကုဋိ-ကျင်ငယ်အိမ်၊ ဝစ္စကုဋိ-ကျင်ကြီးအိမ်၊ ခုနကပြောခဲ့တဲ့ ကျင်ကြီးအိမ်တို့ ကျင်ငယ်အိမ်တို့ ရေတွင်းတို့ စကြံတို့ ဇရပ်အိမ်တို့ အကုန်လုံးအခြံအရံတွေနှင့်တကွ ဆောက်လုပ်ပြီးတော့ အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဝါတွင်းသုံးလ၊ မိုးသုံးလပတ်လုံး ပြုစုလုပ်ကျွေးခဲ့ဘူးတယ်. . . တဲ့၊ ပြုစုလုပ်ကျွေးခဲ့ဘူးတယ်။

အဲဒီလိုအခြံအရံနှင့်တကွ လှူဒါန်းပြုစုခဲ့တဲ့ ဒီကုသိုလ်ရဲ့အရှိန်အဟုန်ကြောင့် ငါ့သားကြီးမှာ။ ဘုရားရှင်ပြန်ဟောနေတာ၊ ဘဒ္ဒဇိဆိုတဲ့ ငါ့သားကြီးမှာ ဖြစ်လေရာဘဝတိုင်း အခြံအရံတွေနဲ့ပြည့်စုံပြီးတော့ အခုနောက်ဆုံးကျွတ်တန်းခိုတဲ့အချိန်မှာလည်းပဲ အခြံအရံနှင့်တကွပြည့်စုံပြီးတော့ ဖြစ်ခဲ့တယ်. . . လို့ သူ့ရဲ့ အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းပြီးတော့ ဘုရားကဟောတော်မူသည်။

ဒီတော့-မြတ်စွာဘုရားက သူပြုခဲ့တဲ့လမ်းစဉ်ပဲ၊ သူလုပ်ခဲ့တဲ့လမ်းစဉ်၊ သူ့မှာလည်းပဲ ဒီလိုပဲ ပရိဝါရကဒါန အခြံအရံနှင့်တကွ ပြုစုတော်မူခဲ့ခြင်းကြောင့် ခုနကပြောခဲ့တဲ့ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နဲ့ပြည့်စုံခြင်း၊ အခြံအရံတွေနဲ့ပြည့်စုံခြင်းဆိုတဲ့ အကျိုးကိုရသလို. . . တဲ့၊ ငါ့သားတော်ကြီး ဘဒ္ဒဇိမှာလည်းပဲဒီလို အခြံ အရံနှင့်တကွပြုလုပ်ခဲ့, အားထုတ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် ဤကဲ့သို့ ဒီအကျိုးကိုရတယ်. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်က ပြန်ပြောင်းပြီးတော့ ဟောတော်မူပါသည်။

ဒါ့ကြောင့် ဒီနေ့ ကျောင်းဒကာ ကျောင်းအမ ဒကာဦးသောင်းညဏ်တို့+ဒကာမ ဒေါ်ခင်လှတို့, မောင်မြင့်ဇော်တို့မိသားစုက "ဩော်-ဒို့အထူးတလည်အားဖြင့် ဂန္ဓာရုံတိုက်ထဲမှာ ဒို့ဆောက်လုပ်လှူဒါန်းထားတဲ့ သံဃာတစ်ထောင်လောက်ဆန့်တဲ့ ပွဲကုန်သိမ်ကျောင်းတော်ကြီးက ပင်မအလှူကြီး၊ အဲဒီအလှူကြီးရဲ့ အခြံအရံအဖြစ်နဲ့ ဝစ္စကုဋိခေါ်တဲ့ သံဃာတော်တွေ. . ချမ်းချမ်းသာသာ ကျင်ကြီးအမှုပြုနိုင်စိမ့်သောငှါ၊ ကျင်ငယ်အမှု ပြုနိုင်စိမ့်သောငှါ၊ ဝစ္စကုဋိခေါ်တဲ့(၁၀)ခန်း ကုဋိကြီးကိုဆောက်လုပ်လှူဒါန်းပြီးတော့ အခြံအရံအဖြစ်နဲ့ လှူဒါန်းရတယ်။

မိုးကောင်းတိုက်သံဃာတော်အရှင်မြတ်တွေ ချမ်းချမ်းသာသာ ကျင်ကြီးအမှုပြုနိုင်ကြစိမ့်သောငှါ၊ (၁၄)ခန်းရှိတဲ့ အုတ်ကုဋိကြီးမှာ အမိုးတွေကိုပြင်ခြင်း,

http://www.dhammadownload.com



ကြွေခွက်တွေကိုပြောင်းလဲတပ်ဆင်ခြင်းဖြင့် ဒို့ အခြံအရံအလှူထုပ်ကြီးကို မ,တည်ပြီးတော့ ဒီနေ့-ရဟန်းခံခြင်း၊ ဗိမာန်တော်ထဲမှာ ထည့်ဝင်လှူဒါန်းခြင်း၊ ရုပ်တုတော်ထဲမှာ နဝကမ္မ(၅၀၀၀)ထည့်ဝင်လှူဒါန်းခြင်း၊ ဗိမာန်တော်ထဲမှာ ငွေတစ်သောင်းထည့်ဝင်လှူဒါန်းခြင်းကစ၊ သင်္ကန်းအစုံ(၃၀)၊ ဆပ်ပြာစတဲ့ ပစ္စည်းတွေကို ဆက်ကပ်လှူဒါန်းခြင်းကအစ ကုသိုလ်ကောင်းမှုတွေကိုပြုရပေတယ်. . . လို့၊ ဟောသလို ပရိဝါရကဒါနကို သဘောပေါက် ဝမ်းမြောက်ပြီးတော့။

အဲဒီလို တပည့်တော်တို့ ကုဋ္ဌိတွေကို အထူးသဖြင့်လှူဒါန်းရတဲ့အတွက် သံဃာတော်အရှင်မြတ်တွေရဲ့ခန္ဓာကိုယ်မှာဖြစ်ပေါ်နေတဲ့ ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌ အချက်ကြီးတွေထဲက တစ်ချက်သောဒုက္ခကို ချမ်းသာရရောက်အောင် တပည့်တော်တို့ ဝစ္စကုဋ္ဌိကို ဆောက်လုပ်လှူဒါန်းရတဲ့အတွက်၊ တပည့်တော်တို့မှာလည်းပဲ ဒုက္ခသစ္စာတရားတွေရဲ့ ပီဠနဋ္ဌ-နှိပ်စက်မှုအချက်(၁၆)ချက်ထဲက၊ နှိပ်စက်မှုလေးချက်ထဲက တစ်ခုသောအချက်ကင်းပျောက်တဲ့ နိဗ္ဗာန်သို့ တပည့်တော်တို့ မျက်မှောက်ပြုပါရစေ. . . လို့၊ ဟောဒီလို ဆုတောင်းရမယ်။

ဒကာဦးသောင်းညဏ်တို့၊ ဒကာမဒေါ်ခင်လှတို့ လှူလိုက်တဲ့ကုဋ္ဌိကြီးက ဟောဒီဂန္ဓာရုံတိုက် သံဃာတော်ငါးရာကျော်တို့ကို ဒုက္ခသစ္စာ။ ဒုက္ခသစ္စာဆိုတာ နှိပ်စက်တဲ့သဘောရှိတယ်၊ သစ္စာလေးပါးထဲမှာ ဒုက္ခသစ္စာကနှိပ်စက်တဲ့သဘောရှိတယ်၊ အဲဒီ နှိပ်စက်တဲ့အချက်ကြီးကို ခေတ္တခဏမျှ ချမ်းသာအောင်ပြုလုပ်ပေးရာရောက်တယ်. . . တဲ့ ဒီကုဋ္ဌိကြီးက။

မိုးကောင်းတိုက်သံဃာတော်တွေကိုဝစ္စကုဋ္ဌိကြီးပြုပြင် လှူဒါန်းလိုက်ခြင်းဖြင့်၊အဲဒီမိုးကောင်းတိုက် သံဃာတော်တွေမှာ နေ့စဉ်နဲ့အမျှ ခန္ဓာကိုယ်မှာကျရောက်နေတဲ့ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌသဘော နှိပ်စက်ခြင်းဒဏ်ကြီးကိုချမ်းသာ သုခရောက်အောင် တပည့်တော်တို့စောင့်ရှောက်ရာရောက်တယ်၊ အဲဒီလိုစောင့်ရှောက်ရာရောက်လေသောကြောင့် တပည့်တော်တို့မှာလည်း ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌ-အချက်နှိပ်စက်တဲ့ ဒဏ်ချက်ကြီးတွေမှ လွတ်ကင်းအေးငြိမ်းတဲ့နိဗ္ဗာနဓာတ်ကို တပည့်တော်တို့ စင်စစ်ချမ်းသာတဲ့ နိဗ္ဗာနဓာတ်ကိုမျက်မှောက်ပြုပါရစေ. . လို့ ကုဋ္ဌိကနေပြီးတော့ နိဗ္ဗာန်ကိုလှမ်းရမယ်၊ မျှော်ရမယ်။

ကုဋ္ဌိကဘယ်လိုဒုက္ခသစ္စာအချက်တွေကို ဖြေဖျောက်ပေးတုန်းဆိုတော့၊

http://www.dhammadownload.com



ဘုန်းကြီးတို့ သစ္စာလေးပါးထဲမှာ ဒုက္ခသစ္စာရဲ့နှိပ်စက်တဲ့ ဒဏ်ချက်ရှိတယ်၊ ပီဠနဋ္ဌ-သဘောလို့ခေါ်တယ် စာလိုပြောတော့၊ အဲဒီပီဠနဋ္ဌသဘောဆိုတာ နှိပ်စက်တဲ့သဘော။ ဘယ်လိုနှိပ်စက်နေတုန်းလို့ဆိုတော့-

* ကြိယာလေးဖြာ၊ စားစွန့်ကာနှင့်၊ မှန်စွာရှုရှိုက်၊
ဤရှစ်ပိုဒ်ကို၊ စိတ်၌ပြင်းစွာ၊ ငြီးငွေ့ပါမှ . . .။

ဒီခန္ဓာကိုယ်ကြီးပေါ်မှာလေ. . တဲ့ဒုက္ခသစ္စာရဲ့နှိပ်စက်နေတဲ့ဒဏ်ရာ ဒဏ်ချက် ရှစ်ချက်ရှိတယ်၊ ဒီ ပီဠနဋ္ဌ-သဘောထဲက တခုသောအခြင်းအရာကနေဖြာထွက်လာတာ၊ ရှစ်မျိုးရှိတယ်၊ အဲဒီရှစ်မျိုးက ဘာတုန်းဆိုရင် "ကြိယာလေးဖြာ၊စားစွန့်ကာနှင့်၊မှန်စွာရှုရှိုက်၊ ဤရှစ်ပိုဒ်ကို . . ဒီခန္ဓာကိုယ်ကြီးကပ်ပြီးတော့ နှိပ်စက်နေတာ ဘယ်သူတုန်းဆို ရှစ်ပါးရှိတယ်. . တဲ့၊ အနာကြီးရှစ်ချက်ရှိတယ်၊ ဒဏ်ချက်ကြီးရှစ်ချက်ရှိတယ်၊နေ့တိုင်းနှိပ်စက်နေတဲ့ ခန္ဓာကိုယ်ကြီမ်လုံးနဲ့ရိုက်သလိုနှိပ်စက်နေတဲ့ ဒဏ်ပေးနေတဲ့အချက်ကြီးရှစ်ချက်ရှိပါတယ်။

ဘာတုန်းလို့ဆိုတော့- ကြိရိလေဖြာ-ကြိရိယာပုထ်လေးပါးတဲ့၊ ကြိရိယာပုထ်လေးပါးဟာထိုင်ချည့်နေကြည့်စမ်း၊ ထိုင်ခြင်းကြိရိယာပုထ်နဲ့ချည့်နေရင်ထိုင်ခြင်းကြိရိယာပုထ်ကကြာတော့ နှိပ်စက်လာတာ၊ အောက်ကတင်ပါးတွေပူလာ၊ ညောင်းလာ ကိုက်လာ ထိုင်ရတာကြာတော့၊ အဲဒါထိုင်ခြင်း ကြိရိယာပုထ်က ဒီခန္ဓာကိုနှိပ်စက်နေတာ နှိပ်စက်နေတာ၊ ရပ်ချည့်နေကြည့်စမ်း မတ်တတ်ချည့်ရပ်နေပြန်တော့လည်း ရပ်ခြင်းကြိရိယာပုထ်က နှိပ်စက်လာတယ်၊ ခြေသားလုံးတွေတောင့်လာကုန်၊ တစ်ကတည်း ခန္ဓာကိုယ်တစ်ကျောလုံးနောက်ကျောတွေတက်လာသလိုဖြစ်လာ၊ အဲဒါရပ်ခြင်း ကြိရိယာကြီးက ဒီခန္ဓာကိုယ်ကြီးနှိပ်စက်ပြီးတော့ပြနေတာ၊ ဒုက္ခသစ္စာလက္ခဏာပြနေတာ. . တဲ့ ပြနေတာ။

အိပ်နေတော့ကောင်းတယ်ထင်၊ ဒီတော့ အိပ်ချည့်နေစမ်း၊ တချို့ဒီမှာ မကျန်းမမာလို့ပက်လက်နေရတဲ့သူတွေ ကြာတော့ကျောတွေပူပြီးတော့ ကျောတွေများအရေတွေကွာပေါက်ကုန်၊ တင်ပါးခွက်တွေတင်ပါးဆုံတွေ အရေတွေပေါက်ကုန်၊ ဟိုဘက်မလှည့်နိုင်ဒီဘက်မလှည့်နိုင်လို့ ပက်လက်နေရတဲ့သူမှာ ဒုက္ခ၊ ဒီတော့-ခန္ဓာကိုယ်ကြီးမှာ အဲဒီပက်လက်နေရတဲ့ လျောင်းနေရတဲ့ ကြိရိယာပုထ်ကလည်းပဲနှိပ်စက်နေပါတယ်၊ သွားချည့်နေတော့ကော အမြဲသွားချည့်နေစမ်း၊

http://www.dhammadownload.com



သွားအားကြီးတော့ တစ်ခါတည်းတောင့်တင်းကြွက်တွေဘာတွေတက်လာကုန်၊ အဲဒါက္ကရိယာပုထ်လေးပါးက ခန္ဓာကိုယ်ကြီးမှာ ဒုက္ခသစ္စာအဖြစ်နဲ့ နှိပ်စက်နေတယ်. . တဲ့ နှိပ်စက်နေတယ်။

အဲဒီနှိပ်စက်နေပေမဲ့လို့ ယနေ့ဒကာဦးသောင်းညဏ်တို့က ဒုက္ခသစ္စာလို့မထင်ပါ၊ ဒကာမဒေါ်ခင်လှတို့က ဒုက္ခသစ္စာလို့မထင်ပါ၊ ဒုက္ခသစ္စာရဲ့နှိပ်စက်မှုဒဏ်လို့မထင်ပါ၊ ယနေ့အားလုံးသော တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေနှင့်တကွသတ္တဝါများစွာတို့က ဒုက္ခသစ္စာရဲ့ပြစ်ချက်ကြီး. . လို့ မမြင်ဘူး. . တဲ့ မမြင်ဘူး။ ဘာလို့မမြင်တုန်းဆိုတော့ က္ကရိယာပုထ်ပြောင်းလိုက်တာ၊ ဆိုပါတော့-ထိုင်နေရတာ ညောင်းလာတော့,ကြာလာတော့ ဒုက္ခသစ္စာ လက္ခဏာ ပီဠနဋ္ဌ-သဘောပေါ်လာတာကို "ဩော် ဒါဒုက္ခသစ္စာပဲ, ဒုက္ခကြီး ပဲ. . . လို့ ဒီလို ရှုလိုက်ရမယ့်အစား။

အဲဒီညဏ်ဦးစီးမလာဘဲနဲ့ ငါ့နှယ်နော် နာလိုက်တာ၊ ကျင်လိုက်တာဆိုတဲ့ ဒေါမနဿဝင်လာပြီးတော့. . . တဲ့၊ ထိုင်နေရာကနေပြီးတော့ အိပ်ပေးလိုက်တယ်၊ ပြောင်းပေးလိုက်တယ်၊ အိပ်ခြင်း က္ကရိယာပုထ်ကိုပြောင်းလိုက်တယ်၊ သက်သာသွားအောင်၊ သို့မဟုတ် ထပြီးတော့ မတ်တတ်ရပ်လိုက်တဲ့ က္ကရိယာပုထ်ပြောင်းပေးလိုက်တယ် သက်သာသွားအောင်၊ အဲဒီတော့ နည်းနည်းသက်သာသွားတယ်၊ ချမ်းသာသလိုဖြစ်သွားတယ်ပေါ့လေ. . သက်သာသွားတယ်ဆိုတော့ ဒီတော့-က္ကရိယာပုထ်ပြောင်းလိုက်တော့ နည်းနည်းချမ်းသာသွား၊ ချမ်းသာသွားတော့ ဒီခန္ဓာကိုယ်ခင်မြဲခင်,တွယ်တာမြဲတွယ်တာ, မက်မောမြဲမက်မော, သမုဒယသစ္စာတဏှာကလာ၊ ချမ်းသာထင်ရင်အခင်လာတယ်၊ ချမ်းသာတယ်လို့သုခလို့ထင်ရင် အခင်လာတယ်၊ အခင်ဆိုတာ သမုဒယသစ္စာတဏှာ၊ ဒုက္ခလို့ထင်မှ အခင်ပျောက်တယ်၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ မြင်ပြီဆိုရင်အခင်သမုဒသစ္စာမလာတော့ဘူး။

အဲဒီဒုက္ခသစ္စာကိုဒုက္ခသစ္စာအတိုင်းမြင်ဖို့ရာ က္ကရိယာပုထ်အပြောင်းအလဲတိုင်း, အပြောင်းအလဲတိုင်းမှာ ထိုင်နေရတာကြာလို့ ပူလာ,ကျင်လာ,ကိုက်လာ,ခဲလာ, ဝေဒနာတွေပေါ်လာရင် "ဩော် ရုပ်နာမ် ဓမ္မသဘာဝဒုက္ခသစ္စာချည့်ပဲ. . ဒုက္ခ အစုအဝေးကြီးပဲလို့ဆိုတာလေးတော့ဖြင့်ရှုလိုက်ပါ. . တဲ့ မှတ်လိုက်ပါ,ပွားများလိုက်ပါအုန်း၊ ပြောင်းတာတော့ မပြောင်းရဘူး မဟုတ်ပါဘူး ပြောင်းရပါတယ်၊

http://www.dhammadownload.com



သို့သော်-အဲဒီခန္ဓာကိုယ်ရဲ့ဒုက္ခသစ္စာလက္ခဏာကြီးကိုမြင်လိုက်ပါအုန်း၊ ခန္ဓာကိုယ်ကြီးက အမြဲပြနေရှာတာသူက၊ ကျုပ်ဒုက္ခပါနော်. . ကျုပ်ဒုက္ခပါ၊ ဒုက္ခတုံးကြီးပါ၊ ဒုက္ခအစုဝေးကြီးပါလို့ သူကပြနေရှာတာ. . တဲ့ ပြနေရှာတာ။

ကြည့်လေတဲ့ထိုင်တာကြာလာတော့ ကျင်လာတယ်,ပူလာတယ်,ညောင်းလာတယ်,ကိုက်လာတယ်၊ အဲဒါခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာပြနေတာ၊ ပြတာကိုယနေ့အားလုံးသော သတ္တဝါတွေက ပြမှန်းမသိလိုက်တော့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့မထင်၊ မထင်တော့ မငြီးငွေ့၊ မငြီးငွေ့တော့ အခင်လာ၊ အခင်လာတယ်ဆိုတာ သမုဒယသစ္စာတဏှာဝင်လာတယ်၊ ဒီတော့-ဘာလုပ်ပေးလိုက်တုန်း၊ ကိုယ့်ခန္ဓာကိုယ်ကလေးကိုပြောင်းပေးလိုက်တယ်ပေါ့၊ ဣရိယာပုထ်ပြောင်းပေးလိုက်တော့ ခုနက ထိုင်ခြင်းကြောင့်ဖြစ်တဲ့ ဣရိယာပုထ်နှိပ်စက်တဲ့ဒုက္ခကြီးက ပျောက်သွားရော၊ ဖုံးသွားရော။

အဲဒါကြောင့်ရှေးသူတော်ကောင်းကြီးတွေက ဒုက္ခလက္ခဏာ ဣရိယာပထဖုံးပြီ. . လို့ဆိုရိုးပြုခဲ့ကြတယ်၊ ခန္ဓာကိုယ်ကြီးရဲ့ ဣရိယာပုထ်နှိပ်စက်လို့ဖြစ်ပေါ်လာတဲ့ ဒုက္ခလက္ခဏာကို ဣရိယာပုထ်ကပဲ ပြန်ဖုံးနေတယ်. . တဲ့၊ ထိုင်နေခြင်းကြောင့်ဖြစ်တဲ့ဒုက္ခကို ထပေးလိုက်ခြင်းဖြင့်၊ ထနေခြင်းကြောင့်, သွားနေခြင်းကြောင့်ဖြစ်တဲ့ဒုက္ခကို အိပ်ပေးလိုက်ခြင်းဖြင့်ပြောင်းပြောင်း ပြောင်းပြောင်းပေးတော့ ဒီခန္ဓာကိုယ်ဒုက္ခလက္ခဏာကို မထင်တော့ဘူး၊ သုခလို့ပဲထင်နေတယ်။

အဲ-သုခလို့ထင်,ချမ်းသာတယ်လို့ထင်, အကောင်းလို့ထင်ရင် အခင်လာတယ်၊ အခင်လာရင် သမုဒယသစ္စာတဏှာလာမယ်၊ သမုဒယသစ္စာတဏှာလာရင် ဒီခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ အဲဒီအခင်ကိုအကြောင်းပြုပြီးတော့ တဏှာကိုအခြေခံပြီးတော့ ဥပါဒန်စွဲလမ်းမှု၊ စွဲလမ်းမှုအခြေခံပြီးတော့ ကာမဘဝ၊ ဒီခန္ဓာကိုယ်ကောင်းအောင်၊ ဒီခန္ဓာကိုယ်လေးချမ်းသာအောင်၊ ဒီခန္ဓာကိုယ်နောက်ဘဝကောင်းစားအောင်၊ ဒီဘဝကောင်းစားအောင်ဆိုတဲ့ ကာမဘဝတွေ အကုန်ပြုမိကုန်ရော၊ ကာမဘဝတွေအကုန်ပြုတော့ ဇာတိလာ နောက်ဘဝတွေရ၊ ဇာတိလာတော့ ဇရာမရဏ,သောက,ပရိဒေဝ,ဒုက္ခတွေစက်ဝန်းကြီးလည်။

ဒီတော့ ဒုက္ခသစ္စာရဲ့ပြစ်ချက် မမြင်လိုက်တာက ဘယ်လောက်ထိဆိုးရွား

http://www.dhammadownload.com



သွားတုန်းဆိုတော့ နောက်ဘဝအဆက်ဆက်သေ၊ အသေအမျိုးမျိုး,အအိုအမျိုးမျိုး,အနာအမျိုးမျိုးထိရောက်သွားပါတယ်. . . တဲ့ ရောက်သွားပါတယ်၊ ဒီနေ့ကျောင်းဒကာကျောင်းအမတို့က အဲဒီဒုက္ခကို ဒုက္ခလို့မြင်ပါ။ ခန္ဓာကိုယ်ပေါ်မှာ နှိပ်စက်နေတဲ့ ဒုက္ခသစ္စာရဲ့ နှိပ်စက်မှုဒဏ်ကြီးရှစ်ချက်၊ ဣရိယာပုထ်လေးပါး။

ဣရိလေးဖြာ, စားစွန့်ကာနှင့်, ဒီလေးပါးတင်လားဆိုတော့ စားတဲ့-စားရသောက်ရတာ၊ ဒါလည်း ဒုက္ခကြီးတစ်မျိုး၊ စားရသောက်ရတယ်ဆိုတာ ဆာတာလေ ရေဆာလိုက်တာ၊ ထမင်းဆာလိုက်တာ၊ ဒါခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာပြနေတာသူက "ကျုပ်ဒုက္ခပါ ကျုပ်ချမ်းသာမဟုတ်ပါဘူး" ဟောအခုဆာပြီ၊ ဆာပြီရေငတ်ပြီ၊ ဒါဒုက္ခပဲတဲ့ ဒုက္ခပဲ၊ ဗျာဓိဒုက္ခရောက်လာတာပဲ၊ အဲဒီဗျာဓိဒုက္ခကြီးကို ခန္ဓာကိုယ် ရေတိုက်ပေးလိုက်ခြင်းဖြင့် နေသာထိုင်သာရှိအောင်ကျွေးလိုက်ရတာ၊ အစာဆာလာတဲ့ခန္ဓာကိုယ်ကြီးကို အစာကျွေးပေးလိုက်ခြင်းဖြင့် နေသာထိုင်သာရှိသွား၊ ဆေးကုလိုက်တာ ဆေးကုလိုက်တာ၊ နည်းနည်းသက်သာသွား။

ဣရိယာလေးဖြာ,စားစွန့်ကာနှင့်,မှန်စွာရှုရှိုက်, ဤရှစ်ပိုဒ်ကို, စိတ်၌ပြင်းစွာ,ငြီးငွေ့ပါမှ. . ဒီအချက်ရှစ်ချက်ပေါ်မှာ ငြီးငွေ့ပြီးတော့နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှ "သေချာမျက်မှောက်,နိဗ္ဗာန်ရောက်လိမ့်. . "နိဗ္ဗာန်အာရုံပြုပြီး နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တယ်ဆိုတာ ဒုက္ခရဲ့ ပြစ်ချက်တွေမြင်ပြီးတော့ ဒီလိုနေ့စဉ်အမျှငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်တွေဝင်ပြီးတော့ ဝိပဿနာတင်ဆင်ခြင်ပွားများတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှရောက်နိုင်တယ်. . တဲ့၊ အလှူဒါနပြုလည်း ဒီလိုဒုက္ခသစ္စာရဲ့ ပြစ်ချက်ကြီးတွေမြင်ပြီး ငြီးငွေ့ပြီးလှူမှု၊ ဒီလိုလှူလိုက်ရတဲ့ ကုသိုလ်ကြောင့် နောက်ဘဝ ခံစားရအုံးမှာ ဒီထက်ကြီးကျယ်အုံးမှာ ခုနကပြောခဲ့တဲ့ အခြံအရံတွေနဲ့ဆိုရင် ဒို့တော့အခြံအရံတွေနဲ့ ဘယ်လိုပြည့်စုံအုန်းမှာဆိုတာပေါ့၊ သွားသာယာလိုက်လို့ရှိရင် နိဗ္ဗာန်နဲ့ဝေးသွားမယ်။

ဒါဖြင့်-အရှင်ဘုရားဘာပြုလို့အခြံအရံအကျိုး ပရိဝါရကဒါနတွေဘာလို့ဟောတာတုန်းဆိုတော့, ဒါကတော့ ဒီအကြောင်းပြုရင် ဒီအကျိုးရတတ်တယ်ဆိုတာ သိစေချင်လို့၊ သံသရာထဲမှာ ဒီအကြောင်းပြုရင်ဒီအကျိုးပေါ်တယ်ဆိုတာ သိအောင်လို့ ဘုရားကဟောခဲ့တယ်။ ဘုန်းကြီးတို့က တစ်ဆင့်ပြောပါတယ်၊ သို့

http://www.dhammadownload.com



သော်- ကိုယ်မှန်းရမှာကတော့ ဒုက္ခသစ္စာရဲ့ပြစ်ချက်ကြီးတွေမြင်ပြီးတော့ နိဗ္ဗာန်ကို မှန်းရမယ်၊ နိဗ္ဗာန်အာရုံပြုနိုင်ရမယ်၊ ဟော-အခုကြည့်ခန္ဓာကိုယ်မှာနှိပ်စက်နေတဲ့ ပြစ်ချက်။

ဒီပြင်အဝေးသိပ်ရှာနေမနေနဲ့၊ ထိုင်ခြင်းကြောင့်ဖြစ်တဲ့ဒုက္ခ,ရပ်ခြင်းကြောင့်,သွားခြင်းကြောင့်, လျောင်းခြင်းကြောင့်ဖြစ်တဲ့ဒုက္ခတွေ ဒီခန္ဓာကိုယ်ပေါ်မှာ ဣရိယာပုထ်လေးပါးက အမြဲနှိပ်စက်နေပါတယ်၊ ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌသဘော, နှိပ်စက်ခြင်း သဘောကြီးနဲ့ အမြဲနှိပ်စက်နေတယ်၊ အခုဆာလောင်တယ်, ရေငတ်တယ်၊ ဒါလည်းနှိပ်စက်နေတာပဲတဲ့၊ဘယ်နေ့များကင်းတုန်း၊ နေ့တိုင်းဒီခန္ဓာကိုယ် ဆာလို့ကျွေးရတာ၊ ရေငတ်လို့တိုက်လိုက်ရတာ၊ ကော်ဖီလေးတိုက်ရ၊ အချိုလေးတိုက်ရ၊ ညနေကျတော့ အချဉ်ရှလပတ်ရည်လေးတိုက်ရ၊ ကျွေးလိုက်ရတာ. . တဲ့၊ ကျွေးလိုက်ရတာ၊ ဆေးကုလိုက်ရတာ၊ ပျောက်တယ်လည်းမရှိဘူး။

ဒီပြင်ရောဂါတွေက တစ်ခါကုလိုက်လို့ရှိရင် တစ်ချက်လောက်ဆေးကုလိုက်လို့ရှိရင် တစ်နှစ်ရင်လည်းပြတ်ကရော၊ ဆယ်နှစ်ဆယ့်ငါးနှစ်ရင်လည်း ပြတ်ကရော၊ နောက်မှပြန်ပေါ်ရင်ပေါ်မယ်။ဒီဆာလောင်မွတ်သိပ်မှုဆိုတဲ့ဗျာဓိရောဂါကြီးက အခုမနက်ကျွေးထား နေ့လယ်လောက်ကျပြန်ပေါ်တာ ရောဂါကြီးက၊ နေ့လယ်လောက်ကျွေးထား ညနေကျတော့ပြန်ဆာလာ၊ ပျောက်တယ်မရှိဘူး၊ ရောဂါကြီးက၊ အဆိုးဆုံးရောဂါကြီးတဲ့ ဒီရောဂါကြီးက။

ဣရိလေးဖြာ,စားစွန့်ကာနှင့် . . စားရသောက်ရတာလည်း ဗျာဓိဒုက္ခ ဒုက္ခသစ္စာရဲ့နှိပ်စက်မှုဒဏ်ကြီးပဲ၊ ဟော-စွန့်ကာတဲ့. . စားလို့ပြီးတော့ ဒီတိုင်းနေလို့ပြီးရော လားဆိုတော့၊ မပြီးသေးဘူး. . . စွန့်ရတယ်၊ စွန့်ရတဲ့ဒုက္ခဆိုတာ ပဿာဝအမှု- ကျင်ငယ်အမှုတွေပြုရ၊ ကျင်ကြီးအမှုတွေပြုရတယ်လို့ ဆိုတာလည်း ခန္ဓာကိုယ်ကြီးကိုဒုက္ခသစ္စာအနေနဲ့၊ ဒုက္ခသစ္စာရဲ့နှိပ်စက်နေတဲ့ဒဏ်ချက်ကြီးတစ်ခုပါပဲ။ စွန့်ရတယ်. . . ကျင်ကြီးအမှုပြုချင်တယ်, ပြုရတယ်။ ဒါလည်းဒုက္ခသစ္စာတစ်မျိုးပဲ၊ အနာတစ်မျိုးပဲ၊ ကျင်ကြီးအမှုတွေပြုချင်တယ်၊ ပြုနေရတယ်၊ ဒါလည်းဒုက္ခတစ်မျိုးပဲ၊ ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌသဘောကြီးပဲသူလည်း၊ အဲဒါကိုမြင်အောင်ကြည့်ပါတဲ့၊ ခန္ဓာကိုယ်ပေါ်မှာရှိနေတဲ့ နှိပ်စက်မှုဒဏ်တွေကိုမြင်အောင်ကြည့်ရတယ်။

http://www.dhammadownload.com



မြင်အောင်ကြည့်တော့ ဘာဖြစ်တုန်းဆိုတော့ ဒီခန္ဓာကိုယ်ကြီးမှာ ငြီးငွေ့လာတယ်၊ ရွံမုန်းလာတယ်။ ဒီခန္ဓာကိုယ် လွတ်မြောက်ချင်လာတယ်၊အဲဒါသမုဒယသစ္စာ တဏှာသေသွားတာပဲ၊ သမုဒယသစ္စာ တဏှာသေရင် ဒီခန္ဓာကိုယ်ပေါ်မှာ ဒုက္ခ,ဒုက္ခအတိုင်းမြင်လာတယ်ဆိုရင် မဂ္ဂင်ဝင်လာတယ်၊ သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်။ အမြင်မှန်လို့ခေါ်ပါတယ်၊ အမှန်မြင်လို့ခေါ်ပါတယ်၊ အဲ-သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ စတဲ့တရားတွေပေါ်လာ။

ဒီတော့-ဒီခန္ဓာကိုယ်ကို ဒုက္ခ,ဒုက္ခအတိုင်းပြစ်ချက်မြင်လိုက်သည်နှင့်တစ်ပြိုင်နက်၊ သစ္စာလေးပါးတစ်ပြိုင်နက်ဆိုက်လာတယ်၊ ဒုက္ခ,ဒုက္ခလို့မြင်လိုက်တော့၊ ဒုက္ခကိုပိုင်းခြားသိတယ်လို့ခေါ်တယ်။ ထိုင်ရတာ,သွားရတာ,ခုနက စွန့်ရတာ, စားရတာတွေဒုက္ခလို့မြင်လာရင်၊ ဒုက္ခသစ္စာကြီးကိုပိုင်းခြားပြီးတော့သိတယ်၊ ဒုက္ခသစ္စာကို မြတ်စွာဘုရားက ပရိညေယျကိစ္စ ရှိတယ်၊ ပိုင်းခြားသိထိုက်တဲ့ကိစ္စတဲ့၊ ပိုင်းခြားသိပါတဲ့၊ သိအောင်ကိုလုပ်ပါတဲ့၊ အဲဒီလိုပိုင်းခြားသိလိုက်တော့ သမုဒယသစ္စာက **ပဟာနကိစ္စ။**

သမုဒယသစ္စာ တဏှာ၊ ဒီခန္ဓာကိုယ်ပေါ်မှာခင်တယ်၊ တွယ်တာမက်မောတယ်ဆိုတာ သမုဒယသစ္စာတဏှာမလာတော့ဘူး၊ ဒုက္ခ,ဒုက္ခလို့မြင်ရင်, ဆင်းရဲတာပဲလို့မြင်ရင် အခင်ကလာကိုမလာတာ၊ ရောက်ကိုမလာတာ၊ အဲဒီရောက်မလာတာ သမုဒယသစ္စာတဏှာ ပယ်ထားတယ်လို့ခေါ်တယ်၊ ဖြစ်နေကျတဏှာအခင်ဓာတ်တွေမလာတော့တာ သမုဒယသစ္စာတဏှာသေထာယ်လို့ခေါ်တယ်၊ အဲဒါ ဘာပြုလို့သေတာတုန်းဆိုတော့၊ ဒုက္ခ,ဒုက္ခသစ္စာအတိုင်းမြင်လို့ပဲတဲ့၊ ဆင်းရဲ,ဆင်းရဲအတိုင်း အမှန်မြင်လို့ပဲတဲ့၊ အဲဒီအမှန်မြင်တာကို မဂ္ဂသစ္စာလို့ခေါ်တယ်။ ဟော-ဒုက္ခသစ္စာ ပိုင်းခြားသိလိုက်သည်နှင့်တစ်ပြိုင်နက် မဂ္ဂသစ္စာပါသွားပြီ။

ဒီတော့-အဲဒီလိုမြင်အောင်လေးကတော့ကြိုးစားရတယ်၊ ကိုယ့် သန္တာန်ဒီအမြင်လေး မပြတ်မပြတ်ဖြစ်နေအောင်ကတော့ ကြိုးစားရတယ်၊ အဲဒီ ကျိုးစားရတာကိုပဲ မဂ္ဂသစ္စာ-ဘာဝိတကိစ္စ။ မဂ္ဂသစ္စာဆိုတာ ကိုယ့်သန္တာန်ဖြစ်အောင်လုပ်ရတဲ့ကိစ္စရှိတယ်။ အဲဒီလိုဖြစ်လာပြီဆိုတော့ မဂ္ဂသစ္စာပေါ်လာပြီ၊ ဒုက္ခကို ဒုက္ခအတိုင်းမြင်လာပြီဆိုတော့ ဒီဒုက္ခတွေသိမ်းရာ၊ ဒီဒုက္ခတွေငြိမ်းရာ၊ ဒီဒုက္ခတွေ မရှိရာကိုလိုချင်လာတယ်၊ စိတ်ကလေးကညွတ်သွားတယ်၊ တောင့်တသွားတယ်၊

http://www.dhammadownload.com



အဲဒါ-နိဗ္ဗာန်ဘက်စိတ်ကလေးညွတ်သွားတာ၊ နိဗ္ဗာန်ကိုတိုက်ရိုက်မမြင်နိုင်သေးသော်လည်း အနုမာနနဲ့ ဒီခန္ဓာကိုယ် ဒီဒုက္ခမျိုးတွေမရှိတဲ့နိဗ္ဗာန် အေးချမ်းပေလိမ့်မယ်. . လို့ ဒီလိုမှန်းသွားပါတယ်. . . တဲ့၊ အနုမာနနည်းနဲ့မှန်းဆသွားတယ်၊ အဲဒါ-နိရောဓသစ္စာ မျက်မှောက်ပြုတယ်လို့ခေါ်ပါတယ်။

မျက်မှောက်ပြုတာက-အနုမာနနည်းနဲ့မျက်မှောက်ပြုနည်း၊ ပေစ္စက္ခမျက်မှောက်ပြုနည်းလို့ နှစ်မျိုးရှိပါတယ်၊ အနုမာနနည်းနဲ့ မျက်မှောက်ပြုတယ်ဆိုတာ ဘုန်းကြီးတို့ ပုထုဇဉ်တွေ နိဗ္ဗာန်ဘယ်လိုချမ်းသာမှာပဲနော်. . လို့ မှန်းကြရတာကို အနုမာနမျက်မှောက်ပြုနည်းလို့ခေါ်တယ်။ သောတာပန်အောက်ထစ်ဆုံးဖြစ်သွားပြီဆိုတော့ ပေစ္စက္ခမျက်မှောက်ပြုနည်းတဲ့။ တကယ်ကိုဒိဋ္ဌမြင်သွားတော့တာနိဗ္ဗာန်။

သူမြင်တော့လည်း ဒီဒုက္ခသစ္စာ ဒီလိုပိုင်းခြားသိပြီးတော့၊ ဒီသမုဒယသစ္စာ ဒီလိုပယ်ပြီးတော့၊ ဒီမဂ္ဂသစ္စာ ဒီလိုဖြစ်စေပြီးတော့ မြင်သွားတာပဲ၊ ဒီတော့-တစ်ချက်ကလေးခန္ဓာကိုယ်ပေါ်မှာ ဣရိယာပုထ် ဒုက္ခသစ္စာရဲ့ နှိပ်စက်တဲ့ဒဏ်ကို မြင်လိုက်တဲ့တစ်ချက်တိုင်း, တစ်ချက်တိုင်း, သစ္စာလေးပါးဆိုက်ပြီးတော့နေတယ်. . လို့ သိလိုက်ပါ၊ သစ္စာလေးပါးပါပြီးတော့နေတယ်. . လို့နားလည်လိုက်ပါ။

## "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ"

သစ္စာလေးပါးကလွတ်တဲ့တရားမရှိဘူး. . တဲ့ဘယ်နားမှ။ ဒီတော့-သစ္စာလေးပါး အကုန်ဆိုက်နေတယ်၊ ဒကာ, ဒကာမတွေ သစ္စာလေးပါးကို အဲဒီလိုအသိသေးသေးကလေးနဲ့ သိပါများလာတော့၊ အသိကြီးကြီးနဲ့သိလိမ့်မယ်၊ အသိကြီးကြီးနဲ့သိပါများလာမှ၊ လောကုတ္တရာအသိကူးပြီးတော့ မဂ်တရား, ဖိုလ်တရားတွေဆိုက်လိမ့်မယ်။ ဒါဖြင့် မဂ်,ဖိုလ်ဆိုက်ပြီးတော့ သစ္စာမြင်ချင်လို့ရှိရင် လောကီအသိဉာဏ်နဲ့ သိတဲ့သစ္စာလေးပါးသိကိုလည်း မကြာမကြာသိနေအောင် ကြိုးစားရပါ တယ်. . . တဲ့၊ ကြိုးစားရပါတယ်။

ဟော-ဒီတော့၊"ဣရိယေးဖြာ, စား,စွန့်,ကာနှင့်,မှန်စွာရှုရှိုက်, ဤရှစ်ပိုဒ်ကို". . ရှုရှိုက်နေရတဲ့ဟာလည်း၊ ရှုချည်းနေပြီးတော့ ရပ်ထားလို့မရဘူး၊ ရှိုက်ချည်းနေလို့လည်းမရဘူးတဲ့၊ ဒီ ရှုလိုက်,ရှိုက်လိုက်ကလည်း ဒုက္ခသစ္စာ ပီဠနဋ္ဌသဘောလေးပဲတဲ့၊ ခန္ဓာကိုယ်မှာ ရှုလိုက်ရ, ရှိုက်လိုက်ရ၊ ရှုလိုက်ရ, ရှိုက်

http://www.dhammadownload.com



လိုက်ရ ဒီ ရှုရှိုက်နေတဲ့ဟာလည်းပဲ ဒုက္ခသစ္စာရဲ့နှိပ်စက်မှုဒဏ်ချက်နှစ်ခုပဲ. . တဲ့။ ဒါအားလုံးရှစ်ခုရှိပါတယ်။

ဒီတော့-အဲဒီထဲမှာ အထူးသဖြင့် ယနေ့ဂန္ဓာရုံတိုက် သံဃာတော်(၅၀၀) ကျော်တို့မှာ ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌ စွန့်ရတဲ့ကိစ္စကြီး၊ စားသောက်ပြီးတော့ ဒီလိုနဲ့ မပြီးသေးဘူးလေ၊ ကျင်ကြီးအမှု,ကျင်ငယ်အမှုတွေပြေးပြီးတော့စွန့်ရ၊ ဒုက္ခသစ္စာရဲ့ နှိပ်စက်မှုဒဏ်ကြီးခံရလို့. .၊ အဲဒီဒုက္ခကြီး ခဏတစ်ဖြုတ်ပျောက်အောင်၊ အခု ဦးသောင်းညဏ်တို့+ ဒေါ်ခင်လှတို့ လှူဒါန်းထားတဲ့ ဝစ္စကုဋိကြီးထဲဝင်ပြီးတော့၊ ချမ်းသာကလေးဖြစ်အောင်ပြောင်းရတယ်၊ ဒုက္ခသစ္စာနှိပ်စက်မှုဒဏ်ကြီးကို ပြောင်း လဲပြီးတော့ သုခအဖြစ်ပြောင်းယူရပါတယ် အဲဒီအထဲ။

သို့သော်-ဒီသုခက မြဲသောသုခလား၊ ခိုင်သောသုခလားဆိုတော့ မခိုင် သောသုခ၊ တော်ကြာပြန်ပေါ်တဲ့ဒုက္ခ၊ သုခပေါ်ပြီးတော့ ဒုက္ခအဖြစ်ပြောင်းပြောင်း ပြီးတော့ပြန်ပေါ်လာတာမို့လို့ မခိုင်သောသုခ ချမ်းသာစစ်မဟုတ်ပါ၊ အဲဒါကြောင့် မိုးကောင်းတိုက်သံဃာတော် အရှင်မြတ်တွေမှာ ဖြစ်ပေါ်လာမယ့် ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌ-နှိပ်စက်မှု,စွန့်ရခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ နှိပ်စက်မှုရောဂါကြီးကို ပြေ ပျောက်အောင်တပည့်တော်တို့ ကုဋိကြီးတွေကိုပြင်ပြီးတော့ ဆောက်လုပ်လှူဒါန်း ခြင်းဖြင့်. . . ဆေးရုံကြီးတွေလှူပါတယ်၊ ဒါ-ဆေးရုံကြီးတွေလှူတာပဲ၊ စွန့်ချင်ခြင်း အမှုပြုလာတယ်ဆိုတာ မမာမကျန်းဖြစ်လာတာပဲ တကယ်တော့။

ဒီဇရာ,ဗျာဓိ,မရဏ ဆိုတဲ့ ဒုက္ခကြီးသုံးချက်နဲ့ပြောလို့ရှိရင်.ဗျာဓိဒုက္ခထဲမှာ ဝင်တယ်၊ အနာရောဂါကျရောက်တယ်ဆိုတဲ့ဒုက္ခထဲမှာ ဝင်ပါတယ်၊ ဒီစွန့်ချင်တယ်၊ စွန့်ခြင်းအမှုပြုနေရတယ်ဆိုတာ။ အဲဒီဗျာဓိဒုက္ခကြီးကို တခဏချမ်းသာဖို့ ဆေးကု ဖို့ရာ တပည့်တော်တို့ဝစ္စကုဋိကြီးတွေကို ဂန္ဓာရုံတိုက်သံဃာတော်တို့ကိုရည်စူးပြီး တော့ ဆယ်ခန်းကုဋိကြီးကိုအသစ်စက်စက်ဆောက်လုပ်လှူဒါန်းပါတယ်။

မိုးကောင်းတိုက်သံဃာတော်အရှင်မြတ်တို့အား ရည်စူးပြီးသကာလ (၁၄) ခန်းကုဋိကြီးမှာ အမိုးပြင်ခြင်း ကြွေခွက်တွေကိုလဲခြင်းမွှန်းမံပြင်ဆင်ခြင်းဆိုတဲ့ အမှု တွေကိုပြုပြီးတော့တပည့်တော်တို့ သံဃာတော်အရှင်မြတ်တွေဒုက္ခသစ္စာ ပီဠနဋ္ဌ အချက်ကြီးတွေမှ နည်းနည်းသက်သက်သာသာဆိုပြီးတော့ တပည့်တော်တို့ဆေး

http://www.dhammadownload.com



ရုံဆောက်ပြီးတော့ လှူပါတယ်. . ဆေးကုဌာနကြီးတွေပဲ. . အဲဒါ ဂိလာနတွေရဲ့ ဆေးကုဌာနကြီးတွေပဲ။

အဲဒီလိုဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌ-အချက်ကြီးတွေကိုနည်းနည်းသက်သာအောင် တပည့်တော်တို့လှူဒါန်းရတဲ့ ဒီကုသိုလ်,ဒီစေတနာ,ဒီအစွမ်း,ဒီအရှိန်,ဒီအဟုန်,သတ္တိတွေမှန်သမျှသည်. . ဒီခန္ဓာကိုယ်ကြီးတည်းဟူသော ဒုက္ခသစ္စာတုံးကြီး သွား,ရပ် ထိုင်,လျောင်းဆိုတဲ့ ဣရိယာပုထ်လေးပါးအမြဲနှိပ်စက်နေမှုဒဏ်ကြီးကို ခံနေရ သဖြင့် ဒုက္ခတုံး ဒုက္ခအစုအဝေးကြီးသာဖြစ်တဲ့၊ ဂိလာနတုံးကြီးဖြစ်တဲ့ ဒီခန္ဓာကိုယ် ကြီးမျိုးတွေ၊ အဲဒီရောဂါမျိုးကြီးတွေအစပျောက်,ပျောက်ရာ,အေးရာ,ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်စခန်းကို တပည့်တော်တို့ ကျွတ်တန်းခိုပါရစေ. . မျက်မှောက်ပြုနိုင်ပါရစေ။

သံဃာတော်အရှင်မြတ်တွေအတွက် စွန့်မှုကိစ္စကြီးကို အထိုက်အလျောက် ချမ်းသာအောင် ပြုလုပ်ဆောင်ရွက်ပေးရတဲ့ဒီကုသိုလ် ဒီအရှိန် ဒီအစွမ်းသတ္တိတွေ သည်၊ ရုပ်နာမ်ခန္ဓာအပူခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ အကောင်းဆုံးအေးမြတဲ့ ချမ်းသာရှိနေတဲ့ နိဗ္ဗာန်ဓာတ် တရားမြတ်ကြီးကို မျက်မှောက်ပြုနိုင်ဖို့ရာ အားကောင်း သောအထောက်အပံ့ ဖြစ်ပါစေ. . . ဖြစ်ပါစေသား၊ ဖြစ်ပါစေသတည်း။. .

ဟောသလို ကုဋိကိုလှူရတဲ့ ကုသိုလ်ကို အဓိကထားပြီးတော့ အဲဒီကုသိုလ် ဟာ အခုပြောခဲ့တဲ့အတိုင်း ဂန္ဓာရုံသံဃာတော်များ, မိုးကောင်းတိုက် သံဃာတော် များရဲ့ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုရအောင်၊ ဒီကုဋိကြီးကစောင့်ရှောက်သလို တပည့် တော်တို့မှာလည်းပဲ ကိုယ်ဆင်းရဲစိတ်ဆင်းရဲခန္ဓာကိုယ် ရုပ်နာမ်ဝဋ္ဋ ရနေသမျှ ဖြစ် ပျက်မစဲ တလစပ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ဝဋ္ဋ,ဒုက္ခသစ္စာကြီးရဲ့ အေးရာငြိမ်း ရာဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကိုလျင်မြန်ဆောစွာ ရောက်ပါရစေ, ရပါရစေ. . ရောက်ရာရောက်ကြောင်းအားကောင်းသော အထောက်အပံ့ ဖြစ်ပါ စေသား. . လို့ ဒုက္ခသစ္စာရဲ့ ပြစ်ချက်မြင်ပြီးတော့နိဗ္ဗာန်ကိုအဲဒီလိုမှန်းပါ၊ နိဗ္ဗာန်ကို အဲဒီလို အာရုံပြုပါ။ အခုပြောနေတုန်းပဲ အာရုံနိုင်ရင် ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ် ပါတယ်၊ နိဗ္ဗာန်နဲ့တည့်တဲ့ ကုသိုလ်ဖြစ်ပါမယ်၊ နိဗ္ဗာန်ဆီမှန်းတဲ့ ကုသိုလ်ဖြစ်ပါမယ်၊ ဒီလိုမဟုတ်လို့ရှိရင် ခုနကပြောတဲ့သမုဒယသစ္စာတဏှာဘက်လည်သွားပြီးတော့ အခြံအရံတွေနဲ့ ပြည့်စုံချင် ပေါချင်များချင် နောက်ဘဝဘုံဗိမာန်တွေနဲ့ စည်းစိမ် တွေနဲ့ ပြည့်စုံချင်ဆိုရင်၊ ဝဋ္ဋနိဿိတကုသိုလ်ဖြစ်ပါမယ်၊ ဘုရားရှင်ကိုယ်တော်မြတ်

http://www.dhammadownload.com



က သူ့သာသနာတော်ကြည်ညို့မှီခိုလို့ပြုစုတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ဝိဝဋ္ဋနိဿိတ-ဝဋ်ဆင်းရဲမှလွတ်မြောက်တဲ့ နိဗ္ဗာန်ကို ရည်မှန်းချက်ချပြုတဲ့ ကုသိုလ်ကောင်းမှု ဖြစ်စေတော်မူလိုတယ်၊ ဖြစ်ဖို့ရာအရေးတကြီး သတိပေးတော်မူပါတယ်။

ဒါ့ကြောင့်-ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ကိုယ်စား ဘုန်းကြီးတို့က သတိပေးပါတယ်၊ ဝဋ်ဆင်းရဲမှလွတ်မြောက်ကြောင်းဖြစ်တဲ့ ယခုနကပြဆိုအပ်ခဲ့တဲ့ ဒုက္ခသစ္စာခန္ဓာကြီးတွေမှလွတ်ရာ ငြိမ်းရာအေးရာဖြစ်တဲ့ နိဗ္ဗာနဓာတ်တရားတော်မြတ်ကို ရရာရကြောင်းအားကောင်းသော အထောက်အပံ့ဖြစ်ပါစေသားဟူ၍ ယနေ့ကစ၍ ကုသိုလ်ကောင်းမှုပြုတိုင်းပြုတိုင်း ဒုက္ခသစ္စာရဲ့ပြစ်ချက်ကိုမြင်ပြီးတော့ ပြုနိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။

အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ ဒုက္ခသစ္စာ ရဲ့ပြစ်ချက်ကိုမြင်ပြီးတော့ သစ္စာလေးပါးသိမ်းပိုက်ပြီးတော့ ကုသိုလ်ကောင်းမှုပြုနိုင်သော ရှေးရှေးသောအလောင်း သူတော်ကောင်းကြီးတို့ နောက်ဆုံးပန်းတိုင်အနေနဲ့ လှမ်းကိုင်တက်ရောက်အပ်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကို လျင်မြန်ဆောစွာ ရကြရ, ရောက်ကြရ,မျက်မှောက်ပြုကြရပါလိုကုန်သောဟူ၍၊ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com

# "ထိုက်နေ့,နေသူ တရားတော်"

အနုမောဒနာတရား နာကြားရအောင်ဆိုတော့ အားလုံးဆိုလိုက်စမ်းပါ-

❖ ထိုက်နေနေသူ, မနေသူ, နှစ်လူရှိကြတယ်။

လောကမှာ လူတွေကတော့ အများကြီးပဲ. . တဲ့ လူပေါင်းများစွာ၊ တိရစ္ဆာန်သတ္တဝါတွေပါ,အပါယ်ဘုံသတ္တဝါတွေပါထည့်တွက်ရင်,သတ္တဝါအနန္တ အများကြီးပဲ၊ အထူးသဖြင့် လူတွေအများကြီး ရှိပေမဲ့လို့. . တဲ့၊ အမျိုးစားခွဲလိုက်ရင် အုပ်စုကြီးနှစ်စုကွဲတယ်၊ ဘယ်လိုအုပ်စုကွဲတုန်းဆိုတော့ ဘဗ္ဗာဂမနေ၁စ ပုဂ္ဂလော-တဲ့ ထိုက်အောင်တန်အောင်,ထိုက်နေနေတဲ့သူကတစ်မျိုးတဲ့၊ အဘဗ္ဗာဂမနေ၁စ ပုဂ္ဂလော -ထိုက်အောင်တန်အောင်မနေတဲ့,ထိုက်နေမနေတဲ့ လူကတစ်မျိုး--လို့ လူနှစ်မျိုးကွဲတယ်၊ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်တော်နဲ့ ပိုင်းဖြတ်ကြည့်လိုက်တော့ လူနှစ်မျိုးနှစ်ရပ်ပဲ တွေ့တယ်. . တဲ့၊ ထိုက်အောင်နေတဲ့ လူကတစ်မျိုး၊ ထိုက်အောင်မနေတဲ့လူကတစ်မျိုး။

ဘာနဲ့ထိုက်အောင်နေတာတုန်းလို့ဆိုတော့ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးပေးချင်တဲ့ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးပါး အဆင်တန်ဆာများနဲ့ ထိုက်အောင်နေတဲ့လူက တစ်မျိုး,တစ်အုပ်စု။ ငါဘုရားကိုယ်တော်မြတ်ကြီးပေးချင်တဲ့ အို့,နာ,သေ,လွတ်တဲ့ ရတနာပစ္စည်းကြီးတွေဖြစ်တဲ့ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဆိုတဲ့ နဝရတ်(၉)ဖြာ, ရတနာကြီး(၉)သွယ်နဲ့ ထိုက်အောင်,တန်အောင်မနေတဲ့ အုပ်စုကြီးက တစ်စု. . လို့ လူနှစ်စုငါမြင်တယ်. . . တဲ့၊ ငါမြင်တယ်။ ဘုရားက သဗ္ဗညုတဉာဏ်ကြီးနဲ့ လောကကြီးတစ်ခုလုံး သိမ်းကျုံးပြီးကြည့်လိုက်တာ၊ အထူးသဖြင့် လူတွေ,နတ်တွေ,ပြဟ္မာတွေဆိုတဲ့ သတ္တဝါတွေကိုကြည့်လိုက်တဲ့အခါကျတော့ ထိုက်နေနေတဲ့သတ္တဝါအုပ်စုကြီးကတစ်စု၊ ထိုက်နေမနေတဲ့သတ္တဝါအုပ်စုကြီးကတစ်စုလို့ ငါနှစ်စုမြင်တယ်. . တဲ့၊ အဘိဓမ္မာပိဋကပုဂ္ဂလပညတ်မှာ ဘုရားဟောတော်မူတယ်။

ဘာနဲ့ထိုက်အောင်တန်အောင်နေတာတုန်းဆိုတော့ ငါဘုရားပေးချင်တဲ့

* အဘိ-ပု-၁၆၆

http://www.dhammadownload.com



မင်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဆိုတဲ့ ကိုးတန်သောရတနာ၊ ကိုးဖြာသောအဆင်တန်ဆာတွေ၊အဲဒီအဆင်တန်ဆာတွေရရင် အို,နာ,သေလွတ်ကုန်တာပဲ၊ ပထမအဆင်တန်ဆာဖြစ်တဲ့ သောတာပတ္တိမဂ်-ဖိုလ်ဆိုတဲ့ အဆင်တန်ဆာတစ်စုံ ဝတ်လိုက်ရလို့ရှိရင် ခုနှစ်ဘဝပဲအိုတော့တယ်၊ ခုနှစ်ဘဝပဲနာတော့တယ်၊ ခုနှစ်ဘဝပဲသေတော့တယ်၊ နောက်-မအို,မနာ,မသေတော့ဘူးသူက။ သကဒါဂါမိမဂ်-ဖိုလ်ရလိုက်ရင်လေးဘဝလောက်သုံးဘဝလောက်ပဲအိုတော့,နာတော့,သေတော့တယ်၊ အနာဂါမိမဂ်-ဖိုရလိုက်ရင်တစ်ဘဝနှစ်ဘဝလောက်ပဲအိုတော့, နာတော့,သေတော့တယ်။ အရဟတ္တမဂ်-ဖိုလ်ဆိုတဲ့ မဂ်ဖိုလ်ကြီးကိုရလိုက်ရင်နောက်ထပ်အိုနာသေမလာတော့ဘူး . . . တဲ့အမြစ်ပြတ်။

အို,နာ,သေဆိုတာသတ္တဝါတိုင်းကြောက်တယ်၊ ဘယ်သူမှမအိုချင်ဘူး၊ ဆံဖြူ,နားထိုင်း,ခါးကိုင်း,သွားကြွေ,ပါးရေတွန့်ဘယ်သူမှမမြင်ချင်ဘူး၊ ကိုးဆယ်ခြောက်ဖြာ,ကိုးဆယ်ရှစ်ဖြာဘေးရောဂါတွေဘယ်သူမှမစွဲကပ်ချင်ဘူး၊ မီးလောင်သေ,ရေနစ်သေ,အဆိပ်သင့်သေ,ဓားခုတ်လှံထိုးနဲ့သေ,အသေအမျိုးမျိုး ဘယ်သူမှမကြိုက်ဘူး။ အဲဒီ အို,နာ,သေ,လွတ်အောင် ဟောဒီရတနာကိုးသွယ် ရအောင်ယူရမှာ၊ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဆိုတဲ့ အဆင်တန်ဆာကိုးမျိုး ငါဘုရားကပေးမလို့စောင့်နေပါတယ်. . . တဲ့ စောင့်နေပါတယ်။ အဲဒီအဆင်တန်ဆာကိုးမျိုးနဲ့ထိုက်အောင်တန်အောင်လာတဲ့သူဆိုရင် ငါဘုရားကဆည်းပြီးတော့ဆင်မယ်။

ဥပမာနဲ့ပြောရလို့ရှိရင်တဲ့ ရတနာပိုင်ရှင်သူဌေးကြီးတစ်ယောက်က ရတနာတွေသူ့မှာပေါတော့ "ကိုင်းလောကသားတွေကိုတော့ ငါ-ချီးမြှောက်အုံးမယ်၊ ဟောဒီ-ရတနာတစ်ဆင်စာ,တစ်ဆင်စာ,ရသွားရင် သူတို့တစ်သက်တော့စားမကုန်သောက်မခမ်းအောင်ကို ပြည့်စုံသွားစေလိမ့်မယ်၊ ဒီတော့ ရတနာတစ်ဆင်စာ,တစ်ဆင်စာ၊ နဝရတ်ကိုးဖြာ ရတနာတစ်ဆင်စာ,တစ်ဆင်စာ, ငါကလုပ်ပြီးတော့လမ်း ဆုံ,လမ်းမ,လမ်းခွကမဏ္ဍပ်ကြီးထိုးပြီးတော့ ရတနာသူဌေးကြီးကစောင့်နေတယ်" စောင့်နေပြီးတော့ လာတဲ့သူတွေကို ဆည်းပြီးတော့ရတနာတွေဆင်ပေးမှာသူက၊ အပိုင်ပေးလိုက်မှာ "ယူသွားတော့,မင်းတစ်သက်တော့ မင်းဝတ်ဆင်ပြီးတော့ချမ်းချမ်းသာသာ ထုခွဲရောင်းပြီးတော့ပဲစားစား၊ မင်းတစ်သက်တော့ ချမ်းသာရော့ဆိုပြီးတော့ ပေးတာ,ဆင်တာ။

http://www.dhammadownload.com



သို့သော်-လာတဲ့သူတိုင်းသူက ဆင်သလားဆိုတော့ အဲဒီလိုတော့ မဆင်ဘူး။ သူဆင်မယ့်ရတနာတွေနဲ့တိုက်အောင်,တန်အောင်လာတဲ့သူကိုမှ ဆင်တယ်။ ထိုက်အောင်,တန်အောင်လာတဲ့သူဆိုတာ (၁)ရေမိုးချိုးပြီးတော့ ခန္ဓာကိုယ်သန့်သန့်ရှင်းရှင်းလာရမယ်။ (၂) ဝတ်ကောင်းစားကောင်းလေးများလုံလုံလဲလဲ ဝတ်လာရမယ်။ (၃)ခေါင်းကစုပ်ဖွားကြီးဖြစ်မနေရဘူး၊ ခေါင်းလေးဘာလေးဖြီးလာရမယ်။ အဲဒီ သုံးချက်ဆိုရင်ဆင်တယ်၊ သူကဘာပြုလို့တုန်း ဆင်ထိုက်လို့. . တဲ့။ ဒီလိုမဟုတ်ဘဲနဲ့ ရေမိုးမချိုး ခြေထောက်တွေလည်းရွှံ့တွေနဲ့မျက်နှာလည်းအိုးမဲတွေနဲ့ ခန္ဓာကိုယ်ပေါ်လည်းချွေးတွေသန်တွေနဲ့၊ ဆီဂျီးတွေနဲ့ ,ဂျီးတွေနဲ့ညစ်ပတ်ပေလို့ဆိုရင်မဆင်ဘူးသူက။

ဘာပြုလို့တုန်း-သူက ထိုက်အောင်မှရေမိုးချိုးပြီးတော့ သန့်သန့်ရှင်းရှင်းမလာဘဲကိုး၊ ဝတ်ကောင်းစားကောင်းလည်း ဝတ်မလာဘူး၊ အဝတ်စုပ်အဝတ်ပြတ်တွေလက်နှီးစုတ်လိုအဝတ်တွေဝတ်ပြီးဘိုယို့ဘားယား ကိုယို့ကားယားနဲ့ မလုံမလဲကြီးတွေဝတ်လာရင် မဆင်ဘူး၊ ဘာပြုလို့တုန်း သူကထိုက်အောင်မှဝတ်မလာဘဲကိုး၊ ခေါင်းကလည်းပဲစုပ်ဖွားကြီး၊ တကတည်းဆံပင်ကိုဖွယို့ကားယားနဲ့ သရဲရုပ်ပေါက်ပြီးတော့ ခေါင်းပေါ်လည်း ပြာတွေဖုံတွေ အမှိုက်တွေသရိုက်တွေနဲ့၊ ဆံပင်တွေကလည်းဆီမလိမ်း ဘာမလိမ်းနဲ့ သွေ့ခြောက်ခြောက်ဆိုရင်မဆင်ဘူး၊ ရတနာသူဌေးကြီးက ဘာပြုလို့တုန်း ထိုက်အောင်မှသူကခေါင်းဖြီးမလာဘဲကိုး။

အဲ-ရေမိုးချိုးခန္ဓာကိုယ်သန့်သန့်ရှင်းရှင်းပြု ဝတ်ကောင်းစားကောင်းလေးများတင့်တင့်တယ်တယ်ဝတ်၊ ခေါင်းလေးများဖြီးပြီးလာတဲ့အမျိုးသား အမျိုးသမီးကျတော့ ရတနာသူဌေးကြီးကဆည်းပြီးတော့ ရတနာတွေဆင်တယ်၊ ဘာပြုလို့ဆင်တာတုန်း ထိုက်အောင်လာလို့ဆင်တာ။ ခုနကလူဘာလို့မဆင်တာတုန်း ထိုက်အောင်မလာလို့မဆင်တာဘဲ. . တဲ့၊ ငါဆင်မယ့်ရတနာနဲ့ ထိုက်အောင်သူကလာတာမဟုတ်ဘူးတဲ့ သူဌေးကြီးကပြောတာ။ အဲဒီလိုပဲ . . တဲ့ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း (၃၁)ဘုံရွာကြီးမြို့ကြီးမှာ(၃၁)ဘုံလမ်းလယ်ခေါင်ကနေပြီးတော့မဇ္ဈိမဒေသကနေပြီးတော့ အလယ်ဗဟိုကနေပြီးတော့ မင်္ဂလာမဏ္ဍပ်ကြီးထဲကနေပြီးတော့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာကိုးပါးရတနာများကိုဆင်ပေးမယ်လို့ ငါစောင့်နေပါတယ်. . တဲ့ စောင့်နေပါတယ်။

http://www.dhammadownload.com



သုံးဆယ့်တစ်ဘုံသံသရာခရီးသွားစည့်သည်များ ငါ့နားရောက်လာရင် ထိုက်အောင်တန်အောင်လာတဲ့သူတွေမှန်သမျှငါကဆင်ပေးပါတယ်၊ ထိုက်အောင် တန်အောင်မလာရင်တော့ ဆင်မပေးဘူး။ ထိုက်အောင်တန်အောင်လာတယ်ဆို တာ ဘယ်လိုလာတာတုန်း၊ အဲ-ဒါနရေမိုးချိုးပြီးတော့ လာတဲ့သူတွေ၊ စွန့်ကြဲပေး ကမ်း လှူဒါန်းမှုဆိုတဲ့ ဒါနကောင်းမှုတွေကိုပြုပြီးတော့ ရေမိုးချိုးလာတဲ့သူတွေ ဂျီးတွေ အညစ်ကြေးတွေစင်ကြယ်နေတယ်လေ၊ လှူတယ်တန်းတယ်ဆိုတာ ရေချိုး လိုက်တာနဲ့တူတယ်၊ လှူတယ်တန်းတယ် ဒါနကောင်းမှုပြုတယ်ဆိုတာ မစ္ဆရိယ အညစ်ကြေးတွေဆေးချလိုက်တာ။

မစ္ဆရိယဆိုတာ ငါစားအုံးမှာ ငါစားဖို့ချန်ရအုံးမှာ ငါဝတ်ဖို့ထားရအုံးမှာ ငါသားဆင်ဖို့ထားရအုံးမှာ ငါ့သမီးကျွေးဖို့ထားရအုံးမှာ မပေးနိုင်ပါဘူး၊ သူများမ ပေးနိုင်ပါးဘူးလို့ အဲဒီလိုငါစားမယ်,ငါဝတ်မယ်,ငါဆင်မယ်,ငါ့သားကျွေးမယ်, ငါ့သ မီးကျွေးမယ်,ငါ့အမျိုးပေးရအုံးမှာစသည်ဖြင့် အဲဒီလိုမစ္ဆရိယဂျီးတွေ။ အဲဒါ သူများ မပေးနိုင်ဘူး မလှူနိုင်ဘူးဆိုတာ ဂျီးတွေတက်တာ၊ ဒီတော့ မပေးနိုင် မလှူနိုင်တဲ့ အပြင် နှမြောပြီးတော့ ကိုယ်လည်းမစားနိုင်ဘူး၊ သူများလည်း မပေးရက်ဘူး၊ ကိုယ်လည်းမစားရက်သူများလည်းမပေးရက်နဲ့လက်တစ်ဆုပ်ဆုပ် တစ်ထုပ်ထုပ်နဲ့ နေတဲ့သူဟာဂျီးတွေတက်နေတာနဲ့တူတယ်၊ အဲလိုဆိုဘုရားကမပေးဘူး၊ သူ့အဆင် တန်ဆာမဆင်ဘူး။

အဲ-လှူပြီတန်းပြီဆိုသည်နှင့်တစ်ပြိုင်နက် အဲဒီနှမြောတဲ့ မစ္ဆရိယကို ရေနဲ့ ဆေးချလိုက်တာ၊ ဒါနရေမိုးနဲ့ချိုးချလိုက်တော့ နှမြောတယ်,တွန့်တိုတယ် မပေးချင် ဘူး,မလှူချင်ဘူး,သူများလုပ်သလိုမလုပ်ချင်ဘူး,သူများလှူသလိုမလှူချင်ဘူး, သူများ ကုသိုလ်လုပ် မပါချင်ဘူးဆိုတဲ့ အညစ်အကြေးတွေအကုန်လုံးဆေးချတာ၊ သန့်ရှင်း . . . သွားခန္ဓာကိုယ်၊ ဒါနဟာရေချိုးတာနဲ့တူတယ်။ သီလက ဝတ်ကောင်းစား ကောင်းဝတ်တာနဲ့တူတယ်၊ ဒါ့ကြောင့်-ငါးပါး သီလပုဆိုးမြဲအောင်ဝတ်၊ ငါးပါးသီလ ပုဆိုးမြဲစေရတယ်နဲ့ ပြောကြတာ၊ဝတ်ကောင်း စားကောင်းလုံလုံလဲလဲဝတ်တာက သီလနဲ့တူတယ်၊ သီလလုံနေရင် ဝတ်ကောင်း စားကောင်းဝတ်လာတာနဲ့တူတယ်၊ သီလမလုံပြီဆိုရင် အဝတ်ပေါက်ကြီးတွေဝတ်လာ၊ အဝတ်စုတ်ကြီးတွေဝတ်လာ သလိုပဲ၊ ကြည့်လို့မကောင်းဘူး၊ လူတစ်ယောက် ပကတိရုပ်ကဘယ်လောက်ပဲချော ချော၊ ဘယ်လောက်ပဲလှလှ သီလမလုံပြီ, ကိုယ်ကျင့်ယုတ်မာပြီဆိုရင် ဝိုင်းကဲ့ရဲ့ကြ

http://www.dhammadownload.com



တာပဲ၊ "အာ-လူကတော့ ချောပါရဲ့,လှပါရဲ့၊ သူများ လိမ်လိုက်တာ ညာလိုက်တာ လည်းကတိဘာတစ်ခုမှမရှိဘူးနဲ့၊ ဒါ-အဝတ်ပေါက် အဝတ်စုတ်ကြီးဝတ်လာတာနဲ့ တူတယ်၊ ငါးပါးသီလမလုံတာဟာ။ အဲ- ဘုရားက မဆင်ဘူး အဲလိုလူကို။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ အဆင်တန်ဆာ မဆင်ပေးဘူး၊ ခေါင်းဖြီးလာတယ်ဆိုတာ- ဘာဝနာခေါင်းဖြီးလာတာ၊ သမထ, ဝိပဿနာ,ဘာဝနာ ညအိပ်ရာဝင်ဘုရားရှိခိုးလို့ မေတ္တာပို့လို့ ဝိပဿနာပွား . . . လို့ဆိုတာ အဲဒါခေါင်းဖြီးလာတာ။ ဒီတော့ ဒါန,သီလ,ဘာဝနာ သုံးချက်ပြုနေတဲ့ အချိန်ဟာ ရေမိုးချိုး ဝတ်ကောင်းစားကောင်းဝတ် ခေါင်းဖြီးပြီးတော့လာတဲ့ အမျိုးသား အမျိုးသမီးနဲ့တူတယ်၊ အဲလိုဆိုရင် ရတနာသူဌေးကြီးက ရတနာတွေဆည်းပြီးတော့ ဆင်သလို ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း လောကုတ္တရာရတနာတွေဆည်းပြီးတော့ ဆင်ပါ့မယ်. . တဲ့၊ လောကုတ္တရာရတနာတွေနဲ့ ထိုက်အောင် တန်အောင်လာတဲ့ သူလို့ ခေါ်ပါတယ်။ ဒါ့ကြောင့် လောကမှာ ထိုက်နေနေတဲ့သူ, ထိုက်နေမနေတဲ့သူလို့ နှစ်လူရှိတယ်ဆိုပြီးတော့ ဘုရားက ခေါင်းတည်လိုက်တာ ဒါ့ကြောင့်ဆို-

### ❖ ဒါနထွေထွေ, ပြုရှိနေ, ထိုက်နေနေတဲ့သူ။

လောကမှာထိုက်တန်အောင်နေတဲ့သူ, ထိုက်တန်အောင်မနေတဲ့သူ, လူနှစ်မျိုးရှိတဲ့အနက်က၊ ထိုက်နေနေတဲ့သူဆိုတာ ဘယ်လိုလူတုန်းဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်းပြီးတော့ ဒါနဆိုတဲ့ ကောင်းမှုတွေကို တတ်စွမ်းသမျှ ပြုနေတဲ့သူ။ ဒီနေ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ကလေးမြို့, မုံရွာမြို့ကစပြီးတော့ လာကြတဲ့ဒကာဒကာမတွေ၊ ဒီနေ့အကြီးအကျယ် အထူးတလည်ဒါနကောင်းမှုကို ပြုနေကြပြီလေ၊ ဘုရားပူဇော်တဲ့ကောင်းမှု,တရားပူဇော်တဲ့ကောင်းမှု,သံဃာပူဇော်တဲ့ကောင်းမှု, ရတနာသုံးရပ်အစုံကို တစ်ပြိုင်နက်တစ်နေ့တည်း အထူးတလည် ကြီးကြီးကျယ်ကျယ် ပြုနေတဲ့အချိန် အဲဒါ ထိုက်အောင်နေတဲ့အချိန်ပဲ။ ဘုရားကိုယ်တော်မြတ်ကြီးပေးချင်တဲ့ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဆိုတဲ့ ရတနာပစ္စည်းကြီးတွေနဲ့ ထိုက်အောင်တန်အောင် ကိုယ်ကနေတဲ့အချိန်ပဲ. . တဲ့၊ ဆင်မယ်ဘုရားက အဲလိုဆိုရင်၊ ရမယ် မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်။ ကိုယ်ကနေတာက ထိုက်အောင်နေတာကိုး၊ ထိုက်အောင်နေတော့ အဆင်ခံရမှာပေ့ါ။

အဲ-ဒီလိုမဟုတ်ဘဲနဲ့ ခုနက မလှူနိုင်မတန်းနိုင်မပေးနိုင်မကမ်းနိုင် ငါးပါးသီလတွေပေါက်ပေါက်ပျက်ပျက်၊ ဘာဝနာဆိုတာဝေးနေလို့ရှိရင်တော့ ကိုယ်က ထိုက်နေမနေတဲ့သူဖြစ်သွားမယ်၊ ဒါ့ကြောင့် လူနှစ်မျိုးရှိတယ်. . ဆို-

http://www.dhammadownload.com



❖ ထိုက်နေနေသူ, မနေသူ, နှစ်လူရှိကြတယ်။
ထိုက်နေနေလား, မနေလား, စဉ်းစားပါရတယ်။

အဲ-မြတ်စွာဘုရားကထိုက်နေနေတဲ့သူ, ထိုက်နေမနေတဲ့သူလို့ လူနှစ်လူရှိတယ်လို့ ပုဂ္ဂလပညတ်ပါဠိတော်ကြီးဟောဆိုပါလား၊ ငါကလည်းလူဖြစ်နေတယ်၊ ငါက ဘုရားကိုယ်တော်မြတ်ကြီးပေးချင်တဲ့,ဆင်လိုတဲ့ မင်္ဂလေးတန်,ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ အဆင်တန်ဆာကိုးပါး,အဆင်တန်ဆာများနဲ့ ငါထိုက်အောင် နေမိတဲ့နေ့လား. . ၊ ထိုက်အောင်နေမိတဲ့ဘဝလား၊ထိုက်အောင်နေမိတဲ့လ,လား၊ ထိုက်အောင်နေမိတဲ့နှစ်လားလို့ စဉ်းစား. . တဲ့ ကိုယ့်ကိုယ်ကို၊ အဲ-စဉ်းစားလိုက်တော့ အခုလိုဒါနကောင်းမှုပြုဖြစ်တယ်၊ အခုလိုကြီးကြီးကျယ်ကျယ်ပြုနိုင်တဲ့အခါ လည်းပြုပေ့ါ၊ နေ့စဉ်,နေ့စဉ် ကိုယ်နေ့စဉ်စားသောက်နေတဲ့အထဲက စားဦးစားဖျားကို ဘုရားဆွမ်းတော် ပန်းတော်ရေချမ်းတော် ကပ်လှူ. . . ပြီးတော့စားနေ အဲဒါ ထိုက်အောင်နေတာပဲ ကိုယ့်ကိုယ်ကို။

သံဃာရဟန်းတွေ,မိဘဘိုးဘွားတွေ,စားဦးစားဖျား ဆရာ သမားတွေပေးပို့ပြီးတော့ လှူဒါန်းပြီးနေ၊ ကိုယ့်အောက်ကျတဲ့အတောင်းရန်းရောက်လာတဲ့သူတွေ ပေးကမ်းထောက်ပံ့ပြီးတော့ လှူဒါန်းပြီးတော့နေ၊ အဲလိုအားဖြင့် ဒါနကောင်းမှုသတိမလစ်ရအောင်၊ သီလလည်းပဲ ငါပါးသီလမပျက်ရအောင် ကိုယ့်သားကျွေးမှု, မယားကျွေးမှုအကြောင်းပြုပြီးတော့ ငါးပါးသီလမဖောက်ဖျက်မိအောင်ထိန်းနေ၊ ညအိပ်ရာဝင်ဘုရားရှိခိုး, မေတ္တာပို့ကစ ဝိပဿနာပွားသည့်အထိ လက်မလွတ်အောင်နေပြီဆိုတော့ အဲဒီနေ့ ငါထိုက်နေနေတဲ့နေ့ပဲလို့မှတ်၊ အဲဒီလထိုက်နေနေတဲ့လပဲလို့မှတ်၊ အဲဒီနှစ်ထိုက်နေနေတဲ့နှစ်ပဲလို့မှတ်၊ အဲဒီဘဝထိုက်နေနေတဲ့ဘဝပဲ. . . လို့မှတ်ပေတော့လို့ ဘုရားကဆုံးမထားတယ်။

ဒီတော့ ဒီနေ့ ကလေးမြို့က လာကြတဲ့ ဒကာဒကမတွေ၊ မုံရွာမြို့ကလာကြတဲ့ဒကာဒကာမတွေ ဒီ့ထိုက်နေနေတဲ့သူတွေလား၊ ထိုက်နေမနေတဲ့သူတွေလား ဆိုတာ ကိုယ့်ဘာကိုစဉ်းစား၊ ကိုယ့်ဘာကိုဉာဏ်နဲ့ဝေဖန်၊ ကိုယ့်ဘာကိုဉာဏ်နဲ့ပိုင်းဖြတ်ပြီးတော့ သိနိုင်ပြီ။ ဒါ့ကြောင့်-

❖ ဒါနထွေထွေ, ပြုရှ်နေ, ထိုက်နေနေတဲ့သူ
သီလထွေထွေ, ထိန်းရှ်နေ, ထိုက်နေနေတဲ့သူ။
ဘာဝနာထွေထွေ, ပွားရှ်နေ, ထိုက်နေနေတဲ့သူ။

http://www.dhammadownload.com



ဟော-ဒီတော့ မြတ်စွာဘုရားဟောတဲ့လူနှစ်မျိုးထဲမှာဒို့ ဘယ်လူထဲပါတုန်း လို့ဆိုတာ ကိုယ့်ဘာကိုစဉ်းစားလိုက်ရင် ပေါ်သွားပြီ၊ တရားဆိုတာ ကိုယ်လုံးပေါ် မှန်ကြီးနဲ့တူတယ်၊ အခု-ဘုန်းကြီးတို့ ဓမ္မကထိကဆိုတာ ကိုယ်လုံးပေါ် မှန်ကြီးလိုက် ထောင်ပြတဲ့သူနဲ့တူတယ်၊ တရားနာတဲ့ပုဂ္ဂိုလ်တွေ, ကုသိုလ်ကောင်းမှုပြုတဲ့ပုဂ္ဂိုလ် တွေကမှန်ကြည့်တဲ့သူတွေနဲ့တူကြတယ်၊ အခုဘုန်းကြီးက ထောင်ပြလိုက်ပြီ ပုဂ္ဂလ ပညတ်ပါဠိတော်မှာလာတဲ့ ဘဂ္ဂဝါဂမနသုတ်တော် ကိုယ်လုံးပေါ် မှန်ကြီး ထောင်ပြ လိုက်တာ၊ ကလေးမြို့က, မုံရွာမြို့က,ဒကာဒကာမတွေ ထိုက်နေနေတဲ့လူတွေလား ထိုက်နေမနေတဲ့လူတွေလားဆိုတာ ကိုယ့်ဘာကိုစဉ်းစားရင် အဖြေပေါ်သွားပြီ။

ဒို့တော့ ဒီနေ့အကြီးအကျယ်အထူးတလည်ထိုက်နေနေတဲ့သူတွေဖြစ်ကြ ပြီ၊ အဲဒီထိုက်နေ နေတဲ့လူ့ဘဝကိုဆက်လက်ပြီးတော့ တည်တန့်အောင် ဒို့ဆက် လက်ပြီးတော့ ကြိုးစားမယ့် . . လို့ ရှေ့ဆက်ကြိုးစားဖို့ ကိုယ့်တာဝန်ပဲ၊ သိအောင် ပြောဖို့ ဘုန်းကြီးတို့တာဝန်ပဲ၊ သိပြီးတော့ ရှေ့ဆက်ကျင့်ဖို့က ဒကာဒကာမတွေ တာဝန်ပဲ။ အဲဒီလိုအားဖြင့် ထိုက်အောင်နေ တန်အောင်နေ မဂ္ဂင်လမ်းပေါ်မှာ ရှေ့ဆက်ပြီးတော့ လျှောက်လှမ်းနိုင်ကြတဲ့အမျိုးကောင်းသား၊ အမျိုးကောင်းသမီး တွေ ဖြစ်ကြပါစေကုန်သတည်း၊ ကိုယ့်ကိုယ်ကို ထိုက်နေနေတတ်တဲ့သူတွေဖြစ် အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ကိုယ့်ကိုယ်ကို နေ့စဉ်နေ့စဉ်,လစဉ်လစဉ်, နှစ်စဉ်နှစ်စဉ် တစ်ဘဝလုံးထိုက် နေနေတဲ့သူတွေဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ထိုက်နေနေအောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်တော်မူသွားတတ် သဖြင့် အို,နာ,သေရေး ဒုက္ခဘေးကြီးကင်းဝေးလွတ်မြောက်တော်မူသွားကြတဲ့ ရှေး ရှေးသော အရိယာနွယ်လောင်းသူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရောက် အပ်,ရအပ်,သိမြင်အပ်သော နိဗ္ဗာနဓာတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန် ဆောစွာ ဆိုက်ရောက်ကြရပါလိုကုန်သောဟူ၍၊ ပတ္ထနာအောင်ဆုပြုကြ ကုန်ရာသ တည်း. . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com

## "မွှားတောင်းပမာကျင့်စေရာ တရားတော်"

ရေစက်ချက်အမျှဝေခြင်းအမှုပြုရမယ်ဆိုတော့ ဒီနေ့အလှူ့အမကြီး ဒေါ်မြရီ၊ဒေါ်သန်းနဲ့သားသမီးအလှူ့ဒကာအလှူ့အမဖြစ်တဲ့ဦးစိုင်းဘဝင်း၊ ဒေါ်ခင်မေဝင်းတို့မိသားစု ဒီနေ့ဘာလာလုပ်ကြတုန်းလို့မေးရင်၊မြတ်စွာဘုရား သံယုတ်ပါဠိတော် မှာဆုံးမတော်မူထားတဲ့အဆုံးမတော်တစ်ရပ်ဖြစ်တဲ့ "ပေါ်ရန်၊ လွတ်ရန်၊ လှုပ်ခါကန်၊ ဗူးဟန်ကျင့်ကြပါ. . . တဲ့"၊ မြတ်စွာဘုရားကမဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်ဆောစွာရလိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်ခဲ့ရင်၊ ကိုယ့်ကိုယ်ကိုရေထဲမှာ ရေဗူးခြောက်လိုကျင့်ရတယ်. . . တဲ့၊ ရေထဲမှာရေဗူး ခြောက်များဗူးသီးကိုအထဲက အဆာတွေထုတ်ပစ်ပြီးတော့အခြောက်လှန်းထားတော့ရေဗူးခြောက်ခေါ်တယ်။

အဲဒီရေဗူးခြောက်ကိုကြိုးနဲ့ချည်ပြီးတော့ ရေနက်ထဲမှာ ငုတ်ကြီးစိုက်ပြီးတော့၊ အဲဒီရေဗူးခြောက်ရဲ့လည်ပင်းမှာကြိုးတစ်စကချည်ထား၊ တစ်ဘက်က ကြိုးစကငုတ်ကြီးမှာချည်ထား၊အဲဒီတော့ အဲဒီရေဗူးခြောက်ကဘာလုပ်တာတုန်း၊ ရုန်းတာပဲသူက၊ ရေဗူးခြောက်ကဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်၊ ဟိုဘက် ရမ်းလိုက် ဒီဘက်ရမ်းလိုက်နဲ့ရေထဲမှာရုန်းတယ်၊ ရေကစီးတော့ ရေစီးတဲ့ အလျှောက် ရေစီးသန်လေရုန်းလေပေါ့သူကလည်း။

အဲ- မျက်နှာဝကျယ်မြေအိုးကြီး လည်ပင်းမှာကြိုးကွင်းကြီးစွပ်၊ ကြိုးကွင်းကြီးနဲ့တပ်ပြီးတော့ချည်ထား၊ လည်ပင်းမှာကြိုးတစ်စကချည်ထားပြီးတော့၊ ငုတ်ကြီးမှာလည်းကြိုးတစ်စချည်ထားတဲ့မြေအိုးကြီး၊ ရေအိုးကြီးကျတော့၊ ရေဗူးခြောက် လိုရုန်းတယ်ကန်တယ်မရှိဘူးသူကတော့၊ သူကမျက်နှာဝကျယ်ကြီးဆိုတော့ ရေတွေကလည်းအပြည့်ဝင်လာပြီးတော့အောက်မြုပ်မယ်. . .၊

❖ ရေနက်ကြီးဝယ်၊ ကြိုးချည်တွယ်၊ အိုးနှယ်မကျင့်ရာ။

ရေနက်ကြီးထဲမှာလည်ပင်းကြိုးနဲ့ချည်ထားပြီးတော့၊ တစ်ဘက်ကကြိုးစက

http://www.dhammadownload.com



လည်း ငုတ်ကြီးချည်ထားတဲ့မြေအိုးကြီး၊ မျက်နှာဝကြီးကအကျယ်ကြီးဖြစ်နေတော့၊ ရေတွေကလည်းအကုန်အပြည့်ဝင်ပြီးတော့ ရေအိုးကြီးတစ်ခုလုံး ရေအပြည့်နဲ့၊ ရေနက်ကြီးထဲမှာ မြေကြီးဖင်ထိုင်ပြီးတော့နေတယ်၊ လှုပ်ကိုမလှုပ်ဘူး၊ အဲ-မလှုပ်လို့ရှိရင်တော့ ကြိုးပြုတ်ဖို့ဆိုတာ မလွယ်တော့ဘူး၊ ချည်ထားတဲ့ကြိုးကြီးပြတ်ဖို့ဆိုတာကတော့ဝေးပြီ၊ ဒါ့ကြောင့်-မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုလားတဲ့ အမျိုးကောင်းသား၊ အမျိုး ကောင်းသမီးမှန်ရင်၊ ရေတွေအပြည့်ဝင်နေတဲ့ အိုးကြီးလိုမကျင့်နဲ့. . . တဲ့၊ သူက လှုပ်မှမလှုပ်ဘဲ၊ ရုန်းမှမရုန်းဘဲ၊ ဘယ်တော့ဒီကြိုးပြတ်တော့မတုန်း။

ဘယ်လိုကျင့်ရမှာတုန်း၊ ရေဗူးခြောက်လိုကျင့်. . . တဲ့၊ရေဗူးခြောက်လို။ ရေဗူးခြောက်က မျက်နှာဝလေးကကျဉ်းကျဉ်းလေးဆိုတော့ ရေအဝင်မခံဘူးသူက၊ ပြီးတော့ မျက်နှာဝကအောက်မှောက်နေတာ၊ ရေအဝင်မခံဘူး။ သူ့လည်ပင်းလည်း ကြိုးချည်ထားတာပဲ၊ တစ်ဘက်ကကြိုးစကငုတ်ကြီးချည်ထားတာပဲ၊ ဒါပေမယ်လို့ ရေဗူးခြောက်ကရုန်းတယ်တဲ့သူက၊ဟိုဘက်ယိမ်းရုန်းလိုက်၊ ဒီဘက်ယိမ်းရုန်းလိုက်၊ ဟိုလိုလှုပ်လိုက်၊ ဒီလိုလှုပ်ရုန်းလိုက်နဲ့ ရုန်းနေတာပဲ၊ အချိန်ရှိသမျှရုန်းနေတာပဲ၊ လှုပ်နေတာပဲ။ ဘာပြုလို့ရုန်းတာတုန်းလို့ ရေဗူးခြောက်လေးကိုမေးကြည့်စမ်းပါ့လား၊ စကားပြောတတ်လို့ရှိရင်ပြောလိမ့်မယ်၊ ပေါ် ရန်တဲ့- နံပါတ်တစ်က၊ ရေထဲမှာမြုပ်မနေချင်ဘူး၊ ရေပေါ်ပေါ်အောင်လို့။ လွတ်ရန်တဲ့- နံပါတ်နှစ်က၊ပေါ်ရုံမကဘူး လွတ်ဖို့။ ဒီငုတ်ကြီးနဲ့ ဒီကြိုးကြီးနဲ့ချည်ထားခံရတဲ့အဖြစ်မှ လွတ်ထွက်ဖို့။ **"ပေါ်ရန်လွတ်ရန်, လှုပ်ကာကန်"**၊ ဟော-လှုပ်လှုပ်, လှုပ်လှုပ်နဲ့ရုန်းနေတယ်၊ ခါခါ, ခါခါနဲ့ရုန်းနေတယ်၊ ကန်ကန်, ကန်ကန်နဲ့ရုန်းနေတယ်။

အဲ-မြတ်စွာဘုရားကလည်း ဆုံးမခဲ့တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်လျှင်မြန်စွာရလိုရောက်လိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးမှန်ခဲ့ရင်. . . တဲ့၊ ကိုယ့်ကိုယ်ကို ရေနက်ကြီးထဲမှာ ကြိုးချည်တွယ်ထားတဲ့ မျက်နှာဝကျယ်ရေအိုးကြီးလိုမကျင့်နဲ့. . . တဲ့ မကျင့်နဲ့၊ မျက်နှာဝကျယ်ရေအိုးကြီး ရေတွေကအပြည့်ဝင်နေတာဆိုတော့၊ လည်ပင်း ကြိုးကြီးကချည်ထားသေးတယ်၊ ငုတ်မှာလည်းကြိုးစကြီးတစ်ဘက်ကချည်ထားတာ၊ လွတ်ဖို့ရာ, ပေါ်ဖို့ရာတော့အတော့်ကိုခဲယဉ်းတယ်၊ ပထမဆုံး ပေါ်ဖို့ရာခဲယဉ်းတယ်၊ နောက်ဒုတိယ လွတ်ဖို့ရာ ခဲယဉ်းတယ်။

အဲဒါလိုပဲ (၃၁)ဘုံသံသရာကြီးက ရေနက်ကြီးနဲ့တူတယ်. . (၃၁)ဘုံဆိုတဲ့ သံသရာနယ်ကြီးကရေနက်ကြီး,ရေပြင်နက်ကြီးနဲ့တူတယ်၊ ငါးဖြာအာရုံကာမဂုဏ်တွေက ရေတွေနဲ့တူကြတယ်၊ အထူးသဖြင့်ကတော့ငါးဖြာအာရုံကာမဂုဏ်ကို

http://www.dhammadownload.com



အကြောင်းပြုဖြစ်ပေါ်လာတဲ့ကိလေသာတွေပေါ့၊ ဟိုဟာလိုချင်,ဒီဟာလိုချင်,ဟိုဟာရချင်,ဒီဟာရချင်ဆိုတဲ့လောဘကိလေသာတွေ၊ ရေတွေနဲ့တူတယ်သူက။ ဟိုပေါ်မကျေနပ်,ဒီပေါ်မကျေနပ်, ဟိုသူမကျေနပ်,ဒီသူ့မကျေနပ်,သားမကျေနပ်,သမီးမကျေနပ်,ရာထူးမကျေနပ်,စည်းစိမ်မကျေနပ်,စီးပွားမကျေနပ်၊ အဲဒါဒေါသကိလေသာတွေ။ ဟိုစိုးရိမ်ရ,ဒီစိုးရိမ်ရ,သားစိုးရိမ်ရ,သမီးစိုးရိမ်ရ,စီးပွားရေးအဆင်မပြေမှာစိုးရိမ်ရ,ရာထူးဂုဏ်သိန်မတိုးမှာ မတက်မှာစိုးရိမ်ရ,ရာထူးမရမှာစိုးရိမ်ရ,အဆင်မပြေမှာစိုးရိမ်ရဆိုတဲ့သောက-ကိလေသာတွေ။

ရာထူးလေးဂုဏ်သိန်လေး စည်းစိမ်လေးနဲ့ပြည့်စုံပြန်တော့လည်း၊ ဟိုထောင်ထောင်ဒီထောင်ထောင် ဟိုပေါ်မော် ဒီပေါ်မော်၊ဟိုမောက်မောက် ဒီမောက်မောက်၊ ငါ့လိုလူရှိသေးလား ငါမို့လို့ ဒီလိုဖြစ်တာ၊ ငါမို့လို့ ဒီလိုလုပ်နိုင်တာဆိုတဲ့ မာန-ကိလေသာတွေ၊ ကိုယ့်ထက်သာသွားတဲ့သူတွေ မျက်စောင်းတထိုးထိုးနဲ့အတင်းပြော အဖျင်းပြော မကြည့်နိုင်မရှုနိုင်အတင်းပြောအဖျင်းပြောတဲ့ ဣဿာတွေ ကိလေသာတွေရေတွေ၊ ကိုယ့်အောက်ကလူ၊ ကိုယ့်မီလာမှာစိုး၊ ကိုယ့်လိုပြည့်စုံလာမှာစိုး ကိုယ့်လိုရာထူးရလာမှာစိုး အဲလိုကိုယ့်လိုဖြစ်လာမှာ ကိုယ့်လိုကြီးကျယ်လာမှာ ကိုယ့်လိုပြည့်စုံလာမှာတွေ စိုးရိမ်တဲ့ မစ္ဆရိယခေါ်တဲ့ ကိလေသာတွေ။ အဲဒီလိုကစပြီးတော့ လောဘ, ဒေါသ, မာန, ဣဿာ, မစ္ဆရိယ,အစရှိတဲ့ ကိလေသာတွေ ခန္ဓာကိုယ်ထဲအဖြစ်ခံပြီးတော့ ဒုစရိုက်တွေကျူးလွန်ကုန်တယ်။

လိုချင်ရချင်တာရှိတော့ အဲဒီ လိုချင်ရချင်တာက တရားသဖြင့်လိုချင်ရချင်တာကိစ္စမရှိသေးဘူး၊ တော်ကြာကျတော့ မတရားသဖြင့်တွေပါလာပြီးတော့ ဘယ်နည်းနဲ့ရရပြီးတာပဲ၊ရပြီးရောဆိုပြီး မတော်မတရားနည်းတွေနဲ့ ခိုးယူ,လိမ်ယူ, ညာယူ, အကုသိုလ်ဒုစရိုက်တွေ။ သတ်မှရမယ်ဆိုသတ်ယူ ပါဏာတိပါတတွေ ဒုစရိုက်တွေ။ ခိုးမှရမယ်ဆိုခိုးယူ အဒိန္နာဒါနဒုစရိုက်တွေ။ အဲ-ရေတွေဝင်ကုန်ပြီ၊ ရေတွေဝင်ကုန်မှတော့ ပေါ်ဖို့ရာခက်သွားပြီ၊ ပေါ်ဆိုတာ လူ့ဘုံလူ့ဘဝ,နတ်ဘုံ နတ်ဘဝ,ဗြဟ္မာဘုံဗြဟ္မာဘဝ, သုဂတိဘုံကိုရောက်တာ ပေါ်တာခေါ်တယ်၊ အပါယ်လေးဘုံရောက်နေတာက မြုပ်တာခေါ်တယ်၊ အပါယ်လေးဘုံရောက်နေတာကမြုပ်နေတာ၊ သုဂတိဘုံရောက်တာက ပေါ်တာ။

အဲဒီသုဂတိဘုံရောက်,ပေါ်ပြီးတော့ နောက်မှာ အိုဘေး,နာဘေး, သေဘေးကြီးနှင့်တစ်ကွ(၃၁)ဘုံသံသရာထဲ ကြုံရတဲ့ဒုက္ခကလွတ်အောင်ဆိုတာက နိဗ္ဗာန်ဝင်ရအောင်,နိဗ္ဗာန်ရအောင်။ သုံးဆယ့်တစ်ဘုံသံသရာဝဋ်ကြီးကလွတ်

http://www.dhammadownload.com



မြောက်သွားတယ်ဆိုတာ ရဟန္တာဖြစ် ရဟန္တာမ,ဖြစ်ပြီးတော့လွတ်သွားတာ ဒါ နောက်ဆုံးပေါ့။ သောတာပန်,သကဒါဂါမ်,အနာဂါမ်ဖြစ်တာလည်း လွတ်တာပဲ၊ ဒီတော့ နံပါတ်တစ်ကပေါ်ဖို့၊ နံပါတ်နှစ်က လွတ်ဖို့။ ဒီတော့-ခုနကမျက်နှာဝကျယ် ရေအိုးကြီး ရေတွေအဝင်ခံပြီးတော့ လည်ပင်းလည်းကြိုးကြီးတန်းလန်းနဲ့၊ ကြိုးစ ကြီးတစ်ဘက်ကလည်းငုတ်ကြီးချည်ထားတာ၊ သူကလည်းရုန်းလည်း မရုန်းဘူး, လှုပ်လည်းမလှုပ်ဘူးဆိုမှတော့ ပေါ်ဖို့လည်းမလွယ်ဘူး၊ လွတ်ဖို့ဆိုတော့ ဝေးရော၊ ဒါ့ကြောင့် မြတ်စွာဘုရားက-

❖ ရေနက်ကြီးဝယ်, ကြိုးချည်တွယ်, အိုးနှယ်မကျင့်ရာ။

ရေနက်ကြီးထဲမှာကြိုးချည်တွယ်ခံထားရတဲ့ ရေဝင်အိုးကြီးလို ကိုယ့်ကိုယ် ကို မကျင့်နဲ့. . တဲ့ မကျင့်မိစေနဲ့။ ဘယ်လိုကျင့်ရမှာတုန်း-

❖ ပေါ်ရန်လွတ်ရန်, လှုပ်ခါကန်, ဗူးဟန်ကျင့်ကြပါ ။

ရေဗူးခြောက်လို့ ပေါ်ဖို့ရာ၊ ပေါ်ဖို့ရာဆိုတာက လူပြည်နတ်ပြည် ဗြဟ္မာ ပြည်၊ သုဂတိဘုံဘဝရဖို့ တစ်နံပါတ်။ နှစ်နံပါတ်က လွတ်ဖို့၊ လွတ်တယ်- ဆိုတာ ခုနက သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်သွား၊ အနည်းဆုံး စူဠသော တာပန်ဖြစ်ပြီးတော့လွတ်သွားဖို့ (၃၁)ဘုံသံသရာဝဋ်ဒုက္ခညွှတ်ကြီးကလွတ်ဖို့အဲလို လွတ်အောင်ပေါ်အောင်က ဘာလုပ်ရမတုန်းဆိုတော့ ရုန်းရမှာပေါ့။

“ပေါ်ရန်လွတ်ရန်,လှုပ်ခါကန်” လှုပ်ရမယ်,ခါရမယ်,ကန်ရမယ်,ရုန်း ရမယ်, ကြိုးရုန်းရမှာ။ ခုနကဗူးသီးခြောက် အချိန်ရှိသမျှသူကလှုပ်နေ,ယိမ်းနေ,ကန် နေ ရုန်းနေတော့ဘယ်လောက်ခိုင်နေတဲ့ ကြိုးဖြစ်ဖြစ် ရုန်းပါများတော့ ပြတ်တာပေါ့၊ ကြိုးစလေးတွေတစ်မျှင်ချင်း တစ်မျှင်ချင်း ရုန်းပါများတော့ ဟိုဘက်လှည့်ရုန်းလိုက်, ဒီဘက်လှည့်ရုန်းလိုက်,ဟိုဘက်တွန်းရုန်းလိုက်,ဒီဘက်တွန်းရုန်းလိုက် ကြာတော့ ကြိုးစလေးတွေတစ်မျှင်ချင်းတစ်မျှင်ချင်း,တစ်မျှင်ချင်း တစ်မျှင်ချင်း,တစ်ထောက် ထောက်,တစ်ထောက်ထောက်နဲ့,ဘယ်လောက်ကြီးတဲ့အုန်းဆံကြိုးဖြစ်ဖြစ် ကြိုးမျှင် လေးတွေ တစ်ခုစီ,တစ်ခုစီကနေပြီးတော့ ပြတ်ပြတ်,ပြတ်ပြတ်,ပြတ်ပြတ် ထွက်လာ ခဲ့ပြီးတော့ နောက်ဆုံးတော့ ပြတ်တာပေါ့ကြိုး။ အမြဲရုန်းနေတာ နေ့ရောညရော အမြဲရုန်းနေတာ, အမြဲလှုပ်ပြီး,အမြဲကန်နေတာ၊ အဲဒီဗူးသီးခြောက်လိုကျင့်ရတယ်။

ဒီတော့ ဒီနေ့ အလှူ့အမကြီးဒေါ်မြရီ,ဒ ᥀ ᥀ ့အမကြီးဒေါ်သန်း အမှူးပြု

http://www.dhammadownload.com



တဲ့ အလှူဒကာ,အလှူအမတွေ ဒီနေ့-လှုပ်တာ, ရှန်းတာ။ ဘာရှန်းတာတုန်း ကြိုး ရှန်းတာ၊ မိမိတို့ချည်ထားတဲ့သံယောဇဉ်ကြိုးတွေ. . .

"သံယောဇဉ်ကြိုး,ဆယ်မျိုးခိုင်ခိုင်,ချုပ်ထားတုတ်ထား,လှုပ်အားမနိုင်"

ဆိုတဲ့အတိုင်း သံယောဇဉ်ကြိုးတွေနဲ့ချည်ထားလိုက်တာမိမိတို့။ အဲဒီချည် ထားတဲ့သံယောဇဉ်ကြိုးတွေပြတ်ကုန်အောင် ပြုတ်ကုန်အောင်ရှန်းတာ . . ရှန်း တာ။ ရှန်းတာဆိုတာ ဘာလုပ်တာကို ရှန်းတာခေါ်တာတုန်းဆိုတော့ အကျဉ်းချုပ် ကတော့ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဒါနကောင်းမှုကို နိဗ္ဗာန်ရည်မှန်းပြီးတော့ ပြုနေတဲ့ အချိန် ရှန်းနေတဲ့အချိန်,လှုပ်နေတဲ့အချိန်,ခါနေတဲ့အချိန်၊ ပူးသီးခြောက်လိုပဲ ရှန်းနေတဲ့အချိန်ပေါ့။

နိဗ္ဗာန်ရည်မှန်းပြီးတော့ ငါးပါးသီလလုံအောင်ထိန်းနေတဲ့အချိန်၊ ရှစ်ပါး, ကိုးပါး,ဥပုသ်သီတင်းတွေစောင့်သုံးနေတဲ့အချိန်၊ တတ်နိုင်,တတ်နိုင်သလိုအခုလို သာမဏေတွေ ဝတ်ပြီးတော့ သာမဏေတွေထိန်းရတဲ့ (၁၂၀)သိက္ခာသီလဖြည့် ကျင့်နေတဲ့အချိန်၊ ရဟန်းဘောင်တက်ပြီးတော့ ကုဋေကိုးထောင်ကျော် သိက္ခာသီ လတွေဖြည့်ကျင့်နေတဲ့အချိန်,သီလတရားကြိုးစားအားထုတ်နေတဲ့အချိန်ဟာ ရှန်း နေတဲ့အချိန်ပဲ၊ ကြိုးဖြတ်နေတဲ့အချိန်ပဲ၊ သမထ,ဝိပဿနာ,ဘာဝနာခေါ်တဲ့ ညအိပ် ယာဝင် ဘုရားရှိခိုးခြင်း မေတ္တာပို့ခြင်းဆိုတဲ့ သမထဘာဝနာ၊ ရုပ်နာမ် နှစ်တန်ဖြစ် ပျက်ဟန်ကို မြင်အောင်ရှုပွားတဲ့ ဝိပဿနာဘာဝနာအလုပ်တွေ အားထုတ်နေတဲ့ အချိန်၊ အဲဒါ ရှန်းနေတဲ့အချိန် လှုပ်နေတဲ့အချိန်ပဲ၊ ပေါ်ရန်လွတ်ရန် လှုပ်ခါကန်နေ တဲ့အချိန်ပဲ . . တဲ့ ဒီအချိန်၊ ကဲ-ဒါလေးသိရအောင် အားလုံးလိုက်ဆိုစမ်းပါ-

❖ ဒါနတရားကြိုးစားနေသူ, ကုသိုလ်ကိစ္စနေ့ညမဟူ၊
လွတ်မြောက်ဖို့ထုံး, ရှန်းကန်နေသူ,
အပူငြိမ်း, အေးကိန်းဆိုက်မယ့်သူ။

ဒါနတရားကြိုးစားအားထုတ်နေတယ်ဆိုတာ အခုဒီနေ့ပဲ အလှူအမကြီး ဒေါ်မြရီ အလှူအမကြီးဒေါ်သန်း အလှူဒကာဦးစိုင်းဘဝင်းတို့ ပေါ်ခင်မေဝင်း တို့ လှူတော့မယ်လို့ တောင်ကြီးမြို့ကနေပြီးတော့ ထွက်လာကတည်းက ဂန္ဓာရုံ ကျောင်းတိုက် သံဃာတော်တွေကို အရဏ်ဆွမ်းနေ့ဆွမ်းနှစ်ထပ်သောဘောဇဉ် ဆွမ်းများဖြင့်ငွေကျပ်တစ်သိန်းကျော်အကုန်ကျခံပြီးတော့ ကပ်မယ်လှူမယ်,ကပ်

http://www.dhammadownload.com



မယ်လှူမယ်။ နောက်ဒီရောက်တော့ ကပ်လှူနေပြီလောင်းနေပြီ ဆက်ကပ်နေပြီဆိုတော့ အဲဒီဆက်ကပ်နေတဲ့အချိန်မှာ ဒီတစ်သိန်းပေါ် မှာတွယ်တာနေတဲ့ကြိုးတွေ အကုန်ပြတ်ကုန်တာပဲ၊ ဒီငွေတစ်သိန်းဆိုတဲ့ ဝတ္ထုငွေအနေနဲ့ပြောရင်ပေါ့လေ။

သို့မဟုတ်ဆန်တွေ ဆီတွေငရုတ်ကြက်သွန် ဆွမ်းတွေဟင်းတွေဘောဇဉ်တွေရေခဲမုန့်တွေ ကိတ်မုန့်တွေဆိုတဲ့ ပစ္စည်းပေါ် မှာ မလှူသေးတဲ့အချိန်မှာ ငါ့ပစ္စည်း ငါ့ဥစ္စာငါပဲဟာ၊ ငါ့ပစ္စည်း ငါ့ဥစ္စာငါ့ဟာနဲ့ကြိုးတွေက ချည်ထားတာ၊ ကိုယ့်လက်ထဲရောက်နေတဲ့အဲဒီငွေတွေရွှေတွေဟာကိုယ့်ဆီမရောက်ခင်တုန်းကတော့ မစွဲလမ်းပါဘူး၊ အမှန်ကတော့ ငွေတွေရွှေတွေဆိုတာ သံသရာထဲရှိသမျှသတ္တဝါတွေရဲ့လက်ထဲလှည့်ပြီးတော့ သွားနေကြတာ၊ သံသရာနဲ့ချီကြည့်ရင်ကိုယ့်လက်ထဲရောက်လာတဲ့အခိုက်သာ ကိုယ်ကစွဲစွဲလမ်းလမ်းနဲ့ဖြစ်နေလို့၊ အမှန်သူတို့ကတော့ လူတိုင်းစေ့ အိမ်တိုင်းစေ့လှည့်ပတ်လာခဲ့တာ၊ လူတိုင်းစေ့ဆီရောက်ခဲ့တယ်၊အိမ်တိုင်းစေ့ရောက်ခဲ့တယ် သူတို့က။

အဲ ကိုယ့်လက်ထဲရောက်လာတဲ့အခါ ဒီကဖမ်းဆီးပြီးတော့ ငါ့ဟာ ငါ့ရွှေ ငါ့ငွေနဲ့ဖြစ်သွားတာ၊ ဒါကြိုးတုတ်လိုက်တာ၊ ကြိုးနဲ့ချည်လိုက်တာ၊ အဲဒီငါ့ရွှေ ငါ့ငွေနဲ့ ချည်တုတ်ထားတဲ့ကြိုးကိုဒီနေ့ဖြတ်ချနိုင်လို့လှူတယ်ဆိုတာဖြစ်လာတာ၊ ငါတို့မသုံးတော့ဘူး ဒီငွေတစ်သိန်းဒို့မစားတော့ဘူး၊ ဒို့မဝတ်တော့ဘူး၊ ဒို့သားဒို့သမီးမဆင်တော့ဘူး၊ သံဃာတော်တွေချမ်းသာသွားအောင်ပြုတော့မယ်၊ သံဃာတော်တွေချမ်းသာသွားအောင်ကပ်တော့မယ်၊ သံဃာတော်တွေချမ်းသာသွားအောင်ကျွေးတော့မယ်ဆိုပြီးတော့ စိတ်ကယတိပြတ်ဖြတ်လိုက်တဲ့အခါမှာ လှူတယ်ဆိုတာဖြစ်လာတာ။ ဒါ့ကြောင့် ဒါနတရားကြီးစားတဲ့အခါမှာ ကြိုးရှုန်းတာ ကြိုးဖြတ်တာ အဲဒါပြတ်တောက်ကုန်တာပဲ သံယောဇဉ်ကြိုးတွေ။

ဒါ့ကြောင့်စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို ပြုမယ်လို့ကြံတဲ့အချိန်,ပြုနေတဲ့အချိန်,ပြုပြီးဝမ်းသာနေတဲ့အချိန်မှန်သမျှ အဲဒါကြိုးဖြတ်နေတဲ့အချိန်ပဲ, ကြိုးရှုန်းနေတဲ့အချိန်ပဲ,ပြတ်တောက်ကုန်တဲ့အချိန်ပဲ၊ သံယောဇဉ်ကြိုးတွေဖျက်ချိုးတဲ့အချိန်ပဲ။ အဲလိုဖြတ်လိုက်တော့ ဘာဖြစ်တုန်း ပေါ်မယ်ပေါ့၊ သုဂတိဘဝ လူ့ဌာန, နတ်ဘဝ နတ်ဌာန, ဗြဟ္မာဘဝ ဗြဟ္မာဌာန, သုဂတိစခန်းရောက်မယ် တစ်နံပါတ်က။ နှစ်နံပါတ်ကလွတ်မယ်၊ဘယ်ကလွတ်မှာတုန်း (၃၁)ဘုံသံသရာဝဋ်ကြီးကလွတ်မယ်၊

http://www.dhammadownload.com



သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်ပြီးတော့ လွတ်မယ်၊ ဒါ့ကြောင့် "လွတ်မြောက်ဖို့ထုံး, ရှုန်းကန်နေသူ" တဲ့ လွတ်မြောက်ဖို့ထုံး လွတ်မြောက်မယ့် လမ်း လွတ်မြောက်မယ့်နည်း။

နောက်ဘုရားကိုယ်တော်မြတ်ကြီးလည်း ဒီနည်းနဲ့လွတ်သွားတာပဲ၊ ဒီလို ရှုန်းသွားတာပဲ ဘုရားကိုယ်တော်မြတ်ကြီးလည်း၊ ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်, ရှင်အာနန္ဒာအစရှိတဲ့ အာဇာနည်အမျိုးသားကောင်းကြီးတွေဒီနည်းနဲ့လွတ်သွား ကြတာ၊မိထွေးတော်ဂေါတမီ,ခေမာထေရီ,ဥပ္ပလဝဏ်ထေရီအစရှိတဲ့အမျိုးသမီးအာ ဇာနည်ကြီးတွေ ဒီလိုရှုန်းပြီးတော့ လွတ်သွားကြတာ၊ ဝိသာခါ,အနာထပိဏ်ကျောင်း ဒကာကျောင်းအမတွေဒီလိုနည်းနဲ့ ရှုန်းပြီးတော့ ဒီလိုနည်းနဲ့လွတ်သွားကြတာပဲ။

အဲဒီလိုလွတ်မြောက်ဖို့ထုံးနဲ့ ဒီလိုလျှံဒါန်းပေးကမ်းစွန့်ကြဲမှုတွေပြုပြီးတော့ ရှုန်းနေတယ်ဆိုရင် ဒါအပူငြိမ်းပြီးအေးကိန်းဆိုက်မယ့်နည်းပဲ. . တဲ့၊ ဘုရားပစ္စေ ကာအရိယာအပေါင်းသူတော်ကောင်းကြီးတွေအပါယ်လေးပါး အပူတွေငြိမ်းပြီး တော့ အေးကိန်းကြီးဆိုက်သွားသလို၊ အိုခြင်း,နာခြင်း,သေခြင်းဆိုတဲ့ အပူတွေ ငြိမ်းပြီးတော့ အေးကိန်းကြီးဆိုက်သွားသလို၊ ကိလေသာအပူတွေငြိမ်းပြီးတော့ နိဗ္ဗာန်အေးကိန်းကြီးဆိုက်သွားသလို. . တဲ့၊ ဒီအမျိုးသား အမျိုးသမီးဟာလည်း အပူငြိမ်းပြီးတော့ အေးကိန်းဆိုက်မယ့်သူပဲ. . . ဆို-

❖ သီလတရားကြိုးစားနေသူ, ကုသိုလ်ကိစ္စနေ့ညမဟူ၊
လွတ်မြောက်ဖို့ထုံး, ရှုန်းကန်နေသူ၊
အပူငြိမ်း, အေးကိန်းဆိုက်မယ့်(မည့်)သူ။

အခုဒုလ္လဘသာသမဏောဝတ်, ဒုလ္လဘရဟန်းပြုကြတယ်ဆိုတာ သီလတရား ကြိုးစားပြီးတော့ ရှုန်းကန်တာပဲ၊ ရှုန်းကန် ရှုန်းကန်သလောက် သံယောဇဉ်ကြိုးတွေ ပြတ်ကုန်တာပဲ၊ ပြတ်ကုန်ရင်လွတ်မြောက်ဖို့ပဲ,ပေါ်ဖို့ပဲ၊ အကျိုးကနောက်က အပူ ငြိမ်း အေးကိန်းကြီးဆိုက်မယ့်အကျိုးပဲ၊ အတူတူပဲပေါ့-ဆို-

❖ ဘာဝနာတရားကြိုးစားနေသူ, ကုသိုလ်ကိစ္စနေ့ညမဟူ၊
လွတ်မြောက်ဖို့ထုံး, ရှုန်းကန်နေသူ၊
အပူငြိမ်း, အေးကိန်းဆိုက်မယ့်(မည့်)သူ။

http://www.dhammadownload.com



ကဲ-ရုန်းကြ ကိုင်းဒီနေ့အလှူ့အမကြီးဒေါ်သန်း,အလှူ့အမကြီးဒေါ်မြသီဦးဆောင်တဲ့ အလှူ့ဒကာအလှူ့အမတွေ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ဒါန၊ မနက်အရုဏ်ဆွမ်း နေ့ဆွမ်းတွေ၊ ရေခဲမုန့်ဆွမ်းတွေ ကိတ်မုန့်ဆွမ်းတွေနဲ့ ငွေကျပ်တစ်သိန်းခွဲကျော်အကုန်အကျခံပြီးတော့ လောင်းလှူပူဇော်ကြတဲ့အချိန် ရုန်းနေကြတဲ့အချိန်၊ သင်္ကန်းဒွိစုံ(၁)စုံတို့ကို ဆက်ကပ်လှူဒါန်းနေတဲ့ အချိန်ရုန်းနေကြတဲ့အချိန်၊ ရဟန်းလောင်း ရှင်လောင်းလေးတွေကို ရဟန်းပရိက္ခရာ ရှင့်ပရိက္ခရာအစုံ လှူဒါန်းပူဇော်နေတဲ့အချိန် ရုန်းနေကြတဲ့အချိန်၊ ရဟန်းလောင်းရှင်လောင်းတွေကို ရှင်ပြုပေး ရဟန်းခံပေးတော့ သူတို့လည်း အရုန်းခိုင်းတာ၊ ဒါ-သူတို့လည်းရုန်းကြတာ၊ ငွေကျပ်လေးသောင်း ငွေပဒေသာပင်စိုက်ထူပြီးတော့ လှူဒါန်းပူဇော်နေတဲ့အချိန် ရုန်းနေကြတဲ့အချိန်၊ ပရိသတ်အပေါင်းသူတော်ကောင်းတွေကို ကျွေးမွေးဧည့်ခံနေတဲ့အချိန် ရုန်းနေကြတဲ့အချိန်။

ဒီတော့ အကျဉ်းချုပ်လိုက်တော့ ဒါနကောင်းမှုပြုနေတဲ့အချိန်တိုင်း အချိန်တိုင်း, သီလထိန်းနေတဲ့ အချိန်တိုင်း အချိန်တိုင်း, ဘာဝနာပွားနေတဲ့ အချိန်တိုင်း အချိန်တိုင်း ရုန်းနေတာ၊ ရုန်းတော့ဘာပြုတုန်းပေါ်မယ်, လွတ်မယ်, ကြိုးတွေပြတ်မယ်၊ အဲဒီလိုနဲ့ပြတ်ပြီးတော့ ရုန်းကန်လှုပ်ရှားပြီးတော့ သွားတော်မူကြတဲ့ဘုရားအစရှိတဲ့ သူတော်ကောင်းကြီးတွေ ခိုဝင်ရာ ကိန်းအောင်းရာဖြစ်တဲ့နိဗ္ဗာန်ချမ်းသာကိုရပြီးတော့ အပူငြိမ်းပြီးတော့အေးကိန်းကြီးဆိုက်မယ်. . . တဲ့။

ဒါ့ကြောင့် မြတ်စွာဘုရားက မင်္ဂဖိုလ်နိဗ္ဗာန်လျင်မြန်စွာရဖို့လိုလားတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်ခဲ့ရင် ကိုယ့်ကိုယ်ကို ရေနက်ကြီးဝယ် ကြိုးချည်တွယ်တဲ့ မျက်နှာဝကျယ်မြေအိုးကြီးသဖွယ်မကျင့်မိစေနဲ့။ ပေါ်ဖို့ရန်လွတ်ဖို့ရန် ရုန်းကန်လှုပ်ရှားနေတဲ့၊ လှုပ်ခါကန်နေတဲ့ရေဗူးခြောက်ပုံဟန်ကဲ့သို့ ကျင့်ကြပါ. . လို့ ဘုရားဆုံးမတော်မူတဲ့အတိုင်း တပည့်တော်တို့ ဒီနေ့ပေါ်ဖို့ရန်, လွတ်ဖို့ရန် ဒါန သီလ,ဘာဝနာဆိုတဲ့ လှုပ်ခါကန်တဲ့ ကောင်းမှုကြီးကို ကြိုးပမ်းအားထုတ် ပြုလုပ်ကြပါကုန်၏။

ဤကဲ့သို့ကြိုးပမ်းအားထုတ်ပြုလုပ်ရတဲ့ကောင်းမှုကုသိုလ်စေတနာ အစုစုတို့ကြောင့် ဤကဲ့သို့လှုပ်ခါကန်၍ ရေဗူးခြောက်သဏ္ဌာန်ကိုယ့်ကိုယ်ကို ကျင့်ဆောင်တော်မူသွားတတ်ကြတဲ့ ရှေးရှေးသောဘုရားပစ္စေကာ အရိယာနွယ်လောင်းသူ

http://www.dhammadownload.com



တော်ကောင်းသူတော်ကောင်းမကြီးတို့ ရောက်အပ် ရအပ်သိမြင်အပ်သော နိဗ္ဗာနတတ် ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ဆိုက်ရောက်ကြရပါလို ကုန်သောဟူ၍၊ ပတ္တနာအောင်ဆု ပြုကြကုန်ရာသတည်း. . . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

http://www.dhammadownload.com

## *စေတ္တာပုပ္ပမသုတ္တာန်
## "လယ်ကောင်းပမာ သာသနာ တရားတော်"

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ် တပေါင်းလပြည့်ကျော် (၁၁)ရက်နေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိပရိယတ်,ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော သံဃာတော် (၈၀၀)ကျော်တို့အား ပရိက္ခရာပစ္စည်းများ,ဆွမ်းဆန်တော်များ,လာရောက်လှူဒါန်းကြတဲ့ကုသိုလ်ကောင်းမှုရှင်များက မနက်အရုဏ်မုန့်ဟင်းခါးဆွမ်းကပ်သွားတာကတော့ ခုဒကာကြီးဦးဘသိန်း ရွှေကုန်သည် မိသားစုတို့ရဲ့ကုသိုလ်ကောင်းမှုဖြစ်ပါတယ်၊ နေ့ဆွမ်းကပ်မှာလည်း သူတို့ကုသိုလ်ကောင်းမှုဖြစ်ပါတယ်၊ သို့သော်လည်းပဲ သူတို့ကနေ့လယ်ကျမှရေစက်ချမှာ။

အခုမနက်ပိုင်းရေစက်ချပေးရမယ့်ကုသိုလ်ကောင်းမှုရှင်များက ဝက်လက်မြို့နယ် မုဆိုးချုံရွာမှာနေထိုင်ကြတဲ့အလှူ့အမဒကာမဒေါ်မြရွှေနဲ့ သမီးဖြစ်သူ ဒေါ်သောင်းစိန်မိသားစုတို့ဖြစ်ကြပါတယ်၊ အဲဒီဒေါ်မြရွှေနဲ့ သမီးဒေါ်သောင်းစိန်နဲ့ မိသားစုက သံဃာတော်(၈၀၀)ကျော်တို့ရဲ့ ပရိယတ်,ပဋိပတ်အလုပ် အားထုတ်တဲ့နေရာမှာ အထောက်အပံ့ဖြစ်ပါစိမ့်သောငှာဆိုပြီးတော့ ဆွမ်းဆန်တော်(၁၀)တင်း, သက်န်းဒွိစုံ(၁၀)စုံ,သပိတ်(၁၀)လုံး,ဖိနပ်(၁၀)ရံ, သံဃိကလှူဒါန်းပါတယ်။

သူတို့ကဗိုဟ်ပျံလွန်တော်မူတဲ့ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးရဲ့ ဆွေသားမျိုးသားတွေ၊ ဒီကျောင်းတိုက်ကြီးကိုတည်ထောင်ပြီးတော့ ဒီနေ့သာသနာကို မြန်မာသာမက ကမ္ဘာထိအောင် အသိပေးသွားတဲ့, ပြန့်ပွားစေတဲ့ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့နယ် ဝက်လက်နယ်ဆိုတာ။ ပြီးတော့ ခုလာတဲ့ဒကာဒကာမတွေကလည်း အဲဒီဆရာတော်ဘုရားကြီးရဲ့ ဆွေသားမျိုးသား,မြေး,မြစ်,တူ,တူမတွေအများကြီးပါတယ်၊ အဲဒီဆရာတော်ဘုရားကြီးရဲ့ထူထောင်သွားတဲ့သာသနာကို အခုဒီကျောင်းတိုက်သံဃာတော်တွေ ဆက်လက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ပြီးတော့နေကြတာကိုသူတို့လည်းတတ်စွမ်းသမျှအားပေးတဲ့အနေနဲ့ ယခုပြောခဲ့တဲ့အတိုင်းဆွမ်းဆန်တော်တွေ,သက်န်းတွေ,သပိတ်တွေ,ဖိနပ်တွေ,တံမြက်စည်းတွေ အစရှိသည်ဖြင့် လာရောက်ပြီးတော့ လှူဒါန်းကြပါတယ်။

---

* ပေတ-၁၂၇၊ ၄-၆။

http://www.dhammadownload.com



ဒီတော့ အခုအလှူက' မန္တလေးမြို့က ခုနကပြောတဲ့ရွှေကုန်သည်ဒကာကြီးဦးဘသိန်းနဲ့သားသမီးများမိသားစုက ဒီမှာလာပြီးတော့အလှူလုပ်တဲ့အခါနဲ့ကြုံနေတော့။ အခုဒီဝက်လက်,မုဆိုးချုံက ရောက်လာပြီးတော့အလှူပြုတဲ့ ကုသိုလ်ကောင်းမှုရှင်တွေကိုလည်း၊ ဒကာဦးဘသိန်းနဲ့၊ အလှူ့ဒကာ, အလှူ့အမတွေက ကောင်းမှုပြုဖက် ပုညသဟာယကာရီ ကောင်းမှုပြုဖက်အနေနဲ့ဆုံရ, ကြုံရလို့ ဝမ်းမြောက်ဝမ်းသာနဲ့ ဖိတ်မန္တကပြုပါတယ်. . . တဲ့၊ ထပ်ပြီးတော့ ဘုန်းကြီးကို လျှောက်လိုက်တယ်၊ ဖိတ်ပေးပါတဲ့၊ မနက်မုန့်ဟင်းခါးများလည်း သုံးဆောင်ဖို့ ဖိတ်ပါတယ်. . တဲ့။ နေ့လည်လည်းပဲ ထမင်းဘောဇဉ်များစားသောက်ဖို့ အားလုံးကိုဖိတ်ပါတယ်. . တဲ့၊ သုံးဆောင်ပြီးတော့မှကြွပါတဲ့၊ အဲဒါ တစ်ဦးချင်းအနေနဲ့တော့ ခုနကဖိတ်ပြီးသားလို့တော့ပြောတယ် အားလုံးသိချင်မှသိမှာမို့လို့ ထပ်ဖိတ်ပေးပါဆိုလို့ ဘုန်းကြီးက အလှူ့ဒကာများကိုယ်စား,အလှူ့ဒကာသားသမီးတွေကိုယ်စား အခုဖိတ်ပါတယ်။

ဒီတော့-ခု ဝက်လက်မြို့နယ် မုဆိုးချုံရွာကလာတဲ့ အခုအလှူ့ဒကာ, အလှူ့အမတွေအနေနဲ့ ဒီနေ့ပြုလုပ်အားထုတ်တဲ့ ကုသိုလ်ကောင်းမှုကို ဘုန်းကြီးတို့မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဒေသနာတော်နည်း, ဒေသနာတော်ရှုထောင့်ကကြည့်ရင် အဲဒါ လယ်ယာစိုက်တာနဲ့တူတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်က မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေပြုတတ်အောင်, ပြုချင်အောင်, ပြုဖြစ်အောင်ဆိုပြီးတော့ အမျိုးမျိုးနည်းဥပါယ်တွေနဲ့ ဝေဝုစ်ပရိယာယ်တွေနဲ့ လှည့်ပတ်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကဟောတော်မူတဲ့အနက်က ဒီနေ့ ခေတ္တူပမသုတ်-ဆိုတဲ့ လယ်ယာစိုက်တဲ့ ဥပမာပေးပြီးတော့ ဟောတဲ့သုတ်နဲ့ကြည့်ရင် ဒီနေ့ မုဆိုးခြုံရွာက ဒေါ်မြရွှေတို့,သမီးဖြစ်သူဒေါ်သောင်းစိန်တို့, အဲဒီမုဆိုးချုံရွာက ဦးအောင်စိုးတို့ ဒေါ်ခင်ကြည်တို့နဲ့ ဝက်လက်မြို့က ဦးဝင်းဌေး ဒေါ်မြကျင်နှင့်တကွ အားလုံးကုသိုလ်ကောင်းမှုရှင်တွေ ဒီနေ့ဂန္ဓာရုံကျောင်းတိုက် ဘာလာလုပ်ကြတာတုန်းလို့မေးရင် တပည့်တော်တို့ လယ်ယာလာပြီးတော့ စိုက်ကြပါတယ်။

ဝက်လက်မြို့ မုဆိုးချုံပတ်ဝန်းကျင်စိုက်နေတဲ့ လယ်ယာကတစ်သီးစားမို့လို့ ဒီမှာအသီးများစွာစားရတဲ့ လယ်ယာလာစိုက်တာခေါ်တယ်၊ ဟိုမှာစိုက်တဲ့လယ်ယာက စပါးစိုက်ရင် စပါးသီးပဲသီးတယ်၊ ပဲစိုက်ရင် ပဲသီးပဲသီးတယ်၊ နှမ်းစိုက်ရင် နှမ်းတစ်သီးပဲသီးတယ်။ အခုဒီမှာလာပြီးတော့ သံဃာတော်(၈၀၀)ကျော်တည်းဟူသော သာသနာလယ်ယာမြေ ကောက်ခင်းကြီးထဲမှာစိုက်တဲ့မျိုးစေ့က အမျိုးစုံသီး

http://www.dhammadownload.com



နိုင်တယ်၊ လူ့ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာ အသီးအပွင့်တွေကိုလည်း သီးစေ, ပွင့်စေနိုင်တယ်၊ နတ်ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာ အသီး,အပွင့်တွေကိုလည်း သီးစေနိုင်တယ်,ပွင့်စေနိုင်တယ်၊ ဗြဟ္မာဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာတွေကိုလည်း သီးစေနိုင်တယ်, ပွင့်စေနိုင်တယ်၊ မဂ်သီး, ဖိုလ်သီး, နိဗ္ဗာန်သီး၊ မဂ်ပွင့်, ဖိုလ်ပွင့်, နိဗ္ဗာန်ပွင့်တွေကိုလည်း သီးစေနိုင်တယ်, ပွင့်စေနိုင်တယ်၊ မတူဘူး။

ဒါ့ကြောင့်မို့ မုဆိုးချုံပတ်ဝန်းကျင်၊ ဝက်လက်ပတ်ဝန်းကျင် မိမိတို့နေထိုင်ရာ မြို့,ရွာအနီးပတ်ဝန်းကျင် စိုက်ပျိုးနေတဲ့လယ်က တစ်သီးစား၊ တစ်မျိုးစိုက်တစ်သီးစားရတဲ့လယ်,ယာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့သာသနာ၊ အထူးသဖြင့်သံဃာတော်တည်းဟူသော, ဘုရား,တရား,သံဃာတည်းဟူသော လယ်ယာထဲမှာစိုက်လိုက်တဲ့မျိုးစေ့က အသီးမျိုးစုံ, အပွင့်မျိုးစုံတွေကို သီးစေနိုင်, ပွင့်စေနိုင်တယ်.တဲ့။ ဒါ့ကြောင့် ဒီနေ့-လယ်ယာလာစိုက်ကြတာခေါ်တယ်။ တစ်နည်းပြောလို့ရှိရင်တပည့်တော်တို့ မုဆိုးချုံ,ဝက်လက်စိုက်နေတဲ့ လယ်ယာကိုင်းကျွန်းပြုလုပ်အားထုတ်မှုက၊ ရန်သူမျိုးငါးပါးမလုံခြုံတဲ့ လယ်ယာကိုင်းကျွန်း စိုက်ပျိုးခြင်းလို့ခေါ်တယ်။ အခုဒီမှာလာစိုက်တဲ့လယ်ယာကိုင်းကျွန်းက ရန်သူမျိုးငါးပါးလုံခြုံတဲ့ လယ်ယာကိုင်းကျွန်း စိုက်ခြင်းခေါ်တယ်။

ဟိုမှာ ဝက်လက် မုဆိုးချုံစိုက်လိုက်တဲ့ လယ်ယာကထွက်လာတဲ့စပါးတွေပဲတွေ, နှမ်းတွေ၊ သို့မဟုတ်-အဲဒီ စပါး,ပဲကဖြစ်လာတဲ့ ရွှေတွေ, ငွေတွေက မလုံခြုံဘူး၊ ဘာမလုံခြုံတာတုန်း၊ သူခိုးမလုံဘူး, ဓားပြမလုံဘူး, မီးဘေးမလုံဘူး, ရေဘေးမလုံဘူး၊ စပါးပုံကြီးဘယ်လောက်ရလို့ ဟိန်းနေအောင်ပုံထား၊ မီးကထလုစမ်းပါ့လားပေးလိုက်ရတာ၊ အဲဒီစပါးတွေ, နှမ်းတွေရောင်းလို့,ချလို့ရထားတဲ့ ရွှေတွေ,ငွေတွေကိုသူခိုးလုရင်, သူခိုးကခိုးရင်, ဓားပြကတိုက်ရင်, အမွေခံသားဆိုး,သမီးဆိုးနှောက်ယှက်ဖျက်ဆီးရင် ပျက်စီးတယ်၊ ဒါ့ကြောင့် မလုံခြုံတဲ့လယ်ယာကိုင်းကျွန်းလုပ်ခြင်းလို့ခေါ်တယ်။

အခု-ဒီမှာ သံဃာတော်(၈၀၀)ကျော်တည်းဟူသော လယ်ယာကိုင်းကျွန်းလာပြီးတော့စိုက်လို့ "သံဃဿ ဒေမ နိဗ္ဗာနဿပစ္စယော ဟောတု"ဆိုပြီးတော့ လှူဒါန်းလိုက်တဲ့ ဒါနကုသိုလ်စေတနာတွေ, အခုလိုလှူနိုင်အောင် ဆွမ်းဆန်တော်တွေ, သင်္ကန်းတွေ, ထီးတွေ, ဘိနပ်တွေ, သယ်ပိုး,ဝယ်ခြမ်း ဒီလိုလုပ်နေတဲ့ဝေယျာဝစ္စသီလကုသိုလ်တွေ၊ အခုလှူဒါန်းနေဆဲဖြစ်တဲ့ ဒါနကုသိုလ်ကောင်းမှုတွေ၊ လှူဒါန်းရင်းနဲ့ သံဃာတော်တွေအပေါ်မှာ၊ သံဃာ(၈၀၀)ကျော်၊ မိမိတို့လှူလိုက်တဲ့

http://www.dhammadownload.com



သက်န်းတွေ, ဘိနပ်တွေသုံးပြီးတော့ ဘုရားသာသနာတော်အလုပ်တွေအားထုတ်နိုင်ပါစေ. . .၊ ဒီ့ထောက်ပံ့လိုက်တဲ့ ဆွမ်းဆန်တော်တွေကိုဘုဉ်းပေးပြီးတော့ သာသနာ့အလုပ်တွေပိုပြီးတော့ အားထုတ်နိုင်ကြပါစေလို့ ရောက်နေတဲ့မေတ္တာ, စေတနာတွေ၊ လှူတဲ့အချိန်မှာ အလှူ့ရှင်ပုဂ္ဂိုလ်တွေရဲ့ဝမ်းထဲမှာ မေတ္တာရောက်နေတယ်၊ ချမ်းသာစေချင်တာသူက၊ ဒီသံဃာတော်တွေချမ်းသာစေချင်တယ်၊ မိမိလှူလိုက်တဲ့ ပစ္စည်းရပြီးတော့ သုံးဆောင်ပြီးတော့ သာသနာ့အလုပ်တွေကို ပိုပြီးတော့အားထုတ်သွားစေချင်တယ်ဆိုတဲ့ မေတ္တာ။

အဲဒီလိုအားဖြင့် ဒါနစေတနာတွေ, ဝေယျာဝစ္စလုပ်တဲ့သီလစေတနာတွေ, သံဃာတော်တွေချမ်းသာစေချင်တဲ့မေတ္တာ စေတနာတွေ, ဘုရားကိုသတိရနေတဲ့ ဗုဒ္ဓါနုဿတိဘာဝနာတွေ, သံဃာတော်တွေဂုဏ်အာရုံပြုနေတဲ့ သံဃာနုဿတိဘာဝနာကုသိုလ်စေတနာတွေ အဲဒါမျိုးစေ့တွေချည်းပဲ၊ ကြဲနေတာ, စိုက်နေတာ, ပျိုးနေတာ။ အဲဒီကြဲလိုက်, စိုက်လိုက်, ပျိုးလိုက်လို့ဖြစ်လာတဲ့ ကုသိုလ်ကောင်းမှုရတနာစု စီးပွားတွေတက်လာတာက မီးမလောင်နိုင်ဘူး၊ ရေမမျောနိုင်ဘူး, သူခိုးမခိုးနိုင်ဘူး, ဓားပြ လုလို့မရဘူး၊ ဒါ့ကြောင့် လုံခြုံတဲ့လယ်ယာကိုင်းကျွန်း စိုက်ခြင်းလို့ခေါ်တယ်။

တစ်နည်းပြောလို့ရှိရင် အဲဒီဝက်လက်မှုဆိုးခြုံမှာစိုက်နေတဲ့လယ်, ယာကိုင်းကျွန်း နှစ်တိုင်းစိုက်ပျိုးနေတာက ကိုယ့်နောက်မပါမယ့်စိုက်ပျိုးခြင်းခေါ်တယ်။ တစ်ဘဝတော့စားရပါတယ်,သောက်ရပါတယ်လေ၊ ကိုယ့်နောက်တော့မပါဘူး၊ ကွယ်လွန်အနိစ္စရောက်လို့ ဘဝသံသရာစခန်း,မဂ်ဖိုလ်နိဗ္ဗာန်လမ်းသွားပြီဆိုတော့ ကိုယ့် နောက်မပါဘူး သူကနေရစ်တယ်။ အခုဒီမှာလာပြီးတော့စိုက်တဲ့ပျိုးတဲ့ လောကုတ္တရာလယ်,ယာက ကိုယ့်နောက်ပါမယ့်လယ်,ယာခေါ်တယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက “ဘာရဒွါဇသုတ္တန်”-မှာ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် မျှော်မှန်းတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ လောကီလယ်ယာ စိုက်ပျိုးတတ်ရုံနဲ့, တစ်သီးစားလယ်ယာစိုက်ပျိုးတတ်ရုံနဲ့ မကျေနပ်ရဘူး၊ သီးမျိုးစုံ သီးပေး,ပွင့်ပေးနိုင်တဲ့ လောကုတ္တရာလယ်ယာကိုလည်း စိုက်တတ်ရတယ်. . .၊ တစ်ဘဝစာတစ်နပ်စာဖြစ်တဲ့ လယ်ယာကိုင်းကျွန်း စိုက်တတ်ရုံနဲ့ တင်းတိမ်မနေရဘူး။ ဘဝများစွာ စားရသောက်ရမယ့် လယ်,ယာ ကိုင်းကျွန်းကိုလည်း စိုက်တတ်ရတယ်။ ရန်သူမျိုးငါးပါး မလုံတဲ့လယ်,ယာကိုင်းကျွန်း သီးနှံထွက်

http://www.dhammadownload.com



အောင်စိုက်တတ်ရုံနဲ့တင် တင်းတိမ်မနေရဘူး. . . တဲ့၊ ရန်သူမျိုးငါးပါး လုံခြုံတဲ့ ကိုယ့်နောက်ပါမယ့် လောကုတ္တရာလယ်ယာကိုင်းကျွန်းစိုက်မှုကိုလည်း ပြုတတ်ရ တယ်. . .။ အဲဒါ ဘာရဒွါဇပုဏ္ဏားကြီးကို ပြောတဲ့စကားပဲ။

* ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က၊ တစ်နေ့ တော့ ဘုရားရှင်က ကျွတ်ထိုက်တဲ့သတ္တဝါကြည့်လိုက်တော့၊ လယ်သမားပုဏ္ဏား မိသားစုဉာဏ်ထဲမှာလာထင်တယ်၊ အဲဒီ လယ်သမားမိသားစုက ဘာရဒွါဇပုဏ္ဏား ကြီးဦးစီးတဲ့ သူ့ဇနီးသား,သမီးပရိသတ်တွေနဲ့ သူတို့က အဲဒီလယ်စိုက်မင်္ဂလာကျင်း ပတဲ့နေ့၊ ဒီတော့-ကောက်စိုက်တဲ့နေ့မှာ သူကအထူးတလည် သူတို့ပုဏ္ဏားထုံးစံ အတိုင်း ပရိသတ်တွေအကုန်လုံးဖိတ်မန့်,တောထဲသွားပြီးတော့ လယ်မစိုက်ခင် သူတို့ပြဟ္မာကြီးတွေကိုလည်းပူဇော်တယ်ပေါ့လေ၊ ကောင်းပေ့ဆိုတဲ့ ထောပတ်, ဆီဦး, ပျားသကာတွေနဲ့ပူဇော်။ ပြီးတော့လာသမျှပရိသတ်လည်းကျွေးမွေးတယ်၊ အဲဒီလို လယ်စိုက်မင်္ဂလာကျင်းပမယ်ဆိုပြီးတော့ တစ်ခါတည်း ပရိသတ်ပေါင်းများ စွာဖိတ်ပြီးတော့ ပုဏ္ဏားကြီးကလယ်ထဲထွက်သွားတာ။

အဲဒီ-မြတ်စွာဘုရားက နောက်ကဆွမ်းခံလိုက်တာပဲသပိတ်နဲ့၊ ဘုရားက ဆွမ်းခံလိုက်သွားတော့၊ ဟိုက ပုဏ္ဏားကဗုဒ္ဓဘာသာမဟုတ်ဘူး၊ ပြဟ္မဏဝါဒအယူ၊ အဲဒါ-ဘုရားရှင်သပိတ်နဲ့ ဆွမ်းခံကြွပြီးတော့ သူတို့နားသွားဆွမ်းရပ်တော့ ပုဏ္ဏား ကြီးကမြင်တယ်၊ "ဟင်-ရဟန်းဂေါတမ ဒီထိအောင်ဆွမ်းခံကြွလာပါလား၊ ကဲလေ သူလည်းသတ္တဝါတစ်ယောက်ပဲ အစာရေစာ စားချင်ရှာမှာပဲ၊ ဒို့တော့ပေးရမှာပဲ" ဆိုပြီးတော့၊ ဗုဒ္ဓဘာသာရယ်လို့ယုံကြည်လို့ ရိုရိုသေသေတော့မဟုတ်ဘူး၊"ကဲ- ယူခဲ့ပါဟေ့၊ ယူခဲ့ပါဟေ့၊ ဒို့ပရိသတ်တွေကျွေးမယ့်ထဲက ထမင်းတစ်ပွဲ ဟင်းတစ်ပွဲ ပြင်ခဲ့စမ်းပါ ဟေ့ဆိုပြီး၊ ရဟန်းဂေါတမ သူလည်းလောကနာမည်ကြီးနေတဲ့ကိုယ် တော်တစ်ပါးပဲ၊ ပေးရအုန်းမှာပဲ" ဆိုပြီးတော့ မြတ်စွာဘုရားသပိတ်ထဲ ဆွမ်းတွေဘာ တွေလောင်း၊ လောင်းပြီးတော့ ။ သူ့ပရိသတ်တွေကလည်း မြတ်စွာဘုရားလာတယ် ဆိုတော့ အထူးအဆန်းထွက်ကြည့်နေကြတာ။

ဒီတော့-ပုဏ္ဏားကပြောတယ် "အရှင်ဘုရား တပည့်တော်တို့အခုလယ် စိုက်မလို့"၊ မြတ်စွာဘုရားက "ကောင်းပြီ၊ဒကာသိပါတယ်"၊ "တပည့်တော်တို့ လယ်,ယာ စိုက်တယ်ဆိုတာ ကိုယ်စားဖို့သောက်ဖို့ ကိုယ့်သား ကိုယ့်သမီး ကိုယ့်မြေး ကိုယ့်မြစ် တွေ ကိုယ့်ဆွေမျိုးစားဖို့သောက်ဖို့ တပည့်တော်တို့လယ်စိုက်တယ်၊ လယ်စိုက်ပြီး တော့ တပည့်တော်တို့ ကိုယ့်လုပ်အားနဲ့ကိုယ်စားကြတယ်၊ ဒီတော့ အရှင်ဘုရား

http://www.dhammadownload.com



လည်းပဲ၊ ဒီလိုစားချင်ရင်စိုက်ပါ့လားတဲ့လယ်တို့ဘာတို့၊ ဘာပြုလို့ခုလို သူများလုပ်ထားတဲ့ဟာကို နောက်ကလိုက်ပြီး ခွက်မည်းကြီးနဲ့တောင်းနေတာတုန်းတဲ့၊ အရှင်ဘုရားစိုက်ပါလားတဲ့ လယ်တို့ဘာတို့" ဒီတော့-မြတ်စွာဘုရားကမြင်တယ်၊ ဒီစကားပြောလိမ့်မယ်ဆိုတာ မြင်ပြီးသားဘုရားက၊ ဒီပုဏ္ဏားဇနီးမောင်နှံရော ပရိသတ်တွေသောတာပန်တည်မှာကိုမြင်ပြီးသား၊ ဒီစကားမျိုးပြောလိမ့်မယ်ဆိုတာလည်း သိပြီးသား ဘုရားက။

ပုဏ္ဏားကြီးက အဲဒီလို အရှင်ဘုရား တပည့်တော်တို့လိုစားချင်ရင် တပည့်တော်တို့လို လယ်လုပ်ပါလားပေါ့ အဓိပ္ပါယ်ကပြောလိုက်တော့၊ "ပုဏ္ဏား. . တဲ့၊ ငါလည်းလယ်သမားပါပဲ. . . လယ်သမားပါပဲ၊ ငါလည်းလယ်,ယာကိုင်းကျွန်းစိုက်ပါတယ်. . တဲ့ စိုက်ပါတယ်" ဆိုတော့၊ ပုဏ္ဏားကြီးက"ဟာ-ရဟန်းဂေါတမ တောင်ပြော, မြောက်ပြောနဲ့, ဘယ်မတုန်း အရှင်ဘုရား ထွန်တို့, ထယ်တို့, နွားတို့၊ လယ်ယာကိုင်းကျွန်းလုပ်တယ်ဆိုတာ၊ ထွန်တို့, ထယ်တို့, နွားတို့, ကျွဲတို့ရှိရတယ်ကိုယ်တော်၊ လယ်လုပ်ကိရိယာရှိရတယ်၊ အရှင်ဘုရားဘာရှိလို့တုန်း" ဆိုတော့မှ မြတ်စွာဘုရားက-

**သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ, ပညာမေ ယုဂနင်္ဂလံ၊**
**ဟိရီ ဤသာ မနော ယောတ္တံ, သတိ မေ ဖာလပါစနံ။**

ပုဏ္ဏား. . . တဲ့ သင်လယ်ယာကိုင်းကျွန်းလုပ်တယ်ဆိုတာကတစ်သီးစားလုပ်တတ်တာ. . . တဲ့၊ ငါဘုရားရှင်ကိုယ်တော်မြတ်လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းလုံးလုံး လယ်ယာကိုင်းကျွန်းတွေစိုက်ပျိုးပြီးတော့လာခဲ့တာက၊ သီးမျိုးစုံစားရတဲ့လယ်,ယာကိုင်းကျွန်းကိုလုပ်ခဲ့တယ်. . တဲ့။ ပုဏ္ဏား. . တဲ့ လယ်ယာကိုင်းကျွန်းလုပ်တယ်ဆိုတာ လောကီလယ်ယာကိုင်းကျွန်း, လောကုတ္တရာလယ်ယာကိုင်းကျွန်းလို့နှစ်မျိုးရှိတယ်၊ လောကီလယ်ယာကိုင်းကျွန်းလုပ်တတ်ရုံနဲ့ တင်းတိမ်အားရကျေနပ်မနေရဘူး. . တဲ့၊ လောကုတ္တရာလယ်ယာကိုင်းကျွန်းကိုလည်းလုပ်တတ်ရတယ်၊ အခုငါလေ . . တဲ့၊ ငါလုပ်လာခဲ့တဲ့ လယ်ယာကိုင်းကျွန်းမှာ ငါ့ရဲ့လယ်လုပ်ကိရိယာတွေဆိုတာဘာတုန်းဆိုတော့-

**သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ, ပညာမေ ယုဂနင်္ဂလံ၊**
**ဟိရီ ဤသာ မနော ယောတ္တံ, သတိ မေ ဖာလပါစနံ။**

သဒ္ဓါ-ရတနာသုံးပါး, ကံကံအကျိုး, ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန်မျိုးကို, မြတ်

http://www.dhammadownload.com



နိုး ကျေနပ်, ယုံကြည်တတ်တဲ့,သဒ္ဓါစာတ်သည်၊ (ဝါ)ယုံကြည်တတ်တဲ့,သဒ္ဓါဦးစီး တဲ့လှူမှုတန်းမှု,ပေးမှုကမ်းမှု,သီလထိန်းမှု,ဘာဝနာပွားမှုဆိုတဲ့,ကုသိုလ်ကောင်းမှု, စေတနာစုသည်၊ ဗီဇ-အသီးအမျိုးမျိုး,အပွင့်အမျိုးမျိုး,လူ့စည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်,မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့,အသီးအပွင့်မျိုးစုံကို,သီးစေနိုင်တဲ့,မျိုးစေ့ ကောင်းကြီးပါပေတည်း. . .။

သင်ပုဏ္ဏားကမြင်တာက ပကတိစပါးတွေ နှမ်းတွေလောက်သင်မြင်တာ ကိုး. . . တဲ့၊ မျိုးစေ့ဆိုတာ သဒ္ဓါဦးစီးတဲ့ကုသိုလ်ကောင်းမှုတွေကို မျိုးစေ့ခေါ်တယ်၊ ဟော-ဘုရားက ငါလေးအသချေနဲ့ ကမ္ဘာတစ်သိန်းလုံးလုံးအဲဒီသဒ္ဓါဦးစီးတဲ့ ကုသိုလ်ကောင်းမှုမျိုးစေ့တွေစိုက်လာခဲ့တာ. . တဲ့ ပျိုးလာခဲ့တာ၊ ဟိရီ ဩတ္တပ္ပတို့ စတဲ့တရားဒေါ်တွေက အဲဒါထွန်တွေထယ်တွေပဲတဲ့။ သတိနဲ့ ထယ်ကြောင်းမတိမ်း မစောင်းရအောင် သတိတည်းဟူသောနှင်တံနဲ့ ထိန်းပြီးတော့ မောင်းတယ်. . တဲ့၊ ဟိရီနဲ့ဩတ္တပ္ပဆိုတာနွားနှစ်ကောင်ပဲတဲ့။ဟိရီဆိုတာမကောင်းမှုပြုရမှာရှက်တာ၊ ဩတ္တပ္ပဆိုတာ မကောင်းမှု ပြုရမှာကြောက်တာ၊ အဲဒီဟိရီနဲ့ဩတ္တပ္ပ- မကောင်း မှုပြုရမှာရှက်တဲ့ ကြောက်တဲ့ တရားနှစ်ပါးကဆွဲပြီးတော့ ငါ့လယ်ယာကိုင်းကျွန်း တို့ကိုသတိတည်းဟူသော နှင်တံနဲ့ထိန်းပြီးတော့ ပညာတည်းဟူသော ထမ်းပိုးနဲ့ တွဲပြီးတော့ ထွန်ခဲ့တာ. . တဲ့ ထွန်ခဲ့တာ။

ထွန်ပြီးတော့ ယုံကြည်မှုသဒ္ဓါတရားတည်းဟူသော သဒ္ဓါဦးစီးတဲ့ ကုသိုလ် ကောင်းမှုစေတနာမျိုးစေ့တွေကို ပျိုးလာခဲ့တယ်. . တဲ့ ကြဲခဲ့တယ်၊ အခုဒကာမကြီး ဒေါ်မြရွှေ,ဒကာမဒေါ်သောင်းစိန်နှင့်တကွ မုဆိုးချုံကလာကြတဲ့ ဒကာဒကာမတွေ ယုံကြည်ချက်သဒ္ဓါဦးစီးလို့ ဒီရောက်လာတာ၊ အခုသင်္ကန်း(၁၀)စုံ,ဖိနပ်(၁၀)ရံ,သ ပိတ်(၁၀)လုံး,ထီး(၁၀)လက်,ဆန်(၁၀)အိတ်အစရှိတဲ့ ပစ္စည်းတွေကို လှူနိုင်တယ် ဆိုတာ ယုံလို့,ယုံလို့၊ဘာယုံတာတုန်း ဒီဘုရား,တရား,သံဃာ,ရတနာသုံးပါးမှာ ဒို့ဒီ လိုလှူလိုက်ရင်ဒို့မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ရောက်နိုင်တယ်၊ သံသရာစခန်း သွား ရာလမ်းကြီးမှာလည်းပဲ ဒီကောင်းမှုက အထောက်အပံ့ဖြစ်လိမ့်မယ်. . လို့ ယုံတာ အဲဒါသဒ္ဓါခေါ်တယ်၊ မယုံရင်လာကိုမလှူဘူး၊ မယုံလို့ရှိရင် မုဆိုးချုံကဒီကို ထွက်မ လာဘူး၊ အဲဒီတင် ကိုယ့်ဘာကိုယ်စားပစ်မှာပေါ့။

ဒီနေ့လှူလိုက်တဲ့ သင်္ကန်းစတဲ့ပစ္စည်းတွေဟာ တန်းဖိုးသင့်လိုက်ရင် နည်း

http://www.dhammadownload.com



တာမဟုတ်ဘူး၊ အဲဒါတွေကိုယ့်ဘာကိုယ်စားပစ်မှာပေါ့၊ ကိုယ့်ဘာကိုယ်ဝတ်ပစ်မှာပေါ့၊ ကိုယ့်သားကိုယ့်သမီးဆင်ပစ်မှာပေါ့၊ မယုံရင်အဲဒီပဲသွားမှာ၊ အခုယုံလို့ ဒီထိအောင်ရောက်လာတာ၊ အဲဒါမျိုးစေ့လို့ခေါ်တယ်၊ သဒ္ဓါ (ဝါ) သဒ္ဓါဦးစီးတဲ့ယုံကြည်မှုဦးစီးတဲ့ကုသိုလ်ကောင်းမှုကိုမျိုးစေ့၊ ဒီတော့ ပကတိလယ်ယာကိုင်းကျွန်းထဲ မျိုးကြဲသလိုပဲ၊ အခုဒါလာမျိုးကြဲတာ၊ ဒါ့ကြောင့်သံဃာတော်တွေကလယ်ယာကြီးတွေနဲ့တူတယ်၊ ဒီနေ့ အလှူဒကာအလှူ့အမ မုဆိုးချုံဝက်လက်ကအလှူ့ဒကာ အလှူ့အမတွေက လယ်သမား,ယာသမားတွေနဲ့တူတယ်၊ စိုက်လိုက်ပျိုးလိုက်တဲ့ ကုသိုလ်ကောင်းမှုတွေကမျိုးစေ့တွေနဲ့တူတယ်. . လို့၊

* ခေတ္တူပမာ အရဟန္တော, ဒါယကာ ကဿကူပမာ၊
ဗီဇူပမံ ဒေယျဓမ္မံ, ဧတ္တော နိဗ္ဗတ္တတေ ဖလံ။

အရဟန္တော-ဘုရားပစ္စေကာ, အရိယာအပေါင်း, အလှူခံဖြစ်တော်မူကြတဲ့, သံဃာတော်အရှင်မြတ်, အရှင်ကောင်းတို့သည်၊ ခေတ္တူပမာ-ကြဲချသမျှ, မျိုးစေ့စု၏, ကြီးထုမြင့်မား, စွင့်စွင့်ကားလျှက်, ဖွင့်ထွားဖွယ်ရာ, လယ်ယာမြေကောင်းအတူ, ဖြစ်တော်မူကြပါပေကုန်၏၊ ဒါယကာ-စွန့်ကြဲပေးကမ်း, လှူဒါန်းသမှု,ပြုကြတဲ့ ယခုဝက်လက်,မုဆိုးချုံကလာကြတဲ့, ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့သည်ကား၊ ကဿကူပမာ-လယ်သမား,ယာသမား,လယ်ယာသမားနဲ့,မခြားသဏ္ဌာန်, ပုံဟန်တူကြလေကုန်၏၊ ဒေယျဓမ္မံ-လှူဖွယ်ဝတ္ထု,ပစ္စည်းစုသည်ကား၊ (ဝါ)-လှူဖွယ်ဝတ္ထု,ပစ္စည်းစုကို, လှူဒါန်းကြောင်းဖြစ်တဲ့, သဒ္ဓါစေတနာဦးစီးတဲ့, ကုသိုလ်ကောင်းမှု,စေတနာစုသည်၊ ဗီဇူပမံ-မျိုးစေ့နဲ့အလားသဏ္ဌာန်, ပုံဟန်တူကြလေ၏၊ ဧတ္တော-အဲဒီစေတနာ, သဒ္ဓါဆိုတဲ့, မျိုးစေ့အပေါင်းမှ၊ ဖလံ-လူ့ရွာနတ်ထံ,ချမ်းသာစံလျှက်,နိဗ္ဗာန်တိုင်ထိ,အကောင်းဆုံးဖြစ်တဲ့, အသီးအပွင့်သည်၊ နိဗ္ဗတ္တတေ-မုချမသွေ, ဖြစ်ထွန်းပေါ်ပေါက်၍ လာရပါပေသတည်း. . . ။

သာဓု. . . . သာဓု. . . . သာဓုပါဘုရား။

ဒီတော့ မြတ်စွာဘုရားက သံဃာတော်တွေကလယ်ယာတွေ. . တဲ့။ အလှူပေးပုဂ္ဂိုလ်တွေ, ကုသိုလ်ကောင်းမှုရှင်တွေက လယ်သမားယာသမားတွေနဲ့တူတယ်၊ ပေးလှူလိုက်တဲ့အလှူဝတ္ထုပစ္စည်းတွေ၊ (ဝါ)အလှူဝတ္ထုပစ္စည်းကို လှူဒါန်းကြောင်းဖြစ်တဲ့ စေတနာတွေ, သဒ္ဓါတွေက မျိုးစေ့တွေနဲ့တူတယ်. . . တဲ့၊ ဟော

---

* ပေတ-၁၂၇၊ ၄-၆။

http://www.dhammadownload.com



ဒါ-လယ် သမား ဥပမာပေးပြီးဘုရားဟောတာ၊ ဒါ့ကြောင့် လယ်ယာလာပြီးတော့ စိုက်ကြတာ၊ ဒီနေ့ စိုက်တဲ့လယ်ကအသီးမျိုးစုံအပွင့်မျိုးစုံ သီးနိုင်တယ်၊ ပြီးတော့ လုံ့ခြုံတဲ့အသီး,အပွင့်တွေကို သီးတယ်၊ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ အသီးအပွင့်တွေကိုသီးမယ့် လယ်ယာကိုင်းကျွန်းလာစိုက်တယ်. . . လို့အာရုံပြုကြ၊ ဒို့ ဆရာတော်ကြီးက အဲဒါကိုပဲ--

❖ အလှူခံမှာ, လယ်ပမာ, လှူရှာသူများ, လယ်သမား။
အများလှူဖွယ်, မျိုးစေ့နှယ်, နောင်ဝယ်အသီးပွား။

နောက်တော့-ဒီစေတနာကနေပြီးတော့ အသီးအပွင့်တွေပွားမယ်. . တဲ့၊ ဒီတော့ ဒီနေ့အလှူဒကာအလှူ့အမတွေက ဒို့လယ်ယာစိုက်တာ၊ လောကုတ္တရာ လယ်ယာစိုက်တာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘာရဒွါဇသုတ္တန်မှာ ပုဏ္ဏားကြီး ပြောတဲ့ အတိုင်း ဒို့လောကီလယ်ယာစိုက်တတ်ရုံနဲ့ပြီးနေလို့မဖြစ်ဘူး၊ လောကုတ္တ ရာလယ်များလည်းစိုက်မှဖြစ်မှာလို့ဘုရားဟောတော်မူတဲ့ အဆုံးအမတော်ကိုလိုက် နာသောအားဖြင့် ဒီနေ့တပည့်တော်တို့ လောကုတ္တရာလယ်ယာလာစိုက်ကြပါ တယ်. . .

ဤကဲ့ သို့ စိုက် ရပျိုးရတဲ့ လောကုတ္တ ရာလယ် ယာကောင်းသည်. . တပည့်တော်တို့အား လူချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာဆိုတဲ့ အသီးအပွင့် သာမက အို,နာ,သေရေး ဒုက္ခဘေးကြီး ကင်းဝေးစေနိုင်တဲ့ မဂ်သီး,ဖိုလ်သီး, မဂ်ပွင့်, ဖိုလ်ပွင့်, နိဗ္ဗာန်ပွင့်ကိုလည်း ပွင့်ပါစေသား. . . သီးပါစေသားလို့, မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်အသီးအပွင့်ထိအောင် မျှော်မှန်းပြီးသကာလ လှူဒါန်းနိုင်ကြ တဲ့အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဖြစ်ကြပါစေကုန်သတည်း။

ဤကဲ့သို့အို,နာ,သေရေးဒုက္ခဘေးကြီးကင်း ဝေးတဲ့ လောကုတ္တရာအသီး အပွင့်တိုင်အောင် သီးပါစေပွင့်ပါစေလို့ ရည်မှန်းပြီး ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်း သား,အမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျက်၊ ဤကဲ့သို့ ပြုစွမ်းသွားကြသော ရှေးရှေးသောသူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ် ရောက်အပ်သိမြင် အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ, ရကြပါလိုကုန်သောဟူ၍,ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



“မိတ်ဆွေကောင်း [illegible]”

ဒီနေ့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့လာရောက်ပြီး သံဃာတော်(၇၀၀)ကျော်တို့အား ဆွမ်းဘောဇဉ်များဆက်ကပ်ကြတဲ့ကောင်းမှုရှင်များက ဘဝတစ်ပါးပြောင်းသွားကြယ်လွန်ကြတဲ့ မိခင်,ဖခင်ကျေးဇူးရှင်များကို ရည်စူးမှန်းထားပြီး ကုသိုလ်ကောင်းမှုများပြုလုပ်ကြခြင်းဖြစ်ပါတယ်။ ဒါ-သားတွေ,သမီးတွေက မိဘများရဲ့ ကိုယ်စားဆွမ်းကပ်ပေးနေတာ။ မနက်ကဆွမ်းလောင်းနေတာ မိခင်ကြီးဒေါ် [illegible] ကိုယ်စားဆွမ်းလောင်းပေးနေတာ၊ ဦး[illegible] ကိုယ်စားဆွမ်းလောင်းပေးနေတာ၊ ဆွမ်းကပ်ပေးနေတာ၊ ဒီလိုပြုခြင်းဖြင့် သူတို့က ယာယီအ[illegible] တာရှည်အပေါင်းဆိုတဲ့ အပေါင်းနှစ်မျိုးထဲက တာရှည်အပေါင်းကြီးနဲ့ ပေါင်းပေးရာရောက်တယ် . . တဲ့၊ လောကမှာ သတ္တဝါတစ်ဦးတစ်ယောက်ရယ်လို့ဖြစ်လာရင်၊ ကိုယ်ချည်းနေလို့မရဘူး၊ ပတ်ဝန်းကျင်အပေါင်းအသင်းဆိုတာ ရှိရတယ်၊ ရှိကြတယ်။ မိမိမွေးဖွားလာတယ်ဆိုရင် အနည်းဆုံးမိမှာ အမိနဲ့ အဖေကနေ ဒါ-အပေါင်းအသင်းပဲ၊ နောက်-ညီအကိုမောင်နှမတွေ, ဒါ-အပေါင်းအသင်းတွေပဲ၊ နောက်-မိတ်ဆွေသူငယ်ချင်းတွေ အပေါင်းအသင်းတွေပဲ။

[illegible] ကောင်း[illegible] အပေါင်းအသင်း[illegible] ရှိရတယ်၊ အဲဒီအပေါင်းအသင်းက [illegible] အဲဒီအပေါင်းအသင်းဟာ နှစ်မျိုးရှိတယ် . . တဲ့၊ “[illegible] အပေါင်းအသင်း”နဲ့ “တာရှည်အပေါင်းအသင်း”၊ ယာယီအပေါင်းအသင်း[illegible] ခဏ-အချိန်အတန် ကိုယ်ကိုတာသိဖော်ရှိ၊ စောင့်[illegible] အပေါင်းအသင်းကို ယာယီအပေါင်းအသင်း . . . လို့ခေါ်ရမယ်။ ခဏပဲ [illegible] အချိန်အတန်လောက်ပဲ စောင့်ရှောက်နိုင်တယ်၊ အဲဒါ-ယာယီအပေါင်းအသင်း။

တာရှည်အပေါင်းအသင်းဆိုတာကျတော့ ကိုယ့်ကိုအကြာကြီး၊ တာရှည်ဆိုတဲ့အတိုင်းပဲ အကြာကြီး အချိန်ပေါင်းများစွာပေါ့၊ ရက်ပေါင်းများစွာ, လပေါင်း

http://www.dhammadownload.com



များစွာ နှစ်ပေါင်းများစွာတိုင်အောင် ဘဝပေါင်းများစွာ [illegible] နိုင်တဲ့ အစောင့်အရှောက်ကိုတော့ တာရှည်အပေါင်းအသင်းလို့ [illegible]

[illegible] ယာယီအပေါင်းအသင်း- ခေတ္တခဏအထာအသည် [illegible] အပေါင်းအသင်း၊ တာရှည်အပေါင်းအသင်းဆိုတဲ့ တာရှည်စွာ မိမိကိုတာရှည်စောင့်ရှောက်နိုင်တဲ့ အပေါင်းအသင်းရှယ်လို့ အပေါင်းအသင်းနှစ်မျိုးရှိတယ်။ အဲဒီ အပေါင်းအသင်းနှစ်မျိုးမှာ ယာယီအပေါင်းအသင်းနဲ့တွဲ ပေါင်းသင်းတာတာရှိန် [illegible] ကျေနပ်တင်းတိမ်အားရမှုနဲ့ [illegible] မိမိကိုတာရှည်စွာစောင့်ရှောက်မယ့်, တာရှည်စွာ စောင့်ရှောက်မယ့်, ကူညီမယ့်, ဖေးမမယ့် အပေါင်းအသင်းကိုလည်း ပေါင်းသင်းတတ်ရတာမျိုး. . . လို့ မြတ်စွာဘုရားက-

သတ္တိရေဝ သမာသေထ, နာ သတ္တိ ဗဟုသင်္ဂမော။[*]

[illegible]

ဗဟုသင်္ဂမော၊ အသတ္တိ ဗဟုသင်္ဂမော- မိမိတို့ [illegible] အယ် အပေါင်းအသင်းနှစ်ဦးနဲ့ပေါင်းရတာများပြီးတော့နေတဲ့အဖြစ်ကိုလည်း၊ န- အလိုမရှိအပ်။ [illegible]

❖ ယာယီအပေါင်း, တာရှည်ပေါင်း, အပေါင်းနှစ်မျိုး

[illegible]

* စရိယာ-၄၊ ၂၂၄။

http://www.dhammadownload.com



နဲ့ သူကကိုယ့်ကူညီ၊ ကိုယ်ကသူ့ကူညီ၊ ကိုယ်ကသူ့စောင့်ရှောက်၊ သူကကိုယ့်စောင့်ရှောက်နဲ့ တစ်ယောက်နဲ့တစ်ယောက် အားကိုးအားထားပြုပြီးတော့ ပေါင်းကြသင်းကြတဲ့ အပေါင်းအသင်း၊ လင်နဲ့မယား၊ သားသမီးနဲ့မိဘ၊ တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းကြတာပဲ၊ တစ်ယောက်ကိုတစ်ယောက်က ကူညီဖေးမစောင့်ရှောက်၊ ဒါ-သားသမီးနဲ့မိဘ၊ ဆရာနဲ့တပည့် ဒါအပေါင်းအသင်းတွေပဲ၊ မိတ်ဆွေသင်္ဂဟအချင်းချင်းအပေါင်းအသင်းတွေပဲ၊ မင်းစိုးရာဇာနဲ့ တိုင်းသူပြည်သား ဒါအပေါင်းအသင်းတွေပဲ၊ ဒီတော့-အဲဒီအပေါင်းအသင်းတွေမှန်သမျှဟာ ယာယီအပေါင်းအသင်းတွေချည်းပဲ. . တဲ့ ယာယီအပေါင်းအသင်းတွေချည်းပဲ။

သက်ရှိဖြစ်တဲ့ လင်နဲ့မယား၊ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ မိတ်ဆွေသင်္ဂဟတွေအပြင်၊ သက်မဲ့တွေ. . . တဲ့ ပေါင်းသင်းကြရတာ၊ ပေါင်းကြရတယ်ဆိုတာ ကိုယ့်နားသူ့ရောက်အောင်ခေါ်ထားရတယ်၊ ငွေတွေရှာပြီးခေါ်ထားရတယ် ကိုယ့်နား၊ အရေးပေါ်လို့ရှိရင် သုံးရစွဲရအောင်လို့ ငွေတွေကတစ်ဆင့်၊ ရွှေတွေလုပ်ပြီးတော့ ပေါင်းထားရတာ၊ စိန်တွေကျောက်တွေစသည်ဖြင့်၊ ဥစ္စာနှစ်တွေလုပ်ပြီးတော့ ပေါင်းထားရတာ၊ အိမ်ရာခြံမြေ ဥယျာဉ်တိုက်တာတွေရှာပြီးတော့ပေါင်းထားရ ဒါမှ ကိုယ့်ချမ်းသာမှာကိုး၊ ဒီတော့-အဲဒီအပေါင်းအသင်းတွေမှန်သမျှဟာ ယာယီအပေါင်းအသင်းချည်းပဲ. . တဲ့။

ဘာပြုလို့တုန်း၊ သူဘယ်လောက်စောင့်ရှောက်နိုင်တယ်ပြောပြော၊ တစ်ဘဝပဲစောင့်ရှောက်နိုင်တယ်၊ တစ်ဘဝထက်ကျော်ပြီးတော့ လင်နဲ့မယားတစ်ယောက်နဲ့တစ်ယောက် မကူညီနိုင်ဘူး၊ ကွယ်လွန်အနိစ္စရောက်သွားပြီဆိုရင် အဲဒီနောက်ကိုလိုက်ပြီးတော့ ဘယ်နည်းနဲ့မှ မစောင့်ရှောက်နိုင်တော့ဘူး၊ မကူညီနိုင်တော့ဘူး၊ ကိုယ်ကဘယ်လောက်ချစ်ပါတယ်ပြောပြော၊ လိုက်ပြီးတော့ မပြုစုနိုင်တော့ဘူး။ မိဘနဲ့ သားသမီး ထို့အတူပဲ၊ တစ်ဘဝပဲ ဘယ်လောက်ကြာကြာစောင့်ရှောက်နိုင်တယ်ပြောပြော တစ်ဘဝပဲ။ ဆရာနဲ့တပည့် ထို့အတူပဲ။ မိတ်ဆွေသင်္ဂဟအချင်းချင်း ထို့အတူပဲ၊ ဘယ်လောက်ကြာကြာစောင့်ရှောက်နိုင်တယ်ပြောပြော တစ်ဘဝပဲ. . . တဲ့ တစ်ဘဝပဲ။

အဲ-တစ်ချို့တစ်ဘဝတောင် မရောက်ဘူး၊ လမ်းခုလပ်တင်ပြတ်ကျပြီးတော့၊ ကွဲကြ၊ မတည့်ကြ၊ တစ်ယောက်နဲ့တစ်ယောက်၊ မိတ်ဆွေကနေ ရန်ဖက်ကြီးဖြစ်ပြီးတော့ ရန်သူတော်ကြီးတွေဖြစ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် သူ့မကောင်းကျိုးကိုယ်ကလုပ်၊ကိုယ့်မကောင်းတာတွေသူကလုပ်၊ ရန်ဖက်တွေ

http://www.dhammadownload.com



ဖြစ်သွားကြတယ်၊ သို့မဟုတ်-လမ်းခုလပ်တင်ကွဲသွားကြပြီးတော့ ပြတ်ကြ,ကင်းကြ၊ ဒါ့ကြောင့်-ယာယီအပေါင်းအသင်းဆိုတာ တစ်ဘဝပဲစောင့်ရှောက်နိုင်တယ်၊ ဒါ့ဖြင့် တာရှည်အပေါင်းအသင်းကြီးတွေက ဘယ်သူတုန်းလို့ဆိုတော့-

❖ ဘုရား, တရား, သံဃာအား, သုံးပါးမိတ်ကြီးဆွေ. . . တဲ့။

ဟော-ဘုရားဆိုတဲ့မိတ်ဆွေကြီး၊ တရားတော်ဆိုတဲ့မိတ်ဆွေကြီး၊ သံဃာတော်ဆိုတဲ့ မိတ်ဆွေကြီး. . . တဲ့၊ မိတ်ကြီး, ဆွေကြီးသုံးယောက်။ အားကိုးအားထားနဲ့ပေါင်းသင်းထိုက်တဲ့ မိတ်ကြီးဆွေကြီးသုံးယောက်ရှိသေးတယ် လောကမှာ၊ အဲဒီ ဘုရားဆိုတဲ့ မိတ်ဆွေကြီးနဲ့ပေါင်းထား၊ တရားဆိုတဲ့မိတ်ဆွေကြီးနဲ့ပေါင်းထား၊ သံဃာဆိုတဲ့ မိတ်ဆွေကြီးနဲ့ပေါင်းထားရင် သူတို့ကဒီဘဝလည်းစောင့်ရှောက်တယ်၊ နောက်ဘဝ,နောက်ဘဝ,နောက်ဘဝ,နောက်ဘဝ, မဂ်ဖိုလ်နိဗ္ဗာန်စခန်းသွားလမ်းကြီးတစ်လျှောက်လုံး ဘဝများစွာစောင့်ရှောက်မယ်. . . တဲ့၊ စောင့်ရှောက်မယ်၊ ဒါ့ကြောင့်-

❖ ဘုရား,တရား,သံဃာအား, သုံးပါးမိတ်ကြီးဆွေ၊
အမြဲပေါင်းလျှင်,သံသာခွင်,အစဉ်စောင့်ရှောက်ပေ။

သံသရာတစ်ခွင် ကျင်လည်သမျှလိုက်ပြီးတော့ သူကစောင့်ရှောက်တယ်။

❖ နိဗ္ဗာန်နန်းဆောင်, စခန်းဘောင်, လွှမ်းအောင်
စောင့်ရှောက်ပေ။

သံသရာတစ်ခွင် ကျင်လည်တဲ့နေရာဘဝတိုင်းလိုက်စောင့်ရှောက်ရုံတင် မကဘူးတဲ့၊ သူကဘယ်ထိအောင်လိုက်စောင့်ရှောက်တုန်းဆိုတော့၊ အိုဘေးကြီး, နာဘေးကြီး, သေဘေးကြီးလွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ရွာရောက်သည့်အထိ သူကလိုက်စောင့်ရှောက်တယ်၊ နိဗ္ဗာန်ရွာဝင်နိုင်သည့်အထိ၊ နိဗ္ဗာန်မြို့ဝင်နိုင်သည့်အထိ၊ နိဗ္ဗာန်ဆိုက်သည့်အထိသူကလိုက်စောင့်ရှောက်ပါတယ်. . . တဲ့။ ဒါ့ကြောင့် ဘုရားကိုလည်းပေါင်းရတယ်၊ ဘုရားဆိုတဲ့မိတ်ကောင်းဆွေကောင်းကြီးကိုလည်းပေါင်းဖို့ မမေ့ရဘူး။

ဘုရားနဲပေါင်းတယ်ဆိုတာ ညအိမ်ရာဝင်ပြီဆို ဘုရားနဲ့ပေါင်းပြီးတော့ အိပ်ရတယ်၊ ဘုရားဂုဏ်အာရုံပြုပြီးတော့၊ ကြာကြာအာရုံမပြုနိုင်တောင် ခေတ္တခဏဘုရားဂုဏ်တွေအာရုံပြုပြီးတော့ လက်အုပ်ချီမိုးရှိခိုးကန်တော့ပြီးတော့ အိပ်တဲ့

အမျိုးသားဟာ ဘုရားနဲ့ပေါင်းအိပ်တာခေါ်တယ်၊ အိပ်တဲ့အမျိုးသမီးဟာ ဘုရားနဲ့ ပေါင်းအိပ်တာခေါ်တယ်၊ ဒီတော့-ဘုရားနဲ့သူကနေ့စဉ် ညအိပ်ရာဝင်တိုင်း အိပ်ရာဝင်တိုင်း ဘုရားနဲ့ကပ်၊ ဘုရားဆည်းကပ်ပြီးတော့အိပ်တော့ အဲဒီဘုရားက-ဒီပြန် [illegible] . . . လို့၊ ဘုရားနဲ့ဖက်လို့၊ ဘုရားအာရုံထဲမှာ စိတ်ထားရောက်၊ စိတ်ထဲဘုရားအာရုံဝင်လို့။ [illegible] ထံချမ်းသာစပြီးတော့ နိဗ္ဗာန်တိုင်ပေါက်စခန်းရောက်အောင် [illegible] ဟော-သူကဘုရားနဲ့ပေါင်းထားတာဆိုတော့ ဘုရားကသူ့ပြန်စောင့်ရှောက်တယ်. . . တဲ့၊ ကိုယ်ကပေါင်းတတ်ရတယ်။

ညအိပ်ရာဝင်လို့မှ ဘုရားသတိမရ၊ သားရေး သမီးရေးတွေနဲ့ တစ်တွေး တွေးနဲ့အိပ်ပျော်သွား၊ [illegible] ဒေါသတွေနဲ့, မောဟတွေနဲ့အိပ်ပျော်သွားရင် [illegible] စောင့်ရှောက်လို့မှမတုန်း၊ သူကဘုရားမှမပေါင်းဘဲ၊ ပေါင်းမှစောင့်ရှောက်မှာ [illegible] ညအိပ်ရာဝင်ရင် ဘုရားတို့ရှိခိုးဦးတင် လက်အုပ်ချီ အဲဒါ-ဘုရားပေါင်းတဲ့သူပဲ။

[illegible] နဲ့ပေါင်းပြီးတော့နိုးလာတဲ့သူပဲ ဒီလူဟာ၊ မနက်စောစောကတည်းက သူ့ဘုရား နဲ့ပေါင်းပြီးလာတဲ့သူ၊ အဲဒီတော့-ဘုရားကစောင့်ရှောက်မှာပေါ့၊ အဲဒီလိုအားဖြင့် ညအိပ်ရာဝင်တစ်ကြိမ်၊ မနက်အိပ်ရာနိုးတစ်ကြိမ်။

[illegible] အစားအသောက် စားဦး,စားဖျား ဘုရားဆွမ်းတော်ကပ်, ပန်းတော်ကပ်, ရေကြည်

http://www.dhammadownload.com



တော်ကုပ်,အမေ့အိုင်လှူ၊ ဖွယောင်းတိုင်လှူ၊ ဘုရားနဲ့ပေါင်းတဲ့သူ၊ အဲဒီလိုအားဖြင့် မပြတ်မပြတ်သည့်ဘုရားကိုအမှတ်ရ၊ နောက်ဆုံး ခရီးလေးထွက်ခါနီး,သွားခါနီး လာခါနီး ရုပ်မြင်ဖို့ ဘုရားခန်းလမ်းပြီးတော့ လက်အုပ်ချီ ဘုရားနဲ့ပေါင်းပြီးခရီးထွက်တဲ့သူ၊ အန္တရာယ်ကင်းမယ်. . . လမ်းမှာသူ၊ ဘုရားကသူနဲ့ပေါင်းထားတော့ သူ့ကို စောင့်ရှောက်တယ်လေ။

[illegible]

ဆာ ရောက်လာမယ့်ဘေးရန်အန္တရာယ်အသွယ်သွယ်တွေမတွေ့မရောက်လာအောင်၊ မချမ်းသာမှုရအောင် အဝေးမှပျောက်ကြအောင်, ဘုရားစောင့်ရှောက်တယ်. . .။

[illegible]

အဲ-လူဖြစ်တန်းဖြစ်ပြီး အကုသိုလ်တွေလာတိုင်း လျှောက်ပြီးစရာအကြောင်းပေါ်လာတိုင်း လက်အုပ်တမ်းမြီးတော့ ကိုယ်တတ်နိုင်သလို လှူတယ်၊ အဲဒါ-တရားနဲ့ပေါင်းတာခေါ်တယ်။

[illegible]

အဲဒါ, ဒါနတရားကြီးကလိုက်စောင့်ရှောက်တာသူကို၊ သူများဆီလက်ဖြန့်ရတဲ့အဖြစ်မျိုးမရောက်ဘူး။ ဒါနတရားကြီးကလိုက်စောင့်ရှောက်ထားလို့၊ ခုက်ကုလေးတစ်လုံးနဲ့လှည့်တောင်းရတဲ့အဖြစ်မျိုးမရောက်ဘူး၊ ပြီးတော့ပေါက်တာမပြောချင့်ဘဲ နဲ့ပြောရတဲ့ "မရှိလို့ပါ, မပေးလို့ပါ, မရလို့ပါ, ပေးခဲ့ကြပါ, ကူမခဲ့ကြပါ" ဆိုတဲ့စကားမျိုး၊ မကြားလာမရှိတဲ့စကားမျိုး မပြောရအောင်ဒါနဆိုတဲ့တရားကြီးက လိုက်စောင့်ရှောက်တာ သိကဲ့။

http://www.dhammadownload.com



ဒါနဆိုတဲ့ စွန့်ကြဲပေးကမ်းလှူဒါန်းမှုတရားကြီးက စောင့်ရှောက်လိုက်တာ ဘယ်ထိအောင်စောင့်ရှောက်လိုက်တုန်း၊ ပို့ကတည်းက သူကကျွေးနိုင်မွေးနိုင်မယ့် အမေအဖေတွေဆီကိုပို့ပေးလိုက်တယ်၊ ဝတ်စားတန်ဆာ ဆင်နိုင်ပြင်နိုင်မယ့်, လက်စွပ် လက်ကောက်, ပုတီး, နားချောင်းဆင်နိုင်မယ့် အမေအဖေတွေဆီပို့ပေးလိုက်တယ်၊ မိုးလုံလေလုံတိုက်တာအဆောက်အအုံနဲ့နေရမယ့် အမေအဖေတွေဆီပို့ပေးလိုက်တယ်၊ ကိုယ်ကဒါနဆိုတဲ့တရားကြီးနဲ့ ပေါင်းထားတော့ သူကပြန်ပို့ပေးတာပဲကိုယ့်ကို၊ လူမလုပ်နိုင်တဲ့အလုပ်တွေသူကအကုန်လုပ်ပေးတယ်၊ လူတွေမတတ်တဲ့အမှုတွေ သူကတတ်နိုင်တယ်၊ ဒါ-ကံတရားလို့လည်းခေါ်တယ်သူ့ကို။

သီလတရားကြီးနဲ့ပေါင်းထားတော့၊ ငါးပါးသီလ မပျက်အောင်နေတာသီလနဲ့ပေါင်းတာခေါ်တယ်၊ ငါးပါးသီလမဖေါက်ဘူး, မချိုးဘူး, မပျက်စီးစေရဘူး၊ ဒါ- သီလနဲ့ပေါင်းတာခေါ်တယ်၊ ငါးပါးသီလနဲ့ပေါင်းထားတော့ သီလတရားကြီးက သူ့လိုက်စောင့်ရှောက်တယ်. . . ဖြစ်လေရာဘဝ ဥပဓိရုပ်ဆင်းတွေနဲ့ပြည့်စုံအောင်, အင်္ဂါခြေလက်တွေပြည့်စုံအောင်,မျက်စိပေါက်နားပင်း,လက်ကျိုးခြေကျိုးမဖြစ်အောင်, ကိုးဆယ့်ခြောက်ဖြာ,ကိုးဆယ့်ရှစ်ဖြာ,ဘေးရောဂါတွေကင်းအောင်, အသက်တွေရှည်အောင်,ကျန်းမာရေးတွေကောင်းအောင် အဲလိုလိုက်စောင့်ရှောက်တယ် သီလမိတ်ဆွေကြီးက။ သီလဆိုတဲ့မွေ့မိတ်ဆွေကြီးကလိုက်စောင့်ရှောက်ထားလိုက်တာ၊ ဖြစ်လေရာဘဝ ဥပဓိရုပ်ဆင်းနဲ့ပြည့်စုံလို့၊ မျိုးကြီးဆွေကြီးထဲမှာရောက်လို့၊ ရောဂါတွေကင်းလို့အသက်တွေရှည်လို့ ဒါ-သီလတရားကြီးကလိုက်စောင့်ရှောက်တာ။

ဘာဝနာတရားကြီးနဲ့ ပေါင်းထားလိုက်တော့ သမထဘာဝနာ ဝိပဿနာဘာဝနာတရားကြီးများနဲ့ သူကပေါင်းထားလိုက်တော့၊ အဲဒီဘာဝနာတရားကြီးတွေက သူ့ပြန်စောင့်ရှောက်ထားလိုက်တော့၊ ဖြစ်လေရာဘဝ လိမ္မာထက်မြက်တဲ့ ဉာဏ်ရှိတဲ့သူဖြစ်လို့ နေရာတကာမှာ အသိအလိမ္မာဉာဏ်ပညာနဲ့ပြည့်စုံတဲ့ အမျိုးသား,အမျိုးသမီးဖြစ်လို့ဘာဝနာတရားက အသိဉာဏ်ထက်အောင်စောင့်ရှောက်တတ်တယ်။

ဖြစ်လေရာဘဝမှာ ခေါင်းဆောင်ပိုင်းဖြစ်အောင်၊ ရှေ့ဆောင်ပိုင်းဖြစ်အောင်၊ အမျှော်အမြင်ရှိတဲ့သူဖြစ်အောင်၊ နေရာတကာမှာ"ဌာနာဌာနကောသလ္လ" ခေါ်တဲ့ ပြောသင့်မပြောသင့်, လုပ်သင့်မလုပ်သင့်, သွားသင့်မသွားသင့်, ဝေဖန်နိုင်းချိန်တတ်တဲ့ဉာဏ်နဲ့ပြည့်စုံတဲ့သူဖြစ်အောင် စောင့်ရှောက်ထားလိုက်တာ၊ သူ့ရောက်လေရာဘဝ ရှေ့ဆောင်ချည်းပဲ၊ သူကအသိအလိမ္မာဉာဏ်ပညာရှိတာကိုးလိမ္မာရေးခြားရှိတာ၊ ပြောတတ်ဆိုတတ်,သွားတတ်လာတတ်,လုပ်တတ်ကိုင်တတ်

http://www.dhammadownload.com



စိမ်တတ်, ခန့်ခွဲတတ်တဲ့ဉာဏ်နဲ့ပြည့်စုံနေတော့ သူ့ခေါင်းဆောင်ချည်းတင်ကြတာပဲ။ ဒါ-ဘာ၀နာတရားကြီးလိုက်စောင့်ရှောက်ထားတာ။

သံဃာဆိုတဲ့ သံဃာနဲ့လည်းပေါင်းရတယ်၊ မိတ်ကြီးဆွေကြီး၊ သံဃာနဲ့ ပေါင်းတော့၊ သံဃာတော်တွေဟောတဲ့ ပြောတဲ့တရားနာကြားရ၊ အဆုံးအမတွေရ၊ သံဃာတော်တွေပြောတဲ့ဩ၀ါဒစကားနားထောင်၊ ဒီတော့-အဲဒီသံဃာကိုပေါင်း သင်းပြီးတော့ထားလိုက်တဲ့အတွက်လည်း ကိုယ့်မှာဖြစ်လေရာဘ၀တိုင်း၊ ဖြစ်လေရာ ဘ၀တိုင်းမှာ၊ အမျိုးတွေမြတ်လို့၊ အသိအလိမ္မာဉာဏ်ပညာနဲ့ပြည့်စုံလို့၊ သံဃာ တော်တွေဟောတဲ့ပြောတဲ့ဩ၀ါဒစကားတွေ သူကကြားရ,နာရတော့ လိမ္မာရေး ခြားရှိတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးဖြစ်လို့။ အဲဒီလိုအားဖြင့် သံဃာဆို တဲ့မိတ်ကြီး ဆွေကြီးနဲ့လည်းပေါင်းထားရတယ်. . . တဲ့။ ဒါ့ကြောင့်-သံသရာ တစ်ခွင်ကျင်လည်သမျှ လိုက်စောင့်ရှောက်တော့ တာရှည်အပေါင်းအသင်းကြီးတွေ ပေါ့ ခဏမဟုတ်ဘူး၊ တာရှည်အပေါင်းအသင်း၊ အိုဘေး,နာဘေး,သေဘေးကြီးက လွတ်သွားသည့်အထိ သူကစောင့်ရှောက်တယ်။

အဲဒီလိုအားဖြင့် အပေါင်းအသင်းဟာ ယာယီအပေါင်းအသင်း, တာရှည် အပေါင်းအသင်းလို့ နှစ်မျိုးရှိတယ်. . ၊ အဲဒီနှစ်မျိုးထဲမှာ များစွာသောသတ္တ၀ါတွေ က ယာယီအပေါင်းအသင်းတွေနဲ့ပေါင်းရတာနဲ့ တာရှည်အပေါင်းအသင်းတွေ မေ့ နေကြတာ၊ ယာယီအပေါင်းအသင်းဖြစ်တဲ့ သားတွေ,သမီးတွေအတွက် ကြောင့် ကြစိုက်ရတာနဲ့,သားစားရေးအတွက် ပြေးရလွှားရတာနဲ့,သား၀တ်ဖို့ဆင်ဖို့,သမီး ၀တ်ဖို့ဆင်ဖို့,သမီးစားဖို့,မြေးစားဖို့,တူစားဖို့,ဆွေတွေမျိုးတွေအတွက်ပြေးရ,လွှားရ, လုပ်ရကိုင်ရ,ရှာရဖွေရတာနဲ့ ကိုယ့်အတွက် တာရှည်စောင့်ရှောက်မယ့် ဘုရားဆိုတဲ့ အပေါင်းအသင်းကြီးကို အိပ်ရာ၀င်လို့တောင်မှ မပေါင်းမိဘူး၊ အိပ်ရာနိုးလို့တောင် မှ မပေါင်းမိဘူး။

တရားဆိုတဲ့ အပေါင်းအသင်းကြီးကိုလည်းခြေကန်၊ သံဃာအပေါင်းသင်း ကြီးကိုလည်းကျောခိုင်း၊ ဒီတော့-တာရှည်အပေါင်းအသင်း မိတ်ကောင်းဆွေ ကောင်းတွေတစ်ယောက်မှ သူ့မပေါင်းတော့ သူ့ဒုက္ခဖြစ်မယ်၊ ခုနကပြောသလိုပဲ၊ တာရှည်အပေါင်းအသင်းကြီးတွေဖြစ်တဲ့ ဘုရား,တရား, သံဃာဆိုတဲ့ မိတ်ကောင်း ဆွေကောင်းကြီးသုံးယောက်ကို ပေါင်းတတ်တဲ့သူမှ သံသရာစခန်း မဂ်ဖိုလ် နိဗ္ဗာန်လမ်းဖြောင့်ပြီ၊ ဒီတော့-များစွာသောသတ္တ၀ါတွေ ယာယီအပေါင်းအသင်းနဲ့ ပေါင်းရတာနဲ့ တာရှည်အပေါင်းအသင်းကိုမေ့တတ်လို့ ဘုရားက သတိပေးတာ-

http://www.dhammadownload.com



"သတ္တိရေဝ သမာသေထ၊ ၊ သတ္တိရေဝ-မိမိကိုတာရှည်စောင့်ရှောက်ဖော်ရကြမယ့်, မိတ်ကောင်းဆွေကောင်း, မိတ်ကြီးဆွေကြီးသုံးယောက်တို့နဲ့ သမာသေထ-နေ့စဉ်နေ့စဉ်,ပေါင်းဖော်ယှဉ်တွဲ,မှီဝဲဆည်းကပ်တတ်ရာ၏။ အသတ္တိ - ခေတ္တခဏမျှသာ, မိမိကိုစောင့်ရှောက်ဖော်ရမယ့်, ယာယီအပေါင်းအသင်းတွေမှုနဲ့ ဗဟုသင်္ကမော-ပေါင်းသင်းတာတွေအများကြီး အချိန်ပေးပြီးတော့နေတဲ့ အဖြစ်သည်၊ မာ ဟောတု-မဖြစ်စေနဲ့။

မပေါင်းရဘူးလို့တော့ မပြောပါဘူး။ လင်နဲ့မယားမပေါင်းရဘူးလို့ ဘုရားကမပြောပါဘူး၊ သားသမီးနဲ့မိဘ မပေါင်းရဘူးလို့မပြောပါဘူး၊ ဆရာနဲ့တပည့် မိတ်ဆွေသင်္ဂဟတွေ မပေါင်းရဘူးလို့တားတာမဟုတ်ဘူး၊ အဲဒီ ယာယီအပေါင်းအသင်းတွေနဲ့ ပေါင်းရသင်းရတာနဲ့ အချိန်ကုန်သွားပြီးတော့ ကိုယ့်ကိုတစ်သံသရာလုံး မဂ်ဖိုလ်နိဗ္ဗာန်ရောက်သည်အထိ စောင့်ရှောက်မယ့် တာရှည်အပေါင်းအသင်းကြီးတွေနဲ့ ပေါင်းဖို့ရာမေ့သွားမှာ ဘုရားစိုးတာ။

ဒါ့ကြောင့်-အဲဒီတာရှည်အပေါင်းအသင်းကြီးတွေလည်း ပေါင်းတတ်ရတယ်. . . လို့ ဆုံးမတဲ့အတိုင်း၊ ဒီနေ့ ဆွမ်းဘောဇဉ်တွေလာရောက်ပြီးတော့ ဆက်ကပ်ကြတဲ့ ကုသိုလ်ရှင်တွေက မိမိတို့ မိခင်ကြီး ဒေါ်နုန်းကို မိတ်ကောင်းဆွေကောင်းကြီးသုံးယောက်နဲ့ ပေါင်းပေးတာပဲဒါ၊ ဘုရားနဲ့ပေါင်းပေးတာ၊ တရားနဲ့ပေါင်းပေးတာ၊ သံဃာနဲ့ပေါင်းပေးတာခေါ်တယ်၊ ရဟန်းဒကာ ဦးငြိမ်းမောင်ကို မိတ်ကောင်းဆွေကောင်းကြီးသုံးယောက်နဲ့ ပေါင်းပေးတာခေါ်တယ်။

ဒီက သူတို့ကိုရည်စူးပြီးတော့ ကုသိုလ်တွေပြုလိုက်တာ၊ အဲဒီပြုတဲ့ ကုသိုလ် အဖို့ဘာဂတွေ သူတို့ကို အမျှဝေလိုက်ခြင်းဖြင့်၊ သူတို့ကို ဘုရားနဲ့ပေါင်းပေးတယ်၊ တရားနဲ့ပေါင်းပေးတယ်၊ သံဃာနဲ့ပေါင်းပေးတယ်၊ အထူးသဖြင့် ဓမ္မမိတ်ဆွေကြီးနဲ့ပေါင်းပေးတာ။ ဒါနကောင်းမှုတရား သံဃာ (၇၀၀)ကျော်ကိုဆွမ်းလောင်းတဲ့ကောင်းမှုကြီးနဲ့ပေါင်းပေးတာ၊ အခုတရားနာတဲ့ကောင်းမှုကြီးဆိုတဲ့ဘာဝနာကောင်းမှုကြီးနဲ့ပေါင်းပေးတာ၊ အဲဒီလိုအားဖြင့် သူတို့အတွက်တာရှည်စောင့်ရှောက်မယ့်အပေါင်းအသင်းကြီးတွေနဲ့ပေါင်းပေးရာရောက်တဲ့အမှုကိုပြုရင်း, ကိုယ့်အတွက်လည်းပဲ ဘုရား,တရား,သံဃာဆိုတဲ့ မိတ်ကြီးဆွေကြီးသုံးဦးနဲ့ ပေါင်းတဲ့အချိန်. . . တဲ့ ဒီအချိန်၊ ဒါ့ကြောင့်ဒါလေးသိသွားအောင် အားလုံးပရိသတ်လိုက်ဆိုစမ်းပါ-

❖ ယာယီအပေါင်း, တာရှည်ပေါင်း, အပေါင်းနှစ်မျိုးပေ၊

http://www.dhammadownload.com



လင်နဲ့မယား, သမီးသား, စီးပွားမိတ်မျိုးတွေ၊
ယာယီပေါင်းရ, စောင့်ရှောက်ကြ, တစ်ဘဝအတွက်ပေ၊
ဘုရားတရား, သံဃာအား, သုံးပါးမိတ်ကြီးဆွေ။
အမြဲပေါင်းလျှင်, သံသာခွင်, အစဉ်စောင့်ရှောက်ပေ၊
နိဗ္ဗာန်နန်းဆောင်,စခန်းဘောင်,လွှမ်းအောင်စောင့်ရှောက်ပေ။

အဲဒီလိုအားဖြင့် သဗ္ဗိသုတ္တန်ဒေသနာသွားအရ ယာယီအပေါင်းအသင်း, တာရှည်အပေါင်းအသင်း နှစ်မျိုးတို့တွင်, တာရှည်အပေါင်းအသင်းကြီးဖြစ်တဲ့ မိတ်ကြီးဆွေကြီး၊ မိတ်ကောင်းဆွေကောင်း သုံးယောက်ဖြစ်တဲ့ ဘုရား,တရား,သံဃာ ဆိုတဲ့မိတ်ကြီးဆွေကြီး သုံးယောက်ကို မိခင်ကြီးဒေါ်နုန်းအား ပေါင်းစေရင်း၊ ကျေးဇူးရှင်ဒကာကြီးဦးငြိမ်းမောင်ကိုပေါင်းစေရင်း၊ တပည့်တော်တို့အတွက်လည်း မိတ်ကြီးဆွေကြီးသုံးယောက်နဲ့ပေါင်းသင်းသောအားဖြင့် ဂန္ဓာရုံကျောင်းတိုက် သံဃာတော် (၇၀၀)ကျော်တို့အားနံနက်အချိန် မွန်မြတ်သော အရက်ဆွမ်းတို့ဖြင့်လည်းကောင်း, နေ့လယ်အချိန်မွန်မြတ်သောဆွမ်း ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့်လည်းကောင်း၊ သဒ္ဓါပြဋ္ဌာန်းလှူဒါန်းဆက်ကပ်သမှုပြုကြပါကုန်၏။

လေမှုန်ခဲဖွယ်အထူးတို့ကိုလည်းပဲလောင်းလှူဆက်ကပ်သမှုပြုကြပါကုန်၏၊ တစ်နေ့တာလျှပ်စစ်မီး, တယ်လီဖုန်း, ဆေးပစ္စည်းကုန်ကျစရာ နဝကမ္မ ကျပ် (၃၀၀)တို့ကိုလည်းထောက်ပံ့လှူဒါန်းသမှုပြုကြပါကုန်၏။ ဖိတ်မန္တက ပြုထားအပ်သောပရိသတ်အပေါင်းသူတော်ကောင်းတို့ကိုလည်း သဒ္ဓါဖြူဖွေးကြွေးမွေးညှော်ခံ သမှုပြုပြီးတော့ တပည့်တော်တို့ ဒီကောင်းမှုကြောင့်ကွယ်လွန်ခဲ့သော မိခင်ကြီး ကျေးဇူးရှင်ကြီးဒေါ်နုန်းသည်လည်းကောင်း၊ ကွယ်လွန်ခဲ့တဲ့ကျေးဇူးရှင်ဒကာဦးငြိမ်းမောင်သည်လည်းကောင်း၊ တပည့်တော်တို့သည်လည်းကောင်း၊ အိုနာသေရေးဒုက္ခဘေးကြီးကင်းဝေးငြိမ်းပြတ်၊ သန္တိသုခ-နိဗ္ဗာနစာတ်ချမ်းသာထူးချမ်းသာမြတ်ကြီး ကို လျင်မြန်ဆောစွာရောက်ကြရ, ရကြရ,မြင်ကြရပါလိုကုန်သောဟူ၍, ပတ္ထနာအောင်ဆု, ပြုကြကုန်ရာသတည်း. . . .

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "လက်ခုပ်တီး၍ ငါးဟင်းစား တရားတော်"

ကိုင်း-အနုမောဒနာတရားဟောကြားခြင်း နာကြားခြင်းပြုရအောင်ဆိုတော့၊ ဒီနေ့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ ပိဋကသုံးပုံလာဒေသနာတော်ကို မွှေနှောက်ပြီးတော့ မန္တလေးမြို့ရွှေရေးဆောင်ဆရာတော်ဘုရားကြီးက ဆုံးမထားခဲ့တဲ့အဆုံးအမကို ဘုန်းကြီးတို့တစ်ဆင့် ဓမ္မလက်ဆောင် ဒကာကြီးထွန်းမိသားစုကိုရော၊ ဒကာကြီးဦးတိုင်းကျော်တို့ ဒေါ်လှကြည့်တို့ စဥ့်ကူးအဖွဲ့ မိသားစုကိုရောအားလုံး တရားနာနေကြတဲ့ဒကာ,ဒကာမတွေကို ဒီနေ့ဓမ္မလက်ဆောင်ပြန်ရမယ်။ ရွှေရေးဆောင်ဆရာတော်ဘုရားကြီးကဆုံးမထားခဲ့တာ၊ မဂ်ဖိုလ်နိဗ္ဗာန်လိုချင်ရင်. . တဲ့ တစ်နေ့လက်ခုပ်သုံးခါတီးတဲ့,အိုဘေး,နာဘေး,သေဘေးကြီးမြန်မြန်လွတ်ချင်ရင် တစ်နေ့လက်ခုပ်သုံးခါတီးတဲ့။ ငါးဟင်းကြီးများလည်း အမြဲစားတဲ့။ ရေအေးကြီးများလည်းအခါခါသောက်တဲ့။ တောင်ဝှေးသုံးချောင်းလည်းထောက်တဲ့၊ အန္တရာယ်တွေကင်းပျောက်,မဂ်ဖိုလ်နိဗ္ဗာန်ရောက်လိမ့်မယ်. . . တဲ့။

ဟော-မဂ်ဖိုလ်နိဗ္ဗာန်လိုချင်ရင်နံပါတ်တစ် တစ်နေ့လက်ခုပ်သုံးခါတီးတဲ့၊ ငါးဟင်းကြီးလည်းအမြဲစားတဲ့ နှစ်နံပါတ်က၊ သုံးနံပါတ်ကရေအေးကြီးများလည်း အခါခါသောက်တဲ့၊ လေးနံပါတ်ကတောင်ဝှေးသုံးချောင်းထောက်တဲ့၊ အဲဒါမဂ်ဖိုလ်နိဗ္ဗာန်ရောက် အန္တရာယ်တွေကင်းပျောက်၊ ပစ္စုပ္ပန်မှာကြုံမယ့် မီးဘေး,ရေဘေး, လက်နက်ဒုတ်ဓားဘေးစတဲ့ အန္တရာယ်တွေလည်းကင်းလိမ့်မယ်တဲ့၊ အဲဒီအန္တရာယ်တင်မကဘူး၊ သံသရာ့အန္တရာယ်ကြီးဖြစ်တဲ့အပါယ်လေးပါးဆိုတဲ့ အန္တရာယ်လည်းကင်းလိမ့်မယ်. . တဲ့၊ အိုဘေး,နာဘေး,သေဘေးဆိုတဲ့ သံသရာ့အန္တရာယ်ရန်စွယ်ကြီးသုံးခုလည်းကင်းပြီးတော့ အန္တရာယ်တွေကင်းပျောက်,မဂ်ဖိုလ်နိဗ္ဗာန်ရောက်တဲ့။

ဒီတော့ အဲဒါတွေကင်းချင်ရင်ဘာလုပ်ရမှာတုန်းဆိုတော့ တစ်နေ့လက်ခုပ်သုံးခါတီး. . . တဲ့၊ လက်ခုပ်သုံးခါတီးအနည်းဆုံး။ ဒီထက်တီးနိုင်ရင်တီးအုန်းတဲ့ အနည်းဆုံးလက်ခုပ်သုံးခါတီးတဲ့၊ လက်ခုပ်သုံးခါတီးဆိုတာ ဘာတုန်းလို့ဆိုတော့ အားလုံးပရိသတ် ကဲလိုက်ဆိုလိုက်စမ်းပါ၊ လက်ခုပ်တီးသရုပ်ပေါ်သွားအောင်--

http://www.dhammadownload.com



### ❖ အနန္တငါးအင်, အိပ်ရာဝင်, ဦးထင်လက်အုပ်ချီရတယ်။

ဟော-အိပ်ရာဝင်လို့ရှိရင်တဲ့၊ အနန္တဂိုဏ်းဝင်,အတိုင်းမရှိတဲ့ကျေးဇူးတွေ မိမိပေါ် ပြုထားတဲ့ ကျေးဇူးရှင်ကြီးငါးပါး,ကျေးဇူးတော်အနန္တနှင့်ပြည့်စုံတဲ့ကျေးဇူးရှင်ကြီးငါးဦးကို လက်အုပ်ချီမိုးရှိခိုးကန်တော့လိုက်. . . တဲ့၊ ဘုရားဆိုတဲ့ကျေးဇူးရှင်ကြီး၊ တရားတော်ဆိုတဲ့ ကျေးဇူးရှင်ကြီး၊ သံဃာတော်ဆိုတဲ့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ကြီး၊ မိဘဘိုးဘွားဆိုတဲ့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ကြီး၊ ဆရာသမားဆိုတဲ့ ကျေးဇူးရှင်ကြီး၊ အဲဒီကျေးဇူးရှင်ကြီးငါးဦးတို့ရဲ့ကျေးဇူးဂုဏ်အင်တွေအာရုံပြုပြီးတော့ အိပ်ရာဝင်ရင် လက်အုပ်ချီမိုးရှိခိုးကန်တော့လိုက်. . .။ လက်အုပ်ချီလိုက်တာဟာ လက်ခုပ်တီးတာနဲ့တူတာကိုး လက်ခုပ်တီးရင်လည်း လက်နှစ်ဘက်,လက်ဝါးနှစ်ခုကို ဒီလိုပဲယှက်ပြီးတော့ ပေါင်းပြီးတော့ဆုံရတာ။

အဲသလိုပဲ ရှိခိုးကန်တော့တယ်ဆိုတာလည်း လက်ခုပ်တီးသလိုပဲ လက်နှစ်ခုကို စုရဆုံရတာမို့လို့ ဒါ-လက်ခုပ်တီးတာ ပထမဆုံးအကြိမ်လက်ခုပ်တီးခြင်းပဲ၊ ရှိခိုးကန်တော့တာကိုပဲ လက်ခုပ်တီးတယ်လို့တင်စားပြီးဆရာတော်ကြီးက ဆုံးမသွားတာ။ ဒီတော့ ကျေးဇူးရှင်ဖြစ်ကြတဲ့ ဘုရား,တရားသံဃာ,ရတနာသုံးပါး,မိဘဘိုးဘွား, ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ကျေးဇူးကိုတင် ဂုဏ်အင်ကို မြတ်နိုးလို့ ရှိခိုးပါ၏. . လို့ ဟောဒါ တစ်ကြိမ်လက်ခုပ်တီးတာပဲ။ ကျေးဇူးကိုတင် ဂုဏ်အင်မြတ်နိုးပြီးတော့ ရှိခိုးလိုက်ရတယ်၊ တတ်နိုင်သမျှပေါ့၊ ကျေးဇူးတင်လိုက်ရတယ်။

ဘုရားဆိုတာကိုယ့်ကျေးဇူးရှင်ကြီး၊ တရား,သံဃာဆိုတာ ကျေးဇူးရှင်ကြီး၊ ဘာကျေးဇူးပြုလို့တုန်း သူကမေးစရာရှိတယ်၊ တိရစ္ဆာန်တွေနဲ့လူတွေနဲ့ အနေအထိုင် အမူရာကွဲသွားအောင် ဆုံးမထားတာ ဒါ-ဘုရားကျေးဇူးပဲ၊ ဘုရားရဲ့ကျေးဇူးကြောင့် ဒို့တစ်တွေခုဘယ်သွားသွား၊ ကြီးနိုင်ငယ်ညှင်းနဲ့ ဟိုကဆီးပြီးတော့ သတ်လား,ရိုက်လား,ခုတ်လား,ထိုးလားမလုပ်ကြဘူး၊ မြတ်စွာဘုရားက ဒီလိုမသတ်မပုတ်ရဘူး၊ သတ်ပုတ်ရင် ဘယ်လိုအပြစ်တွေဖြစ်တယ်၊ မသတ်ပုတ်ရင် ဘယ်လိုအကျိုးတွေရတယ်နဲ့ ဒီလို၊ သီလတွေနဲ့ဆုံးမ,သမာဓိနဲ့ဆုံးမ,ပညာနဲ့ဆုံးမပြီးတော့ထားခဲ့လို့၊ ဒို့လူသားတွေ အခုဘယ်နားသွားသွား၊ ဘယ်အရပ်သွားသွား၊ ဝိုင်းပြီးတော့ ရန်ပြုတာတို့၊ အန္တရာယ်ပြုတာတို့၊ ခိုးတာ, လုတာတို့မခံရဘူး။

http://www.dhammadownload.com



ဖေးဖေးမကြည့်နဲ့ နီးနီးလေးကြည့်လိုက်၊ ဒီနားကပ်နေတဲ့ တိရစ္ဆာန်တွေထဲ ကခွေးတွေ၊ ဒီနားကခွေးက ဟိုနားအရပ်သွားကြည့်ရင်ပဲ ဝိုင်းလိုက်တာခံရတယ်၊ ခွေးတစ်ကောင် သူများအရပ်ထဲရောက်သွားပြီဆို ဟိုကခွေးတွေက အုန်းအုန်း အုန်းအုန်းနဲ့ဆို ဝိုင်းလိုက်ပြီးတော့ ကိုက်ကြ၊ခဲကြ၊သတ်ကြပုတ်ကြ၊ ဒို့လူတွေ အဲလို ဖြစ်နေမယ်ဆိုရင် ဘယ့်နှယ်နေမတုန်းလို့စဉ်းစားကြည့်စမ်း၊ ဒါ ပါဏာတိပါတ သီလကြီးပျက်တာခေါ်တယ်၊ ပါဏာတိပါတဆိုတာ သူ့အသက်သတ်တာ နောက် ဆုံးပြောလိုက်တာ၊ မသတ်ခင်ညှင်းဆဲတာ,ဆင်းရဲအောင်လုပ်တာ,လက်ဖြတ် ခြေ ဖြတ်လုပ်တာ,မျက်စိဖေါက်နားဖဲ့လုပ်တာ, နှိပ်စက်တာ, ဒါတွေလည်းပါတယ်။

အဲဒါတွေကို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးများက ဆုံးမပြီးတော့ထား ခဲ့တယ်၊ ဒီအမှုမျိုးမပြုရဘူး မပြုကောင်းဘူး၊ မလုပ်နဲ့ လုပ်လို့ရှိရင် ဘယ်လိုဆိုးပြစ် တွေခံရတတ်တယ်၊ ဒါတွေသိအောင်ဟောပြီးတော့ သီလပေါင်းများစွာထဲက ဒီ- ပါဏာတိပါတသီလတစ်ချက်ထဲပဲကြည့်ပါတော့၊ အဲဒီတစ်ချက်ကလေးထိန်းအောင် ပြောဟောထားခဲ့လို့ လူသားတွေမှာ ဒီအသိဝင်ပြီးတော့ တိရစ္ဆာန်တွေနဲ့ကွာသွား ပြီး,တိရစ္ဆာန်တွေထက်သာသွားပြီးတော့,တိရစ္ဆာန်တွေထက် အသိဉာဏ်တွေ ရောက်လာတော့ ဒို့-လူတွေဘယ်အရပ်သွားသွား ဟိုကလူအုပ်ကြီးနဲ့ ဝိုင်းရိုက် တာတို့,ဝိုင်းလိုက်တာတို့, ဝိုင်းခိုးတာတို့, ဝိုင်းလုတာတို့မရှိဘူး. . . ချမ်းချမ်းသာ သာသွားနိုင် ဒါ-ဘုရားကျေးဇူး,တရားကျေးဇူး,သံဃာ့ကျေးဇူးခေါ်တယ်။ အဲလို ကျေးဇူးရှင်တွေကိုသတိရပြီးတော့ ရှိခိုးရတယ်,ကန်တော့ရတယ်၊ ဒါ့ကြောင့်- **"ကျေးဇူးကိုတင်, ဂုဏ်အင်မြတ်နိုးလို့မို့, ရှိခိုးပါ၏။"**

မိဘဘိုးဘွားကျေးဇူးရှိတာတော့ အထူးပြောစရာမရှိတော့ဘူး၊ ဒို့တစ်တွေ ဘာမှမတတ်နိုင်တဲ့ မွေးခါစ အမေအဖေကမစောင့်ရှောက်ဘဲနဲ့ ပစ်ထားလို့ရှိရင်, နို့မတိုက်ပဲပစ်ထားလို့ရှိရင်, မပြုစုပဲပစ်ထားလို့ရှိရင် ဒီအချိန်ဒီအရွယ်ရောက်ကို မလာနိုင်ဘူး၊ ဒို့ဘာမှမတတ်နိုင်, ဘာမှမသိတတ်တဲ့အချိန်မှာ အမေကနို့ချိုတိုက် ကျွေး မှက်,ခြင်,ကြမ်းပိုးမကိုက်မထိုးအောင်စောင့်ရှောက်၊ အဖေကအစာရှာကျွေး၊ နေရာထိုင်ခင်းပြုပြင်ပေး. . . နဲ့ စောင့်ရှောက်ခဲ့ကြတဲ့ကျေးဇူးတွေ၊ မသိတာတွေသိ အောင်သင်ပေး၊ မတတ်တာတွေတတ်အောင်သင်ပေး၊ လောကကြီးအကြောင်း မသိတာတွေသိအောင်ပြောပေး၊ ဒါ ဦးကြီးခေါ်တယ်,ဒါဦးလေးခေါ်တယ်,ဒါက ကြီးကြီးခေါ်တယ်,ဒါက ဒေါ်ဒေါ်ခေါ်တယ်နဲ့ လောကအကြောင်း ဒို့တစ်ခု မှ. . . မသိတာတွေသိအောင် သင်လိုက်ကြတာ,ပြောလိုက်ကြတာ၊ ဒါ့ကြောင့် မြတ်စွာ

http://www.dhammadownload.com



ဘုရားက-"လောကဿ ဒဿေတာရော"။ လောကကြီးအကြောင်းကို ပြပေး သင်ပေးနေတဲ့ကျေးဇူးတွေ. . . အဲဒီလို မိဘဘိုးဘွား။ နောက်ဆရာသမားတွေက လည်းအတတ်တွေသင်ပေး,ပညာတွေသင်ပေး,ဆေးကုတဲ့ ဆရာဖြစ်လည်း ကျန်း မာရေးတွေကောင်းအောင်စောင့်ရှောက်နဲ့ အဲဒါအနန္တဂိုဏ်းဝင်ကျေးဇူးရှင်ကြီး တွေ။ ဘုရား,တရား,သံဃာ,မိဘ,ဘိုးဘွား,ဆရာ,သမားဆိုတဲ့ အနန္တဂိုဏ်းဝင် ကျေး ဇူးရှင်ကြီးငါးဦးတို့ကို ကျေးဇူးကိုတင် ဂုဏ်အင်ကိုမြတ်နိုးလို့မို့ ရှိခိုးကန်တော့ပါ၏. . . ပြောတစ်ကြိမ်လက်ခုပ်တီးလိုက်တာပဲဒါ။ အဲဒါဆရာတော်ကြီးက လက်ခုပ် သုံးကြိမ်တီးဆိုတာ ဒါတစ်ကြိမ်တီးတာပဲ။ နောက်ဒုတိယတစ်ကြိမ် ဘယ်အချိန် တီးရတုန်းဆိုတော့ ဆို-

❖ အနန္တငါးအင်, အိပ်ရာနိုးလျှင်, ဦးတင်လက်အုပ်ချီလိုက်ပါ။

ဟော-အိပ်ရာနိုးလျှင် နိုးနိုးချင်းထပြီးတော့ မျက်နှာတွေဘာတွေ မသစ် ခင်ခေါင်းအုန်းပေါ် ကခေါင်းမကြွခင်ဘဲ လက်အုပ်ချီပြီးတော့ နိုးလာအောင်,နိုး တယ်ဆိုရင်လက်အုပ်ချီမိအောင်,ခုနကလိုပဲ ဘုရား,တရား,သံဃာ,မိဘဘိုးဘွား- ဆရာသမား,အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ကြီးများ၏ကျေးဇူးကိုတင်,ဂုဏ်အင်ကိုမြတ်နိုးလို့ ရှစ်ခိုးကန်တော့ပါ၏. . . ညအိပ်ရာဝင် ဦးတင်လက်အုပ်ချီလိုက်တာက တစ်ည လုံးအတွက် အန္တရာယ်ကင်း. . . လို့, ဘေးရှင်းလို့, အိပ်မက်ဆိုးတောင်မမက်ဘူး၊ မနက်စောစော ရှိခိုးလိုက်တာက တစ်နေ့လုံးအတွက် အန္တရာယ်ကင်းဖို့,ဘေးရှင်း ဖို့,ခလုတ်မထိဆူးမငြိဖို့, အန္တရာယ်ခပ်သိမ်းဘေးခပ်သိမ်းကင်းငြိမ်းဖို့, ကောင်းကျိုး ချမ်းသာမင်္ဂလာတိုးဖို့ဖြစ်သွားတယ်၊ ဒါလက်ခုပ်တစ်ကြိမ်တီးတာပဲ။ ဟော-နှစ်ကြိမ် ရှိသွားပြီလက်ခုပ်တီးတာ။ နောက်သုံးကြိမ်တီးပါ,အနည်းဆုံးသုံးကြိမ်တီးပါ၊ တစ် ကြိမ်ကဘာတုန်းဆိုတော့. . ဆို-

❖ အနန္တငါးအင်, အလုပ်ခွင်ဝင်, ဦးတင်လက်အုပ်ချီရတယ်။

အလုပ်ခွင်ဝင်တဲ့အချိန် ဘယ်သူမဆိုပေါ့ ကိုယ့်လုပ်ငန်းကိုင်ငန်းဆိုတာ ရှိကြတာ အသီးသီး။ ကိုယ့်အလုပ်ရုံကိုသွားတော့မယ်၊အလုပ်ရုံကိုဝင်တော့မယ်၊ လယ်ယာသမားဖြစ်လည်းလယ်ထွန်တော့မယ်, ယာထွန်တော့မယ်ပေါ့၊ အရောင်း အဝယ်သမားဖြစ်လည်းဆိုင်ကိုသွားတော့မယ်,ဆိုင်မှာရောင်းတော့မယ့်ပေါ့၊ ဘယ်သူမဆိုပေါ့လေ. . . အိမ်မှာချက်တဲ့ပြုတ်တဲ့ သူကလည်းမီးဖိုချောင်ဝင်တဲ့အ ချိန် အလုပ်ခွင်ဝင်တာပဲ။ ကျောင်းသားကျောင်းသူကလည်းကျောင်းသွားတော့မယ် ဆိုတာ ဒါကျောင်းသွားတော့မယ်,စာသင်သွားတော့မယ်ဆိုတာအလုပ်ခွင်ဝင်တာပဲ။

http://www.dhammadownload.com



ဆရာ,ဆရာမကလည်းပဲ သူ့အလုပ်နဲ့သူ လက်မှုပညာနှုတ်မှုပညာ ဘယ်သူ မဆိုပေါ့ အလုပ်ဆိုတာရှိနေတာနေ့တိုင်း၊ အဲဒီအလုပ်ခွင်ကိုဝင်ခါနီးမှာတဲ့ ကိုယ် အလုပ်စလုပ်တော့မယ့်ဆိုရင် မော်တော်ကားနဲ့သွားမယ်၊ မော်တော်ကားမောင်း တော့မယ်ဆိုရင်၊လှည်းနဲ့သွားလှည်းမောင်းတော့ဆိုရင်၊ ဆိုက်ကားနင်းတော့မယ်ဆို ရင် စသည့်ဖြင့်အလုပ်ခွင်ဝင်ခါနီးမှာ ရှိခိုးလိုက်. . တစ်ကြိမ်၊ ဘုရား,တရား,သံဃာ, မိဘဘိုးဘွား, ဆရာသမား,အနန္တဂိုဏ်းဝင်ကျေးဇူးရှင်တို့အား ကျေးဇူးကိုတင်,ဂုဏ် အင်ကိုမြတ်နိုးလို့မို့ ရှိခိုးကန့်တော့ပါ၏. . ဟောလက်ခုပ်တစ်ကြိမ်တီးတာ၊ သုံး ကြိမ်,ဒါ-အနည်းဆုံးသုံးကြိမ်၊ ဒီထက်တတ်နိုင်သေးလို့ တတ်နိုင်သလိုအကြိမ်ကြိမ် ရှိခိုး, ခိုးလေ ဒါလက်ခုပ်တီးတာပဲ။

ဟော-ဒီနေ့ဒကာကြီးထွန်းမိသားစုကနှစ်ဆယ်နဲ့ရှစ်ကြိမ်မြောက် ဒီနေ့ "သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု"ဆိုပြီးတော့ ဘုရား,တရား,သံဃာ, လာပူဇော်တာ လက်ခုပ်တီးတာ၊ ဒကာကြီးဦးတိုင်းကျော်တို့ ဒေါ်လှကြည်တို့ မိသား စုတစ်တွေ ဒကာမကြီးဒေါ်အုန်းသင်တို့မိသားစုတစ်တွေ (၁၀)ကြိမ်မြောက်လာ ကောင်းမှုတွေပြုတာ လက်ခုပ်လာတီးတာ။ အဲဒီလက်ခုပ်တီးခြင်းကြောင့် အန္တရာယ် တွေကင်းပျောက်, နိဗ္ဗာန်မဂ်ဖိုလ်ရောက်. . တဲ့ အကျိုးက၊ အန္တရာယ်တွေဆိုတာ အပြင်အန္တရာယ်, အတွင်းအန္တရာယ်အကုန်ကင်းမယ်။

အပြင်အန္တရာယ်ဆိုတာ အပြင်ဘက်ကမီးဘေးရေဘေး, လက်နက်ဒုတ် ဓားဘေး,သူခိုးဓားပြဘေး,လူဆိုးသူဆိုးဘေးကစ စွပ်စွဲခံရတဲ့ဘေးတွေပါ အကုန် အပြင်ဘေး။ အတွင်းဘေးဆိုတာ-အတွင်းက အိုဘေး,နာဘေး,သေဘေးဆိုတဲ့ သံသရာဘေးကြီးသုံးပါးပြောတာ။ အန္တရာယ်တွေကင်းပျောက်, မဂ်ဖိုလ်နိဗ္ဗာန် ရောက်"တဲ့၊ လက်ခုပ်သာသုံးကြိမ်အနည်းဆုံးတီး, ရမယ်. . ဒီအကျိုးတွေ။ အ ကြောင်းကိုသာ ကြိုးစား၊ အကျိုးတွေကလာလိမ့်မယ်၊ သစ်ပင်ကိုသာစိုက် အသီး တွေကသီးလိမ့်မယ်သူ့ဟာသူ၊ ဒါ့ကြောင့် လက်ခုပ်သုံးခါတီးဆိုတာ အဲဒါပြော တာပဲ။။

ငါးဟင်းကြီးများလည်းအမြဲစားတဲ့၊ ဒါကျတော့ ငါးပါးသီလမြဲဖို့ပြော တာ၊ ငါးဟင်းကြီးများအမြဲစားဆိုတော့ ဒို့ဖိုးသူတော်တွေက နိဗ္ဗာန်ဝင်ချင်ရင် ငါး ဟင်းစားရမယ်တဲ့ဆိုပြီးတော့ မြောက်ဘက်ဇရပ်ဝင်းသွားပြီးတော့ ငါးဟင်းချက်,ငါး ဟင်းချက်လို့သွားမပြောနဲ့၊ အဲဒီငါးပြောတာမဟုတ်ဘူး၊ နားလည်လား၊ အဲဒီငါး

http://www.dhammadownload.com



ဟင်းပြောတာမဟုတ်ဘူး၊ မင်းတို့ထိန်းနေတဲ့ ရှစ်ပါးသီလထဲမှာပါတဲ့ ငါးပါးသီလ ပြောတာ၊ ငါးပါးသီလမြဲရတယ်. . တဲ့၊ အဲဒါ ငါးဟင်းကြီးများအမြဲစားဆိုတာ သူပြောတာ၊ မမြဲရင်မမြဲတဲ့အတွက်ဆိုးကျိုးဆိုးပြစ်တွေလေ၊ **"ပါဏာတိပါတ်, သူ့သက်သတ်က, ချို့တတ်အင်္ဂါ, မွဲပြာရုပ်သွင်"** စသည်ဖြင့်လင်္ကာတွေနဲ့ ဆရာတော်ကြီးက ရတနာ့ဂုဏ်ရည်မှာရေးပြီးဆုံးမထားတဲ့အတိုင်းပဲ၊ ငါးပါးသီလ မထိန်းတဲ့အတွက် လာလိုက်တဲ့အပြစ်တွေ၊ ထိန်းလိုက်တဲ့အတွက် ရလိုက်မယ့်အ ကျိုးတွေ အများကြီးပဲ။

ဒီတော့အကျဉ်းချုပ်ကတော့ ငါးဟင်းကြီးများအမြဲစားဆိုတာ ငါးပါးသီလ အမြဲထိန်း၊ ငါးပါးသီလအမြဲလုံပါစေ၊ ကိုယ့်ရဲ့စားရေးသောက်ရေးအတွက်သော် လည်းကောင်း၊ ကိုယ့်သားသမီးရဲ့စားရေးသောက်ရေး ဝတ်ရေးဆင်ရေးနေရေး အတွက်သော်လည်းကောင်း၊ သူ့တပါးအသက်သတ်ပြီးတော့,သူများဥစ္စာတွေခိုး ပြီးတော့,သူများသားမယားကျူးလွန်ပြီးတော့,သူများလိမ်ညာပြီးတော့,မူးယစ်စေ တတ်တဲ့ သေရည်တွေသောက်စားပြီးတော့ မပြုမိစေနဲ့. . . ငါးပါးသီလလုံအောင် နေ၊ ဒါ-ငါးဟင်းကြီးများအမြဲစား။

ရေအေးကြီးများအခါခါသောက်ဆိုတာ မေတ္တာပြောတာ၊မေတ္တာက အအေးဓာတ်မို့လို့ ရေနဲ့နိုင်းလိုက်တာ၊ ရေကလည်းအေးတယ် မေတ္တာကလည်း အေးတယ်၊ ရေလွှမ်းတဲ့အရပ်မှာရှိတဲ့, ရေရောက်တဲ့အရပ်မှာရှိတဲ့ သစ်ပင်တွေ စိုပြေပြီးတော့ ပေါက်ရောက်လာစေတတ်တယ်၊ မေတ္တာပို့ခံရတဲ့ မေတ္တာဓာတ်ရောက် တဲ့ နေရာတွေလည်း ဒီလိုပဲ စည်ပင်ပြန့်ပွားပြီးတော့ထွန်းကားလာတတ်တယ်၊ ဒါ့ကြောင့် ကိုယ့်ခန္ဓာထဲမှာ ရေအေးကြီးများ အခါခါသောက်ဆိုတာ မေတ္တာပွား . . တဲ့ ဒါပြောတာ။

ဒီတော့ မေတ္တာပွားနည်းတွေအများကြီးပေါ့၊ (၅၂၈)သွယ်ပွားနည်း, ဩဒိ ဿ,အနောဒိဿ မေတ္တာပွားနည်းတွေနဲ့အများကြီးရှိတာပေါ့၊ အဲဒီထဲကဒို့ပျံလွန် တော်မူသွားတဲ့ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးရဲ့ မေတ္တာပွားနည်းက ပဇာ သဗ္ဗာ သုဿယန္တု, ဝုဋ္ဌဟန္တု သုမင်္ဂလံ၊ ဆိုတဲ့ဂါထာအသွားနဲ့ ပွားရင်သူက ဒုက နှစ်ဒုက ထဲပဲ၊ ဒုတ်နှစ်ဒုတ်ပေါ့၊ ဒုက်နှစ်ဒုက်ဆိုတာ ဆရာတော်က ညအိပ်စက် တဲ့အခါမှာ သတ္တဝါတွေချမ်းချမ်းသာသာအိပ်မက် ရာမက်ကောင်းစွာမက်ပြီး အိပ်

http://www.dhammadownload.com



စက်နိုင်ကြ ပါစေ. . လို့ တစ်ညလုံးအတွက် သတ္တဝါတွေမေတ္တာပို့လိုက်တာ၊ တစ်ကမ္ဘာလုံးရှိ တဲ့သတ္တဝါတွေအိပ်ကြတာပဲ၊ မအိပ်တဲ့သတ္တဝါရယ်. လို့ ရှိမှသိတ်မရှိဘဲ၊ ဒီတော့ အိပ်တဲ့သတ္တဝါတွေတစ်ညလုံးအိပ်မက်ရာမက်ကောင်းစွာမက်၍ အိပ်စက်နိုင်ကြပါစေ. . . လို့ ဒါကတစ်ပိုင်း။

နောက်-မနက်ကျတော့ အိပ်ရာကနိုးပြီးတော့ တစ်နေ့လုံးအလုပ်အကိုင်တွေလုပ်ကြကိုင်ကြမှာဖြစ်တော့ မနက်အိပ်ရာနိုးလာတော့လည်း ကောင်းစွာမိုးသောက်,အလင်းရောက်၍,ထမြောက်နိုင်ကြပါစေ. . . ဟော-တစ်နေ့-ညပိုင်းရယ်, နေ့ပိုင်းရယ်နှစ်ပိုင်းရှိတာကို ပိုင်းပြီးတော့ မေတ္တာပို့လိုက်တာ သတ္တဝါတွေအကုန်ကုန်သွားတာပဲ၊ "ပဇာ သဗ္ဗာ သုသယန္တု" ဆိုတဲ့ အပိုဒ်နဲ့က ညပိုင်းအိပ်ကြစက်ကြတဲ့ သတ္တဝါတွေချမ်းသာအောင်တစ်ညလုံးအတွက် မေတ္တာလွှတ်လိုက်တာ၊ "ဝုဋ္ဌ ဟန္တု သုမင်္ဂလာ" ဆိုတဲ့ အပိုဒ်ကနေ့ပိုင်း သတ္တဝါတွေကောင်းစွာမိုးသောက်အလင်းရောက် ထမြောက်လာပြီးတော့ ကောင်းတဲ့အလုပ်တွေလုပ်နိုင်ကြပါစေ. လို့ နေ့ပိုင်းအတွက်ပို့လိုက်တာ၊ အကုန်ကုန်ရော (၂၄)နာရီ၊ ကမ္ဘာလောကရှိသမျှသတ္တဝါကလည်း မအိပ်တဲ့သူရယ်လို့မရှိဘူး။ အိပ်တဲ့သူ, နောက်မနက်ကျတော့နိုးထလာတဲ့သူ၊ အဲဒါခြုံပြီးတော့မေတ္တာပို့လိုက်တာ။

နောက်တစ်ခုကျတော့ မကောင်းတဲ့ဒုစရိုက်ဆိုး အမိုက်မျိုးတွေ အပါယ်လေးပါးရောက်ကြောင်းဖြစ်တဲ့မကောင်းတဲ့ ဒုစရိုက်တွေ မပြုမိကြပါစေနဲ့ ဒါကတစ်ပိုဒ် ပဟာတဗ္ဗမ္မဖြစ်တဲ့ အကုသိုလ်တရားတွေပယ်နိုင်ကြပါစေ၊ အကုသိုလ်တွေရှောင်နိုင်ကြပါစေ ဒါတစ်ပိုဒ်။ နောက်အပိုဒ်က ကုသိုလ်ပါရမီ,နှစ်အဆီ,ကိုယ်စီဖြည့်နိုင်စေ. . တဲ့၊ ကုသိုလ်တရားတွေလည်းမကောင်းမှုရှောင်ရုံတင်မကဘူး မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ ကောင်းမှုတွေကိုလည်း ထပ်တလဲလဲ တိုးတိုးပြီးပြုနိုင်ကြပါစေ. .ခုဒီနေ့ ဒကာကြီးထွန်းတို့ပြုသလို (၂၈)ကြိမ်ရောက်လာသည့်အထိ၊ ငွေရတုသဘင်ကျော်လာသည့်အထိ။ စဉ့်ကူးကဒကာကြီးဦးတိုင်းကျော် ဒေါ်လှကြည်တို့လို(၁၀)ကြိမ်မြောက်ရောက်သည့်အထိ တိုးတိုးပြီးတော့ ပြုနိုင်ကြပါစေ. . ကုသိုလ်ပါရမီဆိုလို့ရှိရင်တော့ တိုးတိုး,တိုးတိုးပြုနိုင်ကြပါစေ။

ရွှေရတနာငွေရတနာကျောက်သံပတ္တမြားရတနာတွေဆိုရင်များများစုနိုင်လေ.ကောင်းလေ,များများစုနိုင်လေကောင်းလေကိုး၊ အဲဒီလိုစုနိုင်ကြပါစေလို့

http://www.dhammadownload.com



ဟော ဘာဝေတဗ္ဗဓမ္မနဲ့ပို့တာ၊ ပဟာတဗ္ဗဓမ္မပယ်ရမယ့်စွန့်ရမယ့် ဒုစရိုက်တွေ စွန့်နိုင်ကြပါစေ ပယ်နိုင်ကြပါစေ၊ ဘာဝေတဗ္ဗဓမ္မဖြစ်တဲ့ မိမိသန္တာန် စုရဆောင်းရမယ့် ရတနာကောင်းတွေနဲ့ တူတဲ့ကုသိုလ်ကောင်းမှုတွေစုနိုင်ကြပါစေ. . ဆောင်းနိုင်ကြပါစေလို့ မေတ္တာပို့တာ၊ ဟော-ဒါက တစ်ဒုက်တစ်တွဲ။ အဲဒီ မေတ္တာပို့နည်းနဲ့ အကျဉ်းချုပ်ပို့နိုင်လို့ရှိရင်ဒါရေအေးကြီးများအခါခါသောက်။ ကိုင်း -အဲဒီမေတ္တာလေး နည်းနည်းပွားရအောင် ဆို-

❖ **ကိုယ်စီကိုယ်ငှ, ကိုယ့်ဒေသ, ပျော်ကြသတ္တဝါတွေ၊**
**အိမ့်မက်ရာမက်, ကောင်းစွာမက်, အိပ်စက်နိုင်ပါစေ၊**
**ကောင်းစွာမိုးသောက်, အလင်းရောက်, ထမြောက်နိုင်ပါစေ။**

အဲ-ဒါကတစ်ကန့်ပြီးသွားတာ၊ ညပိုင်းနဲ့ နေ့ပိုင်းနဲ့ပို့တာအကုန်လုံး သတ္တဝါတွေညအိပ်ကြတာချည်းပဲ,နိုးကြတာချည်းပဲဆိုတော့ အကုန်လုံးခြုံမိသွား။ နောက်-မကောင်းမှုမပြုကြပါစေနဲ့ ရှောင်ကြပါစေ ကုသိုလ်တွေပြုကြပါစေ-လို့ ဆို-

❖ **ဒုစရိုက်ဆိုး, အမိုက်မျိုး, ဖျက်ချိုးနိုင်ပါစေ၊**
**ကုသိုလ်ပါရမီ, နှစ်အဆီ, ကိုယ်စီဖြည့်နိုင်စေ။**

အဲ-ဒါကလည်း ဒုကတစ်ဒုက်ပဲ, တစ်တွဲပဲ၊ ဒုကဆိုတာ တစ်တွဲပေါ့၊ တစ်စုံပေါ့၊ သတ္တဝါတိုင်း, သတ္တဝါတိုင်း အပါယ်ရောက်ကြောင်းဖြစ်တဲ့ မကောင်းတဲ့ အကုသိုလ်ဒုစရိုက်တွေရှောင်ကြဉ်နိုင်ကြပါစေ. . . မပြုမိကြပါစေနဲ့၊ ဒါသူတို့အတွက်ချမ်းသာစေချင်တဲ့ မေတ္တာလွှတ်လိုက်တာ၊ "ကုသိုလ်ပါရမီ,နှစ်အဆီ, ကိုယ်စီဖြည့်နိုင်စေ. . . "ကုသိုလ်ကောင်းမှု, မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း, ပစ္စုပ္ပန်ရေး,သံသရာရေး ကောင်းကြောင်းဖြစ်တဲ့ ကောင်းမှုတွေပြုနိုင်ကြပါစေ. . . ဒီဒုက်ကလေးနှစ်ဒုက်၊ သတ္တဝါတွေက ဘယ်သူတွေလည်းဆိုတော့ ကိုယ်စီကိုယ်ငှ, ကိုယ့်ဒေသ,ပျော်ကြသတ္တဝါတွေ. . . ကိုယ်စီကိုယ်ငှ,ကိုယ့်နေရာ ကိုယ့်ဒေသပျော်နေကြတာပဲ သတ္တဝါတွေ သူ့ဌာနနဲ့သူတဲ့။ အပါယ်လေးဘုံသားတွေကလည်း၊ အပါယ်လေးဘုံပျော်နေတာပဲ သူတို့ဟာနဲ့သူတို့၊ အဲဒီလိုပျော်နေကြတဲ့သတ္တဝါတွေအခုလိုနေ့ည တစ်တွဲတစ်ဒုက်၊ မကောင်းမှုမပြု, ကောင်းမှုပြုဆိုတဲ့ တစ်တွဲတစ်ဒုက်၊ ဒီနှစ်ခုနဲ့ မေတ္တာမပြတ်မပြတ်စေလွှတ်နေရင် အဲဒါ-ရေအေးကြီးများ အခါခါသောက်၊ ဒါ-မေတ္တာပြောတာ။

တောင်ဝှေးသုံးချောင်းထောက်တဲ့၊ တောင်ဝှေးထောက်တယ်ဆိုတာ၊

http://www.dhammadownload.com



လောက အဘိုးအိုတို့, အဘွားအိုတို့၊ သို့မဟုတ် တစ်စုံတစ်ခုသောအကြောင်းကြောင့် မသန်မစွမ်းဖြစ်နေတဲ့သူများ၊ ယိုင်သွားတာပြန်မတ်အောင် တောင်ဝှေးထောက်ရတာ၊ တောင်ဝှေးမထောက်ရင်ယိုင်သွားတယ်,ယိမ်းသွားတယ်, ရှေ့ဟပ်ထိုးလဲမယ်၊ တောင်ဝှေးထောက်လိုက်တော့ ပြန်တည့်တယ်, မတ်တယ်၊ အဲသလိုပဲ. . တဲ့ တောင်ဝှေးသုံးချောင်းထောက်ဆိုတာ ဝိပဿနာပြောတာ,အနိစ္စလက္ခဏာဉာဏ်,ဒုက္ခလက္ခဏာဉာဏ်,အနတ္တလက္ခဏာဉာဏ်,တောင်ဝှေးသုံးချောင်း၊ မမြဲတာမမြဲဘူးလို့သိတဲ့ အနိစ္စလက္ခဏာဉာဏ်တောင်ဝှေးနဲ့ထောက်ထား၊ ဆင်းရဲတာကိုဆင်းရဲတယ်လို့သိတဲ့ ဒုက္ခလက္ခဏာဉာဏ်တောင်ဝှေးတစ်ချက်ထောက်ထား၊ ကိုယ်စိုးကိုယ်ပိုင်မဟုတ်၊ ကိုယ့်အလိုမပါတဲ့ အနတ္တသဘောတွေကို အနတ္တသဘောပဲလို့သိတဲ့ အနတ္တလက္ခဏာဉာဏ်တောင်ဝှေးတစ်ချောင်းကလည်း ထောက်ထား. . တဲ့၊ အဲဒီတောင်ဝှေးသုံးချက်ကလည်း ထောက်မှမင်္ဂဖိုလ်နိဗ္ဗာန်ရောက်မယ်. . . ။

ဒို့များစွာသောသတ္တဝါတွေက ယိုင်နေကြတာ,စောင်းနေကြတာ,ဘာယိုင်တာတုန်း အသိယိုင်တယ်၊ဘာစောင်းတာတုန်း အသိစောင်းတယ်၊ ရှိတာကိုရှိတဲ့အတိုင်းမသိရင်မတည့်ဘူး၊ မမတ်ဘူးလို့ခေါ်တယ်၊ ယိုင်နေတယ် စောင်းနေတယ်လို့ခေါ်တယ်၊ ရှိတာကဘာတုန်း ရှိတာကနာမ်ရုပ်၊ ရှိတာကရုပ်နာမ် ဒါရှိတာ။ ဒါဖြင့်ဘယ်လိုသိနေလို့တုန်း နာမ်ရုပ်,နာမ်ရုပ်လို့မသိဘူး သတ္တဝါတွေက။ ရုပ်နာမ်ရုပ်နာမ်လို့အသိကနည်းတယ်၊ အဲဒီအသိနဲ့ သိတဲ့အချိန်ကမရှိဘူး။ဘာဝနာပွားတဲ့အချိန်,ဝိပဿနာရှုတဲ့အချိန်ကလွဲရင်။

ဘယ်လိုသိနေတုန်း ရှိတာကရုပ်နာမ် သိတာကငါ၊ ရှိတာကရုပ်နာမ် သိတာက သူ၊ ရှိတာကရုပ်နာမ် သိတာကယောက်ျား၊ ရှိတာကရုပ်နာမ်,သိတာကမိန်းမစသည်ဖြင့် ရှိတာကရုပ်နာမ်အတိုင်း ရုပ်နာမ်လို့သိရင်တည့်တာပေါ့ မတ်တာပေါ့၊ အခုတော့ အဲလိုမဟုတ်ဘူး ငါလို့သိ,သူလို့သိ,ယောက်ျားလို့သိ,မိန်းမလို့သိ,လူလို့သိ,နတ်လို့သိ၊ဒီလိုလျှောက်ပြီးသိနေတော့ အဲဒါယိုင်ယိုင်,ယိုင်ယိုင်သွားတာ၊ သက္ကာယဒိဋ္ဌိနဲ့ယိုင်,မာနနဲ့ယိုင်,လောဘနဲ့ယိုင်,ဒေါသနဲ့ယိုင်,ယိုင်ယိုင်,ယိုင်ယိုင် စောင်းစောင်း,စောင်းစောင်းသွားတော့ရှေ့ဟပ်ထိုးလဲ အပါယ်လေးပါးထိထိုးကျသွား။

ဒီတော့ ရှိနေတဲ့ရုပ်နာမ်ကိုရုပ်နာမ်အတိုင်းသိအောင် ဒီခန္ဓာကာယ တစ်လံမျှမှာဘာရှိတုန်း စစ်ကြည့်၊ ဣရိယာပုထ်လေးပါးနဲ့ကြည့် "စိတ်ကြောင့်ဖြစ်နေ,

http://www.dhammadownload.com



ဝါယောလေကြောင့်, လေးထွေကြွရိယာ,လှုပ်ရှားပါလည်း" လေးထွေကြွရိယာဆို တာ သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း အဲဒီကိစ္စမှာသွားတယ်ဆိုရင် သွားချင် တယ်,သွားချင်တယ်ဆိုတဲ့ဓာတ်က အရင်ပေါ်လာတာပဲ၊ စိတ်လို့လည်းခေါ်တယ်, နာမ်လို့ လည်းခေါ်တယ်၊ သွားချင်တယ်,သွားအုန်းမှပဲ,သွားအုန်းမှကောင်းမှာပါ, သွားမှဟန်မှာပါနဲ့ ဒီလို။ သွားရမယ့်အရပ်ဆီကို ညွတ်ကနဲ့ ညွတ်ကနဲ့ နေတဲ့ဓာတ် ပေါ်လာတယ်၊ အဲဒီညွတ်ညွတ်,ညွတ်ညွတ်နေတတ်လို့သူ့ကို ပါဠိလိုနာမ။ နမတီတိ နာမံ-ညွတ်တတ်လို့ နာမ်လို့ခေါ်လိုက်တယ်၊ စိတ်လို့လည်းခေါ်တယ်, နာမ်လို့ လည်းခေါ်တယ်၊ စိတ်ဆိုတာ စိန္တေတီတိ စိတ္တံ-ကြံစည်စိတ်ကူးတတ်လို့စိတ်၊ ညွတ်ညွတ်နေလို့နာမ်။

ဒီတော့ သွားချင်တာကနာမ် သွားဟန်ပြုတာကရုပ်၊ အဲဒီသွားချင်တဲ့နာမ် ပေါ်လာပြီဆိုရင် အဲဒီသွားချင်တဲ့နာမ်ရဲ့အလိုကျ ဝါယောရုပ်တွေလို့ခေါ်တဲ့ လေ တွေက ခြေသလုံးထဲ,ကိုယ်ထဲ,လှုပ်လှုပ် လှုပ်လှုပ်နဲ့အကုန်ထပြီးတော့ဖြစ်ကုန်တာ၊ အခိုးတွေထသလို၊ မီးရထားစက်ခေါင်းကြီးများမောင်းတော့မယ့်လုပ်တော့ စက် ခလုတ်ဖွင့်လိုက်တော့ ရှူးရှဲနဲ့အခိုးတွေပန်းထုတ်သလိုပဲ၊ တစ်ခါတည်း ဝါယော ရုပ်တွေကလှုပ်လာတော့ ဒီခန္ဓာကိုယ်ကြီးခြေထောက်ကိုလှမ်းခြင်း, လက်ကိုရမ်း ခြင်း,ခြေကိုလှမ်းခြင်းဆိုတဲ့ အမူရာပေါ်သွားတာ၊ အဲဒါရုပ်စုရုပ်ပုံ။

ဒီခန္ဓာကိုယ်ကြီးမှာ ရှိတာဘာရှိတုန်း-ရုပ်စုရုပ်ပုံကြီးကတစ်ပုံ,နာမ်စုနာမ်ပုံ ကြီးကတစ်ပုံ၊,နာမ်နဲ့ရုပ်,ရုပ်နဲ့နာမ်ဒါပဲရှိတယ်၊ အဲဒါရှိတာကိုပဲ နာမ်ရုပ်လို့မသိပါ ဘဲနဲ့ သွားရင်လည်း ငါသွားတာတဲ့ ဟော-သွားတာငါတဲ့ ဒီလိုထင်နေတယ် ထင်လုံး က၊ ထိုင်ပြန်တော့လည်းငါထိုင်တာ,ထိုင်တာငါ၊ ရပ်ပြန်တော့လည်းငါရပ်တာ, ရပ် တာငါ၊အိပ်ပြန်တော့လည်းငါအိပ်တာ, အိပ်တာငါလို့ ရုပ်နာမ်ရဲ့အသွားကို ငါလုပ် တယ်၊ ရှိတာကရုပ်နာမ်၊ သိတာကငါဆိုတော့ စောင်းသွားပြီ, ယိုင်သွားပြီအဲဒါ။

အဲဒီယိုင်သွားတာကိုတောင်ဝှေးနဲ့ ဆီးထောက်၊ ရုပ်နာမ်လို့သိအောင်။ သွားတယ်,သွားတယ်လို့ပဲရှုရှု၊ ရုပ်နာမ်ဖြစ်ပျက်လို့ပဲရှုရှု၊ သွားသိပျက်,သွားသိ ပျက်လို့ပဲရှုရှု၊ ရှိတဲ့ရုပ်နာမ် ရှိတဲ့ရုပ်နာမ်အတိုင်း သိရင်တည့်သွားပြီ၊ မတ်သွားပြီ နာမရူပပရိစ္ဆေဒဉာဏ်လို့ခေါ်တဲ့ ရုပ်နာမ်ပိုင်းခြားသိတဲ့ဉာဏ်တောင်ဝှေးနဲ့ထောက် လိုက်တာ၊ အဲဒီရုပ်နာမ်သည်ဖြစ်ပျက်နေတဲ့သဘောပဲလို့သိလိုက်တာ အနိစ္စ လက္ခဏာနဲ့သိလိုက်တာ၊ အဲဒီတောင်ဝှေးနဲ့ထောက်လိုက်တဲ့ အခါ ကျတော့ပြန်မတ်

http://www.dhammadownload.com



သွားတယ်,တည့်သွားတယ်။

❖ စိတ်ကြောင့်ဖြစ်နေ, ဝါယောလေကြောင့်, လေးထွေကြိယာ,
လှုပ်ရှားပါလည်း, တဏှာမာန, ဒိဋ္ဌိကမူ, ငါမှငါပဲ,
အထင်စွဲသည့်, ဤ၀ဲ မကျော်နိုင်ကြပါတကား. . ။တဲ့

သတ္တဝါတွေ ဒီဝဲကြီး တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ ငါ, ငါ,ငါ,ဆိုတဲ့ ငါသုံးငါဝဲကြီး မကျော်နိုင်ကြဘူး. . တဲ့ ဒိဋ္ဌိငါက ငါကောင်သူကောင်အကောင်ထင်တာ။ တဏှာငါက ငါ့ဟာငါ့ဥစ္စာ,ငါ့ပစ္စည်းငါ့မယား,ငါ့သားထင်တာ။ မာနငါက ငါသာတတ်တာ,ငါသာမြတ်တာ,ငါ့လိုလူရှိသလား,ငါမှလုပ်နိုင်တာ, ငါမှသွားနိုင်တာ, ငါမှကြည့်နိုင်တာဆိုတဲ့မာနငါ။ အဲဒီငါသုံးငါဝဲကြီးထဲချည့်လည်နေတာပဲ. . . တဲ့ သတ္တဝါတွေ။ သွား,ရပ်,ထိုင်,လျောင်း, လေးပါးသောကြိယာပုထ်ပေါင်းဖြစ်တာ ကတော့ စိတ်ပဲ၊ သွားချင်တဲ့စိတ်, ရပ်ချင်တဲ့စိတ်,ထိုင်ချင်တဲ့စိတ်,အိပ်ချင်တဲ့စိတ် ကြောင့် သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း, အိပ်ခြင်း ဒီလေးခုလှည့်ပတ်ပေါ်နေတာ၊ ရုပ်နာမ်တွေချည်းပဲ၊ ရုပ်နာမ်ရဲ့အမူအရာတွေချည်ပဲ၊ အဲဒါကို ငါဝင်စွဲရင် သတ္တဝါ တွေဒီဝဲကြီးမကျော်နိုင်သေးဘူး၊ စောင်းစောင်း စောင်းစောင်း ယိုင်ယိုင် ယိုင်ယိုင် သွားတယ်။

ယိုင်သွားတာကို အနိစ္စလက္ခဏာဉာဏ်,ဒုက္ခလက္ခဏာဉာဏ်,အနတ္တလက္ခ ဏာဉာဏ် တောင်ဝှေးသုံးချက်နဲ့ထောက်ပေး. . . တဲ့ထောက်ပေး၊ အနိစ္စလက္ခ ဏာဉာဏ်နဲ့ထောက်လိုက်ရင် ဒုက္ခလက္ခဏာဉာဏ်,အနတ္တလက္ခဏာဉာဏ် အလို လိုပါသွားတယ်၊ ရုပ်နာမ်ကိုရုပ်နာမ်လို့သိလိုက်ရင် ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကို၊ ရုပ်နာမ် ရဲ့ဖြစ်ပျက်ပဲလို့ သိလိုက်သည်နှင့်တပြိုင်နက်အနိစ္စပေါ်တယ်၊ အနိစ္စပေါ်ရင် ဒုက္ခ ဉာဏ်ကလည်း ပါသွားတယ်၊ ရုပ်နာမ်ဟာဆင်းရဲပဲ၊ ရုပ်နာမ်ဟာကောင်းတာ မှမဟုတ်ဘဲ၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ကောင်းတဲ့သဘောမှမဟုတ်ဘဲ၊ အဲဒီမကောင်းတဲ့ သဘောကြီးလည်း မကောင်းမှန်းသိသွားတာဒုက္ခသိတာ။

ကိုယ်ကဖြစ်ပြီးရင်လည်း မပျက်ပါနဲ့ကွယ် ပြောထားလို့လည်းမရဘူး၊ ပျက် ပြီးရင်လည်း မင်းပျက်အုန်းမှာဖြင့်လည်းနောက်ထပ်မဖြစ်ပါနဲ့တော့လို့တားထားလို့ လည်းမရဘူး၊ သူဖြစ်ချင်တဲ့အချိန်ဖြစ်လိုက် သူပျက်ချင်တဲ့အချိန်ပျက်လိုက် သူမွေး ချင်တဲ့အချိန်မွေး သူသေချင်တဲ့အချိန်သေ၊ သူဖြစ်ချင်သလိုဖြစ် သူလုပ်ချင်သလို လျောက်လုပ်နေတာအနတ္တ၊ အဲဒီဉာဏ်လည်းပိုင်ပြီးသားဖြစ်သွားတယ်၊ ဒါ့ကြောင့်

http://www.dhammadownload.com



တစ်ချက်သိရင်နှစ်ချက်ကသိပြီးသားဖြစ်တယ်၊ အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတောင်ဝှေးသုံးချက်၊တစ်ချက်ထောက်လိုက်ရင် သုံးချက်ထောက်ပြီးသားဖြစ်တယ်။

ဒါ့ကြောင့် ဝိပဿနာ ရှုတဲ့အချိန်ဟာ အဲဒါပြန်မတ်တဲ့အချိန်ပဲ၊ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းသိ၊ ဖြစ်ပျက်နေတာဖြစ်ပျက်နေတဲ့အတိုင်းသိတဲ့ ဝိပဿနာဉာဏ်ပေါ် အောင်ရှုနေတဲ့တစ်မိနစ်အတွင်း, ရှုနေတဲ့ငါးမိနစ်အတွင်း, ရှုနေတဲ့ဆယ်ရက်အတွင်း, ရှုနေတဲ့တစ်လအတွင်း, ရှုနေတဲ့တစ်နှစ်အတွင်းဟာအဲဒါပြန်တည့်နေတဲ့, မတ်နေတဲ့အချိန် . . အဲဒါတောင်ဝှေးထောက်တာခေါ် တယ်။

ဒါ့ကြောင့်တစ်နေ့လက်ခုပ်သုံးခါတီး, ငါးဟင်းကြီးများအမြဲစား, ရေအေးကြီးများအခါခါသောက်, တောင်ဝှေးသုံးချက်ထောက်, အန္တရာယ်တွေကင်းပျောက်, မင်္ဂဖိုလ်နိဗ္ဗာန်ရောက် . . . လို့ ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ဘုရားဒေသနာတော်ကယူပြီးတော့ ဆုံးမတော်မူခဲ့တဲ့အဆုံးအမတော်ဒေသနာတော်အတိုင်း ဒီနေ့ဒကာကြီးထွန်းတို့ မန္တလေးမြို့က မိသားစုတို့သည်လည်းကောင်း၊ ဒကာမကြီးဦးတိုင်းကျော် ဒေါ်လှကြည်စဉ့်ကူးမြို့က မိသားစုတို့သည်လည်းကောင်း၊ ဒီနေ့လက်ခုပ်တီးခြင်း,ငါးဟင်းကြီးများစားခြင်း,ရေအေးအခါခါသောက်ခြင်း,တောင်ဝှေးသုံးချက်ထောက်ခြင်းဆိုတဲ့ ကောင်းမှုတွေကို ဒီနေ့အထူးတလည်အကြီးအကျယ်လာပြီးတော့ပြုကြသလို နေ့စဉ်နေ့စဉ်လည်းပဲ ကြိုးပမ်းအားထုတ်ပြုလုပ်နိုင်ကြပါစေကုန်သတည်း။

နေ့စဉ်နေ့စဉ်ဤကဲ့သို့ကြိုးပမ်းအားထုတ်ပြုလုပ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ကြိုးပမ်းအားထုတ်ပြုလုပ်တော်မူသွားတတ်ကြသဖြင့်ဒုက္ခခပ်သိမ်းအေးငြိမ်းတော်မူသွားကြတဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်းသူတော်ကောင်းသူတော်ကောင်းမကြီးတို့ရောက်အပ် ရအပ်သိမြင်အပ်သော နိဗ္ဗာနဓာတ်ချမ်းသာထူးချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း . . . ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com

# "ကမ်းကိုရည်စူး ရေကူး တရားတော်"

ယနေ့မြန်မာကောဇာသက္ကရာဇ် ၁၃၅၅-ခုနှစ်ဒုတိယဝါဆိုလဆန်း (၆)ရက်နေ့။ ခရစ်နှစ်(၁၉၉၃) ဇူလိုင်လ(၂၄)ရက်စနေနေ့မှာ အမရပူရမြို့ ဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်,ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော်သံဃာတော် တစ်ထောင်ကျော်တို့မျက်မှောက်သို့လာရောက်ပြီးဟော့ ကုသိုလ်ကောင်းမှုလာပြီးတော့ ပြုကြ,လှူဖွယ်တန်းဖွယ်တွေလှူဒါန်းပြီးတော့ ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များနဲ့ ကုသိုလ်လုပ်ငန်းက နံပါတ်(၁) ဆွမ်းဆန်တော်, ပဲဆန်တော်တွေ လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းဆိုတဲ့ ကောင်းမှုတွေလာပြုကြတဲ့ ကုသိုလ်ရှင်များက မန္တလေးမြို့ တရုပ်တန်းရပ် လမ်း ၃၁-၃၂-ကြား တိုက်အမှတ်(၂၁၁)မှာနေထိုင်တဲ့ မိခင်ကြီး အလှူ့အမကြီးဒေါ် အုန်းစိန်နဲ့ သား,သမီး အလှူ့ဒကာ အလှူ့ဒကာမများဖြစ်ကြတဲ့ အမရပူရမြို့ ပ. လ. စ (၂) စစ်တပ်တွင်းမှာနေထိုင်ကြတဲ့ ဗိုလ်မှူးလှဋ္ဌေး+ဒေါ် စန်းစန်းနိုင် အမှူးပြုတဲ့ မိသားစုများဖြစ်ကြပါတယ်။

အဲဒီလိုအားဖြင့် သင်္ကန်းအလှူဆွမ်းအလှူ လှူဒါန်းကြရင်းနဲ့ ယခုနကပြောခဲ့တဲ့ဝါဆိုဖယောင်းတိုင်တို့ မုန့်ပုံးတို့ လှူဖွယ်တန်းဖွယ် အခြံအရံ ပစ္စည်းများလည်း ဆက်ကပ်လှူဒါန်းကြခြင်း။ မကွေးတိုင်း ပခုက္ကူမြို့နယ် မယ်ဇလီပင်ကုန်းရွာက မိဘ နှစ်ပါးကိုအမှူးထားပြီးတော့ ရှင်ဥတ္တရကလည်း သံဃိကအဖြစ်ဖြင့် သင်္ကန်း ဒွိစုံ (၂)စုံတို့ကိုဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ ကောင်းမှုတွေကို ဒီလိုပြုနေကြတဲ့ အချိန် မျိုးကိုမြတ်စွာဘုရားက ဘယ်နဲ့ပြောထားခဲ့တုန်းဆိုတော့ တွေ့မယ့်ဘေးတွေကို လျင်မြန်စွာလွတ်ကင်းအောင် ရေကူးကြတာနဲ့တူတယ်၊ ကမ်းကိုရည်စူးပြီးတော့ ရေကူးကြတာနဲ့တူတယ်၊ ကမ်းကိုရည်စူးပြီးတော့လည်းပဲ ရေကူးကြ. .။

သုံးဆယ့်တစ်ဘုံ သံသရာကြီးက မြစ်ပြင်ကျယ်မောရေပြင်ကြောကြီး နဲ့တူတယ်။ အခုဒကာမကြီး ဒေါ် အုန်းစိန်နှင့်တကွ အလှူ့ဒကာ, အလှူ့အမတွေအပါ အဝင်(၃၁)ခွင်ကျင်လည်နေတဲ့သတ္တဝါတွေက ရေထဲရောက်နေတဲ့သူတွေနဲ့တူတယ်။ (၃၁)ဘုံသံသရာကြီးက မြစ်ပြင်ကျယ်မောရေပြင်ကြောကြီးနဲ့တူပြီးတော့

http://www.dhammadownload.com



သတ္တဝါတွေက ရေထဲရောက်နေတဲ့သူတွေနဲ့တူကြတယ်။ ရေထဲရောက်နေလို့ ရှိရင် တွေ့ရမယ့်နံပါတ်တစ်ဘေးက မျောဘေးကြီး. . တဲ့။ နံပါတ်နှစ် တွေ့ရမယ့်ဘေး ကြီးက-မြုပ်ဘေးကြီး. . တဲ့။ နံပါတ်သုံးတွေ့ရမယ့်ဘေးကြီးက လှိုင်းဘေးကြီး. . တဲ့။ နံပါတ်လေးတွေ့ရမယ့်ဘေးကြီးက မိကျောင်း,မကန်း, ငါးမန်းဘေးကြီး. . . လို့ဘေးကြီးလေးမျိုး၊ ရေထဲနေတဲ့သူတွေမှန်သမျှ တွေ့ရတတ်တဲ့ဘေးကြီး လေးမျိုး။

မျောဘေးကြီးဆိုတာ ရေကစီးပြီးနေတာဖြစ်တော့ တစ်နေရာမှာ ကိုယ် နေ ချင်တဲ့နေရာခိုင်ခိုင်မြဲမြဲနေလို့မရဘူး၊ ကိုယ်ကမြစ်ပြင်ကျယ်မော ရေပြင်ကြော ကြီးထဲ ရောက်နေတာ၊ အောက်ကလည်းမထောက်မိဘူး၊ ဘေးမှာလည်းဆွဲစရာ, ကိုင်စရာတစ်ခုမှမရှိဘူး၊ အဲဒီတော့-မျောသွားတာပဲ၊ မျောသွားတယ်ဆိုတာ တစ်နေရာမှာ အတည်နေလို့မရတာ၊ ကိုယ်ရောက်ချင်တဲ့နေရာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ရောက်ရတော့တာပဲ။

မျောသွားပါတယ်ဆိုမှတော့ ရေကမျှောလို့ပါသွားရတာကိုမျောတယ်လို့ ခေါ်တာဖြစ်တော့ ဘယ်မှကိုယ်ကဆွဲထားစရာ, ကိုင်ထားစရာလည်း မြစ်ပြင်ကျယ် မောကြီးထဲ၊ ရေပြင်ကြောကြီးထဲ ရှိတာမဟုတ်ဘူး၊ အားကိုးစရာမရှိဘူး၊ အောက်က လည်းမထောက်မိတော့ မျောပြီးတော့ပါသွားတာ၊ တစ်နေရာကတစ်နေရာ,တစ် နေရာကတစ်နေရာ,ရွေ့ရွေ့,ရွေ့ရွေ့ရောက်သွားတော့ ကောင်းတဲ့နေရာရောက် တာလည်းရှိတယ်၊ မကောင်းတဲ့နေရာရောက်တာလည်းရှိတယ်၊ ကောင်းတာနဲ့တွေ့ မကောင်းတာနဲ့တွေ့ အမျိုးမျိုးပဲ၊ မစင် ကျင်ကြီး ခွေးသေကောင်ပုပ်, နွားအသေ ကောင်ပုပ်တွေကြားထဲလည်းရောက်ချင်ရောက်သွားမယ် မျောတာဆိုတော့၊ ဆူးချုံ ချုပ်ကြားတွေထဲလည်းတိုးချင်တိုးသွားမယ် မျောနေရတာဆိုတော့။ ဒီတော့- ကောင်းအာရုံ၊ မကောင်းအာရုံအမျိုးမျိုးနဲ့တွေ့တယ် မျောတယ်ဆိုတာ။

ရေထဲနေတဲ့သူမှန်သမျှ မျောဘေးကြီးနဲ့တွေ့သလို၊ (၃၁)ဘုံ သံသရာ ရေယာဉ်ကြောမှာလည်း၊ ဒီနေ့ ဒကာမကြီးဒေါ်အုန်းစိန်အမှူးပြုတဲ့ အလှူ့ဒကာ အလှူ့အမမိသားစုတွေမျောနေကြတယ်၊ မျောနေတော့ တစ်ဘုံကတစ်ဘုံ,တစ်ဘ ဝကတစ်ဘဝ ရောက်ရောက်သွားတာ အဲဒါ-မျောတာခေါ်တယ်။ အခု ဒီဘက် ဘဝရောက်တာကိုက၊ ဟိုကလွန်ခဲ့တဲ့ဘဝတစ်ခုကနေကူးလာခဲ့တာ၊ မျောလာခဲ့ လို့ရောက်လာတာ၊ ခုဒီကနေပြီးတော့ ရှေ့ဆက်ပြီးတော့ ဘယ်ဘုံရောက်အုံးမှန်း မသိသေးဘူး မျောရအုန်းမှာ၊ ကောင်းတဲ့နေရာရောက်မှာလား၊ မကောင်းတဲ့နေရာ

http://www.dhammadownload.com



ရောက်မှာလားလည်း မသေချာဘူး၊ အခုလူ့ဘဝအဖြစ်နဲ့ဖြစ်နေပေမယ့်လို့ တော်ကြာအကြောင်းမတော်လိုက်မှဖြင့် ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ် အပါယ်လေးဘုံကြား ရောက်ချင်ရောက်သွားမှာ၊ တိရစ္ဆာန်ကောင်ကြီးဖြစ်ပြီးတော့ တိရစ္ဆာန်တွေကြားရောက်ချင်ရောက်သွားမယ်။ ပြိတ္တာကောင်ကြီးဖြစ်ပြီးတော့ ပြိတ္တာတွေကြားရောက် ချင်ရောက်သွားမယ်၊ ဒါ-မျောနေတာဆိုတော့ ကိုယ်ရောက်ချင်ပါတယ်ဆိုတိုင်း ကိုယ်ဖြစ်ချင်တဲ့နေရာချည်းဖြစ်တာမဟုတ်ဘူး၊ သူဖြစ်ချင်သလိုဖြစ်နေတာ၊ ဒါ-မျောဘေးခေါ်တယ်၊ တစ်ဘုံကတစ်ဘုံ, တစ်ဘဝကတစ်ဘဝ (၃၁)ဘုံအတွင်း ကျင်လည်ပြီးနေရတာ၊ ဒါ-မျောတာ။

တစ်ဘုံကတစ်ဘုံ,တစ်ဘဝကတစ်ဘဝ အသာထားပါအုန်း၊ ဒီဘဝတင်ပဲ တစ်ရွယ်ကတစ်ရွယ်ပြောင်းနေတာ အဲဒါ-မျောနေတာပဲ။ ပထမအရွယ်ဆိုတဲ့ အသက်နှစ်ဆယ်, အစိတ်၊ ပျိုပျိုမြစ်မြစ်, ကျစ်ကျစ်လစ်လစ်, လှလှပပ, သန့်သန့်မာမာ, ပြည့်ပြည့်ဖြိုးဖြိုး, မျက်စိအားတွေကောင်း, သွားအားတွေကောင်း, နားအားတွေကောင်းတဲ့အရွယ်ကနေပြီးတော့ အသက်ငါးဆယ်ဆိုတဲ့ ဒုတိယအရွယ်ပြောင်းသွားတယ်၊ ဒါ-မျောသွားလို့ပြောင်းတာပေါ့။ အဲဒီ ဒုတိယအရွယ်က နေပြီးတော့ တစ်ခါတည်း ခါးတွေကိုင်း, နားတွေထိုင်း, ပါးရေတွေတွန့်, တောင်ဝှေးဆောင်ရ, တုန်တုန်ခိုက်ခိုက်, လက်ရုံးအားတွေ, ခြေသလုံးအားတွေကုန်ခန်းတဲ့ တတိယအရွယ်, အိုမင်းရင့်ရော်တဲ့အရွယ်ပြောင်းသွားတာ၊ ဒါလည်း မျောသွားလို့ပြောင်းသွားတာပေါ့၊ အဲဒါ-မျောဘေးကြီးပဲ။

ဒီတော့-မျောဘေးကြီးဟာ ကောင်းတဲ့ဘေးကြီးမဟုတ်ဘူး၊ မကောင်းဘေးကြီး၊ အန္တရာယ်တွေ။ ဒီထဲ တစ်ခါတစ်ခါမြုပ်သွား၊ လှိုင်းပုတ်လို့၊ ဂျင်ဂလည်စုတ်လို့၊ ဝဲမှုတ်လို့ဆိုပြီးတော့ ရေထဲနေတဲ့သူတွေဆိုရင် မြုပ်မြုပ်သွားတတ်တယ်။ အဲဒီမြုပ်ဘေးကြီးလိုပဲ၊ (၃၁)ဘုံသံသရာထဲမျောနေတဲ့သူတွေလည်း၊ အပါယ်လေးပါးရောက်သွားတာဟာ မြုပ်သွားတာခေါ်တယ်၊ ငရဲကျသွားပြီဆိုမှဖြင့် မြုပ်သွားတာ၊ ပြိတ္တာကောင်ကြီးဖြစ်သွားပြီ၊ တိရစ္ဆာန်ကောင်ဖြစ်သွားပြီ၊ အသူရကာယ်ကောင်ကြီးဖြစ်သွားပြီဆိုရင် မြုပ်သွားတာ၊ (၃၁)ဘုံသံသရာရေယာဉ်ကြောထဲနေသမျှကတော့၊ အဲဒီမြုပ်ချင်တဲ့အချိန်လည်းမြုပ်အုန်းမှာပဲ၊ ဒါ-ဘေးပဲသူလည်း။

လှိုင်းဘေးကြီးဆိုတာကျတော့ လောကဓံလှိုင်းဘေးခေါ်တယ်၊လာဘော, အလာဘော၊ ယသော, အယသော၊ နိန္ဒာ, ပသံသာ၊ သုခံ, ဒုက္ခံ ဆိုတဲ့ လောကဓံရှစ်ပါး။ ရေထဲနေတဲ့သူတွေမှန်သမျှ လှိုင်းလေးနဲ့ လှိုင်းကြီးပဲကွာ

http://www.dhammadownload.com



တယ်၊ လှိုင်းကတော့တွေ့နေတာပဲ၊ တစ်ခါတစ်ခါ အကြောင်းမတော်ရင် လေမုန်တိုင်းကြီးတွေထ လေနီကြမ်းကြီးတွေကျပြီးတော့ လှိုင်းလုံးကြီးတွေ ကြီးလာပြီးတော့ လှိုင်းကြက်ဖကြီးတွေထလာပြီးတော့ပုတ်တော့ မြုပ်ရတယ်၊ မွမ်းရတယ်. ။ အဲဒီလိုပဲ လောကထဲနေလို့ရှိရင် တစ်ခါ တစ်ခါအဆင်ပြေ ပစ္စည်းဥစ္စာတွေရှာလို့ ဖွေလို့ရ ဟန်ကျ။ တစ်ခါတစ်ခါကျတော့ အဆင်မပြေ၊ ရှာလို့ဖွေလို့မရ မွဲ၊ လာဘော၊ အလာဘောဆိုတဲ့လှိုင်းပုတ်။ တစ်ခါတစ်ခါကျတော့ ဝိုင်းပြီးတော့ဂုဏ်ပြုလိုက်ကြတာ၊ ချီးကျူးလိုက်ကြတာ၊အကောင်းပြောလိုက်ကြတာ၊ တော်ကြာကျတော့ ဝိုင်ပြီးတော့ ကဲ့ရဲ့ခံရ,ရှုပ်ချခံရ, အပြစ်ပြောခံရ, နှာခေါင်းရှုံ့ခံရ, ကိုယ့်ရဲ့ရင်းရင်းနှီးနှီးသူတွေကတောင် ဝင်ချင်ထွက်ချင်စိတ်မရှိလောက်အောင် နိန္ဒာဆိုတဲ့ လောကဓံလှိုင်းကြီး၊ ကဲ့ရဲ့ခံမှုလောကဓံလှိုင်းကြီးနဲ့လည်းကြုံရ။

တစ်ခါတစ်ခါကျတော့ ယသ, အယသ တဲ့၊ အခြွေအရံ အသင်းအပင်းတွေနဲ့ပြည့်စုံပြီးနေတဲ့အချိန်နေ၊ သား,သမီးအခြွေအရံ၊ မြေး,မြစ်အခြွေအရံ၊ တူသားနောင်မယ်၊ မိတ်ဆွေသင်္ဂဟအခြွေအရံတွေနဲ့ သိုင်းသိုင်းဝိုင်းဝိုင်း၊ စားလိုက်ကြသောက်လိုက်ကြ၊ ပျော်ပျော်ပါးပါးပေါ့၊ ဟော-နောက်ကျ ဖြုန်းဆို ရှင်ကွဲ, သေကွဲကွဲသွားလိုက်ကြတာ၊ သားတွေ, သမီးတွေကလည်း သူ့အိုးသူ့အိမ်နဲ့၊ သူ့အလုပ်အကိုင်နဲ့သူ၊ ဟိုရောက် ဒီရောက်၊ ပျောက်သွားကြ၊ ကိုယ့်အနားတစ်ကောင်တစ်မြီးမှမရှိဘူး၊ ဟော-ကိုယ်တစ်ကိုယ်တည်းကျန်ရစ်တယ်၊ အယသ-အခြံအရံမဲ့တဲ့လောကဓံလှိုင်းကြီးကလည်းပုတ်၊ နောက်ဆုံးသေပြီဆိုတော့ ကိုယ်တစ်ယောက်ထည်း၊ ဘယ်သူမှ အခြွေအရံတွေမလိုက်နိုင်တော့ဘူး၊ ဒါ-အယသ လောကဓံလှိုင်းကြီးနောက်ဆုံးပုတ်လိုက်တာပဲ။

သုခံဒုက္ခံ-ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ဖြစ်တဲ့အခါဖြစ်၊ ကိုယ့်ချမ်းသာစိတ်ချမ်းသာနဲ့တွေတဲ့အခါတွေ့၊ ဒါလောကကြီးထဲနေလို့ရှိရင်(၃၁)ဘုံသံသရာရေလျဉ်ကြောမျောနေရင်တော့ ဒီလှိုင်းဘေးကြီးကလည်းတွေ့မှာ၊ တွေ့ခဲ့ရလှပြီ၊ နောင်လည်းတွေ့အုန်းမှာ၊ မိကျောင်း,မကန်း,ငမန်း,ဘေးနဲ့တူတဲ့အိုဘေး,နာဘေး, သေဘေး။ ရေထဲနေတဲ့သူမှန်သမျှမိကျောင်း,မကန်း,ငမန်းဘေးနဲ့ကြုံရသလိုပဲ၊ (၃၁) ဘုံသံသရာရေလျဉ်ကြောမျောနေလို့ကတော့ မိကျောင်းကိုက်တဲ့အိုခြင်းဘေး၊ ငမန်းဆွဲတဲ့နာခြင်းဘေး၊ မကန်းကိုက်တဲ့သေခြင်းဘေးကြုံရတယ်။ ဒီတော့ ရေထဲနေတဲ့သူမှန်သမျှ အဲဒီမျောဘေးကြီး,မြုပ်ဘေးကြီး,လှိုင်းဘေးကြီး,မိကျောင်း, မကန်း, ငါးမန်းဘေးကြီးလွတ်ချင်ရင်ဘာလုပ်ရတုန်း၊ အဲကမ်းရှိရာကိုကူး. . တဲ့။ ကမ်းရှိရာကိုကူး။ကမ်းရှိရာကိုရည်စူးပြီးကူးသွားပြီးတော့ ကမ်းပေါ်ကိုတက်သွား၊

http://www.dhammadownload.com



အဲလိုဆိုရင်ရေထဲ တွေ့မယ့်ဘေးတွေအကုန်လွတ်တာပဲ။

ကုန်းပေါ် ရောက်သွားပြီဆိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမျော ဘေးကြီးလည်းမတွေ့တော့ဘူး၊ ရေထဲနေမှမျောမှာပေါ့၊ ကုန်ပေါ် နေလို့မျော့တယ် မှမရှိဘဲ၊ ကုန်းပေါ် ကျတော့ခိုင်ခိုင့်ခန့်ခန့် ကိုယ့်ဟာကိုယ်နေလို့ရသွား၊ မြုပ်ဘေးကြီး လည်းမကြုံနိုင်တော့ဘူး၊ ရေထဲနေမှ မြုပ်တယ်ဆိုတာရှိတာ။ ဂျင်ကလည်တို့ ဝဲတို့ စုပ်တယ်ဆိုတာရေထဲနေလို့မြုပ်တယ်ဆိုတာ ရေထဲနေမှစုပ်တာ၊ အခုကုန်းပေါ် ရောက်နေမှတော့ဘယ်မြုပ်ဘေးနဲ့ ကြုံပါ့တုန်း။ လှိုင်းဘေးကြီးကလည်း မပုတ်နိုင် တော့ဘူး ကုန်းပေါ် ကျတော့။ မိကျောင်း မကန်း ငမန်းဘေးကြီးလည်းလွတ်သွား တယ်၊ ဒါ့ကြောင့် ရေမှာတွေ့မယ့်ဘေးတွေကလွတ်အောင် ကမ်းကိုရည်စူးပြီးတော့ ကူးကြ. . . ကူးကြလို့ဘုရားက-

ကတတ္တာ နာနာကမ္မာနံ, ဣဋ္ဌာနိဋ္ဌေပိ အာဂတေ၊
ယောနိသော တိတ္ထံ သန္ဓာယ, တရေယျ တုရိတံ တုရံ။

နာနာကမ္မာနံ-ကံကောင်းကံဆိုး, အမျိုးမျိုးတို့ကို၊ ကတတ္တာ-ဘဝဖန်ခါ, သံသရာက, မကွာထပ်ချပ်, ပြုပ်အပ်ခဲ့လေသောကြောင့်. . ၊ သတ္တဝါတွေဆိုတာကံ ကောင်း,ကံဆိုး အမျိုးမျိုးပြုခဲ့မိကြတာ၊ ဘယ်လောက်ပဲ သူတော်ကောင်းကြီးလုပ်နေ ပေမဲ့လို့ တစ်ခါတစ်ခါဖောက်ပြီးတော့ သူ့ယုတ်မာစိတ်တွေဝင်၊ သူတစ်ပါးအပေါ် မ ကောင်းကြံ၊ သူတစ်ပါးမကောင်းပြောမိ၊သူတစ်ပါးကိုမကောင်းလက်နဲ့ကျူးလွန်မိ ဖြစ်တတ်တယ်။ ဒီတော့ ကောင်းတဲ့အလုပ်တွေလုပ်မိသလို မကောင်းတဲအလုပ် တွေလည်းလုပ်မိတတ်ကြတယ်။ ဒီတော့ အဲဒီကောင်းတဲ့ကံ,မကောင်းတဲ့ကံ ပြုမိတဲ့ အတိုင်း အကျိုးခံစားရတဲ့နေရာလည်းကောင်းကျိုး, ဆိုးကျိုးအမျိုးမျိုးတွေ လာတယ်. . . တဲ့။

ဒါ့ကြောင့် နာနာ ကမ္မာနံ-ကံကောင်းကံဆိုး, အမျိုးမျိုးတို့ကို၊ ကတတ္တာ- ဘဝဖန်ခါ, သံသရာက, မကွာထပ်ချပ်, ပြုအပ်ခဲ့လေသောကြောင့်၊ ဣဋ္ဌာနိဋ္ဌေ- အကောင်းအဆိုး, အာရုံနှစ်မျိုးသည်၊ အာဂတေပိ-ခုရောနောင်ပါ, ဖြစ်ပေါ် ၍လာ ခဲ့ပါသော်လည်း၊ ယောနိသော-သင့်တင့်လျော်ကန်, တော်မှန်ထုံးရ, အသုံးကျမည့်, လုံလပညာ, အလိမ္မာတို့ဖြင့်၊တိတ္ထံ-ဒုက္ခမီးစက်, ဆူဆူပွက်သည့်, နှိပ်စက်ပင်ပမ်း, ဤဘက်ကမ်းမှ, စခန်းထ၍, နန်းမခေမံ, နေရဗန်နန်း, ဟိုဘက်ကမ်းကို၊ သန္ဓာ ယ-စိတ်စဉ်ဖြောင့်တန်း, ကောင်းစွာမှန်း၍၊ တုရိတံ-တုရံ-ဗုဒ္ဓမြတ်စွာ,

http://www.dhammadownload.com



သာသနာရှိတုန်း, အချိန်မဖြုန်းဘဲသာလျှင်၊ တရေ တရေယျာထ-လောကခံလှိုင်း, လေမုန်တိုင်းကြောင့်, မဆိုင်းမလှုပ်, ဉာဏ်အားထုတ်၍, သုတ်သုတ်လျင်စွာ, ကူးခတ်ကြကုန်ရာသတည်း။

သာဓု. . . . သာဓု. . . . သာဓု. ပါဘုရား။

ကိုင်းဆိုကြစမ်းပါအားလုံး-

❖ ရေမှာတွေ့ဘေး, လွတ်မြောက်ရေး, မနှေးကူးခတ်ကြ၊
ရေမှာနေလျှင်, မျောမြုပ်အင်, တွင်တွင်ဘေးတွေ့ခ။

အဲ-ရေထဲကနေပြီးတော့ ကမ်းကိုရည်စူးပြီးတော့ကူးကြ. . . ကူးကြ၊ ဘုရားကမှာခဲ့တာ။ ဒီတော့-ကမ်းကိုရည်စူးကူးတယ်ဆိုတာ၊ ဘာကိုပြောတာတုန်း ဆိုတော့-ဆိုဟော့-

❖ ဒါနတရားကြိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ။
ကမ်းကိုရည်မှန်း, ကူးသန်းနေသူ,
အပူငြိမ်း, အေးကိန်းဆိုက်မည့်သူ။

ကမ်းကိုရည်မှန်းပြီးတော့ကူသန်းတယ်ဆိုတော့ နိဗ္ဗာန်ရည်မှန်းပြီးတော့ လှူဒါန်းဖွယ်ပစ္စည်းတွေ လှူဒါန်းနေတဲ့အချိန်၊လှူဒါန်းမယ်, လှူဒါန်းမယ်လို့ကြံနေတဲ့ အချိန်၊ လှူဒါန်းနေတဲ့အချိန်, လှူပြီးတော့ဝမ်းသာနေတဲ့အချိန်ဟာ အဲဒါကူးနေတဲ့ အချိန်ပဲ. . . တဲ့၊ ဒီပြင်အချိန်ကတော့ ငြိမ်ပြီးမျောနေတာနဲ့တူတယ်၊ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ အဆင်းမျိုးစုံ ရူပါရုံလေးကြည့်လိုက်၊ အသံမျိုးစုံသဒ္ဒါရုံလေး နားထောင်လိုက်နဲ့ သာယာကြည်နူးပျော်မြူးပြီးတော့နေတဲ့အချိန်ဟာ မကူးမသန်း ဘဲနဲ့ ရပ်ပြီးတော့ ငြိမ်းပြီးမျောနေတာနဲ့တူတယ်။ အဲနိဗ္ဗာန်ကိုရည်မှန်းပြီးတော့ နိဗ္ဗာန်ဆိုတာ ကမ်းနဲ့တူတယ်၊ ကုန်းနဲ့တူတယ်။ အဲဒီနိဗ္ဗာန်တည်းဟူသောကုန်း အရပ်၊ နိဗ္ဗာန်တည်းဟူသောကမ်းအရပ်ကို ရည်မှန်းပြီးတော့စွန့်ကြဲပေးကမ်း, လှူဒါန်းမှုဒါနကောင်းမှုတွေကိုပြုမယ်. . . ၊ ဒို့နှစ်စဉ်လှူဒါန်းနေကျဖြစ်တဲ့ ဆွမ်းဆန်တော်ပဲဆန်တော်တွေ ဂန္ဓာရုံကျောင်းတိုက်အတွက်သွားပြီးတော့လှူ အုန်းမယ်,လှူအုန်းမယ်, လှူအုန်းမယ်လို့ အဲဒီကြံရွယ်တဲ့အချိန်ကစပြီးတော့ကူးပြီ။

လှူနေဆဲလာပြီးတော့ ဆွမ်းဆန်တော်, ပဲဆန်တော်တွေလာပို့။ ဆွမ်းအုပ်တွေပါလာ၊ ဝါဆိုသင်္ကန်းတွေကပ်၊ မုန့်ပုံးတွေလှူ ၊ လှူဖွယ်တွေကပ်နဲ့လုပ်နေ၊ ကူးနေပြီ. . . လှူပြီးတဲ့နောက် အောင်သွားပြီ. . . တစ်နှစ်အောင်သွားပြန်ပြီဆိုပြီး

http://www.dhammadownload.com



တော့ဝမ်းသာ ပီတိဖြစ်ပြီးတော့နေ ကူးတုန်းပဲ။ ကုသိုလ်ကောင်းမှုကြီးတစ်ပွဲပြုရင် ရှေ့ပိုင်းကပုဗ္ဗစေတနာပိုင်းနဲ့ကူးတယ်၊ လှူမယ်,လှူမယ်,လှူမယ်လို့ကြံရွယ်တဲ့ အချိန်ကစပြီးတော့ကုသိုလ်စိတ်တွေဖြစ်ကုန်ပြီ၊ ကူးနေပြီနိဗ္ဗာန်ဘက်။ ကူးတယ်ဆိုမှ တော့ကမ်းနားနီးနီး သွားမှာပေါ့၊ တစ်ကြိမ်ကူးလိုက်တိုင်း, တစ်ကြိမ်ကူးလိုက်တိုင်း, ကမ်းနားကပ်ကပ်သွားမှာပေါ့၊ နဂိုထက်တော့နီးသွားမှာပေါ့ကမ်းနဲ့၊ အဲဒီလိုနီးအောင်ကူးပါများ,ကူးပါများ, ဒါနနဲ့ကူး,သီလနဲ့ကူး,ဘာဝနာနဲ့ကူး,သမထနဲ့ကူး, ဘုရားရှစ်ခိုးပြီးတော့ကူး, မေတ္တာပို့ပြီးတော့ကူး, တရားထိုင်ပြီးတော့ကူး, ဘာဝနာနဲ့ကူး,သီလထိန်းပြီးတော့ ငါးပါးသီလလုံအောင်နေပြီးတော့ကူး, ရှစ်ပါးသီလ,ကိုးပါးသီလတွေတတ်စွမ်းသမျှ ဥပုသ်စောင့်ပြီးတော့နေတဲ့အချိန်နဲ့ကူး၊ အဲဒီလိုကူးပါများတော့ အဲဒီအမျိုးသားအမျိုးသမီးကမ်းနဲ့ကပ်သွားတာပေါ့၊ ကမ်းနားရောက်သွားတာပေါ့။

ကမ်းနားရောက်လာတဲ့သူတွေဘုရားကကယ်နိုင်တယ်၊ ဘုရားက သဗ္ဗညုတဉာဏ်တော်နဲ့ ကျွတ်ထိုက်တဲ့သတ္တဝါရှာပြီဆို အဲဒီလိုကူးထားလို့ကမ်းနားရောက်နေတဲ့သူတွေမြင်တာ၊ အဲဒီတင်ဘုရားက ဝါးလုံးကမ်းပြီးတော့၊ ကြိုးပစ်ပြီးတော့၊ ဒုတ်ပေးပြီးတော့လှမ်းကယ်တာ၊ အဲဒီဝါးလုံးဆွဲဟ၊ ကြိုးကိုဆွဲဟနဲ့ဆိုပြီးတော့၊ ဘုရားကိုယ်တော်မြတ်ကြီးက ကမ်းပေါ်ဆွဲတင်လို့၊ အဲဒီဂါထာလေးတစ်ဂါထာနာလိုက်ရုံနဲ့တရားထူးရသွားလေရဲ့၊ သုတ္တန်လေးတသုတ်ဟောလိုက်တာနဲ့ ဘုရားနဲ့တွေ့, တရားထူးရသွားလေရဲ့ဆိုတာ အဲဒါတွေပဲ။ ဟိုအဝေးကြီးကနေ မျောနေတဲ့မျောကောင်းတဲ့သူတွေဘုရားကမကယ်နိုင်ဘူး၊ လက်လှမ်းမမီဘူး၊ ဒါကျွတ်ထိုက်တဲ့သတ္တဝါ ဘုရားကရှာပြီးတော့ တရားဟောချွတ်တယ်ဆိုတာ အဲဒါပဲ။

ဘုရားသာမက၊ ဘုရားတပည့်သာဝကသံဃာတော်တွေကချွတ်ကြတယ်ဆိုတာအဲဒါပဲ။ ဒီတော့-ကိုယ့်အားကိုကိုးရတာပဲ၊ ဘုရားဆိုကယ်နိုင်တယ်ဆိုလို့ဘုရားကချည်းကယ်နိုင်တာမဟုတ်ဘူး၊ ကိုယ်ကလည်း ကမ်းနားရောက်အောင်ကူးထားမှ။ ဒီတော့-ဒါနကောင်းမှုပြုတိုင်းကမ်းဘက်ကိုကူးတယ်၊ သီလတွေထိန်းတိုင်းကမ်းဘက်ကိုကူးတယ်။ ဘာဝနာတွေပွါးတိုင်းကမ်းဘက်ကိုကူးတယ်၊ ကုသိုလ်ကောင်းမှုတစ်ခုခုပြုတိုင်း,ပြုတိုင်း ကမ်းဘက်ကိုကူးတယ်. . . လို့သိဖို့-ဆို-

❖ ဒါနတရား, ကြိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ၊
ကမ်းကိုရည်မှန်း, ကူးသန်းနေသူ,
အပူငြိမ်း, အေးကိန်းဆိုက်မယ်သူ။

http://www.dhammadownload.com



မိကျောင်း, မကန်း, ငမန်းကိုက်လို့ဖြစ်ရမယ့်ဒုက္ခပူတွေ အကုန်ငြိမ်းပြီး တော့ နိဗ္ဗာန်အေးကိန်းဆိုက်မယ်။

❖ သီလတရား, ကျိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ၊
ကမ်းကိုရည်မှန်း, ကူးသန်းနေသူ,
အပူငြိမ်း, အေးကိန်းဆိုက်မယ်သူ။

❖ ဘာဝနာတရား, ကျိုးစားနေသူ, ကုသိုလ်ကိစ္စ, နေ့ညမဟူ၊
ကမ်းကိုရည်မှန်း, ကူးသန်းနေသူ,
အပူငြိမ်း, အေးကိန်းဆိုက်မယ့်သူ။

အဲဒီလိုအားဖြင့် ဩဃတရသုတ္တန်လို့ခေါ်တဲ့၊ ဩဃလေးဖြာမြစ်ပြင်သံသရာကြီးကိုကူးကြခတ်ကြ, ကူးခတ်ကြလို့ ဘုရားကိုယ်တော်မြတ်ကြီးတိုက်တွန်းတော်မူခဲ့တဲ့ ဩဃတရသုတ္တန်ဒေသနာတော်ကို နာယူကြတဲ့အချိန်ကစ၍၊ တတ်စွမ်းသမျှ ဒါန, သီလ, သမထ, ဝိပဿနာ, လေးဖြာသောကောင်းမှုတရားတွေကို နေ့စဉ်ကြိုးစားအားထုတ်ပြုလုပ်ပြီးတော့ နိဗ္ဗာန်တည်းဟူသောကမ်းကိုရည်စူး၍ ရေကူးနိုင်ကြတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ကူးသန်းနိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ ကူးသန်းသွားတော်မူကြသဖြင့် လွတ်မြောက်တော်မူသွားကြတဲ့၊ ဘုရားပစ္စေကာအရိယာနွယ်လောင်းသူတော်ကောင်း၊ သူတော်ကောင်းမကြီးတို့ ရောက်အပ်, ရအပ်, သိမြင်အပ်သော နိဗ္ဗာနစာတ် ချမ်းသာထူး, ချမ်းသာမြတ်ကြီးကို၊ လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "ဒုလ္လဘ (၅)ပါး တရားတော်"

ဒီအမျိုးသားတစ်ဆယ့်နှစ်ဦးကို လောကမှာရခဲလှပါတယ်ဆိုတဲ့ ဒုလ္လဘ တရားငါးပါးပြည့်စုံအောင်ရကြတဲ့နေ့ပဲဒီနေ့ လောကကြီးမှာ ရတောင့်ရခဲတဲ့ဒုလ္လဘ ကြုံတောင့်ကြုံခဲတဲ့ဒုလ္လဘကြီးတွေငါးပါး. . . ဆိုပြီးတော့ ဘုရားဟောထားတယ်၊ မနုဿတ္တဘာဝဒုလ္လဘ-လူ့အဖြစ်ရခဲတယ်၊ လူ့အဖြစ်ရခဲတယ်ဆိုတော့ လွယ်လွယ်လေး၊ အမှတ်တမဲ့ဆိုတော့ အမလေးလူတွေတိုးလိုက်တာမှ ဟိုမှာလည်းလူဦးရေတွေတိုး၊ ဒီမှာလည်းလူဦးရေတွေတိုးနဲ့ ဒီလိုပြောချင်စရာပေါ့ အမှတ်တမဲ့။ ဟိုရွာဒီရွာလည်းပဲ တကတည်းမှပဲ ပေါလိုက်တာလူတွေမှ၊ မော်တော်ကားတွေနဲ့သွား မော်တော်ကားအပြည့်၊ ရထားနဲ့သွား ရထားအပြည့် လူတွေမှပေါလိုက်တာလို့ပြောချင်စရာပေါ့။ လောကမှာ ခက်ခဲတဲ့ပစ္စည်းရှားတတ်တယ်၊ မခက်ခဲတဲ့ပစ္စည်းကပေါတတ်တယ်၊ တာထိုးကြည့်ရမှာ, ချိန်ထိုးကြည့်ရမှာ, ယှဉ်ကြည့်ရမှာ။

လူတွေပေါတာဆိုပြီး လူချည်းကြည့်နေလို့မဖြစ်သေးဘူး၊ လူဆိုတဲ့သုဂတိဘုံသားနဲ့ တိရစ္ဆာန်တွေ. . . ဆိုတဲ့ အပါယ်လေးဘုံသား။ အပါယ်လေးဘုံသားထဲက ငရဲတွေ, တိရစ္ဆာန်တွေ, ပြိတ္တာ, အသူရကာယ်လေးဘုံထဲက၊ ငရဲကောင်တွေ, ပြိတ္တာကောင်တွေ, အသူရကာယ်ကောင်တွေဆိုတာ မမြင်ရလို့ထားလိုက်ပါ၊ တိရစ္ဆာန်ဆိုတာ ဘုန်းကြီးတို့ မျက်စိနဲ့မြင်လို့ရနေတာ၊ ဒီတော့-အပါယ်လေးဘုံစာရင်းဝင်ထဲက တိရစ္ဆာန်နဲ့ သုဂတိဂိုဏ်းဝင်ဖြစ်တဲ့ လူတွေတာထိုးကြည့် ချိန်ထိုးကြည့်ရအောင်၊ သူ့ရဲ့ဖော်မြူလာ, ပင်မအခြေခံက တန်ဖိုးရှိတဲ့ပစ္စည်း, ရခဲတဲ့ပစ္စည်းကရှားတတ်တယ်, နည်းတယ်နော်၊ တန်ဖိုးမရှိတဲ့ပစ္စည်းတွေက များတတ်တယ်,ပေါတတ်တယ် နော်၊ ဒါဘယ်နေရာမှာမဆို။

ဒီတော့-လူဆိုတဲ့ဘဝရတဲ့သူနဲ့၊ တိရစ္ဆာန်ဆိုတဲ့ဘဝရတဲ့သူ၊ ကိုယ့်အိမ်တစ်အိမ်ထဲတင် တာထိုးကြည့်၊ ကိုယ့်ဝင်းခြံတစ်ခြံထဲမှာတင်တာထိုးကြည့်၊ အဲ-ကိုယ့်အိမ်ထောင်စု၊ အခုဒကာဦးဝင်းတင့်တို့ ဒေါ်ခင်သန်းနုတို့ဆိုပါတော့၊ ကိုယ့်အိမ်နဲ့ ကိုယ့်ဝင်းအတွင်းမှာ၊ လူ. . . ဆိုတဲ့လူက ဘယ်နှစ်ယောက်ရှိတုန်း၊

* သံ-၄-၁၊ ၂၂၅။ အံ-၄-၁၊ ၄၉။

http://www.dhammadownload.com



ကဲ-အမေရယ်, အဖေရယ်မိမိတို့ရယ်, သားရယ်,သမီးရယ် မြေးရယ်,မြစ်ရယ်ထားပါ အုန်း၊ (၁၀)ယောက်, (၁၅)ယောက်, အယောက်(၂၀)ဆိုတာအလွန်ဆုံး ဒီအိမ်ထောင်စုမှာ။ တိရစ္ဆာန်ဆိုတဲ့အပါယ်လေးဘုံသား၊ ဒုဂ္ဂတိဘုံသားတွေကြည့်လိုက်တော့၊ အိမ်ခြံဝင်းအတွင်းမှာ ပုရွက်တွင်းတစ်တွင်းရှိရင်ပဲ လိုက်လို့မမီဘူးလူက။ ခွေးတို့,ဝက်တို့,ကြက်တို့,ငှက်တို့,ပိုးရွချပုန်း,ချအုံတစ်အုံ,ပုရွက်အုံတစ်အုံ, ပုရွက်တွင်းတစ်တွင်း,အိမ်မြှောင်,တောက်တဲ့,ပိုးဟပ်,ပင့်ကူအစရှိတဲ့ တိရစ္ဆာန်အပါယ်လေးဘုံဂိုဏ်းသားတွေက ကိုယ့်ခြံဝင်းတစ်ဝင်းအတွင်း ဘယ်လောက်များရှိတုန်းလို့ တာထိုးကြည့်စမ်း၊ နည်းတာမဟုတ်ဘူးသူတို့က။

ခုနက ဖော်မြူလာပြန်ကြည့်၊ ပင်မကြောရိုးကိုပြန်ကြည့်၊ ရခဲတဲ့ပစ္စည်းတန်ဖိုးရှိတဲ့ပစ္စည်းကရှားတတ်တယ်၊ နည်းတတ်တယ်၊ ရလွယ်တဲ့ပစ္စည်းတွေက ပေါတတ်တယ်၊ ဒီတော့-အပါယ်လေးဘုံသားတွေ၊ တိရစ္ဆာန်ဘုံသားတွေကပေါနေတာကြည့်, များနေတာပြန်ကြည့်၊ ရခဲတဲ့လူ့ဘဝ လူ့ခန္ဓာကနည်းနေတယ်၊ ဒါကိုယ့်ခြံဝင်းတစ်ဝင်းအတွင်းကြည့်၊ ဒါခန္ဓာကိုယ်ထဲမပြောသေးဘူး၊ ပြင်ဘက်ရှိတဲ့ တိရစ္ဆာန်ပြောတာ။ လူ့ခန္ဓာကိုယ်ရဲ့အတွင်းမှာ ပိုးမျိုးရှစ်ဆယ်ဆိုပြီးတော့ တိရစ္ဆာန်ဂိုဏ်းသားတွေကျန်သေးတယ်၊ အပါယ်လေးဘုံသားတွေ။ မိမိတို့ရဲ့ဦးခေါင်းထဲမှာ သန်းတွေအဖြစ်နဲ့ကျန်သေးတယ်၊ ဒါအပါယ်လေးဘုံသားတွေပဲသူတို့။ ဒီတော့-အပါယ်လေးဘုံသားနဲ့ သုဂတိဘုံသား လူ့ဘဝနဲ့ တိရစ္ဆာန်ဘုံ၊ ဆင်းရဲချမ်းသာ တာထိုးကြည့်ပေါ့။

လူကစားချင်တဲ့အချိန် စားရတယ်၊ စားလိုတာစားနိုင်တယ်၊ စားချင်သလောက် စားနိုင်တယ်။ တိရစ္ဆာန်က စားချင်တာလည်းမစားရဘူး၊ စားချင်သလောက်လည်းပဲမစားရဘူး၊ စားချင်တာလည်းမစားနိုင်ရှာကြဘူး၊ နေပူမိုးရွာ၊ မိုးရွာအစို,နေပူရင်အခြောက်နေရတယ်၊ ဆောင်းအခါ ချမ်းသကော၊ အေးသကောလို့သူ့-စောင်နဲ့,မွေ့ရာနဲ့,ကော်ဇောနဲ့မရှိဘူး၊ အဲလိုစသည်ဖြင့်ဆင်းရဲချမ်းသာကွာချင်းတိုင်းကွာတယ်၊ ဒါ့ကြောင့် လူ့ဘဝရခဲတယ်. . . လူ့ဘဝရခဲတယ်လို့ဆိုတာအဲဒါပြောတာ၊ ဒါ ကိုယ့်ခြံတစ်ခြံတွင်း တာထိုးကြည့်တာနဲ့ပဲသိတယ်။

ကမ္ဘာလောကကြီးတစ်ခုနဲ့ ချိန်ကြည့်ရင်တော့ ပြောစရာကိုမရှိဘူး၊ ကုန်းနေ ကိုးကုဋေ၊ ရေနေဆယ်ကုဋေဆိုပြီးတော့ သတ္တဝါတွေအနန္တ၊ ဒုက္ခတွေနဲ့နေကြရတာ၊ တိရစ္ဆာန်ဘုံရောက်တယ်ဆိုရင်ပဲ လူလုပ်သမျှခံရတယ်၊ ကြက်တွေ, ငှက်တွေ,ဝက်တွေဖြစ်ပြီဆို လူတွေသတ်သမျှခံကြရတယ်၊ နွားဘဝ,ကျွဲဘဝ ရောက်ပြီဆိုတော့လည်း လူတွေနှိပ်စက်သမျှ၊ လူတွေခိုင်းသမျှခံရတယ်၊ဒီနေ့ကျုပ်နေ

http://www.dhammadownload.com



မကောင်းသေးလို့ အထွန်မလိုက်ပါရစေနဲ့အုန်း ကျုပ်နည်းနည်းခေါင်းခဲနေလို့ ခွါနာနေလို့လျှာနာနေလို့စသည်ဖြင့် မပြောနိုင်ရှာကြဘူး၊ မရုန်းလို့လူကရိုက်ရင် ခံရတယ်၊ အဲဒီလိုအားဖြင့် အပါယ်လေးဘုံသားတွေကပေါပြီးတော့၊ သုဂတိဘုံသားကရှားတော့၊ အဲဒါကြောင့် မြတ်စွာဘုရားက-

မနုဿတ္တဘာဝေါ ဒုလ္လဘော လောကသ္မိံ-လူ့ဘာဝရခဲတယ်။ ဒါ-ဥပမာတွေအမျိုးမျိုးနဲ့ မြတ်စွာဘုရားက ဖြဟ္မာပြည်ကအပ်တစ်စင်း လူ့ပြည်ကအပ်တစ်စင်း ထောင်ထား၊ အဲဝမ်းတွင်းမြို့နယ် လှော်ပင် ဇောင်ဂျမ်းကုန်းရွာကအပ်တစ်စင်းထောင်ထား၊ ဖြဟ္မာ့ပြည်က ဖြဟ္မာကြီးတစ်ယောက်ကလည်း ရမ်းသမ်းပြီးတော့ အောက်စိုက်ချချလိုက်တာ၊ အဲဒီအပ်အချင်းချင်း ထိပ်ချင်းချွင်ကနဲဆို ထိသွားပြီးတော့ သွားကောင်းသွားလိမ့်အုန်းမယ်. . . တဲ့။ လူ့ဘာဝရဖို့ဆိုတာက အဲဒီထက်ခက်တယ်၊ လူ့ဘာဝကရှုံးသွားပြီးတော့ အပါယ်လေးဘုံကိုရောက်သွားပြီးတဲ့သတ္တဝါတစ်ယောက် လူ့ဘာဝပြန်ရောက်ဖို့က အတော်ခက်တယ်၊ ဘာပြုလို့တုန်းဆိုတော့ အကုသိုလ်တွေက ထပ်ထပ်တိုးတာကိုး၊ တိရစ္ဆာန်ဘုံရောက်သွားတယ်ဆိုရင်ပဲ၊ ကြောင်ဖြစ်သွားတယ်ဆိုရင် နေ့တိုင်းကြွက်တွေ,အိမ်မြှောင်တွေသတ်ဖြတ်စားနေတာ၊ သူ့ဝမ်းရေးအတွက် နေ့တိုင်းသတ်ရတယ်သူ၊ ကျားဖြစ်တော့ သမင်,ဒရယ်,ဂျေငယ်,စိုင်,ဆတ်တွေသတ်ရတယ်။ အဲဒီတော့-ကျားမို့လို့သတ်ရှာတာ၊ မသိလို့သတ်ရှာတာ တိရစ္ဆာန်မို့လို့သတ်ရှာတာပဲ. . ၊ အကုသိုလ်က ငါ့အကျိုးမပေးတော့ပါဘူးလို့ ဒီလိုမျိုးမရှိဘူး အဘိဓမ္မာက။ အဘိဓမ္မာသဘာဝကဒီလိုမရှိဘူး၊ မျက်နှာကြီး, မျက်နှာငယ်မရွေး ချယ်ဘူး. . . တဲ့၊ မကောင်းရင် မကောင်းတဲ့အကျိုးပေးတာပဲ၊ ကောင်းရင်ကောင်းတဲ့အကျိုးပေးတာပဲ၊ ဒီလိုသွားတာသူက။

ဒါ့ကြောင့်၊ အကုသိုလ်တွေက ထပ်ထပ်တိုးပြီးတော့ တိရစ္ဆာန်ဘုံရောက်သွားမှုဖြင့် လူ့ဘာဝပြန်တက်ဖို့ရာအတော်ကြီးကိုခက်သွားတယ်။ ဘာပြုလို့တုန်းဆိုတော့ နေ့စဉ်အကုသိုလ်တွေအားထုတ်နေတော့၊ နေ့စဉ် အဲဒီအကုသိုလ်တွေက ထပ်ထပ်အကျိုးပေး၊ အပါယ်လေးဘုံပဲ နစ်သထက်နစ်, နစ်သထက်နစ်အောင်နှစ်မှာသူက၊ ဒါ့ကြောင့် မြတ်စွာဘုရားက *ဆိဂ္ဂဠုယုဂ သုတ်ကျတော့လည်း လိပ်ကန်းကြီးနဲ့ ထမ်းပိုးတုံးကြီးဥပမာပေးပြီးဟောပြန်တယ်၊ ကျယ်ဝန်းလှတဲ့ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ထမ်းပိုးတုံးကြီးတစ်ခုကလည်း မျောချင်ရာမျောနေတာ ထမ်းပိုးတုံးကြီး။ထမ်းပိုးကြီးပေါက်တွေနဲ့ပေါ့။ ထမ်းပိုးကြီးလို့ခေါ်တဲ့နွားပခုံးဘေးနှစ်ချက်၊ ထမ်းပိုးကြီးနှစ်ဘက်ထိုးတဲ့အပေါက် လေးပေါက်ပေါ့၊ ဟိုဘက်နှစ်ပေါက်၊

* မ-၃၊၂၀၇။ သံ-၃၊၃၉၇။

http://www.dhammadownload.com



ဒီဘက်နှစ်ပေါက်လေးပေါက်နဲ့ ထမ်းပိုးတုံးကြီးကမျောချင်ရာမျောနေတာ။

လိပ်ကန်းကြီးတစ်ကောင်ကလည်း အဲဒီသမုဒ္ဒရာအောက်ထဲမှာ အနက်ကြီးထဲမှာနေတာ၊ အနှစ်တစ်ရာကြာမှ အဲဒီလိပ်ကန်းကြီးကရေပေါ် ဖွားကနဲဆိုတစ်ကြိမ်ပေါ်တာ၊ အဲဒီနောက် ပြန်ငုပ်သွားပြီးတော့နေပြန်ရော အနှစ်တစ်ရာလောက်၊ အနှစ်တစ်ရာလောက်ကြာမှတစ်ခါရေပေါ်၊ပေါ်ချင်စိတ်ရှိပြီးတော့ ခေါင်းကြီးအထက်ထိုးပြီးတော့ပေါ်လာတာဖွားကနဲဆိုပြီး၊ ထမ်းပိုးတုံးကြီးကလည်း မျောချင်ရာ မျောနေတာ၊ လိပ်ကန်းကြီးကလည်း အနှစ်တစ်ရာကြာမှ တစ်ကြိမ်တစ်ကြိမ်လေးပေါ်တာ၊ အဲဒီလိပ်ကန်းကြီးရမ်းသမ်းပြီး မျက်စိမမြင်ဘာမမြင်နဲ့ထိုးပေါ်လာတဲ့ လိပ်ကန်းကြီးရဲ့ ဦးခေါင်းနဲ့ မျောချင်ရာမျောနေတဲ့ ထမ်းပိုးတုံးပေါက်နဲ့ စွပ်မိကောင်းစွပ်မိနိုင်သေးတယ်. . . တဲ့။

လူ့ဘဝကနေမြုပ်သွားပြီးတော့ လူ့ဘဝကနေရှုံးသွားပြီးတော့ အပါယ်လေးဘုံထဲရောက်သွားတဲ့သတ္တဝါတစ်ယောက်၊ လူ့ဘဝပြန်ရောက်လာဖို့ဆိုတာ အဲဒီထက်ခက်တယ်. . . တဲ့ ဘုရားကဟောတာ၊ သဘာဝကိုဟောတာ၊ တစ်ခါပြုတဲ့အကုသိုလ်က အပါယ်လေးပါးကို တစ်ကြိမ်နှစ်လိုက်ပြီဆိုရင် အတော်နဲ့ပြန်မလာတော့ဘူး၊ အဲဒီအကုသိုလ်ကပြီးသွားပြီးတော့ နောက်အကုသိုလ်ကထပ်နှစ်ပြန်တယ် အပါယ်လေးဘုံ၊ အဲဒီလိုအကြိမ်ကြိမ်အနှစ်ခံရတာမို့လို့ မနုဿတ္တဘာဝေါ ဘိတ္တခေ ဒုလ္လဘော လောကသ္မိံ- လူ့အဖြစ်ရခဲတယ်. . . ဟော။ ဒီနေ့အလှူဒကာ, အလှူ့အမများနှင့်တကွ အားလုံးဒကာဒကာမတွေ လူ့အဖြစ်ရခဲ့တယ်ဆိုတာကြီးရထားပြီ. . .။

အဲဒီနောက်တစ်ခါ ပဋိရူပဒေသဝါသ- မိကောင်းဖကောင်းရှိတဲ့ သာသနာ ထွန်းလင်းတဲ့ ကုသိုလ်မှန်း, အကုသိုလ်မှန်းသိတဲ့ နေရာဒေသဖြစ်ဖို့လည်းခက်ပြန်တယ်. . . တဲ့၊ ကိုင်း-အဲဒီနေရာလည်း ခုဒကာဒကာမတွေ မိကောင်းဖကောင်းနဲ့တွေ့. . . လို့၊ သာသနာထွန်းလင်းတဲ့နေရာဒေသကြီးထဲ ရောက်လို့၊ သာသနာထွန်းလင်းတဲဒေသက အလင်းရောင်ဒေသ၊ သာသနာရှိတဲ့ နေရာဒေသက အလင်းရောင်ဒေသ၊ သာသနာမရှိတဲ့ဒေသက အမိုက်ဒေသကြီး၊ ဒီကမ္ဘာကြီးအကျယ်ကြီးပဲ၊ ဒီမြန်မာနိုင်ငံလေးတင် ကြည့်မနေနဲ့၊ မြန်မာနိုင်ငံကျဉ်းကျဉ်းလေးရယ်၊မြန်မာနိုင်ငံမှတစ်ပါး သည့်ပြင်နိုင် ငံကြီးတွေမြေပုံထဲများကြည့်ရင် အကျယ်ကြီး၊ ပြီးတော့လူဦးရေတွေကြည့်လိုက်ရင်လည်း အများကြီး၊ သို့သော်-သူတို့က အမိုက်ထဲမှာရောက်နေကြတယ်၊ ပတိရူပဒေသ မဟုတ်ဘူး၊ မိကောင်း

http://www.dhammadownload.com



ဖကောင်းမရှိဘူး၊ ဒါကုသိုလ်, ဒါအကုသိုလ်လို့ ဒီလိုလည်းမသိဘူး၊ အကုသိုလ်တွေ ပေမဲ့လို့ကောင်းတယ်ထင်ပြီးတော့တွန်းလုပ်ချင်နေကြတာ၊ ဆိုပါတော့ သူတို့ကလူ တွေချမ်းသာအောင် လူတွေကိုအန္တရာယ်ပြုမယ့် ဒီမြွေပွေးတွေတော့ သတ်မှပဲ၊ ကျားတွေတော့သေနတ်နဲ့ပစ်သတ်မှပဲဆိုပြီးတော့ သတ်ချင်သတ်နေကြတယ် သူတို့က၊ လူတွေချမ်းသာအောင်လို့တဲ့ လူတွေကောင်းစားအောင်လို့ဆိုပြီးတော့၊ ကုသိုလ်ဖြစ်တယ်ထင်ပြီးတော့ သူများအသက်တွေသတ်ချင်သတ်နေကြတာ။

အဲလိုပေါ့ ကုသိုလ်မှန်းမသိ,အကုသိုလ်မှန်းမသိ၊ ကောင်းတာမှန်းမသိ မကောင်းတာမှန်းမသိ၊ လူတွေအများကြီးသေအောင်ဆိုပြီးတော့ ဗုံးကြီးတွေလုပ် နေကြ၊ အနုမြူဗုံးကြီးခွဲလိုက်ရင် လူသိန်းသန်းချီပြီးတော့ သေနိုင်တယ်၊ အဲလိုဗုံး ကြီးလည်းသူတို့လုပ်နေကြတာပဲ ၊ ကောင်းတယ်ထင်လို့လုပ်နေတာသူတို့က၊ ဒီဗုံး ကြီးနဲ့လူဆိုးသူဆိုးတွေကိုသတ်ပစ်လိုက်မှ၊ ဒါမှ လူကောင်းတွေချမ်းသာမှာဆိုပြီး တော့ ကောင်းတယ်ထင်လို့သူကလုပ်နေတာ၊ သူလုပ်နေတဲ့အလုပ်က သူ့အပါယ် ချမယ့်အလုပ်ကြီး, အကုသိုလ်အလုပ်ကြီးမှန်းသူမသိဘူး၊ အဲဒါမျိုးဟာ ပတိရူပဒေ သမဟုတ်ဘူး၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့အရပ်မဟုတ်ဘူး အဲဒီ အရပ်ဟာ။

သင့်လျော်လျောက်ပတ်ကောင်းမြတ်တဲ့အရပ်ဆိုတာ မိကောင်းဖကောင်း တွေရှိတယ်၊ ကိုယ့်ကိုဆုံးမသွန်သင်မယ့်သူတွေရှိတယ်၊ အပါယ်လေးပါးကျမယ့် အလုပ်တွေမလုပ်ဖြစ်အောင်ကောင်းကျိုးချမ်းသာ ရမယ့်အလုပ် လုပ်ဖြစ်အောင် ဆုံးမမယ့်သူ, နည်းလမ်းပြမယ့်သူ၊ ညွှန်ပြမယ့်သူ၊ မြတ်စွာဘုရားသာသနာရောင် ထွန်းလင်းတဲ့နေရာ အဲဒါပတိရူပဒေသဝါသအရပ်ကြီးပဲ၊ အဲလိုနေရာမျိုးလည်း ရောက်ခဲတယ်. . တဲ့ ရခဲတယ်။ ကိုင်း-အခုဒကာဒကာမတွေရနေပြီအဲဒါ။

ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ-တဲ့ အဲဒီလိုလူဖြစ်ပေမဲ့လို့ သာသနာထွန်း လင်းတဲ့အရပ်ရောက်နေပေမဲ့လို့ ကိုယ့်ဝမ်းထဲက ဒီသာသနာတော်ယုံကြည်,ဒီ ဘုရားယုံကြည်, ဒီတရားယုံကြည်, ဒီသံဃာယုံကြည်, ကြည်ညိုကိုးကွယ်ဆည်းကပ် နိုင်တဲ့သဒ္ဓါ။ ဒီကောင်းမှုကိုပြုရင် ကောင်းကျိုးရလိမ့်မယ်လို့ယုံတယ်၊ ဒီလိုမကောင်း တာတွေလုပ်လို့ရှိရင် မျက်ကွယ်လုပ်လုပ်,မျက်မှောက်လုပ်လုပ်, လူကွယ်ရာလုပ် လုပ် အပါယ်လေးပါးကျနိုင်တယ်လို့ယုံတယ်၊ အဲလို့ယုံတဲ့သဒ္ဓါ၊ အဲဒီသဒ္ဓါနဲ့ပြည့်စုံဖို့ ရာက လည်းရခဲ တယ်. . တဲ့၊ မိကောင်းဖကောင်းတွေနဲ့တွေ့ပေမဲ့လို့ ကုသိုလ်ပြုရ

http://www.dhammadownload.com



မှန်းမသိဘဲနဲ့ မူးရူး,ပေတေပြီးတော့၊ စီးပွားဥစ္စာတွေရှာလို့ဖွေလို့ရရင် သူကတိုးပြီးတော့ခံစားလိုက်မယ်,တိုးပြီးတော့မူးလိုက်မယ်,တိုးပြီးတော့သောက်လိုက်မယ်, တိုးပြီးတော့ စည်းစိမ်ခံလိုက်မယ်, တိုးပြီးတော့ဝတ်လိုက်မယ်,ဆင်လိုက်မယ်,ကြွားလိုက်မယ်,မော်လိုက်မယ်, ဒီဘက်လည်သွားတဲ့လူတွေကအများကြီး။

ဩော်. . ရလာတဲ့ စီးပွားဥစ္စာကောင်းကျိုးချမ်းသာဖြစ်အောင်,နောက်ဘဝအဆက်ဆက်လည်းသံသရာပါ ကောင်းအောင်ပြုအုန်းမှပဲ. . . လို့ဒီလိုယုံကြည်ပြီးပြုတဲ့သူကရှားတယ်၊ မရှိဘူး၊ တော်တော်ရှားတယ်။ ခုနက ငါးဖြာအာရုံကာမဂုဏ်ဘက်တိုးခံစားဖို့, တိုးဝတ်ဖို့,တိုးဆင်ဖို့, တိုးစည်းစိမ်ခံဖို့ဆိုတဲ့ ဘက်ကိုလည်လည်သွားကြတာ၊ အဲဒါကြောင့်မို့မြတ်စွာဘုရားက ယုံကြည်မှုသဒ္ဓါနှင့်တကွသူတော်ကောင်းဥစ္စာတွေနဲ့ပြည့်စုံဖို့ဆိုတာလည်းခက်တယ်. . တဲ့။

ခုဒီနေ့ဒကာ,ဒကာမတွေအဲဒီသဒ္ဓါရှိလို့ဒီမှာလာလှူတာ၊ တစ်ထပ်ကပ်တယ်ဆိုရင် သံဃာတစ်ထောင့်နှစ်ရာကျော် မနက်ဆွမ်းတစ်ထပ်ကပ်ဆိုရင် လေးသောင်း,ငါးသောင်းကုန်တာ၊ အဲဒီလေးသောင်း ငါးသောင်းကို မိမိတို့ မိသားစုစားမယ်ဆိုရင် ရက်တစ်ပတ်လောက်ကတော့ ကောင်းကောင်းလှလှကြီးစားနိုင်တယ်၊ ဝယ်ဝတ်မယ်, ဆင်မယ်ဆိုလည်း ကိုယ့်သားကိုယ့်သမီး ဝတ်ကောင်း,စားကောင်း ဝယ်ပေးမယ်,ရွှေငွေဆင်မယ်ဆိုလည်းတော်တော်ထိုက်ထိုက် တန်တန်ဝယ်ဆင်နိုင်တယ်။ အဲဒါမဆင်ဘဲနဲ့ မစားဘဲနဲ့ သံဃာတော်တွေလှူမယ်၊ ဒီလိုလှူခြင်းဖြင့် မိမိတို့အတွက် ဒီဘဝမှာလည်းပဲ ကောင်းကျိုးချမ်းသာမင်္ဂလာ အမျိုးမျိုးတိုးလိမ့်မယ်၊ သံသရာမှာလည်းပဲ သံသရာရိက္ခာကောင်းကြီးရလိမ့်မယ်လို့ ဒီလိုလာပြီးတော့ပြုတာ၊ အဲဒါယုံလို့ပေါ့၊ ဘုရားပေါ် ယုံလို့ပေါ့၊ ဒီပြုတဲ့ ကုသိုလ်ကောင်းမှုတည်းဟူသော တရားအပေါ် ယုံလို့ပေါ့၊ ဒီနေ့အလှူကိုအလှူခံကြမယ့် သံဃာတွေအပေါ် ယုံလို့ပေါ့၊ သံဃာတွေရဲ့ အဆုံးအမယုံလို့ပေါ့၊ အဲဒီယုံကြည်မှုကလည်းခက်တယ်၊ လူတိုင်းမှာမရှိဘူး။ အခု ဒကာဒကာမတွေအဲဒါလည်းရတယ်၊ ဟော-လူ့အဖြစ် ရခဲတဲ့မနုဿတ္တဒုလ္လဘကြီးလည်းရကြတယ်၊ သင့်လျော်လျောက်ပတ်ကောင်းမြတ်တဲ့ အရပ်ဒေသမှာဖြစ်ရခြင်းဆိုတာလည်းရကြတယ်၊ ယုံကြည်မှုသဒ္ဓါလည်းရှိလို့ကောင်းမှုတွေလာပြုနေကြတယ်။

ဒုလ္လဘ သဒ္ဓမ္မသဝနံ-တဲ့ သူတော်ကောင်းတရားနာကြားရဖို့လည်း

http://www.dhammadownload.com



ခက်တယ်. . . တဲ့၊ သူတော်ကောင်းတရားဆိုတာ သံဃာတော်ရဟန်းတော်တွေ ဟောတဲ့တရားလည်းသူတော်ကောင်းတရားပဲ၊ မိကောင်းဖကောင်းတွေကလည်း ဆုံးမတာလည်း အဲဒါလည်းသူတော်ကောင်းတရားပဲ၊ "ဟဲ့သားရဲ့ဒီလိုမကောင်းတာ တွေမလုပ်ရဘူး၊ သမီးရဲ့မတော်မရာတွေမလုပ်ရဘူးနော်" ဟော-အမေကဆုံးမ, အဖေကဆုံးမ အဲဒါသူတော်ကောင်းတရားပဲ၊ ကိုယ့်အချင်းချင်း အစ်ကိုကြီး အမကြီးကဆုံးမ, ဦးကြီးဦးလေးတွေကဆုံးမ ဒါတွေကလည်းသူတော်ကောင်းတရား ဟောကြားခြင်းပဲ အတူတူပဲ၊ ဓမ္မကထိကဆရာတော်တွေဟောမှ သူတော်ကောင်း တရားဟောမဟုတ်ဘူး၊ အဲဒါ-ကိုယ့်အချင်းချင်းဆုံးမသွန်သင် အပါယ်လေးပါး ကျမယ့်အလုပ်ဆိုမလုပ်နဲ့၊ မကောင်းတဲ့အလုပ်ဆိုမလုပ်နဲ့နော် ဒါတားတာ၊ ညီအစ်ကိုမောင်နှမချင်းဖြစ်ပါစေ ဒါ-ပြောလိုက်ရင်သူတော်ကောင်းတရားပဲ၊ အဲဒီသူတော်ကောင်းတရားကိုလည်းနာကြားရခဲ့တယ်. . . တဲ့။

ခုဒီနေ့ဒကာ ဒကာမတွေအဲဒီသူတော်ကောင်းတရားလည်းနာကြားနေကြရ။ ကိုယ်က မနာချင်မှုပဲ၊ သူတော်ကောင်းတရားတွေက ကိုယ့်နားမှာစာအုပ်အဖြစ်နဲ့လည်းဖတ်လို့ရတယ်၊ တိပ်ခွေအဖြစ်နဲ့လည်းနားထောင်လို့ရတယ်၊ ဟိုဆရာတော် ဒီဆရာတော်လာဟောရင်လည်း နားထောင်နိုင်တယ်၊ မိကောင်းဖကောင်း ကိုယ့်ရဲ့ဘိုးကြီး,ဘွားကြီးတွေကလည်း ဆုံးမနေကြတယ်၊ ဒါသူတော်ကောင်း တရားတွေရနေတာ၊ ဒုလ္လဘ(၄)ပါးပြည့်စုံနေကြပြီ။

ဟော-နောက်ဆုံး ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘ. . . တဲ့ရှင့်အဖြစ် ရဟန်းအဖြစ်ရခဲတယ်. . . တဲ့၊ ကိုင်း-ဒီနေ့ဦးဝင်းတင့်နှင့်တကွရဟန်းတော်ငါးပါး သားလေးသုံးယောက်,တူလေး လေးယောက်တို့ ရှင်ခုနှစ်ပါး အဲဒီပဗ္ဗဇိတဘာဝဒုလ္လဘကြီးကိုရကြတာပဲ၊ ဒါ-ရခဲတယ်ဆိုတဲ့အတိုင်း မရတဲ့သူတွေကများပြီးတော့ ရတဲ့သူတွေကနည်းနေတာကြည့်ပေ့ါ၊ ဒါကြောင့် ပဗ္ဗဇ္ဇိတာဘာဝဒုလ္လဘပါရလိုက်တော့ ဒီနေ့လောကမှာရှိတဲ့ ဒုလ္လဘငါးပါးဖြင့် ဒီနေ့ဒို့အကုန်ရတဲ့နေ့ပဲ. . လို့ ရှင်တွေရဟန်းတွေကသိကြဖို့။

ကဲ-အဲဒီလို ရဟန်းခံရှင်ပြုကို အကြောင်းပြုပြီးတော့မှ အခုထပ်မံပြီးတော့ ဦးဝင်းတင့် ဒေါ်ခင်သန်းနုတို့ကလည်းပဲ ယခုနကပြဆိုအပ်တဲ့အတိုင်း သံဃာတော်(၁၂၀၀)ကျော်တို့ကို အရုဏ်ဆွမ်းကပ်ခြင်း မုန့်ဆွမ်းတွေလောင်းခြင်း ငွေကျပ်လေး

http://www.dhammadownload.com



သောင်းငါးသောင်း အကုန်အကျခံပြီးတော့ လှူဒါန်းပူဇော်ခြင်း၊ အဲခုနက ပြောတဲ့ အတိုင်း သက်န်းဒွိစုံ(၁၀)စုံနှင့်တကွ သီးမျိုးစုံကန်တော့ပွဲတွေနှင့် နာယကဆရာ တော်,အနုနာယကဆရာတော် ထေရ်ကြီးဝါကြီးတွေလှူ ဒါန်းခြင်း၊ ငွေကျပ်သုံး သောင်းနှစ်ထောင့်သုံးရာကိုလည်းပဲ ငွေပဒေသာပင်စိုက်ထူခြင်းနှင့် ဓမ္မပူဇာတရား ပူဇော်ခြင်းဆိုတဲ့ကောင်းမှုတွေပြုနေတာကတော့ **ကိုယ့်နောက်ပါကြောင်း, ရိက္ခာကောင်း,စုဆောင်းယူကြလေ. . .** ဘုရားအဆုံးမ။

အတူတူပဲပေါ့ အရာတော်မြို့နယ် ဝက်ပစ်ရွာကလာတဲ့ ဒကာကြီးဦးလှဖေ ဒေါ်ချစ်သန်းတို့ သမီးမညွန့်ရီတို့မိသားစုကလည်း သုံးကြိမ်မြောက် ငွေကျပ်တစ် သိန်း ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းဖြင့် ဘာလုပ်နေတာတုန်းမေးရင် **ကိုယ့် နောက်ပါကြောင်း,ရိက္ခာကောင်း, စုဆောင်းယူတဲ့နေ့** ။ဒါကိုယ့်နောက်ပါ ကြောင်း ရိက္ခာကောင်းစုဆောင်းယူနေတာ၊ ဘေးကမြင်တာကတော့ ကုန်သွား တယ်လို့မြင်မှာပေါ့၊ ဦးဝင်းတင့်တို့ ဒေါ်ခင်သန်းနုတို့ဆွမ်းကပ်တာရော ငွေပင်စိုက် တာတွေရော, လှူတာတန်းတာတွေရော သိန်းချီကုန်တာဟေ့. . . ကုန်ရောဟ ကုန်ရောဟလို့ ကုန်သွားတယ်လို့မြင်တယ်၊ ဉာဏ်တိုတဲ့လူတွေကကုန်တယ်လို့မြင် တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက, ဉာဏ်ရှိတဲ့သူတော်ကောင်းကြီးတွေက ရတာလို့မြင်ကြတယ်၊ ရတာမှကိုယ့်နောက်ပါကြောင်းရိက္ခာကောင်းတွေကို စုဆောင်းယူပြီးရကြတာ။

ဝမ်းတွင်းမြို့နယ် အရာတော်ကလာတဲ့ကုသိုလ်ရှင်တွေ ဒီနေ့ ကိုယ့်နောက် ပါကြောင်း ရိက္ခာကောင်းတွေစုဆောင်းယူကြတာ၊ ကုန်တာမဟုတ်ဘူး ယူတာ၊ကုန် တာမဟုတ်ဘူး ရတာ၊ ရတာမှကိုယ့်နောက်မပါမယ့် ရိက္ခာတွေ စုဆောင်းတာ မ ဟုတ်ဘူး၊ ကိုယ့်နောက်ပါမယ့် ရိက္ခာစုဆောင်းတာလို့ခေါ်တယ် ဒါကို၊ ဟိုး. . အိမ် မှာရှိတဲ့ငွေတွေရွှေတွေ,အိမ်ရာ ခြံမြေ,လယ်ယာကိုင်းကျွန်း, ဥယျာဉ်တိုက်တာ, ဆန် ရေစပါး,ဆင်မြင်းကျွဲနွားတွေ ခုကိုယ့်အထိုက်အလျောက် ပစ္စည်းတွေရှိနေကြတာ၊ အဲဒီပစ္စည်းတွေကကိုယ့်နောက်မပါမယ့်ရိက္ခာတွေလို့ခေါ်တယ်၊ ကိုယ်သေပြီဆိုနေ ရစ်ကြတာ သူတို့က၊ ကိုယ်ကလည်းပဲ ဒီဘဝ ကျောက်တိုင် ကျောက်ခဲလိုအမြဲနေ လို့ရတာမဟုတ်ဘူး။ အနိစ္စသဘော ရွှေ့လျားတဲ့သဘောကြီးအရ အမြဲတမ်းရွှေ့ လျားလေး,ရွှေ့လျားကြီးနှစ်မျိုးနဲ့ ပြောင်းရတာ။

http://www.dhammadownload.com



**ရွှေ့လျားလေး** ဆိုတာက အခုရုပ်နာမ်တွေ ဖြစ်လိုက်ပျက်လိုက်,ဖြစ်လိုက်ပျက်လိုက်,ဖြစ်လိုက်ပျက်လိုက်နဲ့ အမြဲတန်းပြောင်းလဲနေတာ ရွှေ့လျားလေးလို့ခေါ်တယ်။ ရွှေ့လျားကြီးဆိုတာကသေပြီး . . တစ်ဘဝနဲ့တစ်ဘဝကူးပြီး လူသိသူသိပြောင်းသွားရတာ၊ အဲဒီလူသိသူသိပြောင်းပြောင်း၊ လူမသိသူမသိပြောင်းပြောင်း၊ ပြောင်းနေတိုင်း,ပြောင်းနေတိုင်း ဒီပစ္စည်းတွေက ကျန်ရစ်တဲ့ပစ္စည်းတွေချည့်ပဲ၊ အထူးသဖြင့်ဘဝတစ်ခုက ဘဝတစ်ခုကူးသွားပြီဆိုရင် ကျန်ရစ်တယ်. . . သူတို့ကနေရစ်တယ်၊ ကိုယ့်နောက်မပါဘူး၊ ဒီတော့ ကုသိုလ်ကောင်းမှုဆိုတဲ့ ပစ္စည်းကမှကိုယ့်နောက်ပါတဲ့ ရိက္ခာကောင်း။

ဒီတော့ ကိုယ့်နောက်ပါကြောင်း,ရိက္ခာကောင်း,စုဆောင်းယူကြလေ. . လို့ဘုရားက * ဟတ္ထိပါလဇာတ်တော်မှာဆုံးမခဲ့တယ်၊ အဲဒီဟတ္ထိပါလဇာတ်တော်မှာဟတ္ထိပါလသတို့သားအဖြစ်နဲ့ ဘုရားအလောင်းတော်က တောထွက်ပြီးရှင်ရဟန်းပြုသွားတာ၊ သူ့ခမည်းတော်ကြီးနဲ့ မယ်တော်ကြီးများ စသည်တွေကတော့ ထီးနန်းစည်းစိမ်ကြီးနဲ့နေစေချင်တာ၊ ရှင်ဘုရင်လုပ်စေချင်တာ၊ ဘုရားအလောင်းကမရဘူး၊ မဖြစ်ဘူး. . . တဲ့၊ ခမည်းတော် မယ်တော်တို့ကထီးနန်းစည်းစိမ်ကြီးနဲ့ နေပြီးတော့မင်းကြီး စိုးကြီး မိဘုရားကြီးဖြစ်ပြီး လောကီအာရုံကာမဂုဏ်တွေနဲ့ နေစေချင်တယ်၊ သားတော်ကမြင်တာက ဒီရုပ်ခန္ဓာကိုယ်ကြီးကို အိုခြင်းဆိုတဲ့ နာခြင်းဆိုတဲ့ ကူးတို့ပို့သမားနှစ်ယောက်က နေ့စဉ်လှော်ခတ်ပြီးတော့ ဒီဘက်ကမ်းကနေပြီးတော့ဟိုဘက်ကမ်းရောက်အောင်ပို့နေကြတယ်၊ ဒီဘက်ကမ်းဆိုတဲ့ ဇာတိကခွါပြီးတော့မရဏခေါ်တဲ့ဟိုဘက်ကမ်းဆီရောက်အောင်ပို့နေတာခံရတယ်. . တဲ့၊ ဒီခန္ဓာကိုယ်ကြီးကရပ်မနေဘူး. . . တဲ့။

ဒီခန္ဓာကိုယ်ကြီးက ကူးတို့လှေကြီးလိုပဲ၊ ကူးတို့လှေကြီးများ ဒီဘက်ကမ်းကနေဟိုဘက်ကမ်းကိုလှော်ခတ်ပို့တာခံရတယ်၊ ကူးတို့လှေပေါ်မှာကူးတို့ စီးသမားတွေတင်ပြီးတော့ ကူးတို့ပို့သမားကြီးနှစ်ယောက်က ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းလှော်ခတ်ပို့တာကိုခံရတယ်၊ ကူးတို့ပို့သမားကြီးကဦးက တစ်ယောက်၊ ပဲ့ကတစ်ယောက်လှော်ခတ်ပြီးတော့ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းရောက်အောင်လှော်ခတ်ပို့တာကို ကူးတို့လှေကြီးကခံရတယ်၊ ကူးတို့လှေပေါ်မှာကူးတို့စီးသမားတွေကစီးထားကြတယ်၊ ဒီတော့အဲဒီကူးတို့စီးသမားတွေဆိုတဲ့ ခရီးသွားတွေဟာ ကိုယ့်နောက်ပါကြောင်း,ရိက္ခာကောင်းပါမှ ကူးတို့လှေပေါ်ကဆင်းသွား

* ဇာ-၅-၄/၄၇၈။

http://www.dhammadownload.com



တဲ့အခါမှာချမ်းသာကြမယ်၊ ခရီးသွားတဲ့နေရာမှာ ရိက္ခာမလုံလောက်ပြီဆိုရင် ဆင်းရဲမယ်၊ ရိက္ခာမပါဘူးဆိုရင်ပိုပြီးဒုက္ခဖြစ်မယ်။

ဒါကြောင့်ဒီရုပ်ခန္ဓာကိုယ်ကြီးက ကူးတို့လှေကြီးနဲ့တူတယ်၊ ဒီရုပ်ခန္ဓာကိုယ်ကြီးထဲမှာရှိနေတဲ့စိတ်စေတသိတ်ဆိုတဲ့ နာမ်တရားတွေကကူးတို့စီးသမားတွေနဲ့တူကြတယ်၊ ဒီဘက်ကမ်းဆိုတာက ဇာတိ၊ အမိဝမ်းခေါင်းပဋိသန္ဓေတည်နေကိန်းအောင်းမွေးဖွားခဲ့ရတာ ဇာတိခေါ်တယ် ဒီဘက်ကမ်း။ ဟိုဘက်ကမ်းဆိုတာက မရဏ-သေရခြင်း၊သေခြင်းမရဏကမ်း၊ ဒီတော့-ဒီရုပ်ခန္ဓာကိုယ် ကူးတို့လှေကြီးဘယ်ကနေ ဘယ်သွားရတုန်း၊ ဇာတိကမ်းကနေခွါခွါပြီးဝေးဝေး, ဝေးဝေးလာခဲ့ပြီးတော့ မရဏကမ်းဆီနီးနီးလာတာပဲ၊ အခုဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ကိုယ့်ရုပ်ခန္ဓာကိုယ်ကြီးကို ကူးတို့လှေကြီးလို့ ဥပမာထားပြီးတော့ ကြည့်လိုက်စမ်း၊ ငြိမ်နေတယ်များမထင်နဲ့။

ဒီရုပ်ခန္ဓာကိုယ် ကူးတို့လှေကြီးဘယ်ကခွါထွက်လာတုန်း၊ ဇာတိခေါ်တဲ့ အမိဝမ်းခေါင်း ပဋိသန္ဓေတည်နေကိန်းအောင်းမွေးဖွားရခြင်းဆိုတဲ့ ဇာတိကမ်းက ခွါလာခဲ့တာ၊ ပုခက်နှင့်ပေ, ဝေးလေလေ၍,နီးလေပျဉ်ခေါင်း,အမှန်အောင်းလိမ့်, . . ဆိုတဲ့ အတိုင်း ပုခက်နှင့်ဝေးဝေး,ဝေးဝေးလာခဲ့ပြီး,ဇာတိနဲ့ဝေးဝေး,ဝေးဝေးလာခဲ့ပြီး၊ ဘယ်နီးနီးလာခဲ့တုန်းဆိုတော့ တစ်နေ့ထက်တစ်နေ့ မရဏကမ်းနဲ့နီးနီးပြီးတော့လာခဲ့ပြီ. . တဲ့၊ ဒါမနီးချင်ပါဘူးဆိုလို့နေလို့မရဘူး။ ဘာပြုလို့နေလို့မရတာတုန်း အို-လှော်ခတ်ပို့နေတဲ့သူက လှော်ခတ်ပို့နေတာ၊ သူကနေစမ်းပါရစေအုန်း, နားစမ်းပါရစေအုန်းလို့ဆိုလို့ မနားဘူးသူက၊ နေ့လည်းမနားဘူး, ညလည်းမနားဘူး။

ဘယ်သူတုန်းလှော်ခတ်ပို့နေတာက အို'နာ'နှစ်ဝ,လှော်ပို့ကြ,နေ့ညမဆိုင်းချေ. . တဲ့၊ အိုခြင်းဆိုတဲ့ ဇရာနဲ့ နာခြင်းဆိုတဲ့ဗျာဓိ ကူးတို့ပို့သမားကြီးနှစ်ယောက်။ အိုခြင်းဆိုတဲ့ဇရာ, နာခြင်းဆိုတဲ့ဗျာဓိ, ကူးတို့ပို့သမားကြီးနှစ်ယောက်က၊ နေ့တင်လှော်တာထင်ပါရဲ့ ညမလှော်ဘူးထင်ပါရဲ့ဆိုတော့၊ ဘယ်ဟုတ်လိမ့်မတုန်းတဲ့ ဘုန်းကြီးတို့ကတော့ညဆို ခန္ဓာကိုယ်ကြီးအိပ်ပြီးတော့နားနေတယ်, ငြိမ်နေတယ်လို့ထင်တာ၊ ဘယ်ဟုတ်လိမ့်မတုန်း၊ မနေ့ညတုန်းကခန္ဓာကိုယ်ထက် ဒီနေ့မနက်ခန္ဓာကိုယ်က မရဏကမ်းဘက်ပိုနီးသွားပြီ။ ဘာလို့နီးတာတုန်း ရွေ့လျားနေ

http://www.dhammadownload.com



လို့နီးတာပေါ့၊ ရွှေနေလို့နီးတာပေါ့၊ဘယ်နှယ့်ကြောင့် ရွှေတာတုန်း၊လှော်ပို့နေလို့ ရွှေတာပေါ့လှေကြီး။

ဘယ်သူကလှော်ပို့နေတာတုန်း ဇရာခေါ်တဲ့ အိုခြင်း ကူးတို့ပို့သမားကြီး၊ ဗျာဓိခေါ်တဲ့ နာခြင်း ကူးတို့ပို့သမားကြီး ဒီနှစ်ယောက်လှော်ပို့နေတာ၊ နေ့လည်း မဆိုင်းဘူး ညလည်းမဆိုင်းဘူးသူတို့က။ အခုတရားထိုင်နာနေတုန်းတောင်ချမ်း သာမပေးဘူးသူတို့က၊ တရားထိုင်နာနေတုန်းဆိုလို့များဒီခန္ဓာကိုယ်ကြီးငြိမ်နေလိမ့် မယ်မထင်နဲ့ ဥပါဒ်, ဋ္ဌီ,ဘင်, မပြတ်နှင်ပြီးတော တရွှေ့ရွှေ့နဲ့ သေမင်းဘက် နီးနေ တာ၊ တစ်ချို့ဒါ့ကြောင့်မို့ တရားနာရင်းနဲ့ဖျတ်ဆိုတရားပွဲလည်းဆုံးရော သေသွားကြ တာ တရားပွဲထဲမှာလဲသေလို့ဆိုတာ ဒါပေါ့။ တရားပွဲကလည်းပြန်လာရော၊ သေရောဆိုတာ ဒါပေါ့၊ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကူးတို့လှေကြီးရပ်နေတာမရှိဘူး၊ ကိုင်းဒါဖြင့် အဲဒီဝမ္ဗသဘောပေါ်သွားအောင်လိုက်ဆိုစမ်းပါ-

❖ကူးတို့လှေပမာ, ရုပ်ခန္ဓာ, တူစွာမှတ်ကြလေ၊
နာမ်ခန္ဓာမူ, လှေစီးသူ, ပုံယူမှတ်ကြလေ၊
ဇာတိကမ်းမှ, မရဏ, ကူးရသူတိုင်းပေ၊
အိုနာနှစ်ဝ, လှော်ပို့ကြ, နေ့ညမဆိုင်းချေ၊
ကိုယ့်နောက်ပါကြောင်း, ရိက္ခာကောင်း,
စုဆောင်းယူကြလေ။

ဒီတော့မြတ်စွာဘုရားက ကိုယ့်နောက်ပါကြောင်း ရိက္ခာကောင်းကို နေ့ တိုင်းစုဆောင်းပြီးတော့ယူကြ. . စုဆောင်းပြီးတော့ယူကြ၊ ကိုယ့်နောက်ပါကြောင်း ရိက္ခာကောင်းဆိုတာဘာတုန်းဆိုတော့ ကောင်းမှုရိက္ခာတွေ၊ စွန့်ကြဲပေးကမ်းလှူဒါန်း မှုဆိုတဲ့ ဒါနကောင်းမှုရိက္ခာတွေ၊ ထိန်းသိမ်းစောင့်ရှောက်မှုဆိုတဲ့ သီလကောင်းမှု ရိက္ခာတွေ၊ ပွားများမယုတ်အားထုတ်မှုဆိုတဲ့ ဘာဝနာကောင်းမှုရိက္ခာတွေ၊ ဒါန- ,သီလ,ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေဟာ အဲဒါ ကိုယ့်နောက်ပါကြောင်း ရိက္ခာကောင်းတွေပဲ. . . တဲ့၊ အိမ်မှာစုထားတဲ့ရွှေတွေ ငွေတွေက ရိက္ခာတွေတော့ ဟုတ်တယ်၊ ရိက္ခာကောင်းတွေလည်းမှန်ပါတယ်၊ သို့သော် ကိုယ့်နောက်ပါမယ့် ရိက္ခာကောင်းတော့မဟုတ်ဘူး၊ နေရစ်မယ့်ရိက္ခာကောင်းတွေ၊ ရိက္ခာတော့ ရိက္ခာ ကောင်းတွေပါသူလည်း၊ သူ့အကြောင်းပြုပြီးတော့ စားရမယ်,ဝတ်ရမယ်, နေရမယ်

http://www.dhammadownload.com



လေ၊ ဒါ့ကြောင့် ရိက္ခာကောင်း လူကိုချမ်းသာအောင်ကျေးဇူးပြုမယ့်ပစ္စည်းတွေမို့ ရိက္ခာကောင်းတော့ ရိက္ခာကောင်းမဲ၊ သို့သော် ကိုယ့်နောက်ပါကြောင်း ရိက္ခာကောင်းမဟုတ်ဘူး၊ နေရစ်မယ့်ရိက္ခာတွေ၊ ကျန်ရစ်မယ့်ရိက္ခာတွေ။

ဒါ့ကြောင့်- ပါရမီကုသိုလ်ကောင်းမှုတည်းဟူသော ကိုယ့်နောက်ပါကြောင်း ရိက္ခာကောင်းကို နေ့စဉ်စုဆောင်းပြီးတော့ယူကြ. . လို့ ဘုရားကိုယ်တော်မြတ်က ဟတ္ထိပါလဇာတ်တော်မှာ ဆုံးမတော်မူခဲ့တဲ့အတိုင်း တပည့်တော်တို့ဝမ်းတွင်းမြို့နယ်မှ လာရောက်ကြတဲ့, အရာတော်မြို့နယ်မှ လာရောက်ကြတဲ့ တပည့်တော် တပည့်တော်မတို့က ဒီနေ့အထူးတလည်ကိုယ့်နောက်ပါကြောင်းရိက္ခာကောင်းတွေကို စုဆောင်းအားထုတ်ကြသောအားဖြင့် သံဃာတော်(၁၂၀၀)ကျော်တို့အား မွန်မြတ်သော အရုဏ်ဆွမ်းများဖြင့် လောင်းလှူဆက်ကပ်သမှုပြုကြပါကုန်၏၊ မုန့်ဆွမ်းများဖြင့် လောင်းလှူ ဆက်ကပ်သမှုပြုကြပါကုန်၏၊ အရာတော်မြို့နယ်မှလာရောက်ကြတဲ့ တပည့်တော် တို့ကလည်းပဲ ငွေကျပ်တစ်သိန်းကျော်ကိုငွေပင်စိုက်ထူလှူဒါန်းပူဇော်ကြပါကုန်၏. . . ။

ဤကဲ့သို့ ကိုယ့်နောက်ပါကြောင်းရိက္ခာကောင်းတွေ စုဆောင်းအားထုတ်ကြိုးပမ်းပြုလုပ်ရတဲ့ ကုသိုလ်ကောင်းမှုအစုစုကြောင့် အို,နာ,သေရေး ဒုက္ခဘေးကြီးတို့ ကင်းဝေးငြိမ်းပြတ်၊ သန္တိသုခ နိဗ္ဗာနဓာတ်ချမ်းသာထူး ချမ်းသာမြတ် ဟိုတစ်ဘက်ကမ်းရပ်ဆီသို့ လျင်မြန်ဆောစွာ ဆိုက်ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# *အန္ဓသုတ္တန်
# "လူသုံးမျိုး တရားတော်"

ယနေ့မြန်မာကောဇာသက္ကရာဇ်-၁၃၄၅-ခုနှစ်၊ ဝါဆိုလဆန်း(၁၅)ရက်၊ ဝါဆိုလပြည့်နေ့၊ ဒီနေ့မှာ မန္တလေးမြို့ နှစ်စဉ်နှစ်စဉ် သီတင်းစဉ်တရားပွဲကြီးဆင်ယင်ကျင်းပလာခဲ့တဲ့ မဟာဗောဓိဝိပဿနာရိပ်သာအတွင်း ကျင်းပအပ်တဲ့တရားပွဲ ဒီနှစ်အနေနဲ့ ဒုတိယအကြိမ်မြောက်မှာ ဘုန်းကြီးတို့က ဒီနေ့ကြွရောက်လာတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတို့အား အင်္ဂုတ္တရနိကာယ် တိကနိပါတ်မှာလာတဲ့ အန္ဓသုတ်ဆိုတဲ့ လူသုံးမျိုးသုံးစားဘုရားရှင်ခွဲပြတဲ့ အန္ဓသုတ်တော်၊ အဲဒီအန္ဓသုတ်တော်ကိုဒီနေ့ဟောမယ်၊ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်က ဒီအန္ဓသုတ်တော်မှာ ယနေ့တရားနာကြွရောက်လာကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ဘယ်လိုပုဂ္ဂိုလ်အမျိုးအစားတွေဖြစ်စေရမယ်. . လို့ဆိုတာ ညွှန်ပြတဲ့အနေနဲ့ ရှောင်ရမယ့်လူစား,ဆောင်ရမယ့်လူစား,နှစ်ပါးကို ဘုရားရှင်သိစေတော်မူချင်လို့-

အန္ဓဉ္စ ဧကစက္ခုဉ္စ, အာရကာ ပရိဝဇ္ဇယေ၊
ဒွိစက္ခုံပန သေဝေထ, သေဋ္ဌံ ပုရိသပုဂ္ဂလံ။

ပဏ္ဍိတော-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား,အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းသည်၊ အန္ဓဉ္စ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာပျက်ရှုံး, စုံလုံးကန်းဆိုတဲ့အဖြစ်မျိုးလည်းကောင်း၊ ဧကစက္ခုဉ္စ-တစ်ဘက်မြင်,တစ်ဘက်ပိတ်ဆိုတဲ့ ဧကစက္ခုကပုဂ္ဂိုလ်အဖြစ်မျိုးလည်းကောင်း၊ အာရကာ-ဝေးဝေးကြီး၊ ပရိဝဇ္ဇယေ-မိမိကိုယ်ကိုမဖြစ်အောင်,သတိဆောင်၍,ရှောင်ကြဉ်လိုက်ရာ၏၊ သေဋ္ဌံ-အမြတ်ဆုံးဖြစ်သော၊ ဒွိစက္ခုဉ္စ-နှစ်ဘက်မြင်,နှစ်ဘက်လင်းဖြစ်သော၊ ပုရိသပုဂ္ဂလံ-ယောကျ်ားအမျိုးသား, အမျိုးသမီးဖြစ်တဲ့ ပုဂ္ဂိုလ်အဖြစ်မျိုးကိုကား၊ သေဝေထ-မိမိကိုယ်ကိုဖြစ်အောင်, သတိဆောင်၍, ကျင့်ဆောင်ကြိုးကုတ်, အားထုတ်ကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

---

* အံ-၁၊ ၁၂၆။

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်က ဒီအနုသုတ်တော်မှာ မဂ်ဖိုလ်နိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးမှန်သမျှသည်. . . တဲ့၊ လောကကြီးထဲမှာ လူသုံးမျိုးသုံးစားရှိတဲ့အနက်က မိမိကိုယ်ကိုမိမိ နှစ်ဘက်မြင်, နှစ်ဘက်လင်းဖြစ်တဲ့ ဒွိစက္ခုကဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ရတယ်. . . တဲ့၊ အားထုတ်နိုင်ရတယ်။ ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကုသိုလ်ကောင်းမှုတွေကိုပြုကြ၊ ယခုဒီမှာလာရောက်ပြီးသကာလ သရဏဂုံသုံးပါးနဲ့ ကိုးပါးသီလတွေကို ထိန်းသိမ်းစောင့်ရှောက်ကြ၊ တရားတော်ကိုနာယူကြတဲ့ ဘာဝနာကုသိုလ်မှစပြီးသကာလ ဝိပဿနာအလုပ်တွေကို အားထုတ်ကြဆိုတဲ့ ဘာဝနာကုသိုလ်ကောင်းမှုတွေပြုပြီးတော့နေကြတယ်. . . လို့ဆိုတာ ယနေ့ မိမိတို့ကိုယ်မိမိတို့ နှစ်ဘက်မြင်, နှစ်ဘက်လင်းပုဂ္ဂိုလ်တွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နေကြတယ်။

ဒီနေ့-ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ဒါန, သီလ, ဘာဝနာဆိုတဲ့ သာသနာတော်တွင်းအလုပ်ကြီးသုံးလုပ်ကို လုပ်နေတဲ့အချိန်ဟာ ငါတို့သည် မိမိကိုယ်မိမိ နှစ်ဘက်မြင်,နှစ်ဘက်လင်းဖြစ်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နေခြင်းပဲ. . . လို့ သဘောပေါက်ထားစေလိုပါတယ်၊ ဆုံးဖြတ်ထားစေလိုပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကလည်းပဲ၊ မိမိကိုယ်မိမိ ဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ရချင်ရင် အဲဒီ နှစ်ဘက်မြင်,နှစ်ဘက်လင်းဖြစ်တဲ့ အမျိုးသား,အမျိုးသမီးဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ပါ. . . လို့ခုနက-

ဒွိစက္ခုံ ပန သေဝေထ, သေဋ္ဌံ ပုရိသပုဂ္ဂလံ၊

သေဋ္ဌံ-အမြတ်ဆုံးဖြစ်သော၊ ဒွိစက္ခုံ-နှစ်ဘက်မြင်နှစ်ဘက်လင်းဖြစ်သော၊ ပုရိသပုဂ္ဂလံ-အမျိုးကောင်းသား,အမျိုးကောင်းသမီးအဖြစ်ကို၊သေဝေထ-မဖြစ်ဖြစ်အောင်,သတိဆောင်၍,ကျင့်ဆောင်ကြိုးကုတ်,အားထုတ်ရမယ်. . ။ ဒီတော့-မြတ်စွာဘုရားက အဲဒီအနုသုတ်မှာ လူသုံးမျိုးသုံးစားခွဲပြလိုက်တယ်၊ လောကကြီးမှာ. . . တဲ့လူတွေတစ်ယောက်စီ,တစ်ယောက်စီ၊ တစ်စုစီ,တစ်စုစီ ဂဏန်းတင်ပြီးတော့ ပြောမယ်ဆိုရင်တော့ သိန်းသန်းကုဋေ,တွက်ရေများစွာ,သချေင်္သချာများလှပါသော်လည်း။

တယော မေ ဘိက္ခဝေ ပုဂ္ဂလာ
သန္တော သံဝိဇ္ဇမာနာ လောက သ္မိံ။

လောကကြီးထဲမှာ လူတွေသချေင်္သချာ,ကုဋေကုဋာ,များပြားစွာနေကြ

http://www.dhammadownload.com



ပါသော်လည်း . . . တဲ့၊ ငါဘုရားရှင်သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပိုင်းဖြတ်ပြီး သကာလကြည့်လိုက်တဲ့အခါကျတော့ လူသုံးမျိုးသုံးစားပဲရှိတယ်. . . တဲ့၊ လူသုံး အုပ်စုပဲရှိတယ်။ အဲဒီသုံးအုပ်စုက ဘာတွေတုန်းဆိုရင် အန္ဓော-မျက်စိ နှစ်ဘက်လုံး ကိုမှိတ်ပြီးတော့ အသက်ရှင်နေတဲ့လူအုပ်ကြီးတစ်စု။ ဧကစက္ခု-မျက်စိတစ်ဘက် ကိုမှိတ်ပြီးတော့ မျက်စိတစ်ဘက်သာပွင့်ပြီးတော့ အသက်ရှင်နေတဲ့ လူအုပ်ကြီး တစ်စု။ ဒွိစက္ခု-မျက်စိနှစ်ဘက်လုံးဖွင့်ပြီးသကာလ အသက်ရှင်နေတဲ့လူအုပ်ကြီး တစ်စု. . . လို့ လူအမျိုးအစား လူအုပ်စုကြီးသုံးစုပဲ ငါဘုရား သဗ္ဗညုတဉာဏ်တော် နဲ့ ပိုင်းဖြတ်ပြီးတော့ကြည့်လိုက်တော့မြင်ရတယ်. . တဲ့ တွေ့ရတယ်။

လူအမျိုးအစားသုံးမျိုးရှိတယ်တဲ့၊ ပရိသတ်ကြီး လူအမျိုးအစားဘယ် လောက်တဲ့တုန်း?(သုံးမျိုးပါဘုရား)။ အဲဒီသုံးမျိုးသုံးစားထဲမှာ ယနေ့တရားနာပရိ သတ်အပေါင်းသူတော်ကောင်းတွေက ငါဘယ်ထဲကလည်း၊ ငါဘယ်အုပ်စုထဲ ပါသလဲ၊ ငါဘယ်အုပ်စုထဲမှာရောက်နေသလဲဆိုတာ ကိုယ့်ကိုယ်ကို အကဲခတ်ရ လိမ့်မယ်။ မြတ်စွာဘုရားရဲ့တရားတော်တိုင်း တရားတော်တိုင်းဟာ ကိုယ်လုံးပေါ် မှန်ကြီးတွေနဲ့တူတယ်၊ မြတ်စွာဘုရားတရားတော်ပုဒ်တိုင်း,ပုဒ်တိုင်းသည် ကိုယ် လုံးပေါ် မှန်ကြီးတွေ။ မြတ်စွာဘုရားရဲ့ ဓမ္မာခန္ဓာပေါင်းရှစ်သောင်းလေးထောင်ဆို တဲ့ တရားတော်မြတ်တို့သည် မှန်ချပ်ကြီးတွေရှစ်သောင်းလေးထောင် ထောင်ပြ ထားတာနဲ့တူကြသည်။

ဒီတော့-အဲဒီကိုယ်လုံးပေါ် မှန်ကြီးတွေထဲမှာ ပကတိလောက ဒကာ,ဒကာမ တွေ ဥယျာဉ်ထဲမှာ, ဗိမာန်ထဲမှာ,ဟိုနားဒီနားမှာ,ကိုယ်လုံးပေါ် မှန်ကြီး တွေရှိတယ် ဆိုရင် ကိုယ့်ကိုယ်ကိုသွားကြည့်။ ကြည့်လိုက်တော့ အပြစ်ရှိရင် အပြစ်ကိုမြင်တယ်၊ ကောင်းနေတာ,တင့်တယ်နေတာဖြစ်ရင် ကောင်းတာကိုမြင်တယ်၊ အချိုးကျတာကို မြင်တယ်။ အဲဒီလိုပဲ ယခုမြတ်စွာဘုရားရဲ့ အန္ဓသုတ်ဆိုတဲ့ ကိုယ်လုံးပေါ် မှန်ကြီးကို ထောင်ပြလိုက်တဲ့အခါကျတော့ ပကတိလောကကြီးထဲမှာ လူသုံးမျိုးသုံးစားရှိ တယ်. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်က ကိုယ်လုံးပေါ် မှန်ကြီး ထောင်ပြနေပြီး၊ ဒီတော့- မိမိတို့ဘယ်ထဲပါတုံးလို့ဆိုတာကိုတော့ ကိုယ့်ဘာကို ကြည့်ရလိမ့်မယ်။

ဒီတော့-တစ်နံ့ပါတ်၊ဘုရားရှင်ကိုယ်တော်မြတ်က အန္ဓော-မျက်စိနှစ်လုံး ကိုမှိတ်ပြီးတော့ အသက်ရှင်နေတဲ့လူအုပ်စုကြီးကတစ်စု။ ဧကစက္ခု-တစ်ဘက်မှိတ်- တစ်ဘက်ဖွင့်ပြီးတော့ အသက်ရှင်နေတဲ့ လူအုပ်စုကြီးကတစ်စု။ ဒွိစက္ခု-မျက်စိ နှစ်ဘက်လုံးဖွင့်ပြီးသကာလ အသက်ရှင်နေတဲ့လူအုပ်စုကြီးကတစ်စု. . . လို့ သုံး

http://www.dhammadownload.com



စုရှိတယ်။အဲဒီသုံးစုထဲမှာ မျက်စိနှစ်လုံးမှိတ်ပြီးတော့ အသက်ရှင်နေတဲ့ လူအုပ်စုကြီးဆိုတာ ဘယ်လိုအုပ်စုတုန်းလို့ဆိုတော့. . .။

ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော တထာရူပံ
န စက္ခုံ ဟောတိ၊ ယထာရူပေန စက္ခုနာ အနဓိဂတံ ဝါ
ဘောဂံ အဓိဂစ္ဆေယျ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကရေယျ။

ဣဓ-ဤလောက၌၊ ဧကစ္စော-အချို့သော၊ ပုဂ္ဂလော-အမျိုးသား, အမျိုးသမီးသည်၊ ယထာရူပေနစက္ခုနာ-အကြင်သို့သောမျက်စိအမြင်ဖြင့်၊ အနဓိဂတံ-မရအပ်သေးသော၊ ဘောဂံဝါ-စည်းစိမ်ဥစ္စာကိုလည်း၊ အဓိဂစ္ဆံ-ရခြင်းငှါ၊ အဓိဂတံ-ရအပ်ပြီးသော၊ ဘောဂံဝါ-စည်းစိမ်ဥစ္စာကိုလည်း၊ ဖာတိံကာတုံ-တိုးပွါးအောင်ပြုခြင်းငှါ၊ ကရေယျ-ပြုစွမ်းနိုင်ရာ၏။ တထာရူပံ-ထိုသို့သဘောရှိသော၊ စက္ခုံ-မျက်စိသည်၊ နဟောတိ-မရှိချေ. . . တဲ့။

ဘာပြောလိုက်တာတုန်းဆိုတော့၊ လောကီစည်းပွားဥစ္စာရတနာတွေကို ရှာတတ် ဖွေတတ်တဲ့ သိမ်းဆည်းတတ်တဲ့၊ ရလာတဲ့စည်းပွားဥစ္စာရတနာတွေကို တိုးတက်အောင်ပြုတတ်တဲ့ မျက်လုံးမပါဘူးတဲ့။ လောကီစည်းပွားဥစ္စာမရှာတတ်ဘူးတဲ့၊ ရှာလည်းမရှာချင်ဘူး၊ ရှာရမှန်းလည်းမသိဘူး၊ ရှာလည်းမရှာတတ်ဘူး၊ ရလည်းမရဘူး၊ အဲဒီလိုမရှာတတ်တော့ မျက်စိတစ်လုံးမှိတ်နေတာပါပဲ. . တဲ့ လူတော့လူပါပဲ။ ယနေ့တရားနာနေတဲ့ ဒကာ ဒကာမတွေလို သူလည်းလူကမွေးဖွားတဲ့ လူသားပါပဲ။ အင်္ဂါခြေလက်တွေတော့ လူနဲ့အတူတူပါပဲ၊ လူလိုပါပဲ၊ သို့သော်လည်းပဲ၊ လောကီစည်းပွားဥစ္စာရတနာတွေကိုရအောင်လည်းမရှာတတ်၊ ရပြီးသားစည်းပွားဥစ္စာတွေကိုလည်း တိုးတက်အောင်မပြုတတ်လေသောကြောင့် မျက်စိတစ်ဘက်ပိတ်နေတဲ့လူ. . . တဲ့။

အဲဒီလိုမျက်စိတစ်ဘက်ပိတ်နေတော့ လောကီစည်းပွားဥစ္စာမရှာတတ်တော့ ဘာအပြစ်တွေရှိတုန်းဘုရားလို့ ဆိုတော့၊ မင်္ဂလာတွေချို့ကုန်တယ်တဲ့,ဝတ်တရားတွေပျက်ကုန်တယ်၊ မင်္ဂလာတွေချို့ကုန်တယ်ဆိုတာ အဲဒီလို လောကီစည်းပွားဥစ္စာရတနာတွေ မိမိမှာရှိနေမှ၊ ပုတ္တဒါရဿသင်္ဂဟော-သားသမီးတွေကို သင်္ဂြိုဟ်ထောက်ပံ့ချီးမြှင့်ရမယ့်ဝတ္တတရားတွေ၊ သားသမီးတွေကိုကျွေးလို့မွေးလို့၊ ဆင်လို့ ပြင်လို့ပြုစုစောင့်ရှောက်ရမယ့်ဝတ်တရားတွေ ပျက်ကုန်တယ်။ မာတာပိတုဥပဋ္ဌာနံ-မိဘတွေကို ပြုစုလုပ်ကျွေးရမယ့် ဝတ္တရားတွေချို့ကုန်တယ်၊ ဉာတကာနဉ္စသင်္ဂဟော-မိတ်ဆွေသင်္ဂဟတွေကို ကူညီရိုင်းပင်းထောက်ပံ့ရမယ့် ဉာတကာနဉ္စ

http://www.dhammadownload.com



သင်္ဂဟောဆိုတဲ့ မင်္ဂလာတွေပျက်ကုန်တယ်။

ဒီတော့-သူ့မှာ မင်္ဂလာတွေပျက်ပြီးတော့ ဝတ္တရားတွေလည်းအကုန်လုံးချို့ကုန်တယ်၊ ဝတ္တရားချို့တယ်ဆိုတာ သီလပျက်ခြင်းတစ်မျိုးပဲ။ မင်္ဂလာပျက်တယ်ဆိုတာ သီလပျက်ခြင်းတစ်မျိုးပဲ၊ ကိုယ့်သားကိုယ့်သမီးတွေ ကိုယ်ကပြုစုရမယ့်,စောင့်ရှောက်ရမယ့်, သားသမီးအပေါ်မှာပြုစုရမယ့်ဝတ္တရားတွေ ငါးပါးရှိတယ်၊ သိင်္ဂါလောဝါဒသုတ်တော်နဲ့ဆုံးမထားတဲ့ ဝတ္တရားငါးချက်အတိုင်းဆိုရင် အဲဒီသားသမီးအပေါ်မှာ မိဘကပြုရမယ့် ဝတ္တရားငါးချက်ပျက်တယ်ဆိုတာ သီလကသိုလ်ပျက်တာပဲ၊ ဝတ္တရားကိုသီလလို့ခေါ်တယ်။ သီလကနှစ်မျိုးရှိတယ်၊ ဝါရိတ္တသီလ, စာရိတ္တသီလ။ ဝါရိတ္တသီလဆိုတာ-ရှောင်ရတဲ့သီလ၊ စာရိတ္တသီလဆိုတာ-ဆောင်ရတဲ့သီလ။

ဒီတော့-ဝါရိတ္တသီလ-ရှောင်ရတဲ့သီလဆိုတာတော့ ဘုန်းကြီးတို့ဒကာ ဒကာမတွေအားလုံးသိတယ်၊ ငါးပါးသီလဆိုတာ ရှောင်ရတဲ့သီလပဲ၊ သူ့အသက်သတ်မှု ရှောင်ရတယ်၊ သူ့ဥစ္စာခိုးတာရှောင်ရတယ်။ အဲ-စာရိတ္တသီလဆိုတာကျတော့-မိမိပတ်ဝန်းကျင်နဲ့နေတဲ့နေရာမှာ ပတ်ဝန်းကျင်ရဲ့အပေါ်မှာ ပြုသင့်ပြုထိုက်တဲ့ ဝတ္တရားတွေ၊ မိဘနဲ့သားသမီးဆိုရင် မိဘက သားသမီးအပေါ်မှာပြုရမယ့်ဝတ္တရားငါးချက်ရှိတယ်၊ အဲဒီဝတ္တရားငါးချက်ပျက်ရင် ဒါ-သီလပျက်တာပဲ။ သားသမီးကမိဘအပေါ်မှာ ပြုရမယ့်ဝတ္တရားငါးချက်ရှိတယ်၊ အဲဒီဝတ္တရားချို့ရင် သီလချို့တာပဲ၊ သီလပျက်တာပဲ၊ သီလပါရမီလျော့တာပဲ။

ဒီတော့-လောကီစည်းပွားဥစ္စာရတနာတွေကို မရှာတတ်လို့ မျက်စိတစ်လုံးမှိတ်ပြီးတော့နေတဲ့အတွက်. . . တဲ့ သူ့မှာသီလတွေပျက်ကုန်တယ်၊ ဝတ္တရားတွေချို့ကုန်တယ်၊ ဉာတကာနုဂ္ဂဟသင်္ဂဟော-မိတ်ဆွေသင်္ဂဟတွေကိုထောက်ပံ့ရမယ့်, ကူညီရမယ့်ဝတ္တရားတွေချို့ကုန်တယ်၊ မထောက်ပံ့နိုင်ဘူး,မကူညီနိုင်ဘူး,မသွားလာနိုင်ဘူး၊ ဒီတော့-သူဟာလူရယ်လို့ဖြစ်နေသော်လည်း၊ လူ့အင်္ဂါခြေလက်ပြည့်စုံနေသော်လည်းပဲ၊ လူထဲနေသော်လည်းပဲ သူဟာမျက်စိတစ်လုံးမှိတ်ပြီးတော့နေတဲ့လူပဲ. . . တဲ့ အဲဒီလူဟာ။ ဒါ-တစ်ဘက်မှိတ်နေပုံ၊ တစ်ဘက်ကန်းနေပုံ၊ နောက်မြတ်စွာဘုရားက-

တထာရူပမ္ပိသ စက္ခု န ဟောတိ၊ ယထာရူပေန စက္ခုနာ
ကုသလာကုသလေ ဓမ္မေ ဇာနေယျ၊ သာဝဇ္ဇာနဝဇ္ဇေ ဓမ္မေ

http://www.dhammadownload.com



ဇာနေယျ၊ ဟီနပဏီတေ ဓမ္မေ ဇာနေယျ၊ ကဏှသုက္က
သပ္ပဋိဘာဂေ ဓမ္မေ ဇာနေယျ။

အကြင်သို့သောမျက်စိဖြင့် ဤကားကုသိုလ်တရား၊ ဤကားအကုသိုလ်တရား၊ ဤကားကောင်းတဲ့အလုပ်၊ ဤကားမကောင်းတဲ့အလုပ်ဟူ၍ ခွဲခြားစိတ်ဖြာ နားလည်ပြီးသကာလ၊ ကောင်းတဲ့ပါရမီကုသိုလ်လုပ်ငန်း လောကုတ္တရာစီးပွားဉစ္စာရတနာတို့ကိုရှာတတ်,ရှာဖွေတတ်တဲ့မျက်စိလည်းမပါဘူး. . တဲ့။ တစ်ဘက်က လောကုတ္တရာမရှာတတ်ဘူး၊ ဟိုတစ်ဘက်က လောကီစီးပွားမရှာတတ်ဘူး၊ အချုပ်ကတော့ ဒါပါပဲ။

ဒီတော့-လောကီစီးပွားဉစ္စာမရှာတတ်သလိုပဲ၊ လောကုတ္တရာစီးပွားဉစ္စာလည်းမရှာတတ်ဘူးဆိုရင်၊ ဒီအလုပ်က စွန့်ကြဲပေးကမ်းလှူဒါန်းမှုပြုတဲ့အလုပ်က ကောင်းတဲ့အလုပ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းအလုပ်ပဲ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းကြီးတွေလုပ်သွားတဲ့အလုပ်ပဲ၊ ပစ္စုပ္ပန်သံသရာ မိမိမှာအကျိုးရှိမယ့်အလုပ်ပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်စခန်းသွားရာလမ်းကြီးတစ်လျှောက်လုံးမှာ ငါ့အတွက်အကျိုးရှိမယ့်အလုပ်ပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်သွားရာလမ်းကြီးမှာ ငါ့ကိုအထောက်အပံ့ကောင်းပေးမယ့်အလုပ်ပဲ၊ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်တရားကိုယူပေးမယ့်အမှုကြီးပဲ. . . လို့ ဒါနဆိုတဲ့ အလုပ်ကြီးအပေါ်မှာလည်းပဲ မမြင်ဘူး၊ မမြင်တော့မလုပ်ဘူး၊ အဲဒါ ကန်းနေတာပဲ။

ယခုလို ရှစ်ပါးသီလ,ကိုးပါးသီလတွေထိမ်းသိမ်းစောင့်ရှောက်တဲ့အလုပ်သည် သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားရာလမ်းကြီးမှာ မိမိကိုအန္တရာယ်ကင်းစေတယ်၊ ဘေးကင်းစေတယ်၊ အင်္ဂါခြေလက်ပြည့်စုံစေတယ်၊ နောက်ဆုံးမဂ်လေးတန်ဖိုလ်လေးတန်ဆိုတဲ့ နိဗ္ဗာန်တရားထူးတရားမြတ်ကြီးကို ရစေနိုင်,ယူပေးနိုင်တဲ့အလုပ်ကြီးပဲ. . လို့ မမြင်ဘူး၊ အဲဒါ ကန်းနေတာပဲ။

သမထဝိပဿနာဆိုတဲ့ ဘာဝနာအလုပ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်စခန်းသွားရာလမ်းကြီးတစ်လျှောက်လုံးမှာ မိမိကိုအဆင့်တန်းမြင့်စေတယ်၊ အသိအလိမ္မာဉာဏ်ပညာနဲ့ပြည့်စုံတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဖြစ်စေတတ်တယ်၊ ဖြစ်လေရာဘဝတိုင်းမှာ သံဝေဂဉာဏ်နဲ့ အသိဉာဏ်နဲ့ ကုသိုလ်ကောင်းမှုတွေဘက်မှာ၊ ဘုရား, တရား, သံဃာရတနာသုံးပါးတွေဘက်မှာ စိတ်ညွတ်လာစေတတ်တဲ့ ဓာတ် သတ္တိကိုပေးနိုင်တယ်၊ မြင်ရာမြင်ရာ၊ ကြားရာကြားရာ, ဟူသမျှတွေရဲ့အပေါ်မှာ သံဝေဂစိတ်-ထိတ်လန့်တဲ့စိတ်,ကြောက်ရွံ့တဲ့စိတ်ဖြင့် လောကကြီးငြီးငွေ့တဲ့စိတ်,

http://www.dhammadownload.com



အခြေခံစာတတ်ပါလာစေနိုင်တယ်၊ နောက်ဆုံး မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန် တရားထူး,တရားမြတ်ကြီးကိုရအောင် ယူပေးနိုင်တဲ့အနီးကပ်ဆုံး လိုရင်းအကျ ဆုံးအလုပ်ကြီးပဲ. . လို့ မမြင်ဘူး၊ အဲဒါကန်းတာပဲ။

ဒီတော့-မမြင်တော့ သူမလုပ်ဘူးပေ့ါ၊ ဒါန,သီလ,ဘာဝနာသုံးချက်ကို အ ကျိုးအပြစ်သူမမြင်ဘူး၊ မမြင်တော့သူမလုပ်ဘူး၊ မလုပ်တာဟာ ဘာတုန်းဆိုတော့ လောကုတ္တရာစီးပွားမရှာတာတဲ့၊ မရှာတတ်တာ၊ မမြင်တတ်တာ၊ ဒါ့ကြောင့် မြတ်စွာ ဘုရားက **တထာရူပမ္ပိ သော စက္ခုံ န ပဿတိ. .** တဲ့-အဲဒီအမြင်မျိုးလည်း သူ့မရှိ ဘူးတဲ့၊လောကီစီးပွားဥစ္စာရတနာတွေကိုရှာရမှန်းလည်းမသိဘူး၊ရှာရမယ်ဆိုတဲ့ အမြင်လည်းမရှိဘူး၊ ဒါ့ကြောင့် သူ့နှစ်ဘက်ကန်းပဲ. . တဲ့၊ မျက်စိနှစ်လုံးမရှိဘဲနဲ့ အသက်ရှင်နေတဲ့သူပဲ၊ ဒါနံပါတ်(၁) အန္ဓပုဂ္ဂိုလ်။

ဒီတော့-မျက်စိနှစ်ဘက်မှိတ်ပြီးတော့ မျက်စိနှစ်ဘက်မမြင်ဘဲနဲ့ အသက် ရှင်နေတဲ့သူဆိုတော့ ဘာအပြစ်တွေဖြစ်လာနိုင်တုံးလို့ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လောကမှာ မျက်စိနှစ်လုံးကွယ်ပြီးတော့ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်တွေ ဘာဖြစ်တတ်တုံး၊ သွားရာမှာ ရှေ့မှာကျင်းတွေချိုင့်တွေထဲ ကျချင်ကျ မယ် ,ချောက်ကြီးတွေ ကမ်းပါးကြီးတွေ ရှိနေပေမယ့်လို့ မမြင်စမ်းစမ်းရမ်းပြီးတော့ သွားရတာဖြစ်တော့ ချောက်တွေထဲကျပြီးတော့ ကမ်းပါးတွေထဲကျပြီးတော့ ဒုက္ခ ရောက်နိုင်တယ်၊ သေလုမတတ်ဒုက္ခတွေ ခံရမယ်၊ သို့မဟုတ် သေနိုင်တယ်၊ ကျေနိုင်တယ်။ မြွေကြီးတွေ ခြင်္သေ့တွေ ကျားတွေသစ်တွေရှိနေတဲ့, အန္တရာယ်တွေရှိ နေတဲ့နေရာတွေကိုလည်းပဲ သွားသင့်သလား,မသွားသင့်သလားမသိ၊ အန္တရာယ် ရှိတဲ့အရပ်လား,မရှိတဲ့အရပ်လားမသိ၊ မျက်စိနှစ်ကွင်းအလင်းမရလေသော ကြောင့်. . တဲ့၊ ရမ်းသွား,သွားနေရလေသောကြောင့် အန္တရာယ်အမျိုးမျိုးတွေနဲ့ တိုးနိုင်သလိုပဲ. . . ။

သံသရာတည်းဟူသော (၃၁)ဘုံတည်းဟူသော ရွာကြီးထဲမှာလည်းပဲ အဲဒီ မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပစ္စုပ္ပန်စီးပွား သံသရာစီးပွား (၂)ပါးကို မရှာတတ်တဲ့စုံ လုံးကန်းဖြစ်နေတဲ့ မျက်စိနှစ်လုံးမှိတ်ပြီးတော့ ရှင်နေတဲ့လူစားမျိုးတို့သည်. . . (၃၁)ဘုံဆိုတဲ့ သံသရာကြီးထဲမှာလည်းပဲ အပါယ်လေးပါးတည်းဟူသောချောက် တွေထဲကျမယ်. . တဲ့၊ အိုး,နာ,သေရေးဒုက္ခဘေးဆိုတဲ့ ခြင်္သေ့သစ်ကျားဘေးရန်အန္တ ရာယ်တွေနဲ့လည်းပဲ အကြိမ်ကြိမ်တိုးပြီးတော့ ဒုက္ခအမျိုးမျိုးခံရမယ်. . တဲ့၊

http://www.dhammadownload.com



ဒါမြတ်စွာဘုရား ပထမလူစားပြောလိုက်တယ်။ နောက်ဒုတိယလူစားဆိုတာကျ တော့-

> ကတမော စ ဘိက္ခဝေ ဧကစက္ခု ပုဂ္ဂလော၊ ဣဓ ဘိက္ခဝေ ဧကစ္စဿ ပုဂ္ဂလဿ တထာရူပံ စက္ခု ဟောတိ၊ ယထာရူပေန စက္ခုနာ အနဓိဂတံ ဝါ ဘောဂံ အဓိဂစ္ဆေယျ၊ အဓိဂတံ ဝါ ဘောဂံ ဖာတိံ ကရေယျ။

မျက်စိတဘက်လင်းပြီးတော့နေတယ်ဆိုတာ ဘာတုန်းလို့ဆိုတော့ ခုန ကပြောခဲ့တဲ့အတိုင်း လောကီစီးပွားဥစ္စာရတနာတွေကိုတော့ ရှာတတ်တယ်၊ သို့ သော် လောကုတ္တရာစီးပွားဥစ္စာ ရတနာကိုကျတော့ မရှာတတ်ဘူး. . တဲ့၊ စုဆောင်း ရမှန်းမသိဘူး၊ လောကီစီးပွားဥစ္စာရတနာတွေကိုတော့ ရှာပါတယ်၊ တရားသဖြင့် ရော မတရားသဖြင့်ရောရှာတယ်၊ လောကီစီးပွားဥစ္စာ ရတနာတွေရမယ်ဆိုရင် ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့သဘောအတိုင်း သူတစ်ပါးဆီက သတ် ဖြတ်ပြီးတော့ ရမယ်ဆိုလည်းယူတာပဲ၊ ခိုးဝှက်တိုက်ခိုက်ပြီးတော့ရမယ်ဆိုရင်လည်း ယူတာပဲ၊ လိမ်ညာပြောဆိုပြီးတော့ လည်းပဲသိမ်းတာပဲ,ဆည်းတာပဲ။

အဲဒီလိုအားဖြင့် လောကီစီးပွားဥစ္စာရတနာတွေကိုတစ်ဘက်က ရှာတတ် သော်လည်း ယခုနပြောခဲ့တဲ့ ဒါန,သီလ,ဘာဝနာဆိုတဲ့ ကုသိုလ်လုပ်ငန်းတွေရဲ့ အပေါ်မှာ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းကြီးတစ်လျှောက်လုံး မပွဲစေတဲ့, မဆင်းရဲစေတဲ့,ချမ်းသာစေနိုင်တဲ့ ဒါနပါရမီကုသိုလ်လုပ်ငန်းကြီးတွေ၊ အင်္ဂါခြေလက် ပြည့်ပြည့်စုံစုံ ရုပ်အဆင်းဥပမိပြည့်ပြည့်စုံစုံ ဖြစ်စေနိုင်တဲ့ သီလပါရမီကုသိုလ်လုပ် ငန်းကြီးတွေ အသိလိမ္မာဉာဏ်ပညာဓာတ်ပြည့်စုံစေနိုင်တဲ့ ဘာဝနာကုသိုလ်လုပ် ငန်းကြီးတွေဆိုတဲ့ လောကုတ္တရာစီးပွားဥစ္စာတော့ မရှာတတ်ဘူး. . . တဲ့၊ မရှာတတ် ဘူးဆိုရင်သူဟာ တစ်ဘက်မြင်တဘက်ပိတ်မှာပဲ၊ မျက်စိတစ်ဘက်ဖွင့်ပြီးတော့ မျက်စိတစ်ဘက်ပိတ်ပြီးတော့ အသက်ရှင်တဲ့သူတဲ့။ ဣဓ လောကံ ဥမ္မိလေတွာ- တဲ့ ဒီလောက အတွက်တော့ ဖွင့်ထားတယ်. . တဲ့၊ ပစ္စုပ္ပန်လောကစီးပွားအတွက် တော့ဖွင့်ထားတယ်၊ ပရလောကံ နိမိသိတွာ-သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွား ရာလမ်းကြီးတစ်လျှောက်လုံးအတွက်ကျတော့ ပိတ်ထားပြီးတော့၊ ဇီဝတိ-အသက် ရှင်တဲ့သူ. . တဲ့၊ ဒါ-ဒုတိယအတန်းစားလူ။

တတိယတန်းစား ဒွိစက္ခု-နှစ်ဘက်မြင်နှစ်ဘက်လင်း မျက်စိနှစ်ဘက်လုံး ဖွင့်ပြီးတော့ အသက်ရှင်တဲ့သူလို့ဆိုတာကျတော့၊ အားလုံးသောဘုန်းကြီးတို့

http://www.dhammadownload.com



ဒကာ,ဒကာမတွေခုနကနှစ်ယောက်ကိုပြောရင် လွယ်လွယ်လေးသိသွားပြီ၊ ပဉ္စပ္ပနီ လောကီစီးပွားကိုလည်းပဲရှာတတ်တယ်၊ ရှာနိုင်တဲ့အသိဉာဏ်ရှိတယ်၊ သံသရာစီးပွား,လောကုတ္တရာစီးပွားကိုလည်းပဲရအောင်ရှာတတ်တယ်. . တဲ့၊ အဲဒီအမျိုးသားအမျိုးသမီးကျတော့ ဒွိစက္ခုက-နှစ်ဘက်မြင်နှစ်ဘက်လင်း၊ ဒီတော့-အဲဒီပုဂ္ဂိုလ်သုံးမျိုးသုံးစားထဲမှာ ယနေ့ဘုန်းကြီးတို့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုဿာသနာတော်နဲ့ ကံကောင်းထောက်မလို့ ကြုံကြိုက်ကြတဲ့ ဒကာ,ဒကာမတွေ ဘယ်လိုလူစားဖြစ်စေချင်သလဲ. . . လို့ဆိုတော့-

အန္ဓဥ္စ ကေစက္ခုဥ္စ, အာရကာ ပရိဝဇ္ဇယေ၊

အန္ဓံစ-မျက်စိနှစ်လုံးမှိတ်ပြီးတော့ အသက်ရှင်နေတယ်ဆိုတဲ့ နှစ်ဘက်ကန်းစုံလုံးကန်းဆိုတဲ့ပုဂ္ဂိုလ်အဖြစ်မျိုးကိုလည်းကောင်း၊ ကေစက္ခုံစ-လောကီစီးပွား ဥစ္စာသာရှာတတ်ပြီးတော့ လောကုတ္တရာစီးပွားဥစ္စာမရှာတတ်တဲ့ ကေစက္ခုကခေါ်တဲ့ တစ်ဘက်မြင် တစ်ဘက်ပိတ်ဆိုတဲ့ ပုဂ္ဂိုလ်အဖြစ်မျိုးကိုလည်းကောင်း၊ အာရကာ-ဝေးဝေးကြီး၊ ပရိဝဇ္ဇယေ-မိမိကိုယ်ကိုမဖြစ်အောင်,သတိဆောင်၍, ရှောင်ကြဉ်လိုက်ရာ၏. . နှစ်ဘက်မှိတ်ပြီးတော့ အသက်ရှင်တဲ့ပုဂ္ဂိုလ်မျိုးနဲ့၊ တစ်ဘက်သာမြင်ပြီးတော့ လောကုတ္တရာစီးပွားတစ်ဘက်မှိတ်နေတဲ့,မရှာတတ်တဲ့ ပုဂ္ဂိုလ်အဖြစ်မျိုးကိုတော့ ကိုယ့်ကိုယ်ကို မဖြစ်အောင်သတိဆောင်ပြီးတော့ ရှောင်လိုက်စမ်းပါ. . တဲ့၊ ဘာတော့ဖြစ်အောင်ကြိုးစားရမတုန်းဆိုတော့-

ဒွိစက္ခုံ ပန သေဝေထ, သေဋ္ဌံ ပုရိသပုဂ္ဂလံ။

သေဋ္ဌံ-အမြတ်ဆုံးဖြစ်သော၊ ဒွိစက္ခုံ-နှစ်ဘက်မြင်,နှစ်ဘက်လင်းဖြစ်သော၊ ဝါ-မျက်စိနှစ်လုံးဖွင့်၍အသက်ရှင်နေသူဖြစ်သော၊ ပုရိသပုဂ္ဂလံ-ဘုရားပစ္စေကာ,အရိယာအပေါင်း,သူတော်ကောင်းကြီးတို့ရဲ့,အမျိုးစားဖြစ်တဲ့,မြင့်မြတ်တဲ့ ပုဂ္ဂိုလ်အဖြစ်မျိုးကိုကား၊ သေဝေထ-မိမိကိုယ်ကိုဖြစ်အောင်,သတိဆောင်၍, ကျင့်ဆောင်ကြိုးကုတ်,အားထုတ်ကြကုန်ရာသတည်း။. . .

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့-မြတ်စွာဘုရားက လူသုံးမျိုးသုံးစားထဲမှာ. . တဲ့၊ မိမိကိုယ်ကိုမိမိ အန္ဓဆိုတဲ့ မျက်စိနှစ်လုံးမှိတ်ပြီးတော့ အသက်ရှင်တဲ့ လူစားမျိုးမဖြစ်အောင်၊ ကေစက္ခုကခေါ်တဲ့ တစ်ဘက်မြင်တစ်ဘက်ပိတ်ပုဂ္ဂိုလ်မျိုးမဖြစ်အောင် ရှောင်ကြဉ်ပြီး

http://www.dhammadownload.com



သတာလ သတိဆောင်ပြီးသကာလ၊ မိမိကိုယ်ကို မိမိနှစ်ဘက်မြင် နှစ်ဘက်လင်း ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ဆောင်အားထုတ်ပါ. . လို့ ဒီသုတ်တော်နဲ့ ဘုရားကဆုံးမတော်မူတယ်။ အာပြုလို့တုံးဆိုတော့ အဲဒီရှေ့နှစ်မျိုးသော ပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်တဲ့လူစားတဲ့၊ ဒွိစက္ခုကခေါ်တဲ့ နှစ်ဘက်မြင်နှစ်ဘက်လင်းပုဂ္ဂိုလ်ကသာလျှင် ဒီဘဝမှာသော်လည်းကောင်း၊ မကြာခင်သောဘဝမှာသော်လည်းကောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်တဲ့လူစားလို့ အဲဒီပုဂ္ဂိုလ်သုံးမျိုးကိုပဲ ချုပ်,ကန့်လိုက်တော့-

❖ မဂ်ဖိုလ်ရသူ, မရသူ, နှစ်လူရှိကြရာ။

မဂ်ဖိုလ်နိဗ္ဗာန်ကို ဒီဘဝမှာရနိုင်တဲ့လူ, မရနိုင်တဲ့လူလို့ခွဲလိုက်ရင်ခုနနှစ်ဘက်ပိတ်နေတဲ့ အသက်ရှင်နေတဲ့ပုဂ္ဂိုလ်နဲ့ တစ်ဘက်ပိတ် တစ်ဘက်ဖွင့်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေက မဂ်ဖိုလ်နိဗ္ဗာန်တရားဝေးတယ်. . . တဲ့ ရဖို့မလွယ်ဘူးတဲ့၊ မရနိုင်ဘူးတဲ့။ နှစ်ဘက်မြင်နှစ်ဘက်လင်းဖြစ်တဲ့ ဒွိစက္ခုကပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန်ကို ဒီဘဝမှာသော်လည်းကောင်း၊ မိမိရဲ့လုံးလဝီရိယ ပရိယတ်ပရိယာနိခေါ်တဲ့ ကြိုးစားအားထုတ်တာ ဆုတ်ယုတ်မှုမရှိခဲ့ရင် ဒီဘဝမှာသော်လည်းကောင်း။

သို့မဟုတ်-မကြာခင်သောဘဝမှာသော်လည်းကောင်း ရနိုင်တဲ့အခွင့်အရေးရှိလေသောကြောင့် အဲဒီလိုမဂ်ဖိုလ်နိဗ္ဗာန်ရတော့မှ အို,နာ,သေရေး ဒုက္ခဘေးကြီးတွေနှင့်တကွ သံသရာဒုက္ခကြီးတွေ၊ ချစ်ခင်နှစ်သက်စုံမက်အပ်တဲ့သူတွေနဲ့ ကွဲရလို့ဖြစ်တဲ့ဒုက္ခတွေ၊ မချစ်ခင်,မနှစ်သက်တဲ့သူတွေနဲ့ တွဲရလို့ ဖြစ်တဲ့ဒုက္ခတွေ, လိုချင်တာမရလို့ ဆင်းရဲရတဲ့ဒုက္ခတွေ, နောက်ဆုံး ရုပ်နာမ်ခန္ဓာကိုရနေ လို့ဖြစ်ပေါ်လာတဲ့ဆင်းရဲဒုက္ခတွေမှန်သမျှက လွတ်ငြိမ်းစေနိုင်တဲ့မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တရားထူး, တရားမြတ်ကြီးကိုရနိုင်တဲ့လူစား. . . . တဲ့။

ဒီတော့အဲဒီသုတ်တော်အရ လူသုံးမျိုးကို ထပ်ပြီးတော့အုပ်စုခွဲလိုက်တော့ မဂ်ဖိုလ်ရမယ့်လူစား, မဂ်ဖိုလ်မရမယ့်လူစားလို့နှစ်မျိုးကွဲသွားတယ်။ မဂ်ဖိုလ်ရချင်လို့ရှိရင်, ဒီဘဝမှာတင် ဖြစ်ချင်လို့ ရှိရင်နှစ်ဘက်မြင်နှစ်ဘက်လင်းဖြစ်အောင်ကိုယ့်ကိုယ်ကို ကြိုးစားပါ. . . တဲ့ ဘုရားက ဒါဆက်တိုက်တွန်းသွားတယ်။ဒီတော့ ဘုန်းကြီးတို့ပရိသတ်ကြီးလိုက်ဆိုစမ်းပါ-

❖ မဂ်ဖိုလ်ရသူ, မရသူ, နှစ်လူရှိကြရာ၊
မဂ်ဖိုလ်ရချင်, နှစ်ဘက်မြင်, လျှင်လျှင်ကြိုးစားပါ။

http://www.dhammadownload.com



လောကမှာလူတွေကို အန္တသုတ်တော်ကိုမှီပြီးတော့ ခွဲလိုက်ရင် မင်္ဂဖိုလ်မရမယ့်လူစား, မင်္ဂဖိုလ်ရမယ့်လူစား. . . နှစ်မျိုးကွဲသွားတယ်။ ဒီဘဝမှာတင်ပဲဖြစ်ဖြစ်၊ မကြာခင်သောဘဝမှာပဲဖြစ်ဖြစ် မင်္ဂဖိုလ်ရမယ့်လူစားနဲ့, မင်္ဂဖိုလ်မရမယ့်လူစား လူအုပ်စုကြီးနှစ်စုကွဲသွားတယ်။ မင်္ဂဖိုလ်မရမယ့်လူအုပ်စုကြီးက ခုနကအန္ဓခေါ်တဲ့ နှစ်ဘက်ကန်းပုဂ္ဂိုလ်ရယ်၊ ဧကစက္ခုကခေါ်တဲ့လောကီ စီးပွားဥစ္စာတွေကိုသာ ရှာတတ်တဲ့ပုဂ္ဂိုလ်ရယ်၊ ဒီပုဂ္ဂိုလ်တွေကတော့ မင်္ဂဖိုလ်မရမယ့်လူစား. . . . တဲ့။

ဒွိစက္ခုကခေါ်တဲ့ နှစ်ဘက်မြင်နှစ်ဘက်လင်း၊ ပုဂ္ဂိုလ်ကသာလျှင် မင်္ဂဖိုလ်ရမယ့်လူစား။ ဒီတော့-ကောင်းပြီ ဒွိစက္ခုကဖြစ်အောင် နှစ်ဘက်မြင်နှစ်ဘက်လင်းလို့ဆိုတော့ လောကီစီးပွားဥစ္စာရတနာတွေလည်းရှာတတ်ရတယ်၊ လောကုတ္တရာစီးပွားဥစ္စာ ရတနာလည်းရှာတတ်ရတယ်လို့ဆိုတော့၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဒီနေ့ ဝါဆိုလပြည့်နေ့မှာ အကြောင်းအားလျော်စွာ မိမိတို့တတ်စွမ်းသမျှ ဒါနမှုတွေ ပြုခဲ့ကြ၊ နည်းများမဟူ, စွန့်ကြဲပေးကမ်းလှူဒါန်းမှုတွေပြုနေကြတဲ့အချိန်၊ ယခုလို ရှစ်ပါးသီလ,ကိုးပါးသီလတွေကို ထိန်းသိမ်းစောင့်ရှောက်နေကြတဲ့အချိန်၊ သမထဝိပဿနာဘာဝနာအလုပ်တွေကို ပွားများမယုတ်အားထုတ်နေကြတဲ့အချိန်. . . အဲဒါလောကုတ္တရာစီးပွား လောကီစီးပွားနှစ်ဘက်လုံးရှာထားတတ်ကြတဲ့ ဒွိစက္ခုကတွေ. . . ။

ဒီတော့ ဒီအခိုက်မှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လူသုံးမျိုးသုံးစားထဲကဖြင့် ဒွိစက္ခုကထဲမှာရောက်နေပြီ၊ အန္တသုတ် ကိုယ်လုံးပေါ် မှန်ကြီးထဲ ကိုယ့်ကိုယ်ကို ကြည့်လိုက်တဲ့အခါကျတော့ ငါတို့ ဒွိစက္ခုကထဲကပါလား. . နှစ်ဘက်မြင်နှစ်ဘက်လင်းထဲကပါလားလို့ ပရိသတ်ကြီးပေါ် မလာဘူးလား? (ပေါ် လာပါဘုရား) ကောင်းပြီ ဒွိစက္ခုကဆိုတဲ့ပုဂ္ဂိုလ်ကလည်းပဲ အနုစား,အရင့်စားရှိတယ်၊ နှစ်ဘက်မြင်နှစ်ဘက်လင်းဆိုတဲ့ပုဂ္ဂိုလ်ကလည်းပဲ အနုစား,အရင့်စားရှိတယ်. . . တဲ့။ အနုစားဆိုတာကတော့ ခုနကလောကီစီးပွားလောကုတ္တရာစီးပွား ရှာတော့နေတယ်ပေါ့၊ အကောင်းဆုံးဖြစ်တဲ့ သစ္စာလေးပါးတရားကို မြင်ပြီးတော့ ရှာတတ်တဲ့ ပုဂ္ဂိုလ်ကမှ အရင့်စား မျက်စိနှစ်ဘက်ပွင့်တဲ့သူ။

ဒီတော့-မျက်စိနှစ်ဘက်လင်းတဲ့သူဟာထပ်ပြီးတော့ ခွဲလိုက်မယ်ဆိုရင် အဲဒီမျက်စိနှစ်ဘက်လင်းတယ်ဆိုတဲ့ဟာကိုပဲ မျက်စိနှစ်ထပ်လင်းတယ်လို့ ထပ်ပြီး ပြောလို့ရသေးတယ်။ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ မျက်စိနှစ်ထပ်ပါတယ်။

http://www.dhammadownload.com



ဒကာ,ဒကာမတွေမှာ မျက်စိဘယ်နှစ်ထပ်ပါတုန်း? (နှစ်ထပ်ပါ,ပါဘုရား) ထဲမျက်စိတဲ့,ဉာဏ်မျက်စိ၊ ကံမျက်လုံး ဉာဏ်မျက်လုံးလို့ မျက်လုံးနှစ်ထပ်ပါတယ် တဲ့၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေပဲ လူ့ဘဝခန္ဓာကိုယ်ပေးလိုက်တဲ့ ကံကလေးက အဲဒီမျက်စိနှစ်ထပ်ကိုတပ်ဆင်ပြီးတော့ပေးလိုက်တယ်၊ ကံမျက်လုံး,ဉာဏ်မျက်လုံး။ မျက်စိနှစ်ထပ်ကဘာတုန်းဆိုရင် ကံမျက်လုံးနဲ့ ဉာဏ်မျက်လုံး၊ (၁)နံပါတ်က ကံမျက်လုံး။ (၂) နံပါတ်က ဉာဏ်မျက်လုံး။ ပရိသတ်ကြီးမျက်စိနှစ်ထပ်က (၁)နံပါတ်က ဘာမျက်လုံးတုံး? (ကံမျက်လုံးပါဘုရား)။ (၂)နံပါတ်က? (ဉာဏ်မျက်လုံးပါဘုရား)။

ကံမျက်လုံးဆိုတာ ဘုန်းကြီးတို့ ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတွေ အမေမွေးလိုက်ထဲကပါလာတဲ့ ပကတိမျက်စိနှစ်ကွင်းလို့ခေါ်တဲ့ မျက်စိနှစ်စုံသည် ကံမျက်လုံး၊ မိမိတို့ရဲ့ ဝမ်းထဲမှာ နှ လုံးသားပေါ်မှာမှီပြီးတော့ ဖြစ်ပွားတဲ့ အသိဉာဏ်ဓာတ်ဆိုတဲ့ ဘုရားသာသနာတော်ကြီးကို အမှီပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ အသိဉာဏ်ဓာတ်ခေါ်တဲ့ ဉာဏ်စက္ခုကြီးက ဉာဏ်မျက်လုံး။ ဒီတော့ ကံမျက်လုံးက မျက်နှာပေါ်မှာရှိတယ်၊ ဉာဏ်မျက်လုံးကဝမ်းထဲမှာရှိတယ်၊ ကံမျက်လုံးက မျက်နှာပေါ်မှာရှိတယ်၊ ပရိသတ်ကြီးကံမျက်လုံး ဘယ်ထဲမှာတုန်း? (မျက်နှာမှာရှိပါဘုရား) ဉာဏ်မျက်လုံးက ဝမ်းထဲမှာရှိတယ်၊ ဉာဏ်မျက်လုံးကဘယ်မှာရှိတုန်း? (ဝမ်းထဲမှာရှိပါဘုရား) နှစ်လုံးသားဟဒယဝတ္ထုပေါ်မှာမှီပြီးတော့ ဖြစ်ပါတယ် ဉာဏ်မျက်လုံးက။

ဒီတော့ မျက်စိနှစ်ဘက် ဒွိစက္ခုကလို့ဆိုတာ လောကီစီးပွား လောကုတ္တရာစီးပွားရှာတတ်လို့ ဒွိစက္ခုကခေါ်တာတော့ဟုတ်ပြီ၊ အဲဒီဒွိစက္ခုက,ကကံမျက်လုံးနဲ့ လည်းဆိုင်တယ်၊ အဲ-ဒွိစက္ခုက-နှစ်ထပ်မြင်,နှစ်ထပ်လင်းဆိုတဲ့ ပုဂ္ဂိုလ်အဖြစ်မျိုးရောက်အောင်ကျတော့ ဉာဏ်မျက်လုံးနဲ့သာဆိုင်တယ်. . . တဲ့။ ဒီတော့-အဲဒီ ဉာဏ်မျက်လုံးနဲ့မြင်တတ်ရမယ်၊ လောကကြီးမှာ ကံမျက်လုံးနဲ့ချည်းကြည့်မနေနဲ့တဲ့ ဘုရားက၊ ဉာဏ်မျက်လုံးကိုလည်းအသုံးချကြည့်။ ဒီတော့ ကံမျက်လုံးကဘာမြင်တတ်တုန်းလို့ဆိုတော့-သမ္မုတိသစ္စာကိုမြင်တတ်တယ်။ ဉာဏ်မျက်လုံးကမှ ပရမတ္ထသစ္စာကိုမြင်တယ်. . တဲ့ ဘုရားက၊ ကံမျက်လုံးကသမ္မုတိသစ္စာကိုမြင်တယ်၊ ဉာဏ်မျက်လုံးကပရမတ္ထသစ္စာကိုမြင်တယ်။ သမ္မုတိသစ္စာဆိုတာ သူကယောကျာ်း, သူကမိန်းမ,သူကအရပ်ရှည်တယ်,သူကအရပ်ပုတယ်,သူကအထီး,သူကအမ, သူကတိရစ္ဆာန်,သူကလူစသည်ဖြင့် အဲဒီလိုလူပဲ,နတ်ပဲ,မိန်းမပဲ,ယောကျာ်းပဲ စသည်

http://www.dhammadownload.com



ဖြင့်ပြောဆိုရတဲ့, သတ်မှတ်ထားရတဲ့ သစ္စာတွေက သမ္မုတိသစ္စာ။

ဒီတော့-ကံမျက်လုံးနဲ့ကြည့်လိုက်ရင် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ သူကယောက်ျားပဲ,သူကမိန်းမပဲလို့ မသိကြဘူးလား? (သိပါဘုရား) အဲဒီ-ကံမျက်လုံးကသမ္မုတိသစ္စာကိုလည်းသိတတ်တယ်၊ သမ္မုတိသစ္စာဆိုတာမုသားလွတ်ရုံမှန်တဲ့သစ္စာ၊ သမ္မုတိဆိုတာ အများကပိုင်းသမုတ်တာ အဟုတ်ရှိတာမဟုတ်ဘူး၊ သစ္စာဆိုတာကတော့မှန်တယ်၊ သို့သော်-မှန်ပေမဲ့လို့သူကအဟုတ်မှန်မဟုတ်ဘူး၊ မမှန့်တမှန်၊ မုသားလွတ်ရုံမှန်တဲ့အမှန်ခေါ်တယ်၊ ယောက်ျားတစ်ယောက်ကို ယောက်ျားမဟုတ်ဘူးလို့ သွားပြောရင်မုသားမလွတ်မဖြစ်ဘူးလား?(ဖြစ်ပါဘုရား)၊ မိန်းမတစ်ယောက်ကို မိန်းမမဟုတ်ဘူးလို့သွားပြောရင် ပရိသတ်ကြီးမုသားမဖြစ်ဘူးလား?၊ (ဖြစ်ပါဘုရား) မုသာဝါဒသီလကြီးမပျက်ဘူးလား? (ပျက်ပါဘုရား)။ ဒီတော့ သမုတိသစ္စာမှန်တဲ့အမှန်က မုသားလွတ်ရုံအမှန်လို့ခေါ်တယ်။ ဒီတော့ အဲဒီသမုတိသစ္စာကိုကျတော့ ကံမျက်လုံးနဲ့ မြင်နိုင်တယ်,မြင်တတ်တယ်။

ဒီတော့ အဲဒီကံမျက်လုံးနဲ့မြင်တတ်ရုံနဲ့ ဘုရားက မင်္ဂဖိုလ်မရသေးဘူးတဲ့၊ ဝိပဿနာအစစ်မဖြစ်သေးဘူးတဲ့၊ ဝိပဿနာအစစ် နှစ်ဘက်မြင်နှစ်ဘက်လင်း,နှစ်ထပ်မြင်နှစ်ထပ်လင်းဖြစ်ချင်ရင် ပရမတ္ထသစ္စာဆိုက်အောင် မြင်တတ်ရတယ်. . တဲ့။ ဒီတော့ သမုတိသစ္စာယောက်ျားပဲ မိန်းမပဲလို့မြင်လိုက်တဲ့အမြင်ရဲ့အောက်မှာ ပရမတ္ထသစ္စာအနေနဲ့ ကြည့်လိုက်တော့ဘာရှိတုံး အဟုတ်ရှိတာက ရုပ်နာမ်၊ အဟုတ်ရှိတာကဘာရှိတာပါလိမ့်? (ရုပ်နာမ်ပါဘုရား) အဲဒါ ပရမတ္ထသစ္စာ။

ပရမတ္ထသစ္စာဆိုတာ အဟုတ်ကိုရှိတဲ့မှန်တဲ့သစ္စာ၊ တစ်ကယ်ရှိတဲ့အမှန်ရှိသစ္စာ အဲဒါကိုပရမတ္ထသစ္စာလို့ခေါ်တယ်။ ဒီတော့အဲဒီပရမတ္ထသစ္စာဖြစ်တဲ့ ရုပ်နာမ်ရယ်၊ အဲဒီ ရုပ်နာမ်ရဲ့အပေါ်မှာမှီတွယ်ဖြစ်နေတဲ့ အိုခြင်း,နာခြင်း, သေခြင်းဆိုတဲ့ ဒုက္ခတွေရယ်၊ အဲဒီတရားတွေကျတော့ ဉာဏ်မျက်လုံးနဲ့ ကြည့်မှမြင်နိုင်တယ်၊ မျက်စိနှစ်ထပ်ရှိတဲ့ အနက်က ကံမျက်စိနဲ့မြင်လို့ ကြည့်လို့ မမြင်ဘူးတဲ့၊ ဉာဏ်မျက်စိနဲ့ကြည့်မှမြင်တယ်။ အဲဒီပရမတ္ထသစ္စာကျတော့ ဖွင့်ပြီးတော့ကြည့်လို့ မရဘူး၊ မှိတ်ကြည့်မှမြင်တယ်။

ဘုန်းကြီးတို့ ပကတိ လောကအရာဝတ္ထုတွေကို ကံမျက်စိနဲ့ကြည့်တာကျ

http://www.dhammadownload.com



တော့ ဖွင့်ကြည့်ရတယ်၊ မျက်စိမှိတ်ထားလို့ရှိရင်မမြင်ဘူး၊ ဟိုနားမှာ လူတွေ, ယောကျ်ားတွေ,မိန်းမတွေကို လှမ်းကြည့်ချင်ရင် ကံမျက်လုံးလို့ခေါ်တဲ့ မျက်နှာပေါ်မှာ တပ်ထားတဲ့ ကံကပေးလိုက်တဲ့မျက်လုံးကို ဖွင့်ကြည့်မှမြင်တယ်၊ မှိတ်ကြည့်ရင် မမြင်ဘူး။ ပရမတ္ထသစ္စာဆိုတဲ့ ရုပ်နာမ်တရားကျတော့ မှိတ်ပြီးကြည့်မှမြင်တယ် ဖွင့်ကြည့်ရင်မမြင်ဘူး၊ ပြောင်းပြန်ကြီးသူတို့နှစ်ခုက၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ပရမတ္ထသစ္စာဆိုက်အောင်မြင်တတ်မှ ဒွိစက္ခုက အစစ်ဖြစ်ကြမယ်. . တဲ့၊ ဒီတော့ ပရမတ္ထသစ္စာဆိုက်အောင် ကြည့်ဖို့ရာအတွက်ဘယ့်နှယ့်လုပ်ရမတုံး လို့ဆိုတော့ မြတ်စွာဘုရားက-

* နစ သက္ကာ ကိဉ္စိ အဒိဋ္ဌာဒိနဝံ ပဟာတုံ့,

အဝိဒိတာနိသံသံ ဝါ အဓိဂန္တုံ။

မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ အဒိဋ္ဌာဒိနဝံ-မမြင်အပ်သော အပြစ်ရှိသည်ကို၊ (ဝါ) အပြစ်ကို မမြင်ဘူးဆိုရင်၊ ပဟာတုံစ-ပယ်စွန့်ခြင်းငှာလည်းပဲ၊ နသက္ကာ-မတတ်ကောင်းဘူး,မစွမ်းနိုင်ဘူး၊ မသိအပ်တဲ့ ပြစ်ချက်ကို မြင်အောင်ကြည့်တော့မှ ပရမတ္ထသစ္စာဖြစ်တဲ့ရုပ်နာမ်ရဲ့အပေါ်မှာ ခင်တွယ်မှု လျော့ လာမယ်. . . တဲ့ နည်းလာမယ်။ အဲဒီ အပြစ်ကိုမြင်လို့လျော့လာပြီး ခင်တွယ်မှုတွေ နည်းသွားမှ နိဗ္ဗာန်တရားကို လိုချင်မှုတိုးလာတယ်. . တဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမ တွေ နိဗ္ဗာန်ကို တော့လိုချင်ကြပါတယ်၊ ပရိသတ်ကြီး နိဗ္ဗာန်မလိုချင်ဘူးလား?(လိုချင်ပါဘုရား) လိုချင်တာက နှုတ်ဖျားလိုချင်တာရှိတယ်၊ ဝမ်းထဲကပါပြီးတော့လိုချင် တာရှိတယ်၊ လိုချင်တာနှစ်မျိုးနှစ်စားမရှိဘူးလား?(ရှိပါဘုရား)။

ဘာကုသိုလ်ပဲလုပ်လုပ် ဘုန်းကြီးတို့ ဒကာဒကာမတွေ နိဗ္ဗာန်ရ,ရပါလို၏၊ နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်ပါစေလို့တော့ဆုမတောင်းကြဘူးလား?၊ (တောင်းကြပါဘုရား) သို့သော်-နှုတ်ဖျားမှာ မိရိုးဖလာအတိုင်းတောင်းနေတဲ့ဆုတောင်းက အဲဒါ မြတ်စွာဘုရားက အပြစ်မမြင်ဘဲနဲ့,အကျိုးမမြင်ဘဲနဲ့ တောင်းတဲ့အတောင်း. . တဲ့၊ ပြောတဲ့အပြောတဲ့၊ ဒီတော့ နိဗ္ဗာန်ကိုရချင်ရင်,နိဗ္ဗာန်လိုချင်ရင်, နိဗ္ဗာန်ကိုကြည့်ချင်ရင် နိဗ္ဗာန်ရဲ့အာနိသင်ကလေးလည်း သိမှကောင်းတယ်. . တဲ့၊ နိဗ္ဗာန်ရဲ့ ချမ်းသာပုံ နိဗ္ဗာန်ရဲ့ကောင်းမြတ်ပုံ,နိဗ္ဗာန်ရဲ့မင်္ဂလာရှိပုံကလေးတော့ သိအုံးမှဖြစ်မယ်တဲ့၊ ဒါကြောင့်-

---

* ဝိသုဒ္ဓိ-၁၊ ၂၈၇။

http://www.dhammadownload.com



**အဝိဒိတာနိသံသံ-** မသိသောအာနိသင်ရှိသော၊ (ဝါ) အကျိုးအာနိသင်မှမသိရဘူးဆိုရင်၊ အမိဂန္တုံ-နိဗ္ဗာန်ကိုရခြင်းငှာ၊ နသက္ကာ-စိတ်ထဲက စွဲစွဲလန်းလန်းကြီးမရှိပါ. . .၊ နိဗ္ဗာန်ရဲ့ အရသာမှမသိရင် နိဗ္ဗာန်ဘယ်လိုဟာမှန်း မသိလို့ရှိရင်လည်းပဲ နိဗ္ဗာန်ရချင်စိတ်မပြင်းဘူးတဲ့၊ မိရိုးဖလာအတိုင်းနိဗ္ဗာန် ပေါ့ပေါ့လေးတောင်းတဲ့ ဆုတောင်းဆိုရင် အဝိဇ္ဇာမလွတ်တဲ့ဆုတောင်းပဲ. . တဲ့ သူဟာက၊ ကောင်းပြီဒါဖြင့် နိဗ္ဗာန်ရဲ့ အရသာပြင်းပြင်းထန်ထန်သိချင်ရင် နိဗ္ဗာန်ရဲ့အကျိုးရှိပုံ အာနိသင်ရှိပုံသိချင်ရင် ဘယ့်နှယ့်လုပ်ရမှာတုံးလို့ဆိုတော့-တိုက်ရိုက်ကတော့ အရိယာဖြစ်မှပဲသိတယ်၊ ဘုန်းကြီးတို့သောတာပန်အောက်ထစ်ဆုံးဖြစ်မှ နိဗ္ဗာန်ကိုတိုက်ရိုက်မြင်တယ်၊ ပုထုဇဉ်ဆိုလို့ရှိရင်နိဗ္ဗာန်ကို တိုက်ရိုက်မမြင်ဘူး။ ဒါဖြင့်ဘယ့်နှယ့်လုပ်ရမတုံးဘုရား. . . လို့ဆိုတော့ မြတ်စွာဘုရားက-

**အဒိဋ္ဌာဒီနဝံ ပဟာတုံ။**

ရုပ်နာမ်ခန္ဓာရဲ့အပြစ်ကိုမမြင်လို့ရှိရင်လည်းပဲ ပယ်စွန့်ခြင်းငှါမတတ်ကောင်းဘူး၊ မပယ်ချင်ဘူး. . . တဲ့ရုပ်နာမ်ခင်နေတယ်။ ဒီတော့-ရုပ်နာမ်ရဲ့အပြစ်ကို မြင်အောင်ကြည့်ရမယ်၊ ကောင်းပြီ- ရုပ်နာမ်ရဲ့အပြစ်ကိုမြင်အောင်ကြည့်မယ်ဆိုတော့ ရုပ်နာမ်အပြစ်မြင်အောင်ကြည့်နည်းတွေ ဘုရားရှင်ကိုယ်တော်မြတ်က မြောက်မြားစွာဟောထားတယ်၊ အဲဒီမြောက်မြားစွာဟောထားတဲ့အနက်က ဒီနေ့ ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတွေကို-

**ဂဏ္ဍာတော သမနုပဿေယျ-**

ဣမံ ကာယံ-ဤရုပ်နာမ်ခန္ဓာ,နှစ်ဖြာကာယကြီးကို၊ ဂဏ္ဍာတော-အနာကြီးအားဖြင့်,ရောဂါသည်ကြီးအားဖြင့်၊ သမနုပဿေယျ-ရှုရာ၏. . လို့ မဇ္ဈိမပါဠိတော်မှာလာတယ်၊ ဒီခန္ဓာကိုယ်ကြီးကို ရောဂါသည်ကြီးအဖြစ်နဲ့ အနာကြီးအဖြစ်နဲ့ ရှုကြည့်ပြီးတော့ ရုပ်နာမ်ခန္ဓာရဲ့ အနာတုံးကြီးဖြစ်ပုံ ရောဂါတုံးကြီးဖြစ်နေပုံကို ဉာဏ်နဲ့သုံးသပ်နိုင်လေလေ အဲဒီရောဂါတုံးကြီးဖြစ်တဲ့ ရုပ်နာမ်ခန္ဓာရဲ့ငြိမ်းရာ မရှိရာ အေးရာဖြစ်တဲ့ နိဗ္ဗာန်တရားမြတ်ရဲ့ချမ်းသာပုံပေါ် လေလေ။ ရုပ်နာမ်ခန္ဓာရဲ့ အပြစ်ကိုအစိတ်သားမြင်အောင်ကြည့်တတ်ရင် နိဗ္ဗာန်ရဲ့အရသာ အစိတ်သားပေါ် လိမ့်မယ်တဲ့ဘုရားက။ ရုပ်နာမ်ခန္ဓာရဲ့ အပြစ်ကို တပိဿာ မြင်အောင်ကြည့်တတ်ရင် နိဗ္ဗာန်ရဲ့အရသာ တပိဿာပေါ် လိမ့်မယ်။ ဒီတော့ရုပ်နာမ်ခန္ဓာရဲ့အပြစ်ကို မြင်အောင်ကြည့်နိုင်လေလေ နိဗ္ဗာန်ရဲ့အရသာပေါ် လေလေ။

http://www.dhammadownload.com



ဒီတော့-ဒီနေ့ဒုက္ခသစ္စာရုပ်နာမ်ခန္ဓာရဲ့ အပြစ်ကိုမဖျိမပါငြိတော်မှာလာတဲ့ ဂဏ္ဍတော-လို့ခေါ်တဲ့ရောဂါသည်ကြီး,အနာတုံးကြီးအဖြစ်နဲ့ရှုရအောင်၊ ဒီတော့ မြတ်စွာဘုရားက ဒီရုပ်ခန္ဓာကြီးကို အနာသည်ကြီး. . . တဲ့၊ ရောဂါတုံးကြီး, ရောဂါသည်ကြီးလို့ဟောထားတယ်။ ဒီတော့ ရောဂါသည်ကြီးဆိုတော့ ဘာရောဂါတွေတုံး ကိုးဆယ်ခြောက်ဖြာရောဂါတွေပြည့်လို့၊ ကိုးဆယ်ခြောက်ဖြာဘေးရောဂါတွေမှန်သမျှ ဒီခန္ဓာကိုယ်ထဲကထွက်တယ်၊ ဒီခန္ဓာကိုယ်ကြီးထဲကပေါ်တယ်။

အနာရောဂါပေါင်းစုံတွေဖြစ်တယ်ဆိုတာကတော့ ဘုန်းကြီးတို့ဒကာဒကာမတွေဒီခန္ဓာကိုယ်ကြီးသိပြီးသားပဲ၊ အဲဒီအနာတွေထဲမှာမှ နာတာအရှည်ဆုံးဖြစ်တဲ့ရောဂါတုံးကြီးကိုရှုကြ. . . . တဲ့၊ ဒီခန္ဓာကိုယ်ကြီးက နာတာရှည်ရောဂါသည်ကြီး၊ ဘာနာတွေတုံးလို့ဆိုတော့-"ရောဂါမျိုးတွေ,မရေနိုင်အား,များသော်ငြားလည်း. . . "ဒီပြင် အပယိကရောဂါတွေကတော့ ဘုန်းကြီးတို့ဒကာ,ဒကာမတွေသိကြပါတယ်။ နာတာရှည်မဟုတ်ဘူး အဲဒီရောဂါတွေက။ ဆေးချက်တွေလို့ရှိရင် ပျောက်သေးတယ်၊ ဒီဘဝမှာဆေးဝါးနဲ့တွေ့ရင် ဆရာကောင်းသမားကောင်းနဲ့ကြုံရင်ဘယ်လောက်ပဲ နာတာရှည်ပါတယ်ဆိုတဲ့ရောဂါတွေပင်ဖြစ်ပါစေ ပျောက်သေးတယ်၊ အဲ-ဘယ်လောက်ပဲ သမားကောင်းကောင်း၊ ဘယ်လောက်ပဲဆေးဝါးတွေ ကောင်းကောင်းမပျောက်တဲ့ နာတာရှည်ရောဂါကြီးရှိသေးတယ်. . . တဲ့ ဒီခန္ဓာကိုယ်မှာ။ ဒီတော့-အဲဒီရောဂါကြီးကဘာရောဂါကြီးတုံးလို့ဆိုတော့-

❖ ရောဂါမျိုးတွေ, မရေနိုင်အား, များသော်ငြားလည်း၊
ကြားချင် မြင်ချင်, စားသောက်ချင်နှင့်, လိုအင်သီးသီး,
ဆာနာကြီး, ဦးစီးခေါင်းချုပ်တည်. . . .။

ဆာနာကြီးတဲ့၊ နာတာရှည်ရောဂါကြီးပြောစမ်းပါဆို ဆာနာရောဂါကြီး၊ ဒီခန္ဓာကိုယ်မှာစွဲလာတဲ့ နာတာရှည်ထဲမှာဖြင့် အရှည်ဆုံးနာတာရှည်ရောဂါကြီး၊ သံသရာနဲ့ ချည်ပြီးတော့စွဲလာတဲ့ ရောဂါရှည်ကြီး ပြောစမ်းပါလို့ဆိုရင်ဆာနာရောဂါကြီး. . . ပရိသတ်ဘာရောဂါကြီးတုံး ?(ဆာနာရောဂါကြီးဘုရား) ဆာနာရောဂါကြီး။ ဒီတော့-အဲဒီဆာနာရောဂါ ကြီးကျတော့ သံသရာနဲ့ချည်ပြီးစွဲလာတာမို့လို့ မပျောက်ဘူးတဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ အခုကာလပြောကြတယ် ဆီးချိုတို့,သွေးတိုးတို့ဆိုတာနာတာရှည်လို့ ပြောကြတယ်၊ သမားကောင်းနဲ့တွေ့ရင်,ဆေးကောင်းနဲ့တွေ့ရင် မပျောက်နိုင်ဘူးလား? (ပျောက်နိုင်ပါဘုရား) ဒီဘဝမှာစွဲနေတယ်. . . ပျောက်ကို မပျောက်ပါဘူး၊ ဒီဘဝဖြင့် ဒီရောဂါနဲ့

http://www.dhammadownload.com



ကွယ် လွန်သွားတာပဲဆိုအုံးတဲ့၊ ဒီဘဝပဲစွဲနိုင်ပါတယ်၊ နောက်ဘဝအဲဒီဆီးချိုသွေးတိုးက လိုက်စွဲနိုင်သလား? (မစွဲနိုင်ပါဘုရား) မစွဲနိုင်ဘူး၊ ဒါ့ကြောင့်-နာတာရှည်လို့ပြောရသော်လည်း ဘုန်းကြီးတို့ဒကာ,ဒကာမတွေသမုတ်ထားတဲ့နာတာရှည်ပါတဲ့၊ ဒီနာတာရှည်က။

သံသရာနဲ့ချည်ပြီးတော့ ဒီရုပ်နာမ်ခန္ဓာပေါ် မှာစွဲလာတဲ့ နာတာရှည်ရောဂါကြီးက-ဆာနာကြီး. . . တဲ့၊ ဘာတွေဆာတာတုံးလို့ဆိုတော့ "အာရုံခြောက်ဖြာကောင်းနိုးရာနှင့်, ဆာနာငြိမ်းရေး, ခြောက်ပါးဆေး, တိုက်ကျွေးနေ့တာရှည်. . ." ဆာနာဆိုတာ ဘာတွေဆာတာတုံးလို့ဆိုတော့ အာရုံခြောက်ဖြာဆာတဲ့အနာ၊ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ခြောက်ပါးဆေး အမြဲတိုက်ကျွေးနေရတဲ့ နာတာရှည်ရောဂါကြီးရှိတယ်. . . တဲ့ခြောက်ပါးဆေးတိုက်ကျွေးနေရတဲ့ နာတာရှည်ရောဂါကြီး၊ အဲဒီခြောက်ပါးဆေးက ဘာတွေတုံးဆိုရင် "အာရုံခြောက်ဖြာ,ကောင်းနိုးရာနှင့်. . ."အာရုံခြောက်ဖြာသင့်လျော်ရာတွေတိုက်ကျွေးနေရတယ်၊ ဘုန်းကြီးတို့ဒကာ,ဒကာမတွေရဲ့ခန္ဓာကိုယ်မှာမျက်စိပေါက်ရှိတယ်၊ အဲဒီမျက်စိပေါက်က အဆင်းမျိုးစုံရူပါရုံကိုဆာတယ်၊ အဆင်းကောင်းကောင်းလေးတွေ ပရိသတ်ကြီးမကြည့်ချင်ကြဘူးလား?(ကြည့်ချင်ပါဘုရား) ကြည့်ရအောင်မကြိုးစားရဘူးလား? (ကြိုးစားရပါဘုရား) အဲဒါ ဆာနာရောဂါတစ်မျိုးပဲ။

အသံမျိုးစုံသဒ္ဒါရုံကိုနားပေါက်ကဆာတယ်၊ နားပေါက်ကလည်းသီချင်းသံလေးတွေ, ကောင်းတဲ့သုတိ သာယာသံကလေးတွေ, သားသံကလေးတွေ,သမီးသံလေးတွေ, မြေးသံ,မြစ်သံလေးတွေကြားရအောင်,ကြားချင်နေကြတယ်၊ ကြားနေရအောင်လည်းကြိုးစားနေရတယ်၊ ပရိသတ်ကြီးမကြိုးစားရဘူးလား? (ကြိုးစားရပါဘုရား) အဲဒါ နားပေါက်ကဆာတာပဲ။ ထို့အတူနှာခေါင်းပေါက်ကဆာတယ်၊ လျှာပေါက်ကဆာတယ်၊ ကာယပေါက်ကဆာတယ်၊ မနောပေါက်ကဆာတယ်။ ဒီတော့ဒွါရခြောက်ပါးက, အာရုံခြောက်ပါးဆာလောင်မှုကြီးဆိုတဲ့ ရောဂါကြီးဟာ ဒီဘဝမှာလည်းပဲ မကုန်ဘူး၊ ဒီရုပ်နာမ်ခန္ဓာကို မစွန့်ပယ်နိုင်သမျှ ပရိသတ်ကြီး နောက်ဘဝကောမပါပေဘူးလား?(ပါ,ပါဘုရား)။

ဘုန်းကြီးတို့ ဒကာဒကာမတွေအမေ့ဝမ်းထဲကကျွတ်ကထဲက အုဝဲ အုဝဲနဲ့ဆာနာရောဂါမထခဲ့ဘူးလား?(ထခဲ့ပါဘုရား)။ ထခဲ့တော့ အမေကနို့ကလေးတိုက်

http://www.dhammadownload.com



ကျွေးလိုက်တော့ ဇိဂ္ဂါဒွါရ-လျှာပေါက်မှာဆာနာရောဂါနည်းနည်းငြိမ်းမသွားဘူးလား?(ငြိမ်းသွားပါဘုရား)။ ငြိမ်းသွားပေမဲ့လို့ပျောက်သလားလို့ဆိုတော့ နောက်ထပ် ဆာလောင်လာပြန်တော့ ဇိဂ္ဂါဒွါရ-လျှာပေါက်ကနေပြီးတော့ ဆာနာရောဂါကြီး ထပ်တလဲလဲမပေါ်ဘူးလား?၊(ပေါ်ပါဘုရား)၊ ဒီနေ့ထိအောင် အဲဒီဆာနာရောဂါကြီးငြိမ်းသွားပြီ,ပျောက်သွားပြီလို့ ဆိုလို့ဖြစ်ရဲ့လား?၊(မဖြစ်ပါဘုရား)။ဒါဖြင့် မျက်စိပေါက်ကလည်းပဲ ကြည့်ချင်တဲ့ အာရုံတွေ၊ နားပေါက်ကကြားချင်တဲ့အာရုံတွေ ထပ်တလဲလဲ, ထပ်တလဲလဲ ဒီနေ့ရှာနေကြရတယ်. . .၊ ရှာလို့မပြီးအောင်ရှာနေကြရတယ်၊ နောင်သံသရာအဆက်ဆက်လည်းရှာကြရအုံးမယ်၊ ရှေးအတိတ်ကာလဘဝတွေတုံးကလည်း ရှာခဲ့ကြရတယ်. . လို့၊ ဒီခန္ဓာကိုယ်ကြီးကိုကြည့်လိုက်တော့ ရောဂါသည်ကြီး၊ ရောဂါကုလို့ နေ့ရှိသမျှဆေးတိုက်ကျွေးနေလို့ မပျောက်တဲ့ ရောဂါသည်ကြီး. . တဲ့ ဒါ့ကြောင့်-ပရိသတ်ကြီးနည်းနည်းလေး လိုက်ဆိုကြည့်စမ်းပါ-

❖ နေ့ရှိသမျှ, တိုက်ကျွေးရ, များလှရောဂါသည်၊
ကျွေးပါသော်လည်း, မငြိမ်းဘဲ, ဆာမြဲဆာတော့သည်၊
အာရုံခြောက်ဖြာ, ကောင်းနိုးရာနှင့်, ဆာနာငြိမ်းရေး,
ခြောက်ပါးဆေး, တိုက်ကျွေးနေ့ကြာရှည်။

ဘုန်းကြီးတို့ဒကာ,ဒကာမတွေ အာရုံခြောက်ပါးဆိုတဲ့ ခြောက်ပါးဆေးလေးနဲ့တိုက်ကျွေးပြီးတော့လာခဲ့ရတာ ဒီဘဝမှာ ဘယ်လောက်ကြာပြီတုံးဆိုတော့ အမေ့ဝမ်းကကျွတ်ကတည်းကကျွေးခဲ့ရတာ၊ သံသရာနဲ့ချည်ပြီးတော့ကြည့်လိုက်ရင်လည်းပဲ သံသရာအဆက်ဆက်ကကျွေးခဲ့ရတယ်၊ ဒါ့ကြောင့် "ခြောက်ပါးဆေး, တိုက်ကျွေးနေ့ကြာရှည်" တဲ့၊ နေ့ပေါင်း,လပေါင်း,နှစ်ပေါင်း,ဘဝပေါင်း ပရိသတ်ကြီး ရေနိုင်ပါ့မလား?(မရေနိုင်ပါဘုရား) ဒီတော့ ဒီခန္ဓာကိုယ်ဟာနာတာရှည်ရောဂါသည် ကြီး. . လို့ ဘုရားကဟောတာမှန်သလား,မှားသလား?(မှန်ပါဘုရား)။ အဲဒါ မာဂဏ္ဍိယပရိဗိုဇ်ကိုမြတ်စွာဘုရားဟောတာ၊ မာဂဏ္ဍိယပရိဗိုဇ်ကို မြတ်စွာဘုရားဟောတော်မူတဲ့ စကားဖြစ်ပါတယ်။

*မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဘုရားရှင် တစ်ခါတော့ ကုရုတိုင်း ကမ္မာသဓမ္မဆိုတဲ့ နိဂုံးကြီးကိုရောက်လာတယ်။အဲဒီရောက်လာတော့ ကမ္မာသဓမ္မနိဂုံးမှာ ကျောင်းရယ်လို့ ဘုရားအတွက်ဆောက်ထားတာက မရှိတော့၊

* မ-၂၊ ၁၆၉။ မ-ဋ္ဌ-၃၊ ၁၄၆။

http://www.dhammadownload.com



မြတ်စွာဘုရား အဲဒီကမ္မာသဓမ္မနိဂုံးထဲ ဘာရဒွါဇအနွယ်ရှိတဲ့ ပုဏ္ဏားကြီးရဲ့ မီးပူဇော်တဲ့ အဆောင်ထဲမှာ တည်းရတယ်၊ ပုဏ္ဏားတွေဆိုတာ မီးပူဇော်တတ်တယ်၊ ဒီတော့-မီးပူဇော်တယ်ဆိုတဲ့ အဆောင်ဆိုတာသူတို့က အမြတ်တနိုးထားတာ၊ အဲဒီ မီးပူဇော်တဲ့ အဆောင်ထဲမှာ တိဏသန္ထာရကခေါ်တဲ့ မြက်အခင်းလေးခင်းပြီးတော့ ပေးလို့ ဘုရားရှင်ကိုယ်တော်မြတ် အဲဒီမှာ ညသီတင်းသုံးတော်မူ။

အဒီလို့ သီတင်းသုံးတော်မူပြီးတော့ မနက်ကျတော့ စောစောမြတ်စွာ ဘုရားက ကမ္မာသဓမ္မနိဂုံးကြီးမှာ မြတ်စွာဘုရားဆွမ်းခံဝင်တော်မူတယ်၊ နောက် ဆွမ်းဘုဉ်းပေးတော်မူတယ်၊ ဆွမ်းဘုဉ်းပေးတော်မူပြီးမှ ဘုရားရှင်ကိုယ်တော်မြတ် သည်၊ နေ့သန့်ဖို့ရာလို့ဆိုပြီးတော့ အဲဒီကမ္မာသဓမ္မနိဂုံးကြီးရဲ့အံနီးက တောအုပ် ကြီးထဲဝင်ပြီးတော့ နေ့အချိန်မှာ သီတင်းသုံးတော်မူတယ်၊ မြို့ထဲရွာထဲဆိုတော့ လူသူလေးပါးဆူဆူညံညံနဲ့ စကျုံြေပေါက်စရာတွေ,သောတအာရုံတွေများလို့ ဘုရားကသီတင်းမသုံးဘူး၊ တောထဲသွား သီတင်းသုံးနေတော်မူတယ်၊ အဲဒီအချိန် မှာ ဘယ်သူရောက်လာတုန်းလို့ဆိုတော့--

အထခေါ မာဂဏ္ဍိယော ပရိဗ္ဗိဇကော ဇင်္ဃဝိဟာရံ
အနုစင်္ကမမာနော အနုဝိစရမာနော ။

အဒီကမ္မာသဓမ္မနိရုံးကြီးက မာဂဏ္ဍိယဆိုတဲ့ ပုဏ္ဏားတစ်ယောက်က လမ်း လျှောက်ရင်းနဲ့ ကိုးနာရီ,ဆယ်နာရီလောက်လမ်းလျှောက်ရင်းနဲ့ အဲဒီဘာရဒွါဇ သူ့ မိတ်ဆွေပုဏ္ဏားကြီးအိမ်ဝင်လာတယ်။ ဝင်လာတော့ မိတ်ဆွေ ပုဏ္ဏားကြီးဘာရ ဒွါဇက မိတ်ဆွေထုံးစံအတိုင်း“ဟာလာပါ,လာပါမိတ်ဆွေ. . . ထိုင်ပါထိုင်ပါ ဒီမှာ” ဆိုပြီးတော့နေရာပေး၊ ပေးတော့ မာဂဏ္ဍိယက ခုနက-မီးပူဇော်တဲ့ အဆောင် ထဲမှာ မြတ်စွာဘုရားအတွက် ညကခင်းပေးထားတဲ့ မြက်အခင်းအိပ်ရာအခင်းကို မြင်တယ်၊ မြင်တော့ သူကမေးတယ်၊ “မိတ်ဆွေ. . . ဟိုမှာမြက်အခင်းသပ်သပ် ရပ်ရပ်ခင်းထားလိုက်တာပါလား၊ ဒါဟာ ရဟန်းတော်တပါး, သမဏတစ်ပါးအ တွက် ခင်းထားတဲ့ အခင်းနဲ့တူတယ်တဲ့၊ မိတ်ဆွေအိမ်မှာသမဏညေ့်သည်ရှိသလား၊ ရဟန်းညေ့်သည်ရှိပါသလား. . . ” လို့မေး။

မေးတော့ဘာရဒွါဇပုဏ္ဏားက “ဟုတ်ပါတယ်မိတ်ဆွေ. . . ကျုပ်အိမ်မှာ သမဏတစ်ပါးညေ့်သည်အဖြစ်နဲ့ရောက်နေပါတယ်”။ “ဩ. . မိတ်ဆွေအိမ် သမဏတစ်ပါးရောက်နေတယ်ဆိုတော့ ဘယ်သူတုံး” “ရဟန်းဂေါတမပေါ့,

http://www.dhammadownload.com



ရဟန်းဂေါတမပေါ့" အဲဒီလိုပြောလိုက်တယ်ဆိုရင်ပဲ မာဂဏ္ဍိယက မျက်နှာတော် တော်ပျက်သွားတယ်ပေါ့လေ သူ့စိတ်ထဲမှာ မကြိုက်မနှစ်သက်တဲ့ အမူအရာပြပြီး တော့-

**ဒုဒ္ဒိဋ္ဌံ ဝတ ဘော ဘာရဒွါဇ အဒ္ဒသာမ၊ ယေ မယံ တဿ**
**ဘောတော ဂေါတမဿ ဘူနဟုနော သေယျံ အဒ္ဒသာမ၊**

ဘော ဘာရဒွါဇ-မိတ်ဆွေဘာရဒွါဇ. . .၊ယေမယံ-အကြင်ငါတို့သည်၊ ဘူနဟုနော- ကြီးပွားခြင်းကိုဖျက်စီးတတ်တဲ့၊ ဘောတော ဂေါတမဿ-ရဟန်းဂေါ တမ၏၊သေယျံ- အိပ်သွားတဲ့ နေရာကလေးကို၊ အဒ္ဒသာမ- တွေ့ကြရ၊မြင်ကြရ ကုန်၏၊ တေ အမှာကံ-ထိုငါတို့ အတွက်၊ ဒုဒ္ဒိဋ္ဌံဝတ-မကောင်းသဖြင့်မြင်အပ်လေစွ တကား၊ (ဝါ)-မင်္ဂလာမရှိလေစွတကား၊ (ဝါ)-မျက်စိသနလေစွတကား. . .။

"မိတ်ဆွေရယ်. . . ကျုပ်စပ်မိစပ်ရာနဲ့ ခင်ဗျားမေးရင်းနဲ့ ဒီဟာလေးက ဘယ်သူ့အိပ်သွားတာတုံးမေးလိုက်တော့ မိတ်ဆွေက ရဟန်းဂေါတမအိပ်သွား တဲ့နေရာလို့ပြောတော့ ကျုပ်ကလှမ်းကြည့်လိုက်တော့ ကျုပ်မျက်စိတွေ သနသွား လိုက်တာ. . . တဲ့မင်္ဂလာမရှိလိုက်တာ၊ ဒီနေ့ ကျုပ်ရဟန်းဂေါတမ အိပ်တဲ့နေရာကို မြင်ရတာဖြင့် ဒုဒ္ဒိဋ္ဌံ-မကောင်းသဖြင့်မြင်အပ်လေစွတကား(ဝါ) မျက်စိအမြင် မင်္ဂလာ မရှိလေစွတကား။ ဘာပြုလို့တုံးလို့ဆိုတော့ မိတ်ဆွေ. . . တဲ့ဒီရဟန်းဂေါတမဟာ ဘူနဟု-တဲ့ ကြီးပွားမှုတွေကိုဖျက်စီးနေတာ. . . . တဲ့ ဒီရဟန်းဂေါတမ။

လောကကြီးမှာကျုပ်တို့ကကြီးပွားရာ ကြီးပွားကြောင်းလုပ်ရာမှာ၊ မျက်စိက အမြင်ကောင်းကောင်း ရူပါရုံကောင်းကောင်းကလေးတွေကြည့်ရမယ်၊ မြင်ရမယ်၊ နားက အသံကောင်းကောင်းတွေကို နားထောင်နိုင်အောင်ကြိုးစားရမယ်လို့ ကျုပ် တို့ကျမ်းဂန်ကလည်းလာတယ်တဲ့၊ ကျုပ်တို့ဗြာဟ္မဏတွေကလည်း ဒီလိုပဲပြောဟော တယ်၊ အဲဒါရဟန်းဂေါတမက မျက်စိကချုပ်တည်းရမယ်၊ နားကချုပ်တည်းရမယ်၊ နှာခေါင်းပေါက်ကချုပ်တည်းရမယ်နဲ့ ဒွါရခြောက်ပေါက်ကနေပြီးတော့ ချုပ်တည်း ရမယ်,သိမ်းဆည်းရမယ်,စောင့်ဆည်းရမယ်. . . လို့ ဘူနဟု-တဲ့ ကြီးပွားမှုတွေကို ဖျက်ဆီးနေတဲ့ပုဂ္ဂိုလ်ပဲ၊ လောကကြီးရဲ့ကြီးပွားရေးတွေကို ဖျက်ဆီးနှောက်ယှက်နေ တဲ့ ပုဂ္ဂိုလ်ပဲ. . . တဲ့ မင်္ဂလာမရှိတဲ့ပုဂ္ဂိုလ်ပဲ"။ ဒီတော့-မာဂဏ္ဍိယကမြင်ထားတာက ဘုရားအပေါ်မှာ ကြီးပွားရေးတွေနှောက်ယှက်ဖျက်ဆီးနေတဲ့ပုဂ္ဂိုလ်ပဲ. . . တဲ့ ဒီ ပုဂ္ဂိုလ်၊ လောကကြီးလှည့်ပြီးတော့ကြီးပွားမှုတွေပိတ်ပင်နေတဲ့ပုဂ္ဂိုလ်ပဲ၊ ဒီလိုမြင်ထား

http://www.dhammadownload.com



တယ်၊ ဒါကြောင့်သူက ရဟန်းဂေါတမရဲ့ နေရာလေးပါလို့ပြောလိုက်တော့“ ဟာ-မင်္ဂလာမရှိတာမြင်ရတာပဲ” လို့ကောက်ပြောလိုက်တယ်၊ ဒီတော့-ဘာရဒွါဇက ပြောတယ်-

ရက္ခသောတံ မာဂဏ္ဍိယ ဝါစံ၊ ရက္ခသောတံ မာဂဏ္ဍိယ ဝါစံ၊

မိတ်ဆွေ. . စကားကလေးတော့ ထိန်းပြောပါနော်၊ စကားကလေးတော့ နည်းနည်း ထိန်းပြောပါ၊ ရဟန်းဂေါတမဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး. . တဲ့ သာကီဝင်မင်းမျိုးကထွက်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ပြီးတော့ လောကကြီးထဲမှာ သမဏပဏ္ဍိတ်,ဗြာဟ္မဏပဏ္ဍိတ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း သူပြောဟောတဲ့တရားကိုနာယူနေကြ,နားထောင်နေကြ,လိုက်နာနေကြတဲ့ပုဂ္ဂိုလ်တွေ မြောက်များစွာ လောကကြီးထဲပေါ် နေပါတယ်. . ။ဒီတော့ မိတ်ဆွေ. . စကားကလေးတော့ဆင်ခြင်ပြီးတော့ပြောပါ, ထိန်းပြောပါ”။ “ဟာ-မဟုတ်ဘူးမိတ်ဆွေ. . . ကျုပ်ပြောရဲတယ်၊ အခုလည်းပြောရဲတယ်၊ အဲဒီရဟန်းဂေါတမနဲ့ မျက်နှာချင်းဆိုင်ပြီးတော့လည်းပဲကျုပ်ပြောရဲတယ်”၊ “ကောင်းပြီမိတ်ဆွေ. . ဒီလိုဆိုရင်” ဘာရဒွါဇကလည်း နည်းနည်းမခံချင်ဘူးပေါ့။

ဒီတော့ “ကောင်းပြီ မိတ်ဆွေ ဒီလိုဆိုရင်အဲဒီရဟန်းဂေါတမနဲ့ မျက်နှာချင်းဆိုင်ပြောရအောင်၊ အဲဒီရဟန်းဂေါတမညနေဆို ကျုပ်အိမ်ပြန်ရောက်လာမှာ၊ ဒီနေ့ည ဒီမှာ ကျိန်းအုန်းမှာ အဲဒီတော့ မိတ်ဆွေလာခဲ့ပါလား” “ကောင်းပြီ. . လာခဲ့မယ်၊ ကျုပ်အချိန်မရွေးမျက်နှာချင်းဆိုင်နိုင်တယ်”ဆိုပြီးတော့ ခတ်မာမာပဲသူကထွက်သွားတယ်၊ ထွက်သွားပြီးတော့ သူသွားပြီးတော့မကြာခင်ဆိုပါတော့ ညနေရောက်လာတဲ့အချိန်အခါမှာ မြတ်စွာဘုရားကပြန်ကြွလာတယ်၊ ဒီအိမ်မှာ ကျိန်းဖို့ရာဆိုပြီးတော့ကြွလာ၊ ကြွလာတော့ မြတ်စွာဘုရားရောက်လာတယ်ဆိုရင်ပဲ ဘာရဒွါဇက မာဂဏ္ဍိယရဲ့မောက်မောက်မာမာပြောသွားတာလည်း တယ်မခံချင်ဘူး၊ မိတ်ဆွေမို့လို့လည်းသူက ဘာမှပြန်မပြောနိုင်ဘူး၊ ဒီတော့ မြတ်စွာဘုရားကိုတော့ ဒီအကျိုးအကြောင်းလျှောက်မှပဲဆိုပြီးတော့ စောင့်နေတာ။

မြတ်စွာဘုရားရောက်လာတော့ လျှောက်မယ်ဆိုပြီးတော့ ဘုရားနားသွားတော့ မြတ်စွာဘုရားက “ဘာရဒွါဇ. . တဲ့ မနက်တုန်းက သင်နဲ့မာဂဏ္ဍိယနဲ့ စကားလက်ဆုံကျပြီးတော့ ဒီအကျိုးဒီအကြောင်းတွေပြောကြတယ် မဟုတ်လား”လို့ဆီးမေးလိုက်တယ်၊ မြတ်စွာဘုရားကသူတို့ပြောနေတဲ့ စကားကို ဒိဗ္ဗသောတအဘိဉာဉ်

http://www.dhammadownload.com



နဲ့ ဟိုး. . . တောအုပ်ကြီးထဲကနေပြီးတော့နားထောင်နေတာ၊ မြတ်စွာဘုရားဒီကြွလာတာကိုက သက်သက်ရောက်မိရောက်ရာလာရင်း ရောက်လာတာမဟုတ်ဘူး။

ဒီဘာရဒွါဇနဲ့ မာဂဏ္ဍိယ-ကျွတ်လိမ့်မယ်ဆိုတာမြင်လို့ မာဂဏ္ဍိယပရိဗိုဇ်ရဲ့ ရှေးအတိတ်အကြောင်း ပါရမီကောင်းမှုတွေမြင်လို့၊ ရှေးအတိတ်က နှစ်ဘက်မြင်,နှစ်ဘက်လင်းဖြစ်အောင်သူ့ကိုယ်သူကြိုးစားလာခဲ့တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရဲ့ ဥပနိဿယပစ္စည်း၊ အရဟတ္တမဂ်,အရဟတ္တဖိုလ် ရစေနိုင်တဲ့ ပါရမီဓာတ်ကလေးကနှလုံးသားထဲမှာဝပ်နေတာကို ဘုရားရှင်ကမြင်တော်မူလို့ ကြွလာတော်မူရတယ်၊ သို့သော် မာဂဏ္ဍိယကသူ့ချွတ်ရအောင်လို့မို့ ကြွလာတဲ့, သူ့မဂ်လေးတန်, ဖိုလ်လေးတန်,နိဗ္ဗာန်မြတ်ကြီးပေးမယ့်ပုဂ္ဂိုလ်ကြီးကိုပင်လျှင် မဂ်လာမရှိတဲ့ အရာမြင်ရတယ်လို့ပြောတယ်။

အဲဒါမြတ်စွာဘုရားက မာဂဏ္ဍိယနဲ့ သင်ဒီလိုဒီလိုစကားတွေပြောကြတယ်မဟုတ်လား. . ဆိုပြီးတော့ ဘာရဒွါဇကလေ ကြက်သီး တွေများထလို့ "မှန်လှပါဘုရား တပည့်တော်ဒီအကြောင်းလျှောက်မလို့ပါဘုရား ဘုရားရှင်ကို၊ ဒီအကြောင်းလျှောက်မလို့ ကြံစီစိတ်ကူးနေတဲ့အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်က သိနေတော်မူပါတယ်၊ ဟုတ်ပါတယ်,မှန်ပါတယ်၊ ညနေကျတော့ သူလာပါလိမ့်မယ်"လို့ ပြောတဲ့အတိုင်းပဲ မကြာခင် မာဂဏ္ဍိယရောက်တယ်။

ရောက်လာပြီးတော့ ခုနကအတိုင်းပါပဲသူက မြတ်စွာဘုရားရဟန်းဂေါတမဟာ လောကကြီးရဲ့ စီးပွားရေးတွေ ဖျက်ဆီးနေတာပဲ၊ လောကကြီးမှာ မျက်စိကအမြင်ကောင်းဖို့ရာအတွက် ကျုပ်တို့ရှာရမယ်လို့ ကျုပ်တို့ကျမ်းဂန်ကလည်းဒီလိုလာတယ်၊ ရှာလည်းရှာရမယ်။ နားပေါက်က သာသာယာယာ အသံလေးတွေကိုကြားဖို့ရာလည်းရှာရမယ်၊ ရှာလည်းရှာသင့်တယ်၊ ရှာရမယ်လို့လည်း ကျုပ်တို့ကျမ်းဂန်ကလာတယ်နဲ့ သူကပြောလိုက်တာ၊ ဒီတော့ရဟန်းဂေါတမက ဒါတွေကိုပိတ်ပင်ရမယ်,ဆီးတားရမယ်ချုပ်တည်းရမယ်နဲ့ဟောနေတယ်၊ ဒီတော့ အရှင်ဂေါတမဟာ လောကကိုကြီးပွားရေးကို ဖျက်ဆီးနေတဲ့ ပုဂ္ဂိုလ်ပဲ. . တဲ့ ဒါ မလုပ်သင့်မလုပ်ထိုက်တဲ့ အလုပ်ပဲ"လို့ပြော၊ ဒီတော့ မြတ်စွာဘုရားက မာဂဏ္ဍိယ. . တဲ့ ငါပြောတဲ့ စကားကလေးနည်းနည်းနားထောင်ပါအုံး-

http://www.dhammadownload.com



**စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ၊**

မာဂဏ္ဍိယ. . တဲ့ သတ္တဝါတိုင်း သတ္တဝါတိုင်းရဲ့ ခန္ဓာကိုယ်မှာရှိနေတဲ့ စက္ခုဒွါရလို့ခေါ်တဲ့ မျက်စိပေါက်သည် ရူပါရုံအမျိုးမျိုးကို ဆာရတယ်. . . တဲ့ ရူပါရုံ အမျိုးမျိုးကိုရှာကြတယ်။

**သောတံ ခေါ မာဂဏ္ဍိယ သဒ္ဒါရာမံ သဒ္ဒရတံ သဒ္ဒသမ္မုဒိတံ၊**

နားပေါက်ကလည်းပဲအသံအမျိုးမျိုးကိုဆာကြတယ်၊ နှာခေါင်းပေါက်က အနံ့အမျိုးမျိုးကိုဆာကြတယ်၊ လျှာပေါက်က အရသာမျိုးစုံကိုဆာကြတယ်၊ ကိုယ်ပေါက်က ဖောဋ္ဌဗ္ဗာရုံအတွေ့အထိမျိုးစုံကိုဆာကြတယ်၊ မနောပေါက်က ဓမ္မာရုံမျိုးစုံကို ဆာကြတယ်. . တဲ့၊ အဆာရောဂါကြီး ဒီခန္ဓာကိုယ်မှာ စွဲနေတယ်မာဂဏ္ဍိယ . . တဲ့။ ငါဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ ဘုရားရှင်အဆူဆူတို့က ဒီရုပ်နာမ် ခန္ဓာကြီးသည် ရောဂါသည်ကြီးလို့ မြင်ကြတယ်. . တဲ့၊ ရောဂါသည်ကြီးလို့ မြင်ကြတယ်။ ဒီတော့ အဲဒီရောဂါသည်ကြီးက ဘာရောဂါတွေတုန်းလို့ဆိုတော့ အဆာရောဂါကြီး၊ ဆာနာကြီး။ အဲဒီဆာနာကြီးက မျက်စိပေါက်ကလည်းပဲ ရူပါရုံ အမျိုးမျိုးကိုဆာကြတယ်၊ ဆာတဲ့အတိုင်းရှာကြရတယ်။

မျက်စိပေါက်က အဆင်းမျိုးစုံရူပါရုံကောင်းကောင်းကလေးတွေရချင် မြင်ချင်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အိမ်ကောင်းကောင်းကလေးတွေ မြင်ချင် ရချင်တော့ မရှာကြရဘူးလား?(ရှာရပါဘုရား) ရှာတော့ တရားသဖြင့်ရော မတရား သဖြင့်ရော မရှာမိဘူးလား?(ရှာမိပါဘုရား) တရားသဖြင့်ရှာမိတော့ ကိစ္စမရှိဘူး၊ မတရားသဖြင့်ရှာမိတော့ အပါယ်ငရဲမကျဘူးလား?(ကျပါဘုရား)၊မာဂဏ္ဍိယ . . တဲ့ အဲဒီဆာနာရောဂါကြီးကြောင့်၊ ဆာနာရောဂါနဲ့လိုက်အောင် ရှာကြတော့၊ တရားသဖြင့် မတရားသဖြင့်တွေ ရှာကြပြီးသကာလ (၃၁)ဘုံသားတွေ အပါယ်လေး ဘုံကိုလည်း ကျကြတယ်. . .၊ အို၊နာ၊သေရေး ဒုက္ခဘေးတွေကလည်းပဲ မလွတ်နိုင် အောင်ဖြစ်နေကြတယ်. . . တဲ့။ အဲဒီလိုဆာနာရောဂါကြီးစွဲနေတဲ့ဒီရုပ်နာမ် ခန္ဓာကြီးကို ငါဘုရားရှင်ကိုယ်တော်မြတ်က-

**တံ တထာဂတဿ ဒန္တံ ရက္ခိတံ သံဝုတံ၊**

အဲဒီမျက်စိပေါက် ဆာနာရောဂါကြီးပျောက်အောင်ဆိုပြီးတော့ ငါကိုယ် တိုင်လည်း ထိန်းခဲ့တယ်. . တဿ စ သံဝရာယ ဓမ္မံ ဒေသေတိ- အဲဒီဆာနာ ရောဂါကြီးပျောက်အောင်လည်းပဲ ငါကတရားဟောပါတယ်၊ ထို့အတူပဲ နားပေါက်

http://www.dhammadownload.com



က,နှာခေါင်းပေါက်က,လျှာပေါက်က,ကိုယ်ပေါက်က,မနောပေါက်က, ဆာနာရောဂါတွေပျောက်သွားအောင် သက်သာသွားအောင်ငါကကျင့်ခဲ့တယ် ကြံခဲ့တယ်၊ သူတစ်ပါးတွေကိုလည်းပဲ အဲဒီရောဂါတွေပျောက်အောင်သက်သာအောင်ဆိုပြီးတော့ ငါဘုရားကဟောပေးတယ်. . တဲ့။

မာဂဏ္ဍိယ. . တဲ့ ဥပမာကလေးတခု ငါပြောစမ်းပါရစေ၊ လူတစ်ယောက် အနူရောဂါကြီးစွဲနေတယ်၊ အဲဒီအနူရောဂါကြီးစွဲနေတော့ ပိုးတွေကဝမ်းထဲက ထ ထလာတယ်၊ ပိုးတွေက ထလာတော့ယားတယ်၊ ယားတော့ ကုတ်ရတယ်ဖဲ့ရတယ်၊ အဲဒီလိုကုတ်ရင်းဖဲ့ရင်းနဲ့ အဲဒီပိုးတွေငြိမ်သွားအောင်ဆိုပြီးတော့ အင်မတန်ရဲနေတဲ့ မီးကျီးရဲရဲ မီးအိုးခင်းကိုပြရတယ်. . . တဲ့၊ အဲဒီ မီးအိုးခင်းကြီးပြလိုက်မှ အထဲကပိုးတွေက ငြိမ်သွားပြီးတော့ နူနာရောဂါနည်းနည်းလေးအယားသက်သာသွားတယ်။

အဲဒီလိုအယားသက်သာသွားအောင်ဆိုပြီးတော့ မီးအိုးခင်းပြပေးလိုက်၊ မီးအိုးခင်းပြတဲ့အခိုက် အယားသက်သာသွားလိုက်၊ နောင်မီးအိုးခင်းနဲ့ဝေးသွားလိုက် ယားတာလေးကပြန်ထလာလိုက်၊ ပိုးတွေကပြန်ထလာလိုက် နူနာရောဂါကြီးပြန်ထလာလိုက်၊ နူနာရောဂါပြန်ထလို့ယားလာလိုက် ကုတ်လိုက်ဖဲ့လိုက်၊ မီးအိုးခင်းကြီးပြလိုက် သက်သာသွားလိုက်နဲ့ ဒီလိုပဲ လုံးလည်ချာလည်ခပ်ပြီးတော့ နေရတဲ့ နူနာရောဂါသည်ကြီး။ အဲဒီနူနာရောဂါသည်ကြီး တစ်ချိန်ကျတော့ သူ့ရဲ့ဆွေမျိုးတွေက မဖြစ်ဘူး. . ဒီလိုသာ မီးအိုးခင်းပြရုံနဲ့ ယားနာဘေးပျောက်သွားလိုက် နည်းနည်းသက်သာလိုက် ပြန်ပေါ်လိုက်နဲ့ဆိုရင်မဖြစ်ဘူးဆိုပြီးတော့ အင်မတန်စွမ်းတဲ့ ဆေးသမားကောင်းနဲ့ ကုသလိုက်လို့အဲဒီနူနာရောဂါကြီးပျောက်သွားတယ်ဆိုခဲ့ရင်။

အဲဒီနူနာရောဂါသည်က နူနာရောဂါ ပျောက်သွားပြီးတဲ့နောက် ခန္ဓာကိုယ်ထဲမှာပိုးတွေ မရှိတော့လို့,ပိုးတွေမထိုးတော့လို့,ပိုးတွေကြောင့် ယားခြင်းယံခြင်း မရှိတော့တဲ့အချိန်မှာ အဲဒီမီးအိုးခင်းကြီးများ သူ့နားသွားပြရင် အဲဒီမီးအိုးခင်းသူက နှစ်နှစ်သက်သက်နဲ့ လက်ခံချင်အုံးမလား မာဂဏ္ဍိယ. . " "မှန်ပါဘုရား ဒီကိစ္စကတော့. . ဘယ်လက်ခံချင်တော့မတုန်း" အဲဒါဘာပြုလို့တုန်းဆိုရင် အနာပျောက်လို့. . တဲ့၊ အနာပျောက်လို့။

အဲဒီလိုပဲ (၁၁)ဘုံသားတွေမှာ ဒွါရခြောက်ပါးကနေပြီးတော့ ကိလေသာ

http://www.dhammadownload.com



ဆိုတဲ့ ရောဂါဆိုးက အတွင်းကနေပြီးတော့ထိုးပြီးဆာလာတဲ့အချိန်မှာ ယားလာတဲ့ အချိန်မှာ မီးအိုးခင်းနဲ့တူတဲ့ အဆင်းမျိုးစုံ ရူပါရုံလေးတွေကိုပြရတယ်၊ အသံမျိုးစုံ သဒ္ဒါရုံဆိုတဲ့ မီးအိုးခင်းကလေးတွေကိုကပ်ပြရတယ်၊ အနံ့မျိုးစုံဂန္ဓာရုံ,စားဖွယ် သောက်ဖွယ်မျိုးစုံရသာရုံ၊ အထိအတွေ့မျိုးစုံဖောဋ္ဌဗ္ဗာရုံ၊ ကြံစီစိတ်ကူးစရာမျိုးစုံ ဓမ္မာရုံဆိုတဲ့ မီးအိုးခင်းကလေးတွေပြရတယ်၊ ပြလိုက်တော့ နည်းနည်းသက်သာ သွားတယ်။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ရူပါရုံကောင်းကောင်းကလေးတွေမြင်ချင် တယ်၊ မြင်ချင်တဲ့အတိုင်း ကြိုးစားလို့မြင်ရတယ်ဆိုတော့ နည်းနည်းသက်သာ မသွားဘူးလား?(သက်သာသွားပါဘုရား)။ ပွဲလမ်းသဘင်တွေကြည့်ရှုချင်ကြတယ်၊ သွားပြီးတော့ကြည့်ကြတယ်၊ ကြည့်ပြီးတော့ အဲဒီကြည့်စကလေးတော့ နည်းနည်း သက်သာမသွားဘူးလား?(သက်သာသွားပါဘုရား)။ နောင်ကျတော့ ကြည့်ချင်တဲ့ ရောဂါပြန်ပြီးတော့ မထဘူးလား?(ထပါဘုရား)။ ဒီတော့ မီးအိုးခင်းကလေးပြလိုက် နည်းနည်းသက်သာလိုက်၊ မီးအိုးခင်းလေးပြလိုက် နည်းနည်းသက်သာလိုက်၊ အဲဒီရောဂါကြီးအမြစ်ပြတ်အောင်လို့ဆိုပြီးတော့ မျက်စိပေါက်က ထိန်းချုပ်,နား ပေါက်ကထိန်းချုပ်စသည်ဖြင့် မဂ်လေးတန်, ဖိုလ်လေးတန်ဆေးနဲ့ ဘုရားရှင်တို့လို ပုဂ္ဂိုလ်ကြီးက ကုသပေးလိုက်လို့ အာသဝေါကင်းကွာ ရဟန္တာယောကျ်ား, ရဟန္တာမ ကြီးတွေ ဖြစ်သွားပြီလို့ဆိုရင် ဒီရောဂါကြီးပျောက်နေတယ်။

အဲဒီရဟန္တာ အရှင်မြတ်ကြီးတွေ ရဟန္တာမ အရှင်မကြီးတွေကျတော့ အဲ ဒီရူပါရုံကောင်းကောင်းမြင်ချင်တဲ့ ရောဂါဆိုးထသေးလား?(မထတော့ပါဘုရား)။ ရူပါရုံကောင်းကောင်းဆိုတဲ့ မီးအိုးခင်းအနားပြလို့ရောအဲဒီရောဂါပိုးထသေးလား? (မထတော့ပါဘုရား)။ အဲဒီလိုအားဖြင့် မာဂဏ္ဍိယ. . တဲ့ ငါဘုရားရှင်ကိုယ်တော် မြတ်က ရောဂါသည်ကြီးဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒွါရခြောက်ပါးကနေပြီး တော့ ဆာနာရောဂါကြီးပျောက်ကင်းအောင် ငါကိုယ်တိုင်လည်းကျင့်ခဲ့ပါတယ်၊ သူတပါးတွေကိုလည်း ပျောက်ကင်းအောင်ဆိုပြီးတော့ ငါကုသနေပါတယ် မာဂဏ္ဍီ . . တဲ့။ အဲဒါ သင်ကငါ့ကိုကြီးပွားရေးနှောင့်ယှက်ဖျက်ဆီးတယ်လို့ အပြစ်တင်မ လား. . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကမေးတော်မူပြီးတော့ ဟောဒီစကားကိုပြော တာ။ ဒါ့ကြောင့်-

❖ ရောဂါမျိုးတွေ, မရေနိုင်အား, များသော်ငြားလည်း, ကြားချင် မြင်ချင်, စားသောက်ချင်နှင့်, လိုအင်သီးသီး, ဆာနာကြီး, ဦးစီးခေါင်ချုပ်တည်။

http://www.dhammadownload.com



ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဘာရောဂါကြီးဦးစီးနေတုံးလို့ဆိုရင် ဆာနာရောဂါကြီး။ ဘာရောဂါကြီးပါလိမ့်?(ဆာနာရောဂါကြီးပါဘုရား) အဲဒီ ဆာနာရောဂါကြီးက ရောဂါဘယ်နှစ်လုံးရှိတုံးဆိုရင် ခြောက်လုံး၊ ရောဂါဘယ်နှစ်လုံးတုံး?(ခြောက်လုံးပါဘုရား) မျက်စိပေါက်က,နားပေါက်က, နှာခေါင်းပေါက်က,လျှာပေါက်က,ကိုယ်ပေါက်က,မနောပေါက်က။ ဒီတော့ဆာနေတာ-မျက်စိပေါက်ကဆာလို့ ရူပါရုံကောင်းကောင်းလေးတွေပြရ၊ နားပေါက်ကဆာလို့ သဒ္ဒါရုံကောင်းကောင်းလေးတွေနားထောင်လိုက်ရနဲ့ ရောဂါသည်ကြီး. . တဲ့ ရောဂါသည်ကြီး။

ဒီတော့ မိမိခန္ဓာကိုယ်ကြီးကို ရောဂါသည်ကြီးလို့မြင်အောင်ရှုလိုက်. . တဲ့၊ မိမိကိုယ်မိမိ ရောဂါသည်ကြီးလို့ မြင်အောင်ရှုလိုက်တော့ ရောဂါသည်,ရောဂါသည်အဖြစ်နဲ့မြင်ပြီးတော့လာတော့ ရုပ်နာမ်ခန္ဓာကိုယ်ပေါ်မှာ ခင်တွယ်တဲ့ တဏှာနည်းသွားမယ်,ကျဲသွားမယ်,ပါးသွားမယ်,နောက်ဆုံးကုန်သွားမယ်၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက(၃၁)ဘုံကြီးကို နာတာရှည်ရောဂါကြီးတွေရဲ့ ဆေးရုံကြီးလို့ မြင်လိုက်၊(၃၁)ဘုံကြီးကဘာကြီးနဲ့တူတုံး?(ဆေးရုံကြီးနဲ့တူပါဘုရား) နာတာရှည်ရောဂါသည်တွေစုဝေးရာဖြစ်တဲ့ တက်ရောက်ကုသနေရာဖြစ်တဲ့ ဆေးရုံကြီးလို့မြင်လိုက်။

ဒကာ,ဒကာမတွေရုပ်နာမ်ခန္ဓာရနေတဲ့ သတ္တဝါတွေမှန်သမျှက ရောဂါသည်တွေ. . . သတ္တဝါတွေမှန်သမျှက ဘာတွေတုံး?(ရောဂါသည်တွေပါဘုရား) ရောဂါမှ နာတာရှည်ရောဂါသည်၊ သံသရာနဲ့ချီပြီးတော့ စွဲလာတဲ့နာတာရှည် ရောဂါသည်တွေ၊ ဒီတော့ သံသရာနဲ့ချီပြီးတော့ စွဲလာတဲ့နာတာရှည်ရောဂါကြီးက ဘယ်ပေါ်မှီပြီးဖြစ်တုံးလို့ဆိုတော့ ရုပ်နာမ်ပေါ်မှီဖြစ်တယ်၊ ခုနက ဆာမှုဆိုတဲ့ ဆာနာရောဂါကြီးဘယ်ပေါ်မှီဖြစ်တုံးလို့ဆိုရင် ရုပ်နာမ်ပေါ်မှီဖြစ်တယ်။ ပရိသတ်ကြီး ဆာနာရောဂါကြီး ဘယ်ပေါ်မှီဖြစ်တုံး?(ရုပ်နာမ်ပေါ်မှီဖြစ်ပါဘုရား)၊

ဒါဖြင့် ဆာနာကြီးကလည်းပဲ အနာကြီး. . လို့ဆိုရင် ကောင်းတဲ့သဘောလား,မကောင်းတဲ့သဘောလား?(မကောင်းတဲ့သဘောပါဘုရား)။ အနာရောဂါဆိုမှတော့ ပရိသတ်ကြီး ကောင်းတာလား,မကောင်းတာလား?(မကောင်းတာပါဘုရား) မကောင်းတာကို ပါဠိလိုဒုက္ခလို့ခေါ်တယ်၊ ဒါဖြင့် ရောဂါ,ရောဂါအတိုင်းမြင်တာဟာ ဒုက္ခမြင်ရာမရောက်ဘူးလား?(ရောက်ပါဘုရား)။ ဒါဖြင့် ဒုက္ခသစ္စာသိနေ

http://www.dhammadownload.com



ရာ မရောက်ဘူးလား? (ရောက်ပါဘုရား)။ ဒါဖြင့် မိမိခန္ဓာကိုယ်ကြီးမှာ နာတာရှည် ရောဂါကြီးစွဲနေတယ်၊ နာတာရှည်ရောဂါကြီးခြောက်လုံးရှိနေတယ်လို့မြင်လိုက်တဲ့ အခိုက်သည် ဒုက္ခသစ္စာကို ဒုက္ခသစ္စာအတိုင်း မြင်ရာမရောက်ဘူးလား? (ရောက်ပါ ဘုရား)။

အဲဒီရောဂါကြီးဘယ်ပေါ်မှာ စွဲမှီပြီးဖြစ်သလဲလို့ဆိုတော့ ဒီရုပ်နာမ်ခန္ဓာ ပေါ်မှာ စွဲမှီပြီးတော့ဖြစ်တယ်၊ ရုပ်စု,နာမ်စုပေါ်မှာစွဲမှီပြီးတော့ ဖြစ်တယ်. . . လို့ ဆက်မြင်လိုက်တော့ ဒီရောဂါကြီးစွဲနေတဲ့ ရုပ်နာမ်ကိုရော ကောင်းတယ်လို့ပြောမ လား,မကောင်းဘူးလို့ပြောမလား?(မကောင်းဘူးလို့ပြောမှာပါဘုရား)။ ရောဂါကြီးစွဲ နေတဲ့ အနာကြီးပေါက်နေတဲ့ ခန္ဓာကိုယ်ကို မကောင်းဘူးလို့ပဲ မပြောရဘူးလား? (ပြောရပါဘုရား) အဲဒီမကောင်းတဲ့သဘောကို ဒုက္ခလို့ပါဠိလိုခေါ်တယ်။

ဒီတော့မကောင်းတာက နာကျင်နေတဲ့ ဒုက္ခက ဒုက္ခဒုက္ခခေါ်တယ်၊ ဘုန်း ကြီးတို့ဒကာ,ဒကာမတွေ ဒုတ်နဲ့ရိုက်လိုက်လို့ နာလိုက်တာ. . မီးနဲ့တို့လိုက်လို့ ပူ လိုက်တာဆိုတာက ဒုက္ခဒုက္ခ-တစ်ကယ့်ဒုက္ခ။ အခုလိုရုပ်နာမ်ခန္ဓာရဲ့ အပေါ်မှာ ဉာဏ်မျက်လုံးနဲ့ သုံးသပ်ပြီးတော့ ကြည့်လိုက်တော့ နာတာရှည်ရောဂါကြီး စွဲနေတဲ့ ရုပ်နာမ်ခန္ဓာပဲ. . . လို့ မြင်တဲ့ အမြင်က နာနေတာတော့လည်းမဟုတ်ဘူး၊ ဒုတ်နဲ့ ရိုက်လိုက်သလိုနာသွားတာလည်း မဟုတ်ဘူး၊ မီးနဲ့တို့လိုက်သလိုပူသွားတာလည်း မဟုတ်ဘူး၊ မကောင်းတဲ့သဘောကြီးပဲ. . လို့ အခုဘုရားဟောတဲ့တရားကို နာ လိုက်တဲ့ အခိုက်မှာ မြင်မလာပေဘူးလား?(မြင်လာပါဘုရား) ဒုက္ခကိုမြင်တယ်လို့ ခေါ်တယ်၊ ဒါဖြင့် အဲဒီဒုက္ခကအမှန်ရှိတာလား,မရှိတာလား?(အမှန်ရှိတာပါဘုရား) အမှန်ရှိတာကို သစ္စာလို့ခေါ်တယ်၊ ဒါဖြင့်ဒုက္ခသစ္စာမြင်ရာမရောက်ဘူးလား? (မြင်ရာရောက်ပါဘုရား)။

အဲဒီဒုက္ခသစ္စာကြီးကို နာတာရှည်ရောဂါကြီးပဲ. . လို့ မြင်တယ်။နာတာရှည် ရောဂါ ကြီးဆိုတာက ဒုက္ခသစ္စာ။ အဲဒီနာတာရှည်ရောဂါကြီးပဲလို့ မြင်တဲ့အမြင်က မဂ္ဂသစ္စာ။ သစ္စာနှစ်ပါးပေါ်မလာဘူးလား?(ပေါ်လာပါဘုရား)နာတာရှည်ရောဂါ ကြီးကဒုက္ခသစ္စာ၊ ဆာမှုစတဲ့နာတာရှည်ရောဂါကြီးခြောက်လုံး,အဲဒီခြောက်လုံးမှီခိုစွဲ ကပ်နေရာဖြစ်တဲ့ ရုပ်နာမ်ကြီးလို့ ရုပ်နာမ်ကြီးအပေါ်မှာ ဒုက္ခအဖြစ်နဲ့ မြင်တယ်. . . လို့ဆိုတော့ အဲဒီအမြင်ခံရတဲ့ ရုပ်နာမ်နဲ့ အဲဒီနာတာရှည်ရောဂါကြီးက ဒုက္ခသစ္စာ လို့ခေါ်တယ်၊ ဘာသစ္စာပါလိမ့်?၊ (ဒုက္ခသစ္စာပါဘုရား) ကောင်းသစ္စာလား,မ

http://www.dhammadownload.com



ကောင်းသစ္စာလား? (မကောင်းသစ္စာပါဘုရား)။ မကောင်းအမှန်လား, ကောင်းအမှန်လား?(မကောင်းအမှန်ပါဘုရား) အဲဒီမကောင်းအမှန်ကို ပါဠိလိုစီရင် ဒုက္ခသစ္စာလို့ခေါ်တယ်။

အဲဒီဒုက္ခသစ္စာကို ဒုက္ခသစ္စာအမှန်အတိုင်းမြင်တယ်၊ ရောဂါသည်ကြီးအစစ်နဲ့ရုပ်နာမ်ခန္ဓာကို မြင်တယ်. . . လို့ဆိုတာကမဂ္ဂသစ္စာ၊ အဲဒီအမြင်ဟာ အမှန်မြင်လား,အမှားမြင်လား? (အမှန်မြင်ပါဘုရား)။ အမှန်မြင်ဆိုရင်သစ္စာမြင်လို့ မပြောနိုင်ဘူးလား? (ပြောနိုင်ပါဘုရား)။ မြန်မာလို အမှန်ဆိုတဲ့စကားကို ပါဠိလိုစီလိုက်ရင် သစ္စာလို့ထွက်လာတယ်၊ ဒါဖြင့်ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ရောဂါသည်ကြီးအဖြစ်နဲ့ ကိုယ့်ကိုယ်ကို မြင်တာ သစ္စာမြင်တယ်လို့မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါဘုရား)။ ဒါဖြင့် အဲဒီမြင်တဲ့တစ်ချက်ဟာ သစ္စာမြင်နေပြီ. . . လို့မပြောနိုင်ဘူးလား? (ပြောနိုင်ပါဘုရား) ။ လောကုတ္တရာမဂ်နဲ့မြင်တဲ့ သစ္စာမဟုတ်သေးသော်လည်း လောကီမဂ်နဲ့မြင်တဲ့ သစ္စာမဖြစ်ဘူးလား? (ဖြစ်ပါဘုရား)။

အဲဒီအမြင်မှန်ကို ပါဠိလိုထပ်စီရင် အမှန်ဆိုတာကသမ္မာ၊ အမြင်ဆိုတာကဒိဋ္ဌိ၊ နှစ်ရပ်ပေါင်းလိုက်တော့ ဘာဖြစ်တုံး? (သမ္မာဒိဋ္ဌိပါဘုရား)၊ ဒါဖြင့် သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂင်သစ္စာမှာ သမ္မာဒိဋ္ဌိ မဂ္ဂင်ကရှေ့ဆုံးကမလာဘူးလား?(လာပါဘုရား)၊ ဒါဖြင့် နာတာရှည်ရောဂါလုံးကြီးဆိုတာကဒုက္ခသစ္စာ၊ သူ့ကိုနာတာရှည်ရောဂါကြီးပဲလို့ မြင်တာကမဂ္ဂသစ္စာလို့ဆိုလိုက်တော့ ဒီရုပ်နာမ်ခန္ဓာဟာ ဒီနာတာရှည်ရောဂါကြီးစွဲနေတာပဲ. . လို့သိသည်နဲ့တပြိုင်နက် ဒီရုပ်နာမ်ခန္ဓာပေါ်မှာခင်တွယ်တဲ့ တဏှာရှိသေးရဲ့လား?၊ (မရှိတော့ပါဘုရား)၊ဒီခင်တွယ်တဲ့ တဏှာပျောက်သွားတာ ဘာဖြစ်လို့ ပျောက်သွားသလဲဆိုရင် အပြစ်ကို,အပြစ်တိုင်းမြင်လို့. . အပြစ်ကိုအပြစ်တိုင်း မမြင်ဘူးလား? (မြင်ပါဘုရား)။

အဲဒီအပြစ်ကို အပြစ်တိုင်းမြင်တာက ဝိဇ္ဇာ. . . တဲ့ သမာဒိဋ္ဌိလို့လည်းခေါ်တယ်၊ ဝိဇ္ဇာလို့လည်းခေါ်တယ်။ အဲဒီအပြစ်ကိုအပြစ်အတိုင်း မမြင်ဘူးဆိုရင် အဝိဇ္ဇာ၊ ရုပ်နာမ်ခန္ဓာကိုယ်ပေါ်မှာ နာတာရှည်ရောဂါကြီးစွဲနေတယ်လို့မမြင်ရင် အဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာရှိလို့ရှိရင် ရုပ်နာမ်ခင်တဲ့တဏှာ မလာဘူးလား?၊ (လာပါဘုရား) အခုရုပ်နာမ်ရဲ့အပြစ်ကိုမြင်လိုက်သည်နဲ့တစ်ပြိုင်နက် အဲဒီအဝိဇ္ဇာ ပျောက်သွားပြီးတော့ တဏှာဆိုတဲ့ ခင်တွယ်မှုတရားပျောက်မသွားဘူးလား? (ပျောက်သွား

http://www.dhammadownload.com



ပါဘုရား) အဲဒါ သမုဒယသစ္စာကိုပယ်သိ,သိလိုက်တယ်. . လို့ ခေါ်တယ်။

သစ္စာလေးပါးသိတယ်၊ သစ္စာလေးပါးသိတယ်ဆိုတာ,တစ်ပြိုင်နက်သိတာပဲ၊ ဒုက္ခသစ္စာကိုပိုင်းခြားသိ,သိတယ်၊ သမုဒယသစ္စာဆိုတဲ့ တဏှာကျတော့ ပယ်တဲ့အနေနဲ့သိတယ်၊ ပယ်လိုက်တာကိုပဲ သိတယ်လို့ပြောရတယ်၊ မဂ္ဂသစ္စာခေါ်တဲ့ သမ္မာဒိဋ္ဌိကတော့ မိမိသန္တာန်ဖြစ်အောင်လုပ်ယူရတဲ့ အသိနဲ့သိတယ်၊ ဒါကို ပွားသိလို့ခေါ်တယ်၊ အဲဒီလိုသိလိုက်သည်နဲ့ တစ်ပြိုင်နက်၊ ဒီရုပ်နာမ်ခန္ဓာသည် နာတာရှည် ရောဂါတုံးကြီးပဲလို့မြင်လိုက်တော့ ဒီရုပ်နာမ်ခန္ဓာကိုယ်ပေါ်ကို မခင်တွယ်တော့ဘူးဆိုသည်နှင့်တစ်ပြိုင်နက် ဒီနာတာရှည်မျိုးမရှိရာဆိုတာဘက်ကို စိတ်ကညွတ်သွားတယ်၊ လိုချင်သွားတယ်၊အဲဒီမရှိရာဆိုတာလေးကနိရောဓသစ္စာ-နိဗ္ဗာန်လို့ခေါ်တယ်၊ မရှိရာကဘာပါလိမ့်?(နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှုကွင်းရှုကွက် မြင်ကွင်း မြင်ကွက်အနေနဲ့ ဘုန်းကြီးတို့က တစ်ခုစီရှင်းပြနေတော့ သစ္စာလေးပါးက အကျယ်ကြီး အကြာကြီးပြောနေရတယ်၊ အမှန်ကသစ္စာလေးချက်ကိုမြင်လိုက်တယ်ဆိုတာ ရုပ်နာမ်ခန္ဓာရဲ့ သဘောကို မကောင်းတဲ့သဘောကိုမကောင်းတဲ့ သဘောအတိုင်း ဖျတ်ကနဲ့ဉာဏ်တစ်ချက်မြင်လိုက်တိုင်းမြင်လိုက်တိုင်း ဒုက္ခသစ္စာကိုပိုင်းခြားသိမှု, သမုဒယသစ္စာကိုပယ်မှု,ဒီမရှိရာဘက်ကိုစိတ်ညွတ်မှုလို့ဆိုတဲ့ လေးချက်ကိစ္စတစ်ပြိုင်နက်ပြီးမသွားဘူးလား?(ပြီးသွားပါဘုရား)။

ဒါဖြင့် အဲဒီလိုပြီးသွားအောင်လုပ်ကွင်းလုပ်ကွက် အနေနဲ့ကျတော့ မိမိတို့ရှုနေကျအတိုင်း ရုပ်နာမ်ဖြစ်ပျက်၊ သို့မဟုတ်မြင်တယ်မြင်တယ်,ကြားတယ်ကြားတယ်,သိတယ်သိတယ်စသည်ဖြင့် ဝိပဿနာတစ်ချက်တည့်တိုင်း,တည့်တိုင်း ဒီသစ္စာလေးချက်ဝင်မနေဘူးလား?(ဝင်နေပါဘုရား)။ ဒါဖြင့် အဲဒီသစ္စာလေးချက်မြင်ပြီးတော့နေပြီဆိုတော့ မိမိသန္တာန်မှာ လောကီမဂ္ဂသစ္စာတွေဖြစ်ပွားမနေဘူးလား?(ဖြစ်ပွားနေပါဘုရား)။ သစ္စာလေးပါးမြင်မှုဆိုတဲ့ ဝိပဿနာတရားဖြစ်မနေဘူးလား?(ဖြစ်နေပါဘုရား)။

အဲဒီ လောကီလောကုတ္တရာစီးပွားကိုရှာတဲ့သူမှာဘုရားရှင်ကိုယ်တော်မြတ်က နှစ်ဘက်မြင်,နှစ်ဘက်လင်းထဲမှာဖြင့် အမြတ်ဆုံးဖြစ်တဲ့သူ. . တဲ့ မင်္ဂဖိုလ်

http://www.dhammadownload.com



နိဗ္ဗာန်ကိုကပ်ပြီးတော့ရှာနေတဲ့သူ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားကြီးကို ရဖို့ရာအနီးလေးမှာ လှည့်ပတ်ပြီးတော့ရှာနေတဲ့သူ။ ဒါနနဲ့ရှာတာက အဝေးကရှာတာ၊ သီလနဲ့ရှာတာက အဝေးကရှာတာ။ အခုလိုဝိပဿနာရှုပြီးတော့ ရှာနေတဲ့သူကမှ နိဗ္ဗာန်တရားကို ကပ်ပြီးတော့ ရှာတဲ့သူ၊ နိဗ္ဗာန်တရားကပ်ရှာနေတယ်ဆိုတာ ခုနကပြောခဲ့ပြီလေ၊ ခန္ဓာကိုယ်ကြီးကို နာတာရှည်ရောဂါတုံးကြီး. . လို့ မြင်အောင်ကြည့်ပြီးတော့၊ ဒုက္ခကိုဒုက္ခအတိုင်း မြင်အောင်ကြည့်ပြီးသကာလ သစ္စာလေးပါးဆိုက်အောင် ရှုပွား နိုင်တဲ့ပုဂ္ဂိုလ်ကိုမှ နှစ်ဘက်မြင်,နှစ်ဘက်လင်းတဲ့ပုဂ္ဂိုလ် နှစ်ထပ်မြင်နှစ်ထပ်လင်းတဲ့ ပုဂ္ဂိုလ် အမြတ်ဆုံးဖြစ်တဲ့ပုဂ္ဂိုလ်. . . တဲ့၊ အဲဒီလို ဖြစ်အောင်ကြိုးစားပါလို့-

**ဒွိစက္ခုံ ပန သေဝေထ, သေဋ္ဌံ ပုရိသ ပုဂ္ဂလံ။**

သေဋ္ဌံ ပုရိသပုဂ္ဂလံ-လောကမှာအမြတ်ဆုံး,အသာဆုံး,ပုဂ္ဂိုလ်လည်းဖြစ်သော၊ ဒွိစက္ခုံ ပန-နှစ်ဘက်မြင် နှစ်ဘက်လင်းဖြစ်ရုံသာမက,နှစ်ထပ်မြင်, နှစ်ထပ်လင်းဖြစ်တဲ့ ပုဂ္ဂိုလ်အဖြစ်မျိုးကိုကား၊ သေဝေထ-မိမိကိုယ်ကိုဖြစ်အောင်, သတိဆောင်၍,ကျင့်ဆောင်ကျိုးကုတ်, အားထုတ်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒီလို ဘုရားရှင်ဆုံးမတိုက်တွန်းတော်မူခဲ့သည့်အတိုင်း ဒီနေ့ ဆရာလေး ဦးမြင့်စိန်နှင့် တရားနာယောဂီ ပရိသတ်အပေါင်းသူတော်ကောင်းတို့သည်၊မိမိတို့ကိုယ် မိမိတို့ နှစ်ဘက်မြင်နှစ်ဘက်လင်း ဖြစ်ရုံသာမက၊ နှစ်ထပ်မြင် နှစ်ထပ်လင်း ဖြစ်အောင်လည်းကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း၊ ဤကဲ့သို့ ကြိုးစား အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤကဲ့သို့ကြိုးစားအားထုတ်တော်မူသွားကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း,သူတော်ကောင်းမကြီးတို့ ရအပ်,ရောက်အပ်,သိမြင်အပ်တဲ့ သန္တိသုခ,ချမ်းသာထူး,ချမ်းသာမြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ ရောက်ကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# အဘိဓမ္မာပစ္စဝေက္ခဏာမှတ်တမ်းဝိနည်းအနုဿတိ

# " ဆေးတော်ကြီး တရားတော် "

ဒီနေ့ကုသိုလ်ကောင်းမှု အနုမောဒနာ ပြုရအောင်လို့ဆိုတော့၊ ဒီနေ့မြန်မာ သက္ကရာဇ်-၁၃၄၈-ခုနှစ်၊ ပြာသိုလ်လဆန်း(၃)ရက်နေ့၊ ခရစ်နှစ်-၁၉၈၇-ခုနှစ် ဇန်န ဝါရီလ (၂)ရက် သောကြာနေ့မှာ၊အမရပူရမြို့၊မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိ ယတ်, ပဋိပတ်,သာသနာ့တာဝန်ထမ်းဆောင်နေကြသော,ဘုရားသားတော်, သံ ဃာတော် (၇၀၀) ကျော်တို့အား,နံနက်အချိန်မွန်မြတ်သော အရုဏ်ဆွမ်း,ဘောဇဉ် ဆွမ်းတို့ဖြင့်,သံဃိကဒါန,လောင်းလှူကြ,ဆက်ကပ်ကြတဲ့ ကုသိုလ်ရှင်များက ရေနံ ချောင်းမြို့ မြို့မ-မြောက်ရပ်မှာ နေထိုင်ကြတဲ့ဆွမ်းဒကာ ဒကာဦးသိန်းလွင်, ဆွမ်းဒကာမ ဒကာမဒေါ်ကြည်တို့ ဖြစ်ကြပါတယ်။

အဲဒီဆွမ်းဒကာဦးသိန်းလွင်၊ ဆွမ်းဒကာမဒေါ်ကြည်၊ ရေနံချောင်းမြို့က မိသားစုများက ရည်စူးချက်ကလွန်ခဲ့တဲ့ နတ္တော်လပြည့်ကျော် (၁၀)ရက်နေ့က ဘဝနတ်ထံပျံလွန်တော်မူသွားတဲ့ သားရဟန်း ဦးနန္ဒဓဇအား ရည်စူး၍၊ ဘဝတပါး ပြောင်းသွားကွယ်လွန်သွားခဲ့တဲ့ သားရဟန်း ဦးနန္ဒဓဇသည်. . . ဤကုသိုလ် ကောင်းမှုရဲ့အရှိန်အဟုန်သတ္တိ၊ သူကိုယ်တိုင်ပြုသွားခဲ့တဲ့ ကုသိုလ်ကောင်းမှုအ ရှိန်အဟုန်သတ္တိကြောင့်, လူ့ရွာနတ်ထံချမ်းသာစံ၍, မဂ်ဖိုလ်နိဗ္ဗာန်အထိလျင်မြန် ဆောစွာ ရောက်ပါစေ. . . ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်ပါစေ . . . လို့ရည်စူးပြီးတော့ ဒီနေ့သံဃာ (၇၀၀) ကျော်ကို ဆွမ်းလောင်းကြတယ်၊ သံဃာ (၇၀၀)ကျော်ကိုဆွမ်းကပ်ကြတယ်၊ အဲဒီလိုဆွမ်းကပ်နိုင်အောင်လို့ဆိုပြီး တော့ ဝေယျာဝစ္စကြိုတင်ပြင်ဆင်မှုတွေပြုကြတယ်။

ဒီတော့ဦးနန္ဒဓဇကို အထူးသဖြင့်ရည်စူးပြီးသားဖြစ်တော့၊ ဦးနန္ဒဓဇလည်း ပဲတရားနာနိုင်တဲ့အခြေအနေများရှိရင် တရားနာနိုင်ဖို့ အခုအကယ်၍များအနီး အနားပတ်ဝန်းကျင်မှာရှိနေခဲ့ရင်တရားနာဖို့ရာ မိဘနှစ်ပါးရဲ့ကိုယ်စား ဖိတ်ပါတယ်။ ကြွနိုင်ပါတယ်။မိမိနေထိုင်သွားတဲ့ဗိကျောင်းတိုက်အတွင်းမှာ၊ သမ္မာဒေဝနတ် ကောင်းနတ်မြတ်, ကျောင်းစောင့်နတ်, သာသနာတော်စောင့်နတ်များကလည်းပဲ

---

* အံ-၂ ၆၃။

http://www.dhammadownload.com



ခွင့်ပေးကြပါ. . . ဉူးနန္ဒဇေကလည်း အကယ်၍တရားနာနိုင်တဲ့အခြေအနေမျိုး ဘေးပတ်ဝန်းကျင်အနီးနားများရှိနေခဲ့ရင် ဦးသိန်းလွင်၊ ဒေါ်ကြည်တို့ မိဘနှစ်ပါး ကလည်းဖိတ်ပါတယ်၊ ဒို့နာယကတွေကလည်းပဲ ဖိတ်ပါတယ်၊ သင့်ရဲ့သူငယ်ချင်း သီတင်းသုံးဖော်တွေဖြစ်တဲ့ သံဃာတော်တွေကလည်း ငါ့ရှင်ကိုဖိတ်ပါတယ်. . . တရားနာကြပါ၊ နာနိုင်ပါတယ်၊ အဲဒီလိုအားဖြင့်, ဉူးနန္ဒဇေရဲ့ကောင်းမှုကုသိုလ် တိုးပွားဖို့ဆိုပြီးတော့ မိဘနှစ်ပါးကအခုပြုကြတာ။

ဒီတော့-ဉူးနန္ဒဇေ ဆိုတော့အားလုံးသံဃာတော်တွေသိပြီးသားပဲ၊ လောကီ ဘွဲ့ကလည်း (ဘီ. ကွမ်း) ဆိုတဲ့ဘွဲ့၊ စီးပွားရေးဆိုင်ရာဘွဲ့၊ လူ့လောက နယ်မှာဆိုရင် အလုပ်အကိုင်လည်းအင်မတန်ရလွယ်တဲ့, အသုံးကျတဲ့၊ တိုင်းကျိုးပြည်ကျိုးဆောင် နိုင်တဲ့ဘွဲ့ပေါ့၊ ပိုဆောင်နိုင်တဲ့ဘွဲ့ပေါ့လေ. . . တိုင်းကျိုးပြည်ကျိုးတော့ဆောင် ကြတာချည့်ပေါ့၊ ဒီတော့စီးပွားရေးဘွဲ့၊ လောကီဘွဲ့ (B.Com)ဘွဲ့ကလည်းရလာ ပြီးတော့၊ သာသနာ့ဘောင်ရောက်လာပြီးတော့ ဒီကျောင်းကိုရောက်လာတာ(၃) နှစ်လောက်ရှိ၊ ရှိပြီးတော့သူက သဒ္ဓါပဗ္ဗဇိတ။ ဘယာပဗ္ဗဇိတ ကြောက်လို့ မင်း ဘေး,စိုးဘေးဖြစ်မှာကြောက်လို့ ဝတ်လာတာလည်းမဟုတ်ဘူး၊ သဒ္ဓါတရားနဲ့ မြတ် စွာဘုရားသာသနာတော်နဲ့ကြုံခိုက်၊ မြတ်စွာဘုရားရဲ့ကုဋေကိုးထောင်ကျော် သိက္ခာ သီလတွေလည်းဖြည့်မယ်. . ၊ မြတ်စွာဘုရားသာသနာတော်တွင်းဝင်ပြီးတော့ ကိုယ့်သန္တာန်မှာ တစ်သံသရာလုံးနှိပ်စက်လာခဲ့တဲ့ လောဘ,ဒေါသ,အပါယ် အမျိုး မျိုးချ၊ အို,နာ,သေဇာတ်,အမျိုးမျိုး အထပ်ထပ်ဖြစ်အောင်နှိပ်စက်နေတဲ့ လောဘ, ဒေါသစတဲ့ အတွင်းကိလေသာတွေကို တိုက်ထုတ်မယ်ဆိုပြီးတော့၊ သက်နီးဝတ် လာပြီးတော့၊ ဒီရောက်လာပြီး ပရိယတ်လည်းတစ်ဘက်ကအားထုတ်တယ်၊ ပဋိပတ်ဆိုတဲ့ အကျင့်ကလည်းတစ်ဘက်ကအားထုတ်တယ်။

ဒီတော့-အားထုတ်တာမှ သူ့မှာဓုတင်ခေါ်တဲ့ ကိလေသာကိုခါထွက် ကြောင်းဖြစ်တဲ့ ဓုတင်အကျင့်တွေလည်းသူကျင့်တယ်၊ ကျင့်လို့မို့ ပိဏ္ဍပတ်ဓုတင်- ဆွမ်းအမြဲခံပြီးတော့ဘုဉ်းပေးတယ်၊ ပတ္တပိုင်ဓုတင်-အစာရေစာမရွေးနေဘူး၊ ရတာ အကုန် အကောင်းအဆိုးရောပြီးတော့ ကောင်းတာလေးမှစားချင်၊ ကောင်းတာ လေးမှကြည့်ချင်ဆိုတဲ့ လောဘကိုသတ်တဲ့အနေနဲ့ အကောင်းရော, အဆိုးရော, အမျိုးမျိုးရောပြီးတော့ဒီလို၊ ပတ္တပိုင်ဓုတင်တို့ ဧကာသနိက်ဓုတင်တို့ နောက်နိသဇ္ဇဓု တင်ဆိုတာ ကျောခင်းပြီး တော့မအိပ်ဘူး၊ အိပ်ရာထဲမှာကျောခင်းပြီးတော့

http://www.dhammadownload.com



ဘယ်လူးညာလိမ့်နဲ့ အိပ်ခြင်းရဲ့ သေယျသုခခေါ်တဲ့ အိပ်မှုရဲ့ချမ်းသာကိုခံစားတဲ့ လောဘစာတ်ကိုလည်း သူ့ခန္ဓာကိုယ်မှာ အကပ်မခံဘူးဆိုပြီးတော့၊ ဒါ-သတ်တာ၊ ဒီတော့ နိသဇ္ဇစုတင်ခေါ်တဲ့ ထိုင်ပြီးတော့ပဲ နေ၊ ခေါင်းအုံးတောင်မသုံးဘူး၊ အဲ့ဒော ကာသိကခေါ်တဲ့ လွင်တီးခေါင်နေ၊ အဲဒီလိုအား ဖြင့်ပေါ့လေ သူကစုတင်တွေကို တော်တော်များများကျင့်ပြီးတော့ သူ့သန္တာန် တစ်သံသရာလုံးကနှိပ်စက်လာတဲ့ လောဘ,ဒေါသရန်သူတွေကို တိုက်ပွဲဝင်နေတာ။ တိုက်ပွဲဝင်ရင်းနဲ့ ခန္ဓာကိုယ်က ကျန်းမာရေးကမကောင်းတော့, အခုအခံနည်းတော့ပေါ့လေ. . .၊ အဲဒီမှာ တိုက်ပွဲကျသွားရှာတာပေါ့။

ဓုတင်တေရသထဲက အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးများလို(၁၃) ပါးလုံးမဆောင်နိုင်ပေမဲ့လို့ တတ်နိုင်သမျှဆောင်မယ်. . ဆိုပြီးတော့ ဓုတင်အ ကျင့်တွေလည်းကျင့်ရင်း တစ်ဘက်ကလည်း ပရိယတ်အလုပ်လုပ်ရင်းနဲ့ သူရလာ သမျှဆွမ်း, ဆွမ်းဟင်း, ကောင်းကောင်းရှိ ကိုရင်လေးတွေ, ဖိုးသူတော်လေးတွေ လှူ ရှိသမျှနဲ့တင်းတိမ်မျှတ၊ ဒီလိုထိအောင် သူကျင့်ပြီးတော့နေသွားတယ်၊ အဲ- အဲဒီလိုကျင့်ကြံကြိုးကုတ်အားထုတ်သွားရင်းနဲ့ ခန္ဓာကိုယ်ကမလိုက်နိုင်ဘူးဆိုပါ တော့၊ ရုပ်ခန္ဓာကိုယ်က စိတ်ခန္ဓာကိုယ်ပြင်းသလောက်၊ ဝီရိယဓာတ်ပြင်းသ လောက် ရုပ်ခန္ဓာကိုယ်မလိုက်နိုင်တော့ အဲဒီမှာတင် အခုပျံတော်မူသွားရှာတယ်၊ ပျံတော်မူသွားရှာတော့ ပျံတော်မူခြင်းက၊ စစ်ပွဲမှာ သူရဲကောင်းကျသလို တိုက်ပွဲ မှာကျတဲ့အကျမျိုးပဲဒါ၊ ဒို့-ဓုရဂ္ဂလို့ခေါ်တဲ့ တပ်ဦးမှာ,တိုက်ပွဲဦးမှာကျတဲ့အကျမျိုး ကိုသူရဲကောင်းအကျလို့ခေါ်တယ်၊ သူရဲကောင်းအသေလို့ခေါ်တယ်၊ မြတ်စွာ ဘုရားအလောင်းတော်ကြီး တစ်ဘဝတုန်းက. . .

ဓုရဂ္ဂေ မေ မတံ သေယျော, ယဉ္စေ သေယျော အလသီနော၊

မေ-ငါ၏၊ ဓုရဂ္ဂေ-တပ်ဦး၌၊ ဓုရဂ္ဂေ-တိုက်ပွဲဦး၌၊ ဓုရဂ္ဂေ-တိုင်းပြည်နဲ့ လူမျိုးအကျိုး တိုက်ခိုက်နေရတဲ့ တပ်ပွဲဦး၌၊ မတံ-သေရခြင်းသည်၊ သေယျော- ကောင်းမြတ်သေး၏၊ အလသီနော-ပျင်းရိဖင့်နွဲ့လျက်,လုံ့လဝီရိယမရှိဘဲ,နေရသူ ၏၊ မတံ-သေရခြင်းကား၊ ယဉ္စေသေယျော-မမြတ်သည်သာလျှင်တည်း. .၊ ဒီတော့-အသေတော့သေကြတာချည်းပဲ ဘယ်သူမဆိုဒီတော့-အသေနှစ်မျိုးရှိတယ်၊ မြတ်သောသေခြင်း၊ ယုတ်သောသေခြင်းပေါ့၊ မြတ်သောသေခြင်းဆိုတာ-လော

http://www.dhammadownload.com



ကီနယ်ကပြောရင် တိုင်းပြည်နဲ့လူမျိုး, ဘာသာကျိုး, သာသနာကျိုး၊ သယ်ပိုးထမ်းဆောင်နေရင်း၊ တိုက်ပွဲဝင်နေရင်းနဲ့သေရတာ အဲဒါမြတ်တယ်. . တဲ့၊ သူရဲကောင်းသေခေါ်တယ်၊ ဒါလောကီနယ်ကဆိုတော့ တိုင်းကျိုးပြည်ကျိုးဆောင်နေတာတို့၊ ရပ်ကျိုးရွာကျိုးဆောင်နေရင်း၊ လုပ်ကိုင်နေရင်းပေါ့၊ ဒီတော့-စစ်တိုက်စစ်သားအနေနဲ့ပဲဖြစ်ဖြစ်၊ အရပ်သားအနေနဲ့ပဲဖြစ်ဖြစ်၊ အဲလိုလုပ်ကိုင်နေရင်းနဲ့ ကွယ်လွန်အနိစ္စရောက်ရင် ဒါ-မြတ်သောသေခြင်း။

လောကုတ္တရာနယ်ကပြောတဲ့အခါကျတော့၊ ဒို့ကအတွင်းရန်ပါတိုက်ရတာကိုး၊ လောကစစ်သားတွေစစ်တိုက်တာက အပြင်ရန်တိုက်ကြတာ၊ ဒို့ဘုရားသားတော်တွေက အတွင်းရန်တိုက်ရတာ၊ ဒီတော့-အတွင်းရန်တိုက်တာလည်း စစ်တိုက်တာပဲ၊ တစ်သံသရာလုံးက ကိုယ့်ကိုချည်းနိုင်နိုင်နေတဲ့ လောဘတွေ, ဒေါသတွေ, မာနတွေ,အစရှိတဲ့ကိလေသာတွေ,အိုတပ်,နာတပ်,သေတပ်တွေ၊ ဒါတွေကိုပြုတ်ပြုတ်ပြုန်းအောင်ချေမှုန်းရင်း,တိုက်ပွဲဝင်ရင်းဝင်ရင်းနဲ့ သေကြတာ၊ ဟောဒါ-မုရဂ္ဂေမေ မတံသေယျော-တဲ့။ မေ-ငါ၏၊ မုရဂ္ဂ-စစ်ပွဲဦး၌၊ မတံ-သေရခြင်းက၊ သေယျော-ကောင်းမြတ်တယ်. . တဲ့ ဘုရားအလောင်းတော်ကြီးက စစ်သူကြီးဘဝတုန်းကကြိမ်းတာ။ ပျင်းရိဖင့်နွဲ့ပြီးတော့ ဘာမှတိုင်းကျိုး ပြည်ကျိုးလည်းမဆောင်၊ အချောင်နေပြီးတော့၊ နောက်ဆွဲကနေပြီးတော့သေတဲ့အသေကတော့ မမြတ်ဘူး. . တဲ့။ ဒါ-လောကီနယ်ကလည်းဒီလို။

ဒို့လောကုတ္တရာနယ်ကလည်းပဲ အခုလိုပဲ လောဘ,ဒေါသစတဲ့ကိလေသာဓာတ်တွေကို ပြန်လှန်ခုခံတိုက်ခိုက်ခြင်းမဟုတ်ဘဲနဲ့ ပျင်းရိပြီးတော့နေတဲ့သူ၊ အပျင်းအဖျင်းနဲ့သေရတဲ့သေခြင်းကတော့ မမြတ်ပါဘူး. . တဲ့၊ ဒီတော့-ဉုးနန္ဒဇရဲ့ အခုပျံလွန်တော်မူတာဟာ သူရဲကောင်းသေပဲ၊ သူရဲကောင်းပျံလွန်တော်မူခြင်းပဲ၊ ဒါစစ်ပွဲဦးမှာကျတာပေါ့။ ကျတော့ ဒီလိုလုံးလဝီရိယဓာတ်တွေကပါသွားမှာသူက၊ ဒီဓာတ်တွေကမလျှော့ဘူး၊ အခုဒို့အနေနဲ့ မိဘများအနေနဲ့တော့ ဒီကခွဲသွားပြီး. . လို့သူ့ပျံလွန်တော်မူသွားတယ်ဆိုတော့၊ တကတည်း သိမ်ငယ်သွားပြီလို့ထင်ကြတာ။ ဘယ်ဟုတ်လိမ့်မတုန်း၊ သူ့ဓာတ်နဲ့သူနဲ့၊ သူ့နောက်ဘဝလည်းဆက်ပြီးတော့ ဒီလိုပဲတိုက်နေအုံးမှာသူ၊ ရဟန္တာဖြစ်သည်အထိတိုက်ကြရမှာကိုး၊ ဘဝနဲ့ချီပြီး တိုက်ပွဲဝင်ရတာ ဒီအတွင်းရန်က၊ အပြင်ရန်လိုမဟုတ်ဘူး၊ အတွင်းကိလေသာရန်က ဘဝနဲ့ချီတိုက်ရတာ။

http://www.dhammadownload.com



အဲဒီလိုတိုက်ရင်းခိုက်ရင်းနဲ့ အခုကွယ်လွန်အနိစ္စရောက်သွားတယ်ဆိုတာ မြတ်သောသေခြင်းပဲသူဟာ။ ဒီတော့-ဒကာဦးသိန်းလွင်တို့+ဒေါ်ကြည်တို့က "ဩော်ဒို့သားကွယ်လွန်အနိစ္စရောက်သွားတယ်ဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့သော်မှ မလွန်ဆန်နိုင်တဲ့တရားနောက်လိုက်သွားရပေမဲ့လို့ မြတ်သောပျံလွန်တော်မူခြင်းနဲ့ ပျံလွန်တော်မူတာပဲ. .၊ ဘုရားပစ္စေကာအရိယာသူတော်ကောင်းကြီးတွေ နှစ်ထောင်းအားရချီးကျူးတဲ့ပျံလွန်တော်မူခြင်းနဲ့ ပျံလွန်တော်မူတာပဲ၊ သူများသတ်ရင်းနဲ့သေတာမဟုတ်ဘူး၊ သူများပစ္စည်းခိုးရင်းနဲ့ သေတာမဟုတ်ဘူး၊ သူများသားမယားကျူးလွန်ရင်း၊ သူများလိမ်ရင်းညာရင်း၊ သောက်ရင်းစားရင်း၊ မူးရင်းယစ်ရင်း၊ ဒုစရိုက်တွေနဲ့သေတာမဟုတ်ဘူး၊ သူ့နောက်ကုသိုလ်တွေတစ်ပွေ့တစ်ပိုက်ကြီးပါသွားတာပဲ. . လို့ ဟောဒီလို-အာရုံပြုလိုက်ကြ။

ဒီတော့-လောကမှာ ကွယ်လွန်အနိစ္စရောက်တယ်ဆိုတဲ့ သေခြင်းတရားအပါအဝင်၊ မညာမထောက်လူဆိုးကြီးလေးယောက်ဆိုတာရှိတယ်၊ ဘယ်သူ့ကိုမှ မညာဘူး။ ဘယ့်သူ့မျက်နှာမှလည်းမထောက်ဘူး၊ အဲဒါ လူဆိုးကြီးလေးယောက်တဲ့။ ဒီတော့-သူတို့ကဘယ်သူတုန်းလို့ဆိုတော့ ဇရာခေါ်တဲ့ အိုခြင်းတရား၊ ဗျာဓိခေါ်တဲ့ နာခြင်းတရား၊ မရဏခေါ်တဲ့ သေခြင်းတရားနဲ့ ကမ္မကရဏခေါ်တဲ့ ကံဆိုးတရား။ အဲဒီတရားလေးပါးဟာ မညာမထောက်လူဆိုးကြီးလေးယောက်တဲ့၊ ဘယ့်သူ့မှ မညာဘူး၊ ဂုဏ်ရှိပါတယ်ဆိုပြီးတော့လည်းမထောက်ဘူး၊ ဩော်-သူကတော့ဂုဏ်ငယ်ရှာပါတယ်၊ ပစ္စည်းမရှိရှာပါဘူးဆိုပြီးတော့လည်း မညာဘူး၊ သူအိုချင်တဲ့အချိန်ဝင်အိုတာပဲ၊ သူနာချင်တဲ့အချိန်ဝင်နာတာပဲ၊ သူခေါ်ချင်တဲ့အချိန် သေမင်းနိုင်ငံခေါ်သွားတာပဲ။

ဒီတော့-ကမ္မကရဏခေါ်တဲ့ ကံဆိုးတရားကြီးကလည်းပဲ၊ "ဩ. . သူ့အခုအချိန် ပစ္စည်းမရှိဘူး၊ သူ့အပေါ်ငါညာအုန်းမှပဲ"လို့မရှိဘူး၊ ဝင်ပြီးတော့တစ်ခါတည်းဝင်မွှေလိုက်တာပဲ၊ သူများကို ကိုယ်ကဟိုတုန်းကဆိုပါတော့ လက်ဖြတ်ခြေဖြတ်လုပ်ခဲ့ရင် ကိုယ့်အလှည့်ကျလာပြီဆိုရင်ဝင်လာတာပဲသူက၊ ဩ. . အခုအချိန်တော့သူ့ခင်ဗျာ မရှိရှာသေးဘူး၊ စားရမဲ့သောက်ရမဲ့ဖြစ်နေသေး၊ ငါခြေဖြတ် လက်ဖြတ်မလုပ်သေးပါဘူးလို့ မထားဘူး၊ တစ်ခါတည်းဝင်ပြီးတော့ ခြေပြတ်လက်ပြတ်ဖြစ်အောင်လုပ်ပစ်လိုက်တာပဲ ကံဆိုးက၊ သူ့ဖြင့်ဒီအချိန် ဆင်းရဲဒုက္ခရောက်နေရှာသေးတယ်၊ မျက်စိကန်းအောင်မလုပ်သေးပါဘူးလို့ မညာဘူး၊ ဝင်ပြီးတော့မျက်စိကန်းအောင်လုပ်ပစ်တာပဲကံဆိုးက၊ ဒါကိုကမ္မကရဏခေါ်တယ်။

http://www.dhammadownload.com



ဒီတော့ အဲဒီကံဆိုးရယ်,အိုချင်းရယ်,နာချင်းရယ်,သေချင်းရယ်ဆိုတဲ့ ဒီရန်သူကြီးလေးယောက်က ဘယ်သူ့မှမညှာဘူး။ အဲဒီမညှာတဲ့သူလေးယောက်ထဲမှာ အခုသေခြင်းဆိုတဲ့မရဏမင်းက၊ အခုဦးနန္ဒဇေကို ဩော်-တရားတွေများအားထုတ်နေရှာတာ၊ ပရိယတ်, ပဋိပတ်အလုပ်တွေလုပ်နေတာ၊ လောကီဘွဲ့ကလည်း (ဘီ. ကွမ်းဘွဲ့) တကယ့်စီးပွါးရေးဘွဲ့ကြီးပါလားဆိုပြီးတော့မညှာဘူး, မညှာဘူး, မထောက်ဘူး၊ ဒီတော့မညှာမထောက်တဲ့ဒီတရားကြီးလေးပါးထဲက မရဏမင်းနဲ့တွေ့သွားရှာတယ်။ ဒီတော့-ဒို့တစ်တွေကော့လို့ဆိုတော့ ဘယ်သူမှမလွတ်ဘူး၊ ဘယ်သူကယ်နိုင်တုံး၊ ဒို့ဂေါတမဘုရားရှင်ကြီးကများ ဒို့ကယ်နိုင်လားလို့၊ သူကိုယ်တိုင်ကိုမလွတ်ဘူး။ ဟော-

သမိဒ္ဓါ နိဒ္ဓနာ ရူပါ, အရူပါ နိဂ္ဂုဏာ ဂုဏာ၊
မရန္တိ မစ္စုသလ္လေန, သာယံ လောကဿ ဓမ္မတာ။

လောကေ-ဖြစ်ကပျက်တုံ, ဓလေ့ဘုံမို့, မတွေကြုံမယွင်း, ဤလောကကြီးအတွင်း၌၊ သမိဒ္ဓါစ-ပစ္စည်းဥစ္စာ, ကောင်းစွာကုံလုံ, ပြည့်စုံကြကုန်သောသူတို့သည်လည်းကောင်း။ နိဒ္ဓနာစ-ပစ္စည်းမဲ့မွဲ, လူဆင်းရဲတို့သည်လည်းကောင်း။ ရူပါစ-ကောင်းခြောက်ဆယ့်လေးရပ်,သွေးထပ်ထပ်ရုပ်ကြည်,ဖုသတီအရှင်မတို့လို, မြင်ရသူမောလောက်အောင်,အချောအလှဂုဏ်,ပြောပြ၍မကုန်နိုင်တဲ့, မြကြေးမုံတို့သည်လည်းကောင်း။ အရူပါစ-ပိန်ရတဲ့အထဲ, ဝဲခြောက်ကစွဲ, အမဲကသပိတ်ရောင်, မျက်ဆန်ကြောင်ကုတ်ကိုင်းနဲ့, လုပ်တိုင်းကလက်မခံ, အဖက်မတန်အောင်, စုတ်ညှိုးလှတဲ့, အရုပ်ဆိုးကြသူတို့သည်လည်းကောင်း။ ဂုဏာစ-အိုင်အေ,ဘီအေနှင့်, အဲ့(မ်)အေ မဟာဝိဇ္ဇာ, ဒေါက်တာ, ဆာအော်နာဟု, မော်စရာအစားစား, ပါဝါဂုဏ်တွေနဲ့ကြွားကြတဲ့, ငါးထောင်စား,ခြောက်ထောင်စား, ဂုဏ်ကြီးရှင်များတို့သည်လည်းကောင်း။ နိဂ္ဂုဏာစ-ဂုဏ်သိမ်မဲ့မွဲ, လူဆင်းရဲတို့သည်လည်းကောင်း။ မစ္စုသလ္လေန-စိန်ရည်စင်သွား, သေမင်းမြားဖြင့်။ မရန္တိ-ဂုဏ်ထူးတွေကိုစွန့်ပစ်, အချစ်တွေကိုခွဲခွါ, ဥစ္စာတွေကိုပါကွေကွင်း၍, သေခြင်းကြီး သေကြရလေကုန်၏။ အယံ-သေကြကျေကြ, သေကျေကြလျှက်, ကွေရ ကွင်းရိုး, သေရခြင်းဆိုတဲ့ဤတရားဆိုးကြီးသည်။ လောကဿ-ဖြစ်လာလျှင်ပျက်ရဖို့, အဘက်ဘက်ကဆင်လာကြသည့်, သင်္ခါရလောကကြီး၏၊ ဓမ္မတာ-ဘယ်ဘုရား, ဘယ်ပြဟ္မာ, ဘယ်ဆရာအစွမ်းမကိုးလေနဲ့တော့, လမ်းရိုးစဉ်လာ, ဓမ္မတာကြီးဖြစ်ပါတော့သည်တကား. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



ပစ္စည်းဥစ္စာရှိတယ်ဆိုပြီးတော့လည်း မထောက်ဘူးတဲ့။ သမိဒ္ဓါစ-ပစ္စည်းဥစ္စာ, ကောင်းစွာကုံလုံ, ပြည့်စုံကြကုန်သောသူတို့သည်လည်းကောင်း. . ။ပစ္စည်းဥစ္စာတွေ တကတည်း ရွှေပုံငွေပုံနဲ့ စိန်သားတိုက်တည်ပြီးတော့၊ ရွှေတွေငွေတွေနဲ့ နေနိုင်တဲ့ပစ္စည်းရှင်ကြီးပဲဆိုပြီးတော့လည်း သေမင်းကမျက်နှာမထောက်ဘူး၊ သေမင်းတင်လားဆိုတော့ ခုနက အိုခြင်းတရား,နာခြင်းတရားအတူတူပဲ၊ ပြီးတော့ ကံဆိုးတရားမထောက်ဘူးသူတို့က။

နိဒ္ဒနာစ-ဥစ္စာမဲ့မွဲ, လူဆင်းရဲတို့သည်လည်းကောင်း. . ။ ပစ္စည်းမဲ့မွဲလို့ ဆင်းရဲပြီးတော့၊ တစ်နေ့လုပ်မှ တစ်နေ့မဝရေစာစားနေတဲ့သူလည်း သူက ဩ-သျှခင်ဗျာ ဝဝလင်လင်မှမစားရရှာဘူးငါထားခဲ့ပါအုန်းမယ်လို့မရှိဘူး။ ရုပ်ချောပါတယ်ဆိုတဲ့လူတွေလည်းမညှာဘူး၊ အရုပ်ဆိုးနေတဲ့သူတွေလည်းပဲမညှာဘူး၊ ရုပ်ချောတဲ့သူတွေလည်းမထောက်ဘူး။ ဂုဏ်ကြီးရှင်ဆိုပြီးတော့,ဘီအေတွေ,အိုင်အေတွေလောကီဘွဲ့တွေ,လောကုတ္တရာဘွဲ့တွေ,နောက်ဆုံးဘုရားရှင်လို သဗ္ဗညုတဉာဏ်ရှင်၊ လောကရဲ့အထွဋ် ဂုဏ်ကြီးရှင့်၊ အဲဒါမျက်နှာမထောက်ဘူးဘဲ။ အိုချိန်ကျတော့ အိုလိုက်တာပဲ၊ နာချိန်ကျတော့ဝင်နာတာပဲသူက၊ သေချိန်ကျတော့ ပရိနိဗ္ဗာန်စံအောင်လုပ်လိုက်တာပဲ။ ကံဆိုးတရားကလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးဝင်္ဂတော်,ဝိပါက်တော်လို့ခေါ်တဲ့ ကံဆိုးကလည်း၊ ဟာ-ခါးတော်တွေကိုက်ရ, အရှင်ဒေဝဒတ်ကျောက်နဲ့ပစ်ခတ်ချလို့ ခြေမတော်ကြီးသွေးချေဥရ,ဦးခေါင်းတော်တွေကိုက်ရ,ခါးတော်တွေနာရ,နောက်ဆုံးကျတော့ ဝမ်းတော်တွေလားရ၊ ဒါကံဆိုးတွေ၊ ရှေးကဲကိုယ်ကကျူးလွန်ခဲ့မိတဲ့ကံဆိုးဝိပါက်တွေ၊ မညှာဘူး။ ဒါဘုရာပဲ. . . သုံးလောကထွဋ်ထားဘုရားတော့ ငါရှောင်အုံးမှပဲ၊ ညှာအုံးမှပဲ၊ မျက်နှာထောက်လိုက်အုန်းမှပဲလို့ မရှိဘူး။

ဒါ့ကြောင့်-ရူပါစ-ရုပ်ဆင်းအင်္ဂါ, လက္ခဏာနှင့်, ကောင်းစွာကုံလုံ, ပြည့်စုံသောသူတို့သည်လည်းကောင်း၊ အရူပါစ-အသားရောင်မဲ့မွဲတဲ, အရုပ်ဆိုးတဲ့သူတို့သည်လည်းကောင်း။ ဂုဏာစ-ဂုဏ်ကြီးရှင်တို့သည်လည်းကောင်း၊ နိဂ္ဂုဏာစ-ဂုဏ်မဲ့သူတို့သည်လည်းကောင်း၊ တေ-ထိုဆိုခဲ့အသွယ်သွယ်,ဂုဏ်မဲ့ကြွယ်တို့သည်၊ မစ္စုသလ္လေန-စိန်ရည်စင်သွား, သေမင်းမြားဖြင့်. . . ရှင်သေမင်းက စိန်သွားနဲ့ပစ်လိုက်ပြီဆိုရင် မြားထိပ်စိန်တတ်ထားတဲ့စိန်သွားနဲ့ပစ်၊ စိန်ကိုလုပ်ထားတဲ့မြားဆိုတော့ သူ့ဟာကမဖောက်နိုင်တာတစ်ခုမှမရှိဘူး၊ တောင်ကြီးတွေလည်းဖောက်တာပဲ၊ တောကြီးတွေလည်းထွင်းတာပဲ၊ ကျောက်နံရံကြီးတွေလည်းဖောက်

http://www.dhammadownload.com



ဝင်လာတာပဲ၊ ဘယ်နားပြေးပုန်းနေလို့မှ မလွတ်အောင်ပစ်တဲ့မြား။ မစ္စုသလ္လေန-စိန်ရည်စင်သွား,သေမင်းမြားဖြင့်၊ မရန္တီ-ဂုဏ်ထူးတွေကိုစွန့်ပစ်, အချစ်တွေကိုခွဲခွါ, ဥစ္စာတွေကိုပါ ကွေကွင်း၍, သေခြင်းကြီးသေကြရလေကုန်၏။

ရှိတာတွေအကုန်, ဂုဏ်တွေကိုပစ်ထားခဲ့ရ၊ အခုဉူးနန္ဒဇေ ဘီကွမ်းဆိုတဲ့ ဘွဲ့ကြီးပစ်ထားခဲ့ရပြီ၊ ဘီကွမ်းဘွဲ့ရအောင်မနည်းလေးနှစ် ငါးနှစ်ကြိုးစားရတာ၊ မူလတန်းကစနေတာဆိုရင်ဆယ်တန်းလောက်ထိအောင်ဆယ်နှစ်လောက်၊ ဟိုဘက်ဘွဲ့ရအောင် လေးနှစ်ငါးနှစ်နဲ့ဆယ့်ငါးနှစ်,အနှစ်နှစ်ဆယ်ကြိုးစားထားရတဲ့ဘွဲ့ထူးကြီးပစ်ခဲ့ရပြီ။ ဂုဏ်ထူးတွေကိုစွန့်ပစ်, အချစ်တွေကိုခွဲခွါ၊ အခုဒါ-ဦးသိန်းလွင်တို့ ဒကာမဒေါ်ကြည်တို့ မိဘနှစ်ပါးအနေနဲ့ ပုထုဇဉ်သားဖြစ်တော့ သံယောဇဉ်ရှိတယ်။ သူ့မိဘသူချစ်တယ်,ခင်တယ်။ အဲဒီမိဘနှစ်ပါးမခွဲချင်ဘဲနဲ့ သူခွဲသွားရတာ။ အဲ-သူ့မိတ်ဆွေသူငယ်ချင်းတွေ မခွဲချင်ဘဲနဲ့ခွဲသွားရတာ။ ကျောင်းရှိနေတဲ့ သီတင်းသုံးဖော်တွေ မခွဲချင်ဘဲနဲ့ ခွဲသွားရတာ။ ဂုဏ်ထူးတွေကိုစွန့်ပစ်,အချစ်တွေကိုခွဲခွါ, ဥစ္စာတွေကိုပါကွေကွင်း၍, သေခြင်းကြီးသေကြရလေကုန်၏။ပစ္စည်းဥစ္စာရှိတဲ့သူတွေလည်းကိုယ့်ဥစ္စာတွေစွန့်ပစ်ထားခဲ့ပြီးလိုက်ရတယ်. . . တဲ့။

အယ်-သေကြ,ကျေကြ, သေကျေကြလျှက်, ကွေရကွင်ရိုး, သေရခြင်းဆိုတဲ့ ဤတရားဆိုးသည်။ လောကဿ-ဖြစ်လာလျှင်ပျက်ရဖို့, အဘက်ဘက်ကဆင်လာကြသည့်, သခ်ီရလောကကြီး၏။ ဖြစ်လာလို့ရှိရင်တော့ ပျက်ရမှာသေချာတယ်၊ မွေးလာရင်သေမှာကသေချာတယ်။ အဲဒီလောကကြီးအတွက်တော့ ဓမ္မတာ-ဘယ်ဘုရား,ဘယ်ပြဟ္မာ,ဘယ်ဆရာအစွမ်းမကိုးလေနဲ့တော့. . . တဲ့။ ဘယ်မှသွားအားကိုးမနေနဲ့၊ ဘုရားလည်းမကယ်နိုင်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ပရိနိဗ္ဗာန်စံရတာဆိုတော့၊ ဘယ်. . . သူက သူများကယ်နိုင်မှာတုန်း။ ဒ့ါ ကြောင့်-ဘယ်ဘုရား,ဘယ်ပြဟ္မာ,ဘယ်ဆရာအစွမ်းမကိုးလေနဲ့တော့, လမ်းရိုးစဉ်လာ, ဓမ္မတာကြီးဖြစ်ပါပေတော့သည်တကား။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့-အဲဒီလိုမရဏမင်းကြီးနဲ့,ဇရာတရား,ဗျာဓိတရား,မရဏတရားဆိုတဲ့သုံးပါး၊ ဒါဆင်ခြင်ထားရတယ်ကြိုပြီးတော့။ အခုဒကာကြီး ဦးသိန်းလွင်တို့၊ ဒကာမဒေါ်ကြည်တို့ကဆင်ခြင်ထား၊ ကြိုတင်တွက်ထားရတယ်၊ရောဂါများ ဖြစ်လာမှ

http://www.dhammadownload.com



ကုတာထက် မဖြစ်ခင်ကကြိုတင်ကာကွယ်တာက ပိုပြီးတော့ကောင်းတယ်ဆိုတာ ဒါ-ဆေးလောကက၊ကျန်းမာရေးလောကကပြောနေကြတဲ့စကား။ အဲသလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း၊ မင်းတို့မဖြစ်ခင်က ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဆေးသောက်ဖို့ရာ ငါဆေးငါးခွက်ပေးခဲ့မယ်. . တဲ့ အဘိဏှသုတ်တော်ဆို ပြီးတော့ ဘုရားက။ အဘိဏှသုတ်တော်ဆိုတာ အင်္ဂုတ္တရနိကယ်မှာဟောတော်မူ ထားတယ်။ အမြဲမပြတ်မကြာမကြာ နှလုံးသွင်းဆင်ခြင်ပြီးတော့ ကာကွယ်ထား. . . တဲ့။ ဆေးသောက်ထားတဲ့။ ဆေးသောက်ထားတော့ ရောဂါဆိုတာ ဆေးသောက် တာများတော့ တစ်ဖြည်းဖြည်းနဲ့ အစတော့သက်သာသွား၊ နောက်တော့တော်တော် သက်သာသွား၊ နောက်တော့နည်းသွား,ကျဲသွား၊ နောက်တော့လုံးဝပျောက်သွား တာပဲ။ ဒီတော့- အဲဒီကြိုတင်သောက်ထားတဲ့ဆေးငါးခွက်က ဘာတွေတုန်းလို့ဆို တော့-

ဇရာဓမ္မောမှိ, ဇရံ အနတီတော-ငါသည် အိုခြင်းသဘောတရားရှိပါ တကား. . . အိုခြင်းသဘောက မလွန်ဆန်နိုင်သေးပါတကား. . လို့။

အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာဝါ
ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

ဣတ္ထိယာဝါ-အမျိုးသမီးသည်သော်လည်းကောင်း။ ပုရိသေနဝါ- အမျိုးသားသည်သော်လည်းကောင်း၊ ဂဟဋ္ဌေနဝါ- အိမ်ယာတည်ထောင်,လူ့ ဘောင်မှာနေတဲ့, လူဝတ်ကြောင်သည်လည်းကောင်း၊ ပဗ္ဗဇိတေနဝါ-သာသနာ့ ဝန်ထမ်း,ရှင်ရဟန်းသည်လည်းကောင်း၊ အဘိဏှံ-နေ့စဉ်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ- ဆင်ခြင်ထိုက်၏. . . ဆင်ခြင်ထားထိုက်၏။ ဟော-ငါအိုရအုန်းမှာ. . အထူးသ ဖြင့် ကိုယ့်ရှေ့မှာဆံဖြူ,နားထိုင်းတဲ့ အိုကြီးချက်မဖြစ်နေတဲ့ အဘိုးအို,အဘွားအို မြင်လိုက်ရင် "ဩော်- ဒီသဘောကြီးငါ့မှာလည်းရှိတယ်နော်၊ ငါ့မှာလည်းရှိတယ်။ ဒီသဘောကြီးငါလည်းကြုံရအုန်းမယ်၊ သူ့လိုငါတစ်နေ့တောင်ဝှေးထောက်ရအုန်း မှာ၊ သူ့လိုတစ်နေ့ခေါင်းစွပ်စွပ်ဖြူရအုန်းမှာ၊ သူ့လိုတစ်နေ့ ခါးကြီးကိုင်းရအုန်းမှာ၊ သူ့လိုတစ်နေ့ပါးရေတွေတွန့်ရအုန်းမှာလို့ဆိုတာ ဆင်ခြင်လိုက်ပါ. . . တဲ့၊ ဆင်ခြင် လိုက်ပါ။ အဲဒီလိုနေ့စဉ်,ညစဉ် မပြတ်မပြတ်ဆင်ခြင်ထားတဲ့။ ဆင်ခြင်ထားတော့ အိုလာပြီဆိုတော့ စိတ်မထိခိုက်ဘူး၊ ခံနိုင်ရည်ရှိတယ်၊ ဆေးကြိုသောက်ထားတာကိုး ရောဂါဖြစ်လာတော့ သူကခံနိုင်ရည်ရှိတယ်၊ သူ့များတွေဖြစ်ပေမဲ့ သူ့မဖြစ်ဘူး။

http://www.dhammadownload.com



ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ။ ငါသည် ကိုးဆယ့်ခြောက်ဖြာ, ကိုးဆယ့်ရှစ်ဖြာဘေးရောဂါဖြင့် နာရခြင်းသဘောရှိပါတကား. . . လို့ ဟောဒါ ဆင်ခြင်ထားတဲ့။ အထူးသဖြင့် ရောဂါသည်ကို မြင်ရင်၊ "ဩော်- ဒီသဘောကြီးငါ့မှာလည်းရှိတယ်နော်၊ တစ်ချိန်ဘယ်လိုမှန်းမသိဘူး၊ ငါ့လည်းဖြစ်နိုင်တယ်၊ သူ့အိပ်ရာပေါ် ပက်လက်ဖြစ်နေသလို၊ ငါလည်းဖြစ်နိုင်ပါလား။ သူ့အနာကြီးပေါက်နိုင်သလို၊ ငါ့မှာလည်းပေါက်နိုင်ပါလားလို့ ဒါကိုဆင်ခြင်ထားတဲ့၊ ဆင်ခြင်ထားတော့ဖြစ်လာတဲ့အချိန် မျက်ရည်ကြီးငယ်မကျဘူး၊ ဒါ-ဒုတိယဆေးတစ်ခွက်။

တတိယဆေးတော်က- မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ။ ငါသည်သေခြင်းသဘောတရားရှိပါတကား၊ စည်းစိမ်ဥစ္စာ, ဆွေညာတစ်သင်းတို့ကို, မလွဲသာ လွဲသာ, ခွဲခွါကွေကွင်း, သေရခြင်းသဘောရှိပါတကား. . . လို့ အမျိုးသားသည်သော်လည်းကောင်း,အမျိုးသမီးသည်သော်လည်းကောင်း,အိမ်ရာတည်ထောင်,လူ့ဘောင်နေတဲ့ လူဝတ်ကြောင်သည်သော်လည်းကောင်း,ရဟန်းတော်သည်သော်လည်းကောင်း,သာမဏေသည်သော်လည်းကောင်း,ဆင်ခြင်ထားတဲ့၊ ဆေးစားထားတဲ့၊ ကြိုပြီးတော့တွက်ထားတဲ့ ဘုရားက။ ဆင်ခြင်ထားတော့ ကိုယ့်မှာ မထိခိုက်ဘူး၊ သူတစ်ပါးမျက်ရည်ကြီးငယ်ကျပေမယ့်လို့ ကိုယ့်ကမျက်ရည်မကျပေါင်၊"ဩော်-ဒါဖြစ်မြဲသဘောပဲ၊ ဖြစ်မယ်လို့ကြိုတွက်ပြီးသားဆိုပြီးတော့ စိတ်သက်သာတယ်၊ သက်သာတာမှ တဒင်္ဂသက်သာ, ဝိက္ခမ္ဘနသက်သာ, သမုစ္ဆေဒသက်သာ, သက်သာနည်းသုံးမျိုးရှိတယ်။

တဒင်္ဂသက်သာတာဆိုတာ ဘုန်းကြီးတို့ပုထုဇဉ်တွေအနေနဲ့ သူများဖြစ်ပေမယ့်လို့ အခိုက်အတန့်သက်သာ၊ တစ်ခါတစ်ခါတော့လည်း စိတ်ထဲမှာ လွမ်းဆွတ်သတိရဖြစ်သေး၊ သို့သော် ပြန်ဖြေနိုင်တယ်။ ဝိက္ခမ္ဘနသက်သာဆိုတာ ဈာန်နဲ့ ဘာနဲ့ကိုပယ်ခွါပြီး တော်တော်ကြာကြာကြီးကိုသက်သာသွားတာ၊ ဗြဟ္မာပြည်တို့ဘာတို့ရောက်သွား၊ ဗြဟ္မာပြည်ရောက်သွားမှတော့ ဗြဟ္မာကြီးက အိုလို့နာလို့ငိုတယ်ကြွေးတယ်မရှိဘူး။ သမုစ္ဆေဒသက်သာဆိုတာကျတော့ အမြစ်ပြတ် ရဟန္တာဖြစ်ပြီးတော့ကိုသက်သာသွားတာ၊ ဘယ်တော့မှပြန်ပြီးတော့ ဒီအတွက်ဒုက္ခမဖြစ်တော့ဘူး၊ ကိုယ်လည်းမဖြစ်တော့ဘူး၊ သူများဖြစ်တော့လည်း ငိုရကြွေးရတယ်မရှိဘူး၊ ဟော-ဒါဆေးသုံးခွက်။ အိုချင်းတရားကြိုဆင်ခြင်ထား၊ နာခြင်းတရားကြိုဆင်ခြင်

http://www.dhammadownload.com



ထား,တွေးထား။ မရဏတရားကြိုဆင်ခြင်ထား,တွေးထား။

နောက်-လေးနံပါတ်က-သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ။ အာလုံးပဲ ချစ်တဲ့သူတွေ, ခင်တဲ့သူတွေ နောက်ဆုံးခွဲကြရမှာပဲ. . . တဲ့၊ ဒါကြောင့်"ရှိ-ကုန်, ဆုံ-ကွဲ, ပူဆင်းရဲ, မလွဲဒိဋ္ဌ ကမ္မဋ္ဌာန်းပဲ . . . "။ ဒါကမ္မဋ္ဌာန်းပဲ၊ ရှိကုန်-ရှိတာတွေမှန်သမျှ ကုန်တာမှာလမ်းဆုံးတယ်။ ဆုံ့ကွဲ-တွေကြ ဆုံကြသမျှ အခု ဒကာဦးသိန်းလွင် ဒကာမဒေါ်ကြည်တို့နဲ့ ဉူးနန္ဒဇေ သားသမီးနဲ့ မိဘအဖြစ်နဲ့ဆုံတာ၊ ဘဝသံသရာခရီးကြီးခဏလာဆုံတာ၊ သည့်ပြင် ဆွေတွေမျိုးတွေ တူသားနောင်မယ်တွေ လာဆုံတာ၊ အဲဆုံသမျှကွဲရတာ။ နောက်ဆုံး (၅) နံပါတ်က-

**ကမ္မဿကောမှိ, ကမ္မဒါယာဒေါ, ကမ္မယောနိ,**
**ကမ္မဗန္ဓု, ကမ္မပဋိသရဏော။**

ငါသည်ကိုယ်ပြုထားတဲ့ ကုသိုလ်ကံ-အကုသိုလ်ကံသာလျှင်ကိုယ်ပိုင်ဉစ္စာရှိပါတကား၊ မိမိပြုထားတဲ့ ကံတရားသည်သာလျှင် ငါ့ရဲ့ဆွေမျိုးအစစ်, မိတ်ဆွေအစစ်ဖြစ်ပါတကား၊ ငါသွားရာလိုက်ပါပြီးတော့ ငါ့ကိုကောင်းကျိုးဆိုးကျိုးအမျိုးမျိုးပြုမှာက ငါပြုထားတဲ့ကံတရားပါပဲလား့လို့ ဉစ္စာအစစ်ဟာကံတရားပဲလို့ဆိုတာတွက်ထား. . တဲ့၊ အဲလိုတွက်ထားတော့ ဆိုးကျိုးပေမယ့် အကုသိုလ်ကံတရားတွေရှောင်တယ်၊ တတ်နိုင်သမျှရှောင်တော့တာပဲ၊ ကောင်းကျိုးပေးမယ့်ကုသိုလ်များကျတော့ ပြုဖြစ်တယ်၊ မိတ်ဆိုးဖြစ်တဲ့အကုသိုလ်ကိုရှောင်တယ်ပေါ့၊ မိတ်ကောင်းဖြစ်တဲ့ ကုသိုလ်နဲ့ပေါင်းတယ်ပေါ့ ဒါပဲ၊ အဲဒီလိုဆင်ခြင်ထား. . . တဲ့၊ဆင်ခြင်ထား။ ဒါကြို သောက်ရမယ့်ဆေးတော်ကြီး (၅) ခွက်၊ အဘိဏှသုတ်တော်ခေါ်တယ်။

ဒီတော့-အဲဒါကို ဒကာကြီးဦးသိန်းလွင်တို့ ဒကာမဒေါ်ကြည်တို့က အခု သားရဟန်းကွယ်လွန်အနိစ္စရောက်သွားတာအကြောင်းပြုပြီးတော့ ဒါစားပေးဒီဆေးကို၊ ကြိုပြီးတော့လည်းတွက်ထား၊ ဆင်ခြင်ထား။ ပြီးတော့ကိုယ့်သားရဟန်းဟာ၊ ခုနကပြောသလိုပဲ မကောင်းသေမဟုတ်ဘူး၊ ကောင်းမွန်တဲ့မြင့်မြတ်တဲ့ အသေ၊ ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေချီးမွမ်းတဲ့ အသေနဲ့သေရတာ၊ ပြီးတော့မိမိတို့ အနေနဲ့လည်းပဲဝတ္တရားကျေလို့ ကိုယ့်သားကို ဟိုမှာရှိတုန်းကလည်း သူငယ်စဉ်တောင်ကျေးကလေးတုန်းကစပြီး ပညာသင်ပေး,စားရေးသောက်ရေး,နေရေးတွေနဲ့စောင့်ရှောက်ခဲ့၊နောက်ဆုံး လူစဉ်မီမီ,အဆင့်အတန်းမီမီ,

http://www.dhammadownload.com



(ဘီ. ကွမ်း)ဘွဲ့ရ၊ တက္ကသိုလ်ပညာဘွဲ့ရအောင် ကိုယ်ကသင်ပေး၊ အဲသားလေးက လည်းတစ်ယောက်ဆိုတစ်ယောက်မို့လို့ ဒါပြုစုနိုင်ခဲ့ကြ၊ တာဝန်ကျေလို့ လောကီဘက်ကလည်း။

လောကုတ္တရာဘက်ကလည်း အခုသူဒီကိုသွားချင်တယ်ဆိုတော့လည်း ကိုယ်မခွဲချင်ပေမဲ့လို့ခွဲပြီးတော့ သားစိတ်ချမ်းသာ, သားကုသိုလ်ပွားမယ့်နေရာပို့ထားနိုင်ကြတယ်၊ ဒါတာဝန်ကျေတာပဲ၊ နောက်အခု ကွယ်လွန်ခါနီး၊ ပျံလွန်တော်မူခါနီးအထိ ဆေးရုံလိုက်ပြီးတော့ ရင်အုပ်မကွာသားကို ပြုစုရတယ်၊ စောင့်ရှောက်ရတယ်၊ သူပြောတဲ့ ဟောတဲ့ အဆုံးအမကိုလည်း ကိုယ်ကတစ်ဆင့်သိရ,ကြားရ,နာရ, သူ့ကိုလည်းပြုစုစောင့်ရှောက်လိုက်ရ၊ မိမိတို့တင်မက သူတို့ရဲ့သူငယ်ချင်းတွေ မိတ်ဆွေတွေ ဝိုင်းဝန်းပြုစုတဲ့ကြားကနေပြီးတော့သေမင်းကခေါ်သွား၊ ဒါတာဝန်ကျေတာပဲ၊ ဖြီးတာပဲ ၊နောင်တရစရာမရှိဘူး။ ဘုန်းကြီးတို့ရှင်သာရိပုတ္တရာရဲ့မယ်တော်ကြီးများကျတော့ သူ့ခင်မျာနောင်တရလို့။

*အရှင်သာရိပုတ္တရာဆိုတာဗုဒ္ဓဘုရားရဲ့လက်ယာရံ ပညာဧတဒဂ်ဘွဲ့ထူးရတဲ့ အရှင်မြတ်ကြီး၊ အရှင်သာရိပုတ္တရာကသာ လက်ယာရံ ဧတဒဂ်ကြီး၊ ဘုရားသားတော်အကြီးဆုံးကြီးဖြစ်နေတာ၊ သူ့မယ်တော်ကြီးက ဗုဒ္ဓဘာသာမဟုတ်ရှာဘူး၊ သူကဗြဟ္မဏအယူ၊ ဗြဟ္မာကြီးတွေကိုးကွယ်တာ၊ အဲဒါအရှင်သာရိပုတ္တရာရဲ့ခမည်းတော်ကြီးကကွယ်လွန်ပြီးတဲ့နောက်မှာ အရှင်သာရိပုတ္တရာက သားကြီးအဖြစ်နဲ့ရှိတာကိုး အိမ်မှာ၊ ရာဇဂြိုဟ်မြို့ရဲ့အနီး ဥပတိဿရွာကြီးမှာသူတို့က အကြီးပိုင်းက ရွာသူကြီးပိုင်းက၊ ဒကာကြီးကအံစောကြီးကွယ်လွန်သွားတော့သားသမီး (၇) ယောက်ကျန်ရစ်တာ၊ အရှင်သာရိပုတ္တရာအကြီးဆုံး၊ သားကလေးယောက်လေ၊ သမီးကသုံးယောက်၊ ခုနစ်ယောက် ကျန်ရစ်တာထဲမှာ ရှင်သာရိပုတ္တရာက အကြီးဆုံး၊ ပစ္စည်းဥစ္စာက(၈၇)ကုဋေကြွယ်ဝတယ်၊ အဲဒါကိုအရှင်သာရိပုတ္တရာက ဦးဆောင်ပြီးတော့ရောင်းလို့ဝယ်လို့ ဖောက်ကားလို့ညီတွေ,နှမတွေစောင့်ရှောက်ပြီးတော့ နေစေချင်တာ မယ်တော်ကြီးက၊ အဲဒါအရှင်သာရိပုတ္တရာက သံဝေဂဉာဏ်နဲ့ ပါရမီစာတ်ခံပါလာတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ တခါတည်းတောထွက်ပြီးတော့ ရဟန်းပြုသွားတယ်၊ ဗို့မြတ်စွာဘုရားနောက်လိုက်သွား၊ ဒါကိုသူက မကျေနပ်ဘူးအကြီးအကျယ်၊

ဒါတင်မကသေးဘူး၊ အရှင်သာရိပုတ္တရာက တရားဟော ဟောပြီးတော့

*-ဒီ-၄-၂ ၁၃၉။

http://www.dhammadownload.com



ချုတ်လို့သူညီတွေရှင်စုန္ဒတို့ ရှင်ရေဝတတို့ ရှင်ဥပသေနတို့ ညီ(၃)ယောက်လည်း ရဟန္တာဖြစ်ကုန်၊ နောက်နှမ(၃)ယောက်စာလာတို့ဥပစာလာတို့ သီသူပစာလာတို့ ဘိက္ခုနီမတွေပြုပြီးတော့ ရဟန်းဖြစ်ကုန်၊ အငယ်ဆုံးလေးရှင်ရေဝတကျန်တာ လည်းပဲတခါတည်း အရှင်သာရိပုတ္တရာကတရားနဲ့ပြခေါ် လို့ပါသွား၊ အဲဒီတင်သူက အကြီးအကျယ်မကျေနပ်တာပဲ မိခင်ကြီးက။ ဥပတိဿတဲ့သူ့နာမည်၊ ဥပတိဿ. . . အင်မတန်ဆိုးတဲ့ကောင်, သူ့အဖေသေသွားတယ်ဆိုရင် ဒီမုဆိုးမငါမိခင်ကြီးနဲ့ ဒီညီတွေနှမတွေစောင့်ရှောက်ပြီးတော့ ဒီပစ္စည်းတွေနဲ့စောင့်ရှောက်ပြီးထိန်းသိမ်း ပြီးနေရမှာ၊ မဟုတ်တဲ့ဒီဂေါတမနောက်လိုက်သွားတယ်၊ နေနှင့်အုန်းပေ့ါလေ၊ နေ နှင့်အုန်းပေ့ါနဲ့သူကမကျေနပ်ဘူး၊ ပျံလေသည့်ငှက်ခါးနားကာမှသိမဟဲ့နော် ဆိုပြီး တော့ ကြိမ်းထားတာ။

အဲဒါအရှင်သာရိပုတ္တရာကလည်းသိတယ်၊ မယ်တော်ကြီးကမကြည်ညို ဘူးဆိုတာသိတယ်၊ သိလို့သူ့ဆီသွားလို့လည်းမဖြစ်ဘူး၊ ပစ္စည်းဥစ္စာတွေ (၈၇)ကုဋေ ရှိပေမယ်လို့ ဘုရားဆွမ်းကျွေးပါဆိုလို့လည်း ဘုရားရှင်နဲ့သံဃာတော်တွေ ဆွမ်း ကျွေးပါလို့မပြောရဲဘူး၊ တစ်နည်းနည်းနဲ့သာမယ်တော်ကြီးဘယ်အချိန်များကျွတ် ပါ့မတုန်း၊ မယ်တော်ကြီးဘယ်အချိန်များဒီဘက်ယုံကြည်လာပါ့မတုန်းနဲ့လှည့်ပတ် ပြီးတော့သာ အရှင်သာရိပုတ္တရာကဘေးကသာပန်းပြီးတော့အခြေအနေကြည့်နေ ရတာ၊ ဒီလိုနဲ့သာအရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးအသက်တော်ကြီးပြီး ပရိနိဗ္ဗာန်စံခါနီးရောက်လာတော့သွေးအန်တဲ့ရောဂါနဲ့ ပရိနိဗ္ဗာန်စံရတာကိုး အရှင်သာရိပုတ္တရာ၊ ဒီတော့-သူကြည့်လိုက်တဲ့အခါကျတော့ မယ်တော့်တိုက်ခန်း သွားမယ်၊ မယ်တော်ကြီးကို ပျံလွန်တော်မူခါနီး ငါတရားပြခဲ့မယ်ဆိုပြီးတော့၊ အဲဒါ ပရိနိဗ္ဗာန်စံတော့မယ်လုပ်တော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက နောက် ပါရဟန်းတော်ငါးရာနဲ့အတူ၊ အဲဒီရာဇဂြိုဟ်မြို့ကနေဖြတ်ပြီးတော့ မယ်တော်ကြီးရှိ တဲ့ ဥပတိဿရွာကြီးဆီလာ။

လာတော့ညနေ နေဝင်ခါနီးရောက်လာ၊ ရွာရောက်လာတော့ ရွာဦးထိပ် က ညောင်ပင်ကြီးအောက်မှာ အရှင်သာရိပုတ္တရာရဲ့တူတော်တဲ့ ဥပတိဿရေဝတ ဆိုတဲ့ကလေးကအပြင်ထွက်လာ၊ ထွက်လာတော့ အရှင်သာရိပုတ္တရာနဲ့တွေ့၊ တွေ့ တော့ "ဥပတိဿရေဝတလား"၊ "တင်ပါဘုရား"၊ "မင်းအဖမေကြီးရှိရဲ့လား" "ရှိ ပါဘုရား"။ သွားပြောချေ၊ အမေကြီးသားကြီး သာရိပုတ္တရာနဲ့နောက်ပါရဟန်း ငါးရာလာတယ်၊ အဲဒါ တိုက်ပေါ် မှာနေရာထိုင်ခင်းပြင်ပေးပါအုန်း၊ ဒီနေ့ ညဒီမှာ

http://www.dhammadownload.com



ကျိန်းမယ်လို့သွားပြောချေ"၊ ဆိုပြီးတော့လွှတ်လိုက်တယ်၊ တိုက်ကြီးကလည်း အကျယ်ကြီး၊ ဝင်းကြီးကလည်းအကျယ်ကြီး သူကသူဌေးကိုး၊ အခုထိရှိသေးတယ်တဲ့၊ အရှင်သာရိပုတ္တရာနေခဲ့တဲ့တိုက်ကြီးပေါ့လေ၊ သူပရိနိဗ္ဗာန်စံတဲ့ တိုက်လို့လည်း ဆိုနိုင်တယ်၊ ဖွားရာတိုက်ခန်းကိုး၊ သုံးထပ်တိုက်ကြီးတဲ့၊ တစ်နေ့ကဆရာတော်ဦးစန္ဒောပြောတယ်၊ ဟိုမှာနံရံကြီးတစ်ဘက်ရှိသေးတယ်တဲ့၊ အကြီးကြီးပဲတဲ့။ ဒါရှေးခေတ်ကသူတို့သူဌေးဆိုတော့ ဟုတ်မှာပေါ့။

ဒီတော့-တိုက်ကြီးကလည်းအကျယ်ကြီး၊ အဲဒီခြံဝင်းကြီးထဲမှာလည်းပဲ၊ အိမ်တွေအဆောင်တွေအသီးသီး၊ သူတို့ကျေးကျွန်တွေနဲ့နေတာကိုးရှေးက၊ ဒီတော့ အဲဒီနေရာတွေမှာ"သံဃာတော်ငါးရာဖို့ရော၊ ငါ့ဖို့ရော နေရာပြင်ထားလို့ပြောလိုက်၊ မင်းအမေကြီးကိုပြော, သွား" ဆိုပြီးတော့လွှတ်လိုက်၊ ငါ့အတွက်တော့လေ ငါဖွားမြင်တုန်းကအခန်းထဲမှာ နေရာပြင်ပါလို့ပြောလိုက် မင်းအမေကြီးကို၊ ပြီးတော့ သံဃာတော်တွေကိုသင့်လျော်တဲ့နေရာနေရာတွေမှာပြင်ပါလို့ပြော"၊အမေဆိုတော့ ပြောကောင်းတာကိုး၊ ဒါနဲ့အရှင်သာရိပုတ္တရာအဲလိုမှာပြီး သူ့တူလေးကိုလွှတ်လိုက်၊ ဟာ-ဥပတိဿရေဝတဆိုတဲ့တူလေးက ဝမ်းမြောက်ဝမ်းသာနဲ့ ဦးကြီးလာတယ်၊ ဦးကြီးလာတယ်နဲ့ပြေးပြီး "အမေကြီး အမေကြီးသားကြီးလာတယ်ဗျ၊ ဟိုမယ်ကိုယ်တော်တွေနဲ့ အများကြီးပဲ အမေကြီးသားရောလာတယ် ဒီမှာညအိပ်အုန်းမှာတဲ့" "ဟဲ့ ဥပတိဿလား၊ ငါ့သားအရှင်သာရိပုတ္တရာလား" "ဟုတ်တယ်အမေကြီးရဲ့"၊ အမယ် ရဟန်းဂေါတမနောက်လိုက်သွားပြီးမှ အခုမှအပျင်းကြီးပြီးလူထွက်ချင်ပြီနဲ့တူတယ်၊ လူထွက်ပြီးတော့ ပစ္စည်းတွေဘာတွေနဲ့ ခုမှတကတည်းမိုးလွန်မှထွန်ချဖို့ကြံပုံရတယ်၊ ကဲလေ-ပြင်ဆိုပြင်ရတာပေါ့"။ သားဆိုတော့လည်းချစ်သေးတာကိုး။

ကဲ"ပြင်တာပေါ့ ပြင်တာပေါ့" ဆိုပြီးတော့ "ဟဲ့ပြင်ကြဆင်ကြစမ်း၊ ဘယ်မှာဘယ်မှာ သံဃာတော်တွေအတွက်ခင်းကြစမ်း၊ ကျင်းကြစမ်း၊ ကော်ဇောတွေထုတ်ဟဲ့၊ ဘာတွေထုတ်ခဲ့"နဲ့ တန်ဆောင်မုန်းလတော့ တန်ဆောင်မုန်းလကြီး၊ အဲဒီအချိန်ကျတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကကြွလာ၊ "မယ်တော်ကြီးနေကောင်းရဲ့လား၊" "ကောင်းပါတယ်"၊ ရှိမခိုးဘူး၊ ရှိမခိုးဘူးသူက၊ "ကောင်းပါတယ်ကိုယ်တော် နေကောင်းပါရဲ့၊ အခုကိုယ်တော် ဘယ်ကနေဘယ်လိုမျက်စိလည်ကြွလာတုန်း" "မယ်တော်ကြီး. . သံဃာတော်တွေနဲ့ အခုဒီနေ့တစ်ညကျိန်းမလို့၊ မနက်ကျတော့သားရော၊ သံဃာတော်တွေရော ဆွမ်းဘောဇဉ်လေးဘာလေးကပ်

http://www.dhammadownload.com



ပေါ့” “ကျွေးတာပေါ့ကိုယ်တော်၊ ကိုယ်တော့ကိုယ်တော်တွေကျွေးနိုင်ပါတယ်၊ ဒီလောက်တော့” ပေါ့ပေါ့လေးသူက။ ဒါနဲ့ သံဃာတော်တွေနေရာယူကြပြီးတော့၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက “ကဲ-ဥပရေဝတ ငါ့အတွက်တော့ အဲဒီဟိုအခန်းထဲပြင်ကွာဆိုပြီးတော့၊ သူဖွားတော်မူတဲ့အခန်းထဲကုဋင်လေးနဲ့။

အဲဒီလိုနဲ့ နေရင်းနဲ့ ညကျတော့ ရောဂါကဖောက်လာတော့တာပဲ၊ နဂိုကတည်းကရောဂါကနည်းနည်းဖောက်နေပြီ၊ အဲဒီတော့ သွေးအန်ကျလာတယ်၊ သွေးအန်တော့ည ထွေးခံတစ်လုံးနဲ့အန်လိုက်ထုတ်သွား၊ နောက်ထွေးခံတစ်လုံးထိုးပေးရ၊ ဟိုကသွားသွန်နေတုန်းရှိသေး၊ ဒီကတစ်လုံးကပြည့်နေပြန်၊ ထုတ်သွားထုတ်သွားကြာတော့ မယ်တော်ကြီးက“ဟဲ့-ဘယ့်နှယ်ဖြစ်တာတုန်း ဘာဖြစ်တာတုန်း” “မယ်တော်ကြီး-ဒီလိုဒီလိုပဲ သွေးတွေအန်လို့” “အို-ဖြစ်မှဖြစ်ရလေ ငါ့ဘယ်ဆေးဆရာခေါ် ရမတုန်း၊ ဘယ့်နှယ်လုပ်ရမတုန်း” နဲ့၊ ဒီလိုနဲ့သာ နှိပ်တဲ့သူကနှိပ်၊ ဘေးကဖေးတဲ့သူကဖေး၊ မတဲ့သူကမနဲ့ တစ်ညလုံး၊ ဒီတော့မယ်တော်ကြီးလည်း သူ့ခင်ဗျာသားဒီလိုဖြစ်တယ်ဆိုတော့ နည်းနည်းတော့ရင်ပူသွားတာပေါ့လေ၊ ရင်ပူပြီး “ဘာလုပ်ရမတုန်း” “ရေနွေးလေးကြိုပါအုန်း” ဆိုရေနွေးလေးမီးဖိုထဲပြေးကျိုလိုက်လုပ်တဲ့ကိုင်တဲ့သူတွေခိုင်းလိုက်၊ မနက်စောစောကျတော့ ယာဂုကပ်မှပဲဆိုပြီးတော့ ယာဂုအိုးတည်ဟဲ့ဆိုပြီး ယာဂုအိုးတည်၊ သံဃာတော်တွေအတွက်လည်း ယာဂုတည်။

ဒီလိုနဲ့ အလုပ်ရှုပ်ရင်းနဲ့သူက သူ့သားရှိတဲ့ဆီလှမ်းကြည့်လိုက်တော့ ညမှာဝင်းဝင်း, ဝင်းဝင်းနဲ့ အရောင်တွေတစ်ဝင်းဝင်းနဲ့မြင်၊ အင်း-ဘာတွေပါလိမ့်မတုန်း၊ ဝင်းဝင်း,ဝင်းဝင်းနဲ့လာလိုက်ကြတာ၊ “ငါ့သား ခုနက ဝင်းဝင်း,ဝင်းဝင်းနဲ့ဘာတွေတုန်း၊” “သြော်-မယ်တော်ကြီး အဲဒါလောကပါလနတ်မင်းကြီးလေးယောက်ပါ”၊ “သြ-လောကပါလနတ်မင်းကြီးတွေက ငါ့သားဆီလာသလား၊” “လာတယ်မယ်တော်ကြီး သူတို့ဟာ သားတော်ရဲ့အလုပ်အကျွေးပါပဲ၊” “သြော်-ဒီလိုလား၊” နောက်တစ်ခါသူပြန်သွားပြီး မီးဖိုထဲသွားပြီးတော အိပ်လည်းမအိပ်နိုင်ဘူး၊ သူ့သားအတွက်ရတက်ပိုနေတော့၊ မီးဖိုထဲသွား,ဆန်ပြုတ်အိုးနားဘာနားသွားနေတုန်းရှိသေး၊ ဝင်းဝင်,ဝင်းဝင်းနဲ့လာတာတွေမြင်ပြန်၊ နောက်ပြောက်သွားပြန်၊ “ငါ့သား အခုနကဘယ်သူတုန်း”၊ “သိကြားမင်းပါ”၊ “သြော်-သိကြားမင်းက ငါ့သားဆီလာသလား၊” “လာကယ်မယ်တော်ကြီး” တော်ကြာတစ်ခါ ဝင်းဝင်း,ဝင်းဝင်းနဲ့လာတာတွေ မြင်

http://www.dhammadownload.com



ပြန်၊"ဒါဘယ်သူတုန်း""အဲဒါပြဟ္မာကြီးပဲမယ်တော်ကြီး". . .၊ "ဪ-ပြဟ္မာကြီးက တောင်သားတို့ဆီလာသလား"။

ပြဟ္မာကြီးဆိုတာက သူတို့ကိုးကွယ်နေတာပြဟ္မာကြီးကိုး၊ "လာတယ်မယ်တော်ကြီး. . .၊ ပြဟ္မာကြီးတို့ သိကြားတို့ဆိုတာ သားတော်တို့ရဲ့အလုပ်အကျွေးတွေပဲ"၊ "ဪ-ဒီလိုဆိုရင် သားတော်ရဲ့ဆရာ ဘုရားဆီဆိုရင် ဒီ့ထက်လာမှာပဲနော်" "လာတာပေ့ါမယ်တော်ကြီး၊ လာတာပေ့ါ"ဆိုတော့ သူ့စိတ်ထဲ နည်းနည်းတော့ညွတ်သွားတယ်၊ ဘုရားအပေါ်လည်းညွတ်၊ အရှင်သာရိပုတ္တရာအပေါ်လည်းညွတ်၊ အဲလိုနဲ့မနက်စောစောကျတော့ သူဆန်ပြုတ်အိုးလေးထပ်နွေးအုန်းမယ်ဆိုပြီးတော့၊ မအိပ်နိုင်ဘူး၊ ဆန်ပြုတ်စောစောကပ်ရအောင်ဆိုပြီး သွားနွေးနေတုန်း ဒီကအရှင်သာရိပုတ္တရာကိုယ်တော်ကြီးက တော်တော်ရောဂါသည်းလာ၊ သည်းလာတော့ သူ့အနားပြေးလာတော့မှ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက၊ "မယ်တော်ကြီး. . . ဒီခန္ဓာကိုယ်ရလာလို့ရှိရင် ဒီဒုက္ခမျိုးကြုံရတာပဲ၊ သားတော်ကိုကြည့်ပေတော့" ဆိုပြီးတော့ သစ္စာလေးပါးပြတာ၊ အဲဒီတင်ပဲ သောတာပန်တည်သွားရှာတယ်၊ နောက်ဆုံးပိတ်ကလေး ချိတ်မိရုံလေး ချိတ်မိရုံလေး။

သောတာပန်လည်းဖြစ်ရော သူကဝမ်းမြောက်ဝမ်းသာနဲ့" အမလေးသားတော် သားတော်မောနေမယ် မဟောတော့နဲ့၊ အမေ့ဆက်တရားမဟောနဲ့တော့၊ တရားမဟောနဲ့၊ အမေဆန်ပြုတ်သွားပြီးယူချေအုန်းမယ်" ဆိုပြီး မီးဖိုထဲသွားနေတုန်းရှိသေး၊ ဒီကပရိနိဗ္ဗာန်စံသွားရော၊ စံသွားတော့ သူကဆန်ပြုတ်ခွက်လေကိုင်ပြီးတော့ "သားတော်ကြီး အရှဏ်တက်ပြီ၊ သားဆန်ပြုတ်ဘုဉ်းပေးရအောင် ဆန်ပြုတ်ဘုဉ်းပေးရအောင်" နဲ့ အနားရောက်လာတော့ အသက်မရှိဘူး၊ ဒီတော့ ဥပရေဝတက "အမေကြီး ပရိနိဗ္ဗာန်စံသွားပြီ" ဆိုတော့မှ တစ်ခါတည်း၊ ဆန်ပြုတ်ခွက်ချပြီးတော့ငိုတော့တာပဲ သူအဲဒီ၊ ငိုတော့တာပဲ။ သူကအခုမှသိတာကိုး၊ အရှင်သာရိပုတ္တရာအကြောင်းလည်း အခုမှသိ၊ တရားလည်းအခုမှသိ၊ ဘုရားအကြောင်းလည်းအခုမှသဘောပေါက်တော့တာ၊ သောတာပန်ဖြစ်သွားပြီ၊ အဲဒီတင် သူငိုရှာတာ. . ။

**ဟာဟာ,ဆာရိပုတ္တရှိ ကုမာရှိ ကုမာရှိ,**
**ဆုဏီယျေ ဆုဏီယျေ န ဆုနီ ကာရဏို၊**

http://www.dhammadownload.com



ဈာနီယေျ ဈာနီယေျ နဈာနီ ပြာဟွကို၊
တောရာဒိတေ တောရာဒိတေ နပါရီ နိက္ကယျိရှိ။

ဟာဟာ ဆာရိပုတ္တရှိ ကုမာရှိ ကုမာရှိ-အို-ရောင်ဝါရွှင်လန်း၊ ဝတ်သက်န်းဖြင့်၊ ရဟန်းဖြစ်ပြီး၊ မယ်မယ့်သားကြီး၊ သာရိပုတ္တရာ၊ ကာရဏို-လက်ဝဲလက်ယာ၊ ထင်စွာရှိခြား၊ မယ်မယ့်နားသည်၊ ဆုဏီယေျ-မောင်တို့ဟောကြား၊ မြတ်တရားကို၊ ထပ်ပွါးခါခါ၊ နာကြားခဲ့ရပါလျှက်၊ နဆုဏီ-ကံနှင့်ကတ္တား၊ ခွဲခြားနား၍၊ သဘောဇကန်၊ အမှန်ပင်မသိခဲ့လေစွတကား. . .၊သားတော်. . . တဲ့ အခုသားတော်အခုကွယ်လွန်သွားတော့၊ မယ်တော်နောင်တဖြစ်ရပြီ. . . တဲ့ နောင်တရပါတယ်၊ အမေ့မှာလေ. . တဲ့၊ သူများလိုပဲ ကြားနိုင်တဲ့နားနှစ်ဘက်ပါပါ ရဲ့. . တဲ့ ပါပါရဲ့၊ ကာရဏို-လက်ဝဲလက်ယာ, ထင်စွာရှိခြား, မယ်မယ့်နားသည်၊ ဆုဏီယေျ-မောင်တို့ဟောကြား,မြတ်တရားကို,ထပ်ပွါးခါခါ,နာကြားခဲ့ရပါ လျှက်.

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သွယ်ဝိုက်၍တစ်မျိုး၊ တိုက်ရိုက်တစ်မျိုး,မကြာမကြာတော့ဟောတယ်သူ့မယ်တော်ကြီးကို၊ ဗုဒ္ဓဘာသာအယူပြောင်းလာဖို့နဲ့၊ လျှုဖို့တန်းဖို့ပြောတယ်၊ အဲဒါတွေထပ်တလဲလဲအမေကြားရပါရဲ့. . . တဲ့၊ ကြားရပါလျှက်နဲ့ ဒီနားကမကြားတတ်ခဲ့ဘူးသားရယ်. . တဲ့၊ အခုအမေကြားတတ်ပြီသားရဲ့၊ အမေကြားတတ်ပြီ။ အမေကြားတတ်တော့ ဒီပါးစပ်လေးက သားကြီးပါးစပ်လေးက အမေ့ကိုဟောစမ်းပါအုန်း. . အမေကြားတတ်ပါပြီသား ရဲ့. . . နဲ့။ ဟိုက ပရိနိဗ္ဗာန်စံသွားပြီဆိုတော့၊ ဘယ်ပါးစပ်ကလှုပ်ပါတော့မတုန်း၊ အဲဒါသူကကြည့်ပြီး ဟောစမ်းပါအုန်းသားရဲ့၊ အမေဟိုတုန်းက နားနှစ်ဘက်ရှိရဲ့ သားနဲ့ သားဟောတာကိုမကြားခဲ့မိဘူးသားရဲ့၊ နားမထောင်တတ်ဘူးသားရဲ့၊ အခု အမေနားထောင်တတ်ပြီ. . ဟောပါအုန်းသားရဲ့နဲ့ ငိုရှာတာ ငိုရှာတာ နောင်တဖြစ်ပြီး။

ကာရဏို-ကာရဏို ဆိုတာပါဠိလိုတော့-ကဏ္ဏာ-ပါပဲ။ သူတို့စကားနဲ့တော့ ကာရဏိုပေါ့။ ကာရဏို-လက်ဝဲလက်ယာ, ထင်စွာရှိခြား, မယ်မယ့်နားသည်၊ ဆုဏီယေျ-မောင်တို့ဟောကြား,မြတ်တရားကို, ထပ်ပွါးခါခါ, နာကြားခဲ့ရပါလျှက်၊ နဆုဏီ-ကံနှင့်ကတ္တား, ခွဲခြားနား၍, မမှားဇကန်, အမှန်ပင်မကြားတတ်ခဲ့လေပြီတကား. . .။ မကြားတတ်ဘူးတဲ့၊ တပည့်တော် အရှင်ဘုရား

http://www.dhammadownload.com



ဟောတာ နားထဲဝင်ရဲ့သားနဲ့ မကြားခဲ့ဘူး,မသိခဲ့ဘူးတဲ့။ ဗြာဟ္မဏီ-မယ်မယ့်ကိုယ်ဝယ်, မှီတွယ်နေရိပ်,စိတ်စေတသိက်သည်။ ဂျာနီယေျ-မောင်တို့ဟောကြား,မြတ်တရားကို, ထပ်ပွါးခါခါ, သိနေခဲ့ပါလျှက်, ကြားနေခဲ့ပါလျှက်။ နဂျာနီ-သဘောအဟုတ်,သရုပ်သကန်, အမှန်ပင်မသိခဲ့လေပြီတကား. . .။

အမေ့မှာ စိတ်စေတသိက်တွေ ရှိပါရဲ့. . တဲ့၊ သိတတ်တဲ့စိတ်ရှိပါတယ်၊ ရှိပေမယ့်လို့ သားတို့ဟောတဲ့တရားကို တစ်ခါဘူးမှ သဘောအဟုတ် သရုပ်သကန် ခွဲခြမ်းပြီးတော့မသိခဲ့မိဘူးသားရယ်. . . တဲ့၊ အခုမှသိရလေခြင်း။ တောရာဒိတေ-မဇ္ဈိမဒေသ, သာပေါင်းခသည့်, ဟောဒီရပ်ဌာန၌။ နိက္ကယျိုရို-သုံးစားမကုန်, အစုံရွှေငွေ, ရှိနေပါလျှက်။ နပါရိ-သားနှင့်တကွ,သားရဲ့ဆရာဘုရား, သံဃာတော်အရှင်မြတ်များကို တစ်ထည်သောသင်္ကန်း, တစ်ထပ်သောဆွမ်းကိုမျှ မလှူဒါန်းခဲ့ရပါလား မယ်မယ့်သား။ အမေ့မှာ. . . တဲ့ သုံးစားလို့မကုန်နိုင်တဲ့ ရှစ်ဆယ့်ခုနှစ်ကုဋေကြွယ်ဝတဲ့ ပစ္စည်းဥစ္စာတွေရှိပါလျှက်၊ သားတော်အတွက်သင်္ကန်းတစ်ထည်မှ အမေမလှူခဲ့ရပါလား. . တဲ့၊ သားရဲ့ဆရာဘုရားအတွက်လည်းပဲ သင်္ကန်းတစ်ထည်, ဆွမ်းတစ်ထပ်မှလည်း မကပ်ခဲ့ရပါလား၊ သားတော်ရဲ့သီတင်းသုံးဖေါ်ရဟန်းတော်တွေကို သင်္ကန်းတစ်ထည်,ဆွမ်းတစ်ထပ်မှလည်း မကပ်ခဲ့ရပါလားသားရယ်. . လို့ နောင်တရရှာတာ။

ပစ္စည်းတွေကရှိတယ်၊ ခုနကမာန်ခံနေတာနဲ့ သူကမကပ်ခဲ့နိုင်ဘူး၊ ဒါ့ကြောင့် တောရာဒိတေ-မဇ္ဈိမဒေသ,သာပေါင်းခသည့်,ဟောဒီရပ်ဌာန၌၊ နိက္ကယျိုရို-သုံးစားမကုန်,အစုံရွှေငွေ,ရှိနေဖါလျှက်။ နပါရိ-တစ်ထည်သော သင်္ကန်း, တစ်ထပ်သောဆွမ်းကိုမျှ, မလှူဒါန်းခဲ့ရပါလား မယ်မယ့်သား၊ ဟာ,ဟာ သာရိပုတ္တရို ကုမာရို-ပညာတေဒဂ်, နှံ့ထက်ကြေငြာ, အိုသားကြီးသာရိပုတ္တရာ၊ မောဒေါဒါရာ-မောင်တို့ကြွသွား, ရောက်လေရာအရပ်များက၊ မောဒေ-ရူပစာရီ, ဗြဟ္မဏီမည်ခေါ်, မောင့်မယ်တော်အား၊ ဒေဝေါ-ဒေသနာအမြိုက်ဆေးကို, တိုက်ကျွေးတော်မူလှည့်ပါအုန်းတော့လား မယ်မယ့်သား. . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒါ-မယ်တော်ကြီးနောင်တရရှာတယ်၊ ပစ္စည်းဥစ္စာတွေရှိရဲ့သားနဲ့၊ တစ်

http://www.dhammadownload.com



ထည်သောသက်န်းမှလည်းမလှူဒါန်းမိ၊ တစ်ထပ်သောဆွမ်းကိုမျှလည်းမကပ်မိ. . . တဲ့၊အခုတော့ အမေ့နားဟာကြားတတ်ပါပြီတဲ့ ဟောပါအုန်းလို့ဆိုတော့. . ဟိုက မဟောတော့ဘူး၊ ပြောပါအုန်းဆိုတော့ မပြောတော့ဘူး၊ အမေ့ရဲ့အသိစိတ်တွေ, စိတ်စေတသိက်ဆိုတဲ့နာမ်ဓာတ်တွေရှိနေပေမယ့်လို့ သားတော်ပြောတဲ့ စကားကို အမေနားမထောင်တတ်ခဲ့ဘူး. . မသိခဲ့ဘူး၊ အခုအမေသိတတ်ပါပြီ၊ အခုဟော ပါအုန်းဆိုတော့ ဟိုကမဟောနိုင်တော့ဘူး၊ ချိတ်မိရုံလေး၊ သစ္စာလေးပါးသိလိုက်လို့ သောတာပန်ဖြစ်သွားရှာတယ်၊ ဒီတော့-မလှူမတန်းလိုက်ရတာက မလှူမတန်းလိုက်ရတာ၊ သောတာပန်ဖြစ်တာတော့ သောတာပန်ဖြစ်တာပဲ။ ဒါနမပြုလိုက်ရဘူး၊ တကယ့်ကောင်းပွဲဆိုတဲ့ လယ်ယာမြေကောင်းကြီးနဲ့တူတဲ့ ဘုရားသာသနာ ကြုံပါရဲ့သားနဲ့ မလုပ်လိုက်ရဘူး၊ ဒါ-နောင်တ, နောင်တ။

အခု ဒကာမကြီး ဒေါ်ကြည်တို့၊ ဒကာဦးသိန်းလွင်တို့က သားကျေနပ်အောင်ပြုစုလိုက်ရတယ်။ ရန်မူနေတာမဟုတ်ဘူး၊ သာသနာတော်ဝန်ထမ်းနေတာ ကြည်ဖြူလို့၊ ဟိုကမယ်တော်ကြီးက ရန်မူနေတာသူ့သား၊ အမြဲရန်လုပ်နေတာ၊ အခုနောက်ဆုံးလာတာတောင်ကြည့်၊ လူထွက်ချင်ပြီနဲ့တူတယ်တဲ့။ ကြည့်ပါအုန်း၊ လာတယ်တဲ့။ ဒီလိုအဟုတ်ကိုစိတ်ထဲကရှိလို့ပြောတာ၊ အခုမှနောင်တတွေရပြီးတော့ မောဒေါ်ဒါရာ-မောင်တို့ ကြွသွား, ရောက်လေရာအရပ်များက၊ မောဒေ-ရှုပစာရီ, ပြဟ္မာဏီမည်ခေါ်, မောင့်မယ်တော်အား၊ ဒေဝေါ-ဒေသနာအမြိုက်ဆေးကို, တိုက်ကျွေးတော်မူလှည့်ပါအုန်းတော့လား မယ်မယ့်သား. . တဲ့။ မယ်မယ့်ကိုလာပြီးတော့ တရားဟောလှည့်ပါအုန်း။ ရောက်လေရာအရပ်က တရားဟောလှည့်ပါအုန်းသားရယ် . . လို့၊ အခုမှနောင်တတွေရပြီးတော့နေရှာတယ်။

ဒီတော့-အခုဒကာကြီးဦးသိန်းလွင်တို့၊ ဒကာမ ဒေါ်ကြည်တို့က ကိုယ့်သားအပေါ် တာဝန်တွေကျေခဲ့ကြတယ်၊ ဝတ္တရားတွေကျေခဲ့ကြတယ်၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ မယ်တော်နောင်တရသလို ရစရာမရှိဘူး၊ အဲ-ခုနကပြောတဲ့ ဆေးတော်ကြီးငါးလုံးကို နေ့စဉ်သုံးစွဲပြီးသကာလ အဘိဇ္ဈာသုတ်တော်ကြီးကို နေ့စဉ်သုံးစွဲကြပြီးသကာလ၊ မိမိတို့သန္တာန်၌ရှိနေတဲ့ လောဘ, ဒေါသတရားတွေကို ခွါရှင်းနိုင်ကြ၊ ပယ်စွန့်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြပါစေ. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့တရားကို ဘုန်းကြီးတို့ကတဆင့်ပြောပါတယ်။

http://www.dhammadownload.com



ဒါ့ကြောင့် ဒီနေ့သံဃာတော်အရှင်မြတ် (၇၀၀)ကျော်တို့ကို မွန်မြတ်သော ဘောဇဉ်ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုသည်၊ ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့တဲ့၊ သူရဲကောင်းကွယ်လွန်တဲ့ ကွယ်လွန်နည်းနဲ့ ကွယ်လွန်သွားတဲ့၊ ဘုရားသာသနာတော်ကြီးကို၊ ပရိယတ်, ပဋိပတ် အားရစွာအား ထုတ်တော်မူသွားတဲ့ သားတော်ဥးနန္ဒဇေအတွက်ဖြစ်ပါစေသား၊ သားတော် ဥးနန္ဒဇေသည်. . . ရောက်လေရာဘဝမှ တပည့်တော်တို့ ဒီနေ့ပြုသောကုသိုလ် ကောင်းမှုကို သူကိုယ်တိုင်ပြုရသကဲ့သို့ ဝမ်းမြောက်နုမော် သာဓုခေါ်၍ လှူရွှာနတ် ထံချမ်းသာစံပြီး မဂ်ဖိုလ်နိဗ္ဗာန်ထိရောက်ရှိပါစေသတည်း၊ ရရှိပါစေသတည်း။ တပည့်တော်တို့သည် ဤကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ ဤမှတစ်ပါး များပြားကျေးဇူးပြုခဲ့ဖူးသောကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကို ရရပါလိုကုန်၏၊ ရောက်ရပါလို ကုန်၏ဟူ၍၊ ကိုယ်စီကိုင့ ရည်မှန်းချက်ချ၍ ပြုစွမ်းနိုင်ကြပါစေကုန်သတည်း။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဘိဇ္ဈာသုတ်တော်ခေါ်တဲ့ ဆေးတော်ကြီး ငါးလုံးကိုလည်းပဲ နေ့စဉ်သောက်သုံးနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးများဖြစ်ကြပါစေကုန်သတည်း။ ဤကဲ့သို့ အဘိဇ္ဈာသုတ်တော် ဆေးတော် ကြီးကို နေ့စဉ်သောက်သုံးကြကုန်လျှက်၊ လောဘ, ဒေါသစတဲ့ ကိလေသာအနာ ရောဂါတွေ တစ်ဖြည်းဖြည်းသက်သာ၊ တစ်ဖြည်းဖြည်းလျှော့ပါးပြီးသကာလ၊ နောက်ဆုံး ကုန်ခန်းပျက်ပြုန်း အာသဝေါကင်းကွာ ရဟန္တာယောကျာ်း,ရဟန္တာမကြီး တွေဖြစ်သည့်အထိ လမ်းဆုံးရောက်ကြပါစေကုန်သတည်း။ ဤကဲ့သို့ရောက်နိုင်ကြ ကုန်သည်ဖြစ်၍၊ ဤကဲ့သို့ပြုသွားကြတဲ့ ရှေးရှေးသောသူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ်, ရောက်အပ်, သိမြင်အပ်တဲ့ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ,ရကြရပါလိုကုန်သောဟူ၍ ပတ္ထာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "ဒုက္ခတွေသိမ်း အပျော်ငြိမ်း တရားတော်"

ယနေ့မြန်မာကောဇာသက္ကရာဇ် -၁၃၆၀-ပြည့်နှစ် ဝါခေါင်လပြည့်ကျော် (၈)ရက်နေ့၊ ခရစ်နှစ် ၁၉၉၈-ခု ဩဂုတ်လ (၁၅)ရက် စနေနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်,ပဋိပတ်သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် တထောင်ကျော်တို့အား (၄)ကြိမ်မြောက် (၄)နှစ်မြောက် အလှူတော်အဖြစ်ဖြင့် ငွေကျပ်တသိန်းကျော် အကုန်ကျခံပြီးတော့ နေ့ဆွမ်းအဖြစ်နဲ့ မွန်မြတ်သောဆွမ်း, ဆွမ်းဟင်းဘောဇဉ်ချိုချဉ်အရသာတို့ဖြင့် လာရောက်လောင်းလှူခြင်းစတဲ့ ကောင်းမှုတွေပြုကြတဲ့ ကုသိုလ်ရှင်တွေက၊ မန္တလေးတိုင်း စဉ့်ကိုင်မြို့၊ တရုပ်စုရပ်မှာနေထိုင်ကြသော စိန်နဂါးပဲလှော်လုပ်ငန်းပိုင်ရှင်များဖြစ်ကြတဲ့ အလှူ့အမ,ဆွမ်းအမဒေါ်တင်မြနဲ့ မောင်နှမ မိသားစုတစ်တွေ ဖြစ်ကြပါတယ်။

ကိုင်း-အနုမောဒနာတရားအနည်းငယ်နာကြားခြင်း ရေစက်ချအမျှဝေခြင်းပြုရအောင်၊ နေ့စဉ်စားသောက်နေတဲ့ထမင်းဟင်းဘောဇဉ်များ စားချင်စိတ်ရှိလည်းစားရတယ်၊ တစ်ခါတစ်ခါစားချင်စိတ်မရှိဘူး၊ စားချိန်ကျလို့, ဟိုကအချက်ပေး သံချောင်းခေါက်လိုက်၊ သို့မဟုတ် အိမ်ဆိုရင်လည်း မိသားစုတွေစားချိန်ကျလို့ စားရအောင်လို့ခေါ် လိုက်ရင်၊ စားချင်စိတ်မရှိလည်းစားရတယ်၊ စားချင်စိတ်ရှိလည်းစားရတယ်၊ စားလိုက်တော့ စားချင်စိတ်မရှိလို့စားစား၊ ရှိပြီးစားစား၊ ဒီအာဟာရက ခန္ဓာကိုယ်ထဲမှာအားတွေဖြစ်၊ ချွေးအား,သွေးအား,လေအား,အသားအား, အဆီအား,ဓာတ်အား,အကြောအားတွေဖြစ်ပြီးတော့ အသက်ကိုရှည်စေတယ်၊ ခန္ဓာကိုယ်ကိုကျန်းကျန်းမာမာဆောင်ပို့နိုင်တယ်၊ ချမ်းသာသုခပွားတယ်။ အဲသလိုပဲတဲ့ ကောင်းမှုကုသိုလ်ဆိုတာ ပြုချင်စိတ်ရှိလည်းပြုရတယ်၊ ပြုချင်စိတ် တစ်ခါတစ်ခါ မရှိဘဲနဲ့တွန့်နေတတ်တယ်၊ ပျင်းနေတတ်တယ်၊ အဲဒါလည်းပဲ ကြိုးစားပြီးတော့ ပြုရတယ် . . .။

❖ မပြုချင်ပြု, ပြုချင်ပြု, ကောင်းမှုအထွေထွေ၊
ဘဝများစွာ, သံသရာ, ချမ်းသာပွားဖို့ပေ။

http://www.dhammadownload.com



ခုနက အစာအာဟာရစားချင်စိတ်ရှိလည်းစား၊ စားချင်စိတ်မရှိလည်းစားလိုက်ခြင်းဖြင့် ခန္ဓာကိုယ်ထဲသွေးအားတွေ၊ အသားအားတွေ အဆီအားတွေဖြစ်၊ ချွေးအားတွေလေအားတွေဖြစ်ပြီးတော့ ခန္ဓာကိုယ်ကျန်းမာ. . လို့၊ အသားအရေတွေပြည့်ဖြိုး. . လို့ ကိုယ်စိတ်နှစ်ဖြာချမ်းသာ၊ ကိုယ့်ခန္ဓာကိုယ်ကိုချမ်းချမ်းသာသာ သယ်ပိုးနိုင်၊ ချမ်းသာတွေပွား။ အဲသလိုပဲကောင်းမှုကုသိုလ်ဆိုတဲ့စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနကောင်းမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုဆိုတဲ့ သီလကောင်းမှု၊ ပွားများမယုတ်အားထုတ်မှုဆိုတဲ့ ဘာဝနာကောင်းမှုတွေ၊ မပြုချင်လည်းပြုရတယ်၊ ပြုချင်လည်းပြုရတယ်၊ စိတ်တက်ကြွနေတဲ့အချိန်လည်းပြု ၊ မတက်ကြွတဲ့အချိန်လည်းပြု၊ အဲဒီလိုပြုလိုက်တော့မှ ဘဝများစွာချမ်းသာကိုဆောင်မှာ။

သံသရာစခန်းနိဗ္ဗာန်သွားလမ်းကြီးမှာ ဒါနကောင်းမှုတွေက ဒါလိဒ္ဒိယလို့ခေါ်တဲ့ အမွဲဘေးအငတ်ဘေးမှကင်းဝေးစေတယ်၊ ဒါလိဒ္ဒိယဘေးဆိုတာမွဲတဲ့ငတ်တဲ့ဘေး၊ ဆင်းရဲတဲ့သူ,ပစ္စည်းမရှိတဲ့သူ။ ဘာမွဲတာတုန်း အစားမွဲ အဝတ်အဆင်မွဲ နေရာထိုင်ခင်းမွဲ။ ဘာငတ်တာတုန်း အစားငတ်တာ၊ အဝတ်အဆင်ငတ်တာ၊ နေရာထိုင်ခင်းငတ်တာ၊ အစားငတ်ပြီဆိုတော့ဆင်းရဲဒုက္ခတွေ ကြီးလိုက်တာ၊ ခွက်ကလေးတစ်လုံးနဲ့ လှည့်ပြီးတောင်းရမ်းစားသောက်ရ၊ မျက်နှာလေးအောက်ချပြီးတော့၊ သူများကို မျက်နှာတောင်မော်မကြည့်ရဲလို့၊ ခေါင်းတဘက်ကလေးနဲ့မျက်နှာအုပ်ပြီးတော့ မျက်လွှာလေးချပြီးတော့၊ သူတို့ခမ်းခမ်းနားနား တင့်တင့်တယ်တယ်နေတဲ့ နေရာထိအောင် ဧည့်ခန်းထိအောင်တောင်မဝင်ရဲဘူး၊ အိမ်ရဲ့ အစွန်အဖျားချောင်ကြိုချောင် ကြားကနေပြီးတော့၊ အပေါက်စကနေပြီးတော့ တောင်းရတယ်၊ မီးဖိုချောင်ရေ သွန်၊ အညစ်အကြေးသွန်တဲ့နေရာကနေရပ်တောင်းရတယ်၊ ဧည့်ခန်းထဲထိအောင် ဘုရားစဉ်နားထိအောင် ဝင်မသွားရဲဘူး၊ ငတ်ပြီဆိုတော့တောင်းရတယ်၊ အောက်ကျလိုက်တဲ့ဖြစ်ခြင်းကလည်း ပြောစရာမရှိဘူး၊ ဒီထဲဆဲဆိုလွှတ်လည်းခံရတယ်၊ ရိုက်မောင်းပုတ်မောင်းလုပ်လည်းခံရတယ်၊ အငတ်ဘေး။ အဲလိုအငတ်ဘေးခေါ်တဲ့ ဒါလိဒ္ဒိလဘေးကြီးက ကင်းဝေးချမ်းသာစေတဲ့ စွန့်ကြဲပေးကမ်းလှူဒါန်းမှု ဒါန ကောင်းမှု ပြုချင်စိတ်ရှိလည်းပြု မပြုချင်လည်းပြု၊ ဆိုစမ်းပါ-

### ❖ ဒုက္ခတွေသိမ်း, အပူငြိမ်း, အေးကိန်းဆိုက်ဖို့ပေ။

နောက်ဆုံးတော့ ဒုက္ခတွေငြိမ်း ရုပ်နာမ်ခန္ဓာဒုက္ခမီးတွေပါငြိမ်း၊ အပူတွေငြိမ်း။ ဘာပူတွေငြိမ်းတာတုန်း-ကိလေသာပူတွေငြိမ်းတာ၊ အိုခြင်းပူ,နာခြင်းပူ,

http://www.dhammadownload.com



သေခြင်းပူတွေငြိမ်း၊ ရုပ်နာမ်ဆူဆူ အပူခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်အေးကိန်းကြီးဆိုက် သွားဖို့ ပြုချင်စိတ်ရှိလည်းပြု၊ ပြုချင်စိတ်မရှိလည်းပြုရတယ် ဒါနကောင်းမှု၊ သီလ ကောင်းမှု၊ ဘာဝနာကောင်းမှု၊ အဲဒီလိုပြုထားတော့ ဒါနကောင်းမှုက ခုနကပြောတဲ့ အုတ်ဘေးကြီး၊ အပြတ်ဘေးကြီး၊ အမွဲဘေးကြီးကင်းတယ်၊ အဲဒီဘေးတွေ မရှိစေ ဘဲနဲ့ချမ်းသာစေတယ်၊ ပစ္စည်းဥစ္စာပြည့်စုံစေတယ်၊ ပေါ်များကြွယ်ဝစေတယ်၊ ရှာလို့ဖွေလို့ရလွယ်စေတယ်။

သီလကောင်းမှုကလည်းပဲ ဖြစ်လေရာဘဝမှာ အင်္ဂါခြေလက်ပြည့်စုံစေ တယ်၊ ဥပမိရုပ်ဆင်းနဲ့ပြည့်စုံစေတယ်၊ ကျန်းမာရေးတွေကောင်းစေတယ်၊ အနာ ရောဂါ ကင်းစေတယ်၊ အသက်ရှည်စေတယ်။ ဘာဝနာကောင်းမှုကြီးကလည်းဖြစ် လေရာဘဝမှာ အသိလိမ္မာဉာဏ်ပညာတွေထက်မြတ်စေတယ်၊ အသိလိမ္မာဉာဏ် ပညာရှိတဲ့ သူဖြစ်စေတယ်၊ လေးနက်တဲ့ တရားတွေဟောတာကိုနားကြားလိုတဲ့ သူဖြစ်စေတယ်၊ တရားထူးတရားမြတ်များဦးဦးဖျားဖျားရလွယ်တဲ့သူဖြစ်တယ်။

❖ ဘဝများစွာ, သံသရာ, ချမ်းသာပွားဖို့ပေ၊
ဒုက္ခတွေသိမ်း, အပူငြိမ်း, အေးကိန်းဆိုက်ဖို့ပေ။

အပူတွေငြိမ်း ကိလေသာအပူရော, ရုပ်နာမ်အဆူဆူအပူတွေရော၊ အကုန် ငြိမ်းပြီးတော့ နိဗ္ဗာန်အေးကိန်းကြီးဆိုက်သွားဖို့ ဒါ့ကြောင့် မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်ကျတော့-

*မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊
"ပုညံ ဘာယန္တော သုခံ ဘာယတိ နာမ"

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, အို-အမျိုးကောင်းသား,အမျိုးကောင်း သမီးအပေါင်း,သူတော်ကောင်းတို့၊ ပုညာနံ-ကုသိုလ်ကောင်းမှု,အစုစုတို့ကို၊ ပုညာ နံ-မိမိတို့ကို သံသရာစခန်း,မင်္ဂဖိုလ်နိဗ္ဗာန်သွားလမ်းကြီး၌- ချမ်းသာကိုသယ်ပိုး တဲ့အပြင်,ဒုက္ခတွေသိမ်း,အပူငြိမ်း,အေးကိန်းကြီးနိဗ္ဗာန်ဆိုက်စေတတ်တဲ့, ကောင်း မှုတို့မှ၊ မာ ဘာယိတ္ထ-မကြောက်ကြကုန်လင့်၊ မာဘာယိတ္ထ-ကြောက်ရွံ့ကြောက်ရွံ့နဲ့, နောက်တွန့်မနေလိုက်ကြကုန်လင့်. . . ။

---

*အံ-၃၊ ၄၆၅။

http://www.dhammadownload.com



ချစ်သားတို့. . ကောင်းမှုကိုမကြောက်ကြနဲ့၊ ကောင်းမှုဆိုတာ ကိုယ့်ကို ချမ်းသာစစ်ကိုပေးမယ့်တရား၊ လောကမှာ မိတ်ကောင်းဆွေကောင်းလိုပဲ ၊ မိတ်ဆွေကောင်းလိုပဲ ကူညီစောင့်ရှောက်မယ့်တရား၊ အဲဒါကိုမကြောက်ကြနဲ့၊ ကြောက်ရွံ့ကြောက်ရွံ့နဲ့နောက်တွန့်မနေမိကြစေနဲ့။

"ပုညံ ဘိက္ခဝေ ဘာယန္တော သုခံ ဘာယတိနာမ"

ဘိက္ခဝေ-မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းသူတော်ကောင်းတို့၊ ပုညံ-ကိုယ့်ကိုချမ်းသာသယ်ပိုးမယ့်ကောင်းမှုတရားကို၊ ဘာယန္တော-ကြောက်နေတဲ့သူသည်၊ (ဝါ) ကြောက်ရွံ့ကြောက်ရွံ့နဲ့နောက်တွန့်နောက်တွန့်နဲ့နေသောသူသည်၊ သုခံ-လူ့နတ်နိဗ္ဗာန်, သုံးတန်ချမ်းသာကို၊ ဘာယတိနာမ-မုချမသွေ့ကြောက်ရာရောက်ပါပေတော့သတည်း. . .။

သာဓု. . . သာဓု. . . . သာဓုပါဘုရား။

ကောင်းမှုကြောက်ရင်တော့ချမ်းသာကိုကြောက်ရာရောက်ပါတယ်. . တဲ့ ဒါ့ကြောင့် ချမ်းသာနဲ့တိုးရအောင် ကောင်းမှုကို မကြောက်နဲ့၊ နောက်ဆုံးလေ. . ဘယ်လောက်ထိဘုရားကဟောတုန်းဆိုတော့-

"*[၁]အဿုမုခေနပိ ရုဒမာနော ပြဟ္မစရိယံ စရိတဗ္ဗံ"

အဿုမုခေန-မျက်နှာမှာ မျက်ရည်ပြည့်ပြီးတော့၊ ရုဒမာနောပိ-ငိုနေလျက်နဲ့လည်း၊ ပြဟ္မစရိယံ-မြတ်သောအကျင့်ကို၊ စရိတဗ္ဗံ-ကျင့်ထိုက်တယ်. .၊ ငိုပြီးတော့တောင်ကျင့်ထိုက်တယ်ဟေ့. . တဲ့ ကောင်းမှုတရားဆိုတာငိုပြီးတော့တောင်ကျင့်ထိုက်တယ်၊ *[၂]ရဟန်းတော်လေးတစ်ပါး ဝေသာလီမြို့က၊ မင်းသားကနေရဟန်းဘောင်တက်လာတဲ့ ရဟန်းတော်လေးတစ်ပါး ဝတ်တုန်းကတော့ သဒ္ဓါတရားနဲ့ဝတ်လာတာပေါ့၊ စိတ်တွေတက်ကြွပြီးတော့ သာသနာဘောင်ဝင်၊ တစ်ပါးတည်းတောထဲမှာ ကျင့်ရင်မဂ်ဖိုလ်နိဗ္ဗာန်မြန်မြန်ရတယ်ဆိုလို့ တောထဲတစ်ပါးတည်း တောရဆောက်တည်ပြီးတော့ ဝေသာလီတောကြီးထဲမှာနေတယ်။

တစ်နေ့တော့ဝေသာလီမြို့က နက္ခတ်ပွဲသဘင်ကြီးပေါ့၊ အုပ်အုပ်ကျက်ကျက်နဲ့မြို့ထဲမှာကကြခုန်ကြတီးကြမှုတ်ကြပေါ့၊ ခုဒ္ဒိအမရပူရမြို့ ရတနာ့ဂူပွဲကြီး

*[၁] အဘိ-ပု-၁၇၁။ *[၂] သံ-၁၊ ၂၀၃။ ဋ္ဌ-၂၆၉။ ဓမ္မ×ဋ္ဌ-၂၊ ၂၈၈

http://www.dhammadownload.com



အတွင်းအချိန်လိုပေါ့၊ လူတွေကလည်းဝတ်ကောင်းစားလှတွေ ဝတ်စားဆင်ပြင်ပြီးတော့၊ သားတွဲလောင်း သမီးတွဲလောင်း မြေးတွဲလောင်းဆွေတွေမျိုးတွေတစ်သိုက်ကြီးသွားကြလာကြပျော်ကြပါးကြ၊ ညလည်းပဲ ညမိုလို့ တီးကြမှုတ်ကြကကြခုန်ကြ၊ သူကဝေလီတော့အုပ်ကြီးထဲကနေတရားအားထုတ်ပြီးနေရင်းနဲ့၊ မြို့ထဲကမြို့တွန်သံလို့ခေါ်တဲ့တီးသံမှုတ်သံ ကသံခုန်သံတွေက၊ မြို့ထဲ ညအချိန်ဆိုတော့ပိုပြီးတော့ကြားတာကိုး၊ တောထဲထိအောင်ရောက်လာ။

တီးသံတွေ မှုတ်သံတွေ သီချင်းဆိုသံတွေ ကသံတွေ ရယ်သံတွေ မောသံတွေ ကြား . . တော့ သူစိတ်ထဲမှာ "ဩော် သူတို့ကတော့ ပျော်ပါးပြီးနေလိုက်ကြတာ၊ ငါ့တော့ တောကြီးမျက်မဲထဲတစ်ယောက်ထည်း ကျင့်နေရတယ်ဗျ. . . ဆိုပြီးတော့ စိတ်ထဲမှာဝမ်းနည်းပက်လက်ဖြစ်ပြီးတော့ ငိုတယ်၊ ငါ့တော့ မိကွဲဖကွဲဆွေကွဲမျိုးကွဲသင်းကွဲဖြစ်ပြီးတော့ တစ်ယောက်တည်းအားထုတ်နေရတယ်ဗျ. . သူတို့ကတော့ပျော်နေပါးနေလိုက်ကြတာဆိုပြီးတော့ သူ့အဖြစ်သူတွေးပြီးတော့ဝမ်းနည်းပက်လက်နဲ့ငိုတယ်၊ ဖြုတ်ဆိုမြတ်စွာဘုရားရောက်လာ၊ မြတ်စွာဘုရားကသိတယ်၊ မြတ်စွာဘုရားကသူရဲ့တပည့်သာဝကတွေ တစ်နေ့ကိုသုံးကြိမ် လောက်ကြည့်တာ၊ ဘယ်ရဟန်း ဘယ်မှာတရားအားထုတ်နေတယ်၊ဘယ်လိုနေလဲ၊ ဘယ်တပည့်ဘယ်တပည့်မ ဘယ်မှာတရားအားထုတ်တာဘယ်လိုနေလဲ၊ ကောင်းမှုကုသိုလ်ပြုနေတာ ဘယ်လိုနေသလဲဆိုတာ အမြဲထောက်လှမ်းနေတာ၊ ထောက်လှမ်းရေးတွေထက်အများ ကြီးသာတာပေါ့ဘုရားက၊ အဲဒီလိုထောက်လှမ်းလိုက်တော့၊ ရဟန်းတော်လေးကငိုနေတာ မြတ်စွာဘုရားကမြင်တယ်၊ မြင်တော့ ဖြုန်းဆိုမြတ်စွာဘုရားကကြွလာ။

ချစ်သား. . . ငိုနေသလား၊ ဟာရဟန်းတော်လေးက ကဗျာကယာနဲ့ထပြီးတော့ မြတ်စွာဘုရားနေရာပါပေး၊ ဘုရားလက်ထက်ကရဟန်းတော်တွေရဲ့ထုံးစံတစ်ခုက သူတို့ဘယ်နေရာနေနေ ဘုရားဖြုန်းကနဲ့ကြွလာရင် နေဖို့ရာဆိုပြီးတော့နေရာထိုင်ခင်းလေးအဆင်သင့်နေရာထိုင်လေးခင်းထားတတ်ကြတယ်၊ အနည်းဆုံး မြက်သစ်ရွက်ကလေးတွေဖြစ်ဖြစ်၊ သစ်ပင်ရင်းနေတယ်ဆိုရင် သစ်ပင်ရင်းမှာဘုရားကြွလာရင်သီတင်းသုံးဖို့ဆိုပြီးတော့ သစ်ရွက်ခြောက် တွေပေမဲ့လို့ စုပြီးတော့နေရာလေးခင်းထားတတ်ကြတယ်၊ မြတ်စွာဘုရားနေရာတော်ပါဘုရားလို့ မှန်းပြီးတော့ခင်းထားတတ်ကြတယ်၊ အဲဒါ -မြတ်စွာဘုရားက ကျောင်းတော်ကနေပြီး

http://www.dhammadownload.com



ကြည့်လိုက်တော့ အင်းငါ့သားတော်ကြီး တောထဲမှာတပါးတည်းတရားအားထုတ် နေပေမဲ့လို့ စိတ်ကကာမဝိတက်တွေလျှောက်ကြံနေတယ်. . ကြည့်စမ်းပါအုန်း၊ ငါ့သားတော်ကြီးကြည့်ပါအုန်းတရားတော့အားထုတ်နေ တင်ပလ္လင်ကြီးခွေ. . . ဘေးကမြင်ရင် သာဓုခေါ် ချင်စရာကြီး၊ စိတ်ထဲကတော့ ဘာတွေကြံနေတာတုန်း ဆိုတော့ ကာမဝိတက်တွေလျှောက်ပြီးတော့၊ ဟိုဟာတွေ ဒီဟာတွေ သောက်တာ စားတာမူးတာရူးတာ ပွဲတွေရောက်လို့ရောက်၊ ဟိုဟာလေးဒီဟာလေးနဲ့တွဲပြီးတော့ သွားလို့သွားနဲ့စိတ်ထဲ၊ အင်း. . ငါ့သားတော်ကြီးတော့ မဖြစ်သေဘူးသွားသတိ ပေးအုန်းမှ ဒီလိုကိုး ဘုရားလက်ထက်ကတော့၊ ဘုရားကလည်းစွမ်းတာ။

ဒို့နာယကတွေကတော့ ဘာချည်းမှမသိဘူး၊ ဟိုဆွမ်းစားတဲ့နေရာက စုတ်ချီးတွေထပြန်တာတောင်မသိဘူး။ မနည်းလိုက်ကြည့်မှမြင်ရတယ်၊ အဲဒါမြတ်စွာ ဘုရားကတော့ အဲဒီလို့သိနိုင်တာဆိုတော့ သိတယ်ဆိုကြွလာတာ မြတ်စွာဘုရားက၊ အဲလိုကြွလာရင်ထိုင်ဖို့ဆိုပြီးတော့ နေရာထိုင်ခင်းအဆင်သင့်ခင်းထားလေ့ရှိတယ်၊ ခုရဟန်းတော်လေးကလည်းအဲလိုပဲ မြက်သစ်ရွက်ကလေးတွေ, သစ်ရွက်ခြောက် ကလေးတွေစုပြီးဘုရားကြွလာရင်ထိုင်ဖို့ဆိုပြီးခင်းထား၊ မြတ်စွာဘုရားရောက်လာ၊ "ချစ်သား ငိုနေသလား" ပက်ပင်းကြီးမိနေတာဆိုတော့ မလိမ်နိုင်ဘူး၊"မှန်ပါဘုရား တပည့်တော်ငိုမိပါတယ်" "ဘာပြုလို့ငိုတာတုန်း" "မြို့ထဲကဟိုမှာတီးမှုတ်ကခုန်နေ ကြတာတွေကြားတော့ တပည့်တော်လည်း နဂိုတုန်းကတော့ အဲလိုပျော်ပါးပြီးသွား လာနေခဲ့တာဖြစ်တော့၊ အဲဒါတွေသတိရပြီးတော့ ငိုမိပါတယ်ဘုရား" အဲဒီမှမြတ်စွာ ဘုရားက-

**အဿုမုခေနပိ (ဘိက္ခု) ရုဒမာနေ‌ာ ဗြဟ္မစရိယံ စရိတဗ္ဗံ။**

ဘိက္ခု-ချစ်သားရဟန်း၊ ဣဒံ ဗြဟ္မစရိယံ-ငါဘုရားရဲ့သာသနာတော်မှာ အိုနာ,သေရေး, ဒုက္ခဘေးကြီးမှ,ကင်းဝေးလွတ်မြောက်ရာ, နိဗ္ဗာန်ချမ်းသာကို, ရစေ တတ်တဲ့, ဤမြတ်သောအကျင့်ကို၊ အဿုမုခေနပိ-မျက်နှာမှာမျက်ရည်တွေပြည့် နေသည့်တိုင်အောင်လည်းပဲ၊ ရုဒမာနောပိ-ငိုလျက်လည်းပဲ၊ စရိတဗ္ဗံ-ကောင်းစွာ မသွေ,ကျင့်ကြံကြိုးကုတ်, အားထုတ်ထိုက်လှပါပေသတည်း. . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အေး-ငါဘုရားရဲ့ သာသနာတော်အကျင့်ဆိုတာ ချစ်သား. . ငိုလျှက်နဲ့

http://www.dhammadownload.com



လည်းကျင့်ရတယ်၊ မလျှော့နဲ့ချစ်သား၊ ငိုတာ ငိုချင်ငို၊ တဘက်ကငိုချင်ငို ကျင့်တာတော့ မလျှော့နဲ့ချစ်သား. . ကျင့်၊ မြတ်စွာဘုရားက အားပေးတယ်၊ ငိုပါ. . တဲ့ တဘက်လည်း မျက်ရည်ကျပြီးတော့ နေလိုက်အုန်း၊ တဘက်က ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်ရှု တစ်ဘက်ကလည်းရှု-ကျင့်တဲ့၊ ငိုလည်းငို ကျင့်လည်းကျင့်တဲ့၊ ငိုလျက်နဲ့ကို ကျင့်အုန်းတဲ့၊ ငါကကြိုက်တယ်ချစ်သား. . ကြိုက်တယ်၊ ပြဟ္မစရိယကိုကျင့်တဲ့၊ အဲဒါငိုပြီးတော့လည်းကျင့်၊ မကျင့်ချင်လည်းကျင့်၊ ကျင့်ချင်လည်းကျင့် မဂ်ဖိုလ်နိဗ္ဗာန်ရဖို့အရေးချည့်ပဲ. . တဲ့၊ ငိုပြီးတော့တောင်ကျင့်ပါမန္တုံးပါဘူးလို့ ဟော-မြတ်စွာဘုရားက အားပေးတော်မူတာ၊ ကိုယ်တော်လေးမြတ်စွာဘုရား အားပေးချက်နဲ့ အားတက်ပြီးတော့ တစ်ခါတည်း မြတ်စွာဘုရားလည်းပြန်ကြွသွားရော ကြိုးစားပြီးတော့ အားထုတ်လိုက်တာ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူသွားတယ်. . တဲ့။

ဒီတော့ စိန်နဂါပဲလျော်မိသားစုတို့က၊ ပြုံးလို့ရွှင်လို့ သူတို့လာကြတာ၊ ကုန်ဈေးနှုန်းတွေတက်တော့ အလုပ်အကိုင်ဘယ်နှယ့်နေတုန်းလို့မေးကြည့်ရတယ်၊ ဟာ ဒါကတော့ထုံးစံပါပဲဘုရား၊ သူတက်တောကိုယ်တက်ပေါ့၊ ကိုယ်တက်တော့သူတက်ပေါ့၊ ဒီလိုကုန်ဈေးနှုန်းတွေကတော့ ဒီလိုပဲ၊ ထုံးစံအတိုင်းတက်ကြတာပဲ၊ တပည့်တော်တို့အလုပ်အကိုင်လည်းပဲ ဒီလိုပဲ မှန်မှန်ပဲ၊ ဆွမ်းကပ်ကလည်း မပျက်ဘူး လာခဲ့ကြတယ်ပေါ့၊ ဟာ-ကုန်ဈေးနှုန်းတွေကတက်လိုက်တာ၊ ဒို့ပဲလျော်တို့ဘာတို့ လုပ်ရကိုင်ရတာလည်းအဆင်မပြေဘူး၊ ဒို့မသွားတော့ပါဘူး၊ သံဃာ(၁၀၀၀)ကျော် ဆွမ်းလောင်းတယ်ဆိုတာ ဆွမ်းကပ်တင်ကိုက တစ်သိန်းကျော်ကုန်တာ၊ ကြည့်ပါအုန်း လောင်းဖွယ်လှူဖွယ်တွေ(၄)မျိုးနဲ့ဆိုတော့ မနည်းဘူးကုန်မှာဆိုပြီးတော့ မလာတော့ဘူးဆိုပြီးတော့ ပြချင်စိတ်တွေတွန့်ပြီးတော့ နောက်ဆုတ်ပြီးသွားလို့ ရှိရင် ချမ်းသာသုခပွားမှာလား လျော့မှာလား?၊(လျော့မှာပါဘုရား)။

အခုတော့ ကုန်ဈေးနှုန်းတက်လို့ တာဝတိံသာခေါင်းထိ ဟိုဘဝဂ်ထိအောင် တက်တက်၊ ဒို့လောင်းစရာရှိတာလောင်းမယ်၊ လှူစရာရှိတာလှူမယ်ဆိုပြီးတော့၊ အခု ကုန်ဈေးနှုန်းတက်တယ်ဆိုပြီးတော့ အပေါ်တင်(၄)မျိုးကသူတို့ကလျော့သွားသေးလား?၊(မလျော့ပါဘုရား) သူများကတစ်မျိုး တစ်မျိုးလောင်းကြတာ၊ သူတို့က လေးမျိုးတောင်လောင်းကြတယ်၊ အဲဒီတော့ အခုသူတို့ဒီလိုပြုလိုက်တော့ ဘဝများစွာ သံသရာမှာချမ်းသာပွားမှာလား၊ ချမ်းသာလျော့မှာလား? (ချမ်းသာပွား

http://www.dhammadownload.com



မှာပါဘုရား) ချမ်းသာတွေတိုးမှာလား ဆိုကျိုးတွေတိုးမှာလား?၊ (ချမ်းသာတွေတိုး မှာပါဘုရား)။

ဒါ့ကြောင့် မြတ်စွာဘုရားက ကောင်းမှုကိုမကြောက်ကြနဲ့၊ ကောင်းမှု ကြောက်ရင် ချမ်းသာကြောက်ရာရောက်လိမ့်မယ်လို့ ဆုံးမတော်မူတဲ့ အဆုံးအမ ကို ဇာပည့်တော်တို့လိုက်နာသောအားဖြင့် (၄)ကြိမ်မြောက်ဂန္ဓာရုံကျောင်းတိုက် သံဃာတော်(၁၀၀၀)ကျော်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လောင်းလှူဆက်ကပ်ရကြောင်း ကောင်းမှုစေတနာစုတို့နှင့်တကွ၊ ရှေးရှေးပကတူး ပြုခဲ့ဖူး. . တဲ့၊ ဒါန,သီလ,သမထ,ဝိပဿနာလေးဖြာသောကောင်းမှုတို့၏ တန် ခိုးရှိန်စော် သတ္တိအာနုဘော်တို့ကြောင့် ဒုက္ခတွေသိမ်းပြီးကော့ အပူငြိမ်းရာဖြစ် တဲ့ နိဗ္ဗာန်ချမ်းသာအေးကိန်းကြီး လျင်မြန်ဆောစွာ ဆိုက်ကြရပါလိုကုန်သော်ဟူ ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

· http://www.dhammadownload.com

## *ဝနဝါသီတိဿသာမဏေဝတ္ထု

## " အလျှုတတ်လျှင်နိဗ္ဗာန်ဝင်တရားတော် "

သင်္ကိပိ စရိတောဓမ္မော, ယာဝမဂ္ဂ ဝိပစ္စတိ၊

တသ္မာစရထ သဒ္ဓမ္မံ, သာရဝေါ သတ္တုသာသနေ။

ဘောန္တော-နှလုံးပြော့ပြောင်း, အိုသူတော်ကောင်းတို့၊ ဘောန္တော-မဂ်လေးတန်ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရှယ်ချောင်း, ဆုပန်တောင်း၍, စုပေါင်းညီညာ, စည်းဝေးလာသည့်, များစွာသောင်းသောင်း, အိုသူတော်ကောင်းတို့၊ ဓမ္မော-ရှေးသူတော်ကောင်း, ဓောဓိလောင်းတို့, လမ်းဟောင်းကျင့်စဉ်, စာရင်းဝင်သည့်, ငါးအင်သီလ, မြတ်ဒါနနှင့်, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, ကုသိုလ်တရားသည်။ သင်္ကိပိစရိတော-တစ်ကြိမ်တစ်ခါမျှ, တစ်ဘဝလောက်, ကျင့်ဆောင်ကြိုးကုတ်, အားထုတ်လိုက်ရလျှင်ပင်၊ ယာဝမဂ္ဂ-ဘဝပဋိသန္ဓေဇာတ်, သေခန်းဖြတ်နိုင်သည့်, အမြတ်ခေါင်ချုပ်, လောကုတ္တရာခရိုင်, လေးပါးသောမဂ်သို့တိုင်အောင်၊ ဝိပစ္စတိ-အားရဖွယ်အရေး, လှုလှုကြီးအကျိုးပေးနိုင်ပေ၏။

တသ္မာ-ထို့ကြောင့်၊ တုမှေ သာရဝေါ-နှလုံးပြော့ပြောင်း, သင်သူတော်ကောင်းတို့သည်၊ တုမှေ သာရဝေါ-မဂ်လေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရှယ်ချောင်း, ဆုပန်တောင်း၍, စုပေါင်းညီညာ, စည်းဝေးလာသည့်, များစွာသောင်းသောင်း, သင်သူတော်ကောင်းတို့သည်၊ သတ္တုသာသနေ-ကမ္ဘေကမ္ဘာ, လွန်လေပါလည်း, တစ်ခါတစ်ဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, သာသနာတော်တည်းဟူသော, အခွင့်ကောင်း အခါကောင်းကြီး၌။ သဒ္ဓမ္မံ-ရှေးသူတော်ကောင်း, ဗောဓိလောင်းတို့, လမ်းဟောင်းကျင့်စဉ်, စာရင်းဝင်သည့်, ငါးအင်သီလ, မြတ်ဒါနနှင့်, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, ကုသိုလ်တရားကို၊ စရထ-အခွင့်သာတောင်း, အခါကောင်း၌, အကြောင်းတိုက်ဆုံ, ကြိုးစားဖြည့်ကျင့်ကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

---

*ဓမ္မ-၅-၁၊ ၃၃၃။

http://www.dhammadownload.com



ယနေ့-၁၃၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈) ရက်လို့ဆိုတဲ့ ဒီမင်္ဂလာရက်ထူးဝယ်၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းသို့ ပုရိမဝါကပ်တော်မူသော သံဃာတော်တို့အား ရည်စူးပြီးသကာလ ယနေ့ မြို့ပေါင်းများစွာ၊ မြို့နယ်ပေါင်းများစွာ၊ ကျေးရွာပေါင်းများစွာတို့မှ အမရပူရ၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင် မကွေး၊ မင်းဘူး၊ ရွှေကျင်တို့၊ မဒေါက်တို့၊ ပွင့်တန်ဆာတို့။ တောင်ဘက်လာလိုက်တော့ မြင်းခြံတို့ တံတားဦးတို့ကအစ၊ ပလိပ်ကျောက်ဆည်အစရှိတဲ့မြို့နယ်တွေ။ အနောက်ဘက်သွားလိုက်ပြန်တော့စစ်ကိုင်း၊မုံရွာ၊ရွှေဘို၊ဝက်လက်အစရှိတဲ့ မြို့တွေ မြို့နယ်တွေ၊ ရွာတွေ။ အရှေ့သွားလိုက်ပြန်တော့ ကျောက်မဲ၊လားရှိုး၊တောင်ကြီး၊ ပြင်ဦးလွင်အစရှိတဲ့ မြို့တွေ၊ မြို့နယ်တွေမှ ဒကာဒကာမတွေ။

မြောက်ဘက်မှာလည်းပဲ မတ္တရာ၊စဉ့်ကူးအစရှိတဲ့မြို့တွေ၊ မိုးကုတ်မြို့အစရှိတဲ့မြို့မှ ဒကာဒကာမတွေစုပေါင်းပြီး ဒီနေ့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးမှာ မဟာဘုံကထိန်တော်ကြီး၊ ဆရာတော်ဘုရားရဲ့သာသနာကိုကြည်ညိုမှီခိုအားပေးကြတဲ့ ဒကာဒကာမတွေစုပေါင်းပြီးသကာလ ပြုလုပ်အားထုတ်ကြတဲ့ မဟာဘုံကထိန်တော်ကြီး၊ ဒီထဲမှာ အထူးသဖြင့် မကြာခင်က ကမ္ဘာလှည့်ပြီးတော့ ကျောင်းကိုလေ့လာဖို့ရောက်လာကြတဲ့ အီတလီပြည်က ကမ္ဘာလှည့် အဖွဲ့တစ်ဖွဲ့၊ ပြင်သစ်ပြည်က ကမ္ဘာလှည့်အဖွဲ့တစ်ဖွဲ့ရောက်လာကြပြီး နောက်အကြောင်းအားလျော်စွာ သူတို့လည်းပဲ ဒီမဟာဘုံကထိန်တော်ကြီးအားထုတ်မယ် ပြုလုပ်မယ်ဆိုတဲ့ ကိစ္စကိုသိသွားပြီးတော့ သူတို့လည်းပဲတတ်စွမ်းသမျှပါဝင်ခဲ့ချင် လှူဒါန်းခဲ့ချင်ပါတယ်လို့ဆိုပြီးတော့ ဟောဒီကထိန်ထဲမှာ အဲဒီအီတလီပြည်၊ ပြင်သစ်ပြည်ဆိုတဲ့ တိုင်းပြည်နှစ်ပြည်ကလည်းပါနေတယ်။

ဒါ့ကြောင့်မို့လို့ ဒီမဟာဘုံကထိန်တော်ကြီးဟာ မြန်မာနိုင်ငံရဲ့မဟာဘုံကထိန်တင်မကဘဲ၊ ကမ္ဘာ့မဟာဘုံကထိန်တော်လို့ပြောမယ်ဆိုရင်လည်းပဲ ရစကောင်းပါတယ်၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်ဖြင့် ဘဝနတ်ထံပျံလွန်တော်မူသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့သာသနာတော်သည် မြန်မာနိုင်ငံအနှံ့သာမက ကမ္ဘာထိအောင်ထွက်မယ်ဆိုတဲ့ အတိတ်နိမိတ်ပဲဖြစ်ပါစေတော့လို့၊ အခုလိုစုပေါင်းပြီးပြုကြတာတွေ၊ အခုလိုပါဝင်လာတဲ့ကိစ္စကိုအကြောင်းပြုပြီးတော့ အတိတ်ကောင်း၊နိမိတ်ကောင်းအနေနဲ့ယူဆမယ်ဆိုရင်လည်း ဆရာတော်ဘုရားရဲ့တပည့်တပန်း ဒကာဒကာမတွေအနေနဲ့ ယူဆလို့ရတယ်။

http://www.dhammadownload.com



ဘာပြုလို့တုန်းဆိုတော့ သာသနာဆိုတာ ဘုရားအဆုံးအမ၊ အခုကထိန် လှူဒါန်းတယ်ဆိုတာ ဘုရားအဆုံးအမလိုက်နာနေကြတာ ဒကာဒကာမတွေ၊ ဒီတော့-အဲဒီအဆုံးအမဖြစ်တဲ့သာသနာ အီတလီကကမ္ဘာလှည့်အဖွဲ့သန္တာန်မှာ လည်း ဒီကထိန်အကြောင်းပြုပြီးတော့ ဒါနကုသိုလ်တည်းဟူသော ဘုရားအဆုံး အမသာသနာ သူတို့ကပ်ပါသွားတယ်။ ပြင်သစ်တိုင်းပြည်ကလာတဲ့ ကမ္ဘာလှည့်အ ဖွဲ့မှာလည်းပဲ ဒီကျောင်းတိုက်နဲ့ ဆက်စပ်တဲ့ကျောင်းတိုက်ကို လှူဒါန်းရတဲ့ဒါနကု သိုလ်လို့ခေါ်တဲ့ ဘုရားအဆုံးအမသာသနာဓမ္မ သူတို့မှာပါသွားတယ်၊ ရောက်သွား တယ်၊ ရသွားတယ်လို့ဆိုတော့ ဒီနေ့ကထိန်တော်ကြီးဟာ ခုနကပြောခဲ့သလို ကမ္ဘာ ထိအောင်ထိုးဖောက်သွားတဲ့ မဟာဘုံကထိန်တော်ကြီးလို့ မြင်လိုက်ရမယ်။

ဒီနေ့-အဲဒီ မဟာဘုံကထိန်တော်ကြီးကို အကြောင်းပြုပြီးသကာလ ဘုန်းကြီးက ရေစက်ချပေးရမယ်၊ ဒီအခမ်းအနားမှာ မဟာဘုံကထိန်တော်တင်မက ဘူး၊ တွဲပါလာတာက ပဗ္ဗဇ္ဇမင်္ဂလာ။ မန္တလေးမြို့ ကျောက်သွေးတန်း ဖခင်ဒကာကြီး ဦးစံရီကိုအမှူးထားပြီး သားသမီးများဖြစ်ကြတဲ့ ဒကာဦးသန်းမြင့်+ဒကာမဒေါ်စိန် စိန်တို့မိသားစုက ဖိုးသူတော်လေးနှစ်ပါးကို၊ တစ်ခါမန္တလေးမြို့ပဲ(၂၆)ဘီလမ်း၊ သဂီ ရွှေရည် ဒေါ်စိန်စိန်မိသားစုတို့က ဖိုးသူလေးတစ်ပါး အားလုံး ရှင်သာမဏေအဖြစ် ရောက်ထိုက်နေတဲ့ ကျောင်းမှာအနေကြာ၊ နာယကတွေရဲ့ကြေနပ်မှုရအောင် နေ နိုင်ပြီးတော့ ဆရာတော်ဘုရားကြီးသတ်မှတ်တော်မူထားတဲ့အတိုင်း ဆယ့်သုံးနှစ်အ ရွယ်ရောက်နေတဲ့ ဖိုးသူတော်လေးသုံးပါးတို့ကို ယခုန ပြဆိုအပ်ခဲ့တဲ့ မိသားစုနှစ်စု က ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟဆိုတဲ့ နှစ်ပါးဖြင့် ချီးမြှောက်ထောက်ပံ့မှုဆိုတဲ့ ပဗ္ဗဇ္ဇ မင်္ဂလာ။ ဖိုးသူတော်လေးနှစ်ပါးကို သာမဏေတို့အားလျောက်ပတ်တဲ့ သင်္ကန်း, သပိတ်,ပရိက္ခရာဆင်မြန်းလှူဒါန်းလိုက်တယ်ဆိုတာ ပစ္စည်းအားဖြင့်သူတို့ကို ချီး မြှောက်လိုက်လို့ ပစ္စယာနုဂ္ဂလို့ခေါ်တဲ့ ပစ္စည်းအားဖြင့် ချီးမြှောက်မှု။

တစ်ခါ ဒီသာမဏေ ဖိုးသူလေးသုံးပါးဟာ အခုအချိန်မှာ ရှစ်ပါးသီလပဲ ရှိတယ် သူတို့သန္တာန်၊ အဲဒီရှစ်ပါးသီလဆိုတဲ့ဓမ္မ၊ နိမ့်ကျနေတဲ့ဓမ္မကို အခုရှင်သာမ ဏေပြုပေးလိုက်တယ်ဆိုတဲ့ ဒကာကြီးဦးစန်းရီတို့မိသားစု၊ သဂီရွှေရည် ဒေါ်စိန် စိန်တို့မိသားစုတွေက သူတို့သန္တာန်မှာ ရှင်သာမဏေလေးအဖြစ်နဲ့ ဝတ်ဆင်ပေးပြီး သကာလ သရဏဂုံသုံးပါးနဲ့ ဆယ်ပါးသီလ ထိန်းသိမ်းစောင့်ရှောက်စေခြင်းဖြင့် ဖိုးသူတော်ဘဝနဲ့ ထိန်းသိမ်းစောင့်ရှောက်နေရတဲ့ ရှစ်ပါးသီလဆိုတဲ့ နိမ့်ကျတဲ့ ဓမ္မထက် ဆယ်ပါးသီလလို့ခေါ်တဲ့ သာမဏေတို့ကျင့်တဲ့ ဓမ္မ၊ သေခိယခုနှစ်ဆယ့် ငါးပါးသောသီလလို့ဆိုတဲ့ သာမဏေတို့ကျင့်ရမယ့်သီလ၊ လိင်ဆယ်ပါး, ဒဏ်ဆယ်

http://www.dhammadownload.com



ပါး, စုဒ္ဒသခန္ဓကဝတ်တွေလို့ဆိုတဲ့ သီလတွေ၊ အားလုံးသီလပေါင်း တစ်ရာကျော်လောက် ဒီကလေးတွေရဲ့ ခန္ဓာငါးပါး ရုပ်ဓာတ် နာမ်ဓာတ်ထဲမှာ ရောက်သွားတယ်၊ မြင့်တက်သွားတယ်။

အဲဒါ-ဘယ်သူမြှင့်လိုက်တာတုန်းဆိုရင် ဒီနေ့ ရှင့်ဒကာ, ရှင့်အမတွေက မြှင့်လိုက်တယ်၊ ဒါ့ကြောင့် ဓမ္မာနုဂ္ဂဟ။ ဓမ္မ-သီလတရား,သမာဓိတရား,ပညာတရားဆိုတဲ့ ဒီတရားသုံးပါးကို၊ အနုဂ္ဂဟ-မြှောက်တင်ပေးလိုက်ခြင်း၊ မြှင့်တင်ပေးလိုက်ခြင်းတဲ့၊ ဒါ့ကြောင့် အခုမိသားစုနှစ်စုက အဲဒီ ရှင်သာမဏေလောင်းလေးဖိုးသူတော်သုံးပါးတို့ကို ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟဆိုတဲ့ နှစ်ပါးဖြင့် ချီးမြှောက်မှုမြှင့်တင်မှုဆိုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ အခန်းအနားလည်းပါတယ်၊ ဒါကိုလည်းပဲ ရေစက်ချပေးရမယ်။

တစ်ခါ ဒီထဲမှာ မြင်းခြံမြို့က ဒီကထိန်နဲ့တော့မဆိုင်ဘူးဆိုရမှာပေါ့၊ စောစောထဲက သူတို့ စုပေါင်းပြီးတော့ ဒီကျောင်းမှာဘာတွေလိုအပ်သလဲလို့ အကြောင်းအားလျော်စွာ စုံစမ်းလို့သိရသဖြင့် သူတို့စုပေါင်းပြီးသကာလ မြင်းခြံမြို့ ဒကာ ဒကာမတွေစုပေါင်းပြီး အခုလာရောက်ပြီးတော့ ဒီကထိန်ပွဲမှပဲ ရေစက်ချတော့မယ်လို့ဆိုပြီးတော့ လာရောက်လှူဒါန်းကြတဲ့ ဆီပိသ္သာတစ်ထောင်ကျော်ပေပါကိုးလုံးကျော်၊ အဲဒီဆီတွေကိုလည်းပဲ သံဃိကဒါနလှူဒါန်းတဲ့ ရေစက်ချဒီအခန်းအနားကြီးသုံးခန်း ကဏ္ဍကြီးသုံးရပ်ကို အကြောင်းပြုပြီးတော့ ဒီနေ့စုပေါင်းပြီးကုသိုလ်ပါရမီပြုပွဲကြီးဒီနေ့-၁၃၄၀-ခုသီတင်းကျွတ်လပြည့်ကျော်(၈)ရက်။

အကယ်၍များ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး မြင်နိုင်တဲ့နေရာ သိနိုင်တဲ့နေရာ၊ ကြားနိုင်တဲ့နေရာကများ၊ မြင်နေ, ကြားနေ, သိနေခဲ့ရင် ပြုံးတော်မူလိမ့်မယ်၊ ဝမ်းမြောက်တော်မူရှာပေလိမ့်မယ်၊ ဝမ်းမြောက်တာက ငါ့တပည့်တွေ ပစ္စည်းတွေရရောဆိုတဲ့ အနေနဲ့ဝမ်းမြောက်မှာမဟုတ်ဘူး၊ ငါရဲ့ပြုစုပျိုးထောင်ခဲ့တဲ့သာသနာတော်ကြီးကို အမှီပြုပြီးသကာလမြောက်များစွာသော ခုနကပြောတဲ့ကမ္ဘာတိုင်အောင်ပါနေတဲ့သာဝကတွေ၊ သူတို့ရဲ့မဂ်ဖိုလ်နိဗ္ဗာန်ရရာရကြောင်း ပါရမီကောင်းမှုတွေကို ကြိုးစားကြပါပေတယ်၊ ဖြည့်ကျင့်ကြပါပေတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန်အတွက် ပါရမီရိက္ခာတွေကိုစုတတ်ကြပါပေရဲ့လို့ ပြုံးတော်မူပေလိမ့်မယ်၊ ဝမ်းမြောက်တော်မူရှာပေလိမ့်မယ်၊ ဝမ်းမြောက်တော်မူနိုင်ပါစေသတည်း၊ မြင်တော်မူနိုင်ပါစေသတည်း။ အဲဒီကိစ္စကြီးသုံးရပ်ကို အခုအကြောင်းပြုပြီးတော့ ဘုန်းကြီးကရေစက်ချရမှာဖြစ်တော့ ရေစက်ချခါနီးမှာ စိတ်နေစိတ်ထား မှန်ဖို့ရာအတွက် ဘုန်း

http://www.dhammadownload.com



ကြီးပြောဖို့တာဝန်ရှိတယ် အဓိက။

ဒီတော့-ကထိန်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးသကာလ ဒကာ,ဒကာမတွေ ကထိန်ခင်းဖူးကြတာတွေ အများကြီးပါတယ်၊ နားလည်နေကြတာတွေအများကြီး ပါတယ်၊ ဒီတော့-အကျဉ်းချုပ်ကလေး ဘုန်းကြီးပြောရမယ်ဆိုရင် ကထိန်ဆိုတာ ဘာ့ကြောင့် ကထိန်ခေါ်တုန်းဆိုရင်၊ ထိရတ္တာစ-အကျိုးငါးအင်, အာနိသင်တို့, လွင်ပြင်စာစ်ပါး, ထွက်မသွားအောင်, ဖျက်တားနိုင်အံ့, ခိုင်ခံ့သောသဘောကြောင့် လည်းကောင်း။

ကထိန် ကထိန်ဆိုတာ ခိုင်မြဲစေလို့ကထိန်၊ ဘာတွေခိုင်မြဲစေတုန်း၊ အကျိုး ငါးပါးကိုခိုင်မြဲစေလို့၊ ဒီသင်္ကန်းကို လှူဒါန်းလိုက်သည်နှင့်တစ်ပြိုင်နက်၊ ကထိန် သင်္ကန်းကိုအလှူခံရတဲ့ သံဃာတော်တို့မှာ သင်္ကန်းနှင့်တကွတွဲပါသွားတဲ့ အကျိုး ငါးပါးပါသွားတယ်၊ အဲဒါဘုန်းကြီးတို့ဘက်ကအကျိုး၊ အဲဒီဘုန်းကြီးတွေဘက် ကရတဲ့အကျိုးငါးပါးလိုပဲ ဒကာ,ဒကာမတွေဘက်မှာလည်းပဲတန်ပြန်သဒ္ဒိသကျိုးဆို တဲ့ အကျိုးငါးပါးပြန်ရ၊ အဲဒီအကျိုးငါးပါးတို့ကို ခိုင်ခိုင်မြဲမြဲကြီးရစေတတ်ပါတယ်. . . တဲ့။ ဘယ်သူဖျက်လို့မှမရအောင် ခိုင်ခိုင်မြဲမြဲကြီးရစေတတ်လေသောကြောင့် ဒါကို ကထိန-ကထိန်လို့ခေါ်တယ်၊ ဒါ ကထိန်ရဲ့အဓိပ္ပါယ်။

တစ်နည်းကတော့ ထောမိတတ္တာစ-ဘုရားစသား, ပုဂ္ဂိုလ်များတို့, လေး စားကြည်ဖြူ, ချီးမွမ်းတော်မူအပ်သောကြောင့်လည်းကောင်း။ ဒီကထိန်အလှူကို သိပ်ချီးမွမ်းတယ်၊ ဘုရားရှင်ကကြိုက်တော်မူတယ်၊ နှစ်သက်တော်မူတယ်၊စပြီး ပညတ်ရတာကိုက မြတ်စွာဘုရားက ဒီကထိန်အကျိုးတွေကိုရစေချင်လို့ ပညတ် တော်မူတာဖြစ်တော့ ဘုရားချီးမွမ်းတယ်၊ ဘာပြုလို့ချီးမွမ်းတုန်း၊ ဒိပြင်သင်္ကန်း အလှူမချီးမွမ်းဘူးလား ချီးမွမ်းပါတယ်၊ ဒိပြင်သင်္ကန်းကရတယ်၊ ဝတ်ရတယ်၊ ဒီအ ကျိုးပဲထွက်တယ်။ ဒီကထိန်သင်္ကန်းကရတယ်၊ ဝတ်လည်းဝတ်ရတယ်၊ သုံးလည်း သုံးဆောင်ရတယ်၊ ထိုမှတစ်ပါး သံဃာတော်တွေမှာ နှစ်ရာ့နှစ်ဆယ် ခုနှစ်သွယ်ဆို တဲ့ အကျဉ်းသိက္ခာပုဒ်တွေထဲက သို့မဟုတ် အကျယ်အားဖြင့် ကုဋေကိုးထောင် ကျော်ဆိုတဲ့ သိက္ခာသီလတွေထဲက ငါးပါးသောကျင့်ဝတ်သိက္ခာသီလကြီးတွေကို မဖြည့်ရဘဲ,မကျင့်ရဘဲနဲ့ အလိုလိုပြည့်နေအောင် အလိုလိုလွတ်လပ်ခွင့် ရနေအောင် ဟောဒီသင်္ကန်းက စွမ်းဆောင်နိုင်တယ်။

ဒီသင်္ကန်းအလှူခံလိုက်တဲ့နေ့ကစပြီးသကာလ ခုနကလွတ်လပ်ခွင့်ငါး ချက်ရပြီးတော့ သိက္ခာလည်းမပျက်၊ သီလလည်းမပျက်ဘဲနဲ့ ရမြဲရခြင်းဆိုတဲ့ ဒီအ

http://www.dhammadownload.com



ကျိုးကိုရစေတတ်လေသောကြောင့်၊ ဒါ ဘုရားရှင်ကချီးကျူးတော်မူတယ်။ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတွေက ချီးကျူးတော်မူတယ်၊ ဒါ့ကြောင့်ကထိန်။ ဒါ့ကြောင့် ကထိန်ဆိုတာ အကျိုးငါးပါးကို ခိုင်ခိုင်ခံ့ခံ့ကြီးရစေတတ်သောကြောင့် ကထိန်။ ကထိန-သဒ္ဒါ ခိုင်ခံ့ဆိုတဲ့အနက်ကိုပြတယ်။ တစ်နည်းကတော့ ထောမိတတ္တာ-ဘုရားစသား, ပုဂ္ဂိုလ်များတို့, လေးစားကြည်ဖြူ, ချီးမွမ်းတော်မူအပ်သောကြောင့်လည်းကောင်း" ဆိုတဲ့အတိုင်း၊ ဒီသင်္ကန်းကိုလှူလိုက်သည်နှင့်တစ်ပြိုင်နက် အကျိုးအာနိသင်တွေကိုရစေတတ်လို့ ကထိန်၊ ချီးမွမ်းတော်မူကြလို့ ကထိန်။ အဲဒါ ကထိန်ခေါ်ခြင်းရဲ့ ဗျုပ္ပတ်နှစ်ချက်။

ပြီးတော့-ဒီကထိန်ဆိုတာတဲ့ သမယေ-အကြောင်းအစုံ, ပေါင်းဆုံညီညွတ်သည်ရှိသော်,ရခဲခြင်းကြီးငါးရပ်,ခက်ခဲခြင်းကြီးငါးရပ်နှံပြည့်စုံမှလှူနိုင်မယ့် အလှူ. . တဲ့။ ခက်ခဲခြင်းကြီးငါးရပ်က ဘာတွေတုန်း- "ကမ္ဘာ, ကျွန်း,ရပ်, ခါ, ကြိမ်မှတ်, ငါးရပ်ဒုလ္လဘ" ကမ္ဘာအားဖြင့်ခက်ခဲတယ်၊ ဘယ့်နှယ့်ကမ္ဘာအား ဖြင့်ခက်ခဲတုန်း၊ ကမ္ဘာကနှစ်မျိုးရှိတယ်၊ ဘုရားပွင့်တဲ့ကမ္ဘာ၊ ဘုရားမပွင့်တဲ့ကမ္ဘာ၊ ဘုရားပွင့်တဲ့ကမ္ဘာမှာမှ ဒီကထိန်သင်္ကန်းလှူရခြင်းဆိုတဲ့ အခွင့်အလမ်းကိုရနိုင်တယ်။ ဘုရားပွင့်မှ ဘုရားသာသနာတော်ရှိမယ်၊ ဘုရားသာသနာတော်ရှိမှ ဘုရားသာသနာတော်ဝန်ထမ်း သံဃာတွေရှိမယ်၊ ဘုရားသာသနာတော်ဝန်ထမ်း သံဃာတော်တွေရှိမှ ကထိန်သင်္ကန်းလှူဒါန်းသည့်ကထိနကံကြီးကို အားထုတ်ခြင်းဆိုတဲ့ကိစ္စပေါ်နိုင်တယ်၊ ဒါ့ကြောင့် ကမ္ဘာအားဖြင့် ဘုရားမပွင့်တဲ့ ကမ္ဘာမှာ ဒီကထိန်သင်္ကန်း လှူဒါန်းခြင်းဆိုတဲ့ အခွင့်အလမ်းမရှိဘူး။

ဘုရားပွင့်တဲ့ကမ္ဘာနဲ့ မပွင့်တဲ့ကမ္ဘာ ဘယ်သူကများတုန်းဆိုရင်လည်း၊ အဲဒါတော့လေ. . တဲ့။ တစ်ညလုံးမှောင်ကြီးကျနေတဲ့အချိန်မှာ လျှပ်စီးလေးတစ်ချက် လောက်လက်တာနဲ့ဥပမာတူပါတယ်. . တဲ့။ မှောင်ကြီးတစ်ညလုံးကျနေတာက ဘုရားမပွင့်တဲ့ကမ္ဘာတွေဆက်ပြီးသွားနေတာနဲ့တူပါတယ်။ ဘုရားမပွင့်တဲ့ကမ္ဘာဟာ အမှောင်ကြီးတွေကျနေတာပဲ။ ဘုရားပွင့်တဲ့ကမ္ဘာဆိုတာက အဲဒီလိုလျှပ်စီးလေး တစ်ချက် လက်လိုက်သလောက်ပဲရှိပါတယ်လို့ဆိုတော့ ဘုရားပွင့်တဲ့ကမ္ဘာရခဲတယ်. . .။ အဲဒီရခဲတဲ့ကမ္ဘာအတွင်းမှာမှ လှူနိုင်လေသောကြောင့် ကမ္ဘာအားဖြင့် ခက်ခဲခြင်း။

ကမ္ဘာတင်လားလို့ဆိုတော့ နံပါတ်နှစ် ကျွန်းအားဖြင့်လည်းခက်ခဲတယ်။ ဘုန်းကြီးတို့ ဒေသနာကျမ်းဂန်အရ တစ်ကမ္ဘာ, တစ်ကမ္ဘာ စကြာဝဠာတစ်ခု

http://www.dhammadownload.com



ဆိုတာ အရှေ့ကျွန်း,အနောက်ကျွန်း,တောင်ကျွန်း,မြောက်ကျွန်းရယ်လို့ကျွန်းကြီး လေးကျွန်းရှိတယ်၊ အဲဒီကျွန်းကြီးလေးကျွန်းအနက်က ဇမ္ဗူဒီပါလက်ယာတောင် ကျွန်းမှာမှ ဘုရားပစ္စေကာအစရှိတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေပွင့်ထွန်းမြဲမွတာ. . တဲ့။ ဒီတော့- ဟောဒီ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းမှာမှဘုရားပွင့်တယ်။ ဘုရားပွင့်မှ ဘုရားသာသနာပေါ်မယ်၊ သာသနာပေါ်မှ သာသနာ့ဝန်ထမ်းတွေရှိမယ်၊ သာသ နာ့ဝန်ထမ်းတွေရှိမှ လှူနိုင်တယ်ဆိုတဲ့ ဟောဒီကထိန်လျာသင်္ကန်း၊ ရှင်ပြုခြင်းဆိုတာ လည်းပါဝင်တာပဲဒီထဲ၊ ဒီတော့-သာသနာတော်ကိုထောက်ပံ့ခြင်းဆိုတဲ့ ဒီကိစ္စတွေ ဟာ ကျွန်းအနေနဲ့လည်းခက်ခဲတယ်။

"ကမ္ဘာ, ကျွန်း, ရပ်, ခါ, ကြိမ်မှတ်, ငါးရပ်ဒုလ္လဘာ" ကမ္ဘာအားဖြင့်ခက်ခဲခြင်း၊ ကျွန်းအားဖြင့်ခက်ခဲရုံတင်မကဘူးတဲ့၊ အဲဒီ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းမှာတင်ပဲ **အရပ်ဒေသအနေနဲ့လည်းပဲခက်ခဲတယ်။** အရပ်ဒေသက သာသနာထွန်းလင်း နေတဲ့အရပ်ဒေသမှ သံဃာတော်,ရဟန်းတော်တွေရှိနေတဲ့အရပ်ဒေသမှာမှ ဒီ ကထိန်လျာသင်္ကန်းလှူဒါန်းခြင်း၊ ရှင်ပြုခြင်းဆိုတဲ့ကိစ္စတွေပေါ်နိုင်တယ်, ဖြစ်နိုင် တယ်, ရှိနိုင်တယ်။ ဒါ့ကြောင့် အခု-ဒီနေ့ ကမ္ဘာနဲ့ပဲကြည့်ကြည့်ပါလား၊ အရပ်ဒေသ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတော့ အတူတူပဲ၊ သာသနာထွန်းလင်းနေတဲ့ သာသ နာတောက်ပနေတဲ့အရပ် ဘယ်လောက်များရှိတုန်းလို့၊ သာသနာထွန်းလင်းနေတဲ့ အရပ်ဒေသတွေ ယနေ့ကမ္ဘာ့မြေပုံနဲ့ချပြီးတော့ကြည့်မယ်ဆိုရင်၊ ဇီးရွက်နဲ့ ဗန်းကြီး ပမာ၊ မထွန်းလင်းတဲ့အရပ်တွေက ဗန်းကြီးလောက်၊ ထွန်းလင်းတဲ့အရပ်ကလေးက ကွက်ကွက်ကလေး၊ ဗုဒ္ဓဘာသာနိုင်ငံ သာသနာထွန်းကားတဲ့နေရာ မြေပုံထဲများ ကြည့်ရင် ကွက်ကွက်ကလေး၊ သေးသေးလေး။ ဒါ့ကြောင့် အရပ်အားဖြင့်လည်း ခက်ခဲခြင်း။

ကမ္ဘာရယ်, ကျွန်းရယ်, အရပ်ဒေသရယ်, ဒီသုံးချက်ခက်ခဲရုံတင် မကသေး ဘူး၊ **ကာလအားဖြင့်လည်းခက်ခဲခြင်း**-တဲ့၊ တစ်နှစ်မှာဆယ့်နှစ်လရှိတယ်၊ အဲဒီ ဆယ့်နှစ်လမှာ ဆယ့်နှစ်လလုံးလုံး ဒီကထိန်လျာသင်္ကန်းလှူဒါန်းချင်ပါတယ်ဆိုလို့ မဖြစ်နိုင်ပါ၊ တစ်နှစ်မှာတစ်လ၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်က တန်ဆောင် မုန်းလပြည့်ဆိုတဲ့ ဒီတစ်လပဲလှူခွင့်ရှိတယ်၊ အခါအနေနဲ့လည်း။ ဒါ့ကြောင့် ဒီပြင် အချိန်မှာ အင်မတန်သဒ္ဓါတရားကောင်းတဲ့ပုဂ္ဂိုလ်က ဝါဆို,ဝါခေါင်ဆီမှာ ကဆုန် နယုန်ဆီမှာ၊ "အေး-ကထိန်သင်္ကန်းလှူဒါန်းရတာများ တယ်အကျိုးကြီးတယ်လို့ ပြောတယ်၊ ငါကထိန်သင်္ကန်းလှူဒါန်းချင်ပါဘိတော့တယ်လို့ဆိုပြီးတော့လှူ မရဘူး အဲဒီအချိန်။ ဒါ့ကြောင့် တစ်နှစ်မှာတစ်လ၊ အခါအားဖြင့်လည်းပဲခက်ခဲတယ်။

http://www.dhammadownload.com



အဲဒီ-အခါအားဖြင့်ခက်ခဲရုံတင်မကဘူး၊ ငါးခုမြောက် အကြိမ်အားဖြင့် လည်းခက်ခဲတယ်-တဲ့။ အကြိမ်အားဖြင့်လည်းခက်ခဲတယ်။ တစ်နှစ်မှာတစ်လ, တစ်လမှာတစ်ကြိမ်, တစ်သိမ်မှာတစ်ခါ, ကထိန်လျှာသက်န်းကိုလှူဒါန်းရခြင်းဆိုတဲ့ ကုသိုလ် တစ်ကြိမ်ပဲရတယ်တစ်ကျောင်း, တစ်ကျောင်းကို၊ အခုဒကာ ဒကာမတွေ စုပေါင်းကထိန်ခင်းပြီးတဲ့နောက် အနည်းငယ်သောချွင်းချက်ထားလို့ ဒီကျောင်း နောက်ထပ်ကထိန်မခင်းကောင်းတော့ဘူး။ ဒီပုဂ္ဂိုလ်တွေပဲ တစ်ကြိမ်ပဲခင်းကောင်း တယ်၊ နောက်ထပ်ခင်းချင်ပါတယ်ဆိုလို့မရဘူး၊ လှူချင်ပါသေးတယ်ဆိုလို့ မရတော့ ဘူးကထိန်။

ဒါ့ကြောင့်-အကြိမ်အနေနဲ့လည်းပဲ တစ်ကျောင်းမှာ တစ်ကြိမ်သာလှူ ကောင်းလေသောကြောင့်။ တစ်နှစ်မှာတစ်လ, တစ်လမှာတစ်ကြိမ်, တစ်သိမ်မှာ တစ်ခါ၊ အဲဒီလိုခက်ခဲခြင်းကြီး ငါးရပ်နဲ့ပြည့်စုံမှု။ ဒီမှတစ်ပါး ဝိနည်းကံအနေနဲ့ ပြည့်စုံရမယ့်အချက်တွေ အများကြီးရှိသေးတယ်၊ ဒါတွေကတော့ ဒကာ,ဒကာမ တွေအနေနဲ့ သိပ်ပြီးတော့မပတ်သက်လို့၊ ဒါ့ကြောင့်-သမယေ-အကြောင်းအစုံ, ပေါင်းဆုံညီညွတ်သည်ရှိသော်၊ သမယေ-သီတင်းကျွတ်လပြည့်ကျော်တစ်ရက် နေ့မှ,တန်ဆောင်မုန်းလပြည့်တိုင်အောင်သောကာလအတွင်း၌၊ ဒါနံ-စေတနာ သုံးရပ်,ပြတ်ကြီးပြတ်၍,လေးမြတ်ကြည်ဖြူ,သင်္ကန်းအလှူသည်၊ ကထိနံ ကထိန် ဣတိ- ဉာသ်ကထိန်,ဉာသ်ကထိန်ဟူ၍၊ သုတံ-ဒါနပေါ် လွှား,အတော်ကြွား လျှက်,ကျော်ကြားဖြစ်ပေါ် ခဲ့ပေတသည်တကား။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒါကထိန်ခေါ် ပုံနဲ့ ကထိန်ရဲ့ခက်ခဲချက်၊ အဲဒီကဲ့သို့ခက်ခဲခြင်းကြီးနဲ့ပြည့် စုံသော ဒီအလှူထုပ်ကြီးကို ဒို့အထမြောက်အောင်ကြိုးစားရပေပြီ. . လို့ဆိုပြီးတော့ လှူဒါန်းရတဲ့ကုသိုလ်ကောင်းမှုအရှိန်အဟုန်သတ္တိတွေကို မျက်နှာဦးလှည့်ဖို့အတွက် ပြောရမယ်ဆိုရင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့တရားကို အမှီပြုပြီးတော့ပြောရမယ်။ ရာဇဂြိုဟ်မြို့မှာ မဟာသေန-ဆိုတဲ့ ပုဏ္ဏားကြီးတစ်ဦး ရှိတယ်၊ ရှေးပိုင်းက အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ခမည်းတော် မယ် တော်များနဲ့ ရောင်းဖက်ဝယ်ဖက် ရင်းချာတဲ့မိတ်ဆွေကြီး၊ ရှင်သာရိပုတ္တရာကိုယ် တော်မြတ်ကြီးရဲ့ ခမည်းတော်ကြီးက ဝင်္ကန္တပုဏ္ဏား၊ မယ်တော်ကြီးက ရူပသာရီ၊ ကုဋေရှစ်ဆယ်နဲ့ ခုနှစ်ကုဋေကြွယ်ဝလေသောကြောင့် သူဌေး။

အဲဒီ ဝင်္ကန္တပုဏ္ဏားနဲ့ ရူပသာရီ ဇနီးမောင်နှံသူဌေးနှစ်ဦးတို့ရဲ့ မိတ်ဆွေ

http://www.dhammadownload.com



ဟောင်းကြီး၊ ရင်းချာတဲ့မိတ်ဆွေကြီး မဟာသေနလို့ဆိုတဲ့ ပုဏ္ဏားကြီး ရာဇဂြိုဟ် မြို့ထဲမှာ၊ အခုတော့ ဉာတိဗျသန, ဘောဂဗျသန စသည်ဖြင့် ဆွေမျိုးတွေလည်း မရှိတော့ဘူး ပျက်ကုန်တယ်။ ဘောဂဗျသန စည်းစိမ်တွေလည်းပျက်စီးခြင်းဆိုတဲ့ ဒဏ်တွေခံရပြီးတော့ မွဲနေရှာတယ်၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက တစ်နေ့တော့၊ " သြော်-ငါ့ဖခင်ကြီးရဲ့မိတ်ဆွေကြီး ချီးမြှောက်တဲ့အနေနဲ့ သာသနာတော်တွင်းသွတ်သွင်းပြီးသကာလ၊ သာသနာတော်နဲ့ တွေ့တဲ့အခိုက်၊ သာသနာအကျိုးရှိအောင် ငါဆောင်ရွက်ရတော့မှာပဲ" လို့ ဆွမ်းခံကြွတယ်။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သူ့ခမည်းတော်,မယ်တော်ကို အထူးသဖြင့် အဲဒီအချိန်မှာ ခမည်းတော်ရော,မယ်တော်ရောက ဗုဒ္ဓဘာသာအယူကို မယူဘူး၊ သူတို့မာနနဲ့ သူတို့ပဲ ဗြဟ္မဏဝါဒယူပြီးတော့ ကိုးကွယ်နေတာဖြစ်တော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ခမည်းတော်နဲ့ မယ်တော်ကို ချေချွတ်လို့ မရတော့ စပ်ရာတွေကို တတ်နိုင်သမျှ ကျေးဇူးဆပ်တဲ့အနေနဲ့ လိုက်လိုက်ပြီးတော့ သာသနဝါဒကိုသိစေပြီးတော့ ကျင့်ကြံစေတယ်၊ ခမည်းတော်ကြီးဆိုရင် ကွယ်လွန်သာသွားရော ပညာအရာဧတဒဂ်ရတဲ့ လက်ယာရံ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ခမည်းတော်ဖြစ်ပါလျှက် ကွယ်လွန်သွားသည့်အထိ ဗုဒ္ဓဘာသာဖြစ်မသွားရှာဘူး။ မယ်တော်ကြီးကတော့ အားလုံးသိကြတဲ့အတိုင်း ရှင်သာရိပုတ္တရာကိုယ်တော်ကြီးလက်မတင်လေးချိတ်မိရုံလေး ပရိနိဗ္ဗာန်ဝင်စံခါ နီးမှာမှ သွားပြီးတော့ ချွတ်လို့ မယ်တော်ကြီးကျွတ်တယ်လို့ဆိုတာ အားလုံးသိကြတယ်။

ဒီတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကသူ့ရဲ့ခမည်းတော်မယ်တော်တွေရဲ့ မိတ်ဆွေကြီးအနေနဲ့ ဆွမ်းသွားရပ်တယ် အဲဒီအိမ်၊ ဆွမ်းသွားရပ်တော့ မဟာသေန ပုဏ္ဏားက "သြော်-သားကြီးသာရိပုတ္တရာငါ့ကို ရင်းချာတဲ့အနေနဲ့လာပြီးတော့ ဆွမ်းရပ်ရှာတယ်၊ ငါ့မှာကလည်းသူ့ကိုဆွမ်းလောင်းဖို့မပြောနဲ့ ငါ့မှ မဝရေစာစားနေရတဲ့အဖြစ်၊ ခက်တော့တာပဲ၊ အိမ်ပေါက်လာရပ်နေတယ်၊ ထွက်ပြီးတော့ နှုတ်ဆက်လိုက်ပြန်ရင်လည်းပဲ မျက်နှာပူရလိမ့်မယ်၊ ဒီတော့ မလောင်းနိုင်တဲ့ အတူတူတော့ ပုန်းနေတာပဲကောင်းတယ်"ဆိုပြီးတော့ အိမ်ထဲအသာလေးပုန်းနေ၊ တစ်စေ့တစ်စောင်းလည်းကြည့်။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်းတော်တော်ကြာကြာရပ်၊ ဒီတော့-အသံဗလံမကြား,လောင်းမယ့် လှူမယ့်လက္ခဏာမတွေ့တော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးပြန်ကြွသွားတယ်၊ နောက်သိပ်မကြာခင်ဒီလိုပဲ လာရပ်

http://www.dhammadownload.com



ပြန်တယ် ချီးမြှောက်ချင်လို့ သူကလည်းပဲ မလှူနိုင်မလောင်းနိုင်ဖြစ်တော့ စိတ်က လည်းမကောင်းဘူး၊ "ဩော်သားကြီး သူဖခင်နဲ့ ရင်းချာတဲ့မိတ်ဆွေကြီးအနေနဲ့ ရှေးတုန်းကဝင်ထွက်နေတာဖြစ်တော့ ငါ့လာပြီးတော့ချီးမြှောက်ရှာတာ၊ ငါက လည်း လှူစရာတန်းစရာမရှိ ဒုက္ခပါပဲလို့ဆိုပြီးတော့ ပုန်းမြဲပုန်းနေရတယ်နှစ်ကြိမ်။

နောက်တစ်ခါတော့ အကြောင်းအားလျော်စွာ သူတို့ပုဏ္ဏားတွေမှာမန္တာန် ရွတ်ပွဲဆိုတာရှိတယ်၊ ဟိုနားဒီနား ဟိုအိမ်ဒီအိမ်ကအခုကာလ ဘုန်းတော်ကြီးများ ပရိတ်ရွတ်ပင့်သလိုပဲမန္တာန်ရွတ်ဖို့ပင့်တဲ့အခါမှာလိုက်ရတယ်၊ ဒီတော့-အဲဒီလိုအ ကြောင်းအားလျော်စွာသူမန္တာန်ရွတ်ဖို့ကိစ္စတစ်ခုနဲ့လိုက်သွားရာက ဘာရလာတုံးဆို တော့နို့ယနာထမင်းနဲ့ သူ့အတွက် ထူလသာဋကလို့စာကဆိုတယ် ထူထဲတဲ့အ ဝတ်ပိုင်းတစ်ပိုင်းသူ့အတွက်ရတယ်၊ ထူထဲတဲ့အဝတ်ပိုင်းတစ်ပိုင်းဆိုတော့ ဖျင်နေ မှာပေါ့၊ ဒီတော့-ဖျင်ပိုင်းတစ်ပိုင်းသူရလာတယ်။

ရလာတော့သူဝမ်းသာလိုက်တာ သားကြီးသာရိပုတ္တရာတော့ဒီနေ့လှူရ တော့ မှာပဲ၊ ငါစားမယ့်နို့ယနာခဲနဲ့ ထူလသာဋကခေါ်တဲ့ငါဝတ်မယ့်,ခြုံမယ့်,ရုံမယ့်ဒီ အဝတ်ကို ငါလှူတော့မယ်. . .၊သားကြီး သာရိပုတ္တရာဒီနေ့ကြွလာရင်ဖြင့် ကောင်း မှာပဲလို့တောင့်တနေတုန်း အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်းအဲဒီ နေ့မှာ သမာပတ်ကထတယ်၊ ထပြီးတော့ဆင်ခြင်လိုက်တော့ မဟာသေန ပုဏ္ဏား ကြီးသူ့ကိုလှူဖို့တန်းဖို့လှူရုံနှင့်တကွဖြစ်နေတာ မြင်တော်မူလို့ကြွလာ၊ ကြွလာလိုက် တော့ ဝမ်းသာလိုက်တာလေ. . . သူလှူချင်လို့တောင့်တနေတဲ့အချိန်ကြွလာ၊ဒီ တော့-ကပျာ ကယာနဲ့အိမ်ပေါက်ထွက်ပြီးတော့နှုတ်ဆက်ပြီးတော့ အထဲပင့်၊ အိမ် ထဲဝင်ထိုင်၊ သပိတ်ထဲမှာ ယနာနို့ဆွမ်းတွေလောင်းပြီးတော့ထည့်၊ တစ်ဝက်လောက် ရှိတော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလက်ကာပြီးတော့ တော်လောက်ပြီ ဆိုတဲ့အနေမျိုး၊ သင့်အတွက်တစ်ဝက်ချန်အုံးဆိုတဲ့ အနေမျိုးနဲ့လက်ကာတယ်။

အရှင်ဘုရား. . . တဲ့ တပည့်တော်ကိုဒီပစ္စုပ္ပန်ဘဝအတွက်ချီးမြှောက် တော်မမူပါနဲ့၊ သံသရာအတွက်အပြည့်အစုံပဲချီးမြှောက်တော်မူပါတော့၊ ဒီနို့ယနာ ဟာလည်းတစ်ယောက်စာသာလျှင်ဖြစ်ပါတယ်၊ ဒီတော့-အရှင်ဘုရားပဲ လုံလောက် အောင်ဘုန်းပေးတော်မူပါ"လို့ဆိုပြီးတော့နို့ယနာဆွမ်းအကုန်လောင်းထည့်၊ ရှင် သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်းဝမ်းမြှောက်ဖွယ်ဖြစ်အောင်သူ့ရှေ့မှာပဲ ထိုင်ပြီးတော့ဘုဉ်းပေးတယ်၊ ဘုဉ်းပေးပြီးတော့တစ်ခါသူကခုန ထူလသာဋကခေါ်

http://www.dhammadownload.com



တဲ့အဝတ်ပိုင်းလေးလည်း“အရှင်ဘုရား. . . တဲ့တပည့်တော်စေတနာရှိသော်လည်းပဲ ပစ္စည်းမရှိလို့ အလှူထုပ်အထမမြောက်ခဲ့ဘူး၊ တစ်ခါတစ်ရံမှာ ပစ္စည်းလေးကလှူဖွယ်တန်းဖွယ်လေးရှိပြန်တော့လည်းပဲ အလှူခံပုဂ္ဂိုလ်မရောက်လာလို့အထမမြောက်ခဲ့ဘူး၊ ဒီနေ့မှာတော့ တပည့်တော်မှာခက်ခက်ခဲခဲရလာတဲ့ ဒီနှီယနာလေးတစ်ယောက်စာနဲ့ ဒီထုလသာဋကခေါ်တဲ့ဖျင်ပိုင်းလေးတပည့်တော်လှူဖွယ်ဝတ္ထုပစ္စည်းစုအဖြစ်နဲ့ဖြစ်တော့ တပည့်တော်လှူပါရစေ. . . လို့ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့လှူတယ်။

အဲဒီလှူတဲ့အချိန်မှာ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သူ့ကို ခက်ခက်ခဲခဲလုပ်ရတဲ့ကုသိုလ်လေးလည်းဖြစ်နေတော့ အကျိုးကြီးကြီး၊ ပစ္စည်းဝတ္ထုလှူစရာကမကြီးကျယ်သော်လည်းပဲ ကြီးမားတဲ့အကျိုးကိုရပါစေလို့ဆိုပြီးတော့ ပုဏ္ဏားကြီးကို၊ “ပုဏ္ဏား. . . တဲ့ သစ္စာမြင်ပြီးသကာလလှူမှ ပိုပြီးတော့အကျိုးကြီးတယ်။ ဒါ့ကြောင့် သစ္စာမြင်တဲ့အလှူဖြစ်အောင်ကြိုးစားရမယ်၊ အသင်ပုဏ္ဏားကြီးရဲ့ခန္ဓာဟာ အနာကြီးနဲ့တူတယ်၊ သစ္စာမြင်ဖို့ရာအတွက် ဉာဏ်ကိုပြောရမယ်ဆိုရင် အသင်ပုဏ္ဏားကြီး အခုမိမိခန္ဓာကို မိမိပြန်ပြီးတော့ရှုလိုက်စမ်းပါ. . တဲ့၊ ခန္ဓာကြီးသည်အနာကြီးနဲ့တူတယ်။

ယနေ့-ကထိန်ကိုစုပေါင်းလှူကြတဲ့ကထိန့်ဒကာ,ကထိန့်ဒကာမတွေ၊ ရှင့်ဒကာ,ရှင့်အမတွေ၊ ခုနကဆီလှူကြတယ်ဆိုတဲ့ မြင်းခြံအဖွဲ့ ဒကာ,ဒကာမတွေ၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးပြောတဲ့စကားကို ဘုန်းကြီးကကိုယ်စားတစ်ဆင့်ပြောနေပါတယ်၊ အားလုံးဒကာ,ဒကာမတွေ မိမိတို့ရဲ့ခန္ဓာကြီးကို အနာကြီးလို့သဘောထားလိုက်ပါ. . . တဲ့၊ အခုအခိုက်ကလေး, အခုအခိုက်ကလေး၊ ချိန်လိုက်စမ်းပါ။ အနာကြီးတဲ့ ဒီခန္ဓာကြီးက၊ အဲဒီအနာကြီးဟာ မန်းတက်ရင် မန်းရည်တွေပြည့်ကြွလာရင် ဒီအနာကြီးထတတ်တယ်၊ ဒီအနာကြီးကြောင့် ဒုက္ခရောက်တတ်တယ်၊ကိုက်ဟယ်,ခဲဟယ်,ကျင်ဟယ်,နာဟယ်ဆိုတာတွေဖြစ်လာတတ်တယ်။

ဟော-အနာကြီးခန္ဓာကိုယ်ကြီးက မန်းရည်တွေတဲ့၊ အဲဒီမန်းရည်တွေဆိုတာဘယ်သူတုန်းဆိုရင်၊ ကိလေသာလို့ခေါ်တဲ့ လောဘ,ဒေါသ,မောဟဆိုတဲ့တရားတွေကို မန်းလို့ဥပမာပေးထားတယ်။ ကိလေသာဆိုတာ စိတ်ကိုညစ်ညူးနောက်ကျူသွားစေတဲ့သဘောကို ကိလေသာလို့ခေါ်တယ်၊ ဒီတော့-ဟိုအာရုံလိုချင်,ဒီအာရုံလိုချင်၊ ဒါ-လောဘဟာ ကိလေသာ၊ လိုချင်တဲ့အာရုံမရတော့ စိတ်မ

http://www.dhammadownload.com



ချမ်းသာမကျေနပ် ဒေါသတွေဖြစ်၊ အဲဒါ ကိလေသာပဲ၊ စိတ်တွေကိုနောက်နောက် သွားတယ်၊ ဒီလောဘနဲ့ ဒေါသနဲ့ အာရုံပြုစရာ အာရုံမှန်သမျှအပေါ်မှာ အရာဝတ္ထု ပစ္စည်းစု အထည်ဒြပ်အနေနဲ့မြင်တာမှန်သမျှ မောဟခေါ်တယ်၊ လောဘ, ဒေါသ, မောဟသုံးချက်ဟာ ကိလေသာမှန်သမျှရဲ့ရေသောက်မြစ်ကြီး သုံးသွယ်ပဲ၊ မူလ အမြစ်ရင်းကြီးသုံးသွယ်ပဲ။

ဒီတော့ အဲဒီသုံးခုပဲသဘောကျအောင်ကြည့်ပါတော့၊ မြင်မြင်စရာအာ ရုံမှန်သမျှ လိုချင်မှုဟူသည် လောဘ၊ ဓမ္မစကြာမှာ မြတ်စွာဘုရားက သမုဒယသစ္စာ ဟောတဲ့အခါမှာ၊ တတြတတြာဘိနန္ဒိနီ။ တဏှာကိုဟောတဲ့နေရာမှာ၊ တတြ တတြ- ထိုထို တွေ့တွေ့သမျှအာရုံ,ဆုံဆုံသမျှအာရုံတို့၌၊ အဘိနန္ဒိနီ-ကောင်းတာဆိုးတာ တွေအသာထား၊ စွဲလမ်းနှစ်သက်ခင်မင်တတ်တဲ့သဘော၊ ဟော-လောဘကိုဘယ် အာရုံတွေ့ တွေ့၊ တွေ့သမျှမရှောင် ရအောင်သိမ်းပိုက် နှစ်ခြိုက်လေ့ရှိတဲ့သဘော၊ ဒါ-လောဘရဲ့သဘော။ ဒီတော့-ဒကာ,ဒကာမတွေရဲ့သန္တာန်မှာ အဲဒီလောဘဖြစ် လာပြီဆိုရင် မန်းထတာပဲ မန်းထတာပဲ။

ဒေါသက-အဲဒီလိုချင်စရာအာရုံကိုမရတော့ စိတ်ထင်တိုင်းမပေါက်တော့ ဘူးဆိုရင် ဒေါသဖြစ်လာတယ်။ အဲဒါဟာ-မန်းထတာပဲ၊ အနာကြွဖို့ရာအတွက် မန်းဝင်တာ၊ အဲ-မြင်မြင်သမျှတွေကို ရုပ်နာမ်အနေနဲ့ မသိသမျှသည် မောဟတဲ့ အခြေခံက၊ "နာမ်ရုပ်နှစ်တန်, မသိပြန်, အမှန်မောဟသာ" မြင်လိုက်သမျှတွေကို သူပဲ, ငါပဲလို့ထင်နေပြီဆိုရင် အဲဒါ-မောဟအခြေခံပဲ။ ဒီတော့ လောဘနဲ့ ဒေါသ ဟာ ဘယ်ကနေမြစ်ဖျားခံဖြစ်ပြန်တုန်းဆိုတော့၊ မောဟအခြေခံဖြစ်တယ်၊ မောဟ က ရုပ်နာမ်, ရုပ်နာမ်အတိုင်းမသိအောင် ကွယ်နေတာဟာ သူချည်းပဲ။ ဒီတော့- သားအနေနဲ့မြင်,သမီးအနေနဲ့မြင်,ပစ္စည်းတွေအနေနဲ့မြင်,ရှိနေတာက ရုပ်နာမ်၊ မြင်တာက သားရယ်,သမီးရယ်,သူရယ်,ငါရယ်,ပစ္စည်း,သက်ရှိသက်မဲ့ ဒီလို လျှောက်မြင်နေတယ်၊ အဲဒီအမြင်ထဲမှာ မောဟအမြဲပါတယ်လို့ မှတ်လိုက်စမ်းပါ၊ မောဟကကွယ်ထားတယ်။

ဒီတော့-လောဘရယ်, ဒေါသရယ်, မောဟရယ်, မန်းမန်း။ ဒီကနေတစ် ဆင့်တက်ပြီးတော့ ကိုယ့်ထက်သာသွားတာတွေကို မနာလိုမရှုစိမ့်ကြသော ကိလေ သာမန်းထပြန်တယ်။ ငါ့ဘယ်သူထင်တုန်း၊ ငါတို့အမျိုးကဘယ်လို၊ ငါတို့ပစ္စည်းရှိ တာက မျိုးနဲ့ချီရှိလာတာနဲ့ ပစ္စည်းရှိ, ရှိမာန်တက်ကြတယ်၊ အမျိုးချီတက်၊ ပညာချီ

http://www.dhammadownload.com



တက်၊ မာန်တွေတက်၊ ပစ္စည်းချီတက်၊ ရုပ်ရည်အဆင်းမှီပြီးတော့ မာန်မာနတွေ တက်၊ မန်းထလာတာ၊ မန်းထတာ၊ အဲဒါ-မာန်မာနလည်းပဲ မန်းပဲ၊ ကိလေသာမှန် သမျှကို မန်းလို့ခေါ်တယ်၊ မန်းရည်တွေ။ ကောင်းပြီ အဲဒီလောဘ, ဒေါသ, မောဟ, မာန, ဣဿာ-ကိုယ့်လိုကြီးပွားလာမှာစိုး၊ ကိုယ့်လက်အောက်ကသူတွေ ကိုယ့်လို ဖြစ်လာမှာစိုးလို့ ဖိနှိပ်ရ၊ ချုပ်ချယ်ရဆိုတဲ့ မစ္ဆရိယတွေ မန်းတွေပဲသူတို့လည်း။

အဲဒီမန်းဆိုတာတွေ ဘယ်နဲ့ကြောင့်ထတတ်တုန်းဆိုရင် ဩဇာ်နံလို့၊ သို့မဟုတ် မသင့်တဲ့အစာစားလို့ထတတ်တယ်။ ကောင်းပြီ ဒါဖြင့် ငါးဖြာအာရုံ ကာမဂုဏ်တွေဆိုတာ ဩဇာ်တွေတဲ့၊ မသင့်တဲ့အစာတွေ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးဖြာတရားတွေကဩဇာ်နဲ့တူတယ်၊ မသင့်တဲ့ အစာနဲ့တူတယ်၊ ဒီတော့-ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဒီဟာလေးနည်းနည်း လေး အာရုံပြုပါနော်၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့တရား ဘုန်းကြီးက တစ်ဆင့်ပြောနေပါတယ်။ အားလုံးဒကာ ဒကာမတွေရဲ့ခန္ဓာကိုယ်ကြီးက အနာကြီး လို့သဘောထားလိုက်ပါ၊ အဲဒီ အနာကြီးကို ရင်းအောင်ကြွအောင်ပြုမှာက မန်း၊ အဲဒီမန်းထစေတတ်တာက ဘယ်သူတုန်းဆိုရင် ဩဇာ်ရယ်၊ မသင့်တဲ့အစာရယ်။

အဲဒီ ဩဇာ်နဲ့ မသင့်တဲ့အစာဆိုတာ ဘယ်သူတုန်းဆိုရင် ငါးဖြာအာရုံ ကောင်းကောင်းလေးတွေ၊ ဒါ-ဩဇာ်တွေပဲ၊ သို့မဟုတ်-မသင့်တဲ့အစာတွေတဲ့၊ သဒ္ဒါ ရုံ-တီးသံ, မှုတ်သံ, ဆိုသံလေးတွေ, သာယာငြိမ့်ညောင်းတဲ့ အသံလေးတွေ၊ ဒါတွေ ဟာ အဲဒါ ဩဇာ်တွေပဲ၊ သို့မဟုတ် မသင့်တဲ့အစာတွေပဲ။ ဂန္ဓာရုံ-မွှေးမွှေးကြိုင် ကြိုင်လေးတွေ၊ ကောင်းတဲ့အရသာလေးတွေ၊ ကောင်းတဲ့အတွေ့အထိလေးတွေ ဝတ်စားတန်ဆာလေးတွေ၊ အဲဒါတွေဟာ အာရုံငါးပါးဆိုတဲ့ အဲဒီတရားတွေဟာ ဩဇာ်တွေပဲ. . . တဲ့၊ သို့မဟုတ် မသင့်တဲ့အစာတွေပဲ။ ဒီတော့-အဲဒီ ရူပါရုံ ကောင်းကောင်းကလေးကြည့်နေတဲ့အခိုက်မှာ မန်းထနေပုံကလေးကြည့်စမ်းပါ။

ရူပါရုံကောင်းကောင်းကလေးဆိုတာကဩဇာ်(သို့မဟုတ်) မသင့်တဲ့အစာ၊ အဲ့ဒီရူပါရုံကောင်းကောင်းကလေးကိုကြည့်ပြီးတော့သဘောကျနှစ်သက်ကျေနပ် နေတယ်ဆိုတာက ဟောဒီမိမိခန္ဓာအနာကြီးထဲမှာလောဘမန်းဝင်နေပြီ၊ အဲဒီ လောဘမန်းဝင်နေရင်ဒီအနာကြီးကတော့ ထမှာသေချာတာပဲ၊ ကိုက်မယ်,ခဲမယ် ကြင်မယ်,နာမယ်၊ ဟော-ဒီတော့တစ်ခါအဲဒီရူပါရုံကောင်းကောင်းလေးကိုပဲမကျေ နပ်နိုင်ဘူး၊ကိုယ်ရရမှာသူများယူသွားလို့မကျေနပ်၊ သို့မဟုတ်ကိုယ်ဖြစ်စေချင်သလို

http://www.dhammadownload.com



မဖြစ်လို့ကြာရှည်ဖြစ်စေချင်သလို မဖြစ်လို့ဆိုတော့ဒေါသမန်းဝင်လာပြန်တယ်၊အဲဒီ ဒေါသမန်းဘယ်သူ့ကြောင့်ဖြစ်တုန်း-အဲဒီရူပါရုံကောင်းကောင်းဆိုတဲ့ညှော်နံ့လို့ သို့မဟုတ်ရူပါရုံကောင်းကောင်းဆိုတဲ့ မသင့်တဲ့အစာကိုကိုယ်ကသုံးစွဲမိလို့၊ ဖြတ်ရ မှာကအဲဒီရူပါရုံကောင်းကောင်းလည်းပဲရုပ်နာမ်ပဲ၊ သဒ္ဒါရုံ-အသံကောင်းကောင်းဆို တာလည်းပဲ ရုပ်နာမ်ပဲ၊ မောဟကိုပယ်သတ်တဲ့အဝိဇ္ဇာကိုပယ်သတ်တဲ့ ဝိဇ္ဇာဝင် ဝင်ပြီးတော့ ဒီမှာဖြတ်ရမှာ။

အဲဒီမဖြတ်နိုင်တော့တခါတည်းညှော်နံ့၊ အားလုံးတစ်သံသရာလုံးရှိနေ တဲ့ဒကာဒကာမတွေ,သတ္တဝါတွေက အဲဒီညှော်နံ့ခံချင်တယ်၊ အဲဒီမသင့်တဲ့အစာ တွေကိုစားချင်ကြတယ်၊ ရူပါရုံကောင်းကောင်းလေး ကြည့်နေချင်တယ် အညှော်ခံ တာ မသင့်တဲ့အစာစားတာ။ သဒ္ဒါရုံကောင်းကောင်းလေးတွေ နားထောင်နေချင်ကြ တယ် မသင့်တဲ့အစာစားနေတာပဲ၊ ညှော်ခံနေတာပဲ။ ဒါ့ကြောင့်ဘုရားအလောင်း သူတော်ကောင်းကြီးတွေကျတော့အဲဒီအညှော်တွေရှောင်ထွက်ပြီး တောထဲအထိ ထွက်သွားတာ အကုန်စွန့်ထွက်တာ,အကုန်စွန့်ထွက်တာ။

ဒီတော့အားလုံးဒကာဒကာမတွေသစ္စာစကားတွေနဲ့ပြောကြမယ်ဆိုရင် ဒီခန္ဓာကိုယ်ကြီးကအနာကြီးနဲ့တူတဲ့ဒုက္ခသစ္စာ၊ အဲဒီခန္ဓာကိုယ် ဒုက္ခသစ္စာကြီး တိုးပွား ကြောင်း ,အနာထကြောင်းဖြစ်တဲ့ မန်းလို့ခေါ်တဲ့ လောဘ, ဒေါသ, မောဟစတဲ့ ကိလေသာတွေက, သမုဒယသစ္စာ၊ လောဘဦးစီးနေတဲ့ ကိလေသာတွေ။ အဲဒီမန်း တွေတိုးပွားရာတိုးပွားကြောင်းဖြစ်တဲ့ အာရုံငါးပါးဆိုတဲ့တရားတွေဟာလည်းမန်း တိုးပွားကြောင်းဖြစ်လေသောကြောင့် သူတို့လည်းပဲသမုဒယသစ္စာစာရင်းထဲဝင် တယ်၊ ကောင်းပြီတဲ့ ဒါဖြင့် ဒီခန္ဓာကိုယ် အနာကြီးပျောက်အောင်ဘယ့်နယ့်လုပ် ရမှာတုန်းဆိုတော့ မန်းနှိမ်ရမှာပေ့ါ၊ မန်းသတ်ရမှာပေ့ါ၊ မန်းမထအောင်လုပ်မှ ဒီခန္ဓာကိုယ်အနာကြီးသက်သာမှာပေ့ါ။ ကောင်းပြီ-ဒါဖြင့် ဒီခန္ဓာကိုယ် အနာကြီး သက်သာအောင်မန်းငြိမ်းဖို့ရာ ဘာလုပ်ရမှာတုန်း ညှော်ရှောင်ရမယ်၊ မသင့်တဲ့ အစာတွေကို မစားမိအောင် ရှောင်ပြီးသကာလ-အဲဒါသီလပြောတာ ရှောင်ပြီ ဆိုတာ။ ဆေးလိမ်းတန်လိမ်းရမယ်,အုံဆေးအုံတန်အုံရမယ်,စားဆေးစားတန် စားရမယ်။

ကောင်းပြီ. . . ဒါဖြင့်လိမ်းဆေးလည်းလိမ်းရမယ်၊ အုံဆေးလည်းအုံရ မယ်,စားဆေးလည်းစားရမယ်လို့ဆိုတာ ဘာပြောတာတုန်းဆိုတော့ အခုလိုလှူ

http://www.dhammadownload.com



ဒါန်းပေးကမ်းစွန့်ကြဲခြင်းဆိုတာဒါန လိမ်းဆေးလိမ်းလိုက်တာပဲ၊ လိမ်းဆေးလိမ်းရင် လိမ်းဆေးကလည်းသူ့တတ်နိုင်သလောက်တော့ ဒီမန်းကိုသတ်တာပဲ။ အုံဆေးဆို တဲ့သီလ-သီလတည်းဟူသောအုံဆေးကိုလည်းဒီအနာပေါ် မှာအုံပေးရမယ်၊ အုံ ပေးလိုက်ရင်ဖယောင်းချက်အုံဆေးက မန်းရည်တွေကို စုပ်လိမ့်မယ်။ ဝိပဿနာ တည်းဟူသော စားဆေးလည်းစားပေးရမယ်၊ အဲဒီ ဝိပဿနာစားဆေးကိုစားပေး လိုက်တော့မှ အတွင်းကထမယ့် မန်းတွေကိုအကုန်သတ်ရာရောက်တယ်။ ဒါဖြင့်- ဒါနတည်းဟူသောလိမ်းဆေး,သီလတည်းဟူသောအုံဆေး, ဘာဝနာတည်းဟူသော စားဆေးလို့ဆိုတဲ့ ဒီဆေးသုံးချက်ဟာ မဂ္ဂသစ္စာလို့လည်းခေါ်တယ်၊ အနာပျောက် ကြောင်းဖြစ်တဲ့ မန်းခေါ်တဲ့သမုဒယသစ္စာတဏှာကို ပယ်သတ်မယ့်ဆေးသုံးချက်၊ ဆေးသုံးမျိုး. . . တဲ့။

ယနေ့-ဒကာ ဒကာမတွေ ဒါနတည်းဟူသောလိမ်းဆေးဖြင့် မန်းကိုဘယ် လိုသတ်တုံး၊ လောဘ,ဒေါသ,ကိလေသာတည်းဟူသော မန်းကိုဘယ်လိုများသတ် တုံးလို့မေးရင်၊ လက်တွေ့သတ်ပုံလေးနည်းနည်း နားထောင်ကြည့်၊ စွန့်ကြဲပေး ကမ်းလှူဒါန်းလိုက်တယ်လို့ဆိုသည်နှင့်တစ်ပြိုင်နက် အခုဒီနေ့ ကထိန်ကြီးဆိုပါ တော့ အားလုံးပစ္စည်းဝတ္ထုတွေရော တစ်သိန်းကျော်လောက်၊ အဲဒီတစ်သိန်းကုန် ထဲမှာ အသီးသီးဒကာ ဒကာမတွေ ပါထားကြတယ်၊ ထောင်, ရာ,ဆယ်တတ်နိုင်သ လောက်ပါထားတာတွေရှိတယ်၊ အဲဒီပစ္စည်းဝတ္ထုကို စွန့်လှူလိုက်သည်နှင့်တစ်ပြိုင် နက်၊ ဝတ္ထုကိုစွန့်လိုက်သည်နှင့်တစ်ပြိုင်နက် အဲဒီဝတ္ထုအပေါ် မှာ တွယ်တာတဲ့ကိ လေသာလို့ခေါ်တဲ့လောဘကိုလည်းသတ်ပြီးသားဖြစ်တယ်။ ဒါကိုမြတ်စွာဘုရားက "ကိလေသ ပရိစ္စာဂ" လို့ဟောတယ်။

ဝတ္ထုပရိစ္စာဂ, ကိလေသပရိစ္စာဂ, ပရိစ္စာဂနှစ်မျိုးရှိတယ်။ ဝတ္ထုကိုစွန့်လိုက် ခြင်း လှူလိုက်ခြင်းက ဝတ္ထုပရိစ္စာဂ။ အဲဒီဝတ္ထုစွန့်လိုက်သည်နှင့်တစ်ပြိုင်နက် အဲဒီ ဝတ္ထုအပေါ် မှာ တွယ်တာနေတဲ့ လောဘစိတ်ကလေးကိုလည်းပဲ အမြစ်ပြတ်သုတ် သင်လိုက်ရာရောက်တယ်။ အဲဒါ ကိလေသပရိစ္စာဂ။ ဒါဖြင့် စွန့်ကြဲပေးကမ်းလှူ ဒါန်းမှုကိုပြုလိုက်ခြင်းဖြင့် မိမိခန္ဓာထဲမှာဖြစ်နေတဲ့ မန်းတစ်ချို့သတ်လိုက်ခြင်း လို့ဆိုရတယ်၊ အဲဒါ ဒါနတည်းဟူသောလိမ်းဆေးနဲ့ မန်းတွေကိုတတ်နိုင်သမျှ ထုတ် လိုက်တာ, ပယ်လိုက်တာ, ဖြုတ်လိုက်တာပဲ။ သီလတည်းဟူသောအုံဆေးနဲ့ အုံပေး လိုက်တော့ ဖယောင်းချက်ကစုပ်မယ်လေ၊ သတ်ဟယ်, ဖြတ်ဟယ်ဆိုတာတွေ ရှောင်လိုက်၊ ခိုးဟယ် ဝှက်ဟယ်ဆိုတာတွေ ရှောင်လိုက်ဆိုတာ သီလ၊ အဲဒီသီလ

http://www.dhammadownload.com



တည်းဟူသော အုံဆေးနဲ့ ဖယောင်းချက်အုံပေးရင်လည်းဒီမန်းတွေကို စုပ်လိမ့်မယ်။

'ဝိပဿနာ-ရုပ်နာမ်ဓမ္မတွေရဲ့ ဖြစ်ပျက်မြင်အောင်ကြည့်ခြင်း, ရှုခြင်းဆိုတဲ့ ဝိပဿနာ ဒါကစားဆေး၊ ဘုန်းကြီးခုနကပြောတဲ့ထဲမှာ ရှိနေတဲ့ရုပ်နာမ်ကို ရုပ်နာမ် အတိုင်းမမြင်တဲ့အချိန်တိုင်းသည် မောဟလို့ပြောထားပြီနော်၊ "ရုပ်နာမ်နှစ်တန်, မသိပြန်, အမှန်မောဟသာ"၊ ဇေတဝန်ဆရာတော်ဘုရားကြီးက နားလည်လွယ် အောင် လင်္ကာလေးလုပ်ပေးထားတယ်၊ နာမ်ရုပ်နှစ်ပါးရှိတာကို နာမ်ရုပ်နှစ်ပါး အတိုင်းမသိတဲ့အချိန်တိုင်းသည် မောဟဝင်နေတဲ့အချိန်လို့ခေါ်တယ်။ ကောင်းပြီ- ဒါဖြင့်ယနေ့ ဒကာ ဒကာမတွေ နာမ်ရုပ်ကို နာမ်ရုပ်အတိုင်းသိတဲ့အချိန်နဲ့ မသိတဲ့အ ချိန်ဘယ်ကများသလဲ၊ မသိတာတွေကများတယ်၊ အို့-ဒါဖြင့် မောဟမန်းတွေ အမြဲ ဝင်နေတာပေါ့၊ မောဟမန်းတွေအမြဲထနေတယ်၊ မောဟမန်းတွေထမှတော့၊ ဒီခန္ဓာ အနာကြီးကကြွမယ်၊ ဒုက္ခသစ္စာအနာကြီးက ကြွမယ်။

ကောင်းပြီ ဒါဖြင့် အဲဒီရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မြင်ဖို့အရေးအတွက် အသိသုံးဆင့်ရှိတယ်၊ "မှားသောအသိ, မမှန့်တမှန်အသိ, အမှန်ဆုံးအသိ၊" အသိ သုံးဆင့်ရှိတယ် ဘယ်အရာဝတ္ထုမဆို မြင်လိုက်ရင်။ ဥပမာတစ်ခု ဆိုကြပါစို့၊ ကြိုး ပြတ်ကလေးတစ်ခု တစ်နေရာမှာ စင်းနေတယ်၊ မြွေကြီးလို့မြင်လိုက်တယ် တစ် ယောက်က၊ အဲဒါမှားသောအမြင်၊ ကြိုးပြတ်ကလေးကို သူကမြွေလို့မြင်တာ မှားသောအမြင်၊ တော်တော့်ကိုမှားတဲ့အမြင်။ နောက်တစ်ယောက်ကတော့ ဟာ- ကြိုးပြတ်ပါလို့မြင်တယ်၊ အဲဒါမမှန့်တစ်မှန်အမြင်၊ဘယ်နဲ့မမှန့်တမှန်အမြင်တုံးဆို တော့-ကြိုးဆိုတာ သမုတိသစ္စာနယ်မှာတော့ဟုတ်တယ်ကြိုးဆိုတာရှိတယ်။

ရုပ်နာမ်ဓမ္မနဲ့ ပြောကြမယ်ဆိုရင်ဖြင့်, ရုပ်စုရုပ်ပုံ အစုအဝေး၊ ရုပ်မှုံ ရုပ်မွှား' ရုပ်စုရုပ်ပုံတို့ရဲ့ စုဝေးပေါင်းဖွဲ့ပြီးကြိုး သဏ္ဌာန်အားဖြင့် ဖြစ်နေတာကိုသွားပြီးတော့ သူကကြိုးလို့ နာမည်တပ်လိုက်တယ်၊ သမုတိသစ္စာနယ်ကတော့မှန်တယ်၊ ပရမတ္ထ သစ္စာရုပ်နာမ်ဓမ္မနဲ့ပြောကြမယ်ဆိုရင်ဖြင့် မှားတယ်၊ ဒါ့ကြောင့် မမှန့်တမှန်အမြင်။ ယနေ့-ဒကာဒကာမတွေက မမှန့်တမှန်အမြင်နဲ့ အမှားအမြင်ကိုသာအမြင်များကြ တယ်. . တဲ့၊ အဲကြိုးအပေါ်မှာ ရုပ်စုရုပ်ပုံအနေနဲ့ မြင်လိုက်တဲ့ အမြင်ကမှ မှန်ကန် သောအမြင်။

အတူတူပဲပေါ့-လူတစ်ယောက်ထိုင်နေတာ သရဲကြီးလို့မြင်လိုက်မယ်၊ သို့

http://www.dhammadownload.com



မဟုတ် သစ်ငုတ်ကြီးလို့ မြင်လိုက်မယ်၊ အဲဒါမှားသောအမြင်။ ဟာ-ဒါလူပဲ ယောကျ်ားပဲ မိန်းမပဲလို့မြင်တဲ့အမြင် မမှန့်တမှန်အမြင်၊ အဲဒီအမြင်နှစ်ခုနဲ့ ကျွတ်တမ်းမဝင်နိုင်သေးဘူး၊ မင်္ဂဖိုလ်မရနိုင်သေးဘူး၊ အဲဒီမမှန့်တမှန်အမြင်ပေါ်တက်လာမှ လူဆိုတာမရှိ၊ယောကျ်ားဆိုတာမရှိ၊ မိန်းမဆိုတာမရှိ၊ ရုပ်စုရုပ်ပုံ၊နာမ်စုနာမ်ပုံသာရှိပါတကား၊ ရုပ်စု ရုပ်ပုံ နာမ်စုနာမ်ပုံ အစုအဝေးကြီးပါတကားလို့ မြင်လိုက်တဲ့အမြင်ကမှ ရုပ်နာမ်မြင်၊ အဲဒီရုပ်နာမ်ရဲ့ ဖြစ်ပျက်ကိုမြင်တော့မှ အမှန်ဆုံးအမြင် ဝိပဿနာဆိုက်တဲ့ အမြင်။

ဒါ့ကြောင့် နေရာတိုင်းမှာ အမြင်သုံးဆင့်ရှိသည်၊ မှားသောအမြင်,မမှန့်တမှန်အမြင်, အမှန်ဆုံးအမြင်ဆိုတဲ့ ဒီသုံးချက်ထဲက အမှန်ဆုံးအမြင်ကို မြင်မှသာလျှင် မောဟခေါ်တဲ့ ကိလေသာမန်းခန္ဓာကိုယ်ထဲက တဖြည်းဖြည်းခေါင်းပါးသွားမယ်, ခြောက်သွားမယ်, ကပ်သွားမယ်၊ သူခြောက်ကပ်သွားမှ အဝိဇ္ဇာအခြေခံပြီးဖြစ်ပေါ်လာမယ့် အဝိဇ္ဇာပစ္စယာသင်္ခါရာစတဲ့ ပဋိစ္စသမုပ္ပါဒ်သာကြည့်ကြတော့လေ-အဝိဇ္ဇာထိပ်ဆုံးကလာတာပဲ၊ ဒါ့ကြောင့် နောက်နောက်ဖြစ်ပေါ်လာမယ့် ကိလေသာမန်းတွေ အကုန်သေနိုင်တယ်၊ အဲဒီကိလေသာမန်းတွေသေမှ ခြောက်ကပ်သွားမှ ဒီခန္ဓာအနာကြီးငြိမ်းအေးမယ်။

ဒီတော့-အဲဒီလို အမြင်မှန်နဲ့ မြင်အောင် ဒါနတည်းဟူသောလိမ်းဆေး၊ သီလတည်းဟူသောအုံဆေး၊ ဝိပဿနာဘာဝနာတည်းဟူသော စားဆေးတွေကို စားနေတယ်ဆိုတာ အဲဒါမဂ္ဂသစ္စာ။ အဲဒီမဂ္ဂသစ္စာကိုပွားပြီဆိုတော့ အနာကြီးမန်းတွေကုန်၊ မန်းတွေကုန်ဆိုတာ ကိလေသာတွေသတ်လိုက်တာပဲ၊ သမုဒယသစ္စာကိလေသာတွေကို ပယ်လိုက်တာ။ သမုဒယသစ္စာကိလေသာတွေကို ပယ်လိုက်သည်နဲ့ တပြိုင်နက်မန်းခြောက်သွားတယ်ဆိုရင် ဒီအနာပျောက်သွားမယ်၊ သက်သာသွားမယ်,ချမ်းသာသွားမယ်။ အနာပျောက်သည်နဲ့တစ်ပြိုင်နက် ဘာသဘောလေးပေါ်လာတုံးဆိုတော့အေးငြိမ်းတဲ့ ချမ်းသာတဲ့ သဘောလေးပေါ်လာတယ်၊ အနာနဲ့အေးငြိမ်းတဲ့သဘောတခြားဆီ၊ အနာကြီးကဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကြီး၊ အဲဒီရုပ်နာမ်ခန္ဓာကြီးအနာပျောက်တယ်ဆိုသည်နဲ့တပြိုင်နက် အေးငြိမ်းတဲ့သဘောလေးချမ်းသာတဲ့သဘောလေးပေါ်လာ၊ အဲဒါနိရောဓသစ္စာ နိဗ္ဗာန်လို့ခေါ်ပါတယ်။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကသူ့ရဲ့ ပုဏ္ဏားကြီးကတစ်ခါတရံ

http://www.dhammadownload.com



လေးမှ လှူနိုင်တာမို့လို့ သစ္စာမြင်ပြီးတော့လှူမိအောင် သစ္စာမြင်ပြီးတော့ လှူတတ်အောင်,အလှူထုပ်က ယနာနို့ဆွမ်းလေးတစ်ယောက်စာနဲ့ ဖျင်ပိုင်းလေးတစ်ခု မကြီးကျယ်သော်လည်းပဲ အဲဒီအလှူဝတ္ထုပစ္စည်းစုပေါ်မှာ မူတည်ပြီးတော့ ဉာဏ်တွေကြီးအောင်ဆိုပြီးတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက တရားပြလိုက်တာ ပုဏ္ဏားကြီးကလေ. . ဝမ်းသာလွန်းလို့ "ဩော်-ဟုတ်တယ်ဒီခန္ဓာကြီးက အနာကြီး ဒီခန္ဓာအနာကြီး ငါရလို့ ဒီဘဝမွဲတယ် ချမ်းသာတယ်ဆိုတာတွေဖြစ်၊ ဆွေတွေမျိုးတွေ ပျက်စီးလို့ဖြစ်ရတဲ့ အနာကြောင့်ဖြစ်ရတဲ့,အနာကိုက်ခြင်းဆိုတဲ့ ဒုက္ခတွေဖြစ်၊ စည်းစိမ်တွေပျက်စီးလို့ဖြုံခဲ့ရတယ်ဆိုတဲ့ အနာကိုက်ခဲလို့ဖြစ်တဲ့ ဒုက္ခတွေပေါ်တယ်၊ ဒီခန္ဓာကြီးမရှိရာရောက်ပါရစေတော့၊ တပည့်တော်ဒီကောင်းမှုကြောင့် ဒီခန္ဓာအနာကြီးမရှိရာ ရပါစေတော့၊ ရောက်ပါရစေတော့"လို့ဆိုပြီးတော့ လှူပါတယ်။

ဒါ့ကြောင့် ယနေ့ ဒကာဒကာမတွေကလည်းဒီနေ့ အလှူထုပ်ကြီးက အဲဒီ ပုဏ္ဏားနဲ့ စာမယ်ဆိုရင် အဆပေါင်းများစွာကြီးကျယ်ပါတယ်၊ ကြီးကျယ်ပင်ကြီးကျယ်ငြားသော်လည်းဉာဏ်မကြီးကျယ်ကြရင်ဖြင့် ကြီးကျယ်တဲ့နိဗ္ဗာန်နဲ့ဝေးလိမ့်မယ်၊ ဒါ့ကြောင့် ယနေ့ဘုန်းကြီးတို့က ဒကာ ဒကာမတွေလုပ်ရတဲ့ အလုပ်တွေက ကြီးကျယ်သလောက်အကျိုးကြီးကြီးရစေချင်လို့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ ဉာဏ်ကိုမှီခိုပြီးတော့ ပြောပြနေပါတယ်၊ ဒါ့ကြောင့်-ယနေ့အားလုံးသော ဒကာဒကာမတွေက အနာကြီးနဲ့တူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်က-သင်္ခါရေ အာဗာဓတော၊ သင်္ခါရေ-ရုပ်နာမ်ဓမ္မ, သင်္ခါရတို့ကို၊ အာဗာဓတော-အနာကြီးဟူ၍၊ ပဿ-ရှုပါ ဆိုတဲ့ တောလေးဆယ်ထဲက၊ အနာကြီးလို့ရှုရမယ်ဆိုတဲ့စကားပိုဒ်ကို အာရုံထားပြီး တပည့်တော်တို့သည် ဒုက္ခသစ္စာခန္ဓာကြီးဖြစ်တဲ့ ဒီအနာမျိုးကြီး ပျောက်ရာငြိမ်းရာ အေးရာဖြစ်တဲ့သန္တိသုခ အေးမြလှတဲ့ နိဗ္ဗာနဓာတ်ကို ရလိုရောက်လိုပါသောကြောင့် ယနေ့စုပေါင်းဖြစ်တဲ့ ဤကုသိုလ်ထုပ်ကြီးကို ပြုကြပါတယ်. . ၊ ဒီရှင်သာမဏေပြုပွဲ ကုသိုလ်ကြီးကို ပြုကြပါတယ်၊ ဆီလှူဒါန်းမှုဆိုတဲ့ ကုသိုလ်ထုပ်ကြီးကိုပြုကြပါတယ်. . . လို့ အဲသလိုလေး ခဏလေးပဲဖြစ်ဖြစ် အာရုံလှည့်လိုက်ကြစမ်းပါ ဒီဘက်ကို, အာရုံလှည့်လိုက်ကြစမ်းပါ။ အဲဒီလိုဆိုရင် ပစ္စည်းဝတ္ထုတွေလှူတာသိန်းကျော်အလှူကြီး ကြီးကျယ်သလောက် ဉာဏ်အားတွေကြီးကျယ်လာပြီးတော့ ဒီဘဝမဟုတ်ရင်နောက်ဘဝ၊ နောက်ဘဝမဟုတ်ရင် မကြာခင်သောဘဝမှာ ကေန်ထွက်ပေါက်ရနိုင်ပါလိမ့်မယ်. . လို့။

http://www.dhammadownload.com



ခုနကပုဏ္ဏားကြီးကြည့်တော့ အဲဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်မရပါဘူး၊ အရှင်သာရိပုတ္တရာဟောတာပဲ၊ ဒါ့ပေမဲ့လို့ သူ့စိတ်ထဲမှာစွဲသွားလိုက်တာက ဘာကုသိုလ်ပြုပြုသူ့ခန္ဓာကြီးကို အနာကြီးလို့ သဘောထား,ထားပြီးတော့ ဘုရားလက်အုပ်က လေးချီ ရှိခိုးတာ ရှင်သာရိပုတ္တရာ လက်အုပ်ချီရှိခိုးတာကအစ သူကရှိခိုးပြီးသည်နဲ့တပြိုင်နက်သူဘာဆုတောင်းလိုက်တုန်းဆိုရင် ဒီခန္ဓာအနာမျိုးကြီးတွေကင်းရာတပည့်တော်ရောက်ပါရစေ. . ဒီရှိခိုးရတဲ့ ကုသိုလ်ကြောင့် တပည့်တော်ဒီအနာခန္ဓာမျိုးကြီးတွေဒုက္ခသစ္စာကြီးတွေရဲ့ ငြိမ်းရာရပါစေဆိုတဲ့ စိတ်ကလေးနဲ့ အမြဲတမ်းကုသိုလ်ပြုသွားတယ်။

ယနေ့ ဒကာဒကာမတွေနိဗ္ဗာန်ရရပါလို၏လို့ မီးရိုးဖလာပါးစပ်ကဆိုနေတာထက် အဲဒီလို မိမိခန္ဓာကြီးကို တနည်းနည်းနဲ့ ဒုက္ခသစ္စာပြစ်ချက်အနာကြီးတမျိုးအနေနဲ့ ကြည့်ပြီးတော့ ဘာကုသိုလ်ပြုပြု၊ နောက်ဆုံးအိမ်မှာဘုရားကိုပန်းလှူရေလှူပြီးတော့ ရှိခိုးတာပဲဖြစ်ဖြစ် ရှိခိုးပြီးတဲ့နောက်မှာ တပည့်တော်မဤကုသိုလ်ကောင်းမှုကြောင့် တပည့်တော်ဒီရှိခိုးရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဤဒုက္ခသစ္စာအနာကြီးဒုက္ခမျိုးမှလွတ်ရာရပါရစေ. . လွတ်ရာလွတ်ကြောင်းအတွက် ဤကုသိုလ်ကအထောက်အပံ့ဖြစ်ပါစေ. . လို့ အဲဒီလို ဒီတစ်ဘဝလုံးလုံးကြိုးစားသွားကြလို့ရှိရင် အင်မတန် နိဗ္ဗာန်နဲ့ နီးသွားတာဖြစ်ပါလိမ့်မယ်၊ မီးရိုးဖလာ ပါးစပ်ကတောင်းနေတာထက် နီးပါလိမ့်မယ်၊ နိဗ္ဗာန်ဆိုတာမှန်းကြရတာချည့်ပဲ၊ ဘုန်းကြီးတို့ ပုထုဇဉ်တွေဘယ်သူမှမမြင်နိုင်သေးဘူး၊ သို့သော် အမှန်းကောင်းတဲ့သူကပိုနီးလိမ့်မယ်၊ မှန်းတတ်တဲ့သူကပိုနီးလိမ့်မယ်၊ အဲဒီမှန်းတတ်အောင်အမှန်းကောင်းအောင် ဘုန်းကြီးရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ ဉာဏ်ကိုမှီပြီးတော့ တဆင့်တင်ပြနေပါတယ်,ပြောနေပါတယ်။

အဲဒီလိုနဲ့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟောပေမဲ့ သူမဂ်ဖိုလ်မရရှာဘူး အဲဒီပုဏ္ဏား၊ နောက်တော့ကွယ်လွန်သွားပြီးဘယ်ရောက်တုန်းဆိုတော့ သာဝတ္ထိမြို့မှာ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ အလုပ်အကျွေးမျိုးထဲမှာ ကလေးသွားဖြစ်တယ်၊ ကိုယ်ဝန်ရကတည်းက မိခင်ကဘာဖြစ်လာတုန်း ချင်ခြင်းတပ်တာကအရှင်သာရိပုတ္တရာအမှူးရှိတဲ့ သံဃာတွေပင့်ပြီး အိမ်ဆွမ်းကပ်ချင်တယ်တဲ့၊ နို့ယနာဆွမ်းလည်းကပ်ချင်တယ်၊ ပြီးတော့ သူကိုယ်တိုင်လည်းပဲ သင်္ကန်းဝတ်ချင်စိတ်ပေါက်တယ် အမျိုးသမီးက၊ ဒါနဲ့ သူ့ချင်ခြင်းကို မိဘတွေက ကောင်းတဲ့ချင်

http://www.dhammadownload.com



ခြင်းပဲဆိုပြီးတော့ ဒီကလေးကိုယ်ဝန်ရကတည်းက အဲဒါရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးအမှူးရှိတဲ့ သံဃာတွေပင့်၊ နို့ယနာဆွမ်းကပ်၊ ပြီးတော့သူကိုယ်တိုင်သင်္ကန်းကိုဝတ်စေပြီးတော့ အဲဒီသံဃာတွေရဲ့ အဆုံးကနေပြီးတော့ သူကခွက်တစ်ခွက်နဲ့ထိုင်ပြီး သံဃာတော်တွေကြွင်းကျန်တဲ့ နို့ယနာကိုစားချင်တဲ့ ချင်ခြင်းဖြစ်နေတာမို့လို့သူ့ကျွေးရတယ်။

နောက်တော့ တိုတို ပြောကြစို့-အဲဒီကလေးမီးဖွားလာပြီးတဲ့နောက် ဒီကလေးဟာ ခုနှစ်နှစ်သားအရွယ်လောက်ရောက်လာ၊ ရောက်လာပြီးတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးထံမှာပဲရှင်ပြု၊သာမဏေဖြစ်၊ အဲဒီသာမဏေဖြစ်ရာကနေပြီးတော့ နောက်ဆုံးတော့ အဲဒီခုနှစ်နှစ်သားအရွယ်မှာပင်လျှင် တရားဘာဝနာအလုပ်အားထုပ်ရာက ပဋိသမ္ဘိဒါလေးပါးနဲ့ တကွ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ မဂ်လေးတန် ဖိုလ်လေးတန်နိဗ္ဗာန်ရ၍ ယနေ့ ဝနဝါသီတိဿသာမဏေလို့ သာသနာ့သမိုင်းမှာ ထင်ရှားကျော်ကြားတဲ့ သာမဏေတစ်ပါးအဖြစ်နဲ့ ကျွတ်တမ်း ခိုတော်မူလေသည်။

အဲဒီ သူကျွတ်တမ်းခိုတဲ့အချိန်မှာ မြတ်စွာဘုရားက တစ်ခါတော့ သူနေတဲ့တောင်ထိပ်ရောက်လာတယ်၊ ရောက်လာတော့ မြတ်စွာဘုရားနဲ့သူနဲ့ပြောတဲ့စကားလေးထဲမှာ "တိဿ. . တဲ့ဟိုနားက မြင်ရတာတွေကဘာတွေတုန်း" "အဲဒါ သမုဒ္ဒရာတွေပါဘုရား" တောင်ထိပ်ကနေလှမ်းမြင်တော့ "ဟိုဟာက ဂင်္ဂါမြစ်ကြီးပါ၊ ဟိုဟာကသမုဒ္ဒရာကြီးပါ၊ ဟိုဟာက အစိရဝတီမြစ်ကြီးပါ" စသည်ဖြင့်ပြ၊ "အဲဒီ မြစ်တွေ သမုဒ္ဒရာတွေမြင်တော့ သင့်စိတ်ဘယ်နဲ့ဖြစ်တုန်း" "မှန်လှပါဘုရား. . တဲ့ တပည့်တော် အဲဒီမြစ်တွေသမုဒ္ဒရာတွေကိုမြင်တိုင်းမြင်တိုင်း"ဩ-အနမတဂ္ဂသံသရာစခန်းခရီးလမ်းကြီးငါလာခဲ့ရတာ၊လာခဲ့တဲ့အတွင်းမှာဒုက္ခရောက်လို့ ငိုခဲ့ရတဲ့မျက်ရည်တွေဟာ ဒီသမုဒ္ဒရာ,ဒီမြစ်ကြီးတွေမှာရှိတဲ့ ရေထက်များပေလိမ့်မယ်. . လို့ တပည့်တော်မြစ်တွေမြင်တိုင်း,သမုဒ္ဒရာတွေမြင်တိုင်း ဒီလိုသတိရပါတယ်ဘုရား. " အဲဒါဘာတုံးဆိုရင်တဲ့ ဟိုဘက်ဘဝကုသိုလ်ပြုတုန်းက ခုနကပြောခဲ့တဲ့ ခန္ဓာပေါ်မှာ ငြီးငွေ့,ဒုက္ခသစ္စာအပေါ်မှာ ပြစ်ချက်မြင်,ငြီးငွေ့လာတဲ့ ပုဂ္ဂိုလ်တို့သည် ဒီဘက်ဘဝမှာ အဲဒီနိဗ္ဗိန္ဒဉာဏ် ပြင်းထန်စွာဖြစ်တတ်တယ်၊ ဘယ်သူမှ မတိုက်တွန်းရဘူး၊ သူ့ဘာသူ ဖြစ်ဖြစ်လာတာ။

http://www.dhammadownload.com



တစ်ခါ မြတ်စွာဘုရားက မေးတယ်၊ "ဟိုနားက နက်နက်ကြီးတွေကဘာ တုံးတိဿရဲ့" "ချောက်ကြီးတွေပါဘုရား. . . ချောက်ကြီးတွေပါဘုရား" "အဲဒီ ချောက်ကြီးတွေမြင်တော့ကော မင်းဘယ့်နှဲ့စိတ်ဖြစ်တုံး" "မှန်လှပါဘုရား အနမ တဂ္ဂသံသရာခန္ဓာ,ရုပ်နာမ်ခန္ဓာတွေနဲ့ ငါကျင်လည်လာခဲ့ရတဲ့ဘဝတွေက အထပ် ထပ် အသချေဖြစ်လေတော့ ဟောဒီချောက်ကြီးတွေထဲမှာ ငါ့ခန္ဓာမမြုပ်နှံဖူးတဲ့ နေရာ ရှိမယ်မဟုတ်ဘူးလို့ တပည့်တော်စိတ်ဖြစ်ပါတယ်'ဘုရား'၊ ဘာမြင်မြင်သူက သံဝေဂဖြစ်နေတော့တာပဲသူ့မှာ၊ အဲဒီသံဝေဂဉာဏ် ဘာပြုလို့ဖြစ်သတုံးဆိုရင်. . တဲ့ စာကပြန်ပြောတယ်၊ ခုနက လှူတုန်းကခန္ဓာပေါ်မှာ ငြီးငွေ့တဲ့စိတ်,ရွံမုန်းတဲ့ စိတ်,ဒုက္ခသစ္စာပေါ်မှာ ပြစ်ချက်တွေ နာနာမြင်တဲ့ စိတ်နဲ့သုံးသပ်လှူခဲ့တဲ့အကျိုးပါ ပဲ. . တဲ့။

ဒါ့ကြောင့် မိမိတို့ကိုယ်မိမိတို့လည်း ဆင်ခြင်ကြည့်ပေါ့၊ ငါဟာသံဝေဂ အဖြစ်များသလား အပျော်များသလား။ သံဝေဂအဖြစ်များရင် ငါဟာနိဗ္ဗာနပစ္စ ယော ဟောတုနဲ့ လှူခဲ့မိလိမ့်မယ်. . လို့ သတိရမယ်။ အဲဒီဝနဝါသီတိဿ သာမ ဏေလေးဟာ မြင်မြင်သမျှ အဲဒီလိုသံဝေဂတွေရနေရာက နောက်ဆုံးမှာ ပဋိသမ္ဘိ ဒါလေးပါးနဲ့ မဂ်လေးတန် ဖိုလ်လေးတန်နိဗ္ဗာန်ကိုကျွတ်တမ်းခိုပြီးသကာလ သွား တော်မူခဲ့ပြီ၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို တစ်ကြိမ် တစ်ခါကလေး နှိုယနာဆွမ်းကလေး တစ်ယောက်စာနဲ့ ထူလသာတကခေါ် တဲ့ ဖျင်ကြမ်းလေးတစ် ပိုင်းကိုလှူ ရလို့ ဒါနအားသေးသော်လည်း၊ ဝတ္ထုသေးသော်လည်းပဲ သံဝေဂဉာဏ် သစ္စာမြင်တဲ့ဉာဏ်ဆိုတဲ့ ဉာဏ်ကြီးကျယ်လေသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ပေါက် အောင် ဒုတိယဘဝမှာရောက်သလို။

ယနေ့ အားလုံးသောဒကာ,ဒကာမတွေ မကြာမတင်ဆောလျင်စွာသာလျှင် ရောက်ကြဖို့ရာ မဂ်ဖိုလ်နိဗ္ဗာန်မြင်နိုင်ကြဖို့ရာ ဤကဲ့သို့ ကြီးကျယ်တဲ့ ဒါနထုပ် ကုသိုလ်ထုပ်ကြီးကိုပြုလုပ် အားထုပ်ကြရင်း ဤကဲ့သို့သော သံဝေဂဉာဏ်,နိဗ္ဗိန္ဒ ဉာဏ်ပြင်းထန်စွာနဲ့ ရေစက်ချ အမျှဝေနိုင်အောင်လို့ ဒီစကားကို ဘုန်းကြီးပြော နေပါတယ်၊ ဒါ့ကြောင့် ရှေးသူတော်ကောင်းတွေဟာ တစ်ကြိမ်တစ်ခါလေးလောက် အခွင့်ကောင်း အခါကောင်းဆရာကောင်းနဲ့တွေ့လိုက်ခဲ့ရရင် ။

သကိံ ပိ စရိတော ဓမ္မော, ယာဝ မဂ္ဂံ ဝိပစ္စတိ၊

http://www.dhammadownload.com



တသ္မာ စရထ သဒ္ဓမ္မံ, သာရဝေါ သတ္ထုသာသနေ။

ဘောန္တော-နှလုံးပျော့ပြောင်း,အိုသူတော်ကောင်းတို့၊ ဘောန္တော-မင်္ဂလေး တန်,ဖိုလ်လေးတန်,မြတ်နိဗ္ဗာန်ကို,ရရန်ရွယ်ခြောင်း,ဆုပန်တောင်း၍,စုပေါင်းညီ ညာ,စည်းဝေးလာသည့်, များစွာသောင်းသောင်း, အိုသူတော်ကောင်းတို့၊ ဓမ္မော- ရှေးသူတော်ကောင်း,ဗောဓိလောင်းတို့,လမ်းဟောင်းကျင့်စဉ်,စာရင်းဝင်သည့်, ငါး အင်သီလ, လှူဒါနနှင့်, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, ကုသိုလ်တရားသည်၊ သကိံ ပိစရိတော-တစ်ကြိမ်တစ်ခါမျှ, တစ်ဘဝလောက်, ကျင့်ဆောင်ကြိုးကုတ်, အားထုတ် လိုက်ရလျှင်ပင်၊ ယာဝမဂ္ဂ-ဘဝပဋိသန္ဓေဇာတ်, သေခန်းဖြတ်နိုင်သည့်, အမြတ် ခေါင်ချုပ်, လောကုတ္တရာခရိုင်, လေးပါးသောမင်္ဂသို့တိုင်အောင်၊ ဝိပစ္စတိ-အားရ ဖွယ်အရေး, လှလှကြီးအကျိုးပေးနိုင်ပေ၏။

အခု ဝနဝါသီတိဿ တစ်ဘဝလေးပြုတာပါ နည်းနည်းကလေးပြုတာပါ၊ ယနေ့-အားလုံးသောကထိန်ဒကာ,ဒကာမတွေထဲမှာ မြောက်များစွာသော ကုသိုလ် တွေပြုလာကြတာ အများကြီးပါ၊ ဒီနေ့ပြုသလိုပဲ သိန်းပေါင်းများစွာပြုနေတဲ့ကု သိုလ်ရှင်တွေအများကြီးပါတယ်၊ ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာပြု နေတဲ့ ကုသိုလ်ရှင်တွေအများကြီးပါကြပါတယ်၊ ဒီကရှေ့ အဲဒီကုသိုလ်တွေပြုတိုင်း အဲဒီခန္ဓာပေါ်မှာငြီးငွေ့တဲ့၊ အခု-ဝနဝါသီတိဿသာမဏေလောင်းဆင်ခြင်သလို ပဲ ခန္ဓာကိုအနာကြီးအနေသဘောထားပြီးတော့, သစ္စာမြင်ပြီးတော့ လှူတဲ့အလှူ မျိုးနဲ့လှူသွားကြမယ်ဆိုရင် မကြာမတင် ယနေ့ဒကာ,ဒကာမတွေ လိုချင်နေ, တောင့်တနေကြတဲ့ မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ကို မြန်မြန်ကြီးရနိုင်ပါလိမ့် မယ်လို့၊ ဉာဏ်အားကနိဗ္ဗာန်ဘက်ကို အပြေးသွားသွားနေတာ ကိုယ်ကမသိလို့၊ ငြီးငွေ့လေလေ ဉာဏ်အားက နိဗ္ဗာန်ဘက်ပြေးလေလေ၊ မြင်နိုင်တဲ့အခြေမရှိသေး လို့ ရပ်ရပ်သွားတာ၊ မြင်နိုင်တဲ့အခြေရှိရင် ဖြုန်းကနဲဆို နိဗ္ဗာန်ကို တစ်ခါတည်းမြင် တယ်။

ဒါ့ကြောင့်-သကိံပိ စရိတော-တစ်ကြိမ်တစ်ခါမျှ, တစ်ဘဝလောက်, ကျင့် ဆောင်ကြိုးကုတ်,အားထုတ်လိုက်ရလျှင်ပင်၊ ယာဝမဂ္ဂ-ဘဝပဋိသန္ဓေဇာတ်, သေ ခန်းဖြတ်နိုင်သည့်, အမြတ်ခေါင်ချုပ်, လောကုတ္တရာခရိုင်, လေးပါးသောမင်္ဂသို့တိုင် အောင်၊ ဝိပစ္စတိ-အားရဖွယ်အရေး, လှလှကြီး အကျိုးပေးနိုင်ပေ၏။

http://www.dhammadownload.com



တုသ္မာ-ထို့ကြောင့်၊ တုမှေသာရဝေါ-နှလုံးပြော့ပြောင်း, သင်သူတော်ကောင်းတို့သည်၊ တုမှေသာရဝေါ-မင်လေးတန်, ဖိုလ်လေးတန်, မြတ်နိဗ္ဗာန်ကို, ရရန်ရှုယ်ခြောင်း, ဆုပန်တောင်း၍ , စုပေါင်းညီညာ, စည်းဝေးလာသည့်, များစွာသောင်းသောင်း, သင်သူတော်ကောင်းတို့သည်၊ သတ္တု သာသနေ-ကမ္ဘောကမ္ဘာလွန်လေပါလည်း, တစ်ခါတစ်ဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, သာသနာတော်မြတ်ကြီးအတွင်း၌၊ သဒ္ဓမ္မံ-ရှေးသူတော်ကောင်း, ဗောဓိလောင်းတို့, လမ်းဟောင်းကျင့်စဉ်, စာရင်းဝင်သည့်, ငါးအင်သီလ, မြတ်ဒါနနှင့်, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, ကုသိုလ်တရားကို၊ စရထ-အခွင့်သာတောင်း, အခါကောင်း၌, အကြောင်းတိုက်ဆုံ, ကြိုးစားဖြည့်ကျင့်ကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# *ပုဗ္ဗကာရီသုတ္တန်
# "ကျေးဇူးရှင်လေးမျိုး တရားတော်"

အခုမနက်ဆွမ်းဒကာဆွမ်းအမများက မန္တလေးမြို့ ပုလဲငွေရောင်ရပ်က၊ နေ့ဆွမ်းဒကာ ဆွမ်းအမများကခင်ဦးမြို့ အောင်ချမ်းသာရပ်က၊ အဲ-နှစ်ဦးလုံးဟာ အခုဒီမှာ ဒီလိုကုသိုလ်လာပြုတာ(၂)ကြိမ်မြောက်ပြုကြတာချည်းပဲ။ မနက်ဆွမ်း ဒကာကြီး,ဆွမ်းအမကြီးဦးထွန်းရင်+ဒေါ်သောင်းတို့ကလည်း(၂)ကြိမ်မြောက်(၂) နှစ်မြောက်သားတွေ,သမီးတွေ,မြေးတွေ,မြစ်တွေနဲ့ဒီကိုလာပြီးတော့ပြုတယ်။ အခု ဦးထွန်းဘတို့+ဒေါ်သောင်းခင်တို့ ဦးစိန်မောင်တို့+ဒေါ်ငွေးကြည်တို့ကလည်းပဲ (၂) ကြိမ်မြောက်(၂)နှစ်မြောက်လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုကြပါ တယ်။

အဲဒီလိုကုသိုလ်ကောင်းမှုတွေပြုနေတာကိုဘုန်းကြီးတို့ဘုရားရှင်ကိုယ် တော်မြတ်ကြီးရဲ့ပုဗ္ဗကာရီသုတ်တော်-ဆိုတဲ့ အင်္ဂုတ္တရနိကာယ်မှာလာတဲ့ ပုဗ္ဗကာ ရီ သုတ်တော်နဲ့ကြည့်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိမိတို့အပေါ်မှာတင် ဆောင်းနေတဲ့ ကြွေးဟောင်းကိုဆပ်တဲ့အနေ,ကျေးဇူးရှင်ကြီးများကိုကျေးဇူးဆပ် ပေးတဲ့အနေ, ကျေးဇူးဆပ်တဲ့လုပ်ငန်းကြီးကိုကြိုးပမ်းအားထုတ်ရင်း မိမိတို့ကိုယ် မိမိတို့,လူတော်စာရင်းဝင်အောင်ပြုတဲ့နေ့. . . တဲ့၊ လူမြတ်စာရင်းဝင်အောင်ပြုတဲ့ နေ့။ ကျေးဇူးရှိတာကို ကျေးဇူးကျေအောင်ဆပ်တဲ့သူဟာ လူတော်လူမြတ်၊ လူ့ရွာ နတ်ထံချမ်းသာစံပြီးတော့ နိဗ္ဗာန်တိုင်ပေါက်ရောက်နိုင်တဲ့ လူတော်လူမြတ်၊ မိမိအ ပေါ်မှာ တင်ဆောင်းနေတဲ့ကြွေးဟောင်းကိုမချေဘဲနဲ့ ကျေးဇူးကိုမတုံ့မဆပ်သော သူတို့သည်ကား ဝသလ-လူယုတ်လူညံ့၊ ပစ္စုပ္ပန်လည်း လူညံ့လူယုတ်၊ သံသရာအ တွက်လည်း လူယုတ်လူညံ့။ ဒါကိုမြတ်စွာဘုရားက-

ပသတ္ထာ တေ ဘိက္ခဝေ ပုဂ္ဂလာ၊
ယေ ကတညူ ကတ ဝေဒိနော။

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား,အမျိုးကောင်းသား,အမျိုးကောင်းသမီး အပေါင်း,အိုသူတော်ကောင်းတို့၊ ယေ-အကြင်အမျိုးကောင်းသား,အမျိုးကောင်း

---

*အံ-၁-၈၆။ ဋ-၂-၅၇။ ဋီ-၂-၅၅။ အဘိ-ဋ-၃-၅၄။

http://www.dhammadownload.com



သမီးတို့သည်၊ ကတညူ ကတဝေဒိနော-မိမိတို့အပေါ်မှာ,ပြုထားတဲ့ကျေးဇူးကို, တဖန်တုံ့ပြန်,ပေးဆပ်လေ့ရှိကြလေကုန်၏၊ ဝါ-ကျေးဇူးကို သိတတ်ကြလေကုန်၏၊ တေ-ထိုကျေးဇူးကိုသိတတ်,ကျေးဇူးကိုပြန်လည်ပြီးတော့,တုံ့ဆပ်တတ်တဲ့, ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်၊ ပသတ္ထာ-လူ့ရွာနတ်ထံ,ချမ်းသာစံလျှက်, နိဗ္ဗာန်တိုင်ပေါက်,ရောက်စေတတ်သဖြင့်, မြင့်မြတ်သော, အမျိုးကောင်းသား,အမျိုးသမီးများဖြစ်ကြပါပေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

လောကမှာကျေးဇူးရှင်များကို ကျေးဇူးပြန်ဆပ်တတ်တဲ့အမျိုးကောင်းသား, အမျိုးကောင်းသမီးများဟာ,လောကဝတ်,ဓမ္မဝတ် ဝတ်ကြီးနှစ်ဝတ်ကျေလို့မို့ ဘုရားပစ္စေကာအရိယာအပေါင်းသူတော်ကောင်းကြီးတွေက ချီးကျူးတော်မူကြတယ်၊ သူတို့အတွက်လည်းပဲ ပစ္စုပ္ပန်သံသရာနှစ်ဖြာလှတယ်။ ဒီတော့-ကျေးဇူးကိုသိတတ်, ကျေးဇူးကိုပြန်တုံ့ဆပ်တပ်တဲ့ပုဂ္ဂိုလ်တွေဟာ ပစ္စုပ္ပန်မှာလည်းပဲကြီးပွားတယ်၊ သံသရာမှာလည်းပဲကြီးပွားတယ်၊ ပစ္စုပ္ပန်ဘေးအန္တရာယ်ဟူသမျှလည်းကင်းတယ်၊ သံသရာဘေးဟူသမျှလည်းကင်းတယ်. . . တဲ့။ ပစ္စုပ္ပန်ဘေးဆိုတာကတော့ မီးလောင်ခြင်း, ရေမျောခြင်း,သူခိုးဓားပြကစပြီးတော့ ဒီလိုအန္တရာယ်တွေကင်းတာပေါ့။ သံသရာဘေးကင်းတယ်ဆိုတာက-အိုဘေး,နာဘေး,သေဘေးကြီးလွတ်တာ၊ ရသင့်ရထိုက်တဲ့ တရားထူးတရားမြတ်များ မြင်ပြီးတော့အို,နာ,သေရေး ဒုက္ခဘေးကြီးကလွတ်သွားတာ၊ ဒါ-သံသရာရဲ့ပြေးမလွတ်တဲ့ဘေးကြီး(၃)ပါးကလွတ်တာ။

အဲဒီရဲ့ ရှေ့တိုးလိုက်တော့အပါယ်ဘေးတို့, ဒုဂ္ဂတိဘေးတို့ဆိုတဲ့ ဘေးကြီးတွေကလွတ်တာ၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်လေးဘုံကျရတယ်ဆိုတာဘေးရန်ကြီးတစ်မျိုးပဲ၊ ဒါ-သံသရာရဲ့ဘေးခေါ်တယ်။ အဲဒီထက် ခုနကပြောတဲ့ သတ္တဝါတိုင်း ပြေးမလွတ်တဲ့ဘေးကြီး (၃)ပါးကတော့ အိုဘေး,နာဘေး, သေဘေးဆိုတဲ့ ဒီဘေးကြီး(၃)ပါးက လွတ်နိုင်တယ်. . . တဲ့၊ ကျေးဇူးရှင်ကိုကျေးဇူးဆပ်တတ်ရတယ်။ ဒီတော့-ဒီနေ့ မနက်ဆွမ်းဒကာဆွမ်းအမများ နေ့ဆွမ်းဒကာ ဆွမ်းအမများနှစ်ရပ်လုံးဟာ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အလုပ်ကို ဒီနေ့-အားထုတ်တဲ့နေ့ပဲ၊ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ခြင်းဖြင့် မိမိတို့ကိုယ်မိမိတို့ ပစ္စုပ္ပန်ရော သံသရာရောလှအောင်လုပ်တဲ့သူတွေပဲ။ ပစ္စုပ္ပန်အန္တရာယ်ကင်းအောင် သံသရာအန္တရာယ်ကင်းအောင် ပြုတဲ့သူတွေ. . တဲ့ ဒီပုဂ္ဂိုလ်တွေဟာ။

http://www.dhammadownload.com



ဒါ့ကြောင့်-ပသတ္ထာ၊ ဝသလသုတ်ကျတော့လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပသတ္ထ-မြတ်တဲ့လူ၊ ဒီကပြောင်းပြန်ကျတော့ဝသလ-ယုတ်မာတဲ့သူ လူယုတ်တဲ့၊ ဒီတော့ ကျေးဇူးရှင်ကိုကျေးဇူးဆပ်တယ်. . . ဆိုတော့ ကျေးဇူးရှင်က လေးမျိုးရှိတယ်တဲ့ ဘုရားက၊ ကျေးဇူးတုံ့ပြန်ရမယ့်လူကလည်း လေးမျိုးတဲ့။ လောကကြီးထဲမှာ ကျေးဇူးရှင်လေးမျိုးရှိတယ်၊ ကျေးဇူးတုံ့ပြန်ဆပ်ရမယ့်သူကလည်း လေးမျိုးရှိတယ်၊ လေးစုံရှိတယ်။ ဒီတော့-ကျေးဇူးရှင်လေးမျိုးနဲ့ ကျေးဇူးဆပ်ရမယ့်သူလေးမျိုး အစုံလိုက်,အစုံလိုက်ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်နှယ့်ဟောတုန်းလို့ဆိုတော့-

မာတာပိတရော ဘိက္ခဝေ ပုဗ္ဗကာရိနော၊

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း,သူတော်ကောင်းတို့၊ မာတာပိတရော-လောကကြီးထဲ၌, မိဘဆိုတဲ့ ပုဂ္ဂိုလ်တို့သည်၊ ပုဗ္ဗကာရိနော-ကျေးဇူးကို, ရှေးဦးစတင်, ပြုပြင်အားထုတ်ကြသော,ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏၊ ပုတ္တဓီတရော-သားသမီး, မြေးမြစ်စသည်တို့သည်၊ ကတညူကတဝေဒိနော-ကျေးဇူးကိုတုံ့ပြန်,တဖန်ပေးဆပ်ရသော,ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏. . .။

ဟော-ပထမဆုံး ကျေးဇူးရှင်နဲ့ ကျေးဇူးခံတစ်တွဲကို ပထမဆုံးဘုရားက ဘယ့်နဲ့ထုတ်ပြတုန်းဆိုတော့ မိဘများက အဲဒါ ပုဗ္ဗကာရီ. . တဲ့ ကျေးဇူးကို ရှေးဦးစတင် ပြုပြင်အားထုတ်တာ၊ သူ့-ကျေးဇူးတင်ပါစေလို့ သူ့စိတ်ထဲထားတာမဟုတ်ပါဘူး၊ ငါ့သား ငါ့သမီးတွေက ငါ့ကျေးဇူးတင်ပါစေလို့ ဒီလို စိတ်မထားပါဘူးသူက၊ သူလုပ်ရမယ့်ကိစ္စကို ရှေးဦးစတင်ပြီးတော့ပြုတာ။ သားသမီးတွေအပေါ် ငယ်စဉ်တောင်ကျေးကလေးကစပြီးတော့ မှက်ခြင် ကြမ်းပိုး မထိုးမကိုက်ရအောင်ကစပြီးတောစောင့်ရှောက်၊ ဖဝါးလက်နှစ်လုံးပခုံးလက်နှစ်သစ်ကစပြီးတော့ ထိန်းသိမ်းစောင့်ရှောက် မွေးကျွေးသုတ်သင်, နို့ချိုတိုက်ကျွေး, အစာရေစာပေး, ဝတ်စားတန်ဆာဆင်, မရွံ့ မရှာကျင်ကြီးကျင်ငယ်တွေကို ဆေးကြောသုတ်သင်နှီက်, ပြုပြင်ပေး။ ဒီတော့-ဒီလိုပြုနေတဲ့အချိန် သူကငါ့ကျေးဇူးတင်ပါစေ. ကျေးဇူးတင်ပါစေလို့ ဒီလိုစိတ်မျိုးမရှိပါဘူးတဲ့ သူက၊ ဒါ-သူပြုရမယ့်ဝတ္တရားကို စတင်ပြီးတော့ပြုနေတာ၊ ဒါ့ကြောင့် ပုဗ္ဗကာရီတဲ့၊ ပုဗ္ဗကာရီဆိုတာ။ ပုဗ္ဗ-ရှေးဦးစွာ၊ ကာရီ-ပြုတာ၊ ရှေးဦးစတင်ပြီးတော့ သူကပြုနေတာ။

http://www.dhammadownload.com



ဒီတော့ မိမိသား,သမီးတစ်ယောက်လူလားမြောက်ပြီးတော့ လူစဉ်မီမီ လူတန်းစေ့စေ့ လူလားမြောက်သွားအောင် စောင့်ရှောက်ရတဲ့ ဝတ္တရားကြီးဟာ နည်းတဲ့ဝတ္တရားကြီးမဟုတ်ဘူး၊ ငယ်စဉ်ကတည်းကစပြီးတော့ ခုနကပြောသလို ပေါ့မွှေးကျွေးသုတ်သင်လာခဲ့ရတာ၊ နောက်-ပညာတွေတတ်အောင်,လူတန်းစေ့စေ့ နေနိုင်အောင်,လူစဉ်မီမီဖြစ်အောင်,လူထဲသူထဲဝင်နိုင်ထွက်နိုင်,သွားနိုင်လာနိုင်အောင် အဆင့်မီမီဖြစ်,သူ့ခြေထောက်ပေါ် သူရပ်ပြီးတော့,သူ့အတတ်ပညာနဲ့သူ အသက် မွေးဝမ်းကြောင်းပြုနိုင်ဖို့ထိအောင် သားတစ်ယောက်သမီးတစ်ယောက်ကို ဒီထိ အောင်စောင့်ရှောက်ရတဲ့ တာဝန်တွေက နည်းတဲ့တာဝန်ကြီးမဟုတ်ဘူး။

သို့သော် ဒါ-မိဘကပြုနိုင်တာ ပြုတာပဲမငြိုငြင်ဘူး,မျက်နှာတစ်ချက်မတွန့် ဘူး၊ သားသမီးရဲ့ အညစ်အကြေးနှိုက်ရတယ်လို့ ထမင်းစားဟင်းစားနေရင်းနဲ့ သား သမီးအညစ်ကြေးရှိနှိုက်နိုင်တယ်၊ဆေးနိုင်တယ်၊ မျက်နှာတစ်ချက်တွန့်မသွားဘူး နှာခေါင်းတစ်ချက်ရှုံ့မသွားဘူး၊ အဲဒီလိုအားဖြင့်ပေါ့လေ. . သားတွေသမီးတွေအ ပေါ်မှာမိဘဆိုတဲ့ ပုဂ္ဂိုလ်တွေက ပုဗ္ဗကာရိနော-ကျေးဇူးကို,ရှေးဦးစတင်,ပြုပြင် အားထုတ်သောပုဂ္ဂိုလ်တို့,မည်ကြပေကုန်၏. . .၊ ဒါ-ကျေးဇူးရှင်ပေါ့။

အဲ-သူတို့ကို ကျေးဇူးပြန်တုံ့ဆပ်ရမယ့်သူက ဘယ်သူတုံးလို့ဆိုတော့ ပုတ္တ မီတရော-သားသမီးတို့သည်၊ ကတညုကတဝေဒိနော-ကျေးဇူးတုံ့ပြန်, တဖန်ပေး ဆပ်ရသော, ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏ . . ကျေးဇူးတုံ့ပြန်ဆပ်ရမယ့်ဝတ္တရားရှိ တယ်လေ. . . တဲ့ ဆပ်ရင်, သားကောင်း,သမီးကောင်း, သားလိမ္မာ,သမီးလိမ္မာပဲ၊ မဆပ်ရင် သားယုတ်သမီးယုတ်, သားမိုက်သမီးမိုက်ပဲ။ မိုက်တာက ယုတ်တာက ဘာပြုလို့တုံးဆိုတော့သူ့အတွက် ပစ္စုပ္ပန်ရောသံသရာရော အကျိုးယုတ်လွန်းလို့ မိုက်တယ်လို့ပြောတာ၊ ပစ္စုပ္ပန်ရောသံသရာပါ မကြီးပွားလို့ သူ့ကိုမိုက်တယ်လို့ ပြောတာ။ လိမ္မာတယ်ဆိုတာ-ဘာပြုလို့ ဘုရားကလိမ္မာတယ်လို့ပြောတာတုံး၊ ဘုရားရှင်အဆူဆူ ဘာပြုလို့ချီးမွမ်းတာတုံးလို့ဆိုတော့ သူ့-အတွက်. . တဲ့ ပစ္စုပ္ပန် ရော သံသရာရော ကောင်းကျိုးချမ်းသာရလို့၊ သူ့-ဘုရားရှင်အဆူဆူက ချီးကျူး တော်မူကြတာ၊ ဒါ့ကြောင့် မိဘနဲ့သားသမီး တစ်စုံပဲ၊ ကျေးဇူးရှင်နဲ့ကျေးဇူးဆပ်ရမယ့် သူ။ နောက်နံပါတ်(၂) မြတ်စွာဘုရားက-

**အာစရိယုပဇ္ဈာယ ဘိက္ခဝေ ပုဗ္ဗကာရိနော။**

http://www.dhammadownload.com



အာစရိယုပဇ္ဈာယ-ဆရာ,ဥပဇ္ဈာယ်တို့သည်၊ဝါ-ဆရာသမားတို့သည်၊ အတတ်ပညာသင်ပေး,လိမ္မာရေးခြားရှိအောင်ပြောပေး, ဆေးကုသပေးဆိုတဲ့ ဆရာတို့သည်၊ ပုဗ္ဗကာရိနော-ကျေးဇူးကို,ရှေးဦးစတင်, ပြုပြင်အားထုတ်သော,ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏။

## အန္တေဝါသိကာ ကတညူ ကတဝေဒိနော၊

အန္တေဝါသိကာ-တပည့်တပန်းတို့သည်၊ ကတညူကတဝေဒိနော-ကျေးဇူးကို,တဖန်တုံ့ပြန်ပေးဆပ်ရသော, ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏၊ ဟော-နံပါတ်(၂) ကျေးဇူးရှင်နဲ့ကျေးဇူးခံအတွဲကဘာထုတ်ပြတုံးဆိုတော့- ဆရာနဲ့တပည့်. . .၊ဆရာဆိုတာ အတတ်ပညာတွေသင်ပေးတဲ့ဆရာ,လိမ္မာရေးခြားရှိအောင်ပြောပေးတဲ့ဆရာ,ဆေးတွေဝါးတွေကျန်းမာရေးနဲ့ကုသစောင့်ရှောက်တဲ့ဆရာ, ဒါကကျေးဇူးကိုရှေးဦးစတင်ပြုတဲ့သူ။ တပည့်ဆိုတာ အဲဒီဆရာသင်ပေးတဲ့အတတ်ပညာတွေတတ်အောင်သင်တဲ့သူ, လိမ္မာရေးခြားရှိအောင်အဆုံးအမတွေကို လိုက်နာတဲ့သူ၊ ကုသပေးတဲ့ကျန်းမာရေးဘက် စောင့်ရှောက်တာတွေကိုခံယူတဲ့သူ၊ အဲဒါ ဆရာနဲ့တပည့်။ ဒီတော့-အဲဒီဆရာနဲ့တပည့်လည်းကျေးဇူးရှင်နဲ့ကျေးဇူးခံတစ်တွဲပဲ. . . တဲ့။ နောက်(၃)နံပါတ်အတွဲက-

## ရာဇာနော ဘိက္ခဝေ ပုဗ္ဗကာရိနော၊<br>ရဋ္ဌဝါသိကာ ကတညူကတဝေဒိနော။

ရာဇာနော-တိုင်းပြည်အုပ်ချုပ်, မင်းလုပ်ကြသောပုဂ္ဂိုလ်တို့သည်၊ ပုဗ္ဗကာရိနော-ကျေးဇူးကို, ရှေးဦးစတင်,ပြုပြင်အားထုတ်သော,ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏. . .၊တိုင်းပြည်ကို တိုင်းသူပြည်သားတွေ, ရဟန်းရှင်လူပြည်သူခပ်သိမ်းချမ်းချမ်းသာသာ သွားလာလုပ်ကိုင်စားသောက်နိုင်ကြပါစေ. . . နေရာထိုင်ခင်းချမ်းသာကြပါစေ၊ စားရေးသောက်တာချမ်းသာကြပါစေလို့ တိုင်းပြည်တစ်ပြည်လုံးကိုမေတ္တာခြံ. . ပြီးတော့ တရားသဖြင့် မင်းပြုတဲ့မင်းတွေ။ အခုကာလလိုပြောရင်တော့ သမ္မတတွေ,ဝန်ကြီးချုပ်တွေ,ဝန်ကြီးအဖွဲ့တွေ,ကောင်စီတွေပေါ့၊ ဒါ-သူ့နေရာနဲ့သူရှိနေတဲ့အဆင့်ဆင့် ဟာမင်းတွေပဲ၊ အဲဒီမင်းတွေဟာလည်း ကျေးဇူးကို ရှေးဦးစတင်, ပြုပြင်အားထုတ်တဲ့သူတွေပဲ. . . တဲ့သူတို့က။

အဲ-သူတို့ကနေပြီးတော့ ဥပဒေနဲ့,တရားရုံးတွေနဲ့,ရဲတွေနဲ့,စစ်တွေနဲ့ စောင့်ရှောက်ပြီးထားလို့တိုင်းသူပြည်သားတွေ လမ်းပန်းသွားလာတဲ့အခါမှာ ခရီးလမ်း

http://www.dhammadownload.com



ပန်းအနှောက်အယှက်ကင်းကြ, ခိုးသားဓားပြလူဆိုးလူမိုက်တွေဘေးကကင်းကြ, ဝေးကြ, ကိုယ့်မိမိအိမ်နေရင်းထိုင်ရင်း နေကြထိုင်ကြတဲ့နေရာ, လုံလုံခြုံခြုံချမ်းချမ်းသာသာနေကြရထိုင်ကြရ, ရောင်းဝယ်ဖောက်ကား လုပ်တဲ့အလုပ်တွေ ဘေးရန်လုံလုံခြုံခြုံနဲ့သွားနိုင်လာနိုင်ကြ၊ အဲဒီလိုသွားနိုင်အောင် သူတို့က ဥပဒေတွေနဲ့ထုတ်ပြီးတော့, ရုံးတွေဂတ်တွေနဲ့ချထားပြီးတော့, လူဆိုးသူဆိုးတွေဖမ်းဆီးပေးပြီးတော့၊ အဲ-အပြစ်တွေစီရင်ချပေးပြီးတော့ ဒီလိုစောင့်ရှောက်ကြတယ်၊ ဒါ့ကြောင့်-မင်းစိုးရာဇာတွေဟာကျေးဇူးရှင်တွေပဲ။

## ရဋ္ဌဝါသိကာ ကတညူ ကတဝေဒိနော။

ရဋ္ဌဝါသိကာ-တိုင်းသားပြည်သူ,ရှင်လူရဟန်းတို့သည်၊ကတညူကတဝေဒိနော-ကျေးဇူးကိုတုံ့ပြန်,တဖန်ပေးဆပ်ရမယ့်ပုဂ္ဂိုလ်တို့မည်ကြပေကုန်၏. . . ဒီတော့-မင်းစိုးရာဇာပိုင်းတွေက၊ အခုကာလလိုပြောရင် ကောင်စီတွေ,အဆင့်ဆင့်တွေက စောင့်ရှောက်ပြီးတော့နေတာကို တိုင်းသားပြည်သူတွေက ဒါ-ပြန်ပြီးတော့ကျေးဇူးသိရတယ်၊ သူတို့ပြောတာလိုက်နာလို့သူတို့ညွှန်တဲ့အတိုင်းသွားလို့ဒါ-ကျေးဇူးဆပ်တာပဲ၊ အဲဒီလိုတိုင်းသားပြည်သူကကျေးဇူးခံ,မင်းစိုးရာဇာအုပ်ချုပ်ရေးပိုင်းကပုဂ္ဂိုလ်တွေက ကျေးဇူးရှင်၊ ဟော-ဘုရားက(၃)နံပါတ်ကျေးဇူးရှင်နဲ့ ကျေးဇူးခံကိုမင်းနဲ့တိုင်းသားပြည်သူထုတ်ပြတယ်။ နောက်(၄)နံပါတ်ကျေးဇူးရှင်နဲ့ ကျေးဇူးခံအစုံကျတော့-

## တထာဂတာ ဘိက္ခဝေ ပုဗ္ဗကာရိနော၊
## သာဝကာ ကတညူကတဝေဒိနော။

တထာဂတာ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ ပုဗ္ဗကာရိနော-ကျေးဇူးကို,ရှေးဦးစတင်,ပြုပြင်အားထုတ်သောပုဂ္ဂိုလ်တို့မည်ကြပေကုန်၏၊ သာဝကာ-ဘုရားဟောတဲ့စကားကို,လေးစားလိုက်နာ,ကျင့်ကြံကြိုးကုတ်,အားထုတ်ကြသော,အမျိုးကောင်းသား,အမျိုးကောင်းသမီးတို့သည်၊ ကတညူကတဝေဒိနော-ကျေးဇူးကိုတုံ့ပြန်,တဖန်ပေးဆပ်ကြသော,ပုဂ္ဂိုလ်တို့မည်ကြပေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဟော-နံပါတ်(၄)ကျေးဇူးရှင်နဲ့ကျေးဇူးခံအစုံကျတော့ဘုရှင်ကိုယ်တော်မြတ်ကြီးများနဲ့သာဝကတွေ. . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကကျေးဇူးရှင်ကြီးများ၊ ပုဗ္ဗကာရီဆိုတဲ့အတိုင်းကျေးဇူးကိုရှေးဦးစတင်ပြီးပြုတာ။ ကမ္ဘာလော

http://www.dhammadownload.com



ကသားသတ္တဝါတွေ အို,နာ,သေရေးဒုက္ခဘေးကြီးတွေကလွတ်ကြပါစေ. . . လို့အပါယ်လေးပါးဆိုတဲ့ဒုက္ခကြီးတွေက လွတ်ကြပါစေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဆိုတဲ့ အန္တရာယ်အမျိုးမျိုးတို့မှလည်း ကင်းကြပါစေ. . . လို့ဆိုပြီးတော့သတ္တဝါတွေရဲ့ အကျိုးငှာ သူ့ကိုယ်သူဘုရားဖြစ်အောင်ကျင့်တာ၊ ဘုရားဆိုတာ လောကထဲကလူသားတစ်ယောက်ပဲ၊ လူသားတစ်ယောက်ဖြစ်ပြီးတော့ သူ့ဟာသူ သူ့ကိုယ်ရေးကိုယ်တာကိစ္စအတွက် သူချမ်းသာရေးတစ်ခုတည်းဆိုရင် ဒီလောက်လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဖို့မလိုဘူး။

ဒီ့မြတ်စွာဘုရားပဲဆိုပါတော့ ဟိုးလေးသချေ်ကမ္ဘာတစ်သိန်းအထက်တုန်းက သုမေဓာရသေ့လေးဘဝနဲ့ ဒီပင်္ကရာမြတ်စွာဘုရားနဲ့တွေ့တော့ သူ-ကျွတ်နိုင်တာမဲ့၊ တရားထူးရနိုင်တဲ့အခြေအနေရှိနေတယ်၊ အဘက်ဘက်ကပြည့်စုံနေတယ်၊ အခု-သူလက်ရှိသုမေဓာရသေ့ဘဝက သူဌေးဘဝကထွက်လာခဲ့တာ သူဌေးမှ တကယ့်ကြီးကျယ်တဲ့, မိဘတွေသေကုန်လို့ ရလိုက်တဲ့အမွေအနှစ်စည်းစိမ်တွေကို အကုန်စွန့်ပြီးတော့ ထွက်လာနိုင်တဲ့သတ္တိနည်းတဲ့သတ္တိမဟုတ်ဘူး၊ ဒီနေ့ခေတ်ကာ ခေတ်ကာမတွေကြံတောင်မကြံရဲဘူး စိတ်တောင်မကူးရဲဘူး၊ ရှိတဲ့စည်းစိမ်လေးဘာ လောက်မှမဟုတ်တဲ့စည်းစိမ်လေးကို စွန့်ထွက်ဖို့ရာ စိတ်ကူးကြည့်ရင်တောင် ဒါ-မဖြစ်သေးပါဘူး. . . ဒီလိုပြန်ဆုတ်သွားတာ။

ဟိုက တကယ့်စည်းစိမ်ကြီးတွေကို အကုန်လုံးစွန့်ပြီးထွက်လာနိုင်တဲ့စိတ်ဆန္ဒပိုင်နေတဲ့ သုမေဓာရသေ့ တောထဲရောက်နေပြီ၊ တောထဲရောက်နေပြီးတော့ တခါထဲဈာန်အဘိညာဉ်ရ. . လို့ လောကီဈာန်အဘိညာဉ်ရနေတဲ့ ရသေ့ကလေး၊ ဒီတော့ တရားထူးရမယ့် ယူမယ့်ပုဂ္ဂိုလ်ကလည်း ဒိတ်ဒိတ်ကြဲ တကယ့်ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ,အဓိပတိတပ်ပြီးတော့နေတဲ့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်၊ သူ့တရားဟောမယ့်ပုဂ္ဂိုလ်ကလည်း သုံးလောကထွဋ်ထားဒီပင်္ကရာမြတ်စွာဘုရား ဒိတ်ဒိတ်ကြဲပုဂ္ဂိုလ်ကြီး၊ ပေးမယ့်ပုဂ္ဂိုလ်ကလည်း ဒိတ်ဒိတ်ကြဲ နံပါတ်(၁)၊ ယူမယ့်ပုဂ္ဂိုလ်ကလည်း ဒိတ်ဒိတ်ကြဲနံပါတ်(၁)၊ ဒီတော့ ရမယ်. . . တဲ့သေချာပေါက်ပဲ၊ ဘုရားရှင်ရဲ့တရားကို နာပြီးတော့သာ ကျင့်လိုက်ရလို့ရှိရင် အဲဒီဘဝ ရဟန္တာဖြစ်နိုင်တယ်။

ဒါကို ရသေ့သုမေဓာကလည်း မြင်တယ်၊ မြင်ပေမဲ့လို့ သူက "ဩော် ငါ တစ်ယောက်တည်းလောကကြီးကလွတ်သွား၊ သမုဒ္ဒရာကြီးထဲမှာ သဘော်တွေ ဖောင်တွေလှေတွေပျက်လို့ ကယ်ပါယူပါ တစာစာ အော်ဟစ်ပြီးတော့နေကြတဲ့

http://www.dhammadownload.com



သူတွေအနားက ကိုယ်ပိုင်သင်္ဘောတစ်စင်းစီးနင်းမောင်းနှင်ပြီးတော့လာတဲ့သူက မကယ်မယူ့,မကူညီဘဲနဲ့ သွားတော့မယ်ဆိုရင် မတရားရာရောက်သလိုပဲ. . တဲ့ တာဝန်မကျေရာရောက်သလိုပဲ။

သမုဒ္ဒရာကြီးထဲ သင်္ဘောပျက်လို့ တကတည်း လူတွေဟိုကူး ဒီခတ်နဲ့ကယ်ကြပါယူကြပါလို့အော်ဟစ်ပြီးတော့ နေတဲ့အနားက ကိုယ်ပိုင်သင်္ဘောတစ်စင်းစီးနင်းပြီးတော့ မောင်းနှင်လာတဲ့သူက ကယ်နိုင်ပါလျက်သားနဲ့ မကယ်ဘူးဆိုရင် ဒါ-ဝတ္တရားမကျေဘူး၊ ကိုယ်လွတ်ရုန်းပြီးတော့ သူတို့ကို မကယ်တော့ဘဲနဲ့ကိုယ့်ဘာကို ကိုယ်လွတ်ရင်ပြီးရောဆိုပြီးတော့ မောင်းပြေးရင် ဒါ-ဝတ္တရားမကျေဘူး။

အဲသလိုပဲ. . တဲ့ ငါ-(၃၁)ဘုံဆိုတဲ့ သံသရာ ပင်လယ်ကြီးထဲမှာ အို,နာ,သေ ရေးဒုက္ခဘေးကြီးတွေဖြင့် ကယ်ပါယူပါတစ်စာစာ အော်ဟစ်ပြီးတော့ နေကြရတဲ့ သတ္တဝါတွေကို, မအော်သော်လည်း အော်သလိုဖြစ်နေတဲ့သတ္တဝါတွေကို မြင်နေပါရဲ့သားနဲ့ တွေ့နေပါရဲ့သားနဲ့ ကယ်နိုင်တဲ့စွမ်းရည်သတ္တိ ငါ့မှာရှိပါရဲ့သားနဲ့ ငါတစ်ပါးတည်းကိုယ်လွတ်ရုန်း. . ပြီးတော့ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လက်ထက်မှာရဟန္တာတစ်ပါးဖြစ်အောင် -ငါကျင့်ဆောင်ပြီးတော့ ကိုယ်လွတ်ရုန်းသွားရင် ငါ-တော်ပါ့မလား. . . တဲ့ ငါ-တော်ပါ့မလား။ ငါဝတ္တရားကျေပါ့မလား၊ ငါ့လိုပုဂ္ဂိုလ်က ဒီလိုကိုယ်လွတ်ရုန်းသွားလို့မတော်ဘူး၊ ငါ-ဒီသတ္တဝါတွေကို ဒီပင်္ကရာဘုရားလိုပဲ ကယ်နိုင်အောင်ကျင့်အုံးမယ်. . လို့ ဆိုပြီးတော့ ရလုနီးနီး နိဗ္ဗာန်ချမ်းသာကြီး၊ တကယ့်လက်နားကပ်နေပြီဖြစ်တဲ့ အိုဘေး, နာဘေး, သေဘေးလွတ်မယ့်ချမ်းသာကြီးကို စွန့်ထားခဲ့ပြီးတော့မှ ကိုင်း. . သတ္တဝါအတွက်ကယ်ရအောင် ငါ-ကျင့်အုံးမယ်. . ဘုရားဖြစ်ကြောင်းအကျင့်ကောင်းတွေကျင့်အုံးမယ်ဆိုပြီးတော့ ဒီပင်္ကရာဘုရားထံက ဘုရားဖြစ်ကြောင်း နည်းလမ်းကောင်းတွေ မေးထားလိုက်ပြီးတော့ ကျင့်တော့တာပဲ။

ဒီတော့-မြတ်စွာဘုရားဟာ မဂ်ဖိုလ်နိဗ္ဗာန်ရရေး သူ့ကိုယ်ရေးကိုယ်တာဆိုရင် အဲဒီကထဲက ရနိုင်လျက်သားနဲ့ မယူဘဲနဲ့ ဘုရားဖြစ်အောင်ကျင့်လာတာ ဘယ့်သူ့အတွက်တုံးလို့မေးရင် ဒီနေ့-ဒကာကြီးဦးထွန်ရင်+ဒကာမကြီးဒေါ်သောင်းတို့ မိသားစုအတွက်လည်းပါတယ်၊ ဒကာကြီးဦးထွန်းဘတို့+ဒကာမကြီးဒေါ်သောင်းခင်တို့အတွက်လည်းပါတယ်၊ မနက်ဆွမ်းနေ့ဆွမ်း ဆွမ်းဒကာ ဆွမ်းအမတွေနဲ့

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေ အားလုံးတရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေအတွက် ပါတယ်. . လို့ မြင်လိုက်ကြ။

ဒါဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ဒီလိုပဲ ဟောသွားတယ်၊ ငါ့-ကိုယ့်ရေးကိုယ်တာဆိုရင်. . . တဲ့ ငါအဲဒီကထဲက ပြီးပါတယ်. . တဲ့၊ ပြီးပါတယ်။ သို့သော်-သတ္တဝါအားလုံးချမ်းသာကြပါစေ၊ ဒုက္ခခပ်သိမ်းအေးငြိမ်းကြပါစေ. လူ့ရွာနတ်ထံချမ်းသာစံပြီးတော့ နိဗ္ဗာန်အထိရောက်နိုင်ကြပါစေ. . . လို့ အဲဒီသတ္တဝါတွေချမ်းသာစေချင်တဲ့ မေတ္တာ,ကရုဏာက အားကြီးလွန်းလို့ ငါ-အဲဒီဓာတ်ကန္တီးဆော်လို့မို့ ငါ့-ကိုရေးကိုယ်တာ အပင်ပန်းခံပြီးတော့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့် ခဲ့ပါတယ်. . ၊ဘုရားဖြစ်ကြောင်းအကျင့်ကောင်းတွေကို ကျင့်ခဲ့ပါတယ်။

ဒီတော့ ဘုရားဖြစ်ကြောင်းအကျင့်ကောင်းတွေကျင့်တော့ ဘုရားတစ်ဆူဖြစ်အောင်ဆိုတာက သူ့-အတိုင်းအတာရှိတာပေါ့၊ လောကမှာ ကိုယ်အခုလောကလုပ်နေကြတဲ့ လောကီအလုပ်တွေပဲ၊ အခုဘယ်အဆင့်ရောက်အောင်ဆိုရင် ဘယ်နှစ်နှစ်ပညာသင်ရ၊ အခုဒီနေ့ ဆွမ်းဒကာ ဆွမ်းအမတွေလည်းပဲ ဆရာဝန်တွေ အရာရှိတွေ ဘာတွေပါတယ်၊ အဲဒီအတတ်ပညာနဲ့ အဲဒီအလုပ်ပြုလုပ်နိုင်အောင်ဟာ ဘယ်နှစ်နှစ်ကြိုးစားရတုံး ဘယ်လောက်ဆင်းရဲခံရတုံး ဘယ်လောက်အပင်ပန်းခံရတယ်ဆိုတာ ရှိနေတာပဲ။ သူများပွဲတွေကြည့် ကြည့်ချင်ပါရဲ့ မကြည့်ခဲ့ရဘူး၊ သူများတွေပျော်ကြပါးကြ သွားကြပေမယ့်လို့ ကိုယ်က အောင့်အီးသည်းခံ. . ပြီးတော့ ဆေးဘွဲ့ရအောင် ဒေါက်တာဘွဲ့ရအောင်စသည်ဖြင့်၊ လောကီဖြင့်လည်း စီးပွားနဲ့ပတ်သက်ပြီးတော့ အဆင့်အတန်းမီအောင်စွန့်လွှတ်ခဲ့ရတယ်၊ အနစ်နာခံရ ကြိုးစားခဲ့ရတာတွေရှိတယ်လေ။

အဲဒီလိုပဲ. . ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း ဘုရားဖြစ်ချင်တော့ ဗုဒ္ဓ-ဆိုတဲ့ ဘွဲ့ထူးကြီးရပြီးတော့ သတ္တဝါတွေ ချွေချွတ်နိုင်အောင် လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းလုံးလုံး၊ တစ်ခါတစ်ခါများ အသက်တွေအသေခံပြီးတော့ ဖြည့်ခဲ့ရတယ်၊ တစ်ခါတစ်ခါကျတော့ လက်ဖြတ်ခြေဖြတ်ခဲ့ရတယ်၊ တစ်ခါတစ်ခါကျတော့ မျက်စိတွေအဖောက်ခံရ၊ ပါရမီဖြည့်လုပ်ငန်းလုပ်ရင်းနဲ့ မတော်မတရားတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့လို့ နှိပ်စက်တာ ခံခဲ့ရ၊ ခံခဲ့ရပေမဲ့လို့ ဘုရားရှင်က ဒါ-တ္တဝါတွေအတွက်ပဲ. . ဒါ သတ္တဝါတွေအတွက်ပဲနဲ့ မိဘများက သားသမီးအတွက် အလုပ်လုပ်နေရ

http://www.dhammadownload.com



တော့ ပင်ပန်းမှန်းမသိခဲ့ဘူး၊ နေပူထဲမိုးရွာထဲသွားရလာရပေမဲ့လို့ သားတွေသမီးတွေလူစဉ်မီအောင် အဆင့်တန်းမီအောင် သားတွေသမီးတွေစားရအောင်ဆိုတဲ့ စိတ်ကလေးက မေတ္တာရောက်လာပြီဆိုရင်ပန်းမှန်းမသိဘူး၊မောမှန်းမသိဘူး၊ နွမ်းမှန်းမသိဘူး။

အဲဒီလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း သတ္တဝါတွေအတွက်. . လို့ ဆိုပြီးတော့ ခြေဖြတ်လက်ဖြတ်ခံခဲ့ရ၊ ပြုံးပြီးတော့ခံတာ၊ မျက်စိဖောက်နားဖဲ့ခံခဲ့ရ၊ ပြုံးပြီးတော့ခံတယ်၊ သတ္တဝါတွေအတွက်ပဲသူက၊ မဟာကရုဏာဆိုတာ အဲဒါပြောတာ ကြီးကျယ်တဲ့ သနားမှု။ အဲဒီလိုကစပြီးတော့ ကျေးဇူးတွေပေါ့လေ ဘုရားရှင်ရဲ့ကျေးဇူးတွေဟာမကုန်နိုင်ဘူး။ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးလက်ဖြတ်ခြေဖြတ်ခံတော်မူတာ ဘယ်သူ့အတွက်တုန်း. . လို့မေးရင် ဟော-ဒီနေ့ ဘုန်းကြီးတို့တစ်တွေအတွက်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးမျက်စိဖောက်နားဖဲ့ခံတော်မူတာ၊ နောက်ဆုံး အသက်ကိုပင်အသတ်ခံတော်မူတာ၊ ခန္တိဝါဒီရသေ့ဘဝ မဟာပတာပမင်းက ရိုက်နှက်ထိုးခုတ်သတ်၊ အဲလိုပေါ့လေ. . ဇာတ်တော်တွေ နည်းတာမဟုတ်ပါဘူး၊ ဒီလို ဒုက္ခခံရတာတွေ။ အဲဒီဒုက္ခတွေခံရသမျှ ဘယ့်သူ့အတွက်တုံးဆိုရင် ဒီနေ့ဒကာ,ဒကာမတွေအတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်းခံပြီးတော့ ခန္တီပါရမီဖြည့်,မေတ္တာပါရမီဖြည့်, ဒီလိုလုပ်လာရှာတာ။ နောက်ပစ္စည်းဥစ္စာတွေစွန့်, နောက်ဆုံး ဒီနေ့ဒကာဒကာမတွေစိတ်တောင်မကူးရဲတဲ့ သားတွေ,သမီးတွေလှူ ဝေဿန္တရာမင်းဘဝ သားတွေသမီးတွေလှူတော့ မုန်းလို့လှူတာမဟုတ်ပါဘူး. . တဲ့ဘုရားက၊ သူကိုယ်တိုင်ပြောတာ-

* နမေ ဒေဿာ ဥဘော ပုတ္တာ,

ဥဘောပုတ္တာ-သားတော် သမီးတော် နှစ်ဖော်တို့ကို၊ မေ-ငါသည်၊ နဒေဿာ-မချစ်လုံးလုံ, မုန်းလို့လှူတာမဟုတ်ပါ. . ငါသားတော်သမီးတော်တွေလှူတုန်းကလေ. . တဲ့ ငါ့သား ငါ့သမီးတွေ ဒီကောင်တွေမရှိအေးတာပဲ ရှုပ်တယ်ဆိုပြီးတော့ ဒီလို မချစ်လို့ မုန်းလို့ ငါ-သူများလက်ထဲလှူတာမဟုတ်ပါဘူး. . တဲ့။

---

* နမေ ဒေဿာ ဥဘော ပုတ္တာ, မဒ္ဒီဒေဝီ န ဒေဿိယာ၊ သဗ္ဗညုတံ ပိယံ မယှံ, တသ္မာ ပိယေ အဒါသဟံ။ (စရိယာ-၃၉၅၊ ၄-၉၇၊ ဇာ-၄-၇၁၃၅၆။)

http://www.dhammadownload.com



## သဗ္ဗညုတာ ဉာဏဝရံ, တေဟိ ပိယတရံ မမ၊

တေဟိ-ထိုသားတော် သမီးတော်တို့ထက်၊ သဗ္ဗညုတဉာဏဝရံ-ဘုရားဖြစ်ကြောင်းဖြစ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို၊ ပိယတရံ-ပိုပြီးတော့ချစ်လို့ လှူရပါတယ်. . ဘုရားဖြစ်ကြောင်းအကျင့်ကောင်းထဲမှာ စွန့်ခြင်းကြီး(၅)ပါးဆိုတဲ့အထဲ သားတော်သမီးတော်တွေစွန့်တယ်ဆိုတာ ပါတာကိုး၊ ဒီလိုမှ မစွန့်ရင် ဘုရားမဖြစ်ဘူး၊ ဘုရားမဖြစ်ရင် သဗ္ဗညုတဉာဏ်တော်ကြီးမရဘူး၊ မရလို့ဘုရားမဖြစ်ရင် သတ္တဝါတွေ ငါ-ကယ်ချင်တယ်ဆိုတာ ကယ်နိုင်မှာမဟုတ်ဘူး၊ သတ္တဝါတွေကို အိုနာ, သေရေးဒုက္ခဘေးကြီးက လွတ်အောင်ကယ်နိုင်ဖို့ရာက ဒီ-သားသမီးစွန့်တယ်ဆိုတဲ့ အလုပ်ကလည်း လုပ်ရမှာဆိုပြီးတော့ ငါလုပ်တာ. . တဲ့ လုပ်ရတာ၊ မုန်းလွန်းလို့ ဒီကောင်တွေမရှိပြီးရော၊ ဒီကလေးတွေ ဒီကလေးမတွေမရှိ အေးတာပဲလို့ ဒီလိုမဟုတ်ပါဘူး. . တဲ့။

ဒီနေ့-လောက မိဘတိုင်း မိဘတိုင်း သားသမီးအပေါ် ချစ်တဲ့အချစ်ထက် မလျော့ပါဘူးတဲ့ငါ၊ ဒါ-ဘုရားရှင်ကိုယ်တော်တိုင်ထုတ်ပြောသွားတဲ့စကားပဲ၊ ဒီတော့ ချစ်ပါတယ်ဘုရားရှင်၊ ဒီနေ့ ဒကာဒကာမတွေလိုပဲ၊ ကိုယ့်သားကိုယ့်သမီးအပေါ် ချစ်တဲ့အချစ်မျိုးထက်မလျော့ပါဘူး။ သို့သော်-အဲဒီသားတော်သမီးတော်တွေကို ချစ်တဲ့အချစ်ထက် သတ္တဝါတွေအပေါ်မှာချစ်တဲ့အချစ်က ပိုပြီးတော့ပြင်းထန်လို့ သတ္တဝါတွေချမ်းသာစေချင်တဲ့ မဟာကရုဏာကတိုက်တွန်းနေတော့ စည်းမျဉ်းကြီးတစ်ခုချပြီးတော့ ကယ်တယ်ဆိုတဲ့နေရာမှာ လမ်းစဉ်ကလည်းမှန်မှ, အလုပ်ကလည်းမှန်မှ၊ မိမိကိုယ်တိုင်ကလည်းမှန်မှ၊ ဒါမှအထမြောက်တာကိုး။

ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီလိုမတိမ်းမစောင်း ကိုယ်ကိုယ်တိုင်ကလည်း မတိမ်းမစောင်း၊ မိမိရဲ့လမ်းစဉ်ဆိုတဲ့ ဓမ္မရတနာကြီးကလည်း မတိမ်းမစောင်းအောင်၊ ဟော-အဲဒီလမ်းစဉ်ကြီးကို သရုပ်သကောင်ဖော်မယ့် အဖွဲ့အစည်းကြီးကလည်း မတိမ်းမစောင်းအောင်။ ကိုယ်ကိုယ်တိုင်ကဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ လမ်းစဉ်ကိုချတဲ့ပုဂ္ဂိုလ်ကလည်း သူကိုယ်တိုင်ကိုက အပြစ်ပေါင်းစုံကင်းအောင် နေတော်မူတယ်,စံပြကျင့်ပြတယ်, နေပြတယ်,လုပ်ပြတယ်သူက၊ ဒီတော့ သူ့လမ်းစဉ်မူဝါဒကြီးဆိုတာ ဓမ္မရတနာပြောတာ တရားရတနာ၊ အဲဒီတရားရတနာတော်ကြီးကလည်း တကယ်လိုက်နာရင်လိုက်နာသလို

http://www.dhammadownload.com



တကယ့်ကို လူ့ရွာနတ်ထံချမ်းသာစံပြီးတော့ နိဗ္ဗာန်တိုင်ပေါက် ရောက်စေတတ်တဲ့ ချမ်းသာပို့နိုင်တဲ့လမ်းစဉ်ကြီး၊ တကယ်ငြိမ်းသွား၊ အေးသွားစေနိုင်တဲ့ ချမ်းသာလမ်းစဉ်ကြီး၊ ဒါ-တရားရတနာခေါ်တယ်။

အဲဒီ-ရတနာတော်ကို သရုပ်သကောင်ဖေါ်ကြတဲ့ အဖွဲ့အစည်းကြီးဆိုတာ သံဃာ့ရတနာခေါ်တယ်၊ ဒါ-ဘုရားရတနာ, တရားရတနာ, သံဃာရတနာဆိုတာ ဒါပါပဲအချုပ်က။ လမ်းစဉ်ကြီးကိုတီထွင်တဲ့ခေါင်းဆောင်ကြီးကဘုရား၊ လမ်းစဉ်ကြီးဆိုတာ ငြိမ်းချမ်းရေးလမ်းစဉ်ကြီးဆိုတာ တရား၊ အဲဒီလမ်းစဉ်ကြီးအတိုင်း လမ်းစဉ်ကြီးကို လူတွေထံရောက်အောင်ပို့ဆောင်ပေးပြီးတော့၊ တစ်ဆင့် တစ်ဆင့် မပျက်အောင်, မပျောက်အောင် ဒီလမ်းစဉ်ကြီးကွယ်မသွားအောင် ထိန်းသိမ်းထားပြီးတော့၊ ကျင့်လို ကြံလိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဆီ ရောက်အောင်ပို့ပေးနေတာက သံဃာ့အဖွဲ့အစည်းကြီး။ ဒီတော့ အဲဒီ အဖွဲ့အစည်းကြီးသုံးခုကောင်းအောင် . . . ဆိုပြီးတော့-

**ဗုဒ္ဓ သုဗုဒ္ဓတ္တ လောကေ, ဓမ္မဿ စ သုဓမ္မတာ၊**
**သံဃဿ သုပ္ပဋိပတ္တိ, ဧသာ သာသန သမ္ပဒါ။**

ဆိုပြီးတော့- ဘုရားက ဒီဟာကြီးသုံးခုပြည့်စုံအောင် ငါမနည်းကြီးကြိုးစားရပါတယ် . . . တဲ့၊ ကြိုးစားရတယ်။ ဘုရားပွင့်တော်မူတဲ့အချိန်က အိန္ဒိယနိုင်ငံမှာ ဆိုပါတော့ ဟိန္ဒူဝါဒတွေကြီးစိုးပြီးတော့ သူတို့နည်းနဲ့ သူတို့နဲ့တကတည်း၊ ဒါ-ဒီလိုကျင့်ရင်ကောင်းတယ်၊ ဒီလိုသွားရင်ကောင်းတယ်၊ ဒီလိုကျင့်မှဟုတ်တာနဲ့၊ ဒီလို လောကကျင့်ကြံနည်းတွေကျင့်စဉ်တွေချပြနေကြတာ၊ ဆရာကြီးတွေ နည်းတာမဟုတ်ဘူး ဟိုမယ်၊ ပဏ္ဍိတ်တွေ။

အဲ-ကျင့်စဉ်တစ်ခုဆိုတာ ကောင်းလှပြီလို့ချပြပေမဲ့လို့၊ တစ်ခါတစ်ခါ မကောင်းနေတာရှိတယ်၊ ကောင်းတယ်ထင်ပြီးလုပ်ရာကနေပြီး မကောင်းတာတွေဖြစ်နေတာတွေ အများကြီး၊ တစ်ခါတစ်ခါ ကောင်းတယ်လို့ထင်ရတယ်၊ ဆိုပါတော့- ဒီနားမယ်မြွေပွေးကြီးက ဒီနားရှိနေတယ်၊ လူတွေလာရင်ကိုက်တော့မှာပဲဆိုပြီးတော့ ဒီမြွေပွေးကြီးကို ရိုက်သတ်ပစ်လိုက်တယ်၊ ရိုက်သတ်တဲ့သူက အများသတ္တဝါတွေ ချမ်းသာစေချင်လို့ဆိုပြီးတော့ မြွေပွေးကြီးရိုက်သတ်ပစ်တယ်၊ ဒါ-လမ်းစဉ်ကောင်းပဲ . . လို့၊ ဒီလိုယူဆတဲ့ပုဂ္ဂိုလ်ကရှိတယ်။

http://www.dhammadownload.com



ဒီတော့-ဘုရားရှင်က ဟာ-အဲဒါလမ်းစဉ်ကောင်းမဟုတ်သေးဘူး၊ အများချမ်းသာစေချင်တာတော့ ကောင်းပါရဲ့တဲ့တစ်ဘက်က၊ကိုယ့်အကုသိုလ်ဖြစ်အောင်, ကိုယ့်သတ်မယ့်သူပြန်ပေါ်အောင်,ကိုယ့်ကိုဒုက္ခဖြစ်အောင်ပြုတာ ဒါ-မဟုတ်သေးဘူးဒီလမ်းစဉ်။ ဒီလို-ကောင်းသလိုလိုနဲ့မကောင်းတဲ့ လမ်းစဉ်တွေက အများကြီးရှိတယ်။ လောကမှာ-ကိုယ်ပြုကိုယ်ခံစတမ်းကိုး။ ဆိုပါတော့-ခုနကမြွေပွေးကို သူများ ချမ်းသာစေချင်လို့ သူများကိုက်ပြီးတော့ ဒုက္ခဖြစ်မှာစိုးလို့ အများချမ်းသာအောင်လို့ဆိုတာကတော့ ကောင်းသားပဲတစ်ခြမ်းက။ ရိုက်သတ်လိုက်တယ်ဆိုတော့-သတ္တဝါတိုင်း,သတ္တဝါတိုင်း ဘယ်သူမဆိုကိုယ့်ရိုက်တယ်,နှက်တယ်ဆို မခံချင်ဘူး၊ သတ်တာမခံချင်ဘူး။

'သဗ္ဗေတသန္တိ ဒဏ္ဍဿ, သဗ္ဗေ ဘာယန္တိ မစ္စုနော၊
အတ္တာနံ ဥပမံ ကတွာ, န ဟနေယျ န ဃာတယေ။

သဗ္ဗေတသန္တိ ဒဏ္ဍဿ-သတ္တဝါအားလုံး သေဘေးကြောက်တာချည်းပဲ၊ ရိုက်မယ့်နှက်မယ့်ဒဏ် ကြောက်တာချည်းပဲ၊ သဗ္ဗေ ဘာယန္တိမစ္စုနော-သေရမှာကြောက်တာချည်းပဲ၊ အတ္တာနံ ဥပမံကတွာ-အဲဒါလေးဥပမာယူပြီးတော့ကိုယ့်ကိုယ်ကိုနဲ့ ကိုယ်ချင်းစာပြီးတော့၊ နဟနေယျ နဃာတယေ-သတ်တာမလုပ်လိုက်ပါနဲ့၊ သူတစ်ပါးချမ်းသာမှာဖြစ်ပေမဲ့လို့ သတ်တော့မသတ်လိုက်ပါနဲ့၊ ဒီပြင်နည်းနဲ့ချမ်းသာအောင်လုပ်ပေါ့၊ အရှင်ဖမ်းယူပြီးတော့သွားလွှတ်ပေါ့၊ ဒီပြင်နည်းနဲ့ကယ်ပေါ့၊ ဟော-ဒီလိုဘုရားက။

အဲဒီလိုပေါ့လေ. . . သာသနာ့လမ်းစဉ်ကြီးချတော့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအဘက်ဘက်ကသုံးသပ်ရတယ်၊ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ဘဝတက္ကသိုလ်တွေတက်ပြီးတော့လေ့လာရတယ်၊ ဘဝတက္ကသိုလ်တွေကအတွေ့ အကြုံတွေကိုယူရတယ်၊ ယူပြီးမှနောက်ဆုံးဘုရားဖြစ်တော်မူတဲ့သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဓမ္မလမ်းစဉ်ကြီးချပြီးတော့ဒီနေ့ဒကာဒကာမတွေ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်အောင်သာသနာ့လမ်းစဉ်ကြီးချပြီးတော့ကယ်တော်မူခဲ့တယ်. . .၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ထင်ရှိတော်မူစဉ်ကလည်း သာဝကတွေကို တစ်နေ့သုံးကြိမ်သုံးကြိမ်ကြည့်ပြီးတော့ ချေချွတ်တော်မူ,စောင့်ရှောက်တော်မူ၊

---

* ဓမ္မ-၅-၂၃၁၊

http://www.dhammadownload.com



အခု-သူပရိနိဗ္ဗာန်စံသွားသည်အထိ သူ့လမ်းစဉ်ကြီးချထားခဲ့ပြီးတော့ သံဃာ့အဖွဲ့ အစည်းကြီးအပ်ထားခဲ့ပြီး ကြည့်စောင့်ရှောက်ရစ်ကြဆိုပြီးတော့၊ ဒါ-သူ, ပုဗ္ဗကာရီပဲ-ရှေးဦးစတင်တဲ့ကျေးဇူးရှင်ကြီးမှ,တကယ့်အင်မတန်ကြီးကျယ်တဲ့ ကျေးဇူးရှင်ကြီး၊ ဒီတော့-အဲဒီကျေးဇူးရှင်ကြီးရဲ့ကျေးဇူးကိုတုံ့ပြန်တဲ့သူဆိုတာ ဘယ်သူတုံးလို့ဆိုတော့-

## သာဝကာ ကတညူကတဝေဒိနော

ဘုရားကျေးဇူးတုံ့ပြန်တဲ့ပုဂ္ဂိုလ်ဆိုတာ-ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့ သာဝကတဲ့ ပါဠိလို၊ သာဝကဆိုတာ-မြန်မာလို-စကားနားထောင်တဲ့သူ၊ ဘုရားချထားခဲ့တဲ့မူအတိုင်းလိုက်နာတဲ့သူ၊ အဲဒါကိုမှကျေးဇူးတုံ့ပြန်တဲ့သူခေါ်တယ်၊ လူဖြစ်ရုံနဲ့ကျေးဇူးတုံ့ပြန်တဲ့သူမဟုတ်သေးဘူး၊ နတ်ဖြစ်လာရုံနဲ့ကျေးဇူးတုံ့ပြန်တဲ့သူ မခေါ်သေးဘူး၊ ဒါ့ကြောင့်-သာဝကဆိုတာ စကားကိုနားထောင်တဲ့သူ။

ဆိုပါတော့မိဘစကားနားထောင်တဲ့သားသမီးလိုပေါ့၊ မိဘကကောင်းရာကောင်းရာ,ကောင်းကျိုးချမ်းသာဖြစ်စေချင်လို့,ကြီးပွားအောင်လို့ဆိုပြီးတော့ မိဘက"ဟဲ့ဒီလိုမနေနဲ့ဟိုလိုနေ,ဒီလိုမလုပ်နဲ့နော်ဟိုလိုလုပ်,ဒီလိုမပြောနဲ့နော်ဟိုလိုပြော" လို့ ဆိုပြီးတော့သင်၊ အဲဒါသားသမီးကထော်လော်ကန့်လန့်နဲ့ ဟိုလိုမလုပ်နဲ့ဆိုမှ ဟိုလို လုပ်လိုက်သေး၊ ဟိုလိုမနေနဲ့ဆိုမှဟိုလိုနေလိုက်သေးတယ်ဆိုတော့ ဒါမိဘစကားကိုထော်လော်ကန့်လန့်လုပ်တဲ့သူ၊ သာဝကမဟုတ်ဘူးသူက၊ စကားနားထောင်သူမဟုတ်ဘူး၊ ဒါဖြင့်သူကျေးဇူးကန်းတာပဲ၊ မိဘက ချမ်းသာစေချင်ကြီးပွားစေချင်လို့ ပြောတာကိုသူကမလိုက်နာဘူးဆိုတော့ ဒါ-ကန့်လန့်လုပ်တာပဲ။

အဲဒီလိုပဲ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လှူဟေ့တန်းဟေ့ ဘဝသံသရာစခန်းမဂ်ဖိုလ်နိဗ္ဗာန်သွားရာလမ်းကြီးမှာမင်းတို့အထုပ်မပါလို့မဖြစ်ဘူး၊ "ဒါနမပါ,သံသရာ,မျက်နှာငယ်တတ်တယ်"မျက်နှာငယ်ပြီးတော့အောက်တန်းကျနေတတ်တယ်၊ လှူမှုတန်းမှုပေးကမ်းစွန့်ကြဲမှုဆိုတဲ့ ဒါနမှုကိုလည်းတစ်ဘက်က ပြုဟေ့, ပြုဟေ့ဆိုတာ၊ မပြုဘူးနှမျောနေလို့ ဟိုအကြောင်းကြောင့်,ဒီအကြောင်းကြောင့် မိမိကိုယ်တိုင် ငါးဖြာအာရုံကာမဂုဏ်တွေတိုးခံစားချင်လို့ဆိုပြီးတော့ မလှူဘူးဆို ဒါ-သူကန့်လန့်တိုက်တာပဲဘုရားကို၊ စကားနားမထောင်တာ၊ အဲဒါသာဝကမဟုတ်ဘူး။ ဟော-လှူပြီတန်းပြီ ပေးကမ်းထောက်ပံ့စွန့်ကြဲပြီဆိုတော့ ဒါ-ဘုရားစကားလိုက်နာတာ၊ ဘုရားကသူ့အတွက်ပြောတာမှမဟုတ်ဘဲ မိမိအတွက်ပြောနေတာ။

http://www.dhammadownload.com



မိဘကသားသမီးဆုံးမတာသူ့အတွက်မပါပါဘူး၊ သားသမီးအတွက်အရှည်ကောင်းအောင်လို့၊ သူ့-ချမ်းသာအောင်လို့ ဒီလိုဆုံးမတာ။

အဲဒီလိုပါပဲ. . . တဲ့ဘုရားကလည်း သာဝကတွေချမ်းသာစေချင်လို့မဂ်ဖိုလ်နိဗ္ဗာန်သွားရာစခန်းကြီးလမ်းတည့်အောင်လို့၊ မျက်နှာမငယ်ရစေချင်လို့ အောက်တန်းမကျအောင်လို့ဒါနဆိုတဲ့အမှုလည်းပြုကြပော့. . . စွန့်ကြဲပေးကမ်းဝေငှလှူဒါန်းမှုကိုလည်းပြုကြ။ ကိုယ်ကသူများဝေငှပေးကမ်းမှကိုယ့် ဝေငှပေးကမ်းတဲ့သူပေါ်တယ်၊ လောကကြီးမှာ ဓမ္မသဘာဝတွေကလောကပဲ့တင်သံလိုပဲ၊ ပဲ့တင်သံများ-ကိုယ်ကနေပြီးတော့ ဟေး. . . နဲ့အော်လိုက်ရင် တောင်ကြီးတွေ,လှိုင်ခေါင်းကြီးတွေနားသွားပြီး ဟေး. . . နဲ့အော်ရင်,ဟိုကလည်းဟေး. . . ဆိုပြန်အော်တာပဲ။

အဲဒီအော်တဲ့နေရာ ကိုယ်ကအကောင်းအော်,အော်ရင် ဟိုကလည်းအကောင်းအော်,အော်တယ်၊ ကိုယ်ကအဆိုးအော်,အော်ရင် ဟိုကလည်းအဆိုးပြန်အော်,အော်တာပဲ၊ ဒါ-ဓမ္မသဘာဝ,လောကနိယာမကြီး ဒါ-ထုံးတမ်းစဉ်လာကြီး၊ ကိုယ်ကဟေး. . . သူယုတ်မာကြီးလို့အော်ကြည့်စမ်းပါလား၊ အဲ-ပဲ့တင်သံကြီးကလည်း ကိုယ့်ပြန်ပြီးတော့ဟေး. . . သူယုတ်မာကြီးလို့ ဟော-ဒီလိုပြန်လာတယ်၊ အဲဒီလိုပဲ ကိုယ်ကမကောင်းတာတွေများ သတ်ဟာဖြတ်ဟာ,သူများပစ္စည်းခိုးဟာ, သူများရိုက်ဟာ,နှက်ဟာ,ထိုးဟာခုတ်ဟာ,ဒီလိုသူများ ညှင်းဆဲ သူများစိတ်ဆင်းရဲမယ့်အလုပ်တွေချည့် လျှောက်လုပ်နေရင် ဟေး---သူယုတ်မာကြီးလို့အော်တဲ့အသံနဲ့အတူတူပဲ၊ အဲဒီသအံက မကြာခင်သူ့ဆီပြန်ရောက်လာတာပဲ၊

❖ ကိုယ့်ကာယကံ ကိုယ့်ထံပြန်, ကိုယ့်ဝစီကံ ကိုယ့်ထံပြန်၊
ကိုယ့်မနောကံ ကိုယ့်ထံပြန်, ပဲ့တင့်သံမလွဲ တစ်ထပ်ထဲ(တည်း)။

ကိုယ့်ဆီပြန်ရောက်လာတာပဲ၊ ကိုယ့်ပြန်ပြီးတော့ ရိုက်မယ့်သူ,ထိုးမယ့်သူ, ခုတ်မယ့်သူ,သတ်မယ့်သူ,ဖြတ်မယ့်သူအကုန်လာကုန်တာပဲ၊ ဒါ ဘုရားတောင်ကယ်လို့မရတဲ့ ဓမ္မသဘာဝကြီး၊ လောကနိယာမ သဘာဝကြီး။ အဲဒီလိုပဲပေါ့လေ. . ခုနကလို သီလနဲ့ပတ်သက်လည်း မြတ်စွာဘုရားက "သီလထိန်း သူများမသတ်နဲ့ သူ့ဥစ္စာမခိုးနဲ့" စသည်ဖြင့် သီလထိန်းထားမှ သံသရာစခန်းသွားရာလမ်းကြီး အန္တရာယ်ကင်းလိမ့်မယ် မင်းတို့ထိန်းကြ၊ ဒါ-မိမိတို့ချမ်းသာစေချင်လို့ပြောတာ၊ အဲဒါ

http://www.dhammadownload.com



လိုက်နာတဲ့သူကို သာဘဝကလို့ခေါ်တယ်၊ မလိုက်နာတဲ့သူက သာဝကမဟုတ်ဘူး၊ ကျေးဇူးဆပ်တဲ့သူမဟုတ်ဘူး။

အဲ-နောက်ဆုံး မိမိတို့အို,နာ,သေရေးဒုက္ခဘေးကြီးကလွတ်အောင် လောကကြီးထဲ အမှန်မြင်တရားနဲ့မြင်အောင်နေကြ. . စိတ်ထားကြီးမားအောင် သမထဘာဝနာတွေပွားကြ၊ ဝိပဿနာဉာဏ်သုံးပြီးတော့ အမှန်မြင်တဲ့တရားကြီးကို အလေ့အလာလုပ်ပေးကြ၊ မင်းတို့နေရတဲ့ လောကကြီးက အလိမ်လောကကြီးထဲနေကြရတယ်. . ၊ အလိမ်အညာခံပြီးတော့ မနေကြနဲ့၊ အမှန်မြင်ပြီးတော့နေမိကြ၊ အလိမ်ခံဘဝနဲ့ချည်းအသက်ဆုံးမသွားစေနဲ့၊ အလိမ်ဖြေပြီးတော့နေတဲ့ ဘဝလေးနဲ့ နေကြလို့ ဒါ-ဝိပဿနာပြောတာ၊ ဝိပဿနာမပါရင် အလိမ်ခံဘဝခေါ်တယ်၊ အလှည့်စားခံဘဝခေါ်တယ်။

ဘုန်းကြီးတို့ ဒီ(၃၁)ဘုံကြီးက မျက်လှည့်ရုံကြီးနဲ့တူတယ်၊ သံယုတ်ပါဠိတော်မှာကျတော့ ဘုရားက(၃၁)ဘုံက မျက်လှည့်ရုံကြီးနဲ့တူ. . တယ်တဲ့၊ (၃၁)ဘုံတွင်း ရှိနေတဲ့သတ္တဝါတွေက မျက်လှည့်ကြည့်သမားတွေနဲ့တူကြတယ်၊ မျက်လှည့်ပွဲကြီးကြည့်ကြတဲ့ ပွဲကြည့်ပရိသတ်ကြီးနဲ့တူတယ်၊ တစ်ထောင့်ငါးရာကိလေသာမာရ်မင်းဆိုတဲ့ တရားကြီးက မျက်လှည့်ဆရာကြီးနဲ့တူတယ်. . တဲ့။ ဒီတော့-လောကမျက်လှည့်ရုံကြီးထဲမှာ မျက်လှည့်ပြတဲ့ဆရာဆိုတာ လိမ်တာပဲ၊ သူ့လက်ထဲရှိတဲ့ ပစ္စည်းမှန်သမျှ အတုချည်းပဲ အစစ်မရှိဘူး၊ လိမ်စရာပစ္စည်းချည့်ပဲ၊ ဒီတော့ မျက်လှည့်ရုံကြီးထဲမှာ မျက်လှည့်ပွဲကြည့်ကြတဲ့လူတွေကိုမျက်လှည့်ဆရာကြီးက လိမ်ပြတယ်. . .

❖ ရွှေမဟုတ်ဘဲ, ကျောက်အုတ်ခဲ, ရွှေခဲရွှေတုံးသွင်၊
မျက်လှည့်ဆရာ, သူ့ပညာ, မာယာကပ်၍ယှဉ်။

မျက်လှည့်ဆရာက မျက်လှည့်ရုံကြီးထဲ ပိုက်ဆံပေးပြီးတော့ ဝင်လာတဲ့သူတွေ သူ့ပိုက်ဆံရတာဆိုတော့ သူ့အတွက်သူကလုပ်တာပဲ လိမ်တာပဲ၊ ဒီတော့-ကျောက်ခဲတွေအုတ်ခဲကျိုးတွေ ကျောက်ခဲကျိုးတွေ မြေကြီးခဲတွေ တောင်းကြီးထဲထည့်ပြီးတော့ သူက "ဟော-ကြည့်နော် ကြည့်နော် ဟော-ရွှေတုံးရွှေခဲတွေမြင်ရလားဟောဒီမှာ၊ ရွှေတွေရွှေတွေ"ဆိုပြီးတော့ သူက အတတ်ပညာနဲ့လှည့်ပြီးတော့ ပြတယ်၊ ရွှေမဟုတ်တဲ့ ကျောက်ခဲအုတ်ခဲ မြေခဲတွေအတွက် ရွှေတုံးရွှေခဲတွေ

http://www.dhammadownload.com



အသွင်ဖြစ်အောင်လုပ်ပြတာ လှည့်ပြတာ။ ဒီတော့ လှည့်ပြလိုက်တော့ အောက်က ကြည့်တဲ့သူတွေက မျက်စိထဲဝင်းဝင်း,ဝင်းဝင်းနဲ့ အဟုတ်ကိုရွှေလို့ထင်လာတော့ တာပဲ၊ မျက်စိထဲ ဝင်းဝင်း,ဝင်းဝင်းနဲ့ မြင်အောင် သူကမျက်လှည့်အတတ်ပညာ မာယာနဲ့လုပ်လိုက်တာကိုး၊ လုပ်လိုက်တော့ အဟုတ်ကိုမျက်လုံးထဲ ဝင်းဝင်း, ဝင်း ဝင်းထင်လာတာ။ သို့သော်လူကြီးလူပါးနဲ့ လူနုံလူအ, လူငယ်ကလေး အမြင်ချင်း ကွာသွားတယ်၊ အဲဒီနေရာ၊

❖ ရွှေမဟုတ်ဘဲ, ကျောက်အုတ်ခဲ, ရွှေခဲရွှေတုံးသွင်၊
မျက်လှည့်ဆရာ, သူ့ပညာ, မာယာကပ်၍ယှဉ်။

မာယာဆိုတာ လှည့်ပတ်တာပဲ၊ လှည့်ပတ်တတ်တဲ့အတတ်ပညာနဲ့သူက ကျောက်ခဲတွေ,အုတ်ခဲတွေ,မြေခဲတွေကို ကျောက်ခဲအတိုင်းမမြင်အောင်, အုတ်ခဲ အတိုင်းမမြင်အောင်,မြေခဲအတိုင်းမမြင်အောင်, သူကတခါတည်း ဝင်းဝင်း,ဝင်းဝင်း မြင်အောင်လုပ်ပြလိုက်တာ၊ လှည့်လိုက်တာ ဒါ၊ အတတ်ပညာနဲ့လှည့်လိုက်တာ၊ လှည့်လိုက်တော့မြင်တယ် မျက်လုံးထဲ ဝင်းဝင်း,ဝင်းဝင်းနဲ့၊ သို့သော်-

❖ လူကြီးလူပါး, အသိထွား, ရွှေသားမဟုတ်မြင်။

အဲဒီ မျက်လှည့် ကြည့်နေတဲ့ အထဲမှာ လူကြီးတွေတို့ လူပါးလူနပ်တွေတို့ ကတော့ ဟာ-ဒါကျောက်ခဲအုတ်ခဲတွေပါ၊ မျက်လှည့်ဆရာဆိုတာ လိမ်နေတာပဲ၊ အမှန်ကတော့သူ-လူလိမ်ပဲ၊ သူလုပ်သမျှဟာ အမှန်တစ်ခုမှမရှိဘူး၊ ဝင်းဝင်း, ဝင်းဝင်းနဲ့မျက်လုံးထဲ မြင်ပေမဲ့လို့ အမှန်စင်စစ်ကဒါ ကျောက်ခဲတွေ အုတ်ခဲတွေပဲ လို့ ဟော-လူကြီးတို့ လူပါးတို့က ဒီလိုမြင်တယ်။ မျက်စိထဲတော့ ဝင်းဝင်း,ဝင်း ဝင်းထင်တာပဲ၊ သို့သော်သူကထွင်းဖောက်ပြီးတော့ ကြည့်တယ်၊ ဝင်းဝင်း,ဝင်းဝင်းရဲ့ အောက်က ကျောက်ခဲအုတ်ခဲထိအောင် သူကလှမ်းပြီးတော့ ကြည့်လိုက်တယ်၊ ဒီအတိုင်းမြင်သွားတာပဲသူက။ ကလေးတို့ လူနုံတို့ လူအတို့ကတော့ မျက်လုံးထဲ ဝင်းဝင်းမြင်လို့ကတော့ အဟုတ်ကို ရွှေတုံးတွေရွှေခဲတွေထင်ပြီးတော့ အမလေး ရစမ်းပါရစေ. . အမလေး ပေးစမ်းပါ. . ၊ အဲဒါမရရင် ကျုပ်မဖြစ်ဘူးနဲ့ဖြစ်ကုန်၊ ဒီတော့ -

❖ မရတောင့်တ, ရကြောင့်ကြ, ဒုက္ခစက်အသွင်။

မရတော့လည်းတောင့်တ ရချင်တာ၊ ဝင်းဝင်း,ဝင်းဝင်းကိုး ဟိုကရွှေတုံး ရွှေခဲကြီးဆိုတော့ " ယူမလား ယူမလား"ဆိုတော့ "အမလေး ပေးစမ်းပါ ကျုပ်

http://www.dhammadownload.com



ဆီတစ်တုံးပစ်စမ်းပါ၊ကျုပ်ဘက်တစ်တုံးချစမ်းပါ၊ ဒီကိုပေးစမ်းပါအုံးတစ်ခု"နဲ့ တကတည်း မရတောင့်တ။ ရကြောင့်ကြ. . တဲ့၊ လက်ထဲရလာသည့်နဲ့ တစ်ပြိုင်နက် ငါ့ရွှေတုံးကြီးရပြီ၊ ငါ့ရွှေတုံးကြီးရပြီနဲ့ ဒီရွှေတုံးပေါ် နှစ်သက်တွယ်တာတဲ့ စိတ်နဲ့ အင်း-သူခိုးများဝင်လုမလား၊ ဓားပြများဝင်ဆွဲမလား ဘယ်နားကဘယ်သူများ ပေါ်မလားနဲ့ ကြောင့်ကြတယ်၊ အဲဒီကနေပြီး. . တစ်သီတတန်းကြီး။

နောက် ဒီရွှေတုံးရွှေခဲလို့ကိုယ်ကထင်ထားရာက ရွှေတုံးရွှေခဲမဟုတ်ဘဲနဲ့ မျက်လှည့်ဆရာက အတတ်ပညာရုတ်သိမ်းလိုက်တော့ သူ့ဟာသရုပ်ပြန်ပေါ်လာတာ၊ မျက်လှည့်ဆရာက ကျောက်ခဲအုတ်ခဲတွေ မြေခဲတွေတောင်းကြီးထဲထည့်ပြီးတော့ ရွှေလို့လုပ်ပြီးတော့ လိမ်ပြတဲ့ဉစ္စာပဲ သူလိမ်နေတုန်းကလည်း ဒီကျောက်ခဲက ကျောက်ခဲပဲ ရွှေမဖြစ်ဘူးအမှန်က၊ အုတ်ခဲကအုတ်ခဲပဲ ရွှေမဖြစ်ဘူး၊ မြေခဲကမြေခဲပဲ ရွှေမဖြစ်ဘူး၊ သို့သော်-ကိုယ်ကထင်နေတာက ရွှေတုံးရွှေခဲထင်နေတော့ အဲဒီတင်-မရခင်တောင့်တ, ရရင်ကြောင့်ကြ။ နောက် အဲဒီရွှေတုံးရွှေခဲကို လုတဲ့လူပေါ်လို့ သို့မဟုတ်ကျပျောက်သွားပြီဆိုတော့ ငိုရ,မျက်ရည်ကြီးငယ်ကျရ။

အဲသလိုပဲ. . တဲ့ (၃၁) ဘုံဆိုတဲ့ မျက်လှည့်ရုံကြီးထဲမှာ ထောင့်ငါးရာကိလေသာမာရ်မင်းလို့ခေါ်တဲ့ တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ အတတ်ပညာမျက်လှည့်မာယာတွေနဲ့လှည့်လိုက်တော့ သတ္တဝါတွေက သားမဟုတ်တာကို သားလို့ထင်နေတယ်။ သမီးမဟုတ်တဲ့ရုပ်နာမ်ခန္ဓာကို သမီးလို့ထင်နေတယ်၊ မိမိကိုယ်, သူ့ကိုယ်ဆိုတဲ့ရုပ်နာမ်ခန္ဓာကိုယ်ကြီးတွေကို သုဘ-တင့်တယ်တယ်လို့ထင်,နိစ္စ-မြဲတယ်လို့ထင်၊ သုခ-ချမ်းသာတယ်လို့ထင်၊ အတ္တ-အမာခံအစိုင်အခဲ ကိုယ့်နားအမြဲရှိမှာကြီးလို့ထင်၊ အတုံးအခဲအနေနဲ့ရှိတယ်လို့ထင်၊ ဟိုကတော့ မဟုတ်ဘူး၊ ကျောက်ခဲကကျောက်ခဲပဲ၊ အသုဘကအသုဘပဲ၊ သူ့ကိုယ်,ငါ့ကိုယ်ထိတွေသမျှခန္ဓာကိုယ်(၃၂)ကောဋ္ဌာသအစုဝေးအသုဘခန္ဓာကိုယ်၊ မစင်မကြေယ်ရွံသဖွယ်တွေ ထွေးလုံးရစ်ပတ်ပြီးတော့ စုပုံထားတဲ့ အသုဘခန္ဓာကိုယ်ကျောက်ခဲ,ကျောက်ခဲပဲ။

ဒါပေမဲ့လို့ ဒီက သုဘထင်. . . ပြီးတော့ တင့်တယ်တယ်၊လှတယ်,ယဉ်တယ်, ခင်မင်စဖွယ်ရယ်လို့ထင်သွားတာ၊ အဲဒါ မျက်လှည့်အတတ်ပညာနဲ့ လှည့်လိုက်တော့ ထင်သွားတာ၊ သားခန္ဓာသမီးခန္ဓာလေးမြဲတယ်လို့ထင်ထားတယ်၊ ဟိုက အနိစ္စကျောက်ခဲ၊ ဒါပေမဲ့လို့ ဒီကကျောက်ခဲလို့မထင်ဘူး၊ ရွှေခဲထင်ပြီးတော့ တကတည်း ခင်လိုက်ရ, မင်လိုက်ရ,ယုယလိုက်ရ,တပွတ်ပွတ်,တသသနဲ့ ပြုလိုက်ရ

http://www.dhammadownload.com



စုလိုက်ရ, မျက်စိလည်နေတာ၊ ဒီတော့-မျက်စိလည်နေတာ ကျောက်ခဲရဲ့ကျောက်ခဲ သရုပ်က ဘယ်ကျပေါ်တုန်းဆိုတော့ မျက်လှည့်ပညာသိမ်းလိုက်ပြီဆိုတော့ ပေါ်တယ်၊ မျက်လှည့်ပညာသိမ်းတယ်ဆိုတာသေတဲ့အခါရယ်, ရဟန္တာဖြစ်တဲ့အခါရယ် ဒါ-မျက်လှည့်ပညာသိမ်းတာ။

အရိယာဖြစ်သွားတယ်ဆိုတာ မျက်လှည့်ပညာကြီးပြီးသွားတာ၊ သို့မဟုတ် မိမိတို့ ကွယ်လွန်အနိစ္စရောက်ပြီး သူ့သဘောသရုပ်ကြီးပေါ်ပြီ ဆိုပါတော့ အသုဘကို ကိုယ်ကသုဘထင်နေတယ်၊ နောက် အဲဒီ-အသုဘကိုသုဘထင်နေတဲ့ ခန္ဓာကိုယ်ကြီးက မမာမကျန်းဖြစ်လို့ ရောဂါတွေဖြစ်ပြီးတော့ ကိုယ့်ကျင်ကြီးကျင်ငယ်,ကိုယ့်အညစ်ကြေးကိုယ်မသိမ်းနိုင်တဲ့ အချိန်ကျတော့ ဟော-ကျောက်ခဲက ကျောက်ခဲသရုပ်ပြန်ပေါ်လာတာ၊ မြေခဲက မြေခဲသရုပ်ပြန်ပေါ်တာ၊ အစကရွှေခဲထင်ပြီးတော့ ကိုယ်ကသိမ်းပိုက်ပွေ့ဖက်ပြီးတော့ တကတည်း မခွဲနိုင်မခွါရက်ဖြစ်နေတာ၊ အသုဘသဘောကြီးပြန်ပေါ်,အနိစ္စသဘောကြီးပြန်ပေါ်၊ ကွယ်လွန်အနိစ္စရောက်ပြီဆိုတော့ ကျောက်ခဲကကျောက်ခဲမို့လို့ မြေထဲပြန်ဝင်သွားတယ်၊ သေပြီးတော့ မြေထဲချလိုက်ရတော့ မြေထဲရောက်သွားတာ၊ ဒါကျောက်ခဲမို့လို့ပေါ့, အုတ်ခဲမို့လို့ပေါ့, မြေခဲမို့ မြေထဲပြန်ရောက်တာပဲ။

အဲ-နဂိုကလည်း ကျောက်ခဲ အုတ်ခဲ မြေကလာတာပဲ၊ သားရယ်သမီးရယ်လို့ဖြစ်လာတာ ပထဝီ,အာပေါ,တေဇော,ဝါယော,မြေဓာတ်အစု,မြေဓာတ်အစု, စုပေါင်းပြီးတော့ မြေကြီးထဲက ထွက်လာပြီးတော့ မြေကြီးထဲပြန်ဝင်တာပဲ။ အဲဒါကိုယ်ကသားဟဲ့,သမီးဟဲ့,ဆွေဟဲ့,မျိုးဟဲ့,အဖေဟဲ့,အမေဟဲ့နဲ့ အထင်လွဲ. . ပြီးတော့နေကြတာ မျက်လှည့်ဆရာကြီးရဲ့ မာယာနဲ့ လှည့်လိုက်တာကို ကိုယ်ကအဟုတ်ထင်ပြီးတော့ ရွှေတုံးရွှေခဲထင်ပြီးတော့ အထင်လွဲနေတာနဲ့တူတယ်. . တဲ့ ဘုရားက။ ဒီတော့-မင်းတို့ အဲဒီအထင်လွဲမှုကြီးကို ဖျောက်ကြစမ်းပါ. . . တဲ့၊ ဝိပဿနာဉာဏ်နဲ့ ဖျောက်ကြ၊ ကိုယ့်ကိုယ်ကိုအလိမ်ခံဘဝနဲ့ချည့် နေမသွားနဲ့၊ အလိမ်ခံနဲ့နေ, အလိမ်ခံနဲ့ချည့်မသေစေနဲ့၊ အလိမ်လွတ်တဲ့သူလေးများဖြစ်အောင် ကြိုးစားကြ၊ အလိမ်ဖြေတတ်တဲ့သူဖြစ်အောင်နေပြီးတော့ သေကြလို့ ဝိပဿနာဉာဏ်ပေးတာ။

ဒီတော့ ဝိပဿနာဉာဏ်ဆိုတာ ရှိတာရှိတဲ့အတိုင်းမြင်တာ၊ ခုနကမျက်လှည့်ပွဲ လူကြီးကြည့်တဲ့အကြည့်နဲ့ ကြည့်ရတယ်၊ မြင်တော့ မျက်လုံးထဲဟုတ်ပါတယ်၊ သူ့လိုကိုယ့်လိုထင်လာတာပဲမျက်လုံးထဲ၊ ဆိုပါတော့-ဝတ်စားဖြီးလိမ်းထားတဲ့သူတစ်

http://www.dhammadownload.com



ယောက်မျက်လုံးထဲလာမြင်တော့ ဒီလိုမြင်တာပဲ၊ ဒါက-ဓမ္မသဘာဝ ပြောင်းမရဘူး၊ ရူပါရုံစက္ခုပသာဒထဲလာထင် ဒီတိုင်းထင်တာပဲ၊ သို့သော် ကိုယ်ကထွင်းဖောက်ပြီးတော့ အပေါ်ယံဖြီးလိမ်းပြင်ဆင်,အာဂန္တုကဖြစ်တဲ့ ဝတ်စားတန်ဆာတွေနဲ့ ဆင်ထားတာပဲ. . . အတွင်းကအသုဘသဘောပဲလို့ ဒီထိအောင် ထိုးဖောက်မြင်သွားတာ၊ အဲဒါမျက်လှည့် ရွှေရောင်တစ်ဝင်းဝင်းကို ထိုးဖောက်ပြီးတော့ အုတ်ခဲ, အုတ်ခဲပဲလို့မြင်အောင်ကြည့်တဲ့ အကြည့်ခေါ်တယ်။

အဲဒီလိုပဲပေါ့ မြဲတယ်. . လို့ အစဉ်အမြဲ ကိုယ့်သားလေး ကိုယ့်သမီးလေးက ကိုယ်နဲ့အမြဲနေမှာလိုပဲထင်. . ပြီးတော့ သားကိုကြည့်တိုင်း မနေ့ကလည်းဒီသား ဒီနေ့လည်း ဒီသား၊ သမီးလေးကြည့်လိုက်လည်း မနေကလည်း ဒီသမီး ဒီနေ့လည်း ဒီသမီး၊ နောင်နှစ်လည်း ဒီသမီးလို့ ဒီလိုထင်နေတယ်၊ ဒါ-အုတ်ခဲကို ရွှေရောင်သုတ်ပြတာ၊ ရွှေရောင်ထင်တဲ့သူနဲ့,ကလေးနဲ့တူတယ်၊ လူနုံနဲ့တူတယ် လူအနဲ့တူတယ် အဲဒါ။ ဒီလိုမမြင်ရဘူး မြင်လိုက်ရမှာက အနိစ္စ အနိစ္စအတိုင်း ထွင်းဖောက်ပြီးတော့ မမြဲတဲ့သဘောတရားကို မမြဲတဲ့သဘောတရားအတိုင်းမြင်အောင် ကြည့်ရတယ်။

ဒီတော့-ကြည့်နည်းက ဘာတုံးဆိုတော့ ဝိပဿနာပဲ၊ ဝိပဿနာဆိုတာ မျက်လုံးထဲပေါ်လာသမျှ ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်, ပါးစပ်ကဆိုပေးပြီးတော့ ဉာဏ်ကအဲဒီကပ်လိုက်ပေးနေ၊ သို့မဟုတ်မြင်တယ်, မြင်တယ်, မြင်တယ် ရှုပေး၊ အဲလိုရှုပေးနေရင်တော့ ကျောက်ခဲ ကျောက်ခဲမှန်းသိတဲ့ အချိန်ခေါ်တယ်၊ အုတ်ခဲ အုတ်ခဲမှန်းသိတာ။ ကျောက်ခဲကျောက်ခဲမှန်းသိရင် မလိုချင်ဘူး၊ ဟော-တန်ဖိုးရှိလိုက်ပုံက၊ သူ-အမှန်အတိုင်းသိရင် မလိုချင်ဘူး၊ လိုချင်တာ မလာဘူး၊ ရချင်တာမလာဘူး။ ရချင်တာမလာရင် သူ့အကြောင်းပြုပြီးတော့ စိုးရိမ်ရမယ့်သောကတွေ,ငိုရမယ့် မျက်ရည်ကျရမယ့် ပရိဒေဝတွေ,ကိုယ်ဆင်းရဲစိတ်ဆင်းရဲ,မစားချင် မသောက်ချင်ဖြစ်တဲ့ဒုက္ခတွေ အကုန်လုံးငြိမ်းတာပဲ။

အဲဒီဒုက္ခတွေငြိမ်းစေချင်လို့ ဘုရားက မင်းတို့အမှန်မြင်အောင်ကြည့်ကြ၊ မျက်လှည့် ကြည့်မမှားစေနဲ့ အမှန်မြင်အောင်ကြည့်ကြ၊ မျက်လှည့်ပွဲထဲဝင်ပြီးတော့ မင်းတို့ထွင်းဖောက်ပြီးတော့ လိမ်နေတာ လိမ်နေတာမှန်းသိကြဟေ့-အလိမ်ဖြေတဲ့ အလုပ်ကလေးများနေ့တိုင်းပါအောင်လုပ်ကြဟဲ့လို့ ဝိပဿနာပါအောင်ဟောတာ ဘုရားက။ အဲဒါမလိုက်နာဘူးဆိုရင် သာဝကမဟုတ်ဘူး၊ သာဝကဆိုတာ ဘုရားဟောတဲ့စကားလိုက်နာနေတဲ့သူ သာဝကလို့ခေါ်တယ်။

http://www.dhammadownload.com



ဒီတော့ ဒါနနည်းနဲ့လိုက်နာတာရှိတယ်၊ အခု ဒီနေ့ဒကာဒကာမတွေ လှူဒါန်းပေးကမ်းစွန့်ကြဲ ဒါ-လိုက်နာတာ။ သီလနည်းနဲ့လိုက်နာတာရှိတယ်၊ ငါးပါးသီလ, ရှစ်ပါးသီလ,ကိုးပါးသီလထိန်းနေတာ ဒါ-လိုက်နာတာ၊ မထိန်းဘူးဆိုရင် မလိုက်နာဘူး။ သမထနည်းနဲ့လိုက်နာတာရှိတယ်၊ သမထဆိုတာ မေတ္တာပွားလို့, ဗုဒ္ဓါနုဿတိ-ဘုရားအာရုံပြုလို့,ဘုရားရှိခိုးလို့ ဒါသမထ။ ဝိပဿနာနည်းနဲ့လိုက်နာတာရှိတယ် ဝိပဿနာမပါဘူးဆိုရင် ဒါ-မလိုက်နာဘူး၊ သာဝကမဟုတ်ဘူး။ ဒီတော့-လိုက်နာရင်သာဝက ကျေးဇူးဆပ်တာပဲ၊ မလိုက်နာရင် သာဝကမဟုတ်ဘူး၊ ကျေးဇူးကန်းတာပဲ။

ငါ-လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်းလုံးလုံး သင်တို့ဒီလိုချမ်းသာစေချင်လို့ ဘုရားအဖြစ်ရောက်အောင် သာသနာကြီးဒီလိုထူထောင်ခဲ့ရပါတယ်. . ဘုရားဖြစ်အောင်ကျင့်ပြီးတော့မှ ဒီသာသနာတော်ကြီး ထူထောင်ပြီးတော့ ဒီကျင့်စဉ်တွေချခဲ့ရပါတယ်၊ ငါ့-ကိုကျေးဇူးဆပ်တဲ့အနေနဲ့ ဒီကျင့်စဉ်တွေ ကျင့်ကြစမ်းပါ. . လို့ ဘုရားကဟောပေမဲ့လို့ သူမလိုက်နာဘူးဆိုရင် သူမကျင့်ဘူးပေါ့၊ သူကျေးဇူးကန်းတာပဲ။

ဒါ့ကြောင့်-ဒီနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ဒီနေ့လာရောက်ပြီးတော့ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းဖြင့် ဘုရားရဲ့လမ်းစဉ်လိုက်တာ ကျေးဇူးဆပ်တာ၊ ကျေးဇူးရှင်ကြီးကို ကျေးဇူးဆပ်တာ အကောင်းဆုံးကျေးဇူးဆပ်တာပဲ။ ဒီတော့-ကျေးဇူးဆပ်နည်းလေးမျိုးရှိတယ်၊ ဒါနတွေပြုပြီးတော့ကျေးဇူးဆပ်, သီလတွေထိန်းပြီးတော့ကျေးဇူးဆပ်,သမထဘာဝနာပွားပြီးတော့ ကျေးဇူးဆပ်၊ ဝိပဿနာဘာဝနာပွားပြီးတော့ ကျေးဇူးဆပ်ကြ။ အဲ-ဝိပဿနာဆိုတာ ကျေးဇူးဆပ်တဲ့အထဲမှာ အကောင်းဆုံးဆပ်နည်းပဲ၊ အဲဒီဆပ်နည်းနဲ့ ဆပ်စေချင်လို့ ဘုရားက အဓိကအလုပ်ကြီးဆိုပြီးတော့ ဘုရားကလုပ်လာတာ၊ ဒါနနဲ့,သီလ,သမထက ဝိပဿနာရဲ့အခြံအရံ၊ ဝိပဿနာအားထုတ်တဲ့နေရာမှာ ခုနကပြောသလို စိတ်ငြိမ်မှု သမာဓိသမထမှ မရှိရင်မဖြစ်ဘူး၊ ဟိုကအန္တရာယ်ပေါ် ဒီကအန္တရာယ်ပေါ် သီလပျက်နေလို့ ဟိုကသတ်မယ့်လူနဲ့ ဒီကသတ်မယ့်လူနဲ့ဆိုလည်း အားထုတ်လို့မရဘူး။ ဒါနမရှိလို့ ကိုယ့်စားရေး,သောက်ရေးကမပြည့်စုံ၊ တစ်နေ့စာတစ်နေ့ မနည်းရှာစားနေရတယ်ဆိုရင် ဝိပဿနာဘက်မလှည့်နိုင်ဘူး။ ဒါ့ကြောင့် အခြံအရံအကြောင်းတွေအဖြစ်နဲ့ရှေ့သုံးပါးကိုပြပြီးတော့မှ အလိမ်လွတ်အောင်ဝိပဿနာနဲ့ပြတော်မူခဲ့တာ။

http://www.dhammadownload.com



ဒါ့ကြောင့်-ဒီနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ဒို့နေရတဲ့ (၃၁)ဘုံကြီးက မျက်လှည့်ရုံကြီး. . . အလိမ်ရုံကြီးထဲဒို့နေရတယ်လို့သိကြ၊ ရွှေသား မဟုတ်ဘူးလို့မြင်ရင် အခင်မလာဘူး၊ ရွှေသားမဟုတ်ဘူးလို့မြင်တာ ဒုက္ခ,ဒုက္ခ မှန်းသိတာခေါ်တယ်၊ ကျောက်ခဲ ကျောက်ခဲမှန်းသိတယ်ဆိုတာ အမှန်တိုင်းမြင် တာ၊ အမှန်မြင်ကိုပါဠိလို သစ္စာမြင်တယ်ခေါ်တယ်၊ ဒုက္ခသစ္စာ ဒုက္ခသစ္စာအတိုင်း မြင်တာ။ ဒုက္ခဆိုတာ မကောင်းတာကို မကောင်းဘူးလို့မြင်တာ ဒုက္ခဒုက္ခသိတယ် ခေါ်တယ်၊ ဒုက္ခဆိုရင် ဘုန်းကြီးတို့အားလုံးက ဆင်းရဲနေတာချည်း ဒုက္ခလို့ သွား သွားထင်တယ်၊ ဆင်းရဲတာ,နာလိုက်တာ,ကိုက်လိုက်တာ အဲဒါမှ ဆင်းရဲထင်နေ တာ၊ အဲဒါက တကယ့်ဆင်းရဲ ခွေးသိဝက်သိဆင်းရဲခေါ်တယ်၊ ခွေးလည်း နာရင် ကိုက်ရင်သိတယ် အဲဒါတော့။

မကောင်းတာမကောင်းဘူးလို့သိတဲ့ အသိကမှဒုက္ခသစ္စာသိတဲ့ အသိခေါ် တယ်၊အသေးစိတ်။ အဲဒါကျတော့တိရစ္ဆာန်တွေကမသိဘူး၊ လူတွေလည်းပဲ ဝိပဿ နာဉာဏ်ကင်းနေတဲ့လူမသိဘူး၊ ဒါ့ကြောင့် ဒုက္ခကိုဒုက္ခမှန်းသိ၊ ကျောက်ခဲကျောက် ခဲမှန်းသိ၊ မကောင်းတာမကောင်းမှန်းသိတဲ့ ဉာဏ်ပေါ်အောင် ဝိပဿနာနဲ့ရှုပေး၊ ရှုပေးတော့ ဝိပဿနာနဲ့ ရုပ်နာမ်ကို ရုပ်နာမ်လို့မြင်၊ ဖြစ်ပျက်တာကို ဖြစ်ပျက်တယ် လို့ ရှုပေးနေတော့ သူကမကောင်းတာမကောင်းမှန်းသိ၊ ကျောက်ခဲကျောက်ခဲ မှန်းသိ၊ အုတ်ခဲအုတ်ခဲမှန်းသိ၊ ကျောက်ခဲအုတ်ခဲ ဘာမှအသုံးမကျဘူး၊ နောက်ဆုံး မြေဖြစ်မှာပဲလို့သိ၊ အဲဒီအသိဟာ အသိမှန်ပဲ၊ သစ္စာမြင်တဲ့ဉာဏ်ခေါ်တယ်၊ ယထာ ဘူတဉာဏ်လို့လည်းခေါ်တယ်၊ ဝိပဿနာဉာဏ်လို့လည်းခေါ်တယ်။

အဲဒါတွေမြင်ရင်သူကမလိုချင်တော့ဘူး၊ လိုချင်မှုမရှိဘူး၊ ရချင်စိတ်မရှိဘူး၊ ကျောက်ခဲ ကျောက်ခဲမှန်းသိနေမှတော့ ဘယ်လိုချင်ပါ့မတုန်း ရွှေထင်လို့လိုချင် တာ။ အဲဒါလိုပဲ မလိုချင်ဘူးဆိုရင် တဏှာသမုဒယသစ္စာသေတယ်၊ တဏှာ သမု ဒယသစ္စာသေရင် တဏှာသမုဒယသစ္စာကြောင့်ဖြစ်ပေါ်လာမယ့် ခန္ဓာတွေအကုန် ငြိမ်းတယ်၊ အဲဒီ ရုပ်နာမ်ခန္ဓာငြိမ်းတာ နိရောဓသစ္စာနိဗ္ဗာန်ပဲတဲ့၊ ဒါ့ကြောင့်အရေး ကြီးတာက အလိမ်မမိအောင်၊ အလိမ်လွတ်တဲ့နည်းလေးကို နေ့တိုင်းကိုယ့်ဉာဏ် ထဲပါသွားအောင် ကိုယ့်စိတ်ကလေးက အလိမ်ခံမယ့်ဘဝနဲ့ လမ်းဆုံးမသွားအောင် အရေးကြီးတယ်၊ ဒီတော့ ဝိပဿနာလွတ်နေပြီဆိုရင်တော့ အဲဒါအလိမ်ခံဘဝနဲ့ လမ်းဆုံးတယ်လို့ခေါ်တယ်။

http://www.dhammadownload.com



ဒါ့ကြောင့် မျက်လှည့်ရုံကြီးနဲ့တူတဲ့(၃၁)ဘုံကြီးထဲမှာ သားခန္ဓာ သမီးခန္ဓာ ရွှေငွေကျောက်သံပတ္တမြား အိမ်ယာခြံမြေဆိုပြီးတော့ ဒါ-လိမ်ပြီးတော့ လှည့်ပြထားတာတွေကို ပင်ကိုယ်သဘာဝကျောက်ခဲအုတ်ခဲကို ကျောက်ခဲအုတ်ခဲပဲလို့ သိတဲ့အနေနဲ့ ရုပ်နာမ်-ရုပ်နာမ်အတိုင်းသိ၊ အဲဒီရုပ်နာမ်ရဲ့ဖြစ်ပျက်နေတဲ့သဘောကို ဖြစ်ပျက်နေတဲ့သဘောအတိုင်းသိတဲ့ ဝိပဿနာဉာဏ်ပါအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်သွားကြတဲ့ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့သည်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကိုယ်ဆင်းရဲ အပင်ပန်းခံ ခြေဖြတ်လက်ဖြတ်ခံ စည်းစိမ်ဥစ္စာတွေအမျိုးမျိုးစွန့်လွှတ်ပြီးတော့ စုဆောင်းရှာဖွေလာတော်မူခဲ့ရတဲ့ နိဗ္ဗာနဓာတ်တရားမြတ်ကြီး ရရာရကြောင်း အကျင့်ကောင်းကြီးကို လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်တဲ့အနေနဲ့ ကျေးဇူးဆပ်တဲ့သူတွေပဲ. . . တဲ့။

အဲဒီလိုလိုက်နာတဲ့သူမှာဘုရားက သာဝကပီတယ်၊ ကိုယ့်ကိုယ်ကို ရဟန္တာ ယောကျ်ား ရဟန္တာမဖြစ်သွားပြီဆိုတော့ဒီပုဂ္ဂိုလ် ငါ့ရဲ့တပည့်သာဝက ကျေးဇူးသိတတ်တဲ့သူ. . တဲ့၊ ဒါ့ကြောင့် ကျေးဇူးရှင်လေးမျိုးရှိတယ်၊ ကျေးဇူးဆပ်ရမယ့်သူကလည်းလေးမျိုးရှိတယ်။ ဒီတော့ ဒီနေ့ဒကာ,ဒကာမတွေက ငါတို့ကဘယ်ကျေးဇူးရှင်တွေကို ဘယ်လောက်ကျေးဇူးဆပ်ပြီးပြီတုံးဆိုတာ ကိုယ်ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ပြီးသကာလ ကျေးဇူးဆပ်ဖို့ကျန်နေတဲ့ အပိုင်းကိုလည်းပဲ ရှေ့ဆက်ပြီးတော့ ကျေးဇူးဆပ်နိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဒီနေ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်ကိုပူဇော်သောအားဖြင့် မွေးနေ့အထိမ်းအမှတ်အဖြစ်နဲ့ မန္တလေးမြို့က အခုဒကာကြီးဦးထွန်းရင် ဒကာမကြီးဒေါ်သောင်းနဲ့သားသမီးမြေးမြစ် မိသားစုတို့က မင်္ဂလာဖိုလ်နိဗ္ဗာန်ရည်မှန်းပြီးတော့ လှူဒါန်းမှုပြုနေခြင်းသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကျေးဇူးဆပ်နေတဲ့အချိန်။ ခင်ဦးမြို့က လာကြတဲ့ဒကာကြီး ဦးထွန်းဘ+ဒကာမကြီးဒေါ်သောင်းခင်တို့နဲ့ ဒကာဦးစိန်မောင်တို့+ဒကာမဒေါ်ဌေးကြည်တို့မိသားစုနှင့်တကွ လိုက်ပါလာကြတဲ့ပရိသတ်အပေါင်းသူတော်ကောင်းတွေကလည်းပဲ ဘုရားရှင်သာသနာတော်ပူဇော်လှူဒါန်းပြီးတော့ နေကြတဲ့အချိန်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုကျေးဇူးဆပ်နေတဲ့အချိန်၊ သာဝကခေါ်တဲ့ စကားနားထောင်တဲ့အချိန်၊ အဲဒီလိုစကား

http://www.dhammadownload.com



နားထောင်တဲ့တပည့်သာဝကတွေဖြစ်အောင် ကျေးဇူးရှင်လေးမျိုးကို ကျေးဇူးဆပ်တတ်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးလေးမျိုးဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ကျေးဇူးရှင်ကြီးတွေကို ကျေးဇူးဆပ်တတ်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျက်၊ ဤကဲ့သို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးကို အထူးတလည်ဆပ်သွားကြတဲ့ ရှေးရှေးသောသူတော်ကောင်းသူမြတ်လောင်းကြီးတို့ ရအပ်ရောက်အပ်သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ၊ ရကြရ၊မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

http://www.dhammadownload.com

# *ပဥ္စဂ္ဂဒါယကဝတ္ထု

# " ဘိက္ခုနီပါမှဲ့တရားတော် "

ယနေ့ မြန်မာကောဇာသက္ကရာဇ်-၁၃၄၉ ခုနှစ်၊ ဝါဆိုလဆန်း(၉)ရက်၊ ခရစ်နှစ်-၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၄) ရက်၊ စနေနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်,ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော်(၇၀၀)ကျော်တို့အား နံနက်ဆွမ်း,နေ့ဆွမ်းနှစ်ထပ်သော ဆွမ်းများဖြင့်(၃) ကြိမ်မြောက်,(၃)နှစ်မြောက် လာရောက်ပြီးတော့ ဆက်ကပ်ကြ, လောင်းလှူကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မိုးကုတ်မြို့ ပန်းမချယ်ရီရပ်မှာ နေထိုင်ကြတဲ့ ဆွမ်းဒကာ,အလှူ့ဒကာ,ဒကာကိုချစ်ခင်+ အလှူ့ဒါယိကာမ, ဆွမ်းဒါယိကာမ,ဒါယိကာမ မတင်စိန်တို့ပိသားစုနဲ့ ဆွမ်းဒကာ ဒကာကိုဘရွှေ+ ဆွမ်းဒါယိကာမ,ဒါယိကာမ မမိမိကြည်တို့ မိသားစုနှစ်စုဖြစ်ကြပါတယ်။

အဲဒီ ကိုချစ်ခင်+မတင်စိန်၊ ကိုဘရွှေ+ မမိမိကြည်ဆိုတဲ့ မိုးကုတ်မြို့ ပန်းမချယ်ရီရပ်က မိသားစုနှစ်စုက မကြာမီကမှ ကွယ်လွန်အနိစ္စရောက်သွားခဲ့တဲ့ မိခင်ကြီး ဒေါ်လှိုင်အား ရည်စူးပြီးတော့၊ အဲဒီမိခင်ကြီးရဲ့ ကိုယ်စားပေါ့၊ မိခင်ကြီး အတွက်ပါပြုပေးတဲ့အနေနဲ့ မိခင်ကြီး ဒေါ်လှိုင်ကိုရည်စူးပြီးတော့ အခုပြောခဲ့တဲ့ သားသမီးများ မိသားစုနှစ်စုက အခုဒီကျောင်းတိုက်ကိုလာရောက်ပြီးတော့, အဓိက ကောင်းမှုကတော့ ရဟန်းခံ။ ဒီတော့ ရဟန်းခံဆိုတော့ ရဟန်းလောင်းက ဒီဂန္ဓာရုံကျောင်းတိုက်မှာအမြဲနေပြီးတော့, မိုးကုတ်သိမ်မှာနေပြီးတော့ သာသနာ့တာဝန် ထမ်းဆောင်နေတဲ့ရဟန်းလောင်း ရှင်နိပုဏအား ရဟန်းတော်တို့ရဲ့အသုံးအဆောင်ဖြစ်တဲ့ သက်န်းသပိတ်ပရိက္ခရာ တန်ဆာဆင်ပြီးတော့၊ ကုဋေကိုးထောင်ကျော်သိက္ခာသီလ ဖြည့်ကျင့်ရတဲ့မြင့်မြတ်တဲ့ ရဟန်းဘောင်,ရဟန်းဘဝသို့ပို့ဆောင်ခြင်း ရဟန်းခံခြင်း။

အဲဒီလိုအားဖြင့် ခုနလှူဖွယ်တန်းဖွယ်အသီးသီးကိုလည်း ရည်မှန်းထားတဲ့အတိုင်း လှူဒါန်းကြ, ဆက်ကပ်ကြ၊ အဲဒီလို ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတွေပြု

---

* ဓမ္မ-၄၊ ၂ ၃၆၇။ သုတ္တနိ-၄၊ ၁၊ ၂၅၆။

http://www.dhammadownload.com



နေတဲ့အထဲကနေပြီးတော့ တစ်ခါသီလဆိုတဲ့ကောင်းမှုတွေကလည်းပဲပါသွားတယ်၊ သံဃာတော်တွေခုလိုကပ်နိုင်အောင်စီမံဆောင်ရွက်တဲ့ဝေယျာဝစ္စသီလကုသိုလ်တွေ၊ သီလက (၅)ပါးသီလဆိုတဲ့ ထိန်းသိမ်းရတဲ့ သီလ, ရှောင်ကြဉ်ရတဲ့သီလကတစ်မျိုး၊ အခုလိုပြုလုပ်ကျင့်ကြံရတဲ့ ဆောင်ရွက်ရတဲ့ သီလကတစ်မျိုး၊ သီလက (၂)မျိုးရှိတာ။ ဒီတော့-ငါးပါးသီလဆိုတဲ့ရှောင်ရတဲ့သီလဆိုတာတော့ များသောအားဖြင့်သိကြပါတယ်၊ သူ့အသက်သတ်မှုရှောင်,သူ့ဥစ္စာခိုးမှုရှောင်,ဒါရှောင်သီလ၊ စာလိုတော့ ဝါရိတ္တသီလ-ရှောင်ရတဲ့သီလ။

ဆောင်ရတဲ့သီလကြီးဆိုတာ အခုလိုရဟန်းခံမင်္ဂလာတစ်ခုအထမြောက်အောင်ဟိုး-မိုးကုတ်ကြပ်ပြင်ကနေကတည်းကတစ်ခါတည်းစီမံလိုက်ရတာ၊ရဟန်းလောင်းအတွက်ဝယ်ရခြမ်းရ, ပစ္စည်းတွေစုရ၊ သံဃာတော်တွေကပ်ဖို့လှူဖို့သင်္ကန်းသွားဝယ်ရ၊ သင်္ကန်းတွေသယ်ရ, ပိုးရ, ထုပ်ရ, ချီရ ၊ ဒီဆင်းလာကြတော့လည်း သံဃာတော်တွေဆွမ်းကပ်ဖို့ဆိုပြီးတော့ မိမိတို့ လှူဖွယ်တန်းဖွယ်တွေပြင်ကြဆင်ကြ, အဲဒါသီလကုသိုလ်တွေချည့်ပဲ၊ အဲဒီဝေယျာဝစ္စသီလကုသိုလ်တွေအပြင်, ဒီမှာဆွမ်းလောင်းတော့လည်းပဲ အရိုအသေပေးမှုဆိုတာ အဲဒါသီလကုသိုလ်ပဲ။

အလှူခံအပေါ်ကို သက္ကစ္စ-ရိုရိုသေသေ၊ မရိုမသေပေးတာမဟုတ်ဘူး၊ တစ်ခါတည်းမုန့်တွေခဲဖွယ်တွေပစ်ပြီးတော့ ရော့-အင့်-ဆိုပြီးဒီလို တိရစ္ဆာန်တွေဘာတွေများကျွေးတဲ့အခါကျတော့ လှမ်းပစ်ပေးလိုက်တာ ရော့ဆိုပြီးတော့ ဒါပေးတာကတော့ ဒါနပဲ၊ မရိုမသေဖြစ်နေတယ်အဲဒါ၊ မရိုမသေက သီလပျက်တာ၊ သီလနဲ့ဒါနက သူ့လိုင်းနဲ့သူသွားနေတာကုသိုလ်က။ ဒီတော့အဲလို ခွေးတို့ဘာတို့စသည်ကျတော့ပစ်ပြီးတော့ကျွေး, မရိုမသေကျွေးပေါ့၊ ပေးတာကဒါန မရိုမသေကသီလပျက်တာ, စာရိတ္တသီလမပါတော့တာ။

အခုသံဃာတော်တွေ ဆွမ်းလောင်းတော့ဒီလိုမဟုတ်ဘူး၊ ရိုးရိုးသေသေခြေစုံလေးဟပ်ပြီး, လက်ကလေးနှစ်ဖက်နဲ့ လောင်းဖွယ်လှူဖွယ်တွေလှူနေတာ ဒါသီလ၊ အဲဒီထဲမှာမှ မေတ္တာဘာဝနာနဲ့သံဃာတော်တွေချမ်းသာစေချင်တယ်၊ ရဟန်းလောင်းမှာလည်း သူ့အဆင့်အားလျော်စွာ ချမ်းသာသွားစေချင်တယ်၊ ရဟန်းလောင်းပြည့်စုံသင့်တဲ့ သင်္ကန်းသပိတ်ပရိက္ခရာအပြင်, နေရာထိုင်ခင်းတွေချမ်းသာသွားအောင်မိမိတို့က ကုဋင်,ခြင်ထောင်ခေါင်းအုန်းစောင်ပစ္စည်းတွေ၊ အခုကာ လတန်ဖိုးတွေက ဘာမဆိုအကုန်တန်ဖိုးကြီးနေတာ၊ ကုန်ကျစရိတ်က

http://www.dhammadownload.com



နည်းတာမဟုတ်ဘူး၊ အဲဒါတင်ပဲကို မိမိတို့ ဒါစွန့်လွှတ်ပြီးတော့ ရဟန်းလောင်းချမ်းသာပါစေ၊ ဟော-ဒါမေတ္တာဘာဝနာပဲ။

သံဃာတော်တွေမနက်ဆွမ်း,နေ့ဆွမ်းလောင်းတော့လည်း စိတ်ထဲက သံဃာတော်တွေချမ်းသာစေချင်တယ်၊ ကော်ဖီတွေဘုဉ်းပေးပြီးတော့ စမူဆာတွေဘုဉ်းပေးပြီးတော့, ကြက်သွန်ချဉ်တွေနဲ့ဘုဉ်းပေးပြီးတော့ ချမ်းသာသွားစေချင်တယ် မျှတသွားစေချင်တယ် ဒါ-မေတ္တာပဲ၊ တစ်ဘက်သားချမ်းသာစေချင်တာ မေတ္တာ၊ အဲဒီလိုပေါ့လေ နာယကဆရာတော်တွေလည်းလှူတော့ လှူတဲ့အလျောက်၊ ပရိသတ်တွေကျွေးတော့လည်းကျွေးတဲ့အလျောက်၊ အလှူ့ဒကာ,အလှူ့ဒကာမတွေရဲ့ ဝမ်းထဲမှာ မေတ္တာရှိနေတယ်၊ မေတ္တာရောက်နေတယ်၊ ချမ်းသာစေချင်တဲ့ ဓာတ်ကလေးကိန်းနေတယ် ဒါ-မေတ္တာ။ အဲလိုအားဖြင့်-ဒါန,သီလ,ဘာဝနာ၊ သမထဘာဝနာခေါ်တဲ့မေတ္တာဘာဝနာ။

ဒီထဲဘုရားဂုဏ်အာရုံပြုတော့-ဘုရားရဲ့ဂုဏ်တော်တွေဆီစိတ်ရောက်နေတယ်၊ ဘုရားသားတော်တွေ, ဘုရားသာသနာတော်ထမ်းရွက်နေတော်မူကြတာ၊ ဘုရားသာသနာတော်ကြီးထမ်းရွက်တော်မူနေကြတာနဲ့ ဘုရားကဦးထိပ်ကပါလို့ ဗုဒ္ဓါနုဿတိ၊ သံဃာနုဿတိ-သံဃာတွေဂုဏ်အာရုံပြုနေ။ မိမိတို့လှူတဲ့တန်းတဲ့အလှူကလေးပြန်ပြန်ပြီးတော့ သတိရတိုင်း၊ မိမိတို့ဆိုပါတော့-မနက်ကခုလောင်းခဲ့, လှူခဲ့တာတွေပြန်ပြီးစဉ်းစားလိုက်, သတိရ၊အဲ-မနက်ဆွမ်းတော့ အောင်သွားပြီ. . . ဒါစာဂါနုဿတိ၊ စာဂ-မိမိစွန့်ကြဲခဲ့တာကို၊ အနုဿတိ-ပြန်ပြီးသတိရ, ဝမ်းသာနေတာ။

အဲဒီလိုအားဖြင့်ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေဖြစ်ပွားနေတယ်၊ ဖြစ်ပွားနေတော့ကုသိုလ်ဖြစ်ရုံတင်မကဘူးတစ်ဘက်က အကုသိုလ်ခေါ်တဲ့အညစ်ဓာတ် အမိုက်ဓာတ်ကိုလည်းသူကရှင်းပစ်လိုက်ရာရောက်သွားတယ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်၊ မီးထွန်းလိုက်တဲ့သူဟာ ထွန်းတာကတော့ မီးထွန်းနေတာပဲသူက၊ အဲ-မီးလည်းသူကထွန်းလိုက်ကရော, အမှောင်တွေကိုသူကဖျောက်လိုက်သလိုဖြစ်သွားတယ်၊ အမိုက်တွေကိုတွန်းပစ်လိုက်သလိုဖြစ်သွားတယ်၊ မီးခြစ်ကလေးခြစ်တဲ့ပြီးတော့ ဖယောင်းတိုင်လေးတို့သည့်နဲ့တစ်ပြိုင်နက်, အဲဒီ ပတ်ဝန်းကျင်ကြီးလင်းအောင်သူပြုလိုက်သည်နဲ့တစ်ပြိုင်နက် အမှောင်တွေကိုလည်းပဲ သူကဖယ်ပစ်လိုက်သလိုဖြစ်သွားတယ်၊ ဒါတမင်သူက အမှောင်တွေကို ဖယ်မယ်,

http://www.dhammadownload.com



ဖယ်မယ်ဆိုတဲ့ စိတ်ကပါချင်မှပါမယ်၊ သို့သော်-လင်းအောင်ထွန်းလိုက်အုံးမယ်၊ မြင်ရအောင်ထွန်းလိုက်အုံးမယ်ဆိုပြီးတော့ မီးလုံးလေးဖွင့်လိုက် (သို့မဟုတ်) မီးလေးထွန်းပေးလိုက်သည်နဲ့ တစ်ပြိုင်နက် အမှောင်တွေတစ်ခါတည်း တွန်းပစ်လိုက်သလို၊ ဖယ်ပစ်လိုက်သလို၊ ရှားပစ်လိုက်သလိုဖြစ်သွားတယ်၊ ဒါ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ။

အဲသလိုပဲခု ရဟန်းဒကာရဟန်းအမဖြစ်ကြတဲ့ ကိုချစ်ခင်တို့ မတင်စိန်တို့၊ ကိုဘရွှေ မမိမိကြည်တို့ သန္တာန်မှာ၊ အားလုံးဒကာဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ သန္တာန်မှာ ကုသိုလ်ဆိုတဲ့ အလင်းဓာတ်ကြီးထွန်းနေကြတာခု၊ ဒါနကုသိုလ်ကောင်းမှုတွေအလင်းဓာတ်တွေထွန်းလိုက်၊ သီလကုသိုလ်ကောင်းမှုတွေ၊ ဘာဝနာကုသိုလ်ကောင်းမှုတွေ၊အလင်းဓာတ်တွေ၊အဝင်းဓာတ်တွေ၊ အရှင်းဓာတ်တွေတောက်အောင်ကိုယ့်ကိုယ်ကိုပြုနေတော့၊ ပြုရင်းနဲ့အမှောင်ဓာတ်တွေက ပျောက်သွားတယ်၊ အမိုက်ဓာတ်တွေက ပျောက်သွားတယ်။

အမိုက်ဓာတ်အမှောင်ဓာတ်ဆိုတာ ဘာတုန်းဆိုတော့ အကုသိုလ်တရား၊ လောဘ၊ ဒေါသ၊မောဟ၊ ဦးဆောင်တဲ့ ထောင့်ငါးရာကိလေသာကအမှောင်ဓာတ်ကြီး၊အမည်းဓာတ်ကြီး၊ အညစ်ဓာတ်ကြီး၊ အပေဓာတ်ကြီးသူက။ အဲဒီအမှောင်ဓာတ်အမည်းဓာတ်တွေအမိုက်ဓာတ်တွေဟာ ဒီကကုသိုလ်ဆိုတဲ့ တရားနဲ့ ဒီကအလင်းထွန်းလိုက်သည်နဲ့တစ်ပြိုင်နက် သူတို့နောက်ဆုတ်သွားတယ်၊ ဖယ်သွားရတယ်၊ ပျောက်သွားရတယ်၊ ရှားသွားရတယ်။ ဟော-ဒီတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပဲ၊ လုပ်တာကတော့ ကုသိုလ်လုပ်လိုက်တာ အကုသိုလ်အမှောင်ဓာတ်ပါတွန်းပြီး ဖယ်ပြီးဖြစ်သွားတယ်၊ ကိလေသာအမှောင်ထုကို ဖြိုဖျက်ဖို့ပြုချလိုက်တာ။

ဒါ့ကြောင့်-ဒီနေ့ရဟန်းလောင်းရှင်နိပုဏကို၊ မိမိတို့က ရဟန်းပြုပေးရင်းနဲ့ မိမိတို့လည်း ဒီနေ့ဘိက္ခုဖြစ်တဲ့နေ့လို့ဟောဒီလိုမှတ်ထား၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပဋ္ဌဂ္ဂဒါယကပုဏ္ဏားဇနီးမောင်နှံကိုဟောတဲ့ ဓမ္မပဒဒေသနာတော်နဲ့ကြည့်ရင် ဒီနေ့ရဟန်းဒကာရဟန်းအမများဖြစ်ကြတဲ့ ကိုချစ်ခင်+မတင်စိန်တို့လည်းဘိက္ခုဖြစ်တဲ့နေ့ပဲ၊ ကိုဘရွှေ+မမိမိကြည်တို့လည်းဘိက္ခုဖြစ်တဲ့နေ့ပဲ၊ ရှင်နိပုဏကိုရဟန်းဖြစ်အောင်ပြုပေးရင်းနဲ့ မိမိတို့လည်းဘိက္ခုဖြစ်တာ၊ သူ့ကိုဘိက္ခုပြုပေးရင်း၊ ကိုယ့်ဘိက္ခုဖြစ်အောင်လုပ်တာ၊ ရဟန်းကိုပါဠိလို ဘိက္ခုလို့ခေါ် လိုက်တယ်လေ၊ သူ့ကို ဘိက္ခုဖြစ်အောင်ပြုပေးရင်းနဲ့ ကိုယ့်ဘိက္ခုဖြစ်အောင်ပြုရာရောက်

http://www.dhammadownload.com



တယ်. . . တဲ့ မိမိတို့လည်းဘိက္ခုဖြစ်တော့တာပဲ။

ဒီတော့-ဘိက္ခုဆိုတာ ဘာခေါ်တာတုံး၊ ဘယ်လိုဟာကိုဘိက္ခုခေါ်တာတုံးလို့ အဲဒီပဥ္စဂ္ဂဒါယကပုဏ္ဏားဇနီးမောင်နှံဇာတ်ကြောင်းမှာ ပုဏ္ဏားကမသိလို့မေးရှာတာ၊ အဲဒီအမေးကိုမြတ်စွာဘုရားက ပြန်ဖြေတယ်၊ ဘိက္ခုဆိုတာဘယ်လိုဟာကိုဘိက္ခုခေါ်တယ်၊ ဘုရားရှင်ဖြေတဲ့အခန်းပါလာတယ်၊ ဒီတော့-ဘိက္ခုဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဘိက္ခုတုံး၊ ဒို့အခုသိနေကြတာကတော့ ဒကာဒကာမတွေသိနေတာက ရဟန်း,ရဟန်းဆိုရင်ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်၊ ပြီးတော့ ဝါဝါဝတ်ပြီးတော့, သပိတ်ပိုက်ထားတဲ့ပုဂ္ဂိုလ်မှဘိက္ခုလို့ထင်ကြတယ်၊ ရဟန်းလို့ထင်ကြတယ်၊ မြန်မာလိုတော့ရဟန်းပေါ့၊ ပါဠိလိုတော့ဘိက္ခု။ မြတ်စွာဘုရားကမဟုတ်ဘူးတဲ့၊ ဘိက္ခုက (၂) မျိုးရှိတာ၊ ရဟန်းက (၂)မျိုးရှိတာ၊ အဲဒီဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်ပြီးတော့, ဝါဝါဝတ်တဲ့ဘိက္ခုကတစ်မျိုးတဲ့၊ ဆံကိုမပယ်ဘဲနဲ့ ဆံရှည်နဲ့ဝတ်ကြောင်လို့ဝတ်ထားတဲ့ဘိက္ခုကလည်းတစ်မျိုးတဲ့၊ ဘိက္ခုဆိုတာ ဆံမုတ်ဆိတ်ကျင်စွယ်ပယ်ရုံနဲ့ ဝါဝါသင်္ကန်းလေးပတ်ရုံနဲ့ ဘိက္ခုမခေါ်ဘူးတဲ့၊ ဘိက္ခုခေါ်တယ်ဆိုတာ ဘယ်လိုမှ ခေါ်တုံးလို့ဆိုပြီးတော့ အဲဒီပုဏ္ဏားဇနီးမောင်နှံကိုပြောတာ။

ဒီတော့အဲဒီပုဏ္ဏား ဇနီးမောင်နှံပြောတဲ့အခန်းလေး,သူတို့ကိုချွတ်တဲ့အခန်းအရင်ဆုံးသိရအောင်ပြောရရင်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကသာဝတ္ထိမြို့ဇေတဝန်ကျောင်းသီတင်းသုံးနေတော့၊ တစ်ခုသောမနက် နံနက်စောစော အရုဏ်တက်မှာ ဘုရားတို့မြွတာ ကျွတ်ထိုက်တဲ့သတ္တဝါကမ္ဘာလောကထဲ သဗ္ဗညုတဉာဏ်ကြီးဖြန့်ကျက်ပြီးတော့ရှာလိုက်တော့ သာဝတ္ထိမြို့စွန် လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက်တဲ့ ပုဏ္ဏားဇနီးမောင်နှံနှစ်ဦး ဉာဏ်ထဲထင်လာတယ်၊ သူတို့နှစ်ဦးက နာမည်ဘယ့်နှယ့်တွင်နေတုန်းလို့ဆိုတော့ ပဥ္စဂ္ဂဒါယက ပုဏ္ဏားဇနီးမောင်နှံလို့ အရပ်ထဲကသိနေကြတယ်။

ဘာပြုလို့သူတို့ ပဥ္စဂ္ဂဒါယကခေါ်တုန်းဆိုတော့ သူတို့ကလယ်ယာလုပ်ငန်းနဲ့ အသက်မွေးတာဖြစ်တော့၊ သူတို့ကစပါးကောက်ဦးပေါ်လာရင် ဦးဦးဖျားဖျားသံဃာတော်တွေကို လှူလေ့ရှိတယ်၊ အဲဒီလိုကောက်ဦးပေါ်ရင်,တလင်းဦးပေါ်ရင်, တလင်းစလုပ်တဲ့အချိန်,လယ်စဆင်းတဲ့အချိန်နဲ့ အဲဒီလို ဘာလုပ်ငန်းလုပ်လုပ်ပေါ့လေ သူကလယ်စထွန်တော့မယ်ဆိုထွန်ခါနီး လယ်ထွန်ဦးဆိုပြီးတော့ ဆွမ်းကျွေးလိုက်သေး၊ တတ်နိုင်သမျှ တစ်ပါးပဲတတ်နိုင်တတ်နိုင်သူကဆွမ်းလောင်းသေး

http://www.dhammadownload.com



တယ်၊ ဒီလို စပါးတွေရိတ်တော့မယ်ဆိုရင် ရိတ်ဦးအလှူဆိုပြီးတော့ ဒီလိုလုပ်လိုက်သေးတယ်၊ ကောက်လှိုင်းတွေအိမ်တိုက်လာပြီဆိုရင် ကောက်လှိုင်းပုံတိုက်ဦးအလှူ စပါးတွေနယ်ပြီဆိုတော့ နယ်ဦးအလှူနဲ့ ဒီလိုသူကဦးဦးဖျားဖျားလှူဖို့တန်းဖို့ကုသိုလ်ကောင်းမှုပြုဖို့လုပ်လေ့လုပ်ထရှိလို့ သူတို့ကို ပဉ္စဂ္ဂဒါယကာ။ ပဉ္စ-ငါးမျိုးသော၊ အဂ္ဂ-အဦးအဖျား၊ ဒါယက-လှူလေ့တန်းလေ့ရှိတဲ့ ပုဏ္ဏားဇနီးမောင်နှံလို့နာမည်တွင်နေတယ်၊ အဲသူတို့နှစ်ယောက်ပဲ ဉာဏ်ထဲထင်လာတယ်ဘုရားက။

ထင်လာတော့ ဩော်-ပုဏ္ဏားဇနီးမောင်နှံနှစ်ယောက်ဉာဏ်ထဲထင်လာတယ်၊ သူတို့ငါသွားချွတ်ရမှာပါလား. .၊ သူတို့ဘယ်ပုံချွတ်ရပါလိမ့်မတုန်း"လို့ချွတ်ရမယ့်အချိန်တရားဟောရမယ့်အချိန်ဘုရားရှင်များကလည်းကြည့်ရသေးတာ၊ ဘယ်အချိန်သွားဆီသွားရမယ် တရားကဘယ်လိုဟောရမယ်၊ ငါလယ်ထဲကနေပြန်လာတဲ့အချိန်ငါသွားရမှာပါလား. . သူတို့အိမ်ဆွမ်းခံသွားရင်အိမ်ပေါက်ကရပ်ပြီးတော့ငါတရားဟောရမှာပါလား၊ ဘာတရားဟောရမှာပါလားနဲ့ ဘုရားကမြင်ပြီးတော့မှ၊ အဲဒါ-မြတ်စွာဘုရားက အဲဒီနေ့ဒိပြင်ရဟန်းတော် သံဃာတော်တွေ မြို့ထဲရွာထဲဆွမ်းခံကြွတဲ့အချိန် ဘုရားကဆွမ်းခံမလိုက်တော့ဘူး အဲဒီနေ့ ဂန္ဓကုဋီတံခါးလေးစေ့ထားတယ်၊ ဘုရားသီတင်းသုံးတဲ့ ဂန္ဓကုဋီတံခါးမ စေ့ထားလိုက်တယ်။

အဲလိုတံခါမ စေ့ထားရင် သံဃာတော်တွေကသိတာပဲ၊ မြတ်စွာဘုရားက သံဃာတော်တွေနဲ့နေ့စဉ်ထုံးစံအတိုင်းလို ခုလိုမနက်စောစော (၆)နာရီခွဲ(၇)နာရီ မြို့ထဲဆွမ်းခံဝင်မယ်ဆိုရင် ဘုရားကဂန္ဓကုဋီတံခါးမ ကိုဖွင့်ထားတယ်၊ ဖွင့်ထားရင် သံဃာတော်တွေကဘုရားကျောင်းနားလာပြီးတော့ သက်န်းရုံပြီးတော့ သပိတ်နဲ့စောင့်ကြတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမြို့ထဲဆွမ်းခံလိုက်လိမ့်မယ်၊ သံဃာတော် များ, ရှေ့တော်ဖျားက, မားမားမတ်မတ်, ရွှေတောင်ကြီးလို့ကြွတော်မူလိမ့်မယ်လို့ ဒီလိုသိတယ်၊ ဟာ-တံခါလေးစေ့ထားရင်တော့ အဲဒါဒီနေ့ဘုရားဆွမ်းခံမကြွဘူး၊ အကြောင်းထူးတစ်ခုရှိတယ်လို့ ဒီလိုသိတယ်၊ ဒါထုံးစံ။ ဒီတော့-ဘုရားက အဲဒီနေ့တံခါးစေ့ထားတော့ သံဃာတော်တွေက "ဩော်ဘုန်းတော်ကြီးဘုရားဒီနေ့အကြောင်းကိစ္စရှိတယ်ထင်တယ်၊ ဒို့နဲ့ဆွမ်းခံမလိုက်တော့ဘူးဆိုပြီးတော့ သံဃာတော်တွေက ဆွမ်းခံဝင်သွားကြ။

အဲ-သံဃာတော်တွေဆွမ်းခံပြန်လို့(၉)နာရီ(၁၀)နာရီလောက်ကိုရှိမှ မြတ်စွာဘုရားတစ်ပါးတည်းသပိတ်ပိုက်ပြီးတော့ ခုနက ပဉ္စဂ္ဂဒါယကပုဏ္ဏားဇနီးမောင်

http://www.dhammadownload.com



နဲ့အိမ်ပေါက်ဆွမ်းသွားရပ်၊ အဲဒီအချိန်မှာ လယ်ရှင်ပုဏ္ဏားက ခင်းပွန်းသည်ဖြစ်တဲ့ ပုဏ္ဏားကလယ်ထဲကပြန်လာပြီးတော့ မောမောပန်းပန်းနဲ့အိမ်မှာထမင်းစားနေတဲ့ အချိန်၊ ပုဏ္ဏေးမက ဇနီးသည်ဖြစ်တဲ့သူကလည်းထမင်းပါခူးခပ်ပြီးတော့ သူ့ခင်ပွန်းသည်ကို ထမင်းကျွေးရင်းနဲ့ဘေးနားက ယပ်ခပ်ပေးနေတဲ့အချိန်၊ ပုဏ္ဏားက ထမင်းစားနေတာက အိမ်ဝင်းခြံပေါက်ဘက်ကိုကျောပေးပြီးတော့စားနေတာ၊ ဇနီးသည်ကတော့ ခြံဘက်ကိုမျက်နှာမူပြီးတော့သူ့ခင်ပွန်းသည်ထမင်းတို့ဘာတို့ကုန်ရင် ထည့်ပေးဖို့၊ ယပ်တောင်လေးဘာလေးခပ်ရင်းနဲ့ ဘေးနားကစကားပြောရင်းနဲ့ထိုင်ပြီးထမင်းကျွေးနေတဲ့အချိန် ဘုရားကအိမ်ပေါက်ကနေဆွမ်းရပ်ပါရော။

ဆွမ်းလာရပ်တော့ ပုဏ္ဏားကတော့ အိမ်ခြံပေါက်ကျောပေးစားနေတာဆိုတော့ မသိဘူးပေါ့၊ ပုဏ္ဏေးမကမြင်တယ်၊ "ဩော်-ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဆွမ်းလာရပ်နေပါလား၊ သူ-မလောင်းချင်လို့တော့ မဟုတ်ဘူး သဒ္ဓါတရားကတော့ ရှိတယ်၊ ထမင်းတွေဟင်းတွေကလည်းကုန်ပြီ၊ ငါ့အတွက်ကလည်းငါကစောစော ကစားပြီးပြီ၊ အခုခင်ပွန်းသည်အတွက် တစ်ယောက်စာကျန်တာလည်းခူးခပ်ကျွေး လို့အိုးထဲလည်းမကျန်တော့ဘူး၊ အင်းဘုရားဆွမ်းရပ်နေတယ်လို့ ငါပြောလိုက်လို့ ရှိရင်လည်း ငါ့ခင်ပွန်းသည်က အခုစားနေတဲ့လက်စ ဆွမ်းတွေဟင်းတွေလောင်း တော့မှာပဲ၊ အဲသူလောင်းတာကိုစွမရှိဘူး လောင်းပြီးသူ့စားဖို့အတွက် ငါကပြန်ချက် ရလိမ့်မယ်၊ အဲဒါလေး ပြန်ချက်ပေးရမှာသူနည်းနည်းပျင်းတယ်၊ နေကလည်းမြင့် နေပြီဆိုတော့ တယ်မချက်ချင်ဘူး။

ဒါနဲ့ ကဲလေငါလည်းမမြင်ချင်ယောင်ဆောင်ပြီးတော့ခေါင်းငုံ့နေမယ်၊ ဒါမှ ဘုရားကြာကြာတော့ မရပ်တန်ရာပါဘူး၊ ဒီတော့ဆွမ်းလောင်းမယ့်ပုံမပေါ် လို့ရှိရင် ကြွလိမ့်မယ်ပေါ့ဆိုပြီးတော့ သူကဘုရားဆွမ်းရပ်တာ မမြင်ချင်ယောင်ဆောင်ပြီး တော့ငုံ့နေတယ်၊ ပုဏ္ဏားကြီးကတော့ သူ့ဘာသူရှိုးရာအတိုင်းပေါ့လေ ကျောပေး စားနေတာဆိုတော့မမြင်ဘူး၊ ထမင်းစားနေတာ ပုဏ္ဏားတို့ထုံးစံအတိုင်းကြေး လင်ပန်းကြီးနဲ့ ဒီလိုစားတာကိုး၊ ဒါနဲ့ဘုရားကလည်း မကြွဘူးအတော်နဲ့ ပုဏ္ဏေးမက လည်းလှမ်းကြည့်လိုက်၊ ဘုရားကလည်းမကြွနိုင်၊ "အင်း-ဒုက္ခပါပဲ ပုဏ္ဏားကြီးလှည့် ကြည့်ရင်တော့မြင်တော့မှာပဲ" သူကလည်းစိတ်တွေကိုဘာလောင်းဆံနေပြီ။ ဒါနဲ့ ဘုရား လှမ်းကြည့်လိုက်တော့လည်းကြွမယ့် ပုံမပေါ်ဘူး၊ ဒါနဲ့ဘုရားမြင်လောက် အောင် သူကနည်းနည်းသူက ဟို-ကိုယ်ဟန်လေးပြတဲ့ပြီးတော့၊ ကန်တော့ဆွမ်းပါ လို့ဆိုတာကို ပါးစပ်ကပြောလိုက်ရင် ပုဏ္ဏားသိသွားမှာစိုးလို့၊ အသံထုတ်ပြီးပြော

http://www.dhammadownload.com



ရင်လည်း ပုဏ္ဏားသိသွားမှာစိုးလို့၊ အသံတော့ မထုတ်ဘဲနဲ့သူကခေါင်းရမ်းပြပြီး တော့ နည်းနည်းလက်ကလေး, ယပ်တောင်လေးနဲ့ရမ်းပြပြီးတော့ သွားပါအုန်းပေါ့ လေ၊ ကန်တော့ဆွမ်းပါဆိုတဲ့အနေမျိုးဟန်နဲ့ သူကပြလိုက်တယ်။

ဒီတော့-မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းပြန်ပြီးတော့ "ဟင်း မသွားဘူးတဲ့"ခေါင်းပြန်ရမ်းပြတယ်၊ ဆွမ်းခံရင်းနဲ့၊ ဒီတော့-ဘုရားရှင်ကိုယ်တော် မြတ်ကြီးလို တကယ့်ပုဂ္ဂိုလ်ထူးကြီးက မသွားဘူးဆိုတဲ့အနေနဲ့ခေါင်းပြန်ရမ်းပြလိုက် တော့ ပုဏ္ဏေးမက မနေနိုင်ဘူးသူကရယ်ချင်နေတာ၊ ဒါနဲ့သူက ဟက်ဟက်ပက်ပက် ရယ်လိုက်မိတယ်၊ အဲလိုရယ်လိုက်တော့မှ ပုဏ္ဏားက "ဟဲ့ဘာတုံးရှင်မရ" ဆိုပြီး တော့ လှည့်ကြည့်တော့မှ ဘုရားမြင်တော့ "အိုမြတ်စွာဘုရားဆွမ်းလာရပ်နေပါ လား၊ ဒို့ စားစရာသောက်စရာက ငါထမင်းတွေစားနေတာက တဝက်တောင်ကျိုး လာပြီ၊ ဘယ့်နှယ့်လုပ်ရပါ့မတုံး"ဆိုပြီးကဗျာကယာနဲ့သူထမင်းလင်ပန်းကြီး မ,သွားပြီးတော့ "အရှင်ဘုရား တပည့်တော်စားနေတာလည်းတစ်ဝက်ကျိုးနေပြီ ဘုရား၊ အရှင်ဘုရားမျှား ဒီလိုစားလို့ကျန်တဲ့တဝက်ကျန်ကိုလည်းအလှူမျှားခံပါ သလားဘုရား" မေးတော့ ဘုရားရှင်က "ပုဏ္ဏားတဲ့ ဒို့အလှူခံစားဆိုတာ တစ်ဝက် ကျန်လှူလည်းပဲအလှူခံပါတယ်၊ သုံးပုံပုံတစ်ပုံကျန်နေတာလှူလည်းပဲအလှူခံပါ တယ်၊ ဒို့ အလှူခံဆိုတာ--

မယံ ဟိ ပြဟ္မဏ ပရဒတ္တူပဇီဝိ။

ပုဏ္ဏား--တဲ့ ငါတို့က သူတစ်ပါးနဲ့စပ်ပြီးတော့ အသက်မွေးရတာဖြစ်တော့ လောင်းသမျှလှူသမျှ အလှူခံပါတယ်. . တဲ့၊ သုံးဆောင်ပါတယ်လို့ပြောလိုက်တော့ ပုဏ္ဏားဝမ်းသာလိုက်တာ၊ ဒီတော့-ပုဏ္ဏေးမကလည်းအဲဒီကျတော့ စိတ်ထဲနည်း နည်းအေးသွားတယ်၊ ဒါနဲ့သူတို့ဇနီးမောင်နှံနှစ်ယောက်ဝမ်းမြောက်ဝမ်းသာနဲ့ ပုဏ္ဏား က သူစားလို့ကျန်နေတဲ့ တဝက်ကျန်ထမင်းတွေဟင်းတွေ ဘုရားသပိတ်ထဲလောင်း ထည့်၊ ဘုရားကသပိတ်ဖွင့်ပေး၊ ဖွင့်ပေးတော့မှလောင်းထည့်ပြီးတော့ တကတည်း ဝမ်းသာလိုက်တာ၊ အဲဒီတင်လင်ပန်းလေးပြန်ချ လက်ကလေးသုတ်ပြီးတော့ ဝတ် ချတယ်ဘုရားကို၊ ဝတ်ချပြီးတော့မှ ပုဏ္ဏားက ဖျတ်ကနဲ့ဆိုပြီးသူကသတိရတယ်၊ "မှန်လှပါဘုရားတပည့်တော် အရှင်ဘုရားနဲ့တွေ့ရင်မေးချင်နေတာလေး ပြဿနာ လေးတစ်ရပ်တပည့်တော်မေးချင်နေတာ၊ စိတ်ထဲကြာပြီဘုရား. . မေးချင်နေတာ အဲဒါလေးမေးပါရစေ" မေးပါ မေးပါ မေးပါ. . "ဘုရားက၊ ဒီလိုပြဿနာမေးလိမ့်

http://www.dhammadownload.com



မယ်ဆိုတာ ဘုရားကမြင်ပြီးသား။

ဒီတော့ "မေး မေး ဘာမေးချင်တုံး"ဆိုတော့မှ ပုဏ္ဏားကမေးတယ်၊ "အရှင်ဘုရားရဲ့သာသနာတော်ကို ဝင်လာတဲ့ပုဂ္ဂိုလ်တိုင်း,ပုဂ္ဂိုလ်တိုင်းကို ဘယ်လို အမျိုးကပဲဝင်လာလာ၊ ဘိက္ခုလို့ အရှင်ဘုရားကခေါ်တော်မူတယ်၊ နာမည်ပေး တော်မူတယ်၊ မင်းမျိုးစိုးမျိုးကဝင်လာလည်းပဲ၊ အရှင်ဘုရားသာသနာတွင်းဝင် လာရင် ယောက်ျားပဲဖြစ်ဖြစ်,မိန်းမပဲဖြစ်ဖြစ်,ဘိက္ခုလို့နာမည်ပေးလိုက်တယ်၊ ပုဏ္ဏား မျိုးကဝင်လာတဲ့သူလည်းဘိက္ခု၊ တောင်သူလယ်ယာကိုင်းကျွန်းလုပ်ကိုင်တဲ့သူပဲဖြစ် ဖြစ်၊ သူဋ္ဌေးသူကြွယ်ကလာတဲ့သူဖြစ်ဖြစ် ဘယ်လိုအစားကလာလာ၊ အရှင်ဘုရားရဲ့ တပည့်သားသံဃာဖြစ်ရင် ရဟန်းယောက်ျား,ရဟန်းမဖြစ်ရင် ဘိက္ခုလို့ချည်းခေါ် တယ်ဘုရား . . တဲ့၊ အဲဒါဘာပြုလို့ဘိက္ခု,ဘိက္ခုလို့ခေါ်တာတုံး၊ ဘာပြုလို့ဘိက္ခု ခေါ်တာတုံး၊ ဘိက္ခုဆိုတာဘယ်လိုပုဂ္ဂိုလ်ခေါ်တာတုံး"လို့ မေးတာ ပုဏ္ဏားက။ ဒီတော့မှ ဘုရားက-

**သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ၊**
**အသတာ စ နသောစတိ, သဝေ "ဘိက္ခူ"တိ ဝုစ္စတိ။**

ယဿ-အကြင်ပုဂ္ဂိုလ်၏သန္တာန်၌၊ သဗ္ဗသော-ကြွင်းမဲ့ဥဿုံ,အလုံးစုံအား ဖြင့်၊ နာမရူပသ္မိံ-နာမ်ရုပ်နှစ်ဖြာ,ငါးခန္ဓာအပေါ်၌၊ မမာယိတံ-ငါ့ကိုယ်ငါ့ဟာ, ငါ့ ဥစ္စာနှင့်,ငါပါစွဲငြိ၊ ဒိဋ္ဌိတဏှာ, အစဖြာသည့်, များစွာသောင်းသောင်း, ကိလေသာ အပေါင်းသည်၊ နတ္ထိ-ပယ်ဟန်သုံးတန်,ပယ်ခွင်းလှန်သဖြင့်,အမှန်လှစ်ဖွေ,မရှိတော့ ချေ၊ အသတာစ- ရုပ်နာမ်နှစ်ခင်း, မရှိခြင်းကြောင့်လည်း၊ နသောစတိ-စိုးရိမ်ပူဆွေး, စိတ်မအေးခြင်း,မဖြစ်တော့ချေ၊ သ(သော)-ထိုကဲ့သို့တောင့်တလည်းကင်း, ကြောင့်ကြရှင်း၍,စိတ်ရင်းစင်ရိုး,ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကို၊ ဘိက္ခူတိ-ကိလေသာ စု,ဖြိုဖျက်မှုကြောင့်, ဘိက္ခုမည်၏ဟူ၍၊ ပဝုစ္စတိ-ဗျူပ္ပတ်အလိုက်, ရုပ်ဓာတ်ကိုက် အောင်, သမိုက်အပ်လေတော့သတည်း. . .။

သာဓု. . သာဓု. . . သာဓုပါဘုရား။

ပုဏ္ဏား. . တဲ့ ဘိက္ခု,ဘိက္ခုလို့ခေါ်တယ်ဆိုတာ ကိလေသာစုဖြိုဖျက်မှုပြုတဲ့ သူတိုင်း ကိလေသာကိုပယ်ရှင်းမှုပြုတဲ့သူတိုင်း ဘိက္ခုလို့ခေါ်တယ်၊ ငါဘုရားရဲ့ သာသနာတော်ဝန်ကိုထမ်းလာတဲ့ပုဂ္ဂိုလ်တွေကိုသာ ဘိက္ခုခေါ်သည်မဟုတ်၊

http://www.dhammadownload.com



ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်ပြီးတော့ ဝါဝါ ဝတ်ကိုပြောင်းဝတ်လာတဲ့ ပုဂ္ဂိုလ်တွေမှသာ ဘိက္ခုခေါ်သည်မဟုတ်၊ ကိလေသာစု,ဖြိုဖျက်မှု,ပြုတဲ့သူတိုင်းကို ဘိက္ခုလို့ခေါ်တယ် ပုဏ္ဏား. . ဘိက္ခုလို့ခေါ်တယ်၊ ငါ့ဘုရားသာသနာတော်ဝင်လာတဲ့ ပုဂ္ဂိုလ်တွေကတော့ အထူးကိုသူတို့ကကိလေသာဖြိုဖျက်မှုကိုပြုလို့ သူတို့ကိုဘိက္ခုလို့နာမည်ပေးလိုက်တာပဲ။ အမှန်စင်စစ်ကတော့ အခုသင်တို့ဇနီးမောင်နှံဟာ အခုငါဘုရားရဲ့သပိတ်ထဲမှာ ထမင်းကျန်ဟင်းကျန်ကို လောင်းပြီးတော့နေတဲ့အချိန်ဘိက္ခုပဲ. . . တဲ့ ဘိက္ခုပဲသင်တို့နှစ်ယောက်။ ဒီတော့-ပုဏ္ဏားဇနီးမောင်နှံနှစ်ယောက်ကစိတ်ပါဝင်စားစွာနဲ့ နားစိုက်နေတယ်။ အလို. . . ဒို့လည်းဘိက္ခုဆိုပါလား၊ ဟင်-သူ့ရဲ့ဒီသင်္ကန်းဝင်ဝတ်မှ ခေါင်းတုံးရိတ်မှ ဒို့ကဘိက္ခုထင်နေတာကြည့်ပါအုန်း ဒို့လည်းဘိက္ခုဆိုပါလားနဲ့ စိတ်ထဲကစိတ်ဝင်စားပြီး နားစိုက်နေတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း သင်တို့နှစ်ယောက်လည်းအခုဘိက္ခုပဲတဲ့၊ ဘာပြုလို့တုန်းဆိုတော့ ကိလေသာဖြိုဖျက်မှုပြုလို့လေ၊ အခုသင်တို့ဘာကိလေသာဖြိုဖျက်တုံးဆိုတော့၊ အခုစားပြီးနေတဲ့ထမင်းလက်ကျန်၊ ကိုယ့်စားနေတဲ့ထမင်းအစာအာဟာရအပေါ်မှာ ဒါငါ့ပစ္စည်း,ဒါငါ့ဟာ, ဒါငါ့ဥစ္စာ, ဒါငါ့ပစ္စည်းဒါ-လောဘ။ အဲဒီ စားနေတဲ့ကိုယ်ထမင်းစားခါနီး စားဆဲ,စားလို့ တစ်ဝက်ရောက်နေတဲ့ဟာကို သူများပေးနိုင်တယ်ဆိုတာ၊ နည်းနည်းနောနော သတ္တိမှတ်လို့၊ ကိုယ်စားကောင်းနေတုန်းဟာကို သူများပေးရတာလွယ်တဲ့ကိစ္စမှတ်လို့။ ဒီတော့အခုပုဏ္ဏားဇနီးမောင်နှံနှစ်ယောက်က သူတို့စားနေတဲ့ထမင်းဟင်းကို ပုဏ္ဏားကြီးကပေးနိုင်တယ်၊ ဇနီးကသဘောတူတယ်။ ဒီတော့ ဒီထမင်းဟင်းအပေါ်မှာတွယ်တာနေတဲ့လောဘကိုဖြိုချလိုက်တာပဲ၊ လုပ်တာကတော့ဆွမ်းလောင်းတယ်ဆိုတဲ့ ဒါနကောင်းမှုပြုတာပြုတာက မီးထွန်းတာ။ မီးထွန်းလိုက်သည်နဲ့တစ်ပြိုင်နက် လောဘဆိုတဲ့အမှောင်ထုကြီး တစ်ခါတည်း ဖြိုချလိုက်တယ်။

ဒီတော့ သတ္တဝါတိုင်းသတ္တဝါတိုင်းဟာကိုယ့်ပစ္စည်းပေါ်မှာလောဘဆိုတဲ့အမှောင်ထုကြီးကအမြဲဝင်နေတာ။ အခုဒီနေ့ရဟန်းဒကာ,ရဟန်းအမဖြစ်ကြတဲ့မိသားစုတွေ၊ သံဃာတော်(၇၀၀)ကျော်ကို မနက်ဆွမ်း နေ့ဆွမ်းတွေလောင်းကြလှူကြတော့ တစ်သောင်းကျော်ကုန်တာနော်၊ မနက်ဆွမ်း နေ့ဆွမ်းနှစ်ထပ်ကပ်တယ်ဆိုရင် တစ်သောင်းနှစ်ထောင်ကုန်တာဆွမ်းကပ်တာတင်,ဆွမ်းကပ်တာတင်၊ ဟို-ရဟန်းလောင်း လှူတာတန်းတာတွေ နာယကဆရာတော်တွေနဲ့ဆရာတော်

http://www.dhammadownload.com



တွေကို လှူတာတန်းတာတွေ ဒါတွေမပါသေးဘူး၊ ဒီဆွမ်းကပ်တာတင်ကိုပဲတစ်သောင်းကျော်။

ဒီတော့ ဒီနေ့ကုန်ကျသွားတဲ့ ပစ္စည်းဝတ္ထုတွေပေါ်မှာ မလှူခင်တုန်းက ဘယ့်နယ့်နေတုံးဆိုတော့ ငါ့ပစ္စည်းငါ့ပစ္စည်း,ငါ့ဟာငါ့ဟာ, ငါ့ဥစ္စာငါ့ဥစ္စာ ဟော-လောဘ။ ငါ့ပစ္စည်းမတို့နဲ့နော်၊ ငါ့ပစ္စည်းမထိနဲ့နော် ငါ့ပစ္စည်းမယူနဲ့နော် ဟော-ဒေါသ။ ကိုယ်ထားတဲ့ပစ္စည်းလေးထားတဲ့နေရာမှရှိပါ့မလား မီးများလောင်လေမလား, သူခိုးများခိုးလေမလား သောက။ ဟော-ဒေါသတွေ, သောကတွေ, လောဘတွေ ဒါအမှောင်စိတ်တွေချည်းပဲ၊ အမိုက်စိတ်တွေချည်းပဲ,အညစ်စိတ်တွေချည်းပဲ၊ ကိုယ့်ကိုသံသရာထဲက မထွက်နိုင်အောင် ချည်နှောင်နေတဲ့ကြိုးတွေ၊ ကိလေသာဆိုတာ အမှောင်လည်းခေါ်တယ်၊ အနှောင်လည်းခေါ်တယ်၊ အနှောင်အဖွဲ့လည်းဟုတ်တယ်, အမှောင်လည်းဟုတ်တယ်၊ အညစ်စိတ်အပေစိတ်တွေလည်းဟုတ်တယ်၊ ကိုယ့်ကိုနှိပ်စက်မယ့်စိတ်တွေချည်းပဲသူတို့က။

ဒီတော့ အဲဒီစိတ်တွေကို အခုသံဃာတော်(၇၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေလောင်းလှူတယ်၊ လောင်းလှူမယ်,လောင်းလှူမယ်,လောင်းလှူမယ်ဆိုကတည်းကတစ်ခါတည်းဖြိုချကုန်ပြီ၊ နည်းတဲ့ ကိလေသာထုထည်မဟုတ်ဘူး၊ လောဘဒေါသ ထုထည်တွေ ပြိုကျတာ၊ ဒီဆွမ်းကပ်လို့ကုန်တဲ့, ရဟန်းခံလို့လှူလို့တန်းလို့ကုန်သွားတဲ့တစ်သောင်းခွဲ,နှစ်သောင်း,သုံးသောင်းဆိုတဲ့ပစ္စည်းတွေအပေါ်မှာတွယ်တာနေတဲ့ လောဘစိတ်တွေ အကုန်ပြိုကျကုန်ဘာ။ ဒါဘာပြုလို့တုံးဆိုတော့ ဟိုတဘက်က လှူမယ်,လှူမယ်ဆိုတဲ့ အလောဘစိတ်က နိုင်သွားတာ၊ စိတ်စိတ်ချင်းတိုက်တာ၊

❖ အလောဘနှင့် ,တက္ကမက္ကာ, သဒ္ဓါစေတနာ,
စိတ်ဦလာ၍,တဏှာလောဘ, သေဆုံးရ၏။

အလောဘစိတ်နဲ့ သဒ္ဓါစေတနာစိတ်တွေကနိုင်သွားတာကိုး၊ ခန္ဓာကိုယ်စစ်မြေပြင်ပေါ်မှာ လောဘ, ဒေါသစိတ်တွေနဲ့ အလောဘ, အဒေါသစိတ်တွေ၊ ကုသိုလ်စိတ်တွေနဲ့, အကုသိုလ်စိတ်တွေနဲ့စစ်ခင်းကြတာ၊ တိုက်ပွဲခင်းကြတာ၊ စစ်တိုက်ကြတာ စစ်တိုက်လိုက်တော့ လောဘ,ဒေါသစိတ်အကုသိုလ်စိတ်တွေကရှုံးသွားကြတာ၊ ရှုံးသွားလို့ဒီအလှူထုပ်ကြီး ထမြောက်အောင်မြင်တာ၊ သူကသာနိုင်နေသေးလို့ရှိရင် လှူမယ်လို့တော့ စိတ်ကူးတာပဲ၊ ရဟန်းခံမယ်လို့တော့ စိတ်ကူးတာပဲ၊ နောင်အကြောင်းညီညွတ်မှလှူပါတော့မယ်၊ ဟော-နောက်ရွှေ့သွား

http://www.dhammadownload.com



တယ်၊ လျှပြန်ရင်လည်းသူက တော်ရော့ပေါ့ဒီလောက်ဆို, တော်ပြီ,တော်ပေါ့ ရဟန်းလောင်းသက်န်းသပိတ်ပါတာပဲ၊ ခုတင်တွေခြင်ထောင်တွေလုပ်မနေနိုင်ပါဘူး၊ ပစ္စည်းတွေကဈေးကကြီးပါဘိနဲ့ အကုန်အကျတွေကများပါဘိနဲ့ ဒီလိုသူက။

ကိလေသာစာတ်က သူကတွန်းတွန်းပစ်တယ်၊ ပြန်ပြန်ပြီးအမှောင်ပို့ပစ်တယ်၊ အခုအဲဒီစာတ်ကို ကိုယ်ကနိုင်လိုက်လို့-ဟော ပေးမယ်၊ လှူမယ်ဆိုတဲ့ လောဘစာတ်တွေ၊ သဒ္ဓါစေတနာခေါ်တဲ့ကြည်ညိုတဲ့စာတ်တွေ စိတ်စေတနာ ပညာစာတ်တွေကလုပ်မှ၊ လှူဘဝနဲ့ကြုံတုန်းဒီလိုကောင်းမှုတွေပြုမှ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမှုတွေကြိုးစားပြုထားမှ ဒါမှဒို့ ဘဝသံသရာစခန်း မပင်ပန်း မဆင်းရဲဘဲနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ထိပေါက်နိုင်တယ်၊ ဒါပြုမှ ပြုမှ ပြုမှဆိုတဲ့ တိုက်တွန်းတဲ့စေတနာစာတ်တွေ, ဆုံးဖြတ်တဲ့ပညာစာတ်တွေ, အဲဒီဘက်ကကုသိုလ်စာတ်အားကြီးတွေကနိုင်သွားလို့-

❖ **အလောဘနှင့်, တကွမက္ခာ, သဒ္ဓါ စေတနာ,**
**စာတ်ဦးလာ၍,တဏှာလောဘ, သေဆုံးရ၏. ။**

တဏှာလောဘသေဆုံးတယ်ဆိုတာခေါင်းတည်ပြီးတော့ ဗိုလ်တင်ပြောလိုက်တာ၊ တဏှာလောဘတင်မကဘူး အဲဒီနောက်လိုက်နောက်ပါဒေါသတွေ, သောကတွေ,စိုးရိမ်တာတွေ, ကြောင့်ကြတာတွေအကုန်ပါသွားတာပဲ၊ ဒီပစ္စည်းတွေအကြောင်းပြုပြီးတော့ ဒီနေ့ကုန်သွားတဲ့သုံးသောင်း,လေးသောင်းကို အကြောင်းပြုပြီးတော့၊ အဲဒီသုံးသောင်း, လေးသောင်းသူခိုးများခိုးမှာလေလားဟဲ့၊ မီးများလောင်မှာလေလားဟဲ့ဆိုတဲ့သောကတွေ အကုန်ငြိမ်းကုန်ပြီ၊ ဒီပစ္စည်းဝတ္ထု ရုပ်ဝတ္ထုကိုဖယ်လိုက်တော့ သူ့အကြောင်းပြုဖြစ်တဲ့ ကိလေသာမီးတွေ အကုန်ငြိမ်းတာပဲ၊ အဲဒီလို အမှောင်တွေအကုန်ပျောက်, မီးတွေအကုန်ငြိမ်း,အပူတွေအကုန်ရှင်း, အနှောင်တွေ အကုန်လွတ်ကုန်တာ၊ ဒါဘာပြုလို့တုန်းလို့ဆိုတော့ ကိုယ်ကလုပ်တာကတော့ ခုနက အလင်းမီးထွန်းလိုက်တာပဲ၊ ကုသိုလ်လုပ်လိုက်တာပဲ။

အဲဒီကုသိုလ်လုပ်လိုက်သည်နဲ့တစ်ပြိုင်နက်တစ်ချက်ခုတ် နှစ်ချက်ပြတ်အမှောင်တွေအကုန်ပျောက်ကုန်တယ်၊ အဲဒါကိလေသာဖြိုချတာ၊ အဲဒီလိုကိလေသာဖြိုမှုက တတ်စွမ်းသမျှပြုနေရမှာ၊ ဖြိုပေးနေရမှာ၊ အဲလိုဖြိုဖြို ဖြိုဖြိုပေးတော့ နောက်ဆုံး ရဟန္တာယောက်ျား, ရဟန္တာမဖြစ်ပြီဆိုတော့ တစ်ခါတည်းအကုန်ပြိုကျသွားတာ၊ အမြစ်ပြတ်ပြိုကျသွားတာ၊ နောက်ဘယ်တော့မှ မလာတော့ဘူးသူ။ အဲဒီ

http://www.dhammadownload.com



တင်ပဲ အို, နာ,သေ ဒုက္ခဘေးလွတ်ပြီးတော့ ငြိမ်းချမ်းသွားတာပဲ၊ နောက်ထပ်မျက်ရည်ကြီးငယ်ကျရတာတွေ အိုဟယ် နာဟယ် သေဟယ်ဆိုတာတွေမရှိတော့ဘူး၊ ချစ်ခင်တဲ့သူတွေနဲ့ကွဲရလို့ မုန်းတဲ့သူတွေနဲ့တွဲရလို့ဆိုတာတွေ၊ လိုချင်တာမရလို့ဒုက္ခရောက်ရဆိုတာတွေအကုန်ငြိမ်းတာပဲ၊ ဒါ-နိဗ္ဗာနဆိုတာသူပဲ၊ ငြိမ်းသွားတယ် အေးသွားတယ်၊ အအေးဓာတ်ကြီးမြင်သွားတယ်၊ အငြိမ်းဓာတ်ကြီးမြင်သွား တွေ့သွားတယ်။

❖ **အလောဘနှင့်, တကွမကွာ, သဒ္ဓါစေတနာ,**
**ဓာတ်၌လာ၍,တဏှာလောဘ, သေဆုံးရ၏၊ လောဘ**
**မသေ, ဖြစ်ရှိနေမူ,ပေးဝေလှူမှု, ဘယ်မှာပြုလိမ့်. . .။**

အဲဒီလောဘဓာတ်တွေကသာနိုင်နေသေးရင် ဒီနေ့ဒကာဦးချစ်ခင်တို့ မတင်စိန်တို့ဒီကိုမရောက်လာသေးဘူး၊ ဒကာကိုဘရွှေတို့ မမိမိကြည်တို့ ဒီအလုပ်ကို မလုပ်သေးဘူး၊ စိတ်ကိုမကူးသေးဘူး၊ စိတ်ထဲတင်ပျောက်ပျောက်သွားမှာ၊ အဲ-လှူမယ်, ရဟန်းခံမယ်, အမလေးကုန်မှာကနှစ်သောင်းသုံးသောင်းကုန်မှာ ဟင် ဖြစ်သေးပါဘူး၊ ဟော-ဒီလိုသူက ဆုတ်ဆုတ်သွားတာ။ ဒါလောဘဓာတ်တွေကနိုင်နေသေးရင် ဒီအလှူထုပ်ကြီးအထမမြောက်သေးဘူး-

❖ **လောဘမသေ, ဖြစ်ရှိနေမူ, ပေးဝေလှူမှု,**
**ဘယ်မှာပြုလိမ့်၊ ယခုလှူကြောင်း, ဝတ္ထုပေါင်း၌,**
**တပ်ကြောင်းတဏှာ,ကင်းကွာလောဘ, အနိစ္စကြောင့်,**
**ဒါနမဂ်လာ, ထမြောက်ပါ၏။**

အခုလှူလိုက်တဲ့ မနက်ဆွမ်းနေ့ဆွမ်းကပ်လိုက်တဲ့ ဝတ္ထုပစ္စည်းတွေ ဆွမ်းဘောဇဉ်တွေပေါ်မှာ ကုန်ကျတဲ့ငွေတွေပေါ်မှာတွယ်တာပြီးနေတဲ့ လောဘတွေ, ဒေါသတွေ, မာနတွေ၊ မာနတွေဆိုတာ ဒီပစ္စည်းမှီပြီးတော့ကိုယ့်ပစ္စည်းလေးရှိလို့ ရှိရင်၊ ပစ္စည်းမှီပြီးတော့ မာနကဖြစ်လာတာပဲ၊ ငါတို့ရှိတယ်၊ ငါတို့မို့လို့စားနိုင်တာ ငါတို့မို့လို့ဒီလိုရတာ၊ ငါတို့မို့လို့ဟုတ်တာဆိုတဲ့ ဒါ-မာနသူက။ အဲ-သောကဆိုတာကတော့ ပြောစရာမရှိဘူး၊ ဟိုမီးဘေးစိုးရိမ်ရ,သူခိုးဘေးစိုးရိမ်ရနဲ့,ဟိုသိမ်းရ, ဒီဝှက်ရနဲ့ ဒါ-သောက။ ရှိနေတဲ့ ပစ္စည်းလေးပေါ် ခဏခဏသတိရတိုင်းငါ့ပစ္စည်း, ငါ့ပစ္စည်း,ငါ့ဟာရှိတယ်, ငါ့ဟာရှိတယ်, ငါ့ဟာရှိတယ်, ငါစားရအုန်းမှာနဲ့လောဘ။ အဲဒီဓာတ် တွေကအမှောင်ဓာတ်တွေချည်းပဲ။

ဒီတော့ အဲဒီအမှောင်ဓာတ်တွေကို အခုဖြိုချလိုက်တာ၊ အခုလှူဒါန်းပေး

http://www.dhammadownload.com



ကမ်းစွန်နံ့ကြဲမှုကိုပြုလိုက်သည်နဲ့ တစ်ပြိုင်နက် ဖြိုချလိုက်တာပဲ၊ အဲဒီလိုကိလေသာ ဖြိုဖျက်မှုကိုပြုရင်၊ အခုပုဏ္ဏားဇနီးမောင်နှံကထမင်းစားလို့ လင်ပန်းထဲမှာကျန်နေတဲ့ တစ်ဝက်ကလေးပေါ်မှာတွယ်တာတဲ့လောဘ ဖြိုချလိုက်တာ၊ အဲဒါမြတ်စွာဘုရားက သင်တို့ဘိက္ခုပဲတဲ့၊ ဘိက္ခုဆိုတာ အဲဒါပြောတာလို့ပြောနေတယ်။ သူတို့ပြောတာ၊ သူတို့အတွက်တင်ဘုရားကဒီဂါထာဟောပြီး ဒီဇာတ်ကြောင်းထားခဲ့တာမဟုတ်ဘူး၊ အခုလို အသိအလိမ္မာဉာဏ်ပညာရှိတဲ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ကိုယ့်ကိုယ်ကို ဘိက္ခုနေ့စဉ်ဖြစ်အောင်ကျင့်နိုင်ကြပါစေ. . ကိလေသာဖြိုဖျက်မှုကိုပြုတတ်ကြပါစေလို့ ဘုရားက ဘိက္ခုခေါ်တယ်။ အထူးသဖြင့်ကတော့ ဒါန,သီလ,ဘာဝနာဆိုတဲ့ တရား(၃)ပါး တစ်ပါးပါးကိုကျင့်နေတဲ့သူတိုင်း ကျင့်ကြံနေတိုင်း ကျင့်ကြံနေတိုင်း ဘိက္ခုလို့ခေါ်တာပဲ၊ ဒါကိုအဋ္ဌကထာဆရာကြီးက-

ဒေဝေါ ဝါ ဟောတု မနုဿော ဝါ
ဓမ္မံ စရန္တော ဘိက္ခူတိ သင်္ခံ ဂစ္ဆတိ။

ဒေဝေါဝါ-နတ်ပြဟ္မာပဲဖြစ်ဖြစ်၊ မနုဿောဝါ-လူမှမွေးဖွားတဲ့, လူသားပဲဖြစ်ဖြစ်၊ ဓမ္မံ စရန္တော-တရားကိုကျင့်ကြံကြိုးကုတ်အားထုတ်နေသည်ရှိသော်၊ ဓမ္မံ စရန္တော-ဒါနကိုလှူဒါန်း, သီလကိုထိန်းသိမ်း, ဘာဝနာကိုပွားများခြင်းအမှု ပြုနေသည်ရှိသော်၊ ဓမ္မံစရန္တော-ဒါန,သီလ,ဘာဝနာတရားကို, ကျင့်ကြံပွားများခြင်းဖြင့်, တစ်ချက်ခုတ်နှစ်ချက်ပြတ်, ကိလေသာစု, ဖြိုဖျက်မှု, ပြုနေသည်ရှိသော်၊ ကိလေသာ အမိုက်ဓာတ်တွေကို, အလင်းဓာတ်ဖြင့်, ရှင်းပစ်နေသည်ရှိသော်၊ ဘိက္ခူတိ-ကိလေသာစု,ဖြိုဖျက်မှုကြောင့်, ဘိက္ခုမည်၏ဟူ၍၊ သင်္ခံဂစ္ဆတိ-မုချမသွေ, ခေါ်ဝေါ်ခြင်းသို့ ရောက်ရပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲ-ကိလေသာဖြိုဖျက်မှုကို ပြုရာရောက်တဲ့ ဒါန,သီလ,ဘာဝနာဆိုတဲ့ တရား (၃)မျိုး တစ်မျိုးမျိုးကိုနည်းနည်းပဲဖြစ်ဖြစ် များများပဲဖြစ်ဖြစ်၊ ကျင့်ကြံအားထုတ်နေတဲ့သူတိုင်း ဘိက္ခုပါပဲ. . တဲ့ ဘိက္ခုပါပဲ၊ ဒါ့ကြောင့်မြတ်စွာဘုရားက ဒီပုဏ္ဏားဇနီးမောင်နှံကို-

သဗ္ဗသော နာမ ရူပသ္မိံ, ယဿ နတ္ထိ မမာယိတံ၊
အသတာစ နသောစတိ, သဝေ "ဘိက္ခူ"တိ ဝုစ္စတိ။

နာမ်ရုပ်တရား နှစ်ပါးအပေါ်မှာ ငါ, ငါ့ဥစ္စာ,ငါ့ဟာ, ငါမို့လို့ဆိုတဲ့ ဒီတရား

http://www.dhammadownload.com



တွေကိုယ်ပယ်ရှားဖြိုဖျက်နိုင်တဲ့ပုဂ္ဂိုလ် နာမ်ရုပ်နှစ်ပါးပျက်စီးသွားလို့လည်းပဲ တောင့်တပြီး သောကပူဆွေးမဖြစ်တဲ့ပုဂ္ဂိုလ်၊ အထူးသဖြင့်ကတော့ ဒီရုပ်နာမ်နှစ်ပါးအခြေခံပြီးတော့ဖြစ်နေတဲ့ တွယ်တာမက်မောစရာ သက်ရှိသက်မဲ့တွေပေါ်မှာ တွယ်တာမက်မောမှုဆိုတဲ့ လောဘကစပြီးတော့ ကိလေသာစုဖြိုဖျက်မှု ပြုတဲ့ ပုဂ္ဂိုလ်တိုင်း ဘိက္ခုခေါ်တယ်. . လို့ ဒီလိုဟောလိုက်တာပဲလိုရင်းက၊ အဲလိုဟောလိုက်တယ်ဆိုရင်ပဲ ပုဏ္ဏားဇနီးမောင်နှံ သောတာပန်တည်သွားတယ်၊ နာမ်ရုပ်ဆိုတဲ့ အသံလေးကလည်း သူတို့ကကြားတယ်လေ။

လောကကြီးရှိရှိသမျှဆိုတာ အခြေခံကနာမ်ရုပ်ရှိတာ၊ အိမ်ယာခြံမြေ ဥယျာဉ်တိုက်တာရွှေငွေ သက်ရှိသက်မဲ့နဲ့ နာမည်တွေလျှောက်ပြီးတော့ ကမ္ဘာည်း ဘယ်လောက်ထိုးထားထား သူ့ရဲ့အခြေခံပြောစမ်းပါဆိုရင် နာမ်ရုပ်ပဲ။ အဲဒီနာမ်ရုပ်နှစ်ပါးအပေါ်မှာမတွယ်တာရင် ရှိရှိသမျှအပေါ်မတွယ်တာရာရောက်သွားတာ၊ နာမ်ရုပ်နှစ်ပါးတွယ်တာနေတာသည်ပင် ရှိရှိသမျှပစ္စည်းတွေပေါ်တွယ်တာတာ၊ရှိရှိသမျှပစ္စည်းတွေပေါ်တွယ်တာတာသည်ပင်နာမ်ရုပ်ကိုတွယ်တာတာ၊ နာမ်ရုပ်နှစ်ပါးက တွယ်တာစရာမဟုတ်ဘူးသူက သူ့သဘောသူဆောင်ပြီးတော့ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်သွားနေတာ၊ အဲဒါသွားပြီးတော့ ကိုယ်ကတွယ်တာစရာထင်၊ မြတယ်ထင်၊ ကောင်းတယ်ထင်၊ သုခထင်၊ အတ္တထင်နဲ့ ဒီလိုအထင်တွေရောက်ပြီးတော့ ဝိပလ္လာသတရားတွေနဲ့ အထင်မှားပြီးတော့ ခင်မင်စရာ တွယ်တာစရာဖြစ်၊ ဒီတော့ ခင်မင်စရာထင်လို့ ခင်လိုက်တော့-

❖ ရုပ်နာမ်ခင်,သေချင်လို့၊ ရုပ်နာမ်ခင်, အိုချင်လို့၊
ရုပ်နာမ်ခင်, နာချင်လို့။

ရုပ်နာမ်ခင်တာအိုချင်လို့ပဲ၊ ပါးစပ်ကပြောတော့ အိုတာဘယ်သူမှမကြိုက်ဘူး မအိုချင်ဘူး။ သို့သော်သူက ရုပ်နာမ်ပေါ်ခင်တွယ်နေသမျှအိုချင်လို့သာမှတ်တော့။ ရုပ်နာမ်ခင်တော့ ခင်တဲ့ရုပ်နာမ်ကိုရရာရကြောင်းအလုပ်လုပ်မိတော့တာ၊ လုပ်မိတော့ရရော၊ ရတော့သူကအအို,အနာ, အသေတစ်ခါတည်းကပ်ပါလာ၊ ဒီရုပ်နာမ်ထဲမှာ အအိုဓာတ်ကြီးကိန်းနေတာ၊ ရုပ်နာမ်ထဲမှာ အနာဓာတ်ကြီးအောင်းနေတာ၊ ရုပ်နာမ်ထဲမှာ အသေဓာတ်ကြီးတွေကိန်းနေတာ၊ အထဲမှာအအို,အနာ, အသေကိန်းနေတာကို ကိုယ်ကမသိတော့, အပြစ်မမြင်တော့ အဝိဇ္ဇာကဖုံးလိုက်တော့ မမြင်ဘူး၊ မမြင်တော့ ကိုယ်ကအကောင်းထင် လိုချင် အကောင်းထင်

http://www.dhammadownload.com



အခင်လာ. တဲ့၊ အကောင်းထင်တာက အဝိဇ္ဇာ ၊အခင်လာတာကတဏှာ၊ အဲဒီလိုဖြစ်ဖြစ်ပြီးတော့ ဒီမယ်တွယ်တာမက်မောမှုတွေဖြစ်ကုန်ကြတာ။

ဒီတော့ စွန့်တာက အခုပစ္စည်းတွေစွန့်သလိုပဲ နောက်ဆုံးအခုရဟန်းဒကာရဟန်းအမတွေက မိမိတို့ရုပ်နာမ်ခန္ဓာကိုယ်ကြီးပင်စွန့်နိုင်ရမှာ၊ ကိလေသာဖြိုဖျက်မှုပြုရမှာက၊ အခုလိုပစ္စည်းဝတ္ထုဇဟိဒ္ဓပစ္စည်းစွန့်ရုံတင်မကဘူး၊ နောက်ဆုံးမိမိခင်လှပါတယ်၊ အင်မတန်ချစ်ပါတယ်ဆိုတဲ့ ကိုယ့်ကိုယ်ကို ရုပ်ဓာတ်နာမ်ဓာတ်ပေါ်ကိုပဲ အခင်ပျောက်သွားအောင်ဖြိုချရမှာ၊ ရဟန္တာယောကျ်ား ရဟန္တာမဖြစ်တယ်ဆိုတာ အဲဒီအထိရောက်သွားတာ။ ဒီစွန့်စွန့်စွန့်ပြီးတော့ အခင်ဓာတ်တွေ အတွယ်တာဓာတ်တွေကိလေသာတွေဖြိုဖြိုချလိုက်တာ၊ အစကတော့ အပြင်ဘက်ကသက်မဲ့ ဝတ္ထုတွေ ပစ္စည်းတွေ၊ အပြင်ဘက်က သက်ရှိဖြစ်တဲ့ သား,သမီး,မြေး,မြစ်အစရှိတဲ့ ပစ္စည်းတွေအပေါ်မှာအခင်ဓာတ်တွေဖြုတ်ဖြုတ်ချ၊ အခင်ဓာတ်တွေလျှော့လျှော့ချ၊ အခင်ဓာတ်တွန်းတွန်းချ၊ နောက်တော့ကိုယ့်ပေါ်လှည့်လာပြီးတော့ ကိုယ့်ခန္ဓာကိုယ်ကို ခင်မှုကိုပဲဖြိုချလိုက်၊ အဲဒီမှ ရဟန္တာယောကျ်ား ရဟန္တာမဖြစ်တာ၊ အဲဒီထိအောင် အဓိပ္ပါယ်သက်ရောက်တဲ့ စကားနဲ့ဘုရားကဟောလိုက်တော့မှ ပုဏ္ဏားဇနီးမောင်နှံ သောတာပန်တည်,နောက်အနာဂါမ်တည်သွားတယ်။

ဒီတော့-ဒီမှာ တစ်ခါအဋ္ဌကထာဆရာနဲ့ ရဟန်းတော်တွေက "အင်း ပုဏ္ဏားဇနီးမောင်နှံမြန်လှပါလား၊ ဒီဆွမ်းလေးလောင်းတာတောင်သူများလို ဒင်ပြည့်ကျပ်ပြည့်၊ ဒီနေ့ရဟန်းဒကာရဟန်းအမတွေလို(၇၀၀)(၈၀၀)လည်းလောင်းတာမဟုတ်ဘူး၊ ဆွမ်းတစ်ဇလုံပြည့်တောင်မဟုတ်ဘူး၊ စားလို့တဝက်ကျန်လေးလောင်းပြီးတော့၊ ဒါလေးနာတာနဲ့ဘာပြုလို့ဒီလိုသောတာပန်ဖြစ်တာတုန်း"လို့ဆိုတော့ ပြောကြဆိုကြတာကိုး ပုဏ္ဏားဇနီးမောင်နှံသောတာပန်တည်သွားတယ်၊ တရားထူးရသွားတယ်၊ ဘုရားကဒီလိုဟောလိုက်တာ၊ ဆွမ်းလေးတစ်ဇလုံတစ်ခြမ်းအကျန်လှူတာနဲ့ သောတာပန်တည်တာနဲ့ပြောကြဆိုကြတော့မှ မြတ်စွာဘုရားက"မဟုတ်ဘူးတဲ့၊ သူတို့ရဲ့ရှေးကောင်းမှုကရှိတယ်"။

သူတို့ပုဏ္ဏားဇနီးမောင်နှံပဲ ဟိုး-ကဿပဘုရားလက်ထက်တုန်းကလည်း သူတို့ဇနီးမောင်နှံလယ်သမားဘဝနဲ့ ရွာတစ်ရွာမှာနေကြတာတဲ့၊ အဲဒီနေကြတုန်းကသူတို့ကို ဒီပြင်ရွာတစ်ရွာသူတို့မိတ်ဆွေကအလှူအတန်း ကုသိုလ်ကောင်းမှုပြု

*ဓမ္မ-ဋ္ဌ၊၂၊၃၆၉၊ ဥဘောပိ ဇယပ္ပတိကာ အနာဂါမိဖလေ ပတိဋ္ဌဟိံသု။

http://www.dhammadownload.com



တဲ့နေရာဖိတ်လို့သွားကြတာ၊ သွားကြတော့ သူတို့ရွာက ဒိပြင်ရွာတစ်ရွာသွားပြီး တော့ အလှူအတန်းကိစ္စပြီးလို့ ထမင်းပါစားသောက်ပြီးနေ့လယ်(၁၁)နာရီ (၁၂) နာရီပေါ့ နေပူပူနဲ့ကိုယ့်ရွာကိုယ်ပြန်လာကြတာ၊ ပြန်လာတော့သူတို့ရွာဦးရွာထိပ်မှာ ရဟန်းတော်တွေရဲ့ ကျောင်းတိုက်တစ်တိုက်ရှိတယ်၊ အဲဒီကျောင်းတိုက်ဘေးနား ကနေပြီး သူတို့ကရွာထဲဝင်ရမှာဆိုတော့ ကျောင်းဘေးကနေပြီးတော့လာရင်းနဲ့ ကျောင်းဝင်းရဲ့ဘေးမှာသစ်ပင်ကြီးတစ်ပင်ကလည်းရှိတော့ အရိပ်ကောင်းကောင်း ရှိတာနဲ့ "ကဲ့နားကြအုန်းစို့ရဲ့ကွယ်" ဆိုပြီးတော့ ဇနီးမောင်နှံနှစ်ယောက်မောမောနဲ့ သစ်ပင်ရိပ်ထိုင်ပြီးတော့ ခဏအနားယူကြ။

ဒီတော့နေပူထဲကလာခဲ့ရတာဖြစ်တော့ စိတ်တွေဘလောင်ဆန်ပြီးတော့ ပူလောင်ခဲ့ရတာ၊ သစ်ပင်ရိပ်ခိုလိုက်ရတော့ စိတ်တွေအေးပြီးတော့၊ ပြီးတော့ ကျောင်းနားဆိုတော့လည်းပဲ ဆူဆူပွက်ပွက်ကရွာထဲလိုမရှိဘူး၊ ငြိမ်ပြီးတော့သူတို့ စိတ်ကလေးတွေကိုကြည်လို့ဖြစ်နေတာ၊ အဲဒီအချိန်ကျောင်းပေါ်ကကိုယ်တော် လေးတွေက စာအံနေတာကိုး၊ သူတို့က နတုမှာကသုတ်တော်၊ နိဒါနသံယုတ်ပါဠိ တော်မှာလာတဲ့ နတုမှာကသုတ်တော်ဆိုတာ ဘုရားဟောထားတဲ့သုတ်တော်ကိုစာ အံနေတာ ကိုယ်တော်လေးတွေက-

ရူပံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ။

ကိုယ်တော်လေးကကျောင်းပေါ်ကစာအံ၊ ဘိက္ခဝေ-ရဟန်းတို့၊ ရူပံ-ရုပ် တရားသည်၊ နတုမှာကံ-သင်တို့ဥစ္စာအစစ်မဟုတ်၊ တံ-ထိုရုပ်တရားကို(ဝါ)ထို ရုပ် တရား၌ တွယ်တာမက်မောတဲ့လောဘကို၊ ပဇဟထ-ပယ်စွန့်လိုက်ကြ. . . . ဖြုံချလိုက်ကြ။

ဇနီးမောင်နှံနှစ်ယောက်အောက်နားကနားထောင်၊ သူတို့ကမာဂဓစကား လည်း နားလည်တာဖြစ်တော့၊ ကိုယ်တော်လေးအံတဲ့စာကိုသဘောပေါက်၊ ပတ် ဝန်းကျင်ကလည်းငြိမ်လို့ဆိုတော့ သူတို့စိတ်ဝင်စား၊ ပြီးတော့ ခန္ဓာကိုယ်ကလည်း နည်းနည်းချမ်းသာနေတယ်လေ အပူထဲကလာပြီးတော့ အရိပ်ထဲဝင်လိုက်တာဆို တော့ စိတ်ရောကိုယ်ရောအေးပြီး သမာဓိလည်းစိုက်၊ ခါတိုင်းနဲ့မတူဘူး၊ ဟိုက- ကိုယ်တော်လေးကလည်းအသံလေးကောင်းကောင်းနဲ့ ရူပံ ဘိက္ခဝေ န တုမှာ ကံ တံ ပဇဟထ-ချစ်သားတို့ ရုပ်တရားသည် သင်တို့ရဲ့ကိုယ်ပိုင်ဥစ္စာမဟုတ်၊ ပယ်စွန့်ကြ၊ အဲဒီရုပ်တရားပေါ်မှာ ငါ,ငါ့ဥစ္စာ, ငါ့ဟာရယ်လို့ တွယ်တာနေ

http://www.dhammadownload.com



တဲ့တဏှာမာန. ဒိဋ္ဌိတရားတွေကိုစွန့်ကြ. . . စွန့်ကြ။

နာမံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ။

စိတ်ခေါ်တဲ့ နာမ်တရားဟာလည်း သင်တို့ကိုယ်ပိုင်ဥစ္စာအစစ်မဟုတ်ဘူး၊ ဒါက ငါ့စိတ်,ငါ့ဟာ,ငါနဲ့ ထင်နေပေမဲ့လို့ ကိုယ်ဖြစ်ချင်တိုင်းဖြစ်တာ မဟုတ်ဘူး၊ သူဖြစ်ချင်တိုင်းဖြစ်ပြီးတော့ သူ့သဘောသူဆောင်ပြီးတော့ ဖြစ်နေတဲ့တရား။ အဲဒီတရားပေါ်မှာတွယ်တာနေတဲ့စိတ်တွေ လောဘ,ဒေါသ,ကိလေသာတွေလည်း ဖြိုဖျက်ကြ. . . စွန့်ကြ။

ကိုယ်တော်လေးကအဲဒီသဘောအဓိပ္ပါယ်သက်ရောက်တဲ့ စာအံနေတော့ သူတို့ ဇနီးမောင်နှံနှစ်ယောက်နားစိုက်ပြီးတော့ထောင်နေရင်းနဲ့ စိတ်ဝင်စားလိုက်တာလေ. . ပြီးတော့ သူတို့အချင်းချင်းပြောသေးတယ်. . ဩော်ဟုတ်တယ် နော်၊ ဒို့မှားလိုက်တာ . . ဒို့မှာ. ဒါငါ့ရုပ် ဒါငါ့ကိုယ် ဒါငါ့အိမ် ငါ့ယာ ငါ့သား ငါ့သမီးနဲ့ ဒို့ရုပ်တွေ ငါ့ဟာငါ့ဟာလုပ်ပြီးတော့ နေကြတယ်၊ ငါ့အမေ ငါ့အဖေ ငါ့အဘိုး ငါ့အဘွားနဲ့ ဒို့တွယ်တာပြီးတော့နေကြတယ်၊ အဲသူတို့ကသူတို့သဘောသူတို့ဆောင်ပြီးတော့ပျက်ချိန်ကျပျက်ကြ၊ သေချိန်ကျသေတဲ့သူကသေကြ၊ ရုပ်တွေနာမ်တွေ ပျက်စီးချင်တဲ့အချိန် ပျက်စီးပြီးတော့ ကုန်ကြတယ်၊ ဒို့ကသာငါ့ဟာ, ငါ့ဟာ, အော်နေတယ်၊ ငါ့ဟာအစစ်မဟုတ်ဘဲနဲ့ ဒို့ငါ့ဟာထင်နေကြပါလား. . ။

ဩော် လောကကြီးရှိသမျှ ရုပ်နာမ်ဓမ္မသဘာဝတွေက သူ့သဘောသူဆောင်နေတဲ့ ဓာတ်ကောင်တွေ ဓာတ်ရုပ်တွေဟန်ဆောင်နေတဲ့အရုပ်အကောင်တွေပဲ၊ ဒို့ကဒို့ဟာ့ထင် ကိုယ်ပိုင်တယ်ထင် ကိုယ်ဖြစ်ချင်တိုင်းဖြစ်မယ်ထင် ကိုယ်လုပ်သလိုရမယ်ထင်၊ အဲဒီလိုနဲ့ဒို့ပင်ပန်းပြီးတော့ နေကြရပါလား. . တဲ့။ ကိုယ်တော်လေးစာအံတာကိုနာမ်ရုပ်နှစ်ပါးအကြောင်း နတုမှာကသုတ်တော်အံတာကို အောက်ကနေပြီးတော့ စိတ်ဝင်စားပြီးတော့ တစ်ခါတည်းသမာဓိစိုက်ပြီးတော့ ဉာဏ်သက်ဝင်နေကြတယ်။

အဲဒါပဲသူတို့ အဲဒီတစ်ချိပါပဲ သူတို့စိတ်ဝင်စားပြီးစူးစူးစိုက်စိုက်စိတ်ဝင်စားလိုက်တာ၊ နောက်တော့လည်းပဲ သူ့အကြောင်းနဲ့သူနဲ့ လယ်ယာကိုင်းကျွန်းလုပ်ရသားရေး သမီးရေး ရပ်ရေးရွာရေး မင်းရေး စိုးရေးနဲ့ နောက်တော့လည်း သူတို့တယ်ပြီးတော့ တရားတွေဘာတွေနာလားပြုလား မရှိပါဘူး၊ ဒီတစ်ချက်ကလေးသူ

http://www.dhammadownload.com



တို့ ကောင်းကောင်းမျိုးစေ့ဝမ်းထဲမှာကျသွားတာ။ အဲဒီမျိုးစေ့ကအောင်တာပဲသူ၊ မျိုးစေ့ကောင်းဆိုတာ တစ်ခါလောက်ကိုယ့်သိမ်းထားလို့ရှိရင် အကြောင်းညီညွတ်လို့မြေနဲ့ ရေနဲ့ မိုးနဲ့ အကြောင်းညီလို့ ချစိုက်ရင်ပေါက်တာပဲ မျိုးစေ့ကောင်းကောင်း သိမ်းဖို့သာလိုတယ်။

ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးကအဲဒီတင်ရှင်းပြောတာ၊ သူတို့အခုလိုအိမ်ပေါက်မှာဆွမ်းလောင်းရင်း ငါတစ်ဂါထာလေးဟောလိုက်ရုံနဲ့ ကျွတ်တန်းဝင်ကြတဲ့အဖြစ်သည် သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ပြီးတော့ သစ်ပင်ကြီးပေါက်ပြီးတော့ မင်္ဂသီးဖိုလ်သီးစားရတဲ့အဖြစ်ဟာ ဟိုး-ကဿပဘုရားရှင်လက်ထက်တုန်းက လယ်သမားပုဏ္ဏားဇနီးမောင်နှံဖြစ်စဉ်တုန်းက ရဟန်းတော်လေးတစ်ပါးစာအံတာကိုကြားပြီးတော့ စိတ်ထဲမှာ နာမ်ရုပ်တရားနှစ်ပါးရဲ့အပေါ်မှာ အပြစ်တွေမြင်ပြီးတော့ သင်္ခတဓမ္မသဘာဝအစစ်ကိုမြင်ပြီးတော့၊ အဲဒီနာမ်ရုပ်ပေါ်မှာတွယ်တာတဲ့ လောဘ ဒေါသစာတ်ကို တဒင်္ဂဇာလေး ကာမာဝစရကုသိုလ်နဲ့ပယ်နိုင်ခဲ့ကြတဲ့ သတ္တိ. . တဲ့၊ အဲဒီသတ္တိအခြေခံလို့၊ တစ်ကြိမ်တစ်ခါလောက်လေးကြိုးစားလိုက်တဲ့ အဲဒီဓာတ်သတ္တိက အခုသူတို့သောတာပန်,သကဒါဂါမ်, အနာဂါမ်ဆိုတဲ့ မင်္ဂဖိုလ်သစ်သီး သစ်ပွင့်ကိုစားရခြင်းဖြစ်တယ်. . အဲဒီကောင်းမှုအရှိန်ကြောင့် ဒီမှာလာပြီးတွေ့ကြတာပဲလို့ ဘုရားကရှင်းဟောပေးတယ်။

ဒါကြောင့်ဒီနေ့ရဟန်းဒကာ ရဟန်းအမဖြစ်ကြတဲ့ညီကိုမောင်နှမမိသားစုနှစ်စုက ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့မိခင်ကြီးဒေါ်လှိုင်အတွက်ပါ မိမိတို့ ဒီနေ့ပြုလုပ်အားထုတ်ပေးရင်းနဲ့၊ ရဟန်းလောင်းရှင်နိပုဏကိုရဟန်းဘောင် ရဟန်းဘဝသို့တင်ပေးရင်း, ဘိက္ခုဖြစ်အောင်ပြုပေးရင်းနဲ့ မိမိတို့ကိုယ် မိမိတို့လည်းပဲ ဘိက္ခုဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်တဲ့နေ့. . လို့မှတ်လိုက်ပါ။ ဘာပြုလို့ဘိက္ခုခေါ်တုံးဆိုတော့ ဖြိုချလို့၊ ဘာတွေဖြိုချတာတုံး ကိလေသာတွေ ဖြိုချတာလေ၊ အဲခုနကပြောခဲ့တဲ့အတိုင်းပေါ့ တွယ်တာမက်မောစရာပစ္စည်းတွေကိုစွန့်နိုင်လို့၊ စွန့်နိုင်တယ်ဆိုတာ လောဘ,ဒေါသ ဖြိုချလိုက်တာပဲ၊ လောဘဖြိုချလိုက်တော့ အဲဒီနောက်က ဒေါသပါပါသွား၊ ငါ့ပစ္စည်း ဟိုနားထားဖြစ်ပါ့မလား၊ ဒီနားထားဖြစ်ပါ့မလားဆိုတဲ့ သောကတွေကစပြီးတော့ အကုန်ဖြိုတာပဲ။

ဒီတော့-အဲဒီဖြိုဖျက်မှုကကိုယ့်ကိုယ်ကိုလေ့ကျင့်ခန်းဆင်းပြီးတော့ပြုပေးနေရမှာ၊ အခုလို ဘုရားသာသနာနဲ့ကြုံတဲ့အချိန်၊ အခွင့်ကောင်းလေးရတဲ့အချိန်

http://www.dhammadownload.com



ဖြိုပေးနေရမှာ၊ အပါယ်လေးပါးများရောက်သွားတဲ့အခါကျတော့ မဖြိုတဲ့အပြင် တိုးအောင်ကို ကြိုးစားနေတော့တာ၊ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသုရကာယ် ရောက်သွား ပြီဆိုတော့ ဒီလိုကိလေသာဖြိုဖျက်ဖို့အလုပ်ကိုလုံးလုံးကို မစဉ်းစားတတ်တော့ဘူး၊ ဝေးဝေးမကြည့်ပါနဲ့ ဒီနားရှိနေတဲ့ခွေးတွေ နွားတွေကြက်တွေ ငှက်တွေသာကြည့် ပါတော့၊ အခုလို လှူတယ်တန်းတယ်ဆိုတာ သူတို့မရှိဘူး၊ သီလထိန်းတယ်ဆိုတာမ ရှိဘူး၊ ဘာဝနာပွားတယ်ဆိုတာမရှိဘူး။

ဒီတော့ မိမိတို့လည်း သံသရာထဲကျင်လည်နေတော့၊ ဘုန်းကြီးတိုအခုသံ ယာတွေရော၊ ဘုန်းကြီးတို့တစ်တွေရော၊အခုဘုန်ကြီးကတရားဟောပြီးတော့ ဟော တဲ့နေရာထိုင်နေပေမဲ့လို့ တစ်ချိန်ရှေးကလည်းပဲ တိရစ္ဆာန်ဘုံမရောက်ခဲ့ဘူးမဟုတ် ဘူးရောက်ခဲ့တယ်၊ နောင်လည်းပဲ ဒီဘဝနဲ့ သာသွားနေသေးရင် စိတ်မချရသေးဘူး၊ တစ်မဂ်တစ်ဖိုလ်မှအားကိုးလောက်တဲ့တရားမရသေးလို့ရှိရင် စိတ်မချရသေးဘူး၊ စိတ်မချရလို့ အဲဒီဘုံရောက်သွားလို့ရှိရင် ကိလေသာဖြိုဖို့ဆိုတာတော့ဝေးရော၊ ဖြိုနည်းကိုမသိတော့ဘူး၊ ဖျက်နည်းကိုမသိတော့ဘူ၊ ထပ်တိုးအောင်ပဲ ကြိုးစားတော့ တာပဲ၊ ဒီတော့-ကြောက်စရာသိပ်ကောင်းတယ် အဲဒီဘဝကြီးရောက်သွားရင်။ ဒါ့ကြောင့် လူ့ဘဝရတဲ့အခိုက် ကိလေသာဖြိုဖျက်မှုကိုပြုစွမ်းနိုင်တဲ့အခိုက်၊ ဘုရား သာသနာနဲ့လည်းကြုံတဲ့အခိုက် တစ်ကြိမ်တခါတစ်ဘဝလောက်ကြိုးစားလိုက်ရင် မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ ကျသွားနိုင်လောက်အောင်၊ ကိုယ်ကဒီထက်စွမ်းနိုင်ရင် ဒီဘဝ တင်ပဲ ကျွတ်တန်းဝင်နိုင်လောက်အောင်အခြေခံကောင်းနေတဲ့၊ ဘဝကောင်း၊ကာ လကောင်း၊ ဌာနကောင်းကြီးနဲ့ကြုံတဲ့အချိန် ကျင့်ကြံကြိုးကုတ် အားထုတ်မှုကိုကြိုး စားပြီးတော့ ပြုကြ. . . လို့-

သကိမ္ပိ စရိတော ဓမ္မော, ယာဝမဂ္ဂံ ဝိပစ္စတိ၊
တသ္မာ စရထ သဒ္ဓမ္မံ, သာရဝေါ သတ္ထုသာသနေ။

ဘောန္တော-နှလုံးပျော့ပြောင်း၊အိုသူတော်ကောင်းတို့၊ ဘောန္တော-မဂ်လေး တန်၊ဖိုလ်လေးတန်၊ မြတ်နိဗ္ဗာန်ကို၊ ရရန်ရွယ်ခြောင်း၊ ဆုပန်ဝတောင်း၍၊ စုပေါင်းညီ ညာ၊ စည်းဝေးလာသည့်၊ များစွာသောင်းသောင်း၊ အို-သူတော်ကောင်းတို့၊ ဓမ္မော- ရှေးသူတော်ကောင်း၊ ဖောဓိလောင်းတို့၊ လမ်းဟောင်းကျင့်စဉ်၊ စာရင်းဝင်သည့်၊ ငါးအင်သီလ၊ မြတ်ဒါနနှင့်၊ သမထဝိပဿ်၊ နှစ်ရပ်ဆင့်ပွား၊ ကုသိုလ်တရားသည်၊ သကိမ္ပိ စရိတော့-တစ်ကြိမ်တစ်ခါမျှ၊ တစ်ဘဝလောက်၊ ကျင့်ဆောင်ကြိုးကုတ်၊

http://www.dhammadownload.com



အားထုတ်လိုက်ရလျှင်ပင်၊ ယာဝမဂ္ဂ-ဘဝပဋိသန္ဓေဇာတ်, သေခန်းဖြတ်နိုင်သည့်, အမြတ်ခေါင်းချုပ်, လောကုတ္တရာခရိုင်, လေးပါးသော,မဂ်တို့တိုင်အောင်၊ ဝိပစ္စတိ-အားရဖွယ်အရေး, လှလှကြီးအကျိုးပေးနိုင်ပေ၏။

အခုပဋ္ဌဂ္ဂဒါယက ပုဏ္ဏားဇနီးမောင်နှံနှစ်ယောက် တစ်ဘဝကလေးကြိုးစားလိုက်တာ၊ တစ်ချက်ကလေးကောင်းလိုက်တာ၊ အခုလိုဒီနေ့ဒကာ,ဒကာမတွေလိုမျှားမျှားစားစားမဟုတ်ပါဘူး၊ တောင်သူလယ်သမားဘဝတုန်းက တစ်ကြိမ်ကလေး သူတို့နက်နက်နောနော ကုသိုလ်ဇောလေးစောပြီးတော့ဖြစ်ခဲ့တာပါ၊ ဒီတော့-သူတော်ကောင်းတရား ဒါန,သီလ,ဘာဝနာဆိုတဲ့ အကျင့်တရားဆိုတာ တစ်ချက်ကလေး တစ်ကြိမ်ကလေးနက်နက်နောနော ကြိုးစားနိုင်ရင် ဒါသေချာတာပဲ၊ အို,နာ,သေဇာတ် အမြစ်ပြတ်ဖို့သေချာတာ။ ဒါ့ကြောင့်-

ဓမ္မော-ရှေးသူတော်ကောင်း, ဗောဓိလောင်းတို့, လမ်းဟောင်းကျင့်စဉ်, စာရင်းဝင်သည့်, ငါးအင်သီလ, မြတ်ဒါနနှင့်, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, ကုသိုလ်တရားသည်၊ သကိမ္ပိ စရိတော-တစ်ကြိမ်တစ်ခါမျှ, တစ်ဘဝလောက်, ကျင့်ဆောင်ကြိုးကုတ်, အားထုတ်လိုက်ရလျှင်ပင်၊ ယာဝမဂ္ဂ-ဘဝပဋိသန္ဓေဇာတ်, သေခန်းဖြတ်နိုင်သည့်, အမြတ်ခေါင်းချုပ်, လောကုတ္တရာခရိုင်, လေးပါးသော, မဂ်တို့တိုင်အောင်၊ ဝိပစ္စတိ-အားရဖွယ်အရေး, လှလှကြီးအကျိုးပေးနိုင်ပေ၏၊ တသ္မာ-ထို့ကြောင့်၊ တုမှေသာရဝေါ-နှလုံးပျော့ပျောင်း, သင်သူတော်ကောင်းတို့သည်၊ သတ္ထုသာသနေ-ကမ္ဘေကမ္ဘာ, လွန်လေပါလည်း, တစ်ခါတစ်ရံ, ကြုံရန်ခဲကပ်, အမြတ်ရတာနာ, သာသနာတော်ကြီးအတွင်း၌၊ သဒ္ဓမ္မံ-ရှေးသူတော်ကောင်း, ဗောဓိလောင်းတို့ လမ်းဟောင်းကျင့်စဉ်,စာရင်းဝင်သည့်, ငါးအင်သီလ, မြတ်ဒါနနှင့်, သမထဝိပဿ်, နှစ်ရပ်ဆင့်ပွား, ကုသိုလ်တရားကို၊ စရထ-အခွင့်သာတောင်း, အခါကောင်း၌, အကြောင်းတိုက်ဆုံ, ကြိုးစား၍, ဖြည့်ကျင့်လိုက်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . . သာဓုပါဘုရား။

ကိုင်း-ဒီတော့ ဘိက္ခု,ဘိက္ခုဆိုတာ ကိလေသာဖြိုဖျက်မှုပြုတိုင်း,ပြုတိုင်း (ဝါ)ဒါနပြုတိုင်း, သီလထိန်းတိုင်း, သမထဝိပဿနာဘာဝနာပွားတိုင်း ဘိက္ခုဖြစ်နေတာပဲ. . လို့သဘောပေါက်ပြီးသကာလ၊ ဝါဝါဝတ်ခေါင်းတုံးရိတ်တဲ့ဘိက္ခုက

http://www.dhammadownload.com



တစ်မျိုး၊ ဆံရှည်ထားပြီးတော့ ဝတ်ကြောင်ဝတ်ထားတဲ့ ဘိက္ခုကလည်းတစ်မျိုး၊ နှစ်မျိုးကိုသိကြပြီးသကာလ၊ မိမိတို့သည် ဝါဝါဝတ်ခေါင်းတုံးရိတ်ပြီးတော့ ဘိက္ခုအဖြစ်မျိုးမရောက်နိုင်, မရနိုင်တဲ့အခြေရှိနေတဲ့အခိုက်မှာ မိမိတို့ရဲ့ ရရှိနေတဲ့ဘဝက နေပြီးတော့ ဆံရှည်ဖြင့်ဝတ်ကြောင်ကိုဝတ်ရင်းနဲ့ ကိုယ့်ကိုယ်ကိုဘိက္ခုဖြစ်အောင် ကိလေသာစု ဖြိုဖျက်မှုကို နေ့စဉ်နေ့စဉ်ပြုပြီးတော့ ဘိက္ခုဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

အမျိုးသားပဲဖြစ်ဖြစ် အမျိုးသမီးပဲဖြစ်ဖြစ် လောဘ ဒေါသ မောဟတရားတွေကို ဖြိုဖျက်မှုပြုတဲ့ ဒါန သီလ ဘာဝနာသုံးပါး တစ်ပါးပါးကိုကြိုးစားနေတဲ့အချိန်တိုင်းဘိက္ခုဖြစ်တယ်လို့ဆိုတဲ့ ဘုရားစကားကို မှတ်သားထားကြပြီးသကာလ ကိုယ့်ကိုယ်ကို ဘိက္ခုဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။ ဤကဲ့သို့ဘိက္ခုဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ ဘိက္ခုဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ရင်း ကိလေသာတွေကို တတ်စွမ်းသမျှဖြိုဖျက်မှုပြုသွားတော်မူကြတဲ့ ရှေးရှေးသောသူတော်ကောင်း သူမြတ်လောင်းကြီးတို့ရအပ်,ရောက်အပ်,သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# *စက္ကသုတ္တန်
# "စက်လေးပါး တရားတော်"

ယနေ့မြန်မာကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော သံဃာတော်(၇၀၀)ကျော်တို့အား နံနက်ဆွမ်း,နေ့ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းများ လာရောက်လောင်းလှူဆက်ကပ်ကြ, လှူဖွယ်တန်းဖွယ်ပစ္စည်းများ လာရောက်ပြီးတော့ လှူဒါန်းကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက မန္တလေးမြို့ စိန်ပန်း-ပွတ်တန်းရပ်မှာနေထိုင်ကြတဲ့ ဝင်းကမ္ဘာဂျုံစက်ပိုင်ရှင်များဖြစ်ကြသော အလှူ့ဒကာ,ဒကာဦးထွန်းမော်+အလှူ့ဒါယိကာမ,ဒကာမ ဒေါ်ကြည်ဝင်းတို့မိသားစုများဖြစ်ကြပါတယ်။

အဲဒီမန္တလေးမြို့ စိန်ပန်း-ပွတ်တန်းရပ်မှာ နေထိုင်ကြတဲ့ ဝင်းကမ္ဘာဂျုံစက်ပိုင်ရှင် အလှူ့ဒကာဦးထွန်းမော် အလှူ့အမဒေါ်ကြည်ဝင်းတို့ မိသားစုက အနန္တော အနန္တငါးပါးဦးထိပ်ထား၊ မိမိတို့ရဲ့ မွေးသမိခင်,မွေးသဖခင် ကျေးဇူးရှင်ကြီးများ, ဦးကြီးဦးလေး,ဒေါ်ကြီးဒေါ်လေး,အကိုအမအစရှိတဲ့ အမှူးထားထိုက်တဲ့ ပုဂ္ဂိုလ်များကို အမှူးထားပြီးတော့။

ဒီနေ့ ဂန္ဓာရုံကျောင်းတိုက်မှာလာရောက်ပြီးတော့ ရင်နှစ်သည်းချာ သားရတနာလေးနှစ်ဦးနဲ့တူရတနာကလေး(၇)ဦး၊ အားလုံးအမျိုးကောင်းသားကလေး(၉)ဦးတို့ကို ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတို့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်းသပိတ်ပရိက္ခရာ၊ နိဗ္ဗာန်ရဲ့အရှိန်,နိဗ္ဗာန်ရဲ့အရိပ်,နိဗ္ဗာန်ရဲ့တန်ခိုးသတ္တိဝင်နေတဲ့ လောကုတ္တရာအဆင်တန်ဆာ၊ မဂ်လေးတန် ဖိုလ်လေးတန် ဉာဏ်ထူးဉာဏ်မြတ်ကို ဖြစ်ပေါ်စေတတ်တဲ့၊ မဂ်လေးတန် ဖိုလ်လေးတန်ဉာဏ်ထူးဉာဏ်မြတ်ကို ဥပနိဿယပစ္စည်းနဲ့ကျေးဇူးပြုတတ်တဲ့၊ လောကုတ္တရာပစ္စည်းလို့ခေါ်တဲ့ သင်္ကန်းသပိတ်ပရိက္ခရာ။

---

*အံ-၁၊ ၃၄၁။

http://www.dhammadownload.com



မဂ်ရောင်ဖိုလ်ရောင် နိဗ္ဗာန်ရောင်သန်းနေတဲ့ လောကုတ္တရာပစ္စည်းလို့ခေါ်တဲ့ သက်န်းသပိတ်ပရိက္ခရာ၊ လောကီအပူတွေမှန်သမျှကို ငြိမ်းစေတတ် အေးစေတတ်တဲ့ လောကုတ္တရာပစ္စည်းအဆင်တန်ဆာလို့ခေါ်တဲ့ သက်န်းသပိတ်ပရိက္ခရာ၊ လောကီရေး,လူမှုရေး,မင်းရေးစိုးရေး,ဆွေရေး,မျိုးရေးတွေ အပူတွေမှန်သမျှကို ငြိမ်းစေတတ်,အေးစေတတ်,ပြတ်စေတတ်တဲ့ လောကုတ္တရာအဆင်တန်ဆာဖြစ်တဲ့ သက်န်းသပိတ်ပရိက္ခရာ၊ အဲဒီသက်န်းသပိတ်ပရိက္ခရာတွေ တန်ဆာဆင်ပြီးတော့ ဘုရားပစ္စေကာအရိယာအပေါင်းသူတော်ကောင်းကြီးတွေရဲ့ အသွင်သဏ္ဍာန်မျိုး, အကျင့်မျိုး,အနေအထိုင်မျိုး၊ အဲဒီအသွင်သဏ္ဍာန်,အကျင့်,အနေအထိုင်ဆိုတဲ့ တူသုံးတူနဲ့တတ်နိုင်သမျှတူအောင်ဆိုပြီးတော့ သားရတနာလေး နှစ်ဦးနဲ့ တူရတနာလေး(၇)ဦးကို ရှင်ပြုပါတယ်၊ ရှင်ပြုမင်္ဂလာကျင်းပပါတယ်။

အဲဒီလို ရှင်ပြုမင်္ဂလာ ပဗ္ဗဇ္ဇမင်္ဂလာဆင်ယင်ကျင်းပရင်းနဲ့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာတော်(၇၀၀)ကျော်တို့အား နံနက်အချိန်မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်ချိုချဉ် အရသာအဖြာဖြာတို့ဖြင့် မိဘတွေဆွေမျိုးတွေ အကို အမ ဦးကြီး ဦးလေး ဒေါ်ကြီးဒေါ်လေးဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတွေနဲ့ အတူတကွ "သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယော ဟောတု"ဆိုပြီးတော့ စေနာသုံးတန်ထက်သန်စွာနဲ့ လောင်းလှူဆက်ကပ်တယ်၊ နေ့လယ်လည်းမွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်ချိုချဉ်ရသာအဖြာဖြာတွေနဲ့ လောင်းလှူဆက်ကပ်ကြ၊ မနက်ဆွမ်း,နေ့ ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းများနဲ့ သံဃာတော်(၇၀၀) ကျော်ကိုလောင်းလှူဆက်ကပ်တယ်လို့ဆိုတော့ ဒီနေ့ သံဃာတော်ပေါင်း (၁၅၀၀)၊ဘုရားသားတော်သံဃာတော်ပေါင်း (၁၅၀၀) ကျော်ရဲ့ သပိတ်ထဲမှာ ဒီနေ့ ဒကာဦးထွန်းမော်တို့ ဒကာမဒေါ်ကြည်ဝင်းတို့ဆွေသား,မျိုးသားတွေ လောင်းလှူနိုင်တဲ့ နေ့. . မြတ်သောလက် ဖြူစင်သောလက်။

ဒီလက်နဲ့ပဲ အပါယ်လေးပါးသွားကြောင်းလည်း ဒီလက်နဲ့ပဲ အားထုတ်တာပဲ၊ ဒီလက်ကပဲသူများပစ္စည်းခိုးတာလည်း ဒီလက်နဲ့ခိုးတာပဲ၊ သူများပစ္စည်း အတင်းအဓမ္မ လက်နက်ပြပြီးလုတာလည်း ဒီလက်နဲ့ပဲလုတာပဲ၊ သူများဒုတ်နဲ့ရိုက်သတ် ဓားနဲ့ခုတ်သတ်တာလည်း ဒီလက်ပဲ၊ အပါယ်လေးပါးသွားအောင်လုပ်နေတာလည်း ဒီလက်ပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင်ဆန်တက်သွားအောင်လုပ်တာလည်းဒီလက်ပဲ။

ဒီလက်ဟာ သူတော်ကောင်းလက်,သူယုတ်မာလက် နှစ်လက်ရှိတဲ့ အနက်

http://www.dhammadownload.com



က ဒီနေ့ဒကာဦးထွန်းမော်တို့ ဒေါ်ကြည်ဝင်းတို့က မိမိတို့ရလာတဲ့ခန္ဓာကိုယ်မှာ၊ ကံကပေးလို့ပါလာတဲ့လက်ကလေးကို ဘုရားသားတော်အရှင်မြတ် (၁၅၀၀)ကျော်ရဲ့ သပိတ်ထဲမှာဆွမ်းဘောဇဉ်တွေဟင်းတွေလောင်းလှူပြီးတော့ ပယတပါဏိ-ဖြူစင်သောလက်၊ ဝေါသဂ္ဂရတ-စွန့်လွှတ်မှုမှာမွေ့လျော်တဲ့လက်၊ ယာစကောဂ-အတောင်းအရမ်းခံနိုင်တဲ့လက်၊ ဒီလက်ဟာနိဗ္ဗာန်မဂ်ဖိုလ်ထိအောင်လည်းပို့တယ်၊ အပါယ်လေးပါး ဆွဲချအောင်လည်းလုပ်တယ်-သူပဲ။

ဒီတော့-မြတ်စွာဘုရားက ဒီလက်ကိုဒါနမှုနဲ့ပတ်သက်လာရင် ပယတပါဏိ-ဖြူစင်သန့်ရှင်းသောလက်ရှိအောင်ကြိုးစားတဲ့၊ တနည်း-ပယတဆိုတာ-ဖြန့်ထားတာ၊ ပါဏိက-လက်၊ ပယတပါဏိ-ဖြန့်ထားသောလက်ရှိသည်၊ မဂ်ဖိုလ်နိဗ္ဗာန်လိုလားရင် ဖြန့်ထားသောလက်ရှိအောင်ကြိုးစား၊ ဖြန့်ထားတဲ့လက်ဆိုတာ ဆုပ်မထားဘူးပေါ့၊ ဆုပ်ထားတယ်ဆိုတာ-ဘယ်သူ့မှမပေးဘူး၊ ကိုယ်လည်းမစားဘူး၊ သူများလည်းမပေးဘူး၊ ရတာလေးဆုပ်ထား,ထုပ်ထား၊ ဒါကို ဆုပ်ထားတဲ့လက်လို့ခေါ်တယ်။

အဲဒီဆုပ်ထားတဲ့လက်ရှိတဲ့သူက မဂ်ဖိုလ်နိဗ္ဗာန်မရောက်ဘူး၊ မသွားဘူး။ ဖြန့်ထားတဲ့လက်ရှိသူက လက်ထဲရောက်လာရင်ခဏသာသိမ်းတာသူက၊ လှူလိုက်မယ်,ပေးလိုက်မယ်,ကမ်းလိုက်မယ်ဒီလို့ ဒါ့ကြောင့်သူ့ကိုဖြန့်ထားသောလက်ရှိသူတဲ့။ အဲဒီတော့-ဖြူစင်သန့်ရှင်သောလက်ရှိသူလို့လည်းအဓိပ္ပါယ်ထွက်တယ်၊ ဖြူစင်သန့်ရှင်းသော လက်ရှိတယ်ဆိုတာ လက်ရေဆေးပြီးတော့ ခဏ,ခဏလှူဖွယ်တန်းဖွယ်ကိုလှူနေတာ၊ ရေစက်ချပြီးတော့ လက်ကရေကိုကိုင်ပြီးတော့ ခဏခဏ ဖြူစင်သန့်ရှင်းတဲ့လက်နဲ့ကိုင်ပြီးတော့ လှူနေတာ။ အဲဒီလိုဒီနေ့ ဘုရားသားတော် သံဃာတော်ပေါင်း (၁၅၀၀)ရဲ့ သပိတ်ထဲမှာ ဒီနေ့ ဒကာဦးထွန်းမော်+ဒကာမဒေါ်ကြည်ဝင်းတို့ရဲ့လက်ကဖြူစင်သန့်ရှင်းသောလက်နဲ့ လောင်းလှူနိုင်တဲ့အချိန်၊ သို့မဟုတ် ဖြန့်ကားထားတဲ့ လက်ရှိတဲ့အချိန်။

ဒီတော့-ဒီရှင်ပြုတယ်ဆိုတဲ့ ကိစ္စကို ပထမဆုံး အလှူ့ဒကာနဲ့အလှူ့အမသိလိုက်ဖို့ရာက-ဒီနေ့ကိုယ့်သားကလေး(၂)ဦးနဲ့တူရတနာလေး(၅)ဦးရဲ့ခန္ဓာကိုယ်ပေါ်မှာ နိဗ္ဗာန်အရိပ်,နိဗ္ဗာန်အရောင်သန်းနေတဲ့ အဆင်တန်ဆာနဲ့ဆင်မြန်းနိုင်တဲ့နေ့ပဲ၊အိုဘေး,နာဘေး,သေးဘေးကြီးတွေငြိမ်းနေတဲ့ဓာတ်ကြီးကိုနိဗ္ဗာန်လို့ခေါ်တယ်၊

http://www.dhammadownload.com



အဲဒီနိဗ္ဗာန်ဓာတ်ကြီးရဲ့ အရိပ်ထိုး,အရောင်ထိုး,တန်ခိုးသတ္တိမြုပ်ဝင်နေတဲ့ ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတွေ နှစ်ထောင်းအားရ ဆင်မြန်းလေ့ရှိတဲ့ အဆင်တန်ဆာနဲ့ဒို့သားကလေးတွေရဲ့ခန္ဓာကိုယ်ပေါ်,တူကလေးတွေရဲ့ခန္ဓာကိုယ်ပေါ်မှာဒို့ဆင်ပေးနိုင်တဲ့နေ့. . . လို့ရှေးဦးစွာဒီလိုမြင်လိုက်ပါ၊ သိလိုက်ပါ။

ကိုယ့်သားကိုယ့်သမီးကိုဆင်ပေးတဲ့အဆင်တန်ဆာက(၂)မျိုးရှိပါတယ်၊ လောကီအဆင်တန်ဆာ၊ လောကုတ္တရာအဆင်တန်ဆာလို့(၂)မျိုးရှိတယ်။ လောကီအဆင်တန်ဆာတွေဆိုတာကတော့ ဘဝများစွာ ကမ္ဘေကမ္ဘာဆင်ခဲ့လှပြီ၊ အခုအလျှူဒကာမောင်ထွန်းမော်တို့အလျှူအမ မကြည်ဝင်းတို့ပဲ ဘဝတိုင်းဘဝတိုင်း ကိုယ့်သားရယ်,သမီးရယ်ဆိုတာရှိလာကြတာ၊ တူရယ်တူမရယ်ရှိလာကြတာ၊ မြေးတွေမြစ်တွေရှိခဲ့ကြတာ၊ ရှိတိုင်း,ရှိတိုင်းကိုယ့်ရဲ့ပစ္စည်းဓနအင်အား အားလျော်စွာဆင်ခဲ့ကြပါတယ်၊ အဲဒီဆင်ခဲ့တဲ့ အကြိမ်များစွာဆင်ခဲ့တာက ဘာအဆင်တန်ဆာတုံးဆိုတော့ လောကီအဆင်တန်ဆာခေါ်တယ်။

အခု-ဒီနေ့ဆင်လိုက်တဲ့ အဆင်တန်ဆာ,သင်္ကန်းတို့သပိတ်တို့ခါးပန်းကြိုးတို့ဖိနပ်တို့ဆိုတဲ့ အဆင်တန်ဆာက လောကုတ္တရာအဆင်တန်ဆာ၊ ဆင်ရခဲတဲ့အဆင်တန်ဆာ၊ ကမ္ဘာနဲ့ချီပြီးတော့ခက်တဲ့အဆင်တန်ဆာ။ ဘာပြုလို့တုံး-ဘုရားပွင့်မှ ဘုရားသာသနာရှိတယ်၊ ဘုရားရှိမှဒီအဆင်တန်ဆာဝတ်တဲ့ ရှင်ရဟန်းတွေရှိတယ်၊ ဒီအဆင်တန်ဆာဝတ်တဲ့ရှင်ရဟန်းတွေရှိမှ ဒီအဆင်တန်ဆာပေါ်လာတယ်၊ ဒီတော့-ဘုရားပွင့်တာခက်သလိုပဲ ဒီအဆင်တန်ဆာပေါ်မှုကလည်းခက်တယ်။ ရသေ့တွေဝတ်တဲ့သစ်ခေါက်ဆိုးကတော့ရှိတာပေ့ါ အဲချိန်မရွေး၊ အခုလိုအိမ်ဝန်းကြီး, အိမ်ဝန်းလေး,အနားပါတ်,တလုပ်မြောင်း,ဝိနည်းတော်နှင့်အညီ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်စီမံခန့်ခွဲ၊ အရှင်အာနန္ဒာနောက်က သရုပ်ဖော်ထားရတဲ့ဒီသင်္ကန်းမျိုး ဒီခါးပန်းမျိုး သပိတ်မျိုးက ဒါဘုရားရှင်ပွင့်မှပေါ်တဲ့ အဆင်တန်ဆာ။

ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း သာမညလေးနဲ့အမှတ်တမဲ့လေး ဒီအဝတ်မျိုးထူထောင်ထားတာမဟုတ်ဘူး၊ ဒီအဝတ်ဟာခန္ဓာကိုယ်မှာ အချမ်း အပူအစရှိတဲ့ခန္ဓာကိုယ်ကို နှောက်ယှက်ဖျက်စီးမယ့်အအေးဒဏ်,အပူဒဏ်တွေကိုလည်း ကာကွယ်နိုင်ရမယ်၊ ဟိရိဩတ္တပ္ပဂုဏ်လည်းလုံခြုံစေရမယ်။ ပြီးတော့-

http://www.dhammadownload.com



ဝန်ကျဉ်းကျဉ်းနဲ့စောင်ကြီးတွေအိပ်ရာလိပ်ထုပ်ကြီးတွေပါမနေရဘဲနဲ့ ဒီသင်္ကန်း(၃) ထည်နဲ့ပဲ တခါတည်းကိစ္စပြီးအောင် သွားရာလာရာတရားအားထုပ်ရာဝန်ပေါ့ ပါးအောင်၊ သလ္လဟုကဝုတ္တိ-ခေါ်တဲ့ပေါ့ပေါ့ပါးပါးနဲ့သွားနိုင်လာနိုင်, နေနိုင်ထိုင် နိုင်အောင်၊ ရဟန်းဆိုတာနှစ်ထပ်သင်္ကန်းကြီးပါလာတယ်၊ နှစ်ထပ်သင်္ကန်းကြီးဟာ စောင်ပဲအမှတ်က၊ စောင်လည်းဟုတ်တယ် အနွေးထည်ခြုံထည်ကြီးလည်းဟုတ် တယ် ဒါပြီးရောသုံးထည်။

ဒီတော့- အဲဒီလိုသံလ္လဟုကဝုတ္တိလည်းဖြစ်အောင်၊ ပြီးတော့ အရောင်က လည်းပဲ ဒီအရောင်တရောင်ဆိုးဆိုတော့ ကြောင်ကြောင်ကျားကျား နီနီတွေးတွေး, လှလှပပဆိုတဲ့အသွင်မျိုးမဟုတ်ဘူး၊ သူခိုးတွေစားပြတွေကလည်းနှစ်နှစ်,သက် သက်ကြီး လိုချင်စိတ်မရှိအောင်၊ ဖြတ်,ဖြတ်ပြီးမှပြန်ချုပ်,ဆက်စပ်ထားတော့ သူ့ဟာ လိုချင်စရာမရှိအောင်၊ မိမိဝတ်တဲ့ပုဂ္ဂိုလ်ကိုယ်တိုင်ကလည်းပဲ သာယာပြီးတော့ လောဘတွေနဲ့ဒေါသတွေမပွားအောင်၊ ဒီလိုဆင်ထားတာ။ ပြီးတော့စားဖွယ် သောက်ဖွယ်အနေနဲ့လည်းပဲ ငွေဇွန်းရွှေဇွန်း,ရွှေပုဂံငွေပုဂံ,ငွေကရား ရွှေကရားတွေ ဒီလိုအသုံးအဆောင်တွေနဲ့ အတွန့်တက်နေလို့ရှိရင်ဒီပေါ် လောဘ,ဒေါသတွေနဲ့ တွယ်တာပြီးနေဦးမှာမို့လို့ သပိတ်-ဒါပဲ။ ရေသောက်လည်းဒီသပိတ်ပဲ,စားလည်း ဒီသပိတ်ပဲ,တစ်ခုတည်းနဲ့ပြီးအောင်။ ဒီသပိတ်ကလည်းဒီခန္ဓာကိုယ်မှာဒီအာဟာရမှ မစားလို့ရှိရင် မဖြစ်သေးလို့ ဒီအာဟာရမှမကျွေးလို့ရှိရင် မော်တော်ကား ဓာတ်ဆီမှ မထည့်ရင် မောင်းမရသလို ရထားတို့လှည်းတို့လှည်းစာမှမထိုးရင် သုံးမဖြစ်သလို ဖြစ်နေလို့ဘုရားက သပိတ် တော်ပြီ. . . ရေသောက်လည်းဒါပဲ ဆွမ်းစားလည်းဒါပဲ၊ ဒီခန္ဓာကိုယ်ယန္တရားကြီးမောင်းဖြစ်ရုံ အာဟာရကလည်း ပါးစပ်ပေါက်ကနေကျွေးရ, ထည့်ရ, သောက်ရအုံးမှာမို့လို့တဲ့ အစာနဲ့ရေတိုက်ဖို့,ကျွေးဖို့သပိတ်။ ဟော- ဒါလောဘ, ဒေါသကိုမဖြစ်အောင်လုပ်တာ။

သူကိုယ်တိုင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရွှေခွက်,ငွေခွက်,ရွှေလင်ပန်း ငွေလင်ပန်း,ရွှေဇွန်း,ငွေဇွန်း,ကောင်းပေ့ဆိုတဲ့အသုံးအဆောင်တွေနဲ့သုံးလာတော့ ဒါတွေပေါ်မှာ သုံးနေတုန်းလည်းပဲလောဘ,ဒေါသတွေပွားတာကို သူကိုယ်တိုင် သိခဲ့တယ်။ ပြီးတော့စောင့်ရှောက်လိုက်ရ,ပူပန်လိုက်ရတာတွေကိုလည်း သိတယ်သူ ကိုယ်တိုင်၊ အခုမြေသပိတ်,သံသပိတ်ဆိုတော့စောင့်ရှောက်ရမှု ဒီလောက်လည်းမ ကြီးကျယ်ဘူး၊ လောဘ,ဒေါသလည်းဖြစ်ဖို့ရာမများဘူး။ အဲရွှေခွက်ငွေခွက်သာသုံး

http://www.dhammadownload.com



ကြည့်စမ်းပါလား၊ ကိုယ်စားတဲ့အချိန်စားတော့လည်းရွှေခွက်နဲ့ငါစားနိုင်တယ်၊ ငါက ရွှေခွက်နဲ့စားနိုင်တာ မာနလေးတက်လို့၊ ပြီးတော့ဒီရွှေခွက်ကိုဝှက်လိုက်ရသိမ်းလိုက် ရ၊သူခိုးခိုးမှာစိုးလို့၊ဓားပြတိုက်မှာစိုးလို့ လမ်းလုမှာစိုးလို့နဲ့ အခုသပိတ်ဆိုတော့ဘယ် သူကမှရုတ်တရက်မလုဘူး။

ဒီတော့-အဲဒီတော့ကိုယ်ကိုယ်တိုင်လည်း လောဘ,ဒေါသနည်းအောင်, ဘေးကမြင်တဲ့သူတွေကလည်းပဲ လိုချင်မှုတွေနည်းအောင်,အန္တရာယ်လည်းကင်း အောင်, ခန္ဓာကိုယ်လည်းအသုံးတည့်အောင်,ဒီလိုသဗ္ဗညုတ ဉာဏ်တော်နဲ့ကြည့်ပြီး တော့ ရှေးဘုရားလက်ထက်အဆက်ဆက်က ဘုရားရှင်ကိုယ်တော်မြတ်အဆူဆူ သုံးခဲ့တဲ့ပရိက္ခရာဆင်ထားတာ။ ဒီတော့-ဒီအဆင်တန်ဆာကြောင့်တော့ လောဘ, ဒေါသအဖြစ်နည်းသွားတယ်၊ လောဘ,ဒေါသအပူတွေနည်းသွားတယ်၊ ကြောင့် ကြရမှု,စိုးရိမ်ရမှုတွေ နည်းသွားတဲ့အဆင်တန်ဆာ ၊ ဒါ့ကြောင့်ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတွေရဲ့နှစ်ထောင်းအားရသုံးတော်မူကြတဲ့ အဆင်တန်ဆာ၊ အဲဒီအဆင်တန်ဆာကိုဆင်ပေးနိုင်တဲ့နေ့. . . လို့ အလှူ့ဒကာ အလှူ့အမတွေကဒီလိုသတိရလိုက်ပါ အာရုံပြုလိုက်ပါ။

ဒီသက်န်းပရိက္ခရာကိုအမှတ်တမဲ့လေးများမထင်လိုက်ပါနဲ့ ဘုရားရှင်ကိုယ် တော်မြတ်ကြီး ကမ္ဘေကမ္ဘာပွင့်တော်မူတဲ့ ဘုရားရှင်တိုင်း,ဘုရားရှင်တိုင်း ဒီအဝတ်, ဒီအရုံ့ဒီသပိတ်သုံးသွားကြတာ၊ သုံးသွားကြတာကလည်း တွေကရအနတ္တ ကောက် သုံးတာမဟုတ်ဘူး။ ခုနကလိုမိမိကိုယ်တိုင်လောဘ,ဒေါသမပွား ဘေးကလူတွေ ရဲ့အနှောက်အယှက်ကင်း,ကြောင့်ကြမှုကင်း, မိမိကိုယ်တိုင် ကြောင့်ကြမှုတွေကင်း၊ ဒါကိုကြည့်ပြီးတော့ သေသေချာချာ စီစဉ်သွားတဲ့ပရိက္ခရာ၊ အဲဒီ ပရိက္ခရာနဲ့အဆင် တန်ဆာ ဆင်ပေးလိုက်နိုင်တဲ့နေ့၊ အဲဒီလိုဆင်ပေးလိုက်တော့ သူတို့သားကလေးနှစ် ယောက်နဲ့ တူကလေး(၅)ယောက်ဘယ်လိုဖြစ်သွားတုံး၊ ဟော-ဘုရား ပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေနဲ့ ပုံသဏ္ဌာန်တူသွားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း သူ့ကိုယ်သူရှင်ပြုတော့ ဒီလိုပဲဆံမုတ် ဆိတ် ကျင်စွယ်ရိတ်ပယ်တယ်၊ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားတောထွက်လာ ပြီးတော့ ဘာလုပ်တုန်းလို့ အလှူ့ဒကာ ဦးထွန်းမော်တို့ အလှူ့အမ ဒေါ်ကြည်ဝင်း တို့က သတိထားကြည့်စမ်း၊ ဘုရားသူ့ကိုယ်သူရှင်ပြုတယ်၊ ဘာစလုပ်တုံး အနော်

http://www.dhammadownload.com



မာသောင်ထဲမှာ ဆံပယ်တယ်၊ ဟော-ဒီဆံပင်ကိုအကြောင်းပြုပြီးတော့ ဖြီးရလိမ်းရ, ဆင်ရပြင်ရ, အဲဒါတွေငြိမ်းသွားအောင်လို့ ပြီးတော့ ဒီဆံပင်ကို အကြောင်းပြုပြီးတော့ ငါ့ဆံပင်ကြောင့်ငါလှတယ်၊ ငါ့ဆံပင်ကြောင့်ငါချောတယ်,လှတယ်၊ ငါ့ဆံပင်မထိနဲ့ ငါ့ဆံပင်မတို့နဲ့ဆိုတဲ့ လောဘတွေ, ဒေါသတွေ, မာနတွေ ဖြတ်ပယ်ချင်လို့ ရုပ်ကိုပယ်လိုက်တာ၊ ဒီရုပ်ကိုမှီပြီးဖြစ်မယ့် လောဘ, ဒေါသမီးတွေ တဟုန်းဟုန်းတောက်မှာကို ပယ်ဖစ်လိုက်တာ၊ ဒါဆံပယ်လိုက်တာပဲပထမဆုံး၊ ရှင်ပြုတာ ဘုရားက သူ့ကိုယ်သူ။

ပြီးတော့-ဃဋိကာရဗြဟ္မာမင်းဆက်တဲ့ သင်္ကန်း,သပိတ်,ပရိက္ခရာကိုသုံးတယ်၊ ပြီးတော့မှ ဘုရားဖြစ်အောင်ကျင့်တယ်၊ ဟောဒါ-ဘုရားရှင်ကိုယ်တော်မြတ်ကြီး သူ့ကိုယ်သူရှင်ပြုတာ အချက်သုံးချက်ပဲ၊ (၁)ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်တယ်။ (၂)ဖန်ရည်တတ်စွန်းတဲ့ သင်္ကန်းဝတ်ပြီးတော့ သပိတ်ကိုကိုင်တယ် သုံးတယ်။ (၃)ဘုရားဖြစ်အောင်ကျင့်တယ်။ အခုကိုရင်လေးတွေ, ရှင်ပြုတော့ဘာတွေလုပ်တုံး၊ (၁)ဆံမုတ်ဆိတ်ကျင်စွယ်ကိုရိတ်ပယ်တယ်၊ မနေ့ကသူတို့ကမ္မဋ္ဌာန်းလက်ာလေးတွေရွတ်ခိုင်းပြီး ကမ္မဋ္ဌာန်းနည်းနည်း သူတို့နိုင်သမျှ တစပဉ္စက ကမ္မဋ္ဌာန်းပြောပြီးတော့ သူတို့ကိုရှင်ပြုပေးနေတာ၊ ခေါင်းရိတ်ဆံချ၊ နောက်သူတို့ကိုဖန်ရည်တပ်စွန်းတဲ့သင်္ကန်း ပြောင်းလဲဝတ်ရုံပေးလိုက်တယ်လေ၊ သပိတ်ကိုလက်ထဲမှာ အပ်လိုက်တယ်လေ၊ ဒါဘုရားလမ်းစဉ်အတိုင်းသွားနေတာပဲ၊ ဘုရားကလည်း ရှင်ပြုတယ်ဆိုတာ ဒါပဲလို့--

*** ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါနာနိ ပဗ္ဗဇ္ဇာနာမ။**

ပဗ္ဗဇ္ဇာနာမ-ရှင်ပြုတယ် ရှင်ပြုတယ်ဆိုတာ၊ (၁)ကေသစ္ဆေဒန်-ကမ္မဋ္ဌာန်းလက်ာလေး, ကလေးနိုင်ရုံပေးပြီးတော့ ဆံမုတ်ဆိတ်ကျင်စွယ်ရိတ်ပယ်ပေးခြင်းလည်းကောင်း၊(၂)ကာသာယစ္ဆာဒန်-ဘုရားပစ္စေကာ, အရိယာအပေါင်း, သူတော်ကောင်းတို့ရဲ့, နှစ်ထောင်းအားရ, သုံးဆောင်တော်မူသွားကြတဲ့, သင်္ကန်းသပိတ်ပရိက္ခရာကို, တန်ဆာဆင်ပေးခြင်းလည်းကောင်း၊ (၃) သရဏဒါန်-ဗုဒ္ဓံသရဏံဂစ္ဆာမိ, ဓမ္မံသရဏံဂစ္ဆာမိ, သံဃံသရဏံဂစ္ဆာမိ, လို့ရွတ်ဆိုစေပြီးသကာလ, သရဏဂုံ ဆောက်တည်ပေးခြင်းလည်းကောင်း၊ ဣမာဏိတီနိ-ဤသုံးချက်တို့သည်၊ ပဗ္ဗဇ္ဇာ နာမ-ရှင်ပြုတယ်လို့ခေါ်၏. . . . ။

---

* ဝိမတိ-ဋီ-၂၊ ၉၄။

http://www.dhammadownload.com



ပဟော-ရှင်ပြုတယ်,ရှင်ပြုတယ်ဆိုတာ ဒီသုံးချက်ကိုခေါ်တာ. . . တဲ့ ဘုရားက၊ ကျမ်းဂန်ကလည်း ဒီ(၃)ချက်ကိုခေါ်တာတဲ့၊ အဲဒီသုံးချက်ကို ရှင်ပြုတယ် ခေါ်တာ၊ ရှင်အောင်ပြုပေးလို့ရှင်ပြုတယ်ခေါ်တာ။ ဒီကလေးလေးတွေ သန္တာန်မှာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာစတဲ့တွေ၊ သူတော်ကောင်းကုသိုလ်တရားတွေ ရှင်အောင်, သန်အောင်, ကြီးအောင်, ထွားအောင်၊ သီလတွေရှင်အောင်, သန်အောင်၊ သမာဓိတွေ သန်မာကြီးထွားလာအောင်၊ ပညာတွေရှင်သန်ကြီးထွားလာအောင်ပြုလို့ သူ့ကို့ရှင်ပြုတယ်လို့ခေါ်တာ။

ဒီတော့-ဒီကလေးလေးတွေ အဲဒီသုံးချက်လုပ်လိုက်တဲ့အတွက် သူတို့မှာ သီလတွေ. . . နဂိုကငါးပါးသီလလောက်ရှိတယ်။ သစ်ပင်လိုပြောရင်, ငါးပါးသီလ လောက်, နိမ့်နိမ့်လေး, ပုပုလေး၊ အခု(၁၂၀)တဲ့ သူတို့သန္တာန်မှာထိမ်းတဲ့ သိက္ခာ သီလကြီး, သစ်ပင်ကြီး, ရှင်သန်ကြီးထွား မြင့်ကားသွားလိုက်တာ။ သမာဓိဆိုတာ ကောင်းတဲ့အာရုံထဲစိတ်ရောက်နေတာ သမာဓိခေါ်တယ်၊ ဒီတော့-အဲဒီသမာဓိက လည်း သင်္ကန်းဝတ်ကလေးနဲ့နေရင် သူတို့ကကျက်မယ့်စာကိုကဘုရားစာ, ဘုရား အကြောင်း,သံဃာ့အကြောင်း,တရားအကြောင်း,သူတော်ကောင်းတွေအကြောင်း သူတို့အသိများနေတာ၊ သူတို့စိတ်ကလေးက ဘုရားနဲ့တွေ့တဲ့အချိန်များလိမ့်မယ်၊ အဲဒါသမာဓိခေါ်တယ်။

ဘုရားဆိုတာ ကောင်းတဲ့အာရုံကြီး၊ အဲဒီကောင်းတဲ့အာရုံကြီးထဲမယ် စိတ်ကလေးသူတို့နစ်နေတယ်၊ ရောက်နေတယ်၊ ဘုရားအကြောင်းတွေးနေတယ်၊ ဘုရားအကြောင်းစဉ်းစားနေတယ်၊ ဘုရားအကြောင်းဖတ်ရင်းနဲ့ အနက်ထင်ပြီးသူ့ စိတ်ကလေးကဘုရားနဲ့တွေ့၊ သူ့အရွယ်သူထင်ချင်ရာထင်ပေါ့လေ၊ သို့သော်- ဘုရားနဲ့သူ့စိတ်နဲ့တွေ့နေတာတော့အမှန်ပဲ၊ အဲဒါသမာဓိ။ ဒီတော့ အိမ်နေတာ ထက်သမာဓိလည်းရှင်သန်ကြီးထွားနေတယ်။

ပညာအသိကကော-သူနိုင်ရာနိုင်ရာအသိကလေးတွေ ပရိယတ္တိ,ပဋိပတ္တိ သိမယ်၊ ဘုရားအကြောင်းသိ,တရားအကြောင်းသိ,သံဃာအကြောင်းသိ,ကံ,ကံအ ကျိုးကြောင်းတွေသိ,အသိကလေးတွေကြီးထွားရှင်သန်တက်လာမယ် အဲဒါရှင်ပြု တာ။ ဒီတော့ရှင်ပြုတယ်ဆိုတာဒီသုံးချက်ခေါ်တာ။ မဏ္ဍပ်ကြီးထိုးတာရှင်ပြုတဲ့ ထဲမပါသေးဘူး၊ ရှင်လောင်းလှည့်တာရှင်ပြုတဲ့ထဲမပါသေးဘူး၊ ဘိသိက်မြှောက်

http://www.dhammadownload.com



တာရှင်ပြုတဲ့ထဲမပါသေးဘူး၊ ဗျောတွေခေါက်တာရှင်ပြုတဲ့ထဲမပါသေးဘူး၊ ဒါက ကိုယ်တတ်နိုင်လို့ကိုယ့်ဘာကို အဆောင်အရောင်အပိုလုပ်ကြတာ၊ ရှင်လောင်းတွေ ဘာတွေပြင်ကြဆင်ကြ ဒါယဉ်ကျေးမှုတိမ်ကောပပျောက်မသွားအောင် ကိုယ့်မြန်မာ့ရဲ့ ရိုးရာတိမ်ကောပပျောက်မသွားအောင် ဆင်ပြင်ပေးပြီးတော့ပြုကြတာ။

သို့မဟုတ်ရင်လည်းပဲ လူ့လောကမှာဖြင့် ဒါအထွတ်အထိပ်ပဲ ဒါလူ့လောကမှာ မင်းစည်းစိမ်လို-မင်းမြှောက်တန်ဆာဆင်ပြီးတော့ လူ့လောကရဲ့အထွတ်အထိပ်ပဲ ငါ့သား,ငါ့သမီးဒါအကြီးအကျယ်ဆုံးပဲဆိုပြီးတော့ ဆင်ပြလိုက်တာ။ ပြီးတော့ဒီကနေတောထွက်သွားပြီဆိုတော့ သက်န်း,သပိတ်လက်ထဲအပ်ပြီးတော့ ဖန်ရေတပ်စွန်းတဲ့သင်္ကန်းကိုဝတ်။ ဒီတော့-မလုပ်ရဘူးလို့တော့မဆိုပါဘူး လုပ်ရပါတယ်၊ လုပ်လို့ငရဲကြီးတယ်လို့မပြောပါဘူး၊ သို့သော်လိုရင်းကတော့ဒီ(၃)ချက်၊ ဒါကိုတော့နားလည်ထားမှ။ ရှင်ပြုတယ်ဆိုတာလိုရင်းက-(၁)ကမ္မဋ္ဌာန်းလက်ာလေးပေးပြီးတော့ဆံမုတ်ဆိတ် ကျင်စွယ်ရိပ်ပယ်ခြင်း၊ (၂)ဖန်ရည်တပ်စွန်းတဲ့ သင်္ကန်းကိုပြောင်းလဲဝတ်ရုံပေးခြင်း၊ သပိတ်သင်္ကန်းဆင်ပေးခြင်း၊ (၃)သရဏဂုံဆောက်တည်ပေးခြင်း ဒါပဲ၊ အဲဒါရှင်ပြုတာ။

အဲဒီလိုပြုလိုက်သည်နဲ့တစ်ပြိုင်နက် သူတို့ဘယ်သူနဲ့တူသွားတုံးလို့ဆိုတော့ အရိယာသူတော်ကောင်းကြီးတွေနဲ့အသွင်တူသွားတယ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တူသွားတယ်၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနဲ့တူသွားတယ်၊ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်နဲ့တူသွားတယ်၊ အဲဒါ-လိင်္ဂအရိယာ-အသွင်အားဖြင့် အရိယာဖြစ်သွားတာ မြင့်မြတ်သွားတာ။ ဒါဖြင့်-အသွင်အားဖြင့်သာမြတ်တာလားဆိုတော့ ဝမ်းထဲကအကျင့်ကလည်းပဲ အာစာရအရိယာတဲ့-ဝမ်းထဲကအကျင့်ကလည်း အခုသူတို့သိက္ခာသီလထိန်းသိမ်းတယ်၊ သူတို့ထိန်းတဲ့သီလက (၁၂၀)ရှိတယ်၊ လူတွေထိန်းတာကငါးပါးရှိတယ်၊ သီလချင်းလည်းသူတို့ကသာနေပြီ။ သမာဓိချင်းလည်းသူတို့က ကျောင်းမှာနေတော့စာအံ,စာတက်,စာကျက်, ဘုရားအကြောင်းတွေသိ,ကြည့်,လေ့လာ,ဆိုတော့စိတ်ကဒီထဲပဲ နစ်နေတာများတယ်။ ငါးဖြာအာရုံကာမဂုဏ်ဘက်မထွက်ဘူးလို့ မပြောလိုပါဘူး၊ ထွက်ပါတယ်။ သို့သော်အချိန်နည်းတယ်။ ဒီတော့-စိတ်ကဒီထဲနစ်နေတာများတယ်။

ဘုရားထဲနစ်နေတယ်, တရားထဲနစ်နေတယ်, သံဃာထဲနစ်နေတယ်,

http://www.dhammadownload.com



ဘုရားအကြောင်း, တရားအကြောင်း, သံဃာအကြောင်းထဲမှာ စိတ်ကလေးကစား နေတယ်၊ စိတ်ကလေးလမ်းလျှောက်နေတယ်,စိတ်ကလေးပြေးနေတယ်, အဲဒါသ မာဓိခေါ်ပါတယ်၊ ဒါဖြင့်-အဲဒါဟာ ဒါသူတို့ သမာဓိအားဖြင့်လည်းကြီးထွား, အ ကျင့်အားဖြင့်ကြီးထွားတာပဲ။ ပညာဓာတ်အားဖြင့်လည်းပဲ ဝိပဿနာပညာထိ အောင်ပေါ့။ ကံ,ကံအကျိုးယုံ ကြည်တဲ့ပညာ, ဘုရားတရားသံဃာ,ရတနာသုံးပါးနဲ့ စပ်ပြီးတော့ သိသင့်သိထိုက်တဲ့ပညာတွေ တရားနဲ့ပတ်သက်ပြီးသိရမယ့်ပညာတွေ သမထဝိပဿနာပညာ,မဂ်ပညာ,ဖိုလ်ပညာ,ဒီပညာတွေတိုးတက် ကြီးထွားပြီးတော့ နေတယ်။ အဲဒီလိုအားဖြင့် အကျင့်အားဖြင့်လည်းပဲ ဒါ-သူတော်ကောင်းကြီးတွေရဲ့ အကျင့်မျိုးကျင့်တယ်။

အထူးသဖြင့်ဒီသီလတစ်ခုတည်းပဲကြည့်ပေါ့၊ သူတို့ကျင့်တဲ့အကျင့်ဟာ ဘုရားကျင့်တဲ့သီလ သူတို့ကျင့်တာပဲ၊ ဘုရားထိန်းတဲ့သီလသူတို့ထိန်းတာပဲ၊ အရှင် သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးတွေ ထိန်းတဲ့သီလ သူတို့ထိန်း တာပဲ၊ သူတို့ထိန်းတဲ့သီလနဲ့ အရိယာကြီးတွေထိန်းတဲ့သီလ အတူတူတဲ့၊ ဟိုကရာ သက်ပန်လို့ဆိုရတာနဲ့ ဒီကရာသက်ပန်လို့ မဆိုရတာလေးတစ်မယ်ပဲကွာတယ်။ ဒီတော့ ထိန်းတဲ့အချိန်အတူတူပဲ၊ ရှင်သရိပုတ္တရာကိုယ်တော်မြတ်ကြီး သူ့အသက်မ သတ်ဘူး ရှောင်တယ်၊ သူတို့ကလည်းသူ့အသက်မသတ်ဘူး ရှောင်တယ် ဒါ-အတူ တူပဲ ရှောင်ပုံချင်း၊ အရှင်မောဂ္ဂလာန်,အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးတွေ သူ့ဥစ္စာမခိုးဘူး ရှောင်တယ်၊ ဒီကိုရင်ကလေးတွေကလည်းမခိုးဘူး ရှောင်တယ် ဒါ-အတူတူပဲရှောင် တဲ့အချိန်။

အရှင်ရာဟုလာတို့,အရှင်အနုရုဒ္ဓါတို့ အိမ်ရာတည်ထောင်မှုတွေရှောင် တော်မူကြတယ်၊ ကိုရင်ကလေးတွေကသက်နံးဝတ်နဲ့နေသမျှ အိမ်ရာတည်ထောင် မှုကြီးတွေ,အဗြဟ္မစရိယ သိက္ခာပုဒ်ကြီးထိန်းတော်မူကြတယ် အတူတူပဲဒါ၊ အဲဒီလို အကျင့်အားဖြင့်လည်း တူအောင်ပြုပေးရာရောက်တယ်. . . တဲ့ သူတို့ မြင့်မြတ် သွားတာဟာ အဲဒီအသွင်သဏ္ဍာန်ကြောင့် မြင့်မြတ်တဲ့အပြင် အဲဒီ အကျင့်ကြောင့် ပိုမြတ်သွားတာ။ ဒါ့ကြောင့်သူတို့ကိုအမေတွေအဖေတွေ ဘိုးတွေ ဘွားတွေက ပြန်ရှစ်ခိုးရတာ,လက်အုပ်ချီရတယ်။

(၃)နံပါတ်အနေနဲ့ကျတော့-အနေအထိုင်ဣရိယာပုထ်လေးပါး၊ဒဿ

http://www.dhammadownload.com



နအရိယာလို့ခေါ်တယ်၊ ဣရိယာပုထ်လေးပါးဆိုတာသူတို့သွားပုံ,လာပုံ,အိပ်ပုံထိုင်ပုံ,ဘယ်သူတွေနဲ့တူသွားတုန်း,အရိယာသူတော်ကောင်းကြီးတွေနဲ့တူသွားတယ်။ သွားတော့လည်းကလေးတုန်းကလို ကိုယ့်ကားယားပြေးလိုက်လွှားလိုက်ခုံလိုက်ပေါက်လိုက်မရှိဘူး ကိုရင်ဆိုတော့၊ ဒီတော့-သွားရင်လည်းစကျုံခြေချပြီးတော့-ရှင်ဘုရင့်မင်္ဂလာဆင်တော်ကြီးများသွားသလိုတဲ့၊ ရေစည်လှည်းကြီးများ မောင်းသလိုတဲ့၊ ညက်ညက်ညက်ညက်,အိအိအိအိသွားရတယ်၊ ထိုင်တော့,အိပ်တော့လျောင်းတော့, အတူတူပဲဣရိယာပုထ်လေးပါး၊ အဲဒီလိုလည်းဒဿနအရိယာဖြစ်အောင်ပြပေး. . . တဲ့ ပြပေးရတယ်၊ အဲဒါရှင်ပြုတယ်လို့ခေါ်ထားတယ်။

ဒါ့ကြောင့်-ဒီနေ့ဒကာဦးမော်တို့ ဒကာမမကြည်ဝင်းတို့ကမိမိတို့ရဲ့သားရတနာ,တူရတနာလေးတွေရဲ့ခန္ဓာကိုယ်ပေါ်မှာ မြင့်မြတ်တဲ့သင်္ကန်းပရိက္ခရာ ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေရဲ့အဆင်တန်ဆာကို ဒို့ဆင်ပေးနိုင်တဲ့နေ့၊ ကမ္မာနဲ့ချီပြီး ဆင်ဖို့ရာခက်တဲ့အဆင်တန်ဆာတွေကိုဆင်ပေးနိုင်တဲ့နေ့၊ အဲဒီလိုဆင်ပေးလိုက်ခြင်းဖြင့် သူတို့သဏ္ဍာန်မှာမဂ်တရားဖိုလ်တရား နိဗ္ဗာန်တရား အရိပ်အရောင်သန်းလာစေနိုင်တဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ဓာတ်ကြီးကိုကျေးဇူးပြုတဲ့ အဆင်တန်ဆာကို ဆင်ပေးနိုင်တဲ့နေ့. . . လို့ အဲဒီလိုအာရုံပြုကြ။

အဲဒီလိုအာရုံပြုပြီးတော့ အဲဒီလိုပြုရင်းနဲ့ မိမိတို့ဒီနေ့သံဃာ(၇၀၀)ရာကျော်မနက်ဆွမ်းနေ့ဆွမ်းတွေကပ်ကြ၊ ခုနကလှူဖွယ်တန်းဖွယ်သင်္ကန်းဒွိစုံ(၁၅)စုံ အစရှိတဲ့လှူဖွယ်(၂၁)မျိုးတွေကိုလှူကြ၊ ဖိတ်မန္တကပြုထားတဲ့မိတ်ဆွေသင်္ဂဟအပေါင်းတွေသူတော်ကောင်းတွေကျွေးမွေး ဧည့်ခံကြရင်းနဲ့မိမိတို့အတွက်ကတော့ "ဒီဝင်းကမ္မာ"ဆိုတဲ့ လောကီဂျုံစက်ပိုင်ကြီးဘဝကနေပြီးတော့ ဒီနေ့သမ္ဗုတ္တိစက်ပိုင်ကြီးဘဝကိုပြောင်းတဲ့နေ့. . . ။လောကီစက်ပိုင်ကြီးအဖြစ်ကနေ လောကုတ္တရာစက်ပိုင်ပါကူးယူတဲ့နေ့. . . လို့မြတ်စွာဘုရားရဲ့အင်္ဂုတ္တရနိကာယ် စက္ကသုတ်တော်နဲ့ကြည့်ရင်ဒီနေ့ ဒကာကိုထွန်းမော်တို့ဒကာမမကြည်ဝင်းတို့ကိုယ့်ကိုယ်ကိုလောကီစက်ပိုင်နဲ့တင်မရပ်ဘဲနဲ့လောကုတ္တရာစက်ပိုင်အထိ ဖြစ်အောင်ယူတဲ့နေ့. . . လို့ခေါ်တယ်။

မြတ်စွာဘုရားကလည်းပဲ လောကီစက်ပိုင်ဘဝနဲ့တင်မရပ်လိုက်ပါနဲ့. . . တဲ့၊ လောကီဂုဏ်ထူးရှင်ကြီးဘဝနဲ့တင်မရပ်လိုက်ပါနဲ့ လောကုတ္တရာစက်ပိုင်ကြီး

http://www.dhammadownload.com



များဖြစ်အောင်လည်းပြုပါအုံး. . . လို့စက္ကသုတ်တော်မှာဟောထားတယ်။ ဘာပြု လို့တုံးလို့ဆိုတော့ လောကီစက်,လောကီစက်ပိုင်ရှင်အဖြစ်က မခိုင်မြဲတဲ့စက်မို့လို့, ကိုယ့်နောက်မပါမယ့်စက်မို့လို့,အကာမျှသာဖြစ်တဲ့စက်မို့လို့,အခု ဝင်းကမ္ဘာ ဂျုံစက် ပိုင်ကြီး,ဝင်းကမ္ဘာဂျုံစက်ပိုင်ရှင်ကြီးဆိုတဲ့ဂုဏ်ထူးက အကာမျှသာဖြစ်သေးတယ်. . . တဲ့မြတ်စွာဘုရားက၊ အနှစ်မဖြစ်သေးဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ရွှေရှိတော့ ရွှေပိုင်ကြီးလို့ခေါ်မယ်ပေါ့၊ ငွေရှိတော့ ငွေပိုင်ရှင်ကြီးလို့ခေါ်မယ်ပေါ့၊ စက်ရှိတော့ စက်ပိုင်ရှင်ကြီးပေါ့၊ တိုက်ရှိတော့ တိုက်ပိုင်ရှင်ပေါ့၊ ကားရှိတော့ကားပိုင်ရှင်ကြီး၊ ပွဲရုံရှိတော့ ပွဲရုံပိုင်ရှင်ကြီး၊ အဲဒီဂုဏ်တွေမှန်သမျှဟာ အကာပဲရှိသေးတယ်. . . တဲ့ အတွင်းအနှစ်မရောက်သေးဘူးတဲ့၊ ဘာပြုလို့တုံးဆိုတော့-

**❖ သူကပြုစု, မကြည်ဖြူ, ခွါယူပြန်က, ကွာ၍ကျ။**
**ရွှေဂုဏ်ငွေဂုဏ်, စက်ပိုင်ကြီးဂုဏ်, လူ့ဘုံလောက,**
**အကာမျှ။**

ဘာပြုလို့အကာမျှဖြစ်ရတာတုံးလို့ဆိုတော့-သူကပြုစု,မကြည်ဖြူ,ခွါယူပြန်က,ကွာ၍ကျ. . . တဲ့၊ သူကပြုစုလို့,မကြည်ဖြူလို့ခွါယူရင်ကွာနိုင်တဲ့ဂုဏ်တဲ့၊ ကွာကျနိုင်တဲ့ပစ္စည်းတွေ, ကွာကျနိုင်တဲ့စက်ကြီးတွေတဲ့၊ သူဆိုတာဘယ် သူတုံးလို့ ဆိုတော့ ရန်သူကြီးငါးပါးပြောတာတဲ့၊ မီးရန်သူကြီး-မီးရန်သူကြီးက ဒီနေ့ထပြီး တော့လုကြည့်စမ်းပါလား အဲဒီစက်ကြီးကို၊ ရေရန်သူကြီးကထလုကြည့်စမ်း၊ သူခိုးဓားပြတွေကထလုကြည့်စမ်း၊ ဒီတော့-အဲဒီမီးရန်သူ,ရေရန်သူ,သူခိုးဓားပြ ရန်သူ၊ မင်းစိုးရာဇာရန်သူ,အမွေခံဆိုးသားဆိုး သမီးဆိုးဆိုတဲ့ရန်သူ၊ အဲဒီရန်သူက သာထပြီးတော့ သူကပြုစုပြီးမကြည့်ဖြူလို့ မီးကထလောင်ပစ်လိုက်လို့ရှိရင် ဒီနေ့ စက်ပိုင်ကြီး,စက်ပိုင်ကြီး မနက်ဖြန်ခါ-စက်မဲ့၊ စက်ပိုင်ဘဝကနေပြီးတော့ အဲဒီ နာမည်ပျောက်ထွက်သွားတယ်။

အတူတူပဲပေါ့ ပွဲရုံကြီး ပွဲရုံပိုင်ရှင်ကြီး၊ ဒီနေ့ပွဲရုံပိုင်ရှင်ကြီး ပွဲရုံပိုင်ရှင် ကြီးနဲ့ မီးရန်သူကြီးက မကြည်ဖြူလို့ သူကထလုသွားရင် အကုန်ပြောင်သွားပြီ ဆိုရင် မနက်ဖြန်ခါ ပွဲရုံမရှိတဲ့လူကြီး၊ လူမွဲကြီး။ အဲလိုပဲ ရွှေတွေငွေတွေရှိတော့ ရွှေပိုင်ရှင် ရွှေပိုင်ရှင်နဲ့ ပြောနေ၊ သူခိုးဓားပြကထပြီးတော့ အကုန်လုယူပြီးတော့ အကုန်ပြောင်အောင်ယူသွားတယ်၊ ရွှေတရွေးသားတောင်မကျန်ရစ်ဘူးဆိုတော့ မနေ့တုန်းက ရွှေပိုင်ရှင်ကြီး ရွှေပိုင်ရှင်ကြီးနဲ့ ဒီနေ့ ရွှေပိုင်ရှင်ကြီးမဟုတ်တော့ဘူး၊ အဲဒီလို ကိုယ့်ဝမ်းထဲထိအောင်မရောက်သေးဘူးတဲ့ ဒီဂုဏ်က၊ ဒါကြောင့်မို့လို့ ဘုရား

http://www.dhammadownload.com



ကအကာမျှရှိသေးတယ်. . . တဲ့၊ အကာမျှရှိသေးတယ်။

❖ မြတ်ပုညစုံ၊ ကောင်းမှုဂုဏ်၊ လူ့ဘုံလောက၊ နှစ်သာရ၊ သူကပြုစု၊ မကြည်ဖြူလည်း၊ ခွါယူမရ၊ ကွာမကျ။

မြတ်ပုညဂုဏ် ကောင်းမှုဂုဏ်-အခုလိုဒါနသီလ ဘာဝနာ ကောင်းမှုတွေ ပြုထားတော့ အခုဒီနေ့ အလှူပေးတော့ အလှူ့ဒကာ ဒါဂုဏ်ပဲသူက၊ အလှူ့အမ ဒေါ်ကြည်ဝင်း အလှူ့အမဒေါ်ကြည်ဝင်း ဒါဂုဏ်ပေါ့၊ ရှင့်ဒကာဦးထွန်းမော် ရှင့် အမဒေါ်ကြည်ဝင်းဒါဂုဏ်ပေါ့၊ ကျောင်းဆောက်တော့ကျောင်းဒကာ ကျောင်းအမ, ဘုရားတည်တော့ ဘုရားဒကာ,ဘုရားအမ, ရဟန်းခံတော့ ရဟန်းဒကာ,ရဟန်း အမ ဒါဂုဏ်တွေပဲသူကလည်း။ အဲဒါကျတော့ လောကုတ္တရာစက် သမ္ပတ္တိစက် လှည့်နိုင်လို့ရတဲ့ ဂုဏ်တွေ၊ အခု-ဒီနေ့ ဒကာဦးထွန်းမော် ဒေါ်ကြည်ဝင်းတို့ ဝင်းကမ္ဘာဂျုံစက်ပိုင်ရှင်ကြီး, ဝင်းကမ္ဘာဂျုံစက်ပိုင်ရှင်ကြီး ဒါ-လောကီဂျုံစက်ကြီးကို ကိုယ်ကထူထောင်နိုင်လို့ လှည့်နိုင်လို့ လည်နိုင်လို့ ရတဲ့ဂုဏ်။

အခုသံဃာတော် (၇၀၀)ကျော်ကို ဆွမ်းဘောဇဉ်တွေဆက်ကပ် အခုသား တွေရှင်ပြု,တူတွေရှင်ပြုလို့. . . ရတဲ့ ဂုဏ်က ရှင့်ဒကာ ရှင်အမဆိုတဲ့ ဂုဏ်၊ ဒါက သမ္ပတ္တိစက်ကြီးလှည့်လို့ရတဲ့ဂုဏ်၊ အဲဒီဂုဏ်ကျတော့ သူကပြုစုမကြည်ဖြူလည်း. တဲ့၊ မီးရန်သူကြီးက မကြည်ဖြူလို့ ထလောင်ကြည့်ပျောက်မသွားဘူး ဒီကုသိုလ် က။ ဒီကောင်းမှုတွေက မီးလောင်လို့ မရဘူး၊ ရေမျှောလို့လည်းမရဘူး၊ သူခိုးဓားပြ ကလုလို့လည်းမရဘူး၊ အမွေခံဆိုးသားဆိုးသမီးဆိုးကလည်းနှောက်ယှက်လို့မရဘူး၊ မင်းစိုးရာဇာကအာဏာတန်ခိုးနဲ့လုလို့လည်းမရဘူး။ ဟို-အိမ်မှာရှိတဲ့ဂျုံစက်ကြီး က အဲဒီရန်သူမျိုးငါးပါး မနှောက်ယှက်နဲ့ နှောက်ယှက်ရင်ပါသွားမယ်။

ဟော-ဒါကြောင့်မို့ မြတ်စွာဘုရားက အကာဂုဏ်ရှိသေးတယ်. . . တဲ့၊ အနှစ်ဂုဏ်ဖြစ်အောင်ပြောင်းယူတတ်ရတယ်တဲ့၊ အကာဂုဏ်ရော,အနှစ်ဂုဏ်ပါတွဲ ပြီးတော့ယူတတ်ရတယ်၊ အကာဂုဏ်နဲ့တင်မရပ်ပါနဲ့၊ အကာဂုဏ်ကိုမလုပ်နဲ့လို့ ဘုရားကမတားဘူး၊ အိမ်ရာတည်ထောင်လူ့ဘောင်နေတဲ့ လူတွေအတွက်ဘုရားမ တားဘူး၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေအတွက်သာ ဘုရားက အဲဒီလိုလောကီ ဂုဏ်အလုပ်တွေမလုပ်နဲ့ပြောတာ။ အိမ်ရာတည်ထောင်လူ့ဘောင်မှာနေတဲ့ လူတွေ ကျတော့ အဲဒီအကာဂုဏ်လည်းယူပါလေ. . . တဲ့ ယူပါ၊ ယူရမှာပေါ့၊ ယူမှဖြစ်မှာ

http://www.dhammadownload.com



ကိုးတဲ့သူက၊ သားနဲ့ သမီးနဲ့မိနဲ့ဖနဲ့ဆွေနဲ့မျိုးနဲ့နေတာဆိုတော့ ဝတ်တရားတွေပျက်ကုန်မှာပေါ့တဲ့ဒါမှမရှိရင်။ ဒီတော့ယူပါ၊သားသမီးကိုချီမြှောက်ရတဲ့မင်္ဂလာတွေ၊ ဒီလိုလောကီနယ်ကနေပြီးတော့ ရှိမှလည်းဖြစ်အုံးမှာမို့လို့ယူပါ၊ သို့သော်အဲဒါနဲ့တင်ရပ်ပြီးတော့တင်းတိမ် အားရကျေနပ်ပြီးတော့နေရင်တော့ အကာဂုဏ်နဲ့တင်လမ်းဆုံးတဲ့လူခေါ်တယ်တဲ့ ဘုရားက။

ဒီတော့-အကာဂုဏ်ဆိုတာခုနလိုရန်သူမျိုးငါးပါးဖျက်ဆီးနိုင်လို့လည်းအကာဂုဏ်ခေါ်တယ်၊ နောက်တနည်းက-ကိုယ့်နောက်မပါလို့လည်းအကာဂုဏ်ခေါ်တယ်၊ မိမိသွားရာလိုက်မပါတဲ့,ကိုယ်သွားရာမပါမယ့်စက်ကြီး၊ အခုဝင်းကမ္ဘာကျုံစက်ပိုင်ကြီးဘဝဆိုတာကကိုယ်သွားရာမပါမယ့်စက်ကြီး အဲဒီစက်ကြီးက။ အားလုံးအသက်(၁၂၀)လည်းရှည်ကြပါစေ၊အကြောင်းအားလျော်စွာဆိုပါတော့မိမိတို့ကွယ်လွန်အနိစ္စရောက်ပြီးတော့ ဒီစက်ကြီးကကိုယ့်နောက်လိုက်မှာမဟုတ်ဘူးနေရစ်မှာသူက၊ ကျန်ရစ်မယ့်စက်ကြီး၊ ဒီနေ့လှည့်လိုက်တဲ့ သမ္ပတ္တိစက်လို့ခေါ်တဲ့စက်ကြီးက ကိုယ့်နောက်ပါမယ့်စက်ကြီးတဲ့၊ ပစ္စုပ္ပန်မှာလည်းအကျိုးဆောင်, သံသရာမှာလည်း အကျိုးဆောင်,မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ပို့မယ့်စက်ကြီး ဒီနေ့စက်ကြီးက။

ဒီနေ့ဒကာဦးထွန်းမော်တို့ ဒကာမဒေါ်ကြည်ဝင်းတို့လှည့်တဲ့စက်ကဘာတုံးလို့ဆိုတော့ သမ္ပတ္တိစက်ခေါ်တယ်၊ သမ္ပတ္တိစက်ဆိုတာက-စက်ဆိုတာ-သူ့ရဲ့တစ်ခုနဲ့တစ်ခုဆက်သွယ်ပြီးတော့ လည်ပေးနေရတဲ့ခွေးသွားစိတ်တို့လို ဘီးတွေရှိကြတာ၊ ဒီတော့-ဒီသမ္ပတ္တိစက်ကြီးမှာလည်းဘီးလေးဘီးပါတယ်၊ ခွေးသွားစိတ်ကြီးလေးခုပါတယ်၊ တစ်ခုနဲ့တစ်ခုလှည့်ပေးနေတာ၊ ဘတ်ကြိုးနဲ့လှည့်ပြီးဆွဲပေးနေတဲ့ အဆက်အသွယ်ကြီးလေးခုပါတယ်။

ဒီနေ့လှူတယ်တန်းတယ်ပေးတယ်ကမ်းတယ်ဆိုတာ ဘာစက်တုန်းလို့ဆိုတော့ အတ္တသမ္မာပဏိဓိစက်လို့ခေါ်တယ်။ ဟော-စက်က လေးမျိုးရှိတာ၊ ဘီးကြီးလေးမျိုးကပုဗ္ဗေစကတပုညတာ-ရှေးကကောင်းမှုပြုခဲ့ဖူးတဲ့စက်။ ပတိရူပဒေသဝါသ-သာသနာထွန်းကား,ရတနာသုံးပါးထင်ရှားရှိ၊ မိကောင်း,ဖကောင်း, ဆရာကောင်းသမားကောင်းတွေရှိတဲ့နေရာ ရောက်ရခြင်းဆိုတဲ့ ပတိရူပဒေသဝါသစက်။ သဒ္ဓမ္မသဝန-သူတော်ကောင်းတရားနာကြားရ, မိကောင်း,ဖကောင်း, အဆုံးမ

http://www.dhammadownload.com



တွေ့ရ,ဆရာသမားကောင်းတွေရဲ့ညွှန်ပြချက်ကိုကြားရခြင်းဆိုတဲ့ သဒ္ဓမ္မသဝန စက်၊ **အတ္တသမ္မာပဏိဓိ**-မိမိကိုယ်တိုင်က အဲဒီအဆုံးအမတွေအတိုင်း လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်နေခြင်းဆိုတဲ့ အတ္တသမ္မာပဏိဓိစက်။ ဟော-စက်ကြီးလေးခု၊ စက်ဘီးကြီးလေးခု၊ အဲဒီလေးခုပေါင်းပြီးတော့ ဘာစက်ခေါ်တုံးဆိုတော့ သမ္ပတ္တိစက်ကြီးလို့ ဘုရားကနာမည်တပ်တယ်။

အဲဒီသမ္ပတ္တိစက်ကြီးမှာ အချက်အခြာ စက်ဘီးကြီးလေးခုရှိတယ်၊ (၁) **ပုဗ္ဗေစ ကတပုညတာစက်**ပဲ-ရှေးကကောင်းမှုပြုခဲ့ဖူးခြင်း၊ (၂)**ပတိရူပဒေသဝါသစက်**ပဲ-ဘုရား,တရား,သံဃာ,ရတနာသုံးပါးထင်ရှားပွင့်ပေါ်နေတဲ့ မိကောင်း,ဖကောင်း,ဆရာကောင်းသမားကောင်းတွေရှိတဲ့ အရပ်ဒေသမှာဖြစ်ခြင်း၊ ဒါ-ပတိရူပဒေသဝါသစက်ကြီး၊ အဲဒီလိုဖြစ်လိုက်တော့ သဒ္ဓမ္မသဝနဆိုတဲ့သူတော်ကောင်းတရားတွေကြားရ,နာရ,အမိအဖအဆုံးအမတွေရ,အမေအဖေတွေဆုံးမတာတွေကြားရနာရ အဲဒါသဒ္ဓမ္မသဝနစက်ကြီးလို့ခေါ်တယ်။ အဲဒီလိုမြင်ရကြားရရုံနဲ့ မပြီးဘူး ကိုယ်ကိုယ်တိုင်ကမြင်တဲ့ကြားတဲ့အတိုင်းလိုက်ပြီးတော့ကုသိုလ်ကောင်းမှုတွေအလုပ်လုပ်ပြီဆိုတော့ **အတ္တသမ္မာပဏိဓိစက်**။

ဒီနေ့ဒကာဦးထွန်းမော်တို့ ဒကာမဒေါ်ကြည်ဝင်းတို့ဒီနေ့ဘာလုပ်တာတုန်းလို့ဆိုတော့ အတ္တသမ္မာပဏိဓိစက်ကြီး,အကြီးအကျယ်ဒီနေ့လည်တဲ့နေ့ပဲ၊ အတ္တဆိုတာ-မိမိစိတ်နဲ့မိမိကိုယ်ကို အတ္တလို့ခေါ်တယ်၊ သမ္မာ-ဆိုတာက မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း,ကောင်းတဲ့လုပ်ငန်းကြီးထဲမှာ၊ ပဏိဓိ-ထားတာ၊ မိမိစိတ်နဲ့မိမိကိုယ်ကို မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း,ကောင်းမြတ်တဲ့လုပ်ငန်းကြီးထဲမှာ ထားတာကိုပဲ အတ္တသမ္မာပဏိဓိစက်ကြီးလည်တယ်လို့ခေါ်တယ်။

ဒီနေ့မိမိတို့သားရတနာလေးတွေ,တူရတနာလေးတွေကို သင်္ကန်းသပိတ်,ပရိက္ခရာတွေလှူလို့အခု၊ ဒီကိုအကြောင်းပြုပြီးတော့ သံဃာ(၇၀၀)ရာကျော်ဆွမ်းတွေလောင်းလို့,နေ့ဆွမ်း,မနက်ဆွမ်းတွေကပ်လို့၊ ဒီတော့-ဆွမ်းလောင်းဆွမ်းကပ်,သင်္ကန်းသပိတ်,ပရိက္ခရာတွေနဲ့သားကလေးတွေ,တူကလေးတွေတန်ဆာဆင်လှူဒါန်းရှင်ပြုပေးဆင်ပေးနေတဲ့အလုပ်ဟာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း,ကောင်းမြတ်တဲ့ သမ္မာအလုပ်ကြီးပဲ၊ အလုပ်ကနှစ်မျိုးရှိတာ၊ သမ္မာအလုပ်မိစ္ဆာအလုပ်၊ **သမ္မာအလုပ်**-ဆိုတာ ကောင်းတဲ့အလုပ်၊ မိစ္ဆာအလုပ်-ဆိုတာမကောင်းတဲ့အလုပ်။

http://www.dhammadownload.com



ဒီနေ့ဒကာဦးထွန်းမော်တို့ဒကာမဒေါ်ကြည်ဝင်းတို့ရဲ့စိတ်နဲ့ကိုယ်ဟာ ဘယ်ထဲနေတုံးလို့ သတိထားကြည့်ပါ။ ဘယ်ထဲအနေများနေတုံး၊ ကောင်းတဲ့အလုပ်ထဲမှာအနေများနေတယ်ခု၊ အဲဒါသမ္မာပဏိဓိ၊ သမ္မာ-ကောင်းတဲ့အလုပ်ထဲမှာဘာပြုလို့ကောင်းတာတုန်း-မင်္ဂဖိုလ်နိဗ္ဗာန်ရကြောင်းမို့လို့ ကောင်းတဲ့အလုပ်ကြီးထဲမှာ လှူဒါန်းပေးကမ်းစွန့်ကြဲမှုဆိုတဲ့၊ ဘုရားပစ္စေကာအရိယာအပေါင်း သူတော်ကောင်းကြီးတွေ လုပ်ရိုးလုပ်စဉ်ဖြစ်တဲ့ လုပ်ငန်းကောင်းကြီးတွေထဲမှာ,ပဏိဓိ-ထားနိုင်ခြင်း။ ဘာထားတုံး အတ္တလေးထားတာ၊ ဘာအတ္တတုန်း-စိတ်နဲ့ကိုယ်ကိုအတ္တခေါ်တယ်၊ မိမိစိတ်နဲ့ မိမိကိုယ်ကိုအတ္တ။

အတ္တ-မိမိစိတ်နဲ့မိမိကိုယ်ကို၊ အတ္တ-ဒကာဦးထွန်းမော်ရဲ့စိတ်နဲ့မိမိကိုယ်ကို၊ အတ္တ-ဒကာမဒေါ်ကြည်ဝင်းရဲ့စိတ်နဲ့ကိုယ်ကို၊ သမ္မာ-မင်္ဂဖိုလ်နိဗ္ဗာန်ရကြောင်း, ကောင်းမြတ်လှပါပေသော သံဃာတော်(၇၀၀) ကျော်ကိုဆွမ်းကပ်လှူဒါန်းခြင်း၊ သင်္ကန်းသပိတ်,ပရိက္ခရာ,သင်္ကန်းဒွိစုံ(၁၅)စုံ,ဆန်အိပ် (၁၅)လုံးအစရှိတဲ့လှူဖွယ်တန်းဖွယ်(၂၁)မျိုးတို့ကိုလှူဒါန်းခြင်း၊ မိတ်ဆွေသင်္ဂဟအပေါင်း, သူတော်ကောင်းတွေ ကျွေးမွေးညှော်ခံခြင်းဆိုတဲ့ဒါနမှု,သီလမှု,ဘာဝနာမှုဆိုတဲ့ကောင်းတဲ့လုပ်ငန်းကြီးတွေထဲမှာ၊ ပဏိဓိ-ထားပြီးတော့၊ မိမိစက်ယန္တရားကြီးကိုလှည့်ခြင်း. . . တဲ့၊ ဒါ-အတ္တသမ္မာပဏိဓိစက်ကြီးခေါ်တယ်။

အဲဒီ အတ္တသမ္မာပဏိဓိစက်လည်တာ ဘာပြုလို့ လည်နိုင်တာတုံးလို့ဆိုတော့သဒ္ဓမ္မသဝနစက်ကလှည့်ပေးလိုက်လို့၊ မိကောင်းဖကောင်းတွေရဲ့အဆုံးအမကိုကြားရလို့၊ သဒ္ဓမ္မသဝန-သူတော်ကောင်းတရားနာတယ်ဆိုတာ၊ ဘုန်းကြီးတွေတရားနာတာမှ သူတော်ကောင်းတရားနာတာ မဟုတ်ဘူး၊ အမေ အဖေကပြောတာဆိုတာ ငယ်ငယ်ကလေးကစပြီး အမေတွေအဖေတွေဆုံးမသွန်သင်တာတွေနားကကြားနေ၊ သူတို့လုပ်တာတွေ မျက်စိကမြင်နေ၊ ဒါ သဒ္ဓမ္မသဝနချည်းပဲ၊ နားကကြားတာတင်မကဘူး၊ မျက်စိကနေမြင်နေတာလည်း သဒ္ဓမ္မသဝနပဲ။ အမေ အဖေတွေကဘုရားရှစ်ခိုးပြတယ်၊ လှူပြတယ်တန်းပြတယ်၊ ကုသိုလ်ကောင်းမှုလုပ်ပြတယ်၊ ဥပုသ်စောင့်ပြတယ်၊ တရားထိုင်ပြတယ်၊ လူကြီးသူမရှေ့ကျတော့ ရိုသေပြတယ်၊ ဒါ သူတို့ကို ကိုယ်နဲ့ပြနေတာ၊ သင်နေတာပဲ ကိုယ့်ကို။ ဟာ-နှုတ်နဲ့လည်း ပြောတယ်,ဒီလိုမနေရဘူး,ဒီလိုမထိုင်ရဘူး,ဒီလိုမသွားရဘူး,ဒီလိုမလာရဘူး, ဒီအလုပ်မျိုး လုပ်ရတယ်,ဒီအလုပ်မျိုးမလုပ်ရဘူးနဲ့ဒါ- သဒ္ဓမ္မသဝနခေါ်တယ်။

http://www.dhammadownload.com



ဒီတော့-မိကောင်း, ဖကောင်း,ဆရာကောင်း,သမားကောင်းတွေရဲ့အဆုံးအမနားကကြားနေရ၊ မျက်စိက မြင်နေရ,အဲဒါ သဒ္ဓမ္မသဝနချည်းပဲ။ အဲဒီသဒ္ဓမ္မသဝနစက်ရှိလို့ အတ္တသမ္မာပဏိဓိစက်ပေါ်လာတာ။ အကြောင်းမဲ့ပေါ်လာတာမဟုတ်ဘူး၊ ပြောင်းပြန်,ပြန်ကြည့်လိုက်စမ်းပါ၊ ဒကာထွန်းမော်တို့ ဒကာမကြည်ဝင်းတို့, အကြောင်းအားလျော်စွာ မုဆိုးတံငါဝမ်းထဲသွားဝင်စားကြည့်စမ်း၊ မုဆိုးတံငါဆီ ရောက်သွားကြည့်စမ်း၊ ရောက်သွားတော့ မုဆိုးတံငါသားသမီးဖြစ်တော့ ဘာတွေမြင်မတုံး၊ ဘာတွေကြား မတုံး၊ဟော-ကိုယ့်အမေ,ကိုယ့်အဖေတွေက ငါးတွေသတ်တာမြင်မယ်၊ မြွေးတွေထောင်တာမြင်မယ်၊ ပိုက်တွေ,ကွန်တွေချတာမြင်မယ်၊ ရက်တာမြင်မယ်၊ မုဆိုးဖြင့်လည်းဒူးလေးတွေ,မြားတွေ,ဓားတွေသွေး,မှိန်းတွေ ခရင်းတွေပြင်ဆင်,ထိုးခုတ်သတ်ဖြတ် ဒါတွေမြင်မှာပေါ့၊ ဒါတွေမြင်တော့ ဒါတွေအတိုင်း ကိုယ်ကလည်း အတုလိုက်သွားတာပဲ။

ပြီးတော့-သူတို့ကလည်းပြောတယ် ဟဲ့-မြွေးဒီလိုထောင်ရတယ်,မြွေးဒီလိုရက်ရတယ်,ပိုက်ဒီလိုထိုးရတယ်,ကွန်ဒီလိုချရတယ်,ငါးဒီလိုသတ်ရတယ်,မှိန်းနဲ့ဒီလိုထိုးရတယ်,ဘယ်နားထိုးရတယ်နဲ့ ဒါသူတို့ အသဒ္ဓမ္မသဝနဖြစ်ကုန်တာပဲ၊ ဒါပြောင်းပြန်ပြန်ကြည်လိုက်။ ဒီတော့-အဲဒီလိုအသဒ္ဓမ္မသဝနဖြစ်နေလို့ရှိရင် မိစ္ဆာပဏိဓိတွေဖြစ်ကုန်တော့မှာပဲအကုန်လုံး၊ ကိုယ်ကမကောင်းတဲ့ဘက်စိတ်ကညွှတ်သွား၊ မကောင်းတဲ့အလုပ်တွေပဲ လုပ်မိကုန်တော့တာ။

ဟော-အခုအဲဒါပြောင်းပြန်,ပြန်လိုက်တော့ မိကောင်း,ဖကောင်းဆရာကောင်းသမားကောင်းရဲ့အဆုံးအမရတာဟာ နည်းတဲ့ကျေးဇူးမဟုတ်ဘူး၊ ဒါ့ကြောင့် ဒီနေ့ ဒီလို အတ္တသမ္မာပဏိဓိစက်ကြီးလည်တယ်၊ အတ္တသမ္မာပဏိဓိစက်ကြီးလယ်ဖို့ရာ သဒ္ဓမ္မသဝနလိုတယ်၊ သဒ္ဓမ္မသဝနစက်လည်ဖို့ရာ ဘယ်စက်ကတွန်းအားပေးလိုက်ရပြန်တုံး, လှည့်ပေးလိုက်ပြန်တုံးဆိုတော့၊ ပဋိရူပဒေသဝါသစက်ကြီးက လှည့်ပေးလိုက်ရတယ်၊ ပတိရူပ-သင့်လျော်လျောက်ပတ်,ကောင်းမြတ်တဲ့၊ ဒေသ-အရပ်မှာ၊ ဝါသ-နေရခြင်း,နေနိုင်ခြင်း,ရောက်နေခြင်း။ သင့်လျော်လျောက်ပတ်ကောင်းမြတ် တဲ့အရပ်ဒေသဆိုတာဘာတုံး ဘုရား,တရား,သံဃာ,ရတနာသုံးပါးထင်ရှားရှိနေတဲ့အရပ်, မိကောင်းဖကောင်းတွေနေတဲ့အရပ်,ဆရာကောင်းသမားကောင်းတွေ ပေါက်ဖွားတဲ့အရပ်၊အဲဒီလိုမိကောင်းဖကောင်းဆရာသမားကောင်း ရတနာသုံးပါး, ထင်းရှား,ဘုရားသာသနာထွန်းလင်းနေတဲ့အရပ်မှာရောက်နေတာကို ပတိရူပဒေသဝါသစက်လို့ခေါ်တယ်။

http://www.dhammadownload.com



ဒီနေရာမျိုးရောက်နေလို့ ဒီအသံမျိုးကြားတာပေါ့၊ ဒီအသံကြား တာက သဒ္ဓမ္မ သဝန၊ဒီနေရာမျိုးရောက်တာက ပတိရူပ။ ဒါဖြင့်-အဲဒီနေရာမျိုးရောက်တာက အချောင်ရောက်လာတာလား၊ သူ့ဘာသူအချောင်ရတာလားဆိုတော့ ဘယ်အချောင်ရလိမ့်မှာတုန်း၊ ရှေးကမိမိကကုသိုလ်ကောင်းမှုပြုခဲ့လို့၊ ကံကောင်းပြုခဲ့လို့၊ ကောင်းတဲ့ ကံတွေဆည်းပူးခဲ့လို့၊ ကံကောင်းကပို့ပေးလိုက်တာ၊ သတ္တဝါတိုင်း၊ သတ္တဝါတိုင်းဘယ်သူမဆို ကောင်းတဲ့နေရာရောက်ချင်တဲ့သူချည်းပဲ၊ သို့သော်-ကိုယ်လုပ်ထားတဲ့ ကံအားလျော်စွာရောက်ကြရတယ်၊ ဒီတော့-ကောင်းတဲ့ကံက ပြုပေးလိုက်တယ် ပို့ပေးလိုက်တယ်။

ဒကာဦးထွန်းမော်တို့ဒကာမဒေါ်ကြည်ဝင်းတို့ကိုကောင်းတဲ့ကံက လူ့ဘုံပို့ပေးလိုက်တယ်၊ လူ့ဘုံထဲမှာမှဘုရား,တရား,သံဃာ,ရတနာသုံးပါးထွန်းလင်းတဲ့နေရာ ပို့ပေးလိုက်တယ်၊ ပြီးတော့-မိကောင်းဖကောင်းဆရာသမားကောင်းတွေရှိတဲ့ နေရာ ပို့ပေးလိုက်တယ်၊ ဒီကိစ္စကိုယ့်ဘာကို ဘာမှမတတ်နိုင်ဘူး၊ ကံပဲတတ်နိုင်တော့တယ်၊ ကံကိုပဲကိုယ်ကကောင်းအောင်ပြုပေးထားရင် ကံကကိုယ့်ပို့တော့တာပဲ ကောင်းရာ၊ လျှုံနိုင်တန်းနိုင်မယ့်နေရာ၊ မိကောင်းဖကောင်းတွေနဲ့တွေ့အောင်၊ ဟော-သူကပို့ပေးလိုက်တာ။ အဲ-ပို့ပေးလိုက်တယ်ဆိုတာ ကိုယ်လုပ်ထားလို့ပါပဲ အမှန်တော့၊ ဒီတော့-ကိုယ်ပြုထားတဲ့ကံအားလျော်စွာ ကိုယ်ရောက်တာမို့လို့ ကိုယ်က ရှေးကကောင်းတဲ့အမှုတွေကိုပြုထားခဲ့လို့ ကောင်းရာရောက်ရတယ်။

ဒီတော့-ကောင်းတဲ့အမှုတွေပြုတာကို ပုဗ္ဗေစကတပုညတာစက်လို့ခေါ်တယ်။ ပုဗ္ဗေ-ရှေးတုန်းက၊ ရှေးဆိုတာလွန်ခဲ့တဲ့ဘဝတွေတုန်းကလည်းရှေးပဲ၊ အခုဘဝမှာလည်းရှေးထဲမှာပါတယ်၊ ရှေးစောစောပိုင်းကကောင်းတာတွေလုပ်ထားရင် ရှေးနှစ်တွေကကောင်းတာတွေလုပ်တော့ နောက်နှစ်တွေမှာ စီးပွါးချမ်းသာတွေ တိုးတက်လာတယ်။ နောက်နှစ်စီးပွါးချမ်းသာတိုးတက်လာဖို့ရာ ရှေးနှစ်တွေက လုပ်ထားတဲ့ ကုသိုလ်ကောင်းမှုက ပုဗ္ဗေကတပုညတာပဲ။ မနေ့ကကုသိုလ်ကောင်းမှု ပြုထားလို့ ဒီနေ့ချမ်းသာ၊ မနေ့ကကုသိုလ်ကောင်းမှုပြုတဲ့အတွက် ဒီနေ့စိတ်ချမ်းသာ ကိုယ်ချမ်းသာနေရင် မနေ့ကပုဗ္ဗေကတပုညတာပဲ။ ပုဗ္ဗေ-ဆိုတာ ရှေးဘဝတွေတင်မကဘူး ဒီဘဝတင်လည်း ရှေးနှစ်,ရှေးလ, ရှေးရက်,အကုန်ပါတယ်။ အဲဒီလိုအားဖြင့်-လူ့ဘဝ,လူ့ဌာနကောင်းတဲ့နေရာ ရောက်လာတာကျတော့ ပုဗ္ဗေကတပုညတာခေါ်တဲ့ ရှေးကကောင်းမှုပြုခဲ့ဖူးတဲ့စက်၊ အဲဒီစက်ကြီးလည်လို့ အခုဒီမှာ ရောက်လာတာ၊ ဒါကို ကျမ်းဂန်က-

http://www.dhammadownload.com



**စတုစက္ကံ ဝတ္တိယာန, ယာနံ ဗလပရိဂ္ဂဟံ၊**
**ယာနာယ အမတံ ပါရံ, ကဿံ ပုရိသကာရိယံ။**

စတုစက္ကံ-သမ္ပတ္တိစက်,လေးချက်စုပေါင်း,စက်ခေါင်းလေးခု,စက်ဘီးလေးခု, ခွေးသွားစိတ်လေးခုလည်း,ရှိပေထသော၊ လေးခုသောဘီးကြီးတွေတစ်ခုနဲ့တစ်ခု ဆက်သွယ်လည်နေပြီးတော့,လှည့်ပြီးတော့ သမ္ပတ္တိစက်ကြီးက အထက်လည်တက် သွားတာ၊ စတုစက္ကံ-သမ္ပတ္တိစက်,လေးချက်စုပေါင်း,စက်ခေါင်းလေးခုလည်း,ရှိပေထ သော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်းခွင်းဖြို,ငါးဦးဗိုလ်တို့,ကိုယ်စီစောင့်ကြပ်,အုပ်ချုပ်အပ် ထသော၊ ယာနံ-အသွားလျင်လျင်,အများတင်လည်း,အားအင်ခိုင်ဖြိုး,မဂ္ဂင်တည်းဟူ သော,ယာဉ်ပျံတော်ကြီး,စက်ရုံကြီးကို၊ ဝတ္တိယာန-မတိမ်းမစောင်း,လည်စေ ကြောင်းဖြင့်, ကောင်းစွာအစဉ်,မောင်းကာနှင်၍၊ အမတံပါရံ-ဤမှာဘက်နေ,အားလုံး သေ၍,ဟိုပြည်ရောက်မှ,ဘေးကင်းရမည့်,အမတခေါ်ညွှန်း, နိဗ္ဗာန်ကျွန်းသို့၊ ယာနာယ-ကိလေသာဟူ,ရန်သူပစ်ဖောက်,ဗုံးအမြောက်တို့,မကြောက်မနား, အ ရောက်သွားခြင်းငှာ၊ ပုရိသကာရိယံ-အာဇာနည်မှန်က,ပြုရမည့်,ကမ္ဘာ့လက်ရိုး, လုံ့လမျိုးကို၊ ကဿံ-ငါးဦးဗိုလ်ချုပ်, အဖော်လုပ်၍, မယုတ်ရစေ, ပြုလုပ်ပေအံ့ သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့-မြတ်စွာဘုရားက မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် လိုလားမျှော်မှန်းရင် အဲဒီသမ္ပတ္တိစက်ခေါ်တဲ့လောကုတ္တရာစက်ကြီးကိုလည်းပဲ ကိုယ့်သန္တာန်မှာလည် အောင်မောင်းကြ. . တဲ့၊ မောင်းကြ။ လောကီစက်ကြီးတွေမောင်းတတ်ရုံနဲ့ ထင်း တိမ်အားရကျေနပ်မနေနဲ့၊ လောကီစက်ပိုင်ကြီးဘဝနဲ့တင် တင်းတိမ်အားရ ကျေ နပ်မနေနဲ့ လောကုတ္တရာစက်ပိုင်ကြီးလည်း ဖြစ်အောင်ကြိုးစားကြ. . တဲ့၊ ကြိုးစား ကြ။

ဒါ့ကြောင့် ဒီနေ့ ဒကာဦးထွန်းမော်တို့ ဒကာမဒေါ်ကြည်ဝင်းတို့ လော ကုတ္တရာစက်ပိုင်ကြီး, လောကုတ္တရာစက်ကြီးလှည့်တဲ့နေ့လို့ခေါ်တယ်၊ လှည့်တဲ့နေ့ ဆိုတာ ဒီနေ့လှည့်တဲ့ စက်ဟာ အရေးကြီးဆုံးစက်ကြီးပဲ၊ ခုနက ပုဗ္ဗေကတပုညတာ- ရှေးအတိတ်ကကောင်းခဲ့တယ်၊ ကောင်းခဲ့လို့ အခု ပတိရူပဒေသဝါသ-သင့်လျော်

http://www.dhammadownload.com



လျှောက်ပတ်တဲ့ နေရာရောက်တယ်၊ သင့်လျော်လျှောက်ပတ်တဲ့နေရာရောက်တော့ မိကောင်းဖကောင်း ဆရာကောင်းသမားကောင်း အဆုံးအမတွေကြားရတဲ့ သဒ္ဓမ္မသဝနစက်ကြီးလည်တယ်၊ လည်တဲ့အတွက်အတ္တသမ္မာပဏိဓိခေါ်တဲ့ ကိုယ့်ကိုယ်ကိုကောင်းတဲ့လုပ်ငန်းတွေထဲမှာ ထားနိုင်ခြင်းဆိုတဲ့ အတ္တသမာပဏိဓိ စက်ကြီးလည်တယ်။

ဒီအတ္တသမ္မာပဏိဓိစက်သည်ပင်လျှင် လာမယ့်အနာဂါတ်ဘဝအတွက်ကျတော့ ပုဗ္ဗေကတပုညတာစက်ကြီးတခါပြန်ဖြစ်ပြန်ရော၊ ဒါ့ကြောင့် အတ္တသမ္မာပဏိဓိစက်ဟာ အရေးကြီးဆုံးဘီးကြီးသူက သူကနှစ်ဘက်ရကြီး၊ လွန်ခဲ့တဲ့ အတိတ်ကာလနဲ့ထောက်ရင်တော့ သူကအတ္တသမာပဏိဓိပဲ၊ အခုပစ္စုပ္ပန်အနေနဲ့ကြည့်ရင်လည်း အတ္တသမာပဏိဓိပဲ၊ မိမိစိတ်မိမိကိုယ်ကောင်းတဲ့ထဲထားတာ၊ ဒီလိုထားပြီးတော့ ဒီလိုကောင်းမှုတွေ ပြုနေတဲ့ကောင်းမှုတွေသည်ပင်လျှင် ဒကာထွန်းအေးတို့ ဒကာမကြည်ဝင်းတို့ နောက်မင်္ဂဖိုလ်နိဗ္ဗာန်စခန်း တက်သွားမယ့်၊ နောက်ဘဝတွေအတွက်ကျတော့ အခုပြုတဲ့ ကုသိုလ်တွေက ပုဗ္ဗေကတပုညတာဆိုတာကြီး သူကဖြစ်အုံးမယ်၊ ရှေးကကောင်းမှုတွေပြုခဲ့တယ်. . . ဆိုတဲ့ အားကောင်းတဲ့စက်ကြီးဖြစ်အုံးမယ်။ ဒီတော့-ကိုယ်ကအားကောင်းကောင်းဘီးကြီးကြီးနဲ့လှည့်လှည့်သလို အားကောင်းကောင်းနဲ့ရှေ့တက်မှာ။

ဒါ့ကြောင့်-ဒီအတ္တသမာပဏိဓိစက်ဟာ ပြန်ပြီးတော့လည်ရင်လည်း ဒီနားကပြန်လည်တတ်တယ်။ သမ္ဗတ္တိစက်ကနေဝိပ္ပတ္တိစက်ပြောင်းတာလည်းဒီနေရာကပြောင်းတတ်တယ်၊ ဒီနေရာကပြောင်းတတ်တယ်ဆိုတာ-ကိုယ်ကလိုက်နာ၊ မလိုက်နာပေါ်မှာမူတည်ပြီးတော့၊ ကိုယ်ကကျင့်ကြံ မကျင့်ကြံပေါ်မှာမူတည်ပြီးတော့ ပြောင်းတာ၊ ဆိုပါတော့-အခုဒကာထွန်းမော်တို့ ဒကာမကြည်ဝင်းတို့ ရှေးကကောင်းမှုရှိခဲ့လို့ ပုဗ္ဗေကတပုညတာစက်ရှိခဲ့လို့ ဒီဘက်ဘဝမှာ မိကောင်းဖကောင်း ဆရာကောင်းသမားကောင်း ရတနာသုံးပါးတွေထွန်းလင်းတဲ့ အရပ်ဒေသလျှောက်ပတ်ရောက်တော့ ပတိရူပဒေသဝါသစက်ကြီးလည်ပြီ။

နောက်-ပတိရူပဒေသဝါသစက်အားလျော်စွာ မိကောင်းဖကောင်းအဆုံးအမတွေကြားရတယ်နားထဲ၊ အမေတွေကဆုံးမ အဖေတွေကဆုံးမ၊ ဦးကြီးဦးလေး ဒေါ်ကြီးဒေါ်လေး အကိုအမတွေကဆုံးမကြ ကြားလို့နားထဲကို၊ ဆရာသမားတွေ

http://www.dhammadownload.com



ကလည်းပြောကြ၊ ဟော-သဒ္ဓမ္မသဝနစက်ကြီးလည်လို့ပဲ၊ သို့သော်-ကိုယ်ကမလိုက်နာဘူး၊ သူတို့ဘာတွေဆုံးမနေနေကိုယ်ကလုပ်ချင်မှလုပ်မယ်ဆိုရင်အဲဒါ အတ္တသမ္မာပဏိဓိစက်ကြီး ပျက်တော့တာပဲ။ သူတို့က ဟဲ့-လှူရတယ်တန်းရတယ်၊ ဒီလိုသီလထိန်းရတယ်လို့ပြောတယ်၊ ကိုယ်ကမထိန်းပေါင် သတ်လိုက်တာပဲသတ်စရာရှိခိုးလိုက်တာပဲခိုးစရာရှိ မလှူပေါင် မတန်းပေါင် ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ပျော်ပါး မော်ကြွား သောက်စားပြီးတော့နေလိုက်တာပဲဆိုရင် အဲဒါအတ္တသမ္မာပဏိဓိစက်ပျက်တော့တာပဲ၊ မလည်တော့ဘူး၊ ရှေ့ကဘီးသုံးဘီးကတော့လည်လာတာပဲ၊ ဒီဘီးကြီးကရပ်သွား မလည်ဘူး၊ မလည်ရင်ဟို ဘက်မှာရှေ့ဆက်ပြီးတော့ သမ္မတ္တိစက်ကြီးမသွားတော့ဘဲနဲ့ ဘယ်ပြန်ဆိုက်သွားတုန်းဆိုတော့ ဝိပ္ပတ္တိစက်ကြီးဖြစ်သွားတယ်။

ကိုယ်ကအခုကောင်းတာတွေမပြုဘူး၊ ခုနလိုသောက်စား မော်ကြွား ပျော်ပါး ဒါတွေနဲ့ပဲအချိန်ကုန်သွားတော့ အဲဒီတင် ပုဗ္ဗေအကတပုညတာကြီးဖြစ်ပြီးတော့ သူကနေပြီးတော့ နောက်ဘဝကျတော့အပါယ်လေးပါး ငရဲ၊တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ရောက်သွားတော့ အပတိရူပဒေသဝါသဖြစ်သွားရော၊ မတော်တဲ့နေရာရောက်ကုန်၊ လူဖြစ်ပြန်ရင်လည်း မုဆိုးတံငါဝမ်းထဲရောက်ကုန်။

ရောက်ကုန်တော့ သူတို့ပြောတာတွေကကြားမှာ ခုနလို အသဒ္ဓမ္မသဝနတွေကြားတော့တာပေါ့၊ ခိုးရင်ဘယ်လိုခိုးရတယ်၊ သတ်ရင်ဘယ်လိုသတ်ရတယ်၊ ဘယ်လိုလိမ်ရတယ်၊ ဘယ်လိုညာရတယ်နဲ့ ဒါတွေကြားပြီး အသဒ္ဓမ္မသဝနကြီးဖြစ်ပြီးတော့ ကိုယ်ကအဲဒါတွေလျှောက်ပြီးလိုက်နာလုပ်ကုန်တော့၊ ဟော-အတ္တမိစ္ဆာပဏိဓိကြီးဖြစ်ပြန်၊ ဝိပ္ပတ္တိစက်ကြီးလည်ပြီးတော့ အောက်အပါယ်လေးဘုံ ထိုးဆင်းသွား၊ အဲဒီလိုမဖြစ်အောင်သမ္ပတ္တိစက်လေးပါးထဲမှာ အတ္တသမ္မာပဏိဓိဆိုတဲ့စက်ဟာ အရေးကြီးဆုံးဘီးကြီးတစ်ခု၊ သူ့ကိုလှည့်နိုင်ရတယ်၊ သူ့လှည့်ပေးရင်ပုဗ္ဗေကတပုညတာဖြစ်၊ ပုဗ္ဗေကတပုညတာဖြစ်ပြီး ပတိရူပဖြစ်၊ ပတိရူပဖြစ်ပြီးရင်သဒ္ဓမ္မသဝန၊ သဒ္ဓမ္မသဝနပြီးရင် အတ္တသမ္မာပဏိဓိ တက်ပြန်ရော၊ အဲဒီလိုတက်တက် တက်တက်သွားလို့ ရှေးကသူတော်ကောင်းကြီးတွေ-

* ကေပုပ္ပံ ယဇိတ္ဂာန, အသီတိ ကပ္ပကောဋိယော၊
ဒုဂ္ဂတိံ နာဘိဇာနာမိ, ပုပ္ဖဒါနဿိဒံ ဖလံ။

---

* ခုဒ္ဒက-၅-၁၈၉

http://www.dhammadownload.com



ပြန်ပြန်ပြောကြတယ်၊ ငါပန်းကလေးတစ်ပွင့်ဘုရားကိုလှူခဲ့တာ၊ အဲဒီပန်းကလေးတစ်ပွင့်လှူပြီးတော့ ကမ္ဘာရှစ်ဆယ်အပါယ်မကျခဲ့ဘူးဟေ့. . လို့ ရဟန္တာကြီးတွေ ရဟန္တာမကြီးတွေပြန်ပြန်ပြောတာက ဒီအဓိပ္ပါယ်ပြောတာ၊ ဒီပန်းကလေးတစ်ပွင့်လှူတာနဲ့ ကမ္ဘာရှစ်ဆယ်အပါယ်တံခါးပိတ်တယ်၊ ဟုတ်နိုင်လေရဲ့လားလို့ အမှတ်တမဲ့ သမားကတော့ မယုံချင်စရာကြီးပေါ့။ ဘယ်ဟုတ်လိမ့်မှာတုန်း ဒီပန်းတစ်ပွင့်လှူတဲ့ ကုသိုလ်ကောင်းမှုကြောင့်ထောက်ကနဲ့ဆို သုဂတိဘဝရောက်သွား၊ အဲဒီရောက်တော့သူတော်ကောင်းတွေနဲ့တွေ့၊ သူတော်ကောင်းတွေနဲ့တွေတော့ သူတော်ကောင်းတရားတွေကြားရ၊ သူတော်ကောင်း အဆုံးအမတွေက ရတော့ ကိုယ်ကထပ်ကုသိုလ်တွေလုပ်၊ လုပ်တော့တစ်ခါဟိုဘက်ဘဝကောင်းတဲ့နေရာ ဒီထက်တက်သွား၊ တက်သွားတော့ ကောင်းတဲ့နေရာရောက်,ကောင်းတဲ့အသံတွေကြား, ကောင်းတဲ့အလုပ်တွေလုပ်၊ လုပ်ခဲ့တော့ တစ်ခါကောင်းတဲ့နေရာရောက် လည်သွားတာစက်ကြီးက၊ စက်ကြီးလည်တက်သွားတော့ ဘယ်တော့မှဒုဂ္ဂတိဘဝ ကျမလာဘူး၊ အဲဒါကို သူတော်ကောင်းတွေက သိစေချင်လို့-

ဧက ပုပ္ဖံ ယဇိတွာန-ပန်းကလေးတပွင့် ပူဇော်ပြီးတော့၊ အသီတိကပ္ပ ကောဋိယော-ကမ္ဘာပေါင်းကုဋေရှစ်ဆယ်တို့တိုင်တိုင်၊ ဒုဂ္ဂတိံ နာဘိဇာနာမိ-အပါယ်လေးပါးကျခဲ့ရတာကို မရှိဘူး. . တဲ့၊ တစ်ခါတည်းငါတက်လာခဲ့တာ တောက်လျှောက် ဒီဂေါတမဘုရားလက်ထက်ကျတော့ ရဟန္တာယောကျ်ား ရဟန္တာမကြီးဖြစ်ရပါတယ်. . လို့ ဒီလိုပြောကြတာ။

ဒါ့ကြောင့် သမ္ပတ္တိစက်ကြီးလေးပါး ဘီးကြီးလေးဘီးထဲမှာ ဒီနေ့ဒကာဦးထွန်းမော်တို့ ဒကာမဒေါ်ကြည်ဝင်းတို့က အတ္တသမ္မာပဏိဓိစက်ကြီးကို အကြီးအကျယ် လှည့်တဲ့နေ့၊ လှည့်ပြီးတော့ ဘယ်သွားမှာတုန်းလို့ဆိုတော့-အဲသွားရာဌာနကတော့ လူ့ပြည်လူ့ဌာန,နတ်ပြည်နတ်ရွာ,နိဗ္ဗာန်,လို့သုံးဌာနရှိတယ်၊ ဒီနေ့ ဒကာဦးထွန်းမော်တို့ ဒေါ်ကြည်ဝင်းတို့က ဘယ်ရောက်ချင်တာတုန်းလို့မေးရင်နိဗ္ဗာန်ဆိုတဲ့ အကောင်းဆုံးဌာနကို မှန်းထားပါ။ လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာလို့ ဒီစက်ကြီးလည်တက်သွားရင် ရောက်မယ့်ဌာနကသုံးဌာနရှိတယ်။

အဲဒီသုံးဌာနကထဲက လူ့ဌာန,လူ့ချမ်းသာလောက်တင်တော့ စိတ်ကိုရပ်မထားပါနဲ့၊နတ်ပြည်,နတ်ဌာန,နတ်ချမ်းသာလောက်နဲ့လည်းစိတ်ကိုရပ်မထားလိုက်ပါ

http://www.dhammadownload.com



နဲ့၊ ဘာပြုလို့တုံးဆိုတော့ အဲဒီဌာနတွေက ချမ်းသာစစ်တွေမဟုတ်ဘူး၊ ချမ်းသာတုတွေ။ ချမ်းသာတုကို ချမ်းသာစစ်ယောင်ဆောင်ထားတဲ့ဌာနတွေ၊ အစစ်ချမ်းသာမဟုတ်သေးဘူး။ ဘာပြုလို့အစစ်ချမ်းသာမဟုတ်တာတုံးလို့ဆိုတော့ အခု-ဒကာဦးထွန်းမော်တို့ ဒကာမဒေါ်ကြည်ဝင်းတို့ လူ့ချမ်းသာအထိုက်အလျောက်ရနေတာပဲ၊ အဲဒီ လူ့ချမ်းသာထဲမှာပဲ အိုခြင်း,နာခြင်း,သေခြင်းဆိုတဲ့ဘေးကြီးသုံးပါး ခိုပြီးတော့ပါလာတယ် အတွင်းထဲက၊

လူ့ချမ်းသာဆိုတာအမှန်ကတော့ ကျီးအာသီးချမ်းသာပါ။ အပေါ်ယံကလေး ဝင်းဝင်း,ဝင်းဝင်းနဲ့လှသလိုဟုတ်သလိုရှိသော်လည်း အထဲသေသေချာချာကြည့်တော့ ဘာမှရစရာမရှိဘူး၊ အနံ့လည်းမကောင်း, အဆင်းလည်းမကောင်း, အရသာလည်းမကောင်းနဲ့၊ ကျီးအာသီးအထည်းကဟာကြီး ပုပ်ရိဆိုးညစ်မည်းနေသလို လူ့ချမ်းသာကြီးအတွင်းမှာ အိုခြင်းမျိုးစုံ, နာခြင်းပေါင်းစုံ သေခြင်းပေါင်းစုံဆိုတဲ့ အတွင်းကမကောင်းတာတွေပါတယ်။ နတ်ချမ်းသာလည်း ထိုနည်းလည်းကောင်းပဲ။

ဒီတော့-နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာကမှ အငြိမ်းချမ်းသာ, အအေးချမ်းသာ, သန္တိသုခဓာတ်ကြီးသဘော၊ ဒ့ါကြောင့် အမံတံ ပါရံ-ဤဘက်မှာနေ,အားလုံးအို၍,နာ၍,သေ၍, ဟိုပြည်ရောက်မှ, ဘေးကင်းရမည့်။ ဒီတော့-ဒီသမ္ဗုတ္တိစက်ကြီးကို မောင်းတဲ့နေရာမှာ ရည်ရွယ်ချက်ကအဲဒီချထားပါတဲ့။ ဒီဘက်ဆိုတဲ့ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ဆိုတဲ့ ဒီ(၃၁) ဘုံဒီဘက်နယ်နေသမျှတော့ အို,နာ,သေဆိုတဲ့ သုံးထွေမကင်းဘူး. . . လို့ဆိုတာလေးကို အာရုံပြုလိုက်ပါတဲ့၊ အခုလက်ရှိ ရုပ်နာမ်ခန္ဓာကလည်း အိုနေဆဲ၊ နောင်လည်းအိုအုံးမှာ၊ နောက်နောက်ရမည့်ရုပ်နာမ်ခန္ဓာကလည်း ဒီ(၃၁)ဘုံထဲ ဒီလိုအအိုမျိုးချည့်ပဲ၊ ဒီဆံပင်ဖြူမျိုးနဲ့ ဒီသွားကျိုးမျိုး ဒီပါးရေတွန့်မျိုး ဒီမျက်စိမွဲမျိုးတွေ ဒင်းကြမ်းထပ်, တွေလည်းတွေ့ခဲ့လှပြီ၊ နောင်လည်းဒါမျိုးတွေလာမှာပဲ။

လူ့ဘဝစည်းစိမ်ဆိုတာစကြာမင်းကြီး မိဖုရားကြီးလို့ သမုဒယတဏှာမျက်လုံးနဲ့ကြည့်ရင်တော့ အကောင်းဘက်နေပြီးတော့ သာယာစရာဘက်ကနေကြည့်ရင်တော့ ကြီးကျယ်တာကြီးတွေချည့်မြင်နေတယ်၊ အဲဒီထဲကို ဉာဏ်မျက်လုံး သွင်းသွင်းပေးရတယ်၊ အတွင်းထိအောင်ဖောက်မြင်တဲ့ အမြင်မြင်ရတယ်၊ အပေါ်ယံ

http://www.dhammadownload.com



ကြောကလေးတင်မြင်တဲ့အမြင်မဟုတ်ဘဲနဲ့ အတွင်းထိအောင်ဖေါက် "ပညတ်ကျော်လှောက်,အတွင်းဖောက်"ပညတ်ကျော်ပြီးတော့ အတွင်းထိအောင်မြင်တဲ့အမြင်။

တနည်းပြောရင် ကျီးအာသီးကို လူကြီးမြင် မြင်ရမယ်၊ ကလေးမြင် မမြင်ရဘူး၊ ကျီးအာသီးကို ကလေးကမြင်တာကတော့ အပေါ်ကဝင်း, ရဲပြီးနေတာဖြစ်တော့ သူကလှလိုက်တာ လိုချင်လိုက်တာဆိုပြီးတော့ မရငိုတယ်။ လူကြီးကတော့ အပေါ်ကဝင်းနေတဲ့ အဆင်းကိုတော့ သူကမြင်ပါတယ် မျက်စိနဲ့၊ သို့သော် သူ့စိတ်က အပေါ်ယံဝင်းနေတဲ့ အဆင်းတင်မကဘူး အတွင်းထိအောင်ဖေါက်သွားတယ် သူက၊ စိတ်ဖေါက်ဖေါက်သွားတယ်၊ ဉာဏ်ဖေါက်ဖေါက်သွားတယ်။ ဒီတော့ ကျီးအာသီးမလိုချင်ဘူးလူကြီးက၊ ကလေးကတော့ လိုချင်တယ်။ ဘာပြုလို့ လိုချင်တာတုံး အကောင်းထင်လို့ကိုး၊ သူကအတွင်းထိအောင်မှ ဉာဏ်ကမဖေါက်ဘဲ။

အဲဒါလိုပဲ-လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ, နတ်ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာ, ဗြဟ္မာဘဝစည်းစိမ်ရိမ်ငြိမ်ချမ်းသာဆိုတဲ့ ကျီးအာသီးတွေကို ဝိပဿနာဉာဏ်လို့ခေါ်တဲ့ဉာဏ်သွင်းပြီးတော့ လူကြီးမြင် မြင်လိုက်. . တဲ့၊ လူကြီးမြင်မြင်လိုက်။ အန္ဓဗာလ ပုထုဇဉ်ဖြစ်ဆိုတဲ့ ကလေးမြင်မမြင်လိုက်နဲ့။ ဟာ-စကြာမင်းကြီးဆို အလွန်ကောင်းမှာ. . စကြာမင်းမိဖုရားကြီးဆိုဟန်ကျမှာ၊ မော်တော်ကားကြီးတွေနဲ့ တိုက်ကြီးတွေနဲ့ ကားကြီးတွေနဲ့ မြို့ပေါ်မှာဆိုအလွန်ဟန်ကျမှာ၊ ရန်ကုန်တို့ အင်္ဂလန်တို့ အမေရိကန်တို့ဆိုဟန်ကျမှာလို့ ဒီလိုသွားပြီးတော့မြင်ရင် ကျီးအာသီး, ကလေးမြင် မြင်တာနဲ့တူတယ်။ အမှန်မမြင်တာနဲ့တူတယ်၊ သစ္စာမမြင်တာနဲ့တူတယ်။

သစ္စာဆိုတာ အရှိမှန် အရှိမှန်အတိုင်းမြင်တာကို သစ္စာမြင်တာပြောတာပဲ၊ ကျီးအာသီး အထဲကမကောင်းဘူး အပြင်ကသာဝင်းနေတာလို့မြင်တာ ဒါ-အမှန်မြင် လူကြီးရဲ့အမြင်၊ ကလေးကတော့ အဲဒီလို မမြင်နိုင်ဘူး အပေါ်ယံဝင်းနေတဲ့ အမြင်သာမြင်တော့ သူကအထဲကမကောင်းတာတွေမမြင်လို့ သူ့ကိုအမှားမြင်ခေါ်တယ်။ ဒီတော့ ဒီအလျှုထုပ်လျှုတဲ့နေရာမှာ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် စိတ်ကို ညွှတ်ချင်ရင် အမှန်မြင်လိုနေတယ်၊ သစ္စာမြင်လိုတယ်၊ ဒါကို ဒိဋ္ဌဓမ္မ, ပတ္တဓမ္မလို့ ဓမ္မစကြာမှာဘုရားကဟောတယ်၊ တရားကိုမြင်,အမှန်ကိုမြင် အမှန်ကိုစိတ်ရောက်။

http://www.dhammadownload.com



ဒီတော့ အမှန်ကိုစိတ်ရောက်နိုင်အောင် အမတံ ပါရံ-ဤဘက်မှာနေ, အားလုံးသေ၍, ဤဘက်လို့ခေါ်တဲ့ (၃၁)ဘုံသံသရာနယ်ကြီးထဲမှာနေရင် အားလုံးသေ၍, ဟိုပြည်ရောက်မှ, ဘေးကင်းရမည့်. . ၊ ဟိုပြည်ဆိုတာ အဲဒီနိဗ္ဗာနဓာတ်တရားမြတ်၊ ဒီတော့-နိဗ္ဗာနဓာတ်တရားမြတ်ဟာ လောကကြီးထဲမှာ အမှန်ရှိတယ်၊ အငြိမ်းဓာတ်ကြီးအမှန်ရှိတယ်၊ ရှိလို့ပဲဘုရားမြင်တယ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတွေမြင်တယ်၊ အဂ္ဂသာဝက မဟာသာဝကတွေမြင်တယ်၊ မိထွေးတော်ဂေါတမီ ခေမာထေရီတို့မြင်တယ်၊ ဝိသာခါကျောင်းအမကြီး ၇-နှစ်သမီးနဲ့မြင်တယ်၊ မြင်လို့ပဲ သူတို့က ရှိတယ်လို့လည်း ကြေငြာသွားကြတာ။

ဒီတော့-ကိုယ်ကတော့ အခုမမြင်သေးဘူးပေါ့၊ မမြင်နိုင်သေးတော့ ဘယ့်နယ့်လုပ်ရမတုန်းဆိုတော့ အခုလက်ရှိ ရုပ်နာမ်ခန္ဓာတွေရဲ့ အပြစ်ကိုကြည့်ပြီးတော့ အဲဒီအပြစ်တွေရဲ့ ပြောင်းပြန်ဓာတ်ကြီးရှိတယ်. . လို့ "အပူရှိ အအေးရှိ, ရောဂါရှိဆေးရှိ" ဆိုတာလို အဲဒီလိုပြန်ပြီးတော့ ကြည့်တတ်ရတယ်၊ မြင်တတ်ရတယ်၊ အဲဒီလိုမြင်တတ်ပြီးတော့၊ အဲဒီလိုအမှန်းနဲ့ နိဗ္ဗာန်ကို အနုမာနနည်းနဲ့ မှန်းပြီးတော့။

အမတံ ပါရံ-ဤဘက်မှာနေ,အားလုံးသေ၍,ဟိုပြည်ရောက်မှ,ဘေးကင်းရမည့်, အမတခေါ်ညွှန်း, နိဗ္ဗာန်ကျွန်းသို့၊ ယာနာယ-ကိလေသာဟူ, ရန်သူပစ်ဖေါက်, ဖုံးအမြောက်တို့ကို, မကြောက်မနား, အရောက်သွားခြင်းငှာ၊ ပုရိသကာရိယံ-အာဇာနည်မှန်က, ပြုရဲရမည့်, ကမ္ဘာ့လက်ရိုး,လုံးလမျိုးကို၊ ကသံ-ငါးဦးဗိုလ်ချုပ်, အဖော်လုပ်၍, မဆုတ်ရစေ, ပြုလုပ်မောင်းနှင်ပေအံ့သတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒီလို (၃၁)ဘုံအတွင်းရှိတဲ့ ရုပ်နာမ် ခန္ဓာကြီးတွေရှိသမျှဟာ ခုနကပြောတဲ့ ကျီးအာသီးချမ်းသာပဲ. . လို့ ကျီးအာသီးလိုပဲ၊ အပေါ်ယံကြောကောင်းသလိုလိုထင်ရသော်လည်း အတွင်းကဘာမှရစရာမရှိတဲ့,အနှစ်အသားမရှိတဲ့ အနံ့အရသာမကောင်းတဲ့ တရားတွေပဲလို့သိသလို၊ ကျီးအာသီးဥပမာထားပြီးသကာလ (၃၁)ဘုံရုပ်နာမ်ခန္ဓာမှန်သမျှ အပေါ်မှာ ငြီးငွေ့တဲ့စိတ်,ထိတ်လန့်တဲ့စိတ်, လွတ်မြောက်လိုတဲ့စိတ်,မလိုချင်တဲ့စိတ်ထားပြီးတော့၊ ဒီနေ့ တပည့်တော်တို့ သားရတနာနှစ်ဦး တူရတနာခုနှစ်ဦးတို့ကိုသက်န်းသပိတ်ပရိက္ခရာအစုံ တန်ဆာဆင်ပေးပြီးတော့ ဘုရားပစ္စေကာအရိယာအပေါင်းသူတော်ကောင်းကြီးတွေနဲ့အသွင်တူအောင်,

http://www.dhammadownload.com



အကျင့် ချင်းတူအောင်, ဣရိယာပုထ်အားဖြင့် တူအောင်ပြုပေးရတဲ့ ရှင်ပြုကုသိုလ်ကောင်းမှုကြီးသည်လည်းကောင်း။

ဤရှင်ပြုမင်္ဂလာကို အကြောင်းပြု၍ သံဃာတော်(၇၀၀)ကျော်တို့အား မနက်ဆွမ်း နေ့ဆွမ်းတို့ဖြင့် ဆက်ကပ်လောင်းလှူရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုသည်လည်းကောင်း၊ ထိုကုသိုလ်ကောင်းမှုကိုပြုလုပ်ရင်းနဲ့ တပည့်တော်တို့ တတ်စွမ်းသမျှ သံဃိကဒါနအနေနဲ့ သင်္ကန်း(၁၅)စုံကစပြီးတော့ တံမြက်စည်း အကြမ်း အနုအစရှိသော ဝတ္ထုပစ္စည်းတွေနှင့်တကွ နဝကမ္မဝတ္ထုကျပ်ငွေ (၁၅၀၀) တို့ကို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုမှစ၍၊ (၂၁)မျိုးသောဝတ္ထု ပစ္စည်းတို့ဖြင့် လှူဒါန်းရတဲ့ကုသိုလ်ကောင်းမှုစေတနာစုသည်လည်းကောင်း၊ ဖိတ်မန္တကပြုထားအပ်တဲ့ မိတ်ဆွေသင်္ဂဟအပေါင်းသူတော်ကောင်းတွေကျွေးမွေးဧည့်ခံရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုသည်လည်းကောင်း။ ဤအတ္တသမ္မာပဏိဓိစက်ကြီးသည် တပည့်တော်တို့အား အိုဘေးလွတ်ရာ နာဘေးလွတ်ရာ သေဘေးလွတ်ရာ (၃၁)ဘုံ ရုပ်နာမ်ခန္ဓာတို့ရဲ့ ငြိမ်းရာ အေးရာ ကင်းရာဖြစ်တဲ့ အမတနိဗ္ဗာန်ကျွန်းဆီသို့ ရောက်ဖို့ရာအတွက် အားကောင်းတဲ့ အထောက်အပံ့ဖြစ်ပါစေသား၊ အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသတည်း လို့စိတ်ကနိဗ္ဗာန်ကိုမှန်းပြီး အို,နာ,သေရေး, ဒုက္ခဘေးကင်းဝေးတဲ့နိဗ္ဗာန်ကို ရည်မှန်း ချက်ချပြီး ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ထိုကဲ့သို့နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို တိုက်ရိုက်မမြင်သေးသော်လည်း အနုမာနနည်းနဲ့ တတ်နိုင်သမျှကပ်အောင်မှန်းဆပြီးတော့ ပြုစွမ်းနိုင်ကြ, သမ္မတ္တိစက်ကြီးကို လည်သထက်လည်အောင်ဆက်လက်မောင်းနှင်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဖြစ်ကြကုန်လျက်၊ ဤကဲ့သို့ သမ္မတ္တိစက်ကြီးကို မပျက်အောင် ဆက်လက်မောင်းနှင်သွားကြတဲ့ ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတို့ ရအပ်ရောက်အပ်သိမြင်အပ်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



## " လူလေးမျိုး တရားတော် "

**သုခေတ္တေ ပဏ္ဍိတော ပေါသော, သမ္ပဿံ အတ္တမတ္တနော၊**

**ဘဝပဒေသံ လဒ္ဓါန, စဇေယျ ကပဏံ သုခံ။**

သုခေတ္တေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းတရှိန်ရှိန်, ထိန်တလက်လက်, စိန်စက်တန်ဆောင်, အမှောင်ပျက်ပြုန်း, အရောင်ထွက်တုန်း အချိန်ကြီး၌၊ ပဏ္ဍိတော ပေါသော-ကံကောင်းထောက်မ, လူ့ဘဝကို, ရလာဘိပြား, အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ အတ္တနော အတ္တံ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစီးပွား, မိမိရဲ့အကျိုးတရားကို၊ သမ္ပဿံ(သမ္ပဿန္တော)-ကောင်းစွာကြည့်လင်, အရှည်ထင်အောင်, မြော်မြင်နိုင်ခဲ့သည့်ရှိသော်၊ ဘဝ ပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်သည့်, ဘဝပဒေသာကြီးကို၊ လဒ္ဓါ (လဒ္ဓါန)-အခါကောင်းနှင့်, အခွင့်သင့်စွာ, ရရှိနေပါသည်ဖြစ်၍၊ ကပဏံ သုခံ-အသက်နည်းပါး, အနာများလျှက်, ဆူပွားပွေရှုပ်, လူချမ်းသာဆိုတဲ့ စည်းစိမ်နုတ်ကလေးကို၊ စဇေ (စဇေယျ)-ရဲရဲဝံ့ဝံ့, နောက်မတွန့်ဘဲ, စွန့်လွှတ်ကြိုးကုတ်, အားထုတ်လိုက် နိုင်ရာသတည်း. . .॥

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်နေ့ညမှာ၊ အမရပူရမြို့ ဆင်စွယ်ပွတ်ရပ်ကွက်၊ ဆင်စွယ်ပွတ်တိုက်နယ် ဤကြေးလက်ဆက် ဓမ္မာရုံကြီးအတွင်း၌ ကျင်းပအပ်သော တရားပွဲသည်ကား၊ ဤအမရပူရမြို့-ဆင်စွယ်ပွတ်တိုက်နယ်က ဦးဆောင်ကြပြီးသကာလ၊ အမရပူရမြို့ လုံး ရှိရှိသမျှရပ်ကွက်တိုင်းမှာနေထိုင်ကြတဲ့ သပ္ပုရိသနွယ်ဝင်သူတော်စင်အပေါင်း တို့နှင့်တကွ၊ စပ်ရာစပ်ရာ,နွယ်ရာနွယ်ရာ၊ ဒကာဒကာမအပေါင်းသူတော်ကောင်း တို့ရဲ့ မိမိတို့ရဲ့ရွာဦးရွာထိပ် မြို့ဦးမြို့ထိပ်၌ သီတင်းသုံး၍နေထိုင်တော်မူသော သုံးလောကထွဋ်ထိပ်တင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စားတော် ရုပ်ပွားတော် ဥဒ္ဒိဿစေတီမဟာသကျသာမိ ဆင်းတုတော်မြတ်ကြီးအား၊ ရောင်ဝါတင့်

http://www.dhammadownload.com



လှူမြဲ ရွှေသက်န်းတို့ဖြင့် ဆင်မြန်းလှူဒါန်းပူဇော်ကြတဲ့ ရွှေသင်္ကန်းကပ်လှူပွဲ့အောင် ပွဲကိုအကြောင်းပြုပြီးသကာလ, ရေစက်ချပွဲကိုအကြောင်းပြုပြီးသကာလဖြစ်ပေါ် လာတဲ့တရားပွဲ. . . . တဲ့၊ ဒီနေ့ညတရားပွဲက။

မိမိတို့ရဲ့ရွာဦး ရွာထိပ်၊ ရပ်နီးရပ်ထိပ်၊ မြို့ဦးမြို့ထိပ်မှာ-သဗ္ဗညုတရွှေဉာဏ် သခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ကိုယ်စားလာရောက်ပြီးတော့ မဟာသကျ သာမိဘုရားရှင်၊ ရုပ်ပွားဆင်းတုတော်မြတ်ကြီးသီတင်းသုံးပြီးတော့ ဒကာ ဒကာမအ ပေါင်း သူတော်ကောင်းတွေကို နိဗ္ဗာန်ကူးတို့ပို့နေတော်မူတယ်၊ ဤဆင်စွယ်ပွတ်ရပ် ကွတ်ကြီးရဲ့ထိပ်က, အမရပူရမြို့ကြီးရဲ့ ထိပ်ကနေပြီး မဟာသကျသာမိရုပ်ပွားဆင်း တုတော်မြတ်ကြီးအား သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ရဲ့ကိုယ်စားလာရောက်ပြီးတော့ သီတင်းသုံးပြီးတော့ နိဗ္ဗာကူးတို့ပို့တော်မူနေတယ် . . . တဲ့၊ သူနားရောက်လာတဲ့အမျိုးသား အမျိုးသမီးကောင်းတွေ ပန်းလေးတစ် ပွင့်လှူ နိဗ္ဗာန်ပို့, ဆွမ်းလေးတစ်ဆုပ်လှူ နိဗ္ဗာန်ပို့, ရေလေးတစ်မှုတ်လှူလည်းနိဗ္ဗာန် ပို့, အနည်းဆုံးလက်အုပ်ချီမိုး ရှစ်ခိုးမှုကို ပြုရင်ပင် နိဗ္ဗာန်ပို့နေတဲ့ ဘုရားရှင်ကိုယ် တော်မြတ်ကြီး ပန်းလှူလိုက်လို့ရှိရင်

"ပန်းကိုလှူလျှင်, ပန်းကြောင့်ပင်, ကြည်လင်အေးမြ, နိဗ္ဗာန်ရ"။

ပန်းလှူရင် ပန်းကြောင့်ဒီအမျိုးသား အမျိုးသမီးသန္တာန်ကုသိုလ်ကောင်းမှု ဖြစ်သွား, အဲဒါနိဗ္ဗာန်သွားလမ်းကြီး၊ နိဗ္ဗာန်ဘက်တစ်လှမ်းတက်သွားတာပဲသူ။

"ဆွမ်းကိုလှူလျှင်, ဆွမ်းကြောင့်ပင်, ကြည်လင်အေးမြ, နိဗ္ဗာန်ရ"။

ဆင်တာကတော့ ဘုရားဆွမ်းကပ်လိုက်တော့ ဘုရားဆီရောက်သွားတယ် ထင်တာ၊ အမှန်က ဘုရားဆီဆွမ်းထားခဲ့ပြီးကိုယ်က နိဗ္ဗာန်ဘက်ခရီးထွက်သွား၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ နိဗ္ဗာန်ကူးတို့ပို့ချင်လို့ ဒီနေရာ ဒီဒေသမှာလာပြီးတော့ သီတင်းသုံးနေတော်မူတာ၊ ကြာညောင်းခဲ့လှပြီ. . တဲ့၊ ကြေးလက်ဆက် မြတ်စွာဘုရားလို့ လောကအရပ်က တော့သိနေကြတယ်ပေါ့၊ ဟိုတုန်းကတော့ ဒီနေရာမှာ သီတင်းသုံးတာမဟုတ် ဘူး၊ ဗားကရာတိုက်ဘက်မှာ သီတင်းသုံးနေတော်မူရင်းနဲ့ မသမာသူလူရိုင်း လူမိုက်တွေရဲ့ လက်တော်ကိုဖြတ်ပြီးတော့ ယူသွားတာခံရလို့၊ ဒီမှာရွှေ့ပြောင်းပြီး

http://www.dhammadownload.com



သကာလ၊ လက်တော်ပြန်ဆက်လို့ ကြေးလက်ဆက်လို့တွင်လာခဲ့တယ်၊ အမှန်စင်စစ်ကတော့ မဟာသကျသာမိမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး။

အဲဒီလိုအားဖြင့် ဤမိမိတို့ရဲ့ရွာဦး ရွာထိပ်၊ မြို့ဦးမြို့ထိပ်မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့အသားရေနဲ့ အင်မတန်လိုက်ဖက်တဲ့ ရွှေအဆင်းကဲ့သို့သော ဝင်းလက်တောက်ပတဲ့ ရွှေသက်န်းတို့ကိုယနေ့ ဆင်စွယ်ပွတ်တိုက်နယ်ကဦးဆောင်၊ ဂေါပကအဖွဲ့များဖြစ်ကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ဦးဆောင်ကြပြီးသကာလ၊ ဒီနေ့ငွေကိုးထောင်ကျော်၊ တစ်သောင်းနီးပါး အကုန်ကျခံကြပြီးသကာလ စုပေါင်းပြီးတော့ ရွှေသက်န်းကပ်လှူကြတယ်လို့သိရတယ်၊ ဒီထဲမှာအထူးသဖြင့် မကြာမီသောကာလက ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ခဲ့တဲ့၊ ဘုန်းကြီးတို့ကျောင်းအမရဟန်းအမဒေါ်လှတင်က ငွေတစ်ထောင်နှစ်ရာငါးဆယ်ကျော်အကုန်ကျခံပြီးသကာလ အသက်ထင်ရှားရှိစဉ်က ရွှေသက်န်းများကပ်လှူသွားတယ်. . လို့သိရတယ်။

အဲဒီလိုအားဖြင့် အားလုံး အလှူ့အမ ရဟန်းအမ ရွှေသကန်းအမ ဒေါ်လှတင်နှင့်တကွ အားလုံးဒကာ ဒကာမအပေါင်းစပ်ရာစပ်ရာ,နွှယ်ရာနွှယ်ရာ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ မဟာသကျသာမိမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရွှေသက်န်းဆက်ကပ်လှူဒါန်းကြရင်းနဲ့ ဒီနေ့ အောင်ပွဲခံပြီးသကာလ တရားတော်ကိုနာယူကြရင်းနဲ့ရေစက်ချတရားပွဲ ဆင်နွှဲကျင်းပခြင်းဖြင့် ဒီနေ့ မိမိတို့တစ်တွေ ပရမတ္ထမနုဿခေါ်တဲ့ မြင့်မြတ်တဲ့လူ,ဘုရားလူဖြစ်တဲ့နေ့. . တဲ့ ဒီနေ့။ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတွေ ဘုရားလူဖြစ်တဲ့နေ့။

လူရယ်လို့ လူကမွေးဖွားပေးလိုက်ပေမယ့်လို့ လူချင်းတူသေးတာ မဟုတ်ဘူး. . တဲ့၊ လူအမျိုးစားကွဲသေးတယ်၊ အကြောင်းအားလျော်စွာ, အရွယ်အားလျော်စွာကွဲသေးတယ်၊ သူ့အချိန်အားလျော်စွာကွဲသေးတယ်၊ သူ့အချိန်ပိုင်းနဲ့သူ ဘုရားလူဖြစ်တဲ့အချိန်ဖြစ်နေတယ်၊ လူတော့လူပဲ အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက်၊ သို့သော် ဘုရားလူဖြစ်နေတဲ့အချိန်ရှိတယ်,အလကားလူ ဖြစ်နေတဲ့အချိန်ရှိတယ်, လင့်လူ မယားလူဖြစ်နေတဲ့ အချိန်ရှိတယ်, အများလူ ဖြစ်နေတဲ့အချိန်ရှိတယ်။ ဒီတော့ လူတစ်ယောက်ကို သူ့အပိုင်းနဲ့သူ သူ့အချိန်နဲ့သူ

http://www.dhammadownload.com



ပိုင်းလိုက်ရင်တဲ့၊ လူလေးမျိုးလေးစား, လေးပိုင်းကွဲပြီးတော့ ထွက်လာနိုင်တယ် . . . တဲ့။

(၁) **မောဃမနုဿ**-အချည်းနှီးသောလူ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုမမှီးသော အချည်းနှီးသောလူ အဲဒါကို ဆရာတော်ကြီးတစ်ပါးကအလကားလူတဲ့ နံပါတ်တစ်။ နံပါတ်(၂)က **အာဂါရိကမနုဿ**-အိမ်ရာတည်ထောင်လိုက်တဲ့လူ၊ (ဝါ) အိမ်ရဲ့လူ,ယာရဲ့လူ,လင့်လူ,မယားလူ၊ ဝါ-လင်မယားရဲ့လူ၊ နှစ်နံပါတ်က လင်မယားလူ. . တဲ့၊ လင့်လူ,မယားလူလို့ခေါ်တယ်။ (၃)နံပါတ်က **ဗဟုကိစ္စမနုဿ**-ကိစ္စများမြောင်တဲ့လူ၊ သားကိစ္စသမီးကိစ္စ, ဆွေကိစ္စမျိုးကိစ္စ, ရပ်ကိစ္စရွာကိစ္စ, မင်းကိစ္စစိုးကိစ္စတွေကို ထမ်းပြီးတော့ အချိန်ကုန်သွားရတဲ့လူမို့လို့ အများရဲ့ ဘုံကျွန်ခံနေရတဲ့သူမို့အများလူ၊ ပါဠိလိုတော့ ဗဟုကိစ္စမနုဿလို့ခေါ်တယ်။

နောက်ဆုံး(၄)နံပါတ်က- **ပရမတ္ထမနုဿ**-မြင့်မြတ်တဲ့လူ မြင့်မြတ်သော ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေရဲ့လူ၊ (ဝါ) မြင့်မြတ်သောလူ (ဝါ) ဘုရားလူ၊ ဟော-လူလေးမျိုး၊ ပရိသတ်ကြီးလူဘယ်နှစ်မျိုးတုန်း?၊ (လေးမျိုးပါဘုရား) လူရယ်လို့ လူကမွေးဖွားလာတိုင်း မြတ်တာမဟုတ်သေးဘူးတဲ့၊ ဘုရားလူဖြစ်မှမြတ်တယ်၊ ဘုရားလူဖြစ်မှနိဗ္ဗာန်သွားတယ်၊ ဘုရားလူဖြစ်မှ မဂ်ဖိုလ်နိဗ္ဗာန်ရတယ်၊ ဒီတော့-လူကမွေးလိုက်ရုံနဲ့ပြီးကြစတမ်း မဟုတ်သေးဘူး၊ အလကားလူတဲ့, လင်မယားလူတဲ့, အများလူ, ဘုရားလူ၊ လူလေးမျိုး။

ဒီတော့-အလကားလူ၊ ပါဠိလို **မောဃ မနုဿ**-မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမှုမမှီးတဲ့လူဆိုတာ ဘယ်လိုလူတုန်းဆိုတော့ သူ့ဝမ်းထဲမှာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမှုတစ်စုံတစ်ခုမျှ ဝမ်းထဲမရောက်တဲ့သူ၊ တစ်နေ့သာကုန်သွားတယ် သူ့ဝမ်းထဲမှာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမှုတစ်စုံတစ်ခုမျှ၊ ဒါနကောင်းမှုလည်းမရောက်လာ၊ သီလကောင်းမှုလည်းမဝင်လာ၊ ဘာဝနာကောင်းမှုလည်းမပါဘဲနဲ့၊ အချိန်ကုန်သွားတဲ့လူ၊ အဲဒါအလကားလူ၊ သူများလိုစားသောက်နေတာပဲသူလည်း၊ စားလို့,ပျော်လို့ပါးလို့, မော်လို့ ကြွားလို့။ သို့သော်-လူက အလကားလူပဲ။

❖ နေ့စဉ်ပျော်ပါး,မော်ကြွားချိန်ကုန်,
စားလားသောက်လား, အလကားလူနုံ။

http://www.dhammadownload.com



နေ့စဉ်နေ့စဉ်သူပျော်ပါးနေတာပဲ၊ မော်ကြွားနေတာပဲ၊ စားသောက် ဝါကြွားသွားလာလှုပ်ရှား ဒါနဲ့အချိန်ကုန်သွားတာ၊ အဲဒီလူကိုအလကားလူတဲ့၊

❖ နေ့စဉ်ပျော်ပါး,မော်ကြွားချိန်ကုန်,
စားလားသောက်လား,အလကားလူနုံ၊
ဃရာဝါသကိစ္စထူပုံ, လင်-မယား,အများလူတို့ဘုံ။

လင့်လူ-မယားလူ ဆိုတာ ဘယ်လိုအချိန်တုန်းဆိုတော့ ဃရာဝါသကိစ္စထူထောင်လိုက်တဲ့အချိန်၊ ဃရာဝါသကိစ္စအိမ်ယာတည်ထောင်လူ့ဘောင်ထူထောင်လိုက်သည်နဲ့ တစ်ပြိုင်နက်၊ လင်ဖြစ်တဲ့ သူကမယားရဲ့လူ၊ မယားဖြစ်တဲ့သူကလင့်ရဲ့လူ၊ ဘာပြုလို့တုံးဆိုတော့ လင်ဖြစ်တဲ့ယောကျ်ားသည်လုပ်တဲ့သူကမယားစားဖို့ရှာရဖွေရတယ်၊ မယားဝတ်ဖို့ ဆင်ဖို့ရှာရဖွေရတယ်၊ မယားနေရေးထိုင်ရေးအတွက်လုပ်ရကိုင်ရတယ်၊ မယားကျန်းမာရေးအတွက်။ ဇနီးသည် လုပ်တဲ့သူကလည်းပဲ လင်စားဖို့သောက်ဖို့ချက်ရ, ပြုတ်ရတယ်၊ လင်ဝတ်ဖို့အဝတ်အစားရှာရဖွေရတယ်၊ ဖွတ်ရလျှော်ရတယ် စသည်ဖြင့်လင့်ဝတ္တရား မယားဝတ္တရားဆောင်ရွက်ပြီးတော့ နေရတဲ့သူမို့လို့ လင့်လူ-မယားလူ(ဝါ) လင်မယားလူ. . တဲ့၊ လူတော့လူ. . ပါပဲ၊ လူတော့လူပဲ၊ လင့်ကိစ္စ မယားကိစ္စနဲ့ အချိန်ကုန်ရတာမို့လို့လင်မယားလူ။

သုံးနံပါတ်ကျတော့-အများရဲ့လူ-သားတွေသမီးတွေရလာတော့ သားကိစ္စသမီးကိစ္စနဲ့, သားစားဖို့သမီးစားဖို့, သားဝတ်ဖို့ဆင်ဖို့, သမီးဝတ်ဖို့ဆင်ဖို့, ပြေးရလွှားရ, လုပ်ရကိုင်ရ, ရှာရဖွေရရင်းနဲ့အချိန်ကုန်သွားတဲ့လူ၊ သားပညာရေး, သမီးပညာရေးအတွက် သွားလာလှုပ်ရှားရင်းနဲ့ အချိန်ကုန်သွားရတဲ့လူ၊ သားကျန်းမာရေးအတွက် သမီးကျန်းမာရေးအတွက် ဆွေတွေမျိုးတွေအတွက် အချိန်ကုန်ခံရတဲ့လူ၊ ရပ်ရေးရွာရေး သွားရင်းလာရင်းနဲ့ အလုပ်ရှုပ်ပြီးတော့ အချိန်ကုန်နေတဲ့လူ၊ မင်းရေးစိုးတာတွေနဲ့ အလုပ်ရှုတ်ပြီးတော့ အချိန်ကုန်နေတဲ့လူ၊ ဒါ့ကြောင့်-သူ့ကျတော့ သားတွေသမီးတွေ, မြေးတွေမြစ်တွေ, တူတွေတူမတွေ, ဆွေတွေမျိုးတွေ, မင်းရေးစိုးတာတွေစတဲ့ အများကြီးတွေရဲ့ ကျွန်မို့လို့အများလူ. . တဲ့၊ ပရိသတ်ကြီး ဘာလူတဲ့?(အများလူပါဘုရား) သုံးနံပါတ်လူက အများလူ။

လေးနံပါတ်လူကမှ ပရမတ္ထမနုဿ-မြင့်မြတ်တဲ့လူ၊ မြင့်မြတ်တဲ့ ဘုရား

http://www.dhammadownload.com



ပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေရဲ့လူ၊ ဝါ-မြင့်မြတ်သောအလုပ်တွေ လုပ်နေတဲ့လူ၊ ဒါ့ကြောင့်သူ့ကျတော့ ဘုရားလူ. . တဲ့၊ လေးနံ့ပါတ်က, ဘုရားက၊ လေးနံ့ပါတ်က ဘာလူပါလိမ့်? ဘုရားလူပါဘုရား၊ ဒီတော့ လူကမွေးလိုက်ရုံနဲ့ လူချင်းတူသေးတာမဟုတ်ဘူး၊ အဲဒီဘုရားလူဖြစ်မှ ကိုယ့်ကိုယ်ကိုဘုရားလူဖြစ် အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်မှ၊ ဒီတော့ အလကားလူ၊ လင်မယား လူ အများလူ၊ ပရမတ္ထ မနုဿ-ဘုရားလူဘယ်လိုလူတုန်းဆိုတော့-လုပ်ငန်းကြီး သုံးရပ်ရှိတယ်သူ့မှာ-

> ❖ စွန့်ကြဲပေးကမ်း, လှူဒါန်းရွှင်ပျော်,
> ကိုယ်ကျင့်သီလ, ထိန်းကြ၍နေဘ်၊
> ဘာဝနာမှု, အားပြုဘိသော်,
> ထိုလူများ, ဘုရားလူဟုခေါ်။

ဟော-လူလေးမျိုး၊ စွန့်ကြဲပေးကမ်း,လှူဒါန်းရွှင်ပျော်" သူကစွန့်ကြဲပေးကမ်း လှူဒါန်းရတာပျော်တယ်,နေ့စဉ်စွန့်ကြဲပေးကမ်းလှူဒါန်းမှုပြုတယ်၊ သူ့လက်သူ့ခြေ သူ့အင်္ဂါကြီးငယ်အသုံးချပြီးတော့ သူတစ်ပါးတွေချမ်းသာရာချမ်းသာကြောင်း ဖြစ်တဲ့ ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်းကြီးတွေ ဖြည့်ကျင့်သွားတဲ့, သူတစ် ပါးတွေ ချမ်းသာကြောင်းဖြစ်တဲ့ ဒါန-စွန့်ကြဲပေးကမ်း လှူဒါန်းမှုကိစ္စတွေပြုပြီး တော့နေတယ်၊ ပျော်နေတယ်၊ အဲဒါမလုပ်လိုက်ရရင်သူအားမရဘူး သူ့ကိုယ်သူ၊ အဲဒီလူကမှဘုရားလူ ငါးပါးသီလ,ရှစ်ပါးသီလ,ကိုးပါးသီလတွေထိန်းတယ်၊ တတ်နိုင် သေးတယ်ဆိုလို့ရှိရင် သာမဏေမတွေပြုပြီးတော့ (၁၂၀)သိက္ခာသီလတွေဖြည့်ကျင့် တယ်၊ ဒီထက်တတ်နိုင်သေးရင် ဒုလ္လဘရဟန်းတွေဝတ်ပြီးတော့ ကုဋေကိုးထောင် ကျော်သိက္ခာသီလတွေဖြည့်ပြီးတော့ထိန်းတယ်၊ ထိန်းအုန်းမယ်လို့ကြံတယ်၊ ထိန်းတယ်။

နံနက်လင်းလာရင် ဘုရားပန်းတော်ဆွမ်းတော် ရေချမ်းတော်ကပ်လို့ ဘုရားရှိခိုးလို့ မေတ္တာပို့လို့ ပုတီးစိတ်လို့ သမထဘာဝနာနဲ့၊ ရုပ်နာမ် နှစ်တန်ဖြစ် ပျက်ဟန်ကို အမှန်သိမြင်အောင်ရှုပွားတဲ့ ဝိပဿနာဘာဝနာတွေပွား. . လို့၊ အဲဒီ လို သမထဝိပဿနာ ဘာဝနာနှစ်ပါးလက်မလွှတ်စေဘဲနဲ့နေတဲ့ အမျိုးသား အမျိုး သမီးယနေ့လည်း လှူဒါန်းပေးကမ်း ကုသိုလ်ကောင်းမှုတွေကိုပြုတယ်၊ နောင်လည်း ပြုအုန်းမယ်၊ ကြံထားတယ်၊ အဲဒီလိုအမျိုးသား အမျိုးသမီးကျတော့မှ ဘုရားလူ။ ဒီတော့-ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်ကိုယ်ကို ဘုရားလူလေးဖြစ်အောင်

http://www.dhammadownload.com



လိုက်ဆိုစမ်းပါ. . လိုက်ဆိုစမ်းပါ-

❖ စွန့်ကြဲပေးကမ်း, လှူဒါန်းရှင်ပျော်,
ကိုယ်ကျင့်သီလ, ထိန်းကြ၍နော်၊
ဘာဝနာမှု, အားပြုဘိသော်,
ထိုလူများ, ဘုရားလူဟုခေါ်။

ဟော-ဒီတော့ လူလေးမျိုးလေးစားရှိတယ်၊ ပရိသတ်ကြီး လူဘယ်နှစ်စားတုံး?(လေးစားပါဘုရား) ဒီတော့-စားလိုက်သောက်လိုက် ပျော်လိုက် ပါးလိုက် မော်လိုက် ကြွားလိုက်နဲ့ ကုသိုလ်ကောင်းမှုလုပ်ငန်းတစ်ခုမှမလုပ်ဘဲနဲ့ အချိန်ကုန်သွားတဲ့လူတွေ၊ သို့မဟုတ် ဘုန်းကြီးတို့-အချိန်အရွယ်နဲ့ကြည့်မယ်ဆိုရင်-ဘုန်းကြီးတို့တစ်တွေရော အားလုံး ဒကာဒကာမတွေပါ ငယ်ငယ်ရွယ်ရွယ် အချိန်ပိုင်းဟာ အလကားလူဆိုတဲ့အပိုင်းထဲမှာပါတယ်၊ မွေးကာစအရွယ်ကစပြီးတော့ များသောအားဖြင့် အသက်နှစ်ဆယ် အရွယ်တွင်းဟာ ကုသိုလ်ကောင်းမှုပြုဖို့ရာစိတ်မညွတ်သေးဘူး။

အထူးသဖြင့် ငယ်ငယ်ရွယ်ရွယ် အရွယ်ဆိုတာ များသောအားဖြင့် ကုသိုလ်ကောင်းမှု ကင်းနေတဲ့အရွယ်၊ ဘာမှမသိတတ်သေးဘူး၊ သူ့ကစားဖို့ စားဖို့ အိပ်ဖို့ ပျော်ဖို့ ပါးဖို့ဒါပဲသိတတ်သေးတယ်၊ အင်မတန်မိကောင်း ဖကောင်း၊ ဘိုးကောင်း ဘွားကောင်း ဆွေကောင်းမျိုးကောင်းတွေနဲ့တွေ့မှ ကလေးလေးကုသိုလ်ဖြစ်အောင် သားလေး ဩကာလုပ်လိုက်,ဩကာလုပ်လိုက်,ကျောင်းခေါ်သွား၊ သက်န်းကပ်စရာရှိရင် "ကပ်ဟဲ့,ကပ်ဟဲ့" ဆွမ်းလောင်းစရာရှိတော့ သားကလောင်းလိုက် သမီးကလောင်းလိုက်နဲ့ ကလေးလေးတွေကုသိုလ်ဖြစ်အောင်ပြုပေးမှ၊ ဒါမှသူတို့ နည်းနည်းလေးများ အလကားလူဘဝကလွတ်တယ်၊ များသောအားဖြင့် အဲဒီမွေးစအရွယ်ကစပြီးသကာလ ကလေးအရွယ်၊ တချို့အသက်(၂၀)အရွယ်အတွင်းထိအောင်ပျော်လို့, ပါးလို့, မော်လို့ကြွားလို့, စားလို့သောက်လို့, ဝတ်လို့ဆင်လို့နဲ့ အချိန်ကုန်ကြတယ်၊ ကုသိုလ်ကောင်းမှု နည်းနေသေးတဲ့အချိန်၊ အဲဒါအလကားလူအချိန်ပဲ။

နောက်တော့-အိမ်ယာတည်ထောင်လိုက်တော့ လင့်လူမယားလူ လင့်ဝတ္တရား မယားဝတ္တရားတွေနဲ့ လုပ်ရကိုင်ရ၊ လင့်လူမယားလူ,လင်မယားလူ၊ နောက်တော့ သားကိစ္စသမီးကိစ္စ, ဆွေကိစ္စမျိုးကိစ္စ, ရပ်ကိစ္စရွာကိစ္စ, မင်းရေးစိုး

http://www.dhammadownload.com



တာကိစ္စတွေနဲ့အလုပ်များနေတဲ့လူမို့လို့အများလူ။ ဒီတော့-အဲဒီ-အလကားလူ, လင်မယားလူ, အများလူ သက်သက်ဖြစ်ရုံနဲ့ ပရိသတ်နိဗ္ဗာန်ရပါ့မလား?(မရပါဘုရား) အပါယ်လေးပါးစိတ်ချပါ့ရမလား?(စိတ်မချရပါဘုရား)။ ဒီတော့-လူဖြစ်ရင် ဒုလ္လဘလို့ ဆိုပေမယ့်လို့ အဲဒီလူဖြစ်ရုံနဲ့ ဒုလ္လဘမဟုတ်သေးဘူး. . တဲ့ ဘုရားလူခေါ်တဲ့-ပရမတ္ထ မနုဿ-မှ ဒုလ္လဘ-ရခဲတဲ့လူ, ဖြစ်ခဲတဲ့လူ, ကြုံခဲတဲ့လူ။

ဒီတော့-ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့တွေက မဟာသကျသာမိ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား မိမိတို့တစ်တွေ ကိုးထောင်ကျော် တစ်သောင်းနီးပါးအကုန်ကျခံပြီးသကာလ မိမိတို့တတ်စွမ်းသမျှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရွှေသင်္ကန်းဖြင့်လှူဒါန်းပူဇော်နေတဲ့အချိန်သည်-အလကားလူလား,ဘုရားလူလား?(ဘုရားလူပါဘုရား)၊ ယခုလိုတရားဘာဝနာတွေကိုလာရောက်ပြီးတော့ နာကြားနေတဲ့ အချိန်သည်. . . အလကားလူလား,ဘုရားလူလား ?(ဘုရားလူပါဘုရား)၊ အိမ်မှာတရားနာရမှာပျင်းလို့ အဖျင်းအတင်းပြောပြီးတော့ ကျန်ရစ်တဲ့သူတွေဟာ အလကားလူလား, ဘုရားလူလား?(အလကားလူပါဘုရား) ရန်တိုက်ပေးတတ်တယ်၊ ဒီဘုန်းကြီးက-နော်၊ ဒီဘုန်းကြီးကတရားဟောရင်းနဲ့ရန်တိုက်ပေးတတ်သေးတယ်၊ ဒီတော့-ဘုန်းကြီးကမပြောပေါင်ဗျာ၊ ပရိသတ်ကပြောတာ၊ ဒို့မပါပေါင် အဲဒီထဲ။

အဲဒီလိုအားဖြင့်အလကားလူ, လင်မယားလူ, အများလူ, ဘုရားလူဆိုတဲ့ လူလေးမျိုးထဲက ဒီနေ့ အမရပူရမြို့ဆင်စွယ်ပွတ်တိုက်နယ်မှာနေထိုင်ကြတဲ့ ယခုခေါင်းဆောင်ပိုင်းကဖြစ်ကြတဲ့ ဒကာဦးချစ်တင်တို့, ဒကာဦးမြမောင်တို့၊ ဒတာဦးသိန်းဖေတို့၊ ဒကာဦးမြညွန့်တို့နှင့်တကွအားလုံးဂေါပကအဖွဲ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေကဦးဆောင်ပြီးတော့၊ ဒီနေ့-မိမိတို့ အမရပူရတစ်မြို့လုံးပါဝင်နိုင်သမျှ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေစုပေါင်းပါဝင်ပြီးသကာလ၊ ဒီနေ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရွှေသင်္ကန်းတို့ဖြင့်ဆက်ကပ် လှူဒါန်းကြခြင်းဖြင့် ဒီနေ့မိမိတို့ကိုယ်မိမိတို့ အလကားလူအဖြစ်နဲ့, လင်မယားလူအဖြစ်နဲ့, အများလူအဖြစ်နဲ့တင် တင်းတိမ်အားရကျေနပ်မနေဘဲ၊ ဒီနေ့ဘုရားလူဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြတဲ့နေ့. . . တဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းကောင်းမြတ်တဲ့ ဘုရားလူဖြစ်တဲ့နေ့။

ဒီတော့-ရွှေသင်္ကန်းကပ်လှူလိုက်တယ်. . လို့ဆိုတော့ဘုန်းကြီးတို့ သင်္ကန်း

http://www.dhammadownload.com



အလှူပဲဒါ၊ သက်န်းအလှူဆိုတော့ ရဟန်းတော်တွေလှူတဲ့ သက်န်းအလှူလည်း သင်္ကန်းအလှူပဲ၊ ဝတ်ထည်ဖျင်စင်းလှူတာလည်း သင်္ကန်းအလှူပဲ၊ ဒါဘုရားရှင်ကိုယ်တော်မြတ်ကြီးကျတော့ ရွှေသင်္ကန်းအလှူလို့ခေါ်တယ်၊ ဒီတော့ သင်္ကန်းအလှူလို့ဆိုတော့ သင်္ကန်းအလှူရဲ့အကျိုးလေးများလည်းပဲ သိထိုက်တယ်၊ လုပ်တာကတော့ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ပဲ၊ သို့သော်-ဒီကြားထဲမှာ ဒီမျိုးစေ့စိုက်ရင် ဒီအပင်ပေါက်တယ်၊ ဟိုမျိုးစေ့စိုက်တော့ ဟိုအပင်ပေါက်တယ်ဆိုတဲ့အကျိုးဆိုတာရှိတယ်။

ဘုန်းကြီးတို့အစာအဟာရတွေစားသောက်တဲ့နေရာမှာလည်းပဲ၊ ဘယ်အစာအာဟာရစားစား၊ နောက်ဆုံး အဆီအသား, သွေးဖြစ်တာပဲ၊ သို့သော် လျှာပေါ်စားတဲ့အခိုက်၊ လိမ္မော်သီးလေးစားလိုက်တော့ ချိုချဉ်လေးအရသာထွက်တယ်၊ ပိန္နဲသီးလေးစားလိုက်တော့ ချိုဆိမ့်လေးချိုအီလေး အရသာထွက်တယ်၊ အဲသလိုပေါ့ မြေပဲလေးစားလိုက်တော့ ဆိမ့်တဲ့အရသာထွက်၊ လျှာပေါ်မှာ ရောက်နေတဲ့အခိုက် သူ့အသီး သူ့အဆံ သူ့အနှံရဲ့ အရသာရင်းပေါ်ပြီးမှနောက်ဆုံး အသားဖြစ်,အဆီဖြစ်,သွေးဖြစ် ဒါကျတော့ နောက်ဆုံးသွားတူတာပဲ။

အဲသလိုပဲ ရွှေသင်္ကန်းကပ်ပြီးတော့ နိဗ္ဗာန်သွား၊ ဆွမ်းတွေလှူပြီးတော့ နိဗ္ဗာန်သွား၊ ကျောင်းကြီးဆောက်ပြီးတော့ နိဗ္ဗာန်သွား အစရှိသည်ဖြင့် သူ့အလှူသူ့အလှူအားလျော်စွာ၊ လျှာပေါ်မှာရောက်ခိုက်အကျိုးခံစားရသလို ရွှေသင်္ကန်းပဲလှူလှူ ပကတိသင်္ကန်းပဲလှူလှူသင်္ကန်းလှူခြင်းကြောင့် ရတဲ့အကျိုးရှစ်ပါး၊ ဘုန်းကြီးတို့ ရဟန္တာအရှင်မြတ်ကြီးတွေက၊ ရှေးကရဟန္တာအရှင်မြတ်ကြီးတွေက ပြန်ပြန်ပြီးတော့ ပြောခဲ့ကြတယ်၊ ငါလေ. . သင်္ကန်းကိုလှူခဲ့လို့ဘဝများစွာ သံသရာမှာကျင်လည်ပြီးတော့လာရင်းနဲ့ ဟောဒီလို ဟောဒီလိုအကျိုးတွေ ရခဲ့ပါတယ် . . လို့ပြောတာ၊ ပိလိန္ဒဝစ္ဆ မထေရ်ကြီးနဲ့ဇဋိလမထေရ်တို့ကပြန်ပြောခဲ့တယ်၊ သူတို့ကဘယ့်နှယ့်ပြောတုန်းဆိုတော့-

* သုဝဏ္ဏဝဏ္ဏော ဝိရဇော, သပ္ပဘာသော ပတာပဝါ၊
သိနိဒ္ဓ ဟောတိ မေ ဂတ္တံ, ဘဝေ သံသရတော မမ။

ဘဝေ-ဘဝများစွာသံသရာ၌၊ (ဝါ)ဘဝကြီးငယ် အသွယ်သွယ်၌၊ သံသရတော-ပါရမီဖြည့်ရင်းနဲ့ သံသရာစခန်းကြီးကိုသွားလာ ကျက်စား ပြေးသွား၍နေရစဉ်၊ မမ-ငါ၏သန္တာန်၌၊ သုဝဏ္ဏဝဏ္ဏော-ဘဝများစွာ သံသရာတုန်းက သင်္ကန်း

---

* အပ-၁၊၃၅၉

http://www.dhammadownload.com



အလှူကိုလှူဒါန်းခဲ့ခြင်းကြောင့်၊ ဘဝများစွာ သံသရာတုန်းက ရဟန်းတော်တွေကို ဝတ်ထည်ဖျင်စင်း သင်္ကန်းအလှူ လှူဒါန်းခဲ့ခြင်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အား ရွှေသင်္ကန်းအလှူကို လှူဒါန်းခဲ့ခြင်းဆိုတဲ့ သင်္ကန်းအလှူကို လှူဒါန်းခဲ့ခြင်း ကြောင့် ရွှေအဆင်းကဲ့သို့ဝါဝင်းတဲ့အသားအရေရှိသည်လည်း၊ ဟောမိ-ဘဝများ စွာ ဖြစ်ခဲ့ရပါ၏. . .။

**ပိလိန္ဒဝစ္ဆ**မထေရ်ကြီးက ရဟန္တာဖြစ်တော့ ပြန်ပြောနေတာ၊ ငါလေ. . တဲ့ ဘဝများစွာ သံသရာမှာ ဒီလိုရဟန္တာကြီးဖြစ်အောင် ငါဟာ သင်္ကန်းအလှူတွေငါ များစွာလှူခဲ့ဖူးတယ်. . ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ရွှေသင်္ကန်းကပ်ခဲ့တယ်၊ ရဟန်းတော် အရှင်မြတ်တွေကို သင်္ကန်းဝတ်ထည်ဖျင်စင်း လှူခဲ့တယ်၊ အဲဒီလို လှူခဲ့တဲ့အတွက် ငါမှာ. . တဲ့ ယခုရဟန္တာကြီးဖြစ်တာကတော့ နောက်ဆုံးအကျိုး ပါပဲတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရတာတော့ နောက်ဆုံးအကျိုးပါပဲ၊ ဒီကြားထဲမှာ-သင်္ကန်း အလှူကြောင့် ထူးထူးခြားခြား ငါ့-ဘဝသံသရာ သူများထက်ထူးပြီးတော့ ဖြစ်ခဲ့ရ တာ ပြန်ပြောရမယ်ဆိုရင်ဖြင့် **သုဝဏ္ဏဝဏ္ဏော**-ရွှေအဆင်းလို ဝါဝင်းတဲ့ အဆင်းရှိ ခဲ့ရသည်၊ ဟောမိ-ဘဝများစွာဖြစ်ခဲ့ရပါ၏. . ။

ဖြစ်လေရာတိုင်း ဖြစ်လေရာတိုင်းမှာ အသားအရေဝင်းဝင်း လက်လက် ဖြစ်ခဲ့ရတယ်. . တဲ့၊ ဘာပြုလို့တုန်းဆိုတော့-တူသောအကျိုးကိုးသူက၊ ဘုန်းကြီးတို့ သင်္ကန်းဆိုတာ ဝင်းဝင်းလက်လက်ပဲ၊ အခု ဘုရားရှင် ကိုယ်တော်မြတ် ကပ်တဲ့ရွှေ သင်္ကန်းဆိုတော့ ဝါဝါဝင်းဝင်းပဲ၊ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရွှေ သင်္ကန်းမရှိခင်က အရောင်အဆင်းနဲ့ အခုရွှေသင်္ကန်းတော်ကပ်လိုက်လို့၊ ရွှေ သင်္ကန်းတော်ဝတ်ရုံလိုက်တဲ့ အချိန်ကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကျက် သရေတော် ဝါဝါ ဝင်းဝင်း စိုစိုပြေပြေဖြစ်သွား၊ ရဟန်းတော်တစ်ပါးသင်္ကန်း လှူလိုက်တယ်ဆိုရင် အဲဒီရဟန်းတော်တစ်ပါးဝတ်လိုက်ရတဲ့ သင်္ကန်းကြောင့် ဝါဝါဝင်းဝင်းအရောင်တောက်ပြီးတော့နေတယ်၊ အဲဒါအလှူဒကာ အလှူအမက ပြုပေးရာရောက်လို့ အဲဒီရွှေရောင်အဆင်းကဲ့သို့ မိမိမှာလည်း ဖြစ်လေရာဘဝတိုင်း မှာ ဝါဝါဝင်းဝင်း အဆင်းရှိခဲ့ရတယ်. . တဲ့၊ ဒါပထမအကျိုးပဲ။

ဝိရဇော-မြူကြေး, အညစ်ကြေးကင်းသည်လည်း၊ ဟောမိ-ဘဝများစွာ ဖြစ်ခဲ့ရပါ၏. . ။ ဟော-သင်္ကန်းလှူရတဲ့ ဒုတိယအကျိုးက ဘာတုံးဆိုရင် မြူမှုန်

http://www.dhammadownload.com



အညစ်အကြေး၊ မြူအညစ်အကြေးခန္ဓာကိုယ်အညစ်အကြေးကင်းခဲ့တယ်. . တဲ့၊ ခန္ဓာကိုယ်မှာကြေးညှိ မတင်ဘူး၊ တချို့က အသားသာဖြူတာ ကြေးတွေအင်မတန် တင်လေ့ရှိတယ်၊ နည်းနည်းလေးဖုန်အမှိုက်ဖတ်ရှိပြီဆို-သူ့ခန္ဓာကိုယ်မှာကြေးတွေ တစ်ရက်နှစ်ရက် ဆိုရင်ကြည့်မကောင်း ရှုမကောင်းဖြစ်ကုန်။ ဒီသင်္ကန်းလှူတဲ့အမျိုး သား အမျိုးသမီးရဲ့ ခန္ဓာကိုယ်မှာကျတော့ အဲဒီလိုကြေးညှိ မတင်ခြင်း, မြူအညစ် အကြေးကင်းစင်ခြင်းဆိုတဲ့ အကျိုးကိုရတယ်၊ ဒါဒုတိယအကျိုး။

တတိယ-အကျိုးက သပ္ပဘာသော-အရောင်အဆင်းလက်လက် ဝင်းဝင်း ရှိသည်ဖြစ်၍၊ ပတာပဝိ-ခန္ဓာကိုယ်အသားအရေက တောက်ပပြီးနေတတ်သည်၊ ဟောမိ-ဘဝများစွာ ဖြစ်ခဲ့ရပါ၏. . . ။ ရွှေအဆင်းလို ဝင်းရုံတင်မကသေးဘူးတဲ့၊ ခန္ဓာကိုယ်ရဲ့အသားအရေကကြည့်လိုက်ရင် အရောင်တောက်နေတယ်၊ တစ်ချို့က အသားဝါပြီးတော့ ရွှေအဆင်းလိုရှိတာတော့ မှန်တယ်၊ သို့သော် မွဲခြောက်ခြောက် အသားအရေကရှိသေးတယ်၊ အခုသင်္ကန်းလှူတဲ့အမျိုးသား အမျိုးသမီးရဲ့ခန္ဓာကိုယ် မှာ အဆင်းကရွှေအဆင်းလိုဝါဝင်းတဲ့ အသားရေရှိတဲ့အပြင် အညစ်အကြေးမတင် တဲ့အပြင်၊ အရောင်လက်နေသလိုတောက်ပပြီးတော့နေတယ်. . တဲ့၊ ဒါတတိယ အကျိုးပဲ။

စတုတ္ထအကျိုးက သိနိဒ္ဓံ ဟောတိ မေ ဂတ္တံ၊ မေ-ငါ၏၊ ဂတ္တံ-ကိုယ် ကာယတစ်ခုလုံးသည်၊ သိနိဒ္ဓံ-နူးညံ့ပျော့ပြောင်း အတွေ့ကောင်း၍နေသည်၊ ဟော မိ-ဘဝများစွာ ဖြစ်ခဲ့ရပါ၏. . ၊ မိမိခန္ဓာကိုယ်မှာ. . တဲ့ စမ်းကြည့်လိုက်လို့ရှိရင် အင်မတန်နူးညံ့ပျော့ပြောင်း အတွေ့ကောင်းတဲ့အဖြစ်ကိုကြုံရပါတယ်. . . တဲ့၊ သင်္ကန်းလှူရတဲ့ စတုတ္ထအကျိုး ရဟန်းတော်တစ်ပါးသင်္ကန်းလှူလိုက်တော့ သင်္ကန်း မဝတ်လို့ရှိရင် အသားအရေကနေပူကြောင့် လေပူကြောင့်ခြောက်ခမ်းပြီးတော့ နူနူညံ့ညံ့မဖြစ်ဘူး၊ သင်္ကန်းကိုလှူဒါန်းလိုက်သည်နှင့်တစ်ပြိုင်နက်၊ အဲဒီသင်္ကန်းကို ဝတ်ရခြုံရခြင်းကြောင့် ဒီရဟန်းတော်ရဲ့အသားအရေဟာ အခိုးလေးပါးညီ, ဓာတ် လေးပါးညီလို့ အခိုးအကင်းလျှောက်ပြီးတော့ အသားအရေနူးညံ့ညံ့ ရဟန်းတော် အပေါ်ဖြစ်အောင် မိမိတို့ကပြုခဲ့ရာရောက်လေသောကြောင့် မိမိတို့မှာလည်းပဲ ဖြစ်လေရာဘဝ,ရောက်လေရာဘဝမှာအသားအရေနူးညံ့ပျော့ပြောင်းခြင်းဆိုတဲ့ အကျိုးကိုရတယ်. . တဲ့၊ ရတယ်။ ဒါ့ကြောင့် ဒါ(၄)ပါးရှိသွားပြီ၊ ဒါခန္ဓာကိုယ်ထဲမှာ ရတဲ့အကျိုးလေးပါး၊ ပြီးတော့ အပြင်ဘက်ရတဲ့အကျိုး(၄)ပါးက-

http://www.dhammadownload.com



**ဒုဿသတသဟဿာနိ, သေတာ ပီတာစ လောဟိတာ၊**
**ဓာရေန္တိ မတ္တကေ မယှံ, ဒုဿဒါနဿိဒံ ဖလံ။**

ဒုဿဿဒါနဿ-သင်္ကန်းအလှူ၏၊ ဖလံ-ကျန်တဲ့ အကျိုးလေးပါးကို ပြောရမယ်ဆိုရင်၊ သေတာ-ဘော်ငွေအဆင်းကဲ့သို့ ဖြူဝင်းသောအရောင်ရှိကုန်သော၊ ဒုဿသတသဟဿာနိစ-အဝတ်ပေါင်း များစွာ အထည်ပေါင်းများစွာ အခင်းပေါင်းများစွာတို့ကိုလည်း၊ လဘာမိ-ဘဝများစွာ ရခဲ့ရပါ၏၊ . . ။

ငါ့မှာ. . တဲ့ ဒီသင်္ကန်းလှူရတဲ့ အကျိုးကြောင့် ခန္ဓာကိုယ်အပြင်ဘက်က ရတဲ့အကျိုးကိုပြောရမယ်ဆိုရင်ဖြင့် ဝတ်ထည်ဖျဥ်စင်း အခင်းအနှီးများစွာရခဲ့တယ်. . တဲ့ ပြည့်စုံခဲ့တယ်၊ ဘဝတိုင်းဘဝတိုင်း ဝတ်ထည်ဖျင်စင်းအခင်းအနှီးနဲ့ ပတ်သက်လို့ဖြင့် ဘယ်တော့မှ စိတ်မဆင်းရဲရဘူး၊ ဒီတော့-အဲဒီဝတ်ထည်ဖျင်စင်း ထဲမှာမှ-ဘယ်လို အရောင်တွေတုံးဆိုရင် ငွေရောင်အဆင်းကဲ့သို့၊ ဘော်ရောင်အဆင်းကဲ့သို့ဖြူဖြူ ဝင်းဝင်း တောက်ပတဲ့ အရောင်အဆင်းရှိတဲ့ ဝတ်ထည်ဖျင်စင်း တွေကိုလည်းပဲ ရခဲ့တယ်။

ပီတာစ-ဝါရွှေတဲ့အဆင်း,ဝင်းဝါတဲ့အဆင်းရှိတဲ့ ဝတ်ထည်ဖျင်စင်းတွေကို လည်းပဲရခဲ့တယ်၊ နီလာစ-ညိုညိုအရောင်တောက်ပတဲ့ အရောင်ရှိတဲ့ညိုမှောင်တဲ့ အဆင်းရှိတဲ့ဝတ်ထည်ဖျင်စင်းပစ္စည်းတွေကိုလည်းပဲရခဲ့တယ်၊ လောဟိတာစ-ကမ္ဗလာနီ သန္တာနီနှင့် ကြာနီပွင့်ချပ် ပတ္တမြားယပ်ကဲ့သို့ လျှပ်လျှပ်ထိန်ကြည် နီသော အရောင်အဆင်းရှိတဲ့ ဝတ်ထည်ဖျင်စင်းတို့ကိုလည်း၊ လဘာမိ-ဘဝများစွာရခဲ့ပါ၏။

သင်္ကန်းလှူတာဖြစ်တော့ သင်္ကန်းရောင်နဲ့လိုက်ဖက်တဲ့ ဝတ်ထည်ဖျင်စင်း လေးမျိုး ဖြူစွတ်တဲ့အဆင်းရှိတဲ့ဝတ်ထည်ဖျင်စင်းတွေ,သန့်ရှင်းတဲ့ဝတ်ထည်ဖျင်စင်း တွေရခဲ့တယ်၊ ဝါဝါဝင်းဝင်းတောက်ပတဲ့အဆင်းရှိတဲ့ ဝတ်ထည်ဖျင်စင်းတွေများ စွာရခဲ့တယ်၊ ညိုမှောင်နေတဲ့ အခုကာလယောဂီရောင်လို ညိုမှောင်နေတဲ့၊ တောက်ပတဲ့အရောင်အဆင်းရှိတဲ့ ဝတ်ထည်ဖျင်စင်းတွေကိုလည်း ဘဝများစွာရ ခဲ့ကြုံခဲ့တယ်၊ ဝတ်ခဲ့ဆင်ခဲ့တယ်၊ နီတဲ့အဆင်းရှိတဲ့ ကမ္ဗလာနီ သန္တာနီတို့လို နီတဲ့ အဆင်းရှိတဲ့ အရောင်တစ်လက်လက်ထွက်နေတဲ့ နီတဲ့အဆင်းရှိတဲ့ ဝတ်ထည်ဖျင် စင်းတွေကိုလည်းပဲရခဲ့ရ,ကြုံခဲ့ရတယ်. . တဲ့၊ ဝတ်ထည်ဖျင်စင်းရတာပါပဲ အကျိုးက တော့။ သို့သော် အရောင်လေးမျိုးရှိတဲ့ဝတ်ထည်ဖျင်စင်းရလို့သူ့ကို အကျိုးလေးမျိုး

http://www.dhammadownload.com



လို့ပြောလိုက်တယ်။

ဒီတော့-သက်န်းလှူရခြင်းရဲ့ အကျိုးရှစ်မျိုးဖြစ်သွားတယ်၊ ခန္ဓာကိုယ်ထဲမှာက အကျိုးလေးမျိုး၊ ခန္ဓာကိုယ်ထဲအကျိုးလေးမျိုးက. ရွှေအဆင်းလိုအသားအရေဝင်းတယ်, ပြီးတော့ ညစ်ကြေးမတင်ဘူး,ကြေးတွေဘာတွေ မတင်လွယ်ဘူး၊ သုံးနံပါတ်အကျိုးက ခန္ဓာကိုယ်အသားအရေက တောက်ပပြီးတော့နေတယ်၊ လေးနံပါတ်အကျိုးက ခန္ဓာကိုယ်အသားအရေကွေ့ တွေ့ထိလိုက်လို့ရှိရင် အင်မတန်နူးညံ့တဲ့ အသားအရေ, ချောမောပြေပြစ်တဲ့ အသားအရေရှိတာကိုကြုံရတယ်၊ ခံစားရတယ်. . . တဲ့၊ ဒါက ခန္ဓာကိုယ်တွင်းကအကျိုးလေးပါး။

ဒီတော့ ဒါလေးကို **"ရွှေရောင်အဆင်း, မြူကင်းစင်ကြယ်"**တဲ့ ရွှေရောင်အဆင်းလည်းရှိတယ်, မြူကင်းတယ်, အညစ်အကြေးကင်းတယ်, စင်ကြယ်တယ်၊ **သားရေဝင်းဖန့်,နူးညံ့လှတယ်။** အသားအရေတွေဝင်းဝင်းဖန့်ဖန့်တောက်တောက် ပပရှိတယ်၊ ရွှေရောင်အဆင်းရှိတိုင်း အရောင်တောက်သေးတာမဟုတ်ဘူး၊ ရွှေရောင်အဆင်းရှိပြီး ဝါတဲ့အဆင်းရှိပေမဲ့လို့ ခြောက်တောက်တောက်ကြီးကရှိသေးတယ်၊ အခုဟာက ဒီလိုမဟုတ်ဘူး၊ **သားရေဝင်းဖန့်,နူးညံ့လှတယ်၊** အသားအရေလည်းဝင်းဝင်း ဖန့်ဖန့်ရှိတယ်၊ နူးနူးညံ့ညံ့လည်းရှိတယ်၊ **နီ ညို ဖြူ ဝင်း,ဝတ်ခင်းပေါ်ကြွယ်** တဲ့။ ဝင်းဆိုတာ ဝါတဲ့အရောင် နီတဲ့အရောင်၊ ညိုတဲ့အရောင် ဖြူတဲ့အရောင်၊ ဝင်းဝါတဲ့အရောင်ရှိတဲ့ အဝတ်အခင်းတွေပေါ်ကြွယ်ခဲ့တယ်၊ **လှူ သက်န်း, ရှစ်ခန်းအကြိုးသွယ်"** သက်န်းလှူရခြင်းရဲ့ အကျိုးရှစ်မျိုး ဘုန်းကြီးတို့ ပရိသတ်ကြီး နားလည်သွားအောင် သိသွားအောင်လိုက်ဆိုစမ်းပါ-

❖ **ရွှေရောင်အဆင်း, မြူကင်းစင်ကြယ်,**
**သားရေဝင်းဖန့်, နူးညံ့လှတယ်၊**
**နီ ညို ဖြူ ဝင်း, ဝတ်ခင်းပေါ်ကြွယ်,**
**လှူသက်န်း, ရှစ်ခန်းအကျိုးသွယ်။**

လှူသက်န်းဆိုတာ-သက်န်းလှူခြင်းကြောင့်၊ ရှစ်ခန်း-ရှစ်မျိုးသော အကျိုးတွေ သွယ်ပြီးတော့လာတယ်. . တဲ့၊ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ သန္တာန်မှာသွယ်တန်းပြီးတော့ အဲဒီအကျိုးတွေဆက်တိုက်ရနိုင်တယ်၊ ဘဝများစွာ သံသရာမှာကြုံနိုင်တယ်၊ အဲဒီလိုအားဖြင့်သက်န်းလှူရခြင်းကြောင့်ရရှိတဲ့အကျိုး ရှစ်ပါးလို့ ပိလိန္ဒဝစ္ဆမထေရ်နဲ့ ဇဠိလမထေရ် ရဟန္တာအရှင်မြတ်ကြီးတို့က ပြန်ပြောခဲ့

http://www.dhammadownload.com



တဲ့စကား။ အဲဒီလိုအားဖြင့် ငါတို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ နောက်ဆုံးပန်းတိုင်မရောက်ခင် ဘဝများစွာသံသရာမှာ အကျိုးရှစ်ပါးကိုရစေတတ်တဲ့ သက်န်းကို လှူဒါန်းခဲ့ပြီးသကာလ ငါတို့ ယခုလို ရဟန္တာယောကျ်ား ရဟန္တာမကြီးအဖြစ်နဲ့ ပရမတ္တမနုဿ-ဘုရားလူအထွတ်အထိပ်ဖြစ်ခဲ့ရတယ် . . . လို့ ဟောဖြေဆိုတော်မူသွားတာဖြစ်တော့။

ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက သင်္ကန်းအလှူ လှူကြတယ်၊ အကျိုးရှစ်မျိုးကို ရစေတတ်တဲ့, မတောင်းသော်လည်း ရစေတတ်တဲ့ မလိုချင်သော်လည်း ရစေတတ်တဲ့, သူကမလိုချင်လည်း ရမှာ၊ သရက်စေ့စိုက်မှတော့ သရက်ပင်ကပေါက်မှာ သရက်သီးမသီးပါနဲ့လို့ ပြောနေလို့လည်းမရဘူး၊ ပေါက်မှာ၊ သရက်သီးကစားကိုစားရမှာ၊ ဒါ့ကြောင့် မတောင်းသော်လည်း ရတဲ့ အကျိုး၊ မမျှော်သော်လည်းရတဲ့အကျိုးဖြစ်တဲ့ သင်္ကန်းလှူခြင်းကြောင့်ရတဲ့ အကျိုးရှစ်ပါးနဲ့ပြည့်စုံတဲ့ ရွှေသင်္ကန်းတို့ဖြင့်ဒီနေ့ မဟာသကျသာမိမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဒို့လှူဒါန်းရင်းနဲ့ ပရမတ္တမနုဿ-မြင့်မြတ်တဲ့လူ ဘုရားလူဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြတဲ့နေ့ . . . ။

ဒီတော့ အဲဒီလို ပရမတ္တမနုဿဖြစ်အောင်သင်္ကန်းအလှူတွေလှူ၊ ရွှေသင်္ကန်းတွေလှူပြီးသကာလ-မဂ်ဖိုလ်နိဗ္ဗာန်စခန်းပေါက်သွားကြတဲ့ ဇာတ်ကြောင်းလေးတစ်ခုကိုထုတ်ရမယ်ဆိုရင်-မရမတ္တမနုဿ-ကိုယ့်ကိုယ်ကိုဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်သွားကြတဲ့ အမျိုးသား အမျိုးသမီးတစ်သိုက်အကြောင်းကိုဇာတ်ကြောင်းပြန်ပြီးတော့ပြောရမယ်ဆိုရင်၊ ဘုန်းကြီးတို့ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က-ဗာရာဏသီမြို့ရဲ့အနီးက ဂင်္ဂါမြစ်ကမ်းမှာ တစ်နေ့တော့ အမျိုးသမီးနှစ်ယောက်ရေချိုးပြီးတော့ နေကြတယ်၊ ရေချိုးနေတုန်း သူတို့ရဲ့မြစ်ညာက ရေအိုးတစ်လုံးမျောပြီးတော့လာတယ်၊ အပေါ်ကအဖုံးနဲ့ သေသေချာချာဖုံးလို့ ရေအိုးလေးတစ်လုံးလှုပ်လှုပ်,လှုပ်လှုပ်နဲ့မျောပြီးတော့လာ။

မျောလာတော့ အမျိုးသမီးနှစ်ယောက်ရေချိုးနေရင်းနဲ့ ရေအိုးမြင်လိုက်တယ်ဆိုရင်ပဲ တစ်ယောက်သောအမျိုးသမီးက မယ္ဟံ့တံ ဘာဇနံ ဧတံ-ဟောဟိုက လှိုင်းတွေပုတ်ပြီးတော့ တလှုပ်လှုပ်နဲ့ ဂင်္ဂါမြစ်ထဲ မျောလာတဲ့ရေအိုးသည်၊

---

*ဓမ္မ-၄-၂၄၄၀၊ ပဋိသံ-၄-၂၂၉၃။

http://www.dhammadownload.com



မယ့်- ငါ့ဟာတည်း၊ ဝါ-ငါ့ဟာအေ့-ဟောဟိုက မျောလာတဲ့အိုး ငါ့အိုးအေ့လို့သူက ဦးလိုက်တယ်၊ အဲဒီလိုဦးလိုက်တယ်ဆိုရင်ပဲ ကျန်တဲ့အမျိုးသမီးက **"ယံ စေတံ အန္တော(အတ္ထိ) တံမယ့်"** ဧတေသ-အဲဒီတစ်လှုပ်လှုပ်မျောလာတဲ့အိုးရဲ့၊ အန္တော-အတွင်း၌၊ ယံ-အကြင်ပစ္စည်းသည်၊ အတ္ထိ-ရှိလာ၏(ဝါ)ပါလာ၏၊ တံ-ထိုအိုးထဲပါလာတဲ့ ပစ္စည်းသည်၊ မယ့်-ငါ့ဟာတည်း၊ ဝါ-ငါ့ဟာအေ့၊ ကျန်တဲ့အမျိုးသမီးက အားကျမခံ၊ အေး-ညီးကအိုးကိုငါ့အိုးလို့ဦးတော့ အိုးထဲပါတဲ့ပစ္စည်း ငါ့ပစ္စည်းအေ့လို့ ဦးလိုက်တယ်။

အဲဒီလိုပြောပြောဆိုဆိုနဲ့ နှစ်ယောက်သားရေထဲ တစ်ခါတည်းဆင်းပြီးတော့ ကူးကြတယ် အိုးရှိရာ၊ ကူးသွားပြီးတော့ အဲဒီအိုးကိုဆွဲပြီးတော့ ဆယ်ကြဆွဲပြီးတော့ ယူလာပြီးတော့ ကမ်းပေါ်တင်ပြီးတော့ အဖုံးသေသေ ချာချာ ဖွင့်ကြည့်လိုက်တဲ့အခါကျတော့ အင်မတန်ချောမောလှပ အသားအရေဖြူဝင်းတဲ့ ကလေးလေး. . အိုးထဲမှာ၊ ရေအိုးထဲ ကလေးလေးပါလာတယ်၊ ဒီကလေးလေးက ဘယ်ကမျောလာတာတုန်းလို့ဆိုတော့ ဒီဟာရာဏသီမြို့ရဲ့အထက် မြို့နယ်တစ်ခုမှာ-သူဌေးသမီးတစ်ယောက်၊ သူ့မိဘများကအင်မတန်ပစ္စည်းဥစ္စာပေါများကြွယ်ဝတဲ့ သူဌေးသမီးလေး၊ သမီးလေးတစ်ယောက်တည်းရှိတယ်ဆိုပြီးတော့ အင်မတန် တယုတယမွေးကျွေးသုတ်သင်ပြုပြင်ထားပြီးတော့ ဘုံခုနစ်ဆင့်ပေါ်မှာတင်ပြီးတော့ အင်မတန်တယုတယထား။

အမျိုးသမီးလေးကလည်း အချိန်တန်အရွယ်ရောက် လူလားမြောက်လို့ ရုပ်ရည်အဆင်းလက္ခဏာနဲ့လည်းပြည့်စုံခြင်းရှိနေတဲ့အချိန်၊ ဘုံခုနစ်ဆင့် ပြာသာဒ်ပေါ်ကနေပြီးတော့ တစ်နေ့တော့ လေသာတံခါးကနေပြီးတော့ ပတ်ဝန်းကျင်ရှုခင်းကြည့်နေတဲ့အချိန်၊ ဝိဇ္ဇာမိုရ်ဇော်ဂျီ အမျိုးသားတစ်ယောက်ကလည်း ကောင်းကင်ခရီးက ဖြတ်သန်းပြီးတော့အသွား၊ အဲဒီဝိဇ္ဇာမိုရ်ဇော်ဂျီတပသီ အမျိုးသားက ဒီအမျိုးသမီးလေး သူဌေးသမီးလေးပေါ်မှာ မေတ္တာသက်ဝင် ချစ်ခင်ပြီးတော့ အဲဒီဝိဇ္ဇာမိုရ်ဇော်ဂျီ တပသီနဲ့ပဲ၊ အဲဒီကောင်းကင်ခရီးက လာလာပြီးတော့ ဒီအမျိုးသမီးလေးနဲ့ အထက်မှာတင်ပဲ အကြောင်းပါကြပြီးတော့နေကြလို့ အဲဒီ ဝိဇ္ဇာမိုရ်ဇော်ဂျီ တပသီအမျိုးသားလေးနဲ့ ဒီသူဌေးသမီးလေးတို့ နှစ်ဦးပေါင်းသင်း ခြင်းကြောင့် ရရှိလာတဲ့သားကလေး။

သို့သော်-ဝိဇ္ဇာမိုရ်ဇော်ဂျီကဘယ်အရပ်ကလာမှန်းမသိ၊ ဘယ်ကမှန်းလည်း

http://www.dhammadownload.com



မသိ အတည်တကျလည်း လာနေတာမဟုတ်တော့၊ အမေအဖေတွေသိမှာစိုးလို့ သူဌေးသမီးလေးက ကိုယ်ဝန်ရှိနေတဲ့အချိန်မှာ အထက်ပြာသာဒ်ပေါ်က မဆင်း တော့ပဲနေပြီးတော့ နောက်ဆုံးဖွားတဲ့အချိန်ကျတော့၊ သူများမသိအောင်အိုးသစ် ထဲမှာ ကလေးလေးကိုထည့်ပြီးတော့ သူရဲ့အစေအပါး ကျွန်မကိုမြစ်ထဲမျှောစေခဲ့ တယ်. . . တဲ၊ အဲဒီလို မျှောလိုက်လို့ မျောပြီးတော့လာတဲ့ကလေးလေး။

ဒီတော့-ဒီအမျိုးသမီးလေးနှစ်ယောက်ကလည်းအင်မတန်ရွှေအဆင်းလို ဝါဝင်းတဲ့ အသားအရေနဲ့ပြည့်စုံတဲ့ကလေးလေး အင်မတန်ချောမောလှပတဲ့ကလေး လေး၊ ရုပ်ဆင်းအင်္ဂါနဲ့ပြည့်စုံတဲ့အမျိုးသား ယောကျ်ားလေးဖြစ်တဲ့အပြင်၊ အင်မတန် ချောမောလှပတဲ့ ကလေးလေးဖြစ်နေတော့ သူတို့နှစ်ယောက် သူရထိုက်တယ်၊ ငါရထိုက်တယ်နဲ့ ငြင်းကြခုံကြ၊ အဲဒီလိုနဲ့ငြင်းကြ ခုံကြရင်းနဲ့ နောက်ဆုံးတော့ သူတို့နှစ်ယောက်တင်ဆုံးဖြတ်လို့ မရတော့ တရားရုံးရောက်သွား။

ရှင်ဘုရင့်တရားရုံရောက်သွားတော့ ရှင်ဘုရင်ရဲ့မှူးကြီးမတ်ရာတွေက တရားသူကြီးတွေက ကိုင်းဘယ်လိုဘယ်လိုဖြစ်လာတာတုံး အကျိုးအကြောင်း မေးတော့ အိုးကိုဦးတာက တစ်ယောက်ကဦးတယ်၊ အိုးထဲပါတဲ့ပစ္စည်းငါ့ပစ္စည်းလို့ တစ်ယောက်ကဦးတယ်နဲ့ ပြောကြတော့၊ ကိုင်း ဒီလိုဆိုရင် ထုံးစံအတိုင်းဆုံးဖြတ် ရမယ်ဆိုရင် အိုးကိုဦးတဲ့သူကအိုးပဲရထိုက်တယ်၊ အိုးထဲရှိတဲ့ပစ္စည်းငါ့ပစ္စည်းလို့ဦး တဲ့သူကမှသာလျှင် အိုးထဲရှိတဲ့ပစ္စည်းကို ပိုင်ဆိုင်ထိုက်တယ်လို့ ဆုံးဖြတ်ပြီးတော့ အဲဒါ ဒုတိယအမျိုးသမီးကလေးလေးရသွား။

ရသွားတော့ အဲဒီဒုတိယအမျိုးသမီးက ပစ္စည်းဥစ္စာသိပ်ပေါများတာမဟုတ် ဘူး သူက၊ ရှင်မဟာကစ္စာယနရဲ့ဆွမ်းအလုပ်အကျွေးဒကာမ ရှင်မဟာကစ္စာယန ရဟန္တာအရှင်မြတ်ကြီးဆိုတာ ဘုရားလက်ထက်က ဧတဒဂ်ရ၊ ဧတဒဂ်ဝင် အဂ္ဂ မဟာသာဝကအပြင် အသီတိ မဟာသာဝက, မဟာသာဝက ရှစ်ကြိပ်စာရင်းဝင် အင်မတန်ရုပ်ရည်ချောမောတဲ့ အရှင်မြတ်ကြီး။ အဲဒီရှင်မဟာကစ္စာယနရဲ့ဆွမ်းခံ အိမ်ဆိုပါတော့ ခုနက ကလေးရသွားတဲ့ အမျိုးသမီးက။ အဲဒီလိုနဲ့သူကလေးလေး တစ်ခါတည်း မွေးကျွေးသုတ်သင် မိခင် အနေနဲ့စောင့်ရှောက်ပြီးတော့လာလို့ တော် တော်လေးကြီးလာ အရွယ်ရောက်လာတဲ့အခါကျတော့ ရှင်မဟာကစ္စာယနကိုယ် တော်မြတ်ကြီးကို အပ်တယ်သူက၊ “အရှင်မြတ်ဘုရား. . ဒီကလေးလေးကို တပည့်

http://www.dhammadownload.com



တော်မ အရှင်မြတ်ကိုအပ်ပြီးတော့ ရှင်သာမဏေပြုပေးစေချင်ပါတယ်" ဆိုတော့ "ကောင်းပြီ ကောင်းပြီ၊ ကဲဒီလိုဆိုလို့ရှိရင် ငါနဲ့သာထည့်လိုက်ပေတော့၊ ငါ့နောက်ကထည့်လိုက်ပေတော့"လို့ဆိုပြီးတော့ ရှင်မဟာကစ္စာယနကိုယ်တော်မြတ်ကြီးက ခေါ်သွား။

ခေါ်သွားပြီးတော့ ရှင်မဟာကစ္စာယနကိုယ်တော်မြတ်ကြီးက ဒီကလေးရဲ့ အတိတ်အကြောင်း အနာဂါတ်အကြောင်းကို ပြန်ပြောင်းဆင်ခြင်စဉ်းစားလိုက်တော့ ဒီကလေးဟာ ဉာဏ်ကလည်း နုသေးတယ်၊ ပစ္ဆိမဘဝိက-နောက်ဆုံးရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်တော့မှန်ရဲ့၊ သို့သော် ဉာဏ်ကနုသေးတယ်၊ ဉာဏ်အရှိန်မတက်သေးဘူး၊ သူ့ရဲ့ရှေးအတိတ်ကံအားလျော်စွာခံစား စံစားရမယ့် ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာရှိပါသေးလား. . လို့မြင်တော်မူတာနဲ့ အဲဒါဒီကလေးလေးကို ရှင်မဟာကစ္စာယနကသူ့ရဲ့ဆွမ်းခံအိမ် သူဌေးမျိုး၊ တက္ကသိုလ်မြို့က၊ အခုရောက်နေတာက ဗာရာဏသီမြို့၊ အဲတက္ကသိုလ်မြို့က သူ့ရဲ့ဒကာ သူဌေးအိမ်ကိုခေါ်ပြီးတော့သွား၊ ခေါ်သွားပြီးတော့ အဲဒီသူဌေးအိမ်အပ်ထားလိုက်တယ်။

ကလေးလေးကပါရမီနုသေးတယ်၊ အခုကျင့်လို့ကြံလို့လည်း မဂ်တရားဖိုလ်တရားမဆိုက်နိုင်သေးဘူးဆိုတာမြင်တယ်၊ သူက ပါရမီရင့်မှရမှာမို့လို့ သူ့အချိန်လိုသေးလို့၊ ပစ္ဆိမဘဝိက-နောက်ဆုံးရဟန္တာဖြစ်မယ့် ပုဂ္ဂိုလ်တော့ မှန်တယ်၊ သို့သော် အချိန်မကျသေးဘူး၊အချိန်မကျသေးဘဲနဲ့အတင်းကျင့်ခိုင်းလို့လဲ မရဘူး၊ ဘုန်းကြီးတို့စာက ဥပမာပေးတယ် လက်ဖက်ခြောက်ခပ်တာ ရေနွေးမကျက်ဘဲနဲ့ လက်ဖက်ခြောက်ခပ်ရင် လက်ဖက်ခြောက်ဟာ ပျက်ပြီးတော့ ရေနွေးမဖြစ်သလိုပဲ၊ ထန်းလျှက်ရည်ဟာ ကျက်သင့်တဲ့အချိန်မှထန်းလျှက်ခပ်ပြီးတော့ ကျိုမှသာလျှင် ထန်းလျှက်ဟာ ကျကျကျိုပြီးတော့၊ အရေအရသာပြည့်စုံသလိုပဲ. . တဲ့၊ ရေနွေးကျက်ကျက်ဆူမှသာလျှင် လက်ဖက်ခြောက်ခပ်ပြီးတော့ သောက်မှ အရသာထွက်သလိုပဲ. . တဲ့။

ပုဂ္ဂိုလ်သတ္တဝါသန္တာန်မှာလည်း ပါရမီဆိုတာရှိတယ်၊ သူ့အချိန်နဲ့သူရင့်ကျက်တာဆိုတာ စောင့်ရတယ်ဘုရားများလည်း။ အခုရဟန္တာ အရှင်မြတ်ကြီးကလည်း စောင့်တယ်၊ သူ့ရဟန္တာဖြစ်မယ့် ပုဂ္ဂိုလ်ပဲဒီပုဂ္ဂိုလ် ဒီကလေးဟာ သူများမဟုတ်ဘူး၊ ဘုန်းကြီးတို့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေ ဇဋိလရဟန္တာဖြစ်မှာ၊ ဘုရားလက်ထက်ကသူဌေးကြီးလေးဦးဆိုတာ ကြားဖူးကြတယ်၊ ဇောတိက,

http://www.dhammadownload.com



ဇဋိလ,မေဏ္ဍက,ကာကောဏ္ဍ-လို့လေးဦး သူဌေးကျော်ကြီးလေးဦးရှိတယ်၊ ပစ္စည်းအပေါဆုံး၊ အဲဒီထဲက ဇဋိလသူဌေးကြီးဖြစ်ပြီးတော့ ရဟန္တာဖြစ်မယ့်လူ၊ ဒီကလေးက၊ သို့သော် ပါရမီကိုစောင့်ရတဲ့အချိန်ကို စောင့်တော်မူရတာဖြစ်တော့ ရှင်မဟာကစ္စာယနက သူ့ရဲ့ဒကာ တက္ကသိုလ်မြို့ကသူဌေးအိမ်ခေါ်သွားပြီးတော့၊ အဲဒီသူဌေးကိုအပ်ပြီးတော့ မွေးကျွေးသုတ်သင်ပြုပြင်စောင့်ရှောက်စေတယ်။

ဒီတော့ သူဌေးက အကဲခတ်တယ်၊ ကလေးလေးကြည့်လိုက်တော့ ရုပ်ဆင်းအင်္ဂါနဲ့ အသားအရေကလည်း ဝင်းဝင်းလက်လက်၊ အင်မတန်ဥပမိရုပ်အဆင်းလည်းပြည့်စုံ ဘုန်းလက္ခဏာနဲ့လည်းပြည့်စုံတဲ့ လက္ခဏာရှိတာကိုလည်းမြင်တယ်၊ မြင်တော့ သူဌေးက စမ်းတယ်၊ ဒီကလေးရောက်တဲ့နေ့ကစပြီးတော့ အဲဒီသူဌေးအိမ်မှာ သူဌေးကဈေးရောင်း ဈေးဝယ်လုပ်တာဖြစ်တော့ ရောင်းကောင်း ဝယ်ကောင်းဖြစ်လိုက်တာတဲ့လေ. . ရောင်းလို့ ဝယ်လို့ကောင်းလိုက်တာ၊ တစ်ခါတည်းဟိုကလာဝယ်ကြ ဒီကလာဝယ်ကြ အမြတ်အစွန်းတွေထွက် ကြွေးတွေပေးထားတာတွေများ သူကသွားမတောင်းရဘူး လာပို့ကြ၊ ဒီတော့ သူဌေးက အကဲခတ်ကတယ်၊ အင်း. . ဘုန်းကံပါတဲ့ ကလေးပဲ၊ ဒီကလေး။

တစ်နေ့တော့ သူဌေးက တစ်နေရာမှာ သူက သွားစရာရှိလို့ သူ့အိမ်ကရောင်းစရာဝယ်စရာ ကိစ္စတွေ ဆိုင်ပေါ်မှာချပြီးတော့ ဒီကလေးကိုသူက "ကဲမောင်ရယ်. . မင်းဈေးထိုင်ရစ်ပါအုန်း၊ အဖေတို့ တစ်ရွာတစ်ပါးသွားစရာရှိလို့ ခဏသွားအုန်းမယ်၊ ဟောဒါကို ဟောဒီဈေးနဲ့ရောင်း၊ ဒီဟာကို ဒီဈေးနဲ့ရောင်း" ဆိုပြီးတော့ကုန်ပစ္စည်းတွေအများကြီးပေါ့၊ ဆိုင်ပေါ်မှာတင်ထားတဲ့ ပစ္စည်းတွေပြပြီးတော့စာရင်းနဲ့ အင်းနဲ့တကွ ပြထားခဲ့ပြီးတော့ ပေးထားခဲ့တယ်၊ အမှန်ကတော့ ကုန်ပစ္စည်းတွေက တစ်နေ့မကဘူး၊ ဆယ်ရက်၊ဆယ့်ငါးရက် တစ်လရောင်းလို့မကုန်တဲ့ပစ္စည်းတွေ၊ သို့သော် အဲဒီနေ့ အဲဒီကလေးထိုင်ပြီးတော့ ဈေးရောင်းလိုက်သည်နှင့်တစ်ပြိုင်နက်၊ ဆယ်ရက်ဆယ့်ငါးရက်၊ တစ်လနီးပါးရောင်းရမယ့်ကုန်ပစ္စည်းတွေအဲဒီတစ်နေ့တည်းနဲ့ လာလာပြီးတော့ ဝယ်လိုက်ကြတာ အကုန်ကုန်ရော။

ဒီတော့ အဲဒီကိစ္စမှာတော့ နတ်တွေလည်းပါတယ်လို့ဆိုတယ်၊ သူ့ရဲ့ရှေးကံလည်းပါတယ်၊ အဲဒီလိုနဲ့ သူဌေးကပြန်လာတော့၊ "မောင်ရင် ပစ္စည်းတွေဘယ်ရောက်ကုန်တုံး၊ ဆိုင်ပေါ်က ပစ္စည်းတွေ" "အဖေက ရောင်းဆိုလို့ ကျွန်တော်က

http://www.dhammadownload.com



ရောင်းလိုက်တာပဲ အကုန်လုံး” “ဟဲ့-အကုန်လုံးကုန်သလား” “အကုန်လုံးကုန်တယ်အဖေ၊ ဟောဒီမှာ စာရင်း အင်းနဲ့ကြည့်ပါတော့”လို့ဆိုပြီးတော့ ငွေတွေအပ်တော့မှ သူဌေးကပိုသဘောပေါက်သွား၊ အင်း ဒီကလေးတော့ငါ့လက်လွှတ်ခံလို့မဖြစ်ဘူးဆိုပြီးတော့ အချိန်တန်အရွယ်ရောက်နေတဲ့ သမီးနဲ့ပေးစား။

ပေးစားပြီးတော့ သမီးနဲ့လက်ထပ်ထိမ်မြားမင်္ဂလာပြုပြီးတော့ သူတို့နဲ့သင့်တော်လျောက်ပတ်တဲ့ အိမ်တစ်အိမ်ဆောက်ပြီးတော့ ခန်းခန်းနားနား**နားအိမ်နဲ့** လက်ထပ်မင်္ဂလာပြုလုပ်ပြီးတော့ ပေးလိုက်သည်နှင့်တပြိုင်နက်၊ အိမ်**နောက်ဘေး**မှာ အင်မတန်မြင့်မားတဲ့ ရွှေတောင်ငွေတောင်တွေပေါက်ပြီးတော့ လာခဲ့တယ်. . တဲ့၊ အဲဒီကနေပြီးတော့ ရွှေတောင်တွေပေါက်ပြီးတော့ ဇဋိလသူဌေး, ဇဋိလသူဌေးရယ်လို့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်များကလည်းပဲ၊ ရာထူးဘွဲ့ထူးပေးပြီးသကာလ၊ သူဌေးကြီးရာထူးနဲ့ခန့်ပြီးသကာလ အဆောင်အရောင်တွေပေးပြီးတော့ ဇဋိလသူဌေးကြီးလို့နာမည်ကြီးခဲ့ရတယ်။

အဲဒီ ဇဋိလသူဌေးနာမည်ကြီးပြီးတော့ နေရာက၊ စည်းစိမ်ခံစားပြီးတော့ နေရာက သားတွေသမီးတွေဖြစ်လာလို့သားသုံးယောက် ထွန်းပေါက်ပြီးတော့ လာခဲ့တယ်၊ အဲဒီသားသုံးယောက်ထဲမှာ၊ အကြီးဆုံးသားရယ်,အလတ်သားရယ်ကို ဇဋိလသူဌေးက သူတော်တော်အသက်ရွယ်ကြီးတော့၊ တော်တော်လဲပဲသူဌေးစည်းစိမ်နဲ့နေလိုက်တာ တော်တော်ကြာသွားပြီဆိုတော့ သူတောထွက်ပြီးရဟန်းပြုချင်တဲ့စိတ်တွေပေါက်လာ။

အထူးသဖြင့်က ဘုန်းကြီးတို့အားလုံးဒကာဒကာမတွေကြားဖူးကြတဲ့အတိုင်းပါပဲ၊ ဇောတိကသူဌေးအိမ်မှာ အဇာတသတ်ဘုရင်ကပစ္စည်းတွေလုမယ်၊ ယက်မယ်ဆိုပြီးတော့သွားခဲ့တယ်လေ၊ အဲဒီသွားတဲ့အခါမှာ သူမပေးလို့ရှိရင်ဘာပစ္စည်းမှမရပါဘူးဆိုတာ ဇောတိကသူဌေးသက်သေပြလို့မို့ အဇာတသတ်ဘုရင်သိသွား အကျွတ်တရားရသွားခဲ့တယ်ပေါ့လေ၊ အဲဒီသတင်းဟာ ပြန့်ပြီးတော့လာရာက ဇဋိလသူဌေးကလည်းပဲ၊ ဩော်-ဒီစည်းစိမ်ဥစ္စာရတနာတွေ အကြောင်းပြုပြီးတော့ မင်းရန်သူ သူခိုးရန်သူအစရှိတဲ့ရန်သူတွေ အနှောက်အယှက် အမျိုးမျိုးတွေနဲ့ဘုံဆိုင်ပစ္စည်းကြီးကို စောင့်ရှောက်ပြီးတော့ နေရတာဒုက္ခကြီးတစ် မျိုးပါပဲလား. . လို့ ဉာဏ်ရင့်ချိန်တန်လာတော့၊ သူ့ဘာသူအချိန်တန်လာတော့၊ ဒီရွှေတောင်ငွေ

http://www.dhammadownload.com



တောင်ကြီးတွေကပဲ သူ့တောာထွက်အောင်,ရသေ့ရဟန်းပြုချင်အောင် တိုက်တွန်းတာ။

နဂို ပါရမီမရင့်ခင်တုန်းကတော့ အချိန်မကျခင်တုန်းတော့ ဒီရွှေတောင်ကြီးတွေငွေတောင်ကြီးတွေနဲ့ ဒီသား ဒီသမီးတွေနဲ့ပျော်. . . လို့ ပျော်လို့ အခုဒီရွှေတောင်ကြီးတွေကပဲ အိမ်နောက်ဘေးမှာထွက်နေတဲ့ဒီရွှေတောင်ကြီးတွေကပင်လျှင် အလိုရှိလို့ရှိရင် ရွှေနှုံးတတ်ထားတဲ့ပေါက်ပြားနဲ့ပေါက်ယူလိုက်ရင် တစ်ခါတည်းရွှေတွေထွက်လာတာပဲ၊ အဲဒါသုံးဖြုန်းပြီးတော့ နေလာရင်းက၊ အခုဒီရွှေတောင်တွေကိုအကြောင်းပြုပြီးတော့ သံဝေဂဉာဏ်တွေဖြစ်ပွားလို့ အဲဒါသူ့ရဟန်းပြုတော့မယ်လို့ လောကသူဌေးတွေအကြောင်းစုံစမ်းလိုက်တဲ့အခါကျတော့ သူ့လို့ပဲ ဌေးကြွယ်တဲ့ ဇောတိကသူဌေးတို့,မေဏ္ဍကသူဌေးတို,ကာကောဏ္ဍသူဌေးတို့ အကြောင်းတွေကြား။

သူတို့လည်းပဲ တောထွက်ရဟန်းပြုကြတာတွေသူကြားလို့ အဲဒါသူလည်းရဟန်းပြုတော့မယ်ဆိုပြီးတော့ သားသုံးယောက်ခေါ်တယ်၊ ခေါ်ပြီးတော့ သားတွေကို သူစမ်းချင်လို့ သားကြီးလက်ထဲ ရော့ငါ့သား ဟောဒီရွှေရိုးတပ်ထားတဲ့ပေါက်ပြားနဲ့ ဟော့ဟိုအိမ်နောက်ဘေးက ရွှေတောင်ကြီးထဲက ရွှေတစ်ဂေါ်လောက်သွားပြီးတော့ပေါက်ယူခဲ့စမ်းလို့ ခိုင်းလိုက်တယ်၊ အဲဒါသားကြီးကသွားပြီးတော့ ပေါက်တယ်၊ ပေါက်ပြားနဲ့ရွှေတောင်နဲ့ တိုက်ပြီးတော့ ချွင်ကနဲ့ ချွင်ကနဲပဲ မြည်ပြီးတော့သာနေတယ် တဖွဲ့မှ ပွဲထွက်မလာဘူး၊ ပေါက်လို့မရဘူး။ ဒီတော့ "ကဲငါ့သားတော်ပြီ,တော်ပြီ၊ လာခဲ့တော့ လာခဲ့တော့" သိတယ် အဖေက ဒီကောင်နဲ့ကံမစပ်ဘူး၊ ရွှေတောင်ဟာ ဒီကောင်နဲ့ မထိုက်ဘူးဆိုတာသိတယ်။

ဒီတော့ သားအလတ်လက်ထဲထည့်ပြီးတော့ "ကဲ ငါ့သားသွားပြီးတော့ ရွှေတစ်ဂေါ်လောက်ပေါက်ပြီးတော့ ယူခဲ့စမ်းပါဦး"ဆိုပြီးတော့လွှတ်၊ သားလတ်လွှတ်တော့လည်း ထိုနည်းလည်းကောင်းပဲ၊ ပေါက်လို့မရဘူး၊ ပေါက်ပြားမှာရွှေအစအနလေးတောင် ကပ်မပါဘူး၊ ဒီတော့ သူကလည်းသိပြီ၊ အင်း. . . ဒီသားလည်းပါရမီမပါဘူး၊ ဒီရွှေတောင်နဲ့မထိုက်တန်ဘူးဆိုတာသိပါတယ်၊ "ငါ့သားငယ်ကသွားပြီးပေါက်စမ်းပါဦး"လို့ဆိုပြီးတော့သားငယ်က သွားပေါက်တော့ အသာကလေးပေါက်လိုက်တယ်ဆိုရင်ပဲ ရွှေတွေ. . ပေါက်ပြားတစ်ခုလုံး၊ ဘုန်းကြီးတို့ယခု

http://www.dhammadownload.com



ကာလရှည်တွေများပေါက်ယူလိုက်သလိုပေါ့. . ပါလာ။

ပါလာတော့မှ အဖေလုပ်တဲ့သူကပြတယ်"ကဲငါ့သားတို့မြင်ပြီလား၊ မြင်ကြပြီလား. . တဲ့၊ ဟောဒီရွှေတောင်ဟာ ငါ့သားတို့နှစ်ယောက်နဲ့ မထိုက်တန်ဘူး၊ ငါ့သားတို့နှစ်ယောက်သုံးချင်ပေမယ့်လို့ ရမှာမဟုတ်ဘူး. . . တဲ့၊ ရမှာမဟုတ်ဘူး။ ဒီတော့ သားငယ်နဲ့ပဲထိုက်တန်တယ်၊ သားငယ်ပဲသုံးခွင့်မယ်၊ အဲဒီသားငယ်ထံက တစ်ဆင့်လက်ဝေခံတောင်းပြီးတော့ သုံးရစ်ကြ. . . "လို့သားငယ်ကိုသာလျှင် အဲဒီရွှေတောင်နှင့်တကွ အိမ်တွေပါအကုန်အပ်နှံပြီးသကာလ ဇဋိလသူဌေးသည် ဘုရားရှင်ကိုယ်တော်မြတ်ထံမှောက် ရောက်သွားပြီးသကာလ ရဟန်းပြုခွင့်တောင်းလို့ ရဟန်းပြုပြီး မကြာမတင်ဆောလျင်စွာသာလျှင် အာသဝေါကင်းကွာရဟန္တာကြီးဖြစ်တော်မူခဲ့တယ်။

နောက်တော့ အဲဒီသားကြီးနှစ်ယောက်ကလည်းသားငယ်ထံကဒီလိုပဲ တဆင့်လက်ဝေခံနဲ့တောင်းပြီးတော့ သုံးကြရင်းနဲ့ ညီအကိုသုံးယောက်စိတ်တူကိုယ်မျှ အိမ်ထောင်ရက်သားတွေကျ၊ သားသမီးတွေရော သားတွေရော အားလုံးဆွေသားမျိုးသားတွေရော၊ နောက်ပိုင်းကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံမှာ တရားတွေနာကြားရပြီးတော့၊ ဘုရားရှင်ထံမှောက်လာကြပြီးတော့ အားလုံး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတွေဖြစ်ပြီးတော့ ကျွတ်တန်းဝင်ကြတယ်၊ သူတို့ရဲ့ဆွေသားမျိုးသားတစ်သိုက် အကုန်လုံးကျွတ်တန်းဝင်ကြတယ်၊

ဒီတော့ ဒီမှာ-ဇဋိလသူဌေး သူဌေးကြီး သူဌေးကြီးဆိုတဲ့ စည်းစိမ်ကြီးကိုလည်းရတယ်၊ သားတွေ ဆွေတွေမျိုးတွေနဲ့လည်းပဲ ပြည့်စုံတယ်၊ ပထမစောစောပိုင်းအချိန် ဘာကြောင့်ရေမျှောခံရသလဲ. . တဲ့၊ ရေမျှောခံရခြင်းရဲ့ အတိတ်ဇာတ်ကြောင်းရှိသေးတယ်၊ တစ်ခါသားသုံးယောက်မှာလည်းပဲ သားကြီးနဲ့သားလတ်က ဘာပြုလို့ဒီရွှေတောင်တွေပေါက်လို့မရရသလဲ၊ သားငယ်က ဘာလို့ပေါက်လို ရရသလဲ။

ဒီတော့ အဲဒီအတိတ်အကြောင်းတွေ ကိုပြန်ပေါင်းပြီးတော့ ပြောမယ်ဆိုရင်၊ အဲဒီဇဋိလသူဌေးဟာ သူဌေးမဖြစ်ခင် ဒီသူဌေးဘဝမရောက်ခင် ဟိုးရှေးအတိတ်ဘဝတစ်ခုတုန်းက ကဿပဘုရားရှင်ရဲ့သာသနာတော်နောက်ပိုင်းမှာ

http://www.dhammadownload.com



ကဿပဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတဲ့ အချိန်မှာ၊ ဟောဒီ ဗာရာဏသီမြို့မှာပဲ၊ ဒီဇဋိလသူဌေးရဲ့အလောင်းက ပန်းထိမ်ဆရာ၊ သူ့ရဲ့သူဌေးကတော်က ပန်းထိမ်ဆရာကတော်၊ ခုနက-သားသုံးယောက်ကလည်း ဒီသားသုံးယောက်နဲ့ ဒီဆွေ ဒီမျိုးတွေ အဲဒီမှာတုန်းကလည်း ဒီလိုပဲဖြစ်နေကြ။

ဖြစ်နေပြီးတော့ သူတို့တစ်တွေက ဦးဆောင်ပြီးတော့ အားလုံး ဗာရာဏသီမြို့ သူတို့ရပ်ကွက်ရှိတဲ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေစုပေါင်းပြီးတော့ ကဿပဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်မွေတော်တွေ ဌာပနာထားတဲ့ စေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းဆက်ကပ်ကြတယ်၊ အဲဒီလိုရွှေသင်္ကန်းဆက်ကပ် လှူဒါန်းကြတော့ ဒီပန်းထိမ်ဆရာကအထူးတလည်သူက ပန်းထိမ်ဆရာဖြစ်နေတာဖြစ်တော့ ရွှေကိစ္စ, ငွေကိစ္စ, သူကဦးစီးဦးဆောင် နားလဲလည်တာဖြစ်တော့၊ ရွှေသင်္ကန်းကပ်တဲ့ကိစ္စ သူကဦးဆောင်ပြီးတော့ ပြုပေးတယ်၊ သူကဦးစီးဦးဆောင်လုပ်ပေးတယ်၊ အားလုံးဒကာ ဒကာဒကာမတွေကလည်းဝိုင်းပြီးတော့ ရွှေသင်္ကန်း ကပ်ကြတယ်။

ဒီလိုနဲ့ကပ်ရင်းနဲ့-နောက်ပိုင်းတော့ ပန်းထိမ်ဆရာက အိမ်မှာအလုပ်ရှုပ်နေတာနဲ့ သူဘုရားမရောက်ဘူး၊ အဲဒီမှာ ရွှေသင်္ကန်းကပ်တာ မြောက်ဘက်မုခ်မှာ ရွှေကမပြည့်သေးဘဲဖြစ်နေ၊ စေတီကြီးရဲ့မြောက်ဘက်မုခ်၊ မြောက်ဘက်ပိုင်းပေါ့လေ-နည်းနည်းကျန်နေတယ်၊ ကျန်နေတော့-ရဟန္တာအရှင်မြတ်ကြီးတစ်ပါးက လှည့်ပြီးတော့၊ စေတီဖူးရင်းနဲ့ လှည့်ကြည့်တော့ ဒီနေရာမှာ ရွှေတွေလိုနေသေးတာသူမြင်တယ်၊ "ဩော်. . . ဒီမှာရွှေလိုနေပါသေးလား" ဆိုပြီးတော့ ရဟန္တာအရှင်မြတ်ကြီးက-"ကဲ-ဒကာ ဒကာမတွေကြောင့်ကြစိုက်ပါအုန်း၊ ရွှေလိုနေသေးတယ်၊ ကဲ-ဘုန်းကြီးကလည်းပဲဘုန်းကြီးရဲ့ ရင်းနှီးတဲ့ဒကာ့ဆီသွားလိုက်အုန်းမယ်" ဆိုပြီးတော့-ခုနက ဇဋိလအလောင်းပန်းထိမ်ဆရာကြီးက သူနဲ့ရင်းနှီးတယ်။

ရင်းနှီးတာနဲ့အဲဒီပန်းထိမ်ဆရာ့ဆီ သူကလာပြီးတော့၊ "ဒကာရေ. . . မင်းတို့ဘုရား၊ မင်းတို့တည်ပြီးတော့ရွှေချတဲ့ဘုရား မြောက်ဘက်မုခ်ကရွှေများတော်တော်လိုနေသေးတယ်ဒကာရဲ့၊ မင်းကလည်းတတ်လည်းတတ်နိုင်ပါတယ်၊ အဲဒါလေးများကြည့်ပြီးတော့လုပ်ပါအုန်း" လို့ ရဟန္တာအရှင်မြတ်ကြီးကလာပြောတယ်၊ အဲဒီလာပြောတဲ့ အချိန်မှာ ဇဋိလအလောင်းပန်းထိမ်ဆရာက ဘာဖြစ်နေတာတုံးဆိုတော့-သူ့မယားနဲ့ အဲဒီအချိန်စကားများထားတဲ့ အချိန်ဖြစ်နေ၊ ဇနီးဖြစ်တဲ့သူ

http://www.dhammadownload.com



နဲ့ ကတောက်ကဆ,စကားများပြီးစအချိန်၊ စိတ်တွေဆိုးနေတဲ့အချိန်၊ ရဟန္တာ အရှင်မြတ်ကြီးကလာပြီးတော့ စကားပြောတော့-"ဘုရား-ရွှေတွေလိုနေလို့၊ မြောက်ဘက်မုခ်ရွှေတွေလိုနေလို့ပန်းထိမ်ဆရာရေ. . ကြည့်ပြီးတော့လုပ်ပါအုန်း" လို့ လာပြီးတော့ပြောတဲ့အချိန်၊ အဲဒီတင်စိတ်ဆိုးဆိုးနဲ့သူက-"တကတည်းကိုယ်တော်. . . ရှုပ်လိုက်တာ၊ ကိုယ်တော့်ဘုရားရေထဲမျှောပစ်လိုက်ကိုယ်တော်လို့" ပြောပစ်လိုက်မိတယ်၊ မယားနဲ့စိတ်ဆိုးတာနဲ့ဘုရားပါတစ်ခါတည်းရောပါသွားနော်၊ ရပ်ထဲရွာထဲ ဒီလိုပဲလားမသိဘူး။

ဒီတော့-မယားကိုစိတ်ဆိုးတာနဲ့ဘုရားပါကျိန်ဆဲတဲ့အနေနဲ့ "ကိုယ်တော့်ဘုရားကြီးရေထဲမျှောပစ်လိုက်ကိုယ်တော်. . ရှုပ်လိုက်တာ"လိုပြောလိုက်တယ်၊ ပြောလိုက်တော့-ဇနီးသည်လုပ်တဲ့သူက အသိအလိမ္မာဉာဏ်ပညာပါတဲ့ဇနီးသည်ဖြစ်တော့ တွံ အတိ သဟသာ ကမ္မံ ကရောသိ "မောင်ရယ်. . . မောင်ဟာအမှတ်တမဲ့၊ အမှတ်မှားပြီ. . . တဲ့၊ မှားပြီး၊ ကျုပ်ကို စိတ်ဆိုးရင်ကျုပ်ကိုဆဲဖို့ပဲရှိတယ်၊ ရိုက်ဖို့ပဲရှိတယ်၊ အခုအပြစ်ကင်းတော်မူတဲ့ သုံးလောကထွဋ်ထင် ဘုရားရှင် ကိုယ်တော်မြတ်ကို မောင်ဘာ့ကြောင့်ပြစ်မှားလိုက်တာလဲ. . . တဲ့ ပြစ်မှားလိုက်တာလဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့လိုပုဂ္ဂိုလ်ကြီးတွေ၊ သူတော်ကောင်းကြီးတွေကိုပြစ်မှားလိုက်တယ်ဆိုတာ ကျောက်တောင်ကြီး,ကျောက်နံရံကြီးကိုခြေနဲ့ကန်သလိုဖြစ်တတ်တယ်. . . တဲ့၊ ခေါင်းနဲ့တိုက်သလိုဖြစ်တတ်တယ်" ကျောက်တောင်ကြီးခြေနဲ့ကန်တော့ ကျောက်တောင်ကြီးကပရိသတ်လှုပ်ပါ့မလား? (မလှုပ်ပါဘုရား) ကိုယ့်ခြေထောက်ပဲမနာပေဘူးလား?(နာပါဘုရား) ကျိုးတန်မကျိုးပေဘူးလား?(ကျိုးပါဘုရား)။

သူမြတ်သူကောင်းကိုမကောင်းမကြံရဘူး, မကောင်းမပြောရဘူး, မကောင်းမလုပ်ရဘူး, ကိုယ့်ပဲပြန်ထိတယ်၊ ဘာနဲ့တူတုန်းဆိုရင် ကျောက်နံရံကြီး၊ ကျောက်တံတိုင်းကြီးကို ခြေနဲ့ကန်သလို၊ ခေါင်းနဲ့တိုက်သလို၊ လက်သီးနဲ့ထိုးသလိုဖြစ်တတ်တယ်၊ ကျောက်နံရံကြီးလက်သီးနဲ့ထိုးတော့ ပရိသတ် ကျောက်နံရံကြီးလှုပ်ပါ့မလား?(မလှုပ်ပါဘုရား) ယိုင်ပါ့မလား?(မယိုင်ပါဘုရား) နာပါ့မလား၊ (မနာပါဘုရား) ဘယ်သူနာတုံး ကိုယ်နာမှာပဲ၊ ကိုယ့်လက်သီးမနာဘူလား?(နာပါဘုရား) နာနာထိုးလို့ရှိရင် ကျိုးတောင်မသွားဘူးလား?(ကျိုးသွားပါဘုရား) ခေါင်းနဲ့တိုက်ရင်ခေါင်းမကွဲပေဘူးလား?(ကွဲပါဘုရား) ဆိုစမ်းပါ-

http://www.dhammadownload.com



❖ **သူမြတ်သူကောင်း, မကောင်းကြံမိ, ဘေးဒဏ်ထိ, သတိရှိကြစေ၊**
**သူမြတ်သူကောင်း,မကောင်းပြောမိ,ဘေးဒဏ်ထိ, သတိရှိကြစေ၊**
**သူမြတ်သူကောင်း, မကောင်းပြုမိ, ဘေးဒဏ်ထိ, သတိရှိကြစေ။**

အဲ-သူမြတ်သူကောင်းကို မကောင်းမကြံမိစေနဲ့၊မကောင်းမပြောမိစေနဲ့၊ မကောင်းမပြုမိစေနဲ့. . . တဲ့၊ ကာယကံ,ဝစီကံ,မနောကံ သုံးချက်၊ အဲဒါ ခုနကလို ပဲ ကျောက်တောင်ကြီးသွားပြီးတော့ ခြေထောက်နဲ့ကန်သလို, ကိုယ်နဲ့တိုက်သလို, လက်သီးနဲ့ထိုးသလို,ကိုယ်နဲ့တိုက်သလိုဖြစ်တတ်တယ်. . . တဲ့၊ ဇနီးသည်က ပညာ ရှိတယ်၊ အသိဉာဏ်ရှိတယ်၊ ဒီတော့-မောင်ရယ်. . . တဲ့ဘာပြုလို့ဘုရားရှင် ကိုယ် တော်မြတ်ကြီးကိုစော်ကားရတာတုံး. . . တဲ့။

အတိတ်,အနာဂါတ်,ပစ္စုပ္ပန်တွေကိုသိတော်မူတဲ့ သဗ္ဗညုတရွှေဉာဏ်တော် သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရေထဲမျှောပစ်လိုက်လို့မောင်ပြောလိုက်တဲ့ စကား၊ မောင့်ပါးစပ်ကစကားနဲ့မောင်ဒုက္ခဖြစ်တော့မယ်. . လို့၊ သတိပေးလိုက် တော့မှ ခင်ပွန်းသည်လုပ်တဲ့သူက သတိရသွား၊ ဒါမိတ်ဆွေကောင်းမယားဆိုတာ အဲဒါပြောတာ၊ မိတ်ဆွေကောင်းမယားက သတိပေးလိုက်တော့ သူ-အဲဒီကျမှ သတိရသွားတယ်၊ မိတ်ဆွေယုတ် မယားဆိုလို့ရှိရင်တော့ ဒင်း ဖြစ်ချင်ရာဖြစ်ဆိုပြီး တော့ ပစ်ထားလိုက်မှာပဲ၊ အခုတော့ သတိပေးတယ်၊ ဒါဇနီးမောင်နှံတွေ အတု ခိုးစရာပဲ၊ ကိုယ့်စိတ်ဆိုးတာ စိတ်ဆိုးတာပေါ့၊ ဘုရားပါသွားလို့ရှိရင် ဒါသတိပေးဖို့ပဲ၊ ဒါ မိတ်ဆွေကောင်း မယား၊ မိတ်ဆွေကောင်းလင်ဆိုတာ ဒီလိုရှိရတယ်။

အဲလိုသတိပေးလိုက်တော့မှ၊ သူဖျတ်ကနဲ့ သတိရပြီးတော့ အမလေး. . ငါမှားပြီ. . ငါမှားကုန်ပြီ၊ ငါ့ဝစီကံနဲ့ ငါ့ပါးစပ်ရှုတော့မယ်၊ ငါ့ဝစီကံပြစ် ငါခံရတော့ မယ်. ဆိုပြီးတော့ ရဟန္တာအရှင်မြတ်ကြီးဖက်ပြီးတော့ "အရှင်မြတ်ဘုရား. . သည်း ခံမပျော်မူပါဘုရား သည်းခံတော်မူပါဘုရား" "အေး-ဒကာတော် ငါ့တောင်းပန်လို့ မဖြစ်ဘူး၊ ငါသည်းခံလို့မဖြစ်ဘူး၊ သင်ပြစ်မှားတာက ငါ့ပြစ်မှားတာမဟုတ်ဘူး. . တဲ့ ငါက သည်းခံပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသင်ပြစ်မှားမိတာဖြစ်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပဲ သင်ပြန်ပြီးတော့၊ ကျေရာကျေကြောင်းပြုလုပ် ပေတော့" "မှန်လှပါဘုရား တပည့်တော်ညွှန်ကြားတော်မူပါဘုရား၊ တပည့်တော် ဘယ်လိုကျေရာကျေကြောင်းလုပ်ရမလဲဘုရား"လို့ ဆိုတော့ "အေး အခုကျန်နေတဲ့ ရွှေကိုလည်း ကုန်အောင်ပြု၊ ရွှေသင်္ကန်းကိုလည်းသင်တာဝန်ယူပြီးတော့ ကပ်ပေ

http://www.dhammadownload.com



တော့၊ ပြီးတော့လဲပဲ ရွှေပန်းခိုင်ငွေပန်းခိုင်သုံးအိုးပြုပြီးသကာလ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကိုပူဇော်ကန်တော့ပြီးတော့၊ ပြစ်မှားမိသမျှအပြစ်တွေတောင်းပန်ဝန်ချပေတော့. . "လို့၊ ရဟန္တာအရှင်မြတ်ကြီးကညွှန်ပြ။

အဲဒီတော့မှ သူစိတ်ပါလက်ပါနဲ့၊ ဝမ်းမြောက်ဝမ်းသာနဲ့ကျန်နေတဲ့ ရွှေနေရာတွေလည်း သူပဲတာဝန်ယူပြီးတော့ အကုန်ရွှေသက်န်းကပ်၊ အဲဒီအပြင် ရွှေပန်းခိုင် ငွေပန်းခိုင်နဲ့ ရွှေအိုးသုံးအိုးပြုလုပ်မယ်ဆိုပြီးတော့ ပန်းထိမ်ဆရာဖြစ်သည့်အားလျော်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်ကန်တော့တောင်းပန်မလို့၊ ရွှေပန်းအိုး ငွေပန်းအိုး ရွှေပန်းခိုင် ငွေပန်းခိုင်သုံးလုံး သုံးလုံးစီလုပ်တော့မလို့၊ သားအကြီးကိုခေါ်လိုက်တယ်။

"သားရေ. . လာပါဦးဟ, အဖေ့ဒီလို ဒီလိုဖြစ်နေလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဝန်ချတောင်းပန်ဖို့ရာအတွက် ရွှေပန်းခိုင်ငွေပန်းခိုင် သုံးမျိုး, ရွှေအိုးငွေအိုးသုံးမျိုး, သုံးမျိုးလုပ်ပြီးတော့ ပူဇော်ချင်တယ်၊ သားက ကူပါအုန်း"လို့ဆိုတော့ သားကြီးက "ခင်ဗျားဘာသာမိုက်လို့ ခင်ဗျားဖြစ်တာ၊ ခင်ဗျား ဘာသာလုပ်တဲ့။ ကျုပ်နဲ့မဆိုင်ဘူး. . "တဲ့၊ အဲဒီကောင်ပဲ ခုနက ပေါက်ပြားနဲ့ပေါက် မရတာ နော်၊ ခုနကပေါက်ပြားနဲ့ပေါက်တုန်းကရွှေ-ပေါက်ပြားနှပ်ခမ်းတောင် ကပ်ပါမလာဘူးတဲ့ သားကြီး၊ အဲဒီကောင်ဘယ်သူတုံးဆိုတော့ ခုနက အခု အဖေခိုင်းတဲ့ဟာ မလုပ်ဘဲနဲ့ ပြန်အော်တဲ့ကောင် သားမိုက်။

ဒီတော့-အဖေက ဩော် ခက်လိုက်တဲ့ကောင် မိုက်လိုက်တဲ့ကောင်ပဲ ကဲ-မင်းမလုပ်ချင်နေကွာ"သားလတ်ရေ. . လာပါအုန်းအဖေ့ ဒီလိုဒီလိုဖြစ်နေတယ်" "လုပ်ပေါင်ဗျာတဲ့ မအားသေးဘူး. . တဲ့ ကျုပ်တို့" ဒီကောင်လဲ ခုနကပေါက်ပြားနဲ့ ပေါက်မရတဲ့ကောင်ပဲ၊ အဲပေါက်ပြားနဲ့ပေါက်တဲ့ အချိန်မှာတော့ ရချင်နေမှာပဲ၊ အကြောင်းခံကျတော့ ဘာမှမလုပ်ခဲ့ကြဘူး။

ဒီတော့ ပြောမရတော့မှ သားလတ်လဲပြောမရတော့မှ သားငယ်ဆီသွားပြီးတော့ အဖေကပြောတော့ သားငယ်လုပ်တဲ့သူကတော့ ဘယ့်နှယ့်ပြောတုန်း၊ "ဟာ-လုပ်ရမှာပေါ့အဖေ. . အဖေ့ကိစ္စသားကိစ္စပဲ. . . "တဲ့၊ လိမ္မာတဲ့သားက အသံထွက်လာပုံ. . နော်၊ အဖေ့ကိစ္စ သားကိစ္စပဲ၊ အဖေ့တာဝန် သားတာဝန်ပဲ "အဖေရယ်. . တဲ့၊ ကျွန်တော်ကူပြီးတော့ လုပ်ပါ့မယ်"ဆိုပြီးတော့ သားအငယ်နဲ့အဖေနဲ့

http://www.dhammadownload.com



ပေါင်းပြီးသကာလရွှေအိုးငွေအိုး သုံးအိုးစီလုပ်ပြီးတော့ ရွှေပန်းခိုင် ငွေပန်းခိုင်တွေလုပ်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်ကန်တော့ခဲ့တယ်၊ အဲဒီလိုပူဇော်ကန်တော့တဲ့ အပိုင်းကျတော့လည်း ခုနကသားကြီးတွေက ပြန်ပါလာပါတယ်၊ နောက်ပိုင်းကျတော့၊ ဒါ့ကြောင့်သူတို့နောက်ပိုင်းကျတော့ ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရသွားကြတာ။

အဲဒီလိုအကြောင်းတွေကို ပြန်ပြောင်းပြီးတော့ကြည့်လိုက်တဲ့အခါကျတော့ ဇမ္ဗိလသူဌေးကြီးဖြစ်မယ့်၊ ဇမ္ဗိလရဟန္တာကြီးဖြစ်မယ့်အလောင်းလျာသည်၊ ဘဝများစွာရေထဲမှာ အမျှောခံရတဲ့အကြိမ်တွေ မြောက်များစွာခံခဲ့ရတဲ့အပြင်၊ ဟော-ဒီနောက်ဆုံးဘဝကျတော့လည်းပဲ အခုနောက်ဆုံးဘဝ ရဟန္တာဖြစ်မယ့်ဘဝမှာပင်လျှင် ခုနကပြောခဲ့သလို ဗာရာဏသီ မြစ်ညာဆီက သူဌေးတစ်ဦးရဲ့သမီး ဘုံပြာသာဒ်အထက်မှာထားပြီးတော့ ဝိဇ္ဇမိုရ်ယောကျ်ားနဲ့ အဲဒီမှာ ဖောက်ပြားကြပြီးသကာလ၊ သားရယ်လို့ မွေးဖွားလာပြီးသကာလ၊ အရှက်တကွဲအကျိုးနဲ့ဖြစ်မှာစိုးလို့ ရေအိုးထဲထည့်ပြီးတော့ ရေမျှောခံရတယ်. . တဲ့၊ ရေမျှောခံရတယ်။

ပရိသတ်ကြီးသူတော်ကောင်းများပြစ်မှားလိုက်တဲ့ဒဏ်ဟာ မဆိုးဘူးလား? (ဆိုးပါဘုရား) အခု ဇမ္ဗိလအလောင်းဟာ မကောင်းပြောမိတာ မသေချာဘူးလား? (သေချာပါဘုရား) "ရေထဲမျှောပြစ်လိုက်ကိုယ်တော်. . ကိုယ်တော့်ဘုရားကြီး" ဆိုလိုက်တဲ့ အပြောဟာ စိတ်ဆိုးဆိုးနဲ့ပြောလိုက်တာဖြစ်တော့ ဝစီကံပြစ်ဖြစ်မသွားဘူးလား?၊(ဖြစ်သွားပါဘုရား) အဲ-အဲဒီလိုနဲ့အခု-ဇမ္ဗိလအလောင်းဟာရေမျှောခံရတယ်. . တဲ့၊ နောက်ဆုံးဘဝမှာလဲ ရေမျှောခံရတယ်. . ဒီကြားထဲမှာလဲ ဘဝများစွာ အခုလိုပဲရေမျှောခံခဲ့ရတယ်၊ အဲဒီလိုရေမျှောခံရတဲ့အဖြစ်ဟာ ခုနကလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးရေထဲမျှောလိုက်ကိုယ်တော်လို့ . . စိတ်ဆိုးဆိုးနဲ့ မယားနဲ့ စိတ်ဆိုးနေရာက ဒေါပွပွနဲ့ပြောလိုက်မိတဲ့ ဝစီကံပြစ်. . တဲ့ ဝစီကံပြစ်။

အဲ-သားကြီးနဲ့သားလတ်က ဘာပြုလို့ ပေါက်လို့မရတာတုံးဆိုတော့ ခုနကပြောသလိုအဖေပါရမီဖြည့်စဉ်ကသူတို့ ကူညီပြီးတော့ မလုပ်ခဲ့တဲ့အတွက်ဒီဘက်ဘဝမှာ သားကြီးနဲ့သားလတ်က ရွှေတောင်ကြီးတွေပေါက်တဲ့ကိစ္စမှာ သူတို့နဲ့မဆိုင်ကံကမပိုင်လေသောကြောင့် သူတို့ပေါက်လို့မရ၊ ပြုလို့မရဖြစ်ကြပြီးတော့ သားအငယ်ကသာလျှင် ဒီရွှေတောင်ကြီးတွေပိုင်ဆိုင်တဲ့သူဖြစ်ရစ်တယ်. . . တဲ့။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် ရွှေသက်န်းကပ်ခဲ့ကြတဲ့ဇဋိလသူဌေးခေါင်းဆောင်နှင့် တကွ ဇနီးမယားတွေပါ၊ သားသမီးတွေပါ၊ ဆွေသားမျိုးသားတစ်သိုက်ပါ ဘုန်းကြီးတို့ဘုရားရှင်လက်ထက်မှာ ဇဋိလသူဌေးနဲ့ နွယ်ယှက်တဲ့အားလုံးသောပရိသတ် အပေါင်းသူတော်ကောင်းတွေဖြစ်ကြပြီးသကာလ၊ အာသဝေါကင်းကွာ ရဟန္တာ ယောက်ျား ရဟန္တာမကြီးတွေ အဖြစ်နဲ့ ဒီနေ့ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ကြတယ်၊ ဒီတော့ အဲဒီအမျိုးသား အမျိုးသမီးတစ်သိုက် ဘာလုပ်ခဲ့တာတုန်းဆိုတော့- ဘုရား လူလုပ်ခဲ့တာ၊ ပရိသတ်ကြီး ဘာလုပ်ခဲ့တာတုံး?(ဘုရားလူ-လုပ်ခဲ့တာပါဘုရား) ဆိုစမ်းပါ-

❖ စွန့်ကြဲပေးကမ်း, လှူဒါန်းရွှင်ပျော်,
ကိုယ်ကျင့်သီလ, ထိန်းကြ၍နော်၊
ဘာဝနာမှု, အားပြုဘိသော်,
ထိုလူများ, ဘုရားလူဟုခေါ်။

ဒါ့ကြောင့်-ကိုယ့်ကိုယ်ကိုဘုရားလူဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်. . တဲ့၊ အဲဒီလိုကျင့်ဆောင်ကြိုးကုတ် အားထုတ်တဲ့အနက်က ဇဋိလမထေရ်ရဟန္တာအရှင်မြတ်ကြီး၊ ရဟန္တာဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တဲ့နေရာမှာ ဘာကိုနှလုံးသွင်းပြီးတော့ ရောက်ပါသလဲလို့ဆိုတော့ အာနာပါန အခြေခံဖြင့်၊ သမထ အာနာပါန အခြေခံပြီးသကာလ၊ ထွက်လေဝင်လေ အခြေခံပြီးသကာလ ဝိပဿနာရှုပွားလို့ ရဟန္တာယောက်ျားကြီးတစ်ဆူဖြစ်တော်မူခဲ့တယ်၊ ဒီတော့ဖြင့် ဇဋိလမထေရ်ကြီးရဟန္တာဖြစ်တဲ့အပိုင်းနဲ့ ဘုန်းကြီးတို့ဒကာ ဒကာမတွေဝိပဿနာရှုပြီးတော့ တရားသိမ်းကြရအောင် နော်။

ဒီတော့ ရဟန္တာအရှင်မြတ်ကြီး ဇဋိလရဟန္တာအရှင်မြတ်ကြီး အာနာပါန အခြေခံပြီးတော့ ပွားတာဖြစ်တော့ ဘုန်းကြီးတို့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ဝိပဿနာအနေနဲ့ ဘာဝနာမှုအားပြုရမယ်လို့ဆိုတော့-အခုဘုန်းကြီးတို့ ရွှေသက်န်းကပ်တာက ဒါနကုသိုလ်ကြီးတွေ , အခုသံဃာတော်တွေပင့်ပြီးတော့ ဖျော်ရည် ဆေးပစ္စည်းတွေ ဆက်ကပ်ကြ လှူဒါန်းကြတယ်၊ ဒါနကုသိုလ်ကောင်းမှုတွေပြုကြတယ်၊ ငွေတစ်သောင်းကျော်အကုန်အကျခံပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရွှေသက်န်းဆက်ကပ်လှူဒါန်းကြတယ်၊ ဟော်ဒါက သက်န်းအလှူရှစ်ပါးပါတဲ့ ဒါနကုသိုလ်၊ အခုသီလဆောက်တည်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရွှေသက်န်းကပ်တော့ ဝေယျာဝစ္စကုသိုလ်ကောင်းမှုတွေပြုတယ်၊ ဒါကသီလတွေ။

http://www.dhammadownload.com



ဒီတော့ ဒီရွှေသင်္ကန်းကပ်နေတဲ့အတွင်းမှာ ဒါနမှုတွေ သီလမှုတွေ ပရိသတ်ကြီး အများကြီး မပါဘူးလား?(ပါပါဘုရား) အဲဒီပါနေတဲ့အချိန်ဟာ မိမိတို့လင့်လူ၊ မယားလူ၊ အများလူဖြစ်နေတဲ့ကြားထဲက ဘုရားလူ,ဘုရားလူ,ဘုရားလူဖြစ်နေတဲ့အကြိမ်တွေ များများကြီးပါမသွားဘူးလား?(ပါသွားပါဘုရား) ဒီကြားထဲကနေပြီးတော့ ဟာ-ဒို့ဘုရားရွှေသင်္ကန်းကပ်လှူရအုန်းမှာပေါ့-ဘုရားကိုရွှေသင်္ကန်းကပ်မယ့်သူတွေ ခေါ်ရအုန်းမှာပေါ့၊ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံသွားလိုက်ကြဦးစို့၊ ဒီနားရောက်လာလိုက်ကြ, ဒီနားရောက်လာလိုက်ကြ, ဒီနားရောက်လာလိုက်ကြဆိုတော့ ဗုဒ္ဓါနုဿတိ ဘုရား,ဘုရားဆိုတဲ့ သတိရနေတဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မပါဘူးလား?(ပါပါဘုရား)။

အိမ်ကနေပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရွှေသင်္ကန်းကပ်အုန်းမယ်၊ ကပ်ဖို့သွားအုန်းမယ်၊ ရွှေသင်္ကန်းဖိုးလှူအုန်းမယ်လို့ အိမ်ကကြံ့. . . ကတည်းက သူ့စိတ်နဲ့ဘုရားနဲ့ တွေ့မနေဘူးလား?(တွေ့နေပါဘုရား)၊ အဲဒီ-တွေ့နေတဲ့ အချိန်ဗုဒ္ဓါနုဿတိ-ဘာဝနာလို့ခေါ်တယ်၊ ဘုရားရှင်ကိုသတိရနေတဲ့ အချိန်၊ ဘုရားရှင်ဂုဏ်ကို အာရုံပြုနေတဲ့အချိန်၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းနေတယ်လို့ခေါ်ရတယ်၊ ဘုရားလူဖြစ်နေတဲ့အချိန်၊ လူကတော့ မယားနားကပ်ချင်ကပ်နေမယ်၊ လင်နားကပ်ချင်ကပ်နေမယ်၊ စိတ်ကဘုရားလူဖြစ်မနေဘူးလား?(ဖြစ်နေပါဘုရား)။

လူကတော့-သားနားသမီးနားနေချင်နေမယ်၊ သားအတွက်သမီးအတွက်လုပ်ချင်လုပ်နေမယ်၊ ဒီကြားထဲက ဘုရားဖြတ်ဖြတ်ပြီးသတိရတော့ ဘုရားလူမဖြစ်ဘူးလား?(ဖြစ်ပါဘုရား) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီရွှေသင်္ကန်းကပ်မှုနဲ့စပ်ပြီးတော့ ဘုရားလူဖြစ်ခဲ့တဲ့ အကြိမ်တွေမများဘူးလား?(များပါဘုရား) သီလနဲ့ကော ရေတွက်နိုင်ပါ့မလား?(မရေတွက်နိုင်ပါဘုရား) သမထဘာဝနာခေါ်တဲ့ ဗုဒ္ဓနုဿတိ, မေတ္တာစတဲ့ ဘာဝနာတွေနဲ့ မရေမတွက်နိုင်။

ဟော-နောက်ဆုံးဝိပဿနာဘာဝနာဖြစ်အောင် ဒကာဒကာမတွေရဲ့ နှာခေါင်းမှာ ရှူရှိုက်နေတဲ့ ထွက်လေဝင်လေလေး၊ ဒို့ဒကာ ဒကာမတွေခန္ဓာကိုယ်ကြီးကငြိမ်ပြီးတော့ တရားနာနေပေမဲ့လို့၊ ခန္ဓာကိုယ်ကြီးငြိမ်ထားပေမဲ့လို့ မငြိမ်ဘဲလှုပ်နေတဲ့ဟာလေးရှိတယ်၊ အဲဒါထွက်လေ ဝင်လေပဲ၊ ရုပ်ကလေး အရှင်ကလေး၊ ဒကာ ဒကာမတွေခန္ဓာကိုယ်ကြီးက အခုငြိမ်နေတော့ ငြိမ်နေတယ်,တည်နေတယ်

http://www.dhammadownload.com



လို့ပြောရတယ်၊ သို့သော် မငြိမ်တဲ့ ရုပ်တစ်ခုရှိတယ်၊ အဲဒါထွက်လေဝင်လေပဲ။

ပရိသတ်ထွက်လေဝင်လေလေးက တရားနာနေတုန်းငြိမ်ရဲ့လား?(မငြိမ်ပါဘုရား) အိပ်နေတုန်းကော ငြိမ်ရဲ့လား?(မငြိမ်ပါဘုရား)၊ စားနေတုန်းကော ငြိမ်ရဲ့လား?(မငြိမ်ပါဘုရား) အဲဒီထွက်လေဝင်လေရုပ်လေးက လှုပ်ရှားပြီးတော့ နေတဲ့ ရုပ်မျိုးမို့လို့ သူ့ကိုအရှင်ရုပ်တဲ့ ရုပ်ရှင်တဲ့ နော်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်ထဲမှာ ရုပ်သေ ရုပ်ရှင်လို့နှစ်မျိုးရှိတယ်၊ လှုပ်နေတဲ့ရုပ်၊ မလှုပ်တဲ့ရုပ်လို့နှစ်မျိုးရှိတယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးကတော့ အိပ်နေတဲ့အခါကျတော့ ငြိမ်မနေဘူးလား?(ငြိမ်ပါဘုရား) ထွက်လေဝင်လေလေးကတော့ လှုပ်မနေဘူးလား?၊(လှုပ်နေပါဘုရား) ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်အဆူဆူလက်လွှတ်တော်မမူတဲ့ ကမ္မဋ္ဌာန်းဆိုတာ- ဟောဒီ အာနာပါန။ ဒါ့ကြောင့် အာနာပါန ထွက်လေဝင်လေကို ဖမ်းပြီးတော့ရှုရင် အဲဒီတင်ဝိပဿနာဖြစ်တာပဲ။

ဒီတော့ ဘယ်လိုရှုမတုံး၊ ပထမတော့ သမထနဲ့ဖမ်းရတယ်၊ ထွက်လေကိုထွက်လေမှန်းသိ၊ ဝင်လေကိုဝင်လေမှန်းသိ၊ ထွက်လေဝင်လေ, ထွက်လေဝင်လေ, ထွက်လေဝင်လေလို့ နှာသီးဖျားမှာထားပြီးတော့ ငါးမိနစ်ငါ့ဖမ်းမယ်လို့စိတ်ကို အဓိဋ္ဌာန်ထားပြီးတော့ ငါးမိနစ်ဖမ်းကြည့် အဲဒီလိုဖမ်းကြည့်မှ ဒကာဒကာမတွေ စိတ်ဘယ်လောက် တောင်ပြေးမြောက်ပြေး ပြေးတယ်ဆိုတာ ပေါ်လာလိမ့်မယ်။

နှာခေါင်းနားကပ်ထားပါ၊ နေပါဆို စိတ်ကလေးနေစမ်းပါလို့ပြောထားတာ မနေဘူးသူက၊ ဟိုပြေးလိုက် ဒီပြေးလိုက် ဒီနားကပ်ထားပါမှ အိမ်ပြန်ပြေးလိုက်၊ ဟာ-တောင်သမန်ဘက်လျှောက်လိုက်, တံတားကြီးဆီပြေးလိုက်၊ စစ်ကိုင်းပြေးလိုက်, မန္တလေးပြေးလိုက်နဲ့ ပြေးနေတာ တွေ့လိမ့်မယ်၊ အဲတွေ့နေရင်လူတော်တဲ့၊ ဟန်မကျတာကိုသိမှ ဟန်ကျတယ်တဲ့ ဝေဘူဆရာတော်ကြီးက၊ ကိုယ်ဟန်မကျတာကို ဟန်မကျမှန်းသိမှ ဟန်ကျတယ်ဗျ"တဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ နှာခေါင်းကထွက်လေဝင်လေလေးကို စိတ်ကလေးကပ်ထားပြီးတော့ ငါးမိနစ်လောက်ကလေး ဒီနားသိနေစမ်းပါဆိုမှ သူက ဟိုပြေးဒီပြေး ပြေးနေတာ၊ ဟန်ကျသေးရဲ့လား?(မကျပါဘုရား) အဲဒီဟန်မကျတာကို ဟန်မကျဘူးလို့သိမှ၊ ဟန်ကျတယ်တဲ့ ဝေဘူဆရာတော်ကြီးက။

ဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိုယ့်ကိုယ်ကိုဟန်ကျအောင်လုပ်

http://www.dhammadownload.com



ဖို့ မလိုဘူးလား?၊(လိုပါဘုရား)၊ ဒါဖြင့် ထွက်လေဝင်လေလေးကိုငါးမိနစ်ဖမ်းကြည့် ပထမတော့ တစ်မိနစ်ဖမ်းကြည့်ပေါ့၊ နာရီလေးနဲ့ကြည့်ပြီးတော့ ဖမ်းချင်ဖမ်း၊ အချိန်လေးနဲ့မှတ်ပြီးတော့ ဖမ်းချင်ဖမ်း၊ တစ်မိနစ်ရနေပြီဆိုတော့ နှစ်မိနစ်တိုးဖမ်းကြည့်၊ နှစ်မိနစ်ရနေပြီဆိုတော့ သုံးမိနစ်တိုးဖမ်းကြည့်၊ ထွက်လေဝင်လေ, ထွက်လေဝင်လေ, ထွက်လေဝင်လေ။

ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းပို့ပြီးတော့ အာရုံမိအောင်ဆိုပြီးတော့ အဋ္ဌကထာများ ပြတဲ့နည်းကျတော့၊ ဂဏနနည်းဆိုပြီးတော့ ရေတွက်တဲ့နည်းနဲ့ "ထွက်ရေလေဝင်လေးတစ် လက်လေးချိုးပြီးတော့၊ထွက်လေဝင်လေနှစ်,ထွက်လေဝင်လေသုံး"နဲ့ လက်ကလေးချိုး ရှစ်ခုထိချိုး"တဲ့ တစ် နှစ် သုံး လေးငါး ခြောက် ခုနစ် ရှစ်၊ ရပြီရှစ်၊ နောက်တစ်ခါ တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ် ရှစ်။

ဒီထွက်လေဝင်လေလေးကို သိနေတဲ့ စိတ်ကလေးကလည်းကပ်နေရမယ်၊ တစ် နှစ် လည်း ရေသွား၊ လက်ကချိုးရေသွားရင် ရှစ်ခုပြည့်ပြီဆိုတစ်ခါရပ်၊ ရှစ်ခုပြည့်ပြီဆိုတစ်ခါရပ်၊ ရှစ်ခုပြည့်ပြီဆိုတစ်ခါရပ်၊ အဲဒီလို ရပ်ရပ်သွားလို့. . တဲ့၊ ရှစ်ခုပေါင်း ရှစ်ကြိမ်၊ ရှစ်ခုပြည့်ရင်တစ်ခါရပ်၊ အဲဒီ ဒီတစ်ခါပေါင်းရှစ်ကြိမ်ရပြီဆိုတော့ ဒါတစ်ဝါရ အဲဒီဝါရပေါင်း ငါးဒီနေ့ ဆယ်ဝါရ ရအောင်လုပ်မယ်လို့. . ဆိုပြီးတော့ ဖမ်းကြည့် ဒါသမထခေါ်တယ်၊ သမာဓိခေါ်တယ်။

ဒါကမ္မဋ္ဌာန်းလုပ်ချင်လို့ရှိရင် ဘေးလျှောက်ပြီးရှာမနေနဲ့ ကိုယ့်နှာခေါင်းထိပ်တင်ရှိတယ် ကမ္မဋ္ဌာန်းက၊ တရားပျောက်ရင်ကိုယ်မှာရှာ, တရားရှာရင်ကိုယ်မှာတွေ့တယ်" တရားပျောက်ရင် ကိုယ်မှာရှာ၊ ပရိသတ် တရားပျောက်ရင် ဘယ်ရှာမတုံး?(ကိုယ်မှာရှာရမှာပါဘုရား) တရားရှာရင်ကိုယ်မှာတွေ့တယ်၊ တရားရှာရင် ဘယ်မှာတွေ့တုံး?(ကိုယ်မှာတွေ့ပါဘုရား) နိဗ္ဗာန်ရှာရတာလဲ ဒီထဲရှာရတာပဲ၊ အဝေးကြီးရှာရတာမဟုတ်ဘူး၊ နိဗ္ဗာန်ရှာရင်လဲမြတ်စွာဘုရားက-

## ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ၊

ဗျာမမတ္တေ-တစ်လံမျှလောက်ရှိသော၊ ဣမသ္မိံယေဝ ကဠေဝရေ-ဒီခန္ဓာကိုယ်ထဲမှာပင်လျှင်၊ နိရောဓံ-နိဗ္ဗာန်တရားကို၊ ပညပေမိ-ငါဘုရားပညတ်တော်မူတယ်. . ၊ မင်းတို့နိဗ္ဗာန်ရှာရင် ဟိုး. . အထက်တာဝတိံသာတို့ စတုမဟာရာဇ်တို့ မော့ကြည့်မနေနဲ့တဲ့. . ၊ ဟိုး အောက်အဝီစိလည်းလှမ်းမျှော်မနေနဲ့တဲ့၊ ဟိုး-

http://www.dhammadownload.com



စကြာဝဠာတံတိုင်း တောင်တံတိုင်း မြောက်တံတိုင်းလှမ်းကြည့်မနေနဲ့ဟ-နိဗ္ဗာန်က ဒီခန္ဓာထဲတင်ရယ်။ ခန္ဓာထဲတင်ရယ်ဆိုလို့ အသားအသွေးထဲရှိသလား၊ ဒီလိုတော့ မရှိဘူး၊ ဗဟိဒ္ဓ အပြင်ဘက်မယ်။ အထဲထဲတော့ အထဲထဲမယ်၊ အပြင်ဘက်မယ်. . တဲ့၊ ပရိသတ်ကြီးအထဲထဲတော့ အထဲထဲတဲ့နော်-အပြင်ဘက်မယ်တဲ့၊ ရုပ်ထဲ နာမ်ထဲမှာမရှိဘူး၊ သူက အဲဒီရုပ်နာမ်ရဲ့အဆုံးမှာရှိတယ်၊ ဒါ့ကြောင့်နိဗ္ဗာန်ကသိမ်မွေ့ တယ်လို့ ပြောရတာ။

ရှာတဲ့အခါနည်းနည်းခက်နေတာက ဒီအထဲတော့ ဒီအထဲရှာရမှာ၊ ဒီအထဲ ရှာတော့ ဘာမြင်တုံးဆိုရင် ရုပ်နာမ်နဲ့ ခန္ဓာကိုယ်မြင်ကုန်တယ်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေက ရုပ်နာမ်တောင်မမြင်ဘူး၊ ငါကောင်သူကောင်မြင်ကုန်တယ်၊ အခုတရားထိုင်နာနေတာ ငါနာတယ်လို့မလာဘူးလား?(လာပါဘုရား) ငါနာနေ တယ်လို့ စိတ်က ထင်မနေဘူးလား?(ထင်ပါဘုရား) မနာပြန်တော့လည်း ငါမနာ ဘူးလို့ မထင်ဘူးလား?(ထင်ပါဘုရား) ကိုင်း-တရားနာတဲ့ကိစ္စပဲ ဝိပဿနာတင် ကြည့်ရအောင်၊ ဆိုစမ်းပါ-

❖ နာ,မနာငါ, မှတ်ထင်ရှာ, ဝင်လာသက္ကာယ၊

အခု ကိုယ့်ကိုယ်ကို ပြန်တွေးလိုက်ရင် ငါတရားနာနေတယ်လို့ ဒီလိုမထင် ကြဘူးလား?(ထင်ပါဘုရား) ဟော-တရားနာတာငါတဲ့၊ တရားနာတာကတော့ အဟုတ်ရှိတယ်၊ ငါကအဟုတ်မရှိဘူး၊ ထိုင်နေတာက အဟုတ်ရှိတယ်၊ ငါကအဟုတ် မရှိဘူး၊ ထိုင်နေတာကဘာအဟုတ်ရှိတာတုံး၊ ထိုင်ချင်တဲ့ နာမ်နဲ့ ထိုင်ဟန်ပြုနေတဲ့ ရုပ်အမူရာကြီးကိုထိုင်တယ်လို့ခေါ်ထားတာ၊ အဲဒီထိုင်ဟန်ပြုနေတဲ့ ရုပ်အမူအရာ နဲ့ ထိုင်ချင်နေတဲ့ စိတ်ကြောင့်တောင့်ထားလို့ ဒီခန္ဓာကိုယ်ကြီးစိတ်ကဆောင်ထား လို့ ထိုင်တဲ့အမူရာကြီးပေါ်နေတယ်၊ အဲဒီစိတ်သာမရှိလိုက်စမ်း ဒီခန္ဓာကိုယ်ကြီး ဘိုင်းခနဲ ပရိသတ်ကြီးမလဲပေဘူးလား? (လဲပါဘုရား) စိတ်မရှိတဲ့သူများကျတော့ ဒီလိုမတ်ထောင်ထားလို့ရသေးရဲ့လား?(မရပါဘုရား)။

ဆိုပါတော့-သေသွားတဲ့သူ။ စိတ်မရှိတဲ့သူဒီလိုမိုးမိုးမတ်မတ် လက်အုပ်ချီ ပြီး ထောင်ထားလို့ရရဲ့လား?(မရပါဘုရား) ပြန်ပြန်ပြီးတော့လဲမကျဘူးလား? (ကျ ပါဘုရား) ဒါ့ဖြင့် ဒီခန္ဓာကိုယ်ရုပ်ကြီး ဒီလိုမိုးမတ်ထောင် လက်အုပ်ချီပြီးတော့ ကိုယ်မပျက် ဟန်မပျက်နေတယ်ဆိုတာ စိတ်အထဲကဆောင်ထားတယ်ဆိုတာ မ

http://www.dhammadownload.com



သေချာဘူးလား?(သေချာပါဘုရား) ဒါဖြင့် ဆောင်ထားတာကစိတ်၊ မတ်နေတာက ရုပ်၊ ဆောင်ထားတာကြီးကနာမ်၊ မတ်နေတာကရုပ်၊ ရုပ်နာမ်, နာမ်ရုပ်, ထိုင်နေတာရုပ်နာမ်ကိုစွ၊ ထိုင်နေတာ ရုပ် နာမ်၊ ထိုင်နေတာဘယ်သူပါလိမ့်?(ရုပ်နာမ်ပါဘုရား)။ သို့သော် ဒကာဒကာမတွေက ငါထိုင်တယ်လို့ ငါဝင်မစွဲဘူးလား? (စွဲပါဘုရား) ရုပ်နာမ်ငါစွဲလိုက်တော့ ရုပ်ထဲမှာ ငါမရှိဘူး၊ နာမ်ထဲမှာလည်းငါမရှိဘူး၊ ဘုရားကလည်း-

**ရူပံ နသတ္တော န ပုဂ္ဂလော နဇီဝေါ န အတ္တာ။**

ရူပံ-ထိုင်နေတဲ့ ရုပ်အမှုအရာကြီးသည်၊ နဇီဝေါ-လိပ်ပြာကောင်လေးလည်းမဟုတ်ပါ၊ နသတ္တော-သတ္တဝါကောင်လည်းမဟုတ်ပါ၊ ပုဂ္ဂလော-ပုဂ္ဂိုလ်လည်းမဟုတ်ပါ၊ နအတ္တာ-ငါလည်းမဟုတ်ပါ။

**နာမံ နသတ္တော န ပုဂ္ဂလော နဇီဝေါ န အတ္တာ။**

နာမံ-ထိုင်နေအောင် ဆောင်ထားတဲ့ နာမ်တရားကြီးသည်၊ နဇီဝေါ-လိပ်ပြာကောင်လေးလည်းမဟုတ်ပါ။ နသတ္တော-သတ္တဝါကောင်လည်းမဟုတ်ပါ၊ နပုဂ္ဂလော-ပုဂ္ဂိုလ်လည်းမဟုတ်ပါ၊ နအတ္တာ-ငါဆိုတဲ့ပြောရမယ့်အကောင်လေးလည်းမဟုတ်ပါ. .၊ ဒီတော့-ထိုင်ချင်တဲ့နာမ်နဲ့ ထိုင်ဟန်ပြုနေတဲ့ရုပ်၊ ရုပ်နာမ်နှစ်ပါးဟာ-ငါလို့ပြောရအောင် အကောင်အထည်ပရိသတ်ရှိရဲ့လား?(မရှိပါဘုရား) ထိုင်ချင်တဲ့စိတ်ဆိုတဲ့ နာမ်တရားလေးက ပုံသဏ္ဌာန်အကောင်အထည်ရှိရဲ့လား?(မရှိပါဘုရား) ရှည်ရှည်တိုတိုပြောလို့လည်းရရဲ့လား?(မရပါဘုရား) အကောင်သတ္တဝါဟုတ်ပါ့မလား?၊(မဟုတ်ပါဘုရား) မဟုတ်ပေမယ့် ယနေ့ဒကာဒကာမတွေက ငါထိုင်တယ်လို့ဆိုတော့ အဲဒီစိတ်ရော အဲဒီရုပ်ရောပေါင်းပြီးတော့ ငါမခေါ်လိုက်ဘူးလား?(ခေါ်လိုက်ပါဘုရား) ဒီတော့ ရုပ်နာမ်ကို ငါထင်တာလွဲမသွားဘူးလား? (လွဲသွားပါဘုရား) ရုပ်နာမ်ကိုရုပ်နာမ်လို့သိမှတည့်တယ်။

ရုပ်နာမ်ကို ရုပ်နာမ်လို့ သိရင် တည့်ပြီ၊ မှန်ပြီ၊ ရုပ်နာမ်ကို ဘယ်လိုသိရမှာတုံး?(ရုပ်နာမ်လိုသိရမှာပါဘုရား) ရုပ်နာမ်ကိုရုပ်နာမ်လိုသိပါ. . တဲ့ ဘုရားက၊ အခုဘုန်းကြီးတို့ ဒကာဒကာမတွေက ရုပ်နာမ်ကိုငါလို့သိတယ်၊ သူလို့သိတယ်၊ ဟိုဘက်ကထိုင်နေတာသူတဲ့ ဒီဘက်ကထိုင်နေတာငါနဲ့ မပြောကြဘူးလား?(ပြောပါဘုရား) ပြောတာကိစ္စမရှိဘူး၊ ဘုရား ရဟန္တာတွေလဲ၊ ပြောတာပဲ ပြောတာက

http://www.dhammadownload.com



တော့။ စိတ်ထဲကအစွဲအညိလေးပါတယ်၊ အဟုတ်ကိုငါကောင်ကြီးရှိတယ်လို့ထင် နေတဲ့ အထင်လေးမပါဘူးလား?(ပါပါဘုရား)။

ရုပ်သေးရုပ် ကြိုးနဲ့ဆွဲတပ်ပြီးလှုပ်တာ ကလေးကတော့ လှုပ်တတ်တဲ့ အကောင်ကြီးအထဲရှိတယ်လို့ မထင်ဘူးလား?(ထင်ပါဘုရား) လူကြီးကတော့ ဩော်-ဒါကြိုးနဲ့ဆွဲလို့လှုပ်နေတာပဲ ရုပ်သေးရုပ်ကြီးကအသေပဲ၊ ဘာမှမလုပ်တတ်ဘူး၊ ကြိုးဆွဲဆရာကဆွဲလို့ လှုပ်နေတာပဲလို့ လူကြီးကတော့ မသိဘူးလား?(သိပါဘုရား)။ ဝိပဿနာဉာဏ်ရှိတဲ့လူကြီးက ဒီခန္ဓာကိုယ်ကြီးလှုပ်နေတာကို ရုပ်နဲ့နာမ်တွဲလို့ လှုပ်နေတယ်လို့သိတယ်၊ နာမ်ကဆွဲလို့ ရုပ်ကလှုပ်တယ်၊ ရုပ်လှုပ်သမျှ နာမ်ကဆွဲတယ်၊ ဒါဖြင့်နာမ်နဲ့ရုပ်၊ ရုပ်နဲ့နာမ်၊ နှစ်ပါးပေါင်းပြီးသကာလ လှုပ်ရှားနေတယ်ဆိုတာ မသေချာဘူးလား?(သေချာပါဘုရား)။

**ရဇ္ဇုရောဂါ ဒါရုယန္တံ, သဗျာပါဒံ၀ ခါယတိ၊**
**ဇဝံ သုညံ နာမရူပံ, အညမည သမာယုတံ။**

ရဇ္ဇုရောဂါ-အရုပ်ကြိုးနှင့်, အသင့်စွဲတပ်, တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တံ-သစ်သားကိုလုပ်, မင်းသားမင်းသမီးရုပ်သည်၊ သဗျာပါဒံ၀-သွားရပ်ကခုံ, ဗျာပါဒရှိနေပုံကဲ့သို့ ခါယတိ-ရှုသူစိတ်တွင်, မှတ်ထင်၍နေရလေ၏၊ ဇဝံတထာ-ပမာဆိုမူ, ထို့အထူသာလျှင်၊ သုညံ-အသက်ဇီဝ, အတ္တမှကင်းဆိတ်သော၊ နာမရူပံ-နာမ်ရုပ်နှစ်ဖြာ, ငါးခန္ဓာသည်၊ အညမညသမာယုတံ-အချင်းချင်းကပ်, ပေါင်းစပ်အပ်သည်ရှိသော်၊ သဗျာပါဒံ၀-သွားရပ်ထိုင်လျှောင်း, လိုရာပြောင်းလျှက်, အကြောင်းအားလျော်စွာ, လှုပ်ရှားနေသကဲ့သို့ ခါယတိ-ဝိပဿနာမပါတဲ့သူတွေမှာဖြင့်,မလွဲဧကန်, အမှန်ထင်မှား၍ နေရရှာပါသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒါဖြင့် အခုထိုင်နေတဲ့ကိစ္စမှာတင်ပဲ ဝိပဿနာတင်ရင်ပရိသတ်မရဘူးလား?(ရပါဘုရား) ဘယ်လိုရှုရမှာတုံးဆိုတော့-ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်၊ သို့မဟုတ် ထိုင်တယ်, ထိုင်တယ်, ထိုင်တယ်, ထိုင်တယ်၊ သို့မဟုတ် ထိသိပျက်, ထိသိပျက်, ထိသိပျက်၊ ထိုင်နေတော့ အောက်က ကျမ်းနဲ့,ဖျာနဲ့ ထိနေတာလေးမရှိဘူးလား?(ရှိပါဘုရား) အဲဒီထိတာလေးကိုထိနေတယ်လို့ကောသိမနေဘူးလား?(သိပါဘုရား) ထိတာကရုပ်, သိတာကနာမ်၊ အဲဒီထိနဲ့ သိနဲ့သည်၊

http://www.dhammadownload.com



ပျက်ပျက်သွားလေသောကြောင့် ထိသိပျက်, ထိသိပျက်လို့ပဲရှုရှု ထိုင်တယ်လို့ပဲရှုရှု ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ပဲရှုရှု။

ဒီတော့-ရှုရမှာကတော့ ထိုင်လည်းရှု,ထလည်းရှု, သွားလည်းရှု, လျောင်းလည်းရှု, အိပ်လည်းရှု, စားလည်းရှု, ရှုရမှာ၊ ဘာပြုလို့တုံးလို့ဆိုတော့ ဒို့ဒကာ ဒကာမတွေ ဒီရုပ်နာမ်နှစ်ပါးရဲ့လှုပ်ရှားမှုကို ငါကောင်သူကောင်ထင်လာတာက သံသရာရှည်လှပြီ၊ မရှည်ခဲ့ဘူးလား?(ရှည်ခဲ့ပါဘုရား) သံသရာအသာထားပါ၊ ဒီဘဝတင်ပဲ ကလေးအရွယ်ကစပြီးတော့ ဒီနေ့ထိအောင်ငါသွားတယ်၊ ငါစားတယ်, ငါကြည့်တယ်, ငါကိုင်တယ်, ငါထိုင်တယ်နဲ့ချည့် တစ်ငါငါနဲ့ မထင်ခဲ့ဘူးလား? (ထင်ခဲ့ပါဘုရား) အဲဒီအထင်ကြီးပျောက်ချင်လို့ရှိရင် အသွားတစ်တိုင်ရှိ အပြန်တစ်တိုင်ရှိရတယ်. . တဲ့ ဘုရားက။

အသွားကတစ်တိုင်သွားထားမှတော့ ပရိသတ်ကြီးအပြန်တစ်တိုင် မပြန်ရပေဘူးလား?(ပြန်ရပါဘုရား) ခရီးတစ်ခု တစ်တိုင်ရှိတဲ့ခရီးကြီး၊ ကိုယ်က သွားတုန်းကတစ်တိုင်ပေါက်အောင်သွားထားပြီး၊ အဲဒီတစ်တိုင်ကနေပြီးပြန်ပြီးတော့၊ လမ်းမှားနေလို့ ဒီပြန်ရောက်ချင်ရင် တစ်တိုင်ပြန်လာမှရောက်တော့မှာပဲ၊ တစ်တိုင်မပြန်ဘဲနဲ့ ရောက်ပါ့မလား?(မရောက်ပါဘုရား)။

အဲဒါလိုပဲ မိမိတို့ကသွားသမျှ, လာသမျှ, ထိုင်သမျှ, စားသမျှ,ဘာဟူသမျှ ငါ ငါ ငါနဲ့ တစ်တိုင်လုံးလုံးမှားပြီးတော့သွားခဲ့တာဖြစ်တော့ အဲဒီခရီးကြီးကို ဘုရားရှင်ကိုယ်တော်မြတ်က ပြန်ပြီးတော့ ဖြေတဲ့အနေနဲ့ သွားလည်းရုပ်နာမ်, စားလည်းရုပ်နာမ်, အိပ်လည်းရုပ်နာမ်, ထိလည်းရုပ်နာမ်, ရှုလည်း ရုပ်နာမ်, ရှိုက်လည်းရုပ်နာမ်၊ ရှိသမျှဖြစ်ပေါ်သမျှ ရုပ်နာမ်, ရုပ်နာမ်, ရုပ်နာမ်၊ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, မပြတ်ရှုနေ. . တဲ့၊ တစ်တိုင်ပြန်သွားတဲ့၊ မင်းတို့တစ်တိုင်ခရီးဆုံးတော့ ရဟန္တာဖြစ်မယ်၊ ဘုန်းကြီးတို့ ပရိသတ်ကြီးတစ်တိုင်ခရီးဆုံးတော့ မဂ်တရားဖိုလ်တရား မရပေဘူးလား?(ရပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တစ်တိုင်ခရီးပြန်ကိုမပြန်ဘူး၊ နှစ်လှမ်းသုံးလှမ်းလောက်လှမ်းပြီးရောက်သေးဘူးလား၊ ရောက်သေးဘူလားလို့ မေးနေကြတာ၊ ရောက်ပါ့မလား?(မရောက်ပါဘုရား) သွားတုန်းကတစ်တိုင်သွားထားပြီးတော့ အခုတစ်လှမ်းနှစ်လှမ်းပြန်ကာရှိသေးတစ်တိုင်ခရီးပေါက်ပါ့မလား?

http://www.dhammadownload.com



(မပေါက်ပါဘုရား) ဒီတော့- ရှုပါရှုပါဆိုတော့ ပရိသတ်ကြီး မရှုချင်၊ တစ်တိုင်ခရီး မပြန်ချင်၊ ဘုန်းကြီးတို့ရှုနည်းကိုသာပေးနိုင်တယ်၊ ပြန်နည်းကိုသာပေးနိုင်တယ်၊ ပြန်ဖို့တာဝန် ဒကာဒကာမတွေတာဝန်၊ ဒီတော့-အခုရှုရှိုက်ကလေးလည်းကြည့် လိုက် ဆိုလိုက်စမ်းပါ-

❖ ရှုမရှုငါ၊ မှတ်ထင်ရှာ၊ ဝင်လာသက္ကာယ။

ဟော-ရှုတာရှိုက်တာလေးနဲ့လည်း သက္ကာယဒိဋ္ဌိက ဝင်နေရက်သူက ငါရှု နေတာတဲ့၊ ငါရှိုက်နေတာ၊ အမယ် ငါပြင်းပြင်းရှုတာ၊ ငါလျော့လျော့ရှုတာ. . တဲ့၊ ဟော-ရှုတာရှိုက်တာ ငါလို့. . လုပ်မနေဘူးလား?(လုပ်နေပါဘုရား) အမှန်က ရှုတဲ့လေလေးဘယ်သူ့ကြောင့်ဖြစ်တာတုန်းဆိုတော့ စိတ်ကြောင့်ဖြစ်တာ။ အတွင်းက စိတ်ရှိနေလို့ ဒီရှုတဲ့ ရှိုက်တဲ့ လေလေးထွက်နေတာ ပရိသတ်ကြီး စိတ်မရှိလို့သေသွား တဲ့သူထွက်သေးသလား?(မထွက်ပါဘုရား) ဒါဖြင့် အတွင်းကရှုအောင်ရှိုက်အောင် လုပ်နေတဲ့စိတ်ကနာမ်တရား၊ ရှုရှိုက်နေတာလေးကရုပ်တရား၊ ဝါယောရုပ်တရား။ ဒါဖြင့်-ရှုတဲ့ရှိုက်တဲ့နေရာတင်ရုပ်နာမ်မမိဘူးလား?(မိပါဘုရား) ခုနထွက်လေဝင် လေဆိုတာ သမထခေါ်တယ်။

အခုကျတော့ ထွက်လေဝင်လေလေးကိုဖမ်းပြီးတော့ရုပ်နာမ်ဖြစ်ပျက်, ရုပ် နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, သမာဓိတော်တော်ရလာပြီဆိုတော့ရုပ်နာမ်ဖြစ် ပျက်နဲ့ ပျောင်းရှုကြည့်၊ သို့မဟုတ်-နှာခေါင်းကိုထိကနဲသွားတာလေးကို ဖမ်းကြည့်၊ ထိကနဲ့ဆိုတာလေးက ဖောဋ္ဌဗ္ဗာရုံပဲ၊ လေလေးထွက်သွားတယ်၊ ဝင်သွားတယ်၊ နှာခေါင်းကိုလေက ထိထိသွားတယ်၊ ထိတာလေးကရုပ် ဖောဋ္ဌာဗ္ဗာရုံခေါ်တယ်၊ ရုပ်တရား၊ ထိတာလေးကိုသိတာကနာမ်တရား၊ ဒီတော့ ထိသိခေါ်တယ်၊ ထိတာက ရုပ် သိတာကနာမ်၊ အဲဒီနှစ်ခုနောက်ကဝိပဿနာနဲ့ရှု ထိသိဖြစ်ပျက်, ထိသိဖြစ် ပျက်, ထိသိဖြစ်ပျက် ရှု သမာဓိရလာတော့ အဲဒီဖြစ်ပျက်သွားပုံလေးတွေ ရိပ်ကနဲ့ မိလိမ့်မယ်၊ ဖြုတ်ကနဲ့မိလိမ့်မယ်၊ အနိစ္စလက္ခဏာပေါ်ပြီ၊ အနိစ္စလက္ခဏာထင်ရင် တိဟိတ်ပုထုဇဉ်ဖြစ်ပြီ. . . တဲ့၊ ကလျာဏပုထုဇဉ်ဖြစ်ပြီ၊ အပါယ်တံခါးပိတ်ပြီ။

ဒီတော့-အဲဒီထိသိဖြစ်ပျက်ကလေးမြင်အောင် ရုပ်နာမ်ဖြစ်ပျက်မြင်အောင် မိမိတို့နှာခေါင်းပေါ်မှာ ဖြစ်ပျက်နေတဲ့ ပြနေတဲ့ တရားလေးကိုရှုမှတ်တတ်လို့ရှိရင် ဝိပဿနာသည် ခန္ဓာကိုယ်ထဲမှာတင်ရှိတယ်၊ နိဗ္ဗာန်ခန္ဓာကိုယ်ထဲမှာတင်ရှိတယ်၊

http://www.dhammadownload.com



သမုဒယသစ္စာ, ဒုက္ခသစ္စာ, မဂ္ဂသစ္စာ, နိရောဓသစ္စာ,သစ္စာလေးပါးသည် နှာခေါင်းထဲတင်ရှိတယ်၊ သစ္စာဆိုတာအမှန်တရားပြောတာ။

ဒီတော့-ထွက်လေဝင်လေလေးထွက်နေတာကို ရုပ်နာမ်လို့ရှုလိုက်တော့ ဟိုကစိတ်ကြောင့်လေထွက်နေတယ်ဆိုတော့ စိတ်ကနာမ်, ထွက်တာကလေးက ရုပ်လို့ဆိုတော့ ရုပ်နာမ်မရှိဘူးလား?(ရှိပါဘုရား) အဲဒါဒီကရုပ်နာမ်လို့ ရှုတော့ ရှိတာနဲ့ရှုတာမတည့်ဘူးလား?(တည့်ပါဘုရား) ဒါဖြင့်ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း သိတာအမှန်သိလား၊ အမှားသိလား?(အမှန်သိပါဘုရား) အဲဒီအမှန်ကို ပါဠိလို သစ္စာလို့ခေါ်တယ်။ ဒါဖြင့် ရုပ်နာမ်မြင်တဲ့အချိန် သစ္စာမြင်တယ်လို့ မပြောနိုင်ဘူးလား?(ပြောနိုင်ပါဘုရား)။

အဲဒီလို လောကီသစ္စာမြင်ရာက နောက်တော့ လောကုတ္တရာသစ္စာမြင်သည့်အထိ တက်သွားတယ်၊ ဒါဖြင့် ဘုန်းကြီးတို့ရှေးက သူတော်ကောင်းကြီးတွေ သစ္စာလေးပါးမြင်လို့ တရားထူးရသွားတယ်လို့ ဘုန်းကြီးတို့ပရိသတ်မကြားဖူးဘူးလား?(ကြားဖူးပါဘုရား) ဒါဖြင့် ဒကာဒကာမတွေ သစ္စာမြင်ပြီးတော့ အရိယာဖြစ်ချင်ရင် သစ္စာမြင်တဲ့အလုပ်ကိုနေ့စဉ်အားမထုတ်ထိုက်ဘူးလား?(အားထုတ်ထိုက်ပါဘုရား)။

❖ ရှု မရှုငါ, မှတ်ထင်ရှာ, ဝင်လာသက္ကာယ၊
ရုပ်နာမ်သာဟု, ဉာဏ်ဖြင့်ရှု, ကင်းမှုသက္ကာယ။

အဲ-ရှု မရှုကို ငါထင်ရင်တော့ သက္ကာယဒိဋ္ဌိက ဝင်ဝင်နေတယ် အဲဒီမှာ၊ ရုပ်နာမ်ငါထင်တာကိုသက္ကာယဒိဋ္ဌိခေါ်တယ်၊ အမှားကြီး သူက၊ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမြင်မှ အမှန်မြင်၊ အခုဟာကအမှားမြင်ကြီးဖြစ်နေတယ်၊ အဲဒါအမှန်မြင်အောင်ဘယ်နှယ့်လုပ်ရမှာတုံးဆိုတော့ ရုပ်နာမ် ရုပ်နာမ်ပဲလို့ ရှုလိုက်ရင်. . တဲ့၊ အဲဒီအမှားသက္ကာယဒိဋ္ဌိလေးပျောက်သွားမယ်၊ အမှန်မြင်လာတယ်၊ အမှန်မြင်တယ်ဆိုရင်သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုရင် မဂ္ဂသစ္စာပေါ်တယ်၊ မဂ္ဂသစ္စာပေါ်ရင် နိဗ္ဗာန်ဘက်သွားတာပဲ၊ တည့်နေပြီ သူ့ဟာနဲ့သူ၊ သစ္စာလေးပါးလည်းပါနေပြီ၊ ရုပ်နာမ်မြင်တာလည်းပေါ်နေပြီ။

ဒီတော့-အဲဒီရုပ်နာမ်ဖြစ်ပျက်ကို မြင်အောင် ရှုနိုင်လို့ ဉာဏ်ထဲမှာဖြစ်ပျက်သွားတာလေးတွေကို ဖြုန်းကနဲ့ပျောက်သွားတာလေးတွေကို ရိပ်ကနဲ့ပျက်သွားတာ

http://www.dhammadownload.com



လေးတွေကို တစ်ကြိမ်တစ်ခါမြင်လိုက်ဖူးရင် လက်ခမောင်းခတ်တော့. . တဲ့၊ လက်ခမောင်းခတ်တော့၊ ဒီဘဝမဂ်တရား ဖိုလ်တရားရနိုင်တဲ့ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီ၊ ကလျာဏပုထုဇဉ်ဖြစ်ပြီ၊ စူဠသောတာပန်ဖြစ်ပြီ၊ အပါယ်တံခါးငါးဘဝ၊ ခြောက်ဘဝလောက်ပိတ်ပြီ. . .တဲ့၊ ပိတ်ပြီ။

ဒီတော့-အဲဒီလိုထိအောင် ဘုန်းကြီးတို့ ပရိသတ်ကြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာသနာတော်နဲ့ကြုံတဲ့အချိန် အားမထုတ်ထိုက်ဘူးလား?(အားထုတ်ထိုက်ပါဘုရား) အဲဒီလိုအားထုတ်ထိုက်ပေမယ့်လို့ လူ့ချမ်းသာလေးကို မစွန့်နိုင်ဘူး . . တဲ့ အားတော့ထုတ်ချင်ပါရဲ့-အညောင်းကမခံနိုင်ဘူးဆိုတော့ ဒါလူ့ဘဝ နည်းနည်း အညောင်းပြေချမ်းသာလေးကို သူကမမက်ဘူးလား?(မက်ပါဘုရား) အားတော့ထုတ်ချင်ပါရဲ့တဲ့ အိမ်ကခွါလို့က မဖြစ်သေးလို့ဆိုတော့၊ အိမ်ကခွါရမယ့်ဒုက္ခလေးကိုသူခံနိုင်သေးရဲ့လား?(မခံနိုင်ပါဘုရား) ဒီတော့ လူ့ချမ်းသာလေးကို မစွန့်နိုင်လို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာသနာနဲ့ကြုံပါရက်သားနဲ့ မစွန့်နိုင်ခဲ့ရင်. . တဲ့။ ရရှိထားတဲ့ လူ့ဘဝပဒေသာကြီးရှုံးတတ်တယ်. . လို့-

သုခေတ္တေ ပဏ္ဍိတော ပေါသော, သမ္ဘသံ အတ္ထမတ္တနော၊
ဘဝပဒေသံ လဒ္ဓါန, စဇေယျ ကပဏံ သုခံ။

ဘုရားရှင်ကတိုက်တွန်းထားတာ၊ သုခေတ္တေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းတရှိန်ရှိန်, ထိန်တလက်လက်, စိန်စက်တန်ဆောင်, အမှောင်ပျက်ပြုန်း; ဤကဲ့သို့ရုပ်နာမ်တရားတွေကို, ဒုက္ခ သမုဒယ, နိရောဓ မဂ္ဂဆိုတဲ့, သစ္စာတရားတွေကို, ခွဲခြားသိနိုင်တဲ့, အရောင်အလင်းရှိနေတဲ့, အချိန်ကြီး၌၊ ပဏ္ဍိတော ပေါသော-ကံကောင်းထောက်မ, လူ့ဘဝကို, ရလာပေြား, အမျိုးသား အမျိုးသမီးအပေါင်း, သူတော်ကောင်းသည်၊ ပဏ္ဍိတော ပေါသော-ကံကောင်းထောက်မလို့ လူ့ဘဝကို, ရလာပေြား, ဤအမရပူရမြို့, ဆင်စွယ်ပွတ်တိုက်နယ်မှစ၍, အမရပူရတစ်မြို့လုံးရှိ, ယနေ့ တရားနာပရိသတ်အပေါင်း,သူတော်ကောင်းတွေကို, အမှုးထား၍၊ ရွှေသက်န်းဆက်ကပ်လှူဒါန်းကြတဲ့ အမျိုးသား အမျိုးသမီးအပေါင်း, သူတော်ကောင်းသည်၊ အတ္တနော အတ္ထံ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစီးပွား, မိမိရဲ့အကျိုးတရားကို၊ သမ္ဘသံ (သမ္ဘသန္တော)-ကောင်းစွာကြည်လင်, အရှည်ထင်အောင်, မျှော်မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရသည့်, ဘဝပဒေသာကြီးကို. . ။

http://www.dhammadownload.com



ယနေ့ ဒကာဒကာမတွေရထားတဲ့လူ့ဘဝကြီးက ဘဝပဒေသာကြီး. . တဲ့ ဘဝပဒေသာကြီး ဘုရားက၊ ဘာကြီးတဲ့တုံးပရိသတ်?(ဘဝပဒေသာကြီးပါဘုရား) ပဒေသာဆိုတာ လိုချင်တာ ဆွတ်ခူးလို့ရတာ ပဒေသာပင်လို့ မခေါ်ဘူးလား? (ခေါ်ပါဘုရား) ယနေ့ဒကာဒကာမတွေရဲ့လူ့ဘဝက ဟော-နတ်ပြည်ခြောက်ထပ် ဘယ်ကြိုက်တုံးသွားလို့ရတယ်၊ ပစ္စေကဗုဒ္ဓါဖြစ်ချင်လည်းကျင့်လို့ရတယ်၊ ဘုရားဖြစ်ချင်လည်းကျင့်လို့ရတယ်၊ ရဟန်းသာမဏေပြုချင်ရင်လည်းရတယ်၊ ဘုန်းကြီးတို့ ဟိုနားမှာရှိတဲ့ နတ်ပြည်ခြောက်ထပ်လို့သာဆိုတာ၊ နတ်တွေက ဘုရားဖြစ်တယ်လို့ ရှိရဲ့လား?(မရှိပါဘုရား) နတ်သားကြီးတွေက ပစ္စေကဗုဒ္ဓါဖြစ်တယ်လို့ရှိရဲ့လား?(မရှိပါဘုရား) နတ်သား နတ်သမီးတွေကရဟန်းခံပြီးတော့ ဒုလ္လဘရဟန်းပြုတယ်လို့ရှိရဲ့လား?(မရှိပါဘုရား) ဒီတော့ သူတို့က ဘဝပဒေသာမဟုတ်ဘူးတဲ့ သူတို့က။

ဒီလူ့ဘဝမှ အစုံရတာ၊ ဘုရားဖြစ်ချင်သလား, သိကြားဖြစ်ချင်သလား, ပြဟ္မာဖြစ်ချင်သလား, နတ်ပြည်ခြောက်ထပ်ဖြစ်ချင်သား, နိဗ္ဗာန်ကြိုက်သလား, ရဟန်းပြုချင်သလား, ပစ္စေကဗုဒ္ဓါဘုရားငယ်တွေဖြစ်ချင်သလား, ဘိက္ခုနီမတွေဖြစ်ချင်သလား, အစုံရတယ်။ အောက်ကြိုက်ရင်လည်း အဝီစိလည်းရတယ်, သိဂ္ဂိုးလည်းရတယ်, ကာလသုတ်လည်းရတယ်, ကြိုက်ရာသွားနိုင်တယ် သူက။ ပရိသတ်ကြီး မရဘူးလား?(ရပါဘုရား) အောက်ပဒေသာကြိုက်သလား အထက်ပဒေသာကြိုက်သလား? အောက်ပဒေသာကြိုက်တယ် နော်၊ ပရိသတ်ကတော့ ဖြေမှာအထက်ဖြေမယ်ဆိုတာသိသားပဲ ဒီက၊ ဒါ့ကြောင့် ကိုယ်ကဦးအောင်အောက်ကြိုက်ပစ်လိုက်ရတာ မထူးပါဘူးအောက်ကြိုက်မယ့်ဥစ္စာပဲ၊ ပါးစပ်ပြောကတော့ အထက်ပါ ကိုယ်အလုပ်ကအောက်ပါ။ ပါးစပ်ပြောကအထက် ကိုယ်အလုပ်ကဘယ်ပါလို့မို့? အောက်ပါ စိတ်သာချပါ နော်။

ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖွဲ့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်တဲ့, ဘဝပဒေသာလူ့ဘဝကြီးကို၊ လဒ္ဓါ လဒ္ဓါန-အခါကောင်းနှင့်, အခွင့်သင့်စွာ, ရရှိနေပါသည်ဖြစ်၍၊ ကပဏ္ဏံ သုခံ-အသက်နည်းပါး, အနာများလျက်, ဆူပွားပွေ့ရှုပ်, လူ့ချမ်းသာဆိုတဲ့ စည်းစိမ်နုတ်ကလေးကို၊ လူ့ချမ်းသာဆိုတာ ကွယ်. . တဲ့၊ စည်းစိမ်နုတ်ကလေးပါဟဲ့. . တဲ့၊ အသက်ကနည်းပါးသေးတယ်တဲ့၊ အသက်ကငါးဆယ်ကျော် ခြောက်ဆယ်ကျော်ဆိုရင် သေလမ်းနခမ်းပရိသတ်မျက်

http://www.dhammadownload.com



စောင်းထိုးမသွားဘူးလား?(ထိုးသွားပါဘုရား) ဒီနေ့ သတင်းစာထဲကြည့်လိုက်ရင် ငါးဆယ်ကျော် ခြောက်ဆယ်ကျော်တွေ မများဘူးလား?(များပါဘုရား) သက်တမ်း (၇၅)နှစ်လို့ဆိုပေမဲ့လို့ (၇၅)နှစ်ရောက်တဲ့သူရှားကုန်ပြီ. . . တဲ့။

အသက်နည်းပါး, အနာများလျက်. . . အသက်ကနည်းရတဲ့အထဲ၊ နေရတဲ့ အသက်ကလေး သုံးဆယ်,လေးဆယ်လည်း ပျော်ပျော်ပါးပါးကျန်းကျန်း မာမာလားဆိုတော့၊ အနာများလျှက်. . . အသဲကင်ဆာကတစ်မျိုး၊ သွေးတိုးက တစ်ဖုံ ဆီးချိုကတစ်တန် ကင်ဆာကတစ်မျိုး၊ နှလုံးကတစ်ဖုံ အမျိုးစုံရောဂါတွေ ဝိုင်းပြီးတော့နေလို့မို့-အသက်နည်းပါး, အနာများလျက်, ဆူပွားပွေရှုပ်. . . မင်းရေး စိုးရေးကဆူ, သားရေးသမီးရေးကဆူ, စီးပွားရေးကဆူ, ရပ်ရေးရွာရေးကဆူ, ဟိုအရေးကဆူ, ဒီအရေးကဆူ၊ ငြိမ်ငြိမ်သက်သက်နေရတာ နည်းပါးတဲ့ ဆူပွားပွေ ရှုပ်, လူ့ချမ်းသာဆိုတဲ့ စည်းစိမ်နုတ်ကလေးကို၊ စဇေ(စဇေယျ)-ရဲရဲဝံ့ဝံ့, နောက်မ တွန့်ဘဲ, စွန့်လွှတ်ကြိုးကုတ်, အားထုတ်လိုက်နိုင်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# " ရတနာခကျောက်ကောက်ထိုက်သူ တရားတော် "

*မာ ဝေါ ခဏံ ဝိရာဓေထ,ခဏာတီတာ ဟိ သောစရေ၊
သဒတ္ထေ ဝါယမေယျာထ,ခဏော ဝေါ ပဋိပါဒိတော။

ဘိက္ခဝေါ- မင်္ဂဖိုလ်နိဗ္ဗာန်လိုလား,အမျိုးကောင်းသား,အမျိုးကောင်းသမီးအပေါင်း,သူတော်ကောင်းတို့၊ ဝေါ တုမ္ဟေ-သင်အမျိုးကောင်းသား,အမျိုးကောင်းသမီး,အပေါင်းတို့သည်၊ ခဏံ-မနုဿတ္တ,ဒုလ္လဘနှင့်,ဗုဒ္ဓသာသနာ, ကြုံတွေ့ခါလျှင်,ဆယ်ဖြာပုည,ဒသသုံးလီ,ပါရမီကို,အမြိုက်ဆီတောင့်တ,ပြုလုပ်ရသည့်, မြတ်လှဘိတောင်း,အခွင့်ကောင်းကြီးကို၊ မာဝိရာဓေထ-ကြောင်းကျိုးမမျှော်, ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချီးနှီးကုန်လွန်၍, မသွားကြစေကုန်လင့်၊ ဟိ-ထိုစကားလျှင်, မမှားဧကန်, တိုက်တွန်းရန်, သင့်လှပါပေ၏။

ခဏာတီတာ-မနုဿတ္တ,ဒုလ္လဘနှင့်,ဗုဒ္ဓသာသနာ,ကြုံတွေ့ခါလျှင်, ဆယ်ဖြာပုည,ဒသသုံးလီ,ပါရမီကို,အမြိုက်ဆီတောင့်တ,ပြုလုပ်ရသည့်, မြတ်လှဘိတောင်း, အခွင့်ကောင်းကို,ကြောင်းကျိုးမမျှော်,ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချီးနှီးကုန်လွန်၍,သွားကြသူတို့သည်၊ သောစရေ-ပစ္စည်းကုန်ပျောက်,အိုနာရောက်၍, သေပေါက်သေဝ, ရောက်ကာလ၌,နောင်တန်ညှိုးမှိန်,စိုးရိမ်ပူဆွေး, စိတ်မအေးခြင်း, ဖြစ်ကြရလေကုန်၏၊ တသ္မာ-ထို့ကြောင့်၊ သဒတ္ထေ-နိဗ္ဗာန်တိုင်ထိ, ကောင်းကျိုးရှိမည့်,မိမိ၏အကျိုးစီးပွား၌၊ ဝါယမေယျာထ-အခွင့်သာဆဲ,အားကုန်နှဲ၍, တစ်ပွဲတစ်လမ်း,ကြိုးပမ်းကြကုန်ရာ၏၊ ဝေါ-တုမှာကံ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား, သင်အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အတွက်၊ ခဏော-ဗုဒ္ဓုပ္ပါဒ,နဝမခဏ, အခွင့်ကောင်းကြီးသည်၊ ပဋိပါဒိတော-မင်းလောင်းရှေ့၌,ရထားဆိုက်သို့,ကြုံကြိုက်ထင်စွာ, ဖြစ်ပေါ်၍,လာခဲ့ပေပြီတကား. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့မြန်မာကောဇာသက္ကရာဇ် ၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်နေ့ညမှာ အမရပူရမြို့ စိန်မြို့လယ်ဓမ္မာရုံကြီးအတွင်း၌ ကျင်းပအပ်

* အပ-၁၁၅၊ ထေရ-၅-၁၄၃၄။

http://www.dhammadownload.com



သော ဤတရားပွဲသည်ကား၊ အမရပူရ-မန္တလေး အမှတ်(၈)မော်တော်ယာဉ် အသင်းကြီးရဲ့(၂၇)ကြိမ်မြောက် (၂၇)နှစ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲတော်ကြီးကို အကြောင်းပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့ တရားပွဲ. . . တဲ့ ဒီတရားပွဲက၊ ဦးမြစိန်နော်(မှန်လှပါဘုရား) (၂၇)ကြိမ်မြောက် ရောက်သည်အထိ အမရပူရမြို့ မန္တလေးအမှတ်(၈) မော်တော်ယာဉ်အသင်းသူအသင်းသား ဒကာဒကာမအပေါင်း သူတော်ကောင်းတို့က မိမိတို့ ချွေးနဲ့စာထဲမှ နေ့စဉ်နေ့စဉ်နည်းများမဆို တတ်စွမ်း သမျှ လှူဒါန်း,လှူဒါန်းပြီးသကာလ စုပေါင်း စုပေါင်းပြီးသကာလ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးပူဇော်လာခဲ့ကြတာ။

ဗုဒ္ဓမြတ်စွာ သာသနာတော်ဝန်ထမ်း ရှင်ရဟန်းတွေ မပင်မပန်း ပရိယတ် ပဋိပတ် သာသနာ့တာဝန်ထမ်းဆောင်နိုင်ကြပါစေ. . .၊မိမိတို့ကိုယ်တိုင်ထမ်း ဆောင်တော်မူကြပြီးသကာလ မိမိတို့နှင့်စပ်ရာစပ်ရာ ဒကာ ဒကာမတွေလည်းပဲ ဓမ္မရေအေး အမြိုက်ဆေးတိုက်ကျွေးဖြန့်ဝေနိုင်ကြပါစေလို့ ဗုဒ္ဓမြတ်စွာသာသနာ တော်ကြီးကို ကထိန်ပွဲကြီးကျင်းပပြီးတော့ ရေလောင်းလာခဲ့ကြတာ(၂၇)နှစ်မြောက် ရောက်လာပြီ. . . တဲ့ ဦးမြစိန်နော်၊(မှန်လှပါဘုရား)၊ မြတ်စွာဘုရားသာသနာတော် ကြီးကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ပြီးတော့နေတယ်ဆိုတော့ ဒါ-သာသနာတော် တည်းဟူသော သစ်ပင်ကြီးညှိုးမသွားအောင်,ခြောက်မသွားအောင် ရေလောင်း နေတာနဲ့တူတယ် ဦးမြစိန်ရဲ့-(မှန်လှပါဘုရား)။

ဒီတော့-အဲဒီလိုရေလောင်းလိုက်တဲ့၊သာသနာတော်တည်းဟူသော သစ် ပင်ကြီး,သာသနာတော်ဝန်ထမ်းတည်းဟူသောရှင်ရဟန်းသစ်ပင်တွေကတဆင့် ဟို ဟိုဒီဒီ စပ်ရာစပ်ရာ ဒကာဒကာမတွေ တရားတော်တွေနာကြားကြရ၊ အဲဒီသံဃာ တော်တွေထံက သီလတွေဆောက်တည်ကြရ၊ သံဃာတော်တွေကိုလှူဒါန်းမှုကိုပြု ကြ၊ သံဃာတော်တွေဟောတဲ့ပြောတဲ့ အဆုံးအမကို နာယူကြနဲ့ဆိုတော့၊ မိမိတို့က ရေလောင်းလိုက်ရတဲ့ကောင်းမှုဟာ၊ အဲဒီလိုပြန့်ကျယ်ပြီးတော့ သွားတယ်လို့ သဘောပေါက်ထားရမယ်နော်။

အဲဒီလိုအားဖြင့် (၂၇)ကြိမ်မြောက်ရောက်လာသည်အထိ မဟာဘုံကထိန် ပွဲဆင်နွှဲပြီးသကာလ ကျင်းပလာခဲ့တဲ့အနက်က ဒီနှစ် မဲကျရာဖြစ်တဲ့ အမရပူရ ဆားချက်ဝိပဿနာကျောင်းတိုက် ပုရိမဝါကပ်တော်မူကြတဲ့ သံဃာတော်အရှင်

http://www.dhammadownload.com



မြတ်တို့အား(၂၇)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကိုလာမယ့် တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့မှာ ဆင်နွှဲပြီးသကာလ ကျင်းပပူဇော်ကြမယ်. . တဲ့၊ ဒီတော့ ဒီနေ့ည ဘုန်းကြီးက ဒီမဟာဘုံကထိန်ပွဲအနေနဲ့ဆိုရင် ဒီနှစ်အနေနဲ့ဆိုရင် ဒုတိယ ညတရားပွဲ။ ဒီတော့-ဒီနေ့ညတရားပွဲမှာ ဘုန်းကြီးက ဘာဟောခဲ့ချင်သလဲ၊ ဘာပြောခဲ့ချင်သလဲလို့ဆိုရင်ဖြင့် မဇ္ဈိမနိကာယ်မှာလာတဲ့ ဝေပုလ္လသုတ်တော်နဲ့၊ အဲဒီမဇ္ဈိမနိကာယ်မှာပင်လျှင်လာတဲ့ မာဂဏ္ဍီချွတ်ခန်း ဇာတ်လမ်းကိုသွင်းပြီးသကာလ ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတို့အား မြတ်စွာဘုရားရဲ့ ဓမ္မက္ခန္ဓာတစ်ခု အဆုံးအမတော်တစ်ရပ်ဆိုတဲ့ အဆုံးအမတော်တစ်ရပ်ကိုဟောမယ်. . လို့ ရည်စူးပြီးတော့လာခဲ့တယ် ဦးမြစိန်နော်. . (မှန်လှပါဘုရား)။ ဒီတော့ ဝေပုလ္လသုတ်တော်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်ဟောတော်မူတဲ့အကြောင်း စ,ရမယ်ဆိုရင်-

**သေယျထာပိ ဘိက္ခဝေ ဝေပုလ္လော ပဗ္ဗတော။**

ဘိက္ခဝေ-မဂ်ဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်း,သူတော်ကောင်းတို့၊ သေယျထာပိ-သင်တို့တစ်တွေ, မဂ်ဖိုလ်နိဗ္ဗာန်ကို ရလွယ်အောင်, မဂ်ဖိုလ်နိဗ္ဗာန် အကြောင်းကို, နားလည်လွယ်အောင်, မဂ်ဖိုလ်နိဗ္ဗာန် ရရေးအတွက်,နားလည်လွယ်အောင်,ဥပမာဆောင်ပြီးသကာလ,ငါဘုရားရှင်ကိုယ်တော်မြတ်, ဟောတော်မူရမယ်ဆိုရင်၊ ဝေပုလ္လော-ဝေပုလ္လမည်သော၊ ပဗ္ဗတော-တောင်ကြီးသည်၊ အတ္ထိ-ရှိ၍နေ၏. . တဲ့။

တစ်နေရာမှာ ဝေပုလ္လဆိုတဲ့တောင်ကြီးရှိတယ်. . . တဲ့ ရှိတယ်၊ အဲဒီတောင်ကြီးက ဘယ်လိုတောင်ကြီးတုန်းလို့ဆိုတော့ ဥစ္စော-မြင့်လဲမြင့်မောက်တယ်၊ ဝေပုလ္လော-တောင်ပေါ်ရောက်သွားတော့လည်း,ပြန့်ပြန့်ပြူးပြူးသာသာယာယာရှိတယ်တဲ့၊ ဆာယူဒကသမ္ပန္နော-သစ်ပင်တွေ,ပန်းပင်တွေ,ဥယျာဉ်တွေ, ပန်းဥယျာဉ်တွေအစရှိတဲ့ ဥယျာဉ်သစ်ပင်ပေါင်းစုံတွေနဲ့ပြည့်စုံတဲ့အပြင်၊ ဥဒကသမ္ပန္နော-သောက်ဖွယ်ချိုးဖွယ်,အသွယ်သွယ်သောရေနဲ့လည်းပဲပြည့်စုံတယ်. . . တဲ့။ တောင်က တောင်ခြောက်ကြီးမဟုတ်ဘူး၊တောင်စိုကြီး။ တောင်စိုကြီးဆိုတော့-တောင်ပေါ်မှာ ပင်ဖြစ်လင့်ကစားရေတွေနဲ့ ဟိုနားကစမ်းရေတွေကျလို့၊ ဒီနားကတောင်ထဲက ထွက်တဲ့ရေတွေစိမ့်ထွက်လို့စသည်ဖြင့် သောက်စရာ ချိုးစရာရေတွေနဲ့လည်းပြည့်စုံတဲ့အပြင်၊ နာနာရတနသမ္ပန္နော-ပြိုးပြိုး ပြက်ပြက်,တလက်လက်အရောင်ထွက်နေ

http://www.dhammadownload.com



တဲ့ ရတနာကျောက်တွေနဲ့လည်းပြည့်စုံတဲ့ တောင်ကြီး. . . တဲ့။

ဟော-မြတ်စွာဘုရားက ဘုန်းကြီးတို့ဒကာ ဒကာမတွေအပါအဝင် ကမ္ဘာ လောကသား,ကျွတ်ထိုက်တဲ့သတ္တဝါများကို ကြည့်ပြီးတော့ဝေပုလ္လတောင်ကြီး ဥပ မာပေးနေတယ်။ ဝေပုလ္လတောင်ကြီးရှိတယ်. . . အဲဒီတောင်ကြီးကသစ်ပင်တွေက စိမ်းစိမ်းစိုစို ညိုညိုမှောင်းမှောင်း သာယာပြန့်ပြူးပါဘိသနဲ့၊ သောက်ဖွယ်ချိုးဖွယ်ရေ တွေနဲ့လည်း ပြည့်စုံပါဘိသနဲ့၊ ပြီးတော့ ထူးနေတာက နာနာရတနသမ္ပန္နော-ပြိုး ပြိုးပြက်ပြက်,တလက်လက်အရောင်ထွက်နေတဲ့ရတနာကျောက်တွေနဲ့လည်း ပြည့် စုံနေတဲ့တောင်ကြီး. . . တဲ့၊ ရတနာကျောက်တောင်ကြီးပေါ့။ အဲဒီ ရတနာကျောက် တောင်ကြီးဆီကိုရောက်လာတဲ့သူတွေကို အမျိုးအစားနဲ့ဘုရားက ခွဲလိုက်ပြန်တယ်-

**တယော မေ ဘိက္ခဝေ တတ္ထဂတာ ပုဂ္ဂလာ**

တတ္ထဂတာ-ထိုရတနာကျောက်တောင်ကြီးဆီသို့,ကံကောင်းထောက်မလို့ ရောက်လာကြကုန်သော၊ ပုဂ္ဂလာ-ပုဂ္ဂိုလ်အမျိုးအစား,အုပ်စုတို့သည်၊ ဣမေ တယော-ဤအမျိုးအစား,သုံးအုပ်စုတို့သာလျှင်တည်း. . . အဲဒီ ပြဆိုအပ်ခဲ့တဲ့ ရတနာကျောက်တောင်ကြီးပေါ်ရောက်လာတဲ့ လူအုပ်စုကြီးသုံးမျိုးရှိတယ်. . . တဲ့ သုံးအုပ်စုရှိတယ်။ အဲဒီ သုံးအုပ်စုက ဘာတွေတုံးလို့ဆိုတော့-

**ကေစ္စေ ဟတ္ထဝိနိနာ အင်္ဂါဟိနော။**

တတ္ထဂတာ-ထိုဝေပုလ္လကျောက်တောင်ကြီးသို့, ကံကောင်းထောက်မလို့ ရောက်လာကြကုန်သော်လည်းပဲ၊ ဟတ္ထဝိနိနာ-လက်မှကင်းကြကုန်သော၊ ဝါ-လက် မပါကြကုန်သော၊ ဝါ-လက်ပြတ်၍နေကြကုန်သော၊ ဝါ-လက်ပြတ်နေကြကုန်သည် ဖြစ်၍၊ အင်္ဂါဟိနော-ရတနာကျောက်တွေကို,ကောက်ယူခြင်းငှာ,မစွမ်းနိုင်ကြကုန် သော၊ ကေစ္စေ-အချို့သောပုဂ္ဂိုလ်တို့လည်းကောင်း. . . ။ရတနာကျောက်တောင် ကြီးပေါ် ကံကောင်းထောက်မလို့တော့ရောက်လာပါရဲ့. . . တဲ့အဲဒီ လူအုပ်ကြီးက။ သို့သော်-အဲဒီ လူအုပ်ကြီးမှာ လက်ကနှစ်ဘက်လုံးမပါကြဘူးတဲ့ လက်ပြတ်နေကြ တယ်။ လက်မောင်းရင်းကစပြီးတော့ လက်တွေကပြတ်နေကြတော့ ရတနာ ကျောက်တွေကို မျက်စိကမြင်ကြသော်လည်းပဲ,မကောက်နိုင် မယူနိုင်ရှာကြတဲ့ လူအုပ်ကြီး. . . တဲ့၊ ဒါက အုပ်စုကြီးတစ်ခု။

http://www.dhammadownload.com



## ကေစ္စေ ဟတ္ထသမ္ပန္နာ အဓမ္ဂါဟိနော။

ဟတ္ထသမ္ပန္နာ-လက်နဲ့ပြည့်စုံကြသော်လည်းပဲ၊ ဝါ-လက်နှစ်ဘက်ပါကြကုန်သော်လည်းပဲ၊ အဓမ္ဂါဟိနော-မှူးတန်ကျောက်,မတ်တန်ကျောက်,ကျပ်တန်ကျောက်, ဆယ်တန်ကျောက်,ရာတန်ကျောက်လောက်ဆိုတဲ့,ကျောက်ကလေးတွေကိုသာလျှင်,ကောက်ယူ၍,သိမ်းဆည်း၍နေကြကုန်သော၊ ကေစ္စေ-အချို့သောပုဂ္ဂိုလ်တို့လည်းကောင်း. . . တဲ့။

အဲဒီ ဝေပုလ္လကျောက်တောင်ကြီးသို့ ကံကောင်းထောက်မလို့ရောက်လာကြတဲ့ လူအုပ်ကြီးတွေထဲမှာဒုတိယအမျိုးစားအုပ်စုက ဘယ်လိုအုပ်စုတုံးလို့ဆိုတော့ လက်နှစ်ဘက်တော့ပါပါရဲ့. . . တဲ့၊ လက်နှစ်ဘက်တော့ပါပါရဲ့။ လက်နှစ်ဘက်ပါလို့မို့ ရတနာကျောက်တွေကိုတော့ကောက်ယူပါရဲ့၊ သို့သော်-သူကဘယ်လိုကျောက်တွေ ကောက်ယူတာနဲ့အချိန်ကုန်နေတုန်းလို့ဆိုတော့ မှူးတန်ကျောက်ကလေးတွေ, မတ်တန်ကျောက်ကလေးတွေ,ဆယ်တန်ကျောက်ကလေးတွေ,ရာတန်ကျောက်ကလေးတွေကောက်ပြီးတော့သိမ်းနေတာနဲ့ပဲ အချိန်ကုန်သွားကြတဲ့သူတွေ. . . တဲ့။ ဟော-ဒုတိယအမျိုးအစားကလက်တော့ပါတယ်၊ အရေးမစိုက်လောက်တဲ့ ဓားသွေးကျောက်လို,မှူးတန်ကျောက်,မတ်တန်ကျောက်တွေကောက်ပြီးတော့ နေတဲ့သူတွေ. . .။ နံပါတ်သုံးအုပ်စုကြီးကျတော့-

## ကေစ္စေ ဟတ္ထသမ္ပန္နာ အနဂ္ဃဂ္ဂါဟိနော။

ကေစ္စေ-အချို့ကုန်သော၊ ဟတ္ထသမ္ပန္နာ-လက်နှစ်ဘက်နဲ့လည်းပြည့်စုံကြကုန်သော၊ ဝါ-လက်နှစ်ဘက်နှင့်ပြည့်စုံကြတဲ့အပြင်၊ အနဂ္ဃဂ္ဂါဟိနော-တန်ဖိုးမဖြတ်နိုင်တဲ့,ဇောတိရသခေါ်တဲ့ပြည်တန်မြင်မောက်လောက်ကျောက်ကြီးတွေကို ကောက်ယူ၍နေကြကုန်သော၊ ကေစ္စေ-အချို့သောပုဂ္ဂိုလ်တို့လည်းကောင်း. . .။

ဟော-သုံးနံပါတ်လူအုပ်စုကြီးက ဘယ်လိုလူအုပ်စုတုန်းဆိုတော့ လက်နှစ်ဘက်လည်းပါတယ်တဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဇောတိရသခေါ်တဲ့ ပြည်တန်မြင်မောက် ကျောက်ကြီးတွေ,ဒီကျောက်တစ်လုံးရလိုက်လို့ရှိရင် တိုင်းပြည်ကြီးတပြည်လောက်ပင် တန်ဖိုးရှိတယ်၊ အဲဒီလို ပြည်တန်မြင်မောက်ကျောက်ကြီးတွေကို ကောက်ယူသိမ်းဆည်းနေကြတဲ့ အချို့သောပုဂ္ဂိုလ်တို့လည်းကောင်း. . . တဲ့။ ဝေပုလ္လကျောက်တောင်ကြီးပေါ် ကံကောင်းထောက်မလို့ရောက်လာတဲ့လူသုံး

http://www.dhammadownload.com



မျိုး. . . တဲ့ လူသုံးမျိုး။ ပရိသတ်ကြီးဘယ်နှစ်မျိုးတဲ့တုံး?(သုံးမျိုးပါဘုရား)။

နံပါတ်(၁)အုပ်စုကြီးကလက်မပါတဲ့အုပ်စုကြီးတဲ့။ နံပါတ်(၂)အုပ်စုကြီးက လက်တော့ပါပါရဲ့ တန်ဖိုးနည်းတဲ့မှုးတန်ကျောက်,မတ်တန်ကျောက်ကလေးတွေ, အရေးမစိုက်လောက်တဲ့ မားသွေးကျောက်လိုကျောက်ကလေးတွေကောက်ယူသိမ်း ဆည်းနေပြီးတော့အချိန်ကုန်သွားကြတဲ့သူတွေ။ နံပါတ်(၃)အုပ်စုကြီးကတော့ လက်လည်းပါတယ်၊ လက်နှစ်ဘက်ပါလို့ ကောက်လည်းကောက်တယ်၊ သူကဘယ်လို ကျောက်တွေရွေးကောက်တုန်းဆိုတော့ ဇောတိရသခေါ်တဲ့ ပြည်တန်မြင်မောက် ကျောက်ကြီးတွေကောက်ယူကြတယ်. . . တဲ့၊ ကောက်ယူကြတယ်။ ဟော-ဒါက မြတ်စွာဘုရားကဥပမာပေးလိုက်တာ။

**ဧဝမေဝ ခေါ ဘိက္ခဝေ ဝေပုလ္လော ပဗ္ဗတော ဝေပုလ္လော**
**ပဗ္ဗတောတိ ဧတံ ဣမဿ ဓမ္မဝိနယဿ အဓိဝစနံ။**

ဧဝမေဝခေါ-ဤပြဆိုအပ်ခဲ့တဲ့,ဥပမာ,အလားတူသာလျှင်၊ ဝေပုလ္လော်ပဗ္ဗ တော-ဝေပုလ္လခေါ်တဲ့ရတနာကျောက်တောင်ကြီးဆိုတာ၊ ဣမဿ ဓမ္မဝိနယဿ- ငါဘုရားရှင်,သွန်သင်ဆုံးမ,ဟောပြအပ်,တည်ထောင်အပ်တဲ့, ဤသာသနာတော် ကြီး၏၊ အဓိဝစနံ-နာမည်ပေတည်း. . .

ဝေပုလ္လရတနာကျောက်တောင်ကြီးဆိုတာ-ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကြီးကိုပြောတာ. . . တဲ့၊ ဝေပုလ္လကျောက်တောင်ကြီးဆိုတာ ငါဘုရား ရှင်တည်ထောင်ထားတဲ့ သာသနာတော်ကြီးပြောတာ။ ဒီတော့-သာသနာတော်ကြီး က ဝေပုလ္လရတနာကျောက်တောင်ကြီးနဲ့ တူတယ်၊ ဝေပုလ္လရတနာကျောက်တောင် ကြီးနဲ့ သာသနာတော်နဲ့ တူတယ်။ ပရိသတ်ကြီး ဝေပုလ္လကျောက်တောင်ကြီးနဲ့ ဘာနဲ့တူတာတုံး?(သာသနာတော်နဲ့တူပါဘုရား) ဟော-အဲဒီ သာသနာတော် တည်းဟူသော ဝေပုလ္လကျောက်တောင်ကြီးပေါ်မှာ ယနေ့ သာသနာတော်တွင်းသား အဖြစ်နဲ့ သာသနာတော်ကို မှီခိုကြည်ညိုဆည်းကပ်တဲ့အနေနဲ့ သာသနာတော်တွင်း မှာ လာပြီးတော့ဖြစ်ကြတဲ့ ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အပါအဝင်,ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကတော့ ဝေပုလ္လကျောက် တောင်ကြီးပေါ် ကံကောင်းထောက်မလို့ ရောက်လာကြတဲ့ လူတွေနဲ့တူတယ်. . . တဲ့။

http://www.dhammadownload.com



ခုနက ဝေဠုလ္လကျောက်တောင်ကြီးဆီကို ကံကောင်းထောက်မလို့ လူအုပ်စုကြီးသုံးစုရောက်လာတာ ခရီးသွားရင်းနဲ့ ရောက်လာကြတာ။(မှန်လှပါဘုရား) အခုလည်းပဲ ယနေ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ(၃၁)ဘုံ သံသရာခရီးကြီး ခရီးနှင်ပြီးတော့လာကြရင်း (၃၁)ဘုံသံသရာခရီးကြီး လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာဘုံ,အပါယ်လေးဘုံ,စုန်ချီ,ဆန်ချီနဲ့ ကျင်လည်ကျက်စားပြေးသွားရင်းနဲ့ လာကြရင်းနဲ့ ဒီနေ့ ကံကောင်းထောက်မလို့ မြတ်စွာဘုရားသာသနာတော်တည်းဟူသော ဝေဠုလ္လကျောက်တောင်ကြီးပေါ် ရောက်လာကြတယ်. . . တဲ့၊ ရောက်လာကြတယ်။

ဒီတော့-ဘုန်းကြီးတို့ ပရိသတ်ကြီးက ဝေဠုလ္လကျောက်တောင်ကြီးပေါ် ကံကောင်းထောက်မလို့ ရောက်လာတဲ့သူတွေ၊ ပရိသတ်ကြီးက ကျောက်တောင်ပေါ် ရောက်လာတဲ့သူတွေလား မရောက်သေးတဲ့သူတွေလား?(ရောက်လာတဲ့သူတွေပါဘုရား) ရောက်လာတဲ့သူတွေလို့ ကိုယ့်ကိုယ်ကိုဆုံးဖြတ်ထားလိုက်၊ ဒါ-မြတ်စွာဘုရားက သူ့သာသနာတော်ကြီးနဲ့ လာပြီးတော့တွေ့တဲ့လူတွေကို ဝေဠုလ္လကျောက်တောင်ကြီးပေါ် ရောက်လာတဲ့သူတွေလို့ ဘုရားရှင်သတ်မှတ်တော်မူနေတာဖြစ်တော့ ဘုန်းကြီးတို့ပရိသတ်ကြီးက ကျောက်တောင်ပေါ် ရောက်နေတဲ့အစားထဲ ပါမသွားဘူးလား?(ပါသွားပါဘုရား)

ကောင်းပြီ. . . ကျောက်တောင်ပေါ် ရောက်လာတဲ့လူက သုံးစားရှိတယ်လို့ ဘုရားက ဟောမထားဘူးလား?(ဟောထားပါဘုရား) ဒီတော့-ငါတို့က လက်ပြတ်နေတဲ့လူလား၊ လက်နှစ်ဘက်ပါသော်လည်းပဲ မှုတန်,မတ်တန်ကျောက် အရေးမစိုက်လောက်တဲ့,ကျောက်ကိုကောက်နေတဲ့ လူလား၊ သို့မဟုတ်-ပြည်တန်မြင်မောက်ကျောက်ကြီးတွေ ကောက်နေတဲ့လူလား. . . လို့ ကိုယ့်ကိုယ်ကို ပြန်မသိရပေဘူးလား?(ပြန်သိရမှာပါဘုရား) ဒီတော့-လက်ဆိုတာ ဘာတုန်းလို့ဆိုတော့--

ဟတ္ထော ဟတ္ထောတိ ဘိက္ခဝေ သဒ္ဓါယေတံ အဓိဝစနံ။

ဟတ္ထော ဟတ္ထောတိ-လက်,လက်လို့ဆိုတဲ့ ငါဘုရားရှင်ဟောတော်မူတဲ့စကားသည်၊ သဒ္ဓါယ-ရတနာသုံးတန်,ကံ-ကံအကျိုး,ဝိပဿနာ, မဂ်ဖိုလ်,နိဗ္ဗာန်မျိုးကို,မြတ်နိုးကျေနပ်,ယုံကြည်သက်ဝင်တတ်တဲ့,သဒ္ဓါစေတ်၏၊ အဓိဝစနံ-မုချမသွေ,နာမည်ထူးကြီး,ဖြစ်ပါပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား

http://www.dhammadownload.com



ငါဘုရားရှင်ကိုယ်တော်မြတ် လက်မပါဘူး,လက်ပါတယ်လို့ဥပမာတင်စား ပြီးတော့ ဟောတဲ့အထဲက,လက်ဆိုတဲ့စကားက. . . တဲ့၊ ပကတိခန္ဓာကိုယ်မှာ ရှိနေတဲ့ လက်ကိုဆိုလိုသည်မဟုတ်ပါ။ သဒ္ဓါတရားတည်းဟူသော လက်ကိုဆိုလိုတယ် . . . တဲ့၊ ဟော-ဘုရားကလက်ဆိုတာ သဒ္ဓါတရားပြောတာတဲ့၊ ပရိသတ်ကြီး လက်ဆိုတာ ဘာပြောတာတုံး?(သဒ္ဓါတရားပြောတာပါဘုရား) သဒ္ဓါတရားဆိုတာ ဘာတုံးဆိုရင် ယုံကြည်ချက်၊ ယုံကြည်ခြင်းကို သဒ္ဓါတရားလို့ခေါ်တယ်၊ ဘာတွေယုံကြည်တုံးလို့ဆိုတော့ ရှစ်မျိုးရှစ်စားသောအချက်တွေကို ယုံကြည်တယ်။

အဲဒီ-သဒ္ဓေယျဝတ္ထုလို့ခေါ်တဲ့ ရှစ်မျိုးရှစ်စားသောဝတ္ထုက ဘုရားကိုယုံကြည်တယ်,တရားကို ယုံကြည်တယ်,သံဃာကို ယုံကြည်တယ်,ဟောဒါ-ယုံကြည်စရာသုံးခု၊ သဒ္ဓေယျဝတ္ထုသုံးခုလို့ခေါ်တယ်။ ကံနဲ့ ကံအကျိုးကို ယုံကြည်တယ်, လေးခု၊ ဝိပဿနာအလုပ်ကို ယုံကြည်တယ်,ငါးခု၊ မဂ်တရားကို ယုံကြည်တယ်, ဖိုလ်တရားကို ယုံကြည်တယ်,ခုနစ်ခု၊ နိဗ္ဗာန်တရားမြတ်ကြီးကို ယုံကြည်တယ်, ယုံကြည်စရာရှစ်ချက်။ ပရိသတ်ကြီး ယုံကြည်စရာ ဘယ်နှစ်ချက်တုံး?(ရှစ်ချက်ပါဘုရား)။

ဘုရား,တရား,သံဃာ,ရတနာသုံးပါးကို ယုံကြည်တယ်၊ ယနေ့ ဘုန်းကြီးတို့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတွေက ဘုရား,တရား,သံဃာ,ရတနာသုံးပါးကို ယုံသလား,မယုံဘူးလား?(ယုံပါဘုရား) ယုံလို့အခုတရားနာရောက်လာတာပေါ့၊ ယုံလို့(၂၇)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကြီးကို ကျင်းပပြီးတော့ လှူဒါန်းကြတာပေါ့၊ မယုံလို့ရှိရင် ဘုရား,တရား,သံဃာ,ရတနာသုံးပါး လှူမှု,တန်းမှုတွေပြုနေတာတို့ ပစ္စုပ္ပန်မှာလည်းပဲ အန္တရာယ်ကင်း ဘေးရှင်းတယ်ဆိုတာတွေ မဟုတ်နိုင်ဘူး၊ သံသရာမှာလည်း အကျိုးတွေပေးတယ်ဆိုတာ မဟုတ်နိုင်ဘူး၊ နောက်ဆုံး-မဂ် ဖိုလ်,နိဗ္ဗာန် ထိအောင်ရောက်နိုင်တယ်ဆိုတာ မဟုတ်နိုင်ပါဘူးလို့ ဆိုရင် ဒီ(၂၇)ကြိမ်မြောက် ရောက်သည့်အထိ ဦးမြစိန် အကုန်အကျခံမယ့်ပစ္စည်းတွေ ကိုယ်စားမှာပေါ့၊ ကိုယ်ဝတ်ပစ်မှာပေါ့၊ ကိုယ့်သား ကိုယ့်သမီး,ကိုယ့်မြေး ကိုယ့်မြစ် ဆင်စရာတွေ မရှိဘူးလား?(ရှိပါဘုရား)

ယနေ့-တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ အသီးသီး ဘုရား,တရား,သံဃာ,ရတနာသုံးပါးနဲ့စပ်တဲ့ ကုသိုလ်တွေကို ပြုနိုင်ကြတယ်၊ ဘုရားကိုရှိခိုးနိုင်ကြတယ်၊ တရားတော်အတိုင်းကျင့်နိုင်ကြတယ်၊ သံဃာတော်တွေကို

http://www.dhammadownload.com



ယုံကြည်ကြတယ် . . လို့ဆိုတာ လက်ပါလို့ ယုံတာလား လက်မပါလို့ ယုံတာလား? (လက်ပါလို့ယုံတာပါဘုရား)။

သဒ္ဓါတရားတည်းဟူသော လက်ကပါနေတာဖြစ်တော့ ယုံကြည်မှုက ရှိနေတော့ ဘုရား,တရား,သံဃာ,ရတနာသုံးပါးဆည်းကပ်နိုင်ကြတယ်၊ ကံ ကံအကျိုးကို ယုံကြည်ကြတယ်၊ ကောင်းတဲ့အလုပ်တွေလုပ်လို့ရှိရင် သူများမျက်စိရှေ့မှာပဲလုပ်လုပ် မျက်ကွယ်မှာပဲလုပ်လုပ် ကောင်းကျိုးတွေရလိမ့်မယ်၊ မကောင်းတဲ့အလုပ်ကိုလုပ်လို့ရှိရင် တိတ်တိတ်ပုန်းပဲလုပ်လုပ် အများရှေ့မှာပဲလုပ်လုပ် မကောင်းကျိုးတွေလာလိမ့်မယ်လို့ မယုံကြဘူးလား?(ယုံကြပါဘုရား) အဲဒါသဒ္ဓါခေါ်တယ်၊ ကံ ကံအကျိုးယုံကြည်တဲ့သဒ္ဓါ၊ ကမ္မသကတာ သမ္မာဒိဋ္ဌိလို့လည်းခေါ်တယ်။

ဝိပဿနာအလုပ်ကိုယုံတယ်၊ ဝိပဿနာအလုပ်ကိုနေ့စဉ်မှန်မှန် မိမိသန္တာန်ဖြစ်အောင် ကြိုးပမ်းနေရင် ဆိုင်ရာကိလေသာတွေကို ဖြိုဖျက်ချတယ်၊ ဖျက်ချတယ်၊ ဆိုင်ရာကိလေသာတောင်ကြီးတွေ,သံသရာကချည်စွဲလာတဲ့ ဒိဋ္ဌိတောင်ကြီးတွေ,လောဘတောင်ကြီးတွေ,မောဟတောင်ကြီးတွေ။ မောဟအမိုက်ကြီးတွေ,ဒိဋ္ဌိအမိုက်ကြီးတွေ,လောဘအမိုက်ကြီးတွေ,ဒေါသအမိုက်ကြီးတွေကိုတဖြေးဖြေးဖြိုဖျက်နေတာပဲ၊ ဝိပဿနာအလုပ်နေ့စဉ်လုပ်လုပ်နေလို့ရှိရင် လောကုတ္တရာမဂ်ဉာဏ် ဖိုလ်ဉာဏ်တစ်နေ့မှာပေါ်နိုင်တယ်၊ အဲဒီပေါ်နိုင်တဲ့ အလုပ်ကြီးပဲလို့ ဝိပဿနာအလုပ်ပေါ်မှာယုံတယ်၊ ဟောဒါ-ဝိပဿနာကိုယုံတယ်လို့ခေါ်တယ်။

မဂ်တရားပေါ်မှာယုံတယ်၊ သောတာပတ္တိ,သကဒါဂါမိ,အနာဂါမိ,အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးပါးတို့သည် . . သူတို့ တစ်ချက်ပေါ်လိုက်သည်နဲ့တစ်ပြိုင်နက် သူတို့ဆိုင်ရာကိလေသာတွေကို အတွင်းကအနုသယဓာတ်နဲ့တကွ အမြစ်ပြတ်အောင် သုတ်သင်နိုင်ပါလား . . မျိုးစေ့ကလေးကို မီးအိုးကင်းထဲမှာ တင်ပြီးတော့ လှော်လိုက်တဲ့အခါမှာ ပေါက်စေတတ်တဲ့သတ္တိတွေ ကုန်သွားခမ်းသွားစေသလိုပဲ၊ ဘုန်းကြီးတို့မျိုးစေ့လေးများ ပဲစေ့လေးဆိုပါတော့-ပဲစေ့လေးထဲမှာ အပင်ပေါက်စေတတ်တဲ့သတ္တိ ပရိသတ်မရှိဘူးလား?(ရှိပါဘုရား) အဲဒီ အပင်ပေါက်စေတတ်တဲ့သတ္တိဆိုတာဟာ အနုသယကိလေသာနဲ့တူတယ်၊ ပဲစေ့လေးက အပင်တွေ,အခက်တွေတော့မထွက်သေးဘူး၊ မထွက်ပေမဲ့လို့ သူ့မြေထဲချမစိုက်လိုက်နဲ့ သူကပေါက်လိုက်မလားချည်းပဲ။

http://www.dhammadownload.com



ဒီတော့ အဲဒီစိတ်သတ္တိလေးကအနုသယကိလေသာခေါ်တဲ့အတွင်းမှာကိန်းနေတဲ့ ကိလေသာနဲ့တူတယ်၊ အဲဒီကိလေသာစိတ်ကိုခြောက်သွားအောင်, ကပ်သွားအောင်,အပင်မပေါက်အောင် အိုးကင်းပေါ်တင်ပြီးတော့ မီးနဲ့လှော်လိုက်ရင်၊ အဲဒီလှော်ပြီးသားမြေပဲစေ့လေးတွေ ပရိသတ်ကြီး အခင်းထဲချစိုက်လို့ ပေါက်သေးလား?(မပေါက်ပါဘုရား) အဲဒီလိုပဲ လောကုတ္တရာမဂ်တရား ဝိပဿနာမဂ်တရားဆိုတဲ့ ဒီမဂ်တရားတို့သည်. . . အနုသယကိလေသာခေါ်တဲ့ အစိုစိတ်အစေးစိတ်တွေကို ခြောက်သွားအောင်,သွေ့သွားအောင် ဒီအလုပ်အားထုတ်နေရင်းနဲ့ လှော်နေရာရောက်တယ်၊ နောက်ဆုံး လောကုတ္တရာမဂ်လေးပါးဆိုတဲ့ တရားထူး တရားမြတ်ကြီးတွေက အဲဒီအနုသယကိလေသာတွေကို နောက်ထပ်မပေါက်တော့အောင်,အမြစ်ပြတ် ကျွမ်းအောင်တိုက်လိုက်တဲ့ မီးနဲ့တူတယ်. . . လို့ယုံတယ်။ အဲဒါ မဂ်တရားပေါ်ကိုယုံတာလို့ခေါ်တယ်။

အဲဒီ မဂ်တရားပေါ်လာလိုက်သည်နဲ့ တပြိုင်နက် နောက်ကကိလေသာခပ်သိမ်းကို အေးငြိမ်းသွားအောင် အပြီးသတ်ပယ်သတ်ပေးတဲ့ ဖိုလ်တရားဆိုတာကိုလည်းပဲ ယုံတယ်၊ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်မိမိသန္တာန်ဖြစ်ပေါ်ရင် လောကမှာရုပ်နာမ်ခပ်သိမ်းအေးငြိမ်း ချုပ်ငြိမ်းနေတဲ့ ဓာတ်ကြီးတစ်မျိုးရှိတယ်. . . တဲ့၊ နိဗ္ဗာန်ခေါ်တဲ့ ဓာတ်ကြီးတစ်မျိုးရှိတယ်။ ရုပ်နာမ်ဒုက္ခခပ်သိမ်း အေးငြိမ်းနေတဲ့ သန္တိသုခခေါ်တဲ့ ချမ်းသာတဲ့ဓာတ်ကြီး,အေးငြိမ်းတဲ့ဓာတ်ကြီး၊ အဲဒီ အေးငြိမ်းတဲ့ဓာတ်ကြီးသည်ငါတို့သန္တာန်မှာ,ငါတို့ဝမ်းထဲမှာ,မဂ်လေးတန် ဖိုလ်လေးတန်ပေါ်ရင် မုချမြင်ရပေလိမ့်မယ်။

အခု ဒို့သန္တာန်မှာ မဂ်လေးတန် ဖိုလ်လေးတန် လောကုတ္တရာဉာဏ်ဓာတ်ကြီးရှစ်မျိုးမပေါ်သေးလို့သာ မမြင်ရတာပဲလို့၊ မိမိမမြင်ရသော်လည်းပဲ ရှိနေတယ်, မုချရှိနေတယ်။ ရှိနေလို့သာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမြင်တော်မူသွားတယ်၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးတွေ မြင်တော်မူသွားတယ်၊ ဝိသာခါကျောင်းအမတို့ ခုနှစ်နှစ်သမီးနဲ့ မြင်တော်မူကြတယ်. . . လို့ နိဗ္ဗာန်တရားကြီးရှိနေတာကိုလည်းပဲ ယုံနေတာကတော့ နိဗ္ဗာန်အပေါ်ကိုယုံတယ်လို့ခေါ်တယ်။ ဒီတော့-ဘုန်းကြီးတို့ဒကာ ဒကာမတွေ အခု နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ကုသိုလ်ပြုနေကြတော့ အခုဘုန်းကြီးပြောသလို လိပ်ပတ်လည်အောင်သာမပြောတတ်ရှိရမယ်၊ နိဗ္ဗာန်ရှိတယ်လို့ မယုံကြဘူးလား?(ယုံကြပါဘုရား)။

http://www.dhammadownload.com



မဂ်တရား ဖိုလ်တရားတွေရဲ့သတ္တိကို အခုဘုန်းကြီးပြောသလို လိပ်ပတ်လည်အောင်မပြောတတ်သော်လည်းပဲ မဂ်တရား,ဖိုလ်တရားတွေ ငါတို့သန္တာန်တစ်ချိန်ပေါ်လိမ့်မယ်. . . ပေါ်ရင် ဒီကိလေသာတွေကိုဆိုင်ရာတွေသတ်ပြီးတော့ အို,နာ,သေရေး,ဒုက္ခဘေးကင်းနိုင်တယ်လို့ မယုံကြဘူးလား?(ယုံပါဘုရား)အဲဒီယုံတဲ့စာတ်ကို သဒ္ဓါတရားလို့ခေါ်တယ်၊ အဲဒီ သဒ္ဓါစာတ်ရှိရင် လက်ပါတာပဲ၊ မရှိရင် လက်ပြတ်နေတာတဲ့။

ဒီတော့-ဘုန်းကြီးတို့သာသနာတော်ကြီးနဲ့ ကြုံတိုင်းလက်ကပါတာမဟုတ်ဘူး၊ သာသနာတော်တွင်းသားဖြစ်တိုင်း လက်ပါတာမဟုတ်ဘူး၊ သာသနာတော်တွင်းသားဖြစ်နေပေမဲ့လို့ ဒါန,သီလ,ဘာဝနာအလုပ်တွေကျောခိုင်း,ဘုရား,တရား,သံဃာ,ရတနာသုံးပါးကိုးကွယ်မှုတွေဆိုတာကို သူကကျောခိုင်းထား။ လှူတယ်တန်းတယ်ဆိုတာ လူဖျင်းတွေရဲ့အလုပ်၊ ပါးတဲ့နပ်တဲ့သူတွေက ယူကြတယ်။ သီလထိန်းတယ်ဆိုတာ ထမင်းငတ်တာပိုတာပဲ။

ဘာဝနာအလုပ်ဆိုတာ အညောင်းအဖတ်တင်တာနဲ့ဖင်ပူတာအဖတ်တင်တာပဲလို့ စိတ်ထဲကသဘောပေါက်နေတဲ့လူ ယုံတယ်ဆိုတဲ့သဒ္ဓါရှိပါ့မလား?(မရှိပါဘုရား) မရှိလို့ရှိရင်သူကအခုလိုလှူတဲ့တန်းတဲ့ ကိစ္စတွေလုပ်ပါ့မလား? (မလုပ်ပါဘုရား) တရားအားထုတ်တဲ့အလုပ် တရားနာတဲ့အလုပ်တွေသူလုပ်ပါ့မလား?၊ (မလုပ်ပါဘုရား) အဲ-မလုပ်တာ ရတနာမကောက်နိုင်တာပဲ၊ လုပ်ရင်ကုသိုလ်ပါရမီ ကောင်းမှုတွေက မိမိသန္တာန်ရမလာဘူးလား?၊(ရလာပါဘုရား) အဲဒါရတနာတွေကောက်တာပဲ. . တဲ့ဘုရားက၊ ဒါဖြင့် လက်မပါတဲ့ လက်ပြတ်ကြီးတွေ ခုနက ဥပမာထဲက လက်ပြတ်ကြီးတွေ ကောက်နိုင်ရဲ့လား?၊(မကောက်နိုင်ပါဘုရား)။

အဲဒါလိုပဲ-သဒ္ဓါတရားတည်းဟူသော ခုနကဘုရား,တရား,သံဃာ,ရတနာသုံးပါးဆိုတဲ့ သုံးချက်၊ ကံ-ကံအကျိုးဆိုတဲ့တစ်ချက်,ဝိပဿနာရယ်,မဂ်ရယ်,ဖိုလ်ရယ်, နိဗ္ဗာန်ရယ်ဆိုတဲ့လေးချက်။ အဲဒီသဒ္ဓေယျဝတ္ထုရှစ်ပါးကို မယုံတဲ့သူတွေကုသိုလ်ကောင်းမှုကို မပြုဘူးဆိုတော့ ရတနာကျောက်တွေကို မကောက်နိုင်ရာမရောက်ဘူးလား?၊(ရောက်ပါဘုရား)။

ဒါဖြင့် အဲဒီအမျိုးစားတွေက ဘာတွေတုံးလို့ဆိုရင် လက်ပြတ်နေတဲ့သူ

http://www.dhammadownload.com



တွေ. . တဲ့၊ လက်ပြတ်နေတဲ့သူတွေ၊ အဲဒီသဒ္ဓါတရားရှစ်ချက်ရှိနေသူတွေက လက်ပါတဲ့သူတွေ၊ ဒါဖြင့်-ဘုန်းကြီးတို့ဒကာဒကာမတွေက လက်ပါတဲ့အမျိုးစားထဲက လား လက်ပြတ်ထဲကလား?(လက်ပါတဲ့အမျိုးစားထဲကပါဘုရား) ဟော-ဒီသုတ်တော်ကြီးနဲ့ ဒီအသွားကိုဘုန်းကြီးတို့ လယ်တီဆရာတော်ဘုရားကြီးက လင်္ကာလေးတွေလုပ်ထားတယ် ဦးမြစိန်ရဲ့ (မှန်လှပါဘုရား) ဒီတော့ ဘုန်းကြီးက လင်္ကာလေးတွေ နှစ်ခေါက်နှစ်ခေါက်လောက်ချပေးမယ်နော် ပရိသတ်ကြီးက လိုက်ဆိုစမ်းပါ။

❖ **ဝေဘူတောင်ကြီး, ပမာမှီး, စောထီးသာသနာ။**
**ကံကောင်းထောက်မ, ရောက်လာကြ, များလှဒို့သူငါ။**
**ရတနာတွေ, အထွေထွေ, မရေမတွက်သာ။**

မြတ်စွာဘုရားသာသနာတော်တွင်းမှာ ရတနာတွေ. . တဲ့၊ ဗောဓိပက္ခိယတရား(၃၇)ပါးတို့ ဒါနကုသိုလ်တွေ,သီလကုသိုလ်တွေ,ဘာဝနာကုသိုလ်တွေ၊ ဒါနကုသိုလ်တွေမလည်းပဲ ခုလိုကထိန်လှူတယ်,သင်္ကန်းလှူတယ်,ဆွမ်းလှူတယ်,ကျောင်းလှူတယ်,ဆေးလှူတယ်နဲ့ ဦးမြစိန် အမျိုးမျိုးမရှိဘူးလား? (ရှိပါဘုရား)။ သီလလည်းပဲ ငါးပါးသီလထိန်းတယ်၊ ဟာ-ရှစ်ပါး,ကိုးပါးစောင့်တယ်၊ ဟာ-သာမဏေသီလတွေတက်ကျင့်၊ ရဟန်းဖြစ်ပြီးတော့ ကုဋေကိုးထောင်သီလတွေတက်ကျင့်တယ်၊ သီလကုသိုလ်တွေကလည်း မရေ မတွက်နိုင်အောင် အများကြီးမရှိဘူးလား?၊ (ရှိပါဘုရား) အဲဒါရတနာတွေခေါ်တာ။ ဘာဝနာကုသိုလ်လည်း သမထဘာဝနာ၊ ဝိပဿနာဘာဝနာတွေမရှိဘူးလား?(ရှိပါဘုရား) သမထဘာဝနာတွေ ကမ္မဋ္ဌာန်းလေးဆယ်၊ ဟော-မေတ္တာ,ဗုဒ္ဓါနုဿတိစတဲ့ ကမ္မဋ္ဌာန်းတွေ။ ဝိပဿနာတွေမရှိဘူးလား? (ရှိပါဘုရား) အဲဒါရတနာတွေလို့ခေါ်တယ်၊ ဆိုစမ်းပါအုံး-

❖ **ရတနာတွေ, အထွေထွေ, မရေမတွက်သာ၊**
**လက်မပါသူ, များဗိုလ်လူ, မယူမရရှာ၊**
**အရေးမရောက်, ဓားသွေးကျောက်, မကောက်မိစေရာ။**

ဒီ-လက်မပါတဲ့သူနဲ့ လက်ပါတဲ့သူလို့ နှစ်မျိုးခွဲလိုက်တဲ့ အထဲက ယနေ့ ဘုန်းကြီးတို့ ဒကာဒကာမတွေက လက်ပါတဲ့သူထဲမှာ ပါမသွားဘူးလား?(ပါသွားပါဘုရား) ကောင်းပြီ. . လက်ပါတဲ့သူထဲမှာပါတာတော့ဟုတ်ပြီတဲ့၊ အဲဒီ လက်ပါတဲ့သူကလည်းပဲ အရေးမစိုက်လောက်တဲ့ ဓားသွေးကျောက်, မူးတန်ကျောက်,

http://www.dhammadownload.com



မတ်တန်ကျောက်ကလေးတွေကောက်ပြီးတော့ အချိန်ကုန်တဲ့ လက်ပါတဲ့သူက တစ်မျိုး၊ ဇောတိရသခေါ်တဲ့ ပြည်တန်မြေမောက်ကျောက်ကြီးတွေ ကောက်ယူနိုင်တဲ့ လက်ပါတဲ့သူကတစ်မျိုး . . လို့ ခုနကဥပမာမှာ နှစ်မျိုးမကွဲခဲ့ဘူးလား?၊(ကွဲပါ ဘုရား)။

ဒီတော့-ဘုန်းကြီးတို့ ဒကာဒကာမတွေက အရေးမစိုက်လောက်တဲ့ ခါးသွေးကျောက်လောက်ကောက်နေတဲ့သူလား၊ သို့မဟုတ် ဇောတိရသကျောက်ကြီးတွေ ကောက်နေမိရက်ဖြစ်သလားလို့ ကိုယ့်ကိုယ်ကို မစစ်ရပြန်ပေဘူးလား? (စစ်ရပါဘုရား) အဲဒီလို စစ်ရတဲ့နေရာမှာ ခါးသွေးကျောက်ကလေးတွေကောက်မိပြီးတော့ အချိန်ကုန်နေမိမှာစိုးလို့ အရေးမရောက်တဲ့ ခါးသွေးကျောက် မကောက်မိစေနဲ့ဆိုတော့-ခါးသွေးကျောက်ဆိုတာ ဘာတုံးဘုရား. . လို့ ဆိုတော့ ဆိုစမ်းပါအုံး-

### ❖ လူ့နတ်တို့အား, စည်းစိမ်များ, ခါးသွေးကျောက်ပမာ။

ခါးသွေးကျောက်လောက်ကျောက်ကလေးတွေကောက်နေရုံနဲ့ အချိန်ကုန်တယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့တဲ့၊ ကုသိုလ်တွေတော့ပြုပါရဲ့တဲ့၊ ဒါနတွေလည်းပြုပါရဲ့ သီလတွေလည်းထိန်း ဥပုသ်တွေလည်းစောင့်ပါရဲ့၊ ဘာဝနာတွေလည်းပွားပါရဲ့ ။သူက ဘာရည်ရွယ်ချက်ချပြီးတော့ ပြုနေသလဲဆိုရင် လှူလိုက်တန်းလိုက်လို့ရှိရင် နောက်ဘဝဒီထက်ကြီးကျယ်ချင်တယ်၊ ဒီထက်ခမ်းနားချင်တယ်၊ ဒီထက်ပေါချင်တယ်၊ ဒီထက်သူဌေးကြီး သူဌေးကတော်ကြီးတွေဖြစ်ချင်တယ်၊ စကြာမင်း,စကြာမင်းမိဖုရားကြီးတွေဖြစ်ချင်တယ်၊ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေကို ရချင်တယ်၊ နတ်ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေကိုရချင်တယ်၊ ဗြဟ္မာဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာဆိုတဲ့ စည်းစိမ်ချမ်းသာကြီးတွေကိုရချင်လို့ လှူနေတယ်၊ ရချင်လို့ သီလဆောက်တည်နေတယ်၊ ဥပုသ်စောင့်နေတယ်၊ ရချင်လို့ ဘာဝနာပွားနေတယ်ဆိုရင်. . တဲ့၊ အဲဒါ ခါးသွေးကျောက်ကလေးကောက်တာနဲ့ အချိန်ကုန်နေပြီ. . . ။

ခါးသွေးကျောက်များဆိုတာ အတွင်းကပွလို့ ဘာမှမကောင်းဘူး အထဲခွဲကြည့်၊ အရည်အသွေးကလည်းဘာမှမရှိဘူး၊ အပေါ်ယံက ချောတောတောလေးနေလို့ကောင်းတယ်ထင်ရ။ အဲဒါလိုပဲ-လူ့ဘဝစည်းစိမ်ရိပ်ငြိမ်ချမ်းသာ

http://www.dhammadownload.com



ဆိုတဲ့ စည်းစိမ်ကြီးတွေရဲ့အတွင်းမှာ အိုဘေးကြီးတွေ-အဆွေးတွေအမျိုးမျိုး ခိုနေတယ်၊ နာဘေးကြီးတွေဆိုတဲ့ အပဲ့တွေအမျိုးမျိုးခိုနေတယ်၊ သေဘေးကြီးတွေအမျိုးမျိုးဆိုတဲ့ မကောင်းတာတွေခိုနေတယ်. . တဲ့၊ ပရိသတ်ကြီး လူ့ဘဝ လူ့ခန္ဓာ လူ့စည်းစိမ်ကြီးရဲ့ အတွင်းမှာ ဆံဖြူ၊နားထိုင်း၊ခါးကိုင်း၊သွားကျွေ၊အသားရေယိုယွင်း၊ အိုမင်းခြင်းဆိုတဲ့ အိုဘေးကြီးတွေခိုမနေဘူးလား?(ခိုနေပါဘုရား)။

ကယ်ပါယူပါ၊တစာစာနှင့်၊ဘယ်ညာလိမ့်လူး၊အထူးမခံသာ၊နာကြင် ကိုက်ခဲ၊ရောဂါစွဲရခြင်းဆိုတဲ့ ဗျာဓိဘေးကြီးအဖုံဖုံ ကိန်းမနေဘူးလား?(ကိန်းနေပါဘုရား)။ ရေနစ်သေခြင်း၊မီးလောင်သေခြင်း၊အဆိပ်သင့်သေခြင်း၊ဓားခုတ်၍သေခြင်း၊လှံထိုး၍သေခြင်း၊အနာကြီးနှင့်သေခြင်း၊အနာငယ်နှင့်သေခြင်း၊ နာတာရှည်နဲ့သေခြင်း၊နာတာတိုနဲ့သေခြင်း ဘယ်အသေမှန်းသာမသိတယ် အသေပေါင်းစုံသည် လူ့ဘဝစည်းစိမ်ခန္ဓာထဲမှာ ခိုပြီးတော့ပါမလာဘူးလား?(ပါလာပါဘုရား)။

ဒါဖြင့် ဒီလူ့ဘဝစည်းစိမ်ဆိုတဲ့ကျောက်ဟာ အတွင်းသေသေချာချာ ဝိပဿနာဉာဏ်မျက်လုံးသုံးပြီးတော့ ဉာဏ်နဲ့ကြည့်လိုက်တော့ အရည်အသွေးကောင်းရဲ့လား?(မကောင်းပါဘုရား) ဒါဖြင့်-ဒီကျောက်ဟာ အရည်အသွေးမှ မကောင်းတဲ့ကျောက်ဆိုရင် တန်ဖိုးရှိပါ့မလား?၊(မရှိပါဘုရား) ဒါဖြင့် ဓားသွေးကျောက်လောက်ပဲ တန်ဖိုးရှိတယ်ဆိုတာ ဥပမာနှိုင်းသင့်လို့ နှိုင်းတယ်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)၊ ဒါဖြင့် ဘာကောက်ရမှာတုံး ဘာကောက်မိစေရမှာတုံးဆိုတော့ ဆိုပါအုံး-

### ❖ ဇောတိရကျောက်၊ မြင်မောက်၊ ကောက်ယူရအောင်သာ။

ဇောတိရသကျောက်ခေါ်တဲ့ မြင်မောက်ကျောက်ကြီးတွေရအောင် ကောက်ယူ. . တဲ့၊ ဇောတိရသဆိုတာ အရောင်တဝင်းဝင်းတလင်းလင်းနဲ့ သူ့ကိုရလိုက်ပြီဆို တစ်သက်လုံးချမ်းသာသွားတာ၊ ဘယ်တော့မှ ပြန်မဆင်းရဲတော့ဘူး၊ ဘယ်တော့မှ မအိုတော့ဘူး၊ ဘယ်တော့မှ မနာတော့ဘူး၊ ဘယ်တော့မှ မသေတော့ဘူး၊ သူ့ကိုလက်ထဲရလို့ သူ့ကိုပန်ဆင်နိုင်လို့ရှိရင် အိုဘေးကြီးအမျိုးမျိုးတွေကုန်တယ်၊ နာဘေးကြီးအမျိုးမျိုးတွေခန်းတယ်၊ သေဘေးကြီးအမျိုးမျိုးတွေပြတ်တယ်၊ အဲဒီတော့ ဒီကျောက်ကြီးရအောင် ပရိသတ်မကောက်ထိုက်ဘူးလား?၊(ကောက်ထိုက်ပါဘုရား)၊ ဒီတော့-ဇောတိရသ ပြည်တန်မြင်မောက်ကျောက်ကြီးဆိုတာ

http://www.dhammadownload.com



ဘာတုံးလို့ဆိုတော့ ဆရာတော်ဘုရားကြီးရဲ့ လက်ာနဲ့ပဲပြောကြရအောင်၊ ပါဠိ တော့ရွတ်မနေတော့ဘူး၊ ကဲ-ဆိုစမ်းပါအုံး-

❖ ဇောတိရကျောက်, မြင်မောက်, ကောက်ယူရအောင်သာ၊
မဂ်ဉာဏ် ဖိုလ်ဉာဏ်, မြိုက်နိဗ္ဗာန်, ပြည်တန်မြကြီးပါ။

ဟော-ဇောတိရသပြည်တန်မြင်မောက် ကျောက်ကြီးဆိုတာ ဘာတုန်း လို့ဆိုတော့-မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်ဆိုတဲ့ ကျောက်ကြီးကိုးလုံး. . တဲ့၊ ရတ နာကြီးကိုးလုံး။ ပြည်တန်မြင်မောက် ကျောက်ကြီးကိုးလုံးရှိတယ်၊ ပရိသတ်ကြီး ပြည်တန်မြင်မောက်ကျောက်ကြီးဘယ်နှစ်လုံးတုန်း?(ကိုးလုံးပါဘုရား) အဲဒီပြည် တန်မြင်မောက် ရတနာကျောက်ကြီးကိုးခုကိုရအောင်ကောက်ကြ. . တဲ့ ရအောင် ကောက်ကြ၊ အဲဒီပြည်တန်မြင်မောက်ရတနာကျောက်ကြီးတွေကို ရအောင် ကောက်ယူနေတဲ့သူသည်သာလျှင် လက်ပါတဲ့အပြင် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ ကျောက်တွေကို ကောက်နေတယ်လို့ခေါ် ရတယ်။ ဒီတော့ ဘုန်းကြီးတို့ ဒါန,သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုတွေ ပြုတိုင်း ပြုတိုင်း အဲဒီပြည်တန်မြင်မောက်ရတနာ ကျောက်ကြီးတွေကောက်မိဖို့ အရေးမကြီးဘူးလား?၊(ကြီးပါဘုရား) ကောင်းပြီ. . ဒါဖြင့်-အဲဒီပြည်တန်မြင်မောက် ရတနာကျောက်ကြီးတွေ ကောက်မိဖို့ရာအတွက် အဘယ့်နှယ့်လုပ်ရမှာတုံးလို့ဆိုတော့-

* ပဉ္စက္ခန္ဓေ အနိစ္စတော ဒုက္ခတော အာဗာဓတော
မာရာမိသတော၊ ဇာတိဓမ္မတော ဇရာဓမ္မတော
ဗျာဓိဓမ္မတော မရဏဓမ္မတော၊ သောကဓမ္မတော
ပရိဒေဝဓမ္မတော ဥပါယာသဓမ္မတော၊ သံကိလေသဓမ္မတော၊
စတ္တာရီသာယ အာကာရေဟိ သမ္မတ္တနိယာမံ ဩက္ကမတိ။

ဩက္ကမတိ-ဤကဲ့သို့ စတ္တာရီသာယ အာကာရေဟိ-လေးဆယ်သော အခြင်း အရာတို့ဖြင့်၊ အနုလောမိကံဇာတိ-ဝိပဿနာဉာဏ်ကို၊ ပတိလဗ္ဘတိ-ရနိုင်၏၊ သမ္မတ္တနိယာမံ-သောတာပတ္တိမဂ်ကစ၍,မဂ်လေးတန်,ဖိုလ်လေးတန်ဆိုတဲ့ တရား ထူး,တရားမြတ်သို့၊ ဩက္ကမတိ-ဒီတောကြီးလေးဆယ်ကို, ခိုအောင်းပြီးတော့, ရှုပွား ခဲ့ရင်ဖြင့်,မုချမသွေ,အမြိုက်ကျောက်ကြီးကို, ရနိုင်ပါပေသတည်း. . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

---

* ပဋိသံ -၄၁၁။

http://www.dhammadownload.com



တောကြီးလေးဆယ် တစ်တောတောအောက်က ခိုကောက်လို့ဆိုတဲ့ စကား တင်စားပြီးတော့ပြောတဲ့စကား၊ ဒီတော့-တောကြီးလေးဆယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့ ခုနကပြောသလို ခန္ဓာငါးပါးရုပ်နာမ်တရားတွေကို မိမိတို့နေထိုင်ရာဘုံဘဝခေါ်တဲ့ (၃၁)ဘုံကြီးနှင့်တကွ မိမိတို့လက်ရှိခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို အနိစ္စတော-အနိစ္စအားဖြင့်ရှု၊ ဝါ-အနိစ္စလို့ရှု၊ ဒုက္ခတော-ဆင်းရဲသောအားဖြင့်ရှု၊ ဒီလို အနိစ္စအနေနဲ့ရှုရှု၊ ဒုက္ခအနေနဲ့ရှုရှု၊ အဲဒီလိုရှုတာကိုပဲ အနိစ္စတောကြီးထဲခိုတယ်၊ ဒုက္ခတောကြီးထဲခိုတယ်လို့ တင်စားပြီးတော့ပြောတာ။

ဒီတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ ဒီတောကြီးလေးဆယ် လေးဆယ်လုံးခိုဖို့မလိုဘူး၊ တစ်တောတောအောက်ကခိုကောက်ရင်ရမယ်. . . လို့ ခုနကဘုရားအာမခံမထားဘူးလား?(အာမခံထားပါဘုရား) ဒီတော့-ဘုန်းကြီးက ဒီနေ့ အာဗာဓတော-အနာရောဂါအားဖြင့် ရှုပွားနည်းဆိုတဲ့ အဲဒီရှုပွါးနည်းနဲ့ မာဂဏ္ဍိယ ပရိဗ္ဗိဇ် ချွတ်ခန်းကိုပြောချင်လို့ ဘုန်းကြီးဒီစကားတည်လာတာနော်။ ဒီတော့- **မာဂဏ္ဍိယ ပရိဗ္ဗိဇ် ချွတ်ခန်းနဲ့ အာဗာဓတော**ခေါ်တဲ့မိမိရဲ့လက်ရှိရုပ်နာမ်ခန္ဓာကြီးတွေကို အနာရောဂါကြီးအဖြစ်နဲ့ ရှုနည်း၊ အဲဒီ-အာဗာဓတောဆိုတဲ့ တောကြီးအောက်က နေပြီးတော့ ခိုကောက်ရင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်,မြိုက်နိဗ္ဗာန် ပြည်တန် မြကြီးတွေ ရပုံကို ပြောရအောင်၊ ဘုန်းကြီးတို့ ***မာဂဏ္ဍိယသုတ်တော်** ဆိုတာကို ထုတ်ဖော်ရ လိမ့်အုံးမယ်နော်၊(မှန်လှပါဘုရား)

**ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံ နာမ၊**
**ကုရူနံ နိဂမော ဘာရဒွါဇဂေါတ္တဿ ဗြာဟ္မဏဿ၊**
**အဂျာဂါရေ တိဏသန္ထာရကေ။**

ဧကံသမယံ-အခါတစ်ပါးတုန်းက၊ ဧကံသမယံ-ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတော်မူစဉ် အခါတစ်ပါးတုန်းက၊ ဘဂဝါ-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ကုရူသု-ကုရုတိုင်းတို့၌၊ ကမ္မာသဓမ္မံနာမ-ကမ္မာသဓမ္မခေါ်တဲ့နိဂုံးကြီးမှာ၊ ဘာရဒွါဇ ဂေါတ္တဿ ဗြာဟ္မဏဿ အဂျာဂါရေ-ဘာရဒွါဇအမည်ရတဲ့ ပုဏ္ဏားကြီးရဲ့ မီးပူဇော်ရာ မီးတင်းကုပ်တဲလေးထဲ၌၊ တိဏသန္ထာရကေ-သူ့အတွက် အာဂန္တုကဝတ်ပြုတဲ့အနေနဲ့ ခင်းပေးထားတဲ့ မြက်အခင်းလေးအပေါ်၌၊ ဝိဟရတိ-ယာပိုထ်လေးလီ မျှညီရှင်ပြုံး သီတင်းသုံးတော်မူပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

--------

* မ-၂၁၆၉၊ မ-ဋ္ဌ-၃၁၃၄၆။

http://www.dhammadownload.com



အားလုံးသောယနေ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်. . အခါတစ်ပါးမှာ ကုရုတိုင်းက ကမ္မာသဓမ္မခေါ်တဲ့နိဂုံးကြီးမှာ၊ အဲဒီနိဂုံးကြီးထဲမှာရှိနေတဲ့ ဘာရဒွါဇခေါ်တဲ့ ပုဏ္ဏားကြီးရဲ့အိမ်မှာ တည်းခိုနေတော်မူရှာတယ်. . တဲ့၊ တည်းခိုနေတယ်။ တည်းခိုနေတော့ ပုဏ္ဏားကဗုဒ္ဓဘာသာတော့မဟုတ်ဘူး၊ နေရာထိုင်ခင်းကောင်းကောင်းမွန်မွန်ရယ်လို့လည်းမပေးဘူး၊ သူမီးပူဇော်တဲ့ မီးတင်းကုပ်ထဲမှာမြက်အခင်းလေးခင်းပြီးတော့ပေးတယ်တဲ့၊ အဲဒီအပေါ်မှာ သီတင်းသုံးတော်မူတယ်။

ဒီတော့-*အဋ္ဌကထာဆရာကြီးက ဖွင့်တယ်-နတ်ရဲ့ဗိမာန်နဲ့တူတဲ့ ဂန္ဓကုဋိတိုက်တော်ကြီးကို စွန့်ပယ်တော်မူခဲ့ပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပြာတွေမီးသွေးတွေမီးခိုးတွေညစ်ပေနေတဲ့ ဘာရဒွါဇပုဏ္ဏားရဲ့ မီးတင်းကုပ်ထဲက ဒီမြက်ခင်းဟောင်းဟောင်းလေးပေါ်မှာ လာရောက်ပြီးတော့ သီတင်းသုံးနေတော်မူရှာတယ်. . တဲ့၊ ဘာပြုလို့ဒီလိုလာပြီးတော့ သီတင်းသုံးနေပါသလဲလို့ အဋ္ဌကထာဆရာကြီးကိုယ်တိုင် သူဖွင့်ချက်လာတယ်နော်၊(မှန်လှပါဘုရား)။

ဒီတော့-ဘုန်းကြီးတို့ပရိသတ်ကြီးကလည်း ဘုရားရှင်ဘာပြုလို့ ကိုယ့်ကို မကြည်ညိုတဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဏ္ဏားကြီးရဲ့အိမ်မှာ မီးတင်းကုပ်ကလေးထဲက မြက်ခင်းလေးပေါ်လာပြီးတော့ နေပါလိမ့်မတုံးလို့ မစဉ်းစားထိုက်ဘူးလား?၊ (စဉ်းစားထိုက်ပါဘုရား) မြတ်စွာဘုရားဘာပြုလို့ ဒီကြွလာပါသလဲဆိုတော့- အဲဒီလိုမကြွလာခင် တစ်ခုသောနံနက်ခင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ ဓမ္မတာ ကျွတ်ထိုက်တဲ့သတ္တဝါကို မနက်စောစောအချိန်သဗ္ဗညုတဉာဏ်ကွန်ယက်ဖြန့်ကျက်ပြီးတော့ရှာလိုက်တဲ့အခါ အဲဒီကမ္မာသဓမ္မနိဂုံးကြီးမှာနေတဲ့ မာဂဏ္ဍီယခေါ်တဲ့ပရိဗိုဇ် ဉာဏ်တော်ကွန်ယက်ထဲမှာ ဝင်ပြီးတော့လာထင်တယ်။

ထင်တော့ "သြော် သာသနာပ အယူရှိတဲ့ မာဂဏ္ဍီယပရိဗိုဇ်လာထင်ပါလား. . လာထင်တယ်ဆိုကတည်းကိုက သူကျွတ်ထိုက်တဲ့ သတ္တဝါမို့လာထင်ပြီ၊ ဒီတော့ ငါဘုရားရှင်ဘယ်လိုသွားပြီးတော့ ချွတ်ရပါလိမ့်မလဲတဲ့၊ အင်း-ငါကဘယ်လိုသွားရမှာ သူနဲ့ဘယ်လိုတွေ့ရမှာပဲ၊ သူကဘာစကားပြောလိမ့်မယ် ငါကဘာစကားပြန်ပြောရမှာပဲ၊ အင်း-တစ်ရက်နဲ့လည်းကျွတ်မှာမဟုတ်ပါလား. . ၊ နှစ်ရက် သုံးရက် ငါဆိုင်းပြီးတော့ချွတ်ရမှာပါလား"လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး

* မ-ဋ္ဌ-၄၊၂၀၅

http://www.dhammadownload.com



သူချွတ်ရမယ့်သတ္တဝါရဲ့ ကျွတ်မယ့်အခြေအနေ၊ တိုက်ပွဲဝင်ရမယ့် အခြေအနေ၊ အဝင်အထွက်လုပ်ရမယ့်အခြေအနေတွေကို သုံးသပ်ပြီးတော့ ကြိုတင်ပြီးတော့ ပြင်ဆင်ရတယ် ဦးမြစိန် (မှန်လှပါဘုရား)။

စာကပြောတယ် ဥပမာဘာနဲ့တူတုံးဆိုရင်. . . တဲ့ တကယ့်စစ်တိုက်ကွင်းကြီးတစ်ခု အောင်ပွဲရအောင်တိုက်ရမယ့် တိုက်ပွဲကြီးတစ်ခုကိုဆင်းမယ့် စစ်ဗိုလ်မှူးကြီး စစ်သေနာပတိချုပ်ကြီးလိုပဲ၊ မိမိရဲ့စစ်တပ်တက်ရမယ့် သွားရမယ့်လမ်းတွေ ဟိုမှာရန်သူနဲ့တွေ့တော့ ဘယ်လိုတိုက်ရမယ်ခိုက်ရမယ် ဘယ်လို တက်ရဲဆင်းရမယ်ဆိုတာတွေ ကြည့်ရဆင်သရလိုပဲ. . . တဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သတ္တဝါတစ်ယောက်ချွတ်တော့မယ်ဆိုရင် မနည်းဘူးပြင်ရတယ် ဦးမြစိန်၊ (မှန်လှပါဘုရား) လွယ်လွယ်လေးမဟုတ်ဘူးဘုရားလည်း၊ သူ့ခမျာ အတော်ပန်းရှာတယ်နော် (မှန်လှပါဘုရား)။

ဘာပြုလို့တုံးဆိုတော့ ဘုန်ကြီးတို့တစ်တွေသန္တာန်မှာ လောဘ,ဒေါသ, မောဟ ထုထည်ကြီးတွေက အားကောင်းမနေဘူးလား?(ကောင်းနေပါဘုရား) ဘုန်းကြီးတို့ ဒကာဒကာမတွေ ညစ်ပေနေတဲ့ လက်နှီးစုတ် ဇာစ်ကြိမ်ရေလေးစွတ်ပြီးတော့ ဆပ်ပြာတိုက်ဖွတ်ရုံနဲ့ ကျွတ်ပါ့မလား?(မကျွတ်ပါဘုရား)၊ စင်ပါ့မလား?(မစင်ပါဘုရား) အဲဒါလိုပဲ-လက်နှီးစုတ်လို မနည်းချွတ်ယူရမှာ။

အင်မတန်ကြေးရှစ်သစ်လောက်တက်နေတဲ့ကြေးဖလားကြီးကို တစ်ကြိမ်လေးရေလေးဖြန်းပြီးတော့ ဆပ်ပြာကြမ်းလေးတစ်ကြိမ်တို့ရုံနဲ့ကျွတ်ပါ့မလား? (မကျွတ်ပါဘုရား) အဲ-ဘုန်းကြီးတို့တစ်တွေက အဲဒီအတိုင်းပဲ ဘုရားရှင်ကိုယ်တော်မြတ် ကြီးမနည်းချွတ်ပြီးဖွတ်ရမှာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမာဂင်္ဂါယပရဗိုဇ်ဆိုတဲ့ လက်နှီးစုတ်ကိုမနည်းကြီးချွတ်တော်မူရတယ်တဲ့၊ ချွတ်ပြီးတော့ ဖွတ်တော်မူရမှာ။ ဒါမာဂင်္ဂါယပရဗိုဇ်ကို ဥမာပြောတာ ဘုန်းကြီးတို့တစ်တွေရော လက်နှီးစုတ်တွေလို မနေဘူးလား?(နေပါဘုရား) ကြေးရှစ်သစ်တက်နေတဲ့ ကြေးဖလားကြီးတွေနဲ့ မတူဘူးလား?(တူပါဘုရား) ဒီတော့ ဘုရားကပွတ်လို့မဖြစ်လို့တောင် ပွတ်တောင်မပွတ်ဘူး ပစ်ထားခဲ့တယ်နော်။ မာဂင်္ဂါယမှအပွတ်ခံရသေး ဘုန်းကြီးတို့ အပွတ်ခံရရဲ့လား?(မခံရပါဘုရား) ဒီတော့ မာဂင်္ဂါယအထင်သေးမနေနဲ့ ဟိုကအပွတ်ခံရတော့မှာနော်(မှန်လှပါဘုရား)။

http://www.dhammadownload.com



အဲဒီလိုနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်. . မာဂဏ္ဍိယပရိဗိဇ်ကို ချွတ်ရမယ့်အရေးတွေမြင်တော်မူပြီးတဲ့နောက်မှ တစ်ပါးတည်းသက်န်းရုံပြီး သကာလ သပိတ်ကိုပခုံးမှာလွယ်တော်မူပြီးသကာလ တစ်ပါးတည်းကြွလာတော်မူခဲ့တယ်၊ ဒေသစာရီကြွသလိုလို ဘာလိုလိုနဲ့ ကြွလာတာဦးမြစိန်ရဲ့(မှန်လှပါဘုရား ကြွလာပြီးတော့လည်းပဲ အဲဒီကမ္မာသဓမ္မနိဂုံးဘုရားက သီတင်းသုံးနေကျကျောင်း သွားသီတင်းသုံးလို့ ဒီမာဂဏ္ဍိယပရိဗိုဇ်ကလာမှာမဟုတ်ဘူး၊ မာဂဏ္ဍိယ ပရိဗိုဇ် ကတိတ္ထိ သာသနာဖျအယူ၊ ဒီထဲမှာမှ သူကအင်မတန်ဝါဒသန်နေတဲ့ပုဂ္ဂိုလ်။

ဒါပေမယ့်လို့သူ ရှေးကပါရမီကပါလာတဲ့ပုဂ္ဂိုလ်ဖြစ်တော့ သူရဟန္တာဖြစ်သည်ထိကျွတ်မှာ ကျွတ်မှာက။ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန္တာဖြစ်သည့်အထိကျွတ်မှာဆိုတော့ အင်မတန်လိုချင်တယ်၊ ဒီလိုချွတ်ဖို့ရာအတွက် ငါလေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရတာ. . တဲ့၊ ဒီအလုပ် လုပ်ဖို့ငါ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံးလုံး ပါရမီတွေဖြည့်ပြီးတော့ ဘုရားဖြစ်အောင် ကြိုးစားခဲ့ရတာဆိုတော့ သူ့ရဲ့တပည့်သားတစ်ယောက် သားတော်ကြီးတစ်ပါး အဖြစ်နဲ့ ကျွတ်တန်းဝင်မယ်ဆိုတော့ သူက လိုလိုလားလား မသွားပေဘူးလား? (သွားပါဘုရား)။

ဘုရားဖြစ်အောင်ကျင့်ခဲ့တဲ့လိုရင်းကလည်း ဒါရည်ရွယ်ချက်နဲ့ ကျင့်ခဲ့တာမဟုတ်လား?(မှန်ပါဘုရား)၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပင်ပန်းပေမယ့်လို့ ပင်ပန်းတယ်လို့ မယူဆဘူး၊ ညစ်ပတ်ပေနေတဲ့ မီးတင်းကုပ်တဲ ကလေးပေမဲ့လို့ သည်းခံပြီးတော့ ဘာရဒ္ဒါဇပုဏ္ဏားကြီးဆီရောက်လာ၊ ရောက်လာတော့ ဘာရဒ္ဒါဇပုဏ္ဏားကြီးက "ဟာ အရှင်ဂေါတမပါလား ကြွပါကြွပါ ကိုင်း ကိုယ်တော်. . တပည့်တော်အိမ်တော့ အဲဒီမီးတင်းကုပ်ဟာ အကောင်းဆုံးပဲ၊ အရှင်ဘုရားကလည်း လွတ်လွတ် လပ်လပ်ကလေးနေချင်တာဆိုတော့ အဲဒီထဲခင်း ပေးရမှာပဲ" ဆိုပြီးတော့ မြက်အခင်းလေးခင်းပေး၊ အဲဒီမြက်ခင်းလေးပေါ်မှာ ဘုရားရှင်ကိုယ်တော်မြတ်က ညမှာကျိန်းတော်မူတယ်၊ သပိတ်ကလေးဘေးချ အပို နှစ်ထပ်သင်္ကန်းကြီး ဘေးနားကပ်ပြီးတော့ ဘာရဒ္ဒါဇ ပုဏ္ဏားပေးတဲ့ ခေါင်းအုံးနဲ့ သီတင်းသုံးနေတော်မူတယ်။ မနက်ကျတော့-

> အထခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ကမ္မာသဓမ္မံ ပိဏ္ဍာယ ပါဝိသိ၊ ကမ္မာသဓမ္မံ ပိဏ္ဍာယ စရိတွာ

http://www.dhammadownload.com



## ပဏ္ဍာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော ယေ အညတရော ဝနသဏ္ဍော တေနုပသင်္ကမိ ဒိဝါ ဝိဟာရာယ။

ဟော-မနက်စောစောကျတော့ ဘာရဒွါဇပုဏ္ဏားကြီးကပ်တဲ့ ဆွမ်းများ စားရလိမ့်မယ်မထင်နဲ့၊ ကိုယ့်ဘာကို ဆွမ်းခံကြွတော်မူရရှာတယ်. . . တဲ့၊ ဘာရဒွါဇ ပုဏ္ဏားကြီးက ဆွမ်းမကပ်ဘူး ဦးမြစိန်ရဲ့ (မှန်လှပါဘုရား)၊ မကပ်ဘူးသူတို့က ဗုဒ္ဓဘာသာမှ မဟုတ်ဘဲနဲ့ သူကဆွမ်းကပ်တယ်ဆိုတာလည်း အလေ့ကလည်းမရှိ ဘူး၊ သူများဟာလည်းမစားဘူး၊ သူတို့ဟာလည်း သူတို့က သူများမပေးဘူး။ အဲဒီတော့ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူရရှာတယ် ကမ္မာသဓမ္မ-နိဂုံးထဲ၊ ဆွမ်းခံကြွတော်မူပြီးတော့ ရတဲ့ဆွမ်းလေးဘုဉ်းပေးတော်မူပြီးမှ ဘယ်ကြွတုံးလို့ ဆိုတော့ နေ့အချိန်ကျတော့ ဒီမီးတင်းကုပ်ထဲနေလို့ မဖြစ်ဘူး၊ ရွာထဲမြို့ထဲဆို တော့ ဆူဆူပွက်ပွက်မို့လို့ မနေတော့ဘဲနဲ့ အဲဒီကမ္မာသဓမ္မနိဂုံးရဲ့အနီးက တော အုပ်ထဲကြွပြီးတော့ သစ်ပင်တစ်ပင်အောက်မှာ ထိုင်ပြီးတော့၊ ဒိဝါဝိဟာရာယ- နေ့သန့်ခြင်းငှာ၊ နေ့သန့်ခြင်းငှာဆိုတာ ဖလသမာပတ်ဝင်စားပြီးတော့ သမာပတ်နဲ့ အေးအေးဆေးဆေး သီတင်းသုံးတော်မူတာ။

အဲဒီလိုသီတင်းသုံးတော်မူပြီးတော့ ညနေအချိန်ကျတော့ ဘာရဒွါဇ ပုဏ္ဏားအိမ်ပြန်ရောက်လာ တစ်ညကျိမ်းရပြန်၊ ပထမရောက်ရောက်ချင်းည တစ်ည ကျိန်းပြီးပြီနော်(မှန်လှပါဘုရား)၊ အခု ဒုတိယည တစ်ညကျိန်းရပြန်ပြီ၊ စောင့် ရရှာတာ,စောင့်ရရှာတာ၊ မာဂဏ္ဍီပရိဗိုဇ်က လာမှာကသုံးရက်မြောက်နေ့မှ လာမှာ ကိုး၊ အဲဒီလိုလာမှပဲ ဒီမှာစကားပြောခန်း ဆိုခန်းကဖြစ်မှာမို့လို့ ဘုရားရှင်ကိုယ် တော်မြတ်ကြီး ဆင်းရဲခံပြီးတော့ စောင့်တော်မူရှာတာ။

အဲဒီလိုဆင်းရဲခံပြီးတော့ စောင့်တော်မူလို့ နောက်ဆုံးသုံးရက်မြောက် ရောက်တဲ့အခါကျတော့ အဲဒီသုံးရက်မြောက်နေ့ကျတော့လည်း ဘုရားကိုယ်တော် မြတ် ထုံးစံအတိုင်းဆွမ်းခံကြွတော်မူ၊ ဆွမ်းခံကြွပြီးတော့ ပြန်လာပြီးတော့ ဆွမ်း ထိုင်ဘုဉ်းပေး၊ ဘုဉ်းပေးပြီးတော့ သပိတ်ကိုအိပ်ယာဘေးနားထား၊ မြက်ခင်းလေးကို သည့်ပြင်အရင်နေ့ကတော့. . . တဲ့ လိပ်လိပ်ပြီးတော့ထားခဲ့တယ်တဲ့ဘုရားက၊ ခေါက်ခေါက်ထားခဲ့တယ်ပေ့ါလေ၊ အခုအဲဒီနေ့တော့ မြက်ခင်းလေးကို ပြန့်ပြန့်ပြူး ပြူး . . တဲ့ ခင်းပြီးတော့ ဘေးနားက ဘုရားရှင်ရဲ့ နှစ်ထပ်သင်္ကန်းကြီးကိုလည်း ဘေးနားချထား၊ သပိတ်ကိုလည်းချထားပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ဒီတိုင်းအလွတ်တောထဲထွက်ပြီးသကာလသစ်ပင်အောက်မှာခါတိုင်းလို နေ့သန့်တဲ့

http://www.dhammadownload.com



အနေနဲ့ ဖလသမာပတ်ဝင်စားပြီးတော့ ထိုင်နေတော်မူတယ်. . . တဲ့ နေ့လယ်,နေ့လယ်၊ နာရီက (၁၂)နာရီ, နာရီပြန်တစ်ချက်- နှစ်ချက်ပတ်ဝန်းကျင်နေမှာပေါ့ နော် (မှန်လှပါဘုရား)။

**အထခေါ မာဂဏ္ဍိယော ပရိဗ္ဗာဇကော ဇယ်ာဝိဟာရံ၊**
**အနုစင်္ကမမာနော အနုဝိစရမာနော။**

လာပြီ၊ ထိုအခါ. . . တဲ့ အဲဒီနေ့ကျတော့ မာဂဏ္ဍိယမည်သော ပရဗိုဇ်သည် အညောင်းပြေလမ်းလျှောက်မယ်ဆိုတဲ့ စိတ်ကူးနဲ့လမ်းလျှောက်ထွက်ပြီးတော့ လာရင်းက-

**ယေန ဘာရဒွါဇဂေါတ္တဿ ဗြာဟ္မဏဿ**
**အဂျာဂါရံ တေနုပသင်္ကမိ။**

အဲဒီသူ့ရဲ့မိတ်ဆွေကြီး သူငယ်ချင်းဖြစ်တဲ့ ဘာရဒွါဇပုဏ္ဏားအိမ်ကို လမ်းလျှောက်ထွက်လာရင်းနဲ့ ဝင်လာတယ်. . . တဲ့ ဝင်လာတယ်။ ဝင်လာပြီးတော့ သူက ဘာရဒွါဇပုဏ္ဏားကြီးအိမ်ရောက်လာတော့ ဘာရဒွါဇပုဏ္ဏားကြီးကလည်း "သြော် မိတ်ဆွေလား. . အမလေး. . မလာတာကြာပြီထိုင်ပါအုံး, လာပါအုံး" နဲ့ ဆိုပြီးတော့ "ကဲ-ထိုင်ပါ,ထိုင်ပါဟောဒီမီးတင်းကုပ်ထဲပဲ ထိုင်တာပေါ့၊ မီးပူဇော်တဲ့ မီးတင်းကုပ်ဟာသူတို့ အထွတ်အမြတ်ထားတာကိုး၊ ဒီတော့-အဲဒီထဲပဲ ထိုင်တာပေါ့ ဆိုပြီးတော့နေရာလေးခင်းပေး၊ ခင်းပေးတော့ မာဂဏ္ဍိယကမျက်စိ ဟိုကြည့်ဒီကြည့် ကြည့်လိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်သီတင်းသုံးသွားတဲ့ အခင်းတို့, သပိတ်တို့, သင်္ကန်းတို့ သွားပြီးတော့မြင်တယ်ကိုး. . . ဦးမြစိန်ရဲ့ (မှန်လှပါဘုရား)။

အဲဒီတင်ပဲ သူက မေးတယ်၊ "မိတ်ဆွေ. . . တဲ့ ကဿ နွာယံ ဘော တော ဘာရဒွါဇဿ အဂျာဂါရေ တိဏသန္ထာရကော ပညတ္တော" ဒါက ဘယ်သူ့အတွက် ခင်းထားတာတုန်း. . . တဲ့၊ ဘယ်သူ့အတွက်ခင်းတာတုန်း။ **သမဏသေယျာနုရူပံ မညေ-** အရှင်ဘာရဒွါဇရဲ့အိမ်မှာ သမဏတို့ ရဟန်းတို့ လို ရသေ့တို့လို ပုဂ္ဂိုလ်တစ်မျိုးမျိုးဧည့်သည်အဖြစ်နဲ့ ရောက်နေပြီထင်ရဲ့"တဲ့၊ သူက အိပ်ယာလေးကြည့်ပြီးတော့ အကဲခတ် ပြောလိုက်တာ။ ဒီတော့ ဘာရဒွါဇပုဏ္ဏားကြီးက-

**တယောသာ ဘောတော ဂေါတမဿ သေယျော ပညတ္တာ**

http://www.dhammadownload.com



"ဟုတ်ပါတယ်မိတ်ဆွေ. . တဲ့၊ ဟို-ရဟန်း ဂေါတမရဲ့ နေရာခင်းပေးထားတာပေါ့တဲ့၊ သာကီဝင်မင်းမျိုးက ထွက်ပြီးတော့ ရဟန်းပြုတဲ့ ရဟန်းဂေါတမဆိုတာ ကြားဖူးတယ်မဟုတ်လားတဲ့၊ အဲဒီရဟန်းဂေါတမအတွက် ကျုပ်နေရာခင်းပြီးတော့ ပေးထားတာ. . . တဲ့၊ ရဟန်းဂေါတမ ကျုပ်အိမ်တည်းနေတာ သုံးရက်တောင်ရှိပြီ. . . တဲ့၊ သုံးရက်တောင်ရှိပြီ"။ အဲလိုပြောလိုက်တော့ မာဂဏ္ဍိယပုရိဗိုဇ်က ဘာကောက်ပြောလိုက်တုံးဆိုတော့-

ဒုဒ္ဒိဋ္ဌံ ဝတ ဘော ဘာရဒွါဇ အဒ္ဒသာမ၊
ဒုဒ္ဒိဋ္ဌံ ဝတ ဘော ဘာရဒွါဇအဒ္ဒသာမ၊
ယေ မယံ တဿ ဘောတော ဂေါတမဿ
ဘူနဟုနော သေယျံ အဒ္ဒသာမ။

ယေမယံ-အကြင်အကျွန်ုပ်တို့သည်၊ ဘူနဟုနော-လောကကြီးရဲ့ ကြီးပွားရေးတွေမှန်သမျှကို ဖျက်ဆီးနှောက်ယှက်နေတဲ့ ဝါဒရှိတဲ့၊ ဘောတော ဂေါတမဿ-ရဟန်းဂေါတမ၏၊ သေယျံ-အိပ်သွားတဲ့နေရာ အိပ်ယာနေရာ ပရိက္ခရာကို၊ အဒ္ဒသာမ-မြင်ကြရကုန်၏၊ တေ အမှာကံ-ထိုရဟန်းဂေါတမရဲ့ အိပ်ယာနေရာတွေကိုမြင်ကြရတဲ့ အကျွန်ုပ်တို့အတွက်၊ ဒုဒ္ဒိဋ္ဌံ-မကောင်းသဖြင့် မြင်အပ်တဲ့ အာရုံကို၊ ဝါ-မင်္ဂလာမရှိတဲ့အာရုံကို၊ ဝါ-အမင်္ဂလာအာရုံကို၊ အဒ္ဒသာမ ဝတ-မြင်ကြရလေကုန်စွတကား၊ ဝါ-မျက်စိသနလိုက်လေစွတကား. . . တဲ့။

"မိတ်ဆွေရယ် . . မိတ်ဆွေပြောလို့ ရဟန်းဂေါတမရဲ့နေရာဆိုလို့ ကျုပ်လှမ်းပြီးတော့ကြည့်မိတာ၊ ကျုပ်စောစောက ကြည်မိတာရော၊ အခုပြောလို့ထပ်ကြည့်မိတာရောဖြင့် ကျုပ်ဖြင့်ကျုပ်မျက်စိတွေ မင်္ဂလာမရှိဘူး. . တဲ့၊ ဒီနေ့ မျက်စိတွေသနကုန်ပြီတဲ့။ ဘာပြုလို့တုန်းဆိုတော့ ဒီရဟန်းဂေါတမဆိုတာ ဘူနဟုတဲ့ လောကကြီးပွားရေးတွေကိုနှောက်ယှက်ဖျက်ဆီးနေတဲ့ ကိုယ်တော်ပဲတဲ့၊ မိတ်ဆွေရယ်. . . ကြည့်ပါအုံးတဲ့ ကျုပ်တို့က မျက်စိပေါက်က စက္ခုံ ဗြူဟေတဗ္ဗံ-မျက်စိပေါက်က အဆင်းမျိုးစုံ ရူပါရုံလေးတွေတစ်ခုက နှစ်ခုဖြစ်အောင်၊ ကြည့်စရာရှိလာအောင်လုပ်ရမယ်၊ ကောင်းသထက်ကောင်းတာလေးတွေ မြင်နိုင်အောင် လုပ်ရမယ်။

သောတံ ဗြူဟေတဗ္ဗံ-နားပေါက်ကလည်း ကောင်းတာလေးတွေကြား

http://www.dhammadownload.com



အောင်လုပ်ရမယ်၊ တစ်ခုကနှစ်ခုဖြစ်လာအောင်, တစ်သံကနှစ်သံကြားနိုင်အောင် လုပ်ရမယ်. . . လို့ ကျုပ်တို့ကျမ်းဂန်မှာလည်းလာတယ်၊ ကျုပ်တို့ဆရာအဆက်ဆက် ကလည်းဆုံးမတယ်၊လုပ်လည်းလုပ်ထိုက်တယ်။ နှာခေါင်းပေါက်က, လျှာပေါက်က, ကိုယ်ပေါက်က, မနောပေါက်က, ဒီဒွါရခြောက်ပေါက်ကနေပြီးသကာလ ကောင်း တဲ့အာရုံလေးတွေမြင်ရအောင်, ကောင်းတဲ့အသံလေးတွေကြားရအောင်၊ ကောင်း တဲ့အနံ့လေးတွေ ရှူရှိုက်နိုင်အောင်, ကောင်းတဲ့အရသာလေးတွေစားရသောက် ရအောင်, ကောင်းတဲ့အထိအတွေ့လေးတွေထိရတွေ့ရအောင်, ကောင်းတာလေး တွေစိတ်ကူးကြံစည်နိုင်အောင်ဆိုပြီးတော့ ကြိုးစားပန်းစားလုပ်ရမယ်, စုဆောင်း ရမယ်,ရှာဖွေရမယ်, ပွားစည်းရမယ်လို့ ကျုပ်တို့ ကျမ်းဂန်ကလည်းဆိုတယ်၊ ကျုပ်တို့ ဆရာအစဉ်အဆက်ကလည်း ဒီအတိုင်းအယူရှိခဲ့ကြတယ်. . . တဲ့။

လောကကြီးကလည်းပဲ အဲဒီလိုနဲ့ ချမ်းသာနေကြတာဖြစ်ပါလျက်နဲ့ ရဟန်းဂေါတမက မိတ်ဆွေရယ်. . ကြည့်ပါအုံး **စက္ခုနာ သံဝရော သာဓု**-တဲ့ မျက်စိပေါက်က စောင့်စည်းတာကောင်းတယ်. . . တဲ့၊ **သောတေန သံဝရော သာဓု**-နားပေါက်က စောင့်စည်းရမယ့်တဲ့၊ နှာခေါင်းပေါက်က စောင့်စည်းရမယ်တဲ့၊ လျှာပေါက်ကစောင့်စည်းရမယ်တဲ့၊ ကိုယ်ပေါက်ကစောင့်စည်းရမယ်တဲ့၊ မနော ပေါက်ကစောင့်စည်းရမယ်တဲ့ မိတ်ဆွေရယ်. . . တဲ့၊ ဒီတော့ တိုးတက်ကြီးပွားရေး ကို သက်သက် ပိတ်ဆို့နေတဲ့ ကိုယ်တော်ပဲ. . တဲ့ ဒီကိုယ်တော်။ မြတ်စွာဘုရား ဝါဒနဲ့ သူတို့ဝါဒကပြောင်းပြန်ကြီးနော် ပရိသတ်၊(မှန်လှပါဘုရား)။ သူတို့ဝါဒက ဒွါရခြောက်ပါးက အကုန်လုံးတိုးအောင် ပွားအောင်စည်းအောင်လုပ်ရမယ်၊ ကောင်းသထက်ကောင်းတာတွေမြင်ရအောင်,ကြားရအောင် လုပ်ရမယ်ဆိုတာ သူတို့ဝါဒ နော်(မှန်လှပါဘုရား)။ အခု-ဘုရားဝါဒက ဘယ့်နဲ့ဖြစ်နေတုံး **စက္ခုနာ သံဝရော သာဓု**၊ စက္ခုနာ-မျက်စိပေါက်က၊ သံဝရော-စောင့်စည်းထိန်းသိမ်းချုပ် တည်းနိုင်ခြင်းသည်၊ သာဓု-မဂ်ဖိုလ်နိဗ္ဗာန်စခန်းပေါက်အောင် ရောက်နိုင်သဖြင့် ကောင်းမြတ်လေတော့သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

မြတ်စွာဘုရားဝါဒက-မျက်စိပေါက်က ဟော့-ချုပ်တည်းရမယ်၊ စောင့် စည်းရမယ်၊ အဆင်းမျိုးစုံရူပါရုံတွေ နည်းနိုင်သမျှနည်းအောင်,ကုန်နိုင်သမျှ ကုန်အောင်,ခန်းနိုင်သမျှခမ်းအောင် ချုပ်တည်းစောင့်စည်း၊ ကောင်းတာလေးတွေ

http://www.dhammadownload.com



ချည်းလိုက်ကြည့်မနေနဲ့ သင့်လျော်တာကြည့်ပြီးတော့ ဒီမျက်စိပေါက်ကို ချုပ်တည်း သိမ်းဆည်း၊ အဲဒီမျက်စိပေါက်ကနေပြီးတော့ အဆင်းမျိုးစုံ ရူပါရုံတွေရော၊ စက္ခုပ သာဒတွေရောနောက်ဆုံး ရုပ်နာမ်ဓမ္မတွေ ကုန်ခမ်းသွားလို့ရှိရင် နိဗ္ဗာန်ဆိုတဲ့ တရား မြတ်ကြီးရပြီးတော့ ချမ်းသာမယ်. . . လို့ ဟော-ဘုရားက ဒီလိုမဟောဘူးလား? (ဟောပါဘုရား)။

သူတို့က ဒီလိုမဟုတ်ဘူး ဒီမျက်စိပေါက်က တိုးသထက်တိုးအောင်လုပ်မှ ချမ်းသာမယ်လို့ မဟောဘူးလား?၊(ဟောပါဘုရား) ဒီတော့-နှစ်ဝါဒဆန့်ကျင် မနေဘူးလား? (ဆန့်ကျင်နေပါဘုရား) အဲဒါကြောင့် သူကပြောနေတာ ဘူနဟု **သမဏော ဂေါတမော-ရဟန်းဂေါတမဟာ** လောကကြီးပွားရေးတွေကို ဖျက်ဆီး နေတဲ့သူပဲ. . . တဲ့၊ အဲဒီလောကကြီးပွားရေးတွေကို ဖျက်ဆီးနှောက်ယှက်နေတဲ့ ဒီရဟန်းဂေါတမရဲ့ အိပ်ရာနေရာကို ကျူပ်မြင်လိုက်ရတာဖြင့် ဒီနေ့ကျူပ်ရဲ့ မျက်စိ မင်္ဂလာမရှိ၊ အမင်္ဂလာဖြစ်လိုက်လေခြင်းမိတ်ဆွေ. . . လို့ သူကပြောလိုက်တာ။ ဒီတော့-ဘာရဒွါဇပုဏ္ဏားက နည်းနည်းလေးမခံချင်သွားတော့၊ ဘုရားဘက်က သူကမခံချင်သွားတာပေါ့လေ-

**ရက္ခသေတံ မာဂဏ္ဍိယ ဝါစံ၊ ရက္ခသေတံ မာဂဏ္ဍိယ ဝါစံ။**

မာဂဏ္ဍိယ-မိတ်ဆွေ မာဂဏ္ဍီတဲ့၊ ဝါစံ-စကားကို၊ ရက္ခသ-နည်းနည်းကလေး စောင့်စည်းပါအုံး။ မိတ်ဆွေရယ်. . စကားပြောလေးတော့ နည်းနည်းထိန်းပြော ပါနော်၊ ထိန်းပြောပါမိတ်ဆွေတဲ့၊ **အယံ သမဏော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော**-ဒီရဟန်းဂေါတမဆိုတာ သာမာန်ပုဂ္ဂိုလ်မဟုတ်ပါဘူး မိတ်ဆွေရယ်. . . တဲ့၊ သာကီဝင်မင်းမျိုးက ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီး တွေကို စွန့်ပယ်ပြီးတော့ တောထွက်လာခဲ့တဲ့ပုဂ္ဂိုလ်ထူးတစ်ယောက်ပါ. . တဲ့၊ မိတ်ဆွေဒီလိုပစ်ပစ်ခါခါ မပြောပါနဲ့၊ အစက ဘာရဒွါဇလည်း ဗုဒ္ဓဘာသာတော့ မဟုတ်ဘူး၊ ဒါပေမဲ့လို့ မာဂဏ္ဍီပြောတဲ့စကားကနာနာကြီးကြီးတွေ ထိထိခိုက် ခိုက်တွေပြောလွန်းလို့ သူကမခံချင်ဘူး၊ ဒါနဲ့-သူကဘုရားဘက်ကဝင်ရှေ့နေလိုက် ပေးတာနော်၊ ထိန်းထိန်းသိမ်းသိမ်းလေးပြောပါမိတ်ဆွေရယ်. . တဲ့၊ ရဟန်းဂေါ တမဆိုတာလည်း သာကီဝင်မင်းမျိုးကထွက်လာတာ. . . တဲ့၊ ဒါတင်မကသေးဘူး-

**ဗဟူ ဟိ တဿ ဘောတော ဂေါတမဿ ခတ္တိယပဏ္ဍိတာပိ၊**

http://www.dhammadownload.com



ဗြာဟ္မဏပဏ္ဍိတာပိ ဂဟပတိပဏ္ဍိတာပိ သမဏပဏ္ဍိတာပိ .
အဘိပသန္နာ ဝိနီတာ အရိယေ ဉာယေ ဓမ္မေ ကုသလေ။

ဟိ-ဒါတင်မကသေးဘူးပြောလိုက်အုံးမယ်၊ တဿဘောတောဂေါတမဿ-ထိုရဟန်းဂေါတမက၊ ခတ္တိယ ပဏ္ဍိတာပိ-မင်းမျိုးမင်းနွယ်က ထွက်လာတဲ့ တကယ့် ပဏ္ဍိတ်ဆိုတဲ့ ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ ဗြာဟ္မဏပဏ္ဍိတာပိ-ကျုပ်တို့ ပုဏ္ဏားမျိုးကထွက်သွားတဲ့ တကယ့်ပဏ္ဍိတ်ပညာရှင်ကြီးတို့ကိုလည်းကောင်း၊ ဂဟပတိပဏ္ဍိတာပိ-သူဌေးသူကြွယ်မျိုးကထွက်လာတဲ့ ပဏ္ဍိတ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတို့ ကိုလည်းကောင်း၊ သမဏပဏ္ဍိတာပိ-လောကမှာကိုယ့်ကိုယ်ကို သမဏလို့ ဝန်ခံနေကြတဲ့ တကယ့်ပဏ္ဍိတ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတို့ကိုလည်းကောင်း၊ ဝိနီတာ-ဆုံးမအပ်ကုန်၏၊ (ဒမိတာ)-ယဉ်ကျေးစေအပ်ကုန်ပြီ. . . ။

မိတ်ဆွေ. . တဲ့ ရဟန်းဂေါတမကို ဒီလောက်နှိပ်နှိပ်စက်စက်တော့ မပြောပါနဲ့၊ သူလည်းပဲ သူ့လုပ်ငန်းနဲ့သူ အောင်မြင်နေတာနော်. . တဲ့၊ အထင်မသေးလိုက်နဲ့ အထင်မသေးလိုက်နဲ့၊ ဘာရဒွါဇကအမြင်မဖြောင့်ဘူးလား?(ဖြောင့်ပါဘုရား) ဒီတော့ မာဂဏ္ဍိယကပြောတယ်-

သမ္မုခါ စေပိ မယံ ဘော ဘာရဒွါဇ တံ ဘဂဝန္တံ
ဂေါတမံ ပဿေယျာမ၊ သမ္မုခါပိ နံ ဝဒေယျာမ
"ဘူနဟု သမဏော ဂေါတမော"တိ။

မိတ်ဆွေ. . တဲ့၊ ဒီမယ်-ကျုပ်ကလေ အခုကွယ်ရာမို့ပြောနေတာ မဟုတ်ဘူးမိတ်ဆွေ. . . ခင်ဗျားရဲ့ရဟန်းဂေါတမကို ကျုပ်နဲ့မျက်နှာချင်းဆိုင် အခုတွေ့ပါစေတဲ့၊ ကျုပ်ကပြောရဲတယ်၊ သမဏောဂေါတမော ဘူနဟု-ကိုယ်တော်ဟာ လောကကြီးပွားရေး ဖျက်ဆီးနေတဲ့သူပဲ၊ ကိုယ်တော်ဟာ လောကကြီးပွားရေးတွေ နှောက်ယှက်နေတဲ့သူပဲ၊ ကိုယ်တော်ဟာ လောကသားတွေကြီးပွားချမ်းသာရေးကို သက်သက်လိုက်ပြီးတော့ နှောက်ယှက်နေတဲ့သူပဲ"လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ ကျုပ်ပြောရဲတယ်. . . တဲ့၊ ပြောရဲတယ်။

အမလေး. . ကျွတ်မယ့်သူက မာန်တက်နေလိုက်တာနော်(မှန်လှပါဘုရား) ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တောထဲက အကုန်ကြားတယ်ဒါတွေ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောထဲကနေပြီးတော့ မာဂဏ္ဍိယပရိဗိုဇ်ထွက်လာကတည်းက ငါ့သားကြီးလာပြီ,ငါ့သားကြီးလာပြီ သူကတော့မေတ္တာနဲ့နေတာ၊ ဟိုက

http://www.dhammadownload.com



တော့ လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ ရန်တွေမယ်တွေဘာတွေလုပ်နေ၊ ဘုရားရှင်က တောထဲကပြုံး. . လို့ ပြုံးလို့။

ဘာနဲ့ ဥပမာတူတုံးဆိုတော့ အမေ့ရဲ့ ရင်ခွင်ထဲမှာရောက်နေတဲ့ သားကလေးက သူအလိုမကျလို့ အမေ့ကို ဆံပင်ကိုဆွဲ,ပါးကိုပုတ်,ရင်ဘတ်တွေကို အမျိုးမျိုး ကုပ်နေငြားသော်လည်း၊ မိခင်ရဲ့ မေတ္တာစာတ်နဲ့ အချစ်မပျက်နိုင်ရှာတဲ့ မိခင်က။ ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာစစ်နဲ့ ချစ်တဲ့ မိခင်က,သားကလေးကို"အမလေး. . . သားကလေးက ရိုက်တတ်ပြီ,သားကလေးက ပုတ်တတ်ပြီ"လို့ ဆိုပြီးတော့ စိတ်မဆိုးတဲ့အပြင် တိုး၍တိုး၍ပင် ဖက်သလို,တိုး၍တိုး၍ပင်ပွေ့သလို,တိုး၍တိုး၍ပင် နမ်းသလို. . .၊

ကလေးလေးက အမေ့စိတ်ဆိုးလို့အမေ့ကိုအလိုမကျလို့သူအလိုမကျတာနဲ့ အမေ့ပါးရိုက်,ဆံပင်ဆွဲနဲ့ တစ်ခါတစ်ခါ မလုပ်တတ်ဘူးလား?(လုပ်တတ်ပါဘုရား) သို့သော် အမေက စိတ်ဆိုးရဲ့လား?(မဆိုးပါဘုရား) အမလေး သားလေးက ရိုက်တတ်ပြီ,ကျုပ်ပါးများ ရိုက်တတ်ပြီနဲ့ ပိုတောင် ကြည်နူးမနေဘူးလား?(ကြည်နူးပါဘုရား)မေတ္တာက ရောက်နေတော့ စိတ်ဆိုးရမှန်းမသိဘူး။

အဲဒါလိုပဲ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းပဲ တောထဲကနေပြီးတော့ "ငါ့သားကြီး လာပြီ။ ကျွတ်တမ်းဝင်မယ့် သားကြီးလာပြီ၊ငါတရားပေးရတော့မယ်၊ ငါ့သားကြီး အို-နာ-သေရေး ဒုက္ခဘေးကင်းတော့မယ်. . . လို့ မေတ္တာနဲ့တိုးပြီးတော့တောင်မှ ပွေ့သေးတယ်။ မာဂဏ္ဍီယက ဒီကနေပြီးတော့ တကတည်း ရဟန်းဂေါတမဟာ လောကကြီးပွားရေး ဖျက်ဆီးနေတာ၊ သူ့ရဲ့ အိပ်ယာမြင်ရတာ သည်ပင်လျှင် ကျုပ်မင်္ဂလာမရှိလေခြင်းနဲ့ ပရိသတ်ကြီး ပုတ်မနေဘူးလား?(ပုတ်နေပါဘုရား)စိတ်ဆိုးနေတဲ့ ကလေးနဲ့မတူဘူးလား?(တူပါဘုရား)ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အမေ့မေတ္တာနဲ့ မတူဘူးလား?(တူပါဘုရား)။

အဲဒီလိုအားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တောထဲကနေပြီးတော့ ဒိဗ္ဗစက္ခုခေါ်တဲ့ အဘိညာဉ်မျက်စိနဲ့ လှမ်းကြည့်နေတယ်၊ ဒိဗ္ဗသောတခေါ်တဲ့ အဘိညာဉ်နားနဲ့လည်း လှမ်းပြီးတော့ နားထောင်နေတယ်၊ နားထောင်ပြီးတော့မှ "အင်း-သူတို့နှစ်ယောက် စကားတော့ အချီအချပြောနေပြီ၊ ဒီတော့-မာဂဏ္ဍီယ

http://www.dhammadownload.com



ခုနကလိုပဲ ကျုပ်ရဟန်းဂေါတမကိုမျက်မှောက်တွေ့ရင်လည်းလေ. . . တဲ့ ကျုပ်ပြောရဲပါတယ်" လို့ဆိုပြီးတော့ "ကိုင်း-ကျုပ်သွားလိုက်အုံးမယ်"။ဒီတော့ ဘာရဒ္ဒါဇက "မိတ်ဆွေ. . . ရယ် ဒီလိုဆိုရင် ရဟန်းဂေါတမနဲ့ မိတ်ဆွေတွေ့ချင်တယ်ဆိုလို့ရှိရင် ညနေပိုင်းလောက် တစ်ခေါက် လျှောက်ခဲ့ပါလားတဲ့ ကျုပ်အိမ်ရဟန်းဂေါတမတည်းနေတာတဲ့၊ ညနေဆိုရင်လာမှာတဲ့၊ ဒီလာကျိန်းမှာတဲ့၊ ဒီတော့-ညနေဆိုရင် မိတ်ဆွေလာခဲ့ပါ"။

"အို-ကျုပ် လာခဲ့မယ်,လာခဲ့မယ် စိတ်သာချ မိတ်ဆွေ၊ ကျုပ်ပြောတာတွေလည်းလေ ဝုတ္တော၀ နံ ဝဒေယျ။ ဝုတ္တော၀=ကျုပ်အခုသင့်ကိုပြောသွားတဲ့စကားတွေကိုပင်၊ နံ-ထိုရဟန်းဂေါတမကို, လောကကြီးကို ကြီးပွားရေးတွေ ဖျက်ဆီးနေတဲ့ ထိုရဟန်းဂေါတမကို၊ ဝဒေယျ-ကျုပ်ပြောတဲ့အတိုင်း တစ်လုံးမကျန်ပြောလိုက်ပါ. . . တဲ့၊ ပြောလိုက်ပါ၊ ကျုပ်ရဲရဲရင်ဆိုင်ရဲပါတယ်၊ ကဲ-သွားလိုက်အုံးမယ် မိတ်ဆွေကြီး" ဆိုပြီး ဒေါနဲ့မောနဲ့ထသွား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အချိန်တန်ပြီငါပြန်မှပဲဆိုပြီးတော့ ညနေချိန် နေလေးစောင်းတော့ ပြန်ကြွလာ၊ ဘာရဒ္ဒါဇက လျှောက်ချင်လှပြီ-နော်၊ ဒီမာဂဏ္ဍိယက စွာတာတာလုပ်ထာလည်း သူတယ်မကြိုက်ဘူး။

ဒါနဲ့ ပြန်လာတော့ ဘုရားရှင်ရောက်လာတယ်ဆိုရင်ပဲသူက အားရပါးရလျှောက်တော့မယ်ဆိုပြီးတော့ "ဟာ- အရှင်ဂေါတမကြွလာပြီလားဘုရား. . ကဲထိုင်ပါဘုရား သီတင်းသုံးပါဘုရား အိပ်ယာနေရာပါဘုရားနဲ့ဆိုပြီးတော့ အနားသွားလည်းထိုင်ရော၊ ဘုရားက "ဘာရဒ္ဒါဇ. . တဲ့ နေ့လယ်တုန်းက သင်နဲ့မာဂဏ္ဍိယ ပောဒီငါရဲ့မြက်အခင်းလေးနဲ့ သက်န်းသပိတ်ပရိက္ခရာအကြောင်းပြုပြီးတော့ စကားစစ်ထိုးပွဲဖြစ်ကြတယ်မဟုတ်လား" လို့ ဆိုတော့ သူ-ထိတ်ကနဲဆိုဖြစ်သွား။

"အမလေး ရဟန်းဂေါတမ ဘယ်သူကသွားပြောပါလိမ့်၊ အမလေးရဟန်းဂေါတမ ဘယ့်နဲ့လုပ်သိပါလိမ့်၊ ရဟန်းဂေါတမ စုံစမ်းရေးကောင်းလိုက်တာပေါ့နော်၊ အမလေးဘယ်သူကသွားပြောပါလိမ့်မတုံး ငါနဲ့မာဂဏ္ဍိယနှစ်ယောက်တည်း ပြောတဲ့စကားသူဘယ်နှယ့်လုပ်ကြားပါလိမ့်မတုန်း. . . ညွတ်သွားပြီ ဘာရဒ္ဒါဇက။ သူက မင်္ဂဖိုလ်မရပေမဲ့လို့ သရဏဂုံတည်ပြီးတော့ ကျွတ်မယ့်လူ သူက၊ စိတ်တွေ တော်တော်ညွတ်သွားပြီမဟုတ်လား? (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါနဲ့ "ဟုတ်ပါတယ်ဘုရား. . . တဲ့၊ အရှင်ဘုရား အကြောင်းပြုပြီးတော့ မာဂဏ္ဍီနဲ့ တပည့်တော်နဲ့ စကားစစ်ထိုးရပါတယ်" အဲဒီလိုပြောနေတုန်းရှိသေး မာဂဏ္ဍီကလည်း ပြန်ပြီးတော့ ညနေတစ်ခေါက်လာမယ်ဆိုတဲ့အတိုင်း ရောက်လာရော"ဟော-ရောက်ပြီဘုရား. . အရှင်ဘုရားလာပြီ,လာပြီ"နဲ့ဆိုတော့ "ကဲ ကောင်းပြီ,ကောင်းပြီ မာဂဏ္ဍီနဲ့ တွေ့ရတာပေါ့"၊ တွေ့တယ်ဆိုရင်ပဲ မာဂဏ္ဍိယက-

**ဘူနဟု သမဏော ဂေါတမော၊ ဘူနဟု သမဏော ဂေါတမော။**

အရှင်ဘုရားဟာ လောကကြီးရဲ့ ကြီးပွားရေးတွေနှောက်ယှက်ဖျက်ဆီးနေတာပဲ. . တဲ့၊ အရှင်ဘုရား. . တဲ့ဘယ့်နယ့်များ, မျက်စိပေါက်က အဆင်းမျိုးစုံ ရူပါရုံလေးတွေ ကောင်းသထက်ကောင်းတာလေးတွေကြည့်ရမယ် ကြည့်နိုင်အောင်ကြိုးစားရှာရမယ်, ကြည့်နိုင်အောင်လည်း လုပ်ရမယ်။ **စက္ခုပြုဟေတဗ္ဗံ သောတံပြု ဟေတဗ္ဗံ ဃာနံပြုဟေတဗ္ဗံ**-ဒွါရခြောက်ပါးက ဒီလို ကောင်းတာလေးတွေမြင်နေကြားနေရမှ သတ္တဝါတွေအားလုံးချမ်းသာကြတယ် မဟုတ်လား. . တဲ့၊ အဲဒါဘယ့်နှယ့်ကြောင့် အရှင်ဘုရားက ဒီလိုဆန့်ကျင်ဘက်တွေ ပြောဆိုပြီးတော့ ချုပ်တည်းရမယ် စောင့်စည်းရမယ်၊ ချုပ်တည်းစောင့်စည်းမှ ကောင်းတယ်နဲ့ ဘယ့်နှယ့်ကြောင့် အရှင်ဘုရားပြောရသလဲ. . တဲ့။

တပည့်တော်တို့ကျမ်းဂန်မှာလည်း ဒီလိုလာတယ် ဆရာအစဉ်အဆက်ကလည်းဒီလိုပဲပြောကြတယ်၊ ဒီတော့-အရှင်ဘုရား ဒီဆရာ့ဆရာအစဉ်အဆက်ပြောထားခဲ့တဲ့ ပုဂ္ဂိုလ်တွေ, အရှင်ဘုရားအခုအသက်ကလေးငယ်ငယ်နဲ့ ဘာပြုလို့ ကိုးလို့ကန့်လန့်လုပ်ရသလဲ. . "။ ရန်တွေ့တုန်းနော် ပရိသတ်ကြီးခု၊ (မှန်လှပါဘုရား) ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကပြုံး. . . လို့ငါ့သားကြီးစကားတတ်လိုက်တာနော် ဝမ်းထဲက။ ပြီးတော့မှ "မာဂဏ္ဍီ. . တဲ့၊ ငါပြောပါအုံးမယ် ငါပြောတာလေးနားထောင်စမ်းပါအုံးတဲ့-

**စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ၊**

မာဂဏ္ဍီ-တဲ့ မျက်စိပေါက်ဟာ အဆင်းမျိုးစုံရူပါရုံမှာ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်တယ်၊ အဆင်းမျိုးစုံရူပါရုံကို မရမနေရှာဖွေပြီးတော့ ပျော်မြူးတတ်တယ်၊ အဆင်းမျိုးစုံရူပါရုံတွေကို ရှာဖွေနှစ်ခြိုက်ဝမ်းမြောက်နေတတ်တယ်။**သောတံ ခေါ မာဂဏ္ဍိယ သဒ္ဒါရာမံ သဒ္ဒရတံ သဒ္ဒသမ္မုဒိတံ**- နားပေါက်ကလည်းပဲ အသံမျိုးစုံသဒ္ဒါရုံတွေကို ပျော်တတ်တယ်၊ နှစ်ခြိုက်တတ်တယ်၊ မွေ့လျော်တတ်တယ်။ နှာခေါင်းပေါက်ကလည်း အနံ့မျိုးစုံ ဂန္ဓာရုံတွေပေါ် မှာ ပျော်တတ်တယ်၊ လျှာပေါက်

http://www.dhammadownload.com



ကလည်း စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံတွေပေါ်မှာ ပျော်တတ်တယ်၊ ကာယပေါက်က အထိအတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေမှာ ပျော်ပိုက်တယ်၊ မနောပေါက်ကလည်းပဲ ကြံစည်စိတ်ကူးစရာကောင်းကောင်းလေးတွေကိုမှ ပျော်ပိုက်နှစ်ခြိုက်တယ်. . . တဲ့။

မာဂဏ္ဍီ. . တဲ့ အဲဒီကောင်းကောင်းလေးတွေကို ပျော်ပိုက်နှစ်ခြိုက်လို့ ကောင်းကောင်းလေးတွေကို ရှာပြီးတော့၊ ဒီမျက်စိပေါက်ကို ဖို့ပေးလို့ပြည့်တယ်လို့ရှိသလား မာဂဏ္ဍီ. . တဲ့၊ ပြည့်နိုင်သလားတဲ့၊ စက္ခု ခေါ မာဂဏ္ဍိယ သမုဒ္ဒေါ။ မာဂဏ္ဍိယ-မာဂဏ္ဍီ၊ စက္ခု-သင့်ရဲ့မျက်စိနှင့်တကွ သတ္တဝါအားလုံးတို့ရဲ့ မျက်စိဆိုတဲ့ ဒီစက္ခုပေါက်သည်၊ သမုဒ္ဒေါ-မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ အထက်ကောင်းကင်ကလာသမျှ ရွာသမျှ မိုးရေတို့ကြောင့် ပြည့်တယ်လို့မရှိ တော်ပါပြီ တန်ပါပြီဘယ်တော့မှမပြောတဲ့ သမုဒ္ဒရာကြီး တစ်စင်းဖြစ်ပါပေတော့သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

မာဂဏ္ဍီ. . တဲ့ သင့်သန္တာန်မှာရော သတ္တဝါအားလုံးသန္တာန်မှာရောရှိနေတဲ့ မျက်စိပေါက်ဟာ ဘယ်တော့မှ မပြည့်နိုင်တဲ့သမုဒ္ဒရာကြီးတစ်စင်း. . တဲ့ သမုဒ္ဒရာကြီးတစ်စင်း။ မျက်စိပေါက်ကသမုဒ္ဒရာကြီးတစ်စင်းတဲ့၊ ပရိသတ်ကြီး မျက်စိက ဘာကြီးတစ်စင်းတဲ့?(သမုဒ္ဒရာကြီးတစ်စင်းပါဘုရား) သမုဒ္ဒရာကြီးများ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာကလာတဲ့ရေတွေကြောင့် ပြည့်တယ်လို့ ဘယ်တော့မှမရှိဘူးတဲ့၊ ကမ်းလျှံသွားတယ်လို့ ဘယ်တော့မှမရှိဘူး။

မြစ်ကြီးငါးသွယ်မြစ်ငယ်ငါးရာကလာတဲ့ ရေတင်မကဘူး၊ အထက်ကမိုးတွေ၊ဟို-တနေ့ကမိုးတွေလို အရပ်လေးမျက်နှာကအုံးအုံးဖြုန်းဖြုန်းရွာသွန်းချလို့ပဲ သူ့မှာပြည့်တယ်မရှိဘူး၊ သမုဒ္ဒရာကြီးက ငါရေတွေပြည့်ပြီ၊ တော်ပြီ,တန်ပြီလို့ ဘယ်တော့မှ ပြောတယ်မရှိဘူးတဲ့၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက လာသမျှရေ၊ အထက်ကောင်းကင်က ရွာသမျှရေတွေဖြင့်ငါတော်ပါပြီ,ငါတန်ပါပြီလို့ ဘယ်တော့မှမပြောသလိုပဲ. . . တဲ့။

သင်တို့သတ္တဝါတွေရဲ့ သန္တာန်မှာရှိနေတဲ့ မျက်စိပေါက်ကလည်းပဲ၊ အဲဒီလိုပဲ အဆင်းမျိုးစုံဘယ်အာရုံတွေပဲလာလာတော်ပါပြီ တန်ပါပြီမရှိ၊ တင်းတိမ်

http://www.dhammadownload.com



နိုင်တယ်မရှိ၊ မပြည့်နိုင်တဲ့သမုဒ္ဒရာကြီးတစ်စင်းပဲ မာဂဏ္ဍီ. . .၊ ဟော-မျက်စိပေါက်ကပရိသတ်ကြီးပြည့်နိုင်တယ်လို့ရှိရဲ့လား?(မရှိပါဘုရား) ဘုန်းကြီးတို့ဒကာဒကာမတွေ မျက်စိပေါက်က အဆင်းမျိုးစုံရူပါရုံတွေ ကဲ-တော်ပါပြီငါကြည့်လို့တော့ ဖြင့်တော်လောက်ပါပြီ,တော်ပြီ,နောက်မကြည့်တော့ဘူးလို့များရှိရဲ့လား?(မရှိပါဘုရား)ပွဲလမ်းသဘင် ရုပ်ရှင်တွေတစ်ခါသွားကြည့်၊ နေသာထိုင်သာရှိတော့ ပြန်လာ၊ နောက်တစ်ခါ တီးသံမှုတ်သံကြားတော့ ဆာလာပြန် သွားကြည့်၊ နေသာထိုင်သာရှိ ပြန်လာ။

နောက်တစ်ခါတီးသံမှုတ်သံတဲ့,ဘာတဲ့ညာတဲ့ဆိုသွားကြည့်၊ နေသာထိုင်သာရှိတော့ပြန်လာ ဝတယ်လို့ရှိလား?(မရှိပါဘုရား) မျက်စိပေါက်က တော်ပြီဆိုပြီးတော့ရပ်သွားတာရှိရဲ့လား?(မရှိပါဘုရား)။ အဲဒီအတိုင်းပဲ နားပေါက်က သမုဒ္ဒရာကြီးတစ်စင်း,နှာခေါင်းပေါက်ကသမုဒ္ဒရားကြီးတစ်စင်း, လျှာပေါက်က သမုဒ္ဒရာကြီးတစ်စင်း,ကိုယ်ပေါက်ကမပြည့်နိုင်တဲ့သမုဒ္ဒရာကြီးတစ်စင်း, မနောပေါက်ကမပြည့်နိုင်တဲ့သမုဒ္ဒရာကြီးတစ်စင်း။ အဲဒီလိုသမုဒ္ဒရာကြီးတစ်စင်းနဲ့တူတဲ့အတိုင်း ဒီသမုဒ္ဒရာကြီးပြည့်ရာပြည့်ကြောင်းရယ်လို့ ယနေ့ သတ္တဝါတွေမျက်စိပေါက်ကအလိုဆန္ဒပြည့်အောင်ရှာကြရတယ်မာဂဏ္ဍီ. . . တဲ့၊ ရှာကြရတယ်။

အဆင်းမျိုးစုံရူပါရုံလေးတွေ ကောင်းသထက်ကောင်းတာလေးတွေမြင်ရအောင်ဆိုပြီးတော့ ပြေးရလွှားရ,အရောင်းအဝယ်လုပ်တဲ့သူကလုပ်ကြ, တောင်သူလယ်ယာလုပ်တဲ့သူကလုပ်ကြ, လခစားလုပ်တဲ့သူကလုပ်ကြ, လက်မှု,ကိုယ်မှု,နှုတ်မှုနဲ့ နားမနေရအောင် ရှာပြီးတော့ဖြည့်ကြရတယ်. . . တဲ့၊ မပြည့်နိုင်တာကြီးဖြည့်နေရတာမို့လို့၊ အဲဒီလိုမပြည့်နိုင်တာကြီး ဖြည့်ရင်းနဲ့ ဆာရင်းဆာရင်း ငတ်ရင်းငတ်ရင်းနဲ့သေရလို့မို့ အဲဒီမျက်စိပေါက်ကဆာနာကြီးတစ်လုံး. . . တဲ့၊ ဟော-ဘုရားရှင်ကပြောပြီ မျက်စိပေါက်က မာဂဏ္ဍီ. . . ဆာနာကြီးတစ်လုံး ဟေ့. . . တဲ့၊ မျက်စိပေါက်ကဘာကြီးပါလိမ့်?(ဆာနာကြီးတစ်လုံးပါဘုရား)။

ဘုန်းကြီးတို့ပရိသတ်ကြီး မျက်စိပေါက်ကဆာပြီးတော့ ငတ်ပြီးတော့သေခဲ့တဲ့အကြိမ်မနည်းဘူး. . . တဲ့၊ ဘုန်းကြီးတို့ဒကာဒကာမတွေမျက်စိပေါက်ကသားလေးမြင်ချင်ရက်နဲ့ သေခဲ့ရတဲ့အကြိမ်တွေမများဘူးလား?(များပါဘုရား) သမီးလေးမြင်ချင်ရက်နဲ့ သေခဲ့ရတဲ့အကြိမ်တွေမများဘူးလား?(များပါဘုရား) ကိုယ်မြင်နေ

http://www.dhammadownload.com



ချင်တဲ့ရွှေငွေကျောက်သံ,ဆန်ရေစပါး,ဆင်မြင်း,ကျွဲနွားတွေ မြင်နေချင်ပါရက်နဲ့ မျက်စိမှိုက်ခဲ့ရတဲ့အကြိမ်တွေမများဘူးလား?(များပါဘုရား) ဒါဖြင့်ငတ်သေ,သေခဲ့ရတဲ့ဘဝတွေမများဘူးလား?(များပါဘုရား) ဒါဖြင့်မျက်စိပေါက်ကဆာနာရောဂါကြီးတန်းလန်းနဲ့သေခဲ့ရတယ်ဆိုတာမသေချာဘူးလား?(သေချာပါဘုရား)။

နားပေါက်ကလည်းပဲ,နှာခေါင်းပေါက်ကလည်းပဲ, လျှာပေါက်ကလည်းပဲ, ကိုယ်ပေါက်ကလည်းပဲ, မနောပေါက်ကလည်းပဲ တင်းတိမ်အားရပြီးတော့ သေရတယ်လို့ ရှိသေးရဲ့လား?၊(မရှိပါဘုရား) တင်းတိမ်အားရသွားပြီလို့ကောရှိကြရဲ့လား?(မရှိပါဘုရား) ဒါဖြင့် ဆာနာရောဂါကြီးခြောက်လုံး. . . တဲ့။ မာဂဏ္ဍီ-အဲဒီလိုဆာနာရောဂါကြီးစွဲလို့ ဒီမျက်စိပေါက်အတွက်ပဲ မတော်မတရားတွေလည်းပဲ အဓမ္မေနပိ စရတိ-မတရားသဖြင့်လည်း ကျင့်ရတယ်၊ မျက်စိပေါက်က ကိုယ့်ကောင်းကောင်းမွန်မွန်လေးတွေ သူများလို မြင်ချင်တာ မြင်ရအောင်ဆိုပြီးတော့ ကိုယ့်ဘာကို တရားသဖြင့်မရှာနိုင်တော့ သူများဆီက ခိုးဟာ လုဟာ တိုက်ဟာ ခိုက်ဟာ သူ့သတ်ပြီးမှ ယူရမယ်ဆိုယူဟာဆိုတာတွေ မပြုရဘူးလား?(ပြုရပါဘုရား)။

အဲဒီလိုပြုပြီးတော့ အပါယ်လေးပါးကျသွားရတာတွေလည်း မာဂဏ္ဍီ အများကြီး . . တဲ့ အများကြီး။ ဒါဖြင့် မျက်စိပေါက်ကနေပြီးတော့ အပါယ်လေးဘုံ ရောက်အောင် မပို့ဘူးလား?၊(ပို့ပါဘုရား) နားပေါက်ကလည်းပဲ မပို့ဘူးလား? (ပို့ပါဘုရား) နှာခေါင်းပေါက်,လျှာပေါက်,ကိုယ်ပေါက်,မနောပေါက်ကလည်း မပို့ဘူးလား? (ပို့ပါဘုရား) အဲဒီလိုပို့လို့ ဘုန်းကြီးတို့ဒကာဒကာမတွေ မျက်စိပေါက်က အပါယ်လေးပါးပို့ထားလို့ရောက်ခဲ့ရတဲ့ အကြိမ်တွေရေတွက်နိုင်ပါ့မလား?(မရေတွက်နိုင်ပါဘုရား) ဒါဖြင့် ဒွါရခြောက်ပါးက ပို့တယ်ဆိုရင်ဖြင့် ရေတွက်လို့ဆုံးပါတော့မလား?(မဆုံးပါဘုရား)။

ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍီ. . တဲ့ ဒီမျက်စိပေါက် နားပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်ဆိုတဲ့ ဒီဒွါရခြောက်ပါးကို စောင့်စည်းထိန်းသိမ်းလာတာသည်ပင်ချမ်းသာတယ်လို့ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆေးကုတာပါမာဂဏ္ဍီရယ်. . တဲ့၊ ဆေးကုတာပါတဲ့။ သတ္တဝါတိုင်း သတ္တဝါတိုင်း နင်တို့သတ္တဝါတွေမှာ သည့်ပြင်အနာကြီး အနာငယ်လည်း

http://www.dhammadownload.com



ပေါက်တယ်၊ နာတာရှည်နာတာတိုရောဂါတွေလည်းစွဲတယ်၊ ကိုးဆယ့်ခြောက်ဖြာ, ကိုးဆယ့်ရှစ်ဖြာလို့ ဒကာ,ဒကာမတွေ ပြောပြောနေတဲ့ အဲဒီရောဂါကြီးထက်ဆိုးတဲ့ ရောဂါကြီး ဟောဒီ ဆာနာရောဂါကြီးက။ ရောဂါတွေထဲမှာ အရှည်ဆုံးနဲ့ အဆိုးဆုံးရောဂါကြီးက ဆာနာကြီးခြောက်လုံးတဲ့၊ ဘာနာကြီးခြောက်လုံးတုံး?(ဆာနာကြီးခြောက်လုံးပါဘုရား) ကဲ ဒါဖြင့်-ဆိုစမ်းပါ-

❖ ရောဂါမျိုးတွေ, မရေနိုင်အား, များသော်ငြားလည်း,
ကြားချင်မြင်ချင်, စားသောက်ချင်နှင့်, လိုအင်သီးသီး,
ဆာနာကြီး, ဦးစီးခေါင်ချုပ်တည်။

ရောဂါမျိုးတွေ ဘယ်လောက်ပဲများများ. . တဲ့၊ သည့်ပြင်ရောဂါတွေက ဗဟိဒ္ဓရောဂါပါတဲ့၊ ခဏပန်းရောဂါပါတဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဘဝမှာ ဆီးချို,သွေးတိုး,ကင်ဆာဆိုတာ နာတာရှည်တယ်လို့ မပြောကြဘူးလား?(ပြောကြပါဘုရား) သို့သော် သမားကောင်းနဲ့ ဆေးကောင်းနဲ့ ဆရာဝန်ကောင်း ဗမာဆရာစာတ်ဆရာ ပိန္နောဆရာကောင်းနဲ့ ဆေးကောင်းနဲ့ ဝါးကောင်းနဲ့တွေ့ရင် မပြတ်နိုင်ဘူးလား?(ပြတ်နိုင်ပါဘုရား) ဟာ-ဒီဘဝမပျောက်ပါဘူးထား၊ တစ်ဘဝလုံးပါတယ်ထား၊ ဒီဘဝရဲ့ နောက်ဘဝကျ သူဆက်လိုက်သေးလား?(မလိုက်ပါဘုရား)။

အဲဒီမျက်စိပေါက် နားပေါက် လျှာပေါက်က ဆာနာရောဂါကြီး. . . တဲ့ ဒီဘဝလည်းစွဲတယ် နောက်ဘဝလည်းစွဲမယ်၊ သံသရာနဲ့ချည်ပြီးတော့ ရုပ်နာမ်ခန္ဓာရသမျှ စွဲမယ့်ရောဂါကြီးခြောက်လုံး၊ မသေချာဘူးလား?(သေချာပါဘုရား) ဒါဖြင့် ဘုန်းကြီးတို့ အနမတဂ္ဂသံသရာက ကျင်လည်လာခဲ့တုန်းကကော ဒီဆာနာကြီး ရောဂါခြောက်လုံး စွဲမလာခဲ့ဘူးလား?(စွဲလာပါဘုရား) စွဲလာလို့ရောဂါကြီး မန်းတက်တဲ့အခါမှာ မခံနိုင်လို့ သူများကိုသတ်လို့သတ်၊ သူများပစ္စည်း ခိုးလို့ခိုးနဲ့ မလုပ်ခဲ့ရဘူးလား?(လုပ်ခဲ့ရပါဘုရား) အဲဒီလိုလုပ်ပြီးတော့ အပါယ်လေးပါးကျခဲ့တဲ့ အကြိမ်တွေရော မများခဲ့ဘူးလား?(များခဲ့ပါဘုရား) ဒါဖြင့် အနာရောဂါထလို့ ဒုက္ခရောက်ခဲ့တာတွေမများဘူးလား?(များပါဘုရား) ဒါဖြင့် ဒီအနာ ရောဂါကြီးကို ဆေးကုပြီးဟော့ ချုပ်တည်းထိုက်သလား မချုပ်တည်းထိုက်ဘူးလား?(ချုပ်တည်းထိုက်ပါဘုရား) ဘုရားက အဲဒါပြောနေတာ။

မာဂဏ္ဍီ. . တဲ့ ငါ့ကလေ. . မျက်စိပေါက်က စောင့်စည်းရမယ်၊ နားပေါက်ကစောင့်စည်းရမယ်၊ လျှာပေါက်ကစသည်ဖြင့် ဒွါရခြောက်ပါးစောင့်စည်းရ

http://www.dhammadownload.com



မယ်ဆိုတာ ဆေးလေးတိုက်တာပါ. . တဲ့၊ ဆေးလေးတိုက်တာပါ။ ဘုရားက ဘာလုပ်တာတဲ့တုံး?(ဆေးတိုက်တာပါဘုရား) ဒီတော့ ဘုန်းကြီးတို့ဒွါရခြောက်ပါးကနေပြီးတော့ ဆာနာရောဂါကြီးစွဲနေတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပေးတဲ့ဆေးနဲ့ မကုလို့ရှိရင် ဖြစ်ပါ့မလား?(မဖြစ်ပါဘုရား)။ သတ္တဝါတွေက ခြောက်ပါးဆေးလေးသာသောက်နေကြရတယ်. . တဲ့၊ ဘုရားက ဒါပြောတာနော်၊ သူကုမှာက ခြောက်ပါးဆေးမဟုတ်ဘူး၊ သူကုမှာကတော့ မင်ဆေးဖိုလ်ဆေးနဲ့ကုမှာနော်၊ အေး-မင်းတို့ သတ္တဝါတွေ အဲဒီဆာနာရောဂါကြီးလုံးဝမပျောက်ဘူး နည်းနည်းလေးသက်သာအောင်ဆိုပြီးတော့ ဆာနာရောဂါကြီး သက်သာရုံလေးခြောက်ပါးဆေး ကျွေးနေကြရတယ်. . တဲ့၊ (မှန်လှပါဘုရား)။

မင်းတို့ သတ္တဝါတွေလေ. . . အဲဒီဆာနာရောဂါကြီးခြောက်လုံး သက်သာပါစေတော့ ငြိမ်းပါစေတော့လို့ဆိုပြီးတော့ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါးဆိုတဲ့ ခြောက်ပါးဆေး မင်းတို့ရှာပြီးတော့ ကျွေးနေကြရတယ်. . တဲ့ ကျွေးနေကြရတယ်။ အဲဒီ တိုက်ကျွေးပြီးတော့ ကုနေသော်လည်းပဲ အမြစ်ပြတ်ဘယ်တော့မှ မပျောက်တဲ့ဆေး၊ ခြောက်ပါးဆေးက အမြစ်ပြတ်ပျောက်ရဲ့လား?(မပျောက်ပါဘုရား) ကဲ လိုက်ဆိုကြည့်စမ်းပါ-

> ❖ရောဂါမျိုးတွေ, မရေနိုင်အား, များသော်ငြားလည်း,
> ကြားချင်မြင်ချင်, စားသောက်ချင်နှင့်, လိုအင်သီးသီး,
> ဆာနာကြီး, ဦးစီးခေါင်းချုပ်တည်။
> အာရုံခြောက်ဖြာ, ကောင်းနိုးရာနှင့်, ဆာနာငြိမ်းရေး,
> ခြောက်ပါးဆေး, တိုက်ကျွေးနေကြရှာသည်၊

ဘုန်းကြီးတို့ ဒကာဒကာမတွေ နေ့စဉ်ဘာလုပ်နေကြတာတုန်းဆိုရင် ဆာနာကြီးများ ပျောက်မလားလို့ ခြောက်ပါးဆေးတိုက်ကျွေးပြီးတော့ နေကြရတယ်၊ ဆာနာရောဂါကြီးများ ပျောက်မလားလို့ဆိုပြီးတော့ ခြောက်ပါးဆေး တိုက်မနေရဘူးလား?(တိုက်နေရပါဘုရား) ဒီခန္ဓာကိုယ်ကြီး ရောဂါသည်ကြီးလား ကျန်းမာတဲ့သူကြီးလား?(ရောဂါသည်ကြီးပါဘုရား) ဟော-ဘုရားက အာဗာဓတော-အနာရောဂါသည်ကြီးလို့ ရှုပါဆိုပြီးတော့ အာဗာဓတော-ဆိုတဲ့ တောကြီးအောက်ခိုကြည့်. . . ဆိုတာ ဒါရည်ရွယ်ဟောနေတာ၊ အခု မာဂဏ္ဍီချွတ်နေတာလည်း အာဗာဓတောနဲ့ ဘုရားရှင်ချွတ်နေပြီနော်။

http://www.dhammadownload.com



အခု-မာဂဏ္ဍီကို ဘုရားရှင်ကပြောနေပြီ မင်းတို့ခြောက်ပါးဆေးတိုက်နေသော်လည်းပဲ မပျောက်ဘူး. . တဲ့၊ မပျောက်ဘူး။ ဘုန်းကြီးတို့ဒကာဒကာမတွေ အခုဘာအလုပ်တွေလုပ်နေကြတုံးဆိုရင် အာရုံခြောက်ပါးရှာနေရတာပဲ၊ မျက်စိပေါက်က အိမ်ကောင်းကောင်းလေးမြင်ရအောင်မလုပ်ရဘူးလား?(လုပ်ရပါဘုရား) တစ်ထပ်က နှစ်ထပ်မြင်နိုင်အောင်မလုပ်ရဘူးလား?(လုပ်ရပါဘုရား) မြင်ရတော့ပြီးရောလားလို့ဆိုတော့ မပြီးသေးဘူး ဒီပေါ်မှာစားပွဲ ကုလားထိုင် ဘီရို ဟိုဟာပြီးတော့ဒီဟာ ဒီဟာပြီးတော့ဟိုဟာ၊ လိုပြီးရင်းလိုရင်း လိုပြီးရင်းလိုရင်း ပြည့်တယ်လို့ရှိရဲ့လား?(မရှိပါဘုရား)။

မျက်စိသမုဒ္ဒရာကြီးလို့ ဘုရားက ဟောမထားဘူးလား?(ဟောထားပါဘုရား) မျက်စိဘာကြီးတဲ့တုံး?(သမုဒ္ဒရာကြီးပါဘုရား)၊ သမုဒ္ဒရာဆိုတာပြည့်တယ်လို့ရှိရဲ့လား?(မရှိပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေမှာ သမုဒ္ဒရာကြီးခြောက်စင်းမရှိဘူးလား?(ရှိပါဘုရား)၊ ပြည့်တယ်လို့ရှိပါ့မလား?၊(မရှိပါဘုရား) တစ်စင်းတောင်မှ ပြည့်အောင်ဖြည့်လို့မရရင်ခြောက်စင်းဆိုတော့ ပြည့်ပါ့မလား?(မပြည့်ပါဘုရား)၊ သမုဒ္ဒရာကြီးကခြောက်စင်း ဖြည့်ရတဲ့သူက တစ်ယောက်တည်း။ သမုဒ္ဒရာကြီးက ဘယ်နှစ်စင်းတုံး?(ခြောက်စင်းပါဘုရား)၊ ဖြည့်တဲ့သူက? (တစ်ယောက်တည်းပါဘုရား) နားနေရပါ့မလား?(မနားရပါဘုရား)။

ကိုယ့်ခန္ဓာကိုယ်ခြောက်စင်းဖြည့်လို့မှ မအားရတဲ့အထဲသူတစ်ပါးခန္ဓာကိုယ်ယူပြီးတော့ ဖြည့်သေးတယ်. . ၊ မဖြည့်ကြဘူးလား?၊(ဖြည့်ကြပါဘုရား) ဒီတော့ ဒကာဒကာမတွေ နားချိန်ရပါအုံးမလား?(မရပါဘုရား)၊ ကိုယ့်အနာမှ ကိုယ်မပျောက်သေးဘဲနဲ့ သူများအနာခေါ်ပြီးတော့ကုတယ်ဆိုရင် ကောင်းတဲ့ လူလား ရူးတဲ့လူလား?(ရူးတဲ့သူပါဘုရား)။

မာဂဏ္ဍီ. . တဲ့ အဲဒီလိုမင်းတို့သတ္တဝါတွေ စက္ခု၊သောတ၊ဃာန၊ဇိဝှါ ဆိုတဲ့ခြောက်ဒွါရကနေပြီးတော့ အာရုံခြောက်ဖြာ ကောင်းနိုးရာရာတွေနဲ့ရှာပြီးတော့ ဆေးကျွေးပြီးတော့နေခဲ့ရတာ ပျောက်တယ်လည်းမရှိဘဲနဲ့ ဒီရောဂါကြီးက တိုက်ကျွေးနေ့ကြာရှည်. . . တဲ့၊ ကြာခဲ့လှပြီ၊ ပရိသတ်ကြီး ကြာခဲ့ပြီလား ခဏလေးလား?(ကြာခဲ့ပါပြီဘုရား)၊ ဘယ်လောက်လို့ ဘုန်းကြီးတို့ပြောနိုင်ပါ့မလား?(မပြောနိုင်ပါဘုရား)၊ နောက်ရော ဒီရုပ်နာမ်ခန္ဓာရှိနေသမျှဆုံးပါ့မလား?(မဆုံးပါဘုရား)

http://www.dhammadownload.com



ဒီတော့ မင်းတို့ ကုနေရတာမပျောက်နိုင်ဘူးတဲ့။ အဲဒီလို မပျောက်နိုင်တဲ့ ဒီရုပ်နာမ် ခန္ဓာ ရောဂါသည်ကြီးပျောက်ချင်လို့ရှိရင် အာဗာဓတောဆိုတဲ့ အနာရောဂါကြီး အနေနဲ့ရှုကြ. . .။

ခန္ဓာကိုယ်ကြီးကိုရောဂါသည်ကြီးရောဂါတုံးကြီးလို့မြင်လိုက်တော့ ဒီခန္ဓာ ကိုယ် ဒီလို နောက်ထပ် ပရိသတ်လိုချင်သေးလား?(မလိုချင်တော့ပါဘုရား)၊ လိုချင် တယ် လိုချင်တယ်ဆိုတာအကောင်းထင်လို့ အခင်လာတယ်၊ အကောင်းထင်မှ အခင်လာတာ၊ ပရိသတ်ကြီးအကောင်းထင်တော့ ဘာတဲ့တုံး?(အခင်လာပါ ဘုရား)၊ အကောင်းထင်တာကအဝိဇ္ဇာ၊ အခင်လာဆိုတာကတဏှာ။ အကောင်းထင် တာဘာပါလိမ့်?(အဝိဇ္ဇာပါဘုရား)၊ အခင်လာဆိုတာက တဏှာ၊ အခင်လာကဘာ တုံး?(တဏှာပါဘုရား)၊ သတ္တဝါတွေစတာ အဝိဇ္ဇာတဏှာကစတယ်လို့မကြားဖူး ဘူးလား?(ကြားဖူးပါဘုရား) အဲဒါပဲအဝိဇ္ဇာနဲ့တဏှာကစလာတာ။

ဒီတော့ အကောင်းထင်တော့အခင်လာ၊ အခင်လာတော့စွဲလမ်း၊ စွဲ လမ်းတော့ပြုလုပ်၊ ပြုလုပ်တော့ရရှိ ဟော- ဆက်သွားရော၊ ဆက်မသွားဘူးလား? (ဆက်သွားပါဘုရား) ဒါဖြင့်-ယနေ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ဘုရားရှင်ရဲ့ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍီကိုပြောနေပြီ၊ အဲဒီတော့-မင်းတို့တ တွေ. . တဲ့ ဒီရောဂါကြီး ပျောက်ဖို့ရာအတွက်တဲ့၊ ကိုယ့်သန္တာန်မှာလေ. . ခုနက ပြောခဲ့တဲ့ အာဗာဓတော အစရှိတဲ့ တောကြီးလေးဆယ်တစ်တောတောအောက် ကခိုပြီးတော့ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဆိုတဲ့ ဉာဏ်သုံးဉာဏ်ပေါ် အောင်ကြိုးစားတဲ့၊ တောကြီးလေးဆယ် တစ်တောတောအောက်ကခိုလိုက်လို့ရှိရင် မင်းတို့သန္တာန် သစ္စဉာဏ်ရယ် ကိစ္စဉာဏ်ရယ် ကတဉာဏ်ရယ်ဆိုတဲ့ ဉာဏ်သုံး ဉာဏ် ပေါ်လာလိမ့် မယ်. .၊ အဲဒီဉာဏ်သုံးဉာဏ်ပေါ်လာရင် မင်းတို့ ဇောတိရသ ခေါ်တဲ့ အမြိုက်ကျောက်ကြီးကို ကောက်ရာရောက်ပြီ. . .။

ဟော-ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဲဒီအာဗာဓတောဆိုတဲ့ တော ကြီးအောက်ခိုလိုက်သည်နဲ့တပြိုင်နက်၊ အာဗာဓတောဆိုတဲ့တောကြီးအောက် ခိုတယ်ဆိုတာ-မိမိခန္ဓာကိုယ်ကြီးကို အနာရောဂါကြီးခြောက်လုံးပေါက်နေတဲ့ ရောဂါတုံးကြီးပဲလို့ ရှုလိုက်တဲ့အချိန်မှာ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဆိုတဲ့ ဉာဏ်သုံးချက်ပေါ်လာတယ်. . . တဲ့၊ သစ္စဉာဏ် တဲ့ပထမဉာဏ်က ဘာဉာဏ်

http://www.dhammadownload.com



တဲ့?(သစ္စဉာဏ်ပါဘုရား)၊ သစ္စ-ဆိုတာကအမှန်၊ ဉာဏ်-ဆိုတာကသိတာ၊ အမှန်သိတဲ့ဉာဏ်ကို သစ္စဉာဏ်လို့ခေါ်တယ်၊ အမှန်ရှိတာကို အမှန်သိတာ ဘာဉာဏ်ခေါ်တုံး?၊ (သစ္စဉာဏ်ပါဘုရား) အမှန်ကိုပါဠိလို သစ္စလို့ခေါ်တယ်၊ သိတာကိုဉာဏ်လို့ခေါ်တယ်၊ နှစ်ရပ်ပေါင်းလိုက်တော့ သစ္စဉာဏ်။

အာဗာဓတောဆိုတဲ့ ကိုယ့်ကိုယ်ကို အနာရောဂါတုံးကြီးပဲလို့ရှုလိုက်တဲ့တစ်ချက်မှာ သစ္စဉာဏ်ပေါ်လာမယ်တဲ့ ဘုရားက၊ အဲဒီသစ္စဉာဏ်ပြီးတော့ ဘာပေါ်တုံးဆိုတော့ ကိစ္စဉာဏ်ပေါ်မယ်တဲ့၊ ဘာဉာဏ်တဲ့တုံး?(ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်ဆိုတာ အဲဒီအမှန်ရှိတဲ့ တရားတွေရဲ့ အဖြစ်မှန်ပေါ်လာတာကို ကိစ္စဉာဏ်လို့ခေါ်တယ်၊ အရှိမှန်ကိုသိတာက သစ္စဉာဏ်၊ အဲဒီအရှိမှန်တရားရဲ့ အဖြစ်မှန်ကို သိတာက ကိစ္စဉာဏ်လို့ခေါ်တယ်။

ကတဉာဏ်ဆိုတာကျတော့ အဲဒီသစ္စဉာဏ် ကိစ္စဉာဏ်ကြောင့် မိမိသန္တာန်မှာ ရှင်းသွား၊လင်းသွား၊ကုန်သွား၊ခန်းသွားတဲ့တရားတွေကို သိလိုက်တာက ကတဉာဏ်၊ ကတ-ပြုသင့်ပြုထိုက်တာတွေပြုပြီးသွားတာကိုသိတဲ့၊ ဉာဏ်က-အသိ၊ ဒါ-ကတဉာဏ်လို့ခေါ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ ဒီဉာဏ်သုံးချက်ပေါ်ဖို့ အရေးမကြီးဘူးလား?(ကြီးပါဘုရား)၊ အဲဒီဉာဏ်သုံးချက်ဆိုတာ အခြားမဟုတ်ဘူး၊ မြတ်စွာဘုရား ဓမ္မစကြာမှာ ဟောထားတဲ့ဉာဏ်သုံးချက်။

မြတ်စွာဘုရားက ငါလည်း အဲဒီသစ္စဉာဏ်၊ကိစ္စဉာဏ်၊ကတဉာဏ်သုံးချက်ပေါ်လို့ ငါဘုရားဖြစ်ခဲ့တာတဲ့၊ အဲဒါဓမ္မစကြာမှာ ဟောထားတာရှိတယ်၊ အဲဒါကို အခုလယ်တီဆရာတော်ဘုရားကြီးက သစ္စဉာဏ်၊ကိစ္စဉာဏ်၊ကတဉာဏ်။ ရှေးရှေးသောဆရာတော် ဘုရားကြီးတွေနဲ့ကျမ်းဂန်တွေကနေပြီးတော့ ပြကြတယ်၊ ဒီတော့ ဒကာ ဒကာမတွေသန္တာန်မှာ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဖြစ်အောင် ဘာလုပ်ရမှာတုံးလို့ဆိုတော့ ခုနက အနာကြီးခြောက်လုံး ဒွါရခြောက်ပေါက်မရှိခဲ့ဘူးလား?(ရှိပါဘုရား)၊ အဲဒီဒွါရခြောက်ပေါက်ကို ဆေးလိုက်ပြီးတော့ ဒီဉာဏ်တွေနဲ့ကုရမှာဖြစ်တော့ ဆိုစမ်းပါ-

❖ မြင်ဆဲခါမှတ်, ရုပ်ဓာတ်နှစ်ဖြာ, မြင်တွေ့ခံစား, နာမ်ကားသုံးဖြာ၊ မြင်စဉ်အခိုက်, ရှုလိုက်သောခါ, ရုပ်နာမ်ကွဲ, ဘယ်လဲသူနဲ့ငါ။

http://www.dhammadownload.com



ဟော-ဘာပြောတာတုံးလို့ဆိုတော့ မျက်စိပေါက်က မြင်ခိုက်ရုပ်နာမ် ဖြစ်ပျက်လို့ ရှုလိုက်. : တဲ့၊ မျက်စိပေါက်က မြင်ခိုက် ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ် ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက် ဖမ်းရှုတဲ့။ မျက်စိပေါက်က မြင်ခိုက် ရုပ်နာမ်ဖြစ် ပျက်ရှုတော့ အရှင်ဘုရား ရုပ်တွေနာမ်တွေမိရဲ့လား ရှုမိရဲ့လားလို့ဆိုတော့ မျက်စိပေါက်ကမြင်ခိုက်မှာ ရုပ်နှစ်ပါးမိမယ်တဲ့ရှုလိုက်ရင် "**မြင်ဆဲခါမှတ်, ရုပ်ဓာတ်နှစ်ဖြာ**"တဲ့ မြင်တဲ့အခိုက်မှာ ရုပ်တရားဘယ်နှစ်ခုရှိတုံးဆို နှစ်ခုရှိမယ်၊ မျက်စိပေါက်က မြင်ဆဲအခိုက်မှာ ရုပ်ဘယ်နှစ်ခုရှိမှာတုံး?(နှစ်ခုပါဘုရား)၊ ဘုန်း ကြီးတို့ မြင်တယ် မြင်တယ်ဆိုတဲ့ကိစ္စမှာ မျက်စိထဲက စက္ခုပသာဒခေါ်တဲ့ အကြည် ရုပ်မရှိရဘူးလား? (ရှိရပါဘုရား) အပြင်ဘက်ကလာနေတဲ့ ရူပါရုံ-အဆင်းရုပ်ကော မရှိရဘူးလား?(ရှိရပါဘုရား) အဲဒါကိုအပြင်ဘက်က အဆင်းရုပ်၊ အတွင်းက အကြည်ရုပ် ရုပ်နှစ်ခုမရှိဘူးလား?(ရှိပါဘုရား)။

၄

ရုပ်နှစ်ခုဆိုတာ အမျိုးစားပြောတာ ရုပ်ကလေးတွေအနေကတော့ လက် ဖျစ်တစ်ချက်တီး ကုဋေငါးထောင်လောက်ဖြစ်တယ်၊ ဒီတော့ အမျိုးအစား အနေနဲ့ မျက်စိထဲက အကြည်ရုပ်အုပ်စုကြီးကတစ်စု, အပြင်ဘက်လာပြီးတော့ ထင်တဲ့ ရူပါရုံအဆင်းအုပ်စုကြီးကတစ်စုဆိုတော့"**မြင်ဆဲခါမှတ် ရုပ်ဓာတ်နှစ်ဖြာ**" ဆို တာ ရူပါရုံနဲ့ စက္ခုပသာဒကိုပြောတာ။ ဒီတော့-မြင်ခိုက်မှာ ရုပ်စုကြီးနှစ်ခု မတွေ့ဘူး လား?(တွေ့ပါဘုရား)၊ ရုပ်အုပ်စုဆိုတာ မြန်မာလိုပြောထားတာ၊ ရုပ်ဆိုတာ ပါဠိလို ရူပ၊ အုပ်စုဆိုတာ ခန္ဓ-ကထွက်လာတာ၊ ဒါဖြင့် ရူပက္ခန္ဓာလို့ပြောတာနဲ့ အတူတူမ ကျဘူးလား?(ကျပါဘုရား)၊ ဒါဖြင့် မြင်ဆဲ မြင်ခိုက်မှာ ရုပ်အုပ်စုကြီးနှစ်ခု ပေါင်းပြီ နေ၁်။

နာမ်အုပ်စုက ဘယ်နှစ်ခုတုံးဆိုတော့ သုံးခုတဲ့၊ နာမ်အုပ်စုက ဘယ်နှစ် ခုတုံး?(သုံးခုပါဘုရား) "မြင်-တွေ့-ခံစား"တဲ့ မြင်ဆိုတာ စက္ခုဝိညာဉ်စိတ် ကလေးပြောတာ၊ တွေ့-ဆိုတာ ဖဿပြောတာ၊ ခံစား-ဆိုတာ ဝေဒနာပြောတာ ဟော-ပဋိစ္စသမုပ္ပါဒ် ဖဿပစ္စယာ ဝေဒနာလို့ မလာဘူးလား?(လာပါဘုရား) ဟော-တွေ့လိုက်တဲ့အခိုက် မြင်လိုက်တဲ့အခိုက်မှာ မြင်စိတ်ကလေးပေါ်ရင် ဖဿဆိုတဲ့ အတွေ့အထိပေါ်ပြီးတော့ ဒါကြည့်လို့ကောင်းတယ်၊ ဒါကြည့်လို့ မကောင်းဘူးဆိုတဲ့ ခံစားမှုတွေမလာဘူးလား?(လာပါဘုရား) ဒါ့ကြောင့် သည့်ပြင် ရှေ့မဆက်သေးပဲထားတဲ့ ဒီအခိုက်မှာ မြင်ခိုက်ပစ္စုပ္ပန်အခိုက်မှာ "မြင်တွေ့ခံစား"

http://www.dhammadownload.com



မြင်ဆိုတဲ့ စက္ခုဝိညာဉ်စိတ်ရယ်၊ တွေ့-ဆိုတဲ့ဖဿစေတသိတ်ကလေးရယ်၊ ခံစားဆိုတဲ့ ဝေဒနာစေတသိက်ရယ်၊ နာမ်တရားသုံးလုံးမပေါ် လာဘူးလား? (ပေါ် လာပါဘုရား)။

ဟော-ရုပ်အုပ်စုကြီးကနှစ်စု, နာမ်အုပ်စုကြီးကသုံးစု၊ နာမ်ဆိုလို့လည်းပဲ တစ်လုံးတည်း မထင်နဲ့၊ စက္ခုဝိညာဉ်ဆိုလို့လည်း တစ်လုံးတည်းဖြစ်တယ် မထင်နဲ့၊ သူက တစ်စက္ကန့်ကုဋေတစ်သိန်းလောက်ဖြစ်တာ၊ ဖဿလေးတွေကလည်း တစ်စက္ကန့် ကုဋေတစ်သိန်းလောက် ဖြုန်းဖြုန်းဖြုန်းဖြုန်းဆိုဖြစ်ပြီးတော့ ပျက်သွားတာ၊ ဝေဒနာတွေကလည်း တစ်စက္ကန့်ကုဋေတစ်သိန်းလောက်ဖြစ်ပြီးတော့ ခံစားသွားတာ၊ ဒီတော့-အမျိုးအစားအနေနဲ့ပြောတာနော်၊ တစ်လုံးတည်းများ မထင်နဲ့။ အဲဒီနာမ်အုပ်စုကြီးဆိုတာ ပါဠိလိုပြောရင် နာမ်-ဆိုတာ နာမ၊အုပ်စု ဆိုတာ-ခန္ဓ၊ ဒီတော့ နာမက္ခန္ဓာဆိုတာနဲ့ အတူတူမကျဘူးလား?(ကျပါဘုရား)၊ **ရူပက္ခန္ဓာ အနိစ္စံ နာမက္ခန္ဓာ အနိစ္စံ**-လို့ ပါဠိလိုရှုတာနဲ့ အတူတူမကျဘူးလား? (ကျပါဘုရား)။

အဲဒီလိုမြင်ခိုက်မှာ ရုပ်နာမ်လို့ရှုလိုက်တဲ့အခါရုပ်ဘယ်နှစ်ခုမိတုန်းဆိုတော့-နှစ်ခုမိမယ်။ နာမ်ဘယ်နှစ်ခုမိတုံးဆို သုံးခုမိမယ်၊ ဒါဖြင့်-ရုပ်နာမ် လို့ရှုလိုက်တဲ့အချိန်မှာ ရုပ်အုပ်စုကြီးနှစ်ခု ရူပက္ခန္ဓာနှစ်ခုနဲ့, နာမ်အုပ်စုကြီးသုံးခု နာမက္ခန္ဓာသုံးခု,မမိဘူးလား?(မိပါဘုရား)၊ သူကလည်း အရှိတရားဖြစ်နေတယ်၊ ကိုယ်ကလည်း အရှုတရားနဲ့မိမနေဘူးလား?(မိပါဘုရား)၊ ဒါဖြင့်-ရှိနေတာက ရုပ်နာမ်၊ ဒီကရှုတာကလည်းရုပ်နာမ်လို့သိတာဖြစ်တော့ ရှိနေတဲ့တရားက အမှန်ရှိတဲ့ တရားကြီးဖြစ်နေတော့ သူ့ကိုသစ္စာလို့ခေါ် တယ်၊ ဘုန်းကြီးတို့-ယောက်ျားဟဲ့, မိန်းမဟဲ့နဲ့ဆိုတာက အဟုတ်မရှိဘဲနဲ့ သမုတ်ပြောတဲ့အပြော၊ သမုတ်ပြောပြောလို့ရှိတဲ့ အမှန်ခေါ် တယ်၊ ခုနက ရုပ်နာမ်က အဟုတ်သဘောနဲ့ရှိတာ၊

ဘုန်းကြီးတို့-အရှိက, အမှန်ပေမဲ့လို့ နှစ်မျိုးရှိတယ်၊ **သမုတိသစ္စာ, ပရမတ္ထသစ္စာ**လို့ စာလိုခေါ် တယ်၊ မြန်မာလိုပြောတော့-အများပြောအမှန်နဲ့၊ တရားသဘောအမှန်တဲ့၊ ယောက်ျားရယ်မိန်းမရယ်ဆိုတာ အများပြောတော့ မမှန်ဘူးလား?(မှန်ပါဘုရား)၊ မုသားလွတ်ရုံတော့မမှန်ဘူးလား?(မှန်ပါဘုရား)၊ မုသားလွတ်ရုံမှန်တဲ့အမှန်ခေါ် တယ် သမုတိသစ္စာက၊ ဘာပြုလို့တုံးဆိုတော့ ယောက်ျားကိုယောက်ျားမဟုတ်ဘူးလို့သွားပြောရင် မှားမှာပေါ့၊ ယောက်ျားလုပ်တဲ့အလုပ်ကို

http://www.dhammadownload.com



မိန်းမလုပ်တာပါလို့သွားပြောရင်မုသားမဖြစ်ဘူးလား? (ဖြစ်ပါဘုရား) မြတ်စွာဘုရားကလည်း မုသားဖြစ်တယ်လို့ဟောထားတာ၊ အဲဒါ သမုတိသစ္စာနည်းနဲ့ဟောတာ၊

သို့သော်-တရားသဘောအမှန်နဲ့ ဝိပဿနာရှုတော့မယ်ဆိုတော့ သမုတိသစ္စာတွေက အဟုတ်ရှိတွေမဟုတ်ပါ၊ သမုတ်ရှိတွေဖြစ်ပါတယ်၊ ဒီတော့-ယောက်ျားတို့, မိန်းမတို့ ငါတို့,သူတို့,ဆိုတာကသမုတ်ထားတဲ့အရှိတဲ့၊ အဟုတ်ရှိတာမဟုတ်ဘူး၊ အဟုတ်မရှိတော့ ဉာဏ်နဲ့နှိပ်မွှေ,ကြိတ်ချေစစ်ဆေးလိုက်ရင်သူက ပျောက်ပျောက်,ပျောက်ပျောက်သွားတာ၊ ပြောင်းပြောင်း,ပြောင်းပြောင်းသွားတာ၊ ဘာနဲ့တူတုံးဆိုရင် ဘုန်းကြီးတို့အိမ်ကြီးတစ်ဆောင် အိမ်လို့ဆိုပြီးတော့ လုံးပြောထားတာ၊ ကဲ-အိမ်ဆိုတာ ပြောစမ်းထောက်စမ်းဆိုတော့သူကနံရံကြီးသွားထောက်တော့ ဟင်-ဒါကနံရံကြီးပဲအိမ်မဟုတ်ဘူးလို့ဆိုတော့ အိမ်ပျောက်မသွားဘူးလား?(ပျောက်သွားပါဘုရား)သို့မဟုတ် သူကတိုင်ကြီးထောက်ထားရင်လည်း ဒါတိုင်ပဲ အိမ်မဟုတ်ဘူးဆိုရင် ဟော-အိမ်ပျောက်မသွားဘူးလား? (ပျောက်သွားပါဘုရား)အဲဒီလိုပဲ သမုတိသစ္စာဆိုတာက ဉာဏ်နဲ့ ကြိတ်ချေနှိပ်မွှေပြီးတော့ ထောက်လာရင်ပျောက်ပျောက်သွားတယ်။

ပရမတ္ထသစ္စာ ရုပ်နာမ်ကတော့ ဘယ်တော့မှ မပျောက်ပါ၊ အမှန်ရှိနေတယ်၊ အခြေခံအနေနဲ့ သူရှိမနေဘူးလား?(ရှိပါဘုရား) ဒါ့ကြောင့်-မြင်ဆဲအခါမှာ ဘာရှိသလဲလို့ဆိုရင် ရုပ်နာမ်ရှိတယ်၊ မြင်ဆဲဘာရှိတုံး?၊(ရုပ်နာမ်ရှိပါဘုရား) အဲဒီရုပ်နာမ်ကိုယနေ့ဒကာဒကာမတွေကရုပ်နာမ်လို့ရှုလိုက်တော့ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း အသိလေးဝင်မလာဘူးလား?(ဝင်လာပါဘုရား)၊ အဲဒီ အသိဟာ အမှန်ရှိသိတာလား အမှားရှိသိတာလား?(အမှန်ရှိသိပါဘုရား)၊ အဲဒီအမှန်ရှိ သိတာမို့လို့ သစ္စဉာဏ်လို့ခေါ်တယ်။

ဒါဖြင့် ရုပ်နာမ် ရုပ်နာမ်အတိုင်းသိတဲ့အချိန် နာမ်ရုပ်ကိုပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒ-ဉာဏ်ပေါ်တဲ့အချိန်ဟာ သစ္စဉာဏ်ပေါ်လာတယ်လို့ခေါ်တယ်။ ဒါဖြင့်-ရုပ်နာမ်လို့ရှုလိုက်တဲ့အချိန် သစ္စဉာဏ်မပေါ်ဘူးလား?(ပေါ်ပါဘုရား) အဲဒီရုပ်နာမ်တွေကဘယ်လိုသဘောရှိတုံးဆိုတော့ ပေါ်ပြီးတော့ပျောက်သွားတယ်,ဖြစ်ပြီးတော့ပျက်သွားတယ်။ ဖြစ်ပြီးတော့ပျက်သွားတာလေးကို ဒီကလည်း ဖြစ်ပျက်လို့ရှုလိုက်တယ်၊ သူကလည်းဖြစ်ပြီးတော့ပျက်သွားတယ်။ သူကလည်း ပျက်နေတယ်၊ ကိုယ်ကလည်းပျက်တယ်လို့ ရှုတယ်ဆိုတော့တည့် မသွား

http://www.dhammadownload.com



ဘူးလား?(တည့်သွားပါဘုရား)။

ဒီတော့ ရုပ်နာမ်ရဲ့ ကိစ္စကဘယ်လိုကိစ္စတုံးဆို သူကပေါ်ပြီးပျောက်တဲ့ကိစ္စ သူ့ကိစ္စပဲ၊ ဖြစ်ပြီးတော့ ပျက်မယ့်ကိစ္စ သူ့ကိစ္စပဲ၊ ရုပ်နာမ်လေးသွားမေးကြည့်စမ်း ဟေ့ ရုပ်နာမ်မင်းဘာအလုပ်ရှိတုန်း ဘာကိစ္စတတ်တုန်း" ဟာ- ကျုပ်ကတော့ ဖြစ်ပြီးပျက်မှာပဲ"လို့ သူမပြောပေဘူးလား?(ပြောမှာပါဘုရား) ဒါဖြင့်-ရုပ်နာမ်ရဲ့ ကိစ္စ ဘာကိစ္စတုံး ဖြစ်ပျက်ကိစ္စ၊ ရုပ်နာမ်ရဲ့ကိစ္စ ဘာကိစ္စတုံး?(ဖြစ်ပျက်ကိစ္စပါဘုရား)။

ဒီတော့-အဲဒီရုပ်နာမ်ရဲ့ ဖြစ်ပျက်တဲ့ သဘောလေးကို ဒီကနေ စိုက်ကြည့်လိုက်တော့ ဖြစ်ပြီးပျက်သွား ပေါ်ပြီးပျောက်သွားတာလေးမြင်လိုက်ပြီလို့ဆိုတော့ ဖြစ်ပျက်မြင်လိုက်ပြီဆိုရင် ရုပ်နာမ်ရဲ့ ကိစ္စမြင်ရာမရောက်ဘူးလား? (ရောက်ပါဘုရား) ဒါဖြင့် အဲဒါကိစ္စကိုသိတယ်လို့ခေါ်တယ်၊ ကိစ္စဉာဏ်။ မပေါ်ဘူးလား?(ပေါ်ပါဘုရား)၊ ဟော-ကိစ္စဉာဏ်ပေါ်ပြီ။ ရုပ်နာမ်ပဲလို့သိရင် သစ္စဉာဏ်။ ဖြစ်ပြီးတော့ပျက်တာပဲ, ပေါ်ပြီးတော့ပျောက်တာပဲ, ပေါ်ပြီးတော့ချုပ်တာပဲလို့ဖြစ်ပျက်ကိုမြင်, ပေါ်ပျောက်ကိုမြင်ရင်ကိစ္စဉာဏ်။ မပေါ်လာဘူးလား?(ပေါ်လာပါဘုရား)၊ ကဲ ဒါဖြင့်ဆိုစမ်းပါ-

❖ ရုပ်နာမ်သာပဲ, ဉာဏ်ဖြင့်စွဲ, ဝေခွဲသိတဲ့ခါ၊
သစ္စဉာဏ်ငုံ, နိဗ္ဗာန်ဘုံ, ခိုလှုံဝင်တော့တာ။

ရုပ်နာမ်သာပဲလို့သိတဲ့အချိန်သစ္စဉာဏ်ငုံမိပြီ. . တဲ့ သစ္စဉာဏ်ငုံမိပြီ၊ သစ္စဉာဏ် ငုံမိတော့ ဒါ-ဘယ်သွားမှာတုံးဆိုတော့ နိဗ္ဗာန်ဘုံ ခိုလှုံဝင်တော့မှာပဲတဲ့၊ သူက နိဗ္ဗာန်ဘက်ပြေးတာတဲ့ သူက၊ ဒါဖြင့် ကိစ္စဉာဏ်ဖြစ်အောင်ကောလို့ဆိုတော့-

❖ ဖြစ်ပြီးပျက်မြဲ, ဉာဏ်ဖြင့်စွဲ, ဝေခွဲသိတဲ့ခါ၊
ကိစ္စဉာဏ်ငုံ, နိဗ္ဗာန်ဘုံ, ခိုလှုံဝင်တော့တာ။

ဟောဖြစ်ပြီးတော့ ပျက်သွားတာပဲ. . . ဖြစ်ပြီးတော့ပျက်သွားတာပဲ ဖြစ်ပျက်ပဲလို့ မြင်လိုက်တဲ့အချိန်မှာ ကိစ္စဉာဏ်ငုံမိပြီ. . . တဲ့ ကိစ္စဉာဏ်ငုံမိပြီ၊ ကိစ္စဉာဏ်ငုံမိရင် ဘယ်သွားတာတုံးဆိုတော့"နိဗ္ဗာန်ဘုံခိုလှုံဝင်တော့မှာ"သူက နိဗ္ဗာန်ဘက်ပြေးတာတဲ့ ဒီဉာဏ်ဟာ။ အသေလွတ်ရာနိဗ္ဗာန်ဘက်ကိုသွားတဲ့ဉာဏ်တဲ့၊ သွားတဲ့လမ်းတဲ့ ဒီလမ်းက၊ မဂ္ဂသစ္စာဖြစ်နေလို့။ သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂသစ္စာမဟုတ်

http://www.dhammadownload.com



ဘူးလား?(ဟုတ်ပါဘုရား)၊ ရုပ်နာမ်ကအမှန်ရှိ၊ အမှန်ရှိကို အမှန်မြင်တာကို သမ္မာဒိဋ္ဌိ လို့လည်းခေါ်တယ်၊ သစ္စဉာဏ်လို့လည်းခေါ်တယ်။ ဒီတော့-သမ္မာဒိဋ္ဌိမဂ္ဂ သစ္စာကြီးပေါ်နေပြီ၊ ပရိသတ်ကြီးပေါ်မနေဘူးလား?(ပေါ်နေပါဘုရား)။

သို့သော်-လောကီသမ္မာဒိဋ္ဌိဝိပဿနာ မဂ္ဂသစ္စာမို့လို့ နိဗ္ဗာန်ကို တိုက်ရိုက် တော့မမြင်သေးဘူး။ အမှန်းထားနဲ့တော့မြင်နေပြီ၊ ဒီတော့ အမှန်းထားနဲ့ မြင်နေ တော့ တဖြေးဖြေးနဲ့နီးကပ်သွားလို့ရှိရင် တိုက်ရိုက်မမြင်ပေဘူးလား?(မြင်ပါဘုရား) ဘုန်းကြီးတို့ ဒကာဒကာမတွေ ခရီးတစ်ခုသွားတဲ့အခါ ကိုယ်လိုချင်တဲ့ ဘုရားသော် လည်းကောင်း သို့မဟုတ် အရာဝတ္ထုသော်လည်းကောင်း အဝေးကြီးကမှန်းပြီး တော့ "ဟောဟိုဆီမယ် ဟောဟိုဆီမယ်"နဲ့ မှန်းမှန်းပြီးတော့ ရှေ့တိုးသွားနေရင် တဖြေးဖြေးနီးလာတော့ မမြင်ဘူးလား?(မြင်ပါဘုရား) အဲဒါလိုပဲ ဝိပဿနာဆို တာ အမှန်းနဲ့သွားနေတာ၊ အမှန်းနဲ့သွားလို့ တည့်နေတာဖြစ်တော့ အနားရောက် လာလို့ရှိရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မြင်ရမယ်၊ မမြင်ရဘူးလား?(မြင်ရပါဘုရား) ကဲ- ဒါဖြင့် ဆိုစမ်းပါအုံး-

❖ ငါးသုံးပြိုကွဲ၊ ဉာဏ်ဖြင့်စွဲ၊ ဝေခွဲသိတဲ့ခါ၊
ကတဉာဏ်ငုံ၊ နိဗ္ဗာန်ဘုံ၊ ခိုလုံဝင်တော့တာ။

ရုပ်နာမ် ရုပ်နာမ်တိုင်းသိတော့ သစ္စဉာဏ်ပေါ်ရော၊ အဲဒီရုပ်နာမ်ရဲ့ ကိစ္စလေးကဖြစ်ပြီးတော့ပျက်သွားတာပဲလို့ သိလိုက်တော့ ကိစ္စဉာဏ်ပေါ်ရော၊ အဲဒီလိုသစ္စဉာဏ် ကိစ္စဉာဏ်နှစ်ချက်ပေါ်လိုက်သည်နဲ့ တပြိုင်နက် ငါးသုံးပြိုကွဲ . . . တဲ့ ငါးသုံးပါးပြိုကွဲသွားပြီတဲ့။ ငါကသုံးငါရှိတယ်၊ ဘုန်းကြီးတို့ ဒကာဒကာ မတွေ ငါသွားတယ် ငါစားတယ်နဲ့ မပြောကြဘူးလား?(ပြောပါဘုရား)၊ အဲဒီ ငါကသုံးငါရှိတယ်၊ တဏှာငါ,မာနငါ,ဒိဋ္ဌိငါ ငါသုံးမျိုး။ တဏှာငါဆိုတာက ငါ့ ဥစ္စာ ငါ့ပစ္စည်း ငါ့ဟာ ဒါငါ့ကိုယ် ဒါငါ့ခြံပင် ဒါငါ့လက်သည်းနဲ့ မစွဲကြဘူးလား? (စွဲကြပါဘုရား)၊ အဲဒါက တဏှာငါလို့ခေါ်တယ်။

မာနငါဆိုတာက ငါသာလျှင်တတ် ငါသာမြတ် တဲ့။ ငါသာတတ်တယ် ငါသာမြတ်တယ် ငါမို့လို့သိတာ ငါမို့လို့လုပ်နိုင်တာ ငါမို့လို့သွားနိုင်တာဆိုတာ တွေက မာနငါခေါ်တယ်။ သတ္တဝါတိုင်းသတ္တဝါတိုင်း အဲဒီ မာနငါကလေးကလည်း ကိန်းမနေဘူးလား?(ကိန်းနေပါဘုရား)၊ ပုဂ္ဂိုလ်သတ္တဝါ, ထင်မှတ်ရာ, မှတ်ပါ

http://www.dhammadownload.com



ဒိဋ္ဌိငါ"တဲ့ ၊ပုဂ္ဂိုလ်သတ္တဝါ ရုပ်နာမ်ကိစ္စသွားပြီးတော့ ငါမြင်တယ်, သူမြင်တယ်နဲ့ ရုပ်နာမ်ရဲ့ကိစ္စ ပုဂ္ဂိုလ်ထင်သတ္တဝါထင်,အကောင်ထင်,သူထင်,ယောက်ျားထင် မိန်းမထင်,ထင်ပြီဆိုရင်ဒိဋ္ဌိငါတဲ့၊ ဟော-ဒီတော့ ငါဘယ်နှစ်မျိုးတုံး?(သုံးမျိုးပါဘုရား)။

တဏှာငါရယ်,မာနငါရယ်,ဒိဋ္ဌိငါရယ်၊ ငါဘယ်နှစ်မျိုးပါလိမ့်?(သုံးမျိုးပါဘုရား) တစ်က-တဏှာငါ,နှစ်က-မာနငါ,သုံးက-ဒိဋ္ဌိငါ၊ အဲဒီ ငါသုံးမျိုးကိုဖြိုရမယ် . . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော်မူစကပင်လျှင် အနတ္တလက္ခဏသုတ်တော်ထဲမှာ နေတံ မမ။ ဧတံ-ဤရုပ်နာမ်ခန္ဓာငါးပါး အပေါင်းသည် ဤခန္ဓာငါးပါးရုပ်နာမ်တရားနှစ်ပါးဆိုတဲ့ ဒီတရားစုသည်၊ မမ-ငါ့ဥစ္စာသည်၊ န-မဟုတ်ဘူးလို့၊ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ-ဒီလိုမှန်တဲ့ ဉာဏ်နဲ့ရှုပါလို့ မမှာဘူးလား?(မှာပါဘုရား) နေသောဟမသ္မိ။ ဧသော-ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးသည်၊ ဧသော-ငါမို့လို့ဖြစ်သည် ငါမို့လို့ဟုတ်သည်၊ နအသ္မိ-မဟုတ်လို့၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ- မာနကိုလည်းပဲ အဲဒီလို အမှန်နဲ့မြင်တဲ့အတိုင်းရှုပြီးတော့ပယ်ပါလို့ မဟောခဲ့ဘူးလား?(ဟောခဲ့ပါဘုရား)။

နမေသော အတ္တာ။ ဧသော-ဤခန္ဓာငါးပါးရုပ်နမ်တရားသည်၊ မေ-ငါ၏၊ အတ္တာ-အကောင်ကြီး အထည်ကြီးငါပိုင်ကြီး ငါစိုးကြီးသည်၊ န-မဟုတ်ပါတကားလို့၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ- အဲဒီလိုဒိဋ္ဌိကိုလည်းပယ်သတ်ပြီးတော့ရှုပါလို့ အနတ္တလက္ခဏသုတ်မှာ အထပ်ထပ်မမှာဘူးလား?(မှာပါဘုရား)၊ ဒါဖြင့်ဘုန်းကြီးတို့ဒကာဒကာမတွေဝိပဿနာတစ်ချက်တည့်ရင် ငါသုံးငါမပြိုဘူးလား?(ပြိုပါဘုရား)၊ ကြည့်လေပြိုပုံလေးကြည့်လိုက် ကဲ-မျက်စိပေါက်ကခုနက ရုပ်အုပ်စုနှစ်ခုနဲ့ နာမ်အုပ်စုသုံးခုရှိတာကို ဒီကရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တော့ တည့်မသွားဘူးလား?(တည့်သွားပါဘုရား)။

ရုပ်နာမ်ကိုရုပ်နာမ်အတိုင်းသိသည်နဲ့တပြိုင်နက် ငါ့ဥစ္စာဆိုတာ လာသေးလား?(မလာပါဘုရား)၊ ငါမို့လို့ဖြစ်တာဆိုတဲ့ မာနရောလာသေးလား?(မလာပါဘုရား)၊ ငါလို့သူလို့ထင်တဲ့အထင်ရောပျောက်မသွားဘူးလား?(ပျောက်သွားပါဘုရား)၊ ဒါဖြင့် တဏှာရယ်,မာနရယ်, ဒိဋ္ဌိရယ်ဆိုတဲ့ ငါသုံးငါ၊ သောတာပတ္တိမဂ်ဖိုလ်နဲ့သတ်တာ အနာဂါမိလောကုတ္တရာမဂ်နဲ့သတ်တာသာမဟုတ်တာ ဝိပဿနာ

http://www.dhammadownload.com



မင်္ဂအစွမ်းနဲ့ သူ့အစွမ်းရှိသလောက်သူမပယ်လိုက်ဘူးလား? (ပယ်ပါဘုရား) အဲဒါ တဒင်္ဂပဟာန်လို့ခေါ်တယ် ပဟာန်နဲ့ပြောရင်၊ တခဏမျှလေး ပယ်ထုတ်ပစ်လိုက်တာပဲ။ သို့သော်-ပြန်တော့လာတယ်။

ဘုန်းကြီးတို့ မှော်ဖယ်သလိုပဲတဲ့၊ ရေထဲမှော်ဖယ်၊ ဘုန်းကြီးတို့ပုထုဇဉ်တွေ ဝိပဿနာနဲ့ပယ်တာက ရေထဲမှော်ဖယ်၊ ရေအိုင်ကြီးထဲမှာ မှော်တွေပြည့်လို့ တစ်ပြင်လုံးမှော်တွေရှိနေတာ၊ အဲဒါလက်နဲ့ "ဟာ-မှော်တွေတော့ ဖယ်အုံးမှပဲဆိုပြီးတော့-ရေခပ်မယ့်အမျိုးသား အမျိုးသမီးက ရေအိုးလေးနဲ့ ဟိုဘက်တွန်း ဒီဘက်တွန်းလိုက်တော့ မှော်တွေကျဲမသွားဘူးလား?(ကျဲသွားပါဘုရား)၊ အဲဒီတင်ဖြုတ်ဆိုသူက ရေလေးခပ်ယူလိုက်တော့ ရေကြည်မရဘူးလား?(ရပါဘုရား) နောက်သူတက်သွားတော့ ဒီမှော်တွေက ပြန်ပြီးတော့ စေ့မလာဘူးလား?(လာပါဘုရား)။

အဲဒါလိုပဲ ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်စိတ်သန္တာန်ထဲမှာ ကိလေသာခေါ်တဲ့မှော်တွေပြည့်နေတယ် . . . တဲ့၊ အဲဒါကိုဘုန်းကြီးတို့ဝိပဿနာရေအိုးလေးနဲ့ ဟိုတွန်းဒီတွန်း၊ ဝိပဿနာလက်ကလေးနဲ့ဖယ်၊ ဖယ်ပါများရင်,ဖယ်ပါများရင် တဖြေးဖြေးနဲ့ နည်းကုန်,ကျဲကုန်,ပါးကုန်ရာက နောက်ဆုံးမကုန်ပေဘူးလား?(ကုန်ပါဘုရား)၊ဒါဖြင့်-ဘုန်းကြီးတို့လျှော့ပစ်လို့ဖြစ်ပါ့မလား?(မဖြစ်ပါဘုရား)။

ကဲ-ဒါဖြင့်ရင် သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဆိုတဲ့ ဉာဏ်သုံးဉာဏ်ပေါ်အောင် ဘယ်နဲ့လုပ်ရမှာတုန်းဆိုရင် အခုဘုန်းကြီးပြောနေတာသုတမယဉာဏ်နဲ့၊ ဒကာဒကာမတွေလုပ်တတ်အောင်သိအောင် ပယ်ပုံပြုပုံလျှောက်ပြောနေတာ၊ အလုပ်စခန်းနဲ့ပြောကြစို့ဆိုတော့ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်၊ တင်ပလ္လင်လေးခွေလို့ အမျိုးသားဆိုရင်လည်းပဲ၊ ကိုယ့်အိမ်မှာ ဖြစ်ဖြစ် ရိပ်သာမှာဖြစ်ဖြစ် ကိုယ့်ဆိတ်ငြိမ်တဲ့အချိန်လေးသတ်မှတ်ပြီးတော့ တင်ပလ္လင်သုံးမျိုး တစ်မျိုးမျိုးခွေ၊ တင်ပလ္လင်သုံးမျိုးဆိုတာ ဗောဓိတင်ပလ္လင်,မဟာတင်ပလ္လင်, အဒ္ဓတင်ပလ္လင် လို့ တင်ပလ္လင်သုံးမျိုးရှိတယ်၊ ကြိုက်ရာနဲ့ခွေ။

ဗောဓိတင်ပလ္လင်ဆိုတာက-အခုဆင်းတုတော်တွေခွေတဲ့အခွေမျိုးကို ဗောဓိတင်ပလ္လင်လို့ခေါ်တယ်၊ ခြေဖဝါးနှစ်ခုလုံး အပေါ်ဖေါ်ပြီးတော့နေတယ်။

http://www.dhammadownload.com



**မဟာတင်ပလ္လင်ဆိုတာက-အခုအမျိုးသားတွေခွေလေ့ရှိတဲ့ တင်ပလ္လင်၊ ခြေထောက်နှစ်ဘက်အောက်မှာမြုပ်နေတယ်၊ အဒ္ဓတင်ပလ္လင်ဆိုတာကျတော့-**တစ်ဘက်ကဒူးလေးတုပ်လို့ တစ်ဘက်က တင်ပလ္လင်ခွေတဲ့အနေထိုင်လို့ အဲဒါအဒ္ဓတင်ပလ္လင်၊ ထက်ဝက်တင်ပလ္လင်လို့ခေါ်တယ်၊ အမျိုးသမီးများကျတော့ အဲဒီနောက်ဆုံးထက်ဝက်တင်ပလ္လင်ကလျောက်ပတ်တယ်။

အဲဒီလို တင်ပလ္လင်သုံးခွေကြိုက်ရာနဲ့ခွေ၊ ကိုယ်ကျန်းမာရေးညီညွတ်တာနဲ့ခွေပြီးတော့ ဘယ်ဘက်လက်ကလေးကို တင်ပလ္လင်ခွေပေါ်မှာ ဖြန့်ပြီးတော့ ပက်လက်လှန်တင် ညာဘက်လက်ကလေးက အဲဒီပေါ်ထပ်၊ လက်မလေးနှစ်ခုထိထားပြီးတော့ မျက်စိပေါက်ကမြင်သမျှ နားပေါက်ကကြားသမျှ နှာခေါင်းပေါက်နံသမျှ လျှာပေါက်ကစားသမျှ ကိုယ်ပေါက်ထိသမျှ မနောပေါက်က ကြံစည်စိတ်ကူးသမျှ ဖမ်းပြီးတော့ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်။ ညဆိုတော့ အာရုံဆိတ်ငြိမ်နေတာဖြစ်တော့ မျက်စိကအမြင်နည်းတယ်။ နားကကြားမယ်, နှာခေါင်းကနံမယ်, ကိုယ်ကထိတယ်၊ ဒီသုံးချက်မလာပေဘူးလား?(လာပါဘုရား)။

နားက ဟိုအာရုံလေးကြား ဒီအာရုံလေးကြား ကားသံတွေကြားလိုက်၊ဟာငှက်အော်သံကြားလိုက် အိမ်မြှောင်အော်သံကြားလိုက် ဟို-အသံဒီအသံ ကြားသမျှ ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်နဲ့ ဖမ်းရှုနေရင် ခုနကသစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်။ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နဲ့ မှော်တွေဖယ်မနေပေဘူးလား? (ဖယ်နေပါဘုရား)။

ဟာ-ဒီထဲကနေပြီးတော့ နှာခေါင်းမှာ အနံ့လေးဝင်လာတယ် မွှေးတာဝင်ရင်ဝင်လာမယ် နံတာဝင်ရင်ဝင်လာမယ်၊ ဘာဝင်လာ,လာရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်ဆိုတော့ နှာခေါင်းပေါက်ကိုဝင်လာတဲ့ ဂန္ဓာရုံရုပ်အုပ်စုကြီးရယ်, နှာခေါင်းထဲက ဂန္ဓပသာဒခေါ်တဲ့ ရုပ်အုပ်စုကြီးရယ် နှစ်အုပ်စုမတွေ့ဘူးလား?(တွေ့ပါဘုရား)၊ အဲဒီနှာခေါင်းပေါက်က ရုပ်အုပ်စုကြီးနှစ်ခုကိုအကြောင်းပြုပြီးတော့ နံတာရယ်,တွေ့တာရယ်,ခံစားတာရယ်ဆိုတဲ့ နာမ်အုပ်စုသုံးချက်မလာဘူးလား?(လာပါဘုရား)၊ ဟော-ဒီတော့- ဒွါရတစ်ပါးကို ပြောလို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေခြောက်ပါးလုံးပြီးတယ်နော် (မှန်လှပါဘုရား)။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် ရုပ်နာမ်ဖြစ်ပျက်လို့ရှုလိုက်တော့ အဲဒီရုပ်နာမ်ကိုရုပ်နာမ် အတိုင်းသိလို့ သစ္စဉာဏ်ပေါ်။ ဖြစ်ပျက်သွားတာတွေမြင်လိုက်လို့ ကိစ္စဉာဏ်ပေါ်။ တဏှာရယ်,မာနရယ်,ဒိဋ္ဌိရယ်ဆိုတဲ့ တရားသုံးပါးသေစေသွားလို့မို့ ကတဉာဏ်ပေါ်၊ မပေါ်ဘူးလား?(ပေါ်ပါဘုရား)၊ အေး-ဘုရားက ဓမ္မစကြာမှာဟောထားတယ်၊ ငါသည်သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်သုံးချက်နဲ့ တိပရိဝဋ္ဋ-သုံးမျိုးနဲ့ စတုဟာကာရ-လေးမျိုးအခြင်းရာနဲ့ ငါရှုခဲ့လို့ ဘုရားဖြစ်ခဲ့တယ်. . လို့ မဟောခဲ့ဘူးလား? (ဟောခဲ့ပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ဖြစ်ချင်ရင် ဒီဉာဏ်သုံးဉာဏ်ပေါ်နေအောင် မလုပ်ရပေဘူးလား?(လုပ်ရပါဘုရား) ကဲ-ဒီတော့-မျက်စိပေါက် တစ်ခုပြောလို့ရှိရင် နားပေါက်ကလည်း ရှင်းပြီးသားမဖြစ်ဘူးလား?(ဖြစ်ပါဘုရား) ဆောင်ပုဒ်ကလေးလိုက်ဆို ခုနက မြင်ဆဲခါမှတ်ဆိုတာလိုပဲ နားကျတော့ ကြားဆဲခါမှတ်နော်၊(မှန်လှပါဘုရား)။

❖ **ကြားဆဲခါမှတ်,ရုပ်စေတ်နှစ်ဖြာ,ကြားတွေ့ခံစား,နာမ်ကားသုံးဖြာ၊ ကြားစဉ်အခိုက်,ရှုလိုက်သောခါ,ရုပ်နာမ်ကွဲ,ဘယ်လဲသူနှင့်ငါ။**

ရုပ်နာမ်ကွဲသွားတော့ ငါတွေသူတွေ ပျောက်မသွားဘူးလား?(ပျောက်သွားပါဘုရား) ငါတွေသူတွေ ဘယ်မှမရှိတော့ဘူးပျောက်သွားပြီ၊ ပျောက်သွားပြီဆိုတာ ပယ်လိုက်တာပဲ၊ ဒါဖြင့်-အဲဒီလိုပယ်လိုက်တာသည်ပင်လျှင် ခုနကလို မှော်တွေပြည့်နေတဲ့ရေထဲမှာလက်နဲ့ မှော်တွေဖယ်လိုက်သလိုမနေဘူးလား?(နေပါဘုရား) ဖယ်ပါများရင် ဒီမှော်ပြန်ပြီးတော့ စေ့နိုင်ပါအုံးမလား?(မစေ့နိုင်ပါဘုရား)၊ ဖယ်တဲ့အချိန်ဖယ်၊ ကမ်းပေါ် ရက်တင်တဲ့အချိန်ရက်တင်ဆိုရင် မကုန်ပေဘူးလား? (ကုန်ပါဘုရား)။

ဒါဖြင့် မျက်စိပေါက်က နားပေါက်ကဆိုသလိုပဲ နှာခေါင်းပေါက်ကလည်း "နံ တွေ့ ခံစား" မပြောရပေဘူးလား?(ပြောရမှာပါဘုရား)လျှာပေါက်ကလည်းပဲ "စား တွေ့ ခံစား" မဆိုရပေဘူးလား?(ဆိုရမှာပါဘုရား) ကိုယ်ပေါက်ကလည်း "ထိ တွေ့ ခံစား" မနောပေါက်ကလည်းပဲ "ကြံ တွေ့ ခံစား" ရုပ်အုပ်စုကတော့ နှစ်ခုချည့်သွားမယ်နော်(မှန်လှပါဘုရား) မနောပေါက်ကျတော့ စိတ်နှလုံးခေါ်တဲ့ ဟဒယဝတ္ထုရယ် အပြင်ဘက်ကလာထင်တဲ့ ရူပါရုံအမျိုးမျိုး သဒ္ဒါရုံအမျိုးမျိုး မနောထဲကျတော့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ အာရုံငါးမျိုးအကုန်ထင်နိုင်တာ။

http://www.dhammadownload.com



အဲဒီလိုအားဖြင့် ဒွါရတစ်ပါးတစ်ပါးမှာ ရုပ်အုပ်စုကြီးကနှစ်စု, ရူပက္ခန္ဓာနှစ်ခု, နာမက္ခန္ဓာသုံးခုဆိုတဲ့ ဒီတရားတွေကို လွယ်လွယ်နဲ့ ဆရာတော်ဘုရားကြီးတွေက "မင်းတို့ရုပ်နာမ်ဖြစ်ပျက်ရှုကြ၊ မြင်တယ်မြင်တယ်ရှုဟ၊ ကြားတယ်ကြားတယ်ရှုဟ၊ ဒီတရားတွေကို အသေးစိတ်ရှင်းပြီးတော့ပြောချိန်မရတော့ဒီလိုရှုဟဆိုပြီးတော့ ရှုကွက်ပေးရတာ၊ ဒါဖြင့် ဒီလိုရှုကွက်ရှုရင် ဒီလိုရုပ်တွေနာမ်တွေမိတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သဘောပေါက်သလား?(ပေါက်ပါဘုရား) အဲဒီလိုရှုလိုက်တိုင်း ရှုလိုက်တိုင်း ရုပ်နာမ်ကိုမိနေရင် ရုပ်နာမ်မိသည်နဲ့တပြိုင်နက် "ငါသုံးပြိုကွဲ. . . "တဲ့ ငါသုံးပါးပြိုကွဲသွားမယ်နော်။

ကဲ-ဒါဖြင့်-ငါသုံးပါးပြိုကွဲသွားတဲ့ ကတဉာဏ်ဆိုတာ နောက်ဆုံးဉာဏ်။ အဲဒီနောက်ဆုံးဉာဏ်က ဒီကိလေသာ မှော်တွေကိုတဖြေးဖြေးဖယ်ထုတ်ဖယ်ထုတ်ပြီးတော့ရှင်းခဲ့ရင် ဒီထဲမှာ ငါးအာရုံကိုခင်တွယ်တဲ့တဏှာတွေ, ငါထင်တဲ့ဒိဋ္ဌိတွေ, ငါမို့လို့ဖြစ်တယ်ဆိုတဲ့ မာနတွေပယ်မသွားဘူးလား?(ပယ်သွားပါဘုရား)၊ အဲဒီလိုပယ်သွားလို့ရှိရင် ရုပ်နာမ်ရုပ်နာမ်အတိုင်း မြင်တာဖြစ်တော့ ရုပ်နာမ်ကအရှိမှန်တရား အဖြစ်မှန်တရားမို့လို့ သစ္စာလို့လည်းခေါ်တယ်၊ အဲဒီလိုရုပ်နာမ်တရားက ဖြစ်ပြီးတော့ပျက်လိုက် ဆင်းရဲလိုက်မို့လို့ အကောင်းတရားလား,မကောင်းတရားလားဆိုရင်မကောင်းတရား၊ ကောင်းတဲ့သဘောလား, မကောင်းတဲ့သဘောလား? (မကောင်းတဲ့သဘောပါဘုရား)။

အဲဒီမကောင်းတဲ့သဘောကို ပါဠိလို ဒုက္ခလို့ခေါ်တယ်၊ မကောင်းတဲ့သဘောလေးဘာခေါ်ပါလိမ့်?(ဒုက္ခပါဘုရား)၊ နာလိုက်တာ ကျင်လိုက်တာဆိုတာက ဒုက္ခ,ဒုက္ခလို့ခေါ်တယ်၊ မကောင်းတဲ့သဘောကိုလည်းဒုက္ခခေါ်တယ်၊ ဘုန်းကြီးတို့ဒုက္ခသစ္စာမြင်ရမှာက အဲဒီမကောင်းတဲ့သဘောလို့ပိုင်းခြားသိမှ ဒုက္ခသစ္စာမြင်တယ်၊ နာတာ၊ ကျင်တာဆိုတာကတော့ ဟိုနား ခွေးတွေကလည်း နာမှန်းကျင်မှန်းမသိဘူလား?(သိပါဘုရား) သိတယ် ဒုက္ခ,ဒုက္ခလို့ခေါ်တယ် သူ့ကို။ အဲဒီဒုက္ခ ဒုက္ခသိတာရော သစ္စာမသိဘူးလားဆိုတော့ ဟုတ်ပါတယ်သိပါတယ်။

သို့သော်ဉာဏ်နဲ့သိမှ သူကဒေါမနဿနဲ့သိတာရှိသေးတယ်၊ ဟာ-နာလိုက်ဟာင့်မှဖြစ်ရလေခြင်းဆိုတော့ သောက,ဒုက္ခ,ဒေါမနဿတွေနဲ့ အကုသိုလ်နဲ့သိတဲ့အသိခေါ်တယ်၊ "ဩော် ဒီလိုခံစားရတဲ့ဒုက္ခကြီးတွေ ကြောက်စရာ လန့်စရာပဲ၊

http://www.dhammadownload.com



ရုပ်နာမ်ရှိရင် ဒီဒုက္ခကြီးတွေဖြစ်တာပဲလို့"သိတဲ့အသိက ဉာဏ်နဲ့သိတဲ့အသိခေါ်တယ်၊ အဲ-ခွေးတွေသိတဲ့အသိက ခုနက ဒေါမနဿနဲ့သိတဲ့အသိခေါ်တယ်။

ဒီတော့ ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိနာမဒုက္ခလို့ ဒုက္ခသုံးမျိုးရှိတဲ့ အနက်က ရုပ်နာမ်တရား ဖြစ်ပြီးတော့ပျက်တာမို့လို့ ကောင်းတဲ့သဘောမဟုတ်ပါဘဲလား. . စက်ဆုပ်ဖွယ်သဘောပါပဲ. . လို့ သိတဲ့အသိက ဒုက္ခသစ္စာကိုပိုင်းခြားသိတဲ့အသိ၊ ဒုက္ခသစ္စာဆိုတာ ဒု-ဆိုတာစက်ဆုပ်ဖွယ်ရာကောင်းတဲ့၊ ခ-ဆိုတာကသဘော၊ ဒါကို ဒုက္ခလို့ ခေါ်တာဖြစ်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ရုပ်နာမ်ဖြစ်ပျက်မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာခေါ်တယ်။ မဂ္ဂဆိုတာလမ်း၊ သစ္စာဆိုတာအမှန် လမ်းမှန်တဲ့၊ လမ်းမှန်ကို မဂ္ဂသစ္စာခေါ်ထားတာ၊ ဘယ်သွားလို့ မှန်တာတုံးဆိုတော့ အသေလွတ်ရာသွားလို့ မဂ္ဂသစ္စာက နိဗ္ဗာန်ထိသွားတာဖြစ်တော့ နိဗ္ဗာန်က အသေလွတ်ရာဌာနကြီး မဟုတ်လား?(မှန်လှပါဘုရား)။ ဒါ့ကြောင့် မဂ္ဂသစ္စာလို့ခေါ်တယ်။

သူကအဲဒီလိုမြင်လိုက်တော့ ခုနက တဏှာငါ,မာနငါ,ဒိဋ္ဌိငါဆိုတဲ့ ငါသုံးငါ ပြုတ်မသွားဘူးလား?(ပြုတ်သွားပါဘုရား) အဲဒါသမုဒယသစ္စာ တဏှာပယ်တယ်လို့ခေါ်တယ်၊ သမုဒယသစ္စာတဏှာနှင့်တကွ တဏှာအုပ်စုဂိုဏ်းဖြစ်တဲ့ မာနတွေ ဒိဋ္ဌိတွေအကုန်ပါသွားပြီ၊ အဲဒါသမုဒယသစ္စာ၊ ဘဝတွေကို ထူထောင်ပေးတတ်တဲ့ သမုဒယခေါ်တဲ့တရားကိုသတ်လိုက်တာ၊ ဒါဖြင့်-ဘဝတွေထူထောင်ပေးတတ်တဲ့ တရားကိုသတ်ပါတယ်ဆိုမှဖြင့် သူကသေမှဖြင့် သူထူထောင်မယ့် ဘဝပေါ်လာပါအုံးမလား?(မပေါ်လာတော့ပါဘုရား)၊ အဲဒါကနိရောဓသစ္စာ။

တဏှာ ဒိဋ္ဌိ မာနတွေက လက်သမားကြီးနဲ့တူတယ်၊ သူထူထောင်ပေးတဲ့ ခန္ဓာတွေက အိမ်ကြီးတွေနဲ့တူတယ်၊ လက်သမားဆရာကြီးဟာ အိမ်တွေထပ်ထပ်ဆောက်နေတော့ သူသာရှိနေလို့ရှိရင် ထပ်ထပ်ပြီးတော့ အိမ်တွေမဆောက်ပေဘူးလား?(ဆောက်ပါဘုရား) အခုသူ့ကို ဝိပဿနာနဲ့ လက်သမားကြီးသတ်ပစ်လိုက်ပြီဆိုတော့ အဲဒီလက်သမားကြီးသေသွားတော့ နောက်ထပ်အိမ်ပေါ်ပါအုံးမလား?(မပေါ်တော့ပါဘုရား)။

ကုသိုလ်ကံ အကုသိုလ်ကံက အဲဒီတဏှာ လက်သမားကြီးရဲ့ နောက်လိုက်တွေ နယ်သားတွေနဲ့တူတယ်၊ ဒီကုသိုလ်ကံ အကုသိုလ်ကံတွေက ခန္ဓာအိမ်ဆောက်

http://www.dhammadownload.com



တဲ့နေရာမှာ တဏှာလက်သမားကြီးရဲ့ အမိန့်အတိုင်းသူတို့ကဆောက်ကြရတာ၊ ဒီတော့ လက်သမားခေါင်းဆောင်ကြီးသေမှတော့ ငယ်သားတွေဒီပုံဆွဲပြီး ဆောက်နိုင်ပါတော့မလား?(မဆောက်နိုင်ပါဘုရား)၊ အဲဒီတင် ကုသိုလ်,အကုသိုလ်တွေ ပြယ်သွားပြီး တဏှာအမြစ်ပြတ်တော့၊ ရဟန္တာတွေ ကုသိုလ်ကံတော့ရှိတာပဲ၊ ဒါပေမဲ့လို့ အိမ်မလာတော့ဘူး၊ ရဟန္တာတွေကုသိုလ်ကံတော့ရှိတယ်နော်။

သို့သော်-သူတို့ကို ကြိယာလို့ခေါ်လိုက်တယ်။ ပြုကာမတ်တတ်မို့လို့ ကြိယာတဲ့၊ ကုသိုလ်ကံလို့ မခေါ်တော့ဘူး၊ တဏှာလက်သမားကြီးခေါင်းဆောင်ကြီးက သေပြီ၊ နောက်လိုက် ငယ်သားတွေချည့်ဆောက်နိုင်သေးရဲ့လား?(မဆောက်နိုင်ပါဘုရား)၊ ဒါဖြင့်-တဏှာလက်သမားကြီးကို သတ်လိုက်လို့သူဆောက်မယ့်အိမ်တွေ မပေါ်လာတော့ရင် ခန္ဓာအိမ်တွေမပေါ်တော့ရင် အဲဒီခန္ဓာအိမ်တွေပေါ်မှာဖြစ်မယ့် အိုဘေးကြီး နာဘေးကြီး သေဘေးကြီးတွေလာပါအုံးမလား?(မလာတော့ပါဘုရား)၊ အဲဒီလိုမလာဘဲနဲ့ ချုပ်ငြိမ်းနေတဲ့ အအေးဓာတ်ကြီးကိုနိဗ္ဗာန်. . . လို့ခေါ်တယ်။

ဒါဖြင့်-ဝိပဿနာ တစ်ချက်တည့်တိုင်း အဲဒီနိဗ္ဗာန်ဘက်ကို မျက်နှာမူမသွားဘူးလား? (မူသွားပါဘုရား) ရှုတာကတော့ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာရှုလိုက်တာပဲ၊ ရှုရင်းနဲ့ ဒီဒုက္ခမျိုး မရှိရာ နိဗ္ဗာန်ဆီကို ယော-ညွတ်မှု ကိုင်းမှု မျက်နှာမူမှုလေးပေါ်မသွားဘူးလား?(ပေါ်သွားပါဘုရား)၊ ဒါဖြင့်-နိရောဓသစ္စာ-အမှန်းနဲ့ မျက်မှောက်ပြုတာ ပေါ်မလာဘူးလား?(ပေါ်လာပါဘုရား)၊ ဒါဖြင့်- ဝိပဿနာတစ်ချက်တည့်တိုင်း သစ္စာလေးပါးမဆိုက်ဘူးလား?(ဆိုက်ပါဘုရား)၊ အဲဒီလို သစ္စာလေးပါးသိပါများလို့ရှိရင် တကယ့်သစ္စာကိုမြင်တဲ့မဂ်ဉာဏ်ဖိုလ်ဉာဏ်မိမိသန္တာန်ပေါ်လာမယ်၊ နောက်ဆုံးအရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ဓာတ်ကြီးပေါ်လာလို့ရှိရင် ဒီရောဂါသည်ကြီးဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေအကုန်ပြုတ်ပြုတ်ပြုန်းငြိမ်းမယ်. . . မသေချာဘူးလား?(သေချာပါဘုရား)။

မာဂဏ္ဍီ. . တဲ့ အဲဒီလို ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကုစေချင်လို့ ဒီလို သစ္စာဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တွေနဲ့ ငါကကုနည်းဟောပါတယ် မာဂဏ္ဍီရယ်. . . လို့ဆိုတော့ မာဂဏ္ဍီမလှုပ်ဘူး။ ပရိသတ်ကြီး မာဂဏ္ဍီလှုပ်နိုင်သေးလား? (မလှုပ်နိုင်ပါဘုရား) ခေါင်းတညိမ့်ညိမ့်နဲ့ဖြစ်နေပြီ၊ ဟုတ်လိုက်လေ. . ဟုတ်လိုက်

http://www.dhammadownload.com



လေ နားက ဘုရားဟောတာကိုနားထောင်တယ်၊ ဘုရားပြောတဲ့အတိုင်း သစ္စာဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ပေါ်အောင် ဉာဏ်ကခန္ဓာကိုကြည့်တယ်၊ ဉာဏ်ကခန္ဓာပေါ် သုံးသပ်လိုက်၊ ဘုရားဟောတာနားထောင်လိုက်၊ ဘုရားဟောတာနားထောင်လိုက် ဉာဏ်ကခန္ဓာလှည့်သုံးသပ်လိုက်နဲ့ ဝိပဿနာဉာဏ်ရှိန်တက်ပြီးသကာလ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာကြီးဖြစ်ပြီးသကာလ-

(အထခေါ) အညတရော ပနာယသ္မာ မာဂဏ္ဍိယော
အရဟတံ အဟောသိ။

အထခေါ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆေးကုနည်းပေးပြီးတော့ ဟောတော်မူလိုက်ချေချွတ်လိုက်ရာထိုအခါ၌၊ မာဂဏ္ဍိယော-နဂိုကတင်းနေ မာနေဝါဒတွေခံနေတဲ့ မာဂဏ္ဍိယပရိဗိုဇ်ကြီးသည်၊ အရဟတံ-ရဟန္တာအရှင်မြတ်ကြီးတို့ တွင်၊ အညတရော-တစ်ပါးအပါအဝင်သည်၊ အဟောသိ-မုချမသွေ ဖြစ်တော်မူခဲ့ ပါပေသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဟော-ပရိသတ်ကြီး မာဂဏ္ဍီ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပြီ၊ မာဂဏ္ဍီ ပရိဗိုဇ်ကြီး ဘာဖြစ်သွားပြီတုံး?(ရဟန္တာဖြစ်သွားပါပြီဘုရား)၊ မြတ်စွာဘုရားက ကြေးတွေချွတ်ပေး ပွတ်ပေးလိုက်တာ သူကလည်းအပွတ်ခံလို့ ဝင်းလက် မသွားဘူး လား?(ဝင်းလက်သွားပါဘုရား) အဲဒီလိုဝင်းလက်သွားသည်နဲ့ တပြိုင်နက် မဂ်လေး တန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့လောကုတ္တရာ ရတနာကျောက်ကြီးတွေ ပြည်တန် မြင်မောက်ကျောက်ကြီးတွေ ရမသွားဘူးလား?(ရသွားပါဘုရား)။

ဟော-သူကရသွားပြီ၊ ဘုန်းကြီးတို့တစ်တွေက ဘယ်နဲ့လုပ်ကောက်ရမတုံး ဆိုတော့ ဒါနပြုတိုင်း ဒါနပြုတိုင်း ဤအနာရောဂါသည်ခန္ဓာမျိုးကြီးတွေ မရှိရာ ငြိမ်းရာကိုရောက်ချင်သောကြောင့် တပည့်တော်တို့ မော်တော်ယာဉ်အသင်းသူ အသင်းသားတွေဟာ နေ့စဉ်နေ့စဉ်ကထိန်ကြေးတွေကို လှူပါတယ်။ (၂၇)ကြိမ် မြောက် ရောက်သည်အထိ ယခုနှစ် မဲကျရာ ဆားချက်ဝိပဿနာကျောင်းတိုက် သံဃာတော်တွေကို လှူဒါန်းပါတယ်လို့ ကထိန်အလှူလှူတဲ့အခါမှာ ဤအနာ ရောဂါသည်ခန္ဓာတုံးကြီးကို ရောဂါသည်ကြီးအနေနဲ့ရှုပြီးတော့ ဒီရောဂါသည်ကြီး မှ လွတ်ချင်လို့လှူပါတယ်. . . လို့ ဆိုရင်အရှင်မာဂဏ္ဍိယကြီးလို လက်ထဲ ရတနာ ကျောက်ကြီးရအောင် မဆုပ်မိသည့်တိုင်အောင်၊ ရတနာကျောက်ကြီး ပေါ်ဝဲနေတဲ့

http://www.dhammadownload.com



လက်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)။

သီလတွေဆောက်တည်၊ ဘာဝနာတွေပွားတိုင်း အဲဒီလို အနာရောဂါ သည်ကြီးဆိုတဲ့ အာဗာဓတောဆိုတဲ့ တောအုပ်ကြီးအောက်ခိုပြီးတော့ ကောက်ခဲ့ ရင် အဲဒီရတနာကျောက်ကြီးတွေ မရပေဘူးလား?(ရပါဘုရား)။ ကိုင်း-ဒါဖြင့် ပြန် ပြီးတော့ အစနိဒါန်းပြန်ပြီးတော့ပြောပြီးတော့ နိဂုံးအုပ်ရအောင် ဦးမြစိန်နော်- (မှန်လှပါဘုရား)၊ ဘုန်းကြီးဟောချင်တဲ့တရားလည်းပြီးပြီ၊ ဘုန်းကြီးတို့ ဒကာဒကာမ တွေ လုပ်ကွင်းလုပ်ကွက်လည်း ဘုန်းကြီးပြောပြီးပြီ၊ လုပ်ဖို့တာဝန်ပဲ ကိုယ့်တာဝန် ကျန်တော့တယ်မဟုတ်လား?(မှန်လှပါဘုရား) လုပ်နည်းလုပ်ဟန်တွေလည်း ပြော ပြီးပြီ၊ အရှင်မာဂဏ္ဍိယပရိဗိုဇ်ကြီးကျွတ်သွားပုံလည်းပြောပြီးပြီ၊ ဘုရားရှင်ကိုယ် တော်မြတ်ကြီးလည်း ပြန်ကြွပြီ၊ အရှင်မာဂဏ္ဍိယပရိဗိုဇ်လည်း ပြန်လိုက်သွား ပြီ. . . တဲ့။

ဒီတော့-အဲဒီလိုပြည်တန်မြငမောက်ကျောက်ကြီးကို ကောက်ယူနိုင်ဖို့ရာ တောအုပ်ကြီးလေးဆယ်မှာ တစ်တောတောခိုပြီးတော့ ကောက်ရမယ်. . . ဆိုတဲ့ အတိုင်း ယနေ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ,တောအုပ်ကြီးလေး ဆယ်ထဲကိုကောက်နည်းတွေကိုပြနိုင်တဲ့ ဘုရားသာသနာတော်ကြီးနဲ့ကြုံမနေဘူး လား?(ကြုံနေပါဘုရား)၊ မိမိတို့ကလည်းပဲဇောတိရသခေါ်တဲ့ကျောက်ကြီးတွေကို ကောက်နိုင်တဲ့လူ့ဘုံ,လူ့ဘဝ,လူ့ဌာနရောက်မနေဘူးလား?(ရောက်နေပါဘုရား)။

ခုနကပြဆိုခဲ့တဲ့ ဘုရား,တရား,သံဃာ,ရတနာသုံးပါး,ကံကံအကျိုး ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ယုံကြည်စရာရှစ်မျိုးလို့ခေါ်တဲ့ သဒ္ဓေယျဝတ္ထုရှစ် ပါးကိုလည်းယုံကြည်တတ်တဲ့ သဒ္ဓါ ဓာတ်တွေ မပါကြဘူးလား?(ပါပါဘုရား) ပါပါ လျှက်နဲ့မှ မကောက်ကြရင်. . . တဲ့ ဒီအခွင့်ရေးကြီးဟာ မင်းလောင်းရှေ့ရထား ဆိုက်နေပါလျှက်နဲ့ တက်မစီးခဲ့ရင်,သူမင်းဖြစ်ပါ့မလား?(မဖြစ်ပါဘုရား)။

မာ ဝေါခဏံ ဝိရာဓေထ, ခဏာတီတာ ဟိ သောစရေ၊
သဒတ္ထေ ဝါယမေယျာထ, ခဏော ဝေါ ပဋိပါဒိတော။

ဒီဂါထာအဆုံး, သာဓုခေါ်ပြီးသိမ်းတော့မယ်နော်၊(မှန်လှပါဘုရား)
ဘိက္ခဝေါ-မဂ်ဖိုလ်နိဗ္ဗာန်လိုလား, အမျိုးကောင်းသား, အမျိုးကောင်းသမီး

http://www.dhammadownload.com



အပေါင်း, သူတော်ကောင်းတို့၊ ဝေါတုမှေ-သင်အမျိုးကောင်းသား,အမျိုးကောင်းသမီးအပေါင်း, သူတော်ကောင်းတို့သည်၊ ခဏံ-မနုဿတ္တံ, ဒုလ္လဘနှင့်, ဗုဒ္ဓသာသနာ, ကြုံတွေ့ခါလျှင်, ဆယ်ဖြာပုည, ဒသသုံးလီ, ပါရမီကို, အမြိုက်ဆီတောင့်တ, ပြုလုပ်ရသည်, မြတ်လှဘိတောင်း, အခွင့်ကောင်းကြီးကို၊ မာဝိရာဓေထ-ကြောင်းကျိုးမမျှော်, ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချီးနှီးကုန်လွန်၍, မသွားကြစေကုန်လင့်၊ ဟိ-ထိုစကားလျှင်, မမှားစေကုန်, တိုက်တွန်းရန်, သင့်လှပါပေ၏၊

ခဏာတီတာ-မနုဿတ္တံ, ဒုလ္လဘနှင့်, ဗုဒ္ဓသာသနာ, ကြုံတွေ့ခါလျှင်, ဆယ်ဖြာပုည, ဒသသုံးလီ, ပါရမီကို, အမြိုက်ဆီတောင့်တ, ပြုလုပ်ရသည်, မြတ်လှဘိတောင်း, အခွင့်ကောင်းကြီးကို, ကြောင်းကျိုးမမျှော်, ပျော်ကြီးပျော်၍, ချွတ်ချော်တိမ်းပါး, အချီးနှီးကုန်လွန်၍, သွားကြသူတို့သည်၊ သောစရေ-ပစ္စည်းကုန်ပျောက်, အိုနာပေါက်၍, သေပေါက်သေဝ, ရောက်ကာလ၌, နောင်တညှိုးမှိန်, စိုးရိမ်ပူဆွေး, စိတ်မအေးခြင်း, ဖြစ်ကြရလေကုန်၏၊ တသ္မာ-ထို့ကြောင့်၊ သဒတ္ထေ-နိဗ္ဗာန်တိုင်ထိ, ကောင်းကျိုးရှိမည်, မိမိအကျိုးစီးပွါး၌၊ ဝါယမေယျာထ-အခွင့်သာဆဲ, အားကုန်နွဲ၍, တစ်ပွဲတစ်လမ်း, ကြိုးပမ်းလိုက်ကြကုန်ရာ၏၊ ဝေါ-တုမှာကံ-မင်ဖိုလ်နိဗ္ဗာန်လိုလား, သင်အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အတွက်၊ ခဏော-ဗုဒ္ဓုပ္ပါဒ, နဝမခဏ, အခွင့်ကောင်းကြီးသည်၊ ပဋိပါဒိတော-မင်းလောင်းရှေ့၌, ရထားဆိုက်သို့, ကြုံကြိုက်ထင်စွာ, ဖြစ်ပေါ်၍, လာခဲ့ပေပြီတကား. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# *ဗန္ဓနသုတ္တန်
# "နှောင်ကြိုးဖြတ် တရားတော်"

ကိုင်း-အားလုံး အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတို့ သရဏဂုံသုံးပါးနဲ့ရှစ်ပါးသီလဆောက်တည်ပြီးတဲ့နောက်၊ အခု မန္တလေးမြို့ ရွှေဘုံသာဓမ္မာရုံ-သတင်းစဉ်တရားပွဲအနေနဲ့ ဒီနေ့ လေးသတင်းမြောက်,ဝါဆိုလပြည့်နေ့ကစတင်ပြီးတော့ မြတ်စွာဘုရားအား အထူးတလည်ပူဇော်ကြ၊ တရားပွဲဆင်နွှဲပြီးသကာလ တရားတော်ကိုနာယူကြ၊ မိမိတို့တတ်စွမ်းတမျှ ဒါန,သီလ,ဘာဝနာကုသိုလ်ကောင်းမှုတွေကိုပြုပြီးတော့ လာခဲ့ကြတာ၊ ဒီနေ့ ၁၃၄၅ ခု၊ ဝါခေါင်လဆန်း (၈)ရက်နေ့ဆိုတဲ့ ဒီနေ့မှာ သတင်းစဉ်အနေနဲ့ လေးကြိမ်မြောက်၊ လေးသံတင်းမြောက် . . . တဲ့၊ ရွှေဘုံသာဓမ္မာရုံတရားပွဲနဲ့စပ်တဲ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေရဲ့ကုသိုလ်ကောင်းမှုပြုပွဲ၊

ဒီတော့-ဒီနေ့ညတရားပွဲမှာ ရှေးဦးစွာ ဘုန်းကြီးတို့ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ နာမ်ဓာတ်တော် ဘုရားရှစ်ဆူးလို့ဆိုတဲ့ဆရာတော်ဘုရားကြီးရဲ့ နာမည်တော်အရင်းတည်ပြီးသကာလ၊ အထူးသဖြင့် မာရ်ငါးပါးကိုအောင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်အား ယနေ့တရားနာကြတဲ့ ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့နှင့်တကွ တရားဟော တရားနာပုဂ္ဂိုလ်အပေါင်းတို့ရဲ့ အတွင်းအပအန္တရာယ် အသွယ်သွယ်တို့ကိုအောင်မြင်နိုင်ဖို့ရာအတွက်၊ အောင်သူတကာတို့၏ထိပ်တင်,အောင်ဘုရင်မကုဋ္,အောင်တုလသင်းကျစ်,အောင်ဓမ္မရာဇ်ထွတ်ထားအောင်တော်မူမြတ်စွာဘုရားကြီးအား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပြီးဖွင့်ကြရအောင်၊

ဒါ့ကြောင့်-ဘုန်းကြီးကအောင်တော်မူမြတ်စွာဘုရားကိုရည်မှန်းပြီးတော့ ဘုန်းကြီးရှိခိုးကန်တော့ပါ့မယ်၊ အဲဒီကိုအာရုံပြုပြီးတော့ ပရိသတ်များကလည်းပဲ အောင်တော်မူတဲ့မြတ်စွာဘုရားကိုရှိခိုးရခြင်းဖြင့် မြတ်စွာဘုရားအောင်တော်မူသလို တပည့်တော်တို့လည်းအောင်မြင်ပါရစေ. . . လို့ အာရုံပြုကြရအောင် အားလုံး

* ဓာ-၄-၂၁၂၇။ သံ-၁၊၃၇။ ၇၇။

http://www.dhammadownload.com



လက်အုပ်ကလေးချီပြီးတော့ထားပါ-

ဥုံနမော တေ ဝိဇေတုံ မေ, ဇယတော ဒဒတော ဇယံ၊
နဋ္ဌထမ္ဘံ သဗ္ဗသန္တံ, ထာရ မေ ဇယမင်္ဂလံ။

ဥုံ-အန္တရာယ်ကင်း,ရန်စွယ်ရှင်း၍,ကောင်းခြင်းစဉ်ကာ,မယှဉ်သာအောင်, မင်္ဂလာကြီး,ဖြစ်ပါစေသတည်း၊ နဋ္ဌထမ္ဘံ-ထောက်ပံ့မည့်သူ,ကူညီမည့်နတ်,ရံပတ်ဝဲယာ,ပြဟ္မာလည်းမရှိပါဘဲလျှက်၊ သဗ္ဗသန္တံ-ကိုယ်နေရှိန်မပျက်,တသိန်ထွက်ဖို့, ငြိမ်သက်ဖွေးဖြူ,အေးအေးလူသာလျှင်၊ ဇယတော-ပါရမီစက်ဟုန်,လက်နက်စုံဖြင့်, ချက်ကုန်မလွဲ, ပွဲတိုင်းမရှောင်,နွံတိုင်းပင်အောင်တော်မူပေထသော၊ ဇယံ ဒဒတော-အောင်ရာစည်းကမ်း,အောင်နည်းလမ်း၌မှီငြမ်းမလစ်,အသစ်အဆန်း, တစ်ဂဏန်းက,မှန်းဆ၍မျှော်, ပန်းရအောင်လည်း,လမ်းပြပေးသနားတော်မူနိုင်ပေထသော၊ တေ(တဝ)-မကိုဋ်ရှေရောင်လျှံ,ဥသျှောင်ပျံမှာ,အောင်လံစွင့်စွင့်,လွှင့်တလူလူ,ထိုအောင်တော်မူအရှင်မြတ်အား။

မေ-မအောင်သေးခင်,အောင်ကြွေးတင်၍,အောင်မြင်ရန်မျှော်,တပည့်တော်၏၊ မေ(အမှာကံ)-မအောင်သေးခင်,အောင်ကြွေးတင်၍,အောင်မြင်ရန်မျှော်ညောင်း,တပည့်တော် တပည့်တော်မအပေါင်းတို့၏၊ ဝိဇေတုံ-မရှောင်ခပင်း,အခေါင်နင်း၍,အောင်ခြင်းကြီးအောင်ပါရစေခြင်းအကျိုးငှာ၊ နမော-အောင်ခဲ့သည့်တန်ခိုးဂုဏ်ကို,အမျိုးစုံမှန်းဆ၍,တမ်းတရှိခိုးပါ၏ဘုရား၊ မေ-မအောင်သေးခင်, အောင်ကြွေးတင်၍,အောင်မြင်ရန်မျှော်,တပည့်တော်အား၊ မေ-(အမှာကံ)-မအောင်သေးခင်,အောင်ကြွေးတင်၍,အောင်မြင်ရန်မျှော်တောင်း,တပည့်တော်, တပည့်တော်မအပေါင်းတို့အား၊ ဇယမင်္ဂလံ-အောင်ရန်အတိတ်,အောင်နိမိတ်ဖြင့်, အောင်ဘိသိက်သွင်း,အောင်ဟိတ်ကျင်း၍,အောင်ခြင်းဆင်ကာ,မင်္ဂလာကို၊ ကရ-သပြေအနု,ငွေခရုဖြင့်,ဖေယျတုပုံ,မေရုတုံအောင်,အဖုံဖုံအမှုအေးဖို့,ပြုပေးတော်မူပါ,အောင်တော်မူအရှင်မြတ်ကြီးဘုရား. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့-ဒီနေ့ည လေးကြိမ်မြောက်သတင်းစဉ်အဖြစ်နဲ့ သဗ္ဗညုတအောင်တော်မူဘုရားရှင်ကိုတော်မြတ်ကြီး အောင်မြင်တော်မူပုံကို အာရုံပြုရှိခိုးကြပြီးသကာ

http://www.dhammadownload.com



လ၊ ယနေ့ ရွှေဘုံသာမဟာရုံနှင့်စပ်သမျှ ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့ရဲ့ပြုလုပ်အားထုတ်ခဲ့ကြတဲ့ ဒါန,သီလ,ဘာဝနာကုသိုလ်ကောင်းမှုတွေ။ အထူးသဖြင့်-ယနေ့ညတရားပူဇော် ဓမ္မပူဇော်အနေအားဖြင့် တာဝန်ယူလှူဒါန်းကြတဲ့ မန္တလေးမြို့ လွှတထောင်တန်း အမျိုးသားဆီစက်ပိုင်ရှင်များဖြစ်ကြတဲ့ ဦးကတိုး-ဒေါ်ကြည်မြိုင်တို့ မိသားစုတွေရဲ့ကုသိုလ်ကောင်းမှုကိုလည်းပဲ ဦးတည်ပြီးသကာလ အားလုံးဒကာ ဒကာမတွေ ပြုလုပ်အားထုတ်တဲ့ ကုသိုလ်ကောင်းမှုတွေ အပြီးသတ်မှ ရေစက်ချပြီးတော့ (၃၁)ဘုံသား အမျှဝေရအောင်၊

ဒီတော့-ဒီနေ့ညဘုန်းကြီးတို့ဘာတရားကိုဟောမလဲဆိုတော့ သံယုတ္တနိကာယ်မှာလာတဲ့ ဗန္ဓနသုတ်တော် ငါးရာ့ငါးဆယ်နိပါတ်မှာလည်းလာတဲ့ဗန္ဓနဇာတ်တော် . . . လို့ ပါဠိလိုနာမည်ဆိုရင်တော့ ဗန္ဓနသုတ်တော်, ဗန္ဓနဇာတ်တော်ပေါ့။ ဘုန်းကြီးတို့ လွယ်လွယ်မြန်မာစကားနဲ့ပြောကြစို့လို့ဆိုတော့ အရှုံးကြိုးတုပ်ဖြုတ်တဲ့တရားတော် . . . တဲ့၊ ဒီနေ့ညဟောမယ့် တရားခေါင်းစီးကလေးကို ပရိသတ်ကိုဘုန်းကြီးနှုတ်ထဲ ထည့်ပေးလိုက်ချင်ပါတယ်၊ အဲဒီဗန္ဓနဇာတ်တော်ဗန္ဓနသုတ်တော်မှာ ဘုရားရှင်ကိုယ်တော်မြတ် အဓိကရည်ရွယ်ပြီးတော့ ဟောတော်မူတဲ့စကားကို လိုရင်းချုံးပြီးတော့ သုံးပြောရမယ်ဆိုရင် အရှုံးကြိုးတုပ် ဖြုတ်တဲ့တရားတော်၊ အရှုံးကြိုးတုပ်ဖြုတ်တဲ့တရား၊ ပရိသတ်ကြီးဘာတဲ့တုံး?(အရှုံးကြိုးတုပ်ဖြုတ်တဲ့တရားတော်ပါဘုရား)။

**အယော ယောတ္တေဟိ ယောဇေန္တိ, ယထာ လောကေ ဥမ္မတ္တကေ၊**
**သံယောဇနေဟိ ယောဇေန္တိ, ဧဝံ ဝဋ္ဋေ ပုထုဇ္ဇနေ။**

လောကေ-ထင်ရှားစုပုံ, ယခုကြုံသည်, လူ့ဘုံဌာန, ဤလောက၌၊ ဥမ္မတ္တကေ-သည်းခြေသွေးလျှမ်း, ဘီလူးဖမ်း၍, ရူးနှမ်းကြသူ,အများလူတို့ကို၊ အယောယောတ္တေဟိ-အသက်ဆုံးတိုင်, မရုန်းနိုင်အောင်, ထုံးပိုင်ခိုင်ဖြိုး, သံနှောင်ကြိုးတို့ဖြင့်၊ ယောဇေန္တိ ယထာ-ခြေလက်နှစ်သွယ်, ခါးလယ်တစ်ကြိုး, အမျိုးမျိုးဖြင့်, တိုးလျှိုးလှုပ်လှက်, မပြုတ်ထဲ့အောင်, တုပ်ဖွဲ့ချည်နှောင်ကြလေကုန်သကဲ့သို့။ ဧဝံ တထာ-ပမာဆိုမူ, ထို့အတူသာလျှင်၊ ဝဋ္ဋေ-မရပ်မတည်, ပတ်ပတ်လည်၍, ထိုဤပြောင်းပြန်, ဗလောင်းဆန်အောင်, ကောင်းရန်လွတ်ကင်း, သံသရာတည်းဟူသော, ဝဋ်အတွင်း၌၊ ပုထုဇ္ဇနေ-အရိယာဂိုဏ်းတွင်, သမိုင်းတင်က, မဝင်မပါ, ကမ္ဘာ့အောက်တန်း,

http://www.dhammadownload.com



ငါတို့လိုပုထုဇဉ်အရူးအနှမ်းတို့ကို၊ သံယောဇနေဟိ-လင်နှင့်မယား, သမီးသားက, ဆက်ပွါးဆွေညာ, မိတ်သဟာဟု,ရှည်ကြာလေတိုး,သံယောဇဉ်တည်းဟူသော, သံ နှောင်ကြိုးတို့ဖြင့်၊ ယောဇေန္တိ-မခွါနိုင်စွဲ,မခွဲနိုင်ချစ်,မပစ်နိုင်ရက်, မပျက်ရှည်ကြာ, အချည်သာလျှက်,ဖြေခါခက်ဖို့,သက်သက်လှုပ်လှုပ်,မပြုတ်ထဲ့အောင်, တုပ်ဖွဲ့ချည် နှောင်ကြလေကုန်သတည်း. . . ။

သာဓု. .. သာဓု. . . သာဓုပါဘုရား။

လောကမှာ-အရူးသုံးမျိုးရှိတယ်. . . တဲ့၊ အရူးသုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုး က ဘာတွေတုန်းလို့ဆိုတော့ ပိတ္တုမ္မတ္တက-သည်းခြေပျက်ပြီးတော့ ရူးတဲ့အရူး။ နံပါတ်(၂)က လောဟိတုမ္မတ္တက-သွေးပျက်ပြီးတော့ရူးတဲ့အရူး။ နံပါတ်(၃)က ယက္ခုမ္မတ္တက-ဘီးလူးဖမ်းစားလို့,အစိမ်းသဘက်,ကဝေစတဲ့ပုဂ္ဂိုလ်တွေ,နှောက် ယှက်လို့ရူးတဲ့ယက္ခုမ္မတ္တကခေါ်တဲ့အရူး၊ အဲဒီသည်းခြေပျက်လို့ရူးတဲ့အရူး, သွေးပျက် လို့ရူးတဲ့အရူး,ဘီလူးတွေသဘက်တွေသရဲတွေနှောက်ယှက်လို့ နှိပ်စက်လို့ရူးရတဲ့ အရူး. . . လို့ဆိုတဲ့ အရူးသုံးမျိုး။ အဲဒီအရူးသုံးမျိုးတို့ကို လောကမှာ. . . တဲ့ ရူးလာတဲ့ပုဂ္ဂိုလ်တွေ သွက်သွက်ခါခါရူးလေလေ ဟိုဟိုဒီဒီမသွားနိုင်အောင် သူ့ကို ကြိုးနဲ့ချည်ရလေလေ,တုပ်ရလေလေ၊ သွက်သွက်ခါရူးလာလေလေ ဟိုဟိုဒီဒီမသွား လာနိုင်အောင် မသင့်မတော်တာတွေ မလုပ်နိုင်အောင် တုပ်ရလေလေ, ချည်ရလေ လေ,နှောင်ရလေလေ။

လောကေ-ထင်ရှားစုပုံ, ယခုကြုံသည့်, လူ့ဘုံဌာန, ဤလောက၌၊ ဥမ္မတ္တ ကေ-သည်းခြေသွေးလျှမ်း, ဘီးလူးဖမ်း၍, ရူးနှမ်းကြသူ, အများလူတို့ကို၊ အယော ယောတ္တေဟိ-အသက်ဆုံးတိုင်, မရုန်းနိုင်အောင်, ထုံးပိုင်ခိုင်ဖြိုး, သံနှောင်ကြိုးတို့ဖြင့်၊ ယောဇန္တိယထာ-ခြေလက်နှစ်သွယ်, ခါးလယ်တစ်ကြိုး, အမျိုးမျိုးဖြင့်, တိုးလျှိုးလှုပ် လှုက်, မပြုတ်ထဲ့အောင်, တုပ်ဖွဲ့ချည်နှောင်ကြလေကုန်သကဲ့သို့ . . . တဲ့။

အရူးကသုံးမျိုးရှိတာလေ၊ ခုနကပြောသလိုပဲ သည်းခြေပျက်လို့ဆိုပြီးတော့ ရူးသွား၊ အဲဒီသည်းခြေပျက်လို့ရူးတဲ့အရူး ကြမ်းလာပြီဆိုလေလေ ကြိုးတုပ်ရလေ လေ, ချည်ရလေလေ၊ ဒီတော့-ဘယ်ချည်ရတုန်းလို့ဆိုတော့-လက်တွေချည်ရတယ်၊ ခြေထောက်တွေချည်ရတယ်,လက်နှစ်ဘက်ခြေနှစ်ဘက်ခါး၊ အား . . ဒီထက်ကြမ်း

http://www.dhammadownload.com



လာပြန်တော့ တစ်ကိုယ်လုံးတုပ်။ သွေးပျက်ပြီးတော့ရူးတဲ့အရူး,သွေးလန့်ပြီးတော့ ရူးတဲ့အရူး။ ဘီလူးရက္ခိုသ်တွေဖမ်းစားလို့နှောက်ယှက်လို့,တစ္ဆေမြေဘုတ်တွေ နှောက်ယှက်လို့ နှိပ်စက်လို့ရူးတဲ့ယက္ခုမ္မတ္တကခေါ်တဲ့အရူး။ အဲဒီအရူးတွေမသွားနိုင် အောင်,မလာနိုင်အောင်,ချည်ထားကြရတယ်,တုပ်ထားကြရတယ်, နှောင်ထားကြရ တယ် . . . တဲ့၊ အရူးကြမ်းပြီဆိုလေလေ ခိုင်ခိုင်ခန့်ခန့်ကြိုးချည်ရလေလေပဲ၊ ခိုင်ခိုင် ခန့်ခန့်ကြိုးချည်ထားပြီဆိုရင်လည်း အရူးကြမ်းလို့ပဲ၊ ဒီတော့ အဲဒီအရူးတွေ ကြိုးနဲ့ ချည်နှောင်တုပ်နှောင်ထားရသလိုပဲ. . . တဲ့

**ဇေဝံတထာ**-ပမာထားယူ,ထို့အတူသာလျှင်၊ ဝဋ္ဋေ-မရပ်မတည်,ပတ်ပတ် လည်၍,ထိုဤပြောင်းပြန်,ဗလောင်းဆန်အောင်,ကောင်းရန်လွတ်ကင်း,သံသ ရာတည်းဟူသောဝဋ်နှောင်အတွင်း၌၊ ပုထုဇ္ဇနေ-အရိယာဂိုဏ်းတွင်, သမိုင်းတင် က, မဝင်မပါ, ကမ္ဘာ့အောက်တန်း,ငါတို့လိုပုထုဇဉ်,အရူးအနှမ်းတို့ကို. . .။ ပုထုဇဉ် ဆိုတာ ကမ္ဘာမှာရှိနေတဲ့ အတန်းအစားတွေ အဆင့်ခွဲလိုက်ရင် အောက်ဆုံး တန်း. . . တဲ့ အောက်ဆုံးတန်း၊ ကမ္ဘာမှာရှိနေတဲ့ သတ္တဝါတွေ(၃၁)ဘုံစကြာဝဠာ အနန္တရှိနေတဲ့သတ္တဝါတွေကို အဆင့်ခွဲလိုက်ရင် ငါးဆင့်ရှိတယ်၊ ကမ္ဘာလောက ရှိနေတဲ့သတ္တဝါတွေ သင်္ချာ သင်္ချေ ကုဋေ ကုဋာ,မရေသာအောင် များပင်များငြား သော်လည်းပဲ၊ ကုန်းနေ ကိုးကုဋေ,ရေနေဆယ်ကုဋေ,သင်္ချေသင်္ချာ, ကုဋေကုဋာ မရေသာအောင်,များကြသော်လည်း၊ အဲဒီသတ္တဝါတွေမှန်သမျှကို အဆစ်အပိုင်း ကြီးခွဲလိုက်မယ်ဆိုရင်. . . တဲ့ ငါးပိုင်း, ငါးဆင့်,ငါးလွှာပဲရှိတယ်။

လောကရှိတဲ့သတ္တဝါတွေ ယနေ့တရားနာနေကြတဲ့ဒကာ,ဒကာမတွေ အပါအဝင် သတ္တဝါတွေကိုအဆင့်အပိုင်းကြီးတွေခွဲလိုက်ရင် ငါးဆင့်ပဲရှိတယ်၊ ပရိသတ်ကြီး ဘယ်နှစ်ဆင့်ရှိတုံး?(ငါးဆင့်ပါဘုရား)၊ တစ်ယောက်စီ,တစ်ယောက်စီ လူအုပ်စုတွေ တိရစ္ဆာန်အုပ်စုတွေ,နတ်အုပ်စုတွေ,ပြဟ္မာအုပ်စုတွေ ဒီလို လျှောက် ပြီးတော့ရေတွက်ရင်တော့ သင်္ချေသင်္ချာ ကုဋေကုဋာ မရေသာအောင် များပါ တယ်. . . တဲ့၊ သတ္တဝါအနန္တဆိုတဲ့အတိုင်းများပါတယ်။ သို့သော် အဲဒီသင်္ချေ သင်္ချာ ကုဋေကုဋာ များတဲ့သတ္တဝါတွေကိုငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ပိုင်းဖြတ်ပြီးတော့ အဆင့်အလွှာအသီးသီး အတန်းအစား အသီး သီးခွဲလိုက်မယ်ဆိုရင်ငါးဆင့်ငါးလွှာ. . . တဲ့။

အဲဒီငါးဆင့်ငါးလွှာဆိုတာ ဘာတွေတုန်းဆိုရင်။ နံပါတ်(၁)အာသဝေါ

http://www.dhammadownload.com



ကင်းကွာရဟန္တာပုဂ္ဂိုလ် ရဟန္တာယောက်ျား ရဟန္တာရှင်အမကြီးတွေဆိုတဲ့အလွှာအဆင့်။ နံပါတ်(၂)အနာဂါမ်ဆိုတဲ့ အလွှာအဆင့်၊ နံပါတ်(၃)သကဒါဂါမ်ဆိုတဲ့ အလွှာအဆင့်၊ နံပါတ်(၄)သောတာပန်ဆိုတဲ့အလွှာအဆင့်၊ နံပါတ်(၅)တဲ့အောက်ဆုံးက ပုထုဇဉ်ဆိုတဲ့ အလွှာအဆင့်။ ဒီတော့ ကမ္ဘာမှာရှိနေတဲ့သတ္တဝါတွေ, အလွှာအဆင့်ကြီးငါးဆင့် ဆင့်ပြီးတော့ သဗ္ဗညုတဉာဏ်တော်နဲ့ စိတ်ဖြာခွဲခြမ်းပြလိုက်တာဘုန်းကြီးတို့ ပုထုဇဉ်တွေက ထိပ်ဆုံးမှာနေသလား အောက်ဆုံးမှာနေသလား? (အောက်ဆုံးမှာနေပါဘုရား) အလယ်တောင်မကပ်နိုင်ဘူး၊

ဒီတော့ အထက်ဆုံးက အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတွေတဆင့်၊ ရဟန္တာလို့ဆိုလိုက်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေအဆူဆူ၊ ဂဂ်ီဝါလုပွင့်တော်မူတဲ့ ဘုရားရှင်တွေအဆူဆူ၊ ရဟန္တာဆိုတဲ့ အဆင့်ထဲမှာပါသွားတယ်၊ ရဟန္တာပေါ် ကမှနေပြီး သဗ္ဗညုတဉာဏ်တော်ကြီးရလို့ဘုရားလို့ခေါ် ရတယ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတွေအဆူဆူ၊ အဲဒီ အရဟတ္တမဂ္ဂ,အရဟတ္တဖလဆိုတဲ့ပုဂ္ဂိုလ်ထဲမှာ ပါသွားတယ်။

ဒီတော့ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတွေဆိုတဲ့ ထိပ်ဆုံးကအဆင့်၊ အနာဂါမ်အဆင့်,သကဒါဂါမ်အဆင့်,သောတာပန်အဆင့်ဆိုတဲ့ အရိယာပုဂ္ဂိုလ် သူတော်ကောင်းကြီးတွေရဲ့အလွှာလေးဆင့်၊ အဲဒီအောက်ကမှပုထုဇဉ် . . . တဲ့ ပုထုဇဉ်။ ဒီတော့ ပုထုဇဉ်အဆင့်ဟာ ကမ္ဘာမှာ အဆင့်အတန်းအလွှာနဲ့ကြည့်ရင်အောက်တန်းအကျဆုံး၊ အောက်တန်းအကျဆုံးအလွှာအဆင့်၊ လူတွေ, နတ်တွေ, ဗြဟ္မာတွေ,ပုထုဇဉ်သားမှန်သမျှအောက်ဆုံးကအဆင့်၊ ဟိုး အထက်မိုးကောင်းကင် ဗြဟ္မာကြီးဖြစ်နေပေမယ့်လို့ အဆင့်နဲ့ပြောကြစို့လို့ဆိုတော့ သူလည်းအောက်တန်းအဆင့်၊ ဟိုနတ်ပြည်ခြောက်ထပ်မှာရှိနေတဲ့ နတ်မင်းကြီးတွေ, နတ်မိဖုရားကြီးတွေ ရှိနေကြပေမဲ့လို့ ပုထုဇဉ်ဆိုတဲ့ အဆင့်နဲ့ကြည့်လိုက်တော့အောက်တန်းအဆင့်၊

လူတွေ,စကြဝတေးမန္ဓာတ်စတဲ့မင်းကြီးတွေ၊ တန်းခိုးအာဏာပါဝါအမျိုးမျိုးနဲ့ရှိနေကြတဲ့ လူတွေ၊ အဲဒီအောက်ရှိနေတဲ့ အပါယ်လေးဘုံသားဆိုတဲ့ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်,အပါယ်လေးဘုံသားတွေ . . . ပုထုဇဉ်တွေပဲသူတို့လည်း။ ဒီတော့ ကမ္ဘာမှာအဆင့်အတန်းကြီး အလွှာကြီးနဲ့ကြည့်လို့ရှိရင်

http://www.dhammadownload.com



ပုထုဇ္ဇနေ-အရိယာဂိုဏ်းတွင်,သမိုင်းတင်က,မဝင်မပါ,ကမ္ဘာ့အောက်တန်း,ငါတို့လို ပုထုဇဉ်အရှုးအနှမ်းတို့ကို. . .။ ပုထုဇဉ်ကဖြစ်ရတဲ့အထဲမှာ ရှူးနေလိုက်သေးတယ်၊ ပုထုဇ္ဇနော ဥမ္မတ္တကော-ဆိုတဲ့အတိုင်း ပုထုဇဉ် ဖြစ်နေတဲ့အတွက်ရူးရတယ်. . . တဲ့ ရူးရတယ်၊

ဒီတော့ ဘယ့်နဲ့ကြောင့်ပုထုဇဉ်ရူးတယ်လို့ပြောရတာတုံးလို့ဆိုတော့- ဘုန်းကြီးတို့ဒကာ ဒကာမတွေ အရူးဆိုတာ မစင်ကိုပေမွဲလို့ ရွှေထင်တတ်တယ် အရူးရဲ့သဘောဟာ၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ သိကြတဲ့အတိုင်းပဲ မစင်ပေမွဲ လို့ သူရွှေထင်ချင်ရွှေထင်တတ်တယ်၊ မစင်ကိုရွှေထင်တဲ့သဘောက အရူးရဲ့သ ဘော၊ မစင်ကိုဘာထင်တတ်တုံး?(ရွှေထင်တတ်ပါဘုရား)။ မစင်ကိုရွှေထင်တော့ ဒီမစင်ကိုပဲခင်ခင်မင်မင်,တွယ်တွယ်တာတာနဲ့ ကောက်ယူသိမ်းပိုက် အိပ်ထဲထည့်နဲ့ မလုပ်တတ်ဘူးလား?(လုပ်တတ်ပါဘုရား)၊ ဒါဖြင့် အရူးရဲ့ သဘောသည်မစင်ကိုရွှေ ထင်တတ်တဲ့သဘော၊ ယနေ့အားလုံးသောဒကာဒကာမအပေါင်း သူတော်ကောင်း တို့သည်လည်းပုထုဇဉ်လို့ဆိုလိုက်သည်နဲ့တပြိုင်နက် မတင့်မတယ်ရွံစဘွယ်ဖြစ်တဲ့ အသုဘသဘောတွေကိုပင် တင့်တယ်တယ်,ခင်မင်ဖွယ်ရာ,နှစ်သက်ဖွယ်ရာ, ယဉ် ကျေးတယ်,တင့်တယ်တယ်,လှပတယ်လို့ထင်ကြတယ်၊ ဒါ-မစင်ကိုရွှေထင်တဲ့ သဘော. . . တဲ့။

ခုနက လောကမှာ ယက္ခုမ္မတ္တက,ပိတ္တုမ္မတ္တက,လောဟိတုမ္မတ္တကလို့ခေါ် တဲ့ သည်းချေရူး,သွေးရူး,ဘီးလူးရူးဆိုတဲ့လောကပကတိအရူးတို့က မစင်ကိုရွှေထင် ကြသလို၊ ယနေ့ အားလုံးသော ပုထုဇဉ်လို့ခေါ်ကြတဲ့ ဒကာဒကာမတွေ. . . မစင် မကြွယ် ရွံစဖွယ်ဖြစ်တဲ့အသုဘသဘောတွေကိုပင် သုဘ. . . လို့စွဲကြတယ်, ထင် ကြတယ်, ခင်ကြတယ်၊ အသုဘကိုသုဘလို့ထင်တာ မစင်ကိုရွှေထင်တဲ့ အရူးသ ဘောနဲ့ အတူတူပဲ. . . တဲ့ အတူတူပဲ။ ဒါကြောင့်မို့လို့ ပုထုဇ္ဇနော ဥမ္မတ္တကော။ ပုထုဇ္ဇ နော-ကိလေများဖြင့်. . ကိလေသာတွေထူထဲများပြားတဲ့ ပုထုဇဉ်မှန်သမျှ သည်၊ ဥမ္မတ္တကော-မစင်ကိုရွှေထင်တဲ့ အရူးသဘောနှင့်နှင်သာလျှင်တည်း. . .။ ဒီတော့ ပကတိအရူးကမစင်ကိုရွှေထင်တယ်၊ ယနေ့ဒကာဒကာမတွေ အသုဘဖြစ် နေတဲ့ ခန္ဓာငါးပါးရုပ်နာမ်တရားကိုပင်လျှင် သုဘ. . . လို့ထင်နေပြီဆိုလို့ရှိရင် အဲဒါမစင်ကိုရွှေထင်တဲ့သဘောပါပဲဆိုတော့ အရူးသဘောချင်း ပရိသတ်ကြီး သွားမတူဘူးလား?(တူပါဘုရား) ဒါဖြင့်ဆိုစမ်းပါ-

http://www.dhammadownload.com



## အသုဘကိုပင်, သုဘထင်, နေ့စဉ်ရှုးချက်နာ။

မိမိရဲ့ခန္ဓာကိုယ်ကလေးမနက်အိပ်ရာကထ လင်းလာလိုက်သည်နဲ့ တပြိုင်နက်မှန်ရှေ့မှာကြည့်ပြီးသကာလဆင်ကြ,ပြင်ကြ,ဖြီးကြ,လိမ်းကြတယ်လို့ဆိုတဲ့ အခိုက်မှာ မစင်မကြယ်(၃၂)ကောဋ္ဌာသ အစုဝေးမျှဖြစ်တဲ့ ဤခန္ဓာကာယကိုပင် လျှင်၊ တင့်တယ်တယ်,လှတယ်, ခင်မင်ဖွယ်. . . လို့ပရိသတ်ကြီးမထင်ကြဘူးလား? (ထင်ကြပါဘုရား)။ အဲဒီအထင်က တစ်နေ့လားလို့ဆိုတော့နေ့စဉ်၊ ပရိသတ်ကြီး တနေ့လား?(နေ့စဉ်ပါဘုရား)။ တစ်လလားဆိုတော့ လစဉ်၊ တစ်နှစ်လားဆိုတော့ နှစ်စဉ်၊ နေ့စဉ်နေ့စဉ်မိမိတို့မှန်ရှေ့မှာရောက်လာလိုက်သည်နှင့်တပြိုင်နက် ဆံပင်ကအစခြေအဆုံး၊ ခြေကအစ ဆံပင်အဆုံးတစ်ကိုယ်လုံးကို သိမ်းကျုံးပြီးတော့ သုဘသညာခေါ်တဲ့ တင့်တယ်တယ်,ချစ်ခင်ဖွယ်,နှစ်သက်ဖွယ်,စုံမက်ဖွယ်, မြတ်နိုးဖွယ်,လှတယ်,ယဉ်တယ်ဆိုတဲ့အထင်. . . တဲ့၊ ရောက်မလာဘူးလား?(ရောက်လာပါဘုရား)။ ဒါဖြင့် အဲဒီရောက်လာတဲ့အခိုက်,ရောက်လာတဲ့အခိုက်ဟာ,အသုဘသဘောကိုသုဘလို့ ထင်တာဖြစ်တော့ ခုနက ပကတိအရှုးဟာ မစင်ရွှေထင်တာနဲ့ ကွာသေးသလား?(မကွာပါဘုရား)။

ဒီတော့ နာတော့နာချင်စရာပဲ သေသေချာချာကြည့်တော့။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ချိန်စက်ပြီးတော့ ပကတိသဘာဝတွေဟောတော်မူရတယ်. . . တဲ့၊ ဘုရားရှင်တို့မည်သည် ဓမ္မသဘာဝကိုဦးတည်ပြီးတော့ဟောတာဖြစ်တော့ ပုဂ္ဂိုလ်ရေးမငဲ့နိုင်ဘူး၊ အသုဘကိုသုဘထင်တာ ပဒေသရာဇ်ဧကရာဇ် စကြာမန္ဓာတ်ကြီးတွေကော ပုထုဇဉ်ဘဝဆိုလို့ရှိရင် မထင်ကြဘူးလား?(ထင်ကြပါဘုရား)၊ အဲဒီ ပဒေသရာဇ်,ဧကရာဇ်,စကြာမန္ဓာတ်ကြီးတွေရယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ညှာတော်မမူနိုင်ဘူး၊ တရားဓမ္မအရေး အလေးပေးပြီးတော့ **ဓမ္မဂရုကာ ဟိ တထာဂတာ**။ တထာဂတာ-ဘုရားရှင်တို့သည်၊ ဓမ္မဂရုကာ-အမှန်သဘောတရားကိုသာလျှင် အလေးဂရုပြုတော်မူကြကုန်၏ . . . လို့ဆိုတဲ့အတိုင်း တရားသဘောကိုအလေးဂရုပြုပြီးတော့ ဟောတော်မူကြရတာဖြစ်လေသောကြောင့် အသုဘကိုသုဘထင်တဲ့ သုဘသညာဝင်နေတဲ့ အချိန်တိုင်း အချိန်တိုင်းသည်. . . တဲ့ ပကတိ အရှူးမစင်ကိုရွှေထင်တဲ့သဘောနဲ့ တစ်ထပ်တည်းဖြစ်နေပါသည်။

http://www.dhammadownload.com



အရှုံးသဘောကဒါပဲလားလို့ဆိုတော့ မကသေးဘူးတဲ့၊ အခုပြုံးပြုံး,ပြုံးပြုံး လုပ်နေပေမဲ့လို့တော်ကြာမဲ့မဲ့,မဲ့မဲ့နဲ့ငိုနေတတ်တယ်၊ အရှုံးများဟာ အခုပြုံးပြုံး,ပြုံးပြုံး လုပ်နေပေမဲ့လို့ တော်ကြာအော်ဟစ်ပြီးငိုချင်ငိုမပစ်လိုက်ဘူးလား?(ငိုပစ်လိုက် ပါဘုရား)။ ယနေ့ ပုထုဇဉ်သားလို့ဆိုကြတဲ့ ယနေ့ ဒကာဒကာမအပေါင်း သူတော် ကောင်းတွေ . . . အခုသားကလေးတွေ,သမီးကလေးတွေ,ကျန်းမာရေးအဆင် ပြေ,ပညာရေးအဆင်ပြေ,စီးပွားရေးတွေအဆင်ပြေတော့ ပြုံးနေကြပေမဲ့လို့ တော် တော်ကြာဖြုန်းကနဲဆို သားကလေးကအဆင်မပြေ,သမီးကလေးကအဆင်မပြေ, ပညာရေးအဆင်မပြေ,ကျန်းမာရေးအဆင်မပြေ,ခန္ဓာငါးပါး ရုပ်နာမ်တရား သင်္ခါရ သဘောအတိုင်း ဖြုန်းကနဲ,ရုန်းကနဲ ကွေးသောလက်မဆန့်ခင်,ဆန့်သောလက် မကွေးခင်,တစ်စုံတစ်ခု ဖြစ်သွားပြီဆိုကြရင် . . . တဲ့၊ သောက,ပရိဒေဝ,ဒုက္ခ ဒေါမနဿ,ဥပါယာသဆိုတဲ့ မျက်ရည်ကြီးငယ်ကျပြီးတော့ မငိုကြရဘူးလား?(ငိုကြ ရပါဘုရား)။

ဒါ့ဖြင့်-ခုနကပကတိအရှုံးသည် အခုပြုံးနေပေမဲ့လို့ တော်ကြာဖြုန်းကနဲ ဆိုအော်ဟစ်ပြီးတော့ ငိုချင်ငိုတတ်သလို. . . ယနေ့ပုထုဇဉ်သားဖြစ်ကြတဲ့ ဒကာ ဒကာမတွေရဲ့သန္တာန်မှာလည်း အခုပြုံးပြုံးပြုံးပြုံးနဲ့ ဖြစ်နေပေမဲ့လို့တော်ကြာ အမုန်း တွေဝင်လာပြီးတော့ငိုရတယ်. . . ဆိုတဲ့သဘောကင်းနိုင်ကြရဲ့လား?(မကင်းနိုင် ပါဘုရား)။ ဒါ့ဖြင့် အခုပြုံးနေပေမဲ့လို့ တော်ကြာမုန်းတဲ့သဘောကင်းရဲ့လား? (မကင်းပါဘုရား)၊ အဲဒါဘာပြုလို့မကင်းတာတုန်းလို့ဆိုတော့တဲ့ သူကဒါတွေကို ပြုံးနေတုန်းကလည်းပဲ ဒီသဘောဟာ ငါပြုံးရတဲ့အာရုံဝတ္ထုသည် ဒီလိုပဲတသက် လုံးပြုံးရလိမ့်မယ်၊ အမြဲတမ်းခိုင်မြဲနေလိမ့်မယ်၊ အမြဲတမ်းငါပြုံးနေရမယ့် အရာဝတ္ထု ဟာ အပြုံးသဘောချည်းတွေ့နေလိမ့်မယ်. . . လို့ သူဒီလိုထင်နေတယ်၊

အဲဒီလိုထင်နေရာက မမြဲတဲ့သဘော,မခိုင်တဲ့သဘောမို့လို့ဖြုန်းကနဲ ရုန်းက နဲဖြစ်သွားတဲ့အချိန်မှာ နိစ္စသဘောထင်ပြီးနေတဲ့သဘောက အနိစ္စသဘော ပြောင်း သွားတဲ့အချိန်မှာ ကိုယ်ကထင်ထားတာက နိစ္စ. . . ခိုင်လိမ့်မယ်, မြဲလိမ့်မယ် ငါတစ် သက်လုံးဒီလိုပဲကြည့်ပြီးတော့ ပြုံးနိုင်လိမ့်မယ်လို့ထင်ကြတယ်၊ ဘုန်းကြီးတို့ ဒကာဒ ကာမတွေ ကိုယ့်သားကလေးတွေ ကိုယ့်သမီးကလေးတွေနဲ့ ပျော်ပြီးတော့နေတဲ့ အချိန် အမှတ်တမဲ့ဆိုလို့ရှိရင် ဒီလိုပဲ သားကလေးတွေ,သမီးကလေးတွေနဲ့ တစ် သက်လုံးဒီလိုပဲ အဆင်ပြေနေတော့မှာပဲဆိုတဲ့ အထင်အစွဲကလေး မလာဘူးလား?

http://www.dhammadownload.com



(လာပါဘုရား)။ အဲဒါအနိစ္စကို နိစ္စသညာဝင်တယ်လို့ခေါ်တယ်။

ဒီတော့ အနိစ္စဖြစ်နေတဲ့ရုပ်နာမ်ခန္ဓာရဲ့အပေါ်မှာ နိစ္စလို့အထင်ရောက်ပြီးတော့မှားနေတဲ့အတွက် ဖြုန်းကနဲဆို အနိစ္စသဘောက သူ့အနိစ္စသဘောပြန်ပြီးတော့ဆောင်လိုက်တဲ့အချိန်မှာ ပြုံးနေရာကနေပြီးတော့ မုန်းရပါတယ်၊ ရယ်နေရာကနေပြီးတော့ ငိုရပါတယ်၊ ဒါဖြင့် အနိစ္စကို နိစ္စထင်နေတဲ့သဘောဟာ အရူးသဘောလို့ခေါ်တယ်၊ ဒါဖြင့်-အဲဒီအနိစ္စသဘောကို နိစ္စသဘောထင်တဲ့ဟာ တစ်နေ့လားဆိုတော့ နေ့စဉ်၊ ပရိသတ်ကြီးတစ်နေ့လား နေ့စဉ်လား?(နေ့စဉ်ပါဘုရား)၊ တစ်လလား လစဉ်လား?(လစဉ်ပါဘုရား)၊ တစ်နှစ်လား နှစ်စဉ်လား?(နှစ်စဉ်ပါဘုရား)၊

အရူးသဘောဆိုတာ. . . တဲ့ မကောင်းတဲ့အရာတွေကိုပင်,ကောင်းတယ်လို့ထင်တတ်တယ်၊ ချမ်းသာမယ့်သဘောမဟုတ်တာတွေကိုပင် ချမ်းသာမယ့်သဘောလို့ထင်တတ်တယ်၊ မီးကိုပေမဲ့လို့ရွှေတောင်ကြီးထင်တတ်တယ်၊ မီးဆိုတာပူတဲ့သဘောရှိတယ်၊ အဲဒီပူတဲ့သဘောမီးကိုပင် တောက်နေတာကိုပင် သူကရွှေတောင်ကြီးလို့ထင်ပြီးတော့ စိတ်ကအရူးမို့ဖောက်ပြန်လေသောကြောင့် ရွှေတောင်ကြီးထင်ပြီးသကာလ အဲဒီမီးပုံကြီးထဲ လက်နှိုက်လို့နှိုက်,ကိုယ်နဲ့ခုန်ဆင်းလို့ခုန်ဆင်း, ခြေထောက်နဲ့နင်းလို့နင်းဆိုတဲ့အမှုတွေကိုပြုတတ်တယ်. . . တဲ့ ပြုတတ်တယ်၊ အရူးဆိုတာ မီးရောင်ကိုရွှေရောင်ထင်ချင်ထင်တတ်တယ်၊ ပရိသတ်ကြီး အရူးဆိုတာ မီးရောင်ကိုဘာထင်တတ်တုံး?(ရွှေရောင်ထင်တတ်ပါဘုရား)၊ မီးရောင်ကို ရွှေရောင်ထင်တတ်တယ်၊ မီးတွေကိုပေမယ့်လို့ ရွှေတွေလို့ထင်တတ်တယ်၊

အဲဒီလိုအထင်ရောက်ပြီးသကာလ အဲဒီမီးထဲကို လက်နဲ့ထိုးသွင်းလို့သွင်း ခြေထောက်နဲ့နင်းလို့နင်း, ကိုယ်ကြီးပါပစ်သွင်းလို့သွင်း,သွင်းတတ်တယ်၊ အဲဒီလိုသွင်းတော့ မီးဆိုတာပူတဲ့သဘောလို့ဆိုတဲ့အတိုင်း သူသွင်းလိုက်တဲ့အခါမှာ မပူပေဘူးလား?(ပူပါဘုရား)၊ သူကဒီမီးထဲကိုရွှေရောင်ထင်ပြီးတော့ သွင်းတုန်းက ချမ်းသာလိမ့်မယ်ထင်လို့ သူကသွင်းတာလား,ဆင်းရဲလိမ့်မယ်ထင်လို့သွင်းတာလား?(ချမ်းသာတယ်ထင်လို့ သွင်းတာပါဘုရား)၊

ယနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေရုပ်နာမ်ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာ မီးတောက်တွေ. . . အဲဒီရုပ်နာမ်ခန္ဓာဆိုတဲ့ဒုက္ခသစ္စာ မီးတောက်တွေ

http://www.dhammadownload.com



ကို ဒုက္ခဖြစ်တဲ့ရုပ်နာမ်ခန္ဓာမီးပုံတွေကို မီးတောက်တွေကို သုခလို့ရွှေထင်ကြတယ် . . . တဲ့ ရွှေရောင်ထင်ကြတယ်။ ဒီတော့ အဲဒီဒုက္ခကို သုခထင်လိုက်သည်နှင့်တစ်ပြိုင်နက် အခုပြုံးနေရပေမဲ့လို့ တော်ကြာမုန်းရတယ်၊ အခုပြုံးပြုံး ရယ်ရယ်ရှိနေရပေမဲ့လို့တော်ကြာမဲ့ရတယ်. . . တဲ့၊ ဒီတော့ အရှူးဆိုတာမတည်ကြည်ဘူး၊ ဝိပရာဝတ္တိဓမ္မ-တဲ့ ဖောက်ပြန်ပြောင်းလဲတတ်တဲ့သဘောရှိတယ်ဆိုတဲ့အတိုင်း အခုပုထုဇဉ်များရဲ့စိတ်ဟာလည်းပဲ ဖောက်ပြန်ပြောင်းလဲတဲ့သဘော ပရိသတ်ကြီး ကင်းရဲ့လား?(မကင်းပါဘုရား)၊ ဒါဖြင့်ဆိုစမ်းပါ-

## ❖ ဒုက္ခကိုပင်, သုခထင်, နေ့စဉ်ရူးချက်နာ။

အရူးသဘောဆိုတာ ကိုယ်မပိုင်တာတွေကိုပေမဲ့လို့ ပိုင်တယ်လို့အထင်ရောက်တတ်တယ်၊ ကိုယ်မပိုင်တဲ့ပစ္စည်းဝတ္ထုတွေပေမဲ့လို့ ကိုယ်ပိုင်တယ်ထင်ပြီး သကာလ သူများရဲ့ပစ္စည်းတွေကိုသွားပြီးတော့ ငါ့ဟာငါ့ဟာနဲ့လုပ်တတ်တယ်၊ သူ့ကရူးနေတာဆိုတော့လေ. . . သူများပစ္စည်း,ဆိုင်ရှေ့ခင်းထားတာတွေဖြစ်ဖြစ်၊ အိမ်ကြီးတိုက်ကြီးတွေဖြစ်ဖြစ် သူများပစ္စည်းတွေသွားပြီးတော့ ဟောဒါငါ့ဟာ, ဟောဒါကငါပိုင်တယ်,ဟောဒါကငါဆိုင်တယ်နဲ့မလုပ်တတ်ဘူးလား?(လုပ်တတ်ပါဘုရား)။ အဲဒီလို ငါပိုင်တယ် ငါဆိုင်တယ်လုပ်နေရာကနေပြီးတော့ ဟိုကသူပိုင်ပစ္စည်းမို့လို့ သူ့ပစ္စည်းသူသိမ်းသွားတဲ့အခါကျတော့ အရူးကငိုရှာတယ်၊ ငါ့ပစ္စည်းယူသွားပြီ. . . တဲ့၊ ငါ့ပစ္စည်းယူသွားပြီလို့ငိုရတယ်၊ အမှန်စင်စစ်ကတော့ သူပိုင်ပစ္စည်းမို့လို့ သူ့ဘာသူသိမ်းသွားတာ၊ ကိုယ်ကကိုယ်ပိုင်သွားပြီးတော့လုပ်နေတဲ့ မှားယွင်းချက်ကြောင့် အဲဒီငါပိုင်ငါပိုင်လို့ထင်နေတုန်းက ပြုံးနေရသော်လည်းပဲ၊ သူပိုင်ပစ္စည်းသူသိမ်းသွားတဲ့အချိန်မှာ ငါပိုင်ပစ္စည်းယူရလေခြင်း၊ ယူရက်လေခြင်းလို့ဆိုပြီးတော့ မငိုရဘူးလား?(ငိုရပါဘုရား)၊

ယနေ့ပုထုဇဉ်သားလို့ဆိုကြတဲ့ အားလုံးသော ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ကိုယ်မပိုင်တဲ့ အနတ္တဖြစ်တဲ့ရုပ်နာမ်ခန္ဓာကိုယ်ကို အတ္တ. . . ငါပိုင်တယ်,ငါလုပ်ရင်ဖြစ်တယ်,ငါပြီးရင်ပြီးနိုင်တယ်,ငါတစ်ခုပဲလို့ အထင်အစွဲဝင်ပြီးတော့နေကြတယ်၊ ဒီတော့ အနတ္တကို အတ္တထင်မနေကြဘူးလား?(ထင်ကြပါဘုရား)။ အဲ-အနတ္တကိုအတ္တထင်နေတဲ့သဘောသည် အရူးသဘော. . . တဲ့ အရူးသဘော မြတ်စွာဘုရားက။ ဒီတော့-ဆိုစမ်းပါအုန်း-

http://www.dhammadownload.com



## ❖ အနတ္တကိုပင်, အတ္တထင်, နေ့စဉ်ရှုးချက်နာ။

အရှုးသဘောဆိုတာ အဲဒီလိုပြဆိုအပ်ခဲ့တဲ့အတိုင်း အသုဘကိုသုဘထင်တယ်၊ အနိစ္စသဘောကို နိစ္စထင်တယ်၊ ဒုက္ခသဘောကို သုခထင်တယ်၊ အနတ္တသဘောကို အတ္တထင်တယ်. . . တဲ့၊ ဒီတော့-အခုပြုံးနေပေမဲ့လို့ တော်ကြာမုန်းတတ်တယ်၊ အခုမုန်းနေပေမဲ့လို့ တော်ကြာပြုံးရင်ပြုံးတတ်တယ်၊ မစင်ကိုပေမဲ့လို့ရွှေထင်တတ်တယ်၊ မီးရောင်တွေကိုပေမဲ့လို့ ရွှေရောင်ထင်တတ်တယ်၊ အဲဒီလိုအားဖြင့် အရှုးသဘော ဖောက်ပြန်ပြောင်းလဲတတ်တဲ့သဘောရှိကြသလိုပဲ၊

ယနေ့-ဒကာ,ဒကာမအပေါင်း ပုထုဇဉ်ဆိုတဲ့သတ္တဝါအပေါင်းတို့ရဲ့ သန္တာန်မှာ အဲဒီလိုပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောမကင်းကြသေးသောကြောင့် "ပုထုဇ္ဇနော ဥမ္မတ္တကော"တဲ့၊ ပုထုဇဉ်မှန်သမျှ အရှုးချည်းပဲ. . .၊ ဒီတော့-ပုထုဇဉ်လို့ဆိုလိုက်တော့ ကမ္ဘာ့အဆင့်အတန်းကြီးနဲ့ခွဲလိုက်တော့လည်း ပရိသတ်ကြီး အထက်တန်းကလား,အောက်တန်းကလား?(အောက်တန်းကပါဘုရား)။ ဟိုနားမှာရှိနေတဲ့ နွားတွေ,ခွေးတွေ,ကျွဲတွေကလည်း ပုထုဇဉ်တွေလား အရိယာတွေလား? (ပုထုဇဉ်တွေပါဘုရား)၊ ယနေ့ တရားနာနေကြတဲ့ဒကာ ဒကာမတွေနှင့်တကွ မင်းစိုးရာဇာတွေ ပဒေသရာဇ် ဧကရာဇ်ဆိုတဲ့ အရိယာမဖြစ်သေးတဲ့ပုဂ္ဂိုလ်တွေကလည်းပဲ ပုထုဇဉ်တွေလား အရိယာတွေလား?(ပုထုဇဉ်တွေပါဘုရား)

ဒါဖြင့်ရင်-ပုထုဇဉ်ဆိုတဲ့အတန်းအားဖြင့် အပါယ်လေးဘုံသားတွေနဲ့ ဘုန်းကြီးတို့တစ်တွေ အဆင့်ချင်းလာပြီးတော့ တူမနေပေဘူးလား?(တူနေပါဘုရား)။ အဲဒီပုထုဇဉ်သားတွေမှန်သမျှ တပ်မက်စရာရှိရာမှာ တပ်မက်ပုံတွေ, ဒေါသဖြစ်စရာရှိရာမှာ ဒေါသဖြစ်ပုံတွေ, အသုဘကို သုဘထင်ပုံတွေ, အနိစ္စကို နိစ္စထင်ပုံတွေ, ဒုက္ခကို သုခထင်ပုံတွေ မတူကြဘူးလား?(တူပါဘုရား)။ ပုထုဇဉ်သားမှန်သမျှ ဒီအထင်လေးမျိုး အချင်းအရာအားဖြင့် မတူကြဘူးလား?(တူကြပါဘုရား) ဒါ့ကြောင့်-"ပုထုဇ္ဇနော ဥမ္မတ္တကော"-ပုထုဇဉ်မှန်သမျှအရှုးတွေ. . . တဲ့၊ အရှုးတွေဆိုတော့ ရှူးရှူးရှူးနေရ,ကိစ္စမရှိသေးဘူး၊ အရှုးကြီးတုပ်ဆိုတဲ့အတိုင်း ကြိုးကတုပ်ထားလိုက်သေးတယ်၊ ခုနက ပကတိအရှုးတွေ ဟိုဟိုဒီဒီသွားမှာစိုးလို့ကြိုးနဲ့တုပ်ထားရတာ-

လောကေ-ထင်ရှားစုပုံ,ယခုကြုံသည့်,လူ့ဘုံဌာန,ဤလောကဌ်၊ ဥမ္မတ္တ

http://www.dhammadownload.com



ကေ-သည်းချေသွေးလျှမ်း,ဘီလူးဖမ်း၍,ရှုးနှမ်းကြသူ,အများလူတို့ကို၊ အယော ယောဇတွေဟိ-အသက်ဆုံးတိုင်,မရုန်းနိုင်အောင်,ထုံးပိုင်ခိုင်ဖြိုး,သံနှောင်ကြိုးတို့ဖြင့်၊ ယောဇေန္တိယထာ-ခြေလက်နှစ်သွယ်,ခါးလယ်တစ်ကြိုး,အမျိုးမျိုးဖြင့်,တိုးလျှိုးလှုပ် လှက်, မပြုတ်ထဲ့အောင်,တုပ်ဖွဲ့ချည်နှောင်ကြလေကုန်သကဲ့သို့. . .။ အရှုးတွေကို ဘာလုပ်ထားရတုံးဆိုတော့ ကြိုးတုပ်ထားရတယ်၊ ပရိသတ်ကြီးအရှုးတွေ ဘာလုပ် ထားရတုံး?(ကြိုးတုပ်ထားရပါဘုရား) ဒါဖြင့်-အရိယာမဟုတ်သေးတဲ့အတွက် ပုထုဇဉ်ဆိုတာအရှုးလား အကောင်းလား?(အရှုးပါဘုရား)။ ဒါဖြင့်-အရှုးလို့ဆို သည်နဲ့တပြိုင်နက် ကြိုးတုပ်မခံရပေဘူးလား?(ကြိုးတုပ်ခံရပါဘုရား)။ ဒါဖြင့် ဘာကြိုးတွေနဲ့တုပ်သလဲဆိုတော့-

ဝဋ္ဋေ-မရပ်မတည်, ပတ်ပတ်လည်၍, ထိုဤပြောင်းပြန်, ဗလောင်းဆန် အောင်,ကောင်းရန်လွတ်ကင်း,သံသရာတည်းဟူသောဝဋ်နှောင်အတွင်း၌၊ ပုထုဇ္ဇနေ-အရိယာဂိုဏ်းတွင်,သမိုင်းတင်က,မဝင်မပါ,ကမ္ဘာ့အောက်တန်း,ငါတို့လို ပုထုဇဉ်,အရှုးအနှမ်းတို့ကို၊ သံယောဇနေဟိ-လင်နှင့်မယား,သမီးသားက,ဆက်ပွား ဆွေညာ,မိတ်သဟာဟု,ရှည်ကြာလေတိုး,သံယောဇဉ်တည်းဟူသော သံနှောင်ကြိုး တို့ဖြင့်. . .

ဘာကြိုးတွေနဲ့တုပ်ထားတာတုံး၊ ပုထုဇဉ်အရှုးဘာကြိုးနဲ့တုပ်တာတုံး ဆိုတော့ သံယောဇဉ်သံနှောင်ကြိုးနဲ့တုပ်တယ်၊ ဘာကြိုးနဲ့တုပ်တာပါလိမ့်?(သံယော ဇဉ်ကြိုးနဲ့တုပ်တာပါဘုရား)။ ဟိုး. . . ပကတိအရှုးကိုတော့ဖြင့် ပကတိသံနှောင် ကြိုးတွေနဲ့ တုပ်ကြတယ်၊ လက်တွေ,ခြေတွေ,ခါးတွေ,ခေါင်းတွေ,ကိုယ်တွေအရှုး ကြမ်းလေ တုပ်ရလေပေါ့ ခိုင်အောင်။ အဲဒါလိုပဲ ပုထုဇဉ်သားဆိုတဲ့ ကမ္ဘာလောက အရှုးအနှမ်းတွေကျတော့ သံယောဇဉ်ကြိုးတွေနဲ့တုပ်ကြတယ်. . . တဲ့၊ အဲဒီသံ ယောဇဉ်ကြိုးက မဖြေမဖြုတ်လို့ရှိရင် သူကတိုးတိုးပြီးတော့ ကြိုးများလာတယ်၊ တိုးတိုးပြီးတော့ခိုင်လာတယ်၊ ဖြေမှဖြုတ်မှဖြတ်မှသာလျှင် သူကပြတ်တယ်၊ မဖြေ ဘူး,မဖြုတ်ဘူး, မဖြတ်ဘူးဆိုရင်ကြိုးက တိုးတိုး,တိုးတိုးပြီးတော့လာတယ်၊ တုပ်တုပ်, တုပ်တုပ်ပြီးတော့လာတယ်၊ ခိုင်ခိုင်ပြီးတော့လာတတ်တယ်၊

ဒါ့ကြောင့်-သံယောဇနေဟိ-လင်နှင့်မယား,သမီးသားက. . .၊မဌမဆုံး တော့ ဇနီးမောင်နှံနှစ်ယောက် အချင်းချင်း၊ တစ်ယောက်နဲ့တစ်ယောက်ဆိုတော့

http://www.dhammadownload.com



သူကြီး ကိုယ့်ကြိုးတစ်ချောင်းပဲရှိသေးတယ်၊ နောက်တော့ လင်နှင့်မယား သမီးသား က-သားတွေသမီးတွေရှိလာပြီဆိုတော့ အဲဒီသားသံယောဇဉ်သမီးသံယောဇဉ်. . . တိုးမလာဘူးလား?(တိုးလာပါဘုရား)။ အဲဒီကနေတစ်ဆင့်တက်ပြီးသကာလ လင်နှင့်မယား,သမီးသားက,ဆက်ပွားဆွေညာ,မိတ်သဟာဟု. . . ဇနီးမောင်နှံအ ချင်းချင်းအစကတော့ နှစ်ယောက်တည်းလို့ထင်တယ် ကြိုးတုပ်တာ၊ နောက်တော့- ဇနီးဘက်ကမိတွေဖတွေ, အကိုတွေအမတွေဆွေတွေမျိုးတွေ ကြိုးတိုးမလာဘူး လား?(တိုးလာပါဘုရား)။ ခင်ပွန်းသည်ဘက်က အမိတွေအဖတွေဆွေတွေမျိုးတွေ အကိုတွေအမတွေ ဇနီးသည်အတွက်ကြိုးတွေတိုးပြီးတော့လာတယ်၊ သားတွေ သမီးတွေ ကြိုးတွေတိုးပြီးတော့လာတယ်။

နောက်တော့-မိမိရဲ့အတွက်စားဖို့,ဝတ်ဖို့နေဖို့ပစ္စည်းဥစ္စာတွေ ရှာဖွေစု ဆောင်းရတော့ ဒီစားစရာတွေ,ဝတ်စရာတွေ, နေစရာတွေကြိုးတွေတိုးမလာဘူး လား?(တိုးလာပါဘုရား)။ အဲဒီပစ္စည်းတွေပေါ်မှာခင်တွယ်ရတယ်,ရချင်တယ် ဆိုတဲ့တဏှာကြိုး၊ ရပြီဆိုတဲ့အချိန်မှာသိမ်းပိုက်ရတဲ့တဏှာကြိုး၊ နောက်ရထားတဲ့ ပစ္စည်းကိုပျောက်မသွားအောင်ထိန်းသိမ်းစောင့်ရှောက်ရတဲ့တဏှာကြိုး. . . လို့ဆို ပြီးတော့ အခိုက်တန့်အားဖြင့်သုံးမျိုး,သုံးမျိုး။ မရခင်ကရအောင်, ရတဲ့အခိုက်မှာ, ရဆဲအခိုက်မှာရယူသိမ်းပိုက်ရခြင်း,နောက်ပြီး ဒီပစ္စည်းပျောက်မသွားအောင် ပျက်မသွားအောင်ထိန်းသိမ်းစောင့်ရှောက်ရခြင်းလို့ဆိုတော့ အခိုက်အတန့်သုံးမျိုး နဲ့ ကြိုးတွေမတုပ်ဘူးလား?(တုပ်ပါဘုရား)၊ စားရေးအတွက်ပစ္စည်းတွေ,နေရေးအ တွက်ပစ္စည်းတွေ,ဝတ်ရေးအတွက်ပစ္စည်းတွေ,ကျန်းမာရေးအတွက်ပစ္စည်းတွေ အဲဒါကိုယ့်အတွက်။ ကိုယ့်အတွက်ကနေပြီးတော့ တော်ကြာတော့ကိုယ်နဲ့ပါရမီ ဖြည့်ဖက်သူ့အတွက်,သားအတွက်,သမီးအတွက်,ဆွေအတွက်,မျိုးအတွက်,မြေး အတွက်,မြစ်အတွက်နဲ့ တိုးမကုန်ဘူးလား?(တိုးကုန်ပါဘုရား)၊ ဒါပညတ်နယ်ကနေ ပြီးပြောတော့ အဲဒီလိုပြောတယ်။

အာရုံငါးပါး,ဒွါရခြောက်ပါးကနေပြီးတော့ ပြောကြမယ်ဆိုရင် အဆင်းမျိုး စုံရူပါရုံဆိုတဲ့အာရုံတွေကို မျက်စိပေါက်ကနေပြီးတော့ ကြိုးတုပ်ကြရတယ်၊ မျက်စိ ပေါက်ကနေပြီးတော့ အဆင်းမျိုးစုံရူပါရုံတွေကို ကြည့်နိုင်အောင်ရှာရတယ်၊ ရှာလို့ ရတယ်ဆိုတော့သိမ်းရတယ်၊ နောင်အရှည်သဖြင့်သုံးရအောင်ထားရတယ်၊ သိမ်းရ တယ်လို့ဆိုတော့ ဒီပေါ်မှာ သံယောဇဉ်တဏှာကြိုးတွေနဲ့ အဆင်းမျိုးစုံရူပါရုံတွေ

http://www.dhammadownload.com



ကိုကောတုပ်နှောင်ခြင်းဆိုတဲ့ အဆင်းမျိုးစုံရူပါရုံနဲ့ပတ်သက်ပြီးတော့ တဏှာသံယောဇဉ်ကြိုးတွေ တုပ်နှောင်ပြီးမခံရဘူးလား?(ခံရပါဘုရား) အဆင်းမျိုးစုံရူပါရုံက မျက်စိပေါက်ကတုပ်နှောင်သလို၊ နားပေါက်ကလည်း အသံမျိုးစုံသဒ္ဒါရုံ၊ နှာခေါင်းပေါက်က အနံ့မျိုးစုံဂန္ဓာရုံ၊ လျှာပေါက်ကစားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံ၊ ခန္ဓာကိုယ်ပေါက်က အထိအတွေ့မျိုးစုံဖောဋ္ဌဗ္ဗာရုံ၊ မနောပေါက်က ကြံစည်စိတ်ကူးစရာဓမ္မာရုံ. . . လို့ အာရုံခြောက်ပါးနဲ့စပ်ပြီးတော့ ဒွါရခြောက်ပါးကနေပြီးတော့ တစ်ကိုယ်လုံးကြိုးတွေ မတုပ်ဘူးလား?(တုပ်ထားပါဘုရား)။

အဲဒီတုပ်တဲ့ရူပါရုံကလည်းပဲပစ္စုပ္ပန်,အတိတ်,အနာဂါတ်, ကာလသုံးရပ်နဲ့ ခွဲလိုက်တော့ မရသေးတာတွေကို ရချင်တယ်ဆိုတော့ အနာဂါတ်ကြိုး၊ ရဆဲအခိုက်တွေမှာ သိမ်းပိုက်ရသိမ်းဆည်းရ သာယာရဆိုတော့ ပစ္စုပ္ပန်ကြိုး၊ ရပြီးသားကလေးတွေကို ပျောက်မသွားအောင်,ပျက်မသွားအောင် ထိန်းရသိမ်းရတယ်ဆိုတော့ အတိတ်ကြိုး. . . လို့ရူပါရုံတစ်မျိုးတစ်မျိုးလျှင် ပစ္စုပ္ပန်,အတိတ်,အနာဂါတ်,ကြိုးသုံးမျိုး တိုးမလာဘူးလား?(တိုးလာပါဘုရား)။ အဲဒါလိုပဲ သဒ္ဒါရုံအတွက်လည်းသုံးမျိုး, ဂန္ဓာရုံအတွက်သုံးမျိုး, ရသာရုံအတွက်သုံးမျိုး, ဖောဋ္ဌဗ္ဗာရုံအတွက်သုံးမျိုး, ဓမ္မာရုံအတွက်သုံးမျိုး,အာရုံခြောက်ပါးလို့ဆိုတော့အကျဉ်းချုပ်ချုပ်ပြီးတော့တွက်ရင်ပဲ အာရုံခြောက်ပါးကို သုံးမျိုးသုံးမျိုး,သုံးမျိုးသုံးမျိုးစီသွားလိုက်တော့ ကြိုးပေါင်း(၁၈)မျိုးပြားမလာဘူးလား?(ပြားလာပါဘုရား)၊ အဲဒါကမိမိအတွက်ရှိသေးတယ်။

မိမိနဲ့ပါရမီဖြည့်ဖက် ဇနီးမောင်နှံအချင်းချင်းအတွက်၊ အဲဒီက တိုးလာတဲ့ဆွေတွေမျိုးတွေအတွက်၊ အဲဒီက တိုးလာတဲ့ သားတွေသမီးတွေအတွက်၊ အဲဒီကတိုးလာတဲ့မြေးတွေမြစ်တွေအတွက်၊ အဲဒီကတိုးလာတဲ့ တူတွေတူမတွေမကင်းရာမကင်းကြောင်းတွေ. . . လို့ဆိုတော့ ကြိုးတွေများမကုန်ဘူးလား?(များပါဘုရား)။ အဲဒီလိုအားဖြင့် ကြိုးမျိုးစုံနဲ့တုပ်နှောင်ပြီးတော့ထားလိုက်ကြတော့ ယနေ့ ပုထုဇဉ်သားဆိုတဲ့ ဒကာ,ဒကာမတွေ. . . တဲ့၊ ကြိုးတွေမြောက်များစွာနဲ့တုပ်နှောင်ပြီးတော့ထားတာဖြစ်တော့ မလှုပ်နိုင်တော့ဘူး. . . တဲ့ မလှုပ်နိုင်တော့ဘူး။ သွားချင်ရာတွေမသွားနိုင်တော့ဘူး၊ လာချင်ရာတွေမလာနိုင်တော့ဘူး။ ဒီတော့-မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးနဲ့ ကြုံတဲ့အခိုက်မှာ အဲဒီအတုပ်အနှောင်တွေကို ဖြုတ်ကြ. . . တဲ့၊ ဖြတ်ကြလို့ မြတ်စွာဘုရားကဟောဒီ ဗန္ဓနသုတ်တော်ကို ဟောတော်မူတယ်။

http://www.dhammadownload.com



ဒီတော့ ဗန္ဓနသုတ် ဖြစ်ပေါ်လာပုံကို ပြောရမယ်လို့ဆိုရင် မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ကိန်းအောင်းမွေ့လျော်စံနေတော်မူတဲ့ အချိန်၊ သာဝတ္ထိမြို့ကိုထီးနန်းအုပ်ချုပ်မင်းလုပ်တာက ကောသလမင်းကြီး၊ အဲဒီ ကောသလမင်းကြီးရဲ့ နန်းတော်မှာ တစ်နေ့တော့ နန်းစဉ်ပတ္တမြားကြီးဆိုတဲ့ အမြောင့်ရှစ်မြောင့်ရှိတဲ့ အင်မတန်တန်ဖိုးကြီးတဲ့ပြည်တန်တဲ့ နန်းစဉ်ပတ္တမြားကြီးပျောက်သွား၊ နန်းစဉ်အစဉ်အဆက်သုံးလာတဲ့၊ ထီးနန်းရဲ့ကျက်သရေဆောင်ဖြစ်တဲ့ ပတ္တမြားကြီး ပျောက်သွားတော့-ဒီပတ္တမြားကြီးဆိုတာက နန်းတွင်းတင်ထားတာ အပြင်ဘက်တယ်ပြီးတော့ ထုတ်တဲ့ပစ္စည်းကြီးမဟုတ်ဘူး၊

ဒီတော့-နန်းတွင်းတင်ထားတဲ့ ပစ္စည်းဆိုတော့ နန်းတော်တွင်းက သူတွေပဲ ယူရမယ်လို့ဆိုပြီးတော့ ကောသလမင်းကြီးက အဲဒါ နန်းတွင်းသူနန်းတွင်းသားတွေ ဖမ်းဆီး,တချို့လည်းပဲအချုပ်တွေချ,တချို့လည်းပဲထိပ်တုံးတွေနဲ့ခတ်,တချို့လည်းပဲ လက်ထိပ်တွေခတ်,တချို့လည်းပဲသံခြေချင်းတွေခတ်, အမျိုးမျိုးထောင်တွေ, အချုပ်ထောင်တွေ သံခြေချင်းတွေ လက်ထိပ်တွေခတ်၊ တစ်ချို့လည်းကြိုးတွေ အမျိုးမျိုးနဲ့တုပ်နှောင်ပြီးတော့ ဖမ်းဆီး,စစ်ဆေး၊ တစ်နန်းတော်လုံး. . . မိဖုရားငယ်တွေ အပျိုတော်တွေပါမကျန် အစစ်အဆေးခံကြရ၊ အချုပ်အနှောင်တွေခံကြရ၊ အဖမ်းအဆီးတွေခံကြရ၊ အဲဒီလို အချုပ်အနှောင် အဖမ်းအဆီးတွေ ခံပြီးတော့ စစ်ဆေးနေသော်လည်းမပေါ်ဘူး ဒီပတ္တမြားရတနာကြီး ခိုးထားတဲ့ကိစ္စ၊

အဲဒါနဲ့ တစ်နေ့တော့ အရှင်အာနန္ဒာအရှင်မြတ်က နန်းတော်ကိုကြွလာ၊ အရှင်အာနန္ဒာက နန်းတော်ကို(၇)ရက် တစ်ပတ်ဝင်ပြီးတော့ တရားဟောနေကျ။ ကောသလမင်းကြီးက မြတ်စွာဘုရားထံ လျှောက်ထားတယ်၊ အခု ဒီအမှုကြီးမဖြစ်ခင်ကထဲက အရှင်အာနန္ဒာက နန်းတော်ကို(၇)ရက်တစ်ပတ်ဝင်နေကျ၊ မြတ်စွာဘုရားကို ကောသလမင်းကြီးကလာလျှောက်ထားတယ်"အရှင်မြတ်ဘုရား-တဲ့ တပည့်တော် နန်းတော်ကမိဖုရားတွေ,အပျိုတော်တွေ,ကိုယ်လုပ်တော်တွေ နန်းတွင်းသူတွေဆိုတာ အပြင်ကို အလွယ်တကူသွားလာဝင်ထွက်ဖို့ မလွယ်ကြပါဘုရား . . . တဲ့ ဒီတော့ နန်းတော်တွင်းမှာပင်လျှင် စာပေသင်ကြားပေးဖို့၊ တရားဓမ္မများဟောပြောဖို့ ရဟန်းတော်အရှင်မြတ်တစ်ပါးကို နန်းတော်တွင်းကို(၇)ရက် တစ်ပတ်လွှတ်ဖို့ရာအတွက် သတ်မှတ်ပေးတော်မူပါဘုရား"လို့ ကောသလမင်းကလျှောက်ထားလို့ မြတ်စွာဘုရားက-အရှင်အာနန္ဒာကို လွှတ်ပေးရတယ်။

http://www.dhammadownload.com



**အရှင်အာနန္ဒာ**လွတ်ပေးတော့-အရှင်အာနန္ဒာက(၇)ရက်တစ်ပတ် နန်းတော်တွင်းလာ**ပြီး**တော့ စာသင်ပေးတယ်, တရားဟောပေးတယ်,တရားပြတယ်ပေ့ါ အဲဒီလိုပြုလုပ်နေကျ။ အဲဒါအရှင်အာနန္ဒာအရှင်မြတ်က(၇)ရက်တစ်ပတ် ပြည့်တဲ့နေ့ကျတော့ကြွလာတော်မူတဲ့အချိန်ကျတော့ တစ်နန်းတော်လုံး မျက်နှာမကောင်းကြ၊ ငိုတဲ့သူကငိုကြ၊ ဆူဆူပွက်ပွက်သောကပရိဒေဝတွေဖြစ်နေတာကိုတွေ့ရလို့ အကျိုးအကြောင်းမေးကြည့်တယ်၊ မေးကြည့်တော့ ဒီနန်းစဉ်ပတ္တမြားကြီးပျောက်တဲ့ကိစ္စကိုအရှင်အာနန္ဒာသိရ။

သိရလို့ခုနလိုပဲ အချုပ်တွေ ထိမ်းတုံးတွေ အမျိုးမျိုးနဲ့နှိပ်စက်ညှင်းပန်းခံရတာတွေ၊ အဲဒီလိုညှင်းပန်းနှိပ်စက်သော်လည်းမပေါ်ဘူးဆိုတာကိုလည်းအရှင်အာနန္ဒာသိတော်မူရတော့၊ "အင်း. . . ငါ့ရဲ့ဉာဏ်ကိုအသုံးချပြီးသကာလ အားလုံးဒုက္ခရောက်နေတာ ကယ်အုန်းမှပဲ. . . လို့"အရှင်အာနန္ဒာအရှင်မြတ်က ကယ်မယ်ဆိုပြီးတော့ အဲဒါကောသလမင်းကြီးထံဝင်ပြီး-"အရှင်မင်းမြတ်. . . ကျွန်ုပ်အကြံပေးမယ်,ဘုန်းကြီးအကြံပေးမယ်၊ ကောသလမင်းကြီး ဒီအတိုင်းစစ်ဆေးနေလို့တော့ရမှာမဟုတ်ဘူး၊ ဒီတော့-နန်းတော်သူနန်းတော်သားတွေအားလုံးကို ဖမ်းဆီးချုပ်နှောင်ထားတာတွေကလွတ်ပြီးတော့ အားလုံးရဲ့လက်ထဲမှာ ဟောဒီမုန့်မှုန့်ဆုပ်တွေ၊ အားလုံးမုန့်မှုန့်ဆုပ်တွေလက်သီးဆုပ်လောက်,လက်သီးဆုပ်လောက်ရှိတဲ့မုန့်မှုန့်ဆုပ်တွေ တစ်ယောက်တစ်လုံးဝေလိုက်ပါ၊ အဲဒီလိုမုန့်မှုန့်ဆုပ်တွေဝေပြီးတော့အဲဒီ မုန့်မှုန့်ဆုပ်တွေကို အားလုံးတစ်နေရာမှာလာပြီးတော့ စုထားကြရမယ်လို့ကြေငြာပါ"။

အရှင်အာနန္ဒာအရှင်မြတ်ကြီးရဲ့ရည်ရွယ်ချက်က ဒီပတ္တမြားကြီးကိုယူထားတဲ့သူဟာ ပြန်ပြီးတော့လည်းထားရဲမှာမဟုတ်ဘူး၊ ဒီတော့-ဒီပတ္တမြားကြီးကို ဒီမုန့်မှုန့်ဆုပ်ထဲပြန်ထည့်ပြီးတော့ ဒီမုန့်မှုန့်ဆုပ်တွေပြန်ပြီးတော့ထားတဲ့နေရာမှာ ရောပြီးတော့ထားတန်ကောင်းရဲ့. . .၊ အဲဒီလိုထားခြင်းဖြင့်သူ့မှာလည်းပဲ ခိုးမှုခိုးပြစ်ကြီးကင်း၊ ဒီမှာလည်းပဲ လိုချင်တဲ့ပစ္စည်းကြီးပြန်ရ အကျိုးနှစ်ချက်ပြီးပါစေတော့လို့စီစဉ်ပြီးတော့ ပထမစမ်းကြည့်လိုက်တယ်၊ မုန့်မှုန့်ဆုပ်တွေတော့ ပြန်ထားကြပါရဲ့၊ အဲဒီမုန့်မှုန့်ဆုပ်တွေကို ပြန်ပြီးခွဲစိတ်ကြည့်, မွှေနှောက်ပြီးရှာကြည့်တော့ ပတ္တမြားကြီးကမတွေ့ဘူး။

http://www.dhammadownload.com



ဒါနဲ့တစ်ခါအရှင်အာနန္ဒာအရှင်မြတ်က ကြံပြန်တယ် နောက်တစ်ရက်၊ "ကဲ-ဒီလိုဆိုရင်ကောင်းပြီး. . . နန်းတော်ရင်ပြင်မှာ ရာဝင်စဥ့်အိုးကြီးတစ်လုံးထား၊ အဲဒီစဥ့်အိုးကြီးထဲမှာ ရေအပြည့်ထည့်ထား၊ အဲဒီစဥ့်အိုးကြီးကို တင်းတိမ်ကန့်လန့်ကာ လိုက်ကာကြီးတွေကာလိုက် လုံအောင်"ဆိုပြီးတော့ကန့်လန့်ကာကြီးတွေကာလိုက်တယ်၊ အဲဒီထဲမှာလည်းရေတွေအပြည့်ထည့်ထား၊ ဒီအတွင်းကိုဝင်တဲ့အချိန်မှာ တစ်ယောက်ချင်းပဲဝင်ရမယ်. . . ဘယ်သူမှ ဘေးနားကစောင့်မကြည့်ရဘူး၊ ခတ်လှမ်းလှမ်းမှာနေကြရမယ်။ အဲဒီစဥ့်အိုးကြီးထဲမှာထည့်ထားတဲ့ရေထဲကို ဟောဒီ ကန့်လန့်ကာထဲမှာ အားလုံးနန်းတော်တွင်းမှာရှိနေတဲ့သူတွေ ရှင်ဘုရင်ကြီးကစ အားလုံးဝင်ရမယ်. . . ဝင်ပြီးတော့၊ တထောင်ဆစ်အထိရေစွတ်အောင်နှိုက်ခဲ့ရမယ်. . . လို့ အရှင်အာနန္ဒာအရှင်မြတ်က စီမံလိုက်တယ်။

အရှင်အာနန္ဒာအရှင်မြတ်ကိုယ်တော်မြတ်ကြီးရဲ့ရည်ရွယ်ချက်က ပတ္တမြားကိုခိုးထားမိတဲ့သူဟာ ဒီပတ္တမြားကြီးကို ပြန်ပြီးတော့မထားရဲတဲ့ကိစ္စ၊ သူပြန်ပြီးတော့ထားချင်လို့ဆိုရင်ဖြင့် ဒီပတ္တမြားကြီးကိုလက်ထဲဆုပ်လာ တစ်နေရာမှာဝှက်ယူလာပြီးတော့ ဒီစဥ့်အိုးထဲလက်နှိုက်တဲ့အချိန်မှာ၊ ရေထဲမှာလက်နှိုက်ရင်းနဲ့ဒီပတ္တမြားကြီးကို ရေထဲမှာချပြီးတော့ ထားခဲ့ပါစေ. . . အဲဒီလိုထားခဲ့ခြင်းဖြင့် သူ့မှာလည်းပဲအန္တရာယ်ကင်းဘေးရှင်း၊ ဒီမှာလည်းပဲ လိုချင်တဲ့ကိစ္စကြီးလည်းပြန်ရတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်ပါစေတော့လို့ အဲဒီလိုစီမံလိုက်တာ၊ အဲဒီလိုစီမံလိုက်တဲ့အတိုင်း အားလုံးတစ်နန်းတော်လုံးလူတွေ ခေါင်းခြုံပြီးတော့ဝင်ရတယ်၊ ဒီစဥ့်အိုးကြီးထားတဲ့ ကန့်လန့်ကာအတွင်းကို အားလုံးခေါင်းခြုံပြီးတော့ ဝင်ရတယ်၊ ခေါင်းရော တစ်ကိုယ်လုံးမျက်နှာရော ဖုံးပြီးတော့ခြုံဝင်ရ၊ ဝင်ပြီးတော့လက်နှိုက်ပြန်ထွက်လာ၊ လက်နှိုက်ပြန်ထွက်လာနဲ့အဲဒီလို အကုန်လုံးပြုပြီးတော့မှ နောက်ဆုံးစဥ့်အိုးကြီးသွန်ပြီးတော့ ကြည့်လိုက်တော့ ပတ္တမြားကြီးပြန်တွေ့။

အဲဒီတင်-ကောသလမင်းကြီးလည်းဝမ်းမြောက်ဝမ်းသာ၊ တစ်နန်းတော်လုံး မူးကြီးမတ်ရာသေနာပတိတွေလည်း ဝမ်းမြောက်ဝမ်းသာ အားလုံးပတ္တမြားကြီးပြန်ရတယ်,ပြန်ရတယ်နဲ့ဆိုပြီးတော့ အားလုံးချုပ်နှောင်ထား ဖမ်းစီးထားတဲ့သူတွေလည်း အကုန်ပြန်လွှတ်၊ တစ်နန်းတော်လုံး အုပ်အုပ်ကျက်ကျက်နဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၊ ကြည်ကြည်နူးနူးဖြစ်ကြ၊ အရှင်အာနန္ဒာမြတ်ကြီးရဲ့ ဂုဏ်သတင်းတွေလည်းပဲ ပြောကြဆိုကြချီးကျူးကြ၊ အဲဒီလိုပြောကြဆိုကြ ချီးကျူးကြတော့ ဆွမ်းခံကြွ

http://www.dhammadownload.com



လာတဲ့ ကိုယ်တော်ကလေးတွေက ဒီသတင်းကိုကြားတယ်။

အရှင်အာနန္ဒာအရှင်မြတ်ကြီးကဒီလိုစိမ်လို့ ဒီပတ္တမြားကြီးပြန်ရတယ်ဆိုတဲ့သတင်း မြို့ထဲကဒကာဒကာမတွေကလည်း တသောသောတဝေါဝေါနဲ့ ပြောကြဆိုကြချီးမွမ်းကြ၊ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးရဲ့သတင်းတွေကိုကောသလမင်းကြီးရဲ့နန်းစဉ်ပတ္တမြားကြီးပျောက်ပုံတွေ၊ နန်းတော်တွင်းကသူတွေ အချုပ်အနှောင်အထိအဖမ်းခံရတာတွေ. . . ဆိုတဲ့ဒီအဖြစ်ပျက်တွေကိုအကုန်လုံးရဟန်းတော်တွေကကြားရလို့ ဆွမ်းခံပြန်လာတဲ့အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ထံမောက်ရောက်လာကြပြီးသကာလ ဘုရားရှင်ကိုဒီကိစ္စ အကျိုးအကြောင်းအလုံးစုံကိုလျှောက်ထားကြတယ်။

အဲဒီလိုလျှောက်ထားကြတော့ အဲဒီထဲမှာ·နန်းတော်သူနန်းတော်သားတွေဟာ အားလုံးတစ်ချို့ထိပ်တုံးတွေခတ်ခံရပါတယ်ဘုရား, တစ်ချို့အချုပ်အနှောင်တွေ ခံရပါတယ်ဘုရား, တစ်ချို့မှာကြိုးအမျိုးမျိုးနဲ့အတုပ်အနှောင်တွေခံရပါတယ်ဘုရား, တစ်ချို့မှာလက်ထိပ်ခတ်ခံရပါတယ်ဘုရား,တစ်ချို့မှာသံခြေချင်းတွေနဲ့ သံနှောင်ကွင်းတွေနဲ့ချုပ်နှောင်တာကိုခံရပါတယ်ဘုရား. . . လို့ မြတ်စွာဘုရားကိုလျှောက်ကြတော့ မြတ်စွာဘုရားက ဓမ္မသာမိ-တရားပိုင်ရှင်၊ ဓမ္မိဿရ-တရားကိုအစိုးရတော်မူတဲ့ ဘုရားရှင်ဖြစ်လေသောကြောင့် အဲဒီရဟန်းတော်တွေ အမှူးပြုတဲ့ပရိသတ်ကြီးအား မြတ်စွာဘုရားက-ဘာစကားပြောလိုက်တုံးဆိုတော့-

> န တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ,
> ယဒါယသံ ဒါရုဇံပဗ္ဗဇဉ္စ၊
> သာရတ္တရတ္တာ မဏိကုဏ္ဍလေသု,
> ပုတ္တေသု ဒါရေသုစ ယာအပေက္ခာ။
> ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ,
> သြဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ၊
> ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ ဓီရာ,
> အနပေက္ခိနော ကာမသုခံ ပဟာယ။

ယံ(အယသံ)-သံကြေးတွ္တ၊အစုစုဖြင့်၊ပြုလုပ်ကြိတ်လိမ့်,လက်ထိပ်သံခြေချင်းစတဲ့,အကြင်အနှောင်အဖွဲ့မျိုးသည်လည်းကောင်း၊ ယံ-ဒါရုဇံ-တုံးတိုင်သစ်ဝါး,

http://www.dhammadownload.com



အစားစားဖြင့်,များပြားပြုလုပ်,အချုပ်ထောင်,ထိပ်တုံးစတဲ့,အကြင်အသားအနှောင် အဖွဲ့မျိုးသည်လည်းကောင်း၊ ယံပဗ္ဗဇဉ္စ-မြက်လျှော်အုံးဆန်,အတန်တန်ဖြင့်,ခိုင်ရန်စစ်စစ်,ကျစ်ထားရရိုး,အကြင်ကြိုးစတဲ့ အနှောင်အဖွဲ့မျိုးသည်လည်းကောင်း၊ အတ္ထိ-လောကလုံးတွင်,အသုံးဝင်၍,ထုံးစဉ်အနေရှိနေခဲ့ပါပေ၏။ ဧတံဗန္ဓနံ-ဆိုအပ်ခဲ့တုံ,အလုံးစုံသောထိုအနှောင်အဖွဲ့မျိုးကို၊ ဒဠှ-မဖြုတ်ဖျက်နိုင်,မြဲခိုင်သောအနှောင်အဖွဲ့ဟူ၍၊ ဓီရာ-ဤလောကဘုံ,လွှမ်းခြုံသိမြင်,ပညာရှင်တို့က၊ န အာဟု-ခွန်းဟန္ဒတ်ချီ,မိန့်ဆိုတော်မမူကြကုန်။

မဏိကုဏ္ဍလေသု-ပတ္တမြားနားဒေါင်း,ရောင်ပေါင်းဖြာဖြာ,အကြင်အတွင်းပစ္စည်းဥစ္စာတို့၌လည်းကောင်း၊ ဒါရေသုစ-ဘဝကြင်ဖော်,ခေါ် ဝေါ်ကြလျှင်း,ဇနီးခင်ပွန်း အချင်းချင်းတို့၌လည်းကောင်း၊ ပုတ္တေသုစ-အသက်တမျှ,ချစ်မဝတဲ့,သားလှရတနာ,သမီးလှရတနာတို့၌လည်းကောင်း၊ သာရတ္တရတ္တာ-မခွါနိုင်စွဲ,မခွဲနိုင်ချစ်,မပစ်ရက်နိုင်ခြင်းဟူသော၊ ယာ အပေက္ခာ-ငဲ့ကွက်တွယ်တာ,အကြင်တဏှာတည်းဟူသောသံယောဇဉ်ကြိုးသည်၊ အတ္ထိ-လောကလုံးတွင်,အသုံးဝင်လို့မို့,ထုံးစဉ်အနေ,ရှိနေခဲ့ပါပေ၏။ ဧတံဗန္ဓနံ-ဤသံယောဇဉ်ကြိုးဆိုတဲ့, ဤကြိုးမျိုးကိုသာလျှင်၊ ဒဠှ-မဖြုတ်ဖျက်နိုင်,မြဲခိုင်သောအနှောင့်အဖွဲ့ဟူ၍၊ သိထိလံ ဒုပ္ပမုဉ္စ-ချည်တုပ်ပုံ လျှော့ရဲရဲနဲ့,ဖြုတ်နိုင်ခက်တဲ့ကြိုးဟူ၍၊ ဩဟာရိနံ-အပါယ်ငရဲ,နရက်ထဲသို့ချဆွဲပို့ဆောင်တတ်တဲ့ကြိုးဟူ၍၊ ဓီရာ-ဤလောကဘုံ,လွှမ်းခြုံသိမြင်,ပညာရှင်တို့က၊ အာဟု-ခွန်းဟန္ဒတ်ချီ,မိန့်ဆိုတော်မူကြပေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ရဟန်းတို့. . . သင်တို့ခုနကပြောဆိုခဲ့တဲ့ကောသလမင်းကြီးရဲ့နန်းတွင်းမှာ အမျိုးမျိုးလက်ထိပ်တွေ,ခြေထိပ်တွေ,ထိပ်တုံးတွေ အချုပ်ထောင်တွေ,ကြိုးအမျိုးမျိုးတွေနဲ့တုပ်နှောင်တယ်လို့ သင်ချစ်သားရဟန်းများက လျှောက်ထားကြတယ်. . . တဲ့ လျှောက်ထားကြတယ်။ အဲဒီသင်တို့လျှောက်ထားသမျှ ဖြစ်ကြတဲ့ လက်ထိပ် သံခြေချင်း,အချုပ်ထောင်ထိပ်တုံးအစရှိတဲ့ကြိုးအမျိုးမျိုးကို၊ ဒဠှ-မဖြုတ်ဖျက်နိုင်, မြဲခိုင်တဲ့အနှောင်အဖွဲ့ဟူ၍။ ဓီရာ-ဤလောကဘုံ,လွှမ်းခြုံသိမြင်,ပညာရှင်တို့က၊ နအာဟု-ခွန်းဟန္ဒတ်ချီ,မိန့်ဆိုတော်မမူကြကုန်. . . တဲ့၊

http://www.dhammadownload.com



အဲဒီအချုပ်အနှောင်တွေကို အင်မတန်ခိုင်မြဲတဲ့အချုပ်အနှောင်တွေ, အနှောင်ဖွဲ့တွေ. . . မဖြေမဖြုတ်နိုင်တဲ့အနှောင်အဖွဲ့တွေရယ်လို့ ဤလောကဘုံကြီးကို လွှမ်းခြုံသိမြင်ဘုရားရှင်,ပစ္စေကဗုဒ္ဓါ အရှင်မြတ်,အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်အစရှိတဲ့အရှင်မြတ်ကြီးတွေက မဆိုကြဘူး. . . တဲ့၊ မဆိုကြဘူး။ အဲဒီကြိုးတွေ ဘယ်လောက်ပဲခိုင်တယ်ပြောပြော၊ ဘယ်လောက်ပဲမြဲတယ်ပြောပြော. . . တဲ့ ဖြုတ်လို့ရတယ်၊ တတ်နိုင်လို့ ဒီဘဝမှာ ဖြုတ်လို့မရအောင်တုပ်တယ်ပဲထား၊ တစ်ဘဝပဲတုပ်နိုင်တယ်. . . တဲ့၊ တစ်ဘဝပဲချည်နိုင်တယ်။

ပုဂ္ဂိုလ်တစ်ယောက်ကိုကြိုးနဲ့တုပ်ပြီးတော့ထားတယ်၊ သေထိအောင်မဖြုတ်ဘဲနဲ့ထားတယ်ဆိုအုန်း ဒီဘဝပဲတုပ်နိုင်တယ်. . . တဲ့ နောက်ဘဝသံသရာလိုက်ပြီးတော့ မတုပ်နိုင်ဘူးတဲ့၊ ဒါကြောင့်-ဘုရားအစရှိတဲ့ ပညာရှိသူတော်ကောင်းကြီးတွေက ဒီပြဆိုအပ်ခဲ့တဲ့ကြိုးအမျိုးမျိုး, လက်ထိပ်အမျိုးမျိုး သံနှောင်ကွင်းအမျိုးမျိုး၊ အချုပ်ထောင်အမျိုးမျိုး၊ ထောင်အမျိုးမျိုးတွေကို မဖြုတ်ဖျက်နိုင် မြဲခိုင်တဲ့အနှောင်အဖွဲ့ရယ်လို့ မိန့်တော်မမူကြဘူး. . . တဲ့၊ သာမန်အနှောင်အဖွဲ့တဲ့၊ ဒီအနှောင်အဖွဲ့က။ အေး-ဘယ်အနှောင်အဖွဲ့ကမှခိုင်တုံး၊ ဘယ်အနှောင်ဖွဲ့ကိုမှမဖြုတ်ဖျက်နိုင်မြဲခိုင်တဲ့အနှောင့်ဖွဲ့လို့ ဘုရားရှင်ကိုယ်တော်မြတ်တို့က ဟောတော်မူတုံးလို့ဆိုတော့-

မဏိကုဏ္ဍလေသု-ပတ္တမြားနားဒေါင်း,ရောင်ပေါင်းဖြာဖြာ,အကြင်အတွင်းဥစ္စာ,အနှစ်ရတနာတို့၌လည်းကောင်း၊ ပုတ္တေသုစ-အသက်တမျှ, ချစ်မဝတဲ့, သားလှရတနာ,သမီးလှရတနာတို့၌လည်းကောင်း၊ ဒါရေသုစ-ဘဝကြင်ဖော်, ခေါ်ဝေါ်ကြလျှင်, ဇနီးခင်ပွန်း အချင်းချင်းတို့၌လည်းကောင်း၊ သာရတ္တရတ္တာ-မခွါနိုင်စွဲ,မခွဲနိုင်ချစ်,မပစ်နိုင်ရက်ခြင်းဆိုတဲ့၊ ယာ-အပေက္ခာ-အကြင်ငဲ့ကွက်တွယ်တာ,ကာမတဏှာတည်းဟူသော သံယောဇဉ်ကြိုးသည်၊ အတ္ထိ-မုချမသွေရှိနေခဲ့ပေ၏၊ ဓတံဗန္ဓနံ-ဤပြဆိုအပ်ခဲ့တဲ့ အနှောင်အဖွဲ့မျိုးကိုသာလျှင်၊ ဒဠှ-မဖြုတ်ဖျက်နိုင်,မြဲခိုင်သောအနှောင်အဖွဲ့ဟူ၍၊ သိထိလံ ဒုပ္ပမုဥ္စ-ချည်တုပ်ပုံလျှော့ရဲ့ရဲ့နဲ့,ဖြုတ်နိုင်ခက်တဲ့ကြိုးဟူ၍. . .၊

ချည်တုပ်ပုံကတော့လျှော့လျှော့လေးပဲ. . . တဲ့ ရှန်းကြည့်မှတင်းမှန်းသိတယ်။ ပရိသတ်ရှန်းကြည့်မှဘာမှန်းသိတာတုံး?(တင်းမှန်းသိပါဘုရား)။ဘုန်းကြီးတို့

http://www.dhammadownload.com



ကာဒကာမတွေ သားသမီးအပေါ်မှာ ခင်တွယ်နှစ်သက်ချစ်ခင်မြတ်နိုးတဲ့ တဏှာ သံယောဇဉ်ဆိုတာ မရှိကြဘူးလား?(ရှိကြပါဘုရား)၊ အဲဒီကြိုးဟာ အမှတ်တမဲ့ အိမ်မှာအတူနေ ပျော်ပျော်ပါးပါးသွားလာစားသောက်ပြီးတော့ နေရတုန်းတော့ တုပ်ထားလို့တောင်မှ တုပ်ထားမှန်းမသိဘူးတဲ့ဘုရားက။ ချည်ထားလို့တောင် မှချည်ထားမှန်းမသိဘူး. . တဲ့၊ သို့သော် ဘယ်လိုကျတော့သိတုန်း ရုန်းကြည့် တော့တင်းမှန်းသိတယ်၊ တစ်စုံတစ်ခု ကိစ္စနဲ့သွားတော့မယ်. . ., သားနဲ့ သမီး ခွဲပြီးတော့သွားရတော့မယ်ဆိုတော့ နောက်ဆန်ငင်မှုလေး လည်ပြန်ကြည့်မှုလေး ပရိသတ်မရှိဘူးလား?(ရှိပါဘုရား)၊ အဝေးရောက်နေလေလေ ပြန်ပြီးတော့ သတိရ လေလေ၊ အဝေးရောက်နေလေလေ ပြန်ပြီးသတိရလေလေ၊

အဝေးရောက်တဲ့နေရာမှာ-သံယောဇဉ်ဖြတ်မယ်ဆိုပြီးတော့ ငါ-ဆယ်ရက် စခန်းရိပ်သာသွားလိုက်အုန်းမယ်ဆိုပြီးတော့ ရိပ်သာထဲတစ်ချို့များရောက်နေတယ်၊ တင်ပလ္လင်ကြီးခွေပြီးတော့ ဒူးတုပ်ပြီးတော့ရိပ်သာစခန်းထဲမှာ ဆရာပေးတဲ့တရား ကို စီးဖြန်းပြီးတော့ အားထုတ်နေရင်းကနေပြီးတော့ ခန္ဓာကိုယ်ကြီးက ဟိုမှာနေ သော်လည်းပဲ တစ်ခါတစ်ခါ စိတ်ကအိမ်ပြန်ပြီးတော့ သားဆီရောက် သမီးဆီ ရောက်၊ ပရိသတ်မရောက်တတ်ဘူးလား?(ရောက်တတ်ပါဘုရား)၊ အဲဒါ အိမ်ကသံ ယောဇဉ်ကြိုးကလှမ်းဆွဲတုပ်လိုက်တာ၊ ဆွဲဆောင့်လိုက်တာ၊ ဒီတော့တင်းလာတော့ ပြန်ချေအုံးမယ်. . . တဲ့၊ နောက်များမှဆက်အားထုပ်တော့မယ်ဆိုပြီးတော့ ပြန်မ ပြေးဘူးလား?(ပြန်ပြေးပါဘုရား) အဲဒါဘယ်ကကြိုးကဆွဲလိုက်တာတုန်းဆိုတော့ သား-ကြိုးကဆွဲဆောင့်လိုက်တာ,သမီးကြိုးကဆွဲဆောင့်လိုက်တာ၊ ဒီတော့ရုန်းပြီ သွားပြီဆိုမှ တင်းမှန်းမသိဘူးလား?(တင်းမှန်းသိပါဘုရား)

ဩော်. . . ငါ-ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ကြုံတဲ့အချိန်၊ ကံကောင်း ထောက်မတဲ့အချိန်လေး ဒုလ္လဘရဟန်းကလေး ဝတ်အုံးမှပဲလို့ဆိုပြီးတော့ ရဟန်း လေးများဝတ်တော့မယ်လို့ကြံလိုက်တော့ အင်း. . . သားကအရေးကြီးသေးတယ်၊ သမီးကအရေးကြီးသေးတယ်၊ အိမ်ဓာပစ္စည်းတွေကငါမရှိမဖြစ်သေးဘူး၊ သူက လည်းငါမရှိမဖြစ်သေးဘူး၊ နင်ကလည်းငါမရှိမဖြစ်သေးဘူးဆိုတာတွေ တစ်သီကြီး မလာဘူးလား?(လာပါဘုရား)။ အဲဒီတော့ရုန်းကြည့်ရင်တင်းမှန်းမသိဘူးလား? (သိပါဘုရား)၊ အိမ်မှာဒီတိုင်းနေတဲ့အချိန်ကျတော့ ချည်ထားလို့ချည်ထားမှန်း သိရဲ့ လား?(မသိပါဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့်-မြတ်စွာဘုရားက **သိထိလံ ဒုပ္ပမုဉ္စံ**-ချည်တုပ်ပုံလျှော့ရဲ့ရဲ့နဲ့ဖြုတ်နိုင်ခက်တဲ့ကြိုး. . .၊ချည်တုပ်ပုံကတော့လျှော့လျှော့လေးပဲ. . . တဲ့၊ ချည်ထားလို့တောင်ချည်ထားမှန်းမသိဘူး၊သို့သော်-ဖြုတ်နိုင်ခက်တဲ့ကြိုး. . . တဲ့၊ ဖြုတ်လို့မလွယ်တဲ့ကြိုး။ ဟိုပကတိကြိုးတွေကချည်ထား-ချည်ထားမှန်းသိတယ်၊ တင်းတင်းချည်,တင်းတင်းချည်မှန်းသိတယ်၊ သို့သော်-ဖြုတ်ဖို့မခက်ပါဘူး. . . တဲ့၊ ဖြုတ်ဖို့မ ခက်ပါဘူး။ ဒီသားသံယောဇဉ်,သမီးသံယောဇဉ်,ပစ္စည်းသံယောဇဉ်ဆိုတဲ့ကြိုးက ရှုန်းကြည့်မှတင်းမှန်းသိတယ်။

မဏိကုဏ္ဍလေသု-ပတ္တမြားနားဒေါင်း,ရောင်ပေါင်းဖြာဖြာ,အကြင်အတွင်းပစ္စည်းဥစ္စာရတနာတို့၌လည်းကောင်း. . .၊ ကိုယ့်မှာအတွင်းပစ္စည်းဥစ္စာရတနာအနှစ်ကလေး တော်တော်ရှိပြီဆိုလေလေ ပရိသတ်ကြီးဒီနားကဝေးဝေးမသွားနိုင်လေလေပဲ၊ ပစ္စည်းဥစ္စာကလေး တော်တော်အနှစ်ကလေးစုမိပြီဆိုလေလေ ဒီနားကမခွါနိုင်လေလေ။ အဝေးသွားရတော့မယ်လို့ဆိုလို့ရှိရင် ဒါလေးကဟိုနားထား လုံနိုးနိုး,ဒီနားထားလုံနိုးနိုး,ဟိုနားထားခဲ့ရစိတ်မချ,ဒီနားထားခဲ့ရစိတ်မချ ဖြစ်မလာဘူးလားပရိသတ်?(ဖြစ်ပါဘုရား)။ အဲဒါဘာဖြစ်တာတုံးဆိုတော့ကြိုးရှုပ်နေတာ၊ ဘာရှုပ်နေတာပါ လိမ့်?(ကြိုးရှုပ်နေတာပါဘုရား)။ ကြိုးတုပ်နေတာလို့လည်းဆိုနိုင်တယ်၊ ကြိုးရှုပ်နေတာလို့လည်းဆိုနိုင်တယ်။ ဒီတော့ကြိုးတုပ်နေတယ်,ကြိုးရှုပ်နေတယ်၊ အတွင်းပစ္စည်းဥစ္စာရတနာအနှစ်တွေ,လင်နှင့်မယားလို့ဆိုတဲ့ ဘဝကြင်ဖော်ခေါ် ဝေါ်ကြလျှင်း,သမီးခင်ပွန်းအချင်းချင်းတွေ၌လည်းပဲ ကြိုးတုပ်ကြတယ်. . . တဲ့၊ အဲဒီလိုတုပ်ထားတဲ့ကြိုးတွေကမှ **သိထိလံဒုပ္ပမုဉ္စံ**-ချည်တုပ်ပုံလျှော့ရဲ့ရဲ့နဲ့ဖြုတ်နိုင်ခက်တဲ့ကြိုး၊ ဩဟာရိနံ-အပါယ်ငရဲ,နရက်ထဲသို့,ချဆွဲပို့ဆောင်တတ်တဲ့ကြိုးဟူ၍. . . ။

အဲဒီကြိုးကအထက်ပို့မယ့်ကြိုးလား,အောက်ဆွဲချမယ့်ကြိုးလားဆိုတော့အောက် ဆွဲချမယ့်ကြိုး၊ ပရိသတ်ကြီးအထက်ပို့မယ့်ကြိုးလား,အောက်ဆွဲချမယ့်ကြိုးလား?(အောက်ဆွဲချမယ့်ကြိုးပါဘုရား)၊ အကယ်၍များ သားသတိရ,သမီးသတိရ,သားစွဲ,သမီးစွဲနဲ့ကွယ်လွန်သွားမယ်ဆိုလို့ရှိရင်သေချာတယ်ပြိတ္တာဘုံလောက်ကတော့။ ဒီတော့ ဘုန်းကြီးတို့ဒကာဒကာမတွေ အထက်တော့မမှန်းလေနဲ့,သားစွဲသမီးစွဲ,ဇနီးခင်ပွန်းအချင်းချင်းစွဲ,ပစ္စည်းတွေစွဲသွားမယ်ဆိုရင်“ပြိတ္တာတို့ဘောင်ဥစ္စာ့ဆောင်. . . တဲ့”ပြိတ္တာဘောင်ရောက်သွားအောင် ဘယ်သူကဆွဲချလိုက်

http://www.dhammadownload.com



တာတုံးဆိုရင် ဥစ္စာဆိုတဲ့သံယောဇဉ်ကြိုးကဆွဲဆောင်ချလိုက်တာ ပြိတ္တာဘုံ ကျွမ်းပြန်ပြီးတော့ကျရတယ်၊ ဒီတော့-ဒီကြိုးတွေဟာ-ဩဟာရိန်-အပါယ်ငရဲ၊ နရက်ထဲသို့ချဆွဲပို့ဆောင်တတ်တဲ့ကြိုးဟူ၍. . .။

ဒီတော့-ဒီကြိုးတွေဟာအထက်ကိုမပို့ဘူး၊ အောက်ချည်းပဲဆွဲချတဲ့ကြိုး။ ပြီးတော့ ခိုင်လိုက်တာကလဲပဲ ဘယ်လောက်ခိုင်တုံးဆိုတော့ ချည်ထားပုံလျှော့ ရဲ့ရဲ့မှိ့ချည်မှန်းမသိရသော်လည်းပဲ ရှုန်းကြည့်မှတင်းမှန်းသိတဲ့ကြိုး. . .။ အခုတရား နာလာတာလေးသည်ပင် တရားနာသွားအုံးမယ်ဆိုလိုက်ရင်းကနေပြီးတော့ စိတ် မချလို့ ဟိုနားတံခါးပြေးပိတ်ရ၊ဒီနားတံခါးပြေးပိတ်ရ၊ဒီတရားပွဲထဲထိုင်နာနေရင်း နဲ့ အိမ်သတိရ၊တံခါးပြန်ပိတ်၊သော့ပြန်ခတ်ဆိုတဲ့"စိတ်"နဲ့သော့ပြန်ခတ်၊စိတ်နဲ့တံခါး ပြန်ပိတ်ဆိုတဲ့ကိစ္စပရိသတ်ကြီး မရှိကြဘူးလား?(ရှိကြပါဘုရား)၊ အဲဒါဘာတုံး ဆိုတော့ အိမ်ကနေကြိုးနဲ့ ပြန်ဆွဲယူလိုက်တာ၊

ဒီတော့-ချည်တုပ်ပုံလျှော့ရဲ့ရဲ့နဲ့ဖြုတ်နိုင်ခက်တဲ့ကြိုး၊ အဲဒီကြိုးက ဘာကြိုး တုံးလို့ဆိုတော့ သံယောဇဉ်ကြိုး၊ ပရိသတ်ကြီးဘာကြိုးပါလိမ့်?(သံယောဇဉ်ကြိုးပါ ဘုရား)၊ အဲဒီသံယောဇဉ်ကြိုးကို အစိတ်အစိတ် အမွှာမွှာဖြန့်လိုက်တဲ့အခါကျတော့- အဆင်းမျိုးစုံရူပါရုံပေါ် မှာတုပ်တဲ့ကြိုး,အသံမျိုးစုံသဒ္ဒါရုံပေါ် မှာတုပ်တဲ့ကြိုး,အနံ့မျိုး စုံဂန္ဓာရုံပေါ် မှာတုပ်တဲ့ကြိုး,စားဖွယ်သောက်ဖွယ်မျိုးစုံရသာရုံပေါ် မှာတုပ်တဲ့ကြိုး, အထိအတွေ့မျိုးစုံဖောဋ္ဌဗ္ဗာရုံပေါ် မှာတုပ်တဲ့ကြိုး,ကြံစီစိတ်ကူးစရာမျိုးစုံဓမ္မာရုံပေါ် မှာတုပ်တဲ့ကြိုး. . . လို့ အကျဉ်းချုပ်ပြောရင်တော့ကြိုးခြောက်ချောင်းပေါ့၊ ပရိသတ် ဘယ်နှစ်ချောင်းတုံး?(ခြောက်ချောင်းပါဘုရား)၊

အဲဒီခြောက်ချောင်းကို ပစ္စုပ္ပန်,အတိတ်,အနာဂါတ်နဲ့ခုနကပြောခဲ့သလိုသုံး မျိုး,သုံးမျိုးနဲ့ခွဲလိုက်တော့ ရူပါရုံအမျိုးမျိုးတွေ မရသေးတာတွေကိုရချင်တယ်ဆိုတာ လေးမလာဘူးလား?(လာပါဘုရား)၊ ဒီတော့-ကိုယ်ရချင်တဲ့ရူပါရုံ အမျိုးမျိုးအတွက် ကြိုတင်ပြီးတော့ရချင်နေတာဖြစ်တော့ ရချင်တဲ့ရူပါရုံဆီစိတ်ကရောက်ပြီးတော့ အားထုတ်ရမှုတွေ၊ ဒီပစ္စည်းရအောင်ကြိုးစားရမှုတွေဆိုတာ ရှိနေပြီဆိုလို့ရှိရင် အခု လိုတရားနာမှုတွေ,ထွက်ပြီးတော့တရားအားထုတ်မှုတွေ, ဥပုသ်စောင့်မှုတွေဆိုတဲ့ ကြိုးရှုန်းပြီးတော့ ထွက်သွားရတဲ့အလုပ်တွေ လုပ်နိုင်သေးရဲ့လား?(မလုပ်နိုင်ပါ ဘုရား)။ အဲဒီလိုအားဖြင့် ပစ္စုပ္ပန်,အတိတ်,အနာဂါတ်,သုံးရပ်သုံးရပ်နဲ့ ဖြန့်လိုက် ရင် တစ်ဆယ့်ရှစ်မျိုး။

http://www.dhammadownload.com



အဲဒီ(၁၈)မျိုးကိုအခြေခံပြီးသကာလမိမိအတွက်,သူ့အတွက်, သားအတွက်, သမီးအတွက်,မြေးအတွက်,မြစ်အတွက်,ဆွေအတွက်မျိုးအတွက်နဲ့ဖြန့်သွားလို့ရှိရင် ပရိသတ်ကြီးကြီးတွေရေတွက်နိုင်ပါ့မလား?(မရေတွက်နိုင်ပါဘုရား)၊ ဒီတော့-ဘုန်းကြီးတို့ဒကာဒကာမတွေကို ဒီနေ့ပြောခဲ့တယ်"အရှုးကြိုးတုပ်ဖြုတ်တဲ့တရားတော်" လို့ ခေါင်းစီးကလေးမပြောခဲ့ဘူးလား?(ပြောခဲ့ပါဘုရား)၊ ဒါဖြင့်ဒီနေ့ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေ အခုတရားနာလာကြတယ်၊ ဒီနေ့ဒါန,သီလ,ဘာဝနာ, ကုသိုလ်ကောင်းမှုတွေကိုပြုကြတယ်၊ အခုအမျိုးသားဆီစက်ပိုင်ရှင်ဒကာ,ဒကာမတွေက တရားပူဇော်မှုတွေကိုပြုကြတယ်၊ ယနေ့ဒကာဒကာမတွေ နည်းများမဟူ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနတွေကိုပြုကြ၊ ဥပုသ်သတင်းစောင့်သုံးမှုသီလတွေကို ထိမ်းကြ၊ ဘာဝနာမှုတွေကိုပြုကြ. . . ဆိုတာ အဲဒါဘာလုပ်တာတုံးဆိုတော့ မြတ်စွာဘုရားက အရှုးကြိုးတုပ်ဖြုတ်တာ. . . တဲ့၊ ဖြုတ်တာ။

ဒါန,သီလ,ဘာဝနာသုံးချက်ပြုနေတဲ့အချိန်ဟာ ကြိုးဖြုတ်နေတဲ့အချိန်,ကြိုးဖြုတ်နေတဲ့အချိန်၊ ဘယ်လိုဖြုတ်တုံး-စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကိုပြုတဲ့အချိန်မှာ၊ ဆိုပါစို့-တစ်ဆယ်တန်ပစ္စည်းတစ်ခုကို လှူလိုက်ပြီ,စွန့်လိုက်ပြီဆိုတော့ ဒီတစ်ဆယ်တန်ပစ္စည်းပေါ်မှာ ငါ့ပစ္စည်း,ငါ့ဟာ,ငါ့ဥစ္စာလို့တွယ်တာနေတဲ့ကြိုးတွေ, သံယောဇဉ်တွေ၊ ပရိသတ်ကြီးပြတ်ထွက်မသွားဘူးလား?(ပြတ်ထွက်သွားပါဘုရား)၊ လှူလိုက်ပြီစွန့်လိုက်ပြီ လှူနိုင်ပြီစွန့်နိုင်ပြီဆိုသည်နဲ့တစ်ပြိုင်နက် ဒီပစ္စည်းငါ့ပစ္စည်းလို့သိမ်းပိုက်မှုရှိသေးရဲ့လား?(မရှိပါဘုရား)၊ ဒါဖြင့်အဲဒါ-ဒါနနဲ့ကြိုးဖြုတ်လိုက်တယ်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)။

တစ်ရာတန်ပစ္စည်းကိုလှူရင် တစ်ရာတန်ပစ္စည်းအပေါ်မှာ,တစ်ထောင်တန်ပစ္စည်းလှူရင် တစ်ထောင်တန်ပစ္စည်းရဲ့အပေါ်မှာ, တွယ်တာနှစ်သက်ခင်မင်စုံမက်နေတဲ့သဘောတွေကိုဖြတ်လိုက်. . . တယ်တဲ့၊ ပယ်လိုက်တယ်၊ အဲဒီလိုအားဖြင့် ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ နည်းများမဟူတတ်စွမ်းသမျှ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒီနေ့အမှုတွေပြုခဲ့သမျှသည်. . . အဲဒါ ကြိုးဖြုတ်လိုက်တာပဲ၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှုတွေပြုလိုက်သမျှဘာလုပ်လိုက်တာပါလိမ့်? (ကြိုးဖြုတ်လိုက်တာပါဘုရား)၊ အဲဒါဘာဓားနဲ့ဖြတ်တာတုံးဆိုတော့ ဒါနဓားနဲ့ဖြတ်လိုက်တာ၊ ဘာဓားနဲ့ဖြတ်တာပါဘာလိမ့်?(ဒါနဓားနဲ့ဖြတ်တာဘုရား)။

http://www.dhammadownload.com



မိမိရဲ့သန္တာန်မှာ ရှိနေတဲ့လောဘ၊ ငါ့ဟာ,ငါ့ဥစ္စာ,ငါလို့သိမ်းပိုက်နေတဲ့ ငါ့ပစ္စည်းလို့ သိမ်းစိုက်ချင်နေတဲ့ တဏှာသံယောဇဉ်ကြိုးတွေကို ငါ့ဥစ္စာ,ငါ့ပစ္စည်း ဘယ်သူ့မှမပေးနိုင်ဘူး၊ ငါသုံးရအုန်းမှာ ငါစွဲရအုန်းမှာလို့ဆိုတဲ့ တဏှာသံယောဇဉ်ကြိုးတွေကို ဘုရားရှင်ပေးအပ်တော်မူတဲ့ သူတော်ကောင်းအဆက်ဆက်သုံးခဲ့တယ်ဆိုတဲ့ ဒါနဆိုတဲ့ပါရမီဓားနဲ့ ဖြတ်လိုက်တယ်. . တဲ့၊ ဖြတ်လိုက်တယ်။ ဒါဖြင့် ဒါနဓားနဲ့ကော ဖြတ်လို့မပြတ်ဘူးလား?(ပြတ်ပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ နည်းများမဟူစွန့်ကြဲပေးကမ်းလှူဒါန်းမှုကိုပြုတိုင်းပြုတိုင်း ငါသံယောဇဉ်ကြိုးကို ဖျက်ချိုးနေတယ်လို့ မသိထိုက်ဘူးလား?(သိထိုက်ပါဘုရား)။

❖ **အလောဘနှင့်, တကွမကာ, သဒ္ဓါစေတနာ,**
**ဓာတ်ဥလာ၍, တဏှာလောဘ, ပြတ်ကျိုးရ၏. . .။**

မိမိစိတ်ထဲမှာ အလောဘလို့ခေါ်တဲ့ အလောဘစေတနာပြဋ္ဌာန်းတဲ့ ဒါနကုသိုလ်စေတနာ ပေါ်လာလိုက်သည်နဲ့တပြိုင်နက် လှူတော့မယ်၊ သို့မဟုတ်လှူပြီ ဆိုလိုက်သည်နဲ့တစ်ပြိုင်နက် ခုနကပြောတဲ့ လောဘသံယောဇဉ်နဲ့ဦးစီးပြီးတော့ ဒီပစ္စည်းကလေးအပေါ်မှာ တွယ်တာနှစ်သက်စုံမက်နေတဲ့ သံယောဇဉ်ကြိုး ဖျက်ချိုးပြီးတော့ပြုလိုက်တယ်၊ ဒါကြောင့်-

❖ **အလောဘနှင့်,တကွမက္ခာ,သဒ္ဓါစေတနာ,ဓာတ်ဥလာ၍၊**
**တဏှာလောဘ,ပြတ်ကျိုးရ၏။**
**လောဘမသေ,ဖြစ်ရှိနေမူ,ပေးဝေလှူမှု,ဘယ်မှာပြုလိမ့်. . ။**

အဲဒီပစ္စည်းလေးပေါ်မှာခင်မင်တွယ်တာနေတဲ့လောဘကြိုးလေးက တန်းလန်း တန်းလန်းဖြစ်နေသေးလို့ရှိရင် ပရိသတ်ကြီးလှူတယ်ဆိုတာ အထမြောက်ပါ့မလား?(မမြောက်ပါဘုရား)၊ လှူကောလှူဖြစ်ပါ့မလား?(မလှူဖြစ်ပါဘုရား)၊ ဒါဖြင့်-လှူတယ်ဆိုတဲ့အခိုက်တိုင်းအခိုက်တိုင်းမှာ ဒါနဆိုတဲ့ပါရမီဓားနဲ့လောဘအစရှိတဲ့ သံယောဇဉ်ကြိုးတွေကို ဖြတ်ချိုးလိုက်တယ်. . . လို့မသိလိုက်ဘူးလား? (သိလိုက်ပါဘုရား)၊ ဒါဖြင့်-နေစမ်းပါအုံးတဲ့ ကြိုးကဘယ်လောက်ပြတ်သွားတာတုံးဆိုတော့ လက်ဖျောက်တစ်ချက်တီးမှာ ကုဋေတစ်သိန်းလောက် နာမ်ဓာတ်တို့ရဲ့ဖြစ်နှုန်းရှိတယ်လို့ဆိုတော့ တပ်မက်စရာအာရုံဝတ္ထုကလေးတစ်ခု၊ တစ်ဆယ်တန်ပစ္စည်းကလေးတစ်ခုကို မပေးရက်မကမ်းရက်ဖြစ်နေတဲ့အချိန်မှာ၊ ဒီပစ္စည်းလေးအပေါ်မှာ ဖြစ်နေတဲ့လောဘဟာ ကုဋေတစ်သိန်းလောက်ဖြစ်ပါတယ်၊ ဒါဖြင့်ကြိုးပေါင်း ကုဋေတစ်သိန်းဖြစ်နေတယ်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့်-အဲဒီလိုလောဘကြိုးကုဋေတစ်သိန်း၊ အမျိုးမျိုးသောအမျှင်ကလေးတွေ တုပ်ချီနေတဲ့ကြိုးတွေကို၊ ဒါနဆိုတဲ့ဓားနဲ့ဖြတ်လိုက်ပြီ. . . လို့ဆိုတော့ကောကုဋေတစ်သိန်းလောက်ကြိုးတွေပြတ်ထွက်သွားပြီလို့ မပြောနိုင်ဘူးလား?(ပြောနိုင်ပါဘုရား)၊ ဒါဖြင့်-မိမိသန္တာန်မှာတစ်ဆယ်တန်ပစ္စည်းကလေးတခုကို လှူတာသည်ပင်လျှင် ဒါနတည်းဟူသောပါရမီဓားနဲ့ဖြတ်လိုက်,ခုတ်လိုက်ထိုးလိုက်သဖြင့် တစ်စက္ကန့်လောက်မှာ ကုဋေတစ်သိန်းလောက်ဖြစ်နေတဲ့ ငါ့ပစ္စည်း,ငါ့ဟာ,ငါ့ဥစ္စာ,ငါသုံးရအုံးမှာ,ငါ့သားသုံးရအုံးမှာ,ငါ့သမီးသုံးရအုံးမှာဆိုတဲ့ တစ်ငါ ငါနဲ့ သံယောဇဉ်ခင်တွယ်နေတဲ့ တစ်စက္ကန့်ကုဋေတစ်သိန်းနှုံးလောက် တုပ်ချီနေတဲ့ တဏှာသံယောဇဉ်ကြိုးတွေပြတ်တောက်ကုန်ပြီလို့ မသိလိုက်ဘူးလား?(သိလိုက်ပါဘုရား)။

အဲဒီလိုသိလိုက်တော့"ဩော်-ဒီလောက်ကိုပဲဒါနကဖြတ်နိုင်စွမ်းရှိပါလား. . . လို့ဒါနရဲ့သတ္တိကိုရောသိမလာရဘူးလား?(သိလာရပါဘုရား)၊ အဲဒီလိုဒါနနဲ့ဖြတ်ပါများ, ဖြတ်ပါများရင် တစ်ဖြေးဖြေးနဲ့တစ်ဆယ်တန်က တစ်ရာတန်တွေဖြတ်၊ တစ်ရာတန်က တစ်ထောင်တန်တွေဖြတ်၊ တစ်ထောင်တန်ကတစ်သောင်းတန် တစ် သိန်းတန်တွေပါဖြတ်နိုင်တဲ့ စွမ်းရည်သတ္တိတွေ. . . တိုးတိုးမလာပေဘူးလား? (တိုးတိုးလာပါဘုရား) အဲဒီလိုတိုးလာရာကနေပြီး အပြင်ဗဟိဒ္ဓပစ္စည်းတွေကို ဖြတ်နိုင်ရုံမျှမက အဇ္ဈတ္တရုပ်နာမ်ခန္ဓာပေါ်မှာတွယ်တာမှုတွေ. . .၊ဟော-ရုပ်နာမ်ခန္ဓာပေါ်မှာတွယ်တာမှုဆိုတဲ့ သံယောဇဉ်ကြိုးတွေအထိ ပရိသတ်ကြီးမဖြတ်နိုင်ပေဘူးလား?(ဖြတ်နိုင်ပါဘုရား)။

အတွင်းအဇ္ဈတ္တ ရုပ်နာမ်ခန္ဓာတွေပေါ်မှာ တွယ်တာတဲ့တဏှာသံယောဇဉ်ကြိုးတွေကိုဖြတ်ချိုးနိုင်ပြီဆိုရင်-အာသဝေါက်ကင်းကွာရဟန္တာအရှင်မြတ် ရဟန္တာမတွေဖြစ်တယ်ဆိုတော့ သံယောဇဉ်ကုန်သွားပြီဆိုတာသူတို့ပဲ။ ဒီတော့-ကြိုးတွေကုန်သွားပြီဆိုရင် ရဟန္တာယောကျ်ား, ရဟန္တာမအဖြစ်ထိ မရောက်နိုင်ဘူးလား? (ရောက်နိုင်ပါဘုရား)။

ဒါဖြင့်-သီလနဲ့ဖြတ်ပုံပြောအုံးမှို ပါဏာတိပါတ-သူ့အသက်ကိုသတ်တယ်၊ အဒိန္နာဒါန-သူ့ပစ္စည်းကိုခိုးချင်တယ်ဝှက်ချင်တယ်၊ ဒီတော့-သတ်တယ်ဆိုတာသတ်စရာဖြစ်တဲ့ သတ္တဝါအာရုံပေါ်မှာသတ်မယ်ဆိုတဲ့လောဘနဲ့သော်လည်းကောင်း၊ သတ်မယ်ဆိုတဲ့ဒေါသနဲ့သော်လည်းကောင်း၊ ငါးတွေသားကောင်တွေကို

http://www.dhammadownload.com



သတ်ပြီးတော့ရချင်တယ် သူတို့အသားတွေစားချင်တယ်ဆိုတော့ လောဘသံယောဇဉ်ရော၊ ဒေါသသံယောဇဉ်ရော၊ တခါတည်းကြိုးတွေနဲ့တုပ်နေလိုက်တာ အဲဒီကြိုးတွေတုပ်ထားတော့ ဒီအကောင်ရှိရာသွားရတယ်၊ ဒီပစ္စည်းရှိရာသွားရတယ်၊ ဒီဝတ္ထုရှိရာသွားရတယ်။

သူများပစ္စည်းကိုခိုးတော့မယ် ဝှက်တော့မယ် ယူတော့မယ်,လိမ်တော့မယ် ညာတော့မယ်၊ လိမ်ညာပြီးတော့ယူတော့မယ်ဆိုတော့ အဲဒီပစ္စည်းကိုအာရုံပြုရတယ်၊ အဲဒီပစ္စည်းရှိရာသွားရတယ်၊ အဲဒီပစ္စည်းရရာရကြောင်းတွေကြံရတယ်လို့ဆိုတော့-အဒိန္နာဒါနမှုကြီးကိုပြုနေပြီဆိုရင် အဲဒီပစ္စည်းရှိရာသွားနေရတာနဲ့ အဲဒီပစ္စည်းနဲ့ မိမိနဲ့ တုပ်နှောင်ပြီးတော့ထားသလိုဖြစ်နေတော့-အခုလိုတရားနာမှုကြီးတွေ တရားနာဌာနကြီးတွေ ပရိသတ်လာနိုင်သေးရဲ့လား?(မလာနိုင်ပါဘုရား)၊ သူများပစ္စည်းခိုးဖို့၊ အကောင်ဘလောင်တွေသတ်ဖို့ သတ်ဖြတ်ပြီးစားသောက်ဖို့၊ ရောင်းချဖို့ သို့မဟုတ်တစ်စုံတစ်ခုသောနည်းနဲ့သတ်ဖို့ ဖြတ်ဖို့ကြံနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ-အခုလို ဒါန,သီလ,ဘာဝနာကုသိုလ်ကောင်းမှုတွေ ပြုနိုင်သေးရဲ့လား?(မပြုနိုင်ပါဘုရား)။

အဲဒီလိုသီလနဲ့ပတ်သက်ပြီးသကာလ သံယောဇဉ်တွေတုပ်နှောင်ပြီးတော့နေရာက"ကြော်. . . ဒီအမှုကြီးဟာ မကောင်းတဲ့ဒုစရိုက်အမှုကြီးပဲ. . . ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေကဲ့ရဲ့ရှုံ့ချတဲ့ အလုပ်ကြီးပဲ၊ ငါရှောင်ကြဉ်မှတော်တော့မယ်. . . လို့ သတ်မယ်,ဖြတ်မယ်ဆိုတဲ့ကိစ္စကြီးကိုပြန်ပြီးတော့ ရုတ်လိုက်တယ်၊ သတ်မယ့်လက်နက်တွေကိုပြန်ပြီးတော့ သိမ်းလိုက်တယ်၊ သတ်မယ်ပုတ်မယ်လို့ရွယ်ထားတဲ့လက်တွေ ဒုတ်တွေကိုပြန်ပြီးတော့ သိမ်းလိုက်ပြီး ချုပ်တည်းလိုက်သည်နဲ့တပြိုင်နက် အဲဒီကျူးလွန်မယ့်ဒုစရိုက် အဲဒီပစ္စည်းအပေါ်မှာ သတ်မယ်ဖြတ်မယ်ဆိုတဲ့ အာရုံပြုနေတဲ့ ပစ္စည်းဝတ္ထု၊ သို့မဟုတ် ခိုးမယ်ဝှက်မယ်ဆိုတဲ့ ခိုးစရာပစ္စည်းပေါ်မှာတွယ်တာစွဲလမ်းနှစ်သက်နေတဲ့ သံယောဇဉ်ဓာတ်တွေ ငြိမ်းသွား၊ ပြတ်မသွားဘူးလား?(ငြိမ်းသွားပြတ်သွားပါဘုရား)၊ ရှောင်လိုက်မယ်. . . မလုပ်တော့ဘူးဆိုသည်နဲ့တပြိုင်နက် ရပ်သွားငြိမ်းမသွားဘူးလား?(ရပ်သွားငြိမ်းသွားပါဘုရား)၊ အဲဒါသီလနဲ့ ဖြတ်တယ်လို့ခေါ်ပါတယ်၊ ရှောင်လိုက်တာဟာ သီလပဲ၊ ရှောင်တာကိုပါဠိလို ဝိရတီလို့ခေါ်တယ်၊ အဲဒါကိုမြန်မာက သီလ၊ ဒီတော့သီလဓားနဲ့ကောဖြတ်လို့မရဘူးလား?(ရပါဘုရား)။

http://www.dhammadownload.com



နောက်ဆုံး သမထဘာဝနာ,ဝိပဿနာဘာဝနာစားနဲ့ ဖြတ်ကြမယ်ဆိုရင် သမထဘာဝနာစားကမေတ္တာနဲ့ ကိုယ့်ထက်သာတဲ့ပုဂ္ဂိုလ်တွေ့ရင်, ကိုယ်နဲ့တန်းတူတဲ့ပုဂ္ဂိုလ်တွေ့ရင် မနာလိုနေပြီပြိုင်နေပြီဆိုရင် မာနသံယောဇဉ်၊ ဣဿာသံယောဇဉ်။ ပြိုင်တယ်ဆိုတာ မာနသံယောဇဉ်ပြောတာ၊ ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်တွေနေပြီဆိုလို့ရှိရင် ပြိုင်ချင်တယ်၊ သူကဘာမို့လဲ ငါကဘာမို့လဲ, သူလဲပညာတတ် ငါလဲပညာတတ်, သူလဲဥစ္စာပေါ ငါလဲဥစ္စာပေါ,သူလဲရုပ်ချော ငါလဲရုပ်ချော။ တန်းတူပုဂ္ဂိုလ်တွေတွေ့ရင် ပြိုင်ချင်တဲ့မာနတွေဝင်မလာတတ်ဘူးလား?(ဝင်လာတတ်ပါဘုရား)၊ အဲဒါမာနသံယောဇဉ်. . . လို့ဘုရားကဟောတော်မူတယ်၊ ဒါဖြင့်-အဲဒီမာနသံယောဇဉ်ဆိုတဲ့တရားကို သမထဘာဝနာစားနဲ့ ဖြတ်တော့မယ်ဆိုရင်. . . တဲ့ဘာနဲ့ဖြတ်မှာတုံးလို့ဆိုတော့ မေတ္တာဘာဝနာစားနဲ့ဖြတ်လိုက်ပါ. . . တဲ့၊ မေတ္တာဘာဝနာစားနဲ့၊ လိုက်ဆိုစမ်းပါ-

❖ တန်းတူတွေ့လျှင်,မေတ္တာဝင်,မဝင်နိုင်ကပြိုင်တတ်တယ်၊
ပြိုင်မည့်အစား,မေတ္တာပွား,တရားဘာဝနာပြုပါမယ်။

အဲဒါ-မေတ္တာဘာဝနာဆိုတာ သမထဘာဝနာစားလို့ခေါ်တယ်။ ဘာဝနာကနှစ်မျိုးရှိတယ် သမထဘာဝနာ,ဝိပဿနာဘာဝနာ။ ဒီတော့-ဝိပဿနာမရောက်ခင် သမထဘာဝနာစားနဲ့ဖြတ်ပုံက မိမိနဲ့တန်းတူပုဂ္ဂိုလ်တွေ့ပြီဆိုရင် ပြိုင်ချင်တဲ့မာနက လာတယ်၊ ပြိုင်တဲ့သဘောဆိုတာမာနခေါ်ပါတယ်။ ပြိုင်တဲ့သဘောကိုဘာခေါ်ပါလိမ့်?(မာနပါဘုရား)၊ မာနဆိုတာ,တာထိုးနေပြီ,ပြိုင်နေပြီဆိုရင်,ဆိုင်နေပြီဆိုရင်, ဂုဏ်တုဂုဏ်ပြိုင်ပြုနေပြီဆိုရင် မာနရဲ့သဘောခေါ်ပါတယ်၊ အဲဒီမာနကိုလည်း ဘုရားရှင်က သံယောဇဉ်ကြိုး. . . လို့ ကြိုးတစ်မျိုးလို့ဟောထားပါတယ်။ ဒီတော့ ကြိုးတစ်မျိုးဖြစ်တဲ့ မာနနဲ့ ပြိုင်ချင်ဆိုင်ချင်ဖြစ်နေသည်နဲ့တစ်ပြိုင်နက် အဲဒီမာနဆိုတဲ့ သံယောဇဉ်ကြိုးကို မေတ္တာဆိုတဲ့စားနဲ့ဖြတ်လိုက်ပါ. . . တဲ့၊ မေတ္တာဘာဝနာဆိုတဲ့စားနဲ့ဖြတ်လိုက်ပါ။

ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်ပြိုင်မနေဘဲနဲ့"သြော်. . . သူလည်းပဲ အကြောင်းအားလျော်စွာ သူ့ရဲ့ဂုဏ်ရည်,ရုပ်ရည်,သူ့ရဲ့ပစ္စည်း,သူ့ရဲ့စည်းစိမ်ဥစ္စာနဲ့ပြည့်စုံနေတာပြည့်စုံပါစေ. . . ကျန်းမာပါစေ,ချမ်းသာပါစေ,ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေ ချမ်းသာပါစေ. . . လို့ မေတ္တာဝင်လိုက်တော့ ခုနက ပြိုင်ချင်တဲ့ မာနပျောက်မသွားဘူးလား?(ပျောက်သွားပါဘုရား) ဒါဖြင့်-မေတ္တာစားနဲ့မာနသံယောဇဉ်ကြိုးကိုဖြတ်တောက်လိုက်တယ်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့်-ကိုယ့်ထက်သာလျှင် ဘာဝင်တတ်တုံးဆိုတော့"ဣဿာ"ဝင်လာတတ်တယ်၊ ဣဿာဆိုတာကိုလည်း ဘုရားရှင်ကသံယောဇဉ်လို့ သုတ္တန်နည်း,အဘိဓမ္မာနည်းနှစ်မျိုးမှာ ထည့်ပြီးတော့ဟောထားပါတယ်၊ ဣဿာဆိုတာ မျက်စောင်းထိုးတဲ့သဘော, နှုတ်သီးစူတဲ့သဘော,မနာလိုတဲ့သဘော, မကြည့်ချင်တဲ့သဘော, မိမိထက်ပစ္စည်းဥစ္စာသာနေတာကို မမြင်ချင်တဲ့သဘော,မကြည့်ချင်တဲ့သဘော။ မိမိထက်သူ့ရုပ်ရည်သာနေတာကို မမြင်ချင်,မကြည့်ချင်တဲ့သဘော၊ မိမိထက် သူ့ပညာသာသွားတာ,ရာထူးဂုဏ်သိန်သာသွားတာကို မကြည့်ချင်, မမြင်ချင်တဲ့သဘော. . . လို့ဆိုတော့-အဲဒါဣဿာသဘော။

ဣဿာဖြစ်လိုက်သည်နဲ့တစ်ပြိုင်နက် အဲဒီမိမိထက်သာနေတဲ့ ပုဂ္ဂိုလ်ပေါ်မှာ ဒီဣဿာတရားနဲ့ မျက်စောင်းထိုးလို့ နှုတ်သီးစူလို့ သူဘယ်လိုပျက်စီးပါ့မတုန်းဆိုတာတွေ ကြံစီပြီးတော့ နေပြီဆိုတော့ စိတ်ကလေးဟာ မိမိထက်သာတဲ့ ပုဂ္ဂိုလ်ဆီမှာ စိတ်ကရောက်မနေဘူးလား?(ရောက်နေပါဘုရား)၊ အဲဒါဣဿာသံယောဇဉ်ကြိုးနဲ့တုပ်နေတာပဲ၊ ဒီတော့ အဲဒီဣဿာဆိုတဲ့ သံယောဇဉ်ကြိုးကိုလည်းပဲဖြတ်ချိုးလိုက်ပါ. . တဲ့၊ ဖြတ်ချိုးလိုက်ပါ။ ဘာနဲ့ဖြတ်မှာတုံးဆိုတော့ မုဒိတာနဲ့ဖြတ်ရတယ်၊ လိုက်ဆိုစမ်းပါ-

❖ ကိုယ့်ထက်သာလျှင်,မုဒိတာဝင်, မဝင်ဣဿာယိုင်တတ်တယ်၊
ယိုင်မည့်အစား, မုဒိတာပွား, တရားဘာဝနာပြုကြမယ်။

အဲဒီဝင်ချင်တဲ့ဣဿာကရား ဝင်လာသည့်တိုင်အောင်တဲ့ မုဒိတာနဲ့ဝမ်းမြောက်လိုက်ပါ. .၊ ဩော်-သူ့ကံရှိလို့ သူ့ဘုန်းရှိလို့၊ သူ့ရှေးအတိတ်ကံကောင်းလို့ ဒီဘက်ဘဝမှာ ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံတာပဲ၊ သူ့ရဲ့ ဒီဘက်ဘဝလုံ့လဝီရိယနဲ့ ရှေးကအတိတ်ကံပါလာတာနဲ့ပေါင်းမိလို့ ဒီဘက်ဘဝမှာ သူငါ့ထက်ပစ္စည်းဥစ္စာသာသွားတာပဲ. . . လို့ အာရုံပြုလိုက်သည်နဲ့တပြိုင်နက် ဝမ်းသာတဲ့သဘောဝမ်းမြောက်တဲ့သဘောပေါ်လာတယ်၊ သူ့ရဲ့ရှေးအတိတ်ကံနဲ့ ဒီဘက်ဘဝ လုံ့လဝီရိယတွေပေါင်းမိလို့ ဒီရာထူးဂုဏ်သိမ်တွေတက်တာပဲ၊ သူ့ရှေးအတိတ်ကံကောင်းလာလို့ ကောင်းတဲ့ အမှုတွေပြုလာလို့ ဒီဘက်ဘဝမှာသူ့ရုပ်ချောတာပဲ အသံကောင်းတာပဲ စသည်ဖြင့် မိမိထက်သာတဲ့ ဂုဏ်ရည်တွေမှန်သမျှကို သူ့အကြောင်းနဲ့သူပြည့်စုံတာပဲ. . . လို့ အာရုံပြုလိုက်သည်နဲ့တပြိုင်နက် မုဒိတာခေါ်တဲ့ဝမ်းမြောက်မှုပေါ်လာ။

http://www.dhammadownload.com



မုဒိတာခေါ်တဲ့ဝမ်းမြောက်မှုပေါ်လာသည်နှင့်တပြိုင်နက် ခုနက မကြည့်ချင် မရှုချင် မျက်စောင်းထိုးချင် နှုတ်သီးစူချင် ပါးစပ်ရွဲ့ချင်ဆိုတဲ့ အမှုတွေပရိသတ်ကြီးပျောက်မသွားဘူးလား?(ပျောက်သွားပါဘုရား)၊ ဒါဖြင့် အဲဒီဣဿာသံယောဇဉ်ကို မုဒိတာ သမထဘာဝနာစားနဲ့ ဖြတ်တယ်. . လို့ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါဘုရား)။

ဣဿာဆိုလို့ တခုတည်းမထင်လိုက်ပါနဲ့ တစ်ချက်တစ်ချက်ကြည့်ရင် ကုဋေတစ်သိန်းလောက် သံယောဇဉ်ကြိုးတွေ တစ်ထွေးကြီးဖြစ်သွားတာဖြစ်တော့ မုဒိတာစားနဲ့ ဖြတ်လိုက်တဲ့ အချိန်မှာလည်း အဲဒီတစ်ထွေးကြီးပြတ်မသွားဘူးလား? (ပြတ်သွားပါဘုရား)၊ အဲဒီလိုပြတ်ပါများ၊ ပြတ်ပါများရင် ဣဿာတွေပယ်ပါများရင် ဣဿာဆိုတဲ့ ကိလေသာတွေ တဖြေးဖြေးနည်းသွား ကျဲသွား ခေါင်းပါးသွားရာက နောက်ဆုံး ပြုတ်ပြုတ်ပြုန်း အကုန်လုံးကုန်တယ်ဆိုတဲ့ အဖြစ်ကို မရောက်ပေဘူးလား?(ရောက်ပါဘုရား) ဒါဖြင့် ဆိုစမ်းပါအုန်း-

❖ ကိုယ့်အောက်တွေ့လျှင်၊ကရုဏာဝင်၊
မဝင်နိုင်ကနိုင်တတ်တယ်။

ကိုယ့်ထက်ရာထူးဂုဏ်သိမ်နိမ့်တဲ့၊ ကိုယ့်ထက်ပစ္စည်းဥစ္စာနည်းပါးတဲ့၊ နွမ်းပါးတဲ့၊ ကိုယ့်ထက်ရုပ်ရေရှုပကာယ နိမ့်ကျတဲ့ ကိုယ့်ထက် အသံသြဇာနိမ့်ကျတဲ့ ကိုယ့်ထက်အခြေခံရုံသင်းပင်းနိမ့်ကျတဲ့ ပုဂ္ဂိုလ်ကိုတွေ့ရင်. . တဲ့ ဘာဝင်လိုက်ရမတုံးဆိုတော့ ကရုဏာဝင်လိုက်ပါ. . ဩ-သူ့မှာ မပြည့်စုံရှာဘူး၊ မိမိကကူညီနိုင်ရင် ကူညီ မကူညီနိုင်ရင်လည်းပဲ သူ့မှာမပြည့်စုံရှာတဲ့အကြောင်းကိုတွေးပြီးတော့ သနားတဲ့ ကရုဏာဝင်လိုက်ပါ။ အဲဒီလို ကရုဏာမဝင်နိုင်ရင် နိုင်ချင်တယ် နှိပ်စက်ကလူပြုချင်တယ်ဆိုတဲ့ ဒေါသဝင်လာတတ်တယ်. . တဲ့ ဒေါသဝင်လာတတ်တယ်။

ဒီတော့-အဲဒီဒေါသဆိုတာလည်း သံယောဇဉ်ပဲ၊ ပဋိဃသံယောဇဉ်လို့ ဘုရားကဟောတော်မူတယ်၊ ဒီပဋိဃသံယောဇဉ်ကလည်း ကိုယ်နိုင်ရမယ့်ပုဂ္ဂိုလ် နိုင်ချင် နှိပ်စက်ချင်တဲ့ပုဂ္ဂိုလ်ပေါ်မှာ အာရုံရောက်ပြီးတော့ မနှိပ်စက်ရရင် မကျေနိုင်ဘူး၊ သူ့ကိုယ်မှ မနှိမ်လိုက်ရရင် မကျေနိုင်ဘူးနဲ့ ဒီပေါ်မှာပဲ တရစ်ဝဲဝဲဖြစ်နေပြီဆိုရင်-အဲဒါကြိုးတုပ်ခံရတာပဲ၊ ဒီတော့-အဲဒီကြိုးကိုလည်း ခုနကပြောတဲ့ ကရုဏာတရားနဲ့ဖြတ်လိုက်ပါ. . တဲ့၊ ကရုဏာဆိုတဲ့ ဗြဟ္မဝိဟာရစားနဲ့ ဖြတ်လိုက်ပါ။ ဟောဒါ

http://www.dhammadownload.com



သမထတွေနဲ့ဖြတ်ပုံ။ ဒီတော့-အဲဒီလို အသီးသီးသမထတွေနဲ့ဖြတ်တဲ့ အပြင် ဝိပဿနာဉာဏ်တွေနဲ့ ဖြတ်ကြမယ်ဆိုရင်--

ဒိဋ္ဌိဗန္ဓန ဗန္ဓာ တေ, တဏှာသောတေန ဝုယှရေ၊
တဏှာသောတေန ဝုယှန္တာ, န တေ ဒုက္ခာ ပမုစ္စရေ။

ဝိပဿနာ ဉာဏ်တွေနဲ့ ဖြတ်ကြစို့လို့ဆိုတော့ ဒိဋ္ဌိကြိုးကစပြီးတော့ ဖြတ်ရတယ်၊ ဖြတ်ရတယ်၊ ဒီတော့ ဒိဋ္ဌိကြိုးက ဒကာ ဒကာမတွေကိုဘယ်လောက်တုပ်ထားတုံးဆိုတော့ ဒိဋ္ဌိဗန္ဓန ဗန္ဓာ-ဒိဋ္ဌိကြိုးဖြင့်, အမျိုးမျိုးအထပ်ထပ်, ရစ်ပတ်တုပ်နှောင်အပ်ကုန်သည်ဖြစ်၍၊ တေ တေ သတ္တာ-ငါ့ကိုယ်ငါ့ဟာ, တငါငါဖြင့်, ငါငါမဆုံး, ငါမမုန်းနိုင်ကြရှာတောင်း, ထိုသတ္တဝါအပေါင်းတို့ကို၊ တဏှာသောတေန-တဏှာတည်းဟူသောရေအယဉ်သည်၊ တဏှာသောတေန-သားခင် သမီးခင်,ပစ္စည်းခင်နှင့်, အခင်ပေါင်းစုံ, တဏှာတည်းဟူသော, ရေအဟုန်သည်၊ ဝုယှရေ-ပါယ်လေးရွာ, အောက်အရပ်သို့, အတောမသတ်အောင်, မျှောအပ်လေကုန်၏။ တဏှာသောတေန-တဏှာတည်းဟူသော ရေအဟုန်ဖြင့်၊ ဝုယှန္တာ-အမျှောခံကြရကုန်သော၊ တေ တေ သတ္တာ-ငါ့ကိုယ်ငါ့ဟာ, တငါငါနှင့်, ငါငါမဆုံး, ငါမမုန်းနိုင်ကြရှာတောင်း, ထိုသတ္တဝါအပေါင်းတို့သည်၊ ဒုက္ခာ-အပါယ်လေးဖြာ, အို နာသေရေး, ဒုက္ခဘေးမှ၊ န ပမုစ္စရေ-ကျွတ်ကင်းလျော့က်, ထပ်ပြန်ရောက်သဖြင့်, လွတ်မြောက်ခွင့်, မရကြလေကုန်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဝိပဿနာဉာဏ်တွေနဲ့ဖြတ်ကြစို့လို့ဆိုတော့ အရင်ဆုံးဒိဋ္ဌိကြိုးကိုဖြတ်. . ပါတဲ့ ဘုရားရှင်က၊ ဒိဋ္ဌိသံယောဇဉ်ကြိုးကိုဖြတ်ပါ။ ဒီတော့-ဒိဋ္ဌိသံယောဇဉ်ကြိုးက ဒကာဒကာမတွေကို ဘယ်လောက်တုပ်တုံးလို့ဆိုတော့ ဒိဋ္ဌိဗန္ဓန ဗန္ဓာ-ဒိဋ္ဌိကြိုးဖြင့်,အမျိုးမျိုးအထပ်ထပ်,ရစ်ပတ်တုပ်နှောင်အပ်ကုန်သည်ဖြစ်၍. . ၊ ဒိဋ္ဌိကြိုးဆိုတာလည်းပဲ ငါလို့စွဲတာပါပဲ၊ ခုနက တဏှာကလည်းပဲ ငါလို့စွဲတာပါပဲ၊ မာနကလည်းပဲ ငါလို့စွဲတာပဲ၊ ဒီတော့ "ငါသုံးမျိုး"ရှိတယ်၊ ပရိသတ်ကြီးငါဘယ်နှစ်မျိုးရှိတုန်း? (ငါသုံးမျိုးပါဘုရား) "တဏှာငါ မာနငါ ဒိဋ္ဌိငါ" သံယောဇဉ်ချည်းပဲ၊ ကြိုးချည်းကြိုးကတော့။ သို့သော်-ငါဆိုတဲ့ နာမည်ချင်းတော့တူတယ်၊ အရည်အချင်း အသွားအလာချင်းက မတူဘူး။ ဒီတော့-ငါသုံးမျိုး၊ ငါဘယ်နှစ်မျိုးပါလိမ့်?(သုံးမျိုးပါဘုရား)၊ တဏှာငါ, မာနငါ, ဒိဋ္ဌိငါတဲ့။

http://www.dhammadownload.com



ဒီတော့ "ငါ့လင်ငါ့သား, ငါ့မယား, မှတ်သား တဏှာငါ" တဲ့ တဏှာငါဆိုတာဘယ်လိုငါတုန်းဆိုတော့-ဒါကငါ့လင် ဒါကငါ့မယား ဒါငါ့သား ဒါငါ့သမီး ဒါငါ့ပစ္စည်း ဒါငါ့ကျွဲ ဒါငါ့နွား ဒါငါ့အိမ် ဒါငါ့ယာ ဒါငါ့ရွှေ ဒါငါ့ငွေ ဒါတွေက"တဏှာငါ"။ "ငါသာလျှင်တတ်, ငါသာမြတ်, မှတ်လေမာနငါ" ငါတတ်တယ် ငါမြတ်တယ် သင်းထက်ငါသာတယ် သင်းကငါ့လောက်မသာဘူး သင်းထက်ငါ့ဥစ္စာပေါတယ်၊ သင်းကငါ့လောက်မရှိဘူး၊ သင်းထက် ငါရုပ်ချောတယ်၊ သင်းကငါ့လောက်ရုပ်မချောဘူးစသည်ဖြင့် တာထိုးပြီ. . တဲ့။ ငါသာလျှင်တတ်တယ်၊ ငါသာလျှင်ပေါတယ်၊ ငါသာလျှင်မြတ်တယ်စသည်ဖြင့်လာပြီဆိုတော့ "မာနငါ"။

"ပုဂ္ဂိုလ်သတ္တဝါ,ထင်မှတ်ရာ, မှတ်ပါဒိဋ္ဌိငါ" ရုပ်နာမ်ကိုပုဂ္ဂိုလ်သတ္တဝါထင်ပြီဆိုတော့ "ဒိဋ္ဌိငါ"။ ဒီတော့ ငါကသုံးမျိုးရှိတယ်။ ဒီကော့ ရုပ်နာမ်ကို ပုဂ္ဂိုလ်သတ္တဝါထင်ပြီဆိုရင်ဒိဋ္ဌိငါခေါ်တယ်၊ ရုပ်နာမ်ကိုပုဂ္ဂိုလ်သတ္တဝါထင်သမျှ ဘာငါပါလိမ့်?(ဒိဋ္ဌိငါပါဘုရား)၊ အဲဒီဒိဋ္ဌိငါကလည်း သံယောဇဉ်ပဲတဲ့၊ ဒီတော့ အဲဒီသံယောဇဉ်ကြိုးနဲ့ ဒိဋ္ဌိဗန္ဓန ဗန္ဓာ-ဒိဋ္ဌိကြိုးဖြင့်, အမျိုးမျိုး အထပ်ထပ်,ရစ်ပတ်တုပ်နှောင်အပ်ကုန်သည်ဖြစ်၍. . .၊ ဒီတော့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ ဒိဋ္ဌိကြိုးနဲ့ကိုယ့်သန္တာန်မှာ တုပ်နှောင်ထားလိုက်တာ ဆံပင်ချည်လေးတစ်မျှင် လက်သည်းလေးတစ်ခု ခြေသည်းလည်းတစ်ခုမချန်ဘူးတဲ့ တုပ်ထားလိုက်တာ ဒိဋ္ဌိကြိုးက။ ဒီတော့ တစ်ကိုယ်လုံးဆံပင်လေးတစ်ပင်၊ မွေးညှင်းလေးတစ်ပင်,လက်သဲလေးတစ်ခုတိုင် မကျန်အောင်တုပ်နှောင်ထားတဲ့ ဒိဋ္ဌိကြိုးကို အကြမ်းစားအနေနဲ့ ပြောကြစို့. . . လို့ဆိုတော့ ကြိုးခြောက်မျိုး။

စက္ခုပေါက်က-အဆင်းနဲ့ စက္ခုပသာဒတိုက်ဆုံလို့ပေါ်လာတဲ့စက္ခုဝိညာဏ် အမြင်ဓာတ်ပေါ်လာ၊ အဲဒါကိုငါမြင်တယ် ငါမြင်တယ် ငါမြင်တယ်ဆိုတော့ ဒိဋ္ဌိကြိုးမျက်စိပေါက်က တုပ်ကရော၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ မြင်တဲ့ကိစ္စလေး ငါမြင်တယ်လို့ အထင်စွဲအငြိလေးမရှိဘူးလား? (ရှိပါဘုရား) ပုထုဇဉ်သားမှန်သမျှ မြင်တာလေးမှန်သမျှ ငါမြင်တယ် ငါမြင်တယ်လို့ထင်တယ်၊ ပြောလည်းပြောတယ်၊ ပြောတာက အရေးမကြီးဘူး ထင်တာကအရေးပိုကြီးတယ်၊ ဒိဋ္ဌိဆိုတာ- မနော‌ဒွါရ မနောကံ။ ဒီတော့ ငါမြင်တယ် ငါမြင်တယ်လို့ထင်၊ ထင်လာတဲ့အထင်မှန်သမျှတစ်သံသရာလုံးကစွဲလာတဲ့ အထင်. . တဲ့၊ အဲဒါသက္ကာယဒိဋ္ဌိအထင် သက္ကာယဒိဋ္ဌိကြိုး။

http://www.dhammadownload.com



မျက်စိပေါက်က အဲဒီအထင်အမြင် အစွဲအငြိရှိသလို နားပေါက်ကကြားတာမှန်သမျှကိုလည်းငါကြားတယ်၊ နှာခေါင်းပေါက်ကနံတာရှူတာမှန်သမျှ ငါနံတယ်,ငါရှူတယ်,ငါမွှေးတယ်။ လျှာပေါက်ကစားတာမှန်သမျှ ငါစားတယ်၊ ကာယပေါက်က ထိတာတွေ့တာမှန်သမျှ ငါထိတယ်,ငါတွေ့တယ်၊ မနောပေါက်က ကြံစီစိတ်ကူးသမျှ ငါကြံတယ်,ငါစိတ်ကူးတယ်,ငါအကြံကောင်းတယ်, ငါကြံစီလိုက်တယ်လို့ ပရိသတ်ကြီးတငါငါနဲ့ မစွဲကြဘူးလား?(စွဲကြပါဘုရား)၊ အဲဒါသက္ကာယဒိဋ္ဌိကြိုးတုပ်တယ်တဲ့၊ မျက်စိပေါက် နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်ကနေတုပ်လို့မို့ ဒိဋ္ဌိကြိုးခြောက်မျိုးနဲ့တုပ်တယ်. . တဲ့၊ ခြောက်မျိုးနဲ့တုပ်တယ်တဲ့၊ ဘယ်နှစ်မျိုးနဲ့တုပ်တုန်း?(ခြောက်မျိုးနဲ့တုပ်ပါဘုရား)။

ဒီတော့ မျက်စိပေါက်က တုပ်နေတယ်ဆိုတော့ မျက်စိပေါက်က တကယ်ရှိတာက ခုနကပြောတဲ့ ငါလို့ထင်နေရသော်လည်းပဲ ကိစ္စကရုပ်နာမ်ရဲ့ကိစ္စ၊ မြင်တဲ့ကိစ္စဘယ်သူ့ကိစ္စတုန်းဆိုတော့ ရုပ်နာမ်ရဲ့ကိစ္စ၊ မြင်တဲ့ ကိစ္စဘယ်သူ့ကိစ္စတုန်း?(ရုပ်နာမ်ရဲ့ ကိစ္စပါဘုရား)၊ အဲဒီမြင်တဲ့ အခိုက်မှာ မြင်တဲ့ကိစ္စတွေကို ပြောစမ်းပါဘယ်သူ့ကြောင့်မြင်မှုပေါ်လာတုန်းဆိုတော့ အပြင်ဘက်က မြင်စရာရူပါရုံရုပ် ရုပ်တရား၊ အတွင်းက စက္ခုပသာဒလို့ခေါ်တဲ့ အခံဓာတ်ရုပ်တရား၊ ဒီနှစ်ပါးပေါင်းဆုံ တိုက်လိုက်သည်နဲ့တပြိုင်နက်-

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

မြတ်စွာဘုရားက ဟောတော်မူတယ်၊ မြင်မှုကိစ္စဟာ. . တဲ့ အပြင်ဘက်က ရူပါရုံရုပ်တရားနဲ့ အတွင်းကစက္ခုပသာဒရုပ်တရား ဒီရုပ်တရားနှစ်ပါးပေါင်းဆုံ တိုက်လိုက်ခြင်းကြောင့် မီးနဲ့မီးခတ်ကျောက် ပွတ်လိုက် တိုက်လိုက်တဲ့အခါမှာ မီးပွင့်လာသလို စက္ခုဝိညာဏ်ခေါ်တဲ့ အမြင်နာမ်ဓာတ်တရားစိတ်တရားပေါ်ပြီးတော့လာတယ်။ ဒီတော့-ရုပ်နှစ်ပါးနဲ့နာမ်တစ်ပါး၊ ရုပ်နှစ်ပါးတိုက်ဆိုင်မှုကြောင့်နာမ်တစ်ပါးပေါ်ပြီးတော့လာတယ်၊ ဒီတော့ နာမ်ကတစ်ပါး ရုပ်ကနှစ်ပါး၊ အဲဒါရုပ်နာမ်။ မြင်မှုကိစ္စမှာ ရုပ်ကနှစ်ပါး နာမ်ကတစ်ပါး၊ ဒါပေါ်လာတာကိုပဲ ရုပ်နာမ်နှစ်ပါးသူ့ကိစ္စသူဆောင်ပြီးတော့ မြင်မှုကြီးဖြစ်သွားတာကိုပဲ ပရိသတ် ဘုန်ကြီးတို့တစ်တွေ ငါမြင်တယ်လို့ ဝင်မစွဲလိုက်ဘူးလား? (စွဲပါဘုရား)၊ ဒါဖြင့်မြင်တဲ့ကိစ္စကရုပ်နှစ်ပါးနဲ့နာမ်တစ်ပါးရဲ့ကိစ္စ ဖြစ်မနေဘူလား?(ဖြစ်နေပါဘုရား)။

http://www.dhammadownload.com



ဝိပဿနာဉာဏ်နဲ့ကြည့်လိုက်တော့ ရုပ်နှစ်ပါးရဲ့ နာမ်တပါးရဲ့ကိစ္စ၊ သူတို့ကိစ္စသူတို့ဆောင်ပြီးတော့ မြင်တဲ့ကိစ္စကြီးပေါ်တာကို ငါမြင်တယ်လို့သွားလုပ်လိုက်တော့ မှန်တာလား, မှားတာလား?(မှားပါဘုရား)၊ ဦးဖြူလုပ်တဲ့ကိစ္စကို ဦးမဲက ဒါ ငါလုပ်တာလို့သွားပြီးပြောရင် အမှန်ပြောရာရောက်သလား အမှားပြောရာရောက်သလား?(အမှားပြောရာရောက်ပါဘုရား)၊ အဲဒါလိုပဲ ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါးတို့ သူ့ကိစ္စသူဆောင်ပြီးတော့ သူတို့ဓာတ်သဘောအတိုင်းသူတို့လုပ်တဲ့ကိစ္စကြီးကို ဒီကနေပြီးတော့ မရှိတဲ့ငါတတ်ပြီးတော့ ငါမြင်တယ်လို့သွားပြီးတော့စွဲလိုက်တာ ဦးဖြူလုပ်တဲ့ကိစ္စ ဦးမဲကငါလုပ်တာလို့သွားပြောတာနဲ့ မတူဘူးလား?(တူပါဘုရား)။

ဒါဖြင့်-အဲဒီငါမြင်တယ်လို့ ဆိုတဲ့ကိစ္စဟာ အမှန်တရားလား, အမှားတရားလား?(အမှားတရားပါဘုရား)၊ အမှားတရားကဘာပြုလို့မှားသွားတာတုန်းလို့ဆိုတော့ အမှန်မမြင်လို့၊ ဘာပြုလို့မှားတာတုန်းဆိုရင် အမှန်မမြင်လို့၊ ပရိသတ်ကြီး ဘာလို့မှားတာတုန်း?(အမှန်မမြင်လို့ပါဘုရား)၊ အမှန်ကဘယ်သူတုန်းလို့ဆိုတော့ ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါး၊ အမှန်ကဘယ်သူပါလိမ့်?(ရုပ်နှစ်ပါးနဲ့နာမ်တစ်ပါးပါဘုရား)၊ အဲဒီအမှန်ရှိနေတဲ့ ရုပ်နှစ်ပါးနဲ့နာမ်တစ်ပါးတို့ကို မမြင်တတ်တာက အဝိဇ္ဇာ၊ မြင်တတ်တာကဝိဇ္ဇာ၊ ရုပ်နာမ်နှစ်ပါးကိုမြင်လိုက်တာက ဝိဇ္ဇာလို့လည်းခေါ်တယ်၊ အမြင်မှန်မို့လို့ သူ့ကို သမ္မာဒိဋ္ဌိလို့လည်းခေါ်တယ်။

ဒါဖြင့် မြင်လိုက်တဲ့ အခိုက်မှာ ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါးကို မြင်ရမယ့် ကိစ္စဖြစ်တော့ ရုပ်နှစ်ပါးနဲ့ နာမ်တပါးရဲ့ကိစ္စပဲလို့ သိလိုက်တဲ့အခိုက်၊ (ဝါ) ရုပ်နာမ်ဖြစ်ပျက်ပဲလို့မြင်လိုက်တဲ့အခိုက်၊ (ဝါ) မြင်တယ်, မြင်တယ်, မြင်တယ်လို့ ရှုလိုက်တဲ့အခိုက်မှာ ဒီရုပ်နှစ်ပါးနဲ့နာမ်တစ်ပါးကို ရှုမိရက်မဖြစ်ဘူးလား?(ရှုမိရက်ဖြစ်ပါဘုရား)၊ ဒါဖြင့်-ရှိတာက ရုပ်နာမ်ရှိတာကို ငါလို့သွားလုပ်နေတော့ ရှိတာနဲ့ သိတာနဲ့ အလွဲကျမနေဘူးလား?(အလွဲကျနေပါဘုရား) အဲဒီအလွဲကျနေတာကို တည့်အောင်လုပ်တဲ့ အလေ့အလာကို ဝိပဿနာ. . လို့ ခေါ်ပါတယ်။

ဒါဖြင့်-မြင်တဲ့ကိစ္စမှာ ဘာတွေရှိသလဲဆိုရင် **"ဖောက်ပြန်မှုနဲ့, သိမှုနှစ်ထွေ, ရုပ်နှင့်နာမ်ပဲ, အမြဲမှတ်လေ"** ဖောက်ပြန်မှုနဲ့သိမှုဆိုတဲ့ ဒီသဘောလေးနှစ်ခုရှိတာပဲတဲ့၊ အပြင်ဘက်ကရူပါရုံဆိုတဲ့ ရုပ်တရား၊ အတွင်းဘက်ကစက္ခုပသာဒခေါ်တဲ့ရုပ်တရား ဒီနှစ်ခုကလဲ ဘယ်လိုသဘောတုန်းဆိုတော့ ဖောက်ပြန်တတ်တဲ့

http://www.dhammadownload.com



သဘောပဲ. . . တဲ့ သူက၊ အေးလို့ဖောက်ပြန်, ပူလို့ဖောက်ပြန်၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ အပြင်ဘက်ကရှုပါရုံခေါ်တဲ့ အဆင်းမြင်စရာ အာရုံကလေးတွေဟာ အပူ,ပူလာပြီဆိုရင် ညှိုးပြီးတော့ချောက်သွားတယ်ဆိုပြီးတော့ဖောက်ပြန်မသွား ဘူးလား?(ဖောက်ပြန်သွားပါဘုရား)၊ အေးပြီဆိုတော့လည်း ပွပြီးတော့ကြဲ့ ပြီးတော့ဖောက်ပြန်မသွားဘူးလား?(ဖောက်ပြန်သွားပါဘုရား)။

မိမိတို့ခန္ဓာကိုယ်မှာရှိနေတဲ့ ရုပ်တရားတွေလည်းပဲ အပူကြောင့်တစ်မျိုး, အအေးကြောင့်တစ်မျိုး ဒီရုပ်တရားတွေမဖောက်ပြန်တတ်ဘူးလား?(ဖောက်ပြန် တတ်ပါဘုရား)၊ ဒီတော့ ရုပ်နှစ်ပါးလို့ပြောရသော်လည်း သဘောလက္ခဏာအား ဖြင့်ကြည့်လိုက်တော့ဖောက်ပြန်မှုသဘောကို ရုပ်လို့ခေါ်ရတာဖြစ်တော့ လက္ခဏာ နဲ့သိမ်းလိုက်တော့ ခုနကရုပ်နှစ်ပါးဟာ ရုပ်ဆိုတဲ့တစ်ပါးထဲမှာဝင်မလာဘူးလား? (ဝင်လာပါဘုရား)။

ဟော-"ဖောက်ပြန်မှုနှင့်,သိမှုနှစ်ထွေ" ဖောက်ပြန်မှုဆိုတဲ့ ရုပ်သဘော နဲ့တဲ့ နာမ်သဘောက ဘာတုန်းဆိုရင် နာမ်သဘောကတော့ အာရုံကလေးသိလိုက် တဲ့သဘောချည့်ပဲ. . . တဲ့ နာမ်သဘောမှန်သမျှ နာမ်တရားမှန်သမျှ သိမှုသဘော ချည့်ပဲရှိတယ်တဲ့၊ ဒီတော့-လက္ခဏာနဲ့စစ်လိုက်တဲ့အခါ ရုပ်တရားက ဖောက်ပြန် တဲ့သဘော၊ နာမ်တရားကသိမှုသဘော ဒီနှစ်ခုပဲရှိတော့တယ်. . . တဲ့ လိုရင်းချုပ် လိုက်တော့၊ ဒါကြောင့်-"ဖောက်ပြန်မှုနှင့်,သိမှုနှစ်ထွေ၊ အဲဒါဘာလို့သိရမှာတုန်း ဆိုတော့-ရုပ်နှင့်နာမ်ပဲ,အမြဲမှတ်လေ" သူတို့ကခန္ဓာကိုယ်ထဲ တစ်ခါတစ်ခါဖြစ် တာလား ဘယ်လိုတုန်းလို့ဆိုတော့ "ခန္ဓာကိုယ်ထဲမစဲဖြစ်နေ. . " ခန္ဓာကိုယ်ထဲ မှာ သူတို့ကခဏဖြစ်တာလား အမြဲမပြတ်မစဲဖြစ်တာလားလို့ဆိုတော့ မစဲဖြစ်နေတာ မပြတ်ဖြစ်နေတာ ဒလဇတ်ဖြစ်နေတာ. . . တဲ့။

အဲဒီမြင်မှုကြီး ကြားမှုကြီး နံမှုကြီး လျက်မှုကြီးဆိုတဲ့ ဒွါရခြောက်ပါးက အာရုံခြောက်ပါးနဲ့ ဒီရုပ်နာမ်တရားတွေဟာ ဒကာဒကာမတွေက အိပ်နေလည်း သူကမရပ်ဘူး, ထိုင်နေလည်းမရပ်ဘူး, တရားနာနေလည်းမရပ်ဘူး, စားနေလည်း မရပ်ဘူး, သူဖြစ်စရာလှည့်ပတ်ပြီးတော့ ဒလဇတ်လှည့်ဖြစ်မနေဘူးလား?(ဖြစ်နေ ပါဘုရား)၊ အဲဒီလို မစဲဖြစ်နေပေမယ့်လို့ သတိပြုပြီးမကြည့်ရင်တော့လည်း မသိဘူး တဲ့၊ ပရိသတ်ကြီး သတိပြုပြီးတော့ ဝိပဿနာနဲ့မကြည့်ရင်သိနိုင်ပါ့မလား?(မသိနိုင်

http://www.dhammadownload.com



ပါဘုရား)၊ ဒါဖြင့် ဆိုကြအုန်းဆို့-

❖ ဖောက်ပြန်မှုနှင့်, သိမှုနှစ်ထွေ, ရုပ်နှင့်နာမ်ပဲ, အမြဲမှတ်လေ၊ ခန္ဓာကိုယ်ထဲ, မစဲဖြစ်နေ, သတိပြု, ကြည့်ရှုသိနိုင်ပေ။"

ဒါဖြင့် သတိပြုပြီးတော့ ကြည့်ရှုသိပါဆိုတော့ ဘယ်လိုသိရမှာတုန်းလို့ ဆိုတော့ ခုနက ပြောခဲ့တဲ့အတိုင်း ဆရာသမားတွေပေးတဲ့နည်းအတိုင်း မြင်လိုက်တဲ့အခိုက် ရုပ်နာမ်ဖြစ်ပျက်၊ သို့မဟုတ်မြင်တယ် မြင်တယ် မြင်တယ်ရှုလိုက်တော့ အဲဒီ ရှုလိုက်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဦးစီးတဲ့ မဂ္ဂသစ္စာ မဂ်ဉာဏ်ကလေးက ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါးတို့ကို ရှုမိရက်ဖြစ်တယ်. . .၊ ရုပ်နှစ်ပါးနဲ့ နာမ်တပါးရဲ့နောက်က ဆက်သွယ်ပြီးတော့ ဖြစ်ကြတဲ့ ရုပ်အစုအဝေးတွေရော၊ အဲဒီနာမ်တစ်ပါးရဲ့ နောက်ကဆက်သွယ်ပြီးတော့ဖြစ်လာသမျှနာမ်တရားတွေရော၊ လက္ခဏာနဲ့ချုပ်လိုက်တဲ့ အခါကျတော့ ဖောက်ပြန်မှုသဘောနဲ့ သိမှုသဘောလေးတွေ. . . ဉာဏ်နဲ့သိမ်းပိုက်ပြီးသကာလ ပိုင်းခြားပြီးတော့ သိလိုက်တော့ ရုပ်နာမ်,ရုပ်နာမ်အတိုင်းသိမသွားဘူးလား?(သိသွားပါဘုရား)၊ ရုပ်နာမ်ရုပ်နာမ်အတိုင်းသိသွားလိုက်သည်နဲ့တပြိုင်နက်-

**နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။**

နာမရူပ ဝဝတ္ထာနေန-ရုပ်နာမ် နှစ်ပါးကို ရုပ်နာမ်နှစ်ပါးအဖြစ်နဲ့ ပိုင်းခြားသိလိုက်တဲ့ ဉာဏ်ပေါ်လိုက်သည်နဲ့ တပြိုင်နက်၊ (ဝါ) ရုပ်နာမ်နှစ်ပါးကိုပိုင်းခြားသိလိုက်တဲ့ ဝိပဿနာဉာဏ်ဓာတ် ပေါ်လာလိုက်သည်နဲ့တစ်ပြိုင်နက်၊ သက္ကာဒိဋ္ဌိ-ငါပဲ သူပဲ တစ်သံသရာလုံးက အထင်စွဲလာခဲ့တဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ ကြိုးပေါင်းကုဋေတစ်သိန်းမက ကုဋေတစ်သန်းမက ကြိုးအထွေးကြီးကို၊ ပဟီနာ-ပယ်ဖြတ်အပ်ပြီးသည်၊ ပဟီနာ-ဘုရားရှင်သာသနာတော်အကူညီရလို့မို့ ဝိပဿနာဉာဏ်ဓားဖြင့် ကြိုးစားမင်းစားအားထုတ်ပြီးတော့ ဖြတ်အပ်ပြီးသည်၊ ဟောတိ-မုချမသွေ ဖြစ်ရပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒါဖြင့်-ဝိပဿနာ တစ်ချက်ရှုလိုက်တဲ့အခိုက် ရှုလိုက်တဲ့အခိုက်ဟာ ဝိပဿနာမဂ်ဓားနဲ့ဖြတ်လိုက်တဲ့ သက္ကာယဒိဋ္ဌိသံယောဇဉ်ဆိုတဲ့ကြိုးက ဘယ်နှစ်

http://www.dhammadownload.com



ကြိုးလောက်ပြတ်တာတုန်းလို့ဆိုတော့ တစ်စက္ကန့် ကုဋေတစ်သိန်းနှုံးလောက် ဖြစ်အားရှိတဲ့ ငါစွဲကြီးဆိုတဲ့ကြိုးဟာ တစ်စက္ကန့်ကလေးဖြတ်မိရင်ပဲ ကုဋေတစ်သိန်းလောက်ကြိုးတွေမပြတ်ဘူးလား?(ပြတ်ပါဘုရား)၊ မဖြတ်မိရင်လည်းပဲ ကုဋေတသိန်းလောက်တုပ်ပြီးချည်ပြီး မဖြစ်ဘူးလား?(ဖြစ်ပါဘုရား)၊ ဒါဖြင့်-ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက ငါထင်တဲ့အထင်က တစ်စက္ကန့်မကဘူး၊ ငါးမိနစ်လည်းမကဘူး၊ တစ်နာရီလည်းမကဘူး၊ တစ်နေ့လုံးလည်းမကဘူး၊ တစ်လလုံးလည်းမကဘူး၊ တစ်နှစ်လုံးလည်းမကဘူးလို့ဆိုတော့ ဒီခန္ဓာကိုယ်မှာ သက္ကာယဒိဋ္ဌိကြိုးတုပ်တာ ကြိုးပေါင်းရေတွက်နိုင်သေးရဲ့လား?(မရေတွက်နိုင်ပါဘုရား)။

အဲဒီလောက်ကြိုးတွေတုပ်ထားတဲ့ကြားထဲက နိဗ္ဗာန်မဂ်ဖိုလ်ဘက်လွတ်ထွက်မယ်ဆိုတာ မျှော်နိုင်သေးရဲ့လား?(မမျှော်နိုင်ပါဘုရား)၊ ဒိဋ္ဌိဗန္ဓန ဗန္ဓာ-မရေနိုင်တဲ့ ဒိဋ္ဌိကြိုးတို့ဖြင့် အမျိုးမျိုးအထပ်ထပ် ရစ်ပတ်တုပ်နှောင်အပ်ကုန်သည်ဖြစ်၍၊ ဒုက္ခာ-အပါယ်လေးဖြာ, အိုနာသေရေး, ဒုက္ခဘေးမှ၊ န ပမုစ္စရေ-ကျွတ်ကင်းငြှောက်, ထပ်ပြန်ရောက်သဖြင့်, လွတ်မြောက်ခွင့်, မရကြလေကုန်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အပါယ်လေးဖြာ အို,နာ,သေရေး,ဒုက္ခဘေးကြီးက မလွတ်ချင်ဘူးလား?(လွတ်ချင်ပါဘုရား)၊ သေဘေးကြီးကမလွတ်ချင်ဘူးလား?(လွတ်ချင်ပါဘုရား)၊ အိုဘေးကြီးနာဘေးကြီးတွေကမလွတ်ချင်ကြဘူးလား?(လွတ်ချင်ကြပါဘုရား)၊ လွတ်ချင်ရင် ကြိုးတုပ်ဖြေရမယ်. . တဲ့၊ ကြိုးတုပ်ဖြေရမယ်၊ ကြိုးတုပ်ဖြေပြီးတော့ အရှုပျောက်အောင်လုပ်ရမယ်။ အခုဒီနေ့ညဟောနေတာက "အရှုံကြိုးတုပ် ဖြုတ်တဲ့တရား"လို့ ဟောမထားဘူးလား? ဟောထားပါဘုရား၊ ဒါဖြင့် ခုနက မျက်စိပေါက်က ဝိပဿနာဉာဏ်ဓားနဲ့ ဖြတ်လိုက်တောက်လိုက်တဲ့ သက္ကာယဒိဋ္ဌိကြိုးသည် တစ်သံသရာလုံးကချည်တုပ်လာခဲ့တဲ့ကြိုးအထပ်ထပ်ကို ဝိပဿနာမဂ် တစ်ချက်တည့်တိုင်းတည့်တိုင်း အဲဒီသက္ကာယဒိဋ္ဌိကြိုး တစ်ထွေးကြီး တစ်ထွေးကြီးပြတ်တယ်. . လို့ မသိထိုက်ဘူးလား?(သိထိုက်ပါဘုရား)၊ ဒါဖြင့်-အဲဒီလိုတစ်ထွေးကြီး တစ်ထွေးကြီးပြတ်တယ်ဆိုရင် ကြိုးစားပြီးတော့မဖြတ်ထိုက်ဘူးလား?(ဖြတ်ထိုက်ပါဘုရား)။

http://www.dhammadownload.com



နားပေါက်ကအတူတူ, နှာခေါင်းပေါက်က အတူတူ, လျှာပေါက်ကအတူတူ, ကိုယ်ပေါက်ကအတူတူ, မနောပေါက်ကအတူတူ။ ဒွါရခြောက်ပါးဘယ်ကပေါ်လာလာ၊ နားပေါက်က အသံကြားရင် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်၊ ကြားစရာသဒ္ဒါရုံရယ်, နားထဲကသောတပသာဒဆိုတဲ့ရုပ်ရယ် ရုပ်နှစ်ပါး၊ အဲဒီရုပ်နှစ်ပါးပွတ်တိုက် ထိခိုက်မှုကြောင့် ကျောက်နဲ့မီးခတ် ထိခိုက်ခြင်းကြောင့် မီးပွင့်ကလေးပေါ်လာသလို၊ သောတဝိညာဏ်ခေါ်တဲ့ အသံဓာတ်ကို ကြားတတ်တဲ့ သိတတ်တဲ့ နာမ်ဓာတ်တရား၊ ဒါဖြင့်-နားပေါက်ကလည်းပဲ ရုပ်နှစ်ပါးနဲ့ နာမ်တစ်ပါး မလာဘူးလား?(လာပါဘုရား)။

အဲဒီရုပ်နှစ်ပါးနှင့် နာမ်တစ်ပါးရဲ့သူတို့ သဘောသူတို့ဆောင်ပြီးတော့ ကြားစိတ်ကလေးပေါ်ပြီးတော့ ကြားမှုကိစ္စကြီး သူ့ဘာသူလုပ်သွားတာ"ဓာရေတီတိ ဓမ္မော" သူ့သဘောသူဆောင်သွားတဲ့ တရားသဘောကိုပဲ ငါကြားတယ်. . . လို့ ဝင်မစွဲဘူးလား?(စွဲပါဘုရား)၊ အဲဒီအစွဲဟာအမှန်စွဲလား အမှားစွဲလား?(အမှားစွဲပါဘုရား)ဒါဖြင့်-ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်လို့ရှုရှု ကြားတယ် ကြားတယ်လို့ ရှုရှု ရှုလိုက်တဲ့အခိုက်ကျတော့ရုပ်နာမ်ကိုရုပ်နာမ်အတိုင်းသိမသွားဘူးလား? (သိသွားပါဘုရား)၊ သူကလည်းပဲဖြစ်ပြီးပျက်သွား, ပေါ်ပြီးပျောက်သွားတဲ့ သဘောကလေးကို ပေါ်ပျောက်သွားတယ်၊ ဖြစ်ပျက်သွားတယ်လို့ကော မရှုမိဘူးလား? (ရှုမိပါဘုရား)။

ဒါဖြင့်သူ့ရဲ့အရှိမှန်က ရုပ်နာမ်ရှိတယ်၊ အဲဒီရုမ်နာမ်ကဖြစ်ပြီးတော့ ပျက်တယ်၊ ဒီကလည်းပဲရုပ်နာမ်လို့ရှုတယ်၊ အဲဒီသဘောကိုဖြစ်ပျက်လို့ရှုတယ်လို့ဆိုတော့ အရှိတရားနဲ့အသိတရားထပ်မကျဘူးလား?(ထပ်ကျပါဘုရား)၊ အဲဒီ ထပ်ပြီးတော့ကျ ထပ်ပြီးတော့သိတာကို အမှန်သိလို့ခေါ်သလား, အမှားသိလို့ခေါ်သလား?(အမှန်သိပါဘုရား)၊ အဲဒီအမှန်သိကို သစ္စာသိတယ်လို့လည်းခေါ်တယ်။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သစ္စာသိမှ အရိယာနယ်ဝင်တယ်ဆိုတာ မကြားဖူးဘူးလား? (ကြားဖူးပါဘုရား)၊ ဒါဖြင့် သစ္စာသိတယ် သစ္စာသိတယ်ဆိုတာ ဟိုး. . . နောင်ကျမှ တခါတည်း၊ ဝိပဿနာ အလုပ်တွေပါတွေဖယ်ထားပြီး နောင်-အရိယာသောတာပန်ဖြစ်မှ သစ္စာသိတာမဟုတ်ဘူး၊ ဝိပဿနာအခိုက်ကော သစ္စာမသိဘူးလား?(သိပါဘုရား)၊ သို့သော် ဒါကို အနုဗောဓသစ္စာသိလို့ခေါ်

http://www.dhammadownload.com



တယ်၊ သစ္စာသိက အနုဗောဓသစ္စာသိ, ပဋိဝေဓသစ္စာသိလို့ နှစ်သိရှိပါ တယ်ညာဏ်က၊ ဒီတော့ အနုဗောဓဆိုတာ တကယ့်လောကုတ္တရာမဂ်ညာဏ်အား လျော်စွာသိတဲ့အသိကို အနုဗောဓသိလို့ခေါ်တယ်။ ပဋိဝေဓသိဆိုတာ အဲဒီ အနု ဗောဓသိတွေ အရှိန်ကောင်းလာတဲ့အခါကျတော့ နိဗ္ဗာန်ထိုးထွင်းမြင်ပြီးတော့ လော ကုတ္တရာမဂ်ဖိုလ်ပေါ်ပြီးတော့သိသွားတဲ့ ထိုးထွင်းသိကျတော့ ပဋိဝေဓသိလို့ခေါ် ပါတယ်။

ဒါဖြင့်-ပဋိဝေဓသိဆိုတဲ့ အဆင့်ကြီးကိုတက်ဖို့ရာ အနုဗောဓအသိ အောက်ခြေလှေခါးထစ်ကစမတက်ရပေဘူးလား?(တက်ရပါဘုရား)၊ ဒါဖြင့်-ကြား သမျှရုပ်နာမ်ဖြစ်ပျက်, နံသမျှ ရုပ်နာမ်ဖြစ်ပျက်, စားသမျှရုပ်နာမ်ဖြစ်ပျက်, ထိသမျှ ရုပ်နာမ်ဖြစ်ပျက်, ကြံသမျှရုပ်နာမ်ဖြစ်ပျက်လို့ တစ်နေ့ငါးမိနစ်လောက်ပဲတတ်နိုင် တတ်နိုင်ကြိုးစားနေလို့ရှိရင် သက္ကာယဒိဋ္ဌိဆိုတဲ့ ကြိုးတွေတစ်ထွေးကြီး တစ်ထွေး ကြီးဖြတ်တောက်ရာမရောက်ဘူးလား?(ရောက်ပါဘုရား) အဲဒီကြိုးတွေဖြတ် တောက်လို့ ကြိုးတွေပြေကုန်ရင် အရှုံးမပျောက်ပေဘူးလား? (ပျောက်ပါဘုရား)၊ အရှုံးပျောက်သွားလို့ အမှန်သဘောတွေပေါက်လာသည်နဲ့တပြိုင်နက် သောတာ ပန်,သကဒါဂါမ်, အနာဂါမ်,ရဟန္တာဆိုတဲ့ ကမ္ဘာမှာအဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်ကြီး တွေဂိုဏ်းကို မဝင်နိုင်ပေဘူးလား?(ဝင်နိုင်ပါဘုရား)။

ဒါဖြင့်-ကြိုးတုပ်ဖြုတ်ပြီးတော့ တုပ်ထားတဲ့ကြိုးတွေဖြုတ် အရှုံးရောဂါကို ပျောက်အောင်ကုတဲ့ ဘုရားရှင်သာသနာတော်ကြီးကြုံနေတဲ့အချိန်. . . ဘုရား ရှင်သာသနာတော်ကြီးပေါ်လာတဲ့အချိန်မှာ ယနေ့ဒကာ ဒကာမတွေ ဒါနမှုတွေ ပြုသမျှ ကြိုးဖြတ်နေကြတယ်၊ အရှုံးပျောက်အောင်ကုနေကြတယ်။ သီလတွေထိမ်း ဥပုသ်တွေစောင့်နေသမျှ ကြိုးဖြတ်နေကြတယ်၊ အရှုံးရောဂါပျောက်အောင်ကုနေ ကြတဲ့ အလုပ်။ သမထဝိပဿနာ အလုပ်တွေလုပ်နေကြသမျှ ကြိုးဖြတ်နေကြတယ် အရှုံးရောဂါပျောက်အောင်ကုနေကြတယ်လို့ မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)။

ဒါဖြင့်-ဒီအလုပ်ကြီးသုံးလုပ်ရဲ့ တန်ဖိုးကိုဒီလိုနားလည်လို့ရှိရင် ကိုယ့်ကြိုးကို ကြိုးစားပြီးတော့နေ့ရှိသမျှ ညရှိသမျှ လရှိသမျှ နှစ်ရှိသမျှ ဘုရားသာသနာတော် ကြုံတဲ့အခိုက်မှာ ကြိုးစားပြီးတော့မဖြတ်ထိုက်ဘူးလား?(ဖြတ်ထိုက်ပါဘုရား) ဒါဖြင့် ရင်-ကြိုးစားဖြတ်ထိုက်တယ်လို့နားလည်ပြီးတော့ ဒီနေ့လည်းပဲ ဒါနတွေပြုပြီးတော့

http://www.dhammadownload.com



ဖြတ်ကြ၊ သီလတွေ ဥပုသ်တွေစောင့်ပြီးတော့ဖြတ်ကြ။ ဘာဝနာမှုတွေပြုပြီးတော့ ဖြတ်ကြနဲ့ ဒီနေ့ ဒကာဒကာမတွေ ဖြတ်ခဲ့ကြပြီ။

ဒီအတိုင်းဆက်ပြီးတော့ ဖြတ်တောက်သွားကြမယ်ဆိုရင်ဖြင့် မဂ်လေးတန် ဖိုလ်လေးတန်ဆိုတဲ့ ပဋိဝေဓဉာဏ်ပေါက်ကြပြီးသကာလ နိဗ္ဗာနဓာတ်တရားမြတ်ကြီးကို ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေလို မြင်ခဲ့ကြရင် အောက်တန်းစားဆိုတဲ့ ပုထုဇဉ်အဆင့်အတန်းက ကျော်လွှားပြီးသကာလ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဆိုတဲ့ ကမ္ဘာ့အထက်တန်းလွှာစားထဲမှာပါဝင်သွားနိုင်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်တဲ့ အမျိုးကောင်းသား အမျိုးသမီးတွေဖြစ်ကြပါစေကုန်သတည်း။ ဗန္ဓနသုတ်တော်လည်းပြီးသွားပြီ ဘုန်းကြီးဟောချင်တဲ့ တရားလည်းပြီးသွားပြီပရိသတ်ကြီးနော်-ဒီတော့ တရားသိမ်းရအောင်-

**အယော ယောတ္တေဟိ ယော်ဇေန္တိ, ယထာ လောကေ ဥမ္ဘတ္တကေ၊**
**သံယောဇနေဟိ ယောဇေန္တိ, ဧဝံ ဝဋ္ဋေ ပုထုဇ္ဇနေ။**

လောကေ-ထင်ရှားစုပုံ, ယခုကြုံသည့်, လူ့ဘုံဌာန, ဤလောက၌၊ ဥမ္ဘတ္တကေ-သည်းခြေ, သွေးလျှမ်း, ဘီလူးဖမ်း၍, ရူးနှမ်းကြသူ, အများလူတို့ကို၊ အယော ယောတ္တေဟိ-အသက်ဆုံးတိုင်, မရုန်းနိုင်အောင်, ထုံးပိုင်ခိုင်ဖြိုး, သံနှောင်ကြိုးတို့ဖြင့်၊ ယောဇေန္တိယထာ-ခြေလက်နှစ်သွယ်, ခါးလယ်တစ်ကြိုး, အမျိုးမျိုးဖြင့်, တိုးလျှိုးလှုပ်လှက်, မပြုတ်ထဲ့အောင်, တုပ်ဖွဲ့ချည်နှောင်ကြကုန်သကဲ့သို့။ ဧဝံ တထာ-ပမာဆိုမူ, ထို့အတူသာလျှင်၊ ဝဋ္ဋေ-မရမ်မတည်, ပတ်ပတ်လည်၍, ထိုဤပြောင်းပြန်, ဘလောင်းဆန်အောင်, ကောင်းရန်လွတ်ကင်း, သံသရာတည်းဟူသော, ဝတ်နှောင်အတွင်း၌၊ ပုထုဇ္ဇနေ-အရိယာဂိုဏ်းတွင်, သမိုင်းတင်က, မဝင်မပါ, ကမ္ဘာ့အောက်တန်း, ငါတို့လိုပုထုဇဉ်, အရှူးအနှမ်းတို့ကို၊ သံယောဇနေဟိ-လင်နှင့်မယား, သမီးသားက, ဆက်ပွားဆွေညာ, မိတ်သဟာဟု, ရှည်ကြာလေတိုး, သံယောဇဉ်တည်းဟူသော, သံနှောင်ကြိုးတို့ဖြင့်၊ ယောဇေန္တိ-မခွာနိုင်စွဲ, မစွဲနိုင်ချစ်, မပစ်နိုင်ရက်, မပျက်ရှည်ကြာ, အချည်သာလျက်, ဖြေခါခက်ဖို့, သက်သက်ရှုတ်လျှက်, မပြုတ်ထဲ့အောင်, တုပ်ဖွဲ့ချည်နှောင်ကြလေကုန်သတည်း . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# " ချမ်းသာရာ၍ ဒုက္ခတွေ့တရားတော် "

အလှူ့ဒကာဦးလှသွင် အလှူ့အမဒေါ်လှမြိုင်တို့က မိမိတို့ရဲ့ သားကြီးရတနာကို ပဋ္ဌာန်းဘောင်ရောက် ရဟန်းဘောင်ရောက်သွတ်သွင်းချီမြှောက်ပြီးသကာလ၊ သားအငယ်မောင်ထူးကိုလည်း ရှင်သာမဏေတို့အားလျော်ကပ်တဲ့ သက်နိုးသပိတ်ပရိက္ခရာဆင်မြန်း၍ ရှင်သာမဏေဘုံရောက် သွတ်သွင်းချီမြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာ ဥပသမ္ပဒမင်္ဂလာပွဲ. . နှစ်ပွဲဆင်နွှဲပြီးတော့ လုပ်တဲ့ပွဲ၊ အထူးသဖြင့် မောင်အေးသောင်ဆိုတဲ့သားကြီးက လောကအနေနဲ့ပြောကြမယ်ဆိုရင် ခေတ်ပညာတတ်မို့လို့ တက္ကသိုလ်တွေဘာတွေမှာနေလို့ လောကီပညာလေ့လာလိုက်စားသည့်အားလျော်စွာ လောကီဘက်ဆိုင်ရာက အထက်တန်းကျပါတယ်ဆိုတဲ့ နေရာတွေမှာနေလာသည့်အားလျော်စွာ၊ အထက်တန်းကျပါတယ်ဆိုတဲ့ ပညာတွေကိုလေ့လာနေသည့်အားလျော်စွာ ထိုပညာထိုဒေသအားလျော်စွာ ပတ်ဝန်းကျင် ဗဟုသုတအသိအမြင်နဲ့ အတော်အတန်ပြည့်စုံနေလိမ့်မယ်. . . လို့ ဉာဏ်းဇင်းတို့လည်းယူဆ။

အဲဒီလိုပုဂ္ဂိုလ်တွေဟာ သာသနာတော်မှာ သာသနာ့ဝန်ထမ်းရှင်ရဟန်းအဖြစ်နဲ့ ဝင်လာကြပြီးနောက် သာသနာတော်ရဲ့ အခြေအမြစ်ဇစ်မြစ်ကိုသိသွားစေချင်တယ်၊ ခေတ်ပညာတတ်တွေ သာသနာတော်ရဲ့ ဇစ်မြစ်ကိုသိသွားလေလေ သူတို့လောကီဘက်က အထက်တန်းရောက်သွားလို့ လောကီဆိုင်ရာတွေနဲ့နှိုင်းယှဉ်ကြည့်လို့ လောကီဘက်ကသာတယ်. . . လို့ဆိုရင်လည်းယူသွားလိုက်ပါ ကျေနပ်ပါတယ်၊ ဒီလိုမဟုတ်ဘဲနဲ့ လောကီဘက်က ဆိုင်ရာတွေလေ့လာပြီးတော့ လောကုတ္တရာဆိုင်ရာ ဗုဒ္ဓရဲ့သာသနာခေါ်တဲ့ အဆုံးအမတော်သည်သာလျှင် လောကရဲ့ငြိမ်းချမ်းရေး ကမ္ဘာရဲ့ငြိမ်းချမ်းရေး၊ ခန္ဓာရဲ့ငြိမ်းချမ်းရေး၊ သတ္တဝါအနန္တတို့ရဲ့ငြိမ်းချမ်းရေး သုခအပြည့်အားပေးနိုင်တယ်လို့ဆိုတာကိုလည်းပဲ ကိုယ်ကိုယ်တိုင်လေ့လာကြည့်ပြီးတော့ ယုံကြည်ချက်ရှိရှိသလောက်၊ သဒ္ဓါရှိရှိသလောက် ပေါက်ရောက်သွားစေချင်တယ်။

http://www.dhammadownload.com



အခုဒုလ္လဘဝတ်ပြီးတော့ပဲ ကမ္မဋ္ဌာန်းရိပ်သာဝင်အုံးမယ်လို့လည်း စောစောပိုင်းက ပြောသံကြားရ ဝမ်းသာပါတယ်၊ စောစောကလည်း သူလူဝတ်ကြောင်နဲ့တုန်းက တခါလာပြီးတော့ဝင်ဖူးထားတယ်၊ အဲဒီတော့ "အသံကြားဖားသေ, ဗျောသမား နှာခေါင်းရှုံ့လို့ သရက်ချဉ်,ချဉ်ရ"ဆိုတဲ့ အဖြစ်မျိုးမဖြစ်ကြစေဘဲ၊ ဘယ်သူပဲဖြစ်ဖြစ် သာသနာတော်နဲ့ ပတ်သက်ရင်သာသနာတော်အတွက် အချက်ကျကျကိုယ်တိုင်ဝင်ရောက်လေ့လာစုံစမ်း ထောက်လှမ်းပြီးတော့မှ မကောင်းကျင့် မကောင်းမှုလက်မခံနဲ့ ကောင်းလို့ရှိရင်လည်း ကောင်းတဲ့အထိုက်လျောက်လက်ခံနိုင်ရမယ်။

အဲဒါမှသာလျှင် "ပြောတိုင်းယုံ ကြုံတိုင်းလိုက် နှိုက်တိုင်းရတဲ့ လူအညံ့စားသူတစ်ပါး ပါးစပ်ဖျား လမ်းဆုံးနေတဲ့ လူမျိုးစားထဲကလွတ်နိုင်တယ်" ဒီလိုမဟုတ်ဘဲနဲ့ ဆိုလို့ရှိရင်သူတစ်ပါးပါးစပ်ဖျားမှာ လမ်းဆုံးပြီးတော့ သူများပြောတာနဲ့နားရောင်ပြီးတော့နေတတ်မိကြတယ်၊ ဒကာရွှေရေ အခုခေတ်က ဘုန်းကြီးတို့စူးစမ်းဝေဖန်တဲ့ခေတ် စစ်ဆေးဝေဖန်တဲ့ခေတ် ခေတ်ကြီးက တဖြေးဖြေးနဲ့တိုးတက်လာတယ်၊ ပြောတိုင်းယုံ ကြုံတိုင်းလိုက် အနေမျိုးတွေမဟုတ်ကြဘူး။

ဒါ့ကြောင့်မို့လို့ ဘာပဲဖြစ်ဖြစ် စစ်စစ်ဆေးဆေး ဝေဝေဖန်ဖန်နဲ့ လေ့လာထားနိုင်လို့ရှိရင် အကောင်းဆုံးပဲ၊ သူတစ်ပါးပြောတာနဲ့လမ်းမဆုံးကြစေနဲ့. . လို့။ တောရွာတစ်ရွာ အလှူကြီးတစ်လှူပေးတော့ အလှူကလည်းဂုဏ်ရှိသိန်ရှိအလှူကြီး၊ ဖိတ်တာကလည်းဂုဏ်ရှိသိန်ရှိ ပရိသတ်တွေရွေးဖိတ်၊ ဆင်းဆင်းရဲရဲလူတစ်ယောက်က သူက သူ့အဖော်တွေနဲ့တွေတော့ သူကကြွားတယ် "အောင် မယ်ကွာ အလှူကြီးဘယ်လောက်ကြီးတယ်ပြောပြော၊ မဏ္ဍပ်ကြီးထိုးပြီး ဘယ်လောက်ကြီးကြီးကျယ်ကျယ်ပေးတယ် ပြောပြော သရက်ချဉ်ကဖြင့် ချဉ်တာပါ" ဒီတော့ ဟိုလူတွေက "အောင်မာ မင်း-ဖိတ်လို့လား မင်းထမင်းစားခဲ့ရလို့လား" လို့ ဆက်မေးတော့ "မဟုတ်ပါဘူးကွာ ဗျောသမားနှာခေါင်းရှုံ့တာငါမြင်တာပါ"။

အဲဒီလိုပဲ သာသနာတော်နဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဘာနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် စစ်စစ်ဆေးဆေးဝေဝေဖန်ဖန်နဲ့ ကိုယ်ကိုယ်တိုင်လေ့လာစုံစမ်းပြီးမှ ဗျောသမားနှာခေါင်းရှုံ့တာမြင်ရုံနဲ့တော့ဖြင့် သရက်ချဉ်,ချဉ်တယ်လို့ ကိုယ်လည်း မစားခဲ့ရဘဲနဲ့ အပြောမျိုးမဖြစ်ကြရအောင် သတိထားကြရမယ်. . လို့ ခေတ်ပညာတတ်

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေကို ပိုပြီးတော့ ဦးဇင်းတို့သတိပေးချင်တယ်၊ ဒီတော့-ဒီနေ့ ပဗ္ဗဇ္ဇမင်္ဂလာ ဥပသမ္ပဒမင်္ဂလာဆိုတဲ့ ဤမင်္ဂလာပွဲဝယ် ဦးဇင်းဘာဟောမလဲလို့ဆိုတော့ " ချမ်းသာရှာ၍ ဒုက္ခတွေ့" ဆိုတဲ့ တရားခေါင်းစဉ်နဲ့ ဦးဇင်းဒီနေ့ဟောမယ် ဒကာရွှေရေ(မှန်ပါဘုရား) တရားခေါင်းစဉ်ကလေးမှတ်ထား "ချမ်းသာရှာ၍ ဒုက္ခတွေ့" တရားခေါင်းစဉ်နော်-

မာနိတာ ယတ္တကာ ယဿ, တတ္တကာ တဿ ဒုက္ခတာ၊
ကိံနု နော ဒုက္ခ ဘာယန္တာ, ပိယ မာစ အဘီရုနော။

ယတ္ထ-ချစ်လှျှင်ပျော်နိုး, ချစ်စပျိုး၍, ချစ်ရိုးချစ်စဉ်, အကြင်ပုထုဇဉ်၏၊ မာနိတာ-မြတ်နိုးစုံမက်, နှစ်သက်ဖွယ်ရာ, အဖြာဖြာတို့သည်၊ ယတ္တကာ-တစ် နှစ် သုံး လေး, ဂဏန်းရေးက, စစ်တွေးဆက်ပွား, အကြင်မျှလောက် များပြားလေကုန်၏၊ တဿ-ချစ်လှျှင်ပျော်မည့်, အထင်ရှိ၍, ခင်မိခင်ရာ, ထင်ကြရှာတောင်း, ထိုပုထုဇဉ် အပေါင်း၏၊ ဒုက္ခတာ-မကင်းစမြဲ, အတင်းတွဲ၍, ဆင်းရဲရန်အကြောင်း, ကံအပေါင်းသည်၊ တတ္တကာ- ချစ်ချစ်သမျှ, တစ်နှစ်ကလျှင်, စ၍တွက်ရေ, ထိုမျှလောက်ပင် များပြားလေကုန်၏၊ နော-သူတော်သူမြတ်, အတူမှတ်၍, အပူဇာတ်ရှောင်သွေ, ဒို့တစ်တွေသည်၊ ဒုက္ခ ဘာယန္တာ-ဒုက္ခမြောက်များ, ရောက်မသွားဖို့, ထောက်ထား ထိုထို, ကြောက်အားတွေပိုကြပါကုန်လျှက်၊ ပိယမာစ-ဒုက္ခဖြစ်ကြောင်း, အချစ် အပေါင်းမှသာ၊ ကိံ နု အဘီရုနော-မကြောက်နိုင်ဘဲ, ရဲကြီးရဲ၍, အမြဲပုံသေ, အဘယ့်ကြောင့် ချစ်ခင်၍ နေဝံ့ကြလေကုန်ဘိသနည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

"ပုပ္ပုရွှရွ မြင်သမျှလည်း သုခကိုချည်းလုံ့လသီး၏" ဆိုတဲ့ အတိုင်း ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်းတို့အပါအဝင် ကမ္ဘာလောကဓာတ် တစ်ခွင် ရှိရှိသမျှသတ္တဝါအနန္တတို့သည်၊ "ချမ်းသာတစ်ခု,မက်မောမှုကြောင့်, ပုပ္ပုရွှရွ မြင်သမျှလည်း, သုခကိုချည်း,လုံ့လသီး၏" ဆိုသည့်အတိုင်း ချမ်းသာတစ်ခုရဖို့ အတွက် ချမ်းသာတစ်ခုရရေးအတွက် သူ့ထက်ငါ အနိုင်လုအပြိုင်ပြုပြီးသကာလ သူဦးငါဦး ကမူးရှူးထိုး န္တွားသိုးကြိုးပြတ် မရပ်မနား တလှုပ်လှုပ် လှုပ်ရှားပြီးတော့ နေကြရတယ်. . . တဲ့ သတ္တဝါတွေ။

http://www.dhammadownload.com



ကမ္ဘာလောကရှိရှိသမျှသတ္တဝါတွေ သူ့အဆင့် သူ့အဆင့်အားလျော်စွာ အငြိမ်မနေနိုင်လောက်အောင် လှုပ်ရှားတိုးဝှေ့နေကြတာ ဘာအတွက်ပါလိမ့်မလဲ လို့ဆိုရင် ဒကာရွှေရေ့ ချမ်းသာတစ်ခုအတွက် လှုပ်ရှားနေတာလို့မှတ်စမ်းပါ(မှန် ပါဘုရား)၊ အားလုံးသတ္တဝါတွေသူ့အဆင့် သူ့အဆင့်အားလျော်စွာဆိုတာ ဆင်းရဲ သားကလည်း ဆင်းရဲသားအဆင့်အားလျော်စွာ, သူဌေးကလည်း သူဌေးအဆင့် အားလျော်စွာ, တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ပုဂ္ဂိုလ်တွေကလည်း အုပ်ချုပ်ရေးပိုင်း ဆိုင်ရာအဆင့်အားလျော်စွာ၊ အသီးအသီးရှိရှိသမျှ မနေမနားကြိုးစားလှုပ်ရှားပြီး တော့ နေကြရခြင်းတွေ ဒီချမ်းသာတစ်ခုရမှုအတွက် လှုပ်ရှားနေကြရတယ်လို့ မှတ်ပါ။

ချမ်းသာနှစ်မျိုးရှိတယ်, လောကီချမ်းသာ လောကုတ္တရာချမ်းသာ၊ လောကီ ချမ်းသာဆိုင်ရာက ဆင်းရဲနေတဲ့ပုဂ္ဂိုလ်တစ်ယောက်က သူ့ထက်အထက်တန်းရှိတာ တွေကို မော့မော့ကြည့်ပြီးသကာလ မိုးမလုံလေမလုံ တဲကုတ်ကလေးနဲ့နေရတဲ့ ဘဝမျိုး ကနေပြီးတော့ တစ်ဆင့်တက်ပြီးတော့ ပျဉ်ထောင်နဲ့သွပ်မိုးနဲ့ လေလုံမိုးလုံ နေရတဲ့ အဖြစ်မျိုးရောက်အောင် ကြိုးစားကြရတယ်၊ ပျဉ်ထောင်နဲ့သွပ်မိုးနဲ့ ဖြစ် လာတဲ့သူကလည်း တစ်ဆင့်တက်ပြီးလှမ်းကြည့်လိုက် အုပ်တိုက်နဲ့ ပုဂံစားပွဲနဲ့ ကုလားထိုင်နဲ့ မီးနဲ့နေရတဲ့ အဖြစ်မျိုးထိလှမ်းမြင်ပြန်တယ်။

အဲဒီ ကုလားထိုင်တွေအုပ်တိုက်တွေနဲ့ ဖြစ်လာပြန်တော့ကော ရှေ့ဆက်ပြီး တော့လိုနေသေးတာပဲ၊ ချမ်းသာစရာအကွက်ဟာ သတ္တဝါတွေနဲ့ပတ်သက်တဲ့ချမ်း သာဖို့ရာအကွက်တွေ ရှေ့လှမ်းကြည့်တိုင်းကြည့်တိုင်း မဆုံးအောင်မြင်တယ် ဒကာ ရွှေရာသိလား?(မှန်ပါဘုရား)၊ လောဘရဲ့အလိုသာလျှောက်ပြီးလိုက်မယ်ဆိုရင် ဇက် မသပ်တော့ဘူးဆိုလို့ရှိရင်ဖြင့်-သူဟာ-လိုချင်ပြီးရင်းလိုချင်ရင်း, လိုချင်ပြီးရင်း လိုချင်ရင်းပဲ။

## ❖ ချမ်းသာတစ်ခု, မက်မောမှုကြောင့်, ပုပုရွရွ, မှန်သမျှလည်း,သုခကိုချည်း,လုံ့လသီး၏။

လုံ့လထုတ်ပြီး လှုပ်လှုပ်ရွရွလုပ်နေကြတာတွေမှန်သမျှ ချမ်းသာချင်ကြလို့ ဟိုသွားဒီပြေးနဲ့ ပြေးလွှားနေကြရတာတွေမှန်သမျှ ချမ်းသာချင်ကြလို့၊ တောင်သူ လုပ်ငန်းနဲ့ကြိုးပမ်းအားထုတ်ပြီးသကာလ လုပ်ကိုင်ရှာဖွေနေရတာတွေမှန်သမျှ ချမ်း

http://www.dhammadownload.com



သာချင်ကြလို့ ရောင်းဝယ်ဖောက်ကား ပြေးလွှားနေကြရသောသူတို့သည် ချမ်းသာ ချင်ကြလို့။ နေပူမရှောင်မိုးရွာမရှောင် ကုန်ရောင်းကုန်ဝယ်လုပ်သူကလည်း ပြေး ရလွှားရတယ် ဒကာချုပ်ရ ဟုတ်တယ်မဟုတ်လား?(မှန်ပါဘုရား)၊ အဲဒါတွေ ဘာပြု လို့တုန်းဆိုရင် ချမ်းသာချင်လို့ချည်းပဲ၊ သတ္တုချကြည့် တရားကိုယ်ကောက်ကြည့် လိုက်တော့ လိုရင်းချုပ်ကြည့်လိုက်တော့ ဒါပဲ လာလာဆိုက်တယ်။

တစ်ခါ-လောကုတ္တရာဘက်ဆိုင်ရာကျတော့ ဒီလိုချမ်းသာမယ်ထင်လို့ ချမ်းသာနိုးနိုးနဲ့ ချမ်းသာထင်ရေးရေးနဲ့ ဟိုပြေးဒီလွှားကြိုးစားအားထုတ်ရာက အထိုက်အလျောက်ချမ်းသာလေးတွေ. . လက်ထဲဆုပ်မိရက်သား ဆုပ်မိရက်သား ရောက်ရောက်,ရောက်ရောက်လာတယ်၊ ရောက်ရောက်,ရောက်ရောက်လာပင် လာငြားသောလည်းပဲ လက်ထဲရှိနေတဲ့ချမ်းသာထက် ဟိုဘက်ကရှိနေတဲ့ချမ်းသာက ချမ်းသာလိမ့်အုံးမယ်လို့ထင်ပြန်တယ်၊ လက်ထဲရှိနေတဲ့ မိမိရရှိနေတဲ့ လက်ရှိချမ်း သာထက် မိမိလက်ထဲ မရောက်လာသေးသောချမ်းသာ ဥသုံ့တွေကမှ ချမ်းသာ လိမ့်အုံးမယ်. . လို့ အဲဒီလို ထင်ထင်ပြီးတော့ တစ်ဆင့်တစ်ဆင့်နားမနေနိုင်အောင် ရှေ့ဆက်လိုက်ရပြန်တယ်။

အဲဒီလိုချမ်းသာကိုရှာကြရင်း ရှာကြရင်းနဲ့ တွေ့လိုက်တဲ့ ဒုက္ခတွေဆိုတာက တော့ ဒင်းကြမ်းပဲ၊ သို့သော်-အဲဒီဒုက္ခတွေကို ဒုက္ခလို့မထင်ဘဲနဲ့ ချမ်းသာတယ်လို့ ထင်ပြီးတော့ ရှာကြရင်း အကြောင်းအားလျော်စွာ ကံမကောင်း အကြောင်းမသင့် လို့ အစားငတ်တဲ့ ဘေးကြီးတွေ လက်နက်ဘေးကြီးတွေ မီးလောင်တဲ့ဘေးတွေ ရေလွှမ်းတဲ့ဘေးတွေဆိုတဲ့ ဘေးကြီးတွေကျရောက်လာ၊ ဒီလိုဘေးကြီးတွေကျ ရောက်လာပြီဆိုသည်နဲ့တစ်ပြိုင်နက် ဒီဘေးကြီးတွေကို လွတ်နိုင်မယ့် တားဆီးနိုင် မယ့် ချမ်းသာကိုပေးနိုင်မယ့်အရာတွေရှာကြရပြန်တယ်၊ ဒကာချုပ်ရနော်၊ (မှန်လှပါ ဘုရား) အခုပြောနေတဲ့စကားတွေအကျဉ်းချုပ်ကြည့်လိုက်တော့ ချမ်းသာကိုလိုချင် လို့ သတ္တဝါတွေ လှုပ်လှုပ်ရှားရှား အလုပ်များနေကြတယ်။

ယောကျ်ားဆိုတဲ့သူတွေကလည်းပဲ အိမ်ထောင်ရက်သားကျသွားလို့ရှိရင် သူအတော်ချမ်းသာလိမ့်မယ်လို့ထင်တယ်၊ ထင်လို့ပဲ ကာမအသိုက်အအုံ ဆောက်ဖွဲ့ လိုက်သည်နဲ့တစ်ပြိုင်နက် သားကိစ္စ သမီးကိစ္စ သားရေးမယားရေး၊ မိမိမယားကို လူချင်းတူတူ သူချင်းမျှမျှ ဆင်နိုင်အောင်,ကျွေးနိုင်အောင်မွေးနိုင်အောင် မိမိထံ မှာ(ဟ်)သို့ အကြောင်းအားလျော်စွာ ရေစက်အားလျော်စွာ ရောက်ရှိလာတဲ့၊

http://www.dhammadownload.com



သားရတနာ သမီးရတနာလေးတွေကို လူချင်းတူတူ သူချင်းမျှမျှ ဆင်နိုင်အောင်, ပြင်နိုင်အောင်, စားနိုင်အောင်, ကျွေးနိုင်အောင်, မွေးနိုင်အောင်မှ စပြီးသကာလ မင်းရေးစိုးရေး ရပ်ရေးရွာရေး လူမှုရေးအစရှိသည်ဖြင့် မြောက်များလှစွာသော ဒုက္ခအပေါင်းတို့သည် ဤကာမအသိုက်အအုံကို ဖွဲ့လိုက်တဲ့ အချိန်ကစပြီးတော့ တွေ့ရတယ် ဒကာချို့ နော်၊(မှန်ပါဘုရား)။ စိတ်ထဲထင်တုန်းကတော့ ဒါတွေဟာ ထည့်ပြီးတော့ တွေးချင်မှတွေးမယ်၊ နဂိုဒီလို အသိုက်အုံဖွဲ့တော့မယ်လို့ ကြံတုန်းကတော့ ဒါတွေပါချင်မှပါမယ်ပေါ့ဗျာ၊ ဒါပေမဲ့လို့ ချမ်းသာလိမ့်မယ်၊ ငါတစ်သက်ပတ်လုံး ချမ်းသာလိမ့်မယ်လို့ထင်ပြီးတော့ ဖွဲ့လိုက်တဲ့အဖွဲ့ထဲက ထွက်လာတဲ့ ဒုက္ခတွေအနပ္ပကမ်း။

ဒီတော့-ဘုန်းကြီးလူထွက်တစ်ယောက် တွေးတဲ့အတွေးပြောရအုန်းမယ်။ ဘုန်းကြီးလူထွက်တစ်ယောက်က လူထွက်ပြီးတော့ အိမ်ထောင်ကျ၊ ကလေးလေး တစ်ယောက်ကလည်းရ၊ မိန်းမက မီးယပ်ကျိုး,ကျိုးနေလို့ မထနိုင်၊ ကလေးလေး ကလည်းနှပ်တွဲလောင်းနဲ့၊ ဟိုကနေပြီးတော့ ထမင်းဆာလို့မနက်တစ်စာစာနဲ့အော်၊ ဒီက မိန်းမကဘာမှအလုပ်မလုပ်နိုင်တော့ သူကိုယ်တိုင်ထမင်းချက်ရင်း ထမင်းရည် အိုးငှဲ့ရင်းနဲ့သူက။ ဟိုကမိန်းမက အိပ်ရာထဲကမထနိုင် ကလေးလေးက အနားက နှပ်တွဲလောင်းကလေးနဲ့ ထမင်းတောင်း ဟင်းတောင်း မုန့်တောင်း၊ သူကလည်း ရှေ့အလုပ်အကိုင် ဒီပြင်ထွက်လုပ်ရတာကလည်းသူ၊ မီးဖိုချောင်ဝင်ရတာလည်းသူ ဆိုတော့ စိတ်ပျက်လာပြီး "ဟင်း- ငါဟိုတုန်းက သင်္ကန်းကြီးခေါင်းခြုံခြုံတွေးတုန်း က ဒါတွေမပါဘူးဟနော်" လို့ဆိုသတဲ့ဒကာချို့ရ နော်။(မှန်ပါဘုရား)။

ဒကာ ဒကာမတွေဒီအတိုင်းပဲ နဂိုတွေးတုန်းက ဒါတွေမပါကြပါဘူး၊ ဖြစ်လာမယ့်ဒုက္ခတွေ တစ်ခုမှထည့်မတွေးဘူး၊ ကောင်းလိမ့်မယ် ချမ်းသာလိမ့်မယ်ဆိုတဲ့ အကွက်တွေချည့်ထည့်တွေး၊ မိန်းမသားတွေဘက်ကလည်း ထိုနည်းလည်းကောင်း၊ သားလင်ခင်ပွန်းနဲ့နေလိုက်ရလို့ရှိရင် တစ်သက်ပန်အားကိုး အားထားစရာရပြီး တော့ ချမ်းသာလိမ့်မယ်လို့ထင်လိုက်တယ်။ ထင်လိုက်တဲ့အတိုင်းတကယ်လာရဲ့ လားလို့ဆိုတော့ မဟုတ်ဘူး၊ သူလည်းပဲ သူ့ဘက်ဆိုင်ရာက လင်ရေး,သားရေး, ဆွေရေးမျိုးရေး, မင်းရေးစိုးရေး, အကုန်ရှုပ်လာတာပဲ သူ့ဘက်လည်း။

ဒီထဲ ကံမကောင်းအကြောင်းမလှလို့ရှိရင် ဆိုးဝါးတဲ့ ခင်ပွန်းသည်နဲ့များ

http://www.dhammadownload.com



တွေ့ကြပြီဆိုတော့ "အိမ်ထောင်မှု ဘုရားတည်,ဆေးမင်ရည်စုတ်ထိုး, ဤလေးခု ချက်မပိုင်ရင်, နောင်ပြင်နိုင်ခက်တဲ့ဟာမျိုး" ဆိုတဲ့အတိုင်း ပြင်လို့လည်းမရ ဖြစ်လာရတဲ့အမှု မဖျက်သာတဲ့ အလျောက်ကျိတ်မှိတ်ပြီးတော့ သည်းခံပြီး ဒုက္ခခံကြရတယ်၊ "သားဆိုးအမိ တရိရိ၊ လင်ဆိုးမယားတဖားဖား၊ သားဆိုအမေတပေပေ" ဆိုတဲ့အတိုင်း သားဆိုးတို့ လင်ဆိုးတို့နဲ့တွေ့ကြပြီဆိုလို့ရှိရင် ခံကြရတော့တာပဲမဟုတ်လား ဒကာချို့ရ(မှန်လှပါဘုရား)။ နဂိုတုံးက ဒီလိုဟာတွေသူ့စိတ်ထဲထည့်တွေးမှာမဟုတ်ပါဘူး နော်၊ နဂိုတုန်းကတော့ ကိုယ့်အထင်နဲ့ ကိုယ်ပေါ့လေ၊ ကိုယ့်စိတ်ကူးနဲ့ကိုယ် အတော်တည့်နေမှာပဲသူ့ဟာနဲ့သူတော့။

ကိုယ့်စိတ်ကူးနဲ့ ကိုယ်တည့်နေတယ်ဆိုလို့ ပုံပြင်ကလေးတစ်ခုပေါ်လာတာ ပြောရအုံးမယ်၊ မိန်းမတစ်ယောက် အလုပ်ကအလုပ်ကြီးအကိုင်ကြီး၊ အိမ်ထောင်က ပျက်စီးသွားတယ် ဖြုန်းဆို၊ ပျက်စီးသွားတော့ နောက်ထပ်အိမ်ထောင်ကလည်း သူက ပြန်ပြီးတော့ပြုချင်တယ်၊ ပြုချင်တာကလဲ ရပ်ထဲရွာထဲက ရုပ်ကောင်း နှုတ်ကောင်းပေါ့ဗျာ ဒကာချို့ရ နော်၊ ခတ်သွက်သွက်လူတစ်ယောက်ကိုသူကမှန်းထား၊ မှန်းထားပြီးတော့ မြန်မြန်ပဲသူအိမ်ထောင်ပြုချင်တယ်၊ အလုပ်အကိုင်ကြီးကလည်း ကြီးနေတော့၊ ဒါပေမဲ့လို့သူက သူကိုယ်တိုင်တစ်ယောက်တည်း သူ့သဘောနဲ့သူ ယူလိုက်ပြန်ရင်လည်း တော်ကြာတော့ ဘေးကဝိုင်းပြောလာအုံးမှာကိုးဗျနော်၊ လောကသဘောက၊ ညီးမစဉ်းမစားနဲ့ သွားလုပ်တာပဲ ဘယ့်နဲ့ပဲ ဘာပဲနဲ့ အစတုန်းကတော့ အကြံပေးမယ့်သူရှိချင်မှရှိမှာ၊ ဝိုင်းအပြစ်တင်ဖို့များတော့ ကျုပ်တို့ဒကာဒကာမတွေက တယ်ဝန်လေးတာမဟုတ်ဘူး လောကကြီးက နော်။

အဲဒီလိုနဲ့ သူများအပြစ်တင်မှာစိုးတော့ သူက သူတော်တော် အားထားရတဲ့မိန်းမကြီးတစ်တွေကိုတိုင်ပင်တယ်၊ တိုင်ပင်တော့ မိန်းမကြီးတစ်တွေက "ဒါတော့ ညီးပေါင်းရသင်းရမှာပဲ ညီးစဉ်းစားပေါ့၊ ညီးစဉ်းစားပေါ့" သူလိုချင်တာက ဒါမဟုတ်ဘူး၊ "ကောင်းသားပဲယူပေါ့လား ဘယ့်နှယ့် ဘာနှယ့်ပဲနဲ့ သူကဒီလိုလာချင်တာ၊ ဟိုက ညီးစဉ်းစားပေါ့ ညီးစဉ်းစားပေါ့ဆိုတော့ ဒါနဲ့သူက အသာရပ်နေရတာ၊ ဒီတော့ တစ်ခါ ဒုတိယအကြိမ်တိုင်ပင်ပြန်တယ်၊ ဒီလိုပဲ "ညီးစဉ်းစား ညီးစဉ်းစား" တတိယအကြိမ်ကျတော့ တစ်ခါတိုင်ပင်ပြန်ရော ဒီလိုဒီလိုပဲဆိုတော့ မိန်းမကြီးတွေကလည်း ညီးစဉ်းစား ညီးစဉ်းစားပဲပြောနေတယ်၊ အဲဒီအခိုက်မှာကျောင်းကလည်းပဲ (၁၁)နာရီမို့လို့ ကြေးစည်တွေဘာတွေကလည်း ခေါက်သတဲ့၊ ရွာထဲက ရွာသူကြီးအိမ်ကလည်းမောင်းကြီးက ထုသတဲ့ဗျဒကာချို့ရ နော်။

http://www.dhammadownload.com



အဲဒီမောင်းကြီးထုတာနဲ့ ကြေးစည်ခေါက်သံကြားလိုက်တော့ အဲဒီဒကာမက သူယူချင်တဲ့ စကားကလည်းဟိုကလည်းမကိုက်ကြ၊ ညီးစဉ်းစား ညီးစဉ်းစား ညီးကပေါင်းရသင်းရမှာနဲ့ချည်းပြောနေတော့ သူက "ကျုပ်တော့ယူလိုက်ချင်တော့တာပဲ. . အခုပြောရင်းဆိုရင်းနဲ့ အခုကျုပ်ကတော့ အတိတ်နိမိတ်လည်းကောက်တာပဲ၊ "နို့ ဘယ့်နဲ့ကောက်တုန်းပြောစမ်းပါအုံး" အခုမောင်းကြီးနဲ့ကြေးစည်ကြီးက မကြားဘူးလားတော် ယူလေယူလေ ယူလေလို့ပြောနေတာ"သူကလိုချင်တာကိုး၊ ဒါနဲ့သူက ယူလိုက်ရောတဲ့ အဲဒီလူ၊ ဟိုကလည်း "ဒီလိုဆို အတိတ်နိမိတ်ကောင်းသားပဲ ယူချင်ယူတာပေါ့"လို့။ ကြေးစည်ကြီးနဲ့ မောင်းကြီးကမြည်တာတဲ့လေ ယူလေယူလေ, ယူလေယူလေယူလေလို့ ဆိုသတဲ့။ ဒီတော့ သူကယူလိုက်ရော။

ယူပြီးတော့ နောက်မကြာခင်ဘသားချောက သူကသုံးဖြုန်း သောက် စားရိုက်နက် သူ့ရှိတာတွေယူပေါင်နှံဖဲရိုက်နဲ့ တခါတည်းဗရုပ်သုတ်ခတ်နဲ့ဖြစ်ကုန်တော့၊ တကယ့်လူနဲ့တွေ့ရက်ဖြစ်၊ အဲဒီကျတော့ သူခများရှုံ့မဲ့ ရှုံ့မဲနဲ့ ဟို-မိန်းမကြီးတွေနဲ့ ပြန်တွေ့ကြပြန်တော့ "မှားလိုက်တာတော်-ရှင်တို့နဲ့တိုင်ပင်ပြီးတော့ ကျုပ် အိမ်ထောင်ပြုမိတာ" "အနို့ညီးအဲဒီတုန်းကတော့ ညီးကယူလေယူလေ ယူလေဆို၊ ညီးကသာယူလေယူလေဆိုတာတော့ ငါကြားတာကတော့ အဲလိုမကြားပါဘူး" လို့ ဆိုသတဲ့ မိန်းမကြီးတစ်ယောက်က။ "ဘယ့်နဲ့ကြားတာတုန်း" "လူပေလူတေ လူပေလူတေလို့ငါကကြားတာတော့" လို့ဆိုသတဲ့။ ဒကာရွှေတို့ အဲဒါစဉ်းစားကြတော်ကြာလူပေလူတေလို့ စဉ်းစားပြီးတော့လုပ်ကြနော်၊ ယူလေယူလေ ယူလေယူလေနဲ့ချည့် စိတ်ကူးကူးပြီး လူပေလူတေနဲ့ချည်းတွေ့နေကြအုံးမယ်။

အဲဒီလိုပဲ "ချမ်းသာတစ်ခု, မက်မောမှုကြောင့်, ပုပ္ဖူးရွှဟူသမျှလည်း, သုခကိုချည်း, လုံ့လသည်း၏. . " ချမ်းသာမက်မောကြလွန်းလို့ ဒကာ ဒကာမတွေ. . သတ္တဝါ အနန္တ ရှာဖွေကြတယ်၊ ချမ်းသာကိုရှာရင်းရှာရင်းနဲ့ပဲ ဒီထဲကဒုက္ခပေါင်းစုံတွေကြုံလာကြတယ်. . . ပြောလောက်ဆိုလောက်အောင်ဒုက္ခတွေ ရှိပေါ့၊ ဒီထဲက ခုနက ပြောခဲ့သလို ရေဘေးကြီးတွေ, မီးဘေးကြီးတွေအစရှိတဲ့ ဘေးပေါင်းစုံတွေနှင့်တကွ လောကဓာတ်သူ့,လောကဓာတ်သားတွေမှန်သမျှ ဘယ်သူကမှ မဖြေရှင်းနိုင်ကြတဲ့ အို, နာ, သေခေါ် တဲ့ ပြဿနာကြီးတွေ. . ဒါကြီးတွေကလည်း လာပြီးတော့တွေ့ကြရသေးတယ်။

http://www.dhammadownload.com



ချမ်းသာမယ်ထင်လို့ချမ်းသာတွေကို ရှာရင်း ရှာရင်းနဲ့ ဒီထဲက ခုနကပြဆို အပ်ခဲ့သည့်ရေလွှမ်းမိုးခြင်း,မီးဘေးသင့်ခြင်း,ဒုဗ္ဘိက္ခန္တရကပ်ခေါ်တဲ့ အစားအ သောက်တွေရှားပါးခြင်း၊ သတ္ထန္တရကပ်ခေါ်တဲ့ သူပုန်သကန်တွေ ပုံကန်ထကြွ သောင်းကျန်းကြပြီးကာလ တိုက်ဟာသတ်ဟာဖြတ်ဟာ၊ ကိုယ့်အိမ်မှ ကိုယ်မအိပ်ရဲ တဲ့ အခြေအနေမျိုးတွေနဲ့တွေ့ကြုံလာကြရတဲ့ အခါ ဒကာဒကာမတွေ အားကိုးရှာ ကြတယ်၊ ဒီဒုက္ခတွေက လွတ်မယ်လို့ထင်တာတွေမှန်သမျှ လျှောက်ပြီးတော့ လုပ်ကြရတယ်၊ နောက်ပိတ်ဆုံးကိုယ့်ကိုယ်ကို သတ်သေသွားတဲ့လူတွေလည်းပဲ ချမ်းသာလိမ့်မယ်ထင်လို့ သတ်သေတာဒကာချို့ရ သိလား။(မှန်ပါဘုရား)။

အဆိပ်သောက်သေတဲ့လူတွေ၊ စိန်နဲ့သံပုရာသောက်သေတဲ့လူတွေ၊ ရထားအောက် အလျားမှောက်ပြီးတော့သေတဲ့လူတွေ၊ သေနပ်,လက်နက်နဲ့ ကိုယ့် ကိုယ်ကို ပစ်သတ်ပြီးတော့သေတဲ့သူတွေ၊ အဲဒါသေရတာက နေရတာထက် ချမ်း သာလိမ့်မယ်လို့ အဲဒီလိုထင်လို့သေသွားကြတာပဲ အမှန်ကတော့၊ အဲဒီလိုနဲ့ချမ်းသာ မယ်ထင်နိုးနိုး အရာတွေကို ရှာဖွေကြရင်းနဲ့ နောက်ပိတ်ဆုံး အထိုက်အလျောက် ချမ်းသာလေးတွေ တွေ့ငြားသော်လည်းပဲ၊ ခုနကပြောခဲ့ အို နာ သေ ခေါ်တဲ့ ဒုက္ခဘေးကြီးတွေ။ သိပ္ပံနည်းနဲ့ကာကွယ် ကာကွယ်၊ သိပ္ပံမဟုတ်တဲ့နည်းနဲ့ကာကွယ် ကာကွယ် ဘယ်နည်းနဲ့မှလုပ်လို့မရတဲ့ အို နာ သေဘေးကြီးတွေနဲ့ ကြုံလာကြတဲ့ အခါကျတော့ ဒီဘေးကြီးတွေကလွတ်ကင်းချင်လို့ ရေလွှမ်းမိုးခြင်း မိဘေးသင့်ခြင်း သတ္ထန္တရခေါ်တဲ့ လက်နက်ဘေးသင့်ခြင်း အစာငတ်ခြင်း အစရှိတဲ့ ဘေးမျိုးစုံတွေ၊ ပုလိပ်ရောဂါ ကျောက်ရောဂါ အစရှိတဲ့ ရောဂန္တရကပ်ခေါ်တဲ့ ရောဂါဘေးဆိုး ကြီးတွေနဲ့ တွေ့ကြုံရမယ့်အဖြစ်မျိုးကလွတ်ရာလွတ်ကြောင်း၊ အားကိုးအားထားကို သတ္တဝါအပေါင်းတို့ရှာကြသည်။

အဲဒီလို ရှာလိုက်တယ်ဆိုရင်ပဲ ဉူးဇင်းတို့ ကမ္ဘာလောကကြီး လောကီသ မိုင်းကြောင်းအနေနဲ့ကြည့်ကြည့် ဗုဒ္ဓဘာသာဝင်သမိုင်းကြောင်းအနေနဲ့ပဲကြည့် ကြည့်၊ တချို့များဆိုလို့ရှိရင် တခါထဲ ရေဘေးကြီးတွေ,မီးဘေးကြီးတွေ, အစာငတ် ဘေးကြီးတွေ အစရှိတဲ့ ဘေးမျိုးကြီးတွေနဲ့ အိုဘေး နာဘေး သေဘေးကြီးတွေက ကင်းဝေးလိမ့်မယ်. . . လို့ ထင်ပြီးတော့ ဘာတွေလျှောက်လုပ်ကြတုန်း၊ သစ်ပင် ကြီးတွေကိုးကွယ်ရင်ပဲ ချမ်းသာတော့မလိုလို၊ တောင်ကြီးတွေကိုးကွယ်ရင်ပဲ တောင်ကြီးတွေစောင့်နေတဲ့နတ်ကြီးတွေက ချမ်းသာပေးတော့မလိုလို၊ တောကြီး တွေတောင်ကြီးတွေကိုပဲကိုးကွယ်ဆည်းကပ်ရင် တောကြီးတောင်ကြီးတွေကပဲ

http://www.dhammadownload.com



ချမ်းသာပေး နိုးနိုးနဲ့ ကိုးကွယ်ကြ ဆည်းကပ်ကြတယ် ဒကာချိုရနော်(မှန်ပါဘုရား)။

ရှေးပိုင်းကလူတွေဆိုလို့ရှိရင် အထူးသဖြင့် သာသနာဝင်သမိုင်းကပဲဖြစ်ဖြစ် ကမ္ဘာလောကကြီး လောကီသမိုင်းအကြောင်းနဲ့ပဲကြည့်ကြည့် လူတွေဟာ အဲဒီလို ဟိုအားထား ဒီအားထားနဲ့ ကိုးစားကြတယ်၊ ဒါပေမဲ့လို့ အားကိုးရာအစစ်အမှန်ကို မတွေ့ကြ၊ တကယ့်အားကိုးရာအစစ်မှန်တရားကိုမတွေ့ကြ၊ တကယ့်ချမ်းသာရေး တရားကို မတွေ့ကြ၊ ဒုက္ခတရားတို့ကိုသာလျှင် ချမ်းသာလိမ့်မယ်ထင်နိုးနဲ့ ရှာရင်း ရှာရင်းနဲ့ အဲဒီချမ်းသာတွေနဲ့ပဲ အချိန်ကုန်ခဲ့ကြရတယ်။

ဉူးဇင်းတို့ဘုရားရှင်ကိုယ်တော်မြတ်ပွင့်စတုန်းကတော့ပေါ့ *အဂ္ဂိဒတ္တဆိုတဲ့ ပုဏ္ဏားကြီးတဦးရှိခဲ့ဖူးတယ်၊ အဲဒီအဂ္ဂိဒတ္တဆိုတဲ့ ပုဏ္ဏားကြီးက ညံ့တဲ့ပုဏ္ဏားကြီး မဟုတ်ဘူး နဂိုတုန်းက သာဝတ္ထိပြည့်ရှင် ဘုရင်ကောလမင်းရဲ့ မင်းနှင့်တကွ တိုင်း ပြည်တခုလုံးကို သိမ်းကြုံးပြီး အဆုံးအမသြဝါဒပေးနေတဲ့ ပုရောဟိတ်ပုဏ္ဏားကြီး၊ အဲဒီပုရောဟိတ်ပုဏ္ဏားကြီးအဖြစ်ကနေပြီးသကာလ အတော်အတန်အသက် အရွယ်ကြီးတော့ အင်း-ငါ့မှာအိုဘေး နာဘေး သေဘေးတွေဆိုက်ရောက်လာပြီ၊ နောင်ဘဝတာကောင်းစားရေးအတွက် အားကိုးအားထားစရာငါရှာအုန်းမှတော် မယ်၊ သတ္တဝါတွေဆိုတာ အသက်ကြီးလာတော့ သံဝေဂဉာဏ်လေးဘာလေးလည်း ရှိလာတယ် ဒကာချိုရ၊ (မှန်ပါဘုရား)။

တော်တော် ရွယ်ရွယ်တုန်းကတော့ဖြင့် လောကီအာရုံကာမဂုဏ်တွေနဲ့ အချိန်ကုန်ပြီးသကာလ စိတ်တွေဟာ တက်ကြွတဲ့ အရွယ်အားလျော်စွာဖြစ်နေပေ မဲ့ အရွယ်ကလေးကဆုံးမပြီးတော့လာလိုက်တဲ့အခါကျတော့ မာန်မာနတွေကျ စိတ် တွေကျ ရုပ်တွေကျပြီးတော့ ချမ်းသာတဲ့လူကလည်း "သြ-ငါဒီဘဝ အထိုက် အလျောက်ချမ်းသာခြင်းသို့ရောက်နေတယ်၊ နောက်နောင်ဘဝတွေအတွက်-ငါ ဒီလိုဘဝမျိုးဖြစ်အောင် ဒီလိုအထက်တန်းရောက်အောင် ဒီလိုချမ်းသာအောင် ကြိုး စားဖို့လိုပါသေးလား၊ ဒီလိုချမ်းသာမျိုးကလက်လွတ်သွားမှာစိုးပြီးတော့ ကြံမိကြံ ရာတွေးရင်းနဲ့ အဲဒီပုရောဟိတ်ပုဏ္ဏားကြီး တောထဲထွက်လာခဲ့၊ မဂဓတိုင်းနဲ့ကော သလတိုင်းကြား တောအုပ်ကြီးမှာ သူကတစ်ယောက်တည်းထွက်ပြီး တရားအား ထုတ်နေတယ်။

---

* ဓမ္မ-၄-၂၊ ၁၅၆။

http://www.dhammadownload.com



တရားအားထုတ်နေတော့ နဂိုတုန်းကထဲက သူ့ကို လူအဖြစ်တုန်းကထဲက ကြည်ညိုနေကြတဲ့ တစ်ချို့လူတွေကလည်းပဲ သူ့ကိုယ် နဂိုကိုးစားရင်းဖြစ်ကြတဲ့ အတိုင်း "ဆရာကြီးဆီသွားမယ်ကွ,ဆရာကြီးဆီသွားမယ်ကွ"နဲ့ လိုက်လာလိုက်လာ ကြတာ အားလုံးပေါင်း လူပေါင်းတစ်သောင်းလောက်နီးနီးရှိတယ်တပည့်တွေ၊ အဲဒီလိုနဲ့သူက ရသေ့အသွင်နဲ့ အဂ္ဂိဒတ္တဆိုတဲ့ ပုရောဟိတ်တုန်းကနာမည်အတိုင်း အဂ္ဂိဒတ္တဆိုတဲ့ ရသေ့ကြီးအဖြစ်နဲ့ တောထဲမှာနေတယ်။ သူ့တပည့်တသောင်း အဆုံးအမဩဝါဒတွေပေးလို့ ကျောင်းသခ်ျန်းတွေများဆောက်ပြီးတော့ စုစုဝေးဝေး နဲ့နေကြ၊ ကောသလတိုင်း,မဂဓတိုင်းနှင့်တကွ တိုင်းထဲကလူတွေကလည်းပဲ တစ်လတစ်ခါဆိုသလိုပဲ ဒီအဂ္ဂိဒတ္တရသေ့ကြီးနဲ့တကွ ရသေ့ပေါင်းမြောက်များစွာ တို့ကို ပူဇော်ပွဲကြီးကျင်းပလေ့ရှိတယ်။

ဒီတော့ အဂ္ဂိဒတ္တ ရသေ့ကြီးကသူ့တပည့်တွေကိုသူကဘာဆုံးမလေ့ရှိတုန်း "မင်းတို့ချမ်းသာချင်ကြရင် ပဗ္ဗတံ သရဏံ ယာထ, ဝနံ သရဏံ ယာထ၊ ပဗ္ဗတံ-ဟောဟိုက တောင်ကြီးကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ယာထ-သင်တို့ ဆည်းကပ်ကြကုန်။ ဝနံ-တောအုပ်ကြီးတွေကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ယာထ- သင်တို့ ချမ်းသာရေးအတွက်, ဆည်းကပ်ကြကုန်။ အာရာမံ သရဏံ ယာထ။ အာရာမံ- ဟောဟိုကပန်းဥယျာဉ်ကြီးတွေကို၊ သရဏံ-သင်တို့ရဲ့ချမ်းသာရေးအ တွက်,ကိုးကွယ်ရာဟူ၍၊ ယာထ-ဆည်းကပ်ကြကုန်။ ဧဝံ သဗ္ဗဒုက္ခတော မုစ္စိဿ ထ။ ဧဝံ-ဤသို့တောစိုးသစ်ပင်ကြီးတွေ,ဥယျာဉ်ကြီးတွေ,တောင်ကြီးတွေကို ကိုးကွယ်ဆည်းကပ်ခြင်းသည်၊ သဗ္ဗ ဒုက္ခတော-အလုံးစုံသောဒုက္ခမှ၊ မုစ္စိဿထ- သင်တို့လွတ်မြောက်ကြလိမ့်မယ်။

အဲဒါ-ချမ်းသာလိမ့်မယ်ထင်ပြီးတော့ တောကြီးတွေ,တောင်ကြီးတွေ သစ်ပင်ကြီးတွေကို အကိုးကွယ်ခိုင်း၊ အဲဒီလိုကိုးကွယ်ခိုင်းပြီးတော့ သူ့တပည့်တပန်း တွေနဲ့ တခါတည်း ဆရာတစ်ဆူ ဂူတစ်လုံးဆိုသလိုပဲ လုပ်ပြီးတော့နေလိုက်တာ။ အဲဒီအချိန်မှာလည်းပဲ ဘုန်းကြီးတို့သဗ္ဗညုတဉာဏ်သခင် ဘုရားရှင်ကိုယ်တော် မြတ်ကလည်းပွင့်တော်မူလို့ သိပ်မကြာလှသေးတဲ့အချိန်၊ လှည့်ပြီးတော့ ဒေသစာရီ ကြွချီပြီးတော့လာတယ်။ ကျွတ်ထိုက်တဲ့ဝေနေယျသတ္တဝါတွေချွေချွတ်တော်မူ ခြင်းငှါ ဒေသစာရီလှည့်လည်ပြီးတော့ကြွလာတော့ ဒီနားရောက်လာတယ်။ ရောက် လာလို့ အဲဒီအနီးအနားတောအုပ်တစ်ခုမှာ သီတင်းသုံးပြီးသကာလ၊ သတ္တဝါအနန္တ

http://www.dhammadownload.com



တို့ကို သစ္စာလေးပါး တရားရေအေး အမြိုက်ဆေးတိုက်ကျွေးပေးတော်မူပေမဲ့လို့၊ အင်္ဂုဒတ္တကြီးက သူကလည်းပဲ ဆရာတစ်ဆူ၊ဂူတစ်လုံးဆိုသလိုဖြစ်နေတာ ဖြစ်နေတော့ ဘုရားရှင်ကိုယ်တော်မြတ်က သူ့ထက်အရွယ်အားဖြင့်ငယ်၊ သူက လည်းပဲ သူ့တပည့်တပန်းတွေနဲ့သူဖြစ်နေတော့ သူကလည်းပဲ မာနမချဘူး။

မာနမချတော့ သဗ္ဗညုတရွှေဉာဏ်သခင်ဘုရားရှင်ကိုယ်တော်မြတ်က သစ္စာလေးပါးတရားတွေကို ဘယ်လောက်ပဲဟောကြားနေပေမဲ့လို့ သွားပြီးတော့ နာမယ်လို့ဆိုတဲ့စိတ်ကူးတစ်ခါမှမဖြစ်ဘူး။ ဘာလဲ-သူလည်းဂေါတမဘုရားတစ်ဆူ တပည့်တပန်းနဲ့သူလည်း လူတစ်လူ သူတစ်ဆူလုပ်နေတာပဲ။ ငါလည်းပဲ ငါ့တပည့် တပန်းနဲ့ငါပဲလို့ ဒကာချိုရေ ခေတ်ပြိုင်ပုဂ္ဂိုလ်တွေဆိုတာ တစ်ယောက်နဲ့တစ် ယောက် အောက်ကျို့ခဲသဗျနော်၊(မှန်ပါဘုရား)၊ လောကမှာ ခေတ်ပြိုင်ပုဂ္ဂိုလ်တွေ ပေါ်လာပြီဆိုလို့ရှိရင် ပုဂ္ဂိုလ်တစ်ယောက် ဘယ်လောက်ဓမ္မဓိဋ္ဌာန်ကျကျနဲ့ ဘယ် လောက်ကောင်းနေတယ်ဆိုပါစေ၊ ဟိုဘက်က ခေတ်ပြိုင်ပုဂ္ဂိုလ်တစ်ယောက်ဟာ သူ့အောက်ကိုကျို့ခဲတယ်၊ သူ့အကောင်းပြောခဲတယ်၊ သူ့ရဲ့ဂုဏ်ရည်သတ္တိကို၊ ကိုယ်ကတစ်ကယ် နှိုက်နှိုက်ချွတ်ချွတ် ကောင်းပါပေတယ်လို့ သိသည့်တိုင်အောင် ကိုယ့်ရဲ့တပည့်တပန်းတွေကိုပြောခဲတယ်။ အကုန်အစဉ်ချီးမွမ်းနိုင်ခဲတယ်။ လောက တန်းတူချင်းချင်းတွေကြုပြီဆိုလို့ရှိရင် အသီးသီး အသကအသက မာနကလေးတွေ ထောင်လွှားနေတတ်တယ်။

ဒီတော့-အဲဒီလိုမာနကလေးတွေမထောင်လွှားရအောင်၊ မာနကိုသတ်တဲ့ နည်းကတော့ မေတ္တာဓာတ်ပွား၊ သတ္တဝါတွေမှန်သမျှ ကံအားလျော်စွာဖြစ်ပေါ်လာ ကြတာ၊ သတ္တဝါမှန်သမျှ အကြောင်းကံအားလျော်စွာဖြစ်ပေါ်လာကြတာဖြစ်လေ သောကြောင့်၊ အထက်ရောက်တာလည်းသူ့ကံကောင်းလို့၊ အောက်တန်းကျနေတာ လည်းသူ့ကံဆိုးလို့၊ အတိတ်ကံ ပစ္စုပ္ပန်ကံအကြောင်းအားလျော်စွာ သူ့မှာဖြစ်နေ တာ ငါက ဘာပြုလို့မာနတစ်လုံးထားပြီးတော့ ခြေဖျားထောက်ပြိုင်နေရမှာလဲ. . လို့ မာနကိုနှိမ့်ချဖို့ရာ၊ သတ္တဝါတွေမှန်သမျှရဲ့ ကံတရားကို စဉ်းစားပြီးသကာလ တန်းတူတွေရင် မေတ္တာတရားဝင်ရမယ်. . လို့၊ ကိုင်း-လိုက်ဆိုရအောင်-

❖ တန်းတူတွေ့လျှင်, မေတ္တာဝင်, မဝင်နိုင်က, ပြိုင်တတ်တယ်။

http://www.dhammadownload.com



အဲဒီတော့-တန်းတူပုဂ္ဂိုလ်တွေလာလို့ရှိရင် ဘယ့်နှယ့်လုပ်ရမတုန်း၊ မာနကြီးမနေနဲ့ မေတ္တာထားလိုက်ပါ. . . မေတ္တာပို့လိုက်စမ်းပါ၊ မေတ္တာသက်ရောက်လိုက်စမ်းပါ၊ ဒီလိုမဟုတ်လို့ရှိရင် မာနကြီးနေတတ်တယ်။(မှန်ပါဘုရား)၊ ပစ္စည်းဉစ္စာချင်း တန်းတူဖြစ်နေတဲ့ပုဂ္ဂိုလ်အချင်းချင်းတွေ့ရင်၊ ဂုဏ်အရည်အချင်းတန်းတူနေတဲ့ပုဂ္ဂိုလ်တွေရင်၊ ပညာအရည်အချင်းချင်း တန်းတူနေတဲ့ပုဂ္ဂိုလ်တွေ တွေ့လို့ရှိရင်၊ သူကဘာလဲ ငါကဘာလဲ၊ ဒင်းကဘာမို့လဲ၊ ငါကဘာမို့လို့လဲနဲ့ဆိုရင် အဲဒါမာနတရားခေါ်တယ်။ မာနတရားဖြစ်လာပြီဆိုရင် ကိုယ်သာနစ်နာတာပဲ၊ ဒီမာနတရားဆိုတဲ့ အကုသိုလ်က ကိုယ့်ကိုသာလျှင် ပြန်ပြီးတော့နှိပ်စက်တတ်တယ်။

## ❖ ကိုယ့်ထက်သာလျှင်,မုဒိတာဝင်,မဝင်ဣဿာယိုင်တတ်တယ်။

ဣဿာတရားဆိုတာ ငြူစူတတ်တဲ့သဘောတရား၊ ဣဿာဆိုတာ ပါဠိစကား၊ ဗမာလိုပြောရင် ငြူစူတယ်, စောင်းမြောင်းတယ်,မျက်စောင်းထိုးတယ်, နှုတ်ခမ်းစူတယ်, မဲ့တယ်ရွဲ့တယ်, စောင်းတယ်ချိတ်တယ်၊ အဲဒါ ဣဿာတရားတွေချည်းပဲမှတ်ပါ။ ဣဿာတရားရဲ့သဘောဟာ၊ ဣဿာအတွင်းခံတရားရှိလာပြီဆိုရင် ဒါတွေဖြစ်လာကုန်တာပဲ၊ အဲဒါ ဘယ်လိုနေရာတွေမှာ ဣဿာဖြစ်တတ်သလဲဆိုလို့ရှိရင်၊ ကိုယ်ထက်သာတဲ့လူတွေနဲ့တွေ့ရင်ဖြစ်တတ်တယ်။ ကိုယ့်ထက်သာတဲ့လူတွေနဲ့တွေ့ပြီဆိုရင် မုဒိတာတရားဆိုတာ ထားလိုက်စမ်းပါ၊ မုဒိတာတရားဆိုတာ ဝမ်းသာတဲ့တရား။

ကိုယ့်ထက်သာနေတယ်၊ ပစ္စည်းဉစ္စာအားဖြင့် သာနေတယ်၊ ရုပ်ရည်အားဖြင့်၊ ရာထူးဂုဏ်သိမ်အားဖြင့်သာနေတယ်၊ ပညာရေးအားဖြင့် အဆင့်အတန်းသာနေတယ်ဆိုရင် ထိုသာနေတဲ့ပုဂ္ဂိုလ်ရဲ့အပေါ်မှာ မုဒိတာခေါ်တဲ့ ဝမ်းမြောက်ခြင်းတရား၊ တော်ပါပေတယ်. . သာထိုက်ပါပေတယ်၊ အခုလက်ရှိပစ္စည်းဉစ္စာတွေ သူကြိုးစားအားထုတ်လို့၊ သူတရားသဖြင့်ရှာဖွေလို့ရတာတွေပဲ ရှိထိုက်ပါပေတယ်၊ ဒီလိုအိမ်မျိုးနဲ့ နေထိုက်ပါပေတယ်။ ဒီပစ္စည်းမျိုးရှိထိုက်ပါပေတယ်၊ ဒီအသုံးအဆောင်မျိုးတွေ သူ့မှာရှိထိုက်ပါပေတယ်။ သူကြိုးစားနေတာကိုက ကြည့်ပါ့လား၊ ကံတရားကိုက အတိတ်ကံ, ပစ္စုပ္ပန်ကံကောင်းပါပေတယ်။

အတိတ်ကံဆိုတာကတော့ ဒကာချိုရေ ဘယ်သူမှမမြင်နိုင်ကြပါဘူး နော်၊

http://www.dhammadownload.com



(မှန်ပါဘုရား)၊ အတိတ်ကံဆိုတာတော့၊ ဘယ်သူမှမမြင်နိုင်ကြဘူး၊ အတိတ်ကံ ကောင်းတယ် ဆိုးတယ်ဆိုတာ ဘယ်သူမှမသိဘူး၊ ပစ္စုပ္ပန်ကံသာကြည့်ကြပေါ့နော်၊ ပစ္စုပ္ပန်ကံကောင်း,ကောင်းသလို သတ္တဝါတွေမှာ အထောက်အပံ့ရတယ်၊ တတ်နိုင်တယ်၊ အထက်တန်းထိတက်လှမ်းနိုင်တယ်။ ကံဆိုတာ အလုပ်ပဲ ဒကာချို့ရ (မှန်ပါဘုရား)၊ နှုတ်နဲ့ပြောတာ, လက်ကလုပ်တာ,စိတ်ကကြံတာ အဲဒါ ကံတရားတွေချည်းပဲ၊ ကံ,ကံဆိုတော့ ဒကာ,ဒကာမတွေက အတိတ်ကကံကြီးတွေ သွားသွားချပြီးတော့ ကံမကောင်းလို့ ဘယ့်နှယ်ဖြစ်ရတယ်၊ ကံကောင်းလို့ ဘယ်လိုဖြစ်ရတယ်။ ကံဆိုတာ ကိုယ်လောလောဆယ်လုပ်ကိုင်နေတာတွေပေါ်မှာ ဒကာ,ဒကာမတွေ သဘောပေါက်ခဲတယ်ဗျ ဒကာချို့ရ နော်၊ (မှန်ပါဘုရား)။

ကံတရားဆိုတာ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်မျိုးရှိတယ်။ အတိတ်ကံဆိုတာ ဘယ်သူမှမမြင်ခဲ့ကြရဘူး၊ လွန်ပြီးသား၊ ဒီသတ္တဝါ လုပ်ခဲ့တာပဲလုပ်တော့၊ ဒီတော့-အတိတ်ကံတော့ထားလိုက်တော့ပေါ့၊ ပစ္စုပ္ပန်ကံကတော့ဖြင့် ကောင်းတာတွေကိုလုပ်နေရင် ကောင်းကျိုးချမ်းသာမင်္ဂလာတွေရောက်လာရမယ်၊ မကောင်းတာတွေကိုလုပ်နေရင် မကောင်းတဲ့ အနိဋ္ဌဖလရုပ် ဒုက္ခဝေဒနာတွေ မကောင်းတဲ့သတင်းတွေ၊ မကောင်းတဲ့အကျော်အစောတွေ၊ မကောင်းတဲ့ ဒုက္ခဝေဒနာတွေ၊ မကောင်းတဲ့ဒဏ်တွေ အကုန်လုံးသင့်လာမယ်၊ အဲဒါ-အကြောင်းအကျိုးဆက်စပ်ပြီးတော့ ဒကာ,ဒကာမတွေ တွေးတတ်လို့ရှိရင် ကံတရားဟာလေ မနက်ဖြန်ခါ ကံကောင်းချင်ရင် ဒီနေ့ကံကောင်းအောင်လုပ်ရတယ် ဒကာချို့ရသိလား၊ (မှန်ပါဘုရား)။ သတ္တဝါတွေက ကံကောင်းတာများ သူ့ဘာသူအချောင်ကောင်းတယ်၊ အချောင်မကောင်းဘူးချည်းထင်ကြတယ် များသောအားဖြင့်။

ကိုယ့်ကံကောင်းချင်ရင် ကိုယ်ကံကောင်းအောင်လုပ်လို့ဖြစ်တယ်၊ ကံကောင်းချင်ရင် ကိုယ့်ဘာကိုယ်လုပ်ပါ ရပါတယ်၊ ပစ္စုပ္ပန်ကံဆိုတာဟာ အထောက်အပံ့၊ အတိတ်ကံကဘယ်လောက်ဆိုးနေသည့်တိုင်အောင် ပစ္စုပ္ပန်ကံက ရတနာသုံးပါးကို ဆည်းကပ်နေတယ်၊ နေ့စဉ်ဘုရားပန်းလှူနေတယ်၊ ရတနာသုံးပါးကို မမေ့မလျော့ဘူး၊ ဒါနမှု,သီလမှု,ဘာဝနာမှုကိုလည်းပဲ မမေ့လျော့ဘူး၊ အရာရာမှာ စေတနာတွေသန့်သန့်ရှင်းရှင်းနဲ့လုပ်တယ်၊ သူတစ်ပါးအပေါ်မှာ မေတ္တာပွားများနေတတ်တယ်၊ စေတနာလေးဖြူဖြူစင်စင်နဲ့ ထားတတ်တယ်၊ သူတစ်ပါးအလှူကို ဝိုင်းကူပြီးတော့လုပ်ရသည့်တိုင်အောင်၊ စေတနာသန့်သန့်ပြန့်ပြန့်နဲ့လုပ်တတ်တယ် လို့ဆိုရင်

http://www.dhammadownload.com



ဒီအလှူမှာဝိုင်းအုံပြီးတော့ လုပ်ကြရတာအတူတူဖြစ်လင့်ကစား စေတနာဖြူတဲ့သူဟာ ကံကောင်းလိမ့်မယ်၊ သူ့အကျိုးပေးလာလိမ့်မယ်။

ဒါ့ကြောင့်-ကံတရားဆိုတာဟာ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ကံလုံးကိုကြည့်ပြီးတော့ တော်ပါပေတယ်၊ ပစ္စည်းဥစ္စာရှိထိုက်ပါပေတယ်၊ သူရှာဖွေပုံကိုက တစ်ခါတည်း တက်တက်ကြွကြွနဲ့တယ်ပြီးတော့ဝီရိယကောင်းတာပဲ၊ တောင်သူလုပ်လည်း တောင်သူမို့လို့၊ ကုန်သည်လုပ်လည်း ကုန်သည်မို့လို့ တက်တက်ကြွကြွ စေ့စေ့စီးစီးထပြီး၊ "ကုန်သည်ဖျင်းတော့ စာရင်းတွက်၊ တောင်သူဖျင်း လင်းမှထွက်" ဆိုသလိုပဲ သူတစ်ပါးတွေထွက်လို့ ပြန်လာမှထွက်ပြတဲ့အထွက်မျိုးမဟုတ်ဘဲ၊ စေ့စေ့စီးစီးထထွန်လို့ စေ့စေ့စီးစီး လုပ်စရာရှိတာလုပ်လို့ ကိုယ်က ဦးအောင်ပြုအောင် လုပ်လေ့ရှိတဲ့အတွက် တော်ပါပေတယ်၊ ရှိထိုက်ပါပေတယ်လို့ ကံတရားကိုသွားပြီးတော့ စဉ်းစားပြီးတော့ မုဒိတာခေါ်တဲ့ဝမ်းမြောက်ခြင်းတရားရှိလိုက်သည်နှင့်တစ်ပြိုင်နက် ဣဿာခေါ်တဲ့ မနာလိုတဲ့တရားဟာ တစ်ခါတည်းပျောက်သွားတယ် ဒကာချိုရ နော်၊(မှန်လှပါဘုရား)၊ ဒါ ဝိပဿနာနဲ့သတ်တဲ့ အသတ်မဟုတ်သေးဘူး ဒကာဒကာမတွေ၊ သမထသတ်ခေါ်တယ်။ မုဒိတာခေါ်တဲ့တရားနဲ့ အကြောင်းကိုစဉ်းစားပြီးသကာလ ဝမ်းမြောက်လိုက်တယ်ဆိုသည်နှင့်တစ်ပြိုင်နက် တစ်ခါတည်း သူ့အပေါ်မှာ မနာလိုချင်တဲ့စိတ်တွေပျောက်သွားတယ်။

တော်ပါပေတယ်,တော်ပါပေတယ်၊ ရှိထိုက်ပါပေတယ်၊ ဒီဂုဏ်မျိုး၊ ဒီဂုဏ်မျိုး၊ ဒီရာထူးမျိုးရထိုက်ပါပေတယ်၊ သူ့ရဲ့လုပ်ရည်ကိုင်ရည်နဲ့ တက်ထိုက်ပါပေတယ်၊ ဒီစာမေးပွဲမျိုးအောင်ထိုက်ပါပေတယ်၊ ဒီပညာမျိုးရှိထိုက်ပါပေတယ်၊ ဒီအခြေခံမျိုးရထိုက်ပါပေတယ်၊ သူ့ရဲ့ကြိုးပမ်းချက်တွေက အခြေကိုကသိပ်ကောင်းနေတာပဲ. . လို့၊ အကြောင်းအကျိုးဆက်စပ်ပြီးတော့ကြည့်လိုက်မယ်ဆိုရင်ဖြင့်၊ သူ့ရဲ့ကံကောင်းသည့်အားလျော်စွာ ရလာတဲ့ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာ ပညာ အဆင့်အတန်းတွေ ကိုယ်က ဘာမှဣဿာဖြစ်နေစရာမလိုတော့ဘူး၊ ဒါ့ကြောင့်-ဣဿာဘက်ယိုင်မသွားအောင် မုဒိတာနဲ့ထိမ်းကြ. . . မုဒိတာတရားသဘောထား-ဝမ်းမြောက်ခြင်းတရား။ ကိုယ့်အောက်ကျနေတဲ့ပုဂ္ဂိုလ်ကျတော့ ဆိုလိုက်ကြအုံးစို့-

❖ ကိုယ့်အောက်တွေလျှင်, ကရုဏာဝင်, မဝင်နိုင်က, နိုင်တတ်တယ်။

http://www.dhammadownload.com



ကိုယ့်ထက်အောက်တန်းကျတဲ့ပုဂ္ဂိုလ် တွေ့လာပြီဆိုတဲ့အခါကျတော့ ကရုဏာတရားသက်ရောက်စမ်းပါ၊ ကရုဏာတရားဆိုတာ ဒကာချိုရေ သနားခြင်းသဘောတရားလေးနော်၊(မှန်ပါဘုရား)၊ ကိုယ့်ထက်ဆင်းရဲနေတဲ့ပုဂ္ဂိုလ် ကိုယ့်ထက်အောက်တန်းကျနေတဲ့ပုဂ္ဂိုလ်၊ စီးပွါးရေးအရအောက်တန်းကျနေတဲ့ပုဂ္ဂိုလ်၊ ရာထူးဂုဏ်သိမ်အားဖြင့် အောက်ကျနေတယ်၊ အသိပညာအားဖြင့် အောက်တန်းကျနေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ပေါ်မှာ သနားလိုက်စမ်းပါ. . . တဲ့။

သူ့အတိတ်ကံအကြောင်း မကောင်းရှာလို့ ပစ္စုပ္ပန်မှာသူက ဘာတွေလျှောက်လုပ်နေတာပဲ၊ ဘယ်လိုထိုင်တာပဲ၊ ဘယ်လိုသွားတာပဲ၊ ဘယ်လိုပြောတာပဲ၊ သူ့-အကြောင်းကိုကမကောင်းရှာလို့သူ့ဒုက္ခရောက်ရှာတာပဲ. . လို့ အဲဒီလိုကရုဏာတရားသက်ရောက်သွားလိုက်သည်နှင့်တစ်ပြိုင်နက် သူ့အပေါ်မှာနိုင်လှ့နိမ်ထက်ညှင်းပန်းနှိပ်စက်ချင်တဲ့ အဲဒါလည်းပဲ ဒေါသတမျိုး အကုသိုလ်တမျိုးပဲ၊ အဲဒီတရားတွေပျောက်ထွက်သွားတယ်၊ နိုင်,နိုင်တိုင်းစီးချင်တဲ့သဘောတွေ ပျောက်သွားတယ်၊ သနားစရာပဲ သူ့အကြောင်းမကောင်းလို့ အကျိုးလာပြီးတော့ မကောင်းနေရှာတာ သနားစရာပါပဲလို့ဆိုတဲ့ ကရုဏာတရားရောက်လာသည်နဲ့တပြိုင်နက် နိုင်လွှ်မင်းထက်ညှင်းပန်းနှိပ်စက်ခြင်းဆိုတဲ့ဟာတွေ အကုန်ပျောက်သွားသည်။ ဟော-နောက်ဆုံးအပြီးသတ်ချုပ်လိုက်တော့-လိုက်ကြအုံး-

❖ သဗ္ဗေသတ္တာ, သတ္တဝါ, ကံသာမူလပိုင်ကြတယ်။

သတ္တဝါတွေမှန်သမျှ ကံတရားအားလျော်စွာဖြစ်လာတာ၊ ဒီတော့ ဘယ်သူ့ဘယ်သူမှ က္ကသတရား မစ္ဆရိယတရား ဖြစ်နေစရာမလို။ ဘယ်သူ့ဘယ်သူမှနိုင်လူမင်းထက်လုပ်စရာမလို၊ ဘယ်သူ့ဘယ်သူချင်းမှလည်း တန်းတူချင်းတွေ့လို့ ပြိုင်စရာမလို မာနထားစရာမလို. . လို့ ခု အင်္ဂုဒတ္တဆိုတဲ့ ပုဏ္ဏားကြီးကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ပွင့်နေပေမဲ့လို့ ဒင်းဘာလဲ ငါဘာလဲဆိုတဲ့ မာနတရားထားပြီးသကာလ အပြိုင်ဝင်နေလိုက်လို့ ဘယ်လောက်မှန်ကန်တဲ့ သစ္စာ(၄)ပါးတရားတွေကို ဟောကြားနေတာဖြစ်လင့်ကစား သွားပြီးတော့တရားမနာနိုင်ဘူးတဲ့ ဒကာချိုရနော်(မှန်ပါဘုရား)။

သူ့တပည့်တွေထဲကတစ်ချို့ကသွားပြီးတရားနာကြတယ်၊ တရားနာရင်းနဲ့ ကောင်းမှန်းသိပြီးတော့ တချို့ကသောတာပန်,သကဒါဂါမိတွေတည်သွားကြ၊

http://www.dhammadownload.com



တည်သွားကြတော့ သူတို့ဆရာကြီးကိုလာပြောတယ်၊ ဆရာကြီး. . . ဘုရားရှင်ကိုယ်တော်မြတ်ရဲ့တရားကို တစ်ခါလောက်လိုက်နာစမ်းပါ။ အင်မတန်ကောင်းတဲ့တရားပါ၊ ကျုပ်တို့တော့ အင်မတန်သဘောကျပါတယ်"သွားပြောတယ်၊ ဒါပေမဲ့လို့ သူကမာနခံနေတယ်၊ "မင်းတို့ကြိုက်ရင် မင်းတို့သွားကြပါ၊ ငါတော့ဖြင့် အိုးစရီးကြီး အဖြစ်ကနေပြီးသကာလ ရေလောင်းအိုးကလေးတော့ ငါပြန်မလုပ်ပါရစေနဲ့တော့" မာနကြီးနေလိုက်ပုံ ဒကာချိုရနေ၁်၊ တော်တော်သံဝေဂရစရာကောင်းတယ်၊ ထကယ်ကောင်းမှန်းသိသည့်တိုင်အောင် မလိုက်နိုင်ဘူး။

အဲဒီလိုနဲ့သူက မာနခံပြီးတော့ နေတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က တစ်နေ့တော့ လောကကြီးတခုလုံး ကျွတ်ထိုက်တဲ့သတ္တဝါ အနန္တတို့ကို သဗ္ဗညုတဉာဏ် ကွန်ယက်ဖြန့်ကျက်ပြီးတော့ကြည့်လိုက်တဲ့အခါ၊ အဲဒီ အဂ္ဂိဒတ္တဆိုတဲ့ ဆရာကြီးနဲ့တကွတပည့်အပေါင်းတွေ ကျွတ်တမ်းဝင်မှာမြင်။ မြင်ပေမဲ့လို့ လွယ်လွယ်နဲ့ ချွတ်လို့မရဘူးဆိုတာလည်းသိတော်မူတယ်၊ ဒီတော-ဘုရားရှင်ကိုယ်တော်မြတ်က ကြိုတင်ပြီးတော့ အရှင်မောဂ္ဂလာန်ကိုလွှတ်လိုက်၊ ညဦးပိုင်းကနေပြီးတော့ အရှင်မောဂ္ဂလာန်လွှတ်လိုက်တယ်၊ လွှတ်လိုက်တော့ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်က ကြွသွားတယ်၊ အဂ္ဂိဒတ္တတို့ ဆရာတပည့်တို့နား ရောက်သွားတော့၊ အဲဒီ အရှင်မောဂ္ဂလာန်ကြွတော်မူတဲ့ အချိန်လောက်မှာပဲ လေကြီးမိုးကြီးကလည်းကျ၊ လေကြီးမိုးကြီးကျတော့ အဂ္ဂိဒတ္တတို့ ဆရာတပည့်တစ်တွေက အသီးအသီး ကျောင်းသင်္ခမ်းတွေထဲဝင်ပြေးသွားကြတယ်၊ ကိုယ့်ကျောင်းကလေးထဲကိုယ် ဝင်နေကြတယ်၊ ညနေနည်းနည်းလေး မှောင်လည်းသွားရော၊ ဒီတော့-အရှင်မောဂ္ဂလာန်က အနားရောက်လာပြီးတော့ "အဂ္ဂိဒတ္တ. . အို. . အဂ္ဂိဒတ္တ" လှမ်းခေါ်တယ်၊ ဒီတော့ -အဂ္ဂိဒတ္တက စဉ်းစားတယ်၊ အောင်မာ. . ကမ္ဘာလောကမှာ ငါ့ကို အဂ္ဂိဒတ္တလို့နာမည်နဲ့ထုတ်ဖော်ပြီးတော့ ခေါ်ရဲတဲ့သူဇမ္ဗူမှာ မရှိပါဘူး၊ ဘယ်သူများဖြစ်ပါလိမ့်မတုံး၊ သူကငါ့-နာမည်နဲ့များထုတ်ခေါ်လို့ ဆိုပြီးတော့ တံခါးဖွင့်ကြည့်လိုက်တော့ အရှင်မောဂ္ဂလာန်တွေ့၊ တွေ့တော့ သူက မြတ်စွာဘုရားရဲ့ဂိုဏ်းသား၊ မြတ်စွာဘုရားရဲ့ တပည့်သားဖြစ်နေတော့သူ မျက်စိထဲမှာကြည့်ရတာ တယ်ပြီးတော့ မနှစ်သက်လှဘူး။

"ဒီတော့-အခုခေါ်တာကဘယ်သူလဲ" သူကမာနသံနဲ့ လှမ်းမေးတယ် အရှင်မောဂ္ဂလာန်က" အဂ္ဂိဒတ္တ. . ငါပါ" "ဘာကိစ္စရှိလို့တုန်း" "ငါဟာ ဒီတစ်ညတာ

http://www.dhammadownload.com



တည်းခိုချင်လို့ပါ၊ ငါခရီသွားရင်းဒီရောက်လာတာ တစ်ညတာတည်းခိုခွင့်ပြုပါ" "ဟာ-ကိုယ်တော်. . တပည့်တော်တို့ကျောင်းမှာမရှိဘူးတည်းခိုစရာ၊ ကျောင်းသခ်မ်းအသီးအသီး တပည့်တော်နဲ့ တပည့်တွေအပြည့်ဖြစ်နေတာ၊ ကိုယ့်တော့်ဖို့ နေရာမရှိဘူး မပေးနိုင်ဘူး" "အဂ္ဂိဒတ္တ-ဒီလိုမလုပ်ပါနဲ့ လောကမှာ တိရစ္ဆာန်ဇာတ်ဖြစ်နေတဲ့ ကျွဲတွေနွားတွေတောင်မှ သူတို့အချင်းချင်း၊ သွားကြရင် နေစရာတခုတော့ရကြပါတယ်။ နွားတွေဟာ-နွားတွေထံသွားကြတယ်၊ ကျွဲတွေဟာ-ကျွဲတွေထံသွားကြတယ်၊ လူဝတ်ကြောင်တွေဟာ လူဝတ်ကြောင် အချင်းချင်းထံသွားကြသလို ငါတည်းဟူသော သာသနာတော်ဝန်ထမ်း ရဟန်းတော်တစ်ပါးဟာလည်း သင်တို့ကဲ့သို့ သာသနာတော်ဝန်ထမ်း ရဟန်းအသွင်နဲ့နေတဲ့ ပုဂ္ဂိုလ်တွေ ရဲ့ထံကို ငါလာပါတယ်. . . အဂ္ဂိဒတ္တရဲ့ အချင်းချင်းတွေကိုဒီလိုမလုပ်ပါနဲ့"။

ဒီလိုဆိုတော့ အဂ္ဂိဒတ္တသိပ်မပြောသာဘူး မပြောသာတော့"ကိုင်း-ကိုယ်တော်. . နေရာပေးစရာတော့ရှိတာမဟုတ်ဘူး၊ ကိုယ်တော်က နေချင်တယ်ဆိုလို့သာ" "ဟောဟိုနားကသဲပုံ မအားဘူးလား၊ သဲပုံကြီး" "ဟာ-သဲပုံကြီးတော့ အားတာပေ့ါ၊ ကိုယ်တော့် ပေးလို့မဖြစ်ပါဘူး၊ မဖြစ်ပါဘူးကိုယ်တော်. . အဲဒီနေလို့မဖြစ်ပါဘူး" "ကိစ္စမရှိပါဘူးအဂ္ဂိဒတ္တရာ၊ အဲဒီသဲပုံကြီးသာ ငါနေပါရစေ၊ ဒီနေ့ည တစ်ည အဲဒီသဲပုံကြီးမှာ ငါ့တည်းခွင့်သာပြုလိုက်"၊ အဲဒီသဲပုံကြီး သူကတည်းခွင့် မပြုတာက ဒကာချီုရ နဂါးတစ်ကောင်က လာလာပြီးတော့နေလေ့ရှိသတဲ့ ဒီသဲပုံကြီး၊ ဒါ့ကြောင့်မို့လို့ဂေါတမရဲ့ တပည့်တစ်ပါးရယ်လို့ အင်မတန်အညိုးထားပြီးတော့ မုန်းပင်မုန်းငြားသော်လည်း နဂါးပေါက်သတ်လို့သေမှာအထိလောက်တော့ သူမရက်စက်ဝံ့သေးဘူးတဲ့။

ဒါ့ကြောင့်မို့လို့ "ကိုယ်တော်. . အဲဒီသဲပုံတော့ မနေချင်ပါနဲ့"လို့ တားတယ်၊ အဲဒီသဲပုံကြီးကလည်း သူတို့ရသေ့ဆရာတပည့်တတွေဟာ တရားအားထုပ်ကြ၊ခုနကလို တရားတို့ဘာတို့မှတ်ကြရင်း တရားနှလုံးသွင်းကြရင်းနဲ့ အကုသိုလ်တရား ကိလေသာကာမဂုဏ်စိတ်ရောက်လာလို့ရှိရင် ရောက်လာသည်နဲ့ တပြိုင်နက်သဲတစ်လက်ခုပ် တစ်လက်ခုပ် ဂင်္ဂါမြစ်ထဲကယူပြီးသကာလ ဒဏ်ထမ်းကြစတမ်းလို့ဆိုပြီးတော့ ထားလာလို့မို့ တဖြေးဖြေးနဲ့ကြီးမားလာတဲ့သဲပုံတဲ့ ဒကာရွှေရနော် (မှန်ပါဘုရား) အဲဒီလိုသဲပုံ ကြီးလာတဲ့အခါကျတော့ အဟိဆတ္တဆိုတဲ့ နဂါးမင်းကြီးက ညတိုင်လာလာပြီးတော့ သဲပုံကြီးနားအိပ်လေ့ရှိတယ်၊ ဒါ့ကြောင့်မို့လို့သူက အဲဒီ သဲပုံကိုမအိပ်ပါနဲ့လို့တားတယ်။

http://www.dhammadownload.com



ဒါလည်းအရှင်မဟာမောဂ္ဂလာန်ကရှိပါစေ. . နေပါရစေလို့ဆိုပြီးတော့ နေလိုက်တယ်၊ နေလိုက်တော့ "ကိုင်း-ကိုယ်တော်နေချင်လို့နေတာဖြင့် ကိုယ်တော့်တာဝန်ပဲ ကိုယ်တော်နေချင်နေတော့"လို့ပြောလိုက်တဲ့အတိုင်းပဲ အရှင်မောဂ္ဂလာန်က အဲဒီသဲပုံကြီးနားကြွပြီးတော့ သပိတ်ကလေးဘေးချ သင်္ကန်းကလေးခင်းပြီး သကာလ သမာပတ်ဝင်စားပြီးတော့ သီတင်းသုံးတော်မူတယ်၊ အချိန်ကျတော့ အဟိဆတ္တဆိုတဲ့ နဂါးကရောက်လာ၊ "ငါ့နေရာဘယ်သူဦးနေပါ့လိမ့်မလဲ"လို့ဒေါသပုံထပြီးတော့ အဟိဆတ္တ ဆိုတဲ့ နဂါး ကအခိုးတွေလွှတ်၊ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကလည်း ဒါတွေကိုကြိုတင်မြင်တော်မူပြီးသားဖြစ်သည့်အား၊ လျော်စွာ တစ်ခါတည်းနဂါးနဲ့ပြိုင်ပြီးတော့ အခိုးတွေလွှတ်၊

အဲဒီလိုနဲ့ နဂါးရဲ့ အခိုးတွေရယ်၊ အရှင်မဟာမောဂ္ဂလာန်ရဲ့ အခိုးတွေရယ်တစ်ခါတည်း တစ်ကျောင်းဝိုင်းလုံး မီးခိုးလုံးပြီးတော့ နေလိုက်တဲ့အခါကျတော့ ခုနက-အဂ္ဂိဒတ္တတို့ဆရာတပည့်တွေက "သေတော့မှာပဲဟေ့-ရဟန်းဂေါတမ တပည့်တစ်ပါးတော့သေတော့မှာပဲ မနက်ကျတော့ အလောင်းတွေ့ရမှာပဲ" လို့ ထင်နေ၊ ဒီလိုနဲ့ ပကတိ အဟိဆတ္တ ခေါ်တဲ့နဂါးမင်းနဲ့ ရဟန္တာတည်းဟူသော အရှင်မဟာမောဂ္ဂလာန်နဂါးမင်းတို့ တန်ခိုးချင်းပြိုင်ကြရာက နောက်ပိတ်ဆုံး ပကတိနဂါးခေါ်တဲ့ အဟိဆတ္တ နဂါးမင်းရှုံး၊

ရှုံးတဲ့ အခါကျတော့ အဲဒီလို တန်ခိုးပြိုင်, ပြိုင်ရင်းနေရင်း၊ထိုင်ရင်းနဲ့နံနက်လင်းလာတဲ့အခါကျတော့ အဂ္ဂိဒတ္တဆရာကြီးနဲ့တကွတပည့်အပေါင်းဝိုင်းပြီးတော့ လာကြတယ်၊ "ရဟန်းဂေါတမရဲ့တပည့်တစ်ပါး ဘယ်လိုများဖြစ်နေမလဲ၊ ဘယ်လိုများသေနေမလဲ နဂါးများပေါက်သတ်လို့ ဘယ်လိုများနေမလဲဟ" လို့ဆိုပြီးတော့ ဝိုင်းလာကြည့်ကြတော့ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက နဂါးရဲ့အခွေပေါ်မှာထက်ဝယ်ဖွဲ့ခွေ ထိုင်နေသီတင်းသုံးတော်မူပြီးသကာလ အဟိဆတ္တနဂါးမင်းကြီးက အပေါ်က ပါးပြင်းနဲ့ ဖြန့်မိုးပြီးသကာလ ရိုသေညွှတ်ကျိုးရှိခိုးနေတဲ့ အသွင်. . . တွေ့မြင်လိုက်ကြရ။

ဒီတော့သူတို့သိပ်အံ့ဩသွားတယ် "အမလေး. . . အံ့ဩစရာကောင်းလှပါလား. . . တို့ဖြင့်ကြောက်လွန်းလို့ တိမ်းရှောင်ရတဲ့ နဂါး၊ ဒီကိုယ်တော်က ကြည့်ပါဦးထက်ဝယ်ဖွဲ့ခွေပြီးတော့ နဂါးအခွေပေါ်မှာထိုင်နေလိုက်သေးတယ်၊ နဂါးမင်းက ပါးပျင်းများဖြန့်မိုးပြီးတော့ပေးနေလိုက်သေးတယ်၊ အရိုအသေပြုနေလိုက်သေး

http://www.dhammadownload.com



တယ်၊ တန်ခိုးတော့ အင်မတန်ကြီးတဲ့ကိုယ်တော်ဖြစ်လိမ့်မယ်" ဆိုပြီးတော့ဝိုင်းပြီးတော့ကြည့်နေကြတဲ့အချိန်၊ ဘုရားရှင်ကိုယ်တော်မြတ်ကလည်းကြွလာ၊ ဘုရားရှင်ကိုယ်တော်မြတ်ရောက်လာတော့ အရှင်မောဂ္ဂလာန်က ကဗျာကယာနဲ့ နဂါးအခွေပေါ်ကနေပြီးတော့ဆင်းပေးလိုက်တယ်၊ ဆင်းပေးလိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီနေရာဝင်သီတင်းသုံး။

ဒီတော့မှ သူတို့က "ဩော်-ကိုယ်တော့်ထက် ဒီပုဂ္ဂိုလ်က တန်ခိုးကြီးသေးသလား" "ကြီးတာပေါ့၊ ငါ့ရဲ့ဆရာ ဒီပုဂ္ဂိုလ်က၊ ငါတန်ခိုးကြီးတယ်ဆိုတာ ဒီပုဂ္ဂိုလ်နဲ့နှိုင်းစာလိုက်မယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ငါ့ထက်အဆပေါင်းတစ်ရာ တစ်ထောင် တစ်သောင်းမကတန်ခိုးကြီးတယ်၊ ငါ့ထက်အဆပေါင်းများစွာ သာတယ်လို့" ပြောလိုက်တော့မှ အင်္ဂဒတ္တဆရာကြီးနှင့်တကွ တပည့်အပေါင်းတို့ဟာ အကုန်လုံး ဘုရားရှင်နှင့်တကွအရှင်မောဂ္ဂလာန်အပေါ်မှာ စိတ်ကူးပြီးတော့ညွတ်လာကြတယ်။

မှဒုစိတ္တခေါ်တဲ့ သိမ်မွေ့တဲ့စိတ်တွေ" ပုဂ္ဂိုလ်ခင်မှ တရားမင်"ဆိုတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်တို့က ချေချွတ်တော်မူတဲ့နေရာမှာ ညွတ်လာအောင် အရင်လုပ်ယူရတယ် ဒကာချိုရသီလား၊(မှန်လှပါဘုရား)၊ တန်ခိုးတွေ့, တန်ခိုးတွေ ဘုရားရှင်ကိုယ်တော်မြတ်တို့ တန်ခိုးတွေရှာထားတယ်ဆိုတာ ဒီလိုသတ္တဝါတွေ ချေချွတ်ရအောင်လို့ မှတ်စမ်းပါ၊ သူ့တစ်ကိုယ်ကောင်း တန်ခိုးပြပြီးတော့စားမလို့မဟုတ်ပါဘူး ဒကာချိုရနော်၊(မှန်ပါဘုရား)၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်တို့ တန်ခိုးတွေကိုရအောင်ကြိုးစားအားထုတ်တော်မူတာဟာ ယနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေအပါအဝင် သတ္တဝါအနန္တတို့ကို ချစ်တယ်ဆိုတာဟာ ယုံကြည်လိုက်ကြစမ်းပါ။

ခုအင်္ဂဒတ္တတို့တစ်တွေ တန်ခိုးပြပြီးတော့ စိတ်ညွတ်လာတော့မှ၊ " အင်္ဂဒတ္တသင်ကတပည့်တပန်းတွေနဲ့နေလိုက်တာ ဘာတွေများသင်က သင့်တပည့်တွေ တရားဟောပေးနေတုန်း၊ ဘာတရားတွေများပေးနေတုန်း" ဆိုတော့မှ အင်္ဂဒတ္တက ခုနကအကြောင်းလျှောက်တာ၊ "တပည့်တော်တော့ဖြင့် တောကြီးတွေကိုးကွယ်ကြ၊ တောင်ကြီးတွေကိုးကွယ်ကြ၊ ဥယျာဉ်ကြီးတွေ ဆည်းကပ်ကြ၊ ဒီတောကြီးတွေ့,တောင်ကြီးတွေ့, ဥယျာဉ်ကြီးတွေကို ဆည်းကပ်ကိုးကွယ်ခြင်းသည် သင်တို့မှာ ချမ်းသာသုခ ရလိမ့်မယ်၊ ချမ်းသာဖြစ်လိမ့်မယ်လို့ တပည့်တော် ဟောလေ့ရှိပါတယ်

http://www.dhammadownload.com



ဘုရားလို့. . ဆိုတော့မှ ဘုရားရှင်ကိုယ်တော်မြတ်က. . .

**ဗဟုံဝေ သရဏံ ယန္တိ, ပဗ္ဗတာနိ ဝနာနိစ၊**
**အာရာမရုက္ခစေတျာနိ, မနုဿာ ဘယတဇ္ဇိတာ။**

သင်တို့ ကမ္ဘာလောကကြီးကလူတွေဟာ သေဘေး, နာဘေး, အိုဘေးနှင့် တကွ ရေဘေးကြီးတွေ, မီးဘေးကြီးတွေ, မင်းဘေးကြီးတွေ, သူပုန်ဘေးကြီးတွေ, လက်နက်ဘေးကြီးတွေ, ဝေတ်မွတ်ခေါင်းပါး အစာရှားခြင်းအစရှိတဲ့ဘေးကြီးတွေ၊ သံသရာထဲမှာ နေရသမျှ တွေ့ကြုံနေကြရတဲ့ ဘေးကြီးတွေ ခြိမ်းခြောက်အပ်ကုန် သည်ဖြစ်၍၊ မြောက်မျှားစွာသောသတ္တဝါတို့သည် တောစိုးသစ်ပင်ကြီးတွေ, တောင်ကြီးတွေ, ဥယျာဉ်ကြီးတွေ, ခြံကြီးတွေကို ကိုးကွယ်ဆည်းကပ်ကြတယ်. . တဲ့ အဲဒီလိုကိုးကွယ်ဆည်းကပ်ခြင်းသည် တကယ်သူတို့ထင်တဲ့အတိုင်း ချမ်းသာကို ပေးစွမ်းနိုင်ရဲ့လားလို့ဆိုတော့-

**နေတံ ခေါ သရဏံ ခေမံ, နေတံ သရဏ မုတ္တမံ၊**
**နေတံ သရဏမာဂမ္မ, သဗ္ဗဒုက္ခာ ပမုစ္စတိ။**

ဧတံ သရဏံ- ဤကဲ့သို့ သစ်ပင်ကြီးတွေ, တောစိုးသစ်ပင်ကြီးတွေ, တောင် ကြီးတွေကို ကိုးကွယ်ဆည်းကပ်ခြင်းသည်၊ ခေမံ-ဘေးရန်အတန်တန်တို့ကို, တကယ်အေးချမ်းအောင် ကာကွယ်ဆီးတားနိုင်တဲ့, ချမ်းသာသုခကို ပေးစွမ်း နိုင်တဲ့အရာသည်၊ နဟောတိ-မဟုတ်ရှိုးဧကန် အမှန်သာလျှင်တည်း၊ ဧတံ သရဏံ- ဤသစ်ပင်ကြီးအစရှိသည်တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းသည်၊ ဥတ္တမံ-အသာဆုံး, အကောင်းဆုံး,အမွန်မြတ်ဆုံးဖြစ်သော ကိုးကွယ်ခြင်းသည်၊ နဟောတိ- မဟုတ် ချေ။ ဧတံ သရဏံ-ထိုသစ်ပင်အစရှိသည်တို့ကို၊ ကိုးကွယ်ဆည်းကပ်ခြင်းကို၊ အာဂမ္မ-အစွဲတစ်ခု အကြောင်းပြု၍၊ သဗ္ဗဒုက္ခာ-အလုံးစုံသောဒုက္ခအပေါင်းမှ၊ မုစ္စနံ-လွတ်မြောက်နိုင်ခြင်းသည်၊ နဟောတိ-မရှိရိုးဧကန် အမှန်ဖြစ်ပါပေတော့ သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒါဖြင့်- ဘယ်ဟာက ကိုးကွယ်ရာအစစ်ဖြစ်မလဲလို့ဆိုတော့--

**ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ, သံဃဉ္စ သရဏံဂတော၊**

ယောစ-အကြင်ပုဂ္ဂိုလ်သည်ကား၊ ဗုဒ္ဓဉ္စ-ဘုရားကိုလည်းကောင်း၊ ဓမ္မဉ္စ-

http://www.dhammadownload.com



တရားတော်ကိုလည်းကောင်း၊ သံဃဥ္စ-သုပ္ပဋိပန္နတာ အစဖြာသည့် ကိုးကွယ်ရာ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သံဃာတော်အရှင်မြတ်ကိုလည်းကောင်း၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂတော-ဆည်းကပ်ပြီးသကာလ၊

**စတ္တာရိ အရိယသစ္စာနိ, သမ္မပ္ပညာယ ပဿတိ။**

စတ္တာရိ-လေးပါးကုန်သော၊ အရိယသစ္စာနိ-ဒုက္ခ,သမုဒယ, ဒုက္ခနိရောဓ, ဒုက္ခနိရောဓဂါမိနိပဋိပဒါမဂ္ဂ-လို့ဆိုတဲ့ သစ္စာလေးပါးတို့ကို၊ သမ္မပ္ပညာယ-အရှိဟုတ်မှန် ရုပ်နှင့်နာမ်ကို အမှန်မြင်တတ် ဝိပဿနာဉာဏ်မြတ်ဖြင့်၊ ပဿတိ-မပြတ်အစဉ် သတိယှဉ်၍ ရှုမြင်ပွားများနေ၏၊ ဧတံ-ဤဘုရား,တရား,သံဃာ,ရတနာသုံးပါးတို့ကို မှီခိုဆည်းကပ်ပြီးသကာလ သစ္စာလေးပါးတရားတို့ကို အမှန်မြင်အတည့်မြင် ပစ္စုပ္ပန်ကျမြင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်၍ နေခြင်းသည်သာလျှင်၊ ခေမံ-ဘေးအတန်တန် အေးရာမှန်သည့် အားကိုးရာအစစ် တရားဖြစ်၏ဟူ၍၊ မညထ-ကောင်းစွာမသွေ, မှတ်လိုက်ကြလေရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

အဲဒီလိုနဲ့ ဘုရားရှင်ကိုယ်တော်မြတ်က "သင်တို့တစ်တွေ ချမ်းသာမယ်လို့ထင်ပြီးသကာလ သတ္တဝါအနန္တ ချမ်းသာမယ်ထင်နိုးနိုးနဲ့ ကိုးစားအားထားပြီးသကာလ လုပ်မိလုပ်ရာ ရှာမိရှာရာဖွေမိဖွေရာ လုပ်ကြကိုင်ကြရှာကြငြားသော်လည်းပဲ ထိုသင်တို့ချမ်းသာမယ်ထင်တာတွေ မှန်သမျှတို့သည်၊ သင်တို့က တကယ်ချမ်းသာကို မပေးနိုင်ကြ၊ သင်တို့က ချမ်းသာကိုရှာကြတယ်ဆိုကြညားသော်လည်းပဲ၊ ချမ်းသာခြင်းရဲ့ အကြောင်းတရားကို မကြိုးစားကြပါဘဲနဲ့ ချမ်းသာလိမ့်မယ်လို့ ထင်နေတဲ့ သုခအတုဖြစ်နေတဲ့ ဒုက္ခအကြောင်းတရားတွေကိုသာလျှင် လုပ်မိရက်သားလုပ်မိရက်သား ဖြစ်နေကြလေသောကြောင့် သင်တို့တစ်တွေဟာဖြင့် "ခြသေ့်ကျင့်မကျင့်ဘဲနဲ့ ခွေးကျင့်ကျင့်ရာရောက်နေကြတယ်. . "လို့ ဘုရားရှင်ကိုယ်တော်မြတ်ကဆိုတော်မူခဲ့တယ်၊ ဒကာချုပ်ရ နော်၊(မှန်ပါဘုရား)။

ခွေးများ-အကြောင်း-အကျိုးနှစ်မျိုးရှိတဲ့အနက်က ဘယ်တော့မှအကြောင်းလိုက်လေ့မရှိဘူး၊ ခွေးကိုခဲနဲ့သွားပေါက်ကြည့်လိုက် အဲဒီခဲကိုလိုက်ကိုက်တာပဲခွေးက၊ ပေါက်တဲ့လူကိုလိုက်ပြီးတော့ကိုက်ရမဲ့အစား ပေါက်လိုက်တဲ့ခဲကိုလိုက်ကိုက်

http://www.dhammadownload.com



နေလို့ဖြင့် ဒကာချိုရေ ပေါက်တဲ့လူမကိုက်မချင်း ဒီပေါက်တဲ့လူက ပေါက်နေမှာပဲ မဟုတ်လားလို့?(မှန်ပါဘုရား)။ အဲဒီအတိုင်းပဲ. . . တဲ့ သင်တို့သတ္တဝါတွေ ဒုက္ခတည်းဟူသော အကျိုးတရားကိုကြောက်လန့်ပြီးသကာလ ဒုက္ခတည်းဟူသော အကျိုးတရားကိုသာလျှင် အမျိုးမျိုးရှောင်ရှားနေကြငြားသော်လည်း ဒုက္ခရဲ့ဖြစ်ကြောင်းတရားကိုတော့ သင်တို့မသိမမြင်ကြ၊ ဒုက္ခရဲ့ဖြစ်ကြောင်းတရားကို မသတ်ကြ၊ ဒုက္ခဖြစ်ကြောင်းတရားကိုမပယ်ကြ။

ခြင်္သေ့များကျတော့ ဒီလိုမဟုတ်ဘူးတဲ့ မြှားနဲ့ပစ်လိုက်တယ် သေနတ်နဲ့ ပစ်လိုက်တယ်ဆိုရင် မြှားတို့ သေနတ်တို့လိုက်ရန်ရှာနေတာ မဟုတ်ဘူး၊ အဲဒီမြှားနဲ့ပစ်တဲ့လူ သေနတ်နဲ့ပစ်တဲ့လူအထိ ပြေးပြီးတော့ လိုက်ပြီးတော့ သုတ်သင်ပစ်လေ့ရှိတယ်၊ ကာကွယ်လေ့ရှိတယ်၊ ဆီးတားလေ့ရှိတယ် ခြင်္သေ့ကျတော့ နော်ဒကာချို(မှန်ပါဘုရား)။ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က အကြောင်းသတ်ကြ၊ ချမ်းသာချင်ကြလို့ရှိရင်ဖြင့် ဆင်းရဲခြင်းရဲ့ အကြောင်းတရားကို သတ်ကြလို့ဆိုပေမဲ့ လို့ ယနေ့ ဒကာဒကာမတွေဆင်းရဲခြင်းရဲ့ အကြောင်းတရားကိုတော့ဖြင့် တိုးပွားသထက် တိုးပွားအောင်ကြိုးစားနေကြပြီးမှ ပါးစပ်က ဆင်းရဲမှာကိုကြောက်ကြတယ်၊ ဒုက္ခရောက်မှာကိုကြောက်ကြတယ်၊ ဒုက္ခကိုလွတ်အောင်ရှုံးမယ်လို့ ဆိုရင်ဖြင့် ခြင်္သေ့ကျင့်မကျင့် ခွေးကျင့်ကျင့်တဲ့သူတွေနဲ့ တူနေကြလိမ့်မယ်။

ဒီတော့-ဒုက္ခရောက်ခြင်းရဲ့ အကြောင်းတရားဆိုတာ ဘာလဲဆိုရင် ဒုက္ခမှန်သမျှတို့ရဲ့ အကြောင်းတရားသည် သမုဒယသစ္စာခေါ်တဲ့ တဏှာလောဘ၊ ဒီတရားသည်သာလျှင် အကြောင်းတရား၊ ဘယ်ဘုရားဘယ်ပြဟ္မာဘယ်သတ္တဝါတွေကမှ ဆင်းရဲတရားကို ဖန်တီးထားတာမဟုတ်ဘူး. . .

* ဒုက္ခသောင်းပြောင်း, တရားပေါင်း၏, အကြောင်းမဲ့စွာ,
မဖြစ်ရာရှင့်၊ မဟာပြဟ္မာ, ထာဝရဟု, ဘုရားတစ်သင်း,
မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း, တဏှာစွမ်းကြောင့်,
ဘရမ်းဘတာ, ဖြစ်ကြရာဟော, သမုဒယောတဲ့"။

ဒုက္ခတွေမှန်သမျှရဲ့ အကြောင်းတရားရှာစမ်းပါဆိုရင် ဒကာချိုရ သမုဒယသစ္စာခေါ်တဲ့ တဏှာလောဘရှာရလိမ့်မယ်၊ "ဒုက္ခသောင်းပြောင်း, တရားပေါင်း၏, အကြောင်းမဲ့စွာ, မဖြစ်ရာရှင့်၊ မဟာပြဟ္မာ, ထာဝရဟု, ဘုရားတစ်သင်း,

* ဘာဋီ- ၁၊ ၅၉၅။

http://www.dhammadownload.com



မဖန်ဆင်းတည်း. .၊ မဟာဗြဟ္မာကြီးတွေဖန်ဆင်းတာလည်းမဟုတ်ပါဘူး ခုဖြစ်နေတဲ့ဒုက္ခတွေ။ ဘုရားတွေဖန်ဆင်းတာလည်းမဟုတ်ပါဘူး၊ မဟာဗိဿနိုး မဟာပိန္န ဗိဿနိုး အစရှိတဲ့ နတ်ကြီးတွေလည်းဖန်ဆင်းလို့ပေါ်လာတဲ့ ဒုက္ခတွေ မဟုတ်ပါ၊ မိမိကိုယ်တိုင် ဒုက္ခရဲ့ဖြစ်ကြောင်းတရားကို လုပ်မိကြလို့သာလျှင် ဖြစ်လာတဲ့ ဒုက္ခတွေပါလို့-

ယဿ-ချစ်လျှင်ပျော်နိုး, ချစ်စပျိုး၍, ချစ်ရိုးချစ်စဉ်, အကြင်ပုံထုဇဉ်၏၊ မာနိတာ-မြတ်နိုးစုံမက်, နှစ်သက်ဖွယ်ရာ, အဖြာဖြာတို့သည်၊ ယတ္တကာ-တစ် နှစ် သုံးလေး, ဂဏန်းရေးက, စစ်တွေးဆက်ပွား, အကြင်မျှလောက်များပြားလေကုန်၏၊ တဿ-ချစ်လျှင်ပျော်မည့်, အထင်ရှိ၍, ခင်မိခင်ရာ, ခင်ကြရှာတောင်း, ထိုပုထုဇဉ် အပေါင်း၏၊ ဒုက္ခတာ-မကင်းစမြဲ, အတင်းတွဲ၍, ဆင်းရဲရန်အကြောင်း, ကံအပေါင်း သည်၊ တတ္တကာ-ချစ်ချစ်သမျှ, တစ်နှစ်ကလျှင်, စ၍တွက်ရေ, ထိုမျှလောက်ပင် များပြားလေကုန်၏၊ နော-သူတော်သူမြတ်, အတူမှတ်၍, အပူဇာတ်ရှောင်သွေ, ဒို့တတွေသည်၊ ဒုက္ခဘာယန္တာ-ဒုက္ခမြောက်များ, ရောက်မသွားဖို့, ထောက်ထား ထိုထို, ကြောက်အားပိုကြပါကုန်လျှက်၊ ပိယမာစ-ဒုက္ခဖြစ်ကြောင်း, အချစ်အပေါင်း မှသာ၊ ကိံနု အဘီရုနော-မကြောက်နိုင်ဘဲ, ရဲကြီးရဲ၍, အမြဲပုံသေ, အဘယ့်ကြောင့် ချစ် ခင်၍နေပုံကြလေကုန်ဘိသနည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒီတော့-ဒုက္ခရဲ့အကြောင်းတရားကိုရှာမယ်ဆိုရင် သမုဒယသစ္စာခေါ်တဲ့ တဏှာလောဘ၊ ယဿ-ချစ်လျှင်ပျော်နိုး, ချစ်စပျိုး၍, ချစ်ရိုးချစ်စဉ်, အကြင်ပုထု ဇဉ်၏၊ မာနိတာ-မြတ်နိုးစုံမက်, နှစ်သက်ဖွယ်ရာ, အဖြာဖြာတို့သည်၊ ယတ္တကာ-တစ်နှစ်သုံးလေး, ဂဏန်းရေးက, စစ်တွေးဆက်ပွား, အကြင်မျှလောက်များပြား လေကုန်၏. . တဲ့။ အချစ်များများရှာလေ ဒုက္ခများလေပဲ ဒကာချိုရ နော်။(မှန် ပါဘုရား)၊

**ဧကံပိယံ ဧကံ ဒုက္ခံ, ဒွေပိယာနိ ဒွေဒုက္ခာနိ၊**
**ဗဟုပိယာနိ ဗဟုဒုက္ခာနိ။**

ဧကံပိယံ-အချစ်တစ်ခုရှိရင်၊ ဧကံ ဒုက္ခံ-ဆင်းရဲတစ်ခု။ အစတုန်းက ကိုယ်

http://www.dhammadownload.com



တစ်ယောက်ထည်း ဒကာချုပ်ရ၊ ကိုယ့်ခန္ဓာကိုယ်တစ်ခုတည်း ဝတ်ဖို့ စားဖို့ နေဖို့၊ ဒီခန္ဓာနဲ့ပတ်သက်တဲ့ဒုက္ခတစ်ခုတည်းရှိတယ် ဒကာချုပ်ရ နော်၊(မှန်ပါဘုရား)၊ နောက်တော့ ဒကာချုပ်တို့က တစ်ယောက်တည်းနေရတာက ပျင်းသလိုလို ဘာလိုလိုဆိုတော့ ဒကာချုပ်တို့က အဖော် ရှာကြတယ်၊ အဲဒီ အဖော် ရှာလိုက်ရင်ချမ်းသာလိမ့်မယ်လို့တွေးလိုက်တယ်၊ တွေးလိုက်တဲ့အတိုင်း နောက်အချစ်တစ်ခုကိုရှာလိုက်တဲ့အခါကျတော့ လင်ရယ် မယားရယ်လို့ဖြစ်လာသည်နဲ့တစ်ပြိုင်နက်-

**ဧကံပိယံ ဧကံဒုက္ခံ**၊ ဧကံပိယံ-အချစ်တစ်ခုနောက်ထပ်တိုးလာရင်၊ ဧကံဒုက္ခံ-ဒုက္ခတစ်လုံး နောက်ထပ်တိုးသည် . . . ဆိုတဲ့အတိုင်း၊ စောစောက ပြောခဲ့တဲ့အတိုင်း ကိုယ့်ဇနီး လှလှပပစားနိုင် သောက်နိုင်အောင် နေနိုင်ထိုင်နိုင်အောင်၊ ဇနီးဘက်ကကြည့်ပြန်ရင်လည်း ကိုယ့်လင်ကိုယ့်သား သူတစ်ပါးနဲ့ သွားတာလာတာကအစ တန်းတူဖြစ်နိုင်အောင် အစရှိသည်ဖြင့် လူမှုရေးကိစ္စတွေမှန်သမျှ နှစ်ယောက်ဖြစ်လာတော့ နှစ်ယောက်ဒုက္ခဖြစ်လာတာပေါ့ ဒကာချုပ်ရ နော်၊ (မှန်ပါဘုရား)၊ နှစ်ယောက်နဲ့ပတ်သက်တဲ့ စားရေးတွေ နှစ်ယောက်နဲ့ပတ်သက်တဲ့ ဝတ်ရေးတွေ၊ နှစ်ယောက်နဲ့ပတ်သက်တဲ့ လူချင်းတူတူ သူချင်းမျှမျှဆိုတာတွေ။ တော်ကြာတော့-

**ဒွေပိယာနိ ဒွေဒုက္ခာနိ**၊ ဒီကနေတစ်ဆင့်တိုးတိုး, တိုးတိုးပြီးတော့ ဒကာချုပ်တို့က ချစ်စရာတွေ ဆက်ဆက် ဆက်ဆက်ရှာကြတယ်၊ စီးပွားဥစ္စာတွေ တစ်ရာက တစ်ထောင်ဖြစ်လာအောင်၊ တစ်ထောင်က တစ်သောင်းဖြစ်လာအောင်၊ တစ်သောင်းက တစ်သိန်းဖြစ်လာအောင် စသည်ဖြင့် ဆင့်ဆင့် ဆင့်ဆင့်ပြီးတော့ တက်လာအောင်လုပ်တာဟာ အချစ်တရားတွေကိုနင်းရှာနေတာပဲ ဒကာချုပ်ရ နော်၊ (မှန်ပါဘုရား)၊ ပိယ-ဆိုတာ ချစ်ကြတယ်, မြတ်နိုးတယ်, နှစ်သက်တယ်, စုံမက်တယ်, တွယ်တာတယ်၊ တွယ်တာစရာ နှစ်သက်စရာ စုံမက်စရာတွေ တဖြေးဖြေး များလာအောင် ဒကာချုပ်တို့က လိုက်စားနေကြတယ်။

ယနေ့ တရားနာနေကြတဲ့ဒကာ ဒကာမတွေကိုယ့်ကိုယ်ကိုပြန်စဉ်းစားကြည့် ဒီချစ်တရားကိုသာလျှင်တိုးပွားသထက် တိုးပွားအောင် ငါတို့ကြိုးစားနေကြပါလား . . .၊ ကြိုးစားနေသလောက် အကြောင်းအချစ်တွေများ,များသလောက် အကျိုးဒုက္ခတွေများလာလိမ့်မယ်ဆိုတာကိုဖြင့် ဉာဏ်နဲ့မစဉ်းစား၊ ဒါ့ကြောင့်

http://www.dhammadownload.com



ချမ်းသာလိမ့်မယ်ထင်နိုးနိုးနဲ့ အချစ်တရားတွေကိုရှာလေလေ, ဒုက္ခတွေနဲ့ တွေ့လေလေ၊ **ဗဟုပိယာနိ ဗဟုဒုက္ခာနိ**၊ အချစ်တွေများလေလေ နှစ်သက်စရာတွေများလေလေ ဒုက္ခတွေများလေလေ။

ယဿ-ချစ်လျှင်ပျော်နိုး, ချစ်စပျိုး၍, ချစ်ရိုးချစ်စဉ်, အကြင်ပုထုဇဉ်၏၊ မာနိတာ-မြတ်နိုးစုံမက်, နှစ်သက်ဖွယ်ရာ, အဖြာဖြာတို့သည်၊ ယက္ကကာ-တစ်နှစ်သုံးလေး, ဂဏန်းရေးက, စစ်တွေးဆက်ပွား, အကြင်မျှလောက်များပြားလေကုန်၏၊ ချစ်စရာခင်စရာတွေ ဒကာချို့တို့က ရှာထားကြ,စုထားကြ၊ အများကြီး ကိုယ့်နားစုထားတာ၊ အဲဒီအများကြီးစုထားလိုက်တော့ နောက်ကဒုက္ခတွေများလိုက်လာတယ်. . . လို့၊ အဲဒါကိုသိရင်ဖြင့် နော-သူတော်သူမြတ်, အတူမှတ်၍, အပူဇာတ်ရှောင်သွေ, ဒို့တစ်တွေသည်၊ ဒုက္ခဘာယန္တာ-ဒုက္ခမြောက်များ, ရောက်မသွားဖို့, ထောက်ထားထိုထို, ကြောက်အားပိုကြပါကုန်လျှက်. . , ဒုက္ခကတော့ ကြောက်ကြပါကုန်လျှက်၊ ပိယမာစ-ဒုက္ခဖြစ်ကြောင်း, အချစ်အပေါင်းမှသာ၊ ကိံနု အဘိရုနော-မကြောက်နိုင်ဘဲ, ရဲကြီးရဲ၍, အမြဲပုံသေ, အဘယ့်ကြောင့်, ချစ်ခင်၍နေဝံ့ကြလေကုန်ဘိသနည်း. . . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒါဖြင့် ဒကာချို့တို့ ဒုက္ခကိုကြောက်ရင်ဖြင့် သမုဒယသစ္စာခေါ်တဲ့ တဏှာလောဘတရားကိုသတ်ရမယ်လို့ ဟုတ်သလား ဒကာချို့ (မှန်ပါဘုရား)၊ အဲဒီတော့ အကြောင်း တရားကိုပယ်မှသာလျှင်၊ ခွေးကျင့် ကျင့်ရာမရောက်ဘဲနဲ့ ခြင်္သေ့ကျင့်ကျင့်ရာရောက်မယ်၊ ခြင်္သေ့နဲ့အလားသဏ္ဌာန်တူစွာ မိမိခန္ဓာကိုထားကြပြီးသကာလ၊ ဒုက္ခအပေါင်းတို့ရဲ့ အကြောင်းသမုဒယသစ္စာကိုသတ်ကြဖို့ရာအတွက်၊ သတ်နည်းလေးကို ဉုးဇင်းနောက်ပိုင်းမှာပြောမယ်၊ အခုတစ်နာရီထိုးပြီးနေ ်၊ အခုအသံဖမ်းတာကလည်း တစ်နာရီဖမ်းတာဆိုတော့ ကိုင်း-နားလိုက်ကြဦးစို့၊ ပြီးတော့မှဆက်ဟောမယ်။

xxx xxx xxx xxxx

ရှေ့ပိုင်းမှာ ဟောပြခဲ့တဲ့အတိုင်း ဒုက္ခရဲ့အကြောင်းတရားဖြစ်တဲ့ တဏှာသမုဒယသစ္စာကိုပယ်သတ်နိုင်မှသာလျှင်. . မိမိတို့မလိုချင်တဲ့ ဒုက္ခတွေနဲ့ကင်းနိုင်တယ်ဆိုတာကို စောစောသိထားရမယ်။

http://www.dhammadownload.com



*** ဒူရင်္ဂမံ ဧကစရံ, အသရီရံ ဂုဟာသယံ၊**
**ယေ စိတ္တံ သံယမေဿန္တိ, မောက္ခန္တိ မာရဗန္ဓနာ။**

ဒူရင်္ဂမံ-ဝေးနီးဖုံဖုံ, ခြောက်အာရုံသို့, လှမ်းခုန်ပြေးသွား, တောမျောက်လားသို့, ကျက်စားမြူးပျော်လေ့ရှိထသော၊ ဧကစရံ-တစ်ခုချုပ်ပျောက်, ဘင်သို့ရောက်မှ, နောက်ထပ်တစ်ခု, ဖြစ်ပေါ်မှုကြောင့်, တစ်ခုတည်းသာ, ဖြစ်ပေါ်လာသည့်, ဧကစားစိုး, တစ်ကောင်မျိုးလည်းဖြစ်ထသော၊ အသရီရံ-ပရမတ္ထ, သဘာဝမို့, သာရမဖက်, ခဏချင်းပျက်သဖြင့်, မည်းနက်ရှည်တို, သဏ္ဌာန်ဆိုဖို့, အထည်ကိုယ်ဒြပ်လည်းမရှိထသော၊ ဂုဟာသယံ-ဟဒယသမုတ်, ဝတ္ထုရုပ်လျှင်, မှီရာလှိုင်ဂူလည်းရှိထသော၊ စိတ္တံ-အာရုံတွေ့တိုင်း, ပြေးခုန်စိုင်းတတ်သည့်, စိတ်ရိုင်း စိတ်မိုက်ကလေးကို၊ ယေ-ဘုရားဆုံးမ, ဩဝါဒ၌, နှစ်ခြိုက်ရွှင်ပျော်, အကြင်သူတော်စဉ်တို့သည်၊ သံယမေဿန္တိ-တရားပြသ,နားပါးချုပ်၍, ဆုံးမသွန်သင် ကြလေကုန်၏။ တေ-စိတ်ကိုပိုင်ပိုင်, နိုင်နင်းအောင်ဆုံးမနိုင်သော ထိုသူတို့သည်၊ မာရဗန္ဓနာ-အို, နာ, သေစုံ, ကာမဂုဏ်ထောင်တွင်း, မာရ်ကြော့ကွင်းမှ၊ မောက္ခန္တိ-နိဗ္ဗာန်တိုင်ရောက်, လွတ်မြောက်နိုင်ကုန်လိမ့်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒူရင်္ဂမံ-ဝေးနီးဖုံဖုံ, ခြောက်အာရုံသို့, လှမ်းခုန်ပြေးသွား, တောမျောက်လားသို့, ကျက်စားမြူးပျော်လေ့ရှိထသော. . . စိတ်ဆိုတဲ့သဘောတရား၊ အဲဒီ စိတ်ဆိုတဲ့ သဘောတရားသည် ရုပ်တရားလို အထည်ကိုယ်ရှာပြီးတော့ မြင်လောက်အောင်ထိအောင်တရားမျိုးမဟုတ်ဘူး၊ နာမ်သဘောလို့ခေါ်တဲ့ စိတ်ဆိုသောသဘောတရားသည်၊ ယနေ့ ဒကာဒကာမတွေရဲ့ ကိုယ့်စိတ်ကိုယ် ပြန်ပြီးတော့စဉ်းစားကြည့်၊ ထမင်းတစ်စား, စကားတစ်ပြော, အငြိမ်မနေ. . . စိတ်ဆိုတဲ့သဘောတရားလေးဟာ၊ ဣတိပိ သော တစ်ပုဒ်ဆုံးအောင်ရွတ်တဲ့အချိန်အတွင်း သူအငြိမ်မနေဘူး၊ ဒကာ,ဒကာမတွေ ကိုယ့်စိတ်ကိုပြန်ပြီးတော့သတိထားကြည့်၊ စကားပြောနေရင်းနဲ့ပင် ဒီတစ်ယောက်နဲ့ပြောနေရင်းနဲ့ အခြားအခြားသော အရပ်တွေကိုရောက်သွား၊ ဒီအာရုံပေါ်မှာနေရင်းက ဟိုအာရုံဘက်ကိုပြောင်းသွား၊ တစ်ခုသောအာရုံပေါ်မှာစိုက်ပြီးတော့ထားနိုင်ဖို့ရာအတွက် စိတ်တရားဖမ်းမိဖို့ရာ အင်မတန်မှ ခဲရင်း တဲ့အလုပ်ဖြစ်နေ။

* ဓမ္မ-ဋ္ဌ-၁၊ ၁၉၃။ မဟာနိ-ဋ္ဌ-၃၉၃။ ဇာ-ဋ္ဌ-၁၊ ၄၂၄။

http://www.dhammadownload.com



ဒူရင်္ဂမံ-ဝေးနီးဖုံဖုံ, ခြောက်အာရုံသို့, လွှမ်းခုန်ပြေးသွား, တောမျောက်လားသို့, ကျက်စားမြူးပျော်လေ့ရှိထသော. . .၊ တောမျောက်ကလေး၊ ဘယ်တော့မှအငြိမ်မနေဘူး၊ ဟိုပြေးလိုက် ဒီသွားလိုက်၊ သစ်ပင်နားထားရင် အပေါ်တက်လိုက် အောက်ဆင်းလိုက်၊ တောထဲကမြောက်ကလေး အငြိမ်မနေသလို၊ ယနေ့ဒကာ,ဒကာမတွေရဲ့စိတ်သည် ဘယ်တော့မှအငြိမ်မနေဘူး၊ ရူပါရုံပေါ် ရောက်သွားလိုက်၊ သဒ္ဒါရုံပေါ်ပြေးလိုက်၊ ဂန္ဓာရုံပေါ်ရောက်သွားလိုက်၊ သားကိုတွေးလိုက်၊ သမီးကိုတွေးလိုက်၊ စီးပွါးပေါ်ရောက်လိုက်၊ ရာထူးဂုဏ်သိမ်နဲ့ စည်းစိမ်တွေဘက်တွေးတော စဉ်းစားလိုက်။

စိတ်ဆိုတဲ့သဘောတရား၊ အဝေးရောက်သွားလိုက်၊ အနီးနေလိုက်၊ ဘယ်လောက်အခုကာလစွမ်းပါတယ်ဆိုတဲ့ ဂြိုဟ်တုတွေ ဒုံးပျံတွေ အသံထက် တစ်ဆ နှစ်ဆ သုံးဆထိအောင်မြန်အောင်ဆိုပြီး အခုကိမ်ကိန်းတွေချကုန်ပြီ၊ ဘယ်လောက်ပဲမြန်တယ်ပြောပြော ဒကာချို့ရ စိတ်ကိုတော့မမီကြဘူးနော်၊(မှန်ပါဘုရား)၊ စိတ်ဟာဘယ်လောက်ကြီးဝေးနေတာကြီးဖြစ်ပါစေ၊ အခု ဒကာဒကာမတွေ ထိုင်နေရင်းကနေပြီးတော့ ဖြုန်းဆိုရန်ကုန်ပို့လိုက်စမ်းပါလား၊ ရောက်သွားတာပဲ၊ ရောက်သွားပြီးတော့ပြန်တောင်လာပြီ ပြန်လာတာပဲ။ ဟိုရောက်တော့ ရွှေတိဂုံဘုရားဖူးပြီးတော့ပြန်လာလိုက်စမ်းဆို လှည့်ဖူးခဲ့တာပဲ ရောက်ဖူးတဲ့သူဆို။ မန္တလေးရောက်သွားလိုက်စမ်းဆို ဖြုန်းဆိုရောက် ဖြုန်းဆိုပြန်လာတာပဲ။

ဒူရင်္ဂမံ-ဝေးနီးဖုံဖုံ, ခြောက်အာရုံသို့, လွှမ်းခုန်ပြေးသွား, တောမျောက်လားသို့, ကျက်စားမြူးပျော်လေ့ရှိထသော။ အဲဒီစိတ်ကိုနိုင်အောင် ဆုံးမနိုင်ရမယ် . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီစိတ်ကိုနိုင်မှ၊ အဲဒီစိတ်ကိုနိုင်အောင်ဆုံးမနိုင်တဲ့နည်း ရှိသဟ။ အဲသလောက် ပြေးချင်ရာပြေး, သွားချင်ရာသွား, လာချင်ရာလာနေတဲ့စိတ်ကို တားဆီးပိတ်ပင်ပြီးသကာလ ဆုံးမနိုင်တဲ့နည်းရှိတယ်၊ ငါဘုရားရှင်ကိုယ်တော်မြတ် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ရှာဖွေပြီးတော့ပေးခဲ့တဲ့နည်း။ အဲဒီနည်းဟာ ဘာလဲဆိုရင် ဝိပဿနာပဲ ဒကာချို့ရ နော်၊ (မှန်ပါဘုရား)၊ ဝိပဿနာလာချင်လို တည်နေတာ နော်။

ဒူရင်္ဂမံ-ဝေးနီးဖုံဖုံ, ခြောက်အာရုံသို့, လွှမ်းခုန်ပြေးသွား, တောမျောက်လားသို့, ကျက်စားမြူးပျော်လေ့ရှိထသော. .၊ ဒါတင်မကသေးဘူး၊ သူ့ရဲ့သဘောလေးတွေပြောသွား။ ဧကစရံ-တစ်ခုချုပ်ပျောက်, ဘင်သို့ရောက်မှ, နောက်ထပ်

http://www.dhammadownload.com



တစ်ခု, ဖြစ်ပေါ်မှုကြောင့်, တစ်ခုတည်းသာဖြစ်ပေါ်လာသည့်, စေတစိုး, တစ်ကောင်မျိုးလည်းဖြစ်ထသော။ စိတ်ဆိုတာ ဘယ်တော့မှ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်ရဲ့သန္တာန် စိတ်နှစ် စိတ်ဖြစ်တယ်လို့မရှိဘူး ဒကာချုပ်ရ နော်၊ (မှန်ပါဘုရား)၊ ထုံးစံ ထုံးစံ ဘယ်တော့ မှမဖြစ်ဘူး။

တစ်ခုချုပ်ပျောက်,ဘင်သို့ရောက်မှ,နောက်ထပ်တစ်ခု,ဖြစ်ပေါ်မှုကြောင်-ရှေ့ကစိတ်ကလေးက ဥပါဒ်, ဌီ, ဘင်- ဖြစ်, တည်, ပျက်,ဆိုပြီးတော့မှ၊ နောက်ကစိတ်ကလေးက နောက်ထပ်တစ်ခုရောက်လာ၊ အဲဒီလိုနဲ့ စိတ်ကလေးတွေဟာ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု၊ အတစ်အတစ် အပြတ်အပြတ် "ကြိုးလုံးပမာ, ရုပ်ခန္ဓာ, ရွဲလုံးပမာ, နာမ်ခန္ဓာ" ဆိုတဲ့ ပရမတ္ထစက္က ဆရာတော်ကြီးရေးထားသလိုပဲ၊ ရွဲလုံးလေးတွေလိုပဲ၊ အတစ်အတစ် အပြတ်အပြတ်ကလေးတွေ စိတ်ခန္ဓာလေးတွေ ဥပါဒ်, ဌီ, ဘင် မပြတ်နှင်ပြီးသကာလ ဖြစ်ပေါ်နေကြသည်၊ အဲဒါကြောင့်မို့လို့ စိတ်ဟာ ဘယ်တော့မှနှစ်စိတ်ဖြစ်ရိုးမရှိလို့၊ စေတရဲ-တစ်ခုချုပ်ပျောက်, ဘင်သို့ရောက်မှ, နောက်ထပ်တစ်ခု, ဖြစ်ပေါ်မှုကြောင့်, တစ်ခုတည်းသာ, ဖြစ်ပေါ်လာသည့်, စေတစိုး, တစ်ကောင်မျိုးလည်းဖြစ်ထသော. .၊ တစ်ခုတည်းဖြစ်တဲ့ သဘောတရား။

အသရီရံ-ပရမတ္ထသဘာဝမို့, သာရမဖက်, ခဏချင်းပျက်သဖြင့်,မည်းနက်ရှည်တို, သဏ္ဍာန်ဆိုဖို့, အထည်ကိုယ်ဒြပ်လည်းမရှိထသော. .၊ စိတ်ထဲမှာ အထည်ကိုယ်ဒြပ်ရှာမရဘူး၊ အထည်ကိုယ်သဏ္ဍာန်ဒြပ်ကြည့်လို့ မမြင်ဘူး၊ ဒကာချုပ်ရ နော်၊ (မှန်ပါဘုရား)၊ မည်းနက် ရှည်တိုသဏ္ဍာန်ဆိုဖို့ အထည်ကိုယ်ဒြပ်လည်းမရှိထသော-ဆိုတဲ့အတိုင်း သူ့မည်းတယ်, ဖြူတယ်, ရှည်တယ်, တိုတယ်, လုံးတယ်, ဝိုင်းတယ်, ပြားတယ်,စိတ်ကိုသဏ္ဍာန်နိမိတ်နဲ့ပြောလို့မရဘူး။ အခုကာလ ဥူးဇင်းတို့ သိပ္ပံပညာရှင်တွေက သူတို့ The material world,ခေါ်တဲ့ရုပ်လောက ကနေပြီးတော့ များ ရှာလိုက်ကြတာနော်။

တစ်ခါတည်း၊ ဓာတ်ကလေးတွေဆိုလို့ရှိရင် အခုဓာတ်စဉ်တွေကိုပဲ(၉၂) ဓာတ်စဉ်လောက်ရပြီတဲ့၊ အဲဒီဓာတ်စဉ်တွေနဲ့ ဒီရုပ်တွေ ဒီဟာ ဒီဟာတွေနဲ့ပေါင်းပြီး ဒီလိုဖြစ်လာတယ်နဲ့ အဆပေါင်းတစ်ထောင် ဓာစ်သောင်းချဲ့ပြီးတော့မြင်နိုင်တဲ့ မှန်ပြောင်းတွေ. . . အဲဒါတွေနဲ့ကြည့်ပြီးသကာလ ဓာတ်တွေအမျိုးမျိုး နာမည်တွေတပ် ဒါကဘာဓာတ်, ဒါကအောက်စီဂျင်, ဒါကနိုက်ထရိုဂျင်တဲ့, ဟိုက်ထရိုဂျင်တဲ့

http://www.dhammadownload.com



နျူတွန်, ပရိုတွန် နာမည်တွေလျှောက်တပ်ပြီးတော့ တပ်နေကြပြောသော်လည်း၊ သတ္တဝါတွေကို သံသရာတစ်လျှောက်လုံး ဒုက္ခဆင်းရဲတွင်း နစ်အောင် မီးရထား ခေါင်းတွဲပမာ ဆွဲဆောင်၍သွားတတ်တဲ့စိတ်ခေါ်တဲ့ နာမ်တရားကို ယနေ့သိပ္ပံ ပညာရှင်ကြီးတွေ မတွေ့ကြ၊ သိပ္ပံပညာရှင်ကြီးတွေ အဆပေါင်း ထောင်သောင်းချဲ့ ကြည့်တဲ့ မှန်ပြောင်းနဲ့ ကြည့်လို့လည်းမရ၊ ဒကာဒကာမတွေ ဒကာချိုတို့တစ်တွေ ကံကောင်းလွန်းလို့ ဘုရားသာသနာတော်တွင်းလာကြုံလို့ ဘုရားရှင်က ဟောထား ခဲ့လို့ ဒီစိတ်အကြောင်းသိကြရတယ်၊ ဒီနာမ်တွေအကြောင်း သိကြရတယ်။

* ဗုဒ္ဓစက္ခု အနုပ္ပန္နေ, ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
တေသံ သဘာဂ ဓမ္မာနံ, နာမမတ္တံ န နာယတိ။

ဗုဒ္ဓါဒိစ္စေ- ဘုရားတည်းဟူသော နေမင်းသည်၊ အနုဂ္ဂတေ-မပေါ်ထွန်း လာခဲ့သည်ရှိသော်၊ ဗုဒ္ဓစန္ဒေ-ဘုရားတည်းဟူသော, လမင်းသည်၊ အနုပ္ပန္နေ-မ ပေါ်ထွန်းလာခဲ့သည်ရှိသော်၊ တေသံ သဘာဂ ဓမ္မာနံ- ဤကားစိတ် ဤကား စေတနာ ဤကားသဒ္ဓါ ဤကားဝီရိယ ဤကားပညာ ဤကားသတိ အစရှိတဲ့ အဘိဓမ္မာ သဘာဝတရားတို့၏၊ နာမမတ္တံ-နာမည်ကလေးမျှသည်ပင်၊ န နာယတိ- မထင်ရှားရာ, မသိရာ. . . တဲ့။

ဒီတရားတွေ ဒကာ ဒကာမတွေ သိနေရတာဟာ နည်းနည်းနောနော တန် ဖိုးမဟုတ်ပါဘူး၊ ဘုရားရှင်ကိုတော်မြတ် သဗ္ဗညုတဉ္ဉာဏ်တော်တည်းဟူသော မှန်ပြောင်းနဲ့ ကြည့်ပြီးတော့ အစိတ်စိတ် အမွှာမွှာ နာမည်ပေးပြီးတော့ ခွဲခြားထား ခဲ့တာ။ ဒါ့ကြောင့်မို့ ဒီနေ့ စိတ်ရဲ့ သဘောတရား ဒါကသဒ္ဓါသဘော ဒါကသတိ သဘောစတဲ့ သဘောတရားလေးတွေနဲ့ ကိုင်ပြီးတော့ ပြောနိုင်တဲ့အဖြစ်မျိုး ရောက်။

ဒီကနေ တစ်ဆင့်တက်ပြီးသကာလ နာမည်တွေကို မသိပင်မသိပြောသော် လည်းပဲ၊ ဝိပဿနာ အလုပ်နဲ့ ကြိုးစားအားထုတ်လိုက်တဲ့အခါကျတော့ ဒါက ဘယ် သဘောကို ရှုမိရက်သားဖြစ်တယ်၊ ဒီတရားသဘောတွေ ကိုယ့်သန္တာန်မှာ ဖြစ်နေ လို့ရှိရင် ကိလေသာ အာသဝေါကုန်ခန်း ရဟန္တာအထိဖြစ်နိုင်တယ် မဂ်သဘော တွေ၊ အဲဒီလိုပြောနိုင် လက်တွေ့အားထုတ်နိုင်တဲ့ ဘဝမျိုးတွေကြုံနေရတာဟာဖြင့် ဒကာဒကာမတွေ ကံကောင်းလွန်းလို့ ကံကောင်းလွန်းလို့၊ ကိုယ့်ရနေတဲ့ အခွင့် အရေးလေးသိပ်အထင်မသေးလိုက်ကြနဲ့။

* ဝိ-၅။ ၁၅၇

http://www.dhammadownload.com



**အသရိရုံ**-ပရမတ္ထ, သဘာဝမို့, သာရမဖတ်, ခဏာခြင်းပျက်သဖြင့်, မည်းနက်ရှည်တို, သဏ္ဌာန်ဆိုဖို့, အထည်ကိုယ်ဒြပ်လည်း မရှိကြထသော၊ ဂုဟာသန်-ဟဒယသမုတ်, ဝတ္ထုရုပ်ဟု, မှီရာလှိုင်ဂူလည်းရှိထသော၊ အဲဒီစိတ်ဟာ ဘယ်မှာမှီပြီးဖြစ်သလဲဆိုရင် ဒကာ ဒကာမတွေရဲ့ ရင်ချိုင့်ထဲမှာ ဟဒယဝတ္ထုလို့ခေါ်တဲ့ ဟဒယဆိုတဲ့ရုပ်ကလေးရှိတယ်၊ အဲဒီအတွဲလေးတွေစုပြီးတော့နေတဲ့ ဟဒဝတ္ထုရုပ်၊ အဲဒီရုပ်ဝတ္ထုပေါ်မှာ အမှီပြုပြီးသကာလဖြစ်ပေါ်လေ့ရှိတဲ့တရား၊ ဟဒယသမုတ် ဝတ္ထုရုပ်ဟုမှီရာလှိုင်ဂူလည်းရှိထသော၊ စိတ္တံ-အာရုံတွေ့တိုင်း, ပြေးခုန်စိုင်းတတ်သည့်၊ စိတ်ရိုင်းစိတ်မိုက်ကလေးကို၊ ယေ-ဘုရားဆုံးမ, ဩဝါဒ၌, နှစ်ခြိုက်ပျော်ရွှင်, အကြင်သူတော်စင်တို့သည်၊ သံယမေဿန္တိ-တရားပြသ, နားပါးချပ်၍, ဆုံးမသွန်သင်ကြလေကုန်၏. . . ။

အဲဒီစိတ်ကလေးကိုဒကာ ဒကာမတွေနိုင်အောင် ဆုံးမနိုင်ကြတယ်ဆိုရင် သဗ္ဗညုတဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ရှာဖွေဆည်းပူးသိမ်းဆည်းပြီးမှ ကိုယ်ကိုယ်တိုင် သိမြင် ကိုယ်ကိုယ်တိုင် အသုံးချပြီးမှပေးအပ်ထားခဲ့တဲ့ ဝိပဿနာတည်းဟူသော မှန်ပြောင်း တပ်ပြီးတော့ ကြည့်ကြမယ်ဆိုရင် ဝိပဿနာတည်းဟူသော လက်နက်နဲ့ ဆုံးမသွန်သင်ကြမယ်ဆိုရင် (၃၁)ဘုံတည်းဟူသော ကမ္ဘာလောကကြီးအတွင်း ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ် ဒုက္ခတုံးမီးရထားတွဲကြီးတွေကို တဆွဲထဲဆွဲနေတဲ့ ဒုက္ခတွေရဲ့ အကြောင်းအရင်းခံဖြစ်တဲ့ သံသရာကိုလည်စေတတ်တဲ့ မကောင်းတဲ့စိတ်ဆိုတဲ့တရားတွေကို မျက်ဝါးထင်ထင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ကြသည်. . . ဒကာချီရ အားကိုးစရာမကောင်းဘူးလားနော်၊ (မှန်ပါ ဘုရား)၊ တကယ့်ခက်ခဲတဲ့တရားကိုပဲ ဘုရားရှင်ကိုယ်တော်မြတ်က မြင်နိုင်တဲ့နည်းပြတော့မလို့။

ယေ-ဘုရားဆုံးမ, ဩဝါဒ၌,နှစ်ခြိုက်ပျော်ရွှင်, အကြင်သူတော်စင်တို့သည်၊ သံယမေဿန္တိ-တရားပြသ, နားပါးချပ်၍, ဆုံးမသွန်သင်ကြလေကုန်၏၊ တေ-စိတ်ကိုပိုင်ပိုင်, နိုင်နင်းအောင်ဆုံးမနိုင်သော ထိုသူတို့သည်၊ မာရဗန္ဓနာ-အိုနာသေစုံ, ကာမဂုဏ်ထောင်တွင်း, မာရ်ကျော့ကွင်းမှ၊ မောက္ခန္တိ-နိဗ္ဗာန်တိုင်ရောက်, လွတ်မြောက်နိုင်ကုန်လိမ့်သတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com



အဲဒီတော့ တစ်ချက်ကလေး အငြိမ်မနေတဲ့စိတ်ကိုဖြင့် ဒီနေ့ဘုရားရှင်ကိုယ်တော်မြတ်ပေးအပ်တဲ့ ဝိပဿနာလက်နက်နဲ့ ဖမ်းမယ်၊ ဝိပဿနာဉာဏ်နဲ့ ဖမ်းမှရတယ်၊ ဒီပြင်နည်းနဲ့ဖြင့် ဒကာချိုရေ ကိုယ့်စိတ်ကို ခဏလေး တစ်ခုခုပေါ်မှာစိုက်ပြီးတော့ အာရုံထားကြည့်စမ်းပါနေသလားလို့၊ (မနေပါဘုရား) မနေဘူး မနေဘူး၊ ,ထမင်းတစား,စကားတပြော၊ နမောတဿ တစ်ခေါက်ဆုံးအောင်မနေဘူး၊ ဣတိပိသောတစ်ပုဒ်ရွတ်ပြီးအောင်မနေဘူး မှတ်ထားပါနော်၊ တခါတည်းသူက ပြေးလွှားပြီးတော့ ကြည့်နေရင်းကကြားရာပြေးတယ်၊ ကြားနေရင်းကနံရာပြေးတယ်၊ အမျိုးမျိုးအာရုံနဲ့လှည့်ပတ်ပြီးတော့ ပြေးနေတတ်တဲ့စိတ်. . ၊ အဲဒီစိတ်တရားလေး ပြေး,ပြေးသလောက် ကမ္ဘာလောကကြီးထဲရှိရှိသမျှ သတ္တဝါအနန္တတို့ ဒုက္ခရောက်တယ်. . . လို့ မှတ်လိုက်ကြစမ်းပါ။

အဲဒီဒုက္ခကိုဖြစ်စေတတ်တဲ့ စိတ်ဆိုတဲ့ တရားသဘောထဲမှာ ယှဉ်တွဲပြီးတော့ပါနေတဲ့ တဏှာလောဘခေါ်တဲ့ တရား၊ အဲဒီတဏှာလောဘဆိုတဲ့ တရားဟာ မီးရထားခေါင်းတွဲကြီးနဲ့တူတယ်တဲ့ ဒကာချိုရ နော်(မှန်ပါဘုရား) (၃၁)ဘုံတည်းဟူသော ရထားသံလမ်းကြီးတည်းဟူသော နိုင်ငံကြီးထဲမှာ၊ တစ်ခါတည်း ခန္ဓာကိုယ် ရုပ်နာမ်ခေါ်တဲ့ မီးရထားတွဲတွေကို လောဘမူလို့ခေါ်တဲ့ တဏှာဦးစီးတဲ့ စိတ်ပေါ့ဗျာ နော်၊ အဲဒီတဏှာဦးစီးတဲ့ စိတ်ကလေးကမီးရထားခေါင်းတွဲအနေနဲ့ တစ်ဆွဲတည်း ဆွဲနေကြလေသောကြောင့် ယနေ့ ဒကာဒကာမတွေ(၃၁)ဘုံတည်းဟူသော နိုင်ငံကြီးထဲက မထွက်နိုင်ကြ. . (၃၁)ဘုံတည်းဟူသောနိုင်ငံကြီးထဲမှာ ဆုံဝယ်တပ်နွား ရဟတ်ချားကဲ့သို့ တစ်ပတ်ပတ် တစ်လည်လည် အကုန်လုံးလှည့်ပတ်ပြီးတော့ ပြေးနေကြရတယ်။

ဒီတော့-အဲဒီတဏှာခေါင်းတွဲကိုဖြုတ်ပစ်နိုင်ရင် ယနေ့ ဒကာဒကာမတွေ (၃၁)ဘုံထဲက တပည့်တော်တို့လွတ်ရပါလို၏၊ ဘာလေးလုပ်လုပ် ဒကာ ဒကာမတွေ နိဗ္ဗာန်ရရပါလို၏၊ နိဗ္ဗာန်ရရပါလို၏. . တောင်းလိုက်ကြတဲ့ နိဗ္ဗာန်ပွက်ပွက်ညံပဲ မဟုတ်လား ဒကာချိုရ(မှန်ပါဘုရား) ဘာလေးလုပ်လုပ် ထမင်းတစ်ဆုပ်ရေတစ်မှုတ် ပန်းကလေးတစ်ပွင့်ပဲဖြစ်ဖြစ် ဘုရားတင် နိဗ္ဗာန်ရရပါလို၏ နိဗ္ဗာန်ရရပါလို၏ ထိုင်ဆုတောင်းနေတာနဲ့တူတယ်နော်၊ အမှန်စင်စစ်က နိဗ္ဗာန်ရရပါလို၏ဆုလည်းတောင်း၊ မီးရထားခေါင်းတွဲနဲ့ အလားသဏ္ဍာန်တူတဲ့ တဏှာလောဘခေါ်တဲ့ စိတ်ကိုလည်းပယ်ရမယ်, သတ်ရမယ်။

http://www.dhammadownload.com



ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီခေါင်းတွဲကြီးကိုလေ မင်းတို့ ဝိပဿနာမိုင်းပုံးထောင်ပြီးတော့ခွဲကြတဲ့ . ခေတ်ကာလနဲ့လျော်ကပ်ပြောကြစို့ဗျာ ဒကာချို့ (မှန်ပါဘုရား)၊ ဝိပဿနာခေါ်တဲ့လက်နက်နဲ့ ဖြိုဖျက်ရင်ဖြင့် အဲဒီတဏှာကို မြန်မြန်သတ်ကြစမ်း၊ တဏှာကိုဦးအောင် ကိုင်ပြီးတော့ သတ်ကြစမ်း၊ သမုဒယ သစ္စာခေါ်တဲ့ ဒုက္ခပေါင်းစုံတွေကိုဖြစ်စေတတ်တဲ့ တဏှာသေခဲ့လို့ရှိရင်၊ ဒုက္ခတွေ အကုန်ချုပ်ငြိမ်း၊ ဒီတော့-အဲဒီတဏှာကိုသတ်နိုင်အောင်ဟာ ဘယ်လိုလုပ်ရမလဲ၊ ဝိပဿနာကြိုးစားအားထုတ်။

ဝိပဿနာကြိုးစားအားထုတ်ရမယ်ဆိုတော့ ဝိပဿနာဆိုတာ ဘယ်လိုဟာကိုခေါ်သလဲဘုရား၊ ဝိပဿနာဟူသည် အရှိ အရှိအတိုင်းသိတဲ့သဘော၊ တကယ်ရှိနေတာကို တကယ်သိနေတဲ့သဘော၊ အဲဒါ ဝိပဿနာပဲ ဒကာချို့ရ နော်၊ (မှန်ပါဘုရား)၊ ဝိပဿနာ ဝိပဿနာဆိုရင် မလုပ်ဖူးသေးတဲ့သူတွေက တော်တော် အကြီး အကျယ်ကြီးချဲ့ချဲ့ပြီးတွေးတတ်တယ်ဒကာချို့ရ၊ နဂိုတုန်းကမှ မလုပ်ချင်ချင် ရှိရတဲ့အထဲမှာ ဘယ်လိုမှန်းမသိပါဘူး သူ့ဟာက။ တကတည်း ဝိပဿနာဆို တာဒီ့နှဲဖြစ်မယ်မထင်ပါဘူး၊ ဘယ်လိုလုပ်ရတာထင်ပါရဲ့၊ စာတတ်မှထင်ပါရဲ့၊ ဘယ့်နှယ်ထင်ပါရဲ့နဲ့၊ အသချေ်အနန္တတွေနဲ့ ဆင်ခြေပေါင်းများစွာပေးပြီးတော့ "ပျင်းတာနဲ့ နားပင်းတာနဲ့" အတော်မပါပဲထင်ပါရဲ့ ဒကာချို့ရနော်၊(မှန်ပါဘုရား)၊ ရောထိုင်လိုက်ကြတာပဲထင်ပါ ရဲ့၊ နဂိုကမှထိုင်ချင်ချင် ဆွဲပြီးတော့ "နည်းနည်းကလေးလှည့်လိုက်ကာရှိသေး ဖင်ထိုင်ချသလို"။ မလုပ်ချင်ကြဘူး။

ဒီတော့-ဝိပဿနာဆိုတာရှိနေတဲ့သဘောကို ရှိတဲ့အတိုင်း သိတဲ့သဘော၊ တစ်ကယ်ရှိနေတာကို တစ်ကယ်သိတဲ့သဘော အဲဒါဝိပဿနာ။ အလွယ်ဆုံးပြောရမှာဆိုရင်ဖြင့် ဒါပဲပြောတတ်တယ်နော် ဒကာချို့ (မှန်ပါဘုရား)၊ ဝိပဿနာဆိုတာ တစ်ကယ်ရှိနေတာ တစ်ကယ်သိတဲ့သဘော၊ ဒါဖြင့် ယနေ့ ဒကာ,ဒကာမတွေ တစ်ကယ်ရှိနေတာကို တကယ်သိကြရဲ့လား? တကယ်ရှိနေတာက ရုပ်နာမ်၊ သိနေတာက လူ, နတ်, ဗြဟ္မာ, သတ္တဝါ၊ ငါ, သူတစ်ပါး ယောကျ်ား မိန်းမ၊ ဒကာချို့ အသိနဲ့အရှိထပ်ရဲ့လား?(မထပ်ပါဘုရား)၊ သေသေချာချာစဉ်းစားဖြေနော် ဒကာချို့ လွဲလည်းကုန်အုံးမယ်၊ အသိနဲ့အရှိမထပ်ဘူးနော်။

တကယ်ရှိနေတာက ရုပ်နဲ့နာမ်ရှိနေတာမဟုတ်လား?(မှန်ပါဘုရား)၊ သိနေတာက အဲဒီ ရုပ်ပဲနာမ်ပဲလို့မသိဘူးဒကာချို့ရ၊ တစ်ခါတည်း ခုနကပြောခဲ့သလိုပဲ၊

http://www.dhammadownload.com



လူပဲ, နတ်ပဲ သတ္တဝါပဲ ဒီလိုဟာတွေနဲ့ လျှောက်သိနေတာ၊ အဲဒီအသိတွေမှန်သမျှ ဒိဋ္ဌိသိလို့ခေါ်တယ်၊ အမှားသိပေါ့ဗျာနော်၊(မှန်ပါဘုရား)၊ အမှားမြင်,မြင်၊ အမှား သိ,သိနေတယ်။ ဒီတော့-တကယ်ရှိတာ တကယ်သိရအောင်က တပည့်တော်တို့ ဘယ့်နှယ့်လုပ်ရမှာတုန်း၊ ဒါဖြင့် ရုပ်က နှစ်ဆယ့်ရှစ်ပါးရှိတယ်၊ စိတ်က တစ်ခုယုတ် ကိုးဆယ်ရှိတယ်၊ စေတသိက်က ငါးဆယ့်နှစ်ပါးလို့ အဲဒီလိုတတွတ်တွတ်ရွတ်နေ ရမှာလားကိုယ်တော်. . .၊ အဲဒါ သုတမယသိခေါ်ပါတယ်၊ စိန္တာမယသိခေါ်ပါ တယ်၊ စာသင်လို့သိ၊ သူတစ်ပါးပြောလို့ တစ်ဆင့်ကြားလို့သိ၊ အဲဒီအသိတွေက သုတမယအသိလို့ခေါ်တယ်။

စာသင်လို့တတ်ပြီးတော့ ခွဲခြားနားလည်လို့သိတဲ့ စေတသိက်က ငါးဆယ့်နှစ်ပါး၊ စိတ်က တစ်ခုယုတ်ကိုးဆယ်ရှိတယ်၊ ရုပ်က နှစ်ဆယ့်ရှစ်ပါးရှိတယ်၊ မဟာဘုတ်က လေးပါး၊ ဥပါဒါန် နှစ်ဆယ့်လေးပါးဆိုတာတွေကဒကာချိုရေ အဲဒါ ဝိပဿနာသိနဲ့ တကယ်ထပ်သိတဲ့ အသိမျိုးမဟုတ်သေးဘူးဗျနော်၊(မှန်ပါဘုရား)၊ စဉ်းစားလို့သိဆိုတဲ့-စိန္တာမယသိ၊ ကြားဖူးလို့သိတဲ့ သုတမယသိ၊ ပရိယတ္တိ နယ်ကသိ တဲ့အသိ. . . ဟုတ်လား၊ ဒီတော့ တကယ်သိဖို့ရာက ဘာလုပ်ရမှာတုန်းဆိုရင်၊ လာခဲ့--မြင်ရင်-မြင်တယ် မြင်တယ် မြင်တယ် ဒကာ ဒကာမတွေလေးလေး နက် နက်စဉ်းစားပြီးတော့ကြည့်ပါဒါလေးကို၊ မြင်တယ် မြင်တယ်လို့ မှတ်တဲ့ အခိုက်မှာ ရှေ့က အမြင်ခံတဲ့တရား၊ နောက်ကမြင်တဲ့တရား ဒီနှစ်ပါးလာလိမ့်မယ်။

ဒီတော့-မြင်တယ်လို့ မှတ်လိုက်သည်နှင့်တပြိုင်နက်၊ စိတ်ကို ဒီနေ့ည ဦးဇင်းဦးတည်ပြောနေတာဖြစ်တော့ ကိုယ့်သန္တာန်မှာဆိုပါတော့ ဒကာချိုရာ လိုချင် နေတဲ့သဘောလေးဖြစ်နေတယ်၊ အရာဝတ္ထုတစ်ခုကိုကြည့်ပြီးသကာလ လိုချင် လိုက်တာ, လိုချင်လိုက်တာဆိုတဲ့ လိုချင်တဲ့သဘောလေးဖြစ်နေတယ်၊ အဲဒီလိုချင် နေတဲ့သဘောလေးကို နောက်က လိုချင်တယ်၊ လိုချင်တယ်လို့မှ မသိလိုက်ရင်ဖြင့် သူကရှေ့လျှောက်တက်သွားပြီးတော့လိုချင်၊ လိုချင်တော့ကြိုးစား၊ ကြိုးစားတော့ ရအောင်အားထုတ်နဲ့ ရှေ့လျှောက်တစ်လျှောက်ကြီးသူကတက်သွား။ ဒီလိုမဟုတ် ဘဲနဲ့ ကိုယ်ကလိုချင်တယ်၊ လိုချင်တယ်လို့ နောက်ကနေပြီးတော့ အမှတ်ပြုလိုက် သည်နဲ့တပြိုင်နက် သတိပညာဦးစီးတဲ့ ဝိပဿနာမဂ်ကုသိုလ်လေးက နောက်က၊ အဲဒီရှေ့ကလိုချင်နေတဲ့ တရားကလေးကို အာရုံပြုမိရက်သားဖြစ်သွားတယ်။

http://www.dhammadownload.com



ဒီတော့ရှေ့ကလိုချင်နေတယ်ဆိုတဲ့ သဘောတရားသည် တဏှာ. . ၊ နာမည်တပ်တော့တဏှာပေ့ါ၊ ဒကာဒကာမတွေက တဏှာပဲလို့နာမည်မတပ်တတ်ချင်နေပါစေ၊ သိဖို့အရေးကြီးတာက မှတ်ဖို့အရေးကြီးတာကလိုချင်တယ်၊ လိုချင်တယ် လိုချင်တယ် လိုချင်တယ် ဒါမှတ်ဖို့အရေးကြီးတယ်၊ အဲဒီလိုမှတ်လိုက်သည်နဲ့တပြိုင်နက် ရှေ့ကလိုချင်နေတဲ့ တဏှာလောဘ နာမ်တရား၊ နောက်က လိုချင်တယ်လို့အမှတ်ပြုလိုက်လို့ သိသွားတဲ့ ဝိပဿနာမဂ်၊ အဲဒီဝိပဿနာမဂ်ဘယ်အာရုံပြုနေတုန်း၊ ဘယ်သူ့သိနေတာတုန်းဆိုရင် ရှေ့ကတဏှာလောဘကို အာရုံပြုရက်သားဖြစ်နေသည်၊ ရှေ့ကတဏှာလောဘခေါ်တဲ့ နာမ်တရားကို သိရက်သားဖြစ်နေသည်၊ အဲဒါအရှိ,အရှိအတိုင်းသိတဲ့အချိန်. . .။

အဲဒီလို အရှိအရှိအတိုင်းသိလိုက်သည်နဲ့ တပြိုင်နက် တဏှာဟာရှေ့မတိုးတော့ဘူး၊ သူ့ကိုဒီလို မသိဘဲနဲ့လွှတ်ပေးလိုက်လို့ရှိရင် တခါတည်းသူက ရှေ့တိုးသွားတော့တဏှာကနေပြီးတော့ နည်းနည်းလိုချင်တာ၊ နည်းနည်းလိုချင်ရာက တော်တော်ကြာတော့ မရမနေနိုင်အောင် လိုချင်တဲ့ ဥပါဒါန်. . . တက်သွားတယ်၊ မရမနေနိုင် မထိုင်နိုင်အောင်ဖြစ်လာကြတဲ့အခါကျတော့ သွားယူမှပါပဲ. . ၊ မဖြစ်ပါဘူးဆိုပြီးတော့ လှမ်းလှမ်း လှမ်းလှမ်းသွားတဲ့ ကာမဘဝ၊ ကာမဘဝဆိုတာ ဒကာချိုရေကာယကံ ဝစီကံ မနောကံ လုပ်ကိုင်လာတာတွေမှန်သမျှ ကာမဝဘဝလို့ခေါ်တယ်၊ ကာမ-အလုပ်၊ ဘဝဖြစ်လာတာ။

ဘာအလုပ်တွေဖြစ်လာသလဲ၊ ကိုယ်နဲ့ ပတ်သတ်တဲ့ကာယကံလှုပ်ရှားမှုတွေဖြစ်လာတယ်၊ နှုတ်နဲ့ပြောမယ်၊ စိတ်နဲ့ကြံတယ်၊ လိုချင်တာလေးက သာမာန်တင်မဟုတ်တော့ဘူး၊ တော်တော်ကိုလိုချင်လာတာဆိုတော့ ဟာ-ဘယ်သူ့မှာလိုက်မှပါပဲဟေ့၊ သွားလုပ်ခဲ့စမ်းပါ၊ ဝယ်ခဲ့စမ်းပါ ခြမ်းခဲ့စမ်းပါ, ပြောလိုက်စမ်းပါ"လို့စသည်ဖြင့်၊ ပါးစပ်နဲ့ပြောရမယ်ဆိုရင် ပါးစပ်ကဖြစ်လာတဲ့ အပြောတွေ. . . ပါးစပ်ထဲကနေပြီးတော့ ပြောမှုတွေဖြစ်လာတော့ ဝစီကံကာမဘဝ။

ကိုယ်နဲ့သွားမှဖြစ်မယ်ဆို တစ်ခါတည်းထသွားတန်သွားရတယ်၊ သို့မဟုတ်သာမည်နဲ့မရဘူး နိုင်လူမင်းထက်နှိပ်စက်မှရတော့မယ်ဆိုရင်, ရိုက်ဟာနှက်ဟာနဲ့ဆိုပြီးတော့ ယူရမယ်ဆိုရင်လည်း ရိုက်ဟာနှက်ဟာဆိုတဲ့ အကုသိုလ်ကာ်မဘဝတွေ ကာယကံနဲ့ပတ်သက်ပြီးတော့ ထဖြစ်လာကုန်။ စိတ်ထဲကလည်းဘယ်လိုလုပ်ရ

http://www.dhammadownload.com



ပါ့မတုန်း, ဘယ်လိုယူရပ့်ါမတုန်းနဲ့ ကြံတဲ့ မနောကံကာမဘဝ။ ကာမဘဝကနေတစ်ဆင့်တက်လိုက်တော့ ကာမဘဝတွေနဲ့ ကာယကံ ဝစီကံ မနောကံမှုတွေ အားထုတ်လိုက်တော့ ကိုယ့်သန္တာန်ထဲမှာ ကံတွေ တစ်ခါတည်းစုထားလိုက်တာ၊ ကံတွေစုထားလိုက်ရင်မျိုးစေ့တွေစုထားလိုက်တာနဲ့အတူတူပဲ ဒကာချိုရနော် (မှန်ပါဘုရား)။

မျိုးစေ့စုထားတယ်ဆိုရင် မျိုစေ့ဆိုတာပေါက်တယ်ဗျ အပင်ပေါက်လာတတ်တဲ့သဘောရှိတယ်၊ အပင်ပေါက်မယ့်သူက၊ ကာမဘဝတွေခန္ဓာထဲ စုထားလိုက်သည်နဲ့ တပြိုင်နက် ကာမဘဝပစ္စယာ ဇာတိ- ဟိုဘက် ဇာတိဆိုတာ လူ့ဘဝဖြစ်ခြင်း, နတ်ဘဝဖြစ်ခြင်း, တိရစ္ဆာန်ဘဝဖြစ်ခြင်းဆိုတဲ့ ဒီကကံမျိုးစေ့အားလျော်စွာ ဟိုဘက်အပင်ပေါက်မယ်ပေ့ါဗျာ(မှန်ပါဘုရား)။ ဒီဘက်က ကံမျိုးစေ့က အကောင်းလုပ်ထားရင် အကောင်းကံအားလျော်စွာ သုဂတိဘုံ နတ်ပြည်ခြောက်ထပ် လူ့ပြည်ဆိုတဲ့သုဂတိဘုံတွေပေ့ါ၊ မကောင်းတဲ့ ကံတွေလုပ်လို့ ရိုက်ဟာ နှက်ဟာ ခိုးဟာတိုက်ဟာနဲ့ ကာယကံမှုတွေနဲ့ ဝစီကံမှုတွေနဲ့ ကာမဘဝတွေက မကောင်းတဲ့ ကာမဘဝဆို ပြုရင်လည်းအပါယ်ဇာတိပေ့ါဗျာ၊ တိရစ္ဆာန်ဇာတိ, အသူရကာယ်ဇာတိခေါ်တဲ့ ဘဝပေါင်းစုံတွေရောက်ကုန်။

ဇာတိရှိမှတော့ဘာပေါ်လာတုန်းနောက်က ဆက်သွားတယ်၊ မွေးတယ်ဆိုတဲ့ ဘဝဇာတိရှိလာသည်နဲ့ တပြိုင်နက် ဘာဖြစ်လာမလဲနောက်က အိုတယ် နာတယ် သေတယ် နောက်က တောက်လျှောက်လိုက်တာပဲ။ **ဇာတိ ပစ္စယာ ဇရာမရဏံ**-ဟုတ်တယ်မဟုတ်လားဗျ၊ (မှန်ပါဘုရား)၊ ဇရာ မရဏရှိ ရှေ့ဆက်သွားသောက **ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ**-ခေါ်တဲ့ ကိုယ်စိတ်ဆင်းရဲခြင်း စိုးရိမ်ရခြင်း ပူပန်ရခြင်း ကိုယ်ဆင်းရဲရခြင်း စိတ်ဆင်းရဲရခြင်း ပြင်းစွာပူပန်ရခြင်းအစရှိတဲ့ ဒုက္ခတွေ. . . ဒုက္ခဆက်တွေတခါတည်းဆက်ချလာတာ ဒကာချိုရေ၊ လိုချင်တာလေးတစ်ခုကိုလိုချင်တယ်လို့ မမှတ်နိုင်မှုကြောင့် ရှေ့ဆက်သွားလိုက်တဲ့အဆက် မနည်းဘူးနော်-ဒကာချိုရနော်၊(မှန်ပါဘုရား)။ တခါတည်း အတိတ်ဘဝအတွက်ရော အနာဂါတ်ဘဝအတွက်ရော စုဆောင်းပြီးသားဖြစ်သွား၊ ဇာတိရသည်နဲ့တပြိုင်နက် မတိမ်းနိုင်တော့ဘူး ခုနက အို နာ သေတွေက, ပူဆွေးဒုက္ခတွေက တစ်ခါတည်းနောက်ကလိုက်လာတယ်။

❖ ဘဝဇာတိ, သူရှိပြန်လျှင်, အိုနာသေရေး, ပူဆွေးပြင်ပြင်၊
ကိုယ်စိတ်ဆင်းရဲ,ထန်သည်းပူပင်,ဒုက္ခတုံး,မဆုံးစက်အသွင်။

http://www.dhammadownload.com



ဇာတိရှိလာသည်နဲ့ တပြိုင်နက် အဲဒီ အို နာ သေ, စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲ, လိုချင်တာမရလို့ဆင်းရဲ, ချစ်သူတွေနဲ့ကွဲရလို့ဆင်းရဲ အစရှိတဲ့ ဒုက္ခတွေလေ အကုန်လာတော့တာပါပဲ ဒကာချီရနော်(မှန်ပါဘုရား)၊ ဒါ့ကြောင့်မို့လို့ လိုချင်တယ်ဆိုတဲ့ တဏှာသဘောလေးတစ်ချက်မသတ်နိုင်တဲ့အတွက် ဆက်သွားတယ်၊ အဲဒါကလေး သတ်လိုက်ပြန်တော့ကော အဲဒီလိုချင်တဲ့ဟာလေးကို လိုချင်တယ် လိုချင်တယ်လို့ အမှတ်ပြုနိုင်သည်နဲ့တပြိုင်နက် ပစ္စုပ္ပန်ကျ မှတ်နိုင်သည်နဲ့ တပြိုင်နက် ဥပါဒါန်သေ၊ အဲဒီတဏှာလေးက ချုပ်သွား။

တဏှာလေးကလည်းပဲ မှတ်မှတ်, မမှတ်မှတ် သူကတော့ချုပ်မှာ,ချုပ်မှာပဲ ဒကာချီရ (မှန်ပါဘုရား)။ မှတ်တဲ့ လူကကြည့်ကြည့် မကြည့်ကြည့် ဝိပဿနာနဲ့ရှုရှု မရှုရှု သူကတော့ ပေါ်ပျောက်ပဲ၊ အဲဒီပေါ်ပျောက်ကလေးဟာ သူ့ထုံးစံအတိုင်း ပေါ်ပျောက်ကလေးကိုပဲ ကိုယ်ကအမှတ်နဲ့မှတ်လိုက်တဲ့ အခါကျတော့ ပေါ်ပျောက်ကလေးကိုပဲကိုယ်က မြင်လည်းမြင်လိုက်ရတယ်၊ တဏှာဆိုတဲ့လောဘတရားလေးကိုလည်း အာရုံပြုရက်သားဖြစ်တယ်။

ဒါကြောင့်ဥပါဒါန်မဆက်။ ဥပါဒါန်မဆက်ဘူးဆိုကတည်းကိုက ဘဝ-လုပ်ဟာ ကိုင်ဟာ, ထိုးဟာခုတ်ဟာဆိုတာတွေမလာ၊ မလာရင်ဇာတိကုန်၊ ဇာတိလည်းမပေါ်လာ။ ဇာတိမပေါ်လာလို့ရှိရင်နောက်ထပ် အို, နာ, သေဆိုတာနဲ့ ပူဆွေးဒုက္ခတွေအကုန်ပြုတ်၊ ဟုတ်တယ်မဟုတ်လားဗျ၊ (မှန်ပါဘုရား) တဏှာနိရောဓာ **ဥပါဒါန နိရောဓော**- တဏှာချုပ်ရင် ဥပါဒါန်မလာ၊ ချုပ်တာက နှစ်မျိုးရှိတယ် ဒကာချီရ၊ ပေါ်ချုပ်,မပေါ်ချုပ်နှစ်မျိုးရှိတယ်၊ ဖြစ်ချုပ်, မဖြစ်ချုပ်ပေ့ါဗျာနော် (မှန်ပါဘုရား)။

အခုတဏှာလေးကိုမြင်တယ်, မြင်တယ်, မြင်တယ်လို့မှတ်လိုက်တဲ့ အတွက် လိုချင်တယ်, လိုချင်တယ်လို့ မှတ်ပြီးတော့သတ်လိုက်တဲ့အတွက် နောက်ကဥပါဒါန် မလာတာဟာ မလာချုပ်ခေါ်တယ်။ မလာဘဲနဲ့ချုပ်နေတာ အဲဒါလည်း နိရောဓပဲ၊ နိရောဓ,နိရောဓ ဒကာ ဒကာမတွေ နိဗ္ဗာန် နိဗ္ဗာန်လို့ ပြောကြတယ်ပါးစပ်က၊ အဲဒီလိုမှတ်လိုက်ရင် နိဗ္ဗာန်တခါတည်း ကပ်ပါနေပြီ၊ နိဗ္ဗာန်ရနေတယ် အဲဒီအချိန်၊ တဒင်္ဂနိဗ္ဗာန်လို့ခေါ်တယ် ဒကာချီနော်၊(မှန်ပါဘုရား) တဒင်္ဂနိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်။

http://www.dhammadownload.com



ဥပါဒါန်ကင်းသွားတယ်ဆိုတာ ပြင်းထန်တဲ့လိုချင်မှု ငြိမ်းသွားတာပဲ ဒကာချိုရ၊ နိဗ္ဗာန်ဆိုတာ အေးငြိမ်းသွားတဲ့ သဘောပဲ၊ အဲဒီတော့ လိုချင်မှု ပြင်းထန်မှုတွေ အေးငြိမ်းသွားတယ်ဆိုရင် နိဗ္ဗာန် လက်တွေ့ရနေပြီ၊ ပါးစပ်ကဆုတောင်းနေဖို့လိုသေးသလား ဒကာချိုအဲဒီအချိန်၊(မလိုပါဘုရား)၊ တရားမှတ်ဖို့ပဲလိုတယ်နော်၊ (မှန်ပါဘုရား) ဦးဇင်းတို့ ဝိပဿနာမဂ်ဟာ သာမည ပရိယုဋ္ဌာန ကိလေသာ၊ ဝီတိက္ကမကိလေသာခေါ် တဲ့ စိတ်ထဲမှာ ထကြွသောင်းကြမ်းလာတဲ့ကိလေသာ၊ လွန်ကျူးခြင်းဆိုတဲ့ ဝီတိက္ကမကိလေသာလောက်ကိုသာမက သတ္တဝါတို့ရဲ့ သန္တာန်မှာ အမြဲတမ်းကိန်းဝပ်တည်နေတဲ့ အနုသယ ကိလေသာ အထိသတ်တယ်. . . လို့ ဒကာဒကာမတွေယုံယုံကြည်ကြည်မှတ်လိုက်စမ်းပါနော်။

ဦးဇင်းတို့ ခုနကတုန်းက အမှတ်တရားလေးဆိုတဲ့ ဝိပဿနာမဂ်ဟာ ဘယ်လောက်ထိထက်သလဲဆိုတာ အနုသယကိလေသာထိသတ်တယ်လို့မှတ်စမ်းပါ ဒကာချိုရနော်၊(မှန်ပါဘုရား) အနုသယကိလေသာဆိုတာဟာ သတ္တဝါသန္တာန်မှာ အခံဓာတ်အနေနဲ့ အမြဲတမ်းပါလာတာ။ ဥပမာနဲ့ပြောကြမယ်ဆိုရင် မျိုးစေ့လေး၊ အဲဒီမျိုးစေ့လေးခွဲခြမ်းကြည့်လိုက်တော့ အထဲထဲမှာ အပင်ပေါက်စေတတ်တဲ့ သတ္တိတော့ ဒကာချိုတို့ဘယ်နှယ့်လုပ်ရှာလို့မှတွေ့မှာမဟုတ်ဘူးနော်၊ ဒါပေမဲ့လို့ သူ့ထဲမှာ အတွင်းမှာပေါက်စေတတ်တဲ့ သတ္တိတော့ရှိတယ်၊ ဘယ်လိုအချိန်ပေါက်တတ်ဟုန်း၊ သူ့ကိုပေါက်စေတတ်တဲ့ အကြောင်းတွေညီညွတ်ရင် သူပေါက်လိမ့်မယ်။

သစ်စေ့လေးဆိုကြစို့နော်၊ အဲဒီသစ်စေ့လေးတစ်စေ့ထဲ အပင်ပေါက်စေတတ်တဲ့ သတ္တိရှိနေတယ်ဆိုရင် မြေထဲမှာချလိုက်မယ်ဆိုရင် ရေလေးလောင်းပေးလိုက်မယ်ဆိုရင် နေပူအလင်းရောင်လေးတွေနဲ့တွေ့သွားလိုက်ရမယ်ဆိုရင် အကြောင်းလေးတွေစုံလာရင် ပေါက်မယ်၊ ဒီတော့ အနုသယကိလေသာဆိုတာ မျိုးစေ့နဲ့တူတယ်. . လို့ နော်-

❖　မျိုးစေ့ပမာ၊ နုသယာ၊ တူစွာမှတ်ကြရာ၊
　　ပေါက်စေသတ္တိ၊ အတွင်းရှိ၊ ခွဲကြည့်မမြင်ပါ၊
　　မြေမှာချမှု၊ အညှောင့်စူ၊ ထွက်ပြူကြီးထွားရာ။

အနုသယကိလေသာဆိုတာ သူ့အကြောင်းနဲ့ သူ့အကြောင်းတိုက်ဆိုလာရင်တော့ တခါတည်းဖွားကနဲ့ ထဖြစ်တာပဲ၊ ယနေ့ ဒကာ ဒကာမတွေရဲ့ သန္တာန်မှာ အနုသယကိလေသာတို့သည်၊ သံသရာ တစ်လျှောက်လုံးက ဓာတ်ခံအဖြစ်နဲ့ပါ

http://www.dhammadownload.com



လာကြတာဖြစ်လေသောကြောင့် အာရုံဆိုတဲ့ ရေမြေအကြောင်းနဲ့ ပေါင်းဆုံလိုက်သည်နဲ့တပြိုင်နက် ဒကာ ဒကာမတွေ သန္တာန်မှာ မျိုးစေ့အဖြစ်နဲ့တည်နေတဲ့ အနုသယ ကိလေသာဖြုန်းကနဲ တခါတည်းပေါ်လာ၊ အနုသယကိလေသာဟာ မျိုးစေ့နဲ့တူတယ်လို့ ဦးဇင်းခုနကပြောထားတယ်။

မျိုးစေ့လေးနဲ့တူတော့-အဲဒီမျိုးစေ့လေး အထဲထဲ ပေါက်စေတတ်တဲ့ သတ္တိခွဲကြည့်ရှာမတွေ့၊ သို့သော်-မြေထဲချလိုက်တယ် ရေလေးလောင်းလိုက်တယ်ဆိုတော့ အညှောင့်ကလေးတွေများစူပြီးသကာလ အငေါက်ကလေးတွေနဲ့ တော်တော်ကြာတော့ အကိုင်းအခက်တွေနဲ့ အသီးအပွင့်တွေနဲ့ ဖြစ်မလာဘူးလား ဒကာချီုရ? (ဖြစ်ပါဘုရား) အဲဒီအတိုင်းပဲ ယနေ့ဒကာဒကာမတွေရဲ့ သန္တာန်မှာ အနုသယကိလေသာခေါ်တဲ့ ဓာတ်ခံရုပ်ထဲမှာ ကိန်းနေတယ်၊ အနုသယကိလေသာလေးပဲဆိုကြစို့နော် ဒကာဒကာမတွေရဲ့ သန္တာန်မှာ အနုသယကိလေသာလို့ခေါ်တဲ့ ဥပါဒ်ဋ္ဌီ ဘင် ပေါ်ပြီးတော့လာတာမဟုတ်ဘဲနဲ့ ဒီတိုင်းကိန်းနေတာလေးရှိတယ်။

သူကဘာနဲ့တွေ့ရင်ပေါက်လာတတ်တုန်း ခုနက မျိုးစေ့တွေမြေထဲချလိုက်ရေလေးနဲ့တွေ့လိုက်ရင် အညှောင့်စူပြီးသကာလ ထွက်ပြူကြီးထွားသလို အာရုံတရားနဲ့ ပေါင်းဆုံလိုက်သည်နဲ့ တပြိုင်နက် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ကောင်းတဲ့အာရုံ မကောင်းတဲ့အာရုံ အာရုံအမျိုးမျိုးပေါ့နော် တဏှာလေးဆိုတော့ ကောင်းတဲ့အာရုံဣဋ္ဌာရုံလိုချင်စရာအာရုံလေး ပြလိုက်သည်နဲ့တပြိုင်နက် ဖျတ်ကနဲ့ဆိုပေါ်လာ၊ အဲဒါဘာနဲ့တူတုန်းဆိုရင် ခုနက မြေကြီးထဲချလိုက်လို့၊ ရေလေးလောင်းလိုက်လို့ အညှောင့်ကလေးစူပြီးတော့ ထွက်လာတာနဲ့တူတယ် တဏှာသဘောတရားက။

အနုသယကိလေသာမှနေပြီးသကာလ ပရိယုဋ္ဌာနကိလေသာခေါ်တဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာသည်အထိ ရောက်လာတယ် ဒကာချီုရနော်(မှန်ပါဘုရား) အဲဒါခုနက မျိုးစေ့ကလေး မြေထဲချသလို ရေနဲ့လောင်းလိုက်လို့ အညှောင့်ကလေးစူထွက်လာတာနဲ့တူတယ်၊ အဲဒီအညှောင့်ကလေးစူလာရာကနေပြီးသကာလ ကြည့်ပြီးတော့နေလို့ မွေးလိုက်မယ်ဆိုရင် ဒီသစ်ပင်ကလေးဟာ တစ်ဖြေးဖြေးနဲ့ ကြီးထွားကြီးထွားပြီးလာရာက အကိုင်းအခက်ကြီးတွေ အသီးအပွင့်တွေထွက်ဝေလာသလို အနုသယကိလေသာခေါ်တဲ့ ခန္ဓာသန္တာန်မှာရှိနေတဲ့ ပေါက်စေတတ်တဲ့ သဘောကို အာရုံတရားနဲ့ပြလိုက်လို့၊ ခုနကပြောတဲ့တဏှာလောဘ အနုသယကိလေသာကလေး ကိန်းနေတဲ့နေရာမှာ ရူပါရုံ လှလှလေးနဲ့ပြလိုက်တော့ ဖျတ်ကနဲ့ဆို ပရိ

http://www.dhammadownload.com



ယုဋ္ဌာနကိလေသာ. . . အမြစ်ကလေးတွယ်သွား၊ အညှောင့်ကလေးထွက်လာ။

ထွက်လာတော့ ဒီနေရာ ဒီအညှောင့် ဒီအမြစ်ကမှ မသတ်ဘူးဆိုရင် သူကရှေ့တက်မယ်၊ ဘယ်နှယ့်တက်လာမလဲ တဖြေးဖြေးနဲ့ ဥပါဒါန်ခေါ်တဲ့ ပင်စည် အကိုင်းအခက်တွေကနေပြီးသကာလ ကာမဘဝခေါ်တဲ့ တခါတည်း အရွက်တွေ အသီးတွေ အပွင့်တွေ၊ ဇာတိခေါ်တဲ့အပွင့်အသီးတွေ၊ ဇရာ ဗျာဓိ မရဏခေါ်တဲ့ အပွင့်အသီးတွေ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသခေါ်တဲ့ အပွင့်တွေ. . . တခါတည်း အကုန်လုံးလာကုန်တာပဲ။

ဒီတော့ အဲဒီဟာတွေမှာ ခုနက သစ်ပင်ကလေး မျိုးစေ့ကလေးကို မပေါက်စေချင်ရင်ဖြင့် ဒကာချိုရေ ဘယ့်နှယ့်လုပ်ရမတုန်း **"အိုးခင်းအပေါ်,မီးနှင့်လှော်, ကျွမ်းသော်မပေါက်ရာ"** အဲဒီမျိုးစေ့ကလေးပေါက်စေတတ်တဲ့ သတ္တိကလေးရှိတယ်၊ ဒကာချိုတို့က မီးဖိုကလေးပေါ်မှာ အိုးခင်းကလေးတည်ပြီးတော့ အဲဒီအပေါ်မှာသာလှော်ပေးလိုက်စမ်းပါ ဒကာချိုရာ ဒီမျိုးစေ့ဟာ မီးတောက်စွဲသွားပြီးတော့ ပေါက်စေတတ်တဲ့သတ္တိတွေ ခြောက်ကပ်မသွားပေဘူးလား?(ခြောက်ကပ်သွားမှာပါဘုရား) ခြောက်ကပ်သွားလို့ရှိရင် လှော်ပြီးသားလေး မြေကြီးထဲချ မြေဩဇာကောင်းပေ့ဆိုတာတွေ ဒကာချိုက တတ်နိုင်လို့ယူပြီးတော့ စုပုံပေးအုံး ရေတွေလောင်းအုံး နေရောင်ခြည်တွေပြအုံး ပေါက်အုံးမလားဒီအပင်?(မပေါက်နိုင်ပါဘုရား)။

ထိုဆိုအပ်ခဲ့သည့် ဥပမာစကားအလားတူသာလျှင် ယနေ့ဒကာ ဒကာမတွေရဲ့ ခန္ဓာသန္တာန်ဝယ် အနုသယကိလေသာတည်းဟူသောမျိုးစေ့ကို မြင်တာကို မြင်တယ်မြင်တယ်၊ ကြားတာကို ကြားတယ်ကြားတယ်လို့ မှတ်နေခဲ့ရင် မြင်,မြင်တဲ့အခိုက်၊ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" ဆိုတဲ့အတိုင်း မြင်,မြင်တဲ့အခိုက် သတ်နိုင်ခဲ့ရင် အဲဒီအနုသယကိုလှော်နေပြီ. . ပေါက်စေတတ်တဲ့မျိုးစေ့ကလေးကို ငါတို့ယောက်မနဲ့လှော်နေတာပဲလို့မှတ်စမ်းပါ အဲဒီအမှတ်တည့်နေတဲ့ အချိန်ဟာ၊ တစ်ချက်လှော် လှော်သလောက်တန်ဖိုးရှိပါတယ် ဒကာချိုရနော်(မှန်ပါဘုရား)။

မြင်တယ်လို့ မှတ်လိုက်တဲ့အချိန်မှာ ဒကာချိုရေ မြင်တယ်လို့မှတ်လိုက်သည်နဲ့တစ်ပြိုင်နက် မြင်စိတ်ကလေးကိုလည်း အာရုံပြုချင်ပြုမိရက်သားဖြစ်တယ်

http://www.dhammadownload.com



တဲ့၊ သို့မဟုတ် အတွင်းက စက္ခုပသာဒခေါ်တဲ့ အကြည်ဓာတ်၊ သို့မဟုတ် အပြင်ဘက်ကရူပါရုံ၊ အဲဒီအချိန်မှာ မှတ်မိနေရက်သားဖြစ်နေတာက ငါးပါးလောက်ရှိတယ်၊ အတွင်းကအခံဓာတ်ဖြစ်တဲ့ မျက်စိအကြည်ဓာတ်ကိုသော်လည်းကောင်း၊ သို့မဟုတ် အပြင်ကရူပါရုံကိုသော်လည်းကောင်း၊ သို့မဟုတ်ထိုနှစ်ခုတို့ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ မြင်စိတ်ကလေးကိုသော်လည်းကောင်း၊ သို့မဟုတ် ထိုသုံးခုတို့ပေါင်းဆုံခြင်းဆိုတဲ့ ဖဿ. . "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတဲ့ အတိုင်း ဖဿခေါ်တဲ့တွေ့ထိမှု၊ သို့မဟုတ် အဲဒီဖဿမှတစ်ဆင့်တက်လာတဲ့ ဝေဒနာ၊ မြင်စိတ်ကလေးပေါ်လာသည်နဲ့ တပြိုင်နက်ဝေဒနာကတော့ပါပြီ ဒကာချိုရေနော်၊(မှန်ပါဘုရား)။

ဝေဒနာဆိုတာ-ခံစားမှုလေး၊ ခံစားမှုလေးဆိုတာ မြင်စိတ်ကလေးပေါ်သည်နဲ့တပြိုင်နက် ကောင်းတာလေးမြင်ရင် သုခဝေဒနာလေးပါသွားတာပဲ၊ မကောင်းတာလေးမြင်ရင် ဒုက္ခဝေဒနာ၊ သိပ်လည်းမကောင်း သိပ်လည်းမဆိုးဆိုလို့ရှိရင် ဥပေက္ခာဝေဒနာခေါ်တဲ့ မဇ္ဈတ္တသဘော အလယ်အလတ်သဘောပေါ့ဗျနော်၊ အဲဒီတော့ မြင်တာလေး မြင်တယ်လို့မှတ်လိုက်သည်နဲ့ တပြိုင်နက် သုခဝေဒနာကိုသော်လည်းကောင်း, ဒုက္ခဝေဒနာကိုသော်လည်းကောင်း, သို့မဟုတ် မြင်စိတ်ကလေးကိုသော်လည်းကောင်း၊ ဖမ်းမိရက်သားဖြစ်မယ်၊ ဖြစ်ရင် အဲဒီအတွင်းမှာကိန်းဝပ်နေတဲ့ အနုသယ . . အခု ဉးဇင်းက တဏှာနဲ့ပြောနေတာမို့လို့ တဏှာအနုသယ၊ မြင်တာလေးက ရူပါရုံကောင်းကောင်းလေးမြင်လိုက်တယ် လှမ်းပြီးတော့၊ မြင်တယ်လို့မှတ်လိုက်တယ်၊ အမြင်က စက္ခုဝိညာဉ်ကို မှတ်မိရက်သားဖြစ်သွားတယ်။

အဲဒီလိုဆိုရင် နောက်ကကောင်းတဲ့ ရူပါရုံအကြောင်းပြုပြီးတော့ ရူပါရုံအကောင်း ချောချောလှလှတည်းဟူသော မြေနဲ့ရေကို အကြောင်းပြုပြီးသကာလ မြင်စိတ်၊ သို့မဟုတ် ဝေဒနာထဲကထွက်လာမယ့် တဏှာလောဘအနုသယ အညှောင့် မထွက်လာ၊ အဲဒီတဏှာလောဘ ပရိယုဋ္ဌာနအထိ တက်လာတဲ့,အနုသယကနေ တက်လာမယ့်ဟာကလေးကို ပိတ်သတ်လိုက်တယ်၊ ဝိပဿနာနဲ့ မှတ်လိုက်သည်နဲ့ တပြိုင်နက် ယောက်မနဲ့ ခုနကအိုးခင်းပေါ်ထည့်လျှော်လိုက်သလို တခါမွှေလိုက်သလိုပဲဖြစ်နေတယ် ဒကာချိုရာနော်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒီမျိုးစေ့ကျွမ်းသွားလို့ရှိရင် ဘယ်တော့ပေါက်တော့မှာတုန်း၊ မပေါက်တော့ဘူးနော်၊(မှန်ပါဘုရား)၊ ရှုပါရုံကောင်းကောင်းနဲ့တွေ့လည်းမပေါက်တော့ဘူး၊ မြေကောင်းရေကောင်းနဲ့တွေ့ပေမယ့် ခုနမျိုးစေကလေးမပေါက်တော့သလို၊ ဒါ့ကြောင့် ဝိပဿနာမဂ်နဲ့ သတ်တဲ့နေရာမှာ အနုသယကိလေသာအထိပယ်သတ်နိုင်တယ် . . လို့ ခုနကသစ်ပင်ကြီး ဥပမာပေးတဲ့နေရာမှာကြည့်။ တဏှာတည်းဟူသော အမြစ်ကလေးထွက်လာရာက၊ ထွက်လာတဲ့အချိန်ထိ ကိုယ်မနိုင်သေးလို့ရှိရင် အဲဒီအချိန်ဖမ်းသတ်၊ သူကအမြစ်နဲ့ အညှောင့်နဲ့ထွက်လာတယ်ဆိုရင် ဒီအချိန်ကို ဒင်းကိုသတ်မှပဲဆိုပြီးတော့ သူ့ကိုနိုင်တဲ့နည်းနဲ့ အဆိပ်တို့ဘာတို့နဲ့သွင်းပြီးတော့ သတ်မယ်။

သို့မဟုတ်ဒီကနေ တဆင့်တက်သွားလို့ ဥပါဒါန်ခေါ်တဲ့ ပင်စည်အကိုင်းအခက်တွေနဲ့အထိ သစ်ပင်ကြီးအထိတက်သွားပြီဆိုရင်ကော၊ ဟာအဲဒီအချိန်ဖမ်းသတ်ရင်လည်းရသေးတယ် ဒကာချိုရနော်၊(မှန်ပါဘုရား) ခုနက ပြောသလို အနုသယသတ်တဲ့ အနေနဲ့မလှော်နိုင်ခဲ့ရင် သစ်ပင်ကြီးအနေနဲ့ သန်မာထွားကျိုင်းလာတဲ့အချိန်မှာ ဖမ်းပြီးတော့သတ်၊ လိုချင်တာမှ မရမနေလိုချင်တဲ့ စိတ်ပေါ်နေတယ်၊ ပေါ်နေရင်မှတ်ပါ ဘာမှရှုပ်မနေနဲ့ လိုချင်တယ်,လိုချင်တယ်၊ ပြင်းပြင်းထန်ထန်စွဲလမ်းရင် စွဲလမ်းတယ် စွဲလမ်းတယ်။ စွဲလမ်းတယ်လို့မှတ်နေတယ်ဆိုရင် ဥပါဒါန်ခေါ်တဲ့ သစ်ပင်ကြီးကို အဆိပ်သွင်းသတ်နေရာရောက်တယ်။

❖ သစ်ပင်ကြီးကို, သီးမလို၍, ထိုထိုကြိတ်နင်း,
အဆိပ်သွင်းက,အတွင်းခြောက်ပြီး,နောက်မသီးသို့. . .

သစ်ပင်ကြီးကို ကိုယ်က မသီးစေချင်လို့ရှိရင် အဆိပ်နဲ့သာထိုးပေးစမ်းပါ ဒကာချိုရာ ဒီသစ်ပင်ကြီးသီးပါအုံးမလား?(မသီးနိုင်ပါဘုရား) ဥပါဒါန်တည်းဟူသော ပင်စည်ခက်မဝယ် ဝိပဿနာမဂ်တည်းဟူသော မြင်တယ်မြင်တယ်၊ လိုချင်တယ်လိုချင်တယ်၊ စွဲလမ်းတယ်စွဲလမ်းတယ်၊ နှစ်သက်တယ် နှစ်သက်တယ် အစရှိတဲ့ မှတ်လိုက်တဲ့ ဝိပဿနာမဂ်တည်းဟူသော အဆိပ်သာသွင်းလိုက်စမ်းပါ အတွင်းကနေပြီးတော့ ဇာတိသီး ဇရာသီး ဗျာဓိသီးတွေ သီးစေတတ်တဲ့ အနုသယတွေအကုန်ငှေ၊ ပင်စည်သစ်ပင်ကြီးကို အတွင်းက သီးစေတတ်တဲ့ဓာတ်သာမကဘူး သစ်ပင်ကြီးကောခြောက်ကပ်မသွားပေဘူးလားဗျ?(သွားမှာပါဘုရား)။

အဒီအတိုင်းပဲ ဥပါဒါန်ခေါ်တဲ့ သစ်ပင်ကိုင်းခက်ကြီး တခါတည်းသေ၊ သေတာက သူ့နဂိုကတည်းကသေမှာပဲ ဒကာချိုရ တရားသဘောကနော်၊(မှန်ပါ

http://www.dhammadownload.com



ဘုရား)ဥပါဒါန်ကလည်းပဲ သူပေါ်ပြီးပျောက်တာပဲ၊ ကိုယ်ကမကြည့်ရင်သာပါ သူတို့ကတော့ ဓမ္မကတော့ အမြဲပြနေပါတယ်၊ ပေါ်လိုက်ပျောက်လိုက် ပေါ်လိုက် ပျောက်လိုက်နဲ့ ကိုယ်ကတွေ့တဲ့အချိန်ဖမ်းပြီးတော့ကြည့် စိတ်ဆိုတာဟိုပြေး ဒီပြေး ပြေးနေတာဖြစ်တော့ ရောက်ရာအရပ်လိုက်ပြီးတော့ ဖမ်းမှတ်ရတယ် ဒကာချိုရဲ့ အဲဒီလိုသူ့ကိုဖမ်းရတာ နော်(မှန်ပါဘုရား)။

အဲဒီလိုမဟုတ်ဘဲ တစ်နေရာကနေထိုင်ပြီးတော့ ဒီနေရာကနေ၊ ဒီနေရာ ကနေပြီးတော့ လာခဲ့ ဒီနားတင် နင်တစ်နာရီရှုရမယ် ကြည့်ရမယ်နဲ့ ကြည့်နေလို့က တော့ ဒကာချိုရေ-မလွယ်ပါဘူး၊ သမထခေါ်တဲ့ အလုပ်ဟာ အဲဒီဟာတွေကိုလုပ် တဲ့ နေရာမှာတော့ စွမ်းစွမ်းတမံအစွမ်းဆုံးအလုပ်ပါပဲ၊ ဒါပေမယ့်လို့တော်တော် ကြာတော့ ဒီသမထလည်းပြန်ပျက်တာပဲ ဒီစိတ် ဒီလိုသွားတာပဲနော်။

ဒါ့ကြောင့်မို့လို့ ဝိပဿနာသည်သာလျှင် ဥပါဒါန်ခေါ်တဲ့ သစ်ကိုင်းသစ် ခက်အနေ ရောက်နေတဲ့အချိန်မှာလည်း ပယ်သတ်နိုင်လျှင်ရတယ်. .၊ဒီကမှ မရလိုက်ဘူးဆိုရင်တော့ ဒကာချိုရေသွားပြီ၊ ဥပါဒါန်ကနေတစ်ဆင့်တက်သွားမယ်၊ ကာမဘဝခေါ်တဲ့-လုပ်ဟာ ကိုင်ဟာ,သွားဟာ,လာဟာ,စားဟာ,သောက်ဟာ ရရာ ရကြောင်းတွေ ကိုယ်လိုချင်တဲ့အာရုံဝတ္ထု ကောင်းတဲ့ရူပါရုံချောချောလှလှလေး လိုချင်တယ်ဆိုရင် ရူပါရုံချောချောလှလှလေးတွေရရာရကြောင်း သွားခြင်း,လာ ခြင်း,လုပ်ခြင်း,ကိုင်ခြင်းဆိုတဲ့ ကာယကံမှု ကာမဘဝတွေ။

ဝစီကံမှု-ပြောဟာဆိုဟာ သွားပေးပါ လာပေးပါ အစရှိတဲ့ ဝယ်ပေးပါ အစရှိတဲ့နှုတ်နဲ့ပြောရတဲ့ ဝစီကံ အမှုတွေ၊ စိတ်ထဲကဘယ်လိုလုပ်ယူရပါ့မတုန်း၊ ဘယ်လိုရအောင်လုပ်ရပါ့မတုန်းစတဲ့စဉ်းစားတဲ့ မနောကံမှု ကာမဘဝတွေ. . . တစ်လျှောက်ကြီးလိုက်လာကုန်တာပဲ ဒကာချိုရနော်၊(မှန်ပါဘုရား) အဲဒီအချိန် လည်း သတ်လို့ရပါတယ် သတ်ချင်ရင်။

သတိရသေးတယ်ဆိုရင်အဲဒီအချိန်သတိရရင် ကိုယ့်စိတ်ထဲက ဘယ်လို လုပ်ပြီးတော့ ကြိုးစားရပါ့မတုန်းလို့စဉ်းစားနေရင် စဉ်းစားတယ်, စဉ်းစားတယ်, စဉ်းစားတယ်မှတ်ရင် အဲဒီအချိန်ကာမဘဝတွေပြတ်. . . တခါတည်းပျောက် ထွက်သွားတာပဲ၊ ဒီလိုမဟုတ်လို့ရှိရင်တော့ သူကတစ်ဆင့်တက်မယ်၊ ကာမဘဝ

http://www.dhammadownload.com



ကနေပြီးတော့ သွားပြီ. . အဲဒီကျတော့ ဇာတိသီးခေါ်တဲ့ ပဋိသန္ဓေနေခြင်းအသီးတွေ, ဇရာသီးခေါ်တဲ့အိုသီးတွေ, ဗျာဓိသီးခေါ်တဲ့ နာသီးတွေ, မရဏခေါ်တဲ့ သေခြင်းသီးတွေ ပေါင်းစုံလာပြီးတော့ တခါတည်း အကိုင်းအခက်တွေနဲ့ ဝေဝေဆာဆာဖြစ်။

ဝေဝေဆာဆာဖြစ်တော့ ခုနကသစ်ပင်ကြီးမှာ ဒုက္ခချိုသတိထားကြည့်စမ်း၊ အဲဒီသစ်ပင်ကြီးဟာကြီးထွားပြီးတော့ မျိုးစေ့မြေချလိုက်လို့မြေရေတွေနဲ့ အကြောင်းတိုက်ဆုံပြီးတော့ အနုသယဓာတ်နဲ့တူတဲ့ မျိုးစေ့ဓာတ်ကနေတက်ပြီးတော့ ကြီးထွားသွားတဲ့ အဲဒီသစ်ပင်ဟာ နောက်ထပ်အသီးတွေသီးတယ်မဟုတ်လားဗျ၊(မှန်ပါသီးပါဘုရား) အဲဒီအသီးဟာ ကာမဘဝအသီး၊ အဲဒီကာမဘဝတည်းဟူသော အသီး, သီးလိုက်သည်နဲ့တပြိုင်နက် ဒီအသီထဲမှာ မျိုးစေ့ပါမယ်၊ မပါဘူးလား?(ပါပါဘုရား) ဒီမျိုးစေ့ဟာ မြေပေါ်ကျ နောက်ထပ်သစ်ပင်ပေါက်၊ မပေါက်ဘူးလားဗျာ?(ပေါက်ပါဘုရား)။

ဒီသစ်စေ့ကနေ သစ်ပင်ကြီးထဖြစ်၊ အဲဒီသစ်ပင်ကြီးကနေ သစ်သီးသီး။ အဲဒီသစ်သီးက မြေပေါ်ကျ၊ အစေ့ကထပေါက်၊ နောက်ထပ်သစ်ပင်ကြီးဖြစ်၊ အသီးသီး၊ အသီးကမြေပေါ်ကျ၊ နောက်ထပ်သစ်ပင်ကြီးပေါက် ဘယ်တော့ဆုံးမယ် ထင်တုန်း ဒုက္ခချိုရေ(မဆုံးပါဘုရား) ဘယ်တော့မှမဆုံးဘူး မျိုးစေ့ကလှည့်ပတ်သွားမယ်။ ဒါဖြင့် အဲဒီမျိုးစေ့ကို အိုးခင်းအပေါ်တင်ပြီးတော့မှ ဒုက္ခချိုတို့မလှော်ဘူးဆိုရင် ဒီမျိုးစေ့ဘယ်တော့မှ အဆက်မပြတ်တော့ဘူးဒုက္ခချိုရနော်၊(မှန်ပါဘုရား)။

ယနေ့ဒကာ ဒကာမတွေ နိဗ္ဗာန်ရ,ရပါလို၏, နိဗ္ဗာန်ရ,ရပါလို၏ဆိုတာ နိဗ္ဗာန်ဆိုတာ ငြိမ်းခြင်းအေးခြင်း ခန္ဓာဒုက္ခတွေငြိမ်းရပါလို၏၊ ဇာတိတွေအေးရပါလို၏၊ ဒုက္ခတွေငြိမ်းရပါလို၏. . လို့ ဘယ်လောက်ပဲဆုတောင်းနေကြသော်လည်းပဲ ယနေ့ ဒကာဒကာမတွေငြိမ်းအေးကြောင်းကို မကြိုးစားကြ. . လှော်ရမှာဒကာချိုရ လှော်ရမှာနော်၊(မှန်ပါဘုရား) မျိုးစေ့ကလေးလှော်ရမှာတော့ မလှော်ပါဘဲနဲ့ တခါတည်းဘေးနားကနေပြီးတော့ နိဗ္ဗာန်ရ,ရပါလို၏, နိဗ္ဗာန်ရ,ရပါလို၏လို့ လုပ်နေလို့ကတော့ ဂေါတမဘုရားလက်ထက်လည်းတရားမရဘူး၊ အရိမေတ္တေယျလက်ထက်လည်းမရဘူး၊ နောက် ဂင်္ဂါဝါလုသဲစုမကပွင့်တော်မူလတံ့ဘုရားတွေလည်းမရဘူး. . မှတ်စမ်းပါနော်။

http://www.dhammadownload.com



ဒါ့ကြောင့် အရေးကြီးတဲ့အလုပ်က ဒကာ,ဒကာမတွေဘာလုပ်ရမလဲ "အိုးခင်းအပေါ်, မီးနှင့်လှော်, ကျွမ်းသော်မပေါက်ရာ" ဆိုတဲ့အတိုင်းပဲ ခန္ဓသန္တာန်မှာ ရုပ်နာမ်သန္တာန်မှာ ဖြစ်ပေါ်လာသမျှတရား၊ အထူးသဖြင့် စိတ္တာနုပဿနာခေါ်တဲ့ တရားကို ယနေ့ည ဦးစားပေး၍ ဟောနေတာ ဖြစ်လေသောကြောင့် ပေါ်လာသမျှ စိတ်ကလေးကို အမှတ်ပြုသွားမယ်ဆိုရင် အဲဒါမိလိုက်တဲ့ အချက်တိုင်း အချက်တိုင်း ဒကာချိုရေလှော်နေတာပဲအဲဒါ (မှန်ပါဘုရား) တဏှာသဘောလေး လိုချင်တဲ့သဘောလေးမိလိုက်လို့ရှိရင် အဲဒီလိုချင်တဲ့သဘောကလေးကို ဝိပဿနာနဲ့ လိုချင်တယ်လို့ မှတ်လိုက်လို့တည့်လိုက်သည်နဲ့တပြိုင်နက် အဲဒါတဏှာသဘောလေးဟာ တခါတည်းအလှော်ခံ မိရက်သားဖြစ်သွား။

မြင်တယ်လို့မှတ်လိုက်ရင် မြင်တယ်ဆိုတဲ့ အခိုက်မှာဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဉ်၊ သုခဝေဒနာပဲ ဖြစ်ဖြစ် ဒုက္ခဝေဒနာပဲဖြစ်ဖြစ် အဒုက္ခမသုခခေါ်တဲ့ ဥပေက္ခာဝေဒနာပဲဖြစ်ဖြစ် သဘောကျတဲ့ခံစားခြင်းသုခဝေဒနာ၊ သဘောမကျတဲ့ မကြိုက်တဲ့ ခံစားခြင်း ဒုက္ခဝေဒနာ၊ ကြိုက်တာလည်းမဟုတ် မကြိုက်တာလည်း မဟုတ်တဲ့ အလယ်အလတ်ဝေဒနာ။ အဲဒီဝေဒနာတွေထဲမှာ အနုသယဓာ ်ကိန်းဝပ်၍ပါသည်။

## ❖ ဝေဒနာလျှင်, သတိတင်, ကင်းစင်နုသယာ။

ဝေဒနာပေါ်မှာ သတိလေးတင်လိုက်၊ သတိကလေးတင်လိုက်ဆိုရင် သတိ ပညာဦးစီးတဲ့ ဝိပဿနာမဂ်ကလေးနဲ့ မှတ်လိုက်ရင်ပြောတာ ဒကာချိုရေနော် (မှန်ပါဘုရား) မြင် မြင်တယ်လို့မှတ်ရင် ဝေဒနာမိပါတယ် ဒကာချိုရနော်-ကြား ကြားတယ်လို့မှတ် အတူတူပဲ၊ အဲဒီအခိုက်မှာဖြင့် ဝေဒနာတွေကိုမိတာများတယ်၊ ခံစားမှုကလေး, ခံစားမှုကလေးဝေဒနာဆိုတာ၊ အဲဒီခံစားမှုကလေးခုနကပြောခဲ့တဲ့အတိုင်း သုံးမျိုးရှိတယ်လေ၊ ကောင်းတာလေးနဲ့တွေ့တော့ အကောင်းခံစားမှုကလေး၊ နားထဲကကြားလိုက်ရင်ပဲကောင်းတောင်းတောင်းပါလားဆိုရင် အဲဒါသုခဝေဒနာလေးပဲ၊ ဟာ-မကောင်းပါဘူးဆိုရင် ဒုက္ခဝေဒနာလေးပဲ၊ ကောင်းတယ်လည်း မဟုတ် မကောင်းတယ်လည်းမဟုတ်ဘူး သိပ်ပြီးတော့ မသိသာမထင်ရှားဘူးဆိုရင် မဇ္ဈတ္တတာ- အလယ် အလတ်သဘောဝေဒနာလေးပဲ၊ အဲဒါတွေက သိအောင်လို့မို့ ခွဲခြားပြောနေတာ။

ဘာပဲဖြစ်ဖြစ် ဒကာ ဒကာမတွေတာဝန်က မြင်ရင်မြင်တယ်၊ ကြားရင် ကြားတယ်၊ နံ နံတယ်၊ အရသာသိ သိတယ်၊ ထိ ထိတယ်၊ ဒါသိလိုက်လို့ရှိရင်

http://www.dhammadownload.com



အဲဒီအချိန်ဝေဒနာလေးတွေ မှတ်မိရက်သားဖြစ်၊ ဝေဒနာလေးတွေမှာ အတွင်းငုတ်နေတဲ့ အနုသယကိလေသာတွေကို တခါတည်းမီးဖိုပေါ်တင်ပြီးတော့ ဝိပဿနာ ယောက်မနဲ့နာနာမွှေနေတဲ့အချိန်လိုပဲ မှတ်စမ်းပါဒကာချီရနော်၊ (မှန်ပါဘုရား) အဲဒီလိုကြိုးစားပြီးတော့များ မလှော်သင့်ကြဘူးလား ဒကာချီရေ?(လှော်သင့်ပါဘုရား)။

အဲဒီလိုလှော်ထားပြီးလို့ မီးကျွမ်းနေတဲ့ အနုသယကိလေသာကတော့ဖြင့် ဒကာချီရေ ဝိပဿနာမဂ်နဲ့အမှတ်ခံလိုက်ရတဲ့ အနုသယကိလေသာမှန်သမျှကတော့ဖြင့် နောက်ထပ်ဘယ်တော့မှ ဇာတိသီး ဇရာသီး ဗျာဓိသီး မပေါက်တော့ဘူးလို့မှတ်ပါ နော်၊(မှန်ပါဘုရား) ဒီပြင် အမှတ်မခံလိုက်ရတဲ့ အလှော်မခံလိုက်ရတဲ့ မျိုးစေ့ကတော့ပေါက်အုန်းမယ်မဟုတ်လား ဒကာချီရ၊(ပေါက်အုန်းမှာပါဘုရား) အလှော်ခံထားရတဲ့ မျိုးစေ့ကတော့ ဒကာချီရေ ဘယ်တော့မှ မပေါက်တော့ဘူး သေချာတယ် အဲဒါကနော်၊(မှန်ပါဘုရား)။

ဒီတော့-ဒကာ,ဒကာမတွေ အရေးကြီးတာကပေါ် လာသမျှ နာမ်ခန္ဓာ ရုပ်ခန္ဓာသန္တာန်ဝယ် အနုသယအဖြစ်နဲ့ကိန်းဝပ်လာတဲ့မျိုးစေ့တွေကိုပဲဖြစ်ဖြစ်၊ အတတ်နိုင်ဆုံး မလုပ်နိုင်အောင်မှတ်နေတယ်ဆိုရင် မလွတ်နိုင်အောင်လှော်ထားလိုက်တဲ့မျိုးစေ့နဲ့သွားတူတယ်၊ တစ်စေ့မှမကျန်အောင်လှော်ထားနိုင်ရင် အဲဒီတစ်စေ့မှမကျန်တဲ့မျိုးစေ့ကမှ ဘာပင်မှ ပေါက်မလာရင် နိရောဓော. . နိရောဓော-ငြိမ်းခြင်း ချုပ်ခြင်း အေးခြင်း။ ဒီတော့ အနုသယကိလေသာကလေး တစ်ချက်ကို ဝိပဿနာမဂ်နဲ့ ကြည့်တဲ့အခိုက်မှာ ရှေ့ကအမှတ်ခံနာမ်တရားတစ်ခုခု၊ သို့မဟုတ် ရုပ်တရားတစ်ခုခု ဘာပဲဖြစ်ဖြစ်၊ အဲဒီနာမ် သို့မဟုတ်ရုပ်ဆိုတဲ့ အထဲမှာ အဆီအစေး အနှစ် ပေါက်စေတတ်တဲ့သတ္တိအဖြစ်နဲ့ ပါနေတာက အနုသယကိလေသာပဲ ဒကာချီရနော်(မှန်ပါဘုရား)။

နာမ်အစဉ် ရုပ်အစဉ်ဆိုတဲ့အထဲမှာ အနုသယကိလေသာကအတွင်းငုတ်ဝင်နေတာနော်၊ ပရိယုဋ္ဌာနကိလေသာအဖြစ်နဲ့ တက်ကြွလာတဲ့ နာမ်အစဉ်တွေထဲမှာလည်းအနုသယလေးတွေ အမြဲပါနေတယ်၊ ဒါကြောင့်မို့ အဲဒီအနုသယကိလေသာ မျိုးစေ့ကို သေသည့်အထိ ပယ်သတ်နိုင်တဲ့ ဝိပဿနာမဂ်တည်းဟူသော ယောက်မနဲ့ သတိပညာ ဦးစီးပြီးသကာလ အိုးခင်းမီးဖိုပေါ် မှာ တင်ပြီးသကာလ နာနာမွှေကြ။

http://www.dhammadownload.com



နာနာမ္ဂေသဖြင့် မျိုးစေ့တွေ အကုန်လုံးလှော်ပြီးသားဖြစ်ကုန်ကြမယ်ဆို ရင်ဖြင့် ယနေ့ ဒကာဒကာမတွေတခါတည်း အကုန်လုံးမျိုးစေ့တွေပြုတ်ပြုတ်ပြုန်း ပြီးတော့ နောက်ထပ်ပေါက်မယ့် ခန္ဓာ့အပင်တွေမပေါက်ကြ၊ မပေါက်ဘူးဆိုရင် အနုပါဒိသေသနိဗ္ဗာန်၊ အဲဒါ-အနုပါဒိသေသနိဗ္ဗာန်လို့ခေါ်တယ် ဒကာချိုရနော်၊ (မှန်ပါဘုရား) တခါတည်းနောက်ထပ်မပေါက်တော့ဘူးဆိုရင် ဒုက္ခတွေဟာ အကုန်ပြုတ်ထွက်သွားတာပဲ။

ဒီတော့ ဒုက္ခတွေရဲ့ အကြောင်းတရားကိုရှာလိုက်မယ်ဆိုရင် အနုသယ ပဲဖြစ်ဖြစ်၊ ပရိယုဋ္ဌာနခေါ်တဲ့ စိတ်ထဲမှာ ထကြွလာတဲ့ ကိလေသာပဲဖြစ်ဖြစ်၊ ဝီတိက္က မခေါ်တဲ့ လွန်ကျူးတဲ့ ကိလေသာပဲဖြစ်ဖြစ်၊ ဒုက္ခတွေရဲ့ အကြောင်းတရားမှန်သမျှ တို့သည် ဤကိလေသာတို့ကလာသည်၊ ဒီတော့-ယနေ့ဒကာဒကာမတွေ ဒုက္ခဘာ ယန္တာ-ဒုက္ခမြောက်များ,ရောက်မသွားဖို့,ထောက်ထားထိုထို, ကြောက်အားပိုကြ သည်ရှိသော်. . ဒုက္ခကိုကြောက်ရင် ဒကာချိုရေ. . ဒုက္ခရဲ့ အကြောင်းရင်းကို သတ်ရလိမ့်မယ်နော်၊(မှန်ပါဘုရား)။

ဒီသစ်ပင်ကြီး မကြီးစေချင်ဘူး, ဒီသစ်ပင်ကြီး မသီးစေချင်ဘူး, ဒီသစ်ပင် ကြီးမပွင့်စေချင်ဘူး, ဒီသစ်ပင်ကြီး မကြီးထွားစေချင်ဘူးဆိုရင် သစ်ပင်ကိုပေါက် စေတတ်တဲ့ မျိုးစေ့ကို နိုင်အောင်သတ်ရမယ်၊ မျိုးစေ့နိုင်အောင်သတ်မှ အနုသယ ကိလေသာ, ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာခေါ်တဲ့ ဒါတွေကို သတ်ဖို့ ရာ ဒီဝိပဿနာမဂ်နဲ့သတ်ဖို့ပဲရှိတယ်၊ ပရိယုဋ္ဌာန ကိလေသာတို့, ဝီတိက္ကမကိလေ သာတို့ဆိုတာ ဒကာချိုရ ဝိပဿနာနဲ့ မသတ်တောင်မှ ရတဲ့ကိလေသာတွေပါ သူတို့ကနော်၊(မှန်ပါဘုရား) သူတို့ကို ပယ်နိုင်တဲ့နည်းက သီလနဲ့သတ်နိုင်တယ်၊ သမာဓိနဲ့သတ်နိုင်တယ်။

ဉူးဇင်းတို့ ဝီတိက္ကမကိလေသာဆိုတာက တခါတည်းမနေနိုင် မထိုင်နိုင် လွန်ကျူးတဲ့ ရိုက်စရာရှိထရိုက်တဲ့ ပြောစရာရှိထပြောတဲ့ ဆဲစရာရှိ ဆဲတဲ့ဟာ ဝီတိက္ကမကိလေသာ-လွန်ကျူးတဲ့ကိလေသာလို့ခေါ်တယ်ဒကာချိုရနော်၊ (မှန်ပါ ဘုရား)၊ အဲဒါကိုဘာနဲ့သတ်နိုင်သလဲဆိုတော့ သီလနဲ့သတ်နိုင်တယ်၊ သီလနဲ့သတ် လို့ရတယ်သူက၊ ဒကာချိုတို့ ဉပုသ်စောင့်ထားရင်းနဲ့ ခြင်ကလေးနဖူးလာနားတော့ ဟာ-ငါ့ကိုကိုက်လိုက်တာ ဒင်းတစ်ညလုံးကိုက်နေတာသေပေတော့ဆိုပြီးတော့

http://www.dhammadownload.com



သတ်တော့မလို့လက်ဖဝါးကလေးနဲ့ အနားရောက်သွား၊ အဲဒါ ဝီတိက္ကမပဲ ကျူးလွန်တော့မလို့။

ဟာ-ငါသီလစောင့်ထားတာ ဥပုသ်စောင့်ထားတာပါလား ငါ အခါကြီးရက်ကြီးရှစ်ပါးသီလထိန်းထားတာ ငါမသတ်ဘူးလို့ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံသမာဒိယာမိ-သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ပါ၏. . လို့ ငါထိန်းထားတာ ငါ့သီလအပျက်ခံလို့ဘယ်ဖြစ်မတုန်းလို့ဆိုတော့ လက်ကလေးကပြန်ကျသွား၊ အဲဒါဝီတိက္ကမကိလေသာကို သီလကသတ်လိုက်တာပဲ ဒကာချိုနော်(မှန်ပါဘုရား)။

ပရိယုဋ္ဌာန ကိလေသာခေါ်တဲ့ စိတ်ထဲမှာ ထကြွလာတဲ့ ကိလေသာကျတော့ သမာဓိကသတ်နိုင်တယ်. . သမာဓိတရား လူတစ်ယောက်ကို မုန်းပြီးတော့ ဒေါသဖြစ်နေတယ် စိတ်ထဲက-ဒီကောင့်ဘယ်လိုသတ်ရပါ့မတုန်း ကြံနေတယ်၊ အဲဒါစိတ်ထဲမှာ ဒေါသခေါ်တဲ့ ပရိယုဋ္ဌာန ကိလေသာဖြစ်နေတာ၊ ဩ. . သတ္တဝါတွေမှန် သမ္ဗ ကံတရားအားလျော်စွာဖြစ်လာတာ၊ ငါသူ့မုန်းနေလို့ ဘာလုပ်မှာလဲ သူ့ အကြောင်းနဲ့သူ ထင်ရှားလိမ့်မယ်၊ သူမကောင်းတာလုပ်ရင် သူမကောင်းတဲ့ အတိုင်းဖြစ်လိမ့်မယ်၊ သူကောင်းတာလုပ်ရင်ကောင်းတဲ့ အတိုင်းဖြစ်လိမ့်မယ်၊ ငါက ဘာပြုလို့ အကုသိုလ်ကံအဖြစ်ခံနိုင်မလဲ၊ သတ္တဝါတွေ သဗ္ဗေသတ္တာ ကမ္မသကာ ကံသာ အကြောင်းခံရှိကြတယ်၊ ငါ့အဖြစ်မခံတော့ဘူး. . လို့ သူ့အပေါ်မှာမေတ္တာတရားပွားလိုက်သည်နဲ့တပြိုင်နက် တခါတည်း ခုနကဒေါသပျောက်ထွက်သွားတယ်၊ ဒေါသဟာ မဖြစ်ပေါ်တော့ဘူးပေ့ါဗျာနော်၊ အဲဒီတော့ မေတ္တာတရားတည်းဟူသော သမထသမာဓိနဲ့သတ်ရင် ပရိယုဋ္ဌာနကိလေသာခေါ်တဲ့ ကိလေသာ သေနိုင်တယ်။

အနုသယကိလေသာကျတော့ ဝိပဿနာမဂ်နဲ့ သတ်မှရတယ်၊ ဒီတော့ ဝိပဿနာမဂ်ဟာ အနုသယကိလေသာကို သေသိတိုင်အောင် သတ်နိုင်တယ်၊ မျိုးစေ့ကိုလှော်သလို လှော်နိုင်တဲ့လက်နက်ကောင်းမို့လို့ ဒကာဒကာမတွေ ကြိုးစားပန်းစားနဲ့အားမထုတ်ရသေးတဲ့သူကလည်းပဲ၊ "သူတော်ဆည်းကပ်, မြတ်တရားနာ, လျော်စွာလည်းကျင့်, မဂ်ဖိုလ်ခွင့်, ရလင့်ကေန်သာ"ဆိုတဲ့အတိုင်း၊ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်က၊**သူတော်ဆည်းကပ်**-သူတော်ကောင်းတရားကို ပြသပေးနိုင်တဲ့ပုဂ္ဂိုလ်တွေထံဆည်းကပ်လို့၊ ဆည်းကပ်ရုံဆည်းကပ်ပြီးတော့ အနားသွားနေရုံ

http://www.dhammadownload.com



နေရင်းနဲ့ မပြီးသေးဘဲနဲ့၊ **မြတ်တရားနာ။ သူတော်ဆည်းကပ်,** မြတ်တရားနာ ဆိုသည့်အတိုင်း၊ ထိုဆရာသခင်ဟောပြသ္ဘန်ပြသည့်အတိုင်း၊ တရားတော်ကို လေး လေး စားစားနာ၊ နာရုံနဲ့လည်းမပြီးသေးဘူး၊ နာပြီးဒီအတိုင်းပြန်လာပြီး အလကား သားနေလို့လည်း မဖြစ်သေးဘူး။

ဒီတော့-လျော်စွာလည်းကျင့်၊ အဲဒီဆရာသမားဟောလိုက်တဲ့အတိုင်း လျော်စွကျင့်ကြရင်ဖြင့် ယနေ့ ဒကာဒကာမတွေ အဲဒီအနုသယကိလေသာ,ပရိ ယုဋ္ဌာနကိလေသာ,ဝီတိက္ကမကိလေသာတွေကိုပယ်သတ်နိုင်ကြပြီးသကာလ၊ ခန္ဓာ တည်းဟူသောသစ်ပင်ကြီးမပေါ်လာတော့ဘဲနဲ့၊ ဇာတိတည်းဟူသော ပဋိသန္ဓေ နေရခြင်းအသီး,ဇရာတည်းဟူသောအအိုပေါင်းစုံအသီး,ဗျာဓိတည်းဟူသော အနာ ပေါင်းစုံအသီး,မရဏတည်းဟူသောသေရခြင်းပေါင်းစုံအသီးတွေ. . . အကုန်လုံးမပေါ် လာတော့ဘူး၊ အဲဒီမပေါ်လာတော့တာ ဘာဖြစ်တာလဲ၊ နိဗ္ဗာန-ငြိမ်းအေးသွား တာပဲ၊

ဒီတော့-တစ်ချက်တစ်ချက်အမှတ်တရားတစ်ချက်ထဲမှာ သစ္စာလေးပါး တရားတကယ်ဆိုက်ဆိုက်နေပါတယ် ဒကာချိုရနေ်ာ(မှန်ပါဘုရား)၊ တဏှာ လော ဘလေးပေါ်လာတယ်၊ လိုချင်တဲ့သဘောကလေးပေါ်လာတယ်၊ ပေါ်လာတာ လေးကို လိုချင်တယ်,လိုချင်တယ်, လိုချင်တယ်လို့မှတ်လိုက်သည်နှင့်တစ်ပြိုင်နက် နောက်ကမှတ်တဲ့ ဝိပဿနာမဂ်-မဂ္ဂသစ္စာ၊ ရှေ့ကအမှတ်အသားဖြစ်တဲ့ တဏှာ လောဘနော်၊ သမုဒယသစ္စာ။

အဲဒီကနေပြီးတော့ လိုချင်လို့ရှေ့ဆက်ပြီးတော့ကြိုးစားသွားတဲ့ သမုဒယ သစ္စာ၊ အဲဒီကနေပြီးတော့ နောက်ထပ်ရအုံးမယ့် ဒုက္ခသစ္စာ၊ တဏှာလောဘက သမုဒယသစ္စာကလေး၊ အဲဒီတဏှာလောဘကြောင့်ရလာတဲ့ နောက်ထပ်ဒုက္ခ သစ္စာ၊ ဒီဟာကိုမှတ်လိုက်လို့၊ အမှတ်တရားနဲ့ မှတ်လိုက်သည်နဲ့တစ်ပြိုင်နက် သူ့ရဲ့ ပျောက်ဆုံးသွား၊ ပျက်သွားတာလေးကိုမြင်လိုက်ရတယ်၊ ပျက်သွားတယ်, ငြိမ်းသွား တယ်, ရှေ့မဆက်တော့ဘူးဆိုရင် နိရောဓ၊ နိရောဓသစ္စာ။

အဲဒီလိုနည်းနဲ့ တစ်ချက်တစ်ချက်မှာ သစ္စာလေးပါးအကုန်လုံးသိမ်းကြုံး ပါဝင်နေတဲ့တရားဖြစ်လေသောကြောင့်၊ ဒကာဒကာမတွေ ဒုက္ခပေါင်းစုံတွေကို သီးစေတတ် ဖြစ်စေတတ်တဲ့ အရင်းခံ တဏှာလောဘတရားအစထား၍ ပေါ် လာသမျှ ရုပ်နာမ်ဓမ္မတို့ဝယ် ဝိပဿနာမဂ်တည်းဟူသော လက်နက်ကောင်းဖြင့်

http://www.dhammadownload.com



အချက်ကျကျပယ်သတ်သွားကြရင်ဖြင့် ယနေ့ ဒကာဒကာမတွေ မလိုချင်ကြတဲ့ ဒုက္ခတွေ. . . အကုန်လုံး ပျက်သုဉ်းနိုင်တယ်လို့-

နော-သူတော်သူမြတ်, အတူမှတ်၍, အပူဇာတ်ရှောင်သွေ, ဒို့တစ်တွေ သည်။ ဒုက္ခဘာယန္တာ-ဒုက္ခမြောက်များ, ရောက်မသွားဖို့, ထောက်ထားထိုထို, ကြောက်အားပိုကြပါကုန်လျှက်။ ပိယမာစ-ဒုက္ခဖြစ်ကြောင်း, အချစ်အပေါင်းမှ ကား၊ ကိံနု အဘိရုနော-မကြောက်နိုင်ဘဲ, ရဲကြီးရဲ၍,အမြဲပုံသေ, အဘယ့်ကြောင့် ချစ်ခင်၍နေဝံ့ကြလေကုန်ဘိသနည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

နာရီကလည်းစေ့ပြီနော် ဒကာချိုရဲ့၊ နိဂုံးသတ်မှဖြစ်တော့မယ်။ ဒီတော့ ယနေ့ဟောပြောပြသအပ်တဲ့ ဒုက္ခပေါင်းစုံတွေကို ယနေ့ဒကာဒကာမတွေ ကြောက်ကြတယ်ဆိုရင်ဖြင့်၊ ထိုဒုက္ခပေါင်းစုံတွေကို ဖြစ်စေတတ်တဲ့ တဏှာလောဘလို့ခေါ်တဲ့အချစ်တရား၊ သံသရာတည်းဟူသော ဘုံနယ်ကြီးအတွင်းဝယ်၊ ယနေ့ ဒကာဒကာမတွေကို ဒုက္ခပေါင်းစုံတွေနဲ့တွေ့အောင် လှည့်ပတ်ဆွဲဆောင် ခေါင်းဆောင်သွားတတ်တဲ့ တဏှာတည်းဟူသော မီးရထားခေါင်းတွဲကို ပယ်ဖျက်နိုင်ကြရင်ဖြင့် ယနေ့ ဒကာဒကာမတွေ အလိုရှိ တောင့်တနေကြတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ကြမှာဖြစ်လေသောကြောင့်၊ ဆရာသမားထံ နည်းခံကြိုးစားကြ။

အားထုတ်ပြီးသားပုဂ္ဂိုလ်တို့ကလည်း အနုသယကိလေသာအထိပယ်သတ်တဲ့ မျိုးစေ့ကိုပါ မီးရှို့သလိုဖြစ်အောင် ဖြစ်နိုင်တဲ့စွမ်းရည်သတ္တိရှိတဲ့ ဝိပဿနာမဂ်ကိုဖြင့် ဒို့ငါးမိနစ်ပဲတတ်နိုင်တတ်နိုင်၊ ဆယ်မိနစ်ပဲတတ်နိုင်တတ်နိုင်၊ နေ့စဉ်နဲ့ အမျှလှော်မယ်. . . လို့ မျိုးစေ့တွေကိုပြုတ်ပြုတ်ပြုန်းအောင် လှော်သွားကြရင်ဖြင့် အကုန်လုံးမျိုးစေ့တွေလှော်ပြီးသားဖြစ်တဲ့အချိန်မှာ မိမိတို့မလိုချင်တဲ့ အို, နာ, သေဒုက္ခပေါင်းစုံတွေမှ ကင်းဝေးရာဖြစ်တဲ့ သံသရာခရီးကကျွတ်လွတ်နိုင်ကြမယ်လို့-မာရဗန္ဓနာ-အိုနာသေစုံ,ကာမဂုဏ်ထောင်တွင်း,မာရ်ကျော့ကွင်းမှ၊ မောက္ခန္တိ-နိဗ္ဗာန်တိုင်ရောက်, လွတ်မြောက်နိုင်ကုန်လိမ့်သတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# *ဂဏာကမောဂ္ဂလာနသုတ္တန်
# "ဗုဒ္ဓလမ်းစဉ် တရားတော်"

သုခေတ္တေ ပဏ္ဍိတောပေါသော,သမ္ဘဿံ အတ္ထမတ္တနော၊
ဘဝပဒေသံ လဒ္ဓါန, ဂစ္ဆေယျ အဂတံ ဒိသံ။

သုခေတ္တေ-ဗုဒ္ဓမြတ်စွာ,သာသနာလမင်း,ကမ္ဘာတွင်းဝယ်,လင်းတရှိန်ရှိန်, ထိန်တစ်လက်လက်,စိန်စက်တန်ဆောင်,အမှောင်ပျက်ပြုန်း,အရောင်ထွက်တုန်း၌၊ ပဏ္ဍိတော ပေါသော-ကံကောင်းထောက်မ,လူ့ဘဝကို,ရလာဘိတောင်း,အမျိုးသား အမျိုးသမီးကောင်းသည်၊ အတ္တနော အတ္ထံ-ပစ္စုပ္ပန်သံသရာ,နှစ်ဖြာစီးပွါး,မိမိရဲ့အကျိုး တရားကို၊ သမ္ဘဿံ-(သမ္ဘဿန္တော)-ကောင်းစွာကြည်လင်,အရှည်ထင်အောင်,မျှော် မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ-ဘဝများစွာ,ကမ္ဘာဘာဖို့,ချမ်းသာသုခ,တောင်း တိုင်းရ,လုပ်တိုင်းရနိုင်သည့်,လူ့ဘဝခေါ်တဲ့ဘဝပဒေသာကြီးကို၊ လဒ္ဓါလဒ္ဓါန-အခါ ကောင်းနှင့်,အခွင့်လျော်စွာ,ရရှိနေပါသည်ဖြစ်၍၊ အဂတံဒိသံ-တစ်ခါတစ်ခေါက်,မ ရောက်ဖူးတဲ့,မြို့ရွှေဘုံကြီးဆီသို့၊ ဂစ္ဆေ-(ဂစ္ဆေယျ)-သတိတရား,လက်ကိုင်ထား၍, မမှားပုံသေ,မရောက်ရောက်အောင်,သွားလိုက်လေရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့ မြန်မာကောဇာသက္ကရာဇ်-၁၃၄၉-ခုနှစ် တန်ခူးလဆန်း(၁၃)ရက် နေ့ည၊ ခရစ်နှစ်-၁၉၈၈-ခုမတ်လ(၃၀)ရက်နေ့ညမှာ၊ မန္တလေးမြို့ဘုရားကြီးတောင် ပြင် အသောကာရာမကျောင်းတိုက်ကြီးအတွင်းရှိ ဇေယျသိဒ္ဓိမြောက်ကျောင်းအနီး, ခင်းကျင်းစီမံဆောက်လုပ်ထားအပ်သော ဤမင်္ဂလာမဏ္ဍပ်အတွင်း၌,ကျင်းပ ပြုလုပ်အပ်သော ယနေ့ညတရားပွဲသည်ကား၊ မန္တလေးမြို့ကျွန်းလုံးဥသျှောင်, အ ကွက်နံပါတ်(၅၀၇)ဘုရားကြီး၊ အောက်ကျဉ်းရပ်၌နေထိုင်ကြကုန်သော အလှူ့ဒါယ ကာ အလှူ့ဒါယိကာမများဖြစ်ကြကုန်သော မန္တလေးဈေးချိုတော် အေရုံဆိုင်အမှတ် (၈၄)အလှကုန်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်များဖြစ်ကြကုန်သော၊ အလှူ့ဒါယ ကာ ဒကာကိုကျော်ဝင်း၊ အလှူ့ဒါယိကာမ ဒကာမမဝင်းမြင့်တို့မိသားစုက နှစ်ဘက် သော မိခင်,ဖခင်ကျေးဇူးရှင်တို့ကိုလည်းကောင်း။

* မ-၃၊၅၂။ မ-၄-၄၊၄၆။

http://www.dhammadownload.com



မိမိတို့ရဲ့ကျေးဇူးရှင်အဖြစ်ဖြင့်သတ်မှတ်အပ်တဲ့ ဦးကြီးဦးလေး,ဒေါ်ကြီး ဒေါ်လေး, အကိုအမစသောကျေးဇူးရှင်တို့ကိုလည်းကောင်း အမျှတင်ကြပြီးလျှင်-မိမိတို့ရဲ့ရင်နှစ်သည်းချာ သားရတနာလေးတစ်ဦးဖြစ်တဲ့ မောင်အောင်ကျော်ခိုင်နှင့်တကွ မိမိတို့ရဲ့ရင်မှဆက်နွယ်ပေါက်ဖွားတဲ့ တူရတနာအမျိုးကောင်းသားလေးတို့ကိုလည်းကောင်း၊ ဤကဲ့သို့အားဖြင့် သားရတနာတစ်ဦးနဲ့တူရတနာလေးတို့ကို ဘုရားပစ္စေကာ အရိယာအပေါင်းသူတော်ကောင်းကြီးတို့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်းသပိတ်ပရိက္ခရာ ခန္ဓာမှာတန်ဆာဆင်ပေးပြီးသကာလ ဘုရားသားတော်, သာမဏေဘောင်ရောက် သွတ်သွင်းချီးမြှောက်တဲ့ ပဗ္ဗဇမင်္ဂလာ၊

ထိုမှတစ်ပါးမိမိတို့ရဲ့ ရင်နှစ်သည်းချာ သမီးရတနာလေးဖြစ်တဲ့ မသွဲ့သွဲ့ဝင်းကိုလည်းကောင်း၊ မိမိတို့ရဲ့ရင်မှဆက်နွယ်ပေါက်ဖွားတဲ့ တူမရတနာလေးများအားလည်းကောင်း၊ ဤကဲသို့အားဖြင့်သမီးရတနာတစ်ဦးနဲ့တူမရတနာလေးတို့ကို လောကီလူတို့ထုံးတန်း မင်္ဂလာဆယ့်နှစ်ခန်းတို့တွင်အပါအဝင်ဖြစ်တဲ့ ကဏ္ဏဝိဇ္ဈနခေါ်တဲ့ နားသမင်္ဂလာ. . လို့ အဲဒီလိုအားဖြင့် အလှူ့ဒါယကာကိုကျော်ဝင်းတို့ အလှူ့အမ,မဝင်းမြင့်တို့မိသားစုက ရှင်ပြုနားသဆိုတဲ့မင်္ဂလာကြီးနှစ်ခုကို အကြောင်းပြုပြီးသကာလ ယနေ့ မန္တလေးမြို့ဘုရားကြီးတောင်ပြင်အသောကာရာမ ကျောင်းတိုက် ဇေယျသိဒ္ဓိ မြောက်ကျောင်းကြီးရဲ့အနီး၌ ကျင်းပပြုလုပ်ထားအပ်တဲ့ ဤမင်္ဂလာမဏ္ဍပ်၌ ဓမ္မဒါနတရားပွဲကြီး ဆင်နွှဲကျင်းပပြီးတော့ တရားအလှူကိုပေးလှူကြတယ်. . . တဲ့။

ဒီတော့-ဒီနေ့အလှူ့ဒကာကိုကျော်ဝင်းတို့အလှူ့အမမဝင်းမြင့်တို့မိသားစုက သားလေးတွေ တူလေးတွေရဲ့ရှင်ပြုမင်္ဂလာ၊ သမီးလေးတူမလေးတို့ရဲ့ နားသမင်္ဂလာဆိုတဲ့ အဓိကမင်္ဂလာကြီးနှစ်ခု၊ ရှင်ပြုနားသဆိုတဲ့မင်္ဂလာကြီးနှစ်ခုကို အကြောင်းပြုပြီးတော့ ခုနကပြောခဲ့သည့်အတိုင်း ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို တတ်စွမ်းသမျှ ကော်ရော်ပူဇော်သောအားဖြင့် ဆွမ်းဘောဇဉ်တွေဆက်ကပ်ခြင်းနှင့်တကွ တစ်မှစ၍(၂၆)တိုင်အောင်ပြထားအပ်တဲ့ ပစ္စည်းပရိက္ခရာတွေနဲ့လှူဒါန်းတဲ့အပြင်၊ ဒီနေ့ညလည်းပဲမိမိတို့ကိုယ်တိုင်လည်းပဲ နားကြားရ၊ ပတ်ဝန်းကျင်ရှိရှိသမျှ လူ,နတ်,တိရစ္ဆာန်သုံးတန်သောသတ္တဝါတွေလည်း ကြားကြပါစေ, သိကြပါစေ, နာယူနိုင်ကြပါစေ၊ နာယူပြီးသိပြီးတော့ ထိုတရားဓမ္မအရသာကိုခံစားပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးသကာလ မဂ်ဖိုလ်နိဗ္ဗာန်ရကြပါစေ. . . လို့ လော

http://www.dhammadownload.com



ကုတ္တရာဓမ္မအစာကျွေးတဲ့အနေနဲ့ ဒီနေ့ညတရားပွဲကြီးဆင်နွဲကျင်းပပြီးတော့လည်းပဲ ဓမ္မဒါန-တရားအလှူကြီးကိုလည်းလှူကြတယ် . . . ။

တရားပွဲကြီးဆင်နွဲကျင်းပပေးတယ်လို့ဆိုတာ တရားအလှူလှူခြင်းတစ်မျိုးပဲပရိသတ်၊ ဒကာဒကာမတွေကို၊ဒီနေ့ကိုကျော်ဝင်းတို့ မဝင်းမြင့်တို့က အလှူနေ့ကြီးကျတော့ အလှူအကြိုနေ့ကစပြီးတော့ အာမိသခေါ်တဲ့ လောကီထမင်း၊မုံ့ပဲ သွားရေစာတွေနဲ့လည်း ပရိသတ်ကြီးမကျွေးပေဘူးလား?(ကျွေးပါဘုရား) အဲဒီလိုအစာရေစာတွေနဲ့ကျွေးတာက လောကီအစာကျွေးတယ်လို့ခေါ်တယ်၊ ဒီနေ့ညတရားပွဲကြီး ဆင်နွဲကျင်းပပြီးတော့ ကျွေးနေတဲ့အကျွေးက ဓမ္မအစာကျွေးတယ်လို့ခေါ်တယ်၊ ဓမ္မအစာကျွေးတာ၊ လောကုတ္တရာအစာကျွေးတာ။

အစာကျွေးတယ်၊အစာကျွေးတယ်၊ အစာနဲ့ဧည့်ခံတယ်ဆိုတာ ဘုန်းကြီးတို့ဒကာဒကာမတွေက လောကီအစာရေစာနဲ့ကျွေးတာ ဧည့်ခံတာသာ အသိများနေကြတယ်၊ တရားနဲ့ဧည့်ခံတာ ဓမ္မနဲ့ဧည့်ခံတာ၊ လောကုတ္တရာအစာကျွေးတာကိုကျတော့ အသိနည်းပြီးတော့နေကြတယ်၊ အစာကျွေးနည်းနှစ်မျိုးရှိတယ်။ ပရိသတ်ကြီး အစာကျွေးနည်းဘယ်နှစ်မျိုးရှိတုန်း?(နှစ်မျိုးရှိပါဘုရား) လောကုတ္တရာအစာကျွေးနည်း၊ လောကီအစာကျွေးနည်း။ လောကီအစာကျွေးနည်းဆိုတာကတော့ မုံ့ပဲ သွားရည်စာတွေကျွေး၊ ထမင်းတွေကျွေး၊ တန်ရာတန်ရာ ကွမ်းဆေးလက်ဖက်တွေနဲ့ကျွေးစသည်ဖြင့်အစာရေစာကျွေးကြတာက လောကီအာမိသ အစာကျွေးခြင်း၊ အဲဒီလောကီအာမိသအစာကျွေးလိုက်တော့ ရုပ်ခန္ဓာကြီးဝလာတယ်၊ ရုပ်ခန္ဓာကြီးအားတိုးလာတယ်၊ ရုပ်ခန္ဓာကြီးပြည့်ဖြိုးပြီးတော့လာတယ်၊

အခုဒီနေ့တရားပွဲကြီးဆင်နွဲကျင်းပပြီးတော့ ဓမ္မဒါနတရားအလှူလှူတယ်၊ သတ္တဝါတွေကို တရားအစာကျွေးတာလို့ခေါ်တယ်၊ လောကုတ္တရာအစာကျွေးတာလို့ခေါ်တယ်၊ အဲဒီလောကုတ္တရာအစာ တရားအစာကျွေးလိုက်တော့စိတ်ခန္ဓာကြီးအားရှိလာစေတယ်၊ စိတ်ခန္ဓာကိုယ်ကြီး၊ကြီးထွားလာစေတယ်၊ စိတ်ခန္ဓာကိုယ်ကြီးဖွံ့ဖြိုးပြီးတော့လာစေတယ်။ လောကီအစာတွေကျွေးတော့ ရုပ်ခန္ဓာကိုယ်ဝဖြိုးအားရှိတယ်၊ လောကုတ္တရာအစာကျွေးလိုက်တော့ စိတ်ခန္ဓာကိုယ်ကြီးဝဖြိုးပြီးတော့အားရှိတယ်။

မဂ်ဖိုလ်နိဗ္ဗာန်ရတယ်ဆိုတာ ရုပ်ခန္ဓာကိုယ်အားရှိရုံနဲ့ရတာမဟုတ်ဘူး၊

http://www.dhammadownload.com



စိတ်ခန္ဓာကိုယ်ကြီး အားရှိပြီးသကာလ,သဒ္ဓါအားတွေ,ဝီရိယအားတွေ,ပညာအားတွေတိုးလို့ နောက်ဆုံးသောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်,သကဒါဂါမိ,အနာဂါမိ, အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်စခန်းပေါက်ပြီးတော့ ရဟန္တာယောကျ်ား ရဟန္တာမကြီးဖြစ်တော်မူသွားကြတယ်ဆိုတာ ရုပ်ခန္ဓာအားကောင်းလို့ရသည်မဟုတ်၊ စိတ်ခန္ဓာအားကောင်းလို့ ရတော်မူကြတယ်၊ အိုနာသေရေးဒုက္ခဘေးကြီးက ကင်းလွတ်တော်မူသွားတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ, ပစ္စေကဗုဒ္ဓါအဆူဆူ အရှင်မြတ်ကြီးများ, ရဟန္တာယောကျ်ား ရဟန္တာမအရှင်မြတ်ကြီးများသည် စိတ်ခန္ဓာကိုယ်ကြီးအားကောင်းတော်မူသွားကြလို့ စိတ်ခန္ဓာကိုယ်ကြီးတိုးတက်ကြီးထွားတော်မူကြလို့ ဒုက္ခခပ်သိမ်းက ကင်းငြိမ်းတော်မူကြတယ်။

နိဗ္ဗာန်ရတယ်ဆိုတာရုပ်ခန္ဓာကိုယ်အားကောင်းလို့ရတာမဟုတ်ဘူး၊ စိတ်ခန္ဓာကိုယ်အားကောင်းမှရတယ်ပရိသတ်၊ ဘုန်းကြီးတို့ပရိသတ်ကြီး သတိထားလိုက်ဖို့ရာက စိတ်ခန္ဓာကိုယ်အားကောင်းမှ နိဗ္ဗာန်ရတာလား, ရုပ်ခန္ဓာကိုယ်အားကောင်းမှရတာလား?(စိတ်ခန္ဓာကိုယ်အားကောင်းမှရတာပါဘုရား) အဲဒီစိတ်ခန္ဓာကိုယ် အားကောင်းဖို့ရာအတွက် ကျွေးရတဲ့အစာရေစာတွေမလိုဘူးလား? (လိုပါဘုရား) စိတ်ခန္ဓာကိုယ်အားကောင်းဖို့ရာအတွက် စားရမယ့်အစာရေစာတွေက ဓမ္မအစာ . . . တဲ့၊ တရားတည်းဟူသော အစာစားပေးရတယ်။

အသိဉာဏ်တိုးမယ့်စာတွေကိုဖတ်ရတယ်၊ အသိဉာဏ်တိုးမယ့် ဆရာသမားမိဘဆုံးမတာတွေနားထောင်ရတယ်၊ အသိဉာဏ်တိုးမယ့် အခုလိုတရားဟောတဲ့ဘုန်းကြီးတွေဟောတာကို နားထောင်ရမယ်၊ တိပ်ခွေတွေနဲ့တစ်ဆင့်ကူးထားတာတွေကို နားထောင်ရတယ်၊ ကျမ်းစာအုပ်တွေကိုဖတ်ရတယ်၊ ဘုရားဒေသနာတော်နဲ့ပတ်သက်တဲ့ စာတွေရေးထားတာဖတ်ရတယ်၊ အဲဒီလိုဖတ်လိုက်တော့ တစ်လုံးသိ နှစ်လုံးသိ၊ တစ်လုံးအသိတိုး နှစ်လုံးအသိတိုး၊ ကျင့်နည်း ကြံနည်းတွေ အားထုတ်နည်းတွေ၊ ကံကံ၏အကျိုးတွေ၊ သိမှုတွေပရိသတ်ကြီးမတိုးဘူးလား? (တိုးပါဘုရား)၊ လိုက်ဆိုလိုက်စမ်းပါ-

❖ တရားနာလျှင်,သဒ္ဓါရှင်,ပညာအသိတိုး။
သိတာကျင့်မှ,မဂ်ဖိုလ်ရ,မုချကိုယ့်အကျိုး။

အဲ-တရားနာလိုက်လို့ရှိရင်ယုံကြည်မှုသဒ္ဓါတွေတိုးမလာဘူးလား?(တိုးလာပါဘုရား)ကိုယ်ကနဂိုတုန်းကဘုရားအပေါ်, တရားအပေါ်, သံဃာအပေါ်,

http://www.dhammadownload.com



ယုံကြည်တာက၊ ဆိုပါတော့ တစ်ပိသာလောက်ပဲရှိတယ်၊ တရားနာလိုက်တော့မှ ဩော်-ဒီလိုကိုး ဒီလိုလုပ်ရင်ဒီလိုဖြစ်တတ်သကိုး၊ ဒီလိုကောင်းကျိုးလုပ်ရင် ဒီလိုကောင်းမှုစံရသကိုး၊ ဒီလိုမကောင်းတာတွေလုပ်ရင် ဒီလိုမကောင်းတာတွေ ခံရသကိုးလို့ ဇာတ်နိပါတ်တော်တွေ၊ အကြောင်းအကျိုးတွေကြားလိုက်ရတော့မှ ယုံကြည်မှုတိုးပြီးတော့လာတော့ အစကတစ်ပိသာလောက်သာအားရှိတဲ့ ယုံကြည်မှုသည် ဆယ်ပိသာလောက်ဖြစ်လာတယ်ဆိုတော့ ပရိသတ်တိုးလာတာလား လျော့သွားတာလား?(တိုးလာပါဘုရား)၊ တရားနာခြင်းတည်းဟူသော ဓမ္မအစာကို စားလိုက်ခြင်းဖြင့် သဒ္ဓါတရားတွေတိုးလာ၊ သူတော်ကောင်းဥစ္စာဖြစ်တဲ့ သဒ္ဓါတရားဥစ္စာတွေတိုးလာ၊ သီလဥစ္စာတွေတိုးလာ၊ အသိဉာဏ်ဗဟုသုတတွေ တိုးပြီးတော့လာ။ အဲ-သိတော့မှကျင့်လို့ရတယ်၊ သိပြီဆိုမှလမ်းမှန်အတိုင်းသိတော့မှ ကျင့်နည်းကြံနည်းရပြီးတော့ကျင့်ရတယ်၊ အဲဒီကျင့်နည်းကြံနည်းကျင့်လိုက်တော့မှ ကျင့်လို့သိတဲ့အသိတွေ သိလာလိမ့်မယ်. . . တဲ့။

အသိကနှစ်မျိုးရှိတယ်-ကျင့်လို့သိတာရယ်,သိလို့ကျင့်တာရယ်။ သိလို့ကျင့်တယ်ဆိုတာက-အကျင့်မှန်အောင်လို့ ကျင့်နည်းကြံနည်းသိအောင်လို့ ပထမကြိုးစားရတယ်၊ အဲဒီကျင့်နည်းအမှန်သိတော့ ကျင့်လိုက်တော့မှ သိလာတဲ့တရားက မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့လောကုတ္တရာတရား၊ ပထမကျင့်တော့မယ်ဆိုရင် သိအောင်လုပ်ရသေးတယ်၊ ကိုယ်လုပ်တဲ့အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် သိအောင်လုပ်ရသေးတယ်၊ ဒီအလုပ်ကို ဘယ်လိုလုပ်ရင်ကောင်းမတုန်း၊ ဘယ်လိုလုပ်တာဟန်ကျတုန်း၊ ဘယ်လိုလုပ်တာပိုအကျိုးကြီးသတုန်းဆိုတာ သိအောင်လုပ်ရတယ် . . . တဲ့၊ အဲဒီလိုသိအောင်လုပ်ပြီးတော့မှ အားထုတ်လိုက်တာကကျင့်တာခေါ်တယ်၊ အဲကျင့်လိုက်တော့ ကျင့်ခြင်းကြောင့်ရမယ့်အသိဆိုတာက ဝိပဿနာအသိမှစပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်အသိကိုခေါ်တယ်၊

ဒါ့ကြောင့်-ကျင့်ဖို့ရာသိအောင်လုပ်ရတယ်၊ ကျင့်လို့လည်းပဲသိတာရှိတယ်၊ အသိကနှစ်မျိုးရှိတယ် ပရိသတ်၊(မှန်ပါဘုရား) အသိဘယ်နှစ်မျိုးရှိတုန်း?(နှစ်မျိုးရှိပါဘုရား)၊ ကျင့်ဖို့ရာသိအောင်လုပ်ရတာကတစ်မျိုး၊ ကျင့်လို့သိတာကတစ်မျိုး။ ကျင့်ဖို့ရာသိအောင်လုပ်တယ်ဆိုတာက အခုတရားနာနေတဲ့ အသိမျိုးခေါ်တယ်၊ အခုအလှူဒကာ,အလှူ့အမတွေက မိမိတို့အလှူထုပ်ကြီး မိမိတို့ချွေးနဲ့စာနဲ့ လုံးပန်းကြိုးကုတ် အားထုတ်ပြီးတော့ရှာထားတဲ့အလှူဝတ္ထုပစ္စည်းတွေကို ဒီနေ့ ဘုရားသာ

http://www.dhammadownload.com



သနာတော်ထဲမှာ ရက်ရက်ရောရောကြီး ပုံသွန်ပြီးတော့လှူကြတယ်၊ မိမိတို့သား ရတနာ,တူရတနာလေးတွေကို ရှင်သာမဏေဘောင်ရောက် သွတ်သွင်းချီးမြှောက် တဲ့ ပဗ္ဗဇ္ဇ မင်္ဂလာ၊ သမီးရတနာ,တူမရတနာလေးတွေရဲ့ နားသမင်္ဂလာဆိုတဲ့ မင်္ဂလာ ကြီးနှစ်ခုကို မိကောင်းဖကောင်းတို့က သားသမီးကိုချီးမြှောက်ရတဲ့ဝတ္တရားရှိသည့် အတိုင်း ချီးမြှောက်ကြရင်းနဲ့ ဘုရားရှင်သာသနာတော်တွင်းမှာ ဒီနေ့သူတို့ရှာဖွေစု ဆောင်းထားတဲ့ ပစ္စည်းတွေကို ရက်ရက်ရောရောကြီးပုံပြီးသကာလ၊ သွန်ပြီးသကာ လပရိသတ်ကြီး မလှူကြဘူးလား?(လှူပါဘုရား) အဲဒီလိုလှူတဲ့ကိစ္စမှာ အကျိုး ကြီးမားစွာရအောင် လှူနည်းဆိုတာလေးသိဖို့မလိုဘူးလား?(လိုပါဘုရား) ဒီလို လှူလိုက်တဲ့အတွက် ဘယ်လိုအကျိုးတွေကိုရတတ်တယ်၊ ဘုရားသာသနာတော်ကို ဘယ်လိုချီးမြှောက်ရာရောက်တယ်၊ ဒီလိုရှင်ပြုတာဟာ ဘာ့ကြောင့် ရှင်ပြုရတယ် ဆိုတာလေး သိဖို့မလိုဘူးလား?(လိုပါဘုရား) ဒါကြောင့်ဘုန်းကြီးတို့ ဥပရိပဏ္ဏာသ အဋ္ဌကထာဆရာကြီးက-

❖ ဇာနိတွာ ကတံ မဟပ္ဖလံ ဟောတိ မဟာနိသံသံ။

ဇာနိတွာ-သိအောင်ပြုပြီးတော့မှ၊ ဇာနိတွာ-သိအောင်ကြိုးပမ်းအားထုတ် ပြီးတော့မှ၊ ကတံ-ပြုလုပ်အပ်တဲ့ အလုပ်သည်၊ မဟပ္ဖလံ-ကြီးကျယ်ဖွံ့ဖြိုးများမြတ် သောအကျိုးရှိသည်လည်းကောင်း၊ မဟာနိသံသံ-ကြီးကျယ်ဖွင့်ဖြိုး,များမြတ်သော အကျိုးဆက်ရှိသည်လည်းကောင်း၊ ဟောတိ-မုချမသွေ,ဖြစ်ရပါပေ၏. . .။ကိုယ် လုပ်တော့မယ့်အလုပ်တစ်ခုအတွက်သိအောင်၊ ဆိုပါတော့-လှူတော့မယ်ဆိုရင်,လှူ ခြင်းကြောင့် ရမယ့်အကျိုးတွေ,လှူပုံတန်းပုံအခြင်းအရာတွေ၊ စိတ်ထားရပုံတွေ၊ ဒီလိုလှူတာဟာ ဘယ်လိုကြောင့်သူတော်ကောင်းတွေအဆက်ဆက် လှူကြတယ်၊ ဒီလိုရှင်ပြုမင်္ဂလာကို ဘာ့ကြောင့်ဘုရားပစ္စေကာအလောင်း သူတော်ကောင်းကြီး တွေက နှစ်ခြိုက်ကြတယ်၊ ဘာ့ကြောင့်သူတော်ကောင်းကြီးတွေကကျေနပ်ကြ တယ်ဆိုတာတွေကို သိအောင်ကြိုးစားပြီးတော့မှ အလုပ်လုပ်ရင်ပိုပြီးတော့ အကျိုး ကြီးတယ်. . . တဲ့၊ ဉာဏ်ပါတဲ့အလှူဖြစ်သွားလို့အကြိုးကြီးသွားတာ၊ အသိပါ တဲ့အလှူဖြစ်သွားလို့ အကျိုးကြီးသွားတာ။

လှူဟဲ့-လှူဟဲ့ဆိုလို့မိရိုးဖလာအတိုင်း လူကြီးတွေကလှူဟဲ့ဆိုတာနဲ့ အချိန်ကျတာနဲ့ ရှင်ပြုလိုက်တာ၊ လှူလိုက်တာဆိုရင်တော့ ဉာဏ်မပါတဲ့အလှူခေါ် တယ်။ ဒါ့ကြောင့်-လှူတဲ့တန်းတဲ့ကိစ္စကြီးကိုလည်းပဲ မိမိအသိဉာဏ်တိုးအောင် လုပ်ပြီးတော့မှ သိပြီးတော့မှလှူရင် အကျိုးကြီးတယ်ဆိုတဲ့အတိုင်း အခုလိုတရား

http://www.dhammadownload.com



ပွဲဆင်နွှဲကျင်းပပြီးတော့ တရားနာတယ်ဆိုတာ ကိုယ်ကိုယ်တိုင်လည်း အသိဉာဏ်တိုးအောင်လို့နာရတယ်၊ မိမိတို့အတွက်သာမက ကြားနာရတဲ့ရဟန်းရှင်လူ ပြည်သူခပ်သိမ်းတွေလည်းပဲ အသိဉာဏ်တိုးကြပါစေ. . . လို့ တရားအလှူကြီးကိုလည်း ပေးရာရောက်လေသောကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်ခေါ်တယ်။ တစ်ချက်ရိုက် နှစ်ရာထင်ခေါ်တယ်။

အဲဒီလိုအားဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် တစ်ချက်ရိုက်နှစ်ရာထင်အနေဖြင့် ဓမ္မဒါနအလှူကြီးကိုဒီနေ့ အလှူ့ဒကာ ကိုကျော်ဝင်းတို့+အလှူ့အမ မဝင်းမြင့်တို့က ဓမ္မဒါနအလှူကြီးကိုပေးလှူပူဇော်တဲ့ပွဲဟာဖြင့် သားရတနာ တူရတနာလေးတွေရဲ့ ရှင်ပြု၊ သမီးရတနာ တူမရတနာလေးတွေရဲ့ နားသမင်္ဂလာအကြောင်းပြုပြီးတော့ ပေါ်ခဲ့တယ်. . တဲ့၊ ဆိုတော့ ဒီနေ့ အလှူ့ဒကာကိုကျော်ဝင်းတို့ အလှူ့အမမဝင်းမြင့်တို့က သား,သမီးတွေအပေါ်မှာ မိဘတွေကပြုစုစောင့်ရှောက် လုပ်ကျွေးရတဲ့ကိစ္စထဲမှာဖြင့် ဒီနေ့ပြုလုပ်ရတဲ့လုပ်ငန်းသည် ဒီရက်ပိုင်းမှာပြုလုပ်တဲ့ သားသမီးအပေါ်မှာ ပြုစုလုပ်ကျွေးမှုသည် အမြင့်မြတ်ဆုံးဖြစ်တဲ့ ပြုစုလုပ်ကျွေးခြင်း. . . လို့ရှေးဦးစွာသိလိုက်ရမယ်။ ဘုန်းကြီးတို့ဒကာ,ဒကာမတွေ မိဘရယ်လို့ဖြစ်လာရင် သား,သမီးတွေကိုလူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်လိုက်ရတဲ့အချိန်တွေ,လတွေ,နှစ်တွေကိုပြောလိုက်မယ်ဆိုရင် နှစ်ပေါင်းနှစ်ဆယ်, အစိတ်မကြာဘူးလား?(ကြာပါဘုရား)။

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ကိုယ့်သားကိုယ့်သမီးရယ်လို့ ရှိလာပြီဆိုတော့သားသမီးကိုကျွေးမွေးစောင့်ရှောက်လိုက်ကြရတာ၊ ဖဝါးလက်နှစ်လုံးပုခုံးလက်နှစ်သစ်ကစပြီးတော့, နို့ချိုတိုက်ကျွေးပြီးတော့မွေးကျွေးစောင့်ရှောက်ရတယ်၊ အဲဒီနောက်ထမင်း, မုန့်ပဲသွားရေစာတွေစားတတ်တဲ့အရွယ်ကျတော့ ထမင်းမုန့်ပဲသွားရေစားတွေခွံ့ကျွေးရတယ်၊ နောက်ဝတ်စားတန်ဆာတွေဆင်ရတယ်၊ နေက်ပညာတွေသင်ပေးရတယ်၊ ပညာတွေတစ်တန်းကနှစ်တန်း,သုံးတန်း,လေးတန်း,ငါးတန်းကစပြီးတော့ ဆယ်တန်းတွေအောင်, တက္ကသိုလ်တွေရောက်အောင်ပညာသင်ပေး၊

အဲဒီနောက်ကျတော့အဲဒီပညာနဲ့တန်တဲ့အလုပ်အကိုင်တွေရအောင်ထူထောင်ပေး၊ အရင်းအနှီးတွေထုတ်ပေးပြီးတော့လုပ်ငန်းကိုင်ငန်းတွေထူထောင်ပေး

http://www.dhammadownload.com



ပြီးတော့ နောက်ဆုံးအိုးအိမ်တွေများချပြီးတော့ သားတစ်ယောက်သမီးတစ်ယောက် လူလားမြောက်ပြီးတော့ လူလူ,သူသူဖြစ်သွားအောင်၊ သားတစ်ယောက်, သမီးတစ်ယောက်လူလူသူသူ, လူတန်းစေ့သူတန်းစေ့နေနိုင်သွားအောင်, သူ့ခြေထောက်ပေါ် မှာသူ မိုးမိုးမတ်မတ်ရပ်ပြီးတော့နေနိုင်အောင်၊ စောင့်ရှောက်လိုက်ရတဲ့ အချိန်ပိုင်းသည် ပရိသတ်ကြီး နှစ်ပေါင်းအစိတ်နှစ်ဆယ်မကြာဘူးလား?(ကြာပါဘုရား)။

ဒီတော့-သားသမီးကိုဒကာဒကာမတွေပြုစုစောင့်ရှောက်ရတဲ့ အချိန်ဟာ နှစ်အနေနဲ့ပြောရင်နှစ်ပေါင်းနှစ်ဆယ်,အစိတ်ကြာတဲ့အတွင်းမှာ ပြုစုစောင့်ရှောက်နည်းနှစ်မျိုးပဲရှိတယ်. . . တဲ့၊ အချိန်တွေ နှစ်ပေါင်းနှစ်ဆယ်,အစိတ်လောက်ပြုစုလိုက်ရတဲ့ အတွင်းမှာ, တန်ဆာဆင်လိုက်ရတဲ့အတွင်းမှာ, ကျွေးမွေးလိုက်ရတဲ့အတွင်းမှာ, လုပ်ကျွေးလိုက်ရတဲ့အတွင်းမှာ-အဲဒီပြုစုစောင့်ရှောက်လုပ်ကျွေးနေရတာတွေကို တစ်ခုချင်းလျှောက်ပြီးတော့ ပြောရင်တော့ တစ်, နှစ်, သုံး, လေးဂဏန်းရေးပြီးတော့ ရေတွက်လို့မရလောက်အောင်များမယ်ပေ့ါ၊ ဟိုအစာကျွေးတာတစ်မျိုး၊ ဒီအစာကျွေးတာတစ်မျိုး၊ ဟိုအဝတ်ဆင်တာတစ်မျိုး၊ ဒီအဝတ်ဆင်တာတစ်မျိုး၊ လက်ဝတ်ရတနာ,ခြေဝတ်ရတနာ,ခေါင်းဝတ်ရတနာအမျိုးမျိုးဆင်တာတစ်မျိုး၊

ကိုယ့်ပစ္စည်းတတ်နိုင်တတ်နိုင်သလို ဆင်ကြပြင်ကြ ချီးမြှောက်ကြတာတွေ မရေမတွက်နိုင်အောင်များသော်လည်းပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ဒေသနာတော်နည်းနဲ့ ဆုံးဖြတ်ပြီးတော့ကြည့်လိုက်တော့, ဘုရားရှင်ရဲ့သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ပိုင်းဖြတ်ကြည့်လိုက်တော့ သား,သမီးကိုပြုစုစောင့်ရှောက် တန်ဆာဆင်ချီးမြှောက်နည်းနှစ်မျိုးပဲရှိတယ်. . . တဲ့၊ နှစ်မျိုးပဲရှိတယ်။ ဘယ်နှစ်မျိုးရှိသတဲ့တုန်းပရိသတ်?(နှစ်မျိုးပါဘုရား) ၊ အာမိသာနုဂ္ဂဟ-လို့ခေါ်တဲ့ လောကီပစ္စည်းတွေနဲ့ချီးမြှောက်တန်ဆာဆင်ခြင်းတစ်မျိုး၊ ဓမ္မာနုဂ္ဂဟ-လို့ခေါ်တဲ့လောကုတ္တရာပစ္စည်းတွေနဲ့၊ ချီးမြှောက်တန်ဆာဆင်ခြင်းတစ်မျိုးလို့ နှစ်မျိုးပဲရှိတယ် ချုံးလိုက်တော့၊(မှန်ပါဘုရား)

ဒီတော့-လောကီပစ္စည်းတွေနဲ့တန်ဆာဆင်ချီးမြှောက်နည်းဆိုတာကျတော့ဘုန်းကြီးတို့ဒကာဒကာမတွေအထူးပြောဖို့မလိုတော့ဘူး၊ ကိုယ့်သားလေးကိုကိုယ့်သားလေးအလျှောက် တတ်နိုင်,တတ်နိုင်သလောက်, ကိုယ့်သမီးလေးကိုကိုယ့်

http://www.dhammadownload.com



သမီးအလျှောက် တတ်နိုင်,တတ်နိုင်သလောက် ဒကာဒကာမတွေ ပိုးဖဲကတ္တီပါ အစရှိတဲ့ ဝတ်ကောင်းစားကောင်းတွေမဆင်ကြဘူးလား?(ဆင်ကြပါဘုရား)၊ ရွှေငွေ ကျောက်သံအစရှိတဲ့ လက်စွပ်,လက်ကောက်,ပုတီးနားဒောင်းစတဲ့ ရတနာတွေလည်း မဆင်ကြဘူးလား?(ဆင်ကြပါဘုရား) ကောင်းမှေ့ဆိုတဲ့အစာရေစာတွေလည်းရှာပေးပြီးတော့ မကျွေးကြဘူးလား?(ကျွေးကြပါဘုရား) နေရာထိုင်ခင်းတွေပြင်ဆင်ပြီးတော့ပေးကြ၊ သူတို့ရဲ့အတွက်လောကီပစ္စည်းတွေ ထူထောင်ပေးကြ၊ ပညာတွေသင်ပေးကြ၊ အရင်းအနှီးဥစ္စာတွေ ထူထောင်ပေးကြ. . . လို့ ဆိုတာတွေဟာ-အဲဒါ အာမိသာနုဂ္ဂဟ-လောကီပစ္စည်းနဲ့ချီးမြှောက်ခြင်းလို့ခေါ်တယ်၊ လောကီပစ္စည်းနဲ့ တန်ဆာဆင်ခြင်းလို့ခေါ်တယ်၊

ယနေ့အလှူ့ဒကာကိုကျော်ဝင်းတို့ အလှူ့အမမဝင်းမြင့်တို့ကသားရတနာ တူရတနာလေးတွေကို ဘုရားရှင်အဆူဆူကိုယ်တော်မြတ်ကြီးတို့ရဲ့အသုံးအဆောင်, ပစ္စေကဗုဒ္ဓါအရှင်မြတ်အဆူဆူတို့ရဲ့ အသုံးအဆောင်, အဂ္ဂသာဝကမဟာသာဝက ရဟန္တာအရှင်မြတ်ကြီးတွေရဲ့အသုံးအဆောင်ဖြစ်တဲ့ ဖန်ရည်တပ်စွန်းတဲ့သင်္ကန်းကို ဝတ်ရုံပေးခြင်း, ခေါင်းကဆံမုတ်ဆိတ်ကျင်စွယ်ကိုရိတ်ပယ်ပေးခြင်းဖြင့် ချီးမြှောက်လိုက်တဲ့နည်းက လောကုတ္တရာချီးမြှောက်နည်း. . . တဲ့၊ သင်္ကန်းသပိတ် ပရိက္ခရာခန္ဓာမှာဆင်ပြီးတော့, ခေါင်းကဆံပင်ကိုရိတ်ပယ်ပြီးတော့, ဖန်ရည်တပ်စွန်းသင်္ကန်းကို ပြောင်းလဲဝတ်ရုံပြီးတော့ တန်ဆာဆင်လိုက်တဲ့ အဆင်ကတော့ လောကုတ္တရာ တန်ဆာဆင်ခြင်း၊ ဒီတော့ကိုယ့်သားသမီးကိုတန်ဆာဆင်နည်း နှစ်မျိုးပဲရှိတော့တယ်ပရိသတ်၊(မှန်ပါဘုရား) နှစ်ပေါင်းအစိတ်သုံးဆယ် ကျွေးမွေး သုတ်သင်ပြုပြင် တန်ဆာဆင်လာရတယ်ဆိုလို့ အများကြီးဖြစ်နေလို့များ မရေတွက်နိုင်ဘူးမထင်လိုက်နဲ့ လိုရင်းချုပ်လိုက်တဲ့အခါကျတော့ တန်ဆာဆင်နည်းနှစ်မျိုးပဲ ရှိတော့တယ်၊ ဒါ့ကြောင့်-

❖ကိုယ့်သားသမီး, ဆင်နည်းတန်ဆာ,
မီးထိုး-မီးငြိမ်း, နှစ်ကိန်းနှစ်ဖြာ,တဲ့။

ကိုယ့်သားသမီးကိုတန်ဆာဆင်နည်းဟာနှစ်မျိုးပဲရှိတယ်. . . တဲ့၊ နှစ်မျိုးပဲရှိတယ်။ အဲဒီနှစ်မျိုးကိုစာလိုပြောရင်တော့အာမိသာနုဂ္ဂဟ- လောကီပစ္စည်းနဲ့တန်ဆာဆင်ခြင်း၊ ဓမ္မာနုဂ္ဂဟ-လောကုတ္တရာပစ္စည်းနဲ့တန်ဆာဆင်ခြင်းလို့ ပြောရမှာပေါ့တဲ့၊ ဒကာဒကာမတွေနားလည်လွယ်တဲ့နည်းနဲ့ပြောရရင်"မီးထိုးပေးတဲ့ တန်

http://www.dhammadownload.com



ဆာဆင်နည်းနဲ့မီးငြိမ်းပေးတဲ့တန်ဆာဆင်နည်းလို့ နှစ်မျိုးရှိတယ်. . . တဲ့၊ နှစ်မျိုးရှိတယ်။ မီးထိုးတဲ့တန်ဆာဆင်ခြင်း,သူ့သန္တာန်မှာမီးတွေတိုးလာအောင်မီးထိုးပေးတဲ့တန်ဆာဆင်နည်းတစ်မျိုး, သူ့သန္တာန်မှာရှိနေတဲ့ မီးတွေငြိမ်းသွားအောင် မီးငြိမ်းပေးတဲ့တန်ဆာဆင်နည်းတစ်မျိုး. . . လို့၊ မီးထိုးတန်ဆာဆင်,မီးငြိမ်းတန်ဆာဆင်လို့ တန်ဆာဆင်နည်း နှစ်မျိုးရှိတယ်။ ဘာမီးတုန်းလို့ဆိုတော့ အပြင်မီးပြောတာမဟုတ်ဘူး အတွင်းမီး။

မီးကလည်းနှစ်မျိုးရှိတယ်ပရိသတ်၊(မှန်ပါဘုရား) အပြင်မှာအခုဒကာ ဒကာမတွေထွန်းထားတဲ့ လျှပ်စစ်မီးတွေ,ထမင်းဟင်းချက်နေတဲ့မီးတွေက အပြင်မီးခေါ်တယ်၊ သတ္တဝါတွေရဲ့သန္တာန်မှာ အတွင်းကလောဘတွေ,ဒေါသတွေ,မောဟတွေ, ဟိုဟာခင်တွယ်,ဒီဟာနှစ်သက်,ဟိုဟာစွဲလမ်း,ဒီဟာစွဲလမ်းဆိုတဲ့လောဘတွေ။ ဟိုမကျေနပ်,ဒီမကျေနပ်,ဟိုရန်လုပ်,ဒီရန်လုပ်ဆိုတဲ့ဒေါသတွေ။ အဲဒီလိုလောဘ, ဒေါသဆိုတဲ့မီးတွေ တစ်ဆယ့်တစ်တန်သောမီးတွေ၊ မီးတစ်ဆယ့်တစ်ပါးလို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ဟောတော်မူတဲ့မီးကျတော့ အတွင်းမီးလို့ခေါ်တယ်၊ ကိလေသာမီးလို့လည်းခေါ်တယ်၊ ဒီတော့-ပရိသတ် မီးကနှစ်မျိုးရှိတယ်၊ ဘယ်နှစ်မျိုးရှိပါလိမ့်?(နှစ်မျိုးရှိပါဘုရား)

အဲဒီနှစ်မျိုးထဲမှာ ဒီနေ့-အလှူ့ဒကာကိုကျော်ဝင်းတို့ အလှူ့အမမဝင်းမြင့်တို့က သားလေးတွေ တူလေးတွေကို ယခုလိုခေါင်းကဆံမုတ်ဆိတ်ကျင်စွယ်တွေရိတ်ပယ်ပြီးတော့၊ ဖန်ရည်တပ်စွန်းတဲ့သင်္ကန်းကို ပြောင်းလဲပြီးတော့ ဝတ်ရုံတန်ဆာဆင်ပေးလိုက်ခြင်းသည်, သူတို့ဝမ်းထဲမှာရှိနေတဲ့အတွင်းမီးခေါ်တဲ့ လောဘမီး,ဒေါသမီးတွေ ကိုငြိမ်းပေးလိုက်ခြင်း. . . တဲ့၊ ငြိမ်းပေးလိုက်ခြင်း။ မီးငြိမ်းပေးလိုက်တာ၊ ဘာမီးတုန်းဆိုတော့ အတွင်းမီး၊ ဘာမီးပါလိမ့်?(အတွင်းမီးပါဘုရား)

ဘုန်းကြီးတို့ လောကီအဆင်တန်ဆာလေးများ ဆင်ပေးတဲ့အခါကျတော့ သတိထားကြည့်စမ်းပါလား၊ ကိုယ့်သားလေး,ကိုယ့်သမီးလေး ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ပိုးဖဲကတ္တီပါလေးတွေဝတ်ဆင်ပေး၊ လက်မှာလက်စွပ်တွေ, လက်ကောက်တွေ,ပုတီး,နားဒောင်းစသည်တွေ ဆင်မြန်းပေးလိုက်တော့ အဲဒီအဆင်တန်ဆာတွေကိုဝတ်ဆင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သူ့ရဲ့သန္တာန်မှာ မီးတိုးပြီးတော့လာတယ်. . . တဲ့၊ မီးတိုးပြီးတော့လာတယ်။ ဘယ်လိုတိုးလာတုန်းဆိုတော့သူ့ကိုယ်သူမှန်ထဲကြည့်၍သော်လည်းကောင်း၊ သူ့ကိုယ်သူငုံ့ငုံ့ပြီးတော့ ကြည့်ရင်းသော်လည်း

http://www.dhammadownload.com



ကောင်း၊ ဒီအဝတ်တန်ဆာ ရွှေငွေ ကျောက်သံတွေကြောင့် ငါလှတယ်၊ ဒီအဝတ်တန်ဆာတွေကြောင့်ငါယဉ်တယ်၊ ငါခင်မင်ဖွယ်ကောင်းတယ်. . . လို့ သူ့ကိုယ်သူ နှစ်သက်သာယာတဲ့သဘောမလာဘူးလား ပရိသတ်?(လာပါဘုရား)၊ အဲဒါလောဘမီးလောင်တာခေါ်တယ်၊(မှန်ပါဘုရား) ဒီတော့-အဆင်တန်ဆာတွေစွဲပြီးတော့ လောဘမီးမတောက်ဘူးလား?(တောက်ပါဘုရား)

ဒီကနေတစ်ဆင့် ငါ့ပစ္စည်းမတို့နဲ့၊ ငါ့ပစ္စည်းမကိုင်နဲ့၊ ငါ့ရွှေကိုမယူနဲ့၊ ငါ့လက်စွပ် ကိုမထိနဲ့,ငါ့လက်ကောက်မကိုင်နဲ့,ငါ့ဆွဲကြိုးမထိနဲ့,မတို့နဲ့ဆိုတော့ဒေါသမီး။ဟာဒီကနေ တစ်ဆင့်တက်ပြီးတော့ ငါ့လက်စွပ်များသူယူသွားလေမှာလား, ငါ့ပုတီးများသူဆွဲသွားလေမှာလား၊ ငါ့လက်ကောက်တွေများ သူခိုးသွားလေမှာလားလို့ စိုးရိမ်ရတာတွေလာတော့ သောကမီး။ မလာဘူးလား?(လာပါဘုရား) ဒီကနေပြီးတော့ ကိုယ်မထင်တဲ့အတိုင်း လက်စွပ်ကပျောက်,လက်ကောက်ကပျောက်,အခိုးခံရ,အနှိုက်ခံရပြီဆိုတော့ မျက်ရည်ကြီးငယ်ကျပြီဆိုတော့ ရင်ထုငိုရပြီဆိုတော့ ပရိဒေဝမီး။ ဘာမီးတဲ့တုန်း?(ပရိဒေဝမီးပါဘုရား) ဒီတော့ ပရိသတ်ငိုရတယ်ဆိုတာ ချမ်းသာတာလား,ဆင်းရဲတာလား?(ဆင်းရဲတာပါဘုရား) ပူတာလားအေးတာလား?(ပူတာပါဘုရား) မီးဆိုတာ ပူတဲ့သဘောရှိတယ်လေ၊(မှန်ပါဘုရား)။

ဒီတော့ ဒီသားလေးဒီသမီးလေးသန္တာန်မှာကိုယ်ကဆင်မြန်းပေးလိုက်တဲ့အဆင်တန်ဆာ အကြောင်းပြုပြီးတော့ မျက်ရည်ကျရတယ်လို့ဆိုတော့ ပရိဒေဝမီးတောက်တော့ သူမပူရဘူးလား?(ပူရပါဘုရား) ဟာ ဒီကနေတစ်ဆင့်တက်ပြီးတော့များ တစ်ချို့များ တကတည်းကိုယ့်ပစ္စည်းပျောက်သွားတာ နှမြောအားကြီးပြီးတော့ မေ့သွား မျောသွားလို့ နှာနှပ်ယူရ နှိပ်ယူရ ဆိုတော့ ဥပါယာသမီး။ မလာဘူးလား?(လာပါဘုရား) အဲဒီလိုအားဖြင့် လောဘ,ဒေါသ,သောကအစရှိတဲ့ မီးတွေတိုးပြီးတော့ လာစေတယ်. . တဲ့၊ လောကီအဆင်တန်ဆာတွေဆင်လို့ကဖြင့် မီးတိုးအောင် မီးထိုးပေးရာသာရောက်တော့တယ်။

အခုရှင်ရဟာန်းပြုတယ်ဆိုတာကျတော့ လောကုတ္တရာတန်ဆာဆင်တယ်လို့ခေါ်ရတယ်၊ အဲဒါကျတော့ မီးငြိမ်းပေးတာ၊ အခုကိုရင်လေးတွေဝတ်ပြီဆိုတော့ သူတို့ခေါင်းကဆံပင်ကို အရင်ဆုံး မပယ်ရဘူးလား?(ပယ်ရပါဘုရား) ခေါင်းကဆံပင်ကိုပယ်လိုက်တယ်ဆိုတာ မီးတောက်-မယ့် မီးစာကို ဖယ်လိုက်တာခေါ်တယ်၊

http://www.dhammadownload.com



(မှန်ပါဘုရား) ဒီဆံပင်ကိုပယ်ပြီးတော့ ရိတ်ပစ်လိုက်တာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အမိန့်တော်ပညတ်ချက်အရ ငါ့ရဲ့သားတော်လေး သာမဏေလေးဖြစ်စေချင်ရင်,ငါ့ရဲ့သားတော်ရဟန်းတော်လေးဖြစ်စေချင်ရင်, ငါ့သမီးသာမဏေမလေးဖြစ်စေချင်ရင်, ငါ့သမီးဘိက္ခုနီမလေးဖြစ်စေချင်ရင် ချစ်သားချစ်သမီးတို့ ခေါင်းကဆံပင်ကို အရင်ပယ်လိုက်ကြ. . လို့ ဘုရားကပညတ်တော်မူခဲ့တယ်။

ခေါင်းကဆံပင်က မီးတောက်တယ်၊(မှန်ပါဘုရား) မီးတောက်မယ့်ထင်းဖယ်ပစ်လို့ရှိရင် မီးတောက်သေးရဲ့လား?(မတောက်ပါဘုရား) လောင်စာဖယ်ပစ်လို့ရှိရင် မီးတောက်စရာရှိသေးရဲ့လား?(မရှိပါဘုရား) ဟော-သူတို့ရဲ့ခေါင်းကဆံပင်ကို ရိတ်ပယ်လိုက်ခြင်းဖြင့် တောက်မယ့်မီးတွေကို ငြိမ်းပေးလိုက်ရာရောက်ပါတယ်၊ အဲဒါ မိလိန္ဒပဥှပါဠိတော်-မှာလာတဲ့ ရှင်နာဂသိန်နဲ့ မိလိန္ဒမင်းဆိုတာ ဒကာ,ဒကာမတွေကြားဖူးတဲ့အတိုင်း ရှင်နာဂသိန်ဆိုတဲ့ကလေး ရှင်ပြုခါနီးတော့ ရဟန္တာအရှင်မြတ်ကြီးက ခေါင်းကခေါင်းတုံးနဲ့ ဖန်ရည်တပ်စွန်းတဲ့ သင်္ကန်းဝတ်ပြီးတော့ သူ့ကိုတရားပြဖို့လာတော့ သူကဆီးမေးတာ၊ "အရှင်ဘုရားက သူများနဲ့လည်းမတူဘူးတဲ့၊ ခေါင်းကဆံပင်တွေကိုလည်းပဲ ရိတ်ပယ်ပြီးတော့ထားတယ်၊ သူများကဆံထုံးတွေနဲ့ ဆံကျစ်တွေနဲ့ ဘိုကေတွေနဲ့ စသည်ဖြင့်ရှိကြတယ်၊ အရှင်ဘုရားကခေါင်းကဆံပင်တွေဘာလို့ပယ်ထားရတာတုံး. . "လို့ဆိုတော့ ရဟန္တာအရှင်မြတ်ကြီးက "ကလေး. . တဲ့ အဲဒါ ငါမီးငြိမ်းထားတာ. . တဲ့" လောင်စာသိမ်းပြီးတော့ မီးငြိမ်းထားပါတယ်၊ ဒီဆံပင်ရှိပြီဆိုတော့ မီးကထထတောက်တယ်လေ၊ ဘာမီးတောက်တာတုန်းဆိုတော့ အတွင်းမီး၊ ဘာမီးတုံးပရိသတ်?(အတွင်းမီးပါဘုရား)။

❖ ဦးခေါင်းတန်ဆာ, စိတ်မှာစွဲမက်, လွန်နှစ်သက်၏၊
ကျောက်မျက်ရွှေငွေ, အထွေထွေနှင့်,ဆင်လေတစ်ကိန်း၊
ဆီလိမ်းခေါင်းလျှော်,တစ်ဖော်ပန်းပန်, ဆွတ်ပြန်နံ့သာ,
မွှေးထုံးကာဖြင့်. . ။

ခေါင်းကဆံပင်ရှိနေပြီဆိုရင်တဲ့ အဲဒီခေါင်းက ဆံပင်ကို သတ္တဝါတိုင်းသတ္တဝါတိုင်း ကိုယ့်ရဲ့ခေါင်းကဆံထုံးကလေးဖြစ်ဖြစ်၊ ဘိုကေကလေးဖြစ်ဖြစ်၊ အမျိုးသမီးတွေဆိုလည်း ဆံထုံးကလေးဖြစ်ဖြစ်ရှိနေပြီဆိုရင် " ဦးခေါင်းတန်ဆာ, စိတ်မှာစွဲမက်, လွန်နှစ်သက်၏". . . တဲ့ ငါ့ဆံပင်လေးကြောင့် ငါ့ခေါင်းလှနေတယ်၊ ငါ့ခေါင်းကဆံပင်လေးလှအောင် ငါ့-ဆံပင်လေးထားမှတော်မယ်. . . လို့ ဟော-

http://www.dhammadownload.com



ဒီစိတ်ကလေး ပရိသတ်မလာဘူးလား?(လာပါဘုရား)။ ခေါင်းရဲ့အဆင်တန်ဆာ တစ်ခုအနေနဲ့ ဆံပင်ကိုသူကမသတ်မှတ်ဘူးလား?(သတ်မှတ်ပါဘုရား)။ ဒီဆံပင် လေးကြောင့်ငါလှတယ်၊ ဒီဆံထုံးလေးနဲ့ငါလိုက်တယ်၊ ဒီဆံပင်လေးကြောင့် ငါလှ တယ်ဆိုတဲ့ ခေါင်းရဲ့အဆင်တန်ဆာတစ်မျိုးအဖြစ်နဲ့ လောဘမီးတောက်ပါတယ်၊ မတောက်ဘူးလား?(တောက်ပါဘုရား)။

ဒီဆံပင်ရှိပြီဆိုတော့ ဒီဆံပင်ကို ရွှေဆံထိုးနဲ့ငွေဆံထိုးနဲ့ဆင်ရ၊ ရွှေဆံညှပ် ငွေဆံညှပ်နဲ့ဆင်ရ၊ ဒီဆံပင်နဲ့ပတ်သက်ပြီးသကာလ ရွှေငွေစိန်ကျောက် ထိန် တောက်နေတာတွေ,ပိုးဖဲကတ္တီပါလေးတွေနဲ့ဆင်ရ,ပြင်ရဆိုတာတွေမလာဘူးလား? (လာပါဘုရား) ဒီတော့ ဆံပင်ဆိုတဲ့ ရုပ်စုရုပ်ပုံကြီးကို (ဝါ)ဆံပင်ဆိုတဲ့မတင့်တယ်တဲ့ အသုဘသဘောကြီးကို တင့်တယ်တယ်. . . လို့ကြံဖန်ပြီးသကာလ ဆင်ရပြင်ရ, စွဲလမ်းရ,နှစ်သက်ရတွေ မလုပ်ရဘူးလား?(လုပ်ရပါဘုရား) အမှန်စင်စစ်က ဒီဆံပင်က အနံ့အားဖြင့်လည်း ပကတိအတိုင်းသာဆိုရင် မကောင်းဘူး၊ ပေါက် ရာဌာနကြီးကလည်း ဦးခေါင်းရေပေါ်ကြီးကပေါက်လာတာ၊ အဆင်းအားဖြင့် ကြည့်ရင်လည်း နက်ကြောင်ကြောင်၊ အနံ့အားဖြင့်ကြည့်ရင်လည်း ညှီစို့စို့၊ အနံ့ ရော,အဆင်းရော,တည်ရာပေါက်ရာဌာနရော ပရိသတ်ကောင်းတာရှိရဲ့လား? (မရှိပါဘုရား)။

နောက်ဆုံးဒကာ ဒကာမတွေက မဖြီးနိုင် မလိမ်းနိုင် ဂိလာန ဖြစ်ပြီဆိုမှ ဒီဆံပင်မတင့်တယ်တာ အဲဒီကျတော့မှ ဘုန်းကြီးတို့ ပရိသတ်က နည်းနည်းသဘော ပေါက်မလာဘူးလား?(ပေါက်လာပါဘုရား) နောက်ဆုံးသချိုင်းရောက်သွားလို့ ဆံ ပင်တွေပြန့်ကျဲပြီးသကာလ အသုဘသဘောဖြစ်သွားပြီဆိုတော့မှ သဘောပေါက် ကြတာဖြစ်တော့ ခေါင်းပေါ် နေတုန်းတော့ သုဘ-တင့်တယ်တယ်လို့ထင်ကြတယ်၊ အဲဒီလို သုဘထင်တဲ့အတိုင်းဆံပင်ကို ဆီလိမ်းရတယ်၊ မွှေးမျိုးနံ့သာတွေနဲ့ ထုံရ တယ်၊ ကျောက်မျက်ရတနာရွှေငွေအထွေထွေနဲ့ ဆင်ရ,သရခြင်းဖြင့် ဆံပင်ကို အစွဲပြုပြီးသကာလ လောဘမီးတွေ. . တဲ့ မရေတွက်နိုင်အောင် တောက်ကြတယ်။

ဟာ-ငါ့ဆံပင်မထိနဲ့ ငါ့ဆံပင်မတို့နဲ့ ငါ့ဆံပင်မကိုင်နဲ့ဆိုတော့ ဒေါသမီး မလာဘူးလား?(လာပါဘုရား) ငါ့ဆံပင်များသူဖြတ်ယူသွားလေမလား၊ ငါ့ဆံပင် ပြင်ထားတဲ့အလှလေးများ ပျက်သွားလေမလားဆိုတော့ သောကမီးကော မလာ ဘူးလား?(လာပါဘုရား) မထင်တာတွေဖြစ်ကုန်တော့ ငိုကြွေးရတဲ့ ပရိဒေဝမီး

http://www.dhammadownload.com



တွေ၊ အဲဒီလိုအားဖြင့် ဆံပင်ကိုစွဲပြီးတော့ တောက်နေတဲ့ လောဘမီး, ဒေါသမီး တွေ၊ ဟောဒီကိုရင်လေးတွေ ရှင်ပြုလိုက်တဲ့အချိန်မှာ ခေါင်းကဆံပင် ရိတ်ပယ် လိုက်သည်နှင့် တပြိုင်နက် အဲဒီတောက်မယ့်လောဘမီးတွေ ပရိသတ်တောက်နိုင် သေးရဲ့လား?(မတောက်နိုင်ပါဘုရား) ဘာပြုလို့မတောက်နိုင်တာတုန်းလို့ဆိုတော့ တောက်စရာထင်းနဲ့တူတဲ့လောင်စာကို သိမ်းပစ်လိုက်တဲ့အတွက် မီးတောက်နိုင် သေးရဲ့လား?(မတောက်နိုင်ပါဘုရား) ဒါဖြင့် လောင်စာသိမ်းလို့ မီးငြိမ်းမသွား ဘူးလား?(ငြိမ်းသွားပါဘုရား)၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကမ္ဘာလော ကမှာ ဘုရားအဖြစ်နဲ့ ပွင့်လာတာက သတ္တဝါတွေကို အဲဒီလောဘ ဒေါသ ဆိုတဲ့ မီးတွေ ငြိမ်းစေချင်လို့ပွင့်လာတော်မူခဲ့တယ်. . တဲ့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ တော် ဖြည့်ဖြည့်ပြီးတော့ လောကကြီးထဲ ဘုရားအဖြစ်နဲ့ရောက်အောင်ယူလာတာ သူ့ကိုယ်သူလည်း မီးငြိမ်းဖို့ကျင့်လာတော်မူခြင်းဖြစ်တယ်၊ သတ္တဝါတွေရဲ့ သန္တာန် တောက်နေတဲ့ အတွင်းမီးတွေလည်း ငြိမ်းစေချင်လို့ ငြိမ်းဖို့ပွင့်လာတော်မူခြင်းဖြစ် ပါတယ်၊ ဘုရားပွင့်လာတာ မီးငြိမ်းဖို့လား မီးထိုးဖို့လား ပရိသတ်?(မီးငြိမ်းဖို့ပါ ဘုရား)၊ ဒီတော့ ကလေးလေးတွေကို အလှူဒကာကိုကျော်ဝင်းတို့ အလှူ့အမ မဝင်းမြင့်တို့က ရှင်ပြုပေးနေတယ်ဆိုတာ၊ မီးငြိမ်းနေတာလား မီးထိုးပေးနေတာ လား?(မီးငြိမ်းပေးနေတာပါဘုရား)။

❖ကိုယ့်သားသမီး, ဆင်နည်းတန်ဆာ,
မီးထိုးမီးငြိမ်း, နှစ်ကိန်းနှစ်ဖြာ။
လောကီဆင်မျိုး, မီးထိုးမှတ်ပါ,
လောကုတ်ဇာတ်,မြင့်မြတ်အရိယာ။

လောကီအဆင်တန်ဆာနည်းနဲ့ ဆင်နေတာမှန်သမျှကတော့ မီးထိုးပေး နေတာချည်းမှတ်ပါ. . တဲ့၊ လောဘ ဒေါသမီးတိုးအောင်ချည်းလုပ်နေရာရောက် တယ်၊ ဒီတော့ မီးတိုးနေသမျှဒီအို,နာ,သေရေးဒုက္ခဘေးကြီးက ဘယ်တော့မှမလွတ် ဘူး၊ ဇရာ,ဗျာဓိ,မရဏခေါ်တဲ့သံသရာ့မီးကြီးသုံးပါးက ဘယ်တော့မှမလွတ်ဘူး၊ မီးတစ်ဆယ့်တစ်တန်ထဲမှာ ဇရာမီး, ဗျာဓိမီး, မရဏမီးဆိုတာနောက်ဆုံးမီးကြီး၊ အိုခြင်းဆိုတဲ့ဇရာမီးကြီး၊ အခု ဒကာ,ဒကာမတွေ တရားထိုင်နာနေလို့များ မီးလောင် ရပ်နေတယ်မထင်နဲ့၊ ခန္ဓာကိုယ်တစ်ငွေ့ငွေ့နဲ့ ရင့်ရော်ပြီးနေတဲ့ ဇရာမီးကြီးက တညီးညီး တောက်နေဆဲ။

http://www.dhammadownload.com



အဲဒါလိုပဲ ဗျာဓိမီး, မရဏမီးဆိုတဲ့ မီးတွေကလည်း တောက်နေဆဲ၊ မရဏမီးဆိုတာ သင်္ချိုင်းပို့လိုက်ရတဲ့မီးဆိုတာက ဒါလူသိသူသိမီး၊ ရုပ်တွေ နာမ်တွေဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်ဆိုတာ ဇာတိမီး၊ ပျက်ဆိုတာ မရဏမီး၊ ဆိုတော့ အခုလည်းပဲ ဒကာဒကာမတွေရဲ့ ရုပ်နာမ်ခန္ဓာကထိုင်ပြီးတော့ တရားနာနေရင်းနဲ့လည်းပဲ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် ဆိုတဲ့သဘောလေးတွေ ရှိနေတာဖြစ်တော့ မီးတောက်မရပ်ပါ။ ဒါဖြင့် ကိလေသာမီးတွေတညီးညီးတောက်လောင်ပြီးတော့နေခဲ့ရင် ဇရာ, ဗျာဓိ, မရဏဆိုတဲ့မီးကလည်းပဲတောက်လောင်ပြီးတော့နေတယ်၊ အတောက်မရပ်ဘူး။ ကိလေသာခေါ်တဲ့ လောဘ, ဒေါသ, မောဟမီးတွေကို အကြောင်းမီးတွေကိုသတ်လိုက်တော့မှ ရုပ်နာမ်ခန္ဓာတွေမရတော့ဘဲနဲ့ အဲဒီ ဇရာ, ဗျာဓိ, မရဏခေါ်တဲ့မီး အကျိုးမီးတွေလည်း ငြိမ်းပါတယ်။

အိုခြင်း, နာခြင်း, သေခြင်းဆိုတာက အကျိုးမီးခေါ်တယ် ပရိသတ်၊(မှန်ပါဘုရား)၊ လောဘ, ဒေါသ, ဆိုတဲ့ကိလေသာမီးက အကြောင်းမီးခေါ်တယ်၊ လောဘ ဒေါသတွေရှိနေသမျှ ဒီရုပ်နာမ်ခန္ဓာရတယ်၊ ရုပ်နာမ်ခန္ဓာရရင် အိုခြင်း, နာခြင်း, သေခြင်းကပေါ်လာတော့တာပဲ၊ မလာဘူးလား?၊ (လာပါဘုရား)၊ ဒါဖြင့် လောဘ ဒေါသတွေကြောင့် ရုပ်နာမ်ခန္ဓာရတယ်၊ သူကအကြောင်းမီး၊ ရုပ်နာမ်ခန္ဓာတွေရလို့ အိုခြင်း, နာခြင်း, သေခြင်းဆိုတာပေါ်ရတယ်၊ အိုခြင်းဆိုတဲ့ဇရာမီး ခန္ဓာကိုယ်မှာ တောက်တယ်၊ ခန္ဓာကိုယ်မှာ အိုခြင်းဆိုတဲ့ဇရာမီးတောက်လိုက်တော့ ခေါင်းမှာ ရရှိနေတဲ့ဆံပင်လေးတွေ နက်ရာကနေ ဖြူကုန်၊ ကွက်ကြားဖြူကုန်၊ ဘာဖြစ်တာတုန်း မီးလောင်တယ်. . . လို့ခေါ်တယ်။

ခန္ဓာကိုယ်မှာ အသားအရေလေးတွေ ပြည့်ပြည့်ဖြိုးဖြိုး တောင့်တောင့်တင်းတင်းလေးတွေက ပါးရေတွေတွန့်ပြီးတော့သွားတယ်၊ ဘာဖြစ်တာတုန်း၊ မီးလောင်တာလို့ခေါ်တယ်၊ သွားလေးတွေ ပုလဲလုံးလေးတွေလိုစီနေရာကနေပြီးတော့ ကျိုးကုန် ပွဲကုန်တယ်၊ မီးလောင်တာလို့ခေါ်တယ်၊ ခန္ဓာကိုယ်မှာ အားအင်ဗလတွေ တောင့်တောင့်တင်းတင်းကနေ တုံ့တုံ့ခိုက်ခိုက်နဲ့ တောင်ဝှေးထောက်ရတဲ့အဖြစ်ရောက်သွားတယ်၊ အားတွေကုန်ခန်းပြီးတော့သွားတယ်၊ အဲဒါမီးလောင်တာလို့ခေါ်တယ်။ ဇရာမီးလောင်လိုက်တော့အကုန်လုံး ပြောင်းလဲမသွားဘူးလား? (ပြောင်းလဲသွားပါဘုရား)၊ ဒါဖြင့် အဲဒီလို ဇရာမီး, ဗျာဓိမီး, မရဏမီးဆိုတဲ့ အကျိုးမီးတရားကြီးတွေငြိမ်းသွားအောင် သူတို့ကိုထူထောင်ပေးနေတဲ့ ရုပ်နာမ်ခန္ဓာကိုထူ

http://www.dhammadownload.com



ထောင်ပေးနေတဲ့ လောဘ, ဒေါသမီးတွေငြိမ်းဖို့ မလိုဘူးလား?၊(လိုပါဘုရား)။

ဒီနေ့ အလှူပေးတယ်, အလှူပေးတယ်, ရှင်ပြုတယ်, ရှင်ပြုတယ်ဆိုတာ ကလေးလေးတွေရဲ့သန္တာန်မှာ ဆံမုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်ပယ်လိုက်ခြင်းဖြင့် လောင်စာသိမ်းပြီးတော့ မီးငြိမ်းပေးလိုက်ခြင်းတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင်လုပ်သွားတဲ့အလုပ် ဒီအလုပ်က၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိဒ္ဓတ္ထမင်းသားဘဝနဲ့ တောထွက်လာတော့ အနော်မာသောင်မှာ ဆံပယ်တယ်ဆိုတာ မကြားဖူးဘူးလား?၊(ကြားဖူးပါဘုရား)၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သူ့ရဲ့ဆံပင်ကိုပယ်လိုက်တဲ့ အဓိပ္ပါယ်သည် အကြောင်းမဲ့ အဓိပ္ပါယ်မဲ့ အမှတ်တမဲ့နှင့်လုပ်သည်မဟုတ်၊ ခေါင်းကဆံပင်ကို ပယ်လိုက်ခြင်းဖြင့် လောဘ, ဒေါသဆိုတဲ့ ကိလေသာတွေမလောင်နိုင်အောင်လို့ ဆိုပြီးတော့ လောင်စာသိမ်းပြီးတော့ မီးငြိမ်းလိုက်ခြင်းတစ်မျိုးဖြစ်ပါတယ်၊ အဲဒီလိုသူကိုယ်တိုင် မီးငြိမ်းခဲ့တာမို့လို့ သူ့သားဖြစ်ချင်တဲ့ ရှင်သာမဏေလေးတွေ၊ သူ့သားတော်ဖြစ်ချင်တဲ့ ရဟန်းတော်လေးတွေလည်း ခေါင်းကဆံပင်ကိုရိတ်ပယ်ကြ. . လို့ဆိုပြီးတော့ ဆံပင်ကိုအပယ်ခိုင်းတယ်။

ဖန်ရည်တပ်စွန်းတဲ့သင်္ကန်းကိုပြောင်းလဲပြီးတော့ဝတ်ရုံခိုင်းတယ်၊ ဖန်ရည်တပ်စွန်းတဲ့သင်္ကန်းကိုပြောင်းလဲဝတ်ရုံလိုက်တော့ တစ်ရောင်ဆိုးအဝတ် ဝတ်လိုက်တော့ လူဝတ်ကြောင်အဝတ်တွေလို စိမ်းစိမ်းလေးမှဝတ်ချင်တယ်၊ ပြာပြာလေးမှဝတ်ချင်တယ်၊ နီနီလေးဝတ်ရတော့ ဝါဝါလေးဝတ်ချင်၊ ဝါဝါလေးဝတ်ရတော့ ကျားကျားလေးဝတ်ချင်တယ်ဆိုတဲ့ လောဘမီးတွေငြိမ်းပေးလိုက်တာ။ နီနီ ပြာပြာ စိမ်းစိမ်းဝါဝါတွေဝတ်ရတော့ ဝတ်ရသလို လောဘတွေတက်လာတယ်၊ လောဘမီးတွေတောက်တယ်၊ အခု ဖန်ရည်တပ်စွန်းတဲ့သင်္ကန်းကိုပြောင်းလဲဝတ်ရုံလိုက်သည်နှင့်တစ်ပြိုင်နက် အဲဒီလို နီနီလေးမှ၊ ဝါဝါလေးမှ၊ ပြာပြာလေးမှဆိုတဲ့လောဘမီးတွေအကုန်ငြိမ်းပြီးတော့ သွားစေတယ်။

ဒါ့ကြောင့် ဘာပဲပြောပြော အကျဉ်းချုပ်လိုက်ရင် ရှင်ပြုပေးတယ်ဆိုတဲ့အနေနဲ့ ကိုယ့်သား ကိုယ့်သမီးကို ခန္ဓာကိုယ်ပေါ်မှာဘုရားရှင်အဆူဆူတို့ရဲ့ သင်္ကန်းသပိတ်ပရိက္ခရာတန်ဆာဆင်လိုက်ခြင်းသည်၊ မီးငြိမ်းပေးတဲ့တန်ဆာဆင်နည်း. . . တဲ့၊ မီးငြိမ်းတဲ့တန်ဆာဆင်နည်း၊ ဘာတန်ဆာဆင်နည်းတဲ့တုန်း ပရိသတ်?၊ (မီးငြိမ်းတဲ့တန်ဆာဆင်နည်းပါဘုရား)၊ လောကီတန်ဆာတွေနဲ့ဆင်တာက မီးထိုးပေးတဲ့တန်ဆာဆင်နည်း။

http://www.dhammadownload.com



လောကီဆင်နည်းနဲ့ ဆင်နေသမျှကတော့ မီးထိုးပေးနေတာဖြစ်တော့၊ လောကုတ္တရာ တန်ဆာဆင်နည်းနဲ့ဆင်ခြင်းဆိုတဲ့ အခုလိုရှင်ပြုပေးခြင်း၊ ရဟန်းခံပေးခြင်း၊ သမီးလေးတွေကျတော့ ဘိက္ခုနီမဝတ်ပေးခြင်း၊ သာမဏေမဝတ်ပေးခြင်း၊ အခုကာလကျတော့ ဘိက္ခုနီနှယ်ဝင် သီလရှင်လေးဝတ်ပေးခြင်းလို့ဆိုတာ အဲဒါမီးငြိမ်းတဲ့တန်ဆာဆင်နည်းမို့လို့ မြတ်တယ်. . တဲ့၊ သာတယ်။ လောကီတန်ဆာဆင်နည်းထက် လောကုတ္တရာတန်ဆာဆင်နည်းက သာတယ် မြတ်တယ်၊ ကောင်းတယ်။ ဘာပြုလို့တုန်းလို့ဆိုတော့ အို, နာ, သေရေး ဒုက္ခဘေးကြီးကင်းဝေးသွားစေတတ်လို့။ (ဝါ) နိဗ္ဗာန်တရားကိုရစေတတ်လို့ နိဗ္ဗာန်ကိုရကြောင်းဖြစ်တဲ့ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ကျစေတတ်လို့။

အခု အလှူ့ဒကာ ကိုကျော်ဝင်း+ အလှူ့အမ မဝင်းမြင့်တို့က သားလေးတွေ တူလေးတွေကို အခုလို ရှင်ပြုပေးလိုက်ခြင်းဖြင့် ဒီကလေးလေးတွေဘုရားသားတော်လေးတွေအဖြစ်နဲ့ဒီဘဝမှာ ရှင်သာမဏေတို့ကျင့်ရတဲ့ သိက္ခာသီလတွေကို ခုနှစ်ရက်ပဲတတ်နိုင်တတ်နိုင် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကြောင့် ပရိသတ် ဒီအကျင့်သီလကိုသူတို့ကျင့်ခြင်းကြောင့် နိဗ္ဗာန်နဲ့ဝေးသွားမှာလား နီးလာမှာလား? (နီးလာမှာပါဘုရား) နိဗ္ဗာန်နဲ့နီးလာတယ်ဆိုတာအိုခြင်းနာခြင်းသေခြင်းကင်းတော့မယ်. . . လို့ ဆိုတဲ့ အတိတ်နိမိတ်လက္ခဏာခေါ်တယ်(မှန်ပါဘုရား)၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေကအိုခြင်းတရား, နာခြင်းတရား, သေခြင်းတရားတွေကိုကော မကြောက်ဘူးလား?(ကြောက်ကြပါဘုရား) အိုတာ နာတာ သေတာကို ဘယ်သူမှ မကြိုက်ဘူး၊ ဘယ်သူမှ မလိုချင်ဘူး၊ မလိုချင်ပေမယ့်လို့ တွေ့ရတယ်၊ မကြုံချင်ဘဲနဲ့ကြုံရမယ်၊ မဆုံချင်ဘဲနဲ့ဆုံရမယ်၊ ဘယ်နှစ်ကြိမ်လောက်ဆုံရမှာတုန်းဆိုတော့မရေတွက်နိုင်ဘူး၊

အဲဒီလိုမရေမတွက်နိုင်လောက်အောင် ကြုံရဆုံရမှာတွေကို ယခုလို ရှင်သာမဏေလေးဝတ်ပေးလိုက်ခြင်းဖြင့် မဂ်ဉာဏ်နဲ့နီးစပ်ပြီး နိဗ္ဗာန်နဲ့နီးကပ်လာတယ်၊ နိဗ္ဗာန်မြန်မြန်ရဖို့အရေး ကောင်းမှုကြီးတိုးပြီးတော့ လာတယ်. . . လို့ဆိုရင် ဖြင့် အိုမှု,နာမှု,သေမှုကြီးတွေနည်းသွားအောင် ပြုရာရောက်တယ်၊ ကျဲသွားအောင် ပြုရာရောက်တယ်၊ ပါးသွားအောင်ပြုရာရောက်လေသောကြောင့် လောကုတ္တရာ အဆင်တန်ဆာဆင်ခြင်းသည် မြတ်သောတန်ဆာဆင်ခြင်းလို့ခေါ်ရတယ်၊ အဲဒါကြောင့်ဘုရားရှင်ကိုယ်တော်မြတ်က-

http://www.dhammadownload.com



စေတဒဂ္ဂံဘိက္ခဝေ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟော။

ဘိက္ခဝေ-မင်္ဂဖိုလ်နိဗ္ဗာန်လိုလား,အမျိုးကောင်းသား,အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတို့၊ ဒွိန္နံအနုဂ္ဂဟာနံ- မိမိသားမိမိသမီးတို့ရဲ့အပေါ်မှာ,လောကီအဆင်တန်ဆာတွေနဲ့ ဆင်ပေးခြင်းဆိုတဲ့ အာမိသာနုဂ္ဂဟ၊ လောကုတ္တရာအဆင်တန်ဆာနဲ့ ဆင်ပေးခြင်းဆိုတဲ့ ယခုလို ရှင်ပြု,ရဟန်းခံ,သီလရှင်ဝတ်ပေးခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟဆိုတဲ့ ဒီအနုဂ္ဂဟနှစ်ပါးတို့တွင်၊ ယဒိဒံ(ယောအယံ) ဓမ္မာ နုဂ္ဂဟော-အကြင်လောကုတ္တရာအဆင်တန်ဆာနဲ့ ဆင်ပေးခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟသည်၊ အတ္ထိ-ရှိပါပေ၏၊ ဧတံ (သော)-ဤလောကုတ္တရာအဆင်တန်ဆာနဲ့ဆင်ပေးခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟ ကုသိုလ်ထူးကြီးသည်၊ အဂ္ဂံ(အဂ္ဂေါ)- အိုနာသေဇာတ်, အမြစ်ပြတ်၍, လွတ်လပ်စေတတ်သဖြင့်, အကောင်းမြတ်ဆုံး, ဖြစ်ပါပေတော့သတည်း. . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဒါဖြင့်ဒီနေ့အလှူ့ဒကာကိုကျော်ဝင်းတို့အလှူ့အမ,မဝင်းမြင့်တို့က မိမိတို့သားလေးတွေ တူလေးတွေရဲ့ ခန္ဓာမှာ လောကုတ္တရာတန်ဆာနဲ့ဆင်ပေးတဲ့ ဆင်တဲ့နည်းသည်, အမြင့်မြတ်ဆုံးဖြစ်တဲ့ အကောင်းမြတ်ဆုံးဖြစ်တဲ့ တန်ဆာဆင်ခြင်းနဲ့တန်ဆာဆင်တဲ့ နေ့. . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင်သူ့သား ရာဟုလာလေးရဲ့ခန္ဓာကိုယ်ပေါ်မှာဆင်ပေးသွားတဲ့ တန်ဆာဆင်နည်းနဲ့ ဆင်တဲ့နေ့. . . လို့ဟောဒီလိုရှေးဦးစွာ သိလိုက်ရမယ်ပရိသတ်၊(မှန်ပါဘုရား) ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် သူ့သားလေးရာဟုလာ တန်ဆာဆင်ပေးသွားတာ လောကုတ္တရာတန်ဆာနဲ့ဆင်ပေးသွားတယ်ဆိုတာ ဘုန်းကြီးတို့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေကြားဖူးကြပါတယ်၊(မှန်ပါဘုရား)။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်စမှာ ကာဠုဒါယီအမတ်ကပင့်လို့ခမည်းတော်ကြီး သုဒ္ဓေါဒနရဲ့နေပြည်တော်ကြွပြီးတော့လာ၊ ပထမရက်ရောက်လာတယ်ဆိုနန်းတော်ထဲကြွတော့ အဲဒီနန်းတော်ထဲက ပြန်တဲ့အချိန်မှာ ယသော်ဓရာဒေဝီက သားတော်လေးရာဟုလာကို ဝတ်ကောင်းစားကောင်းလေးတွေ တန်ဆာဆင်ပေးပြီးတော့-"ငါ့သားဟောဟိုသံဃာတော်အရှင်မြတ်တွေရဲ့ရှေ့ဖျားက ရွှေတောင်ကြီးအလား မားမားမတ်မတ်ကြွတော်မူနေတဲ့ပုဂ္ဂိုလ်ကြီးကို ငါ့သားမြင်ရဲ့

http://www.dhammadownload.com



လား"၊"မြင်ပါတယ်မေမေ"၊"အေး-အဲဒီရွှေတောင်ကြီးအလား မားမားမတ်မတ်နဲ့ ကြွတော်မူနေတဲ့ရဟန်းမြတ်ဟာ သားတော်ရဲ့အဖေပဲ. . . သားတော်ရဲ့ဖခင်ပဲ၊ အဲဒီမောင့်ရဲ့ဖခင် နန်းတော်ထဲမှာရှိစဉ်တုန်းက သုံးမကုန်,စွဲမခန်းတဲ့ရွှေအိုးကြီး လေးလုံးရှိခဲ့တယ်. . . တဲ့ ရွှေအိုးကြီးလေးလုံးရှိခဲ့တယ်"၊

ဘုန်းကြီးတို့ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားတယ်ဆိုရင်ပဲ ဖွာဖက်တော်အဖြစ်နဲ့ ရွှေအိုးကြီးလေးလုံးပေါ်ခဲ့တယ်လေ၊ ဘုန်းကြီးတို့ပရိသတ် ကြားဖူးတယ်မဟုတ်လား?(ကြားဖူးပါဘုရား) ဖွားဖက်တော်ခုနှစ်ပါးဆိုတဲ့အထဲမှာ ရွှေအိုးကြီးလေးလုံးလည်းပါတယ်၊ ဒီတော့ဘုရားအလောင်းတော်ရဲ့ကံတန်ခိုးသတ္တိ အားလျော်စွာပေါ်လာတဲ့ ရွှေအိုးကြီးတွေ၊ သုံးလို့မကုန်စွဲလို့မခန်းတဲ့ ရွှေအိုးကြီး တွေ၊ ယူသုံးတိုင်းယူနိုက်ပြီးတော့သုံးတိုင်း ဘယ်တော့မှပေါက်မသွားဘူး၊ ပြည့် လာတဲ့ရွှေအိုးကြီးတွေ၊"အဲဒီရွှေအိုးကြီးလေးလုံး မောင့်ဖခင်တောထွက်သွားတဲ့ အချိန်ကစပြီးတော့ ပျောက်သွားတယ်ချစ်သား. . . တဲ့၊ ဒီတော့-ငါ့သားဟာအဖေ့ ရဲ့အမွေကို သားကရထိုက်တာဖြစ်တော့ အဲဒါ-မောင့်ဖခင်နောက်လိုက်ပြီးတော့ အဲဒီရွှေအိုးကြီးလေးလုံးကို ရအောင်တောင်းပေတော့ငါ့သား. . . "လို့ဆိုပြီးတော့ ယသော်ဓရာဒေဝီက သားတော်ရာဟုလာလေးသင်ပေးပြီးတော့ ဘုရားနောက် လွှတ်လိုက်တာ။

ဒီတော့-သားတော်ရာဟုလာလေးက ရွှေအိုးကြီးလေးလုံးကိုရချင်တဲ့ဇောက လည်းသန်၊ ဖခင်ဆိုတဲ့ချစ်ခြင်းမေတ္တာကလည်းသက်ဝင်တော့ ဘုရားအနားမ ကြောက်မရွံ့နဲ့ ချဉ်းကပ်လာပြီးတော့"ခမည်းတော်. . . ခမည်းတော်ရဲ့အရိပ်က အင်မတန်အေးလှပါတယ်၊ ဖခင်ရဲ့ပစ္စည်းဟာသားသမီးရထိုက်ပါတယ် ခမည်း တော်၊ ဒီတော့ ခမည်းတော်တောထွက်သွားကတည်းက ပျောက်သွားခဲ့တဲ့ရွှေအိုး ကြီးလေးလုံး ဘယ်နားထားခဲ့ပါတုန်းတဲ့၊ အဲဒီရွှေအိုးကြီးလေးလုံးသားတော်ကို အ မွေပေးတော်မူပါ . . . လို့ တွတ်တီးတွတ်တာတောင်းရင်းနဲ့ဘုရားရှင်ကိုယ်တော် မြတ်ကြီးကရှေ့က ကျောင်းပြန်ကြွ၊ သူကနောက်ကနေပြီးတော့ "အမွေပေးခဲ့ပါ၊ ဖခင် အမွေပေးခဲ့ပါ၊ ရွှေအိုးကြီးလေးလုံးပေးခဲ့ပါ"နဲ့တောင်းရင်းလိုက်သွားတယ်။

ကျောင်းကိုရောက်တော့မှ မြတ်စွာဘုရားက သာရိပုတ္တရာ,မောဂ္ဂလာန်တို့ ဘေးကရဟန်းတွေခေါ်ပြီးတော့ ငါ့သားတော်ကငါ့ကိုအမွေတောင်းနေပြီ. . . တဲ့၊ ဒီတော့-လောကီအဆင်တန်ဆာဖြစ်တဲ့ အဲဒီရွှေတွေငွေတွေရွှေအိုးကြီးလေးလုံး

http://www.dhammadownload.com



ပေးပြီးတော့ လောကီအဆင်တန်ဆာတွေနဲ့ ဆင်ပေးခြင်းဖြင့် ငါ့သားတော်ကို မီးထိုးပြီးတော့မပေးတော့ဘူး. . . တဲ့၊ လောကုတ္တရာအဆင်တန်ဆာဆင်ပြီးတော့ သူ့သန္တာန်မှာ တစ်သံသရာလုံးကတောက်လောင်လာတဲ့မီးကို ငါငြိမ်းတော့မယ်. . . လို့ ဆိုပြီးတော့ အရှင်သာရိပုတ္တရာနဲ့အရှင်မောဂ္ဂလာန်အပ်ပြီးတော့ ရှင်သာမဏေလေးပြုပြီးတော့ပေးလိုက်ပါတယ်၊

ခေါင်းကဆံပင်တွေကိုရိတ်ပယ်စေပြီးသကာလ ဖန်ရည်တစ်စွန်းတဲ့သင်္ကန်းကို ပြောင်းလဲဝတ်ရုံပြီးတော့ လောကုတ္တရာတန်ဆာဆင်ပေးလိုက်ပါတယ်၊ ရှင်ရာဟုလာလေး ရှင်သာမဏေဝတ်ပေးလိုက်တယ်ဘုရားက၊ ရှင်ပြုပေးလိုက်တယ်၊ ဘာရည်ရွယ်ချက်နဲ့ပြုပေးတာတုန်းလို့ဆိုတော့ သူ့သန္တာန်မှာ တစ်သံသရာလုံးတောက်လောင်လာခဲ့တဲ့ လောဘ,ဒေါသမီးတွေငြိမ်းပေးလိုက်တော့မယ်. . . ဆိုပြီးတော့ရှင် ပြုပေးလိုက်တာ၊ အဲ-သားတော်ရာဟုလာလေး အဲဒီအချိန်ကစပြီးတော့တရားဘာဝနာအလုပ်တွေနဲ့ ပျော်ပိုက်ပြီးတော့သွားလိုက်တာ ခုနှစ်နှစ်သားနဲ့ သောတာပန်တည်ခဲ့တယ်၊ ရဟန်းဖြစ်တဲ့အချိန်မှာ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးအဖြစ်နဲ့ ဒီနေ့ ဒကာဒကာမတွေ မတွေ့ချင်မမြင်ချင်တဲ့မကြုံချင်တဲ့ အိုနာသေဇရာဒုက္ခဘေးကြီးတွေဆိုတဲ့ဇရာ,ဗျာဓိ,မရဏမီးကြီးတွေ ငြိမ်းတော်မူလို့ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားခဲ့ပြီ၊ ရှင်ရာဟုလာလေးမီးငြိမ်းသွားပြီ၊ ပရိသတ်ရှင်ရာဟုလာဘာဖြစ်သွားတုန်း?(မီးငြိမ်းသွားပါဘုရား) အဲဒါ-ဘုရားက လောကုတ္တရာအဆင်တန်ဆာဆင်မပေးလိုက်ဘူးလား?(ဆင်ပေးလိုက်ပါဘုရား)

အဲဒါကြောင့်-ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် သူ့သားတော်ရာဟုလာလေးကို လောကုတ္တရာတန်ဆာဆင်ပြီးတော့ မီးငြိမ်းပေးသလို, ဒီကနေ့အလှူ့ဒကာကိုကျော်ဝင်းတို့အလှူ့အမမဝင်းမြင့်တို့က မိမိတို့ရဲ့သားရတနာ တူရတနာလေးတွေရဲ့သန္တာန်မှာ ရှင်သာမဏေတို့အားလျောက်ပတ်တဲ့ သင်္ကန်း သပိတ် ပရိက္ခရာ တန်ဆာဆင်ပေးလိုက်တယ်ဆိုတာ မီးငြိမ်းတဲ့တန်ဆာဆင်ခြင်းကို ဆင်လိုက်ခြင်း. . . တဲ့၊ ဒါ့ကြောင့်-မြတ်တယ်လို့ပြောရတာ။

အဲဒီလိုမြင့်မြတ်တဲ့ အဆင်တန်ဆာ ဆင်ရင်းနဲ့မိမိတို့ကိုယ်တိုင်ကတော့ ဘုရားသာသနာတော်ကြီးကိုတတ်စွမ်းသမျှ ကော်ရော် ပူဇော်ကြမယ်ဆိုပြီးတော့ ဘုရားအမျိုးရှိတဲ့သံဃာတော်တွေကို ဆွမ်းဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းကြ

http://www.dhammadownload.com



ခြင်း၊ ယခုနကပြဆိုအပ်ခဲ့တဲ့ သက်နှံးဒွိစုံအစုံနှစ်ဆယ်ကစပြီးသကာလ လှူဖွယ် တန်းဖွယ် (၂၆)မျိုးတို့နဲ့လည်းပဲ သံဃာတော်အရှင်သူမြတ်တွေကို ဆက်ကပ် လှူဒါန်းပူဇော် နေကြခြင်းဖြင့်. . . မြတ်စွာဘုရားရဲ့ သာသနာ့လမ်းစဉ် မဂ္ဂင်ခရီးကြီးပေါ်မှာ ဒီနေ့ခရီးတော်တော်ကြီးတွင်အောင် လျှောက်တဲ့ နေ့. . . လို့ဟော-ဂဏ ကမောဂ္ဂလာနသုတ်တော်နဲ့ပြောရင် အလှူ့ဒကာကိုကျော် ဝင်းတို့ အလှူ့အမမဝင်းမြင့်တို့ဒီနေ့ ဘာလုပ်နေကြတာတုန်းလို့မေးရင် ဆွေသား မျိုးသားမိသားစုတွေနဲ့အတူ တပည့်တော်တို့ ဘုရားရှင်ရဲ့မဂ္ဂင်ခရီးကြီးပေါ်မှာ ခရီးတော်တော်ကြီးတွင်အောင် လျှောက်တဲ့နေ့ပါဘုရား. . လို့ အဖြေပေးနိုင်တယ်။

မြတ်စွာဘုရားရဲ့သာသနာ့လမ်းစဉ် မဂ္ဂင်ခရီးကြီးပေါ်မှာ အို,နာ,သေရေး ဒုက္ခဘေးကြီး ကင်းဝေးတဲ့နိဗ္ဗာန်ပန်းတိုင်နဲ့ နီးနိုင်သမျှနီးအောင် ရှေ့တိုးတဲ့နေ့ လို့ ဒီလိုပြောလို့ရတယ်။ အဲဒီလို ဂဏကမောဂ္ဂလာနသုတ်တော်နဲ့ မြတ်စွာဘုရား ကသူ့ရဲ့လမ်းစဉ် သာသနာ့မဂ္ဂင်ခရီးကြီးပေါ်မှာ လျှောက်ကြ. . . လျှောက်ကြလို့ တိုက်တွန်းတော်မူသွားခဲ့တယ် ဘုရားက။ ဒီတော့ သာသနာ့လမ်းစဉ် မဂ္ဂင်ခရီး ကြီးပေါ်မှာ လျှောက်တယ်လို့ဆိုတော့ လမ်းသွားနည်းကလည်း နှစ်နည်းရှိတယ် ပရိသတ်၊ ရုပ်သွားသွားခြင်းနဲ့ နာမ်သွားသွားခြင်းလို့ နှစ်သွားရှိပါတယ်။ ရုပ်သွား သွားခြင်းဆိုတာ ဒကာဒကာမတွေ အခုခရီးတစ်ခုသွားတော့မယ်ဆိုတော့ ညာခြေ ထောက် ဘယ်ခြေထောက်ကြီးတွေလှမ်းပြီးတော့ ခြေလျှင်သွားခြင်းဆိုတာ ရုပ်သွား သွားခြင်းလို့ခေါ်တယ်၊ သို့မဟုတ် စက်ဘီးကိုစီးပြီးတော့ မော်တော်ကားကိုစီး ပြီးတော့ ရထားကိုစီးပြီးတော့စသည်ဖြင့်သွားခြင်းက ရုပ်သွားသွားခြင်းလို့ခေါ် တယ်။

အခုလို ဒါနဆိုတဲ့ကုသိုလ်ကောင်းမှုတွေကိုပြု၊ သီလဆိုတဲ့ကုသိုလ်ကောင်း မှုတွေကိုထိန်း၊ သမထ ဝိပဿနာဘာဝနာတရားတွေပွားများအားထုတ်ပြီးတော့ နေတာကျတော့ နာမ်သွားသွားခြင်းလို့ခေါ်တယ်။ မိမိသန္တာန်ကုသိုလ်စိတ် ကုသိုလ် ဇောတွေဖြစ်နေအောင် လှူဒါန်းပေးကမ်း, သီလထိန်း, မေတ္တာပွား၊ ဗုဒ္ဓါနုဿတိ ဝိပဿနာရှုဆိုတာလုပ်နေတာ စိတ်အလုပ်လုပ်တာမို့လို့ နာမ်သွားသွားတယ်လို့ ခေါ်တယ်၊ ဒါဖြင့် ခရီးသွားနည်း ပရိသတ် နှစ်နည်းမရှိဘူးလား?၊(ရှိပါဘုရား) လိုက်ဆိုလိုက်စမ်းပါ-

❖ ရုပ်သွားနာမ်သွား, နှစ်သွားနှစ်တန်၊ ရုပ်သွားရုံမျှ မရနိဗ္ဗာန်။

http://www.dhammadownload.com



ရုပ်သွားသွားတတ်ရုံနဲ့တော့ နိဗ္ဗာန်မရဘူးတဲ့၊ ခြေလျှင်သွားတတ်ရုံနဲ့ ပရိသတ် နိဗ္ဗာန်ရရဲ့လား?၊(မရပါဘုရား)၊ ကောင်းပေ့ဆိုတဲ့ မော်တော်ကားစီးပြီး တော့သွားလို့ နိဗ္ဗာန်ရောက်တယ်လို့ရှိရဲ့လား?(မရှိပါဘုရား)၊ ဟာ အခုကာလ ဒုံးပျံကြီးတွေ ဂြိုလ်တုကြီးတွေနဲ့ နိဗ္ဗာန်သွားလိုက်ဦးမယ်ဆိုပြီးတော့ ဂြိုဟ်တုကြီး စီးပြီးတော့ နိဗ္ဗာန်သွားလို့ရရဲ့လား?(မရပါဘုရား)၊ ရုပ်သွားသွားနေတာမို့လို့ မရ ဘူးတဲ့၊ အဲဒါ-ဘယ်သူ့ ဘုရားရှင်ကပြောတုန်းဆိုတော့ ရောဟိတသဆိုတဲ့ ရသေ့ ကြီး ဘုရားကဟောတာ။

ဂမနေန နပတ္တဗ္ဗော လောကဿန္တော ကုဒါစနံ၊ တဲ့။

ဂမနေန-ခြေလျှင်သွားခြင်းဖြင့်၊ ဂမနေန-ရုပ်သွားသွားခြင်းဖြင့်၊ ဂမနေန-မော်တော်ကားစီးပြီးတော့, လှည်းစီးပြီးတော့, ယာဉ်စီးပြီးတော့, လေယာဉ်ပျံစီး ပြီးတော့, ဒုံးပျံစီးပြီးတော့စသည်ဖြင့်, ရုပ်သွားသွားခြင်းဖြင့်၊ ကုဒါစနံ-တစ်ရံတစ် ဆစ်မျှ၊ ဒုက္ခဿန္တော-ဒုက္ခရဲ့အဆုံးဖြစ်သောနိဗ္ဗာန်သို့၊ နပတ္တဗ္ဗော-ဘယ်တော့မှ မရောက်နိုင်. . .။ ရုပ်သွားသွားရုံနဲ့ဖြင့်နိဗ္ဗာန်ဘယ်တော့မှမရောက်ဘူး. . . တဲ့။ မရောက်ဘူး။ ဘာနဲ့သွားမှရောက်တုန်းဆိုတော့၊ နာမ်သွားသွားမှရောက်တယ်၊ ဘာသွားသွားမှရောက်တုန်း ပရိသတ်?၊(နာမ်သွားသွားမှရောက်ပါဘုရား)၊ နာမ် သွား,စိတ်သွားဆိုတာ အခုလိုဒါနကုသိုလ်ကောင်းမှုတွေ ပြုနေတော့ စိတ်ထဲမှာ ကုသိုလ်ဇောတွေစောပြီးတော့ မနေဘူးလား?(နေပါဘုရား)၊ အဲဒါရွေ့သွားနေတာ ခေါ်တယ်။

အလှူဒကာ ကိုကျော်ဝင်းတို့+ အလှူဒကာမ မဝင်းမြင့်တို့ အလှူမင်္ဂလာ ပွဲကြီးနေ့ကျတော့ သံဃာတော်တွေ ဆွမ်းကပ်ဟာ သင်္ကန်းတွေလှူဟာ၊ ထီးတွေ ကပ်ဟာနဲ့ဆိုတော့ လှူနေတဲ့ဒါနကုသိုလ်စေတနာဇောတွေတစ်ဖွားဖွားဖြစ်မနေဘူး လား?(ဖြစ်နေပါဘုရား)၊ ဒီရုပ်ခန္ဓာကိုယ်ကြီးကတော့ ဒီမဏ္ဍပ်ထဲကမရွေ့ပါဘူး၊ သူတို့နေတဲ့မန္တလေးကျောက်ဆစ်တန်းကအိမ်ကနေပြီးတော့ ဘယ်မှရွေ့မသွားပါ ဘူး၊ ဒီမဏ္ဍပ်ထဲကလည်း ရွေ့မသွားပါဘူး၊ သို့သော် စိတ်ခန္ဓာကိုယ်အားအနေနဲ့ က နိဗ္ဗာန်ဘက်ကို ပရိသတ်ကြီး ကပ်သွားသလား ဝေးသွားသလား?၊ (ကပ်သွား ပါဘုရား)၊ ဒါဖြင့် ရွေ့တိုးသွားလို့ကပ်တယ်ဆိုတာ မသေချာဘူးလား?၊ (သေချာပါ ဘုရား)၊ ဒီတော့-အဲဒီလိုသွားတဲ့အသွားဟာ ရုပ်ခန္ဓာကိုယ်ကြီးကတော့ ဒီမဏ္ဍပ်ထဲ ထိုင်ရက်ထိုင်ရက်ရှိသော်လည်းပဲ စိတ်ခန္ဓာကိုယ် ပါရမီအားကြီးနဲ့သွားတယ်. . .

http://www.dhammadownload.com



လို့ဆိုတော့ သူနာမ်သွားသွားတာမသေချာဘူးလား?၊(သေချာပါဘုရား)၊ ဒါဖြင့် ဆိုလိုက်စမ်းပါ-

❖ ရုပ်သွားနာမ်သွား, နှစ်သွားနှစ်တန်,
ရုပ်သွားရှုံမျှ, မရနိဗ္ဗာန်၊
နာမ်သွားသွားမှ, ရောက်ကြနိဗ္ဗာန်,
နာမ်အသွား, ကြိုးစားအဖန်ဖန်။

နိဗ္ဗာန်ရချင်ရင်(ဝါ) အို,နာ,သေရေး ဒုက္ခဘေးကြီးမြန်မြန်ကင်းဝေးလွတ်မြောက်ချင်ရင် နာမ်သွားသွားတဲ့အကျင့်ကို မြန်မြန်ကျင့်ပေး၊ များများကျင့်ပေး၊ ကြိုးစားပြီးတော့ အဖန်ဖန်ကျင့်ပေး. . . တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ ဒါဖြင့် ဒီနေ့ အလှူ့ဒကာ ဒကာမတို့က အလှူမင်္ဂလာပွဲကြီးဆင်နွှဲကျင်းပပြီးတော့ နေခြင်းသည် နိဗ္ဗာန်ဘက်ကို ရုပ်သွားသွားတာလား၊ နာမ်သွားသွားတာလား?၊ (နာမ်သွားသွားတာပါဘုရား)၊ ကုသိုလ်ကောင်းမှုတွေကို ခါတိုင်းထက်ပိုဖြစ်အောင် ပြုနေတာဖြစ်တော့ စိတ်သွား,နာမ်သွား သွားတယ်လို့မခေါ်ဘူးလား?(ခေါ်ပါဘုရား)။ အဲ-အဲဒီလိုသွားရတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဂဏကမောဂ္ဂလာန်သုတ်မှာ ဟောတော်မူခဲ့တယ်။

ဂဏကမောဂ္ဂလာန်သုတ်တော်ဆိုတော့ အတ္ထုပ္ပတ်ကလေးနဲ့ပြောရမယ်ဆိုရင် ဘုန်းကြီးတို့ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိမြို့ ဝိသာခါကျောင်းအမကြီးဆောက်လုပ်လှူဒါန်းတဲ့ ပုဗ္ဗာရုံခေါ်တဲ့ ကျောင်းတိုက်ကြီးသီတင်းသုံးပြီးတော့နေတဲ့အချိန်၊ သာဝတ္ထိမြို့ထဲက ဂဏကမောဂ္ဂလာန်လို့ခေါ်တဲ့ ပုဏ္ဏားဆရာကြီးတစ်ယောက် ကျောင်းရောက်လာတယ်၊ သူကဂဏန်းသင်္ချာအတတ်ပညာတွေကို ကျောင်းသားတွေကိုသင်ပေးနေရတဲ့ သင်္ချာပါမောက္ခဆရာကြီးတစ်ယောက်၊ အဲဒါ သူကကျောင်းရောက်လာပြီးတော့ ဘုရားရှင်ထံရောက်လာပြီးတော့ သူကဘုရားကိုလျှောက်တယ်၊ " အရှင်ဂေါတမ. . တဲ့၊ တပည့်တော်ပြဿနာလေးတစ်ခုမေးစမ်းပါရစေ" "ကဲ မေးပါ မေးပါ ဘာမေးချင်တုန်း၊

အမှာကံပိ ဟိ ဘောဂေါတမ ဂဏကာနံ ဂဏနာဇီဝါနံ ဒိဿတိ၊ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ။

http://www.dhammadownload.com



"အရှင်ဂေါတမ တဲ့. . ၊ တပည့်တော်တို့ပုဏ္ဏားတွေဟာ **ဂဏန်းသင်္ချာ** အတတ်ပညာနဲ့ တပည့်တော်ဟာ တက္ကသိုလ်ကျောင်းသားတွေကို ပညာ**သင်ပေး**နေတဲ့ဆရာကြီးတစ်ယောက်ဖြစ်ပါတယ်၊ ဒီတော့-တပည့်တော်သင်ပေး**နေတဲ့** သင်္ချာအတတ်မှာ ဘယ်ကစတယ် ဘယ်မှာဆုံးတယ်ဆိုတဲ့ အစနဲ့အဆုံး**ရှိရတယ်** ဘုရား. . တဲ့၊ ဂဏန်းသင်္ချာအတတ်သင်တော့မယ်ဆိုတော့ ဟော-အပေါ**င်းကစပြီး** တော့သင်ကွဲ၊ ဟော-ဘယ်အတတ်ဂဏန်းသင်္ချာရောက်ပြီဆိုတော့ဆုံးပြီ၊ **မင်းတို့** ဂဏန်းသင်္ချာတတ်ပြီ. . လို့၊ အစနဲ့ အဆုံးဆိုတာရှိရပါတယ်ဘုရား"။

**သေယျထာပိ ဘောဂေါတမ ဣမဿ မိဂါရမာတု ပါသာဒဿ၊**

ဘောဂေါတမ-အရှင်ဂေါတမ၊ သေယျထာပိ- အရှင်ဘုရားပိုပြီး**တော့** နားရှင်းအောင် တပည့်တော် ဥပမာဆောင်ပြီးတော့ လျှောက်ရမယ်ဆိုရင်၊ ဣမဿ မိဂါရမာတု ပါသာဒဿ-အရှင်ဘုရား အခုသီတင်းသုံးနေတဲ့ ဝိသာခါကျောင်းအမကြီးဆောက်လုပ်လှူဒါန်းတဲ့ ဤပုဗ္ဗာရုံကျောင်းတိုက်**ကြီး၏**ပင်၊ ဒိဿတိ **အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ**-အစဘယ်ကစတယ်၊ အဆုံးဘယ်မှာဆုံးတယ်ဆိုတာ ရှိရ**တယ်ဘုရား**. . . တဲ့၊ ရှိရတယ်။

အရှင်ဘုရား အခုသီတင်းသုံးနေတဲ့ ပုဗ္ဗာရုံကျောင်းတိုက်ကြီးဆောက်လုပ်တဲ့ကိစ္စမှာပဲ အစဆိုတာရှိရတယ်၊ အဆုံးလည်းရှိရပါတယ်၊ ဟော-အစက မြေတွေသန့်ရတယ်၊ ပန္နက်ရိုက်တယ် ဒါ-အစပေါ့ဘုရား၊ ဒီကျောင်းတိုက်ကြီးတည်ဖို့ရဲ့ **အစ**ပေါ့၊ အဲ-အဆုံးဆိုတာကျတော့၊ ကျောင်းတွေဆောက်လို့ပြီးတော့ ဆေးတွေသုတ်၊ အထွင့်တွေတင်၊ ပန်းချီပန်းပုတွေတပ်ဆင်၊ လိုက်ကာကန့်လန့်ကာခန်းဆီးတွေတပ်ဆင်၊ ဒါက-အဆုံးပေါ့ဘုရား။ အဲဒီလိုပဲ ပုဗ္ဗာရုံကျောင်းတိုက်ကြီးတည်ဆောက်မှုမှာ အစနဲ့အဆုံးဆိုတာ ရှိရသလိုပဲ၊ ဘယ်ကိစ္စမဆို အစနဲ့ အဆုံးရှိရတယ်ဘုရား. . . တဲ့၊ ရှိရတယ်။

**ဧဝမေဝ ခေါ ဘောဂေါတမ ဣမသ္မိံပိ ဓမ္မဝိနယေ သက္ကာနုခေါ အနုပုဗ္ဗသိက္ခာ အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ ပညပေတုံ။**

အဲဒီလိုပဲ. . . တဲ့၊ **အရှင်ဘုရား**ကလည်းပဲ ဘုရားတစ်ဆူလုပ်ပြီးတော့ လောကကြီးထဲမှာ သတ္တဝါတွေကိုချေချွတ်ကယ်တင်မယ်ဆိုပြီးတော့ သာသနာ

http://www.dhammadownload.com



တော်ကြီးတည်ထောင်ပြီးတော့ အရှင်ဘုရားက သတ္တဝါတွေ ကယ်တင်ချော်ချွတ် မယ်ဆိုပြီးတော့ အလုပ်လုပ်နေတယ်လို့ကြားရပါတယ်. . တဲ့၊ အဲဒီတော့-အရှင် ဘုရားရဲ့သာသနာမှာကော အစဆိုတာရှိပါရဲ့လား၊ အဆုံးဆိုတာကောရှိပါရဲ့လား၊ အစကဘာတုန်း၊ အဆုံးကဘာတုန်းကိုယ်တော်. . လို့ ပုဏ္ဏားကြီးက ဘုရားကို မေးတယ်၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

သက္ကာ ခေါ ဗြာဟ္မဏ ဣမသ္မိံ ဓမ္မဝိနယေ အနုပုဗ္ဗသိက္ခာ
အနုပုဗ္ဗကိရိယာ အနုပုဗ္ဗပဋိပဒါ ပညပေတုံ။

ပုဏ္ဏား. . . တဲ့၊ ငါထူထောင်ထားတဲ့ သာသနာတော်ကြီးမှာလည်းပဲ ငါ့ရဲ့ သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးမှာလည်းပဲ အစဆိုတာရှိပါတယ်၊ အဆုံးလည်းရှိပါ တယ် ပုဏ္ဏား. . တဲ့။ ဒီတော့-အစဆိုတာဘာတုန်းလို့ဆိုရင်ဖြင့်-

(အဟံ ခေါ) ဧဝမေဝ ခေါ ဗြာဟ္မဏ တထာဂတော
ပုရိသဒမ္မံ လဘိတွာ ပဌမံ ဝိနေတိ။

ပုဏ္ဏား. . . တဲ့၊ ငါကလေ ငါ့ရဲ့သာသနာ့လမ်းစဉ်ခရီးကြီးကိုလျှောက်ချင် တဲ့ အမျိုးကောင်းသားတစ်ယောက်၊ လျှောက်ချင်တဲ့ အမျိုးသမီးတစ်ယောက်တွေ ရင် ဟောဒီလို ငါကစပြီးတော့သူ့ကိုဆုံးမပါတယ်၊ ပြောပါတယ်။ ဘယ်လိုပြောတုန်း ဆိုတော့ သီလဝါ ဟောဟိ-သရဏဂုံသုံးပါးနဲ့ ငါးပါးသီလမြဲလိုက်ပါ. . ၊ အဲဒီလို ပြောခြင်းဖြင့် ငါဟာသူ့ကိုအစပေါ် ဆွဲတင်လိုက်တာပဲ. . တဲ့၊ ငါ့သာသနာရဲ့အစ သရဏဂုံကစပါတယ်။ အဆုံးဘယ်မှာဆုံးလဲဆိုတော့ အရဟတ္တဖိုလ်မှာဆုံး ပါတယ်။ မြတ်စွာဘုရားရဲ့သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးရဲ့အစက ဘာတုန်းဆိုရင် သရဏဂုံကစပါတယ်၊ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"လို့ နှုတ်ကလည်းဆို၊ ကိုယ်ကလည်းလုပ်ရတဲ့ သရဏဂုံကစပါတယ်။ အဆုံးဘာတုန်းဆိုတော့ အရဟတ္တဖိုလ်မှာဆုံးပါတယ်။ ဟော-မြတ်စွာဘုရားရဲ့ သာသနာ့လမ်းစဉ် မဂ္ဂင်ခရီးကြီးရဲ့အစကဘာတုန်းဆိုရင် သရဏဂုံ၊ ပရိသတ် ဘာကစတာတဲ့တုန်း၊(သရဏဂုံပါဘုရား)။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"လို့ ဆိုမှု ကို သရဏဂုံဆောက်တည်တယ်လို့မခေါ်ဘူးလား?(ခေါ်ပါဘုရား)၊ အဲဒီ သရဏ ဂုံကစပါတယ်၊ (ဝါ) သရဏဂုံတည်သောသူသည်၊ (ဝါ) သရဏဂုံကိုနှုတ်ကဆိုဖူး ပြီးတော့ ဆောက်တည်ဖူးသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ငါ့ရဲ့

http://www.dhammadownload.com



သာသနာ့လမ်းစဉ် မဂ္ဂင်ခရီးကြီးပေါ် အစနင်းမိတဲ့သူ. . တဲ့၊ အဲ-သူဘယ်ကျမှလမ်းဆုံးတုန်းဆိုတော့၊ အရဟတ္တဖိုလ်တည်ပြီးတော့ ရဟန္တာယောက်ျား၊ ရဟန္တာမ ဖြစ်ရင် လမ်းဆုံးပါတယ်။ ရဟန္တာဖြစ်ရင် လမ်းဆုံးပါတယ်၊ ရဟန္တာဖြစ်ရင် ပရိသတ်ဘာဖြစ်တာတုန်း?(လမ်းဆုံးတာပါဘုရား)၊ ဒါဖြင့် စတာက ဘယ်ကစတာတုန်းဆိုတော့ သရဏဂုံကစပါတယ်၊ ဆုံးတာက အရဟတ္တဖိုလ်မှာဆုံးပါတယ်၊ ဒါဖြင့် မြတ်စွာဘုရားရဲ့ သာသနာ့လမ်းစဉ်ကြီးမှာ ရဟန္တာဖြစ်တော့ လမ်းဆုံးသွားပါတယ်၊ အဲဒီ ရဟန္တာအရှင်မြတ်ကြီးတွေက သူတို့ရဟန္တာဖြစ်ပြီဆိုရင် ပြောသွားကြတယ်၊

**ကတံ ကရဏီယံ**-တဲ့။ ကတံ-ပြုသင့်သမျှ မှုကိစ္စကို၊ ကရဏီယံ-ပြုပြီးပြီ။ **နတ္ထိ ဒါနိ ပုနဗ္ဘဝေါ**-ဒီကနောက် ဒို့-ဘဝတွေမရှိတော့ဘူးဟေ့. . . လို့၊ ကြွေးကြော်မသွားကြဘူးလား?၊(ကြွေးကြော်သွားပါဘုရား)၊ ကဲ-ဒါဖြင့် ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ မြတ်စွာဘုရားရဲ့သာသနာ့လမ်းစဉ်အစနဲ့အဆုံးသိရအောင် လိုက်ဆိုစမ်းပါ-

❖ **သရဏဂုံအစ, အရဟတ္တဖိုလ်ကျ, ဗုဒ္ဓလမ်းစဉ်ဆုံး၊**
**ဗုဒ္ဓလမ်းစဉ်, လျှောက်နေလျှင်, လူတွင်အမြတ်ဆုံး။**

ဟော-သရဏဂုံကစတယ်၊ အရဟတ္တဖိုလ်မှာဆုံးတယ်၊ ဘုရားရဲ့လမ်းစဉ်ကြီးက၊ ဒါဖြင့် ယနေ့ဒကာ ဒကာမအပေါင်းသူတော်ကောင်းတွေက ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဆိုဖူးကြသလား, မဆိုဖူးကြဘူးလား?၊(ဆိုဖူးကြပါဘုရား)၊ ဓမ္မံသရဏံ ဂစ္ဆာမိ ဆိုဖူးသလား, မဆိုဖူးဘူးလား?(ဆိုဖူးပါဘုရား)၊ ဒါဖြင့် ယနေ့ဒကာ ဒကာမတွေက ဘုရားလမ်းစဉ်ကြီးပေါ်ကို ရောက်နေတာလား, မရောက်သေးတာလား? (ရောက်နေတာပါဘုရား)၊ ရောက်နေတာခေါ်တယ်။ သရဏဂုံတည်နေကြတာမဟုတ်လား?(မှန်ပါဘုရား)၊ အဲ-သရဏဂုံတည်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်သမျှ ဘုရားလမ်းစဉ်ကြီးပေါ်ရောက်နေကြသူတွေ. . တဲ့။

ဒီတော့-မရောက်တဲ့သူတွေ့ထက် ရောက်နေတဲ့သူက ကံကောင်းတယ်လို့ခေါ်တယ်၊ မရောက်တဲ့သူတွေကအများကြီးရှိသေးတယ်၊(မှန်ပါဘုရား)၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေ လောကမှာလူပေါင်း သန်းပေါင်းလေးထောင်ကျော်ရှိတယ်လို့ ဒီနေ့သိပ္ပံဆရာတွေကတွက်ပြနေတာဖြစ်တော့ မြန်မာပြည်မှာရှိတဲ့ လူဦးရေက

http://www.dhammadownload.com



သန်းပေါင်းသုံးဆယ်ကျော်ပဲရှိတယ်၊ ဟိုနား-ဗုဒ္ဓဘာသာနိုင်ငံလို့ခေါ်ရတဲ့ သီဟိုဠ်တို့ ယိုးဒယားတို့နဲ့ပေါင်းမှ သန်းပေါင်းတစ်ထောင်တောင်မပြည့်တတ်ဘူး၊ အခုကမ္ဘာကြီးမှာရှိနေတဲ့ လူဦးရေကပင်လျှင် သန်းပေါင်းလေးထောင်ကျော် ငါးထောင်ရှိနေတယ်လို့ဆိုတဲ့အထဲမှာ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"ကို ဆိုဖူးတဲ့သူ(ဝါ) သရဏဂုံတည်ပြီးတော့ ဘုရားလမ်းစဉ်ပေါ် ရောက်နေတဲ့သူနဲ့ မရောက်တဲ့သူ မရောက်တဲ့သူက မများဘူးလား?(များပါဘုရား)၊ ဒါဖြင့်-ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေက ဘုရားလမ်းစဉ်ပေါ်ကို ရောက်နေတာ ကံမကောင်းကြဘူးလား?(ကံကောင်းကြပါဘုရား)။

ဒါဖြင့်-ဘုရားလမ်းစဉ်ပေါ် ရောက်နေတာတော့ဟုတ်ပြီ. . . တဲ့၊ လမ်းဆုံးရောက်ပြီလားလို့ မေးရင်၊ ဘုန်းကြီးတို့ဒကာဒကာမတွေက ရဟန္တာယောက်ျား ရဟန္တာမများ မဖြစ်သေးသမျှ လမ်းဆုံးရောက်တယ်လို့မခေါ်ရသေးပါ။ ဘုန်းကြီးတို့ဒကာဒကာမတွေ ဘုရားလမ်းစဉ်ပေါ် ရောက်နေတာတော့မှန်ပြီ၊ လမ်းဆုံးတော့ ရောက်ပြီလား?(မရောက်သေးပါဘုရား)၊ ရဟန္တာဖြစ်မှ လမ်းဆုံးရောက်တယ်၊ ရဟန္တာမ,ဖြစ်တာလမ်းဆုံးရောက်တယ်ဆိုတော့ ကိုယ့်ကိုယ်ကိုမေးကြည့်လို့မှ ရဟန္တာမဖြစ်သေးဘူး၊ ရဟန္တာမ မဖြစ်သေးဘူးဆိုရင် လမ်းဆုံးရောက်တယ်ခေါ်ရဲ့လား?(မခေါ်ပါဘုရား)၊ ဒါဖြင့် လမ်းပေါ် ရောက်နေတာတော့ဟုတ်ပါပြီ၊ လမ်းဆုံးပန်းတိုင်ရောက်အောင်သွားဖို့မလိုဘူးလား?(လိုပါဘုရား)၊ ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပုဏ္ဏားကမေးတဲ့စကားဆက်ပြီးတော့ပြောရမှာပေ့ါ။ ပုဏ္ဏားကဆက်ပြီးတော့မေးတယ်၊ "အရှင်ဘုရားတဲ့ အရှင်ဘုရားပြောတာ တပည့်တော်သဘောကျလိုက်တာ၊ အစရှိတယ် အဆုံးရှိတယ်ဆိုတာ တပည့်တော်ကျေနပ်ပါပြီဘုရား၊ ကျေနပ်ပါပြီဘုရား၊ ဒီတော့-တပည့်တော်ဆက်ပြီးတော့မေးစမ်းပါရစေဦး. . . တဲ့။

> ကိံနုခေါ ဘောတော ဂေါတမဿ သာဝကော ဘောတာ
> ဂေါတမေန ဧဝံ ဩဝဒီယမာနော ဧဝံ အနုသာသနီယမာနော
> သဗ္ဗေ အစ္စန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ။

"အရှင်ဘုရားရဲ့သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးပေါ် ကိုရောက်နေတဲ့သူတိုင်း သူတိုင်း ရောက်လာတဲ့သူတွေမှန်သမျှ လမ်းဆုံးခရီးပေါက်ကြတာချည်းပဲလားဘုရား . . . တဲ့၊ ဟော-ပုဏ္ဏားကဆက်မေးတယ် ပရိသတ်ကြီး၊ အရှင်ဘုရားသာသနာ့လမ်းစဉ်ကြီးရှိတာလည်း တပည့်တော်သဘောကျပြီဘုရား. . . တဲ့၊ အခု

http://www.dhammadownload.com



အရှင်ဘုရားရဲ့တပည့်သာဝကတွေလည်း အရှင်ဘုရားလမ်းစဉ်ပေါ် ရောက်နေကြတယ်ဆိုတာလည်း သေချာကုန်ပြီတဲ့၊ ဒီတော့-အရှင်ဘုရားရဲ့သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးပေါ် ရောက်လာတဲ့သူတိုင်းသူတိုင်း လမ်းဆုံးပန်းတိုင်ဆိုတဲ့နိဗ္ဗာန်ကို ရောက်ကြတာချည်းပဲလားဘုရား. . လို့ သူက ဒီလိုဆက်မေးလိုက်တယ်။

ဆက်မေးလိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "အင်း-ဒီနေရာမှာတော့ သင့်ကို ငါပြန်ပြီးတော့ ဥပမာလေးနဲ့ပြန်ပြီးတော့မေးရဦးမယ်. . . တဲ့ပုဏ္ဏား၊ သင်ဟာလေ ဒီသာဝတ္ထိကနေပြီးတော့ ရာဇဂြိုဟ်သွားတဲ့လမ်းကို ကျွမ်းကျွမ်းကျင်ကျင်သင်သိတယ်မဟုတ်လား" တဲ့၊ ဒီလိုဆိုတော့ ပုဏ္ဏားကြီးက "သိပါတယ်ဘုရားတဲ့၊ သိပါတယ်၊ တပည့်တော်တို့ သာဝတ္ထိနဲ့ ရာဇဂြိုဟ် ကိစ္စကြီးငယ်အသွယ်သွယ်နဲ့ တပည့်တော်တို့သွားနေရတာဖြစ်တော့၊ တပည့်တော်တို့ ဟောဒီသာဝတ္ထိကနေပြီးတော့ အရှေ့တောင်စူးစူးအရပ်မှာရှိတဲ့ လေးဆယ့်ငါးယူဇနာကွာဝေးတဲ့ ရာဇဂြိုဟ်ကို တပည့်တော်ရောက်ဖူးပါတယ်၊ အခေါက်ခေါက်ရောက်ဖူးပါတယ်၊ ဒါ့ကြောင့် ရာဇဂြိုဟ်သွားတဲ့လမ်းကိုကျွမ်းကျွမ်းကျင်ကျင်တပည့်တော်နားလည်ပါတယ်ဘုရား"။

"ကောင်းပြီပုဏ္ဏား. . . သင်ကရာဇဂြိုဟ်သွားတဲ့လမ်းကျွမ်းကျွမ်းကျင်ကျင်နားလည်တာဖြစ်တော့ သင့်ရဲ့ထံမှောက်ကို အမျိုးသား အမျိုးသမီးတစ်သိုက်ဆိုက်ရောက်လာတယ်ဆိုကြပါစို့၊ အဲဒီအမျိုးသား အမျိုးသမီးတစ်သိုက်က သင့်ထံမှောက်ဆိုက်ရောက်လာပြီးတော့ သူတို့ကသင့်ကိုပြောကြတယ်၊ မေးကြတယ်၊ "အရှင်ပုဏ္ဏားကြီး၊ အရှင်ပုဏ္ဏားကြီးက ရာဇဂြိုဟ်သွားလမ်းကျွမ်းကျွမ်းကျင်ကျင်သိတယ်လို့ပြောပါတယ်၊ ကျွန်မတို့ကြားရပါတယ်၊ ကျွန်တော်တို့ကြားရပါတယ်၊ ကျွန်တော် ကျွန်မကတို့ကလည်း အဲဒီရာဇဂြိုဟ်ခေါ် မင်းနေပြည်တော်ကြီးကို သွားပြီးတော့ ချမ်းချမ်းသာသာနဲ့ အသက်မွေးမှုပြုပြီးတော့နေထိုင်ချင်ကြပါတယ်ပုဏ္ဏားကြီး၊ ဒါ့ကြောင့် ကျွန်တော်တို့ အဲဒီရာဇဂြိုဟ်သွားလမ်းကိုညွှန်ပြတော်မူပါ၊ ရာဇဂြိုဟ်ရောက်မယ့်လမ်းကိုပြတော်မူပါ၊ ရာဇဂြိုဟ်သွားပုံသွားနည်းကိုသင်တော်မူပါလို့" သင့်ကိုလာပြီးတော့တောင်းပန်ကြတယ်ဆိုကြပါစို့။

ဒီတော့-သင်ကပြောလိုက်တယ် "မောင်တို့-ရာဇဂြိုဟ်သွားချင်ကြရင်၊ ဟောဒီ ကျွန်ုပ်တို့သာဝတ္ထိနေပြည်တော်ကြီးကနေပြီးတော့ အရှေ့တောင်ထောင့်

http://www.dhammadownload.com



တံခါးကထွက်ပြီးတော့၊ အဲဒီအရှေ့တောင်ထောင့်ဆီကိုဦးတည်ပြီးတော့သွားတဲ့ လမ်းမကြီးအတိုင်းလိုက်သွားကြ"။ (တတ္ထ)ဒက္ခိဿသိ အမုကံနာမ ဂါမံ။ တတ္ထ-ထိုကဲ့သို့သွားရာ၌၊ အမုကံနာမ ဂါမံ-ဤမည်သောရွာကြီးကို၊ ဒက္ခိဿသိ-တွေ့လိမ့်မယ်။ တော်တော်လေးသွားပြီးတော့ မောင်တို့ ရွာကြီးတစ်ရွာတွေ့လိမ့်မယ်"၊ "တတော ပုရတော ဂစ္ဆ" အဲဒီရွာကြီးတွေ့တာကို ရွာကြီးရာဇဂြိုဟ် ထင်ပြီးတော့လည်း ရပ်မနေလိုက်နဲ့အုံး၊ အဲဒါ ရာဇဂြိုဟ်ရောက်တာမဟုတ်သေးဘူး၊ ရွာကြီးတစ်ရွာတွေ့လိမ့်မယ်၊ ရွာကြီးပဲဖြစ်သေးတယ်၊ အဲဒီရွာကြီးထဲကနေ ဖြတ်ပြီးတော့ အရှေ့တောင်ယွန်းယွန်းကိုပဲဆက်ပြီးတော့သွားကြလို့ရှိရင်တော့၊ (တတ္ထ) ဒက္ခိဿသိ နိဂမံ၊ အဲဒီလိုတော်တော်လေးသွားပြီးတော့ နိဂုံးကြီးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီနိဂုံးကြီးကိုလည်း ရာဇဂြိုဟ်မြို့ရောက်ပြီထင်ပြီးရပ်မနေလိုက်ကြနဲ့အုံး၊ "တတော ပုရတော ဂစ္ဆ၊" အဲ့ဒီကနေပြီးတော့ ဆက်ပြီးတော့သွားလိုက်ဦး၊ အဲဒီလိုတော်တော်သွားပြီးတော့. .၊

တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ၊
အာရာမရာမဏေယျကံ ဝနရာမဏေယျကံ
ဘူမိရာမဏေယျကံ ပေါက္ခရဏီရာမဏေယျကံ။

အဲဒီလိုတော်တော်သွားမိတော့ မောင်တို့ သာယာဘွယ်ကောင်းတဲ့ဥယျာဉ်ကြီးတွေ တွေ့လိမ့်မယ်၊ အင်မတန်သာယာဘွယ်ကောင်းတဲ့ ရေကန်ကြီးတွေတွေ့လိမ့်မယ်၊ အင်မတန်သာယာဘွယ်ကောင်းတဲ့ တောတန်းကြီးတွေတွေ့လိမ့်မယ်။ အဲဒီသာယာဘွယ်ကောင်းတဲ့ ရေကန်ကြီးတွေ၊ ဥယျာဉ်ကြီးတွေ၊ တောတန်းကြီးတွေရောက်တာနဲ့လည်း ရာဇဂြိုဟ်ရောက်ပြီထင်ပြီးတော့ ရပ်မနေနဲ့ဦး၊ တတော ပုရတော ဂစ္ဆ-ရှေ့ဆက်ပြီးတော့သွားရင်ဖြင့်၊ "သမ္ဗာပုဏ္ဏိဿသိ ရာဇဂဟံ"။ ရာဇဂဟံ-ရာဇဂြိုဟ်ခေါ် အင်မတန်စည်ကားတဲ့ မင်းနေပြည်တော်ကြီးသို့၊ သမ္ပာပုဏိဿသိ-ရောက်လိမ့်မယ်. . လို့သင်ပုဏ္ဏားကြီးက အဲဒီအမျိုးကောင်းသား အမျိုးကောင်းသမီးတွေ လမ်းညွှန်လိုက်တယ် ဆိုကြပါစို့ . . တဲ့၊ လမ်းညွှန်လိုက်တယ်ဆိုကြပါစို့"၊ ဘုရားရှင်ကပုဏ္ဏားကို ဥပမာနဲ့ပြန်ပြောနေတာနော်ပရိသတ်၊ (မှန်ပါဘုရား)။

အဲဒီလိုသင်ကလမ်းညွှန်လိုက်တော့ တတ္ထ ကေစ္စေ ယထာနုသိဋ္ဌံ ပဋိပဇ္ဇန္တိ။ တတ္ထ-ထိုကဲ့သို့သင်ညွှန်ပြလိုက်တဲ့ အမျိုးသားအမျိုးသမီး လူသိုက်

http://www.dhammadownload.com



ကြီးတွင်၊ **ကေစ္စေ**-အချို့သော အမျိုးသားအမျိုးသမီးတွေက၊ ယထာနုသိဋ္ဌပဋိပဇ္ဇန္တိ-သင်ညွှန်ပြလိုက်တဲ့အတိုင်း သွားကြကုန်၏၊ **ကေစ္စေ**-အချို့သော အမျိုးသားအမျိုးသမီးတွေကတော့၊ ပစ္ဆာ မုခံဥမ္မဂ္ဂံပဋိပဇ္ဇန္တိ-သင်ညွှန်ပြလိုက်တဲ့ လမ်းဘက်ကို ကျောပေးပြီးတော့၊ နောက်ပြန် ပြန်ပြီးတော့သွားကြကုန်၏၊ **တတ္ထ ကေ ပါပုဏန္တိ ကေ န ပါပုဏန္တိ**။ တတ္ထ-ထိုကဲ့သို့လူနှစ်မျိုး နှစ်အုပ်ကွဲသွားရာ၌၊ ကေ-အဘယ်သူတို့သည်၊ ပါပုဏန္တိ-ရာဇဂြိုလ်ခေါ်မင်း နေပြည်တော်သို့ ရောက်ကြပါကုန်သနည်း၊ ကေ နပါပုဏန္တိ-အဘယ်သူတွေကမ ရောက်ကြတာတုန်း. . . လို့ ဘုရားကပြန်ပြီးတော့ ပုဏ္ဏားကိုမေးလိုက်တယ်။

မေးလိုက်တော့ပုဏ္ဏားကြီးက"ဟာ-ဒါတော့အရှင်ဂေါတမအရှင်းကြီးပဲဘုရား. . . တပည့်တော်ကဒီအရှေ့တောင်အရပ်ကိုသွားပါ၊ ရွာကြီးတွေ့လည်းမရပ်နဲ့နိဂုံးကြီးတွေ့လည်းမရပ်နဲ့အုန်း ကျော်ဖြတ်သွားပြီးတော့မြို့ရဲ့အနီးကရေကန်ကြီးတွေ့ဥယျာဉ်ကြီးတွေ သာယာဖွယ်တွေတွေ့တာကိုလည်းပဲ ရာဇဂြိုလ်ထင်ပြီးတော့ ရပ်မနေနဲ့ဦး၊ အဲဒါတွေဖြတ်သန်းပြီးတော့ကျော်လွှားသွားလိုက်တော့မှ ရောက်လိမ့်မယ်လို့တပည့်တော်ညွှန်တဲ့အတိုင်း သွားတဲ့သူတွေရောက်ကြမှာပေါ့ဘုရား. . .၊ တပည့်တော်ပြောတဲ့အတိုင်း မသွားတဲ့သူတွေ ဘယ်ရောက်လိမ့်မတုန်း. . . ဘယ်ရောက်လိမ့်မတုန်းလို့ ပုဏ္ဏားကြီးပြန်ဖြေတယ်။ အဲဒီတော့မှဘုရားရှင်ကိုယ်တော်မြတ်ကြီးက "**ဧဝမေဝ ခေါ အဟမ္ပိ ဗြာဟ္မဏ မဂ္ဂက္ခာယီ မဂ္ဂဒေသကော**။ ဗြာဟ္မဏ-အိုပုဏ္ဏား၊ ဧဝမေဝ-အဲဒီသင့်အတူသာလျှင်၊ အဟမ္ပိ-ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်း၊ မဂ္ဂက္ခာယီ-သွားလမ်းကိုသာညွှန်ပြ ပြောဟောလေ့ရှိသော၊ မဂ္ဂဒေသကော-လမ်းညွှန်သမားကြီးသည်၊ ဟောမိ-မုချမသွေဖြစ်ရပါပေသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ပုဏ္ဏားတဲ့၊ ငါဘုရားဟာလည်းပဲ သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးချပြီးတော့ ငါကသတ္တဝါတွေကယ်တင်ချွတ်နေတယ်ဆိုပေမယ့်လို့၊ ငါလည်းပဲလမ်းညွှန်သမားတစ်ယောက်သာလျှင်ဖြစ်ပါတယ်. . တဲ့၊ ငါလမ်းညွှန်တဲ့အတိုင်းသွားတဲ့သူတွေရောက်ကြပေလိမ့်မယ်။ ငါလမ်းညွှန်တဲ့အတိုင်းမသွားကြပါဘဲနဲ့ နောက်ကြောင်းပြန်ပြီးတော့၊ နောက်ကျောပေးပြီးတော့သွားနေတဲ့သူတွေတော့ မရောက်တဲ့အပြင် ချောက်ထဲကျကြပေလိမ့်မယ်. . . တဲ့။ ဟော-ဘုရားက ပရိသတ်ပြော

http://www.dhammadownload.com



နေပြီ၊ သူ့သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးပေါက်ရောက်ရုံနဲ့ စခန်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်သွားတယ်လို့ ငါမပြောဘူးတဲ့၊ သွားတဲ့သူတွေရောက်ကြပေလိမ့်မယ်၊ ရှေ့တိုးတဲ့သူတွေရောက်ကြပေလိမ့်မယ်။ ရှေ့မတိုးဘဲနဲ့ နောက်ပြန်နေတဲ့သူတွေမရောက်ကြပေဘူး. . လို့ ဘုရားကအဖြေပေးတယ်။

ဒီတော့-ယနေ့ အလှူ့ဒကာ ကိုကျော်ဝင်းတို့၊ အလှူ့အမ မဝင်းမြင့်တို့က ရှေ့တိုးနေတာလား၊ နောက်ပြန်နေတာလား လို့မေးရင်၊ ကုသိုလ်ကောင်းမှုတစ်ခုခုကိုပြုနေတဲ့သူသည် ရှေ့တိုးနေတဲ့သူလို့ခေါ်ပါတယ်၊ ဒါနကုသိုလ်ကောင်းမှု၊ သီလကုသိုလ်ကောင်းမှု၊ ဘာဝနာကုသိုလ်ကောင်းမှုတစ်ခုခုကိုနည်းများမဟူကြိုးပမ်းအားထုတ် ပြုလုပ်နေတဲ့အချိန်သည် မြတ်စွာဘုရားရဲ့သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးပေါ်မှာ ရှေ့ကိုတိုးနေတဲ့သူ၊ လမ်းဆုံးပန်းတိုင်ဖြစ်တဲ့နိဗ္ဗာန်ဘက်ကို ရှေ့တိုးနေတဲ့သူ။ ဒီလိုမဟုတ်ပါဘဲနဲ့ အကုသိုလ်တရားတွေနဲ့နေ၊ သားရေး သမီးရေးတွေနဲ့အချိန်ကုန်သွား၊ စီးပွါးရေးတွေနဲ့အချိန်ကုန်သွား၊ အကုသိုလ်တွေနဲ့သာ အချိန်ကုန်သွားခဲ့လို့ရှိရင်ဖြင့် နောက်ပြန်နေတဲ့သူ. . တဲ့။

ဟော-လမ်းပေါ်မှာလူနှစ်မျိုးကွဲသွားပြီ ပရိသတ်၊ လူဘယ်နှစ်မျိုးကွဲသွားတုန်း?(နှစ်မျိုးပါဘုရား)၊ ရှေ့သွားတဲ့သူနဲ့ နောက်ပြန်တဲ့သူလို့လူနှစ်မျိုး ကွဲမသွားဘူးလား? (ကွဲသွားပါဘုရား)၊ ရှေ့သွားတဲ့သူကို ဆန်တဲ့သူ၊ အဆန်သမားလို့ခေါ်လို့ရတယ်၊(မှန်ပါဘုရား)၊ နောက်ဆုတ်လာတဲ့သူကျတော့ အပြန်သမားလို့ခေါ်လို့မရဘူးလား?(ရပါဘုရား)၊ ဒါဖြင့် အဆန်သမားနဲ့ အပြန်သမားနှစ်မျိုးမကွဲဘူးလား?(ကွဲပါဘုရား)၊ အဲဒီ အဆန်သမားနဲ့ အပြန်သမားနှစ်မျိုးထဲမှာ ငါဘယ်ထဲပါတုန်း. . လို့ ကိုယ့်ကိုယ်ကို မမေးရပေဘူးလား?(မေးရပါဘုရား)၊ ဒါဖြင့် ဆိုလိုက်စမ်းပါ-

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ,
ဆန်လားပြန်လား, ငါကားဘယ်ဟာ၊

အဲ-ကိုယ့်ကိုယ်ကိုတွေး၊ ကိုယ့်ကိုယ်ကိုမေးတဲ့၊ ညအိပ်ရာဝင်ပြီဆိုရင် နဖူးပေါ်လက်တင်ပြီးသကာလ၊ ငါဘုရားသာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးပေါ် ရောက်နေတာတော့ဟုတ်ပြီ၊ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ စသည်တွေဆိုဖူးတယ်၊ ငါးပါးသီလတွေထိန်းပြီးတော့နေတယ်၊ ဒါ့ကြောင့် သာသနာ့လမ်းစဉ်ကြီးပေါ်ရောက်နေတာတော့ဟုတ်ပြီ၊ ငါဒီနေ့ ရှေ့တိုးနေတာလား နောက်ပြန်နေတာလား. . . လို့ ကိုယ့်ကိုယ်ကို

http://www.dhammadownload.com



တွေး၊ ကိုယ့်ကိုယ်ကိုမေးလိုက်ရင် ပရိသတ်မပေါ်ဘူးလား?(ပေါ်ပါဘုရား)၊ ကိုယ့်ကိုယ်ကို ကိုယ့်အကြောင်းကိုယ်အသိဆုံး။

မနက်မိုးလင်းတဲ့အချိန်ကစပြီးတော့ သားကိစ္စ သမီးကိစ္စနဲ့ အချိန်ကုန်၊ စီးပွါးရေးကိစ္စနဲ့အချိန်ကုန်၊ ဟိုကိစ္စ ဒီကိစ္စနဲ့အချိန်ကုန်၊ နေ့လယ်လည်းပဲ ကုသိုလ်ကောင်းမှုရယ်လို့မရှိ ညအိပ်ရာဝင်လို့တောင် ဘုရားလေးရှိခိုးချိန်မရ၊ လောဘတွေ ဒေါသတွေ စီးပွါးရေးတွေနဲ့ အကုသိုလ်တွေနဲ့အချိန်ကုန်ပြီးတော့သွားတယ်ဆိုရင် အဲဒီအမျိုးသား အဲဒီအမျိုးသမီးသည် ရှေ့တိုးသည်မဟုတ် နောက်ပြန်တယ်လို့ခေါ်တယ်။ ဘယ်ပြန်တာတုန်း?(နောက်ပြန်တာပါဘုရား)။

ဟာ-ဒီလိုမဟုတ်ဘဲနဲ့ မနက်လင်းလာသည်နှင့်တစ်ပြိုင်နက် ဘုရားရှိခိုးလို့ ဘုရားပန်းတော် ဆွမ်းတော် ရေချမ်းတော်ကပ်လို့၊ မေတ္တာပို့လို့၊ ပုတီးစိပ်လို့၊ နေ့လယ်ကျတော့လည်း နေ့လယ်နဲ့အလျှောက် လှူလို့ တန်းလို့ပေးလိုက်ကမ်းလိုက်လို့၊ ညအိပ်ရာဝင်တော့လည်းပဲ မေတ္တာပို့လို့ ပုတီးစိပ်လို့၊ တရားနှစ်လုံးသွင်းလို့ ဘုရားရှိခိုးလို့ အိပ်ရာဝင်ခဲ့လို့ရှိရင်ဖြင့် ပရိသတ် တစ်နေ့လုံးကုသိုလ်နဲ့ အများစု နေတဲ့ အဲဒီ အမျိုးသား အမျိုးသမီးသည် ရှေ့တိုးနေတာလား နောက်ပြန်နေတာလား? (ရှေ့တိုးနေတာပါဘုရား)။

ဒီတော့-ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ စစ်ဆေးကြည့်လိုက်လို့ရှိရင်၊ "ဩ-ဒီနေ့ ငါကုသိုလ်ကောင်းမှုနဲ့ မနက်ကလည်းနေခဲ့ရတယ်၊ နေ့လယ်လည်းဆွမ်းလောင်းလို့၊ ပန်းလှူလို့၊ ဧည့်သည်တွေကျွေးလို့ မွေးလို့၊ ညနေကျတော့လည်း၊ တရားထိုင်ပြီးတော့အိပ်ခဲ့တယ်၊ ဒီနေ့ ငါရှေ့တိုးတဲ့နေ့ပဲ. . လို့ မသိရဘူးလား?၊ (သိရပါဘုရား)၊ အဲဒီကုသိုလ်ကောင်းမှုတွေ တစ်ခုမှမပါတော့ဘူးဆိုရင်ဖြင့် ပရိသတ်ကြီး ငါဒီနေ့ နောက်ပြန်ဆုတ်သွားပြီလို့ တွက်လို့မရဘူးလား? (ရပါဘုရား)၊ ကဲ-ဒါဖြင့် ဆိုလိုက်စမ်းပါအုန်း-

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုမေးလေပါ, ဆန်လားပြန်လား,
ငါကားဘယ်ဟာ၊ စွန့်ကြဲပေးကမ်း, လှူဒါန်း၍သာ,
မဂ်ခရီး, အပြီးချီတက်ပါ။

ရှေ့ကိုချီတက်တဲ့နည်းက သုံးမျိုးတည်းရှိတယ်၊ စွန့်ကြဲပေးကမ်းလှူဒါန်းနေ

http://www.dhammadownload.com



တဲ့ ဒါနနဲ့လည်းချီတက်လို့ရတယ်၊ ငါးပါးသီလထိန်း၊ ရှစ်ပါးသီလထိန်း၊ ကိုးပါးဆယ်ပါး ဥပုသ်တွေစောင့်ထိန်း၊ ဒီကနေတစ်ဆင့်တက်ပြီးတော့ သာမဏေတွေပြုပြီးတော့ တစ်ရာ့နှစ်ဆယ်ထိန်း၊ ဒီကတစ်ဆင့်တက်ပြီးတော့ ဒုလ္လဘရဟန်းတွေဝတ်ပြီးတော့ ကုဋေကိုးထောင်ကျော်သိက္ခာသီလတွေထိန်းနေတဲ့အချိန်ဟာ အဲဒါရှေ့တိုးနေတဲ့အချိန်ခေါ်တယ်၊(မှန်ပါဘုရား)၊ သီလအားတွေနဲ့ရှေ့သွားတာ၊ သီလခြေထောက်နဲ့ရှေ့သွားတာခေါ်တယ်။ ဟာ-ဒီကတစ်ဆင့်တက်ပြီးတော့ သမထ ဝိပဿနာဘာဝနာတစ်ခုခုပွါးနေပြီဆိုရင် ဘာဝနာခြေထောက်နဲ့ ရှေ့တိုးတယ်လို့ခေါ်တယ်၊ ဒါဖြင့် ရှေ့တိုးနည်းကတော့ သုံးနည်းပဲရှိတယ်၊ ဘယ်နှစ်နည်းရှိတုန်း? (သုံးနည်းရှိပါဘုရား)။

နောက်ပြန်ဆုတ်တဲ့နည်းတွေကတော့ မရေတွက်နိုင်ဘူး၊ ဒုစရိုက်ဆယ်ပါးနဲ့လည်း တစ်ခုခုကျူးလွန်နေရင် နောက်မဆုတ်ဘူးလား?(ဆုတ်ပါဘုရား)၊ အကုသိုလ်တရားတွေတစ်ခုခုပွါးများနေရင်လည်း နောက်မဆုတ်ဘူးလား? (ဆုတ်ပါဘုရား)၊ ကိလေသာတွေ တစ်ထောင့်ငါးရာတောင်ရှိတာဖြစ်တော့၊ အဲဒီ တစ်ထောင့်ငါးရာကိလေသာတွေဖြစ်နေတဲ့အချိန် နောက်ပြန်မဆုတ်ဘူးလား၊ (ဆုတ်ပါဘုရား)၊ အဲဒီလိုနည်းအားဖြင့် နောက်ဆုတ်နည်းတွေက သူ့အသက်သတ်ပြီး နောက်ဆုတ်၊ သူ့ဥစ္စာခိုး, သူ့ဥစ္စာစားပြတိုက်, လိမ်ညာ, သူ့သားမယားကျူးလွန်စသည်ဖြင့် အမျိုးမျိုးသောနည်းတွေနဲ့ နောက်ဆုတ်စရာတွေကများတယ်။ ရှေ့တိုးနည်းကတော့ သုံးမျိုးသာရှိတာ။

ဟော-စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့် ရှေ့တိုး. . တဲ့၊ ရှေ့တိုးတဲ့။ ဒါဖြင့် ဒီနေ့အလှူ့ဒကာ ကိုကျော်ဝင်းတို့ အလှူ့အမ မဝင်းမြင့်တို့က သားလေးတွေ၊ တူလေးတွေကိုရှင်ပြုမင်္ဂလာကျင်းပ၊ သမီးလေးတွေ တူမလေးတွေကို နားသမင်္ဂလာဆင်ယင်ကျင်းပပြီးတော့ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တွေကို မွန်မြတ်သော ဆွမ်းဘောဇဉ်တွေဆက်ကပ်လှူဒါန်းပူဇော်နေတဲ့အချိန်သည် ရှေ့တိုးနေတဲ့အချိန်လား နောက်ပြန်နေတဲ့အချိန်လား?(ရှေ့တိုးနေတဲ့အချိန်ပါဘုရား) ဟာ-သင်္ကန်းအစုံနှစ်ဆယ်၊ ထီးအလက်နှစ်ဆယ်၊ သပိတ်အလုံးနှစ်ဆယ်၊ ဘိနပ်အရံ နှစ်ဆယ်ကစပြီးတော့(၂၆)မျိုးသော ပစ္စည်းတွေနဲ့တကွ တစ်ပါးတစ်ပါးလျှင် ငွေကျပ်ငါးရာကျပ်စီ လှူဒါန်းပူဇော်ပြီးတော့ လှူဖွယ်တန်းဖွယ်တွေ အကြီးအကျယ် အသွယ်သွယ်လှူဒါန်းပေးကမ်းနေတဲ့အချိန်သည်. . . ရှေ့တိုးနေတာလား နောက်ပြန်နေတာလား?(ရှေ့တိုးနေတာပါဘုရား)။

http://www.dhammadownload.com



ရှေ့တိုးနေတာမှ အကြီးအကျယ်ရှေ့တိုးရာမရောက်ဘူးလား? (ရောက်ပါဘုရား)၊ ခြေလှမ်းတွေအများဆုံးလှမ်းပြီးတော့ ရှေ့အရှိန်ကောင်းကောင်းနဲ့သွားနေတယ်လို့ မပြောနိုင်ဘူးလား?(ပြောနိုင်ပါဘုရား)၊ ဒီအလှူထုပ်ကြီးကို မလှူခင်က အလှူ့ဒကာကိုကျော်ဝင်းရဲ့ခန္ဓာကိုယ်၊ အလှူ့အမ မဝင်းမြင့်ရဲ့ခန္ဓာကိုယ်နဲ့ အလှူ ပြီးသွားတဲ့အချိန် အလှူ့ဒကာ အလှူ့အမတို့ရဲ့ခန္ဓာကိုယ်ဟာ နိဗ္ဗာန်ဘက်နဲ့ ပိုပြီးတော့နီးလာမှာလား ဝေးသွားမှာလား? (နီးလာမှာပါဘုရား)၊ နီးလာတယ်ဆိုကတည်းကိုက ကိုယ်ကိုယ်တိုင် ရှေ့တိုးလို့နီးတယ်ဆိုတာမသေချာဘူးလား? (သေချာပါဘုရား)၊ အဲဒီလို နီးအောင်သွားနေတာက ရုပ်နဲ့သွားတာလား နာမ်နဲ့သွားတာလား၊ (နာမ်နဲ့သွားတာပါဘုရား)၊ ဆိုစမ်းပါအုန်း-

❖ ရုပ်သွားနာမ်သွား, နှစ်သွားနှစ်တန်၊ရုပ်သွားရုံမျှ, မရနိဗ္ဗာန်။

ရုပ်သွားသွား၊ခန္ဓာကိုယ်နဲ့ခြေထောက်ကလေးနဲ့သွားတဲ့ရုံနဲ့နိဗ္ဗာန်ရရဲ့လား?(မရပါဘုရား)

❖နာမ်သွားသွားမှ, ရောက်ကြနိဗ္ဗာန်, နာမ်အသွား,ကြိုးစားအဖန်ဖန်။

ကုသိုလ်ဇောတွေ ကုသိုလ်စိတ်တွေဖြစ်ပွားပြီးတော့ နာမ်သွားသွားမှုကိုကြိုးစားပေး. . . တဲ့၊ မြန်မြန်သွားပေး၊ နေ့စဉ်မှန်မှန်သွားပေး၊ တစ်ခါတစ်ခါသွားရင်လည်း အခုလိုအကြီးအကျယ်လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းဖြင့်လည်း အကြီးကျယ် သွားပေးဆိုတော့ ဒီနေ့အလှူ့ဒကာကိုကျော်ဝင်းတို့ အလှူ့အမမဝင်းမြင့်တို့က အကြီးအကျယ်သွားရာမရောက်ဘူးလား?(ရောက်ပါဘုရား) ကဲ-စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းနဲ့သွားရုံတင်မကဘူး သူတို့ရဲ့အသွားက သီလသွားနဲ့သွားတာလေးပါ ဟာကိုလည်းသိရအောင် ဆိုလိုက်စမ်းပါ-

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ, ဆန်လားပြန်လား,
ငါကားဘယ်ဟာ၊ ကိုယ်ကျင့်သီလ, ထိန်းကြ၍သာ,
မဂ်ခရီး, အပြီးချီတက်ပါ။

ဟော-ကိုယ်ကျင့်သီလ,သီလထိန်းပြီးတော့နေတာလည်း ရှေ့တိုးတာပဲလို့ မပြောဘူးလား?(ပြောပါဘုရား)၊ ဒါဖြင့် သားလေးတွေကိုရှင်ပြု တူလေးတွေကိုရှင်ပြုပေးလိုက်တာ ရှေ့တိုးပေးတာလား နောက်ဆွဲဆုတ်တာလား?(ရှေ့တိုးပေးတာပါဘုရား)၊ အစတုန်းက ဒီကလေးလေးတွေ ငါးပါးသီလလောက်ရှိတာမဟုတ်

http://www.dhammadownload.com



လား?(မှန်ပါဘုရား)၊ ကိုရင်ဝတ်ပေးလိုက်တော့ သီလသိက္ခာပုဒ်တွေ တစ်ရာ့နှစ်ဆယ်လောက်ရှိလာတယ်၊ အဲဒီသီလသိက္ခာတွေ သူတို့ကမထိန်းဘူးလား?(ထိန်းပါဘုရား)၊ နေ့ ကိုယ်တော်. . သူတို့သိလို့လားလို့ မေးစရာရှိတယ်၊ မသိချင်နေ သူတို့စိတ်ထဲမှာ ဒီသီလသိက္ခာပုဒ်တွေအကုန်လုံး သေခိယခုနှစ်ဆယ့်ငါးပုဒ် မသိသေးပေမဲ့လို့ လိင်ဆယ်ပါး, ဒဏ်ဆယ်ပါးတွေမသိသေးပေမဲ့လို့ သူတို့စိတ်ထဲမှာ သမာဒါနစိတ်နဲ့ သံဝရ စိတ်ဆိုတဲ့စိတ်ကလေးနှစ်စိတ် ကိန်းနေတယ် ဒီကလေးတွေ ကိုရင်ဝတ်လိုက်တော့၊

ဘယ်လိုကိန်းတုန်းလို့ဆိုတော့ ငါတို့တော့ ကိုရင်တော့ဖြစ်ပြီ၊ ကိုရင်ဖြစ်ရင် ကိုရင်တွေမလုပ်ကောင်းတာတော့ ငါတို့ရှောင်ရတော့မှာပဲဆိုတဲ့စိတ်ကလေး ဟော ဒီကလေးတွေရဲ့ဝမ်းထဲမှာ မကိန်းဘူးလား?(ကိန်းပါဘုရား)၊ ကိုရင်ဖြစ်ရင် ဒို့ ကိုရင်တွေမဲ့လုပ်ကောင်းတာရှောင်ရတော့မှာပဲဆိုတဲ့စိတ်ကလေး သူတို့ကိန်းနေတော့ ကိုရင်ဆိုတာ ညနေစာမစားရဘူးတဲ့လို့ကြားဖူးတော့ မစားတော့ဘူး၊ မစားဘဲမနေဘူးလား?(နေပါဘုရား)၊ ဒီလိုမဟုတ်လို့ရှိရင် သူ့တို့ကလေးဘာဝ ထုံးစံအတိုင်း ညနေစာစားချင်တယ်ဆိုပြီးတော့၊ ငိုလားယိုလားလုပ်ချင်လုပ်မယ်၊ အခု ကိုရင်လေး ဝတ်ပေးလိုက်သည်နဲ့တစ်ပြိုင်နက် “ဟော- ကိုရင်ဝတ်ရင် ညနေထမင်းမစားကောင်းဘူး၊ မုန့်မစားကောင်းဘူးကိုရင်” လို့ဆိုတော့ သူတို့မစားဘဲမနေဘူးလား? (နေပါဘုရား)၊ ထိန်းသိမ်းမှု သံဝရစိတ်ပေါ်ပြီးတော့လာတယ်၊ ဒီတော့-အဲဒီထိန်းသိမ်းမှုရှိနေရင်ပဲ ခုနကသီလတွေလည်း လုံမသွားဘူးလား?(လုံသွားပါဘုရား)၊ မကောင်းတာတွေမလုပ်တော့ဘူး၊ ကိုရင်တွေမလုပ်ကောင်းဘူးဆိုတာ ငါရှောင်တော့မယ်လို့ ထိန်းလိုက်သည်နှင့်တစ်ပြိုင်နက်။

ပြီးတော့-ကိုရင်တွေလုပ်ရမယ့်အလုပ်ကို ဒို့လုပ်ရတော့မှာပဲဆိုတဲ့စိတ်ကလေးလည်း သူတို့ဝမ်းထဲကိန်းလာတယ်၊ ဒို့ ကိုရင်ဖြစ်ပြီ ကိုရင်ဖြစ်ရင်တော့ ကျောင်းသွားနေရတော့မှာ၊ ဟောဒီစိတ်ကလေး မလာဘူးလား?(လာပါဘုရား)၊ ဒီတော့-ကျောင်းသွားပြီးတော့နေကတည်းကိုက အိမ်နေတာထက်မသာဘူးလား? (သာပါဘုရား)၊ အိမ်နေတယ်ဆိုရင် မျက်စိပေါက်က လောဘဖြစ်စရာတွေမြင်၊ နားပေါက်ကသီချင်းသံတွေကြား၊ တီးသံမှုတ်သံတွေကြား၊ လောဘသံ ဒေါသသံကြား၊ မောဟသံကြား၊ ကျောင်းနေတော့ ဘုရားမြင်မယ်,တရားမြင်မယ်, သံဃာတော်တွေ မြင်မယ်,ကုသိုလ်ကောင်းမှုတွေမြင်မယ်, ဘုရားပစ္စည်းတွေမြင်မယ်၊ကြား

http://www.dhammadownload.com



တာကလည်း စာအံသံတွေကြားမယ်,ဘုရားဝတ်တက်သံတွေကြားမယ်, ကြေးစည် ကြေးမောင်းခေါင်းလောင်းထိုးသံတွေကြားမယ်ဆိုတော့ နားပေါက်ကလည်း ကုသိုလ်တွေ အဖြစ်မများဘူးလား?(များပါဘုရား)။

ဒီလိုအားဖြင့် ကိုယ်ကျင့်သီလတွေကို ထိန်းသိမ်းစောင့်ရှောက်လို့ သိက္ခာသီလတွေဘယ်လောက်ပဲများတာတွေကိုမသိသော်လည်းပဲ၊ သူတို့ထိန်းသိမ်းမယ်. . . ကိုရင်တွေမလုပ်ကောင်းတာကိုရှောင်မယ်၊ ကိုရင်တွေလုပ်ရမယ့်အလုပ်တွေလုပ်မယ်၊ ကိုရင်တွေနေကောင်းတဲ့ကျောင်းသွားပြီးတော့နေမယ်၊ ကိုရင်တွေလုပ်ရမယ်ဆိုတဲ့ ဘုရားဝတ်တက်တာတို့ ဘုရားရှိခိုးတာတို့ ပုတီးစိပ်တာတို့ လုပ်ရမှာပဲ. . . ဆိုတဲ့ အဲဒီစိတ်ကလေးနှစ်စိတ်ကိန်းရင်၊ သီလသိက္ခာတွေ သူ့ဘာသာသူလုံသွားတယ်ပရိသတ်၊ ဒါဖြင့် ကိုယ်ကျင့်သီလထိန်းရာရောက်မသွားဘူးလား? (ရောက်သွားပါဘုရား)၊

ဒါဖြင့် ဒီကလေးလေးတွေ ကိုရင့်ဘဝနဲ့ ခုနှစ်ရက်နေတယ်ထား၊ အဲဒီခုနှစ်ရက်မှာ တစ်ရက်တစ်ရက် သိက္ခာသီလတစ်ရာ့နှစ်ဆယ်ကို ကျိုးတဲ့သီလ ဆယ်ပါး, ဆယ့်ငါးပါးကျိုးလိုက်ဦး၊ ကျန်တဲ့သီလလုံနေတယ်ဆိုရင် သူတို့ရှေ့တိုးတာလား နောက်ပြန်တာလား? (ရှေ့တိုးတာပါဘုရား)၊ တစ်ရက်တစ်ရက်ကို ရှေ့တိုးတိုးပြီး နေတယ်ဆိုရင် ခုနှစ်ရက်ကြာလို့ရှိရင် ရှေ့တိုးမှုကြီးများလာမှာလား ဆုတ်သွားမှာလား?(များလာမှာပါဘုရား)၊ အဲဒီလိုအားဖြင့် ရှင်သာမဏေပြုပေးလိုက်ခြင်းဖြင့် ဒီကလေးတွေကို မဂ်ဖိုလ်နိဗ္ဗာန်နဲ့ နီးသွားအောင်ပြုပေးလိုက်ရာရောက်လို့မြတ်တယ်. . တဲ့၊ မြတ်တယ် ရှင်ပြုတာ။ အဲဒီလို ရှင်သာမဏေလေးတွေကို ရှေ့တိုးရာရောက်တဲ့အပြင် မိမိတို့ကိုယ်တိုင်ကလည်းပဲ ဒီအလှူပွဲကြီးနဲ့ ပတ်သက်ပြီးတော့ သီလကုသိုလ်တွေဖြစ်ကြမယ်။

သီလကုသိုလ်တွေဆိုတာ ရှောင်ရတဲ့သီလ ဆောင်ရတဲ့သီလလို့ သီလနှစ်မျိုးရှိတယ်၊ ရှောင်ရတဲ့သီလဆိုတာ ငါးပါးသီလပြောတာ၊ သူ့အသက်သတ်တာရှောင်ရတယ်၊ သူ့ဥစ္စာခိုးတာရှောင်ရတယ်၊ ဒါကရှောင်သီလ၊ ဟော-သံဃာတော်တွေ့ ဆွမ်းပွဲတွေနဲ့ဆွမ်းတွေကပ်တော့ ဆွမ်းတွေကပ်နိုင်အောင်ဆိုပြီးတော့ ဆွမ်းတွေပြင်ကြ,ဟင်းတွေပြင်ကြ,စားပွဲတွေချကြဆိုတဲ့ဝေယျာဝစ္စတွေမလုပ်ဘူးလား?(လုပ်ပါဘုရား) အဲဒါသီလကုသိုလ်ခေါ်တယ်၊ ဝေယျာဝစ္စသီလကုသိုလ်လို့

http://www.dhammadownload.com



ခေါ်တယ်၊ သံဃာတော်တွေဆွမ်းကပ်တော့ ရိုရိုသေသေကပ်ကြမယ်၊ လက်က လေးနှစ်ဘက်နဲ့မပြီးတော့ ခြေစုံကလေးဟပ်ပြီးတော့ ကိုယ်ကလေးကိုကိုင်းကိုင်း ညွတ်ညွတ်နဲ့ ရိုရိုသေသေကပ်ကြတယ်၊ အဲဒီအရိုအသေပေးနေတာ သီလ။

ဒါဖြင့် အလှူဒကာ အလှူ့အမတွေနဲ့တကွ မိဘဆွေသား မျိုးသားတွေရဲ့ သန္တာန်မှာ ဒီအလှူပွဲနဲ့ပတ်သက်ပြီးသကာလ သံဃာတော်တွေကပ်ဖို့ ချက်ကြပြုတ်ကြလုပ်ကြကိုင်ကြတဲ့ အမှုတွေ၊ သင်္ကန်းစတဲ့ပရိက္ခရာတွေလှူဖို့ဝယ်ကြခြမ်းကြ သယ်ကြ ပိုးကြတဲ့အမှုတွေ ပရိသတ်အပေါင်းသူတော်ကောင်းတွေ တစ်ထောင်ကျော်ကို ကျွေးမွေးဧည့်ခံဖို့ရာအတွက် စီမံခန့်ခွဲလုပ်ကိုင်ကြတဲ့အမှုတွေ. . . လို့ဆိုတော့၊ အဲဒီ အမှုတွေဟာ သီလကုသိုလ်တွေခေါ်တယ်၊ (မှန်ပါဘုရား)၊ ဒါဖြင့် ဒီအလှူပွဲကြီးနဲ့ပတ်သက်ပြီးတော့၊ ခါတိုင်းဖြစ်နေကျထက် သီလကုသိုလ်တွေတိုးပြီးတော့ မဖြစ်ဘူးလား?(ဖြစ်ပါဘုရား)၊ ဒါကြောင့် ဆိုလိုက်စမ်းပါ-

❖ **ကိုယ်ကျင့်သီလ,ကျင့်ကြ၍သာ,မင်္ဂခရီး,အပြီးချီတက်ပါ။**
**ဘာဝနာမှု,အားပြု၍သာ,မဂ်ခရီး,အပြီးချီတက်ပါ။**

ဘာဝနာမှုကြီးလည်းပါပြီးတော့သွားတယ်၊ ဘာဝနာက သမထဘာဝနာ, ဝိပဿနာဘာဝနာလို့နှစ်မျိုးရှိတယ်၊ ဒီတော့သမထဘာဝနာဆိုတာဘာတုန်းဆိုတော့ သမထဘာဝနာက လေးဆယ်တောင်ရှိတယ်၊ အဲဒီလေးဆယ်ထဲက ဒီနေ့ အလှူပွဲကြီး ဆင်နွှဲကျင်းပနေတဲ့အချိန်ဖြစ်နေတဲ့ဘာဝနာက ဗုဒ္ဓါနုဿတိ ဘာဝနာရယ်၊ မေတ္တာဘာဝနာရယ်အထူးတလည်ဖြစ်ပြီးတော့နေတယ်၊ ဗုဒ္ဓါနုဿတိဆိုတာ ဘုရားနဲ့ဘုရားဂုဏ်တွေအာရုံပြု ဘုရားသတိရပြီးတော့နေတာ။ ဒီတော့-သားလေးတွေရှင်ပြုတယ်ဆိုကတည်းကိုယ်က သားလေးတွေ ဘုရားရဲ့သင်္ကန်းကိုဝတ်ပေးမယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်တွင်း ဒို့သားလေးတွေသွင်းမယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့သာသနာတော်ဝန်ထမ်းဖြစ်အောင်ပြုမယ်. . . လို့ဆိုတော့ ဘုရားဦးတည်ပြီးတော့မပါရဘူးလား?(ပါပါဘုရား)၊ အဲဒီဘုရားသတိရနေတာ၊ ဘုရားကိုအာရုံပြုနေတာခေါ်တယ် ဒါ-ဗုဒ္ဓါနုဿတိ။

သံဃာတော်အရှင်မြတ်တွေဆွမ်းဘောဇဉ်တွေကပ်တော့ ဘုရားသားတော် သံဃာတော်အရှင်မြတ်တွေမို့လို့ကပ်ပါတယ်၊ ဘုရားသားတော် သံဃာတော် အရှင်မြတ်တွေမို့လို့လှူပါတယ်၊ ဘုရားသားတွေမဟုတ်ဘဲနဲ့ ဘုန်းကြီးတို့တစ်တွေက လူဝတ်ကြောင်တွေ၊ (သို့မဟုတ်) သာမာန် လူတစ်စုလို့ဆိုရင်အလှူ့ဒကာအလှူ့

http://www.dhammadownload.com



ဒကာမတွေက သူတို့အလှူမှာ ဘုန်းကြီးတို့သံဃာတော်တွေအဖြစ်နဲ့ ပင့်ပါ့မလား? (မပင့်ပါဘုရား) ဒါဖြင့် ဘုရားသားတော်တွေဖြစ်လို့ပင့်တာမသေချာဘူးလား? (သေချာပါဘုရား) ဒီတော့-ဘုရားဦးတည်မှုကြီးမပါဘူးလား?(ပါပါဘုရား) အဲဒါဗုဒ္ဓါနုဿတိလို့ခေါ်တယ်။

ဒါတင်မကသေးဘူးသံဃာတော်တွေကိုဆွမ်းကပ်တော့၊ ပရိသတ်တွေ ညှော်ခံကျွေးမွေးတော့ အလှူ့ဒကာအလှူ့ဒကာမတွေရဲ့ဝမ်းထဲမှာ စားသွားရစေချင်တယ်၊ ရသွားစေချင်တယ်၊ မိမိတို့လှူလိုက်တန်းလိုက်တဲ့ပစ္စည်းဝတ္ထုတွေ ရပြီးတော့ သံဃာတော်အရှင်မြတ်တွေ ပရိယတ္တိ,ပဋိပတ္တိအလုပ်တွေကိုချမ်းချမ်းသာသာ လုပ်ရစေချင်တယ် . . . ဆိုတဲ့ချမ်းသာစေချင်တဲ့စိတ်မပါဘူးလား?(ပါပါဘုရား) အဲဒါမေတ္တာတရားခေါ်တယ်။ ပရိသတ်တွေကျွေးတော့မွေးတော့လည်းပဲ သူတို့စားသွားရစေချင်တယ်၊ ဝသွားစေချင်တယ်၊ သူတို့အလှူလာတဲ့သူမှန်သမျှ မစားရဘူးဆိုတာ သူတို့မကြားချင်ဘူး၊ မဝဘူးဆိုတာမကြားချင်ဘူး၊ စားသွားရမှ ဝသွားရမှကျေနပ်တယ်၊ နောက်ဆုံးလေ. . . ကုန်ကုန်ပြောလိုက်ရရင် ပရိသတ်တွေစားသွားရလို့ကုန်သွားလို့ သူတို့မစားရဘူး ဆိုသည့်တိုင်အောင် သူတို့ပြုံးမနေဘူးလား?(ပြုံးနေပါဘုရား) အဲဒါမေတ္တာခေါ်တယ်။

ဒီတော့-သူတို့သန္တာန်မှာမေတ္တာဆိုတဲ့ဘာဝနာ၊ ဗုဒ္ဓါနုဿတိဆိုတဲ့ဘာဝနာတွေမဖြစ်ဘူးလား?(ဖြစ်ပါဘုရား) ဝိပဿနာဘာဝနာဖြစ်ဖို့ကောမလိုဘူးလား? (လိုပါဘုရား) ဝိပဿနာဘာဝနာဖြစ်ဖို့အရေးအတွက် ဝိပဿနာရှုနည်းတွေကို ဘုရားရှင်ကိုယ်တော်မြတ်က သတိပဋ္ဌာန်သုတ်တော်ကြီးနဲ့ အမျိုးမျိုးဟောထားခဲ့သော်လည်း၊ ဒီနေ့အလှူ့ဒကာအလှူ့ဒကာမတွေလှူဖွယ်တန်းဖွယ်တွေလှူဒါန်းရင်းနဲ့ ဝိပဿနာပါသွားတဲ့နည်းဖြစ်ရအောင် အားလုံးပရိသတ်ကြီးလိုက်ဆိုလိုက်စမ်းပါ-

❖ လက်ဖဝါးနဲ့, ပျဉ်သားကပ်သော်,
ထိသိနှစ်ခင်း, ဉာဏ်သွင်းရှုနော်။

အလှူ့ဒကာအလှူ့ဒကာမတွေ အလှူပွဲကြီးနေ့ကျတော့ သံဃာတော်တွေကိုပရိသတ် ဆွမ်းမကပ်ပေဘူးလား?(ကပ်ပါဘုရား) ဆွမ်းကပ်တဲ့အခါကျတော့ ဆွမ်းပွဲကြီးတွေမ, မပြီးတော့မကပ်ဘူးလား?(ကပ်ပါဘုရား) ဆွမ်းပွဲကြီးမ,မကပ်တော့ဆွမ်းပွဲလို့ခေါ်တဲ့ စားပွဲဝိုင်းပျဉ်သားကြီးတွေနဲ့လက်နဲ့မထိဘူးလား?(ထိပါ

http://www.dhammadownload.com



ဘုရား) ဒါဖြင့်လက်ဖဝါးနဲ့ပျဉ်ပြားသားနဲ့ကပ်တယ် ထိတယ်ဆိုတဲ့ အမှုကြီးမလာဘူးလား?(လာပါဘုရား) အဲဒီထိမှုကပ်မှုကြီးကို ဖောဋ္ဌဗ္ဗာရုံရုပ်လို့ခေါ်တယ်၊ ဒကာဒကာမတွေမျက်စိပေါက်က မြင်စရာလေးတွေကျတော့ ရူပါရုံလို့မခေါ်ကြဘူးလား?(ခေါ်ပါဘုရား) နားကကြားစရာကျတော့ သဒ္ဒါရုံရုပ်လို့မပြောဘူးလား?(ပြောပါဘုရား) အဲဒီလိုပဲနှာခေါင်းပေါက်ကနံစရာဂန္ဓာရုံရုပ်, လျှာပေါက်ပေါ်အရသာခံရတာကျတော့ ရသာရုံရုပ်, ခန္ဓာကိုယ်နဲ့ ထိရတွေ့ရတာမှန်သမျှကျတော့ ဖောဋ္ဌဗ္ဗာရုံရုပ်။

ဒီတော့-စားပွဲခုံကိုမ,ပြီးတော့ ကပ်တဲ့အချိန်မှာ စားပွဲနဲ့လက်ဖဝါးနဲ့ထိမှုဆိုတဲ့ ထိဖောဋ္ဌာရုံရုပ်ကလေးပေါ်လာတယ်၊ အဲဒီဖောဋ္ဌာဗ္ဗာရုံရုပ်ရဲ့နောက်ကနေပြီးတော့ ထိနေတယ်လို့ဆိုတဲ့ သိနေတဲ့စိတ်ကလေးကလည်း မလာဘူးလား?၊(လာပါဘုရား)၊ စားပွဲခုံကိုကိုင်လိုက်ရင် ကိုင်မှန်းမသိဘူးလား?၊(သိပါဘုရား)၊ ဟာ-စားပွဲကိုင်လိုက်တော့ စားပွဲကပူနေရင် ပူမှန်းသိတယ်၊ အေးနေရင် အေးမှန်းသိတယ်၊ စားပွဲကသံချောင်းလေးတွေစူးလေးတွေ သစ်သားစူးလေးတွေက လက်စူးရင် စူးမှန်းသိတယ်၊ စားပွဲခင်းနဲ့ထိရင် ထိမှန်းသိတယ်ဆိုတဲ့ သိတဲ့စိတ်ကလေးလည်း မလာဘူးလား?(လာပါဘုရား)၊ အဲဒါကနာမ်တရားခေါ်တယ်၊ ဒါဖြင့် ဆွမ်းဝိုင်းမ,ကပ်တဲ့အချိန်မှာ အဟုတ်ရှိနေတာက ထိမှုဖောဋ္ဌာဗ္ဗရုံရုပ်နဲ့ သိမှုနာမ်တရားဒီနှစ်ပါးပဲရှိတယ်၊ ပစ္စုပ္ပန်ကျကြည့်လိုက်လို့ရှိရင် ဒီအချိန်ဖြစ်နေတာ ဒီရုပ်နဲ့နာမ်နှစ်ပါးပဲ ထင်ရှားရှိတယ်၊ စားပွဲဝိုင်းကြီးမှာရှိနေတဲ့ပျဉ်ပြားနဲ့ လက်ဖဝါးနဲ့ကပ်လိုက်တဲ့အချိန်ကိုပြောတာနော် ပရိသတ်။ (မှန်ပါဘုရား)၊

အဲဒီလိုကပ်လိုက်တဲ့အချိန်မှာ ထိတဲ့ရုပ်, သိတဲ့နာမ်ဆိုတဲ့ ဒီထိသိနှစ်ခုကို ရုပ်နာမ်လို့ ရှုလိုက် . . . တဲ့၊ ရှုလိုက်၊ အဲဒီလို မရှုတော့ဘာဖြစ်တုန်းဘုရားလို့ဆိုတော့၊ ဟော-ငါကပ်တယ်တဲ့၊ ဟောဒီလိုမထင်ဘူးလား?(ထင်ပါဘုရား)၊ ကပ်နေတာငါ . . . လို့လည်းမထင်ဘူးလား?(ထင်ပါဘုရား) ဒီတော့ ကပ်ဆိုတာ-ခုနကပြောတဲ့ စားပွဲပျဉ်ပြားကြီးကိုလက်နဲ့မ,ပြီးတော့ထိနေတဲ့ ဖောဋ္ဌာဗ္ဗာရုံရုပ်နဲ့ အဲဒီထိတာကို သိတဲ့နာမ်တရားပေါ်နေတာကိုပဲ ကပ်တယ်၊ လျှုတယ်ဆိုတဲ့အမူအရာပြောထားရတာ။

ကပ်တယ် လျှုတယ်ဆိုတဲ့ ရုပ်နာမ်၊ ရုပ်နာမ်နှစ်ပါးပေါ်နေတာကိုပဲ ငါကပ်

http://www.dhammadownload.com



တယ်. . ဆိုတဲ့ ဘာမှမရှိတဲ့ ငါကြီးလာပြီးမစွဲဘူးလား?(စွဲပါဘုရား)၊ ရှိတာက ထိရုပ်နဲ့ သိနာမ် ဒီနှစ်ခုရှိတာ၊ ထိမှုဆိုတဲ့ရုပ်ရယ်, သိမှုဆိုတဲ့နာမ်ရယ် ဒီနှစ်ခုထင်ရှားရှိနေတဲ့အခိုက်ကို ငါကပ်တယ်ဆိုပြီးတော့ ကပ်တာကိုငါဝင်ပြီးတော့မစွဲဘူးလား?၊ (စွဲပါဘုရား)၊ ဒီတော့ အဲဒီငါဆိုတာ သက္ကာယဒိဋ္ဌိခေါ်တယ်၊(မှန်ပါဘုရား)၊ တစ်သံသရာလုံးကစွဲလာတဲ့အစွဲကနာလာတာဖြစ်တော့ သူကဝင်နေကျဖြစ်နေတော့၊ ရုပ်နာမ်ကိုဖယ်ပစ်ပြီးတော့ သူက ငါဝင်ပြီးတော့ထင်အောင်လုပ်တယ်၊ အဲဒီတင်ကိုယ်ကငါထင်ပါရော၊ ဟော-ကပ်တာငါတဲ့ ငါကပ်တာတဲ့၊ ဟိုဘက်ကကပ်နေတဲ့ အလျှံ့အမကျတော့ ကိုကျော်ဝင်းက ဟိုဘက်ကသူကပ်တယ်တဲ့၊ ကပ်တာ သူလို့မထင်ပြန်ဘူးလား?(ထင်ပါဘုရား)။

ဒီတော့-မြတ်စွာဘုရားက ရုပ်နာမ်ကို ငါထင်တယ်၊ ရုပ်နာမ်ကို သူထင်ရင် သက္ကာယဒိဋ္ဌိလို့မဟောဘူးလား?၊(ဟောပါဘုရား)၊ အဲ-သက္ကာယဒိဋ္ဌိအစွဲကြီးပါနေတော့ ငါစွဲပါနေတယ်၊ ဆွမ်းကပ်တဲ့အလှူပွဲကြီး ဒါနတော့ ဖြစ်နေပါ့ရဲ့သားနဲ့ ငါစွဲကပြုတ်ရဲ့လား?(မပြုတ်ပါဘုရား)၊ အဲဒီငါစွဲမပြုတ်ရင် နိဗ္ဗာန်ဘက်သွားတဲ့နေရာမှာ နှေးနေတတ်တယ်၊ သွားတော့သွားတယ် ငါစွဲမပြုတ်ဘဲနဲ့ကပ်နေတော့ ကျွဲလှည်းကြီးနဲ့မောင်းရသလို နှေးနေတတ်တယ်၊ မရောက်ဘူးတော့ မဟုတ်ဘူး၊ ရောက်တော့ရောက်လိမ့်မယ်၊ နှေးတယ် ကြာတယ်၊ သွားတော့သွားတယ်၊ ငါစွဲပြုတ်ပြီးတော့ ဝိပဿနာပါလာမှ ဝိပဿနာနခမ်းကွပ်မှ၊ ဝိပဿနာအထွဋ်တင်လိုက်မှ အဟုန်ကောင်းကောင်းနဲ့ နိဗ္ဗာန်ဘက်ကိုရောက်တယ်. . . တဲ့မြန်မြန်ရောက်တယ်လို့ဆိုလိုတယ်။

ဒါနနဲ့ချည်းသက်သက်သွားနေလို့ရှိရင်တော့ ဘုန်းကြီးတို့ ပရိသတ်ကြီး ရေစည်လှည်း, ကျွဲလှည်းကြီးမောင်းသွားနေတာနဲ့တူလိမ့်မယ်၊ မန္တလေးနဲ့ အမရပူရကို ရေစည်လှည်း၊ ကျွဲလှည်းကြီးနဲ့ဆိုတော့ တစ်နာရီ နှစ်နာရီမောင်းမှ မရောက်ဘူးလာ?(ရောက်ပါဘုရား)၊ တစ်နာရီ နှစ်နာရီကြာမနေဘူးလား?(ကြာပါဘုရား)၊ အခုဘုန်းကြီးတို့ကိုပို့လိုက်တဲ့ ခုနကကားလေးနဲ့ကျတော့ နာရီဝက်အတွင်း, ဆယ့်ငါးမိနစ်အတွင်းရောက်မလာဘူးလား?၊(ရောက်လာပါဘုရား)၊ ဒီ-ဘီးနဲ့ ဒီယာဉ်ဖြစ်လျှက်သားနဲ့ အရှိန်ကောင်းတော့ မြန်မြန်မရောက်ဘူးလား?၊(ရောက်ပါဘုရား)၊ အဲဒါလိုပဲ လှူဒါန်းပေးကမ်းစွန့်ကြဲမှုဆိုတဲ့ဒါနကုသိုလ်ကောင်းမှုထဲမှာ ငါဆိုတဲ့ အစွဲလေးဝင်နေလို့ရှိရင် အရှိန်ညံ့နေတတ်တယ်၊ အဟုန်ညံ့နေတတ်တယ်။

http://www.dhammadownload.com



အဲဒီ အရှိန်အဟုန်ညံ့နေတဲ့ ငါလေးကို၊ ငါမဟုတ်တာ ငါမဟုတ်မှန်းသိအောင်၊ ငါမဟုတ်တဲ့ ရုပ်နာမ်ကို ရုပ်နာမ်မှန်းသိအောင်၊ လက်ဖဝါးနဲ့ ပျဉ်ပြားကပ်လိုက်တဲ့အချိန်မှာ ထိသိဖြစ်ပျက်လို့ရင်လည်း ရှုလိုက်၊ (သို့မဟုတ်) ထိတယ်, သိတယ်, ထိတယ် သိတယ်ရင်လည်းရှုလိုက်၊(သို့မဟုတ်) ရုပ်နာမ်,ရုပ်နာမ်လို့ ဖော်ပြီးတော့ရှုလိုက်၊ ထိတာကရုပ်၊ သိတာကနာမ် ရှိမနေဘူးလား?(ရှိနေပါဘုရား)၊ အဲဒါကို ရုပ်နာမ်လို့ရှုလိုက်တော့တည့်မသွားဘူးလား?(တည့်သွားပါဘုရား)၊ ရှိတာကလည်းရုပ်နာမ်၊ သိတာကလည်းရုပ်နာမ်ဆိုတော့ မမှန်ဘူးလား?(မှန်ပါဘုရား)၊ ကဲ-မှန်တာကို မှန်တာမှန်းသိတဲ့အချိန် သမ္မာဒိဋ္ဌိဖြစ်တယ်။

မဂ္ဂင်တရားကိုယ်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိဆိုတာမပါဘူးလား?(ပါပါဘုရား)၊ သမ္မာက မှန်တဲ့အတိုင်း ရှိတာရှိတဲ့အတိုင်း၊ ဒိဋ္ဌိက သိတာ၊ ဒါကို သမ္မာဒိဋ္ဌိလို့ခေါ်တာ၊ ဒီတော့-ကပ်တဲ့အချိန်မှာ ထိတဲ့ရုပ်နဲ့ သိတဲ့ နာမ် ဒီနှစ်ခုရှိနေတာ၊ အဲဒါရှိတာရှိတဲ့အတိုင်းရုပ်နာမ်လို့ရှုလိုက်တော့ ရှိတာ ရှိတဲ့အတိုင်း သိမသွားဘူးလား?(သိသွားပါဘုရား)၊ အဲဒီလို မရှုလိုက်လို့ရှိရင် ငါကပ်တယ်ဆိုတဲ့ တစ်သံသရာလုံးကစွဲလာတဲ့ အစွဲကမလာဘူးလား?(လာပါဘုရား)၊ ကပ်တာငါလို့လည်းမထင်ဘူးလား?(ထင်ပါဘုရား)၊ ဟော-အဲဒီမယ် ရုပ်ခဲကိုငါထင်၊ နာမ်ခဲကိုငါထင်တယ်။ ဒကာဒကာမတွေသန္တာန် သက္ကာယဒိဋ္ဌိ ဘယ်အချိန် ဘယ်အချိန်ဝင်တာတုန်းဆိုရင်တဲ့၊ အလှူ့ဒကာကိုကျော်ဝင်းတို့ အလှူ့အမမဝင်းမြင့်တို့က စားပွဲကြီးကို မ,ပြီးတော့ကပ်နေတဲ့အချိန်မှာ ထိတဲ့ရုပ်ကို ငါလို့သွားပြီးတော့ စွဲလိုက်တယ်။ ကဲ-ဆိုလိုက်စမ်းပါ-

❖ ထိသည့်ရုပ်ခဲ, ငါဟုစွဲ, ဝင်မြဲသက္ကာယ၊

ထိဆိုတဲ့ရုပ်ခဲကို သူကငါလို့စွဲမသွားဘူးလား?(စွဲသွားပါဘုရား)၊ ငါကပ်တာဆိုတော့ ရုပ်ကိုငါစွဲမနေဘူးလား?(စွဲနေပါဘုရား)၊ တစ်ခါ-သိတဲ့နာမ်ခဲလေးလည်း သူကစွဲပြန်လို့မို့ ဆိုလိုက်စမ်းပါ-

❖ သိသည့်နာမ်ခဲ, ငါဟုစွဲ, ဝင်မြဲသက္ကာယ၊

လယ်တီဆရာတော်ဘုရားကြီးက သက္ကာယဒိဋ္ဌိဝင်ပုံလေးတွေဒကာဒကာမတွေ သိလွယ်အောင်ဆုံးမထားခဲ့တဲ့ လင်္ကာလေးတွေ၊ ဘယ်နေရာမဆိုပဲ ဒါရတယ်လေ မြင်တော့လဲ "မြင်သည့်ရုပ်ခဲ, မြင်သည့်နာမ်ခဲ, ငါမစွဲဘူးလား?(စွဲပါဘုရား)၊ သွားပြန်တော့လည်း "သွားသည့်ရုပ်ခဲ, သွားသည့်နာမ်ခဲ၊ ငါမစွဲဘူးလား?(စွဲပါဘုရား)၊ အဲဒီစွဲသမျှ သက္ကာယဒိဋ္ဌိခေါ်တယ်၊ ဘာခေါ် ပါလိမ့်?၊(သက္ကာယဒိဋ္ဌိ

http://www.dhammadownload.com



ပါဘုရား)၊ အဲဒီ သက္ကာယဒိဋ္ဌိတရားက ဒကာဒကာမတွေရဲ့ ရန်သူကြီး၊ ဒကာဒကာမတွေကို သောတာပန်မတည်အောင်လုပ်နေတာ-သူ၊ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်လေး ဒကာဒကာမတွေသန္တာန်မပေါ်လာအောင် တားနေတာ-သူ၊ မဂ်တား ဖိုလ်တားတရားကြီးဆိုတာ-သူ။

မဂ်တား ဖိုလ်တားတရားတင်မက ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ်မကူးရအောင်တားနေတာ-သူ၊ ဘုရားသာသနာတော်ကြီးနဲ့ကြုံပါလျှက်သားနဲ့ သာသနာတော်တွင်းမှာအရိယာအဖြစ်ရောက်မသွားအောင်တားနေတာ-သူ၊ ကန့်လန့်ခံနေတာ-သူ၊ ဒါတင်မကသေးဘူး၊ အပါယ်လေးပါးနဲ့ အိုးစားမကွဲစေဘဲနဲ့ အပါယ်လေးပါးတံခါးကြီးကို ဒကာ ဒကာတွေအတွက် ကြိုကြိုပြီးတော့ဖွင့်ပေးနေတာ-သူ၊ ဒါဖြင့် ဒကာဒကာမတွေရဲ့ အပါယ်လေးပါးရောက်အောင် ပို့ပို့ပေးနေတာ သူဖြစ်တော့ သက္ကာယဒိဋ္ဌိက ရန်သူကြီးလား မိတ်ဆွေကြီးလား?(ရန်သူကြီးပါဘုရား)၊ ဒီတော့-ဒီအလှူပေးပွဲကြီးထဲမှာ ရန်သူကြီး ဝင်လာတာခံလို့တော်ပါ့မလား?(မတော်ပါဘုရား)။

ဒါဖြင့်-သူ့ကိုထုတ်ပစ်နိုင်အောင် ဘယ့်နှယ့်လုပ်ရမတုန်းလို့ဆိုတော့ ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်ရှုပေးဟဲ့၊(သို့မဟုတ်)စားပွဲကိုမရင်,မတယ်,မတယ်ဟူ၍လည်းကောင်း,ထိတာကိုသိရင်,ထိသိဖြစ်ပျက်ဟူ၍လည်းကောင်း,ထိတယ်,ထိတယ်ဟူ၍လည်းကောင်း၊ မ,တယ် မ,တယ်ဟူ၍လည်းကောင်း၊ ကိုင်တယ်,ကိုင်တယ်ဟူ၍လည်းကောင်းရှု၊ ကိုင်တယ်ဆိုတာပဲဖြစ်ဖြစ်၊ ထိတယ်ဆိုတာပဲဖြစ်ဖြစ်၊ ရုပ်အမူအရာ နာမ်အမူအရာကိုခေါ်ထားတာ။

ဒီတော့-ကိုင်တယ်လို့ရှုလိုက်တော့ ကိုင်-ဆိုတာခုနကလက်နဲ့စားပွဲနဲ့ထိမှုကြီးကို ကိုင်လို့သုံးထားတာ၊ ထိလို့သုံးထားတာ။ ဒီတော့ ပါဠိလို့ဆိုရင်တော့ ဖုသတီတိ ဖုသနံ၊ ဖုသနံ-ထိခြင်း၊ ဖုသတိ-ထိ၏၊ ဒီတော့-အဲဒီထိခြင်းဆိုတာ ရုပ်အမူအရာပဲ, နာမ်အမူအရာပဲ၊ ရုပ်နာမ်တရားတွေဆိုတာ ရုပ်အမူအရာပဲ၊ နာမ်အမူအရာပဲ၊ ရုပ်တရားနာမ်တရားတွေဆိုတာ အကောင်အထည်ရှိတာမဟုတ်ဘူး၊ အမူအရာသဘော မြည့်မြည့်လေးပဲရှိတယ်၊ ပြီးတော့ ပျောက်ပျောက်သွားတာ၊ အဲဒီပျောက်ပျောက်သွားတာကို ဒကာဒကာမတွေက ပျောက်သွားတယ်မထင်ဘဲနဲ့ အစိုင်အခဲအတွဲကြီးနဲ့ရှိတယ်၊ အကောင်အထည်ကြီးရှိတယ်လို့ထင်ပြီးတော့နေကြတော့ သက္ကာယဒိဋ္ဌိစွဲကဝင်ပြီးတော့လာတယ်၊ ဒါ့ကြောင့် အဲဒါလေးကိုရှုဖြစ်အောင်လို့ တောင်ပုလုဆရာတော်ကြီးရဲ့နည်းနဲ့ ဆိုလိုက်စမ်းပါ-

http://www.dhammadownload.com



❖ **လက်ဖဝါးနဲ့, ပျဉ်သားကပ်သော်, ထိသိနှစ်ခင်း,**
**ဉာဏ်သွင်းရှုနော်၊ ရှုမှတ်ရကျိုး, တန်ဖိုးဖြတ်သော်,**
**တစ်ကိုင်မှန်း, တစ်သန်းတန်ဘိသော်။**
**တစ်လှူမှန်း, တစ်သန်းတန်ဘိသော်။**

ဆွမ်းဝိုင်းကြီးကိုမ,ပြီးတော့ သံဃာတော်တွေကပ်လှူတဲ့တစ်လှူအတွင်းမှာ အဲဒီဝိပဿနာပါသွားရင်. . တဲ့၊ ဒီဒါနကုသိုလ်ကောင်းမှုကြီးက မဂ်ဖိုလ်နိဗ္ဗာန်မြန်မြန်ရောက်စေတတ်တာမို့လို့ ရွှေပိဿာတစ်သန်းမကတန်တယ်. . . တဲ့၊ ဒီရှုကွက်ကလေးဟာ ဒီအလှူကွက်ကလေးဟာ။ အဲဒီလိုမဟုတ်ခဲ့ရင်ဖြင့် ငါစွဲကြီးတန်းလန်းနဲ့လှူတာမို့လို့ ခုနကပြောခဲ့သလို ကျွဲလှည်းကြီးနဲ့ ရေစည်လှည်းကြီးနဲ့ မော်းနေတာလို မရောက်ဘူးတော့မဆိုလိုပါဘူး၊ ရောက်တော့ရောက်တယ် ကြာလိမ့်မယ်. . တဲ့၊ ကြာလိမ့်မယ်။ ကြာတော့ဘာဖြစ်တုန်းဘုရားလို့ဆိုတော့ အိုတာ, နာတာ, သေတာတွေ မရေမတွက်နိုင်အောင်လာလိမ့်မယ်။

ဘုန်းကြီးတို့ဒကာဒကာမတွေ ရဟန္တာယောက်ျား၊ ရဟန္တာမမှ မဖြစ်ဘူး၊ (ဝါ) သောတာပန်မှအနည်းဆုံးမဖြစ်ဘူးဆိုလို့ရှိရင်၊ အိုမယ့်အကြိမ်,နာမယ့်အကြိမ်၊ သေမယ့်အကြိမ်ရေတွက်လို့ရရဲ့လား?(မရပါဘုရား)။ သောတာပန်ဖြစ်သွားပြီဆိုတော့ ခုနှစ်ဘဝပဲဖြစ်တော့မယ်ဆိုတော့ ခုနှစ်ဘဝပဲအိုတော့မယ်,ခုနှစ်ဘဝပဲနာတော့မယ်,ခုနှစ်ဘဝပဲသေတော့မယ်ဆိုတာနဲ့စကားမတူဘူးလား?(တူပါဘုရား) ဒါဖြင့်ဘုန်းကြီးတို့တစ်တွေက မရေမတွက်နိုင်အောင်အိုရ နာရသေရဦးမှာဆိုခဲ့ရင် သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်က ခုနှစ်ဘဝပဲအို,ခုနှစ်ဘဝပဲနာ,ခုနှစ်ဘဝပဲသေတော့မယ်ဆိုတော့ ဘုန်းကြီးတို့တစ်တွေမရေမတွက်နိုင်အောင်အိုရ,နာရ,သေရမယ့်လူတွေနဲ့စာရင် သူကမသက်သာဘူးလား?(သက်သာပါဘုရား) အဲဒီသက်သာရာကိုရသွားချင်ရင် သက္ကာယဒိဋ္ဌိခေါ်တဲ့ တရားဆိုးတရားညစ်ကြီးဝိပဿနာနဲ့ပယ်. . . တဲ့၊

ဝိပဿနာနဲ့ပယ်တော့ ဘယ့်နှယ့်လုပ်ပယ်ရမှာတုန်းဆိုတော့ ခုနကဆွမ်းဝိုင်းကြီးကပ်ဖို့ရာမ,ရင်းနဲ့ ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်အပျက်,ရုပ်နာမ်ဖြစ်ပျက် ဒီလိုရှုပြီးကပ်ရတယ်၊ စားပွဲကြီးလက်ထဲကကျသွားလိမ့်မယ်များမစိုးရိမ်နဲ့၊အဲဒီကာမာဝစရဝိပဿနာဉာဏ်ဇောကက္ကရိယာပုထ်ကိုလည်းထမ်းထားနိုင်တယ်၊ ဝိညတ်ကိုလည်းဖြစ်စေနိုင်တယ်၊ ဒကာဒကာမတွေလုပ်ချင်တဲ့ အလုပ်တွေကိုပြီး

http://www.dhammadownload.com



မြောက်အောင် သူကဆောင်တယ်၊ ရှုကွက်လည်းမပျက်စေရဘူး၊ စားပွဲကြီးမ,ထားတာလည်းမပျက်စေရဘူး၊ ကပ်မှုကြီးကိုလည်းအထမြောက်အောင် သူကဆောင်ကြဉ်းပေးနိုင်တယ်၊ ဒါကသဂြိုဟ်လေ့လာတဲ့ပုဂ္ဂိုလ်တွေတော့ သိလိမ့်မယ်၊ ဒါက စာစကားဖြစ်သွားပြီ၊

အဲဒီလိုလက်ဖဝါးနဲ့ပျဉ်ပြားနဲ့ကပ်တာဖြစ်ဖြစ်၊ လက်ဖဝါးနဲ့သက်န်းကို မ,ပြီး ကပ်တော့လည်း သက်န်းသားနဲ့လက်ဖဝါးနဲ့ထိမှုမရှိဘူးလား?(ရှိပါဘုရား)သက်န်းဆိုတဲ့ဝတ်ထည်ဖျင်စင်းရုပ်သားနဲ့ လက်ဖဝါးနဲ့ကပ်မှုကြီးမရှိဘူးလား?(ရှိပါဘုရား) အဲဒီသက်န်းကို တစ်ကိုင်မ,ပြီးတော့ကပ်တဲ့အချိန်မှာ သက္ကာယဒိဋ္ဌိဆိုတဲ့တရားဆိုးတရားညစ်ကိုဖြုတ်ပယ်ပြီးတော့ကပ်ခဲ့ရင်. . . တဲ့ မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်စွာရစေတတ်တာမို့လို့ ရွှေပိဿာ တစ်သန်းမကတန်တဲ့အခိုက်ကလေး အတန့်ကလေးဖြစ်ပါတယ်. . . တဲ့၊ အဲဒီသက်န်းတစ်ကပ်အချိန်ကလေးဟာ ရွှေချိန်ပိဿာတစ်သန်းမကတန်ပါတယ်လို့ တောင်ပုလုဆရာတော်ဘုရားကြီးကဆုံးမထားခဲ့တဲ့ စကား။

ဒီလိုမဟုတ်ရင်ဘာဝင်လာတတ်တုန်းဆိုတော့ ဟော-သက်န်းကိုမြှောက်ကိုင်ကပ်ရင်းနဲ့ ငါကပ်တယ်. . . တဲ့ ကပ်တာငါတဲ့၊ သက်န်းကပ်မှုဆိုတဲ့အမှုအရာကြိယာကြီးကို ငါဆိုတဲ့သက္ကာယဒိဋ္ဌိကြီးဝင်ပြီးတော့စွဲသွားတယ်၊ ငါဆိုတဲ့သက္ကာယဒိဋ္ဌိကရုပ်နာမ်အပေါ်မှာဝင်ပြီးတော့ စွဲသွားလိုက်တော့ လှူတဲ့ဒါနကောင်းမှုကြီးတော့ဖြစ်ပါရဲ့ ဝိပဿနာဉာဏ်မပါတော့ဘူး၊ အဲ-ဝိပဿနာဉာဏ်မပါရင်အရှိန်အဟုန်တွေနည်းပြီးသကာလ နိဗ္ဗာန်ကိုရောက်ဖို့ရန်အတွက် ကြာနေတတ်တယ်,ကျဲနေတတ်တယ်,ကုန်ခမ်းနေတတ်တယ်။

ဒါ့ကြောင့်-ယနေ့အလှူ့ဒကာအလှူ့အမမိသားစုတို့ကဒါနနဲ့ရှေ့ကိုတိုး၊ သီလနဲ့လည်းရှေ့ကိုတိုး၊ သမထဘာဝနာနဲ့လည်းရှေ့ကိုတိုးပြီးတော့နေတဲ့အထဲမှာ ပိုပြီးတော့လျင်လျင်မြန်မြန် အရှိန်အဟုန်ကြီးထည့်လိုက်တဲ့အနေနဲ့ ဝိပဿနာနဲ့လည်း ရှေ့ကိုတိုးဖို့ရာအတွက် ဝိပဿနာရှုကွက်ပါအောင်ရှုပြီးတော့ ကပ်ကြ. . . လို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒါန,သီလ,သမထ,ဝိပဿနာ လေးဖြာသောတရားတို့နဲ့ ရှုပြီးတော့ရှေ့တိုးကြပေတော့လို့ မှာတော်မူခဲ့တာဖြစ်တော့ ပရိသတ်ကြီးဘုရားလမ်းစဉ်ကြီး ပြန်ပြီးတော့ပေါ်လာအောင်ဆိုရအောင်-

❖ သရဏဂုံအစ, အရဟတ္တဖိုလ်ကျ, ဗုဒ္ဓလမ်းစဉ်ဆုံး၊

http://www.dhammadownload.com



ဗုဒ္ဓလမ်းစဉ်,လျှောက်နေလျှင်,လူတွင်အမြတ်ဆုံး။

အခုဘုန်းကြီးတို့ဒကာဒကာမတွေ တရားနာနေတဲ့အခိုက်ဟာ ဗုဒ္ဓလမ်းစဉ်ပေါ် ရှေ့တိုးနေတာလား နောက်ပြန်နေတာလား?(ရှေ့တိုးနေတာပါဘုရား) တရားနာတဲ့ကုသိုလ်ကောင်းမှု၊ ဓမ္မဿဝနကုသိုလ်ကောင်းမှုကြီးဖြစ်နေတာ ရှေ့တိုးနေတာပေါ့ပရိသတ်၊(မှန်ပါဘုရား)ဒါဖြင့်အဲဒီလိုဗုဒ္ဓလမ်းစဉ်ပေါ် ရှေ့တိုးနေအောင် လျှောက်လျှောက်နေတာဟာ မြတ်တာလား,ယုတ်တာလား?(မြတ်တာပါဘုရား) အလှူဒကာအလှူ့အမတွေ အခုလို ဒါန,သီလ,သမထ,ဝိပဿနာတွေကုသိုလ်ကောင်းမှုတွေပြုနေတာ ရှေ့တိုးနေတာလားနောက်ပြန်နေတာလား?(ရှေ့တိုးနေတာပါဘုရား)ရှေ့တိုးနေတယ်ဆိုကတည်းက ဘုရားလမ်းစဉ်ပေါ် လျှောက်နေတာလား ရပ်နေတာလား?(လျှောက်နေတာပါဘုရား) ဒါဖြင့်လျှောက်သလား မလျှောက်ဘူးလား သိရအောင်တစ်ခါပြန်စစ်ဦးစို့-

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ,
ဆန်လားပြန်လား, ငါကားဘယ်ဟာ၊
စွန့်ကြဲပေးကမ်း, လှူဒါန်း၍သာ,
မဂ်ခရီး အပြီးချီတက်ပါ။

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ,
ဆန်လားပြန်လား, ငါကားဘယ်ဟာ၊
ကိုယ်ကျင့်သီလ, ထိန်းကြ၍သာ,
မဂ်ခရီး အပြီးချီတက်ပါ။

❖ ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ,
ဆန်လားပြန်လား, ငါကားဘယ်ဟာ၊
ဘာဝနာမှု, အားပြု၍သာ,
မဂ်ခရီး အပြီးချီတက်ပါ။

အဲဒီလိုအားဖြင့်ဒီနေ့အလှူ့ဒကာကိုကျော်ဝင်းတို့အလှူ့အမမဝင်းမြင့်**တို့သည်. . .** မိမိတို့သားရတနာတူရတနာလေးတွေကို ဘုရားရှင်သာသနာ့လမ်းစဉ်မဂ္ဂင်ခရီးကြီးပေါ်မှာ ရှေ့ရောက်အောင်တွန်းပို့ပေးရင်းနဲ့ မိမိတို့ကိုယ်တိုင်လည်း ဘုရားလမ်းစဉ်ကြီးပေါ်မှာ ရှေ့တော်တော်ခရီးတွင်အောင် လျှောက်တဲ့အချိန်. . . လို့ ပရိသတ်မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား) အဲဒီလိုရှေ့ကိုတိုးတက်အောင်

http://www.dhammadownload.com



လျှောက် နိုင်တဲ့အဖြစ်ကလည်းပဲ ကာလကလည်း ကောင်းမှ၊ ဘဝကလည်းကောင်းမှ လျှောက်နိုင်တယ်။ ကာလကောင်းဆိုတာ ဘုရားသာသနာပွင့်နေတဲ့အချိန်၊ ဘုရားသာသနာ ထွန်းလင်းနေတဲ့အချိန်၊ ဘုရားသာသနာတော်ကြီးကြုံနေတဲ့ အချိန်ကို ခေတ်ကောင်း, ကာလကောင်းကြီးလို့ခေါ်တယ်။

ဘဝကောင်းဆိုတာကမိမိကဒီလမ်းစဉ်ကြီးပေါ်ကိုလျှောက်တတ်တဲ့လူ့ ဘဝရနေတာကိုခေါ်တယ်။ ဟိုနားမှာရှိနေတဲ့ခွေးတွေကြက်တွေငှက်တွေ ပရိသတ်ကြီး ဒကာဒကာမတွေကြုံနေတဲ့သာသနာတွင်းတော့ သူတို့မရှိကြဘူးလား?(ရှိကြပါဘုရား) သူတို့လည်းဘုရားတွေ စေတီပုထိုးတွေ မျက်စိကမမြင်ကြဘူးလား? (မြင်ကြပါဘုရား) သံဃာတော်အရှင်သူမြတ်တွေ သူတို့မြက်စိနဲ့မမြင်ကြဘူးလား? (မြင်ကြပါဘုရား) ဒီတော့-သူတို့သာသနာနဲ့တွေ့နေတယ်လို့ မဆိုနိုင်ဘူးလား? (ဆိုနိုင်ပါဘုရား) သို့သော်သူတို့က ဒီလိုသာသနာ့လမ်းစဉ် မဂ္ဂင်ခရီးကြီးပေါ်မှာ လျှုလိုက်တန်းလိုက်, ပေးလိုက်ကမ်းလိုက်, ဆိုတဲ့အမှုတွေ ပြုကြရဲ့လား?(မပြုကြပါဘုရား) ငါးပါးသီလ ရှစ်ပါးသီလတွေထိန်းဖော်ရရဲ့လား?(မရပါဘုရား) သမထ ဝိပဿနာဘာဝနာတွေဆိုတာ ဝေးပြီးတော့နေကြတာဖြစ်တော့ ကာလကောင်း ဘဝကောင်းဆိုတဲ့ လူ့ဘဝခေါ်တဲ့ဘဝကောင်းကြီးရမှ ဘုရားလမ်းစဉ်ပေါ်ကို လျှောက်နိုင်တယ်. . . တဲ့။

ဘုရားလမ်းစဉ်ပေါ်မှာလျှောက်တယ် ရှေ့တိုးတယ်ဆိုလို့များလွယ်လွယ်လေး တိုးရတယ်မထင်နဲ့ ကာလကောင်းနဲ့ဘဝကောင်းကြုံမှတိုးလို့ရတယ်၊ ဒါဖြင့် ယနေ့ဒကာဒကာမတွေက ကာလကောင်းခေါ်တဲ့ ဘုရားသာသနာတော်ကြီးနဲ့ ကြုံနေ သလား,မကြုံဘူးလား?(ကြုံနေပါဘုရား) အဲဒီသာသနာ့လမ်းစဉ်ပေါ်ကို လျှောက်နိုင်တဲ့ လူ့ဘဝဆိုတဲ့အခွင့်ကောင်းကြီးကိုရော ရနေသလား,မရဘူးလား? (ရနေပါဘုရား) အဲဒီလို ရနေတဲ့အခိုက်ကလေးမှာ ကြိုးစားပြီးတော့ လမ်းဆုံးပေါက် အောင် လျှောက်ကြ. . . လို့တိုက်တွန်းချင်လို့-

> သုခေတ္တေ ပဏ္ဍိတော ပေါသော,သမ္ဘသံ အတ္ထမတ္တနော၊
> ဘဝပဒေသံ လဒ္ဓါန, ဂစ္ဆေယျ အဂတံ ဒိသံ။

ဘုန်းကြီးဟောချင်တဲ့တရားလည်းပြီးသွားပြီ,အချိန်လည်းစေ့သွားပြီနော်၊ (မှန်ပါဘုရား)ဒါကြောင့်ဒီဂါထာရွတ်ပြီးတော့သာဓုခေါ်ပြီးတော့သိမ်းဖို့ရာအတွက်-

http://www.dhammadownload.com



သုခေတ္တေ-ဗုဒ္ဓမြတ်စွာ,သာသနာလမင်း,ကမ္ဘာတွင်းဝယ်,လင်းတရှိန်ရှိန်, ထိန်တလက်လက်,စိန်စက်တန်ဆောင်,အမှောင်ပျက်ပြုန်း,အရောင်ထွက်တုန်း ဖြစ်တဲ့,ခေက်ကောင်းကာလကြီး၌၊ ပဏ္ဍိတောပေါ်သော-ကံကောင်းထောက်မ, လူ့ဘဝကို,ရလာဘိတောင်း,အမျိုးသားအမျိုးသမီးကောင်းသည်၊ အတ္တနောအတ္ထံ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစီးပွါး, မိမိရဲ့အကျိုးတရားကို၊ သမ္ပဿံ သမ္ပဿန္တော-ကောင်းစွာကြည်လင်, အရှည်ထင်အောင်, မြော်မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်သည့်, လူ့ဘဝခေါ်တဲ့, ဘဝပဒေသာကြီးကို၊ လဒ္ဓါလဒ္ဓါန-အခါကောင်းနှင့်, အခွင့်လျော်စွာ, ရရှိနေပါသည်ဖြစ်၍၊ အဂတံဒိသံ-တစ်ခါတစ်ခေါက်, မရောက်ဖူးတံ့, မြို့ရွှေဘုံကြီးဆီသို့. . . ॥

တစ်ခါတစ်ခေါက်မှမရောက်ဖူးတဲ့မြို့ရွှေဘုံကြီးဆိုတာ နိဗ္ဗာန်ပြောတာ ပရိသတ်(မှန်ပါဘုရား) ဒကာဒကာမတွေသုံးဆယ့်တစ်ဘုံထဲမှာတော့ မရောက်ဖူးတဲ့ဘုံ တစ်ဘုံမှမရှိဘူးတဲ့၊ မရောက်ဖူးတဲ့ဘုံ လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာဘုံ, အပါယ်လေးဘုံ ဒကာ,ဒကာမတွေ အခေါက်ခေါက်ရောက်ခဲ့တယ်၊ မရောက်ဖူးဘူးများထင်မနေနဲ့၊ ကမ္ဘာကြီးပျက်တဲ့အခါကျတော့ ဈာန်တွေပွါးပြီးတော့ ဗြဟ္မာ့ဘုံတောင် ဒကာဒကာမတွေရောက်ကြတယ်၊ ဒါကြောင့်-အဂတံဒိသံ-တစ်ခါတစ်ခေါက်,မရောက်ဖူးတံ့,နိဗ္ဗာန်တည်းဟူသော မြို့ရွှေဘုံကြီးဆီသို့၊ ဂစ္ဆေဂစ္ဆေယျ-သတိတရား,လက်ကိုင်ထား၍,မမှားပုံသေ, ကြိုးစား၍ သွားလိုက်လေရာသတည်း . . . ॥

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "တိလမုဋ္ဌိဇာတ်"

# " ဆရာ့ကျေးဇူး တရားတော် "

ယေဟိ သဒ္ဓါဒိ ဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊
မယှမ္ပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။

ဒေဝတာ-စတုမဟာ, ဝတီသာနှင့်, နတ်ရွာခြောက်လီ, ပြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ပြဟ္မာအများနှင့်, ဘုရားပစ္စေကာ, အရိယာမြင့်မြတ်, ဝိသုဒ္ဓိနတ်တို့သည်၊ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အကြင်ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့်, မင်းဘေးစိုးတာ, ကင်းစင်ကွာလပ်, ပြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင်, ဝိသုဒ္ဓိနတ်,သူတော်စင်အဖြစ်သို့၊ ဂတာ-ဤလူ့ပြည်မှ, စုတေကြလျှင်, ခဏမနေ, ကပ်ရောက်ကြလေကုန်ပြီ။

တေဂုဏာ-နတ်ပြဟ္မာနန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သောဂုဏ်တို့သည်၊ တေဂုဏာ-ဝိသုဒ္ဓိစခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့ သောဂုဏ်တို့သည်၊ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြပေကုန်၏၊ မေ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်၏၊ ဂုဏဝန္တတာ-သဒ္ဓါ သီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံသူ၏ အဖြစ်သည်၊ အဟော-တမလွန်အရေး, ကြံတိုင်းအေးဖို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, ဩော်. . . အဖိုးတန်လေစွတကား. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့ည ၁၃၄၂-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်(၈)ရက်နေ့ညမှာ ဤမန္တလေးမြို့ ရွှေဘုံသာမြတ်စွာဘုရား ပရိဝုဏ်အတွင်း၌ဆောက်လုပ်လှူဒါန်းအပ်သော ဤကျောက်မဏ္ဍပ် ဓမ္မာရုံအတွင်းဝယ် ကျင်းပအပ်သောဤတရားပွဲသည်ကား မန္တ

---

* ဇာ-၅-၂၊ ၂၅၃။

http://www.dhammadownload.com



လေးမြို့ရွှေဘုံသာဘုရားဂေါပက ဒကာဒကာမအပေါင်းသူတော်ကောင်းတို့ ဦးဆောင်ကျင်းပအပ်သော (၃)နှစ်မြောက် (၃)ကြိမ်မြောက်ဝါတွင်း သတင်းစဉ်တရားပွဲတို့တွင် တတိယနှစ်မြောက် ဤယခုယနေ့ကျင်းပအပ်သော တရားပွဲသည်ကား သတင်းစဉ်အားဖြင့် နှစ်ကြိမ်မြောက်ဖြစ်သော တရားပွဲ. . တဲ့ ဒီနေ့ညတရားပွဲ။

ဒီတော့-ဒီနေ့ည ရွှေဘုံသာမွှာရုံအတွင်းသို့ အနီးအဝေးမှစည်းဝေးညီညာရောက်လာကြကုန်သော သပ္ပုရိသန္တွယ်ဝင် သူတော်စင်ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့က ငါတို့သည်. . . ယနေ့ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကိုတတ်စွမ်းသမျှပြုကြခြင်းအားဖြင့် ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလတွေကို တတ်စွမ်းသမျှထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့်၊ စာပေကျမ်းဂန်ကြည့်ရှုခြင်း၊ တရားတော်ကိုနာယူကြခြင်းအစရှိသော ဘာဝနာလုပ်ငန်းတို့ကို ကြိုးပန်းအားထုတ်ကြခြင်းဖြင့် ယနေ့ငါတို့သည် ကိုယ့်ကိုယ်ကို အရိယာဖြစ်အောင် ကျင့်ဆောင်တဲ့နေ့ပဲ. . . လို့၊ ဒီနေ့ငါတို့ဟာဖြင့် အရိယာဖြစ်အောင် ပြုတဲ့နေ့ပဲ၊ ငါတို့ဒီနေ့အရိယာဖြစ်ကြတဲ့နေ့ပဲ. . . လို့ ဒီလိုမှတ်နိုင်တယ် ဒကာဦးလှကျော်နော် (မှန်ပါဘုရား)။

အရှင်ဘုရား အရိယာဆိုတာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေမှ အရိယာလို့ခေါ်ပါတယ်။ ဟုတ်တယ်အဲဒီအရိယာတွေက ပဋိဝေဓအရိယာလို့ခေါ်တယ်၊(မှန်ပါဘုရား) ဒကာ,ဒကာမတို့ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဆိုတဲ့ အရိယာတွေကို ပဋိဝေဓအရိယာလို့ခေါ်တယ်၊ ဘာအရိယာလို့ခေါ်သလဲ ပရိသတ်ကြီး?(ပဋိဝေဓအရိယာလို့ခေါ်ပါဘုရား) အရိယာလေးမျိုးလေးစားရှိကြပါကုန်သည်၊ **အာစာရအရိယာ,လိင်္ဂအရိယာ,ဒဿနအရိယာ,ပဋိဝေဓအရိယာလို့ အရိယာလေးမျိုးလေးစားရှိကြပါသည်၊** အဲဒီလေးမျိုးလေးစားထဲမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဘုရား ပစ္စေကဗုဒ္ဓါအစရှိတဲ့ သူတော်ကောင်းကြီးတို့သည်ကား-ပဋိဝေဓအရိယာလို့ခေါ်ကြကုန်၏၊ အာစာရအရိယာ,လိင်္ဂအရိယာ,ဒဿနအရိယာဆိုတဲ့ အရိယာသုံးမျိုး သုံးစားတို့သည်ကား ယနေ့ဒကာဒကာမတွေဖြစ်တဲ့ အရိယာလို့မှတ်ရမယ်။

ဒီတော့ ဒီနေ့ဘုန်းကြီးတို့ ဒကာမတွေက တပည့်တော်တို့ဒီနေ့စွန့်ကြဲပေးကမ်းလှူဒါန်းမှုတွေကိုပြုခြင်းဖြင့်၊ ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလတွေကို

http://www.dhammadownload.com



ထိန်းခြင်းဖြင့် စာပေကျမ်းဂန်ကြည့်ရှုခြင်း တရားတော်ကိုနာယူခြင်း တတ်စွမ်းသမျှ သမထ,ဝိပဿနာ မေတ္တာဘာဝနာ ဗုဒ္ဓါနုဿတိဘာဝနာ ဝိပဿနာဘာဝနာတို့ ကို ပွားများခြင်းဖြင့် တပည့်တော်တို့ကိုယ် တပည့်တော်တို့ ဒီနေ့ အာစာရအရိယာ လိင်္ဂအရိယာ ဒဿနအရိယာဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်တဲ့နေ့ပါ ဘုရား. . လို့ ဖြေနိုင်တယ် ဒကာဦးလှကျော် နော်(မှန်ပါဘုရား)။ ဒီနေ့အရိယာဖြစ် တဲ့နေ့လို့ အားလုံးပရိသတ်ကြီးက ကိုယ့်ကိုယ်ကိုဆုံးဖြတ်ပါ၊ ဒီနေ့ဘာဖြစ်တဲ့နေ့ တုန်း ပရိသတ်ကြီး?(အရိယာဖြစ်တဲ့နေ့ပါဘုရား)။

အရိယာဖြစ်တဲ့နေ့ အရိယာဖြစ်တဲ့နေ့၊ ဘာအရိယာတုန်းဆိုတော့ အာစာ ရအရိယာ,လိင်္ဂအရိယာ,ဒဿနအရိယာဖြစ်တဲ့နေ့။ ပဋိဝေဓအရိယာဆိုတာက တော့ ခုနပြောတဲ့သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်ကြီးတွေကို ခေါ်တဲ့အရိယာ။ ကောင်းပြီ. . . ဒါဖြင့် တပည့်တော်တို့ ဒီနေ့ဖြစ်တဲ့အရိယာဘယ် လိုနည်းနဲ့ဖြစ်တဲ့အရိယာလဲ၊ ဘယ်ဒေသနာတော်ကျမ်းဂန်အရဖြစ်တဲ့ အရိယာပါ လဲ. . လို့ မေးကြမယ်ဆိုရင် ငါးရာ့ငါးဆယ်နိပါတ် တိကနိပါတ် တိလမုဋ္ဌိဇာတ်- တော်အသွား ဒေသနာတော်အားဖြင့် ဒီနေ့ဖြစ်ကြတဲ့အရိယာ. . လို့ ပြောရမယ်၊ (မှန်ပါဘုရား) ဒီတော့ တိကနိပါတ် တိလမုဋ္ဌိဇာတ်သွားကို ရှေးဦးစွာနားထောင် ကြည့်ရမယ်။

ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်သည် ပါရမီ တော်တွေကို ဖြည့်တော်မူစဉ်အခါတုန်းက၊ တစ်ခုသောဘဝမှာ ဒိသာပါမောက္ခ တက္ကသိုလ် ဆရာကြီးတစ်ဦးဖြစ်ခဲ့ဖူးတယ်. . တဲ့၊ တက္ကသိုလ်ဆရာကြီးဖြစ်ပြီးတော့ ပညာသင်ပေးနေတယ် လာလာသမျှတပည့်တွေ၊ အဲဒီလိုပညာသင်ပေးနေတဲ့ တပည့်ထဲမှာ ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်းရဲ့သားကလေး ဗြဟ္မဒတ္တ ကုမာရ မင်းသားကလေးလည်းတပည့်တစ်ယောက်အနေနဲ့ အပါအဝင် တက္ကသိုလ် ပညာသင်ဖို့ ရောက်နေ။ ရှင်ဘုရင်တွေကသူတို့ တိုင်းပြည်အုပ်ချုပ်နေတာဖြစ်တော့ ဗာရာဏသီ ဘုရင်ကဘာပြုလို့တက္ကသိုလ်ပြည်ကဆရာကြီးဆီထိပညာသင်လွှတ်ရ တုန်းလို့ဆိုတော့ သူ့တိုင်းပြည်မှာတင်ပဲ သူ့ဗာရာဏသီပြည်မှာတင်ပဲဆရာကြီးတွေ ရှင်ဘုရင်ဆိုတော့ ဒိတ်ဒိတ်ကြဲ တက္ကသိုလ်ပါမောက္ခဆရာကြီးတွေရှိနေတာငွေ ပေးပြီးသင် ပြီးတာပဲမဟုတ်လားလို့ မေးစရာရှိတယ်။

http://www.dhammadownload.com



အရပ်ဒေသတစ်ပါးကိုသွားပြီးတော့ ပညာသင်ခြင်းဖြင့် မာနတွေကျအောင်အရပ်ဒေသ ဒေသန္တရ ဗဟုသုတတွေဖြစ်အောင် မိတ္တဗလလို့ခေါ်တဲ့ ပေါင်းသင်းဆက်ဆံမှုမိတ်ဆွေသင်္ဂဟတွေပေါ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်များက သူတို့သားတွေကို အရပ်တစ်ပါးမြို့တစ်ပါးတိုင်းတစ်ပါးပညာသင်လွှတ်ပြီးတော့ ထားလေ့ရှိကြတယ်၊ အဲဒီထုံးစံအတိုင်း ဗာရာဏသီပြည့်ရှင်ဘုရင်ဗြဟ္မဒတ်မင်းရဲ့ သားတော်ကလေးဖြစ်တဲ့ ဗြဟ္မဒတ္တကုမာရမင်းသားကလေးဟာလည်း တက္ကသိုလ်ပြည်သို့လာ၍ ဒိသာပါမောက္ခဆရာကြီးထံမှာ တက္ကသိုလ်ပညာများ သင်ကြားပြီးတော့နေတယ်၊ ကျောင်းသားပေါင်းမြောက်များစွာနဲ့။

အဲဒီလိုပညာသင်ကြားနေရင်း စာသင်ချိန်ပြီးတဲ့အချိန်မှာ ညနေပိုင်း (၃) နာရီ (၄)နာရီလောက်ဖြစ်မှာပေါ့၊ တက္ကသိုလ်ဆရာကြီးဟာ မြစ်ထဲရေချိုးဆင်းလေ့ရှိတယ်၊ အဲဒီလိုရေချိုးဆင်းပြီဆိုရင် နောက်က တက္ကသိုလ်ကျောင်းသားဘော်ဒါဆောင်နေကြတဲ့ တက္ကသိုလ်ကျောင်းသားတွေလေးငါးဆယ်ယောက် နောက်ကဆရာကြီးနဲ့ အတူရေချိုးဖို့ ဆပ်ပြာခွက်ကိုင်ရင်း၊ ရေခွက်ကိုင်ရင်း ရေလဲကိုင်ရင်းဆိုသလို ဆရာကြီးလည်းဝတ်ကြီးဝတ်ငယ်ပြုရင်းနဲ့ ရေချိုးလိုက်ဆင်းပြီးတော့ လိုက်လိုက်လာလေ့ရှိကြ၊ အဲဒီလိုရေချိုးဆင်းလာတဲ့အခါမှာ တက္ကသိုလ်အဆောက်အဦးနဲ့ မြစ်နဲ့ကြားမှာ တက္ကသီလနေပြည်တော်ကြီးရဲ့ အစွန်အဖျား ဇနပုဒ်မှာနေတဲ့ အဖွားကြီးတစ်ယောက်၊ တက္ကသိုလ်ဆရာကြီး ဆရာတပည့်ရေချိုးဆင်းတဲ့ လမ်းဘေးမှာ သူကတဲကုတ်ကလေးနဲ့နေတယ်။

တဲကုတ်ကလေးနဲ့နေရင်းနဲ့ သူ့မှာကောက်သင်းကောက်လို့ရတဲ့ နှမ်းကလေးအခွံချွတ်နှမ်းကလေး အဝတ်ကလေးနဲ့ဖြန့်ပြီးတော့ နေလှမ်းထားတယ်၊ တဲဘေးနားနေလှမ်းထား၊ လမ်းဘေးလည်းကျ တဲဘေးလည်းကျတဲ့နေရာ နေလှမ်းထားပြီးတော့ သူက သူ့တဲအုံကလေးရဲ့ တံစက်မြိတ်အရိပ်အောက်မှာထိုင်ပြီးတော့ ချည်ကလေးများချရင်း၊ သားထောက်သမီးခံ မြေးထောက်မြေးခံမရှိတော့ အသက်မွေးဝမ်းကြောင်းကိုယ့်ဝမ်းကိုယ်ကျောင်းနေရတဲ့ အဖွားကြီးဖြစ်သည့် အားလျော်စွာ သူတစ်ပါးတွေထံက ချည်များယူပြီးတော့ ချည်အငှားချတဲ့အနေနဲ့ ချည်များချရင်း သူလှမ်းထားတဲ့ နှမ်းကလေးကြည့်ပြီးတော့နေတယ်၊ အဲဒီလိုနေတဲ့အချိန်မှာ တက္ကသိုလ်ဆရာကြီးရဲ့ နောက်ပါတပည့်တွေက ရေချိုးဆင်းလာကြရင်း

http://www.dhammadownload.com



ခုနကပြဟ္မဒတ္တကုမာရ မင်းသားကလေးကလည်း ဒီထဲပါလာ။

ဒီတော့ မင်းသားကလေးက နှမ်းတွေမြင်တော့ စားချင်လိုက်တာ. . နှမ်းယူပြီးတော့ စားချင်လိုက်တာ၊ စားချင်တဲ့လောဘ လောလုပ္ပတဏှာမသတ်နိုင်တော့ ဆရာကြီးလည်း မမြင်အောင်၊ လိုက်လာတဲ့ အဖော်တွေလည်း မမြင်အောင် ဆိုပြီးတော့ နောက်ချန်ပြီးတော့ နောက်ဆုံးကနေပြီးတော့ အဲဒီအဖွားကြီးနှမ်းပုဆိုးကလေးနဲ့ခင်းပြီးတော့ လှမ်းထားတဲ့ နှမ်းတစ်ဆုပ်ယူလိုက်တယ်၊ အဖွားကြီးက အော်လိုက်တော့မလို့ ပြောလိုက်တော့မလို့ပဲ၊ အဲလေ. . . စားပါစေတော့ ဆာလို့ စားတာနေမှာပဲ"လို့ ဒီလိုနဲ့ကြည့်လိုက်တယ်၊ ဒီလိုနဲ့ မင်းသားကလေးနှမ်းစားပြီးတော့ ရေချိုးပြီးသွားရော တစ်ရက်။

နောက်တစ်ရက်ဒီလိုပဲရေချိုးဆင်းလာပြန်၊ ဆရာကြီးကရှေ့ကစိုက်စိုက်, စိုက်စိုက်နဲ့ ဘယ်မှမကြည့်ဘူးသွား၊ နောက်ကတက္ကသိုလ်ကျောင်းသားတပည့် လေးငါးဆယ်ယောက်ကလည်း နောက်ကပါလာ၊ ဒီလိုပဲ ရှင်ဘုရင့်သားကလေးက နှမ်းတွေမြင်တော့ ယူစားချင်တော့ နောက်ဆုံးကချန်လိုက်လာပြီး၊ သူကတစ်ဆုပ်ဆုပ် ယူလိုက်ပြန်တယ်၊ အဖွားကြီးကအော်လိုက်တော့မလို့ "ကဲလေ. . ယူပါစေအုန်း စားပါစေအုန်းတော့၊ ဆရာကြီးကလည်း ကိုယ့်တပည့်တွေခေါ် သာလာတယ်၊ နောက်လှည့်ကြည့်ဖော်တောင်မရဘူး၊ တပည့်တွေကြည့်ရှုပြောဆိုပြီးတော့ သွန်သင်ဆုံးမသွားတယ်လည်းမရှိဘူး၊ သူများပစ္စည်းယူစားနေတဲ့ တပည့်တွေရှိနေတယ်ဆိုကထဲက ဒီဆရာကြီး အဆုံးအမသွန်သင်ညံ့ပြီ. . "လို့ ဆရာကြီးအပေါ် နည်းနည်း စိတ်ခုတယ်အဖွားကြီးက၊ တပည့်မကောင်းတော့ ဆရာ့ခေါင်းဆိုတဲ့အတိုင်း ဆရာကိုအပြစ်တင်တယ်၊ အပြစ်မြင်လာတယ်။

ဒီလိုနဲ့ တတိယနေ့မြောက် (၃)ရက်မြောက် ဆင်းလာပြန်တော့လည်း ဒီလိုပဲ ဗြဟ္မဒတ္တကုမာရကလေးက နှမ်းတစ်ဆုပ်ယူလိုက်ပြန်၊ ဒီတော့-အဖွားကြီးမခံနိုင်တော့ဘူး၊ "ခက်ပြီ. . ဒီလိုသာဆိုရင်ဖြင့် နေ့တိုင်းနေ့တိုင်း ငါ့ကောက်သင်းကောက်လို့ရထားတဲ့ နှမ်းကလေး၊ လက်ဖက်ကလေးထဲဘာလေးထဲဖြူးစားဖို့ထားတဲ့နှမ်းကလေး ကုန်ရချည်ရဲ့. . ဆရာကြီးကလည်းပဲ နောက်လှည့်ကြည့်ဖော်မရဘူး၊ ရှေ့ပဲစိုက်စိုက် စိုက်စိုက်နဲ့သွားနေတယ်၊ သူ့တပည့်တွေလည်း ဆုံးမဖော်မရဘူး"လို့ စိတ်ပေါက်ပေါက်ရှိတာနဲ့ အော်လိုက်တယ်။

http://www.dhammadownload.com



**ဒိသာပါမောက္ခာ အာစရိယော အတ္တနော**
**အန္တေဝါသိကေဟိ မံ ဝိလုမ္ပာပေတိ။**

အမိပွဲယ်ကတော့-အရပ်ကတို့. . လာကြပါအုန်း တက္ကသိုလ်ဆရာကြီးဟာဖြင့် သူ့တပည့်တွေနဲ့ ကျုပ်ကိုဝိုင်းလုနေပါပြီအရပ်ကတို့ . . . လို့ နည်းနည်းလည်းကြီးကျယ်သွားအောင်၊ တက္ကသိုလ်ဆရာကြီးလည်း နည်းနည်း အမြင်ကပ်လို့၊ အမှုကသေးသော်လည်းပဲ ကြီးကျယ်သွားအောင်ဆိုပြီးတော့ ရပ်ထဲရွာထဲကပါသိအောင်ဆိုပြီးတော့ အော်လိုက်သတဲ့ ဒကာဦးလှကျော်(မှန်ပါဘုရား) အဲဒီလို အော်လိုက်တော့ ဘေးကရပ်ထဲရွာထဲကလူတွေကလည်း ဘာလဲဘာလဲနဲ့ထွက်လာကြ၊ တက္ကသိုလ်ဆရာကြီးကလည်း အဲဒီကျမှသိလို့။

“ကိံ တေ အမ္မ၊ ကိံ တေ အမ္မ-အမေ. . အမေကြီး ဘာပါလဲ၊ ဘာပါလဲ ဘာအော်လိုက်တာတုန်း” အော်လိုက်တဲ့စကားက တက္ကသိုလ်ဆရာကြီးက သူ့တပည့်တွေနဲ့ ကျုပ်ကိုဝိုင်းလုနေပါပြီအရပ်ကတို့. . လာကြပါအုန်းလို့ အော်လိုက်တာဖြစ်တော့ ဆရာကြီးကလည်း ထိတ်ထိတ်ပြာပြာဖြစ်သွားတယ်၊ ဒါကြောင့် ပြန်မေးရတယ် “ကိံ တေ အမ္မ-အမေကြီးဘာဖြစ်တာတုန်း ဘာဖြစ်တာတုန်း”ဆိုတော့ “ဘာဖြစ်ရမတုန်း ဆရာကြီးရဲ့ ဆရာကြီးတပည့် ကျုပ်နှမ်းကလေးလှမ်းထားတာကလေးကို နေ့တိုင်း နေ့တိုင်းတစ်ဆုပ်တစ်ဆုပ်ယူပြီးတော့ စားနေတာ ဒီလိုသာဆိုရင်ဖြင့် ကျုပ်နှမ်းတနေ့ကုန်ရချည်ရဲ့ ဆရာကြီးမဆုံးမ မသွန်သင်လို့ သူတပါး မပေးတဲ့ပစ္စည်းကို ဆရာ့တပည့်တွေကယူစားသလား”. . တဲ့၊ “အမေကြီးရယ်. . မသိလို့ပါ၊ မသိလို့ပါ အမေကြီး၊ ဒီလိုဆိုရင် လျော်ပါ့မယ်. . အစားပေးပါ့မယ် လျော်ပါ့မယ်”။

“ဒီလိုတော့လည်း အစားတွေမလိုချင်ပါဘူး၊ အလျော်တွေမလိုချင်ပါဘူး၊ ကိုယ့်တပည့်ပဲကိုယ်နောင်မဖြစ်အောင်ဆုံးမပေးပါ”ဆိုတော့ ဆရာကြီးက “ဒီလိုဆိုလို့ရှိရင် ဒီလောက်မိုက်တဲ့ကောင်၊ ကိုင်ကြစမ်းဟ ဟိုဘက် တစ်ယောက် ဒီဘက် တစ်ယောက်”ဆိုပြီးတော့ ကျောင်းသားနှစ်ယောက် လက်မောင်း အကိုင်ခိုင်း ဆွဲထားခိုင်းပြီးတော့၊ ဗြဟ္မဒတ္တကုမာရခေါ်တဲ့ မင်းသားကလေး၊ အနီးရှိတဲ့ ဝါးခြမ်းနဲ့ ကောက်ပြီးတော့ ဖြန်းဖြန်းဖြန်းနဲ့ သုံးချက်လောက် ရိုက်ပစ်လိုက်တယ်၊ “ကဲ မင်းနောက်သူများမပေးတဲ့ပစ္စည်းယူအုန်းကွာ၊ ယူအုန်းကွာ”ဆိုပြီးတော့ ဆုံးမတဲ့အနေနဲ့ အဲဒီလိုရိုက်ပြီးတော့ ဆုံးမသွန်သင်လိုက်တဲ့အခါ မင်းရဲ့သားကလေးဆိုတဲ့

http://www.dhammadownload.com



အတိုင်း မင်းမာန်တက်လာပြီးတော့ "ဆရာကြီး. . သက်သက် ဒါငါ့အရှက်ခွဲတာ၊ လူထဲမှာသက်သက်ငါ့အရှက်ခွဲတာ. . သက်သက်အရှက်ခွဲဘာ၊ ရှင်ဘုရင်ရဲ့သား လို့ဆိုတာသိလို့ သူငါ့ကိုသက်သက်နှိမ်တာ၊ သိစေမယ် တနေ့ကျရင်ငါရှင်ဘုရင် ဖြစ်တဲ့နေ့မှာ ဒီဆရာကြီး အရင်ခေါ်ပြီးတော့ သတ်မယ်". . လို့ ဝမ်းထဲကကြိမ်း။

ဝမ်းထဲကကြိမ်းရုံမကဘူး၊ မျက်ထောက်များနီလို့၊ အံသွားများကြိတ်ပြီး တော့ ဆရာကြီးကို ခြေဆုံးခေါင်းဆုံးမကျေနပ်တဲ့အမူအယာနဲ့ကြည့်တယ်၊ ဒီတော့ ဆရာကြီးက သိလိုက်ပြီ "အင်း. . မင်းသား၊ ငါ့အပေါ်တော့ရန်ငြိုးထားပြီ. . ရန် ငြိုးထားပြီ၊ ငါကတော့ အကျိုးလိုလားလို့ သွန်သင်ဆုံးမ၊ သူကတောဖြင့် ရန်ငြိုး ထားပြီ. . မတတ်နိုင်ဘူးဆုံးမရမယ့်ကိစ္စဆုံးမရမှာပဲ" မင်းမာန်ကလေး မင်းသတ္တိ ကလေးပြတာ ဒကာဦးလှကျော်ရဲ့နော်(မှန်ပါဘုရား) ရိုးရိုးအမျိုးသား အမျိုးသမီး ဆိုရင် ဒီလိုမာန်တက်ချင်မှတက်မယ်ပေါ့၊ (မတက်ဝန့်ပါဘုရား)။

အခုတော့ မင်းစိုးရာဇာရဲ့သား ဗာရာဏသီပြည့်ရှင်ဘုရင်ပြဟ္မဒတ်မင်းရဲ့ သား. . လို့ဆိုတဲ့ မာနက ဝင်နေတာဖြစ်တော့၊ တရားသဖြင့် ရိုက်တာရော မတ ရားသဖြင့်ရိုက်တာရောနားမလည်၊ သင်ကြားပေး ဆိုဆုံးမထားတဲ့ ကျေးဇူးတွေ လည်းမထောက်၊ "သတ်မယ်. . တဲ့၊ သတ်မယ်၊ ငါရှင်ဘုရင်ဖြစ်တဲ့နေ့ ငါအရင်ဆုံး ဟောဒီဆရာကြီးကိုခေါ်ပြီးတော့ သတ်မယ့်ကိစ္စသတ်ဖို့ကိစ္စ ငါ့အလုပ်ကိစ္စပဲ"လို့ သတ်မှတ်သွား၊ ဒါ့ကြောင့်မို့လို့ မင်းမျိုးစိုးမျိုး ကလေးများဝေးဝေးကရှောင်တာ ကောင်းတယ်. . တဲ့၊ မထီမဲ့မြင် မပြုမိစေရဘူးလို့(မှန်ပါဘုရား)။

> **"မင်းနှင့်ရဟန်း, ထွေဆန်းတစ်သီး, မြွေနဲ့မီးတို့, မကြီးငယ်ဟု, နှလုံးပြု၍, ဂရုမထင်, မဆန့်ကျင်နှင့်. . . "**

လောကနီတိကလည်း မှာထားတယ်နော်(မှန်ပါဘုရား) မီးကလေးငယ် တယ်ဆိုပြီးတော့တဲ့ မထီမဲ့မြင် မလုပ်လိုက်နဲ့၊ မီးပွားကလေးကစပြီးတော့ပဲ လောင် လိုက်ရင် အမှိုက်ကစပြသာဒ်မီးလောင်၊ တစ်အိမ်လုံး တစ်ရွာလုံး တစ်နယ်လုံး တစ်မြို့လုံးလောင်နိုင်တယ်. . . တဲ့ ဒါ့ကြောင့် သေးငယ်တယ်ရယ်လို့ အထင်သေး ဂရုမစိုက်မပြုမိဖို့ရာလေးဌာန။ မီးတဲ့ နံပါတ်တစ်၊ နံပါတ်နှစ်မြွေဆိုး- အဆိပ် ပြင်းထန်တဲ့ မြွေဆိုး၊ မြွေကလေး ငယ်ငယ်လေးပဲ. . . ဆိုပြီးတော့ သွားပြီးတော့ အမှတ်တမဲ့မလုပ်နဲ့ သူကိုက်ရင်သေနိုင်တယ်။

http://www.dhammadownload.com



**မင်းမျိုးစိုးမျိုး** ငယ်ငယ်ကလေးပဲလို့ဆိုပြီးတော့ မထီမဲ့မြင်သွားပြီးတော့ မပြုနဲ့ သူကမှတ်ထားတေးထားပြီးတော့ တစ်ချိန်ကိုယ့်ကိုပြန်ပြီးတော့ရန်မူတတ်တယ်၊ **သီလဖြူစင်တဲ့ ရဟန်းသူတော်စင်** ငယ်ငယ်ကလေးပဲရယ်လို့ စော်စော်ကားကား မောက်မောက် မာမာ မပြုမိစေနဲ့ တချိန်ကျတော့ ကိုယ့်ကို အဲဒီသီလဖြူစင်တဲ့ သူတော်စင်ရဟန်းရဲ့ သီလအရှိန် တန်ခိုးဟပ်သောကြောင့် တန်ခိုးနဲ့ပြန်ပြီးတော့ သီလအရှိန်တွေရဲ့ ပြန်ပြီးတော့ ဟပ်မှုကြောင့် မိမိမှာ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးတဲ့အပြင် လူလုံးမလှ အညွန့်တုန်းပြီးတော့ ဒုက္ခရောက်တတ်တယ် . . တဲ့၊ ဒါ့ကြောင့်-သီလချစ်ခင် သီလရှိတဲ့ ရဟန်းသာမဏေများလည်း ငယ်တယ်ဆိုပြီးတော့ အထင်တသေးမပြုမိစေနဲ့ . . တဲ့ မပြုမိစေနဲ့။

အခုမင်းမျိုးစိုးမျိုးမို့လို့ မာန်တက်ပြီးတော့ သူက မှတ်ထား၊ မှတ်ထားတဲ့အတိုင်းပဲ နောင်ပညာတွေဘာတွေသင်ပြီးတော့ အချိန်တန်အရွယ်ရောက် ပညာတွေလည်းတတ်မြောက်သွား၊ မိဘရပ်ထံပြန်သွားတော့ မိဘဆီရောက်တော့ မိဘက ငါတို့သား ပညာတွေအချိန်အရွယ်စောစောနဲ့တတ်မြောက်ပြီးတော့လာတယ်လို့ ဆိုပြီးတော့ မင်းမူးမတ်ဗိုလ်ပုံ ပရိသတ်အလယ်မှာ ပညာစွမ်းအပြခိုင်း ပညာစွမ်းအပြခိုင်းပြီးတော့ ခမည်းတော် မယ်တော်ကြီးများက ချီးမြှောက်တဲ့အနေနဲ့ ဗြဟ္မဒတ္တကုမာရကိုစောစောစီးစီးပဲ မင်းမြှောက်လိုက်ကြ၊ ထီးနန်းလွှဲလိုက်ကြတယ်။

ထီးနန်းလွှဲလိုက်လို့-ထီးနန်းရတယ်ဆိုရင်ပဲ ဗြဟ္မဒတ္တကုမာရက သူ့နဂိုအကြံအစီရှိတဲ့အတိုင်း တက္ကသိုလ်ဆရာကြီးဆီ တမန်လွှတ်ပြီးတော့ အခေါ်ခိုင်းလိုက်တယ်၊ သတ်ဖို့ရည်ရွယ်ချက်နဲ့ အခေါ်ခိုင်းလိုက်တာ၊ ဆရာကြီး . . ကျွန်တော်ထီနန်းစည်းစိမ်ကြီးရပါပြီ၊ ဆရာကြီးကိုချီးမြှောက်ချင်လို့ ပူဇော်ချင်လို့ကြွခဲ့ပါ . . လို့ စကားလှသုံးပြီးတော့ အခေါ်ခိုင်းလိုက်တယ်။ တက္ကသိုလ်ဆရာကြီးကသိတာပေါ့၊ နားလည်တာပေါ့ဒီလောက်တော့၊ ဒီတော့ "ဒီအချိန်သွားလို့တော့မတော်သေးဘူး၊ ဒီအချိန် သွားလို့ရှိရင်ဖြင့် ငါ့ကိုသတ်မှာသေချာတယ်၊ အရွယ်ကလေး အသက်ကလေးနည်းနည်း ထောက်လာလို့စဉ်းစားနိုင်းချိန်နိုင်တဲ့အချိန်ကျမှ ငါသွားမယ်"လို့ ဆိုပြီးတော့ တက္ကသိုလ်ဆရာကြီးက မလိုက်လာပါဘူး၊ မလိုက်လာတော့လည်းပဲ အတင်းအဓမ္မခေါ်လို့မဖြစ်ဘူး၊ တိုင်းပြည်ချင်းကမတူဘူး၊ ဟိုက တက္ကသိုလ်တိုင်းပြည်၊ ဒီကဗာရာဏသီတိုင်းပြည်၊ သူ့မင်းနဲ့သူ့ဌာနအုပ်ချုပ်နေကြတာဖြစ်တော့ အတင်းအဓမ္မလည်း မခေါ်ရဲဘူး။

http://www.dhammadownload.com



ဒီလိုနဲ့ မင်းသားကလေးကပေ့ါလေ ရှင်ဘုရင်ကလေးက "ပြန်လေသည့် ငှတ်ခါး နားမှသိမယ်ပေ့ါလေ နေနှင့်အုံးပေ့ါ"လို့ဆိုပြီးတော့ ဒီလိုပဲနေလာလိုက်ကြတာ မင်းသားကအသက်လေးဆယ်ကျော်ငါးဆယ်တွင်းရောက်၊ စဉ်းစားနိုင်းချိန်ဝေဖန်နိုင်တဲ့ အသက်ငါးဆယ်အတွင်းပညဒသက ပညာဉာဏ်များတက်တဲ့အရွယ်အချိန်လောက်ရောက်တော့မှ တက္ကသိုလ်ဆရာကြီးက"အင်း-ဒီအချိန်ဆိုရင်ဖြင့်ငါသွားဖို့တော်ပြီ. . . သွားမှပဲ" ဆိုပြီးတော့လာတယ်၊ မခေါ်ရဘဲနဲ့လာတယ် ဦးလှကျော်နေဝ်၊(မှန်လှပါဘုရား) အဲဒီလို တက္ကသိုလ်ဆရာကြီးရောက်လာပြီးသကာလရှင်ဘုရင့်နန်းတော်ထဲညီလာခံကျင်းပနေတဲ့အချိန်၊ တက္ကသိုလ်ဆရာကြီးရောက်တဲ့အကြောင်း သံတော်ဦးတင်ကြပါလို့ဆိုပြီး အထောက်တော်များလွှတ်လိုက်တယ်၊ လွှတ်လိုက်တော့သံတော်ဦးတင်တယ်ဆိုရင်ပဲ"ဩော်. . . တက္ကသိုလ်ဆရာကြီးလာပြီလား၊ ခေါ်ခဲ့ပါ, ခေါ်ခဲ့ပါ,ခေါ်ခဲ့ပါ, ညီလာခံထဲခေါ်ခဲ့ပါ၊ နန်းတော်တွင်းသွင်းခဲ့ပါ"လို့ ရှင်ဘုရင်ကအခေါ်ခိုင်းလိုက်ပြီးတော့ ဘာပြောလိုက်သလဲလို့ဆိုတော့ရှင်ဘုရင်ကလေးကဆိုးပြီးတော့-

အဇ္ဇာပိ မေတံ မနသိ, ယံ မံ တွံ ကိလမုဋ္ဌိယာ၊
ဗာဟာ ယ မံ ဂဟေတွာန, လဋ္ဌိယာ အနုတာဠယိ။

"ဩော်. . . ဆရာကြီးရောက်လာမင့်ကိုးရောက်လာမင့်၊ဆရာကြီး. . . တဲ့ သူ့ပတ်ဝန်းကျင်ခစားနေတဲ့ မှူးတော်မတ်တော်တွေလည်း လှည့်ပြီးတော့လည်း ခေါ်လိုက်သေးတယ် သူကအသိပေးလိုက်သေးတယ်၊ "မှူးတော်မတ်တော်များ. . . ဟောဒီ အခုဝင်လာတဲ့ဆရာကြီးဟာ ငါ့တက္ကသိုလ်တုန်းကပညာသင်ပေးလိုက်တဲ့ ဆရာကြီးတော့မှန်ပါတယ်၊ ဒါပေမဲ့လို့လေ. . . တဲ့ ငါ့ကို ရှင်ဘုရင်ရဲ့သားဆိုတဲ့ အနေမျိုးနဲ့ နှိမ်တဲ့အနေနဲ့ အဖွားကြီးတစ်ယောက်ရဲ့ နှမ်းကလေးသုံးဆုပ်ယူစားမိတဲ့ပြစ်ချက်နဲ့ လူထဲသူထဲမှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ကျောင်းသားတွေဘေးက လက်မောင်းအကိုင်ခိုင်းထားပြီးတော့ ငါ့ကိုဒုတ်နဲ့သုံးချက်ရိုက်ခဲ့တယ်. . . တဲ့၊ရိုက်ခဲ့တယ်။ ရိုက်တဲ့ကိစ္စက ဆုံးမရုံမဟုတ်ဘူး ငါ့ကိုနှိမ်တဲ့အနေပါတယ်၊ ရန်ငြိုးနဲ့လုပ်တဲ့အနေပါတယ်၊ ဒါကြောင့်လေ. . . တဲ့ မှူးတော်မက်တော်များတက္ကသိုလ်ဆရာကြီးရဲ့ အဲဒီတုန်းကရိုက်လိုက်တဲ့ ဒဏ်ရာဒဏ်ချက်ဟာဖြင့်ကျုပ်အခုပြန်တွေးလိုက်ရင် အခုတောင်နာသေးတယ်လို့ထင်တယ်. . . "တဲ့။

http://www.dhammadownload.com



**အဇ္ဈာပိ မေတံ မနသိ၊** မေ-ကျွန်ုပ်၏၊ မနသိ-စိတ်ထဲ၌၊ တံ-အဲဒီတုန်းက ရိုက်လိုက်တဲ့ ခံစားရချက်နာကြီးချက်သည်၊ အဇ္ဈာပိ-ယနေ့တိုင်အောင်လည်း၊ ဟောတိ-ဖြစ်၍နေသေးတယ်လို့ထင်ပါတယ်၊. . . ကြီးကျယ်အောင်လုပ်ပြီးပြောတာ ဒကာဦးလှကျော်နော်၊(ကြီးကျယ်အောင်ပါဘုရား)“အဲဒီတုန်းကဆရာကြီးရိုက်လိုက်တာလေ. . . တဲ့ ကျုပ်ဖြင့်အခုတွေးကြည့် အခုတောင်နာသေးသတဲ့၊ နာသလိုလိုရှိသေးတဲ့ အဲဒီတုန်းကရိုက်တာများ အဖွားကြီးတစ်ယောက်ရဲ့ နှမ်းကလေးသုံးဆုပ်ယူစားမိတာနဲ့ မဖြစ်စလောက်လေးယူစားမိတာနဲ့ သုံးချက်. . . တဲ့၊ ကျုပ်ကိုလက်မောင်း အကိုင်ခိုင်းပြီးတော့ ရိုက်လိုက်တာ ဆရာကြီးမှတ်မိမှာပေါ့”

နနု ဇိဝိတေ နရမသိ, ယေနာသိ ဗြဟာဟ္မဏာ ဂတော၊
ယံမံ ဗာဟာ ဂဟေတွာန, တိက္ခတ္တုံ အနုတာဠယိ။

“ဆရာကြီး. . . တဲ့ ဧကေန္တဆရာကြီးဟာ ဒီနေ့ဖြင့် လူ့ပြည်လူ့လောက ငြီးငွေ့ပြီနဲ့တူတယ်. . . တဲ့၊ လူ့ပြည်ငြီးပြီးတော့ နတ်ပြည်နတ်ထီးစံချင်ပြီနဲ့တူတယ်၊ ဘာပြုလို့တုန်းဆိုတော့ ဆရာကြီးဒီလာရင် အသတ်ခံရမယ်ဆိုတာ ဆရာကြီးအသိသားနဲ့၊ အသတ်ခံရမယ်ဆိုတာသိသားနဲ့ ဆရာကြီးလာခဲ့တာထောက်ရင်ဖြင့် ဆရာကြီးဟာသေမင်းခေါင်းပေါ် ရွက်ပြီးတော့နန်းတော်ထဲဝင်လာတာပဲ. . . တဲ့၊ နန်းတော်ထဲဝင်လာတာပဲ။ ဒီတော့ ဆရာကြီးဧကန္တဟုတ်ပါပြီ လူ့ပြည်မှာ ငြီးငွေ့လို့ သေချင်စိတ်ပေါက်လို့ ဆရာကြီးလာခဲ့တာမဟုတ်လား”၊ဒီလိုပြောတော့ ဘေးကမှူးတော်မတ်တော်တွေကလည်း ဝိုင်းပြီးတော့ နားစိုက်နေကြတယ်၊ ဘာမှလည်းသံတော်ဦးမတင်ရဲကြဘူး၊ ဆရာကြီးကလက္ခဏ္ဍမပျက်ဘူး၊“အရှင်မင်းမြတ်. . . ကျွန်တော်မျိုးသံတော်ဦးတင်ပါရစေ၊ ကျွန်တော်မျိုးရဲ့အသက်ဟာ အရှင်မင်းမြတ် သတ်ရင်လည်းသေရပါမယ်၊ ထားရင်လည်းနေရပါမယ်၊ သို့သော်. . . ကျွန်ုပ်သံတော်ဦးတင်တဲ့စကားကိုအနည်းငယ်သီးခံပြီးတော့ နားဆင်တော်မူပါ. . .၊ နားထောင်တော်မူပါ၊

၊ အရိယော အနရိယံ ကုဗ္ဗန္တံ, ယော ဒဏ္ဍေန နိသေဓတိ၊
သာသနံ တံ န တံ ဝေရံ, ဣတိ နံ ပဏ္ဍိတာ ဝိဒူ။

အရိယော-ဖြူစင်မြင့်မြတ်,အရိယာဇာတ်ရှိတဲ့ သူတော်စင်တစ်ယောက်က၊ အနရိယံ-အရိယာမဟုတ်, လူယုတ်လူညံ့တို့ ပြုလုပ်အားထုတ်လေ့ရှိတဲ့, ဒုစရိုက်မျိုး, အကုသိုလ်ဆိုးကို၊ ကရောန္တံ-ကျူးလွန်ပြစ်မှား, အနေအားဖြင့်, ထင်ရှားမသွေ,

http://www.dhammadownload.com



ပြု လုပ်နေသည်ကို၊ဒဏ္ဍေန-ဒဏ်ပေးနှိပ်ကွပ်ခြင်းဖြင့်၊ နိသေဓတိ-အကျိုးမျှော်ဆ, လို့လားစွာဆုံးမ၏၊ တံ-ထိုကဲ့သို့,ဖြူစင်မြင့်မြတ်,အရိယာဇာတ်ရှိတဲ့, ပုဂ္ဂိုလ်တစ်ယောက်က,အရိယာမဟုတ်,လူယုတ်လူညံ့တို့,ပြုလုပ်အားထုတ်လေ့ရှိတဲ့ ဒုစရိုက်မှု အကုသိုလ်အစုကို ပြုလုပ်ကျူးလွန်နေသည်ကို,ဒဏ်ပေးတဲ့အနေ နှိပ်ကွပ်တဲ့အနေနဲ့ ဆုံးမတားမြစ်ခြင်းကို၊ သာသနံ-အကျိုးမျှော်ဆ,လိုလားစွာဆုံးမသွန်သင်ခြင်းဟူ၍၊ နဝေရံ-အကျိုးမဟဲ့,ရန်ညှိုးဖွဲ့ခြင်းမဟုတ်ဟူ၍၊ ပဏ္ဍိတာ-ကြောင်းကျိုးမျှော်မြင်,သူတော်စင်အဆက်ဆက်တို့က၊ ဝိဒူ-ကောင်းစွာညီတူ,အသိအမှတ်ပြုတော်မူကြပေကုန်သည်တကား . . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

"အရှင်မင်းမြတ်. . . တဲ့၊ ကျွန်တော်မျိုးအသက်ကတော့ အရှင်မင်းမြတ်လက်ထဲနေတာမှန်ပါတယ်၊ ကျွန်တော်မျိုးသံတော်ဦးတင်တဲ့စကားကို သေသေချာချာ စဉ်းစားဆင်ခြင်တော်မူပါ. . . အရှင်မင်းမြတ်သည် ငယ်ရွယ်စဉ်ကလေးဘဝက ရသတဏှာမထိန်းနိုင်လို့ သူများသရေစာခိုးစား၊ ဒီကနေတစ်ဆင့်တက်ပြီးတော့ ပေါက်နေတဲ့သစ်သီးကြီးငယ်တွေခိုးစား၊ ဒီကနေပြီးတော့ တဖြေးတဖြေးရင့်ကျက် ရင့်ကျက်လာတော့ သူများရဲ့ရွှေငွေကျောက်သံပတ္တမြားဝတ်ထည်ဖျင်စင်းပစ္စည်းတွေ ခိုးတဲ့ဝှက်တဲ့သူဖြစ်လာ၊ ခိုးရုံဝှက်ရုံမျှမက နောက်တော့ လက်နက်ကိုင်ပြီးတော့ တိုက်ဟယ်ခိုက်ဟယ်,လုဟယ်ရက်ဟယ် ရွာအနီးတောအနီး တောစပ်တွေကနေ လာလာသမျှခရီးသည်တွေကို လုယက်တိုက်ခိုက်တဲ့ တောပုန်းဓားပြတွေအထိ အသင်မင်းသားဖြစ်သွားပါနိုင်တယ်. . . တဲ့၊ ဖြစ်သွားနိုင်တယ်။

အဲဒီလိုဖြစ်သွားခဲ့လို့ရှိရင် အသင်မင်းသားမှာ ခိုးဆိုးတိုက်ခိုက် လုယက်နေသည့်အလျှောက် ဆိုင်ရာဆိုင်ရာ တိုင်းပြည်ကိုအုပ်ချုပ်တဲ့ရှင်ဘုရင်များက၊ မင်းလုပ်တဲ့သူများက ဖမ်းဟယ်ဆီးဟယ်,ချုပ်နှောင်ဟယ်ဆိုပြီးတော့ နောက်ဆုံးသတ်တန်သတ်၊ အချုပ်ထဲမှာချုတန်ချ ဖမ်းတန်ဖမ်း ဆီးတန်ဆီး ညှဉ်းပန်းတန်ညှဉ်းပန်း နှိပ်စက်တန် နှိပ်စက်ခြင်းဖြင့် အသင်မင်းသားမှာ ဒီထီးနန်းစည်းစိမ်ကြီးရနိုင်ပါတော့မလား. . . တဲ့၊ ရနိုင်ပါတော့မလား"။ ဒီလိုပြောလိုက်တော့ ရှင်ဘုရင်လေး လည်းစိုက်နေတယ်၊ ဘေးနားကမှူးကြီးမတ်ရာသေနာပတိတွေကလည်း။

**သစ္စံ မဟာရာဇ အာစရိယော အဝစ။**

မဟာရာဇ-မင်းမြတ်၊ အာစရိယော-တက္ကသိုလ်ဆရာကြီးသည်၊ သစ္စံ-

http://www.dhammadownload.com



အမှန်စကားကို၊ အဝစ-ပြောနေပါပြီ၊ သံတော်ဦးတင်နေပါပေပြီ. . .၊"အရှင်မင်းမြတ်. . တက္ကသိုလ်ဆရာကြီးသံတော်ဦးတင်နေတာ မှန်သားပဲ. . . ဟုတ်တာပဲ။

**ဣဒံ သဗ္ဗံ ဣဿရိယံ တုမှာကံ အာစရိယဿေဝ သန္တကံ။**

ဣဒံသဗ္ဗံ ဣဿရိယံ-အရှင်မင်းမြတ် အခုရထားတဲ့ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးတစ်ခုလုံးသည်၊ တုမှာကံ အာစရိယဿေဝ-အရှင်မင်းမြတ်တို့ရဲ့ ဒိသာပါမောက္ခဆရာကြီး၏သာလျှင်၊ သန္တကံ-ဥစ္စာအစစ်ပေတည်း။ အရှင်မင်းမြတ်. . တဲ့၊ ဆရာကြီးခုနကပြောခဲ့တဲ့အတိုင်း အရှင်မင်းမြတ် မင်းသားလေးဘဝတုန်းက နှမ်းသုံးဆုပ်ယူစားတာကို မတားမြစ် မပိတ်ပင်ဘဲ ကြည့်နေခဲ့ရင်၊ အလိုလိုက်နေခဲ့ရင် သို့မဟုတ် ရှင်ဘုရင်ရဲ့သားကလေးပဲရယ်လို့ ကြောက်သဖြင့် မတားမြစ် မပိတ်ပင်ခဲ့ရင် အရှင်မင်းသားကလေး တစ်ဖြေးတစ်ဖြေး,တစ်ဖြေးတစ်ဖြေး သူတစ်ပါးပစ္စည်းတွေ မုန့်ပဲသရေစာတွေခိုးစား၊ သစ်သီးဝလံတွေခိုးစား၊ ရွှေငွေကျောက်သံ ပတ္တမြားတွေ လုယက်ဟယ်ရက်ဟယ်ကစ၊ နောက်ဆုံးသူခိုးတွေ ဓားပြတွေ သူခိုးကြီးတွေဖြစ်ပြီးတော့ ဒီထီးနန်းစည်းစိမ်ကြီးရနိုင်ပါတော့မလား. . တဲ့၊ ရနိုင်ပါတော့မလား၊ ဘယ်နေရာမှာပဲဖြစ်ဖြစ်-

**ယံ ယံ ဟိ ဂဟိတ ဒုဂ္ဂဟိတ သိပ္ပေါ် သိဿော၊**

**ယံ ယံ သိပ္ပံ ဒဿေတွာ၊ ယာနိယာနိ ဓနာနိ လဗ္ဘတိ၊**

**တာနိ တာနိ တဿ တဿေဝ အာစရိယဿ သန္တကာနိ။**

တပည့်တစ်ယောက်ဟာလေ. . . တဲ့၊ ဘယ်နားပဲရောက်ရောက် သူတတ်ထားတဲ့ အတတ်ပညာတွေ လက်မှုပညာ နှုတ်မှုပညာတွေကိုလုပ်ကိုင်လို့ သူ့မှာရလာသမျှ ရွှေငွေကျောက်သံပတ္တမြားစည်းစိမ်ဥစ္စာမှန်သမျှသည် ဆရာကပေးလိုက်ရာရောက်လေသောကြောင့် ဆရာ့ပစ္စည်းပါပဲ. . တဲ့၊ အရှင်မင်းမြတ်စဉ်းစားတော်မူပါ"လို့ ဘေးကဝိုင်းပြီးတော့ မှူးကြီးမတ်ရာတွေကလည်းသံတော်ဦးတင်ကြတယ် ဒကာဦးလှကျော်နော်၊(သံတော်ဦးတင်ကြပါဘုရား)။

အဲဒီလိုသံတော်ဦးတင်တဲ့သူကလည်းတင်ကြ၊ ရှင်ဘုရင်လေးကလည်းပဲ စဉ်းစားနိုင်းချိန်နိုင်တဲ့ဉာဏ်လေးကလည်းရှိနေတာဖြစ်တော့ စဉ်းစားလိုက်တော့မှ မှားကုန်ပြီ. . . ငါတော့မှားကုန်ပြီဆိုပြီးတော့"ဆရာကြီးသည်းခံပါ. . .၊ ကျွန်ုပ်မှားပါတယ်၊ ကျွန်ုပ်အခုရတဲ့ ထီးနန်းစည်းစိမ်ရိပ်ငြိမ်ချမ်းသာမှန်သမျှဟာလည်း ဆရာ

http://www.dhammadownload.com



ကြီးကို အမှီပြုပြီးရတာဖြစ်လေသောကြောင့် ဆရာကြီးပစ္စည်းဖြစ်ပါတယ်၊ ဆရာကြီး ထီးနန်းစည်းစိမ်ပဲဖြစ်ပါတယ်၊

**သဗ္ဗံ ဣဿရိယံ တေ အာစရိယ ဒမ္မိ၊ ရဇ္ဇံ ပဋိစ္ဆ. . .။**

အရှင်ဆရာကြီးကိုပဲ ထီးနန်းစည်းစိမ်ကိုအပ်ပါတယ်. . . လို့ မင်းစည်းစိမ်ကြီးကိုထိုးအပ်တော့တာပဲနော်၊(မှန်လှပါဘုရား) မင်းစည်းစိမ်ကြီးထိုးအပ်ပေမယ့်လို့ ဘုန်းကြီးတို့ဘုရားအလောင်းတော်ဆရာကြီးက လက်မခံပါဘူး၊(လက်မခံပါဘုရား)၊ လက်မခံတော့သူက “ဒီလိုဆိုလို့ရှိရင် ကောင်းပါပြီဆရာကြီး. . . မင်းစည်းစိမ်ကြီးကို လက်မခံချင်ရင်တော့ ထားပါတော့၊ ကျွန်ုပ်နှင့်တကွ တိုင်းသားပြည်သူအားလုံး လူရှင်ရဟန်းတွေကိုဆုံးမသွင်သင်တဲ့ ပုရောဟိတ်ရာထူးလက်ခံပြီးတော့ ကျွန်ုပ်ရဲ့ ဖခင်အရာမှာတည်ပြီးတော့ ကျွန်ုပ်ရှိတဲ့ ဟောဒီဗာရာဏသီတိုင်းပြည်ကိုပဲ ဆရာကတော်ကြီးနှင့်တကွ လာရောက်ပြီးတော့နေပါ. . . လို့၊ ဖိတ်မန်ပြီးတော့ ဆရာကတော်ကြီးလည်း သွားအခေါ်ခိုင်းပြီးတော့ တက္ကသိုလ်ဆရာကြီးကို ပုရောဟိတ်ခေါ်တဲ့တိုင်းပြည်ရဲ့ အကျိုးစီးပွါးဆောင်ရွက် သွန်သင်ဆုံးမတဲ့ ပုရောဟိတ်ရာထူး ခန့်ပြီး ဖခင်ကြီးအရာထားပြီးတော့ ကိုး ကွယ်ဆည်းကပ်ပြီးတော့သွားခဲ့တယ်။ အဲဒါ ဘုန်းကြီးတို့ဘုရားအလောင်းပဲနော်၊(မှန်လှပါဘုရား)၊ ဒီတော့-ဒီဇာတ်တော်မှာ မင်းသားလေးကို ဘုရားအလောင်းတော်က ပြောခဲ့တဲ့စကားမှာ။

**“အရိယော အနရိယံ ကုဗ္ဗန္တံ, ယော ဒဏ္ဍေန နိသေဓတိ၊**

အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က. . တဲ့၊ မဖြူစင် မမြင့်မြတ် အရိယာတို့မလုပ်အပ်တဲ့အမှုမျိုးကို ကျူးလွန်ပြုလုပ်နေတာကို တားမြစ်ပိတ်ပင်ခြင်းအမှုကိုပြုတဲ့ကိစ္စဟာဖြင့် သွန်သင်ဆုံးမခြင်းတစ်မျိုးပဲလို့ ရှေးပညာရှိအဆက်ဆက်တို့ လက်ခံခဲ့ကြပါတယ်. . လို့၊ ဒီစကားလေးမပါဘူးလား ဦးလှကျော်၊ (ပါပါဘုရား)၊ အရိယာဖြစ်တဲ့ပုဂ္ဂိုလ်တစ်ယောက်က အရိယာမဟုတ်တဲ့ပုဂ္ဂိုလ်တွေလုပ်တဲ့ အားထုတ်တဲ့ အလုပ်ကို ကျူးလွန်နေခဲ့ရင်လို့ဆိုတော့-အခုမင်းသားကလေးဟာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟုတ်ရဲ့လား?(မဟုတ်ပါဘုရား)၊ မဟုတ်သေးဘူး ရိုးရိုးယနေ့တရားနာနေကြတဲ့ ဒကာဒကာမတွေလို ပုထုဇဉ်လူသားမျှသာဖြစ်ပါသည်။

အဲဒီပုထုဇဉ်လူသားကို ယခုဇာတ်တော်ထဲမှာ အရိယော-ဖြူစင်မြင့်မြတ်

http://www.dhammadownload.com



အရိယာဇာတ်ရှိတဲ့မင်းသားလေးက၊ အနရိယံ-ဖြူစင်မြင့်မြတ်, အရိယာဇာတ်မဟုတ်တဲ့, လူယုတ်လူညံ့တို့အားထုတ်တဲ့ ခိုးမှုဝှက်မှု, သတ်မှုဖြတ်မှုစတဲ့ ဒုစရိုက်မှုမျိုးကို၊ ကရောန္တံ-ပြုလုပ်အားထုတ်နေသည်ကို. . လို့၊ ဒီလိုလာတာကိုထောက်ရင်ဖြင့်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ပုထုဇဉ်သားကိုပဲ အရိယာလို့ခေါ်ပြီးတော့သုံးနေတယ်ဆိုတာ ဒီဇာတ်သွားအရ မထင်ရှားဘူးလား?၊(ထင်ရှားပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ အရိယာဖြစ်တဲ့နေ့လို့ပြောတာ မှားပါ့မလားဦးလှကျော်၊(မမှားပါဘုရား)။

ကိုင်း-ဒီဇာတ်တော်ဒေသနာမှာပဲ၊ အရိယော အနရိယံ ကုဗ္ဗန္တံ-ဆိုတဲ့ဂါထာနဲ့ပတ်သက်ပြီးတော့တဲ့၊ အရိယာလေးမျိုးရှိတယ်လို့ မှတ်ရမယ်၊ ပရိသတ်ကြီး အရိယာဘယ်နှစ်မျိုးပါလိမ့် (လေးမျိုးပါဘုရား)၊ ၁။အာစာရအရိယာ၊ ဘာအရိယာတဲ့?(အာစာရအရိယာပါဘုရား)၊ ၂။နံပါတ်က-လိင်္ဂအရိယာ။ ဘာအရိယာတုန်း?(လိင်္ဂအရိယာပါဘုရား)။ ၃။နံပါတ်က-ဒဿနအရိယာ၊ ဘာအရိယာတုန်း?(ဒဿနအရိယာပါဘုရား)။ ၄။နံပါတ်က-ပဋိဝေဓအရိယာ၊ ဘာအရိယာပါလိမ့်?(ပဋိဝေဓအရိယာပါဘုရား)။ အဲဒါ အရိယာလေးမျိုး။ ယနေ့ဒကာ,ဒကာမတွေ ငါတို့ဘယ်အရိယာထဲဖြစ်နေကြသလဲ၊ ဘယ်အရိယာဖြစ်ကြသလဲ၊ ငါတို့အရိယာဖြစ်တယ်လို့ ဟောဒီတရားဟောဘုန်းကြီးကစပြီးပြောသွားတယ်၊ ငါတို့ဘယ်အရိယာဖြစ်ကြတာလဲ၊ ဘယ်အရိယာဖြစ်ဖို့လိုသေးသလဲလို့၊ ကိုယ့်ကိုယ်ကိုမေး၊ ကိုယ့်ကိုယ်ကိုစစ်ဆေးရပါလိမ့်မယ်၊ ဒီတော့-နံပါတ်တစ်-အာစာရအရိယာဆိုတာ-ဘယ်လိုအရိယာလဲလို့ဆိုရင်-

**မနုဿော ဝါ ဟောတု တိရစ္ဆာနော ဝါ၊**
**အရိယာစာရေ ဌိတော အာစာရအရိယော နာမ။**

မနုဿော ဝါ ဟောတု တိရစ္ဆာနော ဝါ-လူပဲဖြစ်ဖြစ်, တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အရိယာစာရေ-အရိယာတို့ပြုလုပ်အားထုတ်လေ့ရှိတဲ့လုပ်ငန်း၌၊ ဌိတော-တည်နေသည်ရှိသော်၊ အာစာရအရိယောနာမ-အာစာရအရိယာမည်၏၊ (ဝါ) အရိယာပုဂ္ဂိုလ်ကြီးတွေနဲ့အမူအကျင့်လုပ်ငန်းအားဖြင့်တူသူမည်၏. . .။ ဟော-အာစာရအရိယာက ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုတော့. . . တဲ့၊ အရိယာတွေအားထုတ်လေ့ရှိတဲ့ပြုလုပ်လေ့ရှိတဲ့ လုပ်ငန်းတွေကို ပြုလုပ်အားထုတ်နေတဲ့အချိန်သည်၊ မိမိလည်းအရိယာနဲ့အကျင့်အားဖြင့်တူနေတဲ့အချိန်. . . တဲ့၊ ဒါ့ကြောင့် အာစာရအရိယာဖြစ်

http://www.dhammadownload.com



တဲ့အချိန်လို့ခေါ်တယ်၊ ကောင်းပြီ. . . အရိယာတွေသည် ဘာအလုပ်တွေလုပ်လေ့ရှိသလဲ၊ ဘာအမူအကျင့်တွေရှိသလဲ၊ ဘာအလေ့တွေရှိသလဲ လို့ဆိုရင်-

**"ဒါနံ ဒဒန္တိ အရိယာ"** အရိယာသူတော်စဉ်တို့သည်၊ ဒါနံ-စွန့်ကြဲပေးကမ်းလှူဒါန်းဝေငှမှုကို။ ဒဒန္တိ-(ကရောန္တိ)-ပြုလုပ်အားထုတ်လေ့ရှိကြကုန်၏။ အရိယာပုဂ္ဂိုလ်တွေဟာ ဘယ်လိုအလေ့အထတွေများသလဲ၊ ဘယ်လိုအလုပ်တွေလုပ်နေလေ့ရှိသလဲ လို့ဆိုရင်၊ မနက်ပိုင်း, နေ့လယ်ပိုင်း, ညနေပိုင်း တတ်စွမ်းသမျှစွန့်ကြဲပေးကမ်းဝေငှလှူဒါန်းကြခြင်းဆိုတဲ့ အမှုကိုပြုနေလေ့ရှိတယ်. . တဲ့၊ ပြုလုပ်အားထုတ်လေ့ရှိတယ်။ ဒါဖြင့်-ဒါနမှုဆိုတဲ့ အမှုကိုပြုတာဟာ အရိယာတွေပြုလုပ်အားထုတ်တဲ့ အလေ့ဝါသနာလို့ဆိုတော့ ဘုန်းကြီးတို့ ဘုရားအလောင်းကြီး ပါရမီဆယ်ပါးဖြည့်တော့ ဒါနပါရမီကြီးဖြည့်မသွားဘူးလား?(ဖြည့်သွားပါဘုရား)၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ဒါနကို ဘုရားအလောင်းတော်ကြီးဖြည့်သွားတယ်၊ ဘုရားဖြစ်တော်မူသည့်အထိ ဒါနအမှုကြီးကိုပြုတော်မူတယ်။

ဝိသာခါ, အနာထပိဏ်အစရှိတဲ့ သောတာပန် ကျောင်းဒကာ ကျောင်းအမတွေ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကိုပြုလေ့ အားထုတ်လေ့ရှိကြတယ်၊ သာဝတ္ထိပြည်မှာရှိနေကြတဲ့ အရိယာခုနစ်ကုဋေတို့သည် စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကိုပြုလုပ်အားထုတ်လေ့ရှိကြတယ်. . . လို့ဆိုတော့-ယနေ့ အားလုံးသော ဒကာ,ဒကာမတွေ မိမိတို့မနက်က တတ်စွမ်းသမျှစွန့်ကြဲပေးကမ်းလှူဒါန်းမှုတွေပြုကြ၊ နေ့လယ်မှာပြုကြ၊ ညနေမှာပြုကြ၊ ရှေးရှေးကပြုခဲ့ကြဆိုတော့ စွန့်ကြဲပေးကမ်းလှူ ဒါန်းမှုကိုပြုနေတဲ့အချိန်သည် အရိယာတွေရဲ့ အမူအကျင့်ကိုပြုနေရာရောက်သောကြောင့် အာစာရအရိယာ. . . မခေါ်ထိုက်ဘူးလား ဦးလှကျော်?(ခေါ်ထိုက်ပါဘုရား)။

အရိယာတွေနဲ့ အကျင့်ချင်း စွန့်ကြဲပေးကမ်းလှူဒါန်းပုံချင်းတူမသွားဘူးလား?(တူသွားပါဘုရား)၊ ဝိသာခါကျောင်းအမကြီး ဆွမ်း,သင်္ကန်း,ကျောင်း,ဆေးလေးရပ်သောပစ္စည်းလှူနေသလိုပဲ၊ ယနေ့ဒကာဒကာမတွေကလည်း လှူနေတယ်လို့ဆိုတော့ လှူတဲ့အကျင့်ချင်းမတူဘူးလား?၊(တူပါဘုရား)၊ အဲဒါကို အာစာရအရိယာလို့ခေါ်ပါတယ်၊ အာစာရဆိုတာ-အကျင့်၊ အရိယာဆိုတာက-အရိယာနဲ့တူတာ၊ အကျင့်အားဖြင့် အရိယာနဲ့တူသူကို အာစာရအရိယာလို့ခေါ်ပါသည်။

http://www.dhammadownload.com



ဒါမှတစ်ပါး အရိယာတွေဘယ်လိုအကျင့်မျိုးရှိသေးတုန်း ငါးပါးသီလကို လုံလုံခြုံခြုံကြီးထိန်းကြတယ်၊ မကျိုးမပေါက်မပြောက်မကြားရအောင် ငါးပါးသီလကို ထိန်းကြတယ်။ ရှစ်ပါးသီလ, ကိုးပါးသီလတွေကို တတ်စွမ်းသမျှထိန်းသိမ်းစောင့် ရှောက်ဖော်ရကြတယ်၊ အဲဒါ-အရိယာတွေရဲ့အမူအကျင့်။ ဒါဖြင့်-ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့ဘုရားရှင်ကိုအတုပြုနိုင်တဲ့နေ့၊ အရှင်သာရိပုတ္တရာ, အရှင် မောဂ္ဂလာန်, အရှင်အာနန္ဒာ, အရှင်အနုရုဒ္ဓါအစရှိတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ကို အတုပြုနိုင်တဲ့နေ့. . . ဘာပြုလို့တုန်းလို့ဆိုတော့-ပါဏာတိပါတသီလချင်းအား ဖြင့်ယှဉ်ကြည့်လေ-

**ယာဝဇီဝံ အရဟန္တော ပါဏာတိပါတာ ပဋိဝိရတာ ဟောန္တိ။**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်. . . အသက်ထက်ဆုံး သူတစ်ပါး အသက်ကိုသတ်ဖြတ်မှုမှရှောင်ကြဉ်ခြင်းဆိုတဲ့ ပါဏာတိပါတသီလကြီးလုံတော်မူ တယ်၊ ဒကာဦးလှကျော် ဘုရားရှင်က သူ့အသက်သတ်မှုပြုသေးသလား?(မပြု ပါဘုရား)။ ပရိသတ်ကြီး ဘုရားရှင်က သူ့အသက်သတ်မှုဆိုတဲ့ ပါဏာတိပါတပြု သေးသလား?(မပြုတော့ပါဘုရား)၊ ဒါဖြင့်-ယနေ့ ဒကာ ဒကာမတွေ ပါဏာတိပါ တ သူ့အသက်သတ်မှုကို ဒီနေ့မပြုခဲ့ကြရင် ဘုရားရှင်နဲ့ အဲဒီသီလချင်းအားဖြင့် မတူဘူးလား?(တူပါဘုရား) ဒါဖြင့် ဘုရားရှင်ကိုအတုပြုနိုင်တဲ့နေ့လို့ မဆိုနိုင်ဘူး လား?(ဆိုနိုင်ကြောင်းပါဘုရား)၊ အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်ကြီးတို့သည်၊ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, မိထွေးတော်ဂေါတမီ, ခေမာထေရီဆို တဲ့ ရဟန္တာမ,ရဟန္တာယောကျ်ား အရှင်မြတ်ကြီးတို့သည် သူ့အသက်သတ်မှုမှရှောင် ကြဉ်ကြကုန်၏. . . အသက်ထက်ဆုံး ရှောင်ကြဉ်ကြကုန်၏။

**"အဟံပ'ဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ"** အဟံပိ-ငါသည်လည်း၊ အဇ္ဇ-ယနေ့၊ ဣမဉ္စဒိဝသံ-ဒီနေ့တနေ့လုံး၊ ဣမဉ္စရတ္တိံ-ဒီညဥ့်တစ်ညဥ့်လုံး၊ ပါဏာတိပါ တာ ပဋိဝိရတော ဟောမိ-သူ့အသက်သတ်ခြင်းမှ ငါရှောင်ကြဉ်နိုင်ခဲ့တယ်။ **ဣမိနာ အင်္ဂေနာပဟံ အရဟတ္တံ အနုကရောမိ။** ဣမိနာ အင်္ဂေန- ဒီပါဏာတိပါတသီလ ကြီးမှ လုံခြုံခြင်းဆိုတဲ့ အချင်းအရာအင်္ဂါအားဖြင့်ကား၊ အဟံ-ငါသည်၊ အရဟတ္တံ- ဘုရား,ပစ္စေကဗုဒ္ဓါ, အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်အစရှိတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေကို၊ အနုကရောမိ-အတုပြုနိုင်တဲ့ခုနေ့ပဲ. . . . ။

http://www.dhammadownload.com



ဟော-ဒီတော့ ပါဏာတိပါတသီလကြီးအားဖြင့် ဘုရားရှင်သူ့အသက်သတ်ခြင်း လုံခြုံရှောင်ကြဉ်သလို လုံခြုံတော်မူသလို ဒီနေ့ဒကာဒကာမတွေ မလုံဘူးလား,လုံသလား?(လုံပါဘုရား) ဒါဖြင့် ဘုရားရှင်နဲ့မိမိတို့နဲ့ ပါဏာတိပါတသီလကြီးလုံပုံချင်းအားဖြင့် တူသလား မတူဘူးလား?(တူပါဘုရား)၊ ဒါဖြင့်-ဘုရားရှင်က အရိယာပုဂ္ဂိုလ်ကြီးဖြစ်တော့ မိမိတို့သည် ဘုရားရှင်တည်းဟူသောအရိယာနဲ့ ဒီနေ့ငါးပါးသီလ ပါဏာတိပါတသီလမှာ လုံပုံအကျင့်အားဖြင့် တူသလား မတူဘူးလား?(တူပါဘုရား) ဒါဖြင့်-အရိယာဖြစ်တယ်လို့ မခေါ်နိုင်ဘူးလား? (ခေါ်နိုင်ပါဘုရား) အဲဒီအရိယာမျိုးကို အာစာရအရိယာလို့ တိလမုဋ္ဌိဇာတ်တော်မှာ လာပါတယ်။

ဒါ့ကြောင့်-ယနေ့ဒကာ ဒကာမတွေ အရိယာဖြစ်တဲ့နေ့(ဘာအရိယာဖြစ်တာတုန်း အာစာရအရိယာဖြစ်တဲ့နေ့။ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် သူတစ်ပါးပစ္စည်းကို မတရားခိုးယူခြင်းဆိုတဲ့ အဒိန္နာဒါနသီလကြီး မလုံဘူးလား?(လုံပါဘုရား) ဒါဖြင့်-ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီနေ့ရှစ်ပါးသီလထိန်းထားတဲ့နေ့မှာဖြင့် သူ့ပစ္စည်းဥစ္စာကိုခိုးယူခြင်းဆိုတဲ့ အဒိန္နာဒါနသီလကြီးကကော မလုံကြဘူးလား?(လုံပါဘုရား) ဒါဖြင့်-အဒိန္နာဒါနသီလကြီးက လုံပုံချင်းအားဖြင့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနဲ့ ယနေ့ဒကာဒကာမတွေ မတူဘူးလား? (တူပါဘုရား) အဲဒါ အာစာရအရိယာလို့ ခေါ်ပါသည်။

ကိုယ့်ကိုယ်ကိုအထင်မသေးလိုက်ပါနဲ့တဲ့၊ ငါဟာ ဒီနေ့ ရဟန္တာကြီးတွေ အတုပြုနိုင်တဲ့နေ့ပဲ၊ ရဟန္တာ အရှင်မြတ်ကြီးတွေ ရဟန္တာမ အရှင်မြတ်ကြီးတွေကို ငါအတုပြုနိုင်တဲ့ နေ့ပဲလို့ မိမိကိုယ်ကိုယ် မိမိ, မိမိသီလကိုမိမိ အဲလိုမြှင့်တင်လိုက်ပါ. . . တဲ့ မြှင့်တင်လိုက်ပါ၊ ဘုရားရှင်ကအင်္ဂုတ္တိုရ်မှာ ဟောတော်မူပါတယ်။ အဲဒါ သီလာနုဿတိ ကမ္မဋ္ဌာန်းလည်းဖြစ်ပါတယ်၊ မိမိရဲ့သီလ မြင့်မြတ်စင်ကြယ်ပုံကိုလည်းပဲ အာရုံပြုပြီးသားဖြစ်လို့ ပီတိပါမောဇ္ဇ-ဝမ်းမြောက်မှုတွေ ဖြစ်လာပါတယ်တဲ့၊ အဲဒီပီတိပါမောဇ္ဇ ဝမ်းမြောက်မှုတွေနဲ့ တစ်ဆင့်တိုးပြီးတော့ သွားခဲ့ရင် တစ်မဂ်တစ်ဖိုလ် ကျွတ်တန်းခိုနိုင်ပါတယ်။

မိထွေးတော်ဂေါတမီ ခေမာထေရီအစရှိတဲ့ ရဟန္တာမ အရှင်မြတ်ကြီးတွေ အပြဟ္မစရိယာစတဲ့ သိက္ခာပုဒ်ကြီးတွေမှာ လုံခြုံတော်မူကြသလို၊ မုသာဝါဒ,သုရာ

http://www.dhammadownload.com



မေဒယသိက္ခာပုဒ်သီလကြီးတွေ တစ်သက်လုံးရာသက်ပန်လုံခြုံကြသလို၊ ငါလည်းပဲ ဒီနေ့ ဒီညဉ့် ကိုယ့်ကိုယ်ကိုတော့ ရာသက်ပန်လို့ ပြောလို့မရသေးလို့ ဒကာဦးလှကျော်နော်၊ ငါသည်လည်း အဇ္ဇယနေ့၊ ဣမဉ္စရတ္တိံ-ဒီညဉ့်ပတ်လုံးလည်းကောင်း၊ ဣမဉ္စဒိဝသံ-ဒီနေ့ပတ်လုံးလည်းကောင်း၊ ပုထုဇဉ်ဆိုတော့ ရာသက်ပန်လို့ ပြောလို့ ရရဲ့လား?(မရပါဘုရား)၊ အခု အမေလိမ္မာ, အဖေလိမ္မာ, အမေသူတော်ကောင်း, အဖေသူတော်ကောင်း, မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းမိနေလို့ သူတော်ကောင်းဖြစ်ပေမယ်လို့ နောက်တစ်ဘဝဖြုန်းကနဲ့ ပြောင်းသွားရင်၊ သို့မဟုတ်- ဒီဘဝမှာပင် လျှင် အမေမှား,အဖေမှား,မိတ်ဆွေမှား ပေါင်းမိပြီလို့ဆိုရင် ဖောက်ပြန်မသွားနိုင်ဘူးလား?(ဖောက်ပြန်သွားနိုင်ပါဘုရား)

ဒါ့ကြောင့်မို့ ကိုယ့်အတွက်ကျတော့ ဣမဉ္စရတ္တိံ ဣမဉ္စဒိဝသံ- ဒီနေ့ပတ်လုံး, ဒီညဉ့်ပတ်လုံး၊ ဒါဖြင့်-ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီနေ့ရှစ်ပါးသီလကြီးကို လုံအောင်ထိန်းသိမ်းစောင့်ရှောက်တော်မူကြသဖြင့်၊ ရဟန္တာအရှင်မြတ်ကြီးတွေ ရှစ်ပါးသီလကို ရာသက်လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ဒီနေ့ ရဟန္တာအရှင်မြတ်ကြီးတွေ ရဟန္တာမအရှင်မြတ်ကြီးတွေနဲ့ ရှစ်ပါးသီလထိန်းသိမ်းပုံချင်းအားဖြင့် တူသလား မတူဘူးလား?(တူပါဘုရား) အဲဒါကို အာစာရအရိယာဖြစ်တယ်. . . လို့ခေါ်ပါတယ်။

ကိုင်း-ဒါဖြင့် စွန့်ကြဲပေးကမ်းလှူဒါန်းပုံ ဒါနအားဖြင့်လည်း စွန့်ကြဲပေးကမ်းလှူဒါန်းမှုပြုနေပြီဆိုရင် အရိယာတွေလို ဒီနေ့ပြုနေတဲ့နေ့ပဲ၊ ဒီနေ့ ငါအရိယာတွေကို ပြိုင်နေတဲ့နေ့ပဲ၊ ငါဒီနေ့ အရိယာတွေနဲ့ တူအောင်လုပ်နေနိုင်တဲ့နေ့ပဲလို့ ဒီကနေ့ တိလမုဋ္ဌိဇာတ်တော်ကို ကြားနာရတဲ့နေ့က စပြီးတော့ နှလုံးမသွင်းနိုင်ဘူးလား ဒကာဦးလှကျော်(သွင်းနိုင်ပါဘုရား) အဲဒီလိုဆိုရင် ကိုယ့်စိတ်ထဲမှာ တက်ကြွမလာပေဘူးလား?(တက်ကြွပါဘုရား) ဒီကုသိုလ်ကောင်းမှုတွေ ထပ်တလဲလဲပြုချင်စိတ် ပေါ်မလာပေဘူးလား?(ပြုချင်စိတ်ပေါ်လာပါဘုရား)

သီလတွေ လုံခြုံအောင်စောင့်ထိန်းတဲ့အချိန်, ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းထားနိုင်တဲ့အချိန်, ရှစ်ပါးသီလ,ကိုးပါးသီလတွေကို လုံခြုံအောင် ထိန်းထားနိုင်တဲ့အချိန်သည် ငါဘုရားကိုအတုပြုနိုင်တဲ့နေ့. . .၊ မြတ်စွာဘုရား အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ ကိလေသာအာသဝေါကင်းကွာတော်မူတာနဲ့ မိမိက

http://www.dhammadownload.com



မကုန်သေးတာ ဒါပဲကွာပါတယ်၊ သီလထိန်းပုံချင်းကျတော့ မတူဘူးလား?(တူပါဘုရား) ရဟန္တာအရှင်မြတ်ကြီးတွေ ရဟန္တာမအရှင်မြတ်ကြီးတွေနဲ့ မိမိနဲ့သီလချင်းအားဖြင့် မတူဘူးလား?(တူကြောင်းပါဘုရား) ဒီတော့-သီလအကျင့်, ဒါနအကျင့်အားဖြင့် တူအောင်ပြုနိုင်တဲ့နေ့မို့လို့ အစာရအရိယာဖြစ်တဲ့နေ့. . . တဲ့၊ အရိယာဖြစ်တဲ့နေ့။ ဒကာဒကာမတွေ ဘာအရိယာဖြစ်တာတုန်း?(အာစရအရိယာပါဘုရား)

ဇာတ်တော်မှာလာတဲ့စကားကို ဘုန်းကြီးယူပြောပါတယ်၊ ဇာတ်တော်ထဲကလာတဲ့စကားကလည်း ဘုရားဟော ရဟန္တာအရှင်မြတ်ကြီးတွေ ဆောင်ရွက်တော်မူပြီးတော့ ထားတော်မူခဲ့တဲ့ သင်္ဂါယနာသုံးတန်တင်ထားတော်မူတဲ့စကားဖြစ်ပါတယ်၊ ဒီတော့ ယနေ့ဒကာဒကာမတွေကို မြောက်ဖို့ပင့်ဖို့ထားတဲ့ စကားမဟုတ်ပါ၊ ဒကာဒကာမတွေ အားတက်ဖို့ရွှင်လန်းဖို့ အားကျဖို့ တိုးတက်ပြီးတော့အားထုတ်နိုင်အောင် ထားခဲ့တဲ့ စကားဖြစ်လေသောကြောင့် လိုက်နာသင့်သလားမလိုက်နာသင့်ဘူးလား?(လိုက်နာသင့်ပါဘုရား) ဒီတော့-အာစာရအရိယာငါဖြစ်တဲ့နေ့ပဲလို့ ဒါနပြုတဲ့အခါ သီလလုံအောင် ထိန်းနေတဲ့အခါ ကုသိုလ်ကောင်းမှုပြုတဲ့အခါတိုင်း, အခါတိုင်း ငါဟာဖြင့် အရိယာကြီးတွေကို အတုပြုနိုင်တဲ့ နေ့ပဲလို့ကိုယ့်ကိုယ်ကို ဆုံးဖြတ်ပါတဲ့နော်၊(မှန်လှပါဘုရား)။ နံပါတ်(၂)က လိင်္ဂအရိယာ။ လိင်္ဂအရိယာဆိုတာ ဘယ်လိုအရိယာတုန်းဆိုတော့ -

**နိဝါသန ပါရုပန လိင်္ဂဂ္ဂဟဏေန ပန လိင်္ဂအရိယော နာမ။**

နိဝါသန ပါရုပနလိင်္ဂဂ္ဂဟဏေန-အရိယာဖြစ်တော်မူတဲ့ ဘုရား, ရဟန္တာရဟန္တာမကြီးတွေဝတ်ပုံ, ရုံပုံ, အသွင်သဏ္ဍာန်ကိုယူခြင်းအားဖြင့်ကား၊ လိင်္ဂအရိယောနာမ-လိင်္ဂအရိယာဖြစ်တဲ့နေ့ . . . လိင်္ဂဆိုတာ အသွင်သဏ္ဍာန်ကို လိင်္ဂလို့ခေါ်တယ် ဒကာဦးလှကျော်၊(မှန်လှပါဘုရား) အရိယာက-အရိယာ၊ အရိယာတွေရဲ့အသွင်သဏ္ဍာန်က ဘုရားရှင်ရဲ့အသွင်သဏ္ဍာန်က သစ်ခေါက်ဆိုးသင်္ကန်း, သင်းပိုင်, သင်္ကန်းကြီးတွေ မဝတ်ဘူးလား?(ဝတ်ပါဘုရား)၊ အရှင်သာရိပုတ္တရာ,အရှင်မဟာမောဂ္ဂလာန်အရှင်မြတ်ကြီးတွေသင်္ကန်းမဝတ်ကြဘူးလား?(ဝတ်ကြပါဘုရား) ရဟန္တာအရှင်မြတ်ကြီးတွေ သင်္ကန်းဝတ်ရုံတော်မမူကြဘူးလား?(ဝတ်ပါဘုရား) အဲဒီလို ရဟန္တာမကြီးတွေရဲ့အသွင်, ဘုရားရှင်ရဲ့အသွင်, ရဟန္တာအရှင်မြတ်ကြီးတွေရဲ့အသွင်ကို ယူနိုင်တဲ့နေ့ဟာဖြင့် လိင်္ဂအရိယာဖြစ်တဲ့နေ့ပဲလို့ ဆုံးဖြတ်ပါတဲ့။

ဒီတော့-ဘုန်းကြီးတို့ ဒကာဒကာမတွေ အဲဒီအသွင်တော့ ယူနိုင်ကြရဲ့

http://www.dhammadownload.com



လား?(မယူနိုင်သေးပါဘုရား)၊ ဒုလ္လဘရဟန်းခံတဲ့အခိုက် မယူနိုင်ဘူးလား? (ယူနိုင်ပါဘုရား)၊ ဒုလ္လဘရဟန်းခံတဲ့အခိုက် ဒုလ္လဘရဟန်းဝတ်တဲ့အခိုက် မိမိခန္ဓာကိုယ်ပေါ်မှာ ဖန်ရည်တပ်စွမ်းတဲ့ သင်္ကန်းကို ဝတ်ရုံနေတဲ့အချိန်သည် ငါ လိင်္ဂအရိယာဖြစ်တဲ့နေ့. . . ပဲ၊ ဘာအရိယာပါလိမ့်?(လိင်္ဂအရိယာပါဘုရား) လိင်္ဂဆိုတာ အသွင်သဏ္ဌာန်၊ ဘယ်လိုအသွင်တုန်းဆိုတော့- ဘုရားအသွင်, ရဟန္တာအသွင်, ရဟန္တာမကြီးရဲ့အသွင်ဆိုတော့ အသွင်သဏ္ဌာန်အားဖြင့် အရိယာနဲ့တူတဲ့နေ့ကို လိင်္ဂအရိယာဖြစ်တဲ့. . . နေ့လို့ခေါ်ပါတယ် ဒကာဒကာမတို့(မှန်လှပါဘုရား)၊ ဒါဖြင့်ဒုလ္လဘရဟန်းဝတ်တယ်၊ သီလရှင်ဝတ်တယ်ဆိုရင် လိင်္ဂအရိယာမဖြစ်ဘူးလား?(ဖြစ်ပါဘုရား) ဒါဖြင့်-ဒကာ ဦးလှကျော် လိင်္ဂအရိယာ ဘယ်နှစ်ခါလောက်ဖြစ်ပြီတုန်း?(တစ်ခါတည်းဖြစ်ဖူးပါဘုရား)၊ သြ. . . တစ်ခါဖြစ်ဖူးတယ်နော်၊ သာခုခေါ်ရမှာပဲ၊

ယနေ့ဒကာဒကာမတွေ ငါ လိင်္ဂအရိယာ ဘယ်နှစ်ခါ ဖြစ်ဖူးပြီလည်းလို့ ကိုယ့်ကိုယ်ကို မမေးထိုက်ဘူးလား?(မေးထိုက်ပါဘုရား) ဘုရားရှင်သာသနာတော်ကြီးနဲ့လည်း တွေ့ကြုံနေပါလျှက်, ဘုရားရှင်ရဲ့ အသွင်ကိုလည်း မြင်ရပါလျှက်, ရဟန္တာအရှင်မြတ်ကြီးတွေရဲ့ အသွင်ကိုလည်း မြင်ရပါလျှက်, အဲဒီအသွင်မျိုးမှ ငါမယူနိုင်ဘူးဆိုရင် တစ်ဖြစ်မရှုံးဘူးလား?(ရှုံးပါဘုရား)၊ ဒီတော့-ငါတော့ဖြင့် အဲဒီလိင်္ဂအရိယာဖြစ်အောင်တော့ ကြိုးစားအုန်းမယ်. . . လို့ ကိုယ့်ကိုယ်ကို မောင်းတင်ထားပါနော်၊(ကြိုးစားအုန်းမှာပါဘုရား)၊

အဲ-နည်းနည်း အနုစားနဲ့ ပြောရရင်တော့ ဘုန်းကြီးတို့ အမျိုးသမီးလေးတွေအတွက် ယောဂီဝတ်အသွင်လေးတွေဝတ်လို့ တစ်ချို့မရှိကြဘူးလား?(ရှိပါဘုရား)၊ အမျိုးသားတွေဘက်ကလည်းပဲ ယောဂီပုဆိုး၊ ယောဂီအင်္ကျီ၊ သို့မဟုတ် ဝတ်ဖြူစင်ကြယ်. . . တဲ့၊ အဲဒီအဝတ်မျိုး ဝတ်ခဲ့ ရင် အမျိုးသမီးတွေဘက်ကလည်း အင်္ကျီကြောင်ကြောင် ကျားကျားတွေ မဟုတ်ဘဲနဲ့ ဖြူစင်သန့်ရှင်းတဲ့ အဝတ်ကို ဝတ်လို့၊ အောက်ပိုင်းက ယောဂီအသွင်ကို ဝတ်ပြီးတော့နေနိုင်ခဲ့ရင် အဲဒါ အနုစား လိင်္ဂအရိယာတဲ့၊ အရိယာတွေရဲ့အသွင်ကို အနည်းငယ်အတုပြုတယ်လို့ ခေါ်ရတယ်တဲ့ ဦးလှကျော်နော်၊(မှန်လှပါဘုရား)၊ ဒီတော့-ဥပုသ်စောင့်တဲ့နေ့များ ယောဂီအဝတ်လေးများ ဝတ်နေနိုင်ခဲ့ရင် ကိုယ့်ကိုယ်ကို လိင်္ဂအရိယာဖြစ်တဲ့နေ့ပဲလို့ မှတ်ရမယ်နော်၊ (မှန်လှပါဘုရား) ဒီတော့-ကိုယ့်ကိုယ်ကို သတိထားပြီတော့ လိင်္ဂအရိယာ

http://www.dhammadownload.com



ဖြစ်အောင်လည်း ငါကျင့် ဆောင်ကြိုးကုတ် အားထုတ်ဦးမယ်၊ ဓာတ်ပါသွားအောင်၊ ဓာတ်ပါသွားအောင်နော်၊ (မှန်လှပါဘုရား) ကိုင်း-(၃) နံပါတ်က ဒဿနအရိယာ။ ဒဿနအရိယာဆိုတာကျတော့-

ဣရိယာပထေနစ သမန္နာဂတော ဒဿနအရိယောနာမ။

ဣရိယာပထေန-အရိယာပုဂ္ဂိုလ်ကြီးတွေရဲ့ သွားပုံ၊ လာပုံ၊ ရပ်ပုံ၊ ထိုင်ပုံ၊ လျောင်းပုံဆိုတဲ့ ဣရိယာပုထ်အားဖြင့်၊ ဒဿနအရိယောနာမ-ဒဿနအရိယာမည်၏. . .၊ အရိယာပုဂ္ဂိုလ်ကြီးတွေသွားပုံ လာပုံထိုင်ပုံ ရပ်ပုံအနေအထားအားဖြင့်၊ သွားရပ်ထိုင်လျောင်း ဣရိယာလေးပါး အပေါင်းကိုပြုလုပ်အားထုတ်နိုင်ခဲ့ရင်. . အဲဒါဒဿနအရိယာဖြစ်တဲ့နေ့. . အရိယာပုဂ္ဂိုလ်ကြီးတွေရဲ့သွား,ရပ်,ထိုင်လျောင်းဣရိယာပုထ်လေးပါးက အင်မတန်သိမ်မွေ့တယ်၊ တရားလက်မလွှတ်ဘူး၊ ဦးလှကျော်ရဲ့နော်(လက်မလွှတ်ပါဘုရား) တရားလက်မလွှတ်ဘဲနဲ့ အင်မတန်သိမ်မွေ့စွာသွားတယ် သိမ်မွေ့စွာထိုင်တယ်၊ ညင်ညင်သာသာလျောင်းတယ်၊ သတိနဲ့လျောင်းတယ်၊ တရားလက်မလွှတ်ဘဲနဲ့ သွား,ရပ်,ထိုင်,လျောင်းဆိုတဲ့ ဣရိယာပုထ်လေးပါးနဲ့နေတယ်၊ အဲဒီဣရိယာပုထ်လေးပါးမှာ တရားလက်မလွှတ်ဘဲနဲ့ နေနိုင်ခဲ့ရင် ဒဿနအရိယာဖြစ်တဲ့နေ့. . .။

ပိုပြီးတော့ ဒကာဒကာမတွေမြင်လွယ်ထင်လွယ်အောင် ပြောရရင်ဖြင့် ဒဿနဆိုတာ-အမြင်၊ အရိယာဆိုတာက-အရိယာ၊ အရိယာပုဂ္ဂိုလ်တွေမြင်တဲ့ အမြင်မျိုးနဲ့ နေနိုင်ပြီဆိုရင် ဒဿနအရိယာဖြစ်တဲ့နေ့။ ဒဿနဆိုတာက အမြင်နော် ဦးလှကျော်၊(မှန်ပါဘုရား) အရိယာဆိုတာ အရိယာပုဂ္ဂိုလ်များ၊ အရိယာပုဂ္ဂိုလ်များရဲ့ အမြင်မျိုးမြင်အောင် ကိုယ့်ကိုယ်ကိုကျင့်ဆောင်ကြိုးကုတ်အားထုတ်နေနိုင်တဲ့အချိန်သည် ဒဿနအရိယာဖြစ်တဲ့အချိန်. . . လို့ခေါ်တယ်၊(မှန်ပါဘုရား) ကောင်းပြီ. . . ဒါဖြင့်ဒကာ,ဒကာမတို့ အရိယာပုဂ္ဂိုလ်တွေ ဘယ်လိုအမြင်မြင်သလဲလို့ မေးစရာမရှိဘူးလား?(ရှိပါဘုရား)။

ဒီတော့-ဘုန်းကြီးတို့မြတ်စွာဘုရား ဓမ္မစကြာတရားရှေးဦးစွာဟောတော်မူတဲ့အချိန်မှာ အရှင်ကောဏ္ဍညသောတာပန် အရင်ဆုံးဖြစ်တယ်, တရားထူးရတယ်လို့ ယနေ့ဒကာဒကာမတွေကြားဖူးကြပါသည်၊ အဲဒီသောတာပန်ဖြစ်တော်မူတဲ့ အရှင်ကောဏ္ဍည သူ့ကိုယ်သူသောတာပန်တည်တယ်ဆိုတဲ့အကြောင်း၊

http://www.dhammadownload.com



သောတာပန် အရိယာဖြစ်တဲ့အချိန်မှာ ကမ္ဘာလောကကြီးအပေါ် သူဘယ်လိုမြင်တဲ့ အကြောင်းကိုဓမ္မစကြာမှာ သူကြွေးကြော်လိုက်တဲ့စကားကလေးတစ်လုံး၊ ဘယ့်နဲ့ ကြွေးကြော်လိုက်တုန်း-

"ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ"

ယံကိဉ္စိ-အမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်နာမ်ဓမ္မသင်္ခါရသည်၊ သမုဒယဓမ္မံ-သူ့အကြောင်း သူ့အကြောင်းတွေကြောင့် စုပေါင်းပြီးဖြစ်ပေါ်လာတဲ့ သဘောရှိ၏၊ တံဓမ္မံ-ထိုသူ့အကြောင်းသူ့အကြောင်းတွေကြောင့် အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်နှစ်ပါးသင်္ခါရတရား အပေါင်းသည်၊ နိရောဓဓမ္မံ- ချုပ်ပျောက်ကုန်ဆုံး ပျက်စီးခြင်းသဘောရှိချေ၏၊ ဖြစ်ပေါ်လာသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ သူ့အကြောင်းသူ့အကြောင်းကြောင့် အကြောင်းအားလျော်စွာဖြစ် ပေါ်လာပြီးသည်နောက် ပျောက်သွားကြတာချည်းပါပဲ. . . လို့ ဟောဒီလို ကြွေ ကြော်လိုက်တယ် အရှင်ကောဏ္ဍညက၊ ဓမ္မစကြာရတဲ့ အမျိုးကောင်းသား အမျိုး ကောင်းသမီးတွေ သိပါလိမ့်မယ်. . ရဖူးပါလိမ့်မယ်။

"ယံ ကိဉ္စိသမုဒယ ဓမ္မံ သဗ္ဗတံ နိရောဓဓမ္မန္တိ"

ဒီအပိုဒ်ကလေး ဓမ္မစကြာထဲပါပါတယ်၊ အဲဒါဘယ်သူကြွေကြော်တာတုန်းဆို ရင် အရှင်ကောဏ္ဍညကြွေကြော်လိုက်တဲ့ စကားဖြစ်ပါတယ်၊ အရှင်ကောဏ္ဍညဘယ် အချိန်ကြွေကြော်လိုက်တာလဲဆိုရင်-

"ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော"

တဲ့ တရားထူးမြင်တဲ့အချိန်မှာ၊ အရိယာဖြစ်တဲ့အချိန်မှာ ကြွေကြော်လိုက်တဲ့စကားဖြစ် ပါတယ်၊ ဒါဖြင့်-အရိယာပုဂ္ဂိုလ်တွေရဲ့အမြင်ဟာ ဘယ်လိုအမြင်တုန်းဆိုရင် ကမ္ဘာ လောကရှိရှိသမျှရုပ်နာမ်ဓမ္မသင်္ခါရတွေဟာ သူ့အကြောင်းသူ့အကြောင်းကိုစွဲပြီး တော့ ရုတ်ကနဲ ရုတ်ကနဲဖြစ်ပေါ်နေတယ်၊ အဲဒီဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရ တွေဟာလည်း ဖြစ်ပြီးတဲ့နောက် ပျောက်သွားတာချည်းပဲ၊ ဖြစ်ပြီးတော့ပျက်သွား တာချည်းပဲ၊ (ဝါ)အကျဉ်းချုပ်လိုက်တော့ ဖြစ်ပျက်ပဲလို့မြင်တဲ့အမြင်ဟာ အရိယာ တွေရဲ့ အမြင်မဟုတ်ဘူးလား?(အရိယာအမြင်ပါဘုရား) ပရိသတ်ကြီးဖြစ်ပျက်ဆို တဲ့အမြင်ဟာ အရိယာတွေရဲ့အမြင်ဟုတ်သလား မဟုတ်ဘူးလား?(ဟုတ်ပါဘုရား) ဒါ့ဖြင့်-ဓမ္မစကြာမှာလာနေတဲ့ အရှင်ကောဏ္ဍညကြွေကြော်နေတဲ့ စကားဟာ အကျဉ်း ချုပ်လိုက်ရင် ဖြစ်ပျက်လို့ အဓိပ္ပါယ်ချုပ်လို့ရပါတယ်။

http://www.dhammadownload.com



**ယံကိဥ္စိ သမုဒယ ဓမ္မံ**။ ယံကိဥ္စိ-အကြောင်းအမှတ်မရှိကြွင်းမဲ့ဉဿုံ အလုံး စုံသော ရုပ်နာမ်ဓမ္မသင်္ခါရသည်၊ သမုဒယဓမ္မံ-အကြောင်းကိုစွဲ၍ ရုတ်ကနဲဖြစ်ပေါ် လာခြင်း သဘောရှိ၏၊ တံသဗ္ဗံ-ထိုအလုံးစုံသော ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ဓမ္မသင်္ခါ ရဟူသမျှသည်၊ နိရောဓဓမ္မံ-ချုပ်ပျက်ခြင်းသဘောရှိ၏၊ ဒီတော့-ဖြစ်လာသမျှ ပျက် တာပဲ ချုပ်တာပဲ. . . လို့မြင်တဲ့အမြင်ဟာ ကမ္ဘာလောကကြီးပေါ်မှာ အရိယာတွေ ရဲ့ အမြင်ဆိုတာ မသေချာဘူးလား?(သေချာပါဘုရား)။

ဒါဖြင့်-ယနေ့ဒကာဒကာမတွေ မိမိတို့ရဲ့ ခန္ဓာကိုယ်မှအစပြုပြီးတော့ ရုပ် နာမ်ဓမ္မသင်္ခါရတွေရဲ့ အပေါ်မှာ ဖြစ်ပြီးတော့ပျက်တဲ့ သဘောသဘာဝပဲ (ဝါ)ဖြစ် ပျက်ပဲလို့ ဝိပဿနာဉာဏ်နဲ့တင်ပြီးတော့ ဆင်ခြင်နေနိုင်တဲ့အချိန်သည် အရိယာ တွေနဲ့ အမြင်ချင်းတူတဲ့အချိန် မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား) ဒါ့ဖြင့် ဣရိယာ ပုထ်လေးပါးမှာ အရိယာတွေမြင်တဲ့ အမြင်အတိုင်း မိမိတို့ကလည်း ဣရိယာပုထ် လေးပါးအပေါ်မှာ အဲဒီအမြင်မျိုး မြင်နေနိုင်တဲ့အချိန်သည် ဒဿနအရိယာဖြစ်တဲ့ အချိန်. . လို့ဆိုတော့ ကိုယ့်ကိုယ်ကို ဒဿနအရိယာဖြစ်အောင်ကော-မကြိုးစား ထိုက်ဘူးလား?(ကြိုးစားထိုက်ပါဘုရား) ခုနက အာစာရအရိယာကတော့ဖြစ် သွားပြီ အကျင့်ချင်းတူလို့နော်။

လိင်္ဂအရိယာကလည်း အသွင်သဏ္ဍာန်များယူတဲ့အခါ ရဟန်းအသွင် ရဟန်းမအသွင်ယူနိုင်တဲ့အချိန်တော့ နံပတ်တစ် လိင်္ဂအရိယာဖြစ်မှာပေါ့နော်(မှန် ပါဘုရား) ယောဂီအဝတ်ကလေးဝတ်လို့ အမျိုးသားဆိုရင် ဝတ်ဖြူစင်ကြယ်ဝတ်လို့ အမျိုးသမီးဆိုရင်ယောဂီလုံချည်ကလေးနဲ့ အထက်ကဖြူစင်တဲ့အဝတ်ကလေးဝတ် လို့ ဆိုရင်လည်းပဲ လိင်္ဂအရိယာ အနုစားကလေးတော့ဖြစ်ပါတယ်တဲ့ ကျမ်းဂန်က နော့်(မှန်ပါဘုရား) ဒီတော့-ဒဿနအရိယာဖြစ်ဖို့အရေးဟာ ကိုယ့်သန္တာန်ဝိပဿ နာဉာဏ်ဖြစ်နေဖို့အရေးသည်ဒဿနအရိယာဖြစ်တဲ့အချိန်၊ ကိုယ့်သန္တာန်ဝိပဿနာ ဉာဏ်ပေါ်ပြီးတော့ ရုပ်နာမ်ဖြစ်ပျက်မြင်နေတဲ့အချိန် ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်ဖြစ် ပျက်သုံးသပ်နေတဲ့အချိန်သည် ဒဿနအရိယာဖြစ်တဲ့အချိန်. . . လို့ခေါ်ပါတယ်။

ဒါဖြင့်-ဒဿနအရိယာဖြစ်ဖို့ရာ မိမိသန္တာန်ဝိပဿနာဉာဏ်ပေါ်နေဖို့မလို အပ်ဘူးလား?(လိုအပ်ပါဘုရား) ဒါဖြင့် အဲဒီဝိပဿနာဉာဏ်ဖြစ်ဖို့ အရေးအတွက် ဘုရားရှင်ကိုယ်တော်မြတ်က-သတိပဋ္ဌာန်လေးပါးဟောထားခဲ့တယ်၊ ကာယာနု ပဿနာသတိပဋ္ဌာန်နဲ့၊ အရိယာအမြင်မြင်ဖို့ရာ၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့

http://www.dhammadownload.com



ဝေဒနာရှုပြီးအရိယာအမြင် မြင်ဖို့ရာ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ မိမိစိတ်က လေးကို မိမိဖြစ်ပျက်တင်သုံးသပ်နေဖို့ စိတ်ကိုကြည့်ပြီးတော့ အရိယာအမြင် မြင်ဖို့ ရာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ စိတ်ဝေဒနာ ရုပ်ဓမ္မတွေမှတပါး ကြွင်းကျန်တဲ့ ဓမ္မတွေပေါ် မှာမြင်ဖို့ရာ၊ အဲဒီလိုမြင်ဖို့ရာထဲမှာ ကာယာနုပဿနာသတိပဋ္ဌာန်မှာ အပိုင်း ဆယ့်လေးပိုင်း အာနာပါန ထွက်သက်ဝင်သက်လေပေါ် မှာလည်းပဲ အရိ ယာတွေရဲ့ အမြင်မြင်လို့ရတယ်။

ဣရိယာပုထ်လေးပါး သွား,ရပ်,ထိုင်,လျောင်း ဆိုတဲ့ လေးပါးအပေါင်းမှာ လည်းပဲ အရိယာတွေရဲ့ မြင်နည်းမြင်လို့ရတယ်. . လို့ ဆိုတော့ အခုဒဿနအရိ ယာဖြစ်ဖို့ အခန်းမှာကျမ်းဂန်က ဖွင့်ထားတာက ဣရိယာ ပထေနစ ဒဿန **အရိယောနာမ**။ ဣရိယာပထေန-ဣရိယာပုထ်အားဖြင့်သွားရပ်ထိုင်လျောင်း လေးပါးသောဣရိယာပုဒ်အပေါင်းအားဖြင့်၊ ဒဿန -အရိယောနာမ-အရိယာ ပုဂ္ဂိုလ်တို့ရဲ့ မြင်နည်းနဲ့ မြင်ပြီးတော့ မြင်နိုင်ခဲ့ရင်ဖြင့် ဒဿနအရိယာဖြစ်တဲ့အချိန် ပါ. . . လို့ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ သွား,ရပ်,ထိုင်,လျောင်း ဆိုတဲ့ ဣရိယာပုထ်လေးပါး အပေါင်းပေါ် မှာ ဒဿန အရိယာဖြစ်အောင်ဆိုပြီးတော့ မပြောထိုက်ဘူးလား?(ပြောထိုက်ပါဘုရား) ဣရိယာပုထ်လေးပါးမှာ ဒဿနအရိ ယာဖြစ်အောင် မကျင့်ဆောင်ထိုက်ဘူးလား?(ကျင့်ဆောင်ထိုက်ပါဘုရား)။

ကိုင်း-ဒီတော့ သွား,ရပ်,ထိုင်,လျောင်းဆိုတဲ့ ဣရိယာပုထ်လေးပါးအပေါင်း မှာ အရိယာတွေရဲ့ မြင်တဲ့ အမြင်မျိုးဖြစ်နေအောင် အရိယာတွေသိတဲ့ အသိမျိုးသိရ အောင် သွား,ရပ်,ထိုင်,လျောင်းဆိုတဲ့ လေးပါးသော ဣရိယာပုထ်အပေါင်းသည် ရုပ်နာမ်နှစ်ပါးတို့ရဲ့ သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်ပေါ်ပြီးသကာလ လှုပ်ရှား သွားလာတဲ့အမူအရာ၊ အဲဒီအမူအယာကို အရိယာတွေရဲ့ အမြင်နဲ့ကြည့်လိုက်ရတော့ ရုပ်နာမ်နှစ်ပါးသူ့အကြောင်းအားလျော်စွာ သူ့အကျိုးဖြစ်ပေါ် နေခြင်းပါတကား. . . လို့-

ရုဇ္ဇု ရော ဂါ ဒါရုယန္တံ, သဗ္ဗာပါဒံဝ ခါယတိ၊
ဧဝံ သူည် နာမရူပံ, အညမည သမာယုတံ။

ရဇ္ဇုရောဂါ-အရုပ်ကြိုးနှင့်, အသင့်ဆွဲကပ်, တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တံ- သစ်သားကိုလုပ်, မင်းသား,မင်းသမီးရုပ်သည်၊ သဗ္ဗာပါဒံဝ-သွား,ရပ်,ကခုန်,ဗျာပါဒ

http://www.dhammadownload.com



ရှိပုံကဲ့သို့၊ ခါယတိ-ရှုသူစိတ်တွင်, မှတ်ထင်၍နေရလေ၏. . ဘုန်းကြီးတို့ ပွဲထဲက ရုပ်သေးရုပ် မင်းသားရုပ် မင်းသမီးရုပ်ပဲဖြစ်ဖြစ်ဆိုပါဆို့၊ အဲဒီမင်းသား မင်းသမီး ရုပ်ဆိုတဲ့အရုပ်ဟာ သူ့ချည်းသက်သက် လှုပ်ရှားကခုန်ဖြစ်မလား ဦးလှကျော်? (မဖြစ်နိုင်ပါဘုရား) ကြိုးကလေးနဲ့တပ်ပြီးတော့ ဆွဲကပ်ပြီးတော့ အရုပ်ကို ကြိုးနဲ့ဆွဲ လိုက်တော့မှ ကြိုးကလေးနဲ့ မြှောက်လိုက်ဆွဲလိုက်တော့မှ လက်ကလေးလှုပ်လာ ခြေကလေးလှုပ်လာ ကဟန် ခုန်ဟန် သွားဟန် လာဟန်ပေါ်မလာဘူးလား?(ပေါ် လာပါဘုရား)။

**ရဇ္ဇုရောဂါ**-အရုပ်ကြိုးနှင့်, အသင့်ဆွဲကပ်, တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တ-သစ်သားကိုလုပ်, မင်းသားမင်းသမီးရုပ်သည်၊ သဗ္ဗျာပါဒံဝ-သွားရပ်ကခုန်,ဗျာပါဒ ရှိပုံကဲ့သို့၊ ခါယတိ-ရှုသူစိတ်တွင်, မှတ်ထင်၍နေရလေ၏. . အောက်ကနေကြည့် နေတဲ့သူကျတော့ အရုပ်ကလေးသူ့ဘာသူ ကခုန်လှုပ်ရှားသွားနေတယ်လို့ မထင်ရ ဘူးလား?(ထင်ရပါဘုရား) အမှန်စင်စစ် သစ်သားရုပ်သက်သက်ကသွားတတ်ရဲ့ လား?(မသွားတတ်ပါဘုရား) လာတတ်ရဲ့လား?(မလာတတ်ပါဘုရား) ထိုင်တတ် အိပ်တတ်ရဲ့လား?(မထိုင်တတ်မအိပ်တတ်ပါဘုရား)။

ထို့အတူ ယနေ့ ဒကာဒကာမတွေ ထိုင်နိုင်တယ် လျှောက်နိုင်တယ်ဆိုတဲ့ ကြိယာပုထ်လေးပါး အလှုပ်အရှားမရှိပါဘူးတဲ့ ဒကာဦးလှကျော်(မှန်ပါဘုရား) ဒါဖြင့် ဘယ်သူနဲ့ပေါင်းလို့တုန်းဆိုတော့ ခုနအရုပ်ကလေးကြိုးနဲ့ဆွဲမှလှုပ်တာမဟုတ် လား?(ကြိုးနဲ့ဆွဲမှလှုပ်ပါဘုရား) အဲဒီလိုပဲ ယခု ရူပက္ခန္ဓာဆိုတဲ့ ရုပ်အစုဝေးကြီး ကို သွားချင်တယ်,လာချင်တယ်,ထိုင်ချင်တယ်,အိပ်ချင်တယ်ဆိုတဲ့ စိတ်လို့ခေါ် တဲ့ နာမ်ကြိုးကလေးနဲ့ တွဲစပ်လိုက်မှ။

**ဇဝံ တထာ**-ပမာဆိုမူ, ထို့အတူသာလျှင်၊ သုည်-အနှစ်သာရ, အတ္တမှကင်း ဆိတ်သော၊ နာမရူပံ-နာမ်ရုပ်နှစ်ဖြာ, ငါးခန္ဓာသည်၊ အည မညသမာယုတံ-အချင်း ချင်းစပ်, တွဲကပ်မိသည်ရှိသော်. . .၊ ရုပ်ခန္ဓာရုပ်သေးရုပ်ကြီးကိုတဲ့ ရုပ်စုရုပ်ပုံကြီးကို ရုပ်သေးကြိုးနဲ့တူတဲ့ စိတ်ဝိညာဉ်ခေါ်တဲ့ နာမ်ဓာတ်နဲ့ ပေါင်းစပ်ပြီးတော့ ဆွဲလိုက်

http://www.dhammadownload.com



နှိပ်ချေကြိတ်မွှေပြီးတော့ကြည့်လိုက်တော့-ဝမ်းထဲက သွားစေတတ်တဲ့ အကောင်လေးရှိရဲ့လား?(မရှိပါဘုရား)။

သွားတယ်ဆိုတဲ့ကိစ္စဟာ ဘာတုန်းဆိုရင် သွားလိုတဲ့ စိတ်ရယ်၊ အဲဒီသွားလိုတဲ့စိတ်ကြောင့် ရုပ်တရားအစုအဝေးကြီးရဲ့ သွားဟန် အမူအယာပေါ်လာခြင်းဖြစ်တယ်လို့ဆိုတာ မသေချာဘူးလား?(သေချာပါဘုရား) "သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်" သွားချင်တာကနာမ်-တစုံတခု အရှေ့သွားချင် တယ်, အနောက်သွားချင်တယ်,တောင်သွားချင်တယ်,မြောက်သွားချင်တယ်ဆိုတာ နာမ်အစုအဝေး နာမက္ခန္ဓာခေါ်ပါတယ်။ အဲဒီသွားချင်တာကနာမ်၊ သွားဟန်ပြုတာ ကရုပ်တရား၊ အဲဒီနာမ်တရားကြောင့် နာမ်ရဲ့အလိုကျ စိတ်ရဲ့အလိုကျ စိတ္တဇဝါယောလို့ခေါ်တဲ့လေရုပ်တွေ ခန္ဓာကိုယ်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်လာပါတယ်။

အဲဒီ စိတ္တဇဝါယောလေရုပ်တွေ လှုပ်ရှားလာခဲ့တော့ ကျန်တဲ့ ရုပ်တွေပါ တွန်းကန်တွန်းထိုးပြီးတော့ အရှေ့အရပ်သွားချင်တော့ အရှေ့ရပ်ကိုသွားမှုဆိုတဲ့ ခြေထောက်ရဲ့ လှုပ်ရှားမှု ဘယ်ခြေထောက်လှမ်းမှု၊ ညာခြေထောက်လှမ်းမှုဆိုတဲ့ ခန္ဓာကိုယ်ကြီးကိုသယ်ပိုးသွားတဲ့ လှုပ်ရှားမှုပေါ်ပြီးတော့လာ၊ ဒါဖြင့်-သွားတယ်ဆိုတဲ့ ကိစ္စဟာ ပုဂ္ဂိုလ်သတ္တဝါရဲ့ ကိစ္စလား ရုပ်နာမ်ရဲ့ကိစ္စလား? (ရုပ်နာမ်ရဲ့ကိစ္စပါဘုရား)။

### ❖ သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်၊ နာမ်ရုပ်နှစ်ကွင်း,အမြင်ရှင်း,သွားရင်းအလုပ်လုပ်။

ဟော-သွားနေတုန်း သွားနေဆဲမှာ အခုဘုန်းကြီးပြောနေတာက သွားချင်တာကနာမ်တရား,သွားဟန်ပြုတာကရုပ်တရားဆိုတာက ဒကာဒကာမတွေ ဉာဏ်ရှင်းအောင်လို့ ဘုန်းကြီးရှင်းပြောနေတဲ့စကားဖြစ်ပါတယ်၊ ဝိပဿနာရှုကွက်ထဲကျတော့ အဲဒီလိုသွားချင်တာကနာမ်, နာမ်, နာမ်လို့ရှုနေဖို့မဟုတ်ဘူး၊ သွားဟန်ပြုတာကြီးက ရုပ်, ရုပ်, ရုပ်လို့ ရှုနေဖို့မဟုတ်ဘူး၊ ဒကာဒကာမတွေရှုကွက်ထဲက အလုပ်နဲ့ နေပြီးတော့ ဖမ်းတဲ့အခါကျတော့ ရုပ်နာမ်ဖြစ်ပျက်၊ အဲဒီတစ်လှမ်း လှမ်းလိုက်တိုင်း

http://www.dhammadownload.com



ရှိပုံကဲ့သို့ ခါယတိ-ရှုသူစိတ်တွင်, မှတ်ထင်၍နေရလေ၏. . ဘုန်းကြီးတို့ ပွဲထဲက ရုပ်သေးရုပ် မင်းသားရုပ် မင်းသမီးရုပ်ပဲဖြစ်ဖြစ်ဆိုပါဆို့၊ အဲဒီမင်းသား မင်းသမီး ရုပ်ဆိုတဲ့အရုပ်ဟာ သူ့ချည်းသက်သက် လှုပ်ရှားကခုန်ဖြစ်မလား ဦးလှကျော်? (မဖြစ်နိုင်ပါဘုရား) ကြိုးကလေးနဲ့တပ်ပြီးတော့ ဆွဲကပ်ပြီးတော့ အရုပ်ကို ကြိုးနဲ့ဆွဲ လိုက်တော့မှ ကြိုးကလေးနဲ့ မြှောက်လိုက်ဆွဲလိုက်တော့မှ လက်ကလေးလှုပ်လာ ခြေကလေးလှုပ်လာ ကဟန် ခုန်ဟန် သွားဟန် လာဟန်ပေါ် မလာဘူးလား?(ပေါ် လာပါဘုရား)။

ရဇ္ဇုရောဂါ-အရုပ်ကြိုးနှင့်, အသင့်ဆွဲကပ်, တွဲစပ်မိခြင်းကြောင့်၊ ဒါရုယန္တ-သစ်သားကိုလုပ်, မင်းသားမင်းသမီးရုပ်သည်၊ သဗျာပါဒ်ဝ-သွားရပ်ကခုန်,ဗျာပါဒ ရှိပုံကဲ့သို့ ခါယတိ-ရှုသူစိတ်တွင်, မှတ်ထင်၍နေရလေ၏. . အောက်ကနေကြည့် နေတဲ့သူကျတော့ အရုပ်ကလေးသူ့ဘာသူ ကခုန်လှုပ်ရှားသွားနေတယ်လို့ မထင်ရ ဘူးလား?(ထင်ရပါဘုရား) အမှန်စင်စစ် သစ်သားရုပ်သက်သက်ကသွားတတ်ရဲ့ လား?(မသွားတတ်ပါဘုရား) လာတတ်ရဲလား?(မလာတတ်ပါဘုရား) ထိုင်တတ် အိပ်တတ်ရဲ့လား?(မထိုင်တတ်မအိပ်တတ်ပါဘုရား)။

ထို့အတူ ယနေ့ ဒကာဒကာမတွေ ထိုင်နိုင်တယ် လျှောင်းနိုင်တယ်ဆိုတဲ့ ဣရိယာပုထ်လေးပါး အလှုပ်အရှားမရှိပါဘူးတဲ့ ဒကာဦးလှကျော်(မှန်ပါဘုရား) ဒါဖြင့် ဘယ်သူနဲ့ပေါင်းလို့တုန်းဆိုတော့ ခုနအရုပ်ကလေးကြိုးနဲ့ဆွဲမှလှုပ်တာမဟုတ် လား?(ကြိုးနဲ့ဆွဲမှလှုပ်ပါဘုရား) အဲဒီလိုပဲ ယခု ရူပက္ခန္ဓာဆိုတဲ့ ရုပ်အစုဝေးကြီး ကို သွားချင်တယ်,လာချင်တယ်,ထိုင်ချင်တယ်,အိပ်ချင်တယ်ဆိုတဲ့ စိတ်လို့ခေါ် တဲ့ နာမ်ကြိုးကလေးနဲ့ တွဲစပ်လိုက်မှ။

ဧဝံ တထာ-ပမာဆိုမူ, ထို့အတူသာလျှင်၊ သုည-အနှစ်သာရ, အတ္တမှကင်း ဆိတ်သော၊ နာမရူပ-နာမ်ရုပ်နှစ်ဖြာ, ငါးခန္ဓာသည်၊ အည မညသမာယုတ်-အချင်း ချင်းစပ်, တွဲကပ်မိသည်ရှိသော်. . .၊ ရုပ်ခန္ဓာရုပ်သေးရုပ်ကြီးကိုတဲ့ ရုပ်စုရုပ်ပုံကြီးကို ရုပ်သေးကြိုးနဲ့တူတဲ့ စိတ်စိညာဉ်ခေါ်တဲ့ နာမ်ဓာတ်နဲ့ ပေါင်းစပ်ပြီးတော့ ဆွဲလိုက် မြှောက်လိုက် မ,လိုက်မှ ဒီရုပ်ခန္ဓာကြီးရဲ့ သွားဟန် ထိုင်ဟန် လျောင်းဟန် အိပ်ဟန် ဣရိယာပုထ်လေးပါးအသွင်ပေါ် လာပါသည်၊ ဒါဖြင့်-ဘုန်းကြီးတို့ဒကာ ဒကာမ တွေ သွား,ရပ်,ထိုင်,လျောင်းဆိုတဲ့ ဣရိယာပုထ်လေးပါးအပေါင်းထဲမှာ ဉာဏ်နဲ့

http://www.dhammadownload.com



နှိပ်ချေကြိတ်မွှေပြီးတော့ကြည့်လိုက်တော့-ဝမ်းထဲက သွားစေတတ်တဲ့ အကောင်လေးရှိရဲ့လား?(မရှိပါဘုရား)။

သွားတယ်ဆိုတဲ့ကိစ္စဟာ ဘာတုန်းဆိုရင် သွားလိုတဲ့ စိတ်ရယ်၊ အဲဒီသွားလိုတဲ့စိတ်ကြောင့် ရုပ်တရားအစုအဝေးကြီးရဲ့ သွားဟန် အမူအယာပေါ်လာခြင်းဖြစ်တယ်လို့ဆိုတာ မသေချာဘူးလား?(သေချာပါဘုရား) "သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်" သွားချင်တာကနာမ်-တစုံတခု အရှေ့သွားချင် တယ်, အနောက်သွားချင်တယ်,တောင်သွားချင်တယ်,မြောက်သွားချင်တယ်ဆိုတာ နာမ်အစုအဝေး နာမက္ခန္ဓာခေါ်ပါတယ်။ အဲဒီသွားချင်တာကနာမ်၊ သွားဟန်ပြုတာကရုပ်တရား၊ အဲဒီနာမ်တရားကြောင့် နာမ်ရဲ့အလိုကျ စိတ်ရဲ့အလိုကျ စိတ္တဇဝါယောလို့ခေါ်တဲ့လေရုပ်တွေ ခန္ဓာကိုယ်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်လာပါတယ်။

အဲဒီ စိတ္တဇဝါယောလေရုပ်တွေ လှုပ်ရှားလာခဲ့တော့ ကျန်တဲ့ ရုပ်တွေပါတွန်းကန်တွန်းထိုးပြီးတော့ အရှေ့အရပ်သွားချင်တော့ အရှေ့ရပ်ကိုသွားမှုဆိုတဲ့ ခြေထောက်ရဲ့ လှုပ်ရှားမှု ဘယ်ခြေထောက်လှမ်းမှု၊ ညာခြေထောက်လှမ်းမှုဆိုတဲ့ ခန္ဓာကိုယ်ကြီးကိုသယ်ပိုးသွားတဲ့ လှုပ်ရှားမှုပေါ်ပြီးတော့လာ၊ ဒါဖြင့်-သွားတယ်ဆိုတဲ့ ကိစ္စဟာ ပုဂ္ဂိုလ်သတ္တဝါရဲ့ ကိစ္စလား ရုပ်နာမ်ရဲ့ကိစ္စလား? (ရုပ်နာမ်ရဲ့ကိစ္စပါဘုရား)။

### ❖ သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်၊ နာမ်ရုပ်နှစ်ကွင်း,အမြင်ရှင်း,သွားရင်းအလုပ်လုပ်။

ဟော-သွားနေတုန်း သွားနေဆဲမှာ အခုဘုန်းကြီးပြောနေတာက သွားချင်တာကနာမ်တရား,သွားဟန်ပြုတာကရုပ်တရားဆိုတာက ဒကာဒကာမတွေ ဉာဏ်ရှင်းအောင်လို့ ဘုန်းကြီးရှင်းပြောနေတဲ့စကားဖြစ်ပါတယ်၊ ဝိပဿနာရှုကွက်ထဲကျတော့ အဲဒီလိုသွားချင်တာကနာမ်, နာမ်, နာမ်လို့ရှုနေဖို့မဟုတ်ဘူး၊ သွားဟန်ပြုတာကြီးက ရုပ်, ရုပ်, ရုပ်လို့ ရှုနေဖို့မဟုတ်ဘူး၊ ဒကာဒကာမတွေရှုကွက်ထဲက အလုပ်နဲ့နေပြီးတော့ ဖမ်းတဲ့အခါကျတော့ ရုပ်နာမ်ဖြစ်ပျက်၊ အဲဒီတစ်လှမ်း လှမ်းလိုက်တိုင်း ရုပ်နာမ်ဖြစ်ပျက်, နောက်တစ်လှမ်း လှမ်းလိုက်တိုင်း ရုပ်နာမ်ဖြစ်ပျက်, ရှုကွက်အနေကတော့ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ် ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက်နဲ့ ဖမ်းသွားရမှာ။

http://www.dhammadownload.com



ရုပ်နာမ်ဖြစ်ပျက်လို့ ဖမ်းတဲ့အချိန်နဲ့ ရုပ်နာမ်အရှိ ထပ်သလားလို့ဆိုတော့ သွားချင်တာကလေးကနာမ်တရား၊ သွားဟန်ပြုဟန် လှမ်းဟန်ပြုနေတာက ရုပ်တရားလို့ဆိုတော့ ရုပ်နာမ်နှစ်ပါးပဲရှိတာမဟုတ်လား?(ရုပ်နာမ်နှစ်ပါးရှိပါဘုရား)၊ ဒီက ရှုလိုက်တာကလည်းရုပ်နာမ်လို့ ရှုလိုက်တာနဲ့ ဟိုကသွားနေတဲ့အချိန်ရှိနေတာကလည်း ရုပ်နာမ်ရှိတာနဲ့ဆိုတော့ အရှိနဲ့အသိထပ်ကျမသွားဘူးလား?(ထပ်ကျသွားပါဘုရား) အဲ့ဒီရုပ်နာမ်နှစ်ပါးဟာလည်း ပေါ်ပြီးတော့ပျောက်သွားတဲ့တရား၊ ဖြစ်ပြီးတော့ပျက်သွားတဲ့တရား ဖြစ်လေသောကြောင့် ဒီက ရှုလိုက်တာကလည်း ဖြစ်ပျက်လို့ ရှုလိုက်တယ်၊ သူကလည်းပေါ်ပြီးပျောက်သွားတယ်ဆိုတော့ ဖြစ်နေတဲ့အချင်းအရာနဲ့ ရှုလိုက်တဲ့အချင်းအရာကည်း ထပ်ကျမသွားဘူးလား?(ထပ်ကျသွားပါဘုရား)။

ဝိပဿနာဆိုတာ ဒကာဒကာမတို့ တစ်နေရာသွားပြီးတော့ ထိုင်ပြီးတော့ အလုပ်လုပ်မှ,တစ်နေရာသွားပြီးတော့ အလုပ်လုပ်မှဆိုတာက ပိုပြီးတော့သမာဓိရအောင်လို့ ပြောတဲ့စကားဖြစ်ပါတယ်၊ ဘယ်နေရာမဆိုဒီခန္ဓာကိုယ်ကြီးဣရိယာပုထ်လေးပါးနဲ့ သွားရာ လာရာတိုင်းမှာ ဆရာသမားထံရှေးဦးစွာ နည်းခံယူပြီးလို့ နည်းရပြီဆိုတဲ့နောက်မှာ သွားရင်းလာရင်းလည်း အလုပ်လုပ်လို့ရတယ်၊ ထိုင်ရင်းလည်း အလုပ်လုပ်လို့ရတယ်၊ အိပ်ရင်းလည်း အလုပ်လုပ်လို့ရတယ်၊ စားရင်းလည်း အလုပ်လုပ်လို့ရတယ်၊ အလုပ်လုပ်တတ်ပြီဆိုလို့ရှိရင် ဒီထဲမှာတင်ပဲ အလုပ်စခန်းဝင်မလာဘူးလား ဦးလှကျော်(ဝင်ပါဘုရား)။

ဒါဖြင့်-သွားချင်တာကနာမ်-ဟောနာမ်တရားက သွားချင်တယ်၊ ဘယ်ဟာပဲဖြစ်ဖြစ် သွားချင်တယ်,စားချင်တယ်,လုပ်ချင်တယ်,ကိုင်ချင်တယ်,ကြည့်ချင်တယ် ဆိုတဲ့ သဘောကလေး ရှေ့ကလာပါတယ်ဒကာဒကာတို့၊ နည်းနည်းကလေးဉာဏ်နဲ့စိုက်ပြီးတော့စဉ်းစားကြည့်ပါ။ သုံးသပ်ကြည့်ပါ။ ဘယ်အလုပ်ပဲဖြစ်ဖြစ် ဒီ ရုပ်ခန္ဓာကြီးသွားမယ်ဆိုရင် သွားချင်တယ်ဆိုတဲ့ စိတ်က အရင်ပေါ်လာပါတယ်၊ အဲဒါနာမ်အစုဝေးဖြစ်ပါတယ်၊ ပါဠိလို့ နာမက္ခန္ဓာ-ခေါ်ပါတယ်။ အဲဒီနာမက္ခန္ဓာကြောင့် နာမက္ခန္ဓာရဲ့အလိုကျ စိတ္တဇဝါယောရုပ်တွေရဲ့ တွန်းကန်လှုပ်ရှားမှုကြောင့် သွားဟန်အမူအရာ၊ ဒီတော့ သွားနေတုန်း ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ်ပျက် ရုပ်နာမ်ဖြစ် ရုပ်နာမ်ဖြစ်ပျက်လို့ ရှုသွားရင် သွားနေတဲ့အခိုက်မှာ သွားနေတဲ့ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမြင်တဲ့ အမြင်မပေါ်ဘူးလား?(ပေါ်လာပါဘုရား)။

http://www.dhammadownload.com



အရိယာတွေဟာ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမြင်နေပါတယ်ဆိုတော့ အရိယာတွေမြင်တဲ့အမြင်နဲ့ ကိုယ်မြင်တဲ့အမြင် ဝိပဿနာရှုတဲ့အခိုက်မှာ မိမိမြင်တဲ့အမြင်နဲ့ မတူဘူးလား?(တူပါဘုရား) ဒါဖြင့်အဲဒီအရိယာမျိုးကို ဒဿနအရိယာလို့ခေါ်ပါတယ်။ ဒဿနအရိယာ-အရိယာတွေမြင်တဲ့အမြင်မျိုးကို မြင်တဲ့ ပုဂ္ဂိုလ်. ∴. တဲ့ အဲဒါ ဒဿနအရိယာဖြစ်တဲ့အချိန်လို့ခေါ်ပါသည်၊ ကိုင်း-ဒါဖြင့် သွားနေဆဲမှာ ဘာအလုပ်လုပ်ရမှာတုန်းဆိုရင်ဖြင့် ဒကာဒကာမတို့ ရုပ်နာမ်ဖြစ်ပျက်ရှုဖို့ပဲ ဒကာဒကာမတွေတာဝန်က၊ သို့သော်-ဉာဏ်နဲ့ပိုင်းခြားပြီးတော့ ဝေဖန်သိဖို့ဘုန်းကြီး ခုနကရုပ်နာမ်ခွဲပြနေတာ၊ ဒါ့ကြောင့် ဒီလင်္ကာကလေးလိုက်ဆိုစမ်းပါ-

❖ သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်၊
နာမ်ရုပ်နှစ်ကွင်း, အမြင်ရှင်း, သွားရင်းအလုပ်လုပ်။
ထိုင်ချင်တာကနာမ်,ထိုင်ဟန်ပြုတာကရုပ်,နာမ်ရုပ်နှစ်ကွင်း,
အမြင်ရှင်း, ထိုင်ရင်းအလုပ်လုပ်။

ထိုင်နေဆဲမှာလည်းပဲ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်ဖမ်းရှုနေရင် ထိုင်ချင်တယ်ဆိုတဲ့ စိတ်ကနာမ်၊ အဲဒီနာမ်ရဲ့ အလိုကျဒီခန္ဓာကိုယ်ကြီးမတ်နေအောင် ထောင်နေအောင် တည်နေအောင် ဝါယောဓာတ်တွေနှင့်တကွ တွန်းကန်လှုပ်ရှားပြီးတော့ထိန်းထားနိုင်တယ်ဆိုတာက ရုပ်တရားအစုအဝေး၊ ဒီတော့-ရုပ်နာမ်ပဲရှိနေတာဖြစ်တော့ ထိုင်နေတဲ့အချိန် ထိုင်အောင်ပြုနေတဲ့ ဝမ်းထဲက အတ္တကောင်ကလေးရှိသေးရဲ့လား?(မရှိပါဘုရား) ဘုန်းကြီးတို့ဒကာဒကာမတွေ အမှတ်တမဲ့ ဝိပဿနာတင်ပြီးတော့ မရှုဘူးဆိုရင် ထိုင်နေတဲ့ကိစ္စမှာ အထဲက ထိုင်အောင်လုပ်ထားတဲ့ အကောင်ကလေးကရှိသလိုလို၊ သွားတဲ့ကိစ္စမှာ သွားအောင်လုပ်တဲ့အကောင်ကလေးရှိသလိုလို၊ သွားနေရတာကလေးက ဝမ်းထဲကအတ္တရဲ့အလိုကျ သွားရသလိုလို မထင်ကြဘူးလား?(ထင်ပါဘုရား)။

အဲဒီလိုထင်တဲ့အစွဲကလေးနဲ့ ငါသွားတယ်လို့ သွားပြောလိုက်ရင် ရုပ်နာမ်အသွားကို ငါသွားလုပ်ရာမရောက်ဘူးလား?(ရောက်ပါဘုရား) ရှိတာက ရုပ်နာမ်အသွား၊ ကိုယ်ကထင်လိုက်တာ မြင်လိုက်တာ ပြောလိုက်တာက ငါသွားတယ်လို့ဆိုတော့ ငါဝင်တပ်လိုက်တယ်ဆိုတော့ သက္ကာယဒိဋ္ဌိဝင်မလာဘူးလား?(ဝင်လာပါဘုရား) ဟော-သက္ကာယဒိဋ္ဌိဝင်လာတယ်ဆိုကထဲကိုကဲ့ အပါယ်နဲ့အိုးစားမကွဲတော့ဘူး၊ သောတာပန်ဖြစ်ဖို့ဝေးသွားပြန်ပြီနော်၊(ဝေးသွားပါဘုရား) ဒီတော့-မိမိကသွား

http://www.dhammadownload.com



တဲ့အခိုက်မှာ ရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တဲ့အချိန်ကျတော့ ခုနကပြောခဲ့တဲ့ ရုပ်နာမ်ပဲရှိတယ်ဆိုတာ ပိုင်းခြားသိလိုက်တဲ့အချိန်မှာ ငါကောင်သူကောင်ဆိုတဲ့ သွားအောင်လုပ်နေတဲ့ အကောင်ကလေးမရှိဘူးဆိုတာ ဉာဏ်နဲ့သိမ်းပိုက် ရှင်းပြီးသားဖြစ်မသွားဘူးလား?(ဖြစ်သွားပါဘုရား) အဲဒီရှင်းသွားတာကိုပဲ သက္ကာယဒိဋ္ဌိပယ်တယ်. . . လို့ခေါ်ပါတယ်ဒကာဒကာမတို့။ ဒီတော့-ဝိပဿနာတစ်ချက် ရုပ်နာမ်မိလိုက်တဲ့အချိန်သည် သက္ကာယဒိဋ္ဌိပယ်ပြီးသားမဖြစ်ဘူးလား?(ဖြစ်ပါဘုရား)။

"နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာဟောတိ"

နာမရူပဝဝတ္ထာနေန-ရှိနေတဲ့ရုပ်နာမ်နှစ်ပါးကို ရှိနေတဲ့ ရုပ်နာမ်အတိုင်း ပိုင်းခြားသိလိုက်ခြင်းမျှဖြင့်၊ သက္ကာယဒိဋ္ဌိ-ငါကောင်,သူကောင်,ပုဂ္ဂိုလ်ကောင်, သတ္တဝါကောင် ဝမ်းထဲကအကောင်ကလေးလို့ထင်နေတဲ့ သက္ကာဒိဋ္ဌိကို၊ ပဟီနာဟောတိ-ပယ်ပြီးဖြစ်ပါတယ်။ သောတာပန်, သောတာပန်ဆိုတာ သက္ကာယဒိဋ္ဌိပယ်ရတယ်လို့ ဒကာ,ဒကာမတွေကြားဖူးကြတယ် မဟုတ်လား?(ကြားဖူးပါဘုရား) အဲဒါ တကယ့် သောတာပတ္တိမဂ်ကြီးနဲ့ပယ်ရမှာဖြစ်တော့ အဲဒီသောတာပတ္တိမဂ်ကြီးနဲ့ မပယ်ခင် သောတာပတ္တိမဂ်ရဲ့ရှေ့ပြေး အနုလောမဉာဏ်လို့ခေါ်ပါတယ်။ အနုလောမဉာဏ်ဆိုတာ သောတာပတ္တိမဂ်ဉာဏ်လို တကယ့်နိဗ္ဗာန်ကိုမြင်ကဲ့ ဉာဏ်ကြီးမဟုတ်သေးသော်လည်း သောတာပတ္တိမဂ်ဉာဏ်အားလျော်စွာနေတဲ့ ဝိပဿနာဉာဏ်ကို အနုလောမဉာဏ်လို့ ခေါ်တယ်။

အဲဒီအနုလောမဉာဏ်နဲ့ သောတာပတ္တိမဂ်ပယ်မယ့် သက္ကာယဒိဋ္ဌိအနုစားတွေကို ရှေ့ကရှင်းပေးရတယ်၊ ပယ်ပေးရတယ်၊ ဖြုတ်ပေးရတယ်။ ဒီတော့-အဲဒီလိုသောတာပတ္တိမဂ်ရဲ့ရှေ့ပြေး အနုလောမဉာဏ်နဲ့ သက္ကာယဒိဋ္ဌိကိုနည်းနည်းပယ်၊ နည်းနည်းပယ်ရာက နောက်များများပယ်၊ များများပယ်ရာက တော်တော်များများကြီးပယ်တော့မှ နောက်ဆုံး တကယ့်လောကုတ္တရာမဂ် သောတာပတ္တိမဂ်ကြီးမိမိသန္တာန်မှာဘွားကနဲ့ ဥပါဒ်ဖြစ်ပေါ်လာပြီးတော့ နိဗ္ဗာန်ကိုမြင်မယ်. . လို့ဆိုတော့ ဒဿနအရိယာဖြစ်အောင်ကိုယ့်ကိုယ်ကို မကြိုးစားထိုက်ဘူးလား?(ကြိုးစားထိုက်ပါဘုရား)။

အဲဒီလိုရုပ်နာမ်နှစ်ပါးဟာ ရုပ်နာမ်နှစ်ပါးဖြစ်နေတယ်လို့ သိလိုက်သည်နဲ့ တပြိုင်နက်သွားတဲ့ကိစ္စမှာ သွားချင်တဲ့နာမ်ကအကြောင်းတရား၊ သွားဟန်မြုတဲ့ ရုပ်က အကျိုးတရားပဲလို့ အကြောင်းနဲ့ အကျိုးကောကွဲမလာဘူးလား?(ကွဲလာပါ

http://www.dhammadownload.com



ဘုရား) ဒါဖြင့်-အကြောင်းနဲ့ အကျိုးကွဲလာတယ်ဆိုလို့ရှိရင် ဒီသွားတဲ့ကိစ္စကို သူ လုပ်တာလေလားဆိုတဲ့ သံသယရှိသေးရဲ့လား?(မရှိပါဘုရား) ငါကောင်ကလေး ကလုပ်တာလေလားလို့ သံသယရှိသေးရဲ့လား?(မရှိပါဘုရား) ဘုရားဖြဟ္မာ ဖန် ဆင်းလို့ ဖြစ်တာလေလားဆိုတဲ့ သံသယရှိသေရဲ့လား?(မရှိပါဘုရား) အဲဒီသံယမ ရှိတာကို ဝိစိကိစ္ဆာပြုတ်တယ်လို့ခေါ်တယ်။

သောတာပန်ဟာ ဒိဋ္ဌိ,ဝိစိကိစ္ဆာကိုပယ်ရတယ်၊ တကယ့်သောတာပန်ကြီး သည် ဒိဋ္ဌိ,ဝိစိကိစ္ဆာအကြီးကြီးကို ပယ်ဖို့ရာအတွက်ရှေ့ပြေးအနုလောမဉာဏ်ဖြင့် ဝိစိကိစ္ဆာနဲ့ သက္ကာယဒိဋ္ဌိကို ရှေ့ပြေးတဒင်္ဂအနေနဲ့ ပယ်နိုင်ရတယ်. . တဲ့၊ အဲဒီလို ပယ်နိုင်ဖို့ရာအတွက် ယနေ့ ဒကာဒကာမတွေသွားတဲ့ နေရာမှာ ရုပ်နာမ်ဖြစ်ပျက် ထိုင်နေရင်းလည်း ရုပ်နာမ်ဖြစ်ပျက်၊ သွား,ရပ်,ထိုင်,လျောင်း ဣရိယာပုထ်လေးပါး အပေါင်းမှာ၊ ကဲ-သွားချင်တဲ့ကိစ္စ, ထိုင်ချင်တဲ့ကိစ္စ, လျောင်းချင်တဲ့ကိစ္စအတူတူ ပဲ-

❖ လျောင်းချင်တာကနာမ်, လျောင်းဟန်ပြုတာကရုပ်၊
နာမ်ရုပ်နှစ်ကွင်း, အမြင်ရှင်း, လျောင်းရင်းအလုပ်လုပ်။
❖ အိပ်ချင်တာကနာမ်, အိပ်ဟန်ပြုတာကရုပ်၊
နာမ်ရုပ်နှစ်ကွင်း, အမြင်ရှင်း, အိပ်ရင်းအလုပ်လုပ်။
❖ စားချင်တာကနာမ်, စားဟန်ပြုတာကရုပ်၊
နာမ်ရုပ်နှစ်ကွင်း, အမြင်ရှင်း, စားရင်းအလုပ်လုပ်။

စားရင်းအလုပ်လုပ်ဆိုတာ စားနေဆဲလည်း ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ် ပျက်၊ စားချင်တဲ့နာမ်ရယ်, စားဟန်ပြုတဲ့ရုပ်ရယ်၊ ရုပ်နာမ်လို့ ရှုလိုက်တဲ့ အချိန်မှာ စားချင်တဲ့နာမ်ရယ် စားဟန်ပြုတဲ့ ရုပ်ရယ်မရှုမိပေဘူးလား?(ရှုမိပါဘုရား) ဒီတော့ ရှိတာနဲ့ ရှုတာနဲ့က ထပ်ကျမသွားဘူးလား?(ထပ်ကျသွားပါဘုရား) ရှိတာနဲ့ ရှုတာ ထပ်ကျသွားလို့ ရုပ်နာမ်ကိုရုပ်နာမ်အတိုင်းမြင်တဲ့အချိန်မှာ ခုနကပြောခဲ့တဲ့ သက္ကာ ယဒိဋ္ဌိပယ်တယ်၊ ပြုတ်တယ်၊ ဝိစိကိစ္ဆာခေါ်တဲ့ သူလုပ်တာလေလား ငါလုပ်တာ လေလား၊ ဒီ စားတဲ့ကိစ္စကို သူဖန်ဆင်းတာလေလား ငါလုပ်တာလေလား ဝိစိကိစ္ဆာ တွေပြုတ်တယ်လို့ဆိုတော့ ဒိဋ္ဌိ,ဝိစိကိစ္ဆာပယ်ပြီးသားဖြစ်မနေဘူးလား?(ပယ်ပြီး သားဖြစ်ပါဘုရား)။

ဒကာဒကာမတို့ ဒိဋ္ဌိ,ဝိစိကိစ္ဆာကိုပယ်လို့ရှိရင် ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာ

http://www.dhammadownload.com



သဝဆိုတဲ့ အာသဝေါတရားတွေကင်းသွားတယ်လို့ခေါ်ပါတယ်။ အာသဝေါသုံးပါး ပြုတ်ပါတယ်၊ တဒင်္ဂအားဖြင့် ပယ်နေတယ်လို့ခေါ်ပါတယ်၊ ကာမာသဝဆိုတာ ၎လောဘကိုခေါ်ပါတယ်၊ ဘဝါသဝဆိုတာလည်း ဘဝတွယ်တာတဲ့လောဘကို ခေါ်ပါတယ်၊ ဒိဋ္ဌာသဝဆိုတာခုနက သူကောင်လေလား ငါကောင်လေလား၊ သူပြုတာလေလား၊ ငါပြုတာလေလားဆိုတဲ့ ဒိဋ္ဌိကို ဒိဋ္ဌာသဝလို့ခေါ်ပါတယ်၊ အဝိဇ္ဇာသဝတဲ့၊ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မမြင်အောင်ဖုံးထားတဲ့အချိန်သည် အဝိဇ္ဇာသဝရောက်နေတဲ့အချိန်လို့ခေါ်ပါသည်။

ဒီတော့-ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းရှုလိုက်တဲ့အချိန်၊ ရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တဲ့အချိန်မှာ ရှိနေတာကလည်း ရုပ်နာမ် ရှုတာကလည်း ရုပ်နာမ်ဆိုတော့ အရှိနဲ့အသိထပ်တယ်လို့ ဘုန်းကြီးမပြောလိုက်ဘူးလား?(ပြောလိုက်ပါဘုရား) ဒါဖြင့်-ရှိတာကိုရှိတဲ့အတိုင်းသိတာကို ဝိဇ္ဇာလို့ခေါ်ပါတယ်၊ ဘာလို့ခေါ်သလဲ?(ဝိဇ္ဇာလို့ခေါ်ပါဘုရား) ဝိဇ္ဇာပေါ်ရင် အဝိဇ္ဇာပျောက်တယ်၊ ဒါဖြင့်-ဝိဇ္ဇာပေါ်လာတဲ့ အချိန် အဝိဇ္ဇာသဝကင်းမသွားဘူးလား?(ကင်းသွားပါဘုရား) ဒါဖြင့်-ဝိပဿနာတစ်ချက်တည့်တိုင်း တည့်တိုင်း ကာမာသဝခေါ်တဲ့ လောဘ, ဘဝါသဝခေါ်တဲ့လောဘ၊ ဒိဋ္ဌာသဝခေါ်တဲ့ ဒိဋ္ဌိ၊ အဝိဇ္ဇာသဝခေါ်တဲ့ အဝိဇ္ဇာမောဟကင်းမနေဘူးလား? (ကင်းနေပါဘုရား)ဒါဖြင့် အာသဝေါကုန်ရင် နိဗ္ဗာန်ရတယ်ဆိုတာ မကြားဖူးကြဘူးလား?(ကြားဖူးပါဘုရား)။

ဒကာဒကာမတွေခုနကပဲ ရေစက်ချတော့ "ဣဒံ မေ ပုညံ အာသဝက္ခယံ အာဝဟံ ဟောတု" ရေစက်ချတိုင်း မဆိုကြဘူးလား?(ဆိုကြပါဘုရား) ဣဒံမေပုညံ-တပည့်တော်ရဲ့ ယနေ့ပြုတဲ့ကုသိုလ်သည်၊ အာသဝက္ခယံ-အာသဝေါတရားလေးပါးတို့ရဲ့ ကုန်ရာရောက်ရပါလို၏. . . လို့ဆိုတော့ ဆုတောင်းနေရုံနဲ့ အာသဝေါကုန်ပါ့မလား?(မကုန်ပါဘုရား) ရုပ်နာမ်ဖြစ်ပျက်လို့ ရှုလိုက်တဲ့တစ်ချက်တိုင်း တစ်ချက်တိုင်း အာသဝေါလေးပါးကုန်မနေဘူးလား?(ကုန်ပါဘုရား) ဘယ်လောက်ကုန်တာတုန်းဆိုတာတော့ မသိနိုင်ဘူး မပြောနိုင်ဘူး၊ သူကုန်သင့်သလောက်ကုန်လိမ့်မယ်။ အလုပ်ကကိုယ့်အလုပ်ကိုယ်လုပ်ဖို့အရေးက ကိုယ့်အရေး၊ ကုန်မှာကသူ့အရေး၊ ဘုရားရှင်က ဝါသိဇဋ္ဌ-သုတ်တော်နဲ့ ဟောတော်မူပါတယ် ဒီနေရာကျတော့။

http://www.dhammadownload.com



လက်သမားကြီးတစ်ယောက်တဲ့၊ လက်သမားအလုပ်လုပ်လိုက်တာ ပဲခွပ်ကိုင်ပြီးတော့အလုပ်လုပ်လိုက်တာ သူ့ပဲခွပ်ဟာတော်တော်ကြာတဲ့အခါကျတော့ ပဲခွပ်ရိုးမှာလက်ချောင်းရာတွေ ထင်နေပါတယ်. . တဲ့၊ လက်ချောင်းရာတွေထင်နေပါတယ်။ တော်တော်ကြာကြာသုံးထားတဲ့ပဲခွပ်ဟာ လက်ချောင်းရာကြီးတွေ ချိုင့်ပြီးတော့ မထင်တတ်ဘူးလားဦးလှကျော်?(ထင်တတ်ပါဘုရား) အဲဒီပဲခွပ်ရိုးကို ကိုင်ပြီးတော့ လက်သမားအလုပ်လုပ်ခဲ့လို့ လက်ချောင်းရာထင်သွားတယ်ဆိုရင် အဲဒီပဲခွပ်ရိုးက အသားတွေတစ်နေ့တစ်နေ့မှာ မှုန်မှုန်မွှားမွှား အသားကလေးတွေ နေ့စဉ်ပွန်းပွန်းပြီးတော့ ကုန်လာတယ်ဆိုတာ မသေချာဘူးလား? (သေချာပါဘုရား) တစ်နေ့ဘယ်လောက်ကုန်တယ် ဘယ်လောက်ကုန်တယ်လို့တော့ တွက်လို့ရပါ့မလား?(မရပါဘုရား) ကုန်တာတော့ မသေချာဘူးလား?(သေချာပါဘုရား) ကုန်လို့လက်ချောင်းရာကြီး ထင်လာတာမဟုတ်လား?(မှန်လှပါဘုရား)။

အဲဒါလိုပဲ. . တဲ့ မိမိခန္ဓာကိုယ်မှာရှိနေတဲ့ ကာမာသဝ,ဘဝါသဝ၊ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဆိုတဲ့ အာသဝေါတရားတွေ ကိလေသာတွေ ဘယ်လောက်ကုန်တယ်လို့တွက်မနေနဲ့တဲ့၊ အလုပ်လုပ်ဖို့ တာဝန်ကိုယ့်တာဝန်၊(မှန်ပါဘုရား) ခုနက လက်သမားကြီးက တစ်နေ့တစ်နေ့ လက်ချောင်းရာငါဘယ်လောက်ထင်အောင်၊ ဘယ်လောက်အမှုန်အမွှားတွေကုန်အောင်လုပ်မယ်ဟလို့ ရည်ရွယ်ချက်ရှိရဲ့လား?၊ (မရှိပါဘုရား)၊ သူလုပ်သင့်တဲ့အလုပ် သူ့ဟာသူလုပ်တာမဟုတ်လား?၊ (လုပ်ပါဘုရား) အလုပ်လုပ်ရင်းနဲ့ ကုန်တာက ကုန်သွားတာပဲမဟုတ်လား? (မှန်လှပါဘုရား) ဒါဖြင့် ယနေ့ ဒကာဒကာမတွေ ဝိပဿနာတင်ဆင်ခြင်ရှုပွားတဲ့အလုပ်ကိုယ့်အလုပ်ကို လုပ်ခဲ့ရင် အာသဝေါတရားတွေ တဖြေးဖြေး ကုန်မသွားပေဘူးလား?(ကုန်သွားပါဘုရား) တဖြေးဖြေးကုန်ရာက များများကြီးကုန်။ များများကြီးကုန်ရာက သိပ်များများကြီးကုန်ခဲ့ရင် လောကုတ္တရာသောတာပတ္တိမဂ်ဖိုလ် တရားထူးကြီးတွေ ပေါ်မလာပေဘူးလား?(ပေါ်လာနိုင်ပါဘုရား)။

ဒါဖြင့် ဝိပဿနာဆင်ခြင်စဉ်းစားနေတဲ့အချိန် ပွားများနေတဲ့အချိန်သည် အရိယာပုဂ္ဂိုလ်ကြီးတွေ မြင်နေတဲ့ အမြင်နဲ့ တူသောကြောင့် ဒဿနအရိယာဖြစ်တဲ့ အချိန်. . . လို့ဆိုတော့ မိမိကိုယ်မိမိ တစ်နေ့ငါးမိနစ်လောက်ပဲ တတ်နိုင်တတ်နိုင် အရိယာတွေနဲ့ အမြင်ချင်းတူအောင် မကြိုးစားထိုက်ပေဘူးလား?(ကြိုးစားထိုက်ပါဘုရား) ဒါဖြင့်-ဝိပဿနာတင် ဆင်ခြင်ရှုပွားနေတဲ့ အချိန်သည်ဒဿန

http://www.dhammadownload.com



အရိယာဖြစ်တဲ့အချိန်. . . ဘာအရိယာဖြစ်တာတဲ့?(ဒဿန အရိယာဖြစ်တဲ့အချိန်ပါဘုရား)၊ စွန့်ကြဲပေးကမ်းမှု ဒါနတွေပြုနေ သီလတွေဆောက်တည်နေတော့ အာစာရအရိယာဖြစ်တဲ့အချိန်၊ အရိယာပုဂ္ဂိုလ်ကြီးဝတ်တဲ့အဝတ်မျိုး အသွင်မျိုး ယူနိုင်တော့ လိင်္ဂအရိယာဖြစ်တဲ့အချိန်။ အရိယာပုဂ္ဂိုလ်အရှင်မြတ်ကြီးတွေ ကမ္ဘာလောကပေါ်,ရုပ်နာမ်အပေါ်မြင်တဲ့ အမြင်မျိုး မိမိသန္တာန်အဲဒီဉာဏ်တွေ ပေါ်အောင်ကြိုးစားနေနိုင်ကြတဲ့အချိန်ကျတော့ ဒဿနအရိယာဖြစ်တဲ့အချိန်။

အဲဒီ ဒဿနအရိယာအဖြစ်များလာပြီဆိုရင် နောက်ဆုံးမဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တရားထူးကြီးကို ထိုးထွင်းသိမြင်တဲ့ ပဋိဝေဓအရိယာ ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေလိုဖြစ်မယ်. . လို့ဆိုတော့ ပဋိဝေဓအရိယာဆိုတာက အကျိုးအရိယာဖြစ်မနေဘူးလား? (ဖြစ်နေပါဘုရား) ရှေ့သုံးပါးက အကြောင်းအရိယာဖြစ်မနေဘူးလား?(ဖြစ်နေပါဘုရား) ဒီသုံးပါးနဲ့ ပြည့်စုံမှ ပဋိဝေဓအရိယာကဖြစ်မှာမဟုတ်လား?(မှန်ပါဘုရား) ဒါ့ကြောင့်-ပဋိဝေဓအရိယာ အကျိုးအရိယာ။ ရှေ့သုံးပါး အာစာရ,လိင်္ဂ,ဒဿန အရိယာဆိုတဲ့ အကြောင်းအရိယာဖြစ်တော့ ယနေ့ ဒကာဒကာမတွေ ငါဘယ်လိုအရိယာဖြစ်ပြီလဲ. . လို့ ကိုယ့်ကိုယ်ကို မစစ်ဆေးထိုက်ဘူးလား?၊(စစ်ဆေးထိုက်ပါဘုရား)

**ယေဟိ သဒ္ဓါဟိ ဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊**
**မယှမ္ပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။**

ဒေဝတာ-စတုမဟာ,ဝတီသာနှင့်, နတ်ရွာခြောက်လီ, ပြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ပြဟ္မာအများနှင့်, ဘုရားပစ္စေကာ, အရိယာမြင့်မြတ်, ဝိသုဒ္ဓိနတ်တို့သည်၊ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, အကြင်ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့်, မင်းရေးစိုးတာ, ကင်းစင်ကွာလပ်, ပြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွှင်, အရိယာသူတော်စင်အဖြစ်သို့ ဂတာ-ဤလူ့ပြည်မှ, စုတေကြလျှင်, ခဏမနေ, ကပ်ရောက်ကြလေကုန်ပြီ၊ ဂတာ-ပါရမီစွမ်းသလောက်, စခန်းထောက်၍, လှမ်းရောက်တော်မူကြလေကုန်ပြီ၊ တေဂုဏာ-နတ်ပြဟ္မာနန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သော ဂုဏ်တို့သည်၊ တေဂုဏာ-ဝိသုဒ္ဓိစခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံး, ထိုကဲ့သို့ သောဂုဏ်တို့သည်၊ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြပေကုန်၏။

http://www.dhammadownload.com



ဆင်ခြင်ရမယ်. . တဲ့ ကိုယ့်ကိုယ်ကို ဩ-ရှေးရှေးသော ဝိသုဒ္ဓိနတ်ဆိုတာ ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီးတွေ၊ ယနေ့ ငါတို့ သန္တာန်မှာ ပြည့်စုံနေတဲ့ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ,ဟိရိ,ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားတွေ၊ စွန့်ကြဲပေးကန်းလှူဒါန်းမှုမျိုးတွေ၊ သီလမျိုးတွေ ဒို့အားထုတ်တဲ့ ဘာဝနာမှုတွေကို အားထုတ်သွားခဲ့ကြလို့ ပဋိဝေဓအရိယာလို့ခေါ်တဲ့ ဝိသုဒ္ဓိစခန်း ကျွတ်တန်းခိုတော်မူကြတယ်. . ၊ အဲဒီအရိယာပုဂ္ဂိုလ်ကြီးတွေဖြစ်ကြောင်းဖြစ်တဲ့ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာစတဲ့ တရားတွေ ငါ့သန္တာန်လည်းယနေ့ဖြစ်ပွားနေပါပေါ့လားလို့ဆင်ခြင်ပြီးတော့ ဝမ်းမြောက်ပါ. . . တဲ့ ဝမ်းမြောက်ပါ။

တေဂုဏာ-နတ်ပြဟ္မာနန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သောဂုဏ်တို့သည်၊ တေဂုဏာ-ဝိသုဒ္ဓိစခန်း, ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ, ထိုကဲ့သို့သောဂုဏ်တို့သည်၊ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလပ်ပုံသေ, ရှိကြပေကုန်၏၊ မေ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်၏၊ ဂုဏဝန္တတာ-သဒ္ဓါသီလ, များသုတနှင့်, စာဂပညာ, စဉ်လာလောက်လုံ, ဂုဏ်ပေါင်းစုံသူ၏အဖြစ်သည်၊ အဟော-တမလွန်ရေး, ကြံတိုင်းအေးဖို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, သြော်-အဖိုးတန်လေစွတကား. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ကိုင်း-ဘုန်းကြီးဟောဖို့ ရည်ရွယ်ထားတဲ့ နာရီအချိန်ပိုင်းလည်းပြည့်ပါပြီ၊ ဒကာဒကာမတွေလည်းမိမိတို့ကိုယ်မိမိတို့ ဘာအရိယာဖြစ်နေတယ်၊ အရိယာဘယ်လောက်ဖြစ်တယ်ဆိုတာကို ဒကာဒကာမတွေနားလည်လောက်ပြီ၊ ဒါ့ကြောင့်မိမိတို့ကိုယ်မိမိ အရိယာဖြစ်အောင် အရိယာလေးမျိုးလေးစားထဲက တတ်စွမ်းသမျှ အာစာရအရိယာ, လိင်္ဂအရိယာ, ဒဿနအရိယာဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

မိမိတို့ကိုယ်မိမိတို့ အကြောင်း အရိယာဖြစ်တဲ့ အရိယာ (၃)မျိုးဖြစ်အောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်နိုင်ကြကုန်လျက်၊ ထိုကဲ့သို့ ကျင့်ဆောင်ကြိုးကုတ်အားထုတ်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ ရောက်

http://www.dhammadownload.com



သင့်ရောက်ထိုက် ရသင့်ရထိုက်သော နိဗ္ဗာနဓာတ်တရားတော်မြတ်ကြီးကို မြင်ကြကုန်လျက်၊ ပဋိဝေဓအရိယာစခန်း ကျွတ်တန်းခိုနိုင်ကြပါစေကုန်သတည်း၊ ပဋိဝေဓ အရိယာစခန်း ကျွတ်တန်းခိုကြကုန်လျက်၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရကြရ ရောက်ကြရပါ၍လို ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း. . .။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com

# "အစားတတ်လျှင် နိဗ္ဗာန်ဝင် တရားတော်"

သုခေတ္တေ ပဏ္ဍိတော ပေါသော,သမ္ပဿံ အတ္ထမတ္တနော။
ဘဝပဒေသံ လဒ္ဓါန,စရေယျ ဇီဝိတံ. သေဋ္ဌံ။

သုခေတ္တေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းတရှိန်ရှိန်, ထိန်တလက်လက်, စိန်စက်တစ်ဆောင်, အမှောင်ပျက်ပြုန်း, အရောင်ထွက်တုန်းအချိန်ကြီး၌၊ ပဏ္ဍိတောပေါသော-ကံကောင်းထောက်မ, လူ့ဘဝကို,ရလာဘိတောင်း, အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ အတ္တနောအတ္ထံ-ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစီးပွား, မိမိရဲ့အကျိုးတရားကို၊ သမ္ပဿံ သမ္ပဿန္တော-ကောင်းစွာကြည်လင်, အရှည်ထင်အောင်, မြှော်မြင်နိုင်သည်ရှိသော်၊ ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်သည့်, လူ့ဘဝခေါ်တဲ့, ဘဝပဒေသာကြီးကို၊ လဒ္ဓါ လဒ္ဓါန-အခါကောင်းနှင့်, အခွင့်လျော်စွာ, ရရှိနေပါသည်ဖြစ်၍၊ ဇီဝိတံ-နေချိန်နည်းပါး, အနာများလျက်, ဆူပွားပွေလိမ်, ဇီဝိတိန္ဒြေခေါ်မြွက်, ကိုယ့်အသက်ကလေးကို၊ သေဋ္ဌံ-စားတတ်ဝတ်တတ်, အနေတတ်၍, လွတ်လတ်ဘိတောင်း, အကောင်းဆုံးဖြစ်ရလေအောင်၊ စရေ (စရေယျ)-ရဲရဲဝံ့ဝံ့, နောက်မတွန့်ဘဲ, စွန့်လွှတ်ကြိုးကုတ်, အားထုတ်လိုက်နိုင်ရာသတည်း။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ယနေ့မြန်မာကောဇာသက္ကရာဇ် ၁၃၄၉-ခုနှစ်၊ ပြာသိုလ်လဆန်း(၁)ရက်နေ့ညမှာ မန္တလေးမြို့ အရှေ့တောင်မြို့နယ်၊ ဟေမမာလာမြောက်ပိုင်း ဖျာတန်းရပ်မှာ နေထိုင်ကြကုန်သော ဒကာဒကာမအပေါင်းသူတော်ကောင်းတို့ရဲ့ မိမိတို့ရဲ့စုပေါင်းအားဖြင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်တဲ့ ဖျာတန်းရပ်ဓမ္မာရုံကြီး ရေစက်ချအောင်ပွဲကို အကြောင်းပြုပြီးသကာလ ဆင်နွှဲကြတဲ့ သုံးညမြောက်တရားပွဲ. . . တဲ့၊ ဒီညတရားပွဲက။

မန္တလေးမြို့ အရှေ့တောင်မြို့နယ် ဟေမမာလာမြောက်ပိုင်း ဖျာတန်းရပ်မှာနေထိုင်ကြကုန်သော လူကြီးလူငယ်အသွယ်သွယ်သော ဒကာဒကာမအပေါင်း

http://www.dhammadownload.com



သူတော်ကောင်းတွေ မိမိတို့ရဲ့စုပေါင်းအားဖြင့် ဆောက်လုပ်လှူဒါန်းထားအပ်တဲ့ ဘုရားကျောင်းဆောင်ဓမ္မာရုံကြီး၊ ဘုရားကျောင်းဆောင်ကြီးဆိုလည်းမှန်၏။ တရားကျောင်းဆောင်ကြီးလည်းမှန်၏၊ သံဃာကျောင်းဆောင်ကြီးလည်းမှန်၏၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ ဓမ္မာရုံကြီးထဲမှာသီတင်းသုံးပြီးသကာလ ရောက်လာတဲ့ အားလုံးသော ဒကာဒကာမအပေါင်းသူတော်ကောင်းတို့အား နိဗ္ဗာန်ရွှေမြို့သို့ ပို့နေတဲ့ဆိပ်ကမ်းကြီးနဲ့တူတဲ့ ဓမ္မာရုံကြီး။

အဲဒီ ဓမ္မာရုံကြီး ရေစက်ချပွဲကို အကြောင်းပြုပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ နှုတ်တော်ထွက်တရားတော်မြတ်တွေကို သံဃာတော်အရှင်မြတ်ဆရာတော်အရှင်မြတ်ငါးပါးတို့က ငါးညတိုင်တိုင်ဟောပြဆုံးမဩဝါဒပေးကြတာကိုလည်း နာယူကြမယ်လို့ ရည်ရွယ်ပြီးတော့ တရားဓမ္မာရုံကြီးဖြစ်သည့်အားလျော်စွာ တရားပွဲကြီး ငါးညဆင်နွှဲကျင်းပပြီးသကာလ ပူဇော်ကြတယ်။

ဒီတော့-ဒီနေ့ ဓမ္မာရုံကြီးလို့ဆိုရသော်လည်းပဲ အမှန်ကတော့ ဘုရားကျောင်းဆောင်ကြီး၊ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ကိုယ်စားရုပ်ပွါးတော်မြတ်ကြီး သီတင်းသုံးနေတော်မူတဲ့ ဘုရားကျောင်းဆောင်ကြီး၊ ဘုရားရှင်ကိုကျောင်းဆောင်ကြီးဆောက်ပြီးတော့ လှူဒါန်းတာလည်းဟုတ်တယ်၊ တရားကျောင်းဆောင်ကြီးလို့လည်း ပြောလို့ရတယ်၊ ဘာပြုလို့တုန်းဆိုတော့ ဒီဓမ္မာရုံထဲမှာ တရားတော်တွေနာကြမယ်၊ အလှူအတန်း အခမ်းအခမ်းသောကုသိုလ်လုပ်ငန်းတွေပြုလုပ်ပြီးတော့ ဒီထဲမှာ တရားဆွေးနွေးကြ, တရားအားထုတ်ကြ, တရားနာကြ၊ ဒါ့ကြောင့် တရားရဲ့ကျောင်းဆောင်ကြီး။

သံဃာတော်အရှင်မြတ်တွေကို ပင့်ဖိတ်ပြီးသကာလ မိမိတို့ရဲ့ရပ်ကွက်အသီးသီးရဲ့ ပြုလုပ်အားထုတ်မယ့် ကောင်းမှုတွေအတွက် အခုလည်းပဲ ဓမ္မာရုံရေစက်ချအကြောင်းပြုပြီးသကာလ လာမယ့်ဖြာသိုလ်လဆန်း(၄)ရက်နေ့မှာ သံဃာတော်အရှင်မြတ်တွေပင့်ဖိတ်ပြီးတော့ ဆွမ်းဘောဇဉ်တွေ ဆက်ကပ်ကြအုံးမယ်၊ ဒီဓမ္မာရုံထဲမှာ။ လာမယ့်ပြာသိုလ်လဆန်း (၆)ရက်နေ့ကျတော့လည်းပဲ၊ နှစ်စဉ်နှစ်စဉ် ဆွမ်းဘောဇဉ်တွေ လောင်းလှူနေကျအတိုင်း သံဃာတော်အရှင်မြတ်တွေ ပင့်ဖိတ်ပြီးသကာလ သံဃာ့ဒါန ဆွမ်းဘောဇဉ်တွေ လောင်းကြအုန်းမယ်၊ လှူကြအုန်းမယ်၊ ဒါ့ကြောင့် သံဃာတော်တွေအတွက်ကျောင်းဆောင်ကြီးလို့လည်း ဆိုနိုင်တယ်။

http://www.dhammadownload.com



ဒီတော့-အဲဒီလို ဘုရားကျောင်းဆောင်ကြီး, တရားကျောင်းဆောင်ကြီး, သံဃာကျောင်းဆောင်ကြီး, ရတနာသုံးပါးပူဇော်တဲ့ကျောင်းဆောင်ကြီးလို့ခေါ်တဲ့ ဒီဓမ္မာရုံကြီးကို တစ်သိန်းကျော်အကုန်အကျခံပြီးတော့ ဒီနေ့ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ ဆောက်လုပ်လှူဒါန်းကြခြင်းဖြင့် တစ်ခါပြုလုပ်အားထုတ် လိုက်ရင် နေ့ရောညရော အမြဲတန်းကုသိုလ်တိုးနေစေတတ်တဲ့ ကုသိုလ်ထုပ်ကြီး ခြောက်ထုပ်ထဲက ကျောင်းဆောင်ဆောက်လုပ်ခြင်းဆိုတဲ့ ကုသိုလ်ထုပ်ကြီးတစ်မျိုး ကို ဒီနေ့ကြိုးပမ်းအားထုတ် ဒို့ပြုလုပ်နိုင်ကြခြင်း. . . လို့။ ယနေ့ ဒကာဒကာမ အပေါင်းသူတော်ကောင်းတွေက ရှေးဦးစွာသိလိုက်ရမယ်၊ တစ်ကြိမ်တစ်ခါပြုလုပ် အားထုတ်လိုက်လို့ရှိရင် နေ့ရောညရော အမြဲကုသိုလ်တိုးပြီးတော့ အကျိုးအင်မ တန်ကြီးစေတဲ့ ကုသိုလ်ထုပ်ကြီးခြောက်ထုပ်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော် မြတ်က သံယုတ်ပါဠိတော်မှာ ဟောတော်မူထားခဲ့တယ်၊ အဲဒါကို ဘုန်းကြီးတို့ ဆရာတော်ဘုရားကြီးတစ်ပါးက လွယ်လွယ်သိလွယ်အောင် ဒကာဒကာမတွေနား လည်လွယ်အောင်-

❖ အာရာမ်သစ်ပင်, ရေအိုးစဉ်, တစ်ခွင်တံတားပေ၊
ရေကန်ဆောက်ဦ, ဥဩခြောက်ဆူ, ထောက်ကူပံ့ကြလေ၊
နေ့ညမည့်း, ကုသိုလ်တိုး, အကျိုးကြီးလှပေ၊
သံယုတ်ဒေသနာ, ရွှေကျမ်းစာ, မိန့်မှာဟောခဲ့ပေ။

မြတ်စွာဘုရား သံယုတ်ပါဠိတော်မှာဟောတော်မူခဲ့တယ်၊ ဘာတွေတုန်း လို့ဆိုတော့ အာရာမ်တဲ့-အာရာမ်ဆိုတဲ့ပန်းခြံ, သစ်သီးအာရာမ်, ပန်းခြံကြီးများ စိုက်ပြီးလှူလိုက်တော့၊ လှူတာကတော့ တစ်ကြိမ်တစ်ခါလှူလိုက်တာ၊ အဲဒီသစ်သီး ခြံ၊ ပန်းခြံကြီးကို ရဟန်းရှင်လူပြည်သူခပ်သိမ်း သုံးကြလေတိုင်း, စွဲကြလေတိုင်း, သုံးစွဲကြလေတိုင်း, မိမိမှာ နေ့ရောညရော ကုသိုလ်လာတိုးစေတတ်တဲ့အလှူထုပ် ကြီး၊ ကုသိုလ်ထုပ်က နှစ်မျိုးရှိတယ်၊ ဒကာဒကာမတွေလှူဒါန်းနေကြတဲ့ ကောင်း မှုတွေကို တစ်, နှစ်, သုံး, လေးဂဏန်းရေရေရင်တော့ အများကြီးရှိတာပေါ့၊ အကျဉ်း ချုပ်ခွဲကြည့်လိုက်ရင်တစ်ကြိမ်ပြုရင် တစ်ကြိမ် အလှူခံပုဂ္ဂိုလ်ကို ကျေးဇူးပြုပြီးတော့ တစ်ကြိမ်ကုသိုလ်တိုးတဲ့ အလှူထုပ်ကတစ်မျိုး။

တစ်ကြိမ်ပြုလိုက်ရင် အလှူခံပုဂ္ဂိုလ်ပေါင်းမြောက်များစွာကို ကျေးဇူးပြုပြီး တော့ နေ့ရောညရောအမြဲတန်းကုသိုလ်တိုးနေစေတတ်တဲ့ အလှူထုပ်ကြီးကတစ် မျိုး. . လို့ နှစ်မျိုးရှိတယ်။ အလှူထုပ်နှစ်မျိုးရှိတယ်၊ ဘုန်းကြီးတို့ ဥပမာ ဆွမ်းကျွေး

http://www.dhammadownload.com



တယ်ဆိုကြပါစို့၊ သံဃာတစ်ပါးကို(သို့မဟုတ်)၊ သံဃာဆယ်ပါးကို ဆွမ်းပင့်ပြီး တော့ကပ်တယ်၊ သံဃာအပါးတစ်ရာကို ဆွမ်းပင့်ပြီးတော့ကပ်တယ်၊ အဲ-တစ်ကြိမ် လှူတယ်၊ အဲဒီတစ်ကြိမ် ဒီသံဃာတော်အရှင်မြတ်တွေ ဆွမ်းဘုဉ်းပေးရတယ်၊ အလှူခံပုဂ္ဂိုလ်ကို တစ်ကြိမ်ကျေးဇူးပြုတယ်။ မိမိအတွက်လည်းပဲ ဒီအလှူထုပ်နဲ့ပတ် သက်ပြီးတော့ အပရစေတနာအနေနဲ့ တစ်လလောက်သတိရ၊ ကုသိုလ်ရသေး တယ်၊ တစ်နှစ်လောက်ကြာတော့ နည်းနည်းရေးတေးတေးဖြစ်သွား၊ ဟာ-ဆယ် နှစ်လောက်, ဆယ့်ငါးနှစ်လောက်ကြာတော့ မေ့သလိုဖြစ်သွား၊ ဒါကြောင့် အဲဒီ အလှူထုပ်မျိုးက ဇင်္ဂမဒါနလို့လည်းခေါ်နိုင်တယ်။

အခုလို ဓမ္မာရုံကြီးဆောက်လုပ်လှူဒါန်းခြင်းဆိုတဲ့ ဒီအလှူထုပ်မျိုးကျတော့ တစ်ကြိမ်ပြုလိုက်ခြင်းသည် အလှူခံပုဂ္ဂိုလ်ပေါင်း သူတော်ကောင်းမြောက်များ စွာတို့ကို အကြိမ်ပေါင်းများစွာလှူဒါန်းနေရာရောက်မယ်၊ ဒီဓမ္မာရုံကြီးထဲမှာပဲ ဘုရား ရှင်ကိုယ်တော်မြတ်ကြီးက အမြဲသီတင်းသုံးပြီးနေတော့၊ ဒီ-ဘုရားရှင်ကိုယ်တော် မြတ်ကြီးသီတင်းသုံးနေသမျှ မိမိတို့ဒီကျောင်းဆောင်ကြီးက လှူဒါန်းရာရောက်နေ လို့ လပေါင်းများစွာ, နှစ်ပေါင်းများစွာ, ဘုရားသီတင်းသုံးဖို့ ကျောင်းဆောင်ကြီးနဲ့ လှူထားတာဖြစ်နေတယ်။

တစ်ခါ ဒီဓမ္မာရုံထဲမှာတရားပွဲတွေကျင်းပတိုင်း ကျင်းပတိုင်း၊ ဒီဓမ္မာရုံထဲ ဝင်ပြီးတော့ သီလယူကြတိုင်း ဥပုသ်စောင့်ကြတိုင်း၊ ဒီဓမ္မာရုံကြီးထဲမှာ တရားလာ ပြီးထိုင်ကြတဲ့သူတွေ ထိုင်ကြတိုင်း၊ ဒီဓမ္မာရုံကြီးထဲမှာလာပြီးတော့ဆွေးနွေးကြတိုင်း၊ ဒီဓမ္မာရုံကြီးထဲမှာ သံဃာတော်တွေပင့်ပြီးတော့ ဆွမ်းဘောဇဉ်တွေကပ်ကြတိုင်း ကုသိုလ်တွေပြုကြတိုင်း၊ အလှူအတန်းအခမ်းအနားတွေပြုကြတိုင်း။

ဒီတော့-အဲဒီအလှူခံပုဂ္ဂိုလ် ဒီဓမ္မာရုံကြီးကို အသုံးပြုကြမယ့် သံဃာတော် အရေအတွက်၊ သူတော်ကောင်း အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ အရေ အတွက်၊ တရားထိုင်မယ့်သူအရေအတွက်၊ ဥပုသ်စောင့်မယ့်သူတွေအရေအတွက် ဟာ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာဆိုတော့ မရေမတွက်နိုင်ဘူး၊ အခုလက်ရှိ ဒကာဒကာမတွေလည်းဆိုင်တယ်၊ နောင်ရောက်လာကြအုန်းမယ့် ဒကာဒကာမ တွေလည်းဆိုင်တယ်၊ ဒါ့ကြောင့် အလှူခံပုဂ္ဂိုလ်အပိုင်းအခြားထားလို့မရဘူး၊ အဲဒီလို အလှူ ခံပုဂ္ဂိုလ်တွေသုံးနေသမျှ ကိုယ့်ကုသိုလ်ရနေတယ်။

http://www.dhammadownload.com



အဲဒီလို အကျိုးကြီးတဲ့ကုသိုလ်ထုပ်ကြီးခြောက်မျိုးက(၁)အာရာမ်တဲ့-သစ်သီးခြံ, ပန်းခြံစိုက်ပြီးတော့လှူဒါန်းခြင်း၊ (၂) သစ်ပင်တဲ့- အရိပ်ကောင်းသစ်ပင်ကြီးများ တစ်နေရာမှာစိုက်ပြီးတော့လှူဒါန်းခြင်း၊ လမ်ဆုံလမ်းမ လမ်းလေးခွ အရိပ်ကောင်းသစ်ပင်ကြီးတစ်ပင်စိုက်ပြီး လှူဒါန်းထားလိုက်တော့ ဒီသစ်ပင်ရိပ် ရဟန်း ရှင်လူပြည်သူခပ်သိမ်း ခိုနားကြတိုင်း, ခိုနားကြတိုင်း၊ ဒီသစ်ပင်ကသစ်သီးကို သုံးကြလေတိုင်း၊ ဒီသစ်ပင်က အပွင့်ကိုယူကြ လေတိုင်း၊ ဒီသစ်ပင်ကအရွက်အညွန့်တွေကို သုံးကြလေတိုင်း၊ ဒီတော့-အဲဒီသစ်ပင်ကြီးက တစ်နှစ်နဲ့လည်း ပျောက်မသွားဘူး၊ ဆယ်နှစ်နဲ့လည်း ပျောက်မသွားဘူး၊ အနှစ်နှစ်ဆယ်, သုံးဆယ်, လေးဆယ်,ငါးဆယ်, သူက ဒီလိုတည်နေတာဖြစ်တော့ ပြုတာကတစ်ခါပြုလိုက်တာ၊ ပြုတော့တစ်ကြိမ်ပြုလိုက်တာ၊ မိမိမှာအမြဲတမ်းကုသိုလ်တိုးနေစေတတ်တဲ့ အလှူထုပ်ကြီး. . တဲ့ ဘုရားက။

ဟော-(၃)နံပါတ် ရေအိုးစဉ်တည်ပြီးတော့လှူဒါန်းခြင်း။ ရေအိုးစဉ်တည်ပြီးတော့လှူဒါန်းထားလိုက်တော့ ပြုတုန်းကတော့၊ တည်တုန်းကတော့တစ်ကြိမ်ဆောက်ပြီးတော့လှူလိုက်တာပဲ၊ လပေါင်းများစွာ နှစ်ပေါင်းများစွာ ဒီရေအိုးစဉ်ဝင်ပြီးတော့ ရဟန်းရှင်လူ ပြည်သူခပ်သိမ်းသောက်ကြလေတိုင်း, သုံးကြလေတိုင်းတဲ့၊ အလှူရှင်မှာလာပြီးတော့ ကုသိုလ်တိုး၊ နေ့သောက် နေ့ကုသိုလ်ရ၊ ညသောက်ညကုသိုလ်ရတယ်၊ အလှူခံပုဂ္ဂိုလ်လည်း ဒီရေအိုးစဉ်ဝင်သောက်မယ့် ပုဂ္ဂိုလ် တစ်ရာလို့လည်းဖြတ်လို့မရဘူး၊ တစ်ထောင်လို့လည်းပြောလို့မရဘူး၊ တစ်သောင်းလို့လည်း ပြောလို့မရဘူး၊ ရေအိုးစဉ်ရှိသမျှ ရေရှိသမျှသောက်သုံးပြီးတော့ နေကြမယ်။

(၄) တံတားဆောက်ပြီးတော့လှူတဲ့သူတွေ-အတူတူပဲပေါ့ တံတားဆောက်ပြီးတော့ တစ်ကြိမ်ဆောက်ပြီးတော့ လှူဒါန်းထားလိုက်တာ၊ အုတ်တံတား အသားတံတား၊ မြေတံတားခင်းပြီးတော့ထားလိုက်တာ အဲဒီတံတားပေါ်မှာ ရဟန်း ရှင်လူ ပြည်သူခပ်သိမ်းလျှောက်ကြလေတိုင်း,လျှောက်ကြလေတိုင်း၊ တံတားပေါ်ကနေပြီးတော့ ချမ်းချမ်းသာသာ ဖြတ်သန်းသွားကြလေတိုင်း,သွားကြလေတိုင်း. . တဲ့၊ မိမိမှာ ကုသိုလ်ရတယ်၊ နေ့ဖြတ် နေ့ကုသိုလ်ရတယ်၊ ညဖြတ် ညကုသိုလ်ရမယ်၊ ကိုယ်ကတွေးလိုက်မိတိုင်း ပီတိလှိုင်းထပြီးတော့ ကုသိုလ်ရစေတတ်တယ်၊ ဒါ့ကြောင့်-တစ်ကြိမ်ပြုလိုက်ရင် ရက်ပေါင်းများစွာ,လပေါင်းများစွာ, နှစ်ပေါင်းများ

http://www.dhammadownload.com



စွာ ကုသိုလ်တိုးနေစေတတ်တဲ့ အလှူထုပ်ကြီး. . . တဲ့။

(၅) ရေကန်-ရေတွင်းရေကန်တူးပြီးတော့လှူဒါန်းထားပြီဆိုရင် အဲဒီ ရေတွင်းရေကန်က ရဟန်းရှင်လူ ပြည်သူခပ်သိမ်း ယူငင်ပြီးတော့ချိုးကြလေတိုင်း, သောက်ကြလေတိုင်း, သုံးကြလေတိုင်း, ဖွတ်ကြလျှော်ကြလေတိုင်း, ထမင်းဟင်းချက်ဖို့ရာယူကြလေတိုင်း. . . တဲ့ ကိုယ့်မှာ ကုသိုလ်ရ၊ ဒါကြောင့်-ရေတွင်းရေကန်။

(၆) **အဆောက်အဦးတဲ့**-ဟောဒီလို ဓမ္မာရုံအဆောက်အဦး, ဇရပ်အဆောက်အဦး,ကျောင်းအဆောက်အဦး,အိမ်အဆောက်အဦး အစရှိသည်ဖြင့် အဆောက်အဦးအလှူ ဒီတော့-အဆောက်အဦးအလှူကလည်းပဲ ကစ်ကြိမ်တစ်ခါ ဆောက်လုပ်လှူဒါန်းလိုက်တဲ့ ဒီဓမ္မာရုံအဆောက်အဦးအလှူကြီးသည်။

ယနေ့ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ စုပေါင်းအားဖြင့် တစ်သိန်းရှစ်သောင်းကျော် အကုန်အကျခံပြီးတော့ ဆောက်လုပ်လှူဒါန်းထားတဲ့ ဤဓမ္မာရုံအဆောက်အဦးအလှူကြီးသည်. . . မိမိတို့အား နေ့ရောညရော အမြဲတမ်းကုသိုလ်ပေးနေမယ့်အလှူထုပ်ကြီး၊ နေ့ညမည့်ုးကုသိုလ်တိုးစေတတ်တဲ့ အလှူထုပ်ကြီးကို ဒို့-ကြိုးပမ်းအားထုတ်ပြုလုပ်နိုင်ကြတဲ့နေ့. . . လို့ သံယုတ်ပါဠိတော်မှာ ဘုရားဟောတော်မူတဲ့ဒေသနာတော်အရ ယနေ့ဒကာဒကာမတွေသိကြရအောင်၊ ကိုင်း-အဲဒီဆောင်ပုဒ်ကလေး၊ အဲဒီလင်္ကာလေးလိုက်ဆိုကြည့်ရအောင်-အားလုံးပရိသတ်လိုက်ဆိုစမ်းပါ-

❖ အာရာမ်,သစ်ပင်,ရေအိုးစဉ်၊ တစ်ခွင်တံတားပေ။
ရေကန်ဆောက်ဦ, ဤခြောက်ဆူ,ထောက်ကူပံ့ကြလေ။

ထောက်ကူကြ,ပံ့ကြ,လှူဒါန်းကြ. . . တဲ့,ပြုကြ၊ ဒီခြောက်မျိုးတစ်မျိုးမျိုးပြုကြ,ပြုနိုင်ရင်နှစ်မျိုးသော်လည်းကောင်း,သုံးမျိုးလေးမျိုးငါးမျိုးခြောက်မျိုးသော်လည်းကောင်း တတ်နိုင်သလိုပြုကြလို့ဆိုလိုက်စမ်းပါ-

❖ နေ့ညမည့်ုး, ကုသိုလ်တိုး, အကျိုးကြီးလှချေ။

ဟော-နေ့ရောညရော ကုသိုလ်တိုးတဲ့အလှူထုပ်ကြီးခြောက်ထုပ်၊ ဒီဓမ္မာရုံကြီး-ဒကာဒကာမတွေစုပေါင်းဆောက်ထားတော့ ဒီဓမ္မာရုံထဲမှာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပရိသတ်အမြဲသီတင်းသုံးပြီးတော့မနေဘူးလား?(နေပါဘုရား)

http://www.dhammadownload.com



ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အမြဲသီတင်းသုံးနေတော့ ဘုရားကျောင်းဆောင်ကြီးဖြစ်နေတော့ ဒီဘုရားကျောင်းဆောင်ကြီးက တစ်လနဲ့လည်းမပျောက်, တစ်နှစ်နဲ့လည်းမပျောက်,ဆယ်နှစ်, ဆယ်ငါးနှစ်,အနှစ်နှစ်ဆယ်,ဒီဓမ္မာရုံကျောင်းဆောင်ကြီးကဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မိုးလုံအောင်,လေလုံအောင်, အပူအအေးဒဏ်တွေကာကွယ်ပေး. . . ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုကျေးဇူးပြုနေတာဖြစ်တော့ အဲဒီအဆောက်အဦးကြီးက ကျေးဇူးပြုနေတာသည်ပင်လျှင် ဒီနေ့ကျောင်းဒကာကျောင်းအမ၊ ဓမ္မာရုံဒကာဒကာမတွေကျေးဇူးပြုနေတယ် လှူနေတယ်လို့မဆိုနိုင်ဘူးလား?(ဆိုနိုင်ပါဘုရား)ဒါဖြင့် နေ့ရောညရော သတိရလိုက်တိုင်း ကုသိုလ်မတိုးဘူးလား?(တိုးပါဘုရား)

ဟာ-ဒီဓမ္မာရုံကြီးထဲသံဃာတော်တွေပင့်ပြီးတော့ဆွမ်းကပ်သတဲ့. . . လို့ အိမ်ကနေကြားရင်ပဲ၊ ဟာ ဒို့ဆောက်ထားတဲ့ဓမ္မာရုံကြီးထဲသံဃာတော်တွေဆွမ်းဘုဉ်းပေးနေကြသတဲ့ သံဃာတော်တွေအသုံးပြုနေကြသတဲ့ဆိုရင် ကုသိုလ်မရဘူးလား?(ရပါဘုရား) အဲဒီရမယ့်ကုသိုလ်က တစ်နှစ်နဲ့လည်းကုန်ပါ့ မလား?(မကုန်ပါဘုရား) ဆယ်နှစ်ကြာလို့ရော ပျောက်ပါ့မလား?(မပျောက်ပါဘုရား)အနှစ်သုံးဆယ် လေးဆယ်ငါးဆယ် မိမိတစ်သက်လုံးနေသွားသမျှ ဒီကုသိုလ်ထုပ်ကြီးကကျေးဇူးပြုမနေဘူးလား?(နေပါဘုရား)

ဒီတော့-ကုသိုလ်လှိုင်း,ပီတိလှိုင်းမိမိဝမ်းထဲမှာပီတိလှိုင်းခတ်ခတ်ပြီးတော့ ဒီကုသိုလ်အာရုံပြုလိုက်တိုင်း,သတိရလိုက်တိုင်း,မြင်လိုက်တိုင်း,ကြားလိုက်တိုင်း ဟာ-ဒီဓမ္မာရုံထဲကိုယ်ကိုယ်တိုင်ရောက်လာပြီးတော့ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးနေတာ ကြည်ညိုရပြီဆိုတော့ပြောစရာမရှိဘူး၊ ဒီဓမ္မာရုံကြီးထဲ တရားပွဲတွေကျင်းပနေတာကြည့်ပြီးတော့ ပီတိဖြစ်ရတော့ ပြောစရာမရှိဘူး၊ ဒီတော့ ကုသိုလ်လှိုင်းကြီးတွေရင်ထဲမှာ တစ်ဒိုင်းဒိုင်းတစ်ဟောဟောနဲ့ ကုသိုလ်လှိုင်းကြီးတွေထပြီးတော့နေတယ်. . . တဲ့၊ ကုသိုလ်ဆိုတာအထက်ကိုဆောင်တဲ့သတ္တိရှိတယ်၊ အကုသိုလ်တရားကအောက်ဆွဲချတဲ့ သတ္တိရှိတယ်၊

ဒီတော့ ဒီဓမ္မာရုံအကြောင်းပြုပြီးတော့ အခုအမျိုးကောင်းသားအမျိုးကောင်းသမီးတွေရဲ့ဝမ်းထဲမှာ ကုသိုလ်လှိုင်း,ပီတိလှိုင်းတွေ ထတိုင်း,ထတိုင်း, မီးပုံးပျံကြီးများ မှိုင်းနဲ့မ,တင်သလိုပဲ၊ မီးပုံးပျံကြီးများမှိုင်းအားကောင်းလေ အထက်တက်လေ,မှိုင်းအားကောင်းလေ အထက်တက်လေ၊ အဲဒီလိုပဲ ဒကာဒကာမတွေရဲ့ခန္ဓာ

http://www.dhammadownload.com



ကိုယ်ဆိုတဲ့မီးပုံးပျံကြီးကို ဒီကုသိုလ်လှိုင်း,မှိုင်းတွေက အားကောင်းပြီးတော့ပရိသတ် အထက်မပို့ပေဘူးလား?(ပို့ပါဘုရား) ကုသိုလ်တရားမှန်သမျှက အထက်ကိုဆောင် တယ်၊ အကုသိုလ်တရားမှန်သမျှက အောက်ဖိချတယ်,အောက်ဆွဲချတယ်၊ ဒါ- သူ့စာတ်သဘာဝကြီး၊

ဒီတော့-ဒကာဒကာမတွေရဲ့ခန္ဓာကိုယ်က သူပဲငါပဲယောကျ်ားမိန်းမစွဲလို့ သာစွဲနေတာ၊ ဓာတ်ကောင်,ဓာတ်တုံး,ဓာတ်စု,ဓာတ်လုံး,ဓာတ်ခဲကြီး၊အဲဒီဓာတ်ခဲထဲ မှာ ကုသိုလ်လှိုင်းတွေ,ကုသိုလ်ဓာတ်တွေ,ပီတိလှိုင်းခတ်ပြီးတော့ အထက်ကိုပို့မယ့် ဓာတ်တွေ,အထက်ကိုဆောင်မယ့်ဓာတ်တွေ,အထက်ကိုတွန်းသွားမယ့်ဓာတ်တွေ, အထက်ကိုတွန်းပို့မယ့်ဓာတ်တွေ, အထက်ကို မ,သွားမယ့်ဓာတ်တွေ, နေ့ရောည ရော တိုးနေမယ်ဆိုရင် ပရိသတ်မကောင်းဘူးလား?၊(ကောင်းပါဘုရား)၊ ဒီတော့- ဓာတ်ဓာတ်ချင်းဆောင်သွားတော့ အသက်လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန် ထိအောင်၊ အို,နာ,သေရေး ဒုက္ခဘေးတွေလွတ်ရာထိအောင် ပို့ဆောင်မယ့်ဓာတ် တွေ ရင်ထဲမှာတစ်လှိုင်းလှိုင်းထနေတာ အခွင့်မတန်ချီးကျူးစရာကောင်းတယ်. . . တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက။

အကျိုးဘယ်လောက်ထိကြီးတုန်းဆိုတော့၊ အိုလွတ်, နာလွတ်, သေလွတ် သည့်ထိအောင်ရောက်သွားမယ်၊ ပရိသတ်ကြီး ကုသိုလ်ကပင့်ပင့်တင်လိုက်တာ ဘယ်ထိအောင်ပင့်တုန်းဆိုတော့ နောက်ဆုံး လောကုတ္တရာကုသိုလ်ခေါ်တဲ့ မဂ်ကု သိုလ်တွေကပါ ပင့်တင်လိုက်ပြီဆိုတော့ အအိုလွတ်, အနာလွတ်, အသေလွတ်တဲ့ နိဗ္ဗာန်ထိအောင် ရောက်သွားမယ်၊ ဒီတော့-ပင့်ပင့်တင်သွားလိုက်တာ အအိုလွတ်, အနာလွတ်,အသေလွတ်, (၃၁)ဘုံရဲ့ဟိုဘက်၊ အို,နာ,သေလွတ်သည့်အထိရောက် သွားတယ်ဆိုတာ နိဗ္ဗာန်ရောက်သွားတာပြောတာ၊(မှန်ပါဘုရား)၊ ဒါဖြင့်-ဒီဓမ္မာ ရုံကြီးက ဒကာဒကာမတွေကို နိဗ္ဗာန်ထိအောင် မပို့ပေဘူးလား?၊(ပို့ပါဘုရား)၊ ဘယ်သူမဆို အိုဘေး, နာဘေး, သေဘေးကြီးနဲ့ မတွေ့ချင်ဘဲနဲ့ တွေ့ကြရတယ်၊ မကြုံချင်ဘဲနဲ့ ကြုံနေကြရတယ်၊ မဆုံချင်ဘဲနဲ့ ဆုံကြရတယ်၊ အဲဒီ အို,နာ, သေဒုက္ခဘေးကြီးလွတ်ရာပို့တယ်လို့ဆိုတော့၊ ဒီအကျိုးဟာ အကြီးဆုံးအကျိုးပဲ၊ ဒါ့ကြောင့် ဆိုလိုက်စမ်းပါ-

❖ နေ့ညမညှိုး, ကုသိုလ်တိုး, အကျိုးကြီးလှပေ၊
သံယုတ်ဒေသနာ, ရွှေကျမ်းစာ, မိန့်မှာဟောခဲ့ပေ။

http://www.dhammadownload.com



ဟော-ဘုရားရှင် ဘယ်မှာဟောခဲ့တာတုန်းဆိုတော့၊ သံယုတ်မှာဟောခဲ့တယ်၊ ဒါ့ကြောင့်-တစ်ကြိမ်တစ်ခါကြိုးပမ်းအားထုတ်ပြုလုပ်လိုက်တဲ့ အလှူထုပ်ကြီးသည် နေ့ရောညရော အမြဲတမ်းကုသိုလ်တိုးနေစေတတ်တဲ့ အလှူထုပ်ကြီးကို ဒို့ ဒီနေ့စုပေါင်းပြီးသကာလ မျက်ပါးရပ်, ဖျာတန်းရပ်မှာနေထိုင်ကြတဲ့ ဒကာဒကာမတွေနှင့်တကွ စပ်ရာစပ်ရာ,နွယ်ရာနွယ်ရာ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ဒို့စုပေါင်းအားနဲ့ ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြတဲ့နေ့. . . လို့ ဟောဒီလို ရှေးဦးစွာသိလိုက်ရတယ် ပရိသတ်၊(မှန်ပါဘုရား)၊

အဲဒီလို ကြိုးပမ်းအားထုတ်ပြုလုပ်လိုက်တဲ့ဓမ္မာရုံကြီးကို ဆောက်လုပ်လှူဒါန်းလိုက်ခြင်းဖြင့် ဘုန်းကြီးတို့ မဟာသံဃရက္ခိတသုတ်တော်ဒေသနာတော်နဲ့ပြောကြမယ်ဆိုရင်ဖြင့် ဒီနေ့ မန္တလေးမြို့ မျက်ပါးရပ်၊ ဖျာတန်းရပ်မှာနေထိုင်ကြတဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေနှင့်တကွ၊ ဤဓမ္မာရုံကြီးကို ကုသိုလ်ပါဝင်ပြီးသကာလ ကြိုးပမ်းအားထုတ်ပြုလုပ်တဲ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတို့သည်၊ မိမိတို့ကိုယ်မိမိတို့အနေတတ်တဲ့လူတွေဖြစ်အောင် ကြိုးပမ်း အားထုတ်ပြုလုပ်ကြတဲ့နေ့. . တဲ့၊ အနေတတ်တဲ့လူတွေဖြစ်အောင် ကြိုးပမ်းကြခြင်း. . . တဲ့၊ အနေတတ်တဲ့လူတွေဖြစ်အောင် ကြိုးပမ်းကြခြင်း။

လောကမှာ အနေတတ်တဲ့လူ, အနေမတတ်တဲ့လူလို့ လူနှစ်လူကွဲတယ်၊ သတ္တဝါတိုင်း သတ္တဝါတိုင်း အသက်ရှင်ရေးအတွက် မကင်းနိုင်တဲ့အရေးကြီးသုံးပါးရှိတဲ့အနက်က၊ စားရေးရယ်, ဝတ်ရေးရယ်, နေရေးရယ်လို့ အရေးကြီးသုံးပါးရှိတယ်။ သတ္တဝါတိုင်း သတ္တဝါတိုင်း မကင်းနိုင်တဲ့အရေးကြီးကသုံးပါး။ ပရိသတ် ဘယ်နှစ်ပါးတဲ့တုန်း?(သုံးပါးပါဘုရား)၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ အသက်ရှင်ရေးအတွက် မစားဘဲနေလို့ရရဲ့လား?(မရပါဘုရား)၊ ဒီတော့-စားရေးအတွက် ပြေးရလွှားရ ရှာရဖွေရ မလုပ်ရဘူးလား?(လုပ်ရပါဘုရား)၊ ဝတ်ရေးအတွက်လည်းပဲ ပြေးနေ့လွှားရတယ်၊ နေရေးအတွက်လည်း ပြေးရလွှားရတယ်။

ဒါဖြင့်-သတ္တဝါတိုင်း, လူသားတိုင်း, လူသားတိုင်း အသက်ရှင်ရေးအတွက် ဒီသုံးရေးနဲ့လုံးထွေးနေရတယ်. . .၊ မသေချာဘူးလား?(သေချာပါဘုရား)၊ ဒီသုံးအရေးနဲ့ လုံးထွေးပြီးနေတော့ နေ့ရှိသမျှ ညရှိသမျှနေကြရတယ်၊ မနက်စောစော ဒကာဒကာမတွေ ဈေးကိုပြေးတဲ့သူကပြေး၊ မော်တော်ကားနဲ့ပြေးတဲ့သူကပြေး၊

http://www.dhammadownload.com



မီးရထားနဲ့ပြေးတဲ့သူကပြေး၊ အရောင်းအဝယ်, ကုန်သည်လယ်လုပ်၊ ပွဲစားစသည် ဖြင့်ပြေးလွှားပြီးတော့နေရတာ ဘာအရေးတုန်း. . . လို့ဆိုရင် ဟောဒီသုံးအရေးပဲ၊ စားရေးရယ်, ဝတ်ရေးရယ်, နေရေးရယ်ဆိုတဲ့ သုံးအရေးနဲ့လုံးထွေးပြီးတော့ နေရ တယ်။

ဒီအရေးသုံးပါး ရှုပ်နေလို့ ယနေ့ ဒကာဒကာမတွေမှာ၊ နေ့မအား ညမ အား ရှာကြဖွေကြရတယ်၊ မနက်လင်းလာရင် ခုနကပြောသလို ဈေးချိုကို တစ်ခါ တည်း ဆိုင်ကယ်နဲ့ စက်ဘီးနဲ့တစ်မျိုး၊ ကားနဲ့တစ်တန်၊ ခြေလျှင်တစ်မျိုး၊ အထုပ် ကလေးတွေနဲ့သွားကြလာကြ ဆိုင်ဖွင့်ဖို့ပြေးကြတယ်၊ ဘာ့ကြောင့်တုန်း ဒီသုံးရေး ပဲ၊ စားရေးရယ်, ဝတ်ရေးရယ်, နေရေးရယ် ဒီသုံးရေးနဲ့ပြေးနေကြတယ်ဆိုတာ ပရိသတ် မသေချာဘူးလား?(သေချာပါဘုရား)၊ ဒါဖြင့် ဒီသုံးရေးနဲ့လုံးထွေးပြီးတော့ ပြေးနေရတဲ့ သတ္တဝါတွေမှာ အရှေ့အနောက် တောင်မြောက် ဟိုဟို ဒီဒီ ကူး သန်းပြီးတော့၊ ပြေးသွားပြီးနေကြရတော့ ပင်ပန်းကြတယ်. . . တဲ့။

အစတော့ ကိုယ်စားရေးအတွက် ကိုယ်ဝတ်ရေးအတွက်၊ ကိုယ်နေရေး အတွက်၊ နောက်တော့ ကိုယ်နဲ့စပ်လာတဲ့ ကိုယ့်သားစားရေးအတွက်၊ ကိုယ့်သမီး စားရေးအတွက်၊ သားသမီးဝတ်ရေးဆင်ရေး၊ ကိုယ့်သားသမီးနေရေးထိုင်ရေး၊ ဟာ-ဒီကတစ်ဆင့်တက်လာတော့ ကိုယ့်ရဲ့ဆွေမျိုးမျိုးစပ်တွေ၊ ကိုယ်နဲ့စပ်တဲ့သူတွေ စားရေးရယ်, ဝတ်ရေးရယ်, နေရေးရယ်,တစ်ဖြေးဖြေးကျယ်ပြီးတော့လာလိုက်တော့ ဒီအရေးနဲ့လုံးထွေးပြီးတော့ ဘုန်းကြီးတို့ပရိသတ်တွေ ပြေးလွှားပြီးတော့နေကြရ တာ ပင်ပန်းကြတယ်. . . တဲ့၊ ပင်ပန်းကြတယ်၊ ပရိသတ် မပင်ပန်းရဘူးလား? (ပင်ပန်းရပါဘုရား)၊

ဒီတော့-ဒီသုံးအရေးနဲ့လုံးထွေးပြီးတော့နေရတာ၊ ဟိုကူးဒီသန်းနဲ့ ပင်ပန်း ပြီးတော့နေကြရတယ်၊ ဒါ့ကြောင့် **"သုံးအရေးနဲ့, လုံးထွေးကာရယ်, ဟိုကူး ဒီသန်း, ပင်ပန်းကြတယ်,. . .** တဲ့။ သတ္တဝါတွေ မော်တော်ကားကြီး မော်တော် ကားငယ်နဲ့ မန္တလေးတင်မကဘူး၊ တစ်ခါတည်း မန္တလေး ရန်ကုန် သထုံ ပဲခူး ဖြူး တောင်ငူ လှည့်လည်ပြီးတော့ ပြေးနေတာလည်း ဒီသုံးအရေးနဲ့ပြေးတာ။ ပရိသတ် ကြီး ကားကြီးကားငယ်နဲ့ပြေးနေတာ ဘယ်နှစ်ရေးတုန်းလို့မေးရင် သုံးရေး၊ ဘယ်နှစ် ရေးပါလိမ့်?(သုံးရေးပါဘုရား)။

http://www.dhammadownload.com



မီးရထားကြီးတွေ၊ အစုန်အဆန်အပြည့်တင်ပြီးသကာလ အောက်လူက အထက်ပြေးလိုက်၊ အထက်လူကအောက်စုန်သွားနဲ့ ပြေးနေတာလည်း ဒီသုံးရေး၊ ဘယ်နှစ်ရေးပါလိမ့်?(သုံးရေးပါဘုရား)၊ လေယာဉ်ပျံကြီးတွေ ပင်လယ်ကူးသင်္ဘောကြီးတွေ၊ ကမ်းရိုးတန်းသင်္ဘောကြီးတွေနဲ့ နိုင်ငံတကာ ကမ္ဘာကရှိသမျှလူတွေ လှည့်ပတ်ပြီးတော့ ပြေးလွှားပို့ဆောင်ပြီးတော့လုပ်နေကြတာလည်း သုံးရေး၊ ဘယ်နှစ်ရေးပါလိမ့်?(သုံးရေးပါဘုရား)၊ ဒါဖြင့်-ဒီနေ့ကမ္ဘာတစ်လွှား ရှိရှိသမျှသတ္တဝါတွေ ဟိုကူးဒီသန်းပြေးလွှားပင်ပန်းပြီးတော့နေကြတာ ဒီသုံးအရေး . တဲ့၊ သုံးအရေးကြောင့်ပြေးလွှားနေကြရတယ်။ ဒါ့ကြောင့်-

❖ သုံးအရေးနဲ့,လုံးထွေးကာရယ်,ဟိုကူးဒီသန်း,ပင်ပန်းကြတယ်၊
သုံးရေးတတ်မှ, ဝတ်ဇာတ်သွယ်သွယ်။

အဲဒီသုံးအရေးနဲ့ ပြေးလွှားနေရတာဖြစ်တော့ အဲဒီသုံးအရေးမှာ-လူနှစ်မျိုးကွဲသွားတယ်၊ စားရေးနဲ့ပတ်သက်ပြီးတော့ စားတတ်တဲ့သူ၊ မစားတတ်တဲ့သူလို့ နှစ်မျိုးကွဲတယ်။ ဝတ်ရေးနဲ့ပတ်သက်ပြီးတော့လည်းပဲ၊ ဝတ်တတ်တဲ့သူ မဝတ်တတ်တဲ့သူလို့ လူနှစ်မျိုးကွဲတယ်။ နေရေးနဲ့ပတ်သက်ပြီးတော့လည်းပဲ အနေတတ်တဲ့သူ၊ အနေမတတ်တဲ့သူလို့ လူနှစ်မျိုးကွဲတယ်။ ဟော-စာရေး, ဝတ်ရေး, နေရေး-သုံးရေးမှာ လူနှစ်မျိုး နှစ်မျိုးကွဲသွားတယ်၊ ပရိသတ် ဘယ်နှစ်မျိုးကွဲသွားတုန်း?(နှစ်မျိုးပါဘုရား) ဟော-စားတတ်တဲ့သူ၊ မစားတတ်တဲ့သူလို့ နှစ်မျိုးကွဲတယ်၊ ဝတ်တတ်တဲ့သူ မဝတ်တတ်တဲ့သူလို့ နှစ်မျိုးကွဲတယ်၊ အနေတတ်တဲ့သူ အနေမတတ်တဲ့သူလို့ နှစ်မျိုးကွဲတယ်၊ ဒီတော့-

❖ သုံးရေးတတ်မှ, ဝဋ်ဇာတ်သွယ်သွယ်၊
ပြေပျောက်ငြိမ်း, အေးကိန်းပေါ်လိမ့်မယ်။

အဲဒီ-သုံးအရေးကိုတတ်တဲ့သူဖြစ်မှ ဝဋ်ဇာတ်တွေငြိမ်းပြီးတော့ အေးကိန်းပေါ်တယ်တဲ့၊ ဒါဖြင့် သုံးအရေးကိုမတတ်တဲ့သူဆိုရင် ဝဋ်ဇာတ်ထဲတစ်လည်လည်နေရတယ်လို့ ပြောင်းပြန်စကားပြန်ရတယ်၊ ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ဒီအရေးသုံးပါးတတ်မတတ် ကွဲတာသိရအောင် ဆိုလိုက်စမ်းပါ-

❖ သုံးအရေးနဲ့, လုံးထွေးကာရယ်,
ဟိုကူးဒီသန်း, ပင်ပန်းကြတယ်။

http://www.dhammadownload.com



ဟိုမြို့ဒီမြို့ ဟိုရွာဒီရွာ၊ ပရိသတ်မကူးရဘူးလား?(ကူးရပါဘုရား) ဒီစားရေး, ဝတ်ရေး နေရေးအတွက်ပဲ တစ်ခါတည်း ကားကြီးကားငယ်နဲ့ပြေးကြ၊ ကုန်တွေ သယ်ကြ ရောင်းကြချကြ၊ လယ်ယာကိုင်းကျွန်းတွေလုပ်တဲ့သူတွေကလည်း လုပ်ကြနဲ့၊ လခစား ကူလီလုပ်တဲ့သူတွေကလည်းလုပ်ကြနဲ့ ဟိုကူးဒီသန်း မလုပ်ရဘူးလား?(လုပ်ရပါဘုရား)၊ လုပ်ရတော့ ချမ်းချမ်းသာသာရယ်လို့ မရှိဘူး၊ မလုပ်ချင်ဘဲနဲ့လုပ်ရ၊ မသွားချင်ဘဲနဲ့လည်းသွားရ၊ မနေချင်ဘဲနဲ့လည်းနေရဆိုတာတွေ မပါဘူးလား?(ပါပါဘုရား)

ဟာ-ဒီကြားထဲအကြောင်းမတော်လို့ကားချော်လို့,ကားမှောက်လို့,ရထားတိုက်လို့,လေပျံပျက်လို့နဲ့ဆိုတာတွေရောမကြုံရဘူးလား?(ကြုံရပါဘုရား) ဒီတော့ ချမ်းချမ်းသာသာရယ်လို့တယ်မရှိဘူး၊ ပင်ပန်းပြီးတော့ မနေကြရဘူးလား?(နေကြရပါဘုရား) ဒါဖြင့်-အဲဒီလိုပင်ပန်းနေတာတွေပြေပျောက်အောင် ဘယ့်နှယ့်လုပ်ရမှာတုန်းဆိုတော့တဲ့ တစ်ခြားထွက်ရှာမနေနဲ့ ဒီသုံးအရေးတတ်တဲ့သူဖြစ်အောင်သာနေတဲ့ဘုရားက။ စားရေးတတ်တဲ့သူဖြစ်အောင်,ဝတ်ရေးတတ်တဲ့သူဖြစ်အောင်, နေရေးတတ်တဲ့သူဖြစ်အောင်သာကိုယ့်ကိုယ်ကိုကျင့်လိုက်. . . တဲ့၊ ကျင့်လိုက်။

အဲဒီသုံးအရေးမှာလူနှစ်မျိုးကွဲနေတာရှိတယ်တဲ့၊ စားရေးနဲ့ပတ်သက်ပြီးတော့ အစားတတ်တဲ့သူ အစားမတတ်တဲ့သူလို့လူနှစ်မျိုးကွဲတယ်၊ ဝတ်ရေးနဲ့ပတ်သက်ပြီးတော့လည်း အဝတ်တတ်တဲ့သူ အဝတ်မတတ်တဲ့သူလို့လူနှစ်မျိုးကွဲတယ်၊ နေရေးနဲ့ပတ်သက်ပြီးတော့လည်း အနေတတ်တဲ့သူ အနေမတတ်တဲ့သူလို့လူနှစ်မျိုးကွဲတယ်၊ အဲဒီ လူနှစ်မျိုးကွဲနေတဲ့အထဲက မင်းတို့ကိုယ်မင်းတို့ အစားတတ်တဲ့သူ, အဝတ်တတ်တဲ့သူ, အနေတတ်တဲ့သူဖြစ်အောင်ကျင့်လိုက်. . . တဲ့ ကျင့်လိုက်၊ ဒါ့ကြောင့်-

❖ သုံးရေးတတ်မှ,ဝဋ်ဇာတ်သွယ်သွယ်၊
ပြေပျောက်ငြိမ်း,အေးကိန်းပေါ်လိမ့်မယ်၊

အေးကိန်းဆိုတာ-နိဗ္ဗာန်ပြောတာ၊(မှန်လှပါဘုရား)ပရိသတ်ကြီးအေးကိန်းဆိုတာဘယ့်သူ့ပြောတာတုန်း?(နိဗ္ဗာန်ပြောတာပါဘုရား) သန္တိသုခလို့ခေါ်တယ် နိဗ္ဗာန်ကို၊ သန္တိသုခဆိုတာ-ငြိမ်းနေတဲ့အေးနေတဲ့ဓာတ်ကြီး၊ အေးတာမှရိုးရိုးအအေးမဟုတ်ဘူး ငြိမ်းပြီးတော့အေးတဲ့အအေးဓာတ်ကြီးမို့ သန္တိသုခ-အေးငြိမ်းတဲ့ဓာတ်ကြီး အေးကိန်းဓာတ်ကြီး၊ အဲဒီအေးကိန်းဓာတ်ကြီးပေါ်ချင်ရင် ကိုယ့်ကိုယ်ကိုအစားတတ်တဲ့သူ,အဝတ်တတ်တဲ့သူ,အနေတတ်တဲ့သူဖြစ်အောင်ကြိုးစားရမယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ဒကာဒကာမတွေက အစားတတ်တဲ့သူဖြစ်ဖို့မလိုဘူးလား? (လိုပါဘုရား) အဝတ်တတ်တဲ့သူဖြစ်ဖို့မလိုဘူးလား?(လိုပါဘုရား) အနေတတ်တဲ့သူဖြစ်ဖို့လည်းမလိုဘူးလား?(လိုပါဘုရား) ယနေ့ဒီ-မျက်ပါးရပ်ဖျာတန်း၌နေထိုင်ကြကုန်သော ဒကာဒကာမအပေါင်း သူတော်ကောင်းတို့သည်. . . ဤကဲ့သို့ဓမ္မာရုံကြီးစုပေါင်းပြီးတော့ ဆောက်လုပ်လှူဒါန်းကြခြင်းသည် အနေတတ်တဲ့သူတွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုက်ကြခြင်း. . .။

ဒီဓမ္မာရုံကြီးဆောက်လုပ်ပြီးတော့ ဘုရားရတနာတော်ကိုပူဇော်, တရားတော်တွေကိုပူဇော်၊ အဲဒီလိုပူဇော်သမှုပြုနေတဲ့အချိန်သည် အနေတတ်တဲ့သူလို့ခေါ်ပါသည်။ ဒါဖြင့် သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ်တွေကပ်ကြ၊ သံဃိကဒါန ဆွမ်းဘောဇဉ်တွေ ပိဏ္ဍပါတ်ဆွမ်းတွေလောင်းကြတဲ့အချိန်ကျတော့ အစားတတ်တဲ့သူလို့ခေါ်ပါသည်၊ ဝတ်ထည်ဖျင်စင်း သင်္ကန်းကိုလှူခြင်း,ဝတ်ထည်ဖျင်စင်းလှူဖွယ် တန်းဖွယ်တွေကိုလှူဒါန်းနေကြတဲ့ အချိန်ကျတော့ အဝတ်တတ်တဲ့သူလို့ခေါ်ပါသည်၊ ဒါဖြင့်အစားတတ်တဲ့သူ အစားမတတ်တဲ့သူလို့ နှစ်လူမကွဲဘူးလား?(ကွဲပါဘုရား) ကိုင်း-ဆိုလိုက်စမ်းပါ-

❖ **အစားတတ်လား,မတတ်လား,စဉ်းစားရပါတယ်။**
**အစားမတတ်,ဒုက္ခထပ်,ဝဋ်ဇာတ်ရှည်တတ်တယ်။**

အစားမတတ်ရင် ဒုက္ခတွေထပ်ပြီးတော့ ဝဋ်ဇာတ်လည်နေတတ်တယ်၊ အိုလိုက်,နာလိုက်,သေလိုက်၊ ထပ်တလဲလဲဖြစ်နေတာကို အဲဒါဝဋ်လို့ခေါ်တယ်၊ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဝဋ်ပါတယ်,ဝဋ်ပါတယ်ဆိုတော့ သူ့ကို ကိုယ်က ခြေထောက်ဖြတ်ခဲ့လို့ ကိုယ့်ခြေထောက်ကြီးပြတ်နေမှ ဝဋ်လို့ထင်တာ၊ အဲဒီဝဋ်က အကြမ်းစားဝဋ်ကြီးပဲ၊ ဘုန်းကြီးတို့ အိုတယ်,နာတယ်,သေတယ်ဆိုတဲ့ထပ်တစ်လဲလဲဖြစ်တာကို ပါဠိလိုဝဋ္ဋလို့ခေါ်တယ်၊ မြန်မာလိုဝဋ်၊

ဒါဖြင့်-ဒကာဒကာမတွေဘဝများစွာသံသရာကျင်လည်ပြီးတော့ လာခဲ့တိုင်း,အိုတဲ့အကြိမ်တွေ ရေလို့ရရဲ့လား?(မရပါဘုရား)နာတဲ့အကြိမ်,သေတဲ့အကြိမ်တွေရေတွက်လို့ရရဲ့လား?(မရပါဘုရား) အခုဒီဘဝမှာလည်း အိုမှုနာမှုသေမှုတွေမလာဘူးလား?(လာပါဘုရား) နောင်ဒီရုပ်နာမ်ခန္ဓာရနေသမျှ အိုနာသေရေးဆိုတဲ့အရေးကြီးသုံးပါး ထပ်တစ်လဲလဲမလာပေဘူးလား?(လာပါဘုရား)အဲဒီလိုထပ်တစ်

http://www.dhammadownload.com



လဲလဲဖြစ်တဲ့အရာကို ဝဋ္ဋ. . . ဝဋ်လို့ခေါ်တယ်၊ ဒါဖြင့်အစားမတတ်ရင်ဒုက္ခတွေ ထပ်ပြီးတော့ ဝဋ်ဇာတ်ကြီးရှည်လိမ့်မယ်. . . လို့ ဆိုလိုက်စမ်းပါ-

❖ **အစားမတတ်,ဒုက္ခထပ်,ဝဋ်ဇာတ်လည်တတ်တယ်။**
**အစားတတ်လျှင်,နိဗ္ဗာန်ဝင်,ဝဋ်ခွင်ငြိမ်းပျောက်တယ်။**

ဟော-အစားတတ်ရင် နိဗ္ဗာန်ကိုဝင်တယ်၊ ပရိသတ်အစားတတ်ရင်ဘယ်ကိုဝင်တုန်း?(နိဗ္ဗာန်ဝင်ပါဘုရား) ဒါဖြင့်ဒကာဒကာမတွေက အစားတတ်ဖို့မလိုဘူးလား?(လိုပါဘုရား) ဟော-အစားတတ်တာသိရင် အဝတ်တတ်,အနေတတ်အကုန်သိသွားလိမ့်မယ်။ ဒီတော့အစားတတ်တဲ့အကြောင်းလေးပြောရမယ်ဆိုရင်ဖြင့်-ဘုန်းကြီးတို့ ရှေး. . . က*မဟာသံဃရက္ခိတဆိုတဲ့ရဟန္တာအရှင်မြတ်ကြီးတစ်ပါး၊ ဂေါစရဂါမ်ရွာကြီး တစ်ရွာမှီပြီးတော့ တောရဆောက်တည်ပြီးတော့ သီတင်းသုံးနေတယ်၊ အဲဒီလိုတောရဆောက်တည်ပြီးတော့ သီတင်းသုံးနေရင်းနဲ့ သူ့ရဲ့တူကလေး, သံဃရက္ခိတတဲ့ ဦးကြီးနဲ့အတူတူပဲဘွဲ့က၊ တူကလေးကလည်းရှင်သံဃရက္ခိတကို ရင်ကလေး၊ ရှင်ပြုပေးပြီးတော့ သူ့ထံခေါ်ထားတယ်၊

ဒီတော့-တူဝရီးနှစ်ယောက် တောရဆောက်တည်ပြီးတော့ တောကျောင်းမှာနေကြရင်းနဲ့တစ်နေ့တော့ ဆွမ်းခံချိန်ကျလို့မနက်ပိုင်းဆွမ်းခံဝင်ကြ ရွာထဲ၊ ဆွမ်းခံဝင်တော့ ရွာထဲမနက်စောစော ခြောက်နာရီအချိန်လောက် ဆွမ်းခံဝင်ပြီးတော့ ခုနှစ်နာရီ ခွဲလောက်ကျတော့ ကျောင်းပြန်ရောက်ကြ၊ ကျောင်းပြန်ရောက် တယ်ဆိုရင်ပဲ ကိုရင်လေးက သူ့သပိတ်လေးသင့်လျော်တဲ့နေရာမှာချထားပြီးတော့ သေနာသနဝတ်တွေပြု၊ တံမြက်စည်းလှည်းခြင်း၊ သောက်ရည်အိုးရေဖြည့်ခြင်း အစရှိတဲ့ ဝတ်ကြီးဝတ်ငယ်တွေပြုပြီးတော့မှ ဆွမ်းဘုဉ်းပေးတဲ့အခါကျတော့ ရှစ်နာရီ ကိုးနာရီလောက်မှဆွမ်းစားကြ။ ဒီတော့-ဆွမ်းခံပြန်လာပြီးတော့ ဆွမ်းစားတာဟာ တစ်နာရီခွဲ နှစ်နာရီသုံးနာရီနီးပါးကြာမှ ဆွမ်းထိုင်ပြီးတော့ဘုဉ်းပေးကြတော့ ကိုရင်လေးက တစ်နေရာထိုင်ပြီးတော့ သပိတ်ကလေးနဲ့ဆွမ်းဘုဉ်းပေး၊ သံဃရက္ခိတ ရဟန္တာအရှင်မြတ်ကလည်းပဲ တစ်နေရာမလှမ်းမကမ်းထိုင်ပြီးတော့ ဆွမ်းဘုဉ်းပေးရင်းနဲ့ အရှင်မြတ်ကြီးက ကိုရင်လေးကိုသတိပေးတယ်။

**မာဝုသော သာမဏေရ ဇိဝှါ တေ အာဒိတ္တာ ဟောတု။**
အဝုသောသာမဏေရ-ငါ့ရှင်ကိုရင်လေး. . .၊ တေ-သင်၏၊ ဇိဝှါ-လျှာကို၊

---
*ဝိသုဒ္ဓိ-၅-၁၊ ၄၅။

http://www.dhammadownload.com



မာအာ့ဒိတ္တာ ဟောတု-အပူမလောင်စေနဲ့. . . ငါ့ရှင်ကိုရင်,ဆွမ်းစားတဲ့ကိစ္စမှာလျှာအပူလောင်အောင်မစားမိစေနဲ့. . . အစားတတ်တဲ့သူတွေစားသလို လျှာအပူမလောင်အောင်စားတတ်ပါစေ. . .'လို့ လှမ်းသတိပေး။ ကိုရင်လေး. . . တဲ့ ဆွမ်းစားတာ မင်းလျှာအပူမလောင်စေနဲ့နော်. . . လျှာအပူမလောင်အောင်စား၊ အစားမတတ်ရင် လျှာအပူလောင်တတ်တယ်၊ အစားတတ်တဲ့သူကမှ လျှာအပူမလောင်အောင် စားတတ်တယ်။

အဲဒီလိုပြောလိုက်တော့ ကိုရင်လေးက"ဩော်-ငါ့သပိတ်ထဲကဆွမ်းတွေရော ဟင်းတွေရောဟာ မနက်စောစောကဆွမ်းခံထွက်ထားတာ၊ အခုချိန်ဆိုတော့ တစ်နာရီ ခွဲနှစ်နာရီသုံးနာရီနီးပါးကြာနေတာဖြစ်တော့ ဆွမ်းတွေအကုန်အေးနေပြီ၊ ဆွမ်းတွေကလည်းအေးလို့ ဟင်းတွေကလည်းအေးလို့၊ ဒီဆွမ်းတွေဒီဟင်းတွေက ငါ့ကိုလျှာအပူလောင်ဖို့ရာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး၊ အဲဒါကိုလည်းငါ့ဦးကြီး သိတာအမှန်ပဲ၊ ငါ့သပိတ်ထဲကဆွမ်းတွေ အေးစက်နေတာ ငါ့ဦးကြီးသိတယ်. . . တဲ့၊ သိတယ်။ သိပါရဲ့သားနဲ့ငါ့ကို လျှာအပူမလောင်စေနဲ့လို့ပြောတာဟာဖြင့် ဧကန်မုချ ဒီဆွမ်းဘောဇဉ်တွေကို စားသောက်ရင်းနဲ့လောဘ,ဒေါသစတဲ့ ကိလေသာအပူတွေ မဖြစ်စေနဲ့လို့. . . ဆုံးမတော်မူတာပဲ"လို့ ကိုရင်လေးက သဘောပေါက်သွားတယ်။

စားရင်းနဲ့လျှာပေါ် မှာအာဟာရတစ်ခုစားရင်းနဲ့လောဘဖြစ်,ဒေါသဖြစ်ရင်လျှာပူလောင်တဲ့စားနည်းလို့ခေါ် တယ်။ စားရင်းနဲ့လောဘ,ဒေါသကိလေသာဖြစ်ရင်၊ လောဘ,ဒေါသဆိုတာမီးပဲ အပူပဲ၊ ဒါကြောင့်ထမင်းတွေဟင်းတွေက အေးနေပေမယ့်လို့ အဲဒီ ထမင်းတွေဟင်းတွေစားရင်းနဲ့လောဘတွေဖြစ်, ဒေါသတွေဖြစ်, မောဟတွေဖြစ်, ဣဿာဆိုတဲ့မနာလိုမှုတွေဖြစ်,မာနဆိုတဲ့ ထောင်လွှားမှုတွေဖြစ်နေရင် အဲဒါ လျှာအပူလောင်တဲ့စားနည်းလို့ခေါ် တယ်။ ကိလေသာဖြစ်ပြီးတော့ စားလို့ရှိရင် အပူလောင်စားလို့ခေါ် တယ်ပရိသတ်၊(မှန်လှပါဘုရား)။

ဒီတော့-ဘုန်းကြီးတို့များစွာသောသတ္တဝါတွေက အစာစားကြတဲ့အခါမှာ ရသာရုံ-တဏှာခံပြီးတော့ တဏှာလေးနဲ့မက်မောသာယာပြီးတော့ ဘယ်အစာလေးကကောင်းလိုက်တာ,ဘယ်အစာလေးကချိုလိုက်တာ,ဘယ်အစာလေးကဆိမ့်လိုက်တာ စသည်ဖြင့် ရသာရုံတဏှာဇောတွေနဲ့ တသောသောစားပြီးတော့နေ

http://www.dhammadownload.com



ကြရင်ဖြင့် လျှာအပူလောင်ပြီးတော့စားခြင်း. . . တဲ့ လျှာအပူလောင်ပြီးတော့စား ခြင်း။

ဟာ-ဒီလိုမဟုတ်ပြန်ရင်လည်း စားရင်းသောက်ရင်းနဲ့ တစ်ခါတည်းဒေါသ တွေနဲ့ သားမကျေနပ်,သမီးမကျေနပ်,ဟိုမကျေနပ်,ဒီမကျေနပ်,ဒေါသတွေတစ်ရှုး ရှုးဟစ်ဒိုင်းဒိုင်းနဲ့စားနေရတယ်ဆိုရင် ဒေါသမီးတောက်စားနေတာ၊ လျှာ-ဒေါ သမီးလောင်ရင်းနဲ့ စားနေတာခေါ်တယ်၊ ပရိသတ် လျှာကဘာမီးလောင်နေတာ တုန်း?(ဒေါသမီးလောင်နေပါဘုရား) စားရင်းနဲ့ တကတည်းဟိုမကျေနပ်,ဒီမကျေ နပ်,ဟိုဆိုရ,ဒီပြောရတစ်ခါတစ်ခါ မရှိတတ်ဘူးလားပရိသတ်?(ရှိတတ်ပါဘုရား) အဲဒီအချိန်,အဲဒီလူ,အဲဒီအမျိုးသား,အဲဒီအမျိုးသမီးရဲ့ပါးစပ်ထဲမှာ ထမင်းတွေဟင်း တွေကမပူပေမယ့်လို့ ဒေါသအပူတွေတောက်နေပြီ. . . တဲ့၊ ဒေါသမီးတောက်ပြီး ဒေါသအပူ လျှာလောင်ပြီးတော့စားနေခြင်း။

ဒီလိုမဟုတ်ပြန်ရင်လည်းပဲ ကိုယ့်ထက်သာတဲ့ပုဂ္ဂိုလ်တွေ,ကိုယ့်ထက်စား နိုင်တဲ့ပုဂ္ဂိုလ်တွေ,ကိုယ်ကနှစ်ခွက်သုံးခွက်စားနိုင်,သူတို့ကစားပွဲကြီးနဲ့စားနိုင်တာ လှမ်းပြီးတော့ တကတည်း ဘယ်လိုကြောင့်စားနိုင်တာပါ၊ ငါသိပါတယ်ဘယ်လို အကပ်ကောင်းလို့,ဘယ်လိုအဖားကောင်းလို့,ဒင်းတို့ကဘယ်လိုလုပ်စားနေတာပဲနဲ့ မျက်စောင်းတစ်ထိုးထိုးနဲ့စားနေတော့ ဣဿာပူနဲ့စားခြင်း၊ မျက်စောင်းထိုးလို့,မေး ငေါ့လို့,မေးတွန့်လို့ဆိုတော့ ဣဿာမီးခေါ်တယ်၊ ဘာမီးတဲ့တုန်း?(ဣဿာမီးပါ ဘုရား) ဣဿာမီးဆိုတာ တရားကိုယ်နဲ့ပြောလိုက်တော့ ဒေါသမီးပဲ မကျေမခြမ်း မီးကြီးပဲ၊ ဒီတော့ မျက်စောင်းထိုးလိုက်,နှုတ်ခမ်းရွဲ့လိုက်,အတင်းပြောလိုက်နဲ့ စားနေပြန်တော့ ဣဿာမီး။

အထက်ကစားနိုင်တဲ့သူကလည်း ငါတို့မို့လို့ဒီလိုစားနိုင်တာ၊ ငါတို့မို့လို့ ဒီလိုဖြစ်နိုင်တာ၊ ဘယ်သူ့အရေးစိုက်ရမှာတုန်း၊ ဘယ်သူ့ဂရုစိုက်ရမှာတုန်း၊ ငါမို့လို့ ဒီလိုစားနိုင်တာ၊ ငါမို့လို့ဒီလိုလုပ်နိုင်တာဟေ့လို့ ဒီလိုစားနေပြန်တော့မာနမီး၊ ဘာမီး တဲ့တုန်း?(မာနမီးပါဘုရား) ဒီတော့များစွာသောသတ္တဝါတွေကသာယာဖွယ်,မက် မောဖွယ်လေးနဲ့စားတော့ လောဘမီး၊ ဟိုမကျေနပ်ဒီမကျေနပ်နဲ့စားတော့ ဒေါသမီး၊ ဟိုစောင်းဒီချိတ် ဟိုမျက်စောင်းထိုး ဒီမေးရွဲနဲ့စားတော့ ဣဿာမီး၊ ငါမို့လို့ဒီလိုစား နိုင်တာ၊ ငါမို့လို့ဒီလိုဖြစ်နိုင်တာဆိုတော့ မာနမီး. . . လျှာပူလောင်နည်းနဲ့ချည်း

http://www.dhammadownload.com



စားနေကြတာ၊ အဲလျှာပူလောင်နည်းနဲ့စားရင် အစားမတတ်တဲ့လူလို့ခေါ်တယ်၊ လျှာပူလောင်ပြီးတော့စားရင် ပရိသတ်အစားမတတ်တဲ့ လူလို့ခေါ်တယ်၊(မှန်လှပါဘုရား) ဆိုလိုက်စမ်းပါ-

❖ အစားတတ်သူ, မတတ်သူ, နှစ်လူရှိကြတယ်။
အစားတတ်လား, မတတ်လား, စဉ်းစားပါရတယ်။

အစားတတ်တဲ့သူ,အစားမတတ်တဲ့သူလို့ဘုရားရှင်ဒေသနာတော်ရ လူကတော့ နှစ်မျိုးကွဲနေပြီတဲ့၊ အဲဒါကိုယ်က အစားတတ်တဲ့သူထဲကလား၊ အစားမတတ်တဲ့ သူထဲကလား၊ ငါဟာအစားတတ်ခဲ့တဲ့သူလား၊ အစားမတတ်ခဲ့တဲ့သူလားဆိုတာကိုတော့ စဉ်းစားပါလို့၊ ဆိုလိုက်စမ်းပါ-

❖ လျှာပူလောင်လတ်, စားမတတ်, ဝဋ်ဇာတ်ရှည်တတ်တယ်။

ကိုင်း-အစားတတ်တဲ့လူလား၊ အစားမတတ်တဲ့လူလားလို့ စဉ်းစားတဲ့နေရာမှာ အစားမတတ်တဲ့လူဆိုတာ ဘယ်လိုလူတုန်းဆိုရင် လျှာပူလောင်အောင်စားနေရင် အဲဒါအစားမတတ်တဲ့လူပဲ၊ အစားမတတ်တဲ့သူဆိုတာ လျှာအပူလောင်ခံစားနေတဲ့သူ ပြောတာ၊ ပရိသတ်ဘယ်လိုလူတဲ့တုန်း?(လျှာအပူလောင်ခံစားနေသူပါဘုရား) ဆိုလိုက်စမ်းပါ-

❖ အစားတတ်လျှင်, နိဗ္ဗာန်ဝင်, ဝဋ်ခွင်ငြိမ်းပျောက်မယ်။

ဟော-အစားတတ်ရင်နိဗ္ဗာန်ကိုဝင်တယ်၊ ဒါဖြင့်လျှာအပူမလောင်အောင်စားနည်းနဲ့စားဖို့ပရိသတ်မလိုဘူးလား?(လိုပါဘုရား) ကဲဒီတော့လျှာအပူမလောင်အောင်စားနည်းက ဘယ်နှစ်နည်းရှိတုန်းလို့ဆိုတော့ လေးနည်းတဲ့၊ လျှာအပူမလောင်အောင်စားနည်းက လေးနည်းရှိတယ်၊(မှန်လှပါဘုရား) ဒကာဒကာမတွေလျှာပူလောင်အောင်စားနေကြတာတော့ ကိလေသာလောဘဖြစ်လိုက်,ဒေါသဖြစ်လိုက်,ခုနကလိုကောင်းလိုက်တာကောင်းလိုက်တာဆိုရင်လောဘ၊ ဟာ-ဟိုမကျေနပ် ဒီမကျေနပ်ဒေါသ၊ ဟိုစောင်းဒီချိတ်ဆိုတော့ဣဿာ၊ ငါမို့စားနိုင်တာဆိုတော့မာန၊ ရုပ်နာမ် ရုပ်နာမ်မှန်းမသိဘဲစားတော့ မောဟနဲ့ ထောင့်ငါးရာကိလေသာဝင်သမျှ အစားမတတ်တဲ့နည်းတွေကတော့ပြည့်နေတယ်၊ အစားတတ်တဲ့နည်းကတော့ လေးနည်းပဲရှိတယ်၊ ဘယ်နှစ်နည်းရှိပါလိမ့်?(လေးနည်းရှိပါဘုရား)

ဟော-(၁)ဒါနနဲ့စားခြင်း၊ (၂)သီလနဲ့စားခြင်း၊ (၃)သမထဘာဝနာနဲ့စား

http://www.dhammadownload.com



ခြင်း၊ (၄)ဝိပဿနာဘာဝနာနဲ့စားခြင်းလို့ လေးနည်းပဲရှိတယ်၊ စားနည်းလေးနည်း၊ စားတတ်သူတွေရဲ့စားနည်း ပရိသတ်ဘယ်နှစ်နည်းပါလိမ့်?(လေးနည်းပါဘုရား) အဲဒီလေးနည်းက ဘာတုန်းဆိုရင် စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနနဲ့စားခြင်း၊ (၂)ထိန်းသိမ်းမှု စောင့်ရှောက်မှုဆိုတဲ့သီလနဲ့စားခြင်း၊ (၃)သမထဘာဝနာနဲ့စားခြင်း၊ (၄)ဝိပဿနာ ဘာဝနာနဲ့စားခြင်းလို့စားနည်းလေးမျိုး၊ အဲဒီစားနည်းလေးမျိုး တစ်မျိုးမျိုးနဲ့စားရင် အစားတတ်တဲ့သူ. . . လို့ခေါ်တယ်ပရိသတ်(မှန်လှပါဘုရား) လျှာအပူလောင်တဲ့ မီးကိုငြိမ်းပြီးတော့စားတဲ့လူလို့ခေါ်တယ်၊ ဒါဖြင့်-ဒါနနဲ့စားတယ်ဆိုတော့ ဘယ်လိုလုပ်စားမတုန်းလို့ဆိုတော့၊ ဆိုလိုက်စမ်းပါ ပရိသတ်-

## ❖ အနဂ္ဂင်္ဂါးအင်,စားဦးတင်,စားလျှင်စားတတ်သူ။

ဟော-အနဂ္ဂေါအနဂ္ဂင်္ဂါးပါးကိုစားဦးစားဖျားတင်ပြီးတော့၊ လှူပြီးတော့မှစား ဒါနနဲ့စားတာလို့ခေါ်တယ်၊(မှန်လှပါဘုရား) မိမိစားမယ့်စားဦးစားဖျားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလှူ တရားတော်ပူဇော်၊ သံဃာတော်တွေလှူဒါန်း၊ မိဘကိုကျွေးမွေး၊ ဆရာသမားကိုကျေးဇူးတုန့်ပြန်ဆပ်ပြီးတော့မှ ကျန်တာကိုစားရင် အဲဒါအနဂ္ဂင်္ဂါးအင် လှူဒါန်းပြီးတော့စားလို့ဒါနနဲ့စားခြင်း၊ ဘုန်းကြီးတို့လောက-အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေ ကိုယ့်စားဦးစားဖျားလေး ရတနာသုံးပါးပူဇော်ပြီးမှ ပိုကျန်တာကိုစားတယ်၊

ကိုယ့်ရလာတဲ့လာဘ်ဦးလာဘ်လာဘလေးကို ဘုရား,တရား,သံဃာ, ရတနာသုံးပါးပူဇော် မိဘဆရာသမားတွေကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ စားဦးစားဖျားလေးကို မိဘဆရာသမားတွေ ပူဇော်ပြီးတော့မှစားကြတဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးတွေဟာ အဲဒါ ဒါနနဲ့စားတာဖြစ်လို့ **အစားတတ်တဲ့သူရဲ့စားခြင်း. . .** တဲ့၊ ဒီတော့ ဒါနဒါနဆိုတာ အလှူခံပုဂ္ဂိုလ်က ဘုရား,တရား,သံဃာ,ရတနာသုံးပါး,မိဘဆရာသမားဟာ အဲဒါ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်ကြီးငါးဦးပဲ၊ အဲဒီအနဂ္ဂေါအနဂ္ဂင်္ဂါးပါးကို ဦးဦးဖျားဖျားတင်သပြီးတော့မှ စားခြင်းသည် အစားတတ်တဲ့သူတို့ရဲ့ ဒါနနဲ့စားနည်း၊

ဘုန်းကြီးတို့ဒကာဒကာမတွေ ကိုယ်လုပ်လို့ကိုင်လို့ရတာလေးထဲကဦးဦးဖျားဖျားဘုရားကိုမပူဇော်ကြဘူးလား?(ပူဇော်ကြပါဘုရား) သံဃာတော်တွေကိုမလောင်းကြမလှူကြဘူးလား?(လောင်းလှူကြပါဘုရား) ဘုန်းကြီးတို့ဗုဒ္ဓဘာသာနွယ်

http://www.dhammadownload.com



ဝင်သူတော်စင်တွေအနေနဲ့ ကျေးဇူးတရားသိသောအားဖြင့် မိခင်ဖခင်ကျေးဇူးရှင်တွေကိုသော်လည်းကောင်း၊ ဆရာသမားတွေကိုသော်လည်းကောင်း ရှိခိုးကန်တော့ကြ၊ ဝါဝင်ဝါထွက်ကန်တော့ကြ၊ သီတင်းကျွတ်ကန်တော့ကြ၊ အခါကြီးရက်ကြီးကန်တော့ကြ၊ ဦးဦးဖျားဖျားမိမိလှူဖွယ်ဒါန်းဖွယ် စားဖွယ်သောက်ဖွယ်လေးတွေ ပူဇော်ကန်တော့တဲ့ အလေ့လာမရှိဘူးလား?(ရှိပါဘုရား) အဲဒါအစားတတ်တဲ့သူတွေရဲ့စားနည်းလို့ခေါ်တယ်၊(မှန်လှပါဘုရား)

ဟာ-ကိုယ့်လုပ်လိုက်ကိုင်လိုက်လို့ ပထမဆုံးရလာတဲ့ လခလေးကိုဘုရား,တရား,သံဃာ,ရတနာသုံးပါးပူဇော်၊ သို့မဟုတ်-ကိုယ့်ရောင်းလို့ဝယ်လို့ ပထမဆုံးရလာတဲ့ပစ္စည်းလေး မိဘဆရာသမားပူဇော်၊ ရတနာသုံးပါးပူဇော်၊ ကိုယ့်လယ်ယာကိုင်းကျွန်းလုပ်လို့ထွက်လာတဲ့ကောက်ဦးသီးဦးလေး မိဘဆရာသမား၊ ရတနာသုံးပါးပူဇော်ပြီးမှစားရင် အဲဒါ အစားတတ်တဲ့သူတွေရဲ့ ဒါနနဲ့စားနည်း. . . တဲ့၊ ဒီတော့-ဒါနနဲ့စားနည်းက အလှူခံပုဂ္ဂိုလ်ကိုခွဲလိုက်တော့ ကိုယ့်ထက်သာတဲ့ပုဂ္ဂိုလ်တွေကို ပူဇော်လှူဒါန်းပြီးတော့စားခြင်း၊ ကိုယ်နဲ့တန်းတူပုဂ္ဂိုလ်တွေကို လှူဒါန်းပြီးတော့စားခြင်း၊ ကိုယ့်အောက်အလှူခံတွေကို လှူဒါန်းစားခြင်းလို့ ဒါနပြုဖို့ရာအတွက်အလှူခံပုဂ္ဂိုလ်အထက်ရယ်,အလယ်ရယ်,အောက်ရယ်လို့ သုံးမျိုးကွဲသွားတယ်၊ အခုအနန္တောအနန္တငါးပါးကို ပူဇော်လိုက်တာဆိုတာ ကိုယ့်ရဲ့အထက်ကျတဲ့အလှူခံပုဂ္ဂိုလ်တွေကို ပူဇော်ပြီးတော့စားခြင်းလို့ခေါ်တယ်၊ ဒီတော့ဆိုလိုက်စမ်းပါ-

❖ ကိုယ့်စားဖက်ချင်း, ဖြန့်ဝေလျှင်း, မယွင်းစားတတ်သူ။

ဟော-ကိုယ်နဲ့တန်းတူအလှူခံပုဂ္ဂိုလ်ကို ဖြန့်ဝေပြီးတော့ စားတယ်ဆိုတာဘယ်လိုတုန်းလို့ဆိုတော့တဲ့ ကိုယ်နဲ့စားဖက်ချင်း။ ကိုယ်နဲ့စားဖက်ချင်းဆိုတာ ထမင်းတစ်ဝိုင်းတည်း ကိုယ်နဲ့အတူတူစားတဲ့သူအချင်းချင်း၊ ကိုယ့်စားမယ့်ဟာနှစ်ခုလုံးကိုယ်စားနိုင်ပေမယ့်လို့ တစ်ခုသူ့ပေးလိုက်တယ်၊ နှစ်မျိုးလုံးကိုယ်စားရင်ဖြစ်သော်လည်းပဲ သူ့ကိုတစ်မျိုးပေးလိုက်တယ်စသည်ဖြင့် ကိုယ်စားဖက်အချင်းချင်း၊ ထမင်းတစ်ဝိုင်းတည်းစားဖက် အချင်းချင်းဖြန့်ဝေခြင်း၊ ဒါလည်းဆိုင်တယ်၊

ဒီလိုမဟုတ်ရင် ကိုယ့်အိမ်နီးချင်း,ရပ်နီးချင်း,ရွာနီချင်း ကိုယ့်ဟင်းလေးကောင်းကောင်းချက်ရင် ထမင်းလေးဆန်လေးကောင်းကောင်းရှိရင် အိမ်နီးချင်းတွေ ဝေငှပေးကမ်းသမှုကို ကိုယ့်ရပ်နီးချင်း,အိမ်နီးချင်း,ရွာနီချင်း,အလုပ်ရုံနီးချင်း

http://www.dhammadownload.com



စက်ရုံနီးချင်း, အလုပ်ဖက်နီးချင်းတွေ ဝေငှပေးကမ်းပြီးတော့စားလေ့ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်အစား တတ်တဲ့သူ. . . တဲ့၊ ကိုယ်နဲ့တန်းတူ အလှူခံပုဂ္ဂိုလ်ကို လှူဒါန်းပြီးတော့မှ စားတာခေါ်တယ်၊

တစ်ချို့ဆရာတော်ကြီးတွေ ဒကာဒကာမတွေသတိပြုကြည့်၊ ဆွမ်းတစ်ဝိုင်းထိုင်ပြီဆိုသူကမစားလိုက်သေးဘူး၊ သူ့ဆွမ်းလေးဦးဦးဖျားဖျားလေး ဘေးကပုဂ္ဂိုလ်ထဲထည့်လိုက်သေး၊ သူစားမယ့်အရာဝတ္ထုလေးတစ်ခု ဘေးကပုဂ္ဂိုလ်ကိုဝေလိုက်သေးတယ်၊ အဲဒါအမှတ်တမဲ့ လုပ်နေတာမဟုတ်ဘူး၊ အစားတတ်တဲ့သူတွေရဲ့ကျင့်နည်းရထားလို့သူကလုပ်နေတာ ဒီဆရာတော်ကြီးက။ ဒီတော့ဘုန်းကြီးတို့ ဒကာဒကာမတွေ ထမင်းအတူစားရင်၊ သို့မဟုတ် ကိုယ့်အိမ်မှာရှိနေတဲ့ စားကောင်းသောက်ဖွယ်လေးကို၊ အိမ်နီးချင်းပတ်ဝန်းကျင် အရပ်နီးချင်း,ရွာနီးချင်းတွေကို ဝေခြမ်းပြီးတော့စားခြင်းဖြင့်လည်း အလှူဒါနပြုပြီးတော့ စားရာမရောက်ဘူးလား? (ရောက်ပါဘုရား) ဆိုလိုက်စမ်းပါ-

❖ ကိုယ့်စားဖက်ချင်း, ဖြန့်ဝေလျှင်း, မယွင်းစားတတ်သူ၊
ခွေး,ကြောင်,ကြက်,ငှက်, ပိုးပုရွက်, ဖြန့်ပက်စားတတ်သူ။

ဟော-ကိုယ့်ထက်အောက်တန်းကျတဲ့ အလှူခံပုဂ္ဂိုလ်တွေဆိုတာ ဘယ်သူတွေတုန်းလို့ဆိုတော့တဲ့-ဒါနဆိုတာယူတတ်ရင်,ကုသိုလ်ဆိုတာပြုတတ်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်လောက်ထိဟောထားတုန်းဆိုတော့ မိမိစားလိုက်သောက်လိုက်တဲ့ စားကြွင်းစားကျန် အရိုးအရင်း ထမင်းလုံးဟင်းကျန်ပန်းကန်ဆေးခွက်ဆေးရေကို အောက်မှာရှိနေတဲ့ပိုးကောင်းလေးတွေ,ချကောင်လေးတွေစားကြပါစေ. . . လို့စိတ်ထားပြီးတော့သွန်လိုက်စမ်းပါ. . . တဲ့၊ သွန်လိုက်စမ်းပါ။

ဘုန်းကြီးတို့ဒကာဒကာမတွေ ထမင်းပန်းကန်ဟင်းပန်းကန်တွေဆေးပြီးတော့ ထမင်းဆေးရေ ဟင်းဆေးရေမသွန်ကြဘူးလား?(သွန်ကြပါဘုရား)။ အဲဒီသွန်တဲ့အထဲ ထမင်းလုံးဖတ် ဟင်းလုံးဖတ်တွေမပါဘူးလား?(ပါပါဘုရား)၊ ကိုယ်စားလို့ကျန်နေတဲ့ အရိုးအရင်းတွေကော မရှိတတ်ဘူးလား?(ရှိတတ်ပါဘုရား)၊ အဲဒီ ထမင်းစားရင်း,ဟင်းစားရင်းထွက်လာတဲ့ အရိုးအရင်းလေးပေါ်လာရင် ဟောဒါက ကြောင်ကျွေးမယ်၊ ဟောဒါက ခွေးလေးကျွေးမယ်လို့ စိတ်ညွှတ်လိုက်ရင် ဒါနဖြစ်တယ်၊(မှန်လှပါဘုရား)၊ ဒီတော့-ဒါနဖြစ်မှုဟာ ထမင်းစားရင်း ဟင်းစား

http://www.dhammadownload.com



ရင်းနဲ့လည်း ကုသိုလ်ယူတတ်ရင်မရဘူးလား?(ရပါဘုရား)၊ ဒါကခွေးလေးကျွေးဖို့၊ ကြောင်လေးကျွေးဖို့။

ထမင်းလုံးဟင်းပေါက်, ဟင်းလုံးပေါက်ရေဆေးပြီးတော့သွန်တော့ ဒီထမင်းလုံးပေါက် ဟင်းလုံးပေါက်ကလေးတွေဖြင့် ပိုးကောင်လေးတွေစားကြပါစေ. . မျှကြပါစေလို့ စိတ်ထားသွန်လိုက်ဟော့၊ အောက်ကရှိနေတဲ့ ပုရွက်ဆိတ်လေးတွေ ပုရွက်နက်ကလေးတွေ၊ ပိုးကောင် မွှားကောင်လေးတွေ ဒီထမင်းလုံးပေါက် ဟင်းလုံးပေါက်စားပြီးတော့ မျှတကြတယ်၊ ရကြတယ်။ ဟော-ကိုယ်လည်းဒါနဖြစ်၊ နေ့တိုင်း ဒါနဖြစ်၊ မနက်တစ်ထပ် ညတစ်ထပ်ဆိုရင် နှစ်ကြိမ်, နှစ်ကြိမ်တစ်နေ့ ဒါနဖြစ်။ လှူဒါန်းမှုဒါနကြီး ပရိသတ်မဖြစ်ဘူးလား?(ဖြစ်ပါဘုရား)။ အဲဒီလို ခွေးကြောင် ကြက်ငှက် ပိုးပုရွက်ကလေးတွေ ဖြန့်ဝေပြီးတော့ နေ့တိုင်းစားနေတဲ့သူဟာ အစားတတ်တဲ့သူ. . တဲ့၊ အဲဒီလူဟာ။

ဒါဖြင့်-ဘုန်းကြီးတို့ ဒကာဒကာမတွေ ခါတိုင်းအမှတ်တမဲ့စားနေသော်လည်းပဲ၊ ဒီတရားကြားနာရတဲ့အချိန်ကစပြီးတော့ အစားတတ်တဲ့သူဖြစ်အောင် ပြင်လိုက်ရင် မရဘူးလား? (ရပါဘုရား)၊ အထူးတစ်လည် အထုပ်အပိုးတွေနဲ့သယ်ပိုးပြီးတော့ လှူနေမှမဟုတ်ဘူး၊ ဒီထဲကနေပြီးတော့ ဒါနဖြစ်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောနေတာ၊ အိမ်မီးဖိုချောင်ထဲမှာနေတဲ့ အိမ့်ရှင်မ. . တဲ့၊ အိုးဆေးရေ ခွက်ဆေးရေတွေ နေ့တိုင်းဆေးကြောပြီးတော့ သွန်နေရင်းနဲ့ကွယ်. . . တဲ့၊ ဝစ္ဆဂေါတ္တသုတ်မှာ ဘုရားကဟောတာ။

ဒါနဖြစ်တယ်ဆိုတဲ့ကိစ္စမှာ ငါက ဘုရားကိုပူဇော်မှ, တရားပူဇော်မှ, သံဃာတော်တွေပူဇော်မှ တကတည်း ပုဂ္ဂိုလ်ကြီးတွေလှူမှ ဒါနဖြစ်တယ်လို့ ဟောတာမဟုတ်ပါဘူး ဝစ္ဆဂေါတ္တရယ်. . တဲ့၊ အဲဒီမီးဖိုချောင်ထဲက အိမ့်ရှင်မ နေ့တိုင်းချက်ပြုတ်လုပ်ကိုင်ရင်းနဲ့ အိုးဆေးရေ ခွက်ဆေးရေတွေကိုသွန်တိုင်း,သွန်တိုင်း၊ ဒီထဲမှာပါလာတဲ့ ထမင်းလုံးဖတ် ဟင်းလုံးဖတ်ကလေးတွေဖြင့် ပိုးကောင်လေးတွေ မျှတပါစေလို့ဆိုပြီးတော့ ရည်ညွှန်းသွန်နေရင်လည်းပဲ၊ မီးဖိုချောင်ထဲက အိုးဆေးရေ ခွက်ဆေးရေသွန်ရင်းနဲ့ နေ့တိုင်း ဒါနဖြစ်တယ်လို့ ငါဟောပါတယ် ဝစ္ဆဂေါတ္တ. . လို့၊ ဒါနဖြစ်နည်းကို ဘုရားကအသေးစိတ်ထိအောင် အဲဒီလိုဟောထားတာဖြစ်တော့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ လိုက်နာဖို့မလိုဘူးလား?(လိုပါဘုရား)။

http://www.dhammadownload.com



နောက်ဆုံးလေ. . တဲ့ ဝမ်းထဲမှာ ပိုးမျိုးရှစ်ဆယ်ရှိတယ်၊ ဒကာဒကာမတွေရဲ့ဝမ်းထဲမှာ ပိုးအမျိုးပေါင်းကိုရှစ်ဆယ်ရှိတယ်၊ ပိုးကောင်တွေကတော့ပြည့်နေတာပဲ၊ ဒီတော့-အဲဒီပိုးကောင်တွေဟာလည်းပဲ ဒကာဒကာမတွေစားလိုက်တဲ့ အစာအာဟာရကို သူတို့က တစ်ဖို့စားကြတယ်၊ တစ်စုစားကြတယ်၊ ခန္ဓာကိုယ်ထဲရောက်သွားတဲ့ ဒကာဒကာမတွေစားလိုက်တဲ့ ထမင်းတစ်ပွဲ တစ်ခါစားလိုက်တဲ့ တစ်ဝစာကို ခွဲဝေလိုက်လို့ရှိရင် ကျင်ကြီးရယ်, ကျင်ငယ်ရယ်, သွေးသားရယ်, ပိုးစာရယ်, ဝမ်းမီးလောင်တာရယ်, ငါးစုခွဲထွက်သွားတယ်၊ ဒါ့ကြောင့်-

❖ **ပိုးစာလောင်မီး, ကျင်ကြီးကျင်ငယ်, တစ်သွယ်သွေးသား, ခွဲဝေခြားသည်, ငါးပါးအစာ, ခွဲဝေတည်း. . . လို့၊**

ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက။ ဒကာဒကာမတွေ ထမင်းတစ်ခါစားလိုက်တဲ့ဟာကို၊ ဝမ်းထဲရောက်ရင် ငါးပုံပုံ၊ ငါးစုခွဲပြီးတော့ဝေလိုက်ရတာ၊ ကိုယ်ကမသိလို့သာ ဝမ်းထဲရောက်သွားတဲ့အခါကျတော့ ငါးပုံပုံ ငါးစုစုပြီးတော့ ငါးဌာနကွဲထွက်သွားတာ၊ ဘာတွေကွဲတာတုန်းဆိုတော့. . ပိုးစာ-တဲ့၊ ဟော-စားလိုက်တဲ့အစာအာဟာရတွေ ငါးစုစုပြီးတော့ တစ်စုကို ပိုးကောင်တွေကစားကြတယ်. . တဲ့၊ ဒကာဒကာမတွေဝမ်းထဲမှာ ပိုးကောင်တွေရှိတယ်၊ အဲဒီပိုးတွေကစားလို့ တစ်စုကုန်ရော။ လောင်မီး-ဆိုတာ ဝမ်းမီးလောင်သွားတာ၊ ဝမ်းမီးကတောက်လောင်လိုက်တော့ ခန်းခြောက်ပြီးတော့ကုန်သွားတာကတစ်စု။ ကျင်ကြီးကျင်ငယ်၊ ဟောသုံးနံ့ပါတ်က ကျင်ကြီးတွေဖြစ်သွားတစ်စုက။ နံ့ပါတ်လေးတစ်စုကကျင်ငယ်ရေတွေဖြစ်သွား။ တစ်သွယ်သွေးသား-တဲ့ ငါးနံ့ပါတ်မြောက်အစုကမှ အသွေးအသားတွေ အဆီအခဲတွေ အားတွေဖြစ်သွား။

ဒီတော့-ဒကာဒကာမတွေ စားလိုက်တဲ့အစာကို ငါးစုငါးပုံစုပြီးတော့ပုံလိုက်တာဖြစ်တော့၊ အဲဒီထဲမှာ ပိုးကောင်တွေစားတဲ့အစု ပရိသတ်မပါဘူးလား?(ပါပါဘုရား)၊ ဒီတော့-သူတို့က ကိုယ်ကလှူလည်းစားတာ၊ မလှူလည်းစားတာဖြစ်တော့ ကိုယ်ကသူတို့ကို သတ္တဝါတွေ အလှူခံပုဂ္ဂိုလ်တွေအနေနဲ့ စိတ်ညွှတ်ပြီးတော့ကျွေးလိုက်၊ လှူလိုက်တဲ့အနေနဲ့ ပို့လိုက်ရင် ကိုယ့်ဒါနမဖြစ်ဘူးလား?(ဖြစ်ပါဘုရား)၊ ဒါ့ကြောင့်၊ ဆိုလိုက်စမ်းပါ-

❖ **ပိုးမျိုးရှစ်ဆယ်, စားစေရွယ်, မြင့်ကြွယ်စားတတ်သူ။**

http://www.dhammadownload.com



ဟော-အလှူခံပုဂ္ဂိုလ်အထက်တန်းစား အလှူခံတွေက အနန္တော အနန္တငါးပါး။ တန်းတူအလှူခံက ကိုယ်နဲ့တန်းတူအိမ်နီးချင်း၊ ထမင်းတစ်ဝိုင်းတည်းမှာစားတဲ့၊ သို့မဟုတ် အိမ်နီးချင်း ရွာနီးချင်းတွေ။ ကိုယ့်အောက်ကျတဲ့ အလှူခံပုဂ္ဂိုလ်တွေက ဝမ်းထဲက ပိုးမျိုးရှစ်ဆယ်နဲ့ ခွေးကြောင်ကြက်ငှက် ပိုးပုရွက်ဆိတ်သည်တွေ. . တဲ့၊ အဲဒီပုဂ္ဂိုလ်တွေကို နေ့စဉ်စိတ်ညွတ်ပြီးတော့လှူဒါန်းပြီးတော့ စားနေလို့ရှိရင်၊ ဒါနနဲ့စားခြင်း၊ အစားတတ်တဲ့သူတွေရဲ့စားခြင်း။

ဒါဖြင့်-အစားတတ်တဲ့သူတွေ ဒါနပြုပြီးတော့စားနည်းဟာ ချုပ်လိုက်တဲ့ အခါကျတော့ အထက်တန်းပုဂ္ဂိုလ်လှူခြင်း, အလတ်တန်းပုဂ္ဂိုလ်လှူခြင်း, အောက်တန်းပုဂ္ဂိုလ်လှူခြင်းလို့ အလှူခံပုဂ္ဂိုလ်မှီပြီးဖူတော့ လှူခြင်းသုံးမျိုးကွဲသွားတယ်။ ဒါနနဲ့စားနည်း၊ အစားစားတတ်တဲ့သူတွေ ဒါနနဲ့စားနည်း ပြီးသွားပြီ။ ဒီတော့-ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီစားနည်းလေးဟာ သိရင်ကျင့်ဖို့မလွယ်ဘူးလား? (လွယ်ပါဘုရား)၊ ကိုင်းသီလနဲ့စားတာ ဘယ်လိုစားမတုန်းလို့ဆိုတော့၊ ဆိုလိုက်ပါ-

❖ ဓမ္မကျင့်မှု, မျှော်ထောက်ရှု, စားမှုစားတတ်သူ။

သီလနဲ့စားနည်း ဘယ်လိုလုပ်စားရမတုန်းလို့ဆိုတော့တဲ့၊ ဒီအစာအာဟာရတို့စားတဲ့ကိစ္စမှာ၊ တရားကျင့်နိုင်အောင်စားပါတယ်၊ ဗုဒ္ဓဝေယျာဝစ္စတွေဆောင်ရွက်နိုင်အောင်စားပါတယ်၊ ဓမ္မဝေယျာဝစ္စ, သံဃာ့ဝေယျာဝစ္စတွေဆောင်ရွက်နိုင်အောင်စားပါတယ်. . လို့ အဲဒီလိုလေး စိတ်ကညွတ်ပြီးတော့စားရင် သီလနဲ့စားတာတဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ အခုဓမ္မာရုံကြီးရေစက်ချပွဲဆိုပါတော့ အနီးကပ်ပြောရအောင်၊ ကိုင်း-ဘုရားရှင်ကိုယ်တော်မြတ်ကြီး လှူဒါန်းပူဇော်ပြီးတော့၊ သံဃာတော်အရှင်မြတ်တွေလည်း လှူဒါန်းနိုင်အောင်ဟော့၊ နေရာတွေခင်းကြ ကျင်းကြ၊ အခုဓာရားပွဲကြီးဖြစ်အောင် သံဃာတွေဆွမ်းလောင်းနိုင်အောင်မဏ္ဍပ် အခမ်းအနားပြင်ကြဆင်ကြဆိုတဲ့အလုပ်တွေ မရှိသတ်မှလုပ်ရဘူးလား?(လုပ်ရပါဘုရား)။ အဲဒီအလုပ်တွေလုပ်နိုင်အောင်လို့စားပါတယ်. . လို့ဆိုရင် သီလနဲ့စားတာခေါ်တယ်။

အဲဒီ ဗုဒ္ဓဝေယျာဝစ္စ, ဓမ္မဝေယျာဝစ္စ, သံဃာ့ဝေယျာဝစ္စအလုပ်လုပ်တာကို သီလကုသိုလ်လို့ခေါ်တယ်၊(မှန်လှပါဘုရား)၊ ဒီတော့-အဲဒီသီလကုသိုလ်ကြီးနဲ့ သီလနဲ့ပြည့်နိုင်အောင်၊ ဓမ္မကျင့်မှု တရားကျင့်နိုင်အောင်၊ အဲဒီလိုဝေယျာ

http://www.dhammadownload.com



ဝေစ္စတွေဆောင်ရွက်နိုင်အောင်, သမထဝိပဿနာဘာဝနာအလုပ်တွေအားထုတ်နိုင်အောင်စားပါတယ်. . . လို့ဆိုရင် အဲဒါ-သီလနဲ့စားနေတာခေါ်တယ်။

ဘုန်းကြီးတို့ သံဃာတော်တွေကျတော့ မြတ်စွာဘုရားကလေ အစာစားတဲနေရာမှာ ပညတ်ထားတယ်၊ လှအောင်မစားကောင်းဘူး, ဖြိုးအောင်မစားကောင်းဘူး, အားအင်တွေတိုးပြီးတော့ လက်ဝှေ့လက်ပန်းသည်တွေလို ရိုက်မောင်းပုတ်မောင်း သတ်ရပုတ်ရအောင် မစားကောင်းဘူး, ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့နေရအောင် မစားပါဘူး၊ ဒီခန္ဓာကိုယ်ကြီးဖြင့် ဘုရားသာသနာအကျင့်နှစ်ဖြာကိုကျင့်နိုင်အောင်စားပါတယ်. . လို့ ဆင်ခြင်ပြီးတော့ ငါသားများစားကြ၊ ငါ့သမီးများစားကြဆိုပြီးတော့၊ သို့သာသနာတော်ဝန်ထမ်းလာတဲ့ ရှင်ရဟန်းတွေကျတော့ ဘုရားက အဲဒီလိုပညတ်ထားတယ်၊ အဲဒီလိုဆင်ခြင်စားတာကိုမှ သီလနဲ့စားတယ်လို့ခေါ်တယ်။

ဒါဖြင့်-ဘုန်းကြီးတို့ ဒကာဒကာမတွေလည်း သံဃာတော်တွေ ကိုရင်တွေ ဦးဇင်းတွေ အတုလိုက်ပြီးတော့၊ ဤအစာအာဟာရကို ကျွန်ုပ်သည် သံဃာ့ဝေယျာဝစ္စဆောင်ရွက်နိုင်အောင်စားပါတယ်၊ တရားအားထုတ်နိုင်အောင်စားပါတယ်၊ တရားကျင့်နိုင်အောင်စားပါတယ်လို့ စိတ်ကလေးညွှတ်လိုက်ရင်မရဘူးလား?၊ (ရပါဘုရား)၊ အဲဒီလိုမညွှတ်ရင် ငါးဖြာအာရုံကာမဂုဏ်ဘက်ကိုသွားကုန်တယ်၊ အားရှိအောင်စားတယ်၊ လှအောင်စားတယ်၊ ဝအောင်စားတယ်၊ ဒီလိုစားမှလှမှာ, ဒီလိုစားမှဝမှာ, ဒီလိုစားမှ ငါးဖြာအာရုံကာမဂုဏ်နဲ့နေနိုင်မှာဆိုတဲ့စိတ်တွေ ညွှတ်ကုန်လို့ရှိရင် အဲဒါ အစားမတတ်တဲ့သူရဲ့စားခြင်းခေါ်တယ်၊ အဖိုးယိုသွားမယ့်စားခြင်းခေါ်တယ်၊ ဒုက္ခတွေ, ဝဋ်တွေထပ်မယ့် စားခြင်းခေါ်တယ်။

အဲ-ခုနတရားကျင့်နိုင်အောင်စားပါတယ်၊ သံဃာ့ကိစ္စ, ဗုဒ္ဓကိစ္စဆောင်ရွက်နိုင်အောင်စားပါတယ်ဆိုတော့ အသေလွတ်ရာနိဗ္ဗာန်ဘက်သွားတဲ့ စားခြင်းလို့ခေါ်တယ်၊ ဒါ့ကြောင့် အစားစားတတ်တဲ့သူတွေရဲ့စားခြင်း သီလနဲ့စားခြင်း၊ ဒါနနဲ့စားခြင်း၊ သီလနဲ့စားပြီးသွားပြီ။ ကဲ-ဘာဝနာနဲ့စားတော့-သမထဘာဝနာနဲ့စားတော့၊ ဘယ်နှယ်လုပ်စားမတုန်းလို့ဆိုတော့၊ ဆိုလိုက်စမ်းပါ-

မေတ္တာပွါးကာ, ဆင်ခြင်ကာ, စားကာစားတတ်သူ။

http://www.dhammadownload.com



မေတ္တာပွါးပြီးတော့စားခြင်း၊ အာဟာရေပဋိကူလသညာခေါ်တဲ့ အစာအာဟာရအပေါ် မှာမှီပြီးတော့၊ ပဋိကူလသညာဖြင့်စားခြင်းဆိုတဲ့ ဒီသမထဘာဝနာနှစ်ပါးနဲ့ စားနေတဲ့သူသည် သမထဘာဝနာနဲ့စားနေတာမို့လို့ အစားတတ်တဲ့သူတို့ရဲ့စားခြင်း. . တဲ့၊ မေတ္တာပွါးပြီးတော့စားတယ်ဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ နေ့တိုင်းအစာအာဟာရစားကြတာဖြစ်တော့၊ ဆိုပါတော့-ထမင်းစားတယ်ဆိုရင်ပဲ အဲဒီထမင်းကို ချက်ပြုပ်လုပ်ကိုင် ပြင်ဆင်ကျွေးတဲ့သူ ပရိသတ် မရှိဘူးလား? (ရှိပါဘုရား)။

ဟာ-ဒီထမင်းတွေဖြစ်လာအောင်၊ ဒီဆန်တွေကိုစိုက်ကြပျိုးကြတဲ့ တောင်သူလယ်သမားကြီးတွေကော မရှိဘူးလား?(ရှိပါဘုရား)၊ မိမိရှေ့မှာရှိတဲ့ဟင်းတွေ သစ်သီးသစ်နှံတွေကို လာပြီးတော့ရောင်းကြချကြ, ဆွတ်ခူးကြ, သယ်ပိုးကြ, စိုက်ပျိုးကြတဲ့သူတွေကောမရှိဘူးလား?(ရှိပါဘုရား)၊ အဲဒီလိုအားဖြင့်တဲ့ ကိုယ်စားတဲ့ ထမင်းကိုအာရုံပြုပြီးတော့ ဒီထမင်းတွေ,ဒီဟင်းတွေကိုစားရအောင်,သောက်ရအောင်,ချက်ကြပြုတ်ကြတဲ့သူတွေ ကျန်းမာကြပါစေ, ချမ်းသာကြပါစေ. . .၊ ဒီထမင်းဟင်းတွေကိုဖြစ်လာအောင် ဆန်စပါးတွေကိုစိုက်ကြပျိုးကြတဲ့ တောင်သူလယ်သမားကြီးတွေ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ. . .၊

ဒီဆန်တွေ ဒီကိုရောင်းဝယ်ဖောက်ကားပြီးတော့ ပို့နေကြတဲ့သူတွေ၊ ဒီဟင်းသီးဟင်းရွက်တွေကို ရောင်းကြဝယ်ကြ,ဖောက်ကားကြတဲ့သူတွေ၊ ရောင်းကြဝယ်ကြတာကတော့ သူတို့စီးပွါးအတွက် သူတို့လုပ်ကြတာမှန်သော်လည်းပဲ၊ သူတို့ဒီလို လာမရောင်းလို့ရှိရင် ပရိသတ်တို့ ဝယ်စားလို့ရပါ့မလား?(မရပါဘုရား)၊ ဒါဖြင့် တစ်နည်းအားဖြင့်ကြည့်ရင်၊ သူတို့စီးပွါးအတွက် သူတို့ဝမ်းရေးအတွက် သူတို့လုပ်ပေမယ့်လို့ မိမိတို့စားရ သောက်ရအောင် သူတို့ကအကျိုးကျေးဇူးပြုနေရာမရောက်ဘူးလား?(ရောက်ပါဘုရား)၊ အဲဒါကို ကျေးဇူးတင်တဲ့အနေနဲ့ မေတ္တာဖြန့်လိုက်စမ်းပါ. . . တဲ့ ဘုရားက။

ဒါဖြင့်-ကိုယ့်လက်ထဲကိုင်ထားတဲ့ထမင်းလုပ်ကလေး၊ ကိုယ့်ပန်းကန်ထဲမှာရှိနေတဲ့ ထမင်းကိုကြည့်ပြီးတော့ အဲဒီထမင်းကိုဖြစ်လာအောင်၊ အဲဒီဟင်းတွေဖြစ်လာအောင် ချက်ကြပြုတ်ကြတဲ့သူတွေ ကျန်းမာကြပါစေ ချမ်းသာကြပါစေ၊ ဟော-ထမင်းလုပ်လည်း ပါးစပ်ထဲအစားမပျက်ဘူး၊ စိတ်ကမေတ္တာနဲ့စားနေတယ်၊

http://www.dhammadownload.com



လျှာအပူမလောင်တော့ဘူး၊ ပရိသတ် လောင်သေးလား?(မလောင်တော့ပါဘုရား)၊ မေတ္တာနဲ့စားနေတာဖြစ်တော့အေး. . . လို့ အအေးဓာတ်နဲ့စားနေတော့ လျှာအပူမလောင်ဘူး။

ဒါရဲ့ပြောင်းပြန်ဆို ခုနက ဒေါသပေါ့- ဟိုမကျေနပ် ဒီမကျေနပ်, ဟိုဆဲချင် ဒီဆူချင်နဲ့စားနေတော့ ဒေါသမီးတောက်စားနေတာ။ အခုတော့ မေတ္တာရေနဲ့ငြိမ်းပြီးတော့စားနေတာ၊ ဒီတော့-ဒီထမင်းတွေ, ဒီဆန်တွေကို ကြိုးပမ်းပြုလုပ်အားထုတ်လိုက်တဲ့ တောင်သူကြီးတွေ, စိုက်ကြ,ပျိုးကြတဲ့ ယာသမားတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ. . . ဟော-ထမင်းလုပ်ကနေပြီးတော့ ချက်တဲ့ပြုတ်တဲ့ ကိုယ့်အိမ်ထဲကလူတင်မကဘူး၊ ကိုယ့်အနီးကလူတင်မကဘူး၊ တောင်သူလယ်သမားကြီးတွေ ယာသမားကြီးတွေ၊ ရောင်းကြဝယ်ကြတဲ့သူတွေ၊ ဒီလိုရောင်းနိုင်ဝယ်နိုင်အောင်၊ စိုက်နိုင်ပျိုးနိုင်အောင်၊ စောင့်ရှောက်နေကြတဲ့ မင်းစိုးရာဇာတွေကစပြီးတော့၊ အကုန်လုံး မေတ္တာပို့လိုက်ရင် ပရိသတ် မေတ္တာဟာ စကြာဝဠာနှုတ်ခမ်းထိဆိုက်သွားတယ်။ လက်ထဲကထမင်းလုပ်ကနေပြီးတော့ စိတ်လျှောက်ပြီးတော့လိုက်သွားလိုက်တာ စကြာဝဠာအနန္တတိုင်အောင် မေတ္တာဖြန့်လို့ရတယ်. . တဲ့၊ ပရိသတ် မရဘူးလား?(ရပါဘုရား)။

မေတ္တာတရားကို အပ္ပမညာထဲမှာဘုရားကဟောတာ၊ အပ္ပမညာ ကမ္မဋ္ဌာန်းဆိုတာ အနန္တစကြာဝဠာကိုဖြန့်လို့ရတဲ့ ကမ္မဋ္ဌာန်းမို့လို့ သူ့ကိုအပ္ပမည လို့ခေါ်တယ်၊ ဒီတော့-သတ္တဝါအနန္တ ကိုယ်သွားချင်သလောက်သွားပြီးတော့ မေတ္တာဖြန့်နေလို့ မရဘူးလား?(ရပါဘုရား)၊ အဲဒီလို မေတ္တာပို့တဲ့အတွက် ထမင်းစားပျက်သွားလိမ့်မယ်လို့များ မအောင့်မေ့လိုက်ပါနဲ့၊ ထမင်းစားမပျက်ပါဘူး၊ နေ့တိုင်း ဘုန်းကြီးတို့ ပရိသတ် စားနေတဲ့ထမင်းစားမပျက်ပါဘူး၊ မေတ္တာပို့ရင်းနဲ့စားလို့ အစားတတ်သူရဲ့ စားနည်းလို့လည်းခေါ်ပါတယ်။ ဒါ့ကြောင့်-

❖ မေတ္တာပွါးကာ, ဆင်ခြင်ကာ, စားတာစားတတ်သူ။

မေတ္တာပို့ပြီးတော့စား. . . တဲ့ သမထဘာဝနာကမ္မဋ္ဌာန်းဖြစ်နေပြီ၊ ဆင်ခြင်ကာဆိုတာကျတော့ အာဟာရေ ပဋိကူလသညာနဲ့ ဓာတုကမ္မဋ္ဌာန်းဆင်ခြင်တာ၊ ဖြစ်နိုင်သေးလို့ရှိရင် တတ်နိုင်သေးရင် အာဟာရေ ပဋိကူလသညာဆိုတာ မိမိစားနေတဲ့ အာဟာရသည်-

http://www.dhammadownload.com



ဝမ်းမြောက်ရွှင်ပျယ်, လှူဘုံလယ်၌, တင့်တယ်ဘိခြင်း, တစ်ခံတွင်းက, သွင်းသည့်အစာ, တစ်ညဥ့်ကြာလျှင်,မျက်နှာညှိုးမှိုတ်,နှာခေါင်းပိတ်လျှက်, လူဆိတ်ကွယ်ရာ, စွန့်ရရှာသည်, ကြည့်ကာတောင်မြောက်, ကိုးပေါက်ဒွါရ, အမာဝမှ, ယိုကျဖျင်းဖျင်း, ဆံမွေးညင်းက, သက်ဆင်းကျလျှော, အာဟာရောသည်. . . အဟော-စက်ဆုတ်ဖွယ်ပါတကား။

သာဓု . . သာဓု . . သာဓုပါဘုရား။

ဒကာဒကာမတွေ ထမင်းဝိုင်းမှာ ဝိုင်းပြီးတော့ ဆွေသားမျိုးသား မိသားတစ်စုစားကြတော့ ပြုံးကြ,ရွှင်ကြ, ရယ်ရယ်မောမော တစ်သောသောနဲ့ စားကြသောက်ကြတော့၊ "ဝမ်းမြောက်ရွှင်ပျယ်, လှူဘုံလယ်၌, တင့်တယ်ဘိခြင်း, တစ်ခံတွင်းက, သွင်းသည့်အစာ. . . စားတုန်းသောက်တုန်းကတော့ ပျော်ပျော်ပါးပါး သားလာဟွေ့,သမီးလာဟွေ့,ဆွေလာဟွေ့,မျိုးလာဟွေ့နဲ့ ပျော်ပျော်ပါးပါး ပရိသတ် မစားကြဘူးလား?(စားကြပါဘုရား)၊ "ဝမ်းမြောက်ရွှင်ပျယ်, လှူဘုံလယ်၌, တင့်တယ်ဘိခြင်း, တစ်ခံတွင်းက, သွင်းသည့်အစာ, တစ်ညဥ့်ကြာလျှင် . . . တဲ့"၊ အဲဒီ စားလိုက်သောက်လိုက်တဲ့ မွှေးတယ်,ကြိုင်တယ်, ကောင်းတယ်, ဆိမ့်တယ်, အီတယ်ဆိုတဲ့ အစားအသောက်တွေ ပါးစပ်ထဲရောက်လို့ ပါးစောင်ရေတွေနဲ့ရောပြီးတော့ ဝါးလိုက်ကြိတ်လိုက်ပြီးတော့ ဝမ်းထဲမျိုချလိုက်လို့, တစ်ညဥ့်ကြာလျှင်ပဲ၊ ဘာဖြစ်ကုန်ပြီတုန်း . . လို့ဆိုတော့-

❖ ဝမ်းမြောက်ရွှင်ပျယ်,လှူဘုံလယ်၌,တင့်တယ်ဘိခြင်း,
တစ်ခံတွင်းက,သွင်းသည့်အစာ,တစ်ညဥ့်ကြာလျှင်,
မျက်နှာညှိုးမှိုတ်,နှာခေါင်းပိတ်လျှက်,လူဆိတ်ကွယ်ရာ,
စွန့်ရရှာသည် . . ။

တစ်ညရောက်ကြာတယ်ဆိုရင်ပဲ ဒီအစာအာဟာရတွေသိုးပုပ် . . ပြီးတော့နောက်ဆုံးနံစော်ကုန်တော့တာပဲ . . လို့ ဆင်ခြင်ပြီး ဒီအစာအာဟာရတွေကိုစားခြင်းသည် လှည်းကိုလှည်းစာဖိုးရတဲ့သဘောမျိုး မော်တော်ကားဓာတ်ဆီဖြည့်တဲ့အနေ စားတဲ့သဘောမျိုးပါစားနေရတယ် . . မော်တော်ကားဓာတ်ဆီမထည့်ရင် ပရိသတ်မောင်းလို့ရရဲ့လား?(မရပါဘုရား) အဲဒီလိုသဘောဆင်ခြင်ပြီး

http://www.dhammadownload.com



တော့ စားလိုက်လို့ရှိရင် ဒီအာဟာရအပေါ်မှာ သာယာမက်မောတွယ်တာတဲ့စိတ် နည်းသွားတယ်။

ဒီလိုမဟုတ်ရင်ဟိုဟာလေးကကောင်းလိုက်တာ၊ ဒီဟာလေးကကောင်း လိုက်တာနဲ့ဆို သာယာတဲ့တဏှာစိတ်တွေကသံသရာအဆက်ဆက်ဒုက္ခဒုက္ခမ တွေမှာအရှိန်ရ,စိတ်ပါလာတာဖြစ်တော့ သူတို့က. . . ချည့်နိုင်ပြီး အစားလည်း ကိလေသာကနိုင်၊ အဝတ်လည်းကိလေသာကနိုင်၊ သူတို့ကချည့်နိုင်နေတော့ အ ပါယ်လေးဘုံကျတဲ့အခါကျလိုက်၊ (၃၁)ဘုံက ဘယ်တော့မှမလွတ်တာ သူတို့လက် ချက်။ ဒါဖြင့်-အဲဒီ လက်ကလွတ်ချင်လို့ရှိရင် ဒီကိလေသာရန်သူကိုသတ်ဖို့မလိုဘူး လား?(လိုပါဘုရား) ဒီတော့-စားရင်လည်းပဲ သတ်ဖို့ရန်အတွက် ဘုရားရှင်ကိုယ် တော်မြတ်က အဲဒီလို အာဟာရေ ပဋိကူလသညာ-ကမ္မဋ္ဌာန်းကိုစီးဖြန်းပြီးတော့ စားလိုက်စမ်းပါ. . . တဲ့။

အဲဒီခန္ဓာကိုယ်ကိုးပေါက်ဒွါရကရှိသမျှက သူ့အကုန်ထွက်တဲ့အပြင် မွေး ညင်းပေါက်ကလေးတွေကလည်း အဆီအညှိတွေအဖြစ်နဲ့ ပရိသတ် မထွက်ဘူး လား?(ထွက်ပါဘုရား) အဲဒါနေ့တိုင်းရေနဲ့ ဆေးကြောသုတ်သင်ပြီးတော့ ပေးနေရ တယ်. . . ။ အာဟာရမှာ စက်ဆုပ်ဖွယ်ရာပါလားလို့ဆင်ခြင်ပြီးတော့စားရင် မြောအ လျှာအပူမလောင်သော စားနည်းလို့ခေါ်တယ်။(မှန်လှပါဘုရား) ဒါတင်ပဲလားလို့ ဆိုတော့ တတ်နိုင်သေးရင် ဓာတုကမ္မဋ္ဌာန်း,ဓာတ်ကမ္မဋ္ဌာန်းနဲ့စားစမ်းပါတဲ့၊ ဓာတ် ကမ္မဋ္ဌာန်းဆိုတာ ဘာတုန်းလို့ဆိုတော့-

❖ မကျိုးစေလို,ရထားအိုကို,ထိုးလျှိုလှည်းစာ,ကဲ့ပမာသို့၊

ရိယာလေးလီ,အမြဲမှီသား,ဤအိမ်ခန္ဓာ,ဓာတ်လေးဖြာတို့,

(မပျက်ပါစိမ့်,ရေ-စာ-သုံးစွဲ,ငါမှီဝဲ၏. . .။

လှည်းများလှည်းစာမထိုးရင် ကျိုးမှာစိုးလို့ အခုကာလ ခေတ်ပြောပြော ရင် မော်တော်ကားဓာတ်ဆီမထည့်ရင် မောင်းမရမှာစိုးလို့၊ အဲဒီလိုပဲ-ဒီခန္ဓာကိုယ် ဆိုတဲ့စက်ယန္တရားကြီး ဒီအာဟာရမကျွေးရင် ကျိုးမှာစိုးလို့၊ လဲမှာစိုးလို့ ဒီအာဟာရ ကိုစားပါတယ်. . . လို့ ဆင်ခြင်လိုက်လို့ရှိရင်ဓာတ်ကမ္မဋ္ဌာန်းခေါ်တယ်၊ "ဤအိမ် ခန္ဓာ,ဓာတ်လေးဖြာကို, မပျက်ပါစိမ့်,ရေ စာ သုံးစွဲ,ငါမှီဝဲ၏. . . လှည်းနဲ့ လှည်းစာ,မသိပါသို့. . . ဒုက္ခဒိကာမှာတွေ့ လှည်းကြီးလှည်းစာထိုးတဲ့အခါ

http://www.dhammadownload.com



ကျတော့ လျှည်းစာတွေကလည်း ငါတို့ဒီလှည်းဘီးကြားဝင်နေတယ်. . . လို့ မသိဘူးတဲ့၊ ပရိသတ်သိရဲ့လား?(မသိပါဘုရား) လှည်းစာတွေကို လူကဒုတ်ကြီးနဲ့ကော်ပြီးတော့ လှည်းဘီးကြားထိုးထိုးသွင်းတော့ လှည်းစာတွေကလည်း ငါတို့လှည်းဘီးကြားဝင်နေရတယ်လို့မသိဘူး၊ လှည်းဘီးကြီးကလည်းငါ့ကြားထဲ လှည်းစာတွေဝင်နေတယ် လို့မသိဘူးတဲ့။

အဲဒါလိုပဲ ယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ စားသောက်နေကြတဲ့ အစာအာဟာရတွေကလည်း ရုပ်စုရုပ်ပုံတွေ။ ဒကာဒကာမတွေ ထမင်းတွေ,ဟင်းတွေ,မုန့်ပဲသွားရေစာတွေက,ရုပ်စုရုပ်ပုံတွေ၊ ရုပ်ဆိုတာသိတတ်တဲ့ တရားမဟုတ်ဘူး၊ မသိတတ်တဲ့တရားကိုရုပ်လို့ခေါ်တာ၊ ဒကာဒကာမတွေရဲ့ခန္ဓာကိုယ်ကြီးကလည်းပဲ သိတတ်တဲ့တရားမဟုတ်ဘူးသူက၊ ဒီတော့ ဒီခန္ဓာကိုယ်ရုပ်စုရုပ်ခေါင်းကြီးထဲကို အစာအာဟာရတွေသွင်းလိုက်တော့ ထမင်းဟင်းတွေမုန့်ပဲသွားရေစာတွေကလည်းပဲ ငါတို့ဒီခန္ဓာကိုယ်ဝမ်းခေါင်းကြီးထဲ ဝင်နေရတယ်. . . လို့ ပရိသတ်သိရဲ့လား?(မသိပါဘုရား)

❖ လှည်းနဲ့လှည်းစာ, မသိပါသို့,လေးဖြာသောဓာတ်,ပေါင်းဖွဲ့လတ်၍ **သတ္တဇီဝ,ငါသူတစ်ပါး,လားလားမရှိ,မျှတ်စိတစ်လစ်,လက်တစ်ဖျစ်ထက်, သေးဖွဲ့သိမ်နှုပ်,ခါခါချုပ်သည့်,ဘူတရုပ်ပေါင်း,မသာလောင်းက,ကောင်း မြတ်လှစွာ,ဤအစာသည်,ငါ့မှာဝင်နေ,မသိလေဘူး. . .။**

ဒီခန္ဓာကိုယ်ကြီးကအစာအာဟာရတွေ ကောင်းပေ့ညွှန်းပေ့ဆိုတာတွေ ဝင်လာတာသူမသိပါဘူး. . . တဲ့၊ သိတာကစိတ်ကသိနေတာ၊ ပရိသတ်သိတာက ဘယ်သူကသိနေတာတုန်း?(စိတ်ကသိတာပါဘုရား) စိတ်ခေါ်တဲ့နာမ်တရားက သာသိတာ၊ ဒီခန္ဓာကိုယ်ဓာတ်တုံးဓာတ်ခဲကြီးကသိရဲ့လား?(မသိပါဘုရား) ဒီခန္ဓာကိုယ်ကောင်ကြီး ရုပ်ကောင်ကြီးကမှ မသိဘူးလို့ဆိုလို့ရှိရင် အဲဒီခန္ဓာကိုယ်ကောင်ကြီးထဲဝင်နေရတဲ့ အစာကနဂိုကမှ သက်မဲ့တွေဆိုတော့ ပိုပြီးတော့မသိတာပေါ့. . . တဲ့၊ မသိတာပေါ့၊ ဒါဖြင့်-ဘာဖြစ်နေတာတုန်းလို့ဆိုတော့-

❖ **စာရေကဝယ်,ဆိုဖွယ်မဲ့လျှင်း,ဓာတ်ချင်းဓာတ်တို့, ထိတုံ့မျို့သည်. . . မည်သို့မသိကြလေဘူးတကား, . . ။**

http://www.dhammadownload.com



ကိုင်း-ဒီတော့ ခန္ဓာကိုယ်ကြီးနဲ့ အစာအာဟာရတွေဟာဓာတ်ချင်းဓာတ်, ထိနေကြတာ၊ ဓာတ်ချင်းဓာတ်တိုးဝင်နေကြတာပဲ. . . တဲ့၊ အစာအာဟာရဆိုတဲ့ ဓာတ်တွေက ခန္ဓာကိုယ်ရုပ်ဓာတ်ကြီးထဲ တိုးပြီးတော့ဝင်နေတော့ ပရိသတ် ဓာတ် ဓာတ်ချင်းထိနေတာခေါ်တယ်၊ ဘာဘာချင်းထိတာပါလိမ့်?(ဓာတ်ဓာတ်ချင်းထိ နေတာပါဘုရား)ဒီတော့ အဲဒီရုပ်ဓာတ်ရုပ်ဓာတ်ချင်း တိုးကြထိကြတာ ခန္ဓာကိုယ် ကြီးကလည်း အစာတွေငါ့ထဲဝင်နေတယ်လို့မသိဘူး၊ ခုနကလှည်းကြီးက လှည်း စာတွေငါ့ထဲဝင်နေတယ်လို့မသိသလိုပဲ၊ အစာအာဟာရတွေက ခန္ဓာကိုယ်ထဲဝင် တာကို ခန္ဓာကိုယ်ကြီးကလည်းမသိဘူး၊ အစာအာဟာရတွေကလည်းမသိကြဘူး. . . ဓာတ်ချင်းဓာတ်တို့ ထိနေကြချင်းပဲ. . . လို့၊

အဲဒီလိုအားဖြင့် အာဟာရေပဋိကူလသညာ,ဓာတုကမ္မဋ္ဌာန်းဆိုတဲ့ဓာတ် ကမ္မဋ္ဌာန်းဆင်ခြင်စီးဖြန်းပြီးတော့စားတတ်ရင် ဟော-ဘုန်းကြီးတို့ဘုရားရှင်လက် ထက်က အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး ဓာတ်ကမ္မဋ္ဌာန်းဆင်ခြင်စဉ်းစား ရင်းနဲ့ ရဟန္တာဖြစ်သွားတာ ပရိသတ်၊(မှန်လှပါဘုရား) လက်ဝဲရံအရှင်မောဂ္ဂလာန် ကိုယ်တော်မြတ် ရဟန္တာဖြစ်တာ ဟောဒီဓာတ်ကမ္မဋ္ဌာန်းနဲ့ ရဟန္တာဖြစ်သွားတာ၊ (မှန်လှပါဘုရား) ဒီတော့ဒကာဒကာမတွေ ဓာတ်ကမ္မဋ္ဌာန်းစီးဖြန်းပြီးတော့ ရဟန္တာဖြစ်နိုင်တယ်၊ ဒါကြောင့် ဆိုလိုက်စမ်းပါ-

❖ မေတ္တာပွါးကာ, ဆင်ခြင်ကာ, စားတာစားတက်သူ။

ဟော-ဒါနနဲ့စားနည်းပြီးသွားပြီ၊ သီလနဲ့စားနည်းကလည်းမမွကျင့်မှု မျှော် ထောက်ရှုပြီးတော့စားရင် သီလနဲ့စားခြင်း၊ သမထဘာဝနာနဲ့စားတာက မေတ္တာ ပွါးပြီးတော့စား၊ အာဟာရေပဋိကူလသညာနည်းနဲ့စား၊ သို့မဟုတ် ဓာတ်ကမ္မဋ္ဌာန်း နဲ့စား . . . လို့ဆိုတော့ ဒီကမ္မဋ္ဌာန်းအားထုတ်ဖို့ ဒီကကမ္မဋ္ဌာန်းနည်းနဲ့ ရှုပွါးဖို့ အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရိပ်သာမသွားနိုင်သည့်တိုင်အောင်၊ တရားစ ခန်း မထွက်နိုင်သည့်တိုင်အောင်၊ အိမ်ထဲတင် မီးဖိုချောင်ထဲတင် ကိုယ့်ထမင်းဝိုင်း စားနေကျနေရာတင် ဒီကမ္မဋ္ဌာန်းဆင်ခြင်လိုက်ရင် မရဘူးလား?(ရပါဘုရား) ဘုရားတရားက လက်တွေ့ကျင့်ချင်လို့ရှိရင် ကိုယ်ကျင့်ချင်ဖို့ပဲလိုတယ်၊ ကျင့်နည်း တွေက ပြည့်မနေဘူးလား?(ပြည့်နေပါဘုရား) ဟော-နောက်ဆုံးဝိပဿနာနဲ့ စားနည်း ပြောရအောင် ဆိုလိုက်စမ်းပါ-

❖ စားသုံးမူရာ, ရှုမှတ်ကာ, စားတာစားတက်သူ။

http://www.dhammadownload.com



ဟော-စားသုံးတဲ့အမူရာလေးကိုရှုပြီးတော့ စားလိုက်စမ်းပါ. . . တဲ့၊ ဒကာ ဒကာမတွေ ထမင်းစားကြ,ဟင်းစားကြ,မုန့်ပဲသွားရေစာတွေစားကြတော့ အဲဒီစား တဲ့နေရာ ဝိပဿနာတင်ဆင်ခြင်ပြီးတော့ စားမိအောင် စားနေတဲ့အမူအရာကို ရှုလိုက်. . . တဲ့၊ ဉာဏ်ပညာဦးစီးတဲ့သတိနဲ့ရှုပြီးတော့စား၊ ဒီတော့စားသုံးတဲ့ အမူအရာဆိုတာ ဘုန်းကြီးတို့ဒကာဒကာမတွေ ထမင်းစားတယ်ဆိုရင် လက်ကထ မင်းခွက်ကိုကိုင်ခြင်း ဆွဲခြင်း,ထိခြင်း,ဇွန်းဖြင့်ဟင်းကိုနှိုက်ခြင်းစတဲ့ အမူအရာတွေ ပေါ်မနေဘူးလား?(ပေါ်နေပါဘုရား) အဲဒါရုပ်နာမ်နှစ်ပါးရဲ့အမူအရာတွေ၊ ဘာရဲ့ အမူအရာပါလိမ့်?(ရုပ်နာမ်နှစ်ပါးရဲ့အမူအရာပါဘုရား)

အဲဒီအမူအရာကို အမူအရာအတိုင်းမိသွားအောင်စားနေတဲ့အခိုက်မှာ စားတယ်,စားတယ်,စားတယ်လို့ရင်လည်းရှုသို့မဟုတ် စားတဲ့အခိုက်မှာ ရုပ်နာမ် ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်လို့ရင်လည်းရှု၊ သို့မဟုတ် စားသိပျက်, စားသိပျက်,စားသိပျက်ရင်လည်းရှုလိုက်. . . တဲ့၊ အဲဒီလိုရှုစားရင် ဝိပဿနာနဲ့ စားတာ၊ ဒီတော့ ဘယ့်နဲ့ရုပ်နာမ်ဖြစ်ပျက်လို့ဆိုရတော့ အရှင်ဘုရားဟုတ်ရဲ့လား စားတဲ့အခိုက်ရုပ်နာမ်ရှိတာဟုတ်ရဲ့လားလို့ သေသေချာချာစစ်ကြည့်တော့ ပရိ သတ်ဆိုကြည့်လိုက်-

❖ စားချင်တာကနာမ်, စားဟန်ပြုတာကရုပ်။

အဲ-စားတဲ့အခိုက်မှာ သေသေချာချာကြည့်ရင် ဘုန်းကြီးတို့ပရိသတ်စား ချင်တယ်ဆိုတာလေး အရင်မလာဘူးလား?(လာပါဘုရား) အဲဒီစားချင်တဲ့စိတ် ကလေးပေါ်တော့မှ စားတဲ့အမူအရာ, စားဟန်ပြုတဲ့အမူအရာ,ထမင်းကိုကိုင်ခြင်း, ထမင်းပန်ကန်ကိုဆွဲခြင်း,ထမင်းကိုနှိုက်ခြင်း,လက်ကဇွန်းကိုကိုင်ခြင်းဆိုတဲ့ အမူအ ရာတွေပေါ်မလာဘူးလား?(ပေါ်လာပါဘုရား) ဒါဖြင့်-စားချင်တဲ့တရားက နာမ် တရားခေါ်တယ်၊ စားချင်တဲ့တရားက ဘာတရားပါလိမ့်?(နာမ်တရားပါဘုရား) အဲဒီနာမ်တရားရဲ့အလိုကျဝါယောရုပ်တွေက လက်တွေထဲတွန်းကန်လှုပ်ရှားလိုက် တော့ လက်ကလှမ်းလှမ်း,လှမ်းလှမ်းပြီးတော့ ဟင်းကိုနှိုက်ခြင်း, ထမင်းကိုနယ်ခြင်း, ပွတ်ခြင်း,ပါးစပ်ဆီသို့သယ်ပို့သွားခြင်း,ပါးစပ်ထဲသို့ထိုးသွင်းခြင်း,ပါးစပ်ကဝါး ခြင်းဆိုတဲ့ အမူအရာတွေ စားတယ်လို့ခေါ်မထားဘူးလား?(ခေါ်ထားပါဘုရား) ဒါဖြင့် စားဟန်ပြုနေတာက ရုပ်တရား၊ ဆို-

❖ စားခြင်တာကနာမ်, စားဟန်ပြုတာကရုပ်၊

http://www.dhammadownload.com



## သူမဟုတ် ငါမဟုတ်, စားတာနာမ်နဲ့ရုပ်။

စားတာဘာနဲ့ဘာတုန်း?(နာမ်နဲ့ရုပ်ပါဘုရား) ကိုင်း-သုတမယဉာဏ်အနေနဲ့ ဘုန်းကြီးကရှေ့ကပြောပေးလိုက်တော့ စားတဲ့အခိုက်ဟာ စားချင်တဲ့နာမ်နဲ့ စားဟန်ပြုတဲ့ရုပ်ဒီနှစ်ခုရှိတာမသေချာဘူးလား?(သေချာပါဘုရား) အဲဒါကိုယနေ့ဒကာဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ ဘုန်းကြီးတို့တစ်တွေက တစ်သံသရာလုံးကစွဲလာတဲ့အစွဲနဲ့ ငါစားတယ်. . . တဲ့၊ စားတာငါတဲ့ မစွဲကြဘူးလား?(စွဲကြပါဘုရား) မထင်ကြဘူးလား?(ထင်ကြပါဘုရား) အဲဒီအထင်ကို သက္ကာယဒိဋ္ဌိလို့ခေါ်တယ်၊ ဒါဖြင့် ထမင်းစားတဲ့ထဲ သက္ကာယဒိဋ္ဌိရောက်မနေဘူးလား?(ရောက်နေပါဘုရား) စားတာငါတဲ့၊ ငါစားတာတဲ့၊ ဟော-စားတာငါတဲ့၊ ငါစားတာတဲ့ငါလုံးကြီးဝင်နေတယ်။

အမှန်ကစားတာကရုပ်နာမ်၊ ရုပ်နာမ်ကစားတာ၊ စားတဲ့အမူအရာကရုပ်နာမ်၊ ရုပ်နာမ်အမူအရာကိုစားတယ်လို့ခေါ်ထားတာ၊ ဒါဖြင့်-စားတဲ့အထဲသေချာစစ်တော့ခုနကဆိုတဲ့အတိုင်း ဆိုကြည့်တော့-"စားချင်တာကနာမ်,စားဟန်ပြုတာကရုပ်"၊ ဒီနှစ်ခုပဲမတွေ့ဘူးလား?(တွေ့ပါဘုရား) ဒီနှစ်ခုမှအလွတ်ရှာလို့ ရသေးရဲ့လား?(မရပါဘုရား) ဒါဖြင့်ဘာမှရှာမရဘဲနဲ့ရုပ်နာမ်ပဲရှိတာကို ငါစားတယ်. . . လို့ဆိုတော့ စားတာငါဝင်မစွဲဘူးလား?(စွဲပါဘုရား) စားတာငါ၊ ငါစားတာလို့အပြန်ပြန်အလှန်လှန် စားခြင်းကိုငါထင်၊ ငါနဲ့စားတာနဲ့ ဗလုံးဗထွေးဝင်နေတော့ သက္ကာယဒိဋ္ဌိ၊ တစ်သံသရာလုံးက ဒကာဒကာမတွေကို နိုင်လာခဲ့တဲ့ သက္ကာယဒိဋ္ဌိရန်သူကြီးက စားတုန်းလည်းချမ်းသာမပေးဘူး ရောက်လာတယ်။

ဒကာဒကာမတွေကိုသူက တစ်သံသရာလုံးနိုင်လာတာ၊ စားတုန်းလည်းသူကငါငါနဲ့ဝင်တယ်၊ သွားတော့လည်းငါသွားတာတဲ့,သွားတာငါတဲ့၊ ရပ်တော့လည်း ငါရပ်တာ,ရပ်တာငါတဲ့၊ ထိုင်တော့လည်းငါထိုင်တယ်,ထိုင်တာငါတဲ့၊ ထိုင်တာငါနဲ့မထင်ကြဘူးလား?(ထင်ကြပါဘုရား) အဲဒီသက္ကာယဒိဋ္ဌိပြုတ်မှလည်း သောတာပန်ကဖြစ်တယ်၊ ဒါဖြင့်သက္ကာယဒိဋ္ဌိပြုတ်ဖို့အရေးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပရိသတ်မပေါ်လာဘူးလား?(ပေါ်လာပါဘုရား) ပြီးတော့သူ့ကို မွေးထားလို့ရှိရင် ဒီသံသရာကဘယ်တော့မှ မလွတ်တော့ဘူး။

အိုမှု,နာမှု,သေမှု,ဘယ်တော့မှမဆုံးအောင်လုပ်နေတာသူ၊ ရန်သူကြီးမှအကြီးဆုံးရန်သူကြီးပရိသတ်၊ အပါယ်လေးပါးတခါးဖွင့်ဖွင့်ပေးနေတာသူ၊ ဒကာ

http://www.dhammadownload.com



ဒကာမတွေကို အပါယ်လေးပါး ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်ရောက်ရောက် သွားအောင်ပို့တာသူပဲ,သူပဲ,သူ့လက်သည်။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သက္ကာယဒိဋ္ဌိကိုပယ်ဖို့ရာ-

**သတ္တိယာ ဝိယ ဩမဋ္ဌော, ဍယှမာနောဝ မတ္ထကေ၊**
**သက္ကာယဒိဋ္ဌိပဟာနာယ, သတော ဘိက္ခု ပရိဗ္ဗဇေ။**

သတ္တိယာဝိယ ဩမဋ္ဌော-ရင်ဝမှာလှံစူးနေတဲ့သူ, လှံကိုနှုတ်ဖို့အရေးကြီးတယ်၊ ရင်ဝလှံကြီးနဲ့ထိုးလိုက်တော့ အဲဒီလှံနှုတ်ဖို့အရေးဟာ အရေးတကြီးလှံထိုးခံရတဲ့လူမှာ မလိုအပ်ဘူးလားပရိသတ်?(လိုအပ်ပါဘုရား) ဦးခေါင်းမီးလောင်တဲ့သူမှာလည်း၊ ခေါင်းဆံပင်မီးလောင်တယ်ဆိုတော့ ဟာ-ငြိမ်းကြပါဟ,လုပ်ကြပါဟဆိုပြီးတော့အရေးတကြီးမငြိမ်းရဘူးလား?(ငြိမ်းရပါဘုရား) မငြိမ်းလို့ရှိရင်တစ်ဖြေးဖြေးနဲ့ခေါင်းမှာလောင်၊ ခေါင်းကနေဦးခေါင်းရေတွေကစ တစ်ကိုယ်လုံးကူးပြီးတော့ လောင်နိုင်တာဖြစ်တော့ ဦးခေါင်းမီးလောင်တဲ့သူဟာလည်းပဲ အရေးတကြီး မီးငြိမ်းဖို့မလိုဘူးလား?(လိုပါဘုရား)၊

အေး. . . အဲဒီနှစ်ရေးဟာအရေးကြီးတာမှန်သော်လည်း မင်းတို့ရင်ဝလှံစူးနေတာ အဲဒီလှံနှုတ်ဖို့အရေးအသာထားပြီး သက္ကာယဒိဋ္ဌိပယ်ဖို့အရင်ကြိုးစားလိုက်စမ်းပါအုန်း. . . တဲ့၊ ဒီတော့ အရေးကြီးတဲ့အပေါ်မှာ ပိုအရေးကြီးတဲ့ကိစ္စအနေနဲ့ ဘုရားမမှာခဲ့ဘူးလား?(မှာခဲ့ပါဘုရား) အဲ-မှာခဲ့တာတစ်ခြားကြောင့်မဟုတ်ဘူး သူကရင်ဝစူးတာကဒီတစ်ဘဝပဲ မင်းတို့သေမှာတဲ့၊ အဲဒီလှံမနှုတ်နိုင်လို့သေရင်တစ်ဘဝပဲသေမယ်ဟေ့တဲ့၊ သက္ကာယဒိဋ္ဌိလှံကို မနှုတ်ရင်,သက္ကာယဒိဋ္ဌိကို မင်းတို့မသတ်ရင် ဘဝပေါင်းများစွာမရေနိုင်အောင် သေကြမယ်တဲ့. . . သေကြမယ်။ မသေရဘူးလားပရိသတ်?(သေရမှာပါဘုရား)။

သက္ကာယဒိဋ္ဌိမပြုတ်လို့သောတာပန်မဖြစ်ရင် အပါယ်တံခါးကပိတ်ရဲ့လား? (မပိတ်ပါဘုရား) အို,နာ,သေ,ဒုက္ခဘေးကလွတ်ရဲ့လား?(မလွတ်ပါဘုရား) ဒါဖြင့် အထပ်ထပ်သေ,အထပ်ထပ်နာ,အထပ်ထပ်အိုဖို့ရာ လက်သည်ကြီးက သက္ကာယဒိဋ္ဌိ၊ အဲဒီသက္ကာယဒိဋ္ဌိကလည်း ဒကာဒကာမတွေကို နိုင်လာလိုက်တာ ငယ်နိုင်ဖြစ်. . . လို့-

❖ နာမ်ရုပ်နှစ်တန်,ဖြစ်ပျက်ဟန်ကို,အမှန်ဒိဋ္ဌ,မမြင်ကြ၍,

http://www.dhammadownload.com



## ငါထ,ငါထိုင်,ငါကိုင်,ငါသွား,ငါကြား,ငါကြည့်, ငါသိ,ငါမြင်,ဓာတ်ဖြစ်အင်ကို. . .။

ဟော-တစ်ငါငါနဲ့မနေဘူးလား?(နေပါဘုရား) ငါထတာတဲ့,ငါထိုင်တာတဲ့, ငါသွားတာတဲ့,ငါကြားတာတဲ့,ငါမြင်တာတဲ့,ငါကြည့်တာတဲ့,ငါသိတာတဲ့, တစ်ငါ ငါမနေဘူးလား?(နေပါဘုရား) အခု မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ကြောင်း ဓမ္မာရုံကြီး ဆောက်ပြီးတော့ တရားလာပြီးတော့ နာတဲ့နေရာတောင် ငါတရားနာတာ. . . တဲ့၊ တရားနာတဲ့အထဲ ငါဝင်မလာဘူးလား?(ဝင်လာပါဘုရား) အဲဒီလောက်သူကလိုက် မွှေနေတာ၊ ဒီတော့ ဒီရန်သူကိုဘုန်းကြီးတို့ဒကာဒကာမတွေ သတ်ဖို့မလိုဘူးလား? (လိုပါဘုရား) ဒီတော့သူက အရှိန်ရပြီးကိုယ့်အပေါ် အမြဲတန်းငယ်နိုင်ကြီး ဖြစ်လာ တာဖြစ်တော့ ငယ်နိုင်တော်လှန်ရတာကတော့ တယ်လွယ်တာမဟုတ်ဘူး ပရိ သတ်၊(မှန်လှပါဘုရား)

ဒီတော့ မလွယ်လို့မပယ်လို့ရှိရင်လည်း မဖြစ်သေးတော့ သူ့ကိုပယ်နိုင် အောင် အချိန်ယူပြီးတော့ နေ့စဉ်နေ့စဉ် သက္ကာယဒိဋ္ဌိတရားပြုတ်ထွက်သွားအောင်၊ ဟော-ထိုင်ရင်လည်းပဲရုပ်နာမ်ဖြစ်ပျက်၊ ထရင်လည်းရုပ်နာမ်ဖြစ်ပျက်၊ စားရင် လည်းရုပ်နာမ်ဖြစ်ပျက်၊ အခုအစားတတ်တဲ့သူနဲ့ ပုံပြပြောနေတာမို့လို့ အစားဦး တည်ပြောနေတာ၊ ဘယ်ကိစ္စမဆို သွား,ရပ်,ထိုင်,လျောင်း,ဣရိယာပုထ်လေးပါးအ ပေါင်းရော နောက်ဆုံး ကွေးတာဆန့်တာ၊ ကျင်ကြီးကျင်ငယ်စွန့်တာအထိ ဘုရား ရှင်ကိုယ်တော်မြတ်ကြီးက သက္ကာယဒိဋ္ဌိပယ်ဖို့မဟာသတိပဋ္ဌာနသုတ်တော်ကြီးမှာ မလွတ်တမ်း ဒကာဒကာမတွေပယ်နိုင်အောင်ဟောနည်း၊ သတိပဋ္ဌာန်သုတ်တော် ကြီးနဲ့ ဟောမထားဘူးလား?(ဟောထားပါဘုရား)။

ကြည့်တာ,ကြားတာ,နမ်းတာရှူတာ,စားတာ,ထိတာ,သိတာ,ဒွါရခြောက် ပါးကလည်း မလပ်ရအောင်၊ ဣရိယာပုထ်လေးပါးကလည်း မလပ်ရအောင်၊ နောက်ဆုံးလေ. . . ကုန်ကုန်ပြောလိုက်မယ် ကျင်ကြီးကျင်ငယ်စွန့်တဲ့နေရာ တောင် **ဥစ္စာရ ပဿဝ ကမ္မေ သမ္ပဇာနကာရီ** ဟောတီ-ကျင်ကြီးကျင်ငယ်စွန့် တဲ့နေရာမှာပါလျှင် စွန့်တယ်စွန့်တယ်,ထွက်တယ်ထွက်တယ်လို့ရှု၊ သို့မဟုတ်ရုပ် နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်,လို့ရှုပြီးတော့နေကြချစ်သားတို့ ချစ်သမီးတို့. . . လို့ ဘုရားကစေ့နေအောင်မဟောခဲ့ဘူးလား?(ဟောခဲ့ပါဘုရား)

ဒကာဒကာမတွေတရားရှုမှတ်တယ်ဆိုတော့ တစ်နေရာထဲထိုင်ပြီးတော့၊

http://www.dhammadownload.com



ကြိယာပုထ်ကြီးနဲ့ ထိုင်ပြီးတော့ချည်း ရှုနေရမယ်ဆိုရင်၊ ဒကာဒကာမတွေ ဘာအလုပ်မှလည်း လုပ်လို့မဖြစ်၊ ကျင်ကြီးလည်းထမစွန့်၊ ကျင်ငယ်လည်းထမစွန့်၊ အစာလည်းထမစားဆိုတဲ့၊ ဒီ့ဒီလိုလုပ်နေရရင် မဖြစ်ပါဘူးလို့ ဒကာဒကာမတွေက ဆင်ခြေတက်မှာစိုးလို့၊ ဘုရားရှင်က ဟော့-မင်းတို့အလုပ်မပျက်ဘဲနဲ့ တရားပါသွားအောင်ဆိုပြီးတော့၊ အလုပ်မပျက်,အစားမပျက်,အနေမပျက်တရားသတိပါဖို့ သာအရေးကြီးတယ်လို့ မဟောခဲ့ဘူးလား?(ဟောခဲ့ပါဘုရား)။ ဒါဖြင့်-ဆိုလိုက်စမ်းပါ-

❖ **စားချင်တာကနာမ်, စားဟန်ပြုတာကရုပ်၊**
**သူမဟုတ်, ငါမဟုတ်, စားတာနာမ်နှင့်ရုပ်။**

စားတာ ဘယ်သူနဲ့ ဘယ်သူတုန်း?(နာမ်နဲ့ရုပ်ပါဘုရား)၊ ကိုင်း- အခုလိုရှင်းပြောလိုက်တော့ ရုပ်နာမ်ပေါ်မလာဘူးလား?(ပေါ်လာပါဘုရား)၊ အဲဒီသုတမယဉာဏ်နဲ့ သိနေတဲ့အသိလေးကို ဘာဝနာမယဉာဏ်နဲ့တိုက်ရိုက်ရှုတဲ့ ဝိပဿနာဉာဏ်ပေါ်အောင် စားတဲ့အခိုက်မှာ စားတယ်,စားတယ်,စားတယ်လို့ အဲဒီအမူအရာရင်လည်းဖမ်းရှု၊ သို့မဟုတ်ရင် ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်လို့ရင်လည်းရှု၊ ဒီလိုရှုလိုက်တဲ့အချိန်မှာ စားချင်တဲ့နာမ်၊ စားဟန်ပြုတဲ့ရုပ်၊ နာမ်နဲ့ရုပ်၊ ရုပ်နဲ့နာမ်ရှိနေတဲ့အချိန် ဒီကုလည်းရုပ်နာမ်. . . လို့ရှုလိုက်တော့ တည့်မသွားဘူးလား?(တည့်သွားပါဘုရား)၊ အဲဒီလိုတည့်သွားတဲ့အချိန် ငါ-လေးပျောက်သွားတယ်၊ ဘာပျောက်သွားပါလိမ့်?(ငါပျောက်သွားပါဘုရား)။ တစ်သံသရာလုံးက ဒကာဒကာမတွေကိုနိုင်ပြီးတော့ တဝင်တည်းဝင်လာတဲ့ ငါ-လုံးလေး အဲဒီအချိန်သူထွက်ပြေးရတယ်၊ သက္ကာယဒိဋ္ဌိပယ်တယ်ဆိုတာ အဲဒါပဲ။

ဒီတော့ သက္ကာယဒိဋ္ဌိပယ်တာ အဲဒီလိုအသေးစိတ်ကလေးကစပြီးတော့၊ တစ်ချက်ခြင်း, တစ်ချက်ခြင်း, တစ်ချက်ခြင်းပယ်ပါများတော့ ပရိသတ် သူတစ်ချိန်ကျတော့ နည်းသွား၊ အားနည်းသွား, သူ့အဝင်မခံ, သူ့အလာမခံ, ကိုယ်ကသတိပညာနဲ့ဦးစီးပြီးတော့ ဝိပဿနာနဲ့ပယ်ပါများတော့ သူကယုတ်သွား, နုပ်သွား, ဆုတ်သွား, ကျဲသွား, ပါးသွားရာကနေပြီးတော့ နောက်ဆုံး ပြုတ်ပြုတ်ပြုန်းကုန်ဆုံးသွားလိမ့်မယ်. . တဲ့ ဘုရားကအာမခံထားတယ်။ နေ့တိုင်း တစ်နေ့တစ်နေ့ ဘယ်လောက်ပယ်တယ်ဆိုတာကတော့ ကိုယ့်ဘာကိုယ်တွက်နေလို့မရဘူး၊ ကိုယ်ကလုပ်ရမယ့်အလုပ်က ပယ်တဲ့အလုပ်ကိုယ်လုပ်နေဖို့ပဲ။

ဒီနေရာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ ဝါသိဇဋ္ဌသုတ်တော်ဆိုပြီးတော့ လက်သမားကြီး ပဲခွပ်ရိုးကိုင်နည်းနဲ့ ဟောထားတာရှိတယ်၊ လက်သမားကြီး

http://www.dhammadownload.com



က နေ့တိုင်းပဲခွပ်ကိုင်ပြီးတော့ ပဲခွပ်နဲ့လက်သမားအလုပ်လုပ်နေတယ်၊ လက်သမားရဲ့ပဲခွပ်ရိုးဟာ နဂိုတုန်းကတော့ ပြည့်ဖြိုးလို့ပဲ၊ နောက်တော့ ကိုင်ပါများတော့ ပရိသတ် ပဲခွပ်ရိုးမှာ လက်ချောင်းရာကြီးချိုင့်ပြီးတော့ ထင်မလာဘူးလား? (ထင်လာပါဘုရား)၊ ဒါဖြင့် ဒီချိုင့်သွားတာ တစ်ရက်ထည်းနဲ့ ချိုင့်သွားတာဟုတ်ရဲ့လား? (မဟုတ်ပါဘုရား)၊ ဒီပဲခွပ်ရိုးမှာ ချိုင့်ချိုင့်သွားတယ်ဆိုကတည်းက၊ ပဲခွပ်ရိုးမှာရှိနေတဲ့ အသားမှုံ အသားမွှားလေးတွေ နေ့တိုင်းနေ့တိုင်းလက်နဲ့ပွတ်ပါများ၊ တိုက်ပါများတော့၊ ကုန်ကုန်၊ ကုန်ကုန်လာလို့ ချိုင့်သွားတယ်ဆိုတာ မသေချာဘူးလား? (သေချာပါဘုရား)။

လပေါင်းများစွာ, နှစ်ပေါင်းများစွာကြာတဲ့အခါကျတော့ ချိုင့်လာတဲ့အရာကြီးထင်ရှားပြီးတော့ ပေါ်လာတယ်။ အဲဒီလိုပဲ. . တဲ့၊ မင်းတို့လုပ်ရမယ့်အလုပ်၊ ဝိပဿနာရှုရမယ့်အလုပ်၊ ထိုင်ရင်, သွားရင်, ရပ်ရင်, ကြိယာပုထ်လေးပါးရော၊ မြင်,ကြား,နံ,ထိ,သိဆိုတဲ့ ဒွါရခြောက်ပါးရော၊ ကွေးတာဆန့်တာကအစ အကုန်လုံး မင်းတို့ကြိယာပုထ်လေးပါးနှင့်တကွ ရှိရှိသမျှလှုပ်ရှားမှုမှန်သမျှကို ဝိပဿနာဉာဏ်နဲ့ရှုပွါးပြီးတော့ လုပ်ရမယ့်အလုပ်သာလုပ်ပေ့. . . တဲ့၊ သက္ကာယဒိဋ္ဌိ ကိလေသာအမှုံအမွှားတွေဟာ နေ့တိုင်း ဘယ်လောက်ကုန်တယ်ဆိုတာကတော့ကို တွက်လို့မရဘူး၊ ကုန်သွား, ကုန်သွား, ကုန်သွားတော့ နောက်ဆုံး သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်တော့ လက်ချိုင့်ရာကြီးပေါ်လာလိမ့်မယ်။

ဒါဖြင့်-လက်ချိုင့်ရာကြီးပေါ်လာချင်လို့ရှိရင် ဒီလိုအသေးစိတ်ကစပြီးတော့ မရှုလို့ ပရိသတ်ရပ့ါမလား?(မရပါဘုရား)၊ လက်သမားကြီးရဲ့ပဲခွပ်ရိုး အချိုင့်ရာကြီးပေါ်တာ နေ့တိုင်းလက်သမားကြီးကိုင်ပြီးတော့ အလုပ်လုပ်လို့ပေါ်တာ မသေချာဘူးလား?(သေချာပါဘုရား)၊ ဒါဖြင့်-ဒကာဒကာမတွေ အလုပ်လုပ်ဖို့က အရေးမကြီးဘူးလား?(အရေးကြီးပါဘုရား)၊ ကိုင်း-ဒါဖြင့် စားတဲ့ကိစ္စ မ,တည်ပြီးတော့ပြောရတော့၊ ထိုင်တော့လည်း ထိုင်တယ်, ရပ်တယ်ရပ်တယ်, သွားတယ်, လှမ်းတယ်, အိပ်တယ်,စားတယ်စသည်ဖြင့်၊ ကြည့်တာမြင်တာကစပြီးတော့အကုန်လုံး။

သို့မဟုတ်-ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ ရှုပွါးပြီးတော့နေရင်၊ တစ်နေ့ ငါးမိနစ်ပဲတတ်နိုင်တတ်နိုင်၊ ရှုပွါးပြီးတော့နေခဲ့ရင် သက္ကာဒိဋ္ဌိဆိုတဲ့ အမှုန်အမွှားတွေကို နေ့စဉ်ပယ်ထုတ်နေတဲ့အမျိုးသား၊ ပယ်ထုတ်နေတဲ့အမျိုးသမီးလို့ ပရိသတ် မခေါ်နိုင်ဘူးလား?(ခေါ်နိုင်ပါဘုရား)၊ အဲဒီလိုပယ်ထုတ်ပါများရင်၊ ပဲခွပ်မှာလက်ချောင်းရာကြီးတွေထင်လာသလို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့အရာ မထင်

http://www.dhammadownload.com



ပေဘူးလား?(ထင်ပါဘုရား)၊ အဲဒီလိုအားဖြင့် စားသုံးတဲ့အမူအရာကို ဝိပဿနာတင် ဆင်ခြင်ရှုပွါးပြီးတော့စားနေရင် အစားတတ်တဲ့သူတွေရဲ့စားနည်း. . . လို့။ ဟော-စားနည်းလေးမျိုး ပြီးသွားပြီပရိသတ်၊ ပရိသတ်ကြီးပြီးမသွားဘူးလား?(ပြီးသွားပါဘုရား) ပြန်ပေါင်းလိုက်မယ်၊ ဒါနနဲ့စားနည်းကစပြီးတော့-

❖ အနန္တငါးအင်, စားဦးတင်, စားလျှင်စားတတ်သူ၊
ကိုယ့်စားဖက်ချင်း, မျှဝေလျှင်း, မယွင်းစားတတ်သူ၊
ပိုးမျိုးရှစ်ဆယ်, စားစေရှယ်, မြင့်ကြွယ်စားတတ်သူ၊
ခွေး,ကြောင်,ကြက်,ငှက်, ပိုးပုရွက်, ဖြန့်ပက်စားတတ်သူ။

ဟော-ဒါ ဒါနနဲ့စားနည်းပြီးပြီနော်၊(မှန်လှပါဘုရား)၊ သီလနဲ့စားပုံက ဆိုလိုက်စမ်းပါ-

❖ ဓမ္မကျင့်မှု, မျှော်ထောက်ရှု, စားမှုစားတတ်သူ။

ဟော-ဒါ သီလနဲ့စားနည်း။ သမထဘာဝနာနဲ့စားနည်းကတော့၊ မေတ္တာရယ်၊ အာဟာရေပဋိကူလသညာရယ်၊ ဓာတုကမ္မဋ္ဌာန်းဆိုတဲ့ ဒီသုံးကမ္မဋ္ဌာန်းနဲ့ စားတာမို့လို့ ဆိုလိုက်စမ်းပါ-

❖ မေတ္တာပွါးကာ, ဆင်ခြင်ကာ, စားတာစားတတ်သူ၊

ဟော-ဝိပဿနာနဲ့စားတော့-

❖ စားသုံးမူရာ, ရှုမှတ်ကာ, စားတာစားတတ်သူ။

ဟော-အစားတတ်တဲ့နေရာလေးနည်းပြောလိုက်ရင်၊ အဝတ်တတ်တဲ့နေရာလေးနည်း၊ အနေတတ်တဲ့နေရာလေးနည်း အကုန်လုံးပြီးပြီတဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝတ်ကောင်းစားကောင်းလေးဝတ်တော့၊ ခုနက အနန္တောအနန္တငါးပါးကို တင်လှူပြီးတော့မှဝတ်ရင် မရဘူးလား?(ရပါဘုရား)၊ နောက်ဆုံး အပြတ်လှူလိုက်တာမဟုတ်တောင်မှ ကိုယ်ဝတ်မယ့်အဝတ်ကလေး အဝတ်သစ်လေးဝတ်တော့မယ်ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ လှူဒါန်းပြီးတော့"လက်သုတ်တော်မူပါ၊ ခြေသုတ်တော်မူပါ၊ မိမိဝတ်မယ့်လုံချည်အင်္ကျီဖြန့်ခင်းပြီးတော့ ဒီအဝတ်အပေါ်မှာ ဂင်္ဂါဝါလု သဲစုမကပွင့်တော်မူတဲ့ ဘုရားအဆူဆူ သီတင်းသုံးတော်မူပါ၊ လက်သုတ်တော်မူပါ ခြေသုတ်တော်မူပါ" လို့ စိတ်ညွှတ်ပြီးတော့လှူလိုက်ရင် မရဘူးလား?(ရပါဘုရား)၊ လုပ်နည်းလေးလိုနေတာ ပရိသတ်(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒီတော့-ကိုယ်ဝတ်မယ့်အဝတ်ပဲ အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူ လက်သုတ်တော်မူပါ၊ ခြေသုတ်တော်မူပါလို့ တင်လှူပြီးမှဝတ်ရင် အန္တရယ်တောင်ပိုကင်းသေး ပရိသတ်၊(မှန်လှပါဘုရား)။ ဒါ-မိကောင်း ဖကောင်း ဆရာသမားကောင်းအဆက်ဆက် ရှေးလူကြီးတွေက ဒီလိုလုပ်လေ့ရှိတယ်၊ အဲဒါ ဒီတရားတော်ဒေသနာအရ အားထုတ်နေကြရတာ။

ဘုန်းကြီးတို့ငယ်ငယ်ကလေးတုန်းက ဘုန်းကြီးကမှတ်မိနေတယ်၊ ဘုန်းကြီးတို့မယ်တော်ကြီးက အသက်(၈၇)နှစ် အခုရှိသေးတယ်၊ ဘုန်းကြီးတို့ အင်္ကျီအသစ်ကလေးများဝတ်တော့မယ်ဆို၊ ဘုန်းကြီးတို့ခေါင်းပေါ် တင်ပြီးတော့ သူကပင့်လိုက်သေးတယ်၊ ဘုရားအဆူဆူခြေသုတ်တော်မူပါ၊ လက်သုတ်တော်မူပါလို့၊ ဘုန်းကြီးတို့က ငယ်ငယ်တုန်းကမသိဘူး၊ ဒါ-ဘယ့်နှယ်လုပ်တာပါလိမ့်မတုန်း၊ ငါဝတ်မယ့်အဝတ် ဘုရားခြေသုတ်ခိုင်း၊ လက်သုတ်ခိုင်းနေတယ်လို့ တယ်မကျေနပ်ချင်ဘူး၊ အခု ဒီတရားကြည့်လိုက်တော့မှ၊ သြော်-မိကောင်းဖကောင်း ဆရာသမားကောင်းအဆက်ဆက် ဆင်းသက်လာတဲ့တရားကြီးပါလား. . လို့ အခုသဘောပေါက်တယ်။

ဒီတော့-ဒီလိုကိုယ့်အဝတ်ကလေး ဒီလိုလှူဖို့ရာအတွက်၊ လုပ်ဖို့ရာအတွက်၊ အချိန်ပေးဖို့ရာအတွက်၊ ဘာမှခက်တာမဟုတ်ဘဲနဲ့၊ ဘုန်းကြီးတို့ပရိသတ် လုပ်ဖို့မလွယ်ဘူးလား?(လွယ်ပါဘုရား)၊ ဒါဖြင့်-အဲဒီလို အဝတ်ကောင်းအစားကောင်း၊ အဝတ်အဆင်တွေကို ဘုရားကိုလှူ၊ အနန္တောအနန္တငါးပါးပူဇော်ပြီးမှ၊ လှူဒါန်းပြီးတော့ဝတ်ရင် အဝတ်တတ်တဲ့သူလို့မခေါ်ဘူးလား?(ခေါ်ပါဘုရား)၊ ဒီတော့-သီလနဲ့ ဝတ်တဲ့အခါကျတော့ တရားကျင့်မှုအတွက် ဒီအဝတ်ကိုဝတ်ပါတယ်၊ တရားအလုပ် လုပ်နိုင်အောင်၊ သံဃာ့ကိစ္စဆောင်ရွက်နိုင်အောင်၊ ဒီအဝတ် ဝတ်ပါတယ်ဆိုဟော-သီလနဲ့ဝတ်တာမဖြစ်ဘူးလား?(ဖြစ်ပါဘုရား)။

ဒီအဝတ်ကို ဝတ်တဲ့နေရာမှာ ဒီအဝတ်ကိုရက်လုပ်တဲ့သူတွေ ကျန်းမာကြပါစေ၊ ဒီဝါတွေစိုက်ကြတဲ့သူတွေ ချမ်းသာကြပါစေလို့ မေတ္တာပို့ပြီးတော့ ဝတ်ရင်ရော မရဘူးလား?(ရပါဘုရား)၊ ဝတ်တဲ့အမှုအရာကို ဝိပဿနာတင် ဆင်ခြင်ဝတ်ရင် ဝိပဿနာမဖြစ်ဘူးလား?(ဖြစ်ပါဘုရား)၊ ဝတ်နည်းကလည်း လေးနည်းပြီးမသွားဘူးလား?(ပြီးသွားပါဘုရား)။

ဟော-နေနည်းဆိုတာကျတော့ ယနေ့ ဒကာဒကာမအပေါင်းသူတော်ကောင်းတွေ ဓမ္မာရုံကြီးဆောက်လုပ်ပြီးတော့ လှူကြတော့၊ မိမိဟို့နေမယ့်အိမ်

http://www.dhammadownload.com



တွေပြင်မယ့် ကိုယ်နေဖို့ထိုင်ဖို့ စားပွဲကုလားထိုင်တွေလုပ်မယ့်အစား၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဓမ္မာရုံကြီးစုပေါင်းပြီးတော့ လှူဒါန်းလိုက်တာဖြစ်တော့၊ အနေတတ်တဲ့သူတွေရဲ့နေနည်း. . တဲ့၊ ဒါနပြုပြီးတော့မှနေတာမို့လို့ အနေတတ် တဲ့သူတွေရဲ့ နေနည်းခေါ်တယ်၊(မှန်လှပါဘုရား)၊ ဓမ္မာရုံကြီးစုပေါင်းပြီးတော့ ဆောက်မယ့်ပစ္စည်းတွေကို၊ ကိုယ်နေဖို့အိမ်ပြင်လိုက်မယ်၊ ကိုယ်နေဖို့ကုလားထိုင်၊ စားပွဲတွေလုပ်လိုက်မယ်ဆိုရင်ရော မရဘူးလား?(ရပါဘုရား)။ အခု-အဲဒါတွေကို ချိုးခြံပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အထူးတလည်ပူဇော်ကြတဲ့အ နေ တရားပူဇော်, သံဃာပူဇော်တဲ့အနေ၊ ဒါနတွေပြုပြီးတော့နေကြတယ်ဆိုတော့ အနေတတ်တာလား အနေမတတ်တာလား?(အနေတတ်တာပါဘုရား)။

ဒါ့ကြောင့်-ဒီဓမ္မာရုံကြီးကို စုပေါင်းဆောက်လုပ်ကြတဲ့ မန္တလေးမြို့မျက်ပါး ရပ် ဖျားတန်းရပ်မှာနေထိုင်ကြကုန်သော ဒကာဒကာမအပေါင်းသူတော်ကောင်း နှင့်တကွ၊ ဒကာဒကာမတွေရဲ့ စပ်ရာနွယ်ရာ ဒီဓမ္မာရုံကြီးစုပေါင်းပြီးသကာလ ကုသိုလ် ပါဝင်ကြတဲ့ဒကာဒကာမတို့သည်. . . အနေတတ်သူ, အနေမတတ်သူနှစ် မျိုးတို့တွင် အနေတတ်တဲ့သူတွေဖြစ်အောင် ကိုယ့်ကိုယ်ကိုကျင့်ဆောင်ကြ ခြင်း. . . လို့ ဘုန်းကြီးတို့ရှေ့ပိုင်းက မပြောခဲ့ဘူးလား?(ပြောခဲ့ပါဘုရား) ဒါဖြင့် ဒကာဒကာမတွေ ဓမ္မာရုံကြီးဆောက်တာ အနေတတ်တဲ့သူလား အနေမတတ်တဲ့ သူလား?(အနေတတ်တဲ့လူပါဘုရား)ဆိုစမ်းပါ-

❖ **အနေတတ်သူ,မတတ်သူ,နှစ်လူရှိကြတယ်။**
**အနေတတ်လား,မတတ်လား,စဉ်းစားပါရတယ်။**
**ကိုယ်ပူလောင်လတ်,နေမတတ်,ဝဋ်ဇာတ်ရှည်တတ်တယ်။**
**ကိုယ်ပူလောင်လတ်,ဝတ်မတတ်,ဝဋ်ဇာတ်ရှည်တတ်တယ်။**

အဝတ်မတတ်ရင် ကိုယ်အပူလောင်တယ်ဆိုတာ ခုနအစားမတတ်တော့ လျှာအပူလောင်သလိုပေါ့ ။ဒီဝတ်ကလေးနဲ့လှလိုက်တာ၊ ဒီဝတ်ကလေးနဲ့မှငါ လိုက်တာဆိုတော့ လောဘပူလောင်မနေဘူးလား?(လောင်နေပါဘုရား) ခန္ဓာ ကိုယ်မီးရှို့ပြီးတော့ ဝတ်နေတဲ့သူခေါ်တယ်၊ လောဘကပရိသတ် လောဘမီးလို့ ဘုရားကဟောထားတာမဟုတ်ဘူးလား?(ဟောပါဘုရား) ဟာ-ဒီအဝတ်ဝတ်ရင်း ဒီအဝတ်အစားတွေဝတ်ရင်းနဲ့ ဟိုမကျေနပ်၊ ဒီမကျေနပ်၊ ဟိုစိတ်မချမ်းသာ၊ ဒီစိတ် မချမ်းသာဆိုတော့ ဒေါသမီးနဲ့ဝတ်နေတဲ့သူ။ ငါမို့လို့ဝတ်နိုင်တာဆိုတော့ မာနနဲ့ဝတ် တဲ့သူ၊ ဟိုမျက်စောင်းထိုး ဒီမျက်စောင်းထိုးဆိုတော့ ဣဿာနဲ့ဝတ်တဲ့သူ၊ ဝတ်ရင်း

http://www.dhammadownload.com



လည်းပဲ ကိလေသာပူတွေထနေပြီဆိုတော့ ကိုယ်အပူမလောင်ဘူးလား?(လောင်ပါဘုရား) ဒါ့ကြောင့် ကိုယ်အပူလောင်ပြီးတော့ဝတ်နေရင် အဝတ်မတတ်တဲ့သူရဲ့ ဝတ်နည်းတဲ့၊(မှန်လှပါဘုရား)

ကိုယ့်အိမ်လေးယာလေးနေရင်းနဲ့ ငါမို့လို့နေနိုင်တာ၊ ငါမို့လို့ဒီလိုတိုက်နဲ့နေနိုင်တာဆိုတော့ မာနနဲ့ကိုယ်အပူလောင်နေပြန်ပြီ၊ ဟာ-ဘယ်သူတွေနေတာဖြင့် ဘယ်လိုပါ ဘယ်ဒင်းပါနဲ့ မျက်စောင်းထိုးနေတော့ဣဿာနဲ့၊ ဟိုမကျေနပ်ဒီမကျေနပ်နဲ့နေတော့ ဒေါသနဲ့၊ ကိုယ့်အိမ်လေးကိုသာယာမက်မောတွယ်တာပြီးတော့ နေတော့ လောဘနဲ့၊ ဟော-လောဘမီး,ဒေါသမီး,မာနမီးစသည်တွေနဲ့လောင်ပြီးတော့ နေရင် အနေမတတ်တဲ့သူရဲ့နေခြင်း. . . တဲ့။

ဒီတော့-အဲဒါကိုခုနကလို လျှုမှုဆိုတဲ့ဒါန,ထိန်းသိမ်းမှုဆိုတဲ့သီလ,ဒီအိမ်ထဲနေတာဟာ တရားအလုပ်အားထုတ်နိုင်အောင်နေပါတယ်၊ သူတော်ကောင်းအကျင့်တွေကျင့်နိုင်အောင်နေပါတယ်သီလ။ မေတ္တာပို့ပြီးတော့နေတော့ သမထဘာဝနာ။ နေတဲ့ အခိုက်အိမ်ထဲမှာဝိပဿနာပွါးနေတော့ ဝိပဿနာဘာဝနာနဲ့နေခြင်း၊ အိမ်ထဲ ဝင်လိုက်ထွက်လိုက်တော့ ခြေထောက်ကထိနေတယ်၊ ထိနေတဲ့ရုပ်နာမ်တွေ ထိသိဖြစ်ပျက်,ထိသိဖြစ်ပျက်လို့ရှုမှတ်ပြီးတော့ဝင်နေထွက်နေ၊ ဒကာဒကာမတွေ အိမ်ပေါ်ကနေပြီးတော့ လှေခါးကဆင်းလိုက်တက်လိုက် မလုပ်ကြရဘူးလား? (လုပ်ကြရပါဘုရား)

လုပ်တိုင်းလုပ်တိုင်း ခြေထောက်က လှေခါးကိုထိသိမှုလေးမရှိဘူးလား? (ရှိပါဘုရား) အဲဒါထိသိဖြစ်ပျက်,ထိသိဖြစ်ပျတ်,လို့ရှုပြီးတက်သွား,ဆင်းသွားရင် အဲဒီလှေခါးဆင်း, လှေခါးတက်ဝိပဿနာဖြစ်နေတယ်၊ မဖြစ်ဘူးလား?(ဖြစ်ပါဘုရား) ခြေထောက်နဲ့ လှေခါးနဲ့ထိလိုက်တော့ ထိမှုကလေး ဖောဋ္ဌဗ္ဗာရုံရုပ်ပေါ်တယ်၊ အဲဒါကိုသိတယ်, သိတယ်လို့သိမှုကလေးပေါ်တယ်၊ ထိတာကရုပ်၊ သိတာကနာမ်၊ ရုပ်နာမ်။ လှေခါးဆင်းတဲ့အချိန်ခြေထောက်ကဖဝါးထိသိနေတဲ့အချိန် ရုပ်နာမ်ပဲရှိတယ်၊ ဘာပဲရှိတုန်း?(ရုပ်နာမ်ပဲရှိပါဘုရား) ခြေဖဝါးနဲ့ အဲဒီလှေခါးသားနဲ့ အပ်လိုက်ထိလိုက်တဲ့အခါမှာ ထိ,သိ,မှုကလေး ပေါ်မလာဘူးလား?(ပေါ်လာပါဘုရား) ဆိုစမ်းပါ-

❖ ခြေဖဝါးနဲ့,လှေခါးကပ်သော်,ထိသိနှစ်ခင်း,ဉာဏ်သွင်းရှုနော်။

ဟော-လှေခါးတက်ရင်းဝိပဿနာဖြစ်အောင်ဟောနေတာဘုန်းကြီးတို့က၊

http://www.dhammadownload.com



(မှန်လှပါဘုရား) ဘုရားကဟောထားခဲ့တာ ဘုန်းကြီးကယူဟောတာ ဘုန်းကြီးအဟော မဟုတ်ဘူး၊(မှန်လှပါဘုရား) ဒီတော့ ဘုရားက ဒကာဒကာမတွေ နေ့တိုင်းဒီလိုတက်ဆင်း၊ ဝင်ထွက်လုပ်နေရမယ်ဆိုတာ ဘုရားကသိပြီးသား၊ အဲဒီသိပြီးသားထဲ ဉာဏ်သွင်းဖို့ပဲ အရေးကြီးနေလို့ဘုရားက လိုက်ဉာဏ်သွင်းပေးတာ၊ ဒါပေမယ့်လို့ ဘုန်းကြီးတို့ဒကာဒကာမတွေသတ္တဝါများစွာက ဉာဏ်သွင်းတာမခံချင်ဘူး၊ သူကတဏှာကလေးနဲ့ ငါ့အိမ်ကလေး, ငါ့အိမ်ကလေး ငါတက်လို့ကောင်း၊ ငါ့အိမ်ကလေးကကောင်း ဒီလိုသွားတာမဟုတ်လားပရိသတ်?(မှန်လှပါဘုရား) ဒီတော့ အပါယ်လေးပါးသွားမယ့်ရိက္ခာသာသူက ဝမ်းထဲများများစုတယ်၊ သံသရာကလွတ်မယ့်ဟာ ဘုရားကပေးတာတော့သူယူရဲ့လား?(မယူပါဘုရား) ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ယူချင်တဲ့သူတွေယူရအောင် ဘုန်းကြီးတို့က တစ်ဆင့်ပြောနေတာ။

အဲဒီလိုခြေတစ်လှမ်းနဲ့ လှေခါးနဲ့ထိလိုက်တဲ့အခါ ထိ,သိဆိုတော့ ထိ-ဆိုတာကရုပ်၊ သိ-ဆိုတာကနာမ်၊ ရုပ်နာမ်ရှိတာ၊ လှေခါးနဲ့ခြေထောက်နဲ့ထိတဲ့အထိလေးမလာဘူးလားပရိသတ်?(လာပါဘုရား) အဲဒါဖောဋ္ဌဗ္ဗာရုံရုပ်လို့ခေါ်တယ်၊ (မှန်လှပါဘုရား) ဒကာဒကာမတွေမျက်စိပေါက်က မြင်စရာရူပါရုံအဆင်းလေးတွေကျတော့ အဆင်းရုပ်လို့ခေါ်တယ်လေ၊ (မှန်လှပါဘုရား)၊ နားထဲလာလာကြားတာကျတော့ အသံရုပ်လို့မခေါ်ဘူးလား?(ခေါ်ပါဘုရား) နှာခေါင်းထဲမှာလာပြီးတော့ မွှေးတယ်ကြိုင်တယ်၊ သို့မဟုတ် နံတယ်ဆိုတော့အနံ့လေးတွေလာတော့ အနံ့ရုပ်လို့ခေါ်တယ်၊ ပါဠိလိုတော့ဂန္ဓာရုံ-ပေါ့၊ လျှာပေါ်စားလိုက်တော့ ရသာရုံမလာဘူးလား?(လာပါဘုရား)အဲဒါရုပ်တွေချည်းပဲ၊

ဒါဖြင့် ခန္ဓာကိုယ်လာလာထိတာက ထိ-ရုပ်ခေါ်တယ်၊ ဒါဖြင့်ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,လို့တော့ ပရိသတ်ကြားဖူးတယ်မဟုတ်လား?(ကြားဖူးပါဘုရား) အဲဒီတော့လှေခါးတက်တဲ့အခါမှာ ခြေထောက်နဲ့လှေခါးနဲ့ ထိတဲ့ရုပ်ကလေးဖောဋ္ဌဗ္ဗရုပ်ကလေးမပေါ်ဘူးလား?(ပေါ်ပါဘုရား) အဲဒီရုပ်ပေါ်တဲ့အချိန်မှာ ထိတယ်လို့ သိတဲ့စိတ်ကောမလာဘူးလား?(လာပါဘုရား) ရုပ်နာမ်ရှိတာ၊ ရုပ်နာမ်လို့မသိဘဲနဲ့ ငါကဝင်ဝင်ပြီးတော့မကန့်ဘူးလား?(ကန့်ပါဘုရား) အပါယ်လေးပါးသွားမယ့် သက္ကာယဒိဋ္ဌိငါကဝင်ဝင်လာတယ်၊ အဲဒီသက္ကာယဒိဋ္ဌိလေး ပြုတ်သွားအောင်လို့၊ ဟော- ဘုရားကမှာတော်မူရှာတာ၊ မဟာကရုဏာတော်နဲ့"မင်းတို့အဲဒီအချိန်ကွာ. . . အဲဒီ အချိန်လေး၊ ထိသိဖြစ်ပျက်လို့ရှုလိုက်စမ်းပါ. . . ဉာဏ်လေးသွင်းလိုက်စမ်းပါတဲ့၊ အဲဒီလို ရှုတဲ့အတွက် ဘယ်လောက်များတန်ဖိုးရှိတုန်းဘုရား.

http://www.dhammadownload.com



. . လို့ဆိုတော့-

❖ ရှုမှတ်ရကျိုး,တန်ဖိုးဖြတ်သော်,
ခြေတစ်လှမ်း,တစ်သန်းတန် ဘိသော်။

အေး-မင်းတို့ အဲဒီဉာဏ်လေးနဲ့သွင်းပြီးရှုမှတ်ရင်းများတက်လို့ရှိရင် မင်းတို့ ခြေတစ်လှမ်းဟာကုဋေတစ်သန်းတန်တယ်. . . တဲ့၊ ကုဋေတစ်သန်းတန်တယ်၊ ခြေတစ်လှမ်းပရိသတ်ဘယ်လောက်တန်သတဲ့တုန်း?(ကုဋေတစ်သန်းတန်ပါဘုရား) အေး-ကုဋေတစ်သန်းတန်တဲ့လူဖြစ်အောင်တက်ကြစမ်းပါတဲ့ဘုရားက၊ဘုန်းကြီးတို့ ဒကာဒကာမတွေက လောဘနဲ့ဒေါသနဲ့ချည်းတက်နေတာမဟုတ်လား?(မှန်လှပါ ဘုရား) ရုပ်နာမ်ကိုရုပ်နာမ်မှန်းမသိပြန်, မသိပြန်တော့လည်း မောဟနဲ့တက်တာ ခေါ်တယ်။

ဒီတော့ ကိုယ့်လှေခါးကိုနေ့တိုင်းတက်ဆင်းနေတာ လောဘနဲ့တက်တဲ့ အခါတက်လိုက်၊ ဒေါသနဲ့တက်တဲ့အခါတက်လိုက်၊ မောဟနဲ့တက်တဲ့အခါတက် လိုက်၊ မာနနဲ့,ဣဿာနဲ့,ကိလေသာနဲ့ချည်းတက်နေတာ မများဘူးလား?(များပါ ဘုရား) ရင်ထဲမှာအပါယ်လေးပါးသွားကြောင်းအောက်မြုပ်ကြောင်း ရိက္ခာတွေ ချည်းစုနေရာမရောတ်ဘူးလား?(ရောက်ပါဘုရား) ဒါနဲ့များ နိဗ္ဗာန်မရသေးတာ အံ့ဩစရာတော့မရှိဘူးနော်၊(မှန်လှပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ဒကာဒကာမတွေဒီနေ့ကစပြီးတော့ပြင်ရအောင် ခြေတစ်လှမ်းကုဋေတစ်သန်းတန်တဲ့ ခြေလှမ်းမျိုးလှမ်းဖို့မလိုဘူးလား?(လိုပါဘုရား) အဲဒီလို ထိ-သိ,နှစ်ခင်းရုပ်နာမ်လို့ရှုလိုက်တဲ့အချိန် သက္ကာယဒိဋ္ဌိလေးပျောက်မသွား ဘူးလား?(ပျောက်သွားပါဘုရား) အဲ-ခဏပျောက်,ခဏပျောက်,တစ်ချက်တည့် ပျောက်, နှစ်ချက်တည့်ပျောက်။ ပျောက်တယ်ဆိုလို့ သက္ကာယဒိဋ္ဌိတစ်လုံးတည်းများ မထင်နဲ့၊ ဖြစ်ရင်လက်ဖျစ်တစ်ချက်တီး ကုဋေတစ်သိန်းလောက်ဖြစ်တာသူက၊ ဒီ တော့ ပျောက်ရင်လည်း၊ ကုဋေတစ်သိန်းလောက်ပျောက်သွားတာ၊ (မှန်လှပါ ဘုရား)

ဒါဖြင့်-ကုဋေတစ်သိန်းလောက်ပျောက်သွား၊ ကုဋေတစ်သိန်းလောက် ပျောက်ပျောက်သွား၊ ရှုပါများ,ရက်တွေများ,လတွေများ,နှစ်တွေများလာတော့ သက္ကာယဒိဋ္ဌိဆိုတဲ့အညစ်အကြေး ပါးသွား,ကျဲသွား,နည်းသွားရာက နောက်ဆုံးမ ကုန်ပေဘူးလား?(ကုန်ပါဘုရား) ခုန-ဝါသိဇဋ္ဌသုတ်တော်ပြောသလို လက်ရာကြီး

http://www.dhammadownload.com



နောက်ဆုံးမထင်ပေဘူးလား?(ထင်ပါဘုရား) ဒါဖြင့်-အဲဒီလိုလက်ရာထင်အောင် အခုလို အသေးစိတ်ကလေးက နေ့စဉ်ကိုင်ပြီးတော့အလုပ်လုပ်လာတော့၊ သက္ကာယဒိဋ္ဌိပြုတ်ပြုတ်သွားတော့၊ နောက်ဆုံးနိဗ္ဗာန်ရ,ရဟန္တာဖြစ်ပြီးတော့အို-နာ-သေ ဒုက္ခဘေးကြီးကမလွတ်ဘူးလား?(လွတ်ပါဘုရား)။

ဒါဖြင့်-ဝိပဿနာရှုမှတ်ပြီးတော့ လှမ်းလိုက်တဲ့ခြေတစ်လှမ်းဟာ အသေလွတ်ရာဘက်ကိုလှမ်းတာ၊ ဘယ်ဘက်လှမ်းတာတုန်း?(အသေလွတ်ရာဘက်ကို လှမ်းတာပါဘုရား) အသေလွတ်ရာဆိုတာနိဗ္ဗာန်ပြောတာ၊(မှန်လှပါဘုရား) အနားလွတ်ရာဘက်ကိုလှမ်းတာ၊ အသေလွတ်ရာဘက်လှမ်းတာ၊ ဝိပဿနာနဲ့လှမ်းတဲ့ အလှမ်းက အသေလွတ်တဲ့အထိလှမ်းတာ၊ ဝိပဿနာလွတ်ပြီးတော့လှမ်းနေတဲ့ အလှမ်းက သေမယ့်ဆီလှမ်းတာ၊ ထပ်တလဲလဲသေမယ့်ဆီကိုလှမ်းတာခေါ်တယ် ဒါဖြင့်-ဘုန်းကြီးတို့ခြေလှမ်းချင်းကွာမသွားဘူးလား?(ကွာသွားပါဘုရား) ဒါ့ကြောင့်-မြတ်စွာဘုရားက ကုဋေတစ်သန်းတန်တယ်. . . တဲ့၊ ခြေတစ်လှမ်းဏကုဋေတစ်သန်းတန်တယ်၊ ကိုယ့်ကိုယ်ကို ခြေလေးတစ်လှမ်းကုဋေတစ်သန်းတန်တဲ့ အမျိုးသားဖြစ်အောင်, အမျိုးသမီးဖြစ်အောင် ကျင့်ဆောင်ကြ. . . လို့ ဆိုလိုက်စမ်းပါ-

❖ ခြေဖဝါးနဲ့,လှေခါးကပ်သော်၊ထိ-သိနှစ်ခင်း,
ဉာဏ်သွင်းရှုနော်၊ ရှုမှတ်ရကျိုး,တန်ဖိုးဖြတ်သော်၊
ခြေတစ်လှမ်း,တစ်သန်းတန်ဘိသော်။

အဲဒီလိုအားဖြင့် ကိုယ့်အိမ်ကလေးကိုယ်နေတာလည်းပဲ အဲဒီဝိပဿနာတိုင်အောင် ဒါန,သီလ,သမထ,ဝိပဿနာနဲ့နေရင် အနေတတ်တဲ့သူ. . . တဲ့၊ ဒီတော့-ဘုန်းကြီးတို့ဒကာဒကာမတွေ အနေတတ်,အနေမတတ်နှစ်မျိုးထဲက အနေတတ်တဲ့သူတွေနေနည်းသိသွားပြီလား?(သိသွားပါဘုရား) အစားတတ်တဲ့သူ၊ အဝတ်တတ်တဲ့သူ၊ အနေတတ်တဲ့သူဆိုတဲ့လူ ဖြစ်လို့ရှိရင်ဖြင့် အရေးသုံးရပ်တတ်လို့ရှိရင်ဖြင့် ဝဋ်ဇာတ်သွယ်သွယ်လွတ်လိမ့်မယ်. . . လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အာမခံတော်မူထားခဲ့တယ်။

ဟော-ခုနက ဘုန်းကြီးစပြောလိုက်တဲ့ ဇာတ်ကြောင်းထဲက ကိုရင်လေးက ဩော်-ငါ့ဦးကြီးက လျှာအပူမလောင်စေနဲ့လို့လှမ်းပြောနေတာ ဆွမ်းတွေကအကုန်အေးနေတာ၊ ငါ့ဦးကြီးမသိမဟုတ်ဘူး၊ ဧကန္တငါ့လျှာအပူမလောင်အောင်စားဆိုတာဟာဖြင့် သီလနဲ့ဆင်ခြင်၊ သမထနဲ့မေတ္တာပွါး၊ ဝိပဿနာနဲ့ရှုပြီးတော့ အစားခိုင်းတာပဲ. . . လို့ဆို ပြီးတော့ခုနှစ်နှစ်သားကိုရင်လေးက ပစ္စဝေက္ခဏာဆင်ခြင်

http://www.dhammadownload.com



တယ်-

❖ ဤသည့်စားဖွယ်,အမယ်မယ်ကို,မြူးရယ်မာန်ကြွ,လှပရေဆင်း, ပြည့်ဖြိုးခြင်းငှါ,မသုံးပါဘူး,လေးဖြာစာတ်ဆောင်,ဤကိုယ်ကောင်သည်, ရှည်အောင်တည်လျှက်,အသက်မျှတမ်း,မမောပန်းသား,ဘုရားသာသနာ, ကျင့်နှစ်ဖြာကို,ကျင့်ပါနိုင်စေ,ဝေဒနာဟောင်းသစ်,မဖြစ်စေရ,ယာပိုထ် မျှလစ်,ခပ်သိမ်းပြစ်တို့,မဖြစ်လေအောင်,ချမ်းမြေ့အောင်ဟု,သုံးဆောင်မှီ ဝဲပါသတည်း. . . လို့။

သီလနဲ့လည်းဆင်ခြင်၊မေတ္တာပို့တယ်။ ဒီဆွမ်းလောင်းလိုက်ကြတဲ့ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတွေ ဒီဟင်းတွေလောင်းလိုက်ကြတဲ့ဒကာဒကာ မအပေါင်းသူတော်ကောင်းတွေ ကျန်းမာကြပါစေ,ချမ်းသာကြပါစေ. . . လို့ မေတ္တာစာတ်လည်းလွှတ်၊ အာဟာရေ ပဋိကူလသညာနဲ့စား၊ စားတဲ့အမူအရာကို လည်း စားတယ်,စားတယ်၊ သို့မဟုတ်-ရုပ်နာမ်ဖြစ်ပျက်,ရုပ်နာမ်ဖြစ်ပျက်နဲ့ရှုစား လိုက်တာ ကိုရင်လေး ဆွမ်းကိစ္စဆုံးသွားလိုက်သည်နှင့်တစ်ပြိုင်နက်-

သောသာမဏေရော ဘောဇနကိစ္စဝသာနေ အရဟတ္တံ ပါပုဏိ။

သောသာမဏေရော-ထိုခုနှစ်သားအရွယ်သာရှိသေးတဲ့၊ ကိုယ့်ကိုယ်ကို အစားတတ်အောင် စားတတ်တဲ့ကိုရင်လေးသည်၊ ဘောဇနကိစ္စဝသာနေ-ဆွမ်း ဘုဉ်းပေးတဲ့ကိစ္စ ဆုံးသွားလိုက်သည်နှင့်တစ်ပြိုင်နက်။ အရဟတ္တံ-အာသဝေါကင်း ကွာ,ရဟန္တာကြီးတစ်ပါး အဖြစ်သို့၊ ပါပုဏိ-ကောင်းစွာမသွေ,ရောက်တော်မူခဲ့ပါ ပေသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

ဟော-ကိုရင်လေးရဟန္တာဖြစ်သွားပြီပရိသတ်၊ ဘာဖြစ်သွားပါလိမ့်? (ရဟန္တာဖြစ်သွားပါဘုရား) ရဟန္တာဖြစ်သွားတယ်ဆိုရင် အိုမှု,နာမှု,သေမှု,ကြီးတွေ လွတ်သွားပြီ. . . တဲ့ လွတ်သွားပြီ။ ဘာပြုလို့သူလွတ်တာတုန်းလို့ဆိုတော့ အစား တတ်လို့လွတ်တာ၊ ဘာပြုလို့လွတ်တာတုန်း?(အစားတတ်လို့လွတ်တာပါဘုရား) ဒီတော့ အဲဒီ အစားတတ်တဲ့ စားနည်း,ဝတ်နည်း,နေနည်း, ဘုန်းကြီးတို့ပရိသတ် ဒီနေ့ သိမသွားဘူးလား?(သိသွားပါဘုရား) ဒါဖြင့် လိုက်နာ,ကျင့်ကြံ,ကြိုးကုတ်

http://www.dhammadownload.com



အားထုတ်ဖို့ပဲ လိုတော့တယ်။

ဒီတော့-ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာသနာနဲ့ကြုံတဲ့အချိန်၊ အခုလို တရားရတနာတွေကလည်း မပျောက်မကွယ်သေးတဲ့အချိန်၊ လူ့ဘဝလည်းရထားတဲ့ အချိန်ဖြင့် ငါဒီစားတတ်တဲ့သူ၊ ဝတ်တတ်တဲ့သူ၊ နေတတ်တဲ့သူဖြစ်အောင် ငါ-ကိုယ့်ကိုယ်ကို ကျင့်ဆောင်ကြိုးကုတ်အားထုတ်မှတော်တော့မယ်. . . လို့ ကျင့်ဆောင်ကြပါ. . . လို့ ဟောဘုန်းကြီးက ဥယျောဇဉ်ဂါထာပြန်ရွတ် သာဓုခေါ်ပြီး သိမ်းတော့မယ်နော်၊(မှန်လှပါဘုရား)

သုခေတ္တေ ပဏ္ဍိတော ပေါသော, သမ္ဗုဿံ အတ္ထမတ္တနော။
ဘဝပဒေသံ လဒ္ဓါန, စရေယျ ဇီဝိတံ သေဌ်။

သုခေတ္တေ-ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းတရိုန်ရှိန်, ထိန်တလက်လက်, စိန်စက်တစ်ဆောင်, အမှောင်ပျက်ပြုန်း, အရောင်ထွက်တုန်းအချိန်ကြီး၌၊ ပဏ္ဍိတောပေါသော-ကံကောင်းထောက်မ, လူ့ဘဝကို, ရလာဘိတောင်း, အမျိုးသား,အမျိုးသမီးကောင်းသည်၊ အတ္တနောအတ္ထံ-ပစ္စုပ္ပန်သံသရာ,နှစ်ဖြာစီးပွား,မိမိရဲ့အကျိုးတရားကို၊ သမ္ဗုဿံ သမ္ဗုဿန္တော-ကောင်းစွာကြည်လင်, အရှည်ထင်အောင်, မြော်မြင်နိုင်ခဲ့သည်ရှိသော်၊ ဘဝပဒေသံ-ဘဝများစွာ, ကမ္ဘာဘာဖို့, ချမ်းသာသုခ, တောင်းတိုင်းရ, လုပ်တိုင်းရနိုင်သည့်, လူ့ဘဝခေါ်တဲ့, ဘဝပဒေသာကြီးကို၊ လဒ္ဓါ,လဒ္ဓါန-အခါကောင်းနှင်, အခွင့်လျော်စွာ, ရရှိနေပါသည်ဖြစ်၍၊ ဇီဝိတံ-နေချိန်နည်းပါး, အနာများလျက်, ဆူပွားပွေလိမ်, ဇီဝိတိန္ဒြေခေါ်မြွက်, ကိုယ့်အသက်ကလေးကို။

ဒကာဒကာမတွေရဲ့အသက်က နေချိန်ကနည်းနည်းလေးရယ်တဲ့၊ နေချိန်နည်းပါးအနာများလျှက်. . . တဲ့၊ နေရတဲ့အချိန်က နည်းနည်းလေးဖြစ်တဲ့အထဲဒီကြားထဲ အနာရောဂါတွေ ကိုးဆယ့်ခြောက်ဖြာ ကိုးဆယ့်ရှစ်ဖြာတွေကလည်း ဖိစီးကြလို့၊ အသက်လေးကဘယ်လောက်မှကြာတဲ့အသက်မဟုတ်ဘူး-ဒါ့ကြောင့်

ဇီဝိတံ-နေချိန်နည်းပါး, အနာများလျှက်, ဆူပွားပွေလိမ်. . ။ နေချိန်ကနည်း အနာရောဂါကဖိစီးရတဲ့အထဲ သားရေးကဆူ,သမီးရေးကပူနဲ့ ဆူပွားပွေလိမ်တာတွေ မရှုပ်ဘူးလား?(ရှုပ်ပါဘုရား) ဇီဝိတံ-နေချိန်နည်းပါး, အနာများလျှက်,

http://www.dhammadownload.com



ဆူပွားပွေလိမ်, ဇီဝိတိန္ဒြေခေါ် မြွက်, ကိုယ့်အသက်ကလေးကို၊ သေဋ္ဌ-အစားတတ်, အဝတ်တတ်, အနေတတ်၍, မြင့်မြတ်ဘိတောင်း, အကောင်းဆုံးဖြစ်ရလေအောင်၊ စရေ-(စရေယျ)- ရဲရဲဝံ့ဝံ့, နောက်မတွန့်ဘဲ, စွန့်လွှတ်ကြိုးကုတ်, အားထုတ်လိုက်ကြကုန်ရာသတည်း. . . ။

သာဓု. . . သာဓု. . . သာဓုပါဘုရား။

http://www.dhammadownload.com